နဘူးကျောင်းတောရ ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တတိဿရ မဟာထေရ်မြတ်

၏

နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး

ရေးသားပူဇော်တင်ပြသူ

သိမ်းဆောင်(ရမည်းသင်း)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင် (၇၃၅၉)

ဦးမင်းကြည်

(ဓမ္မာစရိယ၊ ဘီအေ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)

တည်းဖြတ်သည်

2016.GRAPHIC DESIGN : KYAW MINN MOUNG

မကွေးတိုင်း မင်းဘူးခရိုင် ရွှေစက်တော်တောရ မြေဦးတောရ
မန္တလေးတိုင်း ရမည်းသင်းခရိုင် နဘူးကျောင်း ရန်ကင်းတောရ
ရွှေမင်းဝံတောရ ပျော်ဘွယ်မြို့နယ် ညောင်ကုန်းသုသာန်တောရနှင့်
နေပြည်တော် လယ်ဝေးမြို့နယ် ထန်းတပင်တောရများတွင်
သီတင်းသုံးတော်မူခဲ့သော

နဘူးကျောင်းတောရ ဆရာတော်ဘုရားကြီး

(သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဂဏဝါစက၊ အရှင်ဝါဒီ)

ဘဒ္ဒန္တတိဿရ မဟာထေရ်မြတ်

၏

နှစ်လေးဆယ်ကျော်ရှုတင်ဆောင်ခရီး

ရေးသားပူဇော်တင်ပြသူ

သိဓိးဆောင် (ရမည်းသင်း)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် (၄၃၅၉)

ဦးမင်းကြည်

(ဓမ္မာစရိယ၊ ဝိဇ္ဇာ၊ မဟာသဒ္ဓမ္မဇောတိကဓဇ) တည်းဖြတ်သည်။

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ကမ္ဘာအေးစာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ–၂၅၅၅ ကောဇာ–၁၃၇၃ ခရစ်–၂၀၁၁

ပုံနှိပ်မှတ်တမ်း

၂၀၁၁–ခုနှစ်၊ ဧပြီလ။

ပထမအကြိမ်

အုပ်ရေ – ၅၀၀

မူမိန့်

တည်းဖြတ်သူ

ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)

ကွန်ပျူတာစာစီ

Dream City ကွန်ပျူတာစာစီနှင့် ဒီဇိုင်း

အမှတ်–၂၈၅ (ပ)ထပ်၊ လမ်း–၄၀ အထက်လမ်း။

ရေးသားပူဇော်သူနှင့် စီစဉ်သူ

သိမ်းဆောင် (ရမည်းသင်း)၊

အမှတ်–၁၃၀၀၊ မြင်တော်သာလမ်း၊ (၁) ရပ်ကွက် (ထူပါရုံ)၊

ထွန်းလင်း (သွားနှင့်ခံတွင်း) ဆေးခန်း၊ သာကေတမြို့။

ဖုန်း – 01. 541509

ပုံနှိပ်တိုက်

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန၊

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်

(မှတ်ပုံတင်အမှတ် – ၀၃၈၄၃ / ၀၂၄၀၅) က ထုတ်ဝေ၍

ကမ္ဘာအေး စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

နဘူးကျောင်းတောရဆရာတော် ဘဒ္ဒန္တတိဿရ မဟာထေရ်
(သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ)
(၁၂၈၃-၁၃၆၆)



၁၂၈၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆-ရက် (၂၂.၁၀.၁၉၂၁) ဖွားမြင်
၁၃၆၆-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆-ရက် (၂၂.၁၀.၂၀၀၄) ပျံလွန်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဗန်းမော်ဆရာတော်ဘုရားကြီး

ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်၏

အမှာစာ

သက်တော်ထင်ရှား ဘုရားရှင်၏လက်ထက်တော်၌ တတိယအဂ္ဂသာဝက ရဟန္တာထေရ်မြတ်ကြီး ဟူ၍ ထင်ရှားကျော်ကြားသော သာသနာတော်နှစ်ပေါင်း ၅၀၀၀ မကသာအောင် အရှည်ခန့်၍ တည်တံ့ပါစေခြင်းငှာ ပဋ္ဌမသံဂါယနာ ဥက္ကဋ္ဌ အရှင်မဟာကဿပကြီးကို မဖူးလိုက်ရသော ပုဂ္ဂိုလ်များသည် ဆရာတော် အရှင်တိဿရအား ဖူးတွေ့ရလျှင် အလွန်တရာမှ ကြည်ညိုသဒ္ဓါပွား၍ တရားမွေ့ကျင့်ရန် ဆန္ဒပြင်းပြကြပေလိမ့်မည်။ အတုယူ အားကျကြပေလိမ့်မည်။ နောင်းခေတ် အရှင်မဟာကဿပ ဆရာတော်ကြီး ဟူ၍ပင် ခေါ်ဝေါ်လောက်ပေသည်။ ဤကဲ့သို့သော ပရိယတ္တိ–ပဋိပတ္တိ စွယ်စုံဆရာတော်ကြီးများ ရှိနေ၍ သာသနာ့ ကျက်သရေဆောင် ဆရာတော်ကြီးများအနေဖြင့် ကိုးကွယ်ဆည်းကပ်ရသူများ ကံကောင်း၍ ပါရမီကုသိုလ်များ ဆည်းပူးရပေသည်။

ဤကဲ့သို့သော ဓုတင်ဆောင် ဆရာတော်ကြီးများကို ဖူးတွေ့ရသူတို့သည် ငါတို့ ကံကောင်းထောက်မ၍ ဖူးတွေ့ရသည်ဟု အောက်မေ့ကာ အထူးဆည်းကပ်ကိုးကွယ် တရားမွေ့များကို အတုယူ၍ ကျင့်နိုင်ကြပါစေသတည်း။

ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ
ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ကမ္ဘာအေး၊ ရန်ကုန်။
၂၀၁၁ ခုနှစ်၊ မတ်လ၊ ၁၅ ရက်။

မာတိကာ

- မဟာသီဟနာဒဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) ၏ စာမိတ်ဆက် — က မှ ဃ
- မှန်တောင်တောရဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ (သာသနဓဇဓမ္မာစရိယ၊ အရညဝါသီ)၏ အမှာစာ — င မှ ဆ
- သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သိန်းညွန့် (မောင်ဟံသာ–တည်းချုပ် သာထွန်းပြန့် မွေစာစောင်)၏ စာမိတ်ဆက် — တ မှ ဘ
- စာရေးသူ သိမ်းဆောင် (ရမည်းသင်း) ၏ အစီရင်ခံစာ — မ မှ ဤ

ပထမပိုင်း

အခန်း (၁)

အကြောင်းအရာ	စာမျက်နှာ
၁။ တောရဆရာတော်လောင်းလျာ ဖွားမြင်တော်မူခြင်း	၇
၂။ ဖခင်ဦးဘ၏ ဇာတိမှာ အလယ်ကုန်းရွာ	၈
၃။ ဘဒ္ဒန္တ တိဿရ မဟာထေရ်၏ ဆွေမျိုးစဉ်ဆက် ဇယား	။
၄။ တောရဆရာတော်လောင်းလျာ၏မွေးလစာတာခွင်	၉
၅။ ကြာမျိုးငါးပါးပွင့်သည့်သိတင်းကျွတ်လမှာ ဖွားမြင်တော်မူ၏	၁၀
၆။ သိတင်းကျွတ်လ၏ ထူးခြားချက်များ	။
၇။ လင်းနို့သားဘဝမှလာသော ရဟန်းငါးရာ ဘုရားရှေ့မှာ ဆင်ကြွ	၁၁
၈။ ဆရာကြီး ဦးမှုံ၏ စာတာခွင်	။
၉။ ဤသို့ ကျေးဇူးကြီးသည့် ဆရာတစ်ဆူ မြစ်နံ့မှုံ	၁၂
၁၀။ ရဲရဲတောက် မြသော်ဟောထံသို့	၁၃
၁၁။ ညှိုးနွမ်းရင်းရှိမှ	။
၁၂။ နဘူးကျောင်းရွာ ဝန်းကျင်ဒေသအနေအထား	၁၄
၁၃။ တောရဆရာတော် မွေးဖွားချိန် ကာလအနေအထား	၁၅
၁၄။ သီပေါမင်း၏ ဘဝနိဂုံး	။
၁၅။ သံဝေဂယူဖွယ်	။
၁၆။ ဝန်းကျင်၌ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများပေါ်ထွန်း	။
၁၇။ အဘိဓမ္မာ ဆရာဘုန်း (၁၂၀၀–၁၂၈၀)	။
၁၈။ အရှင်အာဒိစ္စဝံသ (၁၂၄၄–၁၃၁၃)	၁၆
၁၉။ ရသေ့ကြီး ဦးစန္ဒီ (၁၂၉၉–၁၃၁၀)	။
၂၀။ ညောင်လွန့်တောရဆရာတော်(၁၂၉၉–၁၂၉၅)	။
၂၁။ ငယ်စဉ်ဝါ စာတော်ပညာသင်ကြားစေခြင်း	၂၂
၂၂။ ထူးခြားမှုတစ်ရပ်	၂၃
၂၃။ လွှန်ဆွဲပွဲ	။
၂၄။ တပည့်အလာ စောင့်မျှော်နေသည့် သရက်ကန် ဆရာတော်	။
၂၅။ ထိုစော်က သင်ပုန်းကြီးဆိုသည်မှာ	၂၃
၂၆။ သရက်ကန်ရွာနှင့် ပထမကျောင်းတည် သရက်ကန် ဆရာတော်	၂၄
၂၇။ မင်္ဂလာသုတ်	။
၂၈။ အပြင်ဆောင်ခြင်း၊ အတွင်းဆောင်ခြင်း	၂၅
၂၉။ ရတနာဓမ္မချိုင့်	၂၆
၃၀။ နမက္ကာရ၊ လောကနီတိကျမ်း၊	၂၇
၃၁။ ပရိတ်ကြီး (၁၁) သုတ်	၂၈
၃၂။ ပဋ္ဌာနမင်္ဂလာ ရှင်အဖြစ်သို့ရောက်ခြင်း	၃၁
၃၃။ သာမဏေနှင့် သေခိယအကျင့်	။
၃၄။ သေခိယအကျင့်များမှာ	၃၂

အကြောင်းအရာ	စာမျက်နှာ
၃၅။ သရက်ကန်ဆရာတော်က ရှင်တိဿရနှင့် တွဲ၍ ဒီသန္တက ပြုလုပ်	၃၂
၃၆။ ဥပသမ္ပဒ မင်္ဂလာ– ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း	၃၃
၃၇။ အခြေခံပိဋကနှင့် ဝေဒနက္ခတ္တပညာများ သင်ယူခဲ့ခြင်း	၃၄
၃၈။ သရက်ကန်ဆရာတော်ဦးဥတ္တံသပျံလွန်တော်မူ	။
၃၉။ သရက်ကန်ကျောင်းထိုင် (၁)ဝါ	။
၄၀။ ပညာ၌ ရောင့်ရဲလွယ်ခြင်းမရှိ	၃၅
၄၁။ စီးဖြူကုန်း ဂန္ဓမုရတိုက်ကျောင်းသို့	။
၄၂။ စာမေးပွဲများ ဖြေဆိုခြင်း မပြုခဲ့	။
၄၃။ စာတိချက်ကြေ မွေးရပ်မြေ	။
၄၄။ ကျောင်းထိုင်မဖြစ်လို	။
၄၅။ ၁၃၀၄ ခုနှစ် စာရေးသူ လူဖြည်ရောက်လာ	၃၆
၄၆။ ထိုစဉ်က ကာလ	။
၄၇။ ရွာများကို စွန့်၍	။
၄၈။ လေရူးနှင့်အတူ	။
၄၉။ မိခင်ကြီးမျက်နှာ	၃၇
၅၀။ ဦးအောင်သိန်း ခေါ် ရှင်ဣသရ	။
၅၁။ ကိုရင်နှင့် ကျောင်းသားကြီးများ	။
၅၂။ ကာလဝိပ္ပတ္တိကြောင့် ဘုန်းကြီးနှစ်ပါး လူဘဝသို့ ပြောင်းကြရ	။
၅၃။ သံဝေဂဖြစ်မှုယ်	၃၈
၅၄။ ဆက်လက်ပညာရှာရန် မြို့တော်ရန်ကုန်သို့ လှမ်းတော်မူ	၃၉
၅၅။ အထင်သေးခံရ	။
၅၆။ ဖခမည်းတော် ကွယ်လွန်	၄၀
၅၇။ ရန်ကုန် ပုစွန်တောင် ဘုရားဖြူကျောင်းတိုက်ကြီးသို့	။
၅၈။ စာမေးပွဲများ ဖြေဆိုအောင်မြင်ခြင်း	။
၅၉။ စီးဖြူကုန်းဂန္ဓမုရတိုက်ကျောင်းသို့ ပြန်ကြွလာတော်မူ	၄၁
၆၀။ မန္တလေးရွှေမြို့တော်သို့	၄၂
၆၁။ ရဟန်းမှန် မန်းမြေမှ	။
၆၂။ ပခုက္ကူမရောက် စာမပေါက်	။
၆၃။ ဝမ်းရေးက မှုရုံသာ	၄၂
၆၄။ ဆွမ်းခံအိမ်မဖိတ်ရဲ	။
၆၅။ ရသလောက်သာ	၄၃
၆၆။ သည်းခံခြင်း၊ ရောင့်ရဲခြင်း	။
၆၇။ ဘုန်းကြီးမေ ဒေါ်အေးမှန် အသက်ကြီးမှ ထွန်စီးရသတဲ့	။
၆၈။ ထွန်ရေးငင်ဖို့	။
၆၉။ နွားနှင့်အတူ	။
၇၀။ ဝမ်းသာလွန်းလို့	၄၄
၇၁။ ချမ်းမြေ့နေတော့သည်	။
၇၂။ သမ္မုမှတ်နေ လုံ့လ	။
၇၃။ သာသနစေတီနိပဝရ မွှောစရိယဘွဲ့ ရရှိတော်မူခြင်း	၄၅
၇၄။ အရှင်တိဿယမှ အရှင်တိဿရသို့	၄၆
၇၅။ သမ္မတမင်း ကြည်ညို	။
၇၆။ အရှင်အာဒိစ္စဝံသ ခေါ် ဦးအောင်မြတ်ထွန်း ထံ၌ စာလိုက်ခြင်း	။
၇၇။ အရှင်အာဒိစ္စဝံသ	။
၇၈။ ကမ္ဘာ့ ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌိလ (၁၂၅၀–၁၃၃၉)	၄၇
၇၉။ အရှင်သေဋ္ဌိလ၏ စာတိမှာ မျော်ဘွယ်	။
၈၀။ ကမ္ဘာသို့ သာသနာပြုခဲ့	။
၈၁။ ဖလေးထား လေးစားတော်မူ	။
၈၂။ နဘူးကျင်းဒိုင်နယ်ရှိ ကျေးရွာများ၏ ဓလေ့စရိုက်များ	၄၉
၈၃။ နဘူးကျင်းရွာ	၄၉
၈၄။ မကျည်းတံတိုင်း ပတ်လည်ဝိုင်း	၅၀
၈၅။ ထန်းပင်မြင့် မျိုးသံဆင့်	။
၈၆။ ညှိရွာကြီးမှာ မွေးဖွားခဲ့	။
၈၇။ သရက်ကန်ရွာ	။
၈၈။ သစ်ပင်ကြီးတွင် နတ်ကြီးရှိသည်	။
၈၉။ လက်တွေ့ဘဝ ငယ်စဉ်က	၅၁
၉၀။ သရဏဂုံ တည်ရန်လို	။
၉၁။ ပညာမဂ္ဂင် ၂–ပါး	။
၉၂။ သီလမဂ္ဂင် ၃–ပါး	။

၉၃။ သမာဓိ မဂ္ဂင် ၃-ပါး ၅၁
၉၄။ ထိုခေတ် ထိုကာလ အနေအထား ၅၂
၉၅။ သဘာဝ တောရိုင်းတိရစ္ဆာန်များ ။
၉၆။ တောင်ကတုံးဖြစ် ။
၉၇။ မေတ္တာထားပါ၊ သနားပါ ။
၉၈။ ကံကြီးရွာ ။
၉၉။ သရက်ကန်ဆရာတော်၏ ပထမနေရာ ၅၃
၁၀၀။ ကံကြီးရွာကျောင်းသစ်ကြီး ။
၁၀၁။ မိုးမှန် ဆန်စပါးပေါများ ။
၁၀၂။ ရသေ့ကြီး ဦးခန္တီ လွှမ်းစေတီဘုရား ၅၄
၁၀၃။ သရက်ကန်ဘိုးဆင့် လွှမ်းစေတီဘုရား ။
၁၀၄။ ကံစွယ်ကျောင်း ။
၁၀၅။ သက္ကွယ်ကျင်းတောရ ။
၁၀၆။ ကြာပင်အင်းကျောင်း ၅၅
၁၀၇။ ကျေးလက်ဓလေ့စရိုက် မှတ်သားထိုက် ၅၅
၁၀၈။ တုံးခေါက်ခြင်း၊ ကြေးစည်ရိုက်ခြင်း ။
၁၀၉။ ဘုရားဝတ်တက်ခြင်း ဓလေ့ ။
၁၁၀။ အခြားကျေးရွာများ ကြေးစည်ရိုက်ခြင်း ၅၆
၁၁၁။ ရှေးဆရာတော်ကြီးများ၏ ကျေးဇူး ။
၁၁၂။ ပဝါရဏာ ပွဲတော်
(၁) ပဝါရဏာနေ့
(၂) အဘိဓမ္မာအခါတော်နေ့
ဗုဒ္ဓနေ့၊ ဓမ္မနေ့၊ သံဃာနေ့ ၅၇
၁၁၃။ မြင်းမိုရ်ပွဲနှင့် ဝက်ဘာ ။
၁၁၄။ ဆရာတော်များသို့ အပြန်အလှန်
ကန်တော့ခြင်း ။
၁၁၅။ လုပ်ငန်းလွှယ်ကူမှု ၅၈
၁၁၆။ လေးစားတော်မူကြ ။

ဒုတိယပိုင်း

အခန်း (၂)

အကြောင်းအရာ	စာမျက်နှာ
၁။ ဘုရားဖြူ ဂထာဝါစကာ စာချဘုန်းကြီးဘဝ	၆၇
၂။ ခေါက်ဆေး	။
၃။ စာဝါ ၅-ကြိမ်ဝို့ချ	၆၈
၄။ ရွားမှရွား ကြည်ညိုစရာတွေ	။
၅။ ဆွမ်းရတင် ၅-ပါး ဆောင်တော်မူ	။
၆။ စနေသား စနေဘုန်းကြီး အခေါ်မခံရ	။
၇။ နိသဂ္ဂိထိုက်သောပစ္စည်း ဘာတစ်ခုမျှမရှိ	။
၈။ ငွေတစ်ပြားမျှမရှိသော စာချဘုန်းကြီး	။
၉။ ကျမ်းအိပ်နိကာယ်များ အဋ္ဌကထာနှင့် တွဲ၍ ကြည့်ရှု	၆၉
၁၀။ ပိဋကသုံးပုံ နိကာယ် ငါးရပ်ဟူသည်	။
၁၁။ ပါဠိတော် စကားတော်အစဉ်	။
၁၂။ နိကာယ် ငါးရပ်	၇၀
၁၃။ နိကာယ် ငါးရပ်တို့၏ အကြောင်းအရာ	၇၁
၁၄။ (၁) သီလက္ခန္ဓဝဂ္ဂ-	၇၂
မဟာဝဂ္ဂ	။
ပါထိကဝဂ္ဂ	၇၃
၁၅။ (၂) မဇ္ဈိမနိကာယ	။
၁၆။ (၃) သံယုတ္တ နိကာယ	၇၄
၁၇။ (၄) အင်္ဂုတ္တရ နိကာယ	၇၅
၁၈။ (၅) ခုဒ္ဒက နိကာယ	။
၁၉။ (က)ခုဒ္ဒက နိကာယ ဝိနယပိဋက-၌	၇၆
၂၀။ (ခ) ခုဒ္ဒက နိကာယ အဘိဓမ္မာပိဋက-၌	။
၂၁။ (ဂ) ခုဒ္ဒက နိကာယ သုတ္တန္တပိဋက-၌	၇၇
၂၂။ တောရဆရာတော်လောင်းလျာကို တောင်ဖူးတွေ့ရခြင်း	၇၈
၂၃။ စာချဘုန်းကြီးဆိုင်းဘုတ်	။
၂၄။ စာချဘုန်းကြီးဘဝသိက္ခာထပ်ခြင်း	။
၂၅။ ဘုရားဖြူဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်း	၇၉
၂၆။ ဘဒ္ဒန္တ နန္ဒိယာဘိဝံသ ရေးဖွဲ့ပူဇော်သည့် ဖြည့်စရာ	၈၀
၂၇။ ဘဒ္ဒန္တ တိဿရဿေရိ ရေးဖွဲ့ပူဇော်သည့် ဖြည့်ရာ	၈၁
၂၈။ ခိုးကုတ်ဆရာတော် (၁၂၆၁-၁၃၂၄)	၈၂
၂၉။ အာစာနည် ယောကျ်ားမြတ်	။
၃၀။ ဘုရားဖြူစာချဘုန်းကြီးဘဝ ညီ- ဦးထွန်းစိန်ကွယ်လွန်	၈၃
၃၁။ တောထွက်လိုသည့် ဘုရားဖြူဆရာတော်	။
၃၂။ ဘုရားဖြူဆရာတော်၏ အဆုံးအမတော်များ	၈၄
၃၃။ ငြိုးငွေ့သင့်ပြီ	။
၃၄။ စာသိမကာ ငါသိကျအောင်	။
၃၅။ အလိုနည်းရန်	၈၅
၃၆။ မကျင့်နိုင်၍ ဆင်းရဲကြ	။
၃၇။ စိတ်တော်က တောသို့ ကိုင်းလျှက် ရှိုင်းလျှက်	။
၃၈။ တောရလိုက်ရှာ တစ်လခန့်ကြာ	၈၆
၃၉။ ခရီးသွားမများဘူးလား	။
၄၀။ စွင့်ဖြူပါမည်	။
၄၁။ ဘုရားရှုပ်နံသည့် ဘုရားဖြူဆရာတော်	။
၄၂။ အရညဝါသီ ကြွလှမ်းပြီ	။
၄၃။ တစ်လခော၍ တောထွက်တော်မူ	၈၇
၄၄။ ဆာဆီ ခေါ်သည့် ဦးညွန့်လှိုင်	။
၄၅။ လေးချိုးနိမိတ် နတ်ပြဟိတ်ကြောင့်	။
၄၆။ မယာဒေဝမင်းကြီး၏ သံဝေဂဉာဏ်ကဲ့သို့	၈၈

တတိယပိုင်း

အခန်း (၃)

အကြောင်းအရာ	စာမျက်နှာ
၁။ အဆန်စရိုး သဘော်စီး၍	၉၁
၂။ နေပြည်တော်နှင့် နေပုဒ်	။
၃။ နေကျွမ္ဘကြီး မင်္ဂစရိုးကို	။
၄။ တောရဆရာတော်လောင်းလျာ နှလုံးသွင်းသည့် ဂါထာ ၂-ပုဒ်	၉၂
၅။ မင်းဘူးဆိပ်ကမ်းသို့	၉၃
၆။ ရွှေစက်တော်သို့ ခြေလျင်စရီး	။
၇။ မျှော်လင့်မထားသော မော်တော်ကားပေါ်လာ	။
၈။ ကေလာကြီးတို့ ကျောင်းက	၉၄
၉။ မဟာသမယနေ့	။
၁၀။ အရှင်မဟာရဋ္ဌသာရဆို ရွှေစက်တော်သွား တောလား ရတု ၄-ပိုဒ်	၉၅
၁၁။ အင်းဝခေတ် ကဗျာပါရဂူတစ်ဆူ	၉၆
၁၂။ ရွှေစက်တော်သွား တောလား ရတုများ၏ စကားပြေ-	၉၇
၁၃။ (၁) ရတုပထမပိုဒ်၏ ဆိုလိုရင်းစကားပြေ	။
၁၄။ (၂) ရတုဒုတိယပိုဒ်၏ ဆိုလိုရင်းစကားပြေ	၉၈
၁၅။ (၃) ရတုတတိယပိုဒ်၏ ဆိုလိုရင်းစကားပြေ	၉၉
၁၆။ (၄) ရတုစတုတ္ထပိုဒ်၏ ဆိုလိုရင်းစကားပြေ	။
၁၇။ သာမန်မျှ ပြန်ဆိုလျှင်	၁၀၀
၁၈။ စကားချပ်၊ ထင်မြင်ယူဆချက်	။
၁၉။ အပြစ်မယူ နှင့်လွှတ်တော်မူပါ	၁၀၁
၂၀။ အနှစ်သာရရှိရှိ အထူးပြုပြန်ဆိုပါလျှင်	။
၂၁။ သတိပဋ္ဌာန်သည် နိဗ္ဗာန်သို့ သွားလမ်း	၁၀၂
၂၂။ စက်တော်ရာ ဘုရားရှိခိုးကူးယူခဲ့	၁၀၉
၂၃။ စက်တော်ရာ ဘုရားရှိခိုး	။
၂၄။ ပါဒစေတီနှစ်ဆူ ရွှေစက်တော်	၁၁၀
၂၅။ တောင်ဇီလာဆရာတော်အဖွဲ့ ရွာဈေးတွေ့ရှိခဲ့	၁၁၁
၂၆။ ခေတ်အဆက်ဆက် ပြုပြင်ခဲ့	၁၁၁
၂၇။ သုံးမည်ရ နမ္မဒါ သုံးကြိမ်ဦးနိုက်	။
၂၈။ အုံမွယ်ရာများ	၁၁၂
၂၉။ ဝါရှောင်ဖို့မ မိုးလေးလ	၁၁၃
၃၀။ ရွှေစက်တော်မှ မြောင်းဦး ရန်ကင်းတောရသို့	။
၃၁။ တောရဆောက်တည် ဒုတိယဝါ	။
၃၂။ စာရေးသူ စကုမြို့ ရဲစခန်းသို့ ပြောင်းရွှေ့ရောက်ရှိခြင်း	။
၃၃။ ရှာပုံတော်စရိုး	။
၃၄။ ဖူးတွေ့ရပါပြီ	၁၁၄
၃၅။ လာမည်ကိုကြိုသိနေ	။
၃၆။ မိခင်ကြီး ဒေါ်အေးမှန် ကွယ်လွန်ခဲ့လျှင်	။
၃၇။ ရိုက်သတ်လို့တောင် မသေ	။
၃၈။ သပ္ပါယမျှပါသလားဘုရား၊ သပ္ပါယ ၇-မျိုး	၁၁၅
၃၉။ မြတ်စွာဘုရားနှင့် တပည့်သားသံဃာ တော်များ တောမှာ ပျော်မွေ့ကြ	၁၁၆
၄၀။ အိမ်ထောင်တစ်စုံရှိလျှင် ရွာသိမ်ရွာငယ်	။
၄၁။ တောရပေါင်း မြောင်းဦး	၁၁၇
၄၂။ နာနာဘာဝတို့၏ လူးအင်း	။
၄၃။ သိမ်သမုတ်ခြင်း အစပထမ၊ သိမ်အမှတ် ၁ - အိုးပြင်မဲသိမ်	၁၁၈
၄၄။ တောသမင်များနှင့် ကျားသစ်	။
၄၅။ တောရကျောင်းအနီး ကျားသစ်လာမွေး	၁၁၉
၄၆။ မေတ္တာနှလုံးသွင်းတော်မူ	၁၂၀
၄၇။ အရဟတ္တဂူကာလဝိနိစ္ဆယမေါ်အရဟံတက်ချိန် အဆုံးအဖြတ်ကျမ်းရေးသားတော်မူ	။
၄၈။ တောရဆောက်တည် တတိယဝါ	။
၄၉။ ရေးသားတော်မူသည့် အကြောင်းအရင်းများ	။
၅၀။ ရေးသားစီရင်တော်မူခြင်းဖြင့် ရရှိစေသည့် အကျိုးတရားများ	၁၂၁

အကြောင်းအရာ	စာမျက်နှာ
၅၁။ ထိုကျမ်းစာကို ပိဋကပညာရှင်များ အလေးထားတော်မူ	၁၂၁
၅၂။ စကုမြို့နယ် မြောင်းဦးရန်ကင်းတောရ သိမ်သမုတ်ခြင်း	၁၂၂
၅၃။ သိမ်အမှတ်–၂ မြောင်းဦး ရန်ကင်းတောရသိမ်	၁၂၂
၅၄။ စကုမြို့နယ် လက်ပံတောကျောင်း သိမ်သမုတ်ခြင်း	။
၅၅။ သိမ်အမှတ်–၃လက်ပံတောကျောင်းသိမ်	။
၅၆။ ယာဝဇီဝံ တစ်သက်တာပတ်လုံး တောရ ဆောက်တည်ခွင့် လျှောက်ထား	၁၂၃
၅၇။ နိကာယ်ငါးရပ် ပိဋကတော်များ ဒုတိယအကြိမ် ကြည့်ရှု	။
၅၈။ တောရဆောက်တည် စတုတ္ထဝါ	။
၅၉။ ဆရာ မရှိတော့ပြီ မမှတ်လင့်	။
၆၀။ ရဟန်းဒါယကာကြီး ဦးသာကြွယ် လိုက်လာ တရားအားထုတ်ခြင်း	၁၂၄
၆၁။ တောကြမ်းသည် ခြောက်လှန့်သည်ဆိုသောသတင်း	၁၂၅
၆၂။ ပါးစပ်ဟာလည်း သရိုင်းပဲ	။
၆၃။ ကြီးမားသောအန္တရာယ်ဘေး သီသီကလေး	၁၂၆
၆၄။ ငါမခေါ်ဘဲ မလာနဲ့	။
၆၅။ စကုမြို့သို့ ကြွလာ	။
၆၆။ ပြေငြိမ်းတော်မူ	၁၂၇
၆၇။ ရွှေစက်တော်ဘုရား ရွှေဝိသာတုံးကြီး ပျောက်ဆုံးမှု	၁၂၈
၆၈။ အင်ဖတ်နှင့်ထုတ်ရှဲ	။
၆၉။ မေ့ကျန်ခဲ့ကြ	။
၇၀။ တွေ့ပါပြီ ရွှေတုံးကြီး	။
၇၁။ တဏှာ၏ ကျေးကျွန်း	၁၂၉
၇၂။ ဦးတည်ချက် မတူသူတို့၏ သွားရာလမ်း	။
၇၃။ အမှတ်ရစို့ သာကေပြလို	။
၇၄။ သောင်းဆေးတာ	။
၇၅။ နောက်ခံသမိုင်း	။
၇၆။ ဆံတော်ရှင် ကျိုက်ထီးရိုး	၁၃၀

အကြောင်းအရာ	စာမျက်နှာ
၇၇။ ကာမဂုဏ်စံစားခြင်းသည် ယုတ်ညံ့သူတို့အကျင့် ဆိုလိုရင်း	၁၃၀
၇၈။ ကုသိုလ်နှင့် အကုသိုလ်	။
၇၉။ အရုဏုဂ္ဂကာလ ဝိနိစ္ဆယ ခေါ် အရုဏ်တက်ချိန် အဆုံးအဖြတ် ကျမ်း(ပထမကြိမ် ပုံနှိပ်ထုတ်ဝေ)	၁၃၁
၈၀။ သရက်စရိုင် မင်းတုံးမြို့နယ် တောင်လတ်တောရသို့	။
၈၁။ စကုမြို့နယ် မြောင်းဦး ရန်ကင်း တောရသို့ ပြန်ကြွ	၁၃၂
၈၂။ သဖွယ်ကျင်း တောရဆရာတော် ဦးသီဟ ပျံလွန်	။
၈၃။ စီးဖြူကုန်းဆရာတော် ဦးဥတ္တမသပျံလွန်	။
၈၄။ ဘုရားဖြူဆရာတော် ဘဒ္ဒန္တ ပညာဝံသ ပျံလွန်	။
၈၅။ စိဝရဝဏ္ဏ ဝိနိစ္ဆယကျမ်း ပါဠိရေးတော်မူ	၁၃၃
၈၆။ သိမ်အမှတ် ၄– တောင်လတ်တောရ သိမ်သမုတ်တော်မူ	။
၈၇။ အစက်အခဲ မျိုးစုံကြုံခဲ့ပုံ	။
၈၈။ ၁၃၃၃–ခုနှစ် ဗွေးရုပ်စာတိ နဘူးကျင်းသို့ ပြန်ကြွလာတော်မူ	။
၈၉။ နဘူးကျင်း ရန်ကင်းတောရတည်ထောင်	၁၃၄
၉၀။ ဦးကျော်သိန်း + ဒေါ်ခင်ရွှေ မိသားစု ကျောင်းမြေအလှူ	။
၉၁။ လယ်ဝေးမြို့နယ် ထန်းတပင် တောရသို့ ကြွတော်မူ	။
၉၂။ ရန်ကင်းတောရ စတင်ဝါကပ်	။
၉၃။ စီဝရဝဏ္ဏဝိနိစ္ဆယကျမ်း မြန်မာပြန်ရေးတော်မူ	။
၉၄။ နဘူးကျင်း ရန်ကင်းတောရ ယခုနေရာသို့ ရောက်တော်မူ	၁၃၈
၉၅။ မိခင်ကြီး ဒေါ်အေးမှန် ကျောင်းမြေအလှူ	။
၉၆။ ဝမ်းသာမဆုံး ဂုဏ်သတင်း ပျံ့လွှင့်	၁၃၉

အကြောင်းအရာ	စာမျက်နှာ
၉၇။ စုတင် အနှစ်	၁၃၉
၉၈။ ၁၃၃၅ ခု ပျော်ဘွယ်မြို့နယ် ညောင်ကုန်း သုသာန်တောရ ဝါကပ်တော်မူ	။
၉၉။ ခြေလျင်ကြွတော်မူ	။
၁၀၀။ ရတနာ့အစစ် ဖူးမြင်ရ	၁၄၀
၁၀၁။ သစ်ဆုံရေနှင့် အတူ	။
၁၀၂။ ဦးမြစ်၏ကျောင်းအလှူ	။
၁၀၃။ ကုသိုလ်ရသင့်ပါလျက်	။
၁၀၄။ မသိခြင်းမှာ ညှိ၍	။
၁၀၅။ မသေတရားကိုရှာခြင်း	၁၄၁
၁၀၆။ စစ်မြေပြင်သို့	။
၁၀၇။ အမြတ်ဆုံးသုရဲကောင်း	။
၁၀၈။ ရုပ်အလောင်းများ မြှုပ်နှံရာ	၁၄၂
၁၀၉။ သုသာန်စုတင်ဆောင်ရဟန်းတို့ ရအပ်သော အကျိုး	။
၁၁၀။ သုသာန်စုတင်ဆောင်ရဟန်းတို့ လိုက်နာရန် ညွှန်ပြချက်	၁၄၃
၁၁၁။ သူရဲကောင်းကြီး	။
၁၁၂။ ၁၃၃၅ သိမ် ၄–လုံး သမုတ်တော်မူ	။
၁၁၃။ သိမ်အမှတ်–၅ ရွှေစေတီကျောင်း မင်္ဂလာနံ့သိမ်	။
၁၁၄။ သိမ်အမှတ်–၆ ပန်းခြံကုန်းကျောင်းသိမ်	၁၄၄
၁၁၅။ သိမ်အမှတ်–၇ ရန်ကင်းတောရသိမ်	။
၁၁၆။ သိမ်အမှတ်–၈ မင်္ဂလာဓေယျကျောင်းသိမ်	။
၁၁၇။ ၁၃၃၆ ခု လယ်ဝေး၊ ထန်းတပင် တောရ စောင် ဝါကပ်	။
၁၁၈။ ၁၃၃၇ ခု နအူးကျွင်း ရန်ကင်းတောရ၌ဝါကပ်	။
၁၁၉။ သရက်ကန်ဆရာတော် ထေရုပ္ပတ္တိအကျဉ်းရေး	။
၁၂၀။ နီးယူစရာ ဘဏ္ဍာမရှိအောင် နေရန်	၁၄၅
၁၂၁။ ရဟန်းလောဘ လေးအနက္ခ	။
၁၂၂။ ရဟန်းမွဲ လည်းလေးစီးတိုက်	။
၁၂၃။ အလိုနည်းရန်စကား	။
၁၂၄။ ကိုးတောင်ပြည့်နှင့် လွှမ်းခေတ်	။
၁၂၅။ အာစရိယ နုသရေစာ	၁၄၅
၁၂၆။ နှစ်စဉ်နှစ်တိုင်း ပူဇော်ပွဲလုပ်ရန် တိုက်တွန်း	၁၄၆
၁၂၇။ ရွှေစင်ရုပ်မှ ရွှေသားရုပ်သို့	။
၁၂၈။ ကျေးလက်တောရွာများ၏ ပန်းပုဆရာများ	၁၄၆
၁၂၉။ ပုံသွင်းသမား၏ လက်ထဲမှာ	၁၄၇
၁၃၀။ မော်ကြည့်စံသာသနာ အခြေမခိုင်လျှင် အများယိုင်မည်	။
၁၃၁။ တာဝန်သိသူတိုင်း တာဝန်ထမ်းရန်	။
၁၃၂။ တောသို့ကြ၍သာသနာပြုတော်မူကြပါ	။
၁၃၃။ ထန်းတပင်တောရကျောင်းအမ ဒေါ်စောညွန့်နှင့်အများကောင်းမှု	၁၄၈
၁၃၄။ ၁၃၃၈/၉ ခု လယ်ဝေး ထန်းတပင်တောရဝါကပ်	။
၁၃၅။ သိမ်အမှတ်–၉ ရွှေစည်းခုံသိမ်	။
၁၃၆။ သိမ်အမှတ်–၁၀ အောင်ချမ်းသာကျောင်းသိမ်	။
၁၃၇။ သိမ်အမှတ်–၁၁ ၄က်သိုက်ကျောင်းသိမ်	။
၁၃၈။ ၁၃၄၀ ခု ရမည်းသင်း ရွှေဒါး ရွှေမင်းဝံတောရ ဝါကပ်တော်မူ	။
၁၃၉။ ထေရုပ္ပတ္တိ ဘဝဖြစ်စဉ် ရေးမှတ်ခြင်းစတင်	၁၄၉
၁၄၀။ မဟာသီဟနာဒ ဆရာတော်ကြွလာ	။
၁၄၁။ ရသေ့ငွေကိုင်နိုင်	။
၁၄၂။ ရမည်းသင်း ဆင်ကျုံးနှင့် ဦးပေါလိုင်ထံလွှတ်	၁၅၀
၁၄၃။ ဘုရားဖြူ ဦးနရိန္ဒာဘိဝံသ ထန်းတပင်တောရ၌ ဝါကပ်	။
၁၄၄။ ဦးထွန်းခင်တို့သားအဖ ရွှေမင်းဝံ တောရသို့ လိုက်၍သွား	။
၁၄၅။ ထန်းတပင်ရွာသား မောင်ဝင်းကြိုင် သဘော်သားဖြစ်လာ	၁၅၁
၁၄၆။ မြင်အောင်ကြည့်ကြစေလို	။
၁၄၇။ ၁၃၄၀ ခု သိမ်–၂လုံး သမုတ်	၁၅၂

အကြောင်းအရာ	စာမျက်နှာ
၁၄၈။ သိမ်အမှတ်–၁၂ သာသနာ့ရောင်ခြည်သိမ်	၁၅၂
၁၄၉။ သိမ်အမှတ်–၁၃ မဟာသီဟနာဒ ပထမသိမ်	။
၁၅၀။ ၁၃၄၁ ခု နဘူးကျင်း ရန်ကင်းတောရ ဝါကပ်	၁၅၂
၁၅၁။ ပြတိုက်ရှာ ဦးအောင်ဖေ မကွယ်လွန်မီ (၁) ရက်ဆွမ်းရပ်ခဲ့	။
၁၅၂။ ရဟန်း–၂ပါး မယ်တော်ကြီး ဒေါ်အေးမှန် ၈၆–နှစ် ကွယ်လွန်	၁၅၃
၁၅၃။ ဘုရားဖြူဆရာတော် ဦးဝဏ္ဏိမာနှင့် ကျွန်းခေါင်းကြီး	။
၁၅၄။ ဦးမောက်နှင့် ဦးသက်ရှည် ဆိုသော်လည်း	၁၅၄
၁၅၅။ သုသာန်ဇရပ်တွင် ညစဉ်ဝင်ခဲ့	။
၁၅၆။ မယ်တော်ပျံ စာတ်ပွဲ ကလိုက်, ပြလိုက်ကြသေး	။
၁၅၇။ မန်လည်ဆရာတော်ဘုရားကြီး၏ ဩဝါဒများ	၁၅၅
၁၅၈။ သိမ်အမှတ်–၁၄ ကန်ဦးစေတီသိမ်	။
၁၅၉။ ၁၃၄၂ ခု ရွှေစေတီတော်ရိပ်မှာ ၁၀–ဝါပြည့် ရန် တစ်ကျော့ပြန်	။
၁၆၀။ ဥပဇ္ဈာယ်ဆရာကြာပင်အင်း ဦးဇဋိလပျံလွန်	၁၅၆
၁၆၁။ သံဃာ့ထေရ်ကြီး	။
၁၆၂။ သန်းပင်ကြီးအောက်မှာ	။
၁၆၃။ ၁၃၄၃/ ၁၃၄၄ ခု လယ်ဝေးထန်းတပင် တောရ၌ ဝါကပ်တော်မူ	။
၁၆၄။ တောရဆရာတော်ဟောကြားသည့် ဂဝေသီသုတ္တန်	။
၁၆၅။ အင်းကောက်ဦးပေါလိုင် ဝိုလာ	၁၅၇
၁၆၆။ ၁၃၄၃ ခုနှစ် ဟောခဲ့	။
၁၆၇။ ကန်တော့ချီးဆုပေး ဩဝါဒမိန့်ကြားပုံ	။
၁၆၈။ ၅–ပါးသီလပေးရာ၌	၁၅၈
၁၆၉။ လက္ခဏာရေးသုံးပါး	။
၁၇၀။ တရားဟော ရေစက်ချ လုပ်ခဲ့ဖူးသော်လည်း	၁၅၈
၁၇၁။ ရဟန်းရှင်းဟောဖို့သာရှိ	၁၅၉
၁၇၂။ ကြိုကြိုဖန်ဖန် ဆိုးမွမ်း	။
၁၇၃။ မေ့ကထိက ဆိုတာ	။
၁၇၄။ ကထာ–၄ မျိုး	၁၆၁
၁၇၅။ ဧဟိဘိက္ခု ဆုပဲတောင်းပါ	။
၁၇၆။ ဂဝေသီသုတ္တန် တရားတော်	၁၆၂
၁၇၇။ အဘယ်ကြောင့် ပြုံးတော်မူ	။
၁၇၈။ ဂဝေသီ ပါဠိမြန်မာပြန်လျှင်	၁၆၃
၁၇၉။ အင်ကြင်းတောကြီးထဲမှာ ဟောနေ	။
၁၈၀။ ကာမေသုနှင့် အပြဟ္မစရိယ ဘာကွာသလဲ	၁၆၄
၁၈၁။ တစ်ဆင့်ထက်တစ်ဆင့်တက်၍	။
၁၈၂။ ဂဝေသီ ရဟန္တာဖြစ်သွား	။
၁၈၃။ တရားဟောသည့်နေရာ	၁၆၅
၁၈၄။ အနေက စာတိသံသာရံ ဥဒါန်းကျူးရင့်တော်မူခြင်း	။
၁၈၅။ ပါဠိ၊ မြန်မာပြန်	၁၆၆
၁၈၆။ ၁၃၄၅ ခု နဘူးကျင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ	၁၆၈
၁၈၇။ နိကာယ်ငါးရပ် ပိဋကသုံးပုံ အကြိမ်ကြိမ်ဖတ်ရှု	။
၁၈၈။ သင်တို့၏ဆရာ ဖြစ်ရစ်လိမ့်မည်	၁၆၉
၁၈၉။ တရားကို အလေးအမြတ်ပြု ပူဇော်ခြင်း	။
၁၉၀။ ဝိနည်းလေးစားရန်၊ ပရိယတ္တိ သင်ယူရန် တိုက်တွန်းတော်မူ	၁၇၀
၁၉၁။ ရဟန်း – ၄မျိုး	။
၁၉၂။ တောရဆောက်တည် ပထမဝါတော် ၂၀–ကာလ အနုစ်ချုပ်ပါက	။
၁၉၃။ တောရဆောက်တည် ရဟန်းတော်များပေါ်ထွန်း	၁၇၁

စတုတ္ထပိုင်း (၁)

အခန်း (၄)

အကြောင်းအရာ	စာမျက်နှာ
၁။ ၁၃၄၆ ခုနှစ် ထေရ်စေတာန်းတဝင် တောရ၌ ဝါထပ်တော်မူ	၁၇၅
၂။ တောရဆရာတော်ရှိရာသို့ စုတင်ဆောင် မထေရ်များ ကြွလာတော်မူ	။
၃။ သိမ်အမှတ်–၁၅ မင်္ဂလာကန်ဦးသိမ်သမုတ်	။
၄။ သိမ်သမုတ်ချိန် ထူးခြားချက်	၁၇၈
၅။ တစ်ဝါမျှကြီးသော်လည်း အလွန်ကြည်ညို	။
၆။ ဆွမ်းသက်သက် ဘုန်းပေး	။
၇။ နောင်တတစ်ဝန် ပွပန်ခြင်းကင်းလို	။
၈။ အရိယာစခန်းသို့	၁၇၉
၉။ သိမ်အမှတ်–၁၆ ရန်ကင်းတောရ မဟာသိမ်တော်ကြီးသမုတ်	။
၁၀။ ကမ္မဝါစာ ဆရာတော်များ	၁၈၀
၁၁။ မဟာသိမ်သမုတ်နည်းယူ ရဟန်းတော်များ	၁၈၁
၁၂။ နဘူးကျင်း ရွာကျောင်း ဆရာတော်	။
၁၃။ မှန်တောင်တောရဆရာတော်	။
၁၄။ ဆုတောင်းပြည့်တောရ အရှင်ကောဝလ ၁၃၄၆–ခုနှစ် တောရ စတင်	။
၁၅။ သိမ်သမုတ်နည်း ထပ်မံဆည်းပူးတော်မူကြ	၁၈၂
၁၆။ သက်န်းချုပ်နည်း လက်တွေ့ပြသ သင်ယူကြ	။
၁၇။ နဘူးကျင်း ရန်ကင်းတောရ၌ ကထိန် လက်ခံထားသည်ကို ပယ်ခြင်း	။
၁၈။ ၁၃၄၇ မှ ၁၃၅၁ ခုထိ (၅) နှစ်ဆက် တိုက် ရန်ကင်းတောရ၌ဝါကပ်	၁၈၃
၁၉။ နည်းယူဆောင် ရဟန်းတော်များ ရောက်လာ	။
၂၀။ တစ်တောင်၌ တစ်ပါးတည်းနေသည့် အကျင့်ရှိစေလို	။
၂၁။ အောက်ထပ်တိုက် အပေါ်ထပ်ပျဉ်ကာ ကျောင်းကလေး	၁၈၄
၂၂။ ဝါတော်–၂၀ နောက်ပိုင်း သိမ်သမုတ်ခြင်း များပြားလာ	၁၈၄
၂၃။ ၁၄၃၇ ခုနှစ် သိမ်သုံးလုံး သမုတ်တော်မူ	။
၂၄။ သိမ်အမှတ်–၁၇ သာယာကုန်းသိမ်	။
၂၅။ သိမ်အမှတ်–၁၈ လဲဘူးတောရသိမ်	။
၂၆။ သိမ်အမှတ်–၁၉ မွေ့ဇိမာန်သိမ်	၁၈၅
၂၇။ အပြန်အလှန်လေးစားတော်မူ	။
၂၈။ စနေသားနေ့တူ, မောင်ထွန်းရှိန် အမည်တူ ဒုတိယမြောက် တိပိဋကဓရ ဘဒ္ဒန္တနေမိန္ဒထေရ်	။
၂၉။ မင်းကွန်း တိပိဋကဓရ ဆရာတော်	။
၃၀။ မြောက်နစ်ကြာ ဒုတိယဆရာတော် ဘဒ္ဒန္တနေမိန္ဒပေါ်လာ	၁၈၆
၃၁။ ၁၃၄၈ ခုနှစ် နဘူးကျင်း ရန်ကင်းတောရ၌ဝါကပ်တော်မူ	။
၃၂။ သိမ်အမှတ်–၂၀ မဟာမြိုင်တောရသိမ်	။
၃၃။ ၁၃၄၈ ခု ဆန္ဒ ဒါန ဝိနိစ္ဆယ ကျမ်းရေးသားတော်မူ	။
၃၄။ ၁၃၄၉ ခုနှစ် နဘူးကျင်း ရန်ကင်းတောရ၌ဝါထပ်တော်မူ	၁၈၇
၃၅။ ၁၃၄၉ ခု သိမ်– ၄လုံး သမုတ်တော်မူ	။
၃၆။ သိမ်အမှတ်–၂၁ ရန်ကင်းတောရ မဟာသိမ်ချဲ့၍ သမုတ်	။
၃၇။ သိမ်အမှတ်–၂၂ တမာတောင် တောရသိမ်	။
၃၈။ သိမ်အမှတ်–၂၃ မဟာသီဟနာဒ ဒုတိယရွှေသိမ်	၁၈၈

အကြောင်းအရာ	စာမျက်နှာ
၃၉။ သိမ်အမှတ်-၂၄ တောင်သာအေးသိမ်	၁၈၈
၄၀။ ၁၃၅၀ ခုနှစ် ရန်ကင်းတောရ၌ ဝါကပ်တော်မူ	။
၄၁။ သိမ်အမှတ်-၂၅ မဟာမြိုင်တောရ မဟာသိမ် သမုတ်	၁၈၈
၄၂။ ဟိုဘက်မှာတော်တဲ့ ပုဂ္ဂိုလ်ဟာ ဒီဘက်မှာလည်း တော်တယ်	၁၈၉
၄၃။ သိမ်အမှတ်-၂၆ သာယာကုန်းသိမ်	။
၄၄။ နိကာယ်ငါးရပ် ပိဋကတ် တတိယအကြိမ် ကြည့်ရှုတော်မူ	။
၄၅။ တပ်ကုန်းမြို့ ဒေါင်းမင်းဆီစက်မှ တိုက်ကျောင်းလှူ	၁၉၀
၄၆။ အလျှော်ကောင်း၍ အထောင်းသက်သာ	။
၄၇။ မြေအောက်ဂူပါရှိ	၁၉၁
၄၈။ ဝိသောသစ်များ ဖြန့်မယူသေး	။
၄၉။ ထူးခြားသောဖြစ်ရပ်အချို့	။
၅၀။ ပုဂ္ဂိုလ်ထူးတစ်ပါး ကြွလာလျှင် လက်ဆောင်းစက်ပေတော့	။
၅၁။ တောရဆရာတော်ကြွလာ	၁၉၂
၅၂။ ခင်ကြိုင်ကျောင်းထိုင်တဲ့ ဘုန်းကြီးဖြစ်နေ	။
၅၃။ ၁၃၅၁ ခုနှစ် ရန်ကင်းတောရ၌ ဝါကပ်တော်မူ	၁၉၃
၅၄။ သိမ်အမှတ်-၂၇ မြောက် မြိုက်သိမ်သမုတ်	။
၅၅။ သိမ်အမှတ်-၂၈ မေဃဝတီသိမ်သမုတ်	။
၅၆။ ရန်ကင်းတောရ ဥဘုရားအလှူရှင် ဦးလှအောင် + ဒေါ်ခင်သိန်း	။
၅၇။ ရန်ကင်းတောရ အများကောင်းမှု သိမ်တော်ကြီး	။
၅၈။ ပထမအုတ်ရေတွင်း အများကောင်းမှု	၁၉၄
၅၉။ ရေချိုးခန်းအလှူရှင် ဒုတိယရဲမှူးကြီး ဦးအောင်မောင်အုန်း+ဒေါ်တင်တင်	။

အကြောင်းအရာ	စာမျက်နှာ
၆၀။ သင်္ကန်းကိုယ်တိုင်လျှော်ဖွပ်	၁၉၄
၆၁။ အသိတရား မရှိခဲ့	။
၆၂။ သင်္ကန်း၌ ရိုသေခြင်း	။
၆၃။ အကျိုးများစွာရကြ	၁၉၅
၆၄။ ၁၃၅၂ ခုနှစ် လယ်ဝေးထန်းတပင် တောရ၌ ဝါကပ်တော်မူ	၁၉၅
၆၅။ သိမ်အမှတ်-၂၉ မှန်ပြတောင်ထိပ်တောရသိမ်	။
၆၆။ စုတင်ကျောင်းကလေးများ	။
၆၇။ သာကေ ကျန်ရစ်စေလို	၁၉၆
၆၈။ ၁၃၅၃ ခုနှစ် ထန်းတပင်တောရ၌ ဝါကပ်တော်မူ	။
၆၉။ သိမ်အမှတ်-၃၀ ဆင်ဖြူတောင်သိမ်	။
၇၀။ သိမ်အမှတ်-၃၁ ရန်အောင်မြင်သိမ်	။
၇၁။ သိမ်အမှတ်-၃၂ ဘုန်းကြီးသောင်သိမ်	။
၇၂။ ၁၃၅၄ ခုနှစ် ထန်းတပင်တောရ၌ ဝါကပ်	။
၇၃။ သိမ်အမှတ်-၃၃ လှုံပြည့်သိမ်	၁၉၇
၇၄။ ကျိန်းတော်မူပါ မလျှောက်မိ၍	။
၇၅။ သိမ်အမှတ်-၃၄ လယ်တော်သိမ်	။
၇၆။ သိမ်အမှတ်-၃၅ ပေါ်တော်မူသိမ်	။
၇၇။ သိမ်အမှတ်-၃၆ မဲဒီးသိမ်	။
၇၈။ သိမ်အမှတ်-၃၇ မင်္ဂလာရာမသိမ်	။
၇၉။ သိမ်အမှတ်-၃၈ အောင်မင်္ဂလာသိမ်	၁၉၈
၈၀။ သိမ်အမှတ်-၃၉ သရက်ကွင်းသိမ်	။
၈၁။ နိကာယ်ငါးရပ် ပိဋကတော်များ စတုတ္ထအကြိမ် ကြည့်ရှုတော်မူ	။
၈၂။ ၁၃၅၅ ခုနှစ် နဘူးကျင်းရန်ကင်း တောရ၌ ဝါကပ်	။
၈၃။ အဆုံးကုန်း သိမ်သမုတ်ပွဲ စာရေးသူ တက်ရောက်ရန်မိန့်ကြား	။
၈၄။ နဘူးကျင်း ရန်ကင်းတောရ ဆရာတော်ထံသို့	။
၈၅။ ကျေးဇူးရှင်ကြီးများ လဲလျောင်းရာ	၂၀၀
၈၆။ ဖခင်ကြီးဦးကြည်၊ ဆရာကြီးဦးရှင်၊	။

	အကြောင်းအရာ	စာမျက်နှာ
၉၇။	ဘုန်းကြီးမေ ဒေါ်ငယ်၊ ဒေါ်မွှေးတင်၊ ကျောင်းအစ်မဒေါ်ဆယ်မိ	၂၀၁
၉၈။	အာနာပါန ရှုပွားစဉ် ဖခင်ကြီးအရိုးစုကိုမြင်	၂၀၂
၉၉။	သိမ်အမှတ်–၄၀ စီးကုန်းသိမ်(အဆုံ)	၂၀၃
၉၀။	ကျိန်းစက်ခြင်းမရှိ၊ ပင်ပန်းတော်မူခြင်းမရှိ	။
၉၁။	သိမ်သမုတ် မှတ်တမ်း ရိုက်ခွင့်ပြုပါလျှောက်ထား	။
၉၂။	သိမ်အမှတ်–၄၁ ရှားတောသိမ်	၂၀၄
၉၃။	သိမ်အမှတ်–၄၂ အင်ကြင်းမြိုင်တောရသိမ်	။
၉၄။	သိမ်အမှတ်–၄၃ အိုင်ကျယ်သိမ်	။
၉၅။	သိမ်အမှတ်–၄၄ ကြို့ပင်သိမ်	။
၉၆။	သိမ်အမှတ်–၄၅ ကြာပင်အင်းသိမ်	။
၉၇။	ထိုသိမ်နှင့်စပ်လျဉ်း၍ တောရဆရာတော် မိန့်ကြားချက်	၂၀၅
၉၈။	သိမ်အမှတ်–၄၆ အိုးဘိုဝှသိမ်	။
၉၉။	၁၃၅၆ နဘူးလျှင်းရန်ကင်းတောရ၌ ဆက်လက်ဝါကပ်တော်မူ	။
၁၀၀။	သိမ်အမှတ်–၄၇ ရန်အောင်မင်းသိမ်	။
၁၀၁။	သိမ်အမှတ်–၄၈ အောက်တောက်သိမ်	၂၀၆
၁၀၂။	သိမ်အမှတ်–၄၉ အလယ်ကျွန်းသိမ်	။
၁၀၃။	သိမ်အမှတ်–၅၀ သစ်ဆိမ့်ပင်သိမ်	။
၁၀၄။	သိမ်အမှတ်–၅၁ စိမ့်ကြီးသိမ်	။
၁၀၅။	သက်နံရောင်အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒပေးအဆုံးအဖြတ်ကျမ်း (ပထမအကြိမ်)ရိုက်နှိပ်	။
၁၀၆။	ကျမ်းစာရိုက်လိုကြောင်း နှုတ်မှမမိန့်လို	၂၀၇
၁၀၇။	ကျမ်းစာများရိုက်ပါရစေ လျှောက်ရာ နှစ်များစွာကြာခဲ့	။
၁၀၈။	ဆရာကြီး ဦးမွေးလှိုင်ကဲ့သို့	။
၁၀၉။	ပစ္စည်းလေးပါး ဒါယကာအဖြစ် မှတ်တော်မူပါ	။
၁၁၀။	ပထမလျှောက်ထားသူကို မေးရတယ်	၂၀၈
၁၁၁။	သက်နံရောင်အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒပေး အဆုံးအဖြတ်ကျမ်း	။
၁၁၂။	တောရဆရာတော် ရန်ကုန်ကြွလာ၊ ဦးမင်းကြည်ထံသွားကြ	၂၀၈
၁၁၃။	စာပေစီစစ်ရေးမှ သာသနာရေးဦးစီး စာပေစစ်သို့တင်	၂၀၉
၁၁၄။	တောရဆရာတော်ကိုယ်တိုင် စစ်ဆေးတော်မူ	။
၁၁၅။	ဗိုလ်အောင်ကျော်လမ်း သာစုကာရီ မှော်ရုံကြီးသို့ပြောင်း	။
၁၁၆။	ကိုရင်ငယ် ပဲရူးသာသနာ့မဏ္ဍိုင် စာသင်တိုက်ပို့နိုင်း	၂၁၀
၁၁၇။	သက်နံးလက်ရောက်ကပ်လှူ ချက်ခြင်းပြန်လှူ	။
၁၁၈။	တောရဆရာတော်၏ဘွဲ့၊ ထေရုပ္ပတ္တိအကျဉ်း စာတ်ပုံထည့်ပါရစေလျှောက်	၂၁၁
၁၁၉။	ဆွမ်းခံကြွနေသည့်ပုံမှာ ရမည်းသင်းရွှေပန်းချီ၏ လက်ရာ	။
၁၂၀။	မင်းကွန်း တိပိဋကဓရ ဘယ်ကိုကြွမြန်းတော်မူ	၂၁၃
၁၂၁။	ဆရာကြီး မှော်စရိယ ဦးမွေးလှိုင်၏အမြင်	၂၁၅
၁၂၂။	ဆရာကြီးဦးမွေးလှိုင် (၁၂၉၃–၁၃၆၅) ၏ ဘဝနိဂုံး	၂၁၆
၁၂၃။	ဆရာကြီး၏ အနှီးမဈာပန၊ ဆရာကြီးနှင့် ကျွန်တော်	၂၁၇
၁၂၄။	စီးဖြူကုန်းဆရာတော် ဦးကလျာဏ ၆–လ အသက်ရှည်သွား	။
၁၂၅။	လျှောက်ထားပုံ အမျိုးမကျ၍ ကုသိုလ်မရဖြစ်ခဲ့ကြ	၂၁၈
၁၂၆။	ဦးတင်ရွှေ(ခုရဲမှူး–ငြိမ်း)နှင့် ဦးကောက်တည် ကားရောက်လာ၊ သားဦးစနေ	၂၁၉ ။
၁၂၇။	ထူးခြားချက်များ	၂၂၀
၁၂၈။	သက်နံးရောင်နှင့် ဆန္ဒပေးအဆုံးအဖြတ် ကျမ်း ရိုက်နှိပ်လှူဒါန်း	။
၁၂၉။	ဖယောင်းတိုင်–၄ထုပ် ကံကြီးဘုန်းကြီး ဦးဝေနကို လှူလိုက်	၂၂၁

အကြောင်းအရာ	စာမျက်နှာ
၁၃၀။ ကံကြီးကျောင်း ဆရာတော် ဦးဝေနပျံလွန်	၂၂၁
၁၃၁။ ကံကြီးကျောင်း ဆရာတော် ဦးဝေန၏ အန္တိမပူဇာ	၂၂၂
၁၃၂။ နွားဝန်ရှု ချမ်းသာရ	။
၁၃၃။ ဘဝစာတ်နံ့ ကကြိုးစုံ့	၂၂၃
၁၃၄။ မြွာစေတီယသုတ်၊ ဟောကြားတော်မူ	။
၁၃၅။ ဒုတိယမိစ်ကြီး ခေါ်အေးထံမှ တရားနေ့ရရှိ	။
၁၃၆။ မြွစေတီယသုတ်၊ ထိုသုတ်၏ မှတ်သားစရာ	၂၂၄
၁၃၇။ ထိုသုတ်ဖြစ်ပေါ်လာရခြင်း	။
၁၃၈။ ဘုရားကို အလွန်အကြူး အထူးကြည်ညို	၂၂၅
၁၃၉။ ဘာကြောင့် ဤမျှလောက် ကြည်ညိုရတာလဲ	။
၁၄၀။ ကြည်ညိုရခြင်းအကြောင်းရင်း (၈)ချက်	။
၁၄၁။ ပထမ- ကြည်ညိုတဲ့အချက်	။
၁၄၂။ ယနေ့သာသနာ သုံးသပ်လျှင်	၂၂၆
၁၄၃။ ဒုလ္လဘ သာသနာ ဘယ်ကရောက်လာ	။
၁၄၄။ ဒုတိယ- ကြည်ညိုတဲ့အချက်	။
၁၄၅။ ယနေ့ သာသနာ ထပ်မံသုံးသပ်လျှင်	၂၂၇
၁၄၆။ တတိယ- ကြည်ညိုတဲ့အချက်	။
၁၄၇။ စတုတ္ထ- ကြည်ညိုတဲ့အချက်	။
၁၄၈။ ပဉ္စမ- ကြည်ညိုတဲ့အချက်	၂၂၈
၁၄၉။ ဒေသစာရီ ကြွလေ့ရှိ	။
၁၅၀။ ဆဋ္ဌ- ကြည်ညိုတဲ့အချက်	၂၂၉
၁၅၁။ သတ္တမ- ကြည်ညိုတဲ့အချက်	။
၁၅၂။ အဋ္ဌမ- ကြည်ညိုတဲ့အချက်	၂၃၀
၁၅၃။ ဘယ်လိုသိမြင် လေ့ကျင့်လျှင် မည်တွင် သန္တေါသနည်း	၂၃၁
၁၅၄။ သန္တုဆိုသည်- သန္တု(၁)၊ သန္တု(၂)၊ သန္တု(၃)	၂၃၂
၁၅၅။ သဃ္ဃာယ်ကျင်းတောရ ကျောင်းသို့	။
၁၅၆။ သဃ္ဃာယ်ကျင်းသုသာန်မှာ	။
၁၅၇။ လွမ်းစေတီထွင် ဦးတင်ရှု	၂၃၃
၁၅၈။ တောရကျောင်း ရွှေဖြစ်ဟောင်း အောက်မေ့ဖွယ်	။
၁၅၉။ အလယ်ကျောင်းဆောင်ကြီး အလှူရှင် ကံကြီးရွာ ဦးနက်-ခေါ်ပိုး	။
၁၆၀။ ရပ်တော်မူ မှန်စီရွှေချဘုရားကြီး အလှူရှင် ဦးနက်-ခေါ်ပိုး	၂၃၄
၁၆၁။ တင်ပလ္လင်ခွေ ရွှေချဘုရားကြီးနှင့် ကျောက်ဆင်းတုဘုရားများ	။
၁၆၂။ ရွှေအုပ်ကြီး ၂-လုံး	၂၃၅
၁၆၃။ သဃ္ဃာယ်ကျင်းတောရဆရာတော် ဦးသီဟ (၁၂၅၄-၁၃၂၂)	။
၁၆၄။ အိပ်မက်ထဲက ကုလားလေး	။
၁၆၅။ ပညာသင် ရှင်သာမဏေဖြစ်	၂၃၆
၁၆၆။ တစပဥ္စက ကမ္မဋ္ဌာန်းဆိုသည်	။
၁၆၇။ ရဟန်းအဖြစ် သဃ္ဃရာစ်	။
၁၆၈။ မန္တလေးတွင် ပညာသင်	။
၁၆၉။ သဃ္ဃာယ်ကျင်းတောရသို့ ပင့်ခြင်း	။
၁၇၀။ ပထမဆရာတော် ဦးဉာဏ၏လွမ်းစေတီ	။
၁၇၁။ ပျံလွန်တော်မူ	၂၃၇
၁၇၂။ ဆရာတော် ဦးဉာဏဝံသ (မှော်စရိယ)	။
၁၇၃။ ရှင်ဖြစ်၊ ရဟန်းဖြစ် မှော်စရိယ ဘွဲ့ရ	။
၁၇၄။ စာလိုက်ခဲ့သော ဆရာတော်များ	။
၁၇၅။ အရှုတ်တက်ချိန် လေးစားတော်မူ	၂၃၈
၁၇၆။ ကမ္မဋ္ဌာန်း စီးဖြန်းလိုသူတို့အတွက် လွန်စွာကောင်းသည့် နေရာ	။
၁၇၇။ ဝေင်ကြီးနှင့်အတူ ဆရာကောင်းထံ နည်းခံစိုးလို	။
၁၇၈။ အင်းကောက်တောသို့	၂၃၉
၁၇၉။ တောရဆရာတော် အင်းကောက်တောသို့ ကြွခဲ့ရုံးသည်	။
၁၈၀။ ရသေ့ကြီး ဦးစန္ဒီ၏ လွမ်းစေတီ	။
၁၈၁။ သာလာသယ်စရိပ်နှင့် မေတ္တာကန်	။

စတုတ္ထပိုင်း (၂)

အခန်း (၅)

အကြောင်းအရာ	စာမျက်နှာ
၁။ အရှေ့ဗုဒ္ဓကာလဝိနိစ္ဆယခေါ် အရေးတော်တက်ရှိန် အဆုံးအဖြတ် ကျမ်း ဒုတိယအကြိမ်ရိုက်ခြင်း	၂၄၀
၂။ ၁၃၅၇– နဘူးကျောင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ ကျမ်းစာများရေးသားခဲ့	။
၃။ ထန်းတပင်တောရ ဦးကောဝလ ပို့သည့်စာ	၂၄၁
၄။ (၁) ဓုတင်္ဂဝိနိစ္ဆယ ခေါ် ဓုတင် အဆုံးအဖြတ်ကျမ်း	၂၄၂
(၂) သရက်ကန်နှင့် ဘုရားဖြူဆရာတော် ထေရုပ္ပတ္တိ မှတ်တမ်း	။
(၃) သိမ်မှတ်တမ်း ပါဠိ၊ မြန်မာ	။
(၄) ဓမ္မသံယုတ္တ ကျမ်းစာ	။
(၅) ဝန္ဒနာစုံ ကျမ်းစာ	။
၅။ သိမ် ၅–လုံး သမုတ်တော်မူ	။
၆။ သိမ်အမှတ်–၅၂ ပန်းစုံသိမ်	။
၇။ သိမ်အမှတ်–၅၃ နံတော်စဉ်သိမ်	။
၈။ သိမ်အမှတ်–၅၄ ပေပင်သိမ်	။
၉။ သိမ်အမှတ်–၅၅ ရွာသစ်ကလေးသိမ်	။
၁၀။ သိမ်အမှတ်–၅၆ ကင်းတားသိမ်	၂၄၃
၁၁။ တပ်ကုန်းခေါင်းမင်းဆိစက် ဦးအောင်ခ ပေးပို့သည့်စာ	။
၁၂။ သက်နီးရောင်အဆုံးအဖြတ်နှင့် ဆန္ဒပေး အဆုံးအဖြတ်ကျမ်း (ဒုတိယအကြိမ်) ရိုက်	။
၁၃။ နဘူးကျောင်းရွာကျောင်း ဆရာတော် ဦးအာဒိစ္စ ထံမှပေးပို့စာ	။
၁၄။ ဆရာတော် ဦးစာဂရိယ အဘာယ်အတွက် တောထွက်လာ	၂၄၇
၁၅။ ဤလောကန္တ သူတော်ကောင်းချင်းမတည့်မရှိ	။
၁၆။ လူငယ် မယာအဖွဲ့	၂၄၈
၁၇။ တပ်ခေါက်၍ မြန်ကြ	၂၄၈
၁၈။ ရန်ကင်းတောရကြီးသို့ သုံးဦးစလုံးသွားရောက်	။
၁၉။ အကြိမ်ကြိမ်စစ်နိုင်ပါမှ	၂၄၉
၂၀။ နိဒါန်းရေးလျှင် မိန့်ကြားချက်များ	။
၂၁။ ငွေတစ်ပြားမျှ မရှိသော စာရျဘုန်းကြီး	။
၂၂။ ဘွဲ့တံဆိပ်ကပ်လျှင် ငွေပါမှာဖြစ်လို့ ဘွဲ့လက်မခံခြင်းဖြစ်	။
၂၃။ ဝါတွင်းကာလ လူအဝင်အထွက်ခွင့်မပြု	၂၅၀
၂၄။ အသားအတိုင်းကောင်းပါတယ် အရောင်မဆိုးကြပါနဲ့	။
၂၅။ ဆရာကြီး ဦးရွှေလှိုင်၏ ကြည်ညိုမှု	၂၅၁
၂၆။ သိမ်သမုတ် မှတ်တမ်းများ ရိုက်ရေး မိန့်ကြားချက်များ	။
၂၇။ ဆွမ်းခံလမ်း ကွန်ကရစ်ခင်းရန် ဦးညွန့်လှိုင်၏ အဓိဋ္ဌာန်	၂၅၂
၂၈။ နဘူးကျောင်းရန်ကင်းတောရကြီး၏ ထူးခြားချက်များ	။
၂၉။ လက်ျာနှယ်ရစ်ခြင်းသည် အောင်မြေတောဖြစ်သည်	၂၅၃
၃၀။ ရဟန္တာအရှင်မြတ်ကြီး အရှင်ဝပ္ပ၏ ဥဒါန်း	။
၃၁။ ၁၃၅၈ လယ်ဓေး ထန်းတပင် တောရ၌ ဝါကပ်တော်မူ	၂၅၄
၃၂။ သိမ်အမှတ်–၅၇ ဥမင်ကြီးသိမ်	။
၃၃။ သိမ်အမှတ်–၅၈ ရွှေစေတီသိမ်	။
၃၄။ သိမ်အမှတ်–၅၉ မြန်ကပြေးသိမ်	။
၃၅။ သိမ်အမှတ်–၆၀ အောင်သိဒ္ဓိသိမ်	၂၅၅
၃၆။ သိမ်အမှတ်–၆၁ သပြေအေးသိမ်	။
၃၇။ သိမ်အမှတ်–၆၂ နတ်သူရဲသိမ်	။
၃၈။ သိမ်အမှတ်–၆၃ မောင်ညိုဘုရားကျောင်းသိမ်	။

အကြောင်းအရာ	စာမျက်နှာ
၄၉။ သိမ်အမှတ်-၆၄ သာစီကျောင်း သာသနပါလသိမ်	၂၅၅
၅၀။ သိမ်အမှတ်-၆၅ ကုန်းကလေး (ဓေါ) သာယာကုန်းကျောင်းသိမ်	〃
၅၁။ သိမ်အမှတ်-၆၆ ဇုဒ္ဓရက္ခိတကျောင်းသိမ်	၂၅၆
၅၂။ သိမ်အမှတ်-၆၇ ညောင်လှူကျောင်းစုသိမ်	〃
၅၃။ သိမ်အမှတ်-၆၈ ကန်ပေါက်ကျောင်းသိမ်	〃
၅၄။ သိမ်အမှတ်-၆၉/၇၀ ဆုတောင်းပြည့် စေတွာသိမ်နှင့် မဟာသိမ်	〃
၅၅။ မဟာသိမ်သမုတ်ပွဲကို မိုးမင်းကကြို	၂၅၇
၅၆။ ဆုတောင်းပြည့်တောရ အသစ်တည်ပေးခဲ့	〃
၅၇။ ကြက်တူရွေး ၄၅၀၀၀-နှစ်စဉ် လာရောက်အနိုပ်နို	၂၅၈
၅၈။ အိုးဘိုဝတောရဆရာတော်	〃
၅၉။ ဘုရားရှိနိုးများသည့်ကိုယ်တော်	〃
၆၀။ သောက်တော်ရေဆေးအမြစ်	〃
၆၁။ ခွေးနှင့်မျောက်	〃
၆၂။ မေတ္တာထားပါ သနားပါ	〃
၆၃။ တစ်မျိုးတစ်ဖုံစီ	၂၆၂
၆၄။ ကြက်တူရွေး ၄၅၀၀၀- (လေးသောင်းငါးထောင်)	〃
၆၅။ ဆေးကင်းရာအရပ်	〃
၆၆။ တောရဆရာတော်ရှပ်ထု တိုက်ကျောင်း ဗိုလ်ကြီး ခင်မောင် မိသားစုလှူ	〃
၆၇။ ဆုတောင်းပြည့်တောရသိမ် ဒါယကာများ	〃
၆၈။ ဆရာတော် ဦးဣသရိယ (B.Sc, A.G.T.I)	၂၆၃
၆၉။ သိမ်အမှတ်-၇၁ သံကျွန်းသိမ်	〃
၆၀။ သိမ်အမှတ်-၇၂ ငါးမာရ်အောင်သိမ်	〃
၆၁။ ဓာတ်ရှာ နဘူးကျွင်းသိမ်ကျောင်း ဆောက်ရန် ဦးညွှန့်လှိုင်အဖွဲ့လှူ	〃
၆၂။ တောရဆရာတော်ကြွလာ	၂၆၄
၆၃။ ရောက်ရှုတယ်ဆိုတာ ဒကာရဲ့အလုပ်	〃
၆၄။ ၁၃၅၉ ခု နဘူးကျွင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ	၂၆၄
၆၅။ တောရဆရာတော် ရန်ကုန်သို့ သိမ်သမုတ်ရန် ကြွလာ	၂၆၅
၆၆။ တောရဆရာတော်ကို တောဘုန်းကြီးထင်	〃
၆၇။ ဘုရားဖြူဆရာတော် ဦးနန္ဒိမာဘိဝံသကြွလာ	၂၆၆
၆၈။ သိမ်အမှတ်-၇၃ စက္ကဝဠာသိမ်(ဝိသုံဂါမ)	〃
၆၉။ တောရဆရာတော် ပြန်ကြွ၊ ဦးတင်ဝင်းကားဖြင့် လိုက်ပို့ကြ	〃
၇၀။ တစ်သက်မမေ့နိုင်	၂၆၇
၇၁။ ဗိုလ်ကြီးခင်မောင် ပြောပြသွားသော မှတ်သားစရာ စကားများ	〃
၇၂။ ကမ္ဘည်းမထိုး မြတ်သည့်အလှူ	〃
၇၃။ ဗိုလ်ကြီးခင်မောင် ကွယ်လွန်	〃
၇၄။ သိမ်အမှတ်-၇၄ ရွှေပရိယတ္တိသိမ်	၂၆၈
၇၅။ သိမ်အမှတ်-၇၅ ကန်နားကျောင်းသိမ် (ဝိသုံဂါမ)	〃
၇၆။ တောရဆရာတော် မကျန်းမမာဖြစ်ခြင်း	〃
၇၇။ ဝမ်းသွားလျှင် ဆွမ်းသက်သက် ဘုန်းပေးခဲ့	〃
၇၈။ ဒေါက်တာဦးအောင်ကြည်နှင့် ဦးအောင်လင်း	〃
၇၉။ အာဟာရစာတ်မရှ	〃
၈၀။ ပြန်ရမည့်အကြောင်းပေါ်နေ	၂၆၉
၈၁။ တောရဆရာတော် မကျန်းမမာပြန်ဖြစ်နေ ကြောင်း တပ်ကုန်းကိုမြင်လာပြော	〃
၈၂။ ရန်ကုန်သို့ပင့်လာခဲ့ပါ ဦးအောင်စ စီစဉ်ခြင်း	〃
၈၃။ သံယာ့ဆေးရုံကြီးတင်မည်	၂၇၀
၈၄။ ခင်ဖြူသစ်မြောက်ပိုင်း အောင်ချမ်းသာ စာသင်တိုက်သို့ ရောက်လာ	〃
၈၅။ စာရေးဆရာ ဆရာဝန်ကြီး ဦးတင်ရွှေ	၂၇၁
၈၆။ နံနက်အရုဏ်ယူ	〃
၈၇။ သံယာ့ဆေးရုံကြီးတင်၍	〃
၈၈။ ဆရာကြီးဦးရွှေလှိုင် ရောက်လာ	〃

အကြောင်းအရာ	စာမျက်နှာ
၈၉။ ကျားကူး ဓမ္မဗိမာန်ဆရာတော်	၂၇၂
၉၀။ ရွှေတိဂုံဘုရားရှိခိုး	။
၉၁။ ဒေါက်တာဦးခင်မောင်အေး	။
၉၂။ ပြန်ကြွတော်မူ	။
၉၃။ ဦးချိုပြုံးကားအလှူ	။
၉၄။ ဆွမ်းဆက်ကပ်ရာ၌ သတိပြုရန် မိန့်ကြားခြင်း	။
၉၅။ လုပ်ချင်သလိုလုပ်နေကြ	။
၉၆။ ဆွမ်းကပ်ပြီးနောက်	၂၇၃
၉၇။ ရန်ကုန်မှ ရန်ကင်းတောရသို့ အပြန်လမ်းခရီးစဉ်	။
၉၈။ သိမ်အမှတ်–၇၆ ဝေဠုဝန်ကျောင်းသိမ်(ဝိသုံဂါမ)	။
၉၉။ သိမ်အမှတ်–၇၇ ကုဏ္ဍားပင်ကျောင်း (ဓမ္မောပကာရ–ဝိသုံဂါမ) သိမ်	၂၇၄
၁၀၀။ သိမ်အမှတ်–၇၈ ရှမ်းစုရွာကျောင်းသိမ်	။
၁၀၁။ သိမ်အမှတ်–၇၉ ရှမ်းစုတောရကျောင်းသိမ်	။
၁၀၂။ သိမ်အမှတ်–၈၀ အောင်သပြေတောရသိမ်	။
၁၀၃။ စာရေးသူ၏ အမိဋ္ဌာန်ချက်	။
၁၀၄။ ဦးမင်းကြည် အခမ်းအနားမှူး ဆောင်ရွက်	၂၇၅
၁၀၅။ စကားမပြောရန်မိန့်ခြင်း	။
၁၀၆။ အဆိုတော် ဦးထွန်းရွှေ	၂၇၆
၁၀၇။ စာရေးသူစီစဉ်ခဲ့	။
၁၀၈။ ဆေးစစ်ခြင်း	။
၁၀၉။ အောင်သပြေတောရအများကောင်းမှု ၂ ထပ်သိမ်ကျောင်းတော်ကြီး	၂၇၇
၁၁၀။ တောရဆရာတော်ကိုကြည်ညို	။
၁၁၁။ ဓုတင်္ဂဝိနိစ္ဆယခေါ် ဓုတင်အဆုံးအဖြတ် ကျမ်း ရိုက်နှိပ်လှူဒါန်းခြင်း	။
၁၁၂။ အံ့ဖွယ်ရှစ်ဖြာ သာသနာမှ သမဏပဋိရူပ ဩဝါဒများ	၂၇၉
၁၁၃။ ထန်းတပင်တောရသို့ သွားရောက် ဓုတင် အဆုံးအဖြတ်ကျမ်းစာများလှူ	၂၈၁
၁၁၄။ မစည်ကားအပ်သော အရပ် ၄–မျိုး	။
၁၁၅။ ဆွမ်းလောင်းလာပြီး သီလတောင်းခြင်း	၂၈၂
၁၁၆။ သိမ်မှတ်တမ်းကွန်ပျူတာစီပြီး တင်ပြစစ်ဆေး	။
၁၁၇။ တောရဆရာတော် ဆံပင်များ လုံး၍လာခြင်း	၂၈၃
၁၁၈။ သိမ်အမှတ်–၈၁ ညီအစ်မကောင်းမှုသိမ်	။
၁၁၉။ သိမ်အမှတ်–၈၂ ဇလုပ်ကြီးသိမ်	။
၁၂၀။ သိမ်အမှတ်–၈၃ ဥယျာဉ်သိမ်	။
၁၂၁။ ဓုတင်အကြောင်းသိကောင်းစရာ	၂၈၄
၁၂၂။ ကံကြီးကျောင်းက ပေမူ	။
၁၂၃။ ပုံနှိပ်ပါရစေ ဦးအောင်ခနှင့် ဦးသိမ်းဆောင်	။
၁၂၄။ ကျမ်းဟောင်းကို ပြုပြင်ရေးသားခဲ့	၂၈၅
၁၂၅။ အရှင်တိဿရပြင်ဆင်	။
၁၂၆။ **ဓုတင်အကျင့်**	။
၁၂၇။ ဆောက်တည်အပ်၏	။
၁၂၈။ ရအပ်သောအကျိုး	၂၈၆
၁၂၉။ ဘုရားရှင်ခွင့်ပြုတော်မူခဲ့	။
၁၃၀။ **ဓုတင် ၁၃–ပါး ဟူသည်ကား**	။
၁၃၁။ ၁။ ပံသုကူဓုတင် - မြေမှရသော သင်္ကန်းကိုသာ သုံးဆောင်ခြင်း။ ဆောက်တည်ပုံ။ ပျက်ခြင်း။ အကျိုးအာနိသင်	၂၈၇
၁၃၂။ ၂။ တေစီဝရိက ခေါ် တိစီဝရိတ်ဓုတင် - သုံးထည်သောသင်္ကန်းကို ဆောင်ခြင်း	၂၈၈
ဆောက်တည်ပုံ။ ပျက်ခြင်း။ အကျိုးအာနိသင်။	။
၁၃၃။ ၃။ ပိဏ္ဍပါတိက (ပိဏ္ဍပါတ်)ဓုတင် - ဆွမ်းခံ၍ စားခြင်း။ ဆောက်တည်ပုံ။ ပျက်ခြင်း။ အကျိုးအာနိသင်။	၂၈၉
၁၃၄။ ၄။ သပဒါနစာရိကဓုတင် - အိမ်စဉ်ရွာစဉ် ဆွမ်းခံစားခြင်း။ ဆောက်တည်ပုံ။ ပျက်ခြင်း။ အကျိုးအာနိသင်။	။

အကြောင်းအရာ	စာမျက်နှာ
၁၃၅။ ၅။ ကောသနိကစုတင် - တစ်ထိုင်တည်း တစ်နေရာတည်းမှာ ဘုန်းပေးခြင်း ဆောက်တည်ပုံ။ ပျက်ခြင်း။ အကျိုးအာနိသင်။	၂၉၀
၁၃၆။ ၆။ ပတ္တပိဏ္ဍိကစုတင် - တစ်နှက်တည်း သပိတ်ဖြင့်စားခြင်း။ ဆောက်တည်ပုံ။ ပျက်ခြင်း။ အကျိုးအာနိသင်။	၂၉၁
၁၃၇။ ၇။ ခလုပစ္ဆာဘတ္တိကစုတင် - တော်ပြီ တန်ပြီဟု ပယ်ပြီးနောက်၌ ရသောဆွမ်းကို မစားခြင်း။ ဆောက်တည်ပုံ။ ပျက်ခြင်း။ အကျိုးအာနိသင်။	၂၉၁
၁၃၈။ ၈။ အရညိက (အရညကင်)စုတင် - တော၌ နေလေ့ရှိသောအကျင့် စုတင်ဆောက်တည်ပုံ။ပျက်ခြင်း။ အကျိုးအာနိသင်။	၂၉၂
၁၃၉။ ၉။ ရုက္ခမူလိက - သစ်ပင်ရင်း၌ နေလေ့ရှိခြင်း။ ဆောက်တည်ပုံ။ ပျက်ခြင်း။ အကျိုးအာနိသင်။	၂၉၄
၁၄၀။ ၁၀။အဗ္ဘောကာသိကစုတင် - လွင်တီးခေါင်၌ နေလေ့ရှိခြင်း ဆောက်တည်ပုံ။ပျက်ခြင်း။ အကျိုးအာနိသင်။ လွင်တီးခေါင်စုတင်၏ အထူး	၂၉၅
၁၄၁။ ၁၁။သောသာနိက - သုသာန်၌နေလေ့ရှိသော စုတင်အကျင့် ဆောက်တည်ပုံ သုသာန်မည်သောအရပ်။ မီးမှတ်သင်္ဂြိုဟ်ခြင်း သမုတ်ခြင်းပြုပြီးမှ။ သုသာန်စုတင်အထူး။	၂၉၆
၁၄၂။ သုသာန်စုတင်ပျက်ခြင်း။ သုသာန်စုတင်ဆောင်ခြင်း အကျိုးအာနိသင် အကျိုးထူးကား	၂၉၈
၁၄၃။ ၁၂။ယထာသန္ထတိကစုတင် - ညွှန်ပြအပ်သော ကျောင်း၌သာ နေလေ့ရှိသောအကျင့်၊ စုတင် ဆောက်တည်ပုံ။ ထိုစုတင်ပျက်ခြင်း။ ထိုစုတင်ဆောင်ခြင်း၏ အကျိုးအာနိသင်။ အထူးကား။	၂၉၈
၁၄၄။ ၁၃။နေသဇ္ဇိကစုတင် - ထိုင်ခြင်း ဣရိယာပုထ်ဖြင့် နေလေ့ရှိသော အကျင့်။ ဆောက်တည်ပုံ ထိုင်၊ ရပ်၊ သွား၊ အပ်၏။ အထူးတင်ပြချက်	၃၀၀
၁၄၅။ နေသဇ္ဇိကစုတင်ဆောင်ခြင်း၏ အကျိုး အထူးကား-	၃၀၁
၁၄၆။ ဆက်လက်တင်ပြလို	။
၁၄၇။ စုတင်နှင့်ကင်း၍ သစ္စာလေးပါး ထိုးထွင်း၍ မသိနိုင်	၃၀၂
၁၄၈။ စုတင်ကျင့်သုံးခြင်း၏ ဂုဏ်ကျေးဇူး ၂၈-ပါး	။
၁၄၉။ စုတင်၏ ဂုဏ်ကျေးဇူး ၁၈-ပါး	၃၀၃
၁၅၀။ စုတင်ကျင့်ထိုက်သော ပုဂ္ဂိုလ်၁၀-ဦး	၃၀၄
၁၅၁။ စုတင်၏ မှတ်သားဖွယ် ဥပမာ ၂၆-ပါး	။
၁၅၂။ စုတင်နှင့်မလျော်သော၊ စုတင်ကျင့်ခွင့် မသင့်သော ပုဂ္ဂိုလ်များ ၈-ဦး	၃၀၆
၁၅၃။ နှစ်ပြန်နှစ်ဆပြစ်ဒဏ်ရောက်	။
၁၅၄။ စုတင်နှင့် လျောက်ပတ်သော ကျင့်ခွင့်သင့်သော ပုဂ္ဂိုလ်များ	၃၀၇
၁၅၅။ နှစ်ပြန်နှစ်ဆပူဇော်ကြ	။
၁၅၆။ စုတင်ဂုဏ်ကျေးဇူးဖြင့် အရိယာ သာဝကတို့ ရအပ်သောဂုဏ် ၃၀	။
၁၅၇။ ၁၃၆၀ ပြည့်နှစ် ထန်းတပင် တောရကြီး၌ ဝါကပ်တော်မူ	၃၀၉
၁၅၈။ သိမ်အမှတ်-၈၄ စီပင်သာသိမ်	။
၁၅၉။ သိမ်အမှတ်-၈၅ ချင်းစုကျွားတောင်သိမ်	။
၁၆၀။ သိမ်အမှတ်-၈၆ ကြာပင်အင်းသိမ်	။
၁၆၁။ သိမ်အမှတ်-၈၇ နတ်စင်ကျောင်းသိမ်	၂၁၀
၁၆၂။ ပင်ပန်းသည့်မထင်	။
၁၆၃။ သိမ်အမှတ်-၈၈ ကျွဲလည်ပင်ကျောင်းသိမ်	။

အကြောင်းအရာ	စာမျက်နှာ
၁၆၄။ သိမ်အမှတ်–၈၉ အေးချမ်းသာသိမ်	၃၁၀
၁၆၅။ သိမ်အမှတ်–၉၀ ကဒေါင်းကျောင်းသိမ်	။
၁၆၆။ သိမ်အမှတ်–၉၁ ဓမ္မပါလကျောင်းသိမ်	၃၁၁
၁၆၇။ သိမ်အမှတ်–၉၂ ကန်ရိုးကြီး တောကျောင်းသိမ်	။
၁၆၈။ သိမ်အမှတ်–၉၃ ကန်ရိုးကြီး ရွာကျောင်းသိမ်	။
၁၆၉။ သိမ်အမှတ်–၉၄ နန်းဩ မြောက်ကျောင်းသိမ်	။
၁၇၀။ သိမ်မှတ်တမ်းပုံနှိပ်ရေး လယ်ဝေးထန်းတပင် တောရသို့ သွားရောက်ခဲ့	။
၁၇၁။ ဦးစိန်ထွန်း(ဓမ္မာစရိယ၊ဘီအေ)နှင့်အတူ	၃၁၂
၁၇၂။ ဖူးမြင်ရပါပြီ	။
၁၇၃။ သက်တော်–၈၀ နီးပြီဖြစ်၍	။
၁၇၄။ ဆွမ်းစားပြီးလေတိုင်း	၃၁၃
၁၇၅။ သွားများအားလုံးကောင်း	။
၁၇၆။ ဒန်ပူထိုးလေ့ရှိ	။
၁၇၇။ သိမ်မှတ်တမ်း ကွန်ပျူတာစီပြီး အနေအထားများတင်ပြ	။
၁၇၈။ ညဘက်ဝတ်ဖြည့် နှိပ်နယ်ပေးကြ	၃၁၄
၁၇၉။ ၁၇–ရက်ခရီး ခြေလျင်လျှောက်ခဲ့	။
၁၈၀။ ပလပ်စတစ်ထုပ်မို့ မသုံးဆောင်ပဲထား	၃၁၅
၁၈၁။ ဓမ္မသံယုတ္တဂါထာကျမ်းစာ၊ ဝန္ဒနာစုံကျမ်းစာလက်ရေး စာမူများပေးအပ်ချီးမြှင့်	၃၁၆
၁၈၂။ ဒုတိယညဝတ်ဖြည့်ကြ	။
၁၈၃။ တရားစောင့်သူကို တရားက စောင့်ပါသည်	၃၁၇
၁၈၄။ ဆွမ်းခံပြီး နေထွက်ချိန် အမြဲကြည့်ရှုတော်မူ	။
၁၈၅။ ရှိနိုးကန်တော့ကြပြီး	။
၁၈၆။ ပျဉ်းမနားက အမှတ်တရ ရှမ်းကန်	၃၁၈
၁၈၇။ ရန်ကုန်သို့ပြန်လာကြ	။
၁၈၈။ ကျမ်းစာရိုက်နှိပ်ရေးဆောင်ရွက်ခြင်း	။
၁၈၉။ ဆရာတော်ထံမှ စာ ၂–စောင်	၃၁၉
၁၉၀။ ကျမ်းစာများရိုက်ရေး အဓိကဦးဆောင် အလှူငွေပို့သူများ	။
၁၉၁။ တောရဆရာတော်အား ကြည်ညိုလွန်းလို့ လှူကြခြင်းဖြစ်	၃၂၀
၁၉၂။ ကျမ်းစာရိုက်ရေးပြေးလွှားခဲ့	။
၁၉၃။ မမျှော်လင့်ပဲ ရန်ကုန်ဆေးရုံကြီးသို့ တက်ရ	၃၂၂
၁၉၄။ အသည်းအနာဖြစ်နေသည်	။
၁၉၅။ ၆–လသာ အသက်ရှင်နိုင်	။
၁၉၆။ နလုံးရောဂါပါဖြစ်လာ	။
၁၉၇။ ဆွေးမျိုးမိတ်သင်္ဂဟများ ဝိုင်းအုံ၍လာ	၃၂၃
၁၉၈။ ခွဲစိတ်ခံရန်သင့်၊ မသင့် ချီတုံချတုံဖြစ်နေကြ	။
၁၉၉။ တောရဆရာတော်၏တပည့် ဦးပညာသီရိ ဗောဇ္ဈာဉ်သုတ်ချီးမြှင့်	၃၂၄
၂၀၀။ **လယ်တီဆရာတော်ရေးသည့် မဟာသရဏဂုံတော်ကြီး**	။
၂၀၁။ ထိုက်သူထံသို့ကြွလာပြီ	။
၂၀၂။ အထူးသတိပြုရန်မှာ	။
၂၀၃။ မသိမဖြစ် အကြောင်းအရာ ၁၂–ရပ်	၃၂၅
၂၀၄။ လယ်တီဆရာတော် ၅–လတိတိ ပူဇော်ခဲ့	။
၂၀၅။ မြန်မာပြန်အတွက် ကျမ်းစာများလေ့လာခဲ့	။
၂၀၆။ အန္ဓပုထုဇဉ်ဟူသည်	၃၂၆
၂၀၇။ ကလျာဏပုထုဇဉ်	။
၂၀၈။ သက္ကာယဒိဋ္ဌိရှိနေသမျှ အမှုတန်းလန်း	။
၂၀၉။ သောတာပန်ဖြစ်မှ အမှုတန်းလန်းကလွတ်မယ်	။
၂၁၀။ လွတ်မြောက်လို၍ အဖြေရှာရန်လို	၃၂၇
၂၁၁။ ထိုလမ်းစဉ်အတိုင်း	။
၂၁၂။ အထူးတင်ပြလိုသည်မှာ	၃၂၈
၂၁၃။ အချိန်ရွှေ့နေခဲ့သူ	။
၂၁၄။ အသင့်မှုလေ့ကျင့်ခဲ့	။
၂၁၅။ လျှောက်ထားလိုသော်လည်း	၃၃၀
၂၁၆။ ရှာမဖတ်ကြဘူး	။
၂၁၇။ မိန့်ခဲ့သည်များ အမှတ်ရ	။

အကြောင်းအရာ	စာမျက်နှာ
၂၁၈။ မိမိစာရေးသူ၏ ဆိုလိုရင်း	၃၃၀
၂၁၉။ ခွဲစိတ်ကုသမှုခံယူခြင်း	၃၃၁
၂၂၀။ မွေသယုတ္တကျမ်းစာနှင့် ဝန္နာစုံကျမ်းစာရိုက်ပြီ	〃
၂၂၁။ တောရဆရာတော်ထံ ကျမ်းစာများနှင့် မဟာဝုဒ္ဓဝင်ကျမ်းများလှူ	〃
၂၂၂။ သွေးအဖြေရ၊ ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဌာနမှာကုပါ	၃၃၂
၂၂၃။ ၁၃၆၁ ခုနှစ် ထန်းတပင်တောရကြီး၌ ဝါကပ်တော်မူ	〃
၂၂၄။ သိမ်မှတ်တမ်းရိုက်ရေး ဆက်လက်ကြိုးပမ်း	〃
၂၂၅။ သေဘေးကြုံလေတိုင်း	〃
၂၂၆။ တောရဆရာတော်ထံမှစာ	၃၃၃
၂၂၇။ ၁၃၆၁ ခု သိမ်–၆လုံး သမုတ်၊ သိမ်–၁၀၀ ပြည့်လေပြီ	〃
၂၂၈။ သိမ်အမှတ်–၉၅ မင်းလမ်းကူးကျောင်းသိမ်	〃
၂၂၉။ သိမ်အမှတ်–၉၆ ရွှေကြက်တောင်သိမ်	〃
၂၃၀။ သိမ်အမှတ်–၉၇ ကျူအင်းကျောင်းသိမ်	〃
၂၃၁။ သိမ်အမှတ်–၉၈ နတ်လမ်းတောင်သိမ်	〃
၂၃၂။ သိမ်အမှတ်–၉၉ တောက်ထိန် စခန်းသာသိမ်	၃၃၄
၂၃၃။ သိမ်အမှတ်–၁၀၀ ရ ပြည့်သိမ်ဓော် မွေရိပ်သာသိမ်	〃
၂၃၄။ ဒေါင်းမင်းဆီစက် မိသားစုကောင်းမှု	〃
၂၃၅။ အမြတ်ဆုံးအလှူ အမြတ်ဆုံးမွေ့လျော်ခြင်း	၃၃၅
၂၃၆။ တောရဆရာတော်၏ဆန္ဒ	〃
၂၃၇။ တောရဆရာတော်ထံမှ ပေးပို့ မိန့်ကြားလာသည့်စာ	〃
၂၃၈။ သိမ်မှတ်တမ်းရိုက်ရေး အတည်ပြုချက် ရယူ တင်ပို့ခြင်း	၃၃၆
၂၃၉။ တောရဆရာတော်ထံမှ စိစစ်ပြီးစာမူများ ဦးချိုဝင်းလာပို့ခြင်း	〃
၂၄၀။ ကြားသည်ထင်မှာစိုး	〃
၂၄၁။ သိမ်မှတ်တမ်း၌ ပုံးတွဲစာများ၊ ဓာတ်ပုံများ အဘယ်ကြောင့် ထည့်ရခြင်း	၃၄၁
၂၄၂။ ဆိုလိုရင်းမှာ	〃
၂၄၃။ ဆရာတော် ၂–ပါး ထေရုပ္ပတ္တိဖော်ပြခြင်းမှာ	〃
၂၄၄။ သိမ်သမုတ်ဓာတ်ပုံများ တောရ ဆောက်တည်ကျောင်းများ ဓာတ်ပုံထည့်ရခြင်း	၃၄၂
၂၄၅။ နောက်ဆက်တွဲ (က) သာသနာတော် အတွက် ဆောင်ရွက်ချက်များ	〃
၂၄၆။ တောရဆရာတော် ဘဝအကြောင်း ရေးကြမည်ဆိုလျှင်	၃၄၃
၂၄၇။ သိမ်–၁၀၀ မှတ်တမ်းရိုက်နှိပ်ဖြန့်ဝေ လှူဒါန်းနိုင်ခဲ့ခြင်း	〃
၂၄၈။ အံ့မွယ်ရှစ်ဖြာ သာသနာမှ သမဏပဋိရူပ သြဝါဒစာတမ်းများ	〃
၂၄၉။ တောရဆရာတော်ထံသို့ သိမ် မှတ်တမ်းများ ဦးထွန်းခင်ပို့လှူ	၃၄၄
၂၅၀။ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် သာသနာရေး ဝန်ကြီးဌာနသို့ လှူဒါန်း	〃
၂၅၁။ မြတ်မင်္ဂလာစာစောင်၊ ရတနာမွန် မဂ္ဂဇင်းများပို့ခြင်း ရပ်ဆိုင်းသွား	၃၄၅
၂၅၂။ ၁၃၆၁ ခုနှစ်အတွင်း သိမ်အလုံးပေါင်း– ၁၉ လုံးသမုတ်တော်မူ	〃
၂၅၃။ ဇရာဒုဗ္ဗလအရွယ်ရောက်ပြီ	၃၄၇
၂၅၄။ အရုဏ်တက်ချိန်အဆုံးအဖြတ် (တတိယအကြိမ်) ပျဉ်းမနားမှရိုက်	〃
၂၅၅။ စာရင်းရုံး ဒေါ်ငွေးငွေးရီ ဦးဆောင်	〃
၂၅၆။ စုပေါင်းကောင်းမှု	〃
၂၅၇။ သာသနာရေးဦးစီးဌာနမှရိုက်	၃၄၈
၂၅၈။ အာရုံတက်ချိန်ညွှန်ပြချက်	〃
၂၅၉။ အထူးတင်ပြလိုသည်မှာ	〃
၂၆၀။ အရုဏ်တက်ချိန် လက်ခနှင့် ရှင်းလင်းချက်	၃၄၉
၂၆၁။ ထိုက်သူအတွက် ရတနာဖြစ်ပါသော်လည်း	၃၅၀

အကြောင်းအရာ	စာမျက်နှာ
၂၆၂။ ဝမ်းနည်းဖွယ်	၃၅၀
၂၆၃။ သိမ်အမှတ်–၁၀၁ ထီလာဦးသိမ်	။
၂၆၄။ သိမ်အမှတ်–၁၀၂ စက်ပစ်တောင်သိမ် (စိဏ္ဍသုစသိမ်)	။
၂၆၅။ သိမ်အမှတ်–၁၀၃ ရွှေပြည်သာသိမ်	၃၅၁
၂၆၆။ သိမ်အမှတ်–၁၀၄ ရန်ရှင်းသိမ်	။
၂၆၇။ သိမ်အမှတ်–၁၀၅ မရင်းကြီးသိမ်	။
၂၆၈။ သိမ်အမှတ်–၁၀၆ ကြီးအင်းသိမ်	။
၂၆၉။ သိမ်အမှတ်–၁၀၇ ဖောစိမ့်မြိုင်သိမ်	။
၂၇၀။ သိမ်အမှတ်–၁၀၈ နမ်းတောကြီးသိမ်	။
၂၇၁။ သိမ်အမှတ်–၁၀၉ ဝိုတက်သိမ်	၃၅၆
၂၇၂။ သိမ်အမှတ်–၁၁၀ ဆင်တဲကြီးသိမ်	။
၂၇၃။ သိမ်အမှတ်–၁၁၁ နတ်ကန်ချောင်း တောရသိမ်(ဝိသုံဂါမ)	။
၂၇၄။ စစ်ပေ ံ ာင်းဆရာတော်	။
၂၇၅။ အပြန်အလှန်လေးစားတော်မူ	။
၂၇၆။ နဘူးကျင်းဆရာတော်နှင့် စစ်တောင်း ဆရာတော် တွေ့ဆုံခြင်း	၃၅၇
၂၇၇။ စစ်တောင်းဆရာတော် ထေရုပ္ပတ္တိအကျဉ်း	။
၂၇၈။ ကသစ်ဝိုင်စာသင်တိုက် တည်ထောင်တော်မူ	။
၂၇၉။ မဟာစည်၊ မိုးကုတ် နည်းများလေ့လာ တောထွက်တော်မူ	။
၂၈၀။ ၁၃၄၅ ခုနှစ် နယုန်လပြည့် တောင်ပုလုတွင် စတင်ခုတင်ဆောင်ဖြစ်	။
၂၈၁။ နတ်ကန်ချောင်းတောရတည်ထောင်	၃၅၈
၂၈၂။ ထေရုပ္ပတ္တိ အကျဉ်းရေးမှတ်ခဲ့	။
၂၈၃။ သိမ်အမှတ်–၁၁၂ ရေအိုးစင်သိမ်	၃၅၉
၂၈၄။ သိမ်အမှတ်–၁၁၃ ရွာထင်ကုန်းသိမ်	။
၂၈၅။ ၁၃၆၂ ခုနှစ် ထန်းတပင်တောရ၌ ဝါကပ်တော်မူ	။
၂၈၆။ ၁၃၆၂ ခု သိမ်–၁၂ လုံးသမုတ်တော်မူ	။
၂၈၇။ သိမ်အမှတ် ၁၁၄ အင်းစင်းသိမ်	။
၂၈၈။ သိမ်အမှတ် ၁၁၅ လယ်စပင်သိမ်	။
၂၈၉။ သိမ်အမှတ် ၁၁၆ ရိုပ်ကပ်တောင် ရေနီသိမ်	၃၆၀
၂၉၀။ သိမ်အမှတ် ၁၁၇ ကြံစင်းစုသိမ်	။
၂၉၁။ သိမ်အမှတ် ၁၁၈ သဖန်းချောင်းသိမ်	။
၂၉၂။ သိမ်အမှတ် ၁၁၉ လက်လုပ်တောင်သိမ်	။
၂၉၃။ သိမ်အမှတ် ၁၂၀ သာသနာ့ဗိမာန်သိမ် (ဝိသုံဂါမ)	။
၂၉၄။ သိမ်အမှတ် ၁၂၁ စရပ်ကြီးသိမ် ဘုရားရဟန်း သိမ်ကျောင်းရှိသော	၃၆၁
၂၉၅။ ဒါယိကာမကြီး ဒေါ်ခင်ကြိုင် ကွယ်လွန်	။
၂၉၆။ ဓမ္မရိပ်သာကြီး ရေစက်ချ မြေများရှင်ပြုမင်္ဂလာ	။
၂၉၇။ တောရဆရာတော်ထံသို့ သွားရောက်ဖူးမြော်	၃၆၂
၂၉၈။ ကျောင်းအလှူရှင်များ တိုးပွားလာ၊	၃၆၃
၂၉၉။ ကျောင်းလှူရခြင်းအကျိုး – ၇မျိုး	။
၃၀၀။ သိမ်အမှတ် ၁၂၂ အရေးပိုင်သိမ်	၃၆၄
၃၀၁။ ဗွီဒီယိုမှတ်တမ်း ဦးအောင်လင်းပို့	။
၃၀၂။ ကျွားအရေးပိုင်	။
၃၀၃။ ဆင်ကျုံးဆရာတော်	။
၃၀၄။ ဖွားမြင်တော်မူ၊ ရှင်ဖြစ်ရဟန်းဖြစ်	၃၆၅
၃၀၅။ ဆင်ကျုံးဆရာတော်ဟုထင်ရှား	။
၃၀၆။ အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့များ ဆက်ကပ်	၃၆၆
၃၀၇။ စီးဖြူကုန်းဆရာတော် ဘဒ္ဒန္တဉာဏ်သဏ်မှာတမ်း	၃၆၇
၃၀၈။ သိမ်အမှတ်–၁၂၃ ဒိုးပင်စုံသိမ်	။
၃၀၉။ သိမ်အမှတ်–၁၂၄ ဖွဲ့သင်းသိမ်	၃၆၈
၃၁၀။ သိမ်အမှတ်–၁၂၅ ထန်းတောသိမ်	။
၃၁၁။ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ကြီးများအား ကျမ်းစာများလှူ	။
၃၁၂။ ဆင်ကျုံးဆရာတော်က ချီးမွမ်း	။
၃၁၃။ မှန်တောင်တောရမှာ ၂၂–ရက်မျှကြာ	။
၃၁၄။ မွေ့သံယုတ္တဂါထာနှင့် ဝန္ဒနာခံကျမ်းစာ ဒုတိယ အကြိမ် ရိုက်နှိပ်	၃၇၀

အကြောင်းအရာ	စာမျက်နှာ
၃၁၅။ ဝန်နှာခံကျမ်းစာ ဦးအောင်လင်း ရမည်းသင်းနှင့် အဖွဲ့မှ နိုက်နိပ်	၃၇၀
၃၁၆။ ဓမ္မသံယုတ္တဂါထာ ကျမ်းစာသည် တောရဆရာတော်၏ ဘဝဖြစ်သည်	၃၇၂
၃၁၇။ ပါဠိမြန်မာနှင့် မြန်မာ သက်သက်သုံးမျိုး	။
၃၁၈။ ခေါင်းစီးစာနှင့် မြန်မာကောက်နုတ်၍	။
၃၁၉။ ကျမ်းဦးအစ တရားနှင့်အညီ ရွတ်ဆိုပြီ	။
၃၂၀။ သီလအယူအကျင့်မှန်၍ ကောင်းစွာကျင့်စေလို	၃၇၃
၃၂၁။ ထူးသောဉာဏ်များ ရနိုင်ခြင်းငှာ ကျင့်စေလို	။
၃၂၂။ မစွတ်မယှင်း ကျင့်စေလိုခြင်းနှင့် ငွေသည် လောဘတဏှာတိုးပွားခြင်း	။
၃၂၃။ သိမ်းသိမ်းဆီးထားခြင်းသည် တဏှာအညစ်အကြေး	။
၃၂၄။ ရွှေငွေသည် ရဟန်း၏သီလ ညစ်နွမ်းခြင်း	၃၇၄
၃၂၅။ မြတ်စွာဘုရား အဆုံးအမ၌ မတည်ခြင်းသည် ရှုက်ဖွယ်	။
၃၂၆။ ရွှေငွေသည် သူတော်ကောင်းကြီးတို့၏ ဥစ္စာဘဏ္ဍာ မဖြစ်ရာ	။
၃၂၇။ သီလစင်ကြယ်ခြင်းငှာ, မဂ်ရခြင်းငှာ, နိဗ္ဗာန်ရခြင်းငှာ ပယ်စွန့်	။
၃၂၈။ သူကြွယ်ကြီးနှင့်တူသော ရဟန်းမဖြစ်စေလို	၃၇၅
၃၂၉။ မြတ်စွာဘုရားစက်ဆုတ်တော်မူသော အသက်မွေးမှုကို မပြုအပ်	။
၃၃၀။ မြစ်ကြီးကိုကူးနိုင်ပါလျက် ရေအိုင်ငယ်၌ မနစ်မြုပ်စေလို	၃၇၅
၃၃၁။ လဲလှယ်ခြင်းမှ ဖြစ်ပေါ်လာသော ဘဏ္ဍာသည် မစင်ကျင်းကြီး	။
၃၃၂။ သီလမစင်ကြယ်ဘဲ ရှုမှတ်ခြင်းသည် ဈာန်, မဂ်သို့ မရောက်နိုင်	၃၇၆
၃၃၃။ သီလစင်ကြယ်စေ၍ ကမ္မဋ္ဌာန်းအလုပ် အားထုတ်သင့်	။
၃၃၄။ သူတစ်ပါး၏ အပြစ်မြင်လွယ် မိမိအပြစ်မြင်ခဲ	။
၃၃၅။ သူ့အပြစ်မရှာဘဲ မိမိအပြစ်သာရှု၍မြင်ပါ	။
၃၃၆။ သူတစ်ပါးအပြစ်ကိုသာ ရှာသူသည် နိဗ္ဗာန်မှ ဝေးမည်	၃၇၇
၃၃၇။ မိမိအပြစ်ပြသူကို ရွှေအိုးပေးလာသူဟုမှတ်	။
၃၃၈။ မှန်ကို ဆောင်လာဘိသို့ အပြစ်ပြသူကို အလိုရှိအပ်၏	။
၃၃၉။ သည်းခံခြင်းသည် ဆောင်ခြင်း	။
၃၄၀။ ဖြစ်တင်, ငြင်းသန်, စက်ထန်စွာ ဆိုခုံခြင်းသည် ဆောင်မြင်ခြင်း မဟုတ် ရှုံးခြင်း	၃၇၈
၃၄၁။ ပေါင်းဖေါ်ပယ်စွန့် တစ်ပါးတည်း ကျင့်လော့	။
၃၄၂။ စ,လယ်,အဆုံး တော၌ပုန်း ကျင့်ထုံးစံပြု နို့ဗုဒ္ဓ	။
၃၄၃။ ဂနိုင်, မြိုင်, တောသည် မြတ်စွာဘုရား ပေးခဲ့သော အမွေပစ္စည်း	။
၃၄၄။ ပြီးစီးသည့် လ, ရက်, အချိန် အရှင်တိဿရထေရ် စီရင်	၃၇၉
၃၄၅။ ထန်းတပင်တောရကျောင်းတိုက်ရှိ ရဟန်းတော်များ၏ စည်းမျဉ်း ဥပဒေသ ခေါ် ကတိကဝတ်များ	။
၃၄၆။ ကတိကဝတ်ပြုကြသောရဟန်းတော်များ	၃၈၀
၃၄၇။ နဘူးကျင်း ရန်ကင်းတောရဆရာတော်၏ (ဒိဋ္ဌာနုဂတိ) သို့လိုက်၍- စုတင်ဆောင်မထေရ်များ သီတင်းသုံး လျက်ရှိသော တောရကျောင်းများ	။ ၃၈၀
၃၄၈။ ဓမ္မသံယုတ္တကျမ်းစာတွင် ထေရုပ္ပတ္တိ အကျဉ်းနှင့် ဩဝါဒ ပေါ်ပြခဲ့	၃၈၂
၃၄၉။ ကတိကဝတ်များနှင့် စပ်လျဉ်း၍ ယနေ့တိုင်အောင်	။
၃၅၀။ တောရဆောက်တည်တော့မည်ဆိုလျှင်	။
၃၅၁။ အကျဉ်းမှတ်သားဖွယ် လင်္ကာကို ဆောင်ထားကြသည်	။
၃၅၂။ သီထားလျှင် ကုသိုလ်တိုးပွားနိုင်	၃၈၄

အကြောင်းအရာ	စာမျက်နှာ
၃၅၃။ ဝန္နနာစုံကျမ်း (ခေါ်) မြင့်မြတ်သူတို့	
အလုပ်များ အနှစ်သာရ	၃၈၄
၃၅၄။ ပါရမီတော်– ၁၀ပါး	။
၃၅၅။ ပါရမီ ၃၀၊ အလွယ်မှတ်ရန် အကျဉ်း	။
၃၅၆။ ပါရမီဟူသည်	၃၈၅
၃၅၇။ ပါရမီတော်များ ဖြည့်ကျင့်ရာ၌	။
၃၅၈။ မြင့်မြတ်သူတို့၏ လုပ်ရပ်	၃၈၆
၃၅၉။ အကြောင်းတရားနှင့် အကျိုးတရား	။
၃၆၀။ တောရဆရာတော်၏ ဆိုလိုရင်း	။
၃၆၁။ လက်ဝဲရံ၊ လက်ျာရံ ရဟန္တာအရှင်များ၊	
လေးဆူစေတီ ညွတ်ဦးချိ	။
၃၆၂။ မူရင်းကျမ်းသည်ပေမူ	၃၈၇
၃၆၃။ ၁၃၆၃ ခုနှစ် နဘူးကျင်းရန်ကင်းတောရ၌	
ဝါကပ်တော်မူ	။
၃၆၄။ ဒေါင်းမင်းဆွမ်းချက်ဇရပ်၊	
၃၆၅။ ဒေါ်တင်ရွှေ ဇရပ်	။
၃၆၆။ ၁၃၆၃ သိမ်–၁၁ လုံး သမုတ်တော်မူ	။
၃၆၇။ သိမ်အမှတ်–၁၂၆ ကျူဖောင်းသိမ်	၃၈၈
၃၆၈။ သိမ်အမှတ်–၁၂၇ ရေလယ်ကျွေ့သိမ်	။
၃၆၉။ သိမ်အမှတ်–၁၂၈	
ညီအစ်ကို ကောင်းမှုသိမ်	။
၃၇၀။ သိမ်အမှတ်–၁၂၉ ရွှေဟသ်ာသိမ်	။
၃၇၁။ သိမ်အမှတ်–၁၃၀	
စိန်ပန်းသိမ် (တောင်ကြီး)	၃၈၉
၃၇၂။ သိမ်အမှတ်–၁၃၁ သစ္စာဂုဏ်	
တောရသိမ်	။
၃၇၃။ ခမည်းတော် ဦးဘ၏ ဈာပနတိနယ်	၃၈၉
၃၇၄။ တည်နေရာနှင့် တောစုံ	။
၃၇၅။ အရှင်နိမ္မလ၏ ထေရုပ္ပတ္တိအကျဉ်း၊	။
ပညာသင်ကြားခြင်း၊	၃၉၀
၃၇၆။ ရဟန်းဖြစ်ခြင်း၊	
တောရဆောက်တည်ဖြစ်လာ	။
၃၇၇။ ပျဉ်းမနား ဗိုလ်ကြီးခင်မောင်၏ဇနီး	
ဒေါ်ကြည်ကြည် ပို့သည့်စာ	။
၃၇၈။ သိမ်အမှတ်–၁၃၂ ဦးခန္တီသိမ်	၃၉၂
၃၇၉။ သိမ်အမှတ်–၁၃၃ ကော့မောင်းသိမ်	၃၉၂
၃၈၀။ သိမ်အမှတ်–၁၃၄ မြို့လှသိမ်	။
၃၈၁။ သိမ်အမှတ်–၁၃၅	
ရေင်တောင်တောရသိမ်	။
၃၈၂။ သိမ်အမှတ်–၁၃၆ ဆုတောင်းပြည့်သိမ်	။
၃၈၃။ ငါ့စာအုပ်တွေ သိပ်မရိုက်နဲ့	
ဘီဒိုထဲမှာသိမ်းထားကြမှာ	၃၉၃
၃၈၄။ နိကာယ်ငါးရပ်ပိဋကတ်တော်များ	
ပဌမအကြိမ်နှင့် ဆဋ္ဌမအကြိမ်	
ကြည့်ရှုတော်မူခဲ့	။
၃၈၅။ ၁၃၆၄ ခု လယ်ဝေးထန်းတပင်တောရ၌	
ဝါကပ်တော်မူ	၃၉၄
၃၈၆။ သက်နီးရောင် အဆုံးအဖြတ်ကျမ်း	
(တတိယအကြိမ်) ရိုက်	။
၃၈၇။ စီစဉ်သူ ဦးသိမ်းဆောင်၊ ဆုတောင်းပြည့်	
ကွန်ပျူတာဖြင့်စီ	။
၃၈၈။ သင်္ကန်းချုပ်ပုံ ညွှန်ပြချက်ပုံစံများ	။
၃၈၉။ ပုံနှိပ်သူဦးထွန်းခင်၊ အဆုံးအဖြတ်မှာ	
အနီရောင်	၃၉၅
၃၉၀။ အဝါရောင်မဟုတ်၊ အညိုရောင်လည်း	
မဟုတ်ပါ	၃၉၆
၃၉၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့လှူ	။
၃၉၂။ ယခင်ကလည်းလှူခဲ့	။
၃၉၃။ ကိုယ်လည်းညီတူ စိတ်လည်းတူမို့	၃၉၈
၃၉၄။ ဂေါသိင်္ဂဥယျာဉ်ကြီးထဲမှာ၊	။
၃၉၅။ ကျမ်းစာရိုက် ဦးဆောင်သူအလှူရှင်	၃၉၉
၃၉၆။ ကျမ်းစာရိုက်ရေးမလွယ်ပါ၊	
ဝမ်းမြောက်တော်မူ	၄၀၀
၃၉၇။ အဘယ်မျှအထိ အောင်မြင်ပါသနည်း	။
၃၉၈။ ဝမ်းနည်းဖွယ်	၄၀၁
၃၉၉။ သင်္ကန်းရောင်ရေးခဲ့သောခုနှစ်၊	
တောင့်တချက် မြန်မာပြန်ရေးပြီးနှစ်၊	။
၄၀၀။ အညာမှာ မိုးတွေရွာခဲ့ပါသည်	၄၀၂
၄၀၁။ ဆန္ဒပေး အဆုံးအဖြတ်ကျမ်း	
ရေးသောခုနှစ်	။

အကြောင်းအရာ	စာမျက်နှာ

၄၀၂။ ၁၃၆၄ သိမ်-၁၀ လုံး သမုတ်တော်မူခဲ့ ၄၀၂
၄၀၃။ သိမ်အမှတ်-၁၃၇ ညောင်ပင်သိမ် ၄၀၅
၄၀၄။ သိမ်အမှတ်-၁၃၈ ကော့ဝါလဲ
အေးရှမ်းသာယာတောရသိမ် ။
၄၀၅။ သိမ်အမှတ်-၁၃၉ ငှက်ပျောတောသိမ် ။
၄၀၆။ သိမ်အမှတ်-၁၄၀ မှန်ကျောင်းသိမ် ။
၄၀၇။ သိမ်အမှတ်-၁၄၁ ဘုံမြင့်ကျောင်းသိမ် ။
၄၀၈။ သိမ်အမှတ်-၁၄၂ ယက်ဖောက်သိမ် ။
၄၀၉။ သိမ်အမှတ်-၁၄၃ စံပြရွာဦးသိမ် ၄၀၆
၄၁၀။ သိမ်အမှတ်-၁၄၄ အင်ပင်ရွှေဂူသိမ် ။
၄၁၁။ သိမ်အမှတ်-၁၄၅ ဆင်သော့သိမ် ။
၄၁၂။ သိမ်အမှတ်-၁၄၆ မော်ဘီ
မဟာဝိဟာရတောရသိမ် ။
၄၁၃။ သက်တော် ၈၁-နှစ်ပြည့် မှေးနေ့
ဝိဓာတဂုဏပူဇော်ပွဲကြီး ။
၄၁၄။ မွေးနေ့စာစောင် ၄၀၇
၄၁၅။ မြှင့်သုံးသပ်ချက် ၄၀၈
၄၁၆။ ဝမ်းသာကြည်နူးမဆုံး၊ အမှတ်အသား
သက်သေခံချက်၊ ရေးခဲ့သည့်
ကျမ်းစာများ ကျေးဇူးတင်လှာ ၄၀၉
၄၁၇။ စာရေးဆရာများ ဖူးမျှော်ကြ ၄၂၁
၄၁၈။ ချီးကျူးပူဇော်ပွဲ နောင်မလုပ်နဲ့၊ ချီးကျူးပွဲ ။
၄၁၉။ များလှသည့်ချီးကျူးပူဇော်ပွဲများ ။
၄၂၀။ တောရဆရာတော်အလို ။
၄၂၁။ သက်တူရွယ်တူဖြစ်တော်မူသည့်
ဘဒ္ဒန္တ နရိန္ဒာဘိဝံသ-
(အဂ္ဂမဟာပဏ္ဍိတ) ၄၂၂
၄၂၂။ ဖွားမြင်တော်မူ၊ပညာသင်ကြားခြင်း၊
ရှင်ဖြစ်ခြင်း၊ ရှင်သာမဏေဘဝဖြင့်
ငယ်၊ လတ်အောင်ရဟန်းဖြစ်ခြင်း ၄၂၂
၄၂၃။ မန္တလေး၊ ပခုက္ကူ၊ ရန်ကုန် နည်းမျိုးစုံသင်ယူ
မွှာစရိယ ဘွဲ့ရတော်မူ ၄၂၃
- ဝိနယာနုဂ္ဂဟ စာမေးပွဲ အားလုံး
အောင်မြင် ဝိနယပါရဂူဖြစ်တော်မူ
- စာချဘုန်းကြီးမှ နာယကအဖြစ်သို့
သိက္ခာထပ်များပြား ဌာနများစွာ
နာယက ဩဝါဒစရိယ
- သာသနာတော်အတွက် ဆောင်ရွက်
ချက်များ ဘွဲ့တံဆိပ်တော်များ
ဆက်ကပ်လှူဒါန်း ၄၂၃
၄၂၄။ သက်တူရွယ်တူ အပြန်အလှန်
လေးစားတော်မူ ၄၂၄
၄၂၅။ မွေးရပ်မြေမှ မွေးနေ့ နှစ်စဉ်ပူဇော်ပွဲ
ဆရာတော် ဦးအာဒိစ္စ ဦးဆောင် ။
- ဒကာတစ်ဦး စောင်ခဲ့ ။
- တိုးတိုးတိတ်တိတ်အလှူ ။
၄၂၆။ ရန်ကုန်အဖွဲ့လှူ ၄၂၅
- မွေးနေ့ ရေအလှူ၊ ပြက္ခဒိန်အလှူ
- မိုးကုတ်ဆရာတော်ဘုရားကြီး၏
တစ်ဘဝသာသနာ ကျမ်းစာအလှူ
- ရည်သန်ခဲ့
- အချိန်နှင့်ဒီရေသည် လူကိုမစောင့် ။
၄၂၇။ တောရကျောင်းများနှင့် ရှုတင်ဆောင်
မထေရ်များ မှတ်တမ်းရိုက်ရေး
လျှောက်ထား ၄၂၆
- စရာဝတီမြစ်ကူး မကွေးတံတားကြီး ။
၄၂၈။ ရန်ကင်းတောရနှင့် ထန်းတပင်
တောရများသို့ ကျမ်းစာများကပ်လှူ ၄၂၇
၄၂၉။ ဆရာကြီးဦးဟုတ်စိန်ရေးသည့် ပါဠိ၊
မြန်မာ အဘိဓာန်ကျမ်းစာများလှူ ။
၄၃၀။ ဝိဇ္ဇကတ်ဖျူပဟာ၏ ကြိုးပမ်းမှု
လိုရာရစေ ၄၂၈
၄၃၁။ ကလျာဏီကျောက်စာပါဠိနိဿယ
ပြုပြင်စီရင် ။
- ထိုကျမ်းစာအပေါ် အလေးထားခြင်း ၄၂၉
အကြောင်းရင်း
- တောရဆရာတော်၏ ဆောင်ရွက်မှု ။
- ပုံနှိပ်မှတ်တမ်းကျမ်းစာကောင်းမှုရှင် ။
၄၃၂။ ဟံသာဝတီမှုစေတီမင်း၏ သိမ်သဿယ ၄၃၀
- ပဋ္ဌင်းဆိုသည် ။
- ရာမာဓိပတိ ၄၃၁

အကြောင်းအရာ	စာမျက်နှာ
၄၃၃။ တောရဆရာတော် မိန့်လေ့ရှိသော	
စကားများ	၄၃၁
၄၃၄။ ပြည်တွင်းပြည်ပ တောရဆောက်တည်	
မထေရ်များ၏ လျှောက်ထားချက်	
ဖြေကြားတော်မူသည့် ကျမ်းစာ	၄၃၂
- ကျမ်းငယ်တစ်ဆူ	။
- လူပုဂ္ဂိုလ်များအတွက်	။
၄၃၅။ မလေးရှား အရှင်ဥတ္တမမေး၊	
တောရဆရာတော်ဖြေ	၄၃၃
၄၃၆။ မေးခွန်းရှင်၊ အရှင်ဥတ္တမ၏	
ပြန်လည်လျှောက်ထားလွှာ	၄၃၆
၄၃၇။ အင်္ဂလိပ်စာနှင့် ပါဠိ နာမည်ကြီးသည့်	
အရှင်ဥတ္တမဝံသ	၄၃၇
၄၃၈။ ကျော်ကြီး အရှင်နန္ဒဝံသမေး	
တောရဆရာတော်ဖြေ	။
၄၃၉။ အရှင်ဓမ္မပါလ ညောင်ကန်အေးမေး၊	
တောရဆရာတော်ဖြေ	၄၃၈
၄၄၀။ မြစ်သားအရှင်ကောသလ္လမေး၊	
တောရဆရာတော်ဖြေ	။
၄၄၁။ လူပုဂ္ဂိုလ်များသိရန်အထူး	၄၃၉
၄၄၂။ သတိပြုရန်အထူး	၄၄၀
- ထိုကျမ်းစာအလှူရှင်များ	။
- ထပ်မံပုံနှိပ်နိုင်ကြပါစေလို့	။
၄၄၃။ ၁၃၆၅ ခုနှစ် နှဘူးကျင်း ရန်ကင်း	
တောရ၌ ဝါကပ်တော်မူ	။
- တစ်လှည့်စီ၊ အသီရက်	၄၄၁
၄၄၄။ တောရဆရာတော် သက်တော်	
၈၂-နှစ်မြောက် မွေးနေ့အလှူ	။
၄၄၅။ ရန်ကုန်ဆရာတော်၏	
၅၉-နှစ်မြောက် မွေးနေ့အလှူ	၄၄၂
၄၄၆။ ၁၃၆၅ သိမ်-၂၂ လုံး သမုတ်တော်မူခဲ့	။
၄၄၇။ သိမ်အများဆုံးသမုတ်သောနှစ်	။
၄၄၈။ သိမ်အမှတ်-၁၄၇ ရွာသာသိမ်	၄၄၃
၄၄၉။ သိမ်အမှတ်-၁၄၈ မောင်ညို	
မြောက်ကျောင်းသိမ်	။

အကြောင်းအရာ	စာမျက်နှာ
၄၅၀။ သိမ်အမှတ်-၁၄၉ သာဝတ္တိသိမ်	။
၄၅၁။ သိမ်အမှတ်-၁၅၀ ကျွန်းရောင်းသိမ်	။
၄၅၂။ သိမ်အမှတ်-၁၅၁ နွားမူသိမ်	၄၄၃
၄၅၃။ သိမ်အမှတ်-၁၅၂ ဘုရားသုံးဆူသိမ်	။
၄၅၄။ သိမ်အမှတ်-၁၅၃ ကျောက်ဖျာသိမ်	၄၄၄
၄၅၅။ သိမ်အမှတ်-၁၅၄ ကြို့စလုပ်သိမ်	။
၄၅၆။ သိမ်အမှတ်-၁၅၅ မန်ကျည်းကန်သိမ်	။
၄၅၇။ သိမ်အမှတ်-၁၅၆ ဖျောက်ဆိပ်ကုန်းသိမ်	။
၄၅၈။ သိမ်အမှတ်-၁၅၇ ကျီးမြွေရိုးသိမ်	။
၄၅၉။ သိမ်အမှတ်-၁၅၈ ရန်ငြိမ်းတောရ	
စေတီသိမ်၊	။
၄၆၀။ သိမ်အမှတ်-၁၅၉ ဓမ္မပါလ စေတီသိမ်	၄၄၅
၄၆၁။ သိမ်အမှတ်-၁၆၀ ဓမ္မပါလ မဟာသိမ်	။
၄၆၂။ သိမ်အမှတ်-၁၆၁ ကော့ဝါလဲ မဟာသိမ်	။
၄၆၃။ ဆရာတော် ကျန်းမာရေးကြို့တင်သတင်း	။
- ဆရာတော် ဦးကောဝလထံမှ	။
- စစ်တောင်းဆရာတော်ထံမှ	။
၄၆၄။ ဘုရားဖြူသို့ကြွလာ	၄၄၆
- ကျန်းမာရေးစစ်မည်	။
၄၆၅။ ရွှေဒါးဆရာတော်ဘုရားကြီး	။
- မထေရ်ကြီးငယ်များစွာ	။
- ကော့ဝါလဲသိမ် သမုတ်ပြီးကြွလာ	၄၄၇
- ထူးခြားချက်	။
- အရုဏ်ယူရန်၊ ဆွမ်းလောင်းရန်	။
၄၆၆။ ၂၉၊ ၂၊ ၂၀၀၄ နေ့အရုဏ်ယူ	။
- ဆွမ်းလောင်းလှူကြ	။
- သတိမူကြရန်	၄၄၈
- အမြင်ထူးဖူးကြရ	။
၄၆၇။ ၁၊ ၃၊ ၂၀၀၄ နေ့ အရုဏ်ယူ	။
- ဆွမ်းလောင်းလှူကြ	။
- သံဃာ့ဆေးရုံကြီးမှာ ဆေးစစ်	။
- သေမျိုးသေမှာပဲ	၄၄၉
၄၆၈။ သိမ်အမှတ်-၁၆၂ ဝိဇ္ဇာလစ်သိမ်	၄၅၀
၄၆၉။ ၂၊ ၃၊ ၂၀၀၄ နေ့ အရုဏ်ယူ	။
- ဆွမ်းလောင်းလှူကြ	။
- တောရှူ့က ဆွမ်းလောင်းနည်း	။

	အကြောင်းအရာ	စာမျက်နှာ
	– သတိထားစရာ	၄၅၁
	– တောရွာကလူတွေ စောင့်ရှောက်ထား	〃
	– ဆိုလိုရင်း	〃
	– ဖြစ်ရပ်တစ်ခု	〃
	– ထမနဲတစ်တုံး	၄၅၂
	– ရေတောင်းပြည့်ဦးကောဝလ ဆေးခန်းပြ	〃
	– ဇာတိမြေရမည်းသင်း	〃
၄၇၀။	၃၊ ၃၊ ၂၀၀၄ နေ့နံနက် အစုထိုယူ	၄၅၃
	– ဆွမ်းများလောင်းလှူကြ	〃
	– မိုးညိုသိမ်သမှတ်ရန်ကြွပြီ	〃
	– ဘုရားဖြူမှာ တစ်ဖန်ဆုံကြမည်	〃
၄၇၁။	၃၊ ၃၊ ၂၀၀၄ နေ့ ဆေးမှတ်တမ်းများ သွားယူ	၄၅၄
	– ရောဂါအမြေရှာရန်လို	၄၅၅
	– မိုးညိုမှ ပြန်ကြွလာ	〃
၄၇၂။	၆၊ ၃၊ ၂၀၀၄ နေ့ အစုထိုယူ	〃
	– ဆွမ်းလောင်းလှူကြ	〃
၄၇၃။	၇၊ ၃၊ ၂၀၀၄ နေ့ အစုထိုယူ	〃
	– ဆွမ်းလောင်းလှူကြ	၄၅၆
	– အပြန်ခရီးမော်တော်ကား ၄–စီးဖြင့်	〃
	– ဦးစိန်မောင်+ဒေါ်ဝင်းမာ တိုက်ကျောင်း	〃
	– ဦးမြင့်သိန်း+ဒေါ်ခင်လှဲတို့ လှူသောကား	〃
၄၇၄။	ကျန်သိမ်မှတ်တမ်းများ ရေးပေးရန် လျှောက်ထား	၄၅၇
	– ကျမ်းစာများလှူ	〃
၄၇၅။	သိမ်အမှတ်–၁၆၃ ကရင်ဆည်တောရသိမ်	〃
၄၇၆။	သိမ်အမှတ်–၁၆၄ ကိုးတောင်ပြည့်သိမ်	〃
၄၇၇။	သိမ်အမှတ်–၁၆၅ ကမ်းနားသိမ်	〃
၄၇၈။	သိမ်အမှတ်–၁၆၆ ဝါးဖြူတောင်သိမ်	၄၅၈
၄၇၉။	သိမ်အမှတ်–၁၆၇ လှမ္မိနီတောရသိမ်	〃
၄၈၀။	သိမ်အမှတ်–၁၆၈ သိုက်ချောင်းသိမ်	〃
	– သိမ်အများဆုံးသမှတ်	〃
	– မီးငြိမ်းတော့မည်လား	〃
	– အိုမင်းရင့်ရော်ချေပြီ	၄၅၉
၄၈၁။	တောရကျောင်းများနှင့် စုတင်ဆောင် မထေရ်များ မှတ်တမ်းရိုက်ရေး	၄၅၉
	– မြန့်ဝေစာဝို့	〃
	– အစီကရည်ရွယ်ချက်	〃
	– အလှူငွေပို့လာ	၄၆၀
	– ကန့်ကွက်လာ	〃
	– ပြန်လည်တင်ပြချက်	〃
	– ရပ်ဆိုင်းသွားခဲ့	〃
၄၈၂။	ဗုဒ္ဓသာသနာ့တာဝန် မရှုတ် ထမ်းဆောင်ရမည်	၄၆၁
	– အသက်ရှင်နေသေးသမျှရေးနေ	〃
၄၈၃။	တိုက်ရိုက်မြင် တိုက်ရိုက်ကြား	၄၆၂
၄၈၄။	ဝန်ထမ်းအတွေ့အကြုံ	〃
	– သူတော်ကောင်းတရားကား အဘယ်သို့ပါနည်း	〃
	– နှစ်အလိုက်အစီရင်ခံစာ (Annual Report) ပုံစံ	၄၆၃
	– မျိုးချစ်စိတ်ဓာတ်	〃
	– မှန်နန်းရာဇဝင်တော်ကြီး နိဒါန်းမှာ	၄၆၄
၄၈၅။	တောရဆောက်တည် ဒုတိယဝါတော် ၂၀ ကာလ အနှစ်ချုပ်ပါက	၄၆၆
	– မထေရ်ကြီးငယ်များပေါ်ထွန်း	〃

ပဥ္စမပိုင်း

အခန်း (၆)

ဘဝနိဂုံးနောက်ဆုံးနေ့များ

	အကြောင်းအရာ	စာမျက်နှာ
၁။	နှစ် ၄၀ ကျော်ဓုတင်ဆောင်စရိုး	
	ဘဝနိဂုံးနောက်ဆုံးနေ့များ	၄၇၁
၂။	၁၃၆၆ ခုနှစ် အစ နှစ်ဆန်း ၁ ရက်၊	
	၁၆၊ ၄၊ ၂၀၀၄	〃
၃။	ထိုမှတ်တမ်း၌	၄၇၂
	၁၃၆၆ သိမ်-၂ လုံးသမှတ်တော်မူခဲ့	〃
၄။	သိမ်အမှတ်-၁၆၉ ဈေးရိုးကြီးသိမ်	〃
၅။	သိမ်အမှတ်-၁၇၀ တောင်ကြီးမြို့	
	ဘုရားကြီးသိမ် (ဝိသုဂါမ)	〃
၆။	ဆေးစစ်ရန် ရန်ကုန်သို့ကြွမလာ	၄၇၃
၇။	ဆရာတော်ရေးခဲ့သော	
	နောက်ဆုံးမှတ်တမ်း	〃
၈။	အသည်းကြီးနေ	၄၇၄
၉။	ဆေးကုသရန် ကြွလာပြီ	〃
၁၀။	ရန်ကုန် ဗဟန်း သံဃာ့ဆေးရုံကြီးသို့	
	ရောက်ပြီ	၄၇၅
	– ဆရာတော် သံဃာတော်များ	〃
	– လူပုဂ္ဂိုလ်များ၊ မော်တော်ကား ၃ စီး	〃
	– ဆေးကုသရေး၊ အရုဏ်ယူရေးများ	
	စီစဉ်ကြ	၄၇၆
	– အရုဏ်ယူရေး ဆွမ်းလောင်းလှူရေး	〃
	– ငွေအတွက်မပူနှင့်	〃
၁၁။	၂၄၊ ၆၊ ၂၀၀၄ နေ့ ပထမဝါဆိုလဆန်း	
	၈-ရက် ကြာသပတေးနေ့	၄၇၇
	– နံနက်အရုဏ်	〃
	– နံနက်နေထွက်ကြည့်တော်မူ၊ ဆွမ်းကပ်	〃
	– ဆွမ်းလောင်းလှူကြ	〃
	– ဆွမ်းကပ် ဆွမ်းလောင်းလှူကြ	〃
	– ပျဉ်းမနား နှင်းရာဇာအလှူ	၄၇၈
၁၂။	၂၅၊ ၆၊ ၂၀၀၆ နေ့ ပထမဝါဆိုလွှန်း	
	၉ ရက်သောကြာ	〃
	– နံနက်အရုဏ်ယူ	〃
	– နံနက်ဆွမ်းပြုတ်ဆက်ကပ်	၄၇၈
	– သွေး ၈-မျိုး လမ်း ၃၀ မှာစစ်	〃
၁၃။	ပါမောက္ခ ဦးခင်မောင်ဝင်း	
	(အသည်း)နှင့် ပြ	၄၇၉
	– ၆ လခန့်သာ အသက်ရှင်နိုင်	〃
၁၄။	မျက်ရည်ကိုယ်စီကျရပြီ	၄၇၉
	– စွဲစွာပေဦးတော့မည်	၄၈၀
	– ရွှေမိုးညို ပြိုလေတော့မည်လား	〃
	– နယ်က သတင်းများမေးလာကြ	၄၈၁
၁၅။	၂၆၊ ၆၊ ၂၀၀၄ နေ့ ၁၃၆၆-	
	ပထမဝါဆိုလွှန်း ၁၀ ရက် စနေနေ့	〃
	– နံနက်အရုဏ်ယူ	〃
	– နံနက်ဆွမ်းပြုတ်ဆက်ကပ်	၄၈၂
၁၆။	ဒေါက်တာဦးသန့်စင်(စွဲစိတ်သမားတော်)	
	နှင့်ပြသ	၄၈၃
	– သေမင်းစစ်အင် ကိုယ်တွင်းဝင်၍	〃
	– ရန်ကုန်တပည့်များ တဖွဲဖွဲရောက်လာ	〃
	– ညှိသည်များပြန်သည်နှင့်	
	ဆုလေသည်	၄၈၄
	– ဘာဆက်လုပ်ကြမည်နည်း	〃
	– ကားနှစ်စီး စွေ့ပြန်မည်	〃
	– အရုဏ်ယူရေး မိမိတာဝန်	၄၈၅
	– ယော တိပိဋကဓရကျောင်း	
	ပြောင်းကြမည်	〃
၁၇။	၂၇၊ ၆၊ ၂၀၀၄ – ၁၃၆၆ ခု	
	ပထမဝါဆိုလွှန်း ၁၁ ရက်တနင်္ဂနွေ	〃
	– နံနက်အရုဏ်ယူ၊ ရွှေတိဂုံစေတီ	
	နေ့စဉ် ဖူးမြင်ဦးတင်၍	၄၈၆
	– နံနက်ဆွမ်းပြုတ်ဆက်ကပ်၊	
	သံဃာ့ဆေးရုံကြီး၊ တာရာထသီဆောင်	
	အထူးခန်း ၂-မှာ	〃
၁၈။	ယော-တိပိဋကဓရကျောင်းသို့	၄၈၇

အကြောင်းအရာ	စာမျက်နှာ
- ဆေးညည်းဆေးစားရမည်	၄၈၈
- မဟာသီဟနာဒတိုက်အုပ်နှင့် ဦးမင်းကြည်တို့ရောက်လာ	〃
- အလွန်သမုတ်လိုသောသိမ်	၄၈၈
- အပြန်အလှန် လေးစားတော်မူကြ	၄၈၉
- အကြောင်းအရာကလေးမေးနဲ့၊ ဆိုလိုရင်း	〃
၁၈။ တိပိဋကဓရ ယော–ဆရာတော်	
- ဂန့်ဂေါမြို့ ယောတို့နယ်က	၄၉၀
- အတန်းတိုင်းပထမ၊ ရှင်ဖြစ်ခြင်း၊	〃
- ရဟန်းဖြစ်တော်မူ	〃
- အဘိဝံသဘွဲ့ရ၊ ရန်ကုန်သို့ကြွလာ	〃
- တိပိဋကဓရဖြစ်ပြီ တိပိဋကဓရဖြစ်တော်မူပြီ	၄၉၁
- အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ မွှောဘဋ္ဌာဂါရိကဘွဲ့	〃
- သာသနာ့တာဝန် ထမ်းဆောင်တော်မူ	〃
၁၉။ မဟာသီဟနာဒ ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)	〃
- ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းအုပ်စုက ပြတိုက်ရွာ	၄၉၂
- ထုံးဖွေးဖွေးစေတီများအနီးက ပြတိုက်ရွာကလေး	၄၉၃
- ထန်းပင်ထန်းလက်စေသည့် ထန်းတောရွာ တပို့တွဲလရာသီဘွဲ့	〃
- တပို့တွဲလအဲ့ချင်း	၄၉၄
- ဖွားမြင်တော်မူ၊ ပညာသင်ခြင်း၊ ရှင်ဖြစ်ခြင်း	〃
- ရဟန်းအဖြစ်သို့ရောက်တော်မူ	〃
- စာပေများသင်ယူခဲ့ခြင်း၊ မွှာစရိယဘွဲ့ရရှိတော်မူ	၄၉၅
- စာပေများပြန်လည်ပို့ချပေးတော်မူခြင်း	〃
၂၀။ မဟာသီဟနာဒ စာသင်တိုက်တည်ထောင်	〃
- အောင်မြင်မှုအဆင့်ဆင့် အောင်လံတဝင့်ဝင့်	၄၉၆
၂၁။ လှိုင်သာယာ မဟာသီဟနာဒတိုက်သစ်	〃
- တပည့်ကြီးများ၏ ကျေးဇူး	၄၉၆
- မိုးသို့မြင့်မား မှစ်ဦးကြီးများ	〃
၂၂။ လျှံပြည့်ပဋိပတ္တိဓမ္မရိပ်သာ တည်ထောင်	၄၉၇
- ကျမ်းစာများရေးသားတော်မူ	〃
- နဘူးကျောင်းတော၍ ဆရာတော်ဘုရားကြီး၏ ဩဝါဒ	〃
၂၃။ (၂၈၊ ၆၊ ၂၀၀၄) ၁၃၆၆ ခု ပထမ ဝါဆိုလဆန်း ၁၂ ရက်၊ တနင်္လာနေ့	〃
- နံနက်အရုဏ်ယံ	〃
- နေထွက်ချိန်ကြည့်ရှုတော်မူ၊	၄၉၈
- ရွှေတိဂုံစေတီတော်ကြီး ဖူးမြင်ရစေခြင်းငှာ	〃
- အရုဏ်ဆွမ်း ရွပ်ပြတ်ဆက်ကပ်ကြ	〃
- မလျော့သောစွဲဖြင့် နေ့စဉ် ဆွမ်းလောင်းလှူပွဲ	၄၉၉
- ဆွမ်းလောင်းလှူသူများ၊ ဆေးပတ်တီး ၉–ရက်စည်းကြမည်	〃
၂၄။ ဦးရွှေအောင်+ဒေါ်အေးအေးမာ ကားအလှူ	〃
- ယော တိပိဋကဓရဆရာတော်ကို ဖူးတွေ့ကြ	〃
- T.Vလောင်း၊၊ ဖုန်း၊၊ လက်ကိုင်ဖုန်း၊၊ ရေခဲသေတ္တာ ဘာမျှ မရှိပါ	၅၀၀
၂၅။ (၂၉၊ ၆၊ ၂၀၀၄) ၁၃၆၆ ပထမ ဝါဆိုလဆန်း ၁၃ ရက် အင်္ဂါနေ့	〃
- နံနက်အရုဏ်ယံ	၅၀၁
- နံနက်ယာဂုဆွမ်းကပ်၊ ဆွမ်းလောင်းကြ	〃
၂၆။ (၃၀၊ ၆၊ ၂၀၀၄) ၁၃၆၆ ပထမဝါဆို လဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့	၅၀၂
- မဖြစ်ချင်တာဖြစ်	〃
- တစ်သက်လုံးမပျောက်သည့် ထိုအနာ	〃
- နံနက်အရုဏ်ယံ	〃
- ရွှင်းသော အောင်သီတာလမ်း ဆိပ်ကမ်းမှာ	၅၀၃

အကြောင်းအရာ	စာမျက်နှာ
- အသက်ရှင်နေသေးသမျှ အရည်ကင်း စုတင်မပျက်	၅၀၃
- နံနက်ယာဂုဆွမ်းကပ်	။
- ဆွမ်းလောင်းလှူကြ	၅၀၄
၂၇။ (၁၊ ၇၊ ၂၀၀၄) ၁၃၆၆ ပထမဝါဆိုလပြည့် ကြာသပတေးနေ့	။
- (၁၊ ၇၊ ၂၀၀၄) နံနက်အရုဏ်ယူ၊	။
- အရုဏ်ယာဂု ဆွမ်းဆက်ကပ်	၅၀၅
- ဆွမ်းလောင်းလှူကြ	။
- တောရဆရာတော်၏ မူလ ရုပ်ရည်ရူပကာ အရုပ်တော်မနိမ့်မမြင့်၊ ကိုယ်နေဟန်အသင့်၊	။
- ပေါင်နှစ်ဖက်လုံး ထိုးကွင်းနှင့်	၅၀၆
- မူလရုပ်သွင်နှင့် လှုပ်ရှားဟန်များ	။
- လက္ခဏာရေးသုံးပါး၊ မပြောင်းလဲသည့် သစ္စာသဘော	။
- သစ္စာဟူသည်၊ သစ္စာလေးပါးဟူသည်	၅၀၇
- ထိုအရိယသစ္စာ၌	။
- လောကီသစ္စာ ၂-ပါး၊	။
- လောကုတ္တရာသစ္စာ ၂-ပါး	။
- ဒုက္ခသစ္စာ၊ ထိုသမုဒယ အရိယသစ္စာ၏ အနက်သဘောကား အဘယ်သို့ပါနည်း၊	၅၀၈
- ထိုတဏှာဆိုသည် အဘယ်သို့ပါနည်း သမုဒယသစ္စာ၊ ထိုနိရောဓ အရိယာသစ္စာ၏ သဘောကား အဘယ်သို့ပါနည်း	။
- နိရောဓသစ္စာ၊ မဂ္ဂင် ၈-ပါး၊ သိက္ခာသုံးရပ်	၅၀၉
- မဂ္ဂသစ္စာ၊ သိမြင်တော်မူ ဖြောင့်တန်းစွာလျှောက်လှမ်းတော်မူ	၅၁၀
- ထမ်းဆောင်ခဲ့ပြီးလေပြီ	။
၂၈။ (၂၊ ၈၊ ၂၀၀၄) ၁၃၆၆ ခုနှစ် ပထမ ဝါဆိုလဆုတ် ၁-ရက် သောကြာနေ့	
- ဗီဒီယိုမှတ်တမ်းတင်ရိုက်	။
- ကြိုတင်စီမံခဲ့၊ မုချကျိန်းသေ ခွဲရပေတော့မည်	၅၁၁
- အရုဏ်ယူသည့်နေရာ	။
- နေအထွက်ကောင်းကြည့်နေရာ၊	။
- နံနက်အရုဏ်ဆွမ်းကပ်	၅၁၂
- တောရဆရာတော်များ ဆွမ်းလောင်းပွဲ အမှတ်တရရိုက်	။
- အားကြီးသောအထောက်အပံ့၊ ဆွမ်းအနေဓာနှာ	။
- ဦးစိန်မောင်၊ ဒေါ်ဝင်းမာတို့ စေတနာ	၅၁၃
၂၉။ (၃၊ ၇၊ ၂၀၀၄) ၁၃၆၆ ခုနှစ် ပထမ ဝါဆိုလဆုတ် ၂-ရက် စနေနေ့	။
- နံနက်အရုဏ်ယူ	။
- အရုဏ်တက် လင်္ကာအရ၊ စူးစမ်းလေ့လာမှု	၅၁၄
- ဆောင်းကံတလူ နိမိတ်ကောက်ယူ	။
- ဓာတ်ပင်နှင့် ရွှေပလွှင်၊	၅၁၅
- နံနက် ယာဂုဆွမ်းဆက်ကပ်	။
- ကျောင်းဒကာဦးစိန်မောင်+ဒေါ်ဝင်းမာ	။
- ဆွမ်းလောင်းလှူကြ၊ ဝမ်းသာသည့်မှာ၊ ဝမ်းနည်းသည့်မှာ	၅၁၆
- ကိုထွန်းမောင်ဘဝ အမြတ်ဆုံးနေ့	။
- ပါရမီမြောက်သောကံဖြစ်စေလို	၅၁၇
- ဆေးပတ်တီး ၆-ရက် အားဆေးသွင်းခြင်း	၅၁၈
၃၀။ (၄၊ ၈၊ ၂၀၀၄) ၁၃၆၆ ပထမ ဝါဆိုလဆုတ် ၃-ရက် တနင်္ဂနွေနေ့	။
- ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ	။
- ကြရာမရှောင်ကြည့်ကြ၊ ကြံမိကြံရာ	၅၁၉
- လောကကြီးသည် မျက်ကွယ်ပြုနေ	၅၂၀
- နံနက်အရုဏ်ယူ	။
- ယာဂုဆွမ်းကပ်၊ ဆွမ်းလောင်းကြ	။
၃၁။ (၅၊ ၇၊ ၂၀၀၄) ၁၃၆၆ ပထမဝါဆို လဆုတ် ၄-ရက် တနင်္လာနေ့	။
- အရုဏ်ယူကြ၊ ရှုခင်းသာဆိပ်ကမ်းမှာ၊	၅၂၁

အကြောင်းအရာ	စာမျက်နှာ
- သာကေတမြို့သစ်တည်စ	၅၂၁
- သံသရာစရီး မဆုံးသေးသမျှ ဆွမ်းလောင်းလှူကြ	၅၂၂
- သံယာ့ဆေးရုံကြီး ဆေးရုံအုပ် ဒေါက်တာဦးခင်မောင်အေး	〃
- နေရစ်တော့ ဟရာဟာသီ	〃
၃၂။ (၆၊ ၇၊ ၂၀၀၄) ၁၃၆၆ ပထမ ဝါဆိုလဆုတ် ၅-ရက် အင်္ဂါနေ့	၅၂၃
- အရုဏ်ယှူ၊ စုတင်ဆောင် အရှင်ဝိစ္စာနန္ဒ	〃
- ဗိုလ်မှူးမြသန်းစံ၊ အမှတ်တမဲ့မှ အမှတ်တရသို့	၅၂၄
- ကျောင်းဒကာ ဗိုလ်မှူးမြသန်းစံ၊	〃
- ဆေး ၉-ရက်စည်းခြင်း ပြီးဆုံး	၅၂၅
၃၃။ (၇၊ ၇၊ ၂၀၀၄) ၁၃၆၆-ခု ပထမ ဝါဆိုလဆုတ် ၆-ရက် ဗုဒ္ဓဟူးနေ့	〃
- တံတားကြီးပေါ်မှာပြန်တမ်းဝင် အရာရှိတစ်ဦးနှင့်	၅၂၆
- ဇီဒီယိုရိုက်ခြင်းကို ဆူခြင်း၊ .	〃
- နံနက်ယာဂုဆွမ်းကပ်၊ ဆွမ်းလောင်း	၅၂၇
- ယော-ဆရာတော်တပည့်များ လှုပ်ရှားဟန်၊	〃
- ဒွိပိဋကဓရ ဦးဣန္ဒက	〃
- ယော-တိပိဋကဓရဆရာတော် ဩဝါဒပေးခဲ့	〃
- စာတိနေရာ ပြန်ကြကြတော့မည်	〃
၃၄။ (၈၊ ၇၊ ၂၀၀၄) ၁၃၆၆-ခုနှစ် ပထမဝါဆို လဆုတ် ၇-ရက် ကြာသပတေးနေ့	၅၂၈
- တံတားကြီးပေါ်ဖြတ်တိုင်း ဘုရားဂုဏ်တော် အမြဲပွားဖော်	〃
- အရုဏ်ယှူပြီးပြန်လာကြ	၅၂၉
၃၅။ (၉၊ ၇၊ ၂၀၀၄) ၁၃၆၆-ခု ပထမဝါဆို လဆုတ် ၈-ရက် သောကြာနေ့	〃
- ဒဂုံမြို့သစ်မြောက်ပိုင်းသို့	〃
- အပြန်ခရီး မော်တော်ယဉ်စီစဉ်	၅၃၀
- မြှုခင်မေဓာ္ဟသမားတော် ဦးကျော်စိန်နှင့် ပြလို	〃
- နဝင်းဆေးတိုက် ဆရာဦးငွေစိုးလာရောက်	〃
လောကကြီးကောင်းအောင်လုပ်နေ	၅၃၁
- ဦးညွန့်လှိုင်အား ယခင်ကားသမား ငှားရန်လွှတ်	၅၃၂
- ပြန်ကြမည်လျှောက်ထားကြ	〃
၃၆။ (၁၀၊ ၇၊ ၂၀၀၄) ၁၃၆၆ ပထမဝါဆို လဆုတ် ၉-ရက် စနေနေ့	၅၃၃
- အရုဏ်ယှူရေး ၂ နေရာ	〃
- ဦးမြင့်သိန်း၏ စိတ်ဓာတ်	〃
- တံတားကြီးပေါ်တွင်	၅၃၄
- နောင်တတစ်ဖန် ပူပန်ခြင်းမှကင်းစေလို	〃
- ယာဂုဆွမ်းဆက်ကပ်	၅၃၅
- ဆေးရုံအုပ်ဒေါက်တာဦးခင်မောင်အေး	〃
- အားလုံး ကျန်းမာချမ်းသာကြပါစေ	〃
- ဆွမ်းလောင်းလှူကြ	၅၃၆
- ဒေါ်ခင်စိန်က အိပ်ခင်လှူ	၅၃၇
- ရမည်းသင်း နေပြည်တော်တပ်ကုန်း ပျဉ်းမနားနှင့် လယ်ဝေးသတင်းမေး	၅၃၈
- ညီ ဦးဣာသရနှင့် အရှင်ဃေဿတို့ ကြွလာ	၅၃၉
- မှန်တောင်ဆရာတော်က မိုးကုတ် ဦးကျော်စိန်နှင့် ပြလို	〃
- စုတင်ဆောင်ရဟန်းတို့၏ဘဝ	၅၄၀
- ရွှေမိုးညိုပြုံလေမလား	〃
၃၇။ (၁၁၊ ၇၊ ၂၀၀၄) ၁၃၆၆ ပထမဝါဆိုလဆုတ် ၁၀-ရက် တနင်္ဂနွေ	〃
- အရုဏ်ယှူ	၅၄၁
- ယာဂုဆွမ်းကပ်ကြသည်	〃
- ဆွမ်းလောင်းလှူကြ	〃
- အပြန်ခရီး ပြင်ဆင်နေ	၅၄၂
- ယောဆရာတော်ဘုရားကျေးဇူး	〃
- ယောဆရာတော်ကို ဝတ်ပြုကြ	〃

အကြောင်းအရာ — **စာမျက်နှာ**

- တိုက်အုပ် တိုက်ကြပ်ဆရာတော်များ ၅၄၂
- မော်တော်ယဉ် လေးစီးဖြင့် ပြန်ကြမည် ။
- ဝမ်းနည်းကြေကွဲ ငိုပွဲဆင်ကြသည် ၅၄၃
- လမ်း ၅၀ မိုးကုတ်ဦးကျော်စိန်နှင့်ပြ ။
- နောက်ဆုံး ရှိနိုးကန်တော့ကြခြင်း ။
- နံနက် ၈ နာရီ ၂၅ မိနစ် အညာသို့ပြန် ၅၄၄
- သာကေတမြို့ကို ပတ်၍ပြန်ကြမည်တဲ့ ။
- ကာလဒါနပြုခဲ့ကြသူတွေ ။
- ရန်ကုန်မြို့မှ ကုသိုလ်ရှင်တွေ ။
- ဦးဆောင်ပြုစုခဲ့သော ဆရာတော်များ ၅၄၅
- နယ်မှ ဦးဆောင်ပြုစုခဲ့ကြသူများ ။
- နှမ်းလျှအိမ်အပြန် ၅၄၆
- ကြားရသူအပေါင်းက ယူကြုံးမရဖြစ်ခြင်း ၅၄၇
- ရှာမှရှားသည့်ဆရာတော်ဘုရားကြီး ။
- နိဿရည်းခံများသို့ ၅၄၈
- ထင်ပေါ်ကျော်ကြား အလိုရှိတော်မမူ ။
- ဆရာတော်မိန့်လေ့ရှိသော စကားများ ၅၄၉
- မယ်တော်ကြီး ဒေါ်အေးမှန် ၈၆–နှစ် ရှည်ခဲ့ ။

၃၈။ **သေခြင်းမှ ကြောက်သူ၊ မကြောက်သူ** ။
- သေခြင်းမှ ကြောက်သူလေးယောက် ၅၅၀
- ကာမဂုဏ်၌ တပ်မက်သူ ။
- ခန္ဓာကိုယ်၌ တပ်မက်သူ ။
- ကောင်းမှု မပြုရသေးသူ ၅၅၁
- သူတော်ကောင်းတရား၌ ယုံမှားသူ ။
- သေခြင်းမှ မကြောက်သူလေးယောက် ။
- ကာမဂုဏ်၌ တပ်မက်မှုကင်းသူ ။
- ခန္ဓာကိုယ်၌ တပ်မက်မှုကင်းသူ ၅၅၂
- အားကိုးထိုက်သည့် ကုသိုလ်ကို ပြုပြီးသူ ။
- သူတော်ကောင်းတရား၌ ယုံမှားကင်းသူ ၅၅၃

၃၉။ **ကိုးကွယ်အားထားရာဟူသည်** ၅၅၄
- နာထတရား ၁၀ ပါး ။
- (၁) ပထမနာထတရား သီလရှိခြင်း ၅၅၄
- သီလ၏ အကျိုးအာနိသင် ၅၅၅
- (၂) ဒုတိယနာထတရား ဗဟုသုတရှိခြင်း ။
- ဗဟုသုတ ၂ မျိုး ၅၅၆
- ပဋိစ္စသမုပ္ပါဒ် ဒေသနာ ။
- သံသရာလည်ကြောင်းနှင့် ထွက်မြောက်ကြောင်းတရား ၅၅၇
- နာမရူပ ပစ္စယပရိဂ္ဂဟ ဉာဏ်နှစ်ပါးရလျှင် ။
- အင်္ဂါကိုးတန်နှင့် ပြည့်စုံသော ဘုရားရှင်၏ တရားတော် ။
- (၃) တတိယ နာထတရား ကလျာဏမိတ္တရှိခြင်း ၅၅၈
- ကလျာဏမိတ္တပညာရှိတို့၏ သဘောလက္ခဏာ ၅၅၉
- (၄) စတုတ္ထနာထတရား = ဆုံးမလွယ်သူ ။
- အရှင်ရာဟုလာ ၅၆၀
- (၅) ပဉ္စမ နာထတရား = ကူညီရိုင်းပင်းမှုရှိခြင်း ၅၆၂
- (၆) ဆဋ္ဌ နာထတရား = တရားကိုမြတ်နိုးခြင်း ။
- (၇) သတ္တမ နာထတရား = လုံ့လဝီရိယရှိခြင်း ၅၆၃
- (၈) အဋ္ဌမ နာထတရား = ရောင့်ရဲလွယ်ခြင်း ၅၆၄
- သန္တောသ = ရောင့်ရဲလွယ်ခြင်း တရားငါးပါး ။
- ဝိဝေကတရား သုံးပါး ၅၆၅
- ဥပဓိတရား လေးပါး ။
- သူတော်ကောင်းကြီးများ မြတ်နိုးရာ ၅၆၆
- (၉) နဝမ နာထတရား = သတိရှိခြင်း ။
- အရေးကြီးဆုံး သတိ ။
- သတိ၏တည်ရာအာရုံ သတိပဋ္ဌာန် တရားလေးပါး ။

အကြောင်းအရာ	စာမျက်နှာ
– (၁၀) ဒုသမမြောက် နာထတရား = ဝိပဿနာမဂ်ပညာရှိခြင်း	၃၆၈
– မှိန်းအားထားရာရှိသည်ဖြစ်၍ နေထိုင်ကြကုန်လော့	၃၆၉
– တထာဂတမြတ်စွာဘုရား၏ အဆုံးအမမှာ မဝှင်ရှုစ်ပါး	〃
– စာထဲကရဟန်းမျိုး ဆရာတော်ဘ၀	〃
– မိမိတင်ပြလိုရင်း အထူးကား	၃၇၀
၄၀။ သမထသုစ (စ) ပါးနှင့် လက်ာ	၃၇၁
– ထိုလက်ာများ၏ ဆိုလိုရင်း	〃
– စာထဲကလို လွန်ကြည်ညို	၃၇၃
– အငှားယာဉ် Hiace နှင့် ဦးညွန့်လှိုင်တို့ ပြန်ရောက်လာ	〃
– နယ်ကသတင်း မျှော်ရပါပြီ	၃၇၄
– မုန်တောင်တောရဆရာတော်ထံမှ ဖုန်းဆက်လာ	၃၇၅
၄၁။ ရွှေမိုးညိုပြိုလေပြီ	၃၇၆
– ရန်ကုန်မှပြန် ၁၁–ရက် အကြာမှာ	〃
– မွေးရာဇာတိမြေမှာ ဇာတ်သိမ်းတော်မူ	〃
– ဘုရားဖူးနှင့် တပည့်ဒါယကာများကို ဖုန်းဆက်	〃
၄၂။ (၂၃၊၇၊၂၀၀၄) ကြေးမုံနှင့် မြန်မာ့အလင်းသို့သွား	၃၇၇
– ကြေးမုံသို့၊ မြန်မာ့အလင်းသို့	〃
၄၃။ (၂၄၊ ၇၊ ၂၀၀၄) နေ့ သတင်းစာများ နတ်ဘုရားကျောင်းသို့ပို့	〃
– ဘ၀နတ်ထံမှုလွှဲလွှန်တော်မူ ဟူသော ခေါင်းစီး	〃
– ဝါကပ်ရန်တစ်ပတ်အလို မီးသပြိုဟ်	〃
– တောရဆရာတော်ကိုယ်တိုင် ရက်တွက်ချက်၍ သွားလေသလား	〃
– ဝါတွင်းကာလ တောရကျောင်းထဲ လူပုဂ္ဂိုလ်များ မဝင်ရ	၃၇၈
– ပြင်ဆင်ဖွယ်ရှိက ပြင်နိုင်ရန် မုန်တောင်ဆရာတော် ရေးကျောက်ထား	〃
– တောရဆရာတော်က ပြန်လည်မိန့်ကြားသည်မှာ	၃၈၀
– တောရဆရာတော်ကိုယ်တိုင်လည်း သိတော်မူပါလိမ့်မည်	〃
– ငါ့ဆုတောင်း မပြည့်ဘူးကွာ	〃
– ပါရမီပြည့်ပြီးဖြစ်က သံသရာ၏ နှောဝန်ချနိုင်	၃၈၁
– ဦးညွန့်လှိုင်တို့အဖွဲ့ ရန်ကုန်သို့ ပြန်ရောက်လာ	〃
– ရဟန်းရှင်လှူ များပြား	〃
– နတ်ဘုရားကျောင်းသို့ပြန်ကြခြင်းမှာ ဆရာတော် ဆန္ဒ	〃
– စစ်တောင်းဆရာတော်ဘုရားကြီး၏ ရေးကျောက်ထားချက်	၃၈၂
– အန္တိမ အင်္ဂါရပ်န ဗိဒိယိမှတ်တမ်း	〃
– အဘိယာစနပင့်လျှောက်လွှာ၊ မုန်တောင် ဆရာတော် အန္တိမပူဇာ	၃၈၄
ဝန္ဒနာ၊ ရုပ်ကလာပ်တော်ကို ပင့်ဆောင်တော်မူကြ	၃၈၅
– ညီမ ဒေါ်ပြုံး၏ မပြုံးနိုင်သော မျက်ရည်များ	၃၈၆
– ရောက်လာသမျှ ပရိသတ်များ အားလုံး ငိုကြ	〃
– ထေရုပ္ပတ္တိအကျဉ်း မလေးရှား အရှင်ဥတ္တမဝံသ ဖတ်ကြားပူဇော်	၃၈၇
– တပည့်ကြီး သိမ်းဆောင်နှင့် တပည့်များ၏ အန္တိမဝန္ဒနာ ကန်တော့လွှာ	၃၈၈
– ရန်ကုန်ဆရာတော်၏ နောက်ဆုံးကန်တော့လွှာ	၃၉၀
– ရုပ်ကလာပ်တော်ကို မီးပူဇော်ကြလေပြီ	၃၉၁
– တောင်ခုနစ်ထွေ၊ ရေခုနစ်ထပ်၊ လေးရပ်ကျွန်းခွင်	၃၉၂
– နတ်မောက်လဲဘုံးတောရ ဘုန္ဓနယနဆေရိ	〃

အကြောင်းအရာ	စာမျက်နှာ
- လဲဘူးဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း	။
- ပညာသင်ကြားခြင်း	။
- ရှင်သာမဏေအဖြစ်သို့ရောက်ခြင်း	၅၉၃
- ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း	။
- ပညာဆက်လက်သင်ကြားခြင်း	။
- လဲဘူးတောရကျောင်းတည်ထောင်	။
၄၄။ ၂၀၊ ၇၊ ၂၀၀၄ နေ့ အရိုးဓာတ်တစ်ဝက် ပင့်ဆောင်	၅၉၃
- လယ်တီဆရာတော်၏ အန္တိမဈာပန၊	၅၉၄
လယ်တီဆရာတော် (၁၂၀၈-၁၂၈၅)	၅၉၅
- လယ်တီအစမျိုးစေ့ နိမိတ်များ၊	။
- ပညာသင် ရှင်ဉာဏဓဇ	၅၉၆
- ရဟန်းဖြစ်မန္တလေးသို့တက်၊ တောထွက်တော်မူ	။
- ကျမ်းများစွာရေး တရားဟောတော်မူခဲ့	။
- စိတ်သွားတိုင်းကိုယ်ပါ အာဇာနည် တန်ခိုးရှင်	။
- လျှောင်လည်းလှပ ပိဉာဏ်လည်းချုပ်၊	၅၉၈
- အလောင်းလုကြသည်မှာ	။
- မြတ်နိုးကြသည်မှာ ဓမ္မတာ၊	၅၉၉
- သာသနာ့သမိုင်း၌ မေ့မရနိုင်သော အရှင်မြတ်ကြီးများ	။
- လောကကြီးကောင်းအောင်	။
၄၅။ အရိယာဝါသတရားတော်၊	၆၀၀
အရိယာတို့၏ စံနေအိမ်	၆၀၁
- အရိယာဝါသတရား ၁၀-ပါး ပါဠိ၊	။
ရဟန်းနှစ်မျိုး	။
- **အရိယာဝါသတရား ၁၀-ပါး၊**	၆၀၂
အကျဉ်းရှင်းလင်းချက်	။
- (၁) အင်္ဂါငါးပါးပယ်ခြင်းဟူသည်	။
- (၂) အင်္ဂါခြောက်ပါးနှင့် ပြည့်စုံရမည်	၆၀၃
- (၃) တစ်ခုသော အစောင့်အရှောက်ဆိုသည်	။
- ဆောင်ပုဒ်	။
- ဖြစ်တိုင်းမှတ်ရှု သတိပြု	၆၀၄
- (၄) မှီရာလေးပါးရှိရမည်	။
- ဆောင်ပုဒ်	။
- (၅) အသီးသီးသောသစ္စာဝါဒကို ပယ်ပြီးဖြစ်ရမည်	၆၀၅
- ဆောင်ပုဒ်များ	။
- (၆) ရှာမှီးမှုအလုံးစုံ ပယ်စွန့်ပြီးဖြစ်ရမည်	၆၀၆
- (၇) မနောက်ကျူသော အကြံအစည်ရှိရမည်	။
- (၈) ငြိမ်းသောကာယ သင်္ခါရရှိရမည်	။
- (၉) ကောင်းစွာလွတ်သော စိတ်ရှိရမည်	၆၀၇
- (၁၀) ကောင်းစွာလွတ်သော ပညာရှိရမည်	။
- ဆေးတွေမစားရတော့ဘူး	၆၀၈
- ဆုတွေပေးခဲ့ပါသည်	။
၄၆။ ဆရာတော်ဦးကေလ လက်ထဲမှာ အငြိမ်းဓာတ်ယူတော်မူ	။
- ဝါကပ်ခြင်းမပြုတော့ပါ	၆၀၉
- တစ်ပါးတည်းကြွသွားတော်မူလေပြီ	။
- နဘူးကျောင်းတောရဆရာတော်နှင့် စာရေးသူ	။
၄၇။ **ဘာရသုတ္တန် တရားတော်**	၆၁၀
- ဦးတည်ချက်-၄ရပ်	၆၁၁
- တရားခေါင်းစဉ်ပဋိညာဉ် ပါဠိ	။
- (၁) လေးလံတဲ့ ဝန်ထုပ်ဝန်ပိုး	။
- ဥပါဒါနက္ခန္ဓာငါးပါးဟူသည်	၆၁၂
- ခန္ဓာနှင့် ဥပါဒါန်လေးမျိုး	။
- ဥပါဒါန်အဖွင့်လင်္ကာ	၆၁၃
- အကျဉ်းမျှရှင်းလင်းချက်	။
- ခန္ဓာကိုယ် ဝန်ထုပ်ဝန်ပိုးကြီး၊	။
- ခန္ဓာဝန်လေးပုံ	။
- ရဟန္တာ ပုဂ္ဂိုလ်သည်ပင်	၆၁၄
- ပန်ထုပ်ဝန်ပိုး သဘောကျနေလျှင် လေးသည်မထင်	၆၁၅

အကြောင်းအရာ	စာမျက်နှာ
– (၂) ဝန်ထုပ်ကို ထမ်းဆောင်နေသူဆိုသည်	၆၁၅
– ပုဂ္ဂိုလ်ဆိုသည် အမည်ပညတ်မျှဖြစ်သည်	〃
– ဒေသနာတော် ၂–မျိုး	၆၁၆
– (၃) ဝန်ထုပ်ဝန်ပိုးကို ခံယူခြင်းဆိုသည်	〃
– တဏှာက အာရုံဆာတာယ်၊ တဏှာသုံးပါး	〃
– ဘဝတဏှာဖြင့် ခန္ဓာဝန်ကို ယူပုံ	〃
– ဝိဘဝတဏှာဖြင့် ခန္ဓာဝန်ကို ယူပုံ	၆၁၇
– (၄) ဝန်ထုပ်ကို ပစ်ချခြင်းဆိုသည်	〃
– ဝိပဿနာဖြင့် ခန္ဓာဝန်တွေပစ်ချနိုင်	၆၁၈
– မဂ်ဉာဏ်အဆင့်ဆင့်ဖြင့် ဝန်ထုပ်များပစ်ချ	၆၁၉
– ဘာရသုတ္တန်၏ ဆိုလိုရင်းအကျဉ်းချုပ်	၆၂၀
၄၈။ မြတ်စွာနှင့် သားတော်ကြီးများ ဝရိနိဗ္ဗာန်စံရာ	၆၂၁
– မြတ်စွာ ဝေဠုဝရွာငယ်၌ ဝါကပ်တော်မူ	၆၂၁
– ပြင်းထန်သောဝေဒနာဖြစ်တော်မူ	〃
– သမာပတ်ဖြင့် ရောဂါကို တားတော်မူ	၆၂၂
– အရှင်အာနန္ဒာ၏ မျှော်လင့်ချက်	〃
– ဗုဒ္ဓမြတ်စွာ မိန့်တော်မူ	〃
၄၉။ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံရာအရပ် ခဉ်းစားတော်မူ	〃
– မယ်တော်ကြီးကို သတိရခြင်း	၆၂၃
– ဗုဒ္ဓအထံ ခွင့်ပန်မေးတော်မူ	〃
– တန်နိုးပြပြီး နောက်ဆုံးကန်တော့ခြင်း	〃
– လူအများ မမေ့မလျော့ကြလေနှင့်	〃
– ပရိနိဗ္ဗာန်စံခါနီး ရောဂါဖြစ်၊	၆၂၄
– နတ်ပြဟ္မာတို့လာကြ	〃
– မယ်တော်ကြီးလာမေး	〃
– သောတာပန်တည်စေခြင်း	၆၂၄
– ပရိနိဗ္ဗာန်စံတော်မူ	၆၂၅
– မယ်တော်ကြီး ငိုကြွေးခြင်း	〃
– သာစုကီဠာနသဘင်	〃
– မီးသင်္ဂြိုဟ် ဓာတ်တော်များသယ်လာ	〃
– ဗုဒ္ဓမြတ်စွာ၏လက်ျာ အရှင်သာရိပုတ္တရာ	၆၂၆
၅၀။ ဗုဒ္ဓရာဇဂြိုဟ်သို့ ကြွတော်မူ၊ အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်စံ	၆၂၆
– တန်နိုးပြ၍ ပရိနိဗ္ဗာန်စံတော်မူ	၆၂၇
– မြတ်ဗုဒ္ဓဥက္ကစေလသို့ ကြွတော်မူ	〃
– တရားတည်းဟူသော အားကိုးရာ ရှိအောင် နေကြကုန်လော့	၆၂၈
– သုံးလလွန်လျှင် ပရိနိဗ္ဗာန်စံလိမ့်မည်	〃
– ဝေသာလီမဟာဝုန်တော၌ တရားဟောတော်မူ	〃
– ဝေသာလီကို နောက်ဆုံးကြည့်တော်မူ	၆၂၉
– ထိုးထွင်း၍မသိခြင်းကြောင့် သံသရာရှည်ခဲ့ရ	〃
– မဟာပဒေသ–၄ပါး တရားဟောကြား	၆၃၀
– ဝမ်းတော်လားခြင်း	〃
ကုသိနာရုံသို့ကြွတော်မူခြင်း	〃
မြောက်သို့ဦးခေါင်းတည်	၆၃၁
သံဝေဂဖြစ်ဖွယ်	〃
ရည်ရွယ်ချက် သုံးမျိုး	〃
၅၁။ သံဝေဂယူဖို့ရာ လေးဌာန (သံဝေဇနီယ လေးဌာန)	၆၃၁
– စေတီတော်ကို ဖူးမြင်ရခြင်းအကျိုး	၆၃၂
– စေတီထိုက်သော ပုဂ္ဂိုလ်လေးမျိုး	〃
– အရှင်အာနန္ဒာ ပြင်းစွာသောကဖြစ်ခြင်း	၆၃၃
– ငိုရမှုသောကအေး၊	〃
– အရှင်အာနန္ဒာ၏သောကကို ဖြေတော်မူ	〃
– အရှင်အာနန္ဒာ၏ အံ့ဖွယ်ဂုဏ်လေးပါး	၆၃၄

	အကြောင်းအရာ	စာမျက်နှာ
	– နောက်ဆုံးသာဝက သုဘဒ္ဒသို့ မိန့်ခွန်း	၆၃၄
	– ဗုဒ္ဓမြတ်စွာကိုယ်စား တရားတော်များ	〃
	– နောက်ဆုံးစကားတော်	၆၃၅
	– နှိုင်းယှဉ်ထင်ဟပ် လေ့လာအပ်	〃
၅၂။	**သေခြင်းဆိုင်ရာ သီကောင်းစရာ**	၆၃၆
	– သေခြင်းဆိုသည်	〃
	– သေခြင်းအကြောင်းတရား လေးပါး	〃
	– သီလရှိမှ ပြည့်စုံနိုင်	၆၃၈
	– ကံအကျိုးပေးခြင်းမတူကြ၊	〃
	– သေခြင်း Death	၆၃၉
	– သေခြင်းအဆုံးသည် နိဗ္ဗာန်	〃
	– သေခြင်းမဆုံးသေးသမျှ	〃
	– လောကဥပဒေအရအလို	၆၄၀
	– သေခြင်း–၂မျိုး	〃
	– သေရခြင်းမှန်သမျှ မကောင်းပါ	၆၄၁
	– နောက်ထပ်သေရခြင်းမရှိပါမှ	〃
	– မသေတရားရှာခဲ့သည့်ဗုဒ္ဓ	〃
	– ကံကိုဆန်းစစ်လေ့လာသောအခါ	၆၄၂
၅၃။	**ဓမ္မ၏တာဝန်၊ ဓမ္မ၏သဘော**	〃
	– မှန်ကန်မျှတသော တရားစီရင်ရေး	၆၄၃
	– တပည့်ကြီးဦးညွန့်လှိုင် –	
	– နဘူးကျောင်းတောရဆရာတော်၏ ဩဝါဒအရှို့	〃
	– နဘူးကျောင်းတောရဆရာတော်၏ ဩဝါဒ	〃
	– (က) ထိတ်လန့်ဖွယ်၊ (ခ) တိုက်တွန်းခြင်း	〃
	(ခ) မမြဲသောတရားရှုမှတ်ပွား	၆၄၄
	– ဦးညွန့်လှိုင် ၅၈ နှစ် ကွယ်လွန်	၆၄၅
	– ၁၉၊ ၁၂၊ ၂၀၀၅ နေ့ကြေးမုံသတင်းစာ	〃
	– သူ့အလုပ်နှင့်သူကံ	၆၄၆
	– နောက်ဆုံးဩဝါဒ၊ သူနှင့်ကျွန်တော်	၆၄၇
	– တာဝန်နှင့်လာခဲ့သူ ကျွန်တော်၊ ဆရာတော် လိုက်လျောခဲ့ပုံများ	〃
	– ဘုရားစုံလည်းဖူး	၆၄၈
	– ကိုညွန့်ရွှေ+မသန်းမြင့်တို့အိမ် ကြွရောက်ချီးမြှင့်ခဲ့	〃
	– တောရဆရာတော်နှင့် ဆက်နွယ်သမျှရေးနေပါလျှင်	၆၄၉
၅၄။	**မဟာတိဿရ အမှတ်တရ လွမ်းစေတီ**	〃
	– ပစ္စည်းလေးပါးဒါယကာ ဆီစက် ဦးပေါ်လှိုင်နှင့် ဒေါ်မြရွှေ	〃
	– သာရခေါ် ဝမ်းသာမဆုံး	၆၅၀
	– အဆင့်ဆင့် ဆောင်ရွက်တော်မူခဲ့	〃
	– ထီးတော်တင်ပွဲ ဗီဒီယိုမှတ်တမ်း	၆၅၁
	– အောင်ဂါထာရွတ်ဆိုပူဇော်	〃
	– ဗုဒ္ဓါဘိသေက မင်္ဂလာဆင်ယင်ကျင်းပ	〃
	– စေတီတော်လှူဒါန်းမှု အစုစု	၆၅၂
	– နဘူးကျောင်းတောရဆရာတော်နှင့် ဆီစက်ဦးပေါ်လှိုင်	〃
	– သက်တော်–၆၀ အထိ ခြေလျင်ခရီး	〃
	– ဆီစက်ဦးပေါ်လှိုင်နှင့် ဒေါ်မြရွှေတို့ ကွယ်လွန်ခဲ့ကြပြီ	၆၅၃
	– နိဗ္ဗာန်ကူးမည် ရှယ်စုးရည်၍ မှတ်တမ်းတင်ပါသည်	〃
	– မဟာတိဿရစေတီ ဆုတောင်းပြည့်ပါသည်	〃
	သက်သေပြစရာ သားကလေး ဖိုးသောကြာ	၆၅၄
၅၅။	**ကျောက်စာတိုက်ကြီး တည်ထားပြီး၍**	〃
	– ကြိုးပမ်းကာလ ငါးနှစ်ရှိခဲ့ပြီ	၆၅၅
	– သက်သေခံအထောက်အထားများ	〃
	– ခြုံငုံသုံးသပ်ချက်	၆၅၆
	– ထုံးဓမ္မတာ အစဉ်အလာများ	〃
	– နဘူးကျောင်းရန်ကင်းတောရသို့ ဘဝနိဂုံး၊ ပြန်ကြွလာရသည့် အကြောင်းများ	၆၅၇
	– မြတ်စွာဘုရားတိုင်း၏ အဝိဇဟိတ လေးဌာန	၆၅၈
	– အပြီးအဆုံး၌ ဆင်ခြင်ဖွယ်	၆၅၉

အကြောင်းအရာ	စာမျက်နှာ

- တပည့်က ဆရာထက်သာလွန်သည်ဟု မိန့်တော်မူခဲ့ ၆၅၉
- အရှင်မဟာကဿပ၏ ကြည်ညိုဖွယ်ဝတ်များ ၆၆၀
- အုံ့မှုယ်အရှင်များနှင့် အရှင်မ ။
- ပမာအလားတူစွာ ၆၆၁

၅၆။ နှစ် ၄၀-ရတင်ဆောင်စရိုး မှတ်တမ်းကြီး ရေးလိုသည့်ဆန္ဒ ။
- တောရဆရာတော်ကိုယ်တိုင် ရေးနှင့်ပြုခဲ့ ။
- ကျေးရွာတင်ရမလို ၆၆၂
- မဟာသရဏဂုံတော်ကြီးပူဇော် ။
- အကျိုးရမည်မျှော်လင့်ပါသည် ။
- ဦးမင်းကြည် (မဟာသဒ္ဓမ္မဇောတိကဓဇ) တည်းဖြတ်၍ ၆၆၃
- လက်ငင်းဒိဋ္ဌ အကျိုးရ ။
- ဦးမင်းကြည်၏ ကိုယ်ရေးအကျဉ်း ။
- သူတော်ကောင်းကြီးများ ပေါ်ထွန်းရာဒေသ ၆၆၄
- မျက်မှောက်ခေတ်ရတုဘုရင် ။
- (မဟာသဒ္ဓမ္မဇောတိကဓဇ) အဆိုတော်ဦးထွန်းရွှေ ၆၆၅
- (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့ရဆရာဦးစိုးတင် ။

၅၇။ ဓယားများဖြင့်တင်ပြခြင်း ၆၆၆
- ပထမပိုင်း
  - ဖွားမြင်ပညာသင်ဘွဲ့များရတော်မူခြင်း ၁၂၈၃-မှ ၁၃၁၅ ထိ သက်တော် ၃၂ ထိ ၆၆၇
- ဒုတိယပိုင်း
  ဘုရားဖြူ ဂဏဝါစက စာချဘုန်းကြီးဘဝ သက်တော်-၃၂ မှ ၄၂ ထိ (၁၃၁၆ မှ ၁၃၂၅) ၆၇၀
- တတိယပိုင်း
  တောရဆောက်တည်တော်မူခြင်း ပထမ ဝါတော် ၂၀-ကာလ သက်တော် ၄၂-မှ သက်တော် ၆၂-ထိ (၁၃၂၅ မှ ၁၃၄၅) ၆၇၂
- စတုတ္ထပိုင်း
  ဆက်လက်တောရဆောက်တည်တော်မူခြင်း ဒုတိယဝါတော် ၂၀ ကာလ သက်တော် ၆၃-မှ ၈၂-ထိ (၁၃၄၆ မှ ၁၃၆၅) ၆၇၆
- ပဉ္စမပိုင်း
  ဘဝနိဂုံးနောက်ဆုံးနေ့များ (၁၃၆၅ မှ ၁၃၆၆) သက်တော် ၈၃-တန်ခူးလမှ ဝါဆိုလအထိ ၃-လကြာကာလ ၆၈၈
- သီတင်းသုံးခဲ့သည့်ကျောင်းများ၊ တောရကျောင်းများနှင့် ဝါဆိုစဉ် ၆၈၉
- ခုနှစ်အလိုက် သိမ်သမုတ်ခဲ့သည့် မှတ်တမ်းဇယား ၆၉၀
- စာပေနှင့် ကျမ်းပြုခြင်း မှတ်တမ်း အကျဉ်းချုပ်ဇယား ၆၉၄

၅၈။ နဘူးကျင်းတောရဆရာတော်ဘုရားကြီး အပေါ် မျက်မြင်အားဖြင့် တွေ့ရှိရသော ကြည်ညိုဖွယ်ရာများ ၆၉၆
- အပြီးအဆုံးနိဂုံး ၆၉၉

၅၉။ တောင်းဆုဆို အမျှဝေခြင်း ၇၀၀
- ရေးသားပြီးစီးသည့် ခုနှစ်၊ လ၊ ရက် ၇၀၁

နောက်ဆက်တွဲ – က

အခန်း (၇)

၆၀။ မှန်တောင်တောရဆရာတော် ရေးသားထားသည့် လွှန်စွာထူးခြားအမှတ်တရများ ၇၀၃

နောက်ဆက်တွဲ – ခ

၆၁။ မှန်တောင်တောရဆရာတော်၏ ထုတ်ဩဘာ မင်္ဂလာဂါထာ ၂-ပုဒ် ၇၁၄

၆၂။ ကျမ်းကိုးနှင့်မှီရာများ ၇၁၇

၆၃။ နှစ်လေးဆယ်ကျော် ရတင်ဆောင်စရိုး စာမူဖြစ်မြောက်ရေး အလှူရှင်များစာရင်း ၇၂၁

၆၄။ ကျောက်စာတိုက်ကြီးနှင့် ကျောက်စာ အလှူရှင်များစာရင်း ၇၃၄

၆၅။ နှစ်လေးဆယ်ကျော် ရတင်ဆောင်စရိုး စာအုပ်ရိုက်နှိပ်ရေးအလှူရှင်များ ၇၃၇

နေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒ ပရိယတ္တိစာသင်တိုက်ကြီးနှင့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မဟာသီဟနာဒ ပရိယတ္တိစာသင်တိုက်ကြီးများ၏ ဦးစီးပဓာနနာယက (သာသနဓဇ ဓမ္မာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ အာစိဏ္ဏ ထေရ်၏ စာမိတ်ဆက်

တကဝေဒီ သိမ်းဆောင်

နမဗ္ဗုဒ္ဓုမှုတကံမရေသ အာရိယသ။ သူပြုခဲ့ဖူးသော ကျေးဇူးကို သိခြင်းသည် ကတညုတာမည်၏။ ကျေးဇူးဆိုသည်မှာ ဥစ္စာပေးခြင်း၊ အတတ်သင်ပေးခြင်း၊ အဆုံးအမ ဩဝါဒပေးခြင်း၊ ဘေးရန်အန္တရာယ်ကာကွယ်ပေးခြင်း စသည်ဖြင့် မိမိအပေါ်ပြုခဲ့ဖူးသော သူတစ်ပါး၏ ကောင်းမှုများ ဖြစ်တယ်။ ထိုကျေးဇူးကို နည်းနည်းများများ မေ့မထားဘဲ သတိရှိ၍ အောက်မေ့သည်၏ အစွမ်းဖြင့် 'သိနေခြင်း'ကို 'ကတညုတာ' ဟု ဆိုရတယ်။ သိနေခြင်းကို ကတညုတာ ဆိုသော်လည်း 'သိနေရုံသာသိခြင်း'ကို 'ကတညုတာ' မဆိုရ သိ၍သိသည့်အတိုင်း ကျေးဇူးဟုန်ပြန် 'ပြန်ပြုသူ'ကိုသာ 'ကတညုတာ' ဆိုရတယ်။

ပါးစပ်သာဟုတ်၍ လက်မလှုပ်သူများ ရှိတတ်တယ်။ ခြသေ့ကြီးတစ်ကောင် လည်ချောင်းကို အရိုးမြစ်၍ သေမလောက်ဖြစ်နေရာ ငှက်ကလေးတစ်ကောင်က ခြသေ့ပါးစပ် တုတ်နှင့် ထောက်ပြီး အာခေါင်အထိဝင်၍ အရိုးကို နှုတ်၊ ပြည်တွေကို ထုတ်ပစ်လိုက်၍ အသက်ချမ်းသာရာ ရသွားခဲ့ 'အသက်သခင် ကျေးဇူးရှင်မို့ ကျေးဇူးတင်ပါကြောင်း၊ ကျေးဇူးဆပ်ပါမည့်အကြောင်း ပြောဆို ပါးစပ်ကဟုတ်ခဲ့ပြီး' တစ်ချိန်ဘာသ်နေရာ၌ ကျွဲကြီးသတ်၊ ကျွဲသားစားနေတဲ့ ခြသေ့ကြီးမြင်လို့ ငှက်ကလေးက ကျေးဇူးဆပ်ရန် ပြောတဲ့အခါ 'နင့်ကျေးဇူး ငါ့မှာ မရှိတဲ့အပြင် ငါ့လည်ချောင်းထဲက ပြည်တွေ၊ သွေးတွေတောင် နင်စားသွားသေး' လို့ ပြန်ပြောသတဲ့။ ဒီလိုလက်မလှုပ်သူများကို 'ကတညူ' မဆိုရ။

ခြသေ့ကြီးတစ်ကောင် ညွှန်ထဲနစ်နေ၊ ခုနစ်ရက်ခန့်အကြာ ကူညီသူမလာလျှင် သေရတော့မည့်အချိန် မြေခွေးလေးတစ်ကောင် ရောက်လာ၊ ရွှံ့ညွှန်တွေယက်ထုတ်ပြီး ကူညီတော့မှ အသက်ချမ်းသာရာရသွား၊ အသက်သခင် ကျေးဇူးရှင်မို့ ကျေးဇူးဆပ်ပါရစေ၊ ပါးစပ်ကလဲ ဟုတ်၊ မြေခွေးကို ဇနီးမယားနဲ့သမီးသားတို့ပါ မိမိအနား ခေါ်ထားပြီး မိမိ မိသားစုကို လုပ်ကျွေးစောင့်ရှောက်သလို လုပ်ကျွေးစောင့်ရှောက် လက်လည်းလှုပ်သူကိုမှ 'ကတညုတာ' ဆိုရတယ်။

လောက၌ ရနိုင်ခဲ့သူများ။ (၁) ပုဗ္ဗကာရီပုဂ္ဂိုလ် – ရှေးဦးစွာ ကျေးဇူးပြုတတ်သူ ပုဂ္ဂိုလ်၊ (၂) ကတညုတာ ကတဝေဒီ ပုဂ္ဂိုလ် = သူပြုဖူးသည့် ကျေးဇူးကို သိတတ်ထုတ်ဖော်တတ်သူ ပုဂ္ဂိုလ် – ဤပုဂ္ဂိုလ်နှစ်မျိုးမှာ လောက၌ ရနိုင်ခဲ့သော (ဝါ) ရဖို့ရန် ခက်ခဲသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဘုရားရှင် ဟောတော်မူတယ်။

ပုဗ္ဗကာရီ ပုဂ္ဂိုလ်

နဘူးကျောင်းတောရ ဆရာတော်ဘုရားကြီးကား– မောင်သိမ်းဆောင် အပါအဝင် တပည့်၊ ဒါယိကာမတို့များအပေါ် မရေမတွက်နိုင် ကျေးဇူးပြုခဲ့သော 'ပုဗ္ဗကာရီ' ပုဂ္ဂိုလ် ဖြစ်တယ်။

ဆရာတော်ဘုရားကြီးရဲ့ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ စတဲ့ ဂုဏ်တွေ၊ ကျေးဇူးတွေကို ခံယူသုံးစွဲခဲ့ကြသော ဂဏန်းပြမရ များပြားလှတဲ့ တပည့်ဒကာ၊ ဒကာမ တို့များထဲမှ 'မောင်သိမ်းဆောင်' တစ်ယောက်ကတော့ ဆရာ့ကျေးဇူးတွေကို ပါးစပ်ပြောမဟုတ်၊ လက်ပါလှုပ်၍ စာအုပ်ကြီးရေးပြီး ထုတ်ဖော်ပြနိုင်တဲ့ ရနိုင်ခဲသော (ဝါ) ရဖို့ရန် ခက်ခဲသော 'ကတညုတာ ကတဝေဒီ' ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်။ ဒါကြောင့် ဒို့ရေးတဲ့စာ ခေါင်းစည်း 'ကတဝေဒီသိမ်းဆောင်'လို့ ခေါင်းစည်းတပ်လိုက်တယ်။

မောင်သိမ်းဆောင် စာအုပ်ပို့လိုက်လို့ ကျောင်းတိုက်ရောက်နေပေမယ့် ဆယ်နှစ်သာသနာပွဲတွင် အလုပ်များနေ၍ မကြည့်ဖြစ်၊ ပွဲပြီးလို့ကြည့်လိုက်တဲ့အခါ စာမျက်နှာပေါင်း (၇၀၀) ကျော် စာအုပ်ကြီး မြင်လိုက်တော့ အံ့ဩသွားတယ်။ 'ဟာ...' လို့တောင် အာမေဋိတ်မိတယ်။ မောင်သိမ်းဆောင်ရဲ့ အကြည်ညိုလွန်ကဲတဲ့ အမိက သဒ္ဒါတရားနဲ့ အဓိပတိကိစ္စတပ် ဆောင်ရွက်ထားတဲ့ လုံ့လအားကိုလည်း လွန်စွာအားရကျေနပ်ပြီး ညီလေးတစ်ယောက်လို့ မမြင်တော့ဘဲ လေးစားလောက်တဲ့ စာရေးဆရာတစ်ယောက်လို့ မြင်သွားတယ်။

ဆရာတပည့်ဖြစ်ရုံမက ဆရာတူတပည့်ဖြစ်နေ

စာအုပ်ကြီးကို စိတ်ဝင်တစား ဖွင့်လှန်ကြည့်လိုက်တော့လည်း ဆရာတော်ဘုရားကြီးက ဒို့နဲ့ ဆရာတပည့်ဖြစ်ရုံမက ဦးဝိမလ၏ တပည့်ချင်း တူနေပြန်လို့ ဆရာတူတပည့် ဖြစ်နေတာတွေ၊ ဦးဝိမလကလည်း သရက်ကန်၊ ဦးဥက္ကံသထံ၌ ရဟန်းဖြစ် တောရဆရာတော်ကလည်း သရက္ကန် ဦးဥက္ကံသထံ၌ ရဟန်းဖြစ်ချင်း တူနေပြန်လို့ သာသနာရေစီးကြောင်း၊ ဆင်းသက်လာတဲ့ အနွယ်အဆက် တစ်နွယ်ထဲ ဖြစ်နေတာရယ် စသည်ဖြင့် အစစအရာရာ ဒို့နှင့်ဆက်စပ်နေသည့်အပြင် မဟာသီဟနာဒတိုက် တည်တဲ့အချိန်ကစပြီး ဆရာတော်ရဲ့ မေတ္တာကျရောက်ချီးမြှောက် အပြည့်အဝကြီး ခံယူခဲ့ရတာဖြစ်လို့ တောရဆရာတော်ရဲ့ ခရီးစဉ်ထဲမှာ (ဝါ) 'နဘူးကျောင်းမဟာတိသာရ သာသနာဝင်'ထဲမှာ ဒို့လည်း မပါမဖြစ် ပါဝင်နေတာ ဖတ်ရတွေ့ရတော့ မောင်သိမ်းဆောင်ရဲ့ 'ကတဝေဒီ' စာအုပ်ကြီး ဘယ်လိုပြောရမည်မသိ 'အထူးခံစား' နေရတယ်လို့ပဲ ပြောရမည်ထင်တယ်။ တို့ငယ်စဉ်က ဆရာတော် ဦးဝိမလ သင်ပြပြောဆိုနေပုံတွေ၊ အခု သင်ပြပြောဆိုနေသလို ခံစားနေရတယ်လို့။ ဦးဝိမလက ကြမ်းတမ်းခက်ထန်တဲ့ စကားသံမျိုးနဲ့ တပည့်တွေကို ခေါ်လေ့ဆိုလေ့ မရှိဘူး – သူခေါ်လျှင် 'ဟဲ့–သတ္တဝါ'လို့ဘဲ ခေါ်တယ်၊ စိတ်ဆိုးလို့ ဒီထက်တိုးခေါ်လျှင် 'ဒီသတ္တဝါ ဖနောင့်နှင့် ပေါက်ပြစ်လိုက်စမ်း' ဒါလောက်ပဲ၊ ရယ်မော်စရာတွေ့လို့ ရယ်မောတဲ့အခါလည်း အသံထွက်အောင်ရယ်တာ ရှားတယ်။ သူ့နှမ ဒေါ်မေလည်း ဒီလိုပဲ။

ဘုရားဖြူတိုက်မှာ စတင်ဖူးတွေ့ခဲ့ရ

တောရဆရာတော်က ဒို့ကို ပြောဆိုနေတဲ့ ချီးမြှောက်မှုတွေကိုလည်း အခုပြောဆိုနေသလို ခံစားရတယ်။ တောရဆရာတော်ကို ဒို့ကလေးဘဝ မှတ်မှတ်ရရ မတွေ့မမြင်ဖူးခဲ့ဘူး။ ဒို့ရဟန်း (၇)ဝါခန့်လောက်ရောက်မှ ဆရာတော် တောထွက်ခါနီး ရန်ကုန် စေတီယင်္ဂဏ စာမေးပွဲအဖြေသွားတော့ တည်းခိုရတာက ဗဟန်းဝိသုဒ္ဓါရုံမှာ၊ ဘုရားဖြူကျောင်းတိုက်၌ ကိုယ့်ဆီက ဦးဥာဏဝံသတို့ ရှိလို့ သွားတဲ့အခါ ဦးဥာဏဝံသက ပို့လို့ ဆရာတော်ထံရောက်၊ ပထမဦးဆုံး မှတ်မှတ်ရရ ဖူးရတွေ့ရတာ (၁၃၂၅) ခုနှစ်၊ ပြာသိုလလို့ ထင်တယ်၊ ဦးဥာဏဝံသက ဦးအာစိဏ္ဏလို့ခေါ်ကြောင်း၊ ကံကြီးဆရာကြီး ဦးရှင်ရဲ့တူဖြစ်ကြောင်း လျှောက်ထားပြတော့ ဆရာတော်စိတ်မှာ ရင်းနှီးသွားပုံရတယ် (ဆရာ့ကျေးဇူးပေါ့)။

အောင်လက်မှတ်ထဲမှာ အမဲစက်ကြီးမထင်စေနဲ့

ပထမဦးဆုံး တောရဆရာတော်ထံမှ ရရှိလိုက်တဲ့ ဩဝါဒ 'စာမေးပွဲလာဖြေတယ် ဆိုလို့ သဘောကျတယ်၊ စာမေးပွဲအောင်လို့ ရတဲ့အောင်လက်မှတ်ထဲမှာ အမည်းစက်ကြီး မထင်စေနဲ့'တဲ့။ (ဒီဩဝါဒကို ထောက်၍ ရှင်းနီးသွားပုံရတယ်လို့ ပြောတာ၊ လူစိမ်းဆို ဒီလိုဘယ်ပြောမလဲ၊ အခုကိုယ်က စာချဆရာလုပ်နေတော့ ဆရာ့ဩဝါဒက သိပ်အသုံးဝင်နေတယ်လေ)။

ပထမဦးဆုံးရရှိတဲ့ ဆရာတော် ချီးမြှောက်တဲ့ ပေါ်ပလင်သက်န်း ဩဝါဒပေးပြီး ကုဋ္ဌအောက်ထန်းကောက်ဖာတည်းက ပေါ်ပလင်သကန်း တစ်စုံ ဆွဲထုတ်ပြီး ချီးမြှောက်ခဲ့တယ်။ (ထိုအချိန်က ပေါ်ပလင်သကန်းဆိုတာ အကောင်းဆုံးလောက်ပဲ၊ စာသင်သားဘဝဆိုတော့ ပို၍ အကောင်းဆုံးဖြစ်နေ)'။

၁၃၃၄ ခု၊ နယုန်လလောက် စာဝါတွေနားရွာပြန်ရောက် ရောက်လျှင်ရောက်ချင်း အမေ့ထံမှ တောရဆရာတော် နဘူးကျောင်းပြန်ကြွလာကြောင်းသိရ၊ နောက်တစ်နေ့ နေ့လည် (၂)နာရီခန့် ဆရာတော်ထံရောက်၊ ပထမဆုံးဆောက်တဲ့ ခြေတံရှည်ကျောင်းကလေးပေါ်မှာ ဆရာတော်အား ဦးတင်ရှိခိုးကန်တော့။

သူတော်ကောင်းလို့မြင်ကြတာ

"မန္တလေးမှာ စာချနေတယ်လို့ ကြားတယ်၊ ဒီဘုန်းကြီး ရန်ကုန်ဆိပ်ကမ်းက သင်္ဘောစီးပြီး တောထွက်လာ၊ သင်္ဘောပေါ်မှာ လိုက်ပါလာသူတွေက အမျိုးမျိုး အဝတ်ကောင်းဝတ်၊ အစားကောင်းစား၊ တစ်ချို့များ သီဆိုတီးမှုတ်ကခုန် ဒီဘုန်းကြီး ကြည့်လိုက်တော့ ခေါင်းကလည်း ကတုံး၊ အဝတ်ကလည်း ဖန်ရည်ဆိုး၊ စားခွက်ကလည်း မည်းမည်းညိုညို၊ နှုတ်ခမ်းတို ဘယ်သူနဲ့မှ မတူ၊ တမူထူးခြား၊ အရူးများလား ထင်နိုင်၊ ဒါပေမဲ့ အရူးလို့ မထင်မမြင်ကြဘဲ 'သူတော်ကောင်း' လို့ မြင်ကြပြီး ဦးချသူက ချ၊ ကန်တော့သူက ကန်တော့၊ လှူဒါန်းသူက လှူဒါန်းကြ၊ ဒီလို 'သူတော်ကောင်း'လို့ မြင်ကြတာ။ 'ပရိယတ်' မီးမောင်းထိုးပြထားလို့" တဲ့ ပရိယတ် ဘဝစာခါချနေတဲ့ ဒို့ကို ဩဝါဒဖြင့် ချီးမြှောက်ပြီး–

သူ့ရဲကောင်းယောကျ်ား နထိုးကြီးသား

နောက်က ကိုရင်လေးဘွဲ့ ဘယ်သူလဲ၊ ကုမာရကဿပပါ အရှင်ဘုရား၊ ဇာတိဘယ်အရပ်ကလဲ၊ နထိုးမြို့နယ် ထန်းတောရွာကပါ အရှင်ဘုရား– "အင်းဝရှင်ဘုရင်လက်ထက် စစ်တိုက်ဖို့ စစ်သားစုဆောင်းတဲ့အခါ သူ့ရဲကောင်းယောကျ်ားနထိုးကြီးသားတစ်ယောက် ပါတယ်။ စစ်တိုက်ထွက်လာတော့ ယခု အလယ်ကုန်းရွာနယ်အရောက် အုံ့ဆိုင်းညို့မှိုင်းနေတဲ့ သစ်တောတွေမြင်တော့ 'စစ်ပွဲအောင်လို့ ရှင်ဘုရင်က လိုရာဆုတောင်းခိုင်းလျှင် ဒီနေရာအရပ်ကို အပိုင်စားတောင်းမည်လို့ အကြံဖြစ်သွား၊ စစ်ပွဲနိုင်လို့ အောင်လာတော့ ရှင်ဘုရင်က လိုရာဆု အတောင်းခိုင်းတဲ့အခါ အကြံဖြစ်စိတ်ကူးထားတဲ့အတိုင်း အပိုင်စားတောင်းဆို ဆုအဖြစ်ပေး၍ နထိုးသားအိမ်ထောင်စု သုံးရာနှင့် ဘုန်းကြီး (၃)ပါးပင့်လာပြီး နထိုးကြီး ရွာတည်စိုက်ပျိုး သုံးစွဲရန် အကြံဖြင့် ရွာအထက်က ရေကန်ကြီးတူး၊ ယခုအထိ 'နထိုးကန်' အမည်နဲ့ရှိနေသေးတယ်၊ ရွာကြီးကတော့ ထိုအချိန်က မိုးကလည်းများ၊ အထက်က ရေကန်လည်း ရှိနေတော့ စိမ့်စမ်းတွေများပြီး ဖျားကြနာကြဖြစ်လို့ ကုန်းကျတဲ့နေရာတွေ ရွှေ့ပြီး အလယ်ကုန်း၊ အင်းကုန်း၊ ဆေးပုလဲကုန်း၊ မကျီးကုန်း၊ ဘုရားကုန်း၊ နထိုးငါးရွာ ဖြစ်လာတယ်။ ဒို့ နဘူးကျောင်းကလည်း အလယ်ကုန်းကပဲ"လို့ ကိုရင်လေးနဲ့ နထိုးနွယ်ချင်းတူကြောင်း ဩဝါဒချီးမြှောက်။

သူရဲကောင်းတည်သွားတဲ့ မြတိုက်ရွာ

"ထိုသူရဲကောင်းက သူ့လက်ထောက် လှုယုံတော် သူရဲကောင်းတစ်ယောက်အား မျှောက်လားသော် တမာချောင်းရိုး၊ တောင်လားသော် သိမ်ချောင်းရိုး၊ နယ်မြေကို အပိုင်စားပေးပြီး ရွာတည်နိုင်းလို့ လှုယုံတော် သူရဲကောင်းက 'မြတိုက်ရွာ'ကို စတင်တည်တာ ဒီဘုန်းကြီးတို့ ငယ်ငယ်က နထိုးကို သွားကန်တော့ကြတယ်။ နထိုးကလည်း လာကန်တော့တယ်' ဒီဩဝါဒဖြင့် နထိုးသား ကိုရင်လေးကော မြတိုက်စာချဘုန်းကြီးပါ ဆရာတော်နှင့် တနယ်တည်းဖြစ်နေတဲ့သဘောကိုပြပြီး ဆရာတပည့်နှစ်ပါးဆုံကို ရှင်ပြုအားတက်စေခဲ့တယ်။

ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ပြန်လည်တည်ပေးခဲ့

စကားစပ်လို့ စကားချပ်ကလေး ညှပ်လိုက်ဦးမယ်။ လှုယုံတော် သူရဲကောင်းတည်သွားတဲ့ 'မြတိုက်' ရွာကလေးက ခေတ်အဆက်ဆက် ဒိုင်နယ်သူကြီးများ ဖြစ်ခဲ့ကြပြီး နောက်ဆုံး သူကြီး ဦးဘိုးထွန်းအထိ တိုးတက်ခဲ့တယ်။ သာသနာပြုဘုန်းတော်ကြီးကျောင်း သီလရှင်ကျောင်းတို့ဖြင့် ဘက်စုံစည်ကားခဲ့ရာ ဒုတိယကမ္ဘာစစ် စစ်ကြီးခေတ်လောက်တွင် ဘုန်းတော်ကြီးကျောင်းရော သီလရှင်ကျောင်းပါ ပျက်စီးကုန်တယ်။ ၁၃၆၇–ခုနှစ်မှာ ဘုန်းတော်ကြီးကျောင်းကို 'မဟာရတနာပြတိုက်' အမည်၊ ၁၃၇၀–ပြည့်နှစ်မှာ သီလရှင်ကျောင်းကို 'လှမကိုင်မြတိုက်သီလရှင်' အမည်ဖြင့် ပြန်လည်တည်ဆောက်ပြီး အစဉ်အဆက် ဘိုးဘွားတို့၏ ကျေးဇူးတွေကို ဖော်ထုတ်သည့်အနေဖြင့် 'ကတညုတာ ကတဝေဒီ' မင်္ဂလာများ တိုးပွားစေခဲ့ကြတယ်။

ဩဝါဒပေးနေပုံတွေ အစုတွေ့နေရသလို

မောင်သိမ်းဆောင်ရဲ့ ကတာဝေဒီ စာအုပ်ကြီး ဖတ်လိုက်ရတော့ ဆရာတော်ရုပ်ပုံနှင့် ဩဝါဒပေးနေပုံတွေ အစုတွေ့နေရသလို ခံစားနေရတယ်။ ဆရာတော်ရဲ့ ကျေးဇူးတော်မှုတွေကို ဒီလိုစံယူရရှိခဲ့တာလို့ ဝုဏ်ယူပြီး ၁်အကြောင်းတွေ ရေးလိုက်ခြင်း ဖြစ်တယ်။

ရှိနိုင်ခဲ့သော ရဖို့ရန်ခက်ခဲသော 'ပုဗ္ဗကာရီပုဂ္ဂိုလ်ထူး ကတညုတာ ကတဝေဒီ' ပုဂ္ဂိုလ်ထူးတွေ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

လှုယုံတော် သူရဲကောင်း တည်
မြတိုက်ရွာ ဇာတိဘွား
တောရ ဆရာတော်၏ တပည့်

အရှင်အာစိဏ္ဏ
မဟာသီဟနာဒ
တပ်ကုန်းမြို့။
ဖုန်း – ၀၆၇–၇၀၀၆၄ နေပြည်တော်

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀–ရက်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် သာဂရမြို့ မုန်တောင်တောရဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ (သာသနဓဇ မဟာစရိယ၊ အရည်ဝါသီ) ၏

အမှာစာ

ထေရုပ္ပတ္တိကျမ်း ထွက်ပေါ်လာ၍ ဝမ်းမြောက်ဝမ်းသာဖြစ်

(၂၉.၉.၂၀၀၉) နေ့ ရက်စွဲဖြင့် **ဦးသိမ်းမောင် (ရမည်းသင်း)** ထံမှ **"အမှားအမှန် စိစစ်ပြီး အမှာစာ ရေးသားပေးပို့ပါရန်"** လျှောက်ထားလွှာနှင့်အတူ စာမျက်နှာ (၇၂၂) မျက်နှာရှိပြီး မျက်နှာဖုံး အရောင်အသွေး အထားအသိုနှင့်တကွ စာရွက်စာသားများပါ ကောင်းမွန်သေသပ်ပြီး အလွန်ခန့်ငြား ထည်ဝါလျက်ရှိသော ကျေးဇူးရှင် **"နဘူးကျင်း ရန်ကင်းတောရ ဆရာတော်ဘုရားကြီး၏ နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး"** ကျမ်းစာအုပ်ကြီးတစ်အုပ် ရောက်ရှိ၍လာပါသည်။

'ကျမ်းစာအုပ်ကြီး'ကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။ အကြောင်းမှာ - ဤကျမ်းစာအုပ် စာမျက်နှာ (၄၆၀) ၌ **"တောရဆရာတော် သက်တော်ထင်ရှား ရှိတော်မူစဉ် ထိုမှတ်တမ်း မရေးသင့် / မရိုက်သင့်ကြောင်း (ပ) အချို့တပည့်များက စာဖြင့် ကန့်ကွက်လာပါသည်"** ဟူသောတင်ပြချက်ကို ဖတ်ရှုကြရမည် ဖြစ်ပါသည်။

အကြံပြုခြင်းသာ

ကျမ်းပြုသူက မိမိကို ငဲ့ပြီး ပုဂ္ဂလဓိဋ္ဌာန်အနေဖြင့် မရေးလို၍ ဓမ္မာဓိဋ္ဌာန်အနေဖြင့် ရေးသားတင်ပြထားခြင်း ဖြစ်သည်။ ကန့်ကွက်သူဆိုသည်မှာ တခြားသူ မဟုတ် မိမိ ပင်ဖြစ်ပါသည်။ ကန့်ကွက်ခြင်းတော့ မဟုတ်ပါ။ "မှန်/မမှန်၊ သင့်/မသင့်" လေးချက်ဖြင့် အမှားအမှန် အကျိုးအပြစ်ကို ဝေဖန်သုံးသပ် ဆုံးဖြတ်နိုင်ရန်အတွက် အကြံပြုတင်ပြထားခြင်းသာ ဖြစ်သည်။

ပဓာန ရည်ရွယ်ချက်

ကျမ်းပြုသူ၏ ရည်ရွယ်ချက်မှာ တောရမွေ့လျော် ဓုတင်ဆောင် ရဟန်းတော်များ စဉ်ဆက်မပြတ် ထွက်ပေါ်လာကာ **"တောရသာသနာ အရှည်ခန့်၍ တည်တံ့ ပြန့်ပွားစေလိုခြင်း"** ဟူသော ပဓာနအကျဆုံး ရည်ရွယ်ချက်ကို တွေ့မြင်ကြရမည် ဖြစ်ပေသည်။

လျှို့ဝှက်စွာ ကျင့်သုံးကြရ

မှန်၏ တောရဓုတင်အကျင့်ကို အစစ်အမှန်ကျင့်သုံးတည်ဆောက်ကြသော ရဟန်းတော်များမှာ ယနေ့ခေတ် ဒုလ္လဘရဟန်းခံပွဲများကို ကျင်းပပြုလုပ်ကာ ကြေညာမောင်းခတ်၍ လူရှေ့သူရှေ့၌ ဓုတင်ဆောက်တည်ပြရသော အကျင့်မျိုး မဟုတ်ပါ၊ **"လူသိမခံဘဲ လျှို့ဝှက်စွာ ကျင့်သုံး ဆောက်တည်ကြရသော အကျင့်မျိုး"** သာ ဖြစ်သည်။

ရည်ရွယ်ချက်ကောင်းမွန်၍ အောင်မြင်နိုင်

ထို့ကြောင့် လူသာမန်များအနေဖြင့် တောထဲ၌ ပုန်းအောင်း၍ လျှို့ဝှက်စွာ တောရဓုတင် အကျင့်ကို ဆောက်တည်၍ ပဋိပတ္တိ(အကျင့်သာသနာ)ကို

ထွန်းကားပြန့်ပွားအောင် ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ ကျင့်ကြံကျိုးကုတ် အားထုတ်လျှက် ရှိကြသော တောရမွေ့လျော် ဓုတင်ဆောင် ရဟန်းတော်များကို သိသူနည်းပါး ကြည်ညိုသူ ရှားကြသလို လက်ရှိ တောရကျောင်းများမှာလည်း လူနေအိမ်များ တိုးချဲ့ ဝင်ရောက်လာသဖြင့် အကာအကွယ် ကင်းမဲ့ကာ တစ်နေ့တစ်ခြား ပျက်စီးဆုံးရှုံးလျက် ရှိနေသည်ကို ကြားသိနေရသော ဤကျမ်းပြုစုသူ ဦးသိမ်းဆောင် (ရမည်းသင်း)အနေဖြင့် **"အာဏာပိုင်အဖွဲ့အစည်းများနှင့်တကွ ပြည်သူပြည်သား အပေါင်းတို့က ဝိုင်းဝန်း၍ တောရသာသနာတော်ကို ကာကွယ် စောင့်ရှောက် ချီးမြှောက် ထောက်ပံ့စေလိုခြင်း"** ဟူသော "သဒ္ဓါဆန္ဒ လွှမ်းမင်းပြင်းပြ ဖြစ်လျက်ရှိနေပုံ" ကို ဖော်ပြထားပြီး ဖြစ်သဖြင့် ဤကျမ်းစာ ထွက်ပေါ်လာခဲ့ပါက ကျမ်းပြုသူ၏ ရည်ရွယ်ချက် "အတော်အသင့် ပြီးမြောက်၍ ခရီးရောက်လိမ့်မည်"ဟု ယုံကြည်ယူဆလျက် ရှိပါသည်။

ပညာရှိများ ကဲ့ရဲ့ခြင်းမှ ကင်းဝေးစေလို

ကျမ်းပြုသူ၏ရည်ရွယ်ချက်များ အောင်မြင်ပြီးမြောက် ခရီးရောက်နိုင်သော်လည်း လာဘ, သက္ကာရ, သိလောကမဖက် သဒ္ဓါသက်သက်ဖြင့် ဆင်းရဲပင်ပန်းကြီးစွာ လှို့ဝှက်၍ ဆောက်တည်လာခဲ့သော ကျေးဇူးရှင် နဘူးကျင်းရန်ကင်းတောရ ဆရာတော်ဘုရားကြီး၏ နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး၌ ဆရာတော်ဘုရားကြီး၏ ဂုဏ်ပုဒ်တွေကို သက်တော်ထင်ရှားရှိစဉ် ယခုလို ရေးသားရိုက်နှိပ်ထုတ်ဝေဖြန့်ချိခဲ့မည်ဆိုလျှင် ဆရာတော်ဘုရားကြီး၏ ဖြူစင်မြင့်မြတ်သော စိတ်ဓာတ်နှင့် အကျင့်ဂုဏ်တို့ကို အတွင်းကျကျ မသိရှိကြသော ပညာရှိသူတော်ကောင်းများက ထင်ပေါ်ကျော်ကြား လူသိများလို၍ တောရဆောက်တည်ခြင်း ဖြစ်သည်ဟု အထင်လွဲမှား မှတ်ယူသွားကြမည်ကို စိုးရိမ်သောကြောင့် ဆရာတော်ဘုရားကြီး အမှူးပြုသော တောရဆရာတော်ဘုရားကြီးများနှင့် စာသင်တိုက် ဆရာတော်ဘုရားကြီးများထံ မိမိ၏ အကြံပြုလွှာကို တင်ပြလျှောက်ထား အကြံဉာဏ်များ ရယူပြီးမှ ဆောင်ရွက်မည် ဆိုလျှင် ပို၍ သင့်လျော်လျောက်ပတ် ကောင်းမြတ်နိုင်လိမ့်မည် ထင်ကြောင်း အကြံပြုခြင်းသာ ဖြစ်ပါသည်။ (ကန့်ကွက်ခြင်း မဟုတ်ပါ။)

မိတ္တူလွှာများပေးပို့ခဲ့

ဤကျမ်းပြုစုသူ ဦးသိမ်းဆောင်(ရမည်းသင်း) ထံသို့ ပေးပို့သော အကြံပြုလွှာကို နဘူးကျင်းရန်ကင်းတောရ ဆရာတော်ဘုရားကြီးနှင့် ရန်ကုန် ဆရာတော် အရှင်ဇာဂရိယ တို့ထံသို့လည်း မိတ္တူလွှာများ ပေးပို့ခဲ့ပါသည်။

ဆရာတော် ၂-ပါးလုံး လက်ခံခဲ့

မိမိအကြံပြုတင်ပြထားသော မိတ္တူလွှာကို ဖတ်ရှုကြရသော ဆရာတော် ၂-ပါးလုံးက အလေးအနက် သုံးသပ်ဝေဖန်ပြီး အသက်ထင်ရှားရှိစဉ် ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိခြင်း မပြုရန် သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း တစ်ဆင့်စကား ကြားသိရပါသည်။ မိမိ၏ ကန့်ကွက်ချက်ကြောင့် မဟုတ်ဘဲ ဆရာတော်ဘုရားကြီး တတ်သိသော ပညာရပ်၏ တစ်စိတ်တစ်ဒေသ ခြေမှုန့်ပမာဏ အဆင့်မျှသာ ရှိသော တပည့်တစ်ပါး၏ အကြံပြု တင်ပြချက်ကို သဘောတူကျေနပ် လက်ခံခဲ့ခြင်းမှာ ကြောင်းကျိုးယုတ္တိယုတ္တာ ကင်းမဲ့လျှင် မည်သည့်နည်းနှင့်မျှ လက်ခံကြမည် မဟုတ်ကြောင်းကို အဂတိကင်းရှင်းတော်မူသော ဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ

ပညာဂုဏ်တို့ကို ယုံကြည်ကြသူတိုင်း သဘောပေါက်နားလည် လက်ခံပေးနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

အဂတိကင်းရှင်းစွာ ဆုံးမတော်မူပုံ

မုန်တောင်တောရ သိမ်သမုတ်ပွဲကိစ္စ မကျေနပ်ချက်များ

၁။ (ရမည်းသင်းမြို့နယ် အတွင်းရှိ တောရသံဃာတော်များနှင့် လယ်ဝေးမြို့နယ်အတွင်းရှိ တောရသံဃာတော်များကို ကားတစ်စီးတည်းဖြင့် လှည့်လည်၍ ပင့်ဆောင်နေရသဖြင့်) အချိန်နောက်ကျမှ ဆရာတော်ဘုရားကြီး၏ ကျောင်းသို့ ရောက်ရှိလာသည်ကို မကျေနပ်ခြင်း။

၂။ မဟာမြိုင်တောရဆရာတော် ဦးဇောတိက မလိုက်ကြောင်း သိရှိရပါလျက် (ရအောင်ပင့်ဆောင်ခဲ့ဖို့ရန် ဒါယကာ ဒါယိကာမများ၏ လျှောက်ထားချက်အရ) ထပ်မံသွားရောက် ပင့်ဆောင်နေရခြင်းကြောင့် နာရီဝက်ခန့် အချိန်ဖြုန်း၍ ထိုင်ပြီး စောင့်နေရခြင်းကို မကျေနပ်ခြင်း။

၃။ (အသွား၌ ပင့်ဆောင်သော်လည်း မဝင်ဘဲပြန်ကြွလာမှ တောရသံဃာတော်များစွာကို ဖူးမြော်ခွင့် ရရှိနိုင်ရန်အတွက် ခေတ္တဝင်ပေးမည်ဟု ဝန်ခံကတိပြုချက်အရ) လယ်ဝေးမြို့ ဆင်ဖြူတော်ဆေးလိပ်ခုံသို့ ဝင်ရောက်ပေးခဲ့ခြင်းကို မကျေနပ်ခြင်း။

၄။ (သိမ်သမုတ်ပွဲကိစ္စ၌ ပါသာဒိက ဖြစ်စေရန်အတွက် ဆရာတော်ဘုရားကြီးထံ ကြိုတင်ခွင့်ပြုချက် မရယူဘဲ) ကနတ္တဒဏ် ထီးဖြူများ သိမ်သမုတ်သည့်နေရာ၌ စိုက်ထူထားခဲ့ခြင်းကို မကျေနပ်ခြင်း။

၅။ (များစွာသော ပရိသတ်များ တရားနာယူနိုင်ရန်အတွက်) အလွန်ကြီးစွာသော မိုးလုံမဏ္ဍပ်ကြီး ဆောက်လုပ်ထားခြင်းကို မကျေနပ်ခြင်း။

၆။ (တရားဟောရန် လက်မခံဘဲ ငါးပါးသီလချီးမြှင့်ပေးမည့် ခွင့်ပြုချက်သာ ရရှိခဲ့ပါသော်လည်း အစီအစဉ် ရေးဆွဲရာ၌ကား) **"ဆရာတော်ဘုရားကြီးထံ၌ ငါးပါးသီလခံယူ၍ ဩဝါဒကထာများကို မှတ်သားနာယူရန်"** ဟု အပိုထည့်၍ ရေးဆွဲခဲ့ခြင်းကို မကျေနပ်ခြင်း။

၇။ မိုးချုပ်မှ မုန်တောင်တောရသို့ ရောက်သဖြင့် (အရပ်မျက်နှာ အမှတ်မှား၍) မျက်စိလည်နေခြင်းကို မကျေနပ်ခြင်း။

၈။ (များပြားလှစွာသော ပရိသတ်ထဲ၌ တာဝန်ရှိသူများကို အလွယ်တကူ ခေါ်ယူနိုင်ရန်နှင့် တရားဟောရာ၌ အသုံးပြုရန် အတွက်သာ)အသံချဲ့စက် ထည့်ခြင်းကို မကျေနပ်ခြင်းတို့ကြောင့် ဩဝါဒပေးရာ၌ "ဩဝါဒဆိုသည်မှာ အဝသဒ္ဒါက လာခြင်းဖြစ်သည်။ အဝသဒ္ဒါကို ဩ(ော) ပြု၍ ဩဝါဒဖြစ်လာရသည်။ အဝသဒ္ဒါမှာ ရှုတ်ချခြင်း အနက်ကိုဟောသဖြင့် (အပြစ်ကိုပြ၍) ပြောဆိုဆုံးမ ဩဝါဒပေးရမည်ဆိုလျှင်. . .

"စထွက်လာကတည်းက အခုအချိန်ထိ ဒီဘုန်းကြီး မလုပ်ချင်တာတွေကိုသာ လုပ်နေရတယ်။ လုပ်ချင်တာတွေကို မလုပ်ရဘူး၊ သိမ်ထဲမှာလည်း ကနတ္တဒဏ် ထီးဖြူတွေကို စိုက်ထားသလို မဏ္ဍပ်ကလည်း ကြီးကြီးကျယ်ကျယ် ဆောက်လုပ်ထားပြန်တယ်။ ဘုရားလက်ထက်က ကျောင်းအကြီးကြီးတွေ ဆောက်လုပ်နေကြတဲ့ ရဟန်းတော်များ ကျောင်းကမပြီးနိုင်သဖြင့် ဒါယကာ ဒါယိကာမတွေကို ခဏခဏ ခေါ်ခေါ်ပြီး နိုင်းတာများလွန်းတဲ့အတွက် နွားတွေ လာတာကို အဝေးကမြင်တဲ့အခါ ဘုန်းကြီးတွေထင်ပြီး ထွက်ပြေး ပုန်းရှောင်နေတဲ့အထိ ဖြစ်ခဲ့ရတယ်" စသည်ဖြင့်

ပရိသတ်ထဲ မျက်နှာမဖော်ရဲလောက်အောင် ပြတ်ပြတ်သားသား အဂတိကင်းရှင်းစွာ ပြောဆိုဆုံးမတော်မူခဲ့ပါသည်။

လျှောက်ထားတောင်းပန်ချက်

မိမိအနေဖြင့်လည်း "ဘာကြောင့် ဤကဲ့သို့ဆောင်ရွက်ရကြောင်းကို ပြန်လည်ရှင်းလင်းလျှောက်ထားပြီး ဆန်ရင်းကို နာနာဖွတ်ရသလို တပည့်ရင်းကိုပြောဆိုဆုံးမပေးခြင်းသည် ရွတ်ချခြင်းဟု မယူဆဘဲ ချီးမြှောက်ခြင်းသာ ဖြစ်သည်ဟု နားလည်သဘောပေါက်ကြောင်း နောက်နောင်ကို ဆရာတော်ဘုရားကြီး မကြိုက်နှစ်သက်သောအရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်မည်ဖြစ်ပါကြောင်း" လျှောက်ထားတောင်းပန်ခဲ့ပါသည်။

မျက်စိလည်ခြင်းက ပဓာနဖြစ်

အထက်ပါ မကျေနပ်ချက် (၈) မျိုးတို့တွင်အလွန်အကျူး အထူးမကျေနပ်ချက်မှာ "မှန်တောင်၌ မျက်စိလည်နေခြင်း၊ သီတင်းသုံးလိုသောဆန္ဒ များစွာ ရှိပါလျက်နှင့် မျက်စိလည်သောအရပ်သို့ ကြွရောက်၍ သီတင်း မသုံးလိုခြင်းပင်" ဖြစ်သည်။ မျက်စိလည်နေခြင်းမှာလည်းနေမဝင်မီ မရောက်ဘဲ မိုးချုပ်မှ ရောက်လာခြင်းကြောင့် ဖြစ်သည်။

မိုးချုပ်မှ ရောက်လာရခြင်းမှာလည်းအထက်ပါ အမှတ်စဉ် (၁/၂/၃) အကြောင်းတို့ကြောင့်ပင် ဖြစ်သည်ဟု ကောက်ချက်ချပြီး ပင့်လို့မကြွဘဲ နေခဲ့သည်မှာ (၁၀) နှစ် (၁၀) မိုး တိုင်ခဲ့ပေပြီ။

(၁၁) နှစ်မြောက်မှ ပင့်လို့ရ

(၁၁) နှစ်မြောက်နှစ်၌ ရေနံမြို့၊ ချိပ်ကပ်တောင် သိမ်သမုတ်ပွဲသို့ ကြွရောက်လာသော ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော် ပူဇော်ငြိသိမ်သမုတ်ပြီးမှ ပြန်ကြွရန် မိန့်ကြားချက်ကို လက်ခံခဲ့ပြီးမှ သိမ်သမုတ်ပွဲ၌ သီလမစင်ကြယ်သော ရဟန်းတစ်ပါး ပါဝင်နေကြောင်း သိရသဖြင့် သိမ်ထဲမဝင်ဘဲနေခဲ့၏။ ထိုအကြောင်းကို သိမ်သမုတ်ပွဲအပြီးကားပေါ်ရောက်မှ ကြောင်း/ကျိုးရှင်းပြကာ ခွင့်လွှတ်သည်းခံပါရန် လျှောက်ထားမှုကို အကြောင်းပြုပြီးမိမိအပေါ် ကျေနပ်နှစ်သက်ဟန် ရှိပုံရသဖြင့် "အရှင်ဘုရားကိုယ်တိုင် မှန်တောင်တောရသို့ ကြွရောက်သီတင်းသုံးပေးပါရန်" လျှောက်ထားခြင်းကိုလက်ခံတော်မူခဲ့ပါ၏။

အဂတိမလိုက်ခြင်း လက်တွေ့အကျိုး

မိမိအပေါ်၌လည်း ရှေးကထက် ပို၍အလေးထားပြီး ဆက်ဆံတော်မူလာပုံကိုလည်း အထူးသတိပြုမိပါ၏။ ဆရာ့အလိုသို့ မလိုက်ဘဲ ဘုရားအလိုသို့လိုက်ကာ အဂတိကင်းရှင်းစွာ နေထိုင်ကျင့်သုံးခဲ့ခြင်း၏ လက်တွေ့အကျိုးရလဒ်အဖြစ် (ဆရာနှင့်အတူ ကံမဆောင်ခြင်းကြောင့်) တပည့်အဖြစ်ကမစွန့်လွှတ်ရုံမျှမက ဘယ်တုန်းကမှ ပင့်လို့မရခဲ့သော၊ (ပင့်တိုင်းပင့်တိုင်း အတိတ်အကြောင်းများကို ပြန်ပြောင်းအမှတ်ရကာ အဆုအခေါက် အကြိမ်းအမောင်းများကိုသာ ခံခဲ့ရသော) အဖြစ်မျိုးမှ ကင်းလွတ်၍လျှောက်ထားချက်ကို ကြည်ကြည်ဖြူဖြူ ကျေကျေနပ်နပ် လက်ခံတော်မူပြီး ကတိပေးခဲ့သည့်အတိုင်းမှန်တောင်တောရသို့ (၁၂. ၃.၂၀၀၁) ကြွရောက်တော်မူကာ ရက်ပေါင်းများစွာ သီတင်းသုံး နေထိုင်တော်မူခဲ့ခြင်း အခွင့်အရေးကိုပင် ရရှိခဲ့သဖြင့် အလွန်အကျူး အထူးဝမ်းမြောက်၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရပါသည်။

နောက်တစ်ခေါက်အရောက် မျက်စိလည်ပျောက်

ကြွလာတော်မူသည့် အခါမှာလည်း မျက်စိလည်ပျောက်အောင် အထူး ဆောက်လုပ်ထားသော တောင်အောက်ဘက်ရှိ ယာယီကျောင်း၌ (၈) ရက်ခန့် သီတင်းသုံးတော်မူပြီး မျက်စိလည် လုံးဝပျောက်တော့မှ တောင်ကုန်းပေါ်သို့တက်၍ သီတင်းသုံး နေထိုင်တော်မူခဲ့ပါသည်။

နောက်ဆုံး မျက်စိလည်ပျောက်သော နေ့၌လည်း **အတိတ်အကြောင်းတွေ** အမှတ်ရကာ ထပ်မံ၍ ဆူငေါက်ခဲ့ပြန်သဖြင့် ကြောက်ချစ်ကြည်ညိုစိတ်တို့ကြောင့် ပီတိနှလုံး ကိုယ်ဝယ်ဖုံးခဲ့ရပါ၏။ ထိုအခါကြမှ မိမိအပေါ်၌ နှစ်ပေါင်းများစွာ အထင်လွဲမှားခဲ့သော မကျေနပ်ချက်များကို တစ်ခုချင်း အသေးစိတ် အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်း တင်ပြ လျှောက်ထားခွင့်ရခဲ့သဖြင့် ယုံမှားမှုကင်းသံသယရှင်းကာ ပျံလွန်တော်မူသည့်အထိ ပင့်ဖိတ်ရန် မလိုတော့ဘဲ အကြိမ်ကြိမ် အခေါက်ခေါက် ဝင်ရောက်ရပ်နား အခွင့်သာတိုင်း သီတင်းသုံးနေထိုင်သွားတော်မူခဲ့ရုံမျှမက မှန်တောင်တောရမှ အပြန်ထန်းတပင်တောရ အရောက်၌လည်း ဖော်ပြ၍မသင့်သော ချီးမွမ်းဂုဏ်ပြု စကားတစ်ခွန်းကို လယ်ဝေးမြို့ဒကာ...ကိုပြောဆိုခဲ့ကြောင်း သိရှိရသဖြင့်–

"ဆန္ဒာ ဒေါသာ ဘယာမောဟာ၊
ယောဓမ္မံ နာတိ ဝတ္တတိ။
အာပူရတိ တဿ ယသော၊
သုက္ကပက္ခေဝ စန္ဒိမာ။"

ဟူသော ဂါထာကို ဟောကြားတော်မူသည့် မဟာကရုဏာရှင် ဖြစ်တော်မူသောဗုဒ္ဓမြတ်စွာ၏ စကားတော်အတိုင်း လိုက်နာကျင့်သုံးကာ ပစ္စုပ္ပန်သံသရာနှစ်ဖြာအကျိုး ပွားတိုးနိုင်မည် ဖြစ်ပါသဖြင့် ရဟန်းရှင်လူ မင်းပြည်သူတိုင်း ဘက်လိုက်မှုရှင်း အဂတိကင်းစွာဆောက်ရွက်နိုင်ပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဂုဏ်ပြုရေးသားချက် မနှစ်သက်

ဆရာတော် ဘုရားကြီး၏ လက်ရုံးတစ်ဆူဖြစ်သည့် တပည့်ကြီးတစ်ပါးကလည်း **"ဆရာတော်ဘုရားကြီး၏ မွေးနေ့ပူဇော်ပွဲ"**ကို လက်ကမ်းကြော်ငြာများ ဝေငှကာ ဂုဏ်ပုဒ်များကို ရေးသား**စီကုံး** ဖတ်ကြား ပူဇော်ကြောင်း ကြားသိရ၍ **"ပထမဆုံးနှင့် နောက် ဆုံးအကြိမ် ဖြစ်ပါစေ"**စသည်ဖြင့် ပြတ်ပြတ်သားသား သတိပေးဆုံးမတော်မူခဲ့ပါသည်။

ရပ်ဝေးမြို့သို့ သွားလာခွင့်တားမြစ်

တစ်ဖန် ရန်ကုန်၊ မန္တလေးစသော အခြားမြို့ကြီးများသို့ အသွားအလာ များလျက်ရှိကြောင်း ကြားသိရသည့်အခါမှာလည်း "လယ်ဝေးနှင့် ပျဉ်းမနားမြို့မှတပါး အခြားမြို့များသို့ ဒီဘုန်းကြီးမသိဘဲ သွားလာခွင့် မပြုရ" ဟု ပြတ်သားစွာ ပိတ်ပင်တားမြစ်ခဲ့ကြောင်း ကြားသိရပြန်၏။

ပေါင်းရုံးသုံးသပ်ချက်

အထက်ပါတင်ပြချက်များကို ပေါင်းရုံးသုံးသပ်ကြည့်မည်ဆိုလျှင် ဆရာတော်ဘုရားကြီးနှစ်သက်မြတ်နိုး တန်ဖိုးအထားဆုံးဖြစ်သော တပည့်ကြီး (၃)ပါးကို တွေ့ရှိရမည် ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီး မည်မျှပင် တန်ဖိုးထားသော တပည့်ကြီးများပင် ဖြစ်လင့်ကစား–

၁။ အပြစ်တွေ့လာလျှင် ကျောသားရင်သား မခွဲခြားဘဲ အဂတိကင်းရှင်းစွာ ဆုံးမတော်မူတတ်ခြင်း၊

၂။ ဆရာတော်ဘုရားကြီး၏ ဂုဏ်ပုဒ်တွေကို

ထုတ်ဖော်ရေးသား ချီးမွမ်းခြင်းကို လိုလား နှစ်သက်တော်မမူခြင်း၊

၃။ အပြစ်တွေ့လာလျှင် တွေ့သည့်နေရာ၌ပင် ပရိသတ် အနည်းအများ အလေးမထားဘဲ ပြတ်ပြတ်သားသား ဆုံးမတော်မူခြင်း၊

၄။ အကုန်အကျများစွာ ခမ်းခမ်းနားနား ဆန်းဆန်းပြားပြား ကြီးကြီးကျယ်ကျယ် ဆောက်လုပ်ပြုပြင် တန်ဆာဆင်ခြင်းကို နှစ်သက်တော် မမူခြင်း၊

၅။ ခရီးအသွား များပြားခြင်းကို လိုလား နှစ်သက်တော် မမူခြင်း၊

၆။ ခရီးသွားလာရာ၌ ဟိုဝင်သည်ထွက် မပြုလုပ်ဘဲ သွားလိုသော အရပ်သို့သာ တန်းတန်းမတ်မတ် သွားရောက်ခြင်းကိုသာ အလိုရှိခြင်း၊

၇။ စာပေများကို ရေးစပ်သီကုံး ရွတ်ဆိုရာ၌ တိုရှင်းလိုရင်းကို ရေးစပ်သီကုံး ရွတ်ဆိုခြင်းကိုသာ လိုလားနှစ်သက်တော်မူခြင်း၊

၈။ တောရဆောက်တည်သော ပုဂ္ဂိုလ်များအား တောထဲ၌သာ နေခြင်းကို နှစ်သက်တော်မူပြီး မြို့ရွာများသို့ လှည့်ပတ်သွားလာခြင်းကို လိုလား နှစ်သက်တော် မမူခြင်း၊

၉။ မေးလာတိုင်းသော အမေးပုစ္ဆာ ပြဿနာတို့ကို ယုံမှားမှုကင်း ဉာဏ်မြင်လင်းအောင် ဖြေရှင်းပေးနိုင်ခြင်း စသော ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ် အစိတ်အပိုင်း အနည်းငယ်ထဲက ကောက်နုတ်ကြည့်ရုံမျှဖြင့် -

(က) ဝါကြွားပလွှားမှု မရှိ ရိုးသားဖြောင့်မတ်ခြင်း ဥဇုဂုဏ်၊

(ခ) အလိုနည်းခြင်း အပ္ပိစ္ဆတာဂုဏ်၊

(ဂ) ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတဂုဏ်၊

(ဃ) အမှား/အမှန်၊ အကျိုး/အပြစ်ကို ခွဲခြားဝေဖန် သုံးသပ်နိုင်သော ဝိဘဇ္ဇဂုဏ်၊

(င) ဝိနည်း သိက္ခာပုဒ်တော်များကိုလေးစားလိုက်နာခြင်းကြောင့် ရဟန်းရှင် လူပြည်သူ အများတို့၏ ကြည်ညိုလေးစားမှုကို ခံရခြင်း ဝိနယဂရုက, လဇ္ဇီပေသလ, သိက္ခာကာမ, ဝိဋ္ဌကတ္တယဆေက, ပါသာဒိက စသော ဂုဏ်တို့နှင့် ပြည့်စုံခြင်းကို ကြည်ညိုဖွယ်ရာအဖြစ် မြင်တွေ့ရမည် ဖြစ်ပေသည်။

မေးမြန်းမှုကိုပင် လက်မခံကြ

ထင်ရှားစေအုံ့ ဘွဲ့တံဆိပ်ပေါင်းများစွာ ရရှိသော ကမ္မာကျော် ဓမ္မကထိက ဆရာတော်တစ်ပါးက တရားတိတ်ခွေတစ်ခု၌ 'အာနန္ဒာထေရ်'နှင့် ပတ်သက်၍ အမြင့်အတောင် (၅၀) ရှိသည်ဟု မှားယွင်းစွာ ဟောကြားထားသည်ကို တွေ့ရှိရသဖြင့် အတောင် (၁၀၀) ရှိကြောင်း ပြင်ဆင်ဟောကြား ပေးစေလို၍ "ပညာသဟတ္ထမ္ဘောဝေ-ဟူသည် ဘာကိုဆိုလိုပါသလဲ"ဟု မေးမြန်းလျှောက်ထားရာ မိမိ၏ ဆက်လက် လျှောက်ထားမည်ကို ကြိုတင်သိရှိနေ၍လော၊ အမှားကို ပြင်ဆင်လိုစိတ် မရှိ၍လော မသိ၊ မေးမြန်းချက်ကို ရေရေရာရာ ဖြေကြားခြင်း မပြုဘဲ မကျေနပ်သော အသွင်အပြင် အမူအရာများဖြင့် မိမိအား သိလက္ခဏ်ကျမ်း၌လာသော အချက်အလက်များကို ပြန်လည်၍ မေးခွင့်မရအောင် မေးခွန်းထုတ်လျက်ရှိနေသဖြင့် ဆက်လက် မေးမြန်း အကြံပြုရန် မသင့်တော့၍ ဆက်လက်မေးမြန်းခြင်း မပြုတော့ဘဲ စိတ်ပျက်လက်ပျက်နှင့် ပြန်ကြွလာခဲ့ရပါသည်။

ကြိုက်သလို မေးမြန်းနိုင်သော ဆရာတော်ဖြစ်

ကျေးနူးရှင် နဘူးကျောင်း ရန်ကင်းတောရ ဆရာတော်ဘုရားကြီးသည်ကား အနယ်နယ် အရပ်

ရပ်တို့မှ ကြွရောက်လာကြသော စာတတ်ပေတတ် အကျော်အမော် ဆရာတော် သံဃာတော်များက ဝိုင်းဝန်းမေးမြန်း လျှောက်ထားချက်များကို အနည်းငယ်မျှ စိတ်ပျက် စိတ်ကွက်ခြင်း မရှိရုံမျှမက ကျေနပ်မှု ရသည့်အထိ **"ခရားရေလွှတ် တတွတ်တွတ်"** ဖြင့် ဖြေကြားပေးလျက် ရှိနေသည်ကိုသာ တွေ့မြင်ရသဖြင့် **အနန္တ**ကျေးဇူးရှင် ဆရာသခင်ကို ယနေ့ထက်တိုင် လွမ်းဆွတ်တသ သတိရ၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရပါသည်။

တစ်ဝါတွင်းလုံး မေးမြန်းခဲ့သော်လည်း စိတ်တိုပုံကို မတွေ့ရ

မိမိသည် ဝိနည်း (၅) ကျမ်းကို အဋ္ဌကထာနှင့်တကွ ကျမ်းကြီးပေါက် သင်ယူခဲ့ဖူးသော်လည်း အလွန့်အလွန်နက်နဲ ဆုံးဖြတ်ရန် ခက်ခဲလျက်ရှိသော မေးခွန်းပေါင်း များစွာတို့ကို တစ်ဝါတွင်းလုံး မေးမြန်းလျှောက်ထားခဲ့ပါသည်။

ထိုသို့မေးမြန်း လျှောက်ထားရာ၌လည်း အသိဉာဏ်၌ ရှင်းလင်းပြတ်သားမှု မရှိခဲ့ပါက အလွန်ရင်းနှီး အကျွမ်းဝင်သော မိတ်ဆွေအချင်းချင်း အားမနာတမ်း အပြန်ပြန် အလှန်လှန် ဆွေးနွေး မေးမြန်းပြောဆိုသကဲ့သို့ မေးခွန်းပေါင်းများစွာဖြင့် အကြောင်းအမျိုးမျိုးပြကာ အကြိမ်ကြိမ် စောဒကတက်၍ မေးမြန်း လျှောက်ထားခဲ့ပါသည်။

အလားတူ ပေါ်ထွက်စေလို

ဘယ်လိုပင် စောဒကတက်သော်လည်း မကျေနပ်သည့် အသွင်အပြင် အမူအရာ အရိပ်အယောင်မျှ မတွေ့ရှိရဘဲ နားမလည် လည်အောင် မေတ္တာကရုဏာ ရှေ့ထား၍ အကျယ်တဝင့် ရှင်းလင်းကာ ဖြေကြားပေးတော်မူခဲ့ပါသည်။

ကျေးဇူးရှင် နဘူးကျင်းရန်ကင်းတောရဆရာတော်ဘုရားကြီးကဲ့သို့ **"စိတ်ရှည်သည်းခံစွဲသန်သန်ဖြင့် ယုံမှားမှုကင်း အမြင်ရှင်းအောင် ဖြေကြားပေးနိုင်မည့် အလားတူ ဆရာတော်ဘုရားကြီးပေါင်း များစွာ ဤသာသနာတော်၌ စဉ်ဆက်မပြက် ပေါ်ထွက်နိုင်စေလိုသော"** အာသာ ဆန္ဒ လွန်မင်းပြင်းပြ ဖြစ်ခဲ့ရပါသည်။

အစားထိုး၍ မရနိုင်

ထိုသို့ပင်ဖြစ်ခဲ့ရပါသော်လည်း သာသနာကုန်ဆုံး ပျောက်ကွယ်သည့်တိုင်အောင် ပေါ်ထွက်လာနိုင်ဖို့ရန် မျှော်လင့်ချက် အလွန်မှေးမှိန်လျက်ရှိသောကြောင့် များစွာ စိတ်ပျက် အားငယ်မိသလို သာသနာတော်အတွက်လည်း **"အစားထိုး၍ မရနိုင်သော အလွန် ဆုံးရှုံးနစ်နာမှုကြီး တစ်ရပ်အဖြစ်"** ဖြေသိမ့်၍ မရနိုင်အောင် တမြေ့မြေ့ခံစားခဲ့ရပါသည်။

အကြံပြုချက် လက်ခံ၍ ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ရ

ကျမ်းပြုသူ **ဦးသိမ်းဆောင် (ရမည်းသင်း)** ထံသို့ပေးပို့သော အကြံပြုမိတ္တူလွှာကို နဘူးကျင်း ရန်ကင်းတောရ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဘုရားကြီး၏ တပည့် ရန်ကုန်ဆရာတော်တို့ ထံသို့လည်း မိတ္တူလွှာများကို ပေးပို့ခဲ့ပါသည်။ မိမိ၏ အကြံပြု တင်ပြချက်ကို ဆရာတော်ဘုရားကြီး ကျေနပ် လက်ခံတော်မူကြောင်း ကြားသိရ၍ ဝမ်းမြောက်ခဲ့ရသော်လည်း တောရသာသနာ တည်တံ့ပြန့်ပွားနိုင်ရေးအတွက် ကျမ်းပြုသူ၏ **"လွန်မင်းပြင်းပြ ထက်မြက်လှသည့် မွန်မြတ်သော သဒ္ဓါဆန္ဒ"** ကို ငိုက်ချိုး ဖျက်ဆီးလိုက်သကဲ့သို့ ဖြစ်သွားသောကြောင့် များစွာစိတ် မချမ်းမသာ ဖြစ်ခဲ့ရပြန်ပါသည်။

ရေးသင့်ချိန်ရောက်က ရေးသားရိုက်နှိပ်ရန်

မရေးဖို့ရန် အကြံပြုသည်ဆိုသော်လည်း လုံးဝမရေးဖို့ရန် အကြံပြုခြင်းမျိုးတော့ မဟုတ်ပါ။

၁။ ယခုလို ပျံလွန်တော်မူသော အခါမျိုး၌ ရေးသားရိုက်နှိပ်ရန်နှင့် (သို့မဟုတ်)

၂။ ပျံလွန်တော်မမူခင် ကြိုတင် ရေးသားရိုက်နှိပ်ထားပြီး ပျံလွန်တော်မူသောနေ့၌ ထုတ်ဝေဖြန့်ချိရန်-ဟု အကြံပြုခဲ့ခြင်းသာ ဖြစ်သည်။

မိမိ၌ တာဝန်ရှိဟုခံယူ

မိမိ၏ အကြံပြုတင်ပြချက်ကြောင့် အစီအစဉ် ပျက်ပြားသွားရသဖြင့် "ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ" ရေးဖို့ရန် မိမိ၏အပေါ်၌ ပခုံးပြောင်းကျရောက်ကာ တာဝန်ရှိလာပြီဟု ခံစားနားလည်မိပါသည်။

အားထုတ်ကြိုးပမ်းခဲ့

မိမိ၌တာဝန်ရှိသည်ဟု ခံယူထားသည့်အတိုင်း "မကျန်းမာသောအချိန်၌ သိမ်သမုတ်ပွဲသို့ မကြွဖို့ရန်" အလေးအနက် တောင်းပန်လျှောက်ထားခဲ့သော်လည်း လျှောက်ထား၍မရသဖြင့် ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးကို လိုက်ပါပြုစု စောင့်ရှောက်ရင်း ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်မှတ်တမ်းကို အခွင့်သာတိုင်း မေးမြန်းလျှောက်ထားကာ တိပ်ခွေများဖြင့် အသံသွင်းယူ မှတ်တမ်းတင်ခဲ့ပါသည်။

စိတ်ကူးယဉ်ခဲ့

မူလက ဆရာတော်ဘုရားကြီး မသိအောင် အကြောင်းအရာ အချက်အလက်များကို စုဆောင်းရှာဖွေပြီး ဆရာတော်ဘုရားကြီး၏ သဘောဆန္ဒနှင့် ကိုက်ညီသော ထေရုပ္ပတ္တိ မူကြမ်းကို လျှို့ဝှက်ရေးသားကာ မူချောအဖြစ်သို့ရောက်မှ ဆရာတော်ဘုရားကြီးထံ တင်ပြအစစ်ဆေးခံလျက် လိုအပ်ချက်များကို ပြန်လည်ပြင်ဆင် ဖြည့်စွက်၍ ကြိုတင်ရိုက်နှိပ်ထားကာ ပျံလွန်တော်မူပြီးနောက် အန္တိမအဂ္ဂိဈာပန ပူဇော်ပွဲ၌ မဗ္ဗဒါနအဖြစ် ဝေငှလှူဒါန်းရန် စသည်ဖြင့် စိတ်ကူးယဉ်ခဲ့မိပါသည်။

မကျန်းမာသော်လည်း ဆုံးဖြတ်ချက်မပြင်

ဆရာတော်ဘုရားကြီး ထန်းတပင်တောရ၌ သိတင်းသုံးတော်မူစဉ် မကျန်းမာ၍ ယာဂုဆွမ်းကိုသာ ဘုန်းပေးသုံးဆောင်နေခိုက် မိမိရောက်ရှိသွားစဉ် မန်းစက်တော်သို့ ကြွမည်ဟု သိရှိရသဖြင့် "မကျန်းမမာဖြစ်နေစဉ် မကြွဖို့ရန်" လျှောက်ထားတောင်းပန်ခဲ့သော်လည်း ဆရာတော်ဘုရားကြီးက "ပထမဆုံးစတင် တောရဆောက်တည်ခဲ့သည့် ဝှဘုရားကျောင်းငယ်၌ အဝင်အထွက် သစ်သားတံခါး မီးလောင်သွား၍ သံတံခါး ပြန်လည်တပ်ဆင် မွမ်းမံလှူဒါန်းရန်အတွက် ဒကာများနှင့် မနက်ဖြန်သွားဖို့ရန် ချိန်းဆိုထားပြီး ဖြစ်ကြောင်း" ပြန်လည်မိန့်ကြားနေသဖြင့် ဆုံးဖြတ်ချက်ကို ပြင်မည့်အနေအထားမျိုး မတွေ့ရ၍ ကျန်းမာရေးအတွက် ပြုစုဖို့ရန် လိုက်ပါသွားခဲ့ပါသည်။

သွေးပေါင်ကျ၍ ဆေးသွင်းပေးရ

ကြိုတင်တွက်ဆထားသည့်အတိုင်း မန်းစက်တော်အရောက် အာဟာရဓာတ် အားနည်းပြီး အင်အားဆုတ်ယုတ်ကာ သွေးပေါင်အလွန်အမင်း ကျဆင်းနေသဖြင့် ဆရာဝန်လည်းမရှိ၍ အသင့်ယူဆောင်လာသော "မိုရီယာမင်း ပုလင်းကြီး"ကို

ရိုတ်သွင်းပေးတော့မှ သက်သာရာရသဖြင့် လွန်စွာ ဝမ်းမြောက်ခဲ့ရပါသည်။

ကြိုးစားသော်လည်း အချည်းနှီးသာဖြစ်ခဲ့

မိမိစိတ်ကူးယဉ်ပုံကို အကောင်အထည် ဖော်လိုသဖြင့် ဆရာတပည့် (၂) ပါး အလွန်သာယာ အေးချမ်းလှသည့် မန်းစက်တော်စေတီရိပ်ဝယ် ရှေးဟောင်းနှောင်းဖြစ်များကို ဒါယကာများ သံပန်းတပ်ဆင်နေခိုက် (၂) ညတာ အိပ်စက်နားခိုရင်း စပ်မိစပ်ရာပြောကြရာမှ ဆရာတော်ဘုရားကြီး၏ တစ်ဘဝဖြစ်စဉ်များကို ကျောင်းမနေခင် မှတ်မိသောအရွယ် ကလေးငယ် ဘဝကစပြီး တောရဆောက်တည်သည့် အချိန်အထိ ပြန်လည်ပြောပြခဲ့ပါသည်။

အလွန်အဖိုးတန်လှသော မှတ်တမ်းတိပ်ခွေများမှာလည်း အမှတ်အသား မရေးခဲ့မိ၍ တိပ်ခွေအသစ်ထင်ကာ ထပ်ပြီးသွင်းမိသဖြင့် ပျက်စီးသွားသောကြောင့် မိမိ၏ အားထုတ်ကြိုးပမ်းမှုမှာ အကျိုးမပြီး အချည်းအနှီးသာ ဖြစ်ခဲ့ရသဖြင့် တွေးမိတိုင်း စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

အကြိမ်ကြိမ် ကြိုးပမ်းခဲ့

မိမိ၏ ဇီဇမှာ မသေချာမရေရာလျှင် မည်သည့်အလုပ်ကိစ္စကိုမျှ ဆောင်ရွက်လိုစိတ် မရှိသည့်အတွက် ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်ကို အသေးစိတ် သိရှိနိုင်ရေးအတွက် အနီးကပ် ထပ်ချပ်မကွာလိုက်ပါ၍ ပြုစုစောင့်ရှောက်ရင်း မေးမြန်းလျှောက်ထား မှတ်တမ်းတင်ဖို့ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ပါသည်။

အားနည်းလွန်း၍စကားမပြောအောင် ဆောင်ရွက်ခဲ့ကြ

ထိုသို့ ကြိုးပမ်းခဲ့ပါသော်လည်း ကျန်းမာရေးအခြေအနေမှာ တိုးတက်မှုမရှိဘဲ တစ်နေ့တစ်ခြား ဆုတ်ယုတ်ပျက်ပြား၍သာ လာနေသဖြင့် မေးမြန်းဖို့ရန်မဆိုထားဘိ စကားပြောလျှင် အားနည်းလာသောကြောင့် စကားမပြောရလေအောင် ဝေယျာဝစ္စ ဆောင်ရွက်ပြီးလျှင်ပြီးချင်း ခပ်ခွာခွာနေကြဖို့ရန် အချင်းချင်း တိုင်ပင်၍ မလှမ်းမကမ်းကနေပြီး အခြေအနေကို အကဲခတ်ကာ ပြုစုစောင့်ရှောက် ခဲ့ကြရပါသည်။

ပျံလွန်ချိန်အထိ မေးခွင့်မသာ

မည်သို့ပင် ပြုစု စောင့်ရှောက်ခဲ့ပါသော်လည်း ဘဝတစ်ဇာတ် အဆုံးသတ်သည်တိုင်အောင် မေးခွင့် မသာတော့၍ ရည်မှန်းချက်များ အကျိုးမပြီး အချည်းနှီးသာ ဖြစ်ခဲ့ရသဖြင့် အလွန်အမင်း စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါသည်။

ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့ရ

ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ် အသေးစိတ် အချက်အလက်များကို လေ့လာမှတ်တမ်းတင်မှုလုပ်ငန်း အစပိုင်း၌ပင် ပျံလွန်တော်မူသွားသဖြင့် အတ္ထုပ္ပတ္တိရေးဖို့ရန် ဝမ်းနည်းစိတ်ပျက် အားငယ်နေခိုက် **"ဦးသိမ်းဆောင်(ရမည်းသင်း) နှင့် ဆရာတော်ဘုရားကြီး၏ တပည့်များ"**က ရေးသားလျက်ရှိကြောင်း ကြားသိရသဖြင့် အနည်းငယ် စိတ်သက်သာရာရသလို ထိုကျမ်းများ ထွက်ပေါ်လာသည့် အချိန်အထိ စောင့်ကြည့်ပြီး လိုအပ်လျှင် ဆက်လက်ရေးသားရန်နှင့် မလိုအပ်ပါက ရေးသားခြင်းမပြုတော့ရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။

ယခုအခါ **ဦးသိမ်းဆောင် (ရမည်းသင်း)** ရေးသားပြုစုသော–

နဘူးကျောင်းတောရ ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တတိသရ မဟာထေရ်မြတ် ၏
နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး

ပွဲရှိသော ကျမ်းစာအုပ်ကြီးတစ်အုပ် ထွက်ပေါ်လာသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပါသည်။

စိစစ်သုံးသပ်ချက်

နဘူးကျောင်း ရန်ကင်းတောရ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ ကျမ်းစာအုပ်ကြီးကို အသေးစိတ် လေ့လာသုံးသပ် ဖတ်ရှုကြည့်သော အခါ မွေးဖွားချိန်မှစပြီး အပိုင်း(၅)ပိုင်း ခွဲ၍ အကျယ်တဝင့် ရေးသားထားသည်ကို တွေ့ရှိရမည် ဖြစ်ပေသည်။

အတ္ထုပ္ပတ္တိများစွာပါဝင်

ရေးသားရာ၌ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကို ပြဆိုသောကျမ်းဟု ဆိုသော်လည်း ဆရာတော်ဘုရားကြီး၏ အကြောင်းအရာ တစ်ခုတည်းကိုသာ ရေးသားဖော်ပြခြင်း မပြုဘဲ 'ဆရာတော် ဘုရားကြီးနှင့် ဆက်စပ်သမျှသော မိဘညီအစ်ကို ဆွေမျိုးအသိုင်းအဝိုင်းများ ဒါယကာ၊ ဒါယိကာမများ၊ ဆရာသမားများ၊ တပည့်ရဟန်းတော်များ'၏ အကြောင်းအရာ အချက်အလက်များကိုသာ စုံနိုင်သမျှစုံအောင် လက်လှမ်းမှီသမျှ အကျဉ်းချုပ်၍ ရေးသားတင်ပြထားသဖြင့် တစ်နေရာတည်း၌ 'များစွာသောအတ္ထုပ္ပတ္တိ' တို့ကိုလည်း တစ်စုတစေးကြီး စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုကြရမှာ ဖြစ်သလို 'တောရသာသနာ၊ တောနေရဟန်း၊ တောရစုတင်၊ အကြောင်းအရာ' တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိခွင့် ရကြမှာ ဖြစ်ပေသည်။

ဝိဋကတ်အနှစ်ချုပ် ကျမ်းစာအုပ်ပမာ

ထို့ပြင် အရေးကြီးသော အကြောင်းအရာများနှင့် ဆက်နွယ်ပတ်သက်လာသော ကိစ္စရပ်တိုင်းတို့၌ ပိဋကတ်သုံးပုံကို ရှေ့နောက်၍ လိုရင်းအနှစ်ကိုဖော်ပြထားပုံမှာလည်း ပိဋကတ်သုံးပုံကို မလေ့လာမသင်ကြား မဆည်းပူးနိုင်ကြသူများအတွက် 'ပိဋကတ် အနှစ်ချုပ် ကျမ်းစာအုပ်ကြီးတစ်အုပ်'ကို ဖတ်ရှုနေရသည့်အလား ဗုဒ္ဓအလိုကျ ပဓာနအချက်ကို အကွက်မိအောင် ရေးသားတင်ပြထားနိုင်သဖြင့် ဦးသိမ်းဆောင်(ရမည်းသင်း)၏ စူးစူးရှရှ လေးလေးနက်နက် ထည်းထည်းဝင်ဝင် လေ့လာဆည်းပူးမှတ်သားထားသော ဗဟုသုတ စွမ်းပကားများမှာလည်း "ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ နံ့စပ်ကျွမ်းကျင် ပညာရှင်တစ်ဆူ"နှင့်မခြား ထက်မြက်စူးရှ ထိရောက်လှသော အရေးအသားများကိုလည်း တွေ့မြင်ဖတ်ရှုကြရမည် ဖြစ်ပေသည်။

အရိုးပေါ် အရွက်ဖုံးသကဲ့သို့ထင်ရ

ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ အကြောင်းအရာများကို လေ့လာသုံးသပ်၊ စိစစ်၊ ဖတ်ရှုကြည့်သည့်အခါ၌ ဆရာတော်ဘုရားကြီး၏ အကြောင်းအရာက နည်းနည်း ဆရာတော်ဘုရားကြီးနှင့်ဆက်စပ်သော မိဘ၊ ဆရာ၊ တပည့်၊ ဒါယကာ၊ ဒါယိကာမ စသော ပုဂ္ဂိုလ်တို့၏အကြောင်းအရာကများများ ဖြစ်နေသည်ကို တွေ့ရှိရသဖြင့် ဆရာတော်ဘုရားကြီး၏ အကြောင်းအရာ သက်သက်ကိုသာ တစ်ဆက်တစ်စပ်တည်း ကျော၍ဖတ်ရှုလိုသူများအတွက် အလွယ်တကူ ရှာဖွေကြည့်ရှုဖို့ရန် မလွယ်ကူသဖြင့် "အရိုးပေါ် အရွက်ဖုံးနေသကဲ့သို့" ထင်မြင်ယူဆ ရပါသည်။

ပြန်လည်ကောက်နုတ် ရေးသားထား

အရိုးပေါ် အရွက်မဖုံးရလေအောင် စာမျက်နှာ (၆၆၈) မှ (၇၀၀) အထိ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်ကို ထပ်မံ၍ ပြန်လည်ရေး

သား ဖော်ပြထားသည်ကို တွေ့ရှိရသောကြောင့် တစ်ဆက် တစ်စပ်တည်း ဖက်ရှုလိုသူများသည် အထက် ဖော်ပြပါ စာမျက်နှာတို့သို့ ကျော်လွှားၡ၍ ဖတ်ရှုနိုင်ပါသဖြင့် **"အရိုးပေါ်အရွက် မဖုံးတော့ဘဲ"** သီလ သိက္ခာ စုတင် ပဋိပတ် အကျင့်မြတ်ကို ဖြည့်ကျင့်ဆည်းပူး ရှာမှီးတော်မူကြသော တောနေရဟန်းတော်များ အပါအဝင် ရဟန်းရှင်လူ မင်းပြည်သူတိုင်း **"ဖတ်ရှုမှတ်သား ဆောင်ထားထိုက်သော သမိုင်းတွင်မည့် တောရသာသနာဝင် မှတ်တမ်းကျမ်းကြီး တစ်စောင်အဖြစ်"** ထင်မြင်ယူဆမိပါကြောင်း။

အာယသ္မာ စန္ဒောဘာသ
(သာသနဓဇ ဓမ္မာစရိယ၊ အရညဝါသီ)
မှန်တောင်တောရဆရာတော်
သာဂရမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း။
၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၂၇–ရက်

သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သိန်းညွှန့် (ပထမကျော် မှော်စရိယ B.A (Eng)) (မောင်ဟံသ-စာတည်းချုပ် သာထွန်းပြန့် မော်ကွန်း)၏ စာမိတ်ဆက်

၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် 'နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး' စာရေးသူ ဦးသိမ်းဆောင် (ရမည်းသင်း) ရောက်ရှိလာပြီး စာအုပ်ထူထူကြီးတစ်အုပ် ပေးခဲ့ပါသည်၊ စာမိတ်ဆက် ရေးပေးရန်လည်း ပြောပါသည်။ စာအုပ်ကြီး၏ စာမျက်နှာမှာ ၇၀၀-ကျော်ရှိသဖြင့် ဝန်လေးနေမိပါသည်။ ကုန်အောင်ဖတ်နိုင်ပါ့မလား ဟုလည်း မိမိကိုယ်ကို သံသယဝင်မိခဲ့ပါသည်။ အေးအေးဆေးဆေးသာ လုပ်ပါ။ ပြီးတဲ့အခါမှ စာမူကို ယူတာပေါ့ ဟုလည်း လျှော့ချပေးပါသည်။ ကာလအချုပ်အချယ် မရှိသဖြင့် စိတ်ပေါ့ပါးစွာ လက်ခံလိုက်ရပါသည်၊ ကြိုးစား ရေးပါမည်ဟုလည်း အာမခံလိုက်ပါသည်။

သာမန်ထေရပုဂ္ဂိုလ် မျှသာမဟုတ်

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ၎င်းပြုစုသော 'မဟာသရဏဂုံတော်ကြီး ပူဇော်ခြင်း မြန်မာပြန်အနှစ်ချုပ်' ကျမ်းစာငယ်တွင် ထုံးစံအတိုင်း ဆရာဦးမင်းကြည် (မှော်စရိယ၊ ဘီအေ)၏ တည်းဖြတ်မှုဖြင့် နိဒါန်းစာမိတ်ဆက် ရေးပေးခဲ့ဖူးပါသည်။ ယခုစာအုပ်ကြီးတွင် ဆရာဦးမင်းကြည်ကပင် တည်းဖြတ်ထားသည်ကို တွေ့ရသဖြင့် အားရကျေနပ်မိပါသည်။ ဦးသိမ်းဆောင် (ရမည်းသင်း)သည် အငြိမ်းစား ရဲအရာထမ်းဖြစ်ပြီး ပါဠိနှင့် ဗုဒ္ဓဘာသာစာပေကို စနစ်တကျ သင်ယူခဲ့ဖူးသူ မဟုတ်ပါ။

သို့ရာတွင် ဗုဒ္ဓဘာသာအပေါ်၌ ထားရှိသော သဒ္ဓါတရားကတော့ 'အာဂ' ဟူ၍ ပြောလိုပါသည်။ လယ်တီဆရာတော်ဘုရားကြီးကို ကြည်ညိုအားကျ၍ မဟာသရဏဂုံတော်ကြီးကို နှစ်ချီပူဇော်လာခဲ့သူဖြစ်ပါသည်။ မိမိ လက်တွေ့အကျိုးခံစားရရှိသလို အခြားသူများကိုလည်း မေတ္တာဖြင့် မျှဝေပေးလိုသဖြင့် စာတစ်အုပ်ဖြစ်မြောက်အောင် သဒ္ဓါဖြင့် စွမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ ၎င်း၏ သဒ္ဓါအင်အားကို အနီးကပ် နှီးနွှော်မြှင့်တင်ပေးသော အားကိုးမှီခိုဖွယ် ထူးခြားသည့် ရှေ့ဆောင်လမ်းပြ ဆရာသည် ပဓာနဖြစ်ကြောင်း ခံယူပါသည်၊ ထို 'ဆရာ'အကြောင်းကိုလည်း ဆရာဦးမင်းကြည်နှင့် ဦးသိမ်းဆောင် (ရမည်းသင်း)တို့မှတစ်ဆင့် နှုတ်အားဖြင့်ဖြစ်စေ၊ ကျမ်းစာအနေအားဖြင့်ဖြစ်စေ တစ်စိတ်တစ်ပိုင်း သိရှိထားနှင့်ပြီးဖြစ်၍ ဦးသိမ်းဆောင် (ရမည်းသင်း)ကို ပါဠိနှင့် ဗုဒ္ဓစာပေမတတ် ဟုလျှော့တွက်၍ မရပါ။ ထေရပုဂ္ဂိုလ်ကို ဖတ်ရင်း သိရှိနားလည်ရန်လိုအပ်သော သက်ဆိုင်ရာ မှီငြမ်းမှတ်စုများကိုပါ နှံကြားဖတ်ရှုခွင့်ရမည့် ကျမ်းစာ ဖြစ်ပါသည်။

ဓုတင်ဆောင်ခရီးကပေးသောခံစားချက်

ဆရာဦးသိမ်းဆောင် (ရမည်းသင်း)ထံမှ စာမူစာအုပ်ကြီးကို လက်ခံပြီးနောက် အချိန်ရတိုင်း ဖတ်ကြည့်မိပါသည်။ ရပ်သည့်နေရာတွင် စာညှပ်ဖြင့် မှတ်သားပြီး နောက်တစ်ချိန် ရသည့်အခါ ပြန်ဖတ်ပါသည်၊ စာအုပ်ကြီးမှာ စာမျက်နှာ ၇၀၀-ကျော်ရှိပြီး

ဆိုက်ကြီးလှသဖြင့် ခရီးသွားစဉ် ယူဖတ်၍ မရပါ။ (၃) ကြိမ်ခန့်ဖတ်ပြီး၍ စာမျက်နှာ ၂၀၀–ကျော် ရောက်သည့်အခါ ခံစားချက်တစ်မျိုး ခံစားလာရပါသည်။ ထိုခံစားချက်ကို ပြောပါရစေ။

"တို့မြန်မာနိုင်ငံသည် ထေရဝါဒ ငါးနိုင်ငံအနက် ဦးဆောင်နိုင်ငံ ဖြစ်သည်။ ဒါကို ပြည်တွင်းကရော ပြည်ပနိုင်ငံများကပါ လက်ခံသည်၊ လက်ခံရသည့်အကြောင်းရင်းများမှာ သံဂါယနာကို နှစ်ကြိမ်ဦးစီးတင်နိုင်ခဲ့ပြီး ပါဠိ အဋ္ဌကထာ ဋီကာ စသောမူရင်းကျမ်းစာများကို နှစ်ပေါင်း တစ်ထောင်ကျော်ကာလမှစ၍ ယနေ့အထိ မူရင်းအတိုင်း သံဃာတော်အရှင်မြတ်များက ထိန်းသိမ်းနိုင်ခဲ့သောကြောင့် ဖြစ်သည်။ ထိုသံဃာတော်အရှင်မြတ်များကပင် ပရိယတ္တိအဆီအနှစ်၊ ပဋိပတ္တိ အဆီအနှစ် နှစ်မျိုးလုံးကို မြန်မာဘာသာပြန်၍ အများနားလည်အောင် စွမ်းဆောင်တော် မူနိုင်ခဲ့ကြသည်။ နည်းပေး လမ်းပြနိုင်ခဲ့ကြသည်။ **ထေရဝါဒ ဆိုသည်မှာ ဒါပါပဲ**... ဟူ၍လက်ဆုပ်လက်ကိုင် ပြနိုင်ခဲ့ကြသည်။

ကမ္ဘာ့ဆက်သွယ်ရေးစနစ် လျင်မြန်လာသောယနေ့ ၂၁–ရာစုခေတ်တွင် ထိုသံဃာတော်အရှင်မြတ်များက ကမ္ဘာကြီးနှင့် ဒီးယိုပေါက် သာသနာပြုနိုင်ရန်အတွက် ပြည်ပနိုင်ငံများသို့ ထွက်ခွာ၍ ဘီအေ၊ အမ်အေ၊ ဒေါက်တာဘွဲ့များ ရရှိရန်အတွက် ကြိုးပမ်းအားထုတ်တော်မူကြသည်။ အချို့ရဟန်းတော်များဆိုလျှင် ဓမ္မာစရိယတန်း အောင်မြင်အပြီးကိုပင်စောင့်နိုင်တော် မမူကြ၊ ပထမကြီးတန်းအောင်ပြီးရုံမျှနှင့်ပင် ဘီအေ၊ အမ်အေ၊ ဒေါက်တာဘွဲ့များယူရန်ကိုယ်ပိုင် စရိတ်အလှူခံယူ စုဆောင်း၍ ပြည်ပနိုင်ငံများသို့ ထွက်နေကြပြီ၊ ဒီအတိုင်းသာ ခရီးဆက်ကြရလျှင် ထေရဝါဒဗုဒ္ဓဘာသာ စံပြ အရညဝါသီတောရမှီရဟန်းအဖြစ် ခံယူဖို့ဝေးစွ၊ မူရင်းဒေသနာတော်ဖြစ်သော ပါဠိတော်ကြီးများ၊ အဋ္ဌကထာနှင့်ဋီကာကျမ်းကြီးများကို မူရင်းကျကျ စေ့စပ်နက်နဲစွာသင်ယူခွင့် နည်းပါးလာပေတော့မည်။" -

ခံစားချက်များ လူးလာတုန့်ပြန်
ဗုဒ္ဓဘာသာ ညီလာခံ ကိုရီးယားသမ္မတနိုင်ငံ

၁၉၉၅–ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့၌ ကျင်းပသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဗုဒ္ဓဘာသာညီလာခံသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အောင်မြေဘုံစံဆရာတော်ကြီးနှင့် အဖွဲ့ဝင် စစ်ကိုင်း လေးကျွန်းမြေအုတ်ကျောင်း ဆရာတော် ဦးသာဂရတို့နှင့်အတူတက်ရောက်ခွင့် ရခဲ့ပါသည်။ ယခုအခါ၌ ထိုဆရာတော်ကြီး (၂)ပါးလုံး လူ့ပြည်၌ မရှိကြတော့ပြီ။ ဖိတ်ကြားသော ဗုဒ္ဓဘာသာမဟာယာနဂိုဏ်းက ညီလာခံမကျင်းပမီ မိတ်ဆက် ညစာစားပွဲကြီးကို ဟိုတယ်ကြီးတစ်ခု၌ ညနေ (၆)နာရီခန့်မှစ၍ ကျင်းပပါသည်။ ညစာစားပွဲဖြစ်၍ ခံ့ညားလှပသော ထမင်းစားစားပွဲဝိုင်းကြီးများ၌ ဧည့်သည်များအား နေရာချပါသည်။ မိမိကပွဲယအနေဖြင့် အခြားနိုင်ငံများမှ ထေရဝါဒဝတ်ရုံဝတ်ဆင်ထားသော နိုင်ငံခြားသားဘုန်းတော်ကြီး (၃)ပါးနှင့်အတူ မိမိ၏ ဆရာတော်ကြီးနှစ်ပါးအား ထိပ်အကျဆုံးနေရာတွင် နေရာချထားပါသည်။ ခံ့ညားလှသော စားပွဲဝိုင်းကြီးပေါ်တွင် ထမင်းစားတိုက်ပန်းကန်ပြား အဖြူကြီးများ၊ အလယ်တွင်ဟင်းလျာထည့်မည့် ဖြူဖွေးသော ပန်းကန်အရွယ်အစား အမျိုးမျိုး အသင့်မှောက်ပြီး ချထားပါသည်။

အောင်မြေဘုံစံဆရာတော်ကြီးက 'ဖြစ်ပါ့မလား' ဟု တိုးတိုးကပ်ပြောပါသည်။ 'နေရာမရှိတော့ဒီနေရာ အကောင်းဆုံးပါ ဘုရား၊ ဟိုဘက်ကထေရဝါဒ ကိုယ်တော်တွေလည်းရှိနေလို့ အခက်အခဲမရှိနိုင်ပါဘုရား' ဟု တိုးတိုးကပ်၍ ပြန်လျှောက်ပါသည်။ ညီလာခံ ကျင်းပပွဲတာဝန်ရှိသူ မဟာယာန

ဘုန်းကြီးများ၊ လူပုဂ္ဂိုလ်များ (၄)ဦးစန့် တစ်ယောက်ပြီးတစ်ယောက် စင်မြင့်ပေါ်တက်၍ စကားပြောကြပါသည်။ တစ်ဦးပြော၍ ပြီးဆုံးတိုင်း လက်ခုပ်သံတဖျောင်းဖျောင်း ညံဘာပေးကြပါသည်။ နောက်ဆုံးပုဂ္ဂိုလ် စကားပြောနေစဉ် စားပွဲထိုးများက ဟင်းလျာများ လိုက်ထည့်ပါသည်။ သည်အထိ ပြဿနာမရှိသေးပါ။ စားပွဲထိုးတစ်ဦးက ထမင်းထည့်ပေးရန် ထမင်းစားတိုက် ပန်းကန်ပြားဖြူကြီးများကို လိုက်ပြီးလှန်၍ ထည့်ပါသည်။ မြန်မာဆရာတော်ကြီး (၂)ပါးက လက်ကာ၍ အနီးစားပွဲဝိုင်းတွင်ရှိသော မိမိအားလှမ်းကြည့်တော် မူကြပါသည်။ အလိုက်တသိထသွား၍ စားပွဲထိုးအား မြန်မာဆရာတော်နှစ်ပါးညနေပိုင်း ထမင်း မစားကြောင်း၊ ဆရာတော် (၂)ပါးအတွက် အအေးတစ်ခုခုကို ယူလာခဲ့ရန်ဖြစ်ကြောင်းပြောရပါသည်။

ထေရဝါဒဝတ်ရုံ ဝတ်ဆင်ထားသော နိုင်ငံခြားဘုန်းကြီး (၃)ပါးကမူ စားပွဲထိုးက ထမင်းများထည့်နေသည်ကို မတားမြစ်ကြပါ။ နောက်ဆုံးပုဂ္ဂိုလ်စကားပြောအပြီး လက်ခုပ်သံများအစဲတွင် ညနေစာကို သုံးဆောင်ရန်ဖြစ်ကြောင်း ကြေငြာပါသည်။ ဟိုဘက်က (၃)ပါး ဇွန်းခရင်းများကိုင်၍ ညနေစာကိုမြိန်မြိန်ကြီး ဘုဉ်းပေးတော်မူကြပါသည်။ မြန်မာဆရာတော်ကြီး နှစ်ပါးမှာ တစ်ဖက်မှ ဆရာတော်များကို အားနာဟန်ရှိပြီး ထိုင်ရအခက် ထရအခက်ဖြင့်မိမိအား 'ဘယ်လိုလုပ်ကြမတုန်း' ဟု မေးပါသည်။ အအေးဖန်ခွက်များလည်း မလာသေးပါ။ ယင်းအခြေအနေကို အနီးအနားစားပွဲဝိုင်းများရှိ မဟာယာနဘုန်းကြီးများ၊ ဘိက္ခုနီဓေါ် ကိုးရီးယားအမျိုးသမီးဘုန်းကြီးများက 'ဪ...ဖြစ်မှဖြစ်လေ၊ သူများတွေစားနေတာတောင်မှ စားခွင့်မရရှာကြသူများ ပါတကား' ဟူသော သနားကြည့်ဖြင့် ဝိုင်း၍ ကြည့်ကြပါသည်။ မိမိထိုင်သော စားပွဲဝိုင်းရှိ မဟာယာနဘုန်းကြီးများနှင့် ဘိက္ခုနီများအချင်းချင်း ကိုရီးယားဘာသာစကားဖြင့် ဝေဖန်နေကြဟန် ရှိပါသည်။ အအေးဖန်ခွက်ကြီးများ ရောက်လာသောအခါ မိမိစားပွဲဝိုင်းမှထ၍ ဆရာတော် (၂)ပါးအား ကပ်ရပါသည်။ စားသောက်ပြီးကြသည့်အထိ ထိုစဉ်က ညနေစာ မစားသော ဆရာတော် (၂)ပါးကို သနားကြည့်ဖြင့် ဝိုင်း၍အကြည့်ခံခဲ့ကြရပါသည်။

သို့ရာတွင် တစ်ပတ်ကျော်ခန့် ကိုရီးယား၌နေပြီး မြန်မာထေရဝါဒဆရာတော်ကြီး နှစ်ပါး၏ အမူအကျင့်တို့ကို နီးကပ်စွာ ထိတွေ့ရင်းနှီးပြီးနောက်အပြန်ခရီး နှုတ်ဆက်သည့်အခါ ကိုရီးယားဘုန်းတော်ကြီးများက ဆရာတော်ကြီးများ၏ ခြေသလုံးတို့ကို ဆုပ်နယ်ကာ ခြေဖမိုးများကို ဦးပြည်းကတုံးများနှင့် ထိပြီး ရှိခိုးသည်ကို မြင်တွေ့ခဲ့ရစဉ် ပီတိ အထပ်ထပ် ခံစားခဲ့ရပါသည်။

ဗုဒ္ဓဘာသာညီလာခံ ထိုင်းနိုင်ငံ

(၁၀)နှစ်နီးပါး ကြာပြီးနောက် ၂၀၀၅-ခုနှစ်၊ မေလထဲတွင် ထိုင်းနိုင်ငံ၌ ကမ္ဘာ့ကုလသမဂ္ဂမှ ဦးစီးကျင်းပသော ဗုဒ္ဓနေ့အခမ်းအနားနှင့် နိုင်ငံတကာ ဗုဒ္ဓဘာသာညီလာခံကို မြန်မာဆရာတော်ကြီးများနှင့်အတူ တက်ရောက်ခွင့်ရခဲ့ပါသည်။ စာတမ်းများဖတ်ခြင်း၊ စားပွဲဝိုင်းဆွေးနွေးခြင်းတို့မှ နေ့လယ် (၃)နာရီခန့်တွင် အနားပေးပြီး Tea Break ခေါ် လက်ဖက်ရည်သောက် နားနေချိန်အတွင်း မြန်မာနိုင်ငံမှအပကျန်ထေရဝါဒဝတ်ရုံ ဘုန်းတော်ကြီးများ ကော်ဖီ၊ လက်ဖက်ရည်၊ နွားနို့တို့နှင့် တွဲလျက် လှပစွာ ပြင်ဆင်ထားသော ထိုင်းနိုင်ငံလုပ် ကောက်ညှင်းမုန့်များကို မြိန်ရေရှက်ရေ ဘုဉ်းပေးနေကြသည်ကို မြင်တွေ့ရပြန်သည့်အခါ 'ဪ...ငါတို့ ထေရဝါဒ ဗုဒ္ဓသာသနာကို Globalization ခေါ် ကမ္ဘာ့ရွာစနစ်ကြီးက စိန်ခေါ်လျက်ရှိနေလေပြီတကား...' ဟူ၍ ထိတ်လန့်စွာ သံဝေဂ ဖြစ်ပေါ်ခံစားခဲ့ရပြန်ပါသည်။

မြန်မာနိုင်ငံတွင်းက ထေရဝါဒသာသနာ

မြတ်စွာဘုရားရှင်၏ သာသနာတော်တွင်းသို့ ရှင်ရဟန်းအဖြစ် ဝင်ရောက်ကြသည့်အခါ အခြေအနေ အချိန်အခါနှင့် သဒ္ဓါအင်အားအလျောက် ဝင်ရောက်ကြပါသည်။ **'သံသရာဝဋ္ဋဒုက္ခတော မောစနတ္ထာယ'** – သံသရာဝဋ်ဆင်းဒုက္ခမှ လွတ်မြောက်ပါရစေခြင်းအကျိုးငှာ – ဟူသော ရည်ရွယ်ချက်ကို ရင်ဝယ်ပိုက်လျက် ဝင်ရောက်လာကြရပါသည်။ တော်ရုံတန်ရုံ ပါရမီအခံဖြင့် ရှင်ရဟန်းဘဝကို ခံယူလိုစိတ်ရှိရန် မလွယ်လှပါ။ ကာမဂုဏ်အာရုံများ ထူပြောလွန်းလှသော ဤလူ့ဘောင်ကြီးအတွင်း ကာမဂုဏ်အာရုံမှ ပုထုဇဉ်ဘဝဖြင့် ကင်းကွာ၍ နေထိုင်ကျင့်သုံးရန် ပို၍ပင် ခဲယဉ်းလှပါသည်။ သမဏသုခခေါ် ရှင်ရဟန်းဘဝ ချမ်းသာကို ကာမဂုဏ်အာရုံတို့မှ ကင်းဝေးစွာ နေထိုင်ကျင့်သုံးမှသာလျှင် ပြည့်ပြည့်ဝဝ ရရှိနိုင်ပါသည်။ သာသနာ့ဘောင်တွင်းသို့ ရှင်ရဟန်းဘဝဖြင့် ဝင်ရောက်၍ ပိဋကတ်စာပေများကို သင်ယူပို့ချမှု ဂန္ထဓုရတာဝန်နှင့် ကမ္မဋ္ဌာန်းတရားများ အားထုတ်မှု ဝိပဿနာဓုရတာဝန်နှစ်ရပ်ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်မှသာလျှင် မြတ်စွာဘုရားရှင်လိုလားနှစ်မြိုက်တော်မူသည့် မွန်မြတ်ထူးကဲသော **သမဏသုခ** ဘဝကို ရရှိပါမည်။

ထိုပဓာနတာဝန်နှစ်ရပ်မှ ကင်းဝေးနေမိပြီဆိုလျှင်ကား Globalization ခေါ် ကမ္ဘာ့ရွာစနစ်ကြီး၏ နည်းမျိုးစုံ ဘက်ပေါင်းစုံမှ စိန်ခေါ်ထိုးနှက်ခြင်း ခံနေရမည်မှာ ဧကန် ဖြစ်ပါသည်။ ထိုစိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်တွန်းလှန်နေရရှာသော ရှင်ရဟန်းများ၏ ဘဝအဖုံဖုံကို ကိုယ်ချင်းစာနားလည်ခံစားနေမိပါသည်။ ရင်းစားများပါမသွားဘဲ တွန်းလှန်တော်မူနိုင်ကြပါစေ ဟုသာ ရှိခိုးဆုတောင်းနေမိပါသည်။

သမဏာနဥ္စ ဒဿနမင်္ဂလာ

တစ်ခါက လူငယ်တစ်ဦး မေးဖူးပါသည်။

'ဆရာ သုံးဆယ့်ရှစ်ဖြာမင်္ဂလာထဲမှာ **"သမဏာနဉ္စ ဒဿနံ"** ဆိုတာ မင်္ဂလာတစ်ပါးလို့ ပြောတယ်၊ တချို့နေရာတွေမှာ အဆင်မပြေဘူးဆရာ၊ အထူးသဖြင့် အတင်းအလှူလာခံတဲ့ ဘုန်းကြီးတို့ ဘာတို့ပေါ့ဆရာရယ်၊ မင်္ဂလာမဖြစ်တဲ့အပြင် စိတ်ကသိကအောက် ဖြစ်ရတယ်၊ အဲဒါ ရှင်းပြပါ ဆရာ"

'သမဏာနဥ္စ ဒဿနံ' ဆိုတဲ့နေရာမှာ ဘုန်းကြီးရဟန်းကို အဓိကဦးတည်ပြောပေမယ့် ကိလေသာအညစ်အကြေးတွေ ငြိမ်းအောင် ကြိုးစားဆဲ၊ ကြိုးစားပြီး ပုဂ္ဂိုလ်အားလုံး ပါဝင်တယ်ကွယ်၊ **သမဏ** –ဆိုတဲ့ပါဠိဝေါဟာရ အဓိပ္ပာယ်က **'ကိလေသာတွေ ငြိမ်းအောင် အားထုတ်ဆဲ၊ အားထုတ်ပြီး ပုဂ္ဂိုလ်'** လို့ အဓိပ္ပာယ်ရတယ်၊ စိတ်အာရုံထဲကို အမြဲမပြတ် ဝင်လာတတ်တဲ့ စိတ်အညစ်အကြေးတွေကို သမ္မာသတိနဲ့ စောင့်ကြည့်ပြီး ဖယ်ရှားဖို့ အားထုတ်နေဆဲပုဂ္ဂိုလ်၊ အားထုတ်ပြီးပုဂ္ဂိုလ်ကို ခေါ်တာ၊ ၂၂၇–သွယ်သိက္ခာပုဒ်တွေကို အမှန်တကယ် ဖြည့်ကျင့်နေတဲ့ ရဟန်းတော်တွေ၊ ဆရာတော်ကြီးတွေကို ဖူးတွေ့ခွင့်ရရင် အလွန်ကြည်ညိုဖို့ ကောင်းတယ်၊ မင်္ဂလာလည်း ဖြစ်တယ်၊ ရဟန်းတော်များဟာ ဖိတ်ကြားခြင်းမခံရဘဲ သွေးသားမစပ်သူထံမှ ဘာကိုမျှ အလှူမခံရဘူးလို့ ဝိနည်းတော်မှာ ပညတ်ထားတယ်။

အခုပြောနေတဲ့ အလှူခံဘုန်းကြီးကတော့ အဲဒီသိက္ခာပုဒ် ကျိုးပေါက်သွားပြီ၊ သိက္ခာပုဒ်ပညတ်တော်မူတဲ့ ဘုရားရှင်ရဲ့ ရည်ရွယ်ချက်ကလည်း အဲဒီလို လှူမယ့်တန်းမယ့် ပုဂ္ဂိုလ်တွေ ကသိကအောက်မဖြစ်အောင် ပညတ်ထားတာ၊ အဲဒီတော့ မင်းမှာလည်း... သမဏာနဥ္စ ဒဿနမင်္ဂလာ မဖြစ်တော့ဘူးပေါ့၊ ကိလေသာတွေကို ငြိမ်းအောင် အားထုတ်နေဆဲဖြစ်တဲ့ လူပုဂ္ဂိုလ် ဖြစ်ပါစေ၊ သူနဲ့ ထိတွေ့ဆက်ဆံရတာ

သူရဲ့ ငြိမ်းအေးမှုအရှိန်အဝါ အဟပ်ခံရလို့ ကိုယ့်မှာလည်း ငြိမ်းချမ်းတယ်၊ ကုသိုလ်တွေ ဖြစ်တယ်၊ ငြိမ်းအေးအောင် အားထုတ်ဆဲ၊ အားထုတ်ပြီး ပုဂ္ဂိုလ်မှန်သမျှနဲ့ ထိတွေ့ခွင့်ရရင် အဲဒီမင်္ဂလာ ဖြစ်တာပဲ၊ တကယ် သီလ သမာဓိကြီးမားတဲ့ ရဟန်းတော်တွေ၊ ဆရာတော်ကြီးတွေကို မင်း ရအောင်ရှာပြီး ဖူးတွေ့၊ အဲဒီအခါကျရင် ဆရာပြောတဲ့ ခံစားမှုမျိုး မင်းခံစားရလိမ့်မယ် တကယ့် မင်္ဂလာဖြစ်ပြီ'။

စာထဲကရဟန်း

'နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး'ကို စာမျက်နှာ ၄၀၀–ကျော် ဖတ်ရှုပြီးသည့်အခါ 'ဩော်–ဘုရားရှင်လိုလားတော်မူသော စာထဲက ရဟန်းဆိုသည်မှာ နဘူးကျောင်းတောရဆရာတော်ကြီးပါပဲလား' ဟု ခံစားလာမိပါသည်။ ပရိယတ္တိဝန်ဆောင်ရမည့် ငယ်စဉ်ကာလတွင်လည်း စာသင်စာချအလုပ်ကို ရှိသေလေးနက်စွာ ဆောင်ရွက်ခဲ့သည်။ စာချဘွဲ့ကြီးဘဝကပင် ပိုက်ဆံမရှိသော စာချဘွဲ့ကြီးဘဝကို လေးလေးနက်နက် အားပါးတရ ခံယူတော်မူခဲ့၏။ ဝိနည်းသိက္ခာပုဒ်တော်နှင့် ငြိစွန်းနိုင်သည်ဟု ယူဆရသော ကိစ္စမှန်သမျှ သတိပြုရှောင်ကြဉ်တော်မူခဲ့သည်။

သက်တော် (၄၂)နှစ် (၂၃)ဝါအရတွင် မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စကုမြို့နယ် ရွှေစက်တော်တောရသို့ အရညဝါသီတောရမှီလျက် ဓုတင်ဆောင်ခရီးစတင်ခဲ့ရာမှ မြောင်ဦး ရန်ကင်းတောရ၊ မင်းတုန်းမြို့နယ် တောင်လတ်တောရ၊ ရမည်းသင်းမြို့နယ် နဘူးကျောင်း ရန်ကင်းတောရ၊ ညောင်ကုန်းသုသာန်တောရ၊ သယ်ဝေး–ထန်းတပင်တောရ၊ ရမည်းသင်း–ရွှေဒါး ရွှေမင်းဝံတောရများတွင် လှည့်လည်၍ ဓုတင်အကျင့်များစွာဖြင့် ခန္ဓာဝန်ရှုသည်အထိ လှည့်လည်သီတင်းသုံးတော်မူခဲ့၏။

တောရဆောင် (၄၁)ဝါအတွင်း သာသနာတော်အတွက် အမှန်တကယ် အရေးကြီးလှသော (ရောင်းတန်းမဝင်သော) (အများအားဖြင့် စာအုပ်တိုက်ထဲတွင်သာ သိမ်းထားခံရမယ့် ရှိသော) အဆုံးအဖြတ်ကျမ်းစာ (၁၂)အုပ်ကို ပြုစုတော်မူခဲ့၏။ သာသနာတော်အတွက် အသက်ပမာ အရေးကြီးလှသော သိမ်ပေါင်း (၁၇၀)ကို သမုတ်တော်မူခဲ့၏။ တောရဓုတင်ဆောင်ကာလအတွင်း သင်္ကန်းသုံးထည်ကိုသာ ဝတ်ရုံတော်မူ၏။ အမြဲဆွမ်းခံ ရောင့်ရဲတော်မူ၏။ ထင်ပေါ်ကျော်ကြားမည့် ကိစ္စလုပ်ရပ်မှန်သမျှ တပည့်များအား အမြဲ တားမြစ်တော်မူ၏။ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို အစအဆုံး (၆)ကြိမ်တိုင် ဖတ်ရှုပွားများတော်မူ၏။ တီဗွီ၊ တယ်လီဖုန်း စသော ဆက်သွယ်ရေးပစ္စည်းများ၊ မော်တော်ကား၊ ရေခဲသေတ္တာ အလှူခံလေ့မရှိ၊ အသက်ထက်ဆုံး အရညကင်ဓုတင်ကို မပျက်အောင် ဆောင်တော်မူခဲ့၏။ တပည့်များက ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာသိက္ခာဂုဏ်တို့အတွက် 'အဂ္ဂမဟာပဏ္ဍိတ' စသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရစေချင်လှသဖြင့် လျှောက်လွှာတင်ရန် ခွင့်ပြုချက်တောင်းသည့်အခါ 'နှစ်စဉ် ဆွမ်းဆန်စရိတ်အဖြစ် ငွေလှူတာပါနေလို့' ဟု လုံးဝလက်ခံတော် မမူခဲ့၊ ဘုရားရှင်လိုလားတော်မူခဲ့သော 'စာထဲက ရဟန်း' ၏ ဂုဏ်အင်္ဂါများနှင့် လွန်စွာ ညီညွတ်တော်မူပါပေ၏။

ဝိနည်းတည်မှ သာသနာတည်မည်

"ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သည်" ဟူ၍ ဘုရားရှင် မိန့်တော်မူပါသည်။ လူ့ဒါယကာတို့၏ လူ့ကျင့်ဝတ် ဂိဟိဝိနယထက် တန်ဖိုးအဆများစွာ မြင့်မားသော ကျင့်သုံးနေထိုင်နည်း စည်းကမ်းများသည် ရဟန်းတို့၏ ဝိနည်း ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်းကြီးကို တညီတညွတ်

တည်း စည်းလုံးခိုင်မာစွာ တည်ရှိနေရန် ပဓာန အကြောင်းရင်းမှာလည်း ဝိနည်း ဖြစ်ပါသည်။ ထို ဝိနည်းစည်းကမ်းကို စနစ်တကျ ယိုပေါက်မရှိ လိုက် နာကျင့်သုံးသော သံဃာအဖွဲ့အစည်းသည် လူ့အဖွဲ့ အစည်းနှင့် လုံးဝ မတူနိုင်ပါချေ။

လူသာမန်တို့ထက် ဣန္ဒြေခြောက်ပါးကို လုံခြုံ စွာ စောင့်ထိန်းသော သံဃာတော်သည် လူနှင့်မည်သို့ မျှ မတူနိုင်ပါချေ။ မြတ်စွာလုရားရှင်သည် သဗ္ဗညုတ ဉာဏ်တော်ကြီးဖြင့် စိစစ်သုံးသပ်တော်မူပြီးမှ ချမှတ် တော်မူသည်ဟု ခိုင်မာစွာ ယုံကြည်မိပါသည်။ ပုထု ဇဉ်၏ မူလစရိုက်က ဝိနည်းစည်းကမ်းကို တိကျစွာ မလိုက်နိုင်သည်သာလျှင် ရှိမည်၊ မြတ်စွာဘုရားရှင် ချမှတ်တော်မူသော အာဏာဒေသနာတော် = ဝိနည်း စည်းကမ်းများသည်ကား လူတစ်ဦးချင်း၏ ပစ္စုပ္ပန် သံသရာ အကျိုးစီးပွားမှ စတင်လျက် လောက ပတ်ဝန်းကျင် အကျိုးစီးပွားကို အမှန်တကယ် ဖြစ် ထွန်းစေကြောင်းကို 'နဘူးကျောင်း တောရဆရာတော် ကြီး၏ နှစ်လေးဆယ်ကျော် ဓူတင်ဆောင်ခရီး'က သက်သေခံလျက် ရှိပေပြီ။

သဗ္ဗညုတဉာဏ်တော်ကြီးကိုမယုံကြည်လို့လား

၁၉၉၈-နှစ်၊ ဒီဇင်ဘာလ ၉-ရက်နေ့တွင် ရန်ကုန်မြို့၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ သာသာနပြု တက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထိုစဉ်က စ၍ ထေရဝါဒဗုဒ္ဓဘာသာကို သင်ယူလို သော ပြည်ပနိုင်ငံများမှ ထေရဝါဒနှင့် မဟာယာန ရဟန်းတော်များ၊ မဟာယာနဘိက္ခုနီနှင့် ထေရဝါဒ သီလရှင်များ၊ ဘာသာစုံကိုးကွယ်သူ လူပုဂ္ဂိုလ်ကျားမ များကို တည်းခိုဆောင်၌ အခမဲ့ လက်ခံ၍၊ အခမဲ့ နေ့ညကျွေးမွေး၍၊ အခမဲ့စာအုပ်စာတန်းများ ပေးလှူ ၍၊ ထေရဝါဒ ဗုဒ္ဓဘာသာပညာကို အခမဲ့ သင်ကြား ပေးလာခဲ့ပါသည်။

တစ်နေ့တွင် သံဃာဆောင်၌ အဆောင်မှူး တာဝန် ထမ်းဆောင်သော မြန်မာရဟန်းတော်တစ်ပါး က (ဘွဲ့တော် မဖော်ပြလိုပါ၊ ပုဂ္ဂိုလ်ရေး ချီးကျူးသလို ဖြစ်မည်စိုးပါသည်၊ ဝိနည်းတော်ကို တိတိကျကျ လေးစားလိုက်နာသော သိက္ခာတော် (၂၀) ပတ်ဝန်း ကျင်ရှိ ဆရာတော်လေး ဖြစ်ပါသည်။) ဌာနမှူး (စီမံ/ ဘဏ္ဍာ) တာဝန်ထမ်းဆောင်နေသော မိမိအား သတင်းပေးပါသည်။ အဆောင်များ၌ သီတင်းသုံး နေထိုင်သော ပြည်ပစာသင်သားများ အနေဖြင့် တက္ကသိုလ်က သတ်မှတ်ပေးသော စည်းကမ်းများကို တိကျစွာ လိုက်နာစေရေးအတွက် တာဝန်ရှိသင်ကြား ရေးဆရာတော်များနှင့် ပူးတွဲကာ မိမိလည်း တာဝန်ယူ ရသောကြောင့် ဖြစ်ပါသည်။

"ဒကာကြီး၊ ညက ... ထေရဝါဒကိုယ်တော် တစ်ပါးက ဦးဇင်းအခန်းထဲလာပြီး ဆွေးနွေးတယ်၊ ဘာလဲဆိုတော့ ... ကမ္ဘာမှာ သာသနာပြုချင်ရင် ပိုက်ဆံမကိုင်ဘဲနဲ့ သာသနာပြုလို့မရဘူးလို့ လာပြော တယ်၊ ဦးဇင်းကလည်း ပြန်ပြောပါတယ်၊ ပိုက်ဆံ မကိုင်ဘဲ သာသနာပြုရင်လည်း ရပါတယ်၊ လက် တွေ့မှာလည်း ပိုက်ဆံမကိုင်ဘဲ သာသနာပြုနေတဲ့ ဆရာတော်တွေ မြန်မာပြည်မှာရော၊ ကမ္ဘာမှာပါ အများကြီးပါပဲလို့ ပြောတော့၊ သူက လက်မခံနိုင် ဘူးတဲ့၊ အထူးသဖြင့် သွားရေးလာရေးနဲ့ ဆွမ်းကိစ္စ တွေမှာ ပိုက်ဆံမရှိရင် ဘယ်လိုလုပ်မလဲလို့ မေးတယ်၊ ဦးဇင်းကလည်း ပြန်ပြောပါတယ်၊ မြတ်စွာဘုရားရှင် က ကပ္ပိယဆိုတာကို ခွင့်ပြုထားတာပဲ အဲဒီကပ္ပိယ တွေက စီစဉ်ပေးပေါ့၊ ဖြစ်နိုင်တာပဲလို့ ပြန်ပြောပါ တယ်၊ ဒါကိုလည်း သူက လက်မခံပြန်ဘူး ဒကာ ကြီး၊ ကပ္ပိယဆိုတာ နေရာတကာ ဘယ်လိုက်နိုင်မလဲ တဲ့၊ မလိုက်နိုင်လည်း မသွားနဲ့ပေါ့ ကိုယ်တော်၊ ကိုယ့် နေရာ ကိုယ်နေပြီး ကိုယ့်သီလကိုယ်ကျင့်နေရင်လည်း သာသနာ ပြုနေတာပါပဲ၊ ကိုယ်တည်း ဟူသော

အကြောင်းကြောင့် ထိုယိမ်း ထိစပ်တဲ့ ခကာ၊ ခကာမ တွေမှာ အသီးအပြင်နှင့်တွေပြီး ရှုံးသွားကြတာပေါ့၊ မြတ်စွာဘုရားရှင်ကိုယ်တော်တောင် ဖိုက်ဆံမကိုင်ဘဲ သာသနာပြုလာခဲ့လို့ ခုဆို ဘုရားသာသနာတော် သက်တမ်းဟာ နှစ်ပေါင်း နှစ်ထောင်ငါးရာကျော်နေ ပြီပဲ လို့ပြန်ပြောပါတယ်။

ဒါကိုလည်း သူက လက်မခံပြန်ဘူး ခကာ ကြီးရေ၊ ဘုရားခေတ်က ဘာမှ မတိုးတက်သေးဘူးတဲ့၊ ခုလို ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ ဖိုက်ဆံဟာ အဓိကတဲ့၊ ဘာမဆို လုပ်လို့ရတယ်တဲ့၊ ဒါကြောင့် ဖိုက်ဆံပါမှ သာသနာပြုလို့ ဖြစ်မှာလို့ ထစ်ခါတလဲလဲ ငြင်းနေပြန်တယ်၊ ဦးဇင်းလည်း နောက်ဆုံး စကားသေတ်ချင်တာနဲ့ ပြောလိုက်တယ်၊ အေး... ဘုရားရှင်က ဖိုက်ဆံမကိုင်ရဘူးလို့ ပညတ်ထားတာ ဟာ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ စိစစ်ပြီးမှ ပညတ်ထားတာ၊ ကိုယ်တော်က မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကို မယုံကြည်လို့လား'လို့လဲ ပြန်မေးရော အဲဒီကိုယ်တော် ဘာမှ ပြန်မပြောတော့ဘူး ခကာကြီး ရေ၊ ကျေးဇူးတင်ပါတယ်ပဲ ပြောပြီး ဦးဇင်းအခန်းထဲက ပြန်ထွက်သွားရော"

ရဟန်းတော်များ ကားမောင်းလို့ရသလား

၁၉၉၄-ခုနှစ်ခန့် ပတ်ဝန်းကျင်က အခြားဘာသာမှ အသက် ၃၅-နှစ်ခန့်ရှိ တရားယောဆရာ တစ်ဦးကို နယ်ခြား တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရက ကာယကံရှင်၏ ဆန္ဒအရ ရှင်သာမဏေဝတ်ပေးပြီး စိတ်ချလောက်သည့် အချိန်တွင် ရဟန်းခံပေး ပါသည်။ ထိုရဟန်းကို တောင်တန်းဆရာတော်ကြီးက ပရိယတ်၊ ပဋိပတ် အခြေခံများ ရရှိစေရန် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန၏ အကူအညီဖြင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၊ ကမ္ဘာအေးသို့ ပို့ပေးခဲ့ပါသည်။

ထိုစဉ်က မိမိမှာ သာသနာ့တက္ကသိုလ်ဌာနခွဲတွင် တာဝန်ယူပေးရပါသည်။ ထိုရဟန်းအား ရှေးဦးစွာ ကမ္ဘာအေးအနီး၊ ချမ်းမြေ့ရိပ်သာသို့ တရားအားထုတ်ရန် ပို့ဆောင်ပေးခဲ့ပါသည်။ ၂-ပတ်ခန့် တရားအားထုတ်ပြီးနောက် သာသနာ့တက္ကသိုလ်သို့ ပြန်ပင့်ကာ သင်ကြားရေး ဆရာတော်လေးတစ်ပါးအား နိဿရည်း(အနီးနေနည်းပြဆုံးမသည်) ဆရာတော်အဖြစ် လျှောက်ထားအပ်နှံကာ ဗိနည်းနှင့် ပရိယတ္တိစာပေအခြေခံများကို လေ့လာစေခဲ့ပါသည်။ ခြောက်လခန့် လေ့လာစေပြီးနောက် ထိုဆရာတော်လေး၏ အကူအညီဖြင့် ဗုဒ္ဓဘာသာတရားတော် (အခြေခံအဆင့်)ကို ၎င်း၏ တိုင်းရင်းသားဘာသာစကားဖြင့် ဘာသာပြန်ဆိုစေခဲ့ပါသည်။ ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က ထိုကိုယ်တော်အား ပစ္စည်းလေးပါး ဒကာခံယူ၍ အင်္ဂလိပ်လက်နှိပ်စက်တစ်လုံး လှူဒါန်းပြီး ဝိုင်းဝန်းကြပ်မတ်ပေးခဲ့ပါသည်။

ထိုဘာသာကူးပြောင်း ရဟန်းတော်သည် ၎င်း၏ နိဿရည်းဆရာတော်လေးအား အထူးလေးစား ချစ်ခင်ကြည်ညိုသကဲ့သို့ ဝိုင်းဝန်းကူညီပေးသော ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်နှင့် မိမိတို့အားလည်း ချစ်ခင်လေးစားမှု ရှိပါသည်။ ထို့ကြောင့် တိုင်းရင်းသားစကား ဘာသာပြန်လုပ်ငန်းမှာ အထူးတိုးတက်လာပြီး အားလုံး ဝမ်းသာကြည်နူး ကြရပါသည်။ ထိုကိုယ်တော်မှာ အပြောအဟောတို့ကို စနစ်တကျသင်ယူခဲ့သူဖြစ်သောကြောင့် ဗုဒ္ဓဘာသာတရားအခြေခံတို့ကို ၎င်းကျင်လည်ခဲ့ရာ ပတ်ဝန်းကျင်နှင့် ဆက်စပ်ရာဒေသများတွင် တရားပွဲများ ပြုလုပ်ခဲ့ရာ အထူး အောင်မြင်ကျော်ကြားလာပါသည်။

ငွေကြေး ချမ်းသာသူများကပင် ပစ္စည်းလေးပါး ဒကာအဖြစ် ခံယူလာကြသည့်အခါ ၎င်းသိတင်း

သုံးရာ အခန်းတွင် စည့်သည်များ အဝင်အထွက် စိပ်လာပါသည်။ ဘာသာပြန်လုပ်ငန်းကို ဆောက်ချ မလုပ်နိုင်တော့သည့်အပြင် အလှူရှင်ငွေများ သိန်းချီ ပေါ်များလာပြီဖြစ်၍ လှူငယ်ပုထုဇဉ်ပီပီ ငွေကြေးပေါ များမှုဒဏ်ကို မတွန်းလှန်နိုင်ရှာတော့ပါ။ နှစ်နှစ် အတွင်း အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီး ၎င်း၏ အခန်းသို့ ဒကာမလေးများပင် အဝင်အထွက် စိပ်လာ သဖြင့် ပဓွည်းလေးပါး ဒကာ ဆရာကြီးဦးဌေးလှိုင်က နေအိမ်သို့ပင့်၍ သတိပေးစကား လျှောက်ထား ရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့ပါသည်။

ထိုစဉ်ကာလအတွင်း ဒကာများက အပ်နှံ ထားသော မော်တော်ကားကိုပင် ကိုယ်တိုင်မောင်းနှင် လာပြီဖြစ်၍ နာယကချုပ်ဆရာတော်က ရဟန်းတော် များအနေဖြင့် ကားမမောင်းသင့်ကြောင်း ခေါ်ယူ သတိ ပေးခဲ့ပါသည်။ ၎င်းက ဝိနည်းသင်ယူထားသူဖြစ် သည့်အလျောက် မြတ်စွာဘုရား ဝိနည်းပညတ်တော် ထဲတွင် 'ကားမမောင်းရ' ဟု ပညတ်ချက်မရှိ၍ အပြစ် မရှိပါကြောင်း စောဒကတက်ခဲ့ပါသည်။ နောက်ဆုံး ရှင်သာမဏေများ ကျင့်ဆောင်ရသော သေခိယ ၇၅ ပါးတွင် 'မြို့တွင်း ရွာတွင်းသို့ သွားပါက သင်္ကန်းကို ရုံ၍ သွားရကြောင်း၊ တံပိုးတစ်ပြန်ခန့် (လေးတောင် ခန့်) ပမာဏမျှ မျက်လွှာချလျက်သွားရကြောင်း၊ ကား မောင်းသူသည် မျက်စေ့ခြေလက် ဦးနောက်ပါမကျန် အလုပ်လုပ်ပြီး ယာဉ်ကို ထိန်းသိမ်းရသောကြောင့် ဝိနည်းသိက္ခာပုဒ်နှင့် မညီညွတ်ကြောင်း' ပြောဆိုဆုံးမ သည့်အခါမှသာ ကိုယ်တိုင်ကားမောင်းခြင်းကို စွန့် လွှတ်ခဲ့ပါသည်။

မူလကပင် သဒ္ဓါအင်အား နည်းပါးရှာသူဖြစ် ၍ ထိုကိုယ်တော်သည် တစ်နေ့ရာသော အချုပ် ထောင်၌ ကွယ်လွန်ခဲ့ပါသည်။ ထိုအခါ မိမိအနေဖြင့် ဆရာကြီး ဦးဌေးလှိုင်က ၎င်း၏အိမ်၌ ထိုကိုယ်တော် အား ဦးသုံးကြိမ်ဖြင့် ရှိသေစွာကန်တော့ပြီးမှ လျှောက် ထားသော စကားများကို ပြန်လည် ကြားယောင်လာ မိပါသည်–

"အရှင်ဘုရား... ထေရဝါဒဗုဒ္ဓသာသနာတော် ဟာ အလွန်စွမ်းအားရှိပြီး အလွန်သန့်စင်မွန်မြတ်ပါ တယ် ဘုရား၊ ဘုရားရှင်ချမှတ်တော်မူတဲ့ ဝိနည်း သိက္ခာပုဒ်တော်တွေဟာလဲ အပိုအလိုဆိုတာ မရှိပါ ဘုရား၊ လောကနဲ့ သာသနာတော်အတွက် လိုအပ်နေ လို့သာ ချမှတ်ထားတော်မူခြင်း ဖြစ်ပါတယ်ဘုရား၊ ဝိနည်းသိက္ခာပုဒ်တော်ကို ကျင့်သုံးလျှင်လည်း ကျင့် သုံးသလောက် ဆရာဒကာ နှစ်ဦးနှစ်ဖက် အကျိုးရှိ လှပါတယ်ဘုရား၊ လူဒကာ ဒကာမများက စေတနာ သုံးတန်ပြည့်စွာန်းပြီး လှူဒါန်းတဲ့ ဝတ္ထုပစ္စည်းများဟာ ဝိနည်းတော်ကို လေးစားလိုက်နာတဲ့ ပုဂ္ဂိုလ်များ အတွက်ကတော့ ပစ္စုပ္ပန်ရော သံသရာပါ အလွန် အကျိုးရှိ ကြီးလှပါတယ် ဘုရား၊ အလွန်ဝန်လေး ဖွယ် ဖြစ်ပါတယ် ဘုရား၊ အရှင်ဘုရား ကြိုတင် ဆင်ခြင်သုံးသပ်နိုင်အောင်လို့ ဒကာကြီးက မေတ္တာ နှင့် လျှောက်ထားခြင်းပါဘုရား"

စာရေးသူ၏ဆန္ဒ

အိတ်ဆောင်အဖြစ် လွယ်ကူပေါ့ပါးစွာ ထည့် ယူသွားနိုင်သော စာအုပ်ပါးပါးကလေးများ ခေတ်စား နေချိန်တွင် ဦးသိမ်းဆောင် (ရမည်းသင်း)က စာမျက် နှာ အဖိုးဆိုဒ် ၇၀၀–ကျော် စာအုပ်ကြီးကို ပြုစုရခြင်း ၏ ရည်မှန်းချက်ကို စာမျက်နှာ ၃၄၁–တွင် အထင် သား မြင်ရပါသည်။ နဘူးကျောင်းတောရဆရာတော် ကဲ့သို့သော အရည်အဝါသီဆရာတော်များ အဆက် မပြတ် ပေါ်ထွန်းစေရေး၊ အထူးသဖြင့် မူတင်ဆောင် မထေရ်များ ပေါ်ထွန်းစေရေး၊ သာသနာတော် အစစ် အမှန်တည်တံ့စေရေး၊ တောရဆရာတော်များကို လူ ပုဂ္ဂိုလ်များဘက်လည်း ဝိနည်းတော်နှင့်အညီ အကူ အညီပေးနိုင်ရေးပါမကျန် သိစေလိုသော သမ္မာဆန္ဒ

များကို နေရာအနှံ့ တွေ့ရပါသည်။ နဘူးကျောင်းတောရ ဆရာတော်ကြီးနှင့် ဆက်နွယ်ရာ ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများ၊ တောရသာသနာနှင့် ဆက်စပ်လျက်ရှိသော ဗုဒ္ဓစာပေမှတ်စုများကိုပါ တွေ့ရသဖြင့် တစ်ထိုင်တည်း မြစ်ချင်းပြီး ရစေလိုသော စေတနာများ တွေ့ရပါသည်။ 'တောရသာသနာ'သည် ထေရဝါဒ ဗုဒ္ဓသာသနာ၏ အထက်တန်းအကျဆုံး အစစ်အမှန်ပြယုဂ် ဖြစ်ကြောင်း မည်သူမျှ မငြင်းဆိုနိုင်။

ရတနာအစစ်အမှန်ကိုပန်ဆင်နိုင်ခွင့် ရကြပါစေ

တောရသာသနာကို အစဉ်အဆက်ထူထောင် သာသနာပြုတော်မူသွားကြပြီးဖြစ်သော ပထမ ရွှေကျင်ဆရာတော်ကြီး၊ ဘုန်းတော်ကြီး ဦးသီလ၊ ညောင်လွန့်တောရဆရာတော်ကြီး အစရှိသော သူတော်ကောင်းကြီးများက ပရိယတ်၊ ပဋိပတ်စုံစွာ လမ်းခင်းပြတော်မူခဲ့ကြပြီး ထိုလမ်းအတိုင်း ဒိဋ္ဌာနုဂတိ လိုက်၍ ယခုစာဖြင့် မှတ်တမ်းတင်ထားသော နဘူးကျောင်းတောရဆရာတော်ကြီး စသော တောရထေရ်ကြီး ထေရ်ငယ်များက တောရသာသနာကို ဆက်လက်ထူထောင်ကြဦးမည် ဖြစ်ပါသည်။ ဆက်လက်၍ မြတ်နိုးကြည်ညိုကြရဦးမည် ဖြစ်ပါသည်။

- တောတိုင်းတွင် စန္ဒကူးမရှိနိုင်သည်မှာ သဘာဝဟု နားလည်ပါသည်။
- တောင်တိုင်း၌လည်း ပတ္တမြားမရှိနိုင်သည်မှာ သဘာဝဟု နားလည်ပါသည်။
- ရှားပါးသည့်အရာဖြစ်မှသာ, စိတ်ကို ကြည်နူးရွှင်ပြစေသည့်အရာဖြစ်မှသာ, တန်ဖိုးအနဂ္ဃထိုက်တန်မှသာ 'ရတနာ' စာရင်းဝင်ပါသည်။
- ရတနာအစစ်အမှန်ဖြစ်ကြောင်း ပြသဖော်ထုတ်သူအား လွန်စွာ ကျေးဇူးတင်ထိုက်လှပါသည်။
- အသိဉာဏ်ရှိသူတိုင်း ရတနာအစစ်အမှန်ကို ပန်ဆင်နိုင်ခွင့်ရကြပါစေ။
- စစ်မှန်သော ရတနာများ ဤကမ္ဘာမြေပြင်၌ ဆက်လက်ထွန်းပေါ်နိုင်ပါစေ။

မောင်ဟံသ
(စာတည်းချုပ်၊ သာထွန်းပြန့်ဓမ္မစာစောင်)
၂၀၁၀ ခုနှစ်၊ ဇက်တင်ဘာလ ၆-ရက်

နဘူးကျောင်းတောရဆရာတော်ဘုရားကြီး၏ နှစ်၄၀-ကျော် ဓုတင်ဆောင်ခဲ့ရီး မှတ်တမ်းကြီး ရေးသားသူ သိမ်းဆောင်(ရမည်းသင်း)၏ အစီရင်ခံစာ

စံထားရမည့် မြတ်ဘုရား၏သားတော်

နှစ်ပေါင်းလေးဆယ်ကျော်ကာလ ကြာအောင် တောမှာပျော်သည့် နဘူးကျောင်းဆရာတော်သည် သာသနာ့သမိုင်း၌ စံထားရမည့် အာဇာနည်အရှင်မြတ်ကြီးတစ်ပါး ဖြစ်တော်မူခဲ့ပါသည်။

ပရိယတ္တိနှင့် ပဋိပတ္တိ – နှစ်ရပ်လုံးတွင် စံထားလေးစားမြတ်နိုးသည့် မြတ်စွာဘုရား၏ သားတော်ကြီးအစစ်လည်း ဖြစ်တော်မူပါသည်။သို့ကြောင့်လည်း ရဟန်းရှင်လူအားလုံးတို့က အမှန်တကယ်ပင် လေးစားမြတ်နိုးခြင်း ခံရတော်မူခဲ့ပါသည်။ သုပ္ပဋိပန္န–ကောင်းစွာကျင့်ခြင်း၊ ဥဇုပ္ပဋိပန္န–ဖြောင့်ဖြောင့်ကျင့်ခြင်း ဟူသော ဂုဏ်အပေါင်းတို့နှင့်လည်း ပြည့်စုံတော်မူသော အရှင်မြတ်ကြီးတစ်ပါးလည်း ဖြစ်တော်မူခဲ့ပါသည်။

အထူးအားဖြင့် –ပဋိပတ္တိသာသနာဝင် သမိုင်း၌ နှစ်–၄၀–ကျော်ကာလကြာအောင် ဓုတင်ဆောင်ခြင်းကို နှစ်စဉ်မပျက်မကွက် ရှက်ဆောင်တော်မူနိုင်ခဲ့ခြင်းမှာ အံ့တစ်ပါးလည်း ဖြစ်နေလေတော့သည်။

ဓုတင်္ဂဝိနိစ္ဆယခေါ် ဓုတင်အဆုံးအဖြတ်ကျမ်း၌ ဓုတဓမ္မ–ဓုတင်ဆောင်ခြင်းတရား ငါးပါး ဖေါ်ပြထားပါသည်။

ဓုတဓမ္မ= ဓုတင်တရားငါးပါး

ဓုတဓမ္မ= ဓုတင်တရားငါးပါးမှာအောက်ပါ အတိုင်းဖြစ်ပါသည်။

(၁) အပ္ပိစ္ဆတာ = အလိုနည်းသည်၏အဖြစ်၊
(၂) သန္တုဋ္ဌိတာ = ရောင့်ရဲလွယ်သည်၏အဖြစ်၊
(၃) သလ္လေခတာ= ကိလေသာခေါင်းပါးသည်၏ အဖြစ်၊
(၄) ပဝိဝေကတာ = ဆိတ်ငြိမ်ခြင်းကိုအလိုရှိသည်၏ အဖြစ်၊
(၅) ဣဒမတ္ထိတာ = ဤအကျင့်ကြောင့်မဂ်ဖိုလ်နိဗ္ဗာန် ဟူသော အကျိုးရှိသည် ဟုသိသည်၏အဖြစ်၊

ထိုငါးပါးတို့ကား ဓုတဓမ္မတို့မည်ကုန်၏။ ဓုတင်္ဂစေတနာ၏အခြံအရံတို့ဖြစ်ကုန်၏။ ဓုတင်စေတနာအား ကျေးဇူးပြုကုန်၏။ အလိုနည်းသူကို မှီ၍ဖြစ်ကုန်၏ဟု ရှင်းလင်းထားသည်ကိုတွေ့ရှိရပါသည်။

ထိုကျမ်းစာအရ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာခေါင်းပါးခြင်း၊ ဆိတ်ငြိမ်ခြင်းကို အလိုရှိခြင်းနှင့် ထိုသို့ကျင့်ဆောင်ခြင်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်သည်ကို သိသည်၏အဖြစ်ဟူသော ကျမ်းစာပါစကားရပ်များကို ရဟန်းရှင်လူပညာရှင်တိုင်း စာသဘောအရ သိနားလည်နိုင်ကြပါသည်။

သို့ရာတွင် သိသည့်အတိုင်း ကျင့်ကြံနေထိုင်နိုင်ဖို့ဆိုသည်မှာကား လက်တွေ့ဘဝ၌ ခက်ခဲလှသည်ဟုထင်ပါသည်။ သာမန်ပုဂ္ဂိုလ်တိုင်းအတွက် မလွယ်ဟုလည်း ထင်ပါသည်။ 'သိသည့်အတိုင်း ရှိနေဖို့က ပို၍ပင် ခက်ခဲလှပါသည်' ဟု ဆိုချင်ပါသည်။' အဘယ်ကြောင့်ဆိုသော် စွန့်လွှတ်နိုင်ခြင်း၊ အနစ်နာခံနိုင်ခြင်းတို့ထက် ကိလေသာကို တိုးပွားအောင်သာ တစ်နေ့ထက်တစ်နေ့ လုပ်ဆောင်နေကြသည်ကို မိမိသူတစ်ပါး အများသူငါ သမရိုးကျလမ်းဟောင်းကြီးမှ ဆန်မတတ်နိုင်ကြသေးသောကြောင့် ဖြစ်ပါသည်။

ကြည်ညိုမဝ နိုင်ခဲ့ကြ

နဘူးကျောင်းတောရဆရာတော်ဘုရားကြီးသည်ကား ထိုကျမ်းစာပါ စာထဲက ရဟန်းမျိုးဖြစ်၏။ တကယ့်လက်တွေ့ဘဝဖြင့် စာထဲကအတိုင်း၊ မြတ်စွာဘုရား၏အဆုံးအမတော်အတိုင်း တကယ့်ကို လိုက်နာခဲ့၊ ကျင့်ကြံခဲ့၊ ပွားများခဲ့ကြောင်း အနီးနေ ဝတ်ဆောင်မထေရ်အပေါင်းတို့ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ကြ၏။

ရွာနီးကျောင်းတပည့်ရဟန်းအပေါင်းတို့လည်း သိကြ၏။ ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ခဲ့ကြသူ တောနှင့်မြို့ပါ လူဒါယကာ၊ ဒါယိကာမ အပေါင်းတို့လည်း သိကြ၏၊ မြင်ကြ၏။ ထို့ကြောင့် ကြည်ညိုမဝနိုင်ခဲ့ကြပါကုန်၏။

ရေးခဲ့သည့်ကျမ်းစာ၊ သမုတ်ခဲ့သည့်သိမ်များက သက်သေခံလျက်ရှိ

တောရဆရာတော်၏ဘဝအကြောင်း ဆရာတော်ကိုယ်တိုင်ရေးသားစီရင်တော်မူခဲ့သည့် ကျမ်းစာများနှင့် ဆရာတော်ကိုယ်တိုင်ဦးစီးဦးဆောင်ပြု၍ မြန်မာပြည်အတွင်း တိုင်း ခရိုင် မြို့နယ် တောရွာ တောကျောင်းအနှံ့ သမုတ်တော်မူခဲ့သော သိမ်ပေါင်း ၁၇၀ တို့က ဆရာတော်၏ သီလဂုဏ် သမာဓိဂုဏ်နှင့် ပညာဂုဏ်တို့ကို သက်သေခံလျက် ရှိနေကြသည်ဟု ဆိုရပါမည်။

ဝတ်ဆောင် ၄၁–နှစ်စံချိန်သစ်တင်ခဲ့

စာပေနှင့်ကျမ်းစာပေါင်း ၁၁–အုပ်ရေးသားတော်မူခဲ့၏။ သိမ်ကား အလုံးပေါင်း ၁၇၀– သမုတ်တော်မူနိုင်ခဲ့၏။ ဝတ်ဆောင်နှစ်ပေါင်း ၄၀– ကျော် (အတိအကျရေးလျှင် ၄၁–နှစ်) ကာလကြာအောင် နေထိုင် သီတင်းသုံးတော်မူခဲ့၏။ ပဋိပတ္တိ သာသနာသမိုင်းတွင် ဝတ်ဆောင်ခြင်း၌ အမြင့်ဆုံးသော စံချိန်ဖြစ်ပေလိမ့်မည်ဟုလည်း ခေတ်စကားအရ ဆိုချင်ပါ၏။ ဤသို့ဆိုလျှင် စကားမလွန်ဟု ထင်ပါ၏။

အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် သမိုင်းကျမ်းတစ်စောင် ဖြစ်သော ဆရာကြီး မှော်စီရိယဦးဒွေးလှိုင်ရေးသည့် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာအုပ်နှင့်အခြား လက်လှမ်းမှီသမျှ စာပေများတွင် လေ့လာရာ၌ နှစ်ပေါင်း ၄၁–နှစ်ဆက်တိုက် တောရဆောက်တည်ခြင်းနှင့် သိမ်အလုံးပေါင်း ၁၇၀– ဦးဆောင် သမုတ်တော်မူခဲ့သော ဆရာတော် မြန်မာ့သမိုင်း၌ မရှိခဲ့၊ မတွေ့ခဲ့ရသောကြောင့် ဖြစ်ပါ၏။

ဂုဏ်ပေါင်းစသည့် တောရဆရာတော်

ဤရွေ့ဤမျှ ဂုဏ်ပေါင်းစပါသည်ဟုရေးပြ၍ မကုန်နိုင်အောင် ဤလောကအပေါ်နှင့် သာသနာတော်မြတ်ကြီး အရှည်တည်တံ့ရေးအပေါ် ရွက်ဆောင်ခဲ့သည့် ကျေးဇူးများလှသည့် ဆရာ မထေရ်ကြီး၏ ဘဝဖြစ်စဉ်များကို အခန်းပေါင်းများစွာခွဲ၍ ရေးခဲ့သော စာပေ၊ စာအုပ်ဟူ၍ မရှိသလောက် လွန်စွာပင် နည်းပါးလှပါသည်။

ယင်းသို့ ဖြစ်ရသည်မှာလည်း ဆရာတော်ဘုရားကြီးကိုယ်တိုင်က ထင်ပေါ်ကျော်ကြားလိုခြင်း၊ အပူဇော်ခံရလိုခြင်းနှင့် လာဘ်ရလိုခြင်း အလျဉ်းပင်မရှိ။ ရေးဖွဲ့မှတ်တမ်းတင်ခြင်းကိုပင် ခွင့်မပြုခဲ့သောကြောင့် ဖြစ်ပါသည်။

ကျမ်းစာများ ရိုက်နှိပ်ပါရစေ အကြိမ်ကြိမ် လျှောက်ထားခဲ့ရ

တောရဆရာတော်ဘုရားကြီးရေးသားပြုစုခဲ့သမျှ ကျမ်းစာများ ရိုက်နှိပ်ပါရစေ၊ ခွင့်ပြုတော်မူပါဟု မိမိတို့အဖွဲ့က အကြိမ်ကြိမ်လျှောက်ထားပါမှ

လိုက်လျော ခွင့်ပြုတော်မူခဲ့ပါသည်။ ကျမ်းစာအချို့တွင် ဆရာတော်ဘဝအကြောင်း ကျမ်းစာများ နိဒါန်း၌ သာသနာရေးဝန်ကြီးဌာန ဦးမင်းကြည်(မွှော်စရိယ၊ ဘီအေ) အနေဖြင့် အနည်းအကျဉ်း ရေးစေခဲ့သည်ကိုပင် မနှစ်သက်။ အကြိမ်ကြိမ် ဆူပူကြိမ်းမောင်းသည့်ကြားက နှောင်းကာလ မှတ်တမ်းမရှိ ဖြစ်ပါလိမ့်မည် ဘုရားဟူ၍လည်းကောင်း–

သာသနာတော်ကြီး အရှည်တည်တံ့စေလို၍ ရေးသည့်ကျမ်းစာနိဒါန်းပါမှ အကြောင်းအကျိုးပြ၊ ဆရာတော်ဘဝ အရိပ်အမြွက်မျှ ရေးရပါသည်၊ ခွင့်လွှတ်တော်မူပါ လျှောက်ရသည်က အကြိမ်ကြိမ်ဖြစ်ပါသည်။

အပိုင်းငါးပိုင်း ပိုင်းခွဲ၍ရေးသားခဲ့

သိမ် ၁၀၀–မှတ်တမ်းတွင် နောက်ဆက်တွဲ (က)အဖြစ် ဆရာတော်ဘဝသည် ၁၃၆၁–ခုနှစ်အထိ ကာလ၊ သက်တော်(၇၈)၊ ဝါတော်ပေါင်း(၅၉)၊ တောရဆောက်တည် ဝါတော်(၃၇)၊ မည်သည့်ခုနှစ်၊ မည်သည့်တောရမှာ ဝါကပ်၊ မည်သည့်ကျမ်းရေး၊ မည်သည့်သိမ်သမုတ်ခဲ့ကြောင်း ဇယားဖြင့်မှတ်တမ်းကို မိမိက ရေးသားမှတ်တမ်းပြုစုပြီး၊ သက်တော်ထင်ရှားရှိတော်မူစဉ် ဖတ်ရှုစိစစ် အတည်ပြုပေးတော်မူခဲ့ပါဘုရားဟု ဖွတ်အတင်းလျှောက်ထားခဲ့၍ မလွှဲသာကြည့်ရှုခွင့်ပြုခဲ့ပြီး ယခုထိုမှတ်တမ်းကိုပင် အခြေတည်၊ မဏ္ဍိုင်ပြု၍, ဆရာတော်၏ဘဝအကြောင်း အောက်ပါအတိုင်း အပိုင်း ၅–ပိုင်းခွဲ၍ မိမိဉာဏ်စွမ်းရှိသမျှ ရေးသားပြုစု တင်ပြထားခြင်းဖြစ်ပါသည်။ ခုနှစ်အလိုက် (ANNUAL REPORT) ပုံစံဖြင့် အစီရင်ခံ တင်ပြထားပါသည်။

ပထမပိုင်း – ၁၂၈၃–ခုမှ ၁၃၁၅–ခုထိ
သက်တော် ၃၂၊ ဝါတော် ၁၃–ထိ
ပညာသင်ကြားခြင်းအပိုင်း၊
မွှော်စရိယဘွဲ့ရအထိ

ဒုတိယပိုင်း – ၁၃၁၆ – ခုမှ ၁၃၂၅ – ခုထိ
သက်တော် ၃၂–မှ သက်တော် ၄၂ – ထိ
ဝါတော် ၁၄ မှ ၂၂–ထိ
ဂဏဝါစက၊ ဘုရားဖြူစာချ
ဘုန်းကြီး ၉–နှစ်ကာလ

တတိယပိုင်း – ၁၃၂၅–ခုမှ ၁၃၄၅–ခုထိ
သက်တော် ၄၂–မှ သက်တော် ၆၂–ထိ
စုတင်ဆောင်ဘဝ၊ ပထမဝါတော် ၂၀–ကာလ

စတုတ္ထပိုင်း – ၁၃၄၆–ခုမှ ၁၃၆၅–ခုထိ
သက်တော် ၆၃–မှ သက်တော် ၈၂–ထိ
စုတင်ဆောင်ဘဝ ဒုတိယဝါတော် ၂၀–ကာလ

ပဥ္စမပိုင်း – ၁၃၆၅–မှ ၁၃၆၆–ခုထိ
သက်တော် ၈၂–မှ သက်တော် ၈၃–အတွင်း ၃–လတာကာလ

တောရဆရာတော်၏ ဘဝနိဂုံး နောက်ဆုံးနေ့များဟူ၍ ရေးသားဖြုစုတင်ပြထားပါသည်။

တောရ ဆရာတော်ဘုရားကြီး၏ဘဝ အကြောင်းမြှု၍ လေ့လာသောအခါ အပိုင်းအားဖြင့် ၅-ပိုင်းတွေ့ရှိရသောကြောင့် ၅-ပိုင်းခွဲခြားတင်ပြရခြင်းဖြစ်ပါ၏။

ပထမပိုင်းတွင် မွေးဖွားသည်မှသက်တော် ၃၂-နှစ်ထိ ပညာသင်ကြားခြင်းနှင့် ဓမ္မာစရိယ ဘွဲ့ရသည်အထိ စနစ်အလိုက် ဒေသ ဌာန ကာလ အလိုက် အနေအထားများပါ လိုရင်းရေးသားတင်ပြခဲ့ပါသည်။ ကျေးတောရွာမှာ မွေးဖွားခဲ့သည်မှာ သမ္မာအာဇီဝဖြင့် အသက်မွေးသော, သီလရှိသော အမိ အဖ တို့၏ဝမ်းမှာ သန္ဓေတည်ရသော သူတော်ကောင်းကြီးများ၏ အစဉ်အလာ နိယာမပေတည်းဟု ဆိုချင်ပါသည်။

“လက်ဦးဆရာ ,မည်ထိုက်စွာ, ပုဗ္ဗာစရိယ မိနှင့်ဖ” ဆိုသည့်အတိုင်း သားတစ်ယောက် လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့ကြပြီး ပညာရှိထံ နည်းခံစေ၊ ဆရာရွေးချယ်ခဲ့သည်မှာလည်း အခြားသော မိဘတိုင်းလိုက်နာရန်အတွက် နမူနာကျန်ရစ်စေခဲ့သည်ဟု ထင်မိပါသည်။

ရှေးအတိတ် ပါရမီ၊ ကုသိုလ်တို့သည် လူပြည်လူ့ရွာအရောက်ပို့ပုံချင်းမတူ။ ပါရမီအလိုက် ကွဲပြားခြားနားကြလေသည်။ ငယ်စဉ်ပညာသင်ဆရာမထေရ်များ၏ ထူးခြားသော ဉာဏ်ပညာကြီးမားမှု, သီလဖြူစင်မှု, လေးစားကိုက်ကည်ဉ် ဂုဏ်ရှင်များဖြစ်နေမှုစသည်များမှာလည်း ဘဝအစ၏ ကောင်းခြင်းများ ဖြစ်နေခဲ့လေသည်။

ဒုတိယပိုင်းတွင် သက်တော် ၃၂-နှစ်မှ သက်တော် ၄၂-နှစ်ထိကာလ၊ နိုင်ငံတော်အစိုးရ သမ္မတမင်းလေးစားကြည်ညိုခြင်း ရှိတော်မူသည့် ဘုရားဖြူဆရာတော်၏ ခြေတော်ရင်း ခိုလှုံဝင်ရောက်ကြံ့ဆုံခွင့်ရ၊ ဂဏဝါစက စာချဘုန်းကြီးဘဝ ၉-နှစ်တာ ကာလ၊ ပရိယတ္တိသာသနာ ရေသောက်မြစ်အခြေခံ ခိုင်မာအောင် တည်ဆောက်ရာ၌ စွမ်းစွမ်းတမံ သာသနာ့တာဝန်များကို ကျေပြွန်အောင် ထမ်းဆောင်တော်မူခဲ့သည်။

ဆရာတော်၏ဘဝ သက်တော် ၄၂-နှစ်ကာလသည် ပရိယတ္တိသာသနာ မိမိ၌တည်အောင် သင်ယူခြင်းနှင့် အခြားတစ်ပါးသော ပုဂ္ဂိုလ်များအနေနှင့် မိမိကဲ့သို့ တတ်သိနားလည်လာအောင် ပြန်လည်ပို့ချခြင်းများဖြင့် မိမိအကျိုး၊ သူတစ်ပါးအကျိုးကို သယ်ပိုးတော်မူခဲ့ပါသည်။

သက်တော်ထက်ဝက်စီခွဲဝေ ရွက်ဆောင်တော်မူခဲ့

ဆရာတော်သည် သက်တော် ၈၃၊ဝါတော် ၆၃-ဝါအထိ ဤလူ့ပြည်၌ နေထိုင်သီတင်းသုံးတော်မူခဲ့လေရာ ဆရာတော်ဘဝ၏ ငယ်စဉ် ၄၂-နှစ်ကာလသည် ပရိယတ္တိသာသနာအတွက်ခွဲဝေ၍ ဘဝနောက်ပိုင်း နှစ်ပေါင်း ၄၁-နှစ်ကာလကိုမူ ပဋိပတ္တိသာသနာတော်အတွက် ကိုယ်တိုင်လည်း ကျင့်၊ သူတစ်ပါးလည်း ကျင့်စေ ဟူသော ရည်ရွယ်ချက်, အဓိဋ္ဌာန်ချက်ဖြင့် ဘဝကို ထက်ဝက်စီ အညီအမျှခွဲဝေ၊ အချိုးညီညီ စံပြုလောက်အောင် ရွက်ဆောင်တော်မူခဲ့ကြောင်းတွေ့ ရှိရလေသည်။

တတိယပိုင်းတွင် သက်တော် ၄၂-နှစ်မှ သက်တော်၆၂-နှစ်ထိ တောရဆောက်တည် ပထမဝါတော် ၂၀-ကာလဟု မိမိ၏လေ့လာတွေ့ရှိချက်အရ ဆရာတော်ဘဝကို အပိုင်းနှစ်ပိုင်း ထပ်မံခွဲခြား၍ တင်ပြထားပါသည်။

ဆရာတော် ရှံခါမိန့်ကြားလေ့ရှိသည်မှာ– ဤသာသနာတော်၌ ဓုတင်ဆောင်မထေရ်များရှိသင့် ရှိထိုက်၏။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က အရှင်မဟာကဿပမထေရ်ကြီးသည် ဓုတင်ဆောင် မထေရ်အပေါင်း၏ ဖခမည်းတော်ကြီး ဖြစ်ခဲ့၏။ နှောင်းကာလများ၌လည်း ဓုတင်ဆောင်မထေရ်များ အစဉ်အဆက်ရှိခဲ့၏။

ခက်ခဲသည့် တာဝန်ကို ရွေးခဲ့

ဆက်လက် ရှိသင့်ရှိထိုက်သည့် ဓုတင် ဆောင်ပုဂ္ဂိုလ်၏နေရာ၊ ဓုတင်ဆောင်ရခြင်းတာဝန် သည် ခက်ခဲ၏။ ထိုခက်ခဲသည့် နေရာကွက်လပ်၌ ခက်ခဲသည့်တာဝန်ကို မိမိကိုယ်မိမိ တာဝန်ခွဲဝေရယူ ခဲ့ခြင်းဖြစ်၏ဟု ဆရာတော်စကားအလျဉ်းသင့်သည့် အခါများ၌ မိန့်ကြားတော်မူခဲ့ပါ၏။

ပါရမီအထူးရှိခဲ့ပါလိမ့်မည်

ဆရာတော်၏ရှေးအတိတ်ပါရမီတို့နှင့်လည်း ဆိုင်ပါလိမ့်မည်၊ နေကမ္မပါရမီအထူးလည်း ရှိခဲ့ပါ လိမ့်မည်ဟု နှလုံးသွင်းဆင်ခြင်မိပါသည်။

တောနှင့်မြို့ ဆွမ်းအာဟာရ ကွာခြားလှ

ဓုတင်ဆောင်ခရီးအရှည်ကြီး နှစ်ပေါင်းလ ပေါင်းများစွာ လျှောက်လှမ်းဖို့ဆိုသည်မှာ တော်ရုံဖွဲ မျိုး၊ ဝီရိယမျိုးနှင့် ရလိမ့်မည်မထင်။

ဓုတင်ဆောင်ဘဝ အစ ပထမခရီးကို မင်းဘူးခရိုင် စကုမြို့နယ်ရှိ ရွှေစက်တော်ခြေတော် ရင်းမှာ ရှေးဓုတင်ဆောင်မထေရ်များ နေထိုင်သီတင်း သုံးသွားဖူးသည့် ဂူဟောင်းတစ်ခုမှာ စတင်ခဲ့ပါသည်။ သောက်ရေ၊ သုံးရေ၊ ချိုးရေအားလုံး မိမိကိုယ်တိုင် သယ်ယူလုပ်ကိုင်စီမံ။ သုံးထည်သော သင်္ကန်းဖြင့် ဂူမှာအောင်း၊ အညာဒေသ တောတောင်က ထူထပ် ဝေးလံသီခေါင်သည့်အရပ်၊ ကျေးတောသား ဆင်းရဲ သူ ဆင်းရဲသားတို့၏နေရာ၊ ဆွမ်းအာဟာရအတွက် က နှမ်းမှုန့်ပဲရေ၊ ပဲမျိုးစုံ ရေလုံပြုတ်၊ မိုးမှာ ဟင်းသီး ဟင်းရွက်၊ ဆောင်းမှာလည်း အသက်မသေရုံ မျှတ ရသည့်ဘဝမျိုး။

စကုမြို့နယ်၊ မြောင်းဦးရန်ကင်းတောရမှာ လည်း ရွှေစက်တော်တောရဝန်းကျင်ကဲ့သို့ပင် တော ရွာတောအရပ်၊ တောလေ့ပူပြင်းလှသော နွေ၊ ချမ်း အေးလွန်းလှသော ဆောင်း၊ မိုးကာလ မိုးက ဟုတ် တိုင်းမှန်စွာ ရွာချင်မှရွာသည့်အရပ်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဘုရားဖြူကျောင်းတိုက်ကြီးဝန်း ကျင်က ဆွမ်းအာဟာရနှင့် နှိုင်းစာပါလျှင် အကွာကြီး ကွာလှပါသည်။

အဖဘုရားနှင့် အရှင်မဟာကဿပ လမ်းပြခဲ့

မည်သို့ပင်ရှိစေ ဆရာတော်သည် တောရ ဆောက်တည်သော ရဟန်းဘဝရခဲ့သည်မှာ ဝမ်း အသာကြီးသာ၍ "နောက်မဆုတ်ပေါင် ရှေ့ကိုတိုးလို့" ကိုယ်နှင့် အသက်ငဲ့ကွက်ခြင်းမပြု။ ခက်ခဲပင်ပန်း သည်မထင်၊ လျှောက်လှမ်းမြဲအတိုင်း လျှောက်လှမ်း တော်မူခဲ့လေသည်။

အဖဘုရား မင်းသိဒ္ဓတ္ထဘဝမှ ထီးစွန့်၊ နန်း စွန့်၊ သားစွန့်၊ မယားစွန့်နှင့် ဓုတင်ဆောင်ရဟန္တာ အရှင်မြတ်ကြီး အရှင်မဟာကဿပသည်လည်း ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးဘဝကိုစွန့်၊ ရွှေစင်ရုပ်ကဲ့သို့ ချောမောလှပသော ဘဒ္ဒကာပိလာနီ ဇနီးကိုပါ ခွဲခွာ၊ သံသရာအဆန်ခရီး နှစ်ဦးစလုံး လျှောက်လှမ်းခဲ့သည့် ထုံးဟောင်းသည် ဓုတင်ဆောင် တောရဆရာတော်အားလုံးအတွက် မီးရှူးတန်ဆောင် လမ်းပြခဲ့သည့် အလင်းရောင်တန်းကြီးများပေလား ဟု ဆိုနိုင်ကောင်းပါ၏။

စာရေးသူကိုယ်တိုင် ကျေးမြို့မှာ ၃-နှစ်တာ

မိမိစာရေးသူကိုယ်တိုင် မင်းဘူးခရိုင်၊ စကု မြို့တွင် သုံးနှစ်ကာလ တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် တောရဆရာတော်ဘဝ အစခရီး တောရကျောင်းများ သို့ အရောက်များခဲ့သဖြင့် ကိုယ်တိုင်မြင်တွေ့ လေ့ လာ မှတ်သားခွင့်ရခဲ့သူလည်း ဖြစ်နေခဲ့ပါသည်။

ပထမဝါတော် ၂၀-ကာလကြမ်းတမ်းလှ

ဆရာတော်၏ တောရဆောက်တည်ခဲ့သော ပထမဝါတော် ၂၀-ကာလ လျှောက်လှမ်းရသည့် ခရီးမှာ ကြမ်းတမ်းလှပါသည်။ ငွေမကိုင်ရသော ရဟန်းဘဝ မြင်းလှည်းမစီး၊ ကားလမ်းခရီး ကား ကလည်းရှား၊ ကားရှိသည့်တိုင် နှုတ်မဖွင့်ဟ ကားစီး ခွင့်အလှူမခံ၊ သွားရမည့်ခရီး မည်မျှဝေးဝေး၊ သုံး ထည်သက်န်းဖြင့် သပိတ်ကို ပခုံးမှာလွယ်၊ ခြေလျင် ကုန်းကြောင်း လျှောက်လှမ်းခဲ့ရသည်ချည်း ဖြစ်လေ သည်။

ထိုထိုအကြောင်းများကို ပထမဝါတော် ၂၀ ကာလတွင် နှစ်အလိုက် မိမိရေးသားတင်ပြထားပါ သည်။ ကျမ်းစာရေးသားခြင်းနှင့် သိမ်သမုတ်ခြင်းကို ပထမဝါတော် ၂၀-ကာလတွင် စတင်ဆောင်ရွက် တော်မူခဲ့ကြောင်းများလည်း ဖေါ်ပြမှတ်တမ်းတင်ခဲ့ပါ သည်။

သီလရန့်သင်းပျံ့ခဲ့၍

သီလကို ချစ်မြတ်နိုးတော်မူကြကုန်သော ရဟန်းတော်များ၏ နှာ:သို့သည်း ဘာရဆရာတော် ၏ ဂုဏ်သတင်းသီလရန့်သည် တစ်နေ့ထက် တစ်နေ့ပို၍ သင်းပျံ့ခဲ့ပါသည်။ ရဟန်းတော်တစ်ပါး ပြီးတစ်ပါး၊ ဆရာတော်ထံပါးသို့ အရောက်လှမ်း၍ ကြွမြန်းတော်မူလာခဲ့ကြပါသည်။

ဘွဲ့ရဆရာတော်များနည်းယူဆောင်ကြွရောက်လာ

ဆရာတော်မှာ မွေ့ာစရိယဘွဲ့ရ ပညာတတ်၊ ကျမ်းပြု သိမ်သမုတ်ခြင်းစသည့် ဂုဏ်သတင်းများ ကြောင့် မွေ့ာစရိယဘွဲ့ရ ရဟန်းတော်များ၊ သိပ္ပံပညာ ဘွဲ့ရနှင့် အင်ဂျင်နီယာဘွဲ့ရ ရဟန်းတော်များပါ ဆရာတော်ထံ ရောက်လာခိုဝင် နည်းယူဆောင် ရဟန်းတော်များ ဖြစ်လာခဲ့ကြလေသည်။

စတုတ္ထပိုင်းတွင် သက်တော် ၆၃-နှစ်မှ သက်တော် ၈၂-နှစ်ထိကာလကို တောရဆောက် တည် ဒုတိယဝါတော် ၂၀-ကာလဟူ၍ နှစ်အလိုက် ကျမ်းစာများရေးသားခြင်းနှင့် သိမ်သမုတ်ခြင်းများကို မှတ်တမ်းတင် ဖေါ်ပြသည့်အပိုင်း ဖြစ်ပါသည်။

ဇွဲသန်သန်ဖြင့် သာသနာပြုတော်မူခဲ့

စတုတ္ထပိုင်းတွင် ကျမ်းစာရေးခြင်းနှင့် သိမ် သမုတ်ခြင်း အများဆုံး ရွက်ဆောင်တော်မူခဲ့ကြောင်း နှစ်အလိုက် မှတ်တမ်းပြုစုဖေါ်ပြထားပါသည်။ မြန်မာ ပြည်အနှံ့ဒေသအသီးသီးသို့ ပင့်ဆောင်ကြ၊ တောရ ဆရာတော်ကိုယ်တိုင်က သိမ်သမုတ်တော်မူရပါလျှင် ခရီးနီးဝေးမရှောင်၊ နှစ်သက်မြတ်နိုးလှသော သာသ နာတော်ကြီးအရှည်တည်ရစ်ပါစေ ဟူသော စေတနာ ဆန္ဒသည် ပြင်းပြလှသဖြင့် တိုင်းခရိုင်ဒေသမြို့ရွာအ မည်၊ သိမ်အမည်များကို မှတ်တမ်းများတွင် ဖတ်ရှု့ ကြည့်ပါက ဆရာတော်မည်မျှဇွဲသန်သန်ဖြင့် သာသ နာပြုတော်မူခဲ့ကြောင်း မြင်တွေ့ကြရမည် ဖြစ်ပါ သည်။

ရဟန်းရှင်လူ အများပြည်သူ မြင်တွေ့ကြ စေ၊ ကြည်ညိုနိုင်ကြစေဖို့လည်း မိမိတို့အဖွဲ့က သိမ် ၁၀၀-မှတ်တမ်း ဆရာတော် သက်တော်ထင်ရှား ရှိ

တော်မူစဉ်ကပင် မဖြစ်မနေ ရိုက်နှိပ်ဖြန့်ဝေလှူဒါန်း နိုင်ခဲ့ကြပါသည်။

တောရဆရာတော်၏ဘဝ သက်တော် ၈၃–နှစ်၊ ဝါတော် ၆၃–ဝါ၊ တောရဆောက်တည် ၄၁–ဝါ ကာလတွင် ဤသာသနာတော်အတွက် အရှည်တည် တံ့ရေးကို မိမိအသက်ရှည်ရေးကိုပင် ဂရုမပြု အမှတ်မထား၊ ပြေးပြေးလွှားလွှား သွားသွား လာလာ ရွက်ဆောင်သွားတော်မူခဲ့သည်မှာ သိမ် အလုံး ပေါင်း ၁၇ဝ– သမုတ်တော်မူနိုင်ခဲ့သည့် ဆရာ တော်ကဲ့သို့ အလားတူပုဂ္ဂိုလ် ရှိကောင်းမှ ရှိပါလိမ့် မည် ထင်ပါသည်။

သက်တော်ထင်ရှားရှိစဉ် သိမ် ၁ဝဝ–မှတ် တမ်းရိုက်နှိပ်နိုင်ခဲ့သော်လည်း၊ သိမ် ၇ဝ–အတွက်မူ ကား ဆရာတော် စာကြမ်းမှတ်စုကလေးများသာ, ဆရာတော် ကိုယ်တိုင်လက်ရေးဖြင့်သာ ရေးသားနိုင် ခဲ့ပြီး မှတ်တမ်းပုံနှိပ်ခြင်းသို့ မရောက်ခဲ့၍ ဆရာတော် မြင်မသွားရ ဖြစ်ခဲ့လေသည်။

သေမင်းသည် ဘာကိုမျှမငဲ့

သေမင်းသည် ဘာကိုမျှ မငဲ့လေတကား, အိုနာသေသို့ မောင်းနှင်ပို့ခဲ့လေသည်တကားဟု ဝမ်း နည်းဖွယ်၊ ကြေကွဲဖွယ် သံဝေဂဉာဏ်များ ဖြစ်ပွားရုံမှ တစ်ပါး မိမိတို့ တပည့်ဒါယကာများက ဆရာတော် ကို အသက်ရှင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိကြ လေပါတကားဟု နှလုံးသွင်းကြရလေကုန်သည်။

ဘဝနိဂုံးနောက်ဆုံးနေ့များ

ပဌမပိုင်းတွင် သက်တော် ၈၃၊ ဝါတော် ၆၃–အထိ တောရဆရာတော်၏ နှစ် ၄ဝ–ကျော် ခုတင်ဆောင်ခရီး ဘဝနိဂုံးနောက်ဆုံးနေ့များဟူ၍ ခွဲခြားပြီး မိမိတင်ပြထားပါသည်။

တောရဆရာတော်၏ဘဝနိဂုံးနောက်ဆုံးနေ့ များဟူသော အပိုင်းအခြားကာလသည် ၁၃၆၅–နှစ် ကုန်၊ ၁၃၆၆–ခုနှစ်အဝင် တန်ခူးလမှ ဝါဆိုလအထိ ၃–လတာကာလမျှသာ ဖြစ်ပါသည်။

ထို ၃–လတာ ကာလအတွင်း ဆရာတော် ၏ ကျန်းမာရေးအခြေအနေ လျင်လျင်မြန်မြန်ကြီး ပြောင်းလဲ ဆိုးဝါးလာခဲ့သည်မှာ မယုံနိုင်လောက် အောင်ပင် ဖြစ်ကြရပါသည်။

ဆရာတော်၏ သက်တမ်း အသက်ရှည် မည့်နှစ်ကာလသည် ၈၃–နှစ်၊ ဝါတော်ပေါင်း ၆၃– ဝါ တောရဆောက်တည် ဝါတော် ၄၁–ဝါမျှ ဤလူ့ ပြည်မှာ နေရပေလိမ့်မည်ဟု ဆရာတော်ကိုယ်တိုင် သိရှိတော်မူသည်ဟု မိမိထင်ပါသည်။

မြို့တော်ရန်ကုန်သို့ကြွလာတော်မူ

မကျန်းမမာဖြစ်သည်နှင့် သိသိသာသာကြီး ရုပ်ဆင်းအင်္ဂါနှင့် ကိုယ်ခန္ဓာကြီးလျော့ကျ၊ ရောဂါ ထုထည်ကြီးမားပြင်းထန်စွာ ခံစားနေရသည့် ဝေဒနာ ကို သည်းခံတော်မူပြီး တပည့်ရဟန်းတော်များနှင့် လူပုဂ္ဂိုလ် တပည့်ဒါယိကာများ၏ အလိုကိုလိုက်၍ သာ ရန်ကုန်သို့ ကြွလာတော်မူခြင်း ဖြစ်သည်ဟု လည်း ထင်ပါသည်။

ရွှေတိဂုံကိုနောက်ဆုံးပူဇော်ခြင်း

ထို့ပြင်လည်း ရန်ကုန်မြို့တော်ကြီးတွင်ရှိ သော ကမ္ဘာ့အံ့ဖွယ် ရွှေတိဂုံစေတီတော်မြတ်ကြီးကို နောက်ဆုံးအနေအားဖြင့် ဦးခိုက်ပူဇော်ရန်–

ဆရာတော်ဘဝ ပညာသင်ခဲ့၊ ဘွဲ့ရခဲ့၊ ပရိယတ္တိ သာသနာတော်ကြီးတည်တံ့ရေး စာဝါများ ပို့ချပေးခဲ့သည့် ဘုရားဖြူကျောင်းတော်ကြီးကိုလည်း

နောက်ဆုံးအနေအားဖြင့် ဦးခိုက်ရန် ဟူသော ဆန္ဒလည်း ရှိသည်ထင်ပါသည်။

ပြင်းစွာမကျန်းမာ ဓုတင်ဆောင်ခြင်းမပျက်ခဲ့

ဆရာတော်ဘ၀ နောက်ဆုံးခရီး လွန်စွာမကျန်းမမာ ဆေးကုသမှုခံယူရန် အားအင်လွန်စွာနည်းပါး၍ မိမိခန္ဓာကိုယ်ကိုပင် ကောင်းစွာ မတ်မတ်ရပ်တည်နိုင်ခြင်းမရှိသည့်အချိန်ရောက်နေသည့်တိုင် နံနက်တောအရုဏ်ယူရသည့် အရညကင် ဓုတင်ဆောင်ခြင်းကို မပျက်မကွက် နေ့စဉ်ရှက်ဆောင်သွားခဲ့ပုံများမှာ ဓုတင်ဆောင်တပည့် ရဟန်းတော်များကို အသက်နှင့်ခန္ဓာ မငဲ့ကြလေနဲ့ဟု မိန့်မှာတော်မူလိုရင်းဖြင့် လက်တွေ့ပြသရန်–

ထိုမှတစ်ဖန် ရန်ကုန်ရှိ တပည့်ဒါယကာအပေါင်းတို့အားလည်း ဆရာတော်ကို နောက်ဆုံးဂါရဝဖြင့် ဦးချဖူးမြင်ခွင့်ရကြစေရန်–

စသည်များစွာသော အကြောင်းအရာများဖြင့် ရန်ကုန်သို့ ကြွလာတော်မူသည်ဟုလည်း ထင်ပါသည်။ ထိုသို့ နေ့စဉ်လှုပ်ရှားမှုများကို မိမိရေးသားတင်ပြထားပါသည်။

နဘူးကျောင်းသို့အရောက်ပြန်ကြွ

ရန်ကုန်မှ ထန်းတပင်သို့ပြန်ကြွ၊ ထိုမှတဆင့် နဘူးကျောင်း ရန်ကင်းတောရသို့အရောက်ပြန်၊ ဤဘ၀ ဤခန္ဓာဝန်ထုပ်ဝန်ပိုးကြီး ပင်ပန်းစွာ ထမ်းဆောင်နေရခြင်း ဒုက္ခဆင်းရဲအပေါင်းတို့မှ စွန့်ခွာကြွသွားတော်မူခဲ့ပါကြောင်းနှင့် အားကိုးရာ နာထတရားတော်များ၊ အရိယဝါသ–အရိယာတို့စံအိမ်တရားတော်များနှင့် ဘာရသုတ္တန် တရားတော်ကြီးများကိုပါ ဆရာတော်ဘုရား၏ဘ၀နှင့် ထင်ဟပ်လျက်, ရှုမြင်သုံးသပ်လျက် သံဝေဂဉာဏ်များ ရနိုင်ကြပါစေရန်ရည်သန်၍ မိမိစုစည်း တင်ပြထားရှိပါသည်။

အဘယ်ကြောင့် တင်ပြရပါသနည်း

အထက်ပါကဲ့သို့ အဘယ်ကြောင့် တင်ပြရပါသနည်း–ဟူမူ အောက်တွင် ဖော်ပြသော ကြိုတင်တင်ပြရှင်းလင်းချက်များဖြင့် သိသာမြင်သာကြပါမေလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

သေခြင်းကိုကြောက်သူနှင့် မကြောက်သူ

ဤလောက၌ သေရမည်ကို ကြောက်သူလည်းရှိသည်။ သေရမည်ကို မကြောက်သူလည်းရှိကြောင်း၊ သေရမည်ကို ကြောက်သူ ၄–ယောက်နှင့် သေရမည်ကို မကြောက်သူမှာ ၄–ယောက်ဖြစ်ကြောင်း ထိုသို့ ကြောက်သူ မကြောက်သူဟူသည် အဘယ်သူတို့ပါနည်း။

တောရဆရာတော်ဘုရားကြီးကား အဘယ်သို့သော ပုဂ္ဂိုလ်ဖြစ်ပါသနည်း။ စိစစ်ခွဲခြားဝေဖန်ပိုင်းခြားနိုင်ကြပါစေရန် လိုပါသည်။

နာထတရား အားထားရာရှိသူ

မြတ်စွာဗုဒ္ဓသည် ရဟန်းတို့အား မှီခိုအားထားရာ နာထတရားရှိသည်ဖြစ်၍ နေထိုင်ကြကုန်လော့၊ မှီခိုအားထားရာ ထင်ရှားမရှိကြကုန်ဘဲ နေထိုင်ခြင်း မပြုကြကုန်လင့်။

ရဟန်းတို့ မှီခိုအားထားရာ နာထတရားထင်ရှားမရှိသူသည် ဆင်းဆင်းရဲရဲ နေထိုင်ရ၏ ဟူသော အဆုံးအမများအရ–

နာထတရားတော် ၁၀–ပါးကို ဟောကြားတော်မူခဲ့ပါသည်။

သို့အတွက် နာထတရား ၁၀-ပါးကို **အကျဉ်းချုပ်၍** မိမိတင်ပြထားပါသည်။

တောရဆရာတော် ဘုရားကြီးသည် ယင်းကဲ့သို့ အားကိုးရာ နာထတရား ၁၀-ပါးနှင့် ပြည့်စုံသော, မြတ်စွာဘုရား၏ အဆုံးအမ၌ တည်သော ရဟန်းတော်အစစ် ဖူးမြင်ကြရခြင်းပါလား ဟူသော ကြည်ညိုသဒ္ဓါများ တိုးပွားကြပါစေလိုသည်။

သမဏသုခ ၈-ပါး

ရဟန်းတော်ကောင်း ရဟန်းတော်မြတ်များအတွက် ရအပ်သော သမဏသုခ-ချမ်းသာသုခ ၈-ပါး အကြောင်းကို မြတ်စွာဘုရားသခင်သည် ဟောကြားထားတော်မူခဲ့ပါသည်။

ထိုသမဏသုခ ၈-ပါး တရားတော်များအတိုင်း တကယ်တမ်း လိုက်နာကျင့်သုံးနေထိုင်တော်မူခဲ့သော အရှင်မြတ်ကြီးတစ်ပါးပါတကားဟု စာရှုသူ ရဟန်းရှင်လူအပေါင်းတို့အနေဖြင့် ဖူးမြင်ခွင့် မရနိုင်တော့သော်လည်း နမြောတသ ကျေးဇူးဂုဏ်များကို ပြန်လည်သတိရလျက် ကုသိုလ်တရားများ တိုးပွားကြပါစေလိုသည်။

အရိယာဝါသ-အရိယာတို့၏ စံအိမ်

အရိယာတို့ မှီဝဲနေထိုင်ရာ စံနေရာဌာနကို အရိယာဝါသ = အရိယာတို့၏ စံအိမ်ဟုခေါ်သည်၊

ထိုအရိယာဝါသတရားကား ၁၀-ပါးရှိသည်။ အရိယာပုဂ္ဂိုလ်များ 'ဘယ်မှာ သီတင်းသုံးနေကြပါသလဲ' မေးလျှင် ထိုအရိယာဝါသ တရားများ လိုက်နာကျင့်သုံး သီတင်းသုံးလျက် နေထိုင်ကြပါသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

အရိယာဝါသတရားတော် ၁၀-ပါးကို မိမိအနေဖြင့် အကျဉ်းချုပ်၍ ရေးသားတင်ပြထားပါသည်။ အရိယာဝါသတရား ၁၀-ပါး အကျဉ်းမျှကို လေ့လာဖတ်ရှုပြီး တောရဆရာတော်ဘုရားကြီး ဘဝတစ်လျှောက်လုံး ကျင့်ကြံသီတင်းသုံးနေထိုင်သွားပုံများကို ဖူးတွေ့ရခဲ့သူ ရဟန်းရှင်လူအပေါင်းတို့အနေနှင့် တကယ့်ကို စာထဲကလို ရဟန်းတော်ကြီးတစ်ပါးကို ဖူးမြင်ခဲ့ကြရပါလေစွတကား ဟူ၍ လက်ဖျစ်တီး၍ ချီးမွမ်းအံ့သြကြပေလိမ့်မည် ဟုလည်း ဆင်ခြင်မိပါသည်။

ဘာရသုတ္တန် လေးလံတဲ့ ဝန်ထုတ် တရားတော်

ဘာရသုတ္တန်တရားတော်ကြီး၏ မြန်မာပြန်မှာ လေးလံတဲ့ ဝန်ထုတ်ဝန်ပိုးကြီးဟူ၍ ဖြစ်ပါသည်။ လေးလံတဲ့ ဝန်ထုတ်ဝန်ပိုးဆိုသည်မှာ အဘယ်အရာပါနည်းဟု မေးလျှင် ငါးပါးသော ဉပါဒါနက္ခန္ဓာပါပဲလို့ ဖြေခြင်း ဖြစ်ပါသည်။

ခန္ဓာကိုယ် ဝန်ထုတ်ဝန်ပိုးကြီးကို မွေးလာသည်မှ သေသည်အထိ ထမ်းရွက်နေကြရသည်။ ရဟန္တာပုဂ္ဂိုလ်များသည်ပင် ပရိနိဗ္ဗာန်စံဝင်ခြင်း မပြုမီကာလ ခန္ဓာကိုယ်ဝန်ထုတ်ဝန်ပိုးကြီးကို ထမ်းနေကြရသည်။

ဝန်ထုတ်ဝန်ပိုးကို ထမ်းနေသူကို ဝန်ထမ်းသမားဟုခေါ်၍ တဏှာသုံးပါးဖြစ်သော ကာမတဏှာ၊ ဘဝတဏှာနှင့် ဝိဘဝတဏှာတို့ဖြင့် ခန္ဓာဝန်ကို ယူငင်သိမ်းပိုက် ထမ်းရွက်ထားရှိခြင်းပင် ဖြစ်ပါသည်။

ထိုဝန်ထုတ်ဝန်ပိုးကြီးကို ပစ်ချခြင်းဆိုသည်မှာ တဏှာကိုပယ်သက်ခြင်းပင်ဖြစ်ရာ တဏှာကို ပယ်ခြင်းဆိုသည်မှာလည်း ဝိပဿနာဉာဏ်၊ အရိယာမဂ်ဉာဏ်တို့၏ အစွမ်းကြောင့် တဏှာမရှိ ချုပ်

ငြိမ်းသွားခြင်းကို ဆိုခြင်းဖြစ်ကြောင်းနှင့် တစ်ပါးသော ဘဝသစ်ခန္ဓာကို ယူငင်ခြင်းမပြု၊ အပြီးတိုင် ပယ်စွန့် ပစ်ရျသွားခြင်းကို ဆိုကြောင်း ဘာရသုတ္တန်၏ အနှစ်ချုပ်ကို မိမိရေးသားတင်ပြထားပါသည်။

တောရဆရာတော်ဘုရားကြီး၏ ဘဝကို ထိုသုတ်တော်ကြီးအကျဉ်းချုပ်မျှ ဖတ်ရှုဆင်ခြင်သဖြင့် ဉာဏ်အမြင်၌ ကြည်လင်ပြတ်သားစွာ ဖူးမြင်နိုင်ကြပေလိမ့်မည်ဟု မျှော်လင့်မိပါသည်။

မြတ်ဗုဒ္ဓနှင့် သားတော်ကြီးများ ပရိနိဗ္ဗာန်စံရာ

မြတ်ဗုဒ္ဓနှင့် သားတော်ကြီးများ မည်သို့မည်ပုံ ပရိနိဗ္ဗာန်ပြုကြပုံများကို မိမိဉာဏ်မီသမျှ အကျဉ်းချုပ်၍လည်း ရေးသားတင်ပြထားပါသည်။

အဂ္ဂသာဝကကြီးများ တစ်ပါးပြီးတစ်ပါး ပရိနိဗ္ဗာန်ပြုကြပုံများနှင့် မြတ်ဗုဒ္ဓကိုယ်တိုင် ပရိနိဗ္ဗာန်စံခန်း နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ၏ ဘဝခရီး အဘယ်သို့ အပြီးသတ်ခဲ့သည်များကို လွမ်းမောဖွယ် ဖြေမဆည်နိုင်လောက်အောင်ပင် အရှင်အာနန္ဒာ မထေရ်၏ ရင်ထဲ၌ ဆို့နေသောကြောင့် မြတ်စွာဘုရား၏ ရှေ့တော်၌ ငိုခြင်းငှာ မသင့်တော်၊ အနီးအပါး၌ ရှိသော တန်ဆောင်းသို့ သွား၍ တံခါးတိုင်ကိုင်လျက် ငိုခဲ့ရခြင်း 'ငိုမှ သောကအေးရသည်များ' ကို ပြန်လည်အမှတ်ရ၊ ဉာဏ်မျက်လုံးမှာ မြင်ယောင်ကြလျက် တောရဆရာတော်ဘုရားကြီး၏ နောက်ဆုံးနေ့များ အခန်း၌ မိမိတို့ တပည့်ဒါယကာများ ကိုယ်စီကိုယ်စီ ရင်တွင်းခံစား ငိုခဲ့ကြရပုံများနှင့် နှိုင်းယှဉ်၍ မိမိ တင်ပြရေးပြထားရှိပါသည်။

သေခြင်းဆိုင်ရာနှင့် စပ်လျဉ်း၍ လောကအမြင်နှင့် ပရမတ္ထအမြင် အသက်ရှည်ရခြင်းနှင့် အသက်တိုရခြင်း၊ ကုသိုလ်ကံနှင့် အကုသိုလ်ကံများ အကျိုးပေးပုံများကိုပါ ဆင်ခြင်ဖွယ်, သံဝေဂဉာဏ် ရဖွယ် မိမိတင်ပြထားရှိပါသည်။

ပိဋကသုံးပုံ ခြောက်ကြိမ်မျှ ကြည့်ရှု အတုယူစရာ အံ့ဖွယ်

ဆရာတော်ဘုရားကြီးသည် လူ့ပြည်လောက ရောက်လာနိုက် ထူးခြားများပြားသည့် သာသနာပြု လုပ်ငန်းများကို ထမ်းဆောင်တော်မူခဲ့သလို, အတုယူစရာ အံ့ဖွယ်တစ်ရပ်အနေဖြင့်လည်း ဆောင်ရွက်သွားတော်မူခဲ့ပြန်ပါသည်။ ထိုအံ့ဖွယ်မှာ ပိဋကသုံးပုံကို ၆-ကြိမ်၊ ၆-ခေါက်မျှ ပြန်လည်ဖတ်ရှုလေ့လာ ဆင်ခြင်တော်မူခဲ့ခြင်း ပင်ဖြစ်သည်။

စာချဘုန်းကြီးဘဝတွင် တစ်ကြိမ် ဖတ်ရှုခဲ့ပြီး တောရဆောက်တည်သည့်နှစ် ၄၀- ကာလတွင် ၅-ကြိမ်၊ ပေါင်း ၆-ကြိမ်မျှ ပြန်လည်ကြည့်ရှုတော်မူခဲ့ရာ တစ်ကြိမ် တစ်ခေါက်ဖတ်လျှင် သုံးနှစ်မျှကြာသည်၊ အဋ္ဌကထာနှင့်တွဲ၍ ကြည့်ရှုခြင်း ဖြစ်သည်။

တရားဂုဏ်တော် ခြောက်ပါးနှင့် သင်္ဂါယနာ ခြောက်တန်ကို အာရုံယူ၍ ပူဇော်တော်မူခြင်းဟုလည်း မိန့်ကြားတော်မူခဲ့ပါသည်။

ယင်းကဲ့သို့ ၆-ကြိမ်မျှ ပြန်လည်ကြည့်ရှု ဆင်ခြင်တော်မူသည့် အရှင်များ ဤသာသနာတော်၌ ရှိကောင်းရှိမည်ဖြစ်သော်လည်း လွန်စွာပင် နည်းပါးပေလိမ့်မည်ဟုလည်း ထင်မိပါသည်။

သာသနာတော် သုံးရပ် အရှည်တည်တံ့ရေးမှာ ပရိယတ္တိ စာပေသည် အခြေခံမူလဖြစ်ကြောင်း၊ လက်တွေ့လိုက်နာဆောင်ရွက်ပြသွားတော်မူခြင်းဖြင့် မမေ့မလျော့ မပေါ့မဆ အတုယူကာ လိုက်နာဆောင်ရွက်တော်မူကြပါရန် အံ့ဖွယ်တစ်ရပ်နှင့် လမ်းညွှန်မှု တစ်ရပ်ပင် ဖြစ်၍နေလေသလား ဆင်ခြင်မိပါသည်။

ဆရာတော်ဘုရားကြီးနှင့် ဆက်စပ်သမျှ နှစ်ပေါင်းလေးဆယ်ကျော် ကာလပတ်လုံး ဆရာတော်နှင့် ဖူးတွေ့လေ့လာမှတ်သားထားချက်များကို သင့်သလို ရေးသားတင်ပြထားခဲ့ရာ ရေးပြ၍ မကုန်နိုင်လောက်အောင်ပင် ရှိပါသော်လည်း ဤသို့ ဤပုံတင်ပြချက်မျိုးစုံတို့ဖြင့် သိသာမြင်သာ ကြည်ညိုနိုင်ကြလျက် မှန်းဆတမ်းတခြင်းများ ဖြေဆည်နိုင်ကြပေလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

သို့ဖြစ်ပါ၍ စာဖြင့်တစ်ပုံ ဇယားအကျဉ်းချုပ်၍လည်း တစ်မျိုး အောက်ပါအတိုင်း မိမိတင်ပြထားပါသည်။

ဆရာတော်၏ ဘဝနိဂုံးနောက်ဆုံးနေ့များ အပိုင်းတွင် –

(၁) ပထမပိုင်းမှ ပဥ္စမပိုင်းအထိ ခုနှစ်၊ သက်တော်၊ ဝါတော်အလိုက် ဇယားဖြင့် အကျဉ်းချုပ်ပြခြင်း၊

(၂) တောရဆရာတော် သီတင်းသုံးခဲ့သည့်ကျောင်းများ၊ တောရများနှင့် ဝါဆိုစဉ်၊

(၃) တောရဆရာတော်၏ နှစ်အလိုက်သိမ်သမုတ် မှတ်တမ်းဇယားဖြင့် အကျဉ်းချုပ်ပြခြင်း၊

(၄) တောရဆရာတော် ရေးသမျှကျမ်းစာများ နှစ်အလိုက်ဇယားဖြင့် အကျဉ်းချုပ်ပြခြင်း၊

(၅) တောရဆရာတော်အပေါ် မျက်မြင်အားဖြင့် ဖူးတွေ့ရသော ကြည်ညိုဖွယ်ရာများ ၆၃–ရပ်ကို အကျဉ်းချုပ်၍ ပြခြင်း၊ (၆၃–ဝါဖြစ်၍ ၆၃–ရပ်ဟု စီစဉ်ခြင်းဖြစ်ပါသည်။)

စသည်များဖြင့် တင်ပြထားပါသည်။ ယင်းသို့ တင်ပြထားသည်များကို လေ့လာဖတ်ရှုကြခြင်းများဖြင့် တောရ ဆရာတော်ဘုရားကြီး၏ ဘဝအကြောင်းများနှင့် ကျေးဇူးဂုဏ်များကို ပြန်လည်မြင်ယောင်နိုင်ကြမည်ဟု ယုံကြည်ခဲ့ပါသည်။

မဟာတိဿရစေတီတော်

ဆရာတော်ဘုရားကြီး၏ အရိုးဓာတ်စေတီတော်ဖြစ်သည့်, မဟာတိဿရဘွဲ့တော်အမည်ရသည့် စေတီတော်မြတ်ကို နဘူးကျင်း ရန်ကင်းတောရ၌ သီတင်းသုံးတော်မူလျက်ရှိသော ရန်ကုန်ဆရာတော် ဘဒ္ဒန္တဇာဂရိယထေရ် ဦးဆောင် စီစဉ်မှုဖြင့် ရမည်းသင်းမြို့ ဆီစက် ဦးပေါ်လှိုင်၊ ဒေါ်မြရွှေတို့၏ သားဖြစ် သူ ဦးတင်မောင်ဝင်း၊ ဇနီးဒေါ်သီတာမြင့်တို့နှင့် ဦးတင်မောင်ဝင်း၏ညီမ ဒေါ်ရီဝင်းတို့က ဘုရား ဒါယကာ၊ ဒါယိကာမ အဖြစ်ခံယူ မတည်ငွေကျပ်သိန်း၄၀၊ နဘူးကျင်းမာဃအဖွဲ့ လူငယ်မောင်မယ်များ၊ ကျေးရွာသူကျေးရွာသားများ စုပေါင်းကာယ၊ ဉာဏလုပ်အားဖြင့် တည်ထားတော်မူခဲ့ပြီးဖြစ်ပါသည်။

ကျောက်စာတိုက်ကြီးတည်ထားပြီး

တောရဆရာတော်ဘုရားကြီးရေးသားပြုစုခဲ့သမျှ ကျမ်းစာများမှ ပါဠိကျမ်းစာများကို ကျောက်ထက်အက္ခရာတင်၍ နဘူးကျင်း ရန်ကင်းတော်ရကျောင်းတွင် ရန်ကုန်ဆရာတော်ဘဒ္ဒန္တဇာဂရိယထေရ်သည်ပင် ဦးဆောင်စီမံတော်မူ၍ နေပြည်တော် တပ်ကုန်းမြို့မှ ကျောင်းဒကာ ဒေါင်းမင်းဆီစက် ဦးအောင်ခ+(ဒေါ်ခင်ကြိုင်) သား ကိုစိုးသန်း + မမြမြဝင်း မိသားစုတို့က မတည်အလှူငွေ သိန်း ၆၀ ကျော်၊ တောရဆရာတော်ဘုရားကြီး၏ တပည့်ဒါယကာအပေါင်းတို့ ပါဝင်လှူဒါန်းငွေ ၂၈–သိန်း၊ ကျောက်စာတိုက် အဆောက်အဦး အလှူရှင် ရန်ကုန်မြို့မှ ကျောင်းဒကာ ဦးစိန်မောင်+ ဇနီး ဒေါ်ဝင်းမာ မိသားစုမှ အလှူငွေကျပ် သိန်း ၁၅၀–ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းပြီးဖြစ်ကြောင်း သိရပါသည်။

ဆရာတော်ရုပ်ထုနှင့် ဆေးရေးပန်းချီများ

နဘူးကျောင်းတောရဆရာတော်ကြီး၏ ကြေးရုပ်ထုတော်နှင့် ဗိမာန်တော်လည်း တည်ထားပြီး နံရံဆေးရေးပန်းချီများဖြင့် ရန်ကုန်ဆရာတော်သည် ပင်ဦးဆောင်စီမံရွက်ဆောင်ထားရှိပြီးကြောင်းလည်း သိရပါသည်။

ဤသို့ ဤပုံများမြတ်လှစွာသော ကျေးဇူးတော်အပေါင်းတို့နှင့်ပြည့်စုံတော်မူသော တောရဓုတင်ဆောင်မထေရ်မြတ်ကြီးတစ်ပါး ဤကမ္ဘာလောက မြေပြင်ပေါ်မှာ ပေါ်ထွန်းခဲ့ပါသည်ဟု ပြဆိုရာဖြစ်သော နဘူးကျောင်းတောရ ဆရာတော်ဘုရားကြီး၏ နှစ်၄၀–ကျော် ဓုတင်ဆောင်စရိုး မှတ်တမ်းကြီးသည်–

(၁) သာသနာတော်ကြီးအစွန်.ရှည်ကြာတည်တံ့ပါ စေခြင်းငှာလည်းကောင်း၊

(၂) အထူးအားဖြင့် ဓုတင်ဆောင် ရဟန်းတော်များ ဆက်လက်ပေါ်ထွန်း တည်တံ့ပါစေခြင်းငှာလည်းကောင်း၊

(၃) လေ့လာဖတ်ရှု.ကြကုန်သော သူတော်ကောင်းများ ပါရမီကုသိုလ်များ ဆည်းပူးနိုင်ကြ၍ နိဗ္ဗာန်ချမ်းသာရကြပါစေခြင်းအကျိုးငှာလည်းကောင်း၊

(၄) မိမိ စာရေးသူအနေဖြင့် ဤသို့ပြုစု မှတ်တမ်းတင် ဆောင်ရွက်ရသော ကုသိုလ်ကောင်းမှုများကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာသို့ ချမ်းသာလွယ်ကူစွာ ရောက်ရပါစေခြင်းငှာ လည်းကောင်း–

စသည့်များမြတ်လှစွာသော သမ္မာဆန္ဒကောင်းမြတ်သော စိတ်စေတနာတို့ဖြင့် မလျော့သောနှဲ၊ လုံ့လများစွာထား၍ တောရဆရာတော် လွန်တော်မူခဲ့သည့် ၁၃၆၆–ခုနှစ်၊ ဝါဆိုလမှ ၁၃၆၉–ခုနှစ် ဝါဆိုလ သုံးနှစ်တာကာလကြာအောင် တောရဆရာတော်ဘုရားကြီးဘဝအကြောင်းများကို နှစ်အလိုက်၊ သက်တော်ဝါတော်၊ တောရဆောက်တည်ဝါတော်၊ ဝါကပ်တောရများနှင့် ကျမ်းပြုခြင်း၊ သိမ်သမုတ်ခြင်းများကို အပိုင်း ၅–ပိုင်းတွင် စာဖြင့် အသေးစိတ်တင်ပြထားခြင်းနှင့် ဇယားများဖြင့် အကျဉ်းချုပ်၍တစ်မျိုး ရေးသားတင်ပြထားခဲ့ပါကြောင်း ရှေးဦးသိဖွယ် အစီရင်ခံလိုက်ရပါသည်။

သူတော်ကောင်းခေတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာတည်စေသော်။

ပူဇော်တင်ပြသူ –
တပည့် – သိမ်းဆောင် (ရမည်းသင်း)
မြန်မာနိုင်ငံစာပေနှင့်
စာနယ်ဇင်းအဖွဲ့ဝင်အမှတ် (၇၃၅၉)

ရက်စွဲ – သာသနာတော်နှစ်–၂၅၅၁၊
၁၃၆၉–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်၊
ဓမ္မစကြာအခါတော်နေ့၊
၂၀၀၇–ခုနှစ်၊ ဇူလိုင်လ၊ ၂၈–ရက်၊ စနေနေ့

ရှိခိုးကန်တော့ခြင်းနှင့် ကျေးဇူးဆပ်ခြင်း

- ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့အား မပြတ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။
- ကျေးဇူးတော်ရှင် မုံရွာလယ်တီဆရာတော်ဘုရားကြီး
- ကျေးဇူးတော်ရှင် ရမည်းသင်းမြို့နယ် ပြတိုက် ကံကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဇဝန၊ ဘဒ္ဒန္တ ဣန္ဒာစာရ (ရခိုင်ဘုန်းကြီး) အရှင်မြတ်ကြီးများနှင့် ဆရာသခင်အပေါင်းတို့အား ရိုသေစွာ ရှိခိုး ကန်တော့ပါ၏။
- ကျေးဇူးတော်ရှင် ရမည်းသင်းမြို့နယ် နဘူးကျင်းရန်ကင်းတောရနှင့် နေပြည်တော် ယခု ဒက္ခိဏသီရိမြို့၊ ထန်းတပင်တောရ ဆရာတော် ဘဒ္ဒန္တ တိဿရ မဟာထေရ်အရှင်မြတ်ကြီးအား ဤစာစုဖြင့် ရိုသေစွာ ရှိခိုး ကန်တော့ပါ၏။
- ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော ဖခင်ကြီး ဦးကြည် (တိုင်းရင်းဆေးသမားတော်–ကံကြီးရွာ)နှင့် မိခင်ကြီး ဒေါ်စောမြ (သရက်ကန်ရွာ) တို့အား ဤစာစုဖြင့် ရိုသေစွာ ကန်တော့ပါ၏။
- မိမိ စာရေးသူအား အသည်းကင်ဆာရောဂါ ခွဲစိတ်ဖြတ်တောက်ကုသ၊ နလုံးရောဂါနှင့် မျက်စိဝေဒနာများကို ကုသပေးခဲ့ကြသော ('နောက်ဆက်တွဲ–က')ပါ ပါမောက္ခ သမားတော်ကြီးများ၊ ဆရာဝန်ကြီးများ၊ ကူညီခဲ့ကြသူများနှင့် ပြုစုပေးခဲ့ကြသော ကျေးဇူးရှင်အပေါင်းတို့အား ဤစာစုဖြင့် ကျေးဇူးဆပ်ပါ၏။ မှတ်တမ်းတင် မော်ကွန်းထိုးအပ်ပါ၏။

ဤစာစုပုံနှိပ် ထုတ်ဝေနိုင်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီ ပါရမီကုသိုလ် ပါဝင်ဆောင်ရွက်ခဲ့ကြသော ('နောက်ဆက်တွဲ ခ')ပါ သူတော်ကောင်းအပေါင်းတို့အားလည်း အတိုင်းမသိ ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ပူဇော်တင်ပြသူ

သိမ်းဆောင် (ရမည်းသင်း)
၂၀၁၁ ခုနှစ်၊ မတ်လ၊ ၁၁–ရက်။

နောက်ဆက်တွဲ - က

ကင်ဆာရောဂါခွဲစိတ်ကုသ နလုံးရောဂါကုသပေးခဲ့ကြသော ကျေးဇူးရှင်ကြီးများ

၁။ ပါမောက္ခ ဒေါက်တာ ဦးရဲမြင့် ခွဲစိတ်အထူးကုသမားတော်ကြီး၊
၂။ ပါမောက္ခချုပ် ဒေါက်တာ ဦးကြည်စိုး ခွဲစိတ်အထူးကုသမားတော်ကြီး၊
၃။ ညွှန်ကြားရေးမှူး ဒေါက်တာ ဦးသန်းထွန်းစိန် ဆေးသုတေသနဦးစီးဌာန ရန်ကုန်မြို့၊
၄။ ဒေါက်တာ ဦးရှားကိုး ခွဲစိတ်အထူးကုဆရာဝန်ကြီး၊
၅။ ဒေါက်တာ ဦးမင်းသူ ခွဲစိတ်အထူးကုဆရာဝန်ကြီး (ဆီးနှင့် ကျောက်ကပ်ဌာန)၊ ရန်ကုန်ဆေးရုံကြီး၊
၆။ ဒေါက်တာ ဒေါ်သီတာအောင် ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ တောင်ကြီးမြို့၊
၇။ ဒေါက်တာ ဒေါ်ဣန္ဒြာကျော် ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ယခု မိုးရထားဆေးရုံကြီး၊
၈။ တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးစိုးအောင် ကင်ဆာအထူးကုသမားတော်ကြီး၊ ရန်ကုန်ဆေးရုံကြီး၊
၉။ ပါမောက္ခ ဒေါက်တာ ဦးနော်မန်လု ခွဲစိတ်အထူးကုသမားတော်ကြီး၊ ရန်ကုန်မြို့၊
၁၀။ ဒေါက်တာ ဦးသန့်ဇင် ခွဲစိတ်အထူးကုဆရာဝန်ကြီး၊
၁၁။ ပါမောက္ခချုပ် ဒေါက်တာ ဦးစောကျော်အောင် ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီး၊ သံဃာ့ဆေးရုံကြီး၊ ဗဟန်း၊
၁၂။ ဒေါက်တာ ဦးတင်ဇော် ဓာတ်မှန်ဘက်ဆိုင်ရာဆရာဝန်ကြီး သံဃာ့ဆေးရုံကြီး၊ ဗဟန်း၊
၁၃။ ပါမောက္ခ ဒေါက်တာ ဦးသံစစ် အသည်းအထူးကုသမားတော်ကြီး၊ ရန်ကုန်မြို့၊
၁၄။ တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးမျိုးဝင်း နလုံးရောဂါအထူးကုဆရာဝန်ကြီး၊ ရန်ကုန်မြို့၊
၁၅။ ဒေါက်တာ ဒေါ်လွင်တင်အေး နလုံးရောဂါအထူးကုဆရာဝန်ကြီး ရန်ကုန်ဆေးရုံကြီး၊
၁၆။ ဒုတိယဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေး ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၊ ဗဟန်း၊
၁၇။ ဒေါက်တာ ဦးလှမြင့် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး သံဃာ့ဆေးရုံကြီး၊ ဗဟန်း၊
၁၈။ ဒေါက်တာ ဦးလေးမောင် မေ့ဆေးဆရာဝန်ကြီး သံဃာ့ဆေးရုံကြီး၊ ဗဟန်း၊
၁၉။ ဒေါက်တာ ဦးသောင်းဝင်း ပါမင်းဆေးခန်း သာကေတမြို့၊
၂၀။ တွဲဖက်ပါမောက္ခ ဒေါက်တာဦးသန်းဝင်းညွှန့် ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်ကြီး၊ ရန်ကုန်၊
၂၁။ ဒေါက်တာ ဦးသိန်းဝင်းညွှန့် ကလေးအထူးကုဆရာဝန်ကြီး၊ တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ၊
၂၂။ ဒေါက်တာ ဒေါ်တင်တင်လှ ကျော်သဇင်ဆေးခန်း၊ သာကေတမြို့၊
၂၃။ Sister ဒေါ်ညွန့်ရီ ပြည်သူ့ဆေးရုံကြီး ရန်ကုန်မြို့၊
၂၄။ ဒေါက်တာ ခင်မြလွင်ငြိမ်း ကလေးအထူးကုဆရာဝန်ကြီး၊ မ/ဥက္ကလာဆေးရုံကြီး၊
၂၅။ ဒေါက်တာ ဦးခင်မောင်ဦး သွားဘက်ဆိုင်ရာဆရာဝန် သံဃာ့ဆေးရုံကြီး ဗဟန်း၊
၂၆။ ဓနိ ဒေါ်ခင်တင့် ထွန်းလင်း (သွားနှင့်ခံတွင်း) ဆေးခန်း သာကေတမြို့၊

နောက်ဆက်တွဲ - ၁

ဤ နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး စာအုပ်ဖြစ်မြောက်ရေးအတွက် ပါရမီကုသိုလ်ယူ ကူညီ ဆောင်ရွက်ပေးခဲ့ကြသော ဆရာတော်အရှင်မြတ်ကြီးများနှင့် သူတော်ကောင်းများ

ကျေးဇူးတော်ရှင် နဘူးကျောင်း ရန်ကင်းတောရနှင့် ယခင် လယ်ဝေး ထန်းတပင်တောရ ဆရာတော်ဘုရားကြီး၏ နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး မှတ်တမ်းကြီး ပြုစုရာတွင်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေနိုင်ရေးတွင်လည်းကောင်း၊ နှုတ်အားဖြင့် စာရေးသား အားပေး ဖြေကြားခြင်း၊ အမှာစာများ ရေးသားချီးမြှင့်ခြင်း၊ ငွေအားများပါ ပေးပို့လှူဒါန်းကြခြင်း၊ အဖိုးတန် အမှတ်အသား မှတ်တမ်းမှတ်ရာများပါ ပေးအပ်ခြင်း၊ ဓာတ်ပုံများ ရိုက်ကူးပေးခြင်း၊ ပြုပြင်ပေးခြင်း အဖက်ဖက်မှ အမျိုးမျိုးသော ကူညီမှုထောက်ပံ့ စောင့်ရှောက်ပေးခဲ့ကြသော ဆရာတော်အရှင်မြတ်ကြီးများနှင့် လူပုဂ္ဂိုလ် သူတော်ကောင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း သမိုင်းမော်ကွန်း မှတ်တမ်းတင် ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

(က) ဆရာတော်အရှင်မြတ်ကြီးများ

၁။ နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ။ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)

၂။ ဘုရားဖြူဆရာတော် ဘဒ္ဒန္တ နရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ ဘုရားဖြူတိုက်၊ ရန်ကုန်မြို့။

၃။ ဆင်ကျုံးဆရာတော် ဘဒ္ဒန္တ ကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဆင်ကျုံးတောရ ရမည်းသင်းမြို့။

၄။ လဲဘူးတောရဆရာတော် ဘဒ္ဒန္တ နယန (အရညဝါသီ)လဲဘူးတောရ နတ်မောက်မြို့။

၅။ စစ်တောင်းဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ (ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ) နတ်ကန်ချောင်းတောရ၊ ဝမ်းတွင်းမြို့နယ်။

၆။ နဘူးကျောင်းရွာကျောင်းဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသ (ဓမ္မာစရိယ) ဝိနယဂရုက၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ ရမည်းသင်းမြို့။

၇။ ရန်ကုန်ဆရာတော် ဘဒ္ဒန္တ ဇာဂရိယ၊ (ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ) ရန်ကင်းတောရ၊ ရမည်းသင်းမြို့။

၈။ မဟာသီဟနာဒဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ (ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၊ မဟာသီဟနာဒ စာသင်တိုက် နေပြည်တော် တပ်ကုန်းမြို့နယ်။

၉။ မှန်တောင်တောရဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ (ဓမ္မာစရိယ၊ အရညဝါသီ) မှန်တောင်တောရ သာဂရမြို့နယ်။

၁၀။ မြောင်းဦး ရန်ကင်းတောရ ဆရာတော် ဘဒ္ဒန္တ နေမိန္ဒ (အရညဝါသီ) မြောင်းဦး၊ စကုမြို့နယ်၊ မင်းဘူးခရိုင်။

၁၁။ ကျောက်ကြီးတောင်တောရ ဆရာတော် ဘဒ္ဒန္တ ဝိဝေကာစာရ (အရညဝါသီ) ကွမ်းအုံစု ပေါက်ခေါင်းမြို့နယ်။

၁၂။ ကျောက်ဘုရားတောရဆရာတော် ဘဒ္ဒန္တ ပညာသိရီ (အရညဝါသီ) ဘိုးခေါနကုန်းရွာ အနီး မှော်ဘီမြို့နယ်။

၁၃။ မဟာဝိဟာရတောရဆရာတော် ဘဒ္ဒန္တ ဝိစာနန္ဒ၊ ဦးစီးနာယက မဟာဝိဟာရတောရ စာသင်တိုက်ကြီး ဘိုးခေါနကုန်းရွာအနီး မှော်ဘီမြို့နယ်။

၁၄။ မဟာသီဟနာဒ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ အာရဒ္ဓဗုဒ္ဓိ၊ မဟာသီဟနာဒ စာသင်တိုက်၊ လှိုင်သာယာမြို့သစ်။

၁၅။ ထန်းတပင်နှင့် ဆုတောင်းပြည့်တောရဆရာတော် ဘဒ္ဒန္တ ကောဝိဒ (အရညဝါသီ) နေပြည်တော် ဒက္ခိဏသီရိမြို့။

၁၆။ သရက်ကန်ဆရာတော် ဘဒ္ဒန္တ ဘူရိပည (မဟာမေဓာဝီ - M.A) နည်းပြ၊ နိုင်ငံတော် ပရိယတ္တိသာသန တက္ကသိုလ်၊ မန္တလေးမြို့။

၁၇။ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ၊ နဘူးကျင်း ရွာဦးကျောင်း၊ ရမည်းသင်းမြို့နယ်။

၁၈။ ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသ (မေဓာဝီ) သက္ကယ်ကျင်းတောရ ရမည်းသင်းမြို့နယ်။

၁၉။ သစ္စာဂုဏ်တောရဆရာတော် ဘဒ္ဒန္တ နိမ္မလ (အရညဝါသီ) သစ္စာဂုဏ်တောရ ရမည်းသင်းမြို့နယ်။

၂၀။ ဆရာတော် ဘဒ္ဒန္တဝါယမ (ခ) စာရေးဆရာ စလင်း မောင်မွေးကြိုင်။

(ခ) လူပုဂ္ဂိုလ်သူတော်ကောင်းများ

၁။ ဦးမင်းကြည် (မေဓာဝီ၊ ဘီအေ၊ မဟာသဒ္ဒမ္မဇောတိကဓဇ)။

၂။ ဆရာဦးဉာဏ်ဝင်း (မေဓာဝီ၊ ပါဠိပါရဂူ) အယ်ဒီတာ (ငြိမ်း) လုပ်သားပြည်သူ့နေ့စဉ်။

၃။ ဆရာ ဦးအောင်သိန်းညွန့် (ပထမကျော်၊ မေဓာဝီ၊ ဘီအေ (Eng)) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန။

၄။ ဗိုလ်မှူးကြီး (ငြိမ်း) ဦးဝင်းနိုင် ညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေး၊ စာပုံနှိပ်တိုက်ဝန်ထမ်းများ။

၅။ ဆရာဦးထွန်းရွှေ (မေဓာဝီ၊ ဘီအေ) တွဲဖက်ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့။

၆။ ကျောင်းဒကာ ဦးအောင်စ (ဒေါင်းမင်းဆီစက်နှင့် ပွဲရုံ) နေပြည်တော်၊ တပ်ကုန်းမြို့။

၇။ ဦးအောင်ငွေ ဒုတိယရဲမှူး (ငြိမ်း C.I.D) လသာလမ်း ရန်ကုန်မြို့။

၈။ ဦးရွှေအောင် + ဒေါ်အေးအေးမာ (ရွှေမိုးကောင်း ရတနာလုပ်ငန်းနှင့် ရောင်းဝယ်ရေး) သာကေတမြို့။

၉။ ဦးအောင်ဖုန်း + ဒေါ်မြမြလွင် မူကျိတစ်ပုံတိုက်၊ သာကေတမြို့နယ်။

၁၀။ စာရေးဆရာ ဦးတိုး (တက္ကသိုလ) ဘာသာပြန် အယ်ဒီတာ၊ ရွှေမြန်မာဂျာနယ်။

၁၁။ စာရေးဆရာ ဦးဌေးအောင် (ရက္ခဗေဒ)၊ (လူသားစစ်စစ် ဗုဒ္ဓပြုစုသူ) သာကေတမြို့။

၁၂။ ဆရာ ဦးအောင်မင်း၊ မသီတာဝင်း၊ မအိအိဟန် (Dream City) ကွန်ပျူတာ အမှတ်-၂၈၅၊ (ပ)ထပ်၊ လမ်း ၄၀ ရန်ကုန်။
၁၃။ ဦးဗိုလ်ဗိုလ် + ဒေါ်အေးသွင် (TAXI ကားပိုင်ရှင်) သာကေတမြို့။
၁၄။ ဦးကြင်မောင် + ဒေါ်ခင်အုန်းမြင့် သားကိုအေးမင်းလတ် သာကေတမြို့။
၁၅။ ဦးခင်မောင်ကြည် + ဒေါ်ခင်လှဲ့လှဲ့မိုး (TAXI ကားပိုင်ရှင်) သာကေတမြို့။
၁၆။ ဤစာအုပ် စာမူဖြစ်မြောက်ရေးအလှူရှင်များနှင့် စာအုပ်ပုံနှိပ်နိုင်ရေး လှူဒါန်းခဲ့ကြသော စာရင်းပါ အလှူရှင် အားလုံး။
၁၇။ ဦးတိုးကြည် + ဆရာမ ဒေါ်ခင်စန်းဝင်း သာကေတမြို့။
၁၈။ ဗိုလ်ကြီးသိန်းစိုးနိုင်(ငြိမ်း)+ ဒေါ်သိန်းသိန်းဦး သာကေတမြို့။
၁၉။ ဦးမောင်မောင်ဝင်း + ဆရာမဒေါက်တာ မသန်းနု၊ သာကေတမြို့။
၂၀။ ဦးအောင်လင်း (နီလာသင်းရွှေဆိုင်နှင့် ပွဲရုံ) ရမည်းသင်းမြို့။
၂၁။ အစ်မ ဒေါ်အုန်းကြင် ကံကြီးရွာ၊ ရမည်းသင်းမြို့နယ်။
၂၂။ ညီ ဦးကျော်ညွှန့် ကံကြီးရွာနှင့် ရမည်းသင်းမြို့နယ်။
၂၃။ ဦးစံမှီ ရှမ်းကန်အုပ်စု ရမည်းသင်းမြို့နယ်။
၂၄။ ဦးဘိုးရှိန် + ဒေါ်အုန်းမြ သရက်ကန်ရွာ၊ ရမည်းသင်းမြို့နယ်။
၂၅။ မြေး မမြင့်မြင့်ရွှေနှင့် မကြူကြူငွေး (ခ) မဝွမ်းပုံ သာကေတမြို့။

စာရေးသူနှင့် စာအုပ်ဖြစ်မြောက်ရေးဦးဆောင်အဖွဲ့ဝင်များ၏ ပန်ကြားလွှာ

ဤမှတ်တမ်းစာအုပ် ပြုစုရာတွင် ချွတ်ယွင်းချက်၊ အားနည်းချက်များ တွေ့မြင်ရပါက စာရေးသူ၌သာ တာဝန်ရှိပါသည်။ အပြစ်မယူ သည်းခံ မေတ္တာဖြင့် ခွင့်လွှတ်တော်မူကြပါရန် အစီရင်ခံပါသည်။

ဓုတနှင့် ဓူတ = ကိလေသာမှ ခါထွက်အပ်သည်။ တဏှာစသော ကိလေသာကို ခါပြီးသည်။ ကိလေသာကို ခါခြင်း ဟူ၍ ပါဠိမြန်မာ အဘိဓာန်က ဖွင့်ပြပါသည်။
ဓုတင်နှင့် ဓူတင် = ပါဠိအရ ဓုတင်၊ မြန်မာမှုအရ ဓူတင်ဟူ၍ တောရဆရာတော် ကိုယ်တိုင်
ဓုတင်္ဂဝိနိစ္ဆယ = ဓူတင် အဆုံးအဖြတ်ကျမ်း ဟု သုံးခဲ့ပါသည်။

သို့ပါ၍ ဤမှတ်တမ်းတွင် အချို့ ပါဠိ၌ ဓုတင်၊ မြန်မာမှုအရ ဓူတင်ဟူ၍ သုံးစွဲခဲ့ခြင်း ဖြစ်ပါကြောင်း အစီရင် ခံပါသည်။

ဤမှတ်တမ်းဖြစ်မြောက်ရေး အဓိကဦးဆောင်ကြသူ မုန်တောင်တောရဆရာတော် အရှင်စန္ဒောဘာသ၊ ထန်းတပင်တောရဆရာတော် အရှင်ကေဝလနှင့် ကျောင်းဒကာ ဦးအောင်ခမှာ အသက် ၇၈ နှစ်၊ ဦးမင်းကြည်မှာ ၇၆ နှစ်၊ မိမိစာရေးသူမှာ အသက် ၆၉ နှစ်၊ အသည်းကင်ဆာရောဂါနှင့် နှလုံးရောဂါများပါ ကုသခံယူနေရသူ ဖြစ်ပြီး ထို့ထက်အချိန်ဆွဲရန် မသင့်တော့ပါ၍ ဤမှတ်တမ်းကြီး ရိုက်နှိပ်လိုက်ရကြောင်း အပြစ်မယူ ခွင့်လွှတ်တော် မူကြပါရန် ထပ်လောင်း ပန်ကြားအပ်ပါသည်။

မှတ်တမ်းဖြစ်မြောက်ရေးအဖွဲ့ (၁၁၊ ၃၊ ၂၀၁၁)

နှစ်လေးဆယ်ကျော် ဓုတင်ဆောင်ခရီး

နဘူးကျောင်းတောရဆရာတော် သက်တော် ၃၀ နှစ်ခန့် ဓမ္မာစရိယအောင်စဉ်က။

နဘူးကျောင်းတောရဆရာတော် သက်တော် ၅၀ နှစ်ခန့် တောရဆောက်တည် ၁၀ နှစ်ကြာကာလ။

နဘူးကျောင်းတောရဆရာတော် သက်တော် ၈၀ နှစ် တောရဆောက်တည် နှစ် ၄၀ ကြာကာလ

နဘူးကျောင်း တောရဆရာတော် သက်တော် ၈၀ နှစ်

နဘူးကျောင်း တောရဆရာတော်
သက်တော် ၈၀ နှစ် သိမ်သမုတ်ပွဲသို့ ကြွစဉ်

နဘူးကျောင်း တောရဆရာတော်
သက်တော် ၈၀ နှစ်ကျော်သည့်တိုင်
ကိုယ်တိုင် ဆွမ်းခံကြွနေပုံ

မဟာတိသာရစေတီတော် နဘူးကျောင်း
ရန်ကင်းတောရ ရမည်းသင်းမြို့နယ်

မဟာတိသာရ ကျောက်စာတိုက် နဘူးကျောင်း
ရန်ကင်းတောရ ရမည်းသင်းမြို့နယ်

မဟာဝိသုဒ္ဓာရာမ
ကျောက်စာတိုက် နဘူးကျောင်း
ရန်ကင်းတောရ
ရမည်းသင်းမြို့နယ်

နဘူးကျောင်းနှင့် ထန်းတပင်တောရ
ဆရာတော်၏ ကြေးသွန်းပုံတော်
ထန်းတပင်တောရ
နေပြည်တော် လယ်ဝေး

နဘူးကျောင်းနှင့် ထန်းတပင်တောရ ဆရာတော်
ကြေးသွန်းပုံတော် ထန်းတပင်တောရ
နေပြည်တော် လယ်ဝေး

၂၆-၇-၂၀၀၄ နေ့ မွန်းလွဲ ၁-နာရီ နဘူးကျောင်းတောရဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်ကို ဤနေရာ၌
အန္တိမအင်္ဂရာပန ကျင်းပပြုလုပ်ခဲ့ကြသည်။

ကာလကြာညောင်း၊ နှစ်တို့ဟောင်းလျှင်
နောက်နှောင်းသိသ၊ သာဝကတို့၊
သိကြစေရန်၊ စိတ်ရည်သန်လျက်
ဗိမာန်တည်ဆောက်၊ ဂုဏ်ရည်မြောက်အောင်
ချီးမြှောက်ကြည်လင်၊ မှတ်တမ်းတင်သည်
ရှင်လူသာဓု ခေါ်စေသော် . . .

<u>ကောင်းမှုရှင်</u>

ပျဉ်းမနားမြို့ ရွှေချို ၈-လမ်း၊ သက်န်းပရိက္ခာနှင့်
ရွှေကုန်သည် ဦးထွန်း + ဒေါ်သိန်းနု သားသမီး
(ဗိုလ်ကြီးခင်မောင်) ဒေါ်ကြည်ကြည်
မိသားစု ကောင်းမှု

<u>ထိုနေရာ မြေအလှူရှင်</u>

ဦးကျော်သိန်း+ဒေါ်ခင်ရွှေ မိသားစု နဘူးကျောင်းရွာ
(တောရဆရာတော်၏ ညီဝမ်းကွဲ ဖြစ်သည်)

အိုးဘိုရှတောရဆရာတော် ဘဒ္ဒန္တဣဿရ
နေပြည်တော်-ပျဉ်းမနား
(တောရဆရာတော်၏ညီရင်း)

မဟာသီဟနာဒဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ
(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)
နေပြည်တော်-တပ်ကုန်းမြို့

ပထမပိုင်း

မွှားမြင်တော်မူခြင်းနှင့် ပညာသင်ကြားတော်မူခြင်း

သက်တော် ၃၂ - ဝါတော် ၁၃ - ဝါ

သာသနာ - ၂၄၆၅-မှ ၂၄၉၇-ထိ
ကောဇာ - ၁၂၈၃-မှ ၁၃၁၅-ထိ
ခရစ် - ၁၉၂၁-မှ ၁၉၅၃-ထိ

ပညာသင်ကြားခြင်း

၁။ ဇာတိရွာနှင့် ဝန်းကျင်တွင် ပညာသင်ကြားခြင်း
၂။ ဦးဖြူကုန်း ဂန္ဓာရုံရတိုက်တွင် ပညာသင်ကြားခြင်း
၃။ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်ကြီးတွင် ပညာသင်ကြားခြင်း
၄။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံနှင့် တောင်ပြင်ဘုရားကြီးတိုက်တွင် ပညာသင်ကြားခြင်း
၅။ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့နှင့် ဝိနယပထမကျော် ဘွဲ့ရခြင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

အခန်း (၁)

တောရဆရာတော် လောင်းလျာ ဖွားမြင်တော်မူခြင်း

မြန်မာနိုင်ငံ မြေလတ်ပိုင်း မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ နဘူးကျင်းကျေးရွာအုပ်စု–နဘူးကျင်းကျေးရွာနေ အဘဦးဘနှင့် မိခင် ဒေါ်အေးမှန်တို့မှ ၁၂၈၃–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆–ရက်၊ (၂၂–၁၀–၂၁) စနေနေ့ ညနေ ၂–နာရီ မိနစ်–၃၀ အချိန်၌ (နောင်သောအခါ ရှုတင်ဆောင် နဘူးကျင်းတောရဆရာတော် ဘဒ္ဒန္တတိဿရမဟာထေရ်ကြီးဟူသော ဘွဲ့အမည်တော်ဖြင့် ထင်ရှားလာမည့်) လောင်းလျာကို ဖွားမြင်တော်မူခဲ့လေသည်။

မွေးချင်း ၄–ဦးရှိသည်။ တောရဆရာတော်မှာ အကြီးဆုံးဖြစ်သည်။

၁။ ဦးထွန်းရှိန် (တောရဆရာတော် ဘဒ္ဒန္တတိဿရ)

၂။ ဦးထွန်းစိန် (အသက် ၃၉–နှစ်တွင် ကွယ်လွန်)

၃။ ဒေါ်ပြုံး (ယခု နဘူးကျင်းကျေးရွာ၌ရှိသည်)

၄။ ဦးအောင်သိန်း(နေပြည်တော်ပျဉ်းမနား အိုးဘိုဂူ တောရ ဘဒ္ဒန္တဣဿရ) တို့ ဖြစ်သည်။

ဖခင် ဦးဘ၏ ဇာတိမှာ အလယ်ကုန်းရွာ

နဘူးကျောင်းကျေးရွာ၏ မြောက်ဘက်၌ ပေါက်ကုန်း၊ အလယ်ကုန်း၊ ဆီဆုံကုန်းဟူ၍ ရှိရာ မြောက်ဆုံးမှ ပေါက်ကုန်း၊ အလယ်တွင် အလယ်ကုန်း၊ တောင်ဘက်ကုန်းတွင် ဆီဆုံကုန်းရွာဖြစ်ပြီး (ယခုအခါ ဆီဆုံကုန်းရွာ မရှိတော့ပြီ) ဖခင်ကြီး ဦးဘမှာ အလယ်ကုန်းဇာတိ ဖြစ်သည်။ နဘူးကျောင်းရွာအနီး လာရောက်၍ လယ်လုပ်ကိုင်ရာမှ နဘူးကျောင်းကျေးရွာဇာတိဖြစ်သော မိခင်ကြီး ဒေါ်အေးမှန်နှင့် အကြောင်းဆက်ခြင်း ဖြစ်သည် ဟု ၁၃၅၉-ခုနှစ်၊ ထန်းတပင်တောရတွင် တောရဆရာတော် အမိန့်ရှိသည်။

အဆိုပါ မိန့်ကြားချက်အရ နဘူးကျောင်းတောရ ဆရာတော်၏ ဆွေမျိုးစဉ်ဆက်ကို ယေဘုယျအားဖြင့် ပြက အောက်ပါအတိုင်း ဖြစ်သည်။

ဘဒ္ဒန္တတိသရ မဟာထေရ်၏ ဆွေမျိုးစဉ်ဆက်ဇယား



မှတ်ချက်။

ဖခင်၏ဘက်၌ - (၁) ဦးရွှေပွဲ၊ (၂) ဦးရွှေဂဲ၊ (၃) ဦးရွှေရဲ၊ (၄) ဦးရွှေတဲ ဟူ၍ အစဉ်အတိုင်း ရှိရာ အစဉ် (၃) မှာ တောရဆရာတော်၏ အဘိုးဖြစ်ပြီး ထို အဘိုးများ၏ မူလဇာတိမှာလည်း ဖြူးမြို့ အရှေ့ဘက် တောပုတ်ရွာဖြစ်ကြောင်း တောရဆရာတော် မိန့်ခဲ့သည်။

တောရဆရာတော် လောင်းလျာ၏ မူလဇာတာခွင်

နဘူးကျောင်း ရန်ကင်းတောရနှင့် လယ်ဝေး ထန်းတပင် တောရဆရာတော် ဘဒ္ဒန္တတိဿရမဟာထေရ် လောင်းလျာ၏ မူလဇာတာမှာ အောက်ပါအတိုင်း ဖြစ်သည်။ စူးစမ်းလေ့လာ သိလိုသော ပညာရှိသူတော်သီ များ လိုသည့်အရာ ရပါစေခြင်းငှာ ဖော်ပြလိုက်ပါ၏။

မေဃျတုကလိယုဂ် ၅၀၂၂၊ သက္ကရာဇ် ၁၂၈၃–ခု၊ ရဿ ၁၈၃၊ သူရိယမာသ တူရာသီ၊ ဝေါဟာရ မာသ သီတင်းကျွတ်လပြည့်ကျော် ၆–ရက်၊ (၂၂–၁၀–၁၉၂၁) စနေနေ့၊ ညနေစက် (၂)နာရီ (၃၀) မိနစ်၊ မြန်မာနေ့ (၂) ချက်တီးကျော်၊ (၆)နာရီ (၁၅) ဗီဇနာ၊ ခရာပြည့် ကုမလဂ်, မေထုန်စန်း၊ ၁–နေ့၊ ယောရက် စနေတရင်း၊ ၆– ကြာနဝင်း၊ လဂ်စီး–နက္ခတ် ၂၂ လုံး၊ ၂ ပါဒ် ၁၃–ဃဋီ၊ ဝိဃဋီ – ၄၇၊ အနုဃဋီ ၃၇ –ထက် လဂ်စီးလျက်၊ ထိုနာရီ၏တည့် နက္ခတ်သော်ကား အနုရာဓနက္ခတ် ၂၂၊ အံသာ – ၄၁၊ လိတ္တာ တည့်မတ်သော အချိန်တွင် ရတနာ ၃–အင်၊ ဦးထိပ်တင်လျက်၊ ကြန်အင်လက္ခဏာ ဘုန်းပညာနှင့် စုံစွာပြည့်ငြား သတို့သားကို မာတာမိခင်ဖွားသန့်စင်သည်။ အမည်သညာ ဘွဲ့နာမကား ရဟန်းတော် ဦးတိဿယ။

ရမည်းသင်း ဥဒယ ကန်ဦးမှ သံဒိဋ္ဌ ဖွဲ့ဇာတာ။ ။

မှတ်ချက်

ရာသီစက္ကနံ.



နဝင်း



အစိပ်တိနက္ခတ်	စင်
၂	၅
၂	၁
၀	၈
၅၂	၃၀
၅၂	၄၅

(၁) တောရဆရာတော်လောင်းလျာ၏ ဇာတာကို ရေးဖွဲ့သူမှာ – တောရဆရာတော်၏ ငယ်ဆရာတစ်ဦးဖြစ်သူ ကံကြီးကျောင်းဆရာတော် ဦးဝိမလ၊ ဗေဒ နက္ခတ္တပညာရှိ (နောင်အခါ တိုင်းရင်းဆေးသမားတော်ကြီး ဦးရှင်ဖြစ်သည်။)

(၂) တောရဆရာတော် ရဟန်းဘဝရောက်ချိန် ရေးဖွဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ဦးတိဿယ– မဟာစရိယဘွဲ့ရသည်အထိ၊ တောရဆောက်တည်ဘဝ ဦးတိဿရ ဖြစ်တော်မူသည်။

(၃) ၁၃၅၉ ခုနှစ်၊ ထန်းတပင်တောရတွင် တောရဆရာတော်အား ဇာတာကို ပြသရာ အနုရာဓ နက္ခတ် ၂၂ – လုံး မရှိဟု မိန့်သည်။

(၄) အနုရာဓနက္ခတ် ၁၅=နဂါးလည်ဆစ်သဏ္ဍာန် ဆယ့်ငါးလုံးရှိသည်။ ထိုနက္ခတ်ကို မိတ္တ မည်သော နတ်မင်းအစိုးရကြောင်း ဆိုသည်။ (လကာ်၊ဆယ့်ငါးလုံးရ၊ နရာဓ၊ နဂါးလည် ဆစ်တို့) ဂမ္ဘီရဆရာများ၏ အဆိုဖြစ်သည်။

ကြာမျိုးငါးပါး ပွင့်သည့် သီတင်းကျွတ်လမှာ ဖွားမြင်တော်မူခဲ့

တောရဆရာတော် လောင်းလျာ မွေးဖွားသည့်လမှာ သီတင်းကျွတ်လဖြစ်သည်။ သီတင်းကျွတ်လ၌ ကြာမျိုးငါးပါး ပွင့်သည်၊ တုရာသီဖြစ်သည်။ အဿဝဏီ နက္ခတ်စန်းယှဉ်သည်။ မြန်မာ နာရီညီမျှ၍ နေ့ (၃၀)၊ ညဥ့် (၃၀) ဖြစ်သည်။ ခြသေ့် ရက်ရာဇာ၊ ဂဠုန်,ကျား ပြဿဒါး ဖြစ်သည်။ (၃) ဖဝါး အရိပ် မွန်းတည့်သည်၊ အရှေ့ နဂါး လှည့်သည်၊ မီးထွန်းပွဲ၊ အဘိဓမ္မာတရား ပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ရဟန်းအရှင်းချင်း ဖိတ်ကြားခြင်း ပဝါရဏာပွဲများကျင်းပသော လထူးလမြတ် ဖြစ် သည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၇၀ –ခန့် (စာပြီးနှစ် ၁၁၈၁–၁၁၉၀ အတွင်း) က ရှေးစာဆိုသူတော် ဦးမင်း၏ ဆယ့်နှစ်ရာသီဘွဲ့များတွင် သီတင်းကျွတ်လ ဘွဲ့ကို အောက်ပါအတိုင်း စပ်ဆိုတော်မူခဲ့သည်ကို တွေ့ရှိရပါသည်။*

သီတင်းကျွတ်လဘွဲ့

ကြာငါးမည် ကြိုင်သင်းလို့၊ လျံဝင်းတဲ့ ပြောင်ထိန်။
ရွှေနန်းတောင်တော်ဦးမှာ၊ ကွန့်မြူး မြင့်မိုရ်မီး၊
ညီးတဲ့ ခါချိန်။ ရှိဦးငယ်နိမ်၊ သုံးကြိမ်ရိုပျောင်း။
သဏ္ဍာ ဂါရဝါနှင့်၊ စဉ်အလာ ပူဇော်ပွဲကို၊
နွဲ့ကြပေတောင်း။

စာဆို၏ မူရင်းစာများသည်ပင် အဓိပ္ပါယ်ပြည့်ဝလေးနက်လှပြီး, ရှင်းလင်းမြင်သာနေပြီး ဖြစ်ပါသည်။ တောရဆရာတော် လောင်းလျာ မွေးဖွားသည့်လနှင့် ဆရာတော်၏ ဘဝဖြစ်စဉ်များကို ထင်ဟပ်၍, ကြည်ညိုတော်မူကြပါစေဟူ၍သာ ဆိုချင်ပါသည်။

သီတင်းကျွတ်လ၏ ထူးခြားချက်များ

စာဆိုတော် ဦးမင်းရေးဖွဲ့ခဲ့သည့် သီတင်းကျွတ်လ၏ ထူးခြားဆန်းကြယ်ပုံများကို စကားပြေပြန်ဆိုပါက –

သီတင်းကျွတ်လတွင် ကြာမျိုးငါးပါး၏ ရနံ့များ သင်းကြိုင်၍နေပါသည်။ ရွှေနန်းဆောင်တို့ဖြင့် တင့်တယ်လှပသည့် ရွှေမန်းတောင်တော်ဦးမှာ လျှံဝင်းတောက်ပသည့် အလင်းရောင်များဖြင့် ထိန်ထိန်သာလျက် ရှိပါသည်။ အဘယ်ကြောင့်ပါနည်း–

မြတ်စွာဘုရားသခင်သည် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို "မယ်တော်၏ ကျေးဇူးဆပ်သောအားဖြင့်" တာဝတိံသာနတ်ပြည်သို့ တက်၍ ဝါတွင်းသုံးလပတ်လုံး 'ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ' အစရှိသော အဘိဓမ္မာတရားတော်များကို နတ် ဗြဟ္မာအပေါင်းတို့အား ဟောကြားတော်မူခဲ့၏။

မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားနှင့်တကွ နတ်ဗြဟ္မာပေါင်း ကုဋေရှစ်သောင်း သစ္စာလေးပါးသိမြင် ကျွတ်တမ်းဝင်ခဲ့ကြ၏။

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ နတ်ဗြဟ္မာအပေါင်း ခြံရံလျက် ရွှေ၊ ငွေ၊ ပတ္တမြားစောင်းတန်းကြီးသုံးသွယ်ဖြင့် ဤလူ့ပြည်သို့ ပြန်ကြွအလာ မြင့်မိုရ်ပွဲ ဆီမီးများ တရှိန်ရှိန် တညီးညီးထွန်းညှိ၍ရှိခိုးဦးနှိမ်၍, ရိုသေပျောင်းပျော့ မာန်ကိုလျှော့၍ လေးလေးမြတ်မြတ် ဂါရဝတရားထား၍ ကန်တော့ခဲ့ကြသော အစဉ်အလာ ပူဇော်ပွဲကြီးများ ဆင်နွှဲခဲ့ကြကြောင်း စာဆိုက ကျစ်လစ်သိပ်သည်းစွာ ရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါကြောင်း သီတင်းကျွတ်လဘွဲ့ မြန်မာပြန်စကားပြေကို ပြန်ဆို တင်ပြလိုက်ရပါသည်။

* ရွှေဟင်္သာ ဆယ်စောင်တွဲ၊ ရွှေဟင်္သာတိုက် ရှေးစာဆိုဦးမင်း (စာပြီးနှစ် ၁၁၈၀–၁၁၉၀ အတွင်း)

မိမိဆိုလိုသည်မှာ ထိုသို့ ထူးခြားသည့်လ၌ ငါတို့၏ ဆရာ နဘူးကျောင်းတောရဆရာတော်လောင်းလျာကို မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်ဟု ပြောလိုရင်းဖြစ်ပါသည်။

အနည်းငယ် ဆက်လက်တင်ပြလိုသေး၏။ ထိုဖြစ်ရပ်များကလည်း တောရဆရာတော် လောင်းလျာ၏ဘဝသို့ မရောက်ရောက်အောင် ပို့ဆောင်ပေးခဲ့သည်ဟု ထင်ပါသည်။

လင်းနို့သားဘဝမှ လာသော ရဟန်းငါးရာ

မြတ်ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ ဟောခဲ့သည့် အဘိဓမ္မာတရားတော်များကို လူ့ပြည် စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား အကျဉ်းချုပ် ပြန်ဟောခဲ့၏။

အရှင်သာရိပုတ္တရာမှတစ်ဖန် လင်းနို့သား ဖြစ်ခဲ့ဖူးသောကာလ နာကြားခဲ့ဖူးသော အဘိဓမ္မာ တရား၏အကျိုးဆက် ရဟန်းငါးရာတို့အား (မကျဉ်း မကျယ် အလယ်အလတ်ဖြစ်သောနည်းဖြင့်) ပြန်၍ ဟောတော်မူခဲ့၏။

နတ်ပြည်၊ လူ့ပြည်ဟောခြင်း ၂–ရပ် တစ်ပြိုင်တည်း တစ်ချိန်တည်းပြီး၍ တရားထူး ရကြသည်။ ထိုနေ့ကား သီတင်းကျွတ်လပြည့်နေ့ဖြစ်၏။

လူ့ပြည်သို့ သက်ဆင်းတော်မူလာသော မြတ်စွာဘုရားရှင်ကို ဖူးမြင်ကြရကုန်သော စပ်သိမ်းသော နတ်လူအပေါင်းတို့သည် လွန်စွာ ကြည်ညိုလေးမြတ် ချစ်ခင် နှစ်သက်ကြကုန်သည်ဖြစ်၍ ဘုရားကဲ့သို့ ဖြစ်လို ဘုရားဆုကို ပန်ဆင်တောင့်တကြကုန်သည်ဟု မဟာဗုဒ္ဓဝင်၌ ဖတ်ရ၏။ လူ့ပြည်သို့ ဆင်းသက်တော်မူသောနေ့ကား။ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ပင် ဖြစ်ပေ၏။

တဆို၏ 'စဉ်အလာ ပူဇော်ပွဲကို နွှဲကြပေတောင်း' ဆိုသော စာပိုဒ်၏ ဆိုလိုရင်းမှာ ဤသို့ ဤပုံ ဖြစ်ပါကြောင်းနှင့် မြင့်မိုရ်ပွဲများ ပြုလုပ်ကြသည့် သီတင်းကျွတ်လပြည့်သို့ ရောက်တိုင်း မြတ်စွာဘုရားရှင်ကို မိမိတို့၏ ဉာဏ်မျက်စိ အမြင်အာရုံတွင် အရိပ် ထင်လျက် ကြည်ညိုလေးမြတ် နှစ်သက် ရွှင်လန်းကြ မည်ဟု ယုံကြည်မိပါသည်။

ဤသို့များမြက် ထူးခြားသော ဖြစ်ရပ်များဖြင့် ပြည့်စုံကုံလုံသည့် သီတင်းကျွတ်လတွင် တောရဆရာတော်လောင်းလျာကို ဖွားမြင်တော်မူခဲ့ပါသည်။

မွေးဖွားခြင်းအစ ထိုသည့်လ၏ ကောင်းခြင်းများအရ နောင်သောအခါတွင် သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဂုဏ်များနှင့် ပြည့်စုံ၍ ရဟန်းရှင်လူအပေါင်းတို့ ချစ်ခင်မြတ်နိုး နှစ်သက် အတုယူအပ်သော ဓုတင်ဆောင် တောရ မထေရ်ကြီးတစ်ပါး ပေါ်ထွန်းလာမည့် နိမိတ် လက္ခဏာများဟု ဆိုသင့်ဆိုအပ်လှပါသည်။

ဘုရားဆုပန်ဆင်ကြ

တာဝတိံသာနတ်ပြည်မှ စောင်းတန်း သုံးသွယ်ဖြင့် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက်

ဆရာကြီးဦးရှင်၏ ဇာတာခွင်

ပြတိုက်၊ ကံကြီးကျောင်း ဆရာတော်၊ ဦးဝိမလ (ခေါ်) ဗေဒနက္ခတ္တဝိဇ္ဇာ တိုင်းရင်းဆေး

သမားတော်ကြီး ဦးရှင် (၁၂၆၄–၁၃၅၁) အသက် ၈၇–နှစ်၏ ဇာတာမှာလည်း အောက်ပါအတိုင်း ဖြစ်ပြီး သိသာပါရန် ဖော်ပြလိုက်ပါသည်။

မေယျတု လွှပြည် သန္ဓေတည်၍ ဖွားသည် စင်စစ်၊ သက္ကရာဇ်ကား၊ ၁၂၆၄–ခု၊ ဒီဃ ၅၀၀၃၊ ကလိယုဂ် ၁၆၄၊ နှစ်ကြွင်း ၉၂၊ သုဒ္ဓဒိန် ဘာနုရာဇာ ၇–ဝိဖုဋ္ဌ မေထုံရာသီ၊ ဝေါဟာရမာသ ဝါဆိုလဆန်း ၁၂–ရက်၊ ၄–ဟူးနေ့သို့ အဝင်၊ ညစက် (၁)နာရီ၊ (၂)မိနစ် စက္ကန့်ပြည့် ဗဟို ၂–ချက်တီးကျော် ၂–နာရီ ၂–ပါဒ် ၅–ဝိနာဍိပြန် ပြည့်ရောပြည့် မိဿလဂ် ဖြိုးသွား စန်း ၂–ဂလံ၊ ဟောရက် ၅–တော၊ တရင်း ၃–ဥဂ်၊ နဝင်း စနေ၊ ဒွါဒသင်း ၆–ကြာ၊ တီးသင် နက္ခတ် ၁–လုံး၊ ၃–ပါဒ် ၁၀–ဃဋီ ၅၀–အနုဃဋီ ၅၇၊ ပရမာ နုဃဋီ ထက်လက်စီးလျက် ထိုနာရီ၏ တည့်နက္ခတ် သော်ကား ဓနသိဋ္ဌနက္ခတ် ၂၈၅ အံသာ ၇၊ လိတ္တာ ၂၉၊ ဝိလိတ္တာ ၄၈၊ အနုလိတ္တာ တည့်မတ်သော အချိန်တွင် ရတနာ ၃–တန် ထိပ်ဝယ် ပန်လျက်၊ ကြန်အင်လက္ခဏာ ဘုန်းပညာနှင့် ပြည့်စုံသော သတို့သားကို ဖွားသည်။ အမည် လှသောင် ဟူ၍ ဖြစ်ပါသည်။

မှတ်ချက်။

တောရဆရာတော် လောင်းလျာ၏ ငယ် ဆရာတစ်ဆူဖြစ်သော ကံကြီးကျောင်းဆရာတော် ဦးဝိမလ (ခေါ်) ဆရာကြီးဦးရှင်မှာ ၁၂၆၄–တွင် မွေးဖွား၍ သက်တော် ၈၇–နှစ်၊ ၁၃၅၁–ခုနှစ်၊ တန်ခူးလဆုတ် ၇–ရက် ကံကြီးရွာ၌ ကွယ်လွန်ခဲ့ပါ သည်။ အမှတ်တရအုတ်ဂူ ရှိပါသည်။

ဤသို့ ကျေးရွာကြီးသည့် ဆရာတစ်ဆူ ဖြစ်ခဲ့မှု၌

ထိုဆရာကြီး ဦးရှင်၏ မူလဇာတာကို တင်ပြသည်မှာ –

(၁) ဗေဒနက္ခတ္တ ပညာရှင်များ သုတေသီများအနေ ဖြင့် ဆရာကြီးအပေါ် လေ့လာဆန်းစစ်နိုင် ရန်နှင့် တောရဆရာတော်၏အပေါ် လေ့လာ နိုင်ရန် မည်သို့သော ပညာရှိကြီးဖြစ်သည်ကို လည်းကောင်း–

(၂) ဆရာကြီး မကွယ်လွန်မီ မန္တလေးမြို့မှ ထုတ်ဝေ သော မြန်မာနိုင်ငံ မဟာသင်္ကြန်စာနှင့် နှစ်၁၀၀ သံဒိဋ္ဌပြက္ခဒိန်ကျမ်းများ ပြုစုနိုင်သော ဗေဒ နက္ခတ္တပညာရှင်များ စာရင်းတွင် ရမည်းသင်း မြို့နယ် ကံကြီးရွာ ဆရာကြီးဦးရှင်၏အမည် အမြဲပါရှိသည်ကို လည်းကောင်း–

(၃) တောရဆရာတော် ရဟန်းဖြစ်ရန် နေ့ရက် အချိန် နေရာ ဥပဇ္ဈာယ်ဆရာ ရွေးချယ်ပေး သူမှာ ဆရာကြီး ဦးရှင်ဖြစ်နေသောကြောင့် လည်းကောင်း–

(၄) တောရဆရာတော် ငယ်စဉ်ဘဝ အခြေခံပိဋက ကျမ်းစာများနှင့် နက္ခတ္တဗေဒပညာများကို သင် ကြားပေးခဲ့သော ငယ်ဆရာတစ်ဦးဖြစ်နေ၍ လည်းကောင်း၊

(၅) ဇာတိနဘူးကျောင်းရွာနှင့် ၆–မိုင်ခန့်ဝေးသော စီးဖြူကုန်းရွာ ဂန္ဓာရုံတိုက် ကျောင်းသစ်ရှိသော ဆရာတော် ဦးဥတ္တမသ (ဝိနယဂရုက) ထံသို့ လိုက်ပါ အပ်နှံပေးသူမှာ ဆရာတော် ဦးဝိမလ (ခေါ်) ဆရာကြီး ဦးရှင်ဖြစ်သောကြောင့် လည်းကောင်း–

တောရဆရာတော်အပေါ်၌ ဤမျှ ဤမျှ ကျေးဇူးများခဲ့သော ဆရာတစ်ဆူဖြစ်ခဲ့မှု၍ မမေ့သင့် မမေ့အပ်သော ခင်ပွန်းကြီး ၁၀–ပါးတွင် တစ်ပါး ပါဝင်သောကြောင့် မှတ်တမ်းဂုဏ်ပြုဖော်ပြလိုက်ရပါ၏။ (စာရေးသူ)

ရဲရဲတောက် ခြသေ့်ဟောက်သို့

တောရဆရာတော်၏ ဘဝအကြောင်း ရေးသားရာ၌ တောရဆရာတော်ကိုယ်တိုင် ရေးသားပြုစုတော်မူသည့် အရဏဂုဏကာလဝိနိစ္ဆယ (ခေါ်) အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း (တတိယအကြိမ်) နိဂုံးပိုင်း စာမျက်နှာ ၂၄၉–၌ တောရဆရာတော်၏ ဘဝအကြောင်းကိုယ်တိုင်ရေးသား မှတ်တမ်းတင်ထားသည်ကိုလည်း ဤနေရာ၌ ဆက်စပ်ကြည့်ညိုနိုင်ရန် မူရင်းအတိုင်း ကောက်နှုတ်ဖော်ပြလိုက်ပါသည်။

စာပိုဒ် – ၃၁။ ။ ရမည်းသင်းခရိုင် အနွှရေ၊ ရမည်းသင်းခရိုင်အတွင်း၌၊ နဘူးကျင်းနာမဂါမကေ၊ နဘူးကျင်းအမည်ရှိသော ရွာငယ်၌။ သုဒ္ဓေဟိ၊ ဆွေခုနစ်ဆက်တိုင်အောင် တွက်လည်း ရောယှက်မျိုးခြား မရှိကြ၍ ခြားနားကင်းကွာ မြန်မာလူမျိုးသာ ဖြစ်ရကား အမျိုးဇာတ်အားဖြင့် စင်ကြယ်ကုန်သော (ဤစကားဖြင့် ဇာတိကုလပုတ္တဖြစ်သည်ကိုပြသည်) ဝါ၊ အကုသိုလ်မှု တစ်ခုခုကို မပြုဘဲသာ လယ်နှင့်ယာကိုထွန်ကာ လုပ်ကျွေး အသက်မွေးရကား အကျင့်အားဖြင့်လည်း စင်ကြယ်ကုန်သော (ဤစကားဖြင့် အာစာရကုလပုတ္တ ဖြစ်သည်ကိုပြသည်) မာတာပိတူဟိ၊ အဖေ အမေတို့မှ၊သုဇာတောနကောင်းစွာ ဖြစ်ပေါ်လာသော။ ဝါ၊ အတိဇာတသားမြတ်သောအားဖြင့် ဖြစ်ပွားပေါ်ပေါက်၍လာသော ပဝတ္တိယံ၊ ယခုဖြစ်ရာ ပဝတ္တိအခါ၌။ ဝါ ယခုနေရာ ပဝတ္တိအခါ၌ –

ဤစာပိုဒ်၏ အဓိကပြဆိုချက်များမှာ –

(၁) ဆွေခုနစ်ဆက်တိုင်အောင် လူမျိုးခြားနှင့် ရောယှက်ခြင်းမရှိ၊ မြန်မာလူမျိုးဖြစ်၍ အမျိုးဇာတ် အားဖြင့် စင်ကြယ်သူ အမျိုးကောင်းသားဖြစ်သည်။

(၂) အကုသိုလ်မှု တစ်ခုခုကို မပြုဘဲ လယ်နှင့်ယာကို ထွန်ကာ လုပ်ကျွေးအသက်မွေးသော, အကျင့်အားဖြင့်လည်း စင်ကြယ်သော, (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ) ဟု ဆိုအပ်သော, အတိဇာတ သားမြတ်ဖြစ်သော – ဟူ၍ 'ရဲရဲတောက် ခြသေ့်ဟောက်သို့' တောရဆရာတော် ကိုယ်တိုင် ရေးသားတော်မူခဲ့ခြင်းများကို သတိမူ နှလုံးသွင်း ဆင်ခြင် ကြည့်နိုင်, မြင်နိုင်ပါစေရန် ရည်သန်ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ရည်ရွယ်ရင်း ရှိခဲ့

တောရဆရာတော်၏ မွေးဖွားရာအရပ်ဒေသ၊ မိဘများ၊ မူလဇာတာနှင့် မူလဇာတာဖွဲ့ပေးခဲ့သော ဆရာကြီးဦးရှင်၏ ဇာတာ၊ နောင်သောအခါ တောရဆရာတော် ကိုယ်တိုင် မိမိဘဝ အကြောင်း ရေးသားမှတ်တမ်းတင်ခဲ့သော စာများကို တစ်ဆက်တည်း မြင်သာအောင် အထက်၌ တင်ပြခဲ့ပါသည်။

မိမိအနေဖြင့် ထိုစာတာများကို ဆရာကြီး ဦးရှင် ကွယ်လွန်ပြီးနောက် ဆရာကြီး၏ သမီးဖြစ်သူ မမွေး ကံကြီးရွာထံမှ ရယူ သိမ်းဆည်းထားခဲ့ပါသည်။ တစ်နေ့တစ်ရက်တွင် ယခုကဲ့သို့ တင်ပြမည်ဟုလည်း ရည်ရွယ်ရင်း ရှိခဲ့ပါသည်။

မှတ်ချက်(၁)

ရေးက စာတာများကို ပေရွက်၊ ထန်းရွက်များပေါ်တွင် ကညစ် (စာရေးရန် စနစ်တကျ ပြုလုပ်ထားသော သံချွန်) ဖြင့် လက်ရေးကောင်းသော တပည့်တစ်ဦးအား ရေးစေပါသည်။

ယခုကာလ၌ မွေးစာတာကို ထိုကဲ့သို့ စာတာဖွဲ့ပေးခြင်း၊ တောအရပ်များ၌ ပညာရှိကြီးများ ရှားပါးလာသလို စာတာဖွဲ့လိုသူလည်း မရှိသလောက်ပင် ရှိနေလေပြီ။ မြို့များ၌ လွန်စွာ ချမ်းသာသူများ၊ အသင့်အတင့်ချမ်းသာသူများနှင့် ထိုအသိပညာ အတတ်ပညာ၌ စိတ်ပါဝင်စားသူများသောက်သာ ပညာရှင်ကြီးများထံ၌ တွက်ချက် စာတာဖွဲ့စေ၍လည်းကောင်း၊ ကွန်ပျူတာဖြင့် တွက်ချက်ခြင်း မှတ်တမ်းသိမ်းဆည်းခြင်းများ ပြုနေကြလေသည်။

မှတ်ချက် (၂)

တောရဆရာတော်၏ မူလ စာတာမူရင်းကို ရမည်းသင်းမြို့နယ် ရန်ကင်းတောရ ဒုတိယဆရာတော် ဘဒ္ဒန္တစာဂရိယထေရ်ထံ လှူဒါန်းခဲ့ပြီး တောရဆရာတော်၏ ပြတိုက်၌ ရှိနေလေပြီ။

မှတ်ချက် (၃)

ထိုစာတာမှ ရေးကူးချက်များကို မမှားနိုင်အောင် ရေးကူးခဲ့သော်လည်း မိမိ၏ မှားယွင်းမှု၊ မူလကညစ်ရေးသူ၏ မှားယွင်းမှု တစ်စုံတစ်ရာ ရှိခဲ့ပါလျှင် ပညာရှင်များအနေဖြင့် ဖြစ်တန်ရာသည်ကို ပြင်ဆင်၍ ဖတ်ရှုပါရန်နှင့် ခွင့်လွှတ်တော်မူကြပါရန် အစီရင်ခံပါသည်။

နဘူးကျောင်းရွာဝန်းကျင် ဒေသအနေအထား

တောရဆရာတော် မွေးဖွားခဲ့သော နဘူးကျောင်းရွာ၏ မြောက်ဘက်၌ ပေါက်ကုန်း၊ အလယ်ကုန်း၊ ဆီဆုံကုန်းရွာများ ရှိခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။

နဘူးကျောင်းတောင်ဘက် ၁-မိုင်ခန့်ကွာ၌ သရက်ကန်ရွာ ရှိသည်။ ထိုသရက်ကန်ရွာ၏ အရှေ့တောင်အရပ်၌ ပြတိုက်ရွာနှင့် ကံကြီးရွာရှိသည်။ ကံကြီးရွာ၏ တောင်ဘက်၌ သတ္တယ်ကျောင်းရွာရှိသည်။

နဘူးကျောင်းရွာ၏ အရှေ့ဘက်၌ ကြာပင်အင်းရွာဟူ၍လည်းရှိရာ နဘူးကျောင်းကျေးရွာအုပ်စုတွင် နဘူးကျောင်း၊ သရက်ကန်၊ ပြတိုက်၊ ကံကြီး၊ သတ္တယ်ကျောင်းနှင့် ကြာပင်အင်း ၆-ရွာရှိသည်။ ထို ၆-ရွာကို ဒိုင်နယ်တစ်ခုအဖြစ် သတ်မှတ်၍ ရေးက သူကြီးတစ်ဦးက အုပ်ချုပ်ခဲ့သော အစဉ်အလာအရ ယခုအခါ၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြင့် ရပ်ရေးရွာရေးများ ဆောင်ရွက်နေကြလေပြီ။

ထိုရွာများ၏ အဓိကစားဝတ်နေရေးအတွက် အသက်မွေးမှုလုပ်ငန်းမှာ ဆရာတော်စာ၌ ဖော်ပြသည့်အတိုင်းပင် လယ်နှင့်ယာ ဖြစ်သည်။ တစ်ဖန် မိုးနည်းဒေသဖြစ်၍ လယ်ကို ဦးစားပေးလုပ် ကိုင်နိုင်ခြင်းမရှိ၊ ယာကို အဓိကထား၍ နှမ်း၊ ပြောင်းဖူး၊ ပြေပ်၊ ပဲမျိုးစုံ ကြက်သွန်နှင့် ခရမ်း၊ ခရမ်းချဉ်၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြသည်၊

တောရဆရာတော် မွေးဖွားချိန် ကာလအနေအထား

သူ့ကျွန်ဘဝ

ကောဇာသက္ကရာဇ် ၁၂၈၃–ခုနှစ်၊ တောရဆရာတော်လောင်းလျာ ဖွားမြင်တော် မူချိန်၌ မြန်မာနိုင်ငံတော်၏ အနေအထားမှာ သူ့ကျွန်ဘဝ ရောက်နေချိန်ဖြစ်လေသည်။ မြန်မာတို့၏ဘုရင် သီပေါမင်း (၁၈၅၈–၁၉၁၆)အား ကောဇာ ၁၂၄၇–ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈–ရက်နေ့၌ တိုင်းတစ်ပါးသား ဗြိတိသျှအစိုးရတို့မှ ဖမ်းဆီး၊ အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ခေါ်ဆောင်၍ သွားပြီးနောက် ၃၇–နှစ်အကြာ ဗြိတိသျှအစိုးရ လက်ဝါးကြီးအုပ်နေသော ကာလဖြစ်လေသည်။

သီပေါ၏ ဘဝနိဂုံး

ဖမ်းဆီးခေါ်ဆောင်သွားချိန်၌ သီပေါဘုရင်သည် သက်တော် ၂၇–နှစ်၊ နန်းစံ ၇–နှစ်မျှသာရှိသေးရာ ခရစ်နှစ် ၁၉၁၆–ခု၊ အသက် ၅၈–နှစ်အရွယ် နန်းကျ အကျဉ်းစံဘဝကာလ (၃၁–နှစ် ၄–လ၊ ၁၂– ရက်) ကြာတွင် တစ်ကျွန်းပို့ခံ၊ သီပေါ သည် အိန္ဒိယနိုင်ငံ ရတနာဂီရိတွင် ခေါင်းချသွားခဲ့ရလေသည်။*

သံဝေဂယူဖွယ်

လူမင်း နတ်မင်း ဗြဟ္မာမင်း ပင်ဖြစ်လျှင်မူလည်း စတိရက –ရော မရဏ ဒုက္ခသစ္စာ၊ မလွတ်ကြမှာ သတိမူကြရန်ဖြစ်တော့သည်။

ကုသိုလ်နည်း၍ အကုသိုလ်များပါက အပါယ်စတိရပါမူ အောက်သံသရာ၌ လည်ပေဦးတော့ လွတ်လမ်းမမြင်၊ သံဝေဂယူဖွယ် ဖြစ်လေတော့သည်။

ပါရမီအဟုန် ကြီးမြင့်တော်မူသော တောရဆရာတော် လောင်းလျာသည် ဆိုအပ်ခဲ့ပြီးသည်သို့ပင် သံဝေဂဉာဏ်ဖြစ်တော်မူပေလိမ့်မည်။

ဝန်းကျင်၌ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်း

တိုင်းတစ်ပါးသားတို့၏ လက်အောက်ကျွန်သပေါက်အဖြစ် ကျရောက်နေသော မြန်မာနိုင်ငံတော်၏ အမျိုးဘာသာ၊ သာသနာတော်၏ အနေအထားမှာ ကိုယ်မင်းကိုယ်ချင်း မဟုတ်သဖြင့် အစိုးရ၏ အားပေးချီးမြှောက် ထောက်ပံ့မှု အနေအထားမှာ နိမ့်တုံမြင့်တုံ ခေါက်ရုပ်ကွက်ပျံသည့်ပုံသို့ ဆိုရပေလိမ့်မည်။

အစိုးရတို့ အားပေးမှု ယင်းကဲ့သို့ မရှိငြား၊ မြန်မာနိုင်ငံသားတို့ တောနှင့်မြို့ပါ သူတော်ကောင်းများနှင့် ဆရာတော် သံဃာတော် အရှင်မြတ်ကြီးများက သာသနာတော်ကြီး မညှိုးမနိမ့်ရလေအောင် ကြိုးပမ်းတော်မူ၊ လုံ့လပြုတော်မူခဲ့ကြသည်ကို တွေ့မြင်ကြရလေသည်။

အဘိဓမ္မာဆရာအုန်း (၁၂၀၈–၁၂၈၇)

အဘိဓမ္မာ ညဝါလောက ထင်ရှားကျော်ကြားသူ ပထမကျော် အဘိဓမ္မာ ဆရာအုန်း (၁၂၀၈–၁၂၈၇) သက်တော် ၇၉–နှစ်လွန်သူမှာ ရမည်းသင်းမြို့နယ် အလယ်ကုန်းရွာဇာတိဖြစ်သည်။

---

* ရတနာဂီရိမှ သီပေါအမှတ်တရ (ဒု–ကြိမ်) သဘောသား ဦးအေးသိန်း ဂုဏ်ထူးစာပေတိုက် –၂၀၀၁

ရဟန်းတော်ဘဝဖြင့် ဝါတော် ၂၀–အရတွင် လူထွက်သော်လည်း အဘိဓမ္မာ ညဝါများကို နှစ်ပေါင်း ၃၀–ကျော် ပို့ချခဲ့သည်။

အမရပူရတွင် ပို့ချ၍ 'အဘိဓမ္မာ တံခွန်ကျမ်း၊ ယမကာဝိထိ မဥ္စရီကျမ်း' များ ရေးခဲ့သည်၊ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ၏ ဆရာရင်းတစ်ဆူ ဖြစ်တော်မူခဲ့သည်။

ဆရာကြီး ဦးအုန်းကို အလယ်ကုန်းရွာ အဘ ဦးတုတ်ပေါ၊ အမိ ဒေါ်ကူးတို့မှ ၁၂၀၈–ခုနှစ်၊ တော်သလင်းလဆန်း ၈–ရက်၊ တနင်္လာနေ့ တွင် မွေးဖွားခဲ့သည်။*

မန္တလေးမြို့ ကာလဝမ်းရောဂါဖြစ်နေ၍ အလယ်ကုန်းရွာသို့ ရှောင်ပြန်အလာ မိုးကုတ်ဆရာတော်လောင်းလျာ ကိုယ်ရင်ဝိမလပါ လိုက်ပါနေခဲ့ဖူး၏ဟု 'မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ' ကျမ်းစာတွင် ဖော်ပြသည်ကို ဖတ်ရသည်။

မှတ်ချက်

ဤကား တောရဆရာတော်၏ ခမည်းတော် ဦးဘ၏ ဇာတိရွာ အလယ်ကုန်းရွာသည် ပညာရှိကြီးများ ပေါ်ထွန်းခဲ့သော ရွာဖြစ်ကြောင်း ပြောလိုရင်းဖြစ်ပါ၏။

အရှင်အာဒိစ္စဝံသ (၁၂၄၄–၁၃၁၃)

နဘူးကျောင်းကျေးရွာ၏ အနောက်ယွန်းယွန်း ၄–မိုင်ခန့်အကွာ ပင်းစုမြောက်ရွာတွင် နောင်အခါ၌ အရှင်အာဒိစ္စဝံသ (၁၂၄၄–၁၃၁၃) သက်တော် ၇၀–နှစ်လွန်သူ၊ ယခု မင်္ဂလာတောင်ညွန့်မြို့နယ် အရှင်အာဒိစ္စဝံသ ကျောင်းတိုက် ဟူ၍ သာသနာတော်သမိုင်း၌ ရရှိထင်ရှားတော်မူသည့် ထိုအရှင်သည် တောရဆရာတော် မွေးဖွားချိန်၌ ပေါ်ထွန်း၍ နေလေပြီ။

ထိုအရှင်အာဒိစ္စဝံသ (ခေါ်) ဆရာကြီး ဦးအောင်မြတ်ထွန်းထံ၌ တောရဆရာတော် လောင်းလျာ ဘုရားဖြူတိုက်တွင် ရှိစဉ် စာဝါလိုက်ခဲ့သည်။

ရသေ့ကြီး ဦးခန့် (၁၂၉၉– ၁၃၁၀)

နဘူးကျောင်းရွာ၏ အရှေ့တောင် ၄–မိုင်ခန့်အကွာ၌မူ မြန်မာနိုင်ငံ ဒေသများစွာ၌ ခေတ်အဆက်ဆက် နိုင်ခံ့သော သာသနိက အဆောက်အဦးများ ဦးစီးတည်ဆောက်လှူဒါန်းခဲ့သဖြင့် ယနေ့ခေတ်တိုင် ရသေ့ကြီး ဦးခန့်ဆိုလျှင် မသိသူ မရှိသလောက် အုံ့ချီးဖွယ် ထင်ရှားကျော်ကြားတော်မူသည့် ပုဂ္ဂိုလ်ထူးကြီးတစ်ပါးကို ညောင်လွန့်တောရ အနောက်တောင်ဘက် ၁မိုင်ခန့်အကွာရှိ ရွာသာရွာ၌ ၁၂၂၉–ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ သက်တော် ၈၂–နှစ်အရောက် ၁၃၁၀–ခုနှစ်တွင် မန္တလေးမြို့၌ တစ်ဘဝခန္ဓာငြိမ်းတော်မူခဲ့သည်။

ညောင်လွန့်တောရဆရာတော် (၁၂၂၉–၁၂၉၅)

ညောင်လွန့် တောရဆရာတော်သည် ရသေ့ကြီးဦးခန့်နှင့် ဖွားနှစ်တူ ဖြစ်သည်။ ပဋိပတ္တိသာသနာတော်သမိုင်း၌ လွန်စွာ ထင်ရှားတော်မူသော ညောင်လွန့်တောရ ဆရာတော်သည် (၁၂၂၉–၁၂၉၅) သက်တော် ၇၆–နှစ် တစ်ဘဝခန္ဓာဇာတ်သိမ်း အငြိမ်းစာတ် နိဗ္ဗူစံတော်မူသော အရှင်မြတ်ကြီးသည်လည်း တောရဆရာတော်မွေးဖွားချိန်၌ ရဟန္တာတစ်ဆူ ဖြစ်တော်မူသည်ဟု ထင်ရှားကြော်ကြား၍ နေလေပြီ။

ထိုထိုသော အရှင်မြတ်ကြီး ပုဂ္ဂိုလ်ထူးကြီးများ ဝေးဝေးလံလံမှာ ပေါ်ထွန်းနေသည် မဟုတ်မူ၍

* အရှင်ဃောသိတ ၏ မိုးကုတ်ဆရာတော် တစ်ဘဝသာသနာ (စာ ၅၈ မှ ၆၇)

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် သတင်းများသည် တောရဆရာတော် လောင်းလျာကို မွေးဖွားမည့် မိခင်ဖခင်တို့၏ နှလုံးသည်းပွတ်တွင် ကြည်ညိုခြင်း၊ သဒ္ဓါ ပီတိ ဝမ်းမြောက်ခြင်းများဖြင့် ကိန်းအောင်း၍ နေပေလိမ့်မည်။ ဤကား ကာလဒေသ ပုဂ္ဂလ အနေအထားထူးကြီးများကို တင်ပြခြင်းဖြစ်ပါသည်။ ဝေးကွာသော ဒေသများစွာ၌လည်း ပရိယတ္တိ ပဋိပတ္တိ အကျော်အမော် ဆရာတော် အရှင်မြတ်ကြီးများ အဆက်မပြတ် ပေါ်ထွန်းခဲ့ပြီး ပေါ်ထွန်းဆဲရှိနေလေရာ တောရဆရာတော် လောင်းလျာ၏ မိဘများသည် မွေးဖွားပြီးရိုန်၌လည်း မိမိတို့ ရင်၌ဖြစ်သော သားကြီးသြရသ မောင်ထွန်းရှိန်ကလေးကို ထိုအရှင်မြတ်ကြီးများအလား ဖြစ်ပါစေသား ဟူ၍လည်း တောင်းဆုဆိုခြင်းအမှု ပြုကြပေလိမ့်မည်။

ဤစကားကို မိမိဆိုခြင်းမှာ ဆက်လက်ဖော်ပြသွားမည်ဖြစ်သော ပညာ စတင်သင်ကြားရေး မိဘနှစ်ပါးတို့ ဆွေးနွေးတိုင်ပင် ဆောင်ရွက်ကြစီမံကြပုံများကို ထောက်ဆကြည့်မြင်ခြင်းဖြင့် နှိုင်းဆဆင်ခြင် သိနိုင်လေသည်။

ရဟန်း ၂ ပါး၏ မယ်တော်ကြီး
ဒေါ်အေးမှုန် (၁၂၅၅ – ၁၃၄၁) ၈၆ နှစ်
ကွယ်လွန်

နက္ခတ္တဗေဒဆရာကြီး
ဦးရှင် (၁၂၆၄ – ၁၃၅၁)
၈၇ နှစ် ကွယ်လွန်
(နဘူးကျောင်း တောရဆရာတော်
လောင်းလျာအား
ရဟန်းဖြစ်ရက် ရွေးပေးသူ)

နဘူးကျောင်း တောရဆရာတော် ရဟန်းဖြစ်ရာ သိမ်နှင့်သာသနပါလ ကျောင်းတိုက်
သရက်ကန်ရှာ ရမည်းသင်းမြို့နယ်



ရဟန်း ၂–ဝါ ရသည့်တိုင် သီတင်းသုံး ပညာသင်ခဲ့သည့် သရက်ကန်ရွာကျောင်း
ရမည်းသင်းမြို့နယ်

တောရဆရာတော်လောင်းလျာ၏
ငယ်ဆရာ အရှင်ဥက္ကံသ
(၁၂၃၃ – ၁၃၀၄) ၇၁ နှစ် ပျံလွန်၏
အရိုးဓာတ် အမှတ်တရ လွမ်းစေတီ



သရက်ကန်ရွာ ဆဋ္ဌကျောင်းထိုင် ဆရာတော်
အရှင်ဘူရိပည (မဟာဓမ္မစရိယ –MA) နည်းပြ
နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်
မန္တလေးမြို့

ရမည်းသင်းဓရိုင် သရက်ကန်ကျောင်းမှတ်တမ်း

၁၂၈၃ ခုနှစ် တပို့တွဲလဆုတ် (၇) ရက်နေ့၌ သရက်ကန်ရွာ ဒါယကာ ဦးဘိုးရင်က ၎င်းပိုင်ယာမြေကွက်ကို သရက်ကန်ကျောင်း ပထမ ဆရာတော် ဦးဥက္ကံသအား ကျောင်းအာရာမ် မြေအမှတ်ဖြင့် လှူဒါန်းပါ၏။ လှူသည့်အတိုင်း ဆရာတော်ဦးဥက္ကံသက လက်ခံပါ၏။ ၁၂၈၈-ခုနှစ်၌ ရွှေသိမ် သမုတ်သည်။

၁၃၀၀-ပြည့်နှစ် တပို့တွဲလဆန်း (၃) ရက် တနင်္ဂနွေနေ့ နံနက် (၈) နာရီအချိန်၌ သရက်ကန် ဆရာတော်က သာမဏေ ရှင်တိဿရအား ဂရုဘဏ်လဟု ဘဏ်ပစ္စည်းများကို ဒွိသင်္ဃကအဖြစ်ဖြင့် ပေးအပ်သောအခါ၌ အာရာမ်မြေကွက်ကိုကား နောက်နေသော ပုဂ္ဂိုလ်အား ဆက်လက်၍ လှူနိုင်မည် မလှူနိုင်မည်ကို မေးရဦးမည်ဟု မိန့်ဆို၏။

ထို့နောက် ၁၃၀၁-ခုနှစ် တော်သလင်းလပြည့်ကျော် ၃-ရက် စနေနေ့ နံနက် (၇) နာရီအချိန်၌ ဒါယကာ ဦးဘိုးရင်က နောက်နေသော ပုဂ္ဂိုလ်အဆက်ဆက်အား အာလပြတ်လှူနိုင်ပါသည်ဟု ပြောဆို လျှောက်ထား၏။

ထိုအချိန်မှစ၍ သရက်ကန်ကျောင်း အာရာမ်မြေကွက်သည် ရဟန်းအဆက်ဆက် ပိုင်နိုင်သော သာသနာ့မြေဖြစ်လာတော့၏။

ဒွိသင်္ဃကလုပ်ပုံ

သက္ကရာဇ် ၁၃၀၃ ခုနှစ် ကဆုန်လပြည့်ကျော် (၄) ရက် အင်္ဂါနေ့ နေလွဲစက် ၅-နာရီ (၃၀) မိနစ်အချိန်တွင် သရက်ကန်ကျောင်း ဆရာတော်ကြီး၏ ကျောင်းဂရုဘဏ်လဟု ဘဏ်ပစ္စည်းများကို အာရာမ်မြေကွက်နှင့်အတူ မင်္ဂဖိုလ်နိဗ္ဗာန်ကို ရည်သန်တောင့်တပြီးလျှင် သက်ကယ်ကျင်းတောရ ပုဂ္ဂိုလ် ဦးသီဟအား (၃)ကြိမ် (၃) ထပ် လှူဒါန်းပါ၏။ တောရကျောင်းပုဂ္ဂိုလ်ကလည်း အထက်စာရင်းပါအတိုင်း အလှူခံပါ၏။ ထို့နောက် အနည်းငယ်မျှ အချိန်တွင်းမှာပင်...

သက္ကရာဇ် ၁၃၀၃-ခုနှစ် ကဆုန်လပြည့်ကျော် (၄) ရက် အင်္ဂါနေ့ နေလွဲစက် (၅) နာရီ (၄၀) မိနစ်အချိန်၌ သက်ကယ်ကျင်းတောရ ပုဂ္ဂိုလ်က ၎င်း သရက်ကန်ကျောင်းဆရာတော်ကြီး လှူဒါန်းသော ကျောင်းအာရာမ်မြေကွက်နှင့်တကွ ဂရုဘဏ်လဟု ဘဏ်ပစ္စည်းများကို 'သုဒိန္န' ဖြစ်အောင်

သရက်ကန်ကျောင်း ဆရာတော်ကြီးနှင့် ၄င်းကျောင်းခန်းနေ ဦးတိသာရတို့အား ဒွိသင်္ဂကအဖြစ် ဖြင့် လှူဒါန်းပါ၏ အရှင်ဘုရား။ ၄င်းတောရပုဂ္ဂိုလ် လှူဒါန်းသည့်အတိုင်း သရက်ကန်ကျောင်းဆရာတော်ကြီးနှင့် ၄င်းကျောင်းခန်းနေ ဦးတိသာရတို့က 'သုဂဟိတ' ဖြစ်အောင် အလှူခံပါကုန်၏။ ဤကဲ့သို့ ဒွိသင်္ဂက ပြုလုပ်ခဲ့ကြပါသည်။

ထိုအခါ စာစီစာရေးသူကား သက်ကယ်ကျင်းတောရကျောင်းခန်းနေ ဦးသေဋ္ဌိလဖြစ်ပါသည်။ ၁၃၀၄–ခုနှစ် ဝါခေါင်လဆန်း (၂) ရက်နေ့ သရက်ကန်ကျောင်း ဆရာတော်ကြီး ပျံတော်မူ၏။

ထိုနောက် ၁၃၀၅–ခုနှစ် နယုန်လ၌ (သို့မဟုတ်) ဝါဆိုလဆန်းစလောက်၌ ဦးတိသာရ တစ်ဦး တည်းပိုင်ဖြစ်သော သရက်ကန်ကျောင်းကို ဂရုဘဏ်လဟု ဘဏ်အာရာမ်မြေကွက်နှင့်တကွ ကံကြီး ကျောင်းဆရာတော် ဦးဝိမလအား လှူဒါန်းပါ၏။

ထို့နောက် ဦးဝိမလက ဦးဇဋိလအား လှူဒါန်း၏ (ခု၊ လ၊ ရက် အတိအကျမသိ)

ထို့နောက် ဦးဇဋိလ လူထွက်သောအခါ သက်ကယ်ကျင်းတောရ ဆရာတော် ဦးသီဟအား လှူသည်ဟု ကြားသိရပါ၏။

မှတ်ချက် ။ ။ သရက်ကန်ရွာတည် သက္ကရာဇ်မှာ ၁၂၅၀–ပြည့်နှစ်ဖြစ်သည်။ ဦးအပ်ကြီး –ဒေါ်ရွှေအုံ တို့က ခေါင်းဆောင်၍တည်သည်။ တည်ပင်အောင်းရွာမှ ပြောင်းရွှေ့ခဲ့သည်။ တောရဆရာတော်၏ လက်ရေးမူရင်းမှ ကူးသည်။

ထိုမူရင်းစာကို သရက်ကန်ရွာ ဆဋ္ဌကျောင်းထိုင်ဆရာတော် အရှင်ဘူရိပည (MA)၊ နည်းပြ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် မန္တလေးမြို့ထံမှ ရရှိပါသည်။

ငယ်စဉ်၌ စတင်ပညာသင်ကြားစေခြင်း

ပညာသင်အစမှာ ကျောင်းရွာ

တောရဆရာတော်လောင်းလျာ မောင်ထွန်းရှိန်ကလေးကို ခမည်းတော် မယ်တော်များက အသက် ၇–နှစ်အရွယ်တွင် ခမည်းတော် ဦးဘ၏အစ်မ သီလရှင် ဒေါ်ဥမ္မာနှင့် မယ်တော် ဒေါ်အေးမှန်၏ အစ်မ၊ ဒေါ်ခမ္မစာရီ (ဆရာလှ) တို့ ဝိပဿနာ ဘာဝနာပွားများရာ (ယခင် ရမည်းသင်းမြို့နယ်) ယခု နေပြည်တော်တပ်ကုန်းမြို့နယ်၊ ရသေ့ကြီး ဦးခန္တီ၏ ဓာတ်ရွာအနီး ကျောင်းရွာရှိ သီလရှင်ကျောင်း၌ စတင်ပညာ သင်ကြားရန် စီမံ၍ ထည့်လိုက်ကြ၏။

တစ်နှစ်ခန့်ကြာသောအခါ ထိုကာလ ပညာသင်ကြားရေးစနစ်အရ ၁၂–ပုန်းရှိ သင်ပုန်းကြီး ၂–ခေါက် ပေါက်၏။ သီလရှင် ဒေါ်ဥမ္မာနှင့် ဒေါ်ခမ္မစာရီ သီလရှင်ဆရာလေးနှစ်ပါးသည် ကျောင်းရွာ တောရကမ္မဋ္ဌာန်းကျောင်း၌ အခြားသော သီလရှင် ဆရာလေးများနည်းတူ ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ် ဖြောင့်စွာအားထုတ်လို၏။ မောင်ထွန်းရှိန်ကလေး၏ ပညာရေးတစ်ဖက်နှင့် ရှိနေသည့်အတွက် အားမထုတ်နိုင်၊

သို့အတွက် ၁–နှစ်ခန့်အကြာ မောင်ထွန်းရှိန် ကလေးကို မိဘနှစ်ပါးထံ ပြန်ပို့ပြီး ရွာနီးဘုန်းတော်ကြီးကျောင်းအပ်နှံရန် တိုက်တွန်းခဲ့ကြသည်။*

---

* အရှင်အာဒိစ္စ (ဓမ္မာစရိယ)၏ တောရဆရာတော် ထေရုပ္ပတ္တိကထာ – ၂၀၀၂

ထူးခြားမှု တစ်ရပ်

မောင်ထွန်းရှိန်ကလေးအား ပညာစတင် သင်ကြားပေးရန် ထည့်ပေးလိုက်သော ကျောင်းရွာ ဆိုသည်မှာ နဘူးကျင်းရွာနှင့် ၆–မိုင်ခန့် ဝေး၏။ ထိုမျှဝေးသောအရပ်တို့ ထည့်ပေးလိုက်နိုင်သည်မှာ ပညာလည်းရစေ၊ ကမ္မဋ္ဌာန်းအလုပ် အားထုတ်သည် ကိုလည်း မြင်စေ ဆိုသည့် ရည်ရွယ်ရင်း ရှိလေသလား မပြောနိုင်။ မည်သို့ပင်ဖြစ်စေ အမြင်အတွေ့သည် မှတ်သားခဲ့သော မျိုးစေ့ ဖြစ်နေလေတော့သည်။

ရွာနီးကျောင်းမှာ စတင် မထားဘဲ မခွဲနိုင် မခွာရက် မိဘများမဟုတ်ကြ။ သားဖြစ်သူကလည်း အသက်အရွယ် ၇–နှစ်မျှဖြင့် ပညာသင်ရေးအတွက် မိဘများနှင့် ခွဲ၍ ထိုမျှဝေးသောခရီးသို့ လိုက်နိုင်နေ နိုင်သည်မှာ နောင်သောအခါတွင် ရုတင်ဆောင် မထေရ်ကြီးတစ်ပါး ဖြစ်လာမည့် အရွယ်နှင့်မမျှသော မောင်ထွန်းရှိန် စနေသား၏ ဝီရိယထူးခြားမှုတစ်ရပ်ဟု ဆိုရပါလိမ့်မည်။

လွန်ဆွဲ ပွဲ

ကျောင်းရွာမှ ပြန်ရောက်လာသော သားဖြစ်သူ မောင်ထွန်းရှိန် ပညာဆက်လက်သင်ကြားရေး အတွက် ဦးဘက အလယ်ကုန်းရွာသားဖြစ်၍ အလယ်ကုန်းကျောင်းထားလို၏။ မိခင်ဒေါ်အေးမှန် က ဝေးသည်ဟု အကြောင်းပြ ကန့်ကွက်၏။ တစ်မိုင်ခန့် ဝေးသော သရက်ကန်ကျောင်းဆရာတော် (ဝိနယဂရုက)ဦးဥက္ကံသထံ ထားလို၏။ သရက်ကန် ဆရာတော်မှာ မျက်စိရောဂါရှိနေ၍ စာသင်ပေးနိုင် ခြင်း မရှိဟု ဦးဘက အကြောင်းပြ ကန့်ကွက်ပြန်၏။ ယင်းသို့ ကျောင်းထားရေး ဟိုဘက် သည်ဘက် လွန် ဆွဲနေစဉ် သီလရှင်ဆရာလေး ဒေါ်ဥမ္မာနှင့် ဒေါ်မမ္မစာရီ တို့ နဘူးကျင်းရွာသို့ တစ်ဖန် ပြန်ရောက်လာကြ၏။ ဆရာလေးများက 'သရက်ကန်ကျောင်း ဆရာတော် က စည်းကမ်းကောင်းတယ်' မင်းတို့ သားအရွယ်ကို ဘယ်ကျောင်းထားထား ဆရာတော် ကိုယ်တိုင် စာ မသင်ပါ။ လာလိုက်ခဲ့ကြပြဟု မိဘနှစ်ပါးကိုပါခေါ်၍ မောင်ထွန်းရှိန်ကလေးကို သရက်ကန်ကျောင်း ဆရာ တော်ထံ အပ်နှံပေးကြ၏။ အသက်ကား ၈နှစ်ကျော် ရှိလေပြီ။

တပည့်အလာ စောင့်မျှော်နေသည့် သရက်ကန်ဆရာတော်

သရက်ကန်ဆရာတော်က ရောက်လာသော မောင်ထွန်းရှိန်ကလေးအား ကိုယ်တိုင် သင်ကြားပြသ ပေး၏။ သီလရှင်ဆရာလေးနှစ်ပါး ထင်ခဲ့သလို မဟုတ်၊ မောင်ထွန်းရှိန်ကလေးက စနေသားဗီဇ အတိုင်း ပညာရည် ဉာဏ်ရည် ထက်သူဖြစ်၍ ကျောင်းရွာ၌ သင်ခဲ့ပြီးသော သင်ပုန်းကြီးစာများဖြင့် အနည်းငယ်မျှသာ ထပ်မံသင်ပေးရ၏။

ထိုခေတ်က သင်ပုန်းကြီးဆိုသည်မှာ

သစ်သားအပွစားဖြစ်သော လက်ပံသား၊ ဒီဒူးသားကို ပျဉ်ပြားလုပ်၍ အလျား ၃–ပေခန့်၊ ဗျက် ၇–လက်မခန့်၊ အထူ ၁–လက်မခန့်ရှိအောင် ရွေဘော်ထိုး၍ လက်ကိုင်စရာ ခေါင်းနှင့် သစ်သား သင်ပုန်းပြုလုပ်ရ၏။ ယင်းမျက်နှာပြင်ပေါ် ထမင်း ရည်တင်၍ ချဉ်ပေါင်အူတိုင်မီးသွေးအမှုန်ကို ချေဖြင့် မွှန်နေအောင် ချယ်ရ၏။ နေလှန်း၍ ခြောက်သော အခါ ကံ့ကူဆံအဖြူကို ကံ့ကူတံတွင်တပ်၍ သင်ပုန်း ပေါ်တွင် ရေးရသည်။ (ယခုအခါ မရှိတော့ပြီ)ထို့ နောက် ကျောက်သင်ပုန်းခေတ်၊ ယခု စာအုပ်မှာရေးရ

သင်ရသော ခေတ်ရောက်လေပြီ၊ (ကွန်ပျူတာခေတ် သို့ပင် ရောက်၍နေပြီ)

ထိုသစ်သားသင်ပုန်းကြီးပေါ်တွင် ရေး၍ အဆင့်ဆင့် သင်ရသောကြောင့် သင်ပုန်းကြီးစာ ဆိုလေသည်။ သရက်ကန် ဆရာတော်ကား တပည့်အလာကို စောင့်မျှော်နေသော ဆရာတော်ပါတည်း။

သရက်ကန်ရွာနှင့် ပထမကျောင်းတည် သရက်ကန် ဆရာတော်

သရက်ကန်ရွာမှာ တောရဆရာတော် ဖွားမြင်ခြင်းမတိုင်မီ ၁၂၅၀–ခုနှစ်က ၃၃–နှစ်စော၍ ရွာသစ်တည်ခဲ့ပြီး တစ်စတစ်စရွာကြီး ဖြစ်လာခဲ့ရာ တောရဆရာတော်လောင်းလျာ ဖွားမြင်သော ၁၂၈၃–ခုနှစ်မှာပင် တပို့တွဲလပြည့်ကျော် ၇–ရက်၊ (၁၈.၂. ၁၉၂၂)စနေနေ့ ဒါယကာဦးဘိုရင်က ကျောင်းမြေလှူဒါန်းသဖြင့် ဆရာတော်ဦးဥက္ကံသ ဦးဆောင်၍ သရက်ကန်ရွာသား လူအများတို့ ကျောင်းဆောက်လှူဒါန်းခဲ့ကြသည်၊ သရက်ကန်ဆရာတော်သည် မူလ နတ်မောက်မြို့နယ်၊ ခပေါင်းကုန်းရွာနှင့် လဲဘူးရွာ ဇာတိဖြစ်ပြီး ဝါတော် ၈–ဝါမှ ဝါတော် ၃၀–ထိ ကံကြီးရွာကျောင်းတွင် သီတင်းသုံးခဲ့သည်။*

သရက်ကန်ရွာသားများ၏ ပင့်လျှောက်ချက်အရ ပထမကျောင်းတည်ဆရာတော် ဖြစ်လာသော ဆရာတော် ဦးဥက္ကံသ(ဝိနယဂရုက)သည် နောင်အခါတွင် ဤသာသနာတော်၌ ဝိနယဂရုက ရုတင်ဆောင်မထေရ်ကြီးတစ်ပါး ဖြစ်လာမည့် မောင်ထွန်းရှိန်ကလေး၏ ဉပမိရုပ်အနေအထား ကြည့်၍ ဝမ်းမြောက်ခြင်း ပီတိဖြစ်နေ၏။ စောင့်ခဲ့ရသော အချိန်ကား ရောက်လာခဲ့ပြီတည်း။ ဥပမာ ကပ်၍ ထင်ဟပ်ရပါလျှင် တတိယသင်္ဂါယနာတင်မည့် ခေါင်းဆောင် အရှင်မောဂ္ဂလိပုတ္တတိဿလောင်းကလေးကို ထိန်းကျောင်းစောင့်ရှောက်ကာ သာသနာတော်တွင် အရာဝင်အောင် သင်ကြားပေးရသော အရှင် သိဂ္ဂဝမထေရ်ကြီးပမာ ဖြစ်တော့သည်။

ထို့ကြောင့် အခြားသော ကိုယ်ရင်ကျောင်းသားများကို တပည့်ကြီးများနှင့် ပညာသင် လွှဲအပ်ထားပြီး ကိုယ်တိုင် သင်ပြပေးခြင်းဖြစ်တော့၏။

ကျောင်းသားဘဝကပင် မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီး ၁၁–သုတ်၊ ဆယ်စောင်တွဲကုန်အောင် သင်ကြား တတ်မြောက်အရဆောင်နိုင်သည့်ပြင် ဇာတ်ကြီး ၁၀–ဖွဲ့ပင် ကလေးဘဝ စာသင်ချိန် ၄–နှစ်ကာလ အတွင်း သင်ယူပြီးဆုံးသွားခဲ့သည်။

ထိုခေတ် ထိုအခါက ကျေးလက်တောရွာများရှိ ဘုန်းတော်ကြီးကျောင်းပညာသင်ရေးစနစ်တွင် မင်္ဂလသုတ်မှ အစပြု၍ သင်ကြားရသော ၁၀–စောင်တွဲပါ စာများ၏ အနှစ်သာရကိုလည်း အကျဉ်းချုပ်ရေးထုတ်၍ ဖော်ပြပါဦးမည်။

မင်္ဂလသုတ်

မင်္ဂလသုတ်သည် လောကသားတို့၏ အကျိုးစီးပွားတွင် ကုသိုလ်၊ အကုသိုလ်၊ အသက်ရှည်ရာ အနာမဲ့ကြောင်း ပြုဖွယ်ကိစ္စမှန်သမျှနှင့် ဘဝနေနည်းများဖြစ်သော ၃၈–ပါးသော မင်္ဂလာတရားတော်များ၊ ထိုစာများအတိုင်း နေထိုင် ကျင့်ကြံသွားပါက အပါယ်လေးပါး မလားရဘဲ နိဗ္ဗာန်ချမ်းသာတိုင်အောင် အကျိုးပေးမည်ဖြစ်ကြောင်း ဗုဒ္ဓ

* တောရဆရာတော်၏ သရက်ကန်ဆရာတော် ထေရုပ္ပတ္တိအကျဉ်း။

မြတ်စွာ ဟောကြားတော်မူခဲ့သော တရားတော် ဖြစ်လေသည်။

(ကမ္ဘာ့နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌ မိမိတို့ တက်မြောက်လိုသော သိပ္ပံပညာ၊ ရလိုသော ဘွဲ့မျိုးစုံ ရနိုင်သော်လည်း မင်္ဂလသုတ်ပါ တရားတော်များလောက် ကောင်းသော ဝိဇ္ဇာ အတတ်ပညာ သင်ကြားပေးနိုင်သည် မတွေ့ရ ဟု၊ ကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ် အဓိပတိ ဒေါက်တာ အရှင်ဉာဏိဿရ က မိန့်တော်မူသည်။)

အပြင်အောင်ခြင်း

အပြင်အောင်ခြင်းမှာ ၈–ပါးရှိသည်။ မြတ်စွာဘုရားသခင်သည် –

(၁) မာရ်နတ်သား၊

(၂) အာဠဝကဘီလူး၊

(၃) နာဠာဂိရိဆင်၊

(၄) အင်္ဂုလိမာလ၊

(၅) စိဉ္စမာဏ၊

(၆) သစ္စကပရိဗ္ဗိုဇ်၊

(၇) နန္ဒောပနန္ဒနဂါးမင်း၊

(၈) ဗကဗြဟ္မာ

ဟူသော အပြင်ရန်သူကြီး ၈–ယောက်တို့ကို အောင်မြင်တော်မူခဲ့ကြောင်း ဖြစ်သည်။ မိမိ၌ အောင်ခြင်း မင်္ဂလာ အဖြာဖြာသည် ဖြစ်ပါစေသတည်းဟု ရှိခိုးတောင်းဆိုခြင်း ဖြစ်ပါသည်။

အတွင်းအောင်ခြင်း

အတွင်းအောင်ခြင်းလည်း ၈–ပါးရှိသည်။ မြတ်စွာဘုရား သခင်သည် –

(၁) အဝိဇ္ဇာတည်းဟူသော ဥခွံ တဏှာ သားအိမ်အတွင်းမှ မိမိလွတ်မြောက်ခဲ့သလို သတ္တဝါတို့အား ထွက်မြောက်စေတော်မူခြင်း၊

(၂) မောဟ အမှောင်တိုက်မှ ပညာတည်းဟူသော စက္ခုကို သတ္တဝါတို့အားလုံး ရစေတော်မူနိုင်ခြင်း။

(၃) ရာဂဟူသော မီးလျှံတို့ဖြင့် ပူလောင်သော ကိုယ်ရှိသော သတ္တဝါတို့အား မဂ္ဂင် ၈–ပါး တည်းဟူသော ရေစင်ဖြင့် အေးငြိမ်းစေတော်မူခြင်း။

(၄) သံသရာတည်းဟူသော သမုဒ္ဒရာ၌ လေးပါးသော ရေအယဉ်ဖြင့် မြောကျနေသော သတ္တဝါ တို့ကို တရားတည်းဟူသော လှေဖြင့် ကယ်တင်တော်မူခြင်း၊

(၅) သံသရာ၌ ဇာတိ အစရှိသော ဒုက္ခဖြင့် အမြဲနှိပ်စက်ခံနေရသော လူအပေါင်းကို ယာဉ်သုံးပါးဖြင့် နိဗ္ဗာန်ပြည်မြတ်သို့ ရောက်စေတော်မူခြင်း၊

(၆) ကြီးမြတ်သော ပညာရှိတော်မူသော, ဆေးသမားသဖွယ်ဖြစ်သော မြတ်စွာဘုရားသည် (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော)မြွေလေးကောင် ကိုက်ခဲခံနေရသော သတ္တဝါအပေါင်းကို ကုသငြိမ်းအေးစေတော်မူခြင်း၊

(၇) ယာဉ်မှူးသဖွယ်ဖြစ်သော မြတ်စွာဘုရားသည် ကိလေသာတည်းဟူသော ခိုးသူ၏ နှိပ်စက်ခံနေရသော

သတ္တဝါအပေါင်းတို့အား သံသရာစက်း စံမှ ဘေးမရှိရာ နိဗ္ဗာန်သို့ပို့ဆောင် ပေးတော်မူခြင်း၊

(၈) ၄၅-ဝါ ကာလပတ်လုံး နတ်နှင့်တကွ သော လူအပေါင်းတို့အား တရား တည်းဟူသော အမြိုက်အရသာကို သောက်စေတော်မူသော မြတ်စွာဘုရား သည် တပည့်သား သာဝကအပေါင်းတို့ နှင့်တကွ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။

အထက်၌ ဆိုခဲ့သော ၈-ပါးသော အောင် ခြင်းများဖြင့် အောင်တော်မူ မြတ်စွာဘုရားကို ကျွန်ုပ် ရှိခိုးပါ၏။ ဤသို့သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေ သတည်း။ ဟူ၍ ဖြစ်လေသည်။

ရတနာရွှေချိုင့်

ရတနာရွှေချိုင့် ဟူသည်ကား အဖိုးအနဂ္ဃ ထိုက်သော၊ ရတနာများဖြင့် ပြီးသော ရွှေချိုင့်ဝှမ်း အတွင်း နေထိုင်ဘိသကဲ့သို့ တင်စားသော ဥပမာ ဖြစ်သည်။

၁။ အောင်တော်မူ၊ မြင်တော်မူ မြတ်စွာ ဘုရားအပေါင်းသည် သစ္စာလေးဖြာ မြိုက်အရသာကို သောက်တော်မူ လေပြီ။

၂။ နစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာ ဘုရားအပေါင်းတို့ မိမိ၏ ဦးခေါင်း ထက်၌ တည်တော်မူကုန်ပြီ။

၃။ မြတ်စွာဘုရားသည် ဦးခေါင်းထက်၌၊ တရားတော်မြတ်အပေါင်းသည် မျက်စိနှစ်ဖက်၌၊ ရှစ်ယောက်သော အရိယာသံဃာတော်သည် ကျွန်ုပ်၏ ရင်၌ တည်တော်မူပြီ။

၄။ အရှင် အနုရုဒ္ဓါသည် နှလုံးထက်၌၊ အရှင်သာရိပုတ္တရာသည် လက်ျာ၌၊ အရှင်မောဂ္ဂလာန်သည် လက်ဝဲ၌၊ အရှင်ကောဏ္ဍညသည် နောက်၌ တည်တော်မူပြီ။

၅။ အရှင်အာနန္ဒာ၊ အရှင်ရာဟုလာတို့ သည် လက်ျာနား၌၊ အရှင်မဟာ ကဿပ၊ အရှင်မဟာနာမ် တို့သည် ကျွန်ုပ်၏ လက်ဝဲနား၌ တည်နေတော် မူပြီ။

၆။ ရဟန်းတကာတို့၏ အရှင် သောဘိတ အရှင်သည် အကျွန်ုပ်၏ ဆံ၏အဆုံး ဖြစ်သော ကျောက်ကုန်းထက်၌ တည် နေတော်မူပြီ။

၇။ ကျေးဇူးတော်အပေါင်း၏ တည်ရာဖြစ် သော ကုမာရကဿပမည်သော ထေရ်သည် အကျွန်ုပ်၏ နှုတ်ခမ်း၌ တည်နေတော်မူပြီ။

၈။ အရှင်ပုဏ္ဏ၊ အရှင် အင်္ဂုလိမာလ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ၊ အရှင် သီဝလိ ငါးပါးသော ထေရ်တို့သည် ကျွန်ုပ်၏ နဖူးပြင်၌ တည်နေတော် မူပါဘုရား။

၉။ အထက်အရှင်တို့မှ ကြွင်းကုန်သော ကိလေသာကို ထွေးအန်ပြီးကုန်သော၊ မြတ်စွာဘုရား၏ သားတော်ဖြစ်ကုန် သော၊ သီလတန်ခိုးအားဖြင့် ထွန်း တောက်ပကုန်သော မဟာထေရ်

အပေါင်းသည် အကျွန်ုပ်၏ မြတ်သော အင်္ဂါတို့၌ ကောင်းစွာ တည်နေတော်မူကြပါကုန်ဘုရား။

၁၀။ ရတနာသုတ်ပရိတ်တော်သည် အရှေ့မှ၊ မေတ္တသုတ် ပရိတ်တော်သည် လကျ်ာမှ၊ ခန္ဓသုတ် ပရိတ်တော်သည် နောက်မှ၊ အင်္ဂုလိမာလ ပရိတ်တော်သည် လက်ဝဲ၌ တည်နေတော်မူပါဘုရား။

၁၁။ ခန္ဓသုတ်၊ မောရသုတ်၊ အာဋာနာဋိယ သုတ်တော်များသည် ကောင်းကင်၌ ထီးကဲ့သို့၊ ကြွင်းသော ပရိတ်တော်များသည် တံတိုင်းကဲ့သို့ ကောင်းစွာ တည်နေတော်မူပါ။

၁၂။ မြတ်ဘုန်းခေါင်တို့၏ ဆယ်ပါးသော အားတော်နှင့် ယှဉ်သော တရားတည်းဟူသော တံတိုင်းဖြင့် တန်ဆာဆင်အပ်သော မြတ်စွာဘုရား တည်းဟူသော ရွှေရုံ၌ မငြိုငြင်သဖြင့် နေသော အကျွန်ုပ်အား ..

၁၃။ သည်းခြေစသည်တို့၌ ဖြစ်ကုန်သော အတွင်းအပတို့၌ ဖြစ်ကုန်သော ဘေးရန်တို့သည် အဆုံးမရှိသော ကျေးဇူးတော်ရှိသော ရတနာသုံးပါး၏ တန်ခိုးတော်ကြောင့် အကြွင်းအကျန်မရှိ၊ ပျောက်ပျက်ခြင်းတို့ ဖြစ်ပါစေကုန်သတည်း။

၁၄။ မြတ်စွာဘုရားတည်းဟူသော ရွှေရုံ၌ အလယ်၌နေသော အကျွန်ုပ်ကို မြေအပြင်၌ ကြီးမြတ်ကုန်သော၊ စပ်သိမ်းသော၊ ယောက်ျားမြတ်တို့သည် အခါခပ်သိမ်း စောင့်ရှောက်ပါစေကုန်သတည်း။

၁၅။ အကြင်အကြောင် ဆိုအပ်နဲ့ပြီးသောငါသည် ဝင်စစ်အားဖြင့် ကောင်းသော အစောင့်အရှောက်ကို ပြုအပ်ပြီ၊ မြတ်စွာဘုရား၏ အာနုဘော်တော်အားဖြင့် ဘေးရန်အပေါင်းကို သတ်အပ်ပြီ၊ သီလ၊ သမာဓိအစရှိသော ဂုဏ်ကျေးဇူးအပေါင်း၏ တည်ရာဖြစ်သော သံဃာတော်တို့၏ တန်ခိုးအားဖြင့် ကိုယ်စိတ်ချမ်းသာခြင်းသည် ဖြစ်ရပါလို၏ ဟူသတည်း။

နမက္ကာရ

နမက္ကာရ ဟူသည် မြတ်စွာဘုရား၏ ထူးမြတ်သော ဂုဏ်အပေါင်းကို နည်းမျိုးစုံတို့ ဖြင့် ဖွင့်ဆိုကြည်ညို ဦးခိုက်ရှိခိုးခြင်းဖြစ်ပါသည်။

ပါဠိဘာသာ ၃၃–ဂါထာဖြင့် သီကုံးဖွဲ့ဆို၍ အနက်မြန်မာပြန်စကားပြေမှာလည်း ရွတ်ဆို ပူဇော်သူနှင့် နာကြားရသူအပေါင်းတို့၏ စိတ်ဘဝင်နှလုံးကို အေးမြချမ်းသာ ကြည်နူးခြင်းများ ဖြစ်ရပါသည်။ မြတ်စွာဘုရား၏ ဂုဏ်တော်များမှာ ကာလများစွာ ဖြည့်ကျင့်ခဲ့သော ပါရမီတော်များအရ ဤသို့ များပြားစွာ ဖြစ်ရကြောင်း အံ့သြခြင်း ကြည်ညို၍ မဝနိုင်အောင်ပင် ဖြစ်ပေါ်ခံစားကြရပေလိမ့်မည်။

လောကနီတိကျမ်း

လောကနီတိကျမ်း၌ ပါဠိမြန်မာနှစ်ဘာသာဖြင့် အပိုင်းအားဖြင့် ၇–ပိုင်းခွဲခြားထားပြီး သီသင့်

သိထိုက် သိအပ်လှစွာသော အကြောင်းအရာများကို ဖွင့်ပြထုတ်ပြထားသော ကျမ်းတစ်ဆူ ဖြစ်ပါသည်။

၁။ ပဏ္ဍိတ ကဏ္ဍ = ပညာရှိကိုဆိုရာအပိုင်း၊

၂။ သုစန ကဏ္ဍ = သူတော်ကောင်းကို ဆိုရာအပိုင်း၊

၃။ ဗာလဒုဇ္ဇန ကဏ္ဍ = သူယုတ်မာကို ဆိုရာအပိုင်း၊

၄။ မိတ္တ ကဏ္ဍ = အဆွေခင်ပွန်းကို ဆိုရာအပိုင်း၊

၅။ ဣတ္ထိ ကဏ္ဍ = မိန်းမနှင့် ဆိုင်ရာ အပိုင်း၊

၆။ ရာဇ ကဏ္ဍ = မင်းကို ဆိုရာအပိုင်း၊

၇။ ပကိဏ္ဏ ကဏ္ဍ = ရောပြွမ်းသော စကားကို ဆိုရာအပိုင်း၊

အပိုင်းအားဖြင့် ၇–ပိုင်း ဂါထာပေါင်းအားဖြင့် ၁၆၇–ဂါထာဖြင့် အရှင်စက္ကိန္ဒာဘိသိရီ၊ သဒ္ဓမ္မစေမဟာဓမ္မရာဇာဓိရာဇဂုရု အမည်ရှိသော မဟာအောင်မြေဘုံစံ အုတ်ကျောင်း ဆရာတော်သည် သက္ကရာဇ် ၁၁၆၉–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်၌ သုတ်သင် စီရင်တော်မူခဲ့ကြောင်း ကျမ်းပြီး နိဂုံး၌ ပါရှိသည်။*

ပရိတ်ကြီး (၁၁) သုတ်

ပရိတ်ကြီး ၁၁– သုတ်မှာ မြန်မာနိုင်ငံသားဗုဒ္ဓဘာသာ မှန်သမျှ ကြားနာမှတ်သား သိရှိသူများလှပါသည်။ သို့ဖြစ်၍ အထူးဖော်ပြခြင်း မပြုတော့ပြီ။ တောရ ဆရာတော်တို့ခေတ်၊ တောရွာကျောင်းများ၌ မသင်မနေမရ အရသောင်ရသော ပရိတ်တော်များဖြစ်သည်။

ယခုအခါ၌ တောရပ်ကျေးလက်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ပင် ကလေးငယ်များကို မသင်သလောက် ရှိနေလေပြီ။ ပရိယတ္တိစာသင်တိုက်ကြီးငယ်များသို့ ရောက်သော ရှင်ငယ်များဖြစ်ပါမှ သင်ခွင့်ရကြတော့သည်။

မျက်မှောက်ခေတ် မြို့ပြများ၌ စေ့စေ့ကြောဝတ်အသင်းများ ရပ်ကွက်တိုင်းလိုလို ရှိသည်။ ကျေးလက်များ၌မူ ဝတ်အသင်းရှိသည့် ရွာကနည်း၍ မရှိသည့် ရွာကများမည် ထင်ပါသည်။ ကျေးရွာတိုင်း ဝတ်အသင်းရှိသင့်ပါသည်။

ပရိတ်ကြီး ၁၁–သုတ် သင်ပြီးသောအခါ ၁၀–ဆောင်တွဲ၊ နောက်ပိုင်း၌ –

၁။ ရှင်မဟာသီလဝံသ ဆုံးမစာ၊

(ရတနာသုံးပါး ဆရာမိဘတို့အား ပြုရမည့်ဝတ်များ)

၂။ ရှင်မဟာရဋ္ဌသာရ ဆုံးမစာ၊

(လူမှန်လူကောင်း ဖြစ်လာရေး ဆုံးမစာများ)

၃။ သားရွှေဆုံးမစာ၊

(စာတော်ပြင် ဦးပညာ'သုတစိန္တာ' ခေါ် သားရွှေ ဆုံးမစာ)

၄။ သားရွှေတောင် ဆုံးမစာ၊

(လိုက်နာရမည့် အချက်များ)

၅။ စကားဆယ်မျိုးလင်္ကာ၊

(စကားပြောနည်း ၁၀–နည်း)

၆။ ဘိုးသူတော် ဦးန စကားပုံ၊

(ဆောင်ရန်၊ ရှောင်ရန်များ)

၇။ သိင်္ဂါလောဝါဒ ဆုံးမစာ၊

(သားသမီးကျင့်ဝတ်၊ မိဘဝတ်၊ တပည့်ဝတ်၊ ဆရာကျင့်ဝတ်၊ လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေကျင့်

---

* မဟာအောင်မြေဘုံစံ ဆရာတော်၏ လောကနီတိ၊ ရွှေဟသာ ဆယ်ဆောင်တွဲကျမ်း (စာ – ၇၅ မှ ၁၄၀)

ဝတ်၊ ဒါယကာကျင့်ဝတ် ၅–ပါးစီနှင့် ရဟန်း ကျင့်ဝတ် ၆–ပါး ဆုံးမစာ လင်္ကာများ)

၈။ ဆရာတော် ဦးဖုဇ်၏ ဂိဟိဝိနယ ဆုံးမစာ

(၁) ဥစ္စာပျက်ကြောင်း ၆–ပါး၊

(၂) သေအရက်သောက်ခြင်းအပြစ် ၆ –ပါး၊

(၃) အစမဲ့သွားခြင်းအပြစ် ၆–ပါး၊

(၄) သဘင်ပွဲလမ်းအပြစ် ၆–ပါး၊

(၅) လောင်းကစားအပြစ် ၆–ပါး၊

(၆) မိတ်ဆွေပျက်ခြင်းအပြစ် ၆–ပါး၊

(၇) ပျင်းရိခြင်း အပြစ် ၆–ပါး၊

(၈) အကြီးအကဲ ကျင့်ဝတ် ၆–ပါး၊

(၉) မိတ်ဆွေတု ၁၆–ယောက်၊

(၁၀) နှုတ်ဖြင့် ဟန်ဆောင်သော မိတ်ဆွေတု ၄–ယောက်၊

(၁၁) ချစ်ဖွယ်ကိုဆိုသော မိတ်ဆွေတု ၄–ယောက်၊

(၁၂) မကောင်းမှု၌ အဖော်ပြုသော မိတ်ဆွေတု ၄–ယောက်၊

(၁၃) မိတ်ဆွေစစ် ၁၆–ယောက်၊

(၁၄) ဆင်းရဲချမ်းသာ မပစ်ခွာသော မိတ်ဆွေစစ် ၄–ယောက်၊

(၁၅) အကျိုးရှိရာ ပြောကြားသော မိတ်ဆွေစစ် ၄–ယောက်၊

(၁၆) အစဉ်သနားတတ်သော မိတ်ဆွေစစ် ၄–ပါး၊

(၁၇) အလေးအမြတ်ပြုအပ်သော အရပ် ၆–မျက်နှာ၊

(၁၈) အလောင်းအလျာတို့ အလိုတော် ၆–ပါး၊

(၁၉) မပြတ်ဆင်ခြင်ရသော တရား ၅–ပါး၊-

(၂၀) အကျိုးဆောင်သောတရား ၅–ပါး၊

(၂၁) လူမှုရေးသံပေါက် ၄၇–ပိုဒ်၊ (ညောင်ပင်သာ ဦးပုညရေး သုတရတနာကျမ်းမှ)

(၂၂) ကြောက်ကြီး ၉– လုံး ဆုံးမစာ၊ (တွင်းသင်းမင်းကြီး)

(၂၃) တောင်ဖီလာဆရာတော် ဆုံးမစာ၊

(က) ဖျက်စု –၂၀

(ခ) ခက်စု –၂၄

(ဂ) ခဲစု –၁၀

(ဃ) မမြဲစု –၆

(၂၄) မြန်မာသံပေါက် သတ်ပုံလင်္ကာ များစွာ၊

(၂၅) စကားဖို၊ စကားမများ၊

(၂၆) စကားစုံတွဲများ (စကားအရာ အဖြာဖြာ)၊

(၂၇) စာဆိုတော်ဦးမင်း၏ ၁၂–ရာသီ ဘွဲ့များ၊

(၂၈) မုံရွာလယ်တီ ဆရာတော်ဘုရား ကြီး၏ ဗုဒ္ဓဝင်ဘုရားရှိခိုး၊

(၂၉) မြတ်စွာဘုရား ဝါဆိုစဉ် ဘုရား ရှိခိုး၊

(၃၀) အနေကစာတင် ပါဠိဂါထာ မြန်မာပြန်၊

(၃၁) မြန်မာ့ရိုးရာ စကားပုံများ၊

စသည်တို့ ဖြစ်လေသည်။

ထို့နောက် စာတ်ကြီး ၁၀– ဖွဲ့ကိုသင်ကြားရသည်။ ဘုရားအလောင်းတော်ဘဝ၊ ဘုရားဖြစ်ရန် အနီးကပ်ဆုံးသော ဘဝစာတ် ၁၀–စာတ်အကြောင်း ဖြစ်သည်။

အထက်ဆိုခဲ့သော အကြောင်းအရာများ ခေါင်းစီးလောက်သာ ဤစာစုတွင် ပြနိုင်ခဲ့ပါသည်။ ဤစာစု၌ အသေးစိတ် ပြဆိုနေပါက ရှည်လျားနေ၍ လိုရင်းမရောက် ရှိပေလိမ့်မည်။

သိလိုခြင်းကို အလိုရှိတော်မူပါလျှင် ၁၀–စောင်တွဲ ကျမ်းစာရှာ၍ ရှုတော်မူကြပါကုန်ဟုသာ တိုက်တွန်းအပ်ပါသည်။*

စာတ်ကြီး ၁၀–ဖွဲ့ကိုလည်း ထိုနည်းအတူပင် ညွှန်းဆိုလိုက်ပါသည်။

ဖြလိုရင်းထား

ဤသို့သော စာပေများကို ထိုခေတ်ထိုအခါက တောရဆရာတော်လောင်းလျာမှာ ကျောင်းသားဘဝကပင် လေ့လာပြီး ဖတ်ရှုပြီး ဖြစ်နေသည်ကို တင်ပြလိုရင်း၊ သိစေလိုရင်းသာ ဖြစ်ပါသည်။

* ရွှေဟင်္သာဆယ်စောင်တွဲ – ရွှေဟင်္သာတိုက်

ဝပ္ပဗ္ဗဇင်လာ ရှင်အဖြစ်သို့ ရောက်ခြင်း

၁၂၉၇–ခုနှစ် ကဆုန်လပြည့်ကျော် ၃–ရက် (၁၉.၅.၁၉၃၅) တနင်္ဂနွေနေ့ (၁၃–နှစ် ၇–လသားအရွယ်) တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သရက်ကန်ကျောင်းဆရာတော်ကို (အပြစ်ကြီး အပြစ်ငယ်တို့ကို ဆုံးမတတ် သောဆရာ) ဥပ္ပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူ၏။ ဘွဲ့အမည် ရှင်တိဿရ ဖြစ်ပါသည်။

သာမဏေနှင့် သေခိယအကျင့်

သေခိယဆိုသည်မှာ ရဟန်းသာမဏေတို့ လိုက်နာစောင့်ထိန်းရန် ပညတ်ထားသော အကျင့် များကို သေခိယဟု ခေါ်သည်။ ရှင်သာမဏေသည် ၁၀–ပါးသီလကို စောင့်ထိန်း၍ လိင် ၁၀–ပါး၊ ဒဏ် ၁၀– ပါး နှင့် သေခိယ ၇၅– ပါး ခန္ဓကဝတ် ၁၄–ပါးတို့ကို လိုက်နာ ကျင့်သုံးရသည်။

သေခိယအကျင့်များမှာ

၁။ သက်နိုးဝတ်ရုံ နေထိုင်မှုနှင့် ပတ်သက်သော အကျင့် ၂၆–ပါး၊

၂။ ဆွမ်းစားခြင်း ဝိဇ္ဇာပါတနှင့် ပတ်သက်သော အကျင့် ၃၀–ပါး၊

၃။ တရားဟောခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့်အကျင့် ၁၆–ပါး၊

၄။ ကျင်ကြီးကျင်ငယ်စွန့်ရာ၌ လိုက်နာရမည့်အကျင့် ၃–ပါး၊

အားလုံးပေါင်း ၇၅–ပါး ဖြစ်သည်။

သရက်ကန်ဆရာတော်မှာ ဝိနည်းလေးစားသည့် ဆရာတော်ဖြစ်သည့်အလျောက် တပည့်ဖြစ်သူ ရှင်သာမဏေ ရှင်တိဿရများလည်း ရှေးရှေးဘဝများစွာက မြည်ကျင့် ဆည်းပူးခဲ့သော ပါရမီအလျောက် သေခိယသိက္ခာပုဒ်များနှင့်အညီ နေထိုင်ခဲ့၏။*

ရှင်သာမဏေဘဝ၌ ကစ္စည်း သဒ္ဒါကြီးနှင့် အဘိဓမ္မတ္ထသင်္ဂဟကို သင်ယူခဲ့၏။ ကျေးဇူးတော်ရှင်၊ ဆရာတော်မှာ မျက်စိရောဂါရှိသဖြင့် ဝတ်ကြီးဝတ်ငယ်ပြုစုရင်း၊ စောင့်ရှောက်ရင်း ညီမောင်ထွန်းစိန် သော ကျောင်းသား သာမဏေငယ်များကို တဖက်မှ သင်ပုန်းကြီး မင်္ဂလာသုတ်၊ စဝ်မေသုတ်စသည်များကို သင်ပေးရပြန်သည်။

သရက်ကန်ဆရာတော်က
ရှင်တိဿရနှင့် တွဲ၍ နှိုသန္တက ပြုလုပ်

သာမဏေ ရှင်တိဿရ၏ သီလဝန္တ သိက္ခာကာမ ဖြစ်ပုံကို တွေ့မြင်ရသော သရက်ကန်ဆရာတော်သည် မိမိပိုင် သရက်ကန်ကျောင်း အာရာမ်မြေနှင့်တကွ ဂရုဘဏ်၊ လဟုဘဏ်ပစ္စည်း အားလုံးကို သာမဏေဘဝသာ ရှိသေးသော ရှင်တိဿရနှင့်တွဲ၍ နှစ်ပါးဆိုင် နိဿန္တက ပြုလုပ်ခဲ့၏။

ရှင်သာမဏေဖြစ်ပြီး ရဟန်းဘဝသို့ ရောက်မည်ဟု ယုံကြည်သော သရက်ကန်ဆရာ တော်သည် မိမိလည်း အရွယ်တော်ကြီးလာပြီ 'အပ္ပမာဒ– မမေ့မလျော့သော သတိတရား' ဖြင့် စိတ်ချစွာ လွှဲအပ်ပြီးသားဖြစ်နေသော ဆောင်ရွက်မှုကို ကြည့်မြင်ခြင်းဖြင့် ဆရာတပည့် နှစ်ဦးသား၏ ပုံရိပ်ကိုပြန်လည် မြင်ယောင်ကြည်ညိုနိုင်ကြလိမ့်မည် ထင်ပါသည်။

သာမဏေဘဝ သက်တော် ၁၇–နှစ်သား အရွယ်အချိန်၌ ဗြိတိသျှအစိုးရကို တော်လှန်သည့် ၁၃၀၀–ပြည့် အရေးတော်ပုံ ရေနံမြေသပိတ်များ ပေါ်ပေါက်လာချိန် ဖြစ်လေသည်။

---

* သာမဏေရ ဝိနယ ဓေါ် ရှင်ကျင့်ဝတ်၊ ဟံသာဝတီ ပိဋကတ်တိုက် (၁၉၇၂)

ဥပသမ္ပဒ မင်္ဂလာ
ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၃၀၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂–ရက်၊ (၂၃.၃.၁၉၄၁) တနင်္ဂနွေနေ့၊ နံနက် စက်နာရီ ၇–နာရီ ၅၅–မိနစ်၊ (၁၉–နှစ်၊ ၅–လ၊ ၆–ရက်အရွယ်) ခမည်းတော်၊ မည်တော်များ၏ ပစ္စယာနုဂ္ဂဟကိုပင် ခံယူကာ ကြာပင်အင်းကျောင်း ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ (သက်တော်ရှည်) ကို ဥပဇ္ဈာယ်ပြုလျက် သရက်ကန်ကျောင်းသိမ်၌ ဥပသမ္ပဒ အမြင့်တန်း အစစ် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

(ရဟန်းဖြစ်ရမည့် နေ့ရက်၊ အချိန်၊ နေရာ ဥပဇ္ဈာယ်ဆရာ ရွေးချယ်ပေးသူမှာ ကံကြီးကျောင်း ဆရာတော် ဦးဝိမလ (ခေါ်) နက္ခတ္တဗေဒဝိဇ္ဇာ ဆရာကြီး ဦးရှင်ဖြစ်ပါသည်)။

အခြေခံပိဋကနှင့် ဗေဒ နက္ခတ္တပညာများ သင်ယူခဲ့ခြင်း

ရဟန်းဖြစ်စ အရှင်တိဿရသည် ကျေးဇူးတော်ရှင် သရက်ကန်ဆရာတော်ကို ပြုစု လုပ်ကျွေးရင်း၊ ပြတိုက်၊ ကံကြီးကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ (ဦးရှင်) ထံတွင်လည်းကောင်း၊ သက္ကယ်ကျင်း တောရဆရာတော် ဘဒ္ဒန္တသီဟထံတွင်လည်းကောင်း၊ ဘိက္ခုပါတိမောက် ကစ္စည်းသဒ္ဒါကြီး၊ အဘိဓမ္မတ္ထသင်္ဂဟ စသော နေ့ဝါဘက်ဆိုင်ရာကျမ်းများ၊ မာတိကာ အရကောက် စသော ညဝါသက်ဆိုင်ရာကျမ်းများ နှစ်ခေါက်စီ ပေါက်အောင် ၂-နှစ်ကြာ သင်ယူဆည်းပူးခဲ့ပြီး၊ ပြတိုက် ကံကြီးကျောင်းဆရာတော်ထံတွင် ဗေဒင်ပညာ၊ နက္ခတ်ပညာများကို ဆည်းပူးတတ်မြောက်ခဲ့သည်။

သရက်ကန် ပထမဆရာတော် ဘဒ္ဒန္တ ဥက္ကံသ ပျံလွန်တော်မူ

သရက်ကန်ပထမကျောင်းတည် ဆရာတော်သည် ဝါတော် ၇-ဝါထိ မန္တလေး စသည့် မြို့ကြီးများ၌ ပိဋကပညာများ သင်ယူခဲ့ပြီး ရမည်းသင်းခရိုင်မြို့ကြီး၏ တောင်ဘက် ၁၂-မိုင် ကျော်မျှရှိသော ကံကြီးရွာကျောင်းသို့ ကြွရောက်တော်မူ၏။

ထို ကံကြီးရွာကျောင်း၌ ရဟန်း ၈-ဝါမှ ဝါတော် ၃၀-ထိအောင် သီတင်းသုံးနေထိုင်ကာ မထေရ်ကြီးအရွယ်သို့ ရောက်တော်မူခဲ့၏။

ထိုမှတစ်ဆင့် ကံကြီးရွာ၏ အနောက်မြောက်ယွန်းအရပ်၌ သရက်ပင်ရှိသော တစ်ဖက်ဆည်ရေကန်၏ အနီး၌ ရွာတည်ထားခြင်းကြောင့် ပါဠိဘာသာအားဖြင့် အမ္ဗတဠာက မြန်မာဘာသာအားဖြင့် သရက်ကန်ဟု အမည်ရသော ရွာရှိ၏။ ထိုသရက်ကန် ရွာကျောင်း၌ သိက္ခာဝါတော် ၃၁-ဝါ မှ ၅၂-ဝါ တိုင်အောင် ၂၂-နှစ် သီတင်းသုံးနေထိုင်တော်မူလျက် သာသနာအရောင် ထွန်းပြောင်တောက်ပအောင် ပြုတော်မူခဲ့သည်။

သာသနာတော်နှစ် ၂၄၈၆၊ ကောဇာသက္ကရာဇ် ၁၃၀၄-ခုနှစ်၊ ဝါခေါင်လဆန်း ၂ရက်၊ (၁၃.၈.၁၉၄၂) ကြာသာပတေးနေ့၌ သရက်ကန်ကျောင်းတည် ဆရာတော် ဦးဥက္ကံသ ပျံလွန်တော်မူသည်။

သက်တော်အားဖြင့် ၇၂-နှစ် ဝါတော်အားဖြင့် ၅၂-ဝါ အရောက် လူ့ပြည်မှာ ငြီးငွေ့ပင်ပမ်းသဖြင့် သုဂတိနတ်နန်းသို့ ကြွမြန်းတော်မူလေပြီဟု တောရဆရာတော်က ရေးသားမှတ်တမ်းတင်ခဲ့သည်။*

သဂြိုဟ်ခြင်းကိစ္စအဝဝကို ရဟန်းတော် အရှင်တိဿရ ကိုယ်တိုင်ပင် ဦးစီးဆောင်ရွက်တော်မူခဲ့သည်။

သရက်ကန်ကျောင်းထိုင် (၁)ဝါ

တောရဆရာတော်လောင်းလျာသည် ၁၃၀၃-ခုနှစ် ရဟန်း ၁-ဝါ သရက်ကန် ဆရာတော်နှင့်အတူ သီတင်းသုံးခဲ့သည်။ ၁၃၀၄-ခု၊ ဒုတိယမြောက် ရဟန်းဝါ ၂-ဝါမြောက်တွင် သရက်ကန်ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးခဲ့ရသည်။

* တောရဆရာတော်၏ သရက်ကန်ဆရာတော် ထေရုပ္ပတ္တိအကျဉ်း

ပညာ၌ ရောင့်ရဲလွယ်ခြင်းမရှိ

ဖြစ်ပေါ်လာသော အခြေအနေအရ ထိုစဉ်က ပညာရေး၌ ရောင့်ရဲလွယ်ခြင်းမရှိ၍ ကျောင်းထိုင်ဆရာတော်အဖြစ် ဆက်လက်မနေခြင်းဖြစ်သည်။ ထိုကာလကပင် ဆက်လက် နေထိုင်မည်ဆိုလျှင် ကျောင်းတိုင်ဘုန်းကြီးဖြစ်၍ နေပေလိမ့်မည်။ ဂရုဘဏ် လဟုဘဏ် အားလုံးကို ကံကြီးကျောင်းဆရာတော် ဦးဝိမလ (ဦးရှင်) သို့ ပြောင်းလဲလှူဒါန်း ထွက်ခွာတော်မူခဲ့လေသည်။

နီးဖြူကုန်း ဂန္ဓဝုရ တိုက်ကျောင်းသို့

၁၃၀၅–ခုနှစ်၊ ဝါဆိုဦးမှစ၍ ကံကြီးကျောင်းဆရာတော် ဦးဝိမလ (ဦးရှင်) ကိုယ်တိုင် လိုက်ပါအပ်နှံပေးသည့်အတွက် ဓာတိရွာနှင့် ၆–မိုင်ခန့်ဝေးသော နီးဖြူကုန်းရွာ ဂန္ဓဝုရတိုက် ကျောင်းသစ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တဥက္ကံသ (ဝိနယဂရုက) အထံသို့ ရောက်ခဲ့လေသည်။

ထိုဆရာတော်ထံ၌ 'ကင်္ခါဝိတရဏီအဋ္ဌကထာ'၊ 'အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ'၊ 'ဝိနည်းငါးကျမ်းပါဠိတော်နှင့် အဋ္ဌကထာ'၊ 'အဘိဓမ္မာ(၇)ကျမ်းနှင့် အဋ္ဌကထာ'၊ 'အဘိဓာန်'၊ 'အလင်္ကာ'၊ ဆန်းစသော နေ့ဝါဘက် ကျမ်းများကိုလည်းကောင်း၊ နစ် ခေါက်စီပေါက်အောင် ငါးနှစ်တိုင်တိုင် သင်ယူဆည်းပူးတော်မူခဲ့သည်။

စာမေးပွဲများ ဖြေဆိုခြင်း မပြုခဲ့

ထို ငါးနှစ်တိုင် သင်ယူနေဆဲကာလ၌ အစိုးရ ပထမပြန် စာမေးပွဲများ ဝင်ရောက်ဖြေဆိုခြင်း မပြုဘဲ စာတတ်မြောက်ရေးသည်သာ အဓိကအပတ်တကုတ် ကြိုးစား၍ လေ့လာသင်ယူဆည်းပူးတော်မူခဲ့သည်။ (စာမေးပွဲများ ထိုစဉ်ကပင် ဖြေဆိုခဲ့ပါက အောင်သင့်သလောက် အောင်ခဲ့ပေလိမ့်မည်။)

ဓာတိချက်ကြွေ မွေးရပ်မြေ

နီးဖြူကုန်း၊ ဂန္ဓဝုရတိုက် ကျောင်းသစ်ရိပ်သာ၌ ငါးနှစ်ပညာသင်ကြားနေစဉ် နောက်ဆုံးနှစ် ၁၃၀၉–ခုနှစ်၊ ဝါဆိုဦးတွင် ဓာတိချက်ကြွေ မွေးရပ်မြေ နဘူးကျင်းရွာကျောင်း၌ ကျောင်းတိုင်ဘုန်းကြီးကင်းမဲ့နေ၍ နဘူးကျင်းရွာ ဒါယကာ ဒါယိကာမများက ပင့်လျှောက်လာသဖြင့် နတ်မောက်လဲဘူး တောရဆရာတော် လောင်းလျာ ဘဒ္ဒန္တနယနထေရ်ကို ပဋ္ဌာသမထပြုလျက် ရွာဦးကျောင်း၌ ကျောင်းစောင့်ဘုန်းကြီးအဖြစ် တစ်ဝါ (သုံးလတာကာလ) မျှ နေခဲ့ ရသည်။

ဝါတွင်းကာလ မိဘဆွေမျိုးများ သီတင်းနေ့များ ဥပုသ်သီလ ဆောက်တည်နိုင်ကြစေရန် ငဲ့ကွက်သောအားဖြင့် မှတ်မှတ်ရရ ကျောင်းတိုင်ဘုန်းကြီးဘဝ ဝါတွင်း သုံးလတစ်ဝါ ဟု ဆိုရပါလိမ့်မည်။

ကျောင်းထိုင်မဖြစ်လို

ရဟန်းဝါ ၇–ဝါရှိလေပြီ။ ဓာတိရွာတွင် ကျောင်းထိုင်ဘုန်းကြီးမရှိ၊ ထိုစဉ်ကပင် ကျောင်းထိုင်လိုက ဓာတိရွာမှာ ကျောင်းထိုင်နိုင်ပါသည်။ သရက်ကန်မှာလည်း ကျောင်းထိုင်လိုက ထိုင်နိုင်ပါလျက် ထွက်ခွာတော်မူသကဲ့သို့ သီတင်းကျွတ်သည်နှင့် နီးဖြူကုန်းသို့ ပြန်ကြွပြီး စာပေကျမ်းဂန်များ ဆက်လက် ဆည်းပူးတော်မူခဲ့လေသည်။

၁၃၀၄–ခုနှစ် စာရေးသူ လူပြည် ရောက်လာ

တောရဆရာတော်လောင်းလျာသည် သရက်ကန်ရွာကျောင်း၌ ကျောင်းထိုင်ဘုန်းကြီး တာဝန် ၁–နှစ်၊ တာဝန်ယူရချိန် မိမိ စာရေးသူ ၁၃၀၄–ခုနှစ်၊ ဂျပန်ခေတ်တွင် လူပြည်ရောက်လာသည်။

ကံကြီးရွာဇာတိ ဖခင်ဦးကြည်နှင့် သရက်ကန်ရွာဇာတိ မိခင်ဒေါ်စောမြတို့မှ မွေးဖွားခဲ့သော (၁) ဦးသိမ်းအောင်၊ (၂) ဒေါ်အုန်းကြင်၊ (၃) စာရေးသူ ဦးသောင်းခင် (ခေါ်) ဦးသိမ်းဆောင်နှင့် (၄) ဦးကျော်ညွန့် တို့ (၄)ဦး ဖြစ်သည်။ ဒုတိယမိခင် ဒေါ်စောကြည်မှ ညီမ (၅) မသန်းမြင့်ကို မွေးသည်။

ထိုစဉ်က ကာလ

မိမိတို့ မိသားစုများမှာ ဖခင်ဘက် ကံကြီးရွာတွင် တစ်လှည့်၊ မိခင်ဘက် သရက်ကန်ရွာတွင် တလှည့် ငယ်စဉ်ဘဝ နေခဲ့ကြသည်။ ကံကြီးရွာရှိ အဖွား ဒေါ်စိန်ပွင့်အိမ်အနီး သီးခြားအိမ်ကြီးမှာနေစဉ် ညတစ်ညတွင် ရွာထဲသို့ သူပုန်များ ဝင်လာကြသည်။ အိမ်များစွာမှ ပစ္စည်းများ ဓားပြတိုက် လုယူကြသည်။ မိမိတို့ အိမ်က လှည်းနှင့်, အောင်မောင်းကြီးနှင့် နွားပြာကြီးဆိုသော နွားတစ်ရှဉ်းပါယူ၍ ဓားပြတိုက် လုယက်ထားသမျှ ပစ္စည်းများတင်ဆောင်၍ ထွက်ခွာသွားကြသည်။ ကံကြီးရွာအထွက် အောင်မောင်းကြီးနှင့် နွားပြာကြီးတို့က တွန်သံပေး၍ နှုတ်ဆက်သွားကြသည်ကို မရိုးတင်ကဲ လူမမယ်ဘဝ ခံစားရသည်။ ယနေ့တိုင် မမေ့။

'မသမာသူများ ဓားထက်သည့် ကာလ၌ မခံချင်သူများက တစ်ဖန်သူပုန်ဖြစ်၍ နိုင်သူ၏ ဓားသွားအောက်မှာ အသက်ပျောက်ကြသူတွေလည်း ရှိခဲ့သည်' တကယ့် ကာလဆိုးကြီးပါတည်း။

ရွာများကို စွန့်၍

နဘူးကျောင်း နိုင်ငံနယ်အတွင်းရှိ ရွာသူရွာသား များအားလုံး ရွာများကို စွန့်ခွာထွက်ပြေး၍ အနောက်တောင်ရိုး တောကြားတောင်ကြားများသို့ ပြေးပြွမ်းပုန်းအောင်းကြရသည်။ ရွာသားများအားလုံး 'တောကလာတော့ တောကိုကြောက်၊ မြို့ကလာတော့ မြို့ကို ကြောက်' နီးရာ ဓားကြောက်နေရသော' ကာလပါတည်း။ ရွာများကို မီးရှို့ကြသည်။

လေရူးနှင့်အတူ

ဖခင်ကြီးဦးကြည်က ရွာမှာ မနေရဲသဖြင့် ရမည်းသင်းမြို့ပေါ်သို့ သူတစ်ဦးတည်းတက်၍ ရွှေဓားဘက်မှထွက်သော ကြေးကုန် သံကုန် ကွမ်းညှပ်၊ ကပ်ကြေးမှအစ ဓားအမျိုးမျိုး လယ်ယာသုံး ထွန်ယက်ကိရိယာဆိုင်ကလေး ဖွင့်၍ရောင်းသည်။ မိခင်ကြီးနှင့် သားသမီးများအားလုံးကို လာခေါ်သွား၍ လိုက်ကြသည်။ မိခင်ကြီးခမျာ ကိုယ်ဝန်အရင့်အမာနှင့် ပြေးရလွှားရကာလတွင် ရမည်းသင်းမြို့ တောင်ဘက်မြို့အဝင် ချောင်းပြည်သာရပ်မှာ ထင်းများဖြင့် တဲဆောက်၍ အမိုးအကာ ဗလာနတ္ထိ၊ ပြုစုပေးမည့် လက်သည်မရှိ၊ ကြယ်ရောင်က မလင်း၊ လမင်းက မသာသည့် မဟူရာည အမှောင်၏ မိုးအလင်းတွင် လေရူးနှင့်အတူ မိခင်ကြီးနှင့် သားငယ်တို့ ၂–ဦးစလုံး အသက်ပျောက် သွားခဲ့ကြလေသည်။

မိခင်ကြီး၏ အလောင်းကို သေတ္တာခေါင်းမှာ ထည့်၍ ဦးလေးဖြစ်သူ ဦးပေါလိုင် (ယခု အင်းကောက်တောမှာနေသူ) က လှည်းနှင့် လာတင်

ပြီး သရက်ကန်ရွာ သချိုင်းမှာ မြှုပ်လိုက်သည်ဟု သိရသည်။

မိခင်ကြီးမျက်နှာ

ထိုစဉ်ကစ၍ ပျောက်ကွယ်သွားသော အမေ့မျက်နှာကို ကျွန်တော်တို့ ယနေ့တိုင် တွေ့ရ လိမ့်နိုး ရှာနေမိကြ၏။ အသက်ရှင်နေသေးသမျှ ရှာနေရပါလိမ့်ဦးမည်ဟုသာ, မြို့တွင် သိပ်မကြာ၊ မိခင်ကြီး မရှိတော့၍, ထိမ်းသိမ်းပြုစုမည့်သူမရှိ တော့၍ သရက်ကန်ရွာသို့ ပြန်လာကြသည်။ ကံကြီး ရွာမှ အဖွား ဒေါ်စိန်ပွင့်၊ မိခင်ကြီးနေရာဝင်၍ ချက်ပြုတ် ကျွေးမွေးသည်၊ ရွာများအားလုံး အေးချမ်း သည်မရှိသေး။ မိမိတို့မိသားစု တောတောင်များကြား ပြေးရင်း၊ လွှားရင်းနှင့် ပင်းစုမြောက်ရွာ ဦးရွှေဖုံး +ဒေါ်ပြားတို့၏ ခေါင်းရင်းမှာ လေးတိုင်စင်ဆောက်၍ ပုန်းရှောင်ရင်း နေထိုင်ခဲ့ကြရသည်။ ထိုပင်းစုမြောက်ရွာ မှာ အာသောကကျောက်စာ ဘာသာပြန်သော ကမ္ဘာကျော် အရှင်အာဒိစ္စဝံသ (၁၂၄၄–၁၃၁၃)၏ မွေးရပ် ဇာတိမြေပါတည်း။

ဦးအောင်သိန်း (ခေါ်) ရှင်ဣသရ

၁၃၀၉–ခုနှစ် လူအများ ရွာများသို့ ပြန်လည် ရောက်ရှိလာကြသည်။ မိမိအသက် ၅–နှစ်ခန့် သရက်ကန်ကျောင်းသို့ ပညာသင်ရန် အပ်နှံသည်။ ကျောင်းထိုင်ဆရာတော်မှာ ဦးဇဋိလ (လဲဘူးဇာတိ) ဖြစ်သည်။ တောရဆရာတော်လောင်းလျာ ဇီးဖြူ ကုန်းကျောင်းရောက်နေသော ကာလဖြစ်သည်။ တောရဆရာတော် လောင်းလျာ၏ ညီအငယ်ဆုံး ဦးအောင်သိန်း (ယခုအခါ အရှင်ဣသရ အိုးဘိုဂူ တောရ) နှင့် ၎င်းတို့၏ ဆွေမျိုးဖြစ်သော ဦးရင်ကြီး (မျက်စိအလင်းမမြင် ကွယ်နေသူ ကိုရင်ကြီး) တို့ သရက်ကန်ကျောင်းမှာ နေကြသည်။

ကိုရင်နှင့် ကျောင်းသားကြီးများ

မိမိကျောင်းနေချိန်၌ ကိုရင်ကြီး၊ ကျောင်း သားကြီးများတွင် မှတ်မိသမျှမှာ နောင်သောအခါ ဘုန်းကြီး ဦးဉာဏိန္ဒ၊ ဦးဘိုးရှိန်၊ ဦးသာလျှင်၊ ဦးကျော်မောင်၊ ဦးသိန်း၊ ဦးမာဒင်၊ ဦးမာရင်၊ ဦးချစ်သောင်၊ ဦးချစ်ထွေး၊ ဦးကြည်စိုး၊ အစ်ကို သိမ်းအောင်၊ ဦးအောင်သိန်း(ခ)ဦးဣသရ တို့ ဖြစ် ပြီး မိမိထက်ကြီးသည်၊ မိမိနှင့် စာအတူသင်ရသူ များမှာ ဦးကုလား၊ ဦးသောင်းကြင်၊ ဦးလှမြင့်ဆွေ (ခေါ်) ဦးလှအောင်တို့ ဖြစ်ကြသည်။ ဓရပ်ပေါ်မှာ သင်ပုန်းကြီးဖြင့် သင်ကြရသည်။ ဘုန်းကြီး ဦးဇဋိလ မှာ ကျောင်းသားများ အရိုက်ကြမ်းသဖြင့် ဖခင် ဦးကြည်က မိမိတို့ ညီအစ်ကို ဦးသိမ်းအောင်နှင့်အတူ ကံကြီးကျောင်းဆရာတော် ဦးဇဝနထံ ပြောင်းရွှေ့ထား လိုက်သည်။

ကာလဝိပ္ပတ္တိကြောင့် ဘုန်းကြီးနှစ်ပါး လူ့ဘဝ သို့ ပြောင်းကြရ

ရွာများတွင် လူများမနေနိုင် ကာလဝိပ္ပတ္တိ= ကာလမကောင်း ခေတ်ပျက်သောအချိန်၊ ရွာရှိ ဘုန်းကြီးကျောင်းများတွင် ဆွမ်းချက်ရေးအတွက် နေခဲ့ကြသူအချို့ အမျိုးသမီးတို့ အဝင်အထွက်များ ခြင်းကြောင့် ၁၃၁၁–ခုနှစ်၊ ကဆုန်လဆန်း ၁၅– ရက်နေ့၌ ကံကြီးကျောင်းဆရာတော် ဦးဝိမလ လူဝတ် လဲသည်။ သရက်ကန်ဆရာတော် ဦးဇဋိလသည် လည်း ထိုနည်းအတူပင် လူဝတ်လဲ၍ မြင့်မြတ်လှ စွာသော ရဟန်းဘဝမှ ထွက်ခွာခဲ့ကြရသည်။

(ဤသည်တို့မှာ နဘူးကျင်းကျေးရွာအုပ်စု ၏ ကာလဒေသ အခြေအနေများကို တင်ပြခြင်းပါ တည်း။)

သံဝေဂဖြစ်ဖွယ်

တောရဆရာတော်အနေဖြင့် ထိုသတင်းများမှာ သံဝေဂဖြစ်ဖွယ်ချည်း ဖြစ်နေပါလိမ့်မည်၊ ဆရာတော် ဦးဝိမလမှာ ငယ်ဆရာဖြစ်ပြီး အနေအထိုင်ကောင်းသော ရဟန်းတော်ဖြစ်ပါသော်လည်း ကာလပျက်ခြင်း၏ အကြောင်းကြောင့် ရောနှောခြင်း = သံသဂ္ဂတွင် မရောနှောသင့်သူတို့နှင့် ရောနှောမိခြင်းကြောင့် ရဟန်းဘဝမှ ထွက်ခွာခဲ့ကြရသည်ကို ကြီးစွာသောသတိဖြင့် နှလုံးမူ၍ ဆင်ခြင်တော်မူမိပေလိမ့်မည်။

ဤကား မိမိအနေဖြင့် တောရဆရာတော်၏ ညီ ဦးအောင်သိန်း အရှင်ဣသသရနှင့် တွေ့ခဲ့ပုံ၊ ဘဝစတင်ပုံနှင့် ကာလဆိုးကြီး ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့ရပုံများတင်ပြခြင်းဖြစ်ပါသည်။

သံသဂ္ဂ = နီးနှောခြင်း၊ ပေါင်းဖော်နီးနှောခြင်း၊ ရောနှောပေါင်းဖက်ခြင်း၊ ပေါင်းသင်းဆက်ဆံခြင်း (အဘိဓာန်)

ဆက်လက်ပညာရှာရန် မြို့တော် ရန်ကုန်သို့ လှမ်းတော်မူ

၁၃၁၀-ခုနှစ်၊ နှစ်ဦး၌ တောရဆရာတော်လောင်းလျာသည် ပညာဆက်လက် သင်ကြားရန် ထွက်ခွာ၍ ရန်ကုန်ရွှေမြို့တော်ကြီးသို့ လျှောက်လှမ်းတော်မူခဲ့သည်။

အထင်သေးခံရ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင် သာစုကျောင်းတိုက် စာချယ် ဆရာတော် ဘဒ္ဒန္တဉာဏောဒယထံ ရောက်ခဲ့၏။ 'ဘာစာမေးပွဲအောင်ပြီလဲ၊ ဘယ်အတန်း ရောက်ပြီလဲ' ဟု မေးသောအခါ ရဟန်း ၇-ဝါ ရပြီးသည့်တိုင် မည်သည့် စာမေးပွဲမှ ဖြေဆိုခြင်း အောင်မြင်ခြင်းမရှိသေးသည့်အတွက် အထင်သေးခံရပြီး သာစုကျောင်းတိုက်၌ နေခွင့်မရခဲ့ကြောင်းနှင့် (နောင်အခါ ထိုကျောင်းတိုက်မှာလည်း တိုက်တာလုပ္ပဲဖြစ်၍ ထိုစဉ်က နေခွင့်မရခဲ့သည်မှာ ကံကောင်ခြင်း တစ်မျိုးပင် ဖြစ်ခဲ့ပါပေ၏။ သို့မဟုတ်က သူ့ဘက် ငါ့ဘက်မပါချင်ဘဲ ပါနေရဦးမယ်ဟု မိန့်ကြားဖူးသည်)။

ဤသည်မှာလည်း တောရဆရာတော် ဘဝအတွက် သံဝေဂဖြစ်ဖွယ်တစ်ရပ်ဟု စာရေးသူ ထင်ပါသည်။

ဆရာတော်၏ သက်တော် ၂၇-နှစ် ရဟန်း ၇-ဝါ ရချိန်၊ ကောဇာသက္ကရာဇ် ၁၃၁၀-ခုနှစ်၊ ခရစ်နှစ် ၁၉၄၈-ခုနှစ်၊ ဇန်နဝါရီ ၄-ရက် နေ့၌ မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရလေပြီ။

၁၃၁၀-ခုနှစ်၊ ၈-ဝါမြောက် ဝါကို အင်းစိန်မြို့ မဂ္ဂင်ကျောင်းတိုက်၌ ဝါကပ်တော်မူသည်။

ဖခမည်းတော်ကွယ်လွန်

ထိုနှစ် ၁၃၁၀-ခု၊ သီတင်းကျွတ်လဆန်း ၈-ရက်၊ တနင်္ဂနွေနေ့ ခမည်းတော် ဦးဘ ၅၆-နှစ် ကွယ်လွန်သည်။ (တောရဆရာတော်လောင်းလျာ အသက်မမီခဲ့)

(တောရဆရာတော်၏ သက်တော် ၅၆ နှစ်ရောက်သည့်အချိန် ငါ့အဖေ ငါ့ဖခမည်းတော်၏ အသက်အရွယ်တော့ ငါရောက်ပြီ၊ ငါ့ဖခင်အသက်ထက်တော့ ကျော်ခဲ့ပြီဟု သတိပြု အမြဲအမှတ်ရကြောင်း၊ မိန့်တော်မူသည်။ ဤစကားကို မိန့်ကြားခြင်းသည်ပင်။ မရဏာနုဿတိ ကမ္မဋ္ဌာန်း အာရုံပြုကြောင်း မှတ်သားအပ်ပါ၏)။

ရန်ကုန် ပုဇွန်တောင် ဘုရားဖြူကျောင်းတိုက်ကြီးသို့

အင်းစိန်မဂ္ဂင်ကျောင်း၌ နေစဉ် ယခင် ရမည်းသင်းမြို့နယ်၊ ယခု နေပြည်တော် တပ်ကုန်းမြို့နယ် ကြို့ကြာအင်းရွာဇာတိ ရန်ကုန်စာတိုက်ကြီး (ဘီ.စီ) စာရေးကြီးဦးသာကြွယ် နှင့် ဇာတိမြို့နယ်ချင်း တူသည့်အတွက် ရင်းနှီးကျွမ်းဝင်ခဲ့ရ၏။ ထို ဒကာကြီး ဦးသာကြွယ်ကို ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၌ နေလိုကြောင်း ပြောပြသောအခါ ဒကာကြီးဦးသာကြွယ်က ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၏ ဆရာတော်များနှင့် အကျွမ်းမဝင်ပါ။ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာဝံသ (ဝိနယဂရုက)နှင့် ရင်းနှီးကျွမ်းဝင်ကြောင်း ပြန်လျှောက်ထားသည်။

ဒါယကာကြီး ဦးသာကြွယ် လျှောက်ထားအပ်နှံပေးသည့်အတွက် ၁၃၁၀-ခုနှစ်၊ ပြာသိုလဆန်း ၁၀-ရက် (၈.၁.၁၉၄၉) စနေနေ့တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ ဘုရားဖြူကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာဝံသ (ဝိနယဂရုက) အထံတော်သို့ ရောက်ခဲ့ရသည်။

တောရဆရာတော်လောင်းလျာကို ပညာပေးသော ဆရာတော်များအားလုံးမှာ (ဝိနယဂရုက) ဝိနည်း အထူးလေးလေးစားစား လိုက်နာတော်မူကြသည်ချည်းဖြစ်နေသည်မှာ ထူးခြားသော တွေ့ဆုံမှုနှင့် ပါရမီအထူးဟု ဆိုရပါလိမ့်မည်။

ဘုရားဖြူဆရာတော်ထံ၌ ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊ ပါစိတျာဒိအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်၊ နေတ္တိပါဠိတော် စသော ကျမ်းစာများကို ၁၃၁၁-ခု၊ ၁၃၁၂-ခု နှင့် ၁၃၁၃-ခု သုံးနှစ်သုံးဝါတိုင်တိုင် သင်ယူခဲ့သည်။

စာမေးပွဲများ ဖြေဆိုအောင်မြင်ခြင်း

ထိုကျောင်းတိုက်၌ ပညာသင်ယူနေစဉ် သမဂ္ဂ သီတင်းသုံးဖော်များ၏ တိုက်တွန်းချက်အရ ပြည်ထောင်စုသမ္မတနိုင်ငံတော် အစိုးရမှ ကြီးမှူးကျင်းပသော ပထမပြန်စာမေးပွဲကို ပထမငယ်တန်းမှစ၍ ဖြေဆိုခဲ့၏။

ဆရာတော်၏ အလိုအရ စာမေးပွဲအောင်ခြင်းဂုဏ်ကို ရယူလိုခြင်းမရှိသဖြင့် မူလက ရဟန်း ၇–ဝါရသည့်တိုင် ဖြေဆိုခြင်း မပြုခဲ့။ ပညာတတ်မြောက်ရေးသာ အဓိက၊ စာမေးပွဲအောင်မြင်မှုရှိမှ ဂုဏ်ရှိသလို ဖြစ်နေသော ကာလဖြစ်နေလေရာ၊ ဂုဏ် လိုချင်သည်၊ မလိုချင်သည် အဓိကမဟုတ်။ သီတင်းသုံးဖော်များက တိုက်တွန်းနေမှတော့ ဖြေလိုက်ပါဦးမယ်လေဟု ခပ်အေးအေးပင်။ တစ်ဆင့်ပြီးတစ်ဆင့် ဖြေခဲ့ကြောင်း စကားစပ်သည့်အခါ မိန့်လေ့ ရှိပါသည်။

(ထိုစဉ်က မဖြေ၍ စာမေးပွဲအောင်သည့် ဂုဏ်ထူးဝိသေသတစ်ခုခုမျှ မရမရှိခဲ့ပါလျှင် ပညာမည်မျှ စာတတ်စေကာမူ နောင်အခါ၌ အလေးဂရုပြုချင်မှ ပြုကြပါလိမ့်မည်)။

(က) သာသနာတော်နှစ် ၂၄၉၃–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၁–ခုနှစ်၊ တန်ဆောင်မုန်းလ၌ ကျင်းပသည့် ပါဠိပထမပြန်စာမေးပွဲ၌ 'ပထမငယ်တန်း' ကိုလည်းကောင်း၊ ဘုရားဖြူ ဝိနယာနုဂ္ဂဟ အသင်း စာမေးပွဲ၌ 'ဝိနယကောသလ္လတန်း' ကိုလည်းကောင်း ဖြေဆိုအောင်မြင်ခဲ့သည်။

(ခ) သာသနာတော်နှစ် ၂၄၉၄–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၁၂–ခုနှစ်၊ နယုန်လ၌ ကျင်းပသည့် ပါဠိပထမပြန် စာမေးပွဲ၌ ပထမလတ်တန်းကိုလည်းကောင်း၊ ဘုရားဖြူ ဝိနယာနုဂ္ဂဟအသင်း စာမေးပွဲ၌ ဝိနယဆေကတန်းကိုလည်းကောင်း ဖြေဆို အောင်မြင်ခဲ့သည်။

(ဂ) သာသနာတော်နှစ် ၂၄၉၅–ခုနှစ် ကောဇာသက္ကရာဇ် ၁၃၁၃–ခုနှစ် ကျင်းပသောပါဠိ ပထမပြန် စာမေးပွဲ၌ ပထမကြီးတန်း ဖြေဆိုရာ အောင်မြင်ခြင်းမရှိ၊ ဘုရားဖြူ ဝိနယာနုဂ္ဂဟအသင်း စာမေးပွဲ၌မူ၊ ဝိနယဝိသာရဒတန်းကိုမူ အောင်မှတ် အများဆုံးဖြင့် ပထမစွဲ၍ အောင်မြင်သောကြောင့် 'ဝိနယာနုဂ္ဂဟ – ပထမကျော်' ဘွဲ့ထူးဆွတ်ခူးပန်ဆင် ရွှေချယ်ချီးမြှောက်ခြင်း ခံခဲ့ရလေသည်။

ထိုစဉ်က ဝေငှသော လက်ကမ်းစာစောင်တွင် ဆရာတော်၏ ဓာတ်ပုံပါ ဖော်ပြထားလေသည်။ **မိတ္တူ ပူးတွဲ** တင်ပြပါသည်။

ပဋ္ဌာန်းမပိုင်လို့

ပထမကြီးတန်းကျခြင်းမှာ ပဋ္ဌာန်းမပိုင်လို့ဟု တောရဆရာတော်ဘဝ ရောက်သည့်အခါ စကားစပ်မိသည့်အခါတိုင်း မိန့်လေ့ရှိကြောင်း ယခုနေပြည်တော်တပ်ကုန်း မဟာသီဟနာဒတိုက်အုပ်ဆရာတော် အရှင်အာရဒ္ဓဗုဒ္ဓိ က ပြန်လည် ပြောပြတော်မူ၏။ တောရဆရာတော်ဆိုလိုသည်မှာ မဟာ သီဟနာဒ စာသင်စာချ သံဃာတော်များ ပဋ္ဌာန်းပိုင်အောင် လုပ်ကြပါဟု ဩဝါဒပေးခြင်းလည်း ဖြစ်ပါ၏။

ဇီးဖြူကုန်းဂန္ဓာရုံတိုက်သို့ ပြန်ကြွလာတော်မူ

(ဃ) ကောဇာ ၁၃၁၃–ခုနှစ်၊ နတ်တော်လ၌ ရမည်းသင်းမြို့နယ် ဇီးဖြူကုန်း ဂန္ဓာရုံတိုက်သို့

ပြန်ကြွလာပြီး အဘိဓမ္မာညဝါအရာတွင် မုန်သောက်မာတင် (မုန်သောက်မာတင် = ဆင်ပြောင်ကြီးကဲ့သို့ အားရှိသော) ပညာရှင်ဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တဥက္ကံသ (ဝိနယဂရုက) ထံ၌ ပဋ္ဌာန်းအရ ကောက်ကျမ်းကို တတိယအကြိမ် သင်ယူကာ ၁၃၁၄-ခုနှစ်၊ နယုန်လ၌ ကျင်းပသော ပါဠိ ပထမပြန်စာမေးပွဲ ပထမကြီးတန်းကို ရမည်းသင်း ဓိးဖြူကုန်း ဂန္ထဓုရတိုက်မှပင် ဝင်ရောက်ဖြေဆိုရာ ချောမောစွာ အောင်မြင်တော်မူခဲ့သည်။*

မန္တလေးရွှေမြို့တော်သို့

(င) ကောဇာသက္ကရာဇ် ၁၃၁၄-ခုနှစ်၊ ဝါတော် ၁၂-ဝါ၊ သက်တော်အားဖြင့် ၃၁-နှစ်၊ မန္တလေးရွှေမြို့တော်သို့ ကြွရောက်တော်မူပြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် သံတော်ဆင့်ကျောင်း၌ သီတင်းသုံးနေထိုင်လျက် တောင်ပြင်ဘုရားကြီးတိုက် ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တအရိယ စသော စာချအကျော်အမော် ဆရာတော်များထံ၌ စာချတန်း = ဓမ္မာစရိယတန်းအတွက် စာဝါများကို (နယန္တရ) = အလို့ငှာ လေ့လာသင်ယူဆည်းပူးတော်မူခဲ့သည်။

ရဟန်းမှန် မန်းပြန်မှ

မန္တလေးရွှေမြို့တော်၏ ပိဋကသင်ယူမှုအရာ၌ ထိုခေတ်ထိုအခါ ရဟန်းတော်များ စာသင်သားလောက၌ 'ရဟန်းမှန် မန်းပြန်မှ' ဟု မန္တလေးရောက်ပြီးမှ ပညာစုံသည်ဟု ဆိုကြပြန်သည်။

ပခုက္ကူမရောက် စာမပေါက်

နောက်ပြီး ရှိသေးသည်။ 'ပခုက္ကူမရောက် စာမပေါက်' ဟုလည်း ဆို၏။ ပခုက္ကူနည်းကား - ဘုရားဖြူ ဆရာတော်ထံမှာ ကောင်းစွာ ရနေပြီးဖြစ်သည်။ ပခုက္ကူသို့ သွားနေရန်မလို၊ ဆရာတော်ကား မိမိအတွက်သာမဟုတ်၊ စာချဆရာတော်ဘဝ မကြာမီ ရောက်ပေတော့မည်။ နည်းမျိုးစုံလည်း ရချင်သည်။ ယခု ဖြေဆိုရမည့် စာချတန်းအတွက်လည်း နှစ်ချင်း ပေါက်အောင်လိုသည်။ 'တစ်ချက်ခုတ် နှစ်ချက်ပြတ်' သဘောမျိုး ပညာဆည်းပူးတော်မူခြင်း ဖြစ်သည်။

ဝမ်းရေးက မျှရုံသာ

မန္တလေးရွှေမြို့တော်သည် ပိဋကသင်ယူရာ နာမည်ကြီးသလောက် စာသင်သား သံဃာကလည်း များလှသည်။ ပညာရေးသင်ကြားပေးမည့် ဆရာကောင်းများ လွယ်ကူစွာ ရနိုင်သော်လည်း စာသင်သားတို့၏ ဝမ်းရေးကခက်လှသည်။ ခြေသလုံးကို ရင်း၍ ပြေးလွှားနိုင်မှ မျှတရုံ ဆွမ်းကို စာသင်သား သံဃာတော်များ ရကြသည်။

ဆွမ်းခံအိမ်မဖိတ်ရဲ

ထိုအထဲတွင် ဆရာတော်ဘဝက ပို၍ ဝမ်းရေး ပြင်းထန် အဆမတန် သီးခံခဲ့ရသည်။ မန္တလေးရွှေမြို့တော်ရောက်ပြီး 'ဆွမ်းခံအိမ် ငါးအိမ်လောက်တော့ ဖိတ်ကြည့်မည်ဟု ကျောင်းက ထွက်လာသည်'။ လမ်းတွေ တစ်လမ်းပြီးတစ်လမ်း လျှောက်နေသည် အိမ်ပေါ်တက်၊ ဆွမ်းဖိတ်ပါသည်။ ကြွပါရစေဟု နှုတ်မှဖွင့်ပြောဖို့ နေနေသာသာ အိမ်ထဲကိုပင် ခဝင်ရဲ၊ လမ်းတွေသာများ၍ အချိန်တွေသာ ကုန်ခဲ့ရပြီး ကျောင်းကို ပြန်လှည့်ခဲ့ရသည်ဟု မိန့်သည်။

---

* အရှင်အာဒိစ္စ (ဓမ္မာစရိယ)၏ တောရဆရာတော် ထေရုပ္ပတ္တိကထာ

ရသလောကသား

ဤသို့ဖြင့် ဆွမ်းခံချိန် သပိတ်လွယ်၍ အိမ်စဉ် ရပ်သည်။ ငါးအိမ်လောက် လောင်းပြီးဖြစ်က ဆက်ပြီး မလျှောက်တော့၊ ကျောင်းပြန်ကြွလာ၊ ရခဲ့သမျှတွင် ငါးအိမ်လုံးက ဟင်းလျာရသည်မဟုတ်၊ ရသလောက်နဲ့ဘဲ တစ်နေ့တာ ဆွမ်းကိစ္စပြီးခဲ့တာပဲ ဟု မိမိ စာရေးသူကိုယ်တိုင် တောရကျောင်းများ ရောက်၍ ညအချိန်ဝတ်ဖြည့် နိပ်နယ်ပေးသည့်အခါ မိန့်တော်မူခဲ့ဖူးသည်ကို မှတ်သားထား၍ ပြန်လည် ရေးပြခြင်းဖြစ်ပါသည်။

သည်းခံခြင်း၊ ရောင့်ရဲနိုင်ခြင်း

ဆရာတော်ဘဝ စာသင်သားဘဝကပင် ခန္ဓာအတွက် အာဟာရလုံလောက်စွာ တွယ်တာမက်မောနေသည်မဟုတ် အာဟာရအတွက် သည်းခံခြင်း ခမာဂုဏ်နှင့် ရောင့်ရဲလွယ်ခြင်း သိန္တုဋ္ဌိဂုဏ်များကို ကြည်ညိုနိုင်ကြပါစေရန် ဖော်ပြလိုက်ပါသည်။

ဤနေရာ၌ ဆက်၍ တင်ပြပါဦးမည်။

ဘုန်းကြီးမေ ဒေါ်အေးမှန်
အသက်ကြီးမှ ထွန်စီးရသတဲ့

ခင်ပွန်းဖြစ်သူ ဦးဘ ကွယ်လွန်ခဲ့ပြီးနောက်ပိုင်း ဘုန်းကြီးမေ ဒေါ်အေးမှန်ခများမှာ သားအကြီးဆုံးနှင့် သားအငယ်ဆုံးက ရဟန်းတွေဖြစ်လို့ 'အသက်ကြီးမှ ထွန်စီးရသတဲ့တော်' ဟူ၍ ကံကြီးရွာမှ ဒေါ်ခင်ကြည်က ပြောသည်ကို စာရေးသူ နားမှာ ယခုအထိ မထွက်။

မှန်ပါသည်။ သူတို့မြင်၍ ပြောခြင်းဖြစ်ပါသည်။ သားအကြီးဆုံး အရှင်တိဿရကလည်း စာသင်သား၊ သားအငယ်ဆုံး ဦးအောင်သိန်း ခေါ် အရှင်ဣဿရကလည်း စာသင်သားဖြစ်၍ စာအုပ်ခဲတံ၊ ဖောင်တိန် လိုရာ ကျမ်းစာအုပ်၊ လမ်းစရိတ်များကို မိခင်ကြီးက အဓိက ထောက်ပံ့ရပါလိမ့်မည်။

မန္တလေးမှာ ပညာသင်ချိန် မိမိရဲ့ သားကြီးဆွမ်းကို မဝရေစာ မျှတရုံသာ သီးခံဘုန်းပေးနေရကြောင်း မိခင်ကြီး ဒေါ်အေးမှန်မသိပါ။ စာရေးအသိမပေးခဲ့ပါ၍ မိခင်ကြီးက မသိပါ။ အကယ်၍သာ ထိုအဖြစ်ကို မိခင်ကြီးသိခဲ့ပါလျှင် မိခင်ကြီး ရင်နှင့်အောင်ခံစား၍ ဝမ်းနည်းခြင်း ဖြစ်ရပါလိမ့်မည်။ မရှိရှိရာ လယ်ယာများ ပေါင်၍ဖြစ်စေ၊ ရောင်း၍ ဖြစ်စေ၊ ငွေပို့ပါလိမ့်မည် အမှန်ပင်ဖြစ်ပါ၏။

ထွန်ရေးငင်ဖို့

တောရဆရာတော်လောင်းလျာ မန္တလေး စာသင်ချိန် ကောဇာ ၁၃၁၄–ခုနှစ်ဖြစ်သော ထိုစဉ်အခါ မိခင်ကြီး ဒေါ်အေးမှန်၏ အသက်အရွယ်ကား ၅၉–နှစ်၊ ၆၀ တွင်း ဝင်နေလေပြီ။ ငယ်လှသည် မဟုတ်၊ တောသူ တောင်သားများ၏ ဝမ်းရေးတစ်ထွာ အစာရေစာက ထမင်းအဓိကဖြစ်သည်။ နံနက်အရုဏ်တက် သရက်ကန်ကျောင်းက တုံးခေါက်သံနှင့် ရွာဦးကျောင်းက ကြေးစည်သံ 'ဆွမ်းချက်ရန် ထတော်မူပါ' ဟူသော အဓိပ္ပါယ်ရသည့် ထိုအသံများ ကြားရသည်နှင့် လယ်ယာတောကို သွားလို့ ထွန်ရေးငင်ဖို့ အိပ်ယာက နိုးထကြရသည်။

နွားနှင့်အတူ

ထမင်းကြမ်းကို ကြုံရာ ရေနွေးကြမ်းဖြင့် ခပ်မြန်မြန် ခပ်သုပ်သုပ် လည်မျိုမှာ သွင်း၍ နွားနှစ်

ကောင်နှင့်အတူ ရှန်း၍ထွက်၊ ထွန်ယက်စိုက်ပျိုးကြရသည်။ ဆွမ်းခံပြန်ချိန် တုံးခေါက်သံ ကြေးစည်ရိုက်သံကြားမှ နားကြရသည်။

ဝမ်းသာလွန်းလို့

မိခင်ကြီးမှာ သာသနာတော်တွင်း သွပ်သွင်း၍ ထားသော သား ပဥ္စင်းနှစ်ပါးအတွက် နွားနှင့်အတူ နေပူပူ မိုးရွာရွာ ကြမ်းတမ်းလှသည့် အလုပ်ခွင်မှာ နေရသော်လည်း မမောနိုင်ပါ၊ ရုပ်ခန္ဓာကိုယ်ကြီး နေပူပူပင်ပမ်း၍ နေသော်လည်း ရင်တွင်းမှာ အေးမြ၍သာ၊ သံဃာတော်များကို လှူဒါန်းဖို့အရေး ကိုယ်တိုင်ပြေးရလွှားရ လုပ်ရသည်ကိုပင် အကျေနပ်ကြီး ကျေနပ်၍ ဝမ်းသာလွန်းလို့ မောရပမ်းရသည်မထင်။

ချမ်းမြေ့နေတော့သည်

သားကြီးက ဒီနှစ် စာချတန်း ဖြေပြီးလို့ အောင်လျှင် စရိတ်သိပ်ထောက်လှူဒါန်းရန် မလိုတော့၊ သားငယ်အတွက်သာ စရိတ်ထောက် လှူဒါန်းရန် လိုတော့သည်။ ဝန်သိပ်မရှိတော့ ဟု တွေး၍ပင် စိတ်မှာ ပေါ့ပါးလန်းဆန်း ချမ်းမြေ့နေတော့သည်။

သမ္မပ္ပဓာန် လုံ့လ

မိခင်ကြီး၏အတွေးကား ဖြစ်ပြီးသား ကုသိုလ်တွေ ပြန်လည် အမှတ်ရနေခြင်းနှင့် မဖြစ်သေးသော ကုသိုလ်တရားတွေ တိုးပွားအောင် ကြိုးစားပါ ဆိုသော တွေးတော ကြံစည်စိတ်ကူးမှုများဖြစ်၍၊ အကုသိုလ်ဆိုသည်ဖြစ်ပြီးလည်း မရှိ၊ ထပ်မံဖြစ်ရန်လည်းမရှိ၊ လယ်ယာလုပ်ငန်းခွင်မှာလည်း သမ္မာအာဇီဝသာဖြစ်၍နေသဖြင့် သမ္မပ္ပဓာန်တရားလေးပါးကို ရှက်ဆောင် လိုက်နာနေခြင်းနှင့် သတိပဋ္ဌာန်တရားလေးပါးကို ပွားများခြင်းပင်ဖြစ်၍ နေတော့သည်။ ဆက်လက်၍ တောရဆရာတော် ဓမ္မာစရိယဘွဲ့ ရရှိတော်မူခြင်းအကြောင်း တင်ပြပါတော့မည်။

သာသနဓဇသိရိပဝရ–
ဓမ္မာစရိယဘွဲ့ ရရှိတော်မူခြင်း

ကောဇာ ၁၃၁၅–ခုနှစ်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဘုရားဖြူကျောင်းတိုက်ကြီးသို့ တောရဆရာတော်လောင်းလျာ ပြန်လည်ကြွလာသည်။ ထိုနှစ် နယုန်လတွင် ကျင်းပသော ဓမ္မာစရိယ စာချတန်း စာမေးပွဲ ဝင်ရောက်ဖြေဆိုရာ ဂုဏ်ထူး ၆–ကျမ်းနှင့်တကွ ပါရာဇိကကဏ္ဍ ပါဠိအဋ္ဌကထာ၊ သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာ ကျမ်းရင်း ၂–ကျမ်းကို အောင်မြင်ခဲ့ သည်။

နိုင်ငံတော်သမ္မတက ဆက်ကပ်

ထို ၁၃၁၅–ခု (၁၉၅၄)၊ တစ်နှစ်တည်းပင် တပေါင်းလ၌ ကျင်းပသော စာချတန်း စာမေးပွဲ၌ ကျန်ရှိနေသေးသော ဓမ္မသင်္ဂဏီ ပါဠိအဋ္ဌကထာ ကျမ်းရင်း ၁–ကျမ်းကို ဖြေဆိုအောင်မြင်သည့်အတွက် နိုင်ငံတော် သမ္မတအိမ်တော်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး အဂ္ဂမဟာသီရိသုဓမ္မ ဒေါက်တာ ဦးဘဦး ဆက်ကပ်သော (သာသနဓဇ သိရိပဝရ ဓမ္မစရိယဘွဲ့) ကို ရရှိတော်မူသည်။

၁၃၁၅-ခုနှစ် (၁၉၅၄) ထိုစဉ်က နိုင်ငံတော် အစိုးရ ထုတ်ပြန်သော ပါဠိပထမပြန် စာမေးပွဲ၌ မှော်စရိယဘွဲ့ အသီးသီး ရရှိတော်မူကြသော သံဃာတော်၊ သီလရှင်ဆရာလေးများ၏ အမှတ်စဉ်နည်းများအလိုက် ဖော်ပြချက်ပါရှိသော ဂေဇက် -ပြန်တမ်းစာအုပ်၌ စာမျက်နှာ ၁၃၁-တွင် တောရဆရာတော်လောင်းလျာ၏ ခေတ်ပုံနှင့်တကွ ဖော်ပြချက်မူရင်းမှ မိတ္တူကို ပူးတွဲ တင်ပြအပ်ပါသည်။

အရှင်တိဿယမှ အရှင်တိဿရ သို့ မှတ်ချက်

ထိုစာအုပ်ရှိ တောရဆရာတော် လောင်းလျာ၏ ဘွဲ့တော်မှာ မူလက အရှင်တိဿယ ရေးရိုးရှိခဲ့သည့်အတိုင်း ဖော်ပြထားပြီး ထိုမှနောက်ပိုင်း အရှင်တိဿရဟူ၍ ပြောင်းလဲ ရေးသားတော်မူသည်။

တောရဆရာတော်လောင်းလျာ မှော်စရိယဘွဲ့ရတော်မူသောအခါ၌ သက်တော်အားဖြင့် ၃၂-နှစ်၊ ဝါတော်အားဖြင့် ၁၃-ဝါ ရှိလေပြီ။ ကောဇာ ၁၃၁၅-ခုနှစ်သည် ခရစ်နှစ်အားဖြင့် ၁၉၅၃-နှစ်ဖြစ်၍ လွတ်လပ်ရေးရပြီး ၇-နှစ်ကြာ ပါလီမန်ဒီမိုကရေစီခေတ် ဖြစ်လေသည်။

သမ္မတမင်းကြီးညို

ထိုအချိန် ထိုအခါ၌ ဘုရားဖြူကျောင်းတိုက်ကြီး၏ ပရိယတ္တိ ပို့ချမှု၊ အောင်မြင်မှု ဂုဏ်သတင်းလည်း ကြီးနေလေပြီ။ ဘဒ္ဒန္တပညာဝံသမဟာထေရ်ကြီး၏ ဝိနယဂရုက ဖြစ်မှု ဂုဏ်တို့ကြောင့် နိုင်ငံတော်သမ္မတမင်းတို့ ကိုးကွယ်သော ကျောင်းတိုက်ကြီးလည်းဖြစ်၍ နေလေပြီ။

အရှင်အာဒိစ္စဝံသ ခေါ် ဦးအောင်မြတ်ထွန်ထံ၌ စာလိုက်ခြင်း

တောရဆရာတော် လောင်းလျာသည် ဘုရားဖြူကျောင်းတိုက်ကြီး၌ ပထမပြန်စာမေးပွဲ ဖြေဆိုစာသင်နေချိန် အရှင်အာဒိစ္စဝံသ ခေါ် ဦးအောင်မြတ်ထွန်း (၁၂၄၄-၁၃၁၃) ထံသို့လည်း ကြွသွား၍ စာလိုက်ခဲ့သည်။ ဘုရားဖြူတိုက်အနီး လမ်း (၅၀) ပုဇွန်တောင်ရဲစခန်းရှေ့၊ ဗိုလ်ချုပ်လမ်းရှိ ဆရာကြီး ဦးအောင်မြတ်ထွန်းအိမ်သို့ နေ့လည်ပိုင်းကြွသည်။ ယခု အသက်ထင်ရှားရှိသူ ဦးထွန်းခင် ဓမ္မထွန်း အော့ဖ်ဆက် ပိုင်ရှင်မှာ ဒကာကြီး ဦးသာကြွယ်၏ တူဖြစ်၍ ဆရာတော်စာသင်ကြွတိုင်း ထီး၊ ဖိနပ်ကိုင် နောက်မှ လိုက်ရသည်ဟု ပြန်လည် ပြောပြသိရှိရပါသည်။

အရှင်အာဒိစ္စဝံသ

ဤနေရာ၌ အရှင်အာဒိစ္စဝံသ ခေါ် ဆရာကြီး ဦးအောင်မြတ်ထွန်း၏ ဘဝအကြောင်း၊ တစ်စိတ်တစ်ဒေသမှာ ဤသို့ဖြစ်သည်။ နဘူးကျောင်း ရွာ၏ အနောက်တောင် ၄-မိုင်ခန့်ကွာ ပင်းစုမြောက်ရွာ ဇာတိဖြစ်သည်။ ရန်ကုန် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အရှင်အာဒိစ္စဝံသကျောင်း ဟူ၍ ယခုတိုင် ထည်ဝါစွာ ရပ်တည်လျက်ရှိနေသည်။ ပရိယတ္တိ သက်သက်မျှဖြင့် ဗုဒ္ဓဘာသာ ကမ္ဘာသို့ မပြန့်နိုင်၊ ဘာသန္တရ အင်္ဂလိပ်စာနှင့် စကားကောင်းစွာ တတ်မြောက်ပါမှ ကမ္ဘာသို့ ပြန့်နိုင်သည်ဟူသော အသိဉာဏ်မျိုးစေ့ကို ချပေးတော်မူခဲ့သော ပုဂ္ဂိုလ်ထူးဖြစ် သည်။ အိန္ဒိယ၊ အင်္ဂလန်နိုင်ငံများသို့ ကိုယ်တိုင်သွား၍ ဟိန္ဒူ၊ သက္ကတ၊ ဗင်္ဂါလီ၊ ဝုရုမှဒ်ဘာသာများ

အပြင် ဂျပန်ဘာသာကိုပါ သင်ယူရင်း အင်္ဂလိပ်စာပေကို အထက်တန်းကျကျ သင်ယူလေ့လာခဲ့သည်။ ၁၂၈၈–မှ ၁၂၉၀–ခုနှစ်၊ နယုန်လဆန်း ၇–ရက်နေ့ မြန်မာပြည် ပြန်ရောက်တော်မူသည်။

ကမ္ဘာ့ ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌိလ (၁၂၅၈–၁၃၅၉)

ကမ္ဘာ့ ဗုဒ္ဓသာသနာပြု ပထမကျော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် အရှင်သေဋ္ဌိလ (၁၂၅၈–၁၃၅၉) မှာ အရှင် အာဒိစ္စဝံသ၏ တပည့်ရင်းကြီး ဖြစ်လေသည်။

အရှင်အာဒိစ္စဝံသ ခေါ် ဦးအောင်မြတ်ထွင်၏ တွေးခေါ်မျှော်မှန်းခဲ့သော ရုပ်လုံးများကို ယနေ့ မြန်မာနိုင်ငံတော်၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ (ရန်ကုန်နှင့် မန္တလေး)မြို့ကြီးများတွင် ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ (၁၂၇၃–၁၃၅၄) ထေရ်ကြီးက ဦးဆောင်တော်မူ၍ နိုင်ငံတော် အစိုးရနှင့် ပြည်နယ် တိုင်းများမကျန် ပြည်သူ ပြည်သားအပေါင်းတို့၏ ကောင်းမှုများဖြင့် ထည်ထည်ဝါဝါ ငွါးငွါးစွင့်စွင့် ပေါ်ပေါက်အောင် ဆောင်ရွက်တော်မူနိုင်ခဲ့လေပြီ။

ဘာသန္တရ ခေါ် အခြားသော လူမျိုးများ၏ ဘာသာစကား စာပေများ တတ်မြောက်တော်မူသော သံဃာတော် အရှင်မြတ်များစွာနှင့် လူပညာရှိများစွာ ကမ္ဘာ့နယ်ပယ်အသီးသီး ဒေသအသီးသီးသို့ ဓမ္မဒူတ ခရီးလှည့်လည်၍ မြတ်ဗုဒ္ဓ၏ စစ်မှန်သော သာသနာ ကမ္ဘာသို့ ဖြန့်လျက်ရှိနေလေပြီ။

အရှင်သေဋ္ဌိလ၏ ဇာတိမှာ မပျော်ဘွယ်

အရှင်သေဋ္ဌိလ၏ ဖွားရာဇာတိမြေကား မန္တလေးတိုင်း၊ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်၊ ပုတီးကုန်းကျေးရွာကြီးတွင် ခမည်းတော်ဦးအေး၊ မယ်တော် ဒေါ်ထွေးတို့မှ ကောဇာ ၁၂၅၈–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁– ရက် သောကြာနေ့၌ဖွားမြင်ခဲ့လေသည်။ ၁၃၅၉–ခုနှစ်၊ သက်တော် ၁၀၁ နှစ် ဝါတော် ၈၁–ဝါ၌ တစ်ဘဝခန္ဓာငြိမ်းတော်မူသည်။

ကမ္ဘာသို့ သာသနာပြုခဲ့

ဆရာတော် အရှင်အာဒိစ္စဝံသနှင့် တပည့်ကြီးအရှင်သေဋ္ဌိလတို့ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ရည်ရွယ်ချက် ကြီးမားစွာထား၍ ပြောင်းလာကြသည်။ နိုင်ငံတကာသို့ အရှင် အာဒိစ္စဝံသ ကိုယ်တိုင်ကြွ၍ ဘာသာမျိုးစုံ သင်ယူခဲ့သလို တပည့်ဖြစ်သူ အရှင်သေဋ္ဌိလကိုလည်း ထိုကဲ့သို့ သင်ယူစေခဲ့သည်။ ကမ္ဘာအရပ်ရပ်သို့ သာသနာပြုလုပ်ငန်း စတင်ခဲ့သည်မှာ ထို အရှင်ဆရာတပည့် (၂) ပါးပင်ဖြစ်လေသည်။ ကမ္ဘာကြီးတစ်ဝှမ်းလုံးရှိ လူသားအားလုံး ငြိမ်းချမ်းစေလို၍ ဖြစ်သည်။

အလေးထား လေးစားတော်မူ

တောရဆရာတော်က ထိုအရှင်မြတ်ကြီး ၂–ပါးကို လေးစားတော်မူသည်။ အရှင်အာဒိစ္စဝံသ (ခေါ်) ဦးအောင်မြတ်ထွင်ထံမှာ ပညာသင်ခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။ အရှင် သေဋ္ဌိလ ဆရာ တော် ကမ္ဘာသို့ သာသနာပြုခရီး ခက်ခဲပုံများ ချီးမွမ်းတော်မူလေ့ရှိသည်။

အရှင်သေဋ္ဌိလ ဆရာတော် ရန်ကုန် ဘောက်ထော်ရှိ စံကျောင်းတော်၌ အသက်အရွယ်

တော် ၁၀၀–နီးပါးအရိုန် တောရဆရာတော် ရန်ကုန်သို့ ရောက်စိုက် ဖူးတွေ့လိုသည်မိန့်သဖြင့် မိမိတို့အဖွဲ့ ဦးညွန့်လှိုင်၊ ဦးတင်ဝင်းတို့ လိုက်ပါသွားကြကန်တော့ကြသည်။

သပိတ်အိုင် တောရဆရာတော် ဘဒ္ဒန္တဉာဏိသ္သရထေရ်အား ကမ္ဘာသို့ခရီးလှည့်လှည်ရန် စတင်ပေးခဲ့ကြောင်းနှင့် ယခုအရွယ်တော်ကြီးသည့် အရိုန် ဆေးဝါးနှင့် ခတ်စာများ အမြဲ ပို့လှူပေးနေခဲ့ကြောင်း မိန့်သည်။

ဆို လို ရင်း

ထိုအရှင်မြတ်ကြီးများနှင့် တောရဆရာတော်စာတိတ္တူသည်၊ ပညာရှိကြီးများ ဖြစ်တော်မူကြသည်။ သာသနာပြုတော်မူကြရာ၌ ဓမ္မ ဆောင်ချက်များ စံပြုနိုင်ကြသည်။ နယ်ပယ်အလိုက် ထင်ရှားတော်မူကြသည်။ အပြန်အလှန် လေးစားတော်မူကြသည်။ စသည်များကို ပြလို၍ ဤနေရာ၌ ဖော်ပြမှတ်တမ်းတင် ပူဇော်ခြင်း ဖြစ်ပါသည်။

နဘူးကျင်းဒိုင်နယ်ရှိ ကျေးရွာများ၏ ဓလေ့စရိုက်များ

တောရဆရာတော် လောင်းလျာ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဘုရားဖြူကျောင်းတိုက်ကြီးတွင် ဓမ္မာစရိယ စာချတန်း အောင်မြင်တော်မူချိန်၌ ဇာတိ နဘူးကျင်းဒိုင်နယ်ရှိ ကျေးရွာများ၏ ဓလေ့စရိုက်များ နောက်ခံသမိုင်းကြောင်း ဘယ်လိုရှိခဲ့သည်ကို ဤနေရာ၌ မိမိ၏ ကိုယ်တွေ့များ တင်ပြသွားဦးမည် ဖြစ်ပါသည်။

နဘူးကျင်းရွာ

နဘူးကျင်းရွာဝန်းကျင်ဒေသ အနေအထား တည်နေပုံကို အကြမ်းအားဖြင့် အထက်တစ်နေရာ၌ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ နဘူးကျင်းဒိုင်နယ် ဟူ၍ ထိုခေတ် ထိုအခါက ခေါ်ဝေါ်ပြီး ထိုကာလ၌ သက္ကယ်ကျင်းရွာမှ သူကြီး ဦးဘနှင့် ထို့နောက် နဘူးကျင်းကျေးရွာမှ သူကြီး ဦးမောက်တို့ အုပ်ချုပ်ခဲ့ကြသည်။

မကျည်းတံတိုင်း ပတ်လည်ဝိုင်း

နဘူးကျောင်းရွာနှင့် ရွာဦးကျောင်း၏ တောင်ဘက် အရှေ့တောင်ဘက်နှင့် အနောက်တောင်ဘက်တစ်ဝိုက်တွင် ထန်းတောများရှိသည်။ ရွာဦးကျောင်းပရဝုဏ်ကြီးတစ်ခုလုံးကို မကျည်းပင်များ အပင်ချင်းထိအောင် စိုက်ထားသည်မှာ 'မကျည်းတံတိုင်း ပတ်လည်ဝိုင်း ကာရံထားသည်သို့' လုံခြုံလှပ၍ အညာဒေသ အရိပ်လည်းရ အေးမြ၍နေတော့သည်။

တမာ၊ ထနောင်း၊ ပင်ကုက္ကို၊ ညောင်ညို၊ ရိပ်များနှင့် ရွာတွင်းရွာပြင် ပတ်လည်ဝိုင်းသည်။ မကျည်းပင်များ၊ ပင်အိုမြင့်မြင့် ပင်ပျိုများဖြင့် ရှိနေသည်။ ထိုပြင်လည်း – နဘူးကျောင်းရွာ၏ ပတ်လည်၌ ထန်းတောများ ဟိုတစ်စု သည်တစ်စု ရှိသည်။ အညာဒေသ ကျေးလက်၏ အမှတ်လက္ခဏာများပင် ဖြစ်သည်။

ထန်းပင်မြင့် ချိုးသံဆင့်

ထန်းပင်မြင့်မှ ထန်းရေချိုသည်၊ ချိုးငှက်သည် အသံဆင့်မှ နားဝင်ချိုသည်ဟု ဆိုကြသည်။ ထန်းသည် အရွက်ကို မိုးနိုင်၏။ ထန်းရေမှ ထန်းလျက်အဖြစ်သို့ ရောက်က လူအတွက် များစွာ အသုံးဝင်၏။ ထန်းအရေမှ ထန်းလျက်ဖြစ်မလာ၊ အချိုဖြစ်မလာ၊ အခါးဖြစ်လာက လူကို မူးစေ၏၊ ရူးစေ၏၊ ပြုရမည့် ကုသိုလ်ကို မေ့လျော့စေ၏။ မပြုရမည့် ဒုစရိုက်မှုမျိုးစုံကို ကျူးလွန်စေရန် တွန်းအားပေး၏ဟု တောရဆရာတော်က အမြဲမိန့်လေ့ရှိ၏။

ဤရွာကြီးမှာ မွေးဖွားခဲ့

ထယ်ရေးငင်၍ ထွန်တုံးတင်ကာ လယ်နှင့်ယာကို ထွန်ကာလုပ်ကျွေးရသော အမိအဖတို့ ဝမ်းမှ ဤလူ့ပြည်သို့ ရောက်လာသော တောရဆရာတော်လောင်းလျာသည် ဤမည်သော နဘူးကျောင်းရွာ၌ မွေးဖွားခဲ့ပြီး ပတ်ဝန်းကျင်ရှိ ရွာများ၌ ကြီးပြင်းခဲ့လေသည်။

သရက်ကန်ရွာ

သရက်ကန်ရွာကျောင်း၌ တောရဆရာတော် ပညာသင်၊ ရှင်ဖြစ်၊ ရဟန်းဖြစ်ခဲ့၏။ ၂–ဝါရသည့်တိုင်နေခဲ့၏။ ထိုရွာ၏ ထူးခြားသော အမှတ်သင်္ကေတများတွင် သက်တမ်း ၁၀၀–ကျော်ရှိပြီဖြစ်သော မကျည်းပင်ကြီး သုံးပင်ရှိလေသည်။ ကျောင်းဝင်းအတွင်း တစ်ပင်၊ ရွာဦးထိပ် နတ်ကြီးစင်တစ်ပင်နှင့် ရွာလည်တွင် တစ်ပင်ရှိသည်။

ထိုအပင်ကြီးများမှာ လူ ၄–ယောက်၊ ၅–ယောက် လက်ချင်းဆက်၍ ဖက်မှ ပတ်မိ၏။ လုံးပတ်ကြီး၏။ မြင့်လည်းမြင့်၏။ အကိုင်းအခက်များ ဝေဆာ၏။ အရိပ်လည်းရ၏။ အေးမြ၏။ ထိုအပင်ကြီးများကို ကြည့်မြင်ခြင်းဖြင့် ရွာ၏ သက်တမ်းကို ခန့်မှန်းနိုင်၏။ ရွာ၏သမိုင်းကို ပြောပြနေသော အပင်ကြီးများဖြစ်၍ အဘိုးတန်သက်သေကြီးများလည်း ဖြစ်၏။

သစ်ပင်ကြီးတွင် နတ်ကြီးရှိသည်

သစ်ပင်ကြီးကြီးများတွင် နတ်ကြီးကြီးများရှိသည်ဟု ရှေးလူကြီးတို့ ဆိုကြ၏။ မြတ်စွာဘုရားကိုယ်တော်တိုင် 'ရဟန်းများ သစ်ပင် မခုတ်ရ' ဟုလည်း ပညတ်တော်မူခဲ့၏။ ကျောင်းဝင်းအတွင်း မကျည်းပင်ကြီးမှာ ဘိုးသူတော်ရှိသည်။ ရွာထိပ်မကျည်းပင်မှာ နတ်မင်းကြီးရှိသည် ဆိုကြ၏။ နတ်

ကိုးကွယ်ရန် ရေးခြင်းမဟုတ် မေတ္တာထားရန် ရေးနေခြင်းဖြစ်ပါ၏။

လက်တွေ့ဘဝ ငယ်စဉ်က

ရွာထိပ်နတ်စင် မကျည်းပင်၏ အနီး ဦးသာဟံ+ဒေါ်စိန်ပွင့်တို့၏ သားမက်ဖြစ်သူ ဦးတင်က နမ်းရိုးများ မီးရှို့၏။ မကျည်းကိုင်းများ မီးမြိုက်ခံရ၍ မကျေနပ်၊ သရက်ကန်နှင့် နဘူးကျင်းအကြား ကုန်းတစ်ခုပေါ်တွင် ထားသော ဦးသာဟံ၏ နွားမခြံမှ နွားမတစ်ကောင် ထိုည ကျားဆွဲစားခြင်း ခံရ၏။

ထိုအကြောင်းကို ရွာမှ ဒေါ်ဆက်ပုသို့အိပ်မက်ပေးသဖြင့် ဦးထွန်းခင်တို့အဖွဲ့ ဆိုင်းနှင့်တီး၍ တောင်းပန်ကြရ၏။ အပင်ကြီးကြီးတွင် နတ်ကြီးကြီးရှိကြောင်း ထင်ရှားသော သာဓက ပြလိုရင်းသာဖြစ်ပါ၏။

သရက်ကန်နှင့် နဘူးကျင်း နှစ်ရွာကြား အစောင့်မရှိ၊ ကုန်းပေါ်မှာ နွားမခြံထားနိုင်သည်မှာ ထိုကာလ လူတို့၏ အကျင့်သီလကို သိနိုင်ရာပါ၏။ ကြည်ညိုမိပါ၏။ ယနေ့သာဆိုလျှင် တစ်ညတာအတွင်း အစပင်ရှာမရ ဖြစ်ပေလိမ့်မည်။

မိမိတို့ ၅-နှစ်သားအရွယ် ပြတိုက်ရွာနှင့် ကံကြီးရွာ မီးရှို့ခံရ၏။ ထိုရွာများ မီးရှို့သည့်နေ့က သရက်ကန်ရွာမှာ ရောက်နေသော ကွန်မြူနစ်များက ရွာထိပ် နတ်စင်ကြီးအောက်မှ သေနတ်ဖြင့် လှမ်းပစ်၏။ သေနတ်သံ ကြားလောက်၏။ မကြားရအောင် ကာကွယ်ခဲ့သည်ဆို၏။ သို့အတွက် သရက်ကန်ရွာ မီးရှို့မခံရ၊ မီးဘေးမှ လွတ်ခဲ့ရ၏။

မေတ္တာသက်လျှင် အပြန်အလှန် စွမ်းရာကပါဝင်ပေးခြင်းကို ပြောလိုရင်း ဖြစ်၏။

သရဏဂုံ တည်ရန်လို

ကိုးကွယ်ဆည်းကပ်ခြင်းမှာ သရဏဂုံသီလ ဖြစ်သည်။ သရဏဂုံ ညစ်နွမ်းရလေအောင် နတ်ကိုးကွယ်ခြင်း မဖြစ်ဖို့တော့ လိုလေသည်။ ခြားခြားနားနား ဂဃနဏ သိအပ်လှပါသည်။

ပညာမဂ္ဂင် ၂-ပါး

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှ လွဲ၍ ကိုးကွယ်မှားလျှင် သမ္မာဒိဋ္ဌိမဖြစ်၊ အယူအမှန်၊ အယူမမှန်ခြင်းမှာ သမ္မာသင်္ကပ္ပ ဟူသော ကြံတွေးခြင်း မမှန်၍ဖြစ်သည်။ ပညာမဂ္ဂင် ၂-ပါး နှလုံးသားမှာ ထင်ရှားစွာတည်ပါမှ သီလမဂ္ဂင်နှင့် သမာဓိမဂ္ဂင်များဖြင့် ကျင့်ပွားနိုင်မည် ဖြစ်လေသည်။

သီလမဂ္ဂင် ၃-ပါး

သီလမဂ္ဂင်ဆိုသည်မှာ သမ္မာဝါစာ = မှန်စွာ ပြောဆိုခြင်း၊ သမ္မာကမ္မန္တ = မှန်စွာ ပြုလုပ်ခြင်းနှင့် သမ္မာအာဇီဝ = မှန်စွာ အသက်မွေးခြင်း ဖြစ်လေသည်။ လူက လူ့သီလ နိစ္စဂရုမမူ သီလခေါ် ငါးပါးသီလ အခြေခံလုံမှ ဗုဒ္ဓဘာသာအစစ် ဖြစ်နိုင်လေသည်။

သမာဓိမဂ္ဂင် ၃-ပါး

သမာဓိမဂ္ဂင်ဆိုသည် သမ္မာဝါယာမ = မှန်စွာ လုံ့လပြုခြင်း၊ သမ္မာသတိ = မှန်စွာ သတိရှိခြင်းနှင့် သမ္မာသမာဓိ = မှန်စွာ တည်ကြည်ခြင်းတို့ဖြစ်လေရာ တည်ကြည်သော သမာဓိရှိမှ ယထာဘူတဉာဏ် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ် ရမည်ဖြစ်လေသည်။

အကျဉ်းချုပ်ပါက မဂ္ဂင်တရား ရှစ်ပါး အကျင့်တရား မရှိသော သာသနာ၌ မဂ်လေးတန် ဖိုလ်လေးတန် ကွယ်ပျောက်၍ နိဗ္ဗာန်သို့လည်း ရောက်နိုင်မည် မဟုတ်ပေ။

ဤသို့ တင်ပြသည်မှာ လမ်းလွဲလမ်းမှား သို့ မရောက်ရေး အကြမ်းအားဖြင့် တင်ပြခြင်းသာ ဖြစ်ပါသည်။

ထိုခေတ်ထိုကာလ အနေအထား

မိမိတို့ငယ်စဉ် ထိုခေတ် ထိုကာလ၌ လူတို့၏ အကျင့်စာရိတ္တမှာ အထက်နည်းလမ်းများ အတွင်း ဗုဒ္ဓမြတ်စွာ၏ အဆုံးအမအတိုင်း နေကြသည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိုးလေဝသ အထူးကောင်းမွန် သစ်သီးသစ်နှံ ဆန်ရေ စပါးပေါများ၊ အလှူရေစက် လက်နှင့်မကွာ လျှုကြ တမ်းကြ များပြားလှစွာ မြင်တွေ့ရသောကြောင့်ပါ တည်း။

သဘာဝတောရိုင်းတိရစ္ဆာန်များ

ထိုခေတ်က အနောက်တောင်ရိုး မကျည်းကန် အထက် ပိန်းတော၊ ကဗျာကြီးနှင့် ဆင်တက်ကြီး တောများတစ်ဝိုက်သည် တောအတိ ဖုံး၍ လျှိုမြောင် စိမ့်စမ်းများအတွင်း တောရိုင်းတိရစ္ဆာန် ကျား၊ ကျားသစ်၊ သမင် ဒရယ်၊ ချေငယ်၊ ယုန်ငယ်၊တော ကြောင်၊ တောကြက် တောငှက်မျိုးစုံ ပေါလှသည်။

မိမိတို့ ငယ်စဉ် မွေးကင်းစ ကျားပေါက် ကလေး ၂-ကောင် ဖမ်းယူ သရက်ကန်ကျောင်းသို့ ပို့လာကြသည်။ အပြုအစုမတတ် နို့ငတ်သဖြင့် မကြာမီ သေသွားကြလေသည်။

တောင်ကတုံးဖြစ်

ကာလကြာသော် ဝါးခုတ်၊ သစ်ခုတ်၊ မီးသွေးဖုတ်သဖြင့် တောင်ကတုံးများဖြစ်၍ တောများ ပြုတ်ပြုတ်ပြုန်းကာ တောလိုက်မုဆိုးများ ခြေရာခြင်း စပ် နိပ်စက်အပ်သဖြင့်၊ တောရိုင်းတိရစ္ဆာန်များနှင့် အချို့သော ကျေးငှက်များ မျိုးတုံးပျောက်ကွယ်ခဲ့ ကြလေပြီ။

မေတ္တာထားပါ သနားပါ

သီလမဂ္ဂင် အကြောင်းအထက်၌ အနည်း ငယ်မျှ တင်ပြခဲ့ပြီး ဖြစ်ပါသည်။ 'ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်များစွာ သတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေ' မေတ္တာပို့အရ မေတ္တာထားပါ၊ သနားပါ၊ သီလစောင့် ကြပါ၊ အပါယ်လေးပါး အောက်သံသရာ၌ လည်ရ သည်မှာ သီလ၊ အယူအကျင့် မမှန်၍ ဖြစ်ပါ၏။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူ သော ဗြဟ္မဝိဟာရ တရားများ လူသားအားလုံး၏ နှလုံးသား အိမ်ထက်မှာ မမေ့မလျော့တည်ပါမူ လောကကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာမည် ဖြစ် ပါ၏။

ကံကြီးရွာ

ကံကြီးရွာအကြောင်းကို တောရဆရာတော် က သရက်ကန် ဆရာတော် ထေရုပ္ပတ္တိ၌ ဤသို့ ရေးသားမှတ်တမ်းတင်တော်မူခဲ့၏။

ကံကြီးရွာကို စာဖြင့် ရေးလျှင် န-သတ်၍ မရေးဘဲ သေးသေးတင်လျက် ရေးခြင်း အကြောင်း ကို အနည်းငယ်မျှ ရှင်းလင်းပါဦးမည်။ ရွာတည်စ လယ်လုပ်တဲမျှလောက်သာ ရှိသေးသောအခါ၌ အနီးအပါး တခြားရွာများမှာ ကပ်ရောဂါ အနာများ

ဖြစ်ပွားနေပါသော်လည်း ဤလယ်လုပ်တဲမျာ:၌နေသော သူတို့မှာကား ကပ်ရောဂါ အနာများ ကပ်ငြိဖြစ်ပွားခြင်း မရှိကြပေ။

အနာနည်းခြင်း၊ အနာကင်းခြင်း၊ ဆင်းရဲနည်းခြင်း၊ ချမ်းသာခြင်း စသည်တို့၏ အကြောင်းကံများရှိနေကြ၏။ ဤကဲ့သို့ ကြီးမားသော ကံများရှိနေခြင်းကြောင့် ပါဠိဘာသာအားဖြင့် 'မဟာကမ္မ၊ မြန်မာဘာသာအားဖြင့် ကံကြီးရွာ' ဟု သေးသေးတင်ဖြင့် ရေးထုံးပြုခဲ့ကြသည်။

ထိုကံကြီးရွာကား ရမည်းသင်းအမည်ရှိသော ခရိုင်မြို့ကြီး၏ တောင်ဘက် ၁-ယူဇနာခေါ် ၁၂-မိုင်ကျော်မျှ မနီးမဝေးလှသော အရပ်၌ရှိ၏ဟု ဖော်ပြထား၏။

သရက်ကန် ဆရာတော်၏ ပထမနေရာ

သရက်ကန်ဆရာတော် လောင်းလျာ ဦးဥက္ကံသသည် ထိုကံကြီးရွာကျောင်း၌ ရဟန်း ၈-ဝါမှ ဝါတော် ၃၀-ထိအောင်၊ ၂၃-ဝါတိုင်တိုင် သီတင်းသုံးခဲ့ကြောင်း မထေရ်ကြီးအရွယ်ထိနေ၍ ကံကြီးကျောင်းဆရာတော် အရှင်အာဒိစ္စထံ၌ လောကီ ဗဟုသုတကျမ်းများ သင်ယူခြင်း၊ အသိဉာဏ်တိုးပွားရန်အတွက် ကံကြီးရွာ၏ တောင်ဘက် သက္ကယ်ကျင်းရွာကြားရှိ ကံစွယ်ကျောင်း ဆရာတော် အရှင်နန္ဒဝံသ၊ သက္ကယ်ကျင်းတောရဆရာတော် အရှင်ဣန္ဒစသော မထေရ်ကြီးတို့နှင့်လည်း တရားဆွေးနွေးခြင်းပြုတော်ခဲ့ကြောင်းနှင့် ကံစွယ်ကျောင်းဆရာတော် အရှင် နန္ဒဝံသသည်ကား မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်းတရားကြီး၏ ရဟန်းတို့တွင် ပါဝင်သော ဆရာတော်ဖြစ်၍ ပိဋကတ်အရာ၌ လိမ္မာတော်မူခြင်းကြောင့် ထိုဆရာတော်နှင့် တရားဆွေးနွေးမေးမြန်းခြင်းဖြင့် ဝိနိစ္ဆယဉာဏ်အမျိုးမျိုးတိုးပွားမှုကို ရရှိခဲ့ကြောင်း တောရဆရာတော်ရေးသည့် သရက်ကန်ကျောင်းတည် ပထမဆရာတော်ဦးဥက္ကံသ၏ ထေရုပ္ပတ္တိ အကျဉ်း၌ ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

ထိုစာများအရ တောရဆရာတော် လောင်းလျာ ငယ်စဉ်ဘဝ ဇာတိရွာ၏ဝန်းကျင် အနေအထားကို ပြဆိုခြင်းပါတည်း။

ကံကြီးရွာ ကျောင်းသစ်ကြီး

မိမိ (ဤစာရေးသူ) အနေဖြင့် ကောဇာ သက္ကရာဇ် ၁၃၁၀-၁၁ ခုနှစ်များ၌ သရက်ကန်ကျောင်းမှ ကံကြီးကျောင်းသို့ ပြောင်းရွှေ့ပညာသင်သည်၊ သရက်ကန်ရွာမှ ယခု ဦးချစ်မွေး၊ ဦးလှတို့ညီအစ်ကိုနှင့် ဦးသိန်းမြင့်တို့ပါ ကံကြီးကျောင်းသို့ အတူ ပြောင်းကြသည်။ ထိုအခါ ဆရာတော် ဦးဇဝန ကျောင်းထိုင်နေပြီ ဖြစ်သည်။ ရခိုင်ဘုန်းကြီး ဦးဣန္ဒာစာရ က ဝါကြီးသော်လည်း ခန်းနေဖြစ်သည်။ မိမိက ရခိုင်ဘုန်းကြီးအခန်းမှာ ပညာသင်ရသည်။ ထိုအချိန်က ရှေးဟောင်းကျောင်းအိုကြီးဖြစ်သည်။ ဆရာတော် ဦးဇဝန၏ မနားမနေ ကြိုးပမ်းချက် ရွာသူရွာသားများအပေါ် ဦးဆောင်နိုင်မှု စွမ်းရည်ကြောင့် ယခု ကျောင်းသစ်ကြီးကို တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ပြတိုက်ရွာနှင့် နှစ်ရွာပေါင်းတစ်ကျောင်းဖြစ်သည်။

မိုးမှန် ဆန်စပါး ပေါများ

ထိုအခါက မိုးလေဝသလည်း မှန်သည်၊ ဆန်ရေစပါး၊ ပြောင်း၊ ပဲမျိုးစုံထွက်သည်။ ထို့ကြောင့်လည်း လှူဒါန်းနိုင်ကြသည်။ ထိုကျောင်း၌ ရှင်သာမဏေ ကိုရင်ကြီးများ အလွန်များသည်။

ထိုအခါက ကိုရင်ကြီးများတွင် ယနေ့ မျက်မှောက်ကာလ၌ တပ်ကုန်းမြို့ မဟာသီဟနာဒ ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တအာစိဏ္ဏထေရ်၊ ကံကြီးရွာမှ ဘဒ္ဒန္တနန္ဒဝံသ မန္တလေး မေမြို့ ညောင်သောဆရာတော်နှင့် ဘဒ္ဒန္တသီလာစာရ ပျဉ်းမနားအရှေ့ ရုံးပင်စောက်တို့ဖြစ်ကြပြီး ကိုယ်ရင်ကြီးများဖြစ်သော (ဦးကျော်ရင်၊ ဦးညီရွှင်တို့ကား လူ့ဘဝ၌ မရှိကြတော့ပြီ) ဦးဘိုးထုပ်တစ်ဦးသာ ကျန်တော့သည်။

မိမိနှင့် ကျောင်းနေဘက်များမှာ ကံကြီးရွာမှ ဦးကျော်အောင်၊ ဦးမာဒင်၊ ဦးဘိုးမြစ်တို့နှင့်ပြတိုက်ရွာမှ ဦးကျော်ငြိမ်း၊ ဦးဒွေးကြည် (အထက်တန်းကျောင်းအုပ်ကြီး)၊ ဦးမွေးတို့ ဖြစ်ကြသည်။

ရသေ့ကြီး ဦးခန္တီ လွှမ်းစေတီဘုရား

ဤနေရာ၌ ရသေ့ကြီးငယ်စဉ် နွားကျောင်းရာဖြစ်သော ညောင်လွန့်အနောက် ၇–မိုင်ခန့်နှင့် သရက်ကန်ရွာ၏ အနောက်တောင် ၅–မိုင်ခန့် အကွာ၊ အင်းကောက်တော၌ ရသေ့ကြီး ဦးခန္တီ ငယ်စဉ်နွားကျောင်းသားဘဝ အမှတ်တရ ဘုရားစေတီငယ်တစ်ဆူ တည်ခဲ့သည်။ ယနေ့တိုင် ရှိသည်။

သရက်ကန် ဘိုးဆင့် လွှမ်းစေတီဘုရား

ရသေ့ကြီး ဦးခန္တီ ကဲ့သို့ပင် သရက်ကန်ရွာမှ ဘိုးဆင့်သည်လည်း သရက်ကန်ရွာအနောက် ၃–မိုင်ကျော်ခန့်အကွာ တောင်တန်းတစ်ခုရှိသည်။ ပိန်းတောဟူသော လယ်ယာတော၌ နေခဲ့ဘူးသည် ကို အမှတ်တရ ပိန်းတောတောင်ထိပ်၌ ဘုရားတစ်ဆူ တည်သည်။

မိမိ(စာရေးသူ) မှတ်မိသမျှ ၁၃၁၀–၁၃၁၁ ခုနှစ်အတွင်းဟု ထင်ပါသည်။ ကံကြီးကျောင်း၌ နေစဉ် ဘိုးဆင့်ဘုရားတွင် ဌာပနာရန်အတွက် ကံကြီးကျောင်း ဆရာတော် ဦးဇေနက ဘုရားကြီး၊ ငယ်များစွာ တောင်းများတွင်ထည့်၍ ကိုရင်ကြီးများအား စေလွှတ်ပို့ လှူစေသည်ကို မြင်တွေ့မှတ်မိနေပါသည်။

ဘိုးဆင့်၏ ဇနီးမှာ ဒေါ်ငွေခင်ဖြစ်ပြီး သားသမီးများမှာ သရက်ကန်ရွာ ဦးသာမောင် ဇနီး ဒေါ်ချွေးတို့ဖြစ်သည်။ ဦးသာမောင် ဒေါ်ချွေးတို့၏ သမီး ဒေါ်ရွှေမြိုင်နှင့် ခင်ပွန်း ဦးကျော်မောင်တို့က ၁၃၆၂–ခုနှစ်၊ ပြာသိုလဆန်း ၁၅–ရက်၊ ထပ်မံ ပြင်ဆင် လှူဒါန်းကြကြောင်း သိရသည်။

ကံစွယ်ကျောင်း

မိမိတို့ငယ်စဉ် ထိုအခါက ကံစွယ်ကျောင်း ဆရာတော်မှာ ဦးဇောတိက ဖြစ်သည်။ ထူးခြားသည်မှာ ရေးသိမ်ကြီးကို ကုန်းမြင့်မြင့်ပေါ်တွင် လေးဘက်လေးတန် အုတ်လှေကားများဖြင့် စီမံ၍ အလည်တည့်တည့်မှာ စေတီတည်ထားသည်။ ကျောင်းဝန်းအတွင်း ရေကန်လည်းရှိသည်။ သီပေါမင်း၏ ရဟန်းတို့တွင် ပါဝင်သော အရှင်နန္ဒဝံသ လက်ထက် ဆောင်ရွက်ခဲ့သော ရေးဖြစ်ဟောင်း အောက်မေ့ဖွယ် သာသနိက အဆောက်အအုံ ဖြစ်ပေလိမ့်မည်။

သက္ကယ်ကျင်းတောရ

မိမိတို့ ငယ်စဉ် လွန်ခဲ့သော နှစ်ပေါင်း ၅၀–ကျော်က သက္ကယ်ကျင်းတောရကြီးသည် အမှန်တကယ် တောရသော တောရကျောင်းကြီး ဖြစ်သည်။ ဝါဆိုဝါကပ် သံဃာလည်း အလွန်များပြီး တောရ ၄–လ တန်ဆောင်မုန်းလပြည့်မှ ဝါထွက်ရသည်။ ဆရာတော်ကြီးမှာ ဦးသီဟဖြစ်သည်။

ထိုတောရကျောင်းမှာ ပညာသင်သော အရှင်တို့တွင် မျက်မှောက်ခေတ်၌ ထင်ရှားသော အရှင်များမှာ ရန်ကုန်မြို့ ကျားကူးမွေ့ဗိမာန်ဆရာတော် အရှင် နန္ဒာသီရိ (ဓမ္မာစရိယ) ပုံလွှန်နှင့် ယခု လက်ရှိ သဋ္ဌာယ်ကျင်းတောရ ဆရာတော် အရှင် ဉာဏဝံသ (ဓမ္မာစရိယ) တို့ ဖြစ်သည်။

ယနေ့ မျက်မှောက် ရမည်းသင်း ဇာတိနယ်သားများ ကျားကူးမွေ့ဗိမာန်မှာ တည်းခိုခွင့်ရနေသည်မှာ ထိုဆရာတော်၏ ကျေးဇူးများပင် ဖြစ်သည်။

ကြာပင်အင်းကျောင်း

နဘူးကျင်းရွာ၏ အရှေ့ဘက်၌ ကြာပင်အင်းရွာရှိသည်၊ ကြာပင်အင်းကျောင်းဆရာတော် ဦးစက္ကန္ဒ သက်တော်ရှည်မှာ တောရဆရာတော် ရဟန်းအဖြစ် ရောက်တော်မူရာ၌ ဥပဇ္ဈာယ် ဆရာတော်ဖြစ်ကြောင်း တင်ပြခဲ့ပြီး ဖြစ်သည်။ ထိုခေတ်က နဘူးကျင်းအုပ်စု ဒိုင်နယ်တွင် သက်တော်ကြီး၍ ဝါတော်အကြီးဆုံး ရဋ္ဌညမထေရ်ကြီးလည်း ဖြစ်သည်။

ကျေးလက် ဓလေ့စရိုက် မှတ်သားထိုက်

တုံးခေါက်ခြင်း၊ ကြေးစည်ရိုက်ခြင်း

တုံးခေါက်ခြင်းကို သရက်ကန်ကျောင်းက ဘစ်နေ့ သုံးကြိမ် မှန်မှန်ပြုလုပ်သည်။ နံနက် အရုဏ်မတက်မီ ဆွမ်းချက်ရန် ထတော်မူပါဟူ၍ လည်းကောင်း၊ လယ်ယာတောသို့ လုပ်ငန်းခွင်ဝင်ရန် နိုးထကြကုန်လော့ဟူ၍လည်းကောင်း၊၊ နိုးဆော်ခြင်း ဖြစ်သည်။

ဘုရားကို နေ့ဆွမ်းကပ်ပြီးချိန် ရဟန်းသံဃာများ ဆွမ်းစားချိန် တုံးခေါက်ခြင်းမှာ သာဓုခေါ်ရန်နှင့် ထွန်ယက်ခြင်းမှ နားကြကုန်လော့ ဟူ၍လည်းကောင်း တုံးခေါက်လျှင် ကျွဲနွားများပင် သိနားလည်၍ ဆက်မရုန်း ရပ်နားလိုက်ကြသည်။ လူက အလိုက်သိစွာ ထွန်ယက်ခြင်းမှ အနားပေးကြရသည်။ လူလည်းနား၊ နွားလည်းနားရသည်။

ဘုရားဝတ်တက်ခြင်းဓလေ့

ညဘက် ၇–နာရီခန့် သရက်ကန် ကျောင်းထိုင်ဆရာတော်အပါအဝင် ရဟန်းသာမဏေ ကျောင်းအိပ်ကျောင်းသားအားလုံး ဘုရားဝတ်တက်ရသည်။ ရွာသူရွာသားများ၏ တစ်နေ့တာ ပြုခဲ့ကြသမျှ ကောင်းမှု ရတနာသုံးပါး၌ ရှိသေစွာ ရှိခိုးကန်တော့ခြင်း ကောင်းမှု အစုစု သုံးဆယ့်တစ်ဘုံသားတို့အား အမျှပေးဝေပြီး ကြေးစည်ရိုက်၍ ကြားကြပါစေ၊ သာဓုခေါ်ကြပါစေဟူ၍ ရည်ရွယ်ရင်းဖြစ်ပြီး တုံးခေါက်သည်။ တုံးခေါက်ခြင်းအဆုံးတွင် နေ့သင့်နံသင့် တုံးအချက်ရေဖြင့် ခေါက်သည်၊

ချက်ရေ ၁ = တနင်္ဂနွေနေ့၊

ချက်ရေ ၂ = တနင်္လာနေ့၊

ချက်ရေ ၃ = အင်္ဂါနေ့၊

ချက်ရေ ၄ = ဗုဒ္ဓဟူးနေ့၊

ချက်ရေ ၅ = ကြာသပတေးနေ့၊

ချက်ရေ ၆ = သောကြာနေ့၊

ချက်ရေ ၇ = စနေနေ့ ဖြစ်လေသည်။ ဤသို့အားဖြင့် မည်သည့်နေ့ ဖြစ်ကြောင်း သိနားလည်ကြလေသည်။

အခြားကျေးရွာများ ကြေးစည်ရိုက်ခြင်း

သရက်ကန်မှအပ အခြားသော နဘူးကျောင်း၊ ပြတိုက်၊ ကံကြီး၊ ကံစွယ်၊ သဏ္ဌယ်ကျင်းတောရ၊ ကြာပင်အင်းကျောင်းများမှာ နေ့စဉ် ဆွမ်းကပ်ပြီးချိန်တိုင်း၊ ညစဉ် ဘုရားဝတ်တက်ပြီး အမျှဝေတိုင်း ကြေးစည်ရိုက် အမျှပေးဝေကြသည်။ ထိုကြေးစည်သံများ ကြားသူအပေါင်းက သာဓုခေါ်ကြသည်။ ဘဝတစ်ပါး ပြောင်းသွားကြကုန်သော အမိအဘ ဆွေမျိုးများလည်း သာဓုခေါ်နိုင်သောဘဝဖြစ်က အမျှရစေ သာဓုခေါ်စေဖို့ ဖြစ်လေသည်။

ရှေးဆရာတော်ကြီးများ၏ ကျေးဇူး

ရှေးဆရာတော်ကြီးများ ချမှတ်ခဲ့သော ထုံစံလေ့သည် ယနေ့တိုင် မပျက်မကွက် ဆောင်ရွက်ဆဲဖြစ်၍ မြတ်နိုးဖွယ်ဖြစ်၍ နေတော့သည်။ ကျေးဇူးတင်ကြရပေလိမ့်မည်။

ပဝါရဏာပွဲတော်

ယခင်အခေါ် နဘူးကျောင်းဒိုင်နယ် ယခုအခါ ကျေးရွာအုပ်စု၏ ပဝါရဏာပွဲတော်ကို သရက်ကန်ကျောင်း၌ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့၌ ကျင်းပသည်။

သီတင်းကျွတ်လပြည့်နေ့သည် သာသနာတော်တစ်ရပ်လုံးနှင့်ဆိုင်သော အရှင်းရှင်းဖိတ်ကြားရသော 'မဟာပဝါရဏာနေ့' ဖြစ်သည်။ အဘိဓမ္မာအခါတော်နေ့လည်း ဖြစ်သည်။ ထို (၂) နေ့အကြောင်း ပေါ်လွင်အောင် အနည်းငယ်တင်ပြပါဦးမည်။

(၁) **ပဝါရဏာပွဲတော်နေ့** ♦ ပဝါရဏာ ဟူသည် ဖိတ်ကြားခြင်းဖြစ်သည်။ တစ်ပါးနှင့်တစ်ပါးအပြစ် မြင်သည်ဖြစ်စေ၊ ကြားသည်ဖြစ်စေ၊ ယုံမှားသံသယ ရှိသည်ဖြစ်စေ၊ ပြောဆိုဆုံးမကြပါ ဟု ဖိတ်ကြားခြင်း ဖြစ်သည်။

- ပဝါရဏာကို ခွင့်ပြုတော်မူခြင်းမှာ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်၊ ကောသလတိုင်း နေပုဒ်၌ ဝါဆိုဝါကပ်ပြုတော်မူသည့် ရဟန်းများ သီတင်းကျွတ်သောအခါ ဘုရားရှင်ထံ ကန်တော့ရန်လာကြသည်။ 'တစ်ဝါတွင်းလုံး အရှင်းရှင်း စကားမပြောဘဲ ချမ်းသာစွာ နေထိုင်ခဲ့ကြပါသည်' ဟု လျှောက်ထားချက်အပေါ် စကားမပြောသော အကျင့်ကား 'မူဂဗ္ဗတ' လူတို့၏ အကျင့်ဖြစ်သည်။ ထိုအကျင့်ကို ကျင့်က ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူသည်။
- အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ပဝါရဏာပြုရန် အရှင်းရှင်း ဖိတ်ကြားရန် ပညတ်တော်မူခဲ့ခြင်းဖြစ်သည်။
- ဝတ်ကျေ တန်းကျေ ဖိတ်ကြားရုံသာ မဟုတ် မြတ်မြတ်နိုးနိုး တပည့်တော်အပြစ်ကိုမြင်လျှင် ပြောပါ ပြုပြင်ပါမည်ဟု ဝန်ခံကတိပေး ပြောကြားရသည်။

မြတ်စွာဘုရားချမှတ်ခဲ့သော ထုံစံနစ်သည် မည်မျှပင် ကြည်ညိုဖွယ်ကောင်းလိုက်ပါသနည်း။

(၂) **အဘိဓမ္မာ အခါတော်နေ့** ♦ အဘိဓမ္မာ အခါတော်နေ့သည်လည်း သီတင်းကျွတ်လပြည့် ပဝါရဏာနေ့မှာပင် ဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှာ ဝါကပ်၍ မိခင်နို့ဖိုးဆပ်ပြီး သင်္ကဿနဂိုရ်မြို့သို့

စောင်းတန်းသုံးသွယ်ဖြင့် ဆင်းကြွလာတော်မူသည်ကို လူ့ပြည်မှ ကြိုဆိုမီးထွန်းပွဲတော်ကြီး ကျင်းပခဲ့သည့်အစဉ်အလာ ဖြစ်ပေသည်။

အကျဉ်းချုပ်ပါက -

ဗုဒ္ဓနေ့ ♦ (က) ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၀ ပြည့်နှစ် ခုနစ်ဝါမြောက် ဖြစ်သော ဝါဆိုလပြည့်နေ့၌ တာဝတိံသာမှာ ဝါကပ်၍ အမေ့ကျေးဇူးဆပ် အဘိဓမ္မာတရားကို နတ်ဖြဟ္မာတို့အား ဟောကြားသည်၊ သို့ဖြစ်၍ **ဘုရားနှင့်ဆိုင်ရာ ဗုဒ္ဓနေ့ထူးခြားသော** ဝါတွင်းကာလ ဖြစ်သည်။

ဓမ္မနေ့ ♦ (ခ) ဘုရားရှင် ဟောကြားတော်မူသော အဘိဓမ္မာတရားတော်သည် သီတင်းကျွတ်လပြည့်နေ့တွင် ပြီးမြောက်အောင်မြင်သည်၊ သို့ဖြစ်၍ ဤနေ့သည် **ဓမ္မတရားတော်ဆိုင်ရာ ဓမ္မနေ့ထူးနေ့မြတ်** ဖြစ်သည်။

သံဃာနေ့ ♦ (ဂ) သီတင်းကျွတ်လပြည့်နေ့၌ ဘုရားရှင်၏ တပည့်သားသာဝက၊ သံဃာတော်များ ပဝါရဏာ (အချင်းချင်းဖိတ်ကြား) ပွဲဆင်နွှဲကြသည်။ သို့ဖြစ်၍ ဤနေ့သည် **သံဃာတော်များ၏ ပဝါရဏာပွဲ = ကျေးဇူးများသော သံဃာနေ့** ဖြစ်သည်။

ဤရွှေ့ဤမျှ ထူးခြားသော **နေ့ထူးနေ့မြတ်**များရှိသော သီတင်းကျွတ်လ၌ တောရဆရာတော်လောင်းလျာကို ဖွားမြင်တော်မူခဲ့ပါသည်။

မြင့်မိုရ်ပွဲနှင့် ဝက်ဘာ

ထိုခေတ် ထိုအခါက မိုးလေဝသကောင်းခြင်း၊ သစ်ဝါးပေါများခြင်းကြောင့် နဘူးကျင်းဒိုင်နယ်အတွင်းရှိ ကျေးရွာများရှိ ကျောင်းများအားလုံး၌ တာဝတိံသာမှ လူ့ပြည်သို့ ဆင်းကြွလာတော်မူသည့် မြတ်စွာဘုရားကို ဝါးများဖြင့် ဝက်ဘာများရိုက်၍ ဆီမီး ထွန်းညှိပူဇော်သော မြင့်မိုရ်ပွဲများဖြင့် လည်းကောင်း၊ မီးပုံပျံများ လွှတ်တင်၍လည်းကောင်း ပူဇော်ခဲ့ကြလေသည်။

ယနေ့တိုင်အောင် ထိုအစဉ်အလာများကို မပျက်မကွက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ဆရာတော်များသို့ အပြန်အလှန် ကန်တော့ခြင်း

အထက်၌ တင်ပြခဲ့သည့်အတိုင်း သံဃာတော်များအချင်းချင်း ဖိတ်ကြား ပဝါရဏာပွဲ ပြုလုပ်ကြသလို ကျေးရွာများရှိ ဒါယကာ ဒါယိကာမ လူကြီးလူငယ်အပေါင်းတို့ကလည်း သီတင်းကျွတ်လပြည့်ကျော် ၁-ရက်မှ စ၍ မိမိတို့ကျေးရွာ ဒိုင်နယ် ၆-ရွာအတွင်းရှိ ကျောင်းများမှ ဆရာတော်များသို့ အိုးစည်ဒိုးပတ် အကအခုန် လှူဖွယ်ဝတ္ထုစုံတို့ဖြင့် မောင်းကြီးကို တဒူဒူ တီး၍ အပြန်အလှန်သွားရောက် ကန်တော့ကြသော ဓလေ့သည် ထိုဒေသ၌ ထိုခေတ်မှစ၍ ယနေ့တိုင်အောင်ရှိနေလေသည်။

'တပည့်တော်များသည် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် ပြစ်မှားမိက သည်းခံတော်မူပါဟု

သော ကန်တော့ခြင်း၊ ဝန်ချခြင်း တောင်းပန်ခြင်း' အမှုကို တစ်နှစ် တစ်ကြိမ် သီတင်းကျွတ်လပြည့် ကျော်ကာလ၌ ပြုလုပ်ကြခြင်းဖြင့် တစ်ရွာနှင့်တစ်ရွာ တစ်ကျောင်းနှင့်တစ်ကျောင်း လက်ငင်းအကျိုး စည်းလုံးညီညွတ်ခြင်းကို ဖြစ်စေ၍၊ သံသရာအကျိုး အားဖြင့် ခင်ပွန်းကြီး ၁၀-ပါး ပြစ်မှားမိခြင်း အန္တရာယ်မှ ကင်းဝေးစေပြီး မဂ်တား၊ ဖိုလ်တား အန္တရာယ်မှလည်း ကင်းဝေးစေသည်။ အလွန့်အလွန် ကို ကောင်းမြတ်သော ဓလေ့တစ်ခု တောရ ဆရာ တော်လောင်းလျာ၏ ဓာတ်နယ်၌ ရှိနေပါသည်ဟု အတုယူ မှတ်တမ်းတင် ဖော်ပြခြင်းလည်း ဖြစ်ပါ၏။

ဤသည်တို့မှာ တောရဆရာတော် လောင်းလျာ၏ ငယ်စဉ်ဘဝဝန်းကျင်ဒေသတပိုက် ၏ နောက်ခံသမိုင်း တစ်စိတ်တစ်ဒေသကို တင်ပြ ခြင်းလည်း ဖြစ်ပါသည်။

လုပ်ငန်းလွှယ်ကူမှု

မြန်မာနိုင်ငံ လွတ်လပ်ရေး ရချိန်၌ ဆရာ တော်၏ သက်တော်-၂၇၊ ရဟန်း ၇-ဝါ ရှိနေပြီ ဖြစ်၍ သူ့ကျွန်ဘဝ၊ လွတ်လပ်ပြီးဘဝ၊ ကာလ မြန်မာ နိုင်ငံတစ်ဝှမ်းလုံး၏ အမျိုးဘာသာ သာသနာ၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အနေအထားအားလုံး ဆရာတော်မြင်တွေ့ခဲ့ပြီး ဖြစ်လေသည်။

ရန်ကုန်ဘုရားဖြူသို့ ရောက်ပြီးနောက် မူလ ရည်ရွယ်ချက်မှာ ပရိယတ် စာပေတတ်လျှင် ပြီးပြီ၊ လုံလောက်ပြီ၊ တော်ပြီ ဟူသော ရည်ရွယ်ချက်ကို အထက်ပါ မြန်မာနိုင်ငံ၏ အနေအထားနှင့် သော့တုစနေများ၏ တိုက်တွန်းချက်များအရ အစိုးရ သတ်မှတ်ကျင်းပနေသော စာမေးပွဲများ ဖြေဦးမှ ဖြစ်မည်ဟု ပြောင်းလဲခဲ့သည်။ စာမေးပွဲ အောင်သည့် ဂုဏ်ထူးဝိသေသများသည်လည်း လုပ်ငန်းဆောင် ရွက်ရာ၌ လွယ်ကူမှု အထောက်အပံ့ ဖြစ်စေတတ် ကြောင်း ဆရာတော် သဘောပေါက်လေသည်။

သို့အတွက် ဘုရားဖြူတိုက်ကြီးသို့ ရောက် ပြီး သက်တော် ၂၈-ဝါတော် ၈-ဝါမှ စ၍ ဖော်ပြ ခဲ့သည့်အတိုင်း စာမေးပွဲများ ဖြေဆိုခဲ့ရာ သက်တော် ၃၂-ဝါတော်၊ ၁၃-ဝါတွင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ ရတော်မူခဲ့ခြင်း ဖြစ်လေသည်။

လေးစားတော်မူကြ

ထိုသို့ ဘွဲ့ရရှိခြင်း၊ ဂဏဝါစက ၉-နှစ် ပို့ချခဲ့ခြင်းဖြင့် ခုတင်ဆောင်တောရ မထေရ်ကြီးအဖြစ် သို့ ရောက်ခဲ့သောကြောင့် နောက်ပိုင်းကာလများ၌ စာတတ်ပေတတ် ဓမ္မာစရိယဘွဲ့ရ မထေရ်များနှင့် တိပိဋကဓရထေရ်ကြီးများ၏ လေးစားချစ်ခင် ကြည် ညိုခြင်း၊ လုပ်ငန်းများ လွယ်ကူခြင်း ဖြစ်ပေသည်။

အခြားသော ဘွဲ့ရဆရာတော်မထေရ်များ ခုတင်ဆောင်ဘဝ ရောက်လာခြင်းများကို နောက် ပိုင်း၌ မြင်တွေ့ရပါလိမ့်မည်။

ရန်ကုန်မြို့
ပုဇွန်တောင်မြို့နယ်
ဘုရားဖြူ
ကျောင်းတိုက်ကြီးနှင့်
မုခ်ဦး



ဘုရားဖြူကျောင်းတိုက်ရှိ
တောရဆရာတော်လောင်းလျာ
သီတင်းသုံးခဲ့သည့်
=သံဃသမိတိ+
ကျောင်းတော်ကြီး

တောရဆရာတော်လောင်းလျာ
ဘုရားဖြူစာချဘုန်းကြီးဘဝ
သီတင်းသုံးခဲ့သော
အခန်းအဝင်

ဘုရားဖြူစာချဘုန်းကြီးဘဝ
သီတင်းသုံးခဲ့သော အခန်းအဝင်ဝ

ဘုရားဖြူဆရာတော် အရှင်ပညာဝံသ
(အဂ္ဂမဟာ ပဏ္ဍိတ) (၁၂၅၄ – ၁၃၃၃)
သက်တော်–၈၀ ဝါတော်–၆၀ ပျံလွန်

ဘုရားဖြူဆရာတော် အရှင်ပညာဝံသ
(အဂ္ဂမဟာပဏ္ဍိတ)၏ ရုပ်တုတော်

ဘုရားဖြူ လက်ရှိဆရာတော်
အရှင် နရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊
အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက)
(တောရဆရာတော်နှင့် သက်တူဝါတူ)

ဝိနယာနုဂ္ဂဟ-အကြီးတန်းအကျော် အရှင်တိသာဝယ၏

အတ္ထုပ္ပတ္တိ အကျဉ်းချုပ်။

ရမည်းသင်းခရိုင်၊ နွားကျင်းရွာ၊ အဘ-ဦးဘ-အမိ-ဒေါ်အေးမှုန် တို့မှ၊ ၁၂၈၃-ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော်(၆)ရက်၊ စနေနေ့နေ့လွဲဝက်, ၂-နာရီ-၃၀ မိနစ်အချိန်တွင်ဘွားမြင်သောအာဂါဘတ သား ရတနာဖြစ်ပေသည်။

၄-နှစ်သားအရွယ်ရှိသောအခါ၊ နွားကျင်းရွာမှ၊ ၁-မိုင်ခန့် ဝေးကွာသော၊ သရက်ကန်ကျောင်း ဆရာတော်၏ အထံတော်သို့ရောက်၍၊ ၁၂၉၇-ခု၊ ကဆုန်လ၊ ၁၃-နှစ်သားအရွယ်၌ ရှင်သာမဏေအဖြစ်သို့ရောက်ပြီးလျှင်၊ ၎င်းဆရာတော်၏ထံ၌ပင် ၁၃၀၂-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၂)ရက်တနင်္ဂနွေနေ့ညနေ ၇-နာရီ ၅၅-မိနစ်အချိန်တွင်ရဟန်းအဖြစ်သို့ရောက်ခဲ့ပါသည်။

သင်ယူခဲ့သောကျမ်းစာများ။

ရဟန်းဖြစ်၍ (၂)ဝါရရှိသောအခါ၊ ဇာတိရွာမှ ၆-မိုင်ခန့်ဝေးကွာသော၊ ဇီးဖြူတုန်းရွာ ဂန္ဓဝုဂတိုက်ကျောင်းသစ် ဆရာတော်၏အထံတော်သို့ရောက်၍၊ ၎င်းဆရာတော်၌ ကင်္ခါဝိတ ရဏီအဋ္ဌကထာ-ဋီကာ-ဘေဒ်,ဝိနည်း ၅-ကျမ်းပါဠိ,တော်နှင့်အဋ္ဌကထာ,အဘိဓမ္မ ၇-ကျမ်း၊ အဋ္ဌကထာ,အဘိဓါန်-ဇလက်ဘဆန်းစသော နေ့ဝါဘက်ကျမ်းဂန်များကိုလည်းကောင်း,မာတိကာနှင့် ဓါတု ကထာ-ယမိုက်,ပဌာန်းစသော ညဝါဘက်ကျမ်းစာများကိုလည်း၊ ၂-ဝါဂတ်ဝါ ၅-နှစ်တိုင်တိုင် သင်ယူသည်ဖြစ်ခဲ့ပါသည်။

၁၃၁၀-ခုနှစ်၊ပြာသိုလဆန်း ၁၀-ရက်နေ့၊ခုနစ်ကုန်ရွှေဘုန်းဖြူဆရာတော်၏အထံတော် သို့ရောက်လာပြီးလျှင်၊ ၎င်းဆရာတော်ထံ၌-ပါရာဇိကဏ်အဋ္ဌကထာ ပါစိတျာဒိ အဋ္ဌကထာ-ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာပရိဝါနှင့်ဒါယပါဠိတော်နေ့ဘုံပါဠိတော် စသောကျမ်းစာများကိုသင်ယူ သင်ယူခဲ့ဖြစ်ပါသည်။

အောင်မြင်ခဲ့သောစာပြန်ပွဲများ။

၁၃၁၁-ခုနှစ်၊အစိုးရပဌမငယ်တန်း၊ ၁၃၁၂-ခုနှစ်၊အစိုးရပထမလတ်တန်း၊၁၃၁၁-ခုနှစ်၊ ဝိနယာနုဂ္ဂဟစာသင်အစိုးသ်တန်း ၁၃၁၂-ခုနှစ်၊ဝိနယာနုဂ္ဂဟ စာသင် အလဝါဝိတန်းများကို အောင်မြင်ပြီးလျှင်၊၁၃၁၃-ခု(သာရ)နှစ်၌၊ ဝိနယာနုဂ္ဂဟ စာသင်းအကြီးတန်းကို ဝင်ရောက်ဖြေဆိုခဲ့ရာ၊ အောင်မှတ် အများဆုံးဖြင့် ပဌမ ရသောဂုဏ်ထူးအဖြစ်ဖြင့်အောင်မြင်ခဲ့လေသည်။

ဝိနယာနုဂ္ဂဟ အကြီးတန်းအကျော် အရှင်တိသာဝယ၏

ထေရုပ္ပတ္တိ အကျဉ်းချုပ် လက်ကမ်းစာစောင်

၁၃၁၅-ခုနှစ် (၁၉၅၄) ခုနှစ်
စာချတန်းတွင် အောင်မြင်တော်မူသော
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ
(အရှင်တိဿယ)၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်

(မှတ်များရာအလိုက် အစီအစဉ်နံပါတ်-၅၃)

သက်တော် .... ၃၂-နှစ်
ဝါတော် .... ၁၃-ဝါ

အရှင်တိဿယသည် ရမည်းသင်းမြို့ နဘူးကျောင်းရွာ အဘ ဦးဘ အမိဒေါ်အေးမှန်တို့မှ ၁၂၈၃-ခုနှစ် သီတင်းကျွတ် လဆုတ် ၆-ရက် စနေနေ့တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

၁၂၉၇-ခုနှစ်တွင် သာသနာဘောင်သို့ ဝင်ရောက်ခဲ့၍ ၁၃၀၂-ခုနှစ်တွင် ဆရာတော် ဦးစက္ကိန္ဒကို ဥပဇ္ဈာယ်ပြုလျက် ဦးဘ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ပါသည်။

၁၃၁၅-ခုနှစ် (ထပေါင်းလ) စာချတန်း စာမေးပွဲကို ရန်ကုန်မြို့ အရှေ့ပိုင်း ဘုရားဖြူကျောင်းတိုက် ဆရာတော် ဦးပညာဝံသ ထံမှ ဝင်ရောက်ဖြေဆို အောင်မြင်ပါသည်။

အောင်မြင်တော် မူခဲ့ပြီးသော စာမေးပွဲများ

၁၃၁၁-ခုနှစ် ဝိနယာနုဂ္ဂဟ အငယ်, ပဌမငယ်၊ ၁၃၁၂-ခုနှစ် ဝိနယာနုဂ္ဂဟ အလတ်, ပဌမလတ်၊ ၁၃၁၃-ခုနှစ် ဝိနယာနုဂ္ဂဟ အကြီးတန်း၊ ၁၃၁၄-ခုနှစ်တွင် အစိုးရ ပဌမကြီးတန်း၊ ၁၃၁၅-ခုနှစ်တွင် စာချတန်းကို အောင်မြင်ခဲ့ပါသည်။

စာလိုက်ခဲ့သော ကျောင်းတိုက်နှင့် ဆရာတော်များ

ရန်ကုန်မြို့ အရှေ့ပိုင်း ဗိုလ်တထောင်ဘုရားလမ်း ဘုရားဖြူကျောင်းတိုက် ဆရာတော် ဦးပညာဝံသ၊ ရမည်းသင်းခရိုင် ဖိုးဖြူကုန်းကျောင်းသစ် ဆရာတော် ဦးဥက္ကံသ၊ ရမည်းသင်းခရိုင် သက်ငယ်ချောင်း တောရကျောင်း ဆရာတော် ဦးသီဟ၊ မန္တလေးမြို့ တောင်ပြင် ဘုရားကြီးကိုက် ဦးနာဂဒေ စသည်တို့ ဖြစ်ပါသည်။

ယခုအခါ ရန်ကုန်မြို့ အရှေ့ပိုင်း ဘုရားဖြူကျောင်းတိုက်၌ သီတင်းသုံးနေထိုင်လျက် သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

**နိုင်ငံတော်အစိုးရ ၁၃၁၅ ခုနှစ် (၁၉၅၄) စာချတန်းအောင်မြင်တော်မူသော
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ အရှင်တိဿယ၏ ထေရုပ္ပတ္တိအကျဉ်း**

ရဟန်းခံ၊ ရှင်ပြု ဘုရားနှင့် ကျောင်းရေစက်ချ နားသမင်္ဂလာ

ဖိတ်ကြားစာ

[illegible]

ကျင်းပမည့်နေ့ရက် – ၁၃၂၁-ခု [illegible] (၁၄)ရက် (9-4-60) စနေနေ့

ကျင်းပမည့်အချိန် – နံနက် ၈ နာရီမှ နေ့လည် ၂-နာရီအချိန်တွင် [illegible]

ကျင်းပမည့်နေရာ – ရန်ကုန်မြို့ [illegible] ''ဘုရားဖြူ ကျောင်းတိုက်''သို့

၁၃၂၁ ခုနှစ် (၉.၄.၆၀) နေ့ သိက္ခာ ထပ် ရဟန်းခံ၊ ရှင်ပြု ဘုရားနှင့် ကျောင်း ရေစက်ချ နားသမင်္ဂလာ ဖိတ်ကြားစာ

သိက္ခာထပ် ရဟန်းဒါယကာ ဦးသာကြွယ် + ဒေါ်ဒေါ်အေး
(အလယ် ရဟန်းမှာ တောရဆရာတော်လောင်းလျာ) နှင့် ရှင်သာမဏေဘဝဖြင့်
ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်ဝင်းနှင့် ဗိုလ်မှူးကြီး ခင်မောင်သိန်းတို့ ငယ်စဉ်က

ဒုတိယပိုင်း

ဘုရားဖြူဂန္ဓာဝါစကာ စာချဘုန်းကြီးဘဝ

သက်တော် ၃၂-မှ ၄၂-ထိ

သာသနာတော်နှစ်	-	၂၄၉၈-မှ ၂၅၁၇-ထိ
ကောဇာ	-	၁၃၁၆-မှ ၁၃၂၅-ထိ
ခရစ်နှစ်	-	၁၉၅၅-မှ ၁၉၆၃-ထိ

သာသနာတော်အတွက် ဆောင်ရွက်ချက်များ

* စာချဘုန်းကြီးအဖြစ် ၉-နှစ် ၉-ဝါတိုင် ဆောင်ရွက်တော်မူခဲ့ခြင်း။
* ပိဋကသုံးပုံ နိကာယ်ငါးရပ် ပလ္လင်ပေါက် ၃-နှစ်တိုင် ကြည့်ရှုတော်မူခဲ့ခြင်း။
* သိက္ခာထပ်ခြင်း - ၁၃၂၁ ခုနှစ်၊ သိက္ခာထပ်ခြင်း။
* ဘဝတစ်လျှောက်လုံး ဤ ၁-ကြိမ်သာ သိက္ခာထပ်တော်မူခြင်း။
* စာဝါများ ပို့ချ = တစ်နေ့လျှင် ၅-ကြိမ် ပို့ချတော်မူခဲ့ခြင်း။
* မဟာစရိယာဘွဲ့ရတာပည့်များ ပေါ်ထွန်းခြင်း။

အခန်း (၂)

ဘုရားဖြူ ဂဏဝါစက စာချဘုန်းကြီးဘဝ

သာသနာ–၂၄၉၈၊ ကောဇာ ၁၃၁၆–ခုနှစ် (၁၉၅၅) ဘုရားဖြူကျောင်းတိုက်ကြီး၌ ဂဏဝါစက စာချဘုန်းကြီးအဖြစ် ဦးစီးနာယက ဘဒ္ဒန္တပညာဝံသ ထေရ်ကြီးက တောရဆရာတော်လောင်းလျာအား ခန့်အပ်၏။ ချီးမြှောက်၏။ သိဿာနုသိဿ တပည့်အပေါင်းတို့အား နေ့ဝါညဝါ စာပေများ ပို့ချ၏။ ပရိယတ္တိသာသနာတော်ကြီး အရှည်ခံ၍ တည်တံ့စေရန် ဘုရားဖြူဆရာတော်၏ လက်အောက်၌ ဘဒ္ဒန္တဝဏ္ဏိမာ နောင်အခါ (အဂ္ဂမဟာပဏ္ဍိတ)နှင့် ဘဒ္ဒန္တ နရိန္ဒာဘိဝံသ နောင်အခါ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇနှင့် အဂ္ဂမဟာပဏ္ဍိတ) တို့နှင့် အတူတကွ စာချဘုန်းကြီးများအဖြစ် သာသနာတော်၏ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်တော်မူခဲ့ကြ၏။

ခေါက်စား

ထိုအချိန်မှစ၍ ဆွမ်းမခံဘဲ တုန်းခေါက်လျှင် ဆွမ်းစားကျောင်းပေါ်တက်ပြီး ဆွမ်းဘုန်းပေးရသော စာချဘုန်းကြီး အခွင့်အရေး ရခဲ့ပါ၏။ 'ခေါက်စား' ဟု သာသနာတွင် သုံး၏။ ၁၃၁၆–ခုနှစ်၊ သီတင်းကျွတ်လမှ ၁၃၁၇–ခုနှစ်၊ သီတင်းကျွတ်လအထိ ၁–နှစ်တာ စာချဘုန်းကြီးအခွင့်အရေး အရသာ ခံစားသည့်အနေဖြင့် ဆွမ်းမခံဘဲ ဆွမ်းစားကျောင်းပေါ်တက်ပြီး ဘုန်းပေးခဲ့၏။

စာချဘုန်းကြီးဘဝ ၁–နှစ်ပြည့်ပြီးချိန် ၁၃၁၇–ခုနှစ် တန်ဆောင်မုန်း ၁–ရက်နေ့မှစ၍ ၁၃၂၅–ခုနှစ်အထိ နှစ်ပေါင်း ၈–နှစ်ကျော်ကျော် စာချဘုန်းကြီး၏ အခွင့်အရေးမယူဘဲ စာသင်သားများကဲ့သို့ ဆွမ်းခံဘုန်းပေးကာ စာချပေးတော်မူခဲ့၏။

စာဝါ ၅-ကြိမ်ပို့ချ

စာဝါများကို တစ်နေ့လျှင် ၅-ကြိမ်ထိ ပို့ချ၏။ သောတုဇနစာသင်သားလောကတွင် စာချကောင်းသည်ဟု နာမည်ကျော်ကြား၏။ ဆရာတော်၏တပည့် မန္တာစရိယ ဘွဲ့ရ စာချဆရာတော် မြောက်မြားစွာ ပေါ်ထွက်ခဲ့၏။

ဘွဲ့ရဆရာတော်များစွာတို့တွင် သရက်ကန်ကျောင်းထိုင် ဆရာတော် ဦးဉာဏိန္ဒ (မန္တာစရိယ)၊ သက္ကယ်ကျင်း တောရဆရာတော် ဦးဉာဏဝံသ (မန္တာစရိယ)၊ ဇီးဖြူကုန်းဆရာတော် ဦးကလျာဏ (မန္တာစရိယ) တို့မှာ ဆရာတော်ထံ စာလိုက်ခဲ့သော တပည့်ရင်းကြီးများဖြစ်ကြောင်း သိရပါသည်။

ရှာမှရှား ကြည်ညိုစရာတွေ

ယခု သက်တော် ထင်ရှားရှိသော ကမ္ဘာအေးကုန်းမြေရှိ ရန်ကုန် အဘိဓာန်ကျမ်းပြု ဦးပညောဘာသ (မန္တာစရိယ)၏ မိန့်ကြားချက်မှာ- ဘုရားဖြူမှာနေစဉ် တောရဆရာတော် ဦးတိဿရ ထံမှာ စာလိုက်ခဲ့ဖူးတယ်၊ ဆရာတော်နှင့် အသက်က သိပ်မကွာပေမယ့် အနေအထိုင်က သိပ်လေးစားလောက်တယ်၊ ဒါကြောင့် ငယ်ဆရာတစ်ပါးလို အမြဲ ရိုသေတယ်၊ သာသနာတော်မှာ 'ရှာမှရှားတဲ့ ကြည်ညိုစရာတွေ တောရဆရာတော်မှာ အများကြီးရှိတယ်၊ အမြဲရှိတယ်' ဟု မိန့်တော်မူသည်။

ဆွမ်းစုတင် ၅-ပါး ဆောင်တော်မူ

၁၃၁၇-ခုနှစ် စာချဘုန်းကြီးဘဝမှာပင် ဆွမ်းစုတင် ၅-ပါးကို စတင် ဆောင်တော်မူခဲ့သည်။ ဆွမ်းခံရပ်ကွက် ဖွဲ့မြဲစွာ မထားမူ၍ တနင်္ဂနွေနေ့ဝင်သောလမ်း၊ တနင်္လာလမ်း စသည်ဖြင့် နေ့စဉ်လမ်းအလိုက် ဆွမ်းခံဝင်ခဲ့၏။ တနင်္ဂနွေဘုန်းကြီး ကြွလာပြီ၊ တနင်္လာဘုန်းကြီး ကြွလာပြီ၊ အစဉ်အတိုင်း သောကြာ ဘုန်းကြီး ကြွလာပြီဟု ဆော်ဩ၏။

စနေသား၊ စနေဘုန်းကြီး အခေါ်မခံရ

စနေနေ့မှာ မွေးနေ့ဖြစ်၍ သက်သတ်လွတ်ဘုန်းပေးမည် စိတ်ကူးလျက် စနေနေ့ သက်သတ်လွတ် ဆွမ်းခံ၏။ ထိုလမ်းရှိ ကလေးသူငယ်များက သက်သတ်လွတ်ဘုန်းကြီး ကြွလာပြီဟု ဆော်ဩ၏။ စနေသား စနေဘုန်းကြီးအခေါ်မခံရဘူး ဟု မကြာခဏ စကားစပ်မိသည့်အခါတိုင်း မိန့်တော်မူခဲ့၏။

နိဿဂ္ဂိထိုက်သော ပစ္စည်း ဘာတစ်ခုမျှ မရှိ

တောရဆရာတော်လောင်းလျာသည် သောတုဇန စာသင်သားဘဝကပင် 'ရူပိယသံသဂ္ဂ သိက္ခာပုဒ်' ကို လုံခြုံအောင် စောင့်ထိန်း နိုင်ခဲ့၏။ တစ်ရံရောအခါ မိတ်ဆွေ ရဟန်းတစ်ပါးက 'အရှင်တိဿရ ဒီစာအုပ် ဘယ်လောက်ပေးရသလဲ၊ ဟိုပစ္စည်း ဘယ်လောက် ပေးရသလဲ' မေးသောအခါ တပည့်တော်မှာ 'နိဿဂ္ဂိထိုက်သော ပစ္စည်း ဘာတစ်ခုမျှ မရှိပါ' ဟု ပြန်လျှောက်၏။ ဤစကားအရ ရူပိယသံသဂ္ဂ သိက္ခာပုဒ် လုံခြုံအောင် စောင့်ထိန်းနိုင်ကြောင်း သိသာလှ၏။

ငွေတစ်ပြားမျှ မရှိသော စာချဘုန်းကြီး

တောရဆရာတော် လောင်းလျာသည် မူလက နဝကမ္မဝတ္ထုအတွက် ကပ္ပိယကာရကဖြစ်သော ရဟန်းတို့အား အပ်စပ်သောပစ္စည်းကို ကပ္ပိယ

ကာရကထံ တောင်းခံခဲ့၏။ စာချဘုန်းကြီးဖြစ်စတစ်နေ့သောအခါ ဤသို့ အကြံဖြစ်၏။ 'ကပ္ပိယကာရကထံ နဝကမ္မဝတ္ထု သိမ်းဆည်းစေပြီး ရဟန်းတို့အား အပ်စပ်သောပစ္စည်းကိုသာ တောင်းခံသောနည်းသည် ဝိနည်းအပြစ်, သိက္ခာပုဒ်အပြစ်တော့လွတ်၏။

ဒါပေမယ့် ငါပိုင် နဝကမ္မဝတ္ထုငွေ ကပ္ပိယကာရကထံမှာ ဘယ်ရွေ့ဘယ်မျှ ရှိသနည်း ဟု စိတ်ရောက်လျှင် သင်္ဃာယဒိဋ္ဌိဖြစ်၏ ဟု အကြံဖြစ်ကာ ကပ္ပိယကာရကအား ငွေကြက်မှု ကင်းစွာ အာလယပြတ် စွန့်လွှတ်၏။ ထိုနေ့မှစ၍ ငွေတစ်ပြားမျှ မရှိသော စာချဘုန်းကြီးဘဝ ဖြစ်သွားတော့၏။ (နဝကမ္မ သိမ်းဆည်းသူ ကပ္ပိယအား ရှိသမျှငွေအကုန် ပုဆိုး အင်္ကျီဝယ်ဝတ်ပါ၊ ဝယ်ပြီး ဝတ်ပါ လာပြပါ ခိုင်းရာ၊ လာပြကြောင်း စကားစပ်မိသည့်အခါ မိန့်တော်မူသည်ကို မိမိ စာရေးသူ မှတ်သားထားခဲ့ပါ၏။

ကျမ်းအိပ် နိကာယ်ကျမ်းများ အဋ္ဌကထာနှင့် တွဲ၍ ကြည့်ရှုတော်မူခြင်း

တောရဆရာတော် လောင်းလျာသည် စာဝါများတစ်နေ့ ၅–ကြိမ်မှန်မှန် ပို့ချ၏။ ကျန်ရှိသော အချိန်များ၌ သင်ရိုးပိဋကတ်မှတစ်ပါး ကျမ်းအိပ်ခေါ် နိကာယ်ကျမ်းများကို အဋ္ဌကထာနှင့် တွဲဖက်၍ ကြည့်ရှုလေ့လာခဲ့ရာ သုံးနှစ်ကြာသောအခါ ကျမ်းအိပ်နိကာယ်များ၊ ပလ္လင်ပေါက် ကုန်စင်ပြီးဆုံးခဲ့၏။ ဤကား ဘုရားဖြူ စာချဘုန်းကြီးဘဝ၌ ပထမဆုံး အကြိမ် ပိဋကတ်သုံးပုံကုန်စင် ပြီးမြောက်အောင် ပါဠိတော်နှင့် အဋ္ဌကထာ တွဲဖက်၍ ကြည့်ရှုခြင်း ဖြစ်ပါ၏။

ပိဋကသုံးပုံ နိကာယ်ငါးရပ်ဟူသည်

ဤနေရာ၌ ပိဋကသုံးပုံနှင့် နိကာယ်ငါးရပ် တောရဆရာတော်အနေဖြင့် ဖတ်ရှုလေ့လာခဲ့ကြောင်း ဖော်ပြခဲ့ရာ လူပုဂ္ဂိုလ်များအနေဖြင့် သဘောတရားမျှဖြစ်စေ သိသင့်သိအပ်လှသည်ဟု ယူဆပါသည်။

ရဟန်းတော်များနှင့်သာ ဆိုင်သည် မိမိတို့နှင့် မဆိုင်ဟု မယူအပ်၊ လေ့လာအပ်၏။ ဆင်ခြင်အပ်၏။ ပါရမီဉာဏ် ရင့်သန်သည့် တစ်ခုသောကာလ တစ်ခုသောဘဝအတွက် အထောက်အပံ့ကောင်း မုချမသွေ ဖြစ်နိုင်ပေရာ၏ ဟူသော သမ္မာဆန္ဒဖြင့် သိကောင်းစရာများ လေ့လာကောက်နုတ်တင်ပြလိုက်ပါသည်။

ပါဠိတော် စကားတော်အစဉ်

ကာလအားဖြင့် ၄၅–နှစ်၊ ၄၅–ဝါ အတွင်း ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည့် တရားစကားတော်များကို ပါဠိတော် (စကားတော်အစဉ်) ဟု ခေါ်ဝေါ်ကြရလေသည်။

ထိုပါဠိတော် (စကားတော်အစဉ်) တို့ကို သံဂါယနာတင်မူပြုတော်မူကြသည့် အရှင်မြတ်တို့က–

၁။ ဝိမုတ္တိရသ အားဖြင့် – ၁–ပါး

၂။ ဓမ္မ ဝိနယအားဖြင့် – ၂–ပါး

၃။ ဝစန အားဖြင့် – ၃–မျိုး

၄။ ပိဋကအားဖြင့် – ၃–ပုံ

၅။ နိကာယ်အားဖြင့် – ၅–ရပ်

၆။ ဓမ္မက္ခန္ဓာအားဖြင့် – ၈၄၀၀၀

(ရှစ်သောင်းလေးထောင်)

ဟု ပိုင်းခြားခွဲဝေ၍ သတ်မှတ်ထားတော်မူခဲ့ကြလေသည်။

ထို ၆–မျိုးတို့တွင် (၁) (၂) (၃) နှင့် (၆) တို့ကို ချန်ထား၍ မိမိတို့ အထူးသိအပ်သည့် ပိဋကသုံးပုံနှင့် နိကာယ်ငါးရပ်တို့ အကြောင်းကို ရေးသားဖော်ပြလိုက်ပါသည်။

နိကာယ်ငါးရပ်

'နိကာယ်' ဟူသော စကားမှာ 'နိကာယ' ဟူသော ပါဠိစကားပင်ဖြစ်သည်။ အဓိပ္ပါယ်မှာ 'အပေါင်းအစု' ဟု ဆိုလိုသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များကို အမျိုးအစား ပိုင်းခြား၍ အစု ငါးစုပြု၍ ထားခဲ့သည်ကို 'နိကာယ်ငါးရပ်' ဟု ခေါ်သည်။

ထို နိကာယ်ငါးရပ်တို့မှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

(၁) ဒီဃနိကာယ = ရှည်သော သုတ်များကို စုပေါင်းထားခြင်း။

(၂) မဇ္ဈိမနိကာယ = မရှည်မတို အလယ်အလတ်သုတ်တို့ကို စုပေါင်းထားခြင်း။

(၃) သံယုတ္တနိကာယ= တရားသဘောအားဖြင့် လည်းကောင်း၊ ဟောကြားချက်အားဖြင့် လည်းကောင်း တူသည်ဖြစ်၍ ယှဉ်တွဲသင့်သည့် သုတ်တို့ကို ယှဉ်တွဲ၍ စုပေါင်းထားခြင်း။

(၄) အင်္ဂုတ္တရနိကာယ = အင်္ဂါတစ်ခုစီပါဝင်သည့် သုတ်များကို စုပေါင်းထားခြင်း၊ တစ်နည်းဆိုသော် တစ်ပါး နှစ်ပါး သုံးပါး စသည်ဖြင့် ၁၁–မျိုးအထိ တရားသဘောအင်္ဂါရပ်များကို တိုး၍ တိုး၍ ပိုမိုပြဆိုအပ်သော သုတ် အသီးသီးတို့ကို စုပေါင်းထားခြင်း၊

(၅) ခုဒ္ဒကနိကာယ = အတိုင်းအရှည် ပမာဏအားဖြင့် တိုသော သုတ်များကို စုပေါင်းထားခြင်း။

ဤသို့အားဖြင့် အစုနိကာယ်ပေါင်း ငါးခုရှိလေသည်။ ထို နိကာယ်ငါးရပ်ကို ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်ဟု ခေါ်ဝေါ်လေ့ရှိသည်။

နိကာယ်ငါးရပ်နှင့် ပိဋကသုံးပုံတို့၏ ဆက်သွယ်ပုံကိုလည်း သိအပ် သိထိုက်သည်အား လျော်စွာ အမြွက်မျှ ဖော်ပြပါဦးအံ့။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်အားလုံးကို နိကာယ်အရ ပိုင်းခြားလျှင် အထက်၌ ပြခဲ့သည့်အတိုင်း ငါးစုဖြစ်၍ ပိဋကအရ ခွဲခြားလျှင် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ သုံးစုဖြစ်လေသည်။ မြတ်စွာဘုရား ဟောကြားတော်မူသည့် ပါဠိတော်ကျမ်းရင်းမှာ ၅၂–ကျမ်းဖြစ်သည်။ ယခုအခါ ဆဋ္ဌသံဂါယနာမှ ရိုက်နှိပ်ထုတ်ဝေသည့်အတိုင်းမှာ စာအုပ်–၄၀ ဖြစ်သည်။ အချို့ကျမ်းများကို တစ်အုပ်တည်း၌ စုပေါင်း ရိုက်နှိပ်သဖြင့် ကျမ်းအရေအတွက်အားဖြင့် ၅၂–ကျမ်း ရှိသော်လည်း စာအုပ်အရေအတွက်မှာ ၄၀–သာ ဖြစ်ချေသည်။

ကျမ်းပေါင်း ၅၂–ကျမ်းတို့မှာ –

(၁) ဒီဃနိကာယ်	၃–ကျမ်း	(၃–အုပ်)
(၂) မဇ္ဈိမနိကာယ်	၃–ကျမ်း	(၃–အုပ်)
(၃) သံယုတ္တနိကာယ်	၅–ကျမ်း	(၃–အုပ်)
(၄) အင်္ဂုတ္တရနိကာယ်	၁၁–ကျမ်း	(၃–အုပ်)
(၅) ခုဒ္ဒကနိကာယ်	၃၀–ကျမ်း	(၂၈–အုပ်)
ပေါင်း =	၅၂–ကျမ်း	၄၀–အုပ်

(က) ဝိနည်း ၅–ကျမ်း (၅–အုပ်)

(ခ) အဘိဓမ္မာ ၇–ကျမ်း (၁၂–အုပ်)

(ဂ) သုတ္တန် ၁၈–ကျမ်း (၁၁–အုပ်)၃၀–ကျမ်း (၂၈ အုပ်)

ထိုကျမ်းတို့ကို ပိဋကအရ ခွဲခြားဝေဖန်သော် အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) သုတ္တန်ပိဋက ၌ အကျုံးဝင်သော နိကာယ်နှင့် ကျမ်းများမှာ –

(က)	ဒီဃနိကာယ်	၃–ကျမ်း	(၃–အုပ်)
(ခ)	မဇ္ဈိမနိကာယ်	၃–ကျမ်း	(၃–အုပ်)
(ဂ)	သံယုတ္တနိကာယ်	၅–ကျမ်း	(၃–အုပ်)
(ဃ)	အင်္ဂုတ္တရနိကာယ်	၁၁–ကျမ်း	(၃–အုပ်)
(င)	ခုဒ္ဒကနိကာယ်	၁၈–ကျမ်း	(၁၁–အုပ်)

စုစုပေါင်း= ကျမ်းပေါင်း ၄၀၊ စာအုပ်ပေါင်း ၂၃–အုပ်။

(၂) ဝိနည်းပိဋက ၌အကျုံးဝင်သော နိကာယ်နှင့် ကျမ်းများမှာ –

ခုဒ္ဒကနိကာယ်မှ ဝိနည်း ၅ – ကျမ်း (၅ အုပ်)

(၃) အဘိဓမ္မာပိဋက ၌ အကျုံးဝင်သော နိကာယ်နှင့် ကျမ်းများမှာ –

ခုဒ္ဒကနိကာယ်မှ အဘိဓမ္မာ ၇–ကျမ်း (၁၂–အုပ်)

ကျမ်းပေါင်း ၁၂၊ စာအုပ်ပေါင်း ၁၇–အုပ်။

နိကာယ်ငါးရပ်တို့၏ အကြောင်းအရာ

ယခုတဖန် နိကာယ်ငါးရပ် အသီးသီးတို့ တွင် ပါဝင်သော အကြောင်းအရာများကို နိကာယ် တစ်ခုစီ တစ်ခုစီ ခွဲခြား၍ အကျဉ်းအားဖြင့် ဖော်ပြပါဦးအံ့။

၁။ ဒီဃနိကာယ (ဒီဃနိကာယ်)

ဒီဃနိကာယ (ရှည်သောသုတ်များအစု) ၌ သုံးစုထပ်၍ ခွဲပြန်လေသည်။ 'ဝဂ္ဂ' ဟူသော ပါဠိစကား၏ အဓိပ္ပါယ်မှာ 'အစု' ဖြစ်သည်။ မြန်မာအခေါ်အဝေါ် အားဖြင့် 'ဝဂ်' ဟု ခေါ်သည်။

ထိုဝဂ္ဂသုံးခုတို့မှာ –

သုတ် (၃) ကျမ်း

(၁)သီလက္ခန္ဓဝဂ္ဂ(သီလက္ခန္ဓဝဂ်)=သုတ်သီလက္ခန်

(၂)မဟာဝဂ္ဂ(မဟာဝဂ်) = သုတ်မဟာဝါ

(၃)ပါထိကဝဂ္ဂ(ပါထိကဝဂ်) = သုတ်ပါထေယျ

(၁) သီလက္ခန္ဓဝဂ္ဂ (မြန်မာအခေါ် သုတ်သီလက္ခန်) ပါဠိတော်တွင် သုတ်ပေါင်း ၁၃–သုတ်ပါရှိသည်။ ထို ၁၃–သုတ်တို့အနက် ဗြဟ္မဇာလသုတ်၌ ဒိဋ္ဌိ ၆၂–ပါးတို့ကို သဗ္ဗညုတ ဉာဏ်တော်ဖြင့် အကျယ်ဟောကြားတော်မူသည်။ ထို့ပြင် ထိုဒိဋ္ဌိ ၆၂–ပါးတို့ကို ဖဿာယတန၊ ဒွါရခြောက်ပါး စသည်တို့ဖြင့် ဝေဖန်၍ ထိုမိစ္ဆာအယူရှိသူ တစ်စုံတစ်ယောက်မျှ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဒေသနာကွန်ယက်မှ လွတ်ထွက်၍ မသွားနိုင်ကြောင်း ဟောတော်မူသည်။ ဘုရားရှင်နှင့် စင်ပြိုင်ဝါဒထူထောင်ခဲ့သော တိတ္ထိဂိုဏ်းဆရာကြီး ၆–ဦးတို့၏ ဝါဒတို့နှင့်တကွ ရဟန်းဖြစ်ကျိုး အဆင့်ဆင့်တို့ကိုပြဆိုရာ သာမညဖလ သုတ်ကိုလည်း ဖတ်ရှုရပေမည်။

ထို့ပြင် ဗြာဟ္မဏစာတ်သာ အမြင့်မြတ်ဆုံးဟု အယူရှိကြသော ပုဏ္ဏားတို့၏ဝါဒနှင့် ဇာတ်ဝါဒ မှန်သမျှကို သဘာဝကျကျ ရှင်းလင်းချက်များပါသော အမ္ဗဋ္ဌသုတ်နှင့် သောဏဒဏ္ဍသုတ်စသည်တို့လည်း ဤပါဠိတော်၌ ပါဝင်ပေသည်။

အထူးသဖြင့် သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲ၍ ယဇ်ပွဲကြီးများဖန်တီးခဲ့သော ဝါဒကိုချေမှုန်း၍ ယဇ်ဟူသည် လယ်ယာလုပ်ကိုင်သူတို့အား မျိုးရိက္ခာပေးခြင်း စသည်သာဖြစ်ကြောင်း ဘုရားရှင်ကိုယ်တိုင် ရှင်းလင်းဟောပြခဲ့သည့် ကူဋဒန္တသုတ်တော်ကြီးလည်း ဤပါဠိတော်၌ ပါဝင်ပေသည်။

ဤသုတ်တော်ကြီး၌ တိုင်းပြည်ပြု ပုဂ္ဂိုလ်များ ဖတ်ရှုမှတ်သားဖွယ် အများအပြား ပါဝင်သဖြင့် အမြဲခေတ်မီနေသော သုတ်တော်ကြီးပင်ဖြစ်ပေ၏။

ထို့မှတစ်ပါး သီလ သမာဓိ ပညာ စခန်းတို့ကို ခွဲခြမ်းဝေဖန်ပြရာဖြစ်သော မဟာလိသုတ်စသည်တို့အပြင် နောက်ဆုံး ဤပါဠိတော်၌ ပါဝင်သော တေဝိဇ္ဇသုတ်၌ကား ဗေဒသုံးပုံဆောင် ပုဏ္ဏားတို့၏ စကားများ အခြေအမြစ်မရှိပုံနှင့် ဗြဟ္မာ့ပြည်သို့ သွားရာ လမ်းကြောင်းအစစ်ကို ဟောကြားတော်မူပုံ စသည် တို့ကို စိတ်ဝင်စားဖွယ် ဖတ်ရှုနိုင်ကြပါသည်။

(၂) မဟာဝဂ္ဂ (မြန်မာအခေါ် သုတ်မဟာဝါ) ပါဠိတော်တွင် သုတ်ပေါင်း ၁၀–သုတ်ပါသည့်အနက် ဗုဒ္ဓဘုရား ပရိနိဗ္ဗာန်စံခန်းနှင့် ပရိနိဗ္ဗာန်မစံမီ အခြေအနေများ၊ ဗုဒ္ဓခေတ်မဇ္ဈိမဒေသ အခြေအနေများ၊ ယဉ်ကျေးမှုများ၊ လောကီ လောကုတ္တရာ ကြီးပွား အောင်မြင်ရေးတရားများကို အရင်းကျကျ ပြဆိုရာ မဟာပရိနိဗ္ဗာန သုတ်တော်ကြီးလည်း ပါဝင်လေသည်။

ထို့ပြင် ဤကျမ်း၌ပင် ဗုဒ္ဓဘာသာ လောကတွင် အခြေခံအကျဆုံးဖြစ်သည့် မဟာသတိပဋ္ဌာန သုတ်တော် (မြန်မာပြန်)ကိုလည်း အပိုအလိုမရှိ ဘိတိကျကျ ဖတ်ရှုနိုင်ကြပါသည်။

ဤပါဠိတော်လာ မဟာနိဒါနသုတ်တော်ကြီးကား အလွန်တရာ ခက်ခဲ နက်နဲသိမြင်နိုင်ခဲသော ပဋိစ္စသမုပ္ပါဒ် သဘောများကို အကျယ် ဝေဖန်ဟောပြတော်မူရာ သုတ်တော်ကြီး ဖြစ်ပေသည်။

ယခုခေတ်တွင် အလွန်ခေတ်စားနေသည့် တမလွန်လောကရှိ မရှိဟူသော ပြဿနာအတွက်

ဗုဒ္ဓဒေသနာကျမ်းလာ တိုက်ရိုက် အခြေများကိုလည်း ဤပါဠိတော်ကျမ်း၌ပါရှိသည့် ပါယာသိသုတ်၌ ဥပမာ အမျိုးမျိုးဖြင့် ဖြေရှင်းဟောကြားထားသဖြင့် ဖတ်ရှု၍ မငြီးနိုင်အောင် တွေ့ရှိနိုင်ပေသည်။

(၃) ဒီဃနိကာယ်၏ နောက်ဆုံးကျမ်း ဖြစ်သည့် ပါထိကဝဂ္ဂ (သုတ်ပါထေယျ) ပါဠိတော်၌ ကမ္ဘာဖြစ်ပုံ ပျက်ပုံ အယူအဆများကို အရင်းကျကျ အကျယ်တဝင့် ပြဆိုထားသော အဂ္ဂည သုတ်ကို ဖတ်ရှုလေ့လာနိုင်ကြပေမည်။

ထို့ပြင် ဗုဒ္ဓမြတ်စွာ၏ ရုပ်ပုံတော်ကို သရုပ်ဖော်၍ ပြရာဖြစ်သော မဟာပုရိသလက္ခဏာ ကျမ်းဟု ခေါ်ဆိုထိုက်သည့် လက္ခဏသုတ်တော်ကြီးကိုလည်း ဤပါဠိတော်၌ပင် ဖတ်ရှုနိုင်ကြပါသည်။ ထိုသုတ်တော်တွင် ဘုရားရှင်၏ လက္ခဏာ ၃၂–ပါးအနက် တစ်ပါးတစ်ပါးလျှင် (၁) အကြောင်းကံ၊ (၂)ကံ၏အကျိုး၊ (၃)လက္ခဏာ၊ (၄)လက္ခဏာ၏ အကျိုးဟူ၍ လေးမျိုးစီ ပြဆိုထားသဖြင့် ဗုဒ္ဓမြတ်စွာအား ကြည်ညို၍ မဆုံးနိုင်အောင် ဖတ်ရှုတွေ့ရှိရပေမည်။

ဤပါဠိတော်၌ သုတ်ပေါင်း ၁၁–သုတ်ပါရှိလေရာ ပြဆိုခဲ့သည့် အချက်များမှ တစ်ပါး အခြားမှတ်ဖွယ်များလည်း အပြည့်အနက် ပါရှိလေသည်။

၂။ မဇ္ဈိမနိကာယ်

မဇ္ဈိမနိကာယ်ဟူသည်ကား (ခုဒ္ဒကနိကာယ်ကဲ့သို့လည်း) မကျဉ်းလွန်း မတိုလွန်း (ဒီဃနိကာယ်ကဲ့သို့လည်း) မကျယ်လွန်း မရှည်လွန်းဘဲ အလယ်အလတ်ဖြစ်သည့် ဗုဒ္ဓဘုရား၏ စကားတော် (သုတ်တော်)များကို စုပေါင်းထားရာ ဖြစ်သောကြောင့် မဇ္ဈိမနိကာယ်ဟု ခေါ်ရလေသည်။ (မဇ္ဈိမ= အလယ်အလတ် + နိကာယ = အစုအပေါင်း)။

ထိုမဇ္ဈိမနိကာယ၌ ပါရှိသော သုတ်များကို သုတ်ငါးဆယ်လျှင် တစ်ကျမ်းပြုကာ သုံးကျမ်းခွဲထားပြန်လေသည်။ ၎င်းတို့မှာ –

(၁) မူလပဏ္ဏာသ (ရှေးဦးအခြေဖြစ်သည့် သုတ်ငါးဆယ်ပါသောကျမ်း)၊

(၂) မဇ္ဈိမပဏ္ဏာသ (အလယ်ဖြစ်သည့် သုတ်ငါးဆယ်ပါသောကျမ်း)

(၃) ဥပရိပဏ္ဏာသ (နောက်ဆုံးသုတ် ၅၂ သုတ်ပါသောကျမ်း)

တို့ ဖြစ်ကြလေသည်။

၎င်းတို့ကို ပဏ္ဏာသ သုံးကျမ်းဟုလည်း ခေါ်ဝေါ်ကြသည်။ (ပဏ္ဏာသ=ပညာသ= ငါးဆယ်)။

မှတ်ချက်

ဥပရိပဏ္ဏာသ၌ ၅၂–သုတ်မျှ ရှိသော်လည်း သာမည အပိုအလိုကို ပမာဏ မပြုသောနည်းအားဖြင့် ခေါ်ခြင်းမျိုး ဖြစ်သည်။

မူလပဏ္ဏာသ ၌ အစဦးဖြစ်သည့် မူလပရိယာယသုတ်သည် 'အတ္တ' ပြုတ်ရေးအတွက် အခြေခံ ပရိယာယ်စုံစွာ တန်ဆာဆင်၍ ဟောထားတော်မူသော သုတ်တော်ဖြစ်လေသည်။ ထို့ကြောင့် လွယ်မယောင်နှင့် များစွာ ခက်ခဲနက်နဲသည့် သုတ်တော်ဖြစ်လေရာ ယခုအခါ တိုင်းရင်းမြန်မာဘာသာဖြင့် မြန်မာလူမျိုးတိုင်း လွယ်ကူစွာ လေ့လာနိုင်ခွင့်ရကြပေပြီ။

ဤမှတစ်ပါး ဤပဏ္ဏာသ ၃–ကျမ်းတို့၌ ဗုဒ္ဓဘာသာလောကတွင် မဖတ်လျှင်မဖြစ်၊ မသိလျှင်

မဖြစ်ဟု ဆိုရမည့် သမ္မာဒိဋ္ဌိ အလင်းဉာဏ်ကို ပွင့်စေမည့် သမ္မာဒိဋ္ဌိသုတ်၊ ဝိသုဒ္ဓိ ၇–ပါးကို ရထား ၇–စင်း ဥပမာဖြင့် ပြဆိုရာ ရထဝိနီတသုတ်၊ အနတ္တ ဝါဒအောင်ပွဲကြီးကို သဘောနှင့်တကွ ပြဆိုရာ စူဠသစ္စကသုတ်၊ သတ္တာဿယဒိဋ္ဌိချုတ်ခန်း၊ မဂ်တက်စဉ် လမ်းကို ပြဆိုရာ စူဠဝေဒလ္လသုတ်၊ ခတ်ကမ္ဘာခန်း ကျမ်းဟု ခေါ်ထိုက်သည့် မဟာရာဟုလောဝါဒသုတ်၊ ကမ္မဿကတာဉာဏ် ရင့်သန်စေမည့် စူဠကမ္မဝိဘင်္ဂ သုတ်၊ ဒါနအကျိုး အမျိုးမျိုးကို ခွဲခြမ်းပြဆိုရာ ဒက္ခိဏာဝိဘင်္ဂသုတ် စသော သုတ်များပါရှိလေသည်။

ဤမဇ္ဈိမနိကာယ် ၃–ကျမ်းလာ ၁၅၂–သုတ် တို့ကား ဒီဃနိကာယ်လာ သုံးဖြာသော သီလတို့နှင့် တန်ဆာဆင်အပ်ပြီး ဤသီလသမ္ပဒါဂုဏ်နှင့် ပြည့်စုံ တော်မူကြသည့် အရိယာသာဝကတို့သည် ဤမည် ဤမည်သော နည်းလမ်းဥပါယ်ဖြင့် သမာဓိသိက္ခာ၊ သမာဓိဘာဝနာကို ကျင့်ဖြည့်နိုင်ကြစေရန် မျှော်ကိုး၍ ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သည့် သုတ် တော်များချည်း ဖြစ်ပေသဖြင့် ဗုဒ္ဓသာသနာတွင် အထူးပင် အရေးပါသော တရားများပင် ဖြစ်ပေသည်။

၃။ သံယုတ္တနိကာယ်

ဤ နိကာယ်၌ ဗုဒ္ဓဘုရားဟောကြားတော် မူခဲ့သမျှ စကားတော်များမှ ပုဂ္ဂိုလ်အားဖြင့် လည်း ကောင်း၊ တရားအားဖြင့်လည်းကောင်း၊ သဘောအား ဖြင့်လည်းကောင်း တူသောသုတ်တို့ကို သံဂါယနာ တင် ဆရာတို့က ပူးပေါင်းဖော်ပြတော်မူခဲ့ကြလေ သည်။

နတ်တို့အား ဟောကြားတော်မူသည့် သုတ် တော်များ ပူးပေါင်းထားသည်ကို ဒေဝတာသံယုတ်။

ကောသလမင်းနှင့် စပ်လျဉ်း၍ ဟောကြား ရာ သုတ်တော်များ ပူးပေါင်းထားသည်ကို ကောသလသံယုတ်။

မာရ်နတ်နှင့် စပ်လျဉ်း၍ ဟောကြားတော် မူရာ သုတ်တော်များ ပူးပေါင်းထားသည်ကို မာရသံ ယုတ်။

အကြောင်း (နိဒါန်း) နှင့် အကျိုးဆက်စပ် ပုံ သဘောများ (ဝါ–ပဋိစ္စသမုပ္ပါဒ်သဘောများ) ကို ပြဆိုသည့် သုတ်များ ပူးပေါင်းထားသည်ကို နိဒါန ဝဂ္ဂ သံယုတ်။

ခန္ဓာငါးပါးနှင့် စပ်လျဉ်း၍ ဟောကြားတော် မူရာ သုတ်တော်များ ပူးပေါင်းထားသည်ကို ခန္ဓဝဂ္ဂ သံယုတ်။

အဇ္ဈတ္တိကာယတန ၆–ပါး၊ ဗာဟိရာယ တန ၆–ပါးတို့နှင့် စပ်လျဉ်း၍ ဟောကြားတော်မူ သည့် သုတ်တော်များ ပူးပေါင်းထားသည်ကို သဠာ ယတနဝဂ္ဂသံယုတ်။

မဂ္ဂသံယုတ်၊ ဗောဇ္ဈင်္ဂသံယုတ် စသော တရားသဘောများကို အရင်းပြုပူးပေါင်းထားရာ သုတ်တော်များကို မဟာဝဂ္ဂသံယုတ်ဟု အသီးအသီး ခေါ်ဝေါ်လေသည်။ အချုပ်အားဖြင့် သံယုတ်ငါးကျမ်း ရှိလေသည်။ ၎င်းတို့မှာ –

(၁) သဂါထာဝဂ္ဂသံယုတ်၊
(၂) နိဒါနဝဂ္ဂသံယုတ်၊
(၃) ခန္ဓဝဂ္ဂသံယုတ်၊
(၄) သဠာယတနဝဂ္ဂသံယုတ်၊
(၅) မဟာဝဂ္ဂသံယုတ်

များ ဖြစ်ကြပေသည်။

ဤသံယုတ်ငါးကျမ်း၌ သုတ်ပေါင်း ၇၇၆၂-သုတ်မျှ ပါရှိလေသည်။

ဗုဒ္ဓတရားတော်များကို ကြည့်ရှုရာ၌ ဤသံယုတ္တနိကာယ်မှာ တရားအဘိဓာန်ကြီးသဖွယ် ဖြစ်သဖြင့် အလွန်ကျေနပ်အားရဖွယ်ကောင်းလေသည်။ သဂါထာဝဂ္ဂသံယုတ်မှာ နီတိဂါထာများ သဖွယ် လွယ်ကူသော တရားဂါထာများကို စုပေါင်း မှတ်တမ်းတင်ထားသဖြင့် နက်နဲသော တရားသဘောများကို သိလွယ်အောင် တင်ပြထားသည်ကို တွေ့ရ၏။ ထိုနည်းတူစွာ နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ် စသည်ဖြင့် ဆိုင်ရာဆိုင်ရာ တရားသဘောများကို ဆိုင်ရာခေါင်းစဉ်အောက်တွင် အလွယ်တကူ ကြည့်နိုင်သဖြင့် ကြည့်ရှု၍လည်း လွယ်ကူလှပေသည်။

၄။ အင်္ဂုတ္တရနိကာယ်

တစ်ပါးကစ၍ ၁၁-ပါးအထိ အင်္ဂါတစ်ခုစီ ပိုမိုဖော်ပြထားရာ ဗုဒ္ဓဘုရား၏ စကားတော်ပေါင်း ၁၁-မျိုး (၁၁-ကျမ်း)တို့ကို အင်္ဂုတ္တရနိကာယ ဟု ခေါ်ဝေါ်လေသည်။

ဗုဒ္ဓဘာသာဆိုင်ရာ ရှေးခေတ်စွယ်စုံကျမ်းဟု ခေါ်နိုင်ပေသည်။

(၁) အင်္ဂုတ္တိုရ် ၁၁-ကျမ်းအနက် ဧကကနိပါတ်မှ စတုက္ကနိပါတ်အထိ လေးကျမ်းကို တစ်အုပ်။

(၂) ပဉ္စကမှ သတ္တကအထိ သုံးကျမ်းကို တစ်အုပ်။

(၃) အဋ္ဌကနိပါတ်မှ ဧကာဒသကနိပါတ်အထိ လေးကျမ်းကို တစ်အုပ်အားဖြင့် သုံးအုပ်ခွဲ၍ ရိုက်နှိပ်ထားပါသည်။ ထို အင်္ဂုတ္တိုရ် ၁၁-ကျမ်း၌ သုတ်ပေါင်း ၉၅၅၇-သုတ်မျှ ပါရှိလေသည်။

အင်္ဂုတ္တိုရ်ကျမ်းကြီးသည် ဗဟုသုတ ပဒေသာပင်ကြီးဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် မြန်မာ့ယဉ်ကျေးမှု၏ ရေသောက်မြစ်ပင်ဖြစ်သည်။ မိမိ၏ ရည်ရွယ်ချက် အောင်မြင်သည့် နည်းလမ်းများ၊ ဘေးဥပဒ်ဟူသမျှကို ရင်ဆိုင်ဝံ့သည့်သတ္တိနှင့် ပြည့်စုံသည့် နည်းလမ်းများ၊ ကြောက်စိတ်လန့်စိတ်တို့ ပပျောက်စေသည့် နည်းလမ်းများ၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသည့် နည်းလမ်းများ၊ ပညာရှိဖြစ်သည့် နည်းလမ်းများ၊ ဂုဏ်သတင်းကျော်ကြားသည့် နည်းလမ်းများ၊ လောကဓံ လေလှိုင်းဒဏ်တို့ကို သည်းခံနိုင်သည့် နည်းလမ်းများ စသည့် မျက်မှောက်အကျိုး၊ တမလွန်အကျိုးရရှိမည့် နည်းလမ်းတို့ကို ဖတ်ရှုနိုင်သည်။

ထို့ပြင် ဗုဒ္ဓမြတ်စွာသည် လေးဆယ့်ငါးဝါ ကာလပတ်လုံး တရားတော်များကို ဟောတော်မူခဲ့ရာ၌ သရုပ်သဘောဖြင့် ဟောတော်မူခဲ့သမျှ တရားဓမ္မတော်များကို သရုပ်အစဉ်အတိုင်း စုပေါင်းဖော်ပြထားသဖြင့် ဗုဒ္ဓဝါဒ သရုပ်ပြဒေသနာကျမ်းတော်ကြီးလည်း ဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဝါဒ သရုပ်ပြဒေသနာများကို လေ့လာလိုကြသူတိုင်း ဤအင်္ဂုတ္တိုရ်ကျမ်းကြီးများကို လက်မလွှတ်သင့်ဟု ဆိုရပေတော့မည်။

၅။ ခုဒ္ဒကနိကာယ်

ကျမ်းအရေအတွက် အများဆုံးနှင့် တရားသဘောအစုံဆုံးပါရှိသော နိကာယ်မှာ ခုဒ္ဒကနိကာယ်ပင်ဖြစ်သည်။

ယင်းခုဒ္ဒကနိကာယ၌ သင်ရိုးပိဋကတ် ၃-ပုံအနက် ဝိနယပိဋကနှင့် အဘိဓမ္မာပိဋကဟူသော သင်ရိုးပိဋက ၂-ပုံ ပါဝင်လေသည်။ (၎င်း ပိဋက

၂–ပုံတွင် ဒီဃနိကာယ် ၃–ကျမ်းဟူသော သုတ္တန္တ ပိဋကကို ထည့်၍ သင်ရိုးပိဋကတ် ၃ ပုံ ဟုခေါ်လေ့ရှိကြသည်။)

ခုဒ္ဒကနိကာယ်ကိုပင် အမှတ်ရလွယ်စေရန် (က) ဝိနယပိဋက၊ (ခ) အဘိဓမ္မာပိဋက၊ (ဂ) သုတ္တန္တပိဋက ဟူ၍ ၃–မျိုးခွဲနိုင်သေးသည်။

(က) ခုဒ္ဒကနိကာယ ဝိနယပိဋက ၌

ဝိနည်း ၅–ကျမ်း				အတိုချုပ်အရဆောင်ရန်
(၁)	ပါရာဇိက =	ပါရာဇိကကဏ္ဍ =	ပါရာဇိကတော်၊	၁။ ပါရာ
(၂)	ပါစိတ္တိယ =	ပါစိတ်၊		၂။ ပါစိတ်
(၃)	မဟာဝဂ္ဂ =	ဝိနည်းမဟာဝါ၊		၃။ မဟာ
(၄)	စူဠဝဂ္ဂ =	စူဠဝါ၊		၄။ စူဠာ
(၅)	ပရိဝါရ =	ပရိဝါ		၅။ ပရိဝါ

ဟူ၍ ငါးကျမ်းရှိလေသည်။

ဤကျမ်းများကို ဝိနည်းငါးကျမ်းဟု ခေါ်လေ့ရှိကြလေသည်။ ဤဝိနည်းငါးကျမ်းလုံးကို မြန်မာပြန်ဆိုရိုက်နှိပ်ပြီးပြီဖြစ်၍ ရဟန်းကျင့်ထုံးဟူသော ဝိနည်းများကိုသာမက ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကို လေ့လာလိုသူများအဖို့ ဖတ်ရှုသင့်လှပေသည်။

အဘိဓမ္မာဟူသည် ထူးမြတ်လွန်ကဲသောတရား၊ အလွန်မြတ်သောတရား၊ ပရမတ္ထတရား ဟူ၍ အဘိဓာန်က ဖွင့်သည်။ အဘိဓမ္မာ (၇) ကျမ်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(ခ) ခုဒ္ဒကနိကာယ အဘိဓမ္မာပိဋက ၌ –

အဘိဓမ္မာ ၇–ကျမ်း		အရဆောင်ရန် လင်္ကာ အတိုချုပ်
(၁)	ဓမ္မသင်္ဂဏီ	၁။ ဓ
(၂)	ဝိဘင်္ဂ = ဝိဘင်း၊	၂။ ဝိ
(၃)	ဓာတုကထာ၊	၃။ ဓါ
(၄)	ပုဂ္ဂလပညတ္တိ = ပုဂ္ဂလပညတ်	၄။ ပုဂ်
(၅)	ကထာဝတ္ထု	၅။ က
(၆)	ယမက = ယမိုက်	၆။ ယ
(၇)	ပဋ္ဌာန = ပဋ္ဌာန်း	၇။ ပ

ဟူသော စုနစ်ကျမ်းပါရှိလေသည်။ အဘိဓမ္မာ ၇–ကျမ်းဟု ခေါ်လေ့ရှိကြသည်။

ထိုအဘိဓမ္မာ ၇–ကျမ်းအနက် (၁) ဓမ္မသင်္ဂဏီ၊ (၄) ပုဂ္ဂလပညတ်၊ (၅) ကထာဝတ္ထု မြန်မာပြန် များကို ရိုက်နှိပ်ပြီးပြီဖြစ်၏။

ဓမ္မသင်္ဂဏီတွင် အဘိဓမ္မာသဘာဝများကို အခြေခံ မာတိကာများနှင့်တကွ ဖတ်ရှုကြရပေမည်။ ပုဂ္ဂလပညတ်တွင် ပုဂ္ဂိုလ်အမျိုးမျိုး ခွဲဝေထားပုံများကို လည်းကောင်း၊ ကထာဝတ္ထုတွင် အသောကခေတ် အထိ ဖြစ်ပွားခဲ့သည့် ဗုဒ္ဓဝါဒ အစစ် (သကဝါဒ) ငါးရာနှင့် ဗုဒ္ဓဝါဒအတု (ပရဝါဒ) ငါးရာတို့အတွက် ရှင်းလင်းချက်များကိုလည်းကောင်း ဖတ်ရှုရပေမည်။

(ဂ) ခုဒ္ဒကနိကာယ – သုတ္တန္တပိဋက ၌ –

(၁) ခုဒ္ဒကပါဌ၊
(၂) ဓမ္မပဒ၊
(၃) ဥဒါန = ဥဒါန်း၊
(၄) ဣတိဝုတ္တက = ဣတိဝုတ်၊
(၅) သုတ္တနိပါတ = သုတ္တနိပါတ်၊
(၆) ဝိမာန ဝတ္ထု၊
(၇) ပေတဝတ္ထု၊
(၈) ထေရဂါထာ၊
(၉) ထေရီဂါထာ၊
(၁၀) အပဒါန = အပဒါန်၊
(၁၁) ဗုဒ္ဓဝံသ = ဗုဒ္ဓဝင်၊
(၁၂) စရိယာပိဋက၊
(၁၃) ဇာတက = ငါးရာငါးဆယ်ဇာတ်၊
(၁၄) မဟာနိဒ္ဒေသ – စူဠနိဒ္ဒေသ၊
(၁၅) ပဋိသမ္ဘိဒါမဂ္ဂ = ပဋိသမ္ဘိဒါမဂ်၊
(၁၆) မိလိန္ဒပဉှာ၊
(၁၇) နေတ္တိ၊
(၁၈) ပေဋကောပဒေသကျမ်းများ ပါဝင်ကြပေသည်။

ထိုကျမ်းတို့တွင် ခုဒ္ဒကပါဌပါဠိတော်မှာ ဗုဒ္ဓဘာသာပါဠိတော် ဖတ်စာဟု ဆိုရလောက်အောင် ပင် သူငယ်အမေးအဖြေ၊ ၃၂–ကောဋ္ဌာသ၊ သရဏဂုံ ယူပုံ စသည်တို့မှ စတင်၍ ဖော်ပြထားသောကျမ်း ဖြစ်လေသည်။

အကြောင်းအားလျော်စွာ ဆိုင်ရာပုဂ္ဂိုလ်တို့ ကို ဟောကြားရာ တရားဂါထာ ပေါင်းချုပ်ဖြစ်သော ဓမ္မပဒပါဠိတော်၊ ဥဒါန်းပါဠိတော်၊ 'ဗုဒ္ဓဘုရား ဤသို့ ဟောကြားတော်မူသည်' ဟု စကားပြေ အခြေခံနှင့် တကွ ဂါထာများကို ပြဆိုရာ ဣတိဝုတ်ပါဠိတော်တို့ မှာလည်း တိုတိုနှင့် အဆီအနှစ်ပြည့်စုံလှသော ကျမ်း များ ဖြစ်လေသည်။

သုတ္တနိပါတ်ပါဠိတော်၌ ပဌမကဗုဒ္ဓါတို့ ဟောကြားတော်မူခဲ့သော ကြံ့ချိုပမာ ကျင့်စရာ တရား ပေါင်းချုပ်သဖွယ် ခဂ္ဂဝိသာဏသုတ်မှစ၍ အရေးပါ သော သုတ်များပါသော ကျမ်းဖြစ်သည်။

တရားကိုယ် ဝတ္ထုကြောင်းနှင့်တကွ လေ့ လာ ဖတ်ရှုလိုသူများအဖို့ မည်သူသည် မည်သို့ နတ် စည်းစိမ် ခံစားရပုံ စသည်ကို ပြဆိုရာ ဝိမာနဝတ္ထု ပါဠိတော်၊ မည်သူသည် မည်သို့ ပြိတ္တာဖြစ်ပုံ၊ကျွတ် လွတ်ပုံ စသည်တို့ကို ပြဆိုရာ ပေတဝတ္ထု ပါဠိတော်၊ ရဟန္တာ အရှင်များနှင့် အရှင်မများကိုယ်တိုင် မိမိတို့ အတ္ထုပ္ပတ္တိများကို ပြန်လည်ဟောကြားရာ ထေရ ထေရီဂါထာ ပါဠိတော်များ၊ ဗုဒ္ဓအပဒါန်နှင့်တကွ ရဟန္တာအရှင်၊ အရှင်မတို့၏ အတ္ထုပ္ပတ္တိများကို ပြဆို ရာ အပဒါန်ဝတ္ထုတော်ကြီးများကို ဖတ်ရှုမှတ်သား ထိုက်လှပေသည်။*

* အရှင်တိလောကာသာရ၏ ပိဋကတ်တော်များ ပါဠိမြန်မာပြန် (ပိဋကတ်ရှုပုံ ၁၉၉၇)

ယခုအခါ၌ ပါဠိတော် မြန်မာပြန်ကျမ်းများစွာ ထွက်ရှိနေပြီဖြစ်ပါသည်။ တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်သော ဘဝများသို့ တက်လှမ်းနိုင်ရေး ဖော်ရှုနိုင်ကြရန် နိဗ္ဗာန်ချမ်းသာ ရနိုင်ကြပါစေဟူ၍ အသိပေး ဖော်ပြလိုက်ရပါသည်။

တောရဆရာတော်လောင်းလျာကိုစတင်ဖူးတွေ့ရခြင်း

ကောဇာ – ၁၃၂၀–ခု၊ ခရစ် ၁၉၅၉–ခုနှစ်တွင် စာရေးသူ ရန်ကုန်မြို့သို့ ရောက်ရှိလာပါ သည်။ ဘူတာကြီးအနီး မင်္ဂလာတောင်ညွန့်မြို့နယ် အရှေ့ပိန္နဲကုန်းကျောင်းတိုက်ရှိ ဦးသီလာစာရ (ယခု ဖျာပုံမနား ရုံးပင်တောက်ဆရာတော်) ထံ စတင်ရောက်ရှိပြီး ဘုရားဖြူကျောင်းတိုက်ကြီးတွင် တောရဆရာတော် လောင်းလျာ စာချဘုန်းကြီးဖြစ်နေချိန် သရက်ကန်ဆရာတော် ဦးဉာဏိန္ဒ၊ သဂ္ဂယ်ကျင်းတောရဆရာတော် ဦးဉာဏဝံသ၊ ဂုံကြီးကျောင်းဆရာတော် ဦးဝိစယ၊ တောရဆရာတော်လောင်းလျာ၏ ညီရင်း ဦးဣန္ဒသရနှင့် စာတိနယ်မှ များစွာသော သံဃာတော်များ ဘုရားဖြူကျောင်းတိုက်ကြီးတွင် စာသင်ယူနေချိန်ဖြစ်ပါသည်။

မိမိသည် ဘုရားဖြူတိုက် ဦးဝိစယ အကူအညီဖြင့် အလုပ်လျှောက်လွှာတင်၊ ဦးဉာဏိန္ဒ၏ လို အပ်ရာ ပစ္စည်း ချီးမြှင့်ခြင်းဖြင့် သင်တန်းတက်၊ အလုပ်ဝင်ခဲ့ပြီး၊ သာကေတမြို့သစ်တွင် တာဝန်ကျ၊ ဘုရားဖြူကျောင်းတိုက်သို့ မကြာခဏရောက်၊ ဤသို့ဖြင့် စာချဘုန်းကြီး ဖြစ်နေသော တောရဆရာတော် လောင်းလျာကို ထို ၁၃၂၀–ခုနှစ်က၊ လူကိုယ်တိုင်လည်း စတင်ဖူးတွေ့ရခြင်း ဖြစ်ပါသည်။

စာချဘုန်းကြီးဆိုင်းဘုတ်

ဘုရားဖြူကျောင်းတိုက်ကြီးအတွင်းရှိ သံဃသမိတိကျောင်းတော်ကြီးပေါ်၊ ဝဲဖက်'စာချဘုန်းကြီး' ဆိုင်းဘုတ်ရှိသော အခန်းမှာ တောရဆရာတော်လောင်းလျာ သီတင်းသုံးပါသည်။ အလယ်တည့်တည့်မှာ ဘုရားခန်းဖြစ်ပြီး ယာဘက်အခန်းမှာ ရန်ကုန်မြို့သို့ မင်းကွန်းတိပိဋကဓရဆရာတော် ဘဒ္ဒန္တ ဦးဝိစိတ္တသာရ လာလျှင် တည်းခိုသတင်းသုံးတော်မူရန် ဝိတ်ဖြူကြီး ခန်းစီးလုပ်၍ ခန်းနားလှပါသည်။

ထိုအချိန်ကာလများ၌ ဘုရားဖြူကျောင်းတိုက်ကြီး၏ ဂုဏ်သတင်း ကျော်ကြားလှသဖြင့် အလှူအတန်းလည်း များလှပါသည်။ ဝိနယာနုဂ္ဂဟအသင်းကြီးလည်း နှစ်စဉ်အမြဲ စာမေးပွဲများ ကျင်းပနေ၍ လူရှင်ရဟန်း စည်ကားလှပါသည်။

စာချဘုန်းကြီးဘဝ၌ သိက္ခာထပ်ခြင်း

ကောဇာ ၁၃၂၁–ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄–ရက်၊ (၉–၄–၆၀) စနေနေ့၊ ဘုရားဖြူကျောင်းတိုက်ကြီးအတွင်းရှိ ဓမ္မာသိမ်တော်ကြီးတွင် စာတိုက်စာရေးကြီး ဦးသာကြွယ် ဇနီး ဒေါ်အေးမိဘနစ်ပါး အမှူးထား၍ သားသမီးများဖြစ်ကြသော စုံထောက်ရဲမှူး ဦးမောင်မောင်အုံး၊ ဒေါ်တင်တင်ဆွေ၊ ရဲအုပ်ဦးတင်မောင် ဒေါ်ခင်ဆွေတို့ စသော ဆွေမျိုးမိသားစုများက တောရဆရာတော် လောင်းလျာအား သိက္ခာထပ် ရဟန်းခံရှင်ပြု ဘုရားနှင့်ကျောင်းရေစက်ချ၊ သမီးများ နားသမင်္ဂလာ အလှူများပါတွဲ၍ ပြုလုပ်ခဲ့ကြသည်။

လွန်ခဲ့သော ၄၅–နှစ်က ထိုအလှူပွဲဗီဒီယိုတိတ်စာ နှင့် ဓာတ်ပုံများကို ကြည့်နေရာ၌ အထောက်အထား သက်သေခံအဖြစ် မိတ္တူကူးယူ ဖော်ပြလိုက်ပါသည်။

နောင်အခါ ဒုတိယရဲမှူးကြီး ဦးမောင်မောင်အုံး ဒေါ်တင်တင်ဆွေတို့၏ သားများ ရှင်ပြုရာ၌ပါသောသားများမှာ ယခုအခါ၌ ဗိုလ်မှူးကြီးခင်မောင်ဝင်း (မြန်မာ့သစ်လုပ်ငန်း)နှင့် ဗိုလ်မှူးကြီးခင်မောင်သိန်း (စစ်ဖျူပြုဟာမှူး) တပ်မ – ၂၂ ဘားအံ တို့ဖြစ်ကြလေသည်။*

တောရဆရာတော်လောင်းလျာဘဝ၌ ဤအကြိမ်သိက္ခာထပ်ခြင်းမှအပ နောက်ထပ် သိက္ခာထပ်ခြင်းမရှိ။ လက်ခံတော်မူခြင်းမရှိ။ အခြား တစ်ပါးသော တပည့်ရဟန်းတော်များ သိက္ခာထပ်ခြင်း လူပုဂ္ဂိုလ်များ ဒုလ္လဘရဟန်းခံခြင်း စသော အခမ်းအနားများသို့ ဦးဆောင်ခြင်း၊ ပါဝင်ဆောင်ရွက်တော်မူခြင်း မရှိ။ (တောရဆရာတော်ဘဝတွင် ကောစာရ တစ်ပါးတည်း တော၌ နေထိုင်ရခြင်းကိုသာ နှစ်လိုတော်မူသည်။ ရဟန်းပရိသတ်၊ လူပရိသတ်တို့၏အလည်၌ တစ်ခဏတာမျှ နေထိုင်ရခြင်းကိုပင် မလွဲသာမှ လက်ခံတော်မူသည်)

ဘုရားဖြူဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်း

ကောဇာသက္ကရာဇ် ၁၃၂၃–ခု၊ ခရစ်နှစ် ၁၉၆၂–ခုနှစ်၊ လွတ်လပ်ရေး အောင်ပွဲသဘင်ကြီးတွင် ပညာရှိတကာတို့၏ အထွတ်အထိပ်ဖြစ်သော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကို နိုင်ငံတော်သမ္မတကြီး (အဂ္ဂမဟာသီရိသုဓမ္မ အဂ္ဂမဟာ သရေစည်သူ) ဦးဝင်းမောင် သမ္မတကတော် ဒေါ်မြမေတို့က ဦးစီးလျက် အသီးသီးကုသိုလ်ပါဝင်သူ ရဟန်းရှင်လူတို့၏ 'ပူဇာစ ပူဇနေယျာနံ ဧတံမင်္ဂလမုတ္တမံ' သုတ္တန်ဒေသနာတော်အရ တလှိုင်လှိုင်သင်းပျံ့သော သီလတော်ရနံ့နှင့် မြန်မာပြည်မဆန့် ပြန့်နှံ့လျက်ရှိသော စိန္တာရသ ဘဒ္ဒန္တ ပညာဝံသ နာမကျော်ဟည်း ဘုရားဖြူဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းတော်မူခဲ့ကြလေသည်။

ထိုအချိန်၌ တောရဆရာတော် လောင်းလျာသည် ဘုရားဖြူတိုက်၏ စာချဘုန်းကြီးတာဝန် ဆောင်ရွက်နေသည့် ကာလ ၆–နှစ်ကျော်မျှ ရှိနေလေပြီ၊ ယခုအခါ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘုရားဖြူတိုက်ကြီး၏ ဦးစီးပဓာန ဖြစ်တော်မူလျက်ရှိနေသော ဘဒ္ဒန္တ နရိန္ဒာဘိဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇနှင့် အဂ္ဂမဟာပဏ္ဍိတ) မှာလည်း တောရဆရာတော်လောင်းလျာနှင့် ဘဝတူ ဂဏဝါစကစာချဘုန်းကြီး တာဝန်ထမ်းဆောင်တော်မူလျက်ရှိနေလေသည်။

ကျေးဇူးတော်ရှင် ဘုရားဖြူဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာဝံသမထေရ်မြတ်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းသည့်ပွဲ၌ တပည့်ကြီးနှစ်ပါး၏ ထုတ်ပြန်စာ အဖြည့်ခံရတုနှင့် ဖြည့်ရတု ရေးစပ်ပူဇော်မှုမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

* ဗိုလ်မှူးကြီးခင်မောင်သိန်း (ငြိမ်း)မှာ ယခုအခါ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဖြစ်နေလေပြီ။

ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်
ဝိနယာနုဂ္ဂဟအသင်းကြီး၏ မဟာနာယက
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ
မဟာထေရ်မြတ်အား
ဂုဏ်ပြုပူဇော်အပ်သော
ထုတ်ပူဇာအဖြည့်စံရတု

ဘုရားဖြူကျောင်းတိုက်၊ ဂဏဝါစက၊
ဓမ္မစရိယ၊ဝိနယပါရဂူ ဘဒ္ဒန္တနန္ဒိယာဘိဝံသ
(ယခုအခါ ပဓာန နာယကဆရာတော်၊
အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက)
ရေးဖွဲ့ပူဇော်သည်။

၁။ ယုန်စန်းအသွင်၊ ပြည်တိုင်းနွှင်ဝယ်၊ သန့်စင်ပညာ၊ နေရောင်ဝါသို့၊ နွယ်လာဆက်ယှာ၊ ဂုဏ်ပြာမွေးကြူ၊ အနက်တူကြောင့်၊ ဓမ္မူလကျာ၊ ကျွန်းမြေခြာဝယ်၊ ဘုရားဖြူက ဝှမ်းဆူထင်ပေါ်၊ ဆရာတော်ကား၊ နှစ်ဖော်ရှုရ သာသနာဝန်၊ နိစ္စမကွာ၊ ထမ်းဆောင်ကာဖြင့်၊ ဖြူပြာစိမ်းလှ၊ ဝါနီတွဲ့နှင့်၊ ယိမ်းနွဲ့ညှာအုံ၊ ပန်းဝတ်မှုံတို့၊ သင်းထုံမွှံ့မွှံ့၊ ပွင့်စုံစနေ့သား၊ ပန်းသန့်ပန်းနွယ်၊ များသွယ်သွယ်ကား၊ ပေါ်ယယ်ဗိုလ်ခြေ၊ နှစ်သက်စေသို့၊ သုတေသီက၊ များသိသနှင့်ဓမ္မသေ၊ အလီလီအား၊ ပန်းဆီသုတာ၊ မြတ်ဓမ္မာကို၊ ထေရာဆက် ဆက်၊ ဆောင်ထမ်းရွက်ခဲ့၊ မပျက်မသွေ၊ နှစ်သက်စေကြ၊ ပေးဝေငှ၏။ စက်ဓွေ လှည့်ထွန်း၊ ခန်းပြည့်ဝန်းကား၊ သိန်းသန်းများကြွယ်၊ မတာတွယ်ဘိ၊ ဓမ္မယ်လှည့်သို့၊ များပြည့်ဝိုင်းပတ်၊ ပရိသတ်ဖြင့်၊ မပြတ်စါစါ၊ ရောနှောပါလည်း၊ အမျှာသယ၊ နေကျမဖြင့်၊ စိတ်ကစင်ကြယ်၊ မစင် တွယ်တည်း၊ ခြောက်သွယ်ဒွါရ၊ တံစါးမဦ၊ စီးကျ အာရုံ၊ ဖြစ်နှင့်ကြုံသော်၊ နိုလှုံ့ဖန်းစား၊ ရန်သူများကို၊ တံစါးရွက်ဟန်၊ သတိဉာဏ်ဖြင့်၊ ဖန်ဖန်ဝိတ်ကား၊ တိုက်ဖျက်ပါ၍၊ ဘဏ္ဍာတိုက်သွင်၊ ဓမ္မရှင်တည်း။

လေးအင်ပစ္စယ၊ သဏ္ဍာသနှင့် သမဘာဂါ၊ သံဃာ ဖြင့်၊ ဓမ္မာဓမ္မဖြူ၊ ပေါ်လွှယ်ကူသား၊ ခြောက်ရာ နာယက၊ ရှုပြည့်ဝတည်း။ ဂုဏ်ပြမ်ပေါင်းစု၊ ဂဏန်း ပြုသော်၊ မြေထုပမာ၊ မွှမ်းရာသည်၊ ရေဝါထဝန်း ထွန်းသည့်နယ်။

၂။ ဂုဏ်ဝန်းသစင်၊ တို့အရှင်အား၊ စည်ပင်အညွန့်၊ ရှည်အစွန့်၌ တည်တံ့တက်ရန်၊ အမြင်သန်သား၊ ပြည်မြန်နိုးရ၊ သမ္မတလျှင်၊ ညွတ်စ ကော်ရော်၊ မြတ်ဂုဏ်တော်နှင့်၊ သင့်လျော်လျောက် ပတ်၊ တံဆိတ်မြတ်ကို၊ ဟိတ်စတ်ထုတ်ဆော်၊ ဆက်ပူဇော်တည်း၊ ဂုဏ်တော်ရွှန်းပ၊ ကိုယ်တော်လ၌၊ အဂ္ဂမဟာ ပဏ္ဍိတာဟု၊ ရွှေစာယုန်ရိုပ်၊ ဘွဲ့တံဆိပ် လျှင်။ ဝပ်နိုပ်ညွတ်နူး၊ ဓမ္မယ်မြူးသား၊ ဂုဏ်လူးနှင့် လျော်၊ နိုင်ငံတော်၏၊ မပော်ပုံလို၊ ဝိနည်းမိုရ်နှင့်၊ ထိုထိုထုတ်ပြ၊ နဂ္ဂဟာတည်း၊ ဗုဒ္ဓသာသနာ၊ ရှည်နှံလာ ဖို့၊ တည်ရာတည်ကြောင်း၊ များစုဆောင်းသား၊ အပေါင်းဂဏာ၊ ဖွဲ့စည်းကာဖြင့်၊ ဓမ္မာဘဏ္ဍာ၊ နှစ်ဥစ္စာ ကို၊ ဆောင်ကာသိမ်းထား၊ သင်းဖွဲ့များက၊ ရွှေသွား ဦးစီး၊ ဘုန်းဂုဏ်မိုးသား၊ သီးသီးရပ်ရပ်၊ ဝိုင်းအုံညွတ် ၍၊ အမြတ်ရတနာ၊ စုနစ်ခြာထက်၊ အရာ အရာ မကသာအောင်၊ မဟာဒုလ္လဘ၊ ရကြီး ရဟု၊ နှင့်မှု မနည်း၊ လက်အုပ်ချီ၍၊ စေပြီသြဝါ၊ ဂဏာထာမှ ဒိသာပါမောက်၊ နွယ်နုံခြောက်ဟု၊ လက်ရောက် မယွင်း။ ပေးအပ်နှင်း၏။ မင်းမင်းစီမံ၊ အမြင့်မှန်ဖြင့်၊ သုံးတန်စေတနာ၊ ညီညွတ်စွာသား၊ မြန်မာနိုးရ သမ္မတသည်၊ အဂ္ဂသဘင်၊ ပွဲကြီးယင်၍၊ ထေရ်ရှင် ပူဇော်၊ ကောင်းမှုတော်နှင့်၊ ထေရ်တော်စက်နှုံ၊ ထိပ် ဝယ်ပုံသား၊ မြတ်ဂုဏ်ဦးညွတ်၊ ငြိမကာပ်ဘဲ၊ အမြတ် မြူတော၊ တရားဓမ္မကို၊ ရစေကြောင်းသား၊ တောင်းရ ခြာသည်၊ ရေမှာကြောပန်း၊ ထန်းသည့်နယ်။

မှတ်ချက်

ဤရတုများကို ရွှေညာမောင် – ဦးချင်းစိန် ဖတ်ကြားပူဇော်သည်။ ရေးချိန်ဖြစ်သော ပဒုမ္မာကြာပန်းသည် ရေ၌ စွဲငြိလိမ်းကျံခြင်း မရှိသကဲ့သို့ ဆရာတော်၏ ဂုဏ်တော်များကို ချီးကျူးရေးသားပါသော်လည်း ဂုဏ်၌ ငြိကပ်တပ်မက်မှု မရှိ၊ တရားမွေကိုသာ အလိုရှိ၏ဟု သိစေခြင်းငှာ 'ရေမှာကြာပန်း၊ လမ်းသည့်နယ်' ဟု ဆို၏။

တောရဆရာတော် ဘဒ္ဒန္တတိဿရထေရ် ဖြည့်စွက်ရေးဖွဲ့ပူဇော်သည့် ဖြည့်ရတု

၃။ ငုံပန်းသခင်၊ တို့အရှင်ကား၊ သဗ္ဗညုတ၊ ဆုပန်သသည့်၊ ဘုရားအလောင်း၊ ဖြစ်သည့်ကြောင်းကြောင့်၊ ရှေးဟောင်းသခင်၊ လောင်းဖုဒ္ဓင်နှင့်၊ အရှင်တို့လား၊ ကျင့်လမ်းသွားရာ၊ ဆယ်ပါးပါရမီ၊ သုံးဆယ်လီနှင့် စာဂီပဥ္စ၊ စရိယဟု၊ သုံးဝပြင်ဘိ၊ အစရှိသည့် ဗောဓိထောက်ကူ၊ ဆောက်အဦကို၊ ဆောင်ယူမမှား၊ ပြုလိုလား၏။ အများရှိရာ၊ သတ္တဝါကို၊ ကရုဏာရိပ်၊ စေတသိက်နှင့် ရွှေစိတ်ဖြူဆွ၊ ခဝါချလျက်၊ ဆုံးမသံချို၊ မိန့်ဆိုလို၏။ ထိုထိုဘဝ၊ အနန္တ၌ ဤမျှထက်သာ၊ ကျင့်လိုပါဟု၊ စိတ်မှာထားဘိ၊ မြော်လင့်ရှိငြား၊ အသိပွားလျက်၊ စကားမြွက်၏၊ ဆက်လက်၍ကား၊ ရှာနီးနား၌၊ နေငြားသော်ဘိ၊ စိတ်အရှိမှာ တော၏အလယ်၊ လွန်တင့်တယ်၍၊ ပျော်ဖွယ်လွန်ကောင်း၊ တောရကျောင်းကို၊ စိတ်ပြောင်းတောင့်တ၊ ဖြစ်တတ်စွတည့်၊ ထိုမျှတမွတ်၊ တောသို့ညွတ်သည့်၊ အထွတ်စိတ်ရှိ၊ ဂုဏ်သတ္တိကြောင့်၊ မြင်သည့်သစ်ပင်၊ တောဟုထင်၍၊ အရှုကင်၊ ဘယ်ခါဝင်အံ့၊ တွင်တွင်နှုတ်မြွက်၊ စကားဆက်ဖြင့်၊ အချက်များစွာ၊ မိန့်ကြားရာတွင်၊ ဖန်ခါဖြစ်ရ၊ သံသာရ၌၊ သံဝေဂဉာဏ်၊ လွန်ရင့်သန်အောင်၊ ကျင့်ကြံစေကြောင်း၊ အဟောကောင်း၏၊ အလောင်း ဗောဓိ၊ ယင်းသတ္တိကြောင့်၊ မိမိလည်းကျင့်၊ သူလည်း ကျင့်စေ၊ တစ်ဆင့်ဝေငြား၊ ဆက်လက်ပွား၍ အများရှုရန်၊ စိတ်ထားမှန်ဖြင့်။ ကျန်းဂန်ပြုကာ၊ ဝေငှရာသည်၊ ရွှေလှသာ စာတမ်း ကမ်းသည့်နယ်။

ဖြည့်ခံရတု – ပထမပိုဒ်၌ ယှန်းစန်းအသွင် အစချီ၍ နေဝါလဝန်း ထွန်းသည့်နယ်၊ ဒုတိယပိုဒ်၌ ဂုဏ်ပန်းသခင် အစချီ၍ ရေမှာကြာပန်း လမ်းသည့်နယ်။

ဖြည့်ခံရတု – တတိယပိုဒ်၌ ငုံပန်းသခင် အစချီ၍ ရွှေလှာစာတမ်း ကမ်းသည့်နယ်။

အစပိုဒ်များ စီစဉ်ရေးဖွဲ့မှု အဆုံးပိုဒ်များ စာအလင်္ကာမြောက်မှုများကို ကဗျာစာဆို အပေါင်းတို့နှင့် ဖတ်ရှုလေ့လာသူအပေါင်းတို့၏ နှလုံးသား ထက်မှာ ရွှင်လန်းကြည်သာ အေးမြသော ခံစားမှုများ ဖြစ်ပွားစေလိမ့်မည်ဟု ယုံကြည် မျှော်လင့်ပါသည်။

ဖြည့်ခံရတု – ရေးဖွဲ့သူ တစ်ပါးသော မထေရ်က ဝိနယပါရဂူ၊

ဖြည့်ရတု – ရေးဖွဲ့သူ တစ်ပါးသော မထေရ်က ဝိနယအကျော်၊

အရွယ်တူ – သက်တော်က ၄၀–နှစ်၊ ဝါတော်က ၂၀–ဝါ အရ အတွေးအခေါ် အမြော်အမြင် ဉာဏ်ရည် ပဋိဘာန် လွန်စွာ ထက်မြက်သော သက်တော် အရွယ်တော်ကာလမှာ 'ပညာဒသက' အရွယ် ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် 'ဘဝဟူသည် အသက် ၄၀–က စသည်' ဟု ကမ္ဘာ့ပညာရှိကြီးများက ဆိုကြလေသည်။

ကောဇာ ၁၃၂၃–ခုနှစ်၊ ခရစ်နှစ် ၁၉၆၂–ခုနှစ်၊ နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံ

ဆိပ်တော် ဆက်ကပ်လှူဒါန်းခံယူရသော ဆရာတော် ပေါင်း ၂၈–ပါးရှိ၏။ ထို ၂၈–ပါးတွင် အစဉ်–၁၄ ၌ ဘုရားဖြူဆရာတော် ဘဒ္ဒန္တ ပညာဝံသ သက်တော် ၆၉၊ သိက္ခာတော် ၄၉–ဖြစ်ပြီး အစဉ် (၂၁) ၌ အမရပူရမြို့ မင်္ဂလာတိုက် ဆရာတော် ဘဒ္ဒန္တ ဝိမလ သက်တော်–၆၃၊ ဝါတော်–၄၂ ဖြစ်ကြောင်း ကျမ်းပြု အရှင်ဃောသိတ ရေးသည့် မိုးကုတ်ဆရာတော် ဘုရားကြီး၏ 'တစ်ဘဝ သာသနာ' စာမျက်နှာ–၃၈၁ နှင့် ၃၈၂–တို့၌ပါရှိသည်ကို လေ့လာတွေ့ရှိရပါ၏ [1]။

၁၉၆၂–ခုနှစ်၊ မတ်လ (၂) ရက်နေ့၌ တော်လှန်ရေး ကောင်စီ အစိုးရတက်၏။ ပူဇော်သင့် ပူဇော်ထိုက်သော ဆရာတော်ကြီးများကို ရွေးချယ်၍ ဘွဲ့တံဆိပ်တို့ဖြင့် ဆက်ကပ်၏။ ပူဇော်မှုပြုနေကျ ဖြစ်သည့်အတိုင်း ဆက်လက် ပူဇော်၏။

ပိဋကတ်စာပေ ပို့ချရာ၌ ကျော်စောခြင်း၊ ကျမ်းပြုတော်မူခြင်း၊ သတ္တဝါဝေနေယျတို့အား တရား ဓမ္မဟောပြတော်မူခြင်း၊ ယင်းသို့လျှင် ပိဋကတ္တယ ဆေက၊ အဘိဓမ္မာပါကဋ၊ ဂန္ထကာရက စသော ဂုဏ်ထူး ဝိသေ ရှိတော်မူသော အရှင်မြတ်ကြီးများ အား နိုင်ငံတော်အစိုးရ အဆက်ဆက် ပူဇော်ခဲ့ကြ၏။ ယနေ့တိုင်လည်း ပူဇော်လျက်ရှိ၏။ ယခုအခါ ဘွဲ့တံဆိပ်တော်အမျိုးမျိုးဖြင့် ရဟန်းတော်များ သာမက သာသနာပြု လူပုဂ္ဂိုလ်များကိုပင် ချီးမြှင့် လျက်ရှိ၏။

မိုးကုတ်ဆရာတော် (၁၂၆၁–၁၃၂၄)

မိုးကုတ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိမလ ထေရ် (၁၂၆၁–၁၃၂၄)သည် ကောဇာ ၁၃၂၄–ခု၊ သီတင်းကျွတ်လပြည့်ကျော် ၄–ရက်၊ ခရစ် ၁၉၆၂–ခု၊ အောက်တိုဘာလ ၁၇–ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁–နာရီ မိနစ် ၂၀–အချိန် ခန္ဓာဝန် ချတော်မူသည်။ ဤလူ့ပြည်၌ သက်တော် ၆၃–သိက္ခာဝါတော် ၄၂–ဝါထိသာ ရဟန်းရှင်လူတို့အား အသိဉာဏ် အလင်း ရောင် ပေးတော်မူပြီး အငြိမ်းဓာတ် ယူတော်မူခဲ့ လေသည်။

ဘုရားဖြူဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ပညာဝံသ မဟာထေရ် (၁၂၅၄–၁၃၃၃) သည် ကောဇာ ၁၃၃၃–ခုနှစ်၊ ဝါဆိုလဆန်း (၁၀) ရက်၊ ခရစ်နှစ် ၁၉၇၂–ခုနှစ်၊ သက်တော်အားဖြင့် ၈၀ နှစ် သိက္ခာဝါတော်အားဖြင့် ၆၀–ဝါအထိ၊ ဤ လူ့ပြည်၌ သီတင်းသုံးနေထိုင်လျက် အလုံးစုံသော တပည့်ကြီးငယ်တို့အား အသိဉာဏ်ပညာ အလင်း ရောင်ကို ပေးတော်မူပြီး၍ ဤလူ့ပြည်ကို စွန့်တော်မူ ကာ တုသိတာ အမည်ရှိသော ဘုရားအလောင်းကြီး များ စံရာ၊ ထို နတ်ပြည်ကြီးသို့ ကြွမြန်းတော် မူလေပြီ [2]။

အာစာနည်ယောကျ်ားမြတ်

တောရဆရာတော်က ဘုရားဖြူ ဆရာတော် ထေရုပ္ပတ္တိ၌ 'အမှတ်ရဖွယ်' ခေါင်းစဉ်ဖြင့် 'ရခဲသော အာစာနည်ယောကျ်ားမြတ်ကို ငါတို့မျက်မှောက်၌ ရရှိခဲ့လေပြီ ယင်းသို့ မြက်မှောက်၌ရရှိထားသော ထိုအာစာနည်ယောကျ်ားမြတ်သည် ယခုအခါ ငါတို့ ၏ မျက်စိကွယ်ရာသို့ ကြွသွားတော်မူလေပြီတကား' ဟု ဤကဲ့သို့ အမှတ်ရဖွယ် အောက်မေ့ဖွယ်ပင် ဖြစ်ပေတော့မည်ဟု မှတ်ချက်ပြု ရေးသားတော်မူ ခဲ့သည်။

---

* ၁။ အရှင်ဃောသိတ၏ မိုးကုတ်ဆရာတော် တစ်ဘဝ သာသနာ (စာ–၃၈၁၊ ၃၈၂)
၂။ တောရဆရာတော်၏ ဘုရားဖြူဆရာတော် ထေရုပ္ပတ္တိအကျဉ်း။

ဘုရားဖြူစာချအုန်းကြီးဘဝ သံဝေဂရှုဖွယ် ဖြစ်ရပ်များ

ညီ–ဦးထွန်းစိန် ကွယ်လွန်

တောရဆရာတော်လောင်းလျာ ဘုရားဖြူ စာချအုန်းကြီးဘဝတွင် ရှိစဉ် ညီအရင်းဖြစ်သူ ဦးထွန်းစိန်မှာ ကိုယ်ရောင်ရောဂါဖြင့် အပြင်းအထန် မကျန်းမမာဖြစ်၍ ရန်ကုန်သို့ ဆေးကုသခံရန် ရောက်လာ၏။

ကြိုးစားပြီး ဝိုင်းဝန်းပြုစု ကုသကြပါသော်လည်း ရောဂါကျွမ်း၍ နာဘူးကျင်းဇာတိရွာသို့ ပြန်မရောက် ဘုရားဖြူတိုက်မှာပင် အသက် ၃၉ နှစ်အရွယ်မျှဖြင့် ဘဝ တစ်စခန်းရပ်ခဲ့ရလေသည်၊

ညီအရင်းကို သူနာအဖြစ်လည်း မြင်ရသည်။ သူသေအဖြစ်လည်း မြင်ရပြန်သည်။ ရဟန်းဖြစ်စ သရက်ကန်ကျောင်းတည်ဆရာတော် ဘဒ္ဒန္တ ဥတ္တမသ၏ ဘဝ သူနာ၊ သူသေနှင့် ဖခင်ကြီးဦးဘ၏ သေဘဝ စသည်များကို တောရဆရာတော်လောင်းလျာ စာချအုန်းကြီးဘဝတွင် မြင်ခဲ့ပြီးပြီ။

တောရဆရာတော်လောင်းလျာ၏ မြင်ပုံကား လူသာမန်တို့၏ မြင်ပုံမျိုးတော့ မဟုတ်ရာ။

ဆရာရင်း၊ ဖခင်ရင်းနှင့်ညီရင်းများနှင့် သေကွဲခွဲရ၏။ တကယ့်အရေး တကယ့်ဘေးမှာ မကယ်နိုင်ခဲ့။ မိမိလည်း တစ်နေ့မဟုတ် တစ်နေ့ ဘယ်နေ့ဟု မသိ။

ထိုကဲ့သို့ အိုဘေး၊ နာဘေး၊ သေဘေးတို့နှင့်ရင်ဆိုင်ရပေလိမ့်မည်ဟု ကြီးစွာသော သံဝေဂဉာဏ်များ တစ်နေ့ထက်တစ်နေ့ ရင့်လာပေလိမ့်မည်။

မျှော်တလင့်လင့်

တောရဆရာတော် လောင်းလျာသည် ပိဋကတ်စာပေများကို သင်ယူခဲ့ပြီး၍ ပြန်လည် ပို့ချနေသည့်ဘဝသို့ပင် ရောက်နေပြီလည်း ဖြစ်ပါ၏။ ပိဋကတ်ပင်လယ်ကို ကိုယ်တိုင်ကူးနေခဲ့သူ၊ အခြားတစ်ပါးသော သောတုဇနများစွာကိုလည်း မေးကူ၍ ကူးစေခဲ့သူပင်ဖြစ်၍ နေပြီဖြစ်ပါသည်။ သင်ကြားဖတ်ရှုလေ့လာခဲ့ရသော ပိဋကတ် စာပေများထဲက တောရဆောက်တည်သော ခုတင်ဆောင်ရဟန်းများ၏ ဘဝမျိုးများကို ဘယ်သောအခါ ဘယ်ကာလမှာ ရပါအံ့နည်းဟု၍လည်း မျှော်လင့်ကောင်း မျှော်လင့်၍ တောင့်တကောင်း တောင်းတ၍လည်း နေပါလိမ့်မည်။

တောထွက်လိုသည့် ဘုရားဖြူဆရာတော်

ဘုရားဖြူဆရာတော်သည်လည်း ရွာနီးကျောင်း၌ နေရပါသော်လည်း တောတောင်ဝကျောင်း ကိန်းအောင်းနေခြင်း၌ စိတ်တော်က တောသို့ ညွတ်လျက်ရှိ၏။ ထိုတောတောင်ဝကျောင်း၌ စိတ်တော်က နှိုင်းခြင်း ကိုင်းခြင်းလည်း ရှိတော်မူ၏။ ထိုစကားမှန်ပေ၏။ ဆရာတော်သည် ငယ်စဉ်အခါက တောရကျောင်းနေရန် အလိုရှိဖူးသည်။ ဤအဖြစ်ကို မိန့်ဆိုတော်မူဖူး၏။

စိမ်းလန်းစိုပြေသော သစ်ပင်ကို မြင်ရရာအခါများ၌ မြင်ရသော သစ်ပင်ကိုပင် တောကြီးအသွင်ကဲ့သို့ မှတ်ထင်အောက်မေ့ပြီးလျှင် 'ဘယ်အခါ၌ ငါသည် လူသူမနီး တောမြိုင်ကြီးသို့ ထွက်သွားရပါအံ့နည်း' ဤကဲ့သို့ တောကို တောင့်တသော စကားမျိုးကိုလည်း ထိုကျေးဇူးတော်ရှင် ဆရာတော်သည် အဖန်ဖန်အခါခါ အကြိမ်များစွာ မိန့်ဆိုတော်မူဖူး၏။

'မြင်သည့်သစ်ပင်၊ တောဟု ထင်၍ အရှင်ကင်၊ ဘယ်ခါဝင်အံ့' ဟူသော ကဗျာလင်္ကာကို ရွတ်ဆိုကာ ဩဝါဒစကား မြွက်ကြားတော်မူဖူး

သည်ကို ရည်ရွယ်၍ အထက်ပါစကားကို ရေးသားပါကြောင်းနှင့် ဘုရားဖြူ ဆရာတော်သည် ဘုရားအဖြစ်ကို တောင့်တတော်မူသော ဆုကြီးပန်ဖြစ်၍ ဘုရားမဖြစ်သေးမီအကြား တစ်ပါးသော ဘုရား၏ သာသနာတော်၌ မဂ်ဖိုလ်တရားတို့ကို ရလိုသော ဆန္ဒမရှိ၊ မဂ်ဖိုလ်ရရန် ထုံးစံမဟုတ်၊ ဈာန်စသော တရားတို့နှင့် ပြည့်စုံခြင်းကိုသာ စိတ်တော်က ညွတ်တော်မူ၏။ မဂ်ဖိုလ်တို့နှင့် ပြည့်စုံခြင်းကိုကား စိတ်တော်က ညွတ်တော်မူခြင်း မရှိ၊ ထို့ကြောင့် ဘုရားဖြူ ဆရာတော် တောမထွက်ခြင်းဖြစ်ကြောင်း၊ ဘုရားဖြူ ဆရာတော် ထေရုပ္ပတ္တိ အကျဉ်း စာပိုဒ်များ၌ တောရဆရာတော် ရေးသားတော်မူခဲ့ပါသည်။ (စာပိုဒ် ၃၁-မှ ၃၈-ထိ။)

ဘုရားဖြူ ဆရာတော်၏ အဆုံးအမတော်များ

စာပိုဒ် ၃၉။ အကြင်ရဟန်းသည် ပါတိမောက္ခသံဝရစသော သီလကို စင်ကြယ်အောင် မပြုမူ၍ အကြင်ကမ္မဋ္ဌာန်း အလုပ် အားထုတ်မှုကို ပြု၏။ ထိုကမ္မဋ္ဌာန်းအလုပ်အားထုတ်မှုသည် ကာမာဝစရ ကုသိုလ်မျှ အဖြစ်သို့သာလျှင် ရောက်နိုင်၏။ ယခုဘဝ၌ မဂ် စသည်တို့နှင့် ပြည့်စုံခြင်းသို့ကား မရောက်နိုင်သည်သာ။

စာပိုဒ် ၄၀။ ထို့ကြောင့် 'သင်တို့သည် သီလကို အထူးစင်ကြယ်အောင် ပြုကြလျက်၊ ပြုပြီးမှ ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်းကို ရှိသေလေးနက်စွာ ပြုကျင့်ကြကုန်လော့'၊ ဤ အဆုံးအမတော်သည်ကား တပည့်များ၏ အကျိုးကျေးဇူးကို မျှော်သည့်ဘုရားဖြူဆရာတော် အရှင်မြတ်ကြီး၏ အဆုံးအမတော်ဖြစ်ပေသည်။

ငြီးငွေ့သင့်ပြီ

စာပိုဒ် ၄၁။ ဘုံသုံးပါးဝယ်၊ ဝဋ်သုံးသွယ်ဖြင့် စနွှာသည့် လှည့်လည် မပြတ်သွားလာတတ်သော သံသရာ၌ ငြီးငွေ့ဖျင်းမုန်းခြင်းငှာ သင့်လျော်ပေပြီ၊ ထိုဘုံသုံးပါး ဝဋ်သုံးဖြာ သံသရာ၌ တတ်မက်မှု ကင်းခြင်းငှာလည်း သင့်လျော်လှပေပြီ။ ငြီးငွေ့ဖျင်းမုန်း၍ တတ်မက်ခြင်း၊ ကင်းကြကုန်လော့။

ဤအဆုံးအမတော်သည်လည်း ကျေးဇူးတော်ရှင် ထိုဘုရားဖြူဆရာတော် အရှင်မြတ်၏ အဆုံးအမတော်ပင် ဖြစ်ပေသည်။

မှတ်ချက်

'တောဘုန်းမှ သံသာရှုမှာလ၊ ဆွေးပုံတွေ အနန္တ ဟာမို့ စံမပြနိုင်ဘူးကွယ်၊' ဟူ၍လည်းကောင်း၊

- *'ဟန်မကျနိုင်ဘူးကွယ်'* ဟူ၍လည်းကောင်း မိန့်ဆိုကာ ဩဝါဒစကားများ မိန့်ကြားတော်မူသည်ကို ရည်ရွယ်၍ ဤစကားများကို ဆိုပါသည်။

စာသိမက ငါသိကျအောင်

စာပိုဒ် ၄၂၊ ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို စာသိမက ငါသိကျအောင် သိသောသူဟု ဆိုနိုင်လောက်အောင် ဥဒယဗ္ဗယဉာဏ် အမြင်သန်သောသူသည် နိဗ္ဗာန်အနီး၌ ဖြစ်၏။ (နိဗ္ဗာန်ကို အာရုံပြုနိုင်ရန် နီးကပ်နေပြီဟု ဆိုလို၏) ထို့ကြောင့် ဥဒဗ္ဗယဉာဏ် အမြင်သန်ရန် အကျိုးငှာ နေ့ညဉ့်မပြတ် ကြိုးစားအားထုတ်အပ်၏။ ဤအဆုံး အမတော်သည်လည်း ကျေးဇူးတော်ရှင် ထိုအရှင်မြတ်ကြီး၏ အဆုံးအမတော်ဖြစ်ပေသည်။

မှတ်ချက်

'ဥဒ္ဒမ္ဗယညာဏ် အမြင်သန်လျှင် နိဗ္ဗာန်နှင့်နီးမည်' ဟု ဆရာတော်က မိန့်ဆိုသော စကားကို ရည်ရွယ်၍ ဤစကားများကို ဆိုပါသည်။

အလိုနည်းရန်

စာပိုဒ် ၄၃၊ မြတ်စွာဘုရားက အလိုနည်းရန်၊ မြိုးခြံရန်၊ ရသမှုဖြင့်သာ ကျေနပ်ရန် စသည်ဖြင့် ဟောတော်မူသော အဆုံးအမ ဩဝါဒစကားကို လိုက်နာပြုကျင့်လေ့ရှိသော ရဟန်းသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိ၏။ ဤသို့မဟုတ်မူ၍ ထိုဩဝါဒတော်ကို လိုက်နာပြုကျင့်လေ့မရှိသော ရဟန်းသည် ကိုယ်ရောစိတ်ပါ နှစ်ဖြာမကွဲ ဆင်းရဲခြင်းသာ ဖြစ်ရရာ၏။ ထို့ကြောင့် ချမ်းသာခြင်းကို အလိုရှိသော ရဟန်းသည် ထိုအဆုံးအမ ဩဝါဒစကားတော်ကို လိုက်နာပြုကျင့်ရာ၏။ ဤအဆုံးအမတော်သည်လည်း ကျေးဇူးတော်ရှင် ထိုဘုရားဖြူ ဆရာတော်ရှင်မြတ်၏ အဆုံးအမကော် ဖြစ်ပေသတည်း။

မကျင့်နိုင်၍ ဆင်းရဲကြ

မှတ်ချက်။ ။ ယခုခေတ်ရှိ ရဟန်းတော်တွေဟာ မြတ်စွာဘုရား၏ စကားတော်အတိုင်း မကျင့်နိုင်ကြသောကြောင့်သာ ဆင်းရဲကြသည်' ဟု မိန့်ဆိုဖူးသော စကားတော်ကို ရည်ရွယ်၍ ဤစကားများကို ဆိုပါသည်။

အထက်ပါ ဘုရားဖြူ ဆရာတော်၏ အဆုံးအမများကို တောရဆရာတော်ဘဝ ရောက်ပြီးချိန်၌ ပြန်လည်ရေးပြသည်မှာ သာမန်မှတ်သားထားခြင်း မဟုတ်တန်ရာဟု နားလည်မိပါ၏။ ထို့ကြောင့်လည်း လိုရာ ကောက်နုတ်၍ မူရင်းအတိုင်းပင် ပြန်လည်ဖော်ပြလိုက်ပါ၏။*

ဆိုလိုရင်း – ဘုရားဖြူ ဆရာတော်၏ အဆုံးအမများကား၊ အခြားသောရဟန်းတော်များ ထက် တောရဆရာတော်လောင်းလျာ၏ နားမှာ ပို၍ စွဲနေ၏။ အသည်းနှလုံးမှာ ပို၍ မြဲနေ၏။ ငါ့ကို ဦးတည်၊ ငါ့ကို ရည်၍ မိန့်နေခြင်းဟု မှတ်ယူခြင်း ရှိသည် ထင်ပါ၏။

စိတ်တော်က တောသို့ ကိုင်းလျက် ရှိုင်းလျက်

အထက် တင်ပြခဲ့ပြီးသော အချက်များ အပြင် မြတ်စွာဘုရားသည် တောကို အလွန်ချီးမွမ်းသည် ဗုဒ္ဓမတ္တညူ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာကလည်း–

၁။ ရွာကျောင်း၊ မြို့ကျောင်းမှာနေမှ တရားသိမည့် ပုဂ္ဂိုလ် = ရွာကျောင်း၊ မြို့ကျောင်းမှာ နေရမည်။

၂။ တောရကျောင်းမှာ နေမှ တရားသိမည့် ပုဂ္ဂိုလ် = တောရကျောင်းမှာ နေရမည်။

၃။ မည်သည့်နေရာနေသည်ဖြစ်စေ တရားသိမည့် ပုဂ္ဂိုလ် = တောရကျောင်းမှာ နေရမည်။

၄။ မည်သည့်နေရာနေနေ တရားမသိမည့်ပုဂ္ဂိုလ် = တောရကျောင်းမှာ နေရမည်။

ထို ၄–ချက်တွင် ၃–ချက်မှာ တောရ အလေးထားသည့်အတွက် သာမဏေဘဝက စိတ်ကူးခဲ့သော ဂါမဝါသီ ဝိနယဂရုက ဖြစ်လိုစိတ်မှ

* တောရဆရာတော်၏ ဘုရားဖြူဆရာတော် ထေရုပ္ပတ္တိအကျဉ်း

အရည်ဝါသီ ဝိနယဂရုက ဖြစ်လိုစိတ်သို့ တဖြားဖြား ပြောင်းလဲသွားခဲ့လေသည်။

တောရဆရာတော်လောင်းလျာသည် ဂဏဝါစက စာချအဖြစ် သောတုစနများကို စာပေများ ပို့ချပေးလျက်ပင် ရှိငြားသော်လည်း စိတ်တော်က တောသို့ ကိုင်းလျက် ရှိုင်းလျက် ရှိနေလေပြီ။ မိမိဆရာ ဘုရားဖြူဆရာတော် ရွတ်ဆိုတော်မူခဲ့သော–

မြင်သည့်သစ်ပင် တောဟု ထင်၍
အရည်ကင် ဘယ်ခါဝင်အံ့–

ဟူသော ကဗျာကို နှုတ်မှ ဖွင့်ဟရုံခါ ညည်းတော်မူလေပြီ။

တောရလိုက်ရှာ တစ်လခန့်ကြာ

ကောဇာ ၁၃၁၆–ခုနှစ်မှစ၍ စာချဘုန်းကြီး ဖြစ်လာခဲ့သော တောရဆရာတော် လောင်းလျာသည် စာချအဖြစ် ၈–နှစ်အကြာ ရဟန်း ၂၁–ဝါအရ ၁၃၂၃–ခုနှစ်နှောင်း စာမေးပွဲများ ပြီးစအချိန် အထက် အညာဒေသသို့ သပိတ်ပိုက်ကာ တောရကျောင်းရှာ ထွက်ခဲ့သည်။ တစ်လခန့်ကြာမှ ဘုရားဖြူတိုက်သို့ ပြန်ရောက်လာသည်။

ခရီးသွား မများဘူးလား

တစ်ခါမှ ခရီးမသွားသည့် ပုဂ္ဂိုလ် ခရီး ရှည်ထွက်သည့်အတွက် ဘုရားဖြူဆရာတော် ဘဒ္ဒန္တ ပညာဝံသ မဟာထေရ်က 'ခရီးသွား မများဘူးလား' ဟု အမေးခံရတော့၏။*

နှင့်ပြုပါမည်

တောရဆောက်တည်လို၍ တောရလိုက် ရှာသည့်အကြောင်း ပြန်လည်လျှောက်ထားသည့် အခါ ဘုရားဖြူဆရာတော်က မိမိကိုယ်တိုင် တောရ ဆောက်တည်လိုပါလျက် ဆရာထံမှ ခွင့်မရခဲ့သည့် အတွက် မိမိဆရာ ဖြစ်လာသည့်အခါ တပည့်များထဲ မှ တောရ ဆောက်တည်လိုသော ပုဂ္ဂိုလ်ပေါ်ပေါက် ခဲ့ပါလျှင် ခွင့်ပြုမည်ဟု ကြံတင်ဆုံးဖြတ်ထားခြင်း ရှိကြောင်း တစ်သီတစ်တန်းကြီး မိန့်တော်မူ၏။

ဘုရားဆုပန်သည့် ဘုရားဖြူဆရာတော်

ဘုရားဖြူဆရာတော်သည် ပခုက္ကူမြို့ အရှေ့တိုက် မှာနေစဉ် တောရဆောက်တည် လိုသည့် အတွက် ပခုက္ကူအရှေ့တိုက် ဆရာတော်ထံ ခွင့်တောင်းပုံကို မိန့်၏။ ဘုရားဖြူဆရာတော်လောင်း လျာ ပညာဓိက ဘုရားဆုပန်က ပခုက္ကူအရှေ့တိုက် ဆရာတော် ပညာဓိက ဘုရားဆုပန်ထံ တောရ ဆောက်တည်ခွင့် လျှောက်ထားသောအခါ ပခုက္ကူ အရှေ့တိုက် ဆရာတော်က မင်းတို့ငါတို့လို အတန်း အစားက တောရဆောက်ရမည့် အတန်းအစား မဟုတ်ဟု မိန့်ကြောင်း။ ဘုရားဖြူဆရာတော်က ပြန်လည် မိန့်ကြားခြင်း ဖြစ်ပါ၏။

နာကြားရသည့် အမိန့်များ ဝမ်းသာရပါ လည်း အခြေအနေအခွင့်မသာသေးသည့်အတွက် ၁၃၂၄–ခုနှစ် ၂၂–ဝါမြောက်ဝါကို ဘုရားဖြူတိုက် မှာပင် ဆက်လက်သီတင်းသုံး၍ ဝိနယသင်္ဂဟ အဋ္ဌကထာ အပါအဝင် နေ့ဝါ ညဝါများကို သောတု စန စာသင်သားများအား ပို့ချနေခဲ့ရပြန်လေသည်။

အရည်ဝါသီ ကြွလှမ်းပြီ

သာသနာတော်နှစ် ၂၅၀၇၊ ကောဇာ ၁၃၂၅ ခုနှစ် နယုန်လဆန်း ၅–ရက် (၂၇.၅.၁၉၆၃) တနင်္လာနေ့ သက်တော်အားဖြင့် ၄၂–နှစ် ဝါတော်

* အရှင်အာဒိစ္စ (မှော်စရိယ)၏ တောရဆရာတော် ထေရုပ္ပတ္တိကထာ

အားဖြင့် ၂၃–ဝါသို့အရောက် တောရဆရာတော် လောင်းလျာ စာချဘုန်းတော်ကြီး ဘဒ္ဒန္တ တိဿရ မထေရ်သည် ကျေးဖူးတော်ရှင် ဘုရားဖြူ ဆရာတော် ဘဒ္ဒန္တပညာဝံသ (ဝိနယဂရုက) အား သက္ကစ္စဂရု ဂါရဝတရား ရှေ့ထားလျက် သုံးလီသော ပဏာမဖြင့် ဝန်ချကန်တော့ပြီး 'ဘုရားတပည့်တော်သည် ကျန်းမာ ရေးညံ့ခဲ့သော် တစ်နှစ်၊ ကျန်းမာရေးကောင်းခဲ့သော် သုံးနှစ်၊ သုံးမိုး၊ သုံးဝါပတ်လုံး အရညဝါသီ တောရ မှီခွင့် ပြုတော်မူပါဘုရား' ဟု လျှောက်ထားပြီး ဘုရား ဖြူကျောင်းတိုက်မှ သပိတ် တစ်လုံး၊ သင်္ကန်း သုံး ထည်ဖြင့် သဘော်ဆိပ်သို့ကြွခဲ့ရာ တိုက်မှ သံဃာ အပါး ၃၀–ခန့် သင်္ကန်းရုံလျက် လိုက်ပို့ကြ၏။

သဘော်ဆိပ်ဝယ် သင်္ကန်းရုံသံဃာ အပါး များစွာ ဖူးမြင်ရသော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ လွန်စွာ ကြည်နူးဝမ်းသာ ဖြစ်ကြသည်။

တစ်လစော၍တောထွက်တော်မူ

မူလရည်ရွယ်ထားသည်မှာ ဝါဆိုဦးမှ တော ထွက်မည်ဟုစိတ်ကူးထားခဲ့သော်လည်း တစ်လစော ၍ တော်ထွက်တော်မူလေသည်။

ယင်းသို့ ဖြစ်ရခြင်းအကြောင်းမှာ အများအ ခေါ် ကိုရင်ငယ် ဆာဆိကြောင့် ဖြစ်သည်။ ကိုရင်ငယ် ဆာဆိကို ဆရာတော်၏ ညီရင်းဖြစ်သူ အရှင် ဣဿရက သဒ္ဓါသုတ်စဉ် သင်သည်၊ စာမရ၍ ဒေါပွသည်၊ ကိုရင်ငယ်ဆာဆိမှာ ကျောင်းအပြင် တိတ်တဆိတ်ထွက်၍ ရပ်ရှင်ကြည့်၊ ကွမ်းစားသည် ဟု ကြားက တိုင်ထားကြ၍ စာမရသဖြင့် ရိုက်နက် ဆုံးမသည်။ အချက်ရေ တော်တော်များများ ရိုက် သည်ကို မခံနိုင်ဖြစ်ပြီး ပြန်ဆဲသည်။ ဆဲရာ၌ ဆရာတော် (၂)ပါး၏ မိခင်ကြီး ဒေါ်အေးမှန်အမည် ကို ထည့်၍ဆဲသည်။ တောရဆရာ တော်လောင်းလျာ နားမှာ ကြားသွားသည်။

'မင်းလောက်ဆိုးသော ကိုရင်မရှိ'ဟုဆိုကာ တောရဆရာတော်လောင်းလျာက ချက်ရေ များများ ထပ်ရိုက်ပြီး စိတ်မကောင်းဖြစ်သွားဟန် တူ၏။ 'ငါ တောထွက်ဖို့ တစ်လလိုသေးတယ်၊ ဒါပေမယ့် အခုပဲ တောထွက်တော့မည်'ဟု မိန့်ကာ တစ်လစော၍ တောထွက်တော်မူခြင်း ဖြစ်လေသည်။

ဆာဆိခေါ်သည့် ဦးညွန့်လှိုင်

အထက်၌တင်ပြခဲ့သော သံဃာတော်အပါး ၃၀–ခန့်က သင်္ကန်းရုံလျက် လိုက်ပို့ကြသည့်အထဲ တွင် သူ့ကြောင့်ဆရာတော် တစ်လစော တောထွက် ရလေခြင်းဟု ဝမ်းနည်းပက်လက် ငိုယိုလျက်လိုက် ပါလာခဲ့သော ကိုရင်ငယ်ဆာဆိမှာ အခြားသူ မဟုတ်။ 'ယခုအခါနဘူးကျင်း ရန်ကင်းတောရ ကွန်ကရစ် ဆွမ်းခံလမ်း အလှူရှင်ဖြစ်သူ တပည့်ကြီး ဦးညွန့်လှိုင်ပါတည်း။'

လေးမျိုးနိမိတ်နတ်ပြဟိတ်ကြောင့်

ပါရမီတော်များ ဖြည့်ကျင့်ခဲ့ပြီးသော အလောင်းတော်အတွက် နတ်တို့သည် နိမိတ်ကြီး ၄–ပါးဖန်ဆင်းပေးတော်မူခဲ့ရလေသည်။ ယင်းသို့ ဖြစ်ရခြင်းကို သတိမူမိပါလျှင် တောရဆရာတော် လောင်းလျာအတွက် မမြင်ရသော နောက်ကွယ်မှ တွန်းအားကြီးတစ်ခု ဖြစ်ကောင်းဖြစ်ပါလိမ့်မည် ဟု ယုံကြည်မိပါသည်။

မဃဒေဝ မင်းကြီး၏ သံဝေဂဉာဏ်ကဲ့သို့

ဤနေရာ၌ မဃဒေဝ မင်းကြီး၏ သံဝေဂ ဉာဏ်ထင်လာရေး မန်လည်ဆရာတော် ဘုရားကြီး ရေးဖွဲ့ခဲ့သည့် စာပိုဒ်ကို တောရဆရာတော် လောင်း လျာ၏ ဘဝနှင့် ထင်ဟပ်၍ မြင်နိုင်ပါရန် ကောက် နှုတ်တင်ပြလိုက်ပါ၏ *။

♦ *မဟာမဃ၊ ဒေဝဘုန်းရှိ၊ သန္ဓေသိဖြင့်၊ ဓာတ်ပညာဉ်၊ မြဲယှဉ်ဆောင်းလျက်၊ ဦးခေါင်းထက်၌ တစ်ခက်ဆံပင်၊ ဖြူသည်မြင်က၊ မြင်လျှင်မြင်ခြင်း၊ တင်အချဉ်းဟု၊ ကြံရင်းအဲနိုး၊ ဉာဏ်ဆော်နိုး၍၊ မိုး ကြိုးပမာ မိန့်တော်မှာသည်*

(ပိုဒ်ရေ – ၅)

♦ *သံဝေဂကြီး ကမ္ဘာမီးသို့၊ စောစီးမင်း မြတ်၊ အမြဲမှတ်၍ ထိုဆတ္တာသည် မိန့်တိုင်းတည် အား၊ လွန်ကြည်မြတ်လေး၊ ရွှာဆုပေးသား*

(ပိုဒ်ရေ – ၆)

♦ *ဆံတစ်ခက်ဖြင့်၊ ဖြူရျက်ခေါင်းမှာ၊ သေမင်းလာ၍၊ မကြာယူမည့်၊ စေသည့်အခြင်း၊ ယမမင်း၏၊ အချင်းတမန်၊ အမှန်စုဆိုက်၊ အလံနိုက် ဟု၊ ဆိုထိုက်သဘော၊ မိန့်ဟောသဘာဝ၊ ထင်ရှာ ပြသား–*

(ပိုဒ်ရေ – ၇)

(အထက်စာပိုဒ်များအရ ဆံဖြူတစ်ခက် မြင်ရခြင်းဖြင့် ဦးခေါင်းထက် သေမင်း အလံနိုက် သည်ဟု နိုးဆော်သူ ဆတ္တာသည်အား ရွာဆုပေး သည် ဆိုထားရာ ဆာဆိခေါ် ဦးညွန့်လှိုင်အား ဆရာတော်က ဆတ္တာသည် အလား နောင်အခါ ကျေးရွာများပင် တင်နေပါသလား ဘုရား လျှောက် ထားရမလို ဖြစ်နေတော့သည်။)

---

* မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝ လင်္ကာသစ်

တတိယပိုင်း

တောရစတင်ဆောက်တည်တော်မူခြင်း

တောရဆောက်တည်သော ဝါတော် ၂၀-အချိန်ကာလ
သက်တော် - ၄၂-နှစ်မှ သက်တော် ၆၂-နှစ်ထိ

သာသနာတော်နှစ်	-	၂၅၀၇-မှ ၂၅၂၇-ထိ
ကောဇာ	-	၁၃၂၅-မှ ၁၃၄၅-ထိ
ခရစ်နှစ်	-	၁၉၆၃-မှ ၁၉၈၃-ထိ

<u>သာသနာတော်အတွက် ဆောင်ရွက်ချက်များ</u>

ကျမ်းစာ - အရဏသုတ္တကာလ ဝိနိစ္ဆယ (ခေါ်) အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း

- စီဝရဝဏ္ဏဝိနိစ္ဆယ ခေါ် သင်္ကန်းရောင်အဆုံးအဖြတ်ကျမ်း
- ဘုရားဖြူဆရာတော် ဘဒ္ဒန္တပညာဝံသ ထေရုပ္ပတ္တိရေးခြင်း
- သရက်ကန်ဆရာတော် ဘဒ္ဒန္တဥက္ကံသ ထေရုပ္ပတ္တိရေးခြင်း
- သိမ်သမုတ်ခြင်း = သိမ်အမှတ် ၁-မှ သိမ်အမှတ် ၁၄-ထိ သမုတ်ခြင်း
- တောရသစ်/တောရဟောင်းများ = တည်ထောင်တော်မူခြင်း
- ဒိဋ္ဌာနုဂတိသို့ လိုက်၍ တောရဆောင်ရဟန်းတော်များ ပေါ်ထွန်းခြင်း
- ဂဝေသီသုတ်တရားတော် ဟောကြားတော်မူခြင်း



ရွှေစက်တော်၌ တောရဆရာတော် ဓုတင်ဆောင်ခဲ့သည့် ရေးဟောင်းအုတ်ဂူ

- ၁၃၂၅ ခုနှစ် နယုန်လပြည့် 'မဟာသမယ' အခါတော်နေ့ (၆.၆.၁၉၆၃) ရွှေစက်တော် ဘုရားအနီး တောထဲ၌ရှိသော ရေးဟောင်း ဤအုတ်ဂူတွင် ဆရာတော် အရှင်တိဿရ (အရည၀ါသီ) ဓုတင်ဆောင်ရဟန်းအဖြစ်သို့ စတင်ရောက်ရှိ သီတင်းသုံးခဲ့သည်။
- ၁၃၄၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ တောရဆရာတော်နှင့် ကျောင်းဒကာ ဦးအောင်ခ ဒေါင်းမင်းဆီစက် တပ်ကုန်းမြို့တို့ အတူသွားရောက်။ ထိုအုတ်ဂူကို ပြန်လည်ပြုပြင် တံခါးပိတ်များ တပ်ဆင်။ ထိုနေ့က ရိုက်ကူးခဲ့သောဓာတ်ပုံ ဖြစ်ပါသည်။
- တောရဆရာတော်သည် ထိုအုတ်ဂူသို့ ဒေါင်းမင်းဆီစက်ကားဖြင့် သုံးကြိမ်ကြွရောက်။ ကျောင်းဒကာ ဦးအောင်ခ အမြဲလိုက်ပါ ပြုပြင်ခဲ့ကြသည်။

အခန်း (၃)

အဆန်ခရီး သင်္ဘောစီး၍

၁၃၂၅–ခုနှစ်၊ နယုန်လဆန်း(၅)ရက်နေ့မှစ၍ ရန်ကုန်မှ မကွေး–မင်းဘူး ဧရာဝတီမြစ်ကြော ရေဆန်ခရီး သင်္ဘောစီး၍ ကြွတော်မူသည်။ ဆရာတော်ဘဝ သံသရာအဆန်ခရီး စတင်ခြင်းလည်း ဖြစ်သည်။

စာချဘုန်းကြီးဘဝ၌ သိက္ခာထပ် ရဟန်းဒါယကာကြီး ဦးသာကြွယ်နှင့် ဒါယကာဦးခန့်တို့က သင်္ဘောခ ဒကာခံသည့်ပြင် သင်္ဘောပေါ်တွင် အမြဲပါသည့် ဒါယကာကိုစိန်အေးအား နဝကမ္မ ပေးအပ်ပြီး ကပ္ပိယအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း လျှောက်ထားကာ ပြောင်းလွှဲပေးလိုက်ကြ၏။

ပထမရက်၌ ကိုစိန်အေးက ဆရာတော်ဘဒ္ဒန္တတိသရ၏ သပိတ်ကိုယူ၍ ထမင်းဆိုင်မှ ဆွမ်းဝယ်ထည့်ပြီး ဆရာတော်အားကပ်လှူ၏။ ဆရာတော်၏အခြေအနေကို သိကြသောအခါ ဒုတိယရက်မှ စ၍ ဆွမ်းအတွက် ငွေမပေးရတော့ဘဲ ကိုစိန်အေး သပိတ်ပိုက်ကာ သင်္ဘောပေါ်ရှိ ထမင်းဆိုင်ရှေ့မှာ ဆွမ်းခံပြီး နေ့စဉ် ဆရာတော်အား ကပ်လှူကြ၏။

အညာဆန် ဧရာဝတီသင်္ဘောသည် အထက်အညာမြို့များသို့ ဦးတည်ခုတ်မောင်းလျက် ဧရာဝတီမြစ်ပြင်၏ ဝဲယာကမ်းနှစ်ဖက် မြို့များသို့ ကုန်တင်ကုန်ချဖြင့် လိုက်ပါသူအားလုံး သင်္ဘောပေါ်မှာစား၊ သင်္ဘောပေါ်မှာအိပ်၊ လိုရာခရီး မရောက်မီ တစ်ယောက်ဆင်း တစ်ယောက်တက်ဖြင့် မရပ်မနား ပြေးလွှားနေကြလေသည်။

ဆရာတော်သည် ဤခရီးကို အဘယ်ကြောင့် စတင်ခဲ့သနည်းဟူမူ သံသရာထဲမှာ ကျင်လည်ရသည့် ဒုက္ခများစွာမှလွတ်မြောက်လိုသောကြောင့်ဖြစ်သည်ဟု ပြောရမည်သာဖြစ်ပါသည်။

မင်းနေပြည်တော်နှင့် ဓနပုဒ်

စာသင်သားဘဝ၊ ဓမ္မာစရိယဘွဲ့ရ စာချဘုန်းကြီးဘဝ၊ ဘုရားဖြူတိုက်ကြီး၏ ဂဏသတင်းကြီးမားခြင်းကြောင့် အစစ လိုရာပြည့်စုံနေသည့်ဘဝကို စွန့်ခွာတော်မူ၍ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၏ 'ကြွလှမ်းတော်မူခဲ့ပါ'ဟူ၍လည်း လျှောက်ထားချက်မရှိ။ မင်းနေပြည်တော်နှင့် ဓနပုဒ် တောအရပ်လောကလူသာမန်တို့၏ အမြင်အရ မက်မောစရာများစွာမရှိ အကွာကြီး ကွာလှသည်။

နေကျွမ်းခြင်း မင်္ဂလာခရီး

ဤနေရာ၌ မြတ်ဗုဒ္ဓလောင်းလျာ ကိုယ်တော်တိုင် တောထွက်ခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သည့် လင်္ကာစာပိုဒ်အချို့ကို တင်ပြလိုက်ပါ၏။

- ♦ – *ချစ်သားအရိယာ၊ များသယာတို့။ ငါသမ္ဗုဒ္ဓ၊ ရှင်တို့ဘကား၊ ဘဝဏ္ဏသာ၊ ယခုခါမှ၊ ပြည်ရွာ တိုင်းခန်း၊ ရွှေနန်းရွှေထီး၊ စည်းစိမ်ကြီးကို စွန့်ပြီးရက်ရက်၊ တောထွက်သည်ကား၊ မဟုတ်ပြောတည်–*
- ♦ – *ရှည်လျားဝေးစွာ၊ ရှေးသောခါလည်း၊ ပြည်ရွာတိုင်းကား၊ သိမ်းပကားလျက်၊ ပိုင်ကားအာဏာ၊ ကြီးတော်စာနှင့်၊ လူ့ရွာနိပ်နင်း၊ စိုးစံခြင်းဖြင့်၊ မင်း၏ချမ်းသာ၊ မဟာသမ္ပတ်၊ နတ်မျှမလွန်၊ စည်းစိမ်မွန်ကို၊ မှောက်သွန်အိုးနယ်၊ ပယ်ကြီးပယ်၍၊ လေးသွယ်ဖြဲပွားစိုရဲ မဂ်ဗိုလ်ဆောက်ဦး၊ ယူခဲ့အထူး၊ တောထွက်ဖူး၏။*

♦ – လူ့မှုနူးထွတ်တင်၊ ရှင်တို့အဘ၊
ဤဘဝကား၊ ပစ္ဆိမစောတ်၊ ဖြစ်သ
တတ်ကြောင့်၊ ဟုတ်ဟတ်ကြီးကျယ်၊
မအုံ့ဖွယ်တည့်၊ ရွှေးဝယ်ဘဝ၊
နစဉ်ကလျက်၊ နေကွမှုကြီး၊
မင်ခရီးကို၊ ရွာမီးထွင်ကျင်း၊
ဆောထွက်ခြင်းသာ၊ လွန်မင်းစွာတောင်း၊
အုံ့ရာကောင်းဟု[၁]–

(မဃဒေဝ ပိုဒ်ရေ–၂၀)

မြတ်ဗုဒ္ဓ၏ သားတော်ကြီးဖြစ်တော်မူ သော တောရဆရာတော်လောင်းလျာသည်လည်း၊ ယခုဘဝ ဤကာလမှ တောထွက်ခဲ့သည်မဟုတ် ဘဝများစွာ သံသရာ၌ ကျင်လည်စဉ်ခါ နေကွမ္မပါရမီထူး ဖြည့် ကျင့်ခဲ့ဘူးပေလိမ့်မည်။

မြို့ကြီးပြကြီးများ၌ အာရုံငါးပါး ကာမဂုဏ် တရားများနှင့် တဏှာ၏ ကျေးကွင်းများ ပေါများ လှသည်။ ဖန်ခါခါဘဝများစွာလည်း ကျင်လည်ခဲ့ရ ပြီးပြီ၊ ပရိယတ္တိ သင်ယူ၊ ပို့ချတာဝန်များလည်း သင့်သမျှ ရွက်ဆောင်ပြီးပြီ။ သို့ဖြစ်၍ ပဋိပတ္တိအလုပ် ကို လုပ်ရန် သင့်လျော်သော အချိန်အရွယ်ရှိရာ ထိုအခါ၌ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ရန် တိုက် တွန်းလျက်ရှိသော ပါဠိတော်လာ နှစ်ဂါထာတို့ကို အကြိမ်များစွာ ရွတ်ဆို နှလုံးသွင်း ဆင်ခြင်တော်မူ ခဲ့သော ဆရာတော်သည် ယခုအခါ နေကွမ္မ ပါရမီ တော်ခရီးကို စတင်ခဲ့လေပြီ။

ဆရာတော် နှလုံးသွင်း ဆင်ခြင်တော်မူခဲ့ သော ပါဠိတော်နှစ်ဂါထာနှင့် မြန်မာပြန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

တောရဆရာတော် လျောင်းလျာနှလုံးသွင်း သည့် ဂါထာ ၂–ပုဒ်

– သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

– ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတေ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

ဟူသော ပါဠိဂါထာတို့ပင်ဖြစ်ပေကုန်၏။ ထိုဂါထာများ၏ မြန်မာပြန် အဓိပ္ပါယ်အကျဉ်းမှာ ဆိုလတ္တံ့အတိုင်းပင်ဖြစ်သည်[၂]။

ဆိတ်ငြိမ်ရာကျောင်း၌ ဝင်လျက် ငြိမ်သက် သော စိတ်ရှိကာ၊ ဘုံသုံးဖြာ၌ ဖြစ်သော ရုပ်နာမ် တရားတို့ကို အမြဲမရှိ၊ ဆင်းရဲ၏၊ ကိုယ်ပိုင် အစိုးရ ခြင်းမရှိ၊ ဤသို့အားဖြင့် ကောင်းစွာ ဆင်ခြင်သုံးသပ် သော ရဟန်းအား လူသာမန်တို့၌ မဖြစ်သော မွေ့လျော်မှုကြီးသည် ဖြစ်ပေါ်လာတတ်ပေ၏။

ဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းမှ ပျက်ခြင်းကို ဆင်ခြင်သုံးသပ်မိရာ ထိုအခါ၌ အမြိုက်နိဗ္ဗာန်ကို အထူးသိသောသူတို့အား ဖြစ်သော နှစ်သက်ဝမ်းမြောက်ခြင်းမျိုးကို ရလာတတ် ပေ၏ ဟူ၍ဖြစ်ပါ၏။

ထိုနှစ်ဂါထာ၏ ပါဠိမြန်မာပြန်ကို အထူး ဂရုပြု၍ ဖတ်ရှုဆင်ခြင်ကြည့်ပါလျှင် အဓိပ္ပါယ်မှာ ပေါ်လွင်ပြီး ဖြစ်နေပါသည်။ ထပ်ရှင်းရန်မလိုတော့ ဟုလည်း ထင်ပါသည်။ ဆရာတော်၏ ရည်မှန်း ချက်သည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ် ဝိပဿနာ ရှုရန်နှင့် အမြိုက်နိဗ္ဗာန်ချမ်းသာကို ရရန်အတွက် သွားနေခြင်းလည်းဖြစ်ကြောင်း မိမိတို့၏ ဉာဏ်မျက် လုံး၌ မြင်ရခြင်းသည်ပင် ပီတိအဟုန် လွှမ်းမြိုးမိလျက် သား ဖြစ်ရပါလိမ့်မည် ထင်ပါသည်။

* ၁။ မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝ လင်္ကာသစ်
* ၂။ တောရဆရာတော်၏ ဘုရားဖြူဆရာတော် ထေရုပ္ပတ္တိအကျဉ်း

မင်းဘူးဆိပ်ကမ်းသို့

၁၃၂၅–ခုနှစ်၊ နယုန်လဆန်း ၅–ရက်မှ ထွက်လာသော ရောဝတီအညာဆန်သင်္ဘောကြီးသည် လမ်းတွင် ၄– ညအိပ် ၅–ရက်ကြာခဲ့ပြီး နယုန်လဆန်း ၉–ရက်နေ့ ည ၁၁–နာရီခန့်တွင် မင်းဘူးမြို့ သင်္ဘောဆိပ်သို့ ရောက်၏။ မိုးများရွာနေ၏။ မိုးရွာထဲမှာ မည်သည့်နေရာ ဌာနသို့ သွားရမည်မသိဖြစ်နေသော ဆရာတော်အား ကပ္ပိယကိုစိန်အေးက မင်းဘူးရဲဌာနမှ လှည့်ကင်းထွက်လာသော ရဲကားကို ပြောပြတင်ပေး၏။ ထိုရဲကား၏ ကောင်းမှုဖြင့် ည ၁၂–နာရီခန့် ဟိန္ဒူလူမျိုးပိုင် ဘုရားဖူးများတည်းခိုရာ ဇရပ်ကြီးတစ်ဆောင်သို့ ရောက်ရှိပြီး ကျိန်းစက်ခဲ့၏။ မင်းဘူးမြို့၌ ၃–ရက်ခန့် ဆွမ်းခံစားပြီး ရွှေစက်တော်သို့ ခရီးဆက်ရေး လှေလာစုံစမ်းရင်း အနားယူခဲ့၏။

ရွှေစက်တော်သို့ ခြေလျင်ခရီး

မင်းဘူးမြို့တွင် ဆွမ်းခံစားပြီး မင်းဘူးမြို့မှ ငဖဲမြို့သို့၊ ထိုမှတဆင့် ရွှေစက်တော်သို့၊ ခရီးဆက်ရန် နယုန်လဆန်း ၁၂–ရက်နေ့ သပိတ်ကို လွယ်၊ ဒုကုဋ်သင်္ကန်းကြီး ပခုံးမှာတင်၍ ခြေလျင်ခရီး ထွက်လာသည်။

ထိုခရီးမှာ ကားအသွားအလာ နေ့စဉ်မရှိ၊ ထိုကာလက အစိုးရဝန်ထမ်းများ၏ ကားများ ရံခါသွားလာတတ်သည်သာ ရှိ၏။ မြင်းလှည်း၊ နွားလှည်းမစီး၊ ငွေမကိုင်ကြောင်းလည်း မပြောလို၊ သို့အတွက် ခြေလျင်ခရီး ထွက်ခဲ့ခြင်း ဖြစ်သည်။

မင်းဘူးမှ အနောက် ၃၄–မိုင်ခန့်ရှိသော ရွှေစက်တော်သို့ ဆရာတော် ခြေလျင်ခရီး နှင်နေခြင်းဖြစ်သည်။ ဆရာတော် ငယ်စဉ် တစ်နာရီ ၃–မိုင်နှုန်း လျှောက်လှေ့ရှိသည်။ မိန့်ကြားခဲ့ဖူးသည်။ နာရီပေါင်း ၃၂–နာရီ၊ အနည်းဆုံးကြာမည်ဖြစ်သည်။ ၂–ရက်နီးပါး လမ်းမှာ ကျိန်းစက်၊ လမ်းမှာ ဆွမ်းခံကြွနေဟန်ရှိသည်။

(မင်းဘူးမှ စကုမြို့သို့ ၁၀–မိုင်၊ စကုမြို့မှ ရွှေစက်တော် ၂၇–မိုင်ရှိလေသည်။ စကုမြို့နှင့် လယ်ကိုင်း ၄–မိုင်။ လယ်ကိုင်းမှ ကျောင်းတော်ရာ ၄–မိုင် ဖြစ်လေသည်။)

မှတ်ချက်

(၁) (တောရဆရာတော် သက်တော် ၄၀–ကျော်မှ ၅၀–ကျော်အထိ ထိုဝန်းကျင် တပိုက် သီတင်းသုံးစဉ် ထို ထို နေရာများသို့ သွားတိုင်းဆိုက်ကား၊ မြင်းလှည်း၊ မော်တော်ကား မစီး၊ခြေလျင်ချည်းသာ ကြွခဲ့လှမ်းခဲ့လေသည်။)

(၂) (ဆရာတော်သည် ရန်ကုန် ဘုရားဖြူမှာ စာချဘုန်းကြီးဘဝ၌ နေစဉ် ရန်ကုန်နှင့် အင်းစိန် ခြေလျင်သွားခဲ့ဘူးကြောင်း၊ ညမိုးချုပ်မှ ဘုရားဖြူ ပြန်ရောက်ကြောင်းနှင့် ကား၊ ရထားတက်စီးပြီးမှ ငွေမကိုင်ကြောင်း မပြောလို၊ မည်သူ့အားမျှ ထိုခရီးအတွက် အလှူခံပါသည်။ ဖွင့်ဟ မပြောလို၍ ခြေလျင်သွားခဲ့ကြောင်း မိန့်တော်မူဘူးသည်။)

မျှော်လင့်မထားသော မော်တော်ကားပေါ်လာ

ယခုလည်း ရောက်လိုသည့်အရပ်ရောက်ဟူ၍ သွားနေပြန်သည်။ ည မိုးချုပ်လာပြီ၊ ခရီးလမ်းမှာပင် သွားနေဆဲ ဖြစ်သည်။

ထိုစဉ် နောက်မှ မီးအလင်းရောင်ထိုးလျက် မျှော်လင့်မထားသော မော်တော်ကားတစ်စီး ပေါ်လာ

သည်။ ထိုကားမှာ မင်းဘူးမြို့မှ ခရိုင်အဆင့်ရှိအရာရှိကြီးများ နယ်မြေ အေးချမ်းလုံခြုံရေးအတွက် (Night Move) ညကင်းလှည့် ထွက်လာခြင်းဖြစ်သည်။ ညဉ့်နက်ချိန် မထင်မှတ်သောနေရာ၌ ခရီးသွား ရဟန်းတစ်ပါးကို ဖူးတွေ့ရသည်မှာ အံ့တစ်ပါးဖြစ် နေတော့သည်။

သူတော်ကောင်းကြီးများ၏ နွဲ လုံ့လ ပါရမီတော်များကို ဤလောကကြီးသည် မျက်ကွယ်ပြု၍ မနေပါချေ ဟု နလုံးသွင်းမိပါသည်။

ထိုကားဖြင့် ထို ငဖဲမြို့သို့ ရောက်ရှိခဲ့ပြီး ဆေးရုံအနီး၊ ကုန်းကျောင်း၌ တည်းခိုရပါ၏။

ကေလာကြီးတို့ ကျောင်းက

ကုန်းကျောင်းဆရာတော်ကြီးက ဘယ်ကလဲ ဟု မေးသောအခါ 'ရန်ကုန်မြို့ ဘုရားဖြူတိုက်ကပါ ဘုရား'ဟု လျှောက်ထား၏။ ကုန်းကျောင်းဆရာတော်ကြီးက 'ကေလာကြီးတို့ ကျောင်းကပဲ'ဟု မိန့်၏။ ကေလာကြီးဆိုသူမှာ တစ်ချိန်က ဘုရားဖြူကျောင်းတိုက်တွင် စာချဘုန်းကြီး လုပ်ခဲ့သည့် ဘဒ္ဒန္တကေလာသဖြစ်ပြီး ဘုရားဖြူ ဆရာတော် ဖြစ်လာသည့် ဘဒ္ဒန္တဝဏ္ဏိမ (အဂ္ဂမဟာပဏ္ဍိတ) ၏ ဆရာဖြစ်ခဲ့၏။

တောရဆရာတော် လောင်းလျာ ကုန်းကျောင်း သို့ရောက်ချိန်တွင် ကေလာကြီးဆိုသူမှာ လူဝတ်ကြောင်ဖြင့် သေလွန်ပြီး ၁၀–ရက်ခန့်သာ ရှိသေး၏။

ဘဝသံသရာ၌ မြင့်ရာမှ နိမ့်ရာ ဆင်းသူက ဆင်း အတည်မကျပုံပဟန်အမျိုးမျိုးဖြင့် ဘဝဆုံးနေ ခဲ့ကြရလေသည်။

သို့ကြောင့်လည်း မန်လည်ဆရာတော် ဘုရားကြီးက ဤသို့ လင်္ကာရေးဖွဲ့ခဲ့လေသည်။

– မြတ်ယုတ်ဘဝ၊ စတိရကာ၊ အိုကြ သေကြ၊ မနေရဘူး၊ လူက နတ်က၊ ဖြစ်သမျှပင်၊ မြင်သမျှ မျိုး၊ ဒုက္ခအိုးတည့်၊ လိုစိုးပိုင်ပိုင်၊ တည်မနိုင်ခဲ့– (မဃဒေဝ ပိုဒ်ရေ ၁၄၂)

တောရဆရာတော် လောင်းလျာအတွက် သံဝေဂဖြစ်ဖွယ်တစ်ရပ် ဖြစ်ပါ၏။

ဆရာတော်သည် ငဖဲမြို့ ဆေးရုံအနီး ကုန်းကျောင်း၌ သီတင်းသုံးလျက် ရွှေစက်တော် တောလမ်းခရီးသို့ လိုက်ပို့မည့် ဒါယကာ မိုးဦးကျ နမ်းကြဲ အလုပ်များနေသည့်အတွက် ၃–ရက်ခန့် ဆွမ်းခံစားကာ စောင့်ဆိုင်းနေခဲ့ရ၏။

မဟာသမယနေ့

၁၃၂၅–ခု၊ နယုန်လဆန်း ၁၅–ရက် လပြည့် 'မဟာသမယနေ့' 'အခါတော်နေ့' (၆.၆.၁၉၆၃) ကြာသပတေးနေ့ နံနက်အချိန်တွင် ကုန်းကျောင်း ဆရာတော်၏ စေခိုင်းချက်ဖြင့် ဒါယကာတစ်ဦး ရွှေစက်တော်သို့ လိုက်ပို့၏။ လိုက်ပို့သော ဒါယကာအား 'ဒါယကာ ဘာအလုပ်ရှိသလဲ' ဟု မေး၏။ နမ်းကြဲအလုပ်ရှိ၏ဟု ပြန်ဖြေ၏။ လမ်းခွဲ မရှိသော လမ်းမမှားနိုင်သော နေရာသို့ရောက်သောအခါ ဆရာတော်က ဒါယကာပြန်တော့ နမ်းကြဲချိန်ရသေး၏ ဟုပြောပြီး ပြန်လွှတ်၏။ ဒါယကာက 'ကုန်းကျောင်းဆရာတော်ကြီးက ရွှေစက်တော်သို့အရောက် ပို့ရမည်ဟု မိန့်သည့်အတွက် တပည့်တော် မပြန်ဝံ့ပါဘုရား' ဟု လျှောက်၏။

ဆရာတော်က 'ကိစ္စမရှိပါဘူး၊ ဒီဘုန်းကြီးက ပြန်လွှတ်တာပါလို့ ပြန်လျှောက်ပါ' ဟု ပြောပြီး ပြန်စေ၏။ ထိုနေရာမှ စ၍ ဆရာတော်မှာ အဖော်အမှီး တစ်ပါးတည်း တစ်ကုန်းဆင်း တစ်ကုန်းတက် တစ်တောဝင် တစ်တောထွက်ဖြင့် ကြွချီခဲ့ပါ၏။

ဤနေရာ၌ အင်းဝခေတ် စာဆိုအရှင်မဟာရဋ္ဌသာရ ရေးဖွဲ့ခဲ့သည့် 'ရွှေစကာ်တော်သွား၊ တောလားရတု–၄–ပိုဒ်' ကို မြန်မာစာညွန့်ပေါင်းကျမ်း (ပထမတွဲ) မှ ကူးယူဖော်ပြလိုက်ပါ၏။

သို့မှလည်း ရွှေစက်တော်၏ တည်နေပုံ အနေအထားကို ကြည့်နိုင်မည် ဖြစ်ပါ၏။

အရှင်မဟာရဋ္ဌသာရဆို၊ ရွှေစက်တော်သွား တောလား ရတု ၄–ပိုဒ်

(၁) အောင်ဓေယျတု၊ ကျွန်းဂန်ရွှဲ၊ ဂမုဓာတ်ရ[၀]၊ ဓာတုတ္တ[၉] ဖြင့်၊ ဂမနသဒ္ဒါ၊ ကြောင်းခြင်းရာကို၊ လက်ကုံးသီ၊ လမ်းစဉ်စီအုံ၊ ရောင်ညီလေးဦး၊ ဖြစ်ခဲ့ဖူးတွင်၊ တောင်ထူးလက်ယာ၊ ဒက္ခိဏာဟု၊ ဒီပါကျွန်းမြတ်၊ မိုးနတ်ဣန္ဒာ၊ မြောက်မှာကျွန်းသူ၊ မတူကြငြား၊ ဘုရားမြတ်စွာ၊ စကြာဆိုးရ၊ သည်ကဖြစ်စေ၊ သန္တေတည်ကြည်၊ ကောင်းညွန့်စည်သား၊ နတ်ပြည်နှိုင်းဘွယ်၊ ကူးဆိပ်မှန်တွင်၊ ဘုန်းသန်သကျ[၁]၊ မုနိန္ဒလျှင်၊ ရှင်ပြုကြည်ဖြူ၊ ပဟာတော်မူသည်၊ လေးဆူကျွန်းမြတ်၊ ဘုန်းထွတ်သီရိ၊ တမ္ဗဒိ[၂]ထက်၊ ကျော်သီထင်ရှား။ ကျေးရွာများ၏။ နဂါးမုဆိုး၊ ရိုကျိုးတောင်းပန်၊ ပူဇော်ရန်ဟု၊ နမ္မဒါ[၃]နား၊ ရာတစ်ပါးနှင့်၊ တောင်ဖျားကျောက်ထိပ်၊ နင်းနှိပ်ရာတော်၊ နှစ်ဖော်ရွှေစက်၊ ရောင်ပြိုးပြက်သည်၊ ဖိုလ်မင်္ဂနိဗ္ဗာန် ရှုးရှုးတည်း။

(၂) ရှုးရှုးနိဗ္ဗာန်၊ ရောက်မည်မှန်၍၊ ကေန်တဆော၊ ယာယီ[၄]ကြောကို၊ သဘောစိုက်စိုက်၊ လမ်းရိုးလိုက်သော်၊ တောင်ရိုက်ကမ်းဆင်း၊ ကုန်းကျင်းချောင်းမြောင်၊ မြောက်တောင်မှိုင်းဝေ၊ သစ်ပင်တွေထွင်၊ ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း၊ ရွက်ချင်းနိုက်ထိ၊ စောင်းကြိုးညှိသို့၊ နမိနှြမော၊ လွမ်းဖွယ်မောစွ၊ တောတောင်ဝန်းကျင်၊ သို့ရာတွင်မူ၊ အကြင်တောင်သူ၊ လွမ်းစေဟူသို့၊ လှုံ့ဆူတွေပြား၊ ငှက်အများလည်း၊ ဖျားသို့ချိုး၊ ရင့်ရှုကြွေးလျက်၊ မောင်ထွေးတို့လော၊ မယ်တို့လောဟု၊ သဘောနှုတ်ဆက်၊ မေးနှင့်လျက်တည့်၊ လင်းဝက်တောလျှိုး၊ ဥချိုး ငှက်ပြင်း၊ မြေဆင်းငှက်ခါး၊ သစ်ပင်ဖျားက၊ သိမ်း ကျားစွန်ရဲ၊ လင်းမြီးဆွဲလည်း၊ ကြကြဲစစ်စစ်၊ မြည် ကျစ်ထိုးခွပ်၊ မြေဝပ်ဘီလုံး၊ ပြေးတုံးအနီး၊ တောင်သူ ဘီးလည်း၊ မြေကြီးနိမ့်မြင့်၊ ပျံ့အားတင့်၏။ ဖော်နှင့် မကွာ၊ နှုတ်လျှာမလျှော့၊ သံသော့သော့နှင့်၊ ဆော့သည့်နှုတ်သီး၊ မြိုင်တောကျီးလည်း၊ သံကြီးအာအာ၊ ခါကတုတ်တုတ်၊ ရှဉ့်စုတ်စုတ်နှင့်၊ ဘုတ်ကအိမ့်အိမ့်၊ တဖိမ့်ဖိမ့်လျှင်၊ သိမ့်သိမ့်တောလုံး၊ သံဆေါင်းရုံး၍၊ ပတ်ကုံးမြိုက်နက်၊ အုတ်ကျက်ကျက်သည်၊ တောကြက်တွန်သံမြူးမြူးတည်း။

၀။ ဂမုဓာတ်ရ = ဂမ်ဟူသောပါဠိစကားအမြစ်ကို ပါဠိသဒ္ဒါကျမ်းနည်းဖြင့် ဂမုဓာတ်ဆိုသည်။

၉။ ဓာတုတ္တ (ပါဠိ) = ဂမုဓာတ်၏အနက်ဖြစ်သော'လား' ဟူသောစကား

၁။ သကျ = သာကျ(ပါဠိ) = သာကီယမင်းမျိုး။ အမရကောသအဘိဓာန် ဋီကာနှင့် နိဿယတို့၌ ကျွန်းတော၌ မြို့တည်သောကြောင့် ၎င်းမင်းမျိုးကို သကျမျိုးဟု ဆိုလေသည်။ သာသနာတော်ကျမ်းအလို မောင်နမအရင်းထိမ်းမြားကြ၍ လောကထုံးတမ်းကို ပယ်ဖျက်ခြင်းငှာ စွမ်းနိုင်သောကြောင့် သက္က = သကျခေါ်သည်။

၂။ တမ္ဗဒိ = တမ္ဗဒီပ(ပါဠိ) = မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်၏ အရှေ့ဘက်နိုင်ငံမြို့ရွာများကို တမ္ဗဒီပတိုင်း၏ အစိတ်အပိုင်းမြို့ရွာဟု ဆိုသည်။

၃။ နမ္မဒါ(ပါဠိ) = နာမန္တာမည်သောမြစ်၊ ယခု မန်းချောင်း ဟုခေါ်သည်။

၄။ ယာယီ(ပါဠိ) = သွားလျက်နေသည်ကို ယာယီခေါ်သည်။

(၃) တောကြက်တွန်မြူး၊ ကျေးငှက်ကူး၍၊ သံကျူးမြည်စည်၊ စက်ရိုပ်လည်၍၊ နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မျောက်ကကြိုးချေ၊ ခေါင်းအိုးဝေနှင့်၊ သံချေကြေးကြော်၊ ဗိုမခေါ်၏၊ တောက်ကျော်တွန်သွား။ ငှက်ငှနားလည်း။ တောပြားဖြိုင်အောက်၊ သေသောက်ကြူးငှက်။ သေသောက်လျက်သည့်၊ တောင်ထက်ကျူးမြည်၊ ဝန်တင်သည်လည်း၊ ထူးမည်စောင်စောင်၊ တောခေါင်ပျော်မွေ့၊ မေလှတိုးခေါင်၊ ခေါ်ယောင်ဖန်များ။ တောလုံးကြားအောင်၊ ကျွားကရွတ်ရွတ်၊ သံကြွတ်ကြွတ်နှင့်၊ သစ်ကျွတ်ပြေးလွှား၊ ကြောင်ဖားပြေးရန်၊ ရွှေယုန်ပြေးသန်း၊ နွယ်တန်းကိုင်လျှောက်၊ သစ်တောက်ငှက်တော်၊ သံကျော်ဆက်ရက်၊ ဖြီးဆက်ဖားဖား၊ ချေးကျားချေးချေ၊ ဝံပုလွေနှင့်၊ ချေတလည်းပေါက်၊ တောက်သည်သမင်၊ ဆင်ကကျိုးကျည်၊ ပျော်ဖွယ်စည်သည်၊ လေပြည်ဖွဲ့ဖွဲ့ ပျူးပျူးတည်း။

(၄) ဖွဲ့ပျူးလေပြည်၊ အလွမ်းစည်လျက်၊ လမ်းစဉ်ဆက်သော်။ ချိုးငှက်လည်ပြောက်၊ ကျွမ်းဖော်ပျောက်သို့၊ နားထောက်ကွန့်မြူး၊ သံဖြိုင်ကျူးလျက်၊ တစ်ဦးတိုင်က၊ တစ်ဦးချူ၏၊ ဗိုမလင်းပြာ၊ တွန်သံသာနှင့်၊ ဆပ်ပြာစမ်းတွင်၊ တွေ့ကြိမ်မြင်သော်၊ စုံလင်ဗိုမ၊ နိမိတ်ပြ၏၊ ဉာဏကဝိ[1]၊ ပဏ္ဍိတာ[2]စစ်၊ ငါတည်းဖြစ်မူ၊ အနှစ်သာရ[3]၊ သုံးပုံမျှရှင်၊ အစအလယ်၊ အဆုံးဝယ်၌၊ မိပွာယ်ကျွမ်းသိ၊ မှတ်သားမိလျက်၊ စာတိလိုက်လျော်၊ ချိုးနှစ်ဖော်မူ၊ ရွှင်ပျော်စမြဲ၊ လည်ချင်းတွဲ၍၊ မကွဲတူကွ၊ နေသည်ဆသော်။ ကာမလှသောင်၊ မရှောင်နိုင်ချေ၊ ညာချကြကျော်စော၊ သဘောစင်စစ်၊ ရှင်၏ဖြစ်မူ၊ တစ်ဆစ်လှစွင်၊ ဝင်လဦးမည်၊ ချစ်ကြည်မျိုးနွယ်၊ ဥစ္စာကြွယ်သည်၊ လှဝယ်လှကောင်း၊ အကြောင်းရုံးစည်း၊ ဖြစ်မည်တည်းဟု၊ စနည်းနိမိတ်၊ ချိုး၏ဟိတ်ကို၊ တိတ်တိတ်မှတ်ယူ၊ နှစ်လိုမူကာ၊ မပူမဆာ၊ ရေသီတာသို့၊ မျက်နှာရွှင်လန်း၊ မပန်းမညို၊ သာအားကြိုးလျက်၊ အကျိုးရှိမည်၊ မကြည်စိတ်မှုန်း၊ တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်၍၊ ဖြိုင်နက်ဖြိုင်ကြော၊ တစ်တောထွက်ဝင်၊ တစ်တောမြင်က၊ တစ်ပင်ရိပ်နား၊တစ်ပင်သွား၍၊ တောများဖြိုက်နက်၊ လမ်းချက်စူးစမ်း၊ ရိပ်ဖမ်းချေးချေး၊ ဘလွေးတစ်ယောက်၊ ရဲခေါင်မြောက်နှင့်၊ ချစ်ရောက်လည်သီး၊ ဦးရိုးတစ်ထည်၊ ချစ်ကြည်မြတ်လေး၊ လုပ်ကျွေးမစ၊ ညွန်ပြလမ်းရိုး၊ တောင်နယ်ကိုး၍၊ မိုးချုပ်ရီညာ၊ သွားကုန်ကြသည်၊ စိတ်ကရောက်ချင် ရှုးရှုးတည်း။

အင်းဝခေတ် ကဗျာ့ပါရဂူတစ်ဆူ

တဆိုအရှင်ဖြစ်သော အရှင်မဟာရဋ္ဌသာရသည် ကဗျာ့ပါရဂူတစ်ဆူအဖြစ် အင်းဝခေတ်တွင် ထင်ရှားခဲ့သည်။ ကဗျာ့စာဆို အရှင်မဟာသီလဝံသနှင့် ခေတ်ပြိုင်စာဆိုနှစ်ပါး ဖြစ်လေသည်။

* တောင်ကိုမဖောက် တောင်းကိုဖောက် စူးဆောက်ပမာရဋ္ဌသာတည်း၊
* တောင်းကိုမဖောက်၊ တောင်ကိုဖောက်သည့် စိန်ကျောက်အသွင်သီလဝင်ဟော = (သီလဝံ)

ဟု မိမိငယ်စဉ်အခါက ဆရာများ၏ စကားမှတ်သားခဲ့ရဖူးသည်။

* အရှင်မဟာရဋ္ဌသာရ ရေးဖွဲ့သည့် ကဗျာအလင်္ကာစာများသည် တောင်းကိုကပ်၍

၁။ ဉာဏကဝိ(ပါဠိ) = ဆန်းကြယ်သောဉာဏ်ဖြင့် သူနားနှစ်လိုအောင် ဆိုတတ်သောကဝိ။
၂။ ပဏ္ဍိတ (ပါဠိ) = ပစ္စုပ္ပန် တမလွန်အကျိုးနှစ်ပါးကို သိတတ်သော ပညာရှိ။
၃။ သာရ (ပါဠိ) = အနှစ်။

ဖောက်သော၊ စူးဆောက်များကဲ့သို့ ထက်ထက်မြက်မြက် ရှိလှသည်ဟု ဆိုပါသည်။

* အရှင်မဟာသီလဝံသ ရေးဖွဲ့သည့် ကဗျာအလင်္ကာများမှာမူကား တောင်းကိုမပေါက် တောင်ကိုဖောက်သည့် စိန်ကျောက်အသွင် သီလဝင် ဖြစ်သည်ဟု သွင်နှင့်ဝင် ကာရံမိအောင် ရေးပြထားသည်။ သီလဝံသမှ သီလဝင်ဟု ပါဠိဝေါဟာရ ပြောင်းလဲမှုကို ပါဠိပညာရှင်များ သိပြီးသားဖြစ်ပါသည်။

အထက်၌ တင်ပြခဲ့သော အရှင်မဟာရဋ္ဌသာရ ရေးဖွဲ့သည့် ရွှေစက်တော်သွား တောလားရတုများကို ဖတ်ရသူအချို့တို့၏ နှလုံးသားမှာ ထင်ရှားပေါ်လွင်ကောင်း ပေါ်လွင်ကြမည်ဖြစ်သလို အချို့သော သူတို့အတွက် မူရင်းရတုများကို ဖတ်ရသည်နှင့်စာလျှင် ဉာဏ်အမြင် ပို၍ လင်းနိုင်သမျှ လင်းကြပါစေဟူသော စေတနာဆန္ဒဖြင့် စွမ်းသမျှ ရေးသားမြန်မာပြန်စကားပြေ တင်ပြလိုက်ရပေတော့သည်။

ရွှေစက်တော်သွားတောလား ရတုများ၏ စကားပြေ

(၁) ရတုပထမပိုဒ်၏ ဆိုလိုရင်း

အောင်ဖေယျဟု အစချီသည်မှာ အောင်ပါစေဟု အဓိဋ္ဌာန်ပြု၍, ကျန်းဂန်ပေစာများစွာကို ဖတ်ရှု၍ မြတ်စွာဘုရား၏ ရွှေစက်တော်ရာများသို့ ကျွန်ုပ် အရှင်မဟာရဋ္ဌသာရ ကိုယ်တိုင်သွားနေသော ခရီးစဉ်အကြောင်းခြင်းရာများကို အလင်္ကာသီကုံး၍ ရေးသားပါအံ့ ဟု ပဏာမ အစချီထားပါသည်။

ကျွန်းကြီးလေးကျွန်းရှိလေရာ၊ ဇမ္ဗူဒီပါလက်ျာတောင်ကျွန်းသည် လေးဆူသော မြတ်စွာဘုရားရှင်များ ဖြစ်တည်ပွင့်ထွန်းတော်မူခဲ့ပါသည်။ မိုးနတ်ဣန္ဒာ = သိကြားမင်းနှင့် မြောက်ကျွန်းသူမြောက်ကျွန်းသားတို့နှင့် မတူ၊ ထို့ထက် သာလွန်ထူးမြတ်လှပါသည်။

အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားသခင်သည် တောင်ကျွန်းမှာ သန္ဓေတည်၍ ဖွားမြင်တော်မူ၊ နိဗ္ဗာန်သို့ ကူးမြောက်တော်မူခဲ့သော ကူးတို့ဆိပ်အမှန်ဖြစ်သောကြောင့်ပါတည်း။

သာကီဝင်မင်းမျိုးမှ ဘုရားအဖြစ်သို့ ရောက်တော်မူသည့် ဘုရားသခင်ပွင့်ရာဖြစ်ခြင်း၊ စကြာဝဒေးမင်းတို့ ပေါ်ပေါက်ခြင်း၊ နတ်ပြည်သို့ ကူးမြောက်ရန်ဆိပ်ကမ်းသဖွယ်ဖြစ်ခြင်း စသည့် ဂုဏ်ထူးဝိသေသများ ရှိနေခြင်းကြောင့် ကျွန်းကြီးလေးကျွန်းအနက် အမြတ်ဆုံး ကျွန်းကြီးဖြစ်ကြောင်း ဖွင့်ဆိုခြင်း ဖြစ်ပါသည်။

ထိုအမြတ်ဆုံးကျွန်းမှာ တမ္ဗဒီပ ခေါ် မြန်မာနိုင်ငံ ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်နိုင်ငံမြို့ရွာများကို ခေါ်ခြင်းဖြစ်ပါသည်။ အမှန်ပင် ကျော်စောထင်ရှားကျေးရှူးများသည့် အကြောင်းများလည်းရှိနေခဲ့ပါသည်။ ယင်းတို့မှာ နမ္မဒာမည်သောမြစ်၊ ယခု မန်ချောင်း ဟုခေါ်သော ဒေသသို့ မြတ်စွာဗုဒ္ဓကြွရောက်တော်မူခဲ့စဉ်က နှောင်းကာလတွင် လူအများ ပူဇော်နိုင်ရန်အတွက် –

- ♦ နမ္မဒါနဂါး တောင်းပန်လျှောက်ထားသဖြင့် အောက်ခြေတော်ရာတစ်ဆူ၊
- ♦ မုဆိုးဘဝမှ လာသော သစ္စဗန္ဓရဟန္တာ မထေရ်လျှောက်ထားသဖြင့် အထက်ခြေတော်ရာ တစ်ဆူ၊

ရောင်ခြည်တော် ခြောက်သွယ်ဆန်းကြယ်စွာ ကွန့်မြူးလျက် ပူဇော်ဦးခိုက်သူတို့ မဂ်ဖိုလ်နိဗ္ဗာန် အမှန်ရကြစေသား ဟူသော အဓိဋ္ဌာန်ချက်ဖြင့် နင်းနိုပ်ချထားတော်မူခဲ့ပါသည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

မှတ်ချက်

(မှဆိုးဟူ၍ ကဗျာဖွဲ့ကုံးလျက်၊ ပြောဆိုပြသကြသော စကားကို မမှတ်သင့်ဟု သမန္တစက္ခု ဒီပနီကျမ်း အဋ္ဌမတွဲ စာ ၄၈၃–၌ ဆိုပါသည်။ အဋ္ဌ ကထာ၌ မုဆိုးဟုမလာ၊ သစ္စာဗန္ဓရသေ့ မြတ်စွာဘုရား၏ တရားနာပြီး ရဟန္တာဖြစ်လာသည်ဟု မှတ်အပ်ပါသည်။)*

(၂) ရတု ဒုတိယပိုဒ်၏ ဆိုလိုရင်း

ယင်းခြေတော်ရာနှစ်ဆူကို ဖူးမျှော်ရပါက မြတ်နိဗ္ဗာန်ကို ကေန်ရောက်မည် အမှန်ဖြစ်ပါသည်။ ယင်းသို့ ရောက်ရန် သဘောထားအမှန်ဖြင့် ရွှေစက်တော်ခရီးကို သွားနေပါသည်။ (ဤနေရာ၌ စာဆိုအရှင် အရှင်မဟာရဋ္ဌသာရသည် ရွှေစက်တော်ကို သွားနေ၊ ခရီးဆက်နေပါသည်ဟု ဆိုထားရာ ယခုတစ်ဖန် အရှင်တိဿရမည်သော ငါတို့၏ဆရာ မထေရ်သည်လည်း ထိုခရီးကို သွားနေပါသည်ဟု မြင်ရန် ဖြစ်ပါသည်)။

လမ်းရိုးအတိုင်း တောင်ကိုကျော်လိုက်၊ ကမ်းကိုဆင်းလိုက်၊ ချောင်းမြောင်းဖြတ်လိုက် ရှိနေလေရာ၊ မြောက်အရပ်နှင့် တောင်အရပ် ဝဲယာနှစ်ဖက် တောတောင်များက မှိုင်းမှိုင်းဝေဝေရှိနေပါသည်။ ပေါက်ရောက်လျက်ရှိသော သစ်ပင်တွေ များပြားလှသဖြင့် အပင်ခြေရင်းထိလျက်၊ ပန်းအင်ကြင်းများမှာလည်း အရွက်ချင်း ထိလျက်၊ လေအနေ့တွင် အရွက်ချင်း ရိုက်ခတ်သည့်အသံများမှာ စောင်းကြိုး ညှိသကဲ့သို့ သာယာလှပုံ၊ နစ်မြောသွားရပုံ၊ လွမ်းမောဖွယ်အတိရှိနေပါသည် ဟု ဆိုပါသည်။

ယင်းကဲ့သို့ တောတောင်ဝန်းကျင် လွမ်းမောဖွယ်များ ဖြစ်ရသည်မှာ စာဆိုအရှင် တစ်ပါးတည်းသာမဟုတ်၊ ထိုတောတောင်များအနီးတစ်ဝိုက် လယ်ယာများကို ထွန်ယက်နေသော တောင်သူများသည်ပင် လွမ်းစေသည်၊ အဆွေးဓာတ်ခံရှိသူတို့အား လွမ်းအောင်ဖန် လှုံ့ဆော်နေသည်ဟု ဖွဲ့ဆိုထားခြင်းလည်း ဖြစ်ပါသည်။

ထို့ပြင်လည်း ငှက်အများမှာ ဘာသာတာဝမဂဓဖြင့် ကြားရသူ၏ နားသို့ ပျား၏ အရသာကဲ့သို့ ချိုအေးသာယာသော အသံများနှင့် ရင့်ကျူးလျက်နေသည်မှာ တောသူတောင်သားများအား 'မောင်ထွေးတို့ပေလား မယ်လေးတို့လား' ဟု နှုတ်ဆက်နေသည် ထင်မှတ်ရသည်။ တို့များကို နှုတ်ဆက်နေတာလား မေးရမလို ဖြစ်နေသည်ဟု တင်စားဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။

လင်းဝက်ဆိုသော ငှက်က တောထဲသို့ လျှိုးဝင်သွားပုံ၊ ဥချိုးငှက်က ပြင်းစွာ တွန်ကျူးနေပုံ၊ ငှက်ခါးက မြေမှာ ဆင်းလာပုံ၊ သစ်ပင်များမှာရှိသော သိန်းကျား၊ စွန်ရဲ၊ လင်းမြီးဆွဲများမှာ အသံမြည်စွာ ထိုးစွပ်တိုက်ပွဲဆင်လျက် ရှိနေကြပုံ၊ မြေမှာဝပ်သော ဘီလုံးငှက်သေးသေးကလေးများ အနီးအနားမှာ ပြေးလွှားနေကြပုံ၊ ငှက်တောင်သူမှာ မြေကြီးသို့ အနိမ့်အမြင့်အားနှင့်မာန်နှင့် ပျံ့သန်းနေပုံ၊ ငှက်များမှာ အဖော်နှင့်မကွာ နှုတ်မှအသံက ဝေဆာလှသော တသောသောနှင့် မြည်တွန်နေကြပုံ၊ နှုတ်သီးဆောင့်ကစားတတ်သည့် တောကျီးကန်းက တအာအာအသံကြီးနှင့် အော်နေပုံ၊ ခါငှက်က တတုတ်တုတ်၊ ရှဉ့်ကစုတ်စုတ်၊ ဘုတ်ငှက်က တအိမ့်အိမ့်၊ တစ်တောလုံး တသိမ့်သိမ့် တဖိမ့်ဖိမ့်၊ အသံပေါင်း

---

* မုံရွေးစေတဝန်ဆရာတော် သမန္တစက္ခုဒီပနီ (၃–ကြိမ်) ဝိဋကတ်ဈျာပဟာ ၂၀၀၆

စုံဖြင့် ဝန်းကျင်ပြည့်နှက် တောမြိုင်နက်အတွင်း အုတ်အုတ်ကျက်ကျက် ဖြစ်နေပုံများနှင့် တောကြက်၏ မြူးမြူးကြွကြွ တွန်ကျူးသံ ကြားနေရပုံများကို ဖွဲ့ဆိုထားခြင်း ဖြစ်လေသည်။

(၃) ရတု တတိယပိုဒ်၏ ဆိုလိုရင်း

ယင်းကဲ့သို့ တောကြက်များ တွန်ကျူး ကျေးငှက်များ တစ်ပင်မှ တစ်ပင် ကူးနေပုံ၊ အသံမျိုးစုံ ကျူးရင့်စည်စည်မြည်မြည် တွန်နေကြပုံများမှာ စက်ရိပ်လည်နေ၊ မြည်နေသကဲ့သို့ ရှိပြီး၊ နေဝင်တော့မည့် ညနေဆည်းဆာ ရောက်ချိန်၌ကား မျောက်က ကြိုးခွေ၊ ဒေါင်းကအုံးဝေ ကြွေးကြော်၍ ဖိုနှင့်မ ခေါ်သံပေးနေကြလေ၏ဟု ဖွဲ့ဆိုပြီးနောက်–

တောက်ကျော်တွန်သွား၊ ငှက်ငန်းတို့ တောတောင်များအကြား ဝင်သွားပုံ၊ သစ်ပင်ခွကြားများ၌ သေရည်ဖြစ်နေသည့် စိမ်ရည်ကို သောက်လျက်ရှိသည့် သေသောက်ငှက်၊ တောင်အထက်၌ သေသောက်ကျူး၍ မြည်တွန်မြူးတူးနေပုံ၊ ဝန်တင်ငှက်က ထိုးခွပ်မည်စောင်နေပုံ၊ တောတောင်အခေါင်အဖျား၌ ပျော်မွေ့နေကြသည့် ခလေ့ရှိသော ဖိုးခေါင်ငှက်က ဖိုးကောင် ဖိုးကောင်ဟု တောလုံးကြားအောင် အကြိမ်ကြိမ်အဖန်ဖန် အော်နေဟန်နှင့် –

ကျားကရုတ်ရုတ်၊ ကြုတ်ကြုတ်မည်သော အသံဖြင့် သစ်ကျုတ်က ပြေးလွှား၊ ကြောင်ဖားက ပြေးခုန်၊ ဇွေ့ဇွေ့မည်သော ယုန်ကပြေးလျက်၊ သစ်တောက်ငှက်က နွယ်တန်းမှာ လျှောက်လှမ်း၊ ဆက်ရက်ဆိုသော ငှက်က အသံတကျော်ကျော်မြည်အော်၊ မြီးဆက်ကဖားဖားရှိနေပုံများနှင့် ခွေးကျားခွေးရွှေ ဝံပုလွေများလည်း ရှိနေ၊ ချေကလည်း ဟောက်နေ၊ သမင်ကလည်း တောက်နေ၊ ဆင်ကလည်း ကျိုးကျည်အော်နေ၊ တစ်တောလုံး ပျော်မွေ့ဖွယ် စည်ကား၍ နေပါသည်။ ထိုညနေချမ်းဆည်းဆာချိန်၏ တောသဘာဝ၊ ကျေးငှက် တိရစ္ဆာန်များ၏ သဘာဝကို ဖော်ပြ ဖွဲ့ဆိုထားသည်မှာ (တောလုံးဝန်းရံ ငှက်ညီလာခံကျင်းပနေသည့်ပုံသို့ မြင်ရောင်ခံစားရတော့သည်) ညနေချမ်း၏ လေပြေကလည်း ပျံ့ပျံ့ပျူပျူ အေးအေးမြမြဖြင့် သာယာလှပါသည်ဟု ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။

(၄) ရတုစတုတ္ထပိုဒ်ဆိုလိုရင်း

တောတောင်များကြား၌ လေပြည်လေညှင်းကလေးများ အေးအေးမြမြတွင် စာဆိုသည် အလွမ်းတွေစည်လျက် ခရီးလမ်းကို ဆက်နေပါသည်ဟု ဆို ထားပြန်ရာ (ငါတို့ဆရာသည်လည်း ထိုခရီးကို ကြွစဉ် ရှုတင်ဆောင်ခရီးအစ၊ သက်တော်က ၄၂–နှစ်မျှသာ ရှိသေးလေရာ စာဆိုအရှင်ကဲ့သို့ပင် အလွမ်းတွေဝေစည်၍ နေလေမလား ခံစားမိပြန်သည်)

ထိုခရီးကို ဆက်လက်ကြွလှမ်းနေချိန်၌ ချိုးငှက်လည်ပြောက်မှာ သူ့ငယ်ကျွမ်းအဖော် ပျောက်နေသကဲ့သို့ တစ်ထောက်နား၍ နား၍ သံပြိုင်ကျူးကွန့်မြူးလျက်ရှိနေပုံ၊ တစ်ဦးကတိုင် တစ်ဦးကချသီဆိုနေပုံမှာ အတိုင်အဖောက်ညီလှသည်။ လင်းဖြုဖိုမတို့ကလည်း တွန်သံသာလျက် ဆပ်ပြာစမ်းတွင် တွေ့ကြဆုံကြပုံ၊ အဖိုနှင့်အမ တစ်စုံဖြစ်လာသည်နှင့် ချစ်ခြင်းမေတ္တာ နိမိတ်ပြပုံ၊ ယင်းသို့သော အခြင်းအရာများကို မြင်တွေ့ရသော အရှင်မဟာရဋ္ဌမည်သောစာဆိုက ဆန်းကြယ်သော ဉာဏ်ရှိသူ ပညာရှိသည့် ပစ္စုပ္ပန် တမလွန်အကျိုးနှစ်ပါး သိမြင်တတ်သူကို ပဏ္ဍိတဟု ဆိုကြောင်း၊ ယင်းကဲ့သို့ ပညာရှိသူသည် ငါသာ ဖြစ်ခဲ့ပါမူ အနှစ်သာရကို သုံးပုံမျှ၍ အစ အလယ်အဆုံးဝယ် ဆိုလိုသည့် အဓိပ္ပါယ်များကို ကျွမ်းကျွမ်းကျင်ကျင် သိမြင်ပေလိမ့်မည်။

မှတ်သားမိလျက် ရှိပေလိမ့်မည်ဟု ဆင်ခြင်ဟန်ကို ဖွဲ့ဆိုခြင်း ဖြစ်ပါသည်။

ဘဝဇာတိရလာသည်ကို လျော်ညီစွာ လိုက်ဖက်၍ ကြည့်မြင်ပါက ရိုးနှစ်ဖော် ရွှင်ရွှင်ပျော်ပျော် လည်ချင်းတွဲ၍၊ မကွဲအတူတကွ နေကြပုံကို ထောက်ဆ၍၊ ယင်းကဲ့သို့ နှစ်သက်၍ သဘောကျမိပါက ကာမဘုံသား လူဖြစ်သည့် အားလျော်စွာ မြန်မာပြည်အထက်အောက်နှံ့သိကျော်စောသော ငါသည် ရဟန်း၏အဖြစ်မှ တစ်ဖန် လူ့ဘောင်သို့ ကူးပြောက်ရသည်ရှိသော် မျိုးပေါင်းဆွေဖော်များနှင့် တင့်တယ်စွာ ဥစ္စာပစ္စည်းလည်း ကြွယ်ဝချမ်းသာ၍ ထင်ရှားသော လူကြီးလူကောင်းအဖြစ်သို့ ရောက်မည်မုချဟု ဆိုထားခြင်းဖြစ်သည်။

(အယူတော်မင်္ဂလာ၌ စနည်း၊ နိမိတ်ဟု ရှိလေရာ ချိုးငှက်နှစ်ဖော်၏ သံယောဇဉ်နိမိတ်ကို တိတ်တိတ်မှတ်ယူ သဘောလက္ခဏာများကို ကြည့်မြင်ရသည်မှာ ငါ့ကို နိမိတ်ပြလေသလားဟု စာဆိုက ဆိုဟန်ရှိပါသည်။)

ယင်းသို့ နှစ်သက်ပီတိဖြစ်လျက် သံယောဇဉ်တစ်ပတ်ပြန်လည်၍ မဖြစ်၊ ပူလောင်သည့်အရာများကို ဆာဆာလောင်လောင် ဖြစ်မနေလိုတော့၊ အေးမြသည့် ရေသီတာဆီသို့ သွားရပေလိမ့်မည်ဟု မျက်နှာတော်ရွှင်ရွှင်လန်းလန်း မမောမပန်းနိုင်၊ အားသွန်ကြိုးပမ်းလျက် အကျိုးရှိမည့် အရာများကိုသာ စိတ်မှာ ချယ်မှုန်းပါတော့မည်။

ဤသို့သော ရည်မှန်းဆုံးဖြတ်ချက်များဖြင့် တစ်ကုန်းဆင်းတက် တစ်ကုန်းတက်၍ တောကြီးမြိုင်ကြီး ဂနိုင်ကြီးတွင် တစ်တောထွက်ဝင်၊ တစ်တောဝင်ကာ ခရီးဆက်ရန်အတွက် တစ်ပင်အရိပ်မှာနား၊ တစ်ပင်သို့ဆက်၍သွား၊ တောတောင်များ၏ အတွင်းဘက် နက်သည်ထက်နက်၊ လမ်းများကို စူးစမ်း၍ သစ်ပင်အရိပ်များကျရာ အချိန်ကာလ ဖမ်းယူ ဤကားအရှေ့ ဤကားအနောက်ပေတည်းဟု စူးစမ်းဉာဏ်ဖြင့် ဆွေးနွေးသကဲ့သို့ ရှိနေပေသည်။

သာမန်မျှ ပြန်ဆိုလျှင်

ဘထွေးတစ်ယောက်ကဲ့သို့ အကြီးအမှူးဖြစ်သူသည် စစ်မြေပြင်ကို ကျွမ်းကျင်စွာ ဗျူဟာမြောက်ချီတက်ထိုးဖောက်နိုင်သော ရဲခေါင်တစ်ယောက်ကဲ့သို့၊ ချစ်ခင်မြတ်နိုးမှုရောက်လျက် လည်မှာ ဆွဲသီ၍ထားသော လည်ဆွဲရတနာကဲ့သို့၊ တစ်ဖန် ဦးရီးတစ်ဦးကဲ့သို့ ရှိသူသည် မြတ်နိုးလေးစားလုပ်ကျွေးမစ လမ်းကိုပြလျက်၊ ယင်းကို အားကိုးအားထားပြုလျက် မောင်ရီသန်း မိုးချုပ်သည့် ညအချိန်အထိ ရွှေစက်တော်သို့ ရောက်လိုစိတ် ပြင်းပြင်းထန်ထန်ဖြင့် လျင်လျင်မြန်မြန် သွားနေကြပါသည်ဟု မှတ်ယူ သာမန်မျှ စကားပြေ ပြန်ဆိုလိုက်ရပါသည်။

စကားချုပ်။ ။ (ဤ၌ ဘထွေးတစ်ယောက်၊ အစရှိသော စာပိုဒ်အတွက် သာမန်မျှ ပြန်ဆိုချက်ဖြစ်လေသည်။ ပျဉ်းမနားမြို့ ဗုဒ္ဓသာသနာ အထက်တန်းကျောင်းမှ ပုံဆွဲဆရာ မောင်ချစ်စရာရေး မြန်မာစာ ညွှန့်ပေါင်းကျမ်းငိုကာ၊ မြန်မာအမျိုးသားစာပုံနှိပ်တိုက် ၄၇၊ ၅၁–လမ်း ရန်ကုန်မြို့၏ ပြန်ဆိုချက်နှင့်အညီတည်း)*

ထင်မြင်ယူဆချက်

အထက်တင်ပြချက် အတိုင်း ယူဆပါက ဘထွေးတစ်ယောက်ကဲ့သို့၊ ဦးရီးတစ်ယောက် ကဲ့သို့ မောင်ရီသန်းသည် မိုးချုပ်ညမှာ လမ်းပြရဲ့ သည်ဆိုသူမှာ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ဟု ယူဆ

* ဆရာမောင်ချစ်စရာ၏ မြန်မာစာညွှန့်ပေါင်းကျမ်းငိုကာ

ပါက အခြားသူ မဖြစ်နိုင်ရာ သိကြားမင်းပင် ဖြစ်လေလိမ့်မည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါသည်။

အဘယ်ကြောင့်ဆိုသော် သိကြားမင်းသည်

♦ မြတ်စွာဘုရားသို့ မင်္ဂလာသုတ် မင်္ဂလာတရားတော်များ လျှောက်ထားရာ၌–

အညတြဒေဝတာ = မထင်ရှားသော နတ်သားတစ်ပါးအဖြစ်–

♦ အရှင်မဟာကဿပသို့ အဘိုးအို ဟန်ဆောင်၍ ဆွမ်းခိုးလောင်းခဲ့သူအဖြစ်–

♦ တောင်ဖီလာဆရာတော် ရွှေစက်တော်ခရီးကြွရာ၌ ဝိသကြုံအား ခွေးနက်ကြီးတစ်ကောင် ဟန်ဆောင်စေ၍ လမ်းပြသူအဖြစ်–

စသည်များကို ထောက်ရှုလျှက် မိမိသူတစ်ပါး အကျိုးများအောင် ဟန်ဆောင်၍ ခိုးကြောင်ခိုးဝှက် လုပ်ဆောင်တတ်သော အလေ့အထ၊ အလေ့အကျင့်သည် သိကြားမင်းတွင် ရှိနေခဲ့သောကြောင့်ပါတည်း။

အပြစ်မယူ ခွင့်လွှတ်တော်မူပါ

(ဤနေရာ၌ ဆရာမောင်ချစ်စရာအပြင် ရှေးအထက်ဆရာဆရာကြီးများ မည်သို့ ယူဆခဲ့ကြသည် မိမိမသိပါ။ မိမိ၌ လွတ်လွှပ်စွာ တွေးခေါ်ခွင့်အရ အထောက်အထားဖြင့် သုံးသပ်တင်ပြချက်သာ ဖြစ်ပါသည်။ အပြစ်မြင်က အပြစ်မယူ ခွင့်လွှတ်တော်မူကြပါဟု တောင်းပန်ပါသည်။ စာရေးသူ)

အနှစ်သာရရှိရှိ အထူးပြု ပြန်ဆိုပါလျှင်

အောက်ပါစာပိုဒ်ကို အထူးပြု ဖတ်ရှုပြီး အနှစ်သာရရှိရှိ အထူးပြုပြန်ဆိုလျှက် မိမိ၏ အတွေးအမြင် ယူဆချက်ကို ထပ်လောင်း၍ တင်ပြလိုက်ပါသည်။

မူရင်းစာ

'ဘထွေးတစ်ယောက်၊ ရဲခေါင်မြောက်နှင့် ချစ်ရောက်လည်သည်း၊ ဦးရီးတစ်တည်၊ ချစ်ကြည်မြတ်လေး၊ လုပ်ကျွေးမစ၊ ညွှန်ပြလမ်းရိုး၊ တောင်နယ်ကိုး၍၊ မိုးချုပ်ရီညာ၊ သွားကုန်ကြသည်၊ စိတ်ကရောက်ချင် စူးရှုးတည်း'

ဟူသော စာပိုဒ်နှင့် စပ်လျှဉ်း၍ စာဆိုအရှင်သည် ပိဋကအရာ၌ ကျွမ်းကျင်တော်မူ၍ ကဗျာအရာ၌ ပါရဂူမြောက်တတ်သိတော်မူလေရာ –

(၁) *'ဘထွေးတစ်ယောက်၊ ရဲခေါင်မြောက်နှင့်'* ဟု ဆိုရာ၌ စာဆို၏ တွေးခေါ်မြော်မြင်ညဏ်ကိုပင် အဓိပတိ အကြီးအမှူးပြု၊ ဣန္ဒြိပါဒ်လေးပါးတွင် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိနှင့် ဝီမံသာ ဓိပတိသို့ မြှင့်တင် –

(၂) *'ချစ်ရောက်လည်သည်း၊ ဦးရီးတစ်တည် ချစ်ကြည်မြတ်လေး'* ဟု ဆိုရာ၌လည်း ဣန္ဒြေငါးပါးအရ ယုံကြည်မှုသဒ္ဓါ၊ စွဲမြဲသော သတိ၊ ကြီးမားသော လုံ့လ၊ တည်ကြည်သော သမာဓိနှင့် ကြီးမားသော ပညာများကို ဗိုလ်အဆင့်မြှင့်တင် ဗိုလ်ငါးဦးကို လည်ဆွဲရတနာကဲ့သို့ ဦးရီးတစ်ယောက်ကဲ့သို့ အားထား မြတ်မြတ်နိုးနိုးပြုလျှက်–

(၃) *'ညွှန်ပြလမ်းရိုး၊ တောင်နယ်ကိုး ၍'* ဟု ဆိုရာ၌ သတိပဋ္ဌာန်လေးပါးဖြစ်သော ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဟူသော လမ်းရိုးအတိုင်း သမ္မပ္ပဓာန်တရားလေးပါးဖြစ်သော မဖြစ်သေးသော အကုသိုလ်တရား မဖြစ်ပွားရလေအောင်ဖြစ်ပြီး အကုသိုလ် ထပ်မံမဖြစ်ရအောင်၊ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်ပွား၍လာအောင်နှင့် ဖြစ်ပြီးကုသိုလ်တရားများ တိုးပွားလာအောင် စောင့်ရှောက်၊ မြဲမြံနိုင်ခံ့သော တောင်ကြီးကဲ့သို့ အားကိုး –

ဗောဇ္ဈင် ခုနစ်ပါး တရားမြတ်ရတနာတည်းဟူသော စွဲမြဲစွာအမှတ်ရမှု သတိ၊ စူးစမ်းသုံးသပ်မှု ဓမ္မဝိစယပညာ၊ မဆုတ်မနစ် အားထုတ်မှု ဝီရိယ၊ နှစ်သိမ့်အားရမှု ပီတိ၊ ငြိမ်းချမ်းသော ပဿဒ္ဓိ၊ စူးစိုက်တည်တံ့မှုသမာဓိနှင့် အညီအမျှရှုသော ဥပေက္ခာ တရားများ အထပ်ထပ် အဖန်ဖန်ပွားများလျက် –

(၄) မိုးချုပ်ရီည သွားကုန်ကြသည် ဟု ဆိုရာ၌ မဂ္ဂင်ရှစ်ပါးတည်းဟူသော သီလ သမာဓိ ပညာ သိက္ခာ သုံးရပ်အကျင့်မြတ်များဖြင့် နေ့ညဥ့်မပြတ်တရစပ်ပင် သတိပဋ္ဌာန် တရားလေးပါး လမ်းရိုးအတိုင်း နိဗ္ဗာန်သို့ စိတ်က ရောက်လိုစိတ် စူးစူးရဲရဲ အားသွန်ခွန်စိုက် လျင်လျင်မြန်မြန် ပြင်းပြင်းထန်ထန် သွားနေပါသည်။

ဗောဓိပက္ခိယတရား ၃၇–ပါးဖြင့် သွားမှ နိဗ္ဗာန်ခရီးကို ဖြောင့်တန်းစွာ ရောက်နိုင်ပါလိမ့်မည်။ ထိုကဲ့သို့ သွားကြပါကုန်လော့ဟူ၍ နိုးဆော်တိုက်တွန်းခဲ့သည်ဟု ထင်မြင်မိပါကြောင်း တင်ပြလိုက်ရပါသည်။ (ဤကား စာရေးသူ၏ အလိုတည်း)

သတိပဋ္ဌာန်သည် နိဗ္ဗာန်သို့ သွားလမ်း

ကိလေသာ စင်ကြယ်ရန်၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုရန် သတိပဋ္ဌာန်အကျင့် တစ်လမ်းတည်းသာ ရှိသည်။

ဧက = တစ်ခုတည်းသော၊ အာယန =လမ်း၊ ဧကာယန = တစ်ခုတည်းသောလမ်း

သတိပဋ္ဌာန်နှင့်ကင်း၍ တစ်ခြားတစ်ပါးသော လမ်းမရှိပြီ၊ ဤအရာ၌ ဧကာယန၊ ဧကမဂ္ဂ ဟူသည်မှာ တစ်ခုတည်းသောလမ်းပေတည်း။ မှန်ပေ၏။ သတိပဋ္ဌာန်မှတစ်ပါး နိဗ္ဗာန်သို့ သွားလမ်း မရှိတော့ပြီဟု သိအပ်၏ ဟူ၍ ဖွင့်ဆိုသော ဋီကာ၏ အဆိုကို အထူးသတိပြုအပ်၏ဟု မဟာစည် ဆရာတော် မိန့်တော်မူသည်။

ဧကာယနော မဂ္ဂေါ ဟူသောပုဒ်သည် တစ်ခြားတစ်ပါးသို့ လွဲမှားသွားရန် လမ်းခွဲလမ်းမွှာ မရှိသော တစ်ကြောင်းတည်းသောလမ်းကို ဟောတော်မူသည်။ ထို့ကြောင့် ဤသတိပဋ္ဌာန်ဖြင့်သွားလျှင် လမ်းဆုံးသောအခါ နိဗ္ဗာန်သို့သာလျှင် တည့်တည့်မတ်မတ် ရောက်သည်။ နိဗ္ဗာန်မှတစ်ပါး အခြားတစ်ပါးသို့ လွဲမှား၍ ရောက်စေနိုင်သည့် လမ်းခွဲလမ်းမွှာမရှိသော ကိန်းသေလမ်းမတော်ကြီးဟု ဆိုလိုသည်။

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဟူသော သတိပဋ္ဌာန်၏ အာရုံလေးပါးမှ တစ်ပါးပါးကိုမျှ မသုံးသပ် မရှုမှတ်မူ၍ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်များ ဖြစ်စေနိုင်သော ပညာဘာဝနာ မည်သည် ဖြစ်ရိုးမရှိချေ။*

(မဟာစည်ဆရာတော်၏
မဟာသတိပဋ္ဌာနသုတ် (တ)ကြိမ် စာ ၈၉ မှ)

ကြိုက်နှစ်သက်ရာ ယူတော်မူပါ

တရှုသူအနေဖြင့် နှစ်သက်ရာယူခွင့်၊ ထင်မြင်ယူဆခွင့် ရှိနေသဖြင့် ကြိုက်နှစ်သက်ရာ ယူတော်မူပါဟု အစီရင်ခံလိုက်ရပါသည်။

အထူးမှတ်ချက်

ပထမစာပိုဒ်၏ အဆုံး၌ = မဂ်ဖိုလ်နိဗ္ဗာန်ရူးရူးတည်း–

ဒုတိယစာပိုဒ်၏အစ၌= ရူးရူးနိဗ္ဗာန်ရောက်မည်မှန်၍–

စတုတ္ထအပိုဒ်၏အဆုံး၌= စိတ်ကရောက်ချင်ရူးရူးတည်း–

စသည်များကို ဆက်စပ်ကြည့်မြင် ဆင်ခြင်တော်မူကြပါစေဟူလို ...

---

* မဟာစည်ဆရာတော်၏ မဟာသတိပဋ္ဌာနသုတ် (တ–ကြိမ်)

မင်းဘူးခရိုင် စကုမြို့နယ်ရှိ
တောရဆရာတော် တောထွက်ရာ
ပါဒနှစ်ဆူ ရွှေစက်တော်ဘုရားကြီး
ပုံရိပ်

ရွှေစက်တော်ဘုရားဖူးရန်နှင့်
တောရဆရာတော်
တောထွက်ရာသို့ ရှာဖွေဖူး
တွေ့ရန် လိုက်လာကြသော
ကံကြီးကျောင်းဆရာတော်၊
ဦးဇဝန၊ ဦးသီလာစာရနှင့်
တပည့် ဒါယကာ၊
ဒါယိကာမများ



မြောင်ဦးရန်ကင်းတောရတွင်
တောရ ဆရာတော်
သီတင်းသုံးစဉ် အမြဲ
ဦးခိုက်ခဲ့သည့် စေတီတော်
စကုမြို့နယ် မင်းဘူးခရိုင်



ရန်ကင်းတောရဆရာတော်
အရှင်တိဿရ
သမုတ်ခဲ့သော
သိမ်အမှတ်စဉ် ၂
စကုမြို့နယ် မင်းဘူးခရိုင်

ရန်ကင်းတောရ
သိမ်အမှတ်-၂
သိမ်ကျောက်စာတိုင်
စကုမြို့နယ် မင်းဘူးခရိုင်

ရန်ကင်းတောရ
စံတော်ချိန် နေနာရီ
မြောင်းဦး စကုမြို့နယ်
မင်းဘူးခရိုင်



ရန်ကင်းတောရကျောင်း
နှင့် ရေတွင်း
မြောင်းဦး စကုမြို့နယ်
မင်းဘူးခရိုင်

မြောင်းဦး
ရန်ကင်းတောရကျောင်း
နယ်နိမိတ် ကျောက်တိုင်–
စကုမြို့နယ်

မြောင်းဦး ရန်ကင်းတောရရှိ
တောရဆရာတော်
စကြံ လျှောက်လမ်း
စကုမြို့နယ် မင်းဘူးခရိုင်

မြောင်းဦး ရန်ကင်းတောရ
ကျောင်းတွင်းရှိ တောရဆရာတော်
အရှင်တိဿရ အမိန့်ရှိခဲ့သည့်
လက်ျာနွယ်ရစ်

စကုမြို့နယ် မြောင်းဦးရန်ကင်း
တောရကျောင်းတွင် လက်ရှိ
သီတင်းသုံးနေသည့် ဆရာတော်
အရှင် နေမိန္ဒ

တိုင်းရင်းဆေးသမားတော် ဦးကြည် (၁၂၇၃ – ၁၃၄၃) ၇၁ နှစ်တွင်
ကွယ်လွန်၊ စာရေးသူ၏ဖခင်ကြီး မြောင်းဦး ရန်ကင်းတောရကို
သွားရောက်ရှာဖွေ ဖူးတွေ့ခဲ့ကြသည်။

၃၅။ ရှုမိနှာ ပုညာကမ္မေနှ
ဗုန္တိတ် မောဒိဉာဏာဠူး
သုခပ္ပဋိပဒဓွေဝ၊
မိပ္ပါဘိညာဠ ပဏ္ဍွေမိ။

၃၆။ ယထာ တိဋ္ဌတိ သဒ္ဓမ္မော၊
တထာ ဠာတု ဗိန္ဓုယော၊
ယာဝ တိဋ္ဌတိ သဒ္ဓမ္မော၊
တာဝ ဠာတု ဗိန္ဓုယော၊

၃၁။ ရမည်းသင်းခရိုင်အနွရေ၊ ရမည်းသင်းခရိုင်အတွင်း၌။ နဘူးကျင်းနာမဂါမကေ၊ နဘူးကျင်းအမည်ရှိသောရွာငယ်၌။ သုဒ္ဓေဟိ၊ ဆွေခုနစ်ဆက် တိုင်အောင်တွက်လည်း ရောယှက်မျိုးခြား မရှိငြားရှိ ခြားနားကင်းကွာ မြဲမှာလှမျိုးသာ ဖြစ်ရကား အမျိုးဇာတ်အားဖြင့် စင်ကြယ်ကုန်သော(ဤစကားဖြင့် ဇာတိကုလပုတ္တဖြစ်သည်ကို ပြသည်) ဝါ၊ အကုသိုလ်မှု တခုခုကို မပြုဘဲသာ လယ်နှင့်ယာကို ထွန်ကာလုပ်ကျွေး အသက်မွေးရကား အကျင့်အားဖြင့်လည်း စင်ကြယ်ကုန်သော(ဤစကားဖြင့် အာစာရကုလပုတ္တဖြစ်သည်ကို ပြသည်) မာတာပိတုဟိ၊ အမေ အဖေတို့မှ။ သုဇာတော၊ ကောင်းစွာ ဖြစ်ပေါ်လာသော။ ဝါ၊ အတိဇာတသား ဖြစ်သောအားဖြင့် ဖြစ်ပွါး ပေါ်ပေါက်၍လာသော၊ ပဝတ္တိုယံ၊ ယခုဖြစ်ရာပဝတ္တိအခါ၌။ ဝါ၊ ယခုနေရာ ပဝတ္တိအခါ၌။

၃၂။ မင်းဘူးခရိုင်အဓေ္ဘဂေ၊ မင်းဘူးခရိုင်၌ အကျုံးဝင်သော၊ ဝါ၊ မင်းဘူးခရိုင်၏ အတွင်း၌ သက်ဝင်သော၊ ဇကုနာမကေ၊ ဇကုအမည်ရှိသော၊ နဂရေ၊ မြို့၌၊ ဝါ၊ မြို့နယ်၌။

မြောင်းဦးညောင်ကိုင်းတိနာမာနံ၊မြောင်းဦးဟူသောအမည် ညောင်ကိုင်းဟူသောအမည် ရှိကုန်သော၊ ဒွိန္နံ ဂါမာနံ၊ ရွာနှစ်ရွာတို့၏၊ဝါ၊ နှစ်ခုသော ဆွမ်းခံရွာတို့၏၊ အန္တိကေ၊ အနီး၌။

၃၃။ ရန်တင်းနာမိကအာရာမေ၊ ရန်ကင်း အမည်ရှိသော အာရာမ်၌၊ ဝိဝေကာရညာအာဝါသေ၊ ဆိတ်ငြိမ်သော တောရကျောင်း၌၊ သုဝသန္တေ၊ ကောင်းစွာနေသော၊ ဘဒ္ဒန္တတိဿရဇ္ဇယထေရေန၊ အရှင်တိဿရ အမည်ရှိသော မထေရ်သည်။

၃၄။ ပိယသီလာနံ၊ ချစ်အပ်သောသီလ ရှိကုန်သော ရဟန်းတို့၏၊ ဝါ၊ သီလကို ချစ်မြတ်နိုးကုန်သော ရဟန်းတို့၏၊ အတ္ထာယ၊ သီလစင်ကြယ်ခြင်းစသော အကျိုးငှါ။ ကတော၊ ပြုအပ်စီရင်အပ်သော၊ အယံ ဗိန္ဓုယော၊ ဤအရှုထ်တက်ရှိန် အဆုံးအဖြတ်သည်၊ အစိရေနေဝ၊ မကြာသည်သာလျှင် ဖြစ်သော၊ ကာလေန၊ တလခွဲခန့်အချိန်ဖြင့်၊ အဝေရေနေဝ၊ ဘေးရန်မရှိသဖြင့်သာလျှင်၊ နိဋ္ဌိတော နိဋ္ဌံ ဂတော ဂတော ပဏ္ဍွာ၊ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ပြီ။

၃၅။ ရှုမိနှာ ပုညာကမ္မေနှ၊ အရှုထ်တက်ရှိန် အဆုံးအဖြတ်ကို ရှာဖွေရေးပေါင်း၍ ပြုရသော ဤကောင်းမှုကြောင့်၊ ဗုန္တိတံ၊ အလိုရှိအပ်သော၊ မောဒိဉာဏာဠူး၊ အမြဲအရုံနှင့် တကွသော အရဟတ္တမဂ်ဉာဏ်ကိုငှင်း။ သုခပ္ပဋိပဒဓွေဝ၊ လွယ်ကူသော အကျင့်ကိုငှင်း။ မိပ္ပါဘိညာဠူး၊ လျင်မြန်စွာ သိခြင်းကိုငှင်း။ ပဏ္ဍွေမိ၊ တောင့်တရည်ရော် မြော်လင့်ပါ၏။

၃၆။ သဒ္ဓမ္မော၊ မြတ်စွာဘုရား၏ အဆုံးအမတော် ဖြစ်သော ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တည်းဟူသော

တောရဆရာတော်၏ ဇာတိ အမျိုးဇာတ်ကို
ဆရာတော်ကိုယ်တိုင်ရေးသွားသော အရှုထ်တက်ရှိန်
အဆုံးအဖြတ်ကျမ်းမှ ကောက်နုတ်ချက်မိတ္တူ။

အရုဏ်တက်ချိန် ညွှန်ပြချက် ၂၁၁ ၂၅၆ အရုဏ်တက်ချိန် အဆုံးအဖြတ်

၁၂-လတို့၌ အကြမ်းစားညွှန်ပြသော
အရုဏ်တက်ချိန် နာရီမိနစ်

လအမည်	အရုဏ်တက်ချိန်		နေထွက်ချိန်	
	နာရီ	မိနစ်	နာရီ	မိနစ်
၁။ တန်ခူး	၅	၃၆	၆	၀
၂။ ကဆုန်	၅	၂၆	၅	၅၀
၃။ နယုန်	၅	၁၆	၅	၄၀
၄။ ဝါဆို	၅	၆	၅	၃၀
၅။ ဝါခေါင်	၅	၁၆	၅	၄၀
၆။ တော်သလင်း	၅	၂၆	၅	၅၀
၇။ သီတင်းကျွတ်	၅	၃၆	၆	၀
၈။ တန်ဆောင်မုန်း	၅	၄၆	၆	၁၀
၉။ နတ်တော်	၅	၅၆	၆	၂၀
၁၀။ ပြာသို	၆	၆	၆	၃၀
၁၁။ တပို့တွဲ	၅	၅၆	၆	၂၀
၁၂။ တပေါင်း	၅	၄၆	၆	၁၀

အယံ ကာလော န ကေနေ့ဘ၊ နေကသမောဟိ သဗ္ဗဿ။
တသ္မာ ဝဏ္ဏေဟိ ပဿိတွာ၊ သစ္စကာလံ ဝိဇာနာထ။

အယံ ကာလော၊ အကြမ်းစားညွှန်ပြသော ဤအရုဏ်တက်ချိန်သည်၊ ကေနေ့ဘ၊ တကန်တထပ်ရ တစ်တည်း ဖြစ်နိုင်သော အချိန်သည်၊ န၊ မဟုတ်။ ဟိ၊ ထိုစကား မှန်၏၊ သဗ္ဗဿ၊ အလုံးစုံသော အရပ်တိုင်း၌၊ ဝါ၊ အလုံးစုံသော နှစ်စဉ် နှစ်တိုင်း လတိုင်း၌၊ ကေသမော၊ အရုဏ်တက်ချိန်ချင်း တထပ်တည်း တခုတည်း တူညီသည်၊ န၊ မဟုတ်၊ တသ္မာ၊ ထို့ကြောင့်၊ ဝဏ္ဏေဟိ၊ မံသ, ပညာ နှစ်ဖြာသော မျက်စိတို့ဖြင့်၊ ပဿိတွာ၊ အရွေ့အရပ်၌ ကြည့်ရှု၍ ဆင်ခြင်၍ (မံသပသာဒ မျက်စိဖြင့် ကြည့်ရှု၍၊ ပညာမျက်စိဖြင့် ဆင်ခြင်ရမည်ကို ဆိုလို၏)၊ သစ္စကာလံ၊ မှန်ကန်သော အရုဏ်တက်ချိန်ကို၊ (တမှ အရုဏ်တက်ချိန်၌ စိတ်ဝင်စားကြကုန်သော သင်တို့သည်၊) ဝိဇာနာထ၊ သိတော်မူကြပါကုန်လော့။

အရုဏ်ထင် သတ်ာ

နူးပန်ဆက်သွား၊ ဆိုပန်ကြားသူ
ယုန်များအသွင်၊ ဆိုမောင်းနှင်သည်
ခေါင်မြင်းအိမ်သွား၊ လင်းမိန့်ကြားသော်
ကျွတ်ပြားဆိပ်သွင်၊ မုန်းမျက်ဝင်သို့
တော်မြင်မှားသန်၊ သိုသက်နှံသား
တွဲဖန်များသူ၊ ပေါင်းဖော်လှသုံး
လေးလုံးစီထား၊ ဤပုဒ်များတွင်
ပ-ကားလမည်၊ ၃-နာရီပြ
တ-စ-မိနစ်၊ န-မြင်လစ်မှု
သုညယူ၍၊ တြင်းမှုနံဆင်
ဝကန်းချင့်ကာ၊ ယူသင့်ကုန်ကြ
ဘယ် နှစ်-လ-၌၊ မှတ်ရလွယ်ပြီ
ကျမ်းနှင့်ညီသည်၊ ရောင်နီအရုဏ် တက်ချိန်တည်း။

အရုဏ်တက်ချိန် ညွှန်ပြချက် ၁၂ လတို့၌ အကြမ်းစားညွှန်ပြသော
အရုဏ်တက်ချိန် နာရီ မိနစ်

စက်တော်ရာဘုရားရှိခိုး ကူးယူခဲ့

ဤနေရာ၌ စက်တော်ရာဘုရားရှိခိုးကို တဆက်တည်း တင်ပြလိုပါ၏။ ထိုစက်တော်ရာဘုရားရှိခိုးစာများသည် တောရဆရာတော် ရေးမှတ်ထားသည့် စာအုပ်မှ လွန်ခဲ့သောနှစ်ပေါင်း ၁၂-နှစ် (၃၁၊ ၄၊ ၁၉၉၃) နေ့က တပ်ကုန်း မဟာသီဟနာဒ တိုက်တွင် မိမိရေးကူးထားခဲ့ခြင်း ဖြစ်ပါ၏။

သိမ်အမှတ် ၄၀-အဆုံးစီးကုန်းသိမ်သမုတ်ပွဲသို့ မိမိတက်ရောက်ကြည်ညိုပြီးမှ ရန်ကုန်သို့ပြန်ပါဟု တောရဆရာတော် မိန့်ခဲ့သဖြင့် နေ့ခင်းဘက် မဟာသီဟနာဒတိုက်သို့ ဝင်နားစဉ် သိမ်အမှတ်၁-မှ ၃၉-အထိ တောရဆရာတော် ရေးမှတ်ထားသော စာအုပ်ငယ် ခေတ္တပေး၍ ကူးခွင့်ပြုသဖြင့် သိမ်မှတ်တမ်းများကူးပြီး 'စက်တော်ရာ ဘုရားရှိခိုး' ရေးမှတ်ထားသည်တွေ့ရ၍ ကူးယူခဲ့ခြင်း ဖြစ်ပါ၏။

တစ်နေ့တစ်ရက်တွင် အသုံးဝင်လိမ့်မည် စိတ်ကူးရှိခဲ့၍ ကူးယူခဲ့ခြင်းလည်း ဖြစ်ပါ၏။ ယခု အသုံးဝင်လေပြီ။ အောက်ပါအတိုင်း ဖြစ်လေသည်။

စက်တော်ရာ ဘုရားရှိခိုး

- *အတိုင်းမသိ၊ ကျေးဇူးရှိသည်၊*
  မုနိသကျ၊ ဂေါတမ၏၊
  ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊
  ထွန်းပေါ်ကွက်ဖြစ်၊ တစ်ရာရှစ်ကို
  စိစစ်ကောင်းထွေ။ လှည့်လည်ရေအံ့
- *ချိဖွေအစ၊ လုံမအိမ်ဟန်၊*
  မကျန်ပွင့်ချပ်၊ စလပ်ပျံ့မွေး၊
  လည်ရေးသုံးဆင့်၊ လှတင့်လွှန်းဆန်း၊
  ဦးဆောက်ပန်းက၊ စသည်မကွဲ၊
  ထမင်းပွဲတည်မွှန်း၊ ရွှေသလွန်ချွန်းတောင်း၊
  ရောင်မောင်းပြဿဒ်၊ ထွဋ်ထပ်မြင့်နိုင်၊
  တံခါးတိုင်နှင့်၊ အပြိုင်ထီးဖြူ၊
  အတူသန်လျက်၊ ထန်းရွက်ယပ်ဝန်း၊
- *ထပ်ညွန်းတစ်ကြောင်း၊ ဥခေါင်းမြီးယပ်၊*
  သင်းကျပ်တစ်ခြား၊ ပတ္တမြားရောင်ဖိတ်၊
  သဝိတ်ပန်းဆိုင်း၊ တုနိုင်းမရ၊
  ပွင့်လှထွားထွား၊ ငါးပါးကြာမျိုး၊
  ရေအိုးဖလား၊ ထူးခြားသမုဒြာ၊
  စကြာဝဠာသဏ္ဌာန်၊ ဟိမဝန်မြင့်မိုရ်၊
  ထိုထိုနေလ၊ နက္ခတ်စသား၊
  ဒီပလေးစု၊ စမ္မူဒီပါ၊
  ပြဟ္မာဥတ္တရ၊ အပရဂေါယာဉ်၊
- *တစ်လျှဉ်းအံ့ဖွယ်၊ ကျွန်းငယ်နှစ်ထောင်၊*
  ဘုန်းခေါင်စကြာမင်း၊ ခရံသင်းဖြူဆွတ်၊
  ငါးကြင်းပွတ်စကြာ၊ သီတာခုနှစ်တန်၊
  သတ္တရာဇန်မြောင်၊ တောင်စဉ်ခုနစ်ထပ်၊
  ကြပ်ကြပ်မြင့်နိုင်၊ ခုနစ်အိုင်တစ်သုန်၊
  ဂဠုံတစ်ကြောင်း၊ မိကျောင်းရေသား၊
  ကုဏ္ဍားတံခွန်၊ မင်းမွန်သံလျှဉ်း၊
  မကြင်းတစ်သီး၊ သားမြီးလေသာ၊
  ကေလာသဘာ၊ သီဟကျားမြင်း၊
  ဆင်မင်းမြတ်စွာ၊ ဥပေါသထယာဉ်ဟန်၊
- *ဆဒ္ဒန်တစ်ခြား၊ နဂါးဝမ်းဘဲ၊*
  မကွဲတူတစ်ကွ၊ ဥဿဘမကျန်၊
  ရောဝဏ်မကန်း၊ ထူးဆန်းအံ့ဖွယ်၊

တင့်တယ်လှထွေ၊ ရွှေလှေလျှံဝါ၊
မျက်နှာလေးပါး၊ နွားသားမီစစ်၊
အဖြစ်များစွာ၊ ကိန္နရာကိန္နရီ၊
ထူပြီ ကရဝိက်၊ ဖိတ်ဖိတ်သောင်းသောင်း၊
ဥဒေါင်းကြိုးကြာ၊ သံသာစက္ကဝက်၊
ငှက်၏ အမျိုး၊ စီဝစိုးအစုံ၊

- မြောက်ဘုံနတ်ရွာ၊ ဆ ကာမာနှင့်၊
ပြဟ္မာနတ်ရပ်၊ ဆယ့်ခြောက်ထပ်က၊
ဇေစပ်မကြွင်း၊ ခပင်းများစွာ၊
ရုံစကာနှင့်၊ စကြာခြေမွန်၊
တင့်တယ်လွန်ကို၊ ထက်ခွန်မိုးဖျား၊
သိကြားပြဟ္မာ၊ တုရေးရှာလည်း၊
ဘယ်မှာတစ်မျှ၊ တုမရလိမ့်။

- အထ,မ,သမာ၊ သုံးလူ့ရွာ၏၊
ရတနာထွန်းဝင်း၊ ညီရှင်းသန့်သန့်၊
အကန့်တစ်ထောင်၊ ရွှေရောင်ချယ်ကာ၊
သန္တာအထွဋ်၊ ထိန်လျှပ်မြကောင်း၊
ပုံတောင်းပြိုးပြက်၊ ခြေတော်စက်ကို၊
စုံမက်မြတ်နိုး၊ ရှိ ရှိခိုးသည်၊
ကောင်းကျိုးလျှင်စော ရောက်စေသောဝ် ....

မှတ်ချက်

၂၈-နှစ်ပြည့်၊ ဗုဒ္ဓမွေလောက အထူးထုတ်၊ စာမျက်နှာ ၉၃(၁၉၈၃) ဘိုကလေးအရှင်ဣန္ဒက တင်ပြသော အရှင်မဟာရဋ္ဌသာရ၏ စက်တော်ရာဘုရား ရှိခိုးကို အနည်းငယ် ပြင်ဆင်၍ ကူးယူထားသည်ဟု တောရဆရာတော် မှတ်ချက်ပြုထားပါသည်။

ပါဒစေတီနှစ်ဆူရှိပ်မှာ အရှည်ဝါသီဖြစ်လေပြီ

သာသနာ ၂၅၀၇၊ ကောဇာ ၁၃၂၅-ခုနှစ် (၆.၆.၁၉၆၃) နယုန်လပြည့်နေ့ နံနက် ၉-နာရီအချိန်တွင် မြန်မာနိုင်ငံတော်၌ အလွန်ထင်ရှားလျက် တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရား၏ ခြေတော်ရာ စေတီနှစ်ဆူရှိရာ ရွှေစက်တော်သို့ တောရဆရာတော် ရောက်ရှိတော်မူ၏။

တောရဆောက်တည်ရာ ပထမ ဝါ

ထိုစေတီနှစ်ဆူတို့ကို ဖူးမြော်ရှိခိုးလျက် ရွှေစက်တော်အနီး ရှေးအခါ ဓုတင်ဆောင်မထေရ်တို့ သီတင်းသုံးတော်မူခဲ့သော အုတ်ဂူတစ်ခုသို့ ရောက်ရှိပြီး ထိုဂူ၌ပင် ထိုနှစ်ဝါကပ်တော်မူ၏။

ထိုနှစ် ထိုဝါမှစ၍ ဓုတင် ၁၃-ပါးတို့တွင် ရနိုင်ရာ ဓုတင်တို့ကို ဆောက်တည်ပြီး နှစ်ပေါင်းများစွာက ဖြစ်လိုသော 'အရှည်ဝါသီ ဝိနယဂရုက' ပုဂ္ဂိုလ်ဖြစ်ရပေတော့၏။

မြွေတစ်ကောင်

အုတ်ဂူတွင် စတင်သီတင်းသုံးသည့် ညသည် အုတ်ဂူဝင်ပေါက် ထွက်ပေါက်ပေါ်မှ မြွေတစ်ကောင်က လျှာတစ်လစ်လုပ်နေ၍ သင်က အဆိပ်ရှိသူ ရဟန်းတို့နေရာဂူတွင် အတူနေ၍မဖြစ်၊ မေတ္တာပို့လွှတ် ဖယ်ရှားတော်မူရသည်ဟု မိန့်သည်။

ပါဒစေတီနှစ်ဆူ ရွှေစက်တော်

မြတ်စွာဘုရားသခင် ဝါတော် ၂၀-ကျော်တွင် မဟာပုဏ္ဏမထေရ် ပင့်ဖိတ်လျှောက်ထားသဖြင့် သုနာပရန္တတိုင်း သုပ္ပါဒက သဘော်ဆိပ်သို့ ရဟန္တာ

၅၀၀ ခြံရံလျက် ကြွတော်မူပြီး အပြန်ခရီးတွင် သတ္တဝါအပေါင်းတို့အား မဟာကရုဏာတော် ရှေ့ထား၍ ကိုးကွယ်နိုင်ကြစေရန် –

၁။ နမ္မဒါနဂါးမင်း၏ တောင်းပန်ဦးခိုက်ခြင်းကြောင့် နမ္မဒါမည်သော မန်းမြစ်စဉ် မြစ်ကြောင်း၏ အသွင်ဆန်းထူး ကမ်းနဖူးကျောက်ဖျာပေါ်၌ အောက်စက်တော်ရာ တစ်ဆူ။

၂။ သစ္စဗန္ဓမည်သော ရဟန္တာမြတ် ရှိခိုး ပန်ကြားတောင်းပန်အပ်သဖြင့် သစ္စဗန္ဓတောတောင်ကြီးခေါ် မကုလတောင်တော်မြတ်၌ ခြေတော်ရာတစ်ဆူ ချတော်မူခဲ့ရာ အထက်စက်တော်ရာ ပါဒစေတီ အမည်တွင်ပါသည်။

ပါဒစေတီမည်သော ခြေတော်ရာနှစ်ဆူ ဤမြန်မာပြည်၌ ချတော်မူခဲ့ပါသည်။ လက်ဝဲခြေတော်ရာချည်း ဖြစ်ပါသည်။

လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်း သုမနတောင်ထိပ်တွင် တစ်ဆူ မြန်မာနိုင်ငံ၌ နှစ်ဆူပေါင်းလျက် ဤလူ့ပြည်၌ ထိုသုံးဆူမှတစ်ပါး အခြားမည်သည့်နေရာတွင်မျှ ခြေတော်ရာ ချတော်မမူခဲ့ကြောင်း 'သာရတ္ထသင်္ဂဟကျမ်း' တွင် ဆိုပါသည်။

လူသုံးပါးတို့အားသနားတော်မူ၍ ကိုးကွယ်စိမ့်သောငှာ သာသနာ (၅၀၀၀)မက တည်အောင် အလိုဆန္ဒရှိ၍ အဓိဋ္ဌာန်ဖြင့် အခွန့်ရှည်စွာတည်ပါစေဟု ချတော်မူသော ခြေတော်ရာများဖြစ်ပါသည်။

တောင်ဖီလာဆရာတော်အဖွဲ့ ရှာဖွေ တွေ့ရှိခဲ့

မန်းစက်တော်ရာနှစ်ဆူကို မြန်မာရာဇဝင်တွင် ဒွတ္တဘောင်မင်းမှစ၍ အင်းဝမင်း အဆက်ဆက်အထိ ပူဇော်လာခဲ့ရာ အင်းဝ နရပတိမင်း လက်ထက်နိုင်ငံတော်မငြိမ်မသက်မှစ၍ ညောင်ရမ်းမင်းဆက်အနောက်ဘက်လွန်မင်း လက်ထက်တိုင် နှစ်ပေါင်း ၁၂၇–နှစ်ကျော် တိမ်မြုပ်ခဲ့ပြီး တောချုံအထိ ဖုံးလွှမ်းလျက်ရှိတော့၏။ ထို့နောက် သာလွန်မင်းလက်ထက်တွင် တောင်ဖီလာဆရာတော်ဦးစီးသော အနန္တဓေဆရာတော်၊ အရိယာလင်္ကာရဆရာတော်၊ တိလောကာလင်္ကာရ ဆရာတော် စသည့် မထေရ်ကြီး လေးပါးနှင့်နောက်ပါသံဃာ ၁၂–ပါးတို့သည် ၁၀၀၁–ခုနှစ်ကဆုန်လပြည့် ဗုဒ္ဓနေ့ စက်တော်ရာနှစ်ဆူကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့၏။ ထိုမှစ၍ မင်းအဆက်ဆက်ကိုးကွယ်ခဲ့ကြ၏။

ခေတ်အဆက်ဆက် ပြုပြင်ခဲ့ကြ

အထက်စက်တော်ရာ တန်ဆောင်းများ၊ တောမီးလောင်ခြင်း၊ အောက်စက်တော်ရာ ရေလွှမ်းခြင်းများ မကြာခဏရှိခဲ့ရာ ၁၂၄၅–ခုနှစ်၊ သီပေါမင်းလက်ထက် ထပ်မံပြုပြင်ခြင်း၊ ၁၂၇၇–ခုနှစ် ရသေ့ကြီးဦးခန္တီ ဦးဆောင်၍ မင်းဘူးစကုမြို့နယ် ဆရာတော်ကြီးများက သံယွန်းဆက်တန်ဆောင်းများဖြင့် ပြုလုပ်ခဲ့သဖြင့် ယခုတိုင် တည်မြဲနိုင်ခဲ့နေခြင်းဖြစ်ပြီး ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရမှ အာရုံခံတန်ဆောင်းတော်ကြီးများအသစ်တဖန် လှပခန့်ငြားထည်ဝါ ခေတ်မီ ဗိသုကာလက်ရာများဖြင့် မွမ်းမံတည် ဆောက်ထားရှိသည်ကို ဖူးမြင်နိုင်ကြပါသည်။

သုံးမည်ရ နမ္မဒါ၊ သုံးကြိမ်ဦးခိုက်

မင်းဘူးစကုမြို့နယ်ရှိ ပါဒခြေတော်ရာ ချတော်မူသည့် မကုလတောင်ကို ရစ်ပတ်လျက်

စီးဆင်းလာသည့် မန်းချောင်းကို (၁) ရမ္မဒါမြစ်၊ (၂) နမ္မဒါမြစ်၊ (၃) နမ္မဒါမြစ် ဟူ၍ သုံးမျိုးသုံးမည် ခေါ်တွင်ခဲ့သည်။

ထိုမြစ်သည် ခြေတော်ရာနှစ်ဆူကို သုံးကြိမ် ဦးခိုက်တော်မူသည်။ မန်းသုံးကြိမ် ဦးခိုက်သော နေရာများမှာ မုဆိုးတောင်ထိပ်မှကြည့်လျှင် ဤကဲ့သို့ တွေ့မြင်နိုင်၏။

(၁) ငဖဲဘက်မှ မုဆိုးတောင်ခြေရင်းသို့ လာ၍ တစ်ကြိမ် ဦးခိုက်သည်။

(၂) ဘုရားပွဲတော်ခင်းသည့် အောက်စက်တော်ရာမှတစ်ကြိမ်၊ ဦးခိုက်သည်။

(၃) လှေတင်ဆင်းနေရာမှ တစ်ကြိမ် ဦးခိုက်သည်။

မန်းချောင်းသီတာသည် ရခိုင်ရိုးမတောင်ခြေ ကျောက်တောင်ကျောက်စရစ်ခဲများမှ ယိုစီးကျလာသဖြင့် ဖြူစင်သန့်ရှင်းမှုရှိ၏။ ကျောက်စရစ်စိမ့်စမ်းရေများ ဖြစ်သောကြောင့် ချိုမြိန်အေးမြ၏။ နို့ဝဲသောက်သုံးပါက ဘေးဥပါဒ်အန္တရာယ် အသွယ်သွယ်မှ ကင်းဝေးစေနိုင်သည်ဟု အဆိုအယူရှိကြ၏။

ရတနာသုံးပါး၌ နှစ်သက်မြတ်နိုး ဆည်းကပ်ခြင်းဖြင့် ရအပ်သော အကျိုးထူးဖြစ်သည်ဟု ဆိုချင်ပါ၏။

အံ့ဖွယ်ရာများ

မန်းမြစ်နှင့်ပတ်သက်၍ အံ့ဖွယ်ကိုးပါးရှိကြောင်း ပညာရှင်တို့က ဖွဲ့ဆိုကြ၏။ ထိုကိုးပါး အနက်မှ သာလွန်ထူးခြားအံ့ဖွယ်များကိုသာ ကောက်နုတ်ဖော်ပြလိုက်ပါ၏။

- ◆ တောင်ရံ တောင်စောင်း တောင်အပေါင်းတို့အား ခုနစ်ဆယ့်ရှစ်ခွေ အထွေထွေရစ်ပတ်လျက် ရေဝတီမြစ်အရောက် အကောက်အတွန့် နဂါးလွန့်သကဲ့သို့ စီးဆင်းခြင်း၊
- ◆ မန်းမြစ်အတွင်း ပယင်း ပတ္တမြား မြသားလိုလို အညိုအဝါ အပြာမှိန်မှိန် ဝရမ်းရောင် ဝင်းဝင်းပြောင်သော ကျောက်ဆောင်ကျောက်တုံးများ ရှိခြင်း၊
- ◆ သော်ဖြူသာစွာ ပမာရိုးမှား ငွေပြားအသွင် သဲသောင်ပြင်တို့ရှိခြင်း၊
- ◆ မြစ်ကမ်းတစ်လျှောက် အစီအရီ ပေါက်သည့် ပိတောက်ကသင်း၊ အင်ကြင်းဖြူနီ၊ သရဖီ ရင်ကပ်၊ စလပ်ရေား၊ သနပ်ခါးနှင့် စကားဂန့်ဝေါ၊ သော်ကဝတ်မှုန်၊ ပန်းမျိုးစုံတို့သည် ရိုးတန်ယှဉ်ပြိုင် ပွင့်ခြင်းဆိုင်၍ ဂနိုင်တောလုံး ဖျားပိတုံးတို့၏ စုရုံး ရွှင်မျော်ရာ ဖြစ်ခြင်း၊
- ◆ မြစ်တွင်း ငင်ယော်၊ ကြွေးကြော်ယှဉ်တွဲ၊ ဝမ်းဘဲဟသာ၊ ကြိုးကြာဥဒေါင်း၊ ငှက်အပေါင်းတို့သည် သဲငွေသောင်ပြင် ရေသဘင်ရံ ညီလာခံ ကျင်းပနေသကဲ့သို့ ဖြစ်ခြင်း စသည်တို့ဖြစ်လေသည်။

အထက်ပါ ထူးခြားအံ့ဖွယ်များမှာ ရှေးကလည်းရှိ၏။ တောရဆရာတော် ဝါကပ်တော်မူသည့်ကာလများ၌လည်း ရှိ၏။ ယခုလည်း ရှိမည်သာ ဖြစ်ပါ၏*။"

'ခုတင်ဆောင် မထေရ်များ ဝါကပ်ရသည့် ကာလမှာ ဝါဆိုလပြည့်ကျော် ၁–ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါကပ်တော်မူပြီးလျှင် ဝါကျွတ်သော်လည်း အခြားသို့ မရွှေ့ပြောင်းဘဲ တန်ဆောင်မုန်းလပြည့်ကျော် ၁–ရက်နေ့အထိ မိုးလေးလကြာ ကာလ တိုင်အောင် သီတင်းသုံးတော်မူလေ့ရှိပါသည်။

---

* ကျောင်းဆရာဦးတင်ရှိန်၏ ပါဒစေတီ ရွှေစက်တော်သမိုင်းကြီး ရွှေဟသာ်တိုက်

ဝါရှောင်ဖိုမ မိုးကာလ

ဝါတွင်း မိုးကာလနှင့် စပ်လျဉ်း၍ အဟိတ် တိရစ္ဆာန်များသော်မှ အကျင့်သိမ်မွေ့ကြကြောင်း မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝ လင်္ကာသစ်မှ စာပိုဒ်အချို့ကို ကောက်နုတ်တင်ပြအပ်ပါ၏။

- *ဝါတွင်းမိုးလ၊ မာသသုံးထွေ၊ တောမြိုင်ခြေဝယ်၊ ချေလည်းမဟောက်၊ မျောက်လည်းမကြော်၊ ငှက်သူတော်တို့၊ မပေါ်မထွက်၊ တောကြက်ဥဒေါင်း၊ ဖော်ပေါင်းကင်းအောင်၊ ဝါရှောင်ဖိုမ နေကြပြကတော့၊ ကျင့်သိမ်မွေ့၏။*

ဟု စပ်ဆိုတော်မူခဲ့ရာ မြတ်စွာဘုရား၏ တပည့်သားသံဃာ အရိယာစခန်း တက်လှမ်းလိုသော သူတော်ကောင်းကြီးများအဖို့ ဝါတွင်းမိုးကာလ၌ အဘယ်မျှ သီလစင်ကြယ်ကြပါလိမ့်မည်နည်း ဆိုဖွယ်မရှိတော့ပြီ။

အထက်၌ တင်ပြခဲ့သော အခြေအနေ အရပ် ရပ်များနှင့် ပြည့်စုံသော ဤတော။ ဤတောင်၊ ဤအရပ်ဒေသ၌ တောရဆရာတော်သည် ရှုတင်ဆောင်ဘဝကို အစပျိုးခဲ့ပါ၏။ မိုးလည်းမိုး အလျောက်၊ ဆောင်းမှာလည်း ဆောင်းအလျောက်၊ သုံးထည်သော သင်္ကန်းဖြင့် အုတ်ဂူအတွင်းအောင်းလျက်၊ လွန်ကဲသော အအေးဒဏ်များကို သည်းခံတော်မူခဲ့၏။ ငါတို့၏ ဆရာမထေရ်သည် ဤတော၊ ဤတောင် ရွှေစက်တော်ဝန်းကျင်၌ ထိုကဲ့သို့ နေခဲ့လေတကားဟု ပြန်လည်မြင်ယောင်သတိရနိုင်ကြလိမ့်မည်ဟုလည်း ထင်ပါ၏။

ရွှေစက်တော်မှ မြောင်းဦး ရန်ကင်း တောရသို့

တောရထေရ်မဟ ဒုတိယ ဝါ

၁၃၂၅–ခုနှစ်၊ တန်ဆောင်မုန်းလ၌ ရွှေစက်တော်တောရဂူမှာ တောမရတော့သည့်အတွက် မင်းဘူးခရိုင်အတွင်း စကုမြို့နယ် မြောင်းဦးရွာ အနီး ရန်ကင်းတောရသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ ပြောင်းရွှေ့စဉ် ညီအငယ်ဆုံး အရှင်ဣသရနှင့် တပည့် အရှင်ကလျာဏ ဇီးဖြူကုန်းတို့ ခေတ္တရောက်ရှိလာကြ၏။

စာရေးသူစကုမြို့ ရဲစခန်းသို့ ပြောင်းရွှေ့ရောက်ရှိခြင်း

ကောဇာသက္ကရာဇ် ၁၃၂၅၊ ခရစ်နှစ် ၁၉၆၃–ခုနှစ်ဦး၌ မိမိ(စာရေးသူ)သည် ရန်ကုန်မြို့မှ မကွေးတိုင်း မင်းဘူးခရိုင် စကုမြို့ရဲစခန်းသို့ ရာထူးတိုးသဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့ရ၏။ တပ်ကြပ်ကြီး စာရေး (ယခင်အခေါ် ဂါတ်စာရေး) တာဝန်ဖြစ်၏။

နွေကာလ၌ ဘခင်ကြီး ဦးကြည် ရောက်လာ၏။ လာရသည့်အကြောင်းမှာ ဆရာတော်ဦးတိဿရလည်း ရွှေစက်တော်သို့ တောထွက်၏။ သားဖြစ်သူလည်း ရွှေစက်တော်ရှိရာ စကုမြို့သို့ ပြောင်းရ၏။ သို့ဖြစ်၍ ရွှေစက်တော်ဘုရားဖူးရန်၊ ဆရာတော်ဦးတိဿရကိုလည်း ရှာဖွေဖူးတွေ့ရန် ဖြစ်ကြောင်း ပြောလာ၏။

ရှာပုံတော်ခရီး

ခွင့် ၁၀–ရက်ယူ၍ ရွှေစက်တော်ဘုရား သို့ သွား၏။ ဘခင်ကြီးနှင့် ဇနီးမခင်တင့် သားကြီး

၄၃–၈၂

ခင်မောင်ဦး သုံးလသားလည်းပါ၏။ ဘုရားဖူးရင်း သီတင်းစုံစမ်း၏။ မြောင်းဦးရွာ ရန်ကင်းတောရသို့ ပြောင်းသွားပြီဟု သိရ၏။

မိမိ၏လက်အောက် အကူစာရေး ကိုတင်လှိုင်မှာ မြောင်းဦးရွာသားဖြစ်၏။ တောရဆရာတော် တစ်ပါး မြောင်းဦးရွာ ရန်ကင်းတောရမှာ ရှိ၏။ ဘွဲ့မသိ၊ သက်တော် ၄၀–ခန့်ဟု သတင်းရ၏။

ဤသို့ဖြင့် မြောင်းဦးရွာသို့ နံနက်စောစော ကိုတင်လှိုင် လမ်းပြအဖြစ်ခေါ်၍၊ မြင်းလှည်းငှား၍ သွားကြ၏။ ရွာကျောင်းဆရာတော်ထံ ဝင်စုံစမ်းရာ ဆရာတော်ဦးတိဿရ ဖြစ်ကြောင်း သိရတော့၏။ ဘခင်ကြီးနှင့်အတူ နံနက် ၁၁–နာရီလောက် ရန်ကင်းတောရသို့ ရောက်ကြ၏။

ဖူးတွေ့ရပါပြီ

တောရဆရာတော်ကို ဘခင်ကြီးနှင့်အတူ ရှိခိုးကန်တော့ကြ၏။ ဘခင်ကြီးက အရှင်ဘုရားလည်း ရွှေစက်တော် တောထွက်၊ သားကလည်း စကုမြို့ရောက်၊ ရွှေစက်တော်ဘုရားလည်းဖူး၊ ဆရာတော်ကိုလည်း ဖူးတွေ့ချင်လို့ လာပါသည် လျှောက်၏။

လာမည်ကို ကြိုသိနေ

ဆရာတော်က 'ညကအိပ်မက်ထဲမှာ ဒကာနှစ်ယောက်လာတယ်လို့ မက်တယ်၊ ဒါကြောင့်ကိုး' ဟု မိန့်၏။ မိမိတို့လာမည်ကို ဆရာတော် ကြိုသိနေပါကလားဟု စိတ်မှာ ဖြစ်၏။

တောရဆရာတော် ဆက်မိန့်သည်မှာ 'အစပထမတော့ ရွှေစက်တော် ဘုရားအနီး တောရမှာ ဝါဆိုခဲ့တာ၊ အုတ်ဂူတစ်ခုမှာ စပြီး ဝါကပ်တယ်၊ အစည်မှာပဲ မြွေတစ်ကောင်က ဂူပေါက်အထွက် အထက်မှာနေတော့ မင်းက အဆိပ်ရှိတဲ့အကောင်၊ ရဟန်းနှင့်အတူနေလို့ မဖြစ်ဘူး' ပြောဆို မောင်းထုတ်ရတယ်ဟု မိန့်၏။

မှတ်ချက် (ထိုအကြောင်း သိမ် ၁၀၀–မှတ်တမ်း၌ မိမိက နဂါးဆီးကြိုခြင်းပေလားဟု မှတ်ချက် ရေးခဲ့၏။ ဆရာတော်ကမည်သို့မျှ မမိန့်)

မိခင်ကြီးဒေါ်အေးမှုန် ကွယ်လွန်ခဲ့လျှင်

'ဘုရားဖြူကျောင်းတိုက်က ထွက်မလာမီ စာချဘုန်းကြီးဘဝ လှူဒါန်းလို့ရထားတဲ့ သင်္ကန်းအစုံ ၅၀–ကံကြီးကျောင်းဆရာတော် ဦးဇဝနထံ ပို့ပြီး မိခင်ကြီး ဒေါ်အေးမှုန် နာမကျန်းဖြစ်၍ ကွယ်လွန်ခဲ့ပါလျှင် ဘုန်းကြီးဦးဇဝနက ဦးဆောင်သင်္ဂြိုဟ်ပြီး သင်္ကန်းတွေ မိခင်ကြီးအတွက် လှူလိုက်ပါ စီစဉ်ခဲ့တယ်။

ရိုက်သတ်လို့တောင်မသေ

'အခု စကုမြို့နယ် မြောင်းဦးရောက်တော့ ကံကြီးကျောင်းဘုန်းကြီး ဦးဇဝနဆီက စာလာတယ်၊ မိခင်ကြီးမှာ 'ကျန်းမာလို့ သေဖို့ဝေးသေး၊ ရိုက်သတ်လို့တောင်မသေနိုင်သေး' မိခင်ကြီးသေချိန် စောင့်ပြီး သင်္ကန်းတွေထားမည်ဆိုလျှင် သင်္ကန်းတွေသာ ဆွေးမြေ့သွားမည်။ မိခင်ကြီးကိုယ်တိုင် လက်နဲ့လှူနိုင် ကုသိုလ်ပြုစေလိုကြောင်း စာမှာပါရှိ၍ အရှင်ဘုရား ကြိုက်သလို စီမံပါလို့စာပြန်လိုက်ရကြောင်း မိန့်၏။

(ထိုစကားဖြင့်တောထဲရောက်ပြီးမှ မိခင်ကြီး ကွယ်လွန်သွားတောင်မှ တောရအပျက်မခံတော့ ဟု ဆုံးဖြတ်အဓိဋ္ဌာန်ထားကြောင်းသိသာလှပါသည်။)

သပ္ပါယမျှပါသလားဘုရား

ဘခင်ကြီးက ဥတုသပ္ပါယ၊ ဘောဇနသပ္ပါယ၊ အာဟာရ သပ္ပါယမျှပါသလား ဘုရား လျှောက်၏။ တောရဆရာတော်က မျှပါသည်ဟု မိန့်ကြားဖြေကြား၏။

သပ္ပါယ (၇)မျိုး

ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်အား သင့်လျော်လျှောက်ပတ်သော အရာများကို သပ္ပါယဟု ဆို၏။ ထိုသပ္ပါယသည် (၇)မျိုး ရှိ၏။

(၁) **နေရာဌာန** = အကြင်ကျောင်းနေရာဌာန၌ နေရသဖြင့် သမာဓိ ရလွယ်၏။ ရပြီးသား သမာဓိ ခိုင်မြဲ၏။ ထိုကျောင်း စသော နေရာကို မှီဝဲအပ်၏။

(၂) **ဆွမ်းခံရွာ** = အကြင်ဆွမ်းခံရွာသည် မိမိနေရာ ကျောင်း၏ဝန်းကျင်အတွင်း မဝေးလွန်း၊ မနီးလွန်းဆွမ်း လည်းရလွယ်၏။ထိုဆွမ်းခံ ရွာကို အမှီပြုအပ်၏။

(၃) **စကားပြောဆိုမှု** = မဂ်ဖိုလ်ရကြောင်း အထောက်အပံ့ဖြစ်သော ၁၀-ပါးသော ကထာဝတ္ထုကိုသာ ပြောဆိုရခြင်း (သင့်ရုံမျှသာ ပြောဆိုရမည်) အလွန်များပြားစွာ မပြောဆိုရ ဟူလို။ ။

(၄) **အပေါင်းအဖော်** = သီလ သမာဓိ ပညာနှင့် ပြည့်စုံ၍ သမာဓိရအောင်၊ ရပြီးသော သမာဓိ ခိုင်မြဲအောင် ဟောပြောပေးတတ်သော ပုဂ္ဂိုလ်ကိုသာ မှီဝဲအပ်၏။

(၅) **စားသောက်ဖွယ် (ဘောဇဉ်)** = မိမိမကြိုက် မနှစ်သက် (သို့မဟုတ်) မိမိနှင့် မသင့်သော စားဖွယ်များ မမှီဝဲအပ် (ရှောင်ကြဉ်ပါ)

(၆) **ဥတု(အပူအအေး)**= အပူအအေးဥတု နှစ်ပါးတွင် မိမိနှင့် မသင့်သော ဥတုကို ရှောင်ကြဉ်ရ၏။

(၇) **ဣရိယာပုထ်** = လျောင်းထိုင်၊ ရပ်သွားလေးပါးသော ဣရိယာပုထ်တွင် မိမိနှင့် မသင့်လျော်သော ဣရိယာပုထ်ကို ရှောင်ပါ သင့်ရာကိုမှီဝဲအပ်ပါ၏။

မှတ်ချက် (၁) မသင့်လျော် မလျောက်ပတ်ဆိုသည်ကား ထိုထို သပ္ပါယ ၇-မျိုးတို့တွင် တစ်မျိုးမျိုးကြောင့် သမာဓိမရ၊ ရပြီးသမာဓိများ ပျက်စီးခြင်းကို ဆိုလိုသည်။

(၂) သပ္ပါယ ၇-မျိုးရှိသလို အသပ္ပါယလည်း ၇-မျိုးရှိပြန်သည်။ သပ္ပါယ ၇-မျိုး ဖော်ပြပြီး ဖြစ်ရာ ထိုဖော်ပြပြီး အကြောင်းများနှင့် ဆန့်ကျင်

ဘက်သည် အသပ္ပါယ ၇-မျိုး ဖြစ်လေသည်။

(၃) ဖော်ပြခဲ့ပြီးသော သပ္ပါယ၊ အသပ္ပါယ အစဉ်နံပတ် (၂)ဆွမ်းခံရွာ နီးဝေးမှာ တရားအားထုတ်သော လူပုဂ္ဂိုလ်များနှင့် မဆိုင်ပါ။

အထူးသိရန်ကား

မိမိတို့၏ ရွာနီးဝန်းကျင် တောတောင်များ၌ တောရဆောက်တည်သော ရဟန်းတော်များ ရှိ၏။ သီတင်းသုံးနေပါက လူပုဂ္ဂိုလ် ဒကာ၊ ဒကာမများ အနေဖြင့် သင့်တင့်လျောက်ပတ်သော ကျောင်းသခ်မ်း၊ ဆွမ်း သောက်ရေ၊ သုံးရေ စသည် လိုအပ်သည်ကို သာသနာတည်အောင် မည်သို့ ဆောင်ရွက်သင့်သည် အထူးသိရန် လိုမည် ဖြစ်လေသည်။

ပရိယတ္တိသင်အံ၊ ပဋိပတ္တိဖြည့်ကျင့်သော ပုဂ္ဂိုလ်ရှိမှ ပဋိဝေဓဆိုက်ရောက် သာသနာတည်ရာ မည်ပေလိမ့်မည်။ သို့မှ ဤလောကကြီး ငြိမ်းချမ်းသာယာပေလိမ့်မည်။ နေ၍ ဖြစ်ပါသည်။ စား၍ ဖြစ်ပါသည်။ အာဟာရဖြစ်ပါသည် ဟု မိန့်ခြင်းမှာ ခန္ဓာအား သည်းခံအားကောင်း၍ သက်တော်ရှယ်တော်အားဖြင့် ခံနိုင်မှုစွမ်းရည်ရှိနေသေးသောကြောင့်သာ ဖြစ်ပါ၏ဟု မိမိက ဆင်ခြင်မိပါသည်။

အဘယ်ကြောင့်ဆိုသော် ရေနံမြေ မင်းဘူးခရိုင်သည် ပူလျှင် အလွန်ပူ၍၊ အေးလျှင် အလွန်အေးသော ဒေသဖြစ်ပါသည်။ မိုးက အလွန်နည်းသော ဒေသဖြစ်ပါသည်။ မိမိကိုယ်တွေ့ နေထိုင်ခဲ့သောဒေသဖြစ်၍ ဇာတိဒေသ ရမည်းသင်းနယ်ထက် အပူလွန်၊ အအေးလွန်ဒေသလည်း ဖြစ်ပါသည်။ ရန်ကုန်နှင့် နှိုင်းယှဉ်ပါက အလွန်ကို ကွာခြားလှပါသည်။ သို့သော်လည်း တောရဆရာတော်က ရွှေစက်တော် ခြေတော်ရိပ်မှာ နေရထိုင်ရသည်ကို အလွန် နှစ်သက် ကြည်နူးနေပါပြီ။ အေးမြ၍ နေပါပြီ။

မြတ်စွာဘုရားနှင့် တပည့်သား သံဃာတော်များ တောမှာ ပျော်မွေ့ကြ

ဥတုသုံးလီ၊ ရာသီအလျောက် တောရိပ်တောင်ရိပ်များ ခို၍ ရင့်ပြီးအရွက်များ၊ ရင့်ရော်ခြင်းမှ မြေခခြင်း သံဝေဂဖြစ်ဖွယ်၊ တစ်ဖန် ရွက်သစ်ရွက်နုများ တဖြည်းဖြည်းစိမ်းစို၊ ကြည်နူးဖွယ်များကို နေ့စဉ်နှင့်အမျှ ကြည့်ရှုလေ့လာ မှတ်သားခဲ့ကြောင်းနှင့် 'တောထဲမှာ နေမှ တောရဲ့ အေးငြိမ်းတဲ့ အရသာ ခံစားရကြောင်း၊ ဒါကြောင့်လည်း မြတ်စွာဘုရားနှင့် တပည့်သား သံဃာတွေ တောမှာ ပျော်မွေ့ကြတာ ဖြစ်လိမ့်မယ်' လို့ တောရဆရာတော်က တောမှာ ပျော်နေပါပြီ၊ နှစ်သက်ကြည်နူးနေပြီ ဖြစ်ကြောင်း မိန့်တော်မူ၏။

အိမ်ထောင်တစ်စုံရှိလျှင် ရှာသိမ်ရှာငယ်

ရွှေစက်တော်မှ မြောင်းဦးသို့ ရောက်ရခြင်း အကြောင်းမှာ ရွှေစက်တော်ဘုရား မီးစက်မောင်းဝန်ထမ်းသည် ပထမအိမ်ထောင်မရှိသဖြင့် တောရ၏။ ထိုဝန်ထမ်းအိမ်ထောင်ပြုသဖြင့် အိမ်ထောင်တစ်စုံတာ ၅၀၀-အတွင်းရှိနေလျှင် တောမရ၊ 'အိမ်ထောင်တစ်စုံသည်ပင် ရှာသိမ်ရှာငယ်အဖြစ် သတ်မှတ်၏' သို့အတွက် သတင်းစုံစမ်းပြီး ယခု မြောင်းဦး ရန်ကင်းတောရမှာလည်း ရှေးဟောင်း ခုတင်ဆောင် မထေရ်များ သီတင်းသုံးခဲ့ဖူးသော တောရဖြစ်ကြောင်း သံဃာ လစ်လပ်နေသည်မှာလည်း ဂျပန်ခေတ်လောက်မှစ၍ နှစ်ပေါင်း ၂၅-နှစ်ကျော် ခန့်ပင် ရှိပြီ

ဖြစ်ကြောင်း သိရ၍ ယခု ရန်ကင်း တောရသို့ ရောက်ရှိခဲ့ကြောင်း မိန့်ကြား၏။

တောရဟောင်းမြောင်းဦး

မြောင်းဦး ရန်ကင်းတောရမှာ ရှေးဟောင်းတောရဖြစ်၍ သစ်ပင်ကြီးများစွာ ရှိ၏။ အရိပ်အာဝါသကောင်း၏။ အေးမြဆိတ်ငြိမ်၏။ ဆရာတော် သီတင်းသုံးသည့် ကျောင်းမှာ လေးပင်ပတ်လည်အောက်ခံ အုတ်ပတ်လည်၊ အပေါ်ထပ် သစ်သား သွပ်မိုးဖြစ်၏။ တစ်ကျောင်းတည်း ဖြစ်၏။ ကုဋီ သီးခြား ခပ်ဝေးဝေးမှာ ဖြစ်၏။ အုတ်ရေတွင်းရှိ၏။ အတောင် ၃၀–ခန့် နက်၏။ ထူးခြားသည်မှာ နှစ်ပေါင်း ၂၅–နှစ်ကျော် ၃၀–ခန့် ရဟန်းမရှိ၊ မသုံးဘဲထားခဲ့သော ရေတွင်းမှာ ပကတိကြည်လင်နေ၏။ ရေသန့်ရှင်းသည်ဟု မိန့်၏။

အလွန်နက်သဖြင့် စက်သီးလက်ဆွဲရေပုံးကြိုးတပ်၍ ရေငင် ရေတင်ရ၏။ ဆရာတော်ကိုယ်တိုင် ရေငင်ရ၏။ ရံခါမှသာ လူသူ ရောက်ဟန်ရှိ၏။

နာနာဘာဝတို့၏ လူးအင်း

ဆရာတော်နှင့် ဘခင်ကြီးတို့ မေးလျှောက်သမ္မော ဖြေကြားပြီး ထိုနေ့ မွန်းလွဲ ၂–နာရီကျော် အချိန် ရောက်မှ တောရဆရာတော်ကို ဦးချကန်တော့၍ တောလမ်းအတိုင်း ပြန်ခဲ့ကြ၏။

မြောင်းဦးရွာ ရန်ကင်းတောရအနီး သုသာန်နှင့် မနီးမဝေး၌ ထိန်ပင်များပေါက်သော ကွင်းကြီးရှိ၏။ ထိုကွင်းကြီးထဲရှိမြေမှာ မြေညက်ပေါင်ဒါများကဲ့သို့ ရှိ၏။ ထိုကဲ့သို့ ဖြစ်နေခြင်းမှာ နာနာဘာဝတို့၏ လူးအင်း ဖြစ်၏ဟု ဘခင်ကြီးက ပြော၏။ ညနေခင်း နေဝင်ရီသရောအချိန် 'မင်းတို့အနေနဲ့ အဖော်မပါဘဲ ဒီနေရာတွေ မဖြတ်နဲ့ မသွားနဲ့၊ ဖြစ်နိုင်ပါက နေ့ခင်း နေ့လည်ဖက်သာ ဆရာတော်ထံသွားပါ၊ ထိတ်လန့်ကြောက်ရွံ့အောင် ပြုကတ်၏။

တောရဆရာတော်၏ သီလဂုဏ် သမာဓိဂုဏ်ကြောင့် ဤနေရာ ဤတော၌ နေနိုင်ခြင်းဖြစ်သည်ဟု ပြော၏။

ဘခင်ကြီးမှာ ထိုအချိန်က အသက် ၅၈–နှစ်ရှိ၍ တိုင်းရင်းဆေးသမားတော် အလုပ်ဖြင့် မိုးကုတ်ဝိပဿနာတရားတော်များကို ဖတ်ရှု လက်တွေ့ကျင့်သုံးနေခဲ့သည်မှာ ကြာပြီ ဖြစ်၏။ သမာဓိအား အတော်အတန် ပြည့်စုံနေပြီ ဖြစ်နိုင်ပါ၏။

ဤသို့ဖြင့် မြောင်းဦးရွာကျောင်း၌ ထားခဲ့သော မြင်းလှည်းကို စီး၍ မြောင်းဘောင်လမ်းအတိုင်း ၁၂–မိုင်ခန့်ဝေးသော စကုမြို့သို့ ဘခင်ကြီးနှင့်အတူ ပြန်ခဲ့ကြ၏။ ထိုခေတ် လွန်ခဲ့သော နှစ် ၄၀–ခန့်က မြင်းလှည်းခ အသွား၊ အပြန် တစ်နေ့တာ အတွက် ၁၀/–သာ ပေးရလေသည်။

နာနာဘာဝ	=	အသီးသီးဖြစ်ခြင်း၊ ဇာတိအားဖြင့် အထူးထူးအပြားပြားဖြစ်ခြင်း
ဝိနာဘာဝ	=	ကင်း၍ ဖြစ်ခြင်း၊ သေသောအားဖြင့် ကွေကွင်းရခြင်း
ဝိနိပါတ	=	ပျက်စီး၍ ကျခြင်း၊ အပယ်သို့ ကျခြင်း၊ ဖရိုဖရဲကျရာဖြစ်သော ဟူ၍ ပါဠိမြန်မာ အဘိဓာန်က ဖွင့်ဆိုပါသည်။

သိမ်သမုတ်ခြင်းအစ ပထမ

သိမ်အမှတ် (၁) အိုးပြင်မဲသိမ်

၁၃၂၆–ခုနှစ်၊ တော်သလင်းလဆုတ် ၁၁–ရက်၊ (၂.၁၀.၁၉၆၄) သောကြာနေ့၌ မကွေးတိုင်း မင်းဘူးခရိုင် စကုမြို့နယ်၊ ခွန်သာဂါမခေတ်၊ အိုးပြင်မဲသိမ်ကို တောရဆရာတော် ဦးဆောင်၍ သမုတ်တော်မူ၏။ ထိုသိမ်သည် တောရဆရာတော် ဘဝ၌ အစ ပထမဦးဆုံးသမုတ်သော အမှတ် ၁ – သိမ်ဖြစ်လေသည်။

ထိုသိမ်သမုတ်ပုံအစီအစဉ် လင်္ကာသွယ်၍ တောရဆရာတော် ရေးသားတော်မူ၏။ ဆရာတော်၏ လင်္ကာရေးဖွဲ့ခြင်း ကျွမ်းကျင်နိုင်နင်းမှုကို လေ့လာကြည့်ညိုနိုင်ကြစေရန် မူရင်းအတိုင်း ကူးယူဖော်ပြလိုက်ပါ၏။

၁ - အိုးပြင်မဲသိမ်
မကွေးတိုင်း မင်းဘူးခရိုင် စကုမြို့နယ် ခွန်သာဂါမခေတ် အိုးပြင်မဲ သိမ်ပြီးနှစ်လရက်ချိန် မှတ်တမ်း

ဤသိမ်သမုတ်ရာ၌ သိမ်နုတ်ခါနီး ဆန္ဒယူခြင်းနှင့် သမုတ်ခါနီး ဆန္ဒယူခြင်းဟူ၍ ဆန္ဒကို နှစ်ကြိမ်ယူသည်။

သိမ်သမုတ်ပုံအစီအစဉ်လင်္ကာ

ရှေးနာမည်စစ်၊ ထုတ်ဖော်လှစ်မူ၊ အိုးပစ်မကွဲ၊ အမည်စွဲခဲ့၊ အမြဲခေါ်တွင်၊ ထာဝစဉ်ကား၊ အိုးပြင်မဲခေါ်၊ ရှေးရွာကျော်၏၊ ကျောင်းတော်ဝိဟာ၊ ဘုံရိပ်သာမှ၊ အင်္ဂါထောင့်နား၊ သမုတ်ထားသည့်၊ သီးခြားဆိတ်ငြိမ်၊ ခဏ္ဍသိမ်ကြီး၊ သမုတ်နည်းကို၊ အပြီးမှတ်ဖွယ်၊ လင်္ကာသွယ်အံ့။

ဆောင်ဖွယ်ဆန္ဒ၊ ဆောင်ယူရ၍၊ နုတ်ကြပြီးခါ၊ သာသနာခေတ်၊ အတိတ်နှစ်ကား၊ နှစ်ထောင်ငါးရာ၊ ရှစ်ခုသာတည့်။ ဝေါဟာ လူနှစ်၊ သက္ကရာဇ်မှာ၊ ထောင်သုံးရာရောက်၊ နှစ်ဆယ့်ခြောက်ခု၊ မိုးဥတုတွင်း၊ တောသလင်းလ၊ လမင်းကယုတ်၊ လဆုတ်ဆယ့်တစ်၊ သောကြာဖြစ်၏၊ ညရှစ်နာရီ၊ ချိန်ကောင်းမှီလျက်၊ သာကီပုတ္တ၊ အမည်ရ၍၊ ဝံသထူးဆန်း၊ ကျင့်ဝန်ထမ်းသည်၊ ရဟန်းအများ၊ ဆယ့်သုံးပါးတို့၊ လာငြားညီညာ၊ စည်းဝေးကာဖြင့်၊ လေးဖြာသောတွင်း၊ ရေထည့်သွင်း၍၊ လေးတွင်းရေစု၊ နိမိတ်ပြုလျက်၊ မှတ်ရှုသုံးထပ်၊ ဝိုင်းလည်ပတ်၍၊ မေးလတ်ဖြေစေ၊ နိမိတ်ရေကို၊ ကြားလေပြီးခါ၊ ကမ္မဝါဉတ်၊ လေးကြိမ်ထပ်၍၊ ရွတ်ဖတ်အပြီး အောင်သံတီးသည်၊ သိမ်ကြီးအောင်မြင်အပြီးတည်း။

*အောင်မြင်ပြီးခါ၊ နိမိတ်ရာဝယ်၊ နောင်လာအများ၊ ထင်ရှားသိထိုက်၊ ကျောက်တိုင်စိုက်၍၊ မှတ်လိုက်ပြီးခါ၊ ကာလကြာသော်၊ နိမိတ်ရာကျောက်၊ ပျောက်ပျက်ခဲ့မူ၊ ကြိုးဆွဲယူကာ၊ လွယ်ကူရှာဖွေ၊ တွေ့နိုင်လေရန်၊ စိတ်ရည်သန်လစ်၊ နိမိတ်တစ်၌ ဝိုင်းရစ်ခြံရံ၊ သီမန္တရိုက်၊ သုံးတိုင်စိုက်သည်၊ မှတ်လိုက်နောင်လာသိရန်တည်း။**

တောသမင်များနှင့် ကျားသစ်

၁၃၂၅/၂၆ ခုနှစ်များအတွင်း မိမိသည် အကူစာရေးဖြစ်သူ ကိုတင်လှိုင် (မြောင်းဦးဇာတိ) ကို ခေါ်၍ စက်ဘီးနှစ်စီးဖြင့် တောရဆရာတော်ရှိရာ ရန်ကင်းတောရသို့ မကြာခဏ သွားခဲ့သည်။

* တောရဆရာတော်၏ သိမ် ၁၀၀ မှတ်တမ်း (စာမျက်နှာ–၆၁)

[ထိုအကြောင်းကို သိမ်(၁၀၀) မှတ်တမ်း နောက်ဆက်တွဲ(က) ၁၃၂၇-ခုနှစ်၊ မှတ်ချက်၌ တောသမင်များ လာအိပ်၏၊ ကျားသစ်လာမွေး၏ ဟု ဆရာတော်သက်တော်ထင်ရှားရှိစဉ်ကပင် ရေးခဲ့ပါ၏။]

အဘယာရာမ = ရန်ကင်းတောရ ဟူသည်နှင့်အညီ ဘေးရန်မရှိ အေးငြိမ်းသဖြင့် ဆရာတော်မေတ္တာရိပ်မှာ တိရစ္ဆာန်များ လာရောက်ခိုလှုံကြခြင်းဟု ယူဆပါ၏။

ထိုအချိန် ထိုကာလက ထိုနေရာတစ်ဝိုက်၌ တောသမင်များ အလွန်ပေါများပါ၏။ မြောင်းဦးရွာ ဘုန်းကြီးကျောင်း၌ သမင်နှစ်ကောင် မွေးထား၏။ အနီးအနားရွာများ အလှူအတန်းများသို့ လှည်းယာဉ်ကလေးကို ကျောင်းသားက မောင်း၍ ဆရာတော်ကြွလေ့ရှိသည်ဟု သိရ၏။

မြောင်းဘောင်တစ်လျှောက် ညဘက်ရေသောက်ဆင်းသော သမင်များကို ခရိုင်မြို့နယ်အဆင့် အရာရှိကြီးများ နယ်မြေလုံခြုံ အေးချမ်းရေးအတွက် (Night Move) ညကင်းလှည့်စဉ် ဆလိုက်မီးထိုး၍ ပစ်ခတ်၏။

ထိုပစ်ခတ်သောသေနတ်သံ ညအခါများ၌ မကြာခဏ ကြားရသော တောရဆရာတော်သည် သမင်များ အသက်ချမ်းသာရေးအတွက် 'ကျေးငှက်တိရစ္ဆာန်များ ပစ်ခတ်ခြင်း မပြုပါနှင့်၊ ဘေးမဲ့တောအလှူခံပါသည်၊ အဘယာရာမတောရဆရာတော်' ဟု ဆိုင်းဘုတ်ရေးစေ၍ မြောင်းဘောင်ဘေး သစ်ပင်ကြီးများတွင် ချိတ်ဆွဲထား၏။

ထိုအချိန်မှစ၍ တောရဆရာတော်၏ မေတ္တာကြောင့် ညဘက် သေနတ်သံမကြားရ၊ သမင်များလည်း အသက်ချမ်းသာရာရကြ၊ မိမိ၏ ရဲဘော်များလည်း ညဘက် အနားရကြလေတော့သည်။

ဆရာတော်ကို သတိရသည့်အခါ၊ အလုပ်ခွင်မှာ စိတ်ပင်ပန်းမှု ဖြစ်သည့်အခါ၊ အလျဉ်းသင့်သည့် စနေ/တနင်္ဂနွေ ရုံးပိတ်ရက် နေ့လည်ချိန်များ၌ ဆရာတော်ရှိရာ တောရကျောင်းသို့ အရောက်သွားလေ့ရှိခဲ့ပါသည်။ ဘာရယ်မသိ၊ ဆရာတော်ကို ဖူးတွေ့၊ ဆရာတော်၏ တောရအရိပ်မှာ ဆိတ်ငြိမ်အေးချမ်းသဖြင့် ခဏတာမျှ ကြည်နူးမှု ဖြစ်ရသည်က အမှန်ပင်။

သမင်မိသားစု ၄-ကောင်

ထိုသို့ ဖြစ်ရသည်မှာ မိမိသာမဟုတ်၊ တစ်နေ့သောအခါ နေ့လည်ဘက် မိမိနှင့် ကိုတင်လှိုင်တို့ ဆရာတော်တောရကျောင်းအတွင်းသို့ စက်ဘီးများဖြင့် ရောက်သွားကြ၏။ ခွေးကြီးနှစ်ကောင်က ဟောင်သည်၊ ထိုအခါမှ ကျောင်းဝင်းအတွင်း သစ်ပင်အကြီးကြီးအရိပ်မှာ အိပ်နေကြသော သမင်မိသားစု ၄-ကောင်ထလာကြပြီး ဖြည်းဖြည်းချင်း တောထဲဝင်သွားကြသည်ကို တွေ့ကြရသည်။

တောရကျောင်းအနီး ကျားသစ်လာမွေး

သမင်များတွေ့ကြောင်း ဆရာတော်ကို လျှောက်သောအခါ ဆရာတော်က 'ကျားသစ်တောရ ကျောင်းအနီး လာမွေးတယ်' ကျားသစ်ဆိုတဲ့အကောင်က ခွေးသားသာလောက်ရှိတယ်' ဟု မိန့်၏။ 'ခွေးကြီးနှစ်ကောင်က သမင်ကို မဟောင်၊ တပည့်တော်တို့ကိုတော့ ဟောင်တယ်' ဟု မိမိက လျှောက်၏။ 'အဲဒီလို နေကြတာပဲ၊ ခွေးနှစ်ကောင်မှာ ရွာကျောင်းက ခွေးဖြစ်ပြီး ဆွမ်းကျန်လာစားပြီး ညနေဘက်မှ ပြန်တယ်' ဟု ဆရာတော်က ဆက်ပြီးမိန့်၏။

(အချို့ အရာရှိကြီးများ ကွယ်လွန်ကြပြီဖြစ်ပြီး အချို့အရာရှိကြီးများ ယခုတိုင် ရှိနေသေး၍ အမည်များ ချန်လှပ်ခဲ့ပါသည်။ စာရေးသူ)

ထိုအရာရှိများ ညခရီးထွက်လျှင် ရဲဘော်များ လက်နက်တပ်ဆင် မိမိက စီစဉ်ပေးရမြဲ ဖြစ်လေသည်။

မေတ္တာဒနလုံးသွင်းတော်မူ

ညဥ့်နက်ချိန်များ၌ တရားနလုံးသွင်းတော်မူလျက်ရှိသော တောရဆရာတော်နား၌ သေနတ်သံများ ကြားရသောအခါ –

– ငါသည် ချမ်းသာမှုကို အလိုရှိသကဲ့သို့ ထိုထိုသတ္တဝါတို့သည်လည်း ချမ်းသာမှုကို အလိုရှိကြပေလိမ့်မည်' ဟူ၍ မိမိနှင့်နှိုင်းကာ စာနာထောက်ထားပြီး သတ္တဝါတို့ကို ညှင်းဆဲ သတ်ဖြတ်ခြင်းမှ ရှောင်ရှားနိုင်ရေး၊ နှစ်ဦးနှစ်ဝ အကျိုးရရေးကြီးမားသော မေတ္တာကရုဏာတော်ဖြင့် တောရဆရာတော် ဆောင်ရွက်တော်မူခဲ့ခြင်း ဖြစ်ပါ၏။

အဂ္ဂုဏ်ဂ္ဂကာလဝိနိစ္ဆယ ခေါ်
အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း
ရေးသားတော်မူ

တောရဆောင် တတိယ ဝါ

သာသနာတော်နှစ် ၂၅၀၉–ခု၊ ကောဇာ ၁၃၂၇–ခုနှစ်၊ (၁၉၆၅) ဝါတော်အားဖြင့် ၂၅–သက်တော် အားဖြင့် ၄၄–နှစ် တောရဆောင် မထေရ်ဘဝ ၃–ဝါကာလသို့ အရောက် ပြောင်းဦး ရန်ကင်း တောရကျောင်း၌ အရုဏုဂ္ဂကာလ ဝိနိစ္ဆယ ခေါ် အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်းကို ပါဠိမြန်မာနှစ်ဘာသာဖြင့် ရေးသားစီရင်တော်မူသည်။*

ရေးသားတော်မူသည့် အကြောင်းရင်းများ

၁။ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်ကြီး၌ သီတင်းသုံးသည့် ၁၄–နှစ်ကြာကာလ၌ ရန်ကုန်မြို့ရှိ ဆွမ်းလောင်းအသင်းများသည် အရုဏ်မတတ်မီ ဆွမ်း/ဆွမ်းဟင်းများ လောင်းလှူနေကြ၏။ အလှူခံသာမဏေနှင့် ရဟန်းတော်များကလည်း အရုဏ်မတက်မီ ၄–နာရီအချိန်၌ ဆွမ်းခံလှည့်လည်ခြင်း ပြုကြကုန်၏။

၂။ အချို့ ရဟန်းတို့ကား ဝါတွင်းသုံးလအတွင်း ဆိုခဲ့သော ၄–နာရီအချိန်၊ မိမိတို့နေရာ သိမ်ခေါ်သော ကျောင်းအရံအတွင်းမှ ထွက်ကြကုန်၍ ဆွမ်းခံလှည့်လည်ခြင်းပြုကြကုန်၏။ ဝါကျွတ်သောအခါ ကထိန်ခင်းခြင်း စသော အမှုတို့ကို ပြုကြကုန်၏။ ထိုအမှုတို့သည် မကောင်းသဖြင့် ပြုအပ်သော အမှု၊ မပြည့်စုံသော အမှု၊ ပျက်စီးသောအမှုများသာ ဖြစ်ရပေကုန်၏။

၃။ မြန်မာနိုင်ငံ၌ အလွန်ထင်ရှားသော မြတ်စွာဘုရား ခြေတော်ရာ စေတီနှစ်ဆူသို့ နှစ်စဉ်နှစ်တိုင်း ကြီးစွာသော ပွဲသဘင်ပြု၍ အလေးအမြတ်ပူဇော်ခြင်း ပြုကြကုန်၏။ ဥပါသကာ၊ ဥပါသိကာမတို့သည် ညဥ့်ထက်ဝက်သန်းခေါင်ကျော် ၃–နာရီအချိန်၌ ပါဒစေတီတော်နှစ်ဆူတို့အား ဆွမ်းစသည်တို့ကို ကပ်လှူကြကုန်၏။ ရဟန်းတော်တို့အားလည်း ဆွမ်းလောင်းလှူကြကုန်၏။ ဆွမ်းစားခြင်းပြုကြကုန်၏။ ဤသို့လျှင် ဤနည်းသဘောရှိသော တစ်ပါးမက များလှစွာကုန်သော ချွတ်ယွင်းမှုတို့ပြု ကြကုန်၏ ဟူ၍ တောရဆရာတော် ရေးသားဖော်ပြထားသည်ကို သိသာတော်မူ၊ ဆင်ခြင်တော်မူနိုင်ကြရန်ဖြစ်လေသည်။

* အရုဏုဂ္ဂကာလဝိနိစ္ဆယ ခေါ် အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း ရေးသား

ရေးသားစီရင်တော်မူခြင်းဖြင့် ရရှိစေနိုင်သည့် အကျိုးတရားများ

၁။ အရဏ်တက်ချိန်ကို မှန်ကန်စွာ သိပါစေခြင်း အကျိုးငှာ–

၂။ အာပတ်အပြစ် ပြုလုပ်ရမည်ကို ရှက်တတ်သော ရဟန်းတော်များနှင့် သီလကို ချစ်မြတ်နိုးကြကုန်သော ရဟန်းတော်များ အာပတ်အပြစ်မှ လွတ်ပါစေခြင်း၊ သီလစင်ကြယ်ပါစေခြင်း အကျိုးငှာ–

၃။ ရဟန်းတော်များသည် မိမိတို့၏ အယူဝါဒအားလျော်စွာ အလိုရှိအပ်သော အချိန်ကို အရဏ်တက်ချိန်ဟု ထင်မှတ်ကြလျက် ဆွမ်းစားခြင်းစသော ပေါ့သောအမှုတို့နှင့် ဆောက်တည်ထားသော ဝတ်များကို ချထားခြင်းစသော လေးသောအမှုတို့မှ အပြစ်တို့မှ လွတ်ပါစေခြင်းငှာ–

၄။ ချွတ်ယွင်းသော အရဏ်တတ်ချိန်၌ ချွတ်ယွင်းသော အမှုတို့ကိုလည်းကောင်း၊ နောင်အခါ၌ အဖန်ဖန် အောက်မေ့အမှတ်ရကုန်သော များလှစွာကုန်သော ဝိနည်းကို အလေးပြုကာ သိက္ခာသုံးပါးကို အလိုရှိကြကုန်လျက် မကောင်းမှုမှာလည်း ရှက်ကြောက်ကုန်၍ သီလကိုလည်း ချစ်မြတ်နိုးကုန်ကြသော ရဟန်းတို့အား များလှစွာသော ယုံမှားသံသယ ကုက္ကုစ္စတို့မှ လွတ်ပါစေခြင်းအကျိုးငှာ–

ရေးသားစီရင်တော်မူခဲ့ကြောင်း ထိုကျမ်းစာမျက်နှာ ၁၀၉–မှ ၁၁၅–ထိ၌ ဖော်ပြထားသည်ကို လိုရာကောက်နှုတ်တင်ပြအပ်ပါ၏။

ထိုကျမ်းမာတိကာအရ

ဝေါဟာရအပိုင်း၊ (ခယာ။ ဗိဇနာ၊ နာရီ) ပြဆိုခြင်း၊ အရဏ်စသည်ဆိုသော အပိုင်း၊ ပထမဝါဒမှ ဆဋ္ဌဝါဒထိနှင့် စိစစ်ဝေဖန်သောအပိုင်း၊ နေမထွက်မီ၂၄–မိနစ်အလို၌ အရဏ်တက်သည်ဟု ဆုံးဖြတ်ချက်ချခြင်း၊ တိုက်တွန်းခြင်း၊ နိဂုံးပိုင်း ကျမ်းပြီးနှစ်မှီရာကျမ်းများ၊ အရဏ်တက်ချိန် ညွှန်ပြချက်ဇယားစသည်အားဖြင့် ထင်ရှားပြတော်မူ ရေးသားစီရင်တော်မူခဲ့သည်။

ထိုကျမ်း၏ နိဂုံးပိုင်း၌ ရမည်းသင်းခရိုင်နဘူးကျောင်းရွာဇာတိဖြစ်သော မင်းဘူးခရိုင်၊ စကုမြို့နယ် မြောင်ဦးညောင်ကိုင်း ဟူသော ဆွမ်းခံရွာနှစ်ရွာအနီး 'ရန်ကင်းအမည်ရှိသော ဆိတ်ငြိမ်သော တောရကျောင်း၌ <u>ကောင်းစွာနေသော</u> အရှင်တိဿရအမည်ရှိသော မထေရ်သည် 'ဤကျမ်းကို <u>တစ်လခွဲခန့် အချိန်မျှဖြင့်</u>' စီရင်တော်မူခဲ့သည်။

ဤအဆုံးအဖြတ်ကျမ်းကို ရှာဖွေစုပေါင်းပြုစုရသော ကောင်းမှုကြောင့် အလိုရှိအပ်သော အခြံအရံနှင့်တကွ ဖြစ်သော အရဟတ္တမဂ်ဉာဏ်ကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာ သိခြင်းကို တောင့်တရည်ရော် မျှော်လင့်ပါ၏ဟု အဆုံးသတ်ထားပါသည်။ ***(ကျမ်းစာမိတ္တူ ပူးတွဲ၍ တင်ပြပါသည်။)***

ထိုကျမ်းကို ပိဋကပညာရှင်များ အလေးထားတော်မူ

ထို အရဏုဂ္ဂကာလဝိနိစ္ဆယ ခေါ် အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း ထွက်ပေါ်လာခဲ့ပြီးနောက် သန်လျင်မြို့ သုတေသနဆရာတော်များအချို့နှင့် မဟာစည်ဆရာတော်ဘုရားကြီး (၁၂၆၆–၁၃၄၄)၊ မန္တလေးမြင်းဝန်တိုက် ပတ္တမြားဆရာတော် စသည့်

ပညာရှင်အသီးသီးတို့ နှစ်မြိုက်တော်မူခဲ့ကြကြောင်း နှင့် ပိဋကပညာရှင်ကြီးများ၏နားသို့ တောရဆောက်တည်စ ကာလကပင် ဆရာတော်၏ ဂုဏ်သတင်း ကျော်ကြား ပျံ့လွင့်တော်မူခဲ့လေသည်။

သုံးသပ်ချက်

အထူးအားဖြင့်ကား ယနေ့မျက်မှောက်ကာလ ပိဋကစာပေ အကျော်အမော် ဆရာတော်များ စွာတို့ မြို့ကြီးပြကြီးများကို စွန့်ခွာ၍ တောသို့ ဝင်ရောက်လာကြသည်မှာ ထို အစပထမ ကျမ်း၏ တပ်လှန့်နှိုးဆော်မှု စွမ်းအားများပင် ဖြစ်ပါလိမ့်မည် ဟု လေ့လာသုံးသပ်မိပါသည်။

စကုမြို့နယ် မြောင်ဦးရန်ကင်းတောရ သိမ်သမုတ်ခြင်း

သိမ်အမှတ် (၂) မြောင်ဦး ရန်ကင်း တောရသိမ်.

သာသနာနှစ် ၂၅၀၉၊ ကောဇာ ၁၃၂၇-ခုနှစ် ဝါဆိုလဆုတ် ၈-ရက် (၂၁.၇.၁၉၆၅) ဗုဒ္ဓဟူးနေ့ည ၉-နာရီ ၁၂-မိနစ်အချိန် စကုမြို့နယ် မြောင်ဦးဂါမခေတ် ရန်ကင်းတောရကျောင်း ခဏ္ဍသိမ်ကြီးကို တောရဆရာတော်ဦးဆောင်၍ ရဟန်းတော် ၂၄-ပါးတို့ဖြင့် သမုတ်တော်မူသည်။ ထိုည ၁၀-နာရီ ၁၀-မိနစ်အချိန် သိမ်သမုတ် ခြင်းကိစ္စသည် အလုံးစုံ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်သည်။

ထိုသိမ်သမုတ်မှတ်တမ်း၌ ရန်ကင်းတောရ အရှင်တိသရ၊ အရှင်ကလျာဏ ဟု ရေးသားထားရှိရာ ထိုနှစ် ဗီးဖြူကုန်း ဆရာတော် အရှင်ကလျာဏ ထို သိမ်သမုတ်ပွဲ ပါဝင်ကြောင်း သိရပါ၏။

ရန်ကင်းတောမှာ ရှေးဟောင်းတောရကြီး ဖြစ်သော်လည်းသိမ်မရှိခဲ့၊ တောရဆရာတော် ထိုတောရရောက်ပြီး ၂-နှစ်ကြာ ကာလရောက်မှ သိမ်သမုတ်ခြင်း ပြုနိုင်ခဲ့သည်။ ထိုသိမ်ကား တောရဆရာတော် သမုတ်သည့်သိမ်များစွာတွင် သိမ်အမှတ်စဉ် ၂-သိမ်ဖြစ်လေသည်။

စကုမြို့နယ် လက်ပံတောကျောင်းသိမ်သမုတ်ခြင်း

သိမ်အမှတ် ၃ လက်ပံတောကျောင်းသိမ်

သာသနာနှစ် ၂၅၀၉၊ ကောဇာ ၁၃၂၇-ခုနှစ်၊ ဝါခေါင်လဆန်း ၁၃-ရက်၊ (၁၀.၈.၁၉၆၅) အင်္ဂါနေ့၊ ည ၉-နာရီ ၂၂-မိနစ်အချိန် စကုမြို့နယ် ခွန်သာဂါမခေတ် လက်ပံတောကျောင်း ခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင်၍ ကောင်းစွာသမုတ်တော်မူ၏။ အန္တရာယ်မရှိ ကင်းရှင်းသဖြင့် ဤခဏ္ဍသိမ်ကြီး ပြီးစီးသကဲ့သို့ ထို့အတူပင် အလုံးစုံသောသူတော်စင်တို့၏ ကောင်းသော အကြံအစည်သည် ပြီးစီးပါစေသတည်းဟု တောရဆရာတော် မှတ်တမ်းတင်တော်မူခဲ့ပါ၏။

မှတ်ချက်

၁၃၂၈-ခုနှစ်မှ ၁၃၃၂-ခုနှစ်ထိ ၅-နှစ်ကြာကာလ သိမ်သမုတ်တော်မူခြင်း မရှိ၊ အရည၀ါသီ တောရမှီ၍ ပူတင်ဆောင်ခြင်းနှင့် ရဟန်းတရားများကိုသာ တစ်စိုက်မတ်မတ် ရှုက်ဆောင်တော်မူခဲ့သည်။

ယာဝဇီဝံ တစ်သက်တာပတ်လုံး တောရဆောက်တည်ခွင့် လျှောက်ထား

ကောဇာ ၁၃၂၇–ခုနှစ်၊ နှစ်ကုန်တွင် တောရဆောင်ခြင်း၌ ၃–နှစ် ၃–မိုး ၃–ဝါစေ့သဖြင့် ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်ကြီးသို့ ခေတ္တပြန်ကြွပြီး ကျေးဇူးတော်ရှင် ဘုရားဖြူဆရာတော် ဘုရားကြီး ဘဒ္ဒန္တပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ) အား 'တောရဆောက်တည်၍ တောမှာ နေရသည်မှာ အလွန်ပင် ချမ်းသာလှပါ၏' ဘုရား 'တပည့်တော်အား ယာဝဇီဝံ တစ်သက်တာပတ်လုံး တောရဆောက်တည်ခွင့် ပေးသနားတော်မူပါဘုရား' ဟု ပန်ကြား လျှောက်ထားပြီး ပြန်ကြွလာ၍ စကုမြို့နယ်၊ မြောင်ဦး ရန်ကင်းတောရ၌ ၁၃၂၈–ခုနှစ် ဝါကပ်တော်မူ၏။

(ဘုရားဖြူဆရာတော်က တပည့်ကြီး တစ်နေ့နေ့ ပြန်လာလိမ့်နိုးအထင်နှင့် တပည့်ကြီး နေခဲ့သည့် 'စာချဘုန်းကြီး' ဆိုင်းဘုတ်ချိတ်သော အခန်းကို သော့ခတ်၍ ထားခဲ့၏။ တောမှာ အပြီး နေပါတော့မည် ဆိုလာမှ ထိုအခန်း၌ စာချဘုန်းကြီး အသစ်ခန့်သော ဦးဉာဏဝံသ ယခု သက္ကယ်ကျင်း တောရ ဆရာတော်အား နေခွင့်ပေး၏)။

နိကာယ်ငါးရပ် ပိဋကတော်များ ဒုတိယ အကြိမ် ကြည့်ရှု

ကောဇာ ၁၃၂၉–ခုနှစ်တွင် တောရ ဆရာတော်၏ သက်တော် ၄၆–နှစ် ဝါတော် ၂၇–ဝါဖြစ်ပြီး စကုမြို့နယ်၊ မြောင်ဦး ရန်ကင်းတောရ၌ ပင် ဝါဆို တော်မူသည်။

တောရဆောင် စတုတ္ထဝါ

ထိုတောရ၌ ၄–ဝါဆက်တိုက်ဆိုသည်၊ ထိုနှစ်တွင် နိကာယ်ငါးရပ် ပိဋကတော်များကို ပြန်လည် ကြည့်ရှုတော်မူသည်။ ဤကား ဒုတိယအကြိမ် ကြည့်ခြင်းဖြစ်ပြီး ပိဋကပင်လယ်ကို ပြန်လည်ကူးခတ်ခြင်းပါတည်း။ (ပရိယတ္တိဓမ္မသည် အခြေခံမူလ သဘောတရားလမ်းညွှန်ဖြစ်၍ ပဋိပတ္တိဓမ္မသည် လက်တွေ့ဘဝ လေ့ကျင့်ခြင်း ဧဟိပဿိက၊ သန္ဒိဋ္ဌိကနှင့် အကာလိက ဖြစ်လေရာ သဘောတရားနှင့် လက်တွေ့ပေါင်းစပ်၍ အဖန်ဖန် နှလုံးသွင်း ဆင်ခြင် နေတော်မူခြင်းလားဟု နှလုံးသွင်း ဆင်ခြင်မိပါ၏)။

ဆရာမရှိတော့ပြီ မမှတ်လင့်

အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်ပြုသောအား ဖြင့် ငါဘုရား ဟောကြားထားခဲ့လေသမျှ တရားများ သည် ဆရာအရှင်မရှိတော့ပြီ၊ ငါတို့မှာ ဆရာမရှိ တော့ပြီဟု အကယ်၍ မှတ်ထင်ငြားပါက။ ဤသို့ မထင်မှတ်ကြရန် ငါဘုရားဟောကြားအံ့။

ငါဘုရားသည် ဓမ္မနှင့် ဝိနယကို သင်တို့ အတွက် ကိုယ်တော်စား ထားရစ်ခဲ့ပြီ။ ငါဘုရားသည် သင်တို့အား တရားသဘောကိုလည်း ဟောကြား ထားခဲ့ပြီ၊ ဝိနည်းစည်းကမ်းကိုလည်း သတ်မှတ် ပေးထားပြီ၊ ထိုဓမ္မနှင့် ဝိနယတို့သည်ပင်လျှင် သင်တို့၏ ဆရာဖြစ်ရစ်ကြပေလိမ့်မည်။

သက်တော်ထင်ရှားရှိတော်မူစဉ်က ဟောကြားသော တရားများနှင့် သတ်မှတ်ထားခဲ့သော ဝိနည်းများသည် နောင်လာနောက်သားများအားလုံး အတွက် လမ်းညွှန်ချက်များ ဖြစ်လိမ့်မည်ဟု မိန့်ကြား တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဝိနည်းစည်းကမ်းနှင့် ပတ်သက်၍ တိတိ

ကျကျ သတ်မှတ်တော်မူခဲ့၏။ ဤကား ပေါ့သော အာပတ်၊ လေးသောအာပတ်၊ ကုစား၍ရသော အာပတ်၊ ကုစားမရသော အာပတ်၊ လူ့လောက တရားဥပဒေအရ အပြစ်ဖြစ်နိုင်သော အာပတ်၊ ပညတ်တော်အရ အပြစ်ဖြစ်သောအာပတ်၊ ဤအာပတ်ကား ရဟန်းတစ်ပါး၊ ရဟန်းနှစ်ပါး၊ သုံးပါးထံမှ ဖြေဖျောက်နိုင်၏။ ဤအာပတ်ကား သံဃာထံမှာမှ ဖြေဖျောက်နိုင်၏။ အာပတ်ခုနစ်ပုံကို ဝေဖန်ကာ ဖြစ်ပေါ်လာသော ဝတ္တုကြောင်းများ အားလျော်စွာ ဝိနည်းဆိုင်ရာ အဆုံးအဖြတ်များ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်တော်မူ၏။

တရားသဘောနှင့် ပတ်သက်၍လည်း သတိပဋ္ဌာန်၊ သမ္မပ္ပဓာန် စသော ဗောဓိပက္ခိယတရားများကို သုတ္တန်ဒေသနာတော်များနှင့် အမျိုးမျိုး အဖုံဖုံ ဝေဖန်၍ ဟောကြားတော်မူခဲ့ပြီး ခန္ဓာ၊ အာယတန၊ ဓာတ်စသော အဘိဓမ္မာတရားများကိုလည်း ဟောကြားတော်မူခဲ့သည်။

ဤရွှေဉာဏ်မျှ များပြားလှသော ဆရာသမားများနှင့် လျှောက်ထားခြင်း၊ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းများပြုလုပ်နေလေရောင်တကား။

ရဟန်းဒါယကာ ဦးသာကြွယ် လိုက်လာ တရားအားထုတ်ခြင်း

ကောဇာ ၁၃၂၉–ခုနှစ်၊ မြောင်းဦး ရန်ကင်းတောရ၌ပင် ဝါကပ်တော်မူ၏။ ဝါမဝင်မီ သိက္ခာထပ်ရဟန်းဒါယကာ၊ ဒုတိယခမည်းတော်ကြီး ဦးသာကြွယ် လိုက်လာပြီး တောရဆရာတော်ထံမှာ နည်းခံ တရားအားထုတ်၏။ အထက်တစ်နေရာ၌ ဖော်ပြခဲ့သော ကျားသစ်ရှိနေဖူးသည်။ ထိုတောရဝန်းကျင် သွားလာနေသည် ဤအပြစ်ကြောင့် ခမည်းတော်ကြီး ဘေးရန်မှကင်းစေရန် လေးတိုင်စင်မြင့်မြင့် ထရံကာ၊ သက္ကယ်မိုး ကျောင်းငယ်၊ ရွာသားများက ဆောက်ပေး၍ တရားအားထုတ်ခွင့် ပေးထား၏။

တောရဆရာတော် သီတင်းသုံးရာကျောင်းနှင့် ကုဋီမှာ ခပ်လှမ်းလှမ်းကွာသဖြင့် ကျားသစ်ရန် စိတ်မချ၍ စကုမြို့မှ ကျောင်းဆရာကြီး ဦးခင်မောင်နှင့် ဇနီးတို့က ညဘက် ကျင်ငယ်စွန့်ရန် ထွေးခံတစ်လုံး လှူထား၏။ တောရဆရာတော်က ထွေးခံမှာ ကျင်ငယ်မစွန့် မူလအတိုင်း ကုဋီမှာသာ စွန့်၏။

'တောထဲမှာ တစ်ပါးတည်း၊ မကြောက်ဖူးလားဘုရား' ဟု လျှောက်ရာ 'ကြောက်လို့ တောထဲမှာ လာနေတာ' ဟု မိန့်ကြောင်း ဆရာကြီး၏ဇနီးက ပြန်ပြောပြ၍ သိရ၏။

ထိုတောရ၌ ခွေးက သမင်ကို ရန်မပြု၊ ကျားသစ်က ခွေးနှင့်သမင်ကို ရန်မပြု။

ဆရာတော်အရိပ်ခိုသူက ဆရာတော်ကို ရန်မပြု ဟု ဆရာတော်သာ သိပါလိမ့်မည်။

မိမိနှင့် တပည့်ဖြစ်သူ ကိုတင်လှိုင်တို့ ထိုဝါတွင်း၌ မကြာခဏ ရောက်ကြ၏။ အဘကြီးဦးသာကြွယ်နှင့် တွေ့၏။ တောရဆရာတော်က ဆွမ်းခံကျွေးရ၏။ ဆွမ်းလောင်းသူများက ရဟန်းဒကာကြီး ရောက်နေမှန်း သိကြ၍ ဆွမ်းဟင်းများစွာ လှူကြ၏။ ရံခါ အလွန်အမင်း လှူကြသောကြောင့် အာပတ်အပြစ်ဖြစ်မည်ဟု အဘကြီးအားဆူသည်ဟု ပြော၏။ တောရဆရာတော် တစ်နပ်ဆွမ်းဖြစ်သလို အဘကြီးလည်း တစ်နပ်ဆွမ်းဖြစ်၏။ ထို့ကြောင့်လည်း ရွာသူရွာသားများက ပိုပိုမိုမို လှူနေကြခြင်း ဖြစ်ပါ၏။

အဘကြီးဦးသာကြွယ်က ရခဲလှစွာသော အခွင့်အရေးကို ခက်ခဲစွာ လာရောက် အရယူသွားနိုင်ခဲ့ပါ၏။

မိမိကား ဆရာတော်မျက်နှာကို ဖူး၍မင၊ အကြိမ်ကြိမ်လာ၊ အကြိမ်ကြိမ်ပြန်ခဲ့ပါ၏။ ဘုရား လက်ထက် ဝက္ကလိရဟန်းကဲ့သို့ ဖြစ်ခဲ့၏။

ယော ခေါ ဝက္ကလိ – ဓမ္မံ န ပဿတိ

သော မံ န ပဿတိ။

တရားကိုမမြင်လျှင် ငါ့ကို မြင်သူမဟုတ် ဟု မိန့်တော်မမူခဲ့လေဟု နောင်တရမိပါ၏။

ထိုနေရာ ထိုဒေသ၌ ဆရာတော်နှင့် လွန်ခဲ့ သောနှစ် ၄၀–က ဆုံခဲ့ရသည်များကို အမှတ်ရ တမ်းတ လွမ်းမိပါ၏။

တောကြမ်းသည်၊ ခြောက်လှန့်သည် ဆိုသော သတင်း

စကုမြို့နယ် မြောင်ဦး ရန်ကင်းတောရအနီး နာနာဘာဝတို့၏ လူးအင်းဟု မိမိဘခင်ကြီးက ပြောခဲ့သည်ကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုတောရ မှာ တောကြမ်းသည်၊ ခြောက်လှန့်သည်ဟု မြောင်ဦး နှင့်အနီး ရွာများက လူအများ ပြောကြောင်း မိမိတပည့် ကိုတင်လှိုင်မှတဆင့် ကြားသိရ၏။ ထိုတောရတွင် ဂျပန်ခေတ် နောက်ပိုင်း ရဟန်းမရှိ ပြတ်လတ်နေခြင်း မှာ ရောက်လာသမျှ ရဟန်းများ ၅–ရက်ခန့်မျှသာ နေပြီး ဆက်မနေနိုင်ကြဟု သတင်း ရှိ၏။

ထိုကဲ့သို့ သတင်းရှိသော တောရ၌ ဆရာတော် ဦးတိဿရ ကောဇာ ၁၃၂၅– ခုနှစ်မှ ၁၃၂၉–ခုနှစ်ထိ ၄–နှစ်ဆက်တိုက် ဝါကပ် တော်မူနိုင်သည်ကို အံ့သြကြ၏၊ ချီးမွမ်းကြ၏၊ အထူးကြည်ညိုကြကုန်၏။ သို့အတွက် စကုမြို့မှ ကျောင်းဆရာကြီး ဦးခင်မောင်၊ ဈေးပိုင်းမှ ကုန်သည် ဦးလုံး ဦးသီးတို့ မိသားစုများ ဥပုသ်သီတင်းစောင့် ရန် တောရကျောင်းသို့ ရောက်လာ၏။ တစ်စတစ်စ လူအဝင်အထွက် များလာ၏။ ဆရာတော်က 'အေးအေးနေလိုလို့ တောထဲနေကာမှ လူက များများ လာတယ်' ဟု မိန့်၏။

မိမိက ဤတောရမှာ ယခင် တောကြမ်း သည်၊ ခြောက်လှန့်သည် ဆိုခြင်းနှင့် အရှင်ဘုရား အား မခြောက်မလှန့်ဖူးလား ဘုရား ဟု လျှောက်၏။ ဆရာတော်က ညဘက် 'လင်ကောင်မိုး' လင်းနို့ ထက်ကြီးသောအကောင်များ ကျောင်းအမိုးနှင့် နေပူခံ မျက်နှာကြက်ကြားထဲ တိုးဝင်ကြတယ်၊ ပျံသန်းရင်း လည်း ကျောင်းနံရံတွေကို တိုးကြတယ်၊ ဒါကို သေသေချာချာမကြည့်လို့ ခြောက်တယ် လှန့်တယ် ဖြစ်ဟန်တူသည်ဟု မိန့်တော်မူ၏။

တောရဆရာတော်မှာ 'ရန်ကင်းတောရ ခြောက်တယ် လှန့်တယ်ဆိုတာလောက်တော့ ပြော မနေနဲ့' 'ညတိုင်း ညဥ့်နက်ချိန် သုသာန်ဝင်တာ၊ တရားထိုင်တဲ့နေရာ မျက်တောင်မပေါက်ဘူး' လို့ လည်း ရွာသားတွေ ပြောနေကြပါတယ်ဘုရား၊ မကြောက်မလှန့်ဘူးလား ဘုရားဟု မိမိက ထပ်မံ လျှောက်ထား၏။

ပါးစပ်ဟာလည်း သချိုင်းပဲ

ထိုအခါ ဆရာတော်က 'အခု ငါတို့ထိုင် နေတဲ့နေရာသည်ပင် မင်းနဲ့ငါနဲ့ သေခဲ့ဖူးတဲ့ သချိုင်း ဟောင်း ဖြစ်နိုင်သေးတယ်' အကောင်တစ်ကောင် ဘဝနဲ့ပေါ့ဟု မိန့်၏။ ဘာကြောက်စရာလိုလဲ၊ နောက်ပြီး ပြောရဦးမယ် ငါတို့ မင်းတို့ နေ့စဉ်နဲ့အမျှ အသားတွေ ငါးတွေချက်စား ဝါးမျိုနေကြတယ်၊ အကောင်တွေ မြှုပ်နှံနေတဲ့ 'ပါးစပ်ဟာလည်း သချိုင်း ပဲ ဘာထူးလို့လဲ' ဟု မိန့်တော်မူ၏။ ကြက်ကောင်၊ ဝက်ကောင်၊ မြားမြောင်သီးသီး၊ အကြီးအငယ်၊ အသွယ်သွယ်သော၊ အလောင်းကောင်တို့၏ မြှုပ်နှံ

ရာဌာန ပါးစပ်တော်တည်း ဟူသော သုသာန်ဝ,သို့ စသည်ဖြင့် ဖွဲ့ဆိုထားသော (စလေ ဦးပုည စာချိုးကို သတိရမိ၏)။

ကြီးမားသော အန္တရာယ်ကြား သီသီကလေး

ယခုတင်ပြမည်ဖြစ်သော ဖြစ်ရပ်သည် တကယ့်ဖြစ်ရပ် အမှန်ဖြစ်ရပ် တစ်ခု ဖြစ်ပါသည်။ တောရဆရာတော်သက်တော်ထင်ရှားရှိနေစဉ်သာ ဖြစ်ပါလျှင် ရေးခွင့်ပြုမည် မထင်ပါ။ ယခုမူ မျက်ကွယ်ဖြစ်နေပါပြီ။ မိမိက အသက်ရှင်နေဆဲဖြစ်၍, ကိုယ်တိုင်ဖြစ်ရပ်ဖြစ်နေပါ၍ တင်ပြလိုက်ရပါသည်။

ကောဇာ ၁၃၂၉–ခုနှစ်၊ မိုးကာလ၏တစ်နေ့သော ညနေက ဖြစ်ပါသည်။ မိမိသည် စကုမြို့ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တပ်ကြပ်ကြီးစာရေး တာဝန်ထမ်းဆောင်ရစဉ် မိမိအထက်အရာရှိ ၂–ဦးသာရှိသော ရဲစခန်းဖြစ်၏ ။ ထိုအရာရှိများသင်တန်းတက်ခြင်း၊ အမှုစစ်နှင့် အခြားတာဝန်များဖြင့် ခရီးထွက်ခြင်းကာလများ၌ မိမိက ခေတ္တစခန်းမှူးဖြစ်လေ့ရှိပါသည်။

ထိုနေ့က မိမိခေတ္တစခန်းမှူးဖြစ်နေ၍ အမှုတစ်မှုလည်း စစ်ရန်နှင့် အချိန်ရက တောရဆရာတော်ကျောင်းလည်း ဝင်ရန် စိတ်ကူးဖြင့် တပည့်ဖြစ်သူ အကူစာရေး ကိုတင်လှိုင်နှင့် စက်ဘီး နှစ်စီးဖြင့် သွားကြပါသည်။ မိမိက ခြောက်လုံးပြူး တစ်လက်၊ ကိုတင်လှိုင်က အီတလီစတင်း တစ်လက်ကိုင်ဆောင် လာခဲ့ကြပါသည်။

တာဝန်ဖြင့် လာခဲ့သော အမှုကိုအခင်းဖြစ်ရပ် ကြည့်ရှုစစ်ဆေး၏ ။ သက်သေစစ်မေးခြင်းများပြုပြီး ခရီးထက်ဝက်ရှိသော တောရဆရာတော်ကျောင်းသို့ စက်ဘီးကိုယ်စီဖြင့် သွားကြပါသည်။ ရွာကျောင်းဆရာတော်ထံ ခွင့်တောင်းပြီးမှ တောကျောင်းလာရန် မိန့်ကြားထားသော်လည်း အချိန်ကမရှိ၊ မိုးချုပ်သွားမည်။ သို့အတွက် ခွင့်မတောင်းတော့။

မြောင်းဦးရွာမှအထွက် တောရကျောင်း မရောက်မီ အချိန်က ၅–နာရီကျော်ခန့် နေသာလျက် ရုတ်တရက် မိုးက ရွာချလိုက်သည်။ စက်ဘီးများစီးမရ။ လက်ဖြင့် တွန်းပြန်တော့ ရွှံ့ညွန်များ ဘီးကြားထဲဝင်၊ ဘီနပ်ချွတ် စက်ဘီးများ ထမ်း၍သွားကြရ၏ ။ လူသွားလမ်းက ချော်လဲပြန်၏ ။ လမ်းရိုးမလိုက်ဘဲ ဘေးဖို့၍ အပေါ် တက်၊ မြက်များအပေါ်မှ လျှောက်ရင်း လမ်းစပျောက် ကျောင်းမရောက်ဘဲ မိုးချုပ်မှောင်မဲသွားတော့၏ ။ ည ၇–နာရီကျော်မှ တောရကျောင်း ရှာတွေ့ကြတော့၏ ။

ငါမခေါ်ဘဲ မလာနဲ့

ဆရာတော်ကို ဦးချ၏ ။ 'ဆရာတော်က ဆူ၏ ။ ရွာကျောင်းခွင့်မတောင်းဘဲ လာရမလား' လည်း ဆူ၏ ။ 'နောင်ကို ငါမခေါ်ဘဲ ဘယ်တော့မှ မလာခဲ့နဲ့အထိ ကြိမ်းမောင်း၏ ' မျက်ရည်ကျရ၏ ။ စက်ဘီးများ ရေဆေးပြီး 'မြန်မြန်ပြန်ကြ ငါလိုက်ပို့မည်' ဆို၍ လာလမ်းမပြန်စေဘဲ တောလမ်းအတိုင်း ဆရာတော်ကိုယ်တိုင် လိုက်ပို့၏ ။ မြောင်းဘောင်ပေါ် လမ်းကောင်းရောက်သည်အထိ ပို့၏ ။ ကဲ သွားကြတော့ဟု မိန့်၏ ။ မိမိက တပည့်တော်ကို ခွင့်လွှတ်ပါ ဆရာတော်ကို သတိရလွန်းလို့ပါ၊ ဆရာတော် ခြေဖဝါးပေါ် နဖူးပြင်ဦးတင်၍ ကန်တော့၏ ။ 'အချိန်မရှိတော့ဘူး၊ တော်တော်ခက်တဲ့ အကောင်။ မြန်မြန်ပြန်ပါပြောနေမှ ငါ သုံးရက်ကြာတော့ မြို့ကိုလာမည်၊ မင်းဆီလည်း လာမည်ဟု မိန့်လိုက်၏ ' ည ၉–နာရီကျော်မှ ပြန်ရောက်ကြ၍ မိသားစုနှင့် ရဲဘော်များ စိတ်ပူနေကြ၏ ။

စကုမြို့သို့ ကြွလာ

သုံးရက်ကြာသောအခါ ညနေပိုင်း တောရဆရာတော် ရဲစခန်းဝင်းအိမ်သို့ တစ်ပါးတည်း ဖိနပ်

မပါ သပိတ်လွယ်၍ကြွလာ၏၊ ၁၀-မိုင်ကျော်ခရီး မြင်းလှည်းမစီး ခြေလျင်လျှောက်ရခြင်းဖြစ်၏။ တပည့်တော်အိမ် သက်သက်ကြွလာသလားဘုရား လျှောက်၏။ မင်းလည်း စကားပြောစရာရှိ၊ စကုမြို့ပေါ်က သံဃာတော်တွေ မညီမညွတ်ဖြစ်နေဟု သတင်းကြောင့်လည်း လာခြင်းဖြစ်၏ဟု မိန့်၏။

ညကျမှ ကိုးဆောင်တိုက်ကို လာခဲ့ အဲဒီမှာ စကားပြောမည်မိန့်၏။ ည ၉-နာရီခန့် ကိုးဆောင်တိုက်ကိုသွား၏။ ဆရာတော်က 'မင်းလွန်ခဲ့တဲ့သုံးရက်က ငါ့ကျောင်းလာတဲ့အချိန် ညနေပိုင်းမှာ မြောင်းဦးရွာဇာတိ နှစ်ဖြူခရိုင်တာဝန်ခံဆိုသော လက်နက်ကိုင်တစ်ဦး ကျောင်းရောက်နေတယ်' လာရခြင်းအကြောင်းက 'ဂျပန်ခေတ် ရန်ကင်းတောရမှာ တောရဆောင်ဆရာတော်ဟာ သူ့ရဲ့ငယ်ဆရာလို့ ပြောတယ်။ ယခု သူ့ဆရာနေရာရောက်နေတဲ့ ငါ့ကို သူ့ရွာပြန်လာရင်း၊ လာဖူးတွေ့တာ ဖြစ်တယ်' တရားဆွေးနွေးသွားကြောင်း သူ့အယူအဆကြောင့် တောခိုသွားခြင်းဖြစ်ကြောင်း၊ မိုးရွာပြီး မကြာခင် သူပြန်သွားကြောင်း။ သူ့မှာ လက်နက်ရှည်တစ်လက်ပါကြောင်း၊ ဒါကြောင့် ငါမခေါ်ဘဲ ဘယ်တော့မှ မလာနဲ့ ပြောခြင်းဖြစ်ကြောင်း မိန့်တော်မူ၏။

မမြင်နိုင်သော စွမ်းအား

ထိုအခါမှ မိမိတို့ မမျှော်လင့်ဘဲ မိုးရွာချခြင်း လမ်းရိုးအတွင်း မသွားရဘဲ မျက်စိလည်လမ်းပျောက် အမှောင်ထဲရောက် အချိန်များစွာ တောထဲမှာ သွားနေရခြင်းများကို သဘောပေါက် နားလည်မိတော့၏။ သူတော်ကောင်းကြီးများ၏ သီလစွမ်းအား မေတ္တာစွမ်းအားကြောင့် သမ္မာဒေဝနတ်များ စောင့်ရှောက်လိုက်သည်ဟု ယုံကြည်မိပါသည်။

သို့မဟုတ်ပါက လက်နက်ကိုင်ကြသူများ ရင်ဆိုင်တွေ့က ပစ်ကြ ခတ်ကြ သေကြရပါလိမ့်မည်။ 'တကယ့်ကြီးမားသော အသက်အန္တရာယ်ဘေးမှ သီသီကလေးလွတ်အောင် ဆရာတော် ကယ်မ၍ ကိုယ်တိုင်တောလမ်းခရီး လိုက်ပါပို့ဆောင်ပေးတော်မူခဲ့သည်ကို ဘယ်သောအခါမှ မမေ့၊ မိမိအပေါ် ကျေးဇူးကြီးမားလှ၏ဟု အဖန်ဖန် သတိရမိပါ၏။

ပြေငြိမ်းတော်မူ

ထိုပြင်မကသေး စကုမြို့ပေါ်မှ သံဃာတော်များကိစ္စ သတင်းစကားအရ လာကြောင်းမိန့်ရာ မိမိက ကြားမဝင်ပါနှင့်ဘုရား ထိုကိစ္စ တပည့်တော်ခေတ္တစခန်းမှူး တာဝန်ယူချိန် သတင်းယူညှိလို့ဆိုပြီး ကြားညပ်နေသေးတယ်၊ ဘာအပြစ်ဖြစ်မလဲ မသိလျှောက်၏။ 'တောရဆရာတော်က ကမ္မဋ္ဌာန်းတရားကျင့်နေသူ ရဟန်းပင် ဖြစ်လင့်ကစား ထိုသတင်းမျိုးကြားက မိမိ၏ ကမ္မဋ္ဌာန်းအလုပ်ကို ခေတ္တရပ်ပြီး သာသနာတော်ကြီး စည်ပင်တိုးပွားညီညွတ်ရေးအတွက် စွမ်းသမျှ ဆောင်ရွက်ရမည်ဟု ဝိနည်းဥပဒေရှိသည်' ဟု မိန့်၏။ ထိုကိစ္စ နှစ်ဖက်ထေရ်ကြီးများသို့ တောရဆရာတော် ကြားဝင်လျှောက်ထားသဖြင့် ပြေငြိမ်းတော်မူကြလေ၏။ မိမိလည်း အပြစ်မှ ချမ်းသာရာရခဲ့လေ၏။

'မေတ္တာရှေးဦး၊ ပြုပေဘူးကို၊ ကျေးဇူးသိမှု၊ ကတညုတည့်၊ ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်မချွတ်၊ ပြောဆိုတတ်က၊ သူမြတ်မုန်လှ၊ ကတဝေဒီ ဟူတုံပြီရှင့်' (မာဃဒေဝ ပိုဒ်ရေ -၂၅၅)

တောရဆရာတော်၏ ကျေးဇူးများကို မှတ်တမ်းတင်ဖော်ပြခြင်းဖြင့် ရှိခိုးဦးခိုက်ပါ၏။

ရွှေစက်တော်ဘုရားက ရွှေပိသာတုံးကြီး ပျောက်ဆုံးမှု

ယခု တင်ပြမည့်အကြောင်းကား ဘုရားပစ္စည်းကို လူတို့ သုံးစွဲ၍ မရကြောင်း ပြောလိုရင်း အဓိက ဖြစ်ပါ၏။

အင်ဖက်နှင့်ထုပ်၍

မိမိ စကုမြို့ ရဲစခန်း၌ တာဝန်ထမ်းဆောင်စဉ် မင်းဘူးရှိုင်ရုံးမှ ဖုန်းလာ၏။ ရွှေစက်တော်ဘုရားခြေတော်ရာ နှစ်ဆူသို့ အများပြည်သူတို့ အနှစ်နှစ်အလလက လှူဒါန်းထားသည့် ရွှေများကို ကျင်ယူခဲ့သည့် ရွှေပိသာတုံးကြီး ဂေါပကနှစ်ဦးက အင်ဖက်နှင့် ထုပ်၍ အိုင်းမမှ စကုသို့ ယူလာ၏။ စကုမှ မင်းဘူးသို့ ဈေးကားဖြင့် ဆက်လာကြ၏။ ဖက်ထုပ်ကြီး ထိုင်ခုံဘေးချထား၏။

မေ့ကျန်ခဲ့ကြ

မင်းဘူးရောက် ကားရပ်၊ ဖက်ထုပ်ကြီး မေ့ကျန်ခဲ့၏။ ဘဏ်အပ်ရန် အသွားလမ်းမှာ သတိရ၏။ ဈေးကားပေါ်မှာ လူမရှိတော့၊ ရွှေတုံးဖက်ထုတ်ကြီးနှင့် ကပ်လျက်ထိုင်သူမှာ စကုမြို့ မန်းချောင်းဘေးမှ ရှာသားတစ်ဦးဖြစ်ကြောင်း၊ ထိုရွာသားပြန်ရောက်၊ မရောက် စုံစမ်းနိုင်း၏။ မိမိက ဒုရဲအုပ်ဦးစောမောင်အား စေလွှတ်၏။ စုံစမ်းချက်အရ မကွေးသေလွန်ဘုရားပွဲတော် သွားရန်ဖြစ်ကြောင်း သိရ၍ ပြန်လည်သတင်းပို့ခဲ့၏။ လူပုံသဏ္ဍာန် အသေးစိတ် သတင်းပို့ခဲ့၏။

ဤသို့ဖြင့် မကွေး။ မင်းဘူး ရဲတပ်ဖွဲ့ဝင်များ မြသလွန်ဘုရားဈေးတန်းမှာ ထိုဖက်ထုပ်ကြီးနှင့် လူကို မနားမနေ လူစုခွဲ ရှာကြ၊ ဖွေကြ စစ်ကြမေးကြ လေ့လာကြ၏။

တွေ့ပါပြီ ရွှေတုံးကြီး

ဈေးတန်းတဝိုက် မသင်္ကာဖွယ်ရာသူများကို မျက်ခြည်မပြတ် နောက်ယောင်ခံ၏။ အမှုအရာများ လေ့လာကြ၏။ လွယ်အိတ်တစ်လုံးနှင့် ငမူးတစ်ယောက် အမူအရာထူးခြား၏။ ညဦးနက်လေပြီ ထိုငမူးမှာ မဟန်နိုင်သည့်အဆုံး ဘုရားတန်ဆောင်းမှောင်ရိပ်မှာ အိပ်လေ၏။ ထိန်းချုပ်ရှာဖွေကြ၏။ တွေ့ပါပြီ ရွှေတုံးကြီး မူလအတိုင်း။

ငမူးကို မင်းဘူးဘက်ကမ်း ရဲစခန်းခေါ်ဆောင်၊ ဂေါပကအဖွဲ့ဝင်များ အိပ်ပျော်ခွင့်ရ၊ နေမကူး၊ နေ့ဝက်နာရီမျှဖြင့် ကြိုးစားကြရသည့် တာဝန်အောင်မြင်စွာပြီးစီး၊ ရွှေတုံးကြီး ဘဏ်အပ်နိုင်ခဲ့ကြလေသည်။

မကွေး၊ မင်းဘူး စကုနယ်သူနယ်သားအားလုံး ဝမ်းသာကြ သက်ပြင်းချ၊ အံ့သြကြဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော် အနန္တ၊ ဗုဒ္ဓဂုဏော အနန္တော အစိန္တေယျာပါတကား။

ငမူး၏ ထွက်ဆိုချက်အရ ဖက်ထုပ်ဖြင့် ရွှေတုံးကြီးရခဲ့သော်လည်း ရွှေဆိုင်များသို့ မဝင်ရဲ၊ မရောင်းရဲ၊ ကြောက်ရွံ့တုန်လှုပ်နေသဖြင့် ပါသမျှ ပိုက်ဆံဖြင့် မူးအောင်သောက်၊ လဲအောင် သောက်ဘာလုပ်ရမှန်းမသိ၊ တစ်ဝဲလည်လည် ဖြစ်ခဲ့ရကြောင်း ထွက်ဆို၏။

ပါဒစေတီနှစ်ဆူ ရွှေ ငွေ လှူ ဘယ်သူ အလွဲသုံး၍ ရအုံနည်း၊ ကုသိုလ်ပြုလျှင် ကောင်းကျိုးရ၊ အကုသိုလ်ပြုလျှင် ဆင်းရဲမည် မုချ –

တဏှာ၏ ကျော့ကွင်း

ရိုးဖြောင့်သူဖြစ်က မေ့ကျန်ကောက်ရပစ္စည်း အပိုးတန် ရွှေတုံးကြီးဆိုင်ရာသို့ အပ်နှံခဲ့လျှင် တရားဝင်ဆုရ ချီးမြှင့်ကြမည်၊ ယခုတော့ဖြင့် မှူး ထောင်နန်းစံရလေပြီ။ တဏှာ၏ကျော့ကွင်း၌ မိလေပြီ။

ဦးတည်ချက်မတူ
သူတို့၏ သွားရာလမ်း

မြန်မာတိုင်းတစ်ခွင် တန်ခိုးကြီးဘုရားများ၏ ပွဲတော်များရှိ၏။ သူတော်ကောင်းများက ဘုရားဖူးရန်၊ လှူဒါန်းရန် သွားကြ၏။ အချို့က ဈေးပွဲတော်များ၌ ဈေးရောင်းရန် စသည်ဖြင့် စည်ကားလှ၏။

မသူတော်များက ဘုရားပွဲတော်လာ လူအများထံမှ အလစ်သုတ်ရန် ဘာသာတရားနှင့် ကုသိုလ်ကံ အကုသိုလ်ကံ မသိသူတို့က အပျော်ရှိုး အပျော်ကျူးရန် သွားကြကုန်၏။

ဦးတည်ချက် ကောင်းသော ရည်မှန်းချက်ရှိသူတို့က ကောင်းသော ချမ်းသာအဝဝ ရရှိကြမည်ဖြစ်၏။ ကေန်ဖြစ်၏။

မကောင်းသော ရည်ရွယ်ချက် ခိုးရန် လစ်ရန်နှင့် အပျော်ရှိုး အပျော်ကျူးရန် သူတော်ကောင်းကြီးများနေရာ၌ မဖွယ်မရာ ပြုမူကြစည်သမျှ သည် မကောင်းမှုများသာ ဖြစ်၍ မကောင်းသော အကျိုးများ ပစ္စုပ္ပန် တစ်မလွန် ကေန်ရမည်သာ ဖြစ်ပါသည်။

အမှတ်ရစို့ သာကေပြလို

ရွှေစက်တော်ဘုရားပွဲတော်၏ ထုံးစံအစဉ်အလာအရ ပွဲတော်ရက် ပွဲတော်အတွင်းမှာ သားစိမ်း ငါးစိမ်းမပေါ်ရ၊ မရောင်းရ၊ စည်းကမ်းချက်များရှိ၏။ ၁၉၈၇–ခုနှစ်က ရွှေစက်တော်ဘုရားရေကြီးသည့်အတွက် လူအများအပြား သေကျေခဲ့ရ၏။ မန်းချောင်းရေက ညဦးပိုင်းမှာ တအိအိ တိုးလာပြီး ချောင်းရေစီးမှာ မော်တော်ကားတွေ အစီးလိုက်၊ တဲတွေ အလုံးလိုက် မျောပါသွား၏။ ကားစီးရေ ၅၀၊ လူ ၂၀၀–ထက်မနည်း ပျက်စီး ပျောက်ဆုံးခဲ့၏။ (ယခုအခါ ရွှေစက်တော်ဝန်းကျင်က ကျေးရွာအချို့မှာ စိတ်ဝင်စားစရာ လူဝင်စားကလေးငယ်တွေ ကျေးရွာအချို့မှာ တွေ့နေရပြီး သူတို့ ရန်ကုန်မြို့က ဟု ပြောနေကြသည်ဆို၏)

သောင်ဆေးတာ

ထိုကဲ့သို့ ရေကြီးကြောင်း သတင်းစာများက ဖော်ပြခဲ့၏။ ယခုအခါ ဘုရားပွဲတော်ပြခန်းများမှာ မှတ်တမ်းတင် ဓာတ်ပုံများ ပြသထားသည်ဆို၏။ အစဉ်အလာ ယုံကြည်မှုအရ ပွဲတော်သောင်ပြင်မှာ ဝက်ပေါ်တာ၊ သားစိမ်းငါးစိမ်းပေါ်တာ၊ အရက်သေစာသောက်စားမှုများပြားတာ၊ လောင်းကစားဝိုင်းနှင့် မိန်းမပျက်များစည်ခဲ့လို့ ၁၉၈၇–ခုနှစ်က သောင်ဆေးတာဟု ဆိုကြ၏။

နောက်ခံသမိုင်း

ရွှေစက်တော်သမိုင်းတွင် ပထမရေဘေးအန္တရာယ်သင့်ခဲ့သည်မှာ မြန်မာသက္ကရာဇ် ၁၀၉၇–ခုနှစ် မဟာဓမ္မရာဇာဘွဲ့ခံ ဟံသာဝတီမင်းလက်ထက်ဖြစ်ပြီး ယခု ခရစ်နှစ် ၁၉၈၇–ခုနှစ်၊ ဒုတိယအကြိမ် သောင်ဆေးခြင်းဖြစ်ကြောင်း၊ (၂၀၀၀–ခုနှစ်၊ ဧပြီလ နေစီးပွားရေးမဂ္ဂဇင်း စာမျက်နှာ ၁၀–ဆောင်းပါးရှင်

ကျော်ရင်မြင့်၏ 'သွားစို့တူပျော် ရွှေစက်တော်') ဆောင်းပါး၌ ဖတ်ရ၏။*

ဆံတော်ရှင် ကျိုက်ထီးရိုး

အလားတူပင် နှစ်များမကြာမီက ကျိုက်ထီးရိုးဆံတော်ရှင် ဘုရားပွဲတော် 'တည်းခိုခန်းများ မီးသင့်၍ ဘေးဒုက္ခရောက်ခဲ့ကြသည်' ကို မှတ်မိ ကြားမိကြပေလိမ့်ဦးမည် ထင်ပါသည်။

- အပ္ပမာဒ သတိတရားဖြင့် ဆင်ခြင်နိုင်ကြပါစေရန်နှင့် သူတော်ကောင်းကြီးများအတွက် မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီးမား မြတ်စွာဘုရားများသည် ဖူးမျှော်ရာ နားခိုရာ အေးချမ်းရာ ဖြစ်ပါသော်လည်း -

- အသိအလိမ္မာ ဆင်ခြင်တုံတရားနည်းပါးသူများအတွက် မကြံစီအပ်၊ မပြောဆိုအပ်၊ မပြုအပ်သည်များကို ကြံစည်ပြောဆို ပြုလုပ်ကြသဖြင့် ဘေးသင့်ရာ မဖြစ်ပါစေလို ဟူ၍-

ကာမဂုဏ် ခံစားခြင်းသည် ယုတ်ညံ့သူတို့ အကျင့်

ကာမဂုဏ်များကို ခံစားသုံးဆောင်ခြင်းသည် ယုတ်ညံ့သူတို့၏ အကျင့်ဖြစ်ကြောင်း ဓမ္မစကြာ တရားဦးဒေသနာ၌ မြတ်စွာဘုရား ဟောတော်မူခဲ့၏။

အဘယ် အရာတို့သည် ယုတ်ညံ့လေသနည်း။

၁။ ဟီနော = ကာမဂုဏ်ခံစားခြင်းသည် ယုတ်ညံ့၏။

၂။ ဂမ္မော = ရွာသူရွာသား မြို့သူမြို့သားတို့၏ အလေ့အလာအကျင့်ဖြစ်၏။

၃။ ပေါထုဇ္ဇနိကော = ပုထုဇဉ် လူများစုတို့၏အလေ့အလာအကျင့် ဥစ္စာဖြစ်၏။

၄။ အနရိယော = အရိယာသူမြတ်တို့၏ အကျင့်မဟုတ်။

ဝါ = မစင်ကြယ် မကောင်းမြတ်

၅။ အနတ္ထသံဟိတော = မိမိတို့ လိုလားအပ်သည့် အကျိုးစီးပွားနှင့် မစပ်ဆိုင်။

ထို ကာမသုခလ္လိကနုယောဂ ဟူသော ကာမဂုဏ် ခံစားခြင်းအကျင့်များကို သာယာ နှစ်သက်အဖန်ဖန် အထပ်ထပ် သုံးဆောင်ခံစားမှုများသည် ယုတ်ညံ့သူများ၏ အကျင့်သာ ဖြစ်သည်။

အရိယာစခန်း တက်လှမ်းလိုသော အရိယာသူမြတ်တို့၏ အကျင့်မဟုတ်၊ ရှင်ရဟန်းများနှင့်သာ ဆိုင်သည်ဟု လူပုဂ္ဂိုလ်များနှင့်မဆိုင်ဟု မယူအပ်၊ သူတော်ကောင်းတရား ကျင့်လိုသော လူမျိုးဆိုလျှင် ရှောင်ကြဉ်သင့်သည်ဟု မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်ကြီးအဖွင့်၌ ဖော်ပြပါရှိပါသည်။

ဆိုလိုရင်း

အရိယာဝါသ = အရိယာတို့၏ အရိပ်မှာ ကာမဂုဏ်ကို ဖောက်ဖောက်ပြန်ပြန် မှောက်မှောက်မှားမှား မြူးထူးပျော်ပါး၍ မနေအပ် မသွားအပ်ဟု နှလုံးသွင်းအပ်ပါသည်။

ကုသိုလ်နှင့် အကုသိုလ်

သူတော်ကောင်းတို့သည် ကုသိုလ်မှုကို ပြုလွယ်ကုန်၍ အကုသိုလ်မှု၌ကား ပြုရန် ခဲယဉ်းကြကုန်၏။

- မသူတော်တို့သည် အကုသိုလ်မှုကိုပြုလွယ်ကုန်၍ ကုသိုလ်မှု၌ကားပြုရန် ခဲယဉ်းကြကုန်၏။

---

* ကျော်ရင်မြင့်၏ သွားစို့တူပျော် ရွှေစက်တော်–ခေနစီးပွားရေးမဂ္ဂဇင်း ၂၀၀၄

– ကျေးဇူးတော်ရှင် မန်လည်ဆရာတော် ဘုရားကြီးက ဤသို့ စပ်ဆိုခဲ့ပါ၏။

– ကလျာဏာ၊ ကလျာဏ၊ ကျင့်ကမ္မဖြင့်၊ ပုညပါပ၊ ကိစ္စအမှု၊ ခွဲဝေရှုသော်၊ ကုသိုလ် အကုသိုလ်၊ နှစ်စုကိုလည်း၊ မပြုလိုခဲ၊ ပြုလိုရဲ၏။

– ကံမွဲမပြောင်၊ ကံမဆောင်လျှင် ဂုဏ်ရောင်မလှ၊ မထွန်းပဘူး၊ ဒုက္ခလူ့ဆောင်၊ ဆင်းရဲခေါင်လိမ့်၊ ကျင့်ဆောင်မယုတ်၊ စောင့်ကိုယ်နှုတ်ဖြင့်၊ ဥပုသ်ပြဟ္မ၊ စရိယလည်း ကာလအစဉ် အမြဲယှဉ်လော့

(မဃဒေဝ ပိုဒ်ရေ – ၂၈၉)

ဆင်းရဲခြင်းအမျိုးမျိုးမှ လွတ်ကင်း၍ ချမ်းသာခြင်းသုခ အဝဝ ရပါစေခြင်းငှာ မိန့်ဆိုတော်မူခဲ့ခြင်း ဖြစ်ပါ၏။

– မကောင်းမှုပြုသူတို့သည် ငရဲ၌ ဖြစ်ရကုန်၏။

– ကောင်းသောပညာရှိတို့သည် နတ်ပြည်ကိုရောက်ရကုန်၏။

– အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

(ဓမ္မ ပဒ)

သတိတရားဖြင့်ဆင်ခြင်၊ အမြင်မှန်ရ ချမ်းသာအစစ်ကို ဖွေရှာနိုင်ကြပါစေဟူ၍ ဤနေရာ၌ မှတ်တမ်းတင်ဖော်ပြလိုက်ရပါသည်။

အရဏဂုဏကာလဝိနိစ္ဆယခေါ် အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း

ထိုကျမ်းစာကို ၁၃၂၇–ခုနှစ်က ရေးသားပြီးစီးခဲ့သော်လည်း ၁၃၂၉–ခုနှစ် သီတင်းကျွတ်လ (၂၇.၁၀.၆၇) ရောက်မှ ပုံနှိပ်ကျမ်းစာအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ယင်းသို့ ကြာမြင့်ခဲ့ရသည်မှာ တောရဆရာတော်၏နှုတ်မှ ရိုက်နှိပ်လိုပါသည်ဟု ဖွင့်မပြောနိုင်ခဲ့ခြင်းကြောင့်, အထူးသဖြင့် ငွေကြေးနှင့်ပတ်သက်၍ ကုန်ကျမည့်ကိစ္စများ ပြောရန် ဝန်လေးသောကြောင့် ဖြစ်ပါသည်။

ရဟန်းဒါယကာကြီးဦးသာကြွယ်+ဒေါ်အေးမိသားစုမှ ဓမ္မဒါနကုသိုလ်လှူဒါန်းသဖြင့် ကမ္ဘာအေးဗုဒ္ဓသာသနာအဖွဲ့. (ယခု သာသနာရေးဦးစီးဌာန) ပုံနှိပ်တိုက်၌ ညွှန်ကြားရေးမှူးချုပ် ဦးလှမောင် **(M.A, M.S. B.L)** က ပုံနှိပ်ပေးခဲ့ပါသည်။

ယင်းကဲ့သို့ သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် ရဟန်းတော်ပညာရှိ၊ လူပုဂ္ဂိုလ်ပညာရှိကြီးများက ပို၍ အလေးထား ဖတ်ရှုကြသည်ထင်ပါ၏။ ကျမ်းစာ၏ အနှစ်သာရကိုလည်း ပညာရှင်အပေါင်း နှစ်သက်မြတ်နိုးကြကုန်၏။ ကျမ်းပြုအရှင်အပေါ်၌လည်း အထူးကြည်ညိုလေးစားကြကုန်၏။

– တောရဆရာတော်၏ အရဏ်တက်ချိန်အဆုံးအဖြတ်ကျမ်းစာ ပထမအကြိမ် ရိုက်နှိပ်သည့် ၁၃၂၉–ခုနှစ်တွင် (၁၉၆၇) မိမိ စာရေးသူသည် မင်းဘူးခရိုင် စကုရဲစခန်းမှ ရန်ကုန်မြို့ ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်သို့ ပြောင်းရွှေ့ရောက်ရှိနေပြီဖြစ်ပါသည်။ စကုရဲစခန်းဝင်းအတွင်း၌ ဒုတိယသားအောင်ကျော်ဦးကို ၁၉၆၆–ခုနှစ်တွင် မွေးဖွားခဲ့ပါ၏။

သရက်ခရိုင် မင်းတုံးမြို့နယ် တောင်လတ်တောရသို့

ကောဇာ ၁၃၃၀–ခုနှစ် (၁၉၆၈) မကွေးတိုင်း သရက်ခရိုင်၊ မင်းတုံးမြို့နယ် တောင်လတ်တောရ

သို့ ပြောင်းရွှေ့ဝါကပ်တော်မူသည်။ တောရဆောင် ဆဋ္ဌမမြောက်ဝါ ဖြစ်လေသည်။

မကွေးတိုင်းတွင် မင်းဘူး၊ သရက်၊ ပခုက္ကူ ဟူ၍ ခရိုင်သုံးခုရှိရာ သရက်ခရိုင် တောင်လတ်တောရမှာလည်း ရွှေစက်တော်ဘုရား၏ မြေတော်ရိပ်အတွင်းပင် ဖြစ်လေသည်။

စကုမြို့နယ် မြောင်းဦး ရန်ကင်းတောရသို့ ပြန်ကြွ

ကောဇာ ၁၃၃၁–ခုနှစ်မှ ၁၃၃၂–ခုနှစ်နှင့် ၁၃၃၃–ခုနှစ်ထိ ၃–နှစ် ၃–ဝါဆက်တိုက် စကုမြို့နယ် မြောင်းဦး ရန်ကင်းတောရတွင် ဝါကပ်တော်မူသည်။

မြောင်းဦးရန်ကင်းတောရ၌ ဒုတိယအကြိမ် ဆက်တိုက် ဝါကပ်တော်မူခြင်း ဖြစ်သည်။

သက္ကယ်ကျောင်းတောရဆရာတော် ဦးသီဟ (၁၂၅၄–၁၃၃၂) ပျံလွန်

၁၃၃၂–ခုနှစ်။ နတ်တော်လပြည့်ကျော် ၂–ရက်၊ (၁၅.၁၂.၁၉၇၀) ည ၁၁–နာရီ၊ သက္ကယ်ကျောင်းတောရ ဆရာတော် ဦးသီဟ သက်တော် ၇၈–နှစ် ပျံလွန်တော်မူသည်။ (တောရဆရာတော်၏ ငယ်ဆရာတစ်ပါးဖြစ်၍ သီးခြားထေရုပ္ပတ္တိအကျဉ်း ရေး၍ ဖော်ပြပါဦးမည်)

ဒီးဖြူကုန်းဆရာတော်ဦးဥတ္တမသ (၁၂၆၁–၁၃၃၂) ပျံလွန်

၁၃၃၂–ခုနှစ်၊ နယုန်လပြည့်ကျော် ၄–ရက် (၂၃.၆.၁၉၇၀)နေ့ ည ၁၂–နာရီ ၄၅–မိနစ် အချိန် ရမည်းသင်းမြို့နယ် ဒီးဖြူကုန်း ဂန္ဓကုဋီတိုက် ဆရာတော် ဦးဥတ္တမသ ၇၂–နှစ်၊ ဝါတော် ၅၂–ဝါသည် ရမည်းသင်းမြို့ ဆင်ကျုံးတောရကျောင်းတိုက်ကြီးတွင် ပျံလွန်တော်မူသည်။*

တောရဆရာတော်၏ ငယ်ဆရာ တစ်ပါးဖြစ်ပြီး ကျေးဇူးအလွန်များခဲ့သော ဆရာတော်ဖြစ်သည်။

မှတ်ချက်

ဆင်ကျုံးတောရဆရာတော် ဘဒ္ဒန္တကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ) ၏ ငယ်ဆရာလည်း ဖြစ်သည်၊

တောရဆရာတော်နှင့် ဘဝသံသရာ၌ ဆုံနှံကြုံခဲ့ တွေ့ခဲ့ရသော ဆရာများ ဆက်တိုက်လိုပင် ပျံလွန်တော်မူကြလေရာ တောရဆရာတော်အဖို့ ကြီးစွာသော သံဝေဂတရားများ ဖြစ်မိပေလိမ့်မည်။

ဘုရားဖြူဆရာတော် ဘဒ္ဒန္တ ပညာဝံသမဟာထေရ် ပျံလွန်တော်မူ

ကောဇာ ၁၃၃၃–ခုနှစ်၊ ဝါဆိုလဆန်း ၁၀–ရက် (၂.၇.၁၉၇၁) ဘုရားဖြူဆရာတော် ဘဒ္ဒန္တပညာဝံသ (အဂ္ဂ မဟာပဏ္ဍိတ) ပျံလွန်တော်မူကြောင်း သံကြိုးစာရသည်။

တောရဆရာတော်၏ဘဝ၌ ကျေးဇူးများလှသော နောက်ဆုံးဆရာဖြစ်သည်။ ပညာသင်ပေးခဲ့ခြင်း၊ ဂဏဝါစကစာချ အဖြစ် ချီးမြှောက်တော်မူခဲ့ခြင်း၊ အမျိုးမျိုးသော အဆုံးအမ ဩဝါဒစကားများဖြင့် ဆုံးမတော်မူခဲ့ခြင်း စသည့် မျိုးစုံ ကျေးဇူးဂုဏ်တို့ကို အဖန်ဖန် အမှတ်ရ အောက်မေ့လျက် ဝါဆိုပြီး ဝါဆိုလပြည့်ကျော် ၂–ရက် ရန်ကုန် ဘုရားဖြူကျောင်းတိုက်ကြီးသို့ ကြွရောက် ဆရာမထေရ်၏ ရုပ်ကလာပ်တော်ကို ဖူးမျှော်ကန်တော့သည်။

သီတင်းသုံးဖော်များမှ တိုက်တွန်းတောင်းပန်ကြ၍ ၂–ညအိပ်ဖြင့် ဘုရားဖြူဆရာတော်၏

* ဆင်ကျုံးဆရာတော်၏ ရမည်းသင်သာသနာဝင်သမိုင်း (၃–ကြိမ်) စာ–၆၇

ထေရုပ္ပတ္တိအကျဉ်းကို ပါဠိမြန်မာ ဂါထာ ၅၀–မျှ ရေးသားပူဇော်ပြီး ဆရာတော်၏ အန္တိမဈာပနပွဲ ပြီးအောင် မနေနိုင်မူ၍ ဝါပန်ရက်အတွင်း ရောက်အောင် ပြန်ကြွတော်မူခဲ့ရသည်။

ဆရာမထေရ်၏ ဘဝဖြစ်စဉ် လိုရင်းသိအောင် ဂါထာ ၅၀–မျှဖြင့် အကျဉ်းချုပ်၍ ၂–ရက်ဖြင့်ပြီးအောင် ရေးသားပူဇော်နိုင်ခဲ့ခြင်းများကို ထောက်ဆဆင်ခြင်၍ ဆရာတော်၏ လျင်မြန်ကြီးမားသော ပညာဂုဏ်ကို အာရုံပြုကာ သိမှတ်ရာ၏။*၁

စိဝရဝဏ္ဏဝိနိစ္ဆယ ပါဠိကျမ်းစာ ရေးတော်မူ

ကောဇာ ၁၃၃၃–ခုနှစ်၊ စကုမြို့နယ် မြောင်းဦးရန်ကင်းတောရ၌ သီတင်းသုံးစဉ် စိဝရဝဏ္ဏ–ဝိနိစ္ဆယ ပါဠိသက်သက်ကျမ်းစာကို ရေးသားတော်မူခဲ့သည်။*၂

စိဝရဝဏ္ဏဝိနိစ္ဆယဆိုသောပါဠိ၏မြန်မာပြန်မှာ သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းစာ ဖြစ်ပါသည်။

သိမ်အမှတ် ၄–တောင်လတ်တောရ ကျောင်း သိမ်သမုတ်တော်မူ

သာသနာတော်နှစ် ၂၅၁၅–ခု၊ ကောဇာ ၁၃၃၃–ခုနှစ်၊ တပေါင်းလဆန်း ၁၄–ရက်၊ (၂၇.၂.၁၉၇၂) တနင်္ဂနွေနေ့ ည ၉–နာရီ ၄၉–မိနစ် အချိန် သရက်ခရိုင် မင်းတုံးမြို့နယ် တောလတ် တောရကျောင်းသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်း ၂၀–ကျော်တို့ဖြင့် သိမ်သမုတ်တော်မူ၏။

ထိုသိမ်သမုတ်ပွဲသို့ ရန်ကုန်မြို့ ဘုရားဖြူတိုက်မှ ဆရာတော် ဦးဝဏ္ဏိမာ နောင်အခါ (အဂ္ဂမဟာပဏ္ဍိတ) ပါ ကြွတော်မူ၏။ ဆရာတော် ဦးဝဏ္ဏိမာ တောလမ်းခရီး လှည်းဖြင့်ပင့်ရာ လှည်း မှောက်၏။ ကံကောင်း၍မကျိုးမပဲ့ဟု မိန့်တော်မူ၏။

အခက်မျိုးစုံ ကြုံခဲ့ပုံ

သိမ်သမုတ်သည့်ည မိုးကရွာသဖြင့် ထီးကိုဆောင်း၊ ဖယောင်းတိုင် လက်တစ်ဖက်ကကိုင်၊ ကမ္မဝါစာကို ကျန်လက်တစ်ဖက်က ကိုင်ဖတ်၊ အောက်က မိုးရေဝင်လို့ အထိုင်ရခက်လိုက်သည့်ဖြစ်ခြင်း၊ သက်ပြင်းချ မိန့်ကြားသည်ကို နာကြားခဲ့ရဖူး လေသည်။

၁၃၃၃–ခုနှစ် မွေးရပ်ဇာတိ နဘူးကျင်းသို့ ပြန်ကြွလာတော်မူ

သာသနာ ၂၅၁၅– ခုနှစ်၊ (၁၉၇၂)နှစ်ကုန် တပေါင်းလကုန် တန်ခူးလဆန်းစ အခါသမယတွင် မိခင်ကြီး ဒေါ်အေးမှန်က အသက်လည်းကြီးပြီ ၇၈–နှစ်ရှိလေပြီဖြစ်၍ သားကြီးတောရဆရာတော်အား ဖူးမျှော်လိုပါသည်။ ပင့်ပေးပါဟု သားထွေး ဘဒ္ဒန္တဣဿရအား လျှောက်ထားသည်။ ကပ္ပိယအဖြစ် ကျောင်းသားလက်ဝယ် ငွေ ၁၀၀/– လမ်းစရိတ်ပေး၍ အပင့်ခိုင်းသည်။ (ထိုခေတ်ငွေ ၁၀၀/– လွန်ခဲ့သော နှစ်ပေါင်း ၃၄–နှစ်ကာလက ဖြစ်သည်)

မယ်တော်၏ လျှောက်ထားချက်လည်းဖြစ်၍ ဇာတိရွာမိဘဆွေမျိုးများဘက် တလှည့်ချီးမြှောက်လိုခြင်းလည်းဖြစ်၍ နှစ်ပေါင်း ၉–နှစ်ခန့်မျှ တောရဆောက်တည်ပြီး မိခင်ကြီး၏ အဝေးမှာနေခဲ့ပြီးဖြစ်၍ ငဲ့ဟန်တူပါသည်။ ထိုနှစ် ၁၃၃၃–ခုနှစ်၊ တန်ခူးလဆန်းစ ရမည်းသင်းခရိုင် နဘူးကျင်း ရွာသို့ ပြန်လည်ကြွလာတော်မူသည်။

---

*၁ တောရဆရာတော်၏ ဘုရားဖြူဆရာတော် ထေရုပ္ပတ္တိအကျဉ်း

*၂ စိဝရဝဏ္ဏဝိနိစ္ဆယ ခေါ် သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်း ပါဠိရေးသား

နဘူးကျောင်း ရန်ကင်းတောရ တည်ထောင် တော်မူ

ဦးကျော်သိန်း+ဒေါ်ခင်ရွှေမြေလှူ

နဘူးကျောင်းရွာ၏ အနောက်မြောက် သုသာန်အလွန်၌ တောအုပ်ရှိသည်။ ထိုတောအုပ် ပိုင်ရှင် တောရဆရာတော်၏ ညီဝမ်းကွဲတော်သူ ဦးကျော်သိန်းနှင့်ဇနီး ဒေါ်ခင်ရွှေမိသားစုက တောရ မြေအဖြစ် လှူကြသည်။ ပထမဦးဆုံး တောရ ကျောင်းမြေ အလှူရှင်ဖြစ်ပါ၏။ နဘူးကျောင်း ရန်ကင်း တောရ၏ အာဒိကမ္မိကကျောင်းမြေ အလှူရှင်ဖြစ် ပါ၏။

ထိုတောမှာ သစ်ပင်ကြီးငယ်များဖြင့် တော ကောင်းသည့်အကွက်၊ အတောင်အားဖြင့် အလျား ၇-တောင် အနံ ၅-တောင်၊ အကျယ် ၄-တိုင်စင် ကျောင်းလည်း ဆောက်လုပ်ထားပြီး ဖြစ်နေ၍ တောရ ဆရာတော်သည် ထိုကျောင်းငယ်၌ စတင် သီတင်းသုံးတော်မူ၏။ ရွာ၏ ဥပစာရွာတံခါးမှ ထို တောရအထိလမ်းသည် အဖြောင့်မဟုတ်၊ ထိုလမ်း ကို လေးတောင်တစ်တာအားဖြင့် တာ ၅၀၀- အလွန်ရှိ၏ဆိုသော်လည်း အဖြောင့်အားဖြင့် တိုင်းလျှင် မရှိနိုင်ဟု တောရဆရာတော်က သံသယရှိ၏။

ထို့ကြောင့် အရဏ်မတက်မီ ယခုနေရာသို့ နံနက်တိုင်း ကြွ၍ အရုဏ်ယူရ၏။ ဓုတင်ဓောရ မဖြစ်စေရန်ဟု မိန့်၏။

(ဓုတင်ဓောရ = ဓုတင်ကို နိုးသူ)

လယ်ဝေးမြို့နယ် ထန်းတပင်ရွာ အနီးကြာပင် တောရသို့ ဖေ့ကြွတော်မူ

၁၃၃၃-ခုနှစ်၊ တပေါင်းတန်ခူး အညာနွေ ၏အပူသည် ပူပြင်းလှ၏၊ ပူပြင်းခြင်းအရှိန်မလျှော့၊ နေမင်းသည် အပူဒီဂရီ အမြင့်ဆုံးသို့ အာဏာ တည်စေသည်ထင့်၊ သို့အတွက် သစ်ရိပ်ဝါးရိပ် ကြီးမားသော လယ်ဝေးမြို့နယ် ထန်းတပင်ရွာနှင့် ကြာပင်အနီး ကြာပင်တောရသို့ ၂-လခန့် ဖေ့ သီးတင်းသုံးမည် စိတ်းကူးဖြင့် ကြွတော်မူ၏၊ အရိပ် ကောင်းသော်လည်း စိတ်ငြိမ်းချမ်းမှုမရ ပရိတ်သတ် များပြား ရှုပ်ထွေးလှသဖြင့် ၁-လခန့် သာနေပြီး မွေးရပ်ဒေသ နဘူးကျောင်းရန်ကင်းတောရသို့ပင် ပြန် ရောက်ခဲ့၏။

ရန်ကင်းတောရ စတင်ဝါကပ်

ကောဇာ ၁၃၃၄-ခုနှစ် သက်တော် ၅၁- နှစ် ဝါတော် ၃၂-ဝါကို နဘူးကျောင်း ရန်ကင်းတောရ ပထမနေရာကျောင်းငယ်၌ဝါကပ်တော်မူ၏။

စီဝရဝဏ္ဏဝိနိစ္ဆယ သက်န်းရောင် အဆုံးအဖြတ် မြန်မာပြန် ရေးသားတော်မူ

သာသနာတော်နှစ် ၂၅၁၆-ခုနှစ်၊ ကောဇာ ၁၃၃၄-ခုနှစ် တပို့တွဲလဆုတ် ၅-ရက်၊ (၂၂.၂.၁၉၇၃) ကြာသာပတေးနေ့ နံနက် ၆-နာရီအချိန် စီဝရဝဏ္ဏဝိနိစ္ဆယ ခေါ် သက်န်းရောင် အဆုံးအဖြတ် ကျမ်း မြန်မာပြန်ကို ရမည်းသင်းမြို့နယ် နဘူးကျောင်း ရန်ကင်းတောရ ကျောင်း၌နေစဉ် ပြုစုရေးသားတော်မူ ခဲ့သည်ဟု ကျမ်း၏ နိဂုံး၌ ဖော်ပြပါရှိပါသည်။*

---

* စီဝရဝဏ္ဏဝိနိစ္ဆယ ခေါ် သက်န်းရောင် အဆုံးအဖြတ်ကျမ်း မြန်မာပြန်ရေးသား

နဘူးကျင်း ရန်ကင်းတောရရှိ
ပျဉ်းမနားမြို့
ဦးလှအောင် + ဒေါ်ခင်သိန်း မိသားစု
ကောင်းမှု ဝူဘုရား ရမည်းသင်း



နဘူးကျင်း
ရန်ကင်းတောရရှိ
သိမ်ကျောင်း
အများကောင်းမှု
ရမည်းသင်းမြို့နယ်

နဘူးကျင်းရန်ကင်း**တောရရှိ**
ဒေါင်းမင်းဆီ**စက်ပိုင်ရှင်**
ဦးအောင်ခ + **ဒေါ်ခင်ကြိုင်**
မိသားစု**ကောင်းမှု**
တိုက်ကျောင်း
ရမည်းသင်းမြို့နယ်

နဘူးကျောင်း ရန်ကင်းတောရရှိ
ဒုတိယရဲမှူးကြီး ဦးခင်မောင်ဘုန်း
+ ဒေါ်တင်တင် မိသားစု ကောင်းမှု
ဆိုလာတိုက်ကျောင်း

နဘူးကျောင်း ရန်ကင်းတောရ ပထမ
နေရာရှိ ရမည်းသင်း ဦးမင်းစီနှင့်
ဦးအောင်လင်း မိသားစုတို့
ကောင်းမှု တိုက်ကျောင်း

နဘူးကျောင်းရန်ကင်းတောရ ရေတွင်းအနီးရှိ
မဋ္ဌူသကနတ်ပန်းပင် (၁၉၉၄ခုနှစ် စာရေးသူနှင့်
ညီဦးကျော်ညွန့်တို့အဖွဲ့ စိုက်ပျိုးလှူဒါန်းခဲ့သည်။)

နဘူးကျောင်း ရန်ကင်းတောရ
ပထမနေရာရှိ =လက်ျာနွယ်ရစ်+
အောင်မြေ

နဘူးကျင်း ရန်ကင်းတောရ
ပထမနေရာရှိ သစ်တံခါး
ပြူတင်းပေါက်ကဲ့သို့ ဖြစ်နေပုံ

နဘူးကျင်းရန်ကင်းတောရ ပထမနေရာရှိ
=သစ်ဝင်– သစ်ပင်ကြီး ပင်စည် ၂ခု ကြားမှ
ပေါက်ထွက်လာသော သစ်ဝင်ပုံ

မှတ်ချက် – ပထမနေရာ အောင်မြေအလှူရှင်မှာ
နဘူးကျင်းရွာ ဦးကျော်သိန်း+ဒေါ်ခင်ရွှေမိသားစု
ကောင်းမှုဖြစ်ပြီး အောင်မြေဓာတ်ပုံများကို နေပြည်တော်
ပျဉ်းမနားမြို့ ရန်နိုင်စားသောက်ဆိုင်ပိုင်ရှင်
ဦးချိုဝင်း+ဒေါ်ကြေးမုံတို့မှ ကောင်းမှုပြုပါသည်။

မှတ်ချက်

(တပို့တွဲလဟု မှတ်ချက် ပြုထားသဖြင့် မူလကျောင်းငယ်၌ ရေးသားတော်မူခြင်း ဖြစ်ပါ၏။ ထိုနေရာသည်လည်း သာသနာတော်အတွက် အကျိုးများခဲ့သော နေရာပါတည်း)

– ထိုကျမ်း၏ အနှစ်သာရ အကျဉ်းကို ပုံနှိပ်သည့်ကာလ အခန်းရောက်မှ ရေးပါတော့မည်။

နဘူးကျောင်း ရန်ကင်းတောရ ယခုနေရာသို့ ရောက်တော်မူ

ရန်ကင်းတောရ မူလနေရာသည် တောမရ ဟု သံသယရှိနေခြင်းကြောင့် မယ်တော်ကြီး ဒေါ်အေးမှန်ကို တောရဆရာတော်က ယခု ရန်ကင်းတောရ ဖြစ်လာသော ယာမြေနေရာသည် မယ်တော်ကြီး ပိုင်မြေဖြစ်သည်။ 'ပေါင်နှံထားပါက ကောင်းသောမြေနှစ်ဆပေး၍ ရွေးပါ၊ ထိုနေရာကို တောရကျောင်းမြေအဖြစ် လှူပါ' ဟု အလှူခံ၏။

မိခင်ကြီးဒေါ်အေးမှန် မြေလှူ

မိခင် မယ်တော်ကြီးက 'အပေါင်အနှံ မရှိပါ မိမိပိုင်ဖြစ်ပါသည်။ လှူပါမည်' ဟု လျှောက်၏။ မယ်တော်ကြီး၏ ယာနှင့် တစ်ဆက်တည်းရှိသော ယာမြေကို ဆွေမျိုးဦးအောင်ပန်းကလည်း တောရကျောင်းမြေအဖြစ် လှူပါ၏ ဟု လျှောက်ထားကြသည်ဟု ဆရာတော် မိန့်ကြားခဲ့ဖူးသည်ကို မှတ်သားထားခဲ့ပါ၏။

ထိုမှ အစပြု၍ နဘူးကျောင်းရွာသူရွာသားများ စုပေါင်း၍ မြေယာများ တိုးချဲ့၍ လှူကြခြင်း အုတ်ဂူကျောင်းတစ်ခုကို စုပေါင်း ဆောက်လုပ်လှူဒါန်းကြခြင်းများဖြင့် ရန်ကင်းတောရကြီး ပရိဝုဏ်သည် တစ်နေ့တစ်ခြား ကြီးမား ကျယ်ပြန့်၍လာလေသည်။

မိခင် မယ်တော်ကြီးနှင့် ဆွေမျိုးများ ရွာသူရွာသားများအားလုံးက တောရဆရာတော် မိမိတို့အနားမှာ သီတင်းသုံး၍ နေစေချင်ကြပါသည်။ အမြဲ သီတင်းသုံးပါတော့မည်ဟု ယုံကြည်ဝမ်းသာနေကြပါသည်။ တစ်ရွာလုံးက နေ့အလိုက်၊ အုပ်စုအလိုက် ဆွမ်းများ လောင်းလှူကြသည်။ လမ်းတွေဖောက်ကြသည်။ ကျောင်းဝင်းအတွင်း မြေများညှိ၊ သစ်ပင်များစိုက်၊ ရေရနိုင်သည့်နေရာမှာ ရေတွင်းများတူး၊ ရေအိမ်၊ ရေချိုးအိမ်များဆောက်ကြ၊ လှူကြသည်။

ဝမ်းသာမဆုံး

နဘူးကျောင်းတစ်ရွာလုံးက ဝမ်းသာမဆုံး၊ ပျော်မဆုံးဖြစ်သလို ရွာအနီးဝန်းကျင် သရက်ကန်ရွာ၊ ပြတိုက်ရွာ၊ ကံကြီးရွာ၊ ကြာပင်အင်း၊ သက္ကယ်ကျင်းရွာ၊ တစ်နယ်လုံးက ဝမ်းသာမဆုံး ပျော်မဆုံး တောရဆရာတော်ကို ကြည်ညိုကြ၊ မြတ်နိုးကြ လေးစားကြလေသည်။

ဝန်းကျင်ရှိ ရွာတိုင်းက လုပ်အားအလှူ၊ ဆွမ်းအလှူ စွမ်းနိုင်သမျှ ပစ္စည်းလေးပါး လှူခွင့်ရကြ၍ ဝမ်းသာမဆုံးနိုင်ကြတော့။

ဝန်းကျင်ရှိ ရွာသူရွာသားများသာမက ရွာဦးကျောင်း ဆရာတော် သံဃာတော် အားလုံးကပါ တောရဆရာတော်ကို ချစ်ကြည်မြတ်နိုးကြပါသည်။ နှစ်လိုကြပါသည်။

ဂုဏ်သတင်းပျံ့လွင့်

ဤသို့ မြတ်နိုးနှစ်လိုကြသည်မှာ တောရဆရာတော်၏ သီလဂုဏ်ကြောင့် ဖြစ်ပါသည်။ ရွာသားများထံမှ သတင်းသည် မြို့သို့၊ အထူးအားဖြင့် ရမည်းသင်းမြို့ တပ်ကုန်းမြို့များမှ လူအများ၏ နားသို့ ဆရာတော်၏ ဂုဏ်သတင်း ပျံ့လွင့်သွားပါသည်။ ထိုမြို့များမှတဆင့် ပျဉ်းမနားမြို့၊ လယ်ဝေးမြို့များနှင့် အခြားသော မြို့ရွာများသို့ တစ်စ တစ်စ ပျံ့လွင့်သွားခဲ့လေသည်။

ပျံ့လွင့်သော သတင်းကား တောရကျောင်း၌ တစ်ပါးတည်းနေ၏။ သပိတ်လွယ် ဆွမ်းခံ၍စား၏။ တစ်နပ်တည်းစား၏။ ဆွမ်းနှင့်ဟင်း သပိတ်ထဲမှာ လောင်းရ၏။ ရွာကျောင်းများ အိမ်များသို့ ဆွမ်းပင့်၍မရ။ သင်္ကန်းသုံးထည်သာ ဝတ်၏။

သင်္ကန်းကို ပံ့သုကူပစ်ရ၏။ ငွေအလှူမခံ၊ ငွေမကိုင် ဟူသတည်း။

စုတင်အနှစ်

အချုပ်ဆိုရသော် စုတင်ဆောင် ကျင့်သုံးခြင်းဆိုသည်မှာ –

၁။ အပ္ပိစ္ဆတာ = အလိုနည်းသည်၏အဖြစ်၊

၂။ သန္တုဋ္ဌိတာ = ရောင့်ရဲလွယ်သည်၏ အဖြစ်၊

၃။ သလ္လေခတာ = ကိလေသာ ခေါင်းပါးသည်၏ အဖြစ်၊

၄။ ပဝိဝေကတာ = ဆိတ်ငြိမ်ခြင်းကို အလိုရှိသည်၏ အဖြစ်၊

၅။ ဣဒမတ္ထိတာ = ဤအကျင့်ကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ဟူသော အကျိုးရှိသည်ဟု သိသည်၏အဖြစ် ကြောင့် ထိုကဲ့သို့ နေထိုင်ကျင့်သုံးခြင်း ဖြစ်ပါသည်။

၁၃၃၅–ခုနှစ်၊ ပျော်ဘွယ်မြို့နယ် ညောင်ကုန်း သုသာန် တောရ ဝါကပ်တော်မူ

သာသနာ ၂၅၁၇၊ ကောဇာ ၁၃၃၅–ခုနှစ်၊ (၁၉၇၃) သက်တော် ၅၂၊ ဝါတော် ၃၃–အရောက် မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ်၏ အနောက် ညောင်ကုန်းရွာ၏ သုသာန်အတွင်း ကျောင်းငယ်၌ ဝါကပ်တော်မူ၏။

တောရဆရာတော်သည် သောသာနိက (သုသာန်စုတင်)လည်း သီးသန့် မှတ်မှတ်ရရ ဆောင်လိုသည်၊ အရညကင်စုတင်လည်း မဖျက်လို၊ များသောအားဖြင့် သုသာန်များသည် ရွာနှင့်နီး၏။ တောမရနိုင်၊ ညောင်ကုန်းသုသာန်သည် ရွာနှင့်ဝေး၏။ တောရ၏။ တောရဆရာတော်သည် ငယ်ဆရာ သရက်ကန်ကျောင်း ဆရာတော် ဦးဥက္ကံသ၏ ဇာတိရွာ၊ နတ်မောက် လဲဘူးသို့ ခြေလျင် သွားရောက်ခဲ့ဖူး၏။ ထိုခရီး၌ ညောင်ကုန်းသုသာန်၏ အနေအထား ကြိုတင်သိခဲ့ခြင်းကြောင့် ဖြစ်၏။

ခြေလျင်ကြွတော်မူ

ယခုလည်း နဘူးကျင်းမှ ညောင်ကုန်းသုသာန်အထိ ခရီးကို ခြေလျင်ကြွတော်မူခဲ့၏။ ကံကြီးရွာမှ ဦးစံဖြူနှင့် ဦးညီမောင်တို့ပါ လိုက်ပါခဲ့၏။ လမ်းခရီးဖြစ်သော သစ်ဆုံဆည်ကြီးရှိရာ ရွာ တန်း ဧညဝတီ ဘုန်းကြီးကျောင်း၌ ဝင်၍ နား၏။ ဧညဝတီ ဘုန်းကြီးကျောင်းမှာ အစိုးရမူလတန်းကျောင်း တွဲလျက်ရှိ၏။ မိမိ၏အစ်ကို ကျောင်းဆရာ ဦးသိမ်းအောင် ထိုကျောင်း၌ရှိသည်ကို တောရဆရာတော်သိ၏။ ဧညဝတီဘုန်းကြီးက ထိုအချိန် ကျောင်းကြီး ဆောက်လုပ်နေ၏။ ကျောင်းကြီးပေါ်၌

နေရာစီမံ၏။ တောရဆရာတော်က ရှေးသိမ်ကျောင်းထဲမှာ နေမည်ဟု ဦးသိမ်းအောင်အား မိန့်၏။ရှေးက သိမ်ကျောင်းစီမံသော ဆရာတော်ကြီးများသည် ကိုယ်တိုင် ဖွေကိုင်၍မဆောက်၊ ဝိနည်းလေးစားကြ၏။ သို့အတွက် ရှေးသိမ်ကျောင်းမှာ နေရာစီမံပါ မိန့်ခြင်းဖြစ်ကြောင်း သိရ၏။ တောရဆရာတော်ကား 'စားလည်းဝိနည်း၊ အိပ် ဝိနည်းပါတည်း'။

တစ်ညတာမျှ ကျိန်းစက်ပြီး နံနက် ဆွမ်းခံရန် ဦးသိမ်းအောင်က လမ်းပြရှေ့မှ ထွက်၏။ အိမ်စဉ်ဆွမ်းများ လောင်းလှူကြ၏။ ကျောင်းပြန်ကြ၊ ဆွမ်းဘုန်းပေးသောအခါ သိမ်းအောင် 'ပထမဆုံးဝင်တဲ့ ဝိုင်းက မင်းရဲ့အိမ်၊ မင်းစနီး မဟုတ်လား'မေး၏။ 'မှန်ပါဘုရား တပည့်တော်စနီး မမြဲဝင်းပါဘုရား' ဟု ဦးသိမ်းအောင်က လျှောက်ရတော့သည် ဟူ၏။

ရတနာအစစ် ဖူးမြင်ရ

ဦးသိမ်းအောင်၏ ယောက္ခမ တိုင်းရင်းဆေးဆရာကြီး ဦးလုက 'မြင်ရခဲသော သံဃာရတနာအစစ်ပါတကား'၊ 'ရွာတန်းသားတို့ ရခဲလှစွာသော ကုသိုလ်ဆွမ်းအလှူကို ရခဲ့ကြလေကုန်တကား' နှုတ်မှ ဖွင့်ဆို ဝမ်းသာ ဝမ်းမြောက် ပီတိဖြစ်ကြရသည်ဟု ဆို၏။

သစ်ဆုံရေနှင့်အတူ

မြန်မာနိုင်ငံ၌ ထင်ရှားသော သမိုင်းဝင်ဆည်ကြီးများစာရင်းတွင် သစ်ဆုံဆည်ကြီးပါဝင်၏။ ရွာတန်းချောင်းရိုး ရွာပေါင်းများစွာကို ထိုဆည်ကြီးက စိုက်ပျိုးရေး အကျိုးပြု၏။ ထိုဆည်ကြီးရှိနေခြင်းကြောင့် ရမည်းသင်းခရိုင်တွင် ရွာတန်းက သပြစ်သီးအများဆုံးထွက်၏။ ထိုဆည်ကြီးကို တောရဆရာတော် ကြည့်ရှုတော်မူ၍ ခရီးဆက်တော်မူ၏။

တောရဆရာတော်၏ မေတ္တာရေကား သစ်ဆုံရေနှင့်အတူ တစ်သွင်သွင်စီးဆင်းနေရစ်ခဲ့လေတကား။

ဦးမြ၏ကျောင်းအလှူ

ညောင်ကုန်းသုသာန်၌ လှူတောင်ဒါယကာ ဦးမြက ပကာပြား (သစ်အကာသား) ဖြင့် ကျောင်းဆောက်လှူ၏။ ဦးစံဖြူ ဦးညီမောင်တို့ပါ နေခြင်းပြီး သင်္ဃယ်မိုးကျောင်းကို ဆောက်ကြ၏။ တစ်ညမျှကိန်းပြီး သုသာန်အနီး ယာကွက်ပိုင်ရှင် အမျိုးသမီးကြီးတစ်ဦးက သူ့ယာကွက်နခမ်း ရောက်နေသည်ဆို၍ ကျောင်းကို သုသာန်မြေအတွင်း ချက်ခြင်း ရွှေ့ပေးကြရ၏ ဟု ဦးညီမောင် ပြောပြ၍ သိရ၏။

ကုသိုလ်ရသင့်ပါလျက်

တစ်မိုးတစ်ဝါ ယာယီမျှဆောက်သော ကျောင်းအတွက် ကုသိုလ်ရသင့်ပါလျက် မရဖြစ်လေတော့၏။ ဗုဒ္ဓဘာသာဝင်တစ်ဦး ကုသိုလ်ကံနှင့် အကုသိုလ်ကံ၊ ကံနှင့်ကံ၏ အကျိုးပေးကို တကယ်မသိ၍ ဖြစ်၏။ ဤအကြောင်းကို သတိမူနိုင်ကြရန် အတွက် တင်ပြခြင်းလည်း ဖြစ်ပါ၏။

မသိခြင်းမှာ ညံ့၍

မသိခြင်းကို အဝိဇ္ဇာဟုခေါ်၍ အဝိဇ္ဇာသည် သိရမည်ကိုမသိ၊ မသိရမည်ကို သိနေခြင်းဟုလည်း ဆို၏။ သိရန် မှန်သမျှ မသိသည်မှာလည်း နီဝရဏ ဟူသော ပိတ်ဆို့တားဆီးထားသော အဖုံးများကြောင့်

ဖြစ်၏။ သိအောင်လုပ်ရန် မိမိမှာသာ တာဝန်ရှိကြောင်း တောရဆရာတော် ရေးသည့် အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း၌ အတိအလင်း မိန့်ဆိုထားပါ၏။ မသိသည်မှာ ညှံ့၍ ဖြစ်၏။ ညှံ့သည်မှာ တစ်ဦးတည်းမဟုတ် မိမိစာရေးသူလည်း ညှံ့ခဲ့သူဖြစ်၏။ ရှေ့၌ မိမိ ညှံ့ခဲ့သည့်အကြောင်းများကို ဝန်ခံ တင်ပြသွားမည်လည်း ဖြစ်ပါ၏။

အမှန်အတိုင်း ပြောရမည်ဆိုလျှင် မိစ္ဆာဒိဋ္ဌိ = အမြင်အယူမှားခြင်း၊ ဝိစိကိစ္ဆာ = သို့လောသို့လော ယုံမှားခြင်းနှင့် သီလဗ္ဗတပရာမသ = မှားသော အလေ့အကျင့်များ၊ ပယ်ခွာနိုင်ခြင်း မရှိသေးသမျှ၊ သံသရာ၌ တဝဲလည်လည်ဖြင့် နေရသူမှန်သမျှ မိမိအပါအဝင် ညှံ့နေကြသူများသာ ဖြစ်ပါ၏။ ညှံ့နေကြသည့်လူညှံ့များ စာရင်း၌ပါနေဦးမည်သာ ဖြစ်ပါ၏။

မသေတရားကို ရှာခြင်း

တောရဆရာတော်ကား သံသရာတစ်လျှောက်လုံး ခရီးမဆုံးသေး၍ သေနေကြသူများ မြုပ်နှံသည့် ဤသုသာန်၌ မသေတရားကို ရှာဖွေနေပါ၏။ သေခြင်းကင်းသော နိဗ္ဗာန်ကို အလိုရှိတော်မူ၍ ရေအဆန် လေအဆန်ကို တက်စုံရွက်စုံဖွင့်၍ လော့ခတ်နေခြင်းလည်း ဖြစ်ပါ၏။

စစ်မြေပြင်သို့

တစ်နည်းပြောရဦးမည်ဆိုပါလျှင် တောရဆရာတော်သည် စစ်မြေပြင်သို့ ဝင်ရောက်သောမင်းသည် ချပ်ဝပ်တန်ဆာကို ဝတ်လေသကဲ့သို့ ရှုတင်တည်းဟူသော လက်နက်ဖြင့် တောတည်းဟူသော စစ်မြေပြင်သို့ ချပ်ဝတ်တန်ဆာနှင့်တူသော ပံ့သုကူ သင်္ကန်းကို လျောက်ပတ်စွာ ဝတ်ရုံတော်မူလျက် အနုသယတည်းဟူသော ရန်သူစစ်တပ်နှင့် တကွဖြစ်သော ကိလေသာမာရ်ကို အောင်ခြင်းငှာ၊ အထူးထူးသော ရသာရုံ တပ်မက်သော တဏှာ၏ အရင်းအမြစ်များကို နည်းမျိုးစုံတို့ဖြင့် တူးဖြိုဖျက်ဆီးလျက်လည်း နေတော်မူခြင်းလည်း ဖြစ်ပါ၏။

အမြတ်ဆုံး သူရဲကောင်း

တောရဆရာတော်၏ ဘဝသရုပ်ကို ထင်ဟပ်မြင်သာနိုင်ရန်နှင့် ကြည်ညိုနိုင်ရန် ဤနေရာ၌ ဓမ္မပဒဂါထာ ၁၀၃–၏ ပါဠိမြန်မာအကျဉ်းကို တင်ပြအပ်ပါ၏။

ယော သဟဿံ သဟဿေန၊
သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္စ ဇေယျ မတ္တာနံ၊
သ ဝေ သင်္ဂါမဇုတ္တမော။

– စစ်မြေပြင်၌ ရန်သူထောင်ပေါင်းများစွာကို အောင်နိုင်သော သူရဲကောင်းသည် အမြတ်ဆုံး သူရဲကောင်းမဟုတ်၊

– တစ်ယောက်တည်းသော မိမိကိုယ်ကို အောင်နိုင်သူသည်သာလျှင် အမြတ်ဆုံး သူရဲကောင်း ဖြစ်၏။

ဟူသတည်း။

တောရဆရာတော်ကား အမျိုးမျိုးသော ကိလေသာကာမနှင့် ဝတ္ထုကာမများကို ပယ်စွန့်တော်မူလျက် ဒုက္ခများစွာကို ဖြစ်စေတတ်သော တဏှာ၊ လောဘ၏ အလိုသို့ မလိုက်ဘဲ လူသူတို့နှင့် ကင်းဝေးရာသို့ ကောစာရ တစ်ပါးတည်း ရှုတင်ဆောင်တော်မူခဲ့သည်မှာ ဆယ်မိုးဆယ်နွေ ဆယ်ဝါတိုင်ခဲ့လေပြီ။ သုသာန်ပေါင်းများစွာသို့လည်း လသာည၊ လမိုက်ည မရွေး တစ်ပါးတည်း ဝင်တော်မူခဲ့သည်၊ အကြိမ်များစွာ ရှိခဲ့ဖူးလေပြီ။

ရုပ်အလောင်းများမြှုပ်ရာ

ယခု ညောင်ကုန်းသုသာန်၌ ဝင်ခြင်းကား မိုးလေးလ တစ်ဥတုလုံး ဝါကပ်၍ သောသာနိက ဓုတင်ကို မှတ်မှတ်ရရ ထင်ထင်ရှားရှား ဆောင်ခြင်း ဖြစ်ပါ၏။ သေမင်းနှင့် စစ်ခင်းရာ၌ ရှုံးနိမ့်ကျသူတို့၏ရုပ်အလောင်း အကောင်ပုတ်များကို မြှုပ်နှံရာဖြစ်သော, မီးဖုတ်ရာဖြစ်သော နေရာဖြစ်ပါ၏။ မြတ်နိုးလှပါသည်ဆိုသော မိဘများ၏ ရုပ်အလောင်းများ, ချစ်လှပါသည်ဆိုသော ခင်ပွန်း၊ မယား သမီး သားနှင့် ဆွေမျိုးများ၏ ရုပ်အလောင်းများ မြှုပ်နှံရာ ဤအရပ်ကို နေ့ညဉ့်မပြတ် လာရောက်နေသူ ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိ။ အမြဲမပြတ် အနံ့အသက် ဆိုးရွား၊ ရွံ့ရှာဖွယ်အတိ အမြဲမပြတ် ငိုကြွေးခြင်းရှိ၍ နှလုံးသာယာဖွယ်မရှိသော သုသာန်အတွင်းရှိ ကျောင်းငယ်၌ နေ့ညဉ့်မပြတ် သီတင်းသုံးတော်မူ၍ ကျိန်းစက်ခဲ့၏။ ဆွမ်းကို သုံးဆောင်တော်မူခဲ့၏။

အဘယ်အကျိုးငှာနည်း။ အဘယ်ကြောင့် ပါနည်းဟူမူ အောက်ပါအတိုင်း ဖြစ်ပါ၏ဟု ဖော်ပြလိုက်ပါ၏။

သောသာနိက = သုသာန်ဓုတင်ဆောင် ရဟန်းတို့ ရအပ်သောအကျိုး

၁။ မရဏာနုဿတိပဋိလာဘော = သေမည်ကို သတိရနေခြင်း

၂။ အပ္ပမာဒဝိဟာရိတာ = မမေ့မလျော့ နေသောသူ၏အဖြစ်

၃။ အသုဘနိမိတ္တာဓိဂမော = အသုဘအာရုံ ကို ရနေခြင်း

၄။ ကာမရာဂ ဝိနောဒနံ = ကာမရာဂကို ပယ်ရခြင်း

၅။ ကာယ သဘာဝဒဿနံ = ခန္ဓာကိုယ်၏ သဘောတရားအမှန်ကို မြင်ရခြင်း

၆။ သံဝေဂ ဗဟုလတာ = သံဝေဂဉာဏ် များသည်၏ အဖြစ်

၇။ အာရောဂျ မဒါဒိပ္ပဟာနံ = ကျန်းမာသည် ဟု မာန်ယစ်ခြင်း စသည်ကို ပယ်ခြင်း

၈။ ဘယဘေရဝသဟနတာ = ကြောက်လန့်ဖွယ်အာရုံ၌ သည်းခံနိုင်သည်၏အဖြစ်

၉။ အမနုဿာနံ = ဘီလူး၊ ပြိတ္တာ (ဝါ) နတ်တို့၏ အလေးအမြတ်ပြုသည်၏ အဖြစ်

၁၀။ အပိစ္ဆတာဒီနံ = အလိုနည်းခြင်း ဂုဏ်နှင့်လျော်သည်၏ အဖြစ်

တောရဆရာတော်ရေးသည့် ဓုတင် အဆုံးအဖြတ်ကျမ်း၌ ပါရှိသည်ကို ကောက်နုတ်၍ ဖော်ပြခြင်း ဖြစ်ပါ၏။*

---

* တောရဆရာတော်၏ ဓုကင်္ဂဝိနိစ္ဆယ ခေါ် ဓုတင်အဆုံးအဖြတ်ကျမ်း (ပ)ကြိမ်

သုသာန်ရှုတင်ဆောင်ရဟန်းတို့ လိုက်နာရန် ညွှန်ပြချက်

– အားထုတ်အပ်သော ဝီရိယရှိသည်လည်း ဖြစ်ရာ၏။

– မစဉ်းလဲ မလှည့်ပတ်သည်ဖြစ်၍ ကောင်းသောအလိုဆန္ဒရှိသည် ဖြစ်ရာ၏။

– ဘိလူး ပြိတ္တာတို့ နှစ်သက်သော ငါး၊ အမဲ နို့ရေ၊ ဆီတင်လဲ စသည်တို့ကို မမှီဝဲအပ်၊

– ဒါယကာတို့၏ အိမ်သို့လည်း မဝင်အပ်၊ စသည်ဖြစ်ပါ၏။

သူရဲကောင်းကြီး

အထက်တင်ပြခဲ့ပြီးသော အကြောင်းများ၌ ဘီလူး ပြိတ္တာတို့၏ ဘေးရန်မှ လည်းကောင်း၊ ကင်းရေးနှင့် အလေးအမြတ်ပြုခြင်းကို ဖြစ်စေတတ်ရေး ဟူ၍ အတိအလင်း ဖော်ပြထားရာ ထိုကဲ့သို့သော အရပ်ဒေသမျိုး၌ စိုးရိမ်ခြင်း၊ ကြောက်လန့်ခြင်း၊ ကြက်သီးမွေးညှင်းထခြင်း မဖြစ်၊ ရည်မှန်း အဓိဋ္ဌာန်ထားသည့်အတိုင်း ကာလကို လွန်မြောက်အောင် သီတင်းသုံးနေနိုင်တော်မူသော အရှင်မြတ်ကြီးအား တကယ့် သူရဲကောင်းကြီးပါတကားဟု မဆိုပါလျှင် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်အား သူရဲကောင်းကြီးဟု ဆိုပါအံ့နည်း။

တောရဆရာတော် သုသာန်ရှုတင်ဆောင်ညည့် ဂဲကြီး ညောင်ကုန်းရွာဝန်းကျင်သို့ မိမိ ငယ်စဉ်အသက် ၁၀–နှစ်သား၊ လွန်ခဲ့သောနှစ် ၅၀–ခန့်က ရောက်ဖူးခဲ့၏။ ကံကြီးကျောင်းဆရာတော် ဦးဇဝန၏ ဇာတိရွာကို ဂဲကြီးညောင်ကုန်းဟု တွဲခေါ်၏။

ပြတိုက်၊ ကံကြီးကျောင်း အသစ်ဆောက်ရာ၌ ဗိသုကာလက်သမားများမှာ ဆရာမြိုင် ဒီးဒုတ်ကုန်းရွာ၊ ဦးဘိုးအောင် ဂဲကြီးရွာအဖွဲ့သားများ ဖြစ်သည်။ ဆရာတော် ဦးဇဝန၏ ဦးကြီးဦးမင်း ဆွေမျိုးများဖြစ်၍ ၎င်းတို့ အပြန် မိမိလိုက်ပါ သွားခြင်းဖြစ်၏။ ပျော်ဘွယ်အနောက် ရန်အောင် ၎င်းမှ ပေပင်လေးသဖန်းချောင်း၊ ဒီးဒုတ်ကုန်းရွာ၊ ဂဲကြီးညောင်ကုန်း ကျောက်ဖျာရွာများသို့ ထိုခေတ်က ခြေလျင်လျှောက်ရ၏။

(ဝေးလံသီခေါင်သည့်အရပ်သို့ မိမိလည်း ရောက်ခဲ့ဖူး၏။ တောရဆရာတော်က ခက်ခဲသော သုသာန်စုတင်ကို ဆောင်တော်မူခဲ့၏ ဟု အောက်မေ့သတိရမိခြင်း ဖြစ်ရပါတော့၏။)

မိုးလေးလဝါတွင်းကာလ နေထိုင်သီတင်းသုံးခဲ့သော ညောင်ကုန်းသုသာန်မှ ၁၃၃၅–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁–ရက်နေ့တွင် နဘူးကျင်း ရန်ကင်းတောရသို့ တောရဆရာတော် ပြန်လည် ရောက်ရှိခဲ့ပါသည်။

၁၃၃၅–ခုနှစ် သိမ် ၄–လုံး သမုတ်တော်မူ

ကောဇာ ၁၃၃၅–ခုနှစ်၌ တောရဆရာတော် ဦးဆောင်၍ သိမ် ၄–လုံး သမုတ်တော်မူ၏။ အောက်ပါအတိုင်း ဖြစ်ပါ၏။

သိမ်အမှတ် – ၅ ရွှေစေတီကျောင်းသိမ်

သာသနာ ၂၅၁၇၊ ကောဇာ ၁၃၃၅–ခုနှစ်၊ ကဆုန်လဆန်း ၁၄–ရက်၊ (၁၅.၅.၁၉၇၃) အင်္ဂါနေ့ ည ၁၂–နာရီ ၃၇–မိနစ်အချိန် မဟာရန်ကုန် မင်္ဂလာဒုံတပ်မြို့ ၃(ခ) ရပ်ကွက်၊ ရွှေစေတီကျောင်း ခဏ္ဍသိမ်ကို ရဟန်းတော် (၅၀) ဖြင့် သမုတ်တော်မူ၏။

သိမ်အမှတ် ၆–ပန်းခြံကုန်းကျောင်းသိမ်

သာသနာ ၂၅၁၇၊ ကောဇာ–၁၃၃၅ခုနှစ်၊ ကဆုန်လပြည့် ၁၅–ရက်၊ (၁၆.၅.၁၉၇၃) ဗုဒ္ဓဟူးနေ့ ည ၁၂–နာရီ ၂၅–မိနစ်အချိန် ဓုတင်ဆောင် မထေရ် အစရှိကုန်သော သံဃာတော် ၆၀–ကျော်ဖြင့် မဟာရန်ကုန် မင်္ဂလာဒုံတပ်မြို့ ၂–(ခ) ရပ်ကွက်။ ပန်းခြံကုန်းကျောင်း ဓမ္မသိမ်ကို သမုတ်တော်မူ၏။

သိမ်အမှတ် ၇–ရန်ကင်းတောရကျောင်းသိမ်

သာသနာ ၂၅၁၇၊ ကောဇာ–၁၃၃၅ခုနှစ်၊ တပို့တွဲလဆန်း ၁၄–ရက်(၅.၂.၁၉၇၄)နေ့ အင်္ဂါနေ့ ည ၉–နာရီ ၃၀–မိနစ်ကျော်အချိန် ရဟန်းတော်၂၀–ကျော်တို့ဖြင့် မန္တလေးတိုင်း ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ် နဘူးကျောင်းရန်ကင်းတောရ ဓမ္မသိမ်ကို သမုတ်တော်မူ၏။

သိမ်အမှတ် ၈–ပညာဓေယျကျောင်းသိမ်

သာသနာ ၂၅၁၇၊ ကောဇာ–၁၃၃၅ခုနှစ်၊ တပို့တွဲလဆုတ် ၁၃–ရက်(၁၉.၂.၁၉၇၄) အင်္ဂါနေ့ မှောင်မိုက်သော ည၊ ၉–နာရီ ၁၂–မိနစ်ကျော်အချိန် ၄၀–ကျော်ရဟန်းတော်တို့ဖြင့် မဟာရန်ကုန် မင်္ဂလာဒုံတပ်မြို့ အမှတ်–၃/(ဂ) ရပ်ကွက်၊ ပညာဓေယျကျောင်း ဓမ္မသိမ်ကြီးကို သမုတ်တော်မူ၏။

၁၃၃၆ လယ်ဝေးမြို့နယ် ထန်းတပင် တောရ၌ စတင် ဝါကပ်တော်မူ

သာသနာ ၂၅၁၈၊ ကောဇာ–၁၃၃၆ခုနှစ်၊ (၁၉၇၄) သက်တော်အားဖြင့် ၅၃၊ ဝါတော်အားဖြင့် ၃၄–ဝါ တောရဆောင် ၁၁–ဝါမြောက်ဝါကို လယ်ဝေးမြို့နယ် ထန်းတပင်ရွာအနီး ထန်းတပင် တောရ၌ စတင် ဝါကပ်တော်မူသည်။

ထိုတောရကြီးမှာ ၁၅–ဧကခန့် ကျယ်ဝန်းပြီး သစ်ကြီးဝါးကြီးများဖြင့် ရေးဘုရင်များ လက်ထက်မှစ၍ ဓုတင်ဆောင် မထေရ်များသီတင်း သုံးခဲ့သော တောရကြီးဖြစ်သည်။ မူလ ကြာပင်တောရ ဟူ၍လည်း ပုံးတွဲလျက် ရှိခဲ့ရာ တောရ ဆရာတော် လက်ထက်၌ ထန်းတပင် တောရဟူ၍ တစေါင်းတည်း အမည်တစ်မျိုးတည်း သတ်မှတ် ခေါ်ဝေါ်ခြင်း ဖြစ်ကြောင်း သိရသည်။

အတောင် ၃၀–နှင့်အထက် သစ်ပင်ကြီးများဖြင့် ဓုတင်ဆောင် မထေရ်များစွာတို့၏ စိတ်နှလုံးကို အေးမြစေသော၊ အရိပ်အာဝါသ ရှိသော တောရကြီး ဖြစ်သည်။

၁၃၃၇ ခုနှစ် နဘူးကျောင်း ရန်ကင်းတောရ၌ ဝါကပ် သရက်ကန်ဆရာတော် ထေရုပ္ပတ္တိ ရေးတော်မူ

ကောဇာ ၁၃၃၇ ခုနှစ် (၁၉၇၅) ရမည်းသင်း မြို့နယ်၊ နဘူးကျောင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူသည်။ သရက်ကန်ကျောင်းတည် ဆရာတော် ဘဒ္ဒန္တ ဥက္ကံသ (ဝိနယဂရုက) ၏ ထေရုပ္ပတ္တိ အကျဉ်းကို ပါဠိမြန်မာ ၃၃–ဂါထာတို့ဖြင့် အနန္တဂုဏ်ရှင် ဖြစ်သော ဆရာသခင်ကျေးဇူးရှင်ကို သတိရ အမှတ်ရလျက် ထိုဆရာတော်၏ ကျေးဇူးဂုဏ်ကို အကျွန်ုပ်သည် ပူဇော်ပါ၏ဟု အပြီးအဆုံးနိဂုံး၌ တောရဆရာတော် ရေးသားဖော်ပြထားသည်။*

* တောရဆရာတော်၏ သရက်ကန်ဆရာတော် ထေရုပ္ပတ္တိအကျဉ်း–

သရက်ကန်ရွာနှင့် ပထမကျောင်းတည် သရက်ကန် ဆရာတော်ဟူသော ခေါင်းစဉ်ဖြင့် ဤစာစု၏ အစပိုင်း၌ သရက်ကန် ဆရာတော်အကြောင်း မိတ်ဆက်တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ထိုသရက်ကန် ဆရာတော်မှ တောရဆရာတော်လောင်းလျာဘဝ ဆုံးမခဲ့သော ဩဝါဒအချို့ကိုသာ ယခုအခါ၌ တင်ပြပါတော့မည်။

၁။ နိုးယူစရာ ဘဏ္ဍာမရှိအောင်နေရန်

ရဟန်းထံ၌ လူတို့ အလိုရှိသော ပစ္စည်းဘဏ္ဍာမရှိခြင်းသာ ကောင်းလှပေ၏။ အဘယ်ကြောင့်နည်း? နိုးယူစရာပစ္စည်းဘဏ္ဍာ မရှိသောကြောင့်တည်း။ ဤစကားသည် ထိုသရက်ကန် ပထမ ဆရာတော်၏ အဆုံးအမဖြစ်ပေ၏။

၂။ ရဟန်းလောဘ လေးအနန္တ

ရဟန်း၏ လောဘသည် အနန္တလေးခုမျှ ရှိ၏။ သမုဒ္ဒရာကြီးကဲ့သို့ ပြန့်ကျယ်၏။ ငါ့တပည့် ဤလောဘမျိုးရှိအောင် မပြုအပ်။ ဤစကားသည်လည်း ထိုသရက်ကန် ဆရာတော်၏ အဆုံးအမ ဩဝါဒ ဖြစ်ပေ၏။

၃။ ရဟန်းမွဲ လှည်းလေးစီးတိုက်

ဆင်းရဲနွမ်းပါးသော ရဟန်း၏ ပစ္စည်းဘဏ္ဍာတို့ကို လှည်းလေးစီးတို့ဖြင့် အကယ်၍ တိုက်ယူလောက်ငြားအံ့။ ထိုရဟန်းသည် ရှက်ဖွယ် ရယ်ဖွယ် ဖြစ်နေပေ၏။ ဤစကားသည်လည်း ထိုပထမဆရာတော်၏ အဆုံးအမ ဩဝါဒ ဖြစ်ပေ၏။

၄။ အလိုနည်း ရန်စကား

များစွာသော ဝတ္ထုကာမနှင့် ကိလေသာကာမတို့ကို ပယ်စွန့်ရန် ပြုကျင့်ထိုက်သော မြတ်စွာဘုရား သာသနာတော်၌ ဘဏ္ဍာပစ္စည်းတွေ များလာအောင် မလုပ်အပ်။ မကျင့်အပ်။ ဤသို့ အစရှိသော အလိုနည်းကြောင်း စကားအမျိုးမျိုးတို့ဖြင့်လည်း ဆုံးမတော်မူ၏။

ကိုးတောင်ပြည့်နှင့် လွမ်းစေတီ

သရက်ကန်ကျောင်းတည်ဆရာတော်၏ အရိုးအိုးတည်ရာ လွမ်းစေတီသည် သရက်ကန်ရွာ၏ အနောက်မြောက် ၁-မိုင်ခန့်၊ နဘူးကျင်း ရန်ကင်းတောရ၏ တောင်ဘက် ၁-မိုင်ခန့်တွင် တည်ထားရာ ယခုတိုင်ရှိသည်။ ကိုးတောင်ပြည့်ဘုရားကြီးနှင့် ကပ်လျက် ဖြစ်သည်။

အာစရိယနုဿရဏ

ရန်ကင်းတောရမှ နဘူးကျင်းရွာသို့ နံနက်တိုင်း ဆွမ်းခံကြွသော တောရဆရာတော်သည် ဆွမ်းခံလမ်း (တစ်နေရာတည်းသာ မြင်ရသောနေရာ) မှ မိမိဆရာ၏ အရိုးအိုးစေတီသို့ နေ့စဉ်ဖူးမျှော်သည်။

မိမိဆရာကို နေ့စဉ် အမှတ်ရနေတယ် 'အာစရိယနုဿရဏ' ပေါ့ဟု တောရဆရာတော် မိန့်သည်။

နှစ်စဉ်နှစ်တိုင်း ပူဇော်ပွဲပြုလုပ်ရန် တိုက်တွန်းခြင်း

ကျောင်းမရှိသေးသော ရွာ၌ ကျောင်းတည်ပေးသော ထိုဆရာတော်၏ ကျေးဇူးကား ကြီးမားလှ၏။ ကျောင်းရှိလျှင် သံဃာရှိမည်။ သံဃာရှိလျှင် သရဏဂုံ တည်နိုင်၏။ သရဏဂုံတည်၍ သီလစောင့်သုံးနိုင်လျှင် ဘေးလွတ်နိုင်၏။

ဤရွေ့ဤမျှ ကျေးဇူးများလှသော ဆရာတော်ကို အမှတ်ရကြကုန်လော့၊ နှစ်စဉ်နှစ်တိုင်း ပူဇော်ခြင်းကို ပြုကြကုန်လော့ဟူ၍ တိုက်တွန်းစာရေးသားပြီး ၁၃၃၇-ခုနှစ်၊ စတုတ္ထအကြိမ် အာစရိယ ပူဇော်ပွဲတွင် တောရဆရာတော်ကိုယ်တိုင် ဖတ်ကြားပူဇော်ခဲ့သည်။ တောရဆရာတော်အသံဖြင့် အသံသွင်း တိတ်ခွေရှိသည်။ (တိတ်ခွေအလှူရှင်များမှာ ဦးသာဖြူ + ဒေါ်ဟန်စိန်၊ ဦးလှမောင် + ဒေါ်ကလေးမ၊ ဦးလှဒင် + ဒေါ်ခွေးပုတို့ ဖြစ်သည်)။

မှတ်ချက် (ပထမဝါတော် ၂၀-ကာလ၏ ဒုတိယ ၁၀-ဝါကာလတွင် သရက်ကန်ဆရာတော် ပူဇော်ပွဲသို့ တောရဆရာတော် နှစ်စဉ်လိုပင် ကြွရောက်ခဲ့သည်။)

ရွှေစင်ရုပ်မှ ရွှေသားရုပ်သို့

သရက်ကန်ဆရာတော်အကြောင်းနှင့် စပ်လျဉ်းသမျှ တင်ပြခဲ့ပြီးသော စာများသည် တောရဆရာတော် ရေးခဲ့သမျှမှ လိုရာ ကောက်နှုတ် တင်ပြခြင်းသာ ဖြစ်ပါသည်။

ဤတင်ပြချက်များအရ သရက်ကန်ဆရာတော်သည် တောရဆရာတော်ဖြစ်လာမည့် တပည့်အား ပန်းပုဆရာလက်ထဲ၌ လိုချင်သည့်ပုံစံရအောင် ပထမဦးဆုံးထုဆစ်ခဲ့သောပန်းပုဆရာဖြစ်လေသည်။

သရက်ကန်ဆရာတော် ထုဆစ်ခဲ့သော ပန်းပုရုပ်ကို ကံကြီးဆရာတော် ဦးဝိမလ (ဦးရှင်)၊ သက္ကယ်ကျောင်းဆရာတော် ဦးသီဟ စီးဖြူကုန်းဆရာတော် ဦးဥက္ကံသ အရှင်တို့ကလည်း အချိုးကျလှပအောင် ဝိုင်းဝန်းထုဆစ်ခဲ့ကြသည်။

ယင်းကဲ့သို့ လှပ၍ မြတ်နိုးစရာကောင်းသော ပန်းပုရုပ်ကို ရွှေစင်သွန်းလောင်းပေးခဲ့သည့် ဆရာတော်ကား ဘုရားဖြူဆရာတော် ဘဒ္ဒန္တ ပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ)ပါတည်း။

ထို ရွှေစင်ရုပ်ကို ရွှေသားရုပ်အစစ်၊ ရွှေသားအစစ်ဖြစ်လာအောင် သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် လှနတ်ဦးခိုက် ပူဇော်ခြင်း၊ မြတ်နိုးခြင်း မဝ ဖြစ်လာရအောင် ပါရမီတော်များကို ဖြည့်ကျင့်ခဲ့၊ အသက်သွင်းခဲ့သူ အရှင်ကား တောရဆရာတော် ကိုယ်တိုင်ပင် ဖြစ်ပါသည်။

ဤစကားများကို အဘယ်ကြောင့်ဆိုပါသနည်း။ ဆက်စပ်နေသော အကြောင်းအရာများဖြင့် မှတ်သားလိုက်နာဖွယ်လည်း ကောင်းလှသည့် မဟာဂန္ဓာရုံ ဆရာတော်၏ တစ်ဘဝသာသနာမှ စာအချို့ကို ကောက်နုတ်၍ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။*

ကျေးလက်တောရွာများ၏ ပန်းပုဆရာများ

လိမ္မာတတ်ကျွမ်းသူ လိုအပ် - တောသူတောင်သားများသည် အလွန် ရိုးသားကြ၏။ စိတ်ထားလည်း ဖြူစင်တတ်ကြ၏။ မာယာဉာဏ် များ၍ ဆန်းပြားကွေ့ကောက်သော ပတ်ဝန်းကျင်တို့၏ လွှမ်းမိုးမှုကို မခံရသဖြင့် တောရပ်ဒေသ သဘာဝပင်ကိုအတိုင်းပင် အများအားဖြင့် ရိုးသားတတ်ကြပါသည်။ ထိုအခြေအနေသည် ပန်းပုဆရာ လက်ထဲ၌ ပုံကြမ်းပင် မလောင်းရသေးသော သစ်ရိုင်းတုံးများသဖွယ် ဖြစ်ကြပါ၏။

---

* အရှင်ဃောသိတ၏ မဟာဂန္ဓာရုံဆရာတော် တစ်ဘဝသာသနာ

ပုံသွင်းသမား၏ လက်ထဲမှာ

သစ်ရိုင်းတုံးများကို ဘီလူးရုပ် ပုံကြမ်းလောင်း၍ ပန်းပုဆရာက ဘီလူးရုပ်ထုလိုက်လျှင် ကြောက်စရာကောင်းသော ဘီလူးရုပ်များ ဖြစ်လာကြမည်။ မင်းသားရုပ်ပုံစံချ၍ လုလုပပကလေး ထုလျှင်လည်း ချစ်စရာ မြတ်နိုးစရာကောင်းသော မင်းသားရုပ်ကလေးဖြစ်လာပါမည်။ ပုံသွင်းသမား ဖြစ်စေနိုင်သော အခြေအနေတွင် ရှိကြ၏။ ဤကား တောသူတောင်သား ကလေးသူငယ်များနှင့် ဒါယကာ ဒါယိကာမများကို ဆိုလိုပါသည်။

တစ်ဖန် ကျေးလက်တောရွာများ၏ ပန်းပုဆရာများ ဟူသည်လည်း အခြားသူများမဟုတ်ပါ။ တောရွာများတွင် ကျောင်းထိုင်တော်မူနေကြသော တောဘုန်းတော်ကြီးများကို ဆိုလိုပါသည်။ (အမရပူရမဟာဂန္ဓာရုံ ဆရာတော်၏ တစ်ဘဝ သာသနာ စာ ၁၅၉)

မော်ကြည့်ခံ သာသနာ အခြေမခိုင်လျှင် အဖျားယိုင်မည်

လေးသချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်မှ ပေါ်လာသော သာသနာ၊ အစပိုင်း မင်းညီမင်းသား သူဌေးသူကြွယ် လွန်တင့်တယ်သည့် သာသနာ၊ မော်ကြည့်ခံရသော သာသနာ၊ ယခုအခါ အဆင်ခြင်ကင်းမဲ့ သီလ၊ သမာဓိ ပညာနည်းပါးသော အချို့ပုဂ္ဂိုလ်များကြောင့် အထင်သေးသော ငုံ့ကြည့်ခံဘဝသို့ ရောက်နေတော့သည်။

သို့ကြောင့် အခြေခံကျသော ကျေးလက်ဒေသများ၌ ပန်းပုဆရာကောင်းများ ရှိဖို့ လိုအပ်ကြောင်းနှင့် အခြေခံမခိုင်လျှင် အဖျားယိုင်မည်မှာ ဓမ္မတာတည်းဟု ဖော်ပြထားပါ၏။

တာဝန်သိသူတိုင်း တာဝန်ထမ်းရန်

မိမိတို့ မျိုးရိုးကို မတိမ်ကောလိုသူတိုင်း၊ မျိုးရိုးအစဉ်အလာကို ထိန်းသိမ်းရသလို၊ တိုင်းပြည်ကို ချစ်မြတ်နိုးသူတိုင်း တိုင်းပြည်ညှိုးမှိန်မသွားရလေအောင် စောင့်ရှောက်ကြရ၏။ ထို့အတူ သာသနာကို မြတ်နိုးသူတိုင်းလည်း သာသနာ မညှိုးမှိန်ရလေအောင် စောင့်ရှောက်ကြရ၏။ ကြိုတင်ပြုပြင်ကြရ၏။ ဤကား မြတ်နိုးသူတိုင်း၏ တာဝန်တည်း(တစ်ဘဝ သာသနာ စာ ၁၂၂)

တောသို့ကြွ၍ သာသနာပြုတော်မူကြပါ

ဘုရားကိုယ်တော်မြတ်သည် တောမှာ ကျင့်၍ တောမှာပင် ပွင့်တော်မူခဲ့၏။ ရတနာသုံးပါးကို တောမှာပင် ဖူး၍ တောမှာပင် ပွင့်ပြီးလျှင် တောမှာပင် စတင် လန်းဆန်းခဲ့ပါသည်။ ထို့နောက်တွင်လည်း ရှင်တော်ဗုဒ္ဓသည် တောမှာပင် အစဉ်သီတင်းသုံး၍ တစ်ဘဝလုံး တောမှာ ပျော်တော်မူခဲ့၏။ ဘပည့်သားတို့အားလည်း တောမှာပင် နိဝင်ချဉ်းကပ်ခြင်းကို ချီးမွမ်းတော်မူခဲ့သည်။ ဤသည့် အကြောင်းတို့ကို ထောက်တွေး၍၊ သာသနာရေးစိတ်၌ ဝင်စားကြသော ရဟန်းတော်တို့က တောသို့ ကြွ၍ သာသနာတော် ပြုတော်မူကြပါဟု ပန်ကြားပါ၏။

(မဟာဂန္ဓာရုံ၏ တစ်ဘဝသာသနာ စာ ၁၆၀-၌ ဖော်ပြပါရှိလေသည်။)

ထန်းတပင်တောရ ကျောင်းအမ ဒေါ်စောညွန့်နှင့် အမျိုးကောင်းမှုတိုက်ကျောင်း

သာသနာ ၂၅၂၀ ကောဇာ ၁၃၃၈–ခုနှစ် (၁၉၇၆) လယ်ဝေးမြို့နယ် ထန်းတပင်တောရ၌ ဝါကပ်တော်မူသည်။

၁၃၃၈–ခု၊ ဝါဆိုလဆန်း ၁၀–ရက်၊ ကျောင်းအမ ဒေါ်စောညွန့်နှင့် အမျိုးကောင်းမှုဟူ၍ ထန်းတပင်တောရ တိုက်ခံကျောင်း၊ ကမ္မာသုံးနှစ် (၅၊ ၇၊ ၇၆) ပြီးသည်ဟု ကမ္မည်းထိုးထားသည်။

ထိုနှစ်၌ သိမ် ၂–လုံး သမုတ်တော်မူခဲ့သည်။ အောက်ပါ သိမ်များ ဖြစ်သည်။

သိမ်အမှတ် ၉–ရွှေစည်းခုံသိမ်

သာသနာ ၂၅၂၈၊ ကောဇာ ၁၃၃၈–ခုနှစ်၊ နတ်တော်လဆန်း ၁၄–ရက်(၄.၁၂.၁၉၇၆) စနေနေ့ည တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၅၀–ကျော် တို့သည် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင် ရမည်းသင်းမြို့ ရွှေစည်းခုံဘုရားအနီး ရွှေစည်းခုံ ခဏ္ဍသိမ်ကြီးကို သမုတ်တော်မူသည်။

သိမ်အမှတ် ၁၀–အောင်ချမ်းသာ ကျောင်းသိမ်

သာသနာ ၂၅၂၈၊ ကောဇာ ၁၃၃၈–ခုနှစ်၊ တပေါင်းလဆန်း ၁၄–ရက်(၂.၃.၁၉၇၇) ဗုဒ္ဓဟူးနေ့ည၊ ၈–နာရီ ၄၅–မိနစ်အချိန် တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၀–ကျော်တို့သည် ရမည်းသင်းမြို့နယ် ထီးလှိုင်ဂါမခေတ် အောင်ချမ်းသာကျောင်း ခဏ္ဍသိမ်ကြီးကို သမုတ်တော်မူသည်။

၁၃၃၉–ခုနှစ် လယ်ဝေးမြို့နယ် ထန်းတပင် တောရ၌ဝါကပ်တော်မူ

သာသနာ ၂၅၂၁၊ ကောဇာ ၁၃၃၉–ခုနှစ် (၁၉၇၇) သက်တော် ၅၆–ဝါတော် ၃၇–လယ်ဝေးမြို့နယ် ထန်းတပင်တောရကြီး၌ပင် ဆက်၍ ဝါကပ်တော်မူသည်။

ထို ၁၃၃၉–ခုနှစ် အောက်ပါ သိမ် ၁–လုံးသာ သမုတ်တော်မူသည်။

သိမ်အမှတ် ၁၁–ငှက်သိုက်ကျောင်းသိမ်

သာသနာ ၂၅၂၁၊ ကောဇာ ၁၃၃၉–ခုနှစ်၊ ပထမဝါဆိုလပြည့် ၁၅–ရက် (၃၀.၆.၁၉၇၇) ကြာသာပတေးနေ့ ည ၈–နာရီ ၅–မိနစ်ကျော် အချိန် တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၇–ပါးတို့သည် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ထီးလှိုင်ဂါမခေတ် ငှက်သိုက်ကျောင်း ခဏ္ဍသိမ်ကြီးကို သမုတ်တော်မူကြသည်။

၁၃၄၀ ခုနှစ် ရမည်းသင်း ရွှေခါး ရွှေမင်းဝံ တောရ၌ ဝါကပ်တော်မူ

ကောဇာ ၁၃၄၀–ခုနှစ်၊ သက်တော် ၅၇–ဝါတော်၊ ၃၈–ရမည်းသင်းမြို့ ရွှေခါး ရွှေမင်းဝံတောရ၌ ဝါကပ်တော်မူသည်။

ထိုနှစ်ဝါဆိုလမတိုင်မီ မိမိစာရေးသူတောရဆရာတော်ကို သတိရသဖြင့် ရွှေမင်းဝံ တောရသို့ ရောက်သွားသည်။ တောရဆရာတော် ရွှေမင်းဝံသို့ မရောက်သေး၊ ကံကြီးကျောင်းရောက်မှ သိမ်အတွင်း

ဖူးတွေ့ရ၍ ရွှေမင်းဝံဦးပဥ္စင်းက 'ဒီနှစ် ဝါ ရွှေမင်းဝံမှာ ဝါဆိုတော်မူပါ၊ ကျောင်းဒကာက အုတ်ဂူတိုက်ကျောင်း တောရဆရာတော်ကို ရည်မှန်း၍ ဆောက်လှူပြီးနေပါပြီ'မှာလိုက်ပါသည်ဟု မိမိကလျှောက်၏။

'မင်းဟာ အရပ်တကာသွား၊ သီတင်းတွေ့သယ်လာ၊ ငါ့နောက်လိုက်။ ငါ့ကိုလျှောက်။ နောင်ကို ဘယ်မှာ ဝါကပ်မယ်လို့ ကြိုမပြောတော့ဘူး၊ ပေးထားပြီးကတိတွေလိုက်ဆပ်နေရတာနဲ့ မပြီးတော့ဘူး' ဟု တောရဆရာတော်က ဆို၏။

ထေရုပ္ပတ္တိဘဝဖြစ်စဉ် ရေးမှတ်ခြင်း စတင်

ထိုအချိန်၌ တောရဆရာတော်နှင့်အတူ ဘုရားဖြူဆရာတော် ဦးနရိန္ဒာဘိဝံသလည်း ရှိ၏။ ဦးကြီးဦးရှင်နှင့် ဦးကြီးဦးစံဖြူတို့လည်း လာဖူးနေကြ၏။ ကံကြီးကျောင်းဆရာတော် ဦးဓဝနယံ မိမိက ဗလာစာအုပ်တစ်အုပ် ချီးမြှင့်ပေးပါ၊ တောရဆရာတော်၏ ဘဝဖြစ်စဉ် ဝါဆိုစဉ် ရေးမှတ်ချင်ပါသည်။ အရှင်ဘုရားက ခွင့်တောင်းပေးပါဟု လျှောက်၏။ မှတ်တမ်းမရှိလျှင် ကြာတော့ မေ့ပါလိမ့်မည်။ ရေးခွင့်ပေးလိုက်ပါဟု ကံကြီးဆရာတော် ဦးဓဝနက ပြောပေး၍ ရေးမှတ်ခွင့်ရခဲ့၏။

မွေးဖွားခြင်း ပညာသင်ခြင်း ရှင်ပြုခြင်း ရဟန်းပြုခြင်းများ ခေါင်းစဉ်ဖြင့် ရေး၏။ တောရဆရာတော်က ဖြေ၏။

ရဟန်းပြုခြင်းခေါင်းစဉ်အရောက်၌ ရဟန်းပြုဖို့ အချိန် နေ့ရက် နေရာ ဥပဇ္ဈာယ် ဆရာရွေးတာမင်းရဲ့ ဦးကြီးဆရာကြီး ဦးရှင်ရွေးတာ ဦးကြီးကိုမေးဟု မိန့်၏။

(ဦးကြီးဦးရှင်မှာ မိမိ၏ ဘခင် ဦးကြည်၏ အစ်ကိုဝမ်းကွဲတော်၏) ဦးကြီးဦးရှင်က ဆက်၍ ဖြေခဲ့၏။ စီးဖြူကုန်းကျောင်းသို့ ကိုယ်တိုင်လိုက်ပို့ အပ်နှံပေးခဲ့ကြောင်းများ ရေးမှတ်ခဲ့၏။

မဟာသီဟနာဒဆရာတော်ကြွလာ

ယင်းသို့ရေးမှတ်နေချိန် တပ်ကုန်းမြို့ မဟာသီဟနာဒတိုက် ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏ (ယခုအဂ္ဂမဟာပဏ္ဍိတ) နှင့် တပည့်ရဟန်းတော်များ ပါရောက်လာပြီး မဟာသီဟနာဒစာသင်တိုက်ကြီးတွင် သိမ်သမုတ်ပေးတော်မူပါရန် လျှောက်ထားကြ၏ စာရေးမှတ်လက်စရပ်ရတော့၏။

(မဟာသီဟနာဒ ဆရာတော်၏ ဓမည်းတော်မှာ ဦးဘိုးရင်ဖြစ်ပြီး ဦးကြီးဦးရှင်၏ ညီအရင်းဖြစ်၍ မဟာသီဟနာဒ ဆရာတော်မှာ ဦးကြီး၏ တူအရင်း ဖြစ်လေသည်။)

ထိုနေ့ညနေ အရှင်မြတ်ကြီးများ၏ စကားဝိုင်း၌ တောရဆရာတော်၏ထံမှ မိန့်ကြားချက်များ မှတ်သားခဲ့သည်မှာ ရဟန်းတရားကျင့်ရာ၌ ဝိနည်းသည် အရေးကြီး၏။ ရဟန်းဘဝအပြစ်များမှ လွတ်စေရန် သေက္ခတောင်ဆရာတော် ဦးတိလောကနှင့် ဆရာတော် ဦးဓမ္မိတို့မှာ နောက်ပိုင်း ရသေ့ဘဝသို့ ကူးပြောင်းသွားပြီး တရားကျင့်ကြသည်ဟု ကြားသိရကြောင်းများ ပါရှိလေသည်။

ရသေ့ ငွေကိုင်နိုင်

ရသေ့မှာ ငွေကိုင်နိုင်၊ သစ်ပင်စိုက်နိုင်၊ ကိုယ်တိုင်ချက်ပြုတ်စားသောက်နိုင်၊ ငွေကိုင်ပြီးဘုရားတည်၊ ကျောင်းဆောက်နိုင်၍ အပြစ်မရှိကြောင်း မိန့်၏။

တောရဆရာတော်မှုကား မြင့်ရာမှ နိမ့်ရာသို့ မဆင်း၊ မြင့်ရာမှ မြင့်ရာသို့သာ ရှေးရှု၊ ငွေကိုအဆိပ်၊

ဂုဏ်သတင်းကျော်ကြားခြင်းကို ဘင်သို့တစ်မျှ၊ နလုံးသားမှာ စွဲမှတ်တော်မူ၍ ရဟန်းတရား စုတင်ဆောင်ခရီးဖြင့် ဖြောင့်ဖြောင့်တန်းတန်း တစိုက်မတ်မတ် လျှောက်လှမ်းတော်မူခဲ့လေသည်။

'တန်ဖိုး သတ်မှတ်၍ရသော ပစ္စည်းဥစ္စာအရာအားလုံးသည် ထိုတန်ဖိုးထက် မကျော်လွန်၊ မြင့်မြတ်မှု၌ကား တန်ဖိုးသတ်မှတ်၍ မရကောင်း မနိုင်းယှဉ်အပ်။'

ရမည်းသင်းဆင်ကျူးနှင့်ဆီစက်ဦးပေါလှိုင် ထံလွှတ်

ထိုနေ့ညနေ စကားဝိုင်းအပြီး တောရဆရာတော်က မိမိအား 'မင်း မနက်ဖြန် ရမည်းသင်းမြို့ကို သွား၊ ဆင်ကျူးတောရ ဆရာတော်ထံမှာ ထီး၊ ဖိနပ်၊ သင်္ကန်းများနှင့် တိပိဋကရေ ဆရာတော် ၅-ပါး ထေရုပ္ပတ္တိ စာအုပ်ပါယူခဲ့။ ပြီးတော့ ဆီစက်ဦးပေါလှိုင်အိမ်ကိုသွား။ သဘက်ခါမနက်၊ ဆွမ်း ၂- ပါးစာ ဂျိုင့်နှင့် ယူ၊ ဂျစ်ကားနှင့် ဖျဉ်းမနားမြို့လိုက်ပို့ရန်၊ ပြတိုက်ကားဂိတ်ကို နံနက် ၇-နာရီ အရောက်လာခဲ့ပြော' ဟု မိန့်၏။

ဆီစက်ဦးပေါလှိုင် မိသားစုမှာ ပစ္စည်းလေးပါးအလှူခံပါ။ ခရီးသွားစရာရှိက ဂျစ်ကားလှူပြ၏။ ကြိုတင်လျှောက်ထားခြင်း ရှိပြီးဖြစ်သောကြောင့် နိုင်းခြင်းဖြစ်ကြောင်း သိရ၏။

မိမိအား နိုင်းသည့်အတိုင်း နောက်နေ့ရမည်းသင်းသို့ သွား၏။ ဆောင်ရွက်ခဲ့၏။ ပြန်လာပြီး လျှောက်၏။ 'ငါ့နောက် တကောက်ကောက်လိုက်နေတဲ့အကောင် ဒဏ်ပေးလိုက်တယ် မှတ်ပြီလား' ဟု တောရဆရာတော် မိန့်၏။

မိမိမှာ မိမိနှင့် တန်ရာကို နိုင်း၍ ရိုးဖြောင့်ခြင်း ဖြစ်သည်ဟု ဝမ်းသာမိ၏။ ဒါလောက်ကလေးများ၊ နည်းတောင်နည်းသေး၊ တောရဆရာတော် ဝေယျာဝစ္စ ဆောင်လိုက်ရသည်ကို ဘခင်ကြီးနှင့် ဆွေမျိုးများသို့ သိန်းထိပေါက်သလောက် ကြွားခဲ့၏။ ဘခင်ကြီး ဦးကြည်က ဒီအကောင်နဲ့ဆရာတော် ဘာအကြောင်း အဆက် ရှိခဲ့သလဲမသိ ဟု ထပ်၍ ပြောခဲ့သည်ကို ယနေ့တိုင် မမေ့။

ဘုရားဖြူဆရာတော်ဦးနရိန္ဒာဘိဝံသ ထန်းတပင်တောရ၌ ဝါကပ်တော်မူ

ကောဇာ ၁၃၄၀-ခုနှစ်၊ ဘုရားဖြူဆရာတော် ဦးနရိန္ဒာဘိဝံသ (ယခုအခါ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မှာ တောရဆရာတော် ထံသို့ ကြွလာတော်မူ၍ စုတင်ဆောင်တော်မူပြီး ထန်းတပင် တောရ၌ ဝါကပ်တော်မူသည်။ တောရဆရာတော်မှာ ရွှေဒါးရွှေမင်းဝံတောရ၌ ဝါကပ်တော်မူသည်။

ဦးထွန်းခင်တို့သားအဖ ရွှေမင်းဝံတောရသို့ လိုက်၍ သွားခဲ့ကြ

ရမည်းသင်းမြို့ ရွှေဒါးရွှေမင်းဝံတောရမှာ တောရဆရာတော် ဝါကပ်သည်ဆိုသော သတင်းအရ ဦးထွန်းခင်နှင့် သားအကြီးတို့လိုက်သွားကြ၏။ တောရဆရာတော်မှာ တောစပ်အနီး သင်္ကန်းများကို ကျောင်းလုပ်၍ အတွင်းမှာ တရားတော်ကို ရှုမှားနေသည်ဆို၏။ ခွေ့အကြာ မနေနိုင်၍ 'ဆရာတော်ဘုရား၊ တပည့်တော် ထွန်းခင်ပါဘုရားဟု လျှောက်၏' နံနက် ၁၁-နာရီခန့်ဖြစ်၏။ 'မင်းတို့ သားအဖ

ထမင်းစားပြီးပြီလား၊ ကျောင်းကို သွားကြ ငါက လွှတ်လိုက်တယ်ပြော၊ ထမင်းစားပြီး ပြန်ကြ' ဟု မိန့်လိုက်သည်ဆို၏။

ထမင်းစားပြီး ဦးထွန်းခင်က မပြန်သေး တောရဆရာတော်ထံ ပြန်သွား၏။ 'မင်း ဘာလာ လုပ်ပြန်တာလဲ' မေး၏။ တပည့်တော် 'ဆင်းရဲတယ် ဘုရား၊ သားကြီးက ၄ တန်း တက်နေပြီ။ တပည့် တော်ကို ငါးပါးသီလပေးပါ ဘုရား' လျှောက်၏။ မင်းတော်တော် ခက်တဲ့အကောင်ပဲ၊ မင်းလည်း ရမည်းသင်းမြို့က ကိုသန်ဒိုင်လို ဖြစ်နေပြီ၊ ငါဆီလာ ရင် ချမ်းသာနိုးနိုး ဘာဖြစ်နိုးနိုး ပြောနေသတဲ့' ဟု မိန့်၏။

ဦးထွန်းခင်က 'အဲဒီအတိုင်း အမှန်ပါပဲ ဘုရား၊ တပည့်တော် အရှင်ဘုရားရဲ့ ထီး ဖိနပ်ကိုင်ခဲ့ တဲ့ ထွန်းခင်ပါ၊ ငါးပါးသီလပေးပါဘုရား' ဟု ထပ် လျှောက်၍ မနေသာတော့သဖြင့် တပည့်ကြီး တောင်း ဆိုသည့်အတိုင်း လိုက်လျောရသော ဟူ၏။

တောရဆရာတော် သမာဓိအားကောင်းနေ ချိန် မိမိ၏ဆန္ဒအရ ငယ်စဉ်က ပြုခဲ့သည်ကို ယခု ကြီးမှ သတိပြုမိတော့တယ်ဟု ဦးထွန်းခင်က ပြော၏။

ဦးထွန်းခင်မိသားစုမှာ ထိုသည့်နောက် သားများ အင်ဂျင်နီယာဘွဲ့နှင့် သမီးများ ဘွဲ့အသီး သီးရကြ၏။ ခွဲလုံလဝိရိယဖြင့် ဂျပန် မလေးရှား ရောက် သဘော်သားဖြစ်၊ ယခုအခါ ဓမ္မထွန်း အော့ဖ်ဆက် စာပုံနှိပ်တိုက်ပိုင်ရှင် ဖြစ်၍နေပေပြီ။

ထန်းတပင်ရှာသား မောင်ဝင်းကြိုင် သဘော်သားဖြစ်လာ

ထိုနှစ်ဝါကျွတ်ပြီး တောရဆရာတော် ထန်းတပင်ပြန်ကြွလာ၏။ ဆရာတော် ဦးနရိန္ဒာဘိဝံသ နှင့်အတူ တောရဆောင်၏။ ထန်းတပင်ရှာသား မောင်ဝင်းကြိုင်က တောရဆရာတော် သပိတ်ဆေး ပေး၏။ 'ငါ့ဝတ်ထက် ဘုရားဖြူဆရာတော် သပိတ် ဆေးပေးလိုက်။ ထိုဆရာတော်နောက်လိုက်သွား ကျောင်းတက် နောင် မင်း ကြီးပွားမည်'ဟု မိန့်လိုက် သည်ဆို၏။

မောင်ဝင်းကြိုင် ဘုရားဖြူ ဆရာတော် နောက်လိုက်လာပြီး ရန်ကုန်တွင် ၉ တန်း၊ ၁၀ တန်း တက်၏။ မိုလ်မှူးတစ်ဦး၏ သမီးနှင့် အကြောင်း ဆက်၍ သဘော်သားဖြစ်လာ၏။ တောရဆရာ တော် မိန့်လိုက်သည့်အတိုင်း ဖြစ်လာတယ်ဗျာ ဟု ၁၃၅၅-ခုနှစ် ဗိုလ်အောင်ကျော်လမ်း သာစုကာရီ ဓမ္မာရုံမှာ တောရဆရာတော် ခေတ္တရောက်စိုက် ဆွမ်း လောင်းကြရာ မောင်ဝင်းကြိုင် ပြန်ပြောပြခြင်းကို ဖော်ပြလိုက်ပါ၏

မြင်အောင်ကြည့်ကြစေလို

သူတော်ကောင်းတရား ကျင့်သည့် 'သူတော်ကောင်းကြီးများနှင့် တစ်ကြိမ်မျှ ဖူးတွေ့ခွင့် ရက မရေမတွက်နိုင်အောင် အကျိုးများ၏' မသူတော်များကို အကြိမ် ၁၀၀-မက ပေါင်းဖော် ယှဉ်တွဲသော်လည်း အကျိုးမရ' ဟူသော အဆုံးအမ နှင့် သူတော်ကောင်းကြီးများ ရှိနေသည့်ကာလ မြင်အောင်ကြည့်၍ ဝေယျာဝစ္စ ကုသိုလ်မှုပင်၊ အရ မယူနိုင်ကြ မဖြစ်စေလို၍ တင်ပြခြင်းသည်း ဖြစ်ပါ ၏။

၁၃၄၀–ခုနှစ် သိမ် ၂–လုံး သမုတ်တော်မူ

၁၃၄၀–ပြည့်နှစ်၌ အောက်ပါသိမ်ကြီး ၂–လုံးကို သမုတ်တော်မူ၏။

သိမ်အမှတ် ၁၂–သာသနာရောင်ခြည်သိမ်

သာသနာ ၂၅၂၂၊ ကောဇာ ၁၃၄၀–ပြည့် နှစ် နှစ်ဦးတန်ခူးလပြည့်ကျော် ၁၃ ရက် (၅-၅-၁၉၇၈) သောကြာနေ့ နံနက်ခင်း ၈–နာရီ ၄၅–မိနစ်အချိန် ပဲခူးတိုင်း ကဝ မြို့နယ် သဏ္ဍလရွာ သာသနာ့ရောင်ခြည် ခဏ္ဍသိမ်ကြီးကို တောရဆရာတော် ဦးဆောင်၍ ရဟန်းတော် ၉၀–ကျော်ဖြင့် သမုတ်တော်မူခဲ့သည်။

သိမ်အမှတ် ၁၃–မဟာသီဟနာဒ ပဌမသိမ်

သာသနာ ၂၅၂၂ ကောဇာ ၁၃၄၀–ပြည့်နှစ် ဝါဆိုလ လပြည့်ကျော် ၁၄–ရက်၊ (၂.၈.၁၉၇၈) ဗုဒ္ဓဟူးနေ့ည ၁၁–နာရီ ၇–မိနစ်အချိန် ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်း ဂါမခေတ် မဟာသီဟနာဒကျောင်းတိုက် ပဌမခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၅–ပါး ကို့သည် သမုတ်တော်မူခဲ့ကြသည်။

မဟာသီဟနာဒတိုက်၏ဩဝါဒါစရိယ ဆရာတော်အဖြစ် အချိန်အခါမရွေး ကြွရောက်ပါမည့် အကြောင်း မဟာသီဟနာဒ ဆရာတော်က လျှောက်ထား၏။ ထိုနေ့ကလည်း ဩဝါဒချီးမြှင့်၏။ နောင်လည်း အခါအခွင့် သင့်တိုင်း ပရိယတ္တိသာသနာ အခြေခိုင်အောင် ရွက်ဆောင်နေကြသည်ကို ချီးမြှောက်အားပေးသောအားဖြင့် ကြွရောက်တော်မူလေ့ ရှိ၏။

၁၃၄၁–ခုနှစ်
နဘူးကျောင်းရန်ကင်းတောရ၌ ဝါကပ်

၁၃၄၁–ခုနှစ်။ (၁၉၇၈) တောရဆရာတော်၏ သက်တော် ၅၈–နှစ်၊ ဝါတော် ၃၉–ဝါ၊ တောရဆောင် ဝါတော် ၁၆–ဝါအရ ရမည်းသင်း မြို့နယ် နဘူးကျောင်း ရန်ကင်းတောရ၌ ပြန်လည် ဝါကပ်တော်မူ၏။ ဇာတိရွာ မိခင်ကြီးနှင့် ဆွေမျိုးများ အနီးသို့ ပြန်လည်ကြွလာချီးမြှောက် တော်မူခြင်းလည်း ဖြစ်ပါ၏။ မိခင်ကြီး၏ ကျေးဇူးများကို အမှတ်ရ သဖြင့် မိခင်ကြီး ထိုနှစ်၌ ကွယ်လွန်လိမ့်မည်ကို ကြိုတင်သိတော်မူသဖြင့် ပြန်လည်ကြွလာ ဝါကပ် တော်မူခြင်းပေလောဟု လူအများ၏ နှုတ်မှပြောဆို ကြသည်ကိုလည်း ကြားရပါ၏။

အဘယ်ကြောင့်ဆိုသော် အောက်ပါဖြစ်ရပ်သည် ရှိခဲ့ပြီးဖြစ်၍ လူအများ၏ နှုတ်မှ ပြောကြခြင်း လည်းဖြစ်ပါ၏။

ပြတိုက်ရွာ ဦးအောင်ဖေ မကွယ်လွန်မီ (၁) ရက်အလို ဆွမ်းရပ်ခဲ့

ပြတိုက်ရွာ ဦးအောင်ဖေ အိမ်ရှေ့သို့ တစ်နေ့သော နံနက်ပိုင်း တောရဆရာတော် ကြွတော်မူ၍ ဆွမ်းရပ်တော်မူ၏။ ဦးအောင်ဖေက ပိဋက ကျမ်းစာ ၂–ပုံ လှူပြီး ပြီဘုရား၊ ၁–ပုံအတွက် နှမ်းကျဲသွားမလို့ ထွန်ပြင်နေပါတယ် ဘုရား ဟု လျှောက်၏။

လှူရန်အတွက်လည်း လုပ်ပါ၊ တရားလည်း နှလုံးသွင်းပါ၊ သွားဆဲခဏ၊ လှမ်းဆဲခဏ၊ လှမ်းတိုင်း လှမ်းတိုင်းသော ခဏတိုင်းမှာ ဖြစ်ပြီးပျက် ပျက်သွား သည်ကို သိအောင် နှလုံးသွင်းပါဟု မိန့်တော်မူသည် ဆိုပါ၏။

ထိုနေ့က ဦးအောင်ဖေအိမ်မှ ဆွမ်းကို အလှူခံတော်မူ၍ ရှိုးမြှောက်တော်မူပြီး တရားလည်း လိုရင်း ရှိုးမြင့်ခဲ့၏။

နွေလာချိန်းသည် ဒုက္ခသစ္စာဖြစ်၏။ ဒုက္ခသစ္စာ၌ ထိုနွေလာသည် အချိန်အခါမရွေး ဖောက်လွဲဖောက်ပြန် ဖြစ်တတ်၏ဟူသော 'ဝိပရိနာမဒုက္ခ'၏ အနက်သဘောအရ–

နောက်တစ်နေ့၌ ဦးအောင်ဖေ ကွယ်လွန်ခဲ့၏။ တောရဆရာတော် ကြိုတင်သိတော်မူ၍ ထိုကဲ့သို့ ရှိုးမြှောက်တော်မူခြင်းဖြစ်သည်ဟု လူအများ နှုတ်မှ သတင်းပျံ့လွင့်သွား၏။ ဆရာတော်ကား ထိုနောက် သိသိသာသာကြီး ကြွတော်မမူတော့။

ဦးအောင်ဖေမှာ သဘာသနာတည်အောင် ဆွမ်းသမျှ ရွက်ဆောင်နေခြင်း၊ ငယ်စဉ်ကပင် ရင်းနှီးသော ဒကာ ဖြစ်ခြင်းများကြောင့် ဂတိမှားစေရန် ကယ်တင်ရှိုးမြှောက်တော်မူခြင်းဖြစ်ပေလိမ့်မည်။ ပြတိုက်ရွာမှ ကိုမွေး၏ ဘခင်ဖြစ်ပါ၏။

(ထိုအကြောင်းကို ယခင် ဗဟိုဝန်ထမ်း တက္ကသိုလ် နည်းပြအရာရှိ၊ မြို့နယ်တပ်ဖွဲ့မှူး ဦးမြင့်အောင် ယခု ဆရာတော် ဦးမဟိန္ဒ မဟာသီဟနာဒ တိုက် လှိုင်သာယာမြို့သစ်မှ မိန့်ခြင်းဖြစ်ပါ၏။)

ရဟန်း ၂–ပါး မယ်တော်ကြီး ဒေါ်အေးမှန် ၈၆–နှစ် ကွယ်လွန်

၁၃၄၁–ခုနှစ်၊ ပြာသိုလဆုတ် ၈–ရက်ည ၈–နာရီ ၃၀ မိနစ်အချိန် ကျေးရွာရှင် မိခင်ကြီး ရဟန်း ၂–ပါး၏ မယ်တော်ကြီး ဒေါ်အေးမှန် (၁၂၅၅–၁၃၄၁) သက်တော် ၈၆–နှစ်၌ ကွယ်လွန်ခဲ့၏။

ဘခင်ကြီး ဦးဘ (၁၂၅၄–၁၃၁၀) မှာ သက်တော် ၅၆နှစ်ကပင် ကွယ်လွန်ခဲ့၏။ မယ်တော်ကြီးက ဘခင်ကြီးထက် နှစ်ပေါင်း ၃၀–ကျော် လူ့ပြည်၌ နေခွင့်ရခဲ့၏။ သားကြီးရဟန်းနှင့်သားအငယ်ဆုံး ရဟန်းများ ဖူးမြင်ခွင့်နှင့် သမီးဒေါ်ပြုံးနှင့် အတူနေခွင့်ရ၏။

မယ်တော်ကြီး၏ရုပ်ကလာပ်ကို တောရဆရာတော်သီတင်းသုံးသည့် ရန်ကင်းတောရ ပရဝုဏ်အတွင်းမှာ မီးသင်္ဂြိုလ်၏။ မီးဖုတ်၏။ ထိုသို့ပြုခြင်းမှာ မီးဖုတ်ပြီးသော ကာလမှစ၍ တစ်ဆယ့်နှစ်နှစ် (၁၂) နှစ်တိုင် 'သုသာန်မည်၏'ဟု ဓုတင်အဆုံးအဖြတ်ကျမ်းက ဆိုသောကြောင့် နေညဥ့်တို့ပတ်လုံး သုသာန်ဓုတင်ကို ဆောင်သည်မည်တော့၏။

ဘုရားဖြူဆရာတော်ဦးဝဏ္ဏိမာနှင့်ကျွန်းခေါင်းကြီး

မယ်တော်ပျံသို့ ဘုရားဖြူဆရာတော် ဦးဝဏ္ဏိမာ(အဂ္ဂမဟာပဏ္ဍိတ) လည်းကြွ၏။ ရန်ကင်းတောရရှိ ဒေါ်ဆယ်မိ(ကံကြီးရွာ) လှူသော သစ်သားကျောင်းမှာ သီတင်းသုံး၏။ မယ်တော်ကြီး၏ ရုပ်အလောင်းထည့်ခဲ့သော 'ကျွန်းခေါင်းကြီးကို ငါနေတဲ့ ကျောင်းရှေ့မှာ လာထားတယ်၊ နေ့ဘက်မှာ နေပူ၊ ညဘက်မှာ အေးတော့ ခေါင်းကြီးက တဖျတ်ဖျတ်နဲ့ အသံမြည်တယ်ကွာ၊ ငါ့မှာ ညညဆို အိပ်မရဘူး' '၂–ရက် ၃–ရက်ကြာတော့ ရိပ်မိဟန်တူပါရဲ့၊ ငါ့ကို အားနာပြီး ကျွန်းခေါင်းကြီးတစ်ခြားကို ရွှေ့ပေးမှ အိပ်ရတော့တယ်' ဟု ဘုန်းကြီးဦးဝဏ္ဏိမာ ပျံလွန်တော်မမူမီ ရယ်ရယ်မောမော မျက်ရည်ကျမတတ် ပြောခဲ့ မိန့်ခဲ့သည်ကို အမှတ်ရ မြင်ယောင်နေမိပါ၏။

စာရေးသူ မိမိအနေဖြင့်လည်း အကယ်၍ များ စုတင်ဆောင်ရဟန်းဘဝဖြစ်က သုသာန် စုတင် ဆောင်ခြင်းကို တွေးကြောက်မိပါ၏။ လန့်မိပါ၏။

မယ်တော်ကြီး အရိုးများ အိုးဖြင့် ထည့်၍ ယခင်ဘခင်ကြီး ဦးဘ၏ အရိုးအိုးပါ၊ အုတ်ဂူတွင် ထည့်၊ အပေါ်မှ ကျောက်တိုင်စိုက်ထား၏။ ရဟန်း နှစ်ပါး၏ ခမည်းတော် မယ်တော်များ၏ အမည်၊ အသက်၊ ကွယ်လွန်ရက်များ ရေးထိုး၍ နဘူးကျောင်း သုသာန်၌ ရှိ၏။

ထင်ရှားသူ မထင်ရှားသူ သေဆုံးကြသော ရွာသူရွာသားများ၏ ရုပ်အလောင်းများ ထိုသုသာန်၌ မြှုပ်ကြ မီးဖုတ်ကြ၏။စွမ်းနိုင်သူတို့က အုတ်ဂူသွင်း ကြ၏။

ဦးမောက်နှင့် ဦးသက်ရှည်ဆိုသော်လည်း

ထိုအထဲတွင် သူကြီးအဖြစ်နှင့် ပထမဆုံး ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဉက္ကဋ္ဌအဖြစ် ရှိခဲ့သူ ဦးမောက်နှင့် အရာခံဗိုလ် ဦးသက်ရှည်တို့လည်း အုတ်ဂူကိုယ်စီဖြင့် လဲလျောင်း၍ ဤနေရာသို့ ရောက် နေခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့ပြီ ဖြစ်ပါ၏။ ထိုသူတို့၏ အုတ်ဂူများ ဆွမ်းခံလမ်းဘေးမှာ ရှိပါ၏။ ဦးမောက် သူကြီးဆိုတာလည်း ကာလတစ်ခု၊ ဦးသက် ရှည် ဆိုတာလည်း ကာလအပိုင်းအခြား တစ်ခု အတွင်းမှာသာ အသက်ရှင်နိုင်ကြတာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းထောင်လွှား အမြင်မှားအယူမှား မနေကြနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ မမြဲဆင်းရဲ အစိုးမရခြင်း သဘောကို မြင်အောင်ကြည့်ကြ၊ နလုံး သွင်းကြဟု တောရကျောင်း လာသူ၊ ပြန်သူ၊ ရဟန်း နှင့် လူအပေါင်းတို့အား ခမည်းတော် မယ်တော်များ၊ ဦးမောက်နှင့် ဦးသက်ရှည်တို့က ပြောပြနေဟန် ရှိပါ၏။

ဤနေရာ၌ ကျေးဇူးတော်ရှင် မန်လည် ဆရာတော်ဘုရားကြီး၏ မိန့်ဆိုချက်ကိုလည်း သံဝေဂယူနိုင်ကြပါစေရန် တင်ပြအပ်ပါ၏။

"သုံးဆယ့်တစ်ရွာ၊ သတ္တဝါတို့၊ ခန္ဓာ
ဟုဆို၊ ရှိတိုင်းကိုယ်လည်း၊၊ အိုတစ်
ရွေ့ရွေ့၊ နောက်ဆုံးနေ့၌၊ စုတေမမြဲ၊
ပြိုကွဲအားလုံး၊၊ သေခြင်းဆုံး၏။"

(မဃဒေဝ ပိုဒ်ရေ–၁၀၆)

သုသာန်ဓုတင်ညစဉ်ဝင်ခဲ့

ထိုနဘူးကျောင်းသုသာန်သည် တောရဆရာ တော် နှစ်ပေါင်း လပေါင်း ညပေါင်းများစွာ သောသာနိက= သုသာန်ဓုတင်ဆောင်ခဲ့သော နေရာ လည်း ဖြစ်ပါ၏။

ဤမျှတင်ပြခြင်းဖြင့် တောရဆရာတော်၏ ဘဝကာလတစ်ခု၌ ကျင်လည်လှုပ်ရှားခဲ့ဟန်များကို ဉာဏ်မျက်လုံးတွင် မြင်ယောင်မိကြလိမ့်မည် ထင်ပါ ၏။

မယ်တော်ပျံ့ စာတ်ပွဲ ကလိုက်ပြလိုက်ကြသေး

ရဟန်း ၂–ပါး၏ မယ်တော်ကြီး သက် တော်က ၈၆–နှစ် ရွာသူရွာသား တပည့်ဒါယကာများ နှင့် ရွာနီးကျေးရွာ တပည့်ဒါယကာများက မယ်တော် ပျံ့ဆိုတာ ဇာတ်ပွဲပါရသည်။ မှတ်မှတ်ရရ အစဉ် အလာရှိသည်။ လုပ်လိုကြသည်ဆို၍ ဦးပဥ္စင်းအငယ် ဦးဣန္ဒသာရကို လျှောက်ကြ၏။

တောရဆရာတော်အကြီးက သဘောမတူ မလုပ်ကြနဲ့ မိန့်သည်ကို မနာခံ၊ တစ်ညနှစ်ည သုံးညတောင် အပိုကလိုက် ပြလိုက်ကြသေးဆို၏။

အပိုည အပိုကြေး ကောက်ခံမရသေး၍ ထိုဇာတ်အဖွဲ့ မပြန်နိုင်၊ ရွာကစုပြီး ထမင်းကျွေးထားရ၊ ကြာကြာကျွေးရပါက 'ဆင်ဘိုးထက် ချွန်းဘိုးကကြီး' ထမင်းစရိတ်ကပိုများ မြန်မြန်ကောက်ခံငွေစုပေး လိုက်ကြရသော ဟူ၏။

ဘုန်းကြီးပျံနှင့် မယ်တော်ပျံ သံဝေဂယူ သံဝေဂပွားရမည်အစား ဇာတ်ပွဲပါမှဟူသော ထုံးစံ စဉ်းစားတော်မူကြပါရန်ဟူလို -

မန်လည်ဆရာတော်ဘုရားကြီး၏ ဩဝါဒများ

ဤနေရာ၌ မန်လည်ဆရာတော်ဘုရားကြီး၏ မိန့်မှာချက် ဩဝါဒကိုလည်း သံဝေဂတရားများ ရပါစေခြင်းငှာ ထပ်မံ၍ တင်ပြလိုက်ပါ၏။*

- *နေ့သွင်မဆိုင်း၊ ဓာတ်ပိုင်းဖြိုင်၊ နှင်းမိုင်း မွေညက်၊ မရေတွက်နိုင်၊ ဖြစ်ပျက်မဆုံး၊ ဖြစ်တုံးပျက်စု၊ ဖောက်ပြန်မှုကို၊ မရှုစအား၊ ပျော်မှုများ၍၊ ထင်ရှားသို့စင်၊ သိမထင်ခဲ့ -*
- *အကြင်လူ့ရွာ၊ လူတကာတို့၊ ပညာသတိ၊ ကင်းကွာဘိလျက်၊ မိမိတဏှာ၊ အဝိဇ္ဇာမျိုး၊ အိုတိုင်းတိုး၍၊ အရိုးသာရင်၊ ဉာဏ်မပွင့်ဘူး*
- *သေမင်းစစ်အင်၊ ကိုယ်တွင်းဝင်၍၊ ခုပင်အပြင်း၊ ရောက်လာလျှင်းပြီး၊ ဆင်မြင်းရထား၊ ဗိုလ်ပါအားဖြင့်၊ ပြား၍ပြိုင်ထိုး၊ တံစိုးငွေကြေး၊ ထောင်ရှိပေးလည်း၊ အရေးမသာ၊ အောင်ရာမရှိ၊ ဇာတိမစစ်၊ သေမင်းညစ်နှင့် မိတ်ချစ်ဖွဲ့ငှာ၊ မတတ်ရာရှင့် (ပိုဒ်ရေ ၁၀၉)*

အထပ်ထပ်အခါခါ ဖတ်ရှုပါက အဓိပ္ပါယ် ပေါ်လွင်ဉာဏ်၌ သက်ဝင် အမြင်ကြည်လင် ဆင်ခြင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ (စကားပြေမရေးတော့ပြီ။)

သိမ်အမှတ် ၁၄-ကန်ဦးစေတီ သိမ်သမုတ်တော်မူ

ကောဇာ ၁၃၄၁-ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက်၊ (၂.၁၂.၁၉၇၉) တနင်္ဂနွေနေ့ည ၁၀-နာရီ ၂-မိနစ်အချိန် ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးဗြဲမြို့နယ်၊ ရေလှောင်ကန်ရွာ ကန်ဦးစေတီကျောင်း၊ ဓမ္မာသိမ်ကြီးကို တောရဆရာတော်ဦးဆောင်၍ ရဟန်းတော် ၂၃-ပါးဖြင့် ကောင်းစွာ သမုတ်တော် မူခဲ့ကြသည်။

၁၃၄၂-ခုနှစ်၊ ရွှေစက်တော်ရိပ်မှာ ၁၀ - ဝါ ပြည့်ရန် တစ်ကျော့ပြန်

ကောဇာ ၁၃၄၂-ခုနှစ်(၁၉၈၀)တွင် တောရဆရာတော်သည် မကွေးတိုင်း ရွှေစက်တော် အရိပ်တွင် ၉-နှစ် ၉-ဝါသာ နေခဲ့ရ၍ ၁၀-နှစ် ၁၀-မိုး ၁၀-ဝါ ပြည့်ရန် မင်းဘူးခရိုင် စကုမြို့နယ် မြောင်းဦး ရန်ကင်းတောရသို့ တစ်ကျော့ပြန်၍ ဝါကပ်တော်မူသည်။

ကောဇာ ၁၃၃၃-မှ ၁၃၄၁-ထိ ရမည်းသင်း၊ လယ်ဝေးနယ်များ ဝါကပ်ခဲ့ပြီး ၉-နှစ်ကြာမှ ဤနေရာဟောင်းသို့ ပြန်လည်ကြွလာ ဝါကပ်တော်မူခြင်းဖြစ်သည်။ တောရဆရာတော်၏ သက်တော်လည်း ၅၉-နှစ်ရှိ၍ ဝါတော်လည်း ၄၀-ပြည့်နှစ် ဖြစ်လေသည်။ တောရဆောင်ဝါတော် ၁၇-ဝါရှိလေပြီ။

ဒေသဟောင်း နေရာဟောင်းများကို သတိရမြဲအတိုင်း ရွှေစက်တော်အရိပ်သို့ တစ်ဖန်ပြန်လာစိနားတော်မူခြင်းလည်း ဖြစ်လေသည်။

* မန်လည်ဆရာတော်၏ မဃဒေဝ လင်္ကာသစ်

ဥပဇ္ဈာယ်ဆရာ ကြာပင်အင်း ဦးစက္ကိန္ဒ ပျံလွန်

၁၃၄၂–ခုနှစ်၊ တန်ဆောင်မုန်းလ၌ တောရဆရာတော်၏ ဘဝ ရဟန်းအဖြစ်သို့ ချီးမြှောက်တော်မူရာ၌ ဥပဇ္ဈာယ်ဆရာဖြစ်သူ ကြာပင်အင်းရွာကျောင်းဆရာတော် ဦးစက္ကိန္ဒ (၁၂၄၆–၁၃၄၂) သက်တော် ၉၆–နှစ်၊ ဝါတော် ၇၆–ဝါရှိ သက်တော်ရှည် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည်။ တောရဆရာတော်အပေါ်၌ ကျေးဇူးကြီးမားလှသောထို ဆရာတော်ဘုရားကြီး၏ အန္တိမဈာပနသဘင်၌ တောရဆရာတော်က တစ်ဖန် သရဏဂုံသီလ ပေးခဲ့ရသည်ဟု တောရဆရာတော် မိန့်၏။*

သံဃာထေရ်ကြီး

နဘူးကျောင်းနိုင်နယ် ၆–ရွာ၌ သက်တော်ဝါတော် အကြီးဆုံးသံဃာ့ထေရ်ကြီးအဖြစ် နှစ်ပေါင်းများစွာ လူ့ပြည်မှာ နေတော်မူခဲ့၏။

သန်းပင်ကြီးအောက်မှာ

မိမိတို့ ငယ်စဉ် ကံကြီးရွာ သချိုင်း သုသာန်တွင်း သန်းပင်ကြီးအောက်မှာ လူသေလို့ မသာပို့တိုင်း ကြာပင်အင်းဆရာတော်ဘုရားကြီးအား ကံကြီးကျောင်းဘုန်းကြီး ဦးဓဝနက ဘုန်းကြီးအိုကြီး သရဏဂုံသီလပေးပါဘုရားဟု အမြဲလျှောက်၏။

လူသေများစွာကို သရဏဂုံသီလပေးခဲ့သော ဘုန်းကြီးအိုကြီး၏အလှည့်မှာ တပည့်ကြီးတောရဆောင်ဆရာတော်က သရဏဂုံသီလ ရေစက်ချရလေသော ဟူ၏။

'စရံ စရံတော' ကျင်လည်ကျက်စား ပြေးသွား၍နေသော သတ္တဝါအပေါင်းတို့အား အမျှပေး ဝေငှပါ၏' ဟုဆိုသော ဘုန်းကြီးအိုကြီး၏ အသံများ မိမိနားမှာ ကြားယောင်ဆဲပါတကား။

၁၃၄၃–၁၃၄၄ ခု၊ လယ်ဝေး၊ ထန်းတပင် တောရ၌ ဝါကပ်တော်မူ

၁၃၄၃/၁၃၄၄ ခုနှစ် (၁၉၈၁–၈၂) နှစ်ဆက်တိုက်၊ လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရ၌ ဝါကပ်တော်မူသည်။

၁၃၄၂–ခုနှစ်၊ စကုမြို့နယ် မြောင်းဦးရန်ကင်းတောရမှာ ဝါကပ်ပြီး နောက်ပိုင်း လယ်ဝေးထန်းတပင် တောရ၌ တစ်လှည့်၊ နဘူးကျောင်းရန်ကင်းတောရ၌ တစ်လှည့်စီဖြင့် အလျဉ်းသင့်သလိုဝါကပ်တော်မူပြီး ဇာတိရွာဝန်းကျင်၌လည်း အမြဲမနေ၊ ထန်းတပင်တောရ၌လည်း အမြဲဆက်တိုက်မနေ ၃–နှစ် ဆက်တိုက် တစ်နေရာတည်း၌ ဝါကပ်သည် ဆိုသော်လည်း ထိုတောရကြီး ၂–ခု၌ သိမ်သမုတ် ခရီးစဉ်ပေါ်လျှင်ပေါ်သလို သီတင်းသုံးတော်မူလေ့ရှိသည်။

တောရဆရာတော် ဟောကြားသည့် ဂဝေသီသုတ္တန်

စကားပလ္လင်

တောရဆရာတော်၏ ဘဝတစ်လျှောက်လုံး မှတ်မှတ်သားသား တရားဟောခဲ့သည်မှာ တိတ်ခွေသုံးခွေမျှသာ ရှိသည်။

(၁) သရက်ကန်ကျောင်းတည်ဆရာတော် ဦးဥတ္တမသ၏ ထေရုပ္ပတ္တိအကျဉ်း

(၂) ဓမ္မစေတိယ သုတ္တန် တရားတော်

* တောရဆရာတော်၏ သိမ် ၁၀၀ မှတ်တမ်း "နောက်ဆက်တွဲ–က" ပါ ယေား

(၃) ဂဝေသီ သုတ္တန် တရားတော်

ဟူ၍ ရှာဖွေလေ့လာတွေ့ရှိရသည်။

– သရက်ကန်ကျောင်းတည် ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းမှာ တိတ်ခွေရှိသလို ကိုယ်တိုင်ရေး စာအုပ်အဖြစ် သိမ် ၁၀၀– မှတ်တမ်းတွင် ဖော်ပြခဲ့ပြီးလေပြီ။

– ဓမ္မစေတီယသုတ် တရားတော်မှာ တိတ်ခွေအဆင့်သာ ရှိ၍ စာအဖြစ် မိမိဉာဏ်စွမ်းရှိသမျှ နာကြားမှတ်သားရေးသားဖော်ပြခဲ့ရပေလိမ့်ဦးမည်။

အင်းကောက်ဦးပေါလှိုင်ပို့လာ

ယခု ဂဝေသီသုတ္တန်တရားတိတ်ခွေ ၁–ခွေကို မိမိ၏ ဦးလေးဖြစ်သူ ယခု နေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လွန့်အနောက် အင်းကောက်တောနေ ဦးပေါလှိုင်က ပို့လာ၍ အကြိမ်ကြိမ်နာကြားခွင့် ရခဲ့သည်။ တောရဆရာတော်နှင့် စပ်လျဉ်းသမျှ မှတ်သား စုဆောင်းနေသူ စာအုပ်တွေ ရိုက်နှိပ် ဦးဆောင်နေသူဟု ဦးလေးဖြစ်သူက သိ၍ ပို့ခြင်းလည်း ဖြစ်သည်။

ကောဇာ ၁၃၄၃–ခုနှစ် ဟောခဲ့

ထို တိတ်ခွေကို အကြိမ်ကြိမ်နာကြားခဲ့သည်၊ ဟောသည့်နေရာမပါ၊ ခုနှစ်မှာ တောရဆောက်တည် တောထဲရောက်တာ ၁၈–နှစ်ရှိပြီ မိန့်ကြားချက် ပါရှိသဖြင့် ခုနှစ်အားဖြင့် ၁၃၄၃ (၁၉၈၂) ဝန်းကျင်က ဖြစ်လေသည်။ ရဟန်းခံပွဲ၌ ဥပဇ္ဈာယ် ဆရာအဖြစ် လျှောက်ထား၍ ဆောင်ရွက်ခဲ့ဟန်ရှိပါသည်။

ထို ဂဝေသီသုတ္တန် ဖော်ပြခြင်းမပြုမီ ငါးပါးသီလပေးခြင်းကို ဦးစွာ ဖော်ပြလိုက်ပါသည်။

ကန်တော့ချိုးဆုပေး ဩဝါဒမိန့်ကြားပုံ

ပရိသတ်များက ဩကာသဖြင့် ရှိခိုးကန်တော့ကြပြီးနောက် ကန်တော့ချိုး ဆုပေးဩဝါဒပေးပုံမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

ဘုရားအမြတ်ဆုံး ရတနာ၊ တရားအမြတ်ဆုံးရတနာ၊ သံဃာအမြတ်ဆုံး ရတနာ၊ ရတနာမြတ်သုံးပါးတို့၌ ကြည်ညိုကြကုန်သော သူတို့အား လောကီအရာ၌ မဏ္ဍာတ်စကြာတိုင်အောင်သော အကျိုး၊ လောကုတ္တရာအရာ၌ အရဟတ္တဖိုလ် နိဗ္ဗာန်တိုင်အောင်သော အကျိုးရနိုင်ရောက်နိုင်၏။

သက်န်း ပရိက္ခရာ လှူဒါန်းရခြင်း ဒါန၊ ဆောက်တည်လတ္တံ့သော သီလ၊ ပွားများလတ္တံ့သော ဘာဝနာ ကုသိုလ်ကံ စေတနာတို့ကြောင့် အသက်ရှည်၊ အဆင်းလှ၊ ချမ်းသာကြီး၊ ခွန်အားကြီး၊ ဉာဏ်ပညာကြီး၊ အသံသာ၊ အမျိုးမြတ်၊ လိုတရ ပြည့်စုံကြပြီး ပါရမီတော်များကို ရင့်ကျက်အောင် ပြည့်ကျင့်နိုင်သော သူတော်ကောင်းများဖြစ်ကြ၍ ဒေဝဂတိ၊ မနုဿဂတိ ဟုဆိုအပ်သော ဂတိ ၂–ပါးတို့တွင်သာ ကျင်လည်ကြပြီး သူတော်ကောင်းများနှင့်သာ ပေါင်းသင်းဆက်ဆံရခြင်း၊ သူတော်ကောင်းတို့ထံ၌ မှန်ကန်သော အကျင့်ကို သုစရိုက် ာရားများ ကျင့်သုံး၊ ဒုစရိုက်တရားများ ရှောင်ရှား၊ သပ္ပုရိသ– သပ္ပုရိသူပနိဿယစက် အမှီရကြ–

ထိုမှတဆင့်တက်၍ တဆင့်ထက်တစ်ဆင့် အမြင့်တန်းဖြစ်သော –

- သတ္တဝါအချင်းချင်း အကျိုးဆောင်တတ်သော – မေတ္တာ
- ဆင်းရဲအပေါင်းမှ ကင်းဝေးစေလိုသည် – ကရုဏာ
- ချမ်းသာပြည့်ဝခြင်းကို ဝမ်းမြောက်ခြင်းဆိုသည့် – မုဒိတာ

- ချမ်းသာ ဆင်းရဲ အလတ်စားဖြစ်သော စေတနာ – ဥပေက္ခာ

ဆိုသည့် ဖြဟ္မဝိဟာရ တရားများ ကျင့်သုံးပွားများ၊ တစ်လထက်တစ်လ တစ်နှစ်ထက်တစ်နှစ် ပါရမီတော်များ ဖြည့်ကျင့်နိုင်ကြပြီး တစ်ခုသောအခါကာလ၌ သုခပဋိပဒါ လမ်းစဉ်မှန်ကို ချမ်း သာစွာ ကျင့်ရခြင်း ခိပ္ပာဘိညာ လျှင်မြန်စွာ နိဗ္ဗာန ဓာတ်ကို အာရုံပြုနိုင် ရောက်နိုင်ကြသည် ဖြစ်ကြစေ ဟု ဆုပေးမိန့်ကြားတော်မူထားပါ၏။

၅ ပါးသီလပေးရာ၌

၁။ *ပါဏာတိပါတ* = သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ *အဒိန္နာဒါနာ* = သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

၃။ *ကာမေသုမိစ္ဆာစာရာ* = ကာမဂုံအရာ၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၄။ *မုသာဝါဒါ* = မဟုတ်မမှန်သော စကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၅။ သုရာမေရယ = ကုသိုလ်တရားများကို မေ့လျော့၊ အကုသိုလ် ဒုစရိုက်တရား ရာဇဝတ်မှု စီးပွားပျက်မှုများကို ဖြစ်လွယ်စေတတ်သည့် အကြောင်းဖြစ်သော မူးယစ်စေတတ်သော သေရည်သေရက်များကို သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏။

လက္ခဏာရေးသုံးပါး

အလုံးစုံသော သတ္တဝါသင်္ခါရ ရုပ်တရား၊ နာမ်တရား အမြဲမရှိ ဆင်းရဲ၏၊ လိုသလိုမရ စီမံ၍ ရသော နိုင်မာသောအနှစ်မရှိ ဆင်းရဲ၏ဟု ဤကဲ့သို့ အနိစ္စ ဒုက္ခ အနတ္တ သဘော လက္ခဏာ သုံးပါး ပွါးများ ဆင်ခြင် သုံးသပ်ပါကုန်၏ အရှင်ဘုရား။

ဤဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကံ စေတနာ တို့ကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းရာဖြစ်သော နိဗ္ဗာန် ရောက်ကြောင်း အထောက်အပံ့ အကူအညီ ရှေ့သွား လမ်းကြောင်းဖြစ်ကြ၍ အသီးသီးလိုလားတောင့်တအပ်သော ဗောဓိဉာဏ်ကို ရကြ ရောက်ကြပါစေကုန်ဟု ဆုပေးဩဝါဒ မိန့်ကြားခဲ့ပါသည်။

မှတ်ချက် – (ငါးပါးသီလ နိစ္စဂရုဓမ္မသီလ၌ သုရာမေရယ အရက်သောက်ခြင်းကို အထူးပြု မိန့်ကြား သီလပေးထားသည်သတိပြုကြပါရန် တင်ပြအပ်ပါ၏။)

တရားဟော ရေစက်ချ လုပ်ခဲ့ဖူးသော်လည်း

ထိုသို့ သီလပေးပြီးနောက် ဟောရဆရာတော် ဆက်၍ မိန့်သည်မှာ –

ဒီဘုန်းကြီးက တရားဟော ရေစက်ချ နည်းနည်းမှ မလုပ်ချင်ဘူး၊ စာချဘုန်းကြီး လုပ်ခဲ့ဖူးတယ်ဆိုတဲ့နာမည်နဲ့ တရားဟော ရေစက်ချ တာဝန် ဝန်မလေးဘူးအထင်နဲ့ ရေစက်ချပေးပါ၊ နိုင်မြင်းဖြစ်တယ်လို့ ထင်ပါတယ်၊ ဘုန်းကြီးက ငယ်ငယ်ထဲက ပရိသတ်ကိုကြောက်တယ်၊ ငယ်ငယ်တုန်းက ကိုရင်ကြီးဘဝနှင့် ရဟန်း ၃–၄–ဝါထိ ဟောခဲ့ဖူးပါတယ်၊ ကျက်တရားတွေ ဟောတော့လည်း ချောနေတာပါပဲ၊ ထို့နောက် တရားမဟောတော့ဘူး၊ စာဘက်မှာပဲ လိုက်တော့တယ်။ စာသင်သားလောက စာချဘုန်းကြီးဘဝ စာဘက်မှာပဲ အလေးထားတော့တယ်၊ တရားဟောဖို့ ပြောဖို့ လုံးဝ အလေ့အကျင့် မရှိတော့ဘူး။ ဒကာ ဒကာမတွေကို ကြောက်တယ်၊

ဝမ်းထဲမှာ ရထားတာတွေကလည်း ဒကာ၊ ဒကာမတွေကို ဟောဖို့ ဘာမှမရှိဘူး။

ရဟန်းချင်း ဟောဖို့သာရှိ

ပိဋကတွေ ကြည့်တော့လည်း ဘိက္ခဝေ ရဟန်းတို့ဟု ဟောတာများများတွေ့ရ၊ ရဟန်း အချင်းချင်းတွေ့လျှင် ရထားတဲ့ စာပိုဒ်တွေနဲ့ အနေအထိုင်ကောင်းအောင်, အကျင့်ကောင်းအောင် နေထိုင်ကြဖို့ ဒီအချက်တွေပဲ ရှိတယ်၊

ပရိသတ်နဲ့ ဝေးခဲ့တာ စာချဘုန်းကြီးဘဝ တရားမဟောတာ ၇–နှစ် တောထဲမှာ ရောက်တာ၊ ၁၈–နှစ်ဆိုတော့ အနှစ် ၂၀/ ၂၅–ကျော်ပြီ။ စာချဘုန်းကြီး လုပ်ခဲ့တယ်ဆိုပြီး အထင်ကြီး နေကြပေမယ့် ဒီဘုန်းကြီးက ပရိတ်တောင် တစ်ပါးတည်း ရွတ်လို့ မရတော့ဘူး၊ စာတွေနဲ့ ဝေးနေခဲ့ပြီ၊ ဟောရမှာ ခပ်ပေါ့ပေါ့လေးကိစ္စမဟုတ်ဘူး။

မနေ့က တရားဟော ရေစက်ချပေးပါလို့ လျှောက်တယ်၊ ဒကာ ဒကာမတွေငဲ့ပြီး လက်ခံလိုက်တာ၊ ဒီမနက်ဘုန်းကြီးတစ်ပါးက လာလျှောက်ပြန်တယ်။ တောကျောင်းဘုန်းကြီး တရားဟောပေးမလို့ ဆိုတဲ့ သတင်းရက်ပေါင်းများစွာက ကောဠာဟလ ဖြစ်နေဆိုလာပြန်တယ်။

လွန်ခဲ့တဲ့ ၃–နှစ်ခန့် (၁၃၄၀–ပြည့်နှစ်) တပ်ကုန်းမြို့မှာ စာသင်တိုက် အသစ်တည်လို့ သိမ်သမုတ်ပေးပါ လျှောက်လို့ သိမ်သမုတ်ပွဲ ပြီးတော့ အစီအစဉ်ထဲမှာ ဒီဘုန်းကြီး တရားပေးဖို့ သူတို့ဖာသာ သူတို့ အစီအစဉ်ဆွဲထားကြတယ်၊ သူတို့ အစီအစဉ်ကို ချက်ခြင်းပြင်ဖို့ အကြီးအကဲပုဂ္ဂိုလ်ကို မေးမြန်းတော့ မြို့ထဲ တရားဟော အလှည့်ကျလို့ ကြွသွားပြန်ဆိုလာတယ်၊ ပြင်ဖို့မလွယ်တာနဲ့ ဟောရမည့်အဖြစ် ရောက်သွားတယ်။

အချိန်ကျတော့ သက်န်းရုံပြီး ဆင်းသွားတယ်၊ အသံဖမ်းစက်ကြီးတွေလည်း ပွလို့၊ ဒီဘုန်းကြီးဟောမည့်တရားက အသံဖမ်းယူထားလောက်အောင် ကြီးကြီးကျယ်ကျယ် အဖိုးတန်မှာ မဟုတ်ဘူး၊ စက်ကြီးတွေ ရုတ်သိမ်းယူသွားကြ၊ ၅–မိနစ်ပဲ ဟောမှာ တိုတိုပြီးအောင် ဟောမှာ စာသင်တိုက်တည် ဖို့လည်း ခက်တယ်၊ စာသင်တိုက်တည်ပြီး ဆက်လက် တည်တံ့အောင် သာသနာအရှည်တည်အောင် တာဝန်တွေ ထမ်းဆောင်ကြဖို့ ကြိုးစားပြီး တာဝန်တွေ ထမ်းကြဖို့ ဟောပြီး ရေစက်ချပြန်လာခဲ့တယ်။

ကြံကြံဖန်ဖန် ချီးမွမ်း

ကြံကြံဖန်ဖန် ချီးမွမ်းတဲ့ပုဂ္ဂိုလ်က ၅–မိနစ် ဟောလို့ တစ်သက်လုံး မှတ်သားထိုက်တာတွေချည်း ဟောသွားတာဟု ပြန်ကြားရတယ်ဟု မိန့်လေသည်။

အခုလည်း တာဝန်ကျလာလို့ အနည်းငယ် ဟောရမှာ။ အကြီးအကျယ် တရားပွဲကြီး ငယ်ငယ်က လုပ်ခဲ့၊ အစအနရှိပေမယ့် အဲဒါတွေ ဘုန်းကြီး မအားဘူး၊ နှစ်ပေါင်းကြာခဲ့ပါပြီ။

တရားဟောတာ ဓမ္မကထိကဆိုတဲ့ အလုပ်က ဉပဒေသောင်ဝင်အောင် ဟောဖို့ အလုပ်ဟာ မလွယ်ပါဘူး။ တစ်နေရာမှာ အရှင်သာရိပုတ္တရာက ဘုရားကို မေးလျှောက်သည်။

ဓမ္မကထိကဆိုတာ

- ဓမ္မကထိကော ဓမ္မကထိကောတိ ဘန္တေ ဝုစ္စတိ။
- ကိတ္တကေန ဓမ္မကထိကောတိ အလံ ဝစနာယ တဲ့။

မြန်မာပြန်တော့ .မဇ္ဈကထိက မဇ္ဈကထိက လို့ ပြောနေကြပါတယ်–

အဘယ်မျှလောက်သော တရားစကားကို ဟောမှ မဇ္ဈကထိကလို့ ဆိုလောက်ပါသလဲ ဘုရားလို့ မေးလျှောက်တာဖြစ်တယ်။

ဘုရားကပြန်ဖြေတာက–

♦ ရူပဿ နိဗ္ဗိဒါယ = ရုပ်တရားတွေကို ငြီးငွေ့သွားအောင်

♦ ဝေဒနာယ နိဗ္ဗိဒါယ = ဝေဒနာတရားတွေကို ငြီးငွေ့သွားအောင်

♦ သညာယ နိဗ္ဗိဒါယ = သညာတရားတွေကို ငြီးငွေ့သွားအောင်

♦ သင်္ခါရာယ နိဗ္ဗိဒါယ = သင်္ခါရတရားတွေကို ငြီးငွေ့သွားအောင်

♦ ဝိညာဏဿ နိဗ္ဗိဒါယ = ဝိညာဉ်တရားတွေကို ငြီးငွေ့သွားအောင်

ထိုငါးပါးအပေါ်မှာ ငြီးငွေ့သွားအောင် ဟောပြောပေးခြင်းဖြင့် မဇ္ဈကထိကဟု ခေါ်လောက်ပါသည်။

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်နှင့် အရဟတ္တမဂ်ကို ရလာရေးအတွက် အားထုတ်ချင်လာအောင် ဟောနိုင်မှ မဇ္ဈကထိကလို့ ခေါ်ဆိုနိုင်ကြောင်းနှင့် လောကကြီးကို ငြီးငွေ့ လာအောင် ဟောနိုင်မှ မဇ္ဈကထိကလို့ခေါ်တယ်။

တစ်နေရာမှာကျတော့ အဘိဓမ္မာတရားတွေကို ဟောပြောသော ပုဂ္ဂိုလ်မှ မဇ္ဈကထိကအစစ်ဟူ၍ ခေါ်သည်လို့လည်း ကြားဖူးပြန်တယ်။

သုတ္တန်ဒေသနာတွေ ဟောတာက ဘယ်နတ်ပြည်၊ ဘာဖြစ်၊ ဘာတွေ ခံစား စသည်ဖြင့် ဟောတာ အနမောဒနာ တရားသာဖြစ်တယ်၊ လူ့တဲ့ လူတွေ ဝမ်းမြောက်ဝမ်းသာ ဖြစ်လောက်အောင် ဟောကြတာ၊ မဇ္ဈကထိက အဆင့်ဝင်လာအောင် နိဗ္ဗာနတတ်ကို ရောက်ချင်လာအောင် ကျင့်ချင်လာအောင် ဟောပြောနိုင်မှ မဇ္ဈကထိကလို့ ခေါ်သည်။

ရုပ်နာမ် ခန္ဓာ အာယတန၊ ဓာတ်ဆိုတာ အဘိဓမ္မာ စကားတွေပဲ၊ အကျဉ်းချုပ်ပြောလျှင် ရုပ်၊ နာမ်၊ အကြောင်း အဘိဓမ္မာကို ဟောပြောသော သူကိုသာလျှင် မဇ္ဈကထိကလို့ ခေါ်ပါတယ်။

ဘုန်းကြီးငယ်ငယ်တုန်းက ကိုရင်ကြီးဘဝနဲ့ ဆရာတော် ကိုယ်စားဟောရတော့ 'ပုစ္ဆာ အမေးအဖြေကျမ်း' ဆိုတာ ဖတ်ဖူးတယ်၊ ထိုအချိန်က မဇ္ဈကထိကတွေ ဘာတွေ ဟောသလဲဆိုလျှင် ဘယ်ကုသိုလ် ဘယ်အကျိုးပေးကြောင်း ဤသည်ကား သုတ္တန်ဒေသနာတော်တည်းဆိုပြီး အဖျားအပြီးသတ်ခါနီးမှာ ထိုမှတစ်ပါး အလွန်တရာ ကြားနာရန်ခဲလှသော အဘိဓမ္မာ ဒေသနာတော်မြတ်သည်ကား ကုသလာဓမ္မာ၊ အကုသလာ ဓမ္မာ။ အဗျာကတာ ဓမ္မာ ဟူသတည်း။

အဲဒီတုန်းက တရားနာ ပရိသတ်ကလည်း အဘိဓမ္မာမှ သတ်ပြီဆိုလျှင်တော့ ဒီဘုန်းကြီးဟောတဲ့ တရားဆုံးပြီဆိုတာ သိကြတယ်။ နားလည်ကြတယ်။

မေးခွန်းထဲမှာ ပါလာတာက မဇ္ဈကထိကတွေ ဟောတာထဲမှာ အဘိဓမ္မာစကား ပါလာတာ ဘာသဘောလဲလို့ မေးခွန်းရဲ့ အဖြေက ဒီဘုန်းကြီးဟောပြီးအတိုင်းပဲ အဘိဓမ္မာ အဆင့်အတန်းထဲကို မရောက်သည့်အတွက် မဇ္ဈကထိက အဆင့်ကို ရောက်အောင်လို့ အဖျားမှာ အနားကွပ်တာ၊ နည်း

နည်းလေးမှ ရောက်စေတော့လို့ ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ တည့်ဟောလိုက်တာ။

ဒီနေ့ ပရိသတ်က ဓမ္မကထိကတွေ အဘိဓမ္မာ ဘောင်ဝင်အောင် ဟောနေရင်လည်း နာတဲ့ ပုဂ္ဂိုလ်က သဘောမပေါက်ဘူး၊ သိပ်မနာချင်ဘူး ဝိပဿနာတရား ရုပ်တရား နာမ်တရားနှင့် သုတ္တန်ဒေသနာလေး ဟောနေရင်လည်း အထိုက်အလျောက် ကြားနာ နားထောင်ကြတာ။

ကထာ ၄ မျိုး

အဲဒါကြောင့် –

ဒါနကထာ = လှူတဲ့ကုသိုလ်ကြောင့် ချမ်းသာကြွယ်ဝကြောင်း

သီလကထာ = အကျင့်သီလကောင်းမှ အသက်ရှည်ကြောင်း

သဂ္ဂကထာ = နတ်ပြည် သုဂတိ ရောက်ကြောင်း

မဂ္ဂကထာ = ကမ္မာန်းအာဒီနဝမင်္ဂဖိုလ် ရကြောင်း

စသည်များသည် ဘုရား၏ ဟောစဉ်များ ဖြစ်ကြောင်း

ဒီနေ့ လှူတာ သင်္ကန်းလှူတာပါတယ်၊ ဒကာတို့တွေသိအောင် ဗဟုသုတ မှတ်ထားရအောင် ပြောရလျှင် အခြားပရိက္ခရာစုံအောင် လှူ၊ ပစ္ဆိမဘဝိက အရဟတ္တမဂ်ရတဲ့ ဘဝမှာ မြတ်စွာဘုရားက ဧဟိဘိက္ခု၊ ဘိက္ခု = ရဟန်း၊ ဧဟိ = လာလော့၊ ဓမ္မံ = တရားကို၊ သမ္မာ = ကောင်းစွာ၊ စရ = ကျင့်လော့၊ အန္တကိရိယာယ = ဒုက္ခကို အဆုံးပြုခြင်း အကျိုးငှာ၊ ရဟန်းလာလော့ဆိုလျှင် သပိတ် သင်္ကန်း ပရိက္ခရာအစုံ ရောက်လာခြင်း အကျိုးရှိတယ်၊

ဒီနေရာမှာ ဆရာ့ ဆရာများထံက တဆင့်ကြားဖူးတာက ဘုရားလက်ထက်က ဧဟိဘိက္ခု ခေါ်တာ ရဟန်းအထီး ရဟန်းယောကျ်ားတွေသာ ရပြီး ရဟန်းမများရတာမရှိလို့ ကြားဖူးတယ်၊ ဒကာမ ရဟန်း သင်္ကန်းရတာမရှိ၊ အလိုလို ရောက်လာမရှိ၊ ငယ်ငယ်က ဟောသံ ကြားဖူးတာ။

ဒကာမတွေဘဝ ဘာမျှော်ရမတုံးဆိုတော့ အမြတ်ဆုံးဖြစ်တဲ့ ဝိသာခါတို့ တန်ဆာဆင်တဲ့ 'မဟာလတာ တန်ဆာ' မျိုး ရရပါလို၏ ဆုတောင်းရမယ်လို့ ပြောဟောကြတာ တွေ့ရတယ်။

ဒီနေရာမှာ ဘုန်းကြီးက ပြောင်းလဲချင်တယ်၊ ဒကာတို့ ဧဟိဘိက္ခုသင်္ကန်းရတယ်ဆိုတော့ ယခုဘဝ အထီး၊ နောက်ဘဝအမ၊ အမြဲတမ်း အထီး ချည်းဖြစ်နေတယ်မရှိ၊ တစ်ခါတလေ အထီး၊ တစ်ခါ တလေအမ ဖြစ်နေတတ်တယ်၊

'လိင်္ဂ နိယမော နတ္ထိ' အမြဲတမ်း အထီး၊ အမြဲတမ်းအမ ဖြစ်မနေဘူးတဲ့။ ဒီတော့ ဒီဘဝ ယောကျ်ားဖြစ်လို့ ဧဟိဘိက္ခု ဖြစ်ရပါလို၏လို့ ဆုတောင်းပြီး ဒီဘဝ မိန်းမဒကာမ ဖြစ်နေလို့ ဧဟိဘိက္ခု မတောင်းရဘူး၊ မဖြစ်စေချင်ဘူး။ တစ်ချိန်က အမ ဖြစ်လို့ ထိုဆုမတောင်း၊ ထိုအချိန် အမပုံသေ မရှိဘူး။

ဧဟိဘိက္ခုဆုပဲ တောင်းပါ

အဲဒါလည်း ထေရာပဒါန်မှာ လာတွေ့တယ်၊ ဘဝမမြဲသောကြောင့် ဒကာမပဲ ဖြစ်ဖြစ်၊ ဧဟိဘိက္ခု ဆုပဲတောင်းပါ။ 'မဟာလတာ'ဆိုတာ

လောကီဉစ္စာ ဖြစ်နေလို့ လှချင်ပချင်တဲ့ ဒကာမတွေကို မြှောက်ပေးတဲ့ ဆုမတောင်းကြနဲ့။ ဘာမှ ကျိုးနပ်သော တာ မရှိ။ ပဟိဘိက္ခူ ဆုသာ တောင်းကြပါလို့ အကြံပေးလိုတယ်။

ဒီနေ့လှူတာ ခြင်ထောင်ပါတယ်၊ စာသင်သားရဟန်းတစ်ပါးက ခြင်ထောင်လှူတာ ပါဠိ မသိလို့ လာမေးတယ်၊ အဘိဓာန်မှာကြည့်တော့ မတွေ့တော့ ဣမံ = ခြင်ထောင်ကို နာမ်ပုဒ်နဲ့ပဲ ရေစက်ချလိုက်လို့ အကြံပေးခဲ့ရဖူးတယ်၊ စာချ ဘုန်းကြီးဘဝမှာ သိပ်မကြာဘူး၊ ဝိနည်းကို ချပေးနေ တယ်၊ စူဠဝါပါဠိမှာ 'မကဋ္ဌ ကုဋိ' မှက်ခြင်ယင် ကာကွယ်ပေးတတ်သော ကျောင်းငယ်တစ်မျိုးလို့ဆို တာတွေ့တော့ အဲဒီ ကိုယ်တော်ကိုခေါ်ပြီး ပါဠိ= အကြံပေးနိုင်တော့တယ်၊ ဒါက ဘုန်းကြီးတွေမှတ် ဖို့ပေါ့ဟု မိန့်၏။

ကျောင်းလှူခြင်းသည် အရာဝတ္ထု အလုံးစုံကို လှူခြင်းတည်းလို့ မှတ်ရတော့ ဒကာတို့ ခြင်ထောင်၇၅/-နှင့် ကျောင်းတစ်ဆောင် ဆောက်လှူတာဖြစ်လို့ ဝမ်းမြောက်ကြဖို့၊ အဲဒါကို အနုမောဒနာတရားလို့ ခေါ်ပါတယ်၊ ရုပ်နာမ်ခန္ဓာ စကား မဟုတ်ဘူး။

ကဲ–စကားတွေရှည်နေပြီ၊ ဟောချင်တဲ့ သုတ္တန် စီစဉ်ထားတယ်၊ ဒီအတိုင်း ဟောနေလို့က တော့ ဒီဘုန်းကြီး ၂–နာရီ ၃–နာရီကြာအောင် ဟောဖူးတယ်၊ ဟောဖို့ မနေ့တစ်နေ့က ကြည့်ခဲ့တဲ့ 'ဂဝေသီ သုတ္တန်'ဆိုတာ ဟောပါမယ်။

ဂဝေသီသုတ္တန် တရားတော်

ဒါနဲ့ပတ်သက်ပြီး သိရမှာက သီလနဲ့ ပတ်သက်ပြီးဟောတာ ဖြစ်ပါတယ်၊ သုတ်ရဲ့ နိဒါန်းက ဘယ်မှာ သီတင်းသုံး ဘယ်မှာ ဟောတာတုံးလို့ အရှင်မဟာကဿပက မေးတော့ အရှင်အာနန္ဒာက ဖြေထားပါတယ်။

ကောသလတိုင်းမှာ ရဟန်း ၅၀၀–ကို ဘုရားဟောခဲ့တာ၊ ခရီးလှည့်လည်စဉ်မှာ ဟောခဲ့တာ၊ အခွန့်ရှည်သော ခရီးကို နောက်လိုက်နောက်ပါ ရဟန်းတွေနဲ့ တောကြီးအတွင်းမှာ –

မဟန္တံ သာလဝနံ – ကြီးကျယ်တဲ့ အင်ကြင်း တောကြီး သွားပြီးမြင်တယ်၊ ခြေလျင်ကြွနေကြတာ၊ ထိုအချိန်ကကား ရထားမရှိဘူး။ ရှေ့မှ နောက်မှ ကြွနေကြတာ စိတ်နဲ့မှန်းပြီး မြင်အောင်သာ ကြည့်ကြ။ ထိုသို့ ကြည်ခြင်းသည်ပင်လျှင် ဗုဒ္ဓါ နုဿတိ ကမ္မဋ္ဌာန်းနဲ့ သံဃာနုဿတိ ကမ္မဋ္ဌာန်း ဖြစ်နေပြီ။ ဘုရားကို အမှတ်တရ၊ သံဃာကို အမှတ်ရတော့ အနုဿတိ ၂–ချက် ဝင်သွားပြီ။

လမ်းခရီးမှ ဘေးဖယ်ပြီး တောထဲရောက်သွား၊ ဘုရားမြတ်စွာ ပြုံးတော်မူသည်ကို နောက်ကျောဘက်မှ သိတယ်၊ အဋ္ဌကထာဆရာတွေ ဖွင့်တဲ့စကားက နောက်ကြောက ခံတွင်းအခြေအနေပျက်တာ၊ ဘယ်လိုသိရမြင်ရပါသလဲဆိုတော့ သွားအစ အနည်းငယ် ပေါ်တာ၊ ဖြူသော ရောင်ခြည်တော် မြင်လိုက်ရလို့ ပြုံးတော်မူတာ သိခြင်းဖြစ်တယ်။

အဘယ်ကြောင့် ပြုံးတော်မူ

အဘယ်သို့သော အကြောင်းကြောင့် မြတ်စွာဘုရား ပြုံးတော်မူပါသလဲ မေးလျှောက်သဖြင့် အာနန္ဒာအား အင်ကြင်းတောကြီးမြင်တယ် မဟုတ်လား၊ အခု အင်ကြင်းတောကြီး ဖြစ်နေတယ်။

နောင်တော် ကဿပ ဘုရားဖြစ်ချိန်တုံးက ဒီနေရာဟာ မြို့ကြီးစည်ကားတဲ့ မြို့ကြီးဖြစ်ခဲ့တယ်၊ ထိုမြို့ကြီးကို အမှီပြု သီတင်းသုံးခဲ့ နေခဲ့ဖူးတယ်၊

ဘုရားပွင့်နေပြီဆိုတော့ ဗုဒ္ဓဘာသာဖြစ်လိုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဂဝေသီဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦး ပါလာတယ်။ ဘုရားနဲ့ မတွေ့ခင် ဂဝေသီဟာ ဗုဒ္ဓဘာသာဝင် မဟုတ်ဘူး။ တွေ့ပြီးမှ ဗုဒ္ဓဘာသာ ဖြစ်လာတာ၊ ဘုရားကိုတွေ့၊ တရားတွေကို ကျေနပ်နှစ်သက်ပြီးတော့မှ ဘုရားကိုးကွယ်ပါ၏။ တရားကိုးကွယ်ပါ၏။ သံဃာကိုးကွယ်ပါ၏။ သရဏဂုံသုံးပါး၌ ကိုးကွယ်သူဟူ၍ မှတ်တော်မူပါလျှောက်ထားပြီ။ အဲဒီနေ့ကစလို့ ဗုဒ္ဓဘာသာဝင် ဖြစ်လာတာ။

ဘုန်းကြီးက ဓမ္မာစရိယ အောင်ပြီးတဲ့ ရဟန်းတစ်ပါးကို မေးဖူးတယ်၊ ဘယ်အချိန်ကစပြီး ဗုဒ္ဓဘာသာ ဖြစ်လာတာလဲလို့ မေးခဲ့တာ ရုတ်တရက် ပြန်မဖြေနိုင်ဘူး အဲဒီမေးခွန်း သာမည မမှတ်နဲ့၊ အတော်စဉ်းစားပြီးမှ ဖြေနိုင်တယ်၊

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ဆိုတဲ့နေ့ဟာ ဗုဒ္ဓဘာသာဝင် ဖြစ်တာ။ မဆိုရသေးခင် မဖြစ်သေးဘူး၊ ဆိုတဲ့နေ့ဟာ လက်မှတ်ထိုးပြီး ဗုဒ္ဓဘာသာဝင်ဖြစ်တာပဲ။

ဂဝေသီပါဠိ–မြန်မာပြန်လျှင်

ဂဝေသီဆိုတဲ့ ပါဠိကို မြန်မာပြန်လျှင် ရှာမှီးသူလို့ အဓိပ္ပါယ်ရတယ်၊ အမှတ်တမဲ့ မနေဖူးလို့ နာမည်က အဓိပ္ပါယ်ထွက်နေတယ်၊ သူ့သူငယ်ချင်းတွေက ဂဝေသီတောင် နောက်ပေါ်လာတဲ့ဂိုဏ်း ဘုရားရဲ့ ဘာသာလက်ခံသွားပြီ။ ညံ့တာမဟုတ်ဘူး။ တို့လည်း လက်ခံမှ ဖြစ်မယ်၊ လူဂုဏ်တန် နီးစပ်ရာ သူငယ်ချင်း ၅၀၀–ပါ ဗုဒ္ဓဘာသာဝင်ဖြစ်သွားကြတယ်။

အင်ကြင်းတောကြီးထဲမှာ ဟောနေ

ဂဝေသီသုတ္တန် ဘယ်နေရာမှာ ဟောနေသလဲဆိုလျှင် အင်ကြင်းတောကြီးထဲမှာ ခရီးလှည့်ရင်းနဲ့ အရှင်အာနန္ဒာလျှောက်လို့ ဟောနေတာ မြင်အောင်ကြည့်လျှင် ဘုရားအမှတ်ရတာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ တရားတွေ အမှတ်ရတာ ဓမ္မာနုဿတိ၊ သံဃာတွေ အမှတ်ရတာ သံဃာနုဿတိ၊ ဒီ ၃–ချက်ထဲကို ယခုတရားနာနေတဲ့ ဒကာတို့ ဝင်နေပြီ။

ဂဝေသီရဲ့ သူငယ်ချင်းတွေက သူ့အတုလိုက်ပြီး ရတနာသုံးပါးဆည်းကပ်သူ ဖြစ်လာကြ။ သရဏဂုံတည်ရုံမျှသာ ရှိသေး၊ သီလမရှိကြသေးဘူး၊ သရဏမတ္တ ဗုဒ္ဓဘာသာမျှသာဖြစ်။ သီလဝန္တ ဗုဒ္ဓဘာသာမဟုတ်ကြသေးဘူး

ဂဝေသီဥပသကာက တို့ဟာ ဗုဒ္ဓဘာသာဖြစ်ရုံမျှ ရှိသေးတယ်၊ ငါက ခေါင်းဆောင်လုပ်ပြီး သရဏဂုံတည်ရုံလောက်နဲ့တော့ မနေဘူး။ ငါးပါးသီလ ဆောက်တည်မယ်လို့ ဆုံးဖြတ်၊ တစ်ဆင့်တက်လာတယ်၊ မြင့်လာတယ်။

နောက်လိုက်တွေက သူ့ကိုကြည့်ပြီး ဗုဒ္ဓဘာသာဖြစ်လာကြတာ ကောင်းတဲ့ လမ်းလိုက်ခဲ့ကြတာ နောက်လိုက် ၅၀၀–ကလည်း ငါးပါးသီလ ဆောက်တည်ကြ အားလုံး "သီလဝန္တဥပသကာ"တွေ ဖြစ်ကုန်ကြတယ်။

ဂဝေသီက သူနဲ့တူအောင် လိုက်လာကြပြန်တော့ ငါနဲ့သူတို့နဲ့ ဘာထူးလဲ၊ တူနေပြီ ဆက်ပြီး တစ်ဆင့်တက်ရမယ်၊ ရှစ်ပါးသီလထဲက အဗြဟ္မစရိယာသိက္ခာပုဒ် = မြတ်သော အကျင့်ဖြစ်သော မေထုံကို ရှောင်တာ ကျင့်ပြန်တယ်။

ကာမေသုနှင့် အပြဟ္မ စရိယ ဘာကွာသလဲ

ဒီနေရာ၌ ကာမေသုမိစ္ဆာစာရနဲ့ အပြဟ္မစရိယ သိက္ခာပုဒ် ဘာကွာသလဲဆိုတာ အချို့ကွက်ကွက်ကွင်းကွင်း မသိကြဘူး ငါးပါးသီလဟာ သူတစ်ပါး သားမျိုးသမီးမျိုး သူ့မယား ပြစ်မှားကျူးလွန်လို့မရဘူး၊ မိမိဇနီးမယားနဲ့ နေနိုင်တယ်၊ အပြဟ္မစရိယ သိက္ခာပုဒ်ကျတော့ မိမိမယားတောင် ရှောင်ရတယ်၊ မလွန်ကျူးရဘူး၊ လွန်ကျူးလျှင် သီလပျက်တယ်၊ သူ့သားမယား ဘယ်သူ့သားမယားကိုမှ ကျူးလွန်လို့မရဘူး၊ ဒီသိက္ခာပုဒ် ၂-ခု ထူးခြားချက်သိကြရန်ဖြစ်တယ်။

တစ်ဆင့်ထက်တစ်ဆင့် တက်၍

ဂဝေသီက ရှေ့တစ်ဆင့် တက်လိုက်ပြီ၊ အပြဟ္မစရိယသိက္ခာပုဒ် လုံခြုံအောင် ထိန်းသိမ်းသောသူအဖြစ် ကျင့်လိုက်ပြီ။

နောက်လိုက်တွေက သူလည်း ကျင့်နိုင်ပြီဆိုလျှင်၊ တို့လည်း ကျင့်နိုင်ရမှာပေါ့လို့ ဆိုကျပြန်တယ်၊ ဒီနေရာမှာ ကာမေသု မိစ္ဆာစာရနှင့် အပြဟ္မစရိယသိက္ခာပုဒ်လဲထားတာ၊ အပြဟ္မစရိယပါသော ငါးပါးသီလ ကျင့်သုံးနေကြတဲ့ ဥပါသကာတွေ ဖြစ်သွားကြတယ်။

အဲဒီပုဂ္ဂိုလ်တွေရဲ့ အဆင့်ကို အနာဂါမ်အဆင့်နားတောင် ရောက်သွားသလို ဖြစ်လာတယ်၊ သွားပြီး တူညီနေတယ်။ အပြဟ္မစရိယ အကျင့်ကိုပါ ကျင့်နေကြပြီ။ ငါးပါးသီလ ကျင့်ရိုးကျင့်စဉ် မကျင့်တော့ဘူး။

ဂဝေသီဥပါသကာ တပည့်တွေနဲ့တူနေ တာဘာထူးမှာလဲ ရှေ့တစ်ဆင့်တက်ချင်တာ ဝိကာလဘောဇနာ သိက္ခာပုဒ် နေ့လွဲညစာ မစားဟု တစ်ဆင့်တက်တယ်၊ ခြောက်ပါးသီလ ဖြစ်သွားပြန်တယ်၊ တရွေ့ရွေ့နဲ့ ဂဝေသီဟာ ရဟန်းနဲ့တူလာ။ ဘုန်းကြီးနဲ့တူလာတယ်။

နောက် မကြာမီ သူ့ လူတွေပြန်စု သူတို့လည်း နေ့လွဲညစာ မစားကြတော့ဘူး၊ ခေါင်းဆောင်လုပ်တဲ့ ဂဝေသီကိုမှီပြီး အယူတွေ ပြောင်းလာခဲ့ကြတာ၊ သူကျင့်မှတော့ တို့လည်းလိုက်ပြီး ကျင့်မှဖြစ်မှာပေါ့၊ ကဿပဘုရားလက်ထက် သမ္မာဒိဋ္ဌိဖြစ်လာကြ၊ နောက်လိုက်တွေက ကန့်လန့်မလုပ်ဘူး။

ဂဝေသီရဟန္တာ ဖြစ်သွား

ဂဝေသီရဲ့အကျင့်က ရဟန်းနဲ့တူလာ၊ လူနဲ့မတူတော့ဘူး၊ နောက်ဆုံးပိတ်ကြတော့ ဘုရားထံသွားပြီး ပဗ္ဗဇ္ဇံ = ရှင်အဖြစ် ခွင့်ပြုတော်မူပါဘုရား ဥပသမ္ပဒံ = ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူပါဘုရား လျှောက်ထားပြီး ရှင်ရဟန်းအဖြစ်သို့ ရောက်၊ တစ်နေရာမှာ ရဟန်းတွေဟော၊ သမထအခြေခံ ဝိပဿနာအခြေခံ တရားအားထုတ်၊ ဂဝေသီ ရဟန္တာ အဖြစ်သို့ရောက်သွား၊ အဆင့်အတန်းမြင့်မား အဆုံးစခန်းသို့ရောက်တော်မူပါ၏ ။

ဂဝေသီ ရဟန်းအဖြစ်သို့ရောက်၊ ရဟန္တာအရှင်တစ်ပါးအဖြစ် အဆုံးစခန်းရောက်ပြီ၊ နောက်လိုက်တွေက မင်းတို့ ငါတို့ကော ဘယ်လိုတုန်း။

ပါဠိက - ဥတ္တရိ ဥတ္တရိ ပဏီတ ပဏီတံ ဝါယမော၊

အနုတ္တရံ ဝိမုတ္တံ သစ္ဆိကာသိ၊

တဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်အောင် ကျင့်ကြစို့ - ဟူ၍ တိုင်ပင်ကြပြီး သူတို့လည်း ရှင်ရဟန်းအဖြစ်တောင်းခံ၊ ဘုရားကိုယ်တိုင် တရားဟော တရားပြ သာမာန်ပုဂ္ဂိုလ်ဟောခြင်းမျိုးမဟုတ်။ လမ်းစဉ်မှန်မှန်ဖြင့် လွယ်ကူစွာဖြင့် တရားအထူးသိမြင်ကြ။

♦ *ဣတိ ခေါ အာနန္ဒ တာနိ ပဉ္စသတ ဘက္ခုနိ*

♦ *ဂဝေသီ သမုခါနိ ဥတ္တရိ ဥတ္တရိ ပဏီတ ပဏီတံ ဝါယမော*

♦ *အနုတ္တရံ ဝိမုတ္တံ သစ္ဆကာသိ။*

မြန်မာပြန် – ထိုအချိန်က ချစ်သားအာနန္ဒ လူပုဂ္ဂိုလ် ဂဝေသီ သီလဝန္တ ခေါင်းဆောင်သော ဥပသကာ ၅၀၀– အဖြစ်မှ ရဟန္တာ ၅၀၀– အဖြစ်သို့ အဆင့်ဆင့် မွန်မြတ်သည့်တရားများကို ကျင့်သုံး နိဗ္ဗာန်သို့ မျက်မှောက်ပြုကြလေကုန်၏။

ထို့ကြောင့် 'တဿဒါနိ အာနန္ဒ ဧဝံ သိက္ခိတဗ္ဗံ'

အာနန္ဒာ – အဲဒီနည်းကို ယူ၍ ကျင့်သုံးကြ။

ဥတ္တရိ = မြင့်သည်ထက်မြင့်၊ ပဏီတ ပဏီတံ = မြတ်သည်ထက်မြတ်၊ ဝါယမော = အားထုတ်ကြ။ အနုတ္တရံ = အတုမရှိသော၊ ဝိမုတ္တံ = အရဟတ္တဖိုလ်ကို၊ သစ္ဆကာသိ = ငါတို့ မျက်မှောက် ပြုနိုင်အောင် ကျင့်ကြရမည်၊ ဧဝံ = ဤသို့လျှင် အာနန္ဒာ ကျင့်သုံးအပ်၏ဟု ဟောကြား ထားတော်မူ၏ ။

တရားဟောသည့် နေရာ

ထိုအချိန် ဘုရားတရားဟောတဲ့ နေရာက သစ်ပင်ရင်းမှာ တောထဲမှာ ဒီနေ့ခေတ်လို ခမ်းခမ်း နားနား တရားဟောပလ္လင်ကြီးတွေ မပါဘူး၊ ဘုရား က တောထဲမှာပဲ ဟောယင်းဟောယင်းနဲ့ တစ်နေရာ မှာ ရဟန္တာ၆၀–ဖြစ်သွား။ တစ်နေရာမှာတော့ ရဟန္တာ ၅၀၀–ဖြစ်သွားကြတာ၊ ဒီတရားလည်းပဲ တောကြီးထဲ က အင်ကြင်းပင်အောက်မှာ ဟောနေတာ။

အာရုံပြုရမည်ဆိုလျှင် ဘုရားကို အာရုံပြု၊ တရားကို အာရုံပြု၊ တရားနာနေတဲ့ သံဃာတွေကို အာရုံပြု၊ ဒကာတို့ ဉာဏ်မျက်လုံးမြင်အောင် အာရုံပြု ကြလို့ တိုက်တွန်းပါတယ်။

အနိစ္စဝတ သင်္ခါရာအရ သင်တို့ မမြဲသော တရားကို မြင်အောင်ကြည့်ကြ၊ ဂဝေသီ အဖွဲ့ကို ကဿပဘုရားဟောစဉ်က ထိုနေရာသည် မြို့ကြီး ဖြစ်ခဲ့ပြီး ဂေါတမဘုရား လက်ထက်မှာ အင်ကြင်း တောကြီးဖြစ်နေခဲ့တာ အခုအချိန် ဘာဖြစ်နေပြီလဲ မသိ၊ သဘောတရားကို ဆင်ခြင်ရာက ဝိပဿနာ ရှုမှတ်ခြင်းအဆင့်သို့ ရောက်နိုင်ကြောင်း မိန့်ဆို အများကြီးရှည်သွားပြီ၊ တရားအဆုံးသတ်ပါတော့ မည်။

တရားအပြီးသတ်ကတော့ ငယ်ငယ်တုံးက ဘုရားရှိခိုး အနေကဇာတိသံသာရံ ဂါထာပါဋ္ဌိရွတ် မြန်မာပြန်ပြီးသာစုခေါ် အဆုံးသတ်ကြပါစို့။

အနေကဇာတိသံသာရံ ဥဒါန်းကျူးရင့်တော်မူခြင်း

အနေကဇာတိသံသာရံ ဥဒါန်းတင်ပြခြင်း မပြုမီ ရှေးဦးသိရန် မိမိအနေဖြင့် အနည်းငယ်တင်ပြ လို၏၊ သဗ္ဗညုတရွှေဉာဏ်တော်နှင့်တကွ ဘုရား ဘုန်းဂုဏ်အလုံးစုံတို့ကို ပြည့်စုံစွာရရှိတော်မူပြီးသော မြတ်စွာဘုရားသည် –

♦ ငါသည် ကြီးစွာသော သံသရာဝဋ် ဒုက္ခမှ လွတ်မြောက်ရလေပြီတကား။

♦ ငါသည် အလွန်မြတ်လှစွာသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွဋ်ထား ဘုရားအဖြစ်ကို ရအပ်လေပြီတကား၊ ကြီးစွာသော အောင်ပွဲသဘင်ကို ဆင်ယင်ကျင်းပအပ်ခဲ့လေပြီတကား။

♦ ငါသည် လူ့နတ်ပြဟ္မာ သတ္တဝါအပေါင်းကို တရားဟော၍ ဘဝသုံးပါးတည်းဟူသော အနှောင်အဖွဲ့မှ လွတ်စေခြင်းငှာလည်း စွမ်းနိုင်သူဖြစ်၏။ ဟူ၍ စဉ်းစားဆင်ခြင်တော်မူလေသည်။

ထိုသို့ စဉ်းစားဆင်ခြင်တော်မူသောအခါ မြတ်စွာဘုရား၏ သန္တာန်တော်၌ လွန်စွာ လွန်စွာ နှစ်သက်အားရ ဝမ်းမြောက်ခြင်း ပီတိတရား ထပ်တလဲလဲ ဖြစ်ပေါ်လာလေသည်။ မြတ်စွာဘုရားသည် ထိုသို့ ထပ်တလဲလဲ ဖြစ်ပေါ်လာသော ပီတိအဟုန်ဖြင့် အလုံးစုံသော သဗ္ဗညုဘုရားရှင်တို့ ဘုရားဖြစ်ပြီးလျှင် ကျူးရင့်တော်မူကြမြဲ မေ့တာဖြစ်သည့် ဤဆိုလတ္တံ့သော ဥဒါန်းနှစ်ဂါထာကို ကျူးရင့်တော်မူလေသည်။*

(မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာ ၃၅၁–၃၅၂)

ထိုနှစ်ဂါထာကို တောရဆရာတော် ငယ်စဉ်ကစ၍ ရွတ်ဆိုပူဇော်ခဲ့ကြောင်း ဦးစွာမိတ်ဆက်တင်ပြရခြင်း ဖြစ်ပါသည်။

တောရဆရာတော်သည် အသံထွက်၍ ဘုရားရှိခိုးလေ့ရှိ၏။ ထိုဂါထာ ၂–ပုဒ် အမြဲရွတ်ဆိုပူဇော်လေ့ရှိခဲ့ဟု သိရကြားရဖူးပါသည်။

ပါဠိ –

(၁) အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။

ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

(၂) ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ၊

သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊ ဝိသင်္ခါရဂတံ စိတ္တံ တဏှာနံ ခယမဇ္ဈဂါ။

မြန်မာပြန်

ဂဟကာရက = အိမ်မင်းပိုင်နက်၊ နာမင်းပိုင်နက်၊ သေမင်းပိုင်နက်၊ အပယ်မင်းပိုင်နက် သူ့စားကျက်၌ မြေကွက်ဂရန် အမိန့်ခံ၍ ရုပ်နာမ် ယှက်လိမ် ခန္ဓာအိမ် ကိုကြိမ်ဖန်များစွာ ဆောက်လုပ်လာတဲ့ ဟဲ့ တဏှာလက်သမား။

ပုနပ္ပုနံ = အမှန်းအဆ ဂဏန်းမပြုနိုင်အောင် ဘဝအတန်တန် ဖန်ခါခါအထပ်ထပ် ဇာတိအိုနာ သေရေး ဒုက္ခဘေးတို့ လုံးထွေးရောယှက်ကြိုးသွယ်ဆက်၍ ဖြစ်ပျက် သန္ဓေတည်နေရခြင်းသည်။

ယသ္မာ = အကြင့်ကြောင့်–

ဒုက္ခာ = ပြောပြ၍ မကုန်လောကဇာတ် ထိုထိုဘုံတွင် အဖုံဖုံအစုံစုံ ညှင်းဆဲလှသဖြင့် အဆင်းရဲတကာ့ဆင်းရဲကြီးပါတကား။

တသ္မာ = ထိုသို့ ညှင်းဆဲ အလွန့် အလွန်ပင်ဆင်းရဲလှလေသောကြောင့်

ဂဟကာရံ = ကပ်ကမ္ဘာအနန္တတွင် လပ်ကွာ၍ မကျန်ရအောင် သတ္တဝါမှန်သမျှတို့၏ ဘဝတစ်ပင်တိုင် ခန္ဓာအိမ်၊ လေးပင်တိုင်၊ ငါးပင်တိုင်ခန္ဓာအိမ်တို့ကို အကြိမ်ကြိမ် အဖန်ဖန် ကန်ထရိုက်ဆွဲပြီးလျှင် တဆောက်တည်းဆောက်၍ လာသော တဏှာ ယောက်ျား လက်သမားကို၊

ဂဝေသန္တော = ဘယ်လိုဘယ်က ဘယ်သူစ၍ ဖြစ်ပျက်ရသနည်းဟု နိဿရည်းမခံ သိပ်သီးစွာကြိတ်ခံလျက် ကိုယ်ပိုင်ဉာဏ် အဟုန်အစွမ်းဖြင့် စုံစမ်းရှာဖွေရန် လာခဲ့ရသော–

အဟံ = ငါဘုရားကိုယ်တော်မြတ်သည်။

အနိဗ္ဗိသံ အနိဗ္ဗိသန္တော = ကိုယ်ပိုင်ဉာဏ် မှန်ပြောင်းကို ကောင်းစွာပိုင်ပိုင် လက်ကိုင်မရရှိသေး

* တိပိဋကဓရ မင်းကွန်းဆရာတော်၏– မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)

သည်ဖြစ်၍ သင့်ကိုလှမ်း၍ အတင်းဖမ်းကိုက်မြင်စွမ်းနိုင်တဲ့ တံညဏ် ထိုဉာဏ်ကို အဝိန္ဒန္တော မရရှိသေး–

အနေကဇာတိသံသာရံ = ဘုရားမြတ် ဒီပင်္ကရာနှင့် သုမေဓါရသေ့ဘဝမှာ တွေ့ကြစဉ်အခါကစပြီးလျှင် ရက် လ နှစ်တွေ သင်္ချာရာဇ် တွက်စစ်လို့ရေသည်ရှိသော် အသင်္ချေလေးရပ် ထိမ်းအမှတ်ဖြင့် တစ်သိန်းကပ် ကာလပတ်လုံး–

သန္ဓာဝိဿံ သံသာရံ = ခန္ဓာအိမ် ကြိမ်ကြိမ်ဆောက်လျက် သံသရာ ပြန်ကာ ဝင်ရောက်ပြီးလျှင် တုန့်ခေါက်ပစ်ခွင်း လှည့်လည်လာခဲ့ရလေပြီတကား။

(ဝါ) = ရုပ်နာမ် နှစ်ရပ် ခေါင်းဆောင်လျက် အလောင်းကောင်တွေ သေစရာမပြထားနိုင်ဘဲ မြေကမ္ဘာတွင် ခြေရာတွေ ထပ်လောက်အောင် လှည့်ပတ်ကာ ကျင်လည်ခဲ့ရလေပြီ။

ဂဟကာရကာ = တဏှာယောက်ျား ဟဲ့ လက်သမား။ ရှေ့ကချဲ့ချင်တိုင်းချဲ့ ဖွဲ့ချင်တိုင်း ဖွဲ့တတ်တဲ့ တကယ့်ယောက်ျား သင်လက်သမားကို၊

မယာ = အိုမှုက တစ်ဖြာ၊ နာမှုက တစ်ထွေ၊ သေမှုက တစ်ဖုံ။ ကြောက်မက်ဖွယ် ဝိုင်းအုံ၍ လက်နက်စုံပစ်ဖေါက်သည့်ရန်သူတို့လက်အောက်၌ ကျွတ်စခန်းဖွင့်ကာ ပွင့်ထွန်း၍ ပေါ်ပေါက်လာရသော ငါ ဘုရားကိုယ်တော်မြတ်သည်။

ဒိဋ္ဌော = ဗောဓိပင်အောက် အမြင်ပေါက်သဖြင့် သင်ဆောက်တဲ့ အိမ်ကိုပါ မနိမ္မြေ ကွန့်မြူးလျက် လက်ပူးလက်ကြပ် ယခု တွေ့မြင်အပ်သည်–

အသိ = ဖြစ်လေပြီ။

ပုန = နောက်ထပ်တစ်ဖန် ပြန်လှန်ကွန့်လျစ် လွှန့်တက် တော်လှန်ကာ–

ဂေဟံ = ရေမြေလေမီး ဓာတ်ကြီးလေးခု တိုင်ခြေပြု၍ သွေးစု သားစု ရိုးစု တပ်ဆင် ဒိုင်းမြားတင်လျက် ကိုယ်တွင် ဖြစ်လာ ဒွတ္တိံသာဟု ညီညာစုံဆောက် ငါ့ခန္ဓာအိမ် အတ္တဘောကို –

သဗ္ဗာ = တစ်ခုမကြွင်း ခပင်းဥဿုံ ကိရိယာအစုံ အကုန်လုံးဖြစ်သော –

ဖာသုကာ = ရင်းနှီးချုပ်နှောင် အဆောက်အုံ အကူတန်ဆာ အတူပါလျက် တွဲဖက်ပူးဝင် အချင်ဒိုင်းမြား အလားတူစွာ သုံးထောင်ဂုက်ကို လေသာတို့ကို–

ဘဂ္ဂါ = ကမ္မက်ခရီ ဉာဏ်လက်နက် ဝရဇိန်ဖြင့် ရွယ်ချိန်၍ အမြစ်အရင်း အုတ်ပန္နက်တို့ပါ နုတ်ပယ်ကမ္မဘွယ် ချိုးဖျက်အပ်ကုန်ပြီ။

ဂဟကူဋံ = သင်ဆောက်လုပ်ပြီး ခန္ဓာတိုက် တဲအိမ်ကြီး၏ ထွတ်ထိပ်ပမာ၊ မိုးကာလွှမ်းချုပ် အဝိဇ္ဇာတည်းဟူသော ခေါင်အုတ်ကို–

ဝိသင်္ခတံ = အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ခွာဖျက် လွှင့်ပစ်အပ်လေပြီ။

စိတ္တံ = ညစ်နှောက် ပူကင်း သန့်ရှင်းအေးကြည် ငါဘုရား၏ နှလုံးရည်တော်သည် –

ဝိသင်္ခါရဂတံ = ဤကမ္ဘာ လောကဓာတ်တွင် အတောမသတ်အောင် ရှုတ်ပွေသည့် အလုပ်တွေ ဓာတ်သိမ်းလျက် အငြိမ်းဓာတ် နိဗ္ဗာန်ဆိုတဲ့ အသင်္ခတ စားကျက် တွင်းသို့သက်ဆင်း ဝင်ရောက်ခဲ့ရလေပြီ။

တဏှာနံ = သံသရာဘုံတစ်ခွင်မှာ ခန္ဓာအိမ်တွေ စီစဉ်၍ စည်ပင်သာယာ ရုံးထောင်လျက် မဆုံးအောင် ချဲ့ထွင်ကြတဲ့ ပပဉ္စတရား တဏှာတည်းဟူသော လက်သမားတို့၏ ။

ခယံ = ကိလေသာ စာရင်းအင်းနှင့် အသင်းအပင်းတွေကိုပါ အကုန်ဖျက်တဲ့ ထက်မြက်ပြင်းထန် ခယ ခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်ကို–

အစ္ဆရိ = ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်၍ ထိုင်ရာမထ ယခု ကိုယ်တိုင် လက်ကိုင်ရရှိတော်မူခဲ့လေပြီတကား

ဣတိ = ဤသို့ ဤပုံ ဗောဓိမလ္လေ၊ ဗောဓိမဏ္ဍိုင်၌ (ဝါ) ဗောဓိပင်ရင်း၌ ပထမဦးစွာ ဘုရားဖြစ်ပြီးသော အခါကာလ၌-

ဥဒါန ဝသေန = ဝမ်းမြောက်သောအားဖြင့်

ဂန္ဓနကံ = ကြွေးဝါးခြင်းကို ပြုတတ်သော ဗုဒ္ဓ မြတ်စွာ ဘုရားကို -

ဘုမ္မေ = သင်တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်

အနုဿရေထ = အဖန်ဖန် အမှတ်ရကြကုန်လော့

အနုဿရေထ = အနု-အနုဿရေထ၊ သဒါသရေထ၊ အနိစ္စံ သရေထ၊ အဘိဏှနကံ သရေထ အချိန်မပြတ် တရစပ် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ဖြစ်လာအောင် အမှတ်ရနိုင်ကြပါစေ ကုန်သတည်း။

ထို့နောက် တောရဆရာတော် ရေစက်ချပေး၏။ အမျှဝေ သာဓုခေါ် တရားပွဲကြီး ပြီးလေသတည်း။

မှတ်သားရန် = ဥဒါန်းသည် စိတ်တော်ဖြင့် ကျူးရင့်သော မနသာ ဥဒါန်းနှင့်-

နှုတ်တော်မှ ချွေမြွက်အသံထွက်၍ ကျူးရင့်သော ဝစသာ ဥဒါန်း ဟူ၍ နှစ်မျိုးရှိရာ

'အနေကဇာတိ သံသာရံ' အစရှိသော ဥဒါန်း ဂါထာကို မြတ်စွာဘုရားသည် စိတ်တော်ဖြင့်သာ ကျူးရင့်တော်မူသည်၊ ထို့ကြောင့် ဤဥဒါန်းကို မနသာ ဥဒါန်းဟူ၍ မှတ်ယူရာ၏။

'ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ' အစရှိသော ဥဒါန်းပါဠိတော်လာ ဥဒါန်းများကိုကား မြတ်စွာဘုရားသည် နှုတ်တော် ချွေမြွက်အသံထွက်၍ ကျူးရင့်တော်မူသည်။ ထို့ကြောင့် ထိုဥဒါန်းပါဠိတော်လာ ဥဒါန်းစုကို ဝစသာ ဥဒါန်းဟူ၍ မြဲမြဲစွာ မှတ်ယူအပ်၏။

(မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာ ၃၅၄)

၁၃၄၅-ခုနှစ်၊ နဘူးကျောင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ

၁၃၄၅-ခုနှစ် (၁၉၈၃) နဘူးကျောင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူသည်။ တောရဆရာတော်၏သက်တော် ၆၂-နှစ်၊ ဝါတော် ၄၃-ဝါ။ တောရဆောက်တည်နှစ်ပေါင်း ၂၀-ရှိ၍ တောရဝါ၊ ယည်းဝါတော် ၂၀-ပြည့်လေပြီ။ ကာလစာ ၁၃၄၂-မှ ၁၃၄၅-ထိ ၄-နှစ် သိမ်သမုတ်ခြင်းမရှိပါ။ တောရများ၌သာ အရည်ကင်ပုတင်နှင့် အခြားသော ပုတင်များ အလေးထားဆောင်မြဲတိုင်း ဆောင်တော်မူခဲ့ပါသည်။

နိကာယ်ငါးရပ်၊ ပိဋကသုံးပုံ အကြိမ်ကြိမ် လေ့လာဖတ်ရှုတော်မူ

တောရဆရာတော်သည် ဝါတော်ပေါင်း ၄၂-ဝါ တောရဆောင် ဝါတော် ၂၀-အတွင်း ပဋိပတ္တိမှုကို ဖြည့်ကျင့်တော်မူလျက် တစ်ဖက်မှလည်း နိကာယ်ငါးရပ်၊ ပိဋကသုံးပုံ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းများကို လေ့လာဖတ်ရှု မှတ်သား ဆင်ခြင်တော်မူသည်။

စာချဘုန်းကြီးဘဝ ပထမအကြိမ် ဖတ်ရှုခြင်းနှင့် တောရဆောက်ဘဝတွင်လည်း မကြာခဏ အဆင်ပြေသလို ဖတ်ရှုတော်မူခဲ့သည်။

စကုမြောင်းဦး ရန်ကင်းတောရ၊ နဘူးကျောင်း ရန်ကင်းတောရနှင့် လယ်ဝေးထန်းတပင် တောရများ၌ သီတင်းသုံးစဉ် ကြည့်ရှုခြင်းဖြစ်ပြီး နောက်ပိုင်းကာလများ၌ နဘူးကျောင်း ရန်ကင်းတောရ၏ တပ်ကုန်းမြို့ ဒေါင်းမင်းဆိပ်ကမ်း ဦးအောင်ခ ဒေါ်ခင်ကြိုင် သား

ကိုစိုးသန်း + မမြဝင်းတို့ မိသားစု လှူသော ကျောင်းကြီး အပေါ်ထပ်၌ ပိဋကတိုက် ထားရှိတော်မူသည်။

တစ်ခေါက်ဖတ်လျှင် ၂-နှစ်ကျော် ၃-နှစ်ခန့် ကြာသည်ဟု မိန့်သည်။

သင်တို့၏ဆရာ ဖြစ်ရစ်လိမ့်မည်

♦ 'ယောဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ

♦ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ'

(မဟာပရိနိဗ္ဗာနသုတ်)

အာနန္ဒာ၊ ချစ်သား အာနန္ဒာ။ မယာ၊ ငါ ဘုရားကိုယ်တော်မြတ်သည်။ ယော ဓမ္မော စ၊ အကြင်သုတ်၊ အဘိဓမ္မာ တရားကိုလည်း၊ ဒေသိတော၊ သင်တို့အတွက် ဟောတော်မူအပ်ခဲ့ပြီ။

ယော ဝိနယော စ၊ အကြင်ဝိနည်းဥပဒေကိုလည်း၊ ပညတ္တော၊ သင်တို့အတွက် ပညတ်တော်မူအပ်ခဲ့ပြီ။

သော၊ ငါဘုရား လေးဆယ့်ငါးဝါကာလ ပတ်လုံး ဟောကြားပညတ်တော်မူခဲ့သော ထို သုတ်အဘိဓမ္မာဝိနည်းဟု ဆိုအပ်သော ပရိယတ္တိ သဒ္ဓမ္မသည်။

<u>မ မစ္စယေန</u>၊ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသောအခါ၌။ ဝေါ၊ သင်ချစ်သားတို့၏၊ သတ္ထာ၊ သက်တော်ထင်ရှား ငါဘုရား၏ ကိုယ်စား ဆုံးမညွှန်ကြားမည့် ဆရာဘုရား (ဓမ္မခန္ဓာဘုရား၊ ပရိယတ်ဘုရား ပိဋကတ်ဘုရား) သည်၊ ဘဝိဿတိ၊ မချွတ်ကေန် ဖြစ်လိမ့်လတ္တံ့။

တရားကို အလေးအမြတ်ပူဇော်ခြင်း

ရတနာသုံးပါးနှင့်စပ်၍ ဘုရားကား ဘုရားအစစ်ကြီး၊ ဗုဒ္ဓ = သုဗုဒ္ဓ၊ တရားကား ကောင်းသောတရား ဓမ္မ = သုဓမ္မတာ၊ သံဃာကား ကောင်းစွာကျင့်သည့် သံဃာ၊ သံဃ = သုပ္ပဋိပန္နတာ၊ ဟူ၍ (သံယုတ္တနိကာယ် ဓမ္မစေတိယသုတ်) ၌ လာကြောင်း တောရဆရာတော် မိန့်ဖူး၏။

ဘုရား အစစ်ကြီးက ဟောကြားခဲ့သော အလွန်ကောင်းသော တရားများကို ကောင်းစွာကျင့်သည့် သံဃာတော်မြတ်ဖြစ်သည့် အရှင်မြတ်ကြီးသည် တရားတော်များကို ဖတ်ရှုရာ၌ ရောင့်ရဲနိုင်ခြင်းမရှိ၊ အလေးအမြတ်ပြုလျက် 'သဗ္ဗရတိံ ဓမ္မရသော ဇိနာတိ အရ = မွေ့လျော်ခြင်းအလုံးစုံတွင် တရားဖြင့် မွေ့လျော်ခြင်းကား အမြတ်ဆုံးဟူ၍လည်း ကောင်း၊ 'သဗ္ဗရသော ဓမ္မရသံ ဇိနာတိ အရ အရသာ အားလုံးတို့တွင် တရားအရသာကား အမြတ်ဆုံး၊ အသာလွန်ဆုံးဖြစ်၏ ဟူ၍ လည်းကောင်း။ ဖြည့်ကျင့်တော်မူ၊ ပူဇော်တော်မူလေသည် တကား။

တစ်နည်းဆိုရပါမူ 'ဓမ္မဓိပတေယျသီလ' ကို ဆောက်တည်၍ နေခြင်းပါတကား။ မြတ်စွာဗုဒ္ဓ ဟောကြားတော်မူခဲ့သော နိကာယ်ငါးရပ် ပိဋကသုံးပုံသည် သစ္စာလေးပါး မြတ်တရားကို သိနိုင်ရေး ဦးတည်ချက်များပင်ဖြစ်ကြောင်း။

စတုသစ္စ ဝိနိမုတ္တော၊ ဓမ္မော နာမ နတ္ထိ။

သစ္စာလေးပါးမှ လွတ်သော တရားမည်သည်မရှိ၊ (သုဇာတ လင်္ကာရ)

ရွတ်မှု ဖတ်မှု စိတ်၌ ဆင်ခြင်မှုများမှ လက္ခဏာရေးသုံးပါး ဆင်ခြင်မှုကို ရောက်နိုင်ကြောင်း 'ဝိသုဒ္ဓိမဂ်နှင့် သံမွှာအဋ္ဌကထာ' ၌ ပြ၏။

ထို့ကြောင့်လည်း သင်္ဂါထာဝင်သံယုတ်၌ သဇ္ဈာယက မထေရ်သည် မိမိရွတ်ဖတ်သော အသံများ ချုပ်ပျောက် ချုပ်ပျောက်၍ သွားသည်ကို ဆင်ခြင်တော်မူရင်း ရဟန္တာဖြစ်သွားတော်မူသည်ဟု ဖော်ပြထားသည်ကို သတိမူသင့်လှပါသည်။

ဝိနည်းလေးစားရန်၊ ပရိယတ္တိ သင်ယူရန် တိုက်တွန်းတော်မူ

တောရဆရာတော်သည် ပရိယတ္တိ သင်ယူပြီး၊ ပြန်လည်ပို့ချတော်မူခဲ့ပြီး တောရဆရာတော် ဘဝ ရောက်လာသည့်တိုင် ပရိယတ္တိ အခြေခံမူလကို အလေးအနက်ထား၍ အပြန်ပြန် အထပ်ထပ် လေ့လာဖတ်ရှု၍မဝ။ မည်မျှ အလေးထားတော်မူကြောင်း အထက်၌ တင်ပြခဲ့ပြီး ဖြစ်သည်၊ သီသည့်အတိုင်းလည်း ဝိနည်းတော်များကို အသက်နှင့်လဲ၍ စောင့်ရှောက်မြတ်နိုးတော်မူသည်။ ဝိနည်းသည် သီလဖြစ်၍ ရဟန်းတော်များ၏အသက်၊ သာသနာတော်၏ အသက်ဖြစ်ကြောင်း။ သင်္ဂါယနာတင် ရဟန္တာအရှင်မြတ်ကြီးများ တညီတညွတ်တည်း မိန့်ဆိုတော်မူခဲ့ပြီး ဖြစ်သည်ကို ပရိယတ္တိစာပေ လေ့လာသူတိုင်း သိကြပြီး ဖြစ်ပါသည်။

တောရဆရာတော်ကား ဝိနည်းသိက္ခာပုဒ်များကို မိမိ လေးစားလိုက်နာသလို အခြား ရဟန်းတော်များကိုလည်း ဝိနယဂရုက ဖြစ်စေလိုသည်။ သို့သော် အခြားပုဂ္ဂိုလ်များက မမေးလျှင် ဝိနည်းကြောင်းမပြော၊ မေးမှသာ ပြောသည်။ ဂါမဝါသီ မြို့ရွာများ၌ နေသည့် ရဟန်းဖြစ်စေ၊ အရညဝါသီ = တောရဆောင် ရဟန်း ဖြစ်စေ၊ ဝိနည်း သိက္ခာပုဒ်များကို လေးစားလိုက်နာသော ရဟန်းသာမဏေများကို ကြည်ညိုတတ်သည်။ သီတင်းသုံးဖော်အဖြစ် အသိအမှတ် ပြုတတ်သည်။ သာမဏေများနှင့် ရဟန်းငယ်များကို ပရိယတ္တိ စာပေ သင်ယူရန် အမြဲ တိုက်တွန်းတော်မူလေ့ရှိသည်။

တောရဆရာတော်သည် ပါသာဒိက = ကြည်ညိုဖွယ် ဂုဏ်ဆောင်နိုင်သော ရဟန်း ၄-မျိုးကို ပြောဆိုမိန့်ကြားလေ့ရှိသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

ရဟန်း ၄ မျိုး

၁။ ဥပါသိကာ = ဒါယိကာမများသာ အကြည်ညိုခံရသော ရဟန်း (ညံ့)

၂။ ဥပါသကာ = ဒါယကာများပါ အကြည်ညိုခံရသော ရဟန်း (သင့်)

၃။ သီတင်းသုံးဖော်အချင်းချင်း အကြည်ညိုခံရသော ရဟန်း (တော်)

၄။ မိမိကိုယ်ကို မိမိ ကြည်ညိုနိုင်သော ရဟန်း အတိသုန္ဒရ = (အတော်ဆုံး)

တောရဆရာတော်သည် သီမာသမ္မုတိကံ= သိမ်သမုတ်ခြင်း တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်သည်။ ရံဖန်ရံခါ ဥပသမ္ပဒကံ = ရဟန်းသစ် (ငယ်ဖြူ ရဟန်းခံခြင်းကိစ္စ) ကိုလည်း ချီးမြှောက် ဆောင်ရွက်ပေးတော်မူသည်။

သို့သော် ဒုလ္လဘ (ခေတ္တဓာဏမျှ ဝတ်သော ရဟန်း) ဥပသမ္ပဒ ကံဆောင်ခြင်းကိုမူ ဆောင်ရွက်ပေးခြင်း အလျဉ်းမရှိပါ။ မျက်နှာကြီးငယ် ရွေး၍ ဆောင်ရွက်ပေးခဲ့ခြင်းလည်း မရှိခဲ့ပါ။

တောရဆရာတော် ပထမဝါတော် ၂၀-ကာလ အနှစ်ချုပ်ပါက

ကောဇာ ၁၃၂၅-ခုနှစ် နယုန်လပြည့်နေ့မှစ၍ တောရဆောက်တည်သည့်ဘဝ ရောက်ခဲ့သော

ဆရာတော်သည် ၁၃၄၅–ခုနှစ်တွင် နှစ်ပေါင်း ၂၀–တောရဆောက်တည်သည့် ဝါတော်ပေါင်း ၂၀–ရှိလေပြီ။ သက်တော် ၄၂–မှ သက်တော် ၆၂–ထိဖြစ်သည်။

ထိုနှစ် ၂၀–ကာလအတွင်း သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

ကျမ်းစာရေးခြင်း

(၁) အရဏဝုဂ္ဂကာလဝိနိစ္ဆယ ခေါ် အရက်တက်ချိန် အဆုံးအဖြတ်ကျမ်းစာ ပါဠိ/မြန်မာ

(၂) စီဝရဝဏ္ဏဝိနိစ္ဆယ ခေါ် သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းစာ ပါဠိ/မြန်မာ

(၃) ဘုရားဖြူဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်း ပါဠိ/မြန်မာ

(၄) သရက်ကန်ဆရာတော် ထေရုပ္ပတ္တိ အကျဉ်း ပါဠိ/မြန်မာ

သိမ်သမုတ်ခြင်း

သိမ်အမှတ် (၁) မှ သိမ်အမှတ် (၁၄) အထိ သိမ် အလုံးပေါင်း (၁၄) လုံး သမုတ်တော်မူ ခဲ့ခြင်း

တောရဟောင်း၊ တောရသစ် ထူထောင်

အောက်ပါတောရများ တည်တံ့စေခဲ့သည်။

(၁) ရွှေစက်တော် တောရဟောင်း

(၂) မြောင်းဦး တောရဟောင်း

(၃) ထန်းတပင် တောရဟောင်းများ တည်တံ့အောင် ဆောင်ရွက်တော်မူခဲ့ခြင်း

(၄) နဘူးကျင်း ရန်ကင်းတောရသစ် တည်ထောင်ခြင်း စသည် ဆောင်ရွက်တော်မူခဲ့သည်။

ဒိဋ္ဌာနုဂတိတောရ ရဟန်းတော်များ ပေါ်ထွန်း

တောရဆောက်တည်သော အနှစ် ၂၀–ကာလအတွင်း ဒိဋ္ဌာနုဂတိသို့ လိုက်၍ တောရဆောက်တည်သော ရဟန်းတော်များ ပေါ်ထွန်းခဲ့သည်။

ဓုတင်ဆောင်ရဟန်းတော်များ ဤသာသနာတော်၌ ဆက်လက်ပေါ်ထွန်းစေရန်နှင့် ထိန်းသိမ်းဦးဆောင်သွားနိုင်မည့် ထင်ရှားသော အောက်ပါ မထေရ်ကြီး၊ ငယ်များ ပေါ်ထွန်းခဲ့လေသည်။

(၁) ဘဒ္ဒန္တ နယန နတ်မောက်လဲဘူး တောရဆရာတော်

(၂) ဘဒ္ဒန္တ ဉာဏိန္ဒ (မွှာစရိယ) စစ်တောင်း ဆရာတော် နတ်ကန်ချောင်း တောရ (ဝမ်းတွင်း)

(၃) ဘဒ္ဒန္တ စန္ဒောဘာသ (မွှာစရိယ) မှန်တောင် တောရဆရာတော် (သာဂရ)

(၄) ဘဒ္ဒန္တ ခေတိက (အင်ဂျင်နီယာဘွဲ့ရ) မဟာမြိုင် တောရဆရာတော် (ပျဉ်းမနား)

(၅) ဘဒ္ဒန္တ ကောဝလ ဆုတောင်းပြည့် တောရ ဆရာတော် (လယ်ဝေး)

(၆) ဘဒ္ဒန္တ ဣသရိယ ရွှေစေတီတောရ ဆရာတော် (လယ်ဝေး)

(၇) ဘဒ္ဒန္တ ကုမာရ ထုံးတောင်တောရ ဆရာတော် (တောင်တွင်းကြီး)

(၈) ဘဒ္ဒန္တ ဥတ္တမဝံသ ယခင် စကုမြို့ ရန်ကင်းတောရ (ယခု မလေးရှား)

(၉) ဘဒ္ဒန္တ နေမိန္ဒ မြောင်းဦး ရန်ကင်းတောရ ဆရာတော် (စကု)

(၁၀) ဘဒ္ဒန္တသောဘိတ တမာတောင် တောရ (ရမည်းသင်း)

(၁၁) ဘဒ္ဒန္တဝိသုတ အင်ကြင်းမြိုင် တောရဆရာတော် (ရမည်းသင်း)

(၁၂) ဘဒ္ဒန္တ နိမ္မလ သစ္စာဂုဏ် တောရဆရာတော် (ရမည်းသင်း)

စသည့် ဆရာတော်များနှင့် မိမိမသိရှိသော အခြားသော ခုတင်ဆောင်မထေရ်ကြီးငယ်များစွာ ဤသာသနာတော်၌ ပေါ်ထွန်းခဲ့သည်။

ဤကား တောရဆရာတော် ပထမဝါတော် ၂၀ ကာလ၏ တင်ပြချက်များ ဖြစ်ပါသည်။

အထူးမှတ်ချက်

၁၃၂၅–ခုနှစ်မှ ၁၃၄၅–ခုနှစ်ထိ ကာလသည် အတိအကျ တွက်ချက်ပါက ဝါတော်ပေါင်း ၂၁–ဝါ ဖြစ်ပါသည်။

ယေဘုယျနည်းအားဖြင့် မြတ်ဗုဒ္ဓ၏ ပထမဝါတော် ၂၀–ကာလဟု ရေးနည်းမျိုး ဖြစ်ပါသည်။ (စာရေးသူ)

စတုတ္ထပိုင်း

ဆက်လက်

တောရဆောက်တည်တော်မူခြင်း

တောရဆောက်တည် ဒုတိယဝါတော် ၂၀-ကာလ
သက်တော် - ၆၃-နှစ်မှ သက်တော် ၈၂-နှစ်ထိ

သာသနာတော်နှစ်	-	၂၅၂၈-မှ ၂၅၄၇-ထိ
ကောဇာ	-	၁၃၄၆-မှ ၁၃၆၅-ထိ
ခရစ်နှစ်	-	၁၉၈၄-မှ ၂၀၀၃-ထိ

<u>သာသနာတော်အတွက် ဆောင်ရွက်ချက်များ</u>

*	ဆန္ဒဒါန ဝိနိစ္ဆယကျမ်း	ပါဠိမြန်မာရေးခြင်း
*	ဓုတင်္ဂဝိနိစ္ဆယကျမ်း	ပါဠိမြန်မာရေးခြင်း
*	ဓမ္မသံယုတ္တဂါထာကျမ်း	ပါဠိမြန်မာရေးခြင်း
*	ဝန္ဒနာစုံကျမ်း	ပါဠိမြန်မာရေးခြင်း
*	ကလျာဏီကျောက်စာကျမ်း	ပါဠိနိဿယ ပြင်ဆင်ရေးခြင်း
*	ပြည်တွင်း/ပြည်ပရဟန်းတော်များ	မေး-ဖြေကျမ်းရေးခြင်း
*	သိမ်အမှတ် ၁၅-မှ ၁၆၈-ထိ	သမုတ်တော်မူခြင်း
*	သိမ်မှတ်တမ်းများ (၁၀၀)ထိ၊	ပါဠိမြန်မာရေးခြင်း
*	ဓမ္မစေတီယသုတ်	ဟောကြားတော်မူခြင်း



ထန်းတပင်တောရဆရာတော်
ဦးကေဝလနှင့်
ခုတင်ကျောင်းကလေး



တောရဆရာတော် သိမ်သမုတ်
ကြွရာ၌ သီတင်းသုံးခဲ့သည့်
ခုတင်ကျောင်းကလေး
ဆရာတော်ဦးကေဝလက
ဗိုလ်ကြီးသိန်းစိုးနိုင် (ငြိမ်း)သို့
ရှင်းပြစဉ်

ခုတင်ကျောင်းကလေးကို
ထန်းတပင်တောရရှိ
ဤကျောင်းပေါ်မှာ
သိမ်းဆည်းထားရှိသည်။

– ခုတင်ကျောင်းကလေးများမှတ်တမ်းကို ဤစာအုပ် စာမျက်နှာ ၁၉၅၊ ၁၉၆ တွင် ရေးသားဖော်ပြထားပါသည်။

အခန်း (၄)

၁၃၄၆–ခုနှစ် လယ်ဝေးမြို့ ထန်းတပင်တောရ၌ ဝါကပ်တော်မူ

တောရဆရာတော် ဘဒ္ဒန္တတိသရ မဟာထေရ်သည် ကောဇာ ၁၃၄၆–ခုနှစ် လယ်ဝေး ထန်းတပင်တောရကြီး၌ ဝါကပ်တော်မူသည်။ ၁၃၃၆–ခုနှစ်မှစ၍ ထန်းတပင်၌တလှည့် နဘူးကျင်း၌တလှည့် ဝါကပ်တော်မူခဲ့ရာ ၁၃၄၆–ခုနှစ်သည် ၁၀–နှစ် ကာလရှိခဲ့လေပြီ၊ ဤတောရကြီးလည်း တည်တံ့စေလို နဘူးကျင်းရန်ကင်း တောရလည်း တည်တံ့စေလိုသည့် ဆန္ဒအရ နှစ်နေရာ နှစ်ဌာန အလှည့်သင့်သလို ဝါကပ်တော်မူခြင်းဖြင့် ဤသာသနာတော်၌ တောရဆရာတော် မရှိတော့သည့်တိုင် ဓုတင်ဆောင်မထေရ်များ ဆက်လက်ကျန်ရစ်စေလိုသည့် ဆန္ဒအရ ယင်းသို့ ဆောင်ရွက်တော်မူခြင်းဖြစ်သည်ဟု နောင်သောအခါ၌ နားလည်လာရပါသည်။

တောရဆရာတော်ရှိရာသို့ ဓုတင်ဆောင် မထေရ်များကြွလာတော်မူ

ကောဇာ ၁၃၄၆–ခုနှစ် တောရဆရာတော် ထန်းတပင်တောရ၌ ဝါကပ်တော်မူရာသို့ စစ်တောင်းဆရာတော် ဘဒ္ဒန္တဥာဏိန္ဒ(ဓမ္မာစရိယ)၊ ယခု မုန်တောင်တောရဆရာတော် ဘဒ္ဒန္တစန္ဒော ဘာသ (ဓမ္မာစရိယ)၊ ယခု တမာတောင်တောရ ဆရာ တော် ဘဒ္ဒန္တသောဘိတ နှင့် ရန်ကုန်မြို့ ရွှေတောင် ကုန်း သာသနာရိပ်သာကြီးမှ ဘဒ္ဒန္တဥတ္တမဝံသထေရ်တို့ ကြွလာတော်မူကြသည်။

စစ်တောင်းဆရာတော်နှင့် မုန်တောင်ဆရာ တော် ဖြစ်လာမည့် ဦးစန္ဒောဘာသတို့ ၁၃၄၅–ခုနှစ်က မိတ္ထီလာဝမ်းတွင်းမြို့နယ် ကျောက်ဆင်တောရ၌ ဆုံစီးခဲ့ကြပြီး နဘူးကျင်းဆရာတော်ကြီး၏သတင်းကို ကျောက်ဆင်တောရ ရဟန်းထံမှရ၍၊ ၁၃၄၆–ခုနှစ် ဝါဆိုမီ လယ်ဝေး ထန်းတပင်နှင့် ကြာပင်တောရသို့ အရောက်လာကြရန် ချိန်းဆိုထားခဲ့သဖြင့် ရောက်ရှိခြင်းဖြစ်ကြောင်း စစ်တောင်းဆရာတော် မိန့်သည်။

နဘူးကျင်းတောရဆရာတော်ထံ၌ ဝိနည်းတော်နှင့်အညီ လက်တွေ့ကျင့်သုံး နေထိုင်နည်း၊ သင်္ကန်းချုပ်ပုံ ချုပ်နည်းနှင့် သိမ်သမုတ်နည်းများ လေ့လာဆည်းပူး တော်မူကြသည်။

ထိုစဉ်က ထန်းတပင်တောရနှင့် ကြာပင်တောရ တစ်ဆက်တစ်စပ်တည်းရှိရာ–ဦးစန္ဒောဘာသမှာ ကြာပင်တောရနှင့် စစ်တောင်းဆရာတော်မှာ ထန်းတပင်တောရဘက်ရှိ ပျဉ်းမနားမြို့ ဗိုလ်ကြီး ခင်မောင်နှင့်ဇနီးဒေါ်ကြည်ကြည်တို့ ဆောက်လုပ်လှူဒါန်းထားသော တိုက်ကျောင်း၌ ဝါကပ်သီတင်းသုံးတော်မူသည်ဟု မိန့်သည်။

သိမ်အမှတ် ၁၅–မင်္ဂလာကန်ဦးသိမ်သမုတ်တော်မူ

သာသနာတော်နှစ်–၂၅၂၈၊ ကောဇာ–၁၃၄၆–ခုနှစ် ကဆုန်လပြည့်ကျော် ၃–ရက် (၁၇.၄.၁၉၈၄) ကြာသပတေးနေ့ည ၁၀–နာရီ ၄၉–မိနစ်အချိန် ရောဝတီတိုင်း ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျုံကနန်းရွာ မင်္ဂလာကန်ဦးကျောင်း ခဏ္ဍသိမ်ကြီးကို တောရဆရာတော် ဦးဆောင်လျက် သံဃာတော်၂၂–ပါးတို့ သမုတ်တော် မူခဲ့ကြသည်။

ထိုသိမ်ကို သမုတ်ပေးတော်မူပါ လျှောက်ထားသောအရှင်မှာ– ကမ္ဘာအေးကုန်းမြေ ပုဗ္ဗဝိဒေဟ ကျောင်းဆောင်၌ အဘိဓာန်ကျမ်းပြု(ရန်ကုန်အဖွဲ့)၌ ပါသော ဆရာတော်ဘဒ္ဒန္တပညောဘာသ (ဓမ္မာစရိယ) ၏ လျှောက်ထားချက်အရ ကြွရောက်သမုတ်တော်မူခြင်းဖြစ်သည်။



တောရဆရာတော်
သက်တော် ၇၀ နှစ်ခန့်က
ပုံတော်

ထန်းတပင်တောရ
မုခ်ဦး ထန်းတပင်ရွာ
နေပြည်တော်
လယ်ဝေး

ထန်းတပင်တောရကြီး
အဝေးမှ မြင်ရပုံ
နေပြည်တော်
လယ်ဝေး

တောရဆရာတော်
သီတင်းသုံးခဲ့သည့်ကျောင်း
ထန်းတပင်တောရ
နေပြည်တော် လယ်ဝေး

ထန်းတပင်တောရရှိ ဗိုလ်ကြီး
ခင်မောင် + ဒေါ်ကြည်ကြည်
မိသားစုကောင်းမှု
တိုက်ကျောင်း

သိမ်သမုတ်ချိန် ထူးခြားချက်

ထိုသိမ်ကြီး သမုတ်သည့်လမှာ ၁၃၄၆-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃-ရက်ဖြစ်ရာ မိုးဦးကာလ မိုးများသည့်အရပ်ဒေသဖြစ်၍ သိမ်သမုတ်သည့်နေရာ၏ (၁)မိုင်ပတ်လည်၌ မိုးများအုံ့ဆိုင်းရွာနေပြီး သိမ်သမုတ်ပွဲနေရာ၌ မိုးမရွာ၊ သိမ်သမုတ်ပြီးသာခုခေါ်မှ မိုးကြီးရွာသွန်းချကြောင်း ရဟန်းရှင်လူအံ့သြဝမ်းသာ ဖြစ်ကြရကြောင်း၊ ယင်းကဲ့သို့ ထူးခြားချက်ရှိခဲ့ပါကြောင်း ဆရာတော် ဘဒ္ဒန္တပညောဘာသ (ဓမ္မာစရိယ)က ပြန်လည် မိန့်တော်မူပါသည်။

တစ်ဝါမျှကြီးသော်လည်း အလွန် ကြည်ညို

တောရဆရာတော်က- ဆရာတော် ဘဒ္ဒန္တပညောဘာသထက် တစ်ဝါမျှကြီးသည်၊ ဓမ္မာစရိယအတူဖြေကြသည်၊ တောရဆရာတော်ကအောင်သည်၊ ၎င်းက စာမေးပွဲကျသည်၊ တောရဆရာတော်စာချဘုန်းကြီးဖြစ်လာသောအခါ၊ တောရဆရာတော်ထံမှာ စာပြန်သင်မှ ဓမ္မာစရိယအောင်သည် ဟုမိန့်သည်။

'တောရ' ဆရာတော်မဖြစ်မီကပင် စာသင်သားဘဝ၊စာချဘုန်းကြီး ဘဝမှာပင် အနေအထိုင်ကသိပ်ကောင်းတော့- အလိုလိုနေရင်း အလွန်ကိုကြည်ညိုနေခဲ့တာ ယခုကဲ့သို့ တောရဆရာတော် ဖြစ်လာတော့ ဒီလိုဆရာတော်မျိုး တစ်သက် တစ်ခါဘဲတွေ့ဖူးတော့တယ်'

ဦးမင်းကြည်၊ [illegible]ဆောင်ညွှန့်လှိုင်တို့ တောရဆရာတော် ကျမ်းစာတွေရိုက်ခွင့်ရတာ သိပ်ကံကောင်းကြပါတယ် သူရေးတဲ့ကျမ်းစာတွေ ရိုက် တာသေသေချာချာလုပ်ကြပါ ဟုမိန့်၏။'

မှတ်ချက်။ ။ထိုသိမ်အမှတ် ၁၅-မင်္ဂလာ ကန်ဦးသိမ်ရေစက်ချပွဲကို နှစ်အတန်ကြာမှ ပြုလုပ်ရာ၊ တောရဆရာတော် ရန်ကုန်ကြွခိုက်ကြုံသဖြင့် တောရဆရာတော် ရေစက်ချ ချီးမြှင့်ပေးပါ လျှောက်၍ လိုက်ပါကြွသွား၏။

ဆွမ်းသက်သက်ဘုန်းပေး

ပထမနေ့ဆွမ်းနှင့် ဆွမ်းဟင်းများ သပိတ်သို့လောင်းလှူကြ၏။ ထိုနေ့ ဆွမ်းချည်းသက်သက်ဘုန်းပေး၏၊ဟင်းလျာများ ဘုန်းပေးခြင်း ဘာကြောင့်မပြုပါသလဲ လျှောက်ရာ ကျုံကနန်ရွာက မြို့နဲ့ဝေးတယ် ပုံသုကူ ဟင်းလျာမရနိုင်၊

'သည်ဘုန်းကြီးရောက်နေတယ်ဆိုလို့ အလှူယ်တကူ စီမံကြမှာဖြစ်တယ်-ရည်ရွယ်ပြီး စီမံကြမှာ ဖြစ်လို့' ဟုမိန့်၏။

ဤသို့ဖြင့် ဒုတိယနေ့ နို့မှုန့်များလှူ၊ ဆွမ်းဖြင့်ဘုန်းပေး၊ တတိယနေ့လည်း နို့မှုန့်ဖြစ်နေတော့- ကြာကြာဆက်နေလို့မဖြစ်ဘူး-ရန်ကုန်အမြန်ပြန်ပင့်ရတော့၏ဟု ဆရာတော် ဦးပညောဘာသ မိန့်ပါသည်။

နှောင်တတစ်ဖန် ပူပင်ရခြင်းကင်းလို

တောရဆရာတော်သည် ထိုမျှအထိ ဝိနည်းလေးစားတော်မူ၏၊ အဘိဓမ္မာနည်းအရ ဝိနယကုက္ကုစ္စ=အမှားကိုမိမိပြုမိခဲ့လေသလားဟူသော သံသယမှကင်းဝေးစေလို၏။ သုတ္တန်နည်းအရ ဝိပ္ပဋိသာရ ဟူသော နှောင်တတစ်ဖန်ပူပန်ခြင်းလည်းကင်းလို၏၊တစ်နည်း-ပစ္ဆာနုတာပ(ပစ္ဆာ+အနုတာပ) နှောင်တတစ်ဖန်ပူပန်ရခြင်းမှ ကင်းလို၏။

(ထို့ကြောင့် အ-ပရိဘုဥ္စိတွာ- မသုံးဆောင်တော်မူ၍ အ-ပရိဘုတ္တ = မသုံးဆောင်အပ်သည်

အရာဟု မှတ်ယူတော်မူ၊ ဆင်ခြင်တော်မူခြင်း ဖြစ်ပါလိမ့်မည်ဟု နားလည်ကြည်ညိုမိပါ၏။)

အရိယာစခန်းသို့

မြတ်စွာဘုရား၏ သာသနာတော်၌ အရိယ - ဝံသ = အရိယာတို့၏ အနွယ်ဝင်၊ အရိယာ-သံဃ= သူတော်ကောင်းအပေါင်းဖြစ်သော မြတ်သောသံဃာတို့သာ လိုက်နာကျင့်သုံး နိုင်ကြပါကုန်၏။

ယင်းသို့သော ပုဂ္ဂိုလ်များကို အရိယ-သမာစာရ = အရိယာတို့ကဲ့သို့ မြတ်သောအကျင့်ကောင်းရှိသည့် ပုဂ္ဂိုလ်ဟုလည်း အရိယာ-ဝါသ တရားတော်၌ ဟောလာမှတ်သား သိရှိရပါ၏။

အထူး ဆိုလိုသည်ကား ထိုအကျင့်မျိုး၊ တစ်ပါးသော ဆင်တူ သာသနာဟု သုံးလျက်ရှိနေသော အယူဝါဒများ၌ မရှိနိုင်ပါဟု ဆိုလိုပါ၏။

မှန်ကန်သော အရိယာစခန်းသို့ တက်လှမ်းလိုပါက အရိယာတို့၏ အကျင့်မျိုးရှိသော မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်။ ထိုမဂ္ဂင်ရှစ်ပါးကို အကျဉ်းချုပ်ပါက သီလ သမာဓိ ပညာ သိက္ခာ သုံးရပ်ကို ပြည့်စုံအောင်ဖြည့်ကျင့်ပါမှ မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာရနိုင်ကြောင်း နောက်ဆုံးဖြစ်သော သာဝက သုဘဒ္ဒအား မြတ်ဗုဒ္ဓ မိန့်တော်မူခဲ့သည်ကို ပြန်လည် ထင်ဟပ်လျက် မြင်သာနိုင်ရန် တင်ပြလိုက်ရပါ၏။

မြတ်စွာဗုဒ္ဓ၏ သာသနာတော် သုံးရပ်သည် နှစ်ပေါင်း ၂၅၁၁-နှစ် ကာလကြာ ယနေ့တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ စဉ်ဆက်မပြတ် တည်လျက် ရှင်သန်လျက်ရှိပါကြောင်း မြန်မာက ကမ္ဘာသို့ သံအောင်ပြောနေသော ကာလလည်း ဖြစ်ပါကြောင်း တင်ပြလိုရင်း ဖြစ်ပါ၏။

သိမ်အမှတ် ၁၆-ရန်ကင်းတောရ မဟာသိမ်တော်ကြီး

သာသနာ-၂၅၂၈၊ကောဇာ ၁၃၄၆-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄-ရက်(၁၇.၁၀.၁၉၈၄) စနေနေ့မှစ၍ ရဟန်းတော် ၆-ပါး၊ ၉-ပါး၊ ၁၂-ပါးတို့သည် မဏ္ဍပ်မထိုး၊ ချည်ကြိုးမတန်း၊ ဖျာလည်း မခင်း ပကတိမြေပေါ်၌ ရဟန်းချင်းမထိ၊ သင်္ကန်းစွန်းခြင်းမထိ၊ ဟတ္ထပါသ်မှလည်း မကွာအောင် ထိုင်လျက် သိမ်ဟောင်းများရှိက စပ်မိခြင်း၊ ထပ်မိခြင်း၊ သံသယကင်းရန် ကမ္မဝါစာ ၂-ဆောင်တွဲ အကြိမ်ပေါင်း၊ တစ်ထောင့်နှစ် (၁၀၀၂) ကြိမ်တိုင်တိုင် သိမ်ဟောင်းများ နုတ်ကြကုန်၏။ နုတ်ပြီးသောအခါ-

၁၃၄၆- ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂-ရက် (၉.၁၁.၁၉၈၄) သောကြာနေ့ညနေ၌ ရဟန်းတော် ၃၈-ပါး တို့သည် နှစ်ထောင့်ထွာအနီးကပ်၍ အညီအညွတ် စည်းဝေးတော်မူကြသောအားဖြင့် (ဆန္ဒဟာရကာ) သီမာသောဓနအမှုကိုလည်း ပြုကြကုန်၏။

ထို့နောက် နဘူးကျင်းရွာနယ်ဂါမခေတ်ပတ်လည်လမ်းတို့မှ ခရီးသွားရဟန်းများ မဝင်မလာနိုင်အောင် လူငယ်များကို အစောင့်ချထားသောအားဖြင့် (ဗဟိကရဏ) သီမာသောဓနအမှုကိုလည်း ပြုကြကုန်၏။

ဤသီမာသောဓနကို ပြုခြင်းသည် ပရိသသမ္ပတ္တိလည်း ဖြစ်စေ၏။ ထို့ပြင် နိမိတ္တသမ္ပတ္တိ ဖြစ်စေရန် စတုရှသိမ်၏ အပြင်ဘက်ပတ်လည် ရေတွင်းတို့၌ ရေထည့်ကြစေ၍ ကျောက်တိုင်ကြီးများကိုလည်း ချထားစေကြပြီးလျှင် ကျောင်းဝိုင်း အပြင်စွန်း ရေတွင်းတို့၌လည်း ရေထည့်ကြစေပြီး၍ အရှင်ကေဝလစသော ရဟန်းတော် ၈-ပါးတို့ကို နိမိတ်စောင့်ချထားပြီးလျှင် အရှင်နယန၊ အရှင်အာဒိစ္စဝံသ၊ အရှင်စန္ဒောဘာသတို့က အစဉ်အတိုင်း

၁– ကြိမ်စီမေး၍ ပြောကြားသောအားဖြင့် ၃–ကြိမ် အနီးကပ် နိမိတ်ကြားကြကုန်၏။

ထို့နောက် အရှင်တိဿရက နိမိတ်တို့နှင့် ဝေးကွာရာ သံဃာ့အလယ်မှာနေ၍ ၁–ကြိမ် နိမိတ်ကြား၏။ အနီးကြား ၃–ကြိမ်၊ အဝေးကြား ၁–ကြိမ် ပေါင်းသောအားဖြင့် ၄–ကြိမ် ကြားကြကုန်၏။

နိမိတ်ကြားပြီးသောအခါ ကမ္မဝါသမ္မတ္တိ ဖြစ်စေရန် ရဟန်း ၃–ပါးစီတွဲ၍ ၂၁–ပါး ကုန်သော အောက်၌ဖော်ပြပါ ရဟန်းတော်များသည် ဌာန်ကဝိုဏ်း ပယတ္တ ဗျဉ္စနဗုဒ္ဓိ အညီညီလျက် သမာနသံဝါသ ကမ္မဝါစာ ၇–ကြိမ် အဝိပ္ပဝါသ ကမ္မဝါစာ ၅–ကြိမ် ရွတ်ဖတ်တော်မူကြသဖြင့် သာသနာ ၂၅၂၈ ခုနှစ်၊ ကောဇာ ၁၃၄၆–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂–ရက်(၉.၁၁.၁၉၈၄) သောကြာနေ့ည ၁၀–နာရီ မိနစ်အချိန် မဟာသိမ်သမုတ်၍ ပြီးစီးအောင်မြင်ပါသတည်း။

ကမ္မဝါစာ ဆရာတော်များ

ပထမ	လယ်ဝေး	ထန်းတပင်တောရဆရာတော်	အရှင်တိဿရ	(မှော်စရိယ)၊
	ရမည်းသင်း	နဘူးကျောင်းတောရဆရာတော်	အရှင်နယန	
	လယ်ဝေး	ထန်းတပင်တောရ	အရှင်ဉာဏိန္ဒ	(မှော်စရိယ)
ဒုတိယ	ရမည်းသင်း	ပွဲဆည်ကျောင်းဆရာတော်	အရှင်ပဏ္ဍဝံသ	
	တပ်ကုန်း	မဟာသီဟနာဒဆရာတော်	အရှင်အာစိဏ္ဏ	(မှော်စရိယ)
	ရမည်းသင်း	ရွှေဒါးရွှေမင်းဝန်တောရ	အရှင်ဝဏ္ဏောဘာသ	(မှော်စရိယ)
တတိယ	ရမည်းသင်း	သဏ္ဍယ်ကျင်းတောရ	အရှင်ဥာဏဝံသ	(မှော်စရိယ)
	ရမည်းသင်း	သရက်ကန်ကျောင်း	အရှင်ဉာဏိန္ဒ	(မှော်စရိယ)
	လယ်ဝေး	ထန်းတပင်တောရ	အရှင်သောဘိတ	
စတုတ္ထ	မြှုံးမြို့	ဒက္ခိဏာရုံတောရ	အရှင် အာဒိစ္စဝံသ	(မှော်စရိယ)
	ကျောက်ဆည်	မြောင်းဦးကျောင်း	အရှင်ပညောဘာသ	
	ရမည်းသင်း	ရန်အောင်မြင်	အရှင်ဂန္ဓသာရ	(မှော်စရိယ)
ပဉ္စမ	ရမည်းသင်း	မီးဖြူကုန်း ဂန္ဓဝုရ	အရှင်ကလျာဏ	(မှော်စရိယ)
	တပ်ကုန်း	မဟာသီဟနာဒတိုက်အုပ်	အရှင်အာရဒ္ဓဗုဒ္ဓိ	
	လယ်ဝေး	ထန်းတပင်တောရ	အရှင်ပဏ္ဍိတ	
ဆဋ္ဌမ	ကျောက်ဆည်နယ်	လက်ပံတောကျောင်း	အရှင်ရေဝတ	
	မွန်ပြည်နယ်	သိမ်ဇရပ်(ကသစ်ပိုင်စာသင်တိုက်)	အရှင်တေဇိန္ဒ	(မှော်စရိယ)
	လယ်ဝေး	ထန်းတပင်တောရ	အရှင်စန္ဒောဘာသ	(မှော်စရိယ)
သတ္တမ	ရမည်းသင်း	နဘူးကျင်းရွာကျောင်း	အရှင်ဝိလာသ	
	ရမည်းသင်း	အလယ်ကုန်းကျောင်း	အရှင်ကောလာသ	
	ရမည်းသင်း	အောင်ချမ်းသာကျောင်း	အရှင်သောဘိတ	

ရဟန်းတော် ၂၀–ပါးတွင် (မဇ္ဈိမရိယ) ဘွဲ့ရအရှင် ၁၂–ပါးပါဝင် သိမ်သမုတ်ခဲ့ကြောင်း၊ တောရဆရာတော် မကြာခဏ မိန့်သည်။

တောရဆရာတော် တည်ထောင်တော်မူခဲ့သော နဘူးကျောင်း ရန်ကင်းတောရကြီး၌ သိမ်အမှတ်စဉ်– ၇၊ ၁၃၃၅–ခုနှစ်၊ တပို့တွဲလဆန်း ၁၄–ရက်နေ့က ခဏ္ဍသိမ် သမုတ်တော်မူခဲ့ပြီးဖြစ်ရာ ယခု ၁၃၄၆–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄–ရက်၊နှစ်ပေါင်း ၁၁–နှစ်ကြာကာလ၌ မဟာသိမ်= ကျောင်းဝိုင်းကြီးတစ်ခုလုံး သမုတ်သော မဟာသိမ်ကို သမ္မုန္နတ္တိ=သမုတ်ကြကုန်၏ဟု သိမ်–၁၀၀မှတ်တမ်း စာမျက်နှာ–၈၁၌ မှတ်ချက်ပြုထားပါသည်။

တောရဆရာတော်ဘဝ၌ သိမ်ပေါင်း ၁၇၀ သမုတ်တော်မူခဲ့ရာ မဟာသိမ်ကြီး ၅–လုံးပါဝင်၏။ နဘူးကျောင်း ရန်ကင်းတောရ မဟာသိမ်ကြီးမှာ ပထမဆုံး သမုတ်တော်မူသော ပထမ မဟာသိမ်ကြီး ဖြစ်ပါ၏။

မဟာသိမ်သမုတ်နည်းယူ ရဟန်းတော်များ

တင်ပြခဲ့ပြီးဖြစ်သော ပထမ ကမ္မဝါစာအဖွဲ့တွင် ပါဝင်သော လယ်ဝေးမြို့နယ် ထန်းတပင်တောရ အရှင်ဉာဏိန္ဒ(မဇ္ဈိမရိယ) ဆိုသည်မှာ ယခုအခါ၌ တောရမထေရ်များ လောက၌ စစ်တောင်းဆရာတော်ဟု အသိများ၍ ထင်ရှားသော မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် နတ်ကန်ချောင်း တောရဆရာတော် အရှင်ဉာဏိန္ဒ ဖြစ်ပါ၏။

နဘူးကျောင်းရန်ကင်းတောရ၌ သိမ်နုတ်ခြင်း၊ သိမ်သမုတ်ခြင်း၊ ခဏ္ဍသိမ်နှင့် မဟာသိမ်တွဲလျက် သမုတ်နည်းများကို လက်တွေ့နည်းယူ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း စစ်တောင်းဆရာတော် မိန့်ပါသည်။

နဘူးကျောင်းရွာကျောင်း ဆရာတော်

ဖြူးမြို့ ဒက္ခိဏာရုံ စာချ အရှင်အာဒိစ္စ (မဇ္ဈိမရိယ)မှာ ယခုလက်ရှိ နဘူးကျောင်းရွာဦးကျောင်း ဆရာတော်ဖြစ်သည်။

မှန်တောင်တောရဆရာတော်

ဆဋ္ဌ ကမ္မဝါစာအဖွဲ့၌ ပါဝင်သော လယ်ဝေးမြို့နယ် ထန်းတပင်တောရ အရှင်စန္ဒောဘာသ (မဇ္ဈိမရိယ) မှာ ထိုနှစ် ၁၃၄၆–ခုနှစ်၊ ထန်းတပင်နှင့် ကြာပင်တောရသို့ စစ်တောင်းဆရာတော်နှင့် ယမန်နှစ်ကပင် ချိန်းဆိုထားချက်အရ ကြွလာဝါကပ်တော်မူ၍ နဘူးကျောင်း ရန်ကင်းတောရ မဟာသိမ် သမုတ်ခြင်း၌ ပါဝင်ရခြင်းဖြစ်သည်။ ယခုအခါ တောင်ငူခရိုင် ရေတာရှည်မြို့နယ် မှန်တောင်တောရဆရာတော်ဟု ရဟန်းရှင်လူ အသိများ၍ ထင်ရှားတော်မူသည်။

ဆုတောင်းပြည့် တောရ အရှင်ကောဝိလ ၁၃၄၆-ခုနှစ် တောရစတင်

ထိုသိမ်ကြီး သမုတ်ရာ၌ နိမိတ်စောင့်သံဃာ ၈–ပါးတွင် ပါဝင်သော အရှင်ကောဝိလ ဆိုသည်မှာ စီးဖြူကုန်းဂန္ဓကုဋိတိုက် အရှင် ကလျာဏ (မဇ္ဈိမရိယ)၏ တပည့်ဖြစ်ပြီး ထို သိမ်သမုတ်ပွဲ ၁၃၄၆–ခုနှစ် (၁၉၈၄) မှစ၍ တောရဆောက်တည် ပါတော့မည် ဆုံးဖြတ်ချက်ဖြင့် နောက်သို့ ပြန်မလှည့်တော့ဘဲ နဘူးကျောင်းတောရဆရာတော်ဘုရားကြီး၏ အနီးကပ် အလုပ်အကျွေး ဥပဋ္ဌာက = ရဟန်းဖြစ်လာခဲ့သည်ဟု မှတ်တမ်းတင်ရပါလိမ့်မည်။

မှတ်ချက် ။ ။ ထိုသိမ်သမုတ်ပွဲကြီး၌ ပါဝင်တော်မူကြသော စီးဖြူကုန်း အရှင်ကလျာဏ၊ သရက်ကန်ရွာကျောင်းဆရာတော် အရှင်ဉာဏိန္ဒတို့မှာ တောရဆရာတော်ကြီး၏ ပညာသင်တပည့်ရင်းများ ဖြစ်ကြပြီး ပျံလွန်တော်မူကြလေပြီ။

သိမ်သမုတ်နည်း ထပ်မံဆည်းပူးတော်မူကြ

ထိုမဟာသိမ်သမုတ်ပွဲကြီးသို့ ကြွလာတော်မူကြသည့် ယခု စစ်တောင်းဆရာတော်၊ ယခု မှန် တောင်ဆရာတော်၊ ယခု ဆုတောင်းပြည့်တောရ ဆရာတော်၊ မဟာသီဟနာဒ ဆရာတော်နှင့် တိုက်အုပ်ဆရာတော်စသည့် ရဟန်းတော်များစွာတို့အား သိမ်သမုတ်ခြင်း၊ မပြုမီ ပုဗ္ဗကိစ္စ၊ သိမ်နှင့် စပ်၍ သိမှတ်ဖွယ်များ၊ ဆန္ဒပေးမှုနှင့်စပ်၍ သတိပြုစရာများ၊ အကျဉ်းဆောင်ရန်လင်္ကာ၊ သီမာသောဓနသုံးမျိုး ဆန္ဒာရဟာရဟန်းများ၏ အင်္ဂါများ၊ သာမဂ္ဂီနစ်ပါး၊ သိမ်နုတ်နည်းများ လက်တွေ့ပြသခြင်းနှင့် သိမ် သမုတ်ကမ္မဝါစာ ဖတ်နည်းများကို နဘူးကျောင်းတောရဆရာတော်က 'ဝိမတိဝိနောဒနီ ဝိနယာလင်္ကာရဋီကာ' ဆရာတော်များ၏ အဆိုအမိန့်များ အတိုင်း အသေးစိတ်ရှင်းပြ လေ့လာဆည်းပူးတော်မူကြလေသည်။

သက်နီးချုပ်နည်း လက်တွေ့ပြသ သင်ယူ

အထက်ပါ စစ်တောင်းဆရာတော်အမှူးပြုသော ရဟန်းတော်များသို့ နဘူးကျောင်းတောရဆရာတော်ကိုယ်တိုင် လက်ချုပ် ချုပ်ထားသော သင်္ကန်းကို စီးဖြူကုန်းဆရာတော် ဦးကလျာဏ သိမ်းထားရာမှ ပြ၍ နဘူးကျောင်းတောရဆရာတော်၏ သင်္ကန်းချုပ်နည်း အသေးစိတ်ကို လက်တွေ့ပြသ သင်ယူကြပြန်သည်။ ထိုသို့ သင်ယူရာ၌ နဘူးကျောင်းသုသာန်တွင် ပုံသုကူပစ်သော ပေါ်ပလင်ကြိုးပြာစ ပိတ်စများကောက်ယူပြီး ကေသီချုပ်ပုံ ညွှန်ပြချက် ဓယားများဖြင့်လည်းကောင်း၊ ဒုကုဋ္ဋသင်္ကန်းချုပ်ပုံ ညွှန်ပြချက် ဓယားများဖြင့်လည်းကောင်း အခန်းတိုများကို လက်ချုပ်ဖြင့် အခန်းရှည်များကို အပ်ချုပ်စက် ၂-လုံးငှား၍ နံပါတ်များတပ်ခြင်း လက်တွေ့ပြသ သင်ယူခဲ့ကြကြောင်း စစ်တောင်းဆရာတော်က ပြန်လည်မိန့်ကြားသည်ကို ဤနေရာ၌ ဖော်ပြခြင်း ဖြစ်ပါသည်။

မှတ်ချက် ။ ။ ယခုအခါ၌မူ နဘူးကျောင်းတောရဆရာတော်ရေး သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်း (တတိယအကြိမ်) ထုတ်ဝေသော ကျမ်းစာ၌ သင်္ကန်းချုပ်ပုံ ဓယားများ ညွှန်ပြချက်များဖြင့် ဖော်ပြပါရှိပြီးလေပြီ။ သိလိုက ထိုကျမ်း၌ ရှုတော်မူကြရန်ဖြစ်ပါသည်။

နဘူးကျောင်းရန်ကင်းတောရ၌ ကထိန် လက်ခံထားသည်ကို ပယ်ခြင်း

ကောဇာ ၁၃၄၆ - ခုနှစ်၊ နဘူးကျောင်းရန်ကင်းတောရ၌ ကထိန်ခင်းခြင်း ခွင့်ပြုမည်ထင်၍ တပ်ကုန်းမြို့ ပြုံးမြင့်ဦး ဓာတ်ပုံတိုက်ပိုင်ရှင်များက ကထိန်ခင်းခြင်း ခွင့်ပြုရန် ဆိုလာသည်ကို ရင်းနှီးသူများက လက်ခံထားရာ တောရဆရာတော် လယ်ဝေးထန်းတပင်တောရ၌ ဝါကပ်ပြီး နဘူးကျောင်းမဟာသိမ်သမုတ်ရန် ပြန်ကြွလာခိုက် ပြုံးမြင့်ဦးဓာတ်ပုံတိုက်ပိုင်ရှင်များ ကထိန်ခင်းရန် ပစ္စည်းများ သယ်လာကြသည့်အခါ တောရဆရာတော် သိသွား၍ တောရကျောင်း၌ ကထိန်ခင်းခြင်း ခွင့်မပြုဟု ပယ်လိုက်သဖြင့် ဒါယကာများ ငိုကြကြောင်း စစ်တောင်းဆရာတော်မိန့်ပါသည်။

မှတ်ချက် ။ ။ ကထိန်သင်္ကန်း လက်ရောက်ကပ်သည်ကို လက်ခံသည်နှင့် တပြိုင်နက် ပုံသုကူခုတင်ပျက်သည်။ ထို့ကြောင့် ဆရာတော်က ပယ်ခြင်းဖြစ်လေသည်။

'ဂဟပတိစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ' ဆိုခဲ့သည်မှာ ဒါယကာများဘက်သို့ မငဲ့မူ၍ မြတ်စွာဘုရား၏ အဆုံးအမ၌ တည်ခြင်းပေတည်း။

နောင်သောကာလများ၌လည်း နဘူးကျင်းတောရဆရာတော်သည် 'ဆိုခဲစေ မြဲစေပါတကား' ဟူ၍လည်းကောင်း၊ တောရမထေရ်များ လောက၌စံနမူနာပြ ဩဝါဒတစ်ရပ် မှတ်သားကျန်ရစ်နေယောင်ပါတကား ဟူ၍ နှလုံးသွင်းမိသဖြင့် စစ်တောင်း ဆရာတော် မိန့်ကြားခဲ့သည်ကို မှတ်သား၍ ဤနေရာ၌ ဖော်ပြလိုက်ခြင်း ဖြစ်ပါ၏။

၅-နှစ်ဆက်တိုက် နဘူးကျင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ

ကောဇာ ၁၃၄၇-ခုနှစ်၊ တောရဆရာတော်၏ သက်တော် ၆၄၊ ဝါတော် ၄၅-ဝါ၊ တောရဆောက်တည်ဝါ ၂၂-ဝါ မြောက်ဖြစ်ပြီး ဇာတိရွာ နဘူးကျင်း ရန်ကင်းတောရ၌ တစ်လှည့် ဝါကပ်တော်မူသည်။ (၁၃၄၇-မှ ၁၃၅၁-ခုနှစ်ထိ ၅-နှစ်ဆက်တိုက် နဘူးကျင်းရန်ကင်းတောရ၌ ဝါကပ်တော်မူ၏။)

ထိုနှစ်ဝါ၌ စစ်တောင်းဆရာတော် အရှင်ဉာဏိန္ဒလည်း ရန်ကင်းတောရ၌ တောရဆရာတော်နှင့်အတူ ဝါကပ်တော်မူသည်။

နည်းယူဆောင် ရဟန်းတော်များ ရောက်ရှိလာ

ဤနေရာ၌ အထူးသတိပြုတင်ပြလိုသည်ကား တောရဆရာတော်၏ဘဝ တောရဆောင်ဝါတော် ၂၀-ကျော်ကာလ ရောက်သောအခါ တောရရဟန်းတော်များ လောက၌တစ်နေ့တခြား သတင်းစကား ပျံ့နှံ့သွားသဖြင့် တောရမထေရ် ကြီးငယ်များ တစ်ပါးပြီးတစ်ပါး ဆရာတော်ထံ အရောက်လှမ်းကြွတော်မူလာကြလေသည်။

မှတ်ချက် ။ ။ တောရဆရာတော်သည် မူလက တောတစ်တော၌ တစ်ကျောင်း၊ တစ်ကျောင်း၌ တစ်ပါးတည်း ကေစာရီသီတင်းသုံးတော်မူခဲ့၏။

တစ်တော၌ တစ်ပါးတည်းနေသည့် အကျင့်ရှိစေလို

နောက်ပိုင်း၌ နည်းယူဆောင် ရဟန်းတော်များ တစ်ပါးပြီးတစ်ပါး ရောက်၍လာသဖြင့် တစ်တော၌တစ်ကျောင်း၊ တစ်တော၌တစ်ပါးတည်းနေ၍ မဖြစ်တော့၊ ကျောင်းအလှူရှင်များလည်း တစ်ကျောင်းပြီးတစ်ကျောင်း ဆောက်လှူကြကုန်၏။ သို့ရာတွင် ခမ်းနားထည်ဝါကြီးကျယ်လှသော ကျောင်းများကို ဆောက်လှူခြင်း ခွင့်မပြု၊ တစ်ပါးနေအောက်ထပ် အုတ်ပတ်လည်၊ အပေါ်ထပ် သစ်သားကျောင်းငယ်များကိုသာ လက်ခံတော်မူ၏။ တစ်ကျောင်းနှင့်တစ်ကျောင်းလည်း နီးကပ်စွာ ဆောက်လုပ်ခွင့်မပြု။ တောရဆရာတော်အနေဖြင့်မူ တစ်ကျောင်း၌တစ်ပါးတည်း သီတင်းသုံးလေ့ရှိသလို နည်းယူဆောင် ရဟန်းတော်များကိုလည်း တစ်ကျောင်း၌တစ်ပါးသာ နေစေလို၏။

အထူးသဖြင့် တစ်တော၌ တစ်ပါးတည်း သီတင်းသုံးသည့် အလေ့အကျင့်ရှိမှ တစ်ပါးတည်းနေရခြင်း၏ သမဏသုခ ချမ်းသာအေးငြိမ်းမှုအရသာကို သိသည်ဟု မကြာခဏ မိန့်တော်မူလေ့ရှိ၏။

အောက်ထပ်အုတ်တိုက် အပေါ်ထပ် ပျဉ်ထာ ကျောင်းကလေး

တောရဆရာတော် ဆယ်မိုး၊ ဆယ်နွေ၊ ဆယ်ဝါ သီတင်းသုံးနေခဲ့သည့် မင်းဘူး စကုမြို့နယ် မြောင်းဦး ရန်ကင်းတောရရှိ အောက်ထပ်အုတ်တိုက် အပေါ်ထပ် ပျဉ်ထာ သွပ်မိုးကျောင်းကလေးမှာ တောရဆရာတော် လွန်စွာ နှစ်သက်မြတ်နိုးတော်မူ၏။

ထိုစကားကို မိမိအဘယ်ကြောင့်ဆိုသနည်းဟူမူ မြောင်းဦး ရန်ကင်းတောရရှိ ထိုကျောင်းကလေး၌ အနေကြာခဲ့ခြင်းနှင့် နောင်သောအခါ နဘူးကျောင်း ရန်ကင်းတောရနှင့် လယ်ဝေးထန်တပင်တောရများ၌ ဆောက်လုပ်လှူဒါန်းခွင့်ပြုသော ပုံစံတူနှစ်ထပ် တိုက်ခံကျောင်းငယ်များကို ကြည့်မြင်ရခြင်းအပြင် လယ်ဝေးထန်းတပင်တောရရှိ ကျောင်းအစ်မ ဒေါ်စောညွန့်နှင့် အများကောင်းမှု (၁၃၃၈ ခုနှစ်) တိုက်ခံကျောင်းငယ်၌ များစွာသော ကာလတို့ပတ်လုံး သီတင်းသုံးခဲ့သည်ကို ကြည့်မြင်ရခြင်းဖြင့် သိသာထင်ရှားလေပြီဟု မိမိဆိုချင်ပါ၏။

အောက်ထပ် အုတ်တိုက်က ထု ၁၄–လက်မ ထူမှ ရာသီဥတု အအေးဒဏ်ကို ခံနိုင်တယ်၊ သင်္ကန်း သုံးထည် မျှဆောင်သော ရဟန်းအတွက် အောက်ထပ်မှာ ဆောင်းဥတုနှင့် မိုးဥတုနေပြီး နွေဥတု အတွက် အပေါ်ထပ်မှာ သတင်းသုံးနိုင်တယ်၊ ဒါမှ နေရထိုင်ရ အဆင်ပြေတယ်ဟု မိန့်လေ့ရှိသည်ကိုလည်း မကြာခဏ ကြားရသဖြင့် မှတ်သားထားခဲ့မိပါသည်။

တောရဆရာတော်သည် ထိုထိုကျောင်းငယ်များ၌ သီတင်းသုံးခဲ့ပုံများကို အမြဲမြင်ယောင်နေမိ၏။

ဝါတော် ၂၀ နောက်ပိုင်း သိမ်သမုတ်ခြင်း များပြားလာ

တောရဆရာတော်၏ အနေအထိုင်သီလ ဂုဏ်သတင်းကြောင့် နည်းယူဆောင် ရဟန်းတော်များရောက်ရှိလာကြသလို သိမ်သမုတ်ပွဲပင့်ခြင်းများလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကို လေ့လာသုံးသပ်သိမြင်ရပါ၏။

၁၃၄၇ ခုနှစ်–သိမ်သုံးလုံး သမုတ်တော်မူ

တောရဆရာတော်သည် အောက်ပါ သိမ်သုံးလုံးကို သမုတ်တော်မူခဲ့၏။

သိမ်အမှတ် ၁၇–သာယာကုန်းသိမ်

သာသနာ–၂၅၂၉၊ ကောဇာ–၁၃၄၇–ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀–ရက်(၉.၁၀.၁၉၈၅) ဗုဒ္ဓဟူးနေ့၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၀–တို့သည် မန္တလေးတိုင်း ရမည်းသင်းခရိုင်၊ ပျဉ်းမနားမြို့နယ် သာယာကုန်းကျောင်း ခဏ္ဍသိမ်တော်ကြီးကို သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၈–လဲဘူးတောရသိမ်

သာသနာ–၂၅၂၉၊ ကောဇာ–၁၃၄၇–ခုနှစ် တန်ဆောင်မုန်းလပြည့်၊ (၂၇.၁၂.၁၉၈၅) ဗုဒ္ဓဟူးနေ့ ညအချိန် မကွေးတိုင်း နတ်မောက်မြို့နယ် လဲဘူး တောရကျောင်း ခဏ္ဍ သိမ်တော်ကြီးကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော်ပေါင်း ၃၁–ပါးတို့သည် ကောင်းစွာသမုတ်၍ ပြီးစီးအောင်မြင်တော်မူပါသည်။

ထို လဲဘူးတောရမှာ နဘူးကျင်းတောရ ဆရာတော်နှင့် အစဉ်အမြဲ လိုက်ပါ၊ အတူ သီတင်း သုံးနေထိုင်၊ တောရဆောက်တည်ရာ၌လည်း ဆရာ တော် ကဲ့သို့ ဝိနည်းကို အထူးလေးစားတော်မူသော ဘဒ္ဒန္တ နယနထေရ် တည်ထောင်သည့် တောရ ဖြစ်ပါ၏။

သိမ်အမှတ် ၁၉–ဓမ္မဇိမာန်သိမ်(ဝိသုံဂါမသိမ်)

သာသနာ–၂၅၂၉၊ ကောဇာ–၁၃၄၇–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈–ရက်၊(၂.၂.၁၉၈၆) တနင်္ဂနွေ နေ့၌ ရာမည ခေါ် မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ညိုတောင်၏ အနီး ဓမ္မဇိမာန်ကျောင်းတိုက် အတွင်း ဦးထွန်းရ အမည်ရှိသည့် ဒါယကာအား နိုင်ငံတော်အစိုးရမင်းက ဝိသုံဂါမခေါ် သီးခြားရှာမြေ အမိန့်ပေးအပ်သော မြေညီပြင်၌ ၃၃၆–ကြိမ် သိမ် နုတ်ပြီး တောရဆရာ တော်ဦးဆောင်သော ရဟန်း တော်ပေါင်း ၉၀–ကျော်တို့ သိမ်သမုတ်ကမ္မဝါစာများ ဖြစ်သော သမာနသံ ဝါသ ၉–ကြိမ်၊ အဝိပ္ပဝါသ ကမ္မဝါစာ ၉–ကြိမ်စီ ဖတ်ကြားသမုတ်တော်မူကြပြီး ညနေ ၅–နာရီ ၅–မိနစ် အချိန် ချမ်းသာစွာဖြင့် ပြီးစီးခြင်းသို့ ရောက်ပါ၏ဟု မှတ်တမ်းတင်ထား ပါသည်။

အပြန်အလှန် လေးစားတော်မူ

ထို ဓမ္မဇိမာန်ကျောင်းတိုက်၏ ဦးစီး နာယ ကအရှင်မှာ ဒုတိယမြောက် တိပိဋကဓရ ပခုက္ကူ ဆရာတော် ဘဒ္ဒန္တ နေမိန္ဒထေရ် ဖြစ်ပါသည်။ ရန်ကုန် ဘုရားဖြူကျောင်းတိုက်ကြီးတွင် တောရဆရာတော် နှင့် တွေ့ဆုံကြသဖြင့် ခင်မင်ရင်းနှီးကြပြီး တစ်ပါး နှင့်တစ်ပါး လွန်စွာ လေးစားကြသည်။ သို့အတွက် ဓမ္မဇိမာန် သိမ်တော်ကြီးကို တောရဆရာတော် ဦး ဆောင်သမုတ်ပေးစေလို၍ ပင့်လျှောက်သဖြင့် ကြွ ရောက်တော်မူခြင်းဖြစ်သည်။

တိပိဋကဓရ အရှင်က တောရဆရာတော် အား ဦးဆောင်သမုတ်စေလိုသော ဆန္ဒမှာ ဤ သာသနာတော်၌ လွန်စွာ ကြည်ညိုဖွယ်ရာ ကောင်း သောအချက်ဖြစ်၍ ဤနေရာ၌ မှတ်တမ်းတင် ဖော်ပြ လိုက်ပါ၏။

စနေသားနေ့တူ မောင်ထွန်းရှိန် အမည်တူ ဒုတိယမြောက် တိပိဋကဓရ ဘဒ္ဒန္တနေမိန္ဒထေရ်

တောရဆရာတော်မှာ စနေသား၊ ငယ်စဉ် လူနာမည် မောင်ထွန်းရှိန်ဖြစ်ပြီး ဒုတိယမြောက် တိပိဋကဓရ ပခုက္ကူဆရာတော်မှာလည်း စနေသား၊ ငယ်စဉ် လူအမည် မောင်ထွန်းရှိန်ပင် ဖြစ်နေသည်မှာ ထူးခြားသော တိုက်ဆိုင်မှုတစ်ရပ် ဖြစ်နေသည်။

တိပိဋကဓရ ပခုက္ကူဆရာတော် ဖြစ်လာ မည့်လောင်းလျာကို မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့ နယ်၊ ဆင်းကန်တိုက်နယ် ဝွေးပင်ကွင်းရွာနေ ခမည်း တော် ဦးဘိုးတစ်နှင့် မယ်တော် ဒေါ်ထွားတုတ် တို့မှ ၁၂၈၉–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈–ရက် (၁၄.၁. ၁၉၂၈) စနေနေ့တွင် ဖွားမြင်တော်မူခဲ့သည့် တော သားကြီးပင် ဖြစ်သည်။*

သားသမီးနှစ်ယောက်ရှိသည့်အနက် သား ဦးရတနာဖြစ်သည်၊ ငယ်မည်မှာ မောင်ထွန်းရှိန် ဖြစ် သည်။ (တောရဆရာတော်က ၆–နှစ်၊ ၆–ဝါ၊ ကြီးသည်။)

မင်းကွန်းတိပိဋကဓရ ဆရာတော်

ကောဇာ ၁၃၁၅–ခုနှစ်(၁၉၅၄)တွင် ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် တိပိဋကဓရ

* တိပိဋကဓရရွှေရတုစာစောင် (၁၃၁၀–၁၃၆၀) သာသနာရေး ဦးစီးဌာန

ရွေးချယ်ရေး စာမေးပွဲတွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော တိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ ပေါ်ထွန်းခဲ့သည်။*

ခြောက်နှစ်ကြာ ဒုတိယဆရာတော် ဘဒ္ဒန္တ နေမိန္ဒ ပေါ်လာ

ပထမ မင်းကွန်းပေါ်ပြီး ၆–နှစ်ကြာသော အခါ ကောဇာ ၁၃၂၁–ခုနှစ် (၁၉၆၀)တွင် ကျင်းပသော ဆယ့်နှစ်ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ၌ ဒုတိယမြောက် ပခုက္ကူဆရာတော် အရှင်နေမိန္ဒ ပေါ်ထွန်းလာပြန်သည်။

ဒုတိယမြောက် တိပိဋကဓရ ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးနှင့် မော်လမြိုင်မြို့ မဟာဝိသုတာရာမ မွေ့ဗိမာန်ကျောင်းတိုက်ကြီးများ၌ ပရိယတ္တိ မွေသင်ကြားပို့ချမှု တာဝန်များနှင့် နိုင်ငံတော် သာသနာပြုဂိုဏ်းအသင်းကြီးများ ဩဝါဒစရိယ ဆရာတော်တာဝန်များ ထမ်းဆောင်တော်မူခဲ့သည်။

ယင်းသို့ သာသနာတော်၏ တာဝန်များ ထမ်းဆောင်တော်မူရင်း သက်တော် ၆၄–နှစ်၊ ဝါတော် ၄၄–ဝါ အရောက် ၁၃၅၃–ခုနှစ်၊ နယုန်လပြည့်နေ့ (၂၇.၅.၁၉၉၁)၌ ပျံလွန်တော်မူခဲ့လေသည်။

သက်တော် ၆၄၊ ဝါတော် ၄၄–ဝါမျှဖြင့် တိပိဋကဓရထေရ်တစ်ပါး ပျံလွန်ခဲ့သည်မှာ ဤသာသနာတော်ကြီးနှင့် လောကကြီးအတွက် ဆုံးရှုံးမှုကြီးတစ်ရပ်ပင်ဖြစ်သည်။

(သေမင်းသည် ဘာမျက်နှာကိုမျှမထောက်၊ တိပိဋကဓရ ဟူသော ဂုဏ်ထူးဝိသေသများကိုလည်း မငဲ့၊ ဘဝခန္ဓာရလာသူတိုင်းကို သေလမ်းသို့ ပို့ဆောင်မည်သာ ဖြစ်ပါ၏။)

တောရဆရာတော်အား ထိုဆရာတော်၏ ဈာပနကြွဦးမလား၊ ဘုရားဖြူတိုက်မှ လှမ်းလျှောက်ရာ 'ရှင်တုံးတွေ့ချင်တာ၊ သေမှတော့ မတွေ့တော့ပါဘူး၊ သူသိမှာမှ မဟုတ်ပဲ၊ မကြွတော့ပါ' ဟု ပြန်လျှောက်ခဲ့၏။

နဘူးကျောင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ

သာသနာ ၂၅၃၀၊ ကောဇာ ၁၃၄၈ (ကမ္ဘာသုံး ၁၉၈၆) ခုနှစ် နဘူးကျောင်း ရန်ကင်းတောရ၌ပင် တောရဆရာတော် ဝါကပ်တော်မူသည်။

သိမ်အမှတ် ၂၀ မဟာမြိုင်တောရ သိမ်သမုတ်တော်မူ

သာသနာ ၂၅၃၀၊ ကောဇာ ၁၃၄၈–ခုနှစ် (၂၂.၈.၁၉၈၆) ဝါခေါင်လပြည့်ကျော် ၂–ရက်၊ သောကြာနေ့ ည – ၁၀ နာရီ ၁၀ မိနစ်အချိန် မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် မဟာမြိုင်တောရ ခဏ္ဍ သိမ်ကြီးကို တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၁၃ ပါးတို့သည် ကောင်းစွာ သမုတ်တော်မူ၏။

မဟာမြိုင်တောရမှာ ထန်းတပင်တောရ အနီး၌ တည်ရှိ၍ မဟာမြိုင်တောရ ဆရာတော် ဦးဇောတိက သီတင်းသုံးတော်မူသည့် တောရ ဖြစ်သည်။

၁၃၄၈–ခုနှစ်၌ ဆန္ဒါနဝိနိစ္ဆယကျမ်း ရေးသားတော်မူ

မြတ်စွာဘုရား တည်ထားတော်မူခဲ့သည့် စစ်မှန်သော သာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာ တည်တံ့ပါစေခြင်းငှာ– ရဟန်းတော်များအတွက်

* တိပိဋကဓ ရွှေရတုစာစောင် (၁၃၂၀–၁၃၆၀) သာသနာရေးဦးစီးဌာန

ဆန္ဒဒါနဝိနိစ္ဆယ ခေါ် - ဆန္ဒပေး အဆုံးအဖြတ်ကျမ်းကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ၁၃၄၈-ခုနှစ် နဘူးကျင်း ရန်ကင်းတောရကြီး၌ ဝါကပ်စဉ် ရေးသားတော်မူခဲ့ရာ တော်သလင်းလဆန်း ၁၄-ရက် (၁၇.၉.၁၉၈၆) ဗုဒ္ဓဟူးနေ့ နေ့လည် ၂-နာရီအချိန်၌ ရေးသားပြီးစီးကြောင်းကို ကျမ်း၏ နိဂုံးတွင် ပါဠိ-မြန်မာဖြင့်ပင် မှတ်တမ်းတင်ထားရှိပါသည်။

ထိုဆန္ဒဒါနဝိနိစ္ဆယ ခေါ် ဆန္ဒပေး အဆုံးအဖြတ်ကျမ်းစာကို ထိုကာလက ရေးသားပြီးစီးခဲ့သော်လည်း ပုံနှိပ်ကျမ်းစာအဖြစ် ရောက်ရှိရေးအတွက် တောရဆရာတော်၏ နှုတ်မှ မည်သည့်ဒါယကာကိုမျှ ဖွင့်ဟခြင်း မရှိ၊ တောရကျောင်း၌ သိမ်းဆည်းထားခဲ့လေသည်။*

(ကျမ်း၏ ဆိုလိုရင်း အနှစ်သာရကို ပုံနှိပ်ခြင်းသို့ ရောက်သည့်ကာလ ၁၃၅၆-ခုနှစ်သို့ရောက်မှ ဖော်ပြပါတော့မည်။)

၁၃၄၉-ခုနှစ်၊ နဘူးကျင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ

သာသနာ-၂၅၃၁၊ ကောဇာ ၁၃၄၉-ခုနှစ် (၁၉၈၇)တောရဆရာတော်သည် နဘူးကျင်းရန်ကင်းတောရ၌ပင် ဆက်တိုက် ဝါကပ်တော်မူသည်။

တောရဆရာတော်၏ သက်တော်-၆၆ နှစ်၊ ဝါတော်-၄၇-ဝါ တောရဆောက်တည်သည့် ဝါတော်ပေါင်း ၂၅-ဝါ ရှိလေပြီ။

၁၃၄၉-ခုနှစ် သိမ် ၄-လုံး သမုတ်တော်မူ

၁၃၄၉-ခုနှစ်အတွင်း၌ တောရဆရာတော်သည် အောက်ပါ သိမ်၄-လုံးကို သမုတ်တော်မူခဲ့သည်။

သိမ်အမှတ်-၂၁ ရန်ကင်းတောရ မဟာသိမ်ရဲ့၌ သမုတ်

သာသနာ-၂၅၃၁၊ ကောဇာ ၁၃၄၉-ခု၊ (၁၀.၈.၁၉၈၇) ဝါခေါင်လပြည့်ကျော် ၁-ရက်၊ တနင်္လာ နေ့ည ၇-နာရီ၊ ၅၅-မိနစ်အချိန် ရမည်းသင်းခရိုင် နဘူးကျင်း ရန်ကင်းတောရ မဟာသိမ်ကြီးကို ကျောင်းပရိဝုဏ်အတွင်း ဆက်စပ်ကျန်ရှိသော မြေအပြင်ကို ၁၀၆၃-ကြိမ်သိမ်နုတ်ခဲ့ပြီး တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၂၉-ပါးတို့သည် ကောင်းစွာ သမုတ်တော်မူကြကုန်၏။

ထို့ညပင် ရန်ကင်းတောရကြီး၏ အနောက်တောင် တမာတောင်တောရသို့ ကြွရောက်ကြပြီး တစ်ညတည်းဖြင့် သိမ် ၂-လုံးကို သမုတ်တော်မူကြလေသည်။

သိမ်အမှတ် ၂၂-တမာတောင်တောရ သိမ်သမုတ်တော်မူ

သာသနာ-၂၅၃၁၊ ကောဇာ ၁၃၄၉-ခု (၁၀.၈.၁၉၈၇) ဝါခေါင်လပြည့်ကျော် ၁-ရက်၊ တနင်္လာနေ့ ည ၁၀-နာရီ၊ ၃၂-မိနစ်အချိန် နဘူးကျင်း ရန်ကင်းတောရ ဆရာတော်၏ နိသျည်းယူ တောရရဟန်းတော်များ သီတင်းသုံးရာ တမာတောင်အမည်ရှိသော တောင်ထိပ်၌ ၂၁၀-ကြိမ်တိုင်တိုင် သိမ်နုတ်ထားသော မြေညီပြင်ဝယ် တောရဆရာတော်ဦးဆောင်သော ၂၈-ပါးသော ရဟန်းတို့သည် ခဏ္ဍသိမ်ကို ကောင်းစွာ သမုတ်တော်မူကြကုန်၏။

တောရဆရာတော်၏ အလိုဆန္ဒမှာ မိမိသီတင်းသုံးသည့် တောရတိုင်း သိမ်ရှိစေလိုသည်၊ အခြားသော တောရရဟန်းတော်များ သီတင်းသုံးသည့် တောရတိုင်းမှာလည်း သိမ်ရှိစေလိုသည်၊

* ဆန္ဒဒါနဝိနိစ္ဆယ ခေါ် ဆန္ဒပေး အဆုံးအဖြတ်ကျမ်းစာ ၁၃၄၈-ခုနှစ် ရေးသား

သိမ်စရိယာအတွက် နေထိုင်သီတင်းသုံးရခြင်းကို လွန်စွာ နှစ်သက်တော်မူသည်။ သို့အတွက် တစ်ညတည်း ဆက်တိုက် သိမ် ၂–လုံးကို မဖောနိုင် မပမ်းနိုင် ဤသာသနာတော်အတွက် စွန့်ကိုယ်ကို ငဲ့သည် မရှိ၊ သာသနာတော်ကြီး အစွန့်ရှည်ရေးကို ရွက်ဆောင်တော်မူခဲ့သည်ကို နလုံးသွင်းကြည်ညို နိုင်ကြလိမ့်မည် ဟုယူဆပါသည်။

သိမ်အမှတ် ၂၃–မဟာသီဟနာဒ ဒုတိယဓမ္မာ သိမ်

သာသနာ–၂၅၃၁၊ ကောဇာ ၁၃၄၉ (၉.၉.၁၉၈၇) တော်သလင်းလပြည့်ကျော် ၂–ရက် ဗုဒ္ဓဟူးနေ့ည ၈–နာရီ၊ ၅၀–မိနစ်အချိန် မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့၊ မဟာသီဟနာဒ ကျောင်းတိုက်အတွင်း ၃၃၆– ကြိမ် သိမ်နှုတ်ထားသော မြေအပြင်ဝယ် တောရဆရာတော် ဦးဆောင်၍ ၆၅ –ပါးသော ရဟန်းတော်များသည် ဒုတိယဓမ္မာ သိမ်ကို ကောင်းစွာ သမုတ်တော်မူကြကုန်၏။

ထိုကျောင်းတိုက်အတွင်း ပထမဓမ္မာသိမ်ကို ၁၃၄၀–ခုနှစ်က သမုတ်ခဲ့ပြီး ၉–နှစ်ကြာကာလ ထိုကျောင်းတိုက်အတွင်းမှာပင် ဒုတိယဓမ္မာသိမ်ကို ထပ်မံသမုတ်တော်မူခြင်းဖြစ်ရာ တောရဆရာတော်က ယခုခေတ်အခါ၌ နှစ်သစ်ကူးသင်္ကြန်ရက်များ အတွင်း ဒုလ္လဘရဟန်းခံပွဲများစွာ ပြုလုပ်နေကြသည်။ သို့အတွက် ပထမသိမ်ကိုလည်း မဖျက်နှင့် မိန့်တော်မူ၍ ထိုအမိန့်ကို မဟာသီဟနာဒဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏအရှင်မြတ်က လိုက်နာတော်မူပြီး သိမ် ၂–လုံးရှိသော စာသင်တိုက်ကြီးဖြစ်၍ နေတော့သည်။

မှတ်ချက် ။ ။ ထိုအကြောင်းကို မဟာသီဟနာဒတိုက်အုပ်ဆရာတော် အရှင်အာစိဏ္ဏဗုဒ္ဓိက မိမိအား သိမ်၂–လုံးကိုပြလျက် ရှင်းပြသည်ကို မှတ်သားထားခဲ့သဖြင့် ဤနေရာ၌ ဖော်ပြလိုက်ရပါသည်။

သိမ်အမှတ်–၂၄ တောင်သာအေးသိမ် သမုတ်တော်မူ

သာသနာ–၂၅၃၁၊ ကောဇာ–၁၃၄၉ (၄.၁.၁၉၈၇) ပြာသိုလပြည့်ကျော် ၁–ရက်၊ တနင်္လာနေ့ည ၉–နာရီ၊ ၅–မိနစ်အချိန် မန္တလေးတိုင်း လယ်ဝေးမြို့နယ်၊ ကြာပင်အုပ်စု တောင်ထီးရွာ တောင်သာအေးကျောင်းအတွင်းရှိ ဓမ္မာသိမ်ကြီးကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၈–ပါးတို့သည် ၂၁၂–ကြိမ် သိမ်နှုတ်ထားသော မြေညီပြင်၌ ကောင်းစွာ သမုတ်တော်မူကြကုန်၏။

ထိုနှစ် အထက်ပါ သိမ် ၄–လုံး သမုတ်တော်မူခဲ့ပါ၏။

၁၃၅၀–ခုနှစ် ရန်ကင်းတောရ၌ ဝါကပ်တော်မူ

သာသနာ – ၂၅၃၂၊ ကောဇာ – ၁၃၅၀ ပြည့်နှစ် (၁၉၈၈) ရမည်းသင်းမြို့နယ် နဘူးကျောင်း ရန်ကင်း တောရ၌ ဆက်တိုက်ဝါကပ်တော်မူသည်။ ထိုနှစ် သိမ် ၂–လုံး သမုတ်တော်မူခဲ့သည်။

သိမ်အမှတ် ၂၅–မဟာမြိုင်တောရ မဟာသိမ် သမုတ်တော်မူ

သာသနာ–၂၅၃၂၊ ကောဇာ–၁၃၅၀ပြည့်၊ (၃၁.၁၀.၁၉၈၈)ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆–ရက် တနင်္လာနေ့ နေဝင်ပြီးစ ၆–နာရီ၊ ၇–မိနစ်အချိန် မန္တလေးတိုင်း ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် မဟာမြိုင်တောရ၌ (ယခင်သိမ်အမှတ်–၂၀၊ ၁၃၄၈–ခုနှစ် သမုတ်ခဲ့ပြီးသော ဓမ္မာသိမ်) ၏ ဆက်စပ်လျက်ရှိသော မြေညီပြင်ဝယ် ၆၁၀၀–ကြိမ်တိုင်တိုင် သိမ်နှုတ်ထားပြီးသည်ကို တောရဆရာတော်ဦးဆောင်သော ရဟန်းတော်ပေါင်း ၄၂–ပါးတို့သည် သမာနသံဝါသကမ္မဝါစာကို ၁၁–ကြိမ်၊

အဝိပ္ပဝါသကမ္မဝါစာကို ၇–ကြိမ်ဖတ်၍ မဟာသိမ်ကြီးအဖြစ် တိုးချဲ့ သမုတ်တော်မူခဲ့ကြကုန်၏။

တောရဆရာတော် သီတင်းသုံးသော ရန်ကင်းတောရကြီး၌ သမုတ်သော မဟာသိမ်မှာ ပထမ မဟာသိမ်ဖြစ်၍ ယခု မဟာမြိုင်တောရ မဟာသိမ်မှာ ဒုတိယမြောက် မဟာသိမ်ကြီး ဖြစ်လေသည်။

မဟာမြိုင်တောရ ဦးဇောတိက B.E (Electrical) သီတင်းသုံးသည့်တောရကြီး ဖြစ်ပါသည်။

ပျဉ်းမနား မဟာမြိုင်တောရဆရာတော် ဦးဇောတိကဆိုလျှင် စာဖတ်ပရိသတ်များစွာ သိကြပြီး ဖြစ်ပါသည်။ စာအုပ်တွေ၊ တရားခွေတွေ အများအပြား ရှိနေခဲ့လေပြီ။

ဟိုဘက်မှာတော်တဲ့ ပုဂ္ဂိုလ်ဟာ ဒီဘက်မှာလည်း တော်တယ်

မဟာမြိုင်တောရဆရာတော် ဦးဇောတိကသည် ထန်းတစ်ပင်တောရ၌–၁၃၄၅ ခုနှစ်တွင် ဝါကပ်တော်မူသည့်အခါ တောရဆရာတော် ဘဒ္ဒန္တ တိဿရထံမှ ပါဠိတော်များကို သင်ယူခဲ့ပါသည်။ တောရဆရာတော်က 'ဟိုဘက်မှာတော်တဲ့ ပုဂ္ဂိုလ်ဟာ ဒီဘက်မှာလည်း တော်တယ်'၊ 'ပါဠိတော်တွေ သင်ပေးရတာ သိပ်လွယ်ကူတာပဲ' ဟု စကားစပ်မိသည့် အခါတိုင်း မိန့်တော်မူလေ့ရှိသည်ကို ဤစာရေးသူကိုယ်တိုင်ကြားရသဖြင့် ဤနေရာ၌ ဖော်ပြလိုက်ပါ၏။

သိမ်အမှတ်–၂၆ သာယာကုန်းသိမ် သမုတ်တော်မူ

သာသနာ–၂၅၃၂၊ ကောဇာ–၁၃၅၀(၁၉၈၈) ခုနှစ်၊ တပို့တွဲလဆန်း ၁၂–ရက် ည ၉–နာရီ ၁–မိနစ်အချိန် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် အင်တောကြီးအုပ်စု သာယာကုန်းအရှေ့ကျောင်းဝင်း အတွင်း ၁၃၆–ကြိမ်တိုင် သိမ်နုတ်ထားသော မြေညီပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် အပါး–၄၀တို့သည် ဗဒ္ဓသိမ်ကြီးကို ကောင်းစွာ သမုတ်တော်မူကြကုန်၏။

နိကာယ်ငါးရပ် ပိဋကတ်တော်များ တတိယအကြိမ် ကြည့်ရှုတော်မူ

ကောဇာ–၁၃၄၇ မှ ကောဇာ–၁၃၅၀ ထိ ၄–နှစ်တာကာလ နဘူးကျင်းရန်ကင်းတောရကြီး၌ ဆက်တိုက်ဝါဆိုတော်မူခဲ့ရာ ထိုကာလများအတွင်း နိကာယ်ငါးရပ်ပိဋကတ်တော်များကို တတိယအကြိမ်မြောက် ပြန်လည်ကြည့်ရှုတော်မူခဲ့သည်။

တောရဆရာတော်သည် ပိဋကပင်လယ်ပြင်ကြီးထဲသို့ လူးလွန့်ရသည်ကို အားမရနိုင်။ ဆိတ်ငြိမ်သော တောရကျောင်း၌ တစ်ပါးတည်း ကိန်းအောင်းလျက် (သမဏသုခ–ရဟန်းတော်များ ရအပ်သော ချမ်းသာများဖြင့်) တစ်ပါးတည်းအေးချမ်းစွာ နေတော်မူလေ့ရှိ၏။

ယင်းသို့ နေလေ့ရှိခြင်းဖြင့် ပိဋကတော်များကို အပြန်ပြန် ဖတ်ရှုဆင်ခြင်တော်မူလျက်ရှိရာ ပဋိဘာန = ဟု ဆိုအပ်သော ဉာဏ်အားထင်ခြင်း၊ ဉာဏ်အထင်အမြင်နှင့် ဉာဏ်ပညာအမျိုးမျိုး ဝေဖန်ပိုင်းခြားနိုင်သော ပိဋဘာန် = ဉာဏ်အားတို့သည် တိုးတက်ကြီးပွားစေသောကြောင့် ထိုကဲ့သို့ ပိဋကတော်များ ဖတ်ရှုလေ့လာခြင်းကို အားမရနိုင် ရှိနေသည်ဟု မိမိဉာဏ်အမြင်စွမ်းသမျှဖြင့် မှန်းဆ ကြည်ညိုမိပါ၏။

(ဤကား ပဋိပတ္တိဓမ္မနယ်မှ ခုတင်ဆောင် မထေရ်ကြီးတစ်ပါး၏ ပရိယတ္တိဓမ္မအပေါ် မည်မျှ

အလေးထားကြောင်း မှတ်တမ်းတင်လိုရင်း ဖြစ်ပါ၏။)

တနည်းအားဖြင့်ဆိုရပါလျှင် မန္တလေးစရိယဘွဲ့ ရပြီး ပို့ချခဲ့ပြီးသည့် ပရိယတ္တိအကျော်အမော် ဆရာတော်ဖြစ်ခဲ့ပြီး ပဋိပတ္တိ=ခရီး နှစ်ပေါင်း ၂၆-နှစ်ကြာ လျှောက်လှမ်းတော်မူခဲ့ပြီးသော ဆရာတော်သည် ထိုမျှဖတ်ရှုခြင်းဖြင့် ရပ်တန့်ခြင်းမပြုသေး။ ဆက်၍ ဖတ်ရှုခဲ့သည်ကိုလည်း တွေ့မြင်ရပါ၍ ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။

တပ်ကုန်းမြို့ ဒေါင်းမင်းဆီစက်မှ တိုက်ကျောင်းလှူ

တပ်ကုန်းမြို့ ဒေါင်းမင်းဆီစက်ပိုင်ရှင် ဦးအောင်ခ+ဒေါ်ခင်ကြိုင် သား ကိုစိုးသန်း+မမြမြဝင်း တို့ မိသားစုက ၂-ထပ်တိုက်ကျောင်းလှူပါရစေဟု အကြိမ်ကြိမ်လျှောက်ထားသဖြင့် သင့်တော်ရာဆောက်ရန် ခွင့်ပြု၏။

သို့ဖြင့် ကောဇာ-၁၃၄၉၊ တပို့တွဲလဆန်း ၃-ရက်(၂၁.၁.၁၉၈၈)နေ့ ပန္နက်ရိုက် ၂-ထပ်တိုက်ကျောင်း စတင် ဆောက်လုပ်ကြ၏။ ၁၃၅၀-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅-ရက်(၂၈.၆.၁၉၈၈) တွင် ဆောက်လုပ်ပြီးစီး၏ဟု မှတ်တမ်းတင် ကမ္ပည်းရေးထားသည်ကို တွေ့ရပါ၏။

အလျှောက်ကောင်း၍ အထောင်းသက်သာ

ဒေါင်းမင်းဆီစက်ပိုင်ရှင်လှူသော ၂-ထပ်တိုက် ကျောင်းကြီးမှာ ရန်ကင်းတောရကြီးအတွင်း အလယ်၌ ခန့်ညားထည်ဝါ ခေတ်မီလှပသော တိုက်ကျောင်းကြီး ဖြစ်နေ၏။

ဦးတင်မြင့် (သုစတီဘောဂဆီစက်) ကြပ်မတ်၍ စတင် ပန္နက်ရိုက်သောနေ့၌ တောရဆရာတော်မရှိ၊ ခရီးသွားနေ၏။ တောရဆရာတော် ရန်ကင်းတောရသို့ ပြန်ရောက်ချိန် တိုက်ကျောင်းကြီးမှာ ဆောက်လုပ်ဆဲ အတော်ပြီးနေချိန်ဖြစ်၏။ ဤမျှလောက် ကြီးကျယ်သော ၂-ထပ်တိုက်ကျောင်းကြီး ဆောက်ရပါမည်လားဟု ကျောင်းအလှူရှင် ဦးအောင်ခကို ဆူသည်ဆို၏။

တောရဆရာတော်က ထည်ထည်ဝါဝါ တိုက်ကျောင်းကြီးဖြင့် တောရကျောင်းမှာ မဖြစ်စေလို၊ ဤသည်ကို ဒေါင်းမင်းမိသားစုက သိပါ၏။ မသိ၍မဟုတ်၊ တောရဆရာတော် ၂-ထပ်ကျောင်းကြီးပေါ်မှာ နေမှီးဆောင်း ကာလသုံးပါး ကြိုက်နှစ်သက်သလို သီတင်းသုံးစေလိုသော စေတနာက ထက်သန်အားကောင်းလှသဖြင့် ငွေကို တွန့်တိုသော စိတ်မရှိ၊ ဤမျှ ကြီးကျယ်သော တိုက်ကျောင်းကြီးကို ဆောက်လှူခြင်း ဖြစ်ပါ၏။

ထိုကဲ့သို့လည်း လျှောက်ထား၏။ ဆရာတော်က 'ပိဋကတော်တွေ ဖတ်လေ့ရှိပါတယ်၊ ပိဋကကျမ်းစာတိုက်ကြီး အပေါ်ထပ်မှာ ဓမ္မစေတီအဖြစ် ပူဇော်ပြီး နံရံကပ်ဘီဒိုတွေနဲ့သိမ်းမှ ဖြစ်မှာမို့ ဆောက်ရခြင်းပါဘုရား'

နောက်ပြီး ဆရာတော်သက်တော်ကြီးလို့ မနာမကျန်းဖြစ်ခဲ့ပါလျှင် တပည့်တော်များက အောက်ထပ်မှာ နေ့နေ့ညညနေပြီး အနီးကပ်ပြုစု စောင့်ရှောက်ဖို့လို့၊ ဤမျှထိ ကြီးကျယ်တဲ့ တိုက်ကျောင်းဆောက်မိပါသည်ဘုရားဟု လျှောက် သည်ဆို၏။

ထိုမျှအထိ အမျိုးမျိုး အလျှောက်ကောင်းသဖြင့် အထောင်းသက်သာရခြင်းဖြစ်ကြောင်း အစ်ကိုကြီးဦးအောင်ခ ဝမ်းပန်းတသာ မျက်ရည်ကျမတတ် မြိန်ရေရှက်ရေ ပြောပြသည်ကို မှတ်သားထားသဖြင့် ဤနေရာ၌ ဖော်ပြနိုင်ခြင်း ဖြစ်ပါ၏။

မြေအောက်ဂူပါရှိ

တိုက်ကျောင်းကြီးက ရန်ကင်းတောရကြီး အလယ်မှာ ထီးထီးမားမားကြီးဖြစ်ပါ၏။ အပေါ်ထပ် အောက်ထပ် ရေချိုးခန်း ရေလောင်းကုဋီများပါ၏။ အောက်ထပ်၏ အောက်၌ တရားထိုင်နိုင်သည့် မြေအောက်ဂူ (မြေအောက်ခန်း) တစ်ထိုင်ခန့်သာ အမြင့်ရှိ၏။

အပေါ်ထပ်သို့တက်သည့် လှေကားမှာ အောက် ထပ်မှတက်နိုင်သော အတွင်းလှေကား မဟုတ်၊ အပြင်မှ တိုက်ရိုက်တက်ရသော လှေကား ဖြစ်၏။ တောရဆရာတော်၏ အစီအမံအတိုင်း လှေကားတက်ခြင်းဖြစ်၏။ သိမ်ကြီးခေါင်မိုးမှကျ သော မိုးရေပါ တိုက်ကျောင်းပေါ်ရှိ အုတ်ကန်သို့ ပိုက်သွယ်တန်းထား၏။

ပိုသောသစ်များ ပြန်မယူသေး

တိုက်ကျောင်းကြီးဆောက်ပြီး ပိုသောသစ် များ အိမ်ပြန်ယူရန် မကြာခဏ မိန့်၏။ ဒေါင်းမင်း မိသားစုက ပြန်မယူသေး၊ တိုက်ကျောင်းကြီးအပြင် ဆွမ်းချက်ဆောင် ဆောက်လှူချင်သေး၍ ဖြစ်၏။ သို့ရာတွင် လျှောက်ထားဝံ့ခြင်းမရှိ၊ ဤသို့ဖြင့် နှစ် ကာလ ကြာခဲ့သည် ဆို၏။

ဒေါင်းမင်းမိသားစု လှူဒါန်းသော တိုက် ကျောင်းကြီးနှင့် စပ်လျဉ်း၍ မိမိ ထိုမျှအထိ ရေးနေ သည်မှာ အကြောင်းရှိပါသည်။ ဤစာစု၏ နိဂုံးပိုင်း နှင့် တောရဆရာတော်၏ ဘဝနိဂုံးပိုင်း၌ ထင်ရှားပါ လိမ့်မည်ဟုသာ ဆိုပါရစေ။

ထူးခြားသော ဖြစ်ရပ်အချို့

ဤနေရာ၌ ထူးခြားသော ဖြစ်ရပ်အချို့ ရှိနေ၍ တင်ပြချင်ပါ၏။

တိုက်ကျောင်းကြီးအပေါ်ထပ် တောင်ဘက် ထိပ် အပြင်ဘက်မှ ရွှေတိဂုံစေတီတော် ပုံတူ နံကပ် အင်္ဂတေဖြင့် ထားရှိ ပူဇော်လိုကြောင်း မိန့်သဖြင့် တပ်ကုန်းမြို့မှ ပန်းရံဆရာ ကိုလှငွေက ပုံဖော်ရ၏။ ထိုနံကပ်စေတီ ပုံဖော်နေစဉ် ညနေဘက် အလုပ်သိမ်း ပြီး ပန်းရံကရိယာများနှင့် ပလယာများပါ အပေါ်မှာ ထားခဲ့သည်ဆို၏။

နောက်တစ်နေ့ နံနက်ပိုင်း အလုပ်မစမီ ငြမ်းအပေါ်မတက်မီ တောရဆရာတော်က 'အပေါ်မှာ ပန်းရံကိရိယာများနှင့် ပလယာ ညက တွေ့တယ်' ဟု ရုတ်တရက် မိန့်ခဲ့သည်ဆို၏။

ထိုမိန့်ကြားချက်အရ ပန်းရံကိုလှငွေမှာ အံ့အားသင့်သွား၏။ အဘယ်ကြောင့်ဆိုသော် ထိုနံကပ်စေတီသို့ တက်ရန် ငြမ်းဆင်ထားသည်မှာ ဆရာတော် တက်နိုင်သော ငြမ်းမျိုးမဟုတ်၊ သေသေ ချာချာ ခိုင်ခိုင်ခံ့ခံ့ မဟုတ်၊ ဖြစ်သလိုလုပ်ထားသော ငြမ်းဖြင့် ဆရာတော် မည်သည့်နည်းနှင့်မျှ တက်မရ သောကြောင့် စဉ်းစားမရ ဖြစ်နေသည်ဆို၏။

တောရဆရာတော် မည်ကဲ့သို့ တွေ့မြင်ခဲ့ရ ပါသလဲဘုရားဟုလည်း မလျှောက်ရဲကြ။ ထူးဆန်း နေသည်မှာတော့ အမှန်ပင်ဖြစ်နေပါသည်ဟု ပန်းရံ ဆရာနှင့် လုပ်သားများ ဒေါင်းမင်းမိသားစုများ ပြန်လည်ပြောပြချက်ကို ဖော်ပြလိုက်ရပါ၏။ စာဖတ် သူကိုယ်တိုင် ကြည့်မြင်ပါလေဟုသာ ပြောချင်ပါ၏။

ပုဂ္ဂိုလ်ထူးတစ်ပါး ကြွလာခဲ့လျှင် လက်ခမောင်း ခတ်ပေတော့

ဒေါင်းမင်းမိသားစု၏ တိုက်ကျောင်း မဆောက်မီ ဖြစ်ရပ်တစ်ခုလည်း ရှိခဲ့သည်ဆို၏ အောက်ပါအတိုင်း ဖြစ်ပါ၏။

ဒေါင်းမင်း ဦးအောင်ခမှာ ကျွန်ကားတစီးဖြင့် ပုဂံ ပုပ္ပါးဘက်သို့ရောက်ခဲ့၏။ ပုပ္ပါးလမ်းရှိ ဆည်ပေါက်ကြီးကျောင်းဆရာတော် ဦးတိက္ခမှာ ဗေဒင်အလွန်မှန်သည်ဟု နာမည်ကြီး၏။ ဤသို့ဖြင့် ဗေဒင်ဝင်မေး၏။ 'အိမ်သစ်တိုက်သစ်ဆောက်ရမည့် ကိန်းရှိသည်၊ အိမ်သစ်တိုက်သစ်ဆောက်ရန် ပန္နက်ရိုက်လျှင်နေ့ဒေါ်ခင်ကြိုင်၏ သုံးဖဝါး အချိန်မှာ ရိုက်ပါ'ဟု ဟောလိုက်၏။

ထိုကဲ့သို့ ပန္နက်ရိုက်ချိန်၌ 'ပုဂ္ဂိုလ်ထူး တစ်ပါးကြွလာခဲ့လျှင် လက်ခမောင်းခတ်ပေတော့' ကြီးပွားတိုးတက်ပြီမှတ်ပေတော့ ဟုဆက်၍ ဟော လိုက်သေးသည်ဆို၏။

တောရဆရာတော်ကြွလာ

ကောဇာ–၁၃၄၇ခုနှစ် (၁၉၈၅) တွင် အိမ် ပန္နက်ရိုက်မည့်နေ့ စီမံကြပြီး ဒေါ်ခင်ကြိုင် သုံးဖဝါး အချိန်ရောက်ရန် စောင့်ဆိုင်းနေချိန်တွင် နဘူးကျောင်း တောရ ဆရာတော် မမျှော်လင့်ဘဲ ကြွရောက်လာ၏။ 'ဘာလုပ်နေကြတာလဲ မိန့်၏' 'အိမ်ပန္နက်မင်္ဂလာ အချိန် ဒေါ်ခင်ကြိုင် သုံးဖဝါး စောင့်နေကြောင်း လျှောက်၏'ဒေါ်ခင်ကြိုင်အရိပ်မှာ ဝင်စောင့်နေသည် မြင်၍ 'ခင်ကြိုင်အပြင်မှာထွက် စောင့်မှပေါ့–လွန် သွားလျှင် ဘယ်လိုလုပ်မလဲ'၊ ကဲဆက်လုပ်ကြ'မိန့် ပြီးပြန်လည် ထွက်ခွာကြွသွား တော်မူသည်ဆို၏။

ဒေါ်ခင်ကြိုင်၏ သုံးဖဝါးတည့်တည့်အချိန် ပန္နက်ရိုက်ကြပြီး အကြီးအကဲလုပ်၍စီမံပေးသူ ဦးတင်မြင့်(သုခဝတီဘောဂဆီစက်) က မူလစီစဉ် ထားသည်မှာ သစ်သားတိုင်အုတ်ညှပ် တိုက်ဆောက် ရန်ဖြစ်သည်ကို သံတိုင်များဖြင့် ပြောင်းလဲဆောက်ရန် အကြံပေး၏။ ပုဂ္ဂိုလ်ထူးကြွခဲ့ပြီဖြစ်၍ဆောက် သာဆောက်ပါ ငွေအတွက်ပူစရာမရှိတော့ ဖြစ်လာ လိမ့်မည်ပြော၏။ ဤသို့ဖြင့် ပြောင်းလည်းဆောက် လုပ်ခဲ့ကြသည်ဟု ပြောပြပါ၏။

ခင်ကြိုင်၏ကျောင်းထိုင်တဲ့ဘုန်းကြီးဖြစ်နေ

တောရဆရာတော်အပေါ် ဒေါင်းမင်းဆီ စက်မိသားစု ကြည်ညိုကိုးကွယ်ဆည်းကပ်သည်မှာ လောကီအကျိုးအတွက် အမြော်အမြင်ဖြင့်မဟုတ်ကြောင်း အကိုကြီးဦးအောင်ခ မကြာခဏ ပြောပါသည်။

အကြောင်းခံတစ်ခုရှိခဲ့ဘူးပါသည်၊တောရ ဆရာတော်လောင်းလျာ စိုးမြင့်ကုန်းဂန္ဓာရုံ တိုက်မှာ ငယ်စဉ်ရဟန်းဘဝ ပညာသင်ချိန်က တစ်နေ့သ၌ ဒေါ်ခင်ကြိုင်မှာလည်း ၁၂–နှစ်သမီးအရွယ် အဘိုး ဖြစ်သူနှင့်ပါလာပြီး၊ အဘိုးဖြစ်သူက တောရဆရာ တော်လောင်းလျာအား စာသင်ပြီး ကျောင်းထိုင်ပါက ကျောင်းဆောက်လှူပါရစေ လျှောက်ဖူးခဲ့သည်ဟု တောရဆရာတော်ကိုယ်တိုင် မိန့်ပါ၏။

တောရဆရာတော်လောင်းလျာမှာ စာသင် သားဘဝကပင် အနေအထိုင် ကောင်းခြင်းကြောင့် ကျောင်းလှူပါရစေလျှောက်ခြင်းဖြစ်ပြီး ဦးအောင်ခ+ ဒေါ်ခင်ကြိုင်၊ ဒေါင်းမင်းဆီစက်နှင့် ပွဲရုံပိုင်ရှင် ဖြစ်လာသောအခါ တောရဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် အနေအထိုင်များကို လွန်စွာ ကြည်ညိုလှသဖြင့် အဘိုး၏ သဒ္ဒါအမွေသည် မြေး သို့ ဆင်းသက်ပြီး တိုက်ကျောင်းကြီး လှူဖြစ်အောင် လှူခဲ့နိုင်သည်ဟု မှတ်တမ်းတင်ရပါလိမ့်မည်။

တောရဆရာတော်က 'ခင်ကြိုင်ငယ်စဉ်က အဘိုးဖြစ်သူက လျှောက်ထားခဲ့ပြီး' 'ယခုတော့ ခင်ကြိုင့် ကျောင်းထိုင်တဲ့ဘုန်းကြီးဖြစ်နေပြီ၊ ဘာထူး လို့လဲ'ဟု စကားစပ် မိန့်တိုင်း မိန့်တော်မူသည်ကို လည်း အမှတ်တရ ဖြစ်မိပါ၏။

၁၃၅၁–ခုနှစ် ရန်ကင်းတောရ၌ ဆက်၍ ဝါကပ် တော်မူ

သာသနာ ၂၅၃၃၊ ကောဇာ ၁၃၅၁–ခုနှစ် (၁၉၈၉)ခုနှစ် နဘူးကျင်း ရန်ကင်းတောရကြီး၌ ပင် ဆက်၍ ဝါကပ်တော်မူသည့် သက်တော် ၆၈ –နှစ်၊ ဝါတော်–၄၉၊ တောရဝါ–၂၇ ရှိလေပြီ။

ကောဇာ ၁၃၄၇ မှ ၁၃၅၁–ခုနှစ်ထိ ၅–ဝါ ဆက်တိုက် နဘူးကျင်း ရန်ကင်းတောရကြီး၌ ဝါကပ် တော်မူသည်။ ဝါပ ကာလများ၌ လယ်ဝေး ထန်း တပင်တောရကြီး၌ တစ်လှည့် အလျဉ်းသင့်သလို သီတင်းသုံးတော်မူသည်။

ထိုနှစ်၌ အောက်ပါသိမ် ၂–လုံးကို သမုတ် တော်မူခဲ့သည်။

သိမ်အမှတ် ၂၇–မြောက်မြို့က်သိမ် သမုတ် တော်မူ

သာသနာ –၂၅၃၃၊ ကောဇာ ၁၃၅၁–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈–ရက်(၁၇.၂.၁၉၉၀)၊ စနေနေ့ည ၁၀–နာရီ၊ ၅–မိနစ်အချိန်၊ ရမည်းသင်း ခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းဘေးရှိ မြောက်မြို့က်အနောက်ရွာကျောင်း ခဏ္ဍသိမ်ကြီးကို တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၃၂ -ပါးတို့သည် ကောင်းစွာ သမုတ်တော်မူကြကုန်၏။

သိမ်အမှတ် ၂၈–မေဃဝတီသိမ် သမုတ်တော်မူ

သာသနာ ၂၅၃၃၊ ကောဇာ ၁၃၅၁–ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀–ရက်(၄.၅.၁၉၉၀) ဗုဒ္ဓဟူးနေ့ ညဉ့်၌ ရမည်းသင်းခရိုင်၊ တပ်ကုန်းမြို့နယ် ပန်းညိုရွာ မေဃဝတီကျောင်း ခဏ္ဍသိမ်ကြီးကို တော ရဆရာတော် ဦးဆောင်သော ရဟန်းတော် ၁၁– ပါးတို့သည် ကောင်းစွာ သမုတ်တော်မူကြကုန်၏။

ရန်ကင်းတောရဂူဘုရား အလှူရှင် ဦးလှအောင် + ဒေါ်ခင်သိန်း

ကောဇာ ၁၃၅၁–ခုနှစ်၊ ဝါဆိုလဆန်း ၇–ရက် (၉.၇.၁၉၈၉) တနင်္ဂနွေ၊ ပျဉ်းမနားမြို့နေ မိခင် ဒေါ်လှပု အမှူးထား၍ ဦးလှအောင်+ ဒေါ်ခင်သိန်း သား မောင်ခင်ဦး၊ မောင်ယဉ်ဦးတို့က ဂူဘုရား မြေပေါက်စေတီ လှူဒါန်းတော်မူကြသည်။

လိုဏ်ဂူပါရှိပြီး အပေါ်မှ စေတီတည်ထား သည်။ အပေါ်ပတ်လည်ဝရန်တာ သံပန်းတပ်ဆင် ထားပြီး၊ အပြင်မှ သံလှေကားတပ်ထားသည်၊ အတွင်းဂူတွင် တရားမွေ့ရှုပွားနိုင်ရန်နှင့် အတွင်းပိုင်း အပေါ်ထပ်ပတ်လည် ဘုရားရဟန္တာ အရှင်မြတ်များ ပူဇော်ထားသည်။

ထိုဂူဘုရားမှာ သိမ်ကုန်းပေါ် အမြင့်တွင် တောရဆရာတော်၏ စိတ်တိုင်းကြပုံဖော် ကြည်ညို ဖွယ် တည်ဆောက်ထားခြင်းဖြစ်ပြီး ထိုဂူဘုရား အတွင်း၌ တောရဆရာတော်ကာလများစွာ တရား ဘာဝနာရှုပွားတော်မူခဲ့ကြောင်း သိရသည်။

ရန်ကင်းတောရရှိ အများကောင်းမှု သိမ် တော်ကြီး

နဘူးကျင်းရန်ကင်းတောရရှိ ကုန်းမြင့် ပေါ်၌ သိမ်တော်ကြီး အဆောက်အဦရှိ၏၊ ရမည်းသင်း မြို့ပေါ်ရှိ ဦးထွန်းမြ+ဒေါ်မြပု၊ ဆီစက်ဦးပေါ်လှိုင်၊ ဦးအောင်လင်းစသော ဒါယကာများနှင့် တပ်ကုန်း မြို့မှဒေါင်းမင်းဆီစက်ဦးအောင်ခ ဦးတင်မြင့် အစရှိ သော ဒါယကာများ နဘူးကျင်းရွာ၊ သရက်ကန်ရွာ၊ ကံကြီးရွာ ပတ်ဝန်းကျင်ကျေးရွာများရှိ၊ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်း အများတို့ သည် ဆောက်လုပ်လှူဒါန်းကြကုန်သည်ဟု လေ့လာ မှတ်သားသိရှိရပါသည်။

ပထမအုတ်ရေတွင်းအများကောင်းမှု

နဘူးကျောင်း ရန်ကင်းတောရကြီး၌ တောရဆရာတော် ဝါကပ်စ ကာလမှပင် တောရကြီး၏ အပြင်ဘက် အနောက်တောင်ဘက် မြေနိမ့်ပိုင်း၌ အလွန်နက်သော အုတ်ရေတွင်းကြီးကို နဘူးကျောင်း ရွာသူရွာသားများ ဦးဆောင်မှုဖြင့် သရက်ကန်၊ ကံကြီးနှင့် ဝန်းကျင်ရှိ ရွာသူရွာသားများ တူးဖော်လှူဒါန်းကြသည်။

ရေချိုးခန်း အလှူရှင် ဒုတိယရဲမှူးကြီး ဦးမောင်မောင်အုန်း+ဒေါ်တင်တင်

ရေတွင်းပတ်လည် အုတ်တံတိုင်းများ၌ ကမ္ပည်းရေးထိုးထားသည့် အလှူရှင်များတွင် သရက်ကန် ရွာသူရွာသားအများ ပါရှိလေသည်။

ရေတွင်းနှင့်ကပ်လျက် ရေချိုးခန်းမှာ အပြင်မှရေခပ်ထည့် ပေးနိုင်အောင် စီမံထားပြီး အတွင်း၌ အုတ်ကန်ပါရှိသည်၊ အလှူရှင်များမှာ ရန်ကုန်မြို့နေ ဒုတိယရဲမှူးကြီး ဦးမောင်မောင်အုန်းနှင့် ဇနီးဒေါ်တင်တင် မိသားစုကောင်းမှု ဖြစ်လေသည်။

ဒေါ်တင်တင်မှာ–တောရဆရာတော်၏ ရဟန်းဒါယကာ ဦးသာကြွယ်+ မယ်တော် ဒေါ်ဒေါ်အေးတို့၏ သမီးကြီးဖြစ်လေသည်။

သင်္ကန်းကိုယ်တိုင် လျှော်ဖွပ်

တိစီဝရိတ် သင်္ကန်းသုံးထည်ဆောင် ရဟန်းတော်များမှာ ရေချိုးခန်းသီးခြားရှိရလေသည်။

တောရဆရာတော်သည် တောရစတင်ဆောက်တည်သော ကာလမှစ၍ သင်္ကန်းသုံးထည်ကို အလှည့်ဖြင့် ကိုယ်တိုင်လျှော်ဖွတ် သုံးဆောင်ခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ဖြစ်လေသည်၊မိမိလေ့လာ စူးစမ်းမှုအရ ရေးရပါလျှင် မင်းဘူးခရိုင် စကုမြို့နယ် မြောင်းဦးရွာ ရန်ကင်းတောရ၌ သီတင်းသုံးသည့် ဆယ်မိုးဆယ်နွေ ကာလများသည် တောရဆရာတော်ကိုယ်တိုင် သင်္ကန်းလျှော်ရသော ကာလများ ဖြစ်ခဲ့သည်ဟု မှတ်ယူရပါသည်။

အသိတရားမရှိခဲ့

အဘယ့်ကြောင့်ဆိုသော် မိမိကိုယ်တိုင်– တောရဆောက်တည်စ ၃နှစ်ခန့် ကြာစေသာ တောရဆရာတော်ထံရောက်ခဲ့ပါလျက် အသိတရားမရှိခဲ့၍ လျှော်ဖွပ်ပေးခဲ့ရကောင်းမှန်း မသိခဲ့ပါချေ။

တောရဆောက်တည်သော ဝါတော် ၂၀–ကျော်ချိန် နဘူးကျောင်း ရန်ကင်းတောရသို့ မိမိနှင့် ဦးညွန့်လှိုင်တို့ သွားရောက်ကြသည့် ကာလရောက်မှ 'ဆရာတော်၏ သင်္ကန်းများလျှော်ပါရစေ၊ ရောက်လာတုံး ကုသိုလ် ယူပါရစေ' ဟု လျှောက်ကြ လျှော်ခွင့်ရခဲ့ကြပါသည်၊ နောက်ပိုင်းကာလ ရန်ကုန်ကြွစဉ်လည်း ရက်ပိုင်းမျှ သီတင်းသုံးသည်ကများပြီး သုံးရက် ကျော်ကြာအောင်နေမှ လျှော်ခွင့်ရကြပါသည်။

သင်္ကန်း၌ရှိသောခြင်း

သင်္ကန်းလျှော်ခွင့်ရကြပါက ရိုက်ဖွပ် ကြမ်းကြမ်းတမ်းတမ်းမပြုရန်၊ ရေစင်အောင်ဆေး၊ အရိပ်မှာ လှမ်းရန်နှင့် ကေသီသင်္ကန်းတစ်လှည့်၊ သင်းပိုင်တစ်လှည့် တစ်ရက်စီလျှော်ရသည်၊ သင်္ကန်း သင့်ရုံ နွမ်းက ရန်ကုန်နှင့်အဝေး ခရီးကြွမည်ဆို၍ ပံသုကူ သင်္ကန်း အသစ်မည်မျှပင်ရှိစေ အသစ်လဲ၍ ကြွလာတော်မူခြင်းမရှိ၊ ဝတ်မြဲသင်္ကန်း အလွန်နွမ်းမှ ဆက်ဝတ်ရန်မသင့်ဟု ကာလရောက်မှ အသစ်ပံသုကူ သင်္ကန်းကို ဝတ်ရုံရသည်ဟု မိန့်၏။

တောရဆောက်တည်စ ကာလများ၌ ပံသုကူသင်္ကန်း လျှဒါန်းရကောင်းမှန်း မသိကြ မိမိအပါအဝင် လူအတော်များများ မသိကြပါ၊ တောရဆရာတော်အနေဖြင့် နှစ်ကာလများစွာ တောရဆရာတော်တဝရောက်မှ ပံသုကူသင်္ကန်းလှူ ကောင်းသည် လှူကြရသည်ဟု နားလည်လာကြပါသည်။ မိမိတို့၏ ဒေသတစ်ဝိုက် မျက်မြင်ကိုယ်တွေ့ နဘူးကျင်း တောရဆရာတော်ဟု ထင်ရှားလာမှ ပံသုကူ မည်သို့လှူရသည်၊ ဆွမ်း မည်သို့ လှူရသည်၊ တောရကျောင်း မည်သို့ လှူရသည်၊ ခရီးအတွက် ယာဉ်ရထား မည်သို့လှူရသည်ကို နားလည်လာကြသည်ဟု ဆိုရပါလိမ့်မည်။

အကျိုးများစွာရကြ

တောရဆရာတော်ရှိရာဒေသများသို့ နည်းယူရန် ရဟန်းတော်များစွာ ကြွရောက်လာကြသောအခါ တပ်ကုန်း၊ ရမည်းသင်းမြို့နယ် နဘူးကျင်းဒေသ တစ်ဝိုက်နှင့် လယ်ဝေးမြို့နယ် ထန်းတပင်ဒေသတစ်ဝိုက်၊ ပျဉ်းမနားမြို့ ဝန်းကျင်တစ်ဝိုက်ရှိ သူတော်ကောင်းများစွာတို့ ကုသိုလ်အမျိုးမျိုး တိုးပွါးပြီး လောကအကျိုး သံသရာအကျိုးများစွာ ရကြကုန်သည်ဟု နှလုံးသွင်းမိပါသည်။

ရဟန်းတော်များ ခုတင်ဆောင်ခြင်းနှင့် ဒါယကာတို့က ထိုသာသနာတည်အောင် ဆောင်ရွက်ခြင်း၊ အကြောင်းများကို တောရဆရာတော်ရေး ခုတင်ဂံဝိနိစ္ဆယခေါ် ခုတင်အဆုံးအဖြတ်ကျမ်း ပုံနှိပ်ခြင်းအခန်းရောက်မှ ဆက်လက်ရေးသား ဖေါ်ပြပါတော့မည်။

၁၃၅၂–ခုနှစ် လယ်ဝေး ထန်းတပင်တောရ၌ ဝါကပ်တော်မူ

သာသနာ ၂၅၃၄၊ ကောဇာ–၁၃၅၂(၁၉၉၀) သက်တော်–၆၉၊ ဝါတော်–၅၀၊ တောရဆောက်တည်သော ဝါတော်–၂၈ အရောက် လယ်ဝေးမြို့နယ် ထန်းတပင် တောရကြီး၌ တစ်ဖန် ပြန်လည်ဝါကပ်တော်မူသည်။

သိမ်အမှတ် ၂၉–မှန်တောင် တောရသိမ် သမုတ်တော်မူ

သာသနာ–၂၈၃၄၊ ကောဇာ–၁၃၅၂ ခုနှစ် (၁.၁၀.၁၉၉၀) သီတင်းကျွတ်လဆန်း ၁၃–ရက် တနင်္လာနေ့ ညသ၁–နာရီ၊ ၅၈–မိနစ်အချိန် ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ် သာဂရမြို့ မှန်ပြတောင်ထိပ်တောရ၌ ၆၆၆–ကြိမ် သိမ်သမုတ်ထားသော မြေညီပြင်ဝယ် တောရဆရာတော် ဦးဆောင်သည့် ရဟန်းတော် ၆၄–ပါးတို့သည် ခဏ္ဍသိမ်ကြီးကို သမုတ်တော်မူခဲ့သည်။

ခုတင်ကျောင်းကလေးများ

မှန်ပြတောင်တောရ သိမ်သမုတ်ရာ၌ တောရဆရာတော်အား သီးခြား တစ်ပါးတည်း သီတင်းသုံးနိုင်အောင် ခုတင်ကျောင်းကလေး စီမံပေးသည်ဟု ဆိုပါသည်။

ခုတင်ကျောင်းကလေးဆိုသည်မှာ–တစ်ပါးနေကုတင်ကဲ့သို့ လေးတိုင်စင် အမိုးအကာဖြင့် သစ်သား ကျောင်းကလေး ဖြစ်သည်၊ အလွယ်တကူ သယ်ယူနိုင်အောင် ကျွန်းသစ်ဖြင့် ခင်းကာထားသည်၊ သင့်ရာခရီးသို့ ကားဖြင့်သယ်၍ရသည်။

ယင်းသို့ ခုတင်ကျောင်းကလေးများကို ရန်ကင်းတောရ၌လည်းကောင်း၊ ထန်းတပင် တောရ၌လည်းကောင်း အသင့်ထားရှိသည်။ ထားရှိရသည့် အကြောင်းရင်းမှာ အရပ်ဒေသများစွာ၌ ရှိသော ကျောင်းများသည် ရဟန်းတော်များကိုယ်တိုင် ငွေကို ကိုင်၍ ဆောက်လုပ်ထားသော ကျောင်းများဖြစ်နေပါက မိမိသီတင်းသုံးမိပါလျှင် အပြစ်အာပတ်သင့်မည်ကိုသံသယ လွတ်စေရန်အတွက် ခုတင်ကျောင်းကလေးများ ဒါယကာတို့အား စီမံထားစေခြင်းဖြစ်သည်ဟု မိန့်သည်။

သာဓက ကျန်ရစ်စေလို

မှန်တောင်တောရသိမ်သမုတ်ပွဲသို့ တောရရဟန်းတော်များလည်း ပါရှိလေရာ ကျောင်းစီမံဆောက်လုပ်ကြပါလျှင် ဝိနည်းအပြစ်အာပတ်တို့မှ ကင်းစေလိုသော အလိုဆန္ဒကို နှုတ်ဖြင့် မိန့်ခြင်းထက် စွဲမြဲသောသတိဖြင့် နောင်သော ကာလများ၌လည်း အမှတ်တရ သာဓကတစ်ရပ် ကျန်ရစ်စေလို၍ သာသနာတော်ကြီး တည်တံ့စေရန် ရည်သန်တော်မူခြင်းလည်း ဖြစ်တန်ရာပါသည်။

၁၃၅၃–ခုနှစ်၊ ထန်းတပင် တောရ၌ပင် ဝါကပ်တော်မူ

သာသနာ ၂၅၃၅၊ ကောဇာ ၁၃၅၃(၁၉၉၁) ခုနှစ် တောရဆရာတော်သက်တော် ၇၀–ပြည့်နှစ်၊ ဝါတော်–၅၁၊ တောရဝါ–၂၉ အနေဖြင့် ထန်းတပင် တောရကြီး၌ပင် ဆက်လက် ဝါကပ်တော်မူသည်။

ထိုနှစ်တွင် အောက်ပါသိမ်ကြီး သုံးလုံးကို သမုတ်တော်မူခဲ့ပါသည်။

သိမ်အမှတ် ၃၀–ဆင်ဖြူတောင်သိမ်

သာသနာ ၂၅၃၅၊ ကောဇာ ၁၃၅၃၊ ဒုတိယဝါဆိုလပြည့်ကျော် ၄–ရက်၊ (၃၀.၇.၁၉၉၁) အင်္ဂါနေ့ည ၉–နာရီ၊ ၄၅–မိနစ်အချိန် ပျဉ်းမနားမြို့နယ်၊ ဆင်ဖြူတောင်ထိပ်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၆–ပါးတို့သည် မဟာဝိဓယ အမည်ရှိသော ခဏ္ဍသိမ်ကြီးကို သမုတ်တော်မူကြသည်။

သိမ်အမှတ် ၃၁–ရန်အောင်မြင်သိမ်

သာသနာ ၂၅၃၅၊ ကောဇာ ၁၃၅၃၊ တပို့တွဲလဆန်း ၁၀–ရက်၊(၁၃.၂.၁၉၉၂) ကြာသာပတေးနေ့ည ၁၁ နာရီ ၃၄ မိနစ်အချိန်၊ လယ်ဝေးမြို့နယ်၊ ရန်အောင်မြေ ထန်းတောကျောင်း ခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၅–ပါးတို့ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၃၂–ဘုန်းကြီးသောင် သိမ်

သာသနာ ၂၅၃၅၊ ကောဇာ ၁၃၅၃–ခုနှစ် တပေါင်းလပြည့်ကျော် ၇–ရက်၊(၂၅.၃.၁၉၉၂) ဗုဒ္ဓဟူးနေ့ည ၉–နာရီ ၅–မိနစ်အချိန် ဧရာဝတီတိုင်း၊ ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဒေးဒလူးကျေးရွာအုပ်စု ဘုန်းကြီးသောင် ကျောင်း ခဏ္ဍသိမ်ကို တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၆၃–ပါးတို့ ကောင်းစွာ သမုတ်တော်မူကြကုန်၏။

၁၃၅၄–ခုနှစ် ထန်းတပင်တောရ၌ ဝါကပ်တော်မူ

သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄ (၁၉၉၂) ခုနှစ်၊ ထန်းတပင်တောရ၌ပင် (၁၃၅၂ မှ ၁၃၅၄) ထိ ၃–နှစ်ဆက်တိုက် ဝါကပ် တော်မူသည်။

ထို ၁၃၅၄–ခုနှစ်၌ တောရဆရာတော်သည် အောက်ပါသိမ် ၇–လုံးကို ဦးဆောင်သမုတ်တော်မူခဲ့ပါသည်။

သိမ်အမှတ် ၃၃–လျှံပြည့်သိမ်

သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄ ဦးတန်ခူးလပြည့်ကျော် ၈–ရက်(၁၅.၄.၁၉၉၂) စနေနေ့ည၁၀–နာရီ၊ ၅၂–မိနစ် အချိန် တပ်ကုန်းမြို့နယ် ညောင်ပင်သာရွာ လျှံပြည့်သာသနာ့ရိပ်သာ၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၆၂–ပါးတို့သည် ခဏ္ဍသိမ်ကို သမုတ်တော်မူခဲ့ကြသည်။

ကျိန်းတော်မူပါ မလျှောက်မိ၍

ထို လျှံပြည့်သိမ်သမုတ်စဉ် ညဘက် တစ်ပါးတည်း လွတ်လပ်စွာ ထားခဲ့ပြီး "တပည့်တော် ကုတင်မှာ ကျိန်းတော်မူပါ မလျှောက်မိ၍ ပက်လက်ကုလားထိုင်မှာသာ တစ်ညတာ သီတင်းသုံးသွားသည်ကို မိုးလင်းမှ သိရတော့သည်။ ကုတင်မှာ ခင်းရာမပျက်" ဟု ယခု လှိုင်သာယာ မဟာသီဟနာဒနာယက အရှင်မဟိန္ဒမှ စိတ်မကောင်း ဖြစ်ရလေသည်ဟု မိန့်၏။ (စကားချပ်) သတိထားဖွယ် တင်ပြရပါ၏။

သိမ်အမှတ် ၃၄–လယ်တော်သိမ်

သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄ ကဆုန်လဆန်း ၁၀–ရက် (၁၁.၅.၁၉၉၂) တနင်္လာနေ့ည ၁၀–နာရီ ၁၀–မိနစ်အချိန် ပျော်ဘွယ်မြို့နယ် သပြေရိုးကျေးရွာ အုပ်စု လယ်တော်ကျောင်း ခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၆–ပါးတို့ ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၃၅–ပေါ်တော်မူသိမ်

သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄ ကဆုန်လဆန်း ၁၄–ရက်၊(၁၅.၅.၁၉၉၂) သောကြာနေ့ည ၉–နာရီ ၄၆–မိနစ် အချိန် ပျော်ဘွယ်မြို့နယ် ဖက်တောကျေး ရွာအုပ်စု ပေါ်တော်မူကျောင်း ခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၉–ပါးတို့ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၃၆–မဒီးသိမ်

သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄ သီတင်းကျွတ်လပြည့်ကျော် ၁၂–ရက်၊ (၂၃.၁၀.၁၉၉၂) သောကြာနေ့ ည ၁၀–နာရီ ၁၀–မိနစ်အချိန် လယ်ဝေးမြို့နယ် မဒီးအနောက်ကျောင်း ခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၆–ပါးကို သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၃၇–မင်္ဂလာရာမသိမ် (ဝိသုံဂါမသိမ်)

သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄ (၁၉.၁၂.၁၉၉၂) ခုနှစ်၊ နတ်တော်လပြည့် တနင်္လာနေ့ နံနက်ခင်း၉–နာရီ၊ ၂၆–မိနစ်အချိန် ရမည်းသင်းမြို့ ဓမ္မဝိဟာရ ကျောင်းတိုက်၌ ဦးအောင်စိုး အမည်ရှိ ဒါယကာအား အစိုးရမင်းက သီးခြားအခွန်လွတ် ဝိသုံဂါမအဖြစ် ပေးအပ်သော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၂၈–ပါးတို့ (ဝိသုံဂါမ သိမ်) ကို သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၃၈–အောင်မင်္ဂလာသိမ်

သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄ (၁၆.၂.၁၉၉၂) တပို့တွဲလပြည့် ကြာသပတေးနေ့ ည ၉–နာရီ၊ ၃၈–မိနစ် အချိန် ပျော်ဘွယ်မြို့နယ် ယာကြီးရွာ အောင်မင်္ဂလာကျောင်း ဓမ္မာသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၂–ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၃၉–သရက်ကွင်းသိမ်

သာသနာ ၂၅၃၆၊ ကောဇာ ၁၃၅၄ (၁၅.၄.၁၉၉၂) နောင်းတန်ခူးလပြည့် တနင်္ဂနွေနေ့ ည ၉–နာရီ၊ ၈–မိနစ် အချိန် တပ်ကုန်းမြို့နယ် သရက် ကွင်းကျောင်းဓမ္မာ သိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၀–ပါးတို့ သမုတ်တော်မူခဲ့ကြသည်။

နိကာယ်ငါးရပ် ပိဋကတော်များ စတုတ္ထအကြိမ် ကြည့်ရှုတော်မူ

ကောဇာ ၁၃၅၂–မှ ၁၃၅၄–ထိ ၃–နှစ်တာ ကာလအတွင်း တောရဆရာတော်သည် သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် ဖော်ပြခဲ့သော သိမ်များကို သမုတ်တော်မူလျက် တောရကျောင်းများ၌သာ သီတင်းသုံး၍ နိကာယ်ငါးရပ် ပိဋကတ်တော်များကို စတုတ္ထအကြိမ်မြောက် ပြန်လည် ကြည့်ရှုတော်မူသည်။

၁၃၅၅–ခုနှစ်၊ နဘူးကျောင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ

သာသနာ ၂၅၃၇၊ ကောဇာ ၁၃၅၅ (၁၉၉၃) ခုနှစ်၊ တောရဆရာတော်၏ သက်တော် ၇၂–နှစ် ဝါတော်–၅၃၊ တောရဆောင်သည့် ဝါတော်ပေါင်း ၃၁–ပြည့်နှစ် နဘူးကျောင်း ရန်ကင်း တောရကြီး၌ တဖန် ပြန်လည်ဝါကပ်တော်မူသည်။

ထိုနှစ်တွင် တောရဆရာတော်သည် အောက်ပါသိမ် ၇–လုံးကို သမုတ်တော်မူခဲ့သည်။

အဆုံ စီးကုန်းသိမ်သမုတ်ပွဲ စာရေးသူ တက်ရောက်ရန် မိန့်ကြား

ဤစာရေးသူ မိမိသည် အဆုံစီးကုန်းသိမ် သမုတ်ပွဲ ကျင်းပမည့်ရက်မတိုင်မီ နဘူးကျောင်း ရန်ကင်းတောရကြီးသို့ သွားရောက်၊ တောရဆရာတော် ရေးသည့် ကျမ်းစာများ ပုံနှိပ်ရေး အမိန့်နာခံလျက်ရှိနေ၏။

ကဆုန်လဆန်း ၁၃–ရက် အဆုံစီးကုန်း သိမ်သမုတ် ကြွမည့်အကြောင်း မိန့်၏။ တောရဆရာတော် သမုတ်သည့် သိမ်ပေါင်း ၄၀–ပြည့် ဖြစ်ကြောင်း သိရ၏။ မိမိမှာ သိမ်သမုတ်သည်ကို မတွေ့မမြင်ဘူးကြောင်း လျှောက်၏။ မင်းအသက်ဘယ်လောက်လဲ မေး၏။ အသက်–၅၀–ပြည့်ပါတော့မည် ဆိုသောအခါ ငါနှင့် လိုက်ခဲ့၊ သိမ်သမုတ်ပွဲရောက်ပြီး မြင်ရပြီးမှပြန်ဟု မိန့်၏။

နဘူးကျောင်းရန်ကင်းတောရဆရာတော်ထံသို့

ကောဇာ ၁၃၅၅–ခုနှစ်၊ ကဆုန်လဆန်း ၈–ရက် (၂၈–၄–၉၃) နေ့ ဓာတ်ကံကြီးရွာသို့ရောက်နေခဲ့ပြီး ထိုနေ့နံနက် ညီဖြစ်သူ ဦးကျော်ညွန့် ဦးမာနှင့် ဆရာမဒေါ်ကြည်ကြည်ဝင်းတို့ပါ စက်ဘီးကိုယ်စီဖြင့် နဘူးကျောင်းရန်ကင်းတောရကြီး ဆရာတော်ထံသို့ သွားရောက်ကြ၏၊ ရှိခိုးကန်တော့ကြ၏။

တောရဆရာတော် ဝတ်ရုံတော်မှုသည့် သက်နီးများ လျှော်ဖွပ်ကုသိုလ်ယူ၊ အိပ်ရာကုတင် အခန်းများ သန့်ရှင်းရေး၊ ကျောင်းဝင်းအတွင်း အမှိုက်သရိုက်သန့်ရှင်းရေး ရေအိမ်ကုဋီများပါမကျန် သန့်ရှင်းရေးပြုလုပ်ရန် ခွင့်တောင်းပြီး ကုသိုလ်ယူခဲ့ကြ၏။ ဘဝသံသရာ၌ ကြုံဆုံရန် ခဲယဉ်းလှ၏။

ထိုအချိန်က ဒေါင်းမင်းဆီစက်မိသားစု လှူသည့် ကျောင်းမကြီး၊ ဖျဉ်းမနားဦးလှအောင်မိသားစု လှူသည့် ဝူဘုရား၊ သိမ်တော်ကြီး၊ ကံကြီးရွာ ဒေါ်ဆယ်မိလှူသည့် အုတ်တိုက်ဝူကျောင်း သစ်သား ကျောင်းငယ်များသာ ရှိသေး၏။ သစ်ရိပ်ဝါးရိပ် လည်း မရှိသေး။ မဟာရံတံတိုင်းများ ခတ်ထားပြီး ရှိလေပြီ။

တောရဆရာတော်၏ မျက်နှာတော်မှာ ပြုံးရွှင်နေ၏။ ညနေစောင်းမှ အားလုံး ပြန်လာကြ၏။

၁–ရက်ကြာ (၂၉–၄–၉၃) နေ့ မိမိနှင့် ညီဖြစ်သူ ဦးကျော်ညွန့်တို့ ၂–ယောက် တောရဆရာတော်ကျောင်းမှာ ညအိပ်ကြမည်၊ မနက်ဆွမ်းလောင်းကြမည် စိတ်ကူးဖြင့် ဖယ်မဖြစ်သူ ဒေါ်လှမြိုင် စီစဉ်ပေးသည့် ငါးခြောက်၊ အာလူး၊ ဆီ၊ ဆန်၊ ကြက်သွန်များ ယူ၍ နဘူးကျင်းရွာသို့ သွားကြ၏။

ဦးကျော်သိန်းအိမ်သို့ဝင်၏။ ရမည်းသင်းမြို့က ဆရာမတစ်ဦး ဆွမ်းလောင်းမည်ဖြစ်ကြောင်း သိရ၏။ ဤသို့ဖြင့် အစ်ကို ဦးသိမ်းအောင်နှင့် ကျောင်းနေဘက် ဦးကြွား၏ အိမ်သို့ သွားကြ၏။

အစ်ကိုကြီးဦးကြွားနှင့် ခနီးတို့က ဆွမ်းချက်ပေးမည်ပြော၏။ မိမိတို့အား ညစာပါ ချက်ကျွေးနေပြန်သဖြင့်၊ မိုးချုပ်သွားသောကြောင့် ည ၈–နာရီ ခန့်ရှိမှ ကျောင်းသို့သွားရတော့သည်။

ရွာတံခါးအတွင်းအထိ အစ်ကိုကြီး ဦးကြွားက လိုက်ပို့၏။ ရွာတံခါးအထွက် တောရဆရာတော်ကို ဆွမ်းလောင်းသည့် ရေပ်ငယ်ရှိ၏။ ရေပ်၏ အရှေ့မြောက်လမ်းဘေး၌ ပိုးထိ၍သေသော လူသေ လောင်း ခေါင်းထဲထည့်ပြီး စင်မှာ တင်ထားသည်ကို တွေ့ရ၏။

မှတ်ချက်– တောအရပ်ဒေသများတွင် မြွေပွေး အကိုက်ခံရလျှင် ပိုးထိသည်ဟု ပြောရပါသည်။ မြွေပွေးအကိုက်ခံရသည်ဟု ဒဲ့ဒိုးပြောလျှင် အမှောင်ပယောဂဝင်မှာ စိုးရိမ်သောကြောင့် ဖြစ်၏။

အညာဒေသ ပူပြင်းလှသည့် နွေကာလတွင် တွင်းအောင်းသည့် မြွေဆိုးများ အေးမြသော ညဘက်မှ အပြင်ထွက်တတ်၏။ ညဘက် ခြေခင်းလက်ခင်းစိတ်မချရ၊ ဓာတ်မီးများ ဆက်တိုက်ထိုး၍ သွားကြရ၏။

ညဘက်လူခြေတိတ်ချိန်မှာ ရန်ကင်းတောရဆီသို့ သွားနေကြ၏။ နဘူးကျင်းသချိုင်း၏ဘေးက ဆွမ်းခံ လမ်းအတိုင်း လျှောက်ရ၏။ ရွာအထွက် အလောင်းကို တွေ့မြင်ပြီးမှ သချိုင်းကုန်းက ဖြတ်ရပြန်၊ မိမိက ရှေ့ကသွား၊ ဝုဏ်တော်အော်၍ ရွတ်ဆိုကြောက်အားကပိုသဖြင့် အသံပင် တုန်နေ၏။ ကြောက်သူကို ချောက်ချား အောင်ချောက်ပြီ ထင်၏။ လူသေအပုတ်နံ့ ထောင်းကနဲ နှာခေါင်းထဲမှာ စူးဝင်လာ၏။ ဒီလို မလုပ်ပါနဲ့ တောရဆရာတော်ဆီသွားမလို့ ပုထုဇဉ် အညံ့စား သမာဓိဆိုလို့ ဘာသမာဓိမှ မရှိတဲ့လူကို ကြောက်အောင်လန့်အောင် မလုပ်ပါနဲ့ဟု နှုတ်မှ တောင်းပန်ရတော့၏။ ဆရာတော်ကိုလည်း လှမ်း၍ တ,မိပါ၏။ ညီဖြစ်သူက မနော်စိတ္တပ္ပါဒ် ဂိုဏ်းဆရာအဖြစ် တက်ထား၍ မကြောက်ဟုဆို၏။ နောက်မှ လိုက်ပါလာ၏။

တောရဆရာတော်၏ ရန်ကင်းတောရ အနီးရောက်မှ လိုက်ပါလာသော အပုတ်နံ့က ပျောက်သွား၏။ တောရကျောင်းဝင်းရောက်မှ စိတ်သက်သာရာ ရတော့၏။ မိမိသာ ခုတင်ဆောင်

ရဟန်းဖြစ်ခဲ့ပါက သုသာန်စူတင်ဆောင်ရန် မလွယ်ပါလားဟု ဆင်ခြင်မိတော့၏။

တောရဆရာတော် ကျောင်းကြီးမှာ တံခါး ပိတ်ထားပါပြီ။ သိမ်ကြီးပေါ်၌ ရွှေစေတီတောရ ဦးဣန္ဒသရိယ၏ ညီရင်းကိုရင် ကိုသာ ဖူးတွေ့ရ တော့၏။ စာသင်သားဖြစ်၏။ တောရဆရာတော် ကြီးကို ကြည်ညို၍ ဝေယျာဝစ္စဆောင် နည်းယူနေ ကြောင်း သိရ၍ ကြည်ညိုမိ၏။ ရဟန်းဖြစ်ရက် နီးပြီ ဖြစ်၍ ရဟန်းဒကာခံယူရန် လျှောက်ကြည့်၏။ ပထမ လျှောက်သူရှိနေခဲ့ပြီးရှိ၍ မရဖြစ်လေတော့၏။

(ယခုအခါ၌ ထိုကိုရင်မှာ ရဟန်းတော် အရှင်ကောဝိဒ၊ မြန်မာနိုင်ငံမှ ဘွဲ့များ အောင်ပြီး၍ အိန္ဒိယနိုင်ငံတွင် ဒေါက်တာဘွဲ့ ပါရဂူဘွဲ့ယူရန် ပညာသင်လျက်ရှိချေပြီ)

မိမိတို့ ညီအစ်ကို သိမ်ရင်ပြင်ရှိ ဂူဘုရား အပြင်မှာ ဦးစွာဘုရားရှိခိုး ခန္ဓာကိုယ်လှူဒါန်း တောရဆရာတော်ဘုရားသို့ ရည်မှန်း မနောဖြင့် လျှောက်ထား ဝိပဿနာကမ္မဋ္ဌာန်း တရားများ ချီးမြှင့် ပါဘုရားဟူ၍ အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်း အား ထုတ်ကြ၏။ ညလုံးပေါက် မအိပ်ဘဲ အားထုတ်ကြ မည်ဟု အဓိဋ္ဌာန်တင်ထား၏။ နံနက် ၄-နာရီ လောက် အပြင်မှ အအေးဓာတ်ရှိလာ၍ တောရဆရာ တော် တရားအားထုတ်ခဲ့သည့် ဂူဘုရားအတွင်း ဝင်၍ နံနက် ၅-နာရီခွဲအထိ ရှုမှတ်ကြ၏။

ထို့နောက် နံနက် ဆွမ်းလောင်းရန် ရွာထိပ် ဇရပ်သို့သွားကြ၏။ အစ်ကိုကြီးဦးကြွား၏ဇနီး ဆွမ်း ဟင်းများချက်ပြီး လင်ပန်းဖြင့် အသင့်ပြင်ထား၏။ အရဏ်တက်ချိန် တောရဆရာတော် ဆွမ်းခံကြွလာ ၏။ မြို့က ဆရာမတစ်ဦးနှင့်အတူ ဆွမ်းများ သပိတ်ထဲသို့ လောင်းလှူကြရ၏။

'မင်းတို့ ညတုန်းက ငါ့ကျောင်းမှာ ရောက်နေ ကြတာလား' ဟု မိန့်လေ၏။ မှန်ပါဘုရားဟု လျှောက်ကြရ၏။ ညက ဆရာတော်ထံ မရောက်၍ လူကိုယ်တိုင် မလျှောက်ခဲ့ရပါဘဲ ဆရာတော် သိနေ ပါပေါ့လားဟု အံ့ဩဝမ်းသာဖြစ်ကြရ၏။

ဆရာတော်၏ တစ်နေ့တာ ဆွမ်းကိစ္စ ဘုန်းပေးပြီး ဝေယျာဝစ္စဆောင်သူ အဘဦးအောင်ပန်း က သပိတ်မှ ဆွမ်းကျန်ဆေးအဖြစ် ကျွေး၍ စားကြ ပြီး ကျမ်းစာများ ရိုက်နှိပ်ရေး ဩဝါဒခံနေကြ၏။ မိန့်ကြားသည်များ မှတ်သား၍ နံနက် ၉-နာရီခန့် ဦးချကန်တော့ ပြန်ခဲ့ကြ၏။

သရက်ကန် ကျောင်းခေတ္တဝင်ပြီး ရွာထဲ သွား၍ အမေ့ညီမ အဒေါ်ဖြစ်သူ ဒေါ်ကလေးမအား အမေဒေါ်စောမြကိုယ်စား အမှတ်ထား၍ ဝင်ရောက် ကန်တော့ခဲ့ကြ၏။

ကျေးဇူးရှင်ကြီးများလဲလျောင်းရာ

အမေ့ရွာသရက်ကန်သို့အဝင် အမေ့ကျေးဇူး ကိုလည်းအမှတ်ရ၏။ ညီဖြစ်သူက အကို အမေ့ဂူဝင် ပြီး ကန်တော့လိုက်ကြတာပေါ့ဟုပြော၏။

ကံကြီးရွာ သင်္ချိုင်းကုန်းသို့ဝင်ကြ၏။ ဘခင်ကြီးဦးကြည်၏ အုတ်ဂူအားဘခင်ကြီးကျေးဇူး ဂုဏ်ရည်မှန်း၍ ရှိခိုးကန်တော့ကြ၏။ အုတ်ဂူထိပ် နှင့်ဘေးတွင်-

တိုင်းရင်းဆေးဆရာကြီးဦးကြည်(၁၂၇၂-၁၃၄၃)

အသက်-၇၁-နှစ် ၆ လ

၁၃၄၃ခုနှစ် ကဆုန်လဆန်း ၄-ရက် ကွယ် လွန်သည်(၇-၅-၈၁)

သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ၊

ဟု- အကို ဦးသိမ်းအောင်၏ လက်ရေးဖြင့် ရေးထိုးထား၏။

- အဖေသည် ၁၉၈၁-ခုနှစ်တွင် ကွယ်လွန်ခဲ့ရာ ၁၉၉၃-ခုနှစ်၊ ၁၂-နှစ်ကြာမှ မိမိ ရောက်ရသည်။

- အဖေ၏ ခန္ဓာ အရိုးစုမျှသာ ဖြစ်ချေသည်ဟု လက္ခဏာရေးသုံးပါးကို ဆင်ခြင်၏။

တဖန် အဖေနှင့် ယှဉ်တွဲလျက် ဦးကြီး ဦးရှင်၏ အုတ်ဂူရှိ၏။

နက္ခတ်ဗေဒဝိဇ္ဇာ ဆရာကြီးသမားတော် ဥက္ကဋ္ဌ

ဆရာကြီးဦးရှင် (၁၂၆၄-၁၃၅၁)

သက်တော် ၈၇-နှစ်

၁၃၅၁-ခု တန်ခူးလဆုတ် ၇-ရက်နေ့ (၁၆.၄.၁၉၉၀)တွင် ကွယ်လွန်သည် ရေးထား၏။ အဖေ၏အစ်ကို မိမိတို့၏ဦးကြီးဖြစ်၍ ရှိခိုးကန်တော့ကြ၏။ အဖေထက် ၈-နှစ်ကြီး၏။ ၈-နှစ် လူ့ပြည်၌ ပို၍နေရ၏။ ညီအစ်ကိုနှစ်ဦး ဘေးချင်းယှဉ်တွဲ လဲလျောင်း၍ နေကြလေပြီ။

အဖေနှင့် ဦးကြီးတို့ကဲ့သို့ ဤနေရာသို့ ရောက်ပြီး အုတ်ဂူအသီးသီးဖြင့် လဲလျောင်းနေကြသော မိမိ၏ ကျေးဇူးရှင်များကိုလည်း တွေ့ရ၏။

ကံကြီးရွာ ဘုန်းကြီးမေ ဒေါ်ငယ် (၁၂၆၈-၁၃၃၂)

အသက် ၆၄-နှစ် (ဒုတိယဘုန်းကြီးမေ)

၁၃၃၂-ခုနှစ် တပေါင်းလဆုတ် ၁၃-ရက်(၄.၄.၁၉၇၀) ကွယ်လွန်သည်။ ကံကြီးကျောင်း ဆရာတော် ဦးဇဝန၏ ဒုတိယမယ်တော်ဖြစ်၏။ ဒေါ်ငယ်သမီးဖြစ်သူ ဒေါ်မုန်းမှာ မိမိအပေါ် အစ်မရင်းကဲ့သို့ ဖြစ်၏။ ဆွမ်းအိုးထမ်းခဲ့ရ၏။ ဒေါ်ငယ်ကို ဒွေးငယ်ဟု တစ်ရွာလုံးက ခေါ်၏။

တတိယဘုန်းကြီးမေ ဒေါ်မွေးတင် (၁၂၈၂-၁၃၄၃)

အသက် ၆၁-နှစ်

၁၂၈၂-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ရက် အင်္ဂါနေ့မွေးဖွားသည်။ ၁၃၄၃-ခုနှစ်၊ ပြာသိုလဆန်း ၁၄-ရက် (၁၃.၁.၁၉၈၂) ညနေ ကွယ်လွန်သည်။

မှတ်ချက် ။ ။ မိမိ ရမည်းသင်းမြို့ ကျောင်းနေစဉ် မိခင်ရင်းကဲ့သို့ ကျေးဇူးရှိခဲ့ဘူးသည်။ ဒေါ်မွေးတင် အပြင်းအထန် နာမကျန်းဖြစ်နေချိန် မိမိ ရောက်သွားခဲ့သည်။ ခန္ဓာရလျှင် ဝေဒနာရသည်။ သည်းခံ၍ ဖြစ်ပျက်ရှုမှတ်ရန် ပြခဲ့ဖူးသော ကုသိုလ်များလှသည် အမှတ်ရ၊ ကြည်နူးဝမ်းသာမြင်အောင် ကြည့်ရန်နှင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာသုံးမျိုး အမှတ်ရစေရန် သတိပေး ကျေးဇူးဆပ်ခဲ့ပါသည်။

ထို့နောက် ထပ်မံတွေ့ရသော ဂူမှာ

တံခွန်တိုင်၊ မီးစက် ဗုဒ္ဓဝင်ပန်းချီကား ဒါယကာ

ဦးဘိုးရီ ၇၈-နှစ် (၁၂၆၆-၁၃၄၄)

၁၃၄၄-ခု၊ တော်သလင်းလဆန်း ၃-ရက် (၅.၁၀.၁၉၈၂) အနိစ္စရောက်သည်။

မှတ်ချက် (ကံကြီးရွာ ဦးဘိုးရီဒေါ်ဆယ် ဆိုလျှင် လူတိုင်းသိ၊ ကြွယ်ဝချမ်းသာကြသည်)

ကျောင်းအစ်မဒေါ်ဆယ်မိ

ဒေါ်ဆယ်မိမှာ ရန်ကင်းတောရတွင် အုတ်ဂူကျောင်းနှင့် သစ်သားကျောင်းငယ် လှူထားပြီး တပ်

ဤသို့ ဘခင်ကြီး အရိုးစုမြင်ခဲ့ပါလျှင် ဦးကြီး၊ ဒွေးငယ်နှင့် ဒေါ်မွေးတင်တို့၏ ဂူများသို့ ကြည့်လျှင်မြင်ရမည်ဟုထင်၍ ရွေ့ပြောင်းကြည့်မိသည်။ ဘာကိုမျှ မမြင်ရ ဖြစ်နေသည်။ ဘခင်ကြီး၏ ဂူသို့ တစ်ဖန် ပြန်ကြည့်သည်။ မူလအတိုင်းပင် မြင်ရပြန်သည်။

'ဥဒယဗ္ဗယဉာဏ် အမြင်သန်လျှင် နိဗ္ဗာန်နှင့်နီးပြီ' ဟူသော တောရဆရာတော်၏ ဆုံးမဩဝါဒစာများအရ မိမိခန္ဓာပေါ် အာရုံပြောင်း၍ ဖြစ်ပျက်ရှုကြည့်သည်။ နူးညံ့သိမ်မွေ့အေးမြသော အဆင့်မျှသာ ရသည်။

(နေရာဒေသနှင့် သီလ အရေးကြီးသည်ဟုသာ မှတ်ချက်ပြုရတော့သည်၊ နောင်များ၌ မှန်တောင်တောရဆရာတော်ကို လျှောက်ထားကြည့်သည်။ ဘာကြောင့် ဆက်ပြီး အားသွန်ခွန်စိုက် မလုပ်သလဲ မိန့်သည်၊ ဘာကြောင့် ဂူအားလုံးထဲမှာရှိတာ မမြင်ရပါသလဲ လျှောက်ရာ အကြောင်းခံအားခြင်း မတူသောကြောင့် ဟု မိန့်သည်။)

၃၁၊၄၊၉၃ နေ့ နံနက်ပိုင်း တပ်ကုန်းမြို့ မဟာသီဟနာဒတိုက်သို့ သွားရောက် အဆုံဖိုးကုန်းသိမ်သမုတ်ပွဲ တက်ရောက်ရန် ရန်ကင်းတောရရောက်ရှိနေပြီး သိမ်အမှတ်-၁-မှ သိမ်အမှတ်-၃၉-ထိ တောရဆရာတော်၏ လက်ရေးမှတ်စုမှ ကူးယူနေခဲ့လေသည်။

ဤသို့ဖြင့် သိမ်သမုတ်မည့်နေ့ ထိုနေ့လည်ပိုင်း ရန်ကင်းတောရသို့ ဒေါင်းမင်းဆီစက် ကိုစိုးသန်းကားဖြင့် လာကြို၏။ တောရဆရာတော်နှင့်အတူ လိုက်ပါရ၏။ မဟာသီဟနာဒတိုက်သို့ ခေတ္တဝင်ကြ၏။ မဟာသီဟနာဒတိုက် ဆရာတော်နှင့်တပည့်များပါ ညနေ အဆုံဖိုးကုန်းကျောင်းသို့ ကားများဖြင့် သွားကြ၏။ သိမ်သမုတ်ပွဲကြီး၊ ဘုရားအနေကဇာ

ကုန်းမြို့ မဟာသီဟနာဒတိုက်တွင် ကျောင်း အလှူ့ မဟာမြတ်မုနိဘုရားကြီးလည်း လှူထားသည်။

ဒေါ်ဆယ်မိလည်း ယခုအခါ လူ့ပြည်၌ မရှိတော့ပြီ၊ အသက် ၉၀ ကျော် နာမကျန်းစဉ် တောရဆရာတော်ကိုယ်တိုင် ကြွရောက်သတင်းမေး တရားနှလုံးသွင်းရန် အားပေးချီးမြှင့်ခဲ့ကြောင်း ကြားရသည်။

အထက်တင်ပြခဲ့သော ပုဂ္ဂိုလ်များအားလုံးမှာ သာသနာတော်အတွက် ကျေးဇူးများခဲ့သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဦးကြီးဦးရှင်အကြောင်းမှာ နေရာများစွာ၌ ဖော်ပြခဲ့ပြီးလေပြီ။

အာနာပါနရှုပွားစဉ် ဖခင်ကြီး၏ အရိုးစုကိုမြင်

ကံကြီးရွာ သုသာန်အတွင်း ၁-နာရီကျော်မျှ ကြာခဲ့ပြီး ညီ ဦးကျော်ညွန့်အိမ်သို့ ပြန်ရောက်ကြသည်၊ နေ့ ၁၂-နာရီခန့် ရှိလေပြီ။ ထမင်းစားပြီး ခေတ္တအနားယူမည် စိတ်ကူးဖြင့် လဲလျောင်း၍ ညဘက်က ရှုမှတ်ခဲ့သော အာနာပါန ကမ္မဋ္ဌာန်းထွက်လေ/ဝင်လေ မှတ်၍ နေသည်။

တောရဆရာတော်၏ အရိပ်၌ ခိုလှုံ တရားမှတ်ခဲ့ခြင်း စသည်များကြောင့် သီလဝိသုဒ္ဓိဖြစ်၍ စိတ္တဝိသုဒ္ဓိ ဖြစ်ခြင်းများကြောင့်ဟု ထင်သည်။ ရှုမှတ်ဆဲ ခဏ၌ ဘခင်ကြီး၏ အုတ်ဂူရောက်ခဲ့စဉ်က နှလုံးသွင်းခဲ့မိသော နှစ်ပေါင်း ၁၂-နှစ်ကြာ ကာလတွင် အရိုးစုသာ ရှိချေမည်ဟု မှန်းဆခဲ့သော အရိပ်သည် မိုတ်ထားသော မျက်စိတွင် ဘခင်ကြီး၏ အရိုးစု ဦးခေါင်းမှ ခြေဖျားထိ ဂူအတွင်းမှာ အတိုင်းသား မြင်လာနေသည်။

ရုပ်ရှင်ဖလင် အဖြူအမဲမှာ ထင်သလို မြင်ရသည်၊ မိမိသည်ပင် တစ်နေ့မဟုတ် တစ်နေ့ ဤသို့ ဖြစ်ပေလိမ့်မည်ဟု သံဝေဂယူ နှလုံးသွင်းဖြင့် ဆက်၍ အတန်ကြာအောင် ကြည့်နေမြင်နေရသည်။

တင်၊ ရဟန်းခံရှင်ပြု သိမ်ကျောင်း ရေစက်ချပွဲကြီး ငါးပွဲ အတူတွဲကာ ဆင်နွှဲကျင်းပ မည်ဖြစ်ကြောင်း ဖိတ်စာအရ သိရတော့၏။

ထိုဖိတ်စာကို အမှတ်တရ သိမ်းထားခဲ့ပါ၏။ ယခု စာရေးချိန်၌ ထိုဖိတ်စာ၏ သက်တမ်းသည် ၁၂–နှစ်ရှိခဲ့ပြီဖြစ်၏။ ပြန်လည်အမှတ်ရ ကြည်နူးဝမ်းသာ ဖြစ်ပါစေခြင်းငှာ ဤနေရာ၌ တင်ပြလိုက်ပါ၏။

သိမ်အမှတ် ၄၀–စီးကုန်းသိမ် (အဆုံ)

သာသနာ–၂၅၃၇၊ ကောဇာ–၁၃၅၅ ခုနှစ် ကဆုန်လဆန်း ၁၃–ရက် (၃.၅.၉၃) တနင်္လာနေ့ည ၉–နာရီ၊ ၃–မိနစ် လွန်သောအချိန် တပ်ကုန်းမြို့နယ် (အဆုံ) စီးကုန်းရွာကျောင်း ဓမ္မာသိမ်ကို တောရ ဆရာတော်ဦးဆောင်သော ရဟန်းတော် ၆၄–ပါး တို့သည် ကောင်းစွာ သမုတ်တော်မူကြကုန်၏။

ရှေးသိမ်ဟောင်းရှိလေသလော ဟူသော ယုံမှားချက်ကို ပယ်ဖျက်သုတ်သင်ရန် ၁၂၀ ကြိမ် တိုင်တိုင် သိမ်ဟောင်းကို နုတ်ပြီးသော မြေညီပြင်၌ ကျားသေအိုင် ကျေးရွာအုပ်စုအတွင်းရှိ ရဟန်းတော်အလုံးစုံ အကုန်ကြွရောက်လာကြသောကြောင့် ဆန္ဒဆောင်ယူခြင်း မပြုကြရတော့ဘဲ အနီးဟတ္ထပါသ် သို့ ချဉ်းကပ်ထိုင်ကြလျက် တွင်းထဲ၌ ရှိသော ရေနိမိတ် ၈–ခုတို့ကို လေးကြိမ်တိုင် နိမိတ်ကြားကြပြီး သမာနသံဝါသ, အဝိပ္ပဝါသ ကမ္မဝါစာများကို ၇–ကြိမ်စီ ဖတ်ကြ သမုတ်တော်မူကြကုန်၏။

သိမ်သမုတ်ပွဲပြီး အောင်မြင်ချိန်၌ အောင်စည် အောင်မောင်းများနှင့် ကြေးစည်များ တီးခတ်၍ အမျှဝေ သာဓုခေါ်တော်မူကြကုန်၏။

ထိုသိမ်သမုတ်ပွဲသို့ မိမိနှင့်အတူ ခေါင်းမင်း ဆီစက်မိသားစုနှင့် အလှူရှင်များအားလုံး တွေ့ဆုံခွင့်ရ၊ ပူဇော်ခွင့် သာဓုခေါ်ခွင့်ရခဲ့သည်ကို အမြဲသတိရ၊ ယနေ့တိုင် တောရဆရာတော် ဘုရားကြီး၏ ပုံရိပ်များ မြင်ယောင်နေမိပါ၏။

သိမ်သမုတ်ခြင်း မပြုမီ ရေနိမိတ် ၈–ခုကို ဦးစွာ ရေဖြည့်ထားရခြင်းနှင့် သမုတ်စဉ်အချိန် တွင်းထဲ၌ ရေရှိနေစေရန် နဘူးကျင်းရွာမှ တောရဆရာတော်၏ ညီတော်သူ ဦးကျော်သိန်းက ရေများ အဆက်မပြတ် ဖြည့်ခြင်းပြုခဲ့ပြီး ရှင်းပြသည်များကိုလည်း အမှတ်တရ ရှိပါ၏။

ကျိန်းစက်ခြင်းမရှိ၊ ပင်ပန်းတော်မူခြင်းမရှိ

ထူးခြားသည်မှာ သိမ်သမုတ်ပွဲပြီးချိန်မှစ၍ မဟာသီဟနာဒတိုက်အုပ်ဆရာတော် အရှင်အာရဒ္ဓ–ဗုဒ္ဓိနှင့် တပည့်များ မိမိအပါအဝင် တောရဆရာတော်အား ဝတ်ဖြည့်နှိပ်နယ်ပေးကြ၏။ တစ်ညလုံး ကျိန်းစက်တော်မူခြင်း မရှိ။

သက်တော် – ၇၂၊ ဝါတော် – ၅၃၊ တောရဝါ ၃၁–နှစ်ပြည့် ယခုသိမ်က သိမ်အလုံး ၄၀–ပြည့် ဖြစ်ကြောင်းမှစ၍ သိမ်များကို ညဘက် သမုတ်ရခြင်းမှာ အခြားရဟန်းတော်များ အသွားအလာမရှိချိန် ရွာနယ်ပတ်ပတ်လည် လူတို့ အစောင့်ချထားရခြင်း စသည် အဆက်မပြတ် မိန့်တော်မူ၏။

မိမိအား ရည်ညွှန်း၍ 'ဒီအကောင် အသက် ၅၀ ပြည့်တော့မယ်၊ သိမ်သမုတ်တာ မတွေ့ဘူး၊ မမြင်ဘူးသေးလို့ ခေါ်လာရတယ်' အခု မြင်ဖူးသွားပြီ ဟု မိန့်၏။

သိမ်သမုတ် မှတ်တမ်းရိုက်ခွင့်ပြုပါလျှောက်

သိမ်အလုံး၄၀–သမုတ်ပြီးခဲ့သော မှတ်တမ်း ရေးထားပါသလား လျှောက်၏။ အကျဉ်းချုပ် မှတ်ထားကြောင်း မိန့်၏။ လက်ရေးမှတ်တမ်းမျှဖြင့် ဆိုပါက ကာလကြာလျှင် သိမ်များမှတ်တမ်းမရှိ

ဖြစ်ပါလိမ့်မည်။ သို့အတွက် မိမိနှင့် ဒေါင်းမင်းဆီစက် ဦးအောင်ခတို့ ၂-ဦးက သိမ်သမုတ်မှတ်တမ်း ပုံနှိပ်ကြပါမည်။ ခွင့်ပြုတော်မူပါဟု ထိုညက စတင်လျှောက်ထားကြ၏။

(တောရဆရာတော် လက်ရေးဖြင့် အကျဉ်းရေးမှတ်ထားသော သိမ်အလုံး ၄၀-၏မှတ်တမ်း စာအုပ်ကူးခွင့်ပေး၏။ မဟာသီဟနာဒတိုက်တွင် ခေတ္တနား၍ ကူးခဲ့၏။ ထိုနေ့ကား (၃၁၊၄၊၉၃) နေ့ဟု မှတ်တမ်း၌ တွေ့ရ၏။)

ထိုည တစ်ညလုံး ကျိန်းစက်ခြင်းမပြု အရဏ်မလာမီ သက်န်းရုံ၍ ဒေါင်းမင်းဆီစက်မှ ကိုစိုးသန်း မော်တော်ကားဖြင့် အရှေ့တောင်ခြေ တောရလောက်သော အရပ်၌ နံနက်အရဏ်ယူ၏။ အရဏ်ယူရန် တောရလောက်သော နေရာကို မဟာသီဟနာဒတိုက်အုပ်ဆရာတော်က ကြိုတင်ရှာဖွေ ကြည့်ရှုထားရသည်ဆို၏။ တာ ၅၀၀ ပတ်လည် အတွင်း ခနီးမောင်နံ တစ်စုံ လူနေတဲ့အိမ် မရှိရခြင်းကို တောရသည် ဆိုခြင်းဖြစ်၏။

အရဏ်ယူပြီး ပြန်ကြွလာ၊ အမြဲတစေ အသင့်ပါလာသော သပိတ်ဖြင့် ကျောင်းအပြင်မှာ ဆွမ်းလောင်းလှူခြင်းကို ခံယူပြီး နဘူးကျောင်းသို့ ပြန်ကြွသွားတော်မူ၏။

သိမ်အမှတ် ၄၁-ရှားတောသိမ်

သာသနာ ၂၅၃၇၊ ကောဇာ ၁၃၅၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇-ရက်၊(၈.၉.၁၉၉၃) ဗုဒ္ဓဟူးနေ့ည ၉-နာရီ၊ ၄-မိနစ်အချိန် ပျော်ဘွယ်မြို့နယ် မင်းလမ်းကျေးရွာအုပ်စု ရှားတော ဓမ္မရိပ်သာ ခဏ္ဍသိမ်ကို ချဲ့၍ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၈-ပါးတို့ သမုတ်တော်မူခဲ့ကြ၏။

သိမ်အမှတ် ၄၂-အင်ကြင်းမြိုင် တောရသိမ်

သာသနာ ၂၅၃၇၊ ကောဇာ ၁၃၅၅ (၁၀.၉.၁၉၉၃) ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉-ရက် သောကြာနေ့ည ၁၁-နာရီ၊ ၅၀-မိနစ်အချိန် ရမည်းသင်းမြို့နယ်၊ နဘူးကျင်းကျေးရွာအုပ်စု၊ ရှမ်းကန်တဲစုအနီး အင်ကြင်းမြိုင်တောရခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၈-ပါးတို့ ကောင်းစွာ သမုတ်တော်မူခဲ့ကြ၏။

သိမ်အမှတ် ၄၃-အိုင်ငုံကျယ်သိမ်

သာသနာ ၂၅၃၇၊ ကောဇာ ၁၃၅၅ (၂.၁၀.၁၉၉၃) ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂-ရက်၊ စနေနေ့ ည ၁၀-နာရီ၊ ၅-မိနစ် လယ်ဝေးမြို့နယ်၊ ရန်အောင်မြင်ကျေးရွာအုပ်စု သစ်တောကြိုးဝိုင်းအတွင်း အိုင်ငုံကျယ် ကျောင်းခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၆-ပါးတို့ ကောင်းစွာ သမုတ်တော်မူခဲ့ကြ၏။

သိမ်အမှတ် ၄၄-ကြို့ပင်သိမ်

သာသနာ ၂၅၃၇၊ ကောဇာ-၁၃၅၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃-ရက်၊(၃.၁၀.၁၉၉၃) တနင်္ဂနွေနေ့ည ၉-နာရီ၊ ၂၅-မိနစ်အချိန် ပျဉ်းမနားမြို့နယ် ပျဉ်းမနားဟောင်းအုပ်စု ကြို့ပင်အနောက်ရွာ ကျောင်းခဏ္ဍသိမ်ကို တောရဆရာတော်ဦးဆောင်၍ ရဟန်းတော် ၆၁-ပါးတို့ ကောင်းစွာ သမုတ်တော်မူခဲ့ကြ၏။

သိမ်အမှတ် ၄၅-ကြာပင်အင်းသိမ်

သာသနာ-၂၅၃၇၊ ကောဇာ-၁၃၅၅ ခုနှစ်၊ နတ်တော်လဆန်း ၄-ရက်(၄.၁၀.၁၉၉၃) သောကြာ

နေ့ ည ၉–နာရီ၊ ၃၆–မိနစ်အချိန် မိတ္ထီလာမြို့နယ် အင်းရွာ အုပ်စု၊ ကြာပင်အင်းကျောင်း ခဏ္ဍသိမ်ကို တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၃၈–ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြ၏။

ထိုသိမ်နှင့် စပ်လျဉ်း၍ တောရဆရာတော်၏ မိန့်ကြားချက်

ထို ခဏ္ဍသိမ်သမုတ်ရခြင်းအကြောင်းမှာ ကြာပင်အင်းရွာဇာတိ သက်တော် –၈၀၊ ဝါတော်–၆၀–ရှိပြီဖြစ်သော မိတ္ထီလာမြို့ရှိ အရှင်နာဂိန္ဒအမည်ရှိ ထေရ်ကြီးသည် မိမိဇာတိရွာ၌ သိမ်မရှိခဲ့၊ နဘူးကျင်း တောရဆရာတော် သမုတ်တော်မူသောသိမ်ကို မိမိ သက်ရှိထင်ရှားရှိစဉ် အလိုရှိခဲ့၊ တူဖြစ်သူ ဦးတင်လှိုင် ဇနီး ဒေါ်တင်စိန်တို့အား သိမ်ဒါယကာ ပြုစေပြီး ပင့်လျှောက်သဖြင့် ကြွရောက်သမုတ်ခဲ့ရကြောင်း မိန့်၏။

မိမိတို့ နဘူးကျင်းကျေးရွာအုပ်စုရှိ ကြာပင် အင်းရွာကဲ့သို့ပင် အိမ်ခြေ ၅၀–ခန့်သာရှိ၏။ ကား လမ်းနှင့် မနီးမဝေး အနေအထားလည်းရှိ၏ မိန့်၏။ အလုံးစုံတူ၏ဟု မိန့်၏။

သိမ်အမှတ် ၄၆–အိုးဘိုရွာသိမ်

သာသနာ–၂၅၃၇၊ ကောဇာ–၁၃၅၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄–ရက်၊ (၂၄.၂.၁၉၉၄) ကြာသာပတေးနေ့ည ၉–နာရီ၊ ၅၆–မိနစ်အချိန် ပျဉ်းမနားမြို့နယ် သပြေကုန်းရွာအုပ်စု အိုးဘိုရွာ ကျောင်း ခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင် သော ရဟန်းတော် ၄၃–ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြကုန်၏။

အိုးဘိုရွာသိမ်သမုတ်သော ကျောင်း၏ ဦးစီး နာယက ဆရာတော် အရှင်ဣသရမှာ နဘူးကျင်း တောရဆရာတော်၏ ညီရင်းအငယ်ဆုံး ဖြစ်ပါ သည်။

ဤသာသနာတော်၌ သားအကြီးဆုံးနှင့် အငယ်ဆုံး ရဟန်းတော် ၂–ပါး တစ်မိတည်းသော ဝမ်းခေါင်းမှ ကိန်းအောင်းမွေးဖွားခဲ့သော မယ်တော် ကြီး ဒေါ်အေးမှန်၏ သီလဂုဏ်ကို အမှတ်ရကြည်ညို မိကြမည် ထင်ပါ၏။

ထိုသိမ်သမုတ်ချိန်၌ တောရဆရာတော် ၏ သက်တော် ၇၂–နှစ်၊ ဝါတော်–၅၃ ဝါဖြစ်ရာ ညီဖြစ်သူ အရှင်မှာလည်း သက်တော် – ၆၀ကျော်၊ ဝါတော်လည်းကြီး မထေရ်ကြီးအရွယ်သို့ ရောက် သည့်တိုင် သက်တော်ရှည်ကြ၊ သာသနာအကျိုး သယ်ပိုးနိုင်ကြသည်ကို ဖူးမြင်ကြရသည် မှာလည်း သီလ၏ အစွမ်းပင်ဖြစ်ပါလိမ့်မည်ဟု ယုံကြည် မိသည်။

၁၃၅၆– နဘူးကျင်းရန်ကင်းတောရ၌ ဆက် လက်ဝါကပ်တော်မူ

သာသနာ – ၂၅၃၈၊ ကောဇာ–၁၃၅၆ (၁၉၉၄) ခုနှစ်၊ နဘူးကျင်း ရန်ကင်းတောရကြီး၌ ဆက်လက်ဝါကပ်တော်မူသည်၊ သက်တော် – ၇၃၊ ဝါတော်–၅၄၊ တောရဝါ – ၃၂ ရှိလေပြီ၊ အောက်ပါ သိမ်–၅ လုံး ထိုနှစ်တွင် သမုတ်တော်မူခဲ့သည်။

သိမ်အမှတ် ၄၇–ရန်အောင်မင်းသိမ်

သာသနာ–၂၅၃၈၊ ကောဇာ–၁၃၅၆ ခုနှစ်၊ ကဆုန်လဆန်း ၆–ရက်၊ (၁၅.၅.၁၉၉၄) တနင်္ဂနွေနေ့ ည ၁၀–နာရီ၊ ၆–မိနစ်အချိန် ရမည်းသင်းမြို့ ကျောင်းတိုက်စုရပ် မဟာဝိဇိတာရာမ ရန်အောင် မင်းကျောင်း ပရိယတ္တိစာသင်တိုက် ခဏ္ဍသိမ်ကြီးကို

တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၇၁-ပါးတို့ ကောင်းစွာ သမုတ်တော်မူခဲ့ကြကုန်၏။

သိမ်ဒါယကာများမှာ လားရှိုးမြို့မှ မျက်စိအထူးကု ဒေါက်တာဖေသန်း၊ ဇနီး ဒေါ်တင်မြတ်မွန် (B.A) သား ဒေါက်တာမြတ်မောင်သန်းတို့က ဆောက်လုပ်လှူဒါန်းကြောင်း မှတ်တမ်းတင်ထားရှိသည်။

သိမ်အမှတ် ၄၈–အောက်တောက် သိမ်

သာသနာ–၂၅၃၈၊ ကောဇာ–၁၃၅၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂–ရက်၊ (၂၁.၅.၁၉၉၄) စနေနေ့ ည ၉–နာရီ၊ ၃၈–မိနစ်အချိန် ရမည်းသင်းမြို့နယ် တောင်ဘိုကျေးရွာအုပ်စု အောက် တောက်ကျောင်း ဓမ္မာသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၃–ပါးတို့ သမုတ်တော်မူကြ၏။

သိမ်အမှတ် ၄၉–အလယ်ကျွန်းသိမ်

သာသနာ ၂၅၃၈၊ ကောဇာ – ၁၃၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄–ရက်(၁၃.၂.၁၉၉၅) တနင်္လာနေ့ ည ၆–နာရီအချိန် တောင်ငူမြို့ အမှတ် ၉–ရပ်ကွက်အတွင်း အလယ်ကျွန်း ပရိယတ္တိစာသင်တိုက် ဓမ္မာသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၇–ပါးတို့ သမုတ် တော်မူကြကုန်၏။

သိမ်အမှတ် ၅၀–သစ်ဆိမ့်ပင်သိမ်

သာသနာ – ၂၅၃၈၊ ကောဇာ – ၁၃၅၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃–ရက် (၂၇.၂.၁၉၉၅) တနင်္လာနေ့ည ၉–နာရီ ၂–မိနစ်အချိန် ပျော်ဘွယ်မြို့နယ်၊ ချောင်းမကြီးအုပ်စု သစ်ဆိမ့်ပင်ကျောင်း ဓမ္မာသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၆–ပါးတို့ ကောင်းစွာ သမုတ်တော်မူကြကုန်၏။

သိမ်အမှတ် ၅၁–စိမ့်ကြီးသိမ်

သာသနာ–၂၅၃၈၊ ကောဇာ–၁၃၅၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅–ရက်၊(၂၀.၃.၁၉၉၅) တနင်္လာနေ့ည ၉–နာရီ၊ ၁၀–မိနစ်အချိန်၊ ဖြူးမြို့နယ် ခင်တန်းကြီးအုပ်စု၊ စိမ့်ကြီးကျေးရွာကျောင်း မဏိရတနာသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၆၃–ပါးတို့ သမုတ်တော်မူကြကုန်၏။

စိမ့်ကြီးသိမ်သမုတ်ပေးတော်မူရန် ဖြူးမြို့မှ ကျောင်းဆရာ အငြိမ်းစား ဦးကျော်မြင့်၏ လျှောက်ထားချက်အရ ဖြစ်သည်။ ကျောက်ထက်အက္ခရာများ ရေးထိုးစိုက်ထူထားပြီး ဖြစ်သည်။

သက်န်းရောင်အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒပေး အဆုံးအဖြတ်ကျမ်း (ပထမအကြိမ်) ရိုက်နှိပ်

ကောဇာ ၁၃၃၃–ခုနှစ်၊ မြောင်းဦး ရန်ကင်းတောရ၌ ဝါကပ်စဉ် တောရဆရာတော် ပါဠိသက်သက်ဖြင့်ရေးသား တော်မူခဲ့သည့် စီဝရဝဏ္ဏဝိနိစ္ဆယခေါ် သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းစာ၊ ကောဇာ ၁၃၃၄–ခုနှစ်၊ နဘူးကျင်း ရန်ကင်းတောရ၌ ဝါကပ်စဉ် တောရဆရာတော် ရေးသားတော်မူခဲ့သည့် စီဝရဝဏ္ဏဝိနိစ္ဆယခေါ် သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းပါဠိကို မြန်မာဘာသာဖြင့်ရေးသား၍ ကောဇာ ၁၃၄၈–ခုနှစ်၊ နဘူးကျင်း ရန်ကင်းတောရ၌ပင် ရေးသားတော်မူသည့် ဆန္ဒဒါန ဝိနိစ္ဆယ ခေါ် ဆန္ဒပေး အဆုံးအဖြတ် ကျမ်း ၂–စောင်ကိုရေးသားထားခဲ့ရာ –

သာသနာ–၂၅၃၈၊ ကောဇာ – ၁၃၅၆ (၁၉၉၄) ခုနှစ်သို့ ရောက်မှ ပထမအကြိမ် ပုံနှိပ်နိုင်ခဲ့သည်၊ သက်နီးရောင် အဆုံးအဖြတ်ကျမ်းစာသည် တောရဆရာတော်လက်ဝယ်၌ နှစ်ပေါင်း ၂၀–ကျော် သိမ်းဆည်းထားခဲ့ပြီး ဆန္ဒပေး အဆုံးအဖြတ် ကျမ်းစာရေးပြီး နှစ်ပေါင်း ၈–နှစ်ကြာအောင် သိမ်းထားခဲ့သည်။*

ကျမ်းစာရိုက်လိုကြောင်း နှုတ်မှ မမိန့်လို

ယင်းသို့ နှစ်ပေါင်းများစွာ သိမ်းထားခြင်းမှာ ကျမ်းစာများ ရေးထားပါသည်။ ရိုက်နှိပ်လိုကြောင်း တောရဆရာတော်နှုတ်မှ ဖွင့်ဟ မမိန့်လိုသောကြောင့် ဤမျှ ကာလအထိ ကြာမြင့်ရခြင်းဖြစ်ပြီး ဤသည်လည်း အကြောင်းတစ်ရပ် ဖြစ်လေသည်။

ကျမ်းစာများရိုက်ပါရစေ လျှောက်ရာ နှစ်များစွာ ကြာခဲ့

မိမိ စာရေးသူသည် ကောဇာ – ၁၃၄၀ (၁၉၇၈) ခန့်မှစ၍ တောရဆရာတော် သီတင်းသုံးရာ ရန်ကင်းတောရသို့ မကြာခဏ ရောက်ခဲ့ပြီး ၁၃၄၇ (၁၉၈၅) ခုနှစ်၊ ရန်ကင်းတောရသို့ ရောက်စဉ် တောရဆရာတော် ကျမ်းစာရေးနေသည်ဟု ကြားရပါသည်။ တပည့်တော် ဦးဆောင်ပြီး ပုံနှိပ်ပါရစေ စတင် လျှောက်ထားခဲ့ပါသည်။ ရိုက်တာပေါ့ကွာဟု မိန့်ပါသည်။

ကောဇာ ၁၃၅၂–(၁၉၉၀) ဒုတိယအကြိမ် ထပ်လျှောက်ပါသည်။ ရိုက်တာပေါ့ကွာဟုသာ မိန့်ပြီး ဆက်မပြောပါ။ တစ်နေ့တော့ ရိုက်ခွင့်ပေးမှာပါဟုသာ ထင်ခဲ့ပါသည်။

ကောဇာ ၁၃၅၃–(၁၉၉၁) တတိယ အကြိမ်မြောက် လျှောက်ထားပါသည်။ ရိုက်တာပေါ့ကွာဟုသာ ထပ်မိန့်နေပြီး ရှေ့ ဒီကျမ်းစာ စာမူဟု မပေးပါ။

ဆရာကြီး ဦးဌေးလှိုင်ကဲ့သို့

မိမိအနေဖြင့် ဖွဲ့မလျှော့ဘဲ လျှောက်ထားနေသည်မှာ မှော်စရိယ ဦးဌေးလှိုင် ရေးသားပြုစုသည့် မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင် ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ ကျမ်းစာကို ဖတ်ရ၍ ဆရာကြီးဦးဌေးလှိုင်ကဲ့သို့ မှတ်တမ်းတင်ထား၍သာ ဖတ်ရသည်၊ ထိုကျမ်းစာပါ အရှင်မြတ်ကြီးများနှင့် မခြား အလားတူစွာ ဤသာသနာတော်၌ ခုတင်ဆောင် မထေရ်ကြီးဖြစ်တော်မူသော မိမိတို့၏ ကျေးဇူးတော်ရှင် နဘူးကျင်းတောရဆရာတော် ရေးသမျှ ကျမ်းစာများ မိမိတို့ မှတ်တမ်းတင်သင့်ပါသည်ဟု အသိဉာဏ် အလင်းရောင်ရခဲ့သောကြောင့် လျှောက်ထားနေခြင်းလည်း ဖြစ်ပါသည်။

ပစ္စည်းလေးပါး ဒါယကာအဖြစ် မှတ်တော်မူပါ

မိမိသည် တောရဆရာတော်အပေါ် ငယ်စဉ်ကစ၍ ကြည်ညိုနေသဖြင့် တပည့်အဖြစ် အဝင်/အထွက် မကြာခဏ ပြုလုပ်နေရာ တစ်ခုခုတော့ လိုနေပြီ စဉ်းစား၏။ မိမိ၏ လျှောက်ထားချက် ဝိနည်းနှင့်မညီ ဖြစ်နေသည်ဟု ယူဆသဖြင့် တပည့်တော် မောင်သိမ်းဆောင်နှင့် ဇနီး မခင်တင့် မိသားစုတို့အား ပစ္စည်းလေးပါး ဒါယကာ ဒါယိကာများအဖြစ် သတ်မှတ်တော်မူပါဟု နှစ်ဦးစလုံး စာဖြင့် လက်မှတ်ထိုးပြီး သားသုံးယောက်အမည်များပါ ထည့်၍ လျှောက်လွှာစာတိုက်မှ ပို့လှူလိုက်၏။

များမကြာမီ 'ဒီအကောင် မိသားစုက ငါ့ကို ပစ္စည်းလေးပါး လျှောက်လွှာ စာနှင့်ပို့တယ်' ဟု

* သက်နီးရောင် အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒပေး အဆုံးအဖြတ်ကျမ်း (ပ–ကြိမ်) ရိုက်နှိပ်

ကံကြီးရှာ အစ်မဒေါ်အုန်းကြင်ထံမှ ပြန်လည် ကြားရ၏။

ပထမလျှောက်ထားသူကို မေးရတယ်

ဤသို့ကြားသဖြင့် မိမိ နဘူးကျောင်းရန်ကင်း တောရသို့-၁၃၅၅ (၁၉၉၃) ခုနှစ်တွင် သွားရောက်ခဲ့၏။ ကျမ်းစာပုံနှိပ်ရေးခွင့်ပြုရန် ထပ်မံလျှောက်ထားသောအခါ 'ရဟန်းဆိုတာ ပထမလျှောက်ထားသူကို ပြန်မေးရတယ်'၊ 'တပ်ကုန်းမြို့က ပထမလျှောက်တာ ရှိတယ်၊ မနက်ဖြန်ညနေ ပထမလျှောက်ထားသူ ဒီကိုလာလိမ့်မယ် မင်းတို့ဆုံတွေ့ပြီးပေးမည်' ဟု မိန့်၏။ မိမိ ရန်ကင်းတောရ၌ ညအိပ်၏။

နောက်နေ့ ညနေ ဒေါင်းမင်းဆီစက်ပိုင်ရှင် ဦးအောင်ခနှင့် ချွေးမ မမြဝင်းတို့အဖွဲ့ ဆွမ်းချက်လောင်းရန် ရောက်လာကြ၏။ ဦးအောင်ခနှင့် အလုပ်သမားများက သိမ်ကြီးကို ဆေးသုတ်ခြင်း၊ စင်္ကြံလမ်းများ၊ အုတ်လမ်းများ ခင်းခြင်း ဆောင်ရွက်လှူခြင်း ဖြစ်ပါသည်။

'မင်းကို ပြောတဲ့ ပထမ လျှောက်ထားသူဆိုတာ သူပဲ'ဟု ကျောင်းဒကာ ဦးအောင်ခကို ညွှန်ပြ၏။ ဤသို့ဖြင့် ပူးပေါင်း ရိုက်နှိပ်ကြပါ၊ ကျမ်းစာတစ်အုပ်စီ ခွဲယူမနေကြနှင့်၊ ရန်ကုန်နေတဲ့ သူကဦးဆောင်ပြီး ဆောင်ရွက်ပါ။ နယ်ကလူက ရန်ကုန်ခဏခဏဘယ်သွားနိုင်မလဲ၊ ကျမ်းစာရိုက်တဲ့ လုပ်ငန်းကို ဘုရားဖြူဆရာတော်ကျမ်းစာတွေ ဦးဆောင်ရိုက်ပေးခဲ့ဖူးလို့ အတွေ့အကြုံအရ အချိန်ကြာတယ်ဆိုတာ သိတယ်' ဟု မိန့်၏။

သက်န်းရောင် အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒပေး အဆုံးအဖြတ်ကျမ်း

စီဝရဝဏ္ဏဝိနိစ္ဆယ ခေါ် သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒဒါနဝိနိစ္ဆယ ခေါ် ဆန္ဒပေး အဆုံးအဖြတ်ကျမ်းစာ တောရဆရာတော် လက်ရေးမူ ပါဠိ-မြန်မာ ကျမ်းစာ ၂-အုပ် ထုတ်ပေး၏။

ကျမ်းစာများမှာ စာမျက်နှာ သိပ်မများသဖြင့် ၂-ကျမ်းပေါင်း ၁-အုပ် ရိုက်ပါဟု မိန့်၏။ အိပ်ဆောင်အရွယ် ရိုက်ပါဟု မိန့်၏။ ကျမ်းစာရိုက်ရေး ညှိပြီး ဆောင်ရွက်ကြမည် သဘောတူခဲ့ကြ၏။

တောရဆရာတော် ရန်ကုန်ကြွလာ ဦးမင်းကြည်ထံ သွားကြ

သာသနာ -၂၅၃၈၊ ကောဇာ - ၁၃၅၆ (၁၉၉၄) ခုနှစ်၊ နှစ်ဦးပိုင်း တောရဆရာတော် ရန်ကုန် ကြွလာတော်မူ၏။ သာသနာရေးဝန်ကြီးဌာနမှာ ဦးမင်းကြည် ရှိတယ် သွားချင်သည်ဆို၍ မိမိနှင့် ဦးညွန့်လှိုင် ဦးတင်ဝင်းတို့ ကားဖြင့် တောရဆရာတော်ကို ပို့ပေးကြ၏။ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၌ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ ဦးမင်းကြည်ထံ ရောက်ကြ၏။

'မောင်မင်းကြည် ကျမ်းစာရိုက်ရေး အဆင်ပြေအောင် လိုအပ်တာ ကူညီပေးလိုက်'ဟု မိန့်၏။ ထိုအချိန်မှစ၍ ကျမ်းစာမိတ္တူ ၃-စုံလက်နှိပ်စက်ဖြင့် ဦးမင်းကြည်ရုံးမှာ ကူးကြ၏။ ပြန်စစ်ဆေးကြရ၏။ မိမိအနေဖြင့် ဆောင်ရွက်ခဲ့ဖူးခြင်း မရှိသော လုပ်ငန်းဖြစ်၍ အခက်အခဲများစွာ တွေ့ရ၏။ ပါဠိစာပေအဖြတ်အတောက်၊ မကျွမ်းကျင်ခြင်းကြောင့်ဖြစ်၏။

လုပ်တတ်၍လုပ်နေခြင်း မဟုတ်ဘဲ လုပ်လို၍ လုပ်ခြင်း ဆောင်ရွက်လို၍သာ ခွဲမလျှော့ လုပ်နေခြင်း ဖြစ်ပါ၏။

စာပေစိစစ်ရေးမှ သာသနာရေးဦးစီးဌာနသို့တင်

ကျမ်းစာ မိတ္တူ ၃–စုံနှင့် လျှောက်လွှာများ ပူးတွဲ၍ ပြည်ထဲရေးဝန်ကြီးဌာန စာပေစိစစ်ရေးဌာန၊ ဝက်ဘာလမ်း၊ ဗဟန်းမြို့နယ်သို့ တင်ရ၏။

ထိုမှတစ်ဆင့် သာသနာရေး ဝန်ကြီးဌာန သာသနာရေး ဦးစီးဌာန စာပေစိစစ်ရေးဌာန စာပေစိစစ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းရွှေထံ တင်ရ၏။ စာပေစိစစ်ရေးမှူးအနေဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အလှည့်ကျ ဆရာတော်များ အဖွဲ့သို့တင်ရ၏။

ဝက်ဘာလမ်းမှ စာမူခွင့်ပြုမိန့် မျက်နှာဖုံးခွင့်ပြုမိန့်ကျ၏။ ဦးမင်းကြည် နိဒါန်းရေး၊ ထုတ်ဝေသူအဖြစ် ရန်ကုန်မြို့ လမ်း ၃၀ စိန်ရတနာသန်း ပုံနှိပ်တိုက် ဦးအေးမောင်ထံမှာ အပ်နှံ၏။ ကွန်ပျူတာ စာစီခြင်းကို ကိုမျိုးညွန့်ထံမှာ အပ်နှံ၏။ စာစီပြီး စာမူများကို ဦးမင်းကြည်နှင့် ဦးထွန်းရွှေတို့ အိမ်များသို့ တစ်လှည့်စီ သွား၍ ညဘက်များ၌ ထို ၂–ဦးက အသံထွက်ဖတ်၊ စစ်ကြ၏။ မိမိက မူရင်းကြည့်ပေးရ၏။ စာပိုဒ်များ မကျန်စေရန် ကြည့်ရခြင်း ဖြစ်၏။

တောရဆရာတော်ကိုယ်တိုင်–စစ်ဆေးတော်မူ

ကောဇာ–၁၃၅၆–နှစ်ဦးပိုင်း တန်ခူးလမှာ ပင်တောရဆရာတော်–လယ်ဝေးမြို့ဆီစက်နှင့် ပွဲရုံပိုင်ရှင်ဦးကောင်းတည် ကားဖြင့် ရန်ကုန်မြို့ဘုရားဖြူတိုက်သို့ ကြွရောက်လာပြန်၏၊

မော်လမြိုင်ဘက်မှ သိမ်သမုတ်ပင့်ရာ အကြောင်းမညီညွတ်၍ သိမ်သမုတ်နိုင်ခြင်းမရှိ၊ ကျိုက်ထီးရိုးဆံတော်ရှင် တက်ရောက်ဖူးမြော်ပြီး ကျမ်းစာရိုက်နှိပ်ရေး မိမိကိုယ်တိုင် စစ်ဆေးကြည့်လို သေး၍ ဝင်လာခြင်းဖြစ်ကြောင်းမိန့်၏၊

ဘုရားဖြူတိုက်တွင် တောရဆရာတော် ကြွလာသည့်သတင်း မိမိက ဖုန်းဖြင့်ဆက်ထားသဖြင့် ရန်ကုန်မှ တပည့်ဒါယကာများ ဝိုင်းအုံရောက်လာပြီး၊ ဆွမ်းလောင်းကြ၏၊ ဆွမ်းလောင်းပြီးလည်း မပြန်ကြ၊ ထပ်ရောက်လာသော ဒါယကာ၊ ဒါယိကာမများကြောင့်–ကျမ်းစာမစစ်နိုင်၊ 'မင်းသတင်း လွှင့်လို့လူတွေ ဒါလောက်များများ လာတာ'၊ ဟု မိမိအား ဆူတော်မူ၏၊

ဤသို့ဖြင့် မိမိနှင့် ဦးညွန့်လှိုင်–ဦးတင်ဝင်းတို့တိုင်ပင်ကြရ၏၊ ဆရာတော် အေးအေးဆေးဆေး စာစစ်နိုင်မည့်နေရာ–စဉ်းစားကြ၏၊ ဦးညွန့်လှိုင်က ဗိုလ်အောင်ကျော်လမ်း သာဓုကာရီ ဓမ္မာရုံကြီးမှာ ဝင်းတံခါးနှင့်ဖြစ်၏၊ ဓမ္မာရုံ ဥက္ကဋ္ဌကြီး ဦးချစ်စိန်နှင့် ရင်းနှီးသည်ဆို၏၊ မိမိတို့သုံးဦး သွားရောက်ခွင့် တောင်းကြ၏၊ အဆင်ပြေ ခွင့်ပြု၏။

ဗိုလ်အောင်ကျော်လမ်း သာဓုကာရီ ဓမ္မာရုံကြီးသို့ပြောင်း

ဘုရားဖြူတိုက်ဆရာတော် ဦးဝဏ္ဏိမာနှင့် ဦးနရိန္ဒာဘိဝံသတို့အား အကြိုးအကြောင်းလျှောက်ထားပြီး၊ တောရဆရာတော်အား နေရာကြည့်ရှုစစ်ဆေးရန် ပင့်ဆောင်သွားကြ၏။

ဓမ္မာရုံကြီးမှာ သီးခြားဝင်းခြံနှင့်ဖြစ်၏။လူနေအိမ်များနှင့် အမိုးဆက်ခြင်းမရှိ၊ အမိုးလွတ်၏၊ရေချိုးခန်း သီးသန့်ရှိ၏။ ဥက္ကဋ္ဌကြီးက ကျောင်းအဖြစ်

သတင်းသုံးရန်လျှောက်၏။ဥက္ကဋ္ဌကြီးမှာ တရုတ်ကပြားဖြစ်သော်လည်း ဗုဒ္ဓဘာသာ အလွန်ကြည်ညို၏။ကိုယ်တိုင်ဆွမ်းလောင်းလှူ၏။ ဦးညွန့်လှိုင်မှာ လမ်း ၄၀ ဓမ္မာရုံ၌ ဒုတိယဥက္ကဋ္ဌဖြစ်၏ ဦးညွန့်လှိုင်၏ ဇနီးဒေါ်ခင်လွှမ်း ကျောင်းဆရာမအငြိမ်းစားမှာ တရုတ်ကပြားဖြစ်၏။ ဆက်နွယ် ရင်းနှီးကြသောကြောင့် ဗိုလ်အောင်ကျော်လမ်း ဓမ္မာရုံကို ခွေ့အသုံးပြုခွင့်ရခြင်း ဖြစ်၏။

တောရဆရာတော်နှင့် ကိုရင်ငယ်တစ်ပါးပါလာ၏၊ ထိုကိုရင်က မှူရင်းလက်ရေး ဖတ်၍ တောရဆရာတော်က ကွန်ပျူတာစီပြီး စာများစစ်၏၊ မှင်နီဖြင့် ပြင်ရန်ရှိက ရေးမှတ်၏၊ ကွန်ပျူတာကိုမျိုးညွန့်ကိုပါ ခေါ်၍ ညနေဘက် ဆရာတော်နှင့် တွေ့ပေး၏၊ လိုတာ တိုက်ရိုက်မိန့်၏။

ပုံနှိပ်တိုက်ပိုင်ရှင် ဦးအေးမောင် မိသားစုပါလာရောက် ဖူးတွေ့၏။ လိုအပ်သလိုမိန့်ပါ လျှောက်၏။

ကိုရင်ငယ် ပဲခူးမြို့ မဏ္ဍိုင်စာသင်တိုက်သို့ ပို့နိုင်း

ကျမ်းစာစစ်ခြင်းလုပ်ငန်းပြီး၍ ထိုကိုရင်အား ပရိယတ္တိသင်ကြားရန် ပဲခူးမြို့ သာသနမဏ္ဍိုင်ပရိယတ္တိ စာသင်တိုက်သို့ စာရေးပြီး ဦးညွန့်လှိုင်ကားဖြင့် ပို့စေသည်။

သက်န်းလက်ရောက်ကပ်လှူ၊ ချက်ခြင်းပြန်လှူ

မိမိတို့နှင့်ရင်းနှီးသော ရန်ကုန်မှ ဓမ္မမိတ်ဆွေ မိသားစုက တောရဆရာတော် သင်္ကန်းအသစ်ဝတ်မလာ၍ ကြည်ညိုလှသဖြင့်လှူပါရစေဆိုလာ၏၊

တောရဆရာတော်နောက်မှ ကပ္ပိယအဖြစ်လယ်ဝေးမြို့နယ် ညောင်ကုန်းရွာမှ ဦးကြက်တောပါလာ၍ တွေ့ဆုံပေး၏၊ တောရဆရာတော်များမှာ ပံ့သုကူသင်္ကန်းသာ သုံးဆောင်ဝတ်ဆင်ကြောင်း ရှင်းပြ၏၊ လက်ရောက်ကပ်လည်း ရပါတယ်ဆိုနေပြီး လှူပြမည်ပြော၏၊ သူပြောသည့်အတိုင်း ဇနီးပါခေါ်ကာ သင်္ကန်းအကောင်းစား တစ်စုံ လက်ရောက်ကပ်လှူခဲ့၏။

တောရဆရာတော် နှုတ်မှ မည်သို့မျှ မမိန့်ပါ၊ ကပ်လှူသွားခဲ့သော သင်္ကန်းတစ်စုံ၊ အခြားသူများလှူထားသော ဖရောင်းတိုင်၊ အမွှေးတိုင် အားလုံးပါ၊ ထို ညနေမှာပင် ဘုရားဖြူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏိမ(အဂ္ဂမဟာပဏ္ဍိတ)ထံသို့ စာသင်သံဃာများသုံးရန် သွားလှူပါဟု ဦးညွန့်လှိုင်အား နိုင်း၏၊ ညပင်မကူး ချက်ခြင်းပြန်လှူစေခဲ့၏၊

('ပံ့သုကူသင်္ကန်းကိုသာ သုံးဆောင်ပါမည်၊ လက်ရောက်ကပ်လှူခြင်းကို ပယ်ပါ၏ သုံးဆောင်ခြင်းမပြုပါ' ဟု ဘုရားရှေ့မှာ တောရမထေရ်များဆောက်တည်ခဲ့သည့် ပဋိညာဉ်ကို လေ့လာခြင်းမပြုသေးသူတို့ သိသာပါရန် ဤနေရာ၌ ဖော်ပြလိုက်ခြင်းဖြစ်ပါ၏'။)

လှူဒါန်းသူ၏ သဒ္ဓါစေတနာ မပျက်စီးစေရန်၊ ကုသိုလ်အစဉ် တိုးပွါးစေရန်၊ ကုသိုလ်ဖြစ်ခွင့်ရစေရန် ဆရာတော် လက်ခံခဲ့ပြီး၊ လက်ခံစဉ် ခဏ၌ပင် ပြန်လှူမည်ဟု၊ ဆုံးဖြတ်ထားရှိပြီးဖြစ်ကြောင်း နောင်သောအခါ၌ မိန့်၏။

မှတ်ချက် ။ ။ ပံ့သုကူဆောင် ရဟန်းတော် များသို့ သင်္ကန်းလက်ရောက် ကပ်လှူခြင်းသည် ကုသိုလ်မရဟု မဆိုလိုပါ အထက်၌တင်ပြခဲ့ပြီးသော စကားအစဉ်ဖြင့် သိသာရှင်းလင်းစေလိမ့်မည်ဟု ယူဆပါ၏။ ပံ့သုကူပစ်လှူရခြင်းကို လေ့လာသင့်ပါကြောင်း ဆိုလိုရင်းသာ ဖြစ်ပါ၏။

တောရဆရာတော်၏ဘွဲ့၊ ထေရုပ္ပတ္တိအကျဉ်းနှင့် ဓါတ်ပုံထည့်ပါရစေလျှောက်

စိဝရဝဏ္ဏဝိနိစ္ဆယခေါ် သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းစာနှင့် ဆန္ဒဒါနဝိနိစ္ဆယခေါ် ဆန္ဒပေးအဆုံးအဖြတ်ကျမ်းစာ၌ တောရဆရာတော်အား နိုင်ငံတော်အစိုးရ ဆက်ကပ်ထားသော 'သာသနဓဇသိရိပဝရ ဓမ္မစရိယ'ဘွဲ့ ထေရုပ္ပတ္တိအကျဉ်းနှင့် သပိတ်လွယ်ထားသည့် ဓါတ်ပုံ ထည့်ပါရစေလျှောက်၏။

'ဘာဖြစ်လို့ ထည့်မှာလဲ မင်းတို့ဟာက အလုပ်ရှုပ်လာပြီ' ပထမရိုက်တဲ့ အရုဏုဂ္ဂကာလ ဝိနိစ္ဆယခေါ် အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်းဘာမှမထည့်ခဲ့ဘူး၊ အဲ့ဒီလိုဘဲလုပ်ပါ'ဟု မိန့်၏။

ကျမ်းစာရေးတာ၊ ရိုက်နှိပ်တာ သာသနာအရှည် တည့်တံ့ရေးအတွက်ဖြစ်ပါသည် ဘုရား၊ ကျမ်းစာကိုအလေးအနက်ထား ဖတ်စေချင်ပါတယ်၊ ကျမ်းစာရေးသည့် ပုဂ္ဂိုလ်အပေါ် အလေးထားပြီး ဖတ်ကြသည်လည်းရှိပါသည်၊ ကျမ်းစာအမည်မှာ ဝိနိစ္ဆယ အဆုံးအဖြတ်ဖြစ်၍ စာပေစိစစ်ရေးဌာနများသို့ စာမူတင်ပြ လျှောက်ထားစဉ်ကပင် စာရေးသူ၏ ကိုယ်ရေးထေရုပ္ပတ္တိအကျဉ်း ဖော်ပြခဲ့ရပြီး ဖြစ်ပါသည်။

အချို့ကျမ်းစာများ၌ စာရေးသူကျမ်းပြုဆရာတော်များ ကိုယ်ရေးအကျဉ်းမျှလောက်ပင် မှတ်တမ်းတင် ဖော်ပြကြခြင်း မရှိသဖြင့် အလေးမထားကြ၊ အချိန်ကာလ ကြာသောအခါ နောက်ကြောင်းခံမရ ဖြစ်နေကြပါသည်။ အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသ မထေရ်၏ မွေးရပ်ဇာတိ–သုတေသနပြု ရှာနေခဲ့ရသည့် အဖြစ်ကို လျှောက်ထားရ၏။

သို့ပါ၍ တပည့်တော်နှင့် ဦးမင်းကြည်၊ ဦးအောင်ဇတို့ တိုင်ပင်ထားခဲ့ပြီး လျှောက်ထားရပါသည် ဘုရား၊ နဘူးကျောင်းရွာဦးကျောင်း ဆရာတော်ဦးအာဒိစ္စ(ဓမ္မာစရိယ) ကလည်း သဘောတူပါသည် ဘုရား၊ တပည့်တော်တစ်ဦးတည်း၏ ဆန္ဒမဟုတ်ပါဟု အားလုံး၏ ကိုယ်စားလျှောက်ရ၏။ နှစ်နှစ်ကာကာ လိုလိုလားလားမရှိ၊ မည်သို့မျှ ဆက်မမိန့်တော့ပါ။ ကျမ်းစာများ၌ 'သာသနဓဇသိရိပဝရ ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ'ဟု ဖော်ပြခြင်းမှာ ဆရာတော်၏ ဆန္ဒမဟုတ်။

ဆွမ်းခံကြွနေသည့်ပုံမှာ ရမည်းသင်း ရွှေပန်းချီ၏ လက်ရာ

တောရဆရာတော် သင်္ကန်းရုံ၊ သပိတ်လွယ်ဆွမ်းခံကြွနေသည့် ပုံတော်မှာ တောရဆရာတော်၏ ရှုတင်ဆောင်ဘဝကို ဖော်ပြသော ပုံဖြစ်နေပါသည်။ တောတန်းတစ်ခုနောက်ခံ၊ စကျူရွှေချ၊ ဖြူဖွေးနေသော ဦးခေါင်းမှ ဆံပင်က အရွယ်တော်ပမာဏကိုပြ၊ ဝတ်ရုံထားသည့်သင်္ကန်းအရောင်မှစ၍ ဤသင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းနှင့် လိုက်ဖက်လှသဖြင့် ထိုဓာတ်ပုံကို ရွေးချယ်ခဲ့ခြင်း ဖြစ်လေသည်။

ထိုဓာတ်ပုံ မိမိထံ ပေးပို့သူမှာ ကံကြီးရွာမှ အစ်မဒေါ်အုန်းကြင်ဖြစ်ပါသည်။ ရမည်းသင်း ရွှေပန်းချီဓာတ်ပုံတိုက်က ရကြောင်း စာဖြင့် ပို့လာပါသည်။

ထိုဓာတ်ပုံ မည်သည့်နေ့ရက်၊ မည်သည့်နေရာ၌ မည်သို့ရိုက်ခဲ့ကြောင်း ပြန်ကြားရန် ရမည်းသင်းမြို့ ရွှေပန်းချီဓာတ်ပုံတိုက်သို့ မိမိစာပို့ခဲ့၏။

ရွှေပန်းချီ ဓာတ်ပုံလှိုင်သန်းတင့်ထံမှတောရဆရာတော်သည် ရမည်းသင်းမြို့ ဝါတိုးဈေးကုန်းရပ်နေ ဆရာတော်၏ အဒေါ်ဖြစ်သူ ဒေါ်ငွေတင်သားနှင့်သမီးဖြစ်သော ဦးတင်မြင့် (အငြိမ်းစားမြို့နယ်ငွေစာရင်းဦးစီးမှူး) ညီမ ဒေါ်ခင်သောင်း

နဘူးကျောင်းတောရဆရာတော်
သက်တော် ၆၀–ကျော်က ဆွမ်းခံပြီး
ပြန်ကြွလာသည့် ပုံတော်



ရမည်းသင်း ရွှေပန်းချီ ဓာတ်ပုံတိုက်မှ
၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၁၅–ရက်က
ထိုပုံကို ရိုက်ကူးခဲ့ကြောင်း
ပြန်ကြားစာ

(အ.လ.ပြ)တို့၏ အိမ်သို့ ၁၉၈၇–ခုနှစ်၊ နိုဝင်ဘာလ၊ ၁၅–ရက်နေ့က ဆွမ်းခံပြန်အကြွ ခွင့်ပန်၍ ရိုက်ကူးခဲ့ကြောင်း ပြန်ကြားလာပါသည်။ ***စာမူရင်းမိတ္တူ ပူးတွဲ တင်ပြပါသည်။***

၁၉၈၇–ခုနှစ် ရိုက်ကူးသည်ဖြစ်၍ ကောဇာ ၁၃၄၉–ခုနှစ်၊ တောရဆရာတော်၏ သက်တော် ၆၆–နှစ်၊ ဝါတော်–၄၇၊ တောရဝါ–၂၅ အရတွင် ရိုက်ကူးသော ပုံဖြစ်လေသည်။

ထိုဓာတ်ပုံ ရိုက်ကူးခဲ့သော နှစ်ကာလနှင့် နေရာ ရိုက်ကူးခဲ့သူ၊ ယင်းသို့ ရိုက်ကူးနိုင်ခဲ့သဖြင့် ယနေ့ ကျမ်းစာအသီးသီးတွင် ဖော်ပြနိုင်ခဲ့သလို တောရဆရာတော်၏ ဘဝအမှတ်တရ သမိုင်းဝင် မော်ကွန်းတင်နိုင်သော, ကျေးဇူးများလှသော ရှေ့ပန်းချီ၏ လက်ရာဖြစ်ပါကြောင်း အမှတ်တရ ဖော်ပြလိုက်ရပါ၏။

တောရဆရာတော်၏ဘဝ အကြောင်းများစွာနှင့် ဤသာသနာတော်၌ ဤသို့သော ဆရာတော်ဘုရားကြီးတစ်ပါး ရမည်းသင်းနယ်က ပေါ်ထွန်းခဲ့ပါသည်ဟု မှတ်တမ်းတင်နိုင်ခဲ့သော ရှေ့ပန်းချီအား များစွာ ကျေးဇူးတင်မိပါ၏။

မင်းကွန်းတိပိဋကဓရအဘယ်သို့ ကြွမြန်းတော်မူ

ကောဇာ ၁၃၅၆–ခုနှစ် အထက်တွင် တင်ပြခဲ့သော ဗိုလ်အောင်ကျော်လမ်းရှိ သာဓုကာရီ ဓမ္မာရုံကြီးတွင် ကျမ်းစာစစ်နေစဉ် ခေတ္တနားနိုက် မင်းကွန်းဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရ ဘိဝံသ (၁၂၇၃–၁၃၅၄) သက်တော်–၈၁၊ ဝါတော် ၆၁–အရောက် ၁၃၅၄ တပို့တွဲလပြည့်ကျော် ၃–ရက် (၉.၂.၀၃) အင်္ဂါနေ့ညနေ ၄–နာရီ၊ ၄၀–မိနစ်အချိန် ပျံလွန်တော်မူခဲ့ပြီး ၁၈.၃.၉၃ နေ့ ၂၁–ရက် ကာလအကြာ အန္တိမဈာပန သာဓုကီဠနပူဇာသဘင် အခမ်းအနား ကျင်းပခဲ့ကြောင်းနှင့် တိပိဋကဓရ ဆရာတော်ဘုရားကြီးအပေါ် တောရဆရာတော်က အလွန်အလေးထား ကြည်ညိုခဲ့သလို–

တိပိဋကဓရ ဆရာတော်ကလည်း တောရဆရာတော်အပေါ် လေးစားတော်မူကြောင်း သိရ၏။

လေးစားကြောင်းသိရပုံမှာ ဤသို့ဖြစ်၏။ မင်းကွန်းဆရာတော်က တောရဆရာတော်အား 'ရဟန်း အစစ်အမှန် ကြည်ညိုဖို့ကောင်းတယ် ဆိုတာ အရှင်ဘုရားလို ရဟန်းမျိုးကို ပြောတာ' ဟု မိန့်ခဲ့ဖူးသည်ဆို၏။

ထိုသို့ မိန့်ခဲ့ခြင်း မှန်ကန်ကြောင်း ဘုရားဖြူဆရာတော် အရှင်ဝဏ္ဏိတ (အဂ္ဂမဟာပဏ္ဍိတ) ထံမှ မိမိ ကြားသိခဲ့ရ၏။

အထက်တင်ပြချက်များအတိုင်း မိမိ သတိထားမှတ်သားထားခဲ့ခြင်းနှင့် မင်းကွန်းဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ (၂၀.၁၀.၉၂) နေ့ မိန့်ကြားတော်မူသော ပါဠိမြန်မာ တရားဂါထာကို သတင်းစာများမှာလည်း ပါသည်။ အန္တိမဈာပန သာဓုကီဠနပူဇာ ပင့်လွှာမှာလည်းပါသည်။ ဖတ်မိပါ သလားလျှောက်၏။ ဖတ်မိကြောင်း မိန့်၏။

ယင်း တရားဂါထာ ပါဠိ မြန်မာကို မိတ္တူဖော်ပြအပ်ပါ၏။

ထိုဂါထာအရ မင်းကွန်းဆရာတော်၏ ဆိုလိုရင်းမှာ –

၁။ သင်ခန္ဓာကိုယ်၏ အခယူစား သူရင်းငှား မဟုတ်–

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ပျံလွန်သည့်ဖိတ်ကြားလွှာ
(၂-၉-၉၂နေ့ မိန့်ကြားတော်မူသည့်ဩဝါဒ)

၂။ ယခုအခါ၌ သင်ခန္ဓာကိုယ်ကို မပြုစု မလုပ်ကျွေး မမွေးမြူတော့အံ့–

၃။ ကာလကြာမြင့်စွာ ဒုက္ခမြားမြောက် ထက်အောက်မတည် ကျင်လည်ခဲ့ရလေပြီ ဟု မိန့်ဆိုထားသဖြင့်–

တောရဆရာတော်သို့ မိမိက အောက်ပါအတိုင်း လျှောက်ထားခဲ့၏။

မေးခွန်း –၁။ ပစ္စုပ္ပန် ခန္ဓာဝန်ကိုသာ ချခြင်းပါလားဘုရား?

မေးခွန်း –၂။ သံသရာ၏ ခန္ဓာဝန်ကို အပြီးတိုင်ချခြင်းပါလားဘုရား?

(ယင်းသို့ မေးလျှောက်ရာ၌ မိမိတွင် တိုက်ရိုက်နှင့် သွယ်ဝိုက်သိလိုခြင်း ၂–မျိုး ရှိ၏။ ဝစီကံဖြင့် တိုက်ရိုက်လျှောက်၍ မနောကံစိတ်ဖြင့် လျှောက်ခြင်းလည်း ပါ၏။ အဖြေ ၂–မျိုးရရန် အဓိဋ္ဌာန်ဖြင့် လျှောက်ခြင်းလည်း ဖြစ်ပါ၏။ ဤကား စကားချပ်)

တောရဆရာတော်က အောက်ပါအတိုင်း ဖြေဆိုမိန့်ကြား၏။

၁။ ပထမမေးခွန်းအဖြေ = ပစ္စုပ္ပန်ခန္ဓာဝန် မထမ်းရတော့ဘူးဆိုတာ မင်းလည်းသိပြီး ဖြစ်၏။ အားလုံးအမြင်ပဲ။

၂။ ဒုတိယမေးခွန်းအဖြေ = သံသရာ၏ ခန္ဓာဝန်ချ/မချ ဆိုတာက မင်းကွန်းဆရာတော်ဟာ တိပိဋကဓရတောင် ဖြစ်နေ၍ ပါရမီပြည့်ပြီးသား ဖြစ်၏။ မင်းကွန်းဆရာတော်၏ အဇ္ဈတ္တိက အလိုဆန္ဒနှင့်ဆိုင်၏။ သံသရာမှာ ကျင်လည်မနေတော့ပါဘူး၊ ကူးမြောက်မည်ဆိုက ကူးမြောက်နိုင်မည်ဖြစ်၏ဟု မိန့်ပါ၏။

မိမိတွင် သွယ်ဝိုက်လျှောက်ထားချက်ကို တောရဆရာတော် ရိပ်စားမိသည် ထင်ပါ၏။ မိမိ၏ စိတ်အတွင်းသဘောကို သိတော်မူသည် ထင်ပါ၏။

ပထမမေးခွန်းအတွက် မြတ်ဗုဒ္ဓဝါဒအရ အနတ္တဝါဒ ဖြစ်၏။ အနတ္တသည် အတ္တမဟုတ်ဟု မိန့်ခြင်းပင်။

ဒုတိယမေးခွန်းအတွက် ပါရမီပြည့်ပြီးဖြစ်၍ ကူးမြောက်မည်ဆိုက ကူးမြောက်နိုင်မည်ဖြစ်၏ဟု ပါရမီပြည့်ပြီး ဟူသောစကားဖြင့် အထူးပြုမိန့်ကြားထားခြင်းနှင့် သူရင်းငှားမဟုတ်။ မမွေးမြူတော့အံ့ဟူသော မင်းကွန်းဆရာတော်၏ မိန့်ကြားချက်များ ဆက်စပ်၍ နိဗ္ဗာန်သို့ ကူးမြောက်တော်မူသွားလေပြီဟုသာ မိမိအနေဖြင့် နလုံးသွင်းမိပါတော့သည်။

ဆရာကြီးမဟာစရိယ ဦးဌေးလှိုင်၏ အမြင်

၁၃၆၅–ခုနှစ်၊ ဝါဆိုလပြည့်ကျော်၅–ရက် (၁၈.၇.၂၀၀၃) နေ့ ဆရာကြီး မဟာစရိယ ဦးဌေးလှိုင် မိမိတို့အိမ်သို့ ကြွလာ၏။ သားကြီးဖြစ်သူ ဒေါက်တာ ခင်မောင်ဦးနှင့် သွားဆေးခန်းပြရန် လာခြင်းဖြစ်၏။ ၎င်း၏ညီဖြစ်သူ သာသနာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းရွှေလည်း ပါလာ၏။

ဆရာကြီးဦးဌေးလှိုင်အား မိမိတို့ မိသားစုများက ဘခင်ကြီးတစ်ဦးကဲ့သို့ ဦးချကန်တော့ခဲ့ကြ၏။ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ကြပါစေဟု ဆုတွေပေး၏။ မူလက ဆရာတစ်ဦးအဖြစ် ရှိသေခဲ့၏။ ကာလကြာသော် ဘခင်ကြီးတစ်ဦးကဲ့သို့ ကြည်ညိုလာခဲ့၏။

မိမိက 'မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ဘယ်လို ကြွမြန်းတော်မူပါသလဲ' ဟု မေးကြည့်၏။ ဆရာကြီးမှာ မင်းကွန်းတိပိဋကဓရ

ဆရာတော် အပြင်းအထန် နာမကျန်းချိန် အနီးကပ် ပြုစုရန် ရောက်နေခဲ့၏။ မင်းကွန်းဆရာတော် ဟော လေ့ရှိ ခဲ့ဖူးသော 'နိဗ္ဗာန်မျက်မှောက်ပြုရေး' ပါဠိ ဂါထာများအနက် ယောနေ့ပါ ဆရာကြီးဦးဌေးလှိုင် က အသံတိုးတိုး ရွတ်ဆို ပူဇော်နေခဲ့သည် ဆို၏။

မင်းကွန်းဆရာတော်က ပူဇော်သည်ကို သတိရှိနေကြောင်း နှလုံးသွင်းနေကြောင်း အရိပ် လက္ခဏာ လက်ဖြင့်ပြ၍ ဘဝခန္ဓာငြိမ်းအေးသွား သည်ကို ဖူးမြင်ရခြင်းဖြင့် မင်းကွန်းဆရာတော် နိဗ္ဗာန် သို့ ကူးသွားပြီဟု ဆရာကြီး ဦးဌေးလှိုင်က မှတ်ချက် ပြုထားကြောင်း အမြင်ယူဆချက်ကို ပြောပြပါ၏။

အထက်တင်ပြခဲ့သော တောရဆရာတော် ၏ အမြင်နှင့် ဆရာကြီးဦးဌေးလှိုင်တို့၏ အမြင် ထပ်တူ ညီနေကြသည်ကို ဝမ်းသာ အုံသြဖြစ်ရပါ၏။

ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင် (၁၂၉၃–၁၃၆၅) ၏ ဘဝနိဂုံး

ဆရာကြီး ဦးဌေးလှိုင်အား (၁၈–၇–၂၀၀၃) နေ့မိမိတို့အိမ်၌ တွေ့ဆုံခြင်းကားနောက်ဆုံးတွေ့ ဆုံခြင်းပါတည်း၊ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့ သို့တွေ့ဆုံပြီး–၈–လအကြာ မန္တလေးမြို့ ရန်ကင်း တောင်ခြေ အေးငြိမ်းရိပ်သာ တရားစခန်းပွဲကြီး ဦးစီး ဆောင်ရွက်ခဲ့ပြီး ပြန်အလာ (၁၁–၃–၂၀၀၄)နေ့တွင် ဝိပဿနာရှုပွားလျှက် တစ်ဘဝခရီး ငြိမ်းအေး သွားသောကြောင့်ဖြစ်ပါသည်။

ဆရာကြီးသည် ဤလူ့ပြည်၌ ရဟန်းဘဝ ဖြင့်–၁၃–နှစ်ပညာများဆည်းပူးပို့ချ အရှင်ကောလိ နိယဟူ၏၊ ကောလိနိယ၏မြန်မာပြန်မှာ အမျိုး ကောင်းဖြစ်သော အမျိုးကောင်းသားဟု အဘိဓာန်က ဖွင့်ပြ၏။ အမျိုးဘာသာအတွက် စွမ်းဆောင်ခဲ့ချက် များက ကောလိနိယ ဟူသော ဘွဲ့အမည်နှင့် လိုက် ဖက်လှ၏။

တစ်ဖန် လူပညာရှိ ပုဂ္ဂိုလ်ထူးကြီးအဖြစ် ထင်ရှား 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' ကျမ်းစာက မြန်မာနိုင်ငံ ပဋိပတ္တိသာသနာ့သမိုင်းကို သူမတူ အောင် ရေးသားတင်ပြ မော်ကွန်းထိုးနိုင်ခဲ့၊ ကျမ်းစာ ပေါင်း များစွာ ပြည်တွင်းပြည်ပဖြန့်ဝေ ဟောပြောပို့ချ၊ သာသနာပြုတံခွန်လွှင့်ထူနိုင်ခဲ့၊ လေးစားကြည်ညို ထိုက်သူအဖြစ် ရပ်တည်နိုင်ခဲ့။

အသက်အားဖြင့် ၇၂–နှစ်မျှဖြင့် လူ့ပြည် လောကမှ ထွက်ခွာသွားရသည်မှာ လောကအတွက် များစွာသော ဆုံးရှုံးမှုကြီးပင် ဖြစ်လေသည်။

ဆရာကြီး၏ အန္တိမဈာပန

အန္တိမဈာပနတွင် သတင်းစာအရ သံဃာ တော်များစွာ ကြွလာ၊ စာပေနယ်၊ ဘာသာရေးနယ် အလွှာ အသီးသီးများစွာသော ပရိသတ်ကြီး လာ ရောက်၊ ဦးမင်းကြည်က အခမ်းအနားမှူး ပြုလုပ်၊ ဆရာကြီး သုဂတိဘဝ နိဗ္ဗာန်ချမ်းသာရပါစေကြောင်း နမြောတသ ဆုတောင်းခဲ့ကြသည်။ မိမိ၏ သားကြီး ဖြစ်သူ **Dr.** ခင်မောင်ဦးလည်း တက်ရောက်ခဲ့လေ သည်။

မိမိသည်ပင် 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ကျမ်းစာဖတ်ရ၍ ဤသို့ ကျမ်းစာများ ရိုက်နှိပ်ဆောင် ရွက်နိုင်ခဲ့ကြောင်း နိဒါန်း၌ ဖော်ပြခဲ့ပြီးလေပြီ။

(၁)နှစ်ပြည့် အမှတ်တရ

(၁၁.၃.၂၀၀၅) နေ့တွင် ဆရာကြီး ၁– နှစ်ပြည့် အမှတ်တရ ထုတ်ဝေသောစာအုပ်၌ 'တာဝန်

ပြီးဆုံးသွားပြီလော' သိမ်းဆောင် (ရမည်းသင်း) ဟူ၍ ဆရာကြီးကျေးဇူးဆပ် ဆောင်းပါးတစ်ပုဒ် မိမိရေး ဖြစ်ခဲ့သည်။

မဟာစည်နှင့် မင်းကွန်း ဆရာတော်တို့ လွန်ပြည်မှာ သာသနာပြု တာဝန်ပြီးဆုံးသွားကြလေပြီ ဟုဆရာကြီးဦးဌေးလှိုင် ရေးခဲ့ပါသည်၊ ထိုကဲ့သို့ပင် ဆရာကြီးလည်း တာဝန်ပြီးဆုံးသွားပြီလားဟု မိမိရေးခဲ့ခြင်းဖြစ်ပါသည်။

ဆရာကြီးနှင့် ကျွန်တော်

တောရဆရာတော်၏ ကျမ်းစာများ ရိုက်ပြီး တိုင်း သာသနာရေး ဝန်ကြီးဌာန အကြံပေးပညာရှင် များဖြစ်သော ဆရာကြီး ဦးဌေးလှိုင်၊ ဆရာကြီး ဦးစပ်ထွန်းမှတ်ဝင်း စသော ပညာရှင်ကြီးများထံ အမြိပင် သွားရောက် လှူဒါန်းခဲ့ပါသည်။

ဆရာကြီးဦးဌေးလှိုင်အား နဘူးကျောင်း တောရဆရာတော်၏ ဘဝအကြောင်း မိမိမှတ်သား ထားသမျှ ရေးလာပါမည်။ ဆရာကြီးထံ အပ်နှံပါ မည်၊ ဆရာကြီးအနေဖြင့် ရေးပေးပါဟု တောင်းဆိုခဲ့ ပါသည်။ မောင်သိမ်းဆောင်ရေးတာ လိုတာကို ပြင်ပေးပါမယ် ကတိပေးခဲ့ပါသည်။ ရည်မှန်းထား သည့်အတိုင်း ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ခဲ့ပါ သည်။

သေမင်းသည် ဆရာကြီးအား စောစီးစွာ ခေါ်ဆောင်သွားခဲ့ပါသည်။ ဆုံးရှုံးမှုကြီးတစ်ရပ်ဟု ထင်ပါသည်။ မိမိသည် စာရေးဆရာတစ်ဆူ ဟူသော ဂုဏ်ထူးမရှိခဲ့ပါ၊ ဂုဏ်ရည်မြင့်မား ကြီးကျယ်မြင့်မြတ် လှသည် ဆရာမထေရ်ကြီးတစ်ပါး၏ ဘဝ အကြောင်းများကို သာမန်မျှဖြစ်သော တပည့်တစ် ဦး၏ ကြည်ညိုပူဇော်မှုသည် ဂုဏ်ရည်မတူ ဂုဏ် ရည်တူချင်း ထပ်တူမပြုနိုင်သဖြင့် အရာရောက်သော စာမှ ဖြစ်ပါလေမလားဟု တွေး၍ ဝန်လေးမိပါသည်။

သို့အတွက် ဆရာကြီး မည်သို့ပင် ငြင်းစေ ကာမူ တစ်နေ့တော့ ဆရာကြီး အရေးဖြစ်စေရမည် ဟု စိတ်မှာဆုံးဖြတ်ထားခဲ့သည်။ သို့ရာတွင် ဖြစ် မလာနိုင်တော့ပါ။

ဤကား အလျဉ်းသင့်၍ ဆက်စပ်နိုင်ရန် တင်ပြခြင်းဖြစ်ပါ၏။

တောရဆရာတော် ရန်ကုန်မြို့ ဗိုလ်အောင် ကျော်လမ်း ခေတ္တရှိခိုက် စီးဖြူကုန်းဦးကလျာဏ၏ အကြောင်း တင်ပြပါဦးမည်။

စီးဖြူကုန်းဆရာတော် ဦးကလျာဏ ၆-လ အသက်ရှည်သွား

ရမည်းသင်း စီးဖြူကုန်းဆရာတော် ဦးကလျာဏ မကျန်းမာ၍ နဘူးကျောင်းတောရဆရာ တော်ထံ လူလွှတ်ပြီး ပရိတ်ရေ ချိုးမြင့်ပေးပါ လျှောက်၏။ 'ပရိတ်ရေ ချိုးမြင့်တဲ့ ဆရာတော်မျိုး မဟုတ်ဘူး၊ သေမျိုးဟာ သေမှာပဲ' ဟု မိန့်လိုက်သေး သည် ဆို၏။

ထိုအကြောင်းကို ဘုရားဖြူ ဆရာတော် ဦးဝဏ္ဏိမ (အဂ္ဂမဟာပဏ္ဍိတ)က ကြား၍ 'ဘုန်းကြီး ဦးတိဿရကလည်း ဦးကလျာဏဟာ သူ့တပည့်ပဲ၊ သူ့မှာ အားကိုးရာရမလားလို့ တောင်းတာ ပရိတ်ရေ ပေးလိုက်ပြီးတာပဲ၊ သနားပါတယ်' ဟု မိမိအား ပြန်လည် ပြောပြမိန့်ကြားထား၏။

ဦးကလျာဏ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တွင် ကုသနေရာ နေ့လား ညလား ပျံလွန်တော့ မည်၊ ပျံလွန်ခြင်း မပြုမီ စီးဖြူကုန်းသို့ ပြန်သယ်လို ကြ၏။ အသက်ကယ်ဆေး ထိုးပေးလိုက်မည်၊

ဘုရားဖြူ ဦးစန္ဒိမာက ကားငှားနေ၏။ လမ်းမှာ ပျံလွန်လျှင် ကားခ ဘယ်လောက် ထပ်ပေးရမလဲဖြစ် နေကြ၏။ တောရဆရာတော်မှာလည်း ဗိုလ်အောင်ကျော် လမ်း သာစုကာရီ ဓမ္မာရုံမှာ ကြွရောက်နိုက် ဖြစ်၍ မိမိက တောရဆရာတော်အား လျှောက်၏။ ဘုန်းကြီး ဦးဝဏ္ဏိမာ မိန့်သည့် စကားများပါ လျှောက်၏။ ဦးကလျာဏမှာ (ဓမ္မာစရိယ) အောင် ပြီး ဖြစ်ပါ၏။ မုံရွာလယ်တီ၊ ကျောက်ဆည် စေတူ ဆရာတော်များ သတ္တဝါတွေကို ကယ်ကြောင်း၊ ဓမ္မာစရိယ ဦးဒွေးလှိုင်ရေး ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ကျမ်းစာမှာ ဖတ်ရကြောင်း၊ နောက်ပြီး တောင်တန်း သာသနာပြု ဆရာတော် ဦးဥတ္တမသာရ ကိုယ်တိုင် ၎င်း၏ မယ်တော်ကြီးမှာ သား ရဟန်းအလာ တမျှော် မျှော်နှင့် သေတာ ဂတိလွဲမှားသွားလို့ သက်နှံလျှပြီး အကြိမ်ကြိမ်ကယ်ပေးရကြောင်း ဖတ်ရပါသည် ဘုရားဟု နေ့လည်ဘက် လျှောက်ပြီး ညနေ သာကေတသို့ ပြန်ခဲ့၏။

ညဘက်မှာ ဦးညွန့်လှိုင်က ဆရာတော်ရှိရာ ဓမ္မာရုံသို့ ဝေယျာဝစ္စဆောင်၊ သူ့ကားပါ အသင့် ထား ညအိပ်၏။ ည ၁၀-နာရီခန့် ‘သာကေတ က အကောင်က ငါ့ကို လျှောက်သွားတယ်၊ ယခုနေ ဦးကလျာဏ ရှိရာ ရန်ကုန်ဆေးရုံကြီး သွားလို့ ရသလား’ မေးသည်ဆို၏။ ရကြောင်း ပြန်လျှောက် ပြီး သွားကြည့်ကြ၏။

တောရဆရာတော်က ဦးကလျာဏအား ငါ့တပည့် မင်းလည်း စာတွေ တတ်ထားပြီးသားပဲ၊ ခန္ဓာရတာ ဒုက္ခသစ္စာ၊ ဝေဒနာကို ဖြစ်ပျက်သာ နှလုံးသွင်း၊ အပ္ပမာဒသတိတရားဖြင့် သတိပဋ္ဌာန် တရား ရှုပွားပေးပါဟု အားပေး နှစ်သိမ့်စကား ချီးမြှောက်တော်မူပြီး ပြန်ကြွခဲ့သည်ဟု ဆို၏။

အမှန်အားဖြင့် ဆိုရပါမူ ဦးကလျာဏမှာ သေမင်းနှင့် စစ်တိုက်ရသ၍ ဆရာကို သတိရလွန်းလို့ ကယ်ပေးပါဦး စစ်ကူတိုက်ပေးပါဦးဟု ဆိုလိုရင်း ဖြစ်ပါ၏။

တောရဆရာတော် ကြွရောက်ချီးမြှောက် သည်ကို ဦးကလျာဏ ဝမ်းသာအားရသဖြင့် ရှင် လန်း ကြည်လင်လာသည်ကို အစောင့်များနှင့် ဦးညွန့်လှိုင် တို့ မြင်ကြရသည်ဆို၏။

ထိုည ၁၂-နာရီကျော်၌ ဦးကလျာဏမှာ အစာမဝင်ခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်နေရာမှ အစာ စားမည်ဆို၍ ကြေးအိုးတစ်ပွဲ ဝယ်ပေးခဲ့ရသည် ဆို၏။

ဦးကလျာဏ အခြေအနေမှာ တိုးတက်လာ သဖြင့် ဇီးဖြူကုန်းသို့ ပြန်ပင့်ခဲ့ကြပြီး နောက်ထပ် ၆-လကြာမျှအထိ အသက်ရှည်ခဲ့၍ ကုသိုလ်တရား များ ဆည်းပူး ရှုပွားခွင့်ရခဲ့ကြောင်း သိရှိမှတ်တမ်း တင်အပ်ပါ၏။

သူတော်ကောင်းကြီးများ၏ မေတ္တာစွမ်း အားသည် ကြီးမားလှပါပေ၏။

လျှောက်ထားပုံ အချိုးမကျ၍ ကုသိုလ်မရ ဖြစ်ခဲ့ကြ

ဗိုလ်အောင်ကျော်လမ်း သာစုကာရီ ဓမ္မာရုံ တွင် ကျမ်းစာများ စစ်ဆေးအပြီး လယ်ဝေးမြို့ ထန်းတပင်ပြန်အကြွခရီး မိမိ၏ သားအလတ်ကား ဖြင့် ကုသိုလ်ယူ၊ ပြန်ပို့ခွင့်ပြုပါ လျှောက်ထား၏။

‘လယ်ဝေးဦးကောက်တည်ကား ပြန်လာမှာ သူလျှောက်ထားပြီးသားဖြစ်တယ်’ မင်းကား ဘာလို့ ပို့ချင်တာလဲ’ မိန့်၏။

တပည့်တော်ရဲ့ဓနိး လယ်ဝေးထန်းတပင်တောရနှင့် ရန်ကင်းတောရ ရောက်ဖူးစေချင်ပါတယ်၊ သေလျှင် တောရကျောင်းတွေ အာရုံနိမိတ်ယူနိုင်လျှင် အပါယ်မကျနိုင်အောင်လို့ပါ ဘုရားဟု လျှောက်ထား၏။

ပထမလျှောက်ထားတဲ့ လယ်ဝေးကား မလာနိုင်မှ ဒုတိယလျှောက်သူ ခွင့်ပြုရတယ်၊ လယ်ဝေးကား ဖုန်းဆက်ခေါ်ပါ မိန့်၏။

လယ်ဝေးကားကို ဖုန်းဆက်၏ တောင်ကြီးသို့ သွားနေ၏။ သုံးရက်အတွင်း ရန်ကုန်အရောက် ခေါ်ပေးမည်ပြော၏။

ကပ္ပိယ ဦးကြက်တောနှင့် ဦးညွန့်လှိုင်တို့ပါ မိမိ လျှောက်ထားပုံ မြင်ရကြားရ၏။ ဦးကြက်တောက မိမိအား ခင်ဗျား လည်မလိုလိုနဲ့ အတော်ညံ့တဲ့လူပဲ၊ ခင်ဗျား ဓနိး လိုက်မည့်အကြောင်း ဘာလို့ ထည့်လျှောက်နေတာလဲ၊ ဒါကြောင့် လယ်ဝေးကား ခေါ်ပါ ဖြစ်သွားတာ၊ ခရီးသွားမည့်ကားမှာ အမျိုးသမီးပါမည်လို့ မလျှောက်ရဘူး။ နားမလည်ဘူးလားဟု အပြစ်တင်တော့၏။ လျှောက်ထားပုံ အချိုးမကျသဖြင့် ကုသိုလ်မရ ဖြစ်ရကြောင်း အများစိုလ်လှူသိသာပါရန် တင်ပြလိုက်ရပါ၏။

ဦးတင့်ရွှေ (ဒုရဲမှူးငြိမ်း) နှင့် ဦးကောက်တည်ကားရောက်လာ

လယ်ဝေးဦးကောက်တည် ကားအလာကို စောင့်နေစဉ် ဦးတင့်ရွှေ ဒုတိယရဲမှူးငြိမ်းကို မကြာခဏမေးနေသဖြင့် ဖုန်းဆက်ခေါ်ရ၏။ သုံးရက်ကြာ ညနေပိုင်း ဦးတင့်ရွှေရောက်လာ၏။ ခဏကြာ ဦးကောက်တည်ကားလည်း ရောက်လာ၏။ အမြန်မောင်းလာ၍ မင်္ဂလာဒုံအဝင် ယာဉ်ထိန်းရဲက ဖမ်း၏။ အမှုရက်ချိန်း သုံးရက်ခွာပေးထားကြောင်း ပြော၏။ ဦးတင့်ရွှေက ယာဉ်ထိန်းဌာနဒုတိယရဲမှူး ဦးစိုင်းထွန်းလှသို့ ဖုန်းဆက်၏။ မိမိတို့ ဆရာတော် မနက်ဖြန်နံနက် ထိုကားဖြင့် ပြန်ရန်လာပင့်ခြင်းဖြစ်ကြောင်း ပြော၏။ ၄၅–မိနစ်ခန့်အကြာ ယာဉ်ထိန်းရဲ ဆိုင်ကယ်ဖြင့် ရောက်လာပြီး လိုင်စင်လာပို့၏။ ဒုရဲမှူးယာဉ်ထိန်း ဦးစိုင်းထွန်းလှ၏ သတိပေးဆုံးမချက်ဖြင့် လိုင်စင်ပြန်ရ၏။ ဦးတင့်ရွှေမှာ ဒုတိယရဲမှူး ယာဉ်မှုစစ်ဌာနမှူး တာဝန်ဆောင်ရွက်ခဲ့ဖူးသူ ဖြစ်လေ၏။

ထိုနေ့ ထိုအချိန် ထိုတာဝန် ဆောင်ရွက်ပေးရန်အတွက် ဦးတင့်ရွှေ ဒုတိယရဲမှူး(ငြိမ်း)အား မကြာခဏ မေးနေခြင်းပေလားဟု မိမိအပါအဝင် ဦးညွန့်လှိုင် ဦးကောက်တည်တို့ အံ့အားသင့်ကြရကုန်၏။

သားဦးစနေ

'သားဦးစနေ ထက်လှသည် ဟု ဆိုကြသည်။ လောကအဆိုအရ မှန်သည်' ဟု ဆိုရပါလိမ့်မည်။ တောရဆရာတော်ဘုရားမှာ သားဦးစနေသားစနေဝိဇ္ဇ အထက်မှာ တင်ပြခဲ့ပြီးဖြစ်ပါသည်။ ပညာဘက်မှာ ထက်လှသည်၊ အတွေးအခေါ် အယူအဆသမရိုးကျထက် လွန်မြောက်သည်၊ ဤသာသနာတော်၌ ခက်ခဲသည့်တာဝန်ကို ဆရာတော်က နေရာယူ သူ့တာဝန် သူ့အလုပ်ဟု မှတ်ယူ ကျေပွန်အောင် ထမ်းဆောင်နေခဲ့ပါသည်။

ဦးတင့်ရွှေမှာလည်း သားဦးစနေ ဖြစ်ပါသည်။ မွေးကင်းစ ငယ်စဉ် – သတ္တုယ်ကျင်းတောရ ဆရာတော် ဦးသီဟ (၁၂၅၄–၁၃၃၂) မှာ နေ့ဆွမ်းဘုန်းပေးနိုက် ညက အိပ်မက်ထဲမှာ ကလေးငယ်တစ်ဦးကို မိဘနှစ်ပါးက လာရောင်းလို့ ဝယ်လိုက်ရတယ် မိန့်သည်ဆို၏။

ယင်းသို့မိန့်ပြီး ဆွမ်းစားနေစဉ်မှာပင် ရမည်းသင်းမြို့က ဦးထွန်းမြ+ဒေါ်မြပုတို့ ဇနီးမောင်နှံက အနီးပိတ်ဖြင့် ထုတ်လာသော သားယော်ကို ပွေ့ချီ ရောက်လာကြသည် ဆို၏။

အိပ်မက်ထဲမှာအတိုင်း ဝယ်ပါဆိုလာကြ၏။ ဝယ်လိုက်သည်ဆို၏။ ထိုအကြောင်း ကိုယ်တိုင် တွေ့မြင်သိရှိခဲ့ရသူ ကျားကူးမွေ့ဗိမာန် ဆရာတော်ဦးနန္ဒာသီရိ (မွေ့စရိယ) ပြောပြ၍ မိမိ သိရှိမှတ်သားထားခဲ့ပါ၏။

ထူးခြားချက်များ

တောရဆရာတော်မှာ စနေသားဦး ထင်ရှားတော်မူ၏။ ဦးတင့်ရွှေ စနေသားဦးမှာလည်း လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် အထိုက်အလျောက် ထင်ရှားသူ ဖြစ်၏။ ဒုတိယရဲမှူး၊ တရားရုံးချုပ် ရှေ့နေဘွဲ့ရ၊ စာရေးဆရာ၊ ဓာတ်ညွှန်းရေးဆရာ၊ ပညာပေး အသံလွှင့်ဓာတ် ၄၀–ပုဒ်ခန့် မြန်မာအသံမှ လွှင့်ခဲ့၏။ မိမိတို့ မိသားစုဘဝအကြောင်းပင် ဓာတ်လမ်းတစ်ပုဒ် 'မျှော်လင့်ခြင်းနှင့်အတူ' ခေါင်းစဉ်ဖြင့် မြန်မာ့အသံမှ လွှင့်ထုတ်ခဲ့၏။ သက္ကယ်ကျင်းရွာ ကျေးလက်ဓာတ်လမ်းတစ်ပုဒ်လည်း ပါ၏။ လမ်းဖြတ်ကူးခြင်း ဓာတ်လမ်း 'ခေါင်းလောင်းထိုးသံ ဘယ်သူ့ထံ' ကောလိပ်ဂျင်နေဝင်းနှင့် မြန်မာ့အသံမှ လွှင့်ခဲ့၏။ ပီပြင်၏။ လူကြိုက်များခဲ့၏။ ရုပ်ရှင်ဓာတ်ကား အဖြစ်သို့ ရိုက်ကူးခဲ့ကြ၏။

သက်န်းရောင်နှင့် ဆန္ဒပေး အဆုံးအဖြတ် ကျမ်းစာရိုက်နှိပ်ပြီး လှူဒါန်း

သက်န်းရောင် အဆုံးအဖြတ်ကျမ်းစာနှင့် ဆန္ဒပေး အဆုံးအဖြတ်ကျမ်းစာ ပထမအကြိမ် အုပ်(၁၀၀၀) ရိုက်နှိပ်ခြင်း ပြီးသဖြင့် ၁၃၅၆၊ နယုန်လ (၈၊ ၆၊ ၉၄) နေ့ မိမိကိုယ်တိုင် ကျမ်းစာအုပ် ၈၀ ယူ၍ ရမည်းသင်း နဘူးကျောင်း ရန်ကင်းတောရကြီးသို့ သွားရောက် ကပ်လှူခဲ့၏။

ကျမ်းစာရိုက်ခြင်း ပထမဆုံးအကြိမ်ဖြစ်၍ အတွေ့အကြုံ မရှိသဖြင့် စိတ်တိုင်းကျမဖြစ်၊ သို့အတွက် ရွာဦးကျောင်းဆရာတော် ဦးအာဒိစ္စ (မွေ့စရိယ)ထံဝင်၊ စစ်ကူတောင်း၍ တောရဆရာတော်ထံ ညီဖြစ်သူ ဦးကျော်ညွှန့်ပါ သုံးဦးဝင်ကြရ၏။

ဘုန်းကြီး ဦးအာဒိစ္စ၊ ကြားခံ အလျှောက်ကောင်းသဖြင့် အထောင်းသက်သာ အပြစ် မပြော၊ မဆူတော့ပါ။

ဒေါင်းမင်းဆီစက်ဦးအောင်ခပါ ရန်ကင်းတောရ၌ ဆုံကြ၏။ အရဏာဂ္ဂကာလ ခေါ် အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်းနှင့် ယခု သက်န်းရောင် အဆုံးအဖြတ်ကျမ်းပါ ဒုတိယအကြိမ် ရိုက်နှိပ်လှူဒါန်းရေး ဆွေးနွေးတိုင်ပင်ကြပြီး တောရဆရာတော်ထံ ခွင့်တောင်းကြ၏။ ရိုက်တာပေါ့ဟု မိန့်၏။

(သက်န်းရောင်နှင့် ဆန္ဒပေး အဆုံးအဖြတ်ကျမ်းစာများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တစ်ပြည်လုံးရှိ စာသင်တိုက်ကြီးများသို့ သင့်သလို ဖြန့်ဝေလှူဒါန်းခဲ့ကြပါသည်။)

ကျမ်းစာပို့သည့်နေ့ တောရဆရာတော်ထံ၌ တစ်နေကုန်နေ၏။ ရောက်ဖြစ်ခဲလှသည်၊ ဖူးတွေ့ရန်လည်းမလွယ်၊ မိန့်လိုတာရှိက မိန့်နိုင်ရန် စောင့်ရင်း နေကြ၏။ မိုးချုပ် ၅–နာရီလောက် ပြန်ရန် ခွင့်တောင်းစဉ် မိမိစိတ်၌ ရန်ကုန်မှ ဝါဆိုဖယောင်းတိုင်ကြီးများ ဝယ်မလာရ မေ့ခဲ့သည်ကို သတိရနေ၏။ ထိုစဉ် တောရဆရာတော်က ခဏနေဦးဟု မိန့်ပြီး အခန်းထဲ ဝင်သွား၏။

ဖယောင်းတိုင် ၄–ထုပ် ကံကြီးဘုန်းကြီး ဦးဓဝန ကို လှူလိုက်

ခဏအကြာ တောရဆရာတော် လက်မှာ (B.O.C) ဖယောင်းတိုင် ၄–ထုပ် ကိုင်လာပြီး ရှေ့ ကံကြီးကျောင်းဘုန်းကြီးဦးဓဝနကို ဒီညသွားလှူ လိုက်ပါ မိန့်၍ ပေးလိုက်၏။

တောရဆရာတော်အား ဦးချဝတ်ပြုကြပြီး ပြန်လာကြ၏။ လမ်း၌ စဉ်းစားမိ၏။ မိမိ၏ စိတ် အကြံကို သိ၍ ငါ့မှာ ဖယောင်းတိုင် ရှိပါတယ်၊ မိန့်လိုက်ခြင်း ဖြစ်ပါလိမ့်မည်ဟု နှလုံးသွင်းမိပါ၏။

နဘူးကျင်း ရွာဦးကျောင်း ဆရာတော်ထံ ကန်တော့ရန် အပြန်ဝင်ကြ၏။ ဆရာတော်နှင့် သံဃာတော်များ ဥပုသ်ပြုရန် သိမ်ရှိရာ စေတီရင်ပြင် ၌ ဖူးတွေ့ရ၏။ ရွာကျောင်းဘုန်းကြီး ဦးအာဒိစ္စမှာ (ဂါမဝါသီ ဝိနယဂရုက) ဝိနည်းလေးစားခြင်း၌ တောရဆရာတော်ကြီး၏ တပည့်ရဟန်းတစ်ပါး ဝိသကြောင်း သတင်းကြီး၏။ ယခုလည်း ဥပုသ်နေ့ ဥပုသ်ပြုကြမည့် မြင်ရခြင်းဖြင့် ရင်တွင်းအေးမြစိတ် ကြည်လင်ခြင်း ဖြစ်ရ၏။ ဤသို့ဖြင့် ဦးချကန်တော့ ကြ၏။ ဘာကိစ္စရှိသေးလဲ မေး၏။ ဘုရားခန်း အသစ်ပြင်နေသည်မြင်ရ၍ ဥပုသ်ပြုခြင်း အချိန်မှာ လည်း သီလဝိသုဒ္ဓိ ဖြစ်၍ အိပ်မှာပါသော ငွေ ၅၀ိ/– လှူ၏။ ကျောင်းသားကပ္ပိယခေါ် လက်ခံ စေ၏။

အချိန်အနည်းငယ် ကြာသွား၍ လမ်း၌ မှောင်တော့၏။ မမျှော်လင့်ဘဲ မိုးကလည်း သဲကြီး မဲကြီး ရွာချတော့၏။ လယ်ကွင်းများ၌ ရေဖွေးပြည့် ၍ လမ်းပျောက်နေကြတော့၏။ ၄၅–မိနစ်ခန့် ကြာ ကံကြီးရွာ မရောက်သေးဖြစ်နေ၏။ ဤတွင် ဘုရား လည်းတ,၏။ တောရဆရာတော်ဘုရား လမ်း ပျောက်နေပါပြီ၊ ကယ်ပါဦးဘုရား နှုတ်မှ လျှောက် လိုက်မိ၏။

လျှပ်စီးများ လင်းလက်လာပြီး လမ်းတွေ့ ပြီဖြစ်ကြောင်း ညီဖြစ်သူက လမ်းမှားပြီး ကြာပင်အင်း ရွာဘက်သွားနေတာ ဟု ပြော၏။ မိမိက လျှပ်စီး အလက်တွင် တောရဆရာတော်နှင့် ပုံတူ ရဟန်းတစ် ပါး ဖူးတွေ့လိုက်ရ၏။ ညီဖြစ်သူက လူတစ်ယောက် ဟု ထင်ကြောင်း ပြော၏။

ကံကြီးကျောင်းဝင်းရောက်ချိန်အထိ မိုးက ပြင်းပြင်းထန်ထန် ရွာနေဆဲ ဖြစ်၏။ အောက်ထပ် တံခါးမကြီးကိုထု၍ 'ဆရာတော်ဘုရား၊ တပည့်တော် သိမ်းဆောင်ပါဘုရား' ဟု အကြိမ်ကြိမ်အော်မှ တံခါးဖွင့်ပေး၏။ 'မှောင်ကြီးထဲ ငါ့ဆီမှာ မင်းအိပ် မလို့လား မိန့်နေ၏' မဟုတ်ပါ တောရဆရာတော် က ဖယောင်းတိုင် ဒီည လှူဖြစ်အောင်လှူလိုက်မိန့် လို့ လာရကြောင်း လျှောက်၏။

ကံကြီးကျောင်းဘုန်းကြီးက 'အေး အတော် ပဲ ငါ့မှာ ဖယောင်းတိုင် ကုန်နေလို့ မှောင်ကြီးထဲ နေရတယ်ဟု မိန့်၏။

'ချမ်းတုံနေ၍ တပည့်တော်ကို ရေနွေးနှင့် ဆေးကျဆေးတစ်ခွက်လောက် တိုက်ပါဦးဘုရား လျှောက်၍ ဆေးတိုက်၏။

ကံကြီးမှာ ညအိပ်ပြီး နောက်တစ်နေ့ တပ်ကုန်း မဟာသီဟနာဒတိုက် ဦးပဥ္စင်း ဦးဂန္ဓိရ ဉာဏ၏ ရထားလက်မှတ် စီစဉ်ထားပေးမှုဖြင့် ရန်ကုန် သာကေတမြို့အိမ်ပြန်ရောက်ခဲ့၏။

ကံကြီးကျောင်းဆရာတော် ဦးဓဝန ပျံလွန်

နှစ်ရက်အကြာ ကံကြီးကျောင်းဘုန်းကြီး ဦးဓဝန (၁၂၈၁–၁၃၅၆) သက်တော် – ၇၅၊

ဝါတော်-၅၅၊ လေသင်ဒုန်းဖြတ်၍ ပျံလွန်တော်မူ ကြောင်း မဟာသီဟနာဒတိုက်အုပ် ဆရာတော်ထံမှ ဖုန်းဆက်အကြောင်းကြားသဖြင့် သိရတော့၏။

ကံကြီးကျောင်းဘုန်းကြီး ပျံလွန်တော်မမူမီ သုံးရက်အလိုက တောဆရာဆရာတော် ဖယောင်းတိုင် ဒီည လျှုဖြစ်အောင်ဆိုသော မိန့်ကြားချက်များမှာ -

(မင်းရဲ့ကျေးဖူးရှင် ဆရာတော် ဦးဇဝနဟာ မီးစာကုန် ဆီခမ်းဖြစ်နေပြီ။ ပျံလွန်တော့မည်၊ ဒီည ဖူးဖြစ်အောင်ဖူးသွားဟု မိန့်ခြင်းဖြစ်ကြောင်း နားလည် သဘောပေါက်မိပါတော့သည်။)

မိမိငယ်စဉ် အသက် ၅-နှစ်မှ ၁၁-နှစ်ထိ ၆-နှစ်ကြာ ကံကြီးဆရာတော် ဦးဇဝနထံ၌ ညစာပါ ကျွေး၍ ပညာသင်ပေးခဲ့သော ကျေးဇူးတော်ရှင် ဖြစ်ပါ၏။

ကံကြီးဆရာတော် ဦးဇဝန၏ အန္တိမပူဇာ

ကံကြီးကျောင်းဆရာတော် ဦးဇဝန၏ အန္တိမပူဇာ ၁၃၅၆၊ တပို့တွဲလပြည့်ကျော် ၁-ရက် ကျင်းပမည့်ဖြစ်ကြောင်း ဈာပနကော်မတီ မဟာသီဟ နာဒတိုက်မှ ဖိတ်ကြားစာ လာ၏။

မဟာသီဟနာဒဆရာတော်က ဖိတ်စာတွင် အောက်ပါအတိုင်း သံဝေဂစာ ပါဠိ၊ မြန်မာ ရေးသီ ထား၏။

ခန္ဓာဝန်ချ ချမ်းသာရ

ပါဠိ = ဘာရာဟဝေ ပဉ္စက္ခန္ဓာ၊
ဘာရဟာရော စ ပုဂ္ဂလော၊
ဘာရာဒါနံ ဒုက္ခံလောကေ
ဘာရနိက္ခေပနံသုခံ။

မြန်မာ = ဝန်ထုပ်ပမာ ကိုယ်ခန္ဓာ၊ ဝန်ဆောင်
အလားး ပုဂ္ဂိုလ်များ၊ ဝန်ကိုဆွဲမ ဆင်းရဲရ၊
ဝန်ချသော်သာ ချမ်းသာရ။

ဟူ၍ ဖြစ်ပါ၏။

မှတ်ချက် (ထိုဖိတ်စာပါ ထိုစာ၏ ပါဠိ မြန်မာ ဆိုလိုရင်း အနှစ်သာရကို ပိဋကစာတတ် ပေတတ် ရဟန်းတော်များသာ နားလည်မည်ဖြစ်ပြီး မိမိအနေဖြင့်မူ ထိုစဉ်က ဂဃနဏ နားမလည်ခဲ့ပါ။ ထို ပါဠိ မြန်မာအနှစ်သာရကို တောရဆရာတော်၏ ဘဝနိဂုံးပိုင်း ရောက်မှသာ ဖော်ပြပါတော့မည်။)

ဤသို့ဖြင့် ဆရာတော်ဦးဇဝန၏ တစ်ဘဝ ခန္ဓာနိဂုံး အန္တိမပူဇာပွဲတွင် အသုံးပြုရန်အတွက် ရန်ကုန်မြို့မှ တပည့်များဖြစ်သော မိမိ ဦးသိမ်းဆောင်၊ ဦးညွှန့်လှိုင်၊ ဦးညွှန့်ရွှေ၊ ဦးအောင်ဝေ၊ ဦးသိန်းလွင်တို့က အသံချဲ့စက် စပီကာနှင့် ဆောင်းပေါက်များပါ၊ စုပေါင်းဝယ်ယူ ပို့အပ် လှူဒါန်းခဲ့ကြပါသည်။

မဟာသီဟနာဒ ဆရာတော် စီစဉ်သည့် ဖိတ်စာ ဒုတိယပိုဒ်အရ -

-ငယ်စဉ်ကစ၊ ဘဝခုတိုင်၊
ပေးဖူးကျွေးဖူး၊ ကျေးဇူးမကျိုင်၊
မြင်းမိုရ်နှိုင်းဆ၊ တိုင်းပြမပိုင်၊
ဂဏန်းချ၊ မှန်းဆမကုန်နိုင်။

ဟူ၍ ပါရှိရာ။

၁၃၅၃-ခုနှစ် အာစရိယ အနုဿရဏ်အင် ကျေးဇူးတော်ရှင် ပူဇော်ပွဲ၌ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ် မြန်မာ့သတင်း၊ ကမ္ဘာ့ သတင်းများ ကြည့်ရှုနားဆင်နိုင်ရန် ရန်ကုန်မြို့မှ အထက်ပါ တပည့် ၅-ဦးကပင် ၁၄-လက်မ တီဗွီ ၁-လုံး၊ ဝယ်ယူ လှူဒါန်းပူဇော်ခဲ့ဖူးလေသည်။

ဘဝဇာတ်ရံ့ ကကြိုးရံ့

ဆရာတော်ဦးဇဝနလောင်းလျာ ငယ်မည် ကိုအောင်ဗလကို ၁၂၈၂ ခုနှစ်၊ နယုန်လဆန်း၂–ရက်၊(၁၈.၅.၁၉၂၀) အင်္ဂါနေ့တွင် မှော်ဘွယ် မြို့နယ်၊ ရန်အောင်အနောက်ခဲကြီးရွာ၌ ခမည်းတော်ဦးဘိုးခက်၊ မယ်တော် ဒေါ်စောလှိုင်တို့မှ မွေးဖွားခဲ့ပါသည်။

၁၂၉၅ ရှင်သာမဏေဖြစ်၊ ၁၃၀၂–ခု၊ ပြာသို လဆန်း ၁၅–ရက်၊(၁၁.၁.၁၉၄၁) ကံကြီးရွာ ဦးဘိုးမောင်၊ ဒေါ်မိလေးတို့မှ ရဟန်းခံ၊ ဒုတိယ ဒေါ်ငယ်၊ တတိယ ဦးဘိုးခေါင်+ဒေါ်စောထယ်။ စတုတ္ထဦးစံထွေး၊ ဒေါ်မွေးတင်၊ ပဉ္စမ ဦးပို+ဒေါ်မုန်း တို့မှ သိက္ခာထပ် ရဟန်းခံ။

၁၃၁၁–ခု၊ ကဆုန်လဆန်း ၁၅–ရက်နေ့ တွင် ကံကြီးကျောင်းဆရာတော် ဦးဝိမလ လူဝတ်လဲ၍၊ လူအမည် ဦးရှင်ဖြစ်သွားသောအခါ၊ ဦးဇဝန သည် ကံကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော် ဖြစ်လာပြီး (၄၅) နှစ်တိုင်တိုင် ဘာသာ သာသနာ အကျိုး သည်ပိုးတော်မူခဲ့သည်။

သက်တော် –၇၅၊ ဝါတော်– ၅၅ ထိ သံသရာခရီးဘဝဇာတ်ခုံကြီး၌ ကကြိုးစုံ၍ နေဝင် မိုးချုပ်သည့်အခါ ဤသို့လျှင် လက်တွဲဖြုတ်ကြရလေ သည်တကား။

ဓမ္မစေတီယသုတ် ဟောကြားတော်မူ

တောရဆရာတော် ဟောကြားတော်မူခဲ့ သော ဓမ္မစေတီယသုတ် တရားတိတ်ခွေ၌ ဟောကြား ခဲ့သည့် နှစ်၊ လ၊ ရက် မပါ၊ ဘယ်မှာ ဟောသည် မပါရှိပါ။ သို့ရာတွင် တရားတိတ်ခွေကို နာကြားရာ၌ 'ကံကြီးကျောင်းဘုန်းကြီး တရားဟော ရေစက်ချ ပြီးတာပဲ' မိန့်ကြားထားချက် ပါရှိသဖြင့် သရက်ကန် ကျောင်း အာစရိယပူဇော်ပွဲ၌ ဟောခဲ့သည်၊ ခုနှစ် အားဖြင့် ကောဇာ ၁၃၄၇ –ခုနှစ်၌ ဟောခဲ့သည်ဟု မှတ်ယူပါ၏။

ခုနှစ်ကာလမည်သို့ပင်ဖြစ်စေ၊ တောရဆရာ တော်အနေဖြင့် တရားဟောခြင်း တိတ်ခွေဖမ်းယူ ထားခြင်းများ မရှိသလောက်ပင် ရှားပါးလှပါသည်။

ဒုတိယ မိခင်ကြီး ဒေါ်အေးထံမှ တရားခွေရရှိခဲ့

ဤတရားတိတ်ခွေ မိမိဘယ်သို့ ရခဲ့သည် ကို တင်ပြပါဦးမည်၊ ၁၃၅၆–ခုနှစ်၊ နယုန်လပြည့် ကျော် ၁၀–ရက် ကံကြီးကျောင်းဆရာတော် ဦးဇဝန ပျံလွန်၏။ ၁၃၅၆၊ တပို့တွဲလပြည့်ကျော် ၁–ရက် အန္တိမပူဇော်ပွဲ လုပ်၏။ (ဆရာတော် ဦးဇဝန၏ ဘဝအကျဉ်းနှင့် အန္တိမပူဇာပွဲအကြောင်း သီးခြား ဖော်ပြပြီးခဲ့ပြီ)။ ထိုပွဲသို့ မိမိတက်ရောက်ခဲ့၏။ နဘူးကျင်းရန်ကင်းတောရဆရာတော်ကို ဝင်ရောက် ဖူးတွေ့၏။ တောရဆရာတော် သိက္ခာထပ် ရဟန်း မယ်တော်ကြီး ဒေါ်အေးမှာ ရမည်းသင်းမြို့အဝင် ရွှေပြည်သာရပ်တွင် သီလရှင်ဘဝဖြင့် ရှိနေသေး၏။ တောရဆရာတော်အပေါ်နှင့် ဤသာသနာတော် အပေါ်၌ ကျေးဇူးများခဲ့သူ ဖြစ်၏။

သို့အတွက် ရန်ကုန်သို့အပြန် ရမည်းသင်း ဘူတာမှ ပြန်မည်၊ မိခင်ကြီးဒေါ်အေးသို့ သွားရောက် ကန်တော့ဦးမည်၊ လူချင်းလည်း မတွေ့ဘူး၊ မြင်ဘူး လို၍ ဝင်သည်၊ ကန်တော့သည်။ ဤတရားတိတ်ခွေ မူရင်းမှ သမီးသီလရှင်က ကူးပေး၍ရခြင်းဖြစ်သည်။ ထိုပြင်လည်း ရဟန်းခံသိက္ခာထပ်၊ ရှင်ပြုဖိတ်စာ ဓာတ်ပုံများပါ တွေ့ရသဖြင့် လိုရာရယူ ရေးမှတ်

ခဲ့သည်။ တစ်နေ့ အကြောင်းသင့်က လိုရာရစေ၊ သုံးနိုင်စေဖို့ စုဆောင်းခဲ့သည်။ ယခု ဤနေရာ၌ ဓမ္မစေတိယသုတ် တရားခွေကို နာကြားမှတ်သား၍ မြန်မာပြန် စာစုအဖြစ်သို့ ရေးယူ တင်ပြလိုက်ရပါသည်။

ဓမ္မစေတိယသုတ်

တရားနာပရိသတ်များက ဩကာသဖြင့် ကန်တော့ကြ၊ တောရဆရာတော်က သီလပေး ဦးစွာ ချီးမြှင့်တော်မူသည်။

သီလပေးရာ၌ 'သုရာမေရယ' သိက္ခာပုဒ်ကို အထူးပြုဟောသည်။ ကုသိုလ်တရားတို့၏ မွေလျော့၊ မကောင်းမှု အကုသိုလ် ဒုစရိုက်မှု၊ ရာဇဝတ်မှု၊ စီးပွားပျက်မှုများကို ဖြစ်လွယ်စေတတ်သော မူးယစ်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ကြရေး အထူးလေးစားလိုက်နာကြဖို့ မိန့်ကြားထားသည်။

ပြီးခဲ့သောနှစ်က ဟောတဲ့တရား တိတ်ခွေ ဖမ်းမထားရလို့ ဆိုကြတာကြောင့် တိတ်ခွေဖမ်းယူထားပါရစေ၊ လျှောက်ထားကြကြောင်း ပေါ်လွင်နေသည်။ ထိုတရားပြန် မဟောတော့ပါ။ ဟိုနေရာ သည်နေရာမှာ စကားစပ်မိလို့ ပြောလေ့ ဆုံးမလေ့ရှိတဲ့ ပသေနဒီကောသလမင်းကြီး ဘုရားအပေါ် ကြည်ညိုရခြင်း အကြောင်းများဖြစ်တဲ့ 'ဓမ္မစေတိယသုတ်' ပဲ ဟောပါမယ်။

(ကျောင်းမှာ စာဝါပို့ချနေတာ ၃-ရက်ရှိပြီ ပျက်နေတယ်၊ ကံကြီးကျောင်းဘုန်းကြီး တရားဟော ရေစက် ချပြီးတာနဲ့ ပြန်မယ် စိတ်ကူးတာဟု တောရဆရာတော် မိန့်ကြားချက်ပါရှိလေသည်။ ထိုစကား ဖြင့် တောရဆောင်မထေရ်တစ်ပါးပါးကို စာဝါပို့ချ နေရသေးကြောင်း သိရလေသည်။)

ထိုသုတ်၏ မှတ်သားစရာ

ဓမ္မစေတိယ သုတ်၏ အထူးမှတ်သားစရာမှာ -

ဟို ယခင်တုန်းက ရဟန်းအချင်းချင်း ညီညွတ်ကြတယ်၊ ယခု မျက်မှောက်ခေတ် ရဟန်းအချင်းချင်း မညီညွတ်ကြတော့ဘူး၊

အဲဒါ မှတ်သားစရာနှင့် ပြင်စရာသတိပြု စရာပေါ့။

ထိုသုတ်ဖြစ်ပေါ်လာရခြင်း

ဓမ္မစေတိယ သုတ် ဖြစ်ပေါ်လာရခြင်း အကြောင်းမှာ -

ပသေနဒီကောသလမင်းက ဥယျာဉ်တော ထွက်တယ်၊ သစ်ပင်မျိုးစုံကို ကြည့်ပြီး တောတောင်များရဲ့ သာယာပုံ၊ သစ်ပင်များ စိမ်းလန်းနေပုံများ တွေ့ရ၊ ထိုမှ ကွင်းဆက်ပြီး ဘုရားကို အမှတ်ရ၊ ဘုရားနှင့် တပည့်သားသာဝကတွေ တောတောင်များမှာ ပျော်မွေ့ကြတာ တောတောင်များရဲ့ သာယာမှုကြောင့်ဖြစ်မှာပဲ၊ တောကစပြီး ဘုရားကို အမှတ်ရ သတိရခြင်းဖြစ်၊ ဘုရားကို ဖူးတွေ့လိုတဲ့ အာရုံရောက်သွားခြင်းဖြစ်တယ်၊

ဘုရင်မင်းရဲ့အနားမှာ ဗဟုသုတရှိတဲ့ အမတ် တစ်ယောက်ကို ရှင်ဘုရင်က မေးတယ်၊ အခုနေ ဘုရားဘယ်အရပ်မှာ သီတင်းသုံးလျက် ရှိသလဲ မေးတယ်၊ ထိုအမတ်က မြတ်စွာဘုရားမှာ 'မေဒါလုပရွာ' ၌ သီတင်းသုံးနေကြောင်း ကြားသိရပါကြောင်း ဖြေတယ်၊ ဘုရင်က ဘယ်လောက်ဝေးသလဲ၊ သွားလျှင် ဘယ်နှစ်နာရီကြာမလဲ ဆက်မေးတယ်၊ အမတ်က တစ်နေ့ခရီး သွားရမယ်၊ ပါဠိစာက ဒိဝါဒိဝသ = မွန်းတည့်မှသွား မိုးချုပ်မှ ရောက်မယ်ဟု ဖြေ၏။

ရှင်ဘုရင်ဆိုတာ စိတ်ကူးပေါက်တာ ချက်ခြင်းလုပ်တာ၊ ဆင်တပ်၊ မြင်းတပ်၊ အမြန်ပြင် အခု သွားမယ်၊ အမိန့်ပေး ထွက်ခွာခဲ့၏။ မိုးချုပ်နီး အချိန် ရောက်သွားကြ၏။

ကျောင်းအပြင်မှာ စစ်တပ်ချ၊ ကျောင်းဝင်း ထဲဝင်သွား၊ အပြင်ထွက်နေတဲ့ ရဟန်းတစ်ပါးကိုမေး လျှောက်၊ ဘုရားမြတ်စွာ ဘယ်ကျောင်းမှာ သီတင်းသုံးနေတော်မူပါသလဲဘုရား၊ ထိုရဟန်းက ဟိုတံခါးပေါက် တစ်ချပ်လပ်နေတဲ့ ကျောင်းမှာ သီတင်းသုံးနေပါတယ်၊ တံခါးကိုခေါက်လိုက်လျှင် အနီးနေရဟန်းထွက်လာ ပါလိမ့်မယ်ဖြေ၏။

(ဤနေရာ၌ ကောသလမင်းသည် ကျောင်းဝင်းထဲရောက်မှ မင်းမြောက်တန်ဆာ ငါးပါး ချွတ်သည်၊ မင်းမြောက်တန်ဆာ ငါးပါးတွင် ဖိနပ်ခြေနင်းပါသည်၊ ကျောင်းဝင်းထဲမှာ ဖိနပ်စီးသလို ဖြစ်နေသည်ဟု အချို့ပညာရှိများ ထောက်ပြထားသည်ဟု ပြောဆိုချက်လည်း ပါရှိလေသည်။)

မင်းမြောက်တန်ဆာငါးပါးကို ချွတ်၍ 'ဒီဃကာရာယန' ဆိုသော စစ်သူကြီးကို ပေးအပ်ခဲ့ပြီး ဘုရားကျောင်းထဲသို့ ဝင်သည်။

ဘုရားကို အလွန်အကြူး အထူးကြည်ညို

ဘုရားကို အထူးအမှတ်ရလို့ ဘုရားရဲ့ ခြေဖမိုးတော်ကို သူ၏ဦးခေါင်းဖြင့် ထိသည်၊ တိုက်သည်တိုင်အောင် ရှိုးနိုးပြီး ထိုမျှမကသေး၊ ဘုရားရဲ့ ခြေဖမိုးတော်ကို ပါးစပ်ဖြင့် စုတ်သည့်တိုင် အောင် အလွန်အကြူး အထူးကြည်ညိုပါကြောင်းနှင့် တပည့်တော် 'ပသေနဒီကောသလပါဘုရား'ဟူ၍ သူ့ရဲ့ အမျိုးဇာတ်ကိုပါ လျှောက်ထားရှိုးနိုး အထူး အလေးအမြတ်ပြုကြောင်း ပါဠိတော်မှာ ပါရှိပါ သည်ဟု မိန့်သည်။

ဘာကြောင့် ဤမျှလောက် ကြည်ညိုရတာလဲ

ဘာကြောင့် ဤမျှလောက် ရှိသေရပါသလဲ ဟု ဘုရားက မေး၏။ ဤမျှလောက် ကြည်ညို ရခြင်းအကြောင်း ဘာတွေရှိနေလို့လဲ မေး၏။

ပသေနဒီကောသလမင်းက သူကြည်ညိုရ ခြင်းအကြောင်းများကို ဖော်ပြပြန်လည်လျှောက်ထား ချက်များ့ကို 'ဓမ္မစေတီယသုတ်ဟူသော အမည်ဖြစ် ပေါ်လာရခြင်း အကြောင်းများပင်ဖြစ်ကြောင်း သံဂါ ယနာတင် အတန်းအစားမှာ ပါသည့် ပါဠိတော်ထဲမှာ ပါသည်ဟု တောရဆရာတော်က မိန့်ထားသည်။

ပသေနဒီမင်းကြီးက ဘုရားကိုကြည်ညို ရခြင်း ကြည်ညိုဖွယ်ရာတွေ တွေ့ရခြင်းမှာ အောက်ပါ အတိုင်း ဖြစ်လေသည်။

ကြည်ညိုရခြင်းအကြောင်းရင်း (၈)ချက်

ပထမကြည်ညိုတဲ့အချက်

နှစ်ဖြင့်ပိုင်းခြား၊ ကျင့်မြတ်များကို
ကျင့်များသိဒ္ဓိ၊ မြတ်မုနိ၏၊
တပည့်ရဟန်း၊ သက်ဆုံးစန်းတိုင်၊
ကျင့်စွမ်းနိုင်ကြသည်။

မြတ်စွာဘုရား၏ တပည့်သားသာဝကများ သည် သက်ဆုံးတိုင် ရဟန်းဝတ်၊ ကျင့်စွမ်းနိုင်ကြ သည်။

အခြားသော တိတ္ထိဂိုဏ်းကြီး ၆–ဂိုဏ်း ပုရာဏကဿပ၊ နိဃဏ္ဌနာဋပုတ္တ အစရှိသော ဂိုဏ်း များမှ ရဟန်းဆိုသော ပုဂ္ဂိုလ်များမှာ အပိုင်းအခြား နဲ့သာ ဝတ်ကြ၊ ရဟန်းလုပ်ကြ၊ နှစ် ၁၀–နှစ်ပြည့် လူထွက်၊ နှစ် ၂၀ ပြည့်လူထွက်၊ နှစ် ၄၀–ပြည့် လူထွက်၊ တစ်ခြားဂိုဏ်းများမှာ ကာမဂုဏ် ခံစားကြ သည်ကို တွေ့ရသည်။

နှစ်–၂၀

မြတ်စွာဘုရား၏ တပည့်သား ရဟန်းများမှာ မလုပ်နေရော လုပ်ပြီဆိုမှဖြင့် ယာဝဇီဝံ = သက်ဆုံးတိုင် ရဟန်းဝတ်ကြ၊

ထူးခြားချက်မှာ ဘုရားကလည်း သုဗုဒ္ဓ= ဘုရားအစစ်၊ တရားကလည်း ဓမ္မသုဓမ္မတာ=အလွန်ကောင်းသော တရား၊ တပည့်သား သာဝကတွေကလည်း သံဃသုပ္ပဋိပန္န၊ ဥဇုပ္ပဋိပန္န = ကောင်းသော သံဃာ ဖြောင့်ဖြောင့်ကျင့်သော သံဃာ၊ ဤအချက်များကို ကြည့်မြင်ရခြင်းကြောင့် ဤကဲ့သို့ အလွန်အကြူး အထူးကြည်ညိုခြင်းကို ဖြစ်ရပါသည်ဘုရား၊

မြတ်စွာဘုရား၏ သာသနာကို ကြည်ညိုရခြင်းမှာ ဘာကြောင့်လဲ မေးရာမှ မြတ်စွာဘုရား၏ တပည့်သား သံဃာများမှာ တစ်သက်ပတ်လုံး ရဟန်းဝတ်ကြ၊ အခြားသော သာသနာက ရဟန်းများမှာ အသက်ကုန်ဆုံးသည့်တိုင် ရဟန်းဘဝမှာ မနေ၊ ခြားနားလို့ –

ယနေ့ သာသနာသုံးသပ်လျှင်

ပသေနဒီ ကြည်ညိုရခြင်း သာသနာနှင့် ယနေ့ခေတ် သာသနာကို ပြန်လည်သုံးသပ်ကြည့်လျှင် ဒုလ္လဘရဟန်းအဖြစ် ၁၀–ရက်၊ ၁၅–ရက်၊ တစ်လ၊ တစ်ဝါနေသွား၊ ယခင်က သာမာန်မျှသာ မြင်ခဲ့ရ၊ ယခု သာသနာတော်က နှစ် ၂၀၀၀–ကျော်လာပြီဆိုတော့ ပသေနဒီ ကြည်ညိုတဲ့ သာသနာထဲကို မဟုတ်တဲ့အချက် ပေါ်ပေါက်လာတာ ဒကာတို့လည်း တွေ့တယ်၊ ဒီနေ့ ဂေါတမဘုရား သာသနာထဲကို ကောသလမင်း မနှစ်သက်လို့ ပယ်ထားတဲ့ အချက်ရောက်လာနေပြီလို့ သုံးသပ်မိတယ်၊

နှစ်အပိုင်းအခြားမရှိဘဲ ရဟန်းပြုခြင်းကို ကြည်ညို–

နှစ်အပိုင်းအခြားနဲ့ ရဟန်း ပြုခြင်းကို မကြည်ညို–

မလိုအပ် ဆန့်ကျင်ဘက်ထဲကို သာသနာ နောက်ပိုင်း ရောက်လာနေတယ်လို့ သတိပြုစရာ ဖြစ်လာတယ်လို့ ပြောလိုပါတယ်။

ဒုလ္လဘ သာသနာ ဘယ်က ရောက်လာ

ဒီဒုလ္လဘဆိုတဲ့ သာသနာ ဘယ်က ရောက်လာသလဲ ဆန်းစစ်ကြည့်လျှင် ယိုးဒယားက မြန်မာပြည်ထဲ ရောက်လာတာ တွေ့ရတယ်၊ မြန်မာပြည်မှာ မူလက ရှင်သာမဏေ ဒုလ္လဘစနစ်သာရှိပြီး ယိုးဒယားကျတော့ ဒုလ္လဘရဟန်းဆိုတာ ရှိတယ်၊ ယိုးဒယားကနေ မော်လမြိုင်ကို ကူးလာတယ်၊ မော်လမြိုင်ကနေ ရန်ကုန်ကို ကူး၊ ရန်ကုန်ကနေ အထက်မီးရထား မော်တော်ကားလမ်းအတိုင်း တပြည်လုံး ပျံ့နှံ့သွားတော့တာပဲ။

ဒီဘုန်းကြီးက တစ်သက်လုံး ရဟန်းဝတ်တဲ့ စနစ် ဤသုတ်ဖြင့် ကြည့်က သူကြည်ညိုရခြင်း ပထမအချက်ကို ဝေဖန်ပြခြင်းဖြစ်ပါတယ်၊ သတိပြုစရာပေါ့။

နောက် ပသေနဒီ ကြည်ညိုတဲ့ ဒုတိယ အချက်။

ဒုတိယကြည်ညိုတဲ့အချက်

တစ်ဝမင်းချင်း၊ လူချင်းချင်းတို့၊
အညင်းအခုံ၊ ကွဲပြားတုံငြား၊
ရဟန်းများမှာ၊ ညီညွတ်စွာပင်
မေတ္တာဝင်၏။

ပသေနဒီကောသလ မြင်ပုံက အခြားသော လူပုဂ္ဂိုလ်များမှာ သားနဲ့အဖေ၊ အစ်ကိုနဲ့ညီ၊ အမျိုးအရင်းခြင်း ရန်ဖြစ်၊ မြင်ရတွေ့ရ၊

မင်းများကလည်း တောင်မင်းနှင့် မြောက်မင်းရန်ဖြစ်၊ တစ်တိုင်းပြည်နှင့်တစ်တိုင်းပြည် ရန်ဖြစ်၊ အခြားအခြားသော ဌာနများ ရန်ဖြစ် မညီညွတ်ကြ အမျိုးမျိုး အညင်းအခုံဖြစ်ကြ၊ ကွဲပြားကြသော်လည်း ရဟန်းများမှာ တစ်ပါးနှင့်တစ်ပါး ချစ်မြတ်နိုးသော အကြည့်ဖြင့် အကြည့်ခံရ၊ ကံကြီး ကံငယ် အတူဆောင်ကြ၊ ရဟန်းများ ညီညွတ်နေတာတွေ့ရ၊ ဘုရားက မှန်တဲ့ဆရာဘုရား၊ ဟောတဲ့ တရားက မှန်တဲ့တရား၊ ကျင့်သုံးတဲ့ သံဃာက ကောင်းစွာ ကျင့်ဖြောင့်ဖြောင့်ကျင့်တဲ့ တပည့်သားသံဃာ၊ ထိုသို့ တွေ့မြင်ရ၍ ညီညွတ်နေခြင်းကို သူ ကြည်ညိုရခြင်း ဖြစ်ကြောင်း ဒုတိယကြည်ညိုချက် ဘုရားကို လျှောက်ထားခဲ့တယ်။

ယနေ့သာသနာထပ်မံ သုံးသပ်လျှင်

ယနေ့သာသနာတော်က မွန်းတိမ်းနေပြီ ဖြစ်လို့ ရဟန်းအချင်းချင်း မညီညွတ်ကြ၊ ရန်ဖြစ်ကြ၊ ကျောင်းလုကြ ဖြစ်နေကြပြီ။ မူလသာသနာမျိုးဖြစ်အောင် ပြန်ဂရုစိုက်သင့်ပြီ လို့ သုံးသပ်မိပါတယ်။

နောက် ပသေနဒီ ကြည်ညိုတဲ့ တတိယ အချက် –

တတိယကြည်ညိုတဲ့အချက်

ထို့ပြင် တစ်ချက်၊ ရုပ်ဆင်းပျက်သည် ထိုတိတ္ထိတို့၊ မှန်ဘုရား၊ တပည့်သားတို့၊ တရားသိဖွယ်၊ ရုပ်သပ္ပါယ်၏။

ထို့ပြင် ကြည်ညိုသည့် တစ်ချက်မှာ တိတ္ထိဂိုဏ်းသားတို့သည် တစ်ပါးနှင့်တစ်ပါး မကျေနပ်တဲ့ မျက်နှာ ရုပ်ဆင်းပျက်သည့် အမူအရာများ တွေ့ရ။

မြတ်စွာဘုရား၏ တပည့်သား ရဟန်းများမှာမူ သူတို့ ကျေနပ်၊ နှစ်သက်ဝမ်းမြောက်နေတာ တွေ့ရ၊ သာသာယာယာ ကျေကျေနပ်နပ် အာရဒ္ဓဝိပဿက = တရားနှလုံးသွင်းဆင်ခြင်၊ ထိုက်သည့် အားလျော်စွာ တရားသိမြင်ကြ၊ ရုပ်ဆင်းသပ္ပါယ်စွာ ဖူးတွေ့ရ၊ သူ ကြည်ညိုရခြင်း တတိယ အချက်ကို လျှောက်ထားခဲ့တယ်။

နောက် ပသေနဒီ ကြည်ညိုတဲ့ စတုတ္ထ အချက် –

စတုတ္ထ ကြည်ညိုတဲ့အချက်

တစ်သွယ်ဆိုငြား၊ မင်းစကားတွင်၊ အကြားဝင်ဖြတ်၊ ပြောဆိုတတ်လည်း၊ အမြတ်ဘုရား၊ စကားဆိုလျှင်း ကြားဖြတ်ကင်း၏။

ပသေနဒီကောသလ မင်းက ငါ့စကား မဆုံးခင်မှာ ကြားဖြတ်ပြီး မပြောရလို့ မင်းရဲ့ညီလာခံမှာ အမတ်ကြီးတွေကို ပြောထားတယ်၊ အမိန့်ထုတ်ထားတယ်၊ ငါ့စကားဆုံးမှ ပြောကြလို့ ဘယ်လိုပဲ ပြောပြော မရဘူး ဘုရား၊ စကားမဆုံးခင် ကြားဖြတ်ပြီး ပြောကြတာပဲ၊ ဘုရင်ဟာ အာဏာပိုင်အစိုးရ တစ်စုံတစ်ခုသော ပြစ်မှုမကျူးလွန်ရ၊ သတ်ပစ်တောင် ခံရမည့် အဆင့်ရှိတယ်၊ စားဝတ်နေရေး ရိက္ခာ အကုန်ပေးထားပေမယ့် မနာခံကြဘူး။

မြတ်စွာဘုရားရဲ့ တပည့်သားသံဃာတွေကျတော့ 'ရဟန်းတစ်ပါးက ချောင်းဆိုးတယ်' အခြားရဟန်းတစ်ပါးက 'ငါ့ရှင်ဆိပ်ဆိပ်နေ ဘုရား

တရားဟောနေတယ်' သူတို့အချင်းချင်း တိုးတိုးတိတ်တိတ် စကားပြောတာ တွေ့ရပါတယ် ဘုရား၊ ငါ စကားပြောတုံး ဝင်မပြောရတားထားသော်လည်း ကျူးလွန်ကြ–

ဘုရားကျတော့ ထိုသို့ အမိန့်ထုတ်မထားသော်လည်း ကြားဝင်ဖြတ် မပြောကြ။

ထိုအချက်ကိုလည်း မြတ်ဘုရားရဲ့ သာသနာတော် ရဟန်းများအပေါ် အလွန်အကြူး အထူးကြည်ညိုရခြင်း စတုတ္ထအချက်ပါဘုရား လျှောက်ခဲ့တယ်။

နောက် ပသေနဒီကြည်ညိုတဲ့ ပဉ္စမအချက်–

ပဉ္စမကြည်ညိုတဲ့အချက်

တစ်ခင်း ထို့ပြင် မတွေ့ခင်က၊
ဖြစ်တင်ပုဏ္ဏား ဆင်ထားရှာသည် တွေ့လာကြပြီ၊
တပည့်စံကြ မေးသံမဖွင့်၊

တစ်ခင်းဆိုသည်မှာ ပုဏ္ဏား ၄ မှ ၅ ထဲကို ပြောင်းပြီဆိုတာ သိဘို့ပါပဲ။

လောကမှာ ပဏ္ဍိတ လေးမျိုးရှိတယ်၊

(၁) မင်းမျိုး ပညာရှိ = မင်းမျိုးမှ ဆင်းသက်လာ

(၂) ပုဏ္ဏားမျိုး ပညာရှိ = ရှေးဖြစ်နောက်ဖြစ် ဟောတတ်သော ပုဏ္ဏား

(၃) ဂဟပတိ ပညာရှိ = လူပညာရှိ

(၄) သမဏပညာရှိ = ရဟန်းပညာရှိ

မင်းမျိုးမှ ဆင်းသက်လာတဲ့ ပညာရှိ – ပုဏ္ဏားမျိုး ရှေ့ဖြစ်နောက်ဖြစ် ဟောတတ်တဲ့ ပညာရှိ – ဂဟပတိပညာရှိ ဆိုတာက ကုန်သည်လယ်လုပ်မျိုး ပညာရှိ – အဲဒါတစ်ခြားမဟုတ်ဘူး၊ ဒကာတို့ပဲ ကိုယ့်အိမ်ကိုယ်တော့ ပိုင်တယ်။

သမဏ = ရဟန်းပညာရှိ – တောထွက်၊ တောမထွက်၊ အိမ်ထောင်သားမွေး ပယ်စွန့် ရဟန်း ပညာရှိ – စသည် လေးမျိုးရှိတယ်၊ အထူးသဖြင့် သဗ္ဗညုတဉာဏ် ရရှိထားတဲ့ ဘုရားကို မေးခွန်းတွေ မေးဖို့ ပြင်ဆင်ထားကြတယ်၊

ပထမမေးခွန်း မေးလို့ ပြန်ဖြေလျှင် ဒုတိယ မေးခွန်း ထပ်မေးမယ်၊ မဖြေနိုင်ဖြစ်ပြီး မထွေးနိုင် မအံနိုင်ဖြစ်အောင် အထူးလေးနက်တဲ့ ပုစ္ဆာ မျိုးတွေ ဆင်ထားကြ၊ မသိလို့မေးတာမဟုတ်။ အကပ်ပုစ္ဆာတွေ စီစဉ်ထားကြ။

ဒေသစာရီ ကြွလေ့ရှိ

မြတ်စွာဘုရားက အဝန်းယူဇနာ – ၉၀၀ ရှိတဲ့ မဇ္ဈိမဒေသအတွင်း၊ ဒေသစာရီ လှည့်လည်ကြွ လေ့ရှိတယ်။ အတွင်းက ပတ်တဲ့နှစ်၊အပြင်ကပတ်တဲ့နှစ် ၂–မျိုး ရှိတယ်၊ အပြင်က ပတ်တဲ့နှစ်ဆိုလျှင် ဝါဆိုဝါနီးမှ ပြန်ရောက်လေ့ရှိတယ်၊ ထိုအချိန်က ဘုရားဟာ ဘယ်တော ဘယ်တောင် ဘယ်သစ်ပင် အောက်မှာ ကြွရောက်နေပြီတဲ့ ဆိုတော့ သူတို့ သွားကြတယ်။

မြတ်စွာဘုရားရဲ့ တရားနာကြရတဲ့အခါကျတော့ ကပ်ကပ်သပ်သပ် မေးမယ်ဆိုတဲ့ မေးခွန်းတွေ မမေးဖြစ်ကြတော့ဘူး၊ ဘုရားရဲ့တပည့်စံ၊ ရတနာ သုံးပါးကြည်ညို ကိုးကွယ်၊ သရဏဂုံ တည်သွားကြ။

မေးမယ်လို့ ကြံစည်ထားသမျှတွေ တွေ့ရပြီးတဲ့နောက် မမေး၊ တပည့်စံ မေးသံမဖွင့်၊ ဗုဒ္ဓဘာသာဝင် ဖြစ်သွားကြတာ တွေ့ရလို့၊

ဘုရားရဲ့အပေါ် သူကြည်ညိုရခြင်း ပဉ္စမ အချက် လျှောက်ထားခဲ့တယ်။

ထို့နောက် ပသေနဒီ ကြည်ညိုတဲ့ ဆဋ္ဌ အချက်

ဆဋ္ဌကြည်ညိုတဲ့ အချက်

နောက်ဆင့်တက်၍၊ ပြုလင့်ရဟန်း၊

ကျင့်လမ်းပြီးက၊ ယခုမှသာ၊

တပကျော်လာ၏၊ ရဟန်းစစ်ကို အဖြစ်ဝန်ခံ။

မြတ်စွာဘုရားနှင့် မတွေ့ခင် ရဟန်း အစစ် မဟုတ်၊ တပည့်သာဝကအဖြစ်သို့ ရောက်သွားမှ ချ မှတ်ထားသော စည်းကမ်းများအတိုင်း ရှင်ဖြစ်၊ ရဟန်းဖြစ်သို့ တက်လှမ်း၊ အချို့သော တိတ္ထိဂိုဏ်း သားတွေ ရဟန်းအစစ်ဘဝသို့ ရောက်သွား၊

မေးလိုက်မယ်၊ ထိုးဆိပ်လိုက်မယ် ကြံစည် ထားတာတွေပျက်၊ ရဟန်းအစစ်ဖြစ်၊ အတုမရှိ ကမ္မဋ္ဌာန်းဆရာကြီးကို နည်းပေးထားပြီး ကျင့်လိုက် တော့မှ ထို လွန်ခဲ့သောကာလ ရှေးတုံးက –

အ – ဗြဟ္မဏောဝိ၊ ဗြဟ္မဏောတိ ပဋိညာ၊

အ – သမဏောဝိ၊ သမဏောတိ ပဋိညာ၊

ဗြဟ္မဏပုဒ် ဘာသာပြန်တော့ ပုဏ္ဏားလို့ သာမန်ပြန်ကြတာ၊

ဗြဟ္မဏဆိုတာ = မကောင်းမှုကိုအပသို့ ထုတ်ထားသူ၊

သမဏဆိုတာ = ကိလေသာငြိမ်းသူလို့ ဝန်ခံခဲ့ကြတာ။

ယခင်က အ – သမဏပဲ၊ ယခု ဂေါတမ ဘုရား နည်းယူပြီးမှ ဗြဟ္မဏ သမဏ ဖြစ်တာ၊ ရဟန်းအစစ်မှ မဟုတ်ခဲ့ဘဲ ရဟန်းအစစ်လို့ လုပ်ခဲ့ ကြတာပဲ။

ထိုအချက်ကို တွေ့ရလို့ ဘုရားရဲ့ သာသနာအပေါ် အလွန်အကြူး အထူးကြည်ညိုရ ခြင်း ဆဋ္ဌမအချက်ဖြစ်ကြောင်း လျှောက်ထားခဲ့တယ်။

နောက် ပသေနဒီ ကြည်ညိုတဲ့ သတ္တမ အချက်။

သတ္တမ ကြည်ညိုတဲ့အချက်

တစ်ဖန်ဆိုက၊ မင်းလခစား၊

ဖြစ်သူများပင်၊ ခြေထားမင်းဘက်၊

ဘုရားဘက်က၊ ဦးခေါင်းထားကာ၊

အိပ်တတ်ပါ၏။

ပသေနဒီကောသလရဲ့ အမတ်တွေထဲမှာ အတွင်းကျကျ အသုံးပြုနေသူ အမတ်နှစ်ယောက် ရှိတယ်။

ဣသိဒတ္တနှင့် ပုရာဏ ဆိုတဲ့ နှစ်ယောက် တစ်ယောက်က အရိယာမဂ်ထဲက အရိယာစခန်း ရောက်နေသူဖြစ်တယ်။

တစ်နေ့မှာ ဘုရင်က ခရီးထွက်တယ်၊ ဇရပ်တစ်ခုမှာ အိပ်ကြတယ်၊ ဘုရင်က အိပ်ဟန် ဆောင်နေတယ်၊ ဇရပ်က ကျဉ်းတယ်၊ လက်သုံးတော် တပည့်အမတ် နှစ်ဦးစကား ပြောနေကြတယ်၊ ဘုရင် အိပ်နေပြီ ထင်ကြတယ်။

သူတို့ အချင်းချင်းမေးတယ်၊ တို့ ဂေါတမ ဘုရား အခုနေဘယ်နယ်ရောက်နေသလဲ မေးတယ်၊ တစ်ဦးက ဖြေတယ်၊ ဒက္ခိဏာစနပုဒ် ရောက်နေတယ် ဟို အရှေ့ဘက် လက်ညှိုးထိုးပြတယ်။

သူတို့နှစ်ယောက် ဘုရားဘက်ခေါင်းထား၊ ရှင်ဘုရင်ဘက် ခြေထောက်ထား အိပ်ကြတယ်။

ပသေနဒီက ဘုရားကို ကွက်ကွက်ကွင်း ကွင်း လျှောက်တယ်၊ သူဟာ မင်းပါ သူတို့ကို

အိမ်နေဖို့ပေး၊ စားဖို့ထမင်းပေး၊ သူတို့ဝတ်ဖို့ အဝတ်ပေး။ စားဝတ်နေရေး အကုန်လခပေးထားပါလျက် ဘုရားဘက်ဦးခေါင်းထား သူ့ဘက်ကိုတော့ ခြေထောက်ပဲထား၊ လခဘယ်လောက်ပဲပေးပေး တို့ဟာ ခေါင်းထားခံရလောက်အောင် သီလ သမာဓိ ပညာ သိက္ခာ မရှိပါလားလို့ သတိထားမိပါတယ် ဘုရား။

ထိုအချက်ကြောင့်လည်း မြတ်စွာဘုရားနဲ့ သာသနာတော်အပေါ် အလွန်အကြူး အထူးကြည်ညိုရခြင်း ဖြစ်ရပါကြောင်း သတ္တမအချက်ကို လျှောက်ထားခဲ့တယ်။

နောက် ပသေနဒီကောသလကြည်ညိုတဲ့ အဋ္ဌမအချက် –

အဋ္ဌမကြည်ညိုတဲ့အချက်

ပါဠိ – ဘဂဝါပိ ခတ္တိယော၊ အဟံ ပိ,ခတ္တိ
ယော၊
ဘဂဝါပိ ကောသလော၊ အဟံပိကောသ
လော၊
ဘဂဝါပိ အသီတိကော၊ အဟံပိ အသီတိ
ကော

မြန်မာပြန် လင်္ကာ –

တစ်ဖြာဆိုသင်း၊ မင်းမျိုးခြင်းတူ၊
ဒိုင်းသားတူလျက်၊ သက်တူရှစ်ဆယ်၊
တစ်ထောင့်ဆွယ်က၊ တကယ်နှစ်မြို့က်၊
ရှိနိုးထိုက်ဟု၊ စိတ်၌ ဆောင်ထား၊
ဤကြောင်းများကြောင့်၊ ဘုရားအမှန်၊
တရားမှန်သင့်၊ သံဃာကျင့်ကောင်း၊
ရှိကြောင်းအလျော်၊ ညွှတ်ဖြင့်မျှော်၍၊
ပူဇော်ထိုက်ငြား၊ မြတ်ဘုရားကို၊
ဝတ်တွားရှိကျိုး၊ လက်စုံမိုးကာ
ရှိနိုးပါ၏ အရှင်မြတ်ကြီးဘုရား။

ရှင်းလင်းချက်

မြတ်စွာဘုရားကလည်း မင်းမျိုး၊ ငါကလည်း မင်းမျိုး၊ မြတ်စွာဘုရားကလည်း ကောသလတိုင်းသား၊ ငါကလည်း ကောသလတိုင်းသား၊ မြတ်စွာဘုရားကလည်း သက်တော် –၈၀၊ ငါကလည်း သက်တော် –၈၀၊ မင်းမျိုးခြင်းတူလို့။ ဒေသချင်းဟူ၊ သက်တော်ခြင်းလည်းတူလို့ စိတ်မှာကျေနပ်၊ ညွှတ်ကိုင်း ကြည်ညိုရခြင်းဖြစ်ကြောင်း လျှောက် ထားပြီး ပြန်ပါဦးမယ်ဘုရား လျှောက်ထားပြန် သွားလေ၏။

အနီးအနားမှာ အာနန္ဒာ စသော ရဟန်းများအား ပသေနဒီ ပြောသွားသော စကားမှာ စေတီယ။ စေတီထိုက်သော, ပူဇော်ထိုက်သော စကားများဖြစ်လို့ 'ဓမ္မစေတီယသုတ်' ဟု ဖြစ်လာရကြောင်း မြတ်စွာဘုရား မိန့်ကြားခဲ့ကြောင်း ယောပြသည်ကို တင်ပြလိုက်ရပါသည်။

မှတ်သားဖွယ်

ဒီသုတ်အရ မညီညွတ်လျှင် ညီညွတ်အောင်နေကြဖို့ တိုက်တွန်း၊ ပသေနဒီ ကြည်ညိုတာက ညီညွတ်ခြင်းကို ကြည်ညိုတာ ဖြစ်ပါကြောင်း အဆုံးသတ်ထားလေ၏။

ရေစက်ချ အမျှဝေ

ဣဒံမေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု
ဣမိနာ၊ ဣဒ္ဓိတ ဖေါမိဥာဏံ လဘာမ၊

ဣဒံမေ ပုညံ သဗ္ဗသတ္တာနံ ဒေမ
အမျှ ... အမျှ ... အမျှ။
ဟူ၍ ဖြစ်လေသည်။

ဘယ်လိုသိမြင် လေ့ကျင့်လျှင် မည်တွင်သန္တ ခေါ်သနည်း

အထက်ပါ ခေါင်းစည်းစာအရ –

အဘယ်အရာကို သန္တ ခေါ်သနည်းဟူသော စာပိုဒ်များ မတင်ပြမီ ဖော်ပြလတ္တံ့သော စာများသည် ဘောရဆရာတော်၏ လက်ရေးမူ သိမ်မှတ်တမ်း စာအုပ်ငယ်မှာ ဖတ်ခဲ့ရသဖြင့် ကူးယူထားခဲ့ရာ မှတ်သားလိုက်နာ သိသင့်သိအပ်ရာများ ဖြစ်ပါ၍ ဤနေရာ၌ ဖော်ပြလိုက်ပါသည်။ (မိမိမှတ်တမ်း၌ (၃၊ ၅၊ ၉၃) ဟု ရက်စွဲထိုးထားပါ၏)။

- ဘယ်လိုသိမြင် လေ့ကျင့်လျှင် မည်တွင် သန္တခေါ်သနည်း။
- ဖန်ဆင်းမေးက ဂေါတမ ဟောပြ ပြောဆိုပါသတည်း။

၁။ မသေပျက်ခင်၊ တဏှာစင်၍၊ ရှေ့တွင်မမှီ၊ နောက်ဆီမမျှော်၊ မခေါ်ဝေါ်ရ၊ လယ်ဥ္စာန သန္တပုဂ္ဂိုလ်မည်။

၂။ အမျက်မပွား၊ မပူဗြားနှင့်၊ မကြွားဝါခြင်း၊ ကုက္ကုစ္စကင်း၍၊ ဆိုလျှင်း ချိန်ချင့်၊ မပျံ့လွင့်၊ ခြောက်ဆင့်သူ့ ဂုဏ်ရည်။

၃။ ဖြစ်လတ္တံ့ရေး၊ မျှော်မတွေးပဲ၊ လွန်ရှေးတမ်းတ၊ မဆွေးကြ၍၊ ဖဿဖြစ်ဆဲ၊ ကင်းဆိပ်မြဲသိ၊ ယူစွဲမမှား။ ဆောင်မထားဟု လေးပါးအင်္ဂါ၊ ပြည့်စုံမှ သန္တပုဂ္ဂိုလ်မည်။

၄။ တွန့်ဆုတ်သယောင်၊ ဟန်ဆောင်မပြ၊ မတောင့်တလျှင်း၊ ဝန်တိုကင်း၍၊ ကြမ်းခြင်းရှုံ့ဖွယ်၊ အလျှင်းပယ်လျက်၊ ချစ်ပြယ်စကား၊ မပြောကြား၊ ခုနစ်ပါး သူ့ဂုဏ်ရည်။

၅။ သာယာဖွယ်တွင်၊၊ မစီးဆင်းတည့်၊ မာရ်ကင်းသိမ်မွေ့၊ ထင်ဉာဏ်တွေ့လျက်၊ ယုံလေ့ကင်းကာ၊ တပ်မက်ကွာ ခြောက်ဖြာသူ့ဂုဏ်ရည်။

၆။ လာဘ်လို၍သာ၊ မကျင့်ပါပဲ၊ မရတာတွက်၊ မျက်မထွက်ဟု ကန့်ကွက်ကိုပင်၊ မဆန့်ကျင်ပါ၊ အရသာ၌ တဏှာမဖက်၊ ဤလေးချက်သည် မပျက်သန္တဂုဏ်ရည်များပင်တည်း။

၇။ ရှုမှတ်အစဉ်၊ လျစ်လျူထင်၍၊ သုံးအင်မာန၊ ပယ်နိုင်မှ သန္တပုဂ္ဂိုလ်မည်။

(တစ်နည်း) လျစ်လျူရှုမှတ်၊ တူ ရုပ်မြတ်ဟု သုံးရပ်မာန၊ ပယ်နိုင်မှလျှင် ကမ္ဘာလေ မရှိပေ၊ ခေါ်လေ သန္တမည်။

၈။ မှီရာမရှိ၊ ရုပ်နာမ်သိ၍၊ ဖြစ်ဘိဘဝ၊ ဝိဘဝ၌၊ တောင့်တ တဏှာ မရှိပါဟု အင်္ဂါပြည့်ဝ၊ ပုဂ္ဂလ သန္တ ငါဟော၏။

၉။ ကာမအတွက်။ မငဲ့ကွက်ပဲ၊ စွန့်ဖျက်ပယ်ထား၊ ပုဂ္ဂိုလ်အားမှာ၊ ဖွဲ့ထားဆက်ထုံး၊ မရှိဆုံး၏၊ လွမ်းဖုံးတဏှာ၊ ကျော်လွန်လာသည်၊ မှန်စွာသန္တ သဘောတည်း။

၁၀။ ထိုပုဂ္ဂိုလ်အား၊ သမီးသားနှင့် ကျွဲနွားလယ်ယာ မရှိပါ၍၊ အတ္တာဒိဋ္ဌိ၊ အမြဲရှိဟု ဖြတ်ဘိဥစ္ဆေ၊ ယူမှားတွေလည်း ပယ်လေမရှိ ကင်းစင်တည်း။

၁၁။ ပညာရှိများ၊ မရှိများဟု၊ နှစ်ပါးလူကာ၊ အပြစ်ပြ၍၊ ဆိုကြစေရာ၊ ပြစ်အနာသည်၊ သူ့မှာမရှိ၊ ကင်းလေဘိကြောင့် ဆိုးသည်ကောင်းယုတ်၊ စကား ၄တ်၌၊ တုန်လှုပ်မရှိ၊ ငြိမ်သက်တည်း။

၁၂။ ငါ၏ ဥစ္စာ မရှိပါ၍၊ တဏှာဒိဋ္ဌိ၊ လျှဉ်းမရှိကြောင့်၊ မရှိစိုးရိမ်၊ ရုပ်နာမ်ကြိမ်နှင့်၊ ရွယ်ချိန်ဖြစ်ကြ၊ သင်္ခါရကြောင့်၊ ဆန္ဒဂတိ၊ အစရှိကို၊ မှားမိလိုက်စား၊ မရှိပြားတည့်၊ တရားရှိက ပုဂ္ဂလ သန္တ ဆိုအပ်၏။

သန္တဆိုသည်

သန္တ (၁) = ထင်ရှားရှိသည်။ ကောင်းသည်၊ သူတော်ကောင်း

သန္တ (၂) = ငြိမ်သက်သည်၊ ငြိမ်းချမ်းသည်။ ကိလေသာမှ ငြိမ်းပြီးသည်၊ သန္တတော= ငြိမ်းသောအားဖြင့်

သန္တ (၄) = အဆုံးရှိသည်။

ပါဠိမြန်မာ အဘိဓာန်စာ ၉၆၆–၌ ဖော်ပြပါ ရှိသည်။

ဤမှုဖြင့် သန္တဆိုသည့် အဓိပ္ပာယ် သိနားလည်မည်ဟု ယူဆပါ၏။ တောရဆရာတော်သည် စာများစွာကို ဖတ်သည်၊ မှတ်သင့်သည်ကို မှတ်သည်၊ ကူးယူသင့်သည်ကို ကူးယူတတ်သော အလေ့ရှိသည်။

စာပိုဒ်အားလုံးတွင် သန္တဆိုသည် အဘယ်သို့ နည်းဟူသည်ကို နိဗ္ဗိတ ဖန်ဆင်းအပ်သော ဘုရားရှင်က မေး၍ မြတ်စွာဂေါတမ ဖြေဆိုပုံ ပြထားသည်များကို ဖတ်ရှုဆင်ခြင်သောအားဖြင့် ဉာဏ်အမြင်၌ လင်းပေလိမ့်မည်ဟု ထင်ပါသည်။

စာပေအလေ့အလာ အားကောင်းသော ပုဂ္ဂိုလ်၊ ဆင်ခြင်ဉာဏ်အားကောင်းသော ပုဂ္ဂိုလ်များ၌ ပို၍ အလင်းအားကောင်းသဖြင့် အမြင်အားကောင်းကြပေလိမ့်မည်။

မှတ်ချက်။ ။ ဤစာစုဖြင့် တောရဆရာတော်၏ ဘဝကို ထင်ဟပ်၍ ကြည်ညိုနိုင်ကြလိမ့်မည်ဟု ထင်မိပါသည်။

သက္ကယ်ကျင်း တောရကျောင်းသို့

တောရဆရာတော် ငယ်စဉ်ဘဝ ပညာသင်ကြားရာ၌ သရက်ကန်ဆရာတော်၊ ကံကြီးဆရာတော်များအပြင် သက္ကယ်ကျင်း တောရဆရာတော် ဦးသီဟထံ၌ ဘိက္ခုပါတိမောက်၊ ကစ္စည်း သဒ္ဒါကြီးနှင့် အဘိဓမ္မတ္ထသင်္ဂဟနေ့ဝါ ကျမ်းများ သင်ယူခဲ့ကြောင်း 'ပဌမပိုင်း' ၌ ဖော်ပြခဲ့ပြီးလေပြီ။

ဤနေရာ၌ သက္ကယ်ကျင်းတောရကျောင်းနှင့် သက္ကယ်ကျင်းတောရ ဆရာတော် ဦးသီဟ ထေရုပ္ပတ္တိအကျဉ်း ဖော်ပြသင့်သည်ဟု ယူဆမိပါသည်။

သို့ဖြစ်၍ ၁၃၅၅–ခုနှစ် (၁၊ ၅၊ ၉၃)ရက်နေ့၌ ကံကြီးရွာမှ ညီဖြစ်သူ ဦးကျော်ညွန့်နှင့်အတူ သက္ကယ်ကျင်း တောရသို့ သွားရောက်ခဲ့ကြလေသည်။

သက္ကယ်ကျင်းသုသာန်မှာ

သက္ကယ်ကျင်းတောရသည် ကံကြီးရွာအနောက်တောင် ၁–မိုင်ကျော်ခန့်၌ရှိသည်။ ကံကြီးရွာမှထွက် ဆည်လေးသို့ဖြတ်၊ သက္ကယ်ကျင်းသုသာန်သို့ ရောက်သည်။

ဘုန်းကြီးမေဒေါ်ပု – ၉၂ နှစ် (၁၂၆၁–၁၃၅၂) ၂၆၊ ၃၊ ၉၁ နေ့ ကွယ်လွန်သည်။

ကမ္မည်းရေးထိုးထားသော အုတ်ဂူ တွေ့ရသည်။ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ကျားကူးမေ့ဓိမာန်ကျောင်းတော်ကြီး ဆရာတော် ဦးနန္ဒသိရိ

(မွှာစရိယ) ဒဂုံမြို့နယ် သံဃနာယကဥက္ကဋ္ဌ မယ်တော်ကြီး၏ ဝူဖြစ်သည်။

သာသနာ၌ ထင်ရှားသော ရဟန်းတစ်ပါးကို မွေးဖွားပေးခဲ့ပြီး သက်တော် ၉၂–နှစ်တိုင် အသက်ရှည်သော မယ်တော်ကြီး၏ သီလဂုဏ်ကို အောက်မေ့အမှတ်ရ သံဝေဂယူလျက် ညီအစ်ကို နှစ်ဦး ရှိခိုးကန်တော့ခဲ့ကြသည်။

လွမ်းစေတီတွင် ဦးတင်၍

သုသာန်ဓုတင်ဆောင်လေ့ရှိတော်မူသော တောရဆရာတော်ကဲ့သို့ ညဘက်မဝင်ရဲ၊ နေ့ဘက် သာဝင်၍ မရဏာနုဿတိကမ္မဋ္ဌာန်းဖြင့် အမှတ်ရ လျှောက်လှမ်းခဲ့ကြပြီး သက္ကယ်ကျင်းတောရအဝင် ကုန်းတော်ပေါ်၌ ဆရာတော်ဦးဣန္ဒ၏ လွမ်းစေတီတွင်ဦးတင်၍ ခေတ္တခဏ မိနစ် – ၃၀ ကြာမျှ ထွက်လေ ဝင်လေရှုမှတ် မေတ္တာပို့၊ စေတီတော်၏ ထီးတော် ခေါင်းလောင်းသံနှင့်အတူ ငယ်စဉ်ခါ ဤနေရာ ဤတော ဤတောရကြီး၌ ဆရာတော်ကြီး ဦးသီဟနှင့် တပည့်သာမဏေ ရဟန်းများ၏ လှုပ်ရှားသည့် ပုံဟန်နိမိတ်များ ဉာဏ်မျက်လုံးတွင် မြင်လည် အမှတ်ရ လွမ်းမောဖွယ်ဖြစ်ရ၍ အသံထွက် အမျှဝေခဲ့သည်။

တိတ်ဆိတ်ငြိမ်သက်လှသော ကျောင်း၏ ပရိဝုဏ်အတွင်း သီတင်းသုံးလျက်ရှိသော ဆရာတော် ဦးဉာဏဝံသ (မွှာစရိယ) ကို ဖူးတွေ့ကြရသည်။

တောရဆရာတော်သည် ဆရာတော်ကြီး ဦးသီဟထံ၌ ပညာသင်ခဲ့ပြီး တောရဆရာတော်ထံ၌ ဦးဉာဏဝံမှာ ပညာသင်ခဲ့၍ သိလိုသည်များ လျှောက်ထားလျက် အောက်ပါအတိုင်း အပိုင်း ၄–ပိုင်း ခွဲ၍ တင်ပြလိုက်ပါ၏။

တောရကျောင်း ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်

သက္ကယ်ကျင်းတောရကျောင်းမှာ သစ်ပင်မျိုးစုံ မကျည်း၊ တမာ၊ ထနောင်း၊ မဲဇလီ၊ အင်ကြင်း အပင်ကြီးများဖြင့် အုံ့မှိုင်းအရိပ်ရ အေးမြလှ၏၊ သိမ်ကျောင်းဓရပ် ရေတွင်းရေကန် တည်နေဟန်မှာ လျှို့မြောင်နိမ့်မြင့် ပဏာတင့်လှ၏။ တောကြက် တိန်ညင်များစွာ မြူးထူးပြေးလွှား တွန်သံများ ကြားရ မြင်ရသည်မှာ တောရကျောင်းနှင့် လိုက်ဖက်လှ၏။ ချိုးငှက်ဥဩ လွမ်းဖွယ်နှောသဖြင့် ရသေ့ရဟန်းတို့ မွေ့လျော်ရာ တောရကျောင်းသင်္ခမ်းဖြစ်၍ အေးချမ်းလှ၏။

မိမိတို့ ငယ်စဉ်အခါက ဤတောရကြီး၌ စာသင်သားကျောင်းသား သာမဏေ ပဉ္စင်း အလွန်ပေါများပြီး အလှူအတန်းတွေ ပေါများသဖြင့် မကြာခဏ ရောက်ခဲ့ရ၏။ ရဟန်းသံဃာအာဂန္တုပုဂ္ဂိုလ် ၅၀–ခန့်အတွက် ခေါင်းအုံး၊ နေကထိုင်၊ သင်ဖျူးဖျာ၊ အသုံးအဆောင် ပြည့်စုံ စည်ကားလှ၏။ ဆရာတော်ကြီး ဦးသီဟ သက်တော် ထင်ရှားရှိစဉ်က ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များ ဖြစ်ပါ၏။ တောရဆရာတော် ငယ်စဉ် နေ့စဉ် လူးလာခေါက်တုံ့ ပြေးလွှား စာသင်ခဲ့သော ကျောင်းတော်ကြီးပါတည်း။

အလယ်ကျောင်းဆောင်ကြီး အလှူရှင် ဦးနက် ဒေါ်ဝိုး

သက္ကယ်ကျင်းတောရ အလယ်ကျောင်းဆောင် အလှူရှင်များမှာ ကံကြီးရွာမှ ဦးနက် ဒေါ်ဝိုး မိသားစု ကောင်းမှုဖြစ်၏။ ကောဇာ – ၁၂၆၃–၁၂၆၇ –ဟု တိုင်ခွက်များတွင် ရေးထား၏။ ယခု စာရေးချိန် ၁၃၆၇–ဆိုလျှင် ထိုကျောင်းမကြီး သက်တမ်း နှစ် ၁၀၀–ပြည့်လေပြီ။

ရပ်တော်မူမုန်စီရွှေချ ဘုရားကြီး အလှူရှင် ဦးနက် ဒေါ်ပိုး

ရပ်တော်မူ ညဏ်တော် ၆–ပေ၊ လူတစ်ရပ်ခန့် မုန်စီရွှေချဘုရားကြီး အလှူရှင်မှာလည်း ဦးနက် ဒေါ်ပိုးတို့ပင် ဖြစ်လေသည်။

ဘုရားကျောင်းဒါယကာ ဦးနက် ဒေါ်ပိုးတို့၏ ဖြစ်စဉ် ဖယားချကာ မိမိ၏ ဘဝမှာ အောက်ပါ အတိုင်းဖြစ်ကြောင်း ဆရာတော် ဦးဉာဏဝံသ၏ မိန့်ကြားချက်အရ သိရပါ၏။

ရပ်တော်မူဘုရားကြီး၏ အောက်ခံပလ္လင် ကို ဘခင်ဦးကြည်၊ ဒေါ်စောကြည်တို့က ပြုပြင်လှူဒါန်းထားကြောင်း ကမ္ပည်းထိုးထား၏။

ထိုဘုရားကြီးမှာ သီးခြားကျောင်းတော်၌ ရှိ၏။ လက်တော်များမှာ အရှင်ဖြုတ်တတ်၍ရ၏။

တင်ပလ္လင်ခွေ ရွှေချဘုရားကြီး

ညဏ်တော် ၅–ပေခန့် မုန်စီရွှေချ တင်ပလ္လင် ခွေဘုရားကြီး ၁–ဆူလည်း ကပ်လျက်ရှိ၏။ သံကွင်းကြီး ၄–ကွင်းဖြင့် ရွှေ့ပြောင်းနိုင်၏။ ရှေးလက်ရာ သပ္ပါယ်လှ၏။



မှတ်ချက်– အစဉ် (၃) ဒေါ်မေမှ ဦးချစ်တင်၊ ဒေါ်စန်းကြည်၊ ဦးချစ်ခင်၊ ဒေါ်မြတင်၊ ဦးချစ်လွင်၊ ဦးဗလ၊ ဦးမုန်းနှင့် ဦးချစ်မွေးတို့ကို မွေးဖွားခဲ့ပါသည်။

အစဉ် (၄) ဦးစိန်မေမှ ဒေါ်ခင်ညွန့်၊ ဦးတင်အောင်၊ ဒေါ်ဝိုင်းကြည် တို့ကို မွေးဖွားခဲ့ပါသည်။

အစဉ် (၇) ဒေါ်အေးမှီမှ ဒေါ်တင်ညွန့်၊ ဦးညွန့်ရွှေ၊ ဦးညီလှ တို့ကို မွေးဖွားခဲ့ပါသည်။

ကျောက်ဆင်းတုဘုရားကြီး

သဏ္ဍာယ်ကျင်းရွာ ဘုရားအမ ဒေါ်အေးမှုံ သားသမီးတစ်စု ကောင်းမှု ၁၃၂၅–ခုနှစ်၊ နတ်တော် လပြည့်ကျော် ၂–ရက် ရေးထိုးထား၏။

ကျောက်ဆင်းတုဘုရားကြီး ဉာဏ်တော် ၂–ပေခန့်

သဏ္ဍာယ်ကျင်းရွာ ဘုရားဒါယကာဦးသာဒင် ဇနီး ဒေါ်စောရင် သားသမီးတစ်စု ကောင်းမှု ၁၃၂၈ –ခုနှစ်တွင် ဒုတိယဝါဆိုလ ရေးထိုးထား၏။

ကျောက်ဆင်းတုဘုရားကြီး ဉာဏ်တော် ၂–ပေခန့်

ကောင်းမှု မထင်ရှား

ရွှေအုပ်ကြီး ၂–လုံး

အလွန်ကြီးမားသော မှန်စီရွှေချ ရွှေအုပ် ကြီး ၂ လုံးရှိသည်။ ၁–လုံးမှာ ဦးမြမောင်၊ ဦးစံဦး ကောင်းမှုဟု ပြောသည်။ ကျန်၁–လုံးမှာ ဦးမြလေး+ ဒေါ်ငွေမိ သမီး မခင်ထွေး မိသားစုကောင်းမှု ဖြစ် သည်။ ရှေးဟောင်း အောက်လင်းဓာတ် မီးကြီးများ လည်း အမှတ်တရ ရှိနေသေးသည်။

ထိုတောရကျောင်းကြီး၏ အရှင် ဆရာ တော်ကြီး ဦးသီဟ၏ ထေရုပ္ပတ္တိ အကျဉ်းကား အဘယ်သို့ပါနည်း။

သဏ္ဍာယ်ကျင်း တောရဆရာတော် ဦးသီဟ (၁၂၅၄–၁၃၃၂)

သဏ္ဍာယ်ကျင်း တောရဆရာတော်လောင်း လျာကို ကောဇာ – ၁၂၅၄–ခုနှစ်၊ တော်သလင်း လဆန်း ၁၂–ရက်၊ သောကြာနေ့၊ နေ့စက် ၁–နာရီ ၃၃–မိနစ်၊ ၈–စက္ကန့်အချိန်တွင် ရမည်းသင်း ခရိုင် ကံကြီးရွာနေ ခမည်းတော် ဦးချစ်သာ မယ်တော် ဒေါ်လှမယ်တို့မှ ဖွားမြင်တော်မူသော အတိဇာတ သားကောင်း၊သားမြတ် ဖြစ်လေသည်။

အိပ်မက်ထဲကကုလားလေး

မယ်တော် ဒေါ်လှမယ်သည် ဦးသီဟကို မွေးဖွားခြင်း မပြုရသေးမီ နေ့စဉ်မပြတ် သရဏဂုံ သီလလုံသဖြင့် ဝတ်ဖြူစင်ကြယ်လှသူတော် တစ် ယောက်အိပ်မက်ထဲ၌ အိမ်ပေါ်သို့တက်လာ 'ဟဲ့လှမယ်နင့်ကို ကုလားလေးပေးထားခဲ့မယ်၊ နင် ဒီကုလားလေးကို ယူထား၊ နင့်မှာသုံးစွဲ၍ မကုန်နိုင်တဲ့ ရတနာတုံးလေးကဲ့သို့ ဖြစ်လိမ့်မည်၊' ပြောပြီး ကုလား လေးပေးထားခဲ့သည်ကို မယ်တော်ဒေါ်မယ်လှ ပြတ်ပြတ်သားသား ကြီးကျယ်အံ့ဩလောက်အောင် အိပ်မက်နိမိတ်ကြီး မြင်မက်သည်။

ပဋိသန္ဓေတည်စဉ်က အိပ်မက်အရ တမူ ထူးခြား ဆန်းပြားသဖြင့် မွေးဖွားလာသောအခါ ဦးကုလား ဟူသော အမည်တွင် လေသည်။

မန္တဒသက–ဆယ်နှစ်အရွယ် ကျောက် ပေါက်၍မသေ သံကိစ္စသာမဏောကဲ့သို့ ရှေးကြောင်း ရင်း ပကတူပကံ ရင့်သန်ကြီးမားသော မထေရ်မြတ် လောင်းလျာမှာ တစ်ရွာလုံး ကျောက်ဝက်သက် ဆား ဒဏ်သင့်ကြ – ထိုသူငယ်မှာ ရောဂါစွဲကပ်သော် လည်း သေဘေးမရောက်ခဲ့ ထူးခြားချက်တစ်ရပ်–

ကလေးသူငယ် ကစားဖော်များနှင့် ကစား ကြသောအခါ ရသေ့ရဟန်းအသွင်ပြုလုပ်၊ မည်သည့် ကိစ္စမဆို အကြီးအကဲလုပ်၍ ကစားခြင်း မဟော သဓာသုခမိန်ကဲ့သို့ ထူးခြားချက်တစ်ရပ်–

ပညာသင်ကြား၊ ရှင်သာမဏေဖြစ်ခြင်း

ကံကြီးရွာ မြောက်ကျောင်း ဆရာတော် ဦးအာဒိစ္စထံ၌ ပညာသင် ကောဇာ ၁၂၆၉–ခုနှစ်၊ တပေါင်းလပြည့် အသက် ၁၅–နှစ် ရှင်ဖြစ်။ ပဗ္ဗဇ္ဇာဘုံ နိလှူံစေပြီး တစပဥ္စက ကမ္မဋ္ဌာန်းကို ဆံချစဉ် နှလုံးသွင်းစေခဲ့လေသည်။

တစပဉ္စက ကမ္မဋ္ဌာန်း ဆိုသည်

'ငါ၏ကိုယ်မှာ နံ့သာမွှေးကြိုင်၊ မြဲခိုင်လှစွာ၊ ဆံပင်သာရှိ၊ အမွှေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့် သွားလည်းတစ်ထွေ၊ အရေတစ်မျိုး၊ ညီနံ့ဆိုးသည့်၊ အသိုးအပုတ်ချည့်ပါတကား' ဟူသော တစပဉ္စက ကမ္မဋ္ဌာန်းများကို နှလုံးသွင်းဆင်ခြင်ခြင်းကို ဆိုပါသည်။ ရဲရင့်သော ဗျူပွတ်ကို ကြည့်၍ ရှင်သီဟဘွဲ့ အမည်တွင်စေသည်။

ရဟန်းအဖြစ် သက္ကရာဇ်

ကောဇာ ၁၂၇၆–ခုနှစ်၊ တန်ခူးလဆန်း ၃–ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၉–နာရီ ဘွားအချိန် ကံကြီး မြောက်ကျောင်း 'သာသနဝိသုဒ္ဓိသိမ်မြတ်' ၌ ဆရာတော်ကြီး ဦးအာဒိစ္စကိုပင် ဥပဇ္ဈာယ်ပြု၍ သက္ကယ်ကျင်းရွာ၊ ကျောင်း ဘုရား ဒါယကာ ဦးကောက်ကြီး+ ဒေါ်မှိုဥ တို့က ရဟန်းဒါယကာ အဖြစ် ဥပသမ္ပဒ မင်္ဂလာသဘင် ဆင်ယင်၍ ခံယူခဲ့ကြလေသည်။

မန္တလေးတွင် ပညာသင်ကြား

ကံကြီးမြောက်ကျောင်း ရဟန်း ၁–ဝါ ပညာသင်ပြီး မန္တလေးနေပြည်တော်သို့ တက်လှမ်း ရွှေရေးဆောင်တိုက် ဆရာတော်ဘုရားကြီး ဦးအာဒိစ္စရံသီနှင့် ဦးပဏ္ဍိစ စသော ဆရာတော်များထံ၌ ရဟန်းတို့ သင်အပ် ကျင့်အပ် ကျင့်ထိုက်သော ပါဠိတော် အဋ္ဌကထာများ ၃–နှစ်တိုင် ဆည်းပူးတော်မူခဲ့သည်။

ကံကြီးမြောက်ကျောင်း၌ ဂဏဝါစက စာချအဖြစ် ဆောင်ရွက် ရဟန်း ၅–ဝါအရ စတုပါရိသုဒ္ဓိသီလ = ၄ပါးသော သီလလုံလျှင် မိုး အကြီးအကျယ် ရွာမည်ဟု ၁၂၈၀–ခုနှစ်၊ ဝါခေါင် လဆန်း ၄–ရက် ည လူသူတော်တစ်ဦးက သီလ မယုံလျှင် မိုးမရွာ ပြောဆို အိပ်မက်မြင်၏။

၅–ရက်နေ့ မိုးကြီးရွာ၏။ ငါ ရဟန်းဘဝ သာသနာဘောင်မှာ နေလို့ ဖြစ်မည် ဆုံးဖြတ်ချက်ချ၏။

သက္ကယ်ကျင်းတောရသို့ပင့်ခြင်း

ကောဇာ – ၁၂၈၂–ခု၊ ပထမဝါဆိုလဆန်း ၁–ရက်၊(၁၇.၆.၁၉၂၀) သက္ကယ်ကျင်းတောရ ဆရာတော်ဦးဣန္ဒ မကျန်းမာ၍ သက္ကယ်ကျင်း တောရသို့ ကံကြီးမြောက်ကျောင်း၌ စာချနေသော ဆရာတော် ဦးသီဟကို ရဟန်းဒကာနှင့် အခြားဒါယကာများက ပင့်၍ ဆရာတော်ဦးဣန္ဒအား ပြုစုလျက်ဦးသီဟတို့ တောရမှာပင် ၁–ဝါရ၏။ ၁၂၈၂–ခု၊ တန်ဆောင်မုန်းလဆုတ် ၄–ရက်၊ ဗုဒ္ဓဟူးနေ့ ဦးဣန္ဒ ပျံလွန်တော်မူ၏။ *

ပထမဆရာတော် ဦးဣန္ဒ၏ လွမ်းစေတီ

ကောဇာ ၁၂၉၆–ခုနှစ်၊ ပထမဆရာတော် ဦးဣန္ဒအား ရည်စူး၍ သက္ကယ်ကျင်း တောရကျောင်း

* ၁ မေးမြိုင်ဆရာတော်၏ သက္ကယ်ကျင်းတောရ ဆရာတော် ဦးသီဟ ထေရုပ္ပတ္တိအကျဉ်း

အရှေ့ဘက် ကုန်းပေါ်၌ လွမ်းစေတီ အထိမ်းအမှတ် တည်ထားခဲ့လေသည်။ ခေါင်းလောင်းသံနှင့်အတူ ဘာဝနာပွား အမျှဝေခဲ့ကြောင်း ဤစာ၏အစ၌ ဖော်ပြခဲ့ပြီးလေပြီ။

ယခု စာရေးချိန်၌ ထို လွမ်းစေတီ၏ သက်တမ်းသည်ပင် ၇၂– နှစ် ကြာခဲ့လေပြီ။ (ဤသို့ ရေးမှတ်ထားခြင်းမရှိခဲ့လျှင် မည်သည့်အတွက် တည်ထားခဲ့သော ဘုရားဟု မသိကြ ဖြစ်ပေလိမ့်မည်)

ပထမ ဆရာတော် ပျံလွန်ပြီးနောက် ဆရာတော်ဦးသီဟသည် တောရကျောင်းတိုက်၌ တပည့် ရဟန်းသံဃာ ၅၀ ကျော်တို့ကို ပညာသင်ပို့ချ၊ သာသနာတော်၏ တာဝန်များထမ်းဆောင်တော်မူခဲ့ရာ 'တောရကျောင်း ရေးဖြစ်ပေါင်း အောက်မေ့ဖွယ်' ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ပျံလွန်တော်မူ

ကောဇာ – ၁၃၃၂၊ နတ်တော်လပြည့်ကျော် ၂–ရက်၊ ညသ၁–နာရီ သက်တော် ၇၈–နှစ်၊ ဝါတော် –၅၆ ဝါအရ ဆရာတော်ဦးသီဟ ပျံလွန်တော်မူခဲ့လေသည်။ (ထေရုပ္ပတ္တိအကျဉ်းကို စမ်းမြိုင် ဦးပညာသီရိ ရေးသားပူဇော်ခဲ့သည်။)*

ဆရာတော်ဦးသီဟ ပျံလွန်ပြီးနောက် သက္ကယ်ကျင်းတောရကျောင်း ဆရာတော်အဖြစ် ဦးဥာဏဝံသ (ဓမ္မာစရိယ) အား ရွေးချယ်တင်မြှောက်ကြ၏။

ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်ကြီးတွင် ဂဏဝါစက စာချဘုန်းကြီး တာဝန် ဆောင်ရွက်နေရာမှ ဇာတိရွာသို့ ပြန်ဆင်းခဲ့ရခြင်းဖြစ်၏။ ထိုဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကိုလည်း ဖော်ပြအပ်ပါ၏။

ဆရာတော်ဦးဥာဏဝံသ (ဓမ္မာစရိယ)

ဖွားမြင်တော်မူ – အရှင်ဥာဏဝံသည် ရမည်းသင်းခရိုင်၊ သက္ကယ်ကျင်းကျေးရွာ၊ အဘ ဦးထွန်းမောင်+ အမိဒေါ်ဒေါ်မွေးတို့မှ ၁၂၉၃ ခုနှစ်၊ နတ်တော်လဆန်း ၂– ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သော အထွေးဆုံး သားမြတ်ရတနာ ဖြစ်ပါသည်။

ရှင်ဖြစ်ခြင်း – ၁၃၀၈ ခုနှစ်၊ တပေါင်းလဆန်း ၈–ရက်၊ တနင်္လာနေ့တွင် သက္ကယ်ကျင်းတောရကျောင်း ဆရာတော် ဦးသီဟကို ဥပဇ္ဈာယ်ပြုလျက် မိဘတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ဖြစ်လာသည်။

ရဟန်းဖြစ်ခြင်း – ၁၃၁၃–ခု၊ ဒုတိယဝါဆိုလဆန်း ၄–ရက်၊ စနေနေ့တွင် ပျဉ်းမနားမြို့၊ ညောင်ရမ်းတောရဆရာတော် ဦးစိန္တာကို ဥပဇ္ဈာယ်ပြုလျက် ပျဉ်းမနားမြို့ ကုန်သည် ဦးမြသိန်း ဒေါ်ထွေး တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဓမ္မာစရိယ ဘွဲ့ရရှိခြင်း– ၁၃၂၃ ခုနှစ်၊ နိုင်ငံတော်အစိုးရ ကျင်းပသော ပါဠိပထမပြန်စာမေးပွဲ၌ 'သာသနဓဇ ဓမ္မာစရိယ' ဘွဲ့ကို ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်မှ ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

စာလိုက်ခဲ့သော ဆရာတော်များ

ရမည်းသင်းမြို့နယ်၊ သက္ကယ်ကျင်းတောရ ဆရာတော် ဦးသီဟ၊ ဦးစန္ဒန၊ ကံစွယ်ကျောင်း ဆရာတော် ဦးဉာဏ၊ ဦးဇောတိက၊ ပျဉ်းမနားမြို့ စမ်းမြိုင်တိုက်သစ် ဆရာတော် ဦးပညာသီရိ၊ မင်္ဂလာဓေယျံပါဠိတက္ကသိုလ် အရှင်သုမင်္ဂလ၊ မစိုးရိမ်ဆရာတော် ဦးဥက္ကဋ္ဌ၊ ရန်ကုန်မြို့ဘုရားဖြူတိုက် ဆရာတော် ဦးပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ) တိုက်အုပ် အရှင်

* စမ်းမြိုင်ဆရာတော်၏ သက္ကယ်ကျင်းတောရဆရာတော် ဦးသီဟ ထေရုပ္ပတ္တိအကျဉ်း

ဝဏ္ဏိမာ၊ ကထိက အရှင်နရိန္ဒာဘိဝံသနှင့် အရှင်တိသရ တို့ ဖြစ်ပါသည်။

(ဤထေရုပ္ပတ္တိအကျဉ်းကို နိုင်ငံတော်အစိုးရ ၁၃၂၃–ခုနှစ်၊ (၁၉၆၂)ခုနှစ်ထုတ် ဓမ္မာစရိယဘွဲ့ ရ ပြန်တမ်းဂေဇက်စာအုပ်၌ ဖော်ပြထားသည်မှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။)*

ထို ဆရာတော် ဦးဉာဏဝံသသည်ပင် သတ္တုယ်ကျောင်း တောရဆရာတော်အဖြစ် ၁၃၃၂ မှ ယခု ၁၃၆၇ ခုနှစ်အထိ၊ ၃၅–နှစ် ခရီးရှိခဲ့လေပြီ။ သက်တော် ၇၄၊ ဝါတော် ၅၄ ဝါ သာသနာတော်မှာ ဝန်ဆောင်ဆဲ ဖြစ်လေသည်။

အရုဏ်တက်ချိန် လေးစားတော်မူ

ဆရာတော် ဦးဉာဏဝံသမှာ တောရဆရာတော်၏ တပည့်ရင်း ပီပီ၊ အရုဏ်တက်ချိန်ရောက်ပြီးမှ ကျောင်းပရဝုဏ်က ထွက်၊ ဆွမ်းကိစ္စ အကပ်ခံ သုံးဆောင်တော်မူလေ့ရှိသည်။

ဆရာတော်၏ မူလပင်ကိုယ်သဘာဝမှာ အေးချမ်းစွာ နေလေ့ရှိသည်။

ကမ္မဋ္ဌာန်း စီးဖြန်းလိုသူတို့အတွက် လွန်စွာကောင်းသည့်နေရာ

'သမာဓိရဲ့ရန်သည် အသံ' ဟု တောရဆရာတော် မိန့်သည်။ သမာဓိ ထူထောင်စ ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ရမည်ဟု တောရဆရာတော် အမြဲနှလုံးသွင်းလေ့ရှိသည့် ဂါထာ ၂–ပုဒ်ကို 'တောရ ဆောက်တည်ခြင်း ပထမဝါတော် ၂၀–ကာလ' အစ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

သုညာဂါရံ – ပဝိဋ္ဌဿ အစရှိသော ဂါထာ ဖြစ်လေသည်။ ဆိတ်ငြိမ်ရာကျောင်း၌ ဝင်လျက် ငြိမ်သက်သောစိတ်ရှိကာ ဘုံသုံးဖြာ၌ ဖြစ်သော ရုပ်နာမ်တရားတို့ကို အမြဲမရှိ၊ ဆင်းရဲ၏။ ကိုယ်ပိုင်အစိုးရခြင်း မရှိဟု ရှုမြင်သုံးသပ်သော ပုဂ္ဂိုလ်အား ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို ဆင်ခြင်သုံးသပ် အမြိုက်နိဗ္ဗာန်ကို အထူးသိ၊ ဝမ်းမြောက်ခြင်း ဖြစ်ပေလိမ့်မည်ဟု ဆိုထားရာ –

ထိုနေရာ ထိုဒေသ ထိုတောရအကြောင်း အထက်၌ တင်ပြခဲ့ပြီးဖြစ်သည်။ ကမ္မဋ္ဌာန်း စီးဖြန်းလိုသော ပုဂ္ဂိုလ်များအတွက် လွန်စွာ အေးချမ်း ဆိတ်ငြိမ်သော နေရာကြီးဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဘခင်ကြီးနှင့်အတူ

ဘခင်ကြီးဦးကြည်နှင့် ဦးဘချစ် မိသားစုများ၊ အခြားသူများ ဝါတွင်း ဥပုသ်နေ့များ၌ သတ္တုယ်ကျောင်းတောရ၌ သီလယူ ကမ္မဋ္ဌာန်းအလုပ်အားထုတ်ခဲ့ကြသည်။ မိမိလည်း ရံခါဘခင်ကြီးနှင့် လိုက်ပါ ဘာဝနာပွားခဲ့ဖူးလေသည်။

ဆရာကောင်းထံ နည်းခံဖို့လို

ကမ္မဋ္ဌာန်းတရား အားထုတ်လိုသော ပုဂ္ဂိုလ်သည် ခန္ဓာ၊ အာယတန၊ ဓ ာက်၊ သစ္စာ၊ ဣန္ဒြေ၊ ပဋိစ္စသမုပ္ပါဒ်၊ အခြေခံ နားလည်ထားရန်နှင့် သတိပဋ္ဌာန်တရားလေးပါးအစ ဗောဓိပက္ခိယ ာရား ၃၇ ပါး စသည့်သဘောတရား ဆရာကောင်းထံ နည်းခံဖို့တော့ လိုပါသည်။

ဆရာဖြစ်သူက လမ်းမှန်အောင်ပို့ဆောင် လိုက်နာသူက တိကျလျှင် နိဗ္ဗာန်ချမ်းသာရနိုင်သော သာသနာတွင်း ကာလကောင်းကြီးနှင့် ကြုံနေရသည်ကို လက်လွှတ်မခံသင့်ပေ။

---

* နိုင်ငံတော်အစိုးရ ၁၃၂၃–ခုနှစ် (၁၉၆၂) ဓမ္မာစရိယဘွဲ့ရ ပြန်တမ်းစာအုပ်

အင်းကောက်တောသို့

၁၊ ၅၊ ၉၃ နေ့ပင် ဆက်လက်၍ မိမိတို့ ညီအစ်ကို ၂-ဦး၊ ကံကြီးရွာအနောက်တောင်ရှိ အင်းကောက်တောသို့ ခရီးဆက်သည်။

ပဲခူးရိုးမတောင်တန်း၏အရှေ့ဘက်တောင်ခြေတောများကို အင်းကောက်တော ဟုခေါ်ပါသည်။

ထိုအင်းကောက်တော၌ ဦးလေးအရင်း ဦးပေါလှိုင်ရှိသည်။ အမေ၏ မောင်အရင်းဖြစ်သည်၊ လုံချည် ၁-ထည်၊ မုန့်ဖြင့် ကန်တော့ကြသည်။ ယခုအခါ ၁၃၆၇-ခုနှစ် (၂၀၀၆) နှစ်၌ ဦးလေး၏ အသက်မှာ ၈၅-နှစ်ရှိလေပြီ။ (ထိုစဉ်က ၇၂-နှစ်ဖြစ်သည်)။ အင်းကောက်တော၌ တဲပေါင်း ၇၀-ခန့် ရှိလေသည်။

တောရဆရာတော် အင်းကောက်တောသို့ ကြွလာခဲ့ဖူးသည်

နဘူးကျင်းရန်ကင်းတောရ၌ တောရဆရာတော် သီတင်းသုံးစဉ် ပထမဝါတော် ၂၀ ကာလ သက်တော် ၆၀ ကျော်ရှိတော်မူစဉ်က ဤနေရာ ဤတော ဤအရပ်သို့ သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဖြင့် ဦးပေါလှိုင်ရှိလို့ ကြွလာခဲ့ကြောင်း မိန့်ဆိုရောက်လာခဲ့ဖူးသည်ဟု ဦးလေးက ပြောပြသည်။

ဆွမ်းလောင်းလှူကြ

ဦးလေးဖြစ်သူ ဦးပေါလှိုင် ခေါင်းဆောင်သော တဲပေါင်း ၇၀-ကျော် က တောရဆရာတော်သူတို့ တောသူတောင်သားတွေကို ချီးမြှောက်လိုလို့ ဆွမ်းခံကြွလာသည်ကို ဝမ်းပန်းတသာ ကြိုဆို ဆွမ်းများ သပိတ်မှာ လောင်းလှူခွင့်ရကြ၊ ဂုဏ်ယူမဆုံးဖြစ်ခဲ့ကြရကြောင်း ပြောပြကြသည်။

ရသေ့ကြီးဦးခန္တီ၏ လွမ်းစေတီ

ရသေ့ကြီးဦးခန္တီ ငယ်စဉ် နွားကျောင်းသားဘဝက အမှတ်တရ နေခဲ့ဖူးသော နေရာ၌ လွမ်းစေတီ တည်ထားခဲ့ကြောင်း ပထမပိုင်း၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

ဦးလေး ဦးပေါလှိုင် မမွေးမီ(၁၀)နှစ်ခန့်က ထိုလွမ်းစေတီကို ဦးခန္တီ တည်ခဲ့ကြောင်း ပြောသည်။ ဦးလေးမှာ ၁၂၈၂-ခုနှစ်၊ ဖွားမြင်၍ ယခု ၁၃၆၇ တွင် ထိုလွမ်းစေတီ၏သက်တမ်း နှစ်ပေါင်း ၉၅နှစ် ၁၀၀ နီးပါး ရှိလေပြီ။ ထိုစေတီကို မြင်ရခြင်းဖြင့် အနယ်နယ် အရပ်ရပ်မှာရှိသော ဦးခန္တီ၏ ကောင်းမှုများ အမှတ်ရ ကျေးဇူးဂုဏ်များကို လွမ်းရ တမ်းတရလေတော့သည်။ တောရဆရာတော် ဤနေရာသို့ အရောက် ကြွခဲ့ လှမ်းခဲ့ဖူးကြောင်း မှတ်တမ်းတင်ရပါသည်။

သာလာယံဇရပ်နှင့် မေတ္တာကန်

အင်းကောက်တော၏ အနောက်တောင်တွင် ရှေးက 'သာလာယံဇရပ်' တစ်ဆောင်ရှိခဲ့ဖူးကြောင်း၊ စတုဒိသာ အရပ်လေးမျက်နှာမှ ခရီးသွားခရီးလာဧည့်သည်များအနေဖြင့် လိုအပ်ပါက ချက်ပြုတ်စားသောက်နိုင်ရန် ဆန် ဆီ ဆား ငြုပ် ကြက်သွန် စသည်များနှင့် သောက်ရေသုံးရေအတွက် ရေကန်တူးဖော် အုတ် အင်္ဂတေများဖြင့် သန့်ရှင်းစွာထားရှိခဲ့ကြောင်း၊ ထိုရေကန်ကို 'မေတ္တာကန်' ဟု ခေါ်ကြောင်း၊ ဇရပ်မရှိတော့ကြောင်း၊ မေတ္တာကန်မှာ ယခုတိုင် ရှိနေသေးကြောင်း ဦးလေးက ပြောပြပါသည်။ ထိုဇရပ်နေရာနှင့် မေတ္တာကန်ရှိရာသို့ တောရဆရာတော် အရောက်ကြွသွား ကြည့်ရှုတော်မူခဲ့ကြောင်း သိရပါသည်။

ယခုအခါ၌ ထိုနေရာတစ်ဝိုက်တွင် ဆိတ်ငြိမ်အေးချမ်းလှသဖြင့် တပ်မတော်မှ အငြိမ်းစား

ယူလာ၊ ရဟန်းအဖြစ်သို့ ရောက်လာသော ဆရာတော်တစ်ပါး ရောက်ရှိနေပြီး ဥပုသ် လပြည့်လကွယ် သီလယေး တရားချီးမြှင့်နေကြောင်း ကြားရသိရပါ၏။

အခန်း (၅)

အရဏ္ဏဂူကာလဝိနိစ္ဆယခေါ် အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း ဒုတိယအကြိမ် ရိုက်ခြင်း

အရဏ္ဏဂူကာလဝိနိစ္ဆယခေါ် အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်းကို ကောဇာ ၁၃၂၉ ခုနှစ်က ပထမအကြိမ် ရိုက်နှိပ်လှူဒါန်းခဲ့ပြီး၊ ၁၃၅၆ ခုနှစ်တွင် နှစ်ပေါင်း ၂၇-နှစ်မျှ ကြာခဲ့ပြီဖြစ်ရာ သာသနာတော်ကြီး အရှည်တည်တံ့စေရန်, အတွက် ထိုကျမ်းကို ဒုတိယအကြိမ်ရိုက်နှိပ် လှူဒါန်း ကြရန် မိမိနှင့် တပ်ကုန်းမြို့ ဒေါင်းမင်းဆီစက် ဦးအောင်ခတို့ အစဦးစွာ တိုင်ပင်ခဲ့ကြပါသည်။

နီးစပ်ရာ တပည့်ဒါယကာများကို ကျမ်းစာများ ရိုက်နှိပ်ဖြန့်ဝေလှူဒါန်း ကြမည့်အကြောင်း စာဖြန့်ဝေပို့၏။ ဤသို့အားဖြင့် ရန်ကုန်မြို့မှ ဦးညွန့်လှိုင် ဦးတင်ဝင်း လယ်ဝေးမြို့မှ ဦးကောက်တည်၊ ရမည်းသင်းမြို့ ရွာတန်းနှင့် ကံကြီးရွာ တပ်ကုန်းမြို့မှ ဓမ္မမိတ်ဆွေများ စုပေါင်းအလှူငွေဖြင့် -

ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ) လက်ထောက် ညွှန်ကြားရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ထုတ်ဝေသူ နိဒါန်းရေးသူ အဖြစ်၊ မိမိက စီစဉ်သူအဖြစ် ဆောင်ရွက်ခဲ့ကြပြီး ရန်ကုန်မြို့ လမ်း ၃၀-ဦးအေးမောင် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ကြပါသည်။*

ကျမ်းစာအုပ်များ ယူဆောင်ပြီး ရန်ကုန်မှ ရထားစီး၍ ဦးသိမ်းဆောင် ဦးညွန့်လှိုင်တို့ တပ်ကုန်းမြို့ ဒေါင်းမင်းဆီစက် အစ်ကိုကြီး ဦးအောင်ခအိမ်သို့ သွားခဲ့ကြ၏။ (၁၇.၂.၉၅) နေ့ တောရဆရာတော် သီတင်းသုံးရာ ထန်းတပင် တောရကြီးသို့ ဒေါင်းမင်း၏ ကားဖြင့် သွားရောက်ကပ်လှူကြ၏။

ကျမ်းစာမျက်နှာဖုံး အရောင်မျိုးစုံ ဒီဇိုင်းဖြင့် ပုံနှိပ်ခဲ့ကြသည့်အတွက် 'မကြိုက်တာကို လုပ်ရမလား' ဟု ဆူပူကြိမ်းမောင်းခြင်းဖြင့် ချီးမြှင့်တော်မူ၏။ နောက်ပိုင်းမှ ပြုံးတော်မူ၏။

တောရဆရာတော် ပြုံးတော်မူခြင်းသည် ခွင့်လွှတ်ခြင်းဖြစ်၍ ဝမ်းသာပြီး ညနေစောင်းမှ ပြန်ကြ၏။ အစ်ကိုကြီးဦးအောင်ခ တပ်ကုန်းမှာ ဆင်းပြီး သားဖြစ်သူ ကိုစိုးသန်းက ထိုကားဖြင့်ပင် ပြတိုက်မှတ်တိုင်အထိ လိုက်ပို့ပေး၏။

နောက်တစ်နေ့ (၁၈.၂.၉၅) ရက်စွဲဖြင့် ထန်းတပင်တောရမှ ဆရာတော် ဦးကေဝလထံမှ စာကို ရဟန်းတစ်ပါး လာပို့၏။ အရဏ်တက်ချိန်ကျမ်း၌ စာမျက်နှာ ၄-မျက်နှာ မရိုက်မိ၊ ပုံနှိပ်တိုက်ကို အသိပေးရန်, ဤကဲ့သို့ မဖြစ်စေရန် တောရဆရာတော် မိန့်ခြင်းကြောင့် ကျမ်းစာအုပ်နှင့် စာပို့ရကြောင်း ပါရှိ၏။ ***စာများမမှားသော်လည်း စာအုပ်ချုပ်သောအခါ စာမျက်နှာများ မှားယွင်းမှု မဖြစ်စေရန်အတွက် ထိုစာကိုလည်း မူရင်းအတိုင်း တင်ပြလိုက်ပါ၏။*** မိမိ၏ ညံ့ဖျင်းမှု၊ သတိမရှိမှု စစ်ဆေးခြင်း မသေချာမှုကို များစွာ စိတ်မသက်သာဖြင့် ဖြစ်မှ ဖြစ်ရလေခြင်းဟုသာ ဖြစ်ရပါတော့၏။

၁၃၅၇ နဘူးကျောင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ

သာသနာ ၂၅၃၉၊ ကောဇာ ၁၃၅၇-(၁၉၉၅)ခုနှစ် နဘူးကျောင်း ရန်ကင်းတောရကြီး၌ ဆက်တိုက် ဝါကပ်တော်မူသည်။ သက်တော်-၇၄၊ ဝါတော် ၅၅-တောရဝါ ၃၃-ရှိလေပြီ။

---

* အရဏ္ဏဂူကာလ ဝိနိစ္ဆယ ခေါ် အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း (ဒု-ကြိမ်) ရိုက်နှိပ်

(၁၈-၂-၉၁)

သို့/

ဒါယကာဦးသိန်းဆောင်

စာရေးသိစေအပ်ပါသည်.
ပို့ပေးလိုက်သော အင်္ဂလိပ်ဘာသာပြန် အဘိုး-
အမြတ်ကျမ်းစာအုပ်နှင့် စာမျက်နှာ(၄)-
မျက်နှာ စာသား ပေါက်မိတ်ကျန်ရှိနေပါသည်.
သို့ကြောင့် အခြားအခြားသော စာအုပ်များ
စကားဝိုက်နှိုင်းယှဉ်၍ မိုက်တွဲဖြည့်ပေးရန်
နှင့်နိုင်ပါလျှင် အသစ်ပေးစေလိုသည်
လိုသည့်အကြောင်း၊ တောရဆရာတော်ဘုရား
ကြီးက မိန့်ကြားပါသဖြင့် - ဤစာအုပ်ကို
ဒါယကာဦးသိန်းဆောင်အား အမြန်ဆုံးပို့-
ပေးလိုက်ပါသည်။

ဒါယကာကြီး မြတ်ဆောင် ပြန်ပို့ပါလျှင်
အသစ်ပေး ပါရန် မျှော်လင့်ပါသည်။

မေတ္တာရှေ့ထားလျက်
အရှင်ကောဝိဒ
ထန်းတပင်တောရ
လယ်ဝေးမြို့နယ်

၁၈.၂.၉၁ ရက်စွဲပါ ထန်းတပင်တောရ ဦးကောဝိဒမှ
မိမိစာရေးသူသို့ ပေးပို့သည့်စာ

ထိုနှစ်အတွင်း အောက်ဖော်ပြပါ သိမ်အလုံး ၅–လုံး သမုတ်တော်မူခဲ့သည်။

ထိုနှစ်မှာ ယခင်နှစ်များနှင့်မတူ ဝါတွင်းကာလ ရဟန်းသံဃာ လူပုဂ္ဂိုလ်များကို လုံးဝအတွေ့မခံ၊ ဝါပကာလများ၌လည်း လူသူကင်းဆိတ်စေလိုသည့်အတွက် မည်သည့်ပုဂ္ဂိုလ်မျှ လက်ခံတွေ့ဆုံခြင်းမရှိကြောင်း ဒေါင်းမင်းဦးအောင်ခ၏ စာနှင့် နဘူးကျောင်းရွာကျောင်း ဆရာတော်၏ စာများကို မူရင်းအတိုင်း တင်ပြသည်ကို ဖတ်ရှုရခြင်းဖြင့် သိနိုင်ပါ၏။

ထိုနှစ်တွင် အောက်ပါကျမ်းစာများကို ရေးခဲ့လေသည်။

(၁) ဓုတင်္ဂနိနိစ္ဆယခေါ် ဓုတင် အဆုံးအဖြတ်ကျမ်း

(၂) သရက်ကန်နှင့် ဘုရားဖြူ ဆရာတော် ထေရုပ္ပတ္တိ မှတ်တမ်းများ

(၃) သိမ်မှတ်တမ်း ပါဠိ–မြန်မာ

(၄) ဓမ္မသံယုတ္တကျမ်းစာ၊ ပါဠိ–မြန်မာ

(၅) ဝန္ဒနာစုံကျမ်းစာ ပါဠိ–မြန်မာ စသည် ဖြစ်လေသည်။

ထိုနှစ် သိမ် ၅–လုံး သမုတ်တော်မူခဲ့၏။ အောက်ပါအတိုင်း ဖြစ်ပါသည်။

သိမ်အမှတ် ၅၂–ပန်းစုံသိမ်

သာသနာ ၂၅၃၉၊ ကောဇာ ၁၃၅၇၊ ကဆုန်လဆန်း –၄ ရက်၊ (၁၈.၄.၁၉၉၅) အင်္ဂါနေ့ ည ၁၁–နာရီ ၂၅–မိနစ် အချိန်၊ မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ် မြို့၊ မြင်းဘက်ရပ်ကွက် ပန်းစုံကျောင်း ခဏ္ဍသိမ်ကြီး ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၅၆–ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၅၃–နံတော်စဉ် သိမ် (ဝိသုံဂါမသိမ်)

သာသနာ ၂၅၃၉၊ ကောဇာ – ၁၃၅၇၊ ကဆုန်လပြည့် –၁၅ ရက်(၁၃.၅.၁၉၉၅) စနေနေ့ နံနက်ခင်း ၉–နာရီကျော်အချိန်၌ ပျဉ်းမနားမြို့ နံတော်စဉ် ကျောင်းတိုက်အတွင်း ဝိသုံဂါမမြေ၌ ဗဒ္ဓသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၅၄–ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၅၄–ပေပင်သိမ်

သာသနာ ၂၅၃၉၊ ကောဇာ – ၁၃၅၇၊ ဝါခေါင်လပြည့်ကျော်၊ ၁၂–ရက်(၂၂.၈.၁၉၉၅) အင်္ဂါနေ့ ည ၉–နာရီ၊ ၃၈ မိနစ် အချိန် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် သဖန်းချောင်းအုပ်စု ပေပင်ကျောင်း ဓမ္မပါလ ခဏ္ဍသိမ်ကြီးကို တောရဆရာတော် ဦးဆောင်သော ၃၁–ပါး ရဟန်းများတို့ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၅၅–ရွာသစ်ကလေး သိမ်

သာသနာ ၂၅၃၉၊ ကောဇာ ၁၃၅၇–ခု၊ နတ်တော်လပြည့်ကျော် ၄–ရက်။(၁၀.၁၂.၁၉၉၅) တနင်္ဂနွေနေ့ည ၉–နာရီ၊ ၁၉–မိနစ်အချိန်၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ရွာသစ်ကလေး ကျောင်း သာသနောပကာရ သိမ်ကို တောရ ဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၄–ပါး တို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် –၅၆ ကင်းတားသိမ်

သာသနာ – ၂၅၃၉၊ ကောဇာ ၁၃၅၇၊ နှောင်းတန်ခူးလပြည့်ကျော် ၆–ရက်၊(၈.၄.၁၉၉၆) တနင်္လာနေ့ည ၁၀–နာရီ၊ ၂၃–မိနစ်အချိန် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ကင်းတားရွာကျောင်းသိမ်ကို တောရဆရာတော်ဦးဆောင်သော ရဟန်း ၂၈–ပါးတို့ သမုတ်တော်မူခဲ့ကြသည်။

ကျမ်းစာများ ရိုက်နှိပ်ရေးနှင့် ဖူးတွေ့ခြင်းများ ဆက်လက်တင်ပြသွားမည် ဖြစ်ပါ၏။

တပ်ကုန်းဒေါင်းမင်းဆိုင်စက် ဦးအောင်ခ ပေးပို့သည့်စာ

တပ်ကုန်းမြို့ ဒေါင်းမင်းဆိုင်စက် အစ်ကိုကြီးဦးအောင်ခ၏ (၂၃.၇.၉၅) ရက်စွဲပါ စာအရသက်န်းရောင်အဆုံးအဖြတ် ကျမ်းစာ ၁၀၀၀–အုပ် ရိုက်ရန်နှင့် အုပ်ရေ ၁၀၀၀–ထက်မပိုနှင့်၊ တောရဆရာတော်၏ ကျမ်းစာများတွင် ဆရာတော်က ထေရပွတ္တိ ထည့်တာ မကြိုက်၍ ထေရပွတ္တိ အကျဉ်းမထည့်သင့်၊ ယခု ဝါတွင်းကာလ မည်သူ့မျှအတွေ့မခံ၊ ကျမ်းစာ ရေးနေကြောင်း၊ စသည် များစွာနှင့် ၎င်းအနေဖြင့် ကျောင်းဆောက်နေကြောင်းများ ပါရှိသည့် စာမူရင်းကို *အမှတ်တရ သိမ်းထားသဖြင့် ဤနေရာ၌ ဖူးတွဲဖော် ပြလိုက်ပါ၏*။ ဦးအောင်ခ၊ ဦးညွန့်လှိုင် မိမိတို့ မည်သို့ ဆောင်ရွက်ခဲ့ကြကြောင်း နှောင်းခေတ်လူတို့ သိသာပါရန် *သက်သေခံ မူရင်းလက်ရေးကို မှတ်တမ်းတင်ခြင်းလည်း* ဖြစ်ပါ၏။

သက်န်းရောင် အဆုံးအဖြတ်နှင့် ဆန္ဒပေး အဆုံးအဖြတ် ဒုတိယအကြိမ်ရိုက်

မိမိထံမှ ပေးစာအရ သက်န်းရောင် အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒပေး အဆုံးအဖြတ်ကျမ်း ဒုတိယအကြိမ် ရိုက်ရေးကို အစ်ကိုကြီးဦးအောင်ခထံမှ အထက်ပါစာအရ လမ်း ၃၀–ဦးအေးမောင်ပုံနှိပ်တိုက်မှာပင် ရိုက်နှိပ်ခဲ့ကြ၏။

ထိုကျမ်းစာရိုက်ပြီး လူကြုံဖြင့် ပို့၍ ညီဖြစ်သူ ဦးကျော်ညွန့် ကံကြီးရွာနေသူအား ရန်ကင်းတောရဆရာတော်ထံပို့လှူစေရာ 'ပြင်စရာရှိနေတယ် ခွင့်ပြုချက်မရဘဲ ရိုက်ရမလား' ဟု ဆူပူကြောင်း ကြားရ၏။

အစ်ကိုကြီးဦးအောင်ခထံ ဖုန်းဆက်၏။ တောရဆရာတော်က နှုတ်မိန့်ခွင့်ပြုကြောင်း ပြော၏။ ဤသို့ဖြင့် ဆူပူခြင်းမှ သက်သာပါစေရန် ခွင့်လွှတ်ရန် ဦးညွန့်လှိုင်အား (၃၊ ၁၁၊ ၉၅) ညရထားဖြင့် ကျမ်းစာများပါ ပို့ဆောင်ရန် တပ်ကုန်းမြို့သို့ လွှတ်လိုက်၏။

၁၁၊ ၁၁၊ ၉၅ နေ့ ဦးညွန့်လှိုင် ရန်ကုန်ပြန်ရောက်လာ၏။ အစ်ကိုကြီး ဦးအောင်ခ မပါဘဲ သူတစ်ဦးတည်း တောရဆရာတော်ထံ ဝင်ရောက်လျှောက်ထား၏။ ဦးအောင်ခ မောင်သိမ်းဆောင်တို့ကို ဒုတ်နှင့်ရိုက်မည်မိန့်ကြောင်း ကြားရ၏။ ညီဖြစ်သူ ဦးညွန့်လှိုင်က အစ်ကိုနှင့် ဦးအောင်ခ သူပါ သုံးဦးစလုံး သွားလျှောက်မှ ကောင်းမည် ပြောနေ၏။

နဘူးကျင်းရွာကျောင်းဆရာတော် ဦးအာဒိစ္စထံမှ ပို့သည့်စာ

အထက်တွင် တင်ပြသည့်အတိုင်း တောရဆရာတော်ထံမှ ဆူကြောင်း ကြားရသော်လည်း နဘူးကျင်း ရွာဦးကျောင်း ဆရာတော်ဦးအာဒိစ္စထံမှ တန်ဆောင်မုန်းလဆန်း ၁၁–ရက်စွဲပါ စာအရမှာ မိမိတို့အဖွဲ့အား ချီးမွမ်းလွှာ ဖြစ်နေပါ၏။ ဝမ်းသာစရာ ဝမ်းမြောက်ဖွယ်လည်း ပါ၏။ တောရဆရာ


ဒေါင်းမင်း

ဆီစက် နှင့် ရောင်း ဝယ်ရေး

၂၃-၇-၉၈ ရက်စွဲပါ
ဒေါင်းမင်းဆီစက်ပိုင်
ဦးအောင်ခမှ
မိမိစာရေးသူသို့
ပေးပို့စာ



၁၃၅၇ ခုနှစ်
တန်ဆောင်မုန်းလဆန်း
၁၁ ရက်စွဲပါ
နဘူးကျင်းကျောင်း
ဆရာတော် ဦးအာဒိစ္စ
ထံမှ
ဓိဓိ စာရေးသူသို့
ပေးပို့သည့်စာ။

ရန်ကုန်ဆရာတော် အမှူးဓာဂရိယ
(ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ)၏
ပုံတော်

တော်ကြီးနှင့် ပူပူနွေးနွေး တွေ့လိုက်လျှင် ကိစ္စပြီးစီး ရှင်းလင်းသွားမှာပါလည်း ပါ၏။

ပမ်းမပြောက်ဖွယ်မှာ

သက်နီးရောင် အဆုံးအဖြတ် (ပထမအကြိမ်) ကျမ်းစာ ဦးမင်းကြည်နိဒါန်း၌ ဖတ်ရ သဖြင့် ရန်ကုန်အောင်မင်္ဂလာတိုက်သစ်မှ ဓမ္မာစရိယ အောင်ပြီး တာဝန်ခံစာချ အရှင်ဇာဂရိယမှာ တောရဆရာတော်အပေါ် ကြည်ညိုလှ၍ တောထွက်လာကြောင်း၊ တောရဆရာတော်နှင့် မတွေ့၍ အခြားသို့ ရောက်နေကြောင်း၊ ယခုစာရေးနေစဉ် ၁၃၅၇–တန်ဆောင်မုန်းလပြည့်ကျော် ၁–ရက်နေ့ ညနေ ၃–နာရီ ရန်ကင်းတောရသို့ ထိုဆရာတော် ရောက်ရှိ လာပြီဖြစ်ကြောင်း စာဖြစ်ပါ၏။ ထိုစာသည်လည်း ယနေ့ ရန်ကုန်ဆရာတော်ဟု အသိများလာသော ဆရာတော် ဦးဇာဂရိယ တောထွက်လာခြင်း၌ အရေးပါသော အထောက်အထား ***'အမှတ်အသား သက်သေစံချက်' ဖြစ်ပါ၍ မူရင်းအတိုင်း မိတ္တူကူးပြီး*** ဤနေရာ၌ ဖော်ပြလိုက်ပါ၏။

ဆရာတော်ဦးဇာဂရိယ အဘယ်အတွက် တောထွက်လာ

မိမိတို့အဖွဲ့၏ ဆောင်ရွက်ချက်အရ ဓမ္မာစရိယဘွဲ့ရ စာချဆရာတော်တစ်ပါး တောရဆရာတော်ကြီးထံ ဦးတည်၍ တောထွက်လာသည်ဆိုသော သတင်းအရ လွန်စွာ ဝမ်းသာအားရ ကျေနပ်မိကြပါသည်။

တောရဆရာတော်ကြီးက ကိုယ်ရေးအထုပ္ပတ္တိမထည့်ပါနှင့်၊ သူ့ကျမ်းစာတွေဖတ်မည့် ပုဂ္ဂိုလ်သိပ်မရှိ၍ များများမရိုက်နှင့် တားမြစ်ထားသည့်ကြားက စကားနားမထောင်ပဲ ဆုပ္ပနေသည့်ကြားက ဝမ်းသာစရာ သတင်းလည်း ဖြစ်နေပါ၏။ ပရိယတ္တိ စာပေပို့ချ၍ တပည့်များစွာ မွေးထုတ်ပေးနေခဲ့သော ဆရာတော်တစ်ပါးအနေဖြင့် ရန်ကုန်မြို့ကြီးနှင့် လူရှင်ရဟန်း တပည့်ဒါယကာများစွာကို စွန့်ခွာ၍ တောထဲသို့ ရောက်လာသည်မှာ ဘဝအတွက်လား၊ လောကအတွက်လား၊ အဘယ်အတွက်ပါနည်း။

ထိုစဉ်ကာလ ၁၃၅၇–ခုနှစ်က တိကျသော အဖြေမထွက်ခဲ့ပါ။ ယခု ၁၃၆၇–ခုနှစ်၊ ၁၀–နှစ်ကြာကာလသို့ ရောက်သောအခါ၌ ဆရာတော် ဦးဇာဂရိယ တောထွက်လာခဲ့သည်မှာ ဤလောကကြီး၏ မမြင်နိုင်သော စွမ်းအားကြီးများဖြင့် ကြိုတင်စီမံချက်များပေလားဟူ၍ တွေးယူ နှလုံးသွင်းမိပါ၏။ ထိုဆရာတော်၏ အကြောင်း တောရဆရာတော်၏ ဘဝနိဂုံးပိုင်း၌ ပို၍ ထင်ရှားလိမ့်မည် ထင်ပါ၏။

ဤလောက၌ သူတော်ကောင်းချင်း မတည့်မရှိ

ဆရာတော်ဦးဇာဂရိယအနေဖြင့် တောရဆရာတော်ဘုရားကြီးအား ဖူးတွေ့ရပြီးသည့်နောက် တောရဆရာတော်ဘုရားကြီးမှာ စနေနေ့ဖွား လက္ခဏာအတိုင်း ဆံပင်ထောင်သည် ဖူးမြင်ရ၍ –

နဘူးကျင်းရွာဦးကျောင်း ဆရာတော် ဦးအာဒိစ္စအား 'ဖြစ်မှ ဖြစ်ပါ့မလားဘုရား လျှောက်သည်' ဆို၏။

ရွာဦးကျောင်းဆရာတော်က ပြန်လျှောက်သည်မှာ 'တပည့်တော်ဆရာတော်က သူတော်ကောင်းကြီးအစစ်' 'အရှင်ဘုရားလည်း သူတော်ကောင်းဖြစ်လို့ တောထွက်လာတာ'

ဤလောက၌ သူတော်ကောင်းချင်း မတည့်သည်မရှိ' ဟု ပြန်လျှောက်သည် ဆို၏။

ထိုစကားများသည် ယနေ့အမြင်ဖြင့် ဆိုပါက လွန်စွာပင် မှန်လှပါ၏။

အဘယ်ကြောင့် မှန်သည်ဟု ဆိုပါသနည်း။ မွှေ့ာစရိယဘွဲ့ရပြီး တာဝန်ခံစာချဆရာတော်တစ်ပါး (၁၃၅၇) ထိုအချိန်က သက်တော် – ၅၀၊ ဝါတော်– ၃၀ ရှိနေပြီဖြစ်သော ဆရာတော်တစ်ပါးအနေဖြင့် အလုံးစုံကို စွန့်ခွာ၍ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတွင် ဆွမ်းနှစ်နပ်ကို တစ်နပ်ဆွမ်း၊ တစ်နပ်ဆွမ်းမှာလည်း တောရွာက ဆွမ်းနှင့် မြို့ကြီးက ဆွမ်း၊ ဘယ်ဆွမ်းသာမည်၊ သာမန်လူများပင် သိပါသည်။ အလုံးစုံကို စွန့်၍၊ မာန်ကို လျှော့၍၊ ငယ်တပည့်တစ်ပါးနှင့်မခြား ဝပ်တွား၍ ဦးနှိမ်ချ၊ ကန်တော့ပြီး၊ နည်းခံယူသည်မှာ တစ်နေ့ တစ်ရက် တစ်လ တစ်နှစ် မဟုတ်ပါ၊ ယနေ့ ၁၀– နှစ်တိုင်ပြီ ဖြစ်ပါသည်။

ဤနေရာ ဖော်ပြရန်အချက်ရှိနေပြန်ပါ၏။ နဘူးကျောင်း ရွာဦးကျောင်းဆရာတော်က ဆရာတော်ဦးစာဂရိယ ရန်ကင်းတောရကြီးရောက်စ ဆွမ်းက တစ်နပ်၊ အာဟာရက တောဆွမ်းဆိုတော့ သိမ်ကျောင်းကြီးပေါ်မှာ လဲနေတယ်လို့ ကြားရကြောင်း မိန့်၏။

ဤသို့ဖြင့် မိမိက ကံကြီးရွာမှ တူမ မခိုင်နှင့် ဆရာမကြည်ကြည်ဝင်းတို့အား ရန်ကုန်က ကြွလာတဲ့ဆရာတော်ကို 'ရှင်အောင် မွေးကြပါ၊ တောမှာ ပျော်အောင်မွေးကြပါ' ဆွမ်းနိုင်သမျှ အာဟာရဓာတ်ရအောင် ပဲချက်ပြီးလောင်းလှူကြပါ၊ မှာကြားခဲ့ပါ၏။ ဆောင်ရွက်ကြကြောင်းလည်း ကြားရပါ၏။

ရွတင်ဆောင် မထေရ်တို့၏ ဘဝအစသည် လက်တွေ့တွင် လွန်စွာ ခက်ခဲလှပါ၏။ ကြမ်းတမ်းလှပါ၏။ တော်ရုံ ဖွဲ့မျိုးနှင့် မဖြစ်နိုင်ပါ။

လှူငယ်မာဃအဖွဲ့

ရန်ကင်းတောရကြီး၏ နောက်ပိုင်းကာလ ကျောင်းအဆောက်အဦးများ တည်ဆောက်မှု အစီအမံများ ဝန်းကျင်တစ်ခုလုံး စိမ်းလန်းစိုပြေ သာယာချမ်းမြေ့ဖွယ် စီမံမှုများမှာ နဘူးကျောင်းရွာ လှူငယ်များ မာဃအဖွဲ့၊ ဖွဲ့စည်းစေ၍ ရန်ကုန်ဆရာတော်၏ ဆောင်ရွက်မှုများသာ ဖြစ်ပါ၏။

တပ်ခေါက်လှည့်ပြန်ကြ

တောရဆရာတော်ဘုရားကြီး ရေးသည့် ကျမ်းစာများနှင့် တောရဆရာတော်ဘဝ အကြောင်း၊ ဖတ်ရှုပြီး အားကျ တုယူ တောထွက်တော်မူကြသည့် ဆရာတော်အချို့လည်း ရှိခဲ့ပါ၏။ ကာလမကြာမကျန်းမာ အကြောင်းပြ တပ်ခေါက်၍ ပြန်ကြ၊ မူရင်းနေရာမြို့ကြီးများသို့ ပြန်ရောက်ကြသည့် အရှင်များလည်း ရှိပါ၏။

တောရဆရာတော်၏ ကျမ်းစာများ ဖတ်ရှုပြီး တောထွက်လိုသည့် အရှင်အချို့က မိမိထံမှ စာတောင်း၏။ ရေးပေးမိ၏။ ရန်ကုန်ဆရာတော်ထံမှ မိမိထံ စာပို့လာ၏။ နောင်တွင် သေသေချာချာ မလေ့လာဘဲနှင့် စာတောင်းလာက မပေးလိုက်ပါနှင့်ဟူသတည်း။ ဝိနည်းသင်မလာ ဟိုဟာဆွဲကိုင်၊ သည်ဟာဆွဲကိုင် အားလုံး သုံးမရဖြစ်ရသော ဟူ၏။

ရန်ကင်းတောရကြီးသို့ သုံးဦးစလုံး သွားရောက်

မိမိနှင့်အစ်ကိုကြီးဦးအောင်ခ၊ ဦးညွန့်လိှုင်တို့ ၂၁၊ ၁၁၊ ၉၅–နေ့ ရန်ကင်းတောရကြီးသို့သွားရောက် တောရဆရာတော်ကြီးအား ကန်တော့ကြ၏။

သင်္ကန်းရောင် အဆုံးအဖြတ်၊ ဆန္ဒပေး အဆုံးအဖြတ်ကျမ်း၊ ဒုတိယအကြိမ် အမြန်ရိုက်လိုက်

ကြသည်ကို ခွင့်လွှတ်တော်မူပါရန် လျှောက်ထားကြ၏။

နောင် ဤသို့ မဖြစ်စေရပါ လျှောက်ကြ၏။ ကျေနပ်ခွင့်လွှတ်၏။ ပြုံးတော်မူ၏။ ထိုသို့ ပြုံးမှ မိမိတို့ သုံးဦးသား သက်ပြင်းချ ဝမ်းသာကြတော့၏။

တပည့်တော်များ ထိုလုပ်ငန်းကို လုပ်တတ်၍ လုပ်ခြင်းမဟုတ်ပဲ။ လုပ်ချင်လွန်း၍ လုပ်ကြပါသည်။ နောင်ကာလ၌ တောရဆရာတော်ဘုရားအနေဖြင့် သာသနာတော်ကြီး တည်တံ့ရေးအတွက် ဆောင်ရွက်ချက်များ ကျန်ရစ်ခဲ့စေချင်ပါသည်ဘုရား၊ သို့အတွက် အလောတကြီး ဆောင်ရွက်မိကြပါသည်ဘုရားဟု လျှောက်ကြ၏။

အကြိမ်ကြိမ်စစ်နိုင်ပါမှ

စာများကို အထပ်ထပ် အကြိမ်ကြိမ်စစ်မှ အမှားကင်းတာ၊ ဘုရားဖြူဆရာတော် ကျမ်းစာတွေ ဦးစီးပြီး ရိုက်နှိပ်ပေးခဲ့ဖူးလို့ အတွေ့အကြုံရှိကြောင်း ခွင့်လွှတ်ကြောင်း မိန့်ကြားတော့၏။

ဦးညွန့်လှိုင်အား မျက်မှန်အဝေး ယခုလက်ရှိထက် ဒီဂရီ – ၅၀ တိုးပြီး နောက်ထပ် မျက်မှန်တစ်လက် ပေါ့ပေါ့လုပ်ရန် မိန့်၏။

ငွေစွန့်ထားပြီးကြောင်းနှင့် ဘွဲ့တံဆိပ် အလှူ ခံခြင်းမပြုသည်များ အောက်ပါအတိုင်း မိန့်ကြား တော်မူ၏။

နိဒါန်းရေးလျှင် မိန့်ကြားချက်များ

ငွေတစ်ပြားမျှ မရှိသော စာချဘုန်းကြီး

မောင်မင်းကြည် နိဒါန်းမှာ ပြင်စရာရှိတာက စာချဘုန်းကြီးဘဝမှစ၍ အနာမာသဝတ္ထုငွေများကို လုံးဝ အလှူခံခြင်းမပြုဟု ပြင်ပါ။

မူလ စာသင်သားဘဝ ငွေကို ကပ္ပိယနှင့် ထားတယ်၊ ရဟန်းတို့ အပ်စပ်သော ပစ္စည်းကိုသာ တောင်းခံခဲ့၏ဟု မိန့်၏။

စာချဘုန်းကြီးဖြစ်စ တစ်နေ့သောအခါ အကြံ ဖြစ်၏။ ကပ္ပိယကာရကထံ နဝကမ္မဝတ္ထု သိမ်းဆည်းစေပြီး ရဟန်းတို့အား အပ်စပ်သော ပစ္စည်းကိုသာ တောင်းခံသောနည်းသည် ဝိနည်း သိက္ခာပုဒ်အပြစ်တော့ လွတ်၏။

သို့သော် ငါပိုင် နဝကမ္မဝတ္ထုငွေ ကပ္ပိယကာရကထံမှာ ဘယ်ရွေ့ဘယ်မျှရှိသည်ဟု စိတ်ရောက်လျှင် 'သဏ္ဍာယဒိဋ္ဌိ' ဖြစ်၏။ အကြံဖြစ်ကာ ကပ္ပိယကာရကအား အာလယပြတ် ငွေကွက်မှုကင်းစွာ စွန့်လွှတ်၏။ ပုဆိုးအကျီဝယ် ဝတ်နိုင်း၏။ ဝတ်လာပြီးဟုပင် မှာ၏။ လာပြသည်ဟု မိန့်၏။ ထိုနေ့မှ စ၍ ငွေတစ်ပြားမှမရှိသော စာချဘုန်းကြီး ဖြစ်လာကြောင်း မိန့်၏။

သို့အတွက် ဘွဲ့တံဆိပ်အလှူခံခြင်း မပြုဟု မိန့်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြစ်ကြောင်း ဖော်ပြအပ်ပါ၏။

ဘွဲ့တံဆိပ် ကပ်လျှင် ငွေပါမှာဖြစ်လို့ ဘွဲ့လက်မခံခြင်းဖြစ်

တောရဆရာတော်အနေဖြင့် မွှာစရိယဘွဲ့ရပြီး ကျမ်းများစွာ ပြုခဲ့ပြီးဖြစ်၍ ပညာရေးဆိုင်ရာ ဘွဲ့ 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ဖြစ်စေ၊ သိမ်အလုံးပေါင်းများစွာ သမုတ်တော်မူခဲ့ပြီး တောရဆောက်တည်ခြင်း၊ တောရဆောင်မထေရ်များစွာ ဒိဋ္ဌာနုဂတိသို့ ရောက်အောင် ကျင့်သုံးနေထိုင်တော်မူခြင်းများအတွက် စွမ်းဆောင်ရည်ဘွဲ့ သာသနာပြုဘွဲ့ 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဖြစ်စေ၊ နိုင်ငံတော်က ဆက်ကပ်လှူဒါန်းနေပါ၍ အလှူခံနိုင်ပါကြောင်း သဘောတူပါက

ကိုယ်စားပြု ဆောင်ရွက်ပေးပါမည် ဘုရားဟု သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းကြည် (မွှာစရိယ၊ ဘီအေ) က ရန်ကုန်ကြွလာစဉ် ဘုရားဖြူတိုက်၌ တောရဆရာတော်အား လျှောက်ထားခဲ့ဖူး၏။

ထိုစဉ်က ဦးမင်းကြည်၏ လျှောက်ထားချက်ကို တောရဆရာတော် ပြန်လည်မိန့်ကြားခဲ့သည်မှာ –

မောင်မင်းကြည် မင်း ရဟန်းဘဝမှာလည်း (မွှာစရိယ)ဘွဲ့ရ ရဟန်းပညာရှိ၊ လူ့ဘဝမှာလည်း (B.A) ဘွဲ့ရ လူပညာရှိ ဖြစ်တယ်။ နိုင်ငံတော်က ဆက်ကပ်တဲ့ ဘွဲ့တွေမှာ 'ဆွမ်းစရိတ် နှစ်စဉ်လှူတာ ငွေပါနေတယ်' စာချဘုန်းကြီးဘဝကစပြီး ငွေအလှူမခံ စွန့်လွှတ်ခဲ့ပြီးဖြစ်လို့ ဘွဲ့တံဆိပ် အလှူခံခြင်းကို လက်မခံ သဘောမတူပါဟု မိန့်၏။

ဦးမင်းကြည်က ငွေကို နှစ်စဉ် ရွှေတိဂုံဘုရားမှာ တပည့်တော်လှူလိုက်ပါမည် လျှောက်ပြန်၏။

မင်းပြောတာ သဘောတူလျှင် ငွေလက်ခံရာ ပြန်ရောက်မသွားဘူးလား မိန့်ပြန်၏။

ဤသို့ဖြင့် ဦးမင်းကြည် လက်လျှော့ခဲ့ရဘူးလေသည်။ 'တောရဆရာတော် ဘွဲ့ဆက်ကပ်ရေး လျှောက်ထားခြင်း လက်မခံ' ဟု ကျမ်းစာတွေ နိဒါန်းမှာ ထည့်မရေးနှင့်ဦးဟုလည်း မိန့်လိုက်သေး၏။

ထိုအကြောင်းများကို ရန်ကင်းတောရကြီးတွင် အစ်ကိုကြီးဦးအောင်ခ မိမိနှင့် ဦးညွန့်လှိုင်တို့အား ပြန်လည် မိန့်ကြားနေပါသည်။ ယခုအခါ၌ ထိုအကြောင်းအရာ ပြန်လည်တင်ပြခြင်းဖြင့် လာဘ=လာဘ်ရလိုခြင်း၊ သိလောက = ကျော်စောလိုခြင်းနှင့် သက္ကာရ = ပူဇော်ခံရလိုခြင်းတို့မှ ဝေးကွာတော်မူပါကြောင်း ထင်ရှားလိမ့်မည် ယူဆပါ၏။

ဦးမင်းကြည်နှင့် မိမိတို့အဖွဲ့ ဘွဲ့တံဆိပ်တော် ကိစ္စ လျှောက်ထားရေးကို အစ်ကိုကြီး ဦးအောင်ခ ကြားသိသဖြင့် တောရဆရာတော်ကသာ ဘွဲ့ လက်ခံမည်ဆိုလျှင် သူ ဘာတာဝန် ဆောင်ရွက်ပေးရမလဲ၊ ဘွဲ့တံဆိပ်တွေ ရလာလို့ ကျော်ကြားလာလျှင် ဝါတွင်းကာလ မျက်နှာကြီးငယ်မရွေး အတွေ့မခံတဲ့ ဆရာတော်ကို တွေ့ခွင့်ရအောင် သူ တာဝန်မယူရဲပါဟု ပြောခဲ့ဘူး၏။

ဝါတွင်းကာလ လူအဝင်အထွက် ခွင့်မပြု

ကျောင်းဒကာဖြစ်လို့၊ ပစ္စည်းလေးပါးဒကာဖြစ်လို့၊ ဝေးနီးခရီး ကားဒကာဖြစ်လို့၊ ငယ်တပည့်ဖြစ်လို့ ရာထူးရှိလို့/မရှိလို့ ဟူ၍ မျက်နှာ ကြီးငယ်မရွေး ဝါတွင်းကာလ တောရကျောင်းပရဝုဏ်အတွင်း ဝင်ခွင့်မပြု၊ သော့ခတ်ထားတော်မူ၏။ ချမှတ်ထားသော စည်းကမ်း ပြင်လေ့မရှိ၊ ဖျက်လေ့ မရှိ။

ဤနေရာ၌ ဘွဲ့လက်မခံသည့်ကိစ္စ ဆရာကြီးဦးဌေးလှိုင်၏ သဘောထားကို မီမိက လျှောက်ထားခဲ့၏။ အောက်ပါအတိုင်း ဖြစ်ပါ၏။

အသားအတိုင်း ကောင်းပါတယ် အရောင်မဆိုးကြပါနဲ့

အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း (ဒုတိယအကြိမ်) ရိုက်ပြီး ဆရာကြီး မွှာစရိယ ဦးဌေးလှိုင်သို့စာအုပ် လှူရန် ဦးမင်းကြည် ဦးထွန်းရွှေ ယခု ဒု–ညွှန်မှူးနှင့် မိမိပါ သုံးဦးတို့ ဆရာကြီးအိမ်သို့ သွားကြ၏။

ဦးမင်းကြည်နှင့် ဦးထွန်းရွှေက သာသနာရေးကဖြစ်လို့ တောရဆရာတော် ကျမ်းစာရိုက်ရေးဆောင်ရွက်ကြတာ ဝမ်းသာပါတယ်၊ မောင်သိမ်းဆောင်ကို ပို့ပြီး ချီးကျူးပါတယ်ဟု ပြောပြီး ဆရာကြီးရေးသမျှ ကျမ်းစာအုပ်များ ချီးမြှင့်လိုက်၏။

ဆရာကြီးဦးရွှေလှိုင်၏ ကြည်ညိုမှု

ဘွဲ့တံဆိပ်တော်ကိစ္စကို ဆရာကြီး ဦးရွှေလှိုင် (သာသနာရေးဝန်ကြီးဌာန အကြံပေး အရာရှိ) အား တင်ပြကြရာ တောရဆရာတော်က ဘွဲ့ လက်မခံကြောင်း သိရလို့ အလွန်ကြည်ညိုသွားတယ်။ ဒီနေ့ကစပြီး ဆရာတော်ရှိရာ အရပ်မှန်းပြီး မပျက်မကွက်ရှိခိုးမယ်၊ ကိုမင်းကြည် 'အသားအတိုင်း ကောင်းပါတယ်' 'အရောင်ဆိုးပြီး မကိုးကွယ်ချင်ကြပါနဲ့'ဟု ပြောကြားပါကြောင်း မိမိနှင့် ဦးညွန့်လှိုင်က တောရဆရာတော်သို့ ပြန်လည် လျှောက်ထားကြ၏။

ဤကား အလျဉ်းသင့်၍ ဖော်ပြချက်ပါတည်း။ ဆက်လက်၍ ရန်ကင်းတောရကြီးမှာ မိမိတို့တစ်ညအိပ်ကြရ၏။

သိမ်သမုတ်မှတ်တမ်းများရိုက်ရေး မိန့်ကြားချက်များ

မိမိနှင့် ဦးညွန့်လှိုင်အား တစ်ညအိပ်ကြပါ၊ မှာစရာရှိတာ သတိရတုန်း မှာရန် မပြန်ကြနှင့်ဦးဟု မိန့်၏။ ဦးအောင်ခ ဒေါင်းမင်းမိသားစုလှူသော ယခင် ဆွမ်းချက်ဆောင်ပေါ်၌ ဝတ်ပြည့်ရင်း မိန့်သည်မှာ -

(၁) သိမ်သမုတ်နည်း စာများထည့်ရန်

(၂) သိမ်သမုတ် ဂါထာ ပါဠိမြန်မာ တစ်ဖက်နှင့် တစ်ဖက်၊ ညီအောင် မှာစီပါ

(၃) သိမ်တစ်လုံးစီ သီးခြားစာမျက်နှာဖြစ်ရန်

(၄) သိမ်ဂါထာအလိုက် ရှည်လျှင် စာလုံးသေးနိုင်သည်။

(၅) ဂါထာ ၅-ဂါထာများပါသည်။ ပုံသေစလုံးဖြစ်ရန်

(၆) ၅ - ဂါထာ တစ်မျက်နှာနှင့်မပြီးက နှစ်မျက်နှာ ညှိစီရန်

(၇) ၆- ဂါထာဖြစ်လျှင် စာလုံးအနည်းငယ်သေး၍ တစ်မျက်နှာနှင့် လှအောင်စီရန်

(၈) အလယ်မျဉ်းတားသည်မှာ ပါဠိသက်သက် ဖတ်လိုသည့် ပုဂ္ဂိုလ်များ ဖတ်နိုင်ရန် ထားခြင်းဖြစ်ကြောင်း မိန့်တော်မူသည်။

မိမိက သိမ်မှတ်တမ်းနှင့် သရက်ကန်ဆရာတော်၊ ဘုရားဖြူဆရာတော်တို့ နှစ်ပါး၏ ထေရုပ္ပတ္တိအကျဉ်း တွဲ၍ ရိုက်လိုကြောင်း လျှောက်၏။

သီးခြားရိုက်ပါလား မိန့်၏။ မိမိက စာအုပ်ပါးပါးမှာ ကြာလျှင် ပျောက်ပျက်ပါမည်။ တောရဆရာတော်ကို မွေးဖွားပညာပေးခဲ့သော ဆရာတော်များ တောရဆရာတော်ကိုယ်တိုင် ရေးသည့် စာများဖြစ်၍ ပူးတွဲ ရိုက်ပါမည် လျှောက်၏။

ဆက်ပြီး မမိန့်တော့ပါ။ အမှန်အတိုင်းဆိုရပါလျှင် တောရဆရာတော်ကို ထိုကဲ့သို့သော ဆရာတော်များက မွေးဖွား ပညာပေးလိုက်ပါသည်ဟု သိမ်မှတ်တမ်း ဖတ်ရှုသော ပုဂ္ဂိုလ်များ သိကြပါစေရန် ရည်သန်ခြင်း ဖြစ်ပါသည်။

မှတ်ချက်(၁) ။ ။ ရန်ကင်းတောရကြီးအတွင်း ပထမဓမ္မသိမ်၊ နောက် သိမ်အမှတ် ၁၆–ပရဝုဏ်ကြီးတစ်ခုလုံးကို မဟာသိမ်ကြီး သမုတ်ခဲ့ရာ မဟာသိမ်ကြီးသမုတ်ရာ၌ ဓမ္မာစရိယဘွဲ့ရ သံဃာ ကမ္မဝါစာဖတ် – ၁၁ ပါးမျှ ပါဝင်ကြောင်း မိန့်သဖြင့် သိမ်သမုတ်မှတ်တမ်း ပြည့်စုံအောင် ရေးပေးတော်မူပါ။ နောက်အခါ ဘယ်ဆရာတော်ပါခဲ့သည်ကို အမှတ်ရနိုင်ကြောင်း မိမိက လျှောက်ထားခဲ့သဖြင့် အရှည်ပြည့်စုံအောင် ရေးပေးခဲ့ပါသည်။

မှတ်ချက်(၂) ။ ။ ဆရာတော်က အတ္ထုပ္ပတ္တိ ထည့်လျှင် အတ္တုက္ကံသနဖြစ်မည်စိုး၍ မထည့်နှင့် မိန့်ကြားခဲ့ခြင်းဖြစ်သော်လည်း သက်တော်ထင်ရှားရှိစဉ် ရေးမှတ်ဖော်ပြထားခြင်းမရှိလျှင် ပျံလွန်တော်မူသောအခါ တိကျသော မှတ်တမ်းမှတ်ရာမရှိဖြစ်မည်စိုးသောကြောင့် စီစဉ်သူများက ထည့်ရေးထားမိကြခြင်းဖြစ်ပါသည်။

ဆွမ်းခံလမ်း ကွန်ကရစ်ခင်းရန် ဦးညွန့်လှိုင်၏ အဓိဋ္ဌာန်

၂၁၊ ၁၁၊ ၉၅ နေ့ည မိမိနှင့်ညီ ဦးကျော်ညွန့်တို့က ရန်ကင်းတောရကြီးမှာ ညအိပ်၏။ ည ၉–နာရီမှ ၂–နာရီထိ တောရဆရာတော် တရားရှုမှတ်ခဲ့သော ဝူဘုရားရင်ပြင်/အတွင်း၌ ဝိပဿနာ သတိပဋ္ဌာန်တရားများကို တောရဆရာတော်၏ အရိပ်တွင် ဘဝအမှတ်တရ အထုံမျှ ဖြစ်စေတော့ ဟူသော ရည်ရွယ်အဓိဋ္ဌာန်ချက်ဖြင့် ရှုမှတ်ခဲ့ကြ၏။

၂၂၊ ၁၁၊ ၉၅ နံနက် ဦးညွန့်လှိုင်က ၎င်း၏ ဦးလေး ဦးမောင်ပုအိမ်တွင် ဆွမ်းချက်၍ တောရဆရာတော်နှင့် ဆရာတော် ဦးဇာဂရိယတို့ ၂–ပါးကို ရှာထိပ် ဆွမ်းလောင်းရေပ်မှာ လောင်းလှူ ပြီး နောက်မှပါလာ၏။

မိမိတို့ ညီအစ်ကိုက ဆွမ်းခံလမ်းအတိုင်း လမ်းလျှောက်၍ ဆရာတော်များကို ကြို၏။ ဆောင်းဥတု နှင်းကျ၍ လမ်းဘေးမြောက်မီးမြက်များ သက်န်းတွင် ကပ်ပါလာပြီး အောက်ပိုင်းသင်္ကန်းများ နှင်းများ စိုရွှဲနေကြ၏။

မြောက်မီးမြက်များကို ညီအစ်ကို သုံးယောက် ဆရာတော် ၂–ပါး သင်္ကန်းများမှ ခွာယူပေးကြရ၏။

ဆွမ်းခံလမ်းတွင် ဂဝံကျောက်သေးသေး ကလေးများ ခင်းထားသဖြင့် ဆရာတော်ဦးဇာဂရိယ ဖိနပ်မပါဘဲ ဆွမ်းခံအသွားအပြန် ကောင်းစွာ မလျှောက်နိုင်၊ ခြေဖဝါးနန့ သွေးချေများ ဥနေသည်ကို မြင်တွေ့ကြရ၏။

ထိုအခြင်းအရာများကို မြင်တွေ့ရသော ဦးညွန့်လှိုင်က ဆွမ်းခံလမ်း ကွန်ကရစ်ခင်းလှူမည်ဟု နှုတ်မှ ဖွင့်ဆိုခဲ့၏။ လှူဖြစ်အောင် လှူနိုင်သည် ဖြစ်ရပါလို၏ဟုလည်း ထိုနေ့က စတင်၊ ထိုတောရမှာပင် အဓိဋ္ဌာန်တင်ခြင်း ပြုခဲ့လေသည်။

တောရကြီးမှာ လှူပြီးသူ လှူလိုသူတို့ စေတနာများကို မိမိက မှတ်တမ်းတင်လိုသူဖြစ်၍ ထိုနေ့က ရက်စွဲ စာအုပ်မှာ ရေးမှတ်သားခဲ့ပါသည်။

နဘူးကျောင်းရန်ကင်းတောရကြီး၏ ထူးခြားချက်များ

၁၃၅၇–ခုနှစ်၊ ရန်ကင်းတောရကြီးသို့ ရောက်နေစိုက် ထူးခြားသော ဖြစ်ရပ်များမှာ ကျောင်းပရဝုဏ်အတွင်းရှိ သစ်ပင်တိုင်းမှာ ပျားအုံများစွဲနေခြင်းနှင့် ဆရာတော်၏ ကုဋီနှင့် အာဂန္တုကကုဋီပါ ၂–လုံးတွင် ပျားများစွဲနေသည်ကို တွေ့ကြရခြင်းပင် ဖြစ်၏။

ပျားများ သစ်ပင်တိုင်းမှာ စွဲနေပါတယ် ဘုရားဟု လျှောက်ရာ အေး ဟုတ်တယ်၊ ဒီလိုပဲ တစ်နှစ်ကျော်ကလည်း ပျားတွေအများကြီး လာစွဲ ဖူးတယ်ဟု မိန့်၏။

ပျားတို့၏ သဘောကား အဘယ်သို့ပါ နည်း။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဘဝ ထေရုပ္ပတ္တိ၌ ပျားသုံးကြိမ် စွဲဖူးခဲ့လေသည်ကို သတိရ နေမိပါ၏။

ပျားတို့ကို ဘေးကင်းရာအရပ်၊ သူတော် ကောင်းကြီး၏ အရိပ်မှာ ခိုလှုံပါလို့ ဘယ်သူက ပြောလေသနည်း တွေးနေမိပါ၏။

ဆက်၍ တင်ပြရပါလျှင် အောက်ပါမိန့် ကြားချက်ပင် ဖြစ်ပါ၏။ မိမိမှာ တောရဆရာတော် ထံမှ ထူးခြားချက် ဘာများမိန့်လေမလဲ အမြဲသတိ ပြု မျှော်လင့်နေခဲ့သူ ဖြစ်ပါ၏။

လက်ျာနွယ်ရစ်ခြင်းသည် အောင်မြေတော ဖြစ်သည်

ရန်ကင်းတောရ ပထမနေရာ ဦးကျော်သိန်း မိသားစုလှူသော တောသည် လက်ျာနွယ်ရစ် တော ဖြစ်သည်။ 'လက်ျာနွယ်ရစ်တောသည် အောင်မြေဖြစ် သည်'ဟု စကုဆရာတော်က ပြောသည်ဟု တောရ ဆရာတော်က မိန့်သည်။ သို့အတွက် မိမိက လက်ျာနွယ်ရစ်အပင်များ လိုက်ရှာကြည့်ခဲ့သည်။ ၄– ပင် တွေ့သည်၊ ဘယ်နှပင် တွေ့သလဲ မေးသည်၊ ၄–ပင် တွေ့ကြောင်း လျှောက်သည်။ ထို ၄ ပင် သည် ဘာကိုဆိုလိုပါသနည်း။

ထိုပထမနေရာမှ ထူးခြားသစ်ပင်များမှာ 'လက်ျာနွယ်ရစ်ခြင်း' နှင့် သစ်တစ်ပင်မှ တစ်ပင် ဝင်နေခြင်း 'သစ်ဝင်' နှင့် သစ်ပင်၏ ပင်စည်မှ တံခါးပေါက်ကဲ့သို့ ဖြစ်နေခြင်း 'သစ်တံခါး' စသည် များကို ပျဉ်းမနားမြို့၊ ရန်နိုင်စားတော်ဆက်မှ ဦးချိုဝင်း၏ ဓာတ်ပုံလက်ရာများဖြင့် ***အမှတ်တရ ဖော်ပြလိုက်ရပါ၏။***

တောတိုင်း လက်ျာနွယ်မရစ်ဟု ဆက်လက် မိန့်တော်မူခဲ့ပါ၏။

ဘာကို ရည်ရွယ်မိန့်သည်ကို မိမိဉာဏ် အမြင် မျက်လုံးမရှိခဲ့ပါ။ တဏှာအစေး မခြောက်၊ လုံးထွေးရစ်ပတ် အဝိဇ္ဇာအမှောင်ဓာတ် အဖုံးကို ခွာမချနိုင်သေးသမျှ အမှန်ကို မြင်နိုင်လိမ့်ဦးမည် မဟုတ်ပေ။

ရဟန္တာအရှင်မြတ်ကြီး အရှင်ဝပ္ပ၏ ဥဒါန်း

ဤနေရာ၌ တရားဦးဒေသနာ ဓမ္မစကြာ တရားတော်များကို ပဉ္စဝဂ္ဂီ ၅–ပါး၊ မြတ်ဗုဒ္ဓထံမှ နာကြားပြီးကြသည့်နောက်၊ အရှင်ကောဏ္ဍညမထေရ် ဦးစွာ တရားထူးရ၏။ ထိုသည့်နောက် အရှင်ဝပ္ပ မထေရ် တရားထူးရ ရဟန္တာ အရှင်မြတ်ကြီးဖြစ်ပြီး နောက် ဥဒါန်းကျူးရင့်တော်မူခဲ့၏။ ထိုဥဒါန်းကား မှတ်သားဖွယ်ကောင်းလှပါ၏။

မြင်သူသည် = မြင်သူကိုလည်း မြင်သည်၊ မမြင်သူကိုလည်း မြင်သည်၊

မမြင်သူသည် = မြင်သူကိုလည်း မမြင်၊ မမြင်သူကိုလည်း မမြင်–ဟူ၍ဖြစ်၏။

ဓမ္မစကြာဒေသနာနှင့် အနတ္တလက္ခဏသုတ် ဟောကြားခြင်းအဆုံး၌ ငါးပါးလုံး ရဟန္တာဖြစ်၍ မြင်သူများဖြစ်သွားကြကုန်၏။

ပကတိ မျက်လုံးကန်းသူသည် ဘယ်သူ မြင်သူဖြစ်သည်။ ဘယ်သူမမြင်သူ ဖြစ်သည်ဟု

သူမမြင်၊ သာမန်ပုထုဇဉ်ဟူသမျှ အကန်းချည်းသာတည်း။

၁၃၅၈၊ လယ်ဝေး ထန်းတပင်တောရ၌ ဝါကပ်တော်မူ

သာသနာ – ၂၅၄၀၊ ကောဇာ – ၁၃၅၈ (၁၉၉၆) ခုနှစ်၊ လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရကြီး၌ တလှည့် ဝါကပ်တော်မူသည်။ သက်တော် – ၇၅ နှစ်၊ ဝါတော် ၅၆ – ဝါ၊ တောရ၌ ဝါကပ်ခြင်း နှစ်ပေါင်း ၃၄–နှစ် ၃၄–ဝါ ရှိလေပြီ။

ထိုနှစ်တွင် သိမ်အလုံးပေါင်း ၁၆ လုံး အများဆုံး သမုတ်တော်မူသော နှစ်ဖြစ်လေသည်။ တောရဆရာတော်အပေါ် အနယ်နယ်အရပ်ရပ် ရဟန်း/ရှင်လူတို့က ကြည်ညိုလှသဖြင့် ဦးဆောင်၍ သမုတ်ပေးတော်မူပါ လျှောက်ထားလာကြသောကြောင့် ဤမျှအထိ သမုတ်ပေးတော်မူရခြင်း ဖြစ်လေသည်။

ကြည်ညိုကြသည်မှာ သီလ၏အစွမ်း၊ သီလအပေါ် မြတ်နိုးကြခြင်းဟု မှတ်ယူမိပါသည်။

သီလစောင့်သူများလေ၊ သီလချစ်မြတ်နိုးသူများလေ၊ ဤကမ္ဘာလောကကြီး ငြိမ်းချမ်းသာယာလေ ဖြစ်ပါလိမ့်မည်။ ရဟန်းတော်များက ရဟန်းဝိနည်း၊ လူက လူ့ဝိနည်း လူ့ကျင့်ဝတ်လေးစားလိုက်နာပါက လိုက်နာသူ၌ သာသနာတည်သည်ဟု မြတ်ဗုဒ္ဓ၏ ထေရဝါဒထေရ် အရှင်အဆက်ဆက်က မိန့်ဆိုတော်မူကြပါသည်။

သာသနာတော်ကြီး တည်တံ့စေရန် သမုတ်တော်မူခဲ့သော သိမ် ၁၆–လုံးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

သိမ်အမှတ် ၅၇–ဥမင်ကြီးသိမ်

သာသနာ ၂၅၄၀ ပြည့်။ ကောဇာ–၁၃၅၈ ခုနှစ်၊ ကဆုန်လဆန်း ၇–ရက်(၉.၄.၁၉၉၆) အင်္ဂါနေ့ ည ၈–နာရီ ၈–မိနစ်အချိန်၊ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ကျွန်းတုံးရွာအနီး ဥမင်ကြီးဘုရားကျောင်းအနီး သံဃောပကာရမည်သော ဓမ္မာသိမ်ကို တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၄၈–ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၅၈–ရွှေစေတီသိမ်

သာသနာ – ၂၅၄၀ ပြည့်၊ ကောဇာ–၁၃၅၈၊ ဝါခေါင်လပြည့်ကျော် ၃–ရက်(၁.၉.၁၉၉၆)၊ တနင်္ဂနွေနေ့ည ၈–နာရီ ၅–မိနစ်အချိန်၊ ယခုနေပြည်တော် လယ်ဝေးမြို့နယ်၊ ရန်အောင်မြင်ဂါမခေတ်၊ သစ်တောကြိုးအတွင်း ရွှေစေတီတောရ၌ ဓမ္မောဒယ မည်သော ဓမ္မာသိမ်ကြီးကို တောရဆရာတော်နှင့် ရဟန်းတော် ၄၇–ပါးကို သမုတ်တော်မူကြသည်။

ထိုရွှေစေတီတောရမှာ ထန်းတပင်တောရအနီး၌ ရှိပြီး ဘဒ္ဒန္တဣန္ဒသရိယထေရ် သီတင်းသုံးတော်မူသည်။

သိမ်အမှတ် ၅၉–ပြန်ကပြေးသိမ်

သာသနာ ၂၅၄၀ ပြည့်၊ ကောဇာ ၁၃၅၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁ရက်(၁၃.၁၀.၁၉၉၆) ည ၈ နာရီ ၈ မိနစ်အချိန် ယခု နေပြည်တော် ပျဉ်းမနားမြို့နယ်၏ ပြန်ကပြေးရွာအနောက် ကမ္ဘဋ္ဌာန်းကျောင်း ဓမ္မာသိမ်ကြီးကို တောရဆရာတော် ဦးဆောင်၍ ရဟန်းတော် ၅၄ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၆၀–အောင်သိဒ္ဓိသိမ်

သာသနာ ၁၅၄၀ ပြည့်၊ကောဇာ ၁၃၅၈ သီတင်းကျွတ်လဆန်း ၃–ရက်(၁၅.၁၀.၁၉၉၆)၊ ည ၈–နာရီ ၂၇–မိနစ်၊ ၂၅–စက္ကန့်အချိန် ယခု နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ကြက်ပြေးဂါမခေတ် အောင်သိဒ္ဓိကျောင်း ခဏ္ဍာသိမ်ကို တောရဆရာတော်နှင့် ရဟန်း ၃၉–ပါး တို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၆၁–သပြေအေးသိမ်

သာသနာ ၂၅၄၀ ပြည့်၊ ကောဇာ ၁၃၅၈၊ သီတင်းကျွတ်လဆန်း ၃–ရက်(၁၅.၁၀.၁၉၉၆)၊ ည ၉–နာရီ၊ ၂၇–မိနစ်အချိန် ယခုနေပြည်တော် ပျဉ်းမနားမြို့နယ် ကြက်ပြေးဂါမခေတ်၊ သပြေအေး မိုးကုတ်ဝိပဿနာရိပ်သာ သိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၀–ပါးတို့ သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက်။ ။ သိမ်အမှတ် ၆၀/၆၁ တစ်ညတည်း သမုတ်တော်မူသည်။

သိမ်အမှတ် ၆၂–နတ်သူရဲသိမ်

သာသနာ ၂၅၄၀ ပြည့်၊ ကောဇာ ၁၃၅၈ သီတင်းကျွတ်လဆန်း ၇–ရက်(၁၉.၁၀.၁၉၉၆)၊ စနေနေ့ ည ၈–နာရီ၊ ၃၄–မိနစ်အချိန် ယခုနေပြည်တော် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာ အုပ်စု အနောက်ကျောင်း ခဏ္ဍာသိမ်ကို တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၃၃–ပါးတို့ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၆၃–မောင်ညို့ဘုရား ကျောင်း သိမ်

သာသနာ ၂၅၄၀ ပြည့်၊ ကောဇာ ၁၃၅၈ နတ်တော်လဆန်း ၁၀–ရက်(၁၃.၁၂.၁၉၉၆)၊ သောကြာနေ့ ည ၈–နာရီအချိန် ယခုနေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင် သစ်တောကြိုးဝိုင်း အတွင်း မောင်ညို့ ဘုရားကျောင်းသိမ်ကို တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၄၇–ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၆၄–သာစီကျောင်း သာသနပါလသိမ်

သာသနာ ၂၅၄၀ ပြည့်၊ ကောဇာ ၁၃၅၈၊ ပြာသိုလဆန်း ၅–ရက် (၁၃.၁.၁၉၉၆)၊ တနင်္လာနေ့ ည ၈–နာရီ၊ ၄–မိနစ်အချိန်၊ ရမည်းသင်းမြို့နယ်၊ ကန်ဦး အုပ်စု သာစီကျောင်းဝိုင်းအတွင်း သာသနပါလ သိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၅–ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၆၅–ကုန်းကလေး (ခေါ်) သာယာကုန်း ကျောင်းသိမ်

သာသနာ ၂၅၄၀ ပြည့်၊ ကောဇာ ၁၃၅၈ ပြာသိုလပြည့်(၂၃.၁.၁၉၉၇)၊ ကြာသာပတေးနေ့ ည ၉– နာရီ၊ ၃၅–မိနစ်အချိန် ရမည်းသင်းမြို့နယ်၊ ငှက်သိုက်အုပ်စု ကုန်းကလေး(ခေါ်) သာယာကုန်း ကျောင်းသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၄–ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၆၆–ဗုဒ္ဓရက္ခိတ ကျောင်းသိမ်

သာသနာ ၂၅၄၀ ပြည့်၊ ကောဇာ ၁၃၅၈၊ တပို့တွဲလဆန်း ၉–ရက်(၁၆.၂.၁၉၉၇)၊ တနင်္ဂနွေနေ့ ည ၈–နာရီ ၂–မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင် ကျေးရွာအုပ်စု လုံးမပု ဘုရားကုန်း ဗုဒ္ဓရက္ခိတ ကျောင်းသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၅၂–ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၆၇–ညောင်လူးကျောင်းစုသိမ်

သာသနာ ၂၅၄၀ ပြည့်၊ ကောဇာ ၁၃၅၈၊ တပို့တွဲလဆန်း ၁၂–ရက်(၁၉.၂.၁၉၉၇) နေ့အချိန် ၂–နာရီ၊ ၃၀–မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လူး ကျောင်းစုကျောင်း ခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၈–ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၆၈–ကန်ပေါက်ကျောင်းသိမ်

သာသနာ ၂၅၄၀ ပြည့်၊ ကောဇာ ၁၃၅၈၊ တပို့တွဲလဆန်း ၁၄–ရက်(၂၁.၂.၁၉၉၇)၊ သောကြာနေ့ နံနက်ခင်း ၉–နာရီအချိန်၊ ယခုနေပြည်တော် ပျဉ်းမနားမြို့နယ်၊ ကျည်တောင်ကန်အုပ်စု၊ ကန်ပေါက်ကျောင်းသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၅–ပါးတို့ သမုတ်တော်မူကြသည်။

သိမ်အမှတ် – ၆၉/၇၀ ဆုတောင်းပြည့် ခဏ္ဍသိမ်နှင့် မဟာသိမ်

သာသနာ ၂၅၄၀ ပြည့်၊ ကောဇာ ၁၃၅၈ တပေါင်းလဆန်း ၁၂–ရက် (၂၀.၃.၁၉၉၇)၊ ကြာသပတေးနေ့ည ၈–နာရီအချိန်၊ ယခုနေပြည်တော် လယ်ဝေးမြို့နယ်၊ ဆုတောင်းပြည့်တောရကြီး၌ ခဏ္ဍသိမ်ကိုလည်းကောင်း၊ ၉–နာရီအချိန်၌ မဟာသိမ်ကြီးကိုလည်းကောင်း၊ ရဟန်းတော်ပေါင်း ၈၃–ပါးတို့ဖြင့် တောရဆရာတော်ဦးဆောင်၍ ခဏ္ဍသိမ်နှင့် မဟာသိမ်ကြီးကို တွဲလျက် သမုတ်တော်မူခဲ့လေသည်။

ခဏ္ဍသိမ်နှင့် မဟာသိမ်ကို တွဲလျက်သမုတ်ပေးတော်မူပါဘုရားဟု ဆုတောင်းပြည့်တောရကျောင်း၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တကောဝလထေရ်၏ လျှောက်ထားချက်အရ သမုတ်ပေးတော်မူခြင်း ဖြစ်ပါ၏။

ခဏ္ဍသိမ်ကို သိမ်နှုတ်ကမ္မဝါစာ ၃၆၂–ကြိမ်၊ မဟာသိမ်သမုတ်မည့် မြေနေရာကို ၂၅၄၀ ကြိမ်မျှ သိမ်နှုတ်ကမ္မဝါစာဖတ်၍ နှုတ်ခဲ့ကြ၏။

သိမ်နှုတ်ခြင်းများကို ဘဒ္ဒန္တကောဝလထေရ်က ဦးဆောင်၍ တောရဆရာတော်၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ခဲ့၏။

သိမ်သမုတ်ခြင်း အစီအစဉ်များကို ရန်ကင်းတောရကြီးမှ ရန်ကုန်ဆရာတော် ဘဒ္ဒန္တဇောဂရီယက ရေးဆွဲ၍ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူခဲ့၏။

ထိုသိမ်/မဟာသိမ် သမုတ်ပွဲသို့ ရန်ကုန်မြို့ ဘုရားဖြူတိုက်မှ ဘဒ္ဒန္တနရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)နှင့် စာချဆရာတော် ဘဒ္ဒန္တ စန္ဒိမာ၊ ဘဒ္ဒန္တ ဝိစက္ခဏတို့ပါ ကြွရောက်တော်မူခဲ့ကြ၏။

ထိုမဟာသိမ်ကြီးကား တောရဆရာတော် သမုတ်တော်မူခဲ့သော မဟာသိမ်ကြီး ၅–လုံး အနက် တတိယမြောက် သိမ်ကြီးဖြစ်ပါ၏။

ရန်ကုန်မှ မိမိနှင့် ဦးတင်ဝင်း၊ ဦးထွန်းခင် ရှာန်းအစ်မ ဒေါ်တင်တင် မိသားစု၊ ဒေါ်ခင်ဆွေနှင့် မိသားစုများပါ တက်ရောက် ကြည်ညိုခဲ့ကြ၏။ ရန်ကုန်အဖွဲ့မှ ထန်းတပင်တောရ မဟာရံတံတိုင်း ၁၀ ခန်းစာ လှူခဲ့ကြ၏။ နဘူးကျင်းရွာမှ ဦးကျော်သိန်းမှာ ရန်ကုန်ဆရာတော်၏ ကပ္ပိယအဖြစ် လိုက်ပါ၍ လာ၏။ သိမ် ၂–လုံး၏ နိမိတ်ရေတွင်းများ အဆက်မပြတ် ရေပြည့်ခြင်းကို ဆောင်ရွက်သည် မြင်ရ၏။

မိမိအနေဖြင့် တောရဆရာတော် သိမ်သမုတ်ပွဲကို ၂–ကြိမ်မြောက် တက်ရောက်ကြည်ညိုခြင်းဖြစ်ပါ၏။ နတ်ကန်ချောင်းတောရ စစ်တောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (ဓမ္မာစရိယ)အား မိမိနှင့် ဦးတင်ဝင်းတို့ ထိုသိမ်သမုတ်ပွဲတွင် စတင် ဖူးတွေ့ခဲ့ရပါ၏။

မဟာသိမ်သမုတ်ပွဲကို မိုးမင်းကကြို

ဆုတောင်းပြည့်တောရကြီး ခဏ္ဍသိမ်နှင့် မဟာသိမ်သမုတ်ပွဲ မစမီ၊ ညနေပိုင်း ရုတ်တရက် မိုးများ အုံ့မှိုင်းညို့မှိုင်းလာပြီး, တပေါင်းနွေ၏ အပူကို ငြိမ်းအေးစေပြီး ကျောင်းပရဝုဏ်ကြီး မြေတလင်းကို မိုးရေများ ဖြန်းပက်ပေးလိုက်သလို ရှိ၏။ သိမ်သမုတ်နီးကပ်ချိန်၌ မိုးလုံးဝ မရွာတော့။ ခရီးပြင်းချီတက်အမြန်လျှောက်နေသော စစ်သည်တပ်ဖွဲ့ကို စစ်ခေါင်းဆောင်သည် ရပ်တန့်မိန့်ကို ပေး၍ ရပ်နားစေသကဲ့သို့ မိုးသည် ရွာသွန်းခြင်းကို ရပ်လေ၏။ ဤကား သိမ်သမုတ်ခြင်း မပြုမီ ထူးခြားချက်ဖြစ်၏။

သိမ် ၂–လုံးကို တစ်လုံးတည်းဖြစ်အောင် သမုတ်ပြီးချိန် ည ၉–နာရီ သိမ်အောင်ဩဘာစာ ပါဠိမြန်မာမော်ကွန်းကို ရန်ကုန်ဆရာတော် ဖတ်ကြားခဲ့ပြီးချိန် အောင်စည် အောင်မောင်းများ တီးဝေ်အမျှဝေ ရှာန်းပရိသတ်၊ မြင်အပ်၊ မမြင်အပ်နတ်ရပ်များစွာ သဗ္ဗဝါတို့ သာဓုခေါ်ချိန် ၁၀–နာရီခန့်မှစ၍ မှုလရပ်တန့်နေသော မိုးသည် တဖြိုင်နက်တည်း အိုးများစွာကို မှောက်သွန်ချလိုက်သကဲ့သို့ ဖြိမ့်ဖြိမ့်သဲသဲ ရွာသွန်းချ၍ ကောင်းချီးနှင့်မော် သာဓုခေါ်၏။ တစ်နည်းဆိုရပါမူ စစ်ခေါင်းဆောင်၏ အမိန့်ကို ပြန်လည်ရရှိသော စစ်သည်တို့သည် ထိုးဖောက်ချီတက်၊ ပစ်ဖောက်၍၊ စစ်မြေကို သိမ်းပိုက်အောင်ပွဲခံလေသကဲ့သို့ မိုးသည် လျှပ်စီးလျှပ်နွယ်များဖြင့် ထစ်ချုန်း၍ ဤသိမ်ကြီး သမုတ်ခြင်း သိမ်အောင်မြင်ပါကြောင်းကို သက်သေအဖြစ် တည်လာရပ်လာ ပြောကြား ထောက်ခံလာသည် ထင်ပါ၏။

ဆုတောင်းပြည့် တောရအသစ် တည်ပေးခဲ့

ထန်းတပင်တောရကြီးနှင့် ကပ်လျက် ဆုတောင်းပြည့်တောရအသစ်ကို ၁၃၅၅–ခုနှစ်တွင် တောရဆရာတော် တည်ထောင်ပေးတော်မူခဲ့၏။ ထန်းတပင်ရွာသည် ရွာကျောင်းမရှိ၊ တောကျောင်းသာရှိသဖြင့် ရွာကျောင်းဘုန်းကြီးဝန်ကိုလည်း ဆောင်လိုက ဆောင်စေဟု တပည့်ကြီး ဦးကောဝလအား မိန့်၏။ သီလပေး ဥပုသ်စောင့်၊ ရှင်ပြုပေး၊ ဝန်ကိုဆောင်၏။ ဦးကောဝလမှာ ဓုတင်ဆောင်ဝတ်ကိုလည်း မချွတ်၊ ဆောင်မြဲတိုင်း ဆောင်တော်မူခဲ့လေ၏။

ည ၁၀–နာရီခန့်မှစရွာသော မိုးသည် ည ၁၂–နာရီခန့်တွင် ရပ်၏။ ထို ထူးခြားချက်များကို ထန်းတပင်တောရကြီးအတွင်း ဓမ္မရိပ်သာကြီးအတွင်း အိပ်စက်ခြင်းမပြုမီ ရန်ကုန်ဆရာတော် ဦးဓာဂရိယနှင့် အိုးဖိုရွာတောရ ဆရာတော် ဦးကုသလ၊ (တောရဆရာတော်၏ ညီရင်း) တို့အား မိမိနှင့် ဦးထွန်းခင် ဦးကျော်သိန်းတို့က မိုးက

အောင်ပွဲကြီးဟု ပြောနေသည်ကို သတိထားမိပါကြောင်း လျှောက်ထားခဲ့ကြ၏။

ကြက်တူရွေး ၄၅၀၀၀ နှစ်စဉ်လာရောက်အရိပ်ခို

ထိုည ၁၂-နာရီခန့် မိုးတိတ်သောအခါ ထန်းတပင်တောရကြီး သစ်ပင်များပေါ်မှ ကြက်တူရွေးများစွာတို့၏ အသံများ ကြားကြရ၏။

ကြက်တူရွေးများ ဘယ်က ရောက်လာပါလိမ့်၊ ဘာကြောင့်ရောက်လာပါလိမ့်၊ ဘာကြောင့်ဒါလောက် အသံတွေ ဆူညံနေပါလိမ့် ဆရာတော်များနှင့် မိမိတို့အဖွဲ့ ပြောနေကြ၏။

အိုးဘိုဂူ တောရဆရာတော်

အိုးဘိုဂူဆရာတော်ဦးဣသရက အဲဒီ ကြက်တူရွေးတွေ အသံတိတ်သွားအောင် လုပ်ပြရမလား မိန့်၏။

မိမိက တကယ်လားဘုရား လုပ်ပြပါ လျှောက်၏။ ဆရာတော်က နှုတ်မှ ဂါထာများ ရွတ်နေ၏။ နာရီဝက်ခန့်အကြာ ကြက်တူရွေးများ၏ အသံမကြားရတော့။ ဆရာတော်က ကဲ မင်း ယုံပြီလား မိန့်၏။ မိမိက အိပ်ချိန်ရောက်လို့ အိပ်ကုန်ကြပြီ ထင်ပါသည် ဘုရားလျှောက်၏။ ဆရာတော်က ငါ ဖနောင့်နှင့် ထပေါက်လျှင် မင်းသေတော့မယ်ဟု ကျိန်း၏။

မိမိမှာ ဆရာတော်အငယ်အား သရက်ကန်ရွာမှာ ကျောင်းသားဘဝ၊ ဘုရားဖြူမှာ စာသင်သားဘဝ အမြဲတွေ့နေခဲ့ရပြီး အိမ်သို့လည်း မကြာခဏကြွ၍ ရင်းနှီးနေ၏။

ဘုရားရှိခိုးများသည့် ကိုယ်တော်

ဆရာတော်အငယ်မှာ ဘုရားကို ရှိခိုးရာ၌ တစ်နေ့ကုန် နာရီအကွက်ချ၍ ရှိခိုး၏။ ထိုအကြောင်းကို တောရဆရာတော်ကြီးလည်း သိ၏။ 'ဘုရားရှိခိုးတဲ့နေရာမှာ ဣသရလောက် ရှိခိုးတဲ့ ကိုယ်တော်ရှိ မထင်ဘူး' ဟု မိန့်ဖူး၏။

သောက်တော်ရေဆေးအဖြစ်

ပျဉ်းမနားမြို့ ရန်နိုင်စားတော်ဆက်မှ ဦးချိုဝင်း မကြေးမုံ၏ အစ်ကို မကျန်းမမာရောဂါဖြစ်ရာ အမျိုးမျိုး ကုမရဖြစ်ခဲ့၏။ အိုးဘိုဂူဆရာတော်က ကျောင်းသို့ခေါ်၍ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းရွတ်ပွား ရှိခိုးစေပြီး ဘုရားသောက်တော်ရေကပ်၍ ဆေးအဖြစ် ပြန်သောက်စေခိုင်းခဲ့ရာ ကျန်းမာလာသည်ဆို၏။

ခွေးနှင့်မျောက်

နောက် ထူးခြားချက်တစ်ခုမှာ တောလိုက်သမားတို့က မျောက်သားအမိမှ မျောက်မကြီးကိုအသေရပြီး မျောက်ငယ်ကလေး အိုးဘိုဂူဆရာတော်သို့ လှူ၏။ ကျောင်းတွင် ဖြူမဆိုသော ခွေးမကသားမွေးနေ၏။ မျောက်နှင့်ခွေး သမိုင်းကြွေးဘယ်လိုရှိသည်မသိ။ ဖြူမည်သောခွေးက မျောက်ငယ်ကိုကိုက်မည်ခဲမည် ဖြစ်နေသည်ဆို၏။

မေတ္တာထားပါ သနားပါ

ဆရာတော်က မျောက်ကလေးမှာ အမေမရှိတော့ဘူး၊ နိုင်တော်နေတယ်၊ သေရလိမ့်မည်၊ ဖြူမက နိုတိုက်ရမည်။ မေတ္တာထားပါ သနားပါ၊ ငါ့အရိပ်မှာ လာခိုကြတဲ့ တိရစ္ဆာန်အချင်းချင်း မတည့်

ဆုတောင်းပြည့်ဘုရား ဆုတောင်းပြည့်တောရ
နေပြည်တော်လယ်ဝေး

ဆုတောင်းပြည့်တောရ သိမ်အမှတ် ၆၉/၇၀
ခဏ္ဍသိမ်နှင့် မဟာသိမ်တွဲလျက်
သမုတ်ပွဲ နိမိတ်ကြားစဉ်

ဆုတောင်းပြည့် သိမ်သမုတ်ပွဲ
နိမိတ်ကြားစဉ်

ဆုတောင်းပြည့် သိမ်သမုတ်ပွဲ
အရှင်စန္ဒိမာ
နိမိတ်ကြားစဉ်

ဆုတောင်းပြည့်တောရ
သိမ်သမုတ်ပွဲ
နိမိတ်ကြားစဉ်



ဆုတောင်းပြည့်တောရ
သိမ်သမုတ်ပွဲ
တောရဆရာတော်
ဩဝါဒမိန့်ကြားစဉ်

ဆုတောင်းပြည့်တောရ
သိမ်သမုတ်ပွဲ
တောရဆရာတော်နှင့်
သံဃာတော်များ

ဆုတောင်းပြည့်သိမ်သမုတ်ပွဲ နတ်ကန်ချောင်း
တောရဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ
(ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ)
ဆွမ်းခံကြွလာစဉ်

ရန်ကုန်ဆရာတော် ဘဒ္ဒန္တဇာဂရိယ
(ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ)သို့
သိမ်အလှူရှင်များ
ဆွမ်းလောင်းလှူနေကြစဉ်



ဆုတောင်းပြည့်တောရကျောင်း မဟာသိမ် အလှူရှင်ဦးခင်ဇော် + ဒေါ်ဝင်းရီ မိသားစု
နေပြည်တော်လယ်ဝေး ဆောက်လုပ်လှူဒါန်းပါသည်။

မဖြစ်မေတ္တာလွှတ်၍၊ မေတ္တာကမ္မဋ္ဌာန်းကို ပွား၍ ဖြူမနှင့် မျောက်ကလေးအပေါ် စိတ်ညွတ် အထူးပြုပွားခဲ့ရာ သုံးရက်မြောက်နေ့မှာ မိခင်ရင်းပမာ ဖြူမက မျောက်ကလေးကို နို့တိုက်သည်ဆို၏။ မဂ္ဂဇင်းများမှာ ဓာတ်ပုံဖြင့် ဆောင်းပါးပါ၏။ မိမိအားပြ၏။ ဘယ်လ ဘယ်ရက် မှတ်မထားမိ၊ နှစ်မကြာသေး၊ ၅–နှစ် ၆–နှစ်အတွင်း ဖြစ်၏။ ပျဉ်းမနားမြို့ ဈေးသူဈေးသားများအားလုံး သိကြ၏။

ယခု တင်ပြခဲ့ပြီးသော အကြောင်းအရာ ၂–ရပ်ကို ထောက်ဆလျှင် ကြက်တူရွေးများ အိပ်ကြလေ့ ဟူသော မေတ္တာပို့ ညွှန်ကြားချက်အဂိန့်၌ တည်ကြသည်မှာ ဖြစ်နိုင်ရာပါ၏။

တစ်မျိုးတစ်ဖုံစီ

တစ်မိဝမ်းတွင်းအတူ ညီအစ်ကိုအရင်းအကြီးဆုံးနှင့် အငယ်ဆုံး ရဟန်းဖြစ်ကြခြင်းတူကြ၏။ ဝါသနာစရိုက် အလုံးစုံထပ်တူဖြစ်ခြင်း ရှိနိုင်ခဲပေတကား၊ တစ်မျိုးစီတော့ ထူးခြားသည်က အမှန်။

ကြက်တူရွေး ၄၅၀၀၀

ညအိပ်ပြီး နောက်တစ်နေ့မနက် ညက ကြက်တူရွေးများအကြောင်း တောရဆရာတော်သို့ မိမိက လျှောက်၏။ ကြက်တူရွေးတွေက နှစ်စဉ်ဝါတွင်းမိုးလာခိုကြတာ၊ ဟိမဝန္တာဘက် မိုးများလို့ထင်ရဲ့၊ ကြက်တူရွေးက အကောင် (၄၅၀၀၀)လေးသောင်းခွဲလောက်ရှိတယ်၊ ကြက်တူရွေးတွေက ပတ်ဝန်းကျင်မှာရှိတဲ့ သီးနှံတွေ၊ နေကြာတွေ မဖျက်ဆီးကြဘူး၊ ငါ့ကျောင်းက သစ်ပင်၊ သစ်ရွက်နုတွေသာ ကိုက်ဖြတ်စားတာ တွေ့ရတယ်ဟု မိန့်၏။

တောရဆရာတော်၏ မိန့်ကြားချက်တွင် ကြက်တူရွေးကောင်ရေ အရေအတွက် (၄၅၀၀၀) လေးသောင်းခွဲ ဟုမိန့်ဆိုသည်မှာ ထူးဆန်းနေပါ၏။ ဘယ်နည်းဖြင့် ရေတွက်ပါသနည်း စဉ်းစားမရ ဖြစ်မိ၏။

ဘေးကင်းရာအရပ်

နောက်တစ်ချက်မှာ မိုးလွတ်ရာဘေးကင်းရာ အရပ်ဟု ဘယ်သူက ညွှန်ပြပါသနည်း၊ တောရကျောင်းသင်္ခမ်းမှာ သူတော်ကောင်းကြီးရှိသည်။ အရိပ်ခိုလို့ရသည်၊ ဘယ်သူက ပြောပါသနည်း၊ ဘယ်သို့သိကြပါသနည်း၊ တောရဆရာတော်နှင့် ဘယ်ကဲ့သို့သော အကြောင်းဆက်များ ရှိကြပါသနည်း ဟူ၍ အတွေးအမျိုးမျိုးဖြင့် အဖြေထုတ်ကြည့်ပါသည်။ ဦးခေါင်းချာလည်၍ ယခုတိုင် အဖြေတိကျ မရခဲ့၊ တောရဆရာတော်ကိုလည်း မလျှောက်ထားရဲခဲ့။

တောရဆရာတော်ရုပ်ထုနှင့် တိုက်ကျောင်း ဗိုလ်ကြီး ခင်မောင်မိသားစုလှူ

ကောဇာ – ၁၃၅၈၊ တပေါင်းလ တောရဆရာတော်ရုပ်ထုနှင့် တိုက်ကျောင်းကို ယခုနေပြည်တော် ပျဉ်းမနားမြို့ ရွှေချိုရပ်နေ ဗိုလ်ကြီးခင်မောင် (ငြိမ်း)နှင့်ဇနီး ဒေါ်ကြည်ကြည် မိသားစုက ထန်းတပင်တောရတွင် လှူဒါန်းသည်။ ဗိုလ်ကြီး ခင်မောင်မိသားစု တိုက်ခံကျောင်း သုံးကျောင်းနှင့် ရေကန်၊ နတ်လမ်းများ လှူဒါန်းထားသည် တွေ့ရသည်။ ဗိုလ်ကြီးခင်မောင်မှာ နဘူးကျောင်းရွာဇာတိ ဖြစ်လေသည်။ အလှူတွေ စုံလှသည်။

ဆုတောင်းပြည့်တောရ သိမ်ဒါယကာများ

ယခု နေပြည်တော် လယ်ဝေးမြို့နယ် ထန်းတ ပင်ရွာအနီး ဆုတောင်းပြည့်တောရကြီး သိမ်အမှတ် ၆၉/၇၀ ခဏ္ဍသိမ်နှင့် မဟာသိမ်ကြီး

သိမ်အလှူရှင်များမှာ လယ်ဝေးမြို့ အမှတ် ၄-ရပ်ကွက်အောင်ရပ် မြန်မာ့ရတနာ စိန်ရွှေရတနာကုန်သည် ဦးသန်းမောင်+ ဒေါ်တင်ရွှေ သား ကိုခင်မော်+မဝင်းရီ မြေးစိုးနိုင်ထွန်း မိသားစု၏ ကောင်းမှုဖြစ်သည်။

ဆရာတော်ဦးဣသရိယ

ခေတ်မီလှပသော သိမ်အဆောက်အဦးကို ဆောက်လုပ်လှူခဲ့ပြီးဖြစ်သည်၊ သိမ်အဆောက်အဦးပုံစံထုတ်တည်ဆောက်ခြင်းကို ဆရာတော် ဦးကောဝလ၏ ညွှန်ကြားချက်အတိုင်း ဦးပဥ္စင်း ဦးဣသရိယ (B,Sc, A.G.T.I) က ရေးဆွဲဆောက်လုပ်ခဲ့သည်။ သိမ် ၁၀၀ မှတ်တမ်းတွင် ဓာတ်ပုံဖြင့်ဖော်ပြထားပြီး ဖြစ်သည်။ (ထို ဦးဣသရိယမှာ ဘာသာခြားမှ ဗုဒ္ဓဘာသာပြောင်း ရဟန်းဝတ် တောရဆရာတော်ထံ နည်းစံ့ရုတင်ဆောင် ဖြစ်လေသည်။

ထိုပူးတွဲ သိမ်မှတ်တမ်းကို ပါဠိမြန်မာနှစ်ဘာသာဖြင့် သမုတ်ပုံ၊ အစီအစဉ်၊ သိမ်ပုံစံများ၊ သိမ်ပုံစံ၌ညွှန်ပြချက်စာများ၊ နိမိတ်စောင့်၊ နိမိတ်ကြား၊ ကမ္မဝါစာများပါ အမှတ်တရဖြစ်စေရန်နှင့် နည်းယူဆောင် ပုဂ္ဂိုလ်များ မှတ်တမ်းကြည့်၍ ဆောင်ရွက်နိုင်စေရန်အပြည့်အစုံ သိမ်သမုတ်မှတ်တမ်း ရေးသားချီးမြှင့်တော်မူပါဘုရားဟု မိမိလျှောက်ထားခဲ့၏။ ရေးသားချီးမြှင့်တော်မူ၏။ သိမ် ၁၀၀ မှတ်တမ်းတွင် ဖော်ပြထားပါ၏။

သိမ်အမှတ် ၇၁-သဲကျွန်းသိမ်

သာသနာ ၂၅၄၀-ပြည့်၊ ကောဇာ ၁၃၅၈ ခုနှစ် တပေါင်းလပြည့်ကျော် ၃-ရက်(၂၆.၃.၁၉၉၇)၊ ဗုဒ္ဓဟူးနေ့ ည ၉-နာရီကျော်အချိန် ယခုနေပြည်တော် ပျဉ်းမနားမြို့နယ် ကင်မွန်းတန်းအုပ်စု သဲကျွန်းကျောင်း ခဏ္ဍသိမ်ကို တောရဆရာတော် ဦးဆောင်၍ ရဟန်းတော် ၃၅-ပါးတို့ သမုတ်တော်မူခဲ့၏။

သိမ်အမှတ် ၇၂-ငါးမာန်အောင်သိမ်

သာသနာ ၂၅၄၀-ပြည့်၊ ကောဇာ ၁၃၅၈/ ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်(၃၀.၃.၁၉၉၇)၊ တနင်္ဂနွေနေ့ နံနက် ၉-နာရီအချိန် ရမည်းသင်းမြို့ ဆေးရုံကြီးမြောက်ဘက် လက်ဆည်ကန်ရပ်ကွက်နှင့်နီးသော ငါးမာန်အောင်ဘုရားကြီးအနီး ဗဒ္ဓသိမ်ကို တောရဆရာတော်ဦးဆောင်၍ ရဟန်းတော် ၁၅-ပါးတို့က သမုတ်တော်မူခဲ့ကြ၏။

ဓာတိရှာ နဘူးကျင်း သိမ်ကျောင်း ဆောက်ရန် ဦးညွန့်လှိုင်အစွဲ့လှူ

တောရဆရာတော် ဘုရားကြီး၏ ဓာတိရှာ နဘူးကျင်း ရွာဦးကျောင်းတွင် နှစ် ၁၀၀-ကျော်က သမုတ်ထားသော သိမ်မြေတွင် စေတီတစ်ဆူသာရှိပြီး ရင်ပြင်တွင်အဆောက်အဦးမရှိ၊ ရွာဦးကျောင်းဆရာတော် ဦးအာဒိစ္စနှင့် ရဟန်းများ ဥပုသ်ပြုနေသည်ကို မြင်တွေ့ရ၍ သိမ်အဆောက်အဦး ဆောက်လုပ်လှူရေး ရန်ကုန်မြို့ လမ်း ၄၀ မွှေ့ရှ-၃၃ဗွှဒ ဦးညွန့်လှိုင်အား မိမိကပြော၏။

ဦးညွန့်လှိုင်က-ဒေါ်ကြည်နှင့် ဦးအောင်မြင့်တို့အား ထပ်၍ အလှူခံ၏၊ ဤသို့ဖြင့် ဦးညွန့်လှိုင် ဒေါ်ခင်လွှမ်း ၅၀၀၀၀ိ၊ ဦးစွန်း+ဒေါ်ကြည် ၅၀၀၀၀ိ၊ ဦးအောင်မြင့်+ဒေါ်မြင့်မြင့်ထွေး(ရွှေပန်းတိမ်) ၅၀၀၀၀ိ မ တည်လှူကြ၏။

ဦးညွန့်လှိုင်နှင့် မိမိတို့ နဘူးကျင်း ရွာဦးကျောင်းသို့ ငွေ ၁၅၀၀၀၀ိ၊ (တစ်သိန်းငါးသောင်း) လှူရန်သွားကြ၏။ သရက်ကန်ဆရာတော် ဦးဥာဏိန္ဒ

လည်းပါ၏။ နဘူးကျောင်း ဆရာတော် ဦးအာဒိစ္စမှာ မြို့နယ်သံဃာ့နာယက အဖွဲ့ဝင်ဖြစ်၍မြို့မှပြန်အလာ စောင့်နေကြ၏။

မမျှော်လင့်ဘဲ တောရဆရာတော် ကြွလာ

ထိုအချိန် မမျှော်လင့်ဘဲ တောရဆရာတော်ဘုရားကြီး ရွာဦးကျောင်းဝင်းထဲသို့ ကားဖြင့် ကြွလာ၏။ သိမ်အဆောက်အဦး နှစ်(၁၀၀)ကျော်မရှိခဲ့တာ တောရဆရာတော်ကြီးကို ဦးထိပ်ထား၍ မတည်ငွေလှူကြမည်လျှောက်၏၊ ဝမ်းသာကြောင်းမိန့်၏၊ ဦးညွန့်လှိုင်က တောရဆရာတော် ရေစက်ချပေးပါဘုရားလျှောက်၏။တောရဆရာတော်က သရက်ကန် ဘုန်းကြီး ဦးဥာဏိန္ဒ ရေစက်ချပေးလိုက်ဟုမိန့်၏၊ ငါရှေ့မှာ ငါရှိနေတာ အတူတူဘဲဟု မိန့်ကြား၏၊ရေစက်ချ အမျှဝေရာ၌ တောရဆရာတော်ပါ သာဓုခေါ်ချီးမြှောက်တော်မူ၏။

ရေစက်ချဆိုတာ ဒကာရဲ့အလုပ်

'ရေစက်ချတယ်ဆိုတာ အလှူရှင်ဒကာတွေက မဆိုတတ်ကြလို့ သံဃာတွေက တိုင်ပေးနေရတာ၊ သရက်ခရိုင် တောင်လတ်တောရမှာနေစဉ် တောသားဒကာကြီးတယောက် ကျောင်းလှူတာ ရေစက်ချတိုင်ပေးမနေရဘူး' သူကိုယ်တိုင်ကို ရေစက်ချသွားတာ၊ ရှေးက တောသားဒကာကြီးတွေ ဗဟုသုတရှိတယ် မင်းတို့မြို့နေပြီး ရအောင်လုပ်ထားကြဟု' တောရဆရာတော်က မိန့်၏။

အလှူရှင် ဦးညွန့်လှိုင် အနေဖြင့် လွန်စွာဝမ်းသာနေ၏။ တောရဆရာတော် ကြိုတင်ပင့်မထားဘဲပေါ်လာပြီး ချီးမြှင့်သည်ကို အံ့သြနေကြကုန်၏။

ထိုနေ့ကား ၁၃၅၈ ခု တပေါင်းလပြည့်ကျော် (၈)ရက်နေ့ ဖြစ်လေသည်။ ရမည်းသင်းမြို့ ငါးမာရ်အောင် သိမ်သမုတ်ပွဲမှ အပြန်ရွာဦးကျောင်းသို့ ကုဋီတက်ချင်လို့ ငါကဝင်တာ မင်းတို့ရောက်နေကြသကိုးဟု မိန့်၏။ တောရဆရာတော်၏ ကပ္ပိယအဖြစ် ယခုနေပြည်တော် ပျဉ်းမနားမြို့မှ ပြည်သူ့တရားသူကြီး အငြိမ်းစား ဦးခင်လှိုင်ပါလာ၏။ ထိုနေ့မှစ၍ ဦးခင်လှိုင်နှင့် သိကျွမ်းခင်မင်ခဲ့ရလေသည်။

သိမ်ဆောက်ရန် အလှူငွေများကို ကပ္ပိယကာရက အဖြစ် ဦးကျော်ဆွေ (ရ.ယ.က)ဥက္ကဋ္ဌက လက်ခံပြီး နောက်ပိုင်း ရွာသူရွာသားများပါ စုပေါင်းကောင်းမှုဖြင့် ထိုသိမ်ကျောင်း အဆောက်အဦကြီးမြေအောက်လှိုဏ်ဂူအပါအဝင် ဆရာတော် ဦးအာဒိစ္စ စီမံဆောက်လုပ်ပြီးစီး ခဲ့လေသည်။

၁၃၅၉-နဘူးကျောင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ

သာသနာ ၂၅၄၁၊ကောဇာ-၁၃၅၉(၁၉၉၇) ခုနှစ် နဘူးကျောင်း ရန်ကင်းတောရကြီး၌ တစ်လှည့်ဝါကပ်တော်မူသည်၊ သက်တော်-၇၆၊ ဝါတော်-၅၇၊ တောရဝါ ၃၅-နှစ် ရှိလေပြီ၊

ထိုနှစ်တွင် သိမ်အလုံးပေါင်း ၁၁ လုံး သမုတ်တော်မူခဲ့သည်။ ထိုနှစ်၏ ထူးခြားချက်မှာ

(၁)တစ်နံနက်တည်း သိမ် ၂ လုံး သမုတ်သည်။ သိမ်အမှတ်စဉ် ၇၇-နှင့် သက်တော် ၇၇ ဖြစ်၍ နေသည်။

(၂)တစ်ညတည်း၌ ရှမ်းစုရွာကျောင်းနှင့် တောရကျောင်းသိမ် ၂-လုံး သမုတ်တော်မူခဲ့သည်။

ရွာကျောင်းလည်းရှိတောရကျောင်းလည်းရှိ ရှားလေသည်။သမုတ်ခဲ့သော သိမ်များမှာ အောက်ပါအတိုင်းဖြစ်လေသည်။

တောရဆရာတော် ရန်ကုန်သို့ သိမ်သမုတ်ရန် ကြွလာ

၁၇.၅.၁၉၈၇ နေ့ ဘုရားဖြူတိုက်မှ ဦးစန္ဒိမာ ဖုံးဆက်၍ တောရဆရာတော် ရန်ကုန် မင်္ဂလာဒုံ သိမ်သမုတ်ကြွလာမည် နံနက်အရုဏ်ယူနိုင်သည့် နေရာရှာထားပါ မိန့်ကြောင်း ပြောပြသိရသည်။

ထိုအတွက် သားအလတ် ကိုတိုး၏ကား ဖြင့် ဦးညွန့်လှိုင်၊ ဦးစန္ဒိမာ၊ ဦးဝါယမ ကျောက်ရေ တွင်း မ/ဥက္ကလာပ ဓာတ်ကာရုံ စာသင်တိုက်တို့ပါ မြောက်ဒဂုံရှိ အောင်ချမ်းသာ စာသင်တိုက်သို့ သွား ကြသည်။

ဒဂုံမြို့သစ်မြောက်ပိုင်း တက္ကသိုလ်ကြီး၏ နောက်ကြောဘက် လူမနေသေးသော ကွင်းပြင်ကြီး သို့ တောရလောက်သည့် နေရာရှာကြပြီး မှတ်သား၍ ပြန်လာကြသည်။

၁၈.၅.၁၉၈၇–နေ့ ညနေ ဒဂုံမြို့သစ် ၅၁– ရပ်ကွက် အောင်ချမ်းသာ စာသင်တိုက်နှင့် ရိပ်သာ သို့ တောရဆရာတော် ရောက်ရှိကြောင်း သိရ၍ ကိုညွန့်လှိုင်နှင့် သွားသည်။ ယခုနေပြည်တော် ပျဉ်းမနားမှ ဗိုလ်ကြီးခင်မောင် ကားဖြင့် ကြွလာခြင်း ဖြစ်သည်။ ဆွမ်းလောင်းလှူရေး စီမံ–မိမိကိုယ် တိုင်ချက်သည်။

၁၉၊ ၅၊၈၇ –နံနက် ကိုညွန့်လှိုင်ကားမောင်း ၍ တောအရုဏ် နေရာလိုက်ပို့ ပြန်ကြွလာ၊ မိမိက ကျောင်းအဝမှ ဆွမ်းလောင်းလှူရသည်။

ဘုရားဖြူတိုက် ညကျိန်းစက်၍ ၂၀၊၅၊၈၇ နံနက်အရုဏ် ကိုတိုး၏ကား၊ ဦးတင်ဝင်း၏ကား ၂– စီးဖြင့် ဗိုလ်ကြီးခင်မောင် ဦးညွန့်လှိုင် မိမိတို့ပါ မြောက်ဒဂုံ တက္ကသိုလ်အနီး ကွင်းပြင်ကြီးတွင် အရုဏ်ယူလိုက်ပို့၊ ကသိုလ်ယူကြသည်။ ဘုရားဖြူ တွင် ဆွမ်းလောင်းသည်။

၂၁၊ ၅၊ ၈၇ နံနက် ယခုနေပြည်တော် ပျဉ်းမနား ဗိုလ်ကြီးခင်မောင်ကား ဦးတင်ဝင်းကား ၂–စီးဖြင့် အရုဏ်ယူ၊ အထက်ပါ နေရာသို့ ပင့်သွားခဲ့ ကြသည်။ မင်္ဂလာဒုံမြို့ –စက္ကဝဋ္ဋာကျောင်း သိမ် သမုတ်မည့် ကျောင်းတိုက်သို့ သွားကြသည်၊ နံနက် ဆွမ်းလောင်းလှူကြသည်၊ ထိုသိမ်ကို သမုတ်ပေးရန် ဘုန်းကြီး ဦးမဏ္ဍလမှ ဘုရားဖြူ ဆရာတော် ဦးနန္ဒာ ဘိဝံသသို့ လျှောက်ထားပြီး ဘုရားဖြူ ဆရာတော်က တောရဆရာတော် ဦးဆောင်သမုတ်ပေးရန် ထပ်မံ ပင့်လျှောက်သဖြင့် ကြွလာရခြင်း ဖြစ်သည်။

ဤကား ဘုရားဖြူဆရာတော် ဦးနန္ဒာဘိ ဝံသ၏ မြင့်မြတ်သော နှလုံးသားကို ဖူးမြင်ရသည် ဆိုချင်ပါ၏။

တောရဆရာတော်ကို တောဘုန်းကြီးထင်

တောရဆရာတော် ဝတ်ရုံလာသောသင်္ကန်း မှာ ဟောင်းနွမ်းနေပြီး သုသာန်မှာ ပံသုကူပစ်သော ဝိတ်စကို သင်္ကန်းချုပ်၍ ဆေးဆိုးထားသည်မှာ လည်း အရောင်မလှ၊ ဦးခေါင်းတော်က ဆံပင် ကလည်း ရှည်၊ မြင်ရသူ ရှင်သူ ရဟန်းများက တောဘုန်းကြီးတစ်ပါး သပိတ်နှင့် ဆွမ်းစားနေသည် ထင်ကြဟန်ရှိ၏။ ရဟန်းငယ်များ ဖြတ်သွားဖြတ်လာ တစ်ပါးမျှ ဦးမရှ ဝတ်မပြုကြ။

ထိုသို့ဖြစ်ရခြင်းမှာ အကြောင်းသိသူ မရှိ၍ ဖြစ်ကြောင်း မိမိတို့က နားလည်ကြပါ၏။ ဤသို့ဖြင့် ဆွမ်းစားပြီး သမုတ်မည့် သိမ်ထဲ သွားနေရအောင်ဟု မိန့်၏၊ သိမ်ထဲမှာ ပြောင်းရွှေ့နေကြ၏။ ဘုရားဖြူ ဆရာတော် ဦးနန္ဒာဘိဝံသ ကြွရောက်မလာသေး၍ စောင့်နေကြရ၏။

ဘုရားဖြူဆရာတော် ဦးနရိန္ဒာဘိဝံသ ကြွလာ

ဘုရားဖြူဆရာတော် ဦးနရိန္ဒာဘိဝံသ ပါဂျဲရိုး (PAJERO)ကားဖြင့် ယိုးဒယား ပိုးသက်နုံဝတ် ရုံ၍ ကြွလာတော်မူ၏။ ရဟန်းရှင်လူ ပရိတ်သတ် လှုပ်လှုပ်ရွရွ ဝိုင်းအုံ ဆီးကြိုတော်မူကြကုန်၏။

ဘုရားဖြူဆရာတော် သမုတ်မည့် သိမ်ထဲသို့ ကြွလာ၏၊ ရဟန်းစုံပြီလားမေး၏၊ စုံပါပြီဆိုသည်နှင့် တောရဆရာတော် ဦးတိသာရ ဦးဆောင် သမုတ်မှာဖြစ်ကြောင်း မိမိကဲ့သို့ ဓမ္မာစရိယဘွဲ့ရ ဘုရားဖြူစာချ ဘုန်းကြီးဘဝမှ တောထွက်သွားကြောင်း ဝိနည်း အကျင့်သီလအရာ၌ သာလွန်ကြောင်း ထိုဆရာတော်၏ ဩဝါဒအတိုင်း သိမ်သမုတ်ကြမည်ဖြစ်ကြောင်း သိမ်ပေါင်းများစွာ သမုတ်ခဲ့ရာ ယခုသမုတ် မည့်သိမ်မှာ သိမ်အမှတ်စဉ် ၇၃-ဖြစ်ကြောင်း မိန့်တော်မူမှ-တောရဆရာတော်ကြီးကို ဦးခိုက် ရှိခိုးကြကုန်၏။ ဘုရားဖြူ ဆရာတော် ဦးနရိန္ဒာဘိဝံသ၏ တောရဆရာတော်အပေါ်ထား ရှိသော နှလုံးသားကို ထပ်မံ၍ ဖူးမြင်ရပြန်သည်ဟု ဆိုချင်ပါ၏။

သိမ်အမှတ် ၇၃-စက္ကဝဠာသိမ်(ဝိသုံဂါမသိမ်)

သာသနာ ၂၅၄၁၊ကောဇာ-၁၃၅၉ ကဆုန်လပြည့် (ဗုဒ္ဓနေ့)(၂၁.၅.၁၉၉၇) ဗုဒ္ဓဟူးနေ့ နံနက် ၁၀-နာရီ၊ ၂၅မိနစ် အချိန် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်(၂.က)ရပ်ကွက် စက္ကဝဠာကျောင်း(ဝိသုံဂါမ)၌ ဗဒ္ဓသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၅-ပါးတို့ သမုတ်တော် မူခဲ့ကြသည်။

သိမ်ဒါယကာများမှာ မင်္ဂလာဒုံဈေးကြီး အတွင်းရှိ ဦးညို+ဒေါ်လှကျင်(ရွှေပန်းတိမ်)မိသားစု ဖြစ်ပြီး သားဖြစ်သူ အရာခံဗိုလ် ဆိုသူမှ ဝိသုံဂါမ လျှောက်ထားပေးခြင်း ဖြစ်သည်။

ဝိသုံဂါမ= အခွန်ထွက် သိမ်သမုတ်ခွင့် အမိန့်ရရေးမှာ လွယ်သည်မဟုတ် ရဟန်းတော်များ သိမ်သမုတ်ရာ၌ လွယ်ကူ၏။

တောရဆရာတော်ပြန်ကြွ-ဦးတင်ဝင်းကား ဖြင့်လိုက်ပို့

၂၂-၅-၉၇ နံနက်တောရဆရာတော် အရုဏ်ယူရန် ဒဂုံမြို့သစ်မြောက်ပိုင်း သွားနေကြ ကွင်းကြီးသို့ ရန်ကုန်မှ ဦးတင်ဝင်းကား ၄က/၉၂၄၉ နှင့် ယခုနေပြည်တော် ပျဉ်းမနားမှ ဗိုလ်ကြီးခင်မောင်ကား ၉က/၂၃၂၇ ၂-စီးဖြင့် ဘုရားဖြူ ဦးနေမှာ မိမိနှင့် ဦးညွန့်လှိုင်တို့ ပါသွားကြသည်။

တောရဆရာတော် တစ်နေ့တာ နံနက်ဆွမ်း အတွက် ဦးညွန့်လှိုင်အိမ်မှချက်၍ သပိတ်တွင် ထည့်ယူခဲ့ပြီး မိမိနှင့် ဦးတင်ဝင်းတို့က ဒူးရင်းသီး ငှက်ပျောသီးနှင့် ဘောဇဉ်များယူခဲ့ကြသည်၊ အထက်ပါကား ၂-စီးဖြင့် မိမိတို့က အင်းတကော်ထိ လိုက်ပို့ကြသည်။

ဦးတင်ဝင်း၏မိတ်ဆွေဖြစ်သူ အင်းတကော်မြို့အဝင်ရှိ ကိုအောင်သန်းထိုက် မမွှေးကြူ တို့အိမ်သို့ ဝင်၍ ဆွမ်း/ ဘောဇဉ်များ လောင်းလှူ ဆက်ကပ်ကြသည်၊ အိမ်ရှင်က သရက်သီးနှင့် အအေးစုံလှူသည်။ လမ်းဘေးရှိ မဟာ ဝုဏ်ကာရာမ ကျောင်းတိုက်ဆိုင်းဘုတ်ကြီးအနီးရှိ အိမ်ဖြစ်သည်။

ဆွမ်းစားပြီး မိမိတို့သုံးဦးက ဦးချကန်တော့၍ လိုက်ပို့ခွင့်ရသည်ကို ကြည်နူးဝမ်းသာမဆုံးဖြင့် ရန်ကုန်ပြန်လာကြသည်၊ တောရဆရာတော်မှာ ဗိုလ်ကြီးခင်မောင်ကားဖြင့် ပြန်ကြွလေသည်။

တစ်သက်မမေ့နိုင်

မလိုအပ်ဘဲ အပိုလုပ်သည်ကို လိုလားခြင်းမရှိသော တောရဆရာတော်သည် ယခုရန်ကုန်အပြန်ခရီး၌ မိမိတို့သုံးဦး၏ဆန္ဒကို ပြုံးရွှင်စွာ လိုက်လျောခဲ့သည်။ တသက်မမေ့နိုင်စရာ မမေ့နိုင်လောက်အောင်ဝမ်းသာခဲ့ကြသည်။

ဝဏ္ဏလိမထေရ်၏ ဆွေမျိုးသုံးကောင် တန်ရာတော့ ချီးမြှောက်ခဲ့ဦးမည်ဟု နှလုံးသွင်းတော်မူပါသည်ဟုထင်ပါသည်၊ မိမိတို့ကဲ့သို့ပင် တောရဆရာတော်နှင့် ဖူးတွေ့ဘူးသူတိုင်း ထပ်မံဖူးချင်ကြသည်၊ တောရကျောင်း ရောက်ဖူးသူတိုင်း ထပ်မံလာလိုကြသည် ထင်ပါသည်၊ သို့ရာတွင် တောရဆရာတော်က အရိုးနိုးသော အချိန်ကုန်လွန်ခြင်း အပေါင်းအပေါ် ဒကာ–ဒကာမများနှင့် တအုန်းအုန်း တရုန်းရုန်းဖြစ်နေခြင်းကို အလိုရှိတော်မမူ၊ ဝါတွင်းကာလတံခါးများပိတ်ထားလိုက်လေသည်။

ဗိုလ်ကြီးခင်မောင် ပြောသွားသော မှတ်သားစရာ စကားများ

ဤနေရာ၌ ဗိုလ်ကြီးခင်မောင်ပြောသွားသောစကား နောင်းလူတို့ မှတ်သားနိုင်ကြစေရန် ဖော်ပြလိုက်ပါ၏။

တောရဆရာတော် ရန်ကုန်ကြွမည်သိ၍ ဗိုလ်ကြီးခင်မောင်က ‘ဒီတစ်ကြိမ် ကားလှူပါရစေ– ကပ္ပိယအဖြစ် လိုက်ပါရစေဘုရား’ဟု ခွင့်တောင်းသည်ကို ‘ရထားလက်မှတ်ယူ။ ငါ့ကို ရထားတင်ပေးပြီး ရန်ကုန်က မောင်သိမ်းဆောင်၊ မောင်ညွန့်လှိုင်တို့ကို ဖုန်းဆက်၊ သူတို့ကြိုလိမ့်မည်။ ရန်ကုန်က ရထားစီးပြန်လာ မင်း ကြိုပါ၊ ဖုန်းဆက်လျှင်ပြီးတာပဲ၊ မလိုအပ်ဘဲ ပိုက်ဆံတွေကုန်မည်’ ဟုမိန့်သည်ဆို၏။

‘တပည့်တော်မှာ နိုင်ငံခြားက သားပေးတာ၊ ဂျစ်ကားငှားတာ၊ ရေစက်ကရတာ ငွေရှိပါတယ်ဘုရား။ ဆရာတော်နှင့် ခရီးသွားရတာ ဘယ်လောက်ကုန်ကုန် လှူပါရစေ’ ဟုလျှောက်၍ တောရဆရာတော်ကို ၉က/၂၃၂၇ အကောင်းစား ကားဖြင့် ရန်ကုန်သို့ ပင့်ဆောင်လာခြင်း ဖြစ်သည်ဟု ပြောပြပါသည်။

ကမ္ဘည်းမထိုး မြတ်သည့်အလှူ

ဆက်၍ပြောသည်မှာ တောရဆရာတော်က ရထားစီးတော့–လမ်းမှာ အိပ်ငိုက်ခြင်း၊ကြောခိုခြင်း မပြုရဘူး၊ တလမ်းလုံး အအိပ်ပျက်ခံပြီး သတိထားနေရတာ၊ ဘယ်လောက် ဆင်းရဲသလဲ၊ ရထားပေါ်မှာ အမျိုးသမီးတွေပါတယ်၊ တစ်မိုးတစ်ရံထဲမှာ အမျိုးသမီးတွေနဲ့ နီးနီးကပ်ကပ် မနေလိုတဲ့ကိုယ်တော်၊ ချမ်းသာရာ ဘယ်မှာရမလဲ၊ ဆရာတော်လည်း သက်တော်ကြီးပြီ၊ သည်နေရာမျိုးမှာ သိလျက်နှင့်မလှူ၊ ဘယ်နေရာမှာလှူမလဲ၊ ကမ္ဘည်းမထိုးလည်း မြတ်သောအလှူဖြစ်ဘို့က အရေးကြီးတယ်ဟု သဘောထားပြီး ကားဖြင့် ပင့်ဆောင်လာခြင်းဖြစ်ကြောင်း ပြောပြပါသည်။

ဗိုလ်ကြီးခင်မောင်ပြောသော စကားများမှာ တောရ သာသနာတကယ်တန်း တည်စေချင်ပါသည်ဆိုလျှင် လူဒါယကာများဘက်က သတိနှင့် အသိ၊ သဒ္ဓါနှင့်ပညာ ချိန်ဆ၍ ပိုင်းဖြတ်ရှုက်ဆောင်ကြပါရန် မှာတမ်းတစ်ပုဒ်ကဲ့သို့ ဖြစ်၍နေပါသည်။

ဗိုလ်ကြီးခင်မောင် ကွယ်လွန်

ကျောင်းအလှူ–နတ်လမ်း ရေကန် ရုပ်ထုမျိုးစုံအောင်လှူခဲ့သော ဗိုလ်ကြီးခင်မောင်သည် ထိုခရီးမှအပြန် ကာလအနည်းငယ်ကြာတွင် ကွယ်လွန်သွားကြောင်း ကြားရပါသည်။

သိမ်အမှတ် ၇၄–ရွှေပရိယတ္တိသိမ်

သာသနာ ၂၅၄၁/ ကောဇာ – ၁၃၅၉ (၂.၆.၁၉၉၇) ကဆုန်လပြည့်ကျော် ၁၂–ရက် တနင်္လာနေ့ညသို့ ယခုနေပြည်တော် တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက် ရွှေပန်းတောစေတီအနီး 'ဝိသုဒ္ဓါဒယ' အမည်ရှိ သိမ်ကို တောရဆရာတော်နှင့် ရဟန်းတော် ၄၆–ပါးတို့ သမုတ်တော်မူခဲ့ကြ၏။

သိမ်အမှတ် ၇၅ – ကန်နားကျောင်းသိမ် (ဝိသုံဂါမသိမ်)

သာသနာ ၂၅၄၁၊ ကောဇာ–၁၃၅၉ (၂၈.၆.၁၉၉၇) နယုန်လပြည့်ကျော် ၈–ရက် စနေနေ့ နံနက် ၉နာရီ၊ ၁၂–မိနစ်အချိန် ယခုနေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ ကန်နား ကျောင်း မြေညီပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၁၃၈–ပါးတို့ 'မွေ့ရုံသိ' အမည်ဖြင့် (ဝိသုံဂါမ) သိမ်ကို သမုတ်တော်မူခဲ့ကြသည်။

တောရဆရာတော် မကျန်းမာဖြစ်ခြင်း

၁၃၅၉–ခုနှစ် ရန်ကင်းတောရကြီး၌ ဝါဆိုတော်မူပြီး ၃၀၊ ၈၊ ၉၇ နေ့ ယခုနေပြည်တော် တပ်ကုန်းမြို့ ဒေါင်းမင်းဆီစက်၊ အကိုကြီးဦးအောင်ခ ဖုန်းဆက်၍ တောရဆရာတော် မကျန်းမာကြောင်း၊ အရေးကြီးကြောင်းနှင့် အမြန်လာရန် ပြောသဖြင့် ထိုည ၇–နာရီ၊ ၃၀ ရထားဖြင့် တပ်ကုန်းသို့ မိမိ သွားရောက်ခဲ့၏။

အကိုကြီးဦးအောင်ခ ကားဖြင့်ရန်ကင်း တောရကြီးသို့ သွားရောက်ကြ၏၊ တောရဆရာတော်မှာ အနည်းငယ် သက်သာနေပြီဖြစ်၏။

ဝမ်းသွားလျှင် ဆွမ်းသက်သက် ဘုန်းပေးခဲ့

မကျန်းမာဖြစ်ပုံမှာ ဝါခေါင်လဆန်း၇–ရက် (၂၆.၈.၉၇)နံနက် ၇–နာရီမှ ဂနာရီအချိန် ဒေါင်းမင်းမိသားစု၏ တိုက်ကျောင်းကြီးရှေ့ တန်းလျားခုံ၌ ဦးအာယုမ္မ (ဒုလ္လဘရဟန်း)နှင့် စကားပြောပြီး ပြန်အထလဲကျ၍ အနီးကပ်လျက်ရှိသော ဦးအာယုမ္မက ထိန်းလိုက်နိုင်သဖြင့် မြေပေါ်မကျ၊ မကျန်းမာကြောင်း သိကြပြီး ထိုရက်မတိုင်မီ ဆရာတော် ဝမ်းသက်နေသဖြင့် ဝမ်းချုပ်စေရန် ဆွမ်းသက်သက် ဆားနှင့် ဘုန်းပေးပြီး၊ ဟင်းလျာများ မသုံးဆောင်ဘဲ နေခဲ့သည် ဆို၏။

ဒေါက်တာဦးအောင်ကြည်၊ ဦးအောင်လင်း

တောထဲရောက်ပြီးချိန်မှစ၍ ဝမ်းသက်လျှင် ထိုကဲ့သို့ ဝမ်းပိတ်စေခဲ့ဘူးသည်ဆို၏၊ ထိုနေ့ရှင်းပင် ၂၆.၈.၉၇နေ့ ၂–နာရီ ရမည်းသင်းမြို့မှ ဦးအောင်လင်း က ဒေါက်တာဦးအောင်ကြည်ကိုခေါ်ကာ ဆေးသွင်း ကုသပေးပြီး ရက်ခြားလာရောက် ကုသပေးသည်ဆို၏၊

အာဟာရဓာတ် မရ၍

ထိုသို့ မကျန်းမာဖြစ်ရသည်မှာ အာဟာရ ဓာတ် လုံလုံလောက်လောက်မရ၍ ဖြစ်ကြောင်း ရန်ကုန်ဆရာတော် ဦးဓာဂရိယက သဘောပေါက် ၏၊ သို့အတွက် အာဟာရပြည့်ဝစေရေး ဆွမ်းဟင်း လျာများ ဆွမ်းချက်ဆောင်မှ ဒေါ်တင်မြအား စီမံ လောင်းလှူစေ၏၊ ဆွမ်းဘုန်းပေးခြင်း များများဘုန်း ပေးရန် လျှောက်၏၊ သပိတ်၌ဆွမ်းကျန်/မကျန် အမြဲကြည့် ရှု၏၊ ယင်းသို့ ဂရုစိုက်ပါသော်လည်း ဆွမ်းမှာတစ် ကြိမ်မျှသာဖြစ်၍၊ တောရဆရာတော်မှာ တကယ်တန်း အားမရှိဖြစ်နေ၍ စိုးရိမ်သဖြင့်

အကိုကြီးဦးအောင်ခက မိမိအား လှမ်းခေါ်ခြင်းဖြစ်၏။ ဆရာတော် မကျန်းမာ၍ ၅-ရက်အကြာ မိမိ ရောက်သွားခြင်းဖြစ်ရာ 'ဒီမှာဘယ်လောက်ကြာနေမလဲ ဒေါ်တင်မြဆီမှာ ညစာအတွက်မပူရဘူး' ဟု မိန့်နေ၏။

ပြန်ရမည့် အကြောင်းပေါ်နေ

မိမိကလည်း ဆရာတော် မကျန်းမာခိုက် အနားမှာ ပြုစုရန်နေချင်ပါ၏။ သို့ရာတွင် အစ်ကိုကြီး ဦးအောင်ခက ရန်ကုန် ကမာရွတ်ဘူတာရုံလမ်းမှာ အိမ် တိုက်ခန်း စရံရိုက်ပြီးထားခဲ့ရာ (၅၊ ၉၊ ၉၇) နေ့ ကျန်ငွေချေရမည်ဖြစ်၍ သူ့ကားနှင့် ပြန်လိုက်ရမည်၊ ဆရာတော်လည်း ကျန်းမာနေပြီဘဲဟု ပြောဆိုနေ၏။ အမှန်အားဖြင့် အစ်ကိုကြီးဦးအောင်ခလည်း ဆရာတော်နားမှာ နေချင်သူသာ ဖြစ်ပါသည်။ ရက်ချိန်းပျက်လျှင် စရံ ဆုံးပါလိမ့်မည်။ ရက်အနည်းငယ်မျှဖြင့် တောရဆရာတော်လည်း အတော်အသင့် သက်သာနေပြီဖြစ်၍၊ သင့်သမျှ လျှောက်ပြီး (၃၉၊ ၉၇) ည ယခုနေပြည်တော်တပ်ကုန်း ဒေါင်းမင်းဆီစက်အိမ်မှာ ညအိပ်ရန် မှာထား၍ ရောက်နေခဲ့ရလေသည်။

တောရဆရာတော် မကျန်းမာပြန်ဖြစ်နေကြောင်း တပ်ကုန်း ကိုမြင့်လာပြော

ထိုနေ့ညနေ ဒေါင်းမင်းဆီစက်အိမ်မှာ အစ်ကိုကြီး ဦးအောင်ခနှင့် မိမိတို့(၂)ဦး ညနေစာစားမည်အပြု၊ ယခုနေပြည်တော် တပ်ကုန်း ကိုမြင့် ရောက်လာသည် 'တောရဆရာတော် ပြန်ပြီး နေမကောင်းဖြစ်တာ၊ မထနိုင်တော့ဘူး အခုပဲ ရန်ကင်းတောရက ပြန်လာကြောင်း' သတင်းစကား ပြောလေသည်။

မိမိတို့(၂)ဦးစလုံး ညစာထမင်း ကောင်းစွာ မစားနိုင်၊ တစ်ညလုံးအိပ်မရ၊ ဘာလုပ်ရမည်မသိ၊ အကြီးအကျယ် စိတ်ညစ်နေမိသည်။

နောက်တစ်နေ့(၄၊ ၉၊ ၉၇)နေ့နက် ဖြနာရီ စိစဉ်ပြီးခရီး ဒေါင်းမင်းမိသားစု အစ်ကိုကြီးဦးအောင်ခ +ဒေါ်ခင်ကြိုင် သမီး–မိမိအောင်တို့နှင့် မိမိပါ၊ ဒေါင်းမင်း၏ကားဖြင့် ရန်ကုန်သို့ခရီးထွက်လာခဲ့ကြသည်၊ 'ခင်ဗျားစိတ်မပူပါနဲ့ သားဖြစ်သူ ကိုစိုးသန်း ဒီမနက် ဆရာတော်ထံသွား စီစဉ်ပါလိမ့်မည်' ဟု အကိုကြီးက ပြောနေသည်၊ မဖြစ်သာ၍သာ လိုက်ပါလာခဲ့ရသော်လည်း စိတ်က နောက်ကြောင်းပြန်နေခဲ့လေသည်။ ဆရာဝန်နှင့် အချိန်မီမတွေ့လျှင် တစ်ခုခုများ ဖြစ်သွားမလား၊ ဆရာတော် မသက်မသာဖြစ်၍ တော်တော်ခံစားနေရမလား အမျိုးမျိုးပူပန်ပြီး လိုက်ပါခဲ့ရလေသည်။ ဤသို့ဖြင့် တစ်ခုအကြံရလာသည်။

ယခုနေပြည်တော် ပျဉ်းမနားမြို့ ရန်နိုင်စားတော်ဆက် ကိုရှိုဝင်း+မကြေးမုံတို့ အိမ်ဝင်မည် စိတ်ကူးပြီး ခေတ္တဝင်ပါရစေ ခွင့်တောင်းသည်၊ အစ်ကိုကြီးက ဘာလုပ်မှာလဲ မေးသည်၊ ထိုစဉ် အစ်မကြီး ဒေါ်ခင်ကြိုင်က ကျွန်မလည်း ခဏဝင်ချင်ပါတယ် ပြောမှ ဝင်ခွင့်ရတော့၏၊ ကိုရှိုဝင်း အိမ်ပေါ်မှာ ရှိနေ၍ ဆင်းခဲ့ပါဦးဟု ပြောဆို စောင့်နေစဉ် အစ်မကြီးက ဆရာတော်ကို ဘယ်လိုလုပ်မလဲမေး၏၊ အစ်မကြီးက ကျွမလည်း တလမ်းလုံး စိတ်မကောင်းဘူး ညကလည်း အိပ်မရဘူး ကိုရှိုဝင်း အခုသွားပါဟု ပြောရန် စိတ်ကူးနေကြောင်း ပြောသဖြင့် မိမိ (သိမ်းဆောင်)နှင့် အကြံတူနေ၏။

ရန်ကုန်သို့ပင့်လာခဲ့ပါ ဦးအောင်ခ စီစဉ်ခြင်း

အစ်ကိုကြီးက 'ကိုရှိုဝင်း 'Town Ace' ငှားပြီး အိပ်စင်ပါထည့်၊ ဒီမနက်ပဲ ဆရာတော်ဆီ

သွားပါ၊ မသက်သာလျှင် ရန်ကုန်ကိုပင့်ခဲ့ပါ၊ ကိုစိုးသန်းနှင့် တိုင်ပင်ပြီး လိုက်ခဲ့ကြ' ဟု အစ်ကိုကြီး ဦးအောင်ခက အမိန့်ပေးလိုက်၏၊ မိမိတို့ ရန်ကုန်ကို ခရီးဆက်ခဲ့ကြ၏။

တောင်ငူမြို့အဝင် လမ်းဘေးသစ်ပင်ရိပ်မှာ ကိုစိုသန်းဇနီးမမြဝင်း စီစဉ်ပေးလိုက်သော ထမင်းချိုင့်များပါလာ၍ စားကြ၏၊ ယခင်လည်းဤနေရာ၌ ဒေါင်းမင်းမိသားစုကားဖြင့် အတူလာဘူး၍ မမြဝင်း စီစဉ်ပေးလိုက်သော ထမင်းဟင်းများစားခဲ့ဘူးပါ၏ အလွန်စားကောင်းကြပါ၏၊ ယခုအခါ၌မူ ယခင်အတိုင်း ငါးရံ့ခြောက်ဖုတ် လက်ဖက်သုတ်ကအစ လိုလေသေးမရှိ ဖြစ်ပါလျက် အစ်ကိုကြီး အစ်မကြီးတို့ကောင်းစွာမစားနိုင် ဖြစ်ကြသလို မိမိလည်း မစားနိုင်ခဲ့ပါ။ သောကကိုယ်စီ ရှိနေသောကြောင့် ဖြစ်ပါ၏။

သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ ဟူသော မီးတို့ ကိုယ်တွင်း တောက်လောင်လျှင် စားမဝင်ဖြစ်၏ဆိုသည်မှာ မှန်ကန်ကြောင်း လက်တွေ့ ဖြစ်လာပါ၏။

အစ်ကိုကြီးက 'ခင်ဗျားတို့ မျက်နှာတွေကြည့်တာနဲ့ သိတယ်၊ ကျုပ်လည်း တစ်ညလုံး အိပ်မရပါဘူး၊ အမျိုးမျိုးစဉ်းစားနေခဲ့ပါတယ်၊ ခင်ဗျားတို့ ဖြစ်စေချင်တဲ့အတိုင်း ကျုပ်စီစဉ်ခဲ့တာ ကျေနပ်ပြီလား' ဟု ဆိုမှ ထုတ်မပြောဘဲ နေခဲ့ပြီး ချက်ခြင်း ဆုံးဖြတ် ချက်ချလိုက်သည်မှာ အံ့သြကြရပါ၏။

ခရီးဆက်၏။ ထိုည ၇–နာရီ ကမာရွတ်သို့ ရောက်ကြ၏။ မိမိက ထိုည ၈–နာရီ သာကေတမြို့ အိမ်သို့ ပြန်ရောက်၏။ ပျဉ်းမနားမြို့ ကိုချို့ဝင်းထံမှ ဖုန်းသတင်းအရ တောရဆရာတော်ကို ပင့်လာပြီ။ မြောက်/ဒဂုံ အောင်ချမ်းသာ စာသင်တိုက်ဝင်မည်။ ရန်ကုန်ဆရာတော်ဦးဇာဂရိယလည်း လိုက်ပါလာသည်ဟု သိရ၏။

သံဃာ့ဆေးရုံကြီး တင်မည်

ထိုညမှာပင် ဗဟန်း ဓိဝိတဒါနသံဃာ့ဆေးရုံကြီး ဆေးရုံအုပ် ဒေါက်တာဦးခင်မောင်အေးသို့ ဖုန်းဆက်၏။ တောရဆရာတော် ဆေးရုံတက်ပါမည်ဟု အစီရင်ခံ၏။ အခန်းအသင့်ပြင်ထားမည်။ ရောက်သည့်အချိန် ဆရာတော်ကို ဆေးရုံသို့ ပင့်ခဲ့ပါဟု ပြောပါသည်။ ဆေးရုံအုပ်မှာ တောရဆရာတော်ကြီးနှင့် တောရ မထေရ်များအကြောင်း သိပြီးဖြစ်၏။ အလွန် ကြည်ညိုပါ၏။ သို့အတွက် အခက်အခဲမရှိ၊ မိမိ သားကြီး ဒေါက်တာခင်မောင်ဦးလည်း သံဃာ့ဆေးရုံကြီးတွင် ကုသနေသည်မှာ ကြာပြီဖြစ်၏။ ဆေးရုံအုပ်နှင့် စိတ်စေတနာချင်းလည်း တူ၏။ အလွန် ခင်မင်ကြ၏။ သံဃာတော်များနှင့် သီလရှင်များ၏ အားထားရာသည် ဗဟန်းသံဃာ့ ဆေးရုံကြီး ဖြစ်၏။

ဒဂုံမြို့သစ်မြောက်ပိုင်း အောင်ချမ်းသာ စာသင်တိုက်သို့ ရောက်လာတော်မူ

၅၊ ၉၊ ၉၇–နေ့ ညနေပိုင်း ဒဂုံမြို့သစ်မြောက်ပိုင်း အောင်ချမ်းသာစာသင်တိုက်သို့ တောရဆရာတော် ပင့်လာသောကား ရောက်လာ၏။ တောရ ဆရာတော် ကားပေါ်မှ ဆင်းလာ၏။ မိမိနှင့် ဦးညွန့်လှိုင်တို့ ကြိုတင်သွားရောက် စောင့်ခဲ့ကြ၏။ ရန်ကုန်ဆရာတော် ဦးဇာဂရိယနှင့် ကပ္ပိယ ဦးကျော်သိန်း ပျဉ်းမနားဦးချို့ဝင်းတို့ပါ လိုက်ပါလာကြ၏။

တောရဆရာတော်၏ ကျန်းမာရေးမှာ ကားပေါ်မှ ဆင်းလာပုံမြင်ရခြင်းဖြင့် ပြန်လည်သက်သာနေကြောင်း တွေ့မြင်ကြရ၍ ဝမ်းသာကြရ၏။

စာရေးဆရာ ဆရာဝန်တင်ရွှေ

သံဃာ့ဆေးရုံတက်ရေး၊ အပြင်ဆေးခန်း အထူးကုနှင့် ပြရေး ဆွေးနွေးကြ၏။ ဆရာဝန်ကြီး ဒေါက်တာတင်ရွှေ (စာရေးဆရာ ဆရာဝန်တင်ရွှေ) ကို ရန်ကုန်ဆရာတော်က ခေါ်နိုင်း၍ အစ်ကိုကြီး ဦးအောင်ခနှင့်အတူ ရောက်လာ၏။

တောရဆရာတော်က သံဃာ့ဆေးရုံကြီး ကိုပဲ တက်ပါမည်ဟု မိန့်ကြား၏။ မိမိ စီစဉ်ထားသည်ကို လက်ခံ၏။

နံနက်အရဏ်ယူ

၆၊ ၉၊ ၉၇-နံနက် ဒဂုံတက္ကသိုလ်ကြီး နောက် ကွင်းပြင်ကြီးတွင် အရုဏ်ယူတော်မူကြ၏။ ရန်ကုန် ဆရာတော်မှာ တောရဝါ ၁၀-ဝါ မပြည့်ခင် အရည ကင်ရှုတင် အပျက်မခံဘို့ အမိန့်ခံထား၏ဟု သိရ၏။ တောရဆရာတော်အနားမှာ အမြဲနေ၏။

တောရဆရာတော် မကျန်းမာနေဆဲ အရုဏ်ယူမှု ခေတ္တနားမလားဘုရားလို့ လျှောက်ကြရာ ဆရာတော် ဦးဇာဂရိယကြွမှာဖြစ်လို့ သီးခြားပို့ ရတာမှ မဟုတ်ဘဲ ကြွမည် မိန့်ဆိုသဖြင့် မတားရဲကြ။

ဝါတွင်း ဝါပန်လာရတာဖြစ်လို့ ဆေးကုသ ရန်ရက်မှာ ရက်သတ္တတစ်ပတ်အတွင်း အခြေအနေ အားလုံးကောင်းပါစေ ဆုတောင်းနေကြရ၏ ရက် ကြာလျှင် ဖြစ်ပါ့မလား ခွင့်ပြုပါ့မလား လျှောက် ထား၏၊ လိုအပ်လျှင်တော့ နေရမှာပေါ့ဟု မိန့်၏။

သံဃာ့ဆေးရုံကြီးတင်၍

၆-၉-၉၇-နံနက် ဗဟန်း မိဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ တက်ရောက်၏။ ဆေးရုံအုပ်ဒေါက်တာ ဦးခင်မောင်အေးက သွေး-ဆီး-ဓါတ်မှန် တီဗွီ ဓါတ်မှန်နှင့် နလုံးမျှားစက်ဖြင့် စစ်ဆေး အဖြေရှာ၏။ ညနေပိုင်း အဖြေများသိရ၏။ အာဟာရဓာတ် ချို့တဲ့ ခြင်းကြောင့် သက်တော်ရှယ်တော် အနေအထားအရ အကြောများ အားနည်းခြင်းကြောင့် ဟုသိရ၏၊ အခြား ရောဂါမရှိ။ သို့အတွက် ဒေါက်တာ ဦးခင်မောင်အေး က နံနက်တစ်ကြိမ်တည်း ဆွမ်းစား ခြင်းမှ ဆွမ်းနှစ်ကြိမ် သုံးဆောင်တော်မူပါလျှောက် ထား၏။ ဆေးရုံတက်စဉ် လက်ခံတော်မူ၏။ ၇-၉-၉၇-မှစ၍ ရန်ကုန်ရှိ ရဟန်းအစ်မ ဒေါ်တင် တင် မိသားစု ဒေါ်ခင်ဆွေနှဲ့ မိသားစု၊ ဦးထွန်းစင်၊ ဦးကျော်ခင်၊ ဦးတင်ဝင်း၊ ဦးညွန့်လှိုင်တို့ နေ့စဉ် ဆွမ်း လောင်းလှူဆက်ကပ်ကြ၏။ ပျဉ်းမနား ရန်နိုင်စား တော်ဆက် ဦးချို့ဝင်းပါလာ၍ ဆွမ်းဟင်းအတွက် မျိုးစုံ စီစဉ် ချက်ကပ်လှူ၏။ ၈-၉-၉၇-နေ့ သံဃာ့ ဆေးရုံကြီးတွင် ဆက်လက်ရှိ၏။ ကျန်းမာရေး အခြေအနေ တိုးတက် ကောင်းမွန်လာ။ ယမန်နေ့ အတိုင်း ဆွမ်းကပ်လှူကြ၏။

ဆရာကြီး ဦးရွှေလှိုင်ရောက်လာ

ထိုနေ့ နံနက်-၁၂-နာရီခန့်မှ ၂-နာရီထိ ဆရာကြီးမွှာစရိယ ဦးရွှေလှိုင် တောရဆရာတော် အားလာရောက် ဖူးမျှော်ကန်တော့ပြီး တရားဆွေးနွေး လျှောက်ထားခြင်းပြုတော်မူ၏။ အလွန်ကြည် ညိုပါကြောင်း လျှောက်ထား၏။ နောင်လည်းမကြာ ခဏလာပါရစေ ဆရာတော်အပေါ် ကြည်ညိုလှ ကြောင်း ပြောပါ၏။

ကျားကူးမေ့ဗိမာန်ဆရာတော် ရောက်လာ

ညနေဘက် ကျားကူးမေ့ဗိမာန်ဆရာတော် အရှင်နန္ဒာသီရိ(မေ့ာစရိယ) ဒဂုံမြို့နယ် သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ လာရောက်ဖူးမျှော်၏။ လိုအပ်သော ဆေး တာဝန်ယူပါရစေ လျှောက်၏။

ရွှေတိဂုံဘုရားရှိခိုး

ကျန်းမာရေးကောင်းလာပြီဖြစ်၍ ရွှေတိဂုံ စေတီတော်ကြီးကို နံနက်တိုင်း ဦးခိုက် အသံထွက် ရှိခိုး၏။ ရန်ကုန်ဆရာတော်က တောရဆရာတော် ၏ဘုရားရှိခိုးသံ မူလအတိုင်းဖြစ်လာပြီဟု မိန့်၏။

ရောဂါထူးထူးထွေထွေမရှိ ပြန်ကြွတော့ မည်မိန့်၏။ မိမိတို့ရန်ကုန်ဒကာများက ဆေးရုံမှာ စိတ်ချရ၏။ ဆက်ကျန်းမာလာအောင် ဆွမ်းဟင်း စုံအောင်ကပ်လိုကြသေး၍ ခေတ္တနေပါဦးဘုရားဟု လျှောက်၏။

ကျန်းမာနေပြီးပဲ ရဟန်းဆိုတာ ကျန်းမာ လျှင် ဝါဆိုတဲ့ နေရာ ပြန်ရမည်ဟုမိန့်၏။ ဆေးရုံ အုပ်ကိုပြန်မည့် အကြောင်းပြောရတော့၏။

ဒေါက်တာဦးခင်မောင်အေး

ဆေးရုံအုပ်ဒေါက်တာဦးခင်မောင်အေး၏ ဇနီးဒေါ်အေးအေးမော်၏ မိဘများမှာ ရမည်းသင်း မြို့ လက်ဆည်ကန်ရပ် ဇာတိဖြစ်၍ ပိုမိုအဆင်ပြေ ကြည်ညိုကြ၏။ ဆေးများစွာနှင့် အအေးပုလင်း ဟောလစ်များလှူ၍ကန်တော့ကြ၏။

ပြန်ကြွတော်မူ

ဤသို့ဖြင့် ၉–၉–၉၇–နံနက်အရဏ်ယူ ဆွမ်းစားပြီး နေရပ် ရမည်းသင်းမြို့နယ် ရန်ကင်း တောရကြီးသို့ ပြန်ကြွကြကုန်၏။

ဦးချိုပြုံး ကားအလှူ

တောရဆရာတော်များရန်ကုန်ကြွလာစဉ် နေ့စဉ် အရဏ်ယူရန်နှင့် အခြားလိုရာသုံးရန် ရန်ကုန် ဆရာတော်၏တပည့် အမှတ်–၁၇၆ ရှမ်းလမ်း စမ်းချောင်းမြို့နယ်နေသူ ဦးချိုပြုံးက ကားတစ်စီး ပို့လှူထား၏။ ဦးညွန့်လှိုင်က ယာဉ်မောင်း တာဝန် ထမ်းဆောင်ခဲ့ရ၏။

ဆွမ်းဆက်ကပ်ရာ၌သတိပြုရန် မိန့်ကြားခြင်း

ဤအဖြစ်မှာ ၈–၉–၉၇–နေ့ သံဃာ့ဆေးရုံ ကြီးတွင် နေ့ဆွမ်းဆက်ကပ်ရာ၌ တောရဆရာတော် နှင့် ဒဂုံမြို့သစ်မြောက်ပိုင်း အောင်ချမ်းသာ စာသင် တိုက်မှ စာချတိုက်အုပ်ဆရာတော် ဦးပဏ္ဍိတတို့ ၂ ပါး ဆွမ်း၊ ဆွမ်းဟင်းများ ဆက်ကပ်ပြီး အတူ ဘုန်းပေးနေကြ၏။

မိမိက ဘေးမှနေ၍တောရဆရာတော်သို့ ဆွမ်းထပ်ထည့်ပေးရန် ဆွမ်းအုပ်ကိုယူမည်ပြု၍ လှမ်းယူလိုက်စဉ် တောရဆရာတော်က အလျှဉ်အမြန် ဆွမ်းအုပ်ကိုဆွဲယူလိုက်ပြီး 'မင်း ဒီလိုလုပ်လိမ့်မည် ဆိုတာသိလို့ ငါအမြန်ဆွဲယူလိုက်ရတယ်' 'ဒီကိစ္စ ပေါ့ပေါ့မထင်နဲ့ ဒုတိယ သင်္ဂါယနာတင်ရတဲ့ အ ကြောင်းထဲမှာ အဲဒီကိစ္စပါတယ်' ဟုဆူတော့၏။

တစ်မျိုးစီကပ်ထားပြီးသား ငါလိုလျှင် ငါကိုယ်တိုင် ထပ်ယူမှာပေါ့ မိန့်၍ ကြောက်လန့်ပြီး အနားမကပ်ရဲတော့။

လုပ်ချင်သလိုလုပ်နေကြ

ဆွမ်းစားပြီး မိမိအား မင်း ဒီနားလာဦး ဟုခေါ်၏။ ဒီကနေ့ လူတွေ အိမ်မှာဆွမ်းကပ်ကြတာ ဒီလိုပဲ လုပ်နေကြတယ်၊ ဆွဲယူချင်သလိုယူ သံဃာကို

ခွင့်မတောင်းဘူး၊ စားပွဲကိုင်ထားပြီးယူပါဆိုမှ ယူလို့ရတာ။

သံဃာတော်များကလည်း အကပ်မခံရသေးတဲ့စားပွဲပေါ် ပြင်ထားဆဲ ဆွမ်းဟင်းများကို ဘာဟင်းတွေလည်း မြောပြီး ကိုင်တွယ်ကြည့်ကြ ပြန်ထားကြ ဖြစ်နေကြပြီ။

'လူပုဂ္ဂိုလ်က မကပ်သေးတဲ့ ဆွမ်း/ဟင်းကို သံဃာက မိမိသဘောနဲ့ ယူကိုင်လို့မရဘူး'

ဆွမ်းကပ်ပြီးနောက်

သံဃာကို ဆွမ်းကပ်ထားပြီး လူက–လူကို ညှော်ခံသလို ဒီနေ့ကြိုက်သလို လုပ်နေကြတယ်။ မလေ့လာကြတော့ဘူးဟု ဆက်တိုက် ဆူလေတော့၏။

မိမိကဲ့သို့ မညှော်ကြစေရန် သိအောင်လုပ်ကြရန် မေါ်ပြခြင်း ဖြစ်ပါ၏။

ထို့ထက်ဆိုးသော ဖြစ်ရပ်တစ်ခုလည်း လယ်ဝေးမြို့နယ် ထန်းတပင်တောရ ဆွမ်းခံစဉ်ဖြစ်ခဲ့ဖူးလေသည်။ ရှေ့တစ်နေရာ၌ အလျဉ်းသင့်က ဖေါ်ပြပါဦးမည်။

ရန်ကုန်မှ ရန်ကင်းတောရသို့အပြန်လမ်းခရီးစဉ်

ရန်ကုန်မှ ရန်ကင်းတောရသို့အပြန် လမ်းခရီးစဉ်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း စီစဉ်ပြီးပြန်ကြွကြလေသည်။၉၊ ၉၊ ၉၇– နံနက်အရုဏ်ယူ ဆွမ်းစားပြီး ပြန်ကြွတော်မူသည်။

♦ ၉၊ ၉၊ ၉၇ နေ့ဆွမ်း တောင်ငူမြို့ အုန်းပင်တန်းလမ်း ဦးဘိုးစက် အိမ်မှ ဆွမ်းကပ်လှူမည်၊

♦ ၉၊ ၉၊ ၉၇ ညဘက် ရေတာရှည်မြို့နယ် မှန်တောင်တောရ တပည့်ကြီး ဦးစန္ဒောဘာသ(မွှောစရိယ)၏ မှန်တောင်တောရတွင် သီတင်းသုံး၍ ၁၀၊၉၊၉၇ နံနက် မှန်တောင်တောရမှာ အရုဏ်ယူမည်။

♦ ၁၀၊ ၉၊ ၉၇ နံနက်ဆွမ်း ယခုနေပြည်တော် ပျဉ်းမနားမြို့ ရန်နိုင်စားတော်ဆက် ဦးချိုဝင်း+ဒေါ်ကြေးမုံ အိမ်မှာ ကပ်လှူမည်။

♦ ၁၀၊ ၉၊ ၉၇နေ့ဆွမ်း ယခု နေပြည်တော် တပ်ကုန်းမြို့ ဒေါင်းမင်းဆီစက် ဦးအောင်စ+ ဒေါ်ခင်ကြိုင်အိမ်မှ ဆွမ်းများ ချိုင့်များပြင်ထည့် နဘူးကျင်း ရန်ကင်းတောရမှာ ကပ်လှူမည်။ ကုသိုလ်ရှေးသူတို့၏ ကုသိုလ်ပွဲများ ပြန်လည်သတိရ ကြည်နူးဝမ်းသာ ဖြစ်နိုင်ကြပါစေရန် မှတ်တမ်းတင် ဖေါ်ပြအပ်ပါသည်။ ရန်ကင်းတောရသို့ ဆရာတော် ပြန်ရောက်ပါသည်။

မှတ်ချက်။ ။ မိမိမှာ တစ်နေ့တစ်ရက်တွင် ဆရာတော်ဘဝအကြောင်း ရေးဦးမည်စိတ်ကူးဖြင့် ရက်စွဲများပါ အတိအကျ မှတ်ထားခဲ့ပါသည်။

ဆရာတော် ကျန်းမာရေး ကောင်းမွန်၊ ဝါကျွတ်ပြီးနောက်ပိုင်း သိမ်များကို ဆက်လက်သမုတ်တော် မူခဲ့လေသည်။

သိမ်အမှတ် – ၇၆ ဝေဠုဝန်ကျောင်းသိမ် (ဝိသုံဂါမသိမ်)

သာသနာ–၂၅၄၁၊ ကောဇာ–၁၃၅၉ တန်ဆောင်းမုန်းလပြည့်ကျော် ၆–ရက်(၂၀.၉.၁၉၉၇) ကြာသပတေးနေ့ နံနက် ၈–နာရီ၊ ၃၅–မိနစ် အချိန် ယခုနေပြည်တော် ပျဉ်းမနားမြို့ ဝေဠုဝန်ကျောင်း

တိုက်အတွင်း (ဝိသုံဂါမ) ၂၃၇–ကြိမ်နှုတ်ထားသော မြေ၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၆–ပါး တို့ သမုတ်တော်မူကြ၏။ သံဃော ပကာရ သိမ်မည်၏။

သိမ်အမှတ် ၇၇ – ကုက္ကားပင်ကျောင်း (ဓမ္မောပကာရ) (ဝိသုံဂါမသိမ်)

သာသနာ–၂၅၄၁၊ ကောဇာ–၁၃၅၉ တန်ဆောင်းလပြည့်ကျော် ၆–ရက်(၂၀.၉.၁၉၉၇) ကြာသပတေးနေ့နံနက် ၁၀–နာရီကျော်အချိန် ယခုနေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ် ကုက္ကားပင်ကျောင်း(ဝိသုံဂါမ) ၁၆၁–ကြိမ် သိမ်နှုတ်ထားသောမြေ၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၁–ပါးတို့ သမုတ်တော်မူကြ၏။

မှတ်ချက် ။ ။ အစဉ် ၇၆/နှင့် ၇၇–သိမ်များသည် ဝိသုံဂါမဖြစ်၍ တစ်နေ့တည်း နံနက်ပိုင်းမှာပင် သိမ် ၂–လုံးသမုတ်နိုင်၏။

ထူးခြားချက်= သိမ်–၇၇ သက်တော်–၇၇ တိုက်ဆိုင်၏။

သိမ်အမှတ် ၇၈– ရှမ်းစုရွာကျောင်းသိမ်

သာသနာ–၂၅၄၁၊ ကောဇာ–၁၃၅၉ ပြာသိုလဆန်း ၁၄–ရက် (၁၁.၁.၁၉၉၈) တနင်္ဂနွေနေ့ ည ၇–နာရီကျော်အချိန် ပျော်ဘွယ်မြို့နယ် ရှမ်းစုရွာ ဂါမခေတ် ဓမ္မိကာရာမ ကျောင်းဝင်းအတွင်း ၃၁၂–ကြိမ် နှုတ်ထားသောမြေ၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၅–ပါးတို့ သမုတ်တော်မူကြ၏။

သိမ်အမှတ် ၇၉–ရှမ်းစုတောရ ကျောင်းသိမ်

သာသနာ–၂၅၄၁၊ ကောဇာ–၁၃၅၉ ပြာသိုလဆန်း ၁၄–ရက် (၁၁.၁.၁၉၉၈) တနင်္ဂနွေနေ့ ည ၉–နာရီကျော်အချိန် ပျော်ဘွယ်မြို့နယ် ရှမ်းစုရွာ ဂါမခေတ် တောရကျောင်းအတွင်း ၃၁၈–ကြိမ် သိမ်နှုတ်ထားသောမြေပြင်၌ တောရဆရာတော် ဦးဆောင်သောရဟန်းတော် ၄၅–ပါးတို့ သမုတ်တော်မူကြ၏။

မှတ်ချက်– သိမ် ၇၈ နှင့် ၇၉ တစ်နေ့တည်း ရွာကျောင်းနှင့် တောရကျောင်းသိမ် ၂–လုံး သမုတ်တော်မူ၏။

သိမ်အမှတ် ၈၀ – အောင်သပြေတောရ ကျောင်းသိမ်

သာသနာ–၂၅၄၁၊ ကောဇာ–၁၃၅၉ တပို့တွဲလဆန်း ၇–ရက် (၃.၂.၁၉၉၈)အင်္ဂါနေ့ ည ၁၁–နာရီအချိန် ရန်ကုန်တိုင်း သာကေတမြို့ အောင်သပြေ တောရကျောင်း စာသင်တိုက်တွင် စုစုပေါင်း သံဃာတော် ၃၃၇–ပါးဖြင့် ၁၃–ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၁၉၆–ပါးတို့သည် ခဏ္ဍသိမ်ကို သမုတ်တော်မူခဲ့ကြသည်။

ထိုသိမ်သမုတ်ပွဲသို့ ဘုရားဖြူဆရာတော် ဦးဝဏ္ဏိမာ(အဂ္ဂမဟာပဏ္ဍိတ)နှင့် သာကေတမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဦးဝိမလဗုဒ္ဓိ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အရှင်တို့လည်း ပါဝင်တော်မူသည်။

စာရေးသူ၏ အမိဋ္ဌာန်ချက်

မိမိတို့နေထိုင်ရာ သာကေတမြို့ မြေအပြင်ကျောင်းတိုက် တစ်ခုခုတွင် တောရဆရာတော်ဦး

ဆောင်သမုတ်သော သိမ်တစ်လုံး သမုတ်နိုင်ပါစေ။ နှစ်လများစွာ သမိဋ္ဌာန်ခဲ့၏။ ဆုတောင်းခဲ့၏။

မိမိတို့မိသားစုနှင့် ရင်းနှီးသော ဆရာတော် ဦးကုဏ္ဍလမှာ ရေနံမြေ သန်လျင်တံတားအနီး အောင်သပြေတောရ စာသင်တိုက်အသစ် နေရာ ပြောင်းရွှေ့တည်ထောင်၏။ သိမ်မရှိသေး။

တောရဆရာတော်ရေးသည့် ကျမ်းစာများ ဖတ်ပြီးထားသည့် ထိုဆရာတော် ဦးကုဏ္ဍလက တောရဆရာတော် ဦးဆောင်သည့် သိမ်သမုတ်ခြင်းကို အလိုရှိ၏၊ ပင့်လို၏၊ မဖြစ်မနေပင့်မည် မိန့်ကြား၏။

ဝင်းထူးအောင် ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင် ဦးထူးအောင်+ဒေါ်တင်တင်ဝင်း သား ကောင်းထူးအောင်(ခေါ်)ကောင်းကောင်းတို့မိသားစုက သိမ်ဒါယကာဖြစ်လိုကြ၏။

ဤသို့ဖြင့် ယခုနေပြည်တော် ပျဉ်းမနားမြို့ ရန်နိုင်စားတော်ဆက် ဦးချိုဝင်းသို့ ဖုန်းဆက်၍ ပင့်လျှောက် စာရေးခိုင်းပြီး လျှောက်ထားပါ၏။

သိမ်သမုတ်ပွဲ ဖြစ်မြောက်ရေးအတွက် တောရဆရာတော်၏ သိမ်သမုတ်နည်း လက်တွေ့ပါဝင် သမုတ်ခဲ့သော ဘုရားဖြူတိုက် အရှင်စန္ဒိမာက သိမ်သမုတ်မည့်မြေတွင် ဓယားကွက်များစီမံပေးခြင်း၊ သိမ်နှုတ်ခြင်းကို ဆရာတော် ဦးကုဏ္ဍလနှင့် သံဃာတော်များစွာ၊ အကြိမ်များစွာ ဆောင်ရွက်ခဲ့ကြသည်။

ယခုနေပြည်တော်ပျဉ်းမနားတွင် တာဝန်ထမ်းဆောင်သော သစ်တောအရာရှိဝန်ထမ်း ဦးထွန်းမောင်+ဒေါ်ခင်သိန်းမြင့်တို့၏ ကားဖြင့်(၁၊ ၂၊ ၉၈)နေ့ ဒဂုံမြို့သစ်မြောက်ပိုင်း ၂၈–ရပ်ကွက်မှော်ရုံသို့ တောရဆရာတော် ရောက်ရှိတော်မူ၏။ (ဦးထွန်းမောင်၏ အိမ်အမှတ် ၈၂၁/ သခင်ထွန်းအုပ်လမ်းဖြစ်၍ မှော်ရုံနှင့်နီး၏)

၂.၂.၉၈ နေ့နံနက် ၉–နာရီ ဘုရားဖြူတိုက်သို့ တောရဆရာတော်ကြွလာ၏၊ ညနေပိုင်း အောင်သပြေတောရ သိမ်သမုတ်မည့် နေရာသို့ ဆရာတော် ဦးဝဏ္ဏိမာနှင့် အတူကြွရောက်ကြည့်ရှုတော်မူ၏။ အစီအစဉ်လျှောက်၏။ ပြန်လာကြ၏။

၃၊ ၂၊ ၉၈နေ့ နံနက် ဦးတင်ဝင်းကားဖြင့် အရှက်ယူ ကြွ၏။ ဘုရားဖြူတိုက် အပြင်ဘက်မှ ရန်ကုန် တပည့်ဒါယကာများ ဆွမ်းလောင်းလှူကြ၏။ ဆွမ်းစားပြီး နံနက် ဗဟန်းမြို့နယ်၊ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပင့်ဆောင်၊ ဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေးနှင့်ပြ၏။ နှလုံးစက်ဖြင့်၊ ဓာတ်မှန်ဖြင့် စစ်ဆေးခံ၏။

ဦးမင်းကြည် အခမ်းအနားမှူးဆောင်ရွက်

ထိုနေ့ ၃၊၂၊၉၈ ည ၁၀–နာရီ ဦးထူးအောင် ကားဖြင့် အောင်သပြေတောရ သိမ်သမုတ်ပွဲသို့ ဆရာတော် ဦးဝဏ္ဏိမာနှင့် အတူကြွ၏။ အခမ်းအနားမှူးအဖြစ် ဦးမင်းကြည်(မွှာစရိယ၊ ဘီအေ)လက်ထောက်ညွှန်ကြားရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ဆောင်ရွက်၏၊ လျှောက်ထားပန်ဆင် ရတုဖတ်ကြား၏။ သာကေတမြို့ ၁၀တောင် ရပ်ကွက်အတွင်း ကျောင်းတိုက်အားလုံးမှ သံဃာတော်ပေါင်း ၁၉၆–ပါးကြွသဖြင့် ဤသိမ်သမုတ်ပွဲမှာ သံဃာအများဆုံး ဖြစ်ကြောင်း မိန့်၏။

စကားမပြောရန် မိန့်ခြင်း

အခန်းအနားမှူးက အစီအစဉ်ကြေညာပြီး တောရဆရာတော်က သံဃာတော်များ သိမ်သမုတ်ခြင်း သီမာသမ္မုတိ ကံဆောင်ကြတော့မည်ဖြစ်၍ အခြားသောစကားများမပြောကြရန်နှင့် သိမ်သမုတ်စဉ် စကားပြောက ကန့်ကွက်ရာ နှောက်ယှက်ရာ

ရောက်မည်ဖြစ်၍ လုံးဝစကားမပြောဘဲ၊ ကမ္ဘာဝါစာဖတ်ကြားခြင်းနှင့် စိတ်ဝင်စားစွာ ရှိတော်မူကြရန် 'ရဲရဲတောက် ခြင်္သေ့မင်းကဲ့သို့ မိန့်ကြားလျှောက်ထားတော်မူ၏' ထိုအချိန်မှစ၍ သိမ်သမုတ်မည့် ကျောင်းပရဝုဏ်အတွင်းရှိ ရဟန်းရှင်လူအပေါင်း ငြိမ်သက်သွား၏။ ကြည်ညိုဖွယ် ဖြစ်ကြရကုန်၏။ တိတ်ဆိတ် ငြိမ်သက် သွားတော့၏။

အဆိုတော် ဦးထွန်းရွှေ

ညချမ်းမှာ အေးချမ်းစွာဖြင့် သိမ်သမုတ်ပွဲကြီး ပြီးစီးအောင်မြင်၏။ ဦးမင်းကြည်က အောင်စည်အောင်မောင်းတီးရန် အသင့်ပြင် ကြေညာပြီး ဦးမင်းကြည်ရေးသော အောင်သြဘာရတုကို နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ကိုပေါက်၏ စောင်းဖြင့် သီကျူးပူဇော်၏။ အောင်စည် အောင်မောင်းတီးခတ် အမျှဝေ သာဓုခေါ်ခြင်းကို ဦးမင်းကြည်က တိုင်ပေး၏။ ပရိသတ်နှင့် အလှူရှင်တို့က လိုက်ဆို၏။ သိမ်သမုတ်ပြီး၊ သံဃာတော်များအား လှူဖွယ်များ လောင်းလှူကြ၏။

တောရဆရာတော်ကို သိမ်ဆင်းလောင်းလှူခြင်းမပြုမီ တစ်ပါးတည်း ဦးစွာ ပင့်၍ကျောင်းပေါ်၌ ခေတ္တမျှနေပြီး ဘုရားဖြူတိုက်သို့ အပြန်ပို့ပေးရသည်။

၁၀၊ တောင် ရေနံမြေနှင့် အိုးအိမ်စုပေါင်းအိမ်ယာမှ မော်တော်ယာဉ်ပိုင်ရှင်များက သံဃာတော်များအားလုံးကို ကြိုပို့တာဝန်ထမ်းဆောင် ယာဉ်အလှူပါဝင်ကြ၏။ အပွဲနှစ်မည်းဟားလှ၏။

စာရေးသူ စီစဉ်ခဲ့

သိမ်အလှူရှင် ဦးထူးအောင်+ ဒေါ်တင်တင်ဝင်းသား ကောင်းထူးအောင် (ဝင်းထူးအောင် ဆောက်လုပ်ရေး) မိသားစု၏ လှူဒါန်းခဲ့မှုအစုစု ဓမ္မလက်ဆောင် လက်ကမ်းစာစောင်ကို မိမိ စီစဉ်ရေးသားပေးခဲ့၏။ သိမ်အလှူဖိတ်စာမှ အစ/ အဆုံးတိုင် မိမိစဉ်ခဲ့၏။ သိမ်သမုတ်ခြင်း မပြုမီ သမုတ်စဉ် မိုးစန္ဒာဗီဒီယို ကိုမြင့်စွမ်အဖွဲ့ဖြင့် မှတ်တမ်းတင်စေခဲ့၏။ အလှူရှင်များ၏ ကောင်းမှု ပြန်လည်ကြည်ညိုလေ တိုင်း ကုသိုလ်တိုးပွား အကျိုးများစေလို၍ ဖြစ်၏။ မိမိထံ၌ ဗီဒီယိုမှတ်တမ်းသိမ်းထား၍ ရမည်းသင်းမြို့ ဦးအောင်လင်းသို့လည်း အခွေမိတ္တူပို့လိုက်၏။

ဆေးစစ်ခြင်း

၄၊၉၊၉၈ နေ့ နံနက် အရဏ်ယှူ ဦးတင်ဝင်းကားဖြင့် မိမိနှင့် ဦးညွန့်လှိုင် လိုက်ပါ ပို့ဆောင်ပေး၏။ ရန်ကုန်ဒါယကာများ ဆွမ်းလောင်းလှူကြ၏။ နံနက်ဆွမ်းစားပြီး မျက်စိအထူးကု ဆရာဝန်ကြီး ဦးလှမြင့်ထံ ဦးတင်ဝင်းကားဖြင့် သွားကြ၏။ စစ်ဆေး၏။ အမေရိကန်ဗေးရှင်းမှာ ထပ်စစ်ဆေးရန် ညွှန်၍ စစ်ဆေးကြ၏။ အတွင်းတိမ်ခွဲရန် ပြော၏။ တောရဆရာတော်က သဘောမတူပါ။ ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ဆက်သွား၏။ သွေး/ ဆီး စစ်ဆေးကြ၏။ ကောင်းပါသည်။ မှတ်ချက်ရ၏။ ဆေးရုံအုပ်က ၆–လတစ်ကြိမ် ဆေးစစ်ရန် ကြွပါ လျှောက်ထား၏။

ထိုနေ့ ညနေပိုင်း ဒဂုံမြို့သစ်မြောက်ပိုင်း ၂၈–ရပ်ကွက်၊ ဓမ္မာရုံသို့ ကြွ၍ ၅၊ ၂၊ ၉၈ နံနက် သစ်လုပ်ငန်းအရာရှိ ဦးထွန်းမောင်+ဒေါ်ခင်သိန်းမြင့်တို့၏ အိမ်ရှေ့တွင် ဆွမ်းလောင်း၊ ထိုအိမ်ပေါ်တွင် ဆွမ်းစားပြီး ထိုအလှူရှင်တို့၏ ကားဖြင့် လယ်ဝေးမြို့ ထန်းတပင်တောရသို့ ပြန်ကြွသည်။

မိမိနှင့် သားကြီးတို့ ဒေါက်တာဦးသောင်းဝင်းကားဖြင့် ထိုနေ့နံနက် သွားရောက်ဖူးမျှော်ကန်တော့ခဲ့ကြသည်။

အောင်သပြေတောရရှိ အမျိုးကောင်းမှု ၂-ထပ်သိမ်ကျောင်းတော်ကြီး

ယခုအခါ၌ သာကေတမြို့ ၁၀-တောင်ရပ်ကွက်၊ ရေနံမြေအနီး သန်လျင်သွား မော်တော်ကားလမ်းမကြီးဘေးရှိ အောင်သပြေတောရ ကျောင်းပရိဝုဏ်အတွင်းရှိ ၂ ထပ်သိမ်ကျောင်းတိုက်ကြီးကို နာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလမထေရ်၏ မနေမနား လုံ့လ ဝီရိယထားတော်မူသည်၏ အဖြစ်ကြောင့် တပည့် ဒါယကာ/ဒါယိကာမအပေါင်းသူတော်ကောင်းများ၏ ကောင်းမှုဖြင့် တင့်တယ်စွာဆောက်လုပ်လျက် ရှိနေသည်ကို ၁၃၆၇-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄-ရက် (၁၊ ၁၀၊ ၂၀၀၅) နေ့ မိမိ သွားရောက် ဆရာတော်အား ဖူးမျှော်ခဲ့သဖြင့် တွေ့မြင်ခဲ့ရသည်။

အောင်သပြေ တောရဆရာတော် ဦးကုဏ္ဍလမှာ စာသင်တိုက်ကြီး **မပြီးမနေ** တည်ထောင်ခဲ့သည်။ စာပေများ မနေမနား ပို့ချပေးတော်မူခဲ့သည်။ ယခုတိုင်လည်း ပို့ချနေဆဲ ဖြစ်သည်။ ပရိယတ္တိ ဓမ္မစာပေ သင်အံသူ၊ ပို့ချသူရှိမှ သာသနာတော်၏ အခြေခံ အုတ်မြစ်နိုင်မာ၍ အရှည်တည်တံ့မည်။ နှလုံးသွင်းရှိတော်မူသည်ကို အလုပ်ဖြင့်လက်တွေ့ပြတော်မူနေသည်။

တောရဆရာတော်ကို ကြည်ညို

တစ်ဖန် ပဋိပတ္တိ ဓမ္မကျင့်ကြံပွားများအားထုတ်တော်မူသည့် ဓုတင်ဆောင်မထေရ်ကြီး၏ ဘဝအကြောင်း ကျမ်းစာများကို ဖတ်ယုံမျှဖြင့် ကြည်ညိုနေသည်။ ထိုမထေရ်ကြီး ဦးဆောင်၍ သမုတ်တော်မူသည့် သိမ်ကို အလိုရှိတော်မူသည်။ သာသနာတော် တည်တံ့ရေးမှာ သိမ်သည် မူလဖြစ်သလို သိမ်သံသယကင်းမှ ရဟန်းကောင်း၊ ရဟန်းစစ်ကို မွေးဖွားပေးနိုင်သည်ကို ကောင်းစွာ ဆင်ခြင်နှလုံးသွင်းတော်မူသည်။

ထိုဆရာတော်၏ သာသနာတော်အပေါ်ထားရှိသော စေတနာကို ဤသိမ်သမုတ်ခြင်းဖြင့် မြင်နိုင်လေသည်။ ကြည်ညိုနိုင်သည်ဟု မှတ်တမ်းတင်ပါသည်။

သာကေတမြို့၌ တောရဆရာတော် သမုတ်တော်မူသော သိမ်ဟူ၍ ဤသိမ်တစ်လုံးတည်းသာ ရှိလေသည်။

ဓုတင်္ဂဝိနိစ္ဆယခေါ် ဓုတင် အဆုံးအဖြတ်ကျမ်း ရိုက်နှိပ် လှူဒါန်းခြင်း

ဓုတင်္ဂဝိနိစ္ဆယ ခေါ် ဓုတင် အဆုံးအဖြတ်ကျမ်းစာ ပါဠိ၊ မြန်မာကို တောရဆရာတော် ပြန်လည်ပြုပြင် ရေးသားစီရင်ခြင်း ပြုခဲ့သည်။ ရမည်းသင်းမြို့နယ် ရန်ကင်းတောရကြီး၌ သာသနာ ၂၅၃၈-ခုနှစ်၊ ကောဇာ-၁၃၅၇၊ သီတင်းကျွတ်လဆန်း ၇-ရက် (၁၉.၁၀.၁၉၉၆)၊ စနေနေ့တွင် ရေးသားခြင်း ပြီးစီး အောင်မြင်ပါကြောင်း၊ ကျမ်း၏နိဂုံး၌ ရေးသားပါ ရှိပါသည်။

ထိုကျမ်းစာ လက်ရေးမူ မိမိအား ချီးမြှင့်သဖြင့် စာမိတ္တူ ၄-မူ၊ ပြုစု ခွင့်ပြုမိန့် တောင်းခံပြီး မိမိက အစစ စီစဉ်သူ ဦးမင်းကြည်က နိဒါန်းရေး၊ ထုတ်ဝေသူ၊ ကွန်ပျူတာ စာစီခြင်းကို ဦးမျိုးညွန့်နှင့် တပည့် မသီတာတို့က ဆောင်ရွက်ခဲ့ပြီး စာများ

စစ်ဆေးခြင်းကို သာသနာတော် ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဆရာဦးစိုးတင့် (သ.စ.အဓမ္မာစရိယ) က ဆောင်ရွက်ပေးပြီး ရန်ကုန်မြို့ လမ်း ၄၀ ရှိ အမှတ်–၁၄၀ ဒေါ်ခင်ဆွေနွဲ့၏ သီဟ ပုံနှိပ်တိုက်တွင် (ပထမအကြိမ်) အုပ်ရေ (၁၀၀၀) ရိုက်နှိပ်ခဲ့ကြသည်။*

ကျမ်းစာအလှူရှင်များ

ကျမ်းစာရိုက်ခ အလှူငွေများကို မိမိဦးသိမ်းဆောင်၊ ဒေါင်းမင်းဆီစက် ဦးအောင်ခ၊ ရန်ကုန် ဦးညွန့်လှိုင်၊ ဦးတင်ဝင်း၊ ရမည်းသင်း ဦးအောင်လင်း၊ ယခုနေပြည်တော် လယ်ဝေး ဦးကောက်တည် မိသားစုများနှင့် အလှူရှင် ၃၉–ဦးတို့၏ငွေများဖြင့် ရိုက်နှိပ် လှူဒါန်းခဲ့ကြသည်။

အုံ့ဖွယ်ရှစ်ဖြာ သာသနာမှ သမဏပဋိရူပ ဩဝါဒများ

ကျမ်းစာများ ရိုက်နှိပ်ရေးအတွက် ကမ္ဘာအေးသို့ ရောက်လေတိုင်း ဦးမင်းကြည် ဦးထွန်းရွှေတို့ အရာရှိကြီးများ အစည်းအဝေးနှင့် တိုက်ဆိုင်နေလျှင် စောင့်ဆိုင်းရသည့် အချိန်များ၌ သိရီမင်္ဂလာကမ္ဘာအေးဘုရားဖူး၊ 'မဟာသရဏဂုံတော်ကြီး' ကို ရွတ်ဖတ်ပူဇော် တရားဆင်ခြင်ပြီးနောက် မဟာပါသာဏလိုဏ်ဂူတော် သိမ်တော်ကြီးအတွင်း ဝင်ရောက် ကြည်ညိုလေ့ရှိပါသည်။

မဟာစည် ဆရာတော် (၁၂၆၆–၁၃၄၄) နှင့် မင်းကွန်း (၁၂၇၃–၁၃၅၄) ဆရာတော်ဘုရားကြီးများ ဤသိမ်တော်ကြီးအတွင်းမှာ ရဟန်းပရိသတ်၊ လူပရိသတ်များစွာ ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့ကြပုံ မြန်မာရုပ်မြင်သံကြားမှ ထုတ်လွှင့်ချက် အသံဖမ်း တိတ်ခွေများမှ နာကြားထားချက် မေးခွန်း/အဖြေ ပုံရိပ်များပါ ပြန်လည်မြင်ယောင်မိလေ့ရှိပါသည်။ ထေရဝါဒ ၅–နိုင်ငံ သံဃာ့မထေရ်ကြီးများပါ တက်ရောက် အံ့ဩဖွယ်မကုန်အောင် ရွက်ဆောင်ခဲ့ကြသည့် ကျေးဇူးဂုဏ် အဖုံဖုံကိုလည်း အာရုံယူ အမှတ်ရမိပါ၏။

မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး အတွင်းပိုင်း ပတ်လည်တွင် ရွှေစာလုံးများ၊ ရွှေဘောင်အနားသတ်၍ သင်္ဂါယနာတင် မထေရ်ကြီးများ ရေးသားစီရင် မော်ကွန်းတင်ကမ္ပည်းထိုးခဲ့သည့် အံ့ဖွယ်ရှစ်ဖြာသာသနာ ဩဝါဒ အဆိုအမိန့်စာတမ်းများ အားလုံး လိုက်၍ ဖတ်၏။ လွန်စွာနှစ်သက်ပီတိဖြစ်လျက် အားလုံးရေးကူးခဲ့၏။

ထိုဩဝါဒ မော်ကွန်းစာ သမဏပတိရူပများမှ ဤဝှတင် အဆုံးအဖြတ်ကျမ်း၏အစ ရှေ့ပိုင်း၌ 'စတုတ္ထသမဏ ပတိရူပနှင့်' 'ပဉ္စမသမဏပတိရူပ' စာတမ်းများကိုလည်းကောင်း ထိုကျမ်းနောက်ပိုင်း၌ 'ရဟန်းပြုခြင်း ရည်ရွယ်ချက်' နှင့် 'ဘယ်အခါမဆို ရဟန္တာဖြစ်နိုင်သည်' ဟူသော စာတမ်းများကိုလည်းကောင်း၊ မိမိစီစဉ်သူ၏ ဆန္ဒအလျောက် သီးခြားစာမျက်နှာဖြင့် ဘောင်ခတ်၍ ထည့်သွင်းပူဇော်ခဲ့၏။

ထိုစာတမ်း မိတ္တူများကို ဤနေရာ၌ ဖော်ပြလိုက်ပါ၏။ ဤကျမ်းကို ပြုစုတော်မူသော ဆရာတော်အရှင်နှင့် ဝှတင် အဆုံးအဖြတ်ကျမ်း၊ ထိုစာတမ်းများ မည်မျှပင် လိုက်ဖက်လှပါသနည်း။

စာရှုသူများ ဖတ်ရှုကြည့်မြင် ကြည်ညိုနိုင်ကြပါစေ၊ ကျေးဇူးဂုဏ်များကို အမှတ်ရနိုင်ကြပါစေ၊ တောရဆရာတော်ဘဝနှင့် ထင်ဟပ်လျက် ဤသာသနာတော်ကြီး အရှည်တည်တံ့စေရန် ရည်သန်

* ဝှတင်္ဂဝိနိစ္ဆယခေါ် ဝှတင်အဆုံးအဖြတ် ကျမ်း (ပ–အကြိမ်) ရိုက်နှိပ်

=ဒုတိယ သမဏ ပဋိရူပ+
ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ
သိမ်တော်ကြီး

ဒုတိယသမဏပဋိရူပ

* အကျင့်သီလရှိလျက် ရဟန်းတို့ ကျက်စားရာနှင့် ယှဉ်ခြင်း
* အသက်မွေးဝမ်းကျောင်း စင်ကြယ်ခြင်း
* အာရုံခြောက်ပါးနှင့် တွေ့ကြုံသောအခါ မတုန်လှုပ်ခြင်း

ဤသုံးရပ်ကား ရဟန်းမြတ်တို့အတွက် လျောက်ပတ်လှပေ၏။

ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး

တတိယသမဏပဋိရူပ

* ရဟန်းတို့၏ စာရိတ္တသီလကို စောင့်ရှောက်ခြင်း
* ဣရိယာပုထ်လေးပါးကို ထိန်းသိမ်းခြင်း
* ဘာဝနာကို ပွားများအားထုတ်ခြင်း

ဤသုံးရပ်ကား ရဟန်းမြတ်တို့အတွက် လျောက်ပတ်လှပေ၏။

ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး

တတိယ သမဏပဋိရူပ –
ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူ

စတုတ * သမဏပဋိရူပ –
ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ

စတုတ္ထသမဏပဋိရူပ

– စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်း
– အကြားအမြင်များခြင်း
– နာမ်ရုပ်တရားတို့ကို လက္ခဏာရေးတင်၍ ဆင်ခြင်ပွားများခြင်း
– သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း

ဤလေးရပ်ကား ရဟန်းမြတ်တို့အတွက် လျောက်ပတ်လှပေ၏။

ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး

ပဌမသမကာပဋိရူပ

လူသံ, ရထားသံ စသော
အသံကင်းဆိတ်သည့်တောရကျောင်း၌
အာရုံကင် မှုတင်ဆောက်တည်၍ နေထိုင်ခြင်းကား
ရဟန်းမြတ်တို့အတွက် လျောက်ပတ်လှပေ၏။

ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး

ပဌမ သမကာပဋိရူပ -
ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ

ရဟန်းပြုခြင်း ရည်ရွယ်ချက်

ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ
အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ။

အမျိုးကောင်းသားတို့သည် အရဟတ္တဖိုလ်ကိုရ၍ ရဟန္တာဖြစ်ကြရန် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်ခွာ၍ ရဟန်းဘောင်၌ ကောင်းစွာသာလျှင် ရဟန်းပြုကြသည်။

ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး

ရဟန်းပြုခြင်း ရည်ရွယ်ချက်
ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ

ဘယ်အခါမဆို ရဟန္တာဖြစ်နိုင်သည်

ဣမေ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿ။

အို သုဘဒ်ပရိဗိုဇ် ငါဘုရားသားတော်ရဟန်းတို့သည် ကောင်းစွာ နေထိုင်ကြကုန်အံ့ ဤကမ္ဘာလောကကြီးသည် ရဟန္တာမဆိတ်သုဉ်း နိုင်ရာ။

ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး

ဘယ်အခါမဆိုရဟန္တာဖြစ်နိုင်သည်
ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ

၍ အဆင့်ဆင့် သယ်ပိုးရွက်ဆောင် ထိန်းသိမ်းလာခဲ့ရသော ရဟန္တာအရှင်များ၊ သံဃာတော်အရှင်မြတ်ကြီး၏ ကျေးဇူးဂုဏ်များကိုလည်း အဖန်ဖန်အမှတ်ရနိုင်ကြပါစေ ဟူသော ရည်ရွယ်ချက်များဖြင့် ထည့်သွင်းဖော်ပြခဲ့ခြင်းလည်း ဖြစ်ပါသည်။

ထန်းတပင်တောရသို့ သွားရောက် ရှုတင်အဆုံးအဖြတ်ကျမ်းစာများ လှူခြင်း

ရှုတင် အဆုံးအဖြတ် ကျမ်းစာများ တောရဆရာတော်ထံ ပို့အပ်လှူဒါန်းရန်အတွက် ၂၆၊ ၁၂၊ ၉၇ နေ့ ၁၂–နာရီ၊ သာကေတမြို့ ၊ ၁–ရပ်ကွက် မြင်တော်သာလမ်းနေ ဖူဂျီဓာတ်ပုံတိုက် ပိုင်ရှင် ဦးအောင်ဖုန်း+ ဒေါ်ဖြူဖြူလွင်တို့၏ ကား ၅က/၈၀၁၇ ကိုအောင်ဖုန်းအစ်မ၏ ခင်ပွန်း ဦးအောင်သောင်းမိသားစုတို့၏ ကား လ/၅၄၄၂ ယာဉ် ၂–စီးဖြင့် လယ်ဝေးမြို့သို့ ထွက်ခွာခဲ့ကြပါသည်။

ထိုည ၉–နာရီခွဲ ယခုနေပြည်တော် လယ်ဝေးမြို့ ဦးကောင်းတည်၊ ဒေါ်ကြည်ကြည်ဝင်းတို့၏အိမ်သို့ရောက်၊ တည်းခိုကြသည်။ လိုလေသေးမရှိ ညှော်ဝတ်ပြုသည်။ ခြံဝင်းကျယ်ကြီးတွင် တိုက်သစ်ကြီး ဆောက်နေဆဲဖြစ်သည်။ မိုးလင်း နံနက်စောစော ကောက်ညှင်းပေါင်းနှင့် အကြော်စုံများ ဦးကောက်တည်၏ ဇနီး ဒေါ်ကြည်ကြည်ဝင်း ကိုယ်တိုင်ကြော်၍ ကျွေးမွေးပြုစု ညှော်ခံသည်။ တစ်သက် မမေ့ကြ။

၂၇၊ ၁၂၊ ၉၇ နံနက် ၇–နာရီ ယခုနေပြည်တော် လယ်ဝေး ထန်းတပင်တောရကြီးသို့ ဦးကောက်တည် လိုက်ပို့သဖြင့် ရောက်ကြပြီး ကျမ်းစာများလှူကြသည်၊ ကျမ်းစာများ ဆက်ကပ်လှူဒါန်းကြပြီး မိမိအားလိုက်ပို့သော ရန်ကုန်မှ ဒါယကာ/ဒါယိကာမများကို မိမိက ဩကာသတိုင်ပေးပြီး ရှိခိုးကန်တော့ကြသည်။

တစ်ဆက်တည်း 'အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ' ဆို၍ ငါးပါးသီလ တောင်းသည်။ သီလပေးသည်၊ ရှိခိုးဦးချပြီးသည်နှင့် တောရဆရာတော်က 'မင်းက အဟံဘန္တေ လုပ်လာတော့ ပြောချိန်မရဘူး၊ ငါ့အနေနှင့် သီလမပေးတာ ကြာခဲ့ပြီ၊ မင်း သိလျက်နဲ့ ဖွတ်သီလတောင်းနေပြန်တော့ မပေးမဖြစ်လို့ ပေးလိုက်ရတယ်၊ ရမည်းသင်း နဘူးကျောင်း ရန်ကင်းတောရကြီးမှာ သီလပေးမိလို့ တစ်စ တစ်စ လူတွေများလာလိုက်တာ ကျောင်းပရိဝုဏ်ကြီး မဆံ့ဘူး၊ ကုဋီတက်ဖို့ လမ်းတောင်သွားမရဘူး၊ အဲဒီကစလို့ နောင် သီလမပေးတော့ဘူးလို့ ဆုံးဖြတ်ခဲ့ကြောင်းနှင့် မစည်ကားအပ်သော အရပ် ၄–မျိုး မိန့်တော်မူ၏။ အောက်ပါအတိုင်း ဖြစ်ပါ၏။

လူမစည်ကားအပ်သော အရပ်လေးမျိုး

၁။ တောရကျောင်းများ၊

၂။ ရဲစခန်း အချုပ်နှင့်ထောင်များ၊

၃။ ဆေးခန်းနှင့် ဆေးရုံများ

၄။ သုသာန်များ

စသည့် အရပ်ဒေသများသည် လူမစည်ကားအပ်၊ ထိုအရပ်ဒေသများ လူစည်ကားလျှင် ကောင်းသော လက္ခဏာမဟုတ်ဟု မိန့်တော်မူသည်။

♦ တောရကျောင်းမှာ ဆိတ်ငြိမ်ခြင်းကို အလိုရှိလို့ တောရဆောက်တည်မှတော့ သီလမပေးလျှင် လူမစည်ဘူး၊ သီလမပေးတာ ကောင်းတယ်ဟု နှလုံးသွင်း ဆင်ခြင်တော်မူခဲ့ကြောင်း၊

♦ ရဲစခန်း အချုပ်နှင့်ထောင်များ၊ လူစည်

ကားတာ မကောင်းဘူး အကျင့်စာရိတ္တတွေ ပျက်ကြလို့ သီလ မရှိကြလို့ ဖြစ်ကြရကြောင်း၊

♦ ဆေးခန်းနှင့် ဆေးရုံများ လူစည်တာလည်း မကောင်းဘူး၊ အနာရောဂါများတာကြောင့် ဒုက္ခဆင်းရဲ ရောက်ကြရတာ ဖြစ်ကြောင်း၊

♦ သုသာန်များမှာ လူစည်တာလည်း မကောင်းဘူး အသေအပျောက်များတာ လူစည်ကားအပ်တဲ့ အရပ်ဒေသလည်း မဟုတ်ဘူး၊

အဆိုပါ အရပ် ၄–မျိုးမှာ လူတွေစည်ကားနေမည်ဆိုလျှင် လူစည်ကားအောင် လုပ်နေမည်ဆိုလျှင် ကောင်းသော လက္ခဏာမဟုတ်ဟု မိန့်တော်မူခြင်း ဖြစ်ပါသည်။

မိမိအား တောရကျောင်းအထိ လိုက်ပို့ရင်း ဖူးမြော်ကန်တော့ကြပြီးသော ရန်ကုန်မှ ဦးအောင်ဖုန်းတို့ ကား ၂ စီး မန္တလေးနှင့် တောင်ကြီးသို့ ခရီးဆက်ရန် ထွက်ခွာသွားကြလေသည်။

ဆွမ်းလောင်းလာပြီး သီလတောင်းခြင်း

ယခုနေပြည်တော် ပျဉ်းမနားမြို့ ရွှေချီရပ် ၉–လမ်းမှ ဆည်မြောင်းအင်ဂျင်နီယာ ဦးမြင့်သိန်းနှင့် မိသားစုများ တောရဆရာတော်ကြီးနှင့် တောရဆောင်မထေရ်များကို ဆွမ်းလာလောင်းလှူကြသည်။ ဆွမ်းလောင်းပြီး ဆွမ်းစားပြီးချိန် ထန်းတပင်တောရ မိုလ်ကြီးခင်မောင်လှူသော ဇည့်ဆောင်တွင် လာရောက်ဦးချ ကန်တော့ကြသည်။

ဆည်မြောင်း အင်ဂျင်နီယာ ဖြစ်ကြောင်း လျှောက်သဖြင့် စကု မြောင်းဦး ဆည်တော်တစ်ဝိုက် အကြောင်း ပြောပြသည်။

ထိုစဉ် သီလပေးပါရန် လျှောက်ထားသည်။ သီလပေးတဲ့ ဘုန်းကြီး ဆုတောင်းပြည့် တောရ အောက်ဘက်မှာရှိတယ်၊ အခု ၉–နာရီပဲ ရှိသေးတယ်၊ သွားကြဟု မိန့်လိုက်သည်။

မိမိက ဆွမ်းလှူလာကြသူများ မိသားစုကို အားနာ၍ ရှုတင်အဆုံးအဖြတ်ကျမ်း ၁–အုပ် လှူလိုက်သည်။ တောရဆရာတော်အကြောင်း တစ်စိတ်တစ်ဒေသ ရေးထားပါသည်။ ဖတ်ကြည့်ပါဟု ကြားက အားနာ၍ ပြောရတော့သည်။

ခေတ်ပညာတတ် အင်ဂျင်နီယာ တစ်ဦးဖြစ်၍ ယခုနေပြည်တော် ပျဉ်းမနားမြို့သူ မြို့သားများထံမှ တဆင့် တောရဆရာတော်၏ သတင်းသိ၍ လယ်ယာမြေကောင်းမှာ စိုက်ပျိုးသော မျိုးစေ့သည် အပင်ပေါက်၍ အသီးများစွာ ရရှိနိုင်သည်ကို သိလာပါလိမ့်မည်ဟုသာ နှလုံးသွင်းရပါသည်။

တောရဆရာတော်သည် ဆုံးဖြတ်ပြီး အရာများကို ဘယ်သောအခါမှ ပြန်ပြင်ဆင်လေ့မရှိ၊ နှောင်ဖွဲ့ခြင်းနှင့် ရောယှက်နေခြင်း၊ လူအများနှင့် ရောထွေးနေခြင်းကို အထူး ရှောင်ရှားတော်မူသည်။

သိမ်မှတ်တမ်း ကွန်ပျူတာစီပြီး တင်ပြစစ်ဆေး

တောရဆရာတော်အား ကွန်ပျူတာစီပြီး သိမ်မှတ်တမ်းများ စာမူများကို တင်ပြသဖြင့် စစ်ဆေးပေးတော်မူသည်။

သိမ်မှတ်တမ်းနှင့်တွဲ၍ သရက်ကန်ဆရာတော်နှင့် ဘုရားဖြူဆရာတော် ထေရုပ္ပတ္တိအကျဉ်း ပူးတွဲရိုက်နှိပ်မည့် အကြောင်းနှင့် နောက်ဆက်တွဲ အဖြစ် တောရဆရာတော်၏ ဝါဆိုစဉ် သိမ်သမုတ်ခြင်း၊ ကျမ်းပြုခြင်း မှတ်တမ်းပါ ထည့်ထားမည်ဖြစ်ကြောင်း လျှောက်ထားသည်။ စာကြမ်းများလည်း တင်ပြ အစစ်ဆေးခံယူပါသည်။ အချို့ ပြင်ပေးပြီး အတည်ပြုပေးပါသည်။

(၂၇၊ ၁၂၊ ၉၇) နေ့ည ထန်းတပင်တောရ ဗိုလ်ကြီးခင်မောင် တိုက်ကျောင်းဓည့်ဆောင်တွင် ယခုနေပြည်တော် ပျဉ်းမနားမြို့မှ ဦးခင်လှိုင်နှင့်အတူ တောရဆရာတော် ခြေရင်းမှာ အိပ်ခဲ့ကြသည်။

(၂၈၊ ၁၂၊ ၉၇) နံနက်ပိုင်း စာမူများ စစ်ဆေးခံယူပြီး နေ့ ၁–နာရီ ဆံချ ဆံပင်ရိတ်မည် သိရ၍ စောင့်ယူခဲ့ပြီး ခြေလျင်လျှောက်ပြန်လာ၊ ညနေ ၃–နာရီ ယခုနေပြည်တော် ပျဉ်းမနား ရန်နိုင် စားတော်ဆက်သို့ ရောက်၊ ဗိုလ်ကြီးခင်မောင် ဧနီး ခေါ်ကြည်ကြည်၊ ဒေါက်တာ ပေါ်မြင့်ဦးတို့ အိမ်များ နှင့် ယခင် ၁၉၅၉ ယခုနေပြည်တော် ပျဉ်းမနား အ.ထ.က(၂)၌ ကျောင်းတက်စဉ် နေခဲ့ဖူးသော မြို့မ စမ်းမြိုင်ဆရာတော် ကျောင်းဝင်ခဲ့သည်။

ထိုည ၁–နာရီ ၃၀–မိနစ်၊ အမှတ်–၄၊ အစုန် အမြန်ရထား လက်မှတ် ဦးချိုဝင်း စီစဉ်ပေးမှု ဖြင့် ရန်ကုန်သို့ ပြန်လာခဲ့သည်။

တောရဆရာတော်၏ ဆံပင်များလုံး၍လာခြင်း

တောရဆရာတော်၏ ဆံပင်များကို ပုလင်း တွင်ထည့်၍ သိမ်းဆည်းထားကြသူတို့က ပုလင်း ထဲတွင် အလိုအလျောက်လုံးသွားသည်ဟု ဆိုကြ၏။

သို့အတွက် လွန်ခဲ့သော ၁၉၉၀ ခုနှစ်က နဘူးကျင်း ရန်ကင်းတောရ အဘဦးအောင်ပန်းထံမှ ရ၍ အိမ်ဘုရားစင်မှာ ပူဇော်ထားရာ ပုလင်းထဲတွင် လုံးလာသည်။

ယခု ၁၃၅၉–ခုနှစ်(၁၉၉၇) လယ်ဝေး ထန်းတပင်တောရ၌ သီတင်းသုံးစဉ် ဆုတောင်းပြည့် တောရ ဦးကေဝလထံမှ ရ၍ ပူဇော်ရာ၌လည်း ပုလင်းထဲတွင် လုံးလာသည်။

ထူးခြားချက်များဟု ဆိုရလေမည်လား အံ့သြဖွယ်ဟု ဆိုရလေမည်လား မသိ။ (ဆရာဦး ဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများတွင်လည်း ထူးခြားသော အချက်များ အချို့ဆရာတော်ကြီးများ ၌ ရှိကြောင်း ဖတ်ရသည်။)

၁၃၅၉–ခုနှစ်အတွင်း သမုတ်ခဲ့သော သိမ် များကို ဆက်လက် ဖော်ပြပါမည်။

သိမ်အမှတ် – ၈၁ ညီအစ်မကောင်းမှု သိမ်

သာသနာ – ၂၅၄၁၊ ကောဇာ ၁၃၅၉ (၁၀– ၂–၁၉၉၈) တပို့တွဲလဆန်း ၁၄–ရက်နေ့ ည ၁၀– နာရီအချိန် ယခုနေပြည်တော် လယ်ဝေးမြို့နယ်၊ ကျွန်းတက်ပုံရှိုင်းရွာအနီး ညီအစ်မကောင်းမှု တောရ ကျောင်းအတွင်း အကြိမ် ၄၀၀–ကျော် သိမ်နုတ် ထားသော မြေညီပြင်၌ တောရဆရာတော်နှင့် ၄၃– ပါးသော ရဟန်းတော်များ သမုတ်တော် မူကြသည်။

သိမ်အမှတ် – ၈၂ ဧလုပ်ကြီးသိမ်

သာသနာ – ၂၅၄၁၊ ကောဇာ ၁၃၅၉ (၂၄– ၂–၁၉၉၈) တပို့တွဲလပြည့်ကျော် ၁၃–ရက်၊ အင်္ဂါနေ့ ၉–နာရီ၊ ၁၀မိနစ်အချိန် ယခု နေပြည်တော် တပ်ကုန်း မြို့နယ် ဧလုပ်ကြီးရွာကျောင်း အကြိမ် ၄၀၀–ကျော် သိမ်နုတ်ထားသော မြေ၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၆၃–ပါးတို့ သမုတ် တော်မူကြသည်။

သိမ်အမှတ် ၈၃– ဥယျာဉ်သိမ်

သာသနာ–၂၅၄၁၊ ကောဇာ ၁၃၅၉ (၁၁– ၃–၁၉၉၈) တပေါင်းလဆန်း ၁၄–ရက်၊ ဗုဒ္ဓဟူးနေ့ ည ၈–နာရီ ၃၄ မိနစ်အချိန် ယခု နေပြည်တော် တပ်ကုန်းမြို့နယ် ဥယျာဉ်ကျေးရွာ ကျောင်းအတွင်း

အကြိမ် ၅၀၀–ကျော် သိမ်နှုတ် ထားသော မြေညီပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၆–ပါးတို့ သမုတ် တော်မူခဲ့ကြသည်။

ဓုတင်အကြောင်း သိကောင်းစရာ

ပါဠိဘာသာအရ ဓုတင်မြန်မာတို့ နှုတ်မှ ဓူတင်ဟူသော အကျင့်ဆိုသည်မှာ မည်သို့ပါနည်း။

– ဓူတင် အကျင့် အမျိုးအမည် မည်မျှ ရှိပါသနည်း။

– ဓူတင်အကျင့်ကို ဘယ်အကျိုးငှာ ကျင့်ကြပါသနည်း။

– ဓူတင်အကျင့်၏ အနှစ်သာရကား မည်သို့ပါနည်း။

ဟူ၍ မိမိကဲ့သို့ ပိဋကစာပေများနှင့် အလှမ်း ဝေးခဲ့ကြသော သူတော်ကောင်း လူပုဂ္ဂိုလ်များ သိလို ကြပါလိမ့်မည် ထင်ပါသည်။

မိမိငယ်စဉ် တောရဆရာတော်ထံ အဝင် အထွက်လုပ်နေခဲ့သော်လည်း အထက်ပါအတိုင်း စဉ်းစားတွေးခေါ်ခြင်းမျိုး မရှိခဲ့ရိုးအမှန်ပင်။

အနည်းငယ် အသက်အရွယ်ရလာသော အခါ တောရဆရာတော်ကျင့်သော အကျင့်ကို သိလိုစိတ် ဖြစ်လာ၏။

သို့အတွက် တောရဆရာတော်အား ထို အကျင့်အကြောင်း ကျမ်းစာရေးပြီး ရှိပါသလား လျှောက်၏။

ကံကြီးကျောင်းကပေးမှု

ဓုတင်္ဂဝိနိစ္ဆယ ခေါ် ဓူတင်အဆုံးအဖြတ် ကျမ်း ပြုပြင်ရေးသားမည် စိတ်ကူးရှိပါသည်။ မူရင်းကျမ်းမှာ ရဟန်းငယ်ဘဝ ၂–ဝါအထိ ပြတိုက်/ ကံကြီးကျောင်းဆရာတော် ဦးဝိမလထံ ပညာသင် စဉ်ကပင် ကံကြီးကျောင်း ပိဋကတိုက်ရှိ ပေစာမှ လက်ရေးဖြင့် ကူးယူခဲ့ကြောင်း ထိုလက်ရေးမူကို ဘုရားဖြူတိုက်သို့ ပါလာကြောင်း၊ ထိုထို ပိဋကကျမ်း စာများ၌လည်း လေ့လာ မှတ်သားခဲ့ကြောင်း ဓူတင် ဆောင်ဘဝ ရောက်ခဲ့ရကြောင်း ထိုကျမ်းစာကို တောရ ကျောင်းများစွာ သွားလေရာသို့ ပါခဲ့ကြောင်း ဆက်တိုက် မိန့်တော်မူ၏။

ပုံနှိပ်ပါရစေ

ဤသို့ဖြစ်လျှင် တောရဆရာတော်၏ ဒိဋ္ဌာနုဂတိသို့ လိုက်၍၊ နည်းယူဆောင် ရဟန်းတော် များ ဝန်းကျင်တစ်ဝိုက်နှင့် ဒေသများစွာ၌ ပေါ်လာ နေကြသည်ဖြစ်၍ ထိုကျမ်းစာ ပုံနှိပ်စာအုပ် သီးခြား မှတ်မှတ်သားသား အသစ်ပြုပြင်ရေးသားရန် လိုမည် ထင်ပါကြောင်း လျှောက်ထား၏။

တောရဆရာတော် ကိုယ်တိုင်ကလည်း ပုံနှိပ်ကျမ်းစာအဖြစ် ရောက်လိုနေခဲ့သည်မှာ ကြာပြီ ဖြစ်မည် ထင်ပါ၏။ တောရဆရာတော်နှုတ်မှ ဖွင့်ဟ၍ ဘယ်ကျမ်းစာ ရိုက်ချင်ပါသည် မိန့်လေ့မရှိ၊ မိန့်ရန် ဝန်လေးခဲ့ကြောင်း အထက်၌ ဖော်ပြခဲ့ပြီး လည်း ဖြစ်ပါသည်။

ဦးအောင်ခနှင့် ဦးသိမ်းဆောင် စတင်ခဲ့

ယခုအခါ၌မူ မိမိနှင့် ဒေါင်းမင်းဦးအောင်ခ တို့ ၂–ဦး စတင်ခဲ့သော ကျမ်းစာပုံနှိပ်ရေးမှာ အဖွဲ့ဖြင့် ဆောင်ရွက်လှူဒါန်းနေကြသည်ကို လက်တွေ့ရှိနေ၍ အတန်တန် လျှောက်ထားခဲ့ကြသဖြင့် ယခုကဲ့သို့ ဓုတင်္ဂဝိနိစ္ဆယခေါ် ဓူတင်အဆုံးအဖြတ်ကျမ်း ရဟန်း တော်များအတွက် ပေါ်လာရသည် ဆိုချင်ပါ၏။

ကျမ်းဟောင်းကို ပြုပြင်ရေးသားခြင်း

မူရင်း ပုတင်္ဂဝိနိစ္ဆယ ကျမ်းဟောင်း၌ ရေးသားဖော်ပြချက်များသည် စာဖတ်သူအား ဆိုလိုရင်း အဓိပ္ပါယ်ကို ချက်ချင်းမသိနိုင်၊ ဆင်ခြင်စဉ်းစား သတိထား၍ တွေးကြံမှသာ သိ၏။ ယင်းသို့သိခြင်း သည်လည်း ယောင်ဝါးဝါးမျှသာ သိ၍၊ ပေါ်လွင် ထင်ရှားစွာ သိခြင်းမဟုတ်သေး။ ထို့ကြောင့် မပေါ် မလွင် မထင်မရှားဖြစ်သော စကားများကို ကြဉ်ဖယ် ထား၍ မူလကျမ်းဆရာ၏ ဆိုလိုရင်း အဓိပ္ပါယ်ကို လည်း ပျက်ပြယ်ခြင်း မရှိစေဘဲ ပေါ်လွင်သော စကားသစ်ထည့်၍၊ ပါဠိများ ရောနှောရေးသား ထားသည်ကို ပါဠိများ သီးသန့်ထုတ်၍ ရေးသား ထားပါကြောင်းနှင့် ဖတ်ရှုသူတို့ ထင်ရှားပေါ်လွင်စွာ သိကြသည်ဆိုပါက ရေးသားသူမှာ ရေးရကျိုးနပ်ပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမည်ကို မျှော်လင့်ပါ သတည်း။ အရှင်တိဿရဟု နိဒါန်း၌ ဖော်ပြခဲ့သည်။

အရှင်တိဿရပြင်ဆင်

ထိုမှတဖန် ယခု ပုတင်အဆုံးအဖြတ် ကျမ်း စာကို ဘဒ္ဒန္တတိဿရေနေဝ အရှင်တိဿရသည်ပင် လျှင် ပေါရာဏိကဝိနိစ္ဆယေ = ရှေးဟောင်းဖြစ်သော ပုတင်္ဂဝိနိစ္ဆယကျမ်း၌၊ ဝဠ္ဍက်ံ = လျှို့ဝှက်မမြင်၊ မပေါ်လွင်ခြား၊ မထင်ရှားသည်ကို၊ ပါကဋတ္ထာယ= ပေါ်လွင်ထင်ရှားစေခြင်းငှာ၊ ပဋိခ်ရဏံ= ပြင်ဆင် ခြင်းကို ကတံ= ပြုအပ်ပြီ ဟူ၍ ကျမ်း၏နိဂုံး၌ ဖော်ပြခဲ့ပြီး၊ ရေးပြီး ခုနှစ်လရက်များပါ မှတ်တမ်း တင်ထားတော်မူခဲ့ပါသည်။

(ဤကား ကျမ်းကို ရေးသားစီရင်ရခြင်းနှင့် ပြီးဆုံးခြင်းမှတ်တမ်းတို့မှ ကောက်နုတ်တင်ပြခြင်းပါ တည်း။)

ဆက်လက်၍ တင်ပြလိုသည်ကား ပုတင် အကျင့်ဆိုသည်မှာ မည်သို့သော အကျင့်ပါနည်း ဟူမူ—

ပုတင်အကျင့်

ပုတင်+အင်္ဂ= ပုတင်္ဂ 'ပုတ' ပုဒ်သည် ခါထုတ်ခြင်းဟု အဓိပ္ပာယ်ရ၏။ ကိလေသာကို ခါထုတ်ခြင်းသည် 'ပုတ' မည်၏။ 'အင်္ဂ' ပုဒ်သည် ဤနေရာ၌ အကြောင်းဟု အဓိပ္ပာယ်ရ၏။ ပုတင်္ဂ ဟူသည် ကိလေသာကို ခါထုတ်ကြောင်းပင် ဖြစ်၏။ ပုတင်္ဂကို 'ပုတင်' ဟု မြန်မာမှုပြုခေါ်ဆို သုံးစွဲကြ၏။ ကိလေသာခါထုတ်ကြောင်း အကျင့်ကို ပုတင်္ဂ= ပုတင် အကျင့်ဟု ခေါ်၏။

ကိလေသာပယ်ပြီး ခါထုတ်ပြီးသော ပုဂ္ဂိုလ် ကိုလည်း ပုတင်္ဂ= ပုတင်ကျင့်သူဟု ခေါ်ဆိုသည်။ ကိလေသာခါထုတ်ကြောင်း တရားဓမ္မ (တရား အကျင့်) ကိုလည်း 'ပုတင်'ဟု ခေါ်ဆို၏။

ပုတင်တရားဓမ္မကို ကျင့်သုံးသော ရဟန်း တော်များသည် –

၁။ အလိုနည်းသည်၏ အဖြစ်–

၂။ ရောင့်ရဲလွယ်သည်၏ အဖြစ်–

၃။ ကိလေသာ ခေါင်းပါးသည်၏အဖြစ်–

၄။ ဆိတ်ငြိမ်ခြင်းကို အလိုရှိသည်၏ အဖြစ်–

၅။ ဤအကျင့်ကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာ အကျိုးရှိသည်ဟု သိသည်၏အဖြစ်–

ထိုငါးပါးတို့ကား ပုတမည်သော တရား ဓမ္မတို့ မည်ပါသည်။

ဆောက်တည်အပ်၏

အထက်ပါ အကျိုးတရားငါးပါးနှင့် ပြည့်စုံ သော ဝုဏ်တို့ဖြင့် သီလစင်ကြယ်ခြင်းသည်ဖြစ်၏။

ထိုဂုဏ်များနှင့် ပြည့်စုံစေခြင်းငှာ ရဟန်းတော်များ လိုက်နာရသည့် 'စတုပါရိသုဒ္ဓိ = သီလကြီး လေးပါး၌ တည်သောရဟန်းသည် ဓုတင်ကို ဆောက်တည်အပ်၏။

ရအပ်သောအကျိုး

ဆိတ်ငြိမ်ရာ တောကျောင်း၌နေခြင်း၊ ကိလေသာကို ဖျက်ဆီးခြင်း၊ သမ္မပ္ပဓာန်မည်သော လုံ့လဝီရိယဖြင့် အားထုတ်ခြင်းကြောင့် ဒါယကာတို့ လုပ်ကျွေးလွယ်ကူခြင်း၊ ပြင်ပကိစ္စနည်းပါးခြင်း၊ ပေါ့ပါးစွာ အသက်မွေးရခြင်း စသော ဂုဏ်တို့နှင့် ပြည့်စုံခြင်း၊ ကိလေသာ အညစ်အကြေးကို ဆေးကာ ဖွတ်လျှော်သည်၏အဖြစ်ကြောင့် ဓုတင်ဆောက်တည်သူ ရဟန်း၏ သီလသည် လွန်စွာ စင်ကြယ်ခြင်းသို့ ရောက်၏။ ကိလေသာမှ ခါထွက်သော အကျင့်တို့သည်လည်း ပြည့်စုံခြင်းသို့ ရောက်လေတော့၏။

ဤသို့ သီလစင်ကြယ်လျှင် ဆွမ်းသက်န်း ကျောင်း၌ ခေါင်းပါးသော အကျင့်ရှိခြင်း ဟူသော အရိယာဝံသတရား သုံးပါး၌ တည်၏။ ဘာဝနာ၌ မွေ့လျော်ခြင်းဟူသော စတုတ္ထအရိယဝံသ တရားကို လည်း ရခြင်းငှာ ထိုက်တန်၏ဟု ဖော်ပြပါရှိလေသည်။

ဘုရားရှင် ခွင့်ပြုတော်မူခဲ့

လောကာမိသမည်သော ပစ္စည်းများကို စွန့်၍ ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ နိဗ္ဗာန်နှင့်လျော်သော အကျင့်ကိုသာ အားထုတ်လိုသော (ဇာတိကုလပုတ္တ) အမျိုးကောင်းသား၊ (အာစာရကုလပုတ္တ) မည်သော = အကျင့်အားဖြင့် စင်ကြယ်သော ဓမ္မအမွေခံ အမျိုးကောင်းသားတို့အား တစ်ဆယ့်သုံးပါးသော ဓုတင်ဆောင်ခြင်းကို ဘုရားရှင်သည် ခွင့်ပြုတော်မူခဲ့လေသည်။

ဓုတင် ၁၃-ပါး ဟူသည်ကား

၁။ ***ပံသုကူလိက ဓုတင်*** = ပံသုကူသင်္ကန်းကိုသာသုံးစွဲဝတ်ရုံခြင်း၊

၂။ ***တေစီဝရိကဓုတင်*** = သုံးထည်သော သင်္ကန်းကိုသာ သုံးစွဲဝတ်ရုံခြင်း၊

၃။ ***ပိဏ္ဍပါတိကဓုတင်*** = ဆွမ်းခံသွားလာ၍သာ သုံးဆောင်ခြင်း

၄။ ***သပဒါနစာရိကဓုတင်*** = အိမ်စဉ်ရွာစဉ် ခရီးမပြတ် ဆွမ်းခံသုံးဆောင်ခြင်း

၅။ **ဧကာသနိက ဓုတင်** = တစ်နေရာတည်း တစ်ထိုင်တည်း ဆွမ်းကို သုံးဆောင်ခြင်း

၆။ **ပတ္တပိဏ္ဍိကဓုတင်** = တစ်ခုတည်းသော သပိတ်၌ရှိသော ဆွမ်းကို သုံးဆောင်ခြင်း

၇။ **ခလုပစ္ဆာဘတ္တိကဓုတင်** = နောက်၌ရသော ဆွမ်းကို သုံးဆောင်မှုမပြုခြင်း

၈။ **အရညိကဓုတင်** =တောရကျောင်း၌သာ နေလေ့ရှိသောအကျင့်ကို ဆောက်တည်ခြင်း

၉။ **ရုက္ခမူလိကဓုတင်** = သစ်ပင်အောက်၌ နေလေ့ရှိသောအကျင့်ကို ဆောက်တည်ခြင်း

၁၀။ **အဗ္ဘောကာသိကဓုတင်** = လွင်တီးခေါင်၌ နေလေ့ရှိသော အကျင့်ကိုဆောက်တည်ခြင်း

၁၁။ **သောသာနိကဓုတင်** = သုသာန်၌နေလေ့ရှိသော အကျင့်ကို ဆောက်တည်ခြင်း

၁၂။ **ယထာသန္တတိကဓုတင်**= ညွှန်းအပ်သော ကျောင်း၌သာ နေလေ့အကျင့်ကို ဆောင်ခြင်း

၁၃။ **နေသဇ္ဇိကဓုတင်** = အိပ်စက်ခြင်းကို ပယ်၍ သွားရပ်ထိုင်ခြင်းအကျင့်ကို ဆောက်တည်ခြင်း

ဤသို့အားဖြင့် တစ်ဆယ့်သုံးပါး အပြားရှိသော ဓုတင်အကျင့်များကို ကျင့်ဆောင်တော်မူကြသော ရဟန်းတော်အရှင်များ မြတ်စွာဘုရားရှင်တိုင်း၏ သာသနာတော်၌ ရှိခဲ့၏။ ယခုလည်း ရှိနေခဲ့၏။

ရှင်တော်မြတ်ဘုရား ဂေါတမဗုဒ္ဓ၏ သာသနာတော်၌ ဓုတင်ဆောင် ဧတဒဂ်ရ အရှင်မဟာကဿပသည် ဓုတင်ဆောင်ရဟန်းတော်များ အားလုံး၏ ဘခမည်းတော်ကြီး ဖြစ်ပါ၏။

သာသနာတော်ကြီး တည်တံ့အောင် ပထမ သင်္ဂါယနာတင် ဦးဆောင်မထေရ်ကြီးလည်းဖြစ်၍ ယနေ့ ဓုတင်ဆောင် သာသနာတစ်ရပ်လုံး၏ ကျေးဇူးရှင် ဘခမည်းတော်ကြီးဟုလည်း ဆိုထိုက်ပါ၏။ ဓုတင်ဆောင်ရဟန်းတော်များစွာတို့ ခေတ်အဆက်ဆက်၌လည်း ရှိခဲ့သောကြောင့် မျက်မှောက်ခေတ်တိုင်အောင် ဓုတင်ဆောင်မထေရ်များကို တောတောင်များကြား၌ ဖူးမြင်နေရခြင်းလည်း ဖြစ်ပါ၏။

ဆိုလိုသည်မှာ ယခင် ရှိခဲ့ဖူး၍ ယနေ့ရှိခြင်း ဖြစ်ရာ နောင်လည်း ရှိစေချင်သောကြောင့် ဤဓုတင်အဆုံးအဖြတ်ကျမ်းကို ခေတ်နှင့်လျော်ညီအောင် ဖတ်၍ နားလည်အောင် ပြုပြင်စီရင်ခြင်းလည်း ဖြစ်ပါ၏။

အထက်၌ ဓုတင်ဆိုသည်မှာ အဘယ်သို့နည်း၊ ဓုတင်ဆောင်၍ ရအပ်သော အကျိုး၊ ဓုတင်ဆောင်ခြင်းကို ဘုရားရှင်ခွင့်ပြုခဲ့ကြောင်းနှင့် ထိုဓုတင်များမှာ ၁၃–ပါးရှိကြောင်း အကျဉ်းမျှ သိနိုင်ရန် တောရဆရာတော်၏ ဓုတင်ကျမ်းမှ ကောက်နုတ်၍ ဖော်ပြခဲ့ပါသည်။

ဓုတင်ဆောက်တည်ပုံများကို ဤစာစုနှ၌ အသေးစိတ် ဖော်ပြခြင်း မပြုတော့ပါ။ အဘယ်ကြောင့်ဆိုသော် မိမိရေးသားတင်ပြနေသည်မှာ ရဟန်းတော်များအတွက် ရေးနေသည်မဟုတ်ပါ။

လူဒါယကာများဘက်မှ နားလည်စေရန် ထို ဓုတင်ဆောင်မထေရ်များအပေါ် မည်သို့ ပြုစုလုပ်ကျွေးစောင့်ရှောက်ရန်ကိုသာ အဓိက ဦးတည်ရေးနေခြင်းဖြစ်သောကြောင့် အသေးစိတ်မရေးခြင်းဖြစ်ပါသည်။ ဓုတင်အဆုံးအဖြတ်ကျမ်း မူရင်း၌ ဆောက်တည်ပုံ အဆင့်ဆင့် ဆောက်တည်ရာ၌ ပုဂ္ဂိုလ်အလိုက်၊ အမြတ်စား၊ အလတ်စား၊ အညံ့စား ဟူ၍ သုံးမျိုးသုံးစားရှိကြောင်း ပါဠိ၊ မြန်မာ နှစ်ဘာသာဖြင့် တောရဆရာတော် ပြုစုရေးသားထားတော်မူခဲ့ပါသည်။

ထိုဓုတင် ၁၃–ပါးအကျဉ်းနှင့် ဆောက်တည်ပုံအကျဉ်းမျှကို လူပုဂ္ဂိုလ်များ သိသာရန် ဗဟုသုတအဖြစ် အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၁။ ပံသုကူဓုတင် = မြေမှုရသော သင်္ကန်းကို ပံသုကူသင်္ကန်းဟု ဆို၏။

ဆောက်တည်ပုံ = ပံသုကူလိကင်္ဂ သမာဒိယာမိ= မြေမှုရသော သင်္ကန်းကိုဆောင်သော ဓုတင်ကို ဆောက်တည်ပါ၏။

ဂဟပတိဒါနစီဝရံပဋိက္ခိပါမိ = ဒါယကာလက်ရောက် လှူသောသင်္ကန်းကို ပယ်ပါ၏။

ပယ်စကား ဆောက်တည်စကား နှစ်ခွန်းတို့တွင် တစ်ခွန်းခွန်းဖြင့် ဆောက်တည်အပ်၏။

ပံသုကူဆောင်သည် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒု ဟု သုံးမျိုးရှိ၏။

၁။ သုသာန်၌စွန့်သော အဝတ်သင်္ကန်းကိုသာ ယူသော ရဟန်းသည် ဥက္ကဋ္ဌ၊

၂။ ရဟန်းယူလတ္တံ့ ဟု ရည်စူးသော အဝတ်သင်္ကန်းကိုသာ ယူသော ရဟန်းသည် မဇ္ဈိမ၊

၃။ ခြေရင်း၌ချထားသော ရဟန်းပေးသော သင်္ကန်းကိုယူသော ရဟန်းသည် မုဒု၊

ဥက္ကဋ္ဌ = အမြတ်စား၊ မဇ္ဈိမ= အလတ်စား၊ မုဒု=အညံ့ ဟူ၍ ဖြစ်ပါသည်။

ပျက်ခြင်း – လှူဒါယကာတို့ တောင်းပန်သောကြောင့် လက်ရောက်လှူသော သင်္ကန်း၌ (သာယာ လက်ခံသော ခဏ၌) ထို ဓုတင်ပျက်၏။

လှူသူ၏ သဒ္ဓါကို ငဲ့ညှာ၍ မပယ်ဘဲ၊ အခြားသော ရဟန်းတို့အား ပေးလှူအံ့ဟု အလှူ လက်ခံလျှင် ပံသုကူ ဓုတင်မပျက် (စုလ္လနိဒ္ဒေသ)

အကျိုးအာနိသင်

သိမ်မှ မထွက်မီ ဆုံးမသော မှီရာပစ္စည်းအားလျော်သော အကျင့်ရှိခြင်း၊ သင်္ကန်း၌ အလိုနည်းသော အရိယဝံသတရား၌ တည်ခြင်း၊ သင်္ကန်း၌ စောင့်ရှောက်ရသော ဒုက္ခမရှိခြင်း၊ သူတစ်ပါးနှင့် မစပ်မူ၍ အသက်မွေးနိုင်ခြင်း၊ ခိုးသူဘေး မကြောက်ရခြင်း၊ သုံးဆောင်ရာ၌ တဏှာမဖြစ်ခြင်း၊ ရဟန်းအားလျော်သော ပရိက္ခရာဖြစ်ခြင်း၊ အဖိုးနည်း ရလွယ် အပြစ်မရှိဟု ဘုရားချီးမွမ်းအပ်သော ပစ္စည်းအဖြစ်၊ ကြည်ညိုဖွယ်ရှိသော အဖြစ်၊ အလိုနည်းခြင်း စသည့် အကျိုးပြီးခြင်း ကောင်းသောအကျင့်တို့ အစဉ်ပွားခြင်း နောက်၌ဖြစ်သော ရဟန်းတို့အား ဒိဋ္ဌာနုဂတိ–အတုလိုက်ရာသို့ ကောင်းစွာဖြစ်စေခြင်း စသော အကျိုးတို့သည် ဖြစ်ကြကုန်၏ဟု ဖော်ပြပါရှိပါသည်။

၂။ တေစီဝရိကင်္ဂ တိစီဝရိက်ဓုတင်= သုံးထည်သော သင်္ကန်းကိုသာဆောင်ခြင်းအကျင့်

ဆောက်တည်ပုံ။ စတုတ္ထကစီဝရံ ပဋိက္ခိပါမိ = လေးထည်ဝတ်ရုံလောက်သော သင်္ကန်းကို ပယ်ပါ၏။

တေစီဝရိကင်္ဂံ သမာဒိယာမိ = သင်္ကန်းသုံးထည်ဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏။ တစ်ခွန်းခွန်းဖြင့် ဆောက်တည်အပ်၏။

ဤဓုတင်ဆောင်လည်း သုံးမျိုးရှိ၏။

၁။ ဥက္ကဋ္ဌ = အမြတ်စားသည် သင်္ကန်းဆေးဆိုးလျှော်ဖွတ်လိုက သင်းပိုင်ဝတ်၍ ကိုယ်ရုံကိုဆိုး လျှော်ဖွတ်အပ်၏။ ကိုယ်ရုံကိုဝတ်၍ သင်းပိုင်နှင့် ဒုကုတ်ကိုလည်း ဆိုး/လျှော်အပ်၏။ ဒုကုတ်ကိုဝတ်ခြင်းမသင့်။

၂။ မဇ္ဈိမ = အလတ်စားသည် ရေချိုးရုံ၌ ရေလဲသင်းပိုင် စသည့် ခေတ္တဝတ်၍ ဆေးဆိုး/လျှော်ဖွတ် သုံးဆောင်အပ်၏။

၃။ မုဒု = အညံ့ကား သဘောတူ ရဟန်းတို့၏ သင်္ကန်းကို ဝတ်ရုံ လျှော်ဖွတ်သုံးအပ်၏။ အမြဲသုံးအဖြစ်ဖြင့် သွားရာ ယူဆောင်ခြင်းငှာ မအပ်။ အခြားသော ရဟန်းတို့၏ သင်္ကန်းကိုလည်း ကြုံကြားရုံခါ ဝတ်ရုံခြင်းမအပ်။

ပျက်ခြင်း = ဝတ်လောက်ရုံလောက်သော လေးထည်မြောက်သင်္ကန်းကို (သာယာလက်ခံ)သော ခဏ၌ ထိုဓုတင်ပျက်၏။

အကျိုးအာနိသင်=သင်္ကန်းသုံးထည်ဆောင် ရဟန်းသည် လေ နေပူဘေးရန်မှ ကိုယ်ကို စောင့်ရှောက်ရန် ဝတ်ရုံလောက်သောသင်္ကန်းမျှဖြင့် ရောင့်ရဲနိုင်၏။ ကိုယ်ဝတ်သင်္ကန်းမျှသာ ရှိ၍ ငှက်၏အလား လိုရာသွားနိုင်၏။ သယ်ဆောင်နေရခြင်းမရှိ၊ အဝတ်

သိုမှီးခြင်း ဝန်မရှိ၊ ပေါ့ပါးစွာ အသက်မွေးနိုင်၏။ ပိုလွန်သောသက်နှင်း၌ တပ်မက်ခြင်း ပယ်နိုင်၏။ သုံးထည်မျှဖြင့် ခေါင်းပါးသော အကျင့်ရှိ၏။ မြတ်သော နေခြင်းဖြစ်၏။

၃။ ပိဏ္ဍပါတိက (ပိဏ္ဍပါတ်) ဓုတင် = ဆွမ်းခံ၍သာ စားခြင်း

ဆွမ်းခံ၍သာ သုံးဆောင်ခြင်းကို ဆောက်တည်လိုသော ရဟန်းသည် –

ဆောက်တည်ပုံ – အတိရေကလာဘံ ပဋိက္ခိပါမိ = ပိုလွန်သော လာဘ်ကို ပယ်ပါ၏။ လာလှူသော ဆွမ်းကို မစားဘဲ ရှောင်ကျဉ်ပါ၏ဟု ဆိုခြင်းဖြစ်၏။

ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ = ဆွမ်းခံသွားလာ၍သာ စားခြင်းဟူသော ကျင့်ဝတ်ကို ဆောက်တည်ပါ၏။

ဤဓုတင်၌လည်း သုံးမျိုးရှိ၏။

၁။ ဥက္ကဋ္ဌ=အမြတ်စားသည် ရှေ့မှ ကြို၍ နောက်မှ လိုက်၍ ဆောင်ယူလှူဒါန်းသော ဆွမ်းကိုလည်း အလှူခံ၏။ အိမ်တံခါး၌ရပ်၍ လာလှူသူတို့အားလည်း သပိတ်ပေး၏။ ဆွမ်းလောင်းမည့် အရပ်သို့ သွား၍သာ အလှူခံ၏။ တစ်နေ့မှကျောင်းမှာနေ၍ ဆွမ်းခံမကြွပါနှင့် လာပို့ပါမည် လျှောက်သည်ကိုလက်မခံ ဤကား ဥက္ကဋ္ဌရဟန်း၏ ထူးခြားချက်တည်း။

၂။ မဇ္ဈိမ=အလတ်စားသည် ထိုတစ်နေ့မျှ ကျောင်းမှာ နေ၍ အလှူခံ၏။ နက်ဖြန်အတွက် လက်မခံ။

၃။ မုဒု=အညံ့ကား ထိုင်လျက် နက်ဖြန်သဘက်လက်ခံ၏။

ပျက်ခြင်း= သံဃာ့ဘတ်ဟူသော ၁၄– ပါးသော ပင့်ဖိတ်သော ဆွမ်းများကို လက်ခံ သာယာသောခဏ၌ ထို ဓုတင်ပျက်၏။

ထိုဓုတင်ကို ဆောင်သဖြင့် အောက်ပါ အကျိုးများ ရနိုင်လေသည်။

အကျိုးအာနိသင် – သူတစ်ပါးနှင့် မစပ်သော၊ လွတ်လပ်သော အသက်မွေးမှုရှိခြင်း၊ တစ်အိမ်တစ်လုပ်ရသောကြောင့် အဖိုးနည်းခြင်း ရလွယ်ခြင်း၊ အပြစ်မရှိခြင်းကြောင့် မြတ်စွာဘုရား ချီးမွမ်းခြင်း၊ ပျင်းရိခြင်းကို နှိမ်နင်းနိုင်ခြင်း၊ စင်ကြယ်သော အသက်မွေးမှုရှိခြင်း၊ သေခိယကျင့်ဝတ်ကို ဖြည့်ရခြင်း၊ သူတစ်ပါးတို့က မမွေးရခြင်း၊ သူတစ်ပါးတို့အား ချီးမြှောက်ရာ ဖြစ်စေခြင်း၊ မာန်ကို ပယ်နိုင်ခြင်း၊ ရသာတဏှာကို တားမြစ်နိုင်ခြင်း၊ ဆွမ်းအာဟာရကြောင့် အာပတ်အပြစ်မှ လွတ်ခြင်း၊ အလိုနည်းခြင်း၊ တရားနှင့် လျော်စွာဖြစ်ခြင်း၊ ကောင်းသောအကျင့်၏ တိုးပွားခြင်း၊ နောင်လာနောက်သား အမျိုးကောင်းသားတို့အား အစဉ်စောင့်ရှောက်ခြင်းတို့ ဖြစ်လေသည်။

၄။ သပဒါနစာရိကဓုတင် = အိမ်စဉ်ရွာစဉ် ခရီးစဉ် မကျော် ဆွမ်းခံသုံးဆောင်ခြင်း

ထိုဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည် အောက်ပါအတိုင်း ဆောက်တည်ရ၏။

ဆောက်တည်ပုံ – လောလုပ္ပစာရံ ပဋိက္ခိပါမိ = လျှပ်ပေါ်လောလီသော ဆွမ်းခံသွားခြင်းကို ပယ်ပါ၏။

သပဒါနစာရိကင်္ဂံ သမာဒိယာမိ = အိမ်စဉ်မပြတ် ဆွမ်းခံသွားလေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း

ကုသိုလ်စေတနာကို ဆောက်တည်ပါ၏။ ဟူ၍ တစ်ခွန်းခွန်းဖြင့် ဆောက်တည်ရသည်။

မှတ်ချက် ။ လျှပ်ပေါ်လော်လီခြင်းဆိုရာ၌ ဤအိမ်ထက် ထိုအိမ်မှာ၊ ဤရွာထက် ထိုရွာမှာ ဤလမ်းထက် ထိုလမ်းမှာ ဟင်းအကောင်းများရအံ့ဟု ကျော်လွန်၍ သွားခြင်းမှ တဏှာလောဘကို ပယ်ပါ၏ဟု ဆိုခြင်းဖြစ်ပါသည်။ ဤဓုတင်၌ -

၁။ ဥက္ကဋ္ဌသည် ရှေ့မှကြို၍ နောက်မှလိုက်၍ လှူသောဆွမ်း၊ ဆွမ်းစားကျောင်း၌ ထိုင်နေရာသို့ လာပို့သောဆွမ်းကို လက်မခံ၊ အိမ်တံခါး၌ ရပ်၍ ကားသပိတ်ပေး၏၊ (ဤဓုတင်၌ အတုမရှိသော အရှင်မဟာကဿပသည်ပင် သိကြားမင်း အဘိုးအို ယောင်ဆောင်သူအား သပိတ်ပေး သတည်း။)

၂။ မဇ္ဈိမသည် ရှေ့မှကြို၍ နောက်မှ လိုက်၍လှူသော ဆွမ်း၊ ဆွမ်းစားကျောင်း၌ ထိုင်နေရာသို့ လာပို့သောဆွမ်းများကို အလှူခံ၏။ အိမ်တံခါး၌လည်း သပိတ်ပေး၏။ ယနေ့ ကျောင်းတွင် နေ၍အလှူခံပါဟု လျှောက်သော ဆွမ်းကို ငံ့၍မထိုင်၊ ဆွမ်းပို့တစ်ရက်မျှ လက်မခံ။

၃။ မုဒုသည် တစ်နေ့မျှ ဆွမ်းပို့ခြင်းလက်ခံ၏။

ပျက်ခြင်း = လျှပ်ပေါ်လော်လီ၍ ဆွမ်းခံ အိမ် ကျော်သွားကာမျှ၌ ထိုဓုတင်ပျက်၏။ (အစဉ် အတိုင်း ဆွမ်းခံခြင်းဖြင့် ဤဓုတင်ပျက်နိုင်ခဲ၏)

အကျိုးအာနိသင် - အမျိုးလေးပါးဟူသောလူတို့၌ အမြဲသစ်လွင်နေသည်၏အဖြစ်၊ လနှင့်တူ သည်၏အဖြစ်၊ အမျိုး၌ ဝန်တိုစိတ်ပယ်ခြင်း ဟူသော သနားချီးမြှောက်ခြင်း ရှိသည်၏အဖြစ်၊ အမျိုး ဒါယကာတို့အိမ်သို့ ချဉ်းကပ်သော အပြစ် မရှိခြင်း၊ အစဉ် မရောက်သော အိမ်မှ တောင်းပန်၍ လှူသည်ကို မနှစ်လိုခြင်း၊ မိမိထံသို့ ပို့ဆောင်လာသော ဆွမ်းကို အလိုမရှိခြင်း၊ အလိုနည်းခြင်း စသော အကျိုးဂုဏ်တို့ ရရှိကြလေသည်။

၅။ ဧကာသနိက= ဧကာသနိက်ဓုတင် = တစ်နေရာတည်း၊ တစ်ထိုင်တည်း ဆွမ်းသုံးဆောင်ခြင်း

ထိုဓုတင်ကို ဆောက်တည်တော်မူလိုသော ရဟန်းသည် -

ဆောက်တည်ပုံ - နာနာသနဘောဇနံ ပဋိက္ခိပါမိ = နေရာအမျိုးမျိုး၌ ထိုင်၍ စားခြင်း ပယ်ပါ၏။

ဧကာသနိကင်္ဂံသမာဒိယာမိ = တစ်နေရာတည်း တစ်ထိုင်တည်းစားခြင်းကို ဆောက်တည်ပါ၏။ ဟူ၍ ဆောက်တည်ရ၏။ မစားမီ မိမိ၏ ဥပဇ္ဈာယ် ကြွလာသည်ဖြစ်က ထ၍ ဝတ်ပြုအပ်၏။ စားဆဲဖြစ်လျှက် ထပြီးမှ ပြန်ထိုင်၍ စားသည်ရှိသော် ဓုတင်ပျက်အံ့သည်ဖြစ်၍ မထအပ်။

ဤဓုတင်၌လည်း

၁။ ဥက္ကဋ္ဌသည် လက်ချသော ဘောဇဉ် (ဆွမ်းဟင်းပွဲ)မှ တခြားသော ဘောဇဉ်ကို ယူခြင်းငှာ မအပ်။ မထေရ်ဆွမ်းမစားသေးပါဟု ထောပတ် စသည် ကပ်လှူက ဆေးအကျိုးငှာသာလျှင် အပ်၏။ အာဟာရအလို့ငှာ မအပ်။

၂။ မဇ္ဈိမကား သပိတ်၌ ဆွမ်းမကုန်မချင်း တစ်ပါးသော ဆွမ်းကို ခံယူနိုင်၏။

၃။ မုဒုသည် နေရာမှ မထမချင်း ယူစားနိုင်ခြင်း သပိတ်ဆေးရေ မယူမချင်း စားနိုင်၏။

ပျက်ခြင်း - ဘောဇဉ်စားဆဲ၌ အထူးထူးသောနေရာ၌ထပြီး၍ နောက်တစ်ဖန် ထိုင်ခြင်း ဆွမ်းအာဟာရကို စားသောခဏ၌ ထိုဓုတင် ပျက်၏။

အကျိုးအာနိသင် - ထိုဓုတင်ဆောင်ခြင်းဖြင့် အနာရောဂါနည်းခြင်း၊ အကြိမ်များစွာ စားခြင်း

ကြောင့် ဖြစ်တတ်သော ကိုယ်၏ ဆင်းရဲခြင်းမှ ကင်းခြင်း၊ ပေါ့ပါးလျှင်မြန်စွာ ထနိုင်ခြင်း၊ အားရှိခြင်း၊ ချမ်းသာစွာနေရခြင်း၊ နောက်တဖန် မစားခြင်းကြောင့် အပြစ်အာပတ်မသင့်ခြင်း၊ အကြိမ်များစွာ စားရသော ရသတဏှာကို ပယ်ဖျောက်နိုင်ခြင်း အလိုနည်းခြင်း စသော အကျိုးဂုဏ်များ ရရှိလေသည်။

၆။ ပတ္တပိဏ္ဍိကဓုတင် = တစ်ခွက်တည်း သပိတ်ဖြင့် စားခြင်း

နှစ်ခုမြောက်သော ခွက်ကို ပယ်၍ သပိတ်ဖြင့် ဘုန်းပေးသော အကျင့်သည် ပတ္တပိဏ္ဍိက ခေါ် ပတ္တပိုင်ဓုတင်အကျင့် မည်၏။ ထိုဓုတင်ကို ဆောက်တည်လိုသော ရဟန်းသည် အောက်ပါအတိုင်း ဆောက်တည်ရ၏။

ဆောက်တည်ပုံ – ဒုတိယဘာဇနံ ပဋိက္ခိပါမိ = နှစ်ခုမြောက်သော အာဟာရ ထည့်စရာခွက်ကို ပယ်ပါ၏။

ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ = တစ်ခွက်တည်းသော သပိတ်၌ ရှိသမျှ ဆွမ်းဘုန်းပေးခြင်းကို ဆောက်တည်ပါ၏ ဟူ၍ ဖြစ်သည်။

ဤဓုတင်၌

၁။ ဥက္ကဋ္ဌသည် ကြံစားကြံစုပ်သောအခါ မှတစ်ပါး အခြားအခါ၌ ငါးရိုးစသော အမှိုက်ကို သော်လည်း မိမိ အကပ်ခံထားသော ခွက်မှတစ်ပါး ဒုတိယခွက်၌ မအပ်။

၂။ မဇ္ဈိမကား အမှိုက်ကိုထား၍ အရိုး စသည်၌ လက်ဖြင့် ထွင်စားခြင်းသည် အပ်၏။

၃။ မုဒုကား လက်ဖြင့်စွာ၊ သွားဖြင့်ဖဲ့ခွဲ၍ စားခြင်းသည် အပ်၏။

ဖျက်ခြင်း – နှစ်ခုမြောက်သောခွက်ကို သာယာအကပ်ခံယူသော ခဏ၌ ဓုတင်ပျက်၏။

သောက်ရေခွက် အစရှိသည်ကို ယူသော ခဏ၌ ဓုတင်မပျက်။

အာနိသင်အကျိုး = အထူးထူးသော ရသတဏှာကို ပယ်နိုင်ခြင်း၊ အာဟာရ၌ ဝေဒနာ ဟောင်း သစ် မဖြစ်ခြင်း၊ မျှတသော အကျိုးကိုသာ မြင်နိုင်ခြင်း။ ခွက်အများ ဆောင်ရသော ဒုက္ခမရှိခြင်း၊ မပျံ့မလွင့် စားနိုင်ခြင်း၊ အလိုနည်းသော အကျင့်ရှိခြင်း၊ တဏှာ၏ မူလအရင်းအမြစ်တို့ကို တူးဖြို ဖျက်ဆီးသကဲ့သို့ရှိခြင်း စသော အကျိုးများ ရရှိလေသည်။

ယင်းကဲ့သို့ သုံးဆောင်ခြင်းကို ဤဓုတင် ဆောင် ပုဂ္ဂိုလ်မှတစ်ပါး အဘယ်ပုဂ္ဂိုလ်သည် စွမ်းနိုင်ပါအံ့နည်း။

၇။ ခလုပစ္ဆာဘတ္တိကဓုတင် = တော်ပြီ တန်ပြီ ပယ်ပြီးနောက်၌ ရသော ဆွမ်းကို မစားခြင်း

ခလုမည်သော ငှက်သည် နှုတ်သီးမှ အစာ ကျပြီးနောက် ပြန်ကောက်၍ စားခြင်း မပြုသကဲ့သို့ ဤဓုတင်ကို ဆောင်သော ရဟန်းသည် နောင်၌ ရသော ဆွမ်းကို စားလေ့မရှိသော အကျင့်ဖြစ်လေ သည်။

ဆောက်တည်ပုံ – အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ = အတိရိတ် ဝိနည်းကံပြုသော ဘောဇဉ် ကို ပယ်ပါ၏။

ခလုပစ္ဆာဘတ္တိကင်္ဂံသမာဒိယာမိ = နောက်မှရသောဆွမ်းကို စားလေ့မရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း စေတနာကို ဆောက်တည်ပါ၏ဟု တစ်ခွန်းခွန်းဖြင့် ဆောက်တည်ရသည်။

ထို ဓုတင်၌လည်း သုံးမျိုးရှိသည်။

၁။ ဥက္ကဋ္ဌ အမြတ်သည် တားမြစ်သည်မှ

နောက် ဆွမ်းကို မစား၊ ခံတွင်း၌ ရှိသမျှကိုသာ စားသည်။

၂။ မဇ္ဈိမကား = တားမြစ်စဉ် ခွက်၌ ရှိသမျှကိုသာ စားသည်၊ နောက်ထပ်မယူ

၃။ မုဒုကား = နေရာမှ မထမချင်း နောက်ထပ်လည်း ဆွမ်းကို စားသည်။

ပျက်ခြင်း = ပဝါရိုက် သင့်ပြီးလျှင် ဝိနည်းကံဖြင့် အပ်အောင်ပြု၍ စားသော ခဏ၌ သုံးပါးလုံး ဓုတင်ပျက်သည်။ ဝိနည်းကံ မပြုဘဲ စားလျှင် အာပတ်လည်း သင့်၏။ နေ့စဉ်ဆောက်တည်သင့်သည်ဟု မှတ်ချက်ပြုထား၏။

အကျိုးအာနိသင် = အတိရိတ္တဘောဇဉ်ဆွမ်းကြောင့် သင့်သော အာပတ်မှ ကင်းဝေးရခြင်း၊ ဝမ်းပြည့်အောင် ဝမ်းရောင်အောင် စားခြင်း မရှိခြင်း၊ အစားအသောက်သိုမှီးသည်မရှိခြင်း၊ တစ်ဖန် ဆွမ်းကို ရှာရသည်မရှိခြင်း၊ အလိုနည်းခြင်း စသည့် လျော်စွာသော အသက်မွေးမှုရှိခြင်း

ထို့ကြောင့် ကိလေသာ အမျက်၊ ခါထွက်လိုသော ယောဂီသည် ဤဓုတင်ကို အားထုတ်၍ မှီဝဲသင့်ဟု မှတ်ချက်ပြုထား၏။

၈။ အာရညိက= အရညကင်ဓုတင်=တော၌ နေလေ့ရှိသောအကျင့်

ရွာနီးကျောင်းကိုပယ်၍ တော၌ အရုဏ်တက်စေပြီး တောရကျောင်း၌ နေလေ့ရှိသော အကျင့်ကို အရညကင်ဓုတင်ဆောင်သည် ဟုဆိုခြင်းဖြစ်ပါသည်။

ဆောက်တည်ပုံ

–ဂါမန္တသေနာသနံ ပဋိက္ခိပါမိ=ရွာဦးကျောင်းကိုပယ်ပါ၏။

–အာရညိကင်္ဂံ သမာဒိယာမိ=တော၌နေလေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်းစေတနာကို ဆောက်တည်ပါ၏။

ထိုအရညကင်ဓုတင်ဆောင်ပုဂ္ဂိုလ်သည် ရွာနီးကျောင်းပယ်၍ တော၌ အရုဏ်တက်စေခြင်းဟူသော အင်္ဂါကိုဆောက်တည်ခြင်းဖြစ်၏။

ဂါမ=ရွာ၊ ဂါမူပစာရ=ရွာနယ်အပြင်တာ ၅၀၀ အတွင်း၌ နေထိုင်ခြင်းမပြု၊ တစ်အိမ်ရှိ နှစ်အိမ်ရှိသောရွာ၊ အိမ်များစွာရှိသောရွာ၊ အရံရှိသောရွာ၊ အရံမရှိသောရွာ၊ လူနေဆဲရွာ၊ လူမနေရွာတို့သည် ဂါမ=ရွာမည်၏။ အလွန်ဆုံးမိုးလေးလထက် အလွန်တည်းခိုနေသော လယ်လုပ်တဲ၊ ယာလုပ်တဲ၊ လှေကုန်သည်၊ လှည်းကုန်သည် အပေါင်းသည်လည်း ရွာမည်ပါ၏။

ဤ၌–ထို အရညကင်ဓုတင်ဆောင်တော၌ နေလေ့ရှိသော ရဟန်းတော်များ ကျင့်သုံးသော တောရနယ်မြေ တာ ၅၀၀=(၄တောင်=၁=တာ) အကွာအဝေးပမာဏကို–လူဒါယကာများဘက်မှ နားလည်ထားပါလျှင် တောရဆောင်မထေရ်များ ချမ်းသာစွာဖြင့် ဓုတင်မပျက် ကျင့်သုံးနေနိုင်ကြမည် ဖြစ်ပါ၏။

တော၌နေခြင်း၏ အကျိုးအာနိသင် အကျဉ်းချုပ်မှာလည်း အောက်ပါအတိုင်းဖြစ်ကြောင်း ဓုတင်အဆုံးအဖြတ်ကျမ်း၌ ဖော်ပြပါရှိ၏။

အကျိုးအာနိသင်

–တောနေရဟန်းသည် အရညသညာကို နှလုံးသွင်း၍ မရသေးသောသမာဓိကို ရခြင်း၄ာ, ရပြီးသောသမာဓိကိုလည်း စောင့်ရှောက်ခြင်း၄ာ တတ်နိုင်၏။

(ငါသည် ဆိတ်သောနေခြင်းဖြစ်အောင် နေရပေတော့မည်၊ ထိုဆိတ်သောနေခြင်း(ကာယဝိဝေက)ကို အကျိုးရှိအောင်ပြုမည်ဟု နှလုံးသွင်းခြင်းသည် အရညသညာကို နှလုံးသွင်းသည်မည်၏။)

♦ တောနေရဟန်းကို မြတ်စွာဘုရားရှင် ချီးကျူးတော်မူ၏။

♦ တောနေရဟန်းအားစိတ်ပျံ့လွင့်အောင် အာရုံကြမ်းတို့ မစွမ်းနိုင်ကုန်။

♦ တောနေရဟန်းသည် ထိတ်လန့်ခြင်းကင်း၍ နှစ်သက်ခြင်းကိုလည်း ပယ်စွန့်နိုင်၏။

♦ ဆိတ်ငြိမ်သောချမ်းသာ=စိတ္တဝိဝေက=စိတ်ချမ်းသာခြင်းသုခကိုလည်းခံစားရ၏။

♦ ကိုယ်၏ဆိတ်ငြိမ်ခြင်းရှိသော ကာယဝိဝေက=ကိုယ်ချမ်းသာ လူသာမဏောတို့နှင့် ရောနှောခြင်း မရှိသော ချမ်းသာကိုလည်း ခံစားရ၏၊

♦ တောရကျောင်း၌နေသော ရဟန်းအား ပံ့သုကူသင်္ကန်းကို ဆောင်ငြင်းငှာလည်း လျောက်ပတ်၏။

♦ တောရကျောင်း၌ တစ်ပါးတည်းနေသော ရဟန်း အရဟတ္တဖိုလ်တိုင်အောင်သော သုခကို ရနိုင်၏။

♦ တောနေရဟန်းခံစားရသော ချမ်းသာသုခမျိုးကို သိကြားမင်းနှင့်တကွ ဖြစ်သောနတ်တို့သော်လည်း မခံစားရကုန်။

♦ စစ်မြေပြင်သို့ ဝင်ရောက်သောမင်းသည် ချပ်ဝတ်တန်ဆာကို ဝတ်လေသကဲ့သို့ တောတည်းဟူသော စစ်မြေပြင်သို့ဝင်ရောက်သော တောရဆောက်တည်သော ရဟန်းသည်သာလျှင် ချပ်ဝတ်တန်ဆာနှင့်တူသော ပံ့သုကူသင်္ကန်းကို ဆောင်ခြင်းငှာ လျောက်ပတ်၏။

♦ အနုသယတည်းဟူသော စစ်တပ်နှင့်တကွဖြစ်သော ကိလေသာမာရ်ကို အောင်ခြင်းငှာ တောရဆောက်တည်သော ရဟန်းသည် မကြာမြင့်မီသာလျှင် အောင်နိုင်လေသည်။

ထို့ကြောင့် ပညာရှိသောရဟန်းသည် တောမှာနေခြင်း၌ မွေ့လျော်ခြင်းကို ပြုသင့်ပြုထိုက်လှပေ၏ဟု ဖော်ပြပါရှိလေသည်။

အကျိုးစီးပွား၌လိမ္မာသူ

မိမိ၏ အကျိုးစီးပွားနှင့် သာသနာတော်ကြီးတည်နေခြင်း၏ အကျိုးစီးပွားကို မြတ်နိုးသူအပေါင်းသည် လောက၏အကျိုးစီးပွားကို ဆောင်ရွက်ခြင်းပင်မည်ပါသည်။

သာသနာတော်သုံးရပ် တည်နေခြင်းအနှစ်သာရကိုလည်း ခွဲခြမ်းစိပ်ဖြာလျက် လေ့လာမှတ်သား၍ သိနားလည်သမျှ လိုက်နာအပ်ပါ၏ဟု တင်ပြလိုရင်း ဖြစ်ပါ၏။

ဤသာသနာတော်၌ ပြုကျင့်ရမည့် အကျင့်များမှာ သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးပါးမှလွဲ၍ အခြားအကျင့်မရှိ၊ သိက္ခာသုံးပါး အပေါင်းသည် ကရဏီယ= ပြုကျင့်ရမည့် တရားများဖြစ်၍ သိက္ခာသုံးပါး ပျက်ပြားကြောင်း သီလဝိပ္ပတ္တိ=သီလပျက်ခြင်းစသော မကောင်းမှုမှန်သမျှကို အကရဏီယ=မပြုသင့် မပြုထိုက်သော အကျင့်ဟု ဆိုပါ၏။

မြတ်စွာဘုရား၏ သာသနာတော်၌ မိမိ၏ အကျိုးစီးပွားအစစ်မှာ မဂ်ဖိုလ်နိဗ္ဗာန်ရရန်အကြောင်းကောင်းသောအကျင့် ပဋိပတ်များပင်၊ ထိုအကျင့်များကို သိနားလည်၍ သိနားလည်သည့်အတိုင်း ကျင့်ကြံကြိုးစားသူကိုလည်းကောင်း၊ မဂ်ဖိုလ်ရသူကိုလည်းကောင်း၊ အတ္တကုသလ=(အကျိုးစီးပွား၌လိမ်မာသူ)ဟု ဆိုရသည်၊ အကျင့်အမျိုးမျိုးကိုနားမလည်၊

နားလည်သော်လည်း မကျင့်သူကို အနတ္တကုသလ= (အကျိုးစီးပွား၌ မလိမ်မာသူ)ဟု ဆိုရသည်။

ထိုကဲ့သို့ကျင့်သော ပုဂ္ဂိုလ်များ၏ သမာဓိ တည်ရေးမှာ ဆိတ်ငြိမ်သောတောင်၌ နေခြင်းဖြစ်ပါ၏။

၉။ ရုက္ခမူလိကဓုတင်= သစ်ပင်၏အရင်း၌ နေလေ့ ရှိသောအကျင့်

ရုက္ခမူဓုတင်ဆိုသည်မှာ အမိုးမိုးသော အရိပ်ကိုပယ်၍ သစ်ပင်၏အရင်းအနီး သစ်ပင် အောက်၌နေလေ့ရှိသော ပုဂ္ဂိုလ်၏အကျင့်တည်းဟူ သော အင်္ဂါကို ဆောက်တည်ပါ၏ဟု ဆိုခြင်းဖြစ်ပါ သည်။

ဆောက်တည်ပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

-ဆန္နံ ပဋိက္ခိပါမိ= အုတ်ကျုတ်စသောအမိုး အရိပ်ကိုပယ်ပါ၏။

-ရုက္ခမူလိကင်္ဂံ သမာဒိယာမိ= သစ်ပင်၏ အရင်းအနီး၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏အကျင့်ကို ဆောက်တည်ပါ၏ဟု ဆိုခြင်းဖြစ်ပါသည်၊ တစ်ခွန်း ခွန်းဖြင့် ဆောက်တည်ရသည်။

ထိုရုက္ခမူ ဓုတင်ဆောင် ပုဂ္ဂိုလ်သည် ဘေးရန်မရှိသဖြင့် ချမ်းသာစွာနေရခြင်းငှာ-ရှောင် ကြဉ်အပ်သော သစ်ပင်များမှာ

-တိုင်းပြည်နှစ်ခုအကြားပေါက်သော မြေခြားနယ်စပ်သစ်ပင်၊

-လူတို့အမြဲမပြတ်ပူဇော်အပ်သော ရုက္ခစိုး နတ်ရှိသည်ဟုယူဆသော တောစိုးသစ်ပင်၊

-အစေးရှိသော သစ်ပင်၊

-အသီးရှိသော သရက်၊ ပိန္နဲ စသောသစ် ပင်၊

-လင်းနို့၊ လင်းဆွဲရှိသောသစ်ပင်၊

-မြွေစသည် နေနိုင်သော အခေါင်းရှိသော သစ်ပင်၊

-အများတကာသွားလာရာဖြစ်သော ကျောင်းဝိုင်းအလယ်ရှိသစ်ပင် စသည့် သစ်ပင်များကို ကြဉ်ဖယ်၍-

ကျောင်းဝိုင်း၏အစွန်အဖျား၌ တည်သော သစ်ပင်ကို ယူအပ်၏ဟု ဓုတင်ကျမ်းကဆိုပါသည်။

ဤဓုတင်၌-

၁။ ဥက္ကဋ္ဌ=အမြတ် ရဟန်းသည် ကြိုက်နှစ် သက်သော သစ်ပင်ကိုယူနိုင်၏၊ သုတ်သင်ရှင်းလင်း ခြင်းငှာမအပ်၊ ကျသော သစ်ရွက်ခြောက်တို့ကို ခြေဖြင့် ယက်၍သာနေအပ်၏၊

၂။ မဇ္ဈိမ= အလယ်အလတ် ရဟန်းသည် ထိုသစ်ပင် သို့ရောက်လာသူတို့ကိုသာ သုတ်သင် စေခြင်းငှာ အပ်၏၊

၃။ မုဒု=ရဟန်းကား-အရံအစောင့်သာမ ဏေတို့ကို သုတ်သင်စေ၍, မြေကိုညှိပြီး, သဲကိုဖြန့်ကြဲ စေလျက် တံတိုင်းအကာအရံပြုစေ၍, တံခါးကို ယှဉ်တပ်စေ၍ နေခြင်းငှာအပ်၏။

အထူးကား

လူအများစုဝေးသောနေ့များ၌ လူမြင်ခံ မနေ မူ၍ ဖုန်းကွယ်ရာ အရပ်တစ်ပါး၌နေအပ်၏ဟု ဓုတင် အဆုံးအဖြတ်ကျမ်းကဆိုပါသည်။

ရုက္ခမူဓုတင်ပျက်ခြင်း

အုတ်ကျုတ်၊ ပျဉ်၊ ဖျာ၊ သက်ကယ်မြက်၊ သစ်ရွက်တို့ဖြင့် စသည့်အမိုး ငါးရပ်ရှိသော အရပ်၌ နေလိုသောဆန္ဒဖြင့် နေခြင်းကိုပြုသော ခဏ၌ ဓုတင် စေတနာပျက်၏။

မိုးလေးလကို ကြဉ်ဖယ်ထား၍ ကျန်ရှစ်လ တို့၌ အမိုးအောက်နေခြင်းကိုပြုသောခဏ ပျက်၏ဟု စူဠဋီကာတွင်ဆို၏ ဟုမှတ်ချက်ပြုထား၏။

ရုက္ခမူဓုတင်ဆောင်ခြင်း၏ အကျိုးအာနိသင်

–သစ်ပင်ရင်းကို အမှီပြု၍ ရဟန်းအဖြစ်၏ လျော်သောအကျင့်ရှိခြင်း၊

–အဖိုးနည်းရလွယ် အပြစ်မရှိဟူ၍ ဘုရားချီးမွမ်းတော်မူခြင်း။

–အမြဲမပြတ် သစ်ပင်တို့၏ ဖောက်ပြန်ခြင်းကို မြင်ရသဖြင့် အနိစ္စသညာဖြစ်ပေါ်ခြင်း။

–ကျောင်း၌ဝန်တိုခြင်းမရှိ၊ ကျောင်းကိုပြင်ဆင်နေရသည့် အမှုကိစ္စမရှိခြင်း။

–နတ်တို့နှင့် အတူတကွနေရသည်၏အဖြစ်/အလိုနည်းခြင်းစသည်တို့ အားလျော်သောအကျင့်ဖြစ်ခြင်းဟူသော အကျိုးဂုဏ်များရှိခြင်း၊

–သစ်ပင်ရင်းနှင့်တူသော, ဆိတ်ငြိမ်ခြင်းအလိုရှိသော ရဟန်း၏နေရာသည် မြတ်စွာဘုရား၏ အမွေဖြစ်ခြင်းစသည့် အကျိုးများရှိလေသည်၊ သို့အတွက် ပညာရှိတို့သည် ရုက္ခမူသစ်ပင်ရင်းကို မထိမဲ့မြင်မပြုရာ ဟု ဓုတင်အဆုံးအဖြတ်ကျမ်း၌ ပါရှိပါသည်။

၁၀။ အဗ္ဘောကာသိကဓုတင်= လွင်တီးခေါင်၌ နေလေ့ရှိသောအကျင့်

အဗ္ဘောကာသိကဓုတင်ဆိုသည်မှာ အမိုးကိုလည်းကောင်း သစ်ပင်ရင်းကိုလည်းကောင်းပယ်၍ လွင်ပြင် လွင်တီခေါင်၌ နေလေ့ရှိသော, အကျင့်ရှိသောပုဂ္ဂိုလ် ဟုဆိုခြင်း ဖြစ်ပါသည်။

ဆောက်တည်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

–ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ= အမိုးတို့ကိုလည်းကောင်း, သစ်ပင်ရင်းကိုလည်းကောင်း ပယ်ပါ၏။

–အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ=လွင်ပြင်လွင်တီးခေါင်မှာ နေလေ့ရှိသော ပုဂ္ဂိုလ်၏အကျင့်အင်္ဂါကိုဆောက်တည်ပါ၏ဟု ဆိုခြင်းဖြစ်ပါသည်။

ဤနှစ်ပါးတွင် တစ်ပါးပါးဖြင့် ဆောက်တည်ရသည်။

ထိုအဗ္ဘောကာသိက–လွင်တီးခေါင် ဓုတင်ဆောင်ရဟန်းသည် တရားသဘင်သို့ ဥပုသ်ပြုရန် ဥပုသ်အိမ်သို့ ဝင်ခြင်းငှာအပ်၏၊ ဝင်ပြီးမှ မိုးရွာလျှင် မိုးစဲရုံဖြစ်၍ မိုးရွာခြင်းကင်းလျှင် ထွက်အပ်၏၊ ဆွမ်းစားရေပ် ဆွမ်းကိစ္စပန်ကြားလျှောက်ထားရန်၊သူတစ်ပါးကို ပါဠိသင်ပေးရန် မိမိသင်ယူရန် အမိုးအောက်သို့ ဝင်အပ်၏ ဟုမှတ်ချက်ပြုထားသည်ကို ကောက်နှုတ်တင်ပြအပ်ပါ၏။

–ဤလွင်တီးခေါင်ဓုတင်၌–

၁။ ဥက္ကဋ္ဌ=အမြတ်သည် သစ်ပင်၊ တောင်၊ ကျောင်းကိုမှီ၍ နေခြင်းမအပ်၊ လွင်ပြင်၌သာလျှင် သင်္ကန်းကုဋီပြု၍ နေအပ်၏။

၂။ မဇ္ဈိမ=အလတ်သည် သစ်ပင်၊ တောင်၊ ကျောင်းတို့ကိုမှီ၍ အတွင်းသို့မဝင်ဘဲ နေခြင်းငှာအပ်၏။

၃။ မုဒု=အသင့်သည် ကမ်းပါးပြတ် ချောက်နံပါး၊ တောင်ဂူမ်း၊ သစ်ခက်မိုးမဏ္ဍပ်၊သင်ဖျူဉ်ပုဆိုး စသည်လည်းကောင်း၊ လယ်စောင့်တို့ စွန့်အပ်သော တဲဟောင်းသည်အပ်၏၊ ဓုတင်အဆုံး အဖြတ်ကျမ်းကဆိုပါသည်။

လွင်တီးခေါင်ဓုတင်ပျက်ခြင်း

အထက်သုံးပါးတို့သည် အမိုးအောက်၊ သစ်ပင်ရင်း၊ သစ်ပင်အောက်၊ သစ်ပင်ရင်းအရိပ်၌ အရုဏ်ကို တက်စေကာမျှဖြင့် ထိုဓုတင်ပျက်သည်။

လွင်တီးခေါင် ဓုတင်ဆောင်ခြင်း၏ အကျိုးအာနိသင်

– ကျောင်းနှင့်စပ်လျဉ်းသော ကြောင့်ကြမှုများ ပြတ်ကင်းခြင်း၊

– အိပ်ငိုက်ခြင်းကို ပယ်နိုင်ခြင်း၊

– ကျောင်းနေရာ၌ ငြိကပ်သိမ်းဆည်းခြင်းမရှိဘဲ သွားနိုင်သော သမင်တို့ကဲ့သို့ လွတ်လပ်စွာနေနိုင်ခြင်း၊

– ဤသို့ နေခြင်းဖြင့် ချီးမွမ်းခြင်း၊ ချီးမွမ်းခြင်းငှာ လျောက်ပတ်ခြင်း

– အရပ်လေးမျက်နှာ၌ နေရာရရန် တွေးကြံမှု မရှိ အလိုနည်းခြင်း စသည့် အကျိုးဂုဏ်များ ရရှိလေသည်။

လွင်တီးခေါင်ဓုတင်၏အထူး

ဘာဝနာ၌ မွေ့လျော်သည်၏အဖြစ်ကြောင့် ဝိဝေကရသ တည်းဟူသော ဆိတ်ငြိမ်သာယာသော နှစ်သက်ခြင်းကို (ဝါ) ရှာန်မင်ဖိုလ်ကို မကြာခင်သာလျှင် ရ၏။ ထို့ကြောင့် ပညာ အမျှော်အမြင်ရှိသော ရဟန်းသည် လွင်ပြင်၌ မွေ့လျော်သည်ဖြစ်ရာ၏။

မည်မျှပင် ကြည်ညိုဖွယ် ကောင်းလှပါသနည်း။

၁၁။ သောသာနိကဓုတင် သုသာန်၌ နေလေ့ရှိသော အကျင့်

သောသာနိကဓုတင် = သုသာန်၌ နေလေ့ရှိသောပုဂ္ဂိုလ်၏အကျင့်ကို ဆောက်တည်သော ပုဂ္ဂိုလ်၊ ဆောက်တည်သော အကျင့်ကို ဆိုပါသည်။

ဆောက်တည်ပုံ = သောသာနိကဓုတင် ဆောက်တည်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

– နသုသာနံ သုသာနတော အညံပဋိက္ခိပါမိ = သုသာန်လက္ခဏာမရှိသော၊ သုသာန်မှ တစ်ပါးသောအရပ်၌ နေခြင်းကို ပယ်ပါ၏။

– သောသာနိကင်္ဂံ သမာဒိယာမိ = သုသာန်လက္ခဏာရှိသော အရပ်၌ နေသော ပုဂ္ဂိုလ်တည်း ဟူသော အကျင့်ကို ဆောက်တည်ပါ၏ ဟု တစ်ခွန်းခွန်းဖြင့် ဆောက်တည်ရသည်။

သုသာန်မည်သောအရပ်

ရွာတည်ထောင်သော သူတို့သည် ဤအရပ်သည် သုသာန်တည်းဟု အမှတ်ထားကုန်၏။ မီးသင်္ဂြိုဟ်ခြင်း၊ သူသေမြေမြှုပ်ခြင်း မပြုသေး၊ ထိုအရပ်၌ မနေအပ်သေး၊ အဘယ်ကြောင့်ဆိုသော် အမည်မျှဖြင့် သုသာန် မဖြစ်ကောင်းသေးသောကြောင့်တည်း။

မီးဖုတ်သင်္ဂြိုဟ်ခြင်း၊ သမုတ်ခြင်းပြုပြီးမှ

မီးဖုတ်သင်္ဂြိုဟ်ခြင်း ပြုပြီးသောကာလမှ စ၍သော်ကား အကယ်၍ တစ်ဆယ့်နှစ်နှစ်တိုင် စွန့်ပစ်ထားသော်လည်း သုသာန်မည်သည်ဖြစ်၏။

ဤအရပ်သည် သုသာန်ဟူ၍ သမုတ်မှသာလျှင် နေအပ်၏။ မသမုတ်ရသေးလျှင် မနေအပ်

ဟု မိန့်ဆိုထားသောကြောင့် မီးဖုတ်ပြီးသော်လည်း မသမုတ်သော် မနေအပ်ဟု မှတ်ရာ၏ဟု မှတ်ချက်ပြု ထားပါသည်။

သုသာန်ဓုတင်၏အထူး

သုသာန်ဓုတင်ဆောင် ရဟန်းတော်သည် စင်္ကြံ မထွာပ်ပြု၍ ညောင်စောင်း စသည်ခင်း၍ သောက်ရေသုံးရေတို့ကို တည်ထား၍ တရားဟောစာ သင်ပေးလျက် မနေအပ်။ ဤဓုတင်သည် အလွန် ဝန်လေး၏။ ထို့ကြောင့် ဖြစ်လာနိုင်သော ဘေးကို တားဆီး ပယ်ဖျောက်ခြင်းငှာ ကျောင်း၌ သံဃာ့ ထေရ်ကြီးအားလည်းကောင်း၊ ရွာ၌ အကြီးအမှူးကို လည်းကောင်း၊ သိအောင်ပြောကြားနေအပ်၏။ မမေ့မလျော့ မပေါ့မဆ သတိနှင့် ယှဉ်သော စိတ်ဖြင့် နေအပ်၏ဟူ၍ လည်းကောင်း၊

သုသာန်၌ အမြဲမနေ၊ ညဉ့်အခါ၌ သုသာန် ဓုတင်ဆောင်ရဟန်းတော်များအနေဖြင့် စင်္ကြံသွား သည်ရှိသော် ထက်ဝက်သော မျက်စိဖြင့် သုကောင် ဖုတ်ရာအရပ်ကို ကြည့်၍ သွားအပ်၏။ ခရီးလမ်းမ ကြီးမှဖဲ၍ ခရီးမဟုတ်သဖြင့် သွားအပ်၏။ မထင်ရှား စေအပ်၊ နေ့ဘက်အချိန်၌ ထိုထိုအရပ်၌ရှိနေသော သစ်ပင်သစ်ငုတ်တို့ကို မှတ်ရာ၏။ ဤသို့ မှတ်မှသာ လျှင် ကြောက်လန့်ခြင်းမဖြစ်၊ ဘီလူးပြိတ္တာတို့သည် ညဉ့်အခါ၌ ဟစ်အော်မြည်တမ်း လှည့်လည်သွားလာ သည်ကို မြင်သော်လည်း တစ်စုံတစ်ခုသော အန္တရာယ် စသည်ဖြင့် မပစ်မခတ် တစ်နေ့ တစ်ရက်မျှလည်း သုသာန်သို့ မသွားဘဲနေခြင်းငှာ မအပ်၊ နေ့တိုင်း နေ့တိုင်းသွားအပ်၏။

(မနီးမဝေးသော သွားလာလွယ်ကူသော သုသာန်သို့ လာသူတို့အား မထင်ရှားသောကျောင်း၌ နေခြင်းသည်သာလျှင် သုသာန်၌ နေသည်မည်၏ဟု သိရာ၏။)

စသည်ဖြင့် ဓုတင်အဆုံးအဖြတ်ကျမ်း၌ တောရဆရာတော် မှတ်ချက်ပြုထားလေသည်။ ထိုမှ တဖန် ပြဆိုသည်မှာ သန်းခေါင်ယံ၌သာ သုသာန် ၌ နေ၍၊ မိုးလင်းချိန်ကျောင်းသို့ ပြန်ခြင်းငှာ အပ်၏။ ညဉ့်အခါ လူအများအိပ်မှ သုသာန်သို့လာပြီး လူများ မနိုးသေးခင် ကျောင်းသို့ ပြန်အပ်၏။ နေ့ကို မသွား မပြန်အပ်၊ ပျင်းရိခြင်း မဖြစ်စေအပ်။ အထူး အားထုတ်သော လုံ့လရှိသည်ဖြစ်ရာ၏။ မစဉ်းလဲ မလှည့်ပတ် သည်ဖြစ်၍ ကောင်းသော အလိုဆန္ဒရှိ သည်ဖြစ်ရာ၏။ ဘီလူးပြိတ္တာတို့ နှစ်သက်သော နှမ်း လှော်မုန့်၊ ပဲထမင်း၊ ငါး အမဲ၊ နို့ရေ၊ ဆီ၊ တင်လဲ စသော ဖုတ်ကင်လှော်သင်း ခဲဖွယ်စားဖွယ် တို့ကို မမှီဝဲအပ်၊ မစားအပ်၊ ဒါယကာတို့ အိမ်သို့ မဝင်အပ် ဟုလည်း မှတ်ချက်ပါရှိလေသည်။

သုသာန်ဓုတင်ဆောင်သုံးပါးတို့တွင် ဆောက် တည်ခြင်းအဆင့်

၁။ ဥက္ကဋ္ဌ = ရဟန်းသည် အကြင် သုသာန်၌ အမြဲမပြတ် သုကောင်ဖုတ် မီးသင်္ဂြိုဟ်ခြင်း၊ အမြဲမပြတ် အကောင်ပုပ်နံ့ရှိခြင်း၊ အမြဲမပြတ် ငိုကြွေးခြင်း ရှိ၏။ ထိုသုသာန်၌ နေအပ်၏။

၂။ မဇ္ဈိမ = ရဟန်းကား ထိုသုံးပါးတွင် တစ်ပါးပါးရှိလျှင် နေအပ်၏။

၃။ မုဒု = ရဟန်းကား ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သုသာန်၏ လက္ခဏာသို့ ရောက်ကာမျှပင် လျှင် နေအပ်၏ဟု ပြဆိုထားပါသည်။

သုသာန်ဓုတင်ပျက်ခြင်း

သုသာန်ဓုတင်ဆောင် အထက်ရဟန်းတော် သုံးပါးတို့သည် သုသာန်လက္ခဏာမရှိသော အရပ်၌ နေခြင်းကိုပြုလျှင် ထိုဓုတင် ပျက်လေသည်။ ညစဉ် သုသာန်ဓုတင်ဆောင်ရဟန်းသည် သုသာန်သို့ မသွား သောနေ့၌ ပျက်သည်။

သုသာန်ဓုတင်ဆောင်ခြင်း၏ အကျိုးအာနိသင်

◆ သုသာန်ဓုတင်ဆောင်သဖြင့် သေရမည်ကို သတိရနေခြင်း။

◆ မမေ့မလျော့နေသူ၏ အဖြစ်။ အသုဘ အာရုံကို ရနေခြင်း၊

◆ ကာမရာဂကို ပယ်ခြင်းနှင့် ခန္ဓာ၏ သဘောအမှန်ကို မြင်ရခြင်း၊

◆ သံဝေဂဉာဏ် များသည်၏အဖြစ်၊ အာရောဂျမာန်ယစ်ခြင်းကို ပယ်ခြင်း၊

◆ ကြောက်လန့်ဖွယ်အာရုံကို သည်းခံနိုင်ခြင်း၊

◆ ဘီလူး ပြိတ္တာနှင့်နတ်တို့၏ အလေးအမြတ်ပြုခံရခြင်း၊

◆ အလိုနည်းခြင်းဟူသော ဂုဏ်နှင့်လျော်သော အဖြစ်ရှိခြင်း

စသည့် အကျိုးဂုဏ်များ ရရှိလေသည်။

အကျိုးထူးကား

အထက်ဆိုအပ်ခဲ့ပြီးသော ထိုအကျင့်များကို ဆောင်သော ရဟန်းတော်သည် အိပ်ပျော်ဆဲ၌ ဖြစ်သော အိပ်မက်ဖြင့်လည်း မေ့လျော့ခြင်းဟူသော အပြစ်ဒေါသကို မတွေ့မထိ။

များလှစွာသော အကောင်ပုပ်တို့ကို မြင်သောအားဖြင့် ထိုရဟန်း၏ စိတ်သည် ကာမရာဂ၏ အလိုသို့ လိုက်ခြင်းသည်မဖြစ်၊ ထိတ်လန့်တတ်သော သံဝေဂဉာဏ်သို့သာ ရောက်တတ်၏။ မာရ်ယစ်ခြင်း မကပ်ရောက်။

ထို့ပြင် ငြိမ်းအေးခြင်းနိဗ္ဗာန်ကို ရှာဖွေလျက် မဖောက်မပြန် ကောင်းစွာ လုံ့လပြုအားထုတ်တတ်၏။

ဤသို့အားဖြင့် တစ်ပါးမက များလှစွာသော ဂုဏ်ကျေးဇူးတို့ကို ရွက်ဆောင်တတ်သော ကြောင့် နိဗ္ဗာန်သို့ ညွတ်ကိုင်းသော စိတ်နှလုံးရှိသော ရဟန်းသည် သုသာန်ဓုတင်ကို မှီဝဲအပ်၏ ဟု တောရဆရာတော်၏ ဓုတင်အဆုံးအဖြတ်ကျမ်း၌ ဖွင့်ဆိုခဲ့သည်များကို မြန်မာပြန်သက်သက်ဖြင့် လူအပေါင်းတို့ နားလည်နိုင်ကြပါစေဟူသော စေတနာဖြင့် ဤနေရာ၌ ပြဆိုရေးသားလိုက်ရပါသည်။

သုသာန်ဓုတင်ဆောင် ရဟန်းတော်များကို ကြည်ညိုလေးစားနိုင်ကြပါစေ အမှတ်ထားနိုင်ကြပါစေဟူလို -

၁၂။ ယထာသန္ထတိကဓုတင် = ညွှန်ပြအပ်သော ကျောင်း၌သာလျှင် နေလေ့ရှိသော အကျင့်

ယထာသန္ထတိကဓုတင် ဆိုသည်မှာ အကြင်ကျောင်းကို 'ဤကျောင်းသည် အရှင်ဘုရားအား ရောက်၏' ဟူ၍ ဝါစဉ်အားဖြင့် ကျောင်းဝေသော ရဟန်းသည် ညွှန်ပြအပ်၏။ ထိုသို့ ပြသော ကျောင်းကိုသာလျှင် နှစ်သက်စွာ နေလေ့ရှိသော အကျင့်ကို ယထာသန္ထတိကဓုတင် ဟု ဆိုပါသည်။

ဆောက်တည်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ = ကျောင်းခံယူရာ၌ တိုးဝှေ့အိပ်ခြင်း၊ လျှပ်ပေါ်လော်လီခြင်းကို ပယ်ပါ၏။

ယထာသန္တတိကင်္ဂ သမာဒိယာမိ = ညွှန်ပြအပ်သော ကျောင်း၌သာလျှင် ကိန်းအောင်းနေထိုင် လေ့ရှိသော ကုသိုလ်စေတနာကို ဆောက်တည်ပါ၏ ဟု ဆောက်တည်ရသည်။

ထိုညွှန်ပြသော ကျောင်းကိုသာလျှင် နှစ်သက်အပ်၏။ တစ်ပါးသော ရဟန်းငယ်တို့အား မထစေအပ်။ ဖယ်ရှားနိုင်းခြင်း မပြုသင့်ဟု ဆိုလိုရင်းဖြစ်သည်။

ထို ယထာသန္တတိက ဓုတင်ဆောင်မှာလည်း သုံးမျိုးရှိသည်။

၁။ ဥက္ကဋ္ဌ = ရဟန်းသည် မိမိအား ညွှန်ပြသော ကျောင်းသည် ဝေးသလား နီးသလား ဘီလူး၊ မြွေ၊ ကင်း၊ သန်း စသော ဘေးရန်ရှိသလော မရှိသလော ပူသလော အေးသလော စသည့် မေးခြင်းငှာ မရပါ။

၂။ မၛ္ဈိမ = ရဟန်းသည်ကား မေးခြင်းငှာ ရပါ၏။ သွားသော်ကား ကြည့်ခြင်းငှာ မရပါ။

၃။ မုဒု = ရဟန်းသည်ကား ဝိဝေကသုခ ဆိတ်ငြိမ်မှု ချမ်းသာ စသည် မရဟု မနှစ်သက်အံ့၊ သူတစ်ပါးမနေသော ကျောင်းကိုယူခြင်းငှာ ရ၏ဟု ပါရှိပါသည်။

ထိုဓုတင်ပျက်ခြင်း

ဤသုံးပါးသော ရဟန်းတို့သည် သူတစ်ပါးကို ထစေခြင်းဟူသော လောလုပ္ပသည် ဖြစ်ကာမျှ ဓော၌ ထိုဓုတင်ပျက်၏။

ညွှန်းအပ်သော ကျောင်း၌ နေခြင်း ဓုတင်၏ အကျိုးအာနိသင် များမှာ အောက်ပါ အတိုင်းဖြစ်သည်။

◆ ရသမျှဖြင့် ရောင့်ရဲမည်ဟူသော အဆုံးအမတော်ကို လိုက်နာခြင်း၊

◆ သီတင်းသုံးဖော်တို့၏ အကျိုးကို ရှာဖွေလိုခြင်း၊

◆ ယုတ်မြတ်ဆိုးကောင်းတွေးကြံခြင်းကို ပယ်စွန့်ခြင်း၊

◆ ဤသူနှင့်သင့်မသင့် ဟူသည်ကို ပယ်နိုင်ခြင်း၊

◆ အလိုကြီးသော တဏှာ၏ တံခါးကို ပိတ်ခြင်း

◆ အလိုနည်းခြင်းစသည့် အားလျော်စွာ အကျင့်ရှိခြင်း စသော အကျိုးဂုဏ်တို့နှင့် ပြည့်စုံလေသည်။

အထူးကား

ညွှန်းပြအပ်သော ကျောင်းကိုရ၏။ ရောင့်ရဲလွယ်၏၊ နှစ်သက်ကျေနပ်လွယ်၏။ အဆိုးအကောင်း ကြံတွေးမရှိ၊ မြက်ဖြင့် ပြုလုပ်သော အခင်းကိုမျှလည်း ချမ်းသာစွာ အိပ်၏။

မွန်မြတ်သောကျောင်း၌ မတပ်မက်၊ ယုတ်သော ကျောင်းကိုရသော်လည်း အမျက်မထွက်။ သီတင်းသုံးဖော်ရဟန်း၏ အကျိုးကို လိုလားသော စိတ်ဖြင့် အစဉ်စောင့်ရှောက်၏။

ထို့ကြောင့် အရိယာသူတော်ကောင်းကြီးတို့၏ အလေ့အကျင့်ဖြစ်သော၊ နွားလားဥသဘကဲ့သို့ ရဟန်းတကာတို့၏ အကြီးအကဲဖြစ်သော၊ မြတ်စွာဘုရား ချီးမွမ်းအပ်သော၊ ညွှန်ပြအပ်သော

ကျောင်း၌ မွေ့လျော်သောအဖြစ်ကို ပညာရှိသော ရဟန်းသည် လျော်စွာ အားထုတ်ရာ၏ဟူ၍ ဓုတင် အဆုံးအဖြတ်ကျမ်း၌ ပါရှိပါသည်။

၁၃။ နေသဇ္ဇိကဓုတင် = ထိုင်ခြင်း ဣရိယာပုထ်ဖြင့် နေလေ့ရှိသောအကျင့်

နေသဇ္ဇိကဓုတင် ဆိုသည်မှာ အိပ်ခြင်း၊ လျောင်းခြင်းကိုပယ်၍ ထိုင်ခြင်း ဣရိယာပုထ်ဖြင့် နေလေ့ရှိသော အကျင့်ကို နေသဇ္ဇိက ဓုတင်ဆောင် သည်ဟု ဆိုပါသည်။

ဆောက်တည်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သေယျံ = သေယျံ ပဋိက္ခိပါမိ = အိပ်ရာ ခေါင်းအုံး၌ ခေါင်းချ၍ အိပ်ခြင်း၊ လဲလျောင်းခြင်း ဣရိယာပုထ်ကို ပယ်ပါ၏။

နေသဇ္ဇိကင်္ဂံ သမာဒိယာမိ = ထိုင်ခြင်း ဣရိယာပုထ်ဖြင့်သာ နေလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏ဟု ဆိုခြင်း ဖြစ်ပါသည်။

ထိုင်၊ ရပ်၊ သွား၊ အပ်၏။

နေသဇ္ဇိကဓုတင်ဆောင်ရဟန်းသည် ညဥ့် ဦးယံ တစ်ပါးပါးသောယံ၌ ထ၍ စင်္ကြံသွားအပ်၏။ ညဥ့်သုံးယံပတ်လုံး သွားသည်ရှိသော် အနာဖြစ်ရာ ၏။ ညဥ့်သုံးယံပတ်လုံး ထိုင်ခြင်းငှာလည်း မခံနိုင်၊ ညဥ့်သုံးယံပတ်လုံးလည်း မရပ်နိုင်၊ အိပ်ခြင်း၊ လဲ လျောင်းခြင်းသာမအပ်၊ ထိုင်၊ ရပ်၊ သွား၊ အပ်၏။ ဟု ပါရှိပါသည်။

ထို နေသဇ္ဇိက ဓုတင်ဆောင်မှာ သုံးမျိုးရှိ သည်။ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဥက္ကဋ္ဌ ရဟန်းသည် နောက်မှီတံကဲ ပုဆိုးဖြင့်ပတ်ခြင်း အာယောဂပတ်ပြား သုံးခုမအပ် (အာယောဂပတ် = ယှဉ်ခြင်း၊ ဖွဲ့ခြင်း၊ လုံ့လပြုခြင်း)

၂။ မဇ္ဈိမ ရဟန်းသည် ထိုသုံးခု တစ်ခုခု အပ်သည်။

၃။ မုဒု ရဟန်းသည် ထိုသုံးမျိုးလုံးအပ် သည်။ မှီစရာ၊ ခေါင်းအုံး၊ အခြေငါးစု ပဉ္စင်ညောင် စောင်း၊ အင်္ဂါ ၇ ပါးရှိသော သတ္တင်ညောင်စောင်း တို့လည်း အပ်ကုန်၏ဟု ဓုတင် အဆုံးအဖြတ်ကျမ်း များ၌ ဆိုပါသည်။

မှတ်ချက် ။ ။ ဖြောင့်စင်းစွာ အိပ်၍မရသော နောက်မှီအမြင့်ရှိသော ပက်လက်ကုလားထိုင်များကို ပဉ္စင်၊ သတ္တင် ညောင်စောင်းဟု ဆိုကုန်၏။

ပျက်ခြင်း အိပ်လိုသော စိတ်ဖြင့် အိပ်ခြင်း ဣရိယာပုထ်ကို ပြုသောခဏ၌ ထိုသုံးပါးလုံး ဓုတင် ပျက်၏။

အထူးတင်ပြချက် ။ ။ တစ်ခုသောနှစ် နဘူးကျောင်း တောရဆရာတော် ဘုရားကြီး၏ နိဿယျည်းယူ တပည့်ဖြစ်သူ ဓုတင်ဆောင်ရဟန်း တော် ဘဒ္ဒန္တဝိသုတထေရ်သည် မိမိ စာရေးသူ၏ သီးခြားအမိုးလွတ် မိသားစုမနေသော တိုက်အိမ်သို့ မကျန်းမာ၍ စစ်ဆေးကုသမှု ခံယူရန်ကြွလာ၏။ ထိုဆရာတော်က ပက်လက်ကုလားထိုင်ဖြင့်သာ ည ဘက် သီတင်းသုံး၏။ မိမိတို့က နေသဇ် ဓုတင် ဆောင်ထားကြောင်းမသိ၊ သားဖြစ်သူ ဒေါက်တာ ခင်မောင်ဦးက ပက်လက်ကုလားထိုင်ဖြင့် အမြဲနေ ထိုင်လျှင် သွေးလည်ပတ်ခြင်း မမှန်နိုင်၊ ကျန်းမာရေး အတွက် လဲလျောင်းမှ ဦးနှောက်သွေးစီးဆင်းမှု မှန် မည်လျှောက်၏။

ထိုဆရာတော်ကလည်း နေသဇ်ဓုတင် ဆောင်ထားသည် မမိန့်။ ပါလာသော ကပ္ပိယဦးပိုလို ကလည်း ဆရာတော်ဦးဝိသုတ တုံးလုံးလှဲအိပ်ခြင်း

မပြတာကြာပြီ ဘာကြောင့် မအိပ်မကျိန်းသလဲ မသိပါဘူးဗျာဟု ဆိုလိုက်သေး၏။

မိမိကလည်းညှံ၊ ကပ္ပိယကလည်းညှံ၊ လူညံ့ တွေကြားမှာ ဆရာတော် အိပ်ဟန် ကျိန်းဟန်ပြ၍ နောက် လူခြေတိတ်မှ ပြန်ဆောက်တည်ဖြစ်ခဲ့ဟန် တူလေသည်။

မိမိတို့ကဲ့သို့ မညံ့ကြစေလို၍ ဤစာစုများကို ရေးနေမိပါသည်။

အထူးကား – အရှင်ဘုရား နေသစ်ဓုတင်ဆောင်ထားပါသလားဘုရား မမေးမလျှောက်အပ်၊ မေးလျှောက်ကလည်း ဖြေလိမ့်မည် မဟုတ်။

နေသဇ္ဇိကဓုတင်ဆောင်ခြင်း၏အကျိုးအာနိသင်

◆ အိပ်ရာ၌ အိပ်ခြင်း စည်းစိမ်၊ လူးလိမ့်ပြန်ပြောင်းလှည့်စောင်း စည်းစိမ်၊ အိပ်မွေ့ဖိန်းဖိန်း တမှိန်းမှိန်း စည်းစိမ်တည်းဟူသော စိတ်အနှောင်အဖွဲ့သုံးပါးကို ပယ်နိုင်ခြင်း၊

◆ ခပ်သိမ်းသော ကမ္မဋ္ဌာန်းအားထုတ်သူအား လျှောက်ပတ်ခြင်း၊

◆ ကြည်ညိုဖွယ် ဣရိယာပုထ်ရှိခြင်း

◆ ဝီရိယနှင့် သမာဓိမျှအောင် အားထုတ်သည့် အားလျော်ခြင်း၊

◆သီလ စသော သမ္မာပဋိပတ်ကို တိုးတက်စေခြင်း၊

စသော အကျိုးဂုဏ်အာနိသင်တို့ ရရှိလေသည်။

အထူးကား

ဓုတင်ဆောင်ရဟန်းတော်သည် ပလ္လင်ခွေ၍ အထက်ပိုင်းကို ဖြောင့်စွာထား၍ ထိုင်လျက်မာရ်နတ်သား၏ စိတ်နှလုံးကို (ဝါ) အာဏာကို လွန်သည်ဖြစ်၍ တုန်လှုပ်စေ၏။

အိပ်ခြင်းသုခကိုလည်းကောင်း၊ ဝိုက်မျှော်ခြင်းသုခကိုလည်းကောင်း ပယ်၍၊ ဝိပဿနာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ထိုင်နေခြင်း၌ အလွန်မွေ့လျော်သော ရဟန်းသည် မြိုးမြဲသော အကျင့်ကို ကျင့်ရာဖြစ်သော တောကို တင့်တယ်စေလျက်–

ကာမဂုဏ်ငါးပါးတည်းဟူသော အာမိသကင်းသော ဝိတိသုခကို ထိုအကျင့်ကြောင့် ရ၏။

ထို့ကြောင့် ပညာရှိသော ရဟန်းသည် ထိုင်နေသော ဓုတင်အကျင့်ကို ကောင်းစွာကျင့်သုံးရာ၏ ဟူလို၊ တောရဆရာတော်၏ ဓုတင်အဆုံးအဖြတ်ကျမ်း၌ ဖော်ပြသည်ကို ကောက်နှုတ်တင်ပြအပ်ပါ၏။

ဓုတင် ၁၃–ပါးကို ဆောက်တည်ပုံ၊ ဆောက်တည်နည်း ဓုတင်တစ်ပါးစီ၌ ရအပ်သော အကျိုးအာနိသင်များကို လူပုဂ္ဂိုလ် ဒါယကာ၊ ဒါယိကာမများအနေဖြင့် သိသင့်သိထိုက် လိုက်နာဆောင်ရွက်ကုသိုလ်ယူရမည့် အနေအထားများကို အကျဉ်းချုပ်၍ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ဆက်လက်တင်ပြလို

ယခုဆက်လက်တင်ပြလိုသည်မှာ 'မိလိန္ဒပဉှာပါဠိတော် မြန်မာပြန်' ကျမ်းမှ အနုမာနဝဂ် ၂–ဓုတင်္ဂပဉှာ (ဓုတင်အကျင့် ပြဿနာ) ဟူသော စာမျက်နှာ ၃၅၄ မှ ၃၆၆ ထိ မိလိန္ဒမင်းမေးလျှောက်သဖြင့် အလျှင်နာဂသေနမထေရ် မိန့်ကြားဖြေဆိုချက်များ ပါရှိလေရာ အကျဉ်းချုပ်၍ သိလွယ်မြင်လွယ်အောင် ရေးသားတင်ပြလိုက်ပါ၏။*

* မိလိန္ဒပဉှာပါဠိတော် မြန်မာပြန် အနုမာနဝဂ်–၂

ဓုတင်နှင့်ကင်း၍ သစ္စာလေးပါး ထိုးထွင်း၍ မသိနိုင်

မိလိန္ဒမင်း မေး – *ကိလေသာ ခါတွက်နိုင်ကြောင်း ဓုတင်အကျင့်ဖြင့် ဓုတင်ဆောင်ရဟန်းတို့ကိုလည်း မြင်ရ၏။*

–တစ်ဖန် အနာဂါမိဖိုလ်၌ တည်သော လူပုဂ္ဂိုလ်ကိုလည်း မြင်ရ၏။

–သို့ဖြစ်လျှင် အဘယ်ကြောင့် တောထွက်၍ ဓုတင်ဆောင်ရပါသနည်း။

အရှင်နာဂသေနထေရ် ဖြေ – အိမ်၌ နေ၍ ကာမဂုဏ်ကို ခံစားလျက် အေးငြိမ်းသော ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုသူအားလုံးတို့သည် ရှေးရှေးဘဝများစွာက တစ်ဆယ့်သုံးပါးသော ဓုတင်အကျင့်ကို ကျင့်သုံးခဲ့ကြဖူးသည်ဖြစ်၏။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုကုသိုလ် ပြုခဲ့ကြဖူးသည်သာ ဖြစ်၏။ ထိုသူတို့သည် ရှေးရှေးဘဝက ကျင့်ခဲ့ဖူးသော ထိုဓုတင်အကျင့်၏ အကျိုးအာနိသင်ကြောင့် ဤဘဝ ဤသာသနာတော်တွင် ဘုရားရှင်၏ တရားတော်ကို ကြားနာခြင်းဖြင့် စင်ကြယ်သန့်ရှင်းအောင် သုတ်သင်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။

ဥပမာအားဖြင့် ရေမလောင်းလျှင် မျိုးစေ့မှ အပင်မပေါက်နိုင်ပေ၊ ကောင်းမှုကုသိုလ် မပြုခဲ့လျှင် သုဂတိသို့ မရောက်နိုင်ပေ။ ဤအတူသာလျှင် ဓုတင်အကျင့်ကို မကျင့်ခဲ့လျှင် သစ္စာလေးပါးကို ထိုးထွင်း၍ မသိနိုင်ပေ ဟူ၍ မိန့်ကြားတော်မူ၏။

တစ်ဆယ့်သုံးပါးသော ဓုတင်၏ ဂုဏ်ကျေးဇူးတို့၌ ရှေးဘဝက ကျင့်ခဲ့ဖူးသည်ကို ကြဉ်ဖယ်ထား၍ တစ်ဘဝတည်း၌ပင် အရဟတ္တဖိုလ်ကို မျက်မှောက်မပြုနိုင်။ မြတ်သော အားထုတ်ခြင်း လုံ့လ၊ မြတ်သောအကျင့်၊ ထိုသို့ သဘောရှိသော ဆရာ၊ ကောင်းသော အဆွေခင်ပွန်းဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်၏။

ဓုတင်ကျင့်သုံးခြင်း၏ ဂုဏ်ကျေးဇူး ၂၈–ပါး အကျဉ်း

မိလိန္ဒမင်း မေး – *လူပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ကို ခံစားလျက် ငြိမ်းအေးသော ပရမတ္ထ နိဗ္ဗာန်ကို အကယ်၍ မျက်မှောက်ပြုနိုင်သည်ဖြစ်အံ့၊*

–ရဟန်း တော်များသည် ဓုတင်အကျင့်ကို ဆောက်တည်ခြင်းဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။

အရှင်နာဂသေနထေရ် ဖြေ – ဓုတင် အကျင့်တို့ကို အလုံးစုံသော မြတ်စွာဘုရားတို့ လေးမြတ်အပ်ကုန်၏။ တောင့်တအပ်ကုန်၏။ ဟုတ်မှန်တိုင်းသော ဂုဏ်ဖြစ်ကုန်သော ဤဓုတင်၏ ဂုဏ်ကျေးဇူးတို့သည် နှစ်ဆယ့်ရှစ်ပါးတို့တည်း၊ အဘယ်နှစ်ဆယ့်ရှစ်ပါးတို့ နည်းဟူမူ –

ဤသာသနာတော်၌ ဓုတင်အကျင့်သည်

၁။ အသက်မွေး စင်ကြယ်ခြင်း၊

၂။ ချမ်းသာသော အကျိုးရှိခြင်း၊

၃။ အပြစ်ဒေါသလွတ်ကင်းခြင်း၊

၄။ သူတစ်ပါးကို မဆင်းရဲစေခြင်း၊

၅။ ဘေးရန်ကင်းလွတ်ရခြင်း၊

၆။ မနှိပ်စက် မညှင်းပန်းရခြင်း၊

၇။ စင်စစ် ကုသိုလ်တိုးပွားခြင်း၊

၈။ မဆုတ်ယုတ်နိုင်ခြင်း၊

၉။ မာယာမရှိခြင်း၊

၁၀။ ကိုယ်ကို စောင့်ရှောက်ခြင်း၊

၁၁။ တောင့်တအပ်သည်ကို ပေးနိုင်ခြင်း၊
၁၂။ သဗ္ဗဝါအားလုံးကို ဆုံးမနိုင်မှုရှိခြင်း၊
၁၃။ စောင့်စည်းမှုဟူသော စီးပွားရှိခြင်း၊
၁၄။ သူတော်ကောင်းအား လျော်ကန်ခြင်း၊
၁၅။ သူတစ်ပါးကို မမှီရခြင်း၊
၁၆။ လာဘ်၌ မက်မောခြင်းမှ ကင်းခြင်း၊
၁၇။ ရာဂကုန်ခန်းလွယ်ခြင်း၊
၁၈။ ဒေါသကုန်ခန်းလွယ်ခြင်း၊
၁၉။ မောဟကုန်ခန်းလွယ်ခြင်း၊
၂၀။ မာနကို ပစ်ပယ်နိုင်ခြင်း၊
၂၁။ မကောင်းသော အကြံကို ပယ်ဖြတ်နိုင်ခြင်း၊
၂၂။ ယုံမှားမှုကို လွန်မြောက်ရခြင်း၊
၂၃။ ပျင်းရိမှုကို ဖျက်ဆီးနိုင်ခြင်း၊
၂၄။ မမွေ့လျော်မှုကို ပယ်နိုင်ခြင်း၊
၂၅။ အရာရာဝယ် သည်းခံနိုင်ခြင်း၊
၂၆။ အတုမရှိခြင်း၊
၂၇။ ပြိုင်ယှဉ်ဘက်ကင်းခြင်း၊
၂၈။ အလုံးစုံသော ဆင်းရဲကုန်ရာ နိဗ္ဗာန်ပေါက်မြောက်ခြင်း၊

ဟူသော အကျိုးရှိ၏။ ထို့ကြောင့် အလုံးစုံသောဘုရားရှင်တို့ လေးမြတ်အပ်ကုန်၏။ ဟုတ်မှန်တိုင်းသော ဂုဏ်ဖြစ်ကုန်သော ဓုတင်၏ ဂုဏ်ကျေးဇူးတို့သည် ဤနှစ်ဆယ့်ရှစ်ပါးတို့တည်းဟု ဖြေဆိုမိန့်ကြားတော်မူ၏။

ဓုတင်၏ ဂုဏ်ကျေးဇူး ၁၈-ပါး

ဓုတင်အကျင့်ကို ကောင်းစွာကျင့်သုံး မှီဝဲကုန်သော သူတို့သည် တစ်ဆယ့်ရှစ်ပါးသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံကုန်၏။ အဘယ် တစ်ဆယ့်ရှစ်ပါးတို့နှင့် ပြည့်စုံကုန်သနည်းဟူမူ -

၁။ ဓုတင်ဆောင် ပုဂ္ဂိုလ်တို့၏ အကျင့်သည် စင်ကြယ်၏။
၂။ ကျင့်ဝတ်သည် ကောင်းစွာပြည့်စုံ၏။
၃။ ကာယကံ၊ ဝစီကံကို ကောင်းစွာ စောင့်ရှောက်အပ်သည်မည်၏။
၄။ ဝိတိ အလေ့အကျင့်သည် ကောင်းစွာ စင်ကြယ်၏။
၅။ လုံ့လကို ကောင်းစွာ ချီးမြှောက်အပ်၏။
၆။ ဘေးဥပဒ်ငြိမ်း၏။
၇။ အတ္တဟု စွဲယူမှု ဒိဋ္ဌိကင်း၏။
၈။ ရန်ငြိုးထားခြင်း ကင်း၏။
၉။ မေတ္တာတရား ရှေးရှုထင်၏။
၁၀။ သုံးဆောင်ဖွယ် (အာဟာရ) ကို ပိုင်းခြားနိုင်၏။
၁၁။ သဗ္ဗဝါအားလုံး အလေးပြုအပ်၏။
၁၂။ စားဖွယ်(ဘောဇဉ်) ၌ အတိုင်းအရှည်ကို သိ၏။
၁၃။ နိုးကြားမှုကို အားထုတ်နိုင်၏။
၁၄။ စွဲလမ်းဖွယ်ရာ နေရာကျောင်းမရှိ။
၁၅။ ချမ်းသာရာအရပ်၌ နေနိုင်၏။
၁၆။ မကောင်းမှုကို စက်ဆုတ်တတ်၏။
၁၇။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏။
၁၈။ အမြဲမပြတ် မမေ့မလျော့ရှိ၏။

ဓုတင်အကျင့်ကို ကောင်းစွာ ကျင့်သုံးမှီဝဲကုန်သော ရဟန်းတို့သည် ဤတစ်ဆယ့်ရှစ်ပါးသော ဂုဏ်တို့နှင့် ကောင်းစွာ ပြည့်စုံကုန်၏။

ဓုတင်ကျင့်ထိုက်သော ပုဂ္ဂိုလ် ၁၀–ဦး

တစ်ကျိပ်ကုန်သော ဤပုဂ္ဂိုလ်တို့သည် ဓုတင်အကျင့်ကို ကျင့်ထိုက်ကုန်၏။ အဘယ်တစ်ကျိပ်တို့နည်းဟူမူ –

၁။ ယုံကြည်မှု သဒ္ဓါရှိသူ၊
၂။ မကောင်းမှုမှ ရှက်တတ်သူ၊
၃။ တည်ကြည်မှုသမာဓိရှိသူ၊
၄။ အံ့ဖွယ်ကို မပြုတတ်သူ၊
၅။ အကျိုးကို ထုံလေ့ရှိသူ၊
၆။ မလျှပ်ပေါ်သူ၊
၇။ သိက္ခာအကျင့်ကို လိုလားသူ၊
၈။ မြဲစွာ ဆောက်တည်မှု ရှိသူ၊
၉။ ကဲ့ရဲ့ခြင်း သဘောမရှိသူ၊
၁၀။ မေတ္တာပွားး၍ နေလေ့ရှိသူ

တို့တည်း။

ဓုတင်၏ မှတ်သားဖွယ် ဥပမာများ ၂၆–ပါး

မိလိန္ဒမင်း မေးလျှောက်သဖြင့် အသျှင်နာဂသေနမထေရ် ဖြေဆိုမိန့်ကြားတော်မူသော ဓုတင်၏ မှတ်သားဖွယ်ဥပမာများမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

ဥပမာသော်ကား ရေကို မသွန်းလောင်းခြင်းကြောင့် မျိုးစေ့သည် မပေါက်ရောက်နိုင်၊ ဤအတူသာလျှင် ဓုတင်အကျင့်ကို မကျင့်ဘူးသူတို့အား သစ္စာတရားကို ထိုးထွင်း၍ သိခြင်းသည်မဖြစ်၊

ဥပမာတစ်နည်းသော်ကား ကုသိုလ်မပြုဖူးသူ၊ ကောင်းမှု မပြုဖူးသူတို့သည် သုဂတိသို့လားခြင်းသည်မဖြစ်၊ ဤအတူသာလျှင် ဓုတင်အကျင့် မကျင့်ဖူးသူတို့အား သစ္စာတရားကို ထိုးထွင်း၍ သိခြင်းသည်မဖြစ်။

ဓုတင်နှင့် တူရာသဘောလက္ခဏာ ဥပမာဥပမေယျများကိုလည်းအသျှင် နာဂသေနမထေရ်က မိလိန္ဒမင်းသို့ အောက်ပါအတိုင်း မိန့်ကြားထားပါ၏။

၁။ ဓုတင်အကျင့်သည် အထူးသဖြင့် စင်ကြယ်ရာ နိဗ္ဗာန်ကို လိုလားသူတို့၏ တည်ရာသဘောရှိသောကြောင့် မြေကြီးနှင့်တူ၏။

၂။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာ အညစ်အကြေးကို ဆေးကြောသုတ်သင်တတ်သော သဘောရှိသောကြောင့် ရေနှင့် တူ၏။

၃။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာအနာကို လောင်မြိုက်စေတတ်သော သဘောရှိသောကြောင့် မီးနှင့်တူ၏။

၄။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာ အညစ်အကြေးမြူမှုန်ကို မှုတ်တတ် လွင့်တတ်သော သဘောရှိသောကြောင့် လေ နှင့်တူ၏။

၅။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ ကိလေသာအနာကို ငြိမ်းစေတတ်သော သဘောရှိသောကြောင့် အဆိပ်ဖြေဆေးနှင့် တူ၏။

၆။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာ အဆိ

ပျောက်ပျက်စေတတ်သော သဘောရှိသောကြောင့် <u>အမြိုက်ရည်</u> နှင့်တူ၏။

၇။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော မဂ်ဖိုလ်ဟူသော ကောက်ပင်ပေါက်ရာဖြစ်သော သဘောရှိသောကြောင့် <u>လယ်</u> နှင့် တူ၏။

၈။ ဓုတင်အကျင့်သည် နိဗ္ဗာန်လိုလားသူတို့၏ တောင့်တတိုင်း အလိုရှိတိုင်းသော အလုံးစုံသော စည်းစိမ်မြတ်ကို ပေးတတ်သော သဘောရှိသောကြောင့် <u>မနောဟရ ပတ္တမြား</u> နှင့် တူ၏။

၉။ ဓုတင်အကျင့်သည် နိဗ္ဗာန်လိုလားသူတို့၏ သံသရာတည်းဟူသော မဟာသမုဒ္ဒရာ၏ ကမ်းတစ်ဖက်သို့ ရောက်ကြောင်းဖြစ်သော သဘောရှိသောကြောင့် <u>လှေ</u> နှင့် တူ၏။

၁၀။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားကုန်သော အိုခြင်း၊ နာခြင်း သေခြင်းမှ ကြောက်ကုန်သော သူတို့၏ သက်သာရာကို ပြုတတ်သော သဘောရှိသောကြောင့် ကြောက်ဖွယ်ဘေးရန်မှ စောင့်ရှောက်ရာ <u>ပုန်းအောင်းရာ</u> နှင့် တူ၏။

၁၁။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားကုန်သော ကိလေသာဆင်းရဲဖြင့် နှိပ်စက်ခံရသော သူတို့ကို အစဉ်ချီးမြှောက်သော သဘောရှိသောကြောင့် <u>မိခင်</u> နှင့်တူ၏။

၁၂။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားကုန်သော ကုသိုလ်၏ တိုးပွားခြင်းကို အလိုရှိကုန်သော သူတို့၏ အလုံးစုံသော မဂ်ဖိုလ်ကို ဖြစ်စေတတ်သော သဘောရှိသောကြောင့် <u>အဖ</u> နှင့်တူ၏။

၁၃။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားကုန်သူတို့၏ အလုံးစုံသော ရဟန်း၏ ဂုဏ်ကျေးဇူးကို ရှာခြင်း၌ မချွတ်မယွင်းစေတတ်သော သဘောရှိသောကြောင့် <u>မိတ်ဆွေ</u> နှင့် တူ၏။

၁၄။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံသော ကိလေသာ အညစ်အကြေးတို့ဖြင့် မလိမ်းကျံသော သဘောရှိသောကြောင့် <u>ပဒုမ်မာကြာ</u> နှင့် တူ၏။

၁၅။ ဓုတင်အကျင့်သည် နိဗ္ဗာန်လိုလားသူတို့၏ ကိလေသာတည်းဟူသော မကောင်းသော အနံ့ဆိုးကို ပယ်ဖျောက်တတ်သော သဘောရှိသောကြောင့် <u>နံ့သာမျိုးလေးပါး၏ မြတ်သော</u> <u>အနံ့</u> နှင့် တူ၏။

၁၆။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားကုန်သော သူတို့၏ လောကဓံတရားရှစ်ပါးဟူသော လေတို့ဖြင့် မတုန်လှုပ်သော သဘောရှိသောကြောင့် <u>မြင်းမိုရ်တောင်မြတ်</u> နှင့် တူ၏။

၁၇။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ အလုံးစုံ၌ ကိုင်ယူခြင်းမှကင်း၍ ကြီးပွားရှည်လျား ကျယ်ဝန်းသော သဘောရှိသောကြောင့် <u>ကောင်းကင်</u> နှင့် တူ၏။

၁၈။ ဓုတင်အကျင့်သည် နိဗ္ဗာန်လိုလားသူတို့၏ ကိလေသာ အညစ်အကြေးကို မျှောတတ်သော သဘောရှိသောကြောင့် <u>မြစ်</u> နှင့် တူ၏။

၁၉။ ဓုတင်အကျင့်သည် နိဗ္ဗာန်လိုလားသူတို့၏ ပဋိသန္ဓေနေရခြင်း ခရီးခဲကိလေသာ တောခြုံမှ ထွက်မြောက်တတ်သော သဘောရှိသောကြောင့် <u>လမ်းညွှန်လမ်းပြကောင်း</u> နှင့် တူ၏။

၂၀။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့ကို အလုံးစုံသော ဘေးတို့မှ ကင်းဆိတ်၍ ချမ်းအေးရာ ဘေးလွတ်ရာဖြစ်သော တောင့်တအပ်

မြတ်သော နိဗ္ဗာန်မြို့တော်သို့ ရောက်စေတတ်သော သဘောရှိသောကြောင့် လှည်းမှူးကြီး နှင့် တူ၏။

၂၁။ ဓုတင်အကျင့်သည် နိဗ္ဗာန်လိုလားသူတို့၏ သန်္ဓါရသဘောကို ပြတတ်သော သဘောရှိသောကြောင့် ကောင်းစွာ တိုက်ချွတ်ထားသော အညစ်အကြေးကင်းသော ကြေးမုံ(မှန်) နှင့် တူ၏။

၂၂။ ဓုတင်အကျင့်သည် နိဗ္ဗာန်လိုလားသူတို့၏ ကိလေသာ မြှားလုံတို့ကို တားမြစ်တတ်သော သဘောရှိသောကြောင့် ဒိုင်းကာ နှင့် တူ၏။

၂၃။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ ကိလေသာတည်းဟူသော မိုးနှင့် မိုးသုံးပါးတို့၏ အပူဟူသော နေပူမှ တားမြစ်တတ်သော သဘောရှိသောကြောင့် ထီး နှင့် တူ၏။

၂၄။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ ချစ်အပ် တောင့်တအပ်သော သဘောရှိသောကြောင့် လ နှင့် တူ၏။

၂၅။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ မောဟဟူသော အလွန်မိုက်သော မှောင်ကို ပယ်ဖျောက်တတ်သော သဘောရှိသောကြောင့် နေ နှင့် တူ၏။

၂၆။ ဓုတင်အကျင့်သည် နိဗ္ဗာန်ကို လိုလားသူတို့၏ များသော အပြားရှိသော မဂ်ဖိုလ်မြတ်သော ရတနာကို ဖြစ်ပေါ်စေတတ်သော သဘောရှိသောကြောင့် လည်းကောင်း၊ မချင့်တွယ်နိုင်၊ မရေတွက်နိုင်၊ မနှိုင်းယှဉ်နိုင်သော သဘောရှိသောကြောင့် သမုဒ္ဒရာ နှင့် တူ၏။

ထို့ထက် များပြားလှစွာသော ဥပမာ ဥပမေယျများဖြင့်လည်း တန်ဆာဆင်၍ အသျှင်နာဂသေနမထေရ်သည် ထုတ်ဆောင်ပြလျက် မိလိန္ဒမင်းအား ဟောကြားထားသည် တွေ့ရပါ၏။

(ပြည့်စုံများပြားလှပြီဖြစ်၍ မထည့်တော့ပြီ။ စာရေးသူ)

ဓုတင်နှင့်မလျော်သော ဓုတင်ကျင့်ခွင့် မသင့်သော ပုဂ္ဂိုလ်များ ၈–ဦး

ဓုတင်ကျင့်သုံးခြင်းကြောင့် ရအပ်သော အကျိုးတရားများနှင့် ဥပမာများ ကောက်နှုတ်တင်ပြခဲ့ပြီးဖြစ်ရာ ဓုတင်နှင့် မလျော်သော၊ ဓုတင်ကျင့်ခွင့် မသင့် မထိုက်တန်သော ပုဂ္ဂိုလ်ကိုလည်း မိလိန္ဒပဉှာ၌ ဖော်ပြထားပါ၏။ ကောက်နှုတ်ဖော်ပြအပ်ပါ၏။ အဘယ်ပုဂ္ဂိုလ်တို့ဟူမူ –

၁။ ယုတ်မာသော အလိုရှိသော–

၂။ အလိုဆိုး နှိပ်စက်အပ်သော–

၃။ အံ့ဖွယ်ကို ပြတတ်သော–

၄။ လောဘကြီးသော–

၅။ ဝမ်းရေးကို ငဲ့ကွက်သော–

၆။ လာဘ်ကို တက်မက်လိုလားသော–

၇။ အခြံအရံ အကျော်အစောကို လိုလားသော–

၈။ ကျော်ကြားသည်ကို လိုလားသော–

ပုဂ္ဂိုလ်များ ဓုတင်နှင့်မလျော်

နှစ်ပြန်နှစ်ဆ ပြစ်ဒဏ်ရောက်

အကြင်ပုဂ္ဂိုလ်သည် ဓုတင်ကို ကျင့်သုံးဆောက်တည်က ထိုပုဂ္ဂိုလ်သည် နှစ်ပြန်နှစ်ဆ တက်သော အပြစ်ဒဏ်သို့ ရောက်၏။ အလုံးစုံသောဂုဏ်ကို ဖျက်ဆီးရာရောက်၏။ ဒိဋ္ဌဓမ္မဖြစ်သော ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်း၊ အပြစ်ဆိုခြင်း၊ မျက်မှောက်ပြက်ရယ်ပြု

ခြင်း၊ နှိပ်ချခြင်း၊ အတူပေါင်းသင်းခြင်းမှ ပယ်ထုတ်ခြင်း၊ ဖယ်ရှားခြင်း၊ အပပြုခြင်း၊ နှင်ထုတ်ခြင်းကို ခံရ၏။ တမလွန်ဘဝအတွက်လည်း မကောင်းသော ကျင်လည်ရခြင်း စသည်များကို ဖော်ပြထားလေသည်။

(မိလိန္ဒပဉှာ ပါဠိတော်မြန်မာပြန်စာ ၃၆၁/၃၆၂)

ဓုတင်နှင့် လျောက်ပတ်သော ကျင့်ခွင့်သင့်သော ပုဂ္ဂိုလ်များ

ဓုတင်နှင့် လျောက်ပတ်သော ကျင့်ခွင့်သင့်သော ဓုတင်နှင့် ထိုက်တန်သော ပုဂ္ဂိုလ်များကိုလည်း ဖော်ပြထားပြန်လေရာ သိသာတော်မူနိုင်ကြစေရန် ကောက်နုတ်ဖော်ပြလိုက်ပါ၏။ အဘယ်ပုဂ္ဂိုလ်တို့နည်းဟူမူ –

၁။ အလိုနည်းသော–

၂။ ရောင့်ရဲလွယ်သော–

၃။ ဆိတ်ငြိမ်ရာသို့ကပ်သော–

၄။ လူတို့နှင့် မရောနှောသော–

၅။ ထက်သန်သော ဝီရိယရှိသော–

၆။ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသော–

၇။ မစဉ်းလဲသော မာယာကင်းသော–

၈။ ဝမ်းရေးကို ငဲ့ကွက်မှုမရှိသော–

၉။ လာဘ်ကို မလိုလားသော–

၁၀။ အခြံအရံကို မလိုလားသော–

၁၁။ အကျော်အစောကို မလိုလားသော–

၁၂။ ယုံကြည်မှု သဒ္ဓါတရားရှိသော–

၁၃။ ယုံကြည်၍ ရဟန်းပြုသော–

၁၄။ အိုခြင်း နာခြင်း သေခြင်းမှ ကင်းလွတ်လိုသော– ပုဂ္ဂိုလ်တို့တည်း။

နှစ်ပြန်နှစ်ဆ ပူဇော်ကြ

အကြင်ပုဂ္ဂိုလ်သည်ကား သာသနာတော်ကို ချီးမြှောက်အံ့ဟု ဓုတင်ကို ဆောက်တည်ကျင့်သုံး၏။ ထိုသူသည် နှစ်ပြန်နှစ်ဆတက်သော ပူဇော်ခြင်းကို ခံထိုက်၏။ ထိုသူကို နတ်တို့၊ လူတို့ ချစ်ခင်မြတ်နိုးအပ်၏။ ခင်မင်အပ်၏။ တောင့်တအပ်၏။

ထို့ထက်မက များစွာသော ဥပမာများဖြင့်လည်းဆောင်၍ ပြဆိုထားသေး၏။

အထူးကား ထိုသို့သော ပုဂ္ဂိုလ်အား အတုမရှိ မြတ်သောအရဟတ္တဖိုလ်ရခြင်းကို ထိုက်တန်၏။ ဓုတင်ဆောင်ခြင်းငှာ ထိုက်တန်သော ဗောဓိပက္ခိယတရား ၃၇ ပါး အစရှိသော အရိယမဂ်သည် ပွားများပြည့်စုံခြင်းသို့ ရောက်၏ ဟု ဖွင့်ဆိုထားပါ၏။

(မိလိန္ဒပဉှာ ပါဠိတော်မြန်မာပြန်စာ ၃၆၂/၃၆၃)*

ဓုတင်ဂုဏ်ကျေးဇူးဖြင့် အရိယာ သာဝကတို့ ရအပ် သော ဂုဏ်တော် အပါး (၃၀)

ရှေးဘဝက မှီဝဲအပ်ကုန်သော၊ ဆည်းပူးအပ်ကုန်သော၊ လေ့ကျင့်အပ်ကုန်သော၊ အဖန်ဖန်လေ့ကျင့်အပ်ကုန်သော၊ ဆည်းပူးပွားများအပ်ကုန်သော၊ ပြည့်စုံစေအပ်ကုန်သော တစ်ဆယ့်သုံးပါးသော ဓုတင်ဂုဏ်ကျေးဇူးဖြင့် အရိယာသာဝကတို့သည် သုံးဆယ်သော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ၏။

အဘယ်သုံးဆယ်သော ဂုဏ်ကျေးဇူးတို့နည်းဟူမူ –

၁။ ပြေပြစ်နူးညံ့ ပျော့ပျောင်းသော မေတ္တာစိတ်ရှိသူဖြစ်၏၊

၂။ ကိလေသာတို့ကို ဖျက်ဆီးသတ်ပုတ်၊ ပယ်နုတ်ပြီးသူဖြစ်၏၊

* မိလိန္ဒပဉှာ ပါဠိတော် မြန်မာပြန် ဗုဒ္ဓသာသနာ့အဖွဲ့ ကမ္ဘာအေး

၃။ မာန်ထောင်ခြင်း၊ မာန်မူခြင်းကို ပယ်ပြီးသူဖြစ်၏။

၄။ မတုန်မလှုပ် မြဲမြံစွာ သက်ဝင်၍ ယုံမှားကင်းသော သဒ္ဓါတရား ရှိသူ ဖြစ်၏။

၅။ ပြည့်လျှမ်းနှစ်မြို့ ကြည်ရွှင် ခင်မင် စဖွယ် အေးမြသိမ်မွေ့ချမ်းသာသော သမာပတ်ကို ရသူဖြစ်၏။

၆။ သီလဟူသော အလွန်မြတ်သော အတုမရှိ စင်ကြယ်သော အနံ့ဖြင့် ထုံအပ်သူ ဖြစ်၏။

၇။ နတ်လူတို့ ချစ်ခင်မြတ်နိုးအပ်သူ ဖြစ်၏။

၈။ ရဟန္တာသခင်၊ အရိယာအရှင်၊ မြတ်သော ပုဂ္ဂိုလ်တို့ တောင့်တအပ်သူဖြစ်၏။

၉။ နတ်လူတို့ ရှိခိုးပူဇော်အပ်သူဖြစ်၏။

၁၀။ အလွန်အလွန် ပညာရှိသော ပဏ္ဍိတဖြစ်သူတို့ အလွန်အလွန် ချီးကျူးထောမနာ လွန်စွာ ချီးမွမ်းအပ်သူဖြစ်၏။

၁၁။ ဤလူ့ပြည်၊ ထိုနတ်ပြည်၊ ဗြဟ္မာပြည်တို့၌ လောကနှင့် မလိမ်းမကျံသူဖြစ်၏။

၁၂။ အလွန်အနည်းငယ်မျှသော အပြစ်၌သော်လည်း ဘေးဟုရှုလေ့ရှိသူ ဖြစ်၏။

၁၃။ ပြန့်ပြောများမြတ်သော သမ္ပတ္တိကို လိုလားသူတို့၏ မဂ်ဖိုလ်ဟူသော အကျိုးကို ပြီးစေနိုင်သူဖြစ်၏။

၁၄။ တောင့်တအပ်၍ ပြန့်ပြော မွန်မြတ်စွာ ဘောဂစည်းကို ရသူဖြစ်၏။

၁၅။ မြဲသောကျောင်း အိပ်ရာနေရာ မရှိသူဖြစ်၏။

၁၆။ ဈာန်၌သက်ဝင်၍ ထိုဈာန်မြတ်ဖြင့်သာ နေထိုင်လေ့ ရှိသူဖြစ်၏။

၁၇။ ပြတ်ရှင်းအပ်သော ကိလေသာကွန်ရက်လျှင် တည်ရာရှိသူဖြစ်၏။

၁၈။ ကောက်ကွေ့ဖုံးလွှမ်းသော ဂတိနီဝရဏတို့ကိုခွဲဖျက်ပြီး၊ ကောက်ကွေးစေပြီး ကောင်းစွာဖြတ်ပြီးသူ ဖြစ်၏။

၁၉။ မပျက်စီးခြင်း သဘောရှိသူဖြစ်၏။

၂၀။ အလွန်နိမ့်ချသော နေထိုင်ခြင်းရှိသူ ဖြစ်၏။

၂၁။ အပြစ်ကင်းသော အသုံးအဆောင် ရှိသူဖြစ်၏။

၂၂။ နိရယဂတိ စသော ဂတိငါးပါးမှ လွတ်သူဖြစ်၏။

၂၃။ အလုံးစုံသော ယုံမှားကို လွန်မြောက်ပြီးသူဖြစ်၏။

၂၄။ အရဟတ္တဖိုလ်လျှင် တောင့်တအပ်သော အကျိုးရှိသူဖြစ်၏။

၂၅။ မဂ်ဖိုလ်တရားကို မြင်ပြီးသူဖြစ်၏။

၂၆။ မတုန်မလှုပ် မြဲမြံ၍ ကြောက်လန့်သူတို့၏ အားကိုးရာ အကြောင်းကင်းရာ နိဗ္ဗာန်သို့ ကပ်ရောက်သူ ဖြစ်၏။

၂၇။ အနုသယကို ပိုင်းဖြတ်နိုင်သူ ဖြစ်၏။

၂၈။ အလုံးစုံသော အာသဝေါ ကုန်ခမ်းခြင်းသို့ ရောက်သူဖြစ်၏။

၂၉။ အေးမြချမ်းသာသော သမာပတ်ကို ဝင်စားနေထိုင်ခြင်း များသူဖြစ်၏။

၃၀။ အလုံးစုံသော ရဟန်း၏ ဂုဏ်ကျေးဇူးအပေါင်းနှင့် ကောင်းစွာပြည့်စုံသူဖြစ်၏။

ဟု ဖော်ပြထားပါသည်။

မှတ်ချက်။ ။ 'အရိယာသာဝကတို့ ရအပ်သော' ဂုဏ်ဟု ဖော်ပြသည်ကို သတိပြုတော်မူပါရန်

(မိလိန္ဒပဉှာ စာ - ၃၆၆)*

၁၃၆၀-ပြည့်နှစ် ထန်းတပင်တောရကြီး၌ ဝါကပ်တော်မူ

တောရဆရာတော် ဘဒ္ဒန္တ တိသရမဟာထေရ်သည် သာသနာ-၂၅၄၂၊ ကောဇာ- ၁၃၆၀၊ ခရစ် (၁၉၉၈) ခုနှစ်၊ လယ်ဝေးမြို့နယ် ထန်းတပင်တောရကြီး၌ ဝါကပ်တော်မူသည်။

သက်တော် - ၇၇၊ ဝါတော်ပေါင်း ၅၈ ဖြစ်ပြီး ရွတင်ဆောင်ဝါပေါင်း - ၃၆ ဝါရှိလေပြီ။

၁၃၆၀ ပြည့် ထိုနှစ်၌ သိမ်အလုံးပေါင်း ၁၁-လုံး သမုတ်တော်မူခဲ့သည်။ သိမ်အမှတ် - ၈၄ မှ ၉၄-ထိ ဖြစ်သည်။ ထိုသိမ်များ၏ သိမ်သမုတ်မှတ်တမ်းအကျဉ်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

သိမ်အမှတ် ၈၄-စီပင်သာသိမ်

သာသနာ - ၂၅၄၂၊ ကောဇာ - ၁၃၆၀ (၂၁.၄.၁၉၉၈) တန်ခူးလပြည့်ကျော် - ၁၀ ရက်၊ အင်္ဂါနေ့ ည ၈-နာရီ ၄၀ မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် စီပင်သာရွာကျောင်း ၂၅၀-ကြိမ် သိမ်နှုတ်ထားသော မြေညီပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၃-ပါးတို့သည် ခဏ္ဍသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၈၅-ချင်းစုကျားတောင် သိမ်

သာသနာ - ၂၅၄၂၊ ကောဇာ - ၁၃၆၀ (၂၉.၄.၁၉၉၈) ကဆုန်လဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့ ည ၇-နာရီ ၂၈-မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ချင်းစုရွာအနီး ကျားတောင်ခဏ္ဍသိမ် ၁၁၈-ကြိမ် သိမ်နှုတ်ထားသော မြေညီပြင်၌ တောရ ဆရာတော်ဦးဆောင်သော ရဟန်းတော် ၃၆-ပါးတို့သည် ကောင်းစွာ သမုတ်တော်မူကြသည်။

သိမ်အမှတ် ၈၆-ကြာပင်အင်းသိမ်

သာသနာ - ၂၅၄၂၊ ကောဇာ - ၁၃၆၀ (၂၉.၄.၁၉၉၈) ကဆုန်လဆန်း ၄-ရက်၊ ဗုဒ္ဓဟူးနေ့ ည ၉-နာရီ ၁၄-မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ်၊ ကြာပင်အင်းရွာအနီး ကြာပင်အင်းကျောင်း 'သံဃောပကာရ' မည်သော သိမ်ကို ၂၂-ကြိမ် သိမ်နှုတ်ထားသော မြေညီပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၃၆-ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

* မိလိန္ဒပဉှာ ပါဠိတော် မြန်မာပြန် ဗုဒ္ဓသာသနာ့အဖွဲ့-ကမ္ဘာအေး

သိမ်အမှတ် ၈၇–နတ်စင်ကျောင်းသိမ်

သာသနာ – ၂၅၄၂၊ ကောဇာ – ၁၃၆၀ (၂၉.၄.၁၉၉၈) ကဆုန်လဆန်း ၄–ရက်၊ ဗုဒ္ဓဟူးနေ့ ည ၁၀ နာရီ၊ ၅၁–မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် နတ်စင်ရွာ နတ်စင်ကျောင်း (၂၂၅–ကြိမ် သိမ်နှုတ်ထားသော မြေပြင်၌) 'ခမ္ဘောပကာရ' မည်သောသိမ်ကို တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၆–ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

အထူးမှတ်ချက်

သိမ်အမှတ် ၈၅/ ၈၆ နှင့် ၈၇–သိမ်သုံးလုံးကို တစ်ညတည်း ဆက်တိုက် သမုတ်တော်မူခဲ့ကြသည်။ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၆–ပါးတို့ ဤသာသနာတော်၌ထူးခြားလှစွာသော သီမာသမ္မုတိကံကို အတူတကွ ရွက်ဆောင်တော်မူခဲ့ကြလေသည်။

ပင်ပန်းသည်မထင်

တောရဆရာတော်မှာ သိမ်သမုတ်ရခြင်းကို မည်မျှပင် ပင်ပန်းစေကာမူ ပင်ပန်းသည်မထင်၊ သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် ခရီးမည်မျှဝေးဝေး ကြွရောက်တော်မူလေ့ရှိသည်။

သိမ်အမှတ် ၈၇–သမုတ်ချိန်သည် ည ၁၁–နာရီခန့် ရှိလေပြီ။ နံနက် တောအရဏ်ယူရန် ည ကျိန်းစက်ချိန် အနည်းငယ်မျှသာ ရှိတော့သည်။ သူတော်ကောင်းကြီးများ၌ နားချိန်မရှိ၊

သိမ်အမှတ်စဉ် ၄၀– အဆုံးစီးကုန်းသိမ် သမုတ်ပွဲ၌ မိမိစာရေးသူ တက်ရောက်ခဲ့ကြောင်းနှင့် သိမ်သမုတ်ပြီး ည၌ လုံးဝ ကျိန်းစက်ခြင်းမရှိ၊ မိုးမလင်းမီ တောအရဏ်ယူရန်သွားကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

ဆရာတော်အတွက် မောဃကာလ = အချည်းနှီးသောကာလ မည်သည့်အခါမျှ မရှိဟု ထင်သည်။

(စာရေးသူ)

သိမ်အမှတ် ၈၈–ကျွဲလည်ပင်း ကျောင်းသိမ်

သာသနာ ၂၅၄၂၊ ကောဇာ ၁၃၆၀ (၂၀.၅.၁၉၉၈) ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄–ရက်၊ တနင်္ဂနွေနေ့ည ၉–နာရီ ၁၆ စက္ကန့် ယခုနေပြည်တော် အချိန်တပ်ကုန်းမြို့နယ် ကျွဲလည်ပင်းရွာကျောင်းအတွင်း သိမ်နှုတ်ပြီးသော မြေပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၉–ပါးတို့သည် ခဏ္ဍသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၈၉–အေးချမ်းသာသိမ်

သာသနာ – ၂၅၄၂၊ ကောဇာ – ၁၃၆၀ (၂.၆.၁၉၉၈)ခုနှစ်၊ နယုန်လဆန်း ၈–ရက်၊ အင်္ဂါနေ့ည သန်းခေါင် ၁၂–နာရီအချိန် ရမည်းသင်းမြို့နယ် အေးချမ်းသာရွာကျောင်း၌ ၆၀၂–ကြိမ် သိမ်နှုတ်ထားသော မြေပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၈–ပါးတို့သည် 'သုသဒ္ဒိ' မည်သော ခဏ္ဍသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၉၀–ကဒေါင်းကျောင်းသိမ်

သာသနာ –၂၅၄၂၊ ကောဇာ – ၁၃၆၀ (၃၁.၁.၁၉၉၉) ခုနှစ် တပို့တွဲလပြည့် ၁၅–ရက်၊ တနင်္ဂနွေ နေ့လည် ၁–နာရီ၊ ၁၁ – မိနစ်အချိန် ရမည်းသင်းမြို့နယ် ကဒေါင်းရွာကျောင်း ၂၄၂–ကြိမ် သိမ်နှုတ်ထားသော မြေပြင်၌ တောရဆရာတော်

ဦးဆောင်သော ရဟန်းတော် ၃၄–ပါးတို့သည် ဓမ္မာသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၉၁–ဓမ္မပါလကျောင်းသိမ်

သာသနာ – ၂၅၄၂၊ ကောဇာ – ၁၃၆၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅–ရက်(၅.၂.၁၉၉၉)၊ သောကြာနေ့ နံနက် ၉–နာရီ ၃၈ မိနစ်အချိန်၊ ရမည်းသင်းမြို့နယ် တောင်ဘိုအုပ်စု၊ ဓမ္မပါလရွာ ကျောင်းအတွင်း ၂၈၈–ကြိမ် သိမ်နှုတ်ထားသော မြေပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၉–ပါးတို့သည် 'သိဒ္ဓိကာရီ' မည်သော သိမ်ကို ကောင်းစွာ သမုတ်တော်မူကြကုန်၏။

သိမ်အမှတ် ၉၂–ကန်ရိုးကြီးတောကျောင်းသိမ်

သာသနာ–၂၅၄၂၊ ကောဇာ–၁၃၆၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅–ရက်(၅.၂.၁၉၉၉)၊သောကြာနေ့၊ နေ့လည်မွန်းတည့် ၁၂–နာရီ ၃၁–မိနစ်အချိန်၊ ရမည်းသင်းမြို့နယ် တောင်ဘိုအုပ်စု ကန်ရိုးကြီးကျေးရွာ၊ တောကျောင်းအတွင်း ၃၆၂–ကြိမ် သိမ်နှုတ်ထားသောမြေပြင်၌ တောရဆရာတော်ဦးဆောင်သောရဟန်းတော် ၃၉–ပါးတို့ 'သုစကာရီ' မည်သော သိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၉၃–ကန်ရိုးကြီးရွာကျောင်းသိမ်

သာသနာ – ၂၅၄၂၊ ကောဇာ – ၁၃၆၀ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅–ရက်(၅.၂.၁၉၉၉)၊ သောကြာနေ့ နေ့လွဲဘက် မွန်းတိမ်းချိန် ၁–နာရီ ၅၀ မိနစ် အချိန်၊ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၅–ပါးတို့သည် 'သုဒ္ဓိကာရီ' မည်သော ကန်ရိုးကြီးရွာကျောင်းသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက် ။ ။ သိမ်အမှတ် ၉၁၊ သိမ်အမှတ် ၉၂ –နှင့် သိမ်အမှတ် ၉၃–သိမ်များကို တောရဆရာတော်သည် တစ်နေ့တည်း ၃–လုံး သမုတ်တော်မူခဲ့သည်။

သိမ်မှတ်တမ်းများအရ တပို့တွဲလပြည့်ကျော် ၅–ရက်နေ့ဘက် အချိန်များ၌ ဆက်တိုက် သမုတ်ခဲ့ကြောင်း တွေ့ရသည်။

မြန်မာပြည်ဒေသအနှံ့ သိမ်များကို သမုတ်ထားခဲ့ချင်သည်။ သို့မှ သာသနာတော်ကြီး အဓွန့်ရှည်ပေလိမ့်မည်။ သိမ်များကို သမုတ်နေရလျှင် ဆရာတော် အမြဲ ရွှင်ပြနေသည်ကို ဖူးမြင်ကြရသည်။ နောက်ထပ် မည်မျှ အရေအတွက်ထိအောင် သမုတ်တော်မူခဲ့ပါလေဦးမည်နည်း။

သိမ်အမှတ် ၉၄–နန်းသြမြောက်ကျောင်းသိမ်

သာသနာ – ၂၅၄၂၊ ကောဇာ – ၁၃၆၀ (၁၃.၂.၁၉၉၉) ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ စနေနေ့ည ၇–နာရီ ၂၂–မိနစ်အချိန် ယခု နေပြည်တော် တပ်ကုန်းမြို့နယ် နန်းသြရွာမြောက်ကျောင်းအတွင်း ၂၀၆–ကြိမ် သိမ်နှုတ်ထားသော မြေပြင်၌ တောရဆရာတော်ဦးဆောင်သော ၄၀–ပါးသော ရဟန်းတော်များနှင့်အတူ 'ဝိနောဒယ' မည်သော ဓမ္မာသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်မှတ်တမ်း ပုံနှိပ်ရေး လယ်ဝေး ထန်းတပင် တောရသို့ သွားရောက်ခဲ့

အထက်တွင် တင်ပြပြီးသကဲ့သို့ သိမ်အမှတ် ၉၄–လုံးရှိပြီဖြစ်၍ သိမ် ၁၀၀–ပြည့်သည်နှင့် သိမ်မှတ်တမ်းများ ပုံနှိပ်နိုင်ရေးနှင့်–

၁။ မိမိလက်သို့ ရောက်ပြီးဖြစ်သော သိမ်မှတ်တမ်းများ ကွန်ပျူတာစီပြီး အနေအထားများ တင်ပြရန်–

၂။ သိမ်မှတ်တမ်းနှင့်အတူ တောရဆရာတော်၏ ငယ်ဆရာတော်ဦးဥက္ကဝံသ နှင့် နောက်ဆုံးဆရာတော် ဘုရားဖြူ ဦးပညာဝံသတို့၏ ထေရုပ္ပတ္တိအကျဉ်း ကွန်ပျူတာစာစီပြီး အနေအထားတင်ပြရန်

၃။ သိမ်မှတ်တမ်း၏ နောက်ဆက်တွဲတွင် တောရဆရာတော်၏ဘဝ ဝါဆိုစဉ်၊ ပညာသင်ခဲ့ခြင်း၊ စာပေပို့ချ ဂဏဝါစက တာဝန် ထမ်းဆောင်ခဲ့ခြင်း၊ တောရဆောက်တည်ရာ နေရာဌာန တောရကျောင်းများ နှစ်စဉ်သမုတ်ခဲ့သော သိမ်များ နှစ်အလိုက်၊ အကျဉ်းချုပ် ဇယားဖြင့် မိမိစီစဉ်ထားသည့် စာကြမ်း ကွန်ပျူတာစီပြီး အနေအထားအားလုံး တောရဆရာတော်၏ စစ်ဆေးချက် အတည်ပြုချက် ရယူရန် အတွက်တင်ပြရန်–

ဦးစိန်ထွန်း (ဓမ္မာစရိယ)နှင့်အတူ

၂၉၊ ၁၀၊ ၉၈ နေ့ညနေတွင် အစိုးရ ကုန်းလမ်းပို့ဆောင်ရေးဌာန မော်တော်ယာဉ်ဌာနမှူး ဦးစိန်ထွန်း(ဓမ္မာစရိယ)ပါ မိမိနှင့် လိုက်ပါ၍ ၎င်းတို့ဌာနမှ ထွက်သော မော်တော်ယာဉ်ဖြင့် ယခုနေပြည်တော် ပျဉ်းမနားမြို့သို့ ထွက်ခွာခဲ့ကြသည်။

၃၀၊ ၁၀၊ ၉၈ နံနက် ၃–နာရီခန့် ပျဉ်းမနားမြို့သို့ ရောက်ကြသည်။ ယခုနေပြည်တော် ပျဉ်းမနားမြို့ အဝေးပြေးလမ်းမကြီးဘေးရှိ ဦးချိုဝင်း၊ ဒေါ်ကြေးမုံ (ရန်နိုင် စားတော်ဆက်) တို့ကို နှိုးရသည်။

တောရဆရာတော်ထံ မိုးမလင်းမီ ရောက်အရဏ်ဆွမ်းခံချိန်အမီ ယူဆောင်လာသော မုန့်များ လောင်းလှူလိုသဖြင့် ဦးချိုဝင်းစီစဉ်ပေးရန် အကူအညီ တောင်းရသည်။ မြင်းလှည်းတစ်စီး ၄၀ဝိ/– နှင့် စီစဉ်ပေးသည်။ မှောင်မှောင်မဲမဲထဲမှာ သွားကြရသည်။ (၁၉၉၈ နှစ်က မြင်းလှည်းခ ၄၀ဝိ/– ခရီးမှာ ၆ မိုင်ကျော်သို့ ရောက်နိုင်ခဲ့သည်) တစ်နေ့ထက်တစ်နေ့ တက်လာသော ကုန်ဈေးနှုန်းမှာ အပြေးမြန်သော မြင်းထက် အတက်မြန်လေသည်။ ယခုစာရေးချိန် (၂၀၀၅) ခုနှစ်တွင် ၄၀၀ဝိ/–ခန့် ပေးမှ မြင်းလှည်းက လိုက်နိုင်လိမ့်မည်ထင်သည်) အရာရာတို့ အမြဲပြောင်းလဲ၍ နေလေသည်။

ဖူးမြင်ရပါပြီ

ထန်းတပင်တောရကြီးသို့ အလင်းရောင်လာချိန် နံနက် ၆–နာရီ ရောက်ကြသည်၊ တောရကြီးကုန်းပေါ်မှ စကြံန်းလမ်းအတိုင်း သင်္ကန်းရုံ သပိတ်လွယ်၍ တောရဆရာတော် ကြွလာတော်မူသည်ကို ဖူးမြင်ကြရသည်။

ဆုတောင်းပြည့်တောရနှင့် ထန်းတပင်တောရကြီးအကြား ကျောင်းအပြင် လမ်းမကြီးမှာ ထန်းတပင်ရွာသားကိုမောင်မောင်စိုး ဆွမ်းချိုင့်ကို စက်ဘီးမှာ ချိတ်၍လာသူက ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူနေသည်။

မိမိ စာရေးသူနှင့် ဦးစိန်ထွန်းတို့အား 'မင်းတို့ရောက်လာကြသလား'ဟု နှုတ်မှ မိန့်၍ မုန့်ပါဘုရားဟု လျှောက်ပြီး ပါလာသော မုန့်များ သပိတ်ထဲလောင်းလှူခွင့်ကြရသည်။

သက်တော် ၈၀–နီးပြီဖြစ်၍

ယခုနေပြည်တော် လယ်ဝေး ထန်းတပင်တောရမှာ ဝါကပ်သည့်ကာလ သီတင်းသုံးသည့်ကာလများ၌ ဆွမ်းနှင့် ဆွမ်းဟင်းများကို ထန်းတပင်ရွာမှ ကိုမောင်မောင်စိုးတို့ မိသားစုနှင့် ညောင်ကုန်းရွာမှ ဦးကြက်တော ဒေါ်တင်ရွှေ မိသားစု ၂–ဦးကသာ အလှည့်ဖြင့် တောရဆရာတော်အတွက်

ချက်၍ လောင်းလှူကြသည်။ အများသဘောတူ ဖြစ်သည်။

ယင်းသို့ စီစဉ်ရခြင်းမှာ တောရဆရာတော် မှာသက်တော် ၇၇–နှစ်ရှိလေပြီ။ သက်တော် ၈၀ ပြည့်ရန် နှစ်အနည်းငယ်သာ လိုတော့သည်။ အရွယ် တော်ကြီးပြီ။ ဆရာတော်၏ ဆန္ဒမှာလည်း ဆီများ များနှင့် အပူအစပ်၊ မနှစ်သက် ဘဲဥ ကြက်ဥလုံးဝ မလောင်းလှူရန်၊ အသီးအနှံများများ၊ ခရမ်းချဉ် သီးသုတ်၊ မြင်းခွာရွက်သုတ် စသည်များကိုသာ လောင်းလှူကြရပြီး အသီးများအနေဖြင့် ပန်းသီး လိမ္မော်၊ ငှက်ပျော၊ ဖရဲ သင့်သလိုလောင်းလှူကြ သည်၊ နံနက် ၇–နာရီခန့်မှစ၍ ဆွမ်းဘုန်းပေးလျှင် ၈နာရီကျော်ခန့် အထိ ၁နာရီကျော်မျှကြာ ဖြေးဖြေး ဘုန်းပေးလေ့ရှိသည်၊ ဆွမ်းစားစဉ် အနီး၌ စကား ပြောပြုခြင်းကို ရှောင်ကြရသည်။ တစ်နေ့တာ တစ်ကြိမ်မျှသာ ဘုန်းပေးရသော ဆွမ်းအာဟာရ မျှတစေလိုသဖြင့် အလိုက်သိစွာ ရှောင်ကြရသည်။

ဆွမ်းစားပြီးလေတိုင်း

ဆွမ်းကိစ္စပြီးသည့်နောက် တောရဆရာ တော်သည် သွားကြားထိုးတံဖြင့် ထိုး၍ ပလုပ်ကျင်း ၍ နေသည်မှာလည်း ထုံးစံအတိုင်း အတော်ကြာကြာ ပြုလုပ်သည်၊ စားကြွင်းစားကျန်များ သွားများအကြား မကျန်မရှိစေရန် (ဝိနည်းအရ နေ့လွဲချိန်တိုင် အစာ ယောင်းများ မရှိစေရန်ဟုလည်း ထင်ပါသည်) ကျန်း မာရေးအရ သွားနှင့်ခံတွင်း သန့်ရှင်းရေးအရလည်း ပြုလုပ်သင့်သော အလုပ်ဟု ဆရာတော် ယူဆဟန်ရှိ သည်၊ ဆွမ်းစားပြီးလေတိုင်း နိစ္စဓူဝ = အမြဲပြုလုပ် သည်။

သွားများအားလုံးကောင်း

သို့အတွက် သက်တော် ၈၀–ပြည့်ချိန် နီးသည့်တိုင် သွားများကောင်းနေဆဲဖြစ်သည်၊ နှစ် မကြာမီက သားကြီးဖြစ်သူ ဒေါက်တာခင်မောင်ဦးက အိမ်ဆေးခန်းမှာ သွားတွေစစ်ဆေး သွားဖုံးများ ကောင်းစေရန် ကျောက်များဖယ်ထုတ်၊ သွားဖုံးအ တွက်ဆေးများလှူ သွားပွတ်တံနှင့်သွားတိုက်ဆေး များလှူလိုက်သည်။ အံဆုံးနားတွင် သွားငုတ်တိုတစ် ခုသာရှိသည်၊ ထိုငုတ်တိုကိုနုတ်ပစ်ရန် စီစဉ်သည် တောရဆရာတော်က လက်ခံတော်မမူခဲ့ပါ။

ဒန်ပူထိုးလေ့ရှိ

ဆရာတော် ထိုမျှအထိ သွားများကောင်း သည်မှာ ခံတွင်းသန့်ရှင်း အောင်ထားခြင်းနှင့် ဒန် ပူအမြဲထိုးခြင်းကြောင့်ဟုမိန့်ပါသည်။

သိမ်မှတ်တမ်း ကွန်ပျူတာစီပြီး အခြေအနေ များ တင်ပြ

၃၀၊၁၀၊၉၈ နေ့သိမ်မှတ်တမ်းမှအစ–အား လုံးသောစာများ တင်ပြအစစ်ဆေးခံယူသည်၊ အချို့ စာများကို(စာကြမ်း) မိမိက ဖတ်ရသည်၊ ဆရာတော် က ကွန်ပျူတာစီပြီး စာများကိုကြည့်သည်၊ မှင်နီတံ ဖြင့်ပြင်သည်၊ ဤသို့ဖြင့် တနေကုန်သည်။နတ်မောက် လဲဘုရားတောရဆရာတော်က မိမိတို့ နေ့လည်စာ စားချိန်ဝင်၍ ဖတ်ပေးသည်။ နံနက်စာကို ဆုတောင်း ပြည့်တောရ ဦးကောဝလက စီစဉ်ထားပေးသည်၊

သိမ်မှတ်တမ်းရှေ့မှ ဦးမင်းကြည်နိဒါန်းအ ရှည်ကြီးရေးခြင်း မိမိတို့ ၂ ယောက် ရှည်တာဆူသည်၊ နောက်ဆက်တွဲ(က)ပါလိုက်သေး ဆူပြန်သည်၊ တစ်နေ့တစ်ရက်မှာ ဤသို့ မှတ်တမ်းမရှိလျှင် မှန်းပြီး ပြောနေကြပါလိမ့်မည်ဘုရား၊ သက်တော်ထင်ရှား ရှိစဉ် အစစ်ဆေးခံ/အတည်ပြုချက်ယူပြီး စိတ်ချ

ရသည့်အထောက်အထားများသာ တန်ဖိုးရှိမှာဖြစ်၍ ခွင့်ပြုပေးတော်မူပါ လျှောက်ရသည်။

ညဘက်ဝတ်ဖြည့် နှိပ်နယ်ပေးကြ

ထိုည ဗိုလ်ကြီးခင်မောင်ဇနီး ဒေါ်ကြည်ကြည် လှူသော ဧည့်ဆောင်တိုက်ကျောင်း၌ မိမိနှင့် ဦးစိန်ထွန်းတို့က တောရဆရာတော်ကို ဝတ်ဖြည့်နှိပ်နယ်ပေးကြသည်။

ဦးစိန်ထွန်းမှာ (ဓမ္မာစရိယ) အောင်ပြီး ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ) နှင့် မယားညီအစ်ကိုဖြစ်ကြောင်း၊ တောရဆရာတော် ကျမ်းစာများ ဖတ်ရ၍ အလွန်ကြည်ညိုကြောင်း၊ သို့အတွက် လိုက်ပါလာ ဖူးတွေ့ခြင်းဖြစ်ကြောင်း၊ တပည့်ရင်း ဒကာရင်းအဖြစ် သတ်မှတ်ပါဘုရားဟု လျှောက်၏။

မော်တော်ယာဉ် ဌာနစုမှူးဖြစ်၍ စာတတ်ပေတတ်ဖြစ်၍ ဌာနက ကထိန်အလှူများ အမြဲပင် ဦးဆောင်သူအဖြစ် တာဝန်ယူရကြောင်း ယခုအခါ၌ ကထိန်သင်္ကန်းအလှူ ကထိန် အထမြောက်အောင် လှူရေး အနည်းငယ် ခက်ခဲလာသည်ဟု တွေ့ကြုံခဲ့ရသည်များကို လျှောက်ထား၏။

တောရဆရာတော်မှာ အခြားပုဂ္ဂိုလ်များ၏ အပြစ်ရှုလေ့၊ အပြစ်တင်ပြောဆိုလေ့မရှိ၊ ဟုတ်လား ဒကာကြီးဟုသာ မိန့်တော်မူ၏။

၁၇–ရက်ခရီး ခြေလျင်လျှောက်ခဲ့

ဤသို့ဖြင့် တောရဆရာတော်၏ဘဝ အကြောင်းများ ပြန်ပြောင်းမိန့်ကြားနေသည်ကို စိတ်ဖြင့် လိုက်မှတ်နေကြ၏။ ဆွေစဉ်မျိုးဆက်များ မိန့်၏။ နဘူးကျောင်း ရန်ကင်းတောရကြီးမှနေ၍ ဤ ထန်းတပင် တောရကြီးသို့ ခြေလျင်ခရီးဖြင့် ၁၇–ရက်ကြာ လျှောက်လှမ်းခဲ့ဖူးကြောင်း မိန့်သည်။

လမ်းခရီး တစ်ရွာဝင်တစ်ရွာထွက် ကြုံသလို ဆွမ်းခံစားပြီး အသင့်ပါလာသော သားရေနယ်ခင်း၍ သင့်ရာအရပ်မှာ ကျိန်းစက်ခဲ့ကြောင်း မိန့်ကြားတော်မူသည်။ ထို သားရေနယ်ကို ဆုတောင်းပြည့်ဦးကေဝလ သိမ်းထားဟု ပေးလိုက်သည်။ယခု ကာလကြာတော့ ရှိ၊ မရှိ မသိ၊ ဘယ်ချောင် ရောက်နေပြီလဲ မပြောတတ်ဟု မိန့်သည်။ နှစ်ကာလ နေ့ရက်များ အသံဖမ်းစက်မပါ၊ ရေး၍ မမှတ်ခဲ့မိ၊ နောင်များမှာ ထိုခရီးစဉ်အကြောင်း အသေးစိတ် လျှောက်ထား၍ ရေးမှတ်ဦးမည် စိတ်ကူးသာ ရှိခဲ့သော်လည်း မအောင်မြင်ခဲ့၊ တန်ဖိုးမသိခဲ့၊ ကျွဲ၏ နားသို့ စောင်းကြိုးညှိ၍ တီးခတ်ပြသလို ဖြစ်ခဲ့ရသည်။ တောရဆရာတော်၏ ဘဝအကြောင်း အခြားသော ဆရာတော်များ ရေးကြသည့်အခါ မှတ်သားထားသည် ရှိက ဖတ်ရပါလိမ့်မည်ဟုသာ မျှော်လင့်ရပါတော့သည်။

မိမိ၏ တင်ပြချက်အရမူ ၁၇–ရက်ခရီး လှမ်းကြွပုံ အချိန်တန်ဆွမ်းခံဝင်ပုံ၊ ဗိတ်ကြားထားခြင်းမရှိ၊ တောရဆရာတော်အကြောင်း မသိကြသည့် ရွာစဉ်ရှိ ဒါယိကာ၊ ဒါယိကာမများက မည်သို့ဆောင်ရွက်ကြလေမည်နည်း၊ မည်သို့မည်ပုံ ကျိန်းစက်မည်၊ ခေါင်းအုံးမရှိ စောင်မရှိသော ရဟန်းတော် တစ်ပါးအဖြစ် နေလာခဲ့သည်မှာ ကာလအားဖြင့် နှစ်ပေါင်း ၃၆–နှစ် ရှိခဲ့ပြီဖြစ်၍ ဆင်းရဲမရှိ သည်းခံနိုင်ပုံ၊ ဉာဏ်မျက်လုံးမှာ မြင်အောင်ထင်အောင် နှလုံးသွင်းကြည်ညိုနိုင်ကြပါစေဟုသာ ရေးပြရပါတော့သည်။

ထိုည ညဉ့်အတော်နက် ည ၁–နာရီကျော်မှ ဝတ်ဖြည့်ခံခြင်းကို တော်ပြီ မင်းတို့လည်း အိပ်ကြဟု မိန့်၍ ကြိမ်ဖြင့်လုပ်ထားသော ခေါင်းအုံး ၃–ခု ချထားပေးသည်။ ညောင်ကုန်းရွာက ဦးကြက်တောလည်း အတူလာအိပ်သည်။ နေရောင်ခြည်ဖြင့်

အားသွင်းရသည့်ဆိုလာမီး ၁ ပေချောင်း ထွန်းပေးထားသည်။ မီးမှိတ်လိုကမှိတ်၊ မမှိတ်လိုက မမှိတ်နှင့် မိုးလင်းထားနိုင်ကြောင်း မိန့်သည်။

ထိုညသည် ဆရာတော်အနီးမှာ ဤဘဝ ဤတစ်ည အမှတ်တရအဖြစ် ရင်ထဲမှာ သိမ်းဆည်းထားခဲ့မိသည်။

(အစားပြန်မရနိုင်သော ထိုတစ်ည မှတ်သားစရာတွေများစွာ မိန့်ကြားခဲ့သော ထိုတစ်ညမျိုး နောက်ထပ် ရလိမ့်ဦးမည်။ ရနေလိမ့်မည် အထင်ရှိခဲ့ပါသည်။ ရေပေါ်မှာ အရုပ်ရေးမိသလို ဖြစ်ခဲ့ရသည်။)

(၃၁၊ ၁၀၊ ၉၈) နေ့နံနက် တောရဆရာတော် ဆွမ်းခံ ကျောင်းအပြင်ဘက်ထွက် ကြွရာ ကိုမောင် မောင်စိုးလာ၍ လောင်းလှူပါသည်။ မိမိက နိုင်ငံခြားသံမှူးမှန့်နှင့် ဦးစိန်ထွန်းက ပန်းသီး သစ်သီးဆွမ်း ပန်းသီးလောင်းလှူကြပါသည်။

ပလပ်စတစ်ထုပ်မို့ မသုံးဆောင်ဘဲထား

ဆရာတော် ဆွမ်းစားပြီး၍ သပိတ်မှာ ဆွမ်းကျန်ကို မိမိအနေဖြင့် ဆေးအဖြစ် စားလေ့ရှိခဲ့ရာ မိမိတို့နှစ်ဦးလှူသော မုန့်ထုပ်နှင့် ပန်းသီးထုပ်ကလေးများ မူလအတိုင်းပင် သပိတ်ထဲမှာ ရှိနေပါသည်။ ဦးကြက်တောကို ပြသည့်အခါ 'ခင်ဗျားတို့ နှစ်ယောက် လည်မလိုလို့နဲ့ အတော်အ,တဲ့လူတွေပဲ' ဟု ပြော၏။

ဘာကြောင့် ဘုန်းပေးခြင်း မပြုတာလဲမေးသည့်အခါ 'တောရဆရာတော် သပိတ်ထဲ ဒီအတိုင်း လောင်းရမှာ' မုန့်နှင့် ပန်းသီးကို ဘာဖြစ်လို့ ပလပ်စတစ်နဲ့ ထုပ်ပြီး ချီထောင်ထားလိုက်သေးဆိုတော့ ဆရာတော်ဖြေပြီး ဘယ်ဘုန်းပေးပါ့မလဲ' နောက်ပြီး 'နှစ်ခွက်မြောက် ဖြစ်သွားလို့ ယူဆဟန်ရှိကြောင်း' ပြောပြလေတော့၏။

မှတ်ချက် (၁၊ ၁၁၊ ၉၈) နေ့ ပလပ်စတစ် မထည့်ဘဲ လောင်းသည့်အခါမှ မုန့်နှင့် ပန်းသီးဘုန်းပေးတော့၏။ ဤကိစ္စ တောရဆရာတော်များကို ဆွမ်းလောင်းလျှင် သတိပြုကြပါစေရန် တင်ပြခြင်း ဖြစ်ပါ၏။

(၃၁၊ ၁၀၊ ၉၈) နေ့ ထန်းတပင်တောရကြီးအနီးရှိ ရွှေစေတီတောရဆရာတော် ဦးဣန္ဒသရိယသို့ သွားရောက်ဖူးကြ၏။ ပြက္ခဒိန်လှူ၏။

ဆက်၍ မဟာမြိုင်တောရဆရာတော် ဦးဇောတိကကို ဖူးရန် သွားကြ၏။ ဆရာတော် ဦးဇောတိကမှာ အခန်းတွင်းအောင်း၍ ရှိ၏။ အပြင်မှာ ရေးချိတ်ထားသော စာအရ 'အချိန်တိုင်း အလုပ်ရှိ၏။ ဖူးတွေ့ချိန်မဟုတ်' ဟု ရေးထား၏။ သို့အတွက် ပြက္ခဒိန်နှင့် ဆရာဦးငွေစိုး နဝင်းဆေးတိုက်မှ လှူလိုက်သော ဆေးများ လှူခဲ့ကြောင်း စာရေးလျှောက်ထားခဲ့၏။

မဟာမြိုင်တောရကြီးမှာလည်း သစ်ကြီးဝါးကြီးများဖြင့် တကယ့် တောကြီးဖြစ်၏။ စမ်းချောင်းကလေးဘေးမှာ သောက်ရေတွင်းရှိ၏။ ဆရာတော် ဦးဇောတိက၏ စာများအရ ဟိုးရှေးယခင်က ရိုးမနှစ်ခုကြားမှာရှိသည့် ထိုတောရကြီးသို့ ဒေါင်းတွေလာ၏ ဟု ဖတ်ရဖူး၏။

ထိုနေ့ နေ့လည်ဘက်မှာ သိမ်မှတ်တမ်းရိုက်ရေး အပြီးသတ် အမိန့်များနာခံပြီး ကျမ်းစာ ၂-အုပ်ရေးပြီး ရှိနေတယ်၊ ဆက်ပြီး ရိုက်ပါဒိန့်၏။ လက်ရေးမူ စာ ၂-အုပ်လည်း ပေးအပ်ချီးမြှင့်၏။

ဓမ္မသံယုတ္တ ဂါထာကျမ်းစာနှင့် ဝန္နနာစုံကျမ်းစာ လက်ရေးစာမူများ ပေးအပ်ချီးမြှင့်

တောရဆရာတော်ရေးသားပြီး ပုံနှိပ်ရန် ပေးအပ်ချီးမြှင့်သော ကျမ်းစာ ၂-အုပ်မှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ဓမ္မသံယုတ္တဂါထာ ကျမ်းစာ

(လက်ရေးမူရင်း)

၂။ ဝန္နနာစုံ ကျမ်းစာ

(လက်ရေးမူရင်း) များ ဖြစ်၏။

ဓမ္မသံယုတ္တဂါထာမှာ တောရဆရာတော် လိုက်နာကျင့်သုံးနေသည့် ဝိနည်းတော်လာ သိက္ခာပုဒ်များမှ လိုရာ ကောက်နုတ်ပြုစုထားခြင်း ဖြစ်ကြောင်းနှင့်-

ဝန္နာနာစုံကျမ်းကတော့ ဘုရားရှိခိုး အမျိုးမျိုးလို့လည်း ဆိုနိုင်ပါတယ်၊ လူပုဂ္ဂိုလ်တွေက လျှောက်တယ်၊ ရဟန်းတွေအတွက်သာ ရေးနေတယ်၊ လူတွေအတွက်လည်း ရေးပါဦးဘုရားလို့ လျှောက်ကြလို့ ဟု မိန့်၏။ မြတ်စွာဘုရား ပါရမီတော်တွေ ဖြည့်ကျင့်ခဲ့ပုံတွေနှင့် လက်ဝဲရံ လက်ျာရံ ရဟန္တာ အရှင်မြတ်ကြီးများ ဧတဒဂ်ပိုင်ရှင်များ ဂုဏ်ထူးဝိသေသများပါ လင်္ကာစီထားသော ကျမ်းစာငယ် ဖြစ်ပါ၏။

ထိုကျမ်းစာ ၂-အုပ်ကို အတူပါသူ ဦးစိန်ထွန်းနှင့်အတူ ဖတ်ကြ၏။ ဦးစိန်ထွန်းက ဓမ္မသံယုတ္တဂါထာ စာပိုဒ်များနှင့် တောရဆရာတော် နေထိုင်ပုံ၊ သီတင်းသုံးပုံ၊ အခန်းတွင်းမှာ ကုတင်ငယ် အနိမ့်ကလေးတစ်ခု မက်မောလောက်စရာ ပစ္စည်း တစ်စုံတစ်ရာ မတွေ့မမြင်ရ ဟိတ်ဟန်တွေ မပါ။ မိမိကိုယ်ကို မိမိ ဂုဏ်မြောက်သည့်စကား အမွှန်းတင်သည့် စကား တစ်စုံတစ်ရာ မမိန့်မကြား၊ ရိုးရိုးသားသားကျင့်ကြံပုံများကို အနီးကပ် လေ့လာဖူးမြင်ရသောအခါ ဤတောရကို လိုက်လာမိတာ တစ်သက်တစ်ခါ အလွန်ကို ဝမ်းသာလွန်းလို့ ကြည်နူးလွန်းလို့ သည်တော၊ သည်တောင်နှင့် သည်ဆရာတော်မျိုး သူ့အလိုအလျောက်ဆို မရောက်နိုင်၊ ဖူးခွင့်မရနိုင် ကျေးဇူးတင်ကြောင်း တဖွဖွပြော၏။ ဦးစိန်ထွန်းမှာ မိမိထက် ၅-နှစ်ခန့်ကြီး၍ မိမိက အစ်ကိုကြီးဟု ခေါ်၏။ 'ဦးမင်းကြည် ဆရာတော် ကျမ်းစာတွေမှာ နိဒါန်းရေးလို့ ဖတ်ရစဉ်ကပင် ကြည်ညိုနေတာ'၊ 'အခုတော့ လက်တွေ့ဖူးရတော့မှ စာထဲမှာထက် ပိုတောင်နေသေး၊ မြင်သမျှ ကြည်ညိုစရာတွေချည်းပဲ ဖြစ်နေတယ်' ဟု ပြော၏။

'ဦးမင်းကြည် ဒီတောရကို မရောက်ဖူးသေးတာ အလွန်စိတ်မကောင်းဖြစ်မိတယ်၊ ၎င်းအနေဖြင့် ကံကောင်းထောက်မလို့ ရောက်ဖြစ်တော့တယ်၊ ဝန်ထမ်းဖြစ်ရတော့ ခွင့်က ရှည်ရှည်မရ။ ၂-ညအိပ်ပြီး ပြန်ရတော့မည်' ပြောနေပြန်၏။

ဒုတိယညဝတ်ဖြည့်ကြ

(၃၁၊ ၁၀၊ ၉၈) ညလည်း ယမန်နေ့ညကဲ့သို့ မိမိတို့နှစ်ဦး တောရဆရာတော်ကို ဝတ်ဖြည့်ကြ၏။ တောရဆရာတော်၏ဘဝခရီးတွေ ခြေလျင်များခဲ့ကြောင်း ဓမ္မသံယုတ္တဂါထာပါ စာအတိုင်း မြတ်စွာဘုရားလည်း ခြေလျင်ကြွ၊ တောမှာသာ မွေး၊ တောမှာ တရားကျင့်၊ တောမှာပင် ပရိနိဗ္ဗာန်ဝင်၊ တောသည် မြတ်စွာဘုရားပေးခဲ့သည့် အမွေပစ္စည်း ဖြစ်လို့ တောမှာ ချမ်းသာကြောင်း ဘယ်ချမ်းသာနဲ့မှ မတူကြောင်း မိန့်၏။

သပိတ်တစ်လုံး သင်္ကန်းသုံးထည်နှင့် ခရီးတွေကြွနေတာ၊ လမ်းမှာ ဆွမ်းမရလို့ ဆွမ်းမဘုန်းပေးခဲ့ရသည့်ရက်များ ရှိခဲ့ပါသလား ဟု ဦးစိန်ထွန်းက လျှောက်၏။

တရားစောင့်သူကို တရားက စောင့်ပါသည်

'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ' ဆိုတာ တကယ်မှန်တယ် ဒကာကြီးဟု တောရဆရာတော်က (ဓမ္မော= တရားတော်သည်၊ ဓမ္မစာရိ= တရားကျင့်သုံးသူကို၊ ဟဝေ= စင်စစ်၊ ရက္ခတိ= စောင့်ရှောက်ပေးတတ်၏။) မိန့်ကြားဖြေဆို၏။

ကာလတစ်ခုမှာ မော်လမြိုင်က မုဒ္ဒုမဘက်ကူးပြီး ရထားနှင့် ရန်ကုန်ပြန်လာတယ်၊ လမ်းခရီးအကြား ရွာမနီး လယ်ကွင်းတွေသာ ရှိတဲ့ အရပ်မှာ ရထားကပျက်တယ်။

နံနက် ၁၁–နာရီလောက်အထိ ရထားက မထွက်နိုင်ဘူး၊ ဆွမ်းထွက်ခံဖို့ဆိုတာလည်း မမြင်ဘူး၊ ဒီနေ့တော့ သပိတ်ရေဆေး သောက်ပြီး အာဟာရမျှဖို့ ရှိတော့တာပဲဟု စိတ်မှာ ဖြစ်နေသည်ဆို၏။

ထိုစဉ်မှာပင် ခရီးသွား ရထားမှာပါလာသူ ဒါယိကာမတစ်ဦးက သပိတ်တစ်လုံးနှင့် သက်နံးရုံထားတဲ့ 'သည်ဘုန်းကြီးကို အရှင်ဘုရား ဆွမ်းချိန်နီးနေပါပြီ၊ ဆွမ်းပါမယ် မထင်ပါဘူး၊ တပည့်တော်ချိုင့်မှာ ဆွမ်းပါလာတာ လောင်းလှူပါရစေဘုရားဟု လျှောက်ပြီး လှူတယ်' ဟု မိန့်၏။

(မိမိက လောကကြီးမှာ မမြင်နိုင်တဲ့ စွမ်းအားတွေရှိတယ်ဆိုတာ သိပ်မှန်တာပဲဟု နှလုံးသွင်းနေမိတော့၏)။

မန်လည်ဆရာတော်ဘုရားကြီးကလည်း အောက်ပါအတိုင်း မိန့်ဆို ရေးသားခဲ့သည်ကို အမှတ်ရမိပါ၏။ အောက်၌ ဖော်ပြလိုက်ပါ၏။

'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိ'၊
တရားမထောင့်၊ မမှားစောင့်က၊
စောင့်သည့်တရား၊ စောင့်သူအားကို၊
မမှားဆတ်ဆတ် စောင့်သတတ်တည်း ။
(မဃဒေဝ)

ဟူ၍ ဖြစ်ပါ၏။ ထိုညလည်း ၁၂–နာရီကျော်မှ ကပ်လျက်ရှိသော ဒေါ်စောညွန့်ကျောင်းဆောင်သို့ ဆရာတော် ပြန်ကြွ၏။ မိမိနှင့် ဦးစိန်ထွန်း ဦးကြက်တောတို့အတူ အိပ်ကြ၏။

ဆွမ်းခံပြီး နေထွက်ချိန် အမြဲကြည့်ရှုတော်မူ

(၁၊ ၁၁၊ ၉၈) နံနက် အာရုံဆွမ်းလောင်းလှူရာသို့ မိမိတို့ ၂–ယောက် မုန့်နှင့် သစ်သီးဆွမ်း ပုဂံငယ်များတွင်ထည့်၍ ဆရာတော် သပိတ်ထဲသို့ လောင်းလှူကြ၏။ တောရဆရာတော်က ဆွမ်းခံပြီး အရှေ့က အရုဏ်လာသည့်တိုင် နေကို ရပ်ပြီး ကြည့်နေ၏။ လက်မှ နာရီကိုလည်း မကြာမကြာ ကြည့်နေ၏။ အရုဏ်လာ၊ နေထွက်၊ နာရီမှတ်နေ၏။ ယင်းသို့ပြုခြင်းမှာ တစ်နေ့ တစ်ရက် မဟုတ်၊ နံနက်တိုင်း ရောက်သည့်အရပ်မှာ ကြည့်၍ မှတ်၏။ မွန်းတည့်ချိန်၊ နေဝင်ချိန်များ နာရီနှင့် တိုက်ဆိုင်မှတ်၏။ သီတင်းသုံးသည့် တောရတိုင်းမှာ နေနာရီလည်းထား၏။ တိုင်ကပ်နာရီ အိတ်ဆောင်နာရီ လှူသူတွေများလှ၏။

ရှိခိုးကန်တော့ကြပြီး

နံနက် ၈–နာရီခန့် ဆွမ်းစားပြီးနောက် တောရဆရာတော်၏ ဆွမ်းကျန်ကို နှစ်ယောက်သား စားကြ၏။ ဆေးအဖြစ် အမှတ်ထား၍ စားခြင်းဖြစ်၏။ မိမိတို့၏ဘဝက ထိုမျှဖြင့် ဝမ်းသာကျေနပ်နေ၏။ ဆရာတော်၏ မျက်နှာမှ ခြေထောက်အထိ ဖူး၍ မိမိတို့နှစ်ဦးသား ဆရာတော်၏ ခြေဖမိုးကို ဦးခေါင်းဖြင့် တိုက်၍ ရှိခိုးကန်တော့ကြ၏။ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာကို ရလို ရောက်လိုပါ၏ဟုလည်း နှုတ်က ဆိုကြ၏။

'တောရဆရာတော်က ကျန်းမာ ချမ်းသာကြစေ၊ မင်းတို့ဆုတောင်းသည့်အတိုင်း ပြည့်ပါစေ' မိန့်ကြား၏။

ဆွမ်းခံရာမှ လှူလိုက်သော သီးမွှေးနှင့်ရှေ့ငှက်ပျောသီး ၂–လုံး လမ်းမှာ စားကြဟု မှတ်မှတ်ရရ ဖွန့်ပေးချီးမြှင့်လိုက်သေး၏။

နံနက် ၉–နာရီတွင် ထန်းတပင်တောရကြီးနှင့် တောရများသို့ ဆွမ်းလောင်းလာသော ကားကြုံဖြင့် ပျဉ်းမနားသို့ လိုက်လာခဲ့ကြ၏။ အဝေးကမြင်ရသော တောရကြီးနှင့် တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေတော့၏။ ဘဝတစ်ခုခွဲ ခဏကြုံ၍ ခဏကလေးဆုံ၊ တစ်ခဏမှာပဲ ခွဲကြရပေသည်ဟု သံဝေဂဉာဏ်ဖြစ်မိပါ၏။ မိမိအနေဖြင့် ထိုသံဝေဂဉာဏ်သည်ပင် ခဏတာ ဖြစ်ခြင်းမျှသာဖြစ်၍ ရေမှော်ကွဲသို့ အမြဲပြန်ဖုံးလာသော နီဝရဏ လူ့ဝတ်ကြောင်ဘဝက ရှေ့မတက်၊ ဆရာတော်အနားမှာ ရဟန်းဘဝဖြင့် ရောက်မနေ၊ သွားလိုက် ပြန်လိုက် တပည့်တစ်ဦးအဖြစ်သာ နေ၍ သံသရာခရီးမဆုံးဘယ်မျှ လျှောက်ရလေဦးမည် မသိယောင်တကား။

ယခုနေပြည်တော် ပျဉ်းမနားက အမှတ်တရ ရှမ်းကန်

ထိုနေ့ နံနက်ပိုင်း ဦးချို့ဝင်း+ဒေါ်ကြေးမုံ ရန်နိုင်စားတော်ဆက်အိမ်သို့ ရောက်ကြ၏။ နံနက်စာကို ကောင်းစွာ ကျွေးကြ၏။ ဦးစိန်ထွန်းက မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဗိုလ်ကြီးထွန်းဦးနှင့် တွေ့လို၍ သွားကြ၏။ ယခင် ကုန်းလမ်းပို့ဆောင်ရေးမှာ အတူ အလုပ်လုပ်ခဲ့၍ အထက်အရာရှိဖြစ်ခဲ့ဖူး၍၊ သွားတွေ့ကြခြင်းဖြစ်၏။ မိမိကမူ ယခုနေပြည်တော် ပျဉ်းမနားရောက်လျှင် ရှမ်းကန်ကို ပတ်၍ ကြည့်ရသေး၏။ ရှမ်းကန်တူးစဉ် အထက (၂) ကျောင်းသားဘဝ လုပ်အားပေးခြင်းကို အမှတ်ရ၍ ဖြစ်၏၊ ထမင်းထုပ်စားရသည်ကိုလည်း အပျော်ကြီးပျော်ခဲ့၏။

ရန်ကုန်သို့ ပြန်လာကြ

(၁၊ ၁၁၊ ၉၈) နေ့ညနေ ၃–နာရီ ၃၀–မိနစ် ကုန်းလမ်းပို့ဆောင်ရေးကားဖြင့် ယခုနေပြည်တော် ပျဉ်းမနားမှ ရန်ကုန် လက်မှတ် ၃၅၀/မျှသာ မိမိအတွက် ပေးရပြီး ဦးစိန်ထွန်းအတွက် လက်မှတ်မလို (ထိုဌာန၏ မော်တော်ယာဉ်ဌာနမှူးဖြစ်၍) ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။ ထူးခြားချက်မှာ တောင်ငူမြို့၌ မော်တော်ကား အသွားအပြန်ရပ်နားတိုင်း ထမင်းဆိုင်က သီးခြားအခန်းမှာ ကုန်းလမ်းယာဉ်မှူးနှင့် နောက်လိုက်တို့အား ဧည့်ခံကျွေးမွေးသည်ကို မိမိတို့နှစ်ဦးပါ ဧည့်သည်အဖြစ် ဝင်စားခဲ့ရခြင်းဖြစ်၏။ အစ်ကိုကြီး ဦးစိန်ထွန်းအပေါ် ယာဉ်မှူးများက လေးစားချစ်ခင်ကြ၍ ကျွေးမွေးခြင်းဟု နားလည်မိပါ၏။

ကျမ်းစာများ ရိုက်နှိပ်ရေး ဆောင်ရွက်

(၂၊ ၁၁၊ ၉၈) ရန်ကုန်သို့ ပြန်ရောက်သည်နှင့် တောရဆရာတော်၏ သိမ် (၁၀၀) မှတ်တမ်း၊ မွေသံယုတ္တဂါထာနှင့် ဝန္ဒနာစုံကျမ်းစာ သုံးအုပ်စာမူများ ပြုလုပ်မာတိကာများထည့်ရန် စာကြမ်း/စာချောနိဒါန်းများ ထည့်ရေး၊ ကျမ်းစာရိုက်နှိပ်ခ အလှူပါဝင်နိုင်ကြရေး နိုးဆော်စာပို့ခြင်းများ ဆက်တိုက်ပြေးလွှားဆောင်ရွက်ရလေသည်။

နိဒါန်းရေးသူ ဦးမင်းကြည်မှာ မန္တလေးမြို့ရှိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးတွင် သာသနာရေး ဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးတာဝန်

ဖြင့် သွားရောက်နေရ၍ စာဖြင့် တစ်မျိုး၊ ဖုန်းဖြင့်တစ်လှည့်၊ လူကြုံဖြင့် တစ်ဖုံ ဆက်သွယ်ဆောင်ရွက်ရ၏။ ထုက်ဝေသူအဖြစ်လည်း ဦးမင်းကြည် လက်မှတ်ထိုး လျှောက်ထားနေကြအတိုင်း ပုံစံများပို့ရ၏။ ပုံနှိပ်ခြင်းကင်းလွတ်ခွင့် ထောက်ခံစာအတွက် ညွှန်ကြားရေးမှူး ဗိုလ်မှူးထင်မျိုးထံ သွားရောက်တင်ပြရ၏။ ဦးမျိုးညွန့် ၃၉–လမ်း၊ ကွန်ပျူတာနှင့် ပုံနှိပ်တိုက် ဦးထွန်းခင် (ဓမ္မထွန်း အော့ဖ်ဆက်) ၃–ရပ်ကွက်၊ သာကေတမြို့တို့နှင့်လည်း ပုံနှိပ်ခဈေး စာရွက်ဈေး အမြဲဆွေးနွေးတိုင်ပင်ရ၏။

စာမူများ သုံးစုံ ဖိုင်တွဲများဖွင့် ဝက်ဘာလမ်း၊ ဗဟန်းမြို့နယ်ရှိ စာပေစိစစ်ရေးရုံးသို့ ဦးစွာ တင်ပြရ၏။

ထို့နောက် ထိုဌာနမှ မှတ်ချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန စာပေစိစစ်ရေးဌာန ဦးထွန်းရွှေ၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးသို့ ပို့၍ တင်ပြလျှောက်ထားရ၏။

မဇ္ဈိမ်ယုတ္တဂါထာ ကျမ်းစာ ခွင့်ပြုမိန့်ရရေးအတွက် လျှောက်ထားသူ ဦးမင်းကြည်မှာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အရာရှိတစ်ဦးဖြစ်ခြင်း၊ တောရဆရာတော်ကြီးမှာ ဓုတင်ဆောင်မထေရ်များအတွက် သီးသန့်ရေးသားခြင်း သဘောမျိုးဖြစ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအနေဖြင့်လည်း တောရဆရာတော်ကြီး၏ ဂုဏ်သတင်းအပေါ် ကြည်ညိုကြခြင်း ရှိတော်မူ၍ စာမူပုံနှိပ်ခွင့်ရခြင်းဖြစ်လေသည်။

ဆရာတော်ထံမှ စာ ၂–စောင်

မဇ္ဈိမ်ယုတ္တဂါထာ ကျမ်းစာပါ စာပိုဒ်များ ဖတ်ရှုလေ့လာပြီး ခေါင်းစီးစာများ စာကြမ်းထုတ်ရ၏။ မာတိကာစဉ်ရ၍ တောရဆရာတော်ထံ သဘောတူချက် တောင်းရ၏။ ကွန်ပျူတာစီပြီး စာစစ်ပေးရန် ဆရာတော်သို့ တင်ပြရာ၌ ဂါထာများ၌ 'ပထျာဝတ္တကို ဝိပုလ' ဟု ပြင်ဆင်ချက် မကြိုက်ကြောင်း မူလအတိုင်းထားရန် တောရဆရာတော်ထံမှ မိမိနှင့် စာပြင်ဆရာသို့ တောရဆရာတော်ကိုယ်တိုင် လက်ရေးဖြင့် ပို့သော (၂၁၊ ၃၊ ၉၉) ရက်စွဲပါစာနှစ်ရွက်ကို စာရှုသူပုဂ္ဂိုလ်များ ဖတ်ရှုနိုင်ကြစေရန် ***မိတ္တူကူး၍*** ဤနေရာ၌ တင်ပြလိုက်ပါ၏။ စာပြင်ဆရာသို့ ပေးသောစာကို ဖတ်ရှုကြည့်ပါက တောရဆရာတော်၏ ပဋိဘာန်ဉာဏ် အတိမ်အနက်ကို သိနိုင်ရာပါ၏။

ကျမ်းစာများရိုက်ရေး အဓိကအလှူငွေပို့သူများ

ကျမ်းစာများ ရိုက်နှိပ်ရေးအတွက် အဓိက ဦးဆောင်၍ အလှူငွေပေးပို့သူများမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

၁။ ဦးအောင်လင်း ပွဲရုံနှင့် နီလာလင်းရွှေဆိုင် ရမည်းသင်းမြို့၊

၂။ ဦးအောင်ခ ဒေါ်င်းမင်း ဆီစက်နှင့် ပွဲရုံ တပ်ကုန်းမြို့၊

၃။ အစ်မဒေါ်အုန်းကြင် ညီ – ဦးကျော်ညွန့် ကံကြီးရွာ ရမည်းသင်းမြို့နယ်၊

၄။ ဦးတင်အောင် (ဦးပဏ္ဍိတ၏ ခမည်းတော်) နဘူးကျင်းရွာ ရမည်းသင်းမြို့နယ်၊

၅။ ဦးဘိုးရှိန် သရက်ကန်ရွာနှင့် အလှူရှင်များ ရမည်းသင်းမြို့နယ်၊

၆။ ဦးစံမိ ရမ်းကန်တဲစုနှင့် အလှူရှင်များ ရမည်းသင်းမြို့နယ်၊

၇။ ဦးရိုဝင်း+ ဒေါ်ကြေးမုံ ရန်နိုင်စားတော်ဆက် ပျဉ်းမနားမြို့၊

၈။ ဗိုလ်ကြီးခင်မောင်+ဒေါ်ကြည်ကြည် ရွှေရိုးရပ် ပျဉ်းမနားမြို့၊ ယခုနေပြည်တော်

၉။ ဦးကောင်းတည် + ဒေါ်ကြည်ဝင်း ပွဲရုံနှင့် ဆီစက် လယ်ဝေးမြို့၊ ယခုနေပြည်တော်

၁၀။ ဦးခင်ဇော်+ဒေါ်ဝင်းရီ စိန်ရွှေရတနာ ကုန်သည် လယ်ဝေးမြို့၊ ယခုနေပြည်တော်

၁၁။ ဆရာဦးကျော်မြင့်+ဒေါ်လှမြင့် ဆေးရုံ ရပ်ကွက် ဖြူးမြို့၊

၁၂။ ဦးသိမ်းဆောင်+ဒေါ်ခင်တင့် ထွန်းလင်း (သွား/ခံတွင်း) ဆေးခန်း သာကေတမြို့၊

၁၃။ ဦးညွန့်လှိုင် + ဒေါ်ခင်လွှမ်း မိသားစု ရန်ကုန်မြို့၊

၁၄။ ဦးတင်ဝင်း+ ဒေါ်ခင်မိုးရီ မိသားစုနှင့် အလှူရှင်များ ရန်ကုန်မြို့၊

၁၅။ ဒေါ်တင်တင် ရဟန်းအစ်မနှင့် သားသမီးများ ရန်ကုန်မြို့၊

၁၆။ ဆရာကြီးဦးမျိုးအောင် မင်္ဂလာဒုံမြို့နယ်နှင့် အလှူရှင်များ မင်္ဂလာဒုံမြို့၊

၁၇။ ဦးကြည်စိုး+ဒေါ်အုန်းကြည် မိသားစု အလှူရှင်များ သာကေတမြို့၊

၁၈။ ဦးကျင်ရွှေနှင့် အလှူရှင်များ လဲဘူးရွာ နတ်မောက်မြို့နယ်၊

ထို ဦးဆောင်ပုဂ္ဂိုလ်များမှ စုဆောင်း၍ ပို့လှူခဲ့ကြခြင်းဖြစ်ပါသည်။

တောရဆရာတော်အား ကြည်ညိုလွန်းလို့ လှူကြခြင်းဖြစ်

ဖော်ပြခဲ့သော အဓိကဦးဆောင် အလှူငွေ ပေးပို့သူများနှင့် ဒေသမြို့ရွာအလိုက် ကျမ်းစာရိုက်နှိပ်ရေး ပေးလှူကြသူများမှာ တောရဆရာတော် အပေါ် အလွန်ကြည်ညိုလွန်းလို့ လှူကြခြင်းဖြစ်၏။ ကျမ်းစာများမှာ တစ်ပြိုင်နက်တည်း သုံးအုပ်ရိုက်မည် ဖြစ်၍ ခေါင်းစဉ်ခွဲ စာရေးတင်ပြရ၏။

ဦးဆောင်သူများနှင့် အလှူရှင်များ စာရင်းကို ကျမ်းစာနောက်ပိုင်းမှာ အမည်နေရပ် လှူငွေများပါ စာရင်းပြလျက် အမြဲဖော်ပြပေးခဲ့၏။

ကျမ်းစာရိုက်ရေး ပြေးလွှားခဲ့

မိမိမှာ ၁၉၉၉–ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများ၌ ကျမ်းစာသုံးအုပ် ရိုက်နှိပ်နိုင်ရေးအတွက် ကမ္ဘာအေး သာသနာရေး ဦးစီးဌာနဦးထွန်းရွှေထံ၊ ဗဟန်းစာပေစိစစ်ရေး ဌာနများနှင့် ၃၉–လမ်း၊ ကွန်ပျူတာ ကိုမျိုးညွန့်နှင့် တပည့် မသီတာတို့ထံ နေ့စဉ်ပြေးလွှား၍ မမောနိုင် မပန်းနိုင် ဆောင်ရွက်နေခဲ့၏။

ကမ္ဘာအေးသို့ လိုင်းကား ၄၉–စီး၍လည်းကောင်း၊ မြို့တွင်းသို့ ကြုံရာဘတ်စ်ကားစီး၍ လည်းကောင်း၊ နေ့လည်ဘက် အိပ်နေ နားနေ၍ မဖြစ်၊ ကုသိုလ်ယူခြင်းအဆင့်မျှသာ ရှက်ဆောင်နိုင်သူအတွက် တရားကိုလည်း တွင်တွင် ရှုမှတ်နိုင်ခြင်း မရှိလျှင် မြဲသောဂတိမရှိနိုင် အပါယ်ဒုဂ္ဂတိ ဘေးမ ရောက်ရေး လုပ်ရတာ၊ မိမိအတွက် မိမိလုပ်ရတာပု ကြည်နူးစိတ် ဝမ်းသာစိတ်များဖြင့် ဆောင်ရွက်နေခဲ့၏။ ဆရာတော်ကဲ့သို့ မကျင့်နိုင်သေး၊ သာသနာတည်ရေးကိုဖြင့် လုပ်ပေးရမည်ဟု ခံယူထား၏။

စာပြင်ဆရာထံသို့

[illegible]

စာပြင်ဆရာထံသို့ တောရဆရာတော် ရေးသားပေးပို့သည့်စာ

သို့ မောင်သိမ်းဆောင် - (၁၂-၃-၉၉)

[illegible]

၁၂.၃.၉၉ ရက်စွဲပါ သို့ မောင်သိမ်းဆောင် ဟု တောရဆရာတော် ရေးပို့သည့်စာ

မမျှော်လင့်ဘဲ ရန်ကုန်ဆေးရုံကြီးသို့ တက်ရ

၁၃၆၀-ခု၊ သင်္ကြန်အကြိုနေ့ (၁၃၊ ၄၊ ၉၉) နေ့ နံနက်ပိုင်း ၃၉-လမ်း ကိုမျိုးညွန့်နှင့် မမွှေသံယုတ္တာ ကျမ်းစာနှင့် ဝန္ဒနာစုကျမ်းစာ ဖလင်များ ပြုလုပ်ရန် ချိန်းဆိုထားရာသို့ သွားရန်ရှိ၍ ပဲပြုတ်နံပြား စားသည်။ သင်္ကြန်အကြို ရေလောင်းခံရသည်။ မမျှော်လင့်ဘဲ အောင့်လာသည်။ မခံမရပ်နိုင်အောင်ဖြစ်၍ ဒေါက်တာဦးသန်းဝင်းညွန့်၊ ဒေါက်တာ ဦးသောင်းဝင်း၊ သားကြီးဒေါက်တာ ခင်မောင်ဦး၏ သူငယ်ချင်းများ ကြည့်ရှု ကုသပေးကြသည်။ မသက်သာ စိုးရိမ်ကြသည်။ ရန်ကုန် ဆေးရုံကြီးသို့ ဒေါက်တာ ဦးသောင်းဝင်း ကားဖြင့် ပို့သည်။

ဒေါက်တာဦးသန်းဝင်းညွန့်နှင့် အရေးပေါ်မှ ဆရာဝန်များ မနေမနား ပိုင်းဝန်း စမ်းသပ်ကုသပေးကြသည်။ ည ၁၂-နာရီကျော်မှ အနည်းငယ် သက်သာခွင့်ရသည်။

အခန်း ၁၃-၁၄သို့ တင်ပေးကြသည် သင်္ကြန်ရက် ရောဂါရှာဖွေရေး ပြုလုပ်ပေးကြသည်။

အသည်းအနာဖြစ်နေသည်

သင်္ကြန်ပြီးအနည်းငယ်သက်သာလာသဖြင့် ဆေးရုံမှ ဆင်းရမည်ထင်ခဲ့သည်၊ ပါမောက္ခဆရာဝန်ကြီးဒေါက်တာဦးကြည်စိုးက ထပ်မံကြည့်ရှုသည်၊ မျက်စိများဝါနေသေးသည်၊ 'သုံးနှစ်ဆက်တိုက်အောင့်ခဲ့ဘူးတယ်ဆိုတော့ အသည်းကိုထပ်မံ၍စစ်ကြည့်ပါမိန့်သည်' သိုပြင့်ဆေးရုံကြီး (Ultrasound) ဖြင့်ထပ်မံစစ်ဆေးသည်၊ အသည်းအနာ ဖြစ်နေသည် အဖြေထွက်သည်၊ ကွန်ပျူတာဖြင့် အမြန်ကြေး ပေး၍ စစ်သည်၊ အသည်း၏ သုံးပုံ-တစ်ပုံတွင် အနာဖြစ်နေသည် ဟုအဖြေထွက်သည်။

စိဝိတဒါနသံဃာ့ဆေးရုံကြီး ဗဟန်းတွင် (Ultrasound) ဖြင့်ထပ်မံ၍ ဓာတ်မှန်ဘက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးစောကျော်အောင် (Radiologists) နှင့် ထပ်၍ အစစ်ခံသည်။

ပထမစစ်ဆေးချက် ဒုတိယစစ်ဆေးချက်များအတိုင်း အသည်းအနာဖြစ်နေသည်ဟု အဖြေထွက်သည်။ သုံးပုံတစ်ပုံကို ဖြတ်ရမည်။

၆-လသာ အသက်ရှင်နိုင်

ပါမောက္ခ ဆရာဝန်ကြီးများက စင်္ကာပူသွားကုနိုင်မလားမေးသည်။ သွားရန်ငွေမရှိပါ။ သားကြီးကဖြေရသည်။ မခွဲလျှင်၆-လသာ အသက်ရှင် နိုင်သည်။ ခန့်မှန်းပါသည်ဟု ဆရာဝန်ကြီးက ပြောသည်။

ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဦးသန်းထွန်းစိန်(ရမည်းသင်းအမျိုးတော်သူ) လာသည်။ သားကြီးဒေါက်တာ ခင်မောင်ဦးနှင့်အတူ ပါမောက္ခ ဆရာကြီး ဒေါက်တာဦးကြည်စိုးကို ဝင်တွေ့သည်။ ဆရာကြီး၏ စေတနာမေတ္တာအရ ပါမောက္ခ ဆရာကြီးဦးရဲမြင့်ကို သွားတွေ့ကြပါ၊ ရန်ကုန်ဆေးရုံကြီးပေါ်မှာပဲ ခွဲစိတ်ပါ၊ ညွှန်ပြမိန့်ကြား၍ ခွင့်ပြုခဲ့သည်။ မေတ္တာကြီးမား ကျေးဇူးများလှပါသည်။

နှလုံးရောဂါပါဖြစ်လာ

ထိုစဉ် အသက်ရှူရသည်မှာ မကောင်း၍ ဆရာဝန်ကြီးဦးရှားကိုးက ကြည့်ရှုပေးရပြန်သည်။ ဆေးရုံကြီး နှလုံးရောဂါဌာန ဒေါက်တာဦးမျိုးဝင်း (Cardiologists) နှင့် သွားရောက်ပြရပြန်သည်။

ရောဂါတစ်ခု ဖြစ်ပြီဆိုသည်နှင့် နောက်ဆက်တွဲရောဂါများပါ ပူးတွဲ၍ ပေါ်လာကြသည်။

မိမိမှာ ရတနာသုံးပါးနှင့် ဆရာသမားများ ဂုဏ်ကျေးဇူးကိုအာရုံပြုလျက် ခန္ဓာရလျှင် ဒုက္ခသစ္စာဆိုသည်ကို မမေ့မလျော့မူ၍ ဓမ္မစကြာသုတ်မှ ဒုက္ခအရိယသစ္စာ၏ ပါဠိကို အမြဲရွတ်ဆို နှလုံးသွင်းနေရတော့သည်။ အနတ္တလက္ခဏာသုတ်ပါ သဘောတရားများကို မြတ်ဗုဒ္ဓပဉ္စဝဂ္ဂီငါးဦးသို့ မိန့်ကြားခဲ့ပုံများကို ညဏ်မျက်လုံးဖြင့် မြင်အောင်ကြည့်နေမိသည်။ မပိုင်အစိုးမရသည့် ဤခန္ဓာနှင့် ခွဲခွာကောင်း ခွဲခွာရပေလိမ့်မည်ဟု အာနာပါန သတိ ကမ္မဋ္ဌာန်းကို သတိထား၍ မှတ်နေမိသည်။

ဆွေမျိုးမိတ်သင်္ဂဟများ ဝိုင်းအုံ၍လာ

မိမိ၏ ကျန်းမာရေး အခြေအနေမကောင်းကြောင်း သတင်းကြောင့် အစ်မဒေါ်အုန်းကြင် ညီမောင်ကျော်ညွန့်၊ ကျားကူးဓမ္မဗိမာန်ဆရာတော်ဦးနန္ဒသိရီ၊ အစ်ကိုကြီးဦးမင်းကြည် ယခုနေပြည်တော်တပ်ကုန်း ဒေါ်ခင်မင်းဆီစက် အစ်ကိုကြီးဦးအောင်ခနှင့် မိတ်သင်္ဂဟများစွာ နေ့စဉ်လာကြသည်။ ညီကိုညွန့်လှိုင်ကို မကြာခဏလာပါ ကျမ်းစာတွေ ရိုက်ရေး ပြောရသည်။

အစ်ကိုကြီး ဦးအောင်ခမှာ မကြာခဏ အမြဲလာသဖြင့် တောရဆရာတော်ထံ အခြေအနေ အမြဲလျှောက်သည်။ 'မေတ္တာပို့ပေး အသက်ရှည်ပါစေ ဆုတောင်းပေးပါဘုရား' ဟု ကိုယ်တိုင် စာရေးပေးလိုက်သည်။

ဦးထွန်းခင်ပုံနှိပ်တိုက်နှင့် ကွန်ပျူတာကိုမျိုးညွန့်တို့အား ဓမ္မသံယုတ္တဂါထာနှင့် ဝန္ဒာစုံကျမ်းအမြန်ပြီးအောင် ရိုက်ပေးပါ။ စနီးထံမှ ကျသင့်ငွေလက်မှတ်ထိုးယူကြပါ မေတ္တာရပ်ခံရသည်။ ဦးထွန်းခင်၏ သားမင်းကိုနိုင်နိုင် နေ့စဉ်လာခဲ့ပါ၊ ကျမ်းစာများ မိမိလိုချင်တဲ့ပုံစံ ခေတ်ပုံမှအစ စီစဉ်သူ မိမိအနေဖြင့် ခွဲစိတ်မှုခံယူရင်း သေသွားခဲ့လျှင် လုပ်လက်စ ကျမ်းစာများပြီးအောင် ရိုက်ပေးကြပါဟု မှာနေမိသည်။

မိမိ သေသွားခဲ့လျှင် သားကြီးနှင့်ဇနီးက ပြီးအောင် ပုံနှိပ်ကြပြီး တောရဆရာတော်ထံ ကျမ်းစာများ ပို့ပေးကြပါဟု မှာရသည်။

ခွဲစိတ်ခံရန် သင့်/မသင့် ချီတုံချတုံ ဖြစ်နေကြ

အသည်းအနာဖြစ်ပြီဆိုသည်နှင့် 'အသည်းကင်ဆာ' ဖြစ်နိုင်ပါသည်။ သို့အတွက် ဇနီးနှင့်သားသမီးများ ဆွေမျိုးများက ခွဲလိုက်လို့ ၆–လတောင် မနေ၊ သေသွားရသည် ဖြစ်မှာစိုးနေကြသည်ဟု သားအကြီးဖြစ်သူက ပြောသည်။

သားအကြီးက ဆေးစစ်ချက် မှတ်တမ်းများယူ၍ လက်လှမ်းမှီ ရင်းနှီးသူ ဆရာဝန်ကြီးများကို ပြသည်။ အထူးသဖြင့် ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာဦးသန့်စင်၊ ဒေါက်တာဦးသောင်းဝင်းနှင့် လွန်စွာ ခင်မင်သူ သူငယ်ချင်းကို ဆွေးနွေးရာ၌ ခွဲလိုက်ပါ၊ မခွဲဘဲထားလျှင် ၆–လပဲ နေရမှာဆိုတော့ ခွဲတာ အကောင်းဆုံး မှတ်ချက်ပေးကြောင်း သားကြီးအလိုကလည်း ခွဲချင်ပါသည်။ အဖေ သဘောတူပါသလား မေးသည်။

မိမိက ခွဲလိုက်ပါ အကယ်၍ သေသွားခဲ့လျှင် မင်းခွဲချင်လို့ ခွဲလိုက်တာ အဖေစောပြီး သေသွားတယ်၊ မဖြစ်စေနဲ့၊ စိတ်မသက်မသာ မဖြစ်စေနဲ့၊ ကျန်သည့်သားများကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေကြပါဟု မှာနေမိသည်။

တောရဆရာတော်၏ တပည့် ဦးပညာသိရီ ဓာဇ္ဈင်သုတ် ချီးမြှင့်

ခွဲစိတ်ရန် ရက်ပိုင်းအလို တောရဆရာတော်၏ တပည့်တစ်ပါးဖြစ်သူ တောရဆောင် ရဟန်းဦးပညာသိရီကို သားကြီးက ဆေးရုံကြီးပေါ် ပင့်လာပြီး ဓာဇ္ဈင်သုတ် ပရိတ်တရားတော် ချီးမြှင့်သည်။ ရှိသေစွာ နာကြားသည်။ သုတ်နက်မိန့်ကြားချက်ကို သေသေချာချာ နှလုံးသွင်းပါသည်။

လယ်တီဆရာတော်ပြုစုသည့် 'မဟာသရဏဂုံတော်ကြီး ပါဠိစာများကိုလည်း နေ့စဉ်မပျက် နှလုံးသွင်း ပူဇော်နေခဲ့လေသည်။

မဟာသရဏဂုံတော်ကြီးအကြောင်းအကျဉ်းချုပ်၍ အောက်ပါအတိုင်း တင်ပြလိုက်ပါသည်။

လယ်တီဆရာတော်ဘုရားကြီးရေးသည့် မဟာသရဏဂုံတော်ကြီး

မိမိမှာ ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို လက်လှမ်းမီသည့်နေရာမှ နာယူမှတ်သား လေ့ကျင့်နေသူဖြစ်၏။ တောရဆရာတော် ဘုရားကြီးသို့ အသေးစိတ် လျှောက်ထားမေးမြန်းပုံသူမဟုတ်၊ လူပုဂ္ဂိုလ်များအနေနှင့် ဘယ်စာ ဘယ်ကစ ဖတ်ရမည်မသိ၊ ဖြစ်နေလေသည်။

ထိုသို့ စိတ်တွင် ဖြစ်နေခိုက် တစ်လမ်းတည်းနေ ဖူဂျီဓာတ်ပုံတိုက် ပိုင်ရှင် ဦးအောင်ဖုန်း ဒေါ်ဖြူဖြူလွင်တို့က မုံရွာလယ်တီဆရာတော် ဘုရားကြီးပြုစုသည့် 'မဟာသရဏဂုံတော်ကြီး' ပါဠိမြန်မာ စာအုပ်ငယ် ၁–အုပ်၊ (၆၊ ၉၊ ၉၆)နေ့ ပညာအလင်းပြ စာအုပ်တိုက်မှ ဝယ်ယူ လာလှူ၏။

ထိုစာအုပ်ငယ်ကို ထိုနေ့ပင် နိဒါန်းမှစ၍ ပါဠိမြန်မာ သေချာစွာ လေ့လာဖတ်ရှုခဲ့၏။

ထိုက်သူထံသို့ ကြွလာပြီ

မွေစေတီထိုက်သည့် မဟာသရဏဂုံတော် ကျမ်းစာမြတ်ကြီးသည် ယောဂီထံသို့ အပူဇော်ခံရန် ကြွရောက်လာပါပြီ။

အထူးသတိပြုရန်မှာ

မထိုက်မတည်၊ ထိုက်မှတည်မည်၊

စေတီမွေကွန်၊ အာကာဖျံသည်၊

ထိုက်သူထံသို့၊ ကြွမည်တည်း။

ဟူ၍ ဖော်ပြထားသည့်ပြင်–

ဤမဟာသရဏဂုံတော်ကြီးကို လေ့လာဖတ်ရှု ရွတ်ဖတ်ပူဇော်လေ့ကျင့်ပွားများခြင်းအားဖြင့်

၁။ လောကီ၊ လောကုတ္တရာအကျိုး လက်ငင်းခံစားရမည်၊

၂။ ရတနာသုံးပါး၌ အမြဲမပြတ် ဆည်းကပ်သူသည် အရိယသစ္စာကို ဝိပဿနာမဂ်ပညာဖြင့် ကောင်းစွာ တွေ့မြင်ရ၏။

၃။(က) ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာကိုလည်းကောင်း၊

(ခ) ဆင်းရဲကြောင်း ဖြစ်သော သမုဒယသစ္စာကို လည်းကောင်း

(ဂ) ဆင်းရဲအပေါင်း၏ ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာကို လည်းကောင်း

(ဃ) ငြိမ်းအေးရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ရှစ်ပါးသော အင်္ဂါရှိသော မဂ္ဂသစ္စာကို လည်းကောင်း တွေ့မြင်ရ၏။

စသည် ဖော်ပြချက်များအရ ထိုနေ့မှစ၍ တစ်နေ့တစ်ကြိမ် ပါဠိစာပိုဒ်များအရဆောင် ပူဇော်၊ မြန်မာပြန်များပါ ဆင်ခြင်နှလုံးသွင်း ပွားများ လေ့ကျင့်နေခဲ့လေသည်။

မသိမဖြစ် အကြောင်းအရာ ၁၂–ရပ်

ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် မသိမဖြစ်သော အကြောင်းအရာ ၁၂–ရပ်ကို ဖော်ပြထား၏။ အောက်ပါအတိုင်း ဖြစ်ပါ၏။

(၁) သစ္စာ ၄–ပါး၊
(က) ဒုက္ခသစ္စာ ပရိညာကိစ္စ၊
(၂) ခန္ဓာ ၅–ပါး၊
(၃) အာယတန ၁၂–ပါး၊
(၄) ဓာတ် ၁၈–ပါး၊
(၅) ပဋိစ္စသမုပ္ပါဒ် ၁၂–ပါး၊
(ခ) သမုဒယသစ္စာ ပဟာနကိစ္စ၊
(၆) တဏှာ ၃–ပါး၊
(၇) ကိလေသာ ၁၀ ပါး၊
(ဂ) နိရောဓသစ္စာ သစ္ဆိကရဏကိစ္စ၊
(ဃ) မဂ္ဂသစ္စာ၊ ဘာဝေတဗ္ဗကိစ္စ၊
(၈) ဝိသုဒ္ဓိ ၇–ပါး၊
(၉) ဗောဓိပက္ခိယတရား ၃၇–ပါး၊
(၁၀) ဉာဏ်စဉ် ၁၀–ပါး၊
(၁၁) ဖလသမာပတ် ၄–ပါး၊
(၁၂) နိဗ္ဗါနဓာတ် ၁၇–ပါး၊

စသည် အကြောင်းအရာ ၁၂–ရပ်ကို သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်များနှင့်အညီ ရဟာနာသုံးပါးတွဲ၍ ရေးသားထားသဖြင့် နိဗ္ဗာန်မျက်မှောက်ပြုရေး ဘုရားရှိခိုးကျမ်းမြတ် တစ်ဆူဖြစ်တော်မူသည်ဟုအတိအလင်းဖော်ပြထားသည်။

လယ်တီဆရာတော် ၅ လတိတိပူဇော်ခဲ့

မြတ်စွာဘုရား ၄၅–ဝါပတ်လုံးဟောကြားတော် မူခဲ့သောတရားတော်များ၏ အနှစ်ချုပ်ကို လယ်တီဆရာတော်ဘုရားကြီးက စုစီးစီရင်တော်မူခဲ့ပြီး လယ်တီဆရာတော်ကိုယ်တိုင် ၅–လတိတိမအိပ်မနေ နေ့ရောညဉ့်ပါ ရွတ်ဆိုပူဇော်ခဲ့ကြောင်း ကျေးဇူးဆပ်နည်း နိဿျည်းကျမ်းတွင် တွေ့မြင်ရကြောင်း ဆရာကြီးမြွှာစရိယ ဦးဋ္ဌေးလှိုင်၏ 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' ကျမ်းစာလယ်တီဆရာတော် ထေရုပ္ပတ္တိအခန်း၌ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

အထက်ဖော်ပြခဲ့သော အကြောင်းအရာ ၁၂–ရပ်ကို ဖတ်ရှု လေ့လာကြည့်ခြင်းဖြင့် လည်းကောင်း လယ်တီဆရာတော်ကိုယ်တိုင် ၅–လတိတိ ပူဇော်ခဲ့ကြောင်းကို ကြည့်မြင်ခြင်းဖြင့် လည်းကောင်း မည်မျှ အဖိုးအနဂ္ဃထိုက်သည် အလေးအမြတ် ပြုအပ်သည်များကို သိမြင်နားလည်နိုင်ကြလိမ့်မည် ထင်ပါသည်။

မြန်မာပြန်အတွက်ကျမ်းများစွာလေ့လာခဲ့

ထိုကျမ်းစာ ပါဠိစာပိုဒ်များ၏ ဆိုလိုရင်း အဓိပ္ပါယ် အဖွင့်များကို လယ်တီဒီပနီ များစွာနှင့်ထိုထိုကျမ်းစာများ၌ လေ့လာဖတ်ရှုခဲ့ပါသည်။

ခန္ဓာ–အာယတန–ဓာတ်–သစ္စာ ဣန္ဒြေ–ပဋိစ္စသမုပ္ပါဒ်၊ ဤ ၆–ခုမျှနားမလည်သူသည်အန္ဓပုထုဇဉ်မည်၏။

အန္ဓပုထုဇဉ်ဟူသည်

ပညာမျက်စိ မမြင်သောကြောင့်'ပုထုဇဉ်အကန်း' 'ပုထုဇဉ်အမိုက်' 'မကျွတ်ထိုက်သောပုထုဇဉ်' ဟုဆိုသည်။

ကလျာဏပုထုဇဉ်ဟူသည်

အထက်ဖော်ပြခဲ့သော ၆-ခုကို သင်ခြင်း မေးမြန်းခြင်း အသင့်အားဖြင့် နှလုံးသွင်း ရှိသော ပုဂ္ဂိုလ်ကို ကလျာဏပုထုဇဉ်ဟုခေါ်သည်။

ထိုကဲ့သို့မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရအောင် နှလုံးသွင်းအားထုတ်ပါလျှင်၊ ကလျာဏပုထုဇဉ်ဖြစ်လျှင်ပင် အပါယ်လေးပါး အောက်သံသရာကြီးကိုလွန်မြောက်နိုင်၏။ ဒုတိယဘဝ၊ တတိယဘဝတို့၌ မဂ်ဖိုလ်ကို ကေန်ရမည်ဖြစ်၏။

သက္ကာယဒိဋ္ဌိရှိနေသမျှ အမှုတန်းလန်း

အကြင်သတ္တဝါတို့၏ စိတ်သန္တာန်၌ သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ တရားများရှိနေသမျှ ထိုသတ္တဝါအား ငရဲကြီး ၈-ထပ်သို့ ကျရောက်မှု တန်းလန်းရှိနေ၏။ ဘဝဂ်ဘုံ၌ ဖြစ်နေသော်လည်း ထိုအမှုတန်းလန်းရှိနေ၏။ ထို့အတူ ဥဿဒ ငရဲ ၁၂၈-ခန်းသို့ ကျရောက်မှု တန်းလန်းပင်တည်း။ ခပ်သိမ်းသော ပြိတ္တာ၊ အသူရကာယ်၊ တိရစ္ဆာန် ဘဝမျိုး ကျရောက်မှု တန်းလန်းပင်တည်း။

ထို့အတူ ခပ်သိမ်းသော အနာဆိုး၊ ရောဂါဆိုးများနှင့် တွေ့ကြုံရန် အမှုတန်းလန်းရှိနေ၏။ ခပ်သိမ်းသော လက်နက်မျိုး ရေ၊ မီး၊ မင်း ခိုးသူ ဓားပြတို့နှင့် တွေ့ကြုံရန် အမှုတန်းလန်းနှင့် နေရခြင်း ဖြစ်၏။

ဘဝဂ်မှာ ဖြစ်နေသော်လည်း မုဆိုး၊ တံငါ၊ သူခိုး၊ ဓားပြ၊ အမိသတ်၊ အဖသတ်၊ ရဟန္တာသတ်၊ ဘုရားသွေးစိမ်းတည်အောင်ပြု၊ သံဃာသင်းခွဲရန် အမှုတန်းလန်းနှင့် ဘဝဂ်မှာ နေရခြင်းဖြစ်၏။

သောတာပန်ဖြစ်မှ အမှုတန်းလန်းကလွတ်မည်

ထိုနည်းတူ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ ဆရာကြီးဖြစ်ရန်၊ ကမ္ဘာပျက်သော်လည်း အဝီစိ ငရဲမှ မလွတ်ရသော နိယတမိစ္ဆာဒိဋ္ဌိ ဆရာကြီးဖြစ်ရန် အမှုတန်းလန်းနှင့်သာ ဘဝဂ်ဘုံမှာ ဖြစ်နေ၏။ လူ့ဘုံ၊ နတ်ဘုံ အောက်ဘုံတို့မှာ ဆိုဖွယ်ရာမရှိပြီ။

ရှေ့သို့ ကိုယ်တွေ့ကြုံရန်၊ ကျရောက်ရန် ဆိုခဲ့ပြီးသော အမှုတန်းလန်းပေါင်း ကိုယ်တွင်းမှာ အနန္တ၊ ခံစားစံစားရသော လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ အစုသည် အမှုတန်းလန်းရှိနေသူတို့၏ အသင်းအပင်း အစုသာတည်း။ သောတာပတ္တိမဂ်ကို ရသောအခါမှ ထိုအမှုတန်းလန်းတို့သည် အကုန်ကျွတ်လွတ်ချုပ်ငြိမ်းလေကုန်၏။

လွတ်မြောက်လို၍

လေ့လာဖွေရှာဖတ်ရှု ရရှိအပ်သော စာပေကျမ်းဂန်များအရ တောရဆရာတော် ဘုရားကြီးနှင့် တောရဆောက်တည်သော မထေရ်အပေါင်းတို့သည်ကား ထိုထိုဘဝတို့၌ ကျင်လည်နေရခြင်းမှ သံဝေဉာဏ် ရင့်သန်၊ ငြီးငွေ့ပျင်းမုန်းကြသဖြင့် တကယ်တန်း လွတ်မြောက်လိုကြ၍ ယခုကဲ့သို့ ရုန်းထွက်နေကြခြင်းပါတကားဟု နားလည်လာမိသည်။

တောရဆရာတော်ဘုရားကြီးအနေဖြင့် ဝိဋ္ဋကသုံးပုံ နိကာယ်ငါးရပ် ကိုယ်တိုင်သင်ယူကောင်းစွာ တတ်မြောက်၊ ပြန်လည်ပို့ချ၊ အားမရနိုင်

သေး ၆–ကြိမ်၊ ၆–ခေါက် ပြန်လည်ကြည့်ရှု၊ ပိဋကပရိယတ္တိစာပေက ညွှန်ပြသော လမ်းကြောင်းအတိုင်း လက်တွေ့အားဖြင့် ပဋိပတ္တိအကျင့်စခန်းသို့ နှစ်ပေါင်းများစွာ လေ့ကျင့် တက်လှမ်းနေခဲ့လေပြီ။

ဖြေရှာရန် လို

မြတ်စွာဘုရားအပေါ်၊ တရားဓမ္မအပေါ်၊ သံဃာတော်များအပေါ် တကယ်တမ်း ယုံကြည်မြတ်နိုးပါသည်ဆိုလျှင် မိမိတို့ လူပုဂ္ဂိုလ်များအနေဖြင့် သံသရာဝဋ်ဒုက္ခအပေါင်းမှ လွတ်မြောက်အောင် အဘယ်သို့လျှင် ရုန်းထွက်ကြပါအံ့နည်း၊ မေးရန် အဖြေရှာရန် ရှိလာပါသည်။

မိမိအနေဖြင့်ကား အထက်၌ တင်ပြခဲ့ပြီးအတိုင်း မုံရွာလယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သည့် ပိဋကတ်တော်များ၏ အနှစ်ချုပ် ပါဠိ–မြန်မာပြန်နှင့် ထိုထိုကျမ်းစာများတွင် ထပ်မံ လေ့လာခဲ့ပါသည်။

လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သည့် ထိုကျမ်းစာ၏ ခေါင်းစဉ် လိုရင်းမျှကိုသာ အောက်၌ ဖော်ပြတင်ပြလိုက်ပါသည်။

ယင်းသို့ ဖော်ပြသည်မှာလည်း လူပုဂ္ဂိုလ်များအတွက်သာ ဖြစ်ပါသည်။ (ရဟန်းတော်များအတွက်ရည်ရွယ်သည်မဟုတ်ပါ)။

ထိုလမ်းစဉ်အတိုင်း

လူပုဂ္ဂိုလ်များအနေဖြင့် ထိုခေါင်းစဉ်မျှ ကြည့်မြင်ရခြင်းဖြင့် ဆက်လက်၍ အဖြေသိမြင်ပြီးသူလည်း ရှိမည်၊ လမ်းစဉ်ကို သိမြင်သူလည်း ရှိလာမည်ဟု ယုံကြည်မျှော်လင့်ပါသည်။ သို့အတွက် ဖော်ပြလိုက်ပါသည်။

၁။ သစ္စာ ၄–ပါး သစ္စာဆိုသည်၊
၂။ လောကီသစ္စာ (ဒုက္ခနှင့် သမုဒယ)၊
၃။ လောကုတ္တရာသစ္စာ–(နိရောဓနှင့်မဂ္ဂ)၊
၄။ သစ္စာအနက် ၁၆–ချက်၊
၅။ ဒုက္ခသစ္စပရိညာ၊ ဒုက္ခသစ္စာကို ပိုင်းခြားသိရန်
၆။ ခန္ဓာ ၅–ပါး၊ ရုပ်နာမ် ၂–ပါး၊
၇။ အာယတန ၁၂–ပါး (ပိုင်းခြားသိရန်)
၈။ ဓာတ် ၁၈–ပါး (ဥပါဒါနက္ခန္ဓာနှင့် ယှဉ်တွဲသိရန်)၊
၉။ ပဋိစ္စသမုပ္ပါဒ် ၁၂–ပါး (အနုလောမ)၊
၁၀။ သမုဒယသစ္စပဟာန (ပယ်ရသည့်တရားများ)၊
၁၁။ မဂ်ဉာဏ် ဖိုလ်ဉာဏ်အဆင့်ဆင့်၊
၁၂။ အကုသိုလ်တရားများ ၉–မျိုး၊
- (က) အာသဝတရား ၄–ပါး = ယိုစီးတတ်သော တရားများ၊
- (ခ) ဩဃတရား ၄–ပါး = နစ်မြုပ်တတ်သော တရားများ၊
- (ဂ) ယောဂတရား ၄–ပါး = ယှဉ်တွဲပူးကပ်တတ်သော တရားများ၊
- (ဃ) ဂန္ထတရား ၄–ပါး = ချည်နှောင်ထုံးဖွဲ့တတ်သော တရားများ၊
- (င) ဥပါဒါန်တရား ၄–ပါး = ပြင်းစွာစွဲလမ်းယူငင်တတ်သော တရားများ၊
- (စ) နီဝရဏတရား ၆–ပါး = တားဆီးပိတ်ဆို့တတ်သော တရားများ၊
- (ဆ) အနုသယတရား ၇–ပါး = တက်မက်သော တဏှာ ကိန်းဝပ်တတ်သော တရားများ၊

၁၃။ ကိလေသာတရား ၁၀–ပါး = ညစ်ညူးစေတတ်သော တရားများ
(က) ကိလေသာအဆင့် ၃–ဆင့် (အနုသယ၊ ပရိယုဋ္ဌာန၊ ဝီတိက္ကမ)
(ခ) ကိလေသာ ၁၀၈–ပါး = (ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ)
(ဂ) ကိလေသာ ၁၅၀၀ = (အကျယ်အားဖြင့် ဟောခြင်း)
၁၄။ နိရောဓသစ္စ သင်္ခတရဏ၊
၁၅။ ပဋိစ္စသမုပ္ပါဒ်–(ပဋိလောမ)၊
၁၆။ မဂ္ဂသစ္စာ– ဝိသုဒ္ဓိ– ၇ပါး၊
၁၇။ သမ္မာဒိဋ္ဌိ– ၆ မျိုး၊
၁၈။ လက္ခဏာရေး–၃ ပါး(အနိစ္စ၊ ဒုက္ခ၊ အနတ္တ)
၁၉။ ဝိပဿနာဉာဏ် ၁၀–ပါး
၂၀။ ဝိပဿနာဉာဏ် ကိစ္စ ၁၀–ပါး
၂၁။ ဝိပဿနာညစ်ညူးကြောင်းတရား ၁၀–ပါး
၂၂။ ဝိပဿနာပွားများခြင်း၏အကျိုး
၂၃။ ဗောဓိပက္ခိယတရား ၃၇–ပါး
(က) သတိပဋ္ဌာန်တရား ၄–ပါး
(ခ) သမ္မပ္ပဓာန်တရား ၄–ပါး
(ဂ) ဣဒ္ဓိပါဒ် တရား ၄–ပါး
(ဃ) ဣန္ဒြေတရား ၅–ပါး
(င) ဗိုလ်တရား ၅–ပါး
(စ) ဗောဇ္ဈင်တရား ၇–ပါး
(ဆ) မဂ္ဂင်တရား ၈–ပါး၊ သိက္ခာ ၃–ရပ်၊
၂၄။ နိဗ္ဗာန် ဟူသည် . . .

တရားဓမ္မလမ်းကြောင်း များအတိုင်း လေ့လာပွားများ အားထုတ်ကြရေးကို မြတ်စွာဘုရားသခင်သည် သဗ္ဗညုတ ဉာဏ်တော်ကြီးဖြင့် ဟောကြားထားတော်မူခဲ့ကြောင်း လယ်တီဆရာတော်ဘုရားကြီးက အကျဉ်းချုပ်၍ စီစဉ်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ် နိဗ္ဗာန်မျက်မှောက်ပြုရေးအတွက် တရားများဟုလည်း သိနားလည်မိပါသည်။

မိမိ(စာရေးသူ)အနေဖြင့် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံတွင် ပါဝင်သော ကျမ်းစာအမည်များကို လည်းကောင်း၊ ပိဋက မြန်မာပြန်အချို့ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်များအတွက် ဗဟုသုတအလို့ငှာ ဒုတိယပိုင်း၌ အကြမ်းအားဖြင့် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု တင်ပြနေသည်မှာလည်း တောရဆရာတော်ဘုရားကြီး၏ ဘဝအကြောင်းများ စူးစမ်းလေ့လာမှတ်သားရင်းဖြင့် ပိဋကတ်တော်များအကြောင်း သိလာရသည်။ တစ်ဖန် ဓုတင်ဆောင်ခြင်းအကြောင်း ဓုတင်များအကြောင်း သိလာရသည်။ ယခု တစ်ဖန် ဓုတင်ဆောင်မထေရ်မြတ်ကြီး ၆–ကြိမ် ၆–ခေါက်မျှ လေ့လာဖတ်ရှုခဲ့သော ပိဋကတ်တော်များ၏ အနှစ်ချုပ်ကိုလည်း လယ်တီဆရာတော်ဘုရားကြီးက စုစည်းရေးသားစီရင်တော်မူခဲ့သည်များကို လေ့လာဖတ်ရှုသိမြင်လာခဲ့ရာမှ မိမိနားလည်သမျှ၊ စွမ်းသမျှ ပြန်လည် တင်ပြခြင်းလည်း ဖြစ်ပါသည်။

ဤစာစု၏အစ၌ မသိမဖြစ် အကြောင်းအရာ–၁၂ ရပ် ခေါင်းစီးမျှ ရေးသားတင်ပြခဲ့ပါသည်။ ဆက်လက်၍ အနည်းငယ်ချဲ့ပြီး အကြောင်းအရာ ၂၄–ရပ် ခေါင်းစီးထိုး၍ တင်ပြခဲ့ပါသည်။

ထိုအကြောင်းအရာ ၁၂-ရပ်နှင့် ၂၄-ရပ်စာ တစ်ပိုဒ်ချင်း မြန်မာပြန်အကျဉ်းမျှပင် ဖြစ်စေ ရေးသား တင်ပြနေပါက ရှည်လျားစွာသော, မပြီးမဆုံးနိုင်သော စာရှည်ကြီးဖြစ်နေပေလိမ့်မည်။ ယခုအခါ၌ မိမိအနေဖြင့် ထို စာစုများ၏ မူရင်း 'မဟာသရဏဂုံတော်ကြီး ပူဇော်ခြင်း ၁၀-နှစ်မြောက်' မြန်မာပြန် အနှစ်ချုပ်ကိုပင် သီးခြားပြုစု ပူဇော်ထားပြီး ဖြစ်ပါသည်။

(ထိုစာအုပ် မကြာမြင့်မီ ရိုက်နှိပ်နိုင်လိမ့်မည် မျှော်လင့်ခဲ့ရာ၊ ယခု ရိုက်နှိပ်နိုင်ခဲ့ပြီဖြစ်ပါသည်။)

အထူးအားဖြင့် တင်ပြလိုသည်မှာ

မိမိသည် တောရဆရာတော်ဘုရားကြီး ရေးသည့် ကျမ်းစာများ ရိုက်နှိပ်ဖြန့်ဝေ လှူဒါန်းရသော ကုသိုလ်၊

ဤမဟာသရဏဂုံတော်ကြီးကို နေ့စဉ် ပူဇော်ရသော နလုံးသွင်း ဆင်ခြင်ရသော ကုသိုလ်၊

တောရဆရာတော် ဘုရားကြီး ဘဝအကြောင်း ရေးသားပြုစုလိုသော စေတနာကုသိုလ်၊

စသည့် ကုသိုလ်များနှင့် -

တောရဆရာတော်ဘုရားကြီး ပို့သသော မေတ္တာများကြောင့် ဤလောကထဲ၌ အသက်ရှင်နေရသေးသည်။ ပစ္စုပ္ပန်ကုသိုလ်အကြောင်းကံများက ဘက်ပေးသဖြင့် မသေရသေး သေရွာသို့ မရောက်ရသေးခြင်းဖြစ်သည်ဟု မမိုက်မသုံ ယုံကြည်မိပါသည်။

အထူးမှတ်ချက် ၁။ (ဤအပိုင်း ခေါင်းစဉ်များ တင်ပြခြင်းဖြင့် ခုတင်ဆောင်မထေရ်ကြီး၊ ငယ်အပေါင်း နိဗ္ဗာန်ခရီး ဖြတ်ကျော်ရာ၌ ဖြစ်စေ၊ မိမိတို့ ကိုယ်တိုင် နိဗ္ဗာန်ခရီး ဖြတ်ကျော်ရာ၌ဖြစ်စေ မြတ်စွာဗုဒ္ဓ ညွှန်ပြဟောပြအပ်သော လမ်းမတော်ကြီးအတိုင်း လျှောက်လှမ်းနေကြသည်။ လျှောက်လှမ်းကြမှသာ လိုရာခရီး ပန်းတိုင်ကြီးသို့ ဆိုက်ရောက်ကြမည် ဖြစ်ပါကြောင်း တင်ပြလိုရင်းသာ ဖြစ်ပါသည်)။

၂။ ဤနေရာ၌ ထပ်မံ၍ အထူးတင်ပြရန်မှာ မိမိသည် တောရဆရာတော်ထံ စတင်ချဉ်းကပ်တောရဆရာတော်၏ ဘဝအကြောင်း လေ့လာလိုခြင်း၊ တောရဆရာတော် ရေးသမျှ ကျမ်းစာများ မှတ်တမ်းတင်လိုခြင်း၊ သိမ်များ သမုတ်နေသည်ကို သိလိုခြင်း၊ မှတ်တမ်းတင်ပေးလိုခြင်းများကသာ မိမိ၏ စိတ် ဆန္ဒ ဝီရိယနှင့် ဝိမံသ ဟူသော တွေးခေါ် ဆင်ခြင်ခြင်း ပညာများက လွှမ်းမိုးနေခဲ့ပါသည်။

အချိန်ရွှေ့နေခဲ့သူ

တောရဆရာတော်၏ အပေါ်မှာ ကာလကြာမြင့်စွာ အရိပ်ခိုနည်းခံ၊ ဝိပဿနာတရားများ ပွားများဦးမည်ဟူသော ဆန္ဒမှာ အထက်တင်ပြခဲ့သည့် လုပ်ငန်းများလောက် ပညာဉာဏ်မကြီးခဲ့ဟု မိမိကိုယ်ကို မိမိ သုံးသပ်ဆင်ခြင်မိပါသည်။ နောင်တော့ လုပ်ဖြစ်ပါလိမ့်မည်ဟူ၍သာ အချိန်ဆွဲနေမိခဲ့ပါသည်။

အသင့်မျှ လေ့ကျင့်ခဲ့

သို့ရာတွင် မေ့လမ်းကြောင်းဆိုင်ရာ သိသင့်သိအပ်သော အပါယ်မရောက်ရေးတရားများကိုမူ လက်လှမ်းမှီသမျှ ရှာဖွေလေ့လာ ဖတ်ရှုနေခဲ့ပါသည်။ ကိုယ်တိုင် ရဟန်းခေတ္တဝတ်၍၊ ဗဟန်းမင်းကွန်းမေ့ဝိဟာရ ကျောင်းတိုက်၌ သတိပဋ္ဌာန်တရားများကို ၁၄-ရက်=နှစ်ပတ် ပွားများအားထုတ်ခဲ့ခြင်း၊ သာကေတမြို့ အောင်စကြာမိုးကုတ် ဝိပဿနာတိုက်ကြီး၌ ဝါတွင်းဝါပ ဥပုသ် လပြည့် လကွယ်

နေများ၌ ဝင်ရောက်နာယူလေ့ကျင့်ခြင်း၊ တရားစခန်း ဝင်ခဲ့ခြင်းမျှလောက်သာ ဆောင်ရွက်နေမိခဲ့သည်။

လျှောက်ထားမည်ကြံတိုင်းအဖြေတွေ့

မသိသည့် မရှင်းသည့်အရာများ တောရဆရာတော်ထံမှာ မေးလျှောက်ဦးမည် စိတ်ကူးမိတိုင်းလည်း ကာလမကြာမီမှာပင် ထိုထိုကျမ်းစာများ၌လည်းကောင်း၊ တရားအခွေများ နာကြားခြင်းဖြင့်လည်းကောင်း အဖြေရှာ နားလည်သွားသည်ကများခဲ့ပါသည်။

ရှာမဖတ်ကြဘူး

ထိုပြင် တောရဆရာတော်ကိုယ်တိုင် မိန့်ကြားဖူးသည်ကို မကြာခဏ ကြားရတတ်သဖြင့် 'အမေးအလျှောက်များသော ဘယ်တောရက ဆရာတော်ဟာ စာဖြင့် သေသေချာချာ ရှာဖွေမဖတ်ဘူး၊ အမေးအမြန်းက သိပ်များတာကိုး' ဟူ၍လည်းကောင်း

တစ်ဖန် 'ဘယ်ဆရာတော်က မေးခွန်းတွေ စာရွက်ကြီးနဲ့ လှမ်းလျှောက်ထားတယ်၊ သာဓကနှင့် တကွ ဖြေဆိုမိန့်ကြားပါလို့လည်း လာပြန်တယ်'

'သဘော ဖြေကြားပါဆို လုံလောက်ပါလျက်နှင့် သာဓကနှင့်တကွဆိုတော့ ကျမ်း အထောက်အထားပြပါလို့ ဆိုရာ ရောက်နေတယ်၊ ကျမ်းစာတွေက ထန်းတပင်မှာ မရှိဘူး၊ နဘူးကျောင်းမှာရှိတာဆိုတော့ ထိုကဲ့သို့ မေးခွန်း နောင်လည်း မေးမနေပါနဲ့လို့ စာပြန်လိုက်ရတယ်'ဟု မိန့်ဖူးသည်ကို လည်းကောင်း ကြားနာခဲ့ရဖူးပါ၏။

မိန့်ခဲ့သည်များ အမှတ်ရ

သို့အတွက် မိမိက မမေးမလျှောက်ဝံ့၍ မမေးမလျှောက်ခဲ့ခြင်းလည်း ဖြစ်ပါ၏။ သို့ရာတွင် မမေးမလျှောက်ပါဘဲနှင့် မိမိ သိလိုသည်များကို ဆရာတော်နှုတ်မှ မိမိအား ရှင်းပြ ပြောပြနေသော အကြိမ်လည်း မနည်းရှိခဲ့ပါသည်။ ထူးခြားမှုဟု ဆိုရလိမ့်မည်။

တောရဆရာတော်မှာ မမေးရဘဲနှင့် ပြောကြားပေးခဲ့ပါပကောဟု ကြိတ်၍ ဝမ်းသာနေမိသည်။ အကြိမ်ကြိမ် ဝမ်းသာလုံးဆို့၍လည်း နေတတ်ပါသည်။ ဥပမာအားဖြင့် သင်္ဂါယနာ အဆင့်ဆင့်တင်ရခြင်း ဒုတိယသင်္ဂါယနာ တင်ရခြင်း၏ အကြောင်းရင်းများစွာကို မိန့်ကြားတော်မူခဲ့ခြင်းများ ဖြစ်ပါ၏။

မိမိစာရေးသူ၏ ဆိုလိုရင်း - တောရဆရာတော်ကိုယ်တိုင် နေထိုင် ကျင့်ကြံပွားများ အားထုတ်နေသည်မှာလည်း သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ် အကျင့်မြတ်များဖြစ်ပါသည်။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း ဆိတ်ငြိမ်ရာ၌ ချဉ်းကပ်၊ တစ်ပါးတည်းနေ၊ အာဟာရကို မျှတရုံသာ သုံးဆောင် အလိုနည်းစွာနေခြင်းများ အခါမလပ် ဖူးတွေ့နေရခြင်းကို နှလုံးသွင်းခြင်းဖြင့် တောရဆရာတော်ကဲ့သို့ အပုံအရာ အထောင် အသိန်း အပြည့်အဝ မလိုက်နာနိုင်စေဦး၊ တစ်ပုံ တစ်စိတ်လောက်တော့ဖြင့် လေ့ကျင့်ရပါမည်ဟု နှလုံးသွင်းနေခဲ့ခြင်းကိုသာ ဆိုလိုရင်း ဖြစ်ပါသည်။

ဝေဒနာများ ခံစားရင်း ဤသို့ဖြင့် ဆေးရုံကြီးပေါ်မှာ နှစ်သစ် (၁၃၆၀–ပြည့်နှစ်သို့) ကူး၍ ဆေးကုသမှု ခံယူနေရလေသည်။

မဟာသရဏဂုံတော်ကြီး နိဂုံးပိုင်း နိဗ္ဗာန ဝဏ္ဏနာ = နိဗ္ဗာန်အဖွင့်စာပိုဒ်များကို ပါဠိလို ရွတ်ဆို၊ မြန်မာပြန် နှလုံးသွင်းခြင်းဖြင့် နေ့စဉ် အချိန်များကို ကုန်လွန်စေခဲ့ရပါသည်။

ခွဲစိတ်ကုသမှု ခံယူရခြင်း

၁၃၆၀-ခုနှစ် (၃၁၊ ၅၊ ၉၉) နေ့ ရန်ကုန်ဆေးရုံကြီးပေါ်၌ ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးရဲမြင့်ဦးဆောင်၍ ဒေါက်တာဦးမင်းသူ၊ ဒေါက်တာဒေါ်သီတာအောင်နှင့် ဒေါက်တာဒေါ်ကျူကြူကျော်စသည့် ခွဲစိတ်သမားတော်ကြီးများက အသည်း၏ သုံးပုံတစ်ပုံကို ဖြတ်တောက် ကုသပေးခဲ့ကြသည်။

အထူးကြပ်မတ်ဆောင်တွင် သုံးရက်နေရသည်။ အလွန်ပြင်းထန်သော ဝေဒနာများကို မှတ်သား၍ ဖြစ်၊ ပျက် ရှုမှတ် သည်းခံ နှလုံးသွင်းခဲ့ရသည်။ မဟာသရဏဂုံတော်ကြီး နှလုံးသွင်းမှု ရွတ်ဆို ပူဇော်မှုလည်း မပျက်မကွက် ပူဇော်နေခဲ့သည်။

သွေးပိုက်၊ ဆီးပိုက်၊ နှလုံးပိုက် များစွာသောပိုက်များဖြင့် ချိန်ရှောင်ထားသော ဤခန္ဓာကိုယ်မလှုပ်မယှက် ငြိမ်သက်၍ နေရ၏။ အောက်ခံမှာမွေ့ယာမဟုတ်၊ ဖော့တုံးမွေ့ယာပေါ်မှာ ကြောချထားရသည်က မသက်သာ၊ ပူလောင်လှ၏။ ခန္ဓာရလျှင် ဒုက္ခ သစ္စာ မှန်လှပါ၏။ လက်တွေ့သိရတော့၏။ ထိုဒုက္ခ များစွာ ထို့ထက် သေဒုက္ခကို မရောက်အောင် ဝိုင်းဝန်း ကုသပေးနေကြပါ၏။

(ဆရာဝန်ကြီးများ၏ ကျေးဇူးကား အလွန်ကြီးမားကြပါသည်။ သီးခြားရေး၍ ကျေးဇူးဆပ်ရပါဦးမည်)။

အထူးကြပ်မတ်ဆောင်သို့ ဆရာဝန်ကြီးပါမောက္ခဦးရဲမြင့် နေ့စဉ် သုံးရက်လုံး လာကြည့်သည်၊ အနည်းငယ် သက်သာလာ၍ မူလအခန်းအမှတ် ၁၃၊ ၁၄ သို့ ပြောင်းရွှေ့ပြန်တက်ရသည်။ အသည်းကို ခွဲစိတ်စဉ် ခွဲစိတ်ပြီး သေဘေး အလွန်နီးပါးပါသည်။ ဖြတ်ကျော်ခဲ့ပါပြီ။

မွေ့သံယုတ္တဂါထာကျမ်းစာနှင့် ဝန္နနာခုံ ကျမ်းစာရိုက်ပြီး

ရန်ကုန်ဆေးရုံကြီးပေါ်၌ ဆေးကုသမှုအပြင်းအထန် ခံယူနေရစဉ်မှာပင် ဓမ္မျူထွန်းအော့ဖ်ဆက် ဦးထွန်းခင် သားမက်ကိုနိုင်နိုင်နှင့် ကွန်ပျူတာဦးမျိုးညွန့်၊ ညီဖြစ်သူ ဦးညွန့်လှိုင်တို့ မိမိ စေခိုင်းသည့်အတိုင်း အထူးကြိုးစား ဆောင်ရွက်ပေးကြသဖြင့်–

–မွေ့သံယုတ္တဂါထာ ခေါ် တရားနှင့်ယှဉ်နေစေချင်

–ဝန္နနာခုံကျမ်းခေါ် မြင့်မြတ်သူတို့၏အလုပ်များ

ဟူသော ကျမ်းစာ ၂-အုပ်ကို (ပထမအကြိမ်) အောင်မြင်စွာ ရိုက်နှိပ်နိုင်ခဲ့လေသည်။*

တောရဆရာတော်ထံ ကျမ်းစာများနှင့် မဟာဗုဒ္ဓဝင်ကျမ်းများ လှူ

သာသနာ ၂၅၄၂၊ ၁၃၆၀-ပြည့်နှစ်၊ တန်ခူးလ (၁၉၉၉) မှတ်တမ်း ထိုးရိုက်နှိပ်ထားသော အထက်ပါ ကျမ်းစာ ၂-မျိုးနှင့် [မဟာဗုဒ္ဓဝင်ကျမ်း အတွဲ(၁)မှ(၆) အထိ (၈) အုပ် မင်းကွန်းတိပိဋကရေးသားပြုစုသည့် ကျမ်းစာများကိုပါ ရန်ကင်းတောရပိဋကတိုက်မှာ မရှိပါဟု ရန်ကုန်ဆရာတော်ဦးဇာဂရိယ မိန့်ကြားထားသဖြင့်] တောရဆရာတော်ဘုရားကြီး၊ ထိုအရှင်နှင့် တပည့်များ အလိုရှိသည့်အချိန် ဖတ်ရှုနိုင်စေရန်အတွက် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ အသစ်ထပ်မံ ရိုက်နှိပ်ခြင်းလည်းပြုနိုက်ဖြစ်၍ ၄၀၀၀ိ/- ဖြင့် ပူဇော်ဖို့အတွက် အစ်ကိုကြီး ဦးအောင်စနှင့် မိမိတို့နှစ်ဦး လက်မှတ်ရေးထိုးကြပြီး ဆေးရုံကြီးပေါ်မှာပင် အစ်ကိုကြီးယူဆောင် လှူဒါန်းပေးပါရန် ပေးအပ်လိုက်ပါသည်။

* မွေ့သံယုတ္တကျမ်းစာနှင့် ဝန္နနာခုံကျမ်းစာ (ပ-ကြိမ်) ရိုက်နှိပ်

သွေးအဖြေအရ ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ဌာနမှာ ကုပါ

အသည်းမှ ဖြတ်တောက်လိုက်သော အသားစများ မြရတနာ ဆေးခန်းမှာ ပို့အပ်စစ်ဆေးခဲ့ရာ 'အသည်းကင်ဆာ' ဖြစ်သည်ဟု သိရသည်။ အမြစ်ပြတ် ကုသရေးအတွက် ဓာတ်ရောင်ခြည်ဌာန ပါမောက္ခကထိက ဆရာဝန်ကြီးများနှင့် ဆက်ကုပါ ညွှန်ကြား၍ သွားရောက်ပြရသည်။ ဒုတိယရဲမှူး ဦးအောင်ငွေ (မှူခင်းတပ်ဖွဲ့ အင်းစိန်) အရင်းနှီးဆုံး သူငယ်ချင်း လာရောက်သဖြင့် သူကိုယ်တိုင် ထိုဌာနသို့ ပို့ပေးခဲ့သည်။ နှစ်ဦးစလုံးက နောက်ဆုံးတွေ့ခြင်းဟု နှုတ်မှ ဖွင့်မပြောနိုင်သော်လည်း အမူအယာအားဖြင့် နားလည်ကြပါသည်။

သံသရာ၌ တွေ့ကြုံဆုံကွဲ ဒီလိုပဲလေဟု နှလုံးသွင်းပါသည်။ ဆက်ပြီး ကုရပေဦးမည်။ ကံသာလျှင် အကြောင်းရင်း ရှိပါသည်ဟု ဖြေသိမ့်ရပါသည်။

၁၃၆၁–ခုနှစ်၊ ထန်းတပင်တောရကြီး၌ ဝါကပ်တော်မူ

သာသနာ ၂၅၄၃ ကောဇာ–၁၃၆၁(၁၉၉၉/၂၀၀၀)ခုနှစ်၊ လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရကြီး၌ပင် တောရဆရာတော် သုံးနှစ်ဆက်တိုက် ဝါကပ်တော်မူသည်။

သက်တော် ၇၈၊ ဝါတော် ၅၉၊ တောရဆောက်တည်သည့် ဝါတော်ပေါင်း ၂၇–ဝါ ရှိလေပြီ။

တောရဆရာတော် ထန်းတပင်မှာပင် ဝါကပ်ကြောင်း၊ တပ်ကုန်း ဒေါင်းမင်း ဆီစက် ဦးအောင်ခနှင့် ဈေးမမြဝင်းတို့ ဆေးရုံကြီးသို့ မပြတ်လာကြသဖြင့် ပြောပြ၍သိရသည်။ တောရဆရာတော်ထံ စာရေး၍ မေတ္တာပို့ပေးပါရန် အမြဲ လျှောက်ထားနေရသည်။

(၁၅၊ ၅၊ ၉၉) နေ့ ဆေးရုံမှ ဆင်းရသည်၊ ဓာတ်ရောင်ခြည်ဌာန ယခု တွဲဖက်ပါမောက္ခ ဆရာဝန်ကြီး ဦးစိုးအောင်နှင့် ဆက်၍ ပြနေရသည်။ ကင်ဆာ ဆေးသွင်း/ဆေးစား ရသည်။ ထိုဆေးများကြောင့် အစားစားလိုစိတ် လုံးဝမရှိ၊ ၂–ပတ်လောက်အတွင်း အစားဝင်အောင် အလွန်ကြိုးစားရသည်။ ကာယိကဒုက္ခနှင့် စေတသိကဒုက္ခ ဆင်းရဲလှပါသည်။

သိမ်မှတ်တမ်းရိုက်ရေး ဆက်လက်ကြိုးပမ်း

ထိုကဲ့သို့ မကျန်းမမာဖြစ်နေစဉ်မှာ လုပ်လက်စရိုက်ရန်ရှိနေသေးသည့် သိမ် (၁၀၀)မှတ်တမ်းစာအုပ်ရိုက်ရေး၊ အလှူငွေများအတွက် ရမည်းသင်း၊ ယခုနေပြည်တော်တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးနှင့် ဖြူး၊ ရန်ကုန် တို့မှ ဓမ္မမိတ်ဆွေများထံ စာရေးခြင်း ဖုန်းဆက်ခြင်းပြု၍ ပုံနှိပ်တိုက်၊ ကွန်ပျူတာ အားလုံး ချိန်းဆို တွေ့ဆုံဆောင်ရွက် နေခဲ့သည်။

တစ်ဖက်တွင် ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာန ဆရာကြီးဦးစိုးအောင်၊ နှလုံးရောဂါပြင်ပဌာနဆရာ ဦးမျိုးဝင်း၊ ဆရာကြီးဦးရဲမြင့်တို့နှင့် ရက်ချိန်းများအတိုင်းသွား၍ ပြနေရသည်။

အနီးကပ်မှာလည်း ဒေါက်တာ ဦးသောင်းဝင်း (ပါမင်းဆေးခန်း)နှင့် ဒေါက်တာ ဦးသန်းဝင်းညွန့် (ရန်ကုန်ဆေးရုံကြီး)တို့မှ အိမ်မှာ ဆေးသွင်းခြင်း၊ တစ်လှည့်စီ ပြုစုပေး၊ ကုသပေးကြပါသည်။

သေဘေးကြုံလေတိုင်း

ထိုကာလများအတွင်း သေဘေးကြုံ၍ သေမည့် အခြေအနေ ဆိုက်ရောက်လေတိုင်း

ဒေါက်တာဦးသောင်းဝင်း၊ ပါမင်းဆေးခန်းသို့ သွားရ၊ အိမ်သို့ ထိုဆရာလာရ အသက်ကယ်ဆေးများ ထိုးရသည်အထိ ကုသပေးရလေသည်။ ရှင်ရေးထက် သေရေးဘက်က ပိုနီးနေပါသည်။

တောရဆရာတော်ထံမှစာ

အခြားတစ်ဖက်မှာ မိမိဆောင်ရွက်လက်စ သိမ် (၁၀၀) မှတ်တမ်းမှ ကျန်ရှိသော သိမ်များ၏ သိမ်သမုတ်မှတ်တမ်း လက်ရေးစာမူများကို ယခု နေပြည်တော် ပျဉ်းမနားမြို့မှ ဦးချို့ဝင်း (ရန်နိုင်စားတော်ဆက်)အား တောရဆရာတော်မှ စေလွှတ်၊ ပို့အပ်သဖြင့် သိမ်အမှတ် (၉၅) မှ သိမ် (၁၀၀) မှတ်တမ်းများ အောက်ပါအတိုင်း ရောက်ရှိလာ၍ ဤနေရာ၌ ဖော်ပြလိုက်ပါသည်။ ကွန်ပျူတာသို့ ပို့ရပါသည်။ (စာမိတ္တူပူးတွဲ)

၁၃၆၁–ခုနှစ် သိမ် ၆–လုံး သမုတ်၊ သိမ် ၁၀၀ ပြည့်လေပြီ

သာသနာ ၂၅၄၃၊ ၁၃၆၁ (၂၀၀၀) ခုနှစ် အတွင်း တောရဆရာတော် သိမ်အမှတ် ၉၅–မှ သိမ် ၁၀၀–အထိသမုတ်ခဲ့သည်ကို အောက်၌ အကျဉ်း ချုပ်၍ ဖော်ပြလိုက်ပါသည်။

သိမ်အမှတ်၉၅–မင်းလမ်းကူးကျောင်းသိမ်

သာသနာ ၂၅၄၃ ကောဇာ ၁၃၆၁(၁၉၉၉) ခုနှစ် ကဆုန်လဆန်း ၈–ရက် ကြာသပတေးနေ့ည ၈–နာရီ ၂၃–မိနစ်အချိန် ပဲခူးတိုင်း တောင်ငူခရိုင်၊ ဖြူးမြို့နယ် မင်းလမ်းကူး ကျေးရွာ မင်းလမ်းကူး ကျောင်း ၃၄၃–ကြိမ်တိုင်တိုင် သိမ်နှုတ်ထားသော မြေပြင်၌ 'သဒ္ဓမ္မောဒယကာရီ' အမည်ရှိသော သိမ်ကိုတောရဆရာတော် ဦးဆောင်၍ ရဟန်းတော် ၃၈–ပါးတို့ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၉၆–ရွှေကြက်တောင်သိမ်

သာသနာ ၂၅၄၃ ကောဇာ ၁၃၆၁ (၁၀.၄.၁၉၉၉) ခုနှစ် ကဆုန်လပြည့်ကျော် ၁–ရက် သောကြာနေ့ည (၉)နာရီ (၁၄)မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ကြို့ကုန်းအုပ်စု ရွှေကြက်တောင်ကျောင်းအတွင်း ၁၉၃–ကြိမ် သိမ်နှုတ်ထားသောမြေပြင်၌ တောရဆရာတော်ဦး ဆောင်သော ရဟန်းတော် ၄၁–ပါးတို့သည် ခဏ္ဍသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၉၇–ကျူအင်းကျောင်း သိမ်

သာသနာ ၂၅၄၃ ကောဇာ ၁၃၆၁၊ (၃.၅.၁၉၉၉) ခုနှစ် ကဆုန်လပြည့်ကျော် ၄–ရက် တနင်္လာနေ့ည ၈–နာရီ ၄၀–မိနစ် အချိန် ယခု နေပြည်တော် တပ်ကုန်းမြို့နယ်၊ ကျူအင်းကျေးရွာ ကျောင်းအတွင်း (၂၄၄)ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၃၅–ပါးတို့သည် 'သာသနောဒယကာရီ' မည်သော ခဏ္ဍသိမ်ကို ကောင်းစွာသမုတ်တော်မူ ခဲ့ကြသည်။

သိမ်အမှတ် ၉၈–နတ်လမ်း တောင်တောရသိမ်

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၁၀.၆.၁၉၉၉) ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃–ရက်၊ ဗုဒ္ဓဟူးနေ့ ည ၉–နာရီ ၂–မိနစ်ကျော်အချိန် မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ် ရွာသစ်ကျေးရွာအုပ်စု နတ်လမ်းတောင် တောရကျောင်းအတွင်း အကြိမ်

၇၀၀-မျှ သိမ်နှုတ်ထားသောမြေပြင်၌ တောရ ဆရာတော်ဦးဆောင်သော ရဟန်းတော် ၅၈-ပါး တို့သည် ဓမ္မသိမ်ကိုကောင်းစွာ သမုတ်တော်မူခဲ့ ကြသည်။

မှတ်ချက်။ (၁) ထိုသိမ်ကို ပထမ သမုတ် ခဲ့သော်လည်း ရှာနယ်သို့ စိတ်ပြန့်လွင့်သော ရဟန်း ရောက်ရှိနေခဲ့သောကြောင့် ပျက်စီးသဖြင့် ဒုတိယ အကြိမ် သမုတ်ရကြောင်း တောရဆရာတော် မှတ်ချက် ပြုထားပါ၏။

(၂)တောရဆရာတော်သည် သိမ်သမုတ်ပြီးညဥ့်ပင် ရှာနယ်စောင့် လူ့ဒါယကာ များ သတင်းပို့စေသည်။ထိုသိမ်သမုတ်သည့် အချိန် ကာလများ၌ အခြားသော ရဟန်းများ ဝင်ထွက်ရှိ/မရှိ သတင်းအမြဲနားထောင်စေခဲ့သည်။ သံသယကင်း သော သိမ်ဖြစ်ရန် အထူးဂရုပြုတော်မူသည်။

သိမ်အမှတ် ၉၉-တောက်ထိန်စခန်းသာ သိမ်

သာသနာ ၂၅၄၃ ကောဇာ ၁၃၆၁ (၄.၇.၁၉၉၉) ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇-ရက်၊ တနင်္ဂနွေနေ့ ညနေ ၆-နာရီအချိန် ယခု နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကမြေးကျေးရွာ အုပ်စု၊ တောက်ထိန်ကျေးရွာ၊ တောက်ထိန် စခန်းသာ ၃၁၈-ကြိမ် သိမ်နှုတ်ထားသော မြေပြင်၌ 'ဥဇ္ဇောတ' မည်သော ဓမ္မသိမ်ကို တောရဆရာတော် ဦးဆောင် သော ရဟန်း ၆၁-ပါးတို့ ကောင်းစွာ သမုတ်တော်မူ ခဲ့ကြသည်။

မှတ်ချက်။ ထိုသိမ်သည်လည်း အထက်ပါ သိမ်ကဲ့သို့ပင် ထပ်၍ သမုတ်တော်မူရသည်။

သိမ်အမှတ် ၁၀၀ ရာပြည့်သိမ် ခေါ် ဓမ္မရိပ်သာ သိမ်

သာသနာ ၂၅၄၃ ကောဇာ ၁၃၆၁ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂-ရက်(၉.၇.၁၉၉၉)၊ သောကြာနေ့ည ၉-နာရီ ၄၈-မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက် ဓမ္မရိပ်သာကြီးအနီး (၃၃၃)ကြိမ်မြောက် သိမ်နှုတ် ထားသော မြေပြင်၌ တောရဆရာတော်ဦးဆောင် သော ရဟန်းတော်ပေါင်း (၁၀၁)ပါးတို့သည် သိမ် ပေါင်း (၁၀၀)ပြည့်မြောက်သဖြင့် ရာပြည့်သိမ် ခေါ် ဓမ္မရိပ်သာ သိမ်ကြီးကို အောင်မြင်စွာသမုတ်တော်မူ ခဲ့ကြသည်။

ဒေါင်းမင်းဆီစက်မိသားစုကောင်းမှု

ထိုဓမ္မရိပ်သာကြီးကို ယခုနေပြည်တော် တပ်ကုန်းမြို့ဒေါင်းမင်း ဆီစက်ပိုင်ရှင် ဦးအောင်စ နိုးဒေါ်ခင်ကြိုင် သား ကိုစိုးသန်း+မမြမြဝင်း မိသားစု မှ ဦးစီးတည်ထောင် လှူဒါန်းထားခြင်းဖြစ်လေသည်။

ထိုဓမ္မရိပ်သာကြီး မြေကွက်မှ အစ အဆောက်အဦး၊ ရေစက်၊ ရေကန်၊ လျှပ်စစ်မီး စသည့် မျိုးစုံ လိုလေသေးမရှိ တည်ထောင်မတည် လှူဒါန်းခဲ့သည့်အတွက် 'ဓမ္မသူ့ရဲကောင်းမိသားစု' ဟု မော်ကွန်းတင်ရပါလိမ့်မည်။

တရားစခန်းပွဲပေါင်းများစွာ ဓမ္မကထိက ဆရာတော်ပေါင်းများစွာ ဤဓမ္မရိပ်သာကြီးသို့ ပင့်ဖိတ်ကြွရောက်တော်မူခဲ့ကြပြီး တပ်ကုန်းမြို့သူမြို့ သား နယ်သူနယ်သား သူတော်ကောင်းများစွာ ဤဓမ္မ ရိပ်သာကြီးမှာ တရားစခန်းဝင် ဝိပဿနာတရားများ အားထုတ်ခဲ့ကြဖူးလေပြီ။ အဖိုးမဖြတ်နိုင်သော ဓမ္မ အလှူများစွာကို ပေးလှူလိုသဖြင့် ဤဓမ္မရိပ်သာကြီး ကို ဤသို့ တည်ထောင် ဤသို့သော ကောင်းမှုများ

စွာကို ပြုလုပ်ရှက်ဆောင်နေကြခြင်းလည်း ဖြစ်လေသည်။

အမြတ်ဆုံးအလှူ၊ အမြတ်ဆုံး မွေ့လျော်ခြင်း

♦ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ = ဒါနအားလုံးတွင် တရားအလှူသည် အမြတ်ဆုံး၊

♦ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ = အရသာအားလုံးတွင် တရားအရသာသည် အသာဆုံး၊

♦ သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ = မွေ့လျော်ဖွယ်အားလုံးတွင် တရား၌ မွေ့လျော်ခြင်းသည် အမြတ်ဆုံး၊

♦ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ = ဒုက္ခအားလုံးကို တဏှာကုန်ခြင်းက အောင်နိုင်၏။

ဟူ၍ မိန့်ဆိုတော်မူကြပါကုန်၏။

<u>မှတ်ချက်</u> ဇိနာတိ = အောင်၏ ဟု မြန်မာပြန်ရှိပါ၏။ အလုံးစုံသော အလှူကို တရားအလှူက အောင်၏ ဟု မြန်မာပြန်ကြပါ၏။ မိမိကဲ့သို့ လူသာမန်တို့ နားမလည်နိုင်ရှိမည် ဖြစ်၏။ သို့အတွက် တရားအလှူသည် အမြတ်ဆုံး၊ တရားအရသာသည် အသာဆုံးနှင့် မွေ့လျော်ဖွယ်တို့တွင် တရား၌ မွေ့လျော်ခြင်းက အမြင့်ဆုံးဖြစ်၏ ဟု မြန်မာမှုသုံးလိုက်ပါသည်။ (စာရေးသူ)

တောရဆရာတော်၏ ဆန္ဒ

အဆိုပါ ဓမ္မရိပ်သာကြီးသို့ ပင့်ဖိတ်ကြရောက် တရားဒေသနာတော်များ ချီးမြှင့်တော်မူကြသည့် ဓမ္မကထိကဆရာတော်များအနေဖြင့် သိမ်တိုက်အဆောက်အဦတွင် သီတင်းသုံးစေလိုခြင်း၊ ဥပုသ်ပြုခြင်း စသည့် ချမ်းသာစွာ ရှက်ဆောင်စေလိုခြင်းစသည့် ရည်ရွယ်ချက်များဖြင့် သိမ်အလုံး (၁၀၀) မြောက်သိမ်ကြီးကို ထိုဓမ္မရိပ်သာကြီးတွင် တောရဆရာတော်က သမုတ်တော်မူခြင်း ဖြစ်လေသည်။ (မဟာစည်ဆရာတော်လည်း ဟသ်ာတမြို့ ရိပ်သာကြီးမှာ သိမ်သမုတ်ခဲ့ဖူးသည်)။

<u>မှတ်ချက်</u> 'သိမ် (၁၀၀) ပြည့်အောင် စောင့်မနေရပါဘူး၊ လွယ်ပါတယ်၊ ဦးအောင်ခ ဓမ္မရိပ်သာကြီးမှာ သမုတ်လိုက်ရင် ပြီးတာပဲ၊ သိမ် ၁၀၀ ပြည့်မှ သိမ်မှတ်တမ်းရိုက်တာပေါ့ကွာ'ဟု ဆရာတော် အမိန့်ရှိလေ့ရှိခဲ့သဖြင့် တောရဆရာတော်ဆန္ဒ ဟူသော ခေါင်းစည်းစာပိုဒ်ပါ စာများကို မိမိရေးခြင်း ဖြစ်ပါသည်။

တောရဆရာတော်ထံမှ ပေးပို့မိန့်ကြားလာသည့်စာ

ဤနေရာ၌ တောရဆရာတော်ထံမှ ၁၃၅၈-ခု၊ တပို့တွဲလဆန်း ၆-ရက်နေ့စွဲဖြင့် မိမိထံသို့ ရေးသားပေးပို့ မိန့်ကြားလာသည့် စာကို (၂၁၊ ၂၊ ၉၇) နေ့က ဦးထွန်းခင် ယူလာသဖြင့် ဖတ်ရှုသိမ်းထားခဲ့ပြီး ဆရာတော် ညွှန်ကြားသည့်အတိုင်း ကွန်ပျူတာစီခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ခဲ့ပါသည်။ (မိတ္တူပူးတွဲ) တင်ပြပါသည်။

သိမ်မှတ်တမ်း နိဒါန်းစာများ၌ ဦးမင်းကြည်၏ စာများ ဂါထာပါဠိအနက်များ သီးခြားစာရွက်၌ ရေး၍ ပေးလိုက်ပါ၏ဟု ပါရှိသဖြင့် တောရဆရာတော်၏ လက်ရေးမူရင်းကိုလည်း မှတ်တမ်းတင်လိုသဖြင့် မူရင်းမှ မိတ္တူပူးတွဲ တင်ပြအပ်ပါသည်။

ထိုလက်ရေးမူရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

၁။ သိမ်မှတ်တမ်းမျက်နှာဖုံး စာပြင်ရန်နှင့် မှုဉ်းသားခြင်းအကြောင်း၊

၂ ။ ဂါထာပါဠိ၊ အနက် မျဉ်းသားရခြင်း အကြောင်း၊

၃။ သိမ်သမုတ်မှတ်တမ်း၏ ပဏာမ ရေးသားခြင်းအကြောင်း၊

၄။ ဦးမင်းကြည်၏နိဒါန်း ပါဠိ-မြန်မာ ပြင်ဆင်ရေးသားခြင်းအကြောင်း

၅။ သိမ်မှတ်တမ်း နိဂုံးပိုဒ် ရေးပြီး ခုနှစ်၊ လ၊ ရက် အကြောင်း စသည်တို့ ဖြစ်ပါသည်။

သိမ်မှတ်တမ်းရိုက်ရေး အတည်ပြုချက် ရယူရန် တင်ပို့ခြင်း

တောရဆရာတော်၏ထံမှ အပြီးသတ် အတည်ပြုချက် ရရှိရေးအတွက် သိမ်မှတ်တမ်း ကွန်ပျူတာစီပြီး နိဒါန်းမှအစ မာတိကာ၊ အတွင်းစာများ၊ နိဂုံးပိုင်း နောက်ဆက်တွဲစာများအားလုံး တောရဆရာတော် သီတင်းသုံးရာ ယခုနေပြည်တော် လယ်ဝေးမြို့နယ် ထန်းတပင်တောရကြီးသို့ စာတွဲများ အိပ်တစ်လုံးတွင် ထည့်ပြီး မောင်အေးကျော် ဆောက်လုပ်ရေးရုံး မော်တော်ယာဉ်မောင်းမှာ တာဝန်ဖြင့် ယခုနေပြည်တော် ပျဉ်းမနားမြို့ သွားမည်သိရ၍ ရန်နိုင်စားတော်ဆက် ဦးချိုဝင်း+ ဒေါ်ကြေးမုံတို့ထံ ပို့ပေးရန် မှာကြား ပေးအပ်လိုက်ပါသည်။

တောရဆရာတော်ထံမှ စိစစ်ပြီး စာမူများ ဦးချိုဝင်း လာပို့ခြင်း

တောရဆရာတော်ထံမှ စစ်ဆေးခံယူပြီး သိမ်မှတ်တမ်းများနှင့် စာတွဲများနှင့်အတူ ၁၃၆၁-ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၄-ရက်နေ့စွဲပါ သိမ်မှတ်တမ်း၌ ပြင်ဆင်ရန် စာများပါ ဦးချိုဝင်း၏ လက်ရေးဖြင့် စာပါရောက်လာ၏။

ထိုစာမူ မူရင်းမှ မိတ္တူကူး၍ တင်ပြလိုက်ပါ၏။ အထောက်အထား အမှတ်အသား သက်သေခံချက်များ ဖြစ်ပါ၏။

နောက်ရက် မကြာမီ တောရဆရာတော်ထံမှ ၁၃၆၁-ခု၊ ဝါခေါင်လဆုတ် (၁၁)ရက်၊ (၆၊ ၉၊ ၉၉)နေ့ဖြစ်၏။ ရေးစာမိမိထံသို့ (၉၊ ၉၊ ၉၉) နေ့ ထပ်ရောက်လာ၏။ မိတ္တူပူးတွဲ တင်ပြပါ၏။

တောရဆရာတော်ထံမှ (၂၇၊ ၁၀၊ ၉၉) ရက်စွဲပါ စာနှင့်အတူ ယခုနေပြည်တော် ပျဉ်းမနားမြို့ ဦးချိုဝင်း ကိုယ်တိုင် မိမိအိမ်သို့ (၁၊ ၁၁၊ ၉၉) နေ့ စာတွဲများပါ ယူ၍ ရောက်လာ၏။ (၂၇၊ ၁၁၊ ၉၉) ရက်စွဲပါ စာ၌ သိမ်မှတ်တမ်း၏ ရှေ့မှ နောက်မှ စာများမှာ များလွန်းသည်၊ ပယ်ရန် စိတ်ကူးကြည့်သည်။ ယင်းသို့ပယ်လျှင် နိဒါန်းစာများပါ ပြင်ရလိမ့်ဦးမည်။ ထို့ကြောင့် လက်ခံလိုက်ရသည် မှတ်ပါဟု မှတ်ချက်ပါသည်။ အမှား ၂၀-ကျော် ပြင်ပါဟု မှင်နီဖြင့်လည်း ထောက်ပြထားသည်။

ကြွားသည် ထင်မှာစိုး

ဓာတ်ပုံများ သိမ်နှင့် မပတ်သက်လျှင် မထည့်နှင့် အပိုထည့်လျှင် ကြွားသည်ဟု ထင်ဖွယ်ရှိသည်။ ထို့ပြင် ကျမ်းနှင့်မဆိုင်သော စကားအပိုတွေ ပါဝင်နေသောကျမ်းကို 'ဖွဲအိပ်ကြီးနှင့်တူသော ကျမ်း'၊ 'ဝန်လေးသောကျမ်း'ဟု လယ်တီဆရာတော်က 'မဏိမဉ္ဇူသာဋီကာကျမ်းကြီး'ကို ဆိုခဲ့ဖူးသည်ကို သတိပြုကာ ယင်းသို့ မဖြစ်အောင် တိုက်တွန်းပါ၏ဟု အမိန့်စာပါလာသည်။ စာရှုသူများ မူရင်းမှ မိတ္တူကူး၍ သိသာနိုင်ကြပါရန် တင်ပြလိုက်ပါသည်။



သို့ — မောင်သိမ်းဆောင်

သိမ်းမှတ်တမ်း ဖြင့် - အစ ပဏာမ - နှင့် အဆုံးနိဂုံး ဂါထာ
ပါဠိ အနက်တို့ကို မောင်သိမ်းဆောင်ထံသို့ ပေးပို့ပါလား, မပေးရ
သေးဘူးလား, [redacted] မှာ သံသယ ပုံများ ဖြစ်လျက်ရှိရ ဘယ်ချိန်
ထိုပုံများ သံသယ ကင်းပျောက်ရန် အတွက် ဂါထာ ပါဠိ အနက်တို့ကို
ရေးသားရှု ပေးလိုက်ပါဗျာ။

ဟေတုယ်ချိန်: ယခု ၁၃၅၈-ခုနှစ် အတွင်း၌ မရိုက်ဖြစ်သေးလျှင်
နောက်နှစ်များ၌ ရိုက်မည်ဆိုလျှင် အဆုံးနိဂုံးဂါထာတို့၌
ရေးထားသော၊ သိမ်အရေအတွက် (၆၀) ခုမှာ ရှေ့သာ ခလားတို့ကို
ပြင်ဆင် ရေး ရလိမ့်ဦးမည်။ ကျမ်းဖြင့် သော် လိုလည်း ပြင်ဆင်
ရလိမ့်မည်။ မှာ သတိပြု ပါရန် စာရေးရှု အသိပေး လိုက်ပါဗျာ။

ထို့ပြင် ယခင်ပေးလိုက်သော ပုံရေး များ၌လည်း
ကောင်းမင်း ကြည့်ပြီး နိဒါန်းအဆုံး ဂါထာ ပါဠိ အနက်များလို သီးခြား
စာရွက်၌ ရေးရှု ပေးလိုက်ပါဗျာ။ မောင်သိမ်းဆောင်ထံ သို့ ရောက်
မရောက်၊ ရ မရ သိလိုပါဗျာ... အလေး မှ ပြင်ဆင်ချက်များကို
ပို့ပေး ရသည်ကို စိတ်မချ ရသောကြောင့်၊ ရောက်သည်
မရောက်သည်ကို သိလိုခြင်း ဖြစ်ပါသည်။

ဆရာ ဦး တိဿ ရ

၂၁၊ ၂၊ ၉၇ . ၄း၃၀
စီစစ်ပြီး ၁၈ ၀၅ ၉၇ ၂၁၊ ၂၊ ၉၇

ထန်းတပင်တောရ (ရွာ)
လက်မှတ် ရှိ ...
၁၃၅၈ . တပို့တွဲလဆန်း-၆-ရက်

၁၃၅၈ တပို့တွဲလဆန်း ၆ရက် နေ့စွဲပါ
မိမိစာရေးသူ မောင်သိမ်းဆောင်သို့ တောရဆရာတော် ပို့သည့်စာ

၁၁၊၂၊၉၇ ည. ၇း

မောင်သိမ်းဆောင် – နှင့်. မောင်မင်းကြည် - တို့ ထံ သို့

ဆရာတော် စာရေး လိုက်ပါသည် — အကြောင်း မှာ.

၁၃၅၈- ပြာသို လဆုတ် (၁) ရက်သော ကြာသပတေးနေ့က ပြင်ဆင်ရန် စာများကို ကောင်းစွာ ရရှိပါပြီ။ ယခု စာများတွင် "မိမိဆောင်မြဲတာ မဆိုင်တော့ကြောင်း စာတမ်းများ" ဟူသော စာပိုဒ်ကို ဖြုတ်ပြီး လျှင် သိမ်းသရုပ်ဖော်စာတမ်းများ— ဟု ပြင်ဆင်လိုက်ပါပြီ။ ထို့ပြင် ကျေးဇူးတော်ရှင်ဘိုးအရွယ်ကျမ်းသည် မိမိရေးသော ကျမ်း မဟုတ်ပါ. ပါဠိ မြန်မာ သီးခြား ဖြစ်အောင် ပြင်ဆင်မှု မြန်မာ့ရေးသားခြင်းသာ ဖြစ်ပါသည်. ထို့ကြောင့် မျက်နှာဖုံး၌ "ပါဠိမြန်မာနှစ်ဘာသာကို ပြင်ဆင် ရေးသားအပ်သော" ဟု ပြင်ဆင်လိုက်ပါပြီ။

ထို့ပြင် မောင်မင်းကြည်ရေးသော နိဒါန်း၌ လည်း နောက်ဆုံးပိုဒ် ဂါထာ နှင့် အနက် များ အစွန်း နောက် စာနေ စာသား အနည်းငယ် ချွတ်ယွင်းနေသည်ဟု ယူဆသောကြောင့် ပါဠိ ဂါထာ (၁) ကို ပြင်ဆင်လိုက်ပါပြီ။ ပါဠိ ဂါထာ (၂) ၌ကား ကဏ္ဍာ ကို ကဏ္ဍေ ဟု ဖြစ်သည်မှတပါး နဂိုမူလ စာတိုင်းပင် ထားပါသည်။ ဂါထာ အနက်များသည်ကား မောင်မင်းကြည်၏ အနက်များ ပင် ဖြစ်ပါသည်. အနည်းငယ်သာ ပြင်ဆင် ပါသည်။

ပါဠိ နှင့် မြန်မာ အဓိပ္ပါယ် များကို မျဉ်းသားချွဲထားခြင်းမှာ.. မြန်မာ သက်သက် ကို ဖတ်လိုသူများ အတွက် ဖြစ်ပါသည်။ ထိုသူများ က ပါဠိတွေကို စိတ်မဝင်စားဘဲ ဖြစ်နေတတ်ပါ၏.. ထို့ကြောင့် မြန်မာသက်သက်ကို ဆက်၍ ဖတ် သွားနိုင်အောင် မျဉ်းသားပေးပါ။ မျဉ်းကြောင်းအောက်၌ - တစ်မျက်နှာ. ပြီး တစ်မျက်နှာ ဆက်၍ ဆက်၍ ဖတ်သွားနိုင်ပါလိမ့်မည်။ မျဉ်းအကျိုးကို မြော်ကိုးသော စာ ဖြစ် - မျဉ်းကြောင်း ထည့်ပေး စေလိုပါ၏.

ဆရာဦးတိသာရ
ထန်းတပင် ကျောင်း
လယ်ဝေး မြို့နယ်
မန္တလေး တိုင်း

၁၃၅၈ ပြာသိုလဆုတ် (၁) ရက်က စာများရရှိကြောင်း
မောင်သိမ်းဆောင်နှင့် မောင်မင်းကြည်တို့ထံသို့ ပို့သည့်စာ

သို့ မောင်သိမ်းဆောင်.

ပို့လိုက်သော မိုးမှော်စာတွဲနှင့် တစ်ရွက်စီ လှန်ပြီးဖတ်ရှုရာ - အများပေါင်း စာချက်(၂၀)ကျော်တွေ့ရသဖြင့် မှတ်ကောင်းကောင်းမှာ ဖြင့်လိုက်ပါသည်. မြင်ချက်များကို မှတ်ချိဖြင့်သာ ရေး၍ ပြထားပါသည်- ထို့ကြောင့် မှတ်ချိ တွေ့လျှင် မောင်သိမ်းဆောင် သတိ "မှသာ ဆိုဖြင့်ပါတော့ဗျ.

ထို့ပြင် - အစနားက - စာ - ၁ - ချက်မှာကိုလည်း ပယ်လိုက်ပါဗျာ မှတ်ချိပါ၍နှင့် နောက်ဆက်တွဲ (က) ကိုလည်း ပယ်ရန်စိတ်ထားခဲ့သေးဗျ- များလွန်းသည်- စာမျက်နှာ (၃၀) ကျော် ရှိနေပါဗျာ နောက်ထပ်- စာမျက်နှာ ၆ - မျက်နှာကိုသာ လာမြန်ခဲ့သေးဗျာ။ ။ ဤနောက်ဆက်တွဲ(က)ကို ပယ်လိုက်လျှင်လည်း နိဒါန်း၌ စာရေးခြင်းအကျိုးကိုလည်း ပယ်ဖျက်ရလိမ့်ဦးမည်ဖြစ်၍ မည်သို့ ထို့ကြောင့် မပယ်တော့ဘဲ လက်ခံလိုက်သည် မှတ်ပါ။

ဓာတ်ပုံများကိုတော့ သိမ်းသမှတ်နှင့် စပ်လျဉ်းသော ဓာတ်ပုံများကိုသာ ထည့်သင့်ပါသည်- မစပ်လျဉ်းသော ဓာတ်ပုံများကို ထည့်ခြင်းဖြင့် စာမို့ ထည့်လျှက်ကြီးသည်ဟု ဆင်ခြင်မှတ်ရှိပါဗျာ- ထို့ပြင်

ကျမ်းနှင့် မဆိုင်ဘဲ စကားအပိုတွေများစွာ ပါဝင်နေသောကျမ်းကို နုံလေးသောကျမ်းဟုလည်းကောင်း, ဖွဲ့ဆိုပ်ကြီးနှင့် တူသောကျမ်း ဟုလည်းကောင်း, လယ်တီဆရာတော်ကြီးမဟာထေရ်မြတ်သော ငြိုးကာ ကျမ်းကြီးကို ဆိုခဲ့ဘူးသည်ကိုလည်း သတိမပြုကာ ယင်းသို့ မဖြစ်စေသောင်လှပ်ပါဟု တိုက်တွန်းပါဗျာ -

၁၊ ၁၁၊ ၉၉ - နံနက်.	
ကိုယ်ပိုင်း - လာပို့ စာတွဲများနှင့်.	အရှင်ကိသရ - တောရဆရာတော်
ကျွဲတ ၆ ပါဗျာ မျက်နှာ ရသည်.	လက်မှတ်ရေးထိုးသည် (၂၇-၁၀-၉၉)
၁၊၁၁၊၉၉ (ဒုမြင့်ဆောင်)	

၂၇.၁၀.၉၉ ရက်စွဲပါ မိမိ မောင်သိမ်းဆောင်ထံသို့
တောရဆရာတော် ပို့သည့်စာ

၁၃၆၁ ခုနှစ် ဒုတိယဝါဆိုလဆုတ်(၄)ရက်

သို့ မောင်သိမ်းဆောင်—

ယခင် ပို့လိုက်သော သိမ်မှတ်တမ်းများတွင် နောက်ဆုံးသိမ် ဖြစ်သော ရာပြည့် သိမ်မှတ်တမ်းကို ပယ်ဖျက်ပြီးလျှင် ယခုပို့လိုက်သော ရာပြည့်သိမ်မှတ်တမ်း အသစ်ကို ထည့်စေလိုပါတယ်.. ယခင်အဟောင်းနှင့် ယခုအသစ်မှာ ပါဠိဘာသာ ဂါထာများသည် အတူတူပင်ဖြစ်ပါတယ်.. မြန်မာဘာသာ လင်္ကာ၌ကား အချို့တူသော်လည်း အချို့အပိုဒ်များ ပြင်ဆင်ရေးသားထားရကား များစွာ ကွဲလွဲနေပါတယ်။ ထို့ကြောင့် အဟောင်းကိုပယ်၍ အသစ်ကိုထည့်၍ စာမူပါရှိ အထူး အလေးထားကာ ရေးသား သိစေလိုက်ပါတယ်—

ထို့ပြင် ရှေးယခင်က မှတ်တမ်းများတွင် စာစီလ၍ စာတမ်းမဆန့်ဘဲ အကြပ်တွေ့နေပါက မှင်နီနှင့် ရေးထားသော ဂါထာအမည် စသည်တို့ကို ပယ်ထုတ်လိုက ပယ်နိုင်ကြောင်း ပြောခဲ့ဘူးပါတယ်။ ပြောသည့်အတိုင်းပင် ရှေးယခင် မှတ်တမ်းများ၌ ပယ်လိုက ပယ်နိုင်သည်ဟု မှတ်ပါ။

ယခုပို့လိုက်သော မှတ်တမ်း၌ကား ပါဠိ (၈)လုံးကို မြန်မာစကား (၈)လုံးဖြင့်သာ လင်္ကာရေး၍ မြန်မာပြုထားသောကြောင့် စာတမ်း မရှည်သဖြင့် ယခင် မှတ်တမ်းများကဲ့သို့ အကြပ်တွေ့နေမည် မဟုတ်ပါ—

အပိုဒ်များ—

ပါဠိဂါထာရေးရာ၌ ပဌမပါဒ၌ တစ်ကြောင်းပိုဒ်၊ ဒုတိယပါဒ၌ နှစ်ကြောင်းပိုဒ်။ တတိယပါဒ၌ တစ်ကြောင်းပိုဒ်၊ စတုတ္ထပါဒ၌ လေးကြောင်းပိုဒ်။ ထိုသို့ဖြင့် — ရှေးက ရေးသားခဲ့ကြပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ပြီးနောက်၌ကား ဤကြားနှစ်ကို ဖျက်၍ စတုတ္ထပါဒ၌ နှစ်ကြောင်းသာ ပိုဒ်ပါတော့တယ်။

မိမိတို့ ဂါထာများ၌ကား ရှေးစနစ်အတိုင်း စတုတ္ထပါဒ၌ လေးကြောင်းပိုဒ်ထား သည်ကိုသာ အတည်ပြုပါ — ဟု သတိပေးပါတယ်—

အရှင် ဇာဂရ
[illegible]

၁၃၆၁ ခုနှစ် ဒုတိယဝါဆိုလဆုတ် (၄)ရက် နေ့စွဲပါ
မိမိ မောင်သိမ်းဆောင်ထံ ပို့သည့်စာ

သိမ်မှတ်တမ်း၌ ပူးတွဲစာရျား၊ ဓာတ်ပုံများ အဘယ်ကြောင့် ထည့်ခြင်း

တောရဆရာတော်သည် မလိုဘဲနှင့် အပို ကြွားသည် ထင်မှာ အလွန်ဝန်လေးတော်မူကြောင်း၊ အထက်၌ တင်ပြခဲ့ပြီးလေပြီ။ ဆရာတော်အနေဖြင့် မကြိုက်၊ မနှစ်သက်သည့် အရာများကို မိမိအနေဖြင့် အဘယ်ကြောင့် ဆောင်ရွက်နေခဲ့မိပါသနည်း။ ပြန်လည်မေးကြည့်ပါသည်။ တောရဆရာတော်၏ စကား မိန့်ကြားချက်များကို ဆန့်ကျင်နေသည်တော့ မဟုတ်ပါ။ မိမိ၏ ဆောင်ရွက်ချက်များသည် ထိုစဉ် ကာလအတွက် သက်သက်မဟုတ်ပါ။ နောင်းကာလများအတွက်လည်း ဖြစ်ပါသည်။

ဆိုလိုရင်းမှာ

(၁) တောရဆရာတော်သည် သာသနာတော်အတွက် အဘယ်မျှအထိ ဆောင်ရွက်သွားခဲ့ပါသည်။

(၂) တောရဆရာတော်သည် အဘယ်သို့သော ဆရာတော်မျိုးဖြစ်ပါသည်။

(၃) တောရဆရာတော် ကဲ့သို့သော ဆရာတော်များ အဆက်မပြတ် ရှိနေစေချင်ပါသည်။

(၄) သာသနာတော်ကြီး အစစ်အမှန် တည်တံ့နေစေချင်ပါသည်။

(၅) အထူးအားဖြင့် ရုတင်ဆောင်မထေရ်များ ပေါ်ထွန်းနေစေချင်ပါသည်။

(၆) တောရဆရာတော် သမုတ်တော်မူခဲ့သော သိမ်များ မှတ်တမ်းရှိစေချင်ပါသည်။

(၇) တောရဆရာတော်၏ဘဝ မှတ်တမ်းရှိနေစေချင်ပါသည်။

(၈) စစ်မှန်သော သာသနာတည်၍ ကုသိုလ်တရားများ တိုးပွားနေစေချင်ပါသည်။

(၉) လူပုဂ္ဂိုလ်များဘက်မှ ဝေ၁၂ရ သာသနာတည်အောင် ရှက်ဆောင်ကြစေချင်ပါသည်။

စသည့် များစွာသော အချက်အလက်များ စုစည်းဖော်ပြလိုသော ဆန္ဒမိမိမှာ အမြဲကိန်းအောင်းနေတတ်ပါသည်။ သို့အတွက် တောရဆရာတော် သက်တော်ထင်ရှားရှိနေစဉ်မှာ မှန်ကန်တိကျသော အထောက်အထား မှတ်တမ်းများအဖြစ် ရေးသားခြင်း၊ ထိန်းသိမ်းခြင်း စုဆောင်းခြင်းများ ပြုနေခဲ့မိပါသည်။

ထိုဖော်ပြခဲ့ပြီးသော အချက်များကို တောရဆရာတော်သို့ မကြာခဏ ပြန်လည်လျှောက်ထားနေခဲ့ပါသည်။ ထိုသို့ လျှောက်ထားသောအခါမှ မည်သို့မျှ ဆက်၍ မိန့်ကြားခြင်း မရှိတော့ဘဲ ရပ်တံ့သွားလေ့ရှိပါသည်။

ဆရာတော် ၂-ပါး ထေရုပ္ပတ္တိ ဖော်ပြခြင်းမှာ

အထူးသဖြင့် တောရဆရာတော်ကြီးဘဝသို့ ရောက်မလာမီ၊ ငယ်စဉ်က ပညာပေးခဲ့သော ဆရာတော် ဦးဥက္ကံသ သရက်ကန်ဆရာတော်နှင့် နောက်ဆုံးဆရာတော်ဖြစ်သော ဆရာတော် ဦးပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ) ဘုရားဖြူ ဆရာတော်တို့နှစ်ပါး ထေရုပ္ပတ္တိများကို တောရဆရာတော်ကိုယ်တိုင် ရေးသားထားသည်မှာ လွန်စွာကောင်းပါသည်။ ငယ်ဆရာတော်များအကြောင်း ဤစာစု၏အစ၌လည်း ဖော်ပြခဲ့ပြီးပါပြီ။ နောက်ဆုံးဆရာတော်အကြောင်းလည်း ဖော်ပြခဲ့ပြီးပါပြီ။ ထို

'ဆရာတော်မျိုးများမှ မွေးဖွားပေးလိုက်သော တောရဆရာတော်ပါ' ဟု မိမိက ရဟန်းရှင်လူအပေါင်းကို တင်ပြချင်ပါသည်။ တောရဆရာတော်အကြောင်း မိမိရေးပါက တောရဆရာတော်ကဲ့သို့ ဉာဏ်ပညာကြီးသူမဟုတ်၍ ပီပီပြင်ပြင် ရေးနိုင်မည် မဟုတ်ပါ။ သက်တော်ထင်ရှားရှိနေစဉ် ရေးခွင့်လည်း ပြုချင်မှ ပြုပါလိမ့်မည်၊ သို့အတွက် ထိုဆရာတော်ကြီး ၂-ပါး၏ ထေရုပ္ပတ္တိ ဖတ်ရှုကြပြီး ထို 'ဆရာတော်ကြီးများ၏ ဩဝါဒများကို တစ်သွေမတိမ်း လိုက်နာခဲ့သော ဆရာတော်' ဖြစ်ကြောင်း တင်ပြလိုရင်း ဖြစ်ပါသည်။ ဤသည်မှာ မိမိ၏ အတွင်းလျှို့ဝှက် စိတ်ကူးဖြစ်ပါသည်။

ထိုစဉ်က လျှောက်ထားခဲ့သည်မှာ တစ်မျိုးဖြစ်ပါသည်။ ဆရာတော် ၂-ပါး ထေရုပ္ပတ္တိများ သီး ခြားရိုက်ပါက စာအုပ်ပါးပါးလေးထွေ မကြာမီ ပျောက်ပျက်သွားနိုင်ပါသည်။ ဆရာတော်၏ ဘဝနှင့်လည်း ဆက်စပ်စေချင်ပါသည်။ ထို့ကြောင့် သိမ်မှတ်တမ်းရှေ့မှ ပူဇော်လိုက်ပါရစေဟု လျှောက်ထားခဲ့ပါသည်။ (မိမိ၏ အတွင်းသဘော ဖွင့်လျှောက်ပါမှလည်း အပြစ်လွတ်မည် ထင်ပါသည်။)

သိမ်သမုတ်ဓာတ်ပုံများနှင့် တောရကျောင်းများ ဓာတ်ပုံထည့်ရခြင်း

သိမ်မှတ်တမ်းများ ပါဠိမြန်မာဖြင့် ရေးခဲ့ပြီး ဓာတ်ပုံအထောက်အထားများပါ တင်ပြထားခဲ့ပါက သမိုင်းသုတေသီများအတွက် လွန်စွာမှ တန်ဖိုးရှိပါလိမ့်မည်။ သို့အတွက် -

(၁) ရန်ကင်းတောရရှိ ဆရာတော် ဦးဓာဂရိယထံမှလည်းကောင်း၊

(၂) ထန်းတပင်တောရရှိ ဆရာတော် ဦးကေဝလထံမှလည်းကောင်း၊

(၃) မိမိထံ၌ ကြိုတင်စုဆောင်းထားခြင်းများကိုလည်းကောင်း၊

(၄) ဆရာတော် ဦးဝိသုဒ္ဓ (ဓမ္မာစရိယ) အောင်မင်္ဂလာစာသင်တိုက် (အလုံ) ထံမှလည်းကောင်း

ရယူစုဆောင်း၍ သင့်သမျှ ဖော်ပြပြီး 'အမှတ်တရ ဓာတ်ပုံကဏ္ဍ' ဟူ၍ ဖော်ပြခဲ့ပါသည်။

တောရဆရာတော် သီတင်းသုံးသည့် ရန်ကင်းတောရကြီးနှင့် လယ်ဝေးထန်းတပင်တောရ သီတင်းသုံးသည့် တောရကျောင်းဓာတ်ပုံစသည့် စွမ်းသမျှ ဖော်ပြခဲ့ပါသည်။

<u>မှတ်ချက်</u> အလုံ အောင်မင်္ဂလာတိုက်မှ ဦးဝိသုဒ္ဓမှာ ရန်ကင်းတောရရှိ ရန်ကုန်ဆရာတော်၏ တပည့် တစ်ပါးဖြစ်၍ ဖလင် ၂-လိပ် ရိုက်ခဲ့သည်ဟု ရန်ကုန်ဆရာတော်က ညွှန်ပြ၍ ဦးကြည်စိုးသွား ရောက်ဖလင်များ ရယူခဲ့သည်။ ထိုဖလင်များမှ လိုရာ ကူးယူဖော်ပြခဲ့ပါသည်။

နောက်ဆက်တွဲ (က)သာသနာတော် အတွက် ဆောင်ရွက်ချက်များ

တောရဆရာတော်၏ ခနှစ်၊ ဝါတော်၊ သက်တော်အလိုက်၊ စာပေသင်ကြားခြင်း၊ ပြန်လည်ပို့ချခြင်း၊ တောရဆောက်တည်ခြင်းနှင့် သိမ်သမုတ်ခြင်း၊ ကျမ်းပြုခြင်း၊ သာသနာတော်အတွက် ဆောင်ရွက်ချက်များဟူသော နောက်ဆက်တွဲ(က) ဇယားဖြင့် မိမိပြုစု၍ သိမ်(၁၀၀)မှတ်တမ်း၌ထည့်ခွင့်တောင်း၍ ခွင့်ပြုခဲ့ပါသည်။

သို့ရာတွင် လွယ်လွယ်ကူကူနှင့်တော့ ခွင့်ပြုခဲ့သည်မဟုတ်ပါ၊ ဖေါ်ပြခဲ့ပြီးသော တောရဆရာတော်ကိုယ်တိုင်ရေးပို့သည့်စာများအရ သိနိုင်ပါသည်။

တောရဆရာတော်က ဘာနိဒါန်းမှ မရေးနှင့်၊ ငါ့အကြောင်းဘာတွေမှ မရေးကြပါနှင့်ဟု မကြာခဏ မိန့်လေ့၊ ဆူလေ့ရှိပါသည်။

မိမိတင်ပြခဲ့ပြီးပါပြီ။ နှောင်းကာလအတွက် ဖြစ်ပါသည်ဟု ဆိုခဲ့ပါသည်။

ယနေ့ ယခု မိမိရေးနေသော တောရဆရာတော်ဘဝအကြောင်းများသည် ထို နောက်ဆက်တွဲ(က) ပါ ခုနှစ်အလိုက် သိမ်သမုတ်ခြင်းများကို ရေးနိုင်နေသည်မှာ ထိုစဉ်က မရမနေ ခွင့်တောင်းထည့်သွင်းခဲ့သည့် ကျေးဇူးများ ဖြစ်နေပါပြီ။

တောရဆရာတော်ဘဝအကြောင်း ရေးကြမည်ဆိုလျှင်

အခြားသော စာရေးဆရာ၊ ဆရာတော်များအနေဖြင့်လည်း ထိုခုနှစ်များအတိုင်း ခြေရာခံ၍ ရေးကြမည်သာ ဖြစ်မည် ထင်ပါ၏။

အဘယ်ကြောင့်ဆိုသော် ထိုမှတ်တမ်းစာကြမ်းများကို မိမိပြုစုခဲ့ပြီး တောရဆရာတော်ထံ တင်ပြ၊ မှားသည်ကို ပြင်ပေး အမှန်ကို တောရဆရာတော်ကိုယ်တိုင် အတည်ပြုပေးခဲ့သော မှတ်တမ်းများ ဖြစ်နေသောကြောင့်ပါတည်း။

ထို သိမ် ၁၀၀ မှတ်တမ်း နောက်ဆက်တွဲ (က) သည် သက်တော် ၇၈–နှစ်အထိသာ ဖြစ်လေသည်။

သိမ် ၁၀၀ မှတ်တမ်း ရိုက်နှိပ်ဖြန့်ဝေ လှူဒါန်းနိုင်ခဲ့ခြင်း

ဤသို့ဖြင့် သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁၊ ကမ္ဘာသုံးနှစ် ၂၀၀၀ ခုနှစ်တွင် ဇမ္ဗူထွန်းအော့ဖ်ဆက် ဦးထွန်းခင်နှင့် သားမက်ကိုနိုင်နိုင်တို့၏ ပုံနှိပ်တိုက်တွင် စက္ကူဖြူချော၊ ကတ္တူအဖုံးဖြင့် သေသပ်ကျနစွာ အလှူရှင်အမည်စာရင်း ကမ္ပည်းများ တင်၍ ကောင်းမွန်စွာ ပုံနှိပ်၊ အုပ်ရေ (၁၀၀၀) ထိုကာလ ကျပ် ၅–သိန်းကျော်ဖိုး အကုန်အကျခံ၍ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။*

အံ့ဖွယ်ရှစ်ဖြာ သာသနာမှ သမဏပဋိရူပ ဩဝါဒ စာတမ်းများ

မိမိသည် တောရဆရာတော်၏ ကျမ်းစာများ ရိုက်နှိပ်ရေးအတွက် ကမ္ဘာအေးကုန်းမြေသို့ မကြာခဏ ရောက်ရသည်၊ တွေ့လိုသည့်အရာရှိများကို အချိန်စောင့်ရတိုင်း မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအထဲသို့ ဝင်ရောက်ဖူးမြော်ခဲ့ပါသည်။

သင်္ဂါယနာတင် ရှေးမထေရ်ကြီးများ စီစဉ်ထားသည့် အံ့ဖွယ်ရှစ်ဖြာသာသနာ ဩဝါဒ စာတမ်းများကိုလည်း ဖတ်ဖြစ်သည်။ ထိုစာတမ်းများနှင့် ထိုသိမ်တော်ကြီး ရှေးဆရာတော်ကြီးများ၏ ကျေးဇူးဂုဏ်ကို အမှတ်ရ ကြည်ညို၊ အတိတ်၏ အရိပ်များ မှန်းဆ တမ်းတ၊ ရင်တွင်းမှာ လွမ်းမောဖွယ်နှင့် ကြည်နူးခြင်းများ ရောထွေးခံစားရသည်။

မိမိတို့၏ ဆရာမထေရ် တောရဆရာတော်၏ ကျေးဇူးဂုဏ်များကိုလည်း ဆက်စပ် မြင်ယောင်လျက် သမဏပဋိရူပ ဩဝါဒစာတမ်းများပါ စာများက ဆရာမထေရ်၏ဘဝ မည်သို့သော ရဟန်းပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း ထောက်ပြ ညွှန်ပြနေသည်သို့လည်း ရှိသည်ဟု ခံစားရပြန်သည်။

ထိုထိုသော ကျေးဇူးဂုဏ် အဆက်ဆက်ကို မြင်ကြ ကြည်နူးကြ အမှတ်ရစေခြင်းငှာ သိမ် (၁၀၀) မှတ်တမ်း၌ ပထမ သမဏပဋိရူပ၊ ဒုတိယ သမဏပဋိရူပနှင့် တတိယသမဏပဋိရူပ စာတမ်း

* တောရဆရာတော်သမုတ်ခဲ့သော သိမ် ၁၀၀ မှတ်တမ်း ပါဠိ မြန်မာရိုက်နှိပ်

များကို သင့်ရာ၌ ထည့်သွင်းသီးခြား ဖော်ပြခဲ့ပါသည်။

ယင်းသို့ ဖော်ပြထားခြင်းမှာ တောရဆရာတော်၏ဆန္ဒမဟုတ်၊ မိမိစီစဉ်သူ၏ ဆန္ဒအရ ဖော်ပြခဲ့ခြင်းဖြစ်ပါကြောင်း ဤနေရာမှ အစီရင်ခံ လိုက်ရပါသည်။

တောရဆရာတော်ထံသို့ သိမ်မှတ်တမ်းများ ဦးထွန်းခင်ပို့လှူ

ပုံနှိပ်ပြီးသော သိမ် ၁၀၀–မှတ်တမ်းများကို ရမည်းသင်းမြို့နယ် နဘူးကျောင်းရန်ကင်းတောရကြီးနှင့် လယ်ဝေးမြို့နယ် ထန်းတပင်တောရများသို့ လှူဒါန်းရန် ဦးထွန်းခင်အား တာဝန်ပေးစေလွှတ်ခဲ့ပါသည်။ မှတ်တမ်းအရ ထိုနေ့မှာ (၂၀၊ ၄၊ ၂၀၀၀) နေ့ဖြစ်ပါသည်။

တောရဆရာတော် သမုတ်ခဲ့သည့် သိမ်များရှိရာ မြို့နယ်အလိုက် ကျောင်းတိုက်များသို့ လှူရန် အောက်ပါအတိုင်း ပေးပို့လှူဒါန်းခဲ့ပါသည်။

၁။ ရမည်းသင်းမြို့နယ်အတွင်းရှိ သိမ် ၁၉–လုံး ဦးအောင်လင်းမှ လှူရန်

၂။ ယခုနေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ သိမ် ၂၁–လုံး
ဦးအောင်ခမှ လှူရန်

၃။ ယခုနေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ သိမ် ၁၅–လုံး
ဦးချို့ဝင်းမှ လှူရန်

၄။ ယခုနေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ သိမ် ၁၂–လုံး
ဦးကောင်းတည်မှ လှူရန်

၅။ ကဝမြို့နယ်အတွင်းရှိ သိမ် ၁–လုံး ဒေါ်အုန်းကြည်မှ လှူရန်

၆။ တောင်ငူခရိုင်အတွင်းရှိ သိမ် ၅–လုံး ဆရာဦးကျော်မြင့် (ဖြူး)မှ လှူရန်

၇။ ရန်ကုန်တိုင်း (မင်္ဂလာဒုံ) ၄–လုံး ဆရာဦးမျိုးအောင်မှ လှူရန်

၈။ ရန်ကုန်တိုင်း သာကေတ သိမ် ၁–လုံး ဦးသိမ်းဆောင်မှ လှူရန်

၉။ မင်းဘူးခရိုင် စကုမြို့နယ် သိမ် ၃–လုံး ဦးသိမ်းဆောင်မှ လှူရန်

၁၀။ သရက်ခရိုင် မင်းတုန်းမြို့နယ် သိမ် ၁–လုံး ဦးသိမ်းဆောင်မှ လှူရန်

၁၁။ မကွေးတိုင်း နတ်မောက် လဲဘူး သိမ် ၁–လုံး ဦးစန္ဒိမာမှ လှူရန်

၁၂။ ရှမ်းပြည်တောင်ပိုင်း မိုးပြဲမြို့နယ် သိမ် ၁–လုံး ဦးသိမ်းဆောင်မှ လှူရန်

၁၃။ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် သိမ် ၁–လုံး ဦးအောင်လင်းမှ လှူရန်

၁၄။ မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် သိမ် ၁၂–လုံး၊ ဦးအောင်လင်းမှ လှူရန်

၁၅။ မွန်ပြည်နယ် မော်လမြိုင် သိမ် ၁–လုံး ဦးသိမ်းဆောင်မှ လှူရန်

၁၆။ ဧရာဝတီတိုင်း ဖျာပုံခရိုင် သိမ် ၂–လုံး ဦးသိမ်းဆောင်မှ လှူရန်

စုစုပေါင်း သိမ် ၁၀၀–ဖြစ်ပါသည်။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် သာသနာရေးဝန်ကြီးဌာနသို့ လှူဒါန်း

သိမ် ၁၀၀–မှတ်တမ်းနှင့် ဓါတင်အဆုံးအဖြတ်ကျမ်းစာများကို ရန်ကုန်မြို့ရှိ ထင်ရှားသော

စာသင်တိုက်ကြီးများ၊ တိပိဋကဓရ ဆရာတော်ကြီးများ၊ တရားဓမ္မရိပ်သာကြီးများနှင့် လှူသင့်လှူထိုက်သော အမြို့မြို့အနယ်နယ်ရှိ စာသင်တိုက်ကြီးများသို့ ဖြန့်ဝေလှူဒါန်းခဲ့ကြသည်။

ဦးမင်းကြည်မှာ နယ်အရပ်ရပ်သို့ အစိုးရတာဝန်ဖြင့် မကြာခဏ ခရီးသွားရသည်ဖြစ်ရာ လှူသင့်လှူထိုက်သော ရပ်ဝေးဒေသမြို့ရွာ စာသင်တိုက်ကြီးများသို့ပါ လှူဒါန်းခဲ့ပါသည်။

၂၀၀၀–ခုနှစ်၊ ဇူလိုင်လ ၈–ရက်နှင့် ၉–ရက်များတွင် ရန်ကုန်မြို့သိရီမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာဝိဇယဓမ္မသဘင်၌ ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇–ပါး စုံညီ သတ္တရသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား၊ တောရဆရာတော် ဦးဆောင်လျက် သာသနာတော်ကြီး အရှည်ခံ၍ တည်တံ့စေရန် ရည်သန်ပြီး သမုတ်တော်မူခဲ့သော သိမ် ၁၀၀–မှတ်တမ်းနှင့် ရုတင်အဆုံးအဖြတ်ကျမ်းစာများကို သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းရွှေ အကြံပေးအရာရှိ ဦးမင်းကြည်နှင့် မိမိဦးသိမ်းဆောင်တို့ ဦးဆောင်သော ဒါယကာ ဒါယိကာမများက ဇူလိုင် ၈–ရက်တွင် လှူဒါန်းခဲ့ကြသည်။*

ယင်းသို့ လှူဒါန်းကြောင်းသတင်းကို ၁၂၊ ၇၊ ၂၀၀၀–နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇–တွင် ဖော်ပြပါရှိလေသည်။ ထိုသတင်းစာ မိတ္တူကို ပူးတွဲတင်ပြပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ရုံးစာကြည့်တိုက်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် နာယကချုပ် ဆရာတော်၊ မော်ကွန်းထိန်းဆရာတော်၊ စာကြည့်တိုက်နှင့် သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာနများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ စာကြည့်တိုက်များသို့ပါ လှူဒါန်းခဲ့ ကြပါသည်။

မြတ်မင်္ဂလာစာစောင်/ရတနာ့မွန် မဂ္ဂဇင်းများ ပို့ခြင်းရပ်ဆိုင်းသွား

တောရဆရာတော် သီတင်းသုံးရာ နဘူးကျွင်း ရန်ကင်းတောရကြီးနှင့် လယ်ဝေး ထန်းတပင်တောရများသို့လည်းကောင်း၊ ဓာတ်ရွာ ပြင်တိုက် ကံကြီးသရက်ကန်၊ သက္ကယ်ကျင်း၊ ကြာပင်အင်းနှင့် နဘူးကျွင်းရွာဦးကျောင်းများ၊ တမာတောင်တောရ၊ အင်ကြင်းမြိုင်တောရ၊ လယ်ဝေး ရွှေစေတီတောရ၊ မဟာမြိုင်တောရ၊ တပ်ကုန်းမြို့ မဟာသီဟနာဒတိုက်များသို့ လွန်ခဲ့သော နှစ်များက လစဉ် ပေးပို့သော မြတ်မင်္ဂလာ/ ရတနာ့မွန်မဂ္ဂဇင်းများ ဆက်လက်ပို့နိုင်ခြင်း မပြုနိုင်တော့ပါ။ မိမိ ကျန်းမာရေးအရ မသွားမလာနိုင်ခြင်းကြောင့် ရပ်ဆိုင်းသွားခဲ့ပါသည်။ ၇–နှစ်ခန့် ပို့ခဲ့ပါသည်။

မိမိ ဦးဆောင်၍ ဦးညွန့်လှိုင် ညီမ မသန်းမြင့်၊ သားကြီး ဒေါက်တာခင်မောင်ဦး၊ ဦးတင်ဝင်း၊ ဦးအောင်ဖုန်း၊ ဦးတိုးကြည် စသော ဓမ္မမိတ်ဆွေများထံမှ လစဉ်အလှူခံ၍ ပို့ခဲ့ခြင်း ဖြစ်ပါသည်။

၁၃၆၁ – ခုနှစ်အတွင်း သိမ်အလုံး ပေါင်း ၁၉–လုံး သမုတ်တော်မူ

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၂၀၀၁) ခုနှစ် အတွင်း တောရဆရာတော်သည် သိမ်အမှတ် ၁၀၁ မှ သိမ် ၁၁၉–အထိ အလုံးပေါင်း ၁၉–လုံး သမုတ်တော်မူခဲ့သည်။ ထိုသိမ်များ၏ မှတ်တမ်းများ

* နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ အစည်းအဝေးသို့ သိမ် ၁၀၀ မှတ်တမ်း လှူဒါန်း



၁၃၆၁ ဝါခေါင်လဆုတ် (၁၁)ရက် (၆-၉-၉၉)ရက်စွဲပါ ‌=အသက်ကြီး၍ ရောဂါဖြစ်သောကြောင့်+ဟု မှတ်ချက်ပါသောစာ



၁၂-၇-၂၀၀၀ နေ့ထုတ် မြန်မာ့အလင်း သတင်းစာ သိမ် ၁၀၀ မှတ်တမ်းနှင့် စုတင်အဆုံးအဖြတ် ကျမ်းစာများ လှူဒါန်းသတင်း

ကို တောရဆရာတော်၏ စာကြမ်း မှတ်တမ်းသာရှိခဲ့ရာ စာချောရေးသားပါရန် အကြိမ်ကြိမ် လျှောက်ထားခဲ့သော်လည်း စာချော ရေးသား ပေးနိုင်ခဲ့ခြင်း မရှိပါ။

ဧရာဒုဗ္ဗလ အရှုံ့ယ်ရောက်ပြီ

မိမိထံသို့ ၁၃၆၁–ခု၊ ဝါခေါင်လဆုတ် – ၁၁ ရက် (၆၊ ၉၊ ၉၉)ရက်စွဲဖြင့် ထန်းတပင်တောရမှ နေ၍ ပေးပို့သောစာကို (၉၊ ၉၊ ၉၉)တွင် မိမိလက်ခံ ရရှိခဲ့ရာ ထိုစာ၌ ရာကျော်သိမ် ၄–လုံး သမုတ်ပြီးပါပြီ။ ထိုသိမ်တို့ကို မှတ်တမ်းရေးသား၍ ပုံနှိပ်ရန် နိုင်နိုင်မာမာ သေသေချာချာ စဉ်းစားထားခြင်း မရှိသေး၊ ဤပုံနှိပ်ရေးကို ထားဘိဦး၊ သိမ်သမုတ်ကြွရန် ကိုပင်၊ ပယ်ရန် စဉ်းစားဆင်ခြင်လျက် ရှိပါ၏။ 'အသက် ကြီး၍ = ဧရာဒုဗ္ဗလ' ဖြစ်သောကြောင့် ပယ်သင့်သည် ဟု ထင်မြင်ယူဆသဘောရနေပါ၏။ အရှင်တိဿရ၊ ထန်းတပင်တောရ ဟု ရေးသား ပါရှိပါသည်။ မိတ္တူ၊ မူးတွဲတင်ပြပါသည်။

တောရဆရာတော်၏ သက်တော် ၇၉၊ ၈၀ –အတွင်းသို့ ဝင်ပါပြီ။ ဆရာတော် သိမ်နှင့် ပတ်သက်၍ ထိုစာမျိုး မရေးခဲ့ဖူးပါ။ မိမိငယ်သူပင်လျှင် သေမင်းက မကြာခဏ ခေါ်နေသည်ကို တောရဆရာတော် သိပါသည်။ စဉ်းစား၍ မရပါ။ ဘာကြောင့်ပါလဲ၊ မိမိ၏ ကျန်းမာရေးက မူလ အတိုင်းတော့ ပြန်မကောင်းသေးပါ။ ဆရာဝန်ကြီးများထံ ချိန်းရက်၊ ချိန်းလအတိုင်း သွားနေပြနေရ ဆဲသာ ဖြစ်နေပါသည်။ ညစာ မစား၊ ဆန်ပြုတ်သာ သောက်နေသည်မှာ ၂–နှစ်အတွင်းသို့ ရောက်ခဲ့ပါပြီ။ မိမိ ရှင်နေသေးသမျှတော့ သိမ်သမုတ် သွားသည်များကို ရိုက်နှိပ်သွားမည်ဟု ဆန္ဒရှိနေပါသေးသည်။

ဆရာတော်နှင့် မိမိတို့ သိမ် ၂၀၀–ပြည့်အောင် သမုတ်နိုင်၊ ပုံနှိပ်နိုင်ကြပါလေဦးမည်လား။

အရဟတ်တက်ချိန် အဆုံးအဖြတ်ကျမ်း (တတိယအကြိမ်) ပျဉ်းမနားမှ ရိုက်

စာရင်းရုံး ဒေါ်ငွေးငွေးရီ ဦးဆောင်

တောရဆရာတော် ရေးသားပြုစုသည့် အရဟတ္တကာလဝိနိစ္ဆယ (ခေါ်) အရဟတ်တက်ချိန် အဆုံးအဖြတ်ကျမ်း (တတိယအကြိမ်) ကို သာသနာ ၂၅၄၃၊ ကောဇာ – ၁၃၆၁၊ ခရစ် ၁၉၉၉–တွင် ယခုနေပြည်တော် ပျဉ်းမနားမြို့ စာရင်းစစ်ရုံးမှ ဒေါ်ငွေးငွေးရီ ဦးဆောင်သော အလှူရှင်များစွာတို့က ကျပ်ငွေ ၃၅၀၀၀ိ/– (ကျပ်သုံးသိန်းငါးသောင်း) ဖြင့် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်ခဲ့ကြသည်။*

ထိုကျမ်းစာ (တတိယကြိမ်) ရိုက်နှိပ်နိုင်ရေး အတွက် ယခုနေပြည်တော် ပျဉ်းမနားမြို့ စာရင်းစစ်ရုံးမှ ဒေါ်ငွေးငွေးရီ မိမိအိမ်သို့ ရောက်လာသည်။ နွင့်ပြုချက်တင်ရန် (ဒုတိယအကြိမ်) ရိုက်ခဲ့သော ကျမ်းစာ ၄–အုပ် ပေးလိုက်သည်။ မိမိမှာ ကောင်းစွာ ကျန်းမာခြင်း မရှိသေး၊ ယခုကဲ့သို့ ရိုက်နှိပ်ကြမည်ကို ဝမ်းသာပါကြောင်း အားပေးစကားမျှသာ ပြောနိုင်ခဲ့ပါသည်။

ရှပေါင်းကောင်းမှု

သာသနာတော်ကြီး အစစ်အမှန် တည်တံ့စေလိုသော ဆန္ဒကြောင့် ယခုကဲ့သို့ ပါဝင်ဆောင်ရွက်လာကြသည်ကို ဝမ်းသာမဆုံးနိုင်၊ ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေးမှ တောရဆရာတော်အပေါ် ကြည်ညိုကြသော ဓမ္မမိတ်ဆွေများက ဒေါ်ငွေးငွေးရီတို့ အဖွဲ့သို့ အလှူငွေများ ပါဝင်လာကြသည်ကိုတွေ့ရသည်။

---

* အရဟတ္တကာလ ဝိနိစ္ဆယကျမ်း (တ–ကြိမ်) သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်

သာသနာရေးဦးစီးဌာနမှာ ရိုက်

နဘူးကျောင်း ရန်ကုန်ဆရာတော်၏ နိဒါန်း အသစ်နှင့် ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှာ ရိုက်နှိပ်နိုင်သည့် စာရင်းစစ်ချုပ်ရုံး၏ စွမ်းအားကို လေးစားမိပါသည်။

ထိုကျမ်းစာ၏ အနှစ်သာရကို ၁၃၂၉-ခုနှစ် (ပထမအကြိမ်) ရိုက်နှိပ်စဉ်က အခန်း၌ ဖော်ပြခဲ့ပြီး လေပြီ။

သို့ရာတွင် ထိုကျမ်း၏ အရေးအကြီးဆုံးသော အပိုင်းကို တင်ပြလို၍ အောက်၌ ဖော်ပြလိုက်ပါသည်။

အရုဏ်တက်လင်္ကာ

ခူးပန်ဆက်သွား၊ ဆုန်ပန်ကြွားသူ၊
ယုန်များအသွင်၊ ဆိုမောင်းနှင်သည်၊
ခေါင်မြင်အိမ်သွား၊ လင်းမိန့်ကြွားသော်၊
ကျွတ်မြားဆိပ်သွင်၊ မုန်းမျက်ဝင်သို့၊
တော်မြင်မှားသန်၊ သိုသက်နံ့သား၊
တွဲဖန်များသူ၊ ပေါင်းဖော်လူသုံး၊
လေးလုံးစီထား၊ ဤပုဒ်များတွင်၊
ပ-ကားလမည်၊ ဒု-နာရီပြ၊
တ-စ-မိနစ်၊ န- မြင်လစ်မူ၊
သုညယူ၍၊ ကြွင်းမူနံသင့်၊
ဂဏန်းချင့်ကာ၊ ယူသင့်ကုန်ကြ၊
ဆယ် နှစ်-လ-၌၊ မှတ်ရလွယ်ပြီ၊
ကျမ်းနှင့်ညီသည်၊ ရောင်နီအရုဏ်တက်ချိန်တည်း။

အရုဏ်တက်ချိန်ညွှန်ပြချက်

၁၂ - လတို့၌ အကြမ်းစားညွှန်ပြသော အရုဏ်တက်ချိန် နာရီမိနစ်

လအမည်	အရုဏ်တက်ချိန်		နေထွက်ချိန်	
	နာရီ	မိနစ်	နာရီ	မိနစ်
၁။ တန်ခူး	၅	၃၆	၆	၀
၂။ ကဆုန်	၅	၂၆	၅	၅၀
၃။ နယုန်	၅	၁၆	၅	၄၀
၄။ ဝါဆို	၅	၆	၅	၃၀
၅။ ဝါခေါင်	၅	၁၆	၅	၄၀
၆။ တော်သလင်း	၅	၂၆	၅	၅၀
၇။ သီတင်းကျွတ်	၅	၃၆	၆	၀
၈။ တန်ဆောင်မုန်း	၅	၄၆	၆	၁၀
၉။ နတ်တော်	၅	၅၆	၆	၂၀
၁၀။ ပြာသို	၆	၆	၆	၃၀
၁၁။ တပို့တွဲ	၅	၅၆	၆	၂၀
၁၂။ တပေါင်း	၅	၄၆	၆	၁၀

အထူးတင်ပြလိုသည်မှာ

အရုဏ်တက်ချိန်လင်္ကာနှင့် ရှင်းလင်းချက် (တတိယအကြိမ်) ရိုက်နှိပ်ရာ၌ 'အရုဏ်တက်ချိန်လင်္ကာ' ထည့်သွင်းခြင်း၊ ပါရှိလာခြင်း ဖြစ်သည်။

၁၂ လတို့၌ အကြမ်းစား ညွှန်ပြသော အရုဏ်တက်ချိန် နာရီ မိနစ် ဂဏန်းများဖြင့် ပြဆိုချက်များမှာ လအလိုက် မှတ်ရန် မလွယ်ကူ။ သို့အတွက် ထိုလင်္ကာကို ကျက်မှတ်အရဆောင်ထားနိုင်လျှင် အခက်အခဲမရှိ ဖြစ်လေတော့၏။

ထိုလင်္ကာသည် လေးလုံးတစ်ပိုဒ်စီ ထားလေရာ ဥပမာအားဖြင့် ယှဉ်တွဲကောက်ယူပါက အောက်ပါအတိုင်း ဖြစ်လေသည်။

လင်္ကာ	လ	နာရီ	မိနစ်
၁။ ခူးပန်ဆက်သွား၊	ခူး = တန်ခူး	ပန် = ၅ နာရီ၊	ဆက် = ၃၊ သွား = ၆
၂။ ဆုန်ပန်ကြားသူ၊	ဆုန် = ကဆုန်	ပန် = ၅ နာရီ၊	ကြား = ၂၊ သူ = ၆
၃။ ယုန်များအသွင်၊	ယုန် = နယုန်	များ = ၅ နာရီ၊	အ = ၁၊ သွင် = ၆
၄။ ဆို မောင်းနှင်သည်၊	ဆို = ဝါဆို	မောင်း = ၅ နာရီ၊	နှင် = ၀၊ သည် = ၆
၅။ ခေါင်မြင်အိမ်သွား၊	ခေါင် = ဝါခေါင်	မြင် = ၅ နာရီ၊	အိမ် = ၁၊ သွား = ၆
၆။ လင်းမိန့်ကြားသော်၊	လင်း = တော်တလင်း	မိန့် = ၅ နာရီ၊	ကြား = ၂၊ သော် = ၆
၇။ ကျွတ်များဆိပ်သွင်၊	ကျွတ် = သီတင်းကျွတ်	များ = ၅ နာရီ၊	ဆိပ် = ၃၊ သွင် = ၆
၈။ မုန်းမျက်ဝင်သို့၊	မုန်း = တန်ဆောင်မုန်း	မျက် = ၅ နာရီ၊	ဝင် = ၄၊ သို့ = ၆
၉။ တော်မြင်မှားသန်၊	တော် = နတ်တော်	မြင် = ၅ နာရီ၊	မှား = ၅၊ သန် = ၆
၁၀။ သိုသက်နှံသား၊	သို = ပြာသို	သက် = ၆ နာရီ	နှံ = ၀၊ သား = ၆
၁၁။ တွဲဖန်များသူ၊	တွဲ = တပို့တွဲ	ဖန် = ၅ နာရီ၊	များ = ၅၊ သူ = ၆
၁၂။ ပေါင်းဖော်လူသုံး	ပေါင်း = တပေါင်း	ဖော် = ၅ နာရီ၊	လူ = ၄၊ သုံး = ၆

လေးလုံးစီထား၊	ပ – ကား လမည်၊	ပထမ စာလုံးသည် လအမည်
	ဒု နာရီပြ	ဒုတိယ စာလုံးသည် နာရီ
	တ–စ မိနစ်	တတိယ၊ စတုတ္ထသည် = မိနစ်
	နမြင်လစ်မူ	သုည ယူ၍
	ကြွင်းမူနံသင့်	ကစဂယင=တနလာ စသည့် ဂဏန်းချင့်ကာ ယူသင့်ကုန်ကြ၊

ဘယ် နှစ် လ ၌ မှတ်ရလွယ်ပြီ။

ကျမ်းနှင့်ညီသည်၊ ရောင်နီအရုဏ်တက်ချိန်တည်း။

အထူးကား

အရုဏ်တက်ချိန်ကျမ်းနှင့်အညီ ဤလင်္ကာ ကို စီထားပါသည်ဟု တောရဆရာတော် မိန့်ဆိုထားပါ၏။

ထိုကျမ်းနှင့် ထိုလင်္ကာသည်ကား –

♦ တောရဆောက်တည်သော မထေရ်များ အတွက်ကား လမ်းပြမြေပုံဖတ်ရန် အိမ်မြှောင်ပါ တည်း။

♦ သီလကို ချစ်မြတ်နိုးတော်မူကြကုန်သော သူတော်ကောင်းကြီးများအတွက်မူကား အလင်းရောင်ကိုပြသော ပဒ္မာမြားပါတည်း။

ထိုက်သူအတွက် ရတနာဖြစ်ပါသော်လည်း

ထိုက်သူအတွက် ရတနာဖြစ်ပါသော်လည်း သုံးမည့်သူက မသုံးလျှင် အကျိုးမထင် ဖြစ်ရကြောင်း ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း မိန့်ဆိုခဲ့ပါ၏။

♦ *မိုးကောင်းဆင်ဖြူ၊ ရပါမူလျက်၊ ရသူဘုန်းမဲ့၊ ဖြစ်ခဲ့ရကား၊ မတန်ငြားဤ၊ တစ်ပါးထိုက်ရာ၊ ပျံ့သွားပါ၏။*

♦ *ရတနာဟူတုံ၊ တစ်စုံတစ်ခု၊ ဝတ္ထုအမျိုး၊ အဘိုးနက်ပြည့်၊ ပြည့်တန်လှည့်လည်း၊ သုံးမည့်သူက၊ သုံးမကျလျှင်၊ ဓမြမှုထင်စွာ၊ ကြက်ယက်ရာနှိုက်၊ ရတနာပတ္တမြား၊ ပေါ်သောလားသို့၊ သုံးစားမဝင်၊ ဘိုးမထင်ဘူး၊ ရှေးစင် သည်းအူ၊ မှတ်နည်းမူလော့။*

(မဃဒေဝ ပိုဒ်ရေ ၂၆၄)

ဟူ၍ ဖြစ်လေသည်။

ဝမ်းနည်းဖွယ်

ယခုအခါ၌ မြို့ကြီးပြကြီးများရှိ မွေးရုံ ဆွမ်းလောင်းအသင်းများက၊ မိုးမလင်း အရုဏ်မတက်မီ ဝါတွင်းကာလ ဆွမ်းများလောင်းလှူနေကြသလို၊ သံဃာတော်အရှင်များကလည်း ဆွမ်းများ ခံယူနေကြလေပြီ။ ဝမ်းနည်းဖွယ်ပင် ဖြစ်၍ နေလေပြီ။

'အမှားကြာလျှင် အမှန်ထင်' ပြင်ရန်မလွယ် ရှိလေလိမ့်မည်။

၁၃၆၁ –ခုနှစ်အတွင်း သမုတ်ခဲ့သော သိမ် ၁၉–လုံးအနက် သိမ်အမှတ် ၉၅–မှ ၁၀၀–အထိ အထက်၌ ဖော်ပြခဲ့ပြီး ပုံနှိပ်ခဲ့ပြီး ဖြစ်ပါသည်။

ယခု ဆက်လက်ဖော်ပြသွားရန် သိမ် ၁၃ လုံးကျန်ရှိနေပါသည်။ ထိုသိမ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သိမ်အမှတ် ၁၀၁၊ ထီလာဦးသိမ်

သာသနာ – ၂၅၄၃၊ ကောဇာ ၁၃၆၁ (၂၃၊ ၇၊ ၉၉) ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁–ရက် သောကြာနေ့ည ၁၀–နာရီ၊ ၁၂–မိနစ်အချိန် မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ထီလာဦး ကျေးရွာကျောင်းအတွင်း ၁၄၆–ကြိမ်မျှ သိမ်နုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၅၂–ပါးတို့သည် ထီလာဦး သိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက် ။ ဤသိမ်၌ ၂၁–ပါးကို ဆန္ဒဆောင်ယူရခြင်းသည် ထူး၏ ဟု တောရဆရာတော် မှတ်ချက်ပြုထားပါသည်။

သိမ်အမှတ် ၁၀၂–စက်ပစ်တောင်သိမ် (စိတ္တသုခသိမ်)

သာသနာ – ၂၅၄၃၊ ကောဇာ – ၁၃၆၁ (၂၄၊၇၊၉၉) ခုနှစ်၊ ဒုတိယဝါဆိုလဆန်း–၁၂–ရက် စနေနေ့ည ၁၀–နာရီ ၃–မိနစ် အချိန် မန္တလေးတိုင်း မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် တမုန်ကန်အုပ်စု စက်ပစ်တောင်ကျောင်းဝင်းအတွင်း ၂၂၆ ကြိမ် သိမ်နုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၅၂–ပါးတို့သည် စိတ္တသုခမည်သော သိမ်ကို ကောင်းစွာ သမုတ်တော်မူကြပါသည်။

မှတ်ချက် ။ ။ ဤ၌ ရဟန်း ၄၁-ပါးတို့၏ ဆန္ဒကို ဆောင်ယူခြင်းသည် အလွန်ထူးဆန်းပါ၏ဟု မှတ်ချက်ရေးထားသည်။

သိမ်အမှတ် ၁၀၃-ရွှေပြည်သာသိမ်

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၁၄၊ ၁၁၊ ၉၉) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် တနင်္ဂနွေနေ့ည ၇-နာရီ ၈-မိနစ်အချိန် မန္တလေးတိုင်း ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ရွှေပြည်သာကျောင်းမြေအပြင်၌ အကြိမ် ၂၇၂-ကျော် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၇-ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၀၄-ရန်ရှင်းတောရသိမ်

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၂၆.၇.၉၉) ခုနှစ် ဒုတိယဝါဆိုလဆန်း (၁၄)ရက်၊ တနင်္လာနေ့ နေ့လည် ၁-နာရီ ၅-မိနစ်အချိန် မန္တလေးတိုင်း ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် အင်းကုန်းအနောက် ရန်ရှင်းတောရကျောင်းဝင်းတွင် ၂၈၂-ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၆-ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၀၅-မရင်းကြီးသိမ်

သာသနာ ၁၅၄၃၊ ကောဇာ ၁၃၆၁ (၁၄၊ ၁၁၊ ၉၉) ခုနှစ် တန်ဆောင်မုန်းလဆန်း ၇-ရက် တနင်္ဂနွေနေ့ည ၇-နာရီ ၈-မိနစ် အချိန်၊ ယခု နေပြည်တော် တပ်ကုန်းမြို့နယ်၊ မရင်းကြီး ကျောင်းမြေအပြင်၌ အကြိမ် ၂၀၀-ကျော် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၉-ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၀၆-ကြီးအင်းသိမ်

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၂၊၂၊၂၀၀၀) ခုနှစ်၊ ပြာသိုလဆုတ် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ည ၉-နာရီ ၉-မိနစ်အချိန်၊ ယခု နေပြည်တော် တပ်ကုန်းမြို့နယ် ကြီးအင်းကျောင်းဝင်းတွင် ၁၃၀ ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၄ ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၀၇-ဇောတိမြိုင်သိမ်

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၁၃၊ ၂၊ ၂၀၀၀) ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ သောကြာနေ့မွန်းလွဲ ၄-နာရီ ၅၁-မိနစ်အချိန်၊ ယခု နေပြည်တော် ပျဉ်းမနားမြို့နယ်၊ စီးကုန်းရပ်၊ မဟာဇောတိမြိုင် ကျောင်းဝင်းတွင် ၃၇၀-ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၁-ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၀၈-နမ်းတောကြီးသိမ်

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၁၉၊ ၂၊ ၂၀၀၀)ခုနှစ်၊ တပို့တွဲလဆန်း ၁၅-ရက် စနေနေ့ ၂-နာရီ ၅၈-မိနစ်အချိန်၊ ယခုနေပြည်တော် ပျဉ်းမနားမြို့နယ် နမ်းတောကြီး ကျောင်းဝင်းတွင် ၂၂၅-ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရ

တောရဆရာတော်သမုတ်ခဲ့သော
သိမ်အမှတ် ၂၃၊
မဟာသီဟနာဒ ကျောင်းတိုက်
နေပြည်တော် တပ်ကုန်းမြို့

သိမ်အမှတ် ၂၅၊
မဟာမြိုင်တောရ
မဟာသိမ်တော်ကြီးမုခ်ဦး
နေပြည်တော် လယ်ဝေး

သိမ်အမှတ် ၅၃၊ နံတော်စဉ်သိမ် သမုတ်ပွဲ
နေပြည်တော် ပျဉ်းမနား

သိမ်အမှတ် ၅၈၊
ရွှေစေတီတောရသိမ်
နေပြည်တော်
လယ်ဝေး

သိမ်အမှတ် ၇၁
သဲကျွန်းသိမ်သမုတ်ပွဲ
နေပြည်တော် ပျဉ်းမနား

သိမ်အမှတ် ၈၀
အောင်သပြေတောရ
သိမ်သမုတ်ပွဲ
သာကေတမြို့

သိမ်အမှတ် ၈၀
အောင်သပြေတောရသိမ်
ဘုရားဖြူဆရာတော်
ဘဒ္ဒန္တဝဏ္ဏိမာ
(အဂ္ဂမဟာပဏ္ဍိတ) ကြွလာစဉ်

သိမ်အမှတ် ၈၀
အောင်သပြေတောရသိမ်
ဘုရားဖြူဆရာတော်သို့
နိမိတ်ကြားစဉ်

သိမ်အမှတ် ၁၀၀
ရာပြည့်သိမ်သမုတ်ရန်
ဦးတင်မြင့်၊
ဦးအောင်ခတို့က
တောရဆရာတော်အား
ပင့်ဆောင်လာကြစဉ်

ရာပြည့်
သိမ်သမုတ်ရာ
ဗုဒ္ဓသာသနာပြု
ဓမ္မရိပ်သာကြီး
နေပြည်တော်
တပ်ကုန်း



သိမ်အမှတ် (၁၁၁)
နတ်ကန်ချောင်း တောရ
ဝိသုံဂါမသိမ် သမုတ်ပွဲ
ဝမ်းတွင်းမြို့နယ်

သိမ်အမှတ် (၁၁၁)
နတ်ကန်ချောင်း တောရသိမ်
တောရဆရာတော်နှင့်
စစ်တောင်းဆရာတော်



ဆရာတော်ဦးဆောင်သော ရဟန်းတော် ၃၂-ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၀၉-ပိတက်သိမ်

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၂၄၊ ၂၊ ၂၀၀၀) ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ သောကြာနေ့ ည ၈-နာရီ ၁၄-မိနစ်အချိန်၊ ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ပိတက်ကျောင်းဝင်းတွင် ၂၃၄ ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၂၆-ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၁၀-ဆင်တဲကြီးသိမ်

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၁၂၊ ၃၊ ၂၀၀၀)ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် တနင်္ဂနွေနေ့၊ ညနေ ၄-နာရီ ၂-မိနစ်အချိန်၊ ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ဥယျာဉ်အုပ်စု၊ ဆင်တဲကြီးကျောင်းဝင်း ၂၃၉-ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၂-ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၁၁-နတ်ကန်ချောင်း တောရသိမ် (ဝိသုံဂါမသိမ်)

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၁၈၊ ၃၊ ၂၀၀၀) ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ စနေနေ့ နံနက် ၉-နာရီ ၉-မိနစ်အချိန်၊ မန္တလေးတိုင်း မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် နတ်ကန်ချောင်း တောရကျောင်းဝင်းအတွင်းရှိ အကြိမ် ၃၀၀ ကျော် သိမ်နှုတ်ထားသော မြေအပြင်ဝယ် တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၉ ပါးတို့သည် အစိုးရမင်းတို့က အခွန်လွတ် အမိန့်ပေးသော (ဝိသုံဂါမ) သိမ်ကို ကောင်းစွာ သမုတ်တော် မူခဲ့ကြသည်။

မှတ်ချက်။ ။ ထို နတ်ကန်ချောင်းတောရကို ၁၃၅၄-ခုနှစ်၊ တပေါင်းလက စစ်တောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(မြွာစရိယ) တည်ထောင်တော်မူခဲ့ပြီး၊ သိမ်သမုတ်ရန် အလိုရှိသဖြင့် နိုင်ငံတော် အစိုးရမင်းတို့ထံ အခွန်လွတ် ဝိသုံဂါမ လျှောက်ထားခဲ့ရာ တပ်မတော်လေမှ ဒုတိယဗိုလ်မှူးကြီးသန်းနိုင်ဦးက အမိန့်စာရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။

စစ်တောင်းဆရာတော်

တောရဆရာတော်များ လောက၌ နဘူးကျောင်း ဆရာတော်၊ နတ်မောက်လဲဘူးဆရာတော်၊ စစ်တောင်းဆရာတော် ဟူ၍သာ မူရင်းဇာတိကိုစွဲ၍ ခေါ်ဝေါ်ကြသည်။ ရှိသေသမှုဖြင့် ဘွဲ့တော်အမည်နာမများကို သုံးစွဲ ပြောဆိုလေ့မရှိ။ စစ်တောင်းဆရာတော်၏ ဘွဲ့တော်မှာ ဘဒ္ဒန္တဉာဏိန္ဒ (မြွာစရိယ) ဖြစ်သည်။

အပြန်အလှန် လေးစားတော်မူ

နဘူးကျောင်းဆရာတော်ကြီးက စစ်တောင်းဆရာတော်ကို အလွန်လေးစား အလေးထားသလို စစ်တောင်းဆရာတော်ကလည်း နဘူးကျောင်းတောရဆရာတော်ဘုရားကြီးအပေါ်၌ ငယ်ဆရာတစ်ဦးကဲ့သို့ ရှိသေလေးစားတော်မူသည်ကို အမြဲ မြင်တွေ့ဖူးမြင်ကြရသည်။ ဤသာသနာတော်၌ မြင်ရခဲသော ကြည်ညိုဖွယ်ရာများ ဖြစ်လေသည်။

နဘူးကျောင်းဆရာတော်နှင့် စစ်တောင်းဆရာတော် တွေ့ဆုံခြင်း

၁၃၄၆–ခုနှစ်၊ ထန်းတပင်တောရကြီး၌ စစ်တောင်းဆရာတော်၊ နဘူးကျောင်းတောရဆရာတော်ထံ ရောက်ရှိ အတွဲဝါဆို၊ တန်ဆောင်မုန်းလ၌ နဘူးကျောင်း ရန်ကင်းတောရကျောင်း မဟာသိမ်ကြီး သမုတ်တော်မူရာ၌ ပါဝင်၊ သိမ်သမုတ်နည်းလေ့လာ၊ သင်္ကန်း ချုပ်ပုံသင်ယူခဲ့ကြောင်း စတင်တွေ့ဆုံကြပုံများ မိမိ ရေးသားခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် စစ်တောင်း ဆရာတော်ဘဝ အကျဉ်းချုပ်ကို ညှိနေရာ၌ အလျဉ်း သင့်နေပါ၍ ဖော်ပြလိုက်ပါသည်။

စစ်တောင်းဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

ပဲခူးတိုင်း၊ ဝေါမြို့နယ် ပုဂံရွာနေ ခမည်းတော် ဦးဘိုးစိန်၊ မယ်တော်ဒေါ်အိုစာတို့မှ မြန်မာ သက္ကရာဇ် ၁၂၉၂–ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ (၆.၅.၁၉၃၀) အင်္ဂါနေ့ နံနက် ၂–နာရီ၊ စစ်တောင်း ဆရာတော်လောင်းလျာကို ဖွားမြင်တော်မူခဲ့သည်။ မွေးချင်း ၉ ယောက်တွင် စတုတ္ထမြောက်သား ဖြစ်သည်။

ရှင်၊ ရဟန်းဖြစ်တော်မူခြင်း၊ ဓမ္မာစရိယ ဘွဲ့ ရရှိတော်မူခြင်း

အသက် ၁၃–နှစ်သား (ဂျပန်ခေတ်) တွင် ရှင်သာမဏေဖြစ်၍ ၁၃၁၁–ခုနှစ်၊ ဝါခေါင်လပြည့် (၈.၈.၁၉၄၉)နေ့ နံနက် ၆–နာရီ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဇာတိရွာကျောင်း ခဏ္ဍသိမ်၌ ဆရာ တော် ဦးပါမောက္ခကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ် လာသည်။

ရန်ကုန် မန္တလေး အမြို့မြို့နှင့် ပစ္စယာ စသည့် ပညာသင်၊ ရန်ကုန်မြို့ ဗဟန်း ညောင်တုန်း ပါဠိတက္ကသိုလ်မှ ၁၃၁၈–ခုနှစ်၊ အစိုးရ ဓမ္မာစရိယ ဘွဲ့ ရရှိတော်မူခဲ့သည်။

ကသစ်ဝိုင် စာသင်တိုက် တည်ထောင်တော်မူ

၁၃၃၀–ခု၊ ပဲခူးမြို့မ စာသင်တိုက်တွင် ဂဏဝါစက စာချဆရာတော်အဖြစ် ၁၃၃၄–ခုနှစ် ထိ ၅–နှစ် တာဝန် ထမ်းဆောင်ခဲ့သည်။

၁၃၃၅ ခုနှစ်၊ မွန်ပြည်နယ်၊ သထုံခရိုင် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့တွင် ကသစ်ဝိုင် အမည် ဖြင့် စာသင်တိုက် တည်ထောင် စာပေပို့ချတော်မူ ခဲ့သည်။ ထို၌ ၉–နှစ် သာသနာပြုတော်မူခဲ့သည်။

မဟာစည်၊ မိုးကုတ် စသည့် နည်းများလေ့ လာ၊ တောထွက်တော်မူ

၁၃၄၄–ခုနှစ်၊ (သက်တော် ၅၂၊ ဝါတော် ၃၄ ဝါအရောက်) နတ်တော်လကွယ်နေ့ (၁၃.၁.၁၉၈၃) သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဖြင့် ကသစ်ဝိုင် စာသင်တိုက်မှ ထွက်ခွာ၊ ရန်ကုန်၊ သန်လျင်မြို့များတွင် ကမ္မဋ္ဌာန်းအလုပ် ဝိပဿနာ တရားများ (မဟာစည်၊ မိုးကုတ်နည်း) လက်တွေ့ လေ့ကျင့်သင်ယူခဲ့ပြီး ကသစ်ဝိုင် စာသင်တိုက်ကို တူဖြစ်သူ ရဟန်းတော်ဦးတေဇိန္ဒ (ဓမ္မာစရိယ) အား လွှဲအပ်စာကို အင်းတကော် ဘုန်းကြီးမှတဆင့် ပေးပို့ ပြီးလျှင် ကျောင်းတိုက်သံဃောဇဉ်ကို လုံးဝပယ်ဖြတ် ခါ ဓုတင်ဆောင်ဘဝခရီး စတင်တော်မူခဲ့သည်။

၁၃၄၅–ခုနှစ်၊ နယုန်လပြည့် တောင်ပုလုတွင် စတင် ဓုတင်ဆောင်ဖြစ်

၁၃၄၅ –ခုနှစ်၊ သက်တော် ၅၃၊ ဝါတော် ၃၄ တွင် မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် တဲစုရွာ

အနီး တောင်ပုလုဆရာတော်ဘုရားကြီး၏ တပည့် ပစ္စူဆရာတော်ထံ ရောက်ရှိ ဧတင်ဆောင်အဖြစ် စတင်တော်မူခဲ့သည်။

ပစ္စူဆရာတော်က 'ဘယ်အရပ်က လာသလဲ မေးရာ' 'စစ်တောင်းဘက်မှ လာခဲ့ပါသည်' ပြန်လျှောက်ရာမှ အစပြု၍ 'စစ်တောင်းဆရာတော်' ဘွဲ့အမည်တွင်ခြင်း ဖြစ်လေသည်။

၁၃၃၆–ခုနှစ်၊ ထန်းတပင်တောရရှိ နဘူးကျောင်းဆရာတော်ထံ ရောက်ရှိတော်မူပြီး ၁၃၄၇ ခုနှစ်၊ နဘူးကျောင်းရန်ကင်းတောရ၌ ဝါကပ်တော်မူသည်။ ၁၃၄၇–ခုနှစ်၊ စကုမြို့နယ် မြောင်းဦးတောရ၌ ဦးနိမ္မလနှင့်အတူ ဝါကပ်တော်မူ၊ နဘူးကျောင်းတောရဆရာတော် ကားဖြင့် ပို့ကြိုခဲ့သည်။

၁၃၄၉–ခုနှစ် မဟာမြိုင်တောရ၌ ဝါကပ်တော်မူရာ အရှင်နိမ္မလ၊ အရှင်ဝိသုဒ္ဓတို့နှင့် တွေ့ဆုံ ဝါကပ်ကြပြီး ၁၃၅၀–ခုနှစ် ပင်းတယမြို့၊ ၁၃၅၁–ခုနှစ် ဝမ်းတွင်းမြို့နယ် ဆည်ကြီးတောရ၊ ၁၃၅၂–ခုနှစ် ကျောက်ဆင်တောရ၌ ဝါကပ်ပါသည်။ ၁၃၅၃–ခုနှစ် ရမည်းသင်းမြို့နယ် ပင်းစုတမာတောင်တောရသို့ရောက်ပြီး သီတင်းသုံးနေစဉ်အနိုက် ရှမ်းကန်တဲစုမှ ဒါယကာဦးစံမှိုရောက်လာပြီး သီတင်းသုံးစဉ် တောရအသစ် တည်ထောင်လှူဒါန်းလိုကြောင်းလျှောက်ထားသောအခါ စစ်တောင်းဆရာတော်သည် လျှောက်ထားမှုကိုလက်ခံပြီးလျှင် နဘူးကျောင်း ရန်ကင်းတောရဆရာတော်ကြီး၏ ခွင့်ပြုချက်ဖြင့် ရှမ်းကန်တဲစုအနီး တောရဆောက်တည်နိုင်သောနေရာမှာ တောရအသစ်လှူတည်ထောင်လှူဒါန်းလိုက်ပါသည်။ ထိုနေရာမှာ အင်ကြင်းပင်များရှိသောကြောင့် တောရအသစ်ကို အင်ကြင်းမြိုင်တောရဟု အမည်ပေးလိုက်ပါသည်။

သို့သော် ဆရာတော်ဦးဥက္ကဋ္ဌသည် ထို အင်ကြင်းမြိုင်တောရ၌ ရေရှည်သီတင်းသုံး နေထိုင်တော်မမူဘဲ တပည့်ဖြစ်သူ ဦးဝိသုဒ္ဓအား လွှဲအပ်ခဲ့ပါသည်။

နတ်ကန်ချောင်း တောရတည်ထောင်

၁၃၅၃–ခုနှစ်၊ တပို့တွဲလတွင် ဝမ်းတွင်းမြို့နယ် ဆင်သေကျေး ရွာ၏ အနောက်တောင် ၂–ကေခန့် ကျယ်ဝန်းသော နတ်ကန်ချောင်းတောရကို စတင် တည်ထောင်၍ စစ်တောင်းဆရာတော် သီတင်းသုံးတော်မူခဲ့သည်။

၁၃၅၄–ခုနှစ်မှစ၍ ထိုတောရ၌ စတင်ဝါကပ်တော်မူခဲ့ပြီး ယခု စာရေးနေသည့် ၁၃၆၇–ခုနှစ်တိုင်အောင် သီတင်းသုံးနေတော်မူလေသည်။ သက်တော်အားဖြင့် ၇၅၊ ဝါတော်အားဖြင့် ၅၅၊ တောရဆောင်ဝါတော်ပေါင်း ၂၂–ဝါ ရှိလေပြီ။

ထေရုပ္ပတ္တိအကျဉ်း ရေးမှတ်ခဲ့

စစ်တောင်းဆရာတော်ဘုရားကြီး၏ ဘဝအကြောင်း ထေရုပ္ပတ္တိအကျဉ်းကို ၁၃၆၅ ခုနှစ်၊ ကဆုန်လဆန်း ၃–ရက် (၃၊ ၅၊ ၂၀၀၃)နေ့ ရန်ကုန်တိုင်း၊ သာကေတမြို့ (၂)ရပ်ကွက်၊ ဓမ္မလမ်း ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်လှဲဝေ(ခ)မိန့်မိန့် တို့၏ သီးခြားအိမ်သို့ မကျန်းမာ ဆေးစစ်ခံရန် ကြွလာစဉ် မိမိက သံဃာ့ဆေးရုံကြီး ဗဟန်းသို့ လိုက်ပါပို့ဆောင်ကုသိုလ်ယူခဲ့သည်။

ထိုအိမ်၌ ခေတ္တသီတင်းသုံး ကျန်းမာရေး စစ်ဆေးနေစဉ် စစ်တောင်းဆရာတော်၏ ဘဝအကြောင်း အကျဉ်းမိန့်ကြားတော်မူပါရန် မိမိက လျှောက်ထားသဖြင့် ခွင့်ပြု၊ ရေးမှတ်ခဲ့သည်မှ အကျဉ်းချုပ်၍ ဤနေရာ၌ ဖော်ပြလိုက်ပါသည်။

(မူလရေးမှတ်ခဲ့သည့် ထေရုပ္ပတ္တိအကျဉ်းကို ခွင့်ပြုမိန့် မရသေး၍ ပုံနှိပ်နိုင်ခြင်းမရှိ ဖြစ်နေပေသည်)

ဆက်လက်၍ တောရဆရာတော် သမုတ်တော်မူခဲ့သည့် သိမ်များ၏ မှတ်တမ်း ဖော်ပြသွားမည် ဖြစ်ပါသည်။

သိမ်အမှတ် ၁၁၂–ရေအိုးစင်သိမ်

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၁၉၊ ၃၊ ၂၀၀၀) ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်၊ တနင်္ဂနွေနေ့ည ၈–နာရီ ၂၂–မိနစ် ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် မင်းလမ်းကူး ရေအိုးစင် (အကြိမ် ၃၀၀) ကျော် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၄၂ပါးတို့သည် ကောင်းစွာ သိမ်သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၁၃–ရွာထင်ကုန်းသိမ်

သာသနာ ၂၅၄၃၊ ကောဇာ ၁၃၆၁ (၂၄၊ ၃၊ ၂၀၀၀) ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်၊ သောကြာနေ့ည ၈–နာရီ ၃၀–မိနစ်အချိန် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ရွာထင်ကုန်းကျောင်းဝင်းတွင် ၂၂၄–ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၃–ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက်–၁ ။ ။ ထိုသိမ်သည် ဘယ်တိုင်း ခရိုင်၊ ဘယ်မြို့နယ်ဟု တောရဆရာတော်၏ မှတ်တမ်း၌ မပါရှိ။

မှတ်ချက်–၂ ။ ။ မြန်မာ့ရက်စဉ်သမိုင်း (ပထမတွဲ)* တွင် ရွာထင်ကုန်းရွာသည် ပျော်ဘွယ်မြို့နယ်တွင် ရှိသည်ဟုပါရှိသဖြင့် ရမည်းသင်း ဦးအောင်လင်းသို့ ဖုန်းဆက်ရာ ထိုသိမ်သမုတ်ပွဲသို့ ဆရာတော်အား ပင့်ဆောင်၊ ၎င်းမှာ ယာဉ်အလှူရှင်ဖြစ်ပြီး ယာဉ်မောင်း–ဦးကြင်မောင်၊ နဘူးကျင်း–ဦးကျော်သိန်း၊ ပျော်ဘွယ်–ဦးကျော်မွေးတို့ လိုက်ပါ၊ တောရဆရာတော် ဦးဆောင်သမုတ်ခဲ့သော သိမ်ဖြစ်ကြောင်း တိကျအဖြေ ရရှိခဲ့ပါသည်။

၁၃၆၂ – ခုနှစ် ထန်းတပင်တောရ၌ ဝါကပ်တော်မူ

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂(၂၀၀၀/၂၀၀၁)ခုနှစ် လယ်ဝေးမြို့နယ်၊ ထန်းတပင် တောရကြီး၌ပင် တောရဆရာတော် ဝါကပ်တော်မူသည်။

သက်တော်–၇၉၊ ဝါတော်–၆၀၊ တောရဆောင်ဝါတော်ပေါင်း – ၃၈ ဝါရှိလေပြီ။

၁၃၆၂–ခုနှစ် သိမ် ၁၂–လုံး သမုတ်တော်မူ

ထိုနှစ်တွင် သိမ်အလုံးပေါင်း ၁၂–လုံး သမုတ်တော်မူခဲ့ကြောင်း တောရဆရာတော် ရေးမှတ်ခဲ့သည့် မှတ်တမ်းများအရ သိရသည်။ ထိုသိမ်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

သိမ်အမှတ် ၁၁၄–အင်းစင်းသိမ်

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂ (၁၉၊ ၄၊ ၂၀၀၀) ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၉–နာရီ ၆–မိနစ်အချိန် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ် အင်းစင်းကျောင်းဝင်းတွင် အကြိမ် ၃၅၀–သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၃၃–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၁၅–လယ်ဓပင်သိမ်

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂ (၂၅၊ ၄၊ ၂၀၀၀) ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၇–ရက်၊

* မြန်မာ့ရက်စဉ်သမိုင်း (ပထမတွဲ) ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ၂၀၀၉ ခုနှစ် (စာမျက်နှာ–၅)

အင်္ဂါနေ့ည ၈–နာရီ၊ ၂၂–မိနစ် အချိန်၊ ယခုနေပြည်တော် တပ်ကုန်းမြို့နယ်၊ လယ်ဇပင်ကျေးရွာ၊ လယ်ဇပင်ကျောင်းဝင်းတွင် ၂၃၄–ကြိမ် နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၅–ပါးတို့သည် ကောင်းစွာ သိမ်သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၁၆–ချိပ်ကပ်တောင်–ရေနီသိမ် (ဝိသုံဂါမ)

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂ (၁၇၊ ၅၊ ၂၀၀၀) ခုနှစ်၊ ကဆုန်လပြည့် ၁၅–ရက်၊ ဗုဒ္ဓဟူးနေ့ ည ၇–နာရီ၊ ၈–မိနစ်အချိန်၊ ယခုနေပြည်တော် လယ်ဝေးမြို့နယ် ရေနီချိပ်ကပ်တောင်ကျောင်းဝင်း ၃၂၂–ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၂၆–ပါးတို့သည် ထိုသိမ်ကို သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၁၇–ကြံခင်းစုသိမ်

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂ (၂၉၊ ၆၊ ၂၀၀၀) ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃–ရက်၊ ကြာသာပတေးနေ့၊ နေဝင်ခါနီး ၆–နာရီ ၉–မိနစ်အချိန်၊ ယခုနေပြည်တော် တပ်ကုန်းမြို့နယ်၊ ကြံခင်းစု ကျောင်းဝင်းအတွင်း အကြိမ် ၆၄၀–သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၈–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၁၈–သဖန်းချောင်းသိမ်

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂ (၂၇၊ ၁၀၊ ၂၀၀၀) ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်၊ သောကြာနေ့ည ၈–နာရီ ၄–မိနစ်အချိန်၊ မန္တလေးတိုင်း၊ ယခုနေပြည်တော် တပ်ကုန်းမြို့နယ်၊ သဖန်းချောင်းကျောင်းအတွင်း အကြိမ်များစွာ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၀–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၁၉–လက်လုပ်တောင်သိမ်

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂ (၁၈၊ ၁၁၊ ၂၀၀၀) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် စနေနေ့ည ၉–နာရီ ၁၄–မိနစ်အချိန်၊ ယခုနေပြည်တော် ပျဉ်းမနားမြို့နယ် လက်လုပ်တောင် ကျောင်းဝင်း ၂၉၄–ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၆၉–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၂၀–သာသနဇ္ဇမိမာန်သိမ် (ဝိသုံဂါမ)

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂ (၃၊ ၁၂၊ ၂၀၀၀) ခုနှစ် နတ်တော်လပြည့် ၁၅ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀–နာရီ၊ ၁၀–မိနစ်အချိန်၊ ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ် သာသနဇ္ဇမိမာန် ကျောင်းဝင်းတွင် ၅၁၂–ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၂၅၇–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက် ။ ။ သံဃာတော်ပေါင်း ၂၅၇–ပါးမျှ ပါဝင် သမုတ်တော်မူနိုင်သည်မှာ လွန်စွာ ထူးခြားပါ၏။

သိမ်အမှတ် ၁၂၁–ဧရပ်ကြီး ပဋိပတ္တိ မေ့နှိုင်ရိပ်သာသိမ်

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂ (၂၉၊ ၁၂၊ ၂၀၀၀) ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ သောကြာနေ့ နေ့လွဲ ၂နာရီ၃၀ မိနစ်အချိန်၊ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ တောင်သာမြို့နယ် ပဋိပတ္တိ မေ့နှိုင်ရိပ်သာ ဧရပ်ကြီးကျောင်းဝင်း ၃၂၉–ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရ ဆရာတော် ဦးဆောင်သော ရဟန်းတော် ၆၁–ပါးတို့သည် ကောင်းစွာသမုတ်တော်မူခဲ့ကြသည်။

မှတ်ချက်။ ။ ရွှေစေတီတောရ ဆရာတော် ဦးဣန္ဒသရိယ၏ ဓာတ်ရွာကျောင်း ဖြစ်သည်။

ဤနေရာ၌ ရန်ကင်းတောရကျောင်းအစ်မ ဒေါ်ခင်ကြိုင် ကွယ်လွန်ခြင်း အမှတ်တရ ဖော်ပြလိုသေး၏။ အောက်၌ ဖော်ပြလိုက်ပါ၏။

ဘုရား၊ ရဟန်း၊ သိမ်ကျောင်း မေ့နှိုင်ရိပ်သာ ဒါယိကာမကြီးဒေါ်ခင်ကြိုင် ၆၃–နှစ်ကွယ်လွန်

ရမည်းသင်းမြို့နယ်၊ မကျည်းလေးပင်ရွာ ဦးအောင်တင်+ဒေါ်ကလေးမတို့၏ သမီးထွေး ယခု နေပြည်တော် တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်၊ လမ်းမတော်နေ ဒေါ်ခင်မင်းဆီစက်နှင့် ပွဲရုံပိုင်ရှင် ဦးအောင်ခ၏ဇနီး ကိုစိုးသန်း+မမြမြဝင်း၊ မမီမီအောင်၊ ကိုနိုင်တို့၏ ကျေးဇူးရှင် မိခင် မသူသူစိုး၊ မရည်မွန်စိုး၊ မောင်ဉာဏ်လင်းစိုးတို့၏ အဘွား ဒေါ်ခင်ကြိုင်သည် ၁–၁၂–၂၀၀၀ ရက်နေ့ ကွယ်လွန်သွားပြီဖြစ်ကြောင်း ၃၊ ၁၂၊ ၂၀၀၀–နေ့ထုတ် ကြေးမုံ သတင်းစာ၌ ဖတ်ရသည်။

လောကအပေါ်၊ သာသနာတော်ကြီးအပေါ်၊ အထူးအားဖြင့် နဘူးကျင်းတောရဆရာတော် ဘုရားကြီးနှင့် စုတင်ဆောင်မထေရ်များအပေါ် ကျေးဇူးများခဲ့သော ဘုရား၊ ရဟန်း၊ သိမ်ကျောင်း၊ မေ့နှိုင်ရိပ်သာကြီး အလှူရှင် ဒေါ်ခင်ကြိုင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ များစွာ စိတ်မကောင်းဖြစ်မိပါသည်။

လိုလေသေးမရှိ လှူဒါန်းခဲ့

ဒေါ်ခင်မင်းမိသားစုအကြောင်း အလျဉ်းသင့်သလို ဖော်ပြတင်ပြခဲ့ပြီးလည်း ဖြစ်ပါသည်။ နဘူးကျင်း ရန်ကင်းတောရ တိုက်ကျောင်းကြီး၊ နောက်ထပ် ကျောင်းတစ်ဆောင်၊ အပြင်၌ ဆွမ်းချက်ဆောင် စက်ရေတွင်း ရေလှောင်ကန်၊ အုတ်ကန် ထိုအုတ်ကန်ပေါ်က သံစည်ကြီး ၂–လုံး၊ အုတ်ကန်နှင့် သံစည်ကြီးကြားမှာ နေ့အခါ ဆရာတော် တရားထိုင်ရန်နေရာ၊ တောရဆရာတော်၏ စိမ်မိန့်ကြားချက်အတိုင်း တစ်မတ်ထုအထူရှိသော သံစည်ကြီး ၂–လုံး မဖြစ်မနေဆောင်ရွက်ပြီး၊ ကျောင်းဝင်းအတွင်း နတ်လမ်းများ လိုလေသေးမရှိ လှူဒါန်းခဲ့လေသည်။

ယခုနေပြည်တော် တပ်ကုန်းမြို့ပေါ်တွင် မေ့နှိုင်ရိပ်သာကြီးနှင့် သိမ်တော်မှာ ရာပြည့်သိမ် ၁၀၀ ရိပ်သာကြီးတွင် တရားစခန်းပွဲများစွာ ကျင်းပခဲ့၍ ကောင်းမှုတွေများလှပါသည်။

မေ့နှိုင်ရိပ်သာကြီးရေစက်ချ၊ မြေများရှင်ပြုမင်္ဂလာ

ဤနေရာ၌ နောက်ကြောင်းပြန် အနည်းငယ် တင်ပြလို၏။ ၁၃၅၈–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက် စနေနေ့ (၈၊ ၃၊ ၉၇) နေ့က မေ့နှိုင်ရိပ်သာကြီး ရေစက်ချ၊ မြေများ ရှင်ပြု နားသ အလှူတော်ကြီး ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သည်။

ထိုအလှူရက် မတိုင်မီ အစ်ကိုကြီး ဦးအောင်ခနှင့် ဒေါ်ခင်ကြိုင်တို့ ရန်ကုန်လာကြသည်။ ပင့်သံယာတော်များကို ပစ္စည်းစုံ (မလှူဖူးသည့်

ပစ္စည်းမရှိ) လှူရန် ပစ္စည်းဝယ်ရန် လာကြခြင်း ဖြစ်သည်။ ပစ္စည်းဝယ်ရာ၌ မိမိနှင့် ဦးညွန့်လှိုင်တို့ နေ့စဉ်ရက်ဆက် လိုက်ပါဝယ်ပေးခဲ့ကြရသည်။

အလှူပွဲကြီးသို့ ရန်ကုန်မြို့ ဘုရင့်နောင် ဆန်ပွဲရုံ ဦးအေးအား အလှူရှင်က အသွားအပြန် ကားငှားစီစဉ်စေ၍ အဆိုတော် ဦးထွန်းရွှေ၊ စန္ဒရား ထိပ်တင်ဝင်း၊ အကယ်ဒမီ ဒေါ်မြင့်မြင့်ခင်၊ အဆို တော် မေဆွိ၊ နီနီဝင်းရွှေတို့အဖွဲ့နှင့် ဦးညွန့်လှိုင်၊ မိမိတို့ လူပေါင်း ၂၀–ခန့် ဖိတ်ကြား၍ သွားရောက် ခဲ့ကြသည်။

အလှူပွဲ ကျင်းပရာ ဓမ္မရိပ်သာကြီးအနီး ကွင်းပြင်၌ တန်းကြီးသုံးဆင့်တွင် အမယ်မျိုးစုံ များ ပြားလှစွာသော လှူဖွယ်ပစ္စည်းများ ပြင်ဆင် ပြသ ထားသည်မှာ မြင်ရသူတိုင်း ဩချရသည်။

အမြို့မြို့ အနယ်နယ်မှ ဖိတ်ကြားရောက်လာ ကြသော ဧည့်ပရိသတ်တို့အား ကျွေးမွေးပြီး မန္တလေး စိန်မွတ်တား (ယခုအခါ အကယ်ဒမီ စိန်မွတ်တား မင်္ဂလာဆိုင်း) ဖြင့် စန္ဒရားထိပ်တင်ဝင်း အဖွဲ့နှင့် တွဲဖက်၍ အထက်ဖော်ပြခဲ့ပြီးသော အဆိုတော်များ က သီဆိုဧည့်ခံ ဖျော်ဖြေကြလေသည်။

ထိုပြင်လည်း နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး) တွင် တာဝန်ထမ်းဆောင်နေ သော ညွန်ကြားရေးမှူး ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)နှင့် အဆိုတော် ဦးထွန်းရွှေတို့က ဘိသိပ် မင်္ဂလာ ချီးမြှောက်ကြသည်။

ဤမျှ ထိုမျှ ကြီးကျယ်လှသောအလှူကြီး ကိုပေးလှူ ရေစက်သွန်းချ၊ အထက်ဘဝင်၊ အောက် အဝီစိ ကြားနိုင်ကြစေ အမျှဝေ၍၊ ကောင်းချီးနမော် သာခေါ်ခဲ့ကြလေသည်။

တောရဆရာတော်ထံသို့ သွားရောက် ဖူးမြော်

ဦးညွန့်လှိုင်နှင့်မိမိတို့ (၂) ဦး ယခုနေပြည် တော် တပ်ကုန်းမြို့သို့ ရောက်နေပါလျှက် တောရ ဆရာတော်ထံ မရောက်ဖြစ်ခဲ့ပါလျှင် အခွင့်အလမ်း တစ်ခုဆုံးရှုံးရသလို ဖြစ်ပေလိမ့်မည်ဟု စိတ်ကူး ကိုယ်စီဖြစ်ပေါ်လာကြသည်။

သို့အတွက် ယခုနေပြည်တော် တပ်ကုန်း မဟာသီဟနာဒ ဆရာတော်ထံ မော်တော်ကားသုံးစင်း တောင်းခံလျှောက်ထားပြီး တိုက်အုပ်ဆရာတော် အရှင် အာရဒ္ဓဗုဒ္ဓိနှင့် အရှင်ဓမ္မလင်္ကာရစီတို့ (၂)ပါး ကလည်း လိုက်လံပို့ဆောင်ပေးကြသဖြင့် လယ်ဝေးထန်းတပင် တောရမှာ သတင်းသုံးနေသည့် တောရဆရာတော် ဘုရားကြီး ရှေ့တော်မှောက် ရောက်ကြ၊ ဦးနှိမ်ချ၍ ကန်တော့ရသည့် မဟာကုသိုလ်ကြီး ဖြစ်ခွင့်ရကြ လေတော့သည်။

ကျောင်းအမဒေါ်စောညွန့် တစ်ပါးနေ ကျောင်းမှ တောရဆရာတော်ထွက်၍လာ၊ ဗိုလ်ကြီး ခင်မောင် ဒေါ်ကြည်ကြည်တို့ လှူသောဧည့်ခံဆောင် ကျောင်းမှာ အဖူးမြော်ခံသည်။

'မင်းတို့လာကြသလား' ပြုံးရွှင်မှု ကြည်သာ သောမျက်နှာတော်ဖြင့် မိန့်ကြားသည်၊ တပည့်တော် တို့က ဦးအောင်ခ အလှူလာကြတာဘုရားဟု လျှောက်ကြသည်။

'တိုက်အုပ်ဆရာတော်တို့ကကော ဘာကိစ္စ ထူးရှိကြလို့လည်း မိန့်ကြား၏။ ကျောင်းက ကား နှင့်ဆရာတော်ဆီလည်း ရောက်လိုစိတ်ဖြစ်နေကြလို့ လိုက်ပါလာကြပါသည်ဘုရား' လျှောက်ကြ၏။

ရှင်လူ ရဟန်းအပေါင်းက တောရဆရာ တော်၏ သီလဂုဏ်ကြောင့် ဖူးမြင်လိုခြင်းဆန္ဒတူမျှ ကြလေသည်မှာ လက်တွေ့ဖြစ်လေသည်။

တောရဆရာတော် ကျန်းမာရေးလျှောက်ထားကြ၏။ ကောင်း၏ဟုမိန့်၏။ ဆရာတော် အမြဲသုံးဆောင်သောဆေးမှာ Provimin စိမ်းပြာရေညှိမှ ထုတ်ယူသော ဆေးဖြစ်သည်။ သဘာဝရေညှိက ဖြစ်လာသော ဆေးဖြစ်၍ နှစ်သက်၏။ 'ရေညှိစားတဲ့ ဒိုင်ယောဒ်တွေ နှစ် ၁၀၀၀–အသက်ရှည်ကြသတဲ့ဟု ကြားဖူးကြောင်း' မိန့်၏။

တောရကြီးအတွင်း ခပ်လှမ်းလှမ်း ဟိုတစ်ကျောင်းသည်တစ်ကျောင်း တစ်ပါးနေ ကျောင်းကလေးများ၌ တောရဆောင် ရဟန်းတော်များ သီတင်းသုံးလျက်ရှိနေကြ၏။ သို့သော် မမြင်မတွေ့ အသံပင် မကြားရ၊ ဆိတ်ငြိမ်အေးချမ်းလှပါသည်။ တောရအတွင်းရှိ သစ်ပင်ကြီးများ၏ အရိပ်နှင့် တောရဆရာတော်၏ အရိပ်၌ ခိုလှုံနေကြလေသည်။

မိမိတို့အဖွဲ့လည်း ဆာလောင်မှု မွတ်သိပ်မှု တစ်ခု အာသာပြေပျောက်၍ ဦးနှိမ်ချ ကန်တော့ကြပြီး ပြန်ခဲ့ ကြလေကုန်၏။

ကျောင်းအလှူရှင်များ တိုးပွားလာ

တောရဆရာတော်ဘုရားကြီး၏ သီလ သမာဓိပညာ ခုတင်ဆောင် ဂုဏ်ရည်သတင်း ကြည်ညိုခြင်း ရှိကြကုန်သော ရဟန်းတော်များ တောရဆောင်ရန် ကြွရောက်လာကြသလို ကျောင်းအလှူရှင်များလည်း ရန်ကင်းတောရနှင့် ထန်းတပင်တောရများသို့ တစ်နေ့တစ်ခြား များပြားလာသည်ကို တွေ့မြင်ရပါသည်။

ရန်ကင်း တောရ၌ ကျောင်းအစ်မ ဒေါ်ဆယ်မိ (ကံကြီးရွာ)၊ ကျောင်းအစ်မ ဒေါ်ခင်ကြိုင်၊ (တပ်ကုန်းမြို့)၊ ကျောင်းအစ်မ ဒေါ်တင်တင် (ရန်ကုန်)၊ ကျောင်းဒကာ ဦးမင်းစီ၊ ဦးအောင်လင်း (ရမည်းသင်း)၊ ကျောင်းဒကာ ဦးအောင်+ဒေါ်ဒေါင်း (ညောင်လွန့်)တို့နှင့် ကျောင်းဒကာ ဦးစိန်မောင်+ဒေါ်ဝင်းမာ (ရန်ကုန်)တို့မှ လှူဒါန်းထားကြပြီး အခြားမသိသူများလည်း လှူထားကြကြောင်း ကြားရပါသည်။

ထန်းတပင်တောရ၌ မူလ ကျောင်းအမ ဒေါ်စောညွန့်နှင့်အများ၊ ကျောင်းဒကာ ဗိုလ်ကြီးခင်မောင်+ဒေါ်ကြည်ကြည် ပျဉ်းမနား၊ ဦးဟန်စိုး သားကိုခင်မောင်လတ် ပျဉ်းမနားတို့နှင့် အခြား မသိသူများလည်း လှူထားကြောင်း ကြားရပါသည်။

ဒီဇ္ဇာနုဂတိသို့ လိုက်၍ ပေါ်ပေါက်လာသောရဟန်းတော်များနှင့် တောရကျောင်းများစွာတို့၌လည်း ကျောင်းအလှူရှင်များစွာ ပေါ်ပေါက်ခဲ့ကြသည်။

ကျောင်းဒကာ ကျောင်းအစ်မများ အချို့ကွယ်လွန်ခဲ့ကြပြီး အချို့ ရှင်ဆဲ လူ့ပြည်၌ ရှိနေဆဲဖြစ်လေသည်။ ကျောင်းလှူခြင်း အကျိုး ဘယ်သို့ရှိသည်ကို မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီး လက်ဘွဲ့သွယ်ခဲ့သည်။ ကျောင်းလှူခြင်းအကျိုး ၇ မျိုးကို ကျောင်းအလှူရှင်များ ကြည်နူးဝမ်းသာနိုင်ကြပါစေရန် အောက်၌ ဖော်ပြလိုက်ပါသည်။

ကျောင်းလှူရခြင်းအကျိုး ၇–မျိုး

၁။ နတ်နှင့်လူဝယ် သန္ဓေတွယ်၍၊

၂။ လိုဖွယ်မတ ဆောက်ဦးရ၏၊

၃။ မထကြွက်သီး ကိုယ်လည်းမလှုပ်၊
ကြောက်ရပ်မထင်၊ ထိတ်လန့်ဆို၏။

၄။ ခြင်္သေ့သစ်ကျား၊ သားရဲများနှင့်၊
ဖမ်းစားကလူ၊ နှိပ်စက်မှုသား၊

တောသူဖုတ်ပြိတ်၊ အဆိပ်ထန်ပြင်း၊

မြွေနှင့်ကင်းကာ၊ အဆင်းဖောက်ပြန်၊

ကုန္တထိရက္ခိုက်၊ နတ်မိုက်ရန်ပေါင်း၊

ဆားလွတ်ရှောင်း၏။

၅။ မကောင်းအိပ်မက်၊ မမြင်မက်ဘူး၊

၆။ ထင်လျက်သတိ၊ မြဲနိုင်ဘိ၍၊

၇။ ဝိပရိထံ၊ ဖောက်ပြန်စိတ်ရင်း၊

ရှုးသွပ်ခြင်းမှ၊ ရှင်းရှင်းလွတ်ကြောင်း၊

ကျိုးဆက်ကောင်း၏၊ နောက်နောင်းဘဝ၊

ပစ္ဆိမဝယ်၊ ဂုဏကဲပို၊ အရဟတ္တဖိုလ်ဟု

ထိုထိုကျေးဇူး လွန်ပြန့်ပြူးသည်၊

ဆောက်ဦးလျှုကျိုး ခုနစ်တည်း။

ဟူ၍ ဖြစ်လေသည်။

အထပ်ထပ်အခါခါ ဖတ်ရှုပါလျှင် ကျောင်းလှူရကျိုး ၇-မျိုး အဓိပ္ပါယ် ရှင်းလိမ့်ကြလိမ့်မည် ထင်ပါသည်။

ကျောင်းအစ်မ ကျောင်းအလှူရှင်များ အပါယ်လေးပါးသို့မလား၊ သုတော်ကောင်းကြီးများ ဝမ်းသာကြည်နူးနိုင်ကြပါစေဟူ၍ မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြလိုက်ရပါသည်။

သိမ်အမှတ် ၁၂၂-အရေးပိုင်သိမ်

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂(၁၊ ၁၊ ၂၀၀၁) ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္လာ နေ့မွန်းလွဲ ၁ နာရီ ၁ မိနစ်ကျော်အချိန် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ အရေးပိုင်ရွာ ကျောင်းအတွင်း ၂၃၉-ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်ဝယ် ဆင်ကျုံးတောရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်ကြီးအား နာယကအမှူးထား၍ တောရဆရာတော် ဦးဆောင်သော သံဃာတော် ၃၀ ပါးတို့ ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

ဗွီဒီယိုမှတ်တမ်း ဦးအောင်လင်းဖို့

ထိုသိမ်သမုတ်ပွဲ ဗွီဒီယို ရိုက်ကူးခဲ့သော အခွေကို ရမည်းသင်းမြို့မှ ဦးအောင်လင်း ပေးပို့ခဲ့သဖြင့် ဆင်ကျုံးဆရာတော်ဘုရား နာယကအဖြစ် အမှူးထား၍ အခမ်းအနားမှူးအဖြစ် ရန်ကင်းတောရရှိ ရန်ကုန်ဆရာတော် ဦးစာဂရိယ (ဓမ္မာစရိယ) က ဆောင်ရွက်ကြောင်း မြင်ရတွေ့ရ ကြည်ညိုရသည်။

ကျားအရေးပိုင်

ရမည်းသင်းမြို့၌ ဗြိတိသျှအစိုးရခေတ် နှောင်း ကျားအရေးပိုင်ဟူ၍ ရှိခဲ့ဖူးသည်။ အိမ်တွင် ခြံလှောင်၍ ကျားမွေးထားသဖြင့် ကျားအရေးပိုင် ခေါ်ကြောင်းနှင့် ကျားအရေးပိုင် တည်ထားခဲ့သော ရွာဖြစ်၍ အရေးပိုင်ရွာခေါ်ကြောင်း၊ ဦးအောင်ချင်း ရမည်းသင်း (ဓီး မကျည်း ပွဲရုံ) အိမ်သို့ ရောက်လာ ပြောပြသဖြင့် မှတ်သားရသည်။

ရမည်းသင်း ဆင်ကျုံးဆရာတော်

ဤနေရာ၌ ဆင်ကျုံးဆရာတော်၏ ဘဝ အကြောင်း (ထေရုပ္ပတ္တိ) အကျဉ်းချုပ်၍ တင်ပြလိုပါ သည်။ အဘယ်ကြောင့်ဆိုသော် တောရဆရာတော်

နှင့် ဆင်ကျုံးဆရာတော်တို့သည် စီးဖြူကုန်းဆရာတော် ဦးဥတ္တမသ၏ ဆရာတူတပည့်ကြီးများဖြစ်ခြင်း၊ သာသနာတော်၌ လွန်စွာ ထူးခြားလှသော အပြန်အလှန် လေးစားသော ဆရာတော်များ ဆုံစည်းခဲ့ရခြင်းများကြောင့် တင်ပြလိုခြင်း ဖြစ်ပါသည်။*

ဖွားမြင်တော်မူ

ဆင်ကျုံးဆရာတော် လောင်းလျာကို မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ခမည်းတော် ဦးပန်းလှိုင် မယ်တော်ဒေါ်ငွေမယ်တို့မှ ၁၂၈၀ ပြည့်၊ ပြာသိုလဆန်း၆ရက် တနင်္လာ (၆.၁.၁၉၁၉) နေ့၌ ဖွားမြင်တော်မူသည်။

ရှင်ဖြစ်–ရဟန်းဖြစ်

၁၂၉၂–ခုနှစ်တွင် ဇာတိရွာကျောင်း၌ ရှင်ပြု၍၊ ၁၂၉၉–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ရက် (၄.၃.၁၉၃၈)စနေနေ့ နံနက် ၇ နာရီ ၄၀ မိနစ်အချိန် ဥသျှစ်ကုန်းမြောက်ကျောင်း ဓမ္မာသိမ်၌ ဆရာတော် ဦးနာရဒကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ပညာသင်ကြားခြင်း

ဇာတိရွာဆရာတော်များ၊ စီးဖြူကုန်းဆရာတော်ဦးဥတ္တမသ (နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော် ဦးဣန္ဒာစာရ) ရန်ကုန်၊ မန္တလေး၊ ပျော်ဘွယ်၊ ဂန့်ဂေါတောရ (ယော) ဆရာတော်၊ မူလဆင်ကျုံး တောရဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ယူခဲ့သည်။ ပါဠိတော် အဋ္ဌကထာ၊ ဋီကာ ပါဠိမြောက် တတ်သိကျွမ်းကျင်တော်မူသည်။

ဆင်ကျုံးတောရ ဆရာတော်ဟု ထင်ရှား

ရမည်းသင်းမြို့တောင်ဘက်အဝင် ရန်ကုန်မန္တလေး ကားလမ်းမကြီးအရှေ့ဘေး၌ ဆင်ကျုံးတောရကြီးတွင် ဦးစီးပဓာနဖြစ်လာ၊ ပရိယတ္တိစာပေများသင်ကြားပို့ချမှု ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ ကြည်ညိုဖွယ် ဝတ်ဆောင်နိုင်သည့် သီလသိက္ခာနှင့် ပြည့်စုံတော်မူခြင်းများကြောင့် သံဃာသမ္မုတိရ ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဩဝါဒစရိယ အဆင့်ဆင့် တာဝန်များ ထမ်းဆောင်နိုင်ခဲ့ပြီး ဆဋ္ဌသင်္ဂါယနာ ဝိသုဒ္ဓိမဂ်ပါဠိ ဝိသောဓက၊ မော်တီ ဝိုတ်းပေါင်းစုံ အစည်းအဝေး ခရိုင် သမ္မုတိရ စသော သာသနာ့တာဝန်များစွာ ထမ်းဆောင်တော်မူနိုင်ခဲ့သည်။

ကျမ်းများ ပြုစုတော်မူ

(၁) ကထိန်တရားတော်

(၂) ဥသျှစ်ကုန်းဘုရားသမိုင်း

(၃) ရမည်းသင်းခရိုင်နှင့် ရမည်းသင်းသမိုင်း

(၄) ရမည်းသင်း သာသနာဝင်သမိုင်း

စသည့် မိမိလက်လှမ်းမှီသမျှသာ တင်ပြခြင်း ဖြစ်ပါသည်။ စသည်များကို သမိုင်းတင်ခဲ့သည်ဖြစ်၍ 'သမိုင်းသုတေသီဆရာတော်' ဟု မော်ကွန်းထိုးအပ်ပါသည်။

* ဆင်ကျုံးဆရာတော်၏ ရမည်းသင်းသာသနာဝင် သမိုင်း

အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအမိန့် ကြေငြာစာအမှတ် ၁/၁၉၉၀ အရ

ဤသို့ သီလ သမာဓိပညာဂုဏ်၊ ဓမ္မာစာရိယ ဥဇ္ဈာနစသော နာယကဂုဏ်တို့နှင့် ပြည့်စုံ၍ နီးဝေးဝန်းကျင် လူရှင်ရဟန်းတို့၏ ကြည်ညိုမှုကို ခံယူတော်မူသောကြောင့် နိုင်ငံတော် အစိုးရမှ (၂၁၊ ၁၁၊ ၉၀) နေ့တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ 'ပညာရှင်ဘွဲ့ ဖြစ်လေသည်'။

၃၁၊ ၁၂၊ ၉၀ နေ့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာစာမျက်နှာ ၈-တွင် ဓာတ်ပုံနှင့်အတူဖော်ပြခဲ့ပါသည်။ ထိုသတင်းစာဖြတ်ပိုင်းကို မိမိက အမြတ်တနိုး သိမ်းထားခဲ့သည်။ ယခုဖော်ပြခွင့်ရခဲ့လေပြီ။*

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ဆက်ကပ်

ဆင်ကျုံးဆရာတော် ဘုရားကြီးသည် အထက်တွင် တင်ပြခဲ့ပြီးသည့် သာသနာတော်ကြီးအရှည်တည်တံ့ရေးအတွက် ရှက်ဆောင်တော်မူခဲ့သည်များနှင့် ရမည်းသင်းခရိုင်နှင့် ရမည်းသင်းသမိုင်း၊ ရမည်းသင်း သာသနာ့ဝင်သမိုင်း စသည်များမှာ သမိုင်း အဆက်ဆက် ကျမ်းအစောင်စောင်များမှ ရှာဖွေ၊ အပတ်တကုတ် ကြိုးပမ်းပြုစုထားသည်မှာ ရမည်းသင်းခရိုင်အတွင်းတည်ရှိသည့် ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေး ၅ မြို့နယ်အတွက် ဘာသာရေး၊ သာသနာရေး၊ လူမှုရေးနှင့် စီးပွားရေး၊ အုပ်ချုပ်ရေး အဆက်ဆက်စုံလှသည်။

ထိုထိုသော စွမ်းဆောင်ခဲ့ချက်များအရ နိုင်ငံတော်အစိုးရက 'သာသနာပြု စွမ်းရည်' ဖြစ်သော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ကို နှစ်များမကြာမီက ဆက်ကပ်လှူဒါန်းတော်မူခဲ့ပြီး ဖြစ်ပါသည်။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်

၂၀၀၆ ခုနှစ်၊ ၅၈-နှစ်မြောက်လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အစိုးရက ဆင်ကျုံးဆရာတော်ဘုရားကြီးအား 'အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကို' ဆက်ကပ်လှူဒါန်းတော်မူ၏။ အဆိုပါ ဘွဲ့ရဆရာတော်ကြီး ၅-ပါးတွင် ထိပ်ဆုံးမှ ဖြစ်၏။

ဆင်ကျုံးဆရာတော်ဘုရားကြီးက သက်တော်လည်း ရှည်၏။ 'အဘိဓဇမဟာရဋ္ဌဂုရု' ဟူသော သာသနာတော်၌ အမြင့်ဆုံးဘွဲ့တံဆိပ်တော်ကြီးကိုပင် ဆက်ကပ်လှူဒါန်းခြင်းကို ရနိုင်ဖွယ် ရှိနေသည်။ မြင်ယောင်နေမိတော့၏။

ကြုံဆုံခွင့်ပါရမီ

ယခု (၁၃၇၀-ပြည့်နှစ်) အချိန်တွင် ဆင်ကျုံးဆရာတော်၏ သက်တော်မှာ ၉၀-နှစ်၊ သိက္ခာတော် ၇၉-ဝါမျှ ရှိလေပြီ။ သံဃာတော်များစွာတို့၏ ဘခမည်းတော်ကြီး = သံဃာ့ပိတာ၊ နေ့ညဦးတို့၏ အတိုင်းအရှည်ကို သိတော်မူသော = ရတ္တညူ၊ သံဃာတော်များစွာတို့၏ ရှေ့ဆောင် ဥသျှောင်နာယကလည်း ဖြစ်တော်မူသည်။ ထိုအရှင်မြတ်ကြီးနှင့် ဤဘဝ ဤသာသနာ၌ ကြုံဆုံခွင့် ဖူးမြင်ခွင့်ရကြသည်မှာ လွန်စွာ ဝမ်းသာ ကုသိုလ်တိုးပွားကြည်ညိုဖွယ် ဖြစ်ကြရသည်။ ရန်ကုန်မြို့သို့ ကြွလာလေတိုင်း ဓိဝိတဒါန သံဃာ့ဆေးရုံကြီး ဗဟန်းရှိ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားကြီးများ အခန်း

---

* ဆင်ကျုံးဆရာတော်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်လှူဒါန်း ၃၁၊ ၁၂၊ ၉၀ နေ့လုပ်သားသတင်းစာ။

မှာ ဒုတိယ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်အေး နှင့် ဆရာဝန်ကြီးများက ကျန်းမာရေး စစ်ဆေးမှုများ အမြဲပြုလုပ် ကောင်းမှု ကုသိုလ်ယူကြသည်။ သားကြီး ဒေါက်တာ ခင်မောင်ဦးက သတင်းယူ၍ အမြဲ ဖူးမြင်ခွင့်ရ၊ ဝမ်းသာကြည်နူးရလေသည်။

နီးဖြူကုန်း ဆရာတော် ဘဒ္ဒန္တဥက္ကံသ၏ မှာတမ်း

ဤနေရာ၌ နီးဖြူကုန်း ဆရာတော် ဘဒ္ဒန္တ ဥက္ကံသထေရ်ကြီး၏ မှာတမ်း ဩဝါဒကို တင်ပြလိုက်၏။ ထိုမှာတမ်းတော်ကို ရမည်းသင်းမြို့ ဆင်ကျူးတောရ ဆရာတော်ဘုရားကြီးက ရွတ်ဆို၍ ကောင်းအောင် ကဗျာမှု ပြုထား၏။ ထိုစာကဗျာကို မိမိထံသို့ ပို့လာ၏။ ဖတ်ရှုနိုင်ကြ၊ သီသာတော်မူနိုင်ကြစေရန် မိတ္တူပြု၍ တင်ပြလိုက်ပါ၏။

ဆင်ကျူးဆရာတော်၏ လက်ပေါ်တွင် ပျံလွန်တော်မူသွားသော ကျေးဇူးရှင် နီးဖြူကုန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဥက္ကံသ၏ နှုတ်မြွက်မှာတမ်းတော်ကို ရွတ်ဆိုကောင်းအောင် (အောက်ဖော်ပြပါအတိုင်း) ကဗျာမှုများ ပြုလုပ်ထားပါသည်။

၁။ ဝိညာဉ်ကွေကွင်း၊ ငါ့ရုပ်ကြွင်း၊ ချက်ချင်း ခေါင်းထဲထည့်၊

၂။ ခုတင်မှာပြောင်၊ အထည်ရွှောင်၊ လှအောင်မဆင်နှင့်၊

၃။ ထင်းပုံသို့သွင်း၊ တစ်နေ့ချင်း၊ လက်ငင်း မီးရှို့ကွဲ့၊

၄။ မတော်ပါလား၊ ပြောကြငြား၊ မင်းနားမယောင်နှင့်၊

၅။ သံဃာကိုမူ၊ လှူသာလှူ၊ အကူမစံနှင့်၊

၆။ ကုသိုလ်လိုလို၊ ဘာလိုလို၊ အပိုမလုပ်နှင့်၊

၇။ စည်းရုံ၊ ဥသျှစ်၊ မင်းကျောင်းသစ်၊ ပင့်ဖြစ်အောင်ပင့်ကွဲ့၊

၈။ မေမြို့၊ နီးဖြူ၊ မြို့တောင်ငူ၊ ပင့်မူ သင့်ပြီကွဲ့၊

၉။ မပင့်ဘဲကြ၊ လာသမျှ၊ လှူရမည်မှတ်ကွဲ့။

(ကန့်သတ်)

၁၃၆၀–ပြည့်နှစ်၊ ကဆုန်လ

နီးဖြူကုန်း ဂန္ဓဝုရတိုက်၊ ကျောင်းသင်္ ဆရာတော် ဘဒ္ဒန္တ ဥက္ကံသထေရ်မှာ ဆင်ကျူးတောရ ဆရာတော်နှင့် နဘူးကျင်းတောရ ဆရာတော်တို့၏ ငယ်ဆရာ ဖြစ်ခဲ့၏။ ထိုဆရာတော် ဘုရားကြီး ဘဒ္ဒန္တ ဥက္ကံသမှာ ဆင်ကျူးဆရာတော်၏ လက်ပေါ်၌ ပျံလွန်ခဲ့၏။ မှာတမ်းကဗျာကို ဖတ်၍ နားလည်နိုင် သိမြင်နိုင် ကြည်ညိုနိုင်ကြလိမ့်မည် ထင်ပါ၏။

ဘဒ္ဒန္တဥက္ကံသထေရ်ကြီးမှာ ပဲခူးမြို့မ ဆရာတော်ဘဒ္ဒန္တ ဣန္ဒာစာရ (၁၂၅၉–၁၃၅၃) သက်တော် ၉၇၊ ဝါတော် ၇၇၊ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုနှင့် ငယ်စဉ်က ကျောင်းနေစာသင်ဘက်ဖြစ်ခဲ့၏ဟု တောရဆရာတော် မိန့်ကြားခဲ့ဖူးပါ၏။

ဤမျှဖြင့် အမှတ်တရ ပူဇော်မှတ်တမ်းတင် အပ်ပါသည်။

သိမ်အမှတ် ၁၂၃–ဒိုးပင်စုံသိမ်

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂ (၈၊ ၃၊ ၂၀၀၁) ခုနှစ်၊ တပေါင်းလပြည့် ၁၅–ရက်၊ ကြာသာပတေးနေ့ မွန်းလွဲ ၂–နာရီ ၉–မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ဒိုးပင်စုံကျောင်း

ဝင်းအတွင်း ၂၆၉–ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၄၅–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာသမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၂၄-ဖွဲ့သင်းသိမ်

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂(၁၆၊ ၃၊ ၂၀၀၁) ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈–ရက်၊ သောကြာနေ့နံနက် ၉–နာရီ ၂၆–မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ဖွဲ့သင်းကျောင်းဝင်းအတွင်း ၂၅၀–ကြိမ်သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၂၅ ပါးတို့ ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၂၅–ထန်းတောသိမ်

သာသနာ ၂၅၄၄၊ ကောဇာ ၁၃၆၂(၅၊ ၄၊ ၂၀၀၁) ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်၊ ကြာသာပတေးနေ့ မွန်းလွဲ ၃–နာရီ ၃၃–မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ညောင်လွန့်ထန်းတောကျောင်းဝင်းတွင် ၂၅၆–ကြိမ်သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၁–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ကျမ်းစာများလှူ

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမ္မေ မင်္ဂလာသဘင်၌ ကျင်းပသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပဥ္စမအကြိမ် ၄၇ ပါး စုံညီ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် အဖွဲ့ဝင် ဆရာတော်ကြီးများအား တောရဆရာတော် ပါဠိမြန်မာ နှစ်ဘာသာဖြင့် ရေးသားခဲ့သော ခုတင်အဆုံးအဖြတ်ကျမ်းစာနှင့် မေ့သံယုတ္တဂါထာ ကျမ်းစာများကို ဒေါက်တာခင်မောင်ဦး (သံဃာ့ဆေးရုံကြီး ဗဟန်း) နှင့် အဖွဲ့က သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ယင်းသို့ လှူဒါန်းခဲ့ကြောင်း သတင်းကို (၂၉၊ ၇၊ ၂၀၀၁) နေ့ထုတ် ကြေးမုံသတင်းစာ၊ မျက်နှာဖုံးတွင် ဖော်ပြပါရှိသည်။ *(ထိုသတင်းစာမိတ္တူ မူးတွဲ တင်ပြထားပါသည်။*

အလားတူပင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်၊ သင်ကြားစီမံ ဆရာတော်များနှင့် သင်တန်းသား သံဃာတော်များကိုလည်း အဆိုပါ ကျမ်းစာလှူဒါန်းကြောင်း ဖော်ပြထားသည်။

ဆင်ကျုံးဆရာတော်က ချီးမွမ်း

ထိုသတင်းမျိုးကို ဖတ်ရလေတိုင်း ရမည်းသင်း ဆင်ကျုံးဆရာတော်ဘုရားကြီးက အမြဲ ချီးမွမ်းသည်။ ရန်ကုန်မြို့ ဗဟန်း ဓိဝိတဒါနသံဃာ့ ဆေးရုံတွင် ဖူးခွင့်ရတိုင်း၊ နဘူးကျောင်း တောရဆရာတော်ကျမ်းစာတွေ ရိုက်ပြီး လှူနေကြတာ ဖတ်ရတိုင်း 'အတော် အမြော်အမြင်ကြီးတဲ့ ဒကာတွေပဲ' လို့ ဘုန်းကြီးက အမြဲပြောနေရတယ်၊ 'အမျိုးဘာသာသာသနာအတွက် ရမည်းသင်းနယ်အကြောင်း တစ်နိုင်ငံလုံး သိကြတာပေါ့' ဝမ်းသာလွန်းလို့ ဟု အမြဲမိန့်တော်မူပါသည်။

ဆင်ကျုံးဆရာတော်ဘုရားကြီး၏ ဆောင်ရွက်ချက်များကိုလည်း အားကျ တုယူဆောင်ရွက်ခြင်းပါဘုရားဟု မိမိတို့က ပြန်၍ လျှောက်သည်။

မှန်တောင်တောရမှာ ၂၂–ရက်မျှကြာ

တောရဆရာတော်သည် ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်၊ သာဂရမြို့ မှန်တောင်

ကြေးမုံ
The Mirror
၁၃၆၃ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ရက်၊ တနင်္ဂနွေနေ့၊ (29-7-2001) (၃၂၂၀)

နိုင်ငံတော်သံဃာမဟာနာယက ဆရာတော်ကြီးများအား ကျမ်းစာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ဦးကျောင်းပန်းဆောင် ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး ဖုံညီ ဒုတိယအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများအား မန္တလေးတိုင်း ရမည်းသင်းမြို့နယ် နဘူးကျောင်းရန်ကင်းတောရဆရာတော် ဘဒ္ဒန္တတိဿရထေရ် (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊ ဂန္ထဝါစက၊ အရှည်ဂါသီ)ပါဠိ-မြန်မာ နစ်ဘာသာဖြင့် ရေးသားတော်မူသော စုတင်စာမျက်နှာ ၃ ကော်လံ ၆ သို့ ▲

▲ နိုင်ငံတော်မှ

အဆုံးအဖြတ် ကျမ်းစာနှင့် ဓမ္မသံယုတ္တဂါထာ ကျမ်းစာများကို ဆရာတော်၏ တပည့် အလှူရှင် ဒေါက်တာခင်မောင်ဦး (မိဝိတာဒါန သံဃာ့ဆေးရုံကြီး၊ ဗဟန်း) နှင့် ဒါယကာ၊ ဒါယိကာမများက ဆက်ကပ်လှူဒါန်းကြသည်။

အလားတူပင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ သင်ကြားပို့ချ ဆရာတော်များနှင့် သင်တန်းသား သံဃာတော်များကိုလည်း အဆိုပါ ကျမ်းစာများကို ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

၂၉-၇-၂၀၀၁ နေ့ထုတ် ကြေးမုံသတင်းစာ စုတင်အဆုံးအဖြတ်ကျမ်းနှင့် ဓမ္မသံယုတ္တကျမ်းစာများ လှူဒါန်းခြင်းသတင်း

တောရ၌ ၁၃၆၂–ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၅–ရက်မှ ၁၃၆၃–ခုနှစ်၊ ကဆုန်လဆန်း ၁၂–ရက်ထိ၊ ၂၂–ရက်ကြာမျှ (၁၂၊၃၊၂၀၀၁ မှ ၃၊ ၄၊၂၀၀၁) ထိ ခေတ္တမျှ ကြွရောက် သီတင်းသုံးတော်မူခဲ့သည်။

ယင်းကဲ့သို့ ကြွရောက်သည်မှာ မှန်တောင် တောရဆရာတော် ဦးစန္ဒောဘာသ (ဓမ္မာစရိယ)က ထိုတောရသို့ အလျှဉ်းသင့်သည့်အခါ ခေတ္တမျှ ဖြစ်စေ ကြွရောက်သီတင်းသုံး ချီးမြှောက်တော်မူပါ ဘုရား ဟု အခါများစွာ လျှောက်ထားဖူးသောကြောင့် ဖြစ်သည်ဟု ဆရာတော်ဦးစန္ဒောဘာသ မိန့်ပါသည်။

တောရဆရာတော်၏ အိပ်ဆောင်စာအုပ် မှတ်တမ်း၌ ထိုရက်များ၌ 'မှန်တောင် မှန်မှ ပြန်လာ' ဟု အတိုကောက် ရေးမှတ်ထားသည်ကိုလည်း တွေ့ရသည်။ ထိုရက်များ၌ 'မိုး...မိုး...မိုး'ဟူ၍ ၄–ရက် ဆက်တိုက် ရေးထားသည်။ မိုးရွာသည်ဟု မရေးသော်လည်း မိုး ၄–ရက် ဆက်တိုက်ရွာသည် ဟု သိအပ်ပါ၏။

မှန်တောင်ဆရာတော်နှင့် တရားဆွေးနွေးခြင်း၊ မေးလျှောက်ဖြေကြားခြင်း ပြုကြဟန်ရှိသည်။ ထိုအကြောင်းများကို မှန်တောင်ဆရာတော် ကိုယ်တိုင် ရေးပြပေလိမ့်မည်ဟု မျှော်လင့်ပါသည်။ တောရဆရာတော်ထံ မှန်တောင်ဆရာတော် ရောက်ကြောင်း ၁၃၄၆–ခုနှစ်၊ နဘူးကျောင်းရန်ကင်းတောရ သိမ်အမှတ် ၂၁–မဟာသိမ်ကြီး သမုတ်စဉ် ဆဋ္ဌကမ္မဝါစာအဖွဲ့၌ ပါသော အရှင်စန္ဒောဘာသ (ဓမ္မာစရိယ) ဆိုသည်မှာ မှန်တောင်တောရဆရာတော်ပင် ဖြစ်ပါသည်။

သိမ်အမှတ် ၂၀–မှန်တောင် တောရသိမ် မှတ်တမ်း၌လည်း မှန်တောင် ဆရာတော်အကြောင်း အကျဉ်းမျှဖော်ပြခဲ့ပြီးလေပြီ။ တောရဆရာတော်၏ ဘဝနိဂုံးပိုင်း၌ ပို၍ ထင်ရှားပေလိမ့်မည်။

ဓမ္မသံယုတ္တဂါထာနှင့် ဝန္ဒနာစုံ ကျမ်းစာ ဒုတိယအကြိမ် ရိုက်နှိပ်

အထက်ပါ ကျမ်းစာ ၂ အုပ် ရိုက်မည်ဖြစ်ကြောင်း နယ်များသို့ မိမိက အစီရင်ခံစာပို့ခဲ့ပါသည်။ တောရဆရာတော် ရေးသားပြုစုသည့် ဓမ္မသံယုတ္တဂါထာ (ခေါ်) တရားနှင့်ယှဉ်နေစေချင် ကျမ်းစာနှင့် ဝန္ဒနာစုံကျမ်းစာ (ခေါ်) မြင့်မြတ်သူတို့၏ အလုပ်များ ဟူသော ကျမ်းစာ ၂ အုပ်ကို သာသနာ ၂၅၄၃ နှစ်၊ ကောဇာ ၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် (၅၊ ၁၊ ၂၀၀၁) ရက်စွဲဖြင့် ဒုတိယအကြိမ် ဇမ္ဗူထွန်းအော့ဖ်ဆက်၊ ဦးထွန်းခင် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်နိုင်ခဲ့သည်။*

ဓမ္မသံယုတ္တဂါထာ၌ မိမိက စီစဉ်သူအနေဖြင့် တောရဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်ကို ခုနှစ် လ ရက်များဖြင့် ရေးသားခဲ့သည်။ နိဒါန်းကို ပထမအကြိမ် ဦးမင်းကြည် ရေးခဲ့ပြီးအတိုင်းပင် ထည့်သည်။ ဒုတိယအကြိမ် အလှူရှင်စာရင်းများ အသစ်ဖြစ်သည်။

ရန်ကုန်မှတပည့်များ၊ ကံကြီးရွာ နဘူးကျောင်းရွာ၊ ပင်းစုတောင်ရွာ၊ ရမည်းသင်းမြို့ပေါ် ဦးအောင်လင်းနှင့် အလှူရှင်များစာရင်း ဖော်ပြခဲ့သည်။ ကျပ်ငွေ ၇၀၀၀၀/– ခုနှစ်သောင်းကုန်ကျပါသည်။

နောက်ဆက်တွဲ (က) အဖြစ် ဓုတင်ဆောင် တောရကျောင်းပေါင်း ၂၁–ကျောင်း စာရင်းထည့်ခဲ့သည်။

ဝန္ဒနာစုံကျမ်းစာ ဦးအောင်လင်း ရမည်းသင်းနှင့်အဖွဲ့မှ ရိုက်နှိပ်

ဝန္ဒနာစုံကျမ်းစာ ဒုတိယအကြိမ် ရိုက်နှိပ်ခြင်းမှာ ရမည်းသင်းမြို့မှ ဦးအောင်လင်းနှင့် အလှူ

* ဓမ္မသံယုတ္တကျမ်းနှင့် ဝန္ဒနာစုံကျမ်း (၃–ကြိမ်) ရိုက်နှိပ်

နဘူးကျောင်းတောရဆရာတော်၏ ဩဝါဒ

မမြဲသောတရားရှုမှတ်ပွား

- အလုံးစုံသော သင်္ခါရတရားတို့သည် အမြဲ မရှိကုန်၊ ထိုသဘောကိုသိကြပြီးလျှင် မြဲ၍ မပြုပြင်ရသော နိဗ္ဗာန်ကို သူတော်ကောင်းတို့သည် ရှာမှီးအပ်၏။
- မသေခြင်းသဘောကို ရလိုသောသူသည် မသေဓာတ်ကိန်း ချမ်းငြိမ်းရာ နိဗ္ဗာန်ဓာတ်ကို သေတတ်သော သေမျိုးဖြစ်သော မိမိခန္ဓာကိုယ်ဆိုဖြင့် ကောင်းစွာလဲလှယ်၍ ယူရာ၏။
- ဝင်္ဋသုံးပါး၌ အကျုံးဝင်သော တရားတို့သည် အမြဲမရှိကြကုန်, ဆင်းရဲကြကုန်၏။ နိုင်မာသော ကိုယ်ထည်မဟုတ်ကြကုန်။ ထိုသဘောတရားကို ဝိပဿနာဉာဏ်ဖြင့် အထူးရှု မှတ်သိပြီး၍ ထိုမမြဲ ဆင်းရဲသောတရားတို့မှ လွတ်မြောက်အောင် ပြုလုပ်ရန် သင့်လျော်လောက်ပေပြီ။

မှတ်ချက် သိမ် (၁၀၀)မှတ်တမ်း သရက်ကန်ဆရာတော်၏ ထေရုပ္ပတ္တိ စာမျက်နှာ ၁၂ မှ ကောက်နုတ်ဖော်ပြပါသည်။

ဤကျမ်း (ဒုတိယအကြိမ်)အတွက်

အစီရင်ခံစာ

ဤဝန္ဒနာစုံကျမ်း (ဒုတိယကြိမ်) ရိုက်နှိပ်ခြင်းမှာ ရမည်းသင်းမြို့မှ ဦးအောင်လင်း ဦးအောင်သော ဖူးတွဲ ဖော်ပြပါ အလှူရှင်များ စေပါင်းကောင်းမှုဖြင့် မြန်မာ လှူဒါန်းနိုင်ကြရန် ရိုက်နှိပ်ခြင်း ဖြစ်ပါသည်။

(ဒုတိယအကြိမ်) ရိုက်နှိပ်ရာ၌ အဖုံးအရေး အတွင်းစွေး နိုင်ငံခြားဖြူရောင်များဖြင့် လည်းကောင်း၊ တောရဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ဓာတ်ပုံပါ ဖြည့်စွက်၍လည်းကောင်း ရိုက်နှိပ်ခဲ့ကြပါသည်။

"မှတ်တမ်းမှ တတန်လုံး" ဆိုသည့်စကားအတိုင်း ထေရုပ္ပတ္တိအကျဉ်းမှ ဖော်ပြခြင်းဖြင့် တောရဆရာတော်၏ အကြောင်း၊ ဂယနအသိမှကြည့်ရှုနိုင်ကြပါစေ၊ အတု ယူအားကျ၍ စုတင်ဆောင်စေသေနိများ ဆက်လက် ပေါ်ထွန်းနိုင်ပါစေ သာသနာတည်အောင် ပြုလုပ်ကျွေးကြကုန်သော သူတော်ကောင်းများ ကုသိုလ်တရားများ တိုးပွားကြပါစေဟူသော ဆန္ဒဖြင့် မှတ်တမ်းတင်ခြင်းလည်း ဖြစ်ပါသည်။

ထို့ထက်အရေးကား သံဝေဂဉာဏ် ရင့်သန်ပြီး ချမ်းသာအစစ်ကို ရှာဖွေ၍ နိဗ္ဗာန်သို့ဝင်နိုင် ကြပါစေရန် တောရဆရာတော်၏ ဩဝါဒကို တစေ့တွင် ဖူးလက်ဆောင်အဖြစ် ကောက်နုတ် ဖော်ပြလိုက်ပါသည်။

အပြစ်မြင်က နှင့်လွှတ်တော်မူနိုင်ကြပါစေ။

စီစဉ်သူ

နဘူးကျောင်းတောရဆရာတော် ဩဝါဒနှင့်

(ဒုတိယ အကြိမ်)အတွက်

အစီရင်ခံစာ

ရှင်များက သီးခြားရိုက်နှိပ်လိုကြောင်း အလှူငွေ ၆၂၈၀၀/– (ခြောက်သောင်းနှစ်ထောင်ရှစ်ရာ) ပို့လာသဖြင့် တောရဆရာတော်ထံ ခွင့်တောင်းပြီး ရိုက်နှိပ်၍ ဦးအောင်လင်းနှင့် အလှူရှင်များက ၎င်းတို့အနေဖြင့် ဓမ္မမိတ်ဆွေများသို့ ဖြန့်ဝေလှူဒါန်းကြခြင်းဖြစ်သည်။

ထိုကျမ်းစာတွင် အလှူရှင်စာရင်း သီးခြားဖော်ပြခဲ့သည်။ ရမည်းသင်း ဦးအောင်လင်း၏ စီစဉ်ဆောင်ရွက်မှုဖြစ်ကြောင်းလည်း ကျမ်းစာ၌ သီးခြားဖော်ပြခဲ့သည်။ ထိုကျမ်းစာ၌ တောရဆရာတော်၏ ဩဝါဒနှင့် (ဒုတိယအကြိမ်) အတွက် အစီရင်ခံစာ ထည့်ခဲ့ပါသည်။ ***မိတ္တူ တင်ပြပါသည်။***

ဓမ္မသံယုတ္တဂါထာ ကျမ်းစာသည် တောရဆရာတော်၏ ဘဝဖြစ်သည်

ဓမ္မသံယုတ္တဂါထာ ကျမ်းစာအကြောင်း ပထမအကြိမ် ရိုက်စဉ်က အသင့်အတင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခု ထပ်မံ တင်ပြရပါက ထိုကျမ်းစာပါ ဖော်ပြချက် ဝိနည်းသိက္ခာပုဒ်၊ ရွှေငွေသိက္ခာပုဒ်၊ သီလ၊ အယူ၊ အကျင့်များသည် တောရဆရာတော် လိုက်နာကျင့်သုံးလျက်ရှိသော တရားများဖြစ်၍ ထိုဓမ္မသံယုတ္တဂါထာကျမ်းစာသည် တောရဆရာတော်၏ဘဝဖြစ်သည်ဟု ဆိုရပါမည်။

ထို ဓမ္မသံယုတ္တဂါထာ ကျမ်းစာ မူရင်းကို ဖတ်ရှုနိုင်ကြပါလျှင် တောရဆရာတော်၏ ဘဝအကြောင်း ပြည့်စုံစွာ မြင်နိုင်ကြလိမ့်မည်ဟု ယူဆပါသည်။

ပါဠိ၊ မြန်မာနှင့် မြန်မာသက်သက် သုံးမျိုး

မိမိ ဤစာစုကို ရေးနေသည်မှာ လူပုဂ္ဂိုလ်များအတွက်ဟု အထက်၌လည်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ မူရင်း ဓမ္မသံယုတ္တဂါထာကျမ်းစာ၌ တောရဆရာတော်၏ ရေးသားနေကြမှုအတိုင်း ပထမဦးစွာ ပါဠိ စာပိုဒ်ဂါထာများရေး၍ ဒုတိယ ပါဠိနှင့် မြန်မာ တွဲလျက် ရေးမြဲဖြစ်ခဲ့သည့်အတိုင်း ရေးပြခဲ့ပြီးနောက် ယခု ကျမ်းစာ၌မူ မြန်မာပြန်သက်သက် ဟူ၍ သုံးပိုင်း ရေးသားထားပါသည်။

ထိုတစ်ကန့်စီ ရေးခြင်းကို မျဉ်းသားလျက် စာပိုဒ်ခွဲ နံပါတ်များ ရေးထိုးထားလေသည်။

ခေါင်းစီးစာနှင့် မြန်မာပြန်ကောက်နုတ်၍

လူပုဂ္ဂိုလ်များအနေဖြင့် သိလွယ်မြင်လွယ်အောင် ပါဠိစာများ ချန်လှပ်ထားပြီး ထိုကျမ်းစာ၏ ခေါင်းစီးစာပိုဒ်များနှင့် မြန်မာပြန် သက်သက် အနှစ်သာရများကိုသာ ကောက်နုတ်၍ အောက်၌ ဖော်ပြလိုက်ပါသည်။

ကျမ်းဦးအစ တရားနှင့်အညီ ရှက်ဆိုပြီ

ကျမ်းဦးအစ၌ သံဃာတော်များတည်းဟူသော ကြယ်တာရာတွေ အခြံအရံရှိတော်မူသည့် ဘုရားရှင်တည်းဟူသော လမင်းကြီးကို ရှိခိုးပါ၏။

ရှိခိုးပြီး၍ တရားနှင့်ယှဉ်သော ရှက်ဆိုစရာ ဤ ကျမ်းစာဂါထာများကို ရေးပြပေအံ့။

မှတ်ချက်။ ။ ဤဂါထာတို့၌ကောင်းကင်နှင့် လောက၊ အရောင်နှင့်တရား၊ ကြယ်တာရာနှင့် သံဃာ၊ လနှင့်မြတ်စွာဘုရား ဤလေးပါးစုံတို့ကို ဥပမာန–ဥပမေယျ–ပြုလုပ်နိုင်းယှဉ် တန်ဆာဆင်၍ ဆိုထားပါသည် ဟု တောရဆရာတော်က အစရှိ နိဒါန်းပျိုးခဲ့ပါသည်။

ကြည်ညိုခြင်းရှိသည်ကို လိုရင်းမိအောင် တောရဆရာတော်၏အရေးအသား မည်မျှ ကြည်ညိုဖွယ် ကောင်းလှသည်ကိုမြင်၍ နှစ်သက်ကြည်နူးကြလိမ့်မည် ထင်ပါသည်။

သီလ, အယူ, အကျင့်မှန်၍ ကောင်းစွာကျင့်စေလို
မြန်မာပြန်သက်သက်

၁။ ဝိနည်းသိက္ခာပုဒ်၌ အကျင့်မကောင်းသူသည် သီလပျက်စီးခြင်းသို့ ရောက်တတ်၏။ သုတ္တန်တရား၌ အကျင့်မကောင်းသူသည် မှန်သောအယူပျက်စီးခြင်းသို့ ရောက်တတ်၏။ အဘိဓမ္မသဘာဝတရား၌ အကျင့်မကောင်းသူသည် စိတ်ပျံ့လွင့်ခြင်းသို့ ရောက်တတ်၏။

၂။ ထို့ကြောင့် အကျင့်သီလပြည့်စုံရန်၊ မှန်သောအယူအသိ အတွေ့အကြုံ ပြည့်စုံရန်, စိတ်မပြန့်လွင့်(မရှုး)ရန် ဝိနည်း, သုတ္တန်, အဘိဓမ္မာသဘောတရားတို့၌ ကောင်းစွာ ကျင့်ရာ၏။ (ကျင့်ကြပါဟု တိုက်တွန်း၏)

ထူးသောဉာဏ်များ ရနိုင်ခြင်းငှာ ကျင့်စေလို
မြန်မာပြန်

၃။ ဝိနည်း၌ ကောင်းစွာကျင့်သူသည် (ပု) ရှေးဘဝတို့ကို သိခြင်း၊ (ဒိ) နတ်၏ မျက်စိကဲ့သို့မြင်ခြင်း, (အာ) လောဘ စသော အာသဝေါတရားတွေ ကုန်ခန်းခြင်းဟူသော ဝိဇ္ဇာဉာဏ် (၃) ပါးတို့ကိုရရှိသော ပုဂ္ဂိုလ်ဖြစ်နိုင်၏။ သုတ္တန်၌ ကောင်းစွာကျင့်သူသည် (စက်, သော, ဣဒ်, ပ,ပုဗ်, အာ) ဟူသော အဘိဉာဏ် (၆)ပါးတို့ကိုရရှိသော ပုဂ္ဂိုလ်ဖြစ်နိုင်၏။ အဘိဓမ္မာ၌ ကောင်းစွာကျင့်သူသည် ပဋိသမ္ဘိဒါ (၄) ပါးတို့ကိုရရှိသော ပုဂ္ဂိုလ်ဖြစ်နိုင်၏။

၄။ ထို့ကြောင့် ဝိဇ္ဇာဉာဏ် (၃) ပါး, အဘိဉာဏ် (၆) ပါး, ပဋိသမ္ဘိဒါ (၄) ပါးတို့ကို ရခြင်းငှာ ဝိနည်း, သုတ္တန်, အဘိဓမ္မာတို့၌ ကောင်းစွာကျင့်ရာ၏။

မချွတ်မယွင်း ကျင့်စေလိုခြင်းနှင့် ငွေသည် လောဘတိုးပွားခြင်း
မြန်မာပြန်

၅။ အကျိုးတရားကား ဤသို့ကျင့်သောသူသည် ဝိဇ္ဇာဉာဏ် (၃) ပါးကိုဖြစ်စေ၊ အဘိဉာဏ် (၆) ပါးကိုဖြစ်စေ၊ ပဋိသမ္ဘိဒါ (၄) ပါးပေါင်းကိုဖြစ်စေ မချွတ်မယွင်း ရလိမ့်လတ္တံ့။

၆။ ငွေအစစ် ငွေစက္ကူစသည်ကို အလှူခံယူခြင်းဟူသော အကြောင်းကြောင့် အလို လောဘအစရှိကုန်သော အညစ်အကြေး ကိလေသာတို့သည် အနည်းငယ်မျှ ကုန်ခမ်းခြင်းသို့ မရောက်ကြကုန်ဘဲ စင်စစ်ကေန် တစ်ဖန် တစ်မျိုးအားဖြင့် တိုးပွားလို့သာ လာတတ်ကြကုန်၏။

သိုမှီးသိမ်ဆည်းထားခြင်းသည် တဏှာ အညစ်အကြေး
မြန်မာပြန်

၇။ ငွေအစစ် ငွေစက္ကူ စသည်ကို သိုမှီးသိမ်းဆည်းထားခြင်းဟူသော အကြောင်းကြောင့် လိုလားတပ်မက်တတ်သော လောဘအစရှိသော ကိလေသာ အညစ်အကြေးတို့သည် အနည်းငယ်မျှ ကုန်ခန်းခြင်းသို့ မရောက်ကြမူ၍ စင်စစ်ကေန် အမှန်

အားဖြင့် ထိုအညစ်အကြေးများ တိုးပွားစည်ကားလို့သာ လာကြကုန်၏။

၈။ ငွေအစစ် ငွေစက္ကူစသည်ကိုသုံးဆောင်ခြင်းဟူသော အကြောင်းကြောင့် လောဘအစရှိသော ကိလေသာ အညစ်အကြေးတို့သည် အနည်းငယ်မျှ လျော့ပါးကုန်ခန်းခြင်းသို့ မရောက်ကြသည်သာမက စင်စစ် အမှန်အားဖြင့် ထိုအညစ်အကြေးများ တိုးပွားလာကြကုန်၏။

ငွေ ရွှေသည် ရဟန်းသီလ ညစ်နွမ်းခြင်း

မြန်မာပြန်

၉။ ငွေစသည်ကို အလှူခံယူခြင်း၊ သိုမှီးသိမ်းဆည်းထားခြင်း၊ အသုံးပြုသုံးဆောင်ခြင်းသည် ရဟန်းများမှာ သီလညစ်နွမ်းခြင်း၏ အကြောင်းဖြစ်ပေ၏။ သီလစင်ကြယ်ခြင်း၏ အကြောင်းကားမဟုတ်သည်သာ။

၁၀။ ငွေနှင့်ရွှေကို အလှူခံယူခြင်း၊ သိမ်းဆည်းထားခြင်း၊ အသုံးပြုဆောင်ခြင်း ဟူသော အကြောင်းကြောင့် ကာမဂုဏ်လောဘ ကိလေသာ တဏှာတို့သည် မကုန်ခန်းမလျော့ပါးကြကုန်၊ စင်စစ် အမှန်မှာကား များပြားတိုးပွားလို့သာ လာတတ်ကြကုန်၏။

မြတ်စွာဘုရား အဆုံးအမနှင့် မတည်ခြင်းသည် ရှုက်ဖွယ်

မြန်မာပြန်

၁၁။ ငွေအစစ်ငွေစက္ကူနှင့် ရွှေအစစ်သည် ကာမဟုခေါ်ရသော လောဘတဏှာ၏ အစီးအပွားဖြစ်နေပေ၏။ အကြင်ရဟန်းသည် ထိုငွေနှင့် ရွှေကို ခံယူထား၏။ ထိုရဟန်းသည် ကာမခေါ်လောဘတဏှာများ တိုးပွားခြင်းသို့သာ ရောက်နေပေပြီ။

၁၂။ ကာမခေါ်လောဘတဏှာများ လျော့ပါးကုန်ခန်းသွားအောင် ပြုကျင့်ထိုက်သော မြတ်စွာဘုရား၏ သာသနာတော်မှာ လောဘတဏှာများ လျော့ပါးအောင်မကျင့်ဘဲ ပွားအောင်သာ ကျင့်နေသော ရဟန်းသည် ရှက်စရာ ရှက်ဖွယ်သို့သာ ဆိုက်ရောက်နေပါပြီ။

ရွှေငွေသည် သူတော်ကောင်းကြီးတို့၏ ဥစ္စာဘဏ္ဍာမဖြစ်ရာ

မြန်မာပြန်

၁၃။ ငွေအစစ်ငွေစက္ကူကို ခံယူသောရဟန်းသည် (မစွန့်ပါမူ) အရှက်မရှိသော ရဟန်းဆိုး၏ အဖြစ်သို့ ရောက်ရာ၏။ (မစွန့်လျှင်) သီလစင်ကြယ်ခြင်းသို့ မရောက်နိုင်ပေ။ (မစွန့်လျှင်) သီလ ညစ်နွမ်းခြင်းသို့သာလျှင် အစဉ်ရောက်နိုင်ပေတော့၏။

၁၄။ ရတနာရွှေအစစ်သည် မဂ်တရားဟူသော ဓောမိကိုရခြင်းငှာ မဖြစ်နိုင်ပေ။ ဤရွှေငွေသည် ရဟန်းတို့အား လျော်လျောက်ပတ်သော ဥစ္စာဘဏ္ဍာ မဖြစ်သင့်ပါ။ ထိုရွှေငွေသည် သူတော်ကောင်းကြီးတို့၏ ဥစ္စာဘဏ္ဍာလည်း မဖြစ်ရာ။

သီလစင်ကြယ်ခြင်းငှာ၊ မဂ်ရခြင်းငှာ၊ နိဗ္ဗာန်ရခြင်းငှာ ပယ်စွန့်

မြန်မာပြန်

၁၅။ ထို့ကြောင့် အရှက်ရှိသော ရဟန်းကောင်းဖြစ်ခြင်းကို အလိုရှိ၍ သီလစင်ကြယ်ခြင်းကိုလည်း အလိုရှိသောရဟန်းသည် ထိုရွှေငွေကို

ရှောင်ကြဉ်ရာ၏။ ထိုစကားမှန်ပေ၏ သုဘာအမည်ရှိသော ဘိက္ခုနီရဟန်းမသည်လည်း(ရဇတံ)ငွေစသောစကားကို ဆိုသေး၏။

၁၆။ ငွေရွှေရတနာသည် အမှန်(သစ္စာ)ကို သိ၍ မဂ်ရခြင်းငှာ မဖြစ်နိုင်ပါ။ ငြိမ်းအေးရာ နိဗ္ဗာန်ကို ရရန်အကျိုးငှာလည်း မဖြစ်နိုင်ပါ။ ရဟန်းတို့အား လျော်လျောက်ပတ်သော ဥစ္စာလည်း မဟုတ်ပါ။ ဤရွှေငွေသည် အရိယာသူတော်စင်ကြီး၏ ဥစ္စာလည်း မဖြစ်သင့်ပါ။

သူကြွယ်ကြီးနှင့် တူသောရဟန်း မဖြစ်စေလို

မြန်မာပြန်

၁၇။ အကြင်ရဟန်းသည် ပိုလွန်သောသင်္ကန်း သပိတ်စသော ပရိက္ခရာ ဘဏ္ဍာကို တခြားတစ်ပါးရဟန်းတို့အား မပေးမဝေဖန်ဘဲ စွဲမြဲပြင်းထန်စွာ သိုမှီးသိမ်းဆည်းထား၏။ ဤသို့သော ရဟန်းသည် မကောင်းပါ။

၁၈။ ပစ္စည်းဥစ္စာ ဘဏ္ဍာတို့ကို များစွာပိုင်သူဖြစ်၍ သူကြွယ်ကြီးနှင့်တူသော ရဟန်းသည် ပိုလျှံပိုလွန်သော သင်္ကန်းစသော ပရိက္ခရာ ပစ္စည်းများကို သူတစ်ပါးတို့အား မပေးမစွန့်မူ၍ သိုမှီးသိမ်းဆည်းထား၏။ ထိုရဟန်းကို (အလိုနည်း၍ ပစ္စည်းနည်းသည်ကို ဂုဏ်ဟုမြင်သိ) ပညာရှိသည် ကဲ့ရဲ့အပ်၏။

မြတ်စွာဘုရား စက်ဆုတ်တော်မူသော အသက်မွေးမှုကို မပြုအပ်

မြန်မာပြန်

၁၉။ အကြင်ရဟန်းသည် သင်္ကန်းစသော ပရိက္ခရာ ဘဏ္ဍာများကို အခြားတစ်ပါးရဟန်းတို့အား မပေးစွန့်ဘဲ လဲလှယ်ခြင်း ရောင်းခြင်းကိုပြု၏။ ထိုရဟန်းကို မြတ်စွာဘုရားက 'မှားသောအသက်မွေးခြင်းကို ပြုရဲလေစွတကား'ဟု စက်ဆုတ်ကဲ့ရဲ့တော်မူ၏။

၂၀။ မှန်ပေ၏။ ပညာရှိဖြစ်သော အရှင်မဟာသီဝလီထေရ်ကြီးက ခုဒ္ဒသိက္ခာကျမ်း၌ ဆိုထားပေ၏။ ဆိုပုံကား' တစ်ပါးတစ်ခြားဖြစ်သော မြတ်စွာဘုရားစက်ဆုတ်အပ်သော အသက်မွေးခြင်းဖြင့်လည်း အသက်မမွေးရာ'ဟူ၍ ဆိုထားပေ၏။

မြစ်ကြီးကို ကူးနိုင်ပါလျက် ရေအိုင်ငယ်၌ မနစ်မြုတ်စေလို

မြန်မာပြန်

၂၁။ အကြင်ယောက်ျားရေကူးသမားသည် အလွန်ကျယ်သော ဧရာဝတီမြစ်လို မြစ်ကြီးကို ကူးနိုင်ပါလျက် အလွန်ငယ်သောရေအိုင်၌ မကူးနိုင်ဘဲ နစ်မြုပ်ငြားအံ့။ ထိုယောက်ျားကို မချီးမွမ်းရုံမက ကဲ့ရဲ့အပ်၏။ ကဲ့ရဲ့အပ်သကဲ့သို့-

၂၂။ ဤနည်းအတူပင် အကြင်ရဟန်းသည် မာတုဂါမအာရုံမေထုန် ကာမဂုဏ်ကြီးတို့ကို ပယ်စွန့်နိုင်ပါလျက် သူတစ်ပါးတို့က လှူဒါန်းပေးကမ်းအပ်သော ကာမဂုဏ်အငယ်စား ပစ္စည်းဘဏ္ဍာများ၌ ငြိကပ်တွယ်တာ တပ်မက်ငြားအံ့၊ ထိုရဟန်းကို အလွန်ကဲ့ရဲ့အပ်ပေ၏။

လဲလှယ်ခြင်းမှ ဖြစ်ပေါ်လာသော ဘဏ္ဍာသည် မစင်ကျင်ကြီး

မြန်မာပြန်

၂၃။ ဤသို့ဆိုခဲ့သည့်အတိုင်း သတိပြုမိသောရဟန်းသည် မိမိ၏ သင်္ကန်းအစရှိသော ပရိက္ခရာ ဘဏ္ဍာကို သီတင်းသုံးဖော်ရဟန်းတော်တိအား ကောင်းစွာပေးစွန့်လှူဒါန်းရာ၏။

၂၄။ အကြင်ရဟန်းသည် ငွေအစစ် ငွေစက္ကူ ဖြစ်စေ၊ ရွှေအစစ်ကိုဖြစ်စေ အလှူခံယူလျက် သိမ်းဆည်းထားပြီးလျှင် မစွန့်မလွှတ်မူ၍ ထိုငွေ ထိုရွှေမှ ဖြစ်ပေါ်လာသည်ဟု ဆိုအပ်သော (လဲလှယ်ဝယ်ယူ ထားသည့်) ဘဏ္ဍာဥစ္စာအဖြာဖြာကို ဖြစ်စေ၊ မစင်ကျင်ကြီးကဲ့သို့ မပယ်မစွန့်မူ၍–

သီလမစင်ကြယ်ဘဲ ရှုမှတ်ခြင်းသည် ဈာန်၊ မဂ်သို့ မရောက်နိုင်

မြန်မာပြန်

၂၅။ အာပတ်အပြစ်ကို ထုတ်ဖော်ပြောကြားခြင်းဖြင့် စင်ကြယ်အောင်ပြုခြင်းဟု ဆိုအပ်သော ဒေသနာသုဒ္ဓိကို ပြုလုပ်ငြားအံ့ (ဝါ။ ဒေသနာပြောကြားငြားအံ့) ထိုရဟန်းသည် သီလစင်ကြယ်ခြင်းသို့ မရောက်၊ အဘယ်ကြောင့် မရောက်သနည်း။ စွန့်အပ်စွန့်ထိုက်သော ငွေရွှေကို မစွန့်သောကြောင့်တည်း။

၂၆။ အကြင်ရဟန်းသည် သီလစင်ကြယ်အောင် မပြုမူ၍ တရားရှုမှတ်ခြင်းဟူသော ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ပြုလုပ်၏။ ထိုရဟန်းသည် မဂ်ဖိုလ်သို့ မရောက်နိုင်။ ဈာန်စသည်နှင့် ပြည့်စုံခြင်းသို့လည်း မရောက်နိုင်။

သီလစင်ကြယ်စေ၍ ကမ္မဋ္ဌာန်းအလုပ် အားထုတ်သင့်

မြန်မာပြန်

၂၇။ အကြင်ရဟန်းသည် သီလကိုစင်ကြယ်အောင် ပြုလုပ်ပြီးမှသာ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရှုမှတ်၏။ ထိုရဟန်းသည် မဂ်ဖိုလ်သို့လည်း ရောက်နိုင်၏။ ဈာန်အဘိဉာဏ်စသည်တို့နှင့် ပြည့်စုံခြင်းသို့လည်း ရောက်နိုင်၏။

၂၈။ ထို့ကြောင့်ပင် သတိရှိသော ရဟန်းသည် ပါတိမောက် စသည်၌လာသော သီလကြီးလေးပါးတို့ကို သုတ်သင်စင်ကြယ်စေ၍ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရှုမှတ်ခြင်းကို ပြုလုပ်ရာ၏။ ပြုလုပ်သင့်သည်သာ။

သူတစ်ပါးအပြစ်မြင်လွယ် မိမိအပြစ် မြင်ခဲ

မြန်မာပြန်

၂၉။ ဤသို့ဆိုခဲ့ပြီးသည့်အတိုင်းသာ ပြုကျင့်ပြုလုပ်သော ရဟန်းသည် ရှေးက ပြုခဲ့ဖူးသော ကုသိုလ်ကံအားလျော်စွာ ဈာန်မှစ၍ အဘိညာဏ်တိုင်အောင် တရားအပေါင်းကို ရပြီးလျှင် မဂ်ဖိုလ်တရားကိုလည်း ရနိုင်ပေတော့၏။

၃၀။ သူတစ်ပါးတို့၏ အပြစ်ကို မြင်လွယ်၏။ မိမိကိုယ်၏ အပြစ်ကိုကား မြင်နိုင်ခဲ၏။ သူ့အပြစ်မြင်လွယ် ကိုယ့်အပြစ် မြင်ခဲသော ထိုသဘောတရားကို သိပြီး၍ သူတော်ကောင်းဖြစ်သော သူသည် သတိရှိကာ အောက်မေ့ဆင်ခြင်ခြင်းကို ပြုရာ၏။

သူ့အပြစ် မရှာဘဲ၊ မိမိအပြစ်သာ ရှု၍ ပြင်ပါ

မြန်မာပြန်

၃၁။ မြင်နိုင်ခဲသော ကိုယ့်အပြစ်ကိုသာ အခါခပ်သိမ်းအဖန်ဖန်ရှုမြင်ရာ၏။ မြင်လွယ်သော သူ့အပြစ်ကိုကား တရံတစ်ခါမျှလည်း ရှုမြင်၍ မနေရာ။

၃၂။ မြင်နိုင်ခဲ့သော မိမိကိုယ်၏ အပြစ်ကို သာလျှင် အဖန်ဖန်ရှုမြင်နေသော ပုဂ္ဂိုလ်သည် ထိုအပြစ်ကို ပယ်စွန့်ဖျက်ပြင်နိုင်ရန်အလို့ငှာ တစ်ခုသော အချိန်အခါ၌ အားထုတ်ပြုလုပ်လိမ့်လတ္တံ့၊ ပြုလုပ်လိမ့်မည်။

သူတစ်ပါးအပြစ်ကိုသာ ရှုသူသည် နိဗ္ဗာန်မှ ဝေးမည်

မြန်မာပြန်

၃၃။ သူ့အပြစ်ကို ရှုမြင်တတ်သော သူသည် ဆိုခဲ့သော (အပြစ်ကို ပယ်စွန့်လိမ့်မည်ဟူသော)နည်းမျိုးမဖြစ်သည်သာ' ထိုသူအား အာသဝေါတရားတို့သာ တိုးပွားလာတတ်ကုန်၏။ မှန်လှပေ၏။ မြတ်စွာဘုရားသည်လည်း ဟောတော်မူသေး၏။ ဟောပုံကား-

၃၄။ သူ့အပြစ်ကို ရှုမြင်၍ အမြဲတမ်းကဲ့ရဲ့လိုသော အမှတ်ရှိနေသော ထိုသူအား အာသဝေါတရားများ တိုးပွားလာကြကုန်၏။ ထိုသူသည် အာသဝေါကုန်ရာ နိဗ္ဗာန်မှ ဝေးကွာလှပေ၏။

မိမိအပြစ်ပြသူကို ရွှေအိုးပေးလာသူဟုမှတ်

မြန်မာပြန်

၃၅။ အကြင်သူသည် ကိုယ့်အပြစ်ကို မြင်တတ်သော သူတစ်ပါးကို 'ကိုယ့်အပြစ်ကို မြင်နိုင်ရန်အတွက်'ချဉ်းကပ်မှီဝဲရာ၏။ ထိုစကားသင့်လျော်၏။ အဘယ်ကြောင့်နည်း? ကိုယ့်အပြစ်ကို မြင်နိုင်ခဲသောကြောင့်တည်း။

၃၆။ သူတော်ကောင်းစိတ်ရှိသူသည် မြင်နိုင်ခဲသော ကိုယ့်အပြစ်ကို အကြင်လူတစ်ယောက်က ဖော်ပြပြောဆိုငြားအံ့ 'ထိုလူကား ငါ့အား ရခဲသော ရတနာရွှေကို ပေးသူပါတကား' ဟု စိတ်ထားရာ၏။

မှန်ကို ဆောင်လေဘိသို့ အပြစ်ပြသူကို အလိုရှိအပ်၏။

မြန်မာပြန်

၃၇။ မိမိကိုယ်မှာ မျက်နှာပေါ်ဝယ် ဦးထိပ်နဖူး၌ အပြစ်အညစ်အကြေးအမည်း(မဲ)ကွက်ရှိနေခဲ့သော် ထိုအပြစ်အညစ်အကြေးအမဲကွက်ကို မြင်လိုပါက ကြည့်ရှုရန် ကြည်လင်သော ကြေးမုံမှန်ကို အမဲကွက်မြင်လိုသော ထိုသူသည် အလိုရှိအပ်သကဲ့သို့-

၃၈။ ထိုနည်းအတူပင် ကိုယ်နှုတ်တို့၌ ဖြစ်လျက်ပေါ်ပေါက်ဆိုက်ရောက်နေသောအပြစ်ကို သိမြင်ရန်အကျိုးငှာ၊ အပြစ်ကိုမြင်တတ် ထုတ်ဖော်ပြောပြတတ်သော ပုဂ္ဂိုလ်ကို ကိုယ့်အပြစ်ကို သိမြင်လိုသောထိုသူသည် အလိုရှိအပ်ပေတော့၏။

သီးခံခြင်းသည် အောင်ခြင်း

မြန်မာပြန်

၃၉။ အကြင်သူသည် မကောင်းသော စကားကို မဆိုမူ၍ သူတစ်ပါးတို့က ပြောဆိုသော မကောင်းသော စကားကိုလည်း သည်းခံ၏။ သည်းခံခြင်းဟူသည် အလုံးစုံကို ပြီးစီးစေနိုင်သောကြောင့် ထိုသည်းခံသူသည်သာ ကေန်စင်စစ် အောင်မြင်သူ နိုင်သူဖြစ်ပေ၏။

၄၀။ ထိုစကားမှန်ပေ၏ ထိုသည်းခံသူ၏ ထိုထိုအမှုကိစ္စတို့၌ သူတစ်ပါးတို့က လျော်စွာပြုလုပ်သောကြောင့်လည်းကောင်း၊ ကိုယ့်အမှုကိစ္စလည်းပြီး

စီးသွားသောကြောင့်လည်းကောင်း၊ မျက်မှောက်၌ပင် ထိုသည်းခံသူသည် အောင်မြင်ပေတော့၏။

ပြစ်တင်၊ ငြင်းခုံ၊ စကားထန်စွာ ဆိုခဲ့ခြင်းသည် အောင်ခြင်းမဟုတ်၊ ရှုံးခြင်း

မြန်မာပြန်

၄၁။ အကြင်သူသည် ငြင်းခုံပြောကြား ဆိုးဝါးသော စကားကို သူတစ်ပါးတို့အား ပြောဆိုပြီးလျှင် ငါအောင်သည် ငါနိုင်သည်ဟု ထင်မှတ်တတ်၏။ ဤသို့ထင်မှတ်ပါသော်လည်း လုံး ဝအောင်နိုင်ခြင်းမဟုတ်ပါ ထိုသူသည်သာလျှင် အရှုံးစင်စစ် ဖြစ်ပါပေ၏။

၄၂။ ထိုစကားမှန်ပေ၏။ ထိုမကောင်းဆိုးဝါးသော စကားကို ပြောဆိုသူ၏ အလုပ်ကိစ္စတို့၌ သူတစ်ပါးတို့က ပျက်အောင်ဖျက်ဆီးခြင်းကို ပြုကြသဖြင့် ထိုကိစ္စမပြီးစီး မအောင်မြင်သောကြောင့် မျက်မှောက်အခါမှာပင် ပျက်စီးဆုံးရှုံးရပေ၏။

ပေါင်းဖော်ပယ်စွန့် တစ်ပါးတည်း ကျင့်လော့

မြန်မာပြန်

၄၃။ အပေါင်းအဖော်နှင့်အတူနေလျှင် များစွာဆင်းရဲသည်။ တစ်ပါးတည်းနေလျှင် ချမ်းသာသည်။ ဤသို့ သိပါမူကား အပေါင်းအဖော်ကို စွန့်ခွာပယ်ထား၍ တစ်ပါးတည်းသွားလာ နေထိုင်ကျင့်သုံးနည်းကို ကျင့်သုံးနေထိုင်ရာ၏။

၄၄။ ထိုစကားမှန်၏။ သိတော်မူ မြင်တော်မူသောမြတ်စွာဘုရားသည်(တစ်ပါးတည်းနေထိုင်ကျင့်သုံးခြင်းသည်မြတ်၏။ သူမိုက်တို့ကို အဖော်ပြု၍နေခြင်းသည်မရှိသင့်ပြီ) ဤကဲ့သို့ဟောတော်မူ၏။

၈၊ လယ် အဆုံး တော၌ပုန်း၊ ကျင့်ထုံးစံပြ ဒို့ဗုဒ္ဓ

မြန်မာပြန်

၄၅။ မြတ်စွာဘုရားသည် လုမ္ဗိနီအင်ကြင်းတော၌ ဖွားမြင်တော်မူပြီး၊ မြို့တော်မှတောသို့ ထွက်ကြွတော်မူပြီး၊ ပြုကျင့်နိုင်ခဲသော အကျင့်ကိုတော၌ (၆)နှစ်ကြာအောင် ကျင့်တော်မူခဲ့ပြီး တောမှာပင် လုံးစုံသိပြား ဘုရားအဖြစ်သို့ရောက်တော်မူပြီ။

၄၆။ မိဂဒါဝုန်တော၌ တရားဦးဟောတော်မူခဲ့ပြီ၊ များသောအားဖြင့် တော၌သီတင်းသုံးနေထိုင်တော်မူခဲ့ပါပြီ၊ တော၌ပင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပြီ ဤကဲ့သို့ အလုံးစုံ အမှုကိစ္စသည် တောအရပ်မှာ ဖြစ်ရပါပေ၏။

ဂနိုင်၊ မြိုင်၊ တောသည် မြတ်စွာဘုရားပေးခဲ့သော အမွေပစ္စည်း

မြန်မာပြန်သက်သက်

၄၇။ မြို့ရွာမနီး တောမြိုင်ကြီး မည်သည်ကား မြတ်စွာဘုရားက တပည့်သားရဟန်း တို့အားပေးအပ်သော အမွေပစ္စည်းရင်းဖြစ်ပေ၏။ ထို့ကြောင့် ထိုအမွေပစ္စည်းရင်းကို အရယူခြင်းငှာ ယူလိုသော ရဟန်းသည် တော၌နေခြင်းကို ပြုရာ၏။

သာသနာတော်နှစ် ၂၅၃၉၊ မြန်မာသက္ကရာဇ် ၁၃၅၇–ခုနှစ်၊ ပြာသိုလဆန်း(၈)ရက်၊ ကြာသပတေးနေ့ ညနေ (၃)နာရီ (၆)မိနစ်အချိန်တွင် အရှင်တိဿရထေရ် စီရင်ရေးသားအပ်သော တရားနှင့်ယှဉ် နေစချင် (မွေသံယုတ္တ–၄၇ ဂါထာ) ကျမ်းစာအုပ်သည် ချမ်းသာလွယ်ကူပြီးစီးခြင်းသို့ ရောက်တော်မူခဲ့ပါပြီ။

ပြီးစီးသည့် လ, ရက်, အချိန် အရှင် တိဿရ
ထေရ် စီရင်

မြန်မာပြန်သက်သက်

သာသနာတော်နှစ် ၂၅၃၉၊ မြန်မာသက္ကရာဇ် ၁၃၅၇-ခုနှစ်၊ ပြာသိုလဆန်း (၈)ရက်၊ ကြာသပတေးနေ့ ညနေ (၃)နာရီ၊ (၆)မိနစ် အချိန်တွင် အရှင် တိဿရထေရ် စီရင်ရေးသားအပ်သော တရားနှင့်ယှဉ် နေကြစေချင် (မွေ့သယုတ္တ ၄၇-ဂါထာ) ကျမ်းစာအုပ်သည် ချမ်းသာလွယ်ကူ ပြီးစီးခြင်းသို့ ရောက်တော်မူခဲ့ပါပြီ။

ထန်းတပင်တောရကျောင်းတိုက်ရှိ ရဟန်းတော်များ၏ စည်းမျဉ်းဥပဒေသခေါ် ကတိကဝတ်များ

၁။ ဤတောရကျောင်း၌ နေကြသော ရဟန်းတော်များသည် ရွှေငွေကို အလှူမခံ ပယ်လှန်ခြင်း, ရွှေငွေဖြင့်ဝယ်ယူထားသော ပစ္စည်းဘဏ္ဍာများမရှိ ကင်းစင်ခြင်းစသော ဝိနည်းသိက္ခာပုဒ်များကို လေးစားစွာ ကျင့်သုံးကြရမည်။

၂။ အဆိုပါ သိက္ခာပုဒ်(၂)ပါးတို့ကို ဤတောရကျောင်းသို့ မရောက်သေးခင်ကပင် မိမိ၏ သဒ္ဓါ စေတနာအလိုဆန္ဒဖြင့် ရှောင်ကြဉ်ကျင့်သုံးပြီး ဖြစ်ရမည်။

မှတ်ချက်။ ။ ဝိနည်းသိက္ခာပုဒ်များကို သင်ယူပြီး သိပြီးဖြစ်ရမည်။

၃။ ဆွမ်းခုတင်(၅)ပါးတို့ကို ကျင့်သုံးသောအားဖြင့် သာမူနာမူကိစ္စများ၌ အလှူခံခြင်းမှ ရှောင်ကြဉ်ရမည်။

၄။ တောရအရည်ကင်ခုတင်ကို အနည်းဆုံး(၄)လ မုဒုနူးညံ့သိမ်မွေ့မှုရအောင် ကျင့်သုံးပြီးလျှင် ဆက်လက်၍ ကျင့်သုံးလိုမှသာ (၁၂)လ ဥတုနှင့်ရသည့်တိုင်အောင် ကျင့်သုံးရမည်။

၅။ ကြွင်းကျန်သောခုတင်များကိုလည်း (၂)ပါး(၃)ပါးမှစ၍ စွမ်းနိုင်လျှင်(၁၃)ပါးတိုင်အောင်ပင် ကျင့်သုံးရမည်။

၆။ ဂိလာနဖြစ်သောအခါ ခုတင်ကျင့်သုံးမှုကို ပယ်ဖျက်၍ ဝိနည်းသိက္ခာပုဒ်များကိုသာ ကျင့်သုံးသောအားဖြင့် ကျန်းမာရေးကိုအလေးထား၍ နေထိုင်ရမည်။

၇။ ဤတောရကျောင်း၌ နေလိုပါသည်ဟု ဆိုသော ရဟန်းတော်သည်အဆိုပါမှတ်မ ၁-၂ တို့နှင့် ညီညွတ်ပါသည်ဟု ဝန်ခံလျှင်, ရဟန်းအချင်းချင်း ညီညီညွတ်ညွတ်ဝမ်းမြောက်ဝမ်းသာနေနိုင်ပါသည်ဟု ဝန်ခံလျှင် ထိုရဟန်းကို နေခွင့်ပြုရမည်။

ကတိကဝတ်ပြုကြသော ရဟန်းတော်များ

၁။ အရှင်တိသသရ နဘူးကျောင်းတောရ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း။
၂။ အရှင်နယန ထန်းတပင်တောရ၊ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်။
၃။ အရှင်ဉာဏိန္ဒ မဟာမြိုင်တောရ၊ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်။
၄။ အရှင်ပညာဝံသ ကြာပင်တောရ၊ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်။
၅။ အရှင်တေဇနိယ ထန်းတပင်တောရ၊ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်။
၆။ အရှင်ဓောတိက ရေချမ်းအိုးတောရ၊ မေမြို့နယ်၊ မန္တလေးတိုင်း။
၇။ အရှင်ကောဝလ ကြာပင်တောရ၊ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်။
၈။ အရှင်တိက္ခ ထန်းတပင်တောရ၊ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်။
၉။ အရှင်ဓမ္မပါလ ထန်းတပင်တောရ၊ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်။
၁၀။ အရှင်နိမ္မလ မဟာမြိုင်တောရ၊ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်။

နဘူးကျောင်းရန်ကင်းတောရဆရာတော်၏ "ဒိဋ္ဌာနုဂတိ" သို့ လိုက်၍ ရှုတင်ဆောင်မထေရ်များ သီတင်းသုံးလျက်ရှိသော တောရကျောင်းများ

စဉ်	ဘွဲ့တော်	ကျောင်းတိုက်	ကျေးရွာ	မြို့နယ်	ခရိုင်
၁	အရှင်စာဂရိယ (ဓမ္မာစရိယ)	ရန်ကင်းတောရ	နဘူးကျောင်း	ရမည်းသင်း	ရမည်းသင်း
၂	အရှင်စန္ဒိမာ	အင်ကြင်းမြိုင်တောရ	နဘူးကျောင်းအုပ်စု	။	။
၃	အရှင်သောဘိတ	တမာတောင်တောရ	ပင်းစု	။	။
၄	အရှင်နိမ္မလ	သစ္စာဂုဏ်တောရ	အလယ်ကုန်းအုပ်စု	။	။
၅	အရှင်တေဇောသာရ	ရန်ရှင်းတောရ	။	။	။
၆	အရှင်ဉာဏိန္ဒ	မင်္ဂလာတောရ	။	။	။
၇	အရှင်ပညာဒီပ	ရန်ငြိမ်းတောရ	သဲကွဲအုပ်စု	။	။
၈	အရှင်နန္ဒဝံသ	ရွှေဒါးတောရ	ရွှေဒါး	။	။
၉	အရှင်ဥတ္တမ	ချောင်းဆုံတောရ	သရက်ပင်	တပ်ကုန်း	နေပြည်တော်
၁၀	------------	လုံမပုတောရ	သစ်ဆိမ့်ပင်	။	။
၁၁	အရှင်သောဘန	ကျားတက်တောင်တောရ	ချင်းစု တောင်ဘို့သာ	။	။
၁၂	အရှင်တေဇနိယ	သာခုကန်တောရ	ချင်းစု	။	။
၁၃	အရှင်ဥတ္တရ	ရေင်တောင်တောရ	ဆည်တို	။	။
၁၄	------------	ကြို့ပင်တောရ	သရက်ကွင်း	။	။
၁၅	------------	ရေနီစမ်းတောရ	ဗွေ့ကြီး	။	။
၁၆	အရှင်ကောဝလ	ထန်းတပင်တောရ	ထန်းတပင်	ဒက္ခိဏာသီရိ	။
၁၇	အရှင်ကောဝလ	ဆုတောင်းပြည့်တောရ	။	။	။

စဉ်	ဘွဲ့တော်	ကျောင်းတိုက်	ကျေးရွာ	မြို့နယ်	ခရိုင်
၁၈	အရှင်ဉာဏဗလ (ဓမ္မာစရိယ)	မဟာမြိုင်တောရ	ကျွန်းတက်ပဲ့ချိုင်	။	။
၁၉	အရှင်ဣန္ဒဝံသ	ညီအစ်မကောင်းမှုတောရ	ကျွန်းတက်ပဲ့ချိုင်	။	။
၂၀	အရှင်ဩဘာသ	ညီအစ်ကိုကောင်းမှုတောရ	ကျွန်းတက်ပဲ့ချိုင်	ဒက္ခိဏသီရိ	နေပြည်တော်
၂၁	အရှင်ကုမာရ	အရိယာတောင်တောရ	ကူးတို့ဆိပ်	ပျဉ်းမနား	။
၂၂	အရှင်လာဘ	နန္ဒမူတောရ	သစ်ဆိမ့်ပင်	။	။
၂၃	အရှင်ခေမာနန္ဒ(B.A)	ရန်ကင်းတောရ	သပြေပင်အုပ်စု	လယ်ဝေး	။
၂၄	အရှင်စန္ဒောဘာသ (ဓမ္မာစရိယ)	မှန်တောင်တောရ	သာဂရအုပ်စု	ရေတာရှည်	ပဲခူး
၂၅	အရှင်ကောဏ္ဍည (ဓမ္မာစရိယ)	ဟိုင်းတောင်တောရ	နတ်တောင်အုပ်စု	။	။
၂၆	အရှင်စိန္တာသာရ	ဖိုးဖျံ့တောင်တောရ	ဂုံမင်းကွင်းအုပ်စု	။	။
၂၇	အရှင်တိဿ	အေးရိပ်ငြိမ်တောရ	။	။	။
၂၈	အရှင်ဉာဏိန္ဒ (ဓမ္မာစရိယ)	နတ်ကန်ချောင်းတောရ	ပလဝါအုပ်စု	ဝမ်းတွင်း	မိတ္ထီလာ
၂၉	အရှင်ဓမ္မာနန္ဒ	နတ်လမ်းတောင်တောရ	လမ်းသစ်ရွာ	မိတ္ထီလာ	။
၃၀	အရှင်နေမိန္ဒ	ရန်ကင်းတောရ	မြောင်းဦး	စကု	မင်းဘူး
၃၁	အရှင်နယန	လဲဘူးတောရ	လဲဘူး	နတ်မောက်	မကွေး
၃၂	------------	တောင်လတ်တောရ		မင်းတုန်း	သရက်
၃၃	အရှင်ကုမာရ	ထုံးတောင်တောရ	ငမင်	တောင်တွင်း	တောင်တွင်း
၃၄	အရှင်ဓမ္မပိယ	။	။	။	။
၃၅	အရှင်ဝိဝေကာစာရ	ကျောက်ကြီးတောင်တောရ		ပေါက်ခေါင်း	ပြည်
၃၆	အရှင်ဝါယာမ	မြစေတီ	လက်ပံကွင်းအုပ်စု	မြန်အောင်	။
၃၇	အရှင်ဝိသုတ	သစ္စာမဏ္ဍိုင်တောရ	ညောင်ကြီးပေါင်းရွာ	။	။
၃၈	အရှင်ဝါယာမသာရ	သံတောင်တောရ	နဲဘဲရွာသစ်အုပ်စု	မိုးညို	သာယာဝတီ
၃၉	အရှင်ဣန္ဒာစာရ	မဟာဂန္ဓာရုံ ကရင်ဆည်တောရ	သာယာကုန်းအုပ်စု	။	။
၄၀	အရှင်ပညာသီရိ	ကျောက်ဘုရားတောင်တောရ	ဘိုးဒေါ်နကုန်း	မှော်ဘီ	မှော်ဘီ
၄၁	အရှင်ဝိဇ္ဇာနန္ဒ	မဟာဝိဟာရတောရ နှင့် စာသင်တိုက်	ဘိုးဒေါ်နကုန်း	မှော်ဘီ	မှော်ဘီ
၄၂	အရှင်သုရိယ	ကျွဲဒညင်းတောရ	ဖားအောက်အုပ်စု	မုဒုံ	မွန်ပြည်နယ်
၄၃	အရှင်ဥတ္တမဝံသ	မလေးရှားနိုင်ငံ တောရ			မလေးရှားနိုင်ငံ

မေ့သံယုတ္တ ကျမ်းစာတွင် ထေရုပ္ပတ္တိအကျဉ်းနှင့် ဩဝါဒဖော်ပြခဲ့

မေ့သံယုတ္တဂါထာ ကျမ်းစာ (ဒုတိယအကြိမ်) ရိုက်နှိပ်ရာ၌ ဦးမင်းကြည်၏ နိဒါန်းကို မူလအတိုင်း ဖော်ပြပြီး၊ တောရဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို မိမိက သီးခြားရေးပြီး စိစဉ်သူဟု ဖော်ပြခဲ့ပါသည်။ ဩဝါဒ စာတမ်းလည်း သီးခြားစာရွက်ဖြင့် ဖော်ပြခဲ့ပါသည်။ *ထိုစာမိတ္တူပူးတွဲတင်ပြအပ်ပါသည်။*

စည်းမျဉ်းဥပဒေ ကတိကဝတ်များနှင့် စပ်လျဉ်း၍ ယနေ့တိုင်အောင်

လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရကျောင်း၌ ၁၃၄၈-ခုနှစ်၊ တပို့တွဲလဆန်း (၁၀) ရက် တနင်္ဂနွေနေ့ တောရဆရာတော် ဦးဆောင်၍ ကတိကဝတ်ပြုခဲ့ကြသော ရဟန်းတော် ၁၀-ပါး စတင်အတည်ပြုလိုက်နာကျင့်သုံးလျက် လာခဲ့ကြရာ တောရဆရာတော်၏ 'ဒိဋ္ဌာနုဂတိ' သို့ လိုက်ပါတိုးပွားလာသော တောရကျောင်းများရှိ တောရဆောင်မထေရ်အားလုံး ယနေ့တိုင်အောင် ကျင့်သုံးလျက်ရှိလေသည်။ မျက်မှောက်ကာလ တောရဆောင်မထေရ်အားလုံး ထို ကတိကဝတ်ပါ ၇ ချက်သော စည်းကမ်းချက်များအားလုံးကို နားလည်သဘောပေါက် နှစ်ခြိုက် ကြည်ညိုလက်ခံ ကျင့်သုံးကြလေသည်။

တောရဆောင်တော့မည်ဆိုလျှင်

တောရဆောင် မထေရ်တစ်ပါးအဖြစ်သို့ ကူးပြောင်း၊ တောရဆောင်တော့မည်ဆိုလျှင် ထိုစည်းမျဉ်းဥပဒေသခေါ် ကတိကဝတ်များကို ဦးစွာလေ့လာဖတ်ရှုမှတ်သားပြီးမှ တောရကျောင်း ဆရာတော်ထံ ရောက်လာကြသည်က များပါသည်။

အထူးအားဖြင့် 'တောရဆရာတော်၏ ဘဝသည် မေ့သံယုတ္တဂါထာကျမ်းစာပါ ဝိနည်းတော်များ လိုက်နာသော ဘဝဖြစ်ပါသည်' ဟု အထက်၌ မိမိဆိုခဲ့ပြီး ဖြစ်ပါသည်။

ယနေ့ မျက်မှောက် တောရဆရာတော်၏ နည်းယူ တောရ အရှင်အားလုံးသည် မေ့သံယုတ္တဂါထာ ကျမ်းစာပါအတိုင်း တစ်သွေမတိမ်း လိုက်နာကျင့်သုံးကြလေသည်။

အကျဉ်းမှတ်ဖွယ်လင်္ကာကို အရဆောင်ထားကြသည်

<u>ထပ်၍ အထူးတင်ပြလိုသည်ကား</u> စည်းမျဉ်းဥပဒေသခေါ် ကတိကဝတ် ၇-ချက်ကို အကျဉ်းချုပ်၍ အကျဉ်းမှတ်ဖွယ်လင်္ကာ ဖြစ်သည်။

(၁) ရွှေငွေပယ်ကြဉ်
(၂) မလာခင်းကျင့်
(၃) ခုတင်ဆွမ်းခံ
(၄) တောစံလေးလ
(၅) ဆယ့်သုံးရတိုင်
(၆) နာယိုင်ပယ်ရှု
(၇) ဆိုညီမှုနေ ခုနှစ်ထွေသည် ပြုလေကတိက မှတ်ကုန်ကြ။

ဟူ၍ ဖြစ်သည်။ ထိုလင်္ကာအကျဉ်းချုပ်ကို တောရဆရာတော်အားလုံး အလွတ်ကျက်မှတ်အရဆောင်ထားတော်မူကြသည်ကို လေ့လာမှတ်သားသိထားခဲ့ရပါသည်။

နဘူးကျောင်းတောရဆရာတော်၏ ဩဝါဒ

ထိတ်လန့်ဖွယ်

- မြတ်စွာဘုရားသခင်ကိုပင် သေမင်းသည် မိမိအလိုသို့ အလွန်အကဲ ဆွဲဆောင်သည်သာ ဖြစ်ရကား ဘုရားမှတပါးသော သူတို့ကိုကား ဘယ်မှာဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ အလွန်အကဲ ဆွဲဆောင်မည်သာ မလွဲကျေန် အမှန်ပင်ဖြစ်ပေတော့မည်။ ဤကဲ့သို့ သံဝေဂဉာဏ်ကို ဖြစ်ပွားစေအပ်သည်ဟု မြွက်ဆိုတော်မူသည်ကို သတိပြုလေတော့သည် တကား။

တိုက်တွန်းခြင်း

- အလုံးစုံသောရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် အတည်အမြဲ မရှိကြကုန်။ ထိုအမြဲမရှိသော တရားသဘောကို လွန်မြောက်အောင်ပြုရန် နေ့ညဥ့်မလပ် အခါခပ်သိမ်း ထိုရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို အဖန်ဖန် ဉာဏ်သွင်း၍ ထင်လင်းအောင် ရှုမှတ်ဆင်ခြင်ရာ၏။
- စနှာငါးပါးရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းကို ဘဝဟုခေါ်ဆိုကြသည်။ အနှစ်မရှိသော ထိုဘဝကို နှန့်ရှုတ်ပြီး၍ အနှစ်ရှိသော နိဗ္ဗာနဓာတ်ကို ရရန်အကျိုးငှာ အလုံးစုံသောသူတို့သည် နေ့ရောညပါ အခါခပ်သိမ်း အမြဲမပြတ် တရားပယ်ပင် ကမ္မဋ္ဌာန်းအလုပ် အားထုတ်မှုကို ပြုအပ်၏။ ဤသို့လျှင် တိုက်တွန်းစကား မှာကြားအပ်ပါ၏။

မှတ်ချက်

တောရဆရာတော်ဓရေး ဆရာတော် (၂)ပါး ထေရုပ္ပတ္တိနှင့် သိမ် (၁၀၀) မှတ်တမ်း ဘုရားမြို့ ဆရာတော် ထေရုပ္ပတ္တိ စာမျက်နှာ ၃၉ မှ ကောက်နုတ်ဖော်ပြပါသည်။

သိထားလျှင် ကုသိုလ်တိုးပွားနိုင်

ထိုလက်ာသည် တောရမထေရ်များ၏ ဘဝအကြောင်းဖော်ပြသော လက်ာဖြစ်၍ လူပုဂ္ဂိုလ်များအနေဖြင့်လည်း သိထားကြပါလျှင် တကယ်တမ်း ခုတင်ဆောင်မထေရ်များအတွက် ဝတ်ကြီးဝတ်ငယ်ဆောင်ရန် နားလည်ကြမည်ဖြစ်ပြီး ကုသိုလ်တရားလည်း တိုးပွား၊ အကျိုးများနိုင်ကြပေလိမ့်မည်ဟု နလုံးသွင်း၍ ဖော်ပြလိုက်ပါသည်။

ဝန္ဒနာစုံကျမ်း (ခေါ်) မြင့်မြတ်သူတို့၏ အလုပ်များ အနှစ်သာရ

တောရဆရာတော် ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ပြင်ဆင်ရေးသားအပ်သော ဝန္ဒနာစုံကျမ်း (ခေါ်) မြင့်မြတ်သူတို့၏ အလုပ်များ ကျမ်းစာ၏ ဆိုလိုရင်းအနှစ်သာရမှာ (၂) ပိုင်း ဖြစ်ပါသည်။

အပိုင်း ၂-ပိုင်း

ပထမပိုင်းမှာ မြတ်စွာဘုရားသခင်သည် ပါရမီတော်များ ၁၀ ပါးကို ဖြည့်ကျင်ခဲ့ခြင်း၏ အစများ ဖော်ပြထားခြင်း ဖြစ်သည်။ ဒုတိယပိုင်းမှာ ထိုမြတ်စွာဘုရား အရှင်သခင်၏ ဝဲယာနှစ်ဘက်၌ ခြံရံ အပ်သော, အသီတိ = ၈၀ မျှ အပါးရှိသော ရဟန္တာ အရှင်မြတ်ကြီးများ၏ ဘွဲ့အမည်အကျဉ်းချုပ်လက်ာသွယ် ရှိနိုးထားခြင်း ဖြစ်ပါသည်။

ပါရမီတော် ၁၀-ပါး

မြတ်စွာဘုရားသခင်နှင့် တပည့်သာဝကမှန်သမျှတို့ ဖြည့်ကျင့်တော်မူခဲ့ကြသည့် ပါရမီကား ၁၀ ပါးရှိသည်။ လုပ်ငန်းစဉ် ၁၀ မျိုးဟုလည်း ဆိုနိုင်သည်။ ပါဠိ မြန်မာ ယှဉ်တွဲကာ အကျဉ်းချုပ်၍ အောက်၌ ဖော်ပြလိုက်ပါသည်။

၁။ ဒါနပါရမီ = စွန့်လွှတ်လှူဒါန်းခြင်း
၂။ သီလပါရမီ = ကိုယ်ကျင့်ကောင်းခြင်း
၃။ နေက္ခမပါရမီ = တပ်မက်မှုမှ ရုန်းထွက်ခြင်း
၄။ ပညာပါရမီ = အမှန်အတိုင်းသိမြင်ခြင်း
၅။ ဝီရိယပါရမီ = ဖွဲလုံ့လရှိခြင်း
၆။ ခန္တီပါရမီ၏ = သီးခံခြင်း
၇။ သစ္စပါရမီ = မှန်ကန်ခြင်း
၈။ အဓိဋ္ဌာနပါရမီ = နိုင်မာသော ဆုံးဖြတ်ချက်ရှိခြင်း
၉။ မေတ္တာပါရမီ = မုန်းတည်းမှုမရှိခြင်း
၁၀။ ဥပေက္ခာပါရမီ = အညီအမျှထားခြင်း တို့ဖြစ်ပါသည်။

ပါရမီ ၃၀-ပါး

၁။ ပါရမီ = ပြင်ပဥစ္စာကိုလှူခြင်း
၂။ ဥပပါရမီ = မျက်လုံး၊ လက်၊ ခြေ၊ ကိုယ်အင်္ဂါကို လှူခြင်း
၃။ ပရမတ္တပါရမီ = အသက်ကို စွန့်လှူခြင်း ဟူ၍

ဤနည်းအားဖြင့် ၃-မျိုး ၁၀-လီပါရမီတော် ၃၀-တည်း။

အလွတ်မှတ်ရန်အကျဉ်း

ဒါ၊ သီ၊ နိက်၊ ညာဏ်၊

ဝီ၊ ခန်၊ သစ်၊ အ၊

မေတ်၊ ဥ၊ ပြသား၊ ဤဆယ်ပါးမှတ်သား ပါရမီ။

တစ်ပါးနှစ်စု ဥပ–ပရမတ်၊

ပွားလတ်မယွင်း၊

တိံသင်းလီသွယ်၊ ရေတွက်ဖွယ် သုံးဆယ် ပါရမီ ဟူ၍ ဖြစ်သည်။

ပါရမီဟူသည် = ပါရမီဟူသော ပါဠိ၏ အနက် မြန်မာပြန်မှာ –

ပရမာနံ ကမ္မံ ပါရမီ။ ပရမာနံ = မြင့်မြတ်သူတို့၏၊ ကမ္မံ = အလုပ်တည်း။ (ပါရမီ = မြင့်မြတ်သူတို့၏ အလုပ်အမှု)

ထို့ကြောင့် ဝန္နနာစုံကျမ်း၏ မြန်မာပြန် အမည်ကို မြင့်မြတ်သူတို့၏ အလုပ်များဟူ၍ ဦးမင်းကြည်၏ နိဒါန်း၌ ဖော်ပြခဲ့သည်။

အထက်၌ ဖော်ပြခဲ့ပြီးသော မူရင်း ပါရမီ ၁၀ ပါး မြတ်စွာဘုရား၏ လမ်းစဉ်ကို လိုက်နာ ကြသော သူတော်ကောင်းမှန်သမျှ လိုက်နာ ဆောင်ရွက်ခဲ့ကြသည်ချည်းသာ ဖြစ်ပါ၏။

ပါရမီတော်များ ဖြည့်ကျင့်ရာ၌ = မြတ်စွာဘုရား သခင်သည် ပါရမီတော်များကို ဖြည့်ကျင့်တော်မူရာ၌ မိမိအကျိုးထက် အများအကျိုး သယ်ပိုးလို၊ သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်စေလို၍ ဖြည့်ကျင့်တော်မူခဲ့ခြင်း ဖြစ်၏။

၁။ ဒါန ဟူသည် ပေးစွန့်ခြင်းပင် ဖြစ်လေရာ၊ လှူဖွယ်ဝတ္ထုကို ပေးစွန့်မှ ဒါနမြောက်သည် မဟုတ်၊ အများကောင်းကျိုး စွန့်လွှတ် အနစ်နာခံခြင်းသည်လည်း မြင့်မြတ်သူတို့သာ လုပ်နိုင်သော လုပ်ငန်းဖြစ်၍ ပါရမီသဘောကို ဆောင်ပါ၏။ ဒါနပြုရာ၌ ဒါနပါရမီမြောက်ပါလျှင် အခြား ပါရမီများကိုလည်း ဖြည့်ကျင့်ရာ၌ ပါဝင်လေတော့၏။

၂။ ဒုစရိုက်တို့မှ စင်ကြယ်သော စိတ်ထားဖြင့် လှူခြင်းဖြစ်ပါက သီလပါရမီလည်း ပါဝင်လေတော့၏။

၃။ ဒါနပြုရာ၌ ပစ္စက္ခအကျိုး တမလွန် အကျိုး မျှော်ကိုးခြင်းမရှိဘဲ လောကအတွက် လွတ်လွတ်လှူဒါန်းခြင်းဖြစ်ပါက 'နေက္ခမ ပါရမီ' သည် ပါဝင်သည်ပင်ဖြစ်ပါ၏။

၄။ အလှူခံပုဂ္ဂိုလ်တို့ ချမ်းသာစွာ တရားတော်များကို ဖွေရှာနိုင်ကြပါစေ၊ တရားထူးများ ရနိုင်ကြပါစေ၊ မိမိလည်း ထိုသို့ သိနိုင်မြင်နိုင်ပါစေ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါက 'ပညာပါရမီ' သည် ပါဝင်ပါ၏။

၅။ မိမိ၏ ဒါနကောင်းမှု အောင်မြင်စွာ ပြီးဆုံးသွားရေး အားထုတ်ကြိုးစား ရွက်ဆောင်ခြင်းသည် 'ဝီရိယပါရမီ' ပင် ဖြစ်ပါ၏။

၆။ ဒါနပြုရာ၌ တွေ့ကြုံရသော အခက်အခဲများကို ကျော်လွှန်သည်အထိ သည်းခံခြင်းသည် 'ခန္တီ ပါရမီ' ဖြစ်ပါ၏။

၇။ စိတ်ထဲ၌ ကြံစည်ထားသည့်အတိုင်း လှူဒါန်းဖြစ်အောင် ရွက်ဆောင်ခြင်းသည် 'သစ္စာ ပါရမီ' ဖြစ်ပါ၏။

၈။ မိမိ၏ ဆုံးဖြတ်ချက်ကို မပျက်ပြားသွားအောင် ထိန်းသိမ်းခြင်းသည် 'အဓိဋ္ဌာန်ပါရမီ' ဖြစ်ပါ၏။

၉။ အလှူခံပုဂ္ဂိုလ်အပေါ် မေတ္တာထားခြင်းသည် 'မေတ္တာ ပါရမီ' ဖြစ်ပါ၏။

၁၀။ အလျှုရှင်အပေါ် ချီးကျူးသည်ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ ထူးခြားသော ခံစားမှုမဖြစ်ပေါ်ခြင်းသည် 'ဥပေက္ခာပါရမီ' ဖြစ်ပါ၏။

မြင့်မြတ်သူတို့၏ လုပ်ရပ်

မိမိတို့သည် နေ့စဉ်နှင့်အမျှ ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် လုပ်နေကြသည်ဖြစ်ရာ မိမိအတွက် ရှေ့တန်းမတင်၊ ထင်ပေါ် ကျော်ကြားလို၊ လာဘ်ရလို၊ အချီးအမြှောက်ခံရလိုက ပါရမီမြောက်သော လုပ်ရပ်များမဟုတ်၊ မြင့်မြတ်သူတို့၏ လုပ်ရပ်ဟူသည် မိမိအတွက် ထိုလုပ်ရပ်မှ ထွက်ပေါ်လာမည့် တစ်စုံတစ်ရာသော အကျိုးမျှော်ကိုးခြင်း မရှိဘဲ မိမိ၏ လူ့တာဝန်အရ ထိုတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ရေးအတွက်သာ အားပြု၍ စိတ်ရင်းစေတနာရင်း သန့်သန့်ဖြင့် လုပ်ဆောင်ခြင်းဖြစ်၏။ ထိုသို့ လုပ်ဆောင်ခြင်းကို 'မြင့်မြတ်သူတို့၏ လုပ်ဆောင်ခြင်း' ဟူ၍ ဆိုရ၏။

အကြောင်းတရားနှင့် အကျိုးတရား

အကျိုးတရားတစ်ခု ဖြစ်ပေါ်ရာ၌ ဆိုင်ရာ အကြောင်းတရားတို့၏ ပြည့်စုံမှုအရ ဖြစ်ပေါ်ရမြဲ ဖြစ်၏။ မေ့နိယာမအရ ဤလောက၌ တိုက်ဆိုင်မှု သက်သက် ဟူသည်မရှိ၊ ပဋ္ဌာန်းဒေသနာတော်အရ ဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဖြစ်စေ၊ ပရမတ္ထသစ္စာအရ အကြောင်းတရားများ အဆက်ဆက် အရသာ အကျိုးတရားများ ဖြစ်ပေါ်လာရခြင်း ဖြစ်၏။

ကောင်းမှုက ကောင်းကျိုးပေး၍ မကောင်းမှုက မကောင်းကျိုးပေးမည်သာ ဖြစ်ပါ၏။

တောရဆရာတော်၏ ဆိုလိုရင်း

တောရဆရာတော် ရေးသမျှ ကျမ်းစာများမှာ ရဟန်းတော်များအတွက်သာ ဖြစ်နေပါသည်။ လူပုဂ္ဂိုလ်များအတွက် ရေးပေးတော်မူပါ လျှောက်ထားကြလွန်းလို့ မူလကျမ်းဆရာ၏ စကားများ ပေါ်လွင်အောင် ပြုပြင်ရေးသားထားကြောင်း မိန့်ကြားဖူး၏။

ထိုကျမ်းစာငယ်၌ ပါရမီ ၁၀–ပါးကို တစ်ပါးစီ မည်သို့ စတင်ဖြည့်ကျင့်ခဲ့ကြောင်း အလင်္ကာ မြောက် ပါဠိမြန်မာ ရေးဖွဲ့ထား၏။ ပညာရှင်များ အနေဖြင့် နှစ်သက်တော်မူကြ၏။

လက်ဝဲရံ/လက်ျာရံ ရဟန္တာများ

လက်ဝဲ လက်ျာ ရဟန္တာအရှင်တော်များ ၄၀ ပါးစီ အညီအမျှရှိ၏။ ပေါင်း ၈၀–ပါးရှိ၏။လူတိုင်း ကြားဖူး၏။ သို့ရာတွင် အလွယ်တကူ မသိနိုင်၊ တေဒဂ် မည်သို့ဖြစ်ကြောင်း မသိကြ၊ သုတေသီများ အတွက်၊ ထိုကျမ်းစာငယ်က လွယ်ကူစွာ ဖြေကြားပေးမည် ဖြစ်ပါ၏။ ထိုစာစုများလည်း အလင်္ကာ မြောက် စီပေးထား၏။ အရဆောင်လိုက ဆောင်ရန် လွယ်ကူစေပါ၏။

လေးဆူစေတီ ညွှတ်ဦးချီ

ကျမ်း၏ နိဂုံး၌ ဓာတုစေတီ၊ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီနှင့် ဓမ္မစေတီ လေးဆူစေတီတော်များကို ဆရာတော်က ရှိခိုး၊ ကောင်းကျိုးနိဗ္ဗာန် ရောက်စေသော်ဟု ဆုတောင်းထား၏။

မုရင်းကျမ်းသည်ပေမူ

ကောဇာ ၁၂၅၂ ခု၊ သီတင်းကျွတ်လဆန်း ၁၅–ရက်၊ စနေ ပေထက်တင် မုရင်းကျမ်းမှ ဆရာတော် ကူးယူပြင်ဆင်ရေးသားတော်မူခဲ့ခြင်း ဖြစ်ပါ၏။

၁၃၆၃ – ခုနှစ် နဘူးကျောင်း ရန်ကင်းတောရ ဝါကပ်တော်မူ

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၂၀၀၁/၂၀၀၂) ခုနှစ်၊ ရမည်းသင်းမြို့နယ်၊ ဇာတိရွာ နဘူးကျောင်းအနီး ရန်ကင်းတောရကြီး၌ ဝါကပ်တော်မူသည်။

သက်တော် ၈၀ ပြည့်၊ ဝါတော်ပေါင်း ၆၁ ဝါ၊ တောရဆောင် ဝါတော် ၃၉ ဝါ ရှိလေပြီ။

မိမိ မှတ်သားနေခဲ့သည့်အတိုင်း ရမည်းသင်း ဦးအောင်လင်းနှင့် ကံကြီးရွာမှ အစ်မ ဒေါ်အုန်းကြင်တို့က ဖုန်းဆက်၍ နဘူးကျောင်းမှာ ဝါကပ်တော်မူကြောင်း၊ ယခုနေပြည်တော် တပ်ကုန်းမြို့တို့မှ ဆွမ်းလောင်းသူများ ဇာတိရွာတစ်ဝိုက် နဘူးကျောင်း၊ သရက်ကန်၊ ကံကြီးရွာ ဝန်းကျင်တစ်ဝိုက်ရှိ သူတော်ကောင်းများ ဆွမ်းလောင်းရက်ယူပြီး အလှည့်ကျ လောင်းလှူကြကြောင်း သိရသည်။

ဒေါင်းမင်းမိသားစု ဆွမ်းချက်ဇရပ်

တောရဆရာတော်၏ သက်တော် ၈၀ အရွယ်တော်ကြီးလေပြီ။ တပ်ကုန်းမြို့ ဒေါင်းမင်းဆီစက်၊ ဦးအောင်ခ၊ ဒေါ်ခင်ကြိုင် သားကိုစိုးသန်း ဇနီး မမြဝင်းတို့ မိသားစု ဆောက်လှူထားသော ဆွမ်းချက်ဆောင်၌ ဆန်၊ ဆီ၊ ဆား၊ ငြုပ်၊ ကြက်သွန် အလျဉ်းသင့်သလို ထားရှိပေးသည်ဟု ကြားသိရသည်။

ဒေါ်တင်ရွှေ ဆွမ်းချက်ဇရပ်

ဒေါ်တင်ရွှေ ဇရပ် ဆွမ်းချက်ဆောင်တွင်လည်း ဆွမ်းချက်လောင်းသူများ မပြတ်ဟု ကြားရသည်။ တောရဆရာတော်၏ အနီးကပ် အပြုအစု အလုပ်အကျွေးမှာ ရန်ကင်းတောရ၌ သီတင်းသုံးလေတိုင်း ရန်ကုန်ဆရာတော် ဦးဇာဂရိယ၏ အစီအမံ ဖြစ်လေသည်။

တောရကျောင်းအပြင်မှာ သပိတ်ဖြင့်ခံယူ၊ လောင်းလှူကြရသည်။

၁၃၆၃ – ခုနှစ်၌ သိမ် ၁၁ လုံး သမုတ်တော်မူ

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၂၀၀၁/၂၀၀၂) ခုနှစ်အတွင်း တောရဆရာတော်သည် သိမ်အလုံးပေါင်း (၁၁) လုံး သမုတ်တော်မူခဲ့သည်။

မှတ်ချက် (၁) ၁၃၆၃ ခုနှစ်၊ ရန်ကင်းတောရ၌ ဝါကပ်တော်မူဟူ၍ မိမိခေါင်းစဉ်တပ်ခဲ့သည်မှာ ဝါဆိုစဉ်နှစ်များကို အဓိကထားလို၍ ဖြစ်သည်။ သိမ်များကို သမုတ်ရာ၌မူ ၁၃၆၃–ခုနှစ်၊ ဝါမဆိုမီကာလများလည်း ပါဝင်လေသည်။

(၂) သိမ်အမှတ်စဉ်များ အစဉ်လိုက်တွင် ဆိုင်ရာ အကြောင်းအရာများ မိမိလက်လှမ်းမီသမျှ တင်ပြခဲ့ပါသည်။ လက်လှမ်းမမီ၊ မိမိမသိသော ထူးခြားဖြစ်စဉ်များ ရှိကောင်း ရှိပါမည်။ မ ါမရှိ ဖော်ပြနိုင်စွမ်း မရှိခဲ့သည်ကို အခြားသော ဆရာတော် များ ရေးသားကြရာ၌ ပါဝင်လိမ့်မည် ထင်ပါသည်။ အနီးကပ် မှတ်တမ်းပြုနေတော်မူကြသော အရှင်မြတ်များ ရှိနေခဲ့ပြီး ဖြစ်ပါသည်။

(၃) မိမိအနေဖြင့်ကား ဝါဆိုစဉ်နှင့် သိမ်သမုတ်ခြင်းများ၊ ကျမ်းစာများ ရိုက်နှိပ်ခဲ့ခြင်းများကို အလေးထား၍ မှတ်တမ်းမှတ်ရာ သမိုင်းအထောက်အထား 'အမှတ်အသား သက်သေခံချက်များ' ကျန်ရစ်စေလိုသည့် အဓိက ဦးတည်ချက်ဖြင့် ရေးသားနေခဲ့ပါသည်။ (စာရေးသူ)

၁၃၆၃–ခုနှစ်အတွင်း သမုတ်တော်မူခဲ့သော သိမ် ၁၁–လုံးမှာ သိမ်အမှတ် ၁၂၆ မှ သိမ်အမှတ် ၁၃၆–ထိ ဖြစ်ရာ အောက်ပါအတိုင်း ဖြစ်လေသည်။

သိမ်အမှတ် ၁၂၆–ကျူးဖောင်းတောရသိမ်

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၂၉၊ ၄၊ ၂၀၀၁) ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့ ည ၉ နာရီ ၁ မိနစ်အချိန် ရေတာရှည်မြို့နယ် အတွင်းရှိ ကျူးဖောင်းတောရ ကျောင်းဝင်းတွင် ၃၉၀–ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၅–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက်။ ။ ထိုသိမ်ကို သမုတ်တော်မူသည့်ရက်၌ တောရဆရာတော်သည် မုန်တောင်တောရ၌ သီတင်းသုံးနေတော်မူသော ကာလဖြစ်လေသည်။

သိမ်အမှတ် ၁၂၇–ရေလယ်ကွေ့သိမ်

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၂၁၊ ၅၊ ၂၀၀၁) ခုနှစ်၊ ကဆုန်လကွယ်၊ တနင်္လာနေ့ ည ၁၀–နာရီ ၃၃–မိနစ်အချိန် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်၊ သပြေပင်အုပ်စု ရေလယ်ကွေ့ မေတ္တာကန် ကျောင်းဝင်းတွင် ၃၅၀ ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၄၄–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၂၈–ညီအစ်ကိုကောင်းမှု တောရသိမ်

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၂၈၊ ၅၊ ၂၀၀၁) ခုနှစ်၊ နယုန်လဆန်း ၇–ရက်၊ တနင်္လာနေ့ ည ၈–နာရီ ၉–မိနစ်အချိန် ယခုနေပြည်တော် လယ်ဝေးမြို့နယ် ညီအစ်ကိုကောင်းမှု တောရကျောင်းဝင်း ၂၂၈–ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၄၉–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက် (၁) တောရဆရာတော်၏ မှတ်စုစာအုပ်၌ (၂၅၊ ၅၊ ၂၀၀၁) နေ့ မလေးရှား (မာနတ္တ) ဟု ရေးထားပြီး (၃၁၊ ၅၊ ၂၀၀၁) နေ့၌ မလေးရှား (အဗ္ဘာန်) ဟု ရေးထား၏။

(၂) (၂၁၊ ၆၊ ၂၀၀၁) နေ့၌ လူ ၁၄ ယောက် ထန်းတပင်မှ လာ၏ ဟု ရေးမှတ်ထား၏။

(၃) (၁၂၊ ၇၊ ၂၀၀၁) နေ့၌ ထန်းတပင်မှ ပြန်လာဟု ရေးမှတ်ထား၏။

ထိုမှတ်ချက်များကို ဆုတောင်းပြည့် ဆရာတော် ဦးကေဝလ သိကောင်းသိမည်ထင်ပါ၏။

သိမ်အမှတ် ၁၂၉–ရွှေဟင်္သာသိမ်

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၈၊ ၁၁၊ ၂၀၀၁) ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇–ရက်၊ ကြာသာပတေးနေ့ ည ၉–နာရီ ၃၅ မိနစ်အချိန် ယခုနေပြည်တော်၊ တပ်ကုန်းမြို့နယ်

ရွှေဟသာ်ကျောင်းအတွင်း ၅၇၆–ကြိမ်မျှတိုင်အောင် သိမ်နှုတ်ထားသော မြေအပြင်ဝယ် တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၃၅–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြ၏။

သိမ်အမှတ် ၁၃၀–စိန်ပန်းသိမ် (တောင်ကြီး)

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၃၊ ၁၂၊ ၂၀၀၁) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့မွန်းလွဲ ၃–နာရီ ၁–မိနစ်အချိန် ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် စိန်ပန်းရပ်၊ စိန်ပန်းကျောင်းဝင်းတွင် ၁၄၃–ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၆–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၃၁–သစ္စာဂုဏ်တောရသိမ်

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၂၉၊ ၁၂၊ ၂၀၀၁) ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ စနေနေ့ နေ့ ၁–နာရီ ၁၁–မိနစ်အချိန် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ် အလယ်ကုန်းအုပ်စု သစ္စာဂုဏ်တောရ ကျောင်းဝင်းအတွင်း ၃၀၀–ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၂၉–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက် ။ ။ ထိုသိမ်သည် ပထမအကြိမ် ၁၃၆၂–ခုနှစ်၊ တပို့တွဲလဆန်း ၁၀–ရက် သောကြာနေ့က ရဟန်းတော် ၂၃–ပါးဖြင့် သမုတ်ခဲ့ကြောင်းနှင့် 'ပျက်' ဟု တောရဆရာတော်၏ မှတ်စုစာအုပ်၌ ရေးထား၏။ ဒုတိယအကြိမ် ထပ်မံသမုတ်ရကြောင်း ထိုမှတ်ချက်အရ ထင်ရှားလေ၏။

ခမည်းတော်ဦးဘ၏ ဇာတိနယ်

ဆက်လက်တင်ပြလိုသည်မှာ ထိုသစ္စာဂုဏ်တောရကျောင်း၌ သစ္စာဂုဏ်သိမ်၏ တည်နေရာသည် တောရဆရာတော်ဘုရားကြီး၏ ခမည်းတော်ဦးဘ၏ ဇာတိရွာနယ်ဖြစ်ခြင်းကြောင့် ထိုတောရ၏ တည်နေရာနှင့် ထိုတောရနေ အရှင်နိမ္မလ၏ ဘဝအကြောင်း အကျဉ်းချုပ်ကိုပါ တင်ပြလိုက်ပါသည်။

တည်နေရာနှင့်တောစုံ

သစ္စာဂုဏ်တောရ၏ တည်နေရာမှာ ရမည်းသင်းမြို့နယ်၊ အလယ်ကုန်းကျေးရွာအုပ်စု၊ အလယ်ကုန်းရွာ၏ အနောက်တောင် တာ ၁၂၀၀၊ မိုင်အားဖြင့် ၁–မိုင်ကျော်ခန့်တွင် ရှိ၏။ အကျယ် ၂ ကေခွဲရှိ၏။ အင်၊ အင်ကြင်း၊ တမာ၊ လက်ထုတ်၊ သန်း၊ ဒဟပ်၊ ရှား၊ တောင်ရိုးပြည့်စုံ၊ ညောင်၊ သစ်ဖြူ၊ ဂျုတ်၊ ဆူးခေါက်နက်၊ ဆေးတစ်လုံးဖူး၊ ဆူးပလွေ၊ တောခပေါင်း၊ ခလမ်း၊ လဲဘူး၊ သစ်ဆိမ့်၊ သန်ပင်မျိုးစုံ ပေါက်၏။ ထိုတောရ၌ စတင်သီတင်း သုံးသော အရှင်မှာ အရှင်နိမ္မလဖြစ်၏။

အရှင်နိမ္မလ၏ ထေရုပ္ပတ္တိအကျဉ်း

အရှင်နိမ္မလ မည်သော တောရဆောင် မထေရ်တစ်ပါးဖြစ်လာမည့် လောင်းလျာကို အလယ်ကုန်းရွာနေ ခမည်းတော်ဦးဘိုးခ မယ်တော် ဒေါ်ဟံတို့မှ ၁၃၀၁–ခုနှစ်၊ တပို့တွဲလဆန်း ၁၀–ရက် (၁၇.၂.၁၉၄၀) စနေနေ့ည ၁၀–နာရီအချိန်တွင် ဖွားမြင်တော်မူခဲ့၏။

ပညာသင်ကြားခြင်း

ရမည်းသင်းမြို့ အစိုးရ အထက်တန်းကျောင်းတွင် အဋ္ဌမတန်းတိုင်အောင် ပညာသင်၊ မေမြို့ အမှတ်(၁) မြေတိုင်းကျောင်းမှ မြေတိုင်းစာမေးပွဲအောင်ခဲ့၏။ မြေတိုင်းဌာနတွင် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့၏။

မှတ်ချက် (၁၉၆၀ ခုနှစ်၊ဟိုမှာဘက်ကာလ ၇–တန်း အစိုးရစစ်အောင်လျှင် အောက်တန်းစာရေးနှင့် မူလတန်းပြကျောင်းဆရာအဖြစ် ခန့်သောကာလဖြစ်သည်။ လစာ ၁၂၆/–ကျပ်ဖြင့် မိသားစုစားနိုင်လေသည်)

ရဟန်းဖြစ်ခြင်း

သာသနာ ၂၅၂၃၊ ကောဇာ ၁၃၄၁၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄–ရက်(၁၇.၁၁.၁၉၇၉) စနေနေ့တွင် အင်းစင်းကျောင်း ခဏ္ဍာသိမ်၌ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် ဆရာတော် ဦးဝဏ္ဏိမာ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းမြတ်အဖြစ်သို့ ရောက်တော်မူခဲ့၏။ တောရဆရာတော်က အနုသာသနရဟန်းလောင်း အဆုံးအမပေးခဲ့၏။ တောထွက်လိုကြောင်း လျှောက်ထား၏။ ၅–နှစ် ၅–ဝါ ဝိနည်းပိဋကစာများ သင်ယူပါဦး မိန့်၏။

တောရဆောင်ဖြစ်လာ

ရည်ရွယ်ရင်းအတိုင်း တောရဆောက်တည်ရန် ၁၃၄၆–ခုနှစ်၊ ထန်းတပင်တောရသို့ ရောက်ခဲ့ပြီး မင်းဘူးခရိုင်၊ စကုမြို့နယ် မြောင်းဦး ရန်ကင်းတောရကြီးတွင် စစ်တောင်းဆရာတော်ဘဒ္ဒန္တဉာဏိန္ဒ(မွှောစရိယ) နှင့်အတူ ၁၃၄၈–ခုနှစ်တောရဆောက်တည်ကြပြီး ဝိနည်းဘိက္ခုပါတိမောက်တစ်စောင်စစ်တောင်းဆရာတော်က ပို့ချ အရက်(၂၀)နှင့်အပြီး စာဆိုကြ၊ ညဘက်အစာမရှိလေနာထသဖြင့် ထန်းလျှက်ခဲနှင့် ရေသာရှိ၊ စကုဆရာတော် ဦးဝိမလထံမှာ ဝိနည်းတစ်စောင် ဦးနိမ္မလ စာလိုက်ခဲ့ကြောင်း စစ်တောင်းဆရာတော်မိန့်သည်။

သိမ်ကျောင်းဇရပ်၊ ဆောက်လှူကြ၏၊ ထိုဒေသတစ်ဝိုက်၌ ရန်ရှင်းတောရနှင့် မင်္ဂလာတောရများလည်း ရှိနေလေပြီ။

ယခု နေပြည်တော် ပျဉ်းမနား ဗိုလ်ကြီးခင်မောင်၏ ဇနီး ဒေါ်ကြည်ကြည်ပို့သည့်စာ

ယခုနေပြည်တော် ပျဉ်းမနားမြို့ ဗိုလ်ကြီးခင်မောင်ဇနီး ဒေါ်ကြည်ကြည်ထံမှ– ၂၀.၉.၂၀၀၁ ရက်စွဲဖြင့် ထပ်မံရိုက်မည့် ကျမ်းစာအတွက် အလှူငွေပို့ခြင်း၊ မွေးနေ့ နဘူးကျောင်းရန်ကင်းတောရသို့ ဆွမ်းလောင်းသွားကြောင်းများ ဗိုလ်ကြီးခင်မောင်(၄)နှစ်ပြည့် သီတင်းကျွတ်လဆန်း (၄)ရက် ဆွမ်းလောင်းမည့်အကြောင်းများ ရေးလာသောစာကို *အမှတ်တရ ဤနေရာ၌ မိတ္တူပွားတွဲ* တင်ပြလိုက်ပါ၏။

ကျမ်းစာကို ရိုက်ရန် ငွေအတွက် မပူနဲ့ အမြဲလှူမည် ပြောခဲ့သော ဗိုလ်ကြီးခင်မောင် ကွယ်လွန်ခဲ့သည်မှာ ၄–နှစ်ရှိခဲ့လေပြီကော–

နဘူးကျောင်းရွာ စာတိ ဗိုလ်ကြီးခင်မောင်မှာ တောရဆရာတော်ဘုရားကြီးအပေါ် လွန်စွာကြည်ညိုခဲ့သူဖြစ်ပြီး (၅၊ ၁၀၊ ၉၇) နေ့ အသက် (၇၀)နှစ်တွင် ကွယ်လွန်ခဲ့ကြောင်းသိရ၍ များစွာ စိတ်မကောင်းဖြစ်ရပါသည်။


၂၀-၉-၂၀၀၁

၂၀.၉.၂၀၀၁ ရက်စွဲပါ (ဗိုလ်ကြီး ခင်မောင်) ဇနီး ဒေါ်ကြည်ကြည်
ပေးပို့သည့်စာ

သိမ်အမှတ် ၁၃၂–ဦးခန္တီသိမ်

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃၊ (၂၃၊၁၊၂၀၀၂)ခုနှစ်ပြာသိုလဆန်း(၁၀)ရက် ဗုဒ္ဓဟူးနေ့ နေ့လွဲ (၃)နာရီ (၆)မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ရသေ့ကြီး ဦးခန္တီ ဘုရားအနီး (၁၀၅) ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် (၃၃) ပါးတို့သည် ထိုသိမ်ကို သမုတ်တော်မူခဲ့ကြ၏။

မှတ်ချက်။ (၁) မြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် ရသေ့ကြီး ဦးခန္တီ၏ ကောင်းမှုများ လွန်စွာများသဖြင့် ထင်ရှား၍ လူသိများလေသည်။ ရသေ့ကြီး ဦးခန္တီ (၁၂၉၉– ၁၃၁၀) အကြောင်း ရှေ့ပိုင်း၌ အကျဉ်းမျှ ဖော်ပြခဲ့ပြီးလေပြီ။

(၂) ထိုပုဂ္ဂိုလ်ထူးကြီး၏ ကျေးဇူးဂုဏ်ကို အမှတ်ရသောအားဖြင့် ဖွားရာနယ်မြေတွင် ဤသိမ်သည် ရသေ့ကြီးအား ဂုဏ်ပြုသော သိမ်ကြီး ဖြစ်သည် ဟု ဆိုသင့်ဆိုထိုက်လေသည်။ 'သူ့ကျေးဇူးကို မမေ့ကြနှင့်' ဟု တောရဆရာတော်က မှာတမ်းပြုသကဲ့သို့ မှတ်တိုင်ထားရစ်ခဲ့လေပြီ။

သိမ်အမှတ် ၁၃၃–ကောဓမောင်း တောရသိမ်

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၁၉၊၄၊၂၀၀၂)ခုနှစ် တပေါင်းလဆန်း (၆)ရက် အင်္ဂါနေ့ည (၁၀)နာရီ (၃၆)မိနစ်အချိန် ရှမ်းပြည် မြောက်ပိုင်း ကျောက်မဲခရိုင် ကောဓမောင်းတောရ (၁၆၀)ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် (၁၈)ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြကုန်၏။

မှတ်ချက်။ ထိုသိမ်သမုတ်ရာ၌ ရဟန်းတော်(၁၈)ပါးမျှသာ ဖြစ်၏။ တောရဆရာတော်သမုတ်တော်မူခဲ့ပြီးသော သိမ်များ၌ ရဟန်းတော် အနည်းဆုံးဟု ဆိုရပေလိမ့်မည်။

ပြည်နယ်နှင့်ပြည်မ ရဟန်းတော်အင်အား ဖော်ပြသကဲ့သို့ ရှိလေသည်။

သိမ်အမှတ် ၁၃၄–မြို့လှ အောင်တော်မူသိမ်

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၂၇၊၃၊၂၀၀၂)ခုနှစ် တပေါင်းလဆန်း (၁၄)ရက် ဗုဒ္ဓဟူးနေ့ည (၁၀)နာရီ (၃၆)မိနစ်အချိန် ယခုနေပြည်တော် လယ်ဝေးမြို့နယ် အောင်တော်မူ မြို့လှကျောင်းဝင်းတွင် (၂၆၆)ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်ဝယ်တောရဆရာတော် ဦးဆောင်သော ရဟန်းတော်(၂၆)ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြ၏။

သိမ်အမှတ် ၁၃၅–ရေငံတောင် တောရသိမ်

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၃၁၊၃၊၂၀၀၂)ခုနှစ် တပေါင်းလပြည့်ကျော် (၃)ရက် တနင်္ဂနွေနေ့၊ နေ့(၂)နာရီ (၅၈)မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင်၊ ရေငံတောင်တောရကျောင်းဝင်းတွင် (၂၅၀)ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော်(၃၀)ပါးတို့သည် ထိုသိမ်ကို သမုတ်တော်မူခဲ့ကြ၏။

သိမ်အမှတ် ၁၃၆–ဆုတောင်းပြည့် သိမ်

သာသနာ ၂၅၄၅၊ ကောဇာ ၁၃၆၃ (၃၊၄၊၂၀၀၂)ခုနှစ်တပေါင်းလပြည့်ကျော်(၆)ရက် ဗုဒ္ဓဟူးနေ့ နံနက်(၁၀)နာရီအချိန် ယခုနေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ် ဆုတောင်းပြည့်ကျောင်း

(၈၉)ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် (၃၄) ပါးတို့သည် ထိုသိမ်ကို သမုတ်တော်မူခဲ့ကြ၏။

ဤသို့အားဖြင့် ထိုနှစ်သိမ် (၁၁)လုံး သမုတ်တော်မူခဲ့သည်။

မိမိအဖွဲ့ ကျမ်းစာများ ရိုက်ခွင့်တောင်းတိုင်း၊ ရိုက်နှိပ်ပြီးကြောင်း လျှောက်ထားတိုင်း တောရဆရာတော် မိန့်ကြားလေ့ရှိသည်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ငါ့စာအုပ်တွေ သိပ်မရိုက်ကြနဲ့ ဘီဒိုထဲမှာ သိမ်းထား ကြမှာ

တောရဆရာတော်ရေးသည့် ကျမ်းစာများကို ရဟန်းတော်ပညာရှိ၊ လူပညာရှိများ ချီးမွမ်းမြွက်ဟတော်မူကြသည်။ သီလကို အသက်နှင့်ထပ်တူ မြတ်နိုးကြကုန်သော သူတော်ကောင်းများအတွက် အသုံးဝင် အဘိုးတန်သော်လည်း အများအားဖြင့်မူ ထိုကျမ်းစာများအတိုင်း နေထိုင်မည့်ပုဂ္ဂိုလ်နည်းပါး၊ ဖတ်ရှုမည့်သူပင် ရှားပါးလာနေသည်ကို တောရဆရာတော် သိမြင်တော်မူပါသည်။

သို့အတွက် 'ငါ့စာအုပ်တွေ သိပ်မရိုက်ကြနဲ့' 'ဘီဒိုထဲမှာ သိမ်းထားကြမှာ' ဟု အမြဲမိန့်လေ့ရှိသည်။ ထိုသို့ မိန့်တိုင်း ဘီဒိုထဲမှာ သိမ်းထားလျှင်ပဲ ကျေနပ်ပါပြီ။ လိုအပ်တဲ့အချိန် ဖတ်မှာပါဘုရား ဟူ၍လည်းကောင်း၊

တိပိဋကဓရ(ယော)ဆရာတော်၊ ရမည်းသင်းဆင်ကျုံးတောရဆရာတော်၊ ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်နှင့်ဆရာကြီး ဦးစပ်ထွန်းမှတ်ဝင်း စသည့် ပညာရှင်ကြီးများက အမြဲဝမ်းသာချီးမွမ်းကြပါသည် ဘုရားဟု မိမိတို့က ပြန်လျှောက်ကြသည်။

တောရဆရာတော်က မလိုအပ်ဘဲ ငွေတွေကုန်ကြသည်ကိုလည်း လိုလားတော်မမူ၊ လှူသူတို့ ကုသိုလ်ရသော်လည်း ဖတ်သူမရှိ၊ အကျိုးနည်းပါး မဖြစ်စေလို၍ မိန့်ခြင်းလည်း ဖြစ်ဟန်ရှိပါသည်။

နိကာယ်ငါးရပ် ပိဋကတော်များ ပဉ္စမကြိမ်နှင့် ဆဋ္ဌမကြိမ်ကြည့်ရှုတော်မူခဲ့

တောရဆရာတော်သည် နိကာယ်ငါးရပ် ပိဋကတော်များကို ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ ဖတ်ရှုခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

တောရဆောက်တည်သည်မှ နှစ်ပေါင်းများစွာအတွင်း နိကာယ်ငါးရပ် ပိဋကပါဠိ အဋ္ဌကထာ ဋီကာကျမ်းများကို တရားဂုဏ်တော် (၆) ပါးနှင့် သင်္ဂါယနာ (၆) တန်ကို ရည်ရွယ်ပူဇော်အာရုံပြုသောအားဖြင့် အစမှ အဆုံး ပလ္လင်ပေါက် (၆) ခေါက်တိတိ ဖတ်ရှုမှတ်သားခဲ့ကြောင်းနှင့် တစ်ခေါက်ဖတ်လျှင် ၂–နှစ်ကျော် ၃–နှစ်ခန့်ကြာ ဖတ်ရှုရကြောင်း နဘူးကျင်း ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသ (သာသနဓဇဓမ္မာစရိယ) ရေးသည့် ဘဒ္ဒန္တတိသရ (ဝိနယဂရုက၊ ဓုတင်္ဂဓရ၊ ဂန္ထကာရက) ၏ ထေရုပ္ပတ္တိကထာ (၁၃၆၄၊ သာသနာ ၂၅၄၆၊ ခရစ် ၂၀၀၂) ၌လည်း အတိအကျဖော်ပြထားသည်။

မိမိ၏ မှတ်သားထားချက်များအရလည်း တောရဆရာတော် ၆–ကြိမ် ၆–ခေါက်ဖတ်ရှုခဲ့ကြောင်း သာမန်အားဖြင့် မှတ်သားခဲ့မိသည်။ ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ် ကြည့်ရှုခြင်းအတွက် ခုနှစ်၊ ကာလ အတိအကျ မေးမြန်းလျှောက်ထားဦးမည် စိတ်ကူးရှိခဲ့သော်လည်း မအောင်မြင်ခဲ့၊ အခြားသော ဆရာတော်များ၏ တိကျသော မှတ်သားထားချက်များ ပေါ်ထွက်လာလိမ့်မည်ဟုသာ မျှော်လင့်ရပါတော့မည်။

တောရဆရာတော်သည် မိမိအပေါ် အများက ကြည်ညိုလာစေရန်ဟူသော နေထိုင် လုပ်ဆောင်မှု ပြောဆိုမှုမျိုး အထူးရှောင်ရှားတော်မူသည်။ နေရာတိုင်းတွေ့သည့် ပုဂ္ဂိုလ်တိုင်းသို့ စုတင်များ မည်သို့ဆောက်တည်လျက်ရှိသည်ဟု ပြောလေ့ မိန့်လေ့မရှိ။

၁၃၆၄-ခုနှစ်၊ ထန်းတပင် တောရ၌ ဝါကပ်တော်မူ

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄ (၂၀၀၂ ခုနှစ်) ယခုနေပြည်တော် လယ်ဝေးမြို့နယ် ထန်းတပင်တောရကြီး၌ တစ်လှည့်ဝါကပ်တော်မူသည်။

သက်တော် ၈၁ နှစ်၊ ဝါတော်ပေါင်း ၆၁ ဝါ၊ တောရဆောက်တည်ခဲ့သည့် ဝါ ၄၀-ပြည့်လေပြီ၊ တောရကျောင်းများ၌ နှစ်ပေါင်း ၄၀-တိုင်အောင် ဆက်တိုက် သီတင်းသုံးနိုင်ခဲ့သည်မှာ ပါရမီတော်များနှင့်လည်း ဆိုင်ပါလိမ့်မည်၊ တော်ရုံ နိက္ခမတေ်၊ ခန္တီဝါဒီ၊ သစ္စပါရမီ၊ အဓိဋ္ဌာန်ပါရမီတို့ဖြင့် ဤသို့ ခရီးရှည်ကြီး လျှောက်လှမ်းနိုင်ဖို့ မလွယ်ပါဟု သုတေသီအပေါင်းတို့က မှတ်ချက်ပြုကြပါသည်။

သက်န်းရောင် အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒပေး အဆုံးအဖြတ်ကျမ်း (တတိယအကြိမ်) ရိုက်နှိပ်

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄ ခုနှစ်၊ ခရစ်နှစ် ၂၀၀၂-တွင် စီဝရဝဏ္ဏဝိနိစ္ဆယခေါ် သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒဒါနဝိနိစ္ဆယ ခေါ် ဆန္ဒပေး အဆုံးအဖြတ် ကျမ်းစာကို (တတိယအကြိမ်) ရိုက်နှိပ်ဖြန့်ဝေ လှူဒါန်းခဲ့ကြသည်။*

စီစဉ်သူ ဦးသိမ်းဆောင်

တတိယအကြိမ် ရိုက်နှိပ်ရေးကို မိမိက ဦးဆောင်စီစဉ်သူအဖြစ် အစစ ကုသိုလ်ရှင်များ ပါဝင်လာအောင် နှိုးဆော်စာပို့ခြင်း ဖုန်းဆက်ခြင်း၊ ခွင့်ပြုမိန့် ရရေး၊ ပုံနှိပ်ရေး၊ စာမူအရောရေး အစစ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆောင်ရွက်နိုင်ခဲ့သည်ဆိုရာ၌ ကောင်းစွာ ကျန်းမာသူ ဖြစ်မလာသေး။ အိပ်ယာထက်မှာ နေလိုက်။ ဖုန်းဖြင့် အမိကထား၊ ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်လေသည်။

ဆုတောင်းပြည့် ကွန်ပျူတာဖြင့်

ထိုသင်္ကန်းရောင်နှင့် ဆန္ဒပေး အဆုံးအဖြတ် ကျမ်းစာများ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ရိုက်စဉ်က တောရဆရာတော် စိတ်တိုင်းကျ မဖြစ်ခဲ့ပါ။ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့အတွက် ဆုတောင်းပြည့်တောရ ဆရာတော်ဦးကောဝလက ကွန်ပျူတာနှင့် စာကူးစက်စီမံ၍ ကွန်ပျူတာ စာစီကျွမ်းကျင်တော်မူကြသည့် တောရဆောင်အရှင် ဣန္ဒောဘာသနှင့် အရှင်ကုမာရတို့ဖြင့် တောရဆရာတော် ဘုရားကြီး စိတ်တိုင်းကျ ကျမ်းစာ အရွယ်ပမာဏ စာစီပုံ အနေအထားများနှင့် စာကြမ်း စာရောများပါ တောရဆရာတော်ဘုရားကြီး ကိုယ်တိုင် စိစစ်ကြည့်ရှုဆောင်ရွက်တော်မူခဲ့ကြသည်။

သင်္ကန်းချုပ်ပုံ ညွှန်ပြချက်ပုံစံများ

တတိယအကြိမ် ရိုက်နှိပ်ခြင်းတွင် ထူးခြားချက်မှာ သင်္ကန်းချုပ်ပုံ ညွှန်ပြချက်များပုံစံဖြင့် စာဖြင့် ရှင်းလင်းချက်များ ဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးသားထည့်သွင်းစီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။

၁။ ကေသီသင်္ကန်းအနားပတ် မတင်သေးသောပုံ၊

* စီဝရဝဏ္ဏဝိနိစ္ဆယကျမ်းနှင့် ဆန္ဒဒါနဝိနိစ္ဆယကျမ်း (တ-ကြိမ်) ရိုက်နှိပ်

၂။ ကေသီသက်န်းပုံစံ ရည်ညွှန်းပြချက်များစာ၊

၃။ ကေသီသက်န်း အနားပတ်တင်ပြီးသောပုံ၊

၄။ ဒုကုဋ်သက်န်း အနားပတ်မတင်သေးသောပုံ

၅။ ဒုကုဋ်သက်န်းပုံစံ ရည်ညွှန်းပြချက်များစာ၊

၆။ ဒုကုဋ်သက်န်း အနားပတ် တင်ပြီးသောပုံ၊

စသည်များ ထည့်သွင်း တတိယအကြိမ်၌ ထူးခြားချက်များအဖြစ် ဖော်ပြပါရှိခြင်း ဖြစ်လေသည်။

ပုံနှိပ်သူ ဦးထွန်းခင်

တတိယအကြိမ် ပုံနှိပ်သူမှာ သာကေတမြို့ ၃–ရပ်ကွက်နေ မွှေးထွန်း အော့ဖ်ဆက်ပိုင်ရှင် တောရဆရာတော်၏ တပည့်ကြီး ဦးထွန်းခင်မိသားစု ဖြစ်ပါသည်။

ဦးထွန်းခင်နှင့် သားမက်ဖြစ်သူ ကိုနိုင်နိုင်တို့အား မိမိအိမ်သို့ အကြိမ်ကြိမ် ခေါ်ယူ၍ ဆရာတော်စိတ်တိုင်းကျဖြစ်အောင် ဆောင်ရွက်ပေးကြပါ၊ ညွှန်ကြားဆောင်ရွက်ခဲ့ကြရသည်။

စာမူပုံနှိပ်ခွင့်ရရေးမှအစ ကိုနိုင်နိုင်အနေဖြင့် ဝက်ဘာလမ်း ဗဟန်းနှင့် ကမ္ဘာအေးသို့ မိမိကိုယ်စား ပြေးလွှားဆောင်ရွက်ပေးခဲ့ရသည်။

နိဒါန်းရေး ထုတ်ဝေသူ ဦးမင်းကြည်

နိဒါန်းအသစ် ရေးသူ ထုတ်ဝေသူမှာ ဦးမင်းကြည် (မဟာစရိယ၊ ဘီအေ) အကြံပေးအရာရှိ (သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ကမ္ဘာအေး)က ဆောင်ရွက်ပေးသည်။

ဦးမင်းကြည်နှင့် ဦးထွန်းခင်တို့မှာ ရမည်းသင်း တပ်ကုန်းကြိုးကြာအင်းရှာ စာတိများဖြစ်ပြီး တောရဆရာတော်အပေါ် အလွန်လေးစားကြသော ငယ်တပည့်ကြီးများဖြစ်လေသည်။

သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်း၏ အနှစ်သာရ

♦ ဗုဒ္ဓမြတ်စွာ တည်ထောင်ထားခဲ့သည့် သာသနာတော်ကြီး နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပနေစေရန်–

♦ ကြည်ညိုဖွယ် ဂုဏ်ဆောင် သင်္ကန်းရောင်များ လွှမ်းခြုံစည်းလုံးညီညွတ်စွာ သာသနာတော် အကျိုး သယ်ပိုးတော်မူနိုင်ကြပါစေရန်–

ရည်သန်တော်မူ၍ –

အဆုံးအဖြတ်မှာ အနီရောင်

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ဝတ်ရုံတော်မူခဲ့သော သင်္ကန်းရောင်မှာ 'အနီရောင်' ဖြစ်ကြောင်း ကျမ်းစာပေါင်းများစွာကို ထောက်ပြတင်ပြ ဆုံးဖြတ်ထားပါသည်။

'အနီရောင် ဆိုပါသော်လည်း အလွန်ရဲရဲနီသော အနီရောင် မဖြစ်သင့်ပါ၊ ဝိနည်းကျမ်းများ၌ ပယ်မြစ်ထားသော အလုံးစုံညို၊ 'အလွန်ညို' မအပ်သော အရောင် ၇–မျိုးလည်း မဖြစ်သင့်ပါဟု ထိုကျမ်း၏ စာမျက်နှာ ၁၁၇–တွင် ဖော်ပြပါရှိပါသည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနာတော်ဝန်ထမ်း ရှင်ရဟန်းတော်များ ဝတ်ရုံတော်မူလျက်ရှိသော 'အနီရောင်' ပင်ဖြစ်ပါသည်။

အဝါရောင် မဟုတ်ပါ

အနီရောင်မှ ဖောက်ပြန်ပြောင်းလဲသွားသော၊ ယုတ်လျော့၍ သွားသော အရောင်ပါးသောအားဖြင့် အဝါရောင်အဖြစ်သို့ အစဉ်အတိုင်း တရွေ့ရွေ့ ရောက်သွားသော 'အဝါရောင်' လည်း မဟုတ်ပါဟု စာမျက်နှာ ၁၁၉ တွင် ဖော်ပြပါရှိ ပါသည်။

အညိုရောင်လည်း မဟုတ်ပါ

ထေရဂါထာပါဠိတော် ဖုဿထေရဂါထာ၌ ရဟန်းတို့သည် စိတ်တည်ကြည်မှုကင်း၍ ပြန့်လွင့်ခြင်းရှိကြကုန်လျက် 'အညိုရောင်' သင်္ကန်းကို တင်လွှမ်းကြသည် ဖြစ်ကြကုန်လိမ့်လတ္တံ့။

အံ့ဖွယ်ကိုပြုလျက် အမျက်မာန်ဖြင့် ထက်သန်ကြမ်းတမ်းသော စိတ်ရှိကြကုန်ပြီးလျှင် ပစ္စည်းရကြောင်း စကားကိုဆိုကြ၍ ဦးချိုကဲ့သို့ ထင်ရှားသော ကိလေသာရှိနေကြပါကုန်လျက် အရိယာတို့ကဲ့သို့ သွားလာကုန်လိမ့်လတ္တံ့. ဟူ၍-

သာသနာတော် နောက်ပိုင်းကာလများ၌ ဖြစ်ပေါ်လာမည့် မြတ်ဗုဒ္ဓ၏ မိန့်ကြားချက်များကိုလည်း စာမျက်နှာ ၁၁၂ တွင် ဖော်ပြပါရှိပါသည်။

ထိုကျမ်း နိဒါန်း၌လည်း အထက်ပါကောက်နုတ်ချက်များ ဖော်ပြခဲ့ကြပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ထိုကျမ်းစာများ လှူဒါန်း

ထိုကျမ်းစာ (တတိယအကြိမ်) ရိုက်နှိပ်ခဲ့ပြီး ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးတွင် သီတင်းသုံးလျက်ရှိသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အလှည့်ကျ ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းရန်၊ ဒုတိယဥက္ကဋ္ဌ ဝန်းသိုဆရာတော် ဘဒ္ဒန္တ သီလဝံသ (အဂ္ဂမဟာပဏ္ဍိတ) ထံသို့ အကြံပေးအရာရှိ ဦးမင်းကြည်၊ သာသနာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းရွှေနှင့် စိတ္တဒါနသံဃာ့ဆေးရုံကြီးမှ ဒေါက်တာခင်မောင်ဦးတို့က ၂၁၊၈၊၂၀၀၂ နေ့က သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာနာပြု တက္ကသိုလ်မှ ပါမောက္ခ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ (M.A) ထံသို့ ပါမောက္ခချုပ် နှင့် သင်တန်းသား သံဃာတော်များအား လှူဒါန်းရန်နှင့် မဟာသန္တိသုခ ကျောင်းတော်ကြီးရှိ ပြည်ပသာသနာပြု သံဃာတော်များအား လှူဒါန်းရန် ဆရာတော် ဘဒ္ဒန္တ ဉာဏုတ္တရထံသို့လည်းကောင်း ထိုကျမ်းစာများ လှူဒါန်းခဲ့ကြသည်။

ယခု လှူဒါန်းမှုမှာ ကျပ် ငါးသိန်းငါးသောင်းဖြစ်ပြီး ယခင် လှူဒါန်းမှုမှာ ငွေ ကျပ်သိန်း ၂၀ ကျော်ဖြစ်ကြောင်း၊ ၂၈၊ ၈၊ ၂၀၀၂ နေ့ထုတ် ကြေးမုံသတင်း၌ ဖော်ပြပါရှိခဲ့ပါသည်။

ထိုသတင်းစာ မိတ္တူ အမှတ်တရ တင်ပြလိုက်ပါသည်။

ယခင်လည်းလှူခဲ့

ယခင် (ပထမအကြိမ်) နှင့် (ဒုတိယအကြိမ်) ရိုက်နှိပ်သော ကျမ်းစာများကို စာသင်တိုက်ကြီးများနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) နာယကချုပ်များ သင်တန်းသား သံဃာတော်များသို့ပါ ဖြန့်ဝေလှူဒါန်းခဲ့ကြပါသည်။

ကြေးမုံ
The Mirror

၁၃၆၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (28-8-2002) (၃၆၀၃)

သင်္ကန်းရောင်အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒပေးအဆုံးအဖြတ်ကျမ်းများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေ၌ သီတင်းသုံးတော်မူလျက်ရှိသော နိုင်ငံတော်သံဃမဟာနာယက အလှည့်ကျဆရာတော်ကြီးများ ဆက်ကပ်လှူဒါန်းရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်းသိုဆရာတော်ဘဒ္ဒန္တ သီလဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံ သို့ မန္တလေးတိုင်း ရမည်းသင်းမြို့နယ် နဘူးကျောင်း ရန်ကင်းတောရနှင့် လယ်ဝေးမြို့နယ် ထန်းတပင် တောရများ တွင် သီတင်းသုံးတော်မူလျက်ရှိသော ဘဒ္ဒန္တ တိသရထံ၏ ပါဠိ-မြန်မာနှစ်ဘာသာဖြင့်ရေးသားပြုစုတော်မူသည့် စိဝရဇ္ဈာပိနီ နွယသင်္ဂဟ သင်္ကန်းရောင်အဆုံးအဖြတ်ကျမ်းနှင့် ဆန္ဒဒါန ဝိနိစ္ဆယသင်္ဂဟ ဆန္ဒပေးအဆုံးအဖြတ် ကျမ်းစာများကို တပည့်အများစုပေါင်းကောင်းမှုဖြင့် (တတိယအကြိမ်) ရိုက်နှိပ်ကြပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အကြီးတန်းအရာရှိ ဦးမင်းကြည်၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းရွှေနှင့် မိဘတ ဒါနသံဃာ့ဆေးရုံကြီးမှ ဒေါက်တာစင်မောင်ဦးတို့က ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခ ဆရာတော်ဘဒ္ဒန္တ ဓမ္မာဝရာဘိဝံသ(M.A)ထံသို့ ပါမောက္ခချုပ်မှတစ်ဆင့် သင်တန်းသား သံဃာတော်များအား လှူဒါန်းရန်လည်းကောင်း၊ မဟာသန္တိသုခ ကျောင်းတော်ကြီးရှိ ပြည်ပသာသနာပြုသံဃာတော်များအား လှူဒါန်းရန်ဆရာတော် ဘဒ္ဒန္တဥာဏိဿရထံသို့လည်းကောင်း ဩဂုတ် ၂၇ရက်တွင် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယနေ့လှူဒါန်းမှု ကျမ်းစာတန်ဖိုးမှာ ငွေကျပ်၅၅၀၀၀၀ဖြစ်ပြီး ယခင်လှူဒါန်းမှုမှာ ငွေကျပ်သိန်း၂၀ကျော်ဖိုးဖြစ်သည်။ (သတင်းစဉ်)

၂၈.၈.၂၀၀၂ နေ့ ကြေးမုံသတင်းစာ
သင်္ကန်းရောင်အဆုံးအဖြတ်ကျမ်း လှူဒါန်းသတင်း

ထိုစဉ်က နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ စလင်းဆရာတော် ဘုရားကြီး ဘဒ္ဒန္တ ကိတ္တိသေရီကြီးထံသို့ မကွေးဆရာတော်ဘုရား ကြီး ဘဒ္ဒန္တကုမာရ၊ အဘိဓဇမဟာရဋ္ဌဂုရု (ယခု နိုင်ငံတော် သံဃမဟာနယက ဥက္ကဋ္ဌ) ကိုယ်တိုင် မိမိတို့ အဖွဲ့အား ကိုယ်တိုင်လိုက်ပို့တော်မူခဲ့ပြီး စလင်း ဆရာတော်ဘုရားကြီးက ကျမ်းစာ မာတိကာနှင့် သက်န်းရောင်ဆုံးဖြတ်ချက်အပိုင်းကို ဖတ်ရှုပြီးနောက် မိန့်ကြားတော်မူသည်မှာ ယမန်နေ့က ၄၇–ပါး စုညီ အစည်းအဝေးမှာ 'ကြည်ညိုဖွယ်ဂုဏ်ဆောင် သင်္ကန်း ရောင် အတည်ပြု သတ်မှတ်ခြင်း' ကိစ္စကို ဆွေးနွေး ခဲ့ကြကြောင်း၊ ယနေ့ ၁၅၊ ၇၊ ၉၄ နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၈–ကော်လံ ၇–မှာ ပါကြောင်း။

'ဆွေးနွေးရသည့် အကြောင်းမှာ အဘိဓဇ မဟာရဋ္ဌဂုရု သက်တော်ရှည် စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီးက မြန်မာပြည်မှာ သင်္ကန်း ရောင်တွေ အမျိုးမျိုး မဖြစ်အောင် လုပ်ကြပါဦး' ဟု စာဖြင့် မိန့်ကြားလာ၍ ဖြစ်ကြောင်း။

မနေ့က အစည်းအဝေးမစခင် ဝန်ကြီးရှေ့ မှာ မောင်မင်းကြည် လာလျှုခဲ့လျှင် သိပ်ကောင်းမှာ တို့က အမိန့်လောက်ပဲ ထုတ်နိုင်မှာ

မင်းဘူးဘက်မှာ ကျမ်းပြု ဆရာတော် တောရ ဆောက်တည်စ ရေးခဲ့သည့် 'အရုဏ်တက် ချိန် အဆုံးအဖြတ်ကျမ်း' ဖတ်ရဖူးတယ်၊ ယခု သူရေးတဲ့ သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းဖြစ်လို့ များများသာ လှူကြပါလို့ ပြောချင်ပါတယ်' ဟူ၍ ဝမ်းမြောက်ဝမ်းသာ မိန့်ကြားတော်မူခဲ့ပါသည်။

ကိုယ်လည်းညီတူ၊ စိတ်လည်းတူရို့

ကာယသာမဂ္ဂီ = ကိုယ်အားဖြင့် တူညီသော အရောင်အသွေး ဝတ်ရုံလွှမ်းခြုံမှု ရှိပါမှ –

စိတ္တသာမဂ္ဂီ = စိတ်အားဖြင့် ညီညွတ်သော စည်းလုံးမှု ရှိကြပါမှ –

ကိုယ်ညီညွတ်မှု၊ စိတ်ညီညွတ်မှု ကိုယ်စိတ် နှစ်ပါး ညီညွတ်မှု = သမဂ္ဂါသန္နိပါတ မည်ပါလိမ့် မည်။

အသွင်သဏ္ဌာန်အားဖြင့် တူညီမှုသည် အနှစ်သာရအားဖြင့် တစ်သားတည်း တူညီပါလိမ့် မည်။

တောရဆရာတော်က ဤသာသနာတော် ကြီးကို ကြည်ညိုဖွယ် သင်္ကန်းရောင်များဖြင့် ဖူးမြင် လိုပါသည်။

– ရဟန်းက ရဟန်းသင်္ကန်းအရောင်ဖြင့်

– သီလရှင်က သီလရှင်များအရောင်ဖြင့်

– ရသေ့က ရသေ့ဝတ်ရုံသော အရောင်ဖြင့် ကြည့်မြင်ကာမျှဖြင့် ကွဲပြားခြားနားစေချင်ပါသည်။

ဂေါသိင်္ဂဥယျာဉ်ကြီးထဲမှာ

မြတ်စွာဗုဒ္ဓ သက်တော်ထင်ရှားရှိတော်မူစဉ် အခါက ဖြစ်ရပ်တစ်ခု အမှတ်ရဖွယ်၊ အောက်မေ့ဖွယ်၊ ကြည်ညိုဖွယ်၊ ဆင်ခြင်ဖွယ်လည်း အလွန်ပင် ကောင်းလှသဖြင့် တင်ပြလိုပါ၏။

ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းဥယျာဉ် ကြီးအတွင်း၌ အရှင်အနုရုဒ္ဓါ၊ အရှင်ကိမိလနှင့် အရှင် နန္ဒိယမည်သော ရဟန္တာ အရှင်မြတ်ကြီးသုံးပါး သီတင်းသုံးလျက်ရှိ၏။

ထိုစဉ် ထိုအရှင်များရှိရာသို့ မြတ်စွာဘုရား ကြွရောက်တော်မူလာပြီး –

ဂေါသိင်္ဂဥယျာဉ်ကြီးမှာ ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းပန်းများဖြင့် သာယာလှပနေပါတယ် ယင်းသို့ သာယာလှပနေသည့် ဥယျာဉ်ကြီးနှင့် လိုက်ဖက်အောင်ဘယ်ကဲ့သို့ များ တန်ဆာဆင်နေကြပါသလဲ ဟုမိန့်တော်မူ၏

တပည့်တော်များသည် ကိုယ်ကာယအားဖြင့် နာနာကာယ=သုံးကိုယ်သုံးပါးဖြစ်ငြားသော်လည်း–

စိတ်အားဖြင့်ကား ဧကစိတ္တံ = တစ်စိတ်တည်းတစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် –

လှနေသည့် ဥယျာဉ်ကြီး လှသည်ထက် လှအောင် တန်ဆာဆင်လျက် နေထိုင်ကြပါသည် ဘုရား –

ဟူ၍ ပြန်လည်လျှောက်ထားခဲ့ကြလေသည်။ (စူဠဂေါသိင်္ဂသုတ်)

အထက်တင်ပြချက်များမှာ မြတ်စွာဗုဒ္ဓ၏ ဒေသနာတော်ဆိုင်ရာ ပြဆိုချက်အချို့ ဖြစ်သလို လောကကျင့်ဝတ်စည်းကမ်းဆိုင်ရာဖြင့်လည်း ထင်ဟပ်တင်ပြလိုသော၏။

Unity = တစ်ခုတည်းဖြစ်ခြင်း၊ တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၊ မကွဲမပြားခြင်း၊ သဘောညီညွတ်ခြင်း

Uniform = ဆင်တူ အဝတ်တန်ဆာ၊ ရာထူးဆိုင်ရာ ဆင်တူအဝတ်၊ တစ်ညီတည်း ဖြစ်စေသည်။

Uniformity = တစ်ညီတည်းဖြစ်ခြင်း

(အင်္ဂလိပ် မြန်မာ အဘိဓာန်)

အင်္ဂလိပ်မြန်မာအဘိဓာန်၏ အဆိုအရ Unity = ညီညွတ်ခြင်း၊ Uniform = ဆင်တူအဝတ်တန်ဆာ၊ ဆင်တူဝတ်စုံ၊ တူညီသောဝတ်စုံဖြင့် တစ်ညီတစ်ညွတ်တည်းဖြစ်စေသည်ဟု ပြဆိုထားရာကြည်း၊ ရေ၊ လေနှင့် ရဲတပ်ဖွဲ့ဆိုင်ရာ စသည့် တူညီသော ဝတ်စုံများ သီးခြားစီ သတ်မှတ်ထားလေသည်။ သို့မဟုတ်က ခွဲခြားမရ ညီညွတ်မှုလည်း မရှိကြ ဖြစ်ပေလိမ့်မည်။

သို့အတွက် ကြည်ညိုဖွယ် ဂုဏ်ဆောင် သင်္ကန်းရောင်များဖြင့် သာသနာတော်မြတ်ကြီး အစွန့်ရှည်စွာ ဖူးမြင်ရခြင်းငှာ တောရဆရာတော်က ရေးသားပြုစုတော်မူခဲ့ခြင်း ဖြစ်လေသည်။

ကျမ်းစာရိုက်နှိပ်ရာ ဦးဆောင် အလှူရှင်များ

ထိုကျမ်းစာ တတိယအကြိမ် ရိုက်နှိပ်ရာ၌ အဖွဲ့ဦးဆောင် အလှူရှင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဦးတင်ဝင်း ၊ ဦးကောက်တည်၊ ဦးခင်မော်လယ်ဝေးအဖွဲ့၊

၂။ ဦးသိမ်းဆောင်၊ ဦးညွန့်လှိုင် ရန်ကုန် အဖွဲ့၊

၃။ ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ သာကေတနှင့်အဖွဲ့၊

၄။ ဦးအောင်လင်း ရမည်းသင်းနှင့်အဖွဲ့၊

၅။ ဘုန်းကြီးဘဦးတင်အောင် နဘူးကျင်းနှင့်အဖွဲ့၊

၆။ သရက်ကန် ဆရာတော်ဦးပဏ္ဍိတအမှူးထား၍ လှူသူအဖွဲ့၊

၇။ ဒေါ်အုန်းကြင်၊ ဦးကျော်ညွန့် ကံကြီးရွာနှင့် အလှူရှင်များအဖွဲ့

၈။ နတ်မောက်လဲဘူး တောရ ဆရာတော် အမှူးထား၍အဖွဲ့

၉။ ဒေါ်အုန်းကြည် သာကေတမြို့နှင့်အဖွဲ့

၁၀။ ဆုတောင်းပြည့် တောရ ဆရာတော် ဦးကေဝလအမှူးထား၍ အလှူအဖွဲ့

အထက်ဖော်ပြပါ ခေါင်းဆောင်အလှူရှင်များအဖွဲ့အားလုံး၏ အလှူငွေမှာ ၄၅၇၇၀၀/- ကျပ်ဖြစ်ပြီး အုပ်ရေ ၁၀၀၀-ကုန်ကျငွေမှာ ၅၅၀၀၀၀/- ကျော်ဖြစ်၍ ယခင်လက်ကျန်ငွေနှင့် ပေါင်းရိုက်နှိပ်ရခြင်းဖြစ်သည်။

ကျမ်းစာရိုက်ရေးမလွယ်ပါ

ကျမ်းစာတစ်မျိုး ရိုက်နှိပ်နိုင်ရေးမှာ လွယ်ကူလှသည်မဟုတ်။ အလှူရှင်ပေါင်းများစွာတို့၏ စုပေါင်းငွေ အမြင့်ဆုံး သုံးသောင်းမှ အနည်းဆုံး နှစ်ရာကျပ်အထိ အလှူရှင်အမည်များကို ကျမ်းစာ၏ နောက်ပိုင်းမှာ အမှတ်တရ ကမ္ပည်းရေးထိုးပေးခဲ့ပါသည်။

ရေပ်တစ်ဆောင် ကျောင်းတစ်ဆောင် တစ်ဦးတည်း လှူနိုင်ကြသော်လည်း ကျမ်းစာတစ်အုပ် တစ်ဦးတည်းအလှူရှင်ပေါ်ပေါက်ရေးမှာ လွယ်သည်မဟုတ်။

မိမိ၏ ကျန်းမာရေးမှာလည်း ထို ၂၀၀၂ ခုနှစ်ကာလ ညနေ ဆန်ပြုတ်၊ မနက်ထမင်း၊ အသက်ရှင်အောင် မနည်းမွေးနေရသော ကာလ၌ ထိုကျမ်းစာ (တတိယအကြိမ်) ရိုက်နှိပ်နိုင်ခဲ့သည်မှာ လွန်စွာ ဝမ်းသာ ဝမ်းမြောက်ဖြစ်ခဲ့ရပါသည်။

ဝမ်းမြောက်တော်မူ

(၁) သိမ် ၁၀၀ မှတ်တမ်း၊ (၂) မွေသံယုတ္တဂါထာ ကျမ်းစာ၊ (၃) ဝန္ဒနာစုံကျမ်းစာများ (၄) သက်န်းရောင်နှင့် ဆန္ဒပေး အဆုံးအဖြတ်ကျမ်းစာများ ၄ မျိုးဆက်တိုက် ရိုက်နှိပ်ခဲ့ရာ ကျမ်းစာအားလုံး စက္ကူအကောင်းစား မျက်နှာဖုံးကတ္တူအရောင်များဖြင့် ကောင်းမွန်အောင်မြင်စွာ ရိုက်နှိပ်နိုင်ခဲ့သဖြင့် တောရဆရာတော်ဘုရားကြီးက ဝမ်းမြောက်တော်မူပါသည်။

'စာရွက်တွေကလည်းကောင်း၊ ဒီအကောင်သူ့ကို လူတွေဝိုင်းပြီး လှူထားကြတာကိုး' ဟု မိန့်ကြားတော်မူသဖြင့် ဆရာတော် ဝမ်းမြောက်တော်မူသည်ဟု မိမိဆိုခြင်းဖြစ်ပါသည်။ အလှူရှင်အားလုံး၏ အမည်များကိုလည်း ဖတ်ပြီး ဘယ်ရွာ ဘယ်သူတွေ သူှူကြတာ တွေ့ရကြောင်းလည်း မိန့်တော်မူသည်။

ဆုတောင်းပြည့် ကွန်ပျူတာစီပေးသော ဆရာတော်များကလည်း ဝမ်းသာ၊ အလှူခံ ဆရာတော်မှန်သမျှကလည်း စာအုပ်တွေ စာရွက်ကောင်းကောင်းဖြင့် ရိုက်လှူကြတာ ဝမ်းသာဝမ်းမြောက်ချီးမွမ်းတော်မူကြပါသည်။

မည်မျှထိရောက်အောင်မြင်ပါသနည်း

သက်န်းရောင် အဆုံးအဖြတ်ကျမ်း ရေးသား သုံးကြိမ်ရိုက်နှိပ်လှူဒါန်းခဲ့ကြသဖြင့် မည်မျှထိရောက် အောင်မြင်ပါသနည်း မေးရန်ရှိပါသည်။

ဤ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ သံဃာတော်ပေါင်း ၅-သိန်းကျော်မျှ ရှိကြောင်း သတင်းစာ ဆောင်းပါးများအရ သိရှိရပါသည်။ ကျမ်းစာလှူဒါန်းနိုင်ခြင်း အနေအထားမှာ သံဃာတော်များအရေအတွက်နှင့်စာလျှင် လွန်စွာ နည်းပါး

လှပါသည်။ သို့ရာတွင် လုံးဝ ရိုက်နိုပ်နိုင်ခြင်းမရှိသည်နှင့်စာလျှင် အတိုင်းအတာ တစ်ရပ်အထိတော့ဖြင့် ထိရောက်အောင်မြင်သည်ဟု ဆိုရပါလိမ့်မည်။

ဝမ်းနည်းဖွယ်

သို့ရာတွင် အချို့သောနေရာဒေသ အလှူမင်္ဂလာပွဲတော်ကြီးများ၌ ဆရာတော်ဘုရားကြီးများအားလုံးတွင် တစ်ပါး နှစ်ပါး အချို့ဆရာတော်များ သကျန်းအရောင် ဝါဝါ ပိုးသကျန်းအရောင် တလက်လက် ထူးထူးခြားခြားဖြင့် အများဆရာတော်ကြီးများနှင့် မတူ ကွဲပြားသော အရောင်တစ်မျိုးဖြင့် ဖူးမြင်ရသည်မှာ အတုမြင် အတတ်သင် ကြာလျှင် ခက်လေမလား။ ဝမ်းနည်းဖွယ်များစွာ စိတ်မကောင်းဖြစ်မိသည်။

သကျန်းရောင် ရေးခဲ့သောခုနှစ်

တောရဆရာတော်က သကျန်းရောင်အဆုံးအဖြတ်ကျမ်း၏ နိဂုံး၌ –

အရှင်တိဿရစီရင်

ရမည်းသင်းခရိုင်၊ နဘူးကျွင်းရွာငယ်၌ သူတော်ကောင်းဖြစ်ကုန်သော မယ်တော်ဒေါ်အေးမုန်၊ ခမည်းတော်ဦးဘတို့မှ ကောင်းစွာဖြစ်ပေါ်လာသော (ဝါ) အတိစာတမြတ်သောအားဖြင့် ဖြစ်ပေါ်လာသော

မင်းဘူးခရိုင် စကုအမည်ရှိသော မြို့၌ မြောင်းဦးနှင့် ညောင်ကိုင်းဟူသော ဆွမ်းခံရွာတို့၏ အနီး၌ –

ရန်ကင်းအမည်ရှိသော အရပ်၌ တော၌ဖြစ်သော ကျောင်းငယ်၌ သီတင်းသုံးနေထိုင်သော အရှင်တိဿရ အမည်ရှိသော ရဟန်းသည်

ဝတ်ရုံဖုံးလွှမ်းသော သင်္ကန်း၌ အပ်သော အဆင်းအရောင်ကို ကောင်းစွာ သိပါစေခြင်း အကျိုးငှာ ပင်ပန်းခြင်းမရှိသဖြင့် ပြုအပ် စီရင်အပ်ပြီ။

တောင့်တချက်

ဤသကျန်းရောင် အဆုံးအဖြတ်ကို စုဆောင်းပြုစု၊ ဤကောင်းမှုကြောင့်လည်းကောင်း၊ ထိုထိုဤဤ အလီလီသော ကောင်းမှုကြောင့်လည်းကောင်း၊ အလိုရှိအပ်သော ဗောဓိဉာဏ်ကို ရခြင်းလည်းကောင်း၊ လွယ်ကူစွာ ကျင့်ရခြင်းကိုလည်းကောင်း၊ လျင်မြန်စွာ သိရခြင်းကို လည်းကောင်း၊ တောင့်တရည်ရော် မျှော်လင့်ပါ၏။

ဝိဋကသုံးသွယ် နိကာယ်ငါးရပ် သူတော်ကောင်းတရားသည် ငါးထောင်သာသနာ ရှည်မြင့်ကြာအောင် တည်သကဲ့သို့ ထိုနည်းအတူ ဤသကျန်းရောင် အဆုံးအဖြတ်ကျမ်းသည် တည်ပါစေသတည်း။

ဟူ၍ ဆရာတော်ရေးတောင်းထားပါသည်။

ပါဠိမြန်မာ ရေးပြီးနှစ်

သာသနာ ၂၅၁၅၊ ကောဇာ ၁၃၃၃–ခုနှစ် နယုန်လဆန်း ၈–ရက်နေ့ အင်္ဂါနေ့ မြောင်းဦးရန်ကင်းတောရ၌ ပါဠိဘာသာ ရေးခြင်းပြီးသည်။

သာသနာ ၂၅၁၆၊ ကောဇာ ၁၃၃၄–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅–ရက်၊ ကြာသာပတေးနေ့ နံနက် ၆–နာရီအချိန် နဘူးကျွင်းရန်ကင်းတောရ၌ မြန်မာပြန်ရေးခြင်းပြီးသည်။

မိုးရေရွာပါစေသတည်း

ဤသက်နံးရောင် အဆုံးအဖြတ်ကျမ်းသည် ချမ်းသာလွယ်ကူစွာ ပြီးစီးသကဲ့သို့

အလုံးစုံသော သူတော်ကောင်းတို့၏ အကြံအစည်သည် ချမ်းချမ်းသာသာ လွယ်ကူစွာဖြင့် ပြီးစီးပါစေသတည်း။

သင့်တော်လျှောက်ပတ် အလိုရှိအပ် အချိန်ကာလ၌ မိုးရေသည် ကောင်းစွာ ရွာပါစေ သတည်းဟူ၍ တောရဆရာတော် ပါဠိမြန်မာ နှစ်ဘာသာဖြင့် မှတ်တမ်းတင်တော်မူခဲ့ပါသည်။

အညာမှာ မိုးတွေ ရွာခဲ့ပါသည်

ဆရာတော်၏ ဆုတောင်းမှာ အခြားသော ကျမ်းများနှင့်မတူ ကြောင်းလျှောက်ထားရာ –

'ငါနေတာက အညာ မိုးတွေ ရွာပါစေလို့ ဆုတောင်းရေးလိုက်တယ်' ဟု မိန့်ကြားတော်မူ၏။

ထိုနှစ်များကစ၍ ဆရာတော် မွေးဇာတိ အညာမြေမှာ မိုးတွေ ဆက်တိုက်ကောင်းခဲ့ပါသည်။ ယခင် မိုးခေါင်သည့်နှစ်များ၌ လူစာ မပြောနှင့် ကျွဲနွားစာ မြက် ကောက်ရိုးမရှိလို့ ညောင်ရွက်တွေ ခုတ်ကျွေးခဲ့ရကြောင်း ကြားရပါသည်။

ဆရာတော် နဘူးကျောင်း ရန်ကင်းတောရကြီးမှာ ဝါကပ်သောနှစ်များ၌ အလွှန့်အလွှန်ကို မိုးကောင်းခဲ့ပါသည်။ ဒေသခံရွာများ အားလုံး သိကြပါသည်။ သူတော်ကောင်းကြီးများ၏ သီလနှင့် မေတ္တာစွမ်းအားများကို အမှတ်သတိရှိသူတိုင်း နားလည်ကြပါသည်။

ဆန္ဒပေး အဆုံးအဖြတ်ကျမ်း ရေးခဲ့သောနှစ်

ဆန္ဒဒါနဝိနိစ္ဆယ ခေါ် ဆန္ဒပေး အဆုံးအဖြတ်ကျမ်း ပါဠိမြန်မာ နှစ်ဘာသာဖြင့် ရေးခဲ့ပြီးသော နှစ်မှာ သာသနာ ၂၅၃၀၊ ကောဇာ ၁၃၄၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄–ရက်၊ ဗုဒ္ဓဟူးနေ့ ၂–နာရီ အချိန် ရေးသားပြီးစီးသည်။

နဘူးကျောင်းရွာငယ်၌ မွေးဖွားသော ရန်ကင်းအမည်ရှိသော အရာမ်၌, ဆိတ်ငြိမ်ရာ၌ တစ်ပါးတည်း နေလေ့ရှိသော, အရှင်တိဿရ အမည်ရှိသော ထေရ်ကြီးသည် ဆန္ဒပေးခြင်း၌ သို့လော သို့လော တွေးတော ယုံမှားခြင်းကို ဖြတ်ပယ်လိုကုန်သော ရဟန်းတို့၏ ယုံမှားကင်းခြင်းအကျိုးငှာ ရဟန်းတို့၏ ယုံမှားကင်းခြင်းအကျိုးငှာ ပြုအပ်သော ဤအဆုံးအဖြတ်ကျမ်းသည် ဘေးရန်မရှိသဖြင့် ပြီးစီးခြင်းသို့ ရောက်ပြီ။

ယုံမှားကင်းလိုကုန်သော ရဟန်းတော်တို့သည် ဤအဆုံးအဖြတ်ကို ဆောင်ထားအပ်၏ဟု ကျမ်း၏ နိဂုံး၌ တောရဆရာတော် မှတ်တမ်းတင်ထားရှိပါသည်။

သက်နံးရောင်နှင့် ဆန္ဒပေး အဆုံးအဖြတ် ၂–ကျမ်းပေါင်း ၁–အုပ် (ပ–ဒ–တ) သုံးကြိမ်ရိုက်နှိပ် လှူခဲ့ကြသည်ကို ဝမ်းသာကြည်နူးနိုင်ကြပါစေလို–

၁၃၆၄ ခုနှစ်၌ သိမ် ၁၀–လုံး သမုတ်တော်မူခဲ့

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄ (၂၀၀၂ ခုနှစ်) ၌ တောရဆရာတော်သည် သိမ်အလုံးပေါင်း ၁၀–လုံး သမုတ်တော်မူခဲ့သည်။

ထိုသိမ်များမှာ သိမ်အမှတ် ၁၃၇–မှ ၁၄၆ ထိဖြစ်ပြီး အောက်ပါအတိုင်း ဖြစ်လေသည်။







နဘူးကျောင်းတောရဆရာတော် ရေးသားပြုစုသည့် ကျမ်းစာများ




နဘူးကျောင်းတောရဆရာတော် ရေးသားပြုစုသည့်ကျမ်းစာများ

သိမ်အမှတ် ၁၃၇-ညောင်ပင်ကျောင်း သိမ်

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄ (၂၀၀၂ ခုနှစ်) ဦးတန်ခူးလဆန်း ၁၄ ရက်(၂၆၊ ၄၊ ၂၀၀၅) သောကြာနေ့ည ၈-နာရီ ၅၆-မိနစ်အချိန် မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ် ညောင်ပင်ကျောင်းဝင်းတွင် ၂၂၄-ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၅၈ ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၃၈-ကော့ဝါလဲ အေးချမ်းသာယာ တောရသိမ်

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄ (၂၀၀၂ ခုနှစ်) ဦးတန်ခူးလဆန်း ၈ ရက်၊ (၅၊ ၅၊ ၂၀၀၂) တနင်္ဂနွေနေ့ ည ၉-နာရီ ၁၆-မိနစ်အချိန် ကရင်ပြည်နယ် ကော့ဝါလဲ အေးချမ်းသာယာ တောရကျောင်းအတွင်း အကြိမ် ၁၀၀၀-မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် ၅၅-ပါးတို့သည် ထိုသိမ်ကို သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၃၉-ငှက်ပျောတောသိမ်

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၄၆(၂၀၀၂) ခုနှစ် ကဆုန်လဆန်း(၁၀)ရက် (၂၁၊ ၅၊ ၂၀၀၂) အင်္ဂါနေ့ည အချိန်မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ငှက်ပျောတောကျောင်းဝင်းတွင်(၁၂၁)ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်း(၄၂)ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက်။(ထိုသိမ်သမုတ်ချိန် မှတ်တမ်း၌ ရေးမထားပါ)

သိမ်အမှတ် ၁၄၀-မှန်ကျောင်းသိမ်

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄ (၂၀၀၂) ခုနှစ် ကဆုန်လဆန်း(၁၁)ရက် (၂၂၊ ၅၊ ၂၀၀၂) ဗုဒ္ဓဟူးနေ့ ညအချိန် မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ် မှန်ကျောင်းဝင်းအတွင်း သိမ်နှုတ် ကြိမ်များစွာ နှုတ်ခဲ့သောမြေပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၇၉-ပါးတို့ သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက်။ (ညအချိန် နာရီနှင့် သိမ်နှုတ်ကြိမ်ရေးမထား)

သိမ်အမှတ် ၁၄၁-ဘုံမြင့်ကျောင်းသိမ်

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄(၂၀၀၂) ခုနှစ် နယုန်လဆန်း (၁၄) ရက် (၂၄၊ ၆၊ ၂၀၀၂) တနင်္လာနေ့ည (၁၀)နာရီ၊ (၁၆)မိနစ်အချိန် ယာမေနပြည်တော်ပျဉ်းမနားမြို့ ဘုံမြင့်ကျောင်းဝင်းအတွင်း သိမ်နှုတ်ထားသော မြေပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် (၁၄) ပါးတို့သည် ထိုသိမ်ကို ကောင်းစွာသမုတ်တော်မူခဲ့ကြသည်။

မှတ်ချက်(သိမ်နှုတ်ကြိမ်ရေးမထားပါ)

သိမ်အမှတ် ၁၄၂-ယက်ဖောက်သိမ်

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄(၂၀၀၂) ပြာသိုလကွယ် (၁၊ ၂၊ ၂၀၀၃)စနေနေ့ နံနက် (၁၀) နာရီ (၂၃) မိနစ်အချိန်၊ ယာမေနပြည်တော် ပျဉ်းမနားမြို့နယ်၊ ယက်ဖောက်တောင် သစ်မာကုန်းကျောင်းဝင်းတွင် (၄၂၀) ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် (၄၇) ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၄၃–စံပြရွာဦးသိမ်

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄(၂၀၀၂) ခုနှစ် တပို့တွဲလဆန်း(၃)ရက် (၄၊ ၂၊ ၂၀၀၃)အင်္ဂါနေ့၊ နေ့လွဲ (၅) နာရီ (၄၅) မိနစ်အချိန် ယခု နေပြည်တော် တပ်ကုန်းမြို့နယ် ဒဟတ်ကုန်းအနီး စံပြရွာဦးကျောင်းဝင်းအတွင်း (၁၆၂) ကြိမ်သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် (၃၉) ပါးတို့သည် ထိုသိမ်ကို သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၄၄–အင်ပင်ရွှေဂူသိမ်

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄(၂၀၀၃) ခုနှစ် တပို့တွဲလဆန်း(၈)ရက်၊ (၉၊ ၂၊ ၂၀၀၃) တနင်္ဂနွေနေ့ နေ့လည်(၁၂)နာရီ (၅၉)မိနစ်အချိန် မန္တလေးတိုင်း ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ထီးလှိုင်အုပ်စု အင်ပင်ရွှေဂူကျောင်းဝင်းအတွင်း (၂၂၁)ကြိမ်သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သောရဟန်းတော် ၃၀–ပါးတို့သည် သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၄၅–ဆင်သော့သိမ်

သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄(၂၀၀၃) ခုနှစ် တပေါင်းလဆန်း(၈)ရက် (၁၀၊၃၊၂၀၀၃) တနင်္လာနေ့ နေ့လည် (၁၂) နာရီတိတိအချိန် ယခု နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ဆင်သော့ကျောင်းအတွင်း အကြိမ်များစွာသိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် (၁၇) ပါးတို့သည် ထိုသိမ်ကို သမုတ်တော်မူခဲ့ကြ၏။ (ကြိမ်ရေမပါ)

သိမ်အမှတ် ၁၄၆–မှော်ဘီမဟာဝိဟာရတောရသိမ်

သာသနာ ၂၅၄၆ ကောဇာ ၁၃၆၄(၂၀၀၃) ခုနှစ်တပေါင်းလဆန်း ၁၅–ရက်(လပြည့်) (၁၇၊၃၊ ၂၀၀၃) တနင်္လာနေ့–ည(၁၁)နာရီ (၂၅) မိနစ်အချိန် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မဟာဝိဟာရတောရကျောင်းဝင်းတွင် ကြိမ်ရေများစွာ နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် (၈၁) ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

မဟာဝိဟာရတောရကျောင်းမှာ မှော်ဘီမြို့ အဝင် ဘိုးဒါနကုန်းရွာအနီးတွင် ရှိသည်။ မော်တော်ကားလမ်းမှ ယာဘက်သို့ ၃.၅ မိုင်ကျော် ခရီးသွားရသည်။ ဆိတ်ငြိမ်သော တောရစာသင်တိုက်ကြီး ဖြစ်သည်။ ဦးစီးပဓာန နာယကဆရာတော်မှာ အရှင်ဝိစာနန္ဒ ဖြစ်သည်။ ထိုအရှင်သည် နဘူးကျောင်းတောရဆရာတော်ထံမှာ ဓုတင်ဆောင် နည်းခံယူခဲ့သော အရှင် ဖြစ်သည်။ ယခုအခါ၌ ထိုမဟာဝိဟာရတောရစာသင်တိုက်တွင် သံဃာတော်အပါး ၃၆၀ ကျော် ပရိယတ္တိစာပေများ ပို့ချသင်ယူလျက် ရှိသည်။

ထိုသိမ်ကို "မဟာဝိဟာ မဟာတီသရသိမ်"ဟုဆရာဝုဏ်ကို အာရုံယူကာ ထိုသိမ်၏အမည်ကို မှည့်ခေါ်ပါကြောင်းနှင့် သိမ်ဒါယိကာများမှာ–တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင် ဦးရှိန်ဝင်း + ဒေါ်ခင်ချိုဦး မိသားစု။

မြို့စည်သူ ထရေဒင်း ကုမ္ပဏီပိုင်ရှင် ဦးကိုကိုအေး + ဒေါ်သီသီနိုင် မိသားစုများနှင့် ဂု–ရက်သားသမီးများ ကောင်းမှုဖြစ်ကြောင်း သိရသည်။

သက်တော်(၈၁)နှစ်ပြည့် မွေးနေ့ဝိစာတ ဂုဏပူဇာပွဲကြီး

အထက်တွင်တင်ပြခဲ့သည့်အတိုင်း တောရဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်အဖုံဖုံကို

ကြည်ညိုသဒ္ဓါပွားများကြကုန်သော သူတော်ကောင်း တပည့်ဒါယကာအပေါင်းတို့ ကုသိုလ်ဖော စေတနာ များအရ အနီးကပ် တပည့် တစ်ပါးဖြစ်သော ဆုတောင်းပြည့်တောရ ဘဒ္ဒန္တကေဝလထေရ်အား တောရဆရာတော်၏ သက်တော် (၈၁)ပြည့် အထိမ်း အမှတ်မွေးနေ့ ဝိဇာတဂုဏပူဇာပွဲ ပြုလုပ်လိုကြောင်း လျှောက်ထားကြ၏။

ဤသို့ဖြင့် ၁၃၆၄ ခုနှစ် သီတင်းကျွတ်လ ပြည့်ကျော် (၆)ရက် (၂၂၊၁၀၊၂၀၀၂) စနေနေ့ (မွေးလ၊ မွေးရက်၊ မွေးနေ့) ထပ်တူဖြစ်သော ထူးခြား မှု များစွာ တိုက်ဆိုင်ခဲ့သော နေ့ရက်၌ ယခု နေပြည် တော် လယ်ဝေးမြို့နယ် ထန်းတပင်တောရကြီးအနီး ဆုတောင်းပြည့် တောရကျောင်း၌ ဘဒ္ဒန္တကေဝလ ထေရ် ဦးဆောင်သော တပည့်ဒါယကာအပေါင်း သူတော်ကောင်းတို့သည် ဒေသဝန်းကျင်ရှိ သံဃာ တော်များသို့ ဆွမ်းများ ဆက်ကပ်၊ ဓုတင်ဆောင် မထေရ်ကြီးငယ်အပေါင်း တို့အား ဆွမ်းများလောင်း လှူသည့် မွေးနေ့အလှူပွဲကြီး ကျင်းပခဲ့ကြလေသည်။

မွေးနေ့စာစောင်

တောရဆရာတော်ဘုရားကြီး၏ သက် တော် (၈၁)ပြည့်မွေးနေ့အထိမ်းအမှတ် စာစောင်ငယ် ထုတ်ဝေလှူဒါန်းကြ၏။ ထိုစာစောင်ငယ်၏ရှေ့ပိုင်း ၌ တောရဆရာတော်၊ ရန်ကင်းတောရ၊ ရန်ကုန် ဆရာတော်ဘဒ္ဒန္တစာဂရိယ(မွှောစရိယ) ထေရ် ရေးဖွဲ့ ပူဇော်သည့် ဂုဏဝဏ္ဏနာရှစ်လုံးဖွဲ့ကဗျာများ ၁၅–ပိုဒ်–

ရန်ကင်းတောရ ရန်ကုန်ဆရာတော်ဘဒ္ဒန္တ စာဂရိယ(မွှောစရိယ)ထေရ်သည်ပင်လျှင် ရေးဖွဲ့ ပူဇော်အပ်သော အချီအချညီ ပဒညီ မဂ်လာရတုပိုဒ်စုံ –၃–ပုဒ်

ထိုရန်ကင်းတောရ ရန်ကုန်ဆရာတော် ဘဒ္ဒန္တစာဂရိယ(မွှောစရိယ)သည်ပင်လျှင် သက်တော် (၈၁)နှစ်ပြည့် ဝိဇာတမင်္ဂလာအခမ်းအနား၌ ဖတ် ကြား လျှောက်ထားအပ်သော ဂုဏဝဏ္ဏနာပဏ္ဏနာ ဂါထာများ ပါဠိမြန်မာယှဉ်တွဲလျက် နည်းမျိုးစုံဖြင့် ရေးဖွဲ့ ပူဇော်ထားခြင်းများ ပါရှိပါသည်။

နေပြည်တော် လယ်ဝေးမြို့နယ် ဆုတောင်း ပြည့်တောရ ဆရာတော် ဘဒ္ဒန္တ ကေဝလထေရ် ရေးသားပူဇော်သည့် 'သီလချစ်ခင်ထေရ်ဘုန်းရှင်' ဆောင်းပါး–

နေပြည်တော်လယ်ဝေးမြို့နယ် ရွှေစေတီ တောရဆရာတော် ဘဒ္ဒန္တဣသရိယထေရ် ရေးသား ပူဇော်သည့် 'ရှိသေထိုက်စွာ မြတ်ဆရာ' –

ရမည်းသင်းမြို့နယ် ဓိးဖြူကုန်းရွာ ဂန္ဓာရုံ တိုက်ကျောင်းဆရာတော်ဘဒ္ဒန္တလင်္ကာဒီပထေရ် ရေး သားပူဇော်သည့် ဂုဏထုတိဝန္ဒနာ ဂါထာများ ပါဠိ မြန်မာ ၄–ပိုဒ်–

သိမ်သမုတ်ပွဲများသို့ ကြွရောက်သိမ်သမုတ် နေသည့် ဓာတ်ပုံအချို့ဖော်ပြထားသည်။

တောရ ဆရာတော်၏ ဘဝဖြစ်စဉ် ထေရုပ္ပတ္တိ အကျဉ်းချုပ် ဖော်ပြထား၏။

(၁) ဝန္ဒနာစုံ ကျမ်းမှ နိဒါန်းပိုဒ် လေးဆူစေတီ ညွှတ်ဦးချီ၊

(၂) အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်းမှ အရဏ်တက်လင်္ကာ

(၃) ဓုတင်အဆုံးအဖြတ်ကျမ်းမှ 'ဂါမောနာမ' ဂါမ = ရွာ၏ သဘောလက္ခဏာ

(၄) မွှေသံယုတ္တဂါထာကျမ်းစာမှ 'သူကြွယ်ကြီး နှင့်တူသော ရဟန်းမဖြစ်စေလို'၊ 'မြတ်စွာ ဘုရား စက်ဆုတ်တော်မူသော အသက်မွေး မှုမပြုအပ်'

(၅) အိမ်သမုတ် မှတ်တမ်းမှ အိုးပြင်မဲသိမ် သမုတ်ပုံ အစ်အစဉ်လင်္ကာ–

စသည်များ အကျဉ်းချုပ်၍ ဖော်ပြထား၏။

ဘုရားဖြူဆရာတော် ဘဒ္ဒန္တနန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) ၏ 'သီလမာမကအရှင်တိဿရ' 'သီလကို မြတ်နိုးချစ်ခင်သူ' ဟူသော ခေါင်းစဉ်ဖြင့် ဥပမာ ဥပမေယျများစွာဖြင့် နှိုင်းယှဉ်ဖော်ပြ ဂုဏ်ပြုရေးသားထားသည့် ဆောင်းပါး ပါရှိ၏။

ရမည်းသင်းမြို့နယ် နဘူးကျောင်း ရန်ကင်းတောရ ရန်ကုန်ဆရာတော် ဘဒ္ဒန္တစာဂရိယ (မှော်စရိယ) ၏ ဝိစာတာမင်္ဂလာ အစမ်းအနား၌ ရွတ်ဖတ်ပူဇော်အပ်သော ထေရုပ္ပတ္တိ ရှစ်လုံးဖွဲ့ကဗျာများ ၁၅ ပိုဒ်–

ရမည်းသင်းမြို့နယ် စီးဖြူကုန်းရွာ ဂန္ဓာရုံတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တလင်္ကာဒီပထေရ်သည် ပင်လျှင် ရေးသားပူဇော်အပ်သော 'ဝိနည်းရေးရာမှတ်သားစရာ' ဆောင်းပါး– စသည်များပါရှိပါသည်။

မြိုင်ငုံ သုံးသပ်ချက်

ထိုအရှင်အားလုံးရေးဖွဲ့ ပူဇော်ခဲ့သည့် အလင်္ကာပန်းကုံး ကဗျာ– ရတု– ဆောင်းပါးများအားလုံးသည် တောရဆရာတော်ဘုရားကြီးအပေါ် ထို အရှင်များအနေဖြင့် ဖူးမြင်ရခြင်းနှင့် ကြုံဆုံရခြင်းများအရ ရှုထောင့်အသီးသီး နေရာအသီးသီးမှ အနီးကပ် လေ့လာတွေ့ရှိချက်များအပေါ်တွင် အခြေခံ၍ ကိုယ်စီကိုယ်ငှ ရင်တွင်းဖြစ်ပေါ်ဟဒယ နှလုံးမှ ယိုစီးကျဆင်းလာသော ကြည်ညိုမှု အလင်္ကာပန်းများကို 'သီကုံးရေးဖွဲ့ပူဇော်' ထားခြင်းများဖြစ်ကြသည်ဟု မိမိအနေဖြင့် မြိုင်ငုံသုံးသပ် နားလည်ခံစားမိပါသည်။

ထိုအရှင်များ ရေးသားပူဇော်ထားကြသည့် တောရဆရာတော်၏ဂုဏ်များသည် အရှိဂုဏ်များ အစစ်အမှန်များကို အရှိအတိုင်း ထင်ရှားပေါ်လွင်မြင်သာလာအောင် ရေးစပ်သီကုံး ပူဇော်ထားခြင်းနှင့် မှတ်တမ်းတင်ထားရှိခြင်းများဟုလည်း နားလည်ခံစားမိပါသည်။

ယင်းကဲ့သို့ ရေးသားပူဇော်ကြသည့် အနှစ်သာရ အချုပ်ကိုတင်ပြရပါက တောရဆရာတော်ဘုရားကြီး၏ သီလသိက္ခာဂုဏ်၊ သမာဓိသိက္ခာဂုဏ်နှင့် ပညာအရာ ကြီးမြင့်မှုဂုဏ်များနှင့် မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင်သမိုင်း၌ သူမတူအောင် ရှုတင်ဆောင်ခြင်း နှစ်ပေါင်း ၄၁–နှစ်မျှ စဉ်ဆက်မပြတ် ဝါစဉ်မပျက် ခွဲလုံ့လ ကြီးမားတော်မူခြင်း

ပဋိပတ္တိသာသနာတော်သမိုင်း၌ လယ်တီဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့သည်မှာ 'ဒီပနီအမည်' ဟူ၍၊ ညောင်လေးပင် တောရဆရာတော်ဘုရားကြီးမှာ 'အရသာ အမည်' ဟူ၍၊ နဘူးကျောင်းတောရဆရာတော် ရေးသားတော်မူသည့် ကျမ်းများမှာ 'ဝိနိစ္ဆယ = အဆုံးအဖြတ်' ဟူ၍ စံပြုလောက်အောင် ထူးခြားပြောင်မြောက်စွာ သမိုင်းတင်တော်မူနိုင်ကြခြင်း ဖြစ်သည်။

တစ်ဖန် သိမ်များကို သမုတ်တော်မူရာ၌ ညောင်လွန့်တောရဆရာတော်၊ ဘုန်းတော်ကြီးဦးသီလစသည့် ထေရ်ကြီးများကဲ့သို့ သာသနာအရှည်တည်တံ့ရေး မြော်တွေးချက်များဖြင့် သိမ်အလုံးပေါင်းများစွာ မြန်မာပြည်အနှံ့အပြား ဒေသမရွေး ကြွရောက်တော်မူသမုတ်တော်မူခဲ့ခြင်း စသည်များအပေါ် ကြည်ညိုလေးစား ရေးသားပူဇော်ကြခြင်းများ ဖြစ်လေသည်။

ဖူးမြင်မဝ ကြည်ညိုမဆုံး ရေးဖွဲ့ပူဇော်ထားရှိပုံများကို နောင်းကာလ နောင်းလူ ရှင်ရဟန်းတို့ ဖတ်ရှုကြရခြင်းဖြင့် ဤသို့သော တောရဆရာတော်ဘုရား

ကြီးတစ်ဆူ ရှိခဲ့ဖူးသည်ကို အမှတ်ရဖွယ်၊ အောက်မေ့ဖွယ်၊ လွမ်းဆွတ်ဖွယ်၊ အတုယူဖွယ်များအဖြစ် ကျန်ရစ်စေရန် မှတ်တမ်းတင်ကြခြင်း ဖြစ်ပါသည်။

ဝမ်းသာကြည်နူးမဆုံး

ထိုမှတ်တမ်းမျိုးများလည်း ရှိသင့်ရှိအပ်လှပါသည်။ မှတ်တမ်းတင်ထိုက် တင်အပ်သော ပုဂ္ဂိုလ်ထူး အရှင်မြတ်ကြီး၏ ဂုဏ်ရည်များ တစ်စိတ်တစ်ဒေသမျှပင် ဖြစ်စေ ပညာရှင်ထေရ်ကြီး ထေရ်ငယ်တို့က ယခုကဲ့သို့ ရေးဖွဲ့မှတ်တမ်းတင် ပူဇော်ခဲ့ကြသည်ကို ဝမ်းသာမဆုံး ကြည်နူးမဆုံး ဖြစ်ကြရပါသည်။

မိမိအနေဖြင့် ဝမ်းသာမဆုံး ကျေးဇူးတင်မဆုံး ဖြစ်ရသည်မှာ 'သမိုင်းအထောက်အထားအတွက်' 'အဖိုးတန် ရတနာရွှေအိုး ဘဏ်တိုက်မှာ ထည့်ထားခဲ့ပါသည်' ထည့်ထားပါသည်ဟု ထင်ပါသည်။ ဗဟုသုတ အကြားအမြင်များစွာကို ရလိုသောသူတို့သည် ဖွင့်ယူ ထုတ်ယူသုံးစွဲကြပါကုန်လော့ဟူ၍လည်း အနက်အဓိပ္ပါယ်ရှိသည်ဟု ဆိုချင်ပါသည်။

အမှတ်အသား သက်သေခံချက်

'နွတ်တစ်ရာ စာတစ်လုံး' ဆိုစကားအရ အက္ခရာရေးထိုးခဲ့ခြင်းသည် သမိုင်းကြောင်းအတွက် 'အမှတ်အသား သက်သေခံချက်' အထောက်အထားများလည်း ဖြစ်ပါသည်။

ရေးသားခဲ့သည့် ကျမ်းစာများ

ထိုလက်ကမ်းစာစောင်၏ နိဂုံးပိုင်း၌တောရဆရာတော်ဘုရားကြီး ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် ရေးသားပြုစုပြီး မိမိတို့အဖွဲ့ ရိုက်နှိပ်ဖြန့်ဝေ လှူဒါန်းပြီးသော ကျမ်းစာ ၉-မျိုး၊ အကြိမ်ရေ ၈၊ နှစ်အလိုက် ဖော်ပြမှတ်တမ်းတင်ထားရှိသည်ကို တွေ့ရှိရပါသည်။ ကျရာတာဝန်ကို အခါမလင့် ထမ်းဆောင်ခဲ့ကြလေသည်ဟု နားလည်မိပါသည်။

ကျေးဇူးတင်လွှာ

သက်တော် ၈၁-နှစ်ပြည့် ဝိဇာတမွေးနေ့ ပူဇော်ပွဲဖြစ်မြောက်ရေး မှတ်တမ်းစာအုပ် ဖြစ်မြောက်ရေးအတွက် -

♦ ကဗျာ၊ ရတု၊ ဆောင်းပါးများဖြင့် ပူဇော်ကြသည်။ ဘုရားဖြူ ဆရာတော်အမှူးပြုသော အရှင်မြတ်များ-

♦ ပင့်သံဃာ ၈၅-ပါးအတွက် သင်္ကန်းများ လှူဒါန်းသော မဟာမြိုင်တောရ ဆရာတော် ဦးဓေတိက-

♦ မှတ်တမ်းစာအုပ် ဖြစ်မြောက်ရေး အတွက် ဦးသော်တာ (ပျဉ်းမနား)-

♦ မှတ်တမ်းစာအုပ်ပုံများ ရှာဖွေပေးသော ဦးချိုဝင်း (ရန်ကုန်)-

♦ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ပူဇော်ပွဲ အလှူရှင်များ-

♦ ပင့်သံဃာတော်များနှင့် ဖိတ်ကြားဧည့်သည်များအား ဆွမ်းအလှူရှင်များ-

♦ မှတ်တမ်းစာအုပ် ရိုက်နှိပ်လှူဒါန်းသော ဦးဝင်းထိန် ဒေါ်အေးအေးယု ရန်ကုန်-

စသည့် ရဟန်းရှင်လူအပေါင်းတို့အား အထူးကျေးဇူးတင် ဝမ်းမြောက်ရပါကြောင်း မှတ်တမ်းတင်ထားရှိသည်။

ယင်းကျေးဇူးတင်လွှာ ဖော်ပြချက်များအရ တောရဆရာတော်ဘုရားကြီး၏ ဘဝ သက်တော် ၈၁

ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)နှင့်
စာရေးသူ ဦးသိမ်းဆောင် ကျမ်းစာများ
ရိုက်ရေး ကမ္ဘာအေးစေတီရင်ပြင်

သိမ် ၁၀၀ မှတ်တမ်း
ကျမ်းစာများနှင့်
စာရေးသူ ဦးသိမ်းဆောင်

သိမ် ၁၀၀ မှတ်တမ်း ကျမ်းစာများ ဖြန့်ဝေလှူဒါန်းရေး
စာရင်းပြုစုစဉ်



နိုင်ငံတော် သံဃမဟာ
နာယကဥက္ကဋ္ဌ
မကွေးဆရာတော်ဘုရားကြီးသို့
ဦးမင်းကြည် (မဟာသဒ္ဓမ္မ
ဇောတိကဓဇ)နှင့်ဦးထွန်းရွှေ
(ယခုတွဲဖက်ပါမောက္ခ
ထေရဝါဒဗုဒ္ဓတက္ကသိုလ်)
တို့က ကျမ်းစာများ
လှူဒါန်းစဉ်

မကွေးဆရာတော်ဘုရားကြီးသို့
ဦးမင်းကြည်၊
ဦးထွန်းရွှေနှင့်အဖွဲ့
ကျမ်းစာများ လှူဒါန်းစဉ်

မကွေးဆရာတော်ဘုရားကြီးသို့
ဒေါ်ခင်တင့်နှင့်ဒေါ်အုန်းကြည်တို့
ကျမ်းစာများ လှူဒါန်းစဉ်



၂၁.၇.၂၀၀၁ နေ့က မကွေး ဆရာတော်ဘုရားကြီးသို့
ဒေါက်တာခင်မောင်ဦး ကျမ်းစာများလှူဒါန်းစဉ်

နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ
အောင်မြေဘုံစံ ဆရာတော်ဘုရားကြီးသို့
ဒေါက်တာခင်မောင်ဦး ကျမ်းစာများ လှူဒါန်းစဉ်

ဒုတိယဥက္ကဋ္ဌ မြစ်ကြီးနားဆရာတော် ဘဒ္ဒန္တသီလဝံသသို့
ဦးထွန်းရွှေ (ယခုတွဲဖက်ပါမောက္ခ ထေရဝါဒဗုဒ္ဓတက္ကသိုလ်)နှင့် ဒေါက်တာခင်မောင်ဦးတို့
ကျမ်းစာများ လှူဒါန်းစဉ်

ဒုတိယဥက္ကဋ္ဌ မြစ်ကြီးနားဆရာတော်သို့ ဦးထွန်းရွှေ (ယခုတွဲဖက်ပါမောက္ခ ထေရဝါဒဗုဒ္ဓတက္ကသိုလ်)နှင့် ဒေါက်တာခင်မောင်ဦးတို့ ကျမ်းစာများ လှူဒါန်းစဉ်

ရာကျော် သိမ် များ

ရာကျော်သိမ်များ တောရဆရာတော် ရေးမှတ်ထားသည့် စာရွက်များ



ရာကျော်သိမ်များ တောရဆရာတော် ရေးမှတ်ထားသည့် စာရွက်များ


ရာကျော် သိမ် များ ပြီး အိုနိမ့်ခြတ်ကမ်း

၁. ထီလာဦးသိမ် ...

၂. စကော်ပစ်တောင်သိမ် ...

ရာကျော်သိမ်များ တောရဆရာတော် ရေးမှတ်ထားသည့် စာရွက်များ



၁၃၆၂ (၃၀.၇.၂၀၀) မြန်မာ့အလင်းမှ မောင်ငြိမ်းအေး ဆောင်းပါးမှ ကူးယူထားသော ပြည်နယ်၊တိုင်းအလိုက် တံတားကြီးများစာရင်းနှင့် နေထွက်နေဝင် မှတ်တမ်း



၁၉၅၉ ခု တပေါင်းလနှင့် နှောင်းတန်ခူးလ နေထွက် မွန်းတည့် နေဝင် နေ့စဉ်မှတ်တမ်း



၁၃၆၀ ခု တန်ဆောင်မုန်းနှင့် နတ်တော်လ နေထွက် မွန်းတည့် နေဝင် နေ့စဉ်မှတ်တမ်း



၁၃၆၁ ခု နတ်တော်လ၊ ပြာသိုလ နေထွက် မွန်းတည့် နေဝင် မှတ်တမ်း



၁၃၆၂ ခု နှောင်းတန်ခူးလ၊ ၁၃၆၃ ခု ဦးတန်ခူးလ ကဆုန်လ နေထွက် မွန်းတည့် နေဝင် နေ့စဉ် မှတ်တမ်း



၁၃၆၄ ခု ပြာသိုလ၊ တပို့တွဲလ နေထွက် မွန်းတည့် နေဝင် နေ့စဉ်မှတ်တမ်း



၁၃၈၅ ခု ပြာသိုလ၊ တပို့တွဲလ နေ့တွက် မှန်းတည့် နေဝင် နေ့စဉ်မှတ်တမ်း



၁၃၈၆ ကဆုန်လ၊ နယုန်လ နေ့တွက် မှန်းတည့် နေဝင် နေ့စဉ်မှတ်တမ်း

မှတ်ချက် – နယုန်လပြည့်ကျော် ၁၂ ရက်နေ့ =ဓာတ်ရှန်ရိုက် အသည်းကြီး+ ဟု ရေးမှတ်ထားသည်။ ထို့နောက် ဆရာတော် နေ့စဉ်မှတ်တမ်း မရေးနိုင်ပြီ။

နှစ်ပြည့်သည့်တိုင် 'ဤပွဲကြီးတစ်ပွဲသာ' ထူးထူးကဲကဲကြီး ဆောင်ရွက်ခဲ့ကြောင်း သိရ မှတ်သားရသည်။

ထိုပွဲကြီးမျိုး ဘဝတစ်သက်တာ ရှေ့ပိုင်း၌လည်း မရှိခဲ့၊ နောင်လည်း ရှိလိမ့်မည် မဟုတ်တော့။

စာရေးဆရာများ ဖူးမျှော်ကြ

ထိုစာစောင်စာအုပ်ငယ်၏ နောက်ဆုံးပိုင်း၌ –

(၁) ဧလုပ်ကြီး သိမ်သမုတ်ပွဲ မှတ်တမ်း ဓာတ်ပုံနှင့်

(၂) ဆုတောင်းပြည့်တောရ သုခကာရီ စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲနေ့ မျှဦးမနား စာနယ်ဇင်းအဖွဲ့၊ စာရေးဆရာ ဆရာမမြင့်၊ ရုပ်ရှင်သရုပ်ဆောင်ဒါရိုက်တာနှင့် စာရေးဆရာ အကယ်ဒမီ သုမောင်၊ စာရေးဆရာမ ဂျူးနှင့် စာရေးဆရာမ မအိတို့အဖွဲ့ ဆရာတော်ကြီးအား ဖူးမျှော်ကြည်ညိုကြစဉ် ဓာတ်ပုံလည်း အမှတ်တရ ဖော်ပြထားရှိသည်။

ချီးကျူးပူဇော်ပွဲ နောင်မလုပ်နဲ့

(၇၊ ၂၊ ၂၀၀၆) နေ့ ဆုတောင်းပြည့်တောရ ဆရာတော်ဦးကောဝိဒ ရောက်လာ၏။ ဤစာများ ရေးပြီး အနေအထားကို ဖတ်ပြတင်ပြ၏။ ထိုပူဇော်ပွဲကြီးအထိ မူလမရည်ရွယ်၊ တပည့်ဒါယကာများက တစ်စတစ်စများလာသဖြင့် ကြီးကျယ်သွားရခြင်း ဖြစ်ကြောင်း မိန့်၏။

ဆုတောင်းပြည့်တောရအဝင် ပိတ်စမှာ စာတမ်းများထိုး၍ 'တောရဆရာတော် ဘုရားကြီး၏ ဝိဇာတမွေးနေ့ ဂုဏ်ပြုချီးကျူးပူဇော်ပွဲ' ဟု လွှင့်ထူထားသည်ကို တောရဆရာတော်ကြီး မြင်တွေ့သွား၏။ (တောရဆရာတော်ထံ ခွင့်တောင်းနေက ခွင့်မပြုမည်စိုး၍ မလျှောက်ခဲ့)

ချီးကျူးပွဲ

တစ်ခါက မြို့တစ်မြို့မှာ တိပိဋကဓရ ဆရာတော်များ ချီးကျူးပူဇော်ပွဲ ဟူ၍ ပိတ်စမှာ စာလုံး ရေးတင်ထားရာ ချီးကျူးတွင် ကျူး စာလုံး၏ အထက်နားက ပိတ်စမှာ အပေါက်ဖြစ်၍ အပေါက်ဖြစ်နေ၏။ လူအများက ချီးကျူးပွဲဟု မဖတ်ဘဲ ချီးကျုံးပွဲ ဟု ဖတ်ကြသတဲ့။

'မင်းတို့ဟာ အဲသလိုမဖြစ်တာ တော်သေးတာပေါ့' 'ဒါပေမယ့် နောင်ကို ဒီလို ချီးကျူးပွဲ ဘယ်တော့မှ မလုပ်နဲ့' ဟု မိန့်တော်မူ၊ ဆုံးမခြင်းဖြင့် ချီး မြှင့်တော်မူသည် ဟူသတည်း။

များပြားလှသည့် ချီးကျူးပူဇော်ပွဲများ

ယနေ့ကာလ မြို့နှင့်တောပါမကျန် ရဟန်းတော်များ လူပုဂ္ဂိုလ်များအား ချီးကျူးပူဇော်ပွဲများ သတင်းစာများမှာ အားလုံးမြင်တွေ့ကြပြီး ဖြစ်သည်။

များပြားလှစွာသော ပူဇော်ပွဲကြီးများ ချီးကျူးဝမ်းမြောက်ဂုဏ်ပြုလွှာသတင်းများ ငွေကုန်ခံ ကြော်ငြာနေကြလေသည်။ ဘွဲ့တံဆိပ်တော်အမျိုးမျိုး ပူဇော်ခြင်းခံရသော အချို့သော ရဟန်းတော်များမှာ ကားကြီးကားငယ်ဖြင့် စီတန်း၍ လှည့်လည်အပူဇော်ခံ၍ပင် နေကြလေသည်။

တောရဆရာတော်၏အလို

ပါသာဒိက = ကြည်ညိုဖွယ် ဂုဏ်ဆောင်၊ ရဟန်း ၄ မျိုး ပထမဝါတော် ၂၀–ကာလတတိယပိုင်း

၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်း ၄ မျိုးအနက် = မိမိကိုယ်ကို မိမိ ကြည်ညိုနိုင်သော ရဟန်းသည် အတိသုန္ဒရ = အတော်ဆုံးဟု မိန့်တော်မူခဲ့လေသည်။ အများက ကြည်ညိုစံရခြင်းထက် မိမိကိုယ်ကိုမိမိ ကြည်ညိုနိုင်ရေး အဓိကဟု ဆိုလိုသည်။

သက်တူရွယ်တူ ဖြစ်တော်မူသည့် ဘဒ္ဒန္တနရိန္ဒာ ဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ယခုအခါ ဘုရားဖြူ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တနရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) မှာ နဘူးကျောင်းတောရ ဆရာတော်နှင့် သက်တူရွယ်တူ စာသင်ဘက် ဖြစ်တော်မူသည်။

နဘူးကျောင်းတောရဆရာတော်၏သက်တော် ၈၁-နှစ်၊ ဝိဇာတမွေးနေ့ ပူဇော်ပွဲ ဂုဏ်ပြု မှတ်တမ်း စာစောင်၌ 'သီလမာမက အရှင်တိဿရ' ဟူသော ဆောင်းပါးကို ဘဒ္ဒန္တနာရိန္ဒာဘိဝံသ ရေးဖွဲ့ခဲ့ကြောင်း တင်ပြခဲ့ပြီးလေပြီ။

နဘူးကျောင်းတောရဆရာတော် ဘုရားဖြူ တိုက်မှာ ပညာသင်ကြားခဲ့စဉ်က ဘဝတူ စာချတန်း အောင်ပြီးနောက် စာချဘုန်းကြီးဘဝတူ၊ ဖြစ်ခဲ့ကြပြီး ထိုစဉ်က ဘုရားဖြူ စာသင်တိုက်ကြီးတွင် ထိုအရှင် နှစ်ပါးနှင့်အတူ ဘဒ္ဒန္တဝဏ္ဏိမာ (အဂ္ဂမဟာပဏ္ဍိတ) လည်း စာချဘုန်းကြီး ဘဝတူ ဖြစ်ခဲ့ကြလေသည်။

ယခုတင်ပြမည်ကား ဘဒ္ဒန္တနိရိန္ဒာဘိဝံသ ၏ ဘဝအကျဉ်းချုပ် မှတ်တမ်းတင် ဖော်ပြလိုရင်း ဖြစ်ပါသည်။

ဖွားမြင်တော်မူ

ဘဒ္ဒန္တနရိန္ဒာဘိဝံသ လောင်းလျာကို ကောဇာ ၁၂၈၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ (၇.၁.၁၉၂၂)စနေနေ့ မြင်းခြံခရိုင် ညောင်ဦးမြို့နယ် သေရောက်ကျေးရွာအုပ်စု အိုရင်းရွာနေ ခမည်းတော် ဦးသာခွေး မယ်တော် ဒေါ်ညိုရှင်းတို့မှ ဖွားမြင်တော် မူသည့် သားမြတ်ရတနာ ဖြစ်သည်။

ရှေးအခေါ် အရိမဒ္ဒန ဟူသော အမည်ကို ရခဲ့ဖူးသော ပုဂံမြို့နေပြည်တော်၏ အနီး သေရောက် ရွာမှာ မွေးဖွားခဲ့သည်။

ပညာသင်ကြားခြင်း၊ ရှင်ဖြစ်ခြင်း

အိုရင်းရွာကျောင်းဆရာတော် အရှင် အာသဘထံတွင် အပ်နှံ စတင်ပညာသင် အခြေခံ စာပေများ တတ်မြောက်ခဲ့သည်။

အသက် ၁၄-နှစ်အရွယ် ထိုဆရာတော်ထံ၌ပင် မိဘတို့က ရှင်သာမဏေအဖြစ် သွတ်သွင်းခဲ့ သည့် ဘွဲ့တော် ရှင်နရိန္ဒ -

ရှင်သာမဏေဘဝဖြင့် ငယ်/လတ် အောင်

မြင်းခြံမြို့ မဟာဝိသုတာရာမတိုက် သေရောက်ကျောင်းဆရာတော် အရှင်ဝိမလထံတွင် ပညာဆက်လက်သင်ယူပြီး ၁၃၀၁-ခုနှစ်၊ အစိုးရ ပထမငယ်တန်းနှင့် ၁၃၀၂-ခုနှစ် ပထမလတ်တန်း များကို ရှင်သာမဏေဘဝဖြင့် အောင်တော်မူခဲ့သည်။

ရဟန်းဖြစ်ခြင်း

ကောဇာ ၁၃၀၂-ခုနှစ်၊ နယုန်းတန်ခူးလဆန်း ၁၁-ရက်(၆.၄.၁၉၄၁)တနင်္ဂနွေနေ့ သေရောက်အုပ်စု

တဲစုရွာနေ ဦးချစ်မောင် ဒေါ်နန်းစိန် သမီး ဒေါ်ပို၊ မြေးတင်တင်တို့၏ စတုပစ္စယာနုဂ္ဂဟဒါနကို ခံယူ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် (အဘိဓမ္မမဟာရဋ္ဌဂုရု) (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တသုန္ဒရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော သိမ်ရေယာန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရဟန်းဘွဲ့တော်မှာ အရှင်နရိန္ဒပင် ဖြစ်သည်။

မန္တလေး ပခုက္ကူ–ရန်ကုန်နည်းမျိုးစုံ သင်ယူ ဓမ္မာစရိယဘွဲ့ရတော်မူ

ဆရာတော်သည် မန္တလေး၊ ပခုက္ကူ၊ ရန်ကုန် ဆရာတော် အကျော်အမော်များထံ ပညာသင်ခဲ့သည်။ အစိုးရ ပထမကြီးတန်း၌ ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ပြီး စာချတန်း၌ 'သာသနဓဇသိရီပဝရဓမ္မာစရိယ' ဘွဲ့များ ရရှိတော်မူခဲ့သည်။

ဝိနယာနုဂ္ဂဟ စာမေးပွဲအားလုံး အောင်မြင် ဝိနယပါရဂူဖြစ်တော်မူ

ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက် ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ စာမေးပွဲများတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများနှင့် စာချတန်းများကို အောင်မြင်တော်မူ၍ 'ဝိနယပါရဂူ' ဘွဲ့ ရရှိတော်မူသည်။

စာချဘုန်းကြီးမှ နာယကအဖြစ်သို့

ရန်ကုန်မြို့ ဘုရားဖြူ ကျောင်းတိုက်ကြီးတွင် ၁၃၁၇ ခုနှစ်မှစ၍ ပဓာနစာချအဖြစ်နှင့် ၁၃၂၂ ခုနှစ်တွင် ကျောင်းတိုက်ကြီး၏ နာယကဆရာတော် အဖြစ် တင်မြှောက်ခြင်းခံရသည်။

သိက္ခာထပ်များပြား၊ အရာဌာနများစွာ နာယက ဩဝါဒါစရိယ

ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးရပ်အကျင့်မြတ်များ ဂုဏ်သတင်း ကျော်စောတော်မူခြင်းကြောင့် သိက္ခာထပ် ဒါယကာများပြားသလို အရာဌာနများစွာ၌ နာယကနှင့် ဩဝါဒါစရိယအဖြစ် တင်မြှောက်ခြင်း ခံယူတော်မူရလေသည်။

သာသနာတော်အတွက် ဆောင်ရွက်ချက်များ

ဆရာတော် အရှင်မြတ်ကြီးသည် ပုဗ္ဗာဝိသဇ္ဇနာကျမ်း၊ တောင်တန်းသာသနာပြု စည်းမျဉ်းများ ပြုစုတော်မူခဲ့ပြီး၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများနှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများအတွက် ပြဋ္ဌာန်းကျမ်းစာများ၊ သာသနဗဟုသုတ ပဏ္ဏာသနီကျမ်းကြီးများကို စနစ်သစ် ပညာရေးဖြင့် တည်းဖြတ်တော်မူခဲ့သည်။

သာသနာတော်ကြီး အရှည်တည်တံ့ရေး အတွက်များစွာသော တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပြီး ထမ်းဆောင်ဆဲလည်း ဖြစ်သည်။

ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

သာသနာတော်ကြီး အစဉ် တိုးတက်နေစေရန် မနေမနား ရွက်ဆောင်တော်မူခဲ့ခြင်းများနှင့် ထိုသို့ ရွက်ဆောင်နိုင်သော ပညာဉာဏ်ရှိတော်မူခြင်းများကြောင့် ရဟန်းတော်တို့တွင်ရနိုင်ခဲသော ဂုဏ်အထူးများရှိနေတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရမင်းများက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်များကို ဆပ်ကပ်လှူဒါန်းခဲ့သည်။ များစွာသောပညာရှိတို့တွင် ထိပ်ဆုံးရောက်သော ပညာရှိကြီးဖြစ်ပေ၏။ တစ်နည်းဆိုလျှင် ပညာ

ရှိ ထိပ်သီးမထေရ်ကြီး ဖြစ်ပေသည်ဟု အစိပ္ပါယ်သဘောဆောင်သည်။

ဘွဲ့တံဆိပ်တော်များကို မင်းပရိသတ်အလယ်၌ ကြီးကျယ်သော အခမ်းအနားများဖြင့် ဆက်ကပ်လှူဒါန်း၍ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာမည်၏ဟူသော ဒေသနာနှင့်အညီ ပူဇော်ခဲ့ကြလေသည်။*

သက်တူရွယ်တူအပြန်အလှန် လေးစားတော်မူ

နဘူးကျောင်းတောရဆရာတော်နှင့် ဘုရားဖြူဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသတို့မှာ မွေးခုနစ်တူအရွယ်တူ ပညာအရည်အချင်းတူ အစစ တူညီတော်မူကြပြီး ဘုရားဖြူ ဆရာတော်က မွေးလရက်၊ ရဟန်းဖြစ် လ ရက် အနည်းငယ်မျှသာ ကြီးသည်။

ဂုဏ်ရည်တူ ပညာရှိကြီးများ ဖြစ်တော်မူကြသည့်အလျောက် တစ်ပါးနှင့်တစ်ပါး အပြန်အလှန် အလွန့်အလွန်ကို လေးစားတော်မူကြသည်။

ဤသာသနာတော်၌ မြင်ရခဲသော၊ တွေ့ရခဲသော ကြည်ညိုဖွယ်ရာများအဖြစ် ဖူးတွေ့ကြရသည်။ လက်ရှိ ဘုရားဖြူဆရာတော်က တောရကျောင်းများသို့လိုက်ပြီး တောရ အတူဆောက်တည်သည်၊ တောရဆရာတော် ရန်ကုန် ဘုရားဖြူတိုက်သို့ ဝင်လာလေတိုင်း နှစ်လိုဝမ်းသာ ကြည်သာသော အပြုံးများဖြင့် ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြို နေရာပေးသည်။ မနာလိုရှင်း ဝန်တိုကင်းသည်။

သိမ်သမုတ်ပွဲများ၌ အပြန်အလှန် အလေးထားကြပုံများ တင်ပြခဲ့ပြီးလည်း ဖြစ်သည်။ တောရဆရာတော်၏ ဘဝနိဂုံးပိုင်း၌ ပို၍ပင် ကြည်ညိုဖွယ် လွမ်းမောဖွယ်များ မြင်ကြရပါလိမ့်မည်။ ထိုအပိုင်းရောက်မှ ရေးပါတော့မည်။

မွေးရပ်မြေမှ မွေးနေ့ နှစ်စဉ်ပူဇော်ပွဲ ဆရာတော်ဦးအာဒိစ္စ ဦးဆောင်

တောရဆရာတော်ဘုရားကြီး၏ မွေးနေ့ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်နေ့ ရောက်တိုင်း မွေးရပ်မြေ နဘူးကျောင်းရွာဦးကျောင်း ဆရာတော် ဦးအာဒိစ္စ(မွှာစရိယ) ဦးဆောင်၍ တပည့်ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းများ စုပေါင်း ဆွမ်းကပ်အလှူနှင့် တောရဆရာတော်များ ဆွမ်းလောင်းအလှူ နှစ်စဉ် ကျင်းပနေခဲ့ကြသည်မှာ နှစ်အတန်ကြာခဲ့လေပြီ။

ဒကာတစ်ဦးစတင်ခဲ့

နဘူးကျောင်းရွာမှ ဒါယကာတစ်ဦး ဦးထွန်းစိမ်သားစုက နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော်(၆) ရက်နေ့ရောက်တိုင်း ကျေးရွာအုပ်စုအတွင်းမှ ကျောင်းထိုင်ဆရာတော်များကို ၎င်း၏အိမ်သို့ပင့်ပြီးဆွမ်းဆက်ကပ်ခြင်းနှင့် တောရဆရာတော်များသို့ ဆွမ်းလောင်းခြင်းပြုခဲ့သည်ဆို၏၊ ဘာအတွက် ဆွမ်းကပ်၊ ဆွမ်းလောင်းသည် ဖွင့်မလျှောက်ဟုဆို၏။

နှစ်အတန်ကြာလာသည့်အခါ နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော်(၆)ရက်နေ့ ဆွမ်းကပ်၊ဆွမ်းလောင်းအလှူဟာ တောရဆရာတော်ဘုရား၏ မွေးနေ့အလှူလုပ်ခြင်းလားဟု ထိုဒကာကိုရွာကျောင်းဆရာတော်ဦးအာဒိစ္စကမေး၏။

တိုးတိုးတိတ်တိတ်လှူ

ထိုဒကာ ဦးထွန်းစိက မှန်ပါကြောင်းနှင့် တောရဆရာတော်ကြီး သိရှိသွားပါက ခွင့်မပြုမှာစိုး၍ ယခုကဲ့သို့ တိုးတိုးတိတ်တိတ်လှူရကြောင်းပြန်လျှောက်သည်ဆို၏။

* နိုင်ငံတော်အစိုးရ၏ ၁၃၆၄ (၂၀၀၃) ခုနှစ် အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်သည့်စာစောင်

ဤသို့ဖြစ်လျှင် ဒကာတစ်ဦးတည်း မလုပ် ပါနှင့် နဘူးကျောင်း ရွာသူရွာသားတွေ သရက်ကန်ရွာ၊ ကံကြီးရွာစသည့် ဒါယကာတွေလည်း လှူနိုင်ရ အောင် ရွာကျောင်းဆရာတော် ဦးအာဒိစ္စက ဦးဆောင် ကျင်းပပါရစေ ခွင့်တော်င်းခဲ့သည်ဆို၏။

ရန်ကုန်အဖွဲ့လှူ

ထိုသတင်းအရ ရန်ကုန်မှ တပည့်များ ဖြစ်သော မိမိဦးသိမ်းဆောင် ဦးဆောင်၍ ဦးညွန့်လှိုင် ဦးညွန့်ရွှေ ဒေါ်တင်တင် ဦးကျော်တင် ဦးတင်ဝင်း ဦးထွန်းခင် စသည်မိသားစုများပါ နှစ်စဉ် စုပေါင်း အလှူငွေပို့၍ ပါဝင်လှူဒါန်းနိုင်ခဲ့ကြလေသည်။

မွေးနေ့ရေအလှူ ပြက္ခဒိန်လှူ

တောရဆရာတော်ဘုရားကြီး အသက်ရှည် ပါစေကြောင်း ဆုမွန်တောင်းလျှက် ရန်ကုန်မှ အထက်ပါ တပည့်ဒါယကာများက တောရဆရာ တော်ဘုရားကြီး၏ မွေးနေ့ရောက်တိုင်း ရွှေတိဂုံစေတီ တော်ကြီး အလယ်ပစ္စယံရှိ ဝေနေယျသုစရေချမ်းစင် အသင်းသို့ ရေအလှူတော်ငွေများ နှစ်စဉ် စုပေါင်းလှူ ဒါန်းခဲ့ကြပြီး၊ မေတ္တာလက်ဆောင် ပြန်လည်ရရှိခဲ့ သော ပြက္ခဒိန်များကို တောရဆရာတော်ဘုရားကြီး သီတင်းသုံးရာ နဘူးကျောင်းရန်ကင်းတောရ၊ လယ်ဝေး ထန်းတပင်တောရများရှိ တောရဆောင် သံဃာတော် များ တောရကျောင်းအသီးသီးရှိ တောရဆောက် မထေရ်များ စာတိနယ်ရှိ ရွာဦးကျောင်း ဆရာတော် များသို့ပါ နှစ်စဉ် ပို့အပ်လှူဒါန်းခဲ့ကြပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝ သာသနာကျမ်းစာလှူ

ကောဇာ ၁၃၆၄ ခုနှစ် တောရဆရာတော် ဘုရားကြီး၏ သက်တော်(၈၁)နှစ်ပြည့် ရန်ကင်း တောရကြီးရှိ ရန်ကုန်ဆရာတော်ဘဒ္ဒန္တဇာဂရိယထေရ်၏ သက်တော်(၅၈)နှစ်ပြည့် မွေးနေ့ဝိစာတမင်္ဂလာ အထိမ်းအမှတ် ပူဇော်ပွဲများအမှတ်တရအဖြစ် မြန်မာ နိုင်ငံ ပဋိပတ္တိသာသနာသမိုင်း၌ လွှမ်းမိုးထင်ရှားတော် မူသော 'မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝ သာသနာ' (ဆရာတော်ဦးယောသိတရေး) သည့် ကျမ်းစာကို ရန်ကုန်နှင့် နယ်တပည့်များ စုပေါင်းလှူ ငွေဖြင့် မိမိကစီစဉ်၍ (၁၉၊ ၁၁၊ ၂၀၀၂)ရက်စွဲဖြင့် အတွင်းမျက်နှာဖုံးတွင် ကွန်ပျူတာစာစီပြီး နဘူးကျောင်း ရန်ကင်းတောရကြီးသို့ ပေးပို့လှူဒါန်းခဲ့ကြပါသည်။

ဝိဋကတိုက်မှာထား၍ ရန်ကုန်ဆရာတော် နှင့် တောရဆောက်တည်သော မထေရ်အပေါင်း ဖတ်ရှုနိုင်ကြပါစေဟူ၍ ရည်သန်လှူခဲ့ပါသည်။

ရည်သန်ခဲ့

အထူးအားဖြင့် တစ်နေ့တစ်ရက်တွင် ရန်ကုန်ဆရာတော်မှ နဘူးကျောင်းဆရာတော် ဘဝအ ကြောင်း ရေးဖြစ်ပါစေဟူသော အတွင်းသဘော ရည်သန်ချက်ဖြင့် လှူဖြစ်အောင် လှူခဲ့ခြင်းလည်းဖြစ် ပါသည်။

အချိန်နှင့်ဒီရေသည်လူကိုမစောင့်

ပြက္ခဒိန်နှစ်များသည် တစ်နှစ်ပြီးတစ်နှစ် ပြောင်းလဲ၍သာနေခဲ့လေသည် ရပ်တဲ့နေသည်မရှိ၊ 'အချိန်နှင့်ဒီရေသည်လူကိုမစောင့်' ဆိုသည်နှင့်အညီ ပစ္စုပ္ပန်လူသားသည် မိမိအတွက်နှင့် နောင်းလူတို့

အတွက် ပြုဖွယ်မှန်သမျှ ပြုနေကြရမည်၊ ပြုခဲ့ကြရမည်သာ ဖြစ်ပါ၏။

တောရဆရာတော်ကြီး၏ သက်တော် ၈၁ နှစ် ခရီးရှည်ခဲ့လေပြီ။ မိမိ စာရေးသူ၏ အသက်လည်း ၆၀ ကျော်ခဲ့ပေပြီ။ နေရက်ထက် သေဘက်သို့ တရွေ့ရွေ့ ချီတက်လျက်ရှိနေချေပြီ။

မိမိအနေဖြင့်ကား စေ့ပ်တစ်ဆောင်သာ လှူနိုင်သေး၍ သမိုင်းစာတစ်စောင် မှတ်တမ်းရေးခဲ့ချင်ပါသည်။ အခြားသော ပညာရှင်တို့အမြင်အတွေ့များလည်း ရေးခဲ့စေချင်သော စေတနာ ဆန္ဒ အပြိုက်နှိုးဆောင်းနေလေ့ရှိခဲ့ပါသည်။

မိမိ၏ စေတနာဆန္ဒ အကောင်အထည်ဖော်လိုသဖြင့် ဆက်လက်တင်ပြမည်ဖြစ်သော ဆောင်ရွက်ချက်ကို စတင်ခဲ့ပါသည်။

မိမိအိမ်သို့ ကြွလာတော်မူစဉ် တောရကျောင်းများနှင့် ရုတင်ဆောင်မထေရ်များ မှတ်တမ်းရိုက်ရေး လျှောက်ထား

သိမ်အမှတ် ၁၄၆၊ မော်ဘီသိမ် သမုတ်ပွဲ ၁၇၊၃၊၂၀၀၃ နေ့ ကြွရောက်တော်မူခဲ့ပြီး တောရဆရာတော်ဘုရားကြီး သာကေတမြို့ မိမိအိမ်သို့ ၁၉၊ ၃၊ ၂၀၀၃ နေ့ ညနေပိုင်း ကြွရောက်တော်မူလာ၏။

တောရဆရာတော်ဘုရားကြီး ဘုရားဖြူကျောင်းတိုက်သို့ ရောက်ရှိနေကြောင်းကြား၍ မိမိက ဖုန်းဆက်၏။ တောရဆရာတော်က မိမိအား မကျန်းမာလျှင် မလာနဲ့၊ အိမ်သို့ကြွလာမည်ဟု မိန့်ကြောင်း ကိုညွန့်လှိုင်က တဆင့်ပြန်ပြော၏။

သို့အတွက် မိမိအပေါ်၌ တောရဆရာတော်ကိုယ်တိုင် ကြွလာခြင်းဖြစ်ကြောင်း သိရသဖြင့် များစွာဝမ်းသာကြည်နူးမိ၏။ သူတော်ကောင်းကြီးများ၏ ချီးမြှောက်မြ မွေ့တာဟုလည်း ထင်၏။

မိမိတို့ မိသားစုများနှင့် အိမ်နီးဝန်းကျင် မိသားစုများ ဦးရွှေအောင် ဒေါ်အေးအေးမာမိသားစုမှ နံနက်တိုင်း အရုဏ်ယူ ကားလှူသူဖြစ်၍ စုပေါင်းရှိခိုးကန်တော့ကြ၏။

တောရဆရာတော်ဘုရားကြီး၏ ညီအငယ်ဆုံး ဆရာတော် ဦးဣန္ဒသရလည်း ပါလာ၏။

ရောဝတီမြစ်ကူး မကွေးတံတားကြီး

'မင်း ထူထူထောင်ထောင် ရှိလာပြီပဲ' 'မင်းက မလာနိုင်တော့ ငါလာရတာပေါ့' ငါတော့ မကွေးတံတားကြီး ဧရာဝတီမြစ်ကူးတံတားကြီး တည်ဆောက်ပြီးဖြစ်လို့ မင်းတာဝန်ထမ်းဆောင်ခဲ့တဲ့ စကုမြို့ ငါ တောရဆောက်တည်ခဲ့တဲ့ ရွှေစက်တော်နဲ့ စကုမြောင်း ဦးတောရကို မကြာခင်ကပဲ ရောက်ခဲ့သေးတယ်' ဟု မိန့်၏။

မှတ်ချက် ။ ။ ၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁)ရက် (၆၊ ၂၊ ၂၀၀၄) နေ့ ရွှေစက်တော်နှင့် မြောင်းဦးတောရသို့ ဒေါ်ခင်မင်းဆီစက်၏ ကားဖြင့် တောရဆရာတော် သွားရောက်ခဲ့ပြီး (၈၊ ၂၊ ၂၀၀၄) နေ့ပြန်လာကြောင်း ဆရာတော်၏ နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ထားသည်ကို ဖတ်ရ၏။

မကွေးတံတားကြီးဆောက်ပြီး ရောက်ခဲ့တာ ၃ ခေါက်ရှိပြီ ဖြစ်ကြောင်းလည်း မိန့်၏။

တောရဆရာတော် မိန့်နေသည်မှာ ငါတော့ ကျန်းမာရေးကောင်းလို့ လမ်းတံတားတွေကလည်း ဆောက်ပြီးဖြစ်လို့ အသွားအလာလွယ်ကူလို့ အသက်ကလည်းကြီးပြီ နောက်အခါ သွားလာနိုင်တော့မှာ မဟုတ်လို့ သွားခဲ့ကြောင်းပြောဖို့ မိန့်ကြားနေသည်ဟု နားလည်မိပါ၏။

မိမိအနေဖြင့် တောရဆရာတော်ထက် အသက် (၂၁) နှစ်ငယ်သော်လည်း ထိုနေရာဒေသများသို့ မရောက်နိုင်တော့၊ မိမိ၏ ကျန်းမာရေးက ထိုမျှခရီးမဆိုထားဘိ၊ ဓာတ်ရှာနှင့် တောရဆရာတော် သီတင်းသုံးရာ တောရများသို့ပင် ရောက်အောင် မသွားနိုင်တော့။

ရန်ကုန်မြို့တွင်းသို့ပင် လိုင်းကားစီး၍ မိမိ တစ်ယောက်တည်း မသွားနိုင်သေး၊ ဆေးရုံ ဆေးခန်း ပြရလေတိုင်း အငှားကားဖြင့် အိမ်က လိုက်ပို့ပေးနေရသည့်ဘဝ။

ဤသို့သော သံဝေဂဉာဏ်များဖြင့် တောရဆရာတော်ဘုရားကြီးအား အောက်ပါအတိုင်း စာဖြင့်လည်း လျှောက်ထားခဲ့ဖူး၏။

'တောရကျောင်းများနှင့် ဓုတင်ဆောင်မထေရ်များ မှတ်တမ်းရိုက်ရေး' ခွင့်ပြုတော်မူပါဟု ထပ်မံ လျှောက်၏။

'အေးလေ မင်းက မှတ်တမ်းရိုက်ချင်တယ်ဆိုလို့ ရွှေစက်တော် တောရရှု' ဓာတ်ပုံတောင်ရိုက်ယူခဲ့သေးတယ်' ဟု မိန့်၏။

'ဒါနဲ့ မင်းက ဘယ်လိုရေး ဘယ်လိုရိုက်မှာလဲ' ဟု ထပ်မိန့်ပြန်၏။

တပည့်တော်က 'တောရဆရာတော်၏ ဓုတင်ဆောင် နှစ် ၄၀ ခရီး' ဘယ်နှစ်၊ ဘယ်ဝါ၊ ဘယ်မှာကပ်၊ ဘယ်သိမ်ကို သမုတ်၊ ဘယ်ကျမ်းရေးခဲ့ကြောင်းနှင့် တပည့်တော်တို့က ဘယ်လို ရိုက်နှိပ်ခဲ့ကြောင်း မှတ်တမ်း –

နောက်ပြီး တောရဆောက်တည်သော မထေရ်များ ဘယ်အရပ် ဘယ်ဒေသမှာ ရှိနေကြပြီဖြစ်ကြောင်း မှတ်တမ်း ရိုက်နှိပ်လိုကြောင်း လျှောက်ထားခဲ့၏။

တောရဆရာတော်ထံမှ တစ်စုံတစ်ရာ ကန့်ကွက်ကြောင်း မမိန့်တော့။

ရန်ကင်းတောရနှင့် ထန်းတပင် တောရများသို့ ကျမ်းစာများထပ်လှူ

နဘူးကျောင်း ရန်ကင်းတောရကြီးတွင် ကျမ်းစာများ လက်ကျန်မရှိတော့ ဟု ဆို၍ ရန်ကုန်ဆရာတော်သို့ သက်န်းရောင် အဆုံးအဖြတ်ကျမ်းစာ ၃၀ အုပ်၊ သိမ် ၁၀၀ မှတ်တမ်း၊ ၂၀–အုပ်၊ ဓုတင် အဆုံးအဖြတ်ကျမ်းစာ ၂၀–အုပ်၊ မေ့သံယုတ္တဂါထာကျမ်းစာ ၁၀–အုပ်၊ ဝန္ဒနာစုံကျမ်းစာ ၁၀–အုပ် ပေါင်း ၉၀–အုပ် လှူဒါန်းသည်။

ထို့နည်းအတူ ယခုနေပြည်တော် လယ်ဝေးမြို့နယ် ထန်းတပင်တောရနှင့် ဆုတောင်းပြည့်တောရများတွင်လည်း ကျမ်းစာများ လက်ကျန်မရှိတော့ ဟု သိရ၍ ဆရာတော်ဦးကောဝလသို့ သင်္ကန်းရောင်အဆုံးအဖြတ် ကျမ်းစာ ၃၀–အုပ်၊ သိမ် ၁၀၀ မှတ်တမ်း ၂၀–အုပ်၊ ဓုတင်အဆုံးအဖြတ်ကျမ်း စာ ၂၀–အုပ်၊ မေ့သံယုတ္တဂါထာကျမ်းစာ ၁၀–အုပ် ပေါင်း ၈၀–အုပ် ဆရာတော် ဦးကောဝလသို့ လှူဒါန်းလိုက်ပါသည်။

မှတ်ချက် ။ ။ မော်ဘီ သိမ်သမုတ်ပွဲ ကြွလာတော်မူကြရာမှ အပြန်ခရီး ကျမ်းစာများ လှူလိုက်ခြင်းဖြစ်ပါသည်။

ဆရာကြီး ဦးဟုတ်စိန်ရေးသည့် ပါဠိ မြန်မာ အဘိဓာန် ကျမ်းစာများ ဆုတောင်းပြည့် စာကြည့်တိုက်လှူ

ဆရာကြီးဦးဟုတ်စိန် (B.A,B.L)မြို့ပြီး ဗဟန်း မင်္ဂလာရပ်ဟာ အသင်းချုပ်၊ မိဋ္ဌကရပ်ဟာ

အဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေသည့် ပဒတ္ထမဥ္ဇူသာ ခေါ် ပါဠိ မြန်မာ အဘိဓာန်ကျမ်းကြီး ၁ အုပ်ကို မိမိ ဦးသိမ်းဆောင်+ဒေါ်ခင်တင့် သား ဒေါက်တာ ခင်မောင်ဦးမိသားစုနှင့် သိမ်ဖြူရပ်မြို့မှ ဦးစိုးရီ+ ဒေါ်ခင်စိန် သား ကိုကျော်ထူး (ရွှေပန်းထိမ်) မိသားစု များ စုပေါင်းကောင်းမှု ၅၀၀၀ိ/ - ဖြင့် ဝယ်ယူ မိမိ က စီစဉ်၍ ယခုနေပြည်တော် လယ်ဝေးမြို့နယ် ထန်းတပင်တောရ ဆရာတော်ဘုရားကြီး အမှူးထား ၍ ဆုတောင်းပြည့် တောရ စာကြည့်တိုက်တွင် ထားရှိရန် ဆရာတော် ဦးကေဝလ (၈၊၇၊ ၂၀၀၃) နေ့ အိမ်သို့ကြွလာသဖြင့် လှူဒါန်းလိုက်ပါသည်။

ပိဋကဗျူဟာ၏ ကြိုးပမ်းမှု

ထိုပါဠိမြန်မာ အဘိဓာန်ကြီးမှာ တိမ်မြုပ် ပျောက်ကွယ်လျက်ရှိရာ ပိဋကဗျူဟာအဖွဲ့သည် အစိုးအနှုန်း ထိုက်တန်လှသော ပိဋကတော်များကို ပြန်လည်ဖော်ထုတ်ခဲ့သည့် အားသွန်ကြိုးပမ်းမှု တစ်ရပ်လည်း ဖြစ်လေသည်။

ပါဠိ မြန်မာ ကျွမ်းကျင်တော်မူသော ဆရာ တစ်ဆူအနားမှာ ပူဇော်ထားသကဲ့သို့ သိလိုရာ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ကြောင်း မြန်မာစာ ဩဝါဒစရိယ အကျိုးတော်ဆောင် ဘဒ္ဒန္တ တိလောက သာရ မဟာထေရ် (ရဝေထွန်း) ၏ အမှာစာ၌ ဖော်ပြပါရှိလေသည်။

လိုရာရစေ

တောရဆရာတော် ဘုရားကြီးရေးသည့် ကျမ်းစာများကို ဆုတောင်းပြည့်တောရ ဦးကေဝလမှ ကွန်ပျူတာထားရှိပြီး စာစီကျွမ်းကျင်သော တောရ ဆောက်တည်သော မထေရ်များလည်း တောရဆရာ တော်များဘဝသို့ ရောက်ရှိလာကြသဖြင့် ထိုအဘိ ဓာန်ကြီး၌ လိုရာရာဖွေ ရနိုင်စေ၊ သုံးနိုင်စေဖို့ ရည်ရွယ် လှူဒါန်းကြခြင်း ဖြစ်ပါသည်။

မဟာသီဟနာဒတိုက်သို့လှူ

ဆရာကြီးဦးဟုတ်စိန် (B.A.,B.L) ၏ အဆိုပါပါဠိမြန်မာ အဘိဓာန်ကျမ်းစာကြီး ၁ အုပ် ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) မဟာသီဟနာဒ စာသင်တိုက်၊ လှိုင်သာယာမြို့သစ် သို့ မိမိတို့ အထက်ပါ မိသားစုများကပင် (၇၊ ၇၊ ၂၀၀၃) ရက်စွဲဖြင့် အတွင်းဖုံးတွင် အလှူရှင် များအမည် ရေးထိုးလျက် လှူဒါန်းခဲ့ကြပါသည်။

ကလျာဏီကျောက်စာ ပါဠိနိဿယ ပြုပြင် စီရင်

သာသနာ ၂၅၄၆ ကောဇာ ၁၃၆၄ ခုနှစ် နတ်တော်လ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ၌ တောရဆရာ တော်သည် ရန်ကုန်မြို့ ဘုရားဖြူဆရာတော် အရှင် ရာဇိန္ဒ(အဂ္ဂမဟာပဏ္ဍိတ) ပြုပြင်စီရင်တော်မူခဲ့သော 'ကလျာဏီကျောက်စာ ပါဠိ နိဿယ' ကျမ်းစာကို တောရဆရာတော် ထန်းတပင်တောရ၌ သီတင်း သုံးစဉ် ကပ်လျက်ရှိသော ဆုတောင်းပြည့် တောရ ဆရာတော် အရှင်ကေဝလထံမှာ 'ကွန်ပျူတာ' ရှိနေ သဖြင့် လည်းကောင်း၊ ကွန်ပျူတာ ကျွမ်းကျင်သော အရှင်များဖြစ်သည့် အရှင်ကုမာရ အရှင်ဣန္ဒောဘာသ စသည့် တောရမထေရ်များဘဝ ရောက်လာ သဖြင့် လည်းကောင်း၊ အသစ်တစ်ဖန် ပြန်လည်၍ ကွန်ပျူတာစာလုံးများဖြင့် စီ၍ (ဒုတိယအကြိမ်) ရိုက်နှိပ်စေသည်။*

---

* ကလျာဏီ ကျောက်စာပါဠိ နိဿယကျမ်းစာ ပြုပြင်စီရင်

ထိုကျမ်းစာအပေါ်အလေးထားခြင်းအကြောင်းရင်း

တောရဆရာတော်သည် ထို 'ကလျာဏီ ကျောက်စာ ပါဠိနိဿယ' ကျမ်းစာအပေါ်၌ အလေး ထားသည့် အကြောင်းရင်းများမှာ –

ထိုကျမ်းမာတိကာ၌ –

၁။ မဇ္ဈိမဒေသ သာသနာဝင် သမိုင်းပါရှိခြင်း၊
၂။ ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်ခြင်း၊
၃။ ရာမည မွန်ပြည်နယ်သို့ သာသနာရောက်လာခြင်း၊
၄။ ပုဂံသို့ သာသနာရောက်သောနှစ်
၅။ ရာမညတိုင်း၌ သိမ်သမုတ်ပုံ .
၆။ ဟံသာဝတီသာသနာဝင်
၇။ သိမ်အဆုံးအဖြတ်များ
၈။ သိန်းဃိုင်ဦးကျွန်း ဘာသာကိုဏ်းကွဲများ
၉။ ထိုကျွန်းသို့ ရဟန်းထပ်ခံစေရန် စေလွှတ်ခြင်း၊
၁၀။ ကလျာဏီမြစ်သိမ်စီမံခြင်း၊ ရဟန်းခံခြင်း
၁၁။ ဟံသာဝတီသို့ ထိုရဟန်းများ ပြန်ရောက်ခြင်း
၁၂။ မှုစေတီမင်း၊ ပဲခူး ကလျာဏီသိမ် သမုတ်ခြင်း
၁၃။ ထိုသိမ်၌ ရှစ်ရာသော မထေရ်ကြီးများနှင့် ရဟန်းများ ရဟန်းထပ်မံခံယူခြင်း
၁၄။ အမျိုးမျိုးသော သိမ်ပျက်များကို သုတ်သင်ရှင်းလင်းခြင်း
၁၅။ သာသနာတော်သို့ဝင်လျှင် အကျဉ်းချုပ် သိက္ခာပုဒ်များ သင်ကြားနားလည်စေပြီးမှ ရှင်အဖြစ်၊ ရဟန်းအဖြစ် ရဟန်းခံပေးရန် စသည့် အကြောင်းများနှင့် –

ဆရာတော် ဦးဖုစ်၊ ဦးဧယျ၊ ဗားကရာ သာသနာပိုင် ဆရာတော်ကြီးများ၏ သိမ်သမုတ် ကျောက်စာ မော်ကွန်းများ ပါရှိသောကြောင့် သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့စေရန် ရည်သန်ပြုစုခဲ့သော ကျမ်းဖြစ်၍ ပြန်လည်ပြုပြင်စီရင်တော်မူခြင်း ဖြစ်လေသည်။

မိမိအထက်၌ တင်ပြသည်မှာ လိုရင်းမျှသာ ကောက်နုတ်တင်ပြခြင်းဖြစ်လေသည်။ ထိုကျမ်းစာ၏ အနှစ်သာရမျှလောက် မာတိကာအရ ကောက်နုတ်၍ သိသာရန် တင်ပြခြင်းမျှသာ ဖြစ်ပါသည်။

တောရဆရာတော်၏ ဆောင်ရွက်မှု

တောရဆရာတော်သည် ထိုကျမ်းစာမျက်နှာဖုံးအောက်ပိုင်း၌ 'အယံဂန္ထော ဘဒ္ဒန္တတိသရေန ဝိစာရိတော' ပြုပြင်စီရင်သည့် ခုနှစ်၊ ဗုဒ္ဓဝသော ၂၄၆၆၊ မရမ္မဝသော ၁၃၆၄–ဟုသာ မှတ်တမ်းတင်ခဲ့သည်။

ဤကျမ်းစာကို အရှင်တိသရ မထေရ်သည် စိစစ်ခြင်းကို ပြုခဲ့သည်ဟု ပါဠိစာဖြင့်သာ မှတ်တမ်းတင်ခဲ့သည်။ မူရင်းဆရာ၏ ကျမ်းစာကို မိမိ၏ ကျမ်းစာအဖြစ် ပြန်လည် ပြုပြင်ရေးသားပါသည်ဟု မြန်မာလိုပင် မရေး၊

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်မှတ်တမ်း၌ ဓမ္မဒါန ထုတ်ဝေ၊ မှတ်တမ်း ဒုတိယအကြိမ် ပုံနှိပ်သူ သိမ့်အောဇ်ဆက်၊ ကွန်ပျူတာစာစီ ဆုတောင်းပြည့် တောရ အုပ်ရေ ၄၀၀ စာအုပ်ပြီးစီးကာလ ၁၃၆၄ ခု၊ နတ်တော်လ

၂၀၀၂–ခုနှစ်၊ ဒီဇင်ဘာလဟူသော မှတ်တမ်းတင်ထားသည်။

ကျမ်းပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘုရားဖြူ ဆရာတော် အရှင်ရာဇိန္ဒ၏ ဓာတ်ပုံ ထည့်သွင်း ဖော်ပြထားသည်။ မူလပုံနှိပ်ခြင်းမှာ သုဓမ္မဝတီ စာပုံနှိပ်တိုက်မှ ခရစ် ၁၉၃၈–ခုနှစ်က ရိုက်နှိပ်ကြောင်း အတိုး ၂/ပဲမျှဖြစ်ကြောင်း ထည့်သွင်း ဖော်ပြထားသည်။

ထိုကျမ်းစာထောင်းမှုရှင်များ

ပျောက်ကွယ်လုနီးပါး ရှားပါးနေပြီဖြစ်သော ဤကလျာဏီကျောက်စာ ကျမ်းစာကိုပါဠိ စာပေပညာရှင်များနှင့် သုတေသီတို့ အလွယ်တကူ ကြည့်ရှုနိုင်ရန် အလို့ငှာ –

- ကွယ်လွန်သူ ဖခင်ကြီးဦးဝန်သအား ရည်စူး၍
  ဦးစန်းလွင် (အောင်ချမ်းသာသစ်စက်) မိသားစု၊ ပျဉ်းမနားမြို့
- ကွယ်လွန်သူ ဖခင်ကြီးဦးမြင့်ဝေအား ရည်စူး၍
  သား ကိုအုန်းမြင့်+ဒေါ်တင်ရီ မိသားစု (ထိပ်တန်းတေးသံသွင်း) ပျဉ်းမနားမြို့
- ဦးသော်တာ၊ ဒေါ်ငွေငွေရီ မိသားစု (ဓာတ်ပုံဟောင်းများ ပြုပြင်လှူ) ပျဉ်းမနားမြို့

တို့က မြတ်နိဗ္ဗာန်ရည်မှန်း လှူဒါန်းကြပါသည်ဟု ကျောဖုံးတွင်ဖော်ပြပါရှိလေသည်။ သာဓုခေါ်ဆိုနိုင်ကြပါစေရန် ဤနေရာတွင် မှတ်တမ်းတင်ဖော်ပြလိုက်ရပါသည်။ ထပ်မံ ရိုက်နှိပ်နိုင်ပါက များစွာပင် အကျိုးများပါမည်။

တောရဆရာတော်သည် သိမ်များနှင့်စပ်၍ ဟံသာဝတီ၌ ဓမ္မစေတီမင်း သိမ်များအပေါ် စိတ်ဝင်စားမှုနှင့် ဆောင်ရွက်မှုများကို မကြာခဏ မိန့်ကြားလေ့ရှိခဲ့သည်။ အဘယ်သို့ မိန့်ကြားခဲ့သနည်း။

ဟံသာဝတီ ဓမ္မစေတီမင်း၏ သိမ်သံသယ

သာသနာတော်နှစ် ၂၀၀၂–ကောဇာသက္ကရာဇ် ၈၂၀–ခုနှစ်၌ ဟံသာဝတီ၌ နန်းတက်သော (ရာမာဓိပတိ အမည်ရှိသော) ဓမ္မစေတီမင်းသည် မြတ်စွာဘုရား သာသနာတော်ကို လွန်စွာ ကြည်ညို၏။

ထိုမင်းသည် ရဟန်းပညာရှိဘဝမှ မင်းဖြစ်လာသောကြောင့် သိမ်များနှင့် စပ်၍ သာသနာတော်ကြီးအရှည်တည်တံ့ရေး အမြဲ ကြံတွေးလျက် ရှိခဲ့သူဖြစ်၏။

ပဥ္စင်းဆိုသည် – သာသနာတော်သည် ရဟန်းသာမဏေအဖြစ်နှင့် စပ်၏။ ပဥ္စင်းအဖြစ်နှင့်လည်း စပ်၏။ စင်စစ်သော်ကား ဥပသမ္ပဒါ = ပဥ္စင်း၏ အဖြစ်သည် –

(၁) သီမာ = သိမ်၏ ပြည့်စုံခြင်း
(၂) ပရိသ = ပရိသတ်၏ ပြည့်စုံခြင်း
(၃) ဝတ္ထု = ရဟန်းလောင်းဟူသော ဝတ္ထု၏ ပြည့်စုံခြင်း
(၄) ဉတ် = ဉတ်၏ ပြည့်စုံခြင်း
(၅) ကမ္မဝါစာ = ကမ္မဝါစာ၏ ပြည့်စုံခြင်း

ထိုအင်္ဂါငါးပါးနှင့် ပြည့်စုံစွာ ရဟန်းဖြစ်လာသည်ကိုအစွဲပြု၍ (ပဉ္စ+အင်္ဂ = ပဉ္စင်္ဂ) ပဉ္စင်း ဦးပဉ္စင်းဟု ခေါ်ဆိုခြင်းဖြစ်၏။

မွေ့စေတီ

ပိဋကတ်သုံးပုံတည်းဟူသော တရားတော်၏ အနှစ်ကို သိသောကြောင့်လည်းကောင်း၊ မင်းတုန်းမင်းတရား ဆယ်ပါးကို ကောင်းစွာ ကျင့်ဆောင်သောကြောင့်လည်းကောင်း။ လူတို့၏ ပူဇော်ရာဖြစ်၍ မွေ့စေတီဟူသော အမည်နှင့် –

ရာမာဓိပတိ

ရာမညတိုင်းပြည်ကို အစိုးရသောကြောင့် ရာမာဓိပတိ ဟူသောအမည်တို့ဖြင့် ထင်ရှားလေသည်။

ဤနှစ်ပါးသော အမည်ဖြင့် ထင်ရှားသော သာသနဒါယကာ မင်းတရားသည် ထိုအခါ ဥပသမ္ပဒကံ၏ သမ္ပတ္တိ အင်္ဂါငါးပါးတို့ကို နှလုံးသွင်းလတ်သော် ယခုအခါ ကံဆောင်သော ရဟန်းတို့အား ဝတ္ထု၊ ဥတ္တိ၊ အနုသာဝနဤသုံးပါးသော အင်္ဂါတို့သည် ပြည့်စုံကောင်း၏။ သိမ်ပရိသတ်တို့၏ ပြည့်စုံခြင်းကို အဘယ်သို့ သိရပါအံ့နည်း ဟူ၍ အကြံဖြစ်လေသည်။*

(ဤကား ထိုကျမ်းစာ၏ စာမျက်နှာ ၁၀၆ မှ ၁၀၈ ထိ တို့မှ ကောက်နုတ်ချက်ဖြစ်ပါ၏)

တောရဆရာတော် မိန့်လေ့ရှိသော စကားများ

'မွေ့စေတီမင်းဆိုတာ ရဟန်းပညာရှိက မင်းဖြစ်လာသူ ဖြစ်လေတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သိမ်တွေအပေါ်မှာ သံသယဖြစ်တယ်၊ သိမ်သမုတ်ခြင်းကံတွေ ပြည့်စုံရဲ့လား။ ထိုသိမ်တွေမှာ ထပ်ပြီး ရဟန်းခံနေကြတာ ရဟန်းအစစ်မှ ဖြစ်ပါ့မလား၊ စသည် သံသယရှိနေတယ်' ဟု တောရဆရာတော်က မိန့်၏။

ဆက်၍ မိန့်သည်မှာ သို့အတွက် မြန်မာရဟန်းတော်တို့ သီဟိုဠ် (ယခုအခါ သီရိလင်္ကာ) နိုင်ငံကို လွှတ်ပြီး ကလျာဏီမြစ်ရှိ 'ဥဒကုက္ခေပ' မည်သော ရေသိမ်၌ ထမ်မံ ရဟန်းခံစေတယ်'

သီဟိုဠ်မှ ပြန်လာတဲ့ ရဟန်းတော်တွေက ပဲခူးကလျာဏီသိမ်ကို သံမယာရွေးပြီး သမုတ်တော်မူစေခဲ့ကြတယ်။

ထို ပဲခူးကလျာဏီသိမ်မှာ ရှစ်ရာသော ဂဏာစရိယ ဂဏပါမောက္ခမထေရ်ကြီးများနှင့်တကွ များစွာသော ရဟန်းများထပ်မံ၍ ရဟန်းခံယူခဲ့ကြတယ် မှု ဆောရှဆရာတော်သည် မကြာခဏ အရေးသန့်တိုင်း မိန့်လေ့ရှိသည်ကို မှတ်သားထားခဲ့ပါ၏။

'လူကြီးက ဆလေးပြန်ဖြစ်တယ်ဆိုတာ ထိုစဉ်ကပေါ့' ဟုလည်း မိန့်သော၏။

မူလ ဘုရားဖြူဆရာတော် အရှင်ရာဇ ပြုပြင်စီရင်အပ်သော 'ကလျာဏီကျောက်စာပါဠိနိဿယ' ကျမ်းစာရှိ တောရဆရာတော်အညီ ဘုရားဖြူတိုက်ကြီး၌ ပညာသင်ဘဝ၊ စာချဘုန်းကြီးဘဝ၌ ဖတ်ရသိရခဲ့၊ မြတ်နိုးခဲ့ခြင်းရှိသည်ဟု မှတ်အပ်ပါ၏။

သာသနာတော်ကြီး တည်တံ့ရေးတွင် သိမ်သည် မရှိမဖြစ် အရေးကြီးကြောင်း၊ ရဟန်းငယ်ဘဝကပင် အထူး အလေးထားတော်မူခဲ့ကြောင်း ယခု ဤကျမ်းစာကို ပျောက်ကွယ်မသွားရအောင် အသစ်တစ်ဖန်ပြုပြင် ရိုက်နှိပ်ခဲ့သည်မှာ ထင်ရှားလေပြီ။

အထက်ဖြစ်ရပ်များ ပြောဆိုမိန့်ကြားပြီးနောက်၊ ဒါကြောင့် 'ငါ့အနေတော့ သိမ်တွေကို ကောင်းစွာ သမုတ်ခဲ့တယ်' ဟု မိန့်လေ့ရှိလေသည်။

---

* ကလျာဏီကျောက်စာ ပါဠိ နိဿယကျမ်း စာ–၁၀၆ မှ ၁၀၈

'ကောင်းစွာ သမုတ်ခဲ့တယ်ဆိုသော' မိန့်ကြားချက်ကို မကြာခဏ အလျဉ်းသင့်တိုင်း ကြားရနာရသဖြင့် မိမိအနေနှင့် ဆင်ခြင်မိ၏။

ထိုစကားအရ ဆရာတော်က 'ငါ့ရဲ့ သီလစိတ်ချ' ဟု မိန့်လေသလား ဟူ၍ ဆင်ခြင်မိခြင်းဖြစ်ပါ၏။

ထိုမိန့်ကြားချက်များနှင့် ဆက်စပ်၍ သိမ်အလုံးပေါင်းများစွာ မြန်မာပြည်အနှံ့အပြားမှာ သမုတ်တော်မူခဲ့သည်ကိုလည်း မိမိကဲ့သို့ ဆင်ခြင်တော်မူမိကြလိမ့်မည် ထင်ပါ၏။

တောရဆရာတော် သမုတ်တော်မူခဲ့သော သိမ်များအပေါ်၌ 'သံသယ ဟူသော ကြံစည်တွေးတောမှု မဖြစ်ကြလေနှင့် သမ္မုတိဟူသော ပြည့်စုံခြင်းအင်္ဂါငါးပါးတို့သည် ပြည့်စုံပါသည်' ဟု မိန့်ကြားခဲ့လေခြင်းပါလားဘုရား။

မြည်တွင်း/မြည်ပ တောရ မထေရ်များ၏ လျှောက်ထားချက် ဖြေကြားတော်မူသည့် ကျမ်းစာ

မထေရ် ၆–ပါးမေး

တောရဆရာတော်ဘုရားကြီးထံသို့ ပြည်ပမှာ ယနေ့ ရောက်နေသည့် မလေးရှားရဟန်းတော်အရှင်ဥတ္တမဝံသ၊ ပြည်တွင်းမှ စကုဖြို့ အရှင်နန္ဒဝံသ၊ အင်းစိန် ညောင်ကန်အေး အရှင်ဓမ္မပါလ၊ မြစ်သားအရှင်ကောသလ္လ၊ တောင်တွင်းကြီး အရှင် စန္ဒိမာနှင့် အရှင်သာသန သည့် တောရမထေရ် ၆–ပါးတို့က မေးမြန်းလျှောက်ထားလာသော အမေးပုစ္ဆာများကို တောရဆရာတော် ဖြေကြားတော်မူခဲ့သည့် ကျမ်းစာတစ်စောင် သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄–ခုနှစ်တွင် ပုံနှိပ်စာအဖြစ်သို့ ရောက်လာ၏။

ကျမ်းငယ်တစ်ဆူ

တောရမထေရ်များဘာဝ ဖြတ်သန်းခဲ့ကြရာ၌ တွေ့ကြုံရသော အစက်အခဲများ၊ ဝိနည်းတော်အရ ဖြစ်သင့်ဖြစ်ထိုက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ သိလို၍ မေးလျှောက်ကြခြင်းဖြစ်လေရာ တောရဆရာတော်သည် ပိဋကအရာ၌ အထူး လိမ္မာကျွမ်းကျင်တော်မူသည်။ ထို့ပြင် လက်တွေ့အားဖြင့်လည်း ဝိနည်းတော်နှင့်အညီ နေထိုင်လိုက်နာကျင့်သုံးလျက်ရှိသည်ကို ဖူးမြင်ကြရသဖြင့် သိလိုရင်း အချက်များ သိရန် ယုံမှားသံသယများကို ပယ်၍ ဖြောင့်မတ်စွာ ယူနိုင်ရန်နှင့် စိတ္တဝိသုဒ္ဓိ = စိတ်အစဉ်၌ စင်ကြယ်စေရန် မေးလျှောက်ကြသည်များကို လိုရင်းမိအောင် အထောက်အထားကျမ်းစာများပါ ဖော်ပြ ဖြေကြားထားသော ကျမ်းငယ်တစ်ဆူဖြစ်တော်မူပါသည်။*

ဤသို့ဆိုလျှင် မည်ကဲ့သို့သော အမေးပြဿနာများကို မည်ကဲ့သို့ ဖြေကြားခဲ့လေသနည်း။

လူပုဂ္ဂိုလ်များအတွက်

ဝိနည်းဆောင် ဓုတင်ဆောင် ရဟန်းတော်များအတွက်ဆိုပါလျှင် ထိုကျမ်းစာငယ်ကို ဤနေရာ၌ အစမှအဆုံး ပြန်လည် ဖော်ပြသင့်ပါသည်။ သို့ရာတွင် မိမိရေးနေသည်မှာ ရဟန်းတော်များ ဖတ်ရန်ထက် လူပုဂ္ဂိုလ်များဖတ်ရန် သိရန်ကိုသာ ဦးတည်ရေးသားနေသဖြင့် ထိုကျမ်း၏ မေးခွန်း များကို တောရဆရာတော် ဖြေကြားပုံမှ လိုရင်းမျှ ကိုသာ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

* မြည်တွင်းမြည်ပတောရမထေရ်လျှောက်ထားချက် ဖြေကြားတော်မူသည့် ကျမ်းစာ

မလေးရှား အရှင်ဥတ္တမဝံသ မေး/ တောရဆရာတော် ဖြေ

မေး – တောရကျောင်းရှိ သစ်ပင်မခုတ်ရ၊ ခုတ်ပြီးသစ်တုံး ယူသွားခွင့်ပြုနိုင် မပြုနိုင်?

ဖြေ – တောရကျောင်းမြေ အစိုးရပိုင်မြေ၊ သာသနာပိုင်မြေ ဥပမာများစွာဖြင့် တောရဆရာတော် အနေဖြင့် အယူအဆများပါ ဖြေကြားထားပါသည်။

မေး – ပိဋကတ်၊ ပါ–ဠ–ဋီ စုံလင် နံ့စပ်လိုပါလျှင် ဘယ်ကျမ်းကစ၍ ကြည့်ရပါမည်နည်း?

ဖြေ – မဇ္ဈိမနိကာယ်က စကြည့်ပါ၊ ပါ–ကြည့်ပြီး ဠ–ကြည့်၊ ဋီ ကြည့် ထို့နောက် သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ဒီဃနိကာယ်၊ ခုဒ္ဒကနိကာယ်တို့ကို ကြည့်ပါ။

တောရဆရာတော်အနေဖြင့် ထိုအစဉ်အတိုင်း ကြည့်ခဲ့ကြောင်း ဖြေကြားထားပါသည်။

(ပါ=ပါဠိ၊ ဠ–အဋ္ဌကထာ၊ ဋီ–ဋီကာ)

မေး – ကြီးကန်ကျောင်း ပါ–ဠ–ဋီ ပိဋကတ် အလှူခံပုံနှင့် ရေစက်ချပုံ စုံစုံလင်လင် သိလိုပါသည်ဘုရား

ဖြေ – ပါ–ဠ–ဋီ ကျမ်းစာများကို တောရဆရာတော်က အလှူမခံခဲ့ပါ၊ ကြီးကန်ကျောင်း ဆရာတော် အလှူခံခြင်းဖြစ်သည်။ အလှူခံပုံ ရေစက်ချပုံ ယခုလက်ရှိ ဦးဇဋိလကို မေးပါ၊ သူသိသလောက် ဖြေပါလိမ့်မည် ဟု တောရဆရာတော် ဖြေထားပါသည်။

မေး – လဇ္ဇီရဟန်းပိုင်ပစ္စည်း အလဇ္ဇီ ရဟန်းအားပေးလှူခြင်းနှင့် အလဇ္ဇီက ပေးလှူသောပစ္စည်း လက်ခံသော်လည်း ကိုယ်တိုင် မသုံးဘဲ သူများ စွန့်ပစ်လိုက်လျှင် အာပတ်ဖြစ်သေးပါလား ဘုရား

ဖြေ – ထိုမေးခွန်းကို အကျယ်အားဖြင့် ရှင်းပြဖြေဆိုထားပါသည်။ ရဟန်းတော်များနှင့်ဆိုင်သော မေးခွန်းနှင့် အဖြေများဖြစ်ပါ၍ သိလိုက မူရင်း ကျမ်း၌သာ ကြည့်ရှုတော်မူကြပါရန်။

လဇ္ဇီ = ရှက်တတ်သည်၊ မကောင်းမှုကို ပြုခြင်းမှ ရှက်လေ့ရှိသည်။ ဒုစရိုက်သို့ ရောက်အံ့သည်မှ ရှက်သည်၊

အ–လဇ္ဇီ=အရှက်မရှိသည် .... (အဘိဓာန်)

မေး– သနားသောအားဖြင့် ဒကာ ဒကာမတို့ကို ဆေးကုပေးခြင်း၊ ဗေဒင်ဟောပြခြင်း အစရှိသော အနေသနကို ပြုလုပ်သော ရဟန်း၏ မိစ္ဆာဇီဝအမှု၊ ကုလဒူသနအမှု ဒုက္ကဋ်အာပတ်သင့်ပါ၏လော။

ဖြေ – ဆေးကုခြင်းသည် မိစ္ဆာဇီဝ ကုလဒူသန ဖြစ်ပါသည်။ ဒုက္ကဋ်အာပတ်လည်း သင့်ပါသည်။

မိစ္ဆာဇီဝ ကုလဒူသန = မှားသောအသက်မွေးခြင်း၊ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း (အဘိဓာန်)

မေး – ဝက်လက်ကုလားထိုင်ပေါ် ထိုင်အိပ်လျှင် မုဒုနီသစ်ဝုတင်ရသည်ဟုအချို့က ဆိုကြ၏။ ယင်းသို့ အိပ်လျှင် အာပတ်မှ မလွတ်ဟု ဆိုကြပြန်၏။ ဤအရာ၌ ဆရာတော် ဘယ်လို သဘောရပါသနည်း ဘုရား။

ဖြေ – မည်သို့နေလျှင် အာပတ်မှလွတ်သည်၊ မည်သို့နေလျှင် အပြစ်အာပတ်မှ မလွတ်၊ လက်ဘ်များပင် သီကုံးဖြေဆိုထားလေသည်။ လူပုဂ္ဂိုလ်များ နားလည်အောင် အတိုရှင်းရန် ခက်လှသည်။ လူတို့နှင့်လည်း မဆိုင်၍ မရေးတော့ပြီ။

နိသစ်ဝုတင်ထိုင်ခြင်း ဣရိယာပုတ်ဖြင့် နေလေ့ရှိသောအကျင့်–

မေး – သံပတ်စက်နာရီထဲမှာ ကျောက်ပါရှိသဖြင့် အနာမာသဝတ္ထုဖြစ်မဖြစ် ကျောက်စေ၊ ကျောက်တု ဘယ်လို ကွဲပြား ထူးခြားပါသလဲ ဘုရား

ဖြေ – ကျောက်တု = အပေါက်ဖောက်လို့ရ၊ ဒုက္ကဋ် အာပတ်မသင့်ဟု ယူဆကြောင်း ဖြေကြားတော် မူထားပါသည်။

မေး – တောရကျောင်း ဝါကပ်နေသော ရဟန်း သီတင်းကျွတ်လဆန်း ၁၄ ရက် မကျန်းမာ ဆေးကုသခံရန် မြို့ဆေးရုံ ချက်ခြင်းကြွပါက ဝါမပန်ဘဲ ထွက်လျှင် ဂါကျိုး၊ မကျိုး ပဝရဏာ ပြုခွင့်ရ၊ မရ အာပတ်သင့်၊ မသင့် ဆရာတော် ဆုံးဖြတ်ပေးတော်မူပါဘုရား

ဖြေ – အကြောင်းများ မှန်ကန်လုံလောက်ဖို့၊ ဝါပန်ထွက်သွားဖို့ လိုပါသည်။ မိမိကိုယ်တိုင်မကျန်းမာ၊ အမိ အဖနာခြင်း သီတင်းသုံးဖော်တို့ နာခြင်း ပင့်ခေါ်ခြင်းအကြောင်းများ မှန်ကန်လုံလောက်ဖို့ လိုသည်။ မှန်ကန်လုံလောက်ခြင်း မရှိဘဲ ဝါပန်ထွက်သွားလျှင် ကျောင်း ဥပစာမှအထွက် ဒုတိယခြေလှမ်းခြေလှမ်း၌ ဝါကျိုးသည်ဟု ညောင်လွန့်တောရဆရာတော် အရှင်မေဓါဝီ ဆုံးဖြတ်သည်ဟု ကြားဖူး၏။ ဆရာတော်လည်း ထိုအတူပင် နှုတ်မြွက်ဝါပန်မှသာ သွားကောင်း၏ဟု ဖြေဆိုတော်မူထားပါသည်။

မေး – ပစ္စည်းလေးပါးဒကာ မှတ်ပါဘုရားဟု လျှောက်ထားရာ လျှောက်ထားသည့်အတိုင်းသာ မှတ်ကောင်း၏။ ဘာပစ္စည်းကိုမျှ အလှူတော့ မခံကောင်း၊ မတောင်းကောင်း စသည်ဖြင့် မေးခွန်းအရှင်ကလည်း ဥပမာ ဥပမေယျများစွာဖြင့် ဖော်ပြလျှောက်ထား၏။

ဖြေ – တောရဆရာတော်ကလည်း ကျမ်းများနှင့်အညီ ပြည့်စုံအောင် ဖြေကြားတော်မူ၏။ မေးခွန်းရှင်၏ အမေးများသည်ပင် အဖြေ ဖြစ်နေပါသည်ဟုလည်း ဖော်ပြပါရှိလေသည်။

မေး – အားနည်းသော ဂိလာနရဟန်းသည် မွန်းလွဲသောအခါ အသားစွပ်ပြုတ်ကို အဖတ်မပါ အရည်သက်သက် သောက်ကောင်း၏ဟူသော ယူဆချက် ဆရာတော် ဘယ်လို သဘော ရပါသနည်း။

ဖြေ – ဆေးပါးငါးတို့ကို ခွင့်ပြုရာ၌ပင်၊ကာလ၊ ဝိကာလ နှစ်ချိန်နောက်ထပ် ပေါ်လာသောအခါမှသာ နှစ်ချိန်လုံးခွင့်ပြုတော်မူ၏၊ ဤအသားရည်၌ နံနက်သာ သောက်သင့်သည်ဟု ဖြေဆိုထားပါ၏။

မေး– မြို့တွင်းရှိ ဒကာပိုင်မြေတွင် ရက်ရှည်နေသည့်အခါ၊ ရွာတွင်း နေထိုင်ရေးဆိုင်ရာ သိက္ခာပုဒ်များ အချို့ ကျင့်စရာလို၊ မလိုသိက္ခာပုဒ် (၈) ပါး သိက္ခာပုဒ်(၄) ပါးကိုပါ မကျင့်ဘဲ လွတ်လွတ်လပ်လပ် နေထိုင်ခွင့်ရနိုင်ပါသလား ဘုရား။

ဖြေ– ဝိနည်းဥပဒေအထောက်အထားများနှင့် ပါဠိစာပိုဒ်များစွာဖြင့် တောရဆရာတော်ဖြေကြားတော်မူထား၏။

လူ ပုဂ္ဂိုလ်တို့နှင့်မဆိုင် ဖော်ပြခြင်းမပြုတော့ပြီ

မေး– ကရင်ဆော်ဒါ၊ ဘာလီဈော်ရည်၊ စပါကလင်၊ လီမွှော်ရည်၊ သံပုရာရည်အစရှိသော ကာလတာရှည်စွာ သိမ်းထားသော်လည်း မပုပ်မသိုးတတ်သော သဘောရှိသည့် ရေအေးနှင့် ဈော်စပ်ထားသည့်အတွက် ဘိလပ်ရည်မျိုးစုံ မွန်းလွဲသောက်ကောင်း၏ ဟုဆိုကြ၏။ သို့ရာတွင် ရေနွေးခါတုဗေဒနည်း၊ မီးဖြင့်ချက်အမှုန့်ပြုလုပ် ထို့နောက် ဈော်ရည်ဖြစ်အောင် ရေအေးဈော်စပ် ဖုလင်းထည့် သံသယများစွာကို မေး လျှောက်ထားခြင်းဖြစ်၏။

ဖြေ– နည်းမျိုးစုံဖြင့်ဖြေကြားတော်မူထားပါသည် ပါဠိတော်များစွာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များဖြင့် သံသယမှလွတ်စေရန် စိတ်ထားသည့်အတိုင်း မှန်လျှင်အပြစ်မှလွတ်၏ စစ်ပြီးမှအကပ်ခံ၍သုံးလျှင် အပြစ်ကင်းပါကြောင်း ဖြေဆိုထားလေသည်။

မေး– ဝင်စစ်မှန်ကန်သောပါဠိ(မာဂဓဘာသာ) အသံထွက်ပုံကို ရှာဖွေစုံစမ်းသုတေသနပြုရေးအတွက် တကောင်းရာဇဝင်နှင့် ယခုခေတ်သုံး ရေးအကျဆုံး သဒ္ဒါကျမ်းတို့၏ သမိုင်းအကျဉ်းချုပ်ကို နိုင်လုံသောအထောက်အထားဖြင့် ရေးသား၍ သနားချီးမြှင့်တော်မူပါဘုရား။

ဖြေ– ရေးသာကီဝင်လူမျိုးများသည် ဗမာပြည်အထက်ပိုင်း တကောင်းသို့ ၂ကြိမ်လာကြသည်ဟုကြားဖူး၏။

အဘိရာဇာတစ်ကြိမ်နှင့် ဓဇရာဇာတစ်ကြိမ် ပေါင်းနှစ်ကြိမ်ဖြစ်ပါသည်။ ပထမအကြိမ်လာသောအချိန်၌ ဗုဒ္ဓဂေါတမဘုရား မရှိသေးဟုကြားရ၏ ဒုတိယအကြိမ်လာသောအချိန်၌ကား ဗုဒ္ဓဂေါတမဘုရားရှိနေပြီဟုကြားဖူးပါ၏။

ယခုခေတ်စကားသံသည် ထိုအချိန်က ရှိနေသောသာကီဝင်လူမျိုးများထံမှ တိုက်ရိုက်ဆက်နွယ်လာသောအသံဖြစ်သည်ဟု ယူဆပါ၏။

ဟူ၍ ဆရာတော်မှတ်သားထားသမျှ ရေးသားဖြေဆိုထားသည်ကို အကျဉ်းမျှဖော်ပြလိုက်ပါ၏။

မေး– အာဏာ ဝိတိက္ကမန္တရာယိကဓမ္မ ဖြစ်လောက်အောင် နိဿဂ္ဂိ သံဃာဒိသိသ် အစရှိသောအာပတ်မျိုးသင့်ပြီး၍ မကုစားရသေးဘဲနှင့် ရတ်တရက် ပျံလွန်သွားသောရဟန်းအား ပျံလွန်ခါနီး စေကန်မလွဲ ဝိပ္ပဋိသာရ ဖြစ်ရမည်ဟူ၍သို့သော နိယတသဘောရှိပါ၏ လော။

ရှင်းလင်းချက် = ထိုမေးခွန်း၏ အဖြေကို ဖော်ပြခြင်းမပြုမီ ထိုမေးခွန်းသည် ပါဠိစာဖြင့် ရောထွေးနေ၍ လူပုဂ္ဂိုလ်များ သိသာရန် မေးခွန်း၏ ဆိုလိုရင်းကို ဦးစွာ ဖွင်းသမျှ ရှင်းပါဦးမည်။

အာဏာ ဝိက္ကမန္တရာယိကဓမ္မ = ရဟန်းတော်များ အာပတ် ၇–ပုံကို ကျူးလွန်ခြင်း။

ဝိပ္ပဋိသာရ = နောင်တ တစ်ဖန် ပူပန်ခြင်း

နိယတ = မြဲသော သဘော

မေးခွန်း ဆိုလိုရင်း = ရဟန်းတော်များ အာပတ် ၇ ပုံ ကျူးလွန်ပြီး ကုစားခြင်း မပြုရဘဲ ပျံလွန်ခဲ့လျှင် နောင်ဘဝတစ်ဖန် ပူပန်ခြင်း ဖြစ်ပါသလားဘုရားဟု မေးခြင်းဖြစ်ပါသည်။

ဖြေ – အာပတ်တန်းလန်းနှင့် သေသော ရဟန်းအား သေခါနီး ဂရုကံ ပြုထားသူမဟုတ်လျှင် ဝိပ္ပဋိသာရ ကောင်ဖြစ်ရမည် မဆိုနိုင်ပါ။ ဂရုကံပြုထားသူဆိုလျှင်တော့ ဝိပ္ပဋိသာရ ကောင်ဖြစ်ရမည့်သဘောမျိုး ဖြစ်ပါသည်။ အဘိဓမ္မာကျမ်းပါ ဒါနအစရှိ သေခါနီး အမှတ်ရတတ်သော ကံတို့တွင် ဂရုကံဆိုသည်မှာ အဆိုးဘက်၌ ပဉ္စာနန္တရိယကံ, အကောင်းဘက်၌ မဟဂ္ဂုတ်ကံတို့ကို ဆိုထားပါ၏။

သုတ္တန်ကျမ်းငယ်၌ မင်္ဂိုလ်ကို အန္တရာယ် ပြုတတ်သော အရာ၌ကား မေထုန်မှီဝဲသော ကံကို ဂရုကံသဘောမျိုး ဆိုထားပါ၏။

အစချီ၍ ပါဠိကျမ်း အထောက်အထားများ ပါ အဖြေစုံအောင် ပြထားပါ၏။

အထူးကား – သီလဝိသုဒ္ဓိ မဖြစ်လျှင် စိတ္တဝိသုဒ္ဓိ မဖြစ်နိုင်ရာ၊ သီလဝိသုဒ္ဓိ ပြည့်စုံမှ စိတ္တဝိသုဒ္ဓိ ဖြစ်နိုင်သည် (နီဝရဏကင်းအောင် စိတ်တည်ငြိမ်မှု သမာဓိကို စိတ္တဝိသုဒ္ဓိဟု ခေါ်သည်)

ယင်းစိတ္တဝိသုဒ္ဓိ ပြည့်စုံမှ နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်မည်။

ယင်းဝိသုဒ္ဓိပြည့်စုံမှ ပစ္စယ ပရိဂ္ဂဟဉာဏ် နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်သည်။ ယင်း ဝိသုဒ္ဓိပြည့်စုံမှ သမ္မသနဉာဏ် စသည်တို့ ဖြစ်ကြသည်။

(အဘိဓမ္မာတရားတော်ကြီး ၄၇၁–၄၈၁)

ဤစကားများအရ သီလဝိသုဒ္ဓိမရှိလျှင် တရားထူးရဖို့ ခက်ခဲသည်။ မရနိုင်ဘူးဟု ဆိုရာ ရောက်လောက်အောင်ပင် ခက်ခဲသည်ဟု မှတ်အပ်၏ ဟု တောရဆရာတော် ဖြေဆိုတော်မူထားပါသည်။

မှတ်ချက် – လူပုဂ္ဂိုလ်များနှင့်လည်း ဤမေးခွန်းနှင့်အဖြေသည် ဆိုင်ပါသည်။ ရဟန်းက ရဟန်းသီလ၊ လူက လူ့သီလ လုံဖို့ ဖြစ်ပါသည်။ သို့အတွက် အကျဉ်းချုပ်၍ လိုရာကောက်နုတ်တင် ပြလိုက်ရပါသည်။

မေးခွန်းရှင် အရှင်ဥတ္တမ၏ ပြန်လည် လျှောက်ထားလွှာ

မေးခွန်းရှင် အရှင်ဥတ္တမထံသို့ တောရဆရာတော်၏ ဖြေဆိုချက်များ ရောက်ရှိ၍ ဖတ်ရှုပြီးသောအခါ ပါဠိ၊ အဋ္ဌကထာဋီကာ ပိဋကတ်သုံးပုံကို အခေါက်ခေါက် ကြည့်ရှုလေ့လာပြီး ဓုတင်ဆောင် ဝိနယဂရုက လဇ္ဇီပေသလ ဆရာတော်ကြီးတစ်ပါး၏ အတွေးအခေါ် အယူအဆ ကျမ်းညှိနှိုင်းပုံအဆုံးအဖြတ်နှင့် လက်တွေ့ကျကျ ကျင့်သုံးနည်းများကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာရသဖြင့် အလွန်ပင် တန်ဖိုးထားသည့်အပြင် အချိန်အခွင့်ယူပြီး၍ စိတ်ရှည်လက်ရှည် အထောက်အထား ယုတ္တိယုတ္တာနှင့်တကွ စနစ်တကျ ဖြေရှင်းပေးသနားတော်မူသည့်အတွက် များစွာ ကျေးဇူးတင်အပ်ပါကြောင်း ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်' ဟု ပြန်လည်လျှောက်ထားလွှာ ပါရှိလေသည်။

ထိုအရှင်က ပါဠိဂါထာများဖြင့်လည်း လျှောက်ထားချက်ပါရှိလေသည်။

ထိုရဟန်းတော် အရှင်ဥတ္တမမှာ ထိုစဉ်က စကုမြို့နယ် မြောင်းဦး ရန်ကင်းတောရ၌ သီတင်းသုံးစဉ် မေးလျှောက်ခြင်းဖြစ်ရာ ၁၃၅၃–ခုနှစ်၊ နတ်တော်လဆုတ် ၁၃–ရက်နေ့ ဥတ္တမဝံသဘိက္ခု ဟု ဖော်ပြထားလေသည်။

အင်္ဂလိပ်စာနှင့် ပါဠိနာမည်ကြီးသည့် အရှင်ဥတ္တမဝံသ

ဤနေရာ၌ အရှင်ဥတ္တမဝံသ၏အကြောင်း အနည်းငယ်မျှ တင်ပြလို၏။

လွန်ခဲ့သော (၁၀)နှစ်ခန့်က မှန်တောင်ဆရာတော် အရှင်စန္ဒောဘာသ (မွှာစရိယ) ကောင်းစွာ မကျန်းမာ၍ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီးမှာ ရောက်နေကြောင်း ဖုံးဆက်လာ၏။

မိမိနှင့် ညီဖြစ်သူ ဦးညွန့်လှိုင်တို့ သွားရောက်ဖူးတွေ့ကြ၏။ အရှင်ဥတ္တမဝံသသည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်ပြီး တောရမထေရ်ဘဝသို့ ရောက်လာကြောင်း၊ အင်္ဂလိပ်စာနှင့် စကားပြော ကမ္ဘာနိုင်ငံ အသီးသီးအဆင့်မီ ကျွမ်းကျင်ကြောင်း ထို့ပြင် ပါဠိတော်များ၊ အလွန်မှတ်သားနိုင်သော ပဋိဘာန်ဉာဏ်ရည်အထူးရှိသော ဆရာတော်ဖြစ်ကြောင်း မှန်တောင် တောရဆရာတော်က မိန့်၏။

ထိုအရှင်နှင့် ပတ်သက်၍ ရွှေတောင်ကုန်းသို့ ခေတ္တဝင်ရောက်နားရို၊ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးအား ဖူးတွေ့၊ ဆေးကုသခံရန် ရောက်ရကြောင်း မိန့်၏။ အရှင်ဥတ္တမဝံသကို နောင်အခါ မိမိတို့လည်း ဖူးတွေ့ခဲ့ဖူး၏။ ယခုအခါ၌ကားမလေးရှား အရှင်ဥတ္တဝံသ ဆိုသည်မှာ ထိုအရှင်ပင်ဖြစ်သည်ဟု မှတ်ယူပါ၏။

စကုမြို့ အရှင်နန္ဒဝံသ မေး/ တောရ ဆရာတော်ဖြေ

စကုမြို့ အရှင်နန္ဒဝံသ ကန်ပေါက်ငယ်အနောက်တိုက်ဆရာတော်က ၁၃၄၂-ခုနှစ်၊ ပြာသိုလဆုတ် ၁၅-ရက်စွဲဖြင့် တောရဆရာတော် မြောင်းဦးရန်ကင်းတောရ၌ သီတင်းသုံးစဉ်က မေးလျှောက်၍ ဖြေကြားတော်မူခဲ့ခြင်းဖြစ်ပါ၏။

မေး - သားမွေးဝတ်ရုံကို ပညတ်ခွင့်ပြုတော်မူရာ၌ သားမွေးကို အပြင်ကထား၍ ဒုက္ကဋ်အာပတ် သင့်၏။ အတွင်းကထား၍ အာပတ်လွတ်၏ဟူသော သိက္ခာပုဒ်တွင် ဝတ်ရုံကို ရဟန်းများ အပ်သည်ဟူသော အဓိပ္ပါယ် သက်ရောက်နေပါသည်။

ထိုအတွက် ၎င်းသိက္ခာပုဒ်အကြောင်းကို ရှင်းလင်းစေလိုပါသည်ဟု လျှောက်ထားခြင်း ဖြစ်၏။

ဖြေ - ပါဝါစုလျား အဆုံးအဖြတ် ပါဠိဂါထာဖြင့်လည်းကောင်း ပါဠိ-မြန်မာပြန်များဖြင့်လည်း ဖြေကြားထားပါ၏။

လိုရင်းချုပ်ပါက - ကျောင်းအသုံးအဆောင်အဖြစ် လှူဒါန်းသောအရာ၌ ပါဝါစုလျားများကို ကောဇောကဲ့သို့ အခင်းပြု၍ သုံးဆောင်ကောင်းသည်ကိုလည်း အဋ္ဌကထာများ၌ တွေ့မြင်ရ၏။

ဆိုခဲ့ပြီးသော သာကေများကို ထောက်ထား၍ ပါဝါစုလျားကို အင်္ကျီကဲ့သို့ ချုပ်ထားသော အထည်မျိုးမဟုတ်၊ စောင်ကဲ့သို့ခြုံ၍လည်းကောင်း၊ ကောဇောကဲ့သို့ ခင်း၍လည်းကောင်း၊ သုံးဆောင်သင့်သော အထည်မျိုးဟု ဆုံးဖြတ်ပါ၏။

ထိုခြုံထည်ကိုလည်း သားမွေးပါလျှင် အမွေးကိုအတွင်းထား၍ ခြုံအပ်၏၊ အပြင်ထား၍ မခြုံအပ်ဟု အဋ္ဌကထာဆိုသည့်အတိုင်း မှတ်သားမိကြောင်းကို ရိုသေစွာလျှောက်ထားပါ၏ အရှင်တိသသ၊ ရန်ကင်း တောရ စကုမြို့ ဟုရေးထိုးထားပါသည်။

မှတ်ချက်- ပါဠိတော်များစွာကို ချန်လှပ်ခဲ့ပါသည် ရဟန်းတော်များအတွက် ရေးနေခြင်းမဟုတ်မူ၍ လူပုဂ္ဂိုလ်တို့အသင့်မျှ သိသင့်သည်ဟု ယူဆပါ၏။

အရှင်ဓမ္မပါလ ညောင်ကန်အေးမေး/တောရဆရာတော်ဖြေ

အရှင်ဓမ္မပါလ ညောင်ကန်အေးသာသနာရိပ်သာ အင်းစိန်ကြို့ကုန်း ရန်ကုန်မြို့ကမေး၍ တောရဆရာတော် ဖြေကြားတော်မူခဲ့သော အမေး/အဖြေများကို လိုရင်းကောက်နုတ်၍ အောက်၌ ဖော်ပြလိုက်ပါသည်။

မေး– ရှေးခေတ်ကုဋီများ၌ ကျင်ကြီးလမ်း ကျင်ငယ် လမ်းနှစ်လမ်းရှိသည်။ ထိုသို့ပြုလုပ်ရန် မလွယ်ကြောင်း မြတ်စွာဘုရားလည်း သိတော်မူသည်၊ ထိုသို့နှစ်လမ်းမပြုနိုင်၊ ယခုခေတ် ကုဋီများ နှစ်လမ်း ပေါင်းဆုံခြင်း ရဟန်းတော်များ အပ်စပ်/ မအပ်စပ် သိလိုပါကြောင်း မေးလျှောက်ခြင်း ဖြစ်ပါ၏။

ဖြေ – ပါဠိ၊ မြန်မာ စာပိုဒ် သုံးပိုဒ်ဖြင့် ရှင်းပြဖြေဆိုထား၏။ အတိုချုပ်ပါက ယခုခေတ် ရေလောင်းဝစ္စကုဋီ၏ ကျင်ကြီးတွင်းသို့ ကျင်ကြီးသွားသော လမ်းကြောင်းဝ၌ ရေထည့်ထားသော ကြွေခွက်စသည်ကို တတ်ဆင်ထားရာ ထို ကြွေခွက်ထဲ၌ ကျင်ကြီးကျင်ငယ် သန့်သက်ရေတို့ကို ကျစေခြင်းဖြင့် အပြစ်မရှိလောက်ပါဟု မှတ်အပ်၏ဟု ဖြေကြားတော်မူထားပါသည်။

မှတ်ချက် သံသယများစွာအနက် သံသယ = ယုံမှားမှု သို့လောသို့လောဖြစ်မှုများမှ ကင်းဝေးကြစေလို၍ မေးလျှောက်ခြင်း ဖြေရှင်းတော်မူခြင်း ဖြစ်ကြပါသည်။ ကြည်ညိုနိုင်ကြပါစေဟူ၍ ဖော်ပြလိုက်ပါသည်။

မြစ်သား အရှင်ကောသလ္လမေး၊ တောရဆရာတော်ဖြေ

၁။ မေး – သက်နီးချုပ်ပုံ ၃ မျိုး တွေ့ရပါသည်။ မည်သည့်ပုံစံ မှန်ပါသနည်းဘုရား၊ ငါးပိုင်း (၄)စပ် မြန်မိုက အစီကကျပါသလားဘုရား

ဖြေ – သက်န်းချုပ်ပုံ ၃–မျိုးကွဲရာ၌တောရဆရာတော်၏ အမြင်မှာ ဆိန္နတွာနှင့် ဒသောတွာ ကွဲကြခြင်းဟု မြင်ပါ၏။ ဤ ၂–မျိုး ပါဝင်နေသည့် (၅)ပိုင်း (၄) စပ်သည်များမှန်၊ ကြာမှန်ဖြစ်သည်ဟုယူဆပါ၏။

မှန် (၄) မျိုး

(၁) များမှန် = များလျှင် မှန်သည်ဟု ထင်၏။

(၂) ကြာမှန် = ကြာလျှင် မှန်သည်ဟု ထင်၏။

(၃) နိုင်မှန် = စစ်နိုင်သူဖြစ်လျှင်မှန်သည်ဟု ထင်၏။

(၄) အာဏာမှန် = အာဏာရလျှင် မှန်သည်ဟုထင်၏။

ဤမှန် ၄–မျိုးတို့တွင် ၁–နှင့် ၂–အမှန်များကို ဆိုခြင်းဟု မှတ်ပါ။ ထိုပြင် နှစ်ထပ် ဒုကုဋ်သင်္ကန်းကို ချုပ်ရာ၌ (၉)ပိုင်း (၈)စပ်မှစ၍ (၁၀၅) ပိုင်းမြတ်၍ (၁၀၄)ခါ စပ်ချုပ်ရသော သင်္ကန်းအထိ ရှိနေပါ၏ ဟု ဖြေကြားထားသည်။

၂။ မေး – ပံသုကူဆောင်ရဟန်းသည် ဒကာ၏ သင်္ကန်းကို အလှူခံရုံနှင့် ဓုတင်ပျက်ပါသလား သို့မဟုတ် ထိုသင်္ကန်းကို ဝတ်ရုံမှ ပျက်ပါသလားဘုရား

ဖြေ – 'ဂဟပတိဒါနစီဝရံပဋိက္ခိပါမိ' ဟု ပယ်ချမှုကို ထောက်လျှင် ပံသုကူဆောင်ရဟန်းသည် ပံသုကူ မဟုတ်သော လက်ရောက် (လှူကလှူသော) သင်္ကန်းကို အလှူခံသော ခဏ၌ ဓုတင်ပျက်၏ဟု မှတ်ရပေလိမ့်မည်။ သို့သော်လည်း မဟာဋီကာအလိုအားဖြင့် 'မိမိ သုံးဆောင်လိုသော စိတ်ဆန္ဒဖြင့် အလှူခံမှသာ' ဓုတင်ပျက်၏ဟု ဆိုသဖြင့် မိမိစိတ်ဆန္ဒ မရှိလျှင် မပျက်ဟု အဓိပ္ပါယ်ဆိုက်ရောက်နေပါ၏။

ဓုလ္လဋီကာအလို မိမိသုံးဆောင်လိုသောစိတ်ဆန္ဒမရှိဘဲ လှူသောဒါယကာ၏ စိတ်ကြည်လင်မှု

ကို စောင့်ထိန်းခြင်းငှာ မပယ်မှု၍၊ အခြားရဟန်းအား ပေးလှူမည်ဟု နှလုံးသွင်း၍ အလှူကို လက်ခံလျှင် ဓုတင်မပျက်ဟု မိန့်ဆို၏။

ဆိုခဲ့သော စကားများ၏အလိုမှာ အလှူခံ ရုံမျှဖြင့် ဓုတင်ပျက်ခြင်းသည် မသေချာပါ။ (မသုံး ဆောင်လိုဟူသော) စိတ်ကြောင့် ဓုတင်မပျက်လည်း ဖြစ်နိုင်သေး၏ဟု မှတ်ယူပြီးလျှင် ဝတ်ရုံသုံးဆောင် မှသာ ဓုတင်ပျက်ခြင်းသည် သေချာသည်၊ နိုင်မာ သည် ဟူ၍ မှတ်အပ်၏။

လူပုဂ္ဂိုလ်များ သိရန် အထူး

တောရရဟန်းတော်များ လက်ရောက် ကပ်လှူသော သင်္ကန်းအတွက် ထိုမျှအထိ ဆင်ခြင် ရသည်ကိုသိပါလျှင် လက်ရောက်ကပ်လှူမှ အလှူ မြောက်သည်ဟု စွဲယူသော ဆန္ဒဖြင့် မလှူမူဘဲ၊ လွတ်လပ်စွာ ပံသုကူပစ်လှူသင့်ကြပါကြောင်း တင်ပြလိုက်ရပါသည်။

၃။ မေး – ခွေးလှွင့်ငှား၍ ဝတ်အပ်သော သင်္ကန်း သည် 'ဂဟပတိဒါန' လူက လှူသော သင်္ကန်း ဖြစ်လျှင် ထိုသင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်း ဖြင့် ဓုတင်ပျက်ပါသလားဘုရား၊

ဖြေ – ထိုသင်္ကန်းသည် လူကလှူသော သင်္ကန်းဖြစ်လျှင် ဝတ်ရုံသုံးဆောင်ခြင်းဖြင့် ပံသုကူ ဓုတင်ပျက်၏။

အကယ်၍ ပံသုကူကောက်ယူထားသော သင်္ကန်းဖြစ်က မပျက်၊

တစ်နည်း – ငှား၍ဝတ်ခြင်းမဟုတ် ပိုင်ရှင် ရဟန်းက အပြီးအပြတ် ပေးလှူသဖြင့် ဝတ်ရုံသုံး ဆောင်ခြင်းဖြစ်ပါမူ ပံသုကူဓုတင်မပျက်ပါ၊

အဘယ်ကြောင့်နည်း၊ လူကလှူသော သင်္ကန်းမဟုတ်၊ ရဟန်းကလှူသော သင်္ကန်းဖြစ်ခြင်း ကြောင့်တည်းဟု ဖြေဆိုထားပါသည်။

၄။ မေး – မရှင်းနိုးသော ရဟန်းတစ်ပါးက အရှင်ဘုရား ဓုတင်ဆောင်ပါသလားဘုရား မေးပါက ဓုတင်ဆောင်ရဟန်းက မည်သို့ ဖြေသင့်ကြောင်း မေးလျှောက်ခြင်း ဖြစ်၏။

ဖြေ – အရှင်ဘုရား မေးထိုက်ပါလား ဘုရား၊ ပြန်မေးပါ၊ လူက မေးလျှင် ဤမေးခွန်းမျိုး ရဟန်းများ ကို မမေးထိုက်ဟု ထင်ပါသည်ဟု မိန့်ပါ ဟုဖြေဆို ထားပါသည်။

မှတ်ချက် ။ ။ ထပ်မံ၍ အစဉ် ၅–မှ ၁၇–အထိ ဓုတင်ဆောင် ရဟန်းတော်များ၊ အခြားသော ရဟန်းတော်များနှင့်ဆိုင်သော မေးခွန်းများ သိမ်နှင့် စပ်လျဉ်းသော မေးခွန်းများကို တောရဆရာတော် ဖြေကြားထားလေသည်။

ဆက်၍လည်းထိုမြစ်သားအရှင်ကောသလ္လ မေး၍ တောရဆရာတော် ဖြေဆိုထားသော မေးခွန်း (၁) မှ (၁၃) အထိ မေး/ဖြေများ ပါရှိလေသည်။

– တောင်တွင်း အရှင်သာသန မေး လျှောက်သော မေးခွန်း (၁) မှ (၄) ထိ မေး/ ဖြေများနှင့်

– တောင်တွင်း အရှင်စန္ဒိမာ မေး လျှောက်သဖြင့် မေးခွန်း(၁)မှ(၆)ထိနှင့် ထပ်မံ ၍ မေးလျှောက်သော မေးခွန်း (၁) မှ (၉) ထိ မေး/ဖြေများ ထိုကျမ်းစာပေါ်တွင် ပါရှိလေသည်။ အထူးသဖြင့် ဓုတင်ဆောင်ရဟန်းတော်များနှင့် ဆိုင် သော မေးခွန်းနှင့် အဖြေများ ဖြစ်လေရာ တစ်ပုဒ်စီ ဖော်ပြခြင်း မပြုတော့ပြီ။

သတိပြုရန်အထူး

လူပုဂ္ဂိုလ်များအနေဖြင့် သိရန်အထူးကား ဤသာသနာတော်၌ ဤကဲ့သို့သော စုတင်ဆောင်ရဟန်းတော်များနှင့်ဆိုင်သော ဝိနည်းလေးစားသော ရဟန်းတော်များ ရှိနေကြသော ကာလဖြစ်နေသေးသည်။ သာသနာတော်ကြီး ဆက်လက် တည်တံ့စေရန် မည်သို့ ဆောင်ရွက်သင့်သည်၊ ထိန်းသိမ်းသင့်သည်ကို သတိပြုရန် အထူးလိုအပ်မည်ဖြစ်လေသည်။

ထိုကဲ့သို့သော ရဟန်းတော်များနှင့် ဖူးတွေ့ခွင့်၊ ကြုံဆုံခွင့်ရနေသေးသော ကာလ၌ လူလာဖြစ်ကြရသည့် သူတော်ကောင်းများသည် မြင်အောင်ကြည့် သိအောင်လုပ်ရန်နှင့် မိမိတို့လည်း မဂ်ဖိုလ်နိဗ္ဗာန်ခရီး အမြန်လှမ်းနိုင်ကြရန်၊ စွမ်းနိုင်ရာက ပါဝင်ဆောင်ရွက်တော်မူနိုင်ကြပါစေဟူသော ဆန္ဒစေတနာဖြင့် ဤကျမ်းငယ်အကြောင်း တောရဆရာတော်ဘုရားကြီးနှင့် တောရမထေရ်များအကြောင်း သိသင့်သမျှ သိကြပါစေ၊ ကြည်ညိုနိုင်ကြပါစေ ဟူ၍ တင်ပြလိုက်ရပါသည်။ (စာရေးသူ)

ထိုကျမ်းစာ အလှူရှင်များ

ထိုကျမ်းစာပုံနှိပ်ရာ၌ အလှူရှင်များမှာ ပျဉ်းမနားမြို့မှ ဦးဇော်ဝင်း (နှင်းရာဇာ)၊ ဦးချိုဝင်း+ဒေါ်ကြေးမုံ (ရန်နိုင်)၊ ဦးငွေးလွင် (ပြန်ကပြေး)၊ ဦးသော်တာ+ဒေါ်ငွေးငွေးရီ၊ ဦးအောင်စိုးဝင်း+ဒေါ်ခင်ထွေး၊ ဦးသန်းလွင်+ဒေါ်စိန်စိန် (ရွှေပေါ်ထွန်း)၊ ဦးရွှေ+ဒေါ်ခင်သန်းမြင့်၊ မိခင်ဒေါ်လှရွှေ သားဦးစိုးဝင်း၊ ဦးကျော်အေး၊ ဒေါ်သန်းမြင့်+ဒေါ်မြခင်၊ မိသားစုများနှင့် ဘိုကလေးမြို့မှ ဦးတင်ထွန်း+ဒေါ်ကြည်ကြည်၊ ရေးမြို့မှ ဗိုလ်ကောင်းထက်သော်တာ၊ ဗလမင်းထက်သော်တာ၊ ဘိုကလေးမြို့မှ ဦးသံချောင်း+ဒေါ်တင်ငွေ၊ ကြာပင်ရွာနေ ဦးသာဒွန်း၊ ရန်ကုန်မြို့မှ ဦးဝင်းမြင့်+ဒေါ်သီသီအေး၊ ဗိုလ်ကြီးမောင်ထွန်း+ဒေါ်ခင်သန်းလှ၊ ဦးစိန်ဆိုင်+ဒေါ်ခင်ပုမိသားစုများနှင့် အမေရိကန်နိုင်ငံမှ မောင်မျိုးသူရ+ဒေါ်မိချိုနိုင် မိသားစုများ စုပေါင်းကောင်းမှုဖြင့် ဓမ္မဒါနအုပ်ရေ (၁၀၀၀) လှူဒါန်းထားကြသည်ကို တွေ့ရ၍ အမြတ်ဆုံး အလှူကို သာဓုခေါ်ရသည်။

ထပ်မံပုံနှိပ်နိုင်ကြပါစေလို

ထိုကျမ်းစာကို လယ်ဝေးဆုတောင်းပြည့် တောရဆရာတော် ဦးကောဝလ ဦးဆောင်၊ ဆုတောင်းပြည့် ကွန်ပျူတာဖြင့် တောရ အရှင်များ စီစဉ်ဆောင်ရွက်ပုံနှိပ်ခဲ့ကြရာ စုတင်ဆောင် သာသနာအရှည်တည်တံ့ရေးအတွက် ထိုကျမ်းစာ ထပ်မံ ရိုက်နှိပ်ဖြန့်ဝေလှူဒါန်းနိုင်ကြမည်ဆိုပါက အထူးပင် ကျေးဇူးများမည်ဖြစ်ပါကြောင်း တိုက်တွန်းနိုးဆော်အပ်ပါသည်။

တောရဆရာတော်၏ ဘဝ၌ သာသနာတော်အတွက် ဆောင်ရွက်သွားသည့် ကျမ်းစာလည်း ဖြစ်၍ ကွယ်ပျောက်မသွားသင့်ဟုလည်း ထင်ပါသည်။

၁၃၆၅ ခုနှစ်၊ နဘူးကျောင်း ရန်ကင်းတောရ၌ ဝါကပ်တော်မူ

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၂၀၀၃/၂၀၀၄) ခုနှစ် ရမည်းသင်းမြို့နယ်၊ စာတိရွာ နဘူးကျောင်း ရန်ကင်းတောရကြီး၌ တစ်လှည့် ဝါကပ်တော်မူသည်။

အသက်တော်အားဖြင့် ၈၂-နှစ်၊ ဝါတော်ပေါင်း ၆၃-ဝါ၊ တောရဆောက်တည်ခဲ့သည့် ဝါတော်ပေါင်း ၄၁-ဝါပြည့်လေပြီ။

တစ်လှည့်စီ

လွန်ပြီးနှစ် ၁၃၆၄–ခုနှစ်က လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရကြီးမှာ ဝါကပ်ခဲ့ပြီး၊ ထန်းတပင်တောရမှာ ဆက်တိုက်ဝါကပ်ခြင်းမပြု၊ တစ်လှည့်စီ ဝါကပ်တော်မူသည်မှာ တောရကြီး (၂)ခုလုံး အနီးအနားရှိ ကျေးရွာများသည့်တပည့်ဒါယကာများကို တစ်လှည့်စီ ချီးမြှောက်လို၍ ဖြစ်ကြောင်း ယခု ဤစာများ ရေးနေချိန်တွင်မှ သဘောပေါက်နားလည်ရတော့သည်။

အသိရခက်

ဆရာတော်၏ အတွင်းသဘော ရည်ရွယ်ချက်များ ဘယ်သို့ရှိသည်ကို မိန့်လေ့မရှိ၊ အနီးနေတပည့်ကြီးများ အနေဖြင့်မှ အကဲခတ်နိုင်ကြမည်ထင်ပါသည်။

(မိမိ အထက်စာပိုဒ်များကို ရေးထားခဲ့သည်ကိုဤနေရာ၌ တဆက်တည်းမရှင်းလို၊ ဆက်လက်ရေးသွားမည် နောက်ပိုင်းကာလရောက်မှ စွမ်းသမျှရှင်းပြ ရေးပြပါတော့မည်။

သက်တော် ၈၂–နှစ်မြောက်မွေးနေ့ အလှူ

၁၃၆၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆–ရက်နေ့တွင် တောရဆရာတော်ဘုရားကြီး၏ သက်တော် ၈၂–နှစ်မြောက် မွေးနေ့ပူဇော်ပွဲကို နဘူးကျင်းရန်ကင်းတောရတွင် ရန်ကုန်ဆရာတော်ဘဒ္ဒန္တစာဂရိယထေရ်က ဦးဆောင်၍လည်းကောင်း–

နဘူးကျင်းကျေးရွာအုပ်စုအတွင်းရှိ ရွာဦးကျောင်းဆရာတော်များကို နဘူးကျင်းကျောင်းဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသကဦးဆောင်ပင့်ဖိတ်၍လည်းကောင်း နှစ်စဉ်ကျင်းပမြဲအတိုင်း ကျင်းပပြုလုပ်မည်ဟုကြားသိရပါသည်။

သို့အတွက် ရန်ကုန်မြို့မှ တပည့်၁၂ဦး စုပေါင်း၍ မွေးနေ့ပူဇော်ပွဲ ဆီ မီး၊ဆွမ်း၊ ဆေးနှင့် ရေချမ်းအလှူ– ပြက္ခဒိန်အလှူ၊ပါဠိမြန်မာအဘိဓာန် ကျမ်းစာအလှူများပါ အောက်ပါအတိုင်းပေးပို့လှူဒါန်းခဲ့ကြပါသည်။

၁။ဆီမီးအလှူ – မြတ်စွာဘုရားသို့ ဆီမီးပူဇော်ရန်ဆီ ၁၀ ပိဿာ(၁)ပုံးဝယ်၍ ဒေါ်အုန်းကြင်မှတဆင့် ရန်ကုန်ဆရာတော်သို့လှူရန်– ငွေ ၁၆၀၀၀ိ/– (တစ်သောင်းခြောက်ထောင်)

၂။ဆွမ်းအလှူ –ရွာဦးကျောင်းဆရာတော်ဦးဆောင်သည့် ဆွမ်းကပ်လှူပွဲအတွက် ဒေါ်အုန်းကြင်မှတဆင့် ငွေကျပ်၃၀၀၀၀ိ/–(သုံးသောင်း)

၃။ ဆေးအလှူ – တောရဆရာတော်ဘုရားကြီးကျန်းမာသက်ရှည်စေရန်(Supradyn) ဆေး (၁) ဘူး ၁၈၀၀၀ိ/–(တစ်သောင်းရှစ်ထောင်) သုံးလ တစ်ကြိမ် ရာသက်ပန်ဆေးအလှူ

၄။ ရေချမ်းအလှူ– တောရဆရာတော်ဘုရားကြီးသက်ရှည်ကျန်းမာစေရန် ရွှေတိဂုံစေတီတော်ဝေနေယျသုခရေချမ်းစင်အသင်းသို့ နှစ်စဉ်(မွေးနေ့တိုင်း)ရေအလှူ – ၄င်းမှမေတ္တာလက်ဆောင်ပြက္ခဒိန် (၇၀)တောရကျောင်းများတောရဆရာတော်များ၊ ရွာကျောင်းများသို့လှူ – ၁၄၀၀၀ိ/–(တစ်သောင်းလေးထောင်)

၅။ ဆရာကြီးဦးဟုတ်စိန် B.A.,B.L ပြုစုသည့် ပဒတ္ထမဉ္ဇူသာ ခေါ် ပါဠိမြန်မာ အဘိဓာန်ကြီး (၁) အုပ် ၅၀၀၀ိ/– (ငါးထောင်ကျပ်)

ရန်ကုန်ဆရာတော် ဘဒ္ဒန္တဇာဂရိယထေရ်၏ မွေးနေ့အလှူ

နဘူးကျောင်း ရန်ကင်းတောရတွင် သီတင်းသုံးလျက်ရှိသည့် ရန်ကုန် ဆရာတော် ဘဒ္ဒန္တဇာဂရိယထေရ်၏ ၁၃၆၅ ခုနှစ်တွင် သက်တော် ၅၉ နှစ်ပြည့် မွေးနေ့မှာ တန်ဆောင်မုန်းလကွယ်နေ့ နှစ်စဉ်ကျင်းပမြဲ ဖြစ်လေရာ တောရဆရာတော် ၂ ပါး၏ မွေးနေ့ ပူဇော်ပွဲများ အမှတ်တရအဖြစ် ရာကျော်အသက်ရှည်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက် ပါဠိမြန်မာအဘိဓာန်ကျမ်းစာတွင် ကမ္ပည်းရေးထိုး၊ ၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ (၁၊ ၁၀၊ ၂၀၀၃) ရက်စွဲထိုးလျက် မိမိစီစဉ်သူက ပေးပို့လှူဒါန်းခဲ့ပါသည်။

ရန်ကုန်မှ တပည့် ဒါယကာ ၁၂ ဦးမှာ အောက်ပါအတိုင်း ဖြစ်ပြီး နှစ်စဉ်လည်း ထို အလှူရှင်များပင် စုပေါင်းလှူခဲ့ကြပါသည်။

၁။ ရဟန်းမယ်တော် ဒေါ်တင်တင်နှင့် မိသားစု၊
၂။ ဦးညွန့်လှိုင်+ဒေါ်ခင်လွမ်း မိသားစုများ၊
၃။ ဦးကျော်ဇင်+ဒေါ်တင်မြတ်သီ မိသားစုများ၊
၄။ ဦးသိမ်းဆောင်+ ဒေါ်ခင်တင့် မိသားစုများ၊
၅။ ဦးညွန့်ရွှေ+ဒေါ်သန်းမြင့် မိသားစုများ၊
၆။ ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ မိသားစုများ၊
၇။ ဦးထွန်းခင်+ဒေါ်နု မိသားစုများ၊
၈။ ဦးအောင်ဖုန်း+ဒေါ်ဖြူဖြူလွင် မိသားစုများ၊
၉။ ဦးတိုးကြည်+ဆရာမ ဒေါ်ခင်စန်းဝင်း မိသားစု၊
၁၀။ ဦးမောင်မောင်ဝင်း+ ဆရာမဒေါ်သင်းသန်းနု၊
၁၁။ ဦးစိုးရီ+ဒေါ်ခင်စိန် သားကိုကျော်ထူး၊
၁၂။ ဦးကိုကိုလေး+ဒေါ်ခင်အုန်းမြင့် မိသားစု (တောင်ငူမြို့) တို့ ဖြစ်ကြပါသည်။

မှတ်ချက် – မွေးနေ့ပူဇော်ပွဲဆိုသော်လည်း မြို့ကြီးများမှာကဲ့သို့ လူပရိသတ်များစွာ မဟုတ်၊ ဆိမ်းလှူ၊ ဆွမ်းလောင်း၊ ဆွမ်းကပ်တိုးတိုးတိတ်တိတ် ဆိတ်ဆိတ်ငြိမ်ငြိမ်သာ ဖြစ်လေသည်။

၁၃၆၅ ခုနှစ်၌ သိမ် (၂၂) လုံး သမုတ်တော်မူခဲ့

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၂၀၀၃/၂၀၀၄) ခုနှစ်၌ တောရဆရာတော်သည် သိမ်အလုံးပေါင်း (၂၂) လုံး သမုတ်တော်မူခဲ့သည်။

သိမ်အများဆုံး သမုတ်သောနှစ်

တောရဆရာတော်၏ တစ်သက်တာ သိမ်များကို သမုတ်ရာ၌ ၁၃၆၅ ခုနှစ်သည် သိမ်အလုံးပေါင်း (၂၂) လုံး အများဆုံး သမုတ်တော်မူခဲ့သောနှစ် ဖြစ်နေလေသည်။

♦ အဘယ်ကြောင့် ဤမျှအထိ သမုတ်ခဲ့လေသနည်း။

♦ အဘယ်ကြောင့် ဤမျှအထိ သမုတ်လိုကြလေသနည်း။

ဤလောက၌ ဖြစ်ပေါ်လာသမျှသော အရာများသည်လည်း အသိရခက်လေသည်။

ထိုနှစ် သမုတ်တော်မူခဲ့သော သိမ် (၂၂) လုံးမှာ အောက်ပါအတိုင်းဖြစ်ပြီး သိမ်အမှတ်စဉ်အားဖြင့် ၁၄၇–မှ ၁၆၈–ထိ ဖြစ်လေသည်။

ထိုသိမ်မှတ်တမ်းများကို ဖတ်ရှုကြည့်ခြင်းအားဖြင့် ထိုနှစ်အတွင်း မြန်မာပြည်တစ်နံတစ်လျား

ဆရာတော် ပြေးလွှား ကြွရောက်တော်မူခဲ့ပုံများကို မြင်နိုင်လေသည်။

သာသနာတော်ကြီး အရှည်တည်ရေး မည်မျှပင် အလေးထားတော်မူခဲ့ကြောင်းလည်း သက်သေတည်ခဲ့လေသည်ဟု ထင်သည်။

သိမ်အမှတ် ၁၄၇–ရွာသာသိမ်

သာသနာ၂၅၄၇–ကောဇာ၁၃၆၅ –ခုနှစ် ကဆုန်လဆန်း (၈)ရက် ကြာသပတေးနေ့၊ နေ့လည် (၂)နာရီ ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ရွာသာကျောင်းတွင် (၂၆)ကြိမ်မျှ သိမ်နှုတ်ထားသောမြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် (၂၆)ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ်၁၄၈–မောင်ညိုမြောက်ကျောင်းသိမ်

သာသနာ ၂၅၄၇၊ ကောဇာ၁၃၆၅(၁၀–၅–၂၀၀၃)ခုနှစ် ကဆုန်လဆန်း(၁၀)ရက် စနေနေ့ည (၈)နာရီ(၅)မိနစ်အချိန် ယခုနေပြည်တော် လယ်ဝေးမြို့နယ် မောင်ညိုကျေးရွာ မောင်ညို မြောက်ကျောင်းဝင်းအတွင်း (၁၉၄) ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် (၅၃) ပါးတို့သည် ထိုသိမ်ကို သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၄၉–သာဝတ္ထိသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၁၁၊ ၅၊ ၂၀၀၃) ခုနှစ်၊ ကဆုန်လဆန်း (၁၁)ရက်၊ တနင်္ဂနွေနေ့၊ နေ့လွဲ (၁)နာရီ (၁)မိနစ်အချိန် ယခုနေပြည်တော် လယ်ဝေးမြို့နယ်၊ သာဝတ္ထိကျေးရွာ အုပ်စု သာဝတ္ထိကျောင်းဝင်းအတွင်း အကြိမ်များစွာ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် (၆၉) ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၅၀–ကျွန်းရောင်းသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၁၅၊ ၅၊ ၂၀၀၃) ခုနှစ် ကဆုန်လဆန်း ၁၅–ရက်၊ ကြာသာပတေးနေ့ည (၉)နာရီ (၃၀)မိနစ်အချိန်၊ ယခုနေပြည်တော် ပျဉ်းမနားမြို့နယ်၊ ကျွန်းရောင်းကျောင်းဝင်းမြေပြင်၌ (၂၂) ကြိမ်မျှ သိမ်နှုတ်ထားသော ကျွန်းရောင်းသိမ်ကို တောရဆရာတော် ဦးဆောင်သော သံဃာတော် (၄၉) ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၅၁–ရက္ခမူသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၂၇၊ ၅၊ ၂၀၀၃) ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၂) ရက် အင်္ဂါနေ့၊ နေ့လွဲ (၁)နာရီ (၁)မိနစ်အချိန် ယခုနေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်ကြီးစု ကျေးရွာကျောင်းတွင် (၂၃၀) ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် ၃၄ ပါးတို့ ထိုသိမ်ကို သမုတ်ခဲ့၏။

သိမ်အမှတ် ၁၅၂–ဘုရားသုံးဆူသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၁၃၊ ၆၊ ၂၀၀၃) ခုနှစ်၊ နယုန်လဆန်း (၁၄) ရက်၊ သောကြာနေ့ နေ့လွဲ (၂) နာရီ (၃၃) မိနစ်အချိန် ယခုနေပြည်တော် လယ်ဝေးမြို့နယ် ဘုရားသုံးဆူစေတီအနီး (၁၁၆) ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော

ရဟန်းတော် (၄၈) ပါးတို့သည် ထိုသိမ်ကို သမုတ်ခဲ့ကြသည်။

သိမ်အမှတ် ၁၅၃-ကျောက်မျှာသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅၊ (၁၉၊ ၁၂၊ ၂၀၀၃) ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၁) ရက် သောကြာနေ့ နေ့လွဲ (၂)နာရီ (၃၃) မိနစ် အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ်၊ ကျောက်မျှာမြေအပြင်၌ (၂၂၉) ကြိမ် သိမ်နှုတ်ထားခဲ့သည်ကို တောရဆရာတော်ဦးဆောင်သော ရဟန်းတော် (၂၄) ပါးတို့သည် ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၅၄-ကြို့စလုပ်သိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၂၃၊၁၂၊၂၀၀၃)ခုနှစ် ပြာသိုလဆန်း (၂)ရက်၊ ဗုဒ္ဓဟူးနေ့၊ နေ့လွဲ (၃) နာရီ၊ (၃၉) မိနစ်အချိန် ယခုနေပြည်တော် လယ်ဝေးမြို့နယ် ကြို့စလုပ် အမည်ရှိကျောင်းတွင် ၁၄၉-ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် (၄၈) ပါးတို့ ထိုသိမ်ကို သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၅၅-မန်ကျည်းကန်သိမ်

သာသနာတော်နှစ် ၂၅၄၇၊ ကောဇာ ၁၃၆၅၊ (၁၇၊ ၁၊ ၂၀၀၄) ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၁) ရက်၊ စနေနေ့ ည (၁၀)နာရီ (၅၆)မိနစ်အချိန် မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မန်ကျည်းကန်ကျောင်းဝင်း (၁၅၅) ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် (၅၇) ပါးတို့ ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၅၆-ဈောက်ဆိပ်ကုန်းသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၁၈၊ ၁၊ ၂၀၀၄) ပြာသိုလပြည့်ကျော် (၁၂)ရက်၊ တနင်္ဂနွေနေ့ နံနက် (၁၀)နာရီ (၃၆) မိနစ်အချိန် မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ် ဈောက်ဆိပ်ကုန်းအုပ်စု၊ ဈောက်ဆိပ်ကုန်းကျောင်း အတွင်း (၅၅) ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် (၄၄) ပါးတို့သည် ထိုသိမ်ကို ကောင်းစွာသမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၅၇-ကျီးဖြူရိုးသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၄၊ ၂၊ ၂၀၀၄) တပို့တွဲလဆန်း (၁၄)ရက်၊ ဗုဒ္ဓဟူးနေ့ည (၉)နာရီ (၁၀)မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ကျီးဖြူရိုးကျောင်းဝင်း အကြိမ်များစွာ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် (၃၀) ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၅၈-ရန်ငြိမ်းတောရ ဓဇ္ဇာသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅၊ (၁၃၊ ၂၊ ၂၀၀၄) ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈)ရက်၊ သောကြာနေ့ နေ့လည် (၁)နာရီ (၃၂) မိနစ်အချိန် မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ် သဲကွဲရွာအနီး ရန်ငြိမ်းတောရ ကျောင်းဝင်းတွင် အကြိမ် (၂၀၀) မျှ သိမ်နှုတ်ထားသော မြေအပြင်၌ ပထမ ဓဇ္ဇာသိမ်ကို ဆရာတော် ဦးဆောင်သော ရဟန်းတော် (၃၀)ပါးတို့က ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၅၉–ဓမ္မပါလခဏ္ဍသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅၊ (၁၄၊၂၊၂၀၀၄) ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၉)ရက် စနေနေ့ နေ့ (၂)နာရီ (၄၂) မိနစ်အချိန် မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ တောင်သာမြို့နယ် ဓမ္မပါလကျောင်းဝင်း (၁၀၀)ကြိမ်မျှ သိမ်နုတ်ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင်သော ရဟန်းတော် (၁၀၄) ပါးတို့သည် ခဏ္ဍသိမ်ကို ဦးစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၆၀–ဓမ္မပါလ မဟာသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၁၄၊ ၂၊ ၂၀၀၄) ခုနှစ် တပို့တွဲလပြည့်ကျော် (၉)ရက် စနေနေ့ အထက်ပါ ခဏ္ဍသိမ်ကို သမုတ်တော်မူခဲ့ကြပြီး ဆက်လက်၍ ညနေ (၃) နာရီ (၄၂)မိနစ်အချိန် ကျောင်းပရဝုဏ်ကြီးတစ်ခုလုံး မဟာသိမ်ကြီးအဖြစ် သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၆၁–ကော့ဝါလဲမဟာသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၂၇၊ ၂၊ ၂၀၀၄) ခုနှစ်၊ တပေါင်းလဆန်း (၈)ရက် သောကြာနေ့ ကရင်ပြည်နယ်၊ ကော့ကရိတ် ကျုံဒိုး ကော့ဝါလဲ အေးချမ်းသာယာတောရကျောင်း ပရဝုဏ်ကြီးတစ်စုလုံးကို (၁၉၀၀) ကြိမ်မျှ သိမ်နုတ်ထားပြီး တောရဆရာတော် ဦးဆောင်၍ ရဟန်းတော်ပေါင်း (၁၀၂) ပါးတို့ဖြင့် မဟာသိမ်ကြီးကို သမုတ်တော်မူခဲ့ကြသည်။

မှတ်ချက် – ကော့ဝါလဲ ခဏ္ဍသိမ်ကို သိမ်အမှတ် ၁၃၈-ဖြင့် ၁၃၆၄–ခုနှစ်က သမုတ်ခဲ့ပြီး ယခု မဟာသိမ်ကြီးကို သမုတ်တော်မူရာ ထိုဒေသထိုနယ်ရှိ ရဟန်းတော်ပေါင်း (၁၀၂) ပါးတို့ နည်းယူမှတ်သားနိုင်ခဲ့ကြလေသည်။

ကရင်ပြည်နယ်၊ ကော့ကရိတ်၊ ကျုံဒိုးနယ်မြေရှိ ကော့ဝါလဲ သိမ်သို့ တောရဆရာတော် ဦးဆောင်သော နောက်ပါရဟန်းတော်များစွာ ကား (၄) စီးဖြင့် ကြွရောက်ခဲ့ခြင်းဖြစ်သည်။

ထိုခရီးမှ မိုးညို သိမ်သမုတ်ပွဲသို့ ထိုကား (၄) စီးဖြင့် ခရီးဆက်ခြင်းပြုမည်။ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်တွင် ခေတ္တဝင်နားမည်ဟု ကြိုတင်ဖုန်းသတင်းရရှိခဲ့သည်။

ဆရာတော် ကျန်းမာရေး ကြိုတင် သတင်း ဆရာတော် ဦးကေဝလထံမှရရှိ

တောရဆရာတော်နှင့် တောရဆောင်နောက်ပါမထေရ်များစွာ ကြွလာမည်။ မိုးညို သို့ သိမ်သမုတ်ကြွမည်။ တောရဆရာတော်နှင့် နောက်ပါရဟန်းတော်များမှာ ကား (၄) စီးဖြင့် လာမည်၊ ဘုရားဖြူမှာ ခေတ္တဝင်နားစဉ် တောရဆရာတော်၏ ကျန်းမာရေး အလုံးစုံစစ်ရန် သံဃာဆေးရုံကြီး ဗဟန်းမှာ စစ်လိုသည်ဟု ယခုနေပြည်တော် ပျဉ်းမနားမြို့မှ နေ၍ ဆုတောင်းပြည့်ဆရာတော် ဦးကေဝလက ကြိုတင်ဖုန်းဆက် သတင်းပေးထားသည်။

စစ်တောင်းဆရာတော်ထံမှ

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ နတ်ကန်ချောင်း တောရဆရာတော် ဘဒ္ဒန္တဥာဏိန္ဒ ထေရ်ကြီးမှလည်း မိမိထံသို့လည်းကောင်း၊ သာကေတမြို့ (၁)ရပ်ကွက် ဇင်မလမ်းနေ ပစ္စည်းလေးပါး ဒါယကာ ဦးမြင့်သိန်း၊ ဒေါ်ခင်လှဲဝေတို့ထံသို့ လည်းကောင်း၊ ဖုန်းဆက်၍ တောရဆရာတော်ကြီးအတွက် လိုအပ်

ရာမှန်သမျှ ဆောင်ရွက်ကြပါ၊ တောရဆရာတော်ကြီးမှာ သက်တော်ကြီးပြီဖြစ်၍ အထူး ဂရုစိုက်ကြပါဟု ကြိုတင် မိန့်ထားချက်ရှိသည်။ အထူးသဖြင့် ကားအပို့အကြို လုပ်ပေးပါ မိန့်၏။

ဘုရားဖြူသို့ ကြွလာ

ဘုရားဖြူကျောင်းတိုက်မှ ဦးစန္ဒိမာကလည်း ဖုန်းဆက်သည်။ ၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း (၉) ရက် (၂၈၊ ၂၊ ၂၀၀၄) နေ့ ညနေ တောရဆရာတော်ကြီးနှင့် တောရဆောင် သံဃာတော် (၁၅)ပါးတို့ ကြွလာကြပြီ၊ ရောက်ရှိနေပြီ ဆိုလာသည်။

သို့အတွက် ဦးမြင့်သိန်း ဒေါ်ခင်လှဲဝေတို့ ကားဖြင့် မိမိတို့ ဘုရားဖြူကျောင်းတိုက်သို့ သွားရောက် ဖူးတွေ့ကြသည်။ တောရဆရာတော်ကြီး၏ ကျန်းမာရေး ယခုနေပြည်တော်ပျဉ်းမနားမြို့ရှိ ဒေါက်တာ ပေါ်မြင့်ဦးနှင့် အခြားဆရာဝန်ကြီးများ၏ စစ်ဆေး ချက်များအရ 'ဆီးမကောင်း၊ ရေများများ သောက်ပါ' ဟု မှတ်ချက်ရှိနေကြောင်း မိန့်သည်။

ကျန်းမာရေးစစ်မည်

မိုးညိုသို့ မကြွမီ ခေတ္တနား၍ ကျန်းမာရေး စစ်ဆေးချက်များ သံဃာ့ဆေးရုံကြီး ဗဟန်းမှာ လုပ်ရန် ဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေးသို့ပြောပြီးဖြစ်ကြောင်း၊ မနက်ဖြန် နံနက် (၉)နာရီ ချိန်းထားပြီးကြောင်း လျှောက်ထား၏။ လက်ခံ၏။

ရွှေဒါး ဆရာတော်ဘုရားကြီး

ထူးခြားသည်မှာ သက်တော် ၈၄၊ ဝါတော် ၆၄–ရှိသည့် ရမည်းသင်းမြို့ ရွှေဒါးဆရာတော်ဘုရားကြီးဟု လူသိများလှသည့် ဆရာတော် ဦးနန္ဒဝံသ တောထွက်လာသည်။ ထန်းတပင်တောရသို့ ရောက်လာသည်မှာ (၃) လခန့်ရှိပြီ၊ ၎င်း၏ တပည့် (၅)ပါးကို ကျောင်းအရာမ်၏ အဆောက်အဦး ပစ္စည်းအားလုံး အပြီးအပိုင်လွှဲခဲ့ပြီး တောထွက်လာသည် ဆို၏။

ယခု ရန်ကုန်ခရီးတွင် သက်တော် ဝါတော် အကြီးဆုံးဖြင့် လိုက်ပါလာ၏။

နဘူးကျောင်းတောရ ဆရာတော်ထက် သက်တော် ဝါတော် (၂) နှစ်ကြီး၏။ အရွယ်တော်ကြီးသော်လည်း ကျန်းမာရေးကောင်း၏။ ဤခရီးကို လိုက်ပါလာနိုင်သည်။ ဘဝလက်ကျန်အချိန်များကို 'နဘူးကျောင်းတောရဆရာတော်ကဲ့သို့ တောရဆောက်တည်ပါတော့မည်'၊ 'ဂါမဝါသီအဖြစ် မနေလိုတော့' ဟု ဆုံးဖြတ် တောထွက်လာကြောင်း သိရသည်။

သာသနာတော်ကြီး မဆုတ်ယုတ်ကြောင်းနှင့် ကြီးပွား တိုးတက်ကြောင်း 'ဘိက္ခု အပရိဟာနိယတရားများ' တွင် သင့်တင့်လျောက်ပတ်သော ကာလ၌ မိမိဘဝ လွတ်မြောက်ရေးအတွက် သီလကို ချစ်မြတ်နိုးတော်မူကြကုန်သော ရဟန်းတော်များသည် အရညကင် ဓုတင်ကျင့်ဆောင်ရန် တောထွက်ရမည် ဟု မြတ်စွာဘုရား မိန့်တော်မူခဲ့၏။

မြတ်စွာဘုရား၏ အဆုံးအမတော်၌ တည်သော တောထွက်လာတော်မူသော ရွှေဒါးဆရာတော်ဘုရားကြီးအား ဆွမ်းလောင်းလာ လူအများနှင့် ရန်ကုန်ရှိ ဆွေမျိုးများက အံ့သြ ဝမ်းမြောက်ဝမ်းသာ ဖူးကြကုန်၏။

မထေရ်ကြီး ထေရ်ငယ်များစွာ

တောရဆရာတော်ဘုရားကြီးနှင့် အတူ နတ်မောက် လဲဘူးတောရဆရာတော် ဘဒ္ဒန္တ နယန

သက်တော် (၈၁)၊ ဝါတော် (၆၁)လည်းပါလာ၏။ မှန်တောင်တောရဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ (ဓမ္မာစရိယ)၊ ဆုတောင်းပြည့်တောရဆရာတော် ဘဒ္ဒန္တကောဝလ၊ ရွှေစေတီတောရဆရာတော် ဘဒ္ဒန္တ ဣသရိယနှင့် တောရဆောင်မထေရ်ငယ်များစွာလည်း ပါလာ၏။ တောရဆောင်ရဟန်းတော်ပေါင်း (၁၅)ပါးဖြစ်၏။ ရမည်းသင်း ယခုနေပြည်တော်တပ်ကုန်းပျဉ်းမနားတို့မှ ကား(၄)စီးဖြင့် ကြွလာခြင်းဖြစ်၏။

ကော့ဝါလဲ သိမ်သမုတ်ပြီး ကြွလာ

အထက်ပါ တောရဆရာတော်နှင့် ရဟန်းတော် (၁၅) ပါးတို့ မော်တော်ကား (၄) စီးဖြင့် သိမ်အမှတ် (၁၆၁) ကော့ဝါလဲမဟာသိမ်ကို တပေါင်းလဆန်း (၈)ရက် (၂၇၊ ၂၊ ၂၀၀၄) နေ့ကကြွရောက်၊ သမုတ်တော်မူခဲ့ကြပြီး မိုးညိုတွင် သိမ်သမုတ်ရန်ရှိ၍ ခရီးဆက်လာရာ ရန်ကုန်တွင် ခေတ္တ ဝင်ရောက်နားခြင်းဖြစ်၏။

ထူးခြားချက် – ထူးခြားချက်မှာ တောရဆရာတော်၏ဘဝ၌ မော်တော်ယဉ် (၄)စီးဖြင့်နောက် ပါသံဃာ (၁၅)ပါးတို့ပါ ဝေးလှသည့်ခရီးကို ကြွ ရောက်သည်မှာ ထူးခြား၍ နေတော့သည်။

ဤခရီးရှည်မျိုး ဤမျှသော သံဃာတော်များပါ ဤတစ်ကြိမ်သာ ရှိခဲ့သည်ထင်သည်၊ နောင်သောအခါ ဤကဲ့သို့ ကြွပါလေဦးမည်လား။

အရုဏ်ယူရန် ဆွမ်းလောင်းရန်

တောရဆရာတော် ရန်ကုန်သို့ ကြွလာလေတိုင်း၊ တောရအရုဏ်ယူရန်၊ ဆွမ်းလောင်းနိုင်ကြရန် မိမိက ဦးညွန့်လှိုင်၊ ဦးတင်ဝင်း၊ ဦးကျော်စင်၊ ဦးထွန်းခင်၊ အစ်မကြီး ဒေါ်တင်တင် စသည့် တပည့်ဒါယကာများသို့ ဖုန်းဆက်၊ သတင်းပေး အသိပေးရသည်။ ဘုရားဖြူတိုက်မှ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ နန္ဒိယာဘိဝံသနှင့် တပည့် အရှင်စန္ဒိမာတို့ထံ ဆက်သွယ်လျှောက်ထား ညှိနှိုင်းကြရသည်။

၂၉၊ ၂၊ ၀၄ နေ့ အရုဏ်ယူ

၁၃၆၅ ခု၊ တပေါင်းလဆန်း (၁၀) ရက် (၂၉၊၂၊၂၀၀၄) နံနက်အရုဏ်ယူရေးကို သာကေတမြို့ (၁) ရပ်ကွက်၊ ဇဂ်မလမ်းနေ ဦးမြင့်သိန်း၏ ကားဖြင့် မိမိပါ ဘုရားဖြူသို့ သွားပင့်ကြပြီး သန်လျင်တံတားကြီးပေါ်မှာ ခေတ္တမျှ အရုဏ်ယူကြသည်။ အရှည် (၃)မိုင်ရှိသော တံတားကြီး၏ အလယ်တည့်တည့်မှာ တောအရုဏ်ရလေသည်။

နေထွက်အလင်းရောင် တက်လာချိန်ကြည့် ရှုခြင်းကိုမူ ရှမ်းသာကျောင်းတိုက်ကြီးများ၏ ကမ်းနားသို့ပို့၍ သီလဝါဆိပ်ကမ်း သန်လျင်တံတားကြီး မြစ်ပြင်ပေါ်သို့ တက်လာသော နေ၏အရောင်ကို ကြည့်၍ တောရဆရာတော် နာရီကြည့် မှတ်သားတော်မူသည်။

ထိုနေ့ အရုဏ်ယူရာသို့ ဦးညွန့်လှိုင်လည်း အတူ ပါသည်။ ထိုနေရာမှ ပြန်ကြွလာ၊ ဘုရားဖြူတိုက် ပြန်ရောက်သက်နှံ၍ ဆွမ်းခံ ထွက်တော်မူကြသည်။

ဆွမ်းလောင်းလှူကြ

ဘုရားဖြူကျောင်းတိုက်အထွက် လမ်းမပေါ်မှနေ၍ တပည့် ဒါယကာများက သပိတ်ကိုယ်စီလွယ်၍ ထေရ်စဉ်အလိုက် ထွက်လာသော တောရဆောင် မထေရ်ကြီးငယ်အပေါင်းကို ဆွမ်း/ဆွမ်းဟင်း သစ်သီးများ လောင်းထည့်လှူကြသည်။

သတိမူကြရန်

တောဆရာတော်ကြီးသို့ လောင်းရန် ဆွမ်းပေါင်း၍ ဆွမ်းဟင်းပေါင်း၍ ဒေါ်စန်း (ဂါတ်ဗိုလ်ကြီး၏ ဇနီး) က စီစဉ်ထားသည်။ ယင်းသို့ ပြုခြင်းမှာ ဆွမ်းနှင့် ဆွမ်းဟင်း တကန့်စီ ဖြစ်စေချင်သည်။ ဆွမ်းနှင့်ဆွမ်းဟင်း သပိတ်မှာ လောင်းထည့်သည်ဆိုသော်လည်း ဆရာတော်ကြီး အလိုရှိသလိုသုံးဆောင်နိုင်ရန် ဖြစ်သည်။

ထိုကဲ့သို့ စီမံသည်ကို နောက်မှ ရောက်လာသော ဒါယိကာမ (၂) ဦးက အလုအယက် ခပ်လှမ်းလှမ်းမှ နေ၍ လောင်းထည့်သဖြင့် တောရဆရာတော် သပိတ်ဖုံးပိတ်၍ ဆက်အလှူမခံ၊ ကျောင်းပေါ်သို့ ပြန်ကြွ၊ ဆွမ်းဟင်းအနည်းငယ်မျှဖြင့် ထိုနေ့က ရောင့်ရဲတော်မူလေသည်။ (သတိမူနိုင်ကြပါစေရန် ဤနေရာ၌ တင်ပြအပ်ပါသည်။)

အမြင်ထူး ဖူးကြရ

ဆွမ်း/ဆွမ်းဟင်းများ သပိတ်သို့ လောင်းကြရသည့် ရန်ကုန်ဒါယကာ/ဒါယိကာမများအနေဖြင့် အမြင်ထူး အတွေ့ထူး ဝမ်းသာနေကြ၏။ သိမ်ကြီးပေါ်နှင့် ကျောင်းဆောင်အောက်၌ သပိတ်ဖြင့် ဆွမ်းဘုန်းပေးနေကြသည်။ တောရဆောင်မထေရ်များကို အနီး ခပ်လှမ်းလှမ်းမှ ဖူးမြင်ကြရ၍ အသစ်အဆန်း ဖြစ်နေကြလေသည်။

၁၊ ၃၊ ၂၀၀၅ နေ့ အရုဏ်ယူ

၁၃၆၅ ခု၊ တပေါင်းလဆန်း (၁၁) ရက် (၁၊ ၃၊ ၂၀၀၅) နေ့ နံနက်အရုဏ်ယူ တောရဆရာတော်ဘုရားကြီးနှင့် တောရဆောင်မထေရ်များ ဦးမြင့်သိန်း၏ ညီ ကိုမြင့်လွင်မောင်းသော ကားနှင့် နယ်မှ ပါလာသော ကား (၁)စီး ပေါင်း (၂)စီးဖြင့် ယမန်နေ့ကနေရာ သန်လျင်တံတားကြီးပေါ်သို့ ကြွရောက် အရုဏ်ယူခဲ့ကြသည်။

မိမိအနေဖြင့် ကျန်းမာရေးမှာ အကောင်းကြီးမဟုတ်သော်လည်း အရုဏ်ယူခြင်း မပျက်စေလိုဆရာတော်၏ဘဝ ပါရမီ ကုသိုလ် အနည်းမျှပင်ဖြစ်စေ၊ ပါချင်ရချင်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

ဆွမ်းလောင်းလှူကြ

ထိုနေ့ နံနက် (၇)နာရီခန့် ယမန်နေ့က အတိုင်းပင် ဆွမ်းလောင်းလှူကြသည်။ ဆွမ်းလောင်းသူ ပို၍များလာသည်။ အလုအယက် လောင်းကြသဖြင့် သပိတ်များ ပြည့်လျှံကုန်သည်။

ဆွမ်း၊ ဆွမ်းဟင်းများအပြင် ငှက်ပျောသီး၊ ဖရဲသီး၊ ပန်းသီး၊ အချိုရည်ဗူး၊ ဆပ်ပြာ၊ ပရုပ်ဆီ ဆေးမျိုးစုံလည်း လှူကြသည်။

သံဃာ့ဆေးရုံကြီးမှာ ဆေးစစ်

၁၊ ၃၊ ၂၀၀၅ ထိုနေ့ နံနက် ဆွမ်းစားပြီး နံနက် (၉) နာရီ ဗဟန်းဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဦးမြင့်သိန်း ကိုမြင့်လွင်တို့ကားဖြင့် တောရဆရာတော်ကို ပင့်၍ သွားကြသည်။

သံဃာ့ဆေးရုံကြီး အထူးခန်း ၂ မှာအသင့်ပြင်ထားပြီး ဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေးနှင့်အဖွဲ့က ဓာတ်မှန်ရိုက်၊ သွေး၊ ဆီး၊ ဝမ်း E.C.G နှလုံးစက်များဖြင့် စစ်ဆေးကြသည်။

ပျဉ်းမနားမှ ဒေါက်တာပေါ်မြင့်ဦးနှင့် ဆရာဝန်ကြီးများ စစ်ဆေးထားချက်များကို ဖတ်သည်။ ဆီးနည်းကြောင်း အနယ်ပါကြောင်း သိရ၍ Ultrasoung ,T.V ဓာတ်မှန်ဖြင့် အသည်းနှလုံး

ကျောက်ကပ်များ စစ်ဆေးရန် ခတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီးမှာ ညနေ ၅ နာရီ အချိန်မှ ရောက်မည် ဖြစ်၍ စောင့်ပါဘုရား လျှောက်ကြသည်။

ဆေးရုံဝန်ထမ်းများက စောင်၊ ခြင်ထောင်များ လာပို့သည်။ ထိုအခါ တောရဆရာတော်က မိမိအား 'မင်း ငါ့ကို ဆေးရုံတင်တာလား' ဟုမိန့်လေ၏။ မိမိက 'မဟုတ်ပါဘုရား၊ ဆေးရုံက အခန်းစေ့တွေ့ယူတာ မသိလို့ပါ၊ သူတို့ထုံးစံ ဆောင်ရွက်ကြတာပါ' ဟု လျှောက်ရ၏။

သွေး၊ ဆီး၊ ဝမ်းအဖြေများ နေ့လည် ၂ နာရီမှာရ၏။ သွေး (၄) မျိုးစစ်ရာ (၂) မျိုးမကောင်း၊ ဆီးမကောင်းပါ၊ တိကျသောအဖြေရအောင် နည်းမျိုးစုံရှာရ စစ်ရပါမည်ဟု ဆေးရုံအုပ်က လျှောက်ထား၏။

မစောင့်တော့ပါ

ညနေ ၅ နာရီမှလာမည့် ဆရာဝန်ကြီးကို မစောင့်တော့ဟု မိန့်၏။ ပျဉ်းမနားမှာလည်း စစ်ပြီးပြီ။ ထပ်ပြီး အစစ်မခံလို၊ စောင့်မနေလို၊ ညနေ ဥတ္တလစ် သိမ်သမုတ်ပွဲ ကြိုတင်ပင့်လျှောင် သွားရမည်၊ ပြန်တော့ မည်ဟု မိန့်၏။

မိမိက ဆေးရုံရောက်ပြီးမှ စစ်သွားပါဘုရား၊ နယ်ကစစ်တာ ရန်ကုန်မှာစစ်တာ တူ၊ မတူ အဖြေသိရအောင် စစ်ကြည့်တာကောင်းပါသည်။ သည်းခံပါဘုရားဟု လျှောက်၏။ .

သေမျိုးသေမှာပဲ

'အားလုံးဟာ သေမျိုး တစ်နေ့သေမှာချည်းပဲ၊ စစ်မနေတော့ဘူး' မိန့်လိုက်သဖြင့် ထပ်မလျှောက်ရဲကြ၊ ဦးကေဝလနှင့် ဆရာတော်၏ တပည့် ရဟန်းများပါ တစ်လုံးမှ မလျှောက်ရဲကြ၊ အသံတိတ်သွားကြရတော့၏။

ဒေါက်တာဦးခင်မောင်အေး ဆေးရုံအုပ်ကို ချက်ခြင်း သတင်းပို့ရ၏။ ဆေးရုံအုပ်နှင့်အဖွဲ့ လာရောက်ဦးချ ကန်တော့ကြ၏။ မည်သို့မျှ မလျှောက်ဝံ့ကြ၊ ဘုရားဖြူကျောင်းတိုက်သို့ ပြန်လာကြရလေ၏။

အသည်းကင်ဆာ ဖြစ်ခဲ့သူ

မိမိ စာရေးသူ 'အသည်းကင်ဆာ' ဝေဒနာဖြစ်၍ ဖြတ်တောက် ကုသရကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။ ရန်ကုန်ဆေးရုံကြီးမှ စက်များဖြင့် စစ်ဆေးခဲ့ရာ အသည်းမှာ အနာဖြစ်နေပြီ၊ ခွဲမှ ရမည်၊ဖြတ်ရမည်ဟု အဖြေထွက်ခဲ့၏။ ထိုအဖြေများ မှန်၊ မမှန် ဗိုလ်တဒါန သံဃာ့ဆေးရုံကြီးမှ ခတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာဦးစောကျော်အောင်နှင့် ထပ်မံ စစ်ဆေးခံယူခဲ့၏။ စက်အားလုံး ဆရာဝန်ကြီးများ အားလုံး အဖြေတူထွက်၏။ ခွဲစိတ်ခဲ့၏။ အသက်မသေ ရှင်နေဆဲဖြစ်ခဲ့၏။

ထိုကဲ့သို့ ကိုယ်တိုင် အတွေ့အကြုံရှိနေသဖြင့် တောရဆရာတော်အား စစ်ဆေးလိုခြင်းဖြစ်၏။ သို့ရာတွင် ထိုကဲ့သို့ ရှည်ရှည် မလျှောက်ရဲ။

တမင်စစ်ဆေးခံရန် ကြွရသည်လည်း မဟုတ်၊ ရန်ကုန်ရောက်ခိုက် ဆောင်ရွက်လိုကြပါလျက် ခွင့်မရ၊ များစွာ စိတ်မကောင်းဖြစ်နေသည်က အမှန်။

တောရဆရာတော်သည် ဥတ္တလစ်သိမ်သမုတ်ရေးကိုသာ စိတ်စောနေခဲ့ပြီး မိမိ၏ ကျန်းမာရေးစစ်ရန်ကိုမူ အလေးမထားလေသည်တကားဟု သက်ပြင်းချရတော့သည်။

ထိုည ဗွတ္တလစ်သိမ်ကို သမုတ်ခဲ့ကြောင်း တောရဆရာတော်၏ မှတ်တမ်းစာအုပ်၌ ဆရာတော်ကိုယ်တိုင် အတိုချုပ်ရေးခဲ့လေသည်။

သိမ်အမှတ် ၁၆၂ ဗွတ္တလစ်သိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၁၊ ၃၊ ၂၀၀၄) ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက် တနင်္လာနေ့ည (၁၁း၀၀) နာရီအချိန် ရန်ကုန်တိုင်း၊ ရန်ကုန်မြို့ တာမွေမြို့နယ် ဗွတ္တလစ်ကျောင်းတိုက်ဝင်းအတွင်း (၄၀)ကြိမ်မျှ သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော်ပေါင်း (၄၂) ပါးတို့သည် ထိုသိမ်ကို ကောင်းစွာသမုတ်တော်မူခဲ့ကြသည်။

မှတ်ချက်

သမိုင်းသက်သေ

ထိုသိမ်ကား၊ အသက်နှင့်လဲ၍ သမုတ်ခဲ့သော သိမ်ဖြစ်လေသည်။ အသက်ရှင်ရေးနှင့် သိမ်သမုတ်ရေး ဘယ်အရာဦးစားပေးမလဲ လျှောက်လျှင် သာသနာတည်ရေးအတွက် သိမ်သမုတ်ရေးကိုသာ ဦးစားပေးခဲ့ကြောင်း သက်သေပြခဲ့ခြင်းဖြစ်လေသည်။

၂-၃-၂၀၀၄ နေ့ အရဏ်ယူ

၂-၃-၂၀၀၄ နေ့ နံနက်စော ကောရဆရာတော်နှင့် တောရဆောင်မထေရ်များ အရဏ်ယူ သန်လျင်တံတားကြီးပေါ်သို့ပင် ကြွကြသည်။

သာကေတမြို့မှ ဦးရွှေအောင် ကားဖြင့် မိမိလိုက်ပါ၍ ရမည်းသင်းမြို့မှ ဦးအောင်လင်းကား ပါ (၂) စီးဖြင့် ပို့ဆောင်ကုသိုလ်ယူခဲ့ကြသည်။

ဆွမ်းလောင်းလှူကြ

ထိုနေ့ နံနက်ပိုင်း ဘုရားဖြူကျောင်းတိုက်၏ အပြင်ဘက်လမ်းမမှာ ယမန်နေ့များအတိုင်း ဆွမ်းလောင်းကြသည်။ တစ်နေ့ထက်တစ်နေ့ ဆွမ်းလောင်းသူတွေ များလာသည်။ အလုအယက်ပင် လောင်းကြသည် ပြောမရပါ။

သူတို့၏ စေတနာထက်သန်လွန်း၍ လောင်းကြခြင်းဖြစ်သည်။ သဝိတ်တွေ ပြည့်သည် လောင်းနေကြမဟုတ်၍ သူတို့ လောင်းလှူချင်သလို လှူကြလေသည်။

ဆုတောင်းပြည့် ဆရာတော် ဦးကောဝလက သဝိတ်တွေလျှံ၍ 'ဆွမ်းတွေ ဘယ်လို ဘုန်းပေးရမှန်းတောင် မသိတော့ဘူး' 'မြို့ကြီးပြကြီးသူတွေ သူတို့ ကြည်ညိုသလို ကြိုက်သလို လုပ်တတ်ကြသကိုး' ဟု မိန့်လေသည်။

ဝိနည်းတော်နှင့်အညီ လောင်းလှူတတ်ကြရန်နှင့် လောင်းလှူစေချင်၍ ပြောခြင်းဖြစ်သည်။

တောရွာက ဆွမ်းလောင်းနည်း

တောရွာက လူတွေ ဆွမ်းလောင်းကြသည်မှာ ဆွမ်းကို ပထမလောင်း၍ ဟင်းများကို ဘေးကတစ်ကန့်စီ လောင်းကြသည်။

ရဟန်းတစ်ပါးစာ သင့်သလို လောင်းကြသည်။ အပြည့်အလျှံလောင်းခြင်းကို တောရဆရာတော်များ သဝိတ်ဖြင့် ခံယူလေ့ မရှိ၊ အကွာအဝေးမှာ မဝေးလွန်း၊ မနီးလွန်းက နှစ်တောင်ထွာအရပ်မှ တစ်ဦးလောင်းပြီးမှ တစ်ဦးလောင်းကြသည်။

နောက်လူ ရှေ့လူ ကြည့်၍ လောင်းကြသည်။ မိမိနောက် လောင်းလှူမည့်သူများ ရှိသေးက အားလုံးလောင်းခွင့်ရအောင် သင့်သလို ဆွမ်း၊ ဆွမ်း

ဟင်းချင့်ချိန်ရသည်။ မိမိက အရင်လှူခွင့်ရ၍ မိမိအခွင့်အရေး မိမိ လောင်းသည် မဖြစ်စေရ၊ အားလုံး လှူခွင့်ရကြပါစေ နှလုံးသွင်းဆင်ခြင် လောင်းကြရသည်။

သတိထားစရာ

တောရကျောင်းဝန်းကျင်တစ်ဝိုက် နေထိုင်ကြသူများ ဝါတွင်း ဝါပ ဆွမ်းလောင်းသူဦးရေ အနေအထား သတိပြုကြရသည်။ တစ်ခါတစ်ရံတွင် ဆွမ်းလောင်းရက် ပျက်ပါက တစ်နပ်တည်းဘုန်းပေးကြသော တောနေရဟန်းအတွက် အခက်တွေ့နိုင်လေသည်။

တောရသာသနာ – တောရွာကလူတွေ စောင့်ရှောက်ထား

ဆွမ်းအာဟာရ မျှတခြင်းမရှိက တောရဆောင်ရဟန်းဘဝ ခရီးရှည်ဖို့ခက်လေသည်။ တောရဆောင် သာသနာအရှည် တည်တံ့ရေးအတွက် ဤစာများကို ရေးနေခြင်းနှင့် တောရဆောင် သာသနာ တောရွာကလူတွေ စောင့်ရှောက်နေကြပါသည် ဟု ပြောလိုရင်း ဖြစ်ပါသည်။

တောရဆောင် မထေရ်ကြီးငယ် အပေါင်း မြို့ကြီးပြကြီးများသို့ လာရန် အလွန်ဝန်လေးတော်မူကြပါသည်။ ငွေမပါ ခရီးမပေါက် မော်တော်ကားရထားစီးဖို့လည်း မလွယ်၊ တည်းခိုစရာ၊ ဆွမ်းကိစ္စ သုံးထည်သော သင်္ကန်းဖြင့် ခရီးဝေးဝေးသို့ ကြွလိုခြင်း မရှိကြ။

တောရဆောင် ရဟန်းငယ်များအတွက်မူ ပို၍ပင် အခက်အခဲ ရှိလေသည်။ တောရဆောင် မထေရ်ကြီးဘဝသို့ရောက်၊ သက်တော်ရှယ်တော်ကြီးကာမှသာ၊ တစ်စတစ်စ လူသိများ၊ သတိတရား ရှိသူများမှသာ ပစ္စည်းလေးပါးအထောက်အပံ့ လျှောက်ထားကြ၊ လှူဒါန်းကြ ဖြစ်လေသည်။

ဆိုလိုရင်း

ပရိယတ္တိသာသနာစာပေ၊ ပဋိပတ္တိသာသနာ အကျင့်၊ ပဋိဝေဓသာသနာ မဂ်ဖိုလ်သို့ ဆိုက်ရောက်မှုဟူသော သာသနာသုံးရပ် အစစ်အမှန်တည်ပါမှ ဤကမ္ဘာလောကကြီး ငြိမ်းချမ်းသာယာမည်ဖြစ်ပါသည်။

အတုအရောင်သည် = အတုချမ်းသာသို့ သာရောက်မည်။

– အစစ်အမှန်သည်။ = အစစ်အမှန် ချမ်းသာသို့ ရောက်မည်။

အစစ်အမှန် ချမ်းသာသို့ ရောက်လိုသော သူတော်ကောင်းကြီးများ သတိပြုကြပါရန် ဟူ၍ တင်ပြ နိုးဆော်ခြင်းဖြစ်ပါသည်။

တောရဆရာတော်ဘုရားကြီးနှင့် တောရဆောင်မထေရ်ကြီးငယ်များ ရန်ကုန်သို့ ခေတ္တရောက်နိုက် ချမ်းသာစွာ သီတင်းသုံးနိုင်ကြစေရန် မိမိတို့ တပည့်ဒါယကာများအနေဖြင့် စွမ်းနိုင်သမျှ ဆောင်ရွက်ခဲ့ကြပါသည်။

ဖြစ်ရပ်တစ်ခု

ဤနေရာ၌ ဖြစ်ရပ်တစ်ခု သတိပြုရန်နှင့် အမှတ်တရ ရှိနေ၍ တင်ပြလိုက်ပါ၏။

ထို ၂.၃.၂၀၀၄–နေ့ နံနက် တောရဆရာတော်ဘုရားကြီး အေးချမ်းစွာ ဆွမ်းဘုန်းပေးရန်နေရာကို ဆရာတော် ဦးနရိန္ဒာဘိဝံသ၏ ကျောင်းအပေါ်ဆုံး တတိယထပ်ရှိ အခန်းမှာ စီစဉ်ထား၏။ တောရဆရာတော် ထိုအခန်းအတွင်း ဆွမ်းဘုန်းပေးစဉ်

အပြင်လူမဝင်စေရန် ဦးညွန့်လှိုင်က တံခါးပိတ်၍ အပြင်မှာ စောင့်ပေးနေ၏။ တံခါးတစ်ချပ် ကျောဖြင့် ကပ်၍ ထိုင်လျက်စောင့်ရင်း ဂုဏ်တော်ပွားနေသည် ဆို၏။

တောရဆရာတော်မှာ သက်တော်ရလာသည့်အခါ ဆွမ်းဘုန်းပေးလျှင် ၄၅ မိနစ်နီးပါးမျှ ကြာ၏။

ဦးညွန့်လှိုင် ဘယ်အချိန် ငိုက်သွားသည် မသိ၊ 'ဟေ့ မောင်ညွန့်လှိုင် မင်း လာပါဦး၊ ဘယ်လို လုပ်တာတုံး' ဟု တောရဆရာတော်က ခေါ်မှနိုးလာသည်ဆို၏။

ထမနဲ တစ်တုံး

အတွင်းမှာ လူတစ်ယောက် ရောက်နေပြီး တွေ့ရ၏။ တောရဆရာတော်၏ သပိတ်ထဲမှာလည်း ထမနဲ တစ်တုံး လောင်းထည့်ထားသည်ကို တွေ့ရသည်ဆို၏။

ဦးညွန့်လှိုင်က ဟေ့လူ ခင်ဗျား ဘယ်လို လုပ်တာလဲ မေး၏။ ထိုလူက ခင်ဗျား ငိုက်နေတုန်း ဆရာတော် ဆွမ်းဘုန်းပေးတာ မှီအောင်လို့ဝင်ပြီး လောင်းတာလေဗျာ ဟု ပြောသည်ဆို၏။

တောရဆရာတော်က ဦးညွန့်လှိုင်ဘက် လှည့်ပြီး 'မင်းနယ်ကွာ' ဟု တစ်လုံးသာ မိန့်နိုင်တော့သည်။ ဘုန်းပေး၍ပြီးခါနီး ဆွမ်းကို ရပ်လိုက်ရတော့သည်ဆို၏။

ဦးညွန့်လှိုင်အငိုက်မှာ

ဦးညွန့်လှိုင်က ကျွန်တော်လည်း သေသေချာချာ စောင့်နေပါလျက် ဘယ်အချိန် ငိုက်သွားသလဲမသိဘူး။ ဒီလူက အလစ်ဝင်သွားတာဟု ပြန်ပြောပြချက်ကို 'ငိုအားထက် ရယ်အားသန်' ဖြစ်ရလေတော့သည်။

မှတ်ချက် – တောရဆောင်မထေရ်များသည် သပိတ်ထဲသို့ ရောက်ပြီး ဆွမ်းကိုသာ ဘုန်းပေးတော်မူကြ၏။ နောက်ထပ် လောင်းလှူသော ဆွမ်းလက်မခံကြောင်း ဆွမ်းခံစဉ်များအခန်း၌ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သတိပြုတော်မူနိုင်ကြစေရန် တင်ပြလိုက်ရပါသည်။

ဆုတောင်းပြည့် ဦးကေဝလဆေးခန်းပြ

၂-၃-၂၀၀၄ ညနေ ဆုတောင်းပြည့် တောရဆရာတော် ဦးကေဝလ မကျန်းမာ၍ သာကေတမြို့ရှိ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာ ဦးသိန်းဝင်းညွန့် ဆေးခန်းမှာ ပြသ ကုသပေးသည်။

ရမည်းသင်းမြို့မှ ဦးအောင်လင်း၏ ကားယာဉ်မောင်း ဦးကြင်မောင်နှင့် ဦးအောင်လင်း၏တူ မင်းဟန်ထူး (ခ) ခေါင်ခေါင် နဘူးကျောင်းမှ ဦးကျော်သိန်းတို့ပါ မိမိအိမ်သို့ ခေါ်လာခဲ့သည်။ ညနေစာ ထမင်းကျွေးခဲ့သည်။

ဇာတိမြေ ရမည်းသင်း

ရမည်းသင်းမြို့မှာ နေသူများကို တွေ့ရသောအခါ မိမိငယ်စဉ်ဘဝ ရမည်းသင်းမြို့မှာ တက်၍ ပညာသင်ခဲ့ရသည်များကို သတိရသည်။

တမာ ထနောင်း ကုက္ကို မကျည်းရိပ်များနှင့် နံနက်ခင်း ကျုံးတောင့်ဂ အကြော်တန်း ညနေချမ်းမှာ ငြေးနီကန်ဘောင်က အင်းခင်းတို့ဟူးကြော်၊ ဘိနပ်မှာ ဆင်ပေါက်၊ ဆေးလိပ်မှာ ရွှေလမင်း အားလုံးကို သတိရမိသည်။ ဇာတိမြေ ရမည်းသင်း ဘယ်တော့မှ မမေ့သည့် ရမည်းသင်း။

ငယ်စဉ် ပညာသင်ပေးခဲ့သော ဆရာ၊ ဆရာမများ အနည်းအပါးလောက်သာ ကျန်တော့သည်။ အလယ်တန်းကျောင်းမှာနေစဉ်က ဆရာဦးသန်းထွန်း၊ ဆရာမ ဒေါ်သိန်းညွန့်နှင့် ဆရာမဒေါ်သိန်းကြည်တို့သာ လူပြည်၌ ရှိကြတော့ကြောင်းသိရသည်။ ဆရာ၊ ဆရာမများ ကျောင်းနေဘက်သူငယ်ချင်းများ အချို့ မရှိကြတော့ပြီ။ မိမိသည်ပင် အသက် ၆၀ ကျော်ခဲ့ပြီး နေရက်ထက် သေရက်နီးနေခဲ့လေပြီ။ ဇရာ၏သဘောထက် ဗျာဓိနာခြင်းဆိုသည်က နိပ်စက်အပ်ပြီး ဇာတိမြေ တစ်ခေါက်ပြန်ရေး မလွယ်တော့ဟု ထင်သည်။

၃.၃.၂၀၀၄ နေ့ နံနက် အရုဏ်ဆွမ်းယူ

၃. ၃. ၂၀၀၄ နံနက် တောရဆရာတော်ကြီးနှင့် တောရဆောင်မထေရ်များ အရုဏ်ယူရေးသာကေတမြို့မှ ဦးရွှေအောင်ကား ပါကျဲရိုး မောင်ထူးကျော် မောင်း၍၊ ဆရာမ ဒေါ်ခင်စန်းဝင်း၏ နိုင်နာကားပါ (၂) စီးဖြင့် သန်လျင်တံတားကြီးပေါ်သို့ပင် ပို့ဆောင် အရုဏ်ယူခဲ့ကြသည်။ ဦးရွှေအောင် ဦးညွန့်လှိုင်နှင့် မိမိပါ လိုက်ပါခဲ့ကြသည်။ အမှတ်တရ ကုသိုလ်ယူကြသည်။

ဆွမ်းများ လောင်းလှူကြ

ယမန်နေ့များအတိုင်း ဆွမ်းများ လောင်းလှူကြသည့် ဆွမ်းလောင်းသူများ တစ်နေ့ထက်တစ်နေ့ ပိုများလာသည့် တစ်ယောက်စကား တစ်ယောက်နားဖြင့် ဦးစန္ဒိမာ၏ ဆွမ်းခံအိမ်များအားလုံးလာ၍ လောင်းလှူကြသည်ဟု သိရသည်။

မိုးညှိုသိမ်သမုတ်ရန်ကြွပြီ

ဆွမ်းများ ဘုန်းပေးပြီးနောက် ထိုနေ့ နံနက် (၈)နာရီတွင် မိုးညှိုသိမ်သမုတ်ပွဲသို့ တောရဆရာတော်နှင့် တောရဆောင်မထေရ်များ ဘုရားဖြူတိုက်ကြီးမှ အောက်ပါမော်တော်ယာဉ် (၄) စီးဖြင့် ကြွတော်မူကြသည်။

၁။ ရမည်းသင်းဦးအောင်လင်း၏ကား
၄စ/၆၂၄၅ ယာဉ်မောင်း ဦးကြင်မောင်
၂။ ဖဒိုမြို့ ဦးမွေ့စိန်၏ ကား
၉က/၂၁၅၂ ယာဉ်မောင်း ဦးမြင့်လွင်
၃။ ရန်ကုန် ဦးစိန်မောင်၏ကား
၁က/၁၁၃၃ ဦးစိန်မောင်ကိုယ်တိုင်မောင်း
၄။ မိုးညှိုမြို့မှ လာကြိုကား
၇က/၉၂၈၀ (TOWNACE) မော်တော်ကားအားလုံးတွင် သာသနာ့အလံများ တစ်ဆင် လွှင့်ထူလျက် တောရဆရာတော်ဘုရားကြီး၏ သာသနာပြုခရီး အမှတ်တရ ဖူးမြင်၊ ဆွမ်းလောင်းသူအားလုံး ရှိခိုးကန်တော့ ဆရာတော်ဘုရားကြီး သက်တော်ရာကျော်ရှည်ပါစေ ဆုတောင်းခဲ့ကြသည်။ အလွန်ပင်ဝမ်းမြောက်စရာ ကြည်ညိုစရာ မြင်ကွင်းဖြစ်ခဲ့လေသည်။

ဘုရားဖြူမှာ တစ်ဖန်ဆုံကြမည်

မိုးညှိုသိမ်သမုတ်ပြီး ၅၊ ၃၊ ၂၀၀၄ နေ့ ဘုရားဖြူကျောင်းတိုက်ကြီးသို့ တောရဆရာတော်ကြီးနှင့် သံဃာတော်များ ပြန်ရောက်ကြမည်ဖြစ်ပြီး ၆၊ ၃၊ ၂၀၀၄ နေ့ နံနက် ဆွမ်းလောင်းလှူကြရန် ဘုရားဖြူတိုက်ကြီးမှာ တစ်ဖန် ပြန်ဆုံကြမည် ဖြစ်ကြောင်း မိမိက ကြေညာခဲ့ပါသည်။

ထိုရက်များ၌ ဆွမ်း ဆေးများ လောင်းလာကြသူများ မိမိမှတ်မိသမျှ တင်ပြရပါက အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ သာကေတမြို့ ဦးရွှေအောင်+ဒေါ်အေးအေးမာ မိသားစု (ယာဉ်အလှူ)
၂။ သာကေတမြို့ ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ မိသားစု (ယာဉ်အလှူ)
၃။ သာကေတမြို့ ဦးထွန်းခင်+ဒေါ်နု မိသားစု (ဓမ္မာ့ထွန်းအော့ဖ်ဆက်)
၄။ သာကေတမြို့ ဦးသိမ်းဆောင်+ဒေါ်ခင်တင့် မိသားစု (သစ်သီးနှင့်ဆွမ်းအလှူ)
၅။ သာကေတမြို့ ဦးတိုးကြည်+ဆရာမဒေါ်ခင်စန်းဝင်း မိသားစု (ယာဉ်အလှူ) (ဆွမ်းအလှူ)
၆။ ရန်ကုန်မြို့ ဦးညွန့်လှိုင်+ဒေါ်ခင်လွှမ်းမိသားစု (ဆွမ်းအလှူ)
၇။ ရန်ကုန်မြို့ ဒေါ်တင်တင်နှင့် သမီးများ (ရဟန်းအစ်မ)
၈။ ရန်ကုန်မြို့ ဦးစိန်မောင်+ဒေါ်ဝင်းမာမိသားစု (ယာဉ်အလှူရှင်)
၉။ ရန်ကုန်မြို့ ဦးတင်ဝင်း+ဒေါ်ခင်မိုးရီ မိသားစု (ဆေးများလှူ)
၁၀။ ရန်ကုန်မြို့ ဦးဘိုနီ+ဒေါ်သန်းအေး မိသားစု
၁၁။ ရန်ကုန်မြို့ ဦးဝင်းမြင့်+ဒေါ်သီသီ မိသားစု
၁၂။ သင်္ဃန်းကျွန်း ဦးကျော်ခင်+ဒေါ်တင်မြတ်သီ မိသားစု
၁၃။ မင်္ဂလာဒုံ ဆရာဦးမျိုးအောင် (တိုင်းရင်းဆေးဆရာကြီး)
၁၄။ ရန်ကုန်မြို့ ဒေါ်မော်မော်သွယ် (သား) မော်လင်းအောင်
၁၅။ ရန်ကုန်မြို့ ဦးထွန်းကောင်း+ဒေါ်ငွေ မိသားစု (ရွှေဒါးဆရာတော်ကြီး၏ညီ)
၁၆။ ရန်ကုန်မြို့ ဦးသန်းငွေ + ဒေါ်မြင့်မြင့်ငွေ (ရွှေဒါးဆရာတော်ကြီး တူမ)
၁၇။ ရန်ကုန်မြို့ ဦးမောင်မောင်သွင်+ဒေါ်မြမြဝင်း (ဦးစန္ဒိမာ၏ ဆွမ်းဒါယကာ)
၁၈။ ရန်ကုန်မြို့ ဒေါ်ခင်စန်းကြည်(လ/ထညွှန်မှူး) ပြည်ထဲရေးဝန်ကြီးဌာန
၁၉။ ရန်ကုန်မြို့ ဦးနိုင်အောင်+ဒေါ်ကြူးကြူး (ဦးအောင်လင်း၏ ညီမ)
၂၀။ ရန်ကုန်မြို့ ဦးတင်ထွန်းအောင် (ဂါတ်ဗိုလ်ကြီး) ဇနီး ဒေါ်စန်း
၂၁။ ရန်ကုန်မြို့ ဦးညွန့်ရွှေ+ဒေါ်သန်းမြင့် (ဦးသိမ်းဆောင်ညီမ)

မှတ်ချက် – (ဘုရားဖြူကျောင်းတိုက်မှ ဦးစန္ဒိမာ၏ ဒါယကာများစွာ အမည်များမမှတ်မိ ဖော်ပြနိုင်ခြင်း မရှိပါ)။

၃-၃-၂၀၀၄ နေ့ ဆေးမှတ်တမ်းများ သွားယူ

တောရဆရာတော်အား သံဃာ့ဆေးရုံကြီးတွင် ဆေးစစ်ထားချက်များ ကျန်ရှိနေသေး၍ မိမိ ဦးသိမ်းဆောင်၊ ဦးညွန့်လှိုင်တို့ ဦးရွှေအောင်၏ ကားဖြင့် မောင်ကျော်ထူး မောင်း၍ ဗဟန်း သံဃာ့ဆေးရုံကြီးသို့ သွားယူကြသည်။

ဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေးက ပေးထားသော ဆေးများသောက်ပြီး တစ်လအကြာ ပြန်ကြလာပါရန် ထပ်မံ စစ်ဆေးရန် လိုပါသည်ဟု

ပြောပါသည်။ ဆေးစစ်ချက်များအရ အဖြေ တိတိကျကျထပ်စစ်ရန် လိုကြောင်းပြောပါသည်။

ရောဂါအဖြေရှာရန်လို

ထိုဆေးစာမှတ်တမ်းများကို မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီးမှ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာဦးသိန်းဝင်းညွန့် အထူးကုထံ ပြသ ဖတ်ရှုပေးပါပြောရာ မှတ်တမ်းများအရ 'ဆီးများ အနယ်ရှိနေပါသည်' ဘာရောဂါ ဘယ်မှာ ဖြစ်နေသည်ကို တိကျသော အဖြေရအောင် 'ဆေးပေး၍' အဖြေရှာသင့်ကြောင်း မှတ်ချက်ရေးထားပါသည်။

သံဃာဆေးရုံကြီးသို့ 'တစ်လကြာ ပြန်လာစစ်ဆေးခံရန်' ရေးထားပါသည်။ သံဃာ့ဆေးရုံကြီးမှာ ရှိသော စက်ဖြင့် ပြန်လည် စစ်ဆေးခံသင့်ပါသည်။

ထိုစက်မှာ နယ်တွင် မရှိနိုင်ပါဟု ပြောပြသိရပါသည်။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသာ ထိုစက်မျိုးရှိနိုင်ကြောင်း ပြောပြသိရပါသည်။

မိုးညှို့မှ ပြန်ကြွလာ

၅.၃.၂၀၀၄ နေ့ ညနေ တောရဆရာတော်နှင့် သံဃာတော် (၁၅)ပါး မိုးညှိုသိမ်သမုတ်ပြီး၍ ဘုရားဖြူကျောင်းတိုက်ကြီးသို့ ပြန်လည်ကြွရောက်လာကြသည်။

၆.၃.၂၀၀၄ နံနက်အရုဏ်ယူ

၆.၃.၂၀၀၄ နံနက် အရုဏ်ယူရန် သာကေတမြို့မှ ဦးရွှေအောင်နှင့် ဦးမြင့်လွင်တို့၏ ကားများဖြင့် တောရ ဆရာတော်ကြီးနှင့် သံဃာတော်များကို သန်လျင် တံတားကြီးပေါ်သို့ ဦးညွန့်လှိုင်နှင့် မိမိ လိုက်ပါ၍ ပို့ဆောင်ပေးခဲ့ကြသည်။

ဆွမ်းလောင်းလှူကြ

ထိုနေ့ နံနက်လည်း တောရဆရာတော်ကြီးနှင့် တောရဆောင်မထေရ်များအားလုံးကို ဘုရားဖြူတိုက် အပြင်လမ်းမမှာ ယခင် ဆွမ်းဒကာများအားလုံး ပြန်လည်ရောက်လာ ဆွမ်းလောင်းလှူကြသည်။ နောက်တစ်နေ့ ၇.၃.၂၀၀၄ နေ့ နံနက် ဆွမ်းလောင်းကြရန် မှာကြားကြသည်။ ထိုနေ့ နံနက် လယ်ဝေးမြို့သို့ ပြန်ကြမည်ဟုလည်း အသိပေးလိုက်သည်။

၇.၃.၂၀၀၄ နေ့ အရုဏ်ယူ

၇.၃.၂၀၀၄ နေ့ နံနက် တောအရုဏ်ယူရေးကို သာကေတမြို့မှ မိမိအိမ်ရှေ့ရှိ ဦးရွှေအောင် (S.A ရွှေပန်းတိမ်လုပ်ငန်း) ပိုင်ရှင်တို့၏ကား၊ ဦးရွှေအောင်ကိုယ်တိုင်မောင်း၍ လည်းကောင်း၊ တစ်အိမ်ကျော်နေ ဦးတိုးကြည် (သဘော်သား) နှင့် ဇနီးဆရာမ ဒေါ်ခင်စန်းဝင်းတို့၏ ဒိုင်နာကားဖြင့် တောရဆရာတော်ဘုရားကြီးတပည့် သံဃာတော် (၁၁) ပါးကို သန်လျင်တံတားကြီးပေါ်သို့ ပို့ဆောင် ကုသိုလ်ယူခဲ့ကြသည်။ ဦးရွှေအောင်၊ ဦးညွန့်လှိုင်၊ ကိုကျော်ထူး၊ ကိုအောင်မြင့်ထွန်း၊ မောင်ဇေယျာမင်း တို့ပါ လိုက်ပါကြ ကုသိုလ်ယူကြ၊ ဦးရွှေအောင်က မုန့်နှင့် လက်ဖက်ရည်ပါ ဒါနပြုသေးသည်။

တောအရုဏ်ယူရခြင်းအကြောင်း မိမိက ထိုသူများကို နားလည်သမျှ ရှင်းပြသည်။ လွန်စွာကြည်ညိုကြမည်၊ နံနက်စောစော ကုသိုလ်ထူးများရကြ၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကြောင်း ပြန်ပြောကြသည်။

ဆွမ်းလောင်းလှူကြ

ထိုနေ့နံနက် ယမန်နေ့ကအတိုင်း ဆွမ်းများ လောင်းလှူကြသည်။ မိမိတို့အိမ်မှ စနီးနှင့် ဆရာမ ဒေါ်ခင်စန်းဝင်းတို့က ပန်းသီး၊ သဘော်သီး၊ ဖရဲသီး များ လောင်းလှူကြသည်။ ဆွမ်းလောင်းခြင်း လူ အများ စည်ကားစွာဖြင့် အလှူအပယ်လောင်းလှူ ကြခြင်းဖြင့် ကြည်နူးကြရသည်။ ဆေးများနှင့် လမ်း ခရီးအတွက် အအေးများ လောင်းလှူကြသည်။

အပြန်ခရီး မော်တော်ကား (၄)စီးဖြင့်

၇.၃.၂၀၀၄ နေ့ နံနက် (၇း၅၀)မိနစ်အချိန် တောရဆရာတော်ဘုရားကြီးနှင့် သတောရဆောင် သံဃာတော်များ နောက်ပါကပ္ပိယများအားလုံး အောက်ပါ ကား (၄) စီးဖြင့် ယခုနေပြည်တော်လယ် ဝေးမြို့နယ်၊ ထန်းတပင်တောရကြီးသို့ ပြန်ကြွကြ လေသည်။

၁။ ရမည်းသင်းဦးအောင်လင်း၏ကား

၄ခ/၆၂၄၅ ယာဉ်မောင်း ဦးကြင်မောင်

၂။ ဖဒိုမြို့ ဦးမွေစိန်၏ ကား

၉က/၂၁၅၂ ပိုင်ရှင် ဦးမြင့်လွင်

၃။ ရန်ကုန် ဦးစိန်မောင်၏ကား

၁က/၁၁၃၃ ပိုင်ရှင်ဦးစိန်မောင်

၄။ ဟိုက်အေ့(စ်) အနီ/အဖြူ ကား စီးလုံးငှား

အစဉ်(၁) ရမည်းသင်း ဦးအောင်လင်း၏ ကားမှာ ကော့ဝါလဲသိမ် ကော့ကရိတ်မှ ရန်ကုန်သို့၊ ရန်ကုန် မှ မိုးညှင်းသို့၊ ယခု အပြန်ခရီးအထိ ဆက်တိုက်လိုက် ပါ လှူခြင်းဖြစ်သည်။

အစဉ် (၂) ဖဒိုမြို့မှ ဦးမွေစိန်၏ ကားမှာ ရန်ကုန်မှ မိုးညှင်းသို့၊ မိုးညှင်းမှ လယ်ဝေးမြို့ ထန်းတပင်တောရနှင့် ရမည်းသင်းမြို့ နဘူးကျောင်း ရန်ကင်းတောရအထိ လိုက်ပါ လှူခြင်းဖြစ်သည်။

အစဉ် (၃) ရန်ကုန်မြို့ စမ်းချောင်းမှ ဦးစိန်မောင် ဒေါ်ဝင်းမာတို့၏ကားမှာ ရန်ကုန်မှ မိုးညှင်းနှင့် ရန်ကုန် မှ နဘူးကျောင်းအထိ လိုက်ပါလှူမည်ဖြစ်ပြီး ရန်ကင်း တောရကြီးတွင် ၂ ထပ်တိုက်ကျောင်း လှူဒါန်းထား သော ဒါယကာများလည်း ဖြစ်လေသည်။

ဦးစိန်မောင်+ဒေါ်ဝင်းမာတိုက်ကျောင်း

ရန်ကုန်ဆရာတော်ဦးစာဂရိယ တော မထွက်မီ အောင်မင်္ဂလာတိုက် စာချဘုန်းကြီးဘဝက စ၍ ဒါယကာများဖြစ်ပြီး ထိုဆရာတော် သီတင်းသုံး ရာ နဘူးကျောင်း ရန်ကင်းတောရသို့ မိသားစုများ အခေါက်များစွာ ရောက်ပြီး တိုက်ကျောင်းလှူဖြစ်ခြင်း နှင့် နဘူးကျောင်းရွာ ဦးကျော်သိန်း၊ ကိုလှထွန်း၊ ကိုကျော်အောင်စသည့် တောရဆရာတော်ကြီး၏ ဆွေမျိုးများအပြင် တစ်ရွာလုံးရှိ လူကြီး လူငယ်များ နှင့်ပါ ရေးဘဝဆွေမျိုးဖြစ်ခဲ့ဟန်ရှိလေသည်။

ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ တို့လှူသောကား

အစဉ် (၄) ဟိုက်အေ့စ် (Hi Ace) အနီ၊ အဖြူကားမှာ သာဓေတမြို့ (၁)ရပ်ကွက်၊ ဇော်မလမ်း အမှတ် ၇၃ နေ ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ မိသားစု က မိခင်ကြီးဒေါ်ကြင်တီအား အမှူးထား၍ တောရ ဆရာတော်ဘုရားကြီး သက်တော်ကြီး၍ အပြန်ခရီး ချမ်းသာစွာရှိစေရန် ကျပ် ၁၈၀၀၀၀/– (တစ်သိန်း ရှစ်သောင်း) ပေး၍ အငှားယာဉ်ကို တစ်ဦးတည်းလှူ ခြင်း ဖြစ်လေသည်။

စစ်တောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထေရ် ကြီး၏ ညွှန်ကြားမိန့်ထားချက်အရ တောရဆရာ

တော်ကြီး ချမ်းသာအောင် ရှက်ဆောင်ကြပါသော စကားကို မြေဝယ်မကျနာခံ ကြည်လင်ရှင်လန်းစွာ လှူဒါန်းကြခြင်း ဖြစ်လေသည်။

အစဉ် (၂) ဖနိုဦးမြွေစိန် မှာလည်း ဦးမြင့်သိန်း၏ ဖခင်ဖြစ်ပြီး ယာဉ်မောင်းအဖြစ်လိုက် ပါသူ ဦးမြင့်လွင်မှာလည်း ညီရင်းဖြစ်လေသည်။

ဦးမြွေစိန်မိသားစု ဆွေမျိုးအားလုံးက စစ် တောင်းဆရာတော်အား လွန်စွာ ကြည်ညိုကြလေ သည်။

သိမ်မှတ်တမ်းများ ရေးပေးရန် လျှောက်ထား

မော်တော်ကားများပေါ်သို့ တက်ရန် တောရ ဆရာတော်ကြီး ကြွအလာ ဆွမ်းလောင်းသူ ရန်ကုန် သားများ ရှိခိုးဦးချ ကန်တော့ကြသည်။

အားလုံး ကျန်းမာချမ်းသာကြပါစေ။မင်္ဂလာ ခရီး လျှောက်နိုင် ရောက်နိုင်ကြပါစေဟုဆုပေးသည်။

မိမိက သိမ်အမှတ် (၁၀၁) မှ ယနေ့ထိ သမုတ်ပြီးသော သိမ်မှတ်တမ်းများ ရေးသားပေးပါရန် ကွန်ပျူတာစီထားရန်အတွက် လျှောက်ထားသည်။ သိမ် (၂၀၀) အထိ သမုတ်ပြီးက မှတ်တမ်းရိုက်ပါ မည်။ တောရဆရာတော်သို့ လျှောက်ထားသည်။

သိမ်မှတ်တမ်းအတိုချုပ်မှတ်ထားသည် အရှည်မရေးဖြစ်သေး၊ သိမ် (၂၀၀) အထိ ဆိုတာ ကတော့ ငါကလည်းအသက်ရှည်မှ မင်းကလည်း အသက်ရှည်မှ ဖြစ်မှာပေါ့ကွာဟု မိန့်တော်မူ၍ ထွက် ခွာသွားလေသည်။

ကျမ်းစာများလှူ

မော်တော်ကားများ တောရကျောင်းများ အထိ ပို့မည်ဖြစ်၍ ဆုတောင်းပြည့်တောရဆရာတော် ဦးကေဝလသို့ သင်္ကန်းရောင် (၂၀)စုံ၊ ရှုတင်အဆုံး အဖြတ်ကျမ်း (၁၂) အုပ်၊ ဓမ္မသံယုတ္တ (၁၀) အုပ်နှင့် သိမ် (၁၀၀) မှတ်တမ်း (၈)အုပ် ပေါင်း (၅၀)အုပ် လှူလိုက်ပါသည်။

မိုးညှင်းမြို့နယ် ကရင်ဆည်တောရ သိမ်မှတ် တမ်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

သိမ်အမှတ် ၁၆၃–ကရင်ဆည်တောရသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၅၊၃၊ ၂၀၀၄)ခုနှစ် တပေါင်းလဆန်း (၁၅) ရက် သောကြာ နေ့ ပဲခူးတိုင်း၊ ပြည်စရိုင် မိုးညှင်းမြို့နယ် ကရင်ဆည် တောရကျောင်းဝင်းအတွင်း ၂၁၆ ကြိမ်မျှ သိမ်နှုတ် ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင် သော ရဟန်းတော် (၅၂) ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၆၄–ကိုးတောင်ပြည့်သိမ်

သာသနာ ၂၅၄၇၊ ကောဇာယ ၁၃၆၅ (၁၉၊ ၃၊ ၂၀၀၄) ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၄)ရက် သောကြာနေ့ ညနေ (၆)နာရီ (၂၁)မိနစ် အချိန် ယစုနေပြည်တော်လယ်ဝေးမြို့နယ် ကိုးတောင် ပြည့်ကျောင်းဝင်းအတွင်း (၁၉၆) ကြိမ်မျှ သိမ်နှုတ် ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင် သော ရဟန်းတော် (၁၅၂) တို့သည် ထိုသိမ်ကို သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၆၅–ကမ်းနားသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၂၆၊ ၃၊ ၂၀၀၄) ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆)ရက် သောကြာနေ့ည (၈)နာရီ (၃၉) မိနစ်အချိန် မန္တလေး

တိုင်း ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကမ်းနား သိမ်ဘုန်းကြီးကျောင်းဝင်း အကြိမ်များစွာ သိမ်နှုတ် ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင် သော ရဟန်းတော် (၅၅) ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၆၆–ဝါးဖြူတောင်သိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၃.၄.၂၀၀၄) ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက် စနေနေ့ မွန်းလွဲ (၁)နာရီ (၁)မိနစ်အချိန် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ဝါးဖြူတောင် ကျောင်းဝင်းအတွင်း (၂၄၇) ကြိမ်မျှ သိမ်နှုတ် ထားသော မြေအပြင်၌ တောရဆရာတော် ဦးဆောင် သော ရဟန်းတော် (၁၅) ပါးတို့ ထိုသိမ်ကို သမုတ် တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၆၇–လုမ္ဗိနီ တောရသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၇.၄.၂၀၀၄) ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၃) ရက် ဗုဒ္ဓဟူးနေ့ ညအချိန် မန္တလေးတိုင်း ရမည်းသင်း ခရိုင်၊ ပျော်ဘွယ်မြို့နယ် လုမ္ဗိနီတောရကျောင်းဝင်း အတွင်း (၄၂) ကြိမ် သိမ်နှုတ်ထားသော မြေအပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်းတော် (၄၂) ပါးတို့ သမုတ်တော်မူခဲ့ကြသည်။

သိမ်အမှတ် ၁၆၈–သိုက်ချောင်းသိမ်

သာသနာ ၂၅၄၇၊ ကောဇာ ၁၃၆၅ (၁၁.၄.၂၀၀၅)ခုနှစ်၊ နှောင်းတန်ခူးလဆုတ်–၇ ရက် တနင်္ဂနွေ နေ့လွဲ (၃) နာရီ (၁၁) မိနစ်အချိန် ယခုနေပြည် တော်တပ်ကုန်းမြို့နယ် သိုက်ချောင်း ကျောင်းဝင်းတွင် အကြိမ်များစွာသိမ်နှုတ်ထားသော မြေအပြင်၌ တောရ ဆရာတော်ဦးဆောင်သော ရဟန်းတော် (၄၂) ပါး တို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ ကြသည်။

၁၃၆၅ ခုနှစ် ကုန်လေပြီ၊ သိမ် ၂၂–လုံး အထက် တင်ပြခဲ့သည့်အတိုင်း သမုတ်တော်မူခဲ့လေ သည်။

သိမ်အများဆုံးသမုတ်

သိမ်သမုတ်တော်မူခြင်းနှင့် စပ်လျဉ်း၍ ၁၃၆၅ ခုနှစ်အတွင်း သိမ် အရေအတွက် အများဆုံး သမုတ်ခဲ့ကြောင်း အထက်၌လည်း ဖော်ပြခဲ့လေပြီ၊ သာသနာတော်အတွက် သိမ်သမုတ်ခြင်း အမြင့်ဆုံး အများဆုံးဆောင်ရွက်နိုင်ခဲ့သော နှစ်ဖြစ်နေလေသည်။

မီးငြိမ်းတော့မည်လား

'မီးစာကုန်ခါနီး မီးငြိမ်းတော့မည် ဆိမီးတိုင် သည် အလင်းလက်ဆုံးဖြစ်လေသည်' ဟူသော သက်ကြီးစကား သက်ငယ်ကြားစကားပုံတစ်ရပ် ရှိခဲ့ လေသည်။

♦ တစ်ဘဝခန္ဓာ၏ မီးငြိမ်းလေတော့မည် လော?

♦ သံသရာစရီး ဘဝခန္ဓာမီးအပြီးသတ် လေတော့မည်လား?

တောရ ဆရာတော်ဘဝအကြောင်း ဆရာ တော်သာသိပါလိမ့်မည်။

မိမိတို့အနေဖြင့် မြင်သူမဟုတ်၍ မမြင်နိုင်၊ သိသူမဟုတ်၍ မသိနိုင်၊ အချိန်မရှိတော့၍ အမြန် ဆောင်ရွက်နေခြင်းလား၊ ပကတိမျက်လုံးဖြင့်ကား

ဆရာတော်၏ဘဝခန္ဓာသည် သက်တော် (၈၂) နှစ်ကာလကြာအောင် ခန္ဓာဝန်ကို ထမ်းခဲ့ရပြီးဖြစ်၍ ရော၏ သဘောအရ အိုမင်း၍ လာနေချေပြီ။ ဟောင်းနွမ်း၍ လာနေချေပြီ။ ဆရာတော်ကိုယ်တိုင်လည်း သိသည်၊ အမြင်အရလည်းသိကြပါသည်။

အိုမင်းရင့်ရော်ချေပြီ

တောရဆောင်မထေရ်တစ်ပါး၏ ဘဝခရီး အစ သက်တော် ၄၂ ၊ မင်းဘူးခရိုင် စကုမြို့နယ် မြောင်းဦးရန်ကင်းတောရမှာ စတင် ဖူးတွေ့ခဲ့ရစဉ်က ရုပ်ရည်ရူပကာယ အသားအရေ နုပျိုသစ်လွင် လန်းဆန်းနေချိန်ကာလ ပုံသဏ္ဍာန်နှင့် ယခု သက်တော် (၈၂) နှစ်ကာလတို့ အနေအထားမြင်ကွင်း ပုံရိပ်များကို နှိုင်းယှဉ်ကြည့်မြင်ပါက အကွာကြီး ကွာခဲ့လေပြီ။

နေရက် နာရီရာသီချိန်တွေ ကြာညောင်း၍ နှစ်တွေ ဟောင်းခဲ့သလို အရာခပ်သိမ်းဟောင်း၍ ဟောင်း၍ လာသည်။ ဆရာတော်၏ ခန္ဓာသည် ဟောင်း၍ ဟောင်း၍ အိုမင်းရင့်ရော်၍ လာနေချေပြီ။

တောရဆရာတော်အနေဖြင့် သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် သက်စွန့်ကြိုးပမ်း ရှက်ဆောင်တော်မူခဲ့ပြီးသည်များနှင့် ဓုတင်ဆောင် သာသနာ အရှည်တည်တံ့ရေးအတွက် မှတ်တမ်းတင်သင့် တင်ထိုက်သည်များကို စွမ်းနိုင်သမျှ မှတ်တမ်း တင်လိုသော ဆန္ဒသည် မိမိတွင် အစဉ် ကိန်းလျက်ရှိ နေခဲ့ပါသည်။

သို့အတွက် ဖော်ပြလတ္တံ့သော စာကို စီစဉ်ဖြန့်ဝေခဲ့မိပါသည်။

တောရကျောင်းများနှင့် ဓုတင်ဆောင် မထေရ်များ မှတ်တမ်းရိုက်ရေး ဖြန့်ဝေစာပို့

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၉) ရက် ၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲဖြင့် တောရကျောင်းများနှင့် ဓုတင်ဆောင်မထေရ်များ မှတ်တမ်းရိုက်နှိပ်ရေးအတွက် တောရဆရာတော်များထံသို့လည်းကောင်း၊ ရမည်းသင်း တပ်ကုန်း ပျဉ်းမနား လယ်ဝေးမြို့နယ်များရှိ တပည့်ဒါယကာအပေါင်းသူတော်ကောင်းများထံသို့ မိမိအနေဖြင့် ဖြန့်ဝေစာများ ပို့ခဲ့ပါသည်။

ထိုစာတွင် ဘဒ္ဒန္တ တိဿရထေရ် ဆရာတော်ဘုရားကြီး တောထွက်ခဲ့သည်မှာ နှစ်ပေါင်း (၄၀) ပြည့်ပြီဖြစ်ကြောင်း၊ အာစာနည်ယောက်ျားမြတ်ဖြစ်တော်မူကြောင်း၊ တောရကျောင်းများနှင့် တောရမထေရ်များ မှတ်တမ်းရိုက်လိုကြောင်း၊ ကောင်းကျိုးချမ်းသာရစေလိုကြောင်း၊ တိကျသော မှတ်တမ်းရိုရန်လိုကြောင်း၊ ဝိနည်းတည်မှ သာသနာတည်မည်၊ ထေရဝါဒ အုတ်မြစ်ခိုင်မာမည်ဖြစ်ကြောင်း၊ မျိုးချစ်စိတ်နှင့် သမိုင်းပေးတာဝန် ထမ်းရွက်ကြရန်လိုကြောင်းများနှင့် မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြပါကြောင်း တောရဆရာတော်များဖွာထံသို့လည်း အစီရင်ခံစာ ပို့ခဲ့ပါသည်။

(၁) တောရဆရာတော်များအတွက် ပုံစံ(က)

(၂) တောရကျောင်းများအတွက် ပုံစံ (ခ) ဖြင့် ရေးသားဖြည့်စွက် ပေးပို့တော်မူကြပါရန် တောင်းခံလွှာများ ပေးပို့ခဲ့ပါသည်။

အဓိကရည်ရွယ်ချက်

မိမိ၏ အဓိက ရည်ရွယ်ချက်မှာ ဓုတင်ဆောင် မထေရ်များ ဤသာသနာတော်၌ ဆက်လက်

တည်ရှိ သာသနာတော်ကြီး အရှည်တည်တံ့ရေး ဖြစ်ပါသည်။

အချို့သော တောရဆရာတော်များထံမှ ပုံစံ (က)(ခ) ဖြည့်စွက်၍ ပြန်လည်ပေးပို့ခဲ့ပြီး အချို့စာ မရောက်၍လားမသိ၊ ပြန်ကြားချက် မရရှိ။

အလှူငွေရို့လာ

ရမည်းသင်း ဦးအောင်လင်းနှင့် ကံကြီးရွာ အစ်မ ဒေါ်အုန်းကြင်၊ သရက်ကန်ဦးဘိုးရှိန်၊ နဘူး ကျောင်းဦးမြင့်လွင် ရှမ်းကဲ ဦးစံမှီ၊ ပျဉ်းမနားဒေါ်ကြည် ကြည်၊ လယ်ဝေး ဦးကောက်တည်၊ ရန်ကုန် ဦးတင် ဝင်းတို့ထံမှ အလှူငွေ ၃၅၀၀၀ိ/-(သုံးသိန်းငါး သောင်း) ခန့် ပေးပို့ခဲ့ကြပါသည်။

ကန့်ကွက်လာ

မိမိ၏ ဖြန့်ဝေစာအရ တောရဆရာတော် သက်တော်ထင်ရှားရှိတော်မူစဉ် ထိုမှတ်တမ်း မရေး သင့် မရိက်သင့်သေးကြောင်း။ စာရေးသည်ဆိုသည် နှင့် ဂုဏ်မြောက်အောင် ရေးကြမည်ဖြစ်၍ မရေးသင့် မရိက်သင့်သေးကြောင်းကို အချို့တပည့်များက စာဖြင့် ကန့်ကွက်လာပါသည်။

ပြန်လည် တင်ပြချက်

♦ တောရဆရာတော်ဘုရားကြီး သက် တော် ထင်ရှားရှိစဉ် မှတ်တမ်းတိကျစွာ မှန်ကန်စွာ ရှိစေချင်ပါသည်။

♦ တောရကျောင်းများနှင့် တောရဆရာ တော်များအားလုံး၏ မှတ်တမ်း တိကျစွာ မှန်ကန် စွာ ရှိစေချင်ပါသည်။

♦ အဆိုပါ မှတ်တမ်းများ ရှိပါမှ စတင် ဆောင် သာသနာအရှည်တည်တံ့နိုင်ပါသည်။

♦ ထိုမှတ်တမ်းကို သာသနာရေးဝန်ကြီး ဌာန၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် စာကြည့်တိုက်များ တောရကျောင်းများသို့ ဖြန့်ဝေ လှူဒါန်းထားချင်ပါသည်။

♦ မျက်ကွယ်ကာလရောက်မှ ရေးသော မှတ်တမ်းများအပေါ် အလေးထားမှု အားနည်းပါ သည်။

သို့အတွက် ရေးဖို့ မှတ်တမ်းတင်ထားလို ခြင်းသာ ဖြစ်ပါသည်။ စိတ်ကူး ဆန္ဒချင်း တူညီခဲ့လှ သည်။

ရပ်ဆိုင်းသွား

ဤသို့ဖြင့် မိမိ၏ စိတ်ကူးဆန္ဒ ဆောင် ရွက်လိုသည့် လုပ်ငန်းရပ်ဆိုင်း၍ တောရဆရာတော် ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ် အောင်မြင် ခြင်းမရှိ ဖြစ်ခဲ့ရလေသည်။

သက်တော်ထင်ရှားမရှိသည့် နောက်ပိုင်းမှ ရေးရသည့် ထိုစာများ ပုံနှိပ် ထုတ်ဝေရေးမှာ

* အချိန်ကာလ တစ်ခုအတွင်း ပြီးသင့်ပါ လျက်၊ မပြီးဖြစ်ခဲ့သည်။

* ဖြစ်လိုမှုသည် ဆန္ဒသာဖြစ်၍ အရာရာ တိုင်းမှာ ဆန္ဒအတိုင်း မဖြစ်ပါကလား ဟုသာ နှလုံး သွင်းရတော့သည်။

* သက်တော်ထင်ရှားရှိစဉ် ရေးပါကလည်း ရေးသင့်သော အကြောင်းအရာ အလုံးစုံ ရေးခွင့်ရ ချင်မှလည်း ရပေလိမ့်မည်။

ဗုဒ္ဓသာသနာ့တာဝန် မချွတ်ထမ်းဆောင်ရမည်

အထက်တင်ပြခဲ့သည့်အတိုင်း ဆောင်ရွက်မည့် အစီအစဉ် ရပ်တန့်သွားခဲ့ရသော်လည်း မူလအစီအစဉ် ပြန်လည်အကောင်အထည်ဖော်ရန် ပြင်းပြသောအာသီသသည် နိုးဆွတိုက်တွန်းလာ ပြန်သည်။

'ဗုဒ္ဓသာသနဘာရော အဝဿံ ဝဟိတဗ္ဗော'

ငါသည် ဗုဒ္ဓ သာသနာ့ တာဝန်ကို မချွတ် ထမ်းဆောင်ရမည်။

ဟူသော အဓိဋ္ဌာန်ချက် အဆိုအမိန့်တစ်ရပ်ကိုလည်း နှစ်သက်မြတ်နိုးလေသည်။ သို့အတွက် တောရဆရာတော် ဘုရားကြီး၏ နှစ် ၄၀–ကျော် စုတင်ဆောင်ခရီး ဘဝမှတ်တမ်းရှည်ကြီးကို မဗိုတ်မသုန် မလျော့သော ဇွဲလုံ့လဖြင့် ရေးမှတ်ရန် နမူနာနည်းလမ်းရစေရန်အတွက် ကျမ်းစာအမျိုးမျိုး ရှာရဖတ်ရ လေ့လာနေခဲ့လေသည်။

အထူးအားဖြင့် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးများ၏ တစ်ဘဝ သာသနာ ကျမ်းစာများ ဖတ်ရှုမှတ်သားနေခဲ့ရာ မိမိမှာ ပင်ကိုယ်က အသည်းကင်ဆာရောဂါ ဖြစ်ခဲ့၍ ဖြတ်တောက်ကုသထားရသူဖြစ်ခြင်း၊ ကိုယ်ခံအားညံ့ခြင်းများကြောင့် အရိုးကြီးပေါင်းတက်၍ ၆–လခန့် ကုသရ၊ မျက်စိနှစ်လုံး မမြင်ရတော့၍ နှစ်လုံးစလုံး တစ်နှစ်စီ ခွဲပြီး ခွဲရ၊ ရေးလက်စ ရပ်ရ၊ ဖြစ်နေခဲ့လေသည်။

အသက်ရှင်နေသေး၍ ရေးနေ

အမျိုးမျိုးသော အခက်အခဲများ မည်သို့ပင် တွေ့ရကြုံရပါစေ မိမိအသက်ရှင်နေသေးက တောရဆရာတော်၏ ဘဝအကြောင်းနှင့် စုတင်ဆောင်မထေရ်များ၏ ဘဝအကြောင်းများကို ရေး၍ ထိုသာသနာတည်ရေးအတွက် ဆောင်ရွက်ခဲ့ရန် ငါ့မှာ တာဝန်ရှိသည်၊ လူဖြစ်လာရသည်မှာ ထိုတာဝန်ကို ထမ်းဆောင်ရန်ပင် ဖြစ်သည်ဟု စွဲမြဲသော ခံယူချက် ရှိနေပြန်သည်။

သို့အတွက် တစ်နေ့ တစ်နေ့ တရွေ့ရွေ့ဖြင့် ရေးနေ မှတ်နေခဲ့လေသည်။

ရေးဟန်မှာ ဘယ်လောက်တော်လို့ ရေးနေပါသလဲ မေးစရာရှိပါသည်။ မိမိထက် တတ်သိလိမ္မာ ပညာရှိဆရာတော်များလည်း ရေးကြမည်သာဖြစ်ပါသည်။

မိမိအနေဖြင့် ရေးနေသည်မှာ လူပုဂ္ဂိုလ်များအတွက် ရည်သန်၍ ရေးနေကြောင်း ဖော်ပြခဲ့ပြီးလည်း ဖြစ်ပါသည်။

မိမိ၏ ဘဝအကြောင်းများလည်း အလျဉ်းသင့်သလို ရေးခဲ့တင်ပြခဲ့ပါသည်။ ဆက်စပ်ရာမှန်သမျှလည်း ရေးခဲ့ပြီး ဆက်စပ်သော ပုဂ္ဂိုလ်များ အရှင်များအကြောင်းလည်း အလျဉ်းသင့်သလို မှတ်တမ်းတင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

တောရဆရာတော်၏ ဘဝအကြောင်း ရေးသားရာ၌ မြင်ရပုံခြင်း တွေ့ရပုံခြင်း မတူသလို မြင်တွေ့သူတို့၏ အရည်အချင်း၊ ရှုမြင်မှု သုံးသပ်နှလုံးသွင်းမှု အနိမ့်အမြင့်လည်း ယပ်တူထပ်မျှ ဖြစ်သည်များလည်း ရှိမည်။ မတူသည်များလည်း ရှိပါလိမ့်မည်။

မိမိသည် သာမန် လူပုဂ္ဂိုလ်တစ်ဦးမျှသာ ဖြစ်၍ တောရဆရာတော်အပေါ် ရှုမြင်တွေ့ထိ ရေးသားတင်ပြချက်များသည် အဆင့်မမီ အရည်အသွေးနိမ့်လွန်းသည်ဆိုက မိမိညံ့၍သာဖြစ်ပါလိမ့်မည်။

တိုက်ရိုက်မြင် တိုက်ရိုက်ကြား

သို့ရာတွင် မိမိကိုယ်တိုင် တိုက်ရိုက်မြင်၊ တိုက်ရိုက်ကြားနှင့် မိမိကဲ့သို့ တိုက်ရိုက်မြင် တိုက်ရိုက်ကြားသူတို့ထံမှ ကြားသိရချက်များကိုသာ မှတ်တမ်းတင် ရေးသားခဲ့ပါသည်။

တစ်ဆင့်ကြား ပုဂ္ဂိုလ်များထံမှ မရေမရာ မသေချာသော အချက်များ ရေးသားတင်ပြခဲ့ခြင်း မရှိပါ။

'တိုက်ရိုက်မြင်ကြားများသာ သက်သေခံဝင်ပါသည်။ 'တစ်ဆင့်ကြား သက်သေခံမဝင်ပါ လောက ဥပဒေနှင့် သက်သေခံဥပဒေက လက်မခံပါ'

တောရဆရာတော်ဘုရားမှုးသည့် ဆန္ဒါနဝိနိစ္ဆယ ဆန္ဒပေး အဆုံးအဖြတ်ကျမ်းနှင့် သိမ်သမုတ်နည်းဥပဒေများ၌လည်း တစ်ဆင့်ကြား ဆန္ဒပေးသော ရဟန်း၏ဆန္ဒသည် ဆန္ဒပေးရာသို့ မရောက်ဟု ရေးသားဖော်ပြထားသည်ကို လေ့လာသိရှိရပါသည်။

သို့အတွက် လောကဥပဒေ၊ ဘုရား၏ ဝိနည်း ဥပဒေများက လက်ခံထားသော နည်းလမ်းများအတိုင်း နည်းလမ်းတကျ ရေးသားတင်ပြခဲ့သည်။ အထောက်အထား ခိုင်လုံသော စာများဖြစ်ပါသည် ဟူ၍ ရဲဝံ့စွာ တင်ပြထားပါသည်ဟူ၍ ဆိုချင်ပါသည်။

ဝန်ထမ်းအတွေ့အကြုံများ

မိမိ၏ ဝန်ထမ်းလုပ်သက် ၂၀ နှစ်ခန့် သင်တန်းများတွင် သင်ကြားခဲ့ရသော အတတ်ပညာအရ ဆောင်ရွက်ခဲ့ရသော (Intelligence) စုံစမ်းထောက်လှမ်းရသော တာဝန်များနှင့် အဆင့်မြင့်ဌာနချုပ်တွင် တိုင်း/ခရိုင်များမှ တင်ပြလာချက်များအပေါ် စစ်ဆေး ကြည့်ရှုပြန်လည် သုံးသပ်ချက် (review) လုပ်၍ တင်ပြရသည့် တာဝန်များ ဆောင်ရွက်ခဲ့ရသူ ဖြစ်ပါသည်။

တစ်ဖန် အဆင့်မြင့် အရာရှိကြီးများ၏ (reader) စာဖတ်ပေးရသူအဖြစ်၊ အမိန့်ညွှန်ကြားချက် (order) များကိုလိုက်၍ ရေးရသူအဖြစ် တာဝန်များ ဆောင်ရွက်ခဲ့ပြီး –

ဝန်ထမ်းအဖွဲ့ အရာရှိတစ်ဦး တတ်သင့်တတ်ထိုက်သည့် လူမှုရေး၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေးနှင့် စီမံခန့်ခွဲရေး အတတ်ပညာများကိုလည်း ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) တွင် ၁–နှစ်ကြာ (သူရ အမှတ်စဉ် ၉) သို့ တက်ရောက်ခဲ့ပြီး မှုခင်းများကို စုံစစ်စစ်ဆေးရသော (investigation officer)အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ထိုလုပ်ငန်း အတွေ့အကြုံများမှာ မကောင်းမှုဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများ (Habitual Criminal)၏ အပေါ် လေ့လာစုံစမ်း စစ်ဆေးချက် တွေ့ရှိချက်များကို တင်ပြရခြင်း ဖြစ်ခဲ့လေသည်။

သူတော်ကောင်းတရားကား အဘယ်သို့နည်း

မိမိ၏ ဘဝပေး အကြောင်းကံသည် အလှည့်အပြောင်းဖြစ်လာသောအခါ၌ စဉ်းစားတွေးခေါ်ချက်များမှာလည်း ပြောင်းခဲ့ရပါသည်။

♦ မသူတော်တို့ အကြောင်း လေ့လာနေရခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။

♦ သူတော်ကောင်းကြီးများနှင့် သူတော်ကောင်းတရားများကား အဘယ်သို့ပါနည်း။

ဟူ၍ လေ့လာစူးစမ်းမှုလည်း ပြောင်းခဲ့ရသည်ဟု ဆိုရပါလိမ့်မည်။

သူတော်ကောင်းတရားကို အမြဲမပြတ် လက်ကိုင်ထားတော်မူသော အရှင်မြတ်ကြီး စုတင်

ဆောင်မထေရ်ကြီး၏ ဘဝအကြောင်းများကို နှစ်အလိုက်မှ ပဋ္ဌမပိုင်းအထိ ခွဲခြား၍ ရေးသားနေခဲ့လေသည်။

နှစ်အလိုက် အစီရင်ခံစာ (Annual Report) ပုံစံ

ရေးနည်းရေးဟန် တင်ပြဟန်မှာ ဆရာတော်ဘုရားကြီး၏ ဘဝအကြောင်း နှစ်အလိုက် (Annual report) အစီရင်ခံစာပုံစံဖြင့် ရေးနေခဲ့ပါသည်။ ယင်းကဲ့သို့ ရေးနေပါကြောင်းနှင့် ရေးပြီး အပိုင်းများကို ကွန်ပျူတာစီနေပြီဖြစ်ပါကြောင်း၊ ယခင် လှူထားသည့် အလှူရှင်အပေါင်းတို့ထံ ၂၀၀၆ ဇန်နဝါရီလ ၁၄ ရက်စွဲဖြင့် အစီရင်ခံစာ ရေးသားပေးပို့ခဲ့ပါသည်။

အားလုံးကွန်ပျူတာစီပြီးပါက စိစစ်ကြည့်ကြရန် မိတ္တူစာအုပ်များ ပြုလုပ်ပေးပို့ပါမည်ဟုလည်း ဖော်ပြခဲ့ပါသည်။

မိမိ ထိုကဲ့သို့ ရေးနေပါကြောင်း လျှောက်ထားကြည့်သည့် အရှင်မြတ် ၂ ပါးက မိမိ ရေးသောစာများ တင်မပြဘဲ ရိုက်နှိပ်မည်ကို စိုးရိမ်ကြဟန်ရှိပါသည်။ တင်ပြပြီးမှ ရိုက်ပါဟု စာဖြင့် နှုတ်ဖြင့် မိန့်လာကြပါသည်။

'ဝတ်မခြောက်သူ ရေးသော စာများကြောင့် ဝတ်များပျောက်မှာ စိုးရိမ်နေကြဟန်ရှိသည်' ထင်ပါသည်။

မိမိအနေဖြင့် တောရဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် ရေးခွင့်ပြုခဲ့ပြီး ဖြစ်၍ တောရဆရာတော်၏ ဘဝအကြောင်း ကြာလျှင် မေ့မေ့ပျောက်ပျောက် ဖြစ်ပြီး မှတ်တမ်းမရှိ ဖြစ်ပေလိမ့်မည်။

(၁) ဆရာတော်ဘုရားကြီး အသက်နှင့်လဲ၍ ဆောင်တော်မူခဲ့သော ဓုတင်အကြောင်း၊

(၂) အပင်ပန်းခံ၍ ရေးခဲ့သော ကျမ်းစာများအကြောင်း၊

(၃) သိမ်သမုတ်ရမည်ဆိုလျှင် ခရီးမည်မျှဝေးဝေး အခက်အခဲမျိုးစုံ မည်သို့ပင် ကြုံတွေ့ပါစေ အသက်နှင့်ထပ်တူ မြတ်နိုးတော်မူသည့် မြတ်စွာဘုရား၏ သာသနာတော်ကြီးအရှည်ရှည်ရေး သမုတ်တော်မူခဲ့သည့် သိမ်များမှတ်တမ်း

စသည်စသည် ဆောင်ရွက်တော်မူခဲ့သည်များကို မိမိအမြင် မိမိဉာဏ်မီသမျှ ရှုထောင့်မှနေ၍ မှတ်တမ်းတင် ရေးသားလိုစိတ် ပြင်းပြလွန်း၍သာ ဆောင်ရွက်နေခဲ့မိသည်ကို အားပေးချီးမြှောက်ခြင်း တစ်မျိုးကြီးပါလားဟု ဝမ်းနည်းခြင်း ဝေဒနာခံစားရလေတော့သည်။

သမိုင်းများကို လေ့လာရာ၌ ပေထက် ကျောက်ထက် စာပေ စက္ကူ ခေတ်အဆက်ဆက် ကျွမ်းကျင်သလို လက်ာ၊ ကဗျာ၊ ရတု၊ နည်းမျိုးစုံဖြင့် ရေးသားထားရစ်ကြလေသည်။

မျိုးချစ်စိတ်ဓာတ်

'မိမိတို့ တိုင်းပြည်နှင့်လူမျိုး အတိတ်သမိုင်း ဘယ်သို့ ရှိခဲ့သည်ကို လေ့လာရကောင်းမှန်း မသိသော သူသည် မျိုးချစ်စိတ်ဓာတ် ညံ့သူသာ ဖြစ်သည်' ဟု ဗဟိုနိုင်ငံရေးသိပ္ပံမှ ကထိက ဆရာတစ်ဦးက မိန့်ဆိုပါသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင် ၁၉၇၃ ခုနှစ် သင်တန်းတက်ခဲ့စဉ်က နိုင်ငံရေးသိပ္ပံ (Political Science) ဘာသာရပ်ပို့ချမှုကို နာခံခဲ့ရစဉ်က မှတ်သားခဲ့ရခြင်း ဖြစ်ပါသည်။

ထိုအချိန်က ထိုဆရာ၏ မိန့်ဆိုမှုမှာ ထိမိလှသဖြင့် သမိုင်းဆိုလျှင် လေ့လာရကောင်းမှန်းနှင့် မသိမဖြစ်ပါလားဟု နားလည်လာခဲ့ရသည်။

ထိုအသိအရလည်း ဆရာတော်ဘုရားကြီး၏ သမိုင်းကျန်ရစ်စေရန် သမိုင်းပေးတာဝန် ထမ်းဆောင်နေခြင်း ဟု ဆိုချင်ပါသည်။

အစက်အခဲများကြားက ရေးသား

မည်မျှ တန်ဖိုးထားကြမည် ပုံနှိပ်နိုင်သည့်အဆင့်သို့ ရောက်၊ မရောက်ကို မသိပါ။ သို့ရာတွင် အစက်အခဲအမျိုးမျိုးကြားက ရေးနေမိလေသည်။

မိမိ၏ ကျန်းမာရေးမှာ သွေးအဆင့် အလွန်နိမ့်သည်၊ ကြာမြင့်စွာရေးလျှင် လက်များအကြောများကပ်လာသည်။

မျက်စိက ကြာကြာစိုက်မကြည့်နိုင်၊ လည်ပင်း ယာပခုံး အရိုးကျီးပေါင်းကအောင့်သဖြင့် ကြာမြင့်စွာ မရေးနိုင်၊ ရာသီဥတုအေးလျှင် နွေးအောင်လုပ်ရ၊ ရေချိုးပြီးတိုင်း နွေးအောင်လုပ်ရဆေးလိမ်းရသည်။

ကျန်းစာများ ပုံနှိပ်စဉ်ကကဲ့သို့ပင်လုပ်တတ်၍ လုပ်ခြင်းမဟုတ်၊ လုပ်လို၍ လုပ်နေခြင်းသာ ဖြစ်သည်။ လုပ်သင့်လုပ်ထိုက်သော အလုပ်ဟု မှတ်ယူ၍ လုပ်နေခြင်းလည်း ဖြစ်သည်ဟုရေးခဲ့ပြီး ဖြစ်ပါသည်။

အရိုးမွမ်းခံရလို၊ ကျော်ကြားလို၍မဟုတ် အကဲ့ရဲ့မှ လွတ်လျှင်ပင်ကျေနပ်ရပေတော့မည်။

မှန်နန်းရာဇဝင်တော်ကြီး နိဒါန်းမှာ

ထပ်မံ၍ တင်ပြချင်ပါသေးသည်။ 'မှန်နန်းရာဇဝင်တော်ကြီး' ပထမတွဲ မဟာနိဒါန်းအမှာစာ၌–

မြန်မာတိုင်းရင်းသားတို့၌ မိမိတို့ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များနှင့် ပြုလုပ်ခဲ့သော ဆောင်ရွက်ချက်များကို နောင်လာနောက်သားတို့ သိကြစေရန် နည်းအမျိုးမျိုးနှင့် မှတ်တမ်းတင်တတ်သော ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်ရှိခဲ့သည်။ အက္ခရာစာပေ တတ်ကျွမ်းလာကြသောအခါ ကျောက်၊ ပျဉ်ပြား၊ အုတ်ပြား၊ သတ္တုပြား၊ ပေ၊ ပရိုက်စသည်တို့အပေါ်တွင် ထုထွင်း၊ ရေးသားပြီး မော်ကွန်း၊ သံပိုင်း၊ သမိုင်း စတို့ကို မှတ်တမ်းတင်ခဲ့ကြသည်။ မိမိမွေးဖွားသော ခုနှစ် နေ့ ရက်အချိန်နာရီနှင့် အမည်ကို ပေရွက်ပေါ်တွင် ဇာတာရက်ချုပ်အဖြစ် ရေးမှတ်သည်မှအစ မိမိဘဝတစ်သက်တာတွင် ကြုံတွေ့ရသော ထင်ရှားသော ဖြစ်ရပ်များနှင့် မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုတို့ကို ကမ္ပည်းထိုးသည်အထိ မော်ကွန်းတင်ခြင်းကို ပြုလေ့ရှိကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ရှေးဟောင်း အဆောက်အအုံများ၊ ဝတ္ထုပစ္စည်းများအပြင် ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာ၊ ပေစာ၊ ပုရပိုက်စာ ဟူသော သမိုင်းအထောက်အထား အမြောက်အမြား ကြွယ်ဝသော နိုင်ငံ ဖြစ်ကြောင်းကို နိုင်ငံခြားသမိုင်း သုတေသီတို့က မှတ်ချက်ပြုကြသည်။*

တစ်ခါက 'အသောက' မင်းကြီးဟူသည် စာထဲပေထဲမှာသာပါသော အဝတ္ထုက ရာဇဝင်ပစ္စည်းဖြစ်ခဲ့၏။ အသောက ကျောက်စာများကို ဖတ်တတ်လာကြသောအခါ 'အသောက' မင်းကြီးဟူသည် စာထဲ ပေထဲမှာသာမက ဝတ္ထုပစ္စည်း သက်သေခံအထောက်အထားရှိသော ဝတ္ထုက ရာဇဝင်ပစ္စည်းတစ်ခု ဖြစ်လာလေတော့သည်။

တစ်ခါက 'ဗိဿနိုးမြို့' ဟူသည် စာဟောင်းများထဲမှာသာ ပါသော အဝတ္ထုက ရာဇဝင်ပစ္စည်း ဖြစ်ခဲ့၏။ ယနေ့သော် 'ဗိဿနိုးမြို့'ဟူသည် စာဟောင်းများထဲမှာသာမက ဝတ္ထုပစ္စည်းသက်သေခံအထောက်အထားရှိသော သဝတ္ထုက ရာဇဝင်ပစ္စည်းတစ်ခု ဖြစ်လာလေတော့သည်။

သရေခေတ္တရာ (ပြည်မြို့) တွင် ပျူမင်းအဆက်ဆက် အုပ်စိုးခဲ့ကြောင်း ရှေးဟောင်း မြန်မာ

* မုံရွေးစေတဝန်ဆရာတော်နှင့် အဖွဲ့၏ မှန်နန်းရာဇဝင်တော်ကြီး–(ပထမတွဲ) နိဒါန်း

ရာစဝင်များတွင် ဆိုခဲ့သည်မှာ ကြာလှလေပြီ၊ သို့သော် 'မနေ့တစ်နေ့က' ပြည်မြို့တောင်ဘက် ငါးမိုင်ကွာလောက်တွင် ပျူလူမျိုးတို့၏ မြို့တော်ဟောင်းမှော်ဇာ၌ 'မောင်ကန်' ရွှေပေချပ်နှစ်ခုရတော့မှ သရေခေတ္တရာ ရာဇဝင် ခေါင်းပြူလာနိုင်တော့သည်။

မောင်ကန် (မောင်ဂန်) ရွှေပေချပ် နှစ်ခုတွင် လိပိ (အက္ခရာ) အားဖြင့် ကဒမ္ဗလိပိ၊ ဘာသာအားဖြင့် ပါဠိဘာသာ – ဗုဒ္ဓဝစနကား ဤသို့တည်း။

(၁ ပေချပ်) "ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊

တေသံ ဟေတုံ တထာဂတော အာဟ၊

တေသဉ္စ ယော နိရောဓော၊

ဧဝံ ဝါဒီ မဟာသမဏောတိ။

စတ္တာရော ဣဒ္ဓိပါဒါ စတ္တာရော သမ္မပ္ပဓာနာ"

(၂ ပေချပ်) ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊

(တေ)သံ ဟေတုံ တထာဂတော

အာဟ၊

တေသဉ္စ ယော နိရောဓော၊

ဧဝံ ဝါဒီ မဟာသမဏောတိ (၊)

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ

ဝိဇ္ဇာစရဏ သံပန္နော သုဂတော "

ရှင်သောဏ၊ ရှင်ဥတ္တရ၊ ကိုးတိုင်း ကိုးဌာန သာသနာပြုခေါင်းဆောင် ဆရာတော်နှစ်ပါး သုဝဏ္ဏဘူမိ (ရွှေမြေ)သို့ သာသနာပြုကြွရောက်လာကြောင်း ရာဇဝင်သာသနာဝင် စာဟောင်းများ အဆိုရှိသော်လည်း 'မြိန်မြိန်ရှက်ရှက်ကြီး' မယုံချင်ကြ၊ သို့သော် မောင်ကန်ရွှေပေချပ်နှစ်ခုက သက်သေခံ လိုက်သည်ကား။

"ရွှေပေချပ်ပါ အရေးအသားသည် တမ္ဗပဏ္ဏိ (သီဟိုဠ်) ဂိုဏ်း၏ပါဠိ ပိဋကတ် အလာအတိုင်းဖြစ်သည်။ သို့ဖြစ်သဖြင့် ရှင်မဟိန္ဒ ဖျိုးထောင်ခဲ့သော သီဟိုဠ်သံဃာနှင့် ရှင်သောဏ၊ ရှင်ဥတ္တရတို့ ဖျိုးထောင်ခဲ့သော သုဝဏ္ဏဘူမိ(မြန်မာ) သံဃာသည် တစ်ချက်တည်း ဖြစ်သည်ဟု အနိုင်အမာ ပြုပေးလိုက်ပါသည်။

ထိုသို့ ရွှေပေချပ် နှစ်ခုက သက်သေခံလိုက်တော့မှ မြန်မာမှ ယမန်အခါကပင် သာသနာ 'အဟုတ်' ရှိခဲ့ပါတကားဟု ' အားရပါးရ' ယုံကြရတော့သည်။

ခရစ်နှစ် ၁၉၁၀–၁၁ ခုနှစ်တွင် မှော်ဇာမှ ကျောက်စာအပိုင်းအစများ ရသေးသည်။ ထိုကျောက်စာလည်း ပါဠိဘာသာပင်တည်း၊ ခရစ်နှစ် ၁၉၂၆ ခုတွင် မှော်ဇာမှပင် 'ပေစာ' နှင့်တူသော ရွှေပေချပ် (၂၀)ပါ 'ရွှေကျမ်းစာ' တစ်ဆူရခဲ့ပြန်သည်။ ရွှေပေချပ်တွင် တစ်ဖက်သာ ရေးသည်။

ရွှေပေချပ်၏ အချို့တစ်ဝက် အစိတ်အပိုင်းကို ပြရသော် အောက်ပါအတိုင်းပေတည်း။

'သိဒ္ဓံ (၊) အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ ဝိညာဏ ပစ္စယာ နာမရူပံ နာမရူပ ပစ္စယာ သဠာယတနံ ...

သိဒ္ဓံ (၊) စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပဓာနာ စတ္တာရော ဣဒ္ဓိပါဒါ ...

ကတမေဟိ ဘဂဝါ စုဒ္ဒသေဟိ ဗုဒ္ဓညာဏေဟိ သမန္နာဂတော တထာ ဂတော ...

မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော သစ္စာနံ စတုရော ပဒါ (၊)

ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ ဒိပဒါနံ(စ) စက္ခုမာတိ (၊)

ယောဝ (ဝိ) ရော သဗ္ဗဝိ ဒဿော သုဒ္ဓေါ အပ္ပတိပုဂ္ဂလော(၊)

အရဟံ သုဂတော လောကေ တဿာဟံ ပရိစာရကော (၊)

ဤသက်သေခံပစ္စည်းများကြောင့် မြန်မာပြည်တောင်ပိုင်း (သုဝဏ္ဏဘူမိ) ၌ ငါးရာစု၊ ခြောက်ရာစု(ခရစ်) လောက်ကပင် ဗုဒ္ဓသာသနာ(ထေရဝါဒ) ပြန့်ပွားနေကြောင်း အခိုင်အမာ သက်သေရခဲ့ပေသည်။ ထို သက်သေမှတစ်ဆင့် ခရစ်မပေါ်မီ နှစ်ပေါင်း နှစ်ရာငါးဆယ်သုံး (B.C. 253) နှစ်ကပင် ပါဠိလိပုတ် – သင်္ဂါယနာမှ မြန်မာသို့ သာသနာပြု စေလွှတ်သည်ဟူသော အချက်ကို 'ဘာအထက်မှ မဆန်းနှင့်' သဒ္ဒဟိတဖွဲ့ ယုံကြည်သင့်လှပေသတည်း။

မှန်နန်းရာဇဝင်တော်ကြီး မဟာနိဒါန်း အမှာစာတွင် ဖော်ပြချက်များကို လေ့လာ မှတ်သားခဲ့ ရသဖြင့်လည်း တောရဆရာတော်ဘုရားကြီး တစ်ပါး ဤလောက၌ ရှိခဲ့ဖူးသည်၊ ရေးခဲ့သော ကျမ်းစာများ သမုတ်ခဲ့သော သိမ်များ ပြည်မြန်မာ အနှံ့အပြားရှိခဲ့ ဖူးသည်၊ တောရဆောင်မထေရ်များ အဆက်ဆက် ပေါ်ထွန်းခဲ့ဖူးသည် စသည်အားဖြင့် များပြားလှသော ကျေးဇူးတရားများကို မမေ့မလျော့သင့်ပါကြောင်းနှင့် စစ်မှန်သော သာသနာတော်ကြီး တည်ပါစေကြောင်း ရေးနေခဲ့ပါသည်ဟု ထပ်လောင်း တင်ပြအစီရင်ခံ လိုက်ရပါသည်။

တောရဆောင် ဒုတိယဝါတော် ၂၀–ကာလ အနှစ်ချုပ်ပါက

ကောဇာ ၁၃၄၆ ခုနှစ်မှ ၁၃၆၅–ခုနှစ်ထိ တောရဆောင် ဒုတိယဝါတော် ၂၀–ကာလ၌ တောရဆရာတော်၏ သက်တော် ၈၂–နှစ်၊ ဝါတော်ပေါင်း ၆၃–ဝါ။ တောရဆောင် ဝါတော်ပေါင်း ၄၁–ဝါ ရှိခဲ့လေပြီ။

ထိုဒုတိယဝါတော် ၂၀–ကာလအတွင်း သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

ကျမ်းစာ ရေးသားခြင်း

(၁) ဆန္ဒါန ဝိနိစ္ဆယ ခေါ် ဆန္ဒပေးအဆုံးအဖြတ်ကျမ်း ပါဠိမြန်မာ၊

(၂) ရတင်္ဂဝိနိစ္ဆယ ခေါ် ရတင်အဆုံးအဖြတ်ကျမ်း ပါဠိ၊ မြန်မာ၊

(၃) မေဃသံယုတ္တဂါထာ ခေါ် တရားနှင့် ယှဉ်နေစေချင် ပါဠိ–မြန်မာ၊

(၄) ဝနနာစုံ ခေါ် မြင့်မြတ်သူတို့၏အလုပ်များ ပါဠိ၊ မြန်မာ၊

(၅) ကလျာဏီ ကျောက်စာကျမ်း ပါဠ်နိဿယ ပြင်ဆင်ရေးသားခြင်း၊

(၆) ပြည်တွင်းပြည်ပ ရဟန်းတော်များ မေး/ဖြေ ကျမ်းရေးသားခြင်း၊

(၇) သိမ်အမှတ် ၁၅–မှ ၁၆၈–ထိ သိမ်များ သမုတ်တော်မူခြင်း၊ သိမ်မှတ်တမ်း ၁–မှ ၁၀၀–ထိ ပါဠိမြန်မာ ရေးသားတော်မူခြင်း၊

(၈) မေဃစေတိယသုတ် တရားတော်ကို ဟောကြားတော်မူခဲ့ခြင်း

ရတင်ဆောင် မထေရ်ကြီးငယ်များ ပေါ်ထွန်း

ဒုတိယဝါတော် ၂၁–ဝါ ကာလ၌ ဒိဋ္ဌာနုဂတိသို့လိုက်သော တောရဆောင်မထေရ်ကြီးငယ်များစွာ ဆက်လက်ပေါ်ထွန်းခဲ့ပါသည်။

မိမိအနေဖြင့် သိရှိရသမျှမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ဘဒ္ဒန္တဇာဂရိယ (ဓမ္မာစရိယ၊ ဂဏဝါစက) ရန်ကုန်ဆရာတော် ရန်ကင်းတောရနဘူးကျင်း

(၂) ဘဒ္ဒန္တနန္ဒဝံသ (သက်တော် ၈၄၊ ဝါတော် ၆၄ တောထွက်လာ) ရွှေဒါးဆရာတော်ဘုရားကြီး

(၃) ဘဒ္ဒန္တ ဝိဝေကစာရ ကျောက်ကြီးတောင် တောရ ပေါက်ခေါင်း၊ ပြည်ခရိုင်၊

(၄) ဘဒ္ဒန္တ ဥတ္တမ ချောင်းဆုံတောရ တပ်ကုန်းမြို့နယ်၊

(၅) ဘဒ္ဒန္တ ပညာဒီပ ရန်ငြိမ်းတောရ ရမည်းသင်းမြို့နယ်၊

(၆) ဘဒ္ဒန္တ ဓမ္မဝိယ (B.S.c. Dip Sport) ထုံးတောင်တောရ၊ တောင်တွင်းကြီး၊

(၇) ဘဒ္ဒန္တ ဉာဏိန္ဒ မင်္ဂလာတောရ၊ ရမည်းသင်းမြို့နယ်၊

(၈) ဘဒ္ဒန္တ တေဇောသာရ (ဓမ္မာစရိယ) ရန်ရှင်းတောရ၊ ရမည်းသင်း၊

(၉) ဘဒ္ဒန္တ ပညာသိရီ မော်ဘီမြို့နယ်၊

(၁၀) ဘဒ္ဒန္တ သူရိယ၊ ကမော့ဒွတ်တောရ မုဒုံမြို့နယ်၊

(၁၁) ဘဒ္ဒန္တ ဥတ္တမသာရ (မင်္ဂလာဗျူဟာ) ဆုတောင်းပြည့်တောရ၊

(၁၂) ဘဒ္ဒန္တ ဣန္ဒောဘာသ ဆုတောင်းပြည့်တောရ၊ လယ်ဝေး၊

(၁၃) ဘဒ္ဒန္တ ကုမာရ ဆုတောင်းပြည့် တောရ လယ်ဝေး၊

စသည့်ဆရာတော်များနှင့် မိမိမသိရှိသော အခြားသော ရုတင်ဆောင် မထေရ်ကြီးငယ်များစွာ ဤသာသနာတော်၌ ပေါ်ထွန်းလျက်ရှိပါသည်။

ဤကား တောရဆရာတော်ဘုရားကြီး ဒုတိယဝါတော် ၂၀-ဝါ ကာလအပိုင်းအခြား၌ ဖြစ်ပေါ်တည်ရှိချက်များ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ ဘဝ၌ ထိုကာလသည် သာသနာတော်ကြီးအတွက် အမြင့်ဆုံး ဆောင်ရွက်သွားတော်မူသော ကာလဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော် ပထမဝါတော် ၂၀ ကာလ၌ သိမ် ၁၄-လုံးသာ သမုတ်နိုင်ခဲ့ပြီး ဒုတိယ ဝါတော် ၂၀-ဝါကာလ၌ သိမ်အလုံးပေါင်း ၁၅၄ လုံးအထိ သမုတ်တော်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ထိုကာလ၌ ရုတင်ဆောင် သာသနာတော် အရှည်တည်တံ့ရေးအတွက် လိုအပ်သော ကျမ်းစာများ ရေးခဲ့သည်။ ဤသို့ရေးသားရာ၌ ဆရာတော်သည် ရုတင်များကျင့်ဆောင်ခြင်းနှင့် တောရဆောက်တည်ခြင်း စသော ကျင့်ဝတ်များကို လုံးဝမပျက်ပြားစေဘဲ ရေးသားခဲ့ခြင်းသာ ဖြစ်ပါသည်။

သီတင်းသုံးခဲ့သော ရန်ကင်းတောရနှင့် ထန်းတပင်တောရ ၂-ခု စလုံး မဟာရံ တံတိုင်းများ ခတ်ပြီး အပင်ပန်းခံ၍ ဆောင်ရွက်တော်မူခဲ့သည်။

ဤကား စတုတ္ထပိုင်းကာလအတွင်း မိမိ၏ ဉာဏ်အမြင် မိသမျှ လေ့လာစူးစမ်းတွေ့ရှိချက်များ ဖြစ်လေသည်။

ပဥ္စမပိုင်း

ဘဝနိဂုံး နောက်ဆုံးနေ့များ

သက်တော် - ၈၃-တန်ခူးလမှ ဝါဆိုလအထိ ၃-လကြာကာလ

သာသနာတော်နှစ်	-	၂၅၄၈
ကောဇာ	-	၁၃၆၆
ခရစ်နှစ်	-	၂၀၀၄

<u>သာသနာတော်အတွက် ဆောင်ရွက်ချက်များနှင့် ဘဝနိဂုံး</u>

* သိမ်အမှတ် - ၁၆၉-နှင့် ၁၇၀-သမုတ်တော်မူခြင်း
* ၁၄၊ ၆၊ ၂၀၀၄နေ့ - မကျန်းမမာ ဖြစ်တော်မူခြင်း
* (၂၃-၆-၂၀၀၄ မှ ၂၇-၆-၂၀၀၄) ထိနှင့် ရန်ကုန်ဇီဝိတဒါန သံဃာ့ဆေးရုံသို့ တက်ရောက်ကုသခြင်း
* (၂၇-၆-၂၀၀၄ မှ ၁၁-၇-၂၀၀၄) ထိ ယော - တိပိဋကဓရ မဟာဝိသုဒ္ဓါရုံတိုက်သို့ ပြောင်းရွှေ့ကုသခြင်း
* (၂၃-၆-၂၀၀၄ မှ ၁၁-၇-၂၀၀၄)ထိ ၁၉-ရက် အပြင်းအထန် မကျန်းမမာချိန်၌ပင် အသက်စွန့်၍ တောအရဟာခံယူခြင်း
* ၂၂-၇-၂၀၀၄ နေ့ ည ၈-နာရီ ၂၅-မိနစ်အချိန် ဘဝခန္ဓာချုပ်ငြိမ်းတော်မူခြင်း

အခန်း (၆)

နှစ်လေးဆယ်ကျော် ရှုတင်ဆောင်ခရီး
အဝနိဂုံးနောက်ဆုံးနေ့များ

၁၃၆၆ ခုနှစ် အစ၊ နှစ်ဆန်း (၁) ရက်၊ ၁၆၊ ၄၊ ၂၀၀၄

သာသနာတော်နှစ် ၂၅၄၉၊ ကောဇာသက္ကရာဇ် ၁၃၆၆–ခုနှစ်၊ အစဦး တန်ခူးနှစ်ဆန်း ၁-ရက် ခရစ်နှစ် အလိုအားဖြင့် (၁၇၊ ၄၊ ၂၀၀၄)သည် ကောဇာ ၁၃၆၅–ခုနှစ်၏ ကုန်ဆုံးရက်ဖြစ်ပါသည်။

တောရဆရာတော်၏ အိပ်ဆောင်စာအုပ်ငယ်၌ ထိုကဲ့သို့ မြန်မာရက် အင်္ဂလိပ်ရက် ယှဉ်တွဲရေးမှတ်ထားသည်ကို တွေ့ရပါသည်။

တောရဆရာတော်၏ သက်တော်လည်း ၈၃–နှစ်သို့ ဝင်ပါပြီ၊ ဝါတော်ပေါင်း ၆၃–ဝါ၊ တောရဆောင်ဝါတော်ပေါင်း ၄၁–ဝါ၊ နှစ်ပေါင်း ၄၁–နှစ် တောမှာပျော်၍ တောမှာ နှစ်စဉ်ရှုတင်ဆောင်ခြင်း မပျက်မကွက် ဝါကပ်တော်မူခဲ့ပါသည်။

တောရဆရာတော်ကိုယ်တိုင် ရေးမှတ်ခဲ့သည့် အိပ်ဆောင်စာအုပ်ငယ်၌ ၁၃၆၆၊ ကဆုန်လမှတ်တမ်း၌ ကဆုန်လဆန်း ၁–ရက်သည် အင်္ဂလိပ်လအနေအားဖြင့် ၂၀၀၄၊ ဧပြီ ၁၉–ရက် (တနင်္လာ) အစရက်ဖြစ်၍ ကဆုန်လကုန် လပြည့်ကျော် ၁၅ ရက်သည် မေလ ၁၈ ရက် (အင်္ဂါနေ့)မှာ ကုန်ဆုံးကြောင်း ရေးထားသည်ကို တွေ့ရပါသည်။

ထိုမှတ်တမ်း၌–

(၁) ၁၃၆၆၊ ကဆုန်လဆန်း ၆–ရက် (၂၄–၄–၂၀၀၄) နေ့၌ စေတီအုပ်စီဟု မှတ်ထားပါ သည်။ အဘယ်စေတီအုတ်စီခဲ့သည် မရေးပါ။

(၂) ကဆုန်လဆန်း ၁၀–ရက် (၂၇–၄–၂၀၀၄)နေ့၌ သိမ်–မိုးဟု အတိုရေးမှတ်ထားပါသည်။ သိမ်အမှတ် ၁၆၉ မွေးရိုးကြီးသိမ်ဖြစ်လေသည်။

(၃) ကဆုန်လဆန်း ၁၅–ရက် (၃–၅–၂၀၀၄)နေ့၌ သိမ်တောင်ကြီးနေထွက် ၅–၂၈ ဟုရေး မှတ်ထားသည်။

(၄) ကဆုန်လပြည့်ကျော် ၂–ရက် (၅–၅–၂၀၀၄)နှင့် လပြည့်ကျော် ၃ ရက်(၆–၅–၂၀၀၄) နေ့များ၌ မိုး–မိုးဟူ၍ ရေးမှတ်ထားသည်။ မိုးရွာသော ရက်များ ရေးမှတ်ထားခြင်း ဖြစ်ပါလိမ့်မည်။

(၅) ကဆုန်လပြည့်ကျော် ၁၃–၁၄–၁၅ ရက်များ မေလ ၁၆–၁၇–၁–ရက်များ၌ မိုး–မိုး–မိုး ဟူ၍ ရေးမှတ်ထားသည်။ မိုးရွာသည့်ရက်များ ရေးမှတ်ထားခြင်းပင် ဖြစ်ပါသည်။

၁၃၆၆၊ သိမ် ၂–လုံး သမုတ်တော်မူခဲ့

ထိုမှတ်ချက်များနှင့်ယှဉ်တွဲ တောရဆရာ တော်သမုတ်ခဲ့သည့် သိမ်မှတ်တမ်း အကျဉ်းမှတ်စု စာရွက်ရေးမှတ်ချက်နှင့် ယှဉ်တွဲကြည့်ရှုလေ့လာသည့် အခါ ၁၃၆၆–ခုနှစ်၌ သိမ် ၂–လုံး အောက်ပါအတိုင်း သမုတ်တော်မူခဲ့ကြောင်း အဖြေထွက်လာလေသည်။

သိမ်အမှတ် ၁၆၉-မွေးရိုးကြီးသိမ်

သာသနာ ၂၅၄၈၊ ကောဇာ ၁၃၆၆-ခုနှစ် (၂၇–၄–၂၀၀၄) ကဆုန်လဆန်း ၁၀-ရက်၊ ဗုဒ္ဓဟူး နေ့ နေဝင်ညနေ ၆–နာရီ ၂၆–မိနစ်အချိန် ယခု နေပြည်တော် လယ်ဝေးမြို့နယ်၊ မွေးရိုးကြီးကျောင်း ဝင်းအတွင်း (၁၉၄)ကြိမ်မျှ သိမ်နုတ်ထားသော မြေ အပြင်၌ တောရဆရာတော်ဦးဆောင်သော ရဟန်း တော် ၁၅၇–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

ထိုသိမ်သမုတ်ပြီးနောက် ၅–ရက်အကြာ အောက်ပါသိမ်အမှတ် ၁၇၀–တောင်ကြီးမြို့ ဘုရား ကြီးကျောင်းသိမ်ကို သမုတ်တော်မူခဲ့ကြောင်း မှတ် တမ်းအတိုချုပ်များအရ တွေ့ရှိရပါသည်။

သိမ်အမှတ် ၁၇၀-တောင်ကြီးမြို့၊ ဘုရားကြီးသိမ် (ဝိသုံဂါမ)

သာသနာ ၂၅၄၈၊ ကောဇာ ၁၃၆၆ ခုနှစ်၊ (၃–၅–၂၀၀၄) ကဆုန်လပြည့် ၁၅ ရက် တနင်္လာနေ့ နံနက် ၈ နာရီ ၃၂ မိနစ်အချိန် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ဘုရားကြီး ကျောင်းဝင်းအတွင်း ၈၅ ကြိမ်မျှ သိမ်နုတ်ထားသော မြေအပြင်၌ တောရဆရာ တော်ဦးဆောင်သော ရဟန်းတော် ၅၇–ပါးတို့သည် ထိုသိမ်ကို ကောင်းစွာ သမုတ်တော်မူခဲ့ကြသည်။

♦ ထိုသိမ်သည် ဝိသုံဂါမ သိမ်ဖြစ်၍ နံနက်ပိုင်း သမုတ်တော်မူခြင်း ဖြစ်သည်။

♦ ထိုသိမ်သည် တောရဆရာတော်၏ဘဝ နောက်ဆုံးအပြီးသတ် သမုတ်တော်မူခဲ့သော သိမ် ဖြစ်လေသည်။

♦ မြန်မာပြည်၏အရှေ့ပိုင်း ရှမ်းပြည် တောင်ပိုင်း တောင်ကြီးမြို့အထိ ခရီးအဝေးကြီးကို သိမ်အတွက် အပင်ပန်းခံ၍ သက်စွန့်ကြိုးပမ်း ကြွ ရောက်၊ သမုတ်တော်မူခဲ့သော အမှတ်တရ သိမ်ဖြစ် လေသည်။

♦ ထိုသိမ်ကို သမုတ်တော်မူပြီးနောက် ၁-လနှင့် ရက် ၂၀–အကြာကာလ ဆရာတော်၏

♦ ၃–၅–၂၀၀၄ နေ့ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့အထိ တက်၍ ဘုရားကြီးကျောင်းသိမ် အမှတ် ၁၇၀–ကို သမုတ်တော်မူခဲ့ပါသည်။

♦ ၁–၅–၂၀၀၄ တွင် ဆေးစစ်ခံရန် ၂လ ကြာခဲ့သော်လည်း ရန်ကုန်မြို့သို့ ပြန်လည် ကြွရောက်လာခြင်း မရှိခဲ့ပါ။ ဆရာတော်သည် သူ့ကျန်းမာရေး သူ မငဲ့တော့ပါ။

ဆရာတော်ရေးခဲ့သော နောက်ဆုံး မှတ်တမ်း

တောရဆရာတော်၏ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီ၌ ၁၃၆၆၊ နယုန်လဆန်း ၁–ရက်သည် ၂၀၀၄–မေ ၁၉–ရက် ဗုဒ္ဓဟူးဖြစ်၍ ၉၈ ၁၆–ရက်၊ ဗုဒ္ဓဟူးမှာ ရက်ကုန်ဆုံးဟု ရေးမှတ်ထားသည်။

နယုန်လဆန်း ၁–ရက် = မေလ ၁၉–ရက်မှ နယုန်လဆန်း ၄–ရက် မေလ ၂၁–ရက်ထိ၊ ၃–ရက် မိုးဆက်တိုက်ရွာကြောင်း–

နယုန်လဆန်း ၃–ရက် မေလ ၂၁–ရက်နေ့၌ ပညီနူစသည် ၄–ပါး အဗ္ဗာနကံဆောင်သည်ဟု အတိုရေးမှတ်ထားပါသည်။

မှတ်ချက်။ ။ အရှင်ပညီနူနှင့် ရဟန်းတော် ၄–ပါးတို့ အဗ္ဗာနကံ=သံဃာဖြင့်ကုစားရသော အပြစ်အာပတ်ကို ကုစားသော ကံဆောင်ခြင်း ဖြစ်သည်။

♦ ရန်ကုန်မှလည်းကောင်း၊ နယ်မြို့များမှလည်းကောင်း ဝိနည်းလေးစားသော ရဟန်းတော်များ တောရဆရာတော်ထံသို့ ယင်းကဲ့သို့ ရောက်လာကုစားတတ်ကြလေသည်။

♦ ထို အဗ္ဗာနကံ အကြောင်း လူပုဂ္ဂိုလ်များ သိအောင် မရေးတော့ပြီ။ အခြား ဆရာတော်အရှင်များ ရေးကြပါလိမ့်မည်။

ဘဝခရီး အဆုံးသတ်ခဲ့သောကြောင့် ထိုသိမ်ကို နောက်ဆုံးသမုတ်ခဲ့သော သိမ် ဟုဆိုရခြင်းဖြစ်သည်။

ဤသို့ဆိုလျှင်–

(၁) တောရဆရာတော်၏ ဘဝနိဂုံး အဘယ်သို့ အဆုံးသတ်ခဲ့လေသနည်း။

(၂) ဤလောကအတွက် ဤသာသနာတော်ကြီးအတွက် ဆရာတော်၏တာဝန်တွေ ပြီးသွားခဲ့ပြီဖြစ်၍ ဆရာတော်၏ဘဝနိဂုံး အဆုံးသတ်ခဲ့ခြင်း ပေလား၊ မေးစရာတွေးစရာတွေ ရှိနေကြပေလိမ့်မည်။

(၃) ဆရာတော်၏ တပည့် ပရိသတ်၊ ဒကာ ဒကာမအပေါင်းတို့နှင့် အဘယ်ကြောင့် ခွဲခွာတော်မူခဲ့လေသနည်း။

(၄) ဝမ်းနည်းကြေကွဲစရာ နှမြောတသလွမ်းဆွေးစရာတွေများစွာ ကိုယ်စီကိုယ်စီ ရင်ထဲမှာကိန်းနေရှိနေ ကျန်ရစ်ခဲ့ကြလေသည်။

ဆေးပြန်စစ်ရန် ရန်ကုန်သို့ ကြွမလာ

၁–၃–၂၀၀၄ နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဓီဝိတဒါန သံဃာဆေးရုံကြီးတွင် ကျန်းမာရေးစစ်ခဲ့ရာ "ဆီးမှာ အနယ်ရှိနေပါသည်" "ဘာရောဂါဘယ်မှာဖြစ်နေသည်" ကို တိကျသော အဖြေရှာရပါမည်။ တစ်လကြာ ပြန်ကြွလာ စစ်ဆေးခံရန် ဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေးကိုယ်တိုင် လျှောက်ထားခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၁–၄–၂၀၀၄ နေ့တွင် တစ်လပြည့်ခဲ့သော်လည်း တောရဆရာတော် ရန်ကုန်သို့ ပြန်လည် ဆေးစစ်ခံရန် ကြွလာတော်မမူပါ။

♦ ၂၇–၄–၂၀၀၄ နေ့ သိမ်အမှတ် ၁၆၉ မွေးရိုးကြီးသိမ် လယ်ဝေးမြို့နယ်တွင် သမုတ်တော်မူခဲ့ပြီး –

နယုန်လဆန်း ၅-ရက် မေ ၂၃-ရက် မိုး ဟုရေးထားရာ မိုးရွာသည်ဟု ရေးမှတ်ခြင်းဖြစ်သည်။

နယုန်လဆန်း ၈-ရက်(မေလ ၂၆-ရက်) တွင် ဘုရားကွန်ကရိ ဟုရေးထားရာ ဘုရားရင်ပြင် ကွန်ကရိခင်းသည်ဟု ရေးမှတ်ဟန်တူသည်။ မည်သည့်ဘုရားဟု ရေးမထားချေ။ နောက်တစ်ရက် နယုန်လဆန်း ၉-ရက် မေလ ၂၇-လည်း ကွန် ဟုသာရေးပြီး မိုး ဟု ရေးထားလေသည်။

နေမွန်းတည့်ချိန် ရေးမှတ်ထားသော ဇယား၌ ရံခါမွန်းတည့်ချိန်များ ရေးမှတ်ထားပြီး နေထွက်နှင့် နေဝင်ချိန်များ ရေးမှတ်ခြင်း မပြုတော့ချေ။ ထိုမှတ်တမ်းကို ကြည့်ခြင်းဖြင့် ဆရာတော်၏ ကျန်းမာရေး မကောင်းတော့သဖြင့် စိတ်ပါလက်ပါ ရေးမှတ်ခြင်း မပြုတော့ဟု မှတ်ယူမိလေသည်။

အသည်းကြီး

၁၃၆၆ ခုနှစ် နယုန်လပြည့်ကျော် ၁၂-ရက် (၂၀၀၄ ဇွန်လ ၁၄-ရက်) နေ့၌ 'ဓာတ်မှန်ရိုက် အသည်းကြီး' ဟု ဆရာတော်ကိုယ်တိုင် လက်ရေးဖြင့် အတိုရေးမှတ်ထားလေသည်။

ထိုမှတ်တမ်းအရ ယခုနေပြည်တော်ပျဉ်းမနားမြို့ရှိ ဆရာဝန်ကြီးများ၏ ဆေးခန်းများနှင့် ဆေးရုံတွင် ဓာတ်မှန်ရိုက် အစစ်ဆေးခံခြင်းဖြစ်သည်။

ယခုနေပြည်တော် ပျဉ်းမနားမြို့ ရန်နိုင်စားတော်ဆက်မှ ဦးချို့ဝင်းဖုန်းဆက်သဖြင့် တောရဆရာတော်၏ ကျန်းမာရေး မကောင်းကြောင်း၊ နယ်တွင် ဆေးစစ် ကုသနေကြကြောင်း၊ ၎င်းအနေဖြင့် စွပ်ပြုတ် ဆက်ကပ်လျှက်ရှိကြောင်း ကြားသိရပါသည်။ မိမိမှာလည်း ကျန်းမာရေး ဂရုစိုက်နေရသူဖြစ်၍ အပြေးအလွှား သွားချင်သော်လည်း မသွားနိုင်ဖြစ်နေ၍ များစွာ စိတ်မကောင်း ဖြစ်ရလေသည်။

ရန်ကုန်ကိုပင့်လာပါ ကြိုးစားကြည့်ပါရန် အကြံပြုရုံမှတစ်ပါး မိမိဘာမျှ မလုပ်နိုင်သည်ကို စိတ်မချမ်းမသာဖြင့် နောက်ထပ်သတင်းကောင်း ကြားပါရစေ ဆုတောင်းနေမိပါသည်။

ဆေးကုသစ်ရန် ကြွလာပြီ

ကောဇာ ၁၃၆၆-ခုနှစ် ပထမဝါဆိုလဆန်း ၆ ရက် (၂၂-၆-၂၀၀၄) အင်္ဂါနေ့ ညနေပိုင်း ယခုနေပြည်တော်ပျဉ်းမနားမြို့ (ရန်နိုင်စားတော်ဆက်) ဦးချို့ဝင်းထံမှ ဖုန်းဆက်လာသည်။ တောရဆရာတော် ကျန်းမာရေးမသက်သာ၍ ရန်ကုန်သို့ ဆေးကုသလာရန် စီစဉ်နေပြီဖြစ်ကြောင်း ပြောပါသည်။

တောရဆရာတော်၏ ခန္ဓာကိုယ် အလွန်ပိန် သွားပါပြီ။ အားလည်း အလွန်နည်းနေပါပြီ။ ရုပ်လည်း အတော်ကျသွားပါပြီ။ ယခုနေပြည်တော်ပျဉ်းမနားမြို့က ဆရာဝန်ကြီးတွေနှင့် ကုသကြပါသည်။ မသက်သာပါဟု ပြောလာပါသည်။

ကြားရသည့်သတင်းမှာ လွန်စွာပင် စိတ်မသက်မသာ ဖြစ်ရပါသည်။ များစွာစိတ်မကောင်းပါ။ မိမိမှာလည်း ပြေးလွှားသွား၍မရ။ အတော်ပင် စိတ်ထိခိုက်မိပါသည်။

လူကိုယ်တိုင်မလုပ်နိုင် ဖုန်းဖြင့်ဆက်၍ ပထမဦးစွာ သံဃာဆေးရုံအုပ် ဆရာဝန်ကြီး ဦးခင်မောင်အေးကို သတင်းပို့ပါသည်။ အခန်းပြင်ထားပေးပါ ပြောရပါသည်။

ဆက်လက်၍ ဦးညွန့်လှိုင်၊ ဦးတင်ဝင်း၊ ဦးထွန်းခင်၊ အစ်မကြီး ဒေါ်တင်တင်နှင့် မိသားစုများ ဦးကျော်ခင် ဘုရားဖြူဆရာတော် ဦးနရိန္ဒာဘိဝံသ၊ ဦးစန္ဒိမာ၊ သာကေတမြို့မှာရှိသော ဦးရွှေအောင်၊ ဦးမြင့်သိန်း၊ ဆရာမ ဒေါ်ခင်စန်းဝင်း စသူတို့အား သတင်းပေး အသိပေး မနားမနေပြောကြားခဲ့ပါသည်။

၂၃–၆–၂၀၀၄ နေ့ နံနက်စောစော ယခုနေပြည်တော် ပျဉ်းမနားမြို့မှ ဦးချိုဝင်းထံမှ ဖုန်းလာပါသည်။ တောရဆရာတော်ကို ကား ၃စီးဖြင့် နောက်ပါသံဃာများပါ ထန်းတပင်တောရမှ ထွက်ခွာသွားပါပြီ။ ရန်ကုန်သို့နေ့လည် ၂–နာရီ ၃–နာရီခန့်ရောက်မည်ထင်ပါသည်ဟု ပြောပါသည်။

သို့အတွက် ဦးညွန့်လှိုင်နှင့် မိမိ၏သားကြီးဒေါက်တာ ခင်မောင်ဦးတို့အား သံဃာ့ဆေးရုံကြီးမှာ ကြိုတင်သွားနှင့်ပြီး စောင့်နေကြပါ၊ မှာကြားစေလွှတ်ထားခဲ့ပါသည်။

မိမိအနေဖြင့် နေ့ ၂–နာရီလောက်မှ အိမ်မှထွက်မည်စိတ်ကူးဖြင့် နေခဲ့ပါသည်။ နေ့ ၂–နာရီတွင် ဦးညွန့်လှိုင်ထံမှ ဖုန်းလာပါသည်။ တောရဆရာတော်နှင့် အဖွဲ့ဆေးရုံရောက်လာပါပြီ။ အစ်ကိုကို မေးနေပါသည်ဆို၍ ချက်ချင်းပင် ကားငှား၍သွားခဲ့ပါသည်။

ရန်ကုန်ဗဟန်း သံဃာဆေးရုံကြီးသို့ ရောက်ပြီ

ဗဟန်း ဓီဝိတသံဃာဆေးရုံကြီး ရာဇပြိုဟ်ဆောင် အောက်ထပ် အထူးခန်းမှာ နေရာပြင်ပြီး ကုတင်ပေါ်မှာ စတင်ဖူးတွေ့ရပါသည်။ ဆရာတော်၏ ရုပ်ရည်ရူပကာယအတော်ကို အိုသွားပါပြီ။ လွန်ခဲ့သော ၃–လ၊ (၁–၃–၂၀၀၄)နေ့က ထိုကုတင်မှာ ဖူးတွေ့ခဲ့ရသောရုပ်ရည်မျိုး မဟုတ်တော့ပါ။

ဆေးရုံအုပ်ဆရာဝန်ကြီး ဦးခင်မောင်အေးက ဆရာတော်ကို ကြည့်ရှု စစ်ဆေးနေပါသည်။ ယခုနေပြည်တော် ပျဉ်းမနားမြို့က ဆရာဝန်ကြီးများ၏ စစ်ဆေးချက်များ ဓာတ်မှန်များ တီဗီဓာတ်မှန်များ မှတ်ချက်များ အားလုံးကြည့်ပြီး သွေးအမျိုးမျိုးစစ်ရန် ပါမောက္ခ ဆရာဝန်ကြီး ဦးခင်မောင်ဝင်း (အသည်း) ၏ လမ်း ၃၀–အထူးကုဆေးခန်း ကမ္ဘာ့အဆင့်မီဓာတ်ခွဲခန်းသို့ ပို့ပါဆို၍ မိမိကိုယ်တိုင် သွားရောက်ပို့ရပါသည်။

ဆရာတော် ရန်ကုန်ဆေးကုသကြွလာရာ၌ မော်တော်ကား သုံးစီးဖြင့် ကြွလာခြင်းဖြစ်ရာ လိုက်ပါလာသော ဆရာတော်သံဃာတော်များနှင့် လူပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဆရာတော် သံဃာတော်များ

၁။ ဆရာတော် ဦးစာဂရိယ
(နဘူးကျောင်း ရန်ကင်းတောရ)

၂။ ဆရာတော် ဦးစန္ဒောဘာသ
(မှန်တောင်တောရ)

၃။ ဆရာတော် ဦးကောဝိလ
(ဆုတောင်းပြည့်တောရ)

၄။ ဆရာတော် ဦးစနက
(ပဲခူးတိုင်း)

တို့ ဖြစ်ကြပြီး . . .

လူ ပုဂ္ဂိုလ်များ

၁။ ဦးအောင်ခ (ဒေါင်းမင်းဆီစက်) တပ်ကုန်းမြို့၊ ယခုနေပြည်တော်။

(၂) ဦးစိုးနိုင် (ရွှေကုန်သည်) ရွှေချိုရပ် ပျဉ်းမနားမြို့၊ ယခုနေပြည်တော်။

(၃) ဦးချင်ဟိုက် (မှန်တောင်ဆရာတော် တပည့်) သာဂရမြို့။

(၄) ဦးတင်ထွန်းအောင် (အငြိမ်းစား ဂါတ်ဗိုလ်ကြီး) ရန်ကင်းတောရ။

(၅) ကိုဘိုနီ ကပ္ပိယ ကြာပင်အင်းရွာ ရမည်းသင်းမြို့နယ်။

(၆) ကိုကျော်အောင် (တောရဆရာတော်၏တူ) နဘူးကျောင်းရွာ။

(၇) ကိုလှထွန်း (တောရဆရာတော်ကြီး၏တူ) နဘူးကျောင်းရွာ။

မှတ်ချက် ယာဉ်မောင်းတာဝန်ဖြင့် ပါလာသူများ အမည်မမှတ်မိပါ။

မော်တော်ကားသုံးစီး

မော်တော်ကား သုံးစီးဖြင့်လာရာ ၂ စီးမှာ ယခုနေပြည်တော် တပ်ကုန်းမြို့ ဒေါင်းမင်းမိသားစု အကိုကြီး ဦးအောင်စ၏ ကားများဖြစ်ပြီး ၁ စီးမှာ ယခုနေပြည်တော် ပျဉ်းမနားမြို့မှ ရွှေကုန်သည် ဦးစိုးနိုင်၏ ကားဖြစ်ကြောင်း သိရပါသည်။

ဆေးကုသရေး၊ အရှက်ယူရေးများ စီစဉ်ကြ

တောရဆရာတော်၏ ကျန်းမာရေးအတွက် အဖြေရှာ ဆေးကုသရေး ဇီဝိတဒါန သံဃာ့ဆေးရုံ အုပ် ဆရာဦးခင်မောင်အေး၏ စီစဉ်ညွှန်ကြားမှု အတိုင်း ဆောင်ရွက်ရန် တင်ပြဆွေးနွေးကြသည်။ မည်သည့်နေရာတွင် မည်သည့်ရောဂါဖြစ်နေသည်ကို အတိအကျ အဖြေရရေးအတွက် ဆေးရုံအုပ် ဦးခင်မောင်အေးက အကြံပေးသည်မှာ

(၁) C.T. scan service ကွန်ပျူတာ မာတ်မှန်ရိုက်ကူးမှု ရွှေဂုံတိုင်အထူးကုဆေးခန်းသို့ အမြန်သွားရောက် ရိုက်ကူးရန်။

(၂) လမ်း ၃၀-ပါမောက္ခဦးခင်မောင်ဝင်း (အသည်း) နှင့်ပြရန် သွေးအဖြေများပါ တင်ပြရန်။

(၃) အခြားလိုအပ်သော ရောဂါရှာဖွေမှုများကို သံဃာဆေးရုံကြီးမှ ဆောင်ရွက်ပေးမည်ဟူ၍ အကြံပေး ညွှန်ကြားပါသည်။

အရှက်ယူရေး

၂၄-၆-၂၀၀၄ နေ့ နံနက် အရှက်ယူရေးမှာ ရန်ကုန်ဆရာတော် ဦးဇာဂရိယ၊ မှန်တောင်ဆရာတော် ဦးစန္ဒောဘာသ၊ ဆုတောင်းပြည့် ဦးကေဝလတို့ အရှက်ယူ ပို့ပေးရမှာဖြစ်လို့ တောရဆရာတော်ကြီးက ကားစီးလိုက်ရတာပဲ အရှက်ယူခြင်း မဖျက်ပါဟု မိန့်ကြားနေသဖြင့် ခရီးအတိုဆုံးနှင့် အမြန်ဆုံး သွားနိုင် ပြန်နိုင်သည့် အရှက်ရမည့်နေရာ သန်လျင် တံတားကြီးသို့ မှန်တောင်ဆရာတော်နှင့်အတူ ၂၃-၆-၂၀၀၄ နေ့ညနေ သွားရောက်၊ တာဝန်ရှိသူများသို့ အကျိုးအကြောင်း ပြောပြ ညှိနှိုင်းသဘောတူညီချက် ရယူကြရသည်။

မိမိက တောအရှက်ယူရေး မော်တော်ကား စီစဉ်ပင့်ဆောင်ကြိုပို့ တာဝန်ယူရန် သဘောတူခဲ့ပါသည်။

ဆွမ်းလောင်းလှူရေး

တောရဆရာတော်ဘုရားကြီးအတွက် စွပ်ပြုတ်နှင့် တောရဆရာတော်များသို့ နံနက် ဆွမ်းလောင်းရေးကို ဦးစိန်မောင်+ဒေါ်ဝင်းမာ စမ်းချောင်းတို့က စွပ်ပြုတ်နှင့်ဆွမ်းအတွက် မပူနှင့် သူတို့တာဝန်ယူမည်ဆိုသဖြင့် စိတ်အေးရတော့သည်။

ဦးညွန့်လှိုင်က ဦးစိန်မောင် ဒေါ်ဝင်းမာတို့နှင့် ဆွမ်းကိစ္စ ပူးတွဲ တာဝန်ယူရန် စီစဉ်ကြရသည်။

ငွေအတွက် မပူနှင့်

အစ်ကိုကြီး ဦးအောင်စက ဆေးကုသရေးအတွက်ကုန်ကျငွေ စိတ်မပူနှင့်၊ ၎င်းထံမှာ ရှိပါသည်။ စုပေါင်းလှူကြငွေလည်းပါသည်။ အကောင်းဆုံး၊ အထိရောက်ဆုံး၊ အမြန်ဆုံးသက်သာရေး စီစဉ်

ကြပါ။ သားကြီး ဒေါက်တာခင်မောင်ဦးက ဦးဆောင်ပါ ဆေးရုံအုပ်ညွှန်ကြားသည့်အတိုင်း အပြင်မှာရှိသည့် အထူးကုဆေးခန်းကြီးများရှိရာ ဆရာဝန်ကြီးများထံပြစရာရှိက ငွေကိစ္စအတွက်မပူနှင့်။ ပင့်လို့ရလည်း ပင့်ဟု ပြောပါသည်။ လျှော်အိပ်ဖြင့်ထည့်လာသော ငွေထုပ်ကြီးကိုလည်း ပြပါသည်။

၂၄-၆-၂၀၀၄-နေ့ ပထမဝါဆိုလဆန်း ၈-ရက် ကြာသပတေးနေ့

နံနက်အရုဏ်ယူ

ယခုနေပြည်တော် တပ်ကုန်းမြို့ ခေါင်းမင်း ဦးအောင်ခနှင့် ယခုနေပြည်တော်ပျဉ်းမနားမြို့မှ ဦးစိုးနိုင်ကားများဖြင့် မူလစီစဉ်ထားသည့်အတိုင်း သန်လျင်တံတားကြီး၏ အလည်တည့်တည့်မှာ တောရဆရာတော်ကြီး၊ ရန်ကုန်ဆရာတော်၊ မုန်တောင်ဆရာတော်၊ ဆုတောင်းပြည့်ဆရာတော်တို့ပါ အရုဏ်ယူကြသည်။

ဆရာတော်မှာ အားအင်အလွန်နည်းနေပါပြီ။ သို့ရာတွင် သင်္ကန်းကို ကိုယ်တိုင်ရုံပါသည်။ အနွေးထည်ခေါင်းစွပ်၍ လက်နှိပ်မီးသေးသေး၊ နာရီသေးသေးများကို ယူမြဲအတိုင်း ယူပါသည်။

တံတားကြီး အလည်တည့်တည့်မှာ တစ်ဖက်လျှင် တစ်မိုင်ခွဲစီ (အားလုံးအရှည် ၃-မိုင်ခန့်) ရှိသဖြင့် ရွာနယ်မှလွတ်၍ တောရအရုဏ်ရခြင်း နှစ်သက်ကြောင်း မုန်တောင်ဆရာတော်၏ လေ့လာထားချက်ကို သဘောကျ လက်ခံပါသည်။

အရုဏ်လာသည်နှင့် ထိုနေရာတွင် ကြာမြင့်စွာနေခြင်း မပြုကြဘဲ သာကေတမြို့၊ ရွှေခင်းသာအိမ်ရာအလွန် စာသင်တိုက်ကြီးများ နောက်ဖက်ကမ်းနဖူးသို့ သွားရောက်၊ နေထွက်ချိန်ကို စောင့်ဆိုင်းကြည့်ရှုတော်မူပါသည်။ တောရဆရာတော် မော်တော်ကားပေါ်မှပင် ကြည့်ရှုပါသည်။ နာရီကြည့် စိတ်မှတ်သာ မှတ်ဟန်ရှိတော်မူသည် ထင်ပါသည်။

နံနက် နေထွက်ကြည့်တော်မူ

အရုဏ်ယူပြီး နေထွက်ချိန်ကြည့်ရန်အတွက် သာကေတမြို့ ရွှေခင်းသာလမ်းမကြီး အောင်မော်စံ စာသင်တိုက်နှင့် ရတနာရွှေခင်းသာဟိုတယ် Yadana View Point Hotel)၏ ကြားလမ်းအတိုင်းဝင်၍ ကမ်းနားသို့ သွားကြရသည်။ အောင်ကံ့တလူကျောင်းတိုက်အနီး သစ္စာအဓိဋ္ဌာန် ရတနာဗောဓိ ဆုတောင်းပြည့်ဘုရားအနီးမှာ အရှေ့က နေဝန်းထွက်အလာကို ကြည့်ရှုခြင်းဖြစ်သည်။

ရန်ကုန်ဆရာတော်နှင့် မုန်တောင်ဆရာတော်တို့ကလည်း နေအထွက်ကို နာရီကြည့်ကြပါသည်။ ထိုနေရာမှ ပြန်လည်ကြွတော်မူကြပါသည်။

အပြန် ကန်တော်ကြီးအတိုင်း ရွှေတိဂုံဘုရား ဦးခိုက်ကြည်ညိုနိုင်စေရန် ရွှေတိဂုံအရှေ့မုခ် ဗဟန်းထိပ်လမ်းမှ မော်တော်ကားကို မောင်းစေပါသည်။

ဆွမ်းကပ်/ဆွမ်းလောင်းကြ

၂၄-၆-၂၀၀၄ နံနက် တောရဆရာတော်ဘုရားကြီးသို့ ဦးစိန်မောင်+ဒေါ်ဝင်းမာတို့မှ စွပ်ပြုတ်ဆက်ကပ်ကြပြီး ရန်ကုန်ဆရာတော်နှင့် မုန်တောင်ဆရာတော် ဆုတောင်းပြည့်ဆရာတော်တို့အား ဆေးရုံအပြင်မှာ ဆွမ်းလောင်းကြရသည်။

၂၄-၆-၂၀၀၄ နေ့ တောရဆရာတော်အား ရွှေဂုံတိုင် အထူးကုဆေးခန်းကြီးသို့ သားကြီး ဒေါက်တာခင်မောင်ဦးက ပင့်ဆောင် C.T scan ကွန်ပျူတာဓာတ်မှန်ဖြင့် ဝမ်းဗိုက်ပိုင်း အထူးအားဖြင့် (အသည်း)ကို ရိုက်၍ စစ်ဆေးခဲ့ပါသည်။

ယခုနေပြည်တော် ပျဉ်းမနားနှင်းရာဇာ၏ အလှူ။

ထိုသို့ စစ်ဆေးရန်အတွက် အစ်ကိုကြီး ဦးအောင်ခထံမှ ငွေ ကျပ် တစ်သိန်း ထုတ်ပေးခဲ့ရာ ထိုငွေမှာ ယခုနေပြည်တော်ပျဉ်းမနားမြို့ နှင်းရာဇာ သံလုံး သံပြား ရောင်းဝယ်ရေးပိုင်ရှင် ဦးဇော်ဝင်း+ ဒေါ်သန်းသန်းမြင့် တို့ လှူလိုက်သော ငွေဖြစ်ကြောင်း လိပ်စာကဒ် ပူးတွဲပါလာ၍ သိရပါသည်။

C.T scan စစ်ဆေးချက်အတွက် ကျပ် လေးသောင်းကျော်ကျပါသည်။ ပိုငွေ ငါးသောင်း ကျော် ပြန်အပ်ခဲ့ပါသည်။ ထိုစစ်ဆေးချက် ဦးဆောင် ပင့်သွားသူ သားကြီးဒေါက်တာခင်မောင်ဦးက အဖြေ သိရပါပြီ ပြောပါသည်။ ဘာအဖြေထွက်သည် မပြော ပါ။ မျက်နှာမကောင်းပါ။

ဆေးရုံအုပ် ဆရာဦးခင်မောင်အေးလည်း ဖတ်ကြည့်ပြီးပါပြီ။ ဘာမျှ ဖွင့်မပြောကြပါ။ ပါမောက္ခ ဆရာဝန်ကြီး ဦးခင်မောင်ဝင်း (အသည်း)နှင့် ပြပါဦး စစ်ဆေးချက်အားလုံး ယူသွားပါဟုသာ ပြောနေကြပါ သည်။

၂၅-၆-၂၀၀၄ နေ့ ပထမဝါဆိုလဆန်း ၉-ရက် သောကြာနေ့

နံနက်အရုဏ်ဆွမ်း

ယမန်နေ့ကအတိုင်းပင် တောရဆရာတော် နှင့် တောရဆောင် ဆရာတော်များ သန်လျင်တံတား ကြီးသို့ ယခုနေပြည်တော် တပ်ကုန်းဒေါင်းမင်းကား နှင့် ယခုနေပြည်တော် ပျဉ်းမနား ကိုစိုးနိုင်ကားများဖြင့် နံနက်အရုဏ်ဆွမ်း ကြွတော်မူကြသည်။ တောရဆရာ တော်အခြေအနေမှာ ထူထူထောင်ထောင်ကြီး မဟုတ် သော်လည်း ကားရှေ့ခန်းမှာ ထိုင်လျက်ပင်၊ သင်္ကန်းရုံ လျက်ပင်၊ နာရီနှင့်ခါတ်မီးကလေး လက်မှာကိုင် လျက်ပင်၊ ကြွတော်မူပါသည်။ ခွတင်ဆောင် အရုဏ် ကင်ဘဝကို မြတ်နိုးတော်မူကြောင်း လက်တွေ့ပြသ ၍ နေပါသည်။

နံနက် စွပ်ပြုတ်ဆက်ကပ်

နံနက် စွပ်ပြုတ်ကို ဦးစိန်မောင်+ဒေါ်ဝင်းမာ တို့နှင့် သာကေတမြို့ ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ တို့ ၂-ဦးစီမံသော ကြက်သဟင်းရွက် ဟင်းချို မြင်းခွာ ရွက်သုတ်များဖြင့် ကပ္ပိယမှတဆင့် ဆရာ တော် ဦးဇနက လက်သို့ကပ်ရသည်။

ဆရာတော် ဦးဇနက အကပ်ခံပြီးသည်ကို လက်ခံ၍ ဘုန်းပေးတော်မူသည်။ မြိန်ရေယှက်ရေ ဘုန်းပေးနိုင်ခြင်း မရှိပါ။

"မင်းတို့ကပ်လို့သာ ငါက ဘုန်းပေးနေတာ.. ဆရာဝန်တွေက ဘာပြောသလဲ" မေးနေ၊ မိန့်ကြားနေ ပါသည်။ စစ်ဆေးနေဆဲပါဘုရား၊ ကြိုးစားကုကြပါ မည် ပြောပါသည်ဟုသာ အဆင်ပြေအောင် လျှောက် ရသည်။

သွေး ၈-မျိုး လမ်း ၃၀-မှာစစ်

သံဃာ့ဆေးရုံအုပ်က သွေး ၆-မျိုးစစ်ရန် ညွှန်၍ လမ်း ၃၀ ဆေးခန်းသွားရသည်။ နံနက်ပိုင်း တွင် ပါမောက္ခဆရာဝန်ကြီး ဦးခင်မောင်ဝင်းနှင့်တွေ့ သည်။ ယခုနေပြည်တော်ပျဉ်းမနားမြို့နေ ပါမောက္ခ ၏ဦးလေးတော်သူထံမှ ပေးလိုက်သောစာကို ပေးအပ် သည်။ ပါမောက္ခက သွေး ၂-မျိုးထပ်ပြီးစစ်ရန် ညွှန်ကြားသဖြင့် သွေး ၈-မျိုး အမြန်စစ်ကြသည်။ ညနေ ၅-နာရီမှာ ပင့်လာပါပြောသည်။

ပါမောက္ခ၏ ဦးလေးမှာ လူမှုရေးလုပ်ငန်း သိပ်လုပ်တာ၊ ညကလည်း ဖုန်းဆက်သေးတယ်၊ တောရဆရာတော်ကြီးအကြောင်း သိပြီးပါပြီ ဟု ပြောပါသည်။

ပါမောက္ခ ဦးခင်မောင်ဝင်း (အသည်း) နှင့်ပြ

၂၅-၆-၂၀၀၄ နေ့ ညနေ ၅-နာရီမထိုးမီ စီစီတဒါန သံဃာ့ဆေးရုံကြီးမှ တောရဆရာတော်ကို ပင့်၍ တပ်ကုန်း၊ ဖျဉ်းမနားကား ၂-စီးဖြင့် လမ်း ၃၀-ဆေးခန်းပြရန် သွားကြသည်။ ဝါဆိုလ၏ မိုးက ရွာမလိုတိမ်မဲညိုကို့ မှိုင်းလို့နေပါသည်။

ဓိလ်ချုပ်လမ်းရောက်မှ တောရဆရာတော် ၏ ဆေးမှတ်တမ်းဖိုင်တွဲမေ့ကျန်ခဲ့၍ ပြန်ယူကြရ သည်။ မိမိ၏ စိတ်များလေးလံထိုင်းမှိုင်းနေသဖြင့် သတိလက်လွတ်ဖြစ်နေ၍၊ မိမိပေါ့လျော့မှုဖြစ်၍ စိတ် မကောင်းဖြစ်ရသည်။

ထိုညနေ ၅-နာရီခွဲတွင် ပါမောက္ခဆရာဝန် ကြီး ဦးခင်မောင်ဝင်းအခန်းမှာ တောရဆရာတော် ကို ပြကြသည်။ ပါမောက္ခက C.T. scan ကို မီး ဆလိုက်ဖြင့် ကြည့်သည်။ တောရဆရာတော်ကိုလည်း စစ်ဆေးကြည့်ရှုသည်။ သွေးအဖြေများ ဖတ်သည်။

ပါမောက္ခက တောရဆရာတော်ကို အပြင် သို့ပြန်ဖို့ ထိုင်လျက် ထွန်းလှည်းပေါ်မှာ ထားစေပြီး အရေးအကြီးဆုံး သံဃာတော် ၃-ပါး၊ လူ ၃ ယောက်အခန်းထဲမှာနေပါ၊ ရှင်းပြပါမည်။ ပြော သည်။ အကိုကြီးဦးအောင်ခကေ စိတ်မသက်မသာဖြင့် အခန်းထဲမဝင်ပါရစေနဲ့ ပြော၍ အပြင်မှာ ဆရာတော် အနားမှာ နေပါမည်ပြောသည်။

ရန်ကုန်ဆရာတော် ဦးဇာဂရိယ၊ မှန်တောင် ဆရာတော် ဦးစန္ဒောဘာသ၊ ဆုတောင်းပြည့် ဦးကေဝလတို့ ၃-ပါးနှင့် မိမိ ဦးသိမ်းဆောင်၊ ဦးညွန့်လှိုင်၊ ဦးကျော်ခင်တို့ ၃-ဦး ပါမောက္ခပြောမည့် စကားများနားထောင်ရန် အလုံပိတ်အခန်းမှာ ဆက်ပြီး နေကြသည်။

၆-လခန့်သာ အသက်ရှင်နိုင်

ပါမောက္ခ ဆရာဝန်ကြီးက တောရဆရာ တော်မှာ 'အသည်းတစ်ခြမ်း မကောင်းတော့ပါ၊ သွေး အဖြေ ၈ မျိုးအနက် ၄ မျိုးက မကောင်းပါ၊ နောက်ထပ် ၆-လခန့်သာ အသက်ရှင်နိုင်ပါမည်'

'၆-လခန့် ဖူးမြင်နိုင်ရန် ရန်ကုန်ဆေးရုံကြီး အသည်းဌာန သူ့အခန်းမှာ တင်ထားမလား၊ သို့ မဟုတ် သံဃာ့ဆေးရုံကြီး ဗဟန်းမှာတင်ထားမလား၊ သူရေးပေးတဲ့ဆေးသောက်ရပါမည်' ဟုပြောပါသည်။

နယ်မှာဆိုလျှင် အနီးကပ် စောင့်ကြည့်ပေး မည့် ဆရာဝန်ရှိသလား။ ဖျဉ်းမနားမြို့နှင့် သိပ်မဝေး ပါ။ ရှိပါသည်။ ဖြေကြပါသည်။

ပါမောက္ခပြောသော စကားများအတိုင်း ရန်ကုန်မှာ ဆက်ပြီး နေမည်မနေမည်။ ပြန်တိုင်ပင် ကြပါဦးမည် ဖြေကြပါသည်။

မျက်ရည်ကိုယ်စီကျရပြီ

ပါမောက္ခ နှုတ်မှ မိန့်ဟသံမှာ တောရ ဆရာတော်တခ နိဂုံးအဆုံးသတ်တော့မည် ပြောနေပြီ ဖြစ်ပါ၍ ဘယ်လိုဘယ်က ကျလာသည်မသိ။ မိမိ အနေဖြင့် ထိန်းမရသည့် မျက်ရည်များ ကျလာပါပြီ။ အလားတူပင် ဦးညွန့်လှိုင်နှင့် ဦးကျော်ခင်တို့လည်း မျက်ရည်တွေ ကိုယ်စီကျလို့ ငိုကြပါသည်။

ရန်ကုန်ဆရာတော်နှင့် မှန်တောင်ဆရာ တော်တို့ မျက်နှာများနီမြန်း၍ နေပါသည်။ လူ့ဒကာ များလို မဟုတ်၊ အရှိနှင့်အသိ မလွတ်စေရအောင် သတိနှင့် တရားနှလုံးသွင်းနေကြဟန်ရှိပါသည်။

သက်တော်ရှယ်တော် ငယ်သူ ဆုတောင်း ပြည့်ဦးကေဝလ၏ မျက်နှာမှာ မျက်လုံးအိမ်များတွင် မျက်ရည်များအပြည့် ရီဝေ၍ နေပါသည်။ ဘုရားရှင်

ပရိနိဗ္ဗာန်ဝင်စံတော်မူမည့်အချိန် အရှင်အာနန္ဒာမထေရ် မျက်ရည်ကျသလို ခံစားနေရဟန် ရှိပါသည်။

အခါနှောင်းခဲ့ပြီ

အလာကောင်းသော်လည်း အခါနှောင်းခဲ့ပြီ။ ပါမောက္ခ၏အခန်းမှာ တိတ်ဆိတ်၍ နေပါသည်။ နှလုံးသွေးရပ်သော လူနာများကဲ့သို့ ငြိမ်သက်၍လည်းနေပါသည်။

ပါမောက္ခက အလိုက်သိပါသည်။ စကားမပြောဘဲ ခေတ္တရပ်ထားပေးပါသည်။ တစ်စထောမျှအကြာ ပါမောက္ခဆက်ပြောသည်မှာ–

တပည့်တော် တစ်နေ့တစ်နေ့ လူနာ ၁၀၀၀ ကျော် ကြည့်ရပါသည်။ တပည့်တော် လျှောက်ထားသည့်အတိုင်း ဆေးမှန်မှန်စားပါ၊ ဆေးဘိုးတတ်နိုင်ပါသလား တစ်လစာဝယ်သွားပါ၊ တစ်လကြာ အခြေအနေ ပြန်လာပြောပါ။ ဆရာတော်ကြီးကို ပင့်မလာပါနှင့် ငြိမ်ငြိမ်သက်သက်ကလေး ထားပါ၊ ၆–လဟု ပြောသော်လည်း စိတ်ချ၍မရပါ။ ပြန်ပင့်မည်ဆိုကလည်း ယခုရက်အတွင်း ပင့်သွားပါဟု ဆက်၍မှာနေပါသည်။

ဤသို့ဖြင့် ပါမောက္ခ၏စကားများ နားထောင်ပြီး အခန်းမှ ပြန်ထွက်ခဲ့ကြပါသည်။ အပြင်က စောင့်နေသော အစ်ကိုကြီးဦးအောင်ခမှာ ဆရာတော်၏ တွန်းလှည်းကလေးဘေးမှာ မတ်တတ်ရပ်၍ စောင့်မျှော်နေပါသည်။ အားလုံး၏ အမူအရာများကို မြင်ရခြင်းဖြင့် နားလည်သွားဟန် ရှိပါသည်။ ဆရာတော်ရှေ့မှာ မမေး၊ မဖြေကြတော့ပါ။

ဆေးစာများကို ကောင်တာမှာ ပြသည်၊ ငွေရှင်းကြသည်။ ဆေးရောင်းကောင်တာသို့ သွားကြရသည်။ ဆေးများ တစ်လစာ ၁၅၀၀၀ိ/–(တစ်သိန်းငါးသောင်း) ကျော်ဝိုး ကျသည်။ မှန်တောင်တောရ ဆရာတော်၏ ကပ္ပိယ ဦးချင်ဟိုက်က ငွေပေးချေပါသည်။ လမ်း ၃၀–ဆေးခန်းမှ ပြန်အထွက်မှာ မိုးက ဖွဲဖွဲကလေး ရွာသည်။ လိုက်ပါလာသူ ရဟန်းရှင်လူ တပည့်အပေါင်း ရင်တွင်းကိုယ်စီ တမြေ့မြေ့ပူမီးလောင်ကြသဖြင့် မျက်ရည်အဖြစ် ယိုစီးကြလေသည်။

နွဲ့ရွာပေဦးတော့မည်

ငါတို့ ဆရာတော် ရှေ့ ၆–လထက်အလွန် ဤလူ့ပြည်၌ မရှိနိုင်တော့၊ ငါတို့နှင့် နွဲ့ရွာကောင်းနွဲ့ရွာပေတော့မည်၊ မုချ ကျိန်းသေနွဲ့ရွာပေဦးတော့မည်။ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင် ပါမောက္ခနှင့် ခေတ်မီ နောက်ဆုံးပေါ်ဓာတ်ခွဲခန်းအဖြေများ ကွန်ပျူတာနည်းပညာအရ စစ်ဆေးထားချက်အဖြေများက မရနိုင်တော့ပါ ဟု တစ်ညီတစ်ညွတ်တည်း ပြောနေကြပါပြီ။ ဆရာတော်ဘဝအသက်ရှင်ရေး ဘာတွေကြံဆ ဘာတွေရှာကြလေရဦးမည်နည်း။

ရွှေမိုးညို ဖြိုလေတော့မည်လား

ဆရာတော်ကို ပင့်ပြီး ပြန်လာသော ကား ၂ စီး သံယာ့ဆေးရုံ ပြန်အရောက်မှာ မိုးက ရှစ်ခွင်တိုင်း မှိုင်းလို့နေသည်။ ရွာမလိုတိမ်မဲညိုတို့က ဝမ်းနည်းခြင်း နိမိတ်လက္ခဏာပေလား။ ဖြေမဆည်နိုင်ဖြစ်ရသည်။ သူတော်ကောင်းကြီးတို့အပေါ် ထားရှိသော လောက၏ ဓမ္မတာအစဉ်အလာ ဖြစ်ပေလိမ့်မည်လား။ ဆောက်တည်ရာမရ ပြေးလွှားနေခဲ့ကြရသည်။ ဆရာတော်အတွက် အဖြေပေးသော ထိုနေ့ကား မြန်မာလိုအားဖြင့် ၁၃၆၆–ခုနှစ်၊ ပထမဝါဆိုလဆန်း ၉–ရက်၊ သောကြာနေ့ ဖြစ်ပါသည်။

မှတ်မှတ်ရရ ပြောရပါလျှင် 'ရွှေမိုးညို ပြိုလေတော့မည်လား' စံစားကြရသောနေ့ စိတ်မသက်မသာ ဝမ်းနည်းကြရသောနေ့တစ်နေ့ဟု မှတ်တမ်းမှာ ရေးထားခဲ့မိသောနေ့ ဖြစ်လေသည်။

နယ်က သတင်းများမေးလာကြ

ရမည်းသင်း ဦးအောင်လင်း၊ ယခုနေပြည်တော်တပ်ကုန်း ကိုစိုးသန်း၊ ဒေါင်းမင်း၊ ယခုနေပြည်တော် ပျဉ်းမနားဦးချိုဝင်းတို့က ညစဉ် ဖုန်းဆက်၍ မေးနေကြပါသည်။ တောရ ဆရာတော် ကျန်းမာရေး ဆရာဝန်ကြီးတွေက ဘာပြောသလဲ တမေးထဲမေးနေကြပါသည်။

ယခင်ရက်များက အဖြေရှာဆဲပါဟု ပြန်ပြောနိုင်ခဲ့သော်လည်း ၂၅–၆–၂၀၀၄နေ့ ည အဖြေကို ဘယ်လို ဖြေရမည်မသိပါ။ 'မရနိုင်တော့ပါ' ဟုဖြေလျှင် သူတို့ ဝမ်းနည်းကြေကွဲကြပါလိမ့်မည်။ မြို့များမှ ရွာများသို့ပါ သတင်းပျံ့နှံ့သွားပါလျှင် ပို၍ စိတ်မချမ်းမသာ ဖြစ်ကြပါလိမ့်မည်။

ဆရာတော် အခြေအနေကောင်းပါသည်။ မျှော်လင့်စရာရှိပါသည် ဟု လိမ်၍လည်း မပြောချင်ပါ။ လိမ်ပြောထားလျှင်လည်း ခဏသာ လိမ်နိုင်ပါမည်။ စိတ်သက်သာရာရပါစေဟုလည်း ဖုံးဖိမထားလိုပါ၊ သူတို့အမှန် သိလို၍ မေးနေကြခြင်း ဖြစ်ပါသည်။

ဤသို့အားဖြင့် ဦးအောင်လင်းရေ အမှန်အတိုင်း ကျွန်တော်ဖြေပါမည်။ ထိန်းထိန်းသိမ်းသိမ်း ပြောပါဟုသာ စိတ်မချမ်းမြေ့စွာဖြင့် ဆရာတော် သတင်း အမှန်အတိုင်း ဖြေလိုက်ရပါသည်။

ထိုနည်းတူ ယခုနေပြည်တော် တပ်ကုန်း ဒေါင်းမင်းမိသားစု ကိုစိုးသန်းအားလည်းကောင်း၊ ပျဉ်းမနားရန်နိုင် ဦးချိုဝင်းအားလည်းကောင်း၊ ဆရာတော်၏ ညီအရင်း အိုးဘိုဝ္စတောရ အရှင်ဣဿရသို့ လည်းကောင်း၊ အမရပူရ မဟာဂန္ဓာရုံ စာသင်တိုက်ကြီးမှ အရှင်ဓမ္မတို့ထံမှလည်းကောင်း ဖုန်းဆက် မေးလာကြသောကြောင့် တစ်ညလုံး ဖြေနေရလေတော့သည်။ မဖြေလိုသော ဝမ်းနည်းစရာစကားများ ဆက်တိုက် ပြောနေဖြေနေရလေတော့သည်။

တောရဆရာတော်အပေါ် လေးစားကြ၊ ကြည်ညိုကြ၊ မြတ်နိုးကြသဖြင့် အမြဲပင် ဖူးမြင်လိုကြပါသော်လည်း ဆရာတော်ကား ဤလူ့ပြည်၌ ရေ့ဆက်ခရီး အလွန်ဆုံးမှ ၆–လခန့်သာ နေပါတော့မည်။ ထိုသတင်းကို မည်သို့ပင် ထိန်းထိန်းသိမ်းသိမ်း ပြောပါဆိုပါသော်လည်း တစ်ယောက်စကား တစ်ယောက်နားသို့ မုချ ကျိန်းသေ ပျံ့လွင့်ပေလိမ့်မည်။ မကြားလိုသော သတင်း ကြားကြရပါလိမ့်မည်။ တားမရပါ။ မခွဲလိုပါ။ ခွဲကြရပါလိမ့်မည်။ ဝမ်းနည်းကြပါလိမ့်မည်။ ကြေကွဲကြပါလိမ့်မည်။

၂၆–၆–၀၀၄ နေ့ ၁၃၆၆–ပထမဝါဆို လဆန်း ၁၀–ရက် စနေနေ့

နံနက်အရုဏ်ယူ

တောရဆရာတော်သည် လွန်စွာ မကျန်းမမာသည့်ကြားက နံနက်အရုဏ်ယူခြင်းကို မပျက်မကွက် ကြွမြန်းတော်မူသည်။ ယခုနေပြည်တော် တပ်ကုန်း ဒေါင်းမင်းကားနှင့် ယခုနေပြည်တော် ပျဉ်းမနား ဦးစိုးနိုင်တို့ ကား ၂–စီးဖြင့် ရန်ကုန်ဆရာတော်၊ မှန်တောင်ဆရာတော်၊ ဆုတောင်းပြည့်ဆရာတော်တို့ပါ သန်လျင်တံတားကြီးပေါ်သို့ ကြွကြသည်။

တောရဆရာတော်သည် သူ့အတွက် ကြံနေခြင်း မဟုတ်တန်ရာ -

(၁) တပည့်ကြီး သုံးပါးကို အသက်စွန့်ပြီး တောရဆောင်ခြင်း ပြုကြကုန်လော့။

(၂) အရှုတ်ယူခြင်းကို ဘယ်အခါ ဘယ်ကာလမှ ပေါ့ပေါ့လျော့လျော့ မလုပ်ကြနဲ့၊ ရာသက်ပန် ဆောက်တည်ကုန်ကြလော့။

(၃) သူတော်ကောင်းတို့မည်သည် အသက်နှင့်သီလ ယှဉ်လာပါက အသက်ကိုသာ စွန့်ကြလော့။

(၄) ဘဝ ဟူသည် အမြဲမရှိ၊ ဓုတင်ဆောင်ဘဝဖြင့် သံသရာမှလွတ်အောင် ရုန်းကြကုန်လော့။

(၅) မိမိဘဝအတွက် ဓုတင်ဆောင်ခြင်း လွတ်အောင်ရုန်းခြင်းသည်ပင် သာသနာတည်အောင် ရွက်ဆောင်ခြင်းဟု မှတ်ယူကြကုန်လော့။

(၆) သာသနာတည်အောင် ရွက်ဆောင်ခြင်းသည်ပင်လျှင် လောကအတွက် တင့်တယ်အောင် ရွက်ဆောင်ခြင်းဖြစ်၍ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် နေရစ်ကြကုန်လော့။

(၇) အတုအယောင်တွေ ပေါများလှသော ဤလောကကြီးထဲ၌ လာဘ်ရလိုခြင်း၊ ကျော်စောလိုခြင်း၊ အပူဇော်ခံရလိုခြင်း တို့ဖြင့် မနစ်မြုပ်စေလင့် အနှစ်သာရမရှိသည်တို့၌ သာယာခြင်း မဖြစ်ကြကုန်လင့်။

စသည့်,စသည်ဖြင့် များစွာသော အဆုံးအမများကို လက်တွေ့အားဖြင့် ပြသ၍ အဆုံးအမများ ပေးနေသလားဟု မိမိဉာဏ်မှီသမျှ စဉ်းစားဆင်ခြင်နေမိလေတော့သည်။

ဆရာတော်များမှာလည်း ငြိမ်သက်လျက်လိုက်ပါနေကြလေရာ မိမိကဲ့သို့ပင်နှလုံးသွင်းနေကြဟန်ရှိပါသည်။ မိမိထက်ပင် ဉာဏ်ပညာကြီးမားသော အရှင်များဖြစ်ပါ၍ ထိုထက်ပင်များပြားလှစွာသော သံဝေဂဉာဏ်များ ဖြစ်ပေါ်၍နေပေလိမ့်မည် ဟုလည်းထင်ပါသည်။

နံနက်စွပ်ပြုတ် ဆက်ကပ်

၂၆-၆-၂၀၀၄ နေ့နံနက် စမ်းချောင်း ဦးစိန်မောင်+ဒေါ်ဝင်းမာတို့နှင့် သာကေတမြို့ ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေတို့ စီစဉ်လာသော စွပ်ပြုတ် ကြက်သဟင်းရွက်ဟင်းချို ခရမ်းချဉ်သီး အသုတ်များဖြင့် ယမန်နေ့များအတိုင်း ဆက်ကပ်ကြသည်။

ဆရာတော်က "မင်းတို့ ကပ်လို့သာ ဘုန်းပေးနေတာ၊ ငါ့အနေနဲ့တော့ မသုံးဆောင်လိုပါဘူး၊ သက်သာတယ်မရှိပါဘူး" ဟု နှုတ်မှ မိန့်သည်။

ဆရာတော်၏ အသည်းတစ်ခြမ်း ပျက်စီးနေပြီဘဲ၊ ဘယ်မှာ သက်သာခွင့်ရပါ့မလဲဘုရားဟု လျှောက်ထား၍လည်း မဖြစ်။

မိမိသည် အသည်း၏ သုံးပုံတစ်ပုံအနာဖြစ်စဉ်က အောင့်လိုက်၊ နာလိုက်သည့်အဖြစ် လူးလွန့်ပြီး အော်ဟစ်နေခဲ့ရသူ ဖြစ်ခဲ့ပါသည်။

ဆရာတော်တွင် ဖြစ်နေသောရောဂါမှာ အသည်းတစ်ခြမ်းလုံး မကောင်းတော့သည့် ဝေဒနာမည်မျှ ပြင်းထန်မည်ကို မိမိသိပါသည်။

ဆရာတော် တစ်ချက်မငြီး၊ အခံရခက်သည့် လက္ခဏာမပြ၊ ငြီးငြီးငြူငြူ ဖြစ်နေခြင်းမရှိ၊ သည်းခံ၍ နေရကြောင်း ထင်ရှားပါသည်။

မိမိဉာဏ်မီသမျှ စာစကားအရ ဥပေက္ခာဝေဒနာ = အညီအမျှရှုခြင်းဖြင့် ပြင်းစွာ ခံစားရသော ဝေဒနာကို ဖယ်စွာ တွန်းလှန်ကျော်ဖြတ်နေရသည် ထင်ပါသည်။

ဒေါက်တာဦးသန့်စင်(ခွဲစိတ်သမားတော်)နှင့်ပြသ

တောရဆရာတော်၏အပေါ် ဆေးစစ်ခြင်းပြုခဲ့သော ပါမောက္ခ ဆရာဝန်ကြီး ဦးခင်မောင်ဝင်း (အသည်း) ၏ ထင်မြင်ယူဆချက်များ အခြေအနေ အရပ်ရပ် ဆေးမှတ်တမ်းများပါ ခွဲစိတ်သမားတော် ဒေါက်တာ ဦးသန့်စင်သို့ ပြသပြီး တောရဆရာတော်ကိုပါ သံဃာ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးပေးပါရန် ခွဲစိတ်ဖြတ်တောက် ကုသပါက ရနိုင် မရနိုင် သားကြီး ဒေါက်တာခင်မောင်ဦးက မေတ္တာရပ်ခံ ခေါ်ဆောင်လာပြီး ပြသကြပါသည်။

ဒေါက်တာဦးသန့်စင် ခွဲစိတ်သမားတော်မှာ မိမိ၏ အသည်း အနာဖြစ်စဉ်က ဖြတ်တောက်ကုသ၍ ရနိုင် မရနိုင် အကြံဉာဏ်တောင်းခံခဲ့ပြီး ထိုဆရာဝန်ကြီး၏ တိုက်တွန်းချက် အကြံပြုချက်အရ ခွဲစိတ်ခံယူခဲ့ရခြင်းဖြစ်ပါသည်။ အောင်မြင်ခဲ့ပါသည်။ ဒေါက်တာဦးသန့်စင်မှာ ခွဲစိတ်သမားတော်ကြီး ပါမောက္ခဒေါက်တာ ဦးနော်မန်လှ၏ အတိုင်ပင်ခံ ပထမလက်ထောက်သမားတော်ကြီးဖြစ်ပါသည်။

တစ်ဖန် ဒေါက်တာဦးသန့်စင်မှာ သံဃာ့ဆေးရုံကြီးသို့ နေ့စဉ်နေ့တိုင်း ကုသိုလ်ယူ သံဃာတော်များကို ခွဲစိတ်ကုသပေးနေသော ဆရာဝန်ကြီးလည်းဖြစ်၍ ဆရာတော်အား အလွယ်တကူ ပြသနိုင်ခဲ့ပါသည်။

သို့ရာတွင် 'နောက်ကျခဲ့ပါပြီ၊ ဆရာတော်၏အသည်း တစ်ခြမ်းလုံး အနာဖြစ်၍ ပျက်စီးနေပါပြီ။ ဖြတ်တောက်ကုသ၍ မရနိုင်တော့ပါ။ ဆေးသွင်း၍လည်း ကုသ၍ မရနိုင်တော့ပါ။ သက်တော်ရှည်တော်နှင့် ရောဂါဝေဒနာမှာ ဆရာတော်၏ဘဝနေ့အိမ်ကို ပြိုပျက်အောင် ဖြိုဖျက်၍နေကြပါပြီ' ဟု ပြောပါသည်။

ဆေးဘက်ဆိုင်ရာ သမားတော်နှင့် ခွဲစိတ်သက်ဆိုင်ရာသမားတော်များ၏ တွေ့ရှိချက်များအပေါ် ထင်မြင်ယူဆချက်များမှာ ထပ်တူဖြစ်၍ နေပါသည်။ လွဲမှားစရာမရှိ၊ ကုစား၍ မရနိုင်တော့။ နာကျင်မှုများ သက်သာခွင့်ရနေစေရန်နှင့် အချိန်ကာလ အနည်းငယ်မျှ ရပ်တည်နိုင်စေရန် ဆေးများမှန်မှန်သုံးဆောင်ရန်သာ ရှိတော့သည်ဟု အကြံပြုချက် ပေးလာကြပါသည်။

မြတ်စွာဘုရားသခင်၏ နောက်ဆုံးခရီးရောဂါဝေဒနာများကို သမားတော်ဇီဝကပင် လက်မှိုင်ချ၍ အရှုံးပေးခဲ့ရသည် မဟုတ်ပေလား။

ထို့ကြောင့်လည်း မန်လည်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း လက်ာစီ၍ ရေးဖွဲ့ခဲ့ဟန် တူပါသည်။

'သေမင်းစစ်အင်၊ ကိုယ်တွင်းဝင်၍၊
ခုပင် အပြင်း၊၊
ရောက်လာလျှင်းပြီ၊ ဆင်မြင်း ရထား၊ ဒိုလ်ပါအားဖြင့်၊
ပြား၍ ပြိုင်ထိုး၊၊ တံနိုးငွေကြေး၊ ထောင်ရှိ ပေးလည်း၊၊
အရေးမသာ၊ အောင်ရာမရှိ၊ စာတိမစေ်၊ သေမင်းညစ်နှင့်၊
မိတ်ချစ်ဘွဲ့ငှာ မတတ်ရာရှင်'
(မဃဒေဝ ဝိဒ်ရေ-၁၀၉)

ရန်ကုန်တပည့်များ တဖွဲဖွဲရောက်လာ

တောရဆရာတော်ရှိရာ သံဃာ့ဆေးရုံကြီးသို့ ရန်ကုန်ရှိ တပည့်ဒါယကာများ တဖွဲဖွဲ ရောက်လာကန်တော့ကြ၊ သတင်းမေးကြသည်။

ဦးတင့်ရွှေ+ဒေါ်ခင်ဝေစီ၊ ရဟန်းအစ်မ ဒေါ်တင်တင်မိသားစု၊ ဦးထွန်းခင်မိသားစု၊ ဦးကျော်ခင် မိသားစု၊ ကိုမင်းအောင်+မညွန့်ညွန့်ဆွေ မိသားစု စသည် ရောက်လာ ကန်တော့ကြသည်။

ဆရာတော်မှာ အလွန်မကျန်းမာသည့်ကြား က စကားလက်စံပြောနေပါသည်။ သင့်ရာစကားတွေ ပင် မိန့်ကြား၍နေပြန်သည်။ 'ရောဂါမှာ တယ်သက် သာတယ် မရှိပါဘူး' ဟူ၍သာ ပြောသည်။

မိမိသားငယ်ကိုမင်းအောင်၏ မိသားစုများ လာရောက်ကန်တော့ရာ၌ ကိုမင်းအောင်၏ သား မောင်သူရကို "သူရတို့ လာကြသလား"ဟု မိန့်သည်။ မြေး၏အမည်ကို ဆရာတော်ချီးမြှင့်ပေးတော်မူပါ ဘုရား၊ သာသနာတော်မှာ ကျေးဇူးများသူ ဖြစ်စေလို ပါသည်ဘုရား၊ လျှောက်ထားခဲ့သဖြင့် သူရ ဟူ၍ ချီးမြှင့်ခဲ့သော အမည်ဖြစ်ပါသည်။

ရောဂါမည်မျှ ခံစားနေရသော်လည်း သတိ မလွတ် အကောင်းပကတိကဲ့သို့ မိန့်နေပြန်သဖြင့် အကဲခတ်ရသည်မှာ နားမလည်နိုင်အောင် ရှိတော့ သည်။

"ငါ့မှာ ပြင်းထန်သောဝေဒနာ ခံစားနေ ရလင့်ကစား ငါသတိမလွတ်ပါဘူးကွာ" ဟု တပည့် တွေကို ပြောနေ ပြနေဟန်ရှိခြင်းမှာ ထူးဆန်း၍နေ တော့သည်။

ဧည့်သည်များ ပြန်သည်နှင့် ဆူလေသည်

တပည့်ဒကာ ဧည့်သည်များ ဦးချ၍ ပြန်သည့် နောက်မှာတော့ မိမိအလှည့် ရောက်ပါပြီ၊ 'မောင်သိမ်းဆောင် ဆိုတဲ့အကောင်ကို ဖုန်းမဆက်နဲ့ လို့ ကောဝလကို မပြောမိဘူး' ဟု ဆရာတော်နှုတ်မှ ဆူလေတော့သည်။

မိမိက လူများအောင်လုပ်ခြင်းတော့ မဟုတ် ပါ။ ဆရာတော်ဘဝ နောက်ဆုံးခရီး မဖူးလိုက်ရ မဖြစ်စချင်ပါ၊ လိုအပ်တာ မဆောင်ရွက်လိုက်ရ၍ ခွင့် မရကြ မဖြစ်စေချင်ပါ။

ဆူလိမ့်မည်ကို သိလျက် တမင် အဆူခံ လုပ်နေမိသလို ဖြစ်နေလေသည်။ ဆရာတော်သက် သာအောင်၊ ချမ်းသာအောင်၊ ဘာတွေ လုပ်ပေးနိုင် ကြမလဲလို့ ကြံရာမရလုပ်နေခြင်းလည်း ဖြစ်လေ သည်။

ဘာဆက်လုပ်ကြမည်နည်း

ဆရာတော်များအားလုံးနှင့် အစ်ကိုကြီး ဦးအောင်ခတို့လည်း ကြံရာမရ ဖြစ်နေကြပါသည်။ ဆရာတော် ကျန်းမာရေးကောင်းအောင် အခြားနည်း လမ်း မရှိတော့ပြီလော၊ စဉ်းစားနေကြလေတော့ သည်။

ဆုတောင်းပြည့် ဦးကောဝလမှာ ဟိုနေရာမှာ ရပ်လို့ သည်နေရာမှာရပ်လို့ ဘာစကားမျှမပြောနိုင် ငေးမောလို့သာနေတော့သည်။

နယ်ကားနှစ်စီးခေါ်ပြန်မည်

ယခုနေပြည်တော် တပ်ကုန်းဒေါင်းမင်း၏ ကားနှစ်စီးအနက် တစ်စီးခေါ်ပြန်မည်၊ ယခုနေပြည် တော်ပျဉ်းမနား ဦးစိုးနိုင်ကားလည်း ခေါ်ပြန်လိုသည်၊ အကိုကြီးဦးအောင်ခ၏ ကားတစ်စီးသာ ကျန်နေခဲ့ မည်၊ လိုက်ပါလာသော ခရီး ရက်ကများလာသလို သံဃာ့ဆေးရုံဝင်းထဲမှာ အနေရ အထိုင်ရလည်းခက် ပါသည်၊ ဧည့်သည်အဖြစ် နေရသည်မှာ စိတ်မသက် သာစရာပါ။

အရုဏ်ယူရေး မိမိတာဝန်

သို့အတွက် နံနက်အရုဏ်ယူရေးကိုမိမိမှ မော်တော်ကားစီစဉ် တာဝန်ယူရပါမည်၊ ဆက်လက် သဘောတူလက်ခံခဲ့ပါသည်။

ဆရာတော် ရန်ကုန်ရောက်သည့် ၂၃-၆ -၂၀၀၄-နေ့မှစ၍ မိမိနေ့စဉ်မပျက်မကွက် သံဃာ ဆေးရုံသို့သွားခဲ့ပါသည်၊ အရုဏ်ယူလည်း တစ်ရက် မပျက်လူကောင်း တစ်ယောက်ကဲ့သို့ လိုက်ပါခဲ့ပါ သည်၊ ဆရာတော်ကိုယ်တိုင် အသက်စွန့်၍ အရုဏ် ယူကြနေပါလျက် မိမိက အသက်မစွန့်ရဲ မဖြစ်လိုပါ နွံတင်း၍သွားနေပါသည်။

တိပိဋကဓရယော - ဆရာတော်ကျောင်းသို့ ပြောင်းကြမည်

၂၆-၆-၂၀၀၄ နေ့ည ၈ နာရီခန့် သံဃာ ဆေးရုံကြီးရှိ ရန်ကုန်ဆရာတော် ဦးစာဂရိယထံမှ ဖုန်းလာသည်။ မနက်ဖြန်နံနက် တိပိဋကဓရယော ဆရာတော်ကျောင်းသို့ ပြောင်းရွှေ့ကြမည်။ ဆေးရုံမှ ဆင်းခွင့် ဆေးရုံအုပ်ကို ပြောပေးပါ မိန့်ပါသည်။

မနက်ဖြန် တနင်္ဂနွေနေ့ဖြစ်၍ တနင်္လာနေ့ မှ ဆင်းခွင့်တောင်းပါရစေ ပြန်လျှောက်သည်။ အပြင် မှာ ကုသကြည့်ချင်သေး၍ ဆေးရုံမှ ဆင်းပါတော့ မည် ဆုံးဖြတ်ထားပြီးကြောင်း မိန့်သဖြင့် ဆေးရုံအုပ် ဆရာ ဦးခင်မောင်အေးအိမ်သို့ မိမိနှင့် သားကြီးတို့ က ဖုန်းဆက် ခွင့်တောင်းရတော့သည်။

ဆေးရုံအုပ်က လူနာရှင်၏ သဘောလိုက် လျောရမည့် အခြေအနေတွင် ရှိနေသည်ကို နားလည် ပါသည်။ အားမနာပါနှင့်။ သူ့အနေနှင့် ဆေးရုံမှာ နေ့စဉ် ကြည့်ပေးနိုင်သော်လည်း ရက်ခြားဖြစ်စေ ရုံခါ လာကြည့်ပေးပါမည် ဟု ပြောပါသည်။

ဆရာတော်များဘက်က သက်န်းသုံးထည် ဆောင်ရဟန်းဘဝ။ ဆွမ်းတစ်နပ်တည်းမှုစားရသော ရဟန်းများဘဝ ဆေးရုံမှာ အခန်းအပို ၂-ခန်းပေး ထားသော်လည်း ကပ္ပိယများနှင့် အနေရအထိုင်ရ ခက်ခဲလှပါသည်။ ဧည့်သည်ဘဝဖြင့် ရောက်လာ၊ မိမိတို့ အမြဲသီတင်းသုံးရာ ကျောင်းသင်္ခမ်းမဟုတ်၊ တောရဆရာတော်ရောဂါက မသက်သာ။ စိတ်ရော ကိုယ်ပါ ဆင်းရဲနေကြသည်မှာ အမှန်။

သုံးထည်သောသင်္ကန်းများ အလှည့်နှင့်မဖွပ် မလျှော်ရသည်မှာ တစ်ပတ်ပင်ရှိတော့မည်။ လူပုဂ္ဂိုလ် များ တစ်နေ့ဝတ်ပြီးအထည် နောက်တစ်နေ့မဝတ်၊ ကိုယ်ချင်းသာစာ ကြည့်ပါလေတော့။

၂၇-၆-၂၀၀၄၊ ၁၃၆၆-ပထမဝါဆိုလဆန်း ၁၁-ရက် တနင်္ဂနွေနေ့

နံနက်အရုဏ်ယူ

သာကေတမြို့မှ ဦးရွှေအောင်+ ဒေါ်အေး အေးမာတို့ လှူသော ပါကဲ့ရိုး ၈က/ ၅၄၈၅ ကားဖြင့် မောင်ကျော်ထူး ယာဉ်မောင်းနှင့်အတူ တောရဆရာ တော်များ နံနက်အရုဏ်ယူ သန်လျင်တံတားကြီးသို့ ကုသိုလ်ယူပို့ဆောင်ပေးခဲ့ကြသည်။

တောရဆရာတော်မှာ ထုံးစံအတိုင်း နံနက် ၄-နာရီအိပ်ယာမှထ သင်္ကန်းရုံ၍ ၄-နာရီ မိနစ်၂၀ ကားပေါ်သို့ တွဲတင်ဖေးမ၍ တင်ပေးကြရသည်။ လက်နှိပ်မီးကလေး၊ နာရီကလေး အမြဲပင် လက်မှာ ကိုင်လျက် ကြသည်။

အပြန်မှာ အရုဏ်တက်၊ နေထွက်ကြည့် ပြီးမှ ပြန်သည်။ လမ်းတစ်လျှောက် ဘာစကားမျှ မပြောနိုင်ကြ။ မိုးကလည်း အုံ့မှိုင်း၍ ရွာမလိုနှင့်မရွာ၊ အသွားအပြန်ခရီး ဆရာတော် မိုးထဲ ရေထဲ ပင်ပန်း ခြင်း မဖြစ်စေလို၍ ရယ်နားကာ ပူဇော်နေဟန်ရှိသည်။

ရွှေတိဂုံကို နေ့စဉ် ဖူးမြင်ဦးတင်၍

ဆရာတော်၏ ဘဝနောက်ဆုံးခရီး ရွှေတိဂုံစေတီတော်ကြီးကို နေ့စဉ် ဖူးမြင်ဦးတင်ရစေခြင်းငှာ ကန်တော်ကြီးပတ်လမ်း ကရဝိက် မိုလ်ချုပ်ကြေးရုပ်များဖြတ်၍ ဗဟန်းအရှေ့မုခ်လမ်းမှ လျှပ်စစ်မီးရောင်ဖြင့် ရွှေရောင်တဝင်းဝင်း သပ္ပါယ်ခြင်းအတိရှိတော်မူသော ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်ရအောင် စီမံမောင်းနှင်စေခဲ့သည်။

နံနက် စွပ်ပြုတ် ဆက်ကပ်

ယခင်နေ့များအတိုင်းပင် ဦးစိန်မောင်+ဒေါ်ဝင်းမာ မိသားစုနှင့် ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ မိသားစုတို့ စီမံခဲ့သော စွပ်ပြုတ် ဟင်းသီးဟင်းရွက်အသုတ်များဖြင့် ဆက်ကပ် ဘုန်းပေးသည်။ ကြိုတ်မှိတ်၍ ဘုန်းပေးနေဟန်ရှိပါသည်။

သံဃာ့ဆေးရုံကြီး ဗာရာဏသီဆောင် အထူးခန်း ၂-မှာ

ဗဟန်း စိဝိတဒါနသံဃာဆေးရုံကြီး ဗာရာဏသီဆောင်အောက်ထပ်ရှိ အထူးခန်း ၂-မှာ တောရဆရာတော် ၂ ကြိမ်ရောက်ခဲ့ဖူးသော နေရာဖြစ်သည်။

ပထမအကြိမ်မှာ ၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁-ရက် (၁-၃-၂၀၀၄)နေ့နံနက် ၉-နာရီမှ နေ့ ၂-နာရီအထိ ဆေးစစ်ခံရန် ရောက်ရှိနေခဲ့ဖူးခြင်းဖြစ်သည်။ သွေး ၄-မျိုးစစ်ခဲ့သည့် ၂-မျိုးမကောင်းပါ။ ဆီးမကောင်းပါ၊ အဖြေရခဲ့သည်။

သို့အတွက် ဆေးရုံအုပ် ဒေါက်တာဦးခင်မောင်အေးက အသည်းနှလုံး ကျောက်ကပ်များကို ဓာတ်မှန်နှင့် (Ultrasound) တီဗွီဓာတ်မှန်ရိုက်ကြည့်စစ်ဆေးလိုသည်။

ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီးက ညနေ ၅-နာရီမှရောက်မည်။ စောင့်ပါဘုရား လျှောက်သည်။ လက်မခံခဲ့ပါ။ နယ်က စစ်တာ၊ ရန်ကုန်မှာ စစ်တာ၊ တူ၊ မတူ အဖြေသိရအောင် စစ်ကြည့်ပါဘုရား လျှောက်ခဲ့သည်။ သည်းခံပါဘုရား လျှောက်ခဲ့သည်။

"အားလုံးဟာ သေမျိုးတွေ၊ တစ်နေ့ သေကြမှာချည်းပဲ၊ စစ်မနေတော့ဘူး၊ ဝွတ္တလစ်သိမ် ဒီညသမုတ်ရမည်။ ပြန်တော့မည်"ဆို၍ ဘုရားဖြူတိုက်သို့ ပြန်ခဲ့ကြရ။ ထိုအကြောင်း ဖော်ပြခဲ့ပြီးလည်း ဖြစ်ပါသည်။

၎င်းနေရာရောက်နေ၍ ထိုစကားကို ပြန်သတိရနေ၍ တင်ပြရပြန်သည်။

နယ်သို့ ပြန်ကြွသွားပြီး နောက်ထပ် ၁ လ အကြာ သံဃာဆေးရုံကြီးသို့ ပြန်ကြွခဲ့ပါ ဘုရား၊ ပြန်လည်ဆေးစစ်ခံရန် ဆေးရုံအုပ်က လျှောက်ထားခဲ့သော်လည်း တစ်လအကြာ၊ နှစ်လအကြာ၊ ပြန်ကြွလာတော်မမူခဲ့ပါ။ ထိုအကြောင်းလည်း အသင့်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု ၂၂-၆-၂၀၀၅ နေ့ ရန်ကုန်သို့ ဗဟန်းသံဃာ့ဆေးရုံကြီးကို ကြွလာတော်မူချိန်၌ ၃-လကျော် ကြာမှ ပြန်ကြွလာခြင်းဖြစ်ရာ ကြားမှာ ၃-လကျော်ဆိုသော အချိန်များအတွင်း ဆရာတော်၏ ကျန်းမာရေးအခြေအနေ အပြောင်းအလဲကြီး ပြောင်းလဲ သွားခဲ့ပါပြီ။ ဆရာတော်၏ 'အသည်းတစ်ခြမ်းအနာဖြစ်၍ နေပါပြီ' 'ကုသ၍ မရနိုင်တော့ပါ၊ နောက်ထပ် ၆-လသာ လူ့ပြည်မှာ နေနိုင်ပါတော့မည်' ဆရာဝန်ကြီးများ ပြောနေကြပါပြီ။ အဘယ်သို့သော ဆရာသမားတော်ကြီးများက ကုသပေးနိုင်ကြပါလေဦးမည်နည်း။

ဓိဝိတဒါနသံဃာ့ဆေးရုံကြီး ဗာရာဏသီဆောင် အထူးခန်း ၂-မှာ ၂-ကြိမ်ရောက်ခဲ့သည်။ ယနေ့အကြိမ်မှာ ဒုတိယအခေါက်ရောက်ပြီး နောက်ထပ် ဤနေရာသို့ ဆရာတော် ပြန်ကြွလာရောက်လာနိုင်ပါဦးမည်လား။ မပြောနိုင်တော့ပါ။

သံဃာ့ဆေးရုံကြီးဝင်းတွင် ဗာရာဏသီဆောင် ရာဇဂြိုဟ်ဆောင်နှင့် နောက်ထပ် မကြာသေးမီ ၁၃၆၄-ခုနှစ်ကမှ အသစ်ဆောက်လုပ်ထားသော ၈-ထပ် အဆောက်အဦးကြီးမှာ 'ဝေဠုဝန်ဆောင်' အမည်ပေး၍ မားမားမတ်မတ်ကြီး ထယ်ထယ်ဝါဝါကြီးဖြစ်သည်။ သံဃာတော်များ သီလရှင်များနှင့် လူပုဂ္ဂိုလ်ဆင်းရဲသူ၊ ဆင်းရဲသားများပါ အားထားရာ ဆေးရုံကြီး ဖြစ်ပါသည်။

ထိုဆေးရုံကြီး စတင်ပျိုးထောင်ခဲ့သည့် စေတနာများ အဆက်ဆက်သော အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စေတနာဆရာဝန်ကြီးများနှင့် စေတနာရှင် လုပ်သားပြည်သူများ၏ ကောင်းမှုပေါင်းစုရပ်တည်နေသော ဆေးရုံကြီး၏ ကျေးဇူးကြီးမားလှပါသည်။

မိမိတို့ ရန်ကုန်တပည့်များအနေဖြင့် ထိုသံဃာ့ဆေးရုံကြီးမှလွဲ၍ အခြားသောအဆင့်မြင့် ဆေးရုံကြီးများသို့ တင်ရန်နှင့် စစ်ဆေးခံရန်လည်း လက်လှမ်းမမီကြပါ။

လက်လှမ်းမှီသည့်တိုင်အောင်လည်း တောရဆရာတော်၏ ကျန်းမာရေး အခြေအနေ၊ ရောဂါအခြေအနေက အဖြေသိခဲ့ရပြီး ဖြစ်နေပါပြီ။

သို့အတွက် အခြားသောနည်းလမ်းများ ရှာဖွေရလိမ့်နိုးဖြင့် ဓိဝိတဒါန သံဃာ့ဆေးရုံကြီး ဗာရာဏသီဆောင် အထူးခန်း ၂-မှ ဝမ်းနည်းစွာဖြင့် ပြန်လည်ထွက်ခွာကြတော့မည် ဖြစ်ပါသည်။

တိပိဋကဓရ ယောဆရာတော်ကျောင်းသို့

၂၇-၆-၂၀၀၄ နေ့ နံနက် ဆရာတော်နှင့် တကွ ဆရာတော်များ အားလုံး ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ဗဟန်းမြို့နယ် ရေတာရှည်လမ်း မဟာဝိသုဒ္ဓါရုံ (ရွှေကျင်) တိုက် ယောတိပိဋကဓရဆရာတော်ကျောင်းသို့ ပြောင်းရွှေ့ကြသည်။

ယောဆရာတော်က ရွှေကျင် သာသနာပိုင် ဆရာတော်ဘုရားကြီးများ ရန်ကုန်သို့ကြွလျှင် သီတင်းသုံးသည့် စံကျောင်းတော် အထူးခန်းကြီးမှာ တောရဆရာတော်သည် ဆေးကုသခံစဉ် သီတင်းသုံးရန် နေရာစီမံ၍ ပါရမီကုသိုလ် ဆည်းပူးသည့်အနေဖြင့် ချမ်းသာစွာ သီတင်းသုံးစေတော်မူပါသည်။

ယောဆရာတော် ကိုယ်တိုင် တောရဆရာတော် သီတင်းသုံးရာ တောရများသို့ တပ်ကုန်းမြို့ မဟာသီဟနာဒစာသင်တိုက် ဆရာတော် ပို့ဆောင်ပေးခဲ့သည်မှ အစပြု၍ ရောက်ဖူး၊ ဆုံတွေ့ဖူး အလွန်ပင် ကြည်ညိုစရာကောင်းကြောင်း ယော ဆရာတော်က မိန့်ခဲ့ဖူးကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင်လည်း ရန်ကုန်ဆရာတော် ဦးဇာဂရိယမှာ (ယော)နယ်၊ (ယော)အသင်း၏ ဩဝါဒ စရိယဖြစ်ပြီး ဘာသာ သာသနာတော်အကျိုး ယောဆရာတော်နှင့်အတူ သယ်ပိုးခဲ့ကြသည့် ဆရာတော်တစ်ပါး ဖြစ်နေခဲ့ပြန်ပါသည်။

ထို့နောက် တစ်ဖန် ခေါင်းမင်းဦးအောင်ဓမှာ ယော တိပိဋကဓရ အပါအဝင် တိပိဋကဓရ ဆရာတော်ကြီးများ အစဉ်အဆက် ပူဇော်ပွဲကြီးများကို တပ်ကုန်းမြို့ကလည်း ပူဇော်ခဲ့ရာ ရင်းနှီးကျွမ်းဝင် ကြည်ညိုရင်းစံ ဆရာ၊ ဒကာ ဖြစ်နေပြန်ပါသည်။

တောရဆရာတော်ရေးသည့် ကျမ်းစာများ မိမိတို့ ဦးဆောင် ရိုက်နှိပ်လှူဒါန်းနေ၍၊ ယော ဆရာတော်က မိမိတို့ သားအဖများကိုလည်း အသိ

အမှတ်ပြု၍ ယောဆရာတော်ကိုလည်း အထူးကြည်ညိုနေခဲ့ကြပါသည်။

တောရဆရာတော်ဘုရားကြီး ချမ်းသာစွာနေရထိုင်ရသလို နောက်ပါတောရဆရာတော်များ ကပ္ပိယ လှူဒကာများအတွက် နေရာကျယ်ဝန်းသဖြင့် ချမ်းသာစွာ နေကြရတော့သည်။

သို့ရာတွင် ကိုယ်ဆင်းရဲမရှိသော်လည်း ဆရာတော်ဘုရားကြီးအတွက်မူ စိတ်ဆင်းရဲမှုက ကိုယ်စီရှိနေကြပါသည်။ တစ်နေ့ ကောင်းလာလိမ့်နိး၊ မျှော်ကိုး၍ ကြံစည်နေကြလေတော့သည်။ ကောင်းသောအချိန်များ ဖြစ်ပါစေဟုလည်း ဆုတောင်းနေကြရပါသည်။

ဆေးစည်း၊ ဆေးစားရမည်

တောရဆရာတော်ဘုရားကြီး၏ အသည်းကင်ဆာအနာပျောက်ရေး ဆေး ၉ ရက်စီးရမည်။ ဆေးစားရမည်ဟု ဆရာကြီးတစ်ဦးနှင့် အဆက်အသွယ်၊ သတင်းစကားများရ၍ ပျောက်ကင်းချမ်းသာလိမ့်နိုးဖြင့် ဆောင်ရွက်ကြမည် စီစဉ်ကြလေသည်။ စားဆေးက အလွန်ဈေးကြီးပါသည်။

မဟာသီဟနာဒ တိုက်အုပ်နှင့် ဦးမင်းကြည်တို့ ရောက်လာ

မဟာသီဟနာဒ တိုက်အုပ်ဆရာတော် အရှင်အာရဒ္ဓဗုဒ္ဓိနှင့်အဖွဲ့ တောရဆရာတော်ဘုရားကြီး၏ ကျန်းမာရေး အခြေအနေ လာရောက်ကြည့်ရှုဖူးမျှော်ကန်တော့ကြသည်။

ထိုနည်းတူ အစ်ကိုကြီး ဦးမင်းကြည်နှင့် ဦးစိန်ထွန်းတို့လည်း လာရောက်ဖူးမြော်ကန်တော့ကြသည်။ ဦးမင်းကြည်က ကပ္ပိယများဖြစ်သော မောင်လှထွန်း၊ မောင်ကျော်အောင်၊ ကိုဘိုနီ၊ ဦးချင်ဟိုက်၊ ဦးတင်ထွန်းအောင် စသူတို့အား ကျေးဇူးတင်လှပါကြောင်း ပြောသည်။ ဆုငွေများပင် ပေးလှူခဲ့သည်။ အထက်ပါ အဖွဲ့တို့ ဆရာတော်ဘုရားကြီးအား မဖူးလိုက်ရမရှိ မဖြစ်ရလေအောင် မိမိကသတင်းပေး၍ လာရောက် ဖူးမြော်ကန်တော့ခြင်းလည်း ဖြစ်ပါသည်။

တောရဆရာတော်မှာ အသည်းအသန်ရောဂါဝေဒနာဖြစ်နေသည့်ကြားက ဦးမင်းကြည်တို့အဖွဲ့အား အကောင်းပကတိကဲ့သို့ နောက်ကြောင်းပြန်စကားများ မိန့်ကြားနေသည်မှာ ထူးဆန်း၍နေပါသည်။

အလွန်သမုတ်လိုသော သိမ်

တောရဆရာတော်အနေဖြင့် အလွန်သမုတ်လိုသောသိမ်တစ်လုံးရှိသည်။ ထိုသိမ်မှာ လှိုင်သာယာမြို့သစ်ရှိ ဒဟာသီဟနာဒ စာသင်တိုက်အသစ်တွင် သိမ်သမုတ်ပါမည်ဟု လျှောက်ထားခဲ့ကြရာ ထိုသိမ်ဘယ်နေ့သမုတ်ကြမှာလဲ အမြဲမေး၍ နေတော့သည်။

မူလသောင်ကြီးလေးရွာကျောင်းဟောင်း ဖြစ်ခဲ့ရာ လှိုင်သာယာမြို့သစ် တည်သောအခါ သာသနာ့မြေ ဂရမ်အမိန့် အတည်ပြုပေးရန်လိုလာသည်။ သို့မှ သိမ်သမုတ်၍ ရမည်ဖြစ်သည်။ အဆောတလျင် အမြန်ဆောင်ရွက်ကြသော်လည်း အဆင့်ဆင့် ခရီးဖင့်၍ နေသည်။ ဂရမ်အမိန့်စာရသောအခါ၌ တောရဆရာတော်မှာ မကျန်းမမာဖြစ်၍ နေပါလေပြီ။

ယခုနေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒတိုက်သစ်မှာ သိမ် ၂-လုံး သမုတ်တော်မူခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ပရိယတ္တိစာသင်စာချ တွင်တွင်ကျယ်ကျယ် အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူကြသည့် မဟာသီဟနာဒ နာယကဆရာတော်နှင့် တိုက်အုပ် တိုက်ကြပ် အရှင်များကို လွန်စွာကျေနပ်နှစ်သက်ဝမ်း မြောက်တော်မူ၍ တောရဆရာတော်မှာ ထိုတိုက်ကြီး များ၏ ဩဝါဒါစရိယဆရာ မထေရ်ကြီးအဖြစ်လည်း ဖြစ်၍ သာသနာတော်ကြီး စည်ပင်တိုးပွားစေလို၍ နောက်ထပ် တိုးမြှင့်ဖွင့်လှစ်ခဲ့သော စာသင်တိုက် အသစ်ကြီးမှာ တောရဆရာတော်က သိမ်သမုတ်ပေး ခဲ့ချင်သည် ထင်ပါသည်။ အလွန်သမုတ်လိုသော သိမ်ကို ဆရာတော် သမုတ်ပေးနိုင်ပါလေဦးမည် လား။ အဘယ်ဆရာတော်များ ဦးဆောင်သမုတ် တော်မူကြလေမည်နည်း။

အပြန်အလှန် လေးစားတော်မူကြ

မဟာသီဟနာဒ ဆရာတော်အနေဖြင့် တောရဆရာတော် ဘုရားကြီးအပေါ် လွန်စွာ လေး စားကြည်ညိုတော်မူသည်။

ယော–တိပိဋကဓရ ဆရာတော်နှင့် မဟာ သီဟနာဒဆရာတော်တို့မှာလည်း တစ်ပါးနှင့်တစ်ပါး အပြန်အလှန် လွန်စွာ လေးစားတော်မူကြသည်။ ယောဆရာတော်မှာ တပ်ကုန်းမြို့ မဟာသီဟနာဒ တိုက်သို့ နှစ်စဉ်လိုပင် ပရိဝါသ် ဆောက်တည်ရန် အမြဲကြွလာသည်။

ယောဆရာတော် ယင်းကဲ့သို့ ကြွလာစဉ် နဘူးကျွင်းတောရဆရာတော်ဘုရားကြီး သီတင်းသုံး ရာ ရန်ကင်းတောရကြီးသို့ မဟာသီဟနာဒဆရာ တော်က လိုက်ပို့ပေးခဲ့သည်။ ထိုအကြောင်း ဖော်ပြ ခဲ့ပြီးလည်းဖြစ်ပါသည်။

အကြောင်းအရာလေးမေးခဲ့

တစ်နေ့သောအခါက တောရဆရာတော် မိန့်ကြားဘူးသည့် အကြောင်းအရာကလေးများ ဤ နေရာ၌ ဖော်ပြလိုက်ပါသည်။

ပါဠိတော်တစ်နေရာမှာ ဤသို့ဆိုသည် ယောဆရာတော်၏ အယူအဆ ဘယ်သို့ ရှိပါမလဲ မေးခဲ့ဖူးတယ်။

ယော ဆရာတော်က တောရဆရာတော် ဘုရားသက်တော်ရှယ်တော် ဝါတော် သီလ သမာဓိ ပညာသိက္ခာများအရ ဆရာတော်၏ အယူအဆသာ မိန့်ပါဘုရားဟု ပြန်လျှောက်တယ်။

ဆိုလိုရင်း

တောရဆရာတော်၏ ဆိုလိုရင်းမှာ ယော ဆရာတော်အနေနှင့် တိပိဋကဓရ တစ်ပါးပင်ဖြစ် သော်လည်း ပညာမာနမရှိ၊ ဤသာသနာတော်၌ ကြည်ညိုစရာကောင်းသော အချက်ကို ထောက်ပြ ခြင်း ဖြစ်ပါသည်ဟု နားလည်မိပါသည်။

ယခုအခါ၌ ယော တိပိဋကဓရ ဆရာတော် ၏ ကျောင်းဝင်းကြီးထဲမှာ တောရဆရာတော်နှင့် နောက်ပါ ရဟန်းတော်များ၊ ကပ္ပိယများ မိမိတို့ပါ ရောက်နေကြပါပြီ။ စာသင်စာချ လှုပ်ရှားဟန်များ မြင်ရသည်မှာ ကြည်ညိုဖွယ်ကောင်းလှပါသည်။ သာသနာတော်ကြီးအရှည်တည်တံ့စေလို၍ ကိုယ်စီ ကိုယ်ငှတာဝန်များ ထမ်းဆောင်တော်မူနေကြသည် ဟု နားလည်ကြည်ညိုနေမိပါသည်။

ဤသာသနာတော်ကြီး၌ ထူးခြားလေးမြတ် လှစွာ ပေါ်ပေါက်လာသော အရှင်များတွင် တစ်ပါး အပါအဝင် ဖြစ်တော်မူသော ယော တိပိဋကဓရ ဆရာတော်၏ ဘဝဖြစ်စဉ် အကျဉ်းကိုလည်း ဖော်ပြ

မှတ်တမ်းတင်ရန် လိုအပ်လာပါသည်။ သို့အတွက် အကျဉ်းချုပ်၍ ဖော်ပြလိုက်ပါသည်။

တိပိဋကဓရ ယော ဆရာတော်

ဂန့်ဂေါမြို့ ယောတို့နယ်က

ပဉ္စမမြောက် တိပိဋကဓရ သာသနာ့အာဇာနည် အရှင်မြတ်မှာ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ဖြစ်သည်။ ဆရာတော် လောင်းလျာကို မကွေးတိုင်း ဂန့်ဂေါမြို့နယ် (ယောနယ်) လက်ပံရွာ၌ ခမည်းတော် ဦးရဲနိုင်၊ မယ်တော် ဒေါ်တုတ်နိုင်တို့မှ ၁၃၀၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် သောကြာနေ့တွင် ဖွားမြင်သော သားဦးသားမြတ် ရတနာဖြစ်သည်။

မိနှင့်ဖအမည်တို့က " နိုင်နှင့်နိုင် ဝုဏ်ရည်တူ ဝုဏ်ချင်းပြိုင်၍ " နေတော်မူသည်။ စုံကနိုင်ပြိုင်ယ်တောကြီးအလယ်မှ ရန့်မွှေးကြိုင်လှသည့် အပွင့်အနိုင်ကြီးလေလား တင်စားမိလေတော့သည်။

အတန်းတိုင်း ပထမ

ဆရာတော်လောင်းလျာသည် မူလတန်းနှင့် အလယ်တန်းကျောင်းသားဘဝကပင် အတန်းတိုင်း ပထမရသည်။ အစိုးရစစ် သတ္တမတန်းအောင်သည်။

ရှင်ဖြစ်ခြင်း

၁၃၂၂-ခုနှစ်၊ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဂန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက် ဆရာတော်ဦးကေတုကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဖြစ်လာသည်။ ဘွဲ့တော် ရှင်သိရိန္ဒ။

ရဟန်းဖြစ်တော်မူ

၁၃၂၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈-ရက်၊ဗုဒ္ဓဟူးနေ့တွင် ကန်တောရကျောင်းတိုက် တတိယဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ အေးတော်ဘွားတော် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းဖြစ်သို့ ရောက်ရှိသည်။ မန္တလေးမြို့သို့ စာသင်ကြွသည်။

အဘိဝံသဘွဲ့ရ

ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများ နှစ်ဆက်အောင်သည်။ စေတိယင်္ဂဏ စာသင်တန်းအောင်၍ 'အဘိဝံသ' ဘွဲ့ရကာ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ဖြစ်လာသည်။

ရန်ကုန်သို့ ကြွလာ

၁၃၂၉-ခုနှစ်၊ ရန်ကုန် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သို့ ပြောင်းရွှေ့၊ ထိုနှစ်ပင် အစိုးရဓမ္မာစရိယ အဋ္ဌမဟာအကျော်ကို အောင်သည်။ ဆက်၍ စေတိယင်္ဂဏ ဓမ္မာစရိယ၊ သက္ကသီဟ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူနှင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိ ပါရဂူ အောင်ပန်းများ ဆက်တိုက် ဆွတ်လှမ်းနိုင်ခဲ့သည်။

တိပိဋကဓရ ဖြေပြီ

၁၃၃၂-ခုနှစ်၊ ၂၃-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ စတင်ဖြေဆိုသည်၊ ဝိနည်းငါးကျမ်းအာဂုံနှင့် ရေးဖြေအောင်၍ ဝိနယဓရ၊ ဝိနယကောဝိဒဘွဲ့ရသည်။

၂၄-ကြိမ်မြောက်တွင် အဘိဓမ္မာ ပထမပိုင်း ၅ကျမ်း အာဂုံကိုလည်းကောင်း၊ ၂၇-ကြိမ်၌ သဘောရေးဖြေကိုလည်းကောင်း အောင်မြင်တော်မူသည်။

၂၉-ကြိမ်မြောက်၌ အဘိဓမ္မိက အဘိဓမ္မာကောဝိဒဘွဲ့တို့ကိုလည်းကောင်း၊

၃၁-ကြိမ်မြောက်၌ ဒီဃဘာဏကဘွဲ့နှင့် တိပိဋကဓရ ဘွဲ့တို့ကိုလည်းကောင်း၊ ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

တိပိဋကဓရ ဖြစ်တော်မူပြီ

၃၇-ကြိမ်မြောက်၌ ဒီဃနိကာယကောဝိဒ ဘွဲ့ရရှိတော်မူသည့်ပြင် တိပိဋက ကောဝိဒဘွဲ့ကိုလည်း ရရှိတော်မူသည်။ ပဌမမြောက် တိပိဋကဓရ တစ်ပါး ဤကမ္ဘာ၌ ပေါ်ထွန်းတော်မူခဲ့လေသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ဓမ္မဘဏ္ဍာဂါရိကဘွဲ့

နိုင်ငံတော်အစိုးရက တိပိဋကဓရ ယောဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့နှင့် ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တော်များ အဆက်မပြတ် ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့လေသည်။

သာသနာ့တာဝန် ထမ်းဆောင်တော်မူ

ယခုအခါ၌ တိပိဋကဓရ ယောဆရာတော်သည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဖြစ်သည့်အပြင် ဌာနများစွာတို့၌ ဩဝါဒါစရိယ၊ ဖြစ်တော်မူ၍ ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်လည်း ဖြစ်သည်။ စာပေကျမ်းဂန်များ ပို့ချ၊ တစ်နိုင်ငံလုံးသို့ တရားဒေသနာများ ဟောကြား၊ စာအုပ်ငယ်များဖြင့်လည်း ရေးသား၊ တရားခွေပေါင်းများစွာဖြင့်လည်း ဖြန့်ဝေ၊ သာသနာ့ တာဝန်များကို ထမ်းဆောင်တော်မူလျက်ရှိလေသည်။*

သာသနာတော်ကြီး အစဉ်တိုးပွား တည်တံ့စေရန် မနေမနား အားသွန်ခွန်စိုက်ကြိုးပမ်း၊ ပိဋကအရာ၌ ကျွမ်းကျင်လိမ်မာသော အရှင်ကောင်း အရှင်မြတ်များ အစဉ်အဆက် ပေါ်ထွန်းနေစေရန် ရည်သန်တာဝန်များစွာ ထမ်းဆောင်နေတော်မူသော အရှင်မြတ်ကြီးတစ်ပါးကို ဖူးမြင်နေရဆဲဖြစ်လေသည်။

တိပိဋကဓရ ယောဆရာတော်၏ ဘဝအကြောင်းအကျဉ်းမျှ ဖော်ပြခဲ့ပြီးနောက် ယခုနေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒ ဆရာတော်၏ ဘဝအကြောင်းကိုလည်း တစ်ဆက်တည်း မှတ်တမ်းတင် ဖော်ပြသင့်သည်။ သို့အတွက် တင်ပြလိုက်ပါသည်။

မဟာသီဟနာဒဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)

မဟာသီဟနာဒ ဆရာတော်က တောရဆရာတော် ဘုရားကြီးအပေါ် လွန်စွာ ကြည်ညိုလေးစားသလို တောရဆရာတော်ဘုရားကြီးကလည်း မဟာသီဟနာဒဆရာတော်အား အမှတ်ထား၍ မဟာသီဟနာဒတိုက်ကြီး၏ ဩဝါဒါစရိယတင်မြှောက်၍ အဆုံးအမတွေပေးတော်မူပါဘုရား လျှောက်ထားသည်ကို လက်ခံတော်မူ၊ ချီးမြှောက်တော်မူလေ့ရှိကြောင်း အလျဉ်းသင့်တိုင်း ဖော်ပြခဲ့ပြီးလေပြီ။

မဟာသီဟနာဒ ဆရာတော်နှင့် တိပိဋကဓရ ယောဆရာတော်တို့နှစ်ပါး အပြန်အလှန်လေးစားကြ၊ ဤသာသနာတော်၌ နယ်ပယ်အလိုက် ဒေသအလိုက် အမျိုးဘာသာ သာသနာတော်အကျိုး သယ်ပိုးနေခဲ့ကြကြောင်းလည်း သင့်သမျှ ဖော်ပြခဲ့ပါသည်။

တိပိဋကဓရ ယောဆရာတော်ဘုရားကြီး၏ ဘဝအကြောင်း အကျဉ်းချုပ်၍ တင်ပြမှတ်တမ်းတင် ပူဇော်ခဲ့ပြီးလည်း ဖြစ်ပါသည်။ ယခု တစ်ဖန် တောရဆရာတော်ဘုရားကြီးနှင့် ဆပ်စပ်သမျှ ဆရာ

* တိပိဋကဓရ ရွှေရတုစာစောင်-(၁၃၁၀-၁၃၆၀) သာသနာရေးဦးစီးဌာန

တော်များတွင် တစ်ပါးအပါအဝင်ဖြစ်သော မဟာ သီဟနာဒ ဆရာတော်ဘုရား၏ ဘဝအကြောင်း လည်း မှတ်တမ်းတင်ပူဇော်ရန်နှင့် ဖော်ပြရန် လိုလာ ပြန်ပါသည်။

အမျိုးဘာသာ သာသနာတော်အတွက် ကျေးဇူးများခဲ့သော ဆရာတော်ဘုရားများ၏ မွေးရပ် ဒေသ ခုနှစ် လ ရက် စသည် တိကျသောမှတ်တမ်း မှတ်ရာမရှိပါက ကြာလျှင်မေ့ကြပါလိမ့်မည်။ ကျေးဇူး ရှိသော ပုဂ္ဂိုလ်များ၏ အကြောင်း ဂယနဏ မသိက ကျေးဇူးမေ့ရာ ရောက်ကြပါလိမ့်မည်။

မိမိတို့ တိုင်းပြည်နှင့် လူမျိုးများ၏ အတိတ် သမိုင်းနှင့် မြတ်ဗုဒ္ဓတည်ထောင်ထားတော်မူခဲ့သည့် သာသနာတော်ကြီးကို ဘိုးဘွားမိဘတို့ အစဉ် အဆက် မည်သို့ တည်ဆောက်ခဲ့ကြသည်။ မည်သို့ ကာကွယ်စောင့်ရှောက်ခဲ့ကြသည်ကို နောင်းလူတို့ သိနိုင်စေရန် အမြော်အမြင်ကြီးမားသော ပညာရှိ သူတော်ကောင်းကြီးများက ဘက်စုံထောင့်စုံမှနေ၍ ပေထက်၊ ကျောက်ထက် အက္ခရာများဖြင့် ရေးထိုး အမွေပေးထားခဲ့ကြောင်း ရှေ့ပိုင်း၌လည်း အသင့်ဖော် ပြခဲ့ပြီးလေပြီ။

ဤသို့ဆိုလျှင် မဟာသီဟနာဒ ဆရာတော် ဆိုသည်ကား ဘယ်အရပ်မှာ မွေး၍ အဘယ်စာတိ ပါနည်း၊ မည်သို့ ပညာသင်ခဲ့ပါသနည်း၊ မည်သို့ သော စွမ်းရည်များဖြင့် အမျိုးဘာသာ သာသနာတော် ကြီးအတွက် မည်သို့ ဆောင်ရွက်ခဲ့ပါသနည်း၊ နိုင်ငံ တော်အစိုးရမင်းများက မည်သို့သော ဘွဲ့တံဆိပ်တော် များဖြင့် ဆက်ကပ်လှူဒါန်းခဲ့ပါသနည်း။ စသည့် အကြောင်းအရာများကို မိမိဉာဏ်မီသမျှ၊ လက်လမ်း မီသမျှ လေ့လာ၍ တင်ပြလိုက်ဦးမည်။

ရမည်းသင်းမြို့နယ်နဘူးကျောင်းအုပ်စုပြတိုက်ရွာ

မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်း သင်းမြို့နယ်၊ နဘူးကျောင်းအုပ်စုတွင် နဘူးကျောင်းရွာ၊ သရက်ကန်ရွာ၊ ကြာပင်အင်းရွာ၊ ပြတိုက်ရွာ၊ ကံကြီး ရွာနှင့် သဏ္ဍယ်ကျင်းရွာဟူ၍ ၆ ရွာ ရှိသည်။

ပြတိုက်ကံကြီးဟု တွဲခေါ်ကြသည်။ပြတိုက် နှင့် ကံကြီးရွာကြားမှာ ပြတိုက်ကံကြီး ဘုန်းတော် ကြီးကျောင်းရှိသည်။ ပြတိုက်ရွာက အိမ်ခြေ ၃၀- ခန့်သာရှိသော ရွာငယ်ကလေးဖြစ်ပြီး ကံကြီးရွာက အိမ်ခြေ ၄၀၀–ကျော် ၅၀၀–နီးပါးရှိသော ရွာကြီး ဖြစ်သည်။ ကံကြီး ပြတိုက်ဟု မခေါ်ကြဘဲ ပြတိုက် ကံကြီးဟု တွဲခေါ်ကြသည်။ ရွာငယ်သော်လည်း ပြတိုက်အမည်က ရှေ့ကဖြစ်နေသည်မှာ အဘယ် ကြောင့်ပါနည်း။

ယခုနေပြည်တော် တပ်ကုန်းမြို့ အရှေ့ ဘက်တွင် ဆော်ကံကြီး ဟု ရှိပြန်သည်။ ဆော်ရွာနှင့် ကံကြီးရွာ အတွဲဖြစ်၍ ပြတိုက် ကံကြီး အတွဲလည်း ကွဲပြားစေရန် ရှေးက လူကြီးများနှုတ်မှာ ပြတိုက် ကံကြီးနှစ်ရွာတစ်ရွာဖြစ်ကြောင်း အစဉ်အလာရှိခဲ့ သောကြောင့်ဟု ဆိုနိုင်ပါသည်။

တည်နေရာညွှန်ပြသော နောက်တစ်မျိုးမှာ ရန်ကုန်မန္တလေး မော်တော်ကားလမ်းမကြီးပေါ်တွင် ရန်ကုန်မှလာလျှင် တပ်ကုန်းမြို့နှင့် ရမည်းသင်းမြို့ ကြားတွင် ညောင်လွန့်ဘူတာနှင့် ငှက်သိုက်ဘူတာ များ ရှိသည်။

ထိုညောင်လွန့်နှင့် ငှက်သိုက်တို့၏အလယ် ကြားမှာ မော်တော်ကားလမ်းဘေး ပြတိုက်မှတ်တိုင် ဟူသော ဆိုင်းဘုတ်ရှိသည်။ ပြတိုက် ကားဂိတ်ဆို လျှင် အားလုံးသိကြသည်။ အဝေးပြေးယာဉ်ကြီးများ ပင် ညအိပ်ရပ်နားနိုင်သော ကုဋ္ဌိရိပ်နှင့် ထမင်းဆိုင်၊

စားသောက်ဆိုင် ဈေးဆိုင်များလည်း ရှိသည်။ စည်ကားလှသည်။

ခရီးရှည် ခရီးတို ပြေးဆွဲသောယာဉ်များဖြင့် ခရီးသွား ခရီးလာ ရှင်လူရဟန်း အတက်အဆင်းလည်း ရှိ၏။ ဖြူဟ်တုစလောင်း ရုပ်မြင်သံကြားစက်များ တတ်ဆင်ထားသော ဆိုင်များတွင် ၂၄ နာရီပတ်လည် ကမ္ဘာအရပ်ရပ်မှ ထုတ်လွှင့်သမျှ သတင်းများ ကြည့်ရှုနိုင်ကြသည်။

သို့ဖြစ်၍ ပြတိုက် မှတ်တိုင်ကို လူသိများခြင်းလည်း ဖြစ်သည်။ ကောင်းသတင်း ကျော်ကြားစေချင်ပါသည်။ လူ့ဘဝ လူ့ရပ်ရွာ တစ်ခါလာကြသူများ ဤလူ့ရွာကို ပြန်လာနိုင်ရေးနှင့် နိဗ္ဗာန်ချမ်းသာခရီး၊ ဤပြတိုက်ဟူသော မှတ်တိုင်ကြီးကနေ၍ တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်သော ခရီးများဆက်ကြစေချင်ပါသည်။ (ဤကားစကားချပ်)

ထုံးဖွေးဖွေး စေတီများအနီးက ပြတိုက်ရွာကလေး

ရန်ကုန် မန္တလေး အဝေးပြေးကားလမ်းဘေး ပြတိုက်ကားဂိတ်မှ အနောက်သို့ လှမ်းမျှော်ကြည့်ပါလျှင် ထုံးဖွေးဖွေးစေတီများကို ဖူးမြင်၊ ဝဲယာနှစ်ဖက်တွင် မကျည်းပင်ကြီးများ အုံ့အုံ့ဆိုင်းဆိုင်းနှင့် ဝန်းရံလို့နေသည့်ရွာနှစ်ရွာကို ခပ်လှမ်းလှမ်းကပင် မြင်နိုင်ပါသည်။

ထုံးဖွေးဖွေးစေတီများတည်ရာမှာ ပြတိုက်နှင့် ကံကြီးကျောင်း၊ တောင်ဘက်က ကံကြီးရွာကြီး မြောက်ဘက်မှာက ပြတိုက်ရွာကလေး ဖြစ်သည်။

ပြတိုက်ရွာကလေးမှာ ရွာငယ်ကလေးပင် ဖြစ်သော်လည်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ မဟာသီဟနာဒဆရာတော်ဘုရား၊ ရဟန်းပညာရှိများစွာနှင့် လူပညာရှိများစွာ ဤပြတိုက်ရွာကလေးက လောကအတွက် မွေးဖွားပေးခဲ့ပါသည်ဆိုလျှင် ယုံနိုင်ဖွယ်ပင်မရှိ။ ထိုရွာကလေးသို့ ရောက်ဖူးကြပါလျှင် အံ့ဩကြပါလိမ့်မည်။ ရွာပတ်လည် မကျည်းပင်တွေ ဝိုင်းလို့ အရှေ့မြောက်တွင် ထန်းပင်မြင့်တို့ရှိနေခြင်းက ရွာ၏သက်တမ်း ခန့်မှန်းနိုင်ကြလေသည်။

ထန်းပင်ထန်းလက်ဝေသည့် ထန်းတောရွာ

ပြတိုက်ရွာ၏ အရှေ့မြောက်တခွင် ထန်းတောရှိသည်။ ထန်းပင်ထန်းလက် ထန်းခက်ဝေလို့နေပုံမှာ တောရဆရာတော်ဘုရားကြီးကို မွေးဖွားခဲ့သည့် နဘူးကျောင်းရွာ ဝန်းကျင်က ထန်းတောများကဲ့သို့ပင် ဖြစ်သည်။ တောရဆရာတော် ဘုရားကြီး၏ ဘဝမည်းတော်၏ ဇာတိ အင်းကုန်း အလယ်ကုန်းရွာများသည်လည်း ထန်းတောများ ဝန်းရံလို့နေသည်။ အညာဒေသ၏ အမှတ်လက္ခဏာများပင် ဖြစ်လေသည်။

မိမိငယ်စဉ်ဘဝက ထိုထိုသော ထန်းတောများကို ရောက်ခဲ့ဖူးသဖြင့် ပြန်လည်အရိပ်ထင် မြင်ယောင်မိတော့သည့် မွေးရပ်မြေအညာကို လွမ်းမိပါတော့သည်။

တပို့တွဲ ရာသီဘွဲ့

"ထန်းရည်နှင်း ပေါက်ကင်းတဲ့လဲ၊
ဆက်ရက်ကယ် သာရကာနှင့်၊
ရော်ခွက်ဝါ တဘာနု လွမ်းသူ့ပုံ။
စရိုက်ကယ်လျှံ၊ ပင်မြဲမြင့်သိုက်နန်း
ထွက်စီးငယ်ရှန်၊ ကျောက်ခက်ကယ်
ရေတံခွန်နှင့်၊

ဟေမဝန် သာယာနပါဘိ၊ ယွန်းလု
ဆွေနန်း။"

(စာဆိုတော် ဦးကြင်ဥ)

ကုံရာသီ တပို့တွဲလတွင် ပေါက်လဲပင်များ ပွင့်ကြသည်။ ထန်းသမားတို့ကလည်း ထန်းပင်မှ ထန်းရည်ထွက်အား ကောင်းလာအောင် ထန်းပြင်ကြလေသည်။

တပို့တွဲလအဲချင်း

သတ္တာဖြိုးသျှ၊ နက္ခတ္တနှင့်
ယှဉ်ကြမလွဲ၊ တပို့တွဲ၌
ပေါက်လဲငုံကင်း ထန်းရည်ငယ်
နှင်းကြသည်၊
နှင်းထုံထုံငယ်နှင့်လေး။

(စာဆိုတော် မယ်ခွေ)

စာဆိုတော်မယ်ခွေက တပို့တွဲလသည် ထန်းရည်နှင်းသော လဖြစ်ကြောင်း အဲချင်းတွင် ထည့်သွင်းဖွဲ့ဆိုခဲ့ခြင်း ဖြစ်သည်။

ထန်းရည်နှင်းသည်ဆိုခြင်းမှာ တပို့တွဲလတွင် ထန်းပင်ရှိ ထန်းလက်၊ ထန်းခက်များကို ခုတ်ထွင်ရှင်းလင်းကာ ထန်းရည်ခံရန် ပြုပြင်ခြင်း ဖြစ်ပါသည်။

အထက်တင်ပြချက်များဖြင့် မဟာသီဟနာဒဆရာတော်မွေးသည့် ပြတိုက်ရွာနှင့် တောရဆရာတော်ဘုရားကြီးမွေးခဲ့သည့် နဘူးကျောင်းရွာများ၏ အနေအထားနှင့် အညာဒေသ၏ ပုံရိပ်များ တစိတ်တဒေသ ဉာဏ်မျက်လုံးမှာ ထင်လာမြင်လာကြလိမ့်မည် ထင်ပါသည်။

ဖွားမြင်တော်မူ

ထို ပြတိုက်ဟူသော ရွာငယ်ကလေးမှာ လယ်နှင့်ယာကို ထွန်ခါလုပ်ကျွေး သမ္မာအာဇီဝဖြင့် အသက်မွေးကြသော ခမည်းတော် ဦးဘိုးရင်နှင့် မယ်တော် ဒေါ်လုခင်၏ ဝမ်းကြာတိုက်မှ မဟာသီဟနာဒ ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) ဟူသော အလောင်းလျာကို ကောဇာသက္ကရာဇ် ၁၂၉၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂–ရက်၊ တနင်္ဂနွေနေ့၌ ဖွားမြင်တော်မူခဲ့လေသည်။

ပညာသင်ခြင်း ရှင်ဖြစ်ခြင်း

ငယ်စဉ်အခါ ပြတိုက်ကံကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလ (နောင်အခါ ဗေဒနက္ခတ္တဝိဇ္ဇာတိုင်းရင်းဆေးသမားတော်ကြီး ဦးရှင်) ဆရာတော်၏ ဦးကြီးအရင်းဖြစ်သူထံမှာ သူငယ်တို့ဘဝ တတ်သင့်တတ်ထိုက်သော အခြေခံပညာများနှင့် လောကုတ္တရာစာပေများပါ စတင် သင်ယူခဲ့သည်။ ၁၃၀၉–ခုနှစ်၊ တပေါင်းလဆန်း ၁၂–ရက်နေ့တွင် ဆရာတော် ဘဒ္ဒန္တဝိမလကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ကောဇာသက္ကရာဇ် ၁၃၁၆–ခုနှစ်၊ နတ်တော်လဆန်း ၁၂–ရက်နေ့၊ နံနက် ၈–နာရီ ၄၀–မိနစ်အချိန် ယခုနေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၊ စမ်းမြိုင်တောရကျောင်းတိုက်၊ ခဏ္ဍသိမ်၌ သက္ကယ်ကျင်းတောရဆရာတော် ဘဒ္ဒန္တသီဟအား ဥပဇ္ဈာယ်ပြုလျက်၊ ယခုနေပြည်တော်ပျဉ်းမနားမြို့ ဆိတ်နံတုံး

ကျေးရွာ ဦးသောင်း +ဒေါ်ကြင်စိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အမြင့်တန်းအစစ် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

စာပေများ သင်ယူခဲ့ခြင်း

ရမည်းသင်းမြို့နယ် ပြတိုက် ကံကြီးကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ၊ ပျဉ်းမတောကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသ၊ ယခုနေပြည်တော် ပျဉ်းမနားမြို့ စမ်းမြိုင်တောရဆရာတော် ဘဒ္ဒန္တပညာသိရီ၊ မန္တလေးမြို့ ဘုရားကြီးတိုက် စာချဆရာတော်များ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်သံတော်ဆင့် ကျောင်း ဆရာတော် ဘဒ္ဒန္တတိလောက (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ စာဂရ၊ ဝေယျံဘုံသာ ဆရာတော် ဘဒ္ဒန္တကလျာဏ၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံ ဆရာတော် ဘဒ္ဒန္တ ဣန္ဒက (အဂ္ဂမဟာပဏ္ဍိတ)စသော စာချအကျော် ဆရာတော်များထံ ပရိယတ္တိစာပေများ သင်ယူခဲ့သည်။

ဓမ္မာစရိယဘွဲ့ ရရှိတော်မူ

မဟာသီဟနာဒ ဆရာတော်လောင်းလျာ ဘဒ္ဒန္တ အာစိဏ္ဏသည် ကောဇာ ၁၃၂၆–ခုနှစ်တွင် နိုင်ငံတော် အစိုးရမှ ကြီးမှူးကျင်းပသော ပထမပြန်စာမေးပွဲကြီး၌ (သာသနဓဇဓမ္မာစရိယ) စာချတန်းကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

စာပေများ ပြန်လည်ပို့ချပေးတော်မူခြင်း

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဘုရားကြီးတိုက်နှင့် စစ်ကိုင်းတောင်ရိုး ဟံသာဂီရိကျောင်းတိုက်များ၌ နှစ်ပေါင်း ၃၀–ခန့် သာသနာတော်ကြီးအဓွန့်ရှည်ရေး၊ ပရိယတ္တိဓမ္မအခြေခံ ထေရဝါဒ အုတ်မြစ်ခိုင်မာရေးအတွက် စာဝါများ ပို့ချပေးတော်မူခဲ့သည်။

မဟာသီဟနာဒ စာသင်တိုက် တည်ထောင်

၁၃၃၈–ခုနှစ်တွင် ယခုနေပြည်တော် တပ်ကုန်းမြို့၌ မဟာသီဟနာဒစာသင်တိုက် တည်ထောင်၍ ဇာတိ ပြတိုက်ကံကြီးရွာ သဗ္ဗာယ်ကျင်းရွာ၊ ပျဉ်းမတောရွာ နှင့် တပ်ကုန်းမြို့ ဝန်းကျင်ရှိ ကျေးရွာများက ကလေးသူငယ်များကို ရှင်သာမဏေပြုပေး ပညာသင်ပေး ပျော်အောင်မွေး၍ ခက်ခဲပင်ပန်းစွာ အစပျိုးခဲ့ရသည်။ မလျော့သော ဇွဲလုံ့လ ဝီရိယဖြင့် သာသနာတော်ကြီး အရှည်တည်တံ့ရေးကို အသက်ပင်ပေးရစေတော့၊ နောက်မဆုတ်တော့ ဟူသောအဓိဋ္ဌာန် ရည်သန်ချက်ဖြင့် တစ်နှစ်ပြီးတစ်နှစ် တိုးတက်စည်ပင်လာအောင် အဖက်ဖက်မှ ကြိုးစားရုန်းကန်ခဲ့ရသည်။ 'မဟာသီဟနာဒ ဟူသော ပါဠိ၏ မြန်မာပြန်မှာ ရဲရဲတောက် ခြင်္သေ့ဟောက်သံ' ဟူ၍ ဖြစ်သည်။

ယခုနေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒတိုက် စတင် တည်ထောင်တော်မူသော ခုနှစ်လရက်မှာ ၁၃၃၈–ခုနှစ်၊ နယုန်တန်ခူးလ ပြည့်ကျော် ၂–ရက်နေ့ ဖြစ်သည်။

တိုက်တည် ခုနှစ် လ ရက်အချိန် ရွေးပေးသူမှာ ပြတိုက်ကံကြီးရွာ နက္ခတ္တဗေဒပိဇ္ဇာ ဆရာကြီး ဦးရှင်ပင် ဖြစ်သည်။ နဘူးကျင်းတောရ ဆရာတော်ဘုရားကြီး ရဟန်းဖြစ်ရန် လ ရက် အချိန်ရွေးပေးသူမှာလည်း ဆရာကြီးဦးရှင်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးလေပြီ။ တကယ်တတ် တကယ်သိသော ပညာရှိကြီးပါတည်း။

အောင်မြင်မှုအဆင့်ဆင့် အောင်လံတဝင့်ဝင့်

ယခုနေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒတိုက်ကြီး၏ သက်တမ်း ၃၀–နှစ်ကာလအတွင်း ပရိယတ္တိ အကျော်အမော် တပည့်ပေါင်းများစွာ ဤသာသနာတော်အတွက် မွေးဖွားပေးတော်မူခဲ့ပြီးလေပြီ။

'မြို့အနောက်က ခြသေ့် ဟောက်သံ' 'မေတ္တာပြည့်လျှံ ခြသေ့်သံများ' ဟူသော ဆောင်ပုဒ်များအတိုင်း စာသင်စာချစာအံ ခြသေ့်သံများမှာ အထက်အညာဒေသ မန္တလေးတိုင်းအတွင်း အောင်မြင်မှု အဆင့်ဆင့် အောင်လံတဝင့်ဝင့် လွှင့်ထူနိုင်ခဲ့သည်။ ထိုမျှနှင့် အားမရသေး။

လှိုင်သာယာ မဟာသီဟနာဒ တိုက်သစ်

အောက်ပြည်အောက်ရွာ လှိုင်သာယာစက်မှုဇုန်မြို့သစ်ကြီးတွင် ၁၃၆၃–ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁–ရက် မင်္ဂလာအချိန်မှာ မဟာသီဟနာဒတိုက်သစ်အမည်ဖြင့်ပင် တိုးချဲ့၍ ဖွင့်လှစ်နိုင်ခဲ့ပြန်သည်။ အထက်အညာက ခြသေ့်သံများ အောက်ရွာက သူတော်ကောင်းများ၏ နားသို့ ကျယ်လောင်စွာကြားနေရကြလေပြီ။ သာသနာတော်ကြီး စည်ပင်တိုးပွားလာနေသည်ကို ကြည်နူးဝမ်းသာ ဖူးမြင်နေကြရလေပြီ။

တပည့်ကြီးများ၏ ကျေးဇူး

အထက်အောက် မြန်မာနိုင်ငံအဝှန်း မဟာသီဟနာဒ ဟူသောအမည် ထင်ရှားလာသည်မှာ မဟာသီဟနာဒဆရာတော် မွေးဖွားခဲ့သော တပည့်ကြီးများစွာတို့၏ကျေးဇူးများလည်း ပါဝင်လေသည်။

အထူးအားဖြင့်ကား တိုက်အုပ်ဆရာတော် အရှင်အာရဒ္ဓဗုဒ္ဓိ၏ ထူးခြားသော စွမ်းရည်နှင့် ပူးတွဲ၍ အရှင် ဓမ္မာလင်္ကာရစိ၊ များစွာသော တပည့်ကြီးများ၏ မနေမနား အားဖြည့်ပါဝင် တာဝန်ကိုယ်စီထမ်းဆောင်ခဲ့ကြသောကြောင့်ဟု ဆိုရပါလိမ့်မည်။

လှိုင်သာယာမြို့သစ် မဟာသီဟနာဒတိုက်သစ်ကြီးတွင်လည်း ထိုအရှင်နှစ်ပါးနှင့် မဟာသီဟနာဒ ဆရာတော်၏ ဆွေမျိုးရင်းများဖြစ်ကြသော နာယကအဖွဲ့ဝင် အရှင်မဟိန္ဒ(ခေါ်) အရှင်ဗုဒ္ဓဝီယ အရှင်သတ္တိဗလတို့၏ စွမ်းပကားဖြင့်လည်း တက်ညီလက်ညီ ရွက်ဆောင်တော်မူလျက်ရှိလေသည်။

ယခုနေပြည်တော် တပ်ကုန်း မဟာသီဟနာဒနှင့် လှိုင်သာယာမြို့ မဟာသီဟနာဒတိုက်များသို့ ရောက်လေတိုင်း လေအနေ့တွင် တဖျတ်ဖျတ်တလွင့်လွင့် တလူလူ လွှင့်ထူထားသော သာသနာ့အောင်လံတော်မူများကို မြင်ရသည်။ ကြည်နူးဝမ်းသာမဆုံး ဖြစ်ရလေတော့သည်။

မိုးသို့မြင့်မား မုခ်ဦးကြီးများ

မော့ဖူးရသည့် မိုးသို့မြင့်မား မဟာသီဟနာဒတိုက်သစ်တည်းဟူသော မုခ်ဦးကြီးများက ယခုနေပြည်တော်တပ်ကုန်း မဟာသီဟနာဒတိုက် မုခ်ဦးကြီးနှင့် ထပ်တူဖြစ်အောင် တိုက်အုပ်ဆရာတော်က စီမံစိုက်ထူထားတော်မူသည်။

ထိုကဲ့သို့ သာသနာတော်ကြီး၏ အလံတော်များ တလွင့်လွင့်နှင့် အလင်းရောင်များ ထွန်းလင်းနေသည်ကို မြင်ရသည်မှာ 'ဖန်နေဝန်းသို့ညီ ထွန်းလင်းပြောင်ပသည်၊ ဒါ တို့တိုင်းတို့ပြည်၊ တို့ ကာကွယ်မည်၊ ထူးမြတ်တဲ့ အရှေ့တိုင်းပြည်၊ ကျုပ်တို့ရဲ့

အာရုတိုက်သား ပိုင်ရမည်' ဟူသော ခြသေ့ကဲ့သို့ ရဲရင့်သော စိတ်အားမာန်အပြည့်ပါသော တေးသွားကို ကြားယောင် သတိရနေမိလေတော့သည်။

လျှံပြည့် ပဋ္ဌိပတ္တိ ဓမ္မရိပ်သာ တည်ထောင်

မဟာသီဟနာဒ ဆရာတော်သည် ပရိယတ္တိ အခြေခံများခိုင်မာအောင် တည်ဆောက်လျက်ရှိသလို အခြားတစ်ဖက်မှလည်း ပဋ္ဌိပတ္တိ အကျင့်စခန်းများ ဝင်နိုင်ကြစေရန် တပ်ကုန်းမြို့ ညောင်ပင်သာရွာ ပဋ္ဌိပတ္တိ လျှံပြည့်ဓမ္မရိပ်သာကြီးကိုလည်း ကောဇာ ၁၃၄၇-ခုနှစ်၌ တည်ထောင်ခဲ့သည်။ ထိုရိပ်သာကြီး၌ တရားဓမ္မများ ဟောပြောပြသ၊ သက်တော် ၇၀-ပြည့် ဘဝမှတ်တိုင်အဖြစ် ကြီးစွာသော စေတီတော်မြတ်ကြီးကိုလည်း တည်ထားတော်မူခဲ့ပြီးဖြစ်သည်။

ကျမ်းစာများစွာ ရေးသားတော်မူ

စာသင်သားသံဃာတော်များအတွက် ပို့ချကျမ်းစာများအောက်ပါအတိုင်း ရေးသားပြုစုတော်မူခဲ့သည်။

(က) ဓာတုကထာပြတိုက်ကျမ်း ၁၃၃၄-ခုနှစ်
(ခ) ယမိုက်ပြတိုက်ကျမ်း (ပထမတွဲ) ၁၃၃၅-ခုနှစ်
(ဂ) ယမိုက်ပြတိုက်ကျမ်း(ဒုတိယတွဲ) ၁၃၃၆-ခုနှစ်
(ဃ) မာတိကာပြတိုက်ကျမ်း ၁၃၆၀-ခုနှစ်

စသည်များ ဖြစ်ပါသည်။

နဘူးကျောင်းတောရဆရာတော်ဘုရားကြီး၏ ဩဝါဒ

ယခုနေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒတိုက်တည်ပြီး သိမ်အမှတ် ၇၆-နှင့် ၈၉-သိမ်များကို တောရဆရာတော် ဦးဆောင်သမုတ်တော် မူခဲ့ကြောင်း ဖော်ပြခဲ့ပြီးလေပြီ။

ထိုသိမ်အမှတ် ၇၆-နှင့် ၈၉-သမုတ်စဉ် သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် ဩဝါဒစကား မိန့်ကြားတော်မူခဲ့သည်။

၁။ စာသင်တိုက်တစ်တိုက်ဖြစ်မြောက် အောင် တည်ဖို့လည်း ခက်ခဲသည်။
၂။ တည်ပြီး စာသင်တိုက် ဆက်လက် ရှင်သန်နေအောင် ကြိုးစားရသည်မှာလည်း ခက်ခဲသည်။
၃။ စာသင်တိုက်များစွာ ထပ်မံ တိုးပွားလာစေရန် ရှက်ဆောင်ရသည်မှာလည်း ခက်ခဲသည်။

သို့အတွက် ဆရာဒါယကာ လက်တွဲပြီး အစဉ်တိုးတက်အောင် ကြိုးစားကြပါဟူ၍ မိန့်ကြားတော်မူခဲ့ကြောင်း တောရဆရာတော် စကားစပ်မိသည့်အခါတိုင်း ထပ်မံမိန့်ကြားခဲ့သည်များကို မှတ်သားထားခဲ့မိသည်။

တပည့်ကြီး မဟာသီဟနာဒ ဆရာတော်က ထိုဩဝါဒများကို လက်ကိုင်ထား၍ သာသနာတော်ကြီး အရှည်တည်တံ့ရေးကိုဖြင့် အသက်ပေး၍ အထက်တင်ပြခဲ့သည့်အတိုင်း အဖက်ဖက်မှ ကြိုးပမ်းတော်မူခဲ့လေသည်။*

(၂၀-၆-၂၀၀၄) ၁၃၆၆ ပထမဝါဆို လဆန်း ၁၂-ရက် တနင်္လာနေ့

နံနက်အရုဏ်ယူ

တောရဆရာတော်၊ ရန်ကုန်ဆရာတော် ဦးစာဂရိယ၊ မုန်တောင်တောရဆရာတော် ဦးစန္ဒော

* နိုင်ငံတော်အစိုးရ၏ ၁၃၆၃ (၂၀၀၂) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ဆက်ကပ်စာစောင်နှင့် မေတ္တာပြည့်လျှံ ခြသေ့သံ စာစောင်များ

ဘာသာနှင့် ဆုတောင်းပြည့် တောရဆရာတော် ဦးကောဝလတို့ပါ ၄-ပါးကို သာကေတမြို့ ၆-ရပ်ကွက်နေ ဦးရွှေအောင်+ဒေါ်အေးအေးမာတို့ လှူသောကားဖြင့် တိပိဋကရေ ယောဆရာတော်ကျောင်းသို့ မိမိနှင့် ယာဉ်မောင်း မောင်ကျော်ထူးတို့က သွားရောက်ပင့်ဆောင်၊ သန်လျင်တံတားကြီးပေါ်သို့ နံနက် ၄ နာရီ ၄၀-အရောက်ပို့ဆောင်၊ ဓေတ္တာအရဏ်ယူပြီး ပြန်ပင့်ကြရသည်။ ဤသို့ အရဏ်ယူခြင်းသည် တောရဆောက်တည်မှုမပျက်အောင် မြို့ကြီးပေါ် ရောက်နိုက် ဆောင်ရွက်ခြင်းဖြစ်သည်။

နေထွက်ချိန် ကြည့်ရှုတော်မူ

ယခင်နေ့များ အတိုင်းပင် သာကေတမြို့ ရှင်းသာ ဆိပ်ကမ်းမှာ နေ့အလင်းရောင်လာသည့်တိုင် ကြည့်ရှု နာရီမှတ်သည်။ တောရဆရာတော်သည် ကိုယ်ခန္ဓာက အားမရှိသော်လည်း နေ့စဉ်အရုဏ်ယူခြင်းကို နွဲမလျှော့သေး၊ မပျက်မကွက်ဆောင်ရွက်လျက်ပင်ရှိနေရာ လမ်းမှာ တစ်ရုံဖြစ်လေမလား။ နိုးရိမ်နေကြရသည်။ မိုးတွင်းကာလဖြစ်သော်လည်း မိုးက သဲကြီးမဲကြီး မရွာ။ နယ်ရှစ်စွင်မိုင်းလို့နေသည်။ ရွာမလို ပြိုတော့မလို မိုးတိမ်များက သိုင်းလို့ ဝိုင်းလို့သာနေသည်။

မိမိရဲ့ရင်တွင်းမှာ ဆို့နင့်နေသော ဝမ်းနည်းခြင်းများ မျက်ရည်အဖြစ် ကျမလာအောင် ထိန်းထားရသလို မိုးမင်းကလည်း လောကကြီးထဲမှ ဆရာတော် ထွက်ခွာသွားတော့မည်ကို ကြေကွဲနေဟန်ရှိသည်ဟု ခံစားမိသည်။

ရွှေတိဂုံစေတီတော်ကြီး ဖူးမြင်ရစေခြင်းငှာ

တောရဆရာတော်၏ ဘဝ နောက်ဆုံးနေ့များ၌ တစ်ရက်မပျက် ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြင်ရစေခြင်းငှာ ဗဟန်းအရှေ့မုခ်လမ်းအတိုင်း မောင်ကျော်ထူးအား ကားကို မောင်းနှင်စေသည်။

နံနက်ခင်း ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပါယ်ခြင်းအတိ ဖူးမြင်မဝအောင် ကြည်ညိုဖွယ် ရောင်ခြည်တော်ကွန့်မြူးနေသည့် ပုရိပ်ဖြင့် ဤစမ္မူဒိ လွန်စွာထူးခြားသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးကို ဆရာတော် နေ့စဉ်ဖူးမြင်သည်။

အရုဏ်ဆွမ်း စွပ်ပြုတ်ဆက်ကပ်ကြ

တောရဆရာတော်ဘုရားကြီးကို နံနက်ခင်း စွပ်ပြုတ်နှင့် သစ်သီးဘောဇဉ်များ ဦးစိန်မောင်+ဒေါ်ဝင်းမာ၊ ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ၊ ဦးညွန့်လှိုင်တို့ စီမံလာသည့်အတိုင်း ဆရာတော် ဦးစနကာ သို့ကပ်လှူပြီး တစ်ဆင့် ဆက်ကပ်ကြသည်။

ဆရာတော်က ဆက်ကပ်သူတို့၏စေတနာကို ငုံသောအားဖြင့် ဘုန်းပေးနေဟန်ရှိပါသည်။ 'တာဝန်အရ သုံးဆောင်နေတာ' ဟုသာ မိန့်ပါသည်။

မလျှော့သောနွဲဖြင့်

နံနက်ပိုင်းတွင် ဦးစနကာ၏ ဘေးမှ ဖေးမမှုအကူအညီဖြင့် တောရဆရာတော် ကုဋီသို့ ဝင်ပါသည်။ မိမိက လိုက်ပါဝင်ပြီး ကုသိုလ်ယူ ဆေးကြောခြင်း ဝေယျာဝစ္စပြုမည် စိတ်ကူးဖြင့် နေပါသည်။ ဦးစနကာ ပြုစုခြင်းကိုသာ လက်ခံမည်ဟန်ရှိ၍ ဒကာအပြင်ထွက်ပါ နိုင်းသဖြင့် ထွက်ရပါသည်။ ဆရာတော်အား နောက်ဆုံးပြုစုခြင်းဖြင့် ပြုစုလိုသော်လည်း ဆရာတော်က ကိုယ့်အား ကိုယ်ကိုး မဟာန်နိုင်သည့်ကြားက နွဲမလျှော့သေး၊ များစွာ စိတ်မသက်မသာ ဖြစ်ရပါသည်။ ဆရာတော် ဦးစနကာ၏ ကူညီမှုကိုပင် မတတ်သာ၍ လက်ခံနေရ ဟန်ရှိသည်။

နေ့စဉ် ဆွမ်းလောင်းလှူပွဲ

ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက် ယောဆရာတော်၏ ကျောင်းအဝင်အပြင်လမ်းမှာ တောရမထေရ်များဖြစ်ကြသော ရန်ကုန်ဆရာတော် ဦးဇောတိကယ၊ မှန်တောင်တောရဆရာတော် ဦးဓမ္မာဘိသ၊ ဆုတောင်းပြည့်တောရ ဆရာတော် ဦးကောဝိလ၊ ပဲခူးနယ်မှ တောရဆရာတော် ဦးစန္ဒကစသော ဆရာတော်များ ဝါစဉ်အလိုက် တစ်ပါးပြီး တစ်ပါး ဆွမ်းခံထွက်လာကြသည်။

ဆွမ်းလောင်းလှူသူများ

(၁) ဦးစိန်မောင်+ဒေါ်ဝင်းမာ မိသားစု၊

(၂) ဦးညွန့်လှိုင်+ဒေါ်စင်လွှမ်း မိသားစု၊

(၃) ဦးဝင်းမြင့် (အစွန့်ဦးစီးမှူး)+ဒေါ်သီသီ မိသားစု၊

(၄) ဒေါ်စင်စိန်၊ သမီး ယုယု မိသားစု၊

(၅) ဦးဘိုနီ+ဒေါ်သန်းအေး မိသားစု၊

(၆) ဦးတင်မိုး ညွှန်မှူး (ငြိမ်း)

စသူတို့က ဆွမ်းနှင့် ဟင်းလျာများ တကန့်စီ လောင်းကြသည်။ မှန်တောင်ဆရာတော်၏ ကပ္ပိယ ဦးချင်ပိုက်က ဆွမ်းလောင်းနည်းအားမှနေ၍ ပြောပြ လောင်းစေကြသည်။

ဆေးပတ်တီး၊ ၉ ရက်စည်းကြမည်

ဆရာတော်ဘုရား၏ ကျန်းမာရေးအတွက် ဝမ်းဗိုက်ဗိုင်းကို ဆေးပတ်တီး ၉-ရက်စည်းကြမည်။ ဆေးစားရမည်။ ဆေးပတ်တီးစည်းထားသည့်ရက်အတွင်း ရေမချိုးရဟု ဆိုပါသည်။ ကြံရာမရ ကြားရသောသတင်းများဖြင့် သက်သာပျောက်ကင်းလိမ့်နိုးရည်မျှော်ကိုး၍ ဆေးဖိုးက တစ်ပတ်စာ ၆-သောင်းကျော်ဖြစ်ကြောင်း သိရပါသည်။

ထိုနေ့ (၂၈-၆-၂၀၀၄) မှ (၆-၇-၂၀၀၄) ထိ ၉-ရက် ဆေးစည်း၊ ဆေးစားကာလ ယောဆရာတော်ကျောင်းမှာ တည်းခိုနေထိုင်ကြပေလိမ့်ဦးမည်။

ဦးရွှေအောင်+ဒေါ်အေးအေးမာ ကားအလှူ

ထိုနေ့ ညနေ ၃-နာရီခန့် ဦးရွှေအောင် (ရွှေပန်းတိမ်)၊ မိမိနှင့်စနီး မခင်တင့်တို့ပါ ယောဆရာတော်ကျောင်း၊ ဆရာတော်ဘုရားရှိရာသို့ သွားရောက် ဖူးမျှော်ကန်တော့ကြပါသည်။

ဆရာတော်ဘုရားကြီး ဝမ်းဗိုက်ဗိုင်း ဆေးပတ္တီးစည်းပြီး ဖြစ်နေပါပြီ။ မြန်မာဆေး ရှိန်းနံ့ရသည်၊ ဆရာတော်မှာ ပြင်းထန်သောဝေဒနာ ခံစားနေရသည့် ပုံဟန်မရှိ၊ ညည်းညူခြင်းလည်း မရှိပါ။ သည်းခံ၍နေရသည်ကိုမူ အနီးနေ တပည့်သံဃာတော်များ လူပုဂ္ဂိုလ်တပည့်များ အားလုံးက သိကြပါသည်။ မိမိက သက်သာပါသလား မေးလျှောက်ရာ 'မသက်သာပါဘူး' ဟုသာ တိုတို မိန့်ကြားပါသည်။ ထိုမိန့်ကြားချက်အရ သည်းခံ၍ နေရသည်ဟု မိမိဆိုခဲ့ခြင်းဖြစ်ပါသည်။

တိပိဋကဓရ ယောဆရာတော်ကို ဖူးတွေ့ကြ

မိမိတို့ မိသားစု ဦးရွှေအောင်တို့ပါ အားလုံး တိပိဋကဓရယောဆရာတော် သီတင်းသုံးရာ 'ထေရာသန ကျောင်းငယ်ကလေး' ပေါ်သို့သွားရောက် ရှိခိုးကန်တော့ကြသည်။

ယောဆရာတော်က မိမိအား 'ဒကာအိုကြီးက ဘုန်းကြီး အိုကြီးဆီကို လာတာလား' ဟုအမြဲလို နှုတ်ဆက်နေကြဖြစ်သည့်အတိုင်း မိန့်ကြားသည်။

ယောဆရာတော်နှင့် မိမိတို့မှာ ကောစာ ၁၃၀၄ခုနှစ်၊ မွေးနှစ်တူ သောကြာနေ့ဖွားတူ ကျန်တာအားလုံး ဘာမျှမတူ သံသရာ၌ ခရီးမိုင်ပေါင်း အဘယ်မျှ ကွာ၍ မိမိကျန်ခဲ့လေဦးမည်မသိ၊ ယောဆရာတော်ကို ဦးချကန်တော့တိုင်း ခြေတော်အစုံကို နဖူးပြင်မှာ ဦးတင်၍ "အရှင်ဘုရား နိဗ္ဗာန်စံဝင်သည့်အချိန် မကွာမလှမ်းသောကာလ၌ နည်းတူ နိဗ္ဗာန်ဝင် စံနိုင်ရပါလို၏" ဟု အမြဲဆုတောင်းပါသည်။

ယောဆရာတော်က ဒကာတောင်းသည့် အတိုင်း ပြည့်စေ အမြဲဆုပေးလေသည်။ မိမိ ဓနီးနှင့် ဦးရွှေအောင်တို့ပါ ဘုရား၊ ဦးရွှေအောင်က နေ့စဉ် အရဏ်ယူယာဉ် အလှူရှင်ပါဘုရား လျှောက်သည်။

ယော ဆရာတော်က လက်ကမ်းဓမ္မစာ စောင်ငယ်များ၊ တရားတိတ်ခွေများကို ချီးမြှင့်သည်။ ယော ဆရာတော်မှာ ကျောင်းငယ်ကလေးမှာ အမြဲ နေ သီတင်းသုံး၍ အခန်းအတွင်း ထည်ထည်ဝါဝါ ပစ္စည်းတွေ ဘာမျှမရှိ၊ တောရ ရဟန်းတော်တစ်ပါး ကဲ့သို့ပင် ဖူးမြင်ကြရသည်။

တီဗွီ၊ စလောင်း၊ ဖုန်း၊ လက်ကိုင်ဖုန်း၊ ရေခဲ သေတ္တာ ဘာမျှမရှိပါ

ယောဆရာတော်ကျောင်းကလေးပေါ်မှာ တယ်လီဖုန်း၊ လက်ကိုင်ဖုန်းမရှိပါ။ မပြောပါ၊ တိုက် အုပ်ဆရာတော် ဘဒ္ဒန္တသိရိကဥ္စန (ဒွိပိဋကဓရ) နှင့် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တ ဉာဏက (ဒွိပိဋကဓရ) ဆရာတော်များထံမှာသာ တယ်လီဖုန်းထားရှိပါ သည်။

ကျောင်းဝင်းတွင် တီဗွီ ရုပ်မြင်သံကြားစက်၊ စလောင်းများ မရှိပါ။ ခန္ဓာကိုယ်ထဲ ဘောလုံးပွဲ မိမိတို့ ခန္ဓာရုပ်မြင်စက်ကို ကိုယ်တိုင်ပြန်ရှုကြရန် ယော ဆရာတော်၏ တရားစာအုပ် တိတ်ခွေများအရ ဖတ်ရှုနာကြားထားသဖြင့် လက်တွေ့ ဝိပဿနာ ကမ္မဋ္ဌာန်း ရှုမှတ်နေကြသော ရဟန်းသာမဏေများ ကို ဆရာတော်ကျောင်းကလေးပေါ်မှာ မကြာခဏ ဖူးမြင်ကြရသည်။

(၂၉-၆-၂၀၀၄) ၁၃၆၆ ပထမဝါဆိုလဆန်း ၁၃-ရက် အင်္ဂါနေ့

မိမိမှာ တောရဆရာတော်ဘုရားကြီး၏ ဆန္ဒ တော်အရ အရုဏ်ယူရေးတာဝန် မပျက်မကွက် စေရန် အထူးသတိပြုလျက် နံနက်တိုင်း ၃-နာရီမှာ အိပ်ယာထ၊ အိမ်ရှေ့ ဦးရွှေအောင်၏တပည့် မောင် ကျော်ထူးကို နှိုးရသည်။

ရန်ကုန်ဆရာတော် ဦးဇာဂရိယထံမှလည်း နံနက် ၃-နာရီကျော်တွင် ဖုန်းဖြင့် အမြဲနှိုးသည်။ ရန်ကုန် ဆရာတော်၏ တပည့်များက လက်ကိုင်ဖုန်း တစ်လုံး အရေးပေါ်သုံးရန် ရန်ကုန်ဆရာတော် ကြွ လာတိုင်း ခေတ္တခဏ လှူထားကြသည်။

တောရဆရာတော်ဘုရားကြီး၏ ဘဝ နောက်ဆုံးနေ့များတွင် ဆရာတော်ဘုရားကြီး ဖွဲ့သန် သန်ဖြင့် နံနက်တိုင်း အရုဏ်ယူကြနေသည့် တရား ကျင့်လုပ်ငန်းကို တစ်ရက်မှ မပျက်စေရဟူသော အမိန့်ခွန်ဖြင့် ဝီရိယထား၍သာ ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ မိမိမှာလည်း ကျန်းမာရေး ဒေါင်ဒေါင် မြည် ကောင်းသူမဟုတ်။

ဤသို့ဖြင့် ဦးရွှေအောင်၏ ကားအကြီး ပါကျဲရီး ၈က/၅၄၉၅ ကို မောင်ကျော်ထူး မောင်း ၍ နံနက် ၄-နာရီ ယော တိပိဋကဓရ ကျောင်း အရောက် မောင်းကြရသည်။ ယောဆရာတော် ကျောင်းက နံနက် ၄-နာရီမှ သံတံခါးကြီး ဖွင့်သည်။

နံနက်အရဏ်ယူ

(၂၉–၆–၂၀၀၄) နေ့လည်း နေ့စဉ်အတိုင်း တောရဆရာတော် သင်္ကန်းရုံသည်၊ ဓာတ်မီးကလေးနှင့် နာရီကလေးယူသည်၊ မိမိနှင့် ဆရာတော်ဦးကေဝလက ဘေးမှဖေးမ၍ မော်တော်ကားဆီသို့ ကြွသည်။

ဆရာတော်၏ဖိနပ်ကို မိမိက ခင်းပေးရသည်။ ဆရာတော်ဦးကေဝလက ခေါင်းအုံးနှင့်နေကထိုင် ဂွမ်းစောင်တစ်ထည် အမြဲယူလာသည်။ သန်လျင်တံတားကြီးပေါ်က ရဲကင်းမှာ ခေတ္တခဏကလေးမျှအတွင်း ဆရာတော်ဘုရားကြီး ချမ်းသာစွာ မှေး၍နေနိုင်ပါစေ ခင်းပေးရန်ဖြစ်သည်။

ရန်ကုန်ဆရာတော် မှန်တောင်ဆရာတော် ဆုတောင်းပြည့်ဆရာတော်တို့လည်း တစ်ရက်မပျက် အမြဲ အရုဏ်ယူ လိုက်ပါကြွမြဲအတိုင်း ကြွကြသည်။

မှန်တောင်ဆရာတော်မှာလည်း မူလကပင် ကျန်းမာရေးသိပ်ကောင်းသည်မဟုတ်။ ရက်ရှည်ဆွမ်းက တစ်နပ်၊ အိပ်ရေးကပျက် ဆွမ်းပင် သိပ်ဘုန်းပေးနိုင်ခြင်းမရှိ ဖြစ်လာနေသည်။

သန်လျင်တံတားကြီးပေါ်မှာ အရုဏ်လာသည်တိုင် ခတ္တခဏလေး နေကြသည်။ ပင်လယ်လေကတဖြူးဖြူး နံနက်ပိုင်း နှင်းမှုန်သာသာ မိုးဖွဲကလေးများသာ ကျသည်။ မြူတွေ ဆိုင်းနေသလိုလောက၏ သဘာဝအရ ဤလောကကြီးအတွင်းမှ သူတော်ကောင်းကြီးတစ်ပါး ကွယ်ပျောက်သွားလေတော့မည်ကို ဝမ်းနည်းခြင်း အထိမ်းအမှတ်ပေလား၊ ဆင်ခြင်မိသည်။

တံတားကြီးပေါ်မှ ပင့်ဆောင်၍ လာကြသည်။ ကားပေါ်တွင် စကားတစ်ခွန်းမျှ မပြော၊ မမိန့်ကြ၊ ငြိမ်သက်စွာ လိုက်ပါလာကြသည်။

သာကေတမြို့ ရှုခင်းသာရပ်ကွက် ကျောင်းတိုက်စုများကြားက ကမ်းနားဆီသို့ ကားမောင်းပို့ရသည်။ အရုဏ်လာပြီး နေရောင်တက်လာသည်အထိ အရှေ့လောကဓာတ်ကြီးဆီသို့ ဆရာတော်ကားပေါ်မှနေ၍ ကြည့်နေသည်။ အခြားဆရာတော်များ ကားပေါ်မှ ခေတ္တဆင်းကြသည်။

ပင်လယ်ပြင်က သီလဝါဆိပ်ကမ်းအဝေးမှာ မှုန်ပြပြ မြင်ကြရသည်။ ပင်လယ်ကူးသင်္ဘောများ ရေတပ်မတော်မှ သင်္ဘောအချို့ လှမ်းမြင်နေရသည်။ သန်လျင်တံတားကြီးကိုလည်း နေရောင်မလာမီ ရေးရေးသာ မြင်ကြရသည်။

နေရောင်လာ နာရီမှတ်ပြီး ပြန်ထွက်လာကြသည်။ ပုဇွန်တောင်တံတားကို ဖြတ်၊ ကန်တော်ကြီးကိုပတ်၊ ဗိုလ်ချုပ်ကြေးရုပ်ဘေးက လမ်းအတိုင်း ရွှေတိဂုံဘုရားကြီး ဖူးမြင်ခွင့်ရလေအောင် ဗဟန်းအရှေ့ဘက်မုခ်လမ်းမှမောင်း၍ ဗဟန်းဈေးလမ်း မဟာမြတ်မုနိ ကြေးသွန်းဘုရားကြီးကိုလည်း လှမ်း၍ ဖူးမြင်ပြီး ယောဆရာတော်ကျောင်းသို့ ဝင်ကြသည်။

နံနက်ယာဂုဆွမ်းကပ်

ဦးစိန်မောင်+ဒေါ်ဝင်းမာတို့ စီမံလာသော ယာဂုဆွမ်း စွပ်ပြုတ် ဆရာတော် ဦးဇနကမှတဆင့် ဆက်ကပ်ကြသည်။ မြင်းခွာရွက်၊ ခရမ်းချဉ်သီးသုတ်များလည်း ပါသည်။ ဆရာတော် ဘုန်းပေးလျက် ရှိစဉ် အနီးမှာနေ စကားပြောခြင်းကို ရှောင်ကြ ဦးချကန်တော့ပြီး ထွက်ခဲ့ရသည်။

ဆွမ်းလောင်းကြ

ယော ဆရာတော်ကျောင်းအပြင် တံခါးဝမှာ ယမန်နေ့ကအတိုင်း ဖော်ပြခဲ့ပြီးသော

ဦးစိန်မောင်+ဒေါ်ဝင်းမာ၊ ဦးညွန့်လှိုင်၊ ဦးဝင်းမြင့် ဒေါ်သီသီ၊ ဒေါ်ခင်စိန် သမီး ယုယုတို့အဖွဲ့ကပင် တောရဆရာတော်များကို ဆွမ်းလောင်းလှူကြသည်။

ထိုနေ့တွင် တောရဆရာတော်၏ နည်းယူသည့် ဦးပညာသိရိ (ယခု မော်ဘီတောရ) လည်း ဆရာတော်ထံ ရောက်လာ၊ ဆွမ်းခံရာသို့ ကြွသည်။ ဆရာတော် မကျန်းမာကြောင်း သတင်းရ၍ ဝတ်ကြီးဝတ်ငယ် ဆောင်ရန်၊ ပြုစုရန် ကြွလာခြင်းဖြစ်သည်။

ဆွမ်းလောင်းအဖွဲ့များ အချင်းချင်း တစ်လှည့်စီ မုန့်လက်ဖက်ရည် ဒါနပြု တိုက်ကျွေးကြသည်။ ဤဘဝ အမှတ်တရ ဆွမ်းလောင်းလှူကြ၊ ဆရာတော်ဘုရားကြီး၏ နောက်ဆုံးနေ့များတွင် ပါရမီကုသိုလ်စွမ်းနိုင်ရာက ယူကြသည်ကို အလွန်ပင် ကျေးဇူးလည်းတင် ဝမ်းလည်းသာ၊ ဝမ်းနည်းဝမ်းသာ ခံစားရသည်။ အကြောင်းဆုံ၍ တွေ့ကြ၊ အကြောင်းကုန်တော့ ကွဲကြ၊ သံသာခရီး မပြီးဆုံးသမျှ လျှောက်လှမ်းကြရပေလိမ့်ဦးမည်ဟု ဆင်ခြင်နေမိသည်။

(၁၀-၆-၂၀၀၄) ၁၃၆၆-ပထမဝါဆို လဆန်း ၁၄-ရက် ဗုဒ္ဓဟူးနေ့။

ထိုနေ့နံနက် ၃-နာရီခွဲ မိမိနှင့် မောင်ကျော်ထူးတို့ ဦးရွှေအောင်၏ ကားကြီးဖြင့် ယောဆရာတော်ကျောင်းသို့ သွားကြသည်။

နံနက် ၄-နာရီတိတိ ယောဆရာတော်၏ ကျောင်းတံခါးမကြီး ဖွင့်ပေးမှ ဝင်သည်။ တောရဆရာတော်နှင့် ဆရာတော်များအားလုံး နိုးနေကြပြီဖြစ်သည်။

မိမိက ဆရာတော်ကြီး အနားသွား၍ ဦးချကန်တော့ပြီး ခြေဖဝါး ခြေဖမိုးများကို လက်ဖြင့်စမ်းကြည့်သည်။ မိမိမှာလည်း အသည်းသမားဖြစ်ခဲ့ပြီး ဆရာတော်မှာလည်း အသည်းအနာဖြစ်နေသည်ချင်း တူ၍ အလွန်အမင်း အေးနေသလား စမ်းကြည့်ခြင်းဖြစ်သည်။

မဖြစ်ချင်တာ စဖြစ်

ထိုသို့ စမ်းကြည့်နေရင်း မိမိ သတိမမူသဖြင့် ဆရာတော်၏ ညာဘက်ခြေသူကြွယ် အနာကလေးကို ထိမိစမ်းမိသွားသည်။ ရုပ်ချည်းပင် ခြေထောက်ကို ဆွဲရုပ်လိုက်ပြီး 'မဖြစ်ချင်တာ စဖြစ်တော့တာပဲ' ဟု ဆူလေတော့သည်။

တစ်သက်လုံး မပျောက်သည့် ထိုအနာ

ဆရာတော်ခမျာ ထိုအနာကလေးနှင့် မပျောက်ဘဲ တစ်သက်လုံး နေသွားရသည်။ ထိုအနာကလေးမှာ အပေါ်အရေပြားပေါ်မှာဖြစ်၍ လိမ်းဆေး အမျိုးမျိုး လှူကြသည်။ လိမ်းသည် မပျောက်ပါ၊ ဆီးချိုရှိလို့ မပျောက်သလား ယူဆကြ၍ ပျဉ်းမနားမြို့မှာ ဆရာတော်ဦးကေဝလက ဆီးစစ်သလို မိမိက ရန်ကုန်ကြွလာတိုင်း ဆီးစစ်ကြည့်သည်။ ဆရာတော်မှာ ဆီးချိုမရှိဟု အဖြေထွက်သည်။ အဘယ်ကြောင့် ထိုအနာ ထိုမျှကာလကြာအောင် မပျောက်လေသနည်း။

နံနက်အရုဏ်ယူ

နံနက် ၄-နာရီ ၂၀-မိနစ် ယောဆရာတော်ကျောင်းမှ ထွက်၊ တောရဆရာတော်၊ ရန်ကုန်ဆရာတော်၊ မှန်တောင်ဆရာတော်၊ ဆုတောင်းပြည့်ဆရာတော်များပါ သန်လျင်တံတားကြီး အလယ်တည့်တည့်သို့ကြွကြသည်။ ယမန်နေ့များအတိုင်း ခေတ္တမျှ အရုဏ်လာချိန်နေပြီး ပြန်လည်ပင့်ဆောင်လာကြသည်။ တံတားကြီးပေါ်မှာ နေ့စဉ် ဖြတ်ကျော်

တရိပ်ရိပ်ပြေးနေသော ကားပေါ်တွင် လိုက်ပါလာသော ဆရာတော်များ တိတ်ဆိတ်ငြိမ်သက်လှသည်။ အတွေးကိုယ်စီရှိနေသလား သို့မဟုတ် သံဝေဂဉာဏ်ပွား၍ ကမ္မဋ္ဌာန်းအာရုံ တစ်ခုခုယူ၍ လိုက်ပါနေကြလေသလား။ မိမိကတွေးနေမိသည်။ ဆရာတော်များကိုယ်တိုင်သာ သိကြပါလိမ့်မည်။

တောရဆရာတော်များ ဓုတင်ဆောင်မထေရ်များဖြစ်၍ အရညကင်တောရမှာ သီတင်းသုံးနေသည့်ဓုတင်ကို မပျက်မကွက် ရှက်ဆောင်နေကြခြင်းကို မိမိတို့က မပျက်မကွက် ကုသိုလ်ယူနေကြခြင်းဖြစ်ရာ ယနေ့အထိ အသွားအပြန် အနှောင့်အယှက်မရှိ။ မိုးက ပြင်းပြင်းထန်ထန်မရွာ၊ ရန်ကုန်မိုးအစိုးမရဟု လူတိုင်းသိကြပါသည်။ သို့ရာတွင် မိုးကထိုဆရာတော်ဘုရားကြီးနှင့် ဆရာတော်များ၏ ပါရမီကို ဖြည့်နေသလား မှတ်ထင်ရသည်။ ထိုရက်များ နံနက်ပိုင်း မိုးမရွာ ရပ်နားပေးထားလေသလား မှတ်ထင်ရသည်။

ရှုခင်းသာ အောင်သီတာလမ်း ဆိပ်ကမ်းမှာ

သာကေတမြို့၊ သန်လျင် ရန်ကုန်မြို့ပါတ်လမ်း၊ ရှုခင်းသာရပ်ကွက် ကျောင်းတိုက်ကြီးများက အောင်မော်စံစာသင်တိုက်သောမှာ ကမ်းနားဘက်သို့ မော်တော်ကားမောင်းဝင်ပြီး အရှေ့က နေဝန်းရောင်ခြည်အလာ တောရဆရာတော်က စောင့်မျှော်မြဲအတိုင်း စောင့်မျှော်ကြည့်ရှုပါသည်။ နာရီ မှတ်သားထားသည်၊ ဆရာတော်တစ်ပါးတည်း ကားပေါ်မှာ ထိုင်နေခြင်းဖြစ်၍ ဆရာတော်များနှင့် မိမိတို့က မနီးမဝေးမှာ နေကြသည်။

အသက်ရှင်နေသေးသမျှအရညကင်ဓုတင်မပျက်

ရောင်နီလာတော့ ကားပေါ် ပြန်တက်၍ ထွက်ခွာဖြစ်လာခဲ့ကြသည်။ ယောဆရာတော်ကျောင်းမှာ နေ၍ဆေးကုသစဉ် ရန်ကုန်မှမပြန်မချင်း အသက်ရှင်နေသေးသမျှ ရောဂါက မည်မျှပင် နှိပ်စက်နှိပ်စက်ေ အခံရမည်မျှခက်ခက် အရညကင်ဓုတင်ကို မပျက်ဆောက်တည်ပါမည် ဟု ဘုရားမှာ နှုတ်မှမြွက်ဆိုဆောက်တည်ထားချက်ကို ဖျက်လိမ့်မည်မဟုတ်ဟု ဆရာတော် နေ့စဉ်နေ့တိုင်း ကြွရောက်သက်သေပြဆောင်ရွက်နေခြင်းဖြစ်သည် ထင်ပါသည်။

အဓိက ပြောလိုသည်မှာ နောက်ပါရဟန်းတော်ကြီးများဖြစ်သော ရန်ကုန်ဆရာတော်၊ မုန်တောင်ဆရာတော်နှင့် ဆုတောင်းပြည့် ဆရာတော်များကို ရည်ညွှန်းလက်တွေ့ပြ၍ 'ငါ့တပည့်များ ငါအသက်နှင့်ထပ်တူ မြတ်နိုးသည့် ဓုတင်ဆောင်ခြင်းကို မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ရှက်ဆောင်ကြ' ဟု တောရဆရာတော် မှာကြားနေသည် ထင်ပါသည်။

မိမိထက် ထိုဆရာတော်များက ပို၍ပင်နားလည်ကြပါမည်။ ကိုယ်ပင်ပန်း စိတ်ပင်ပန်းလှပါသည်။ ထိုဓုတင်ကို ဂိလာနဖြစ်နေပြီပဲ လျှော့ချပါတော့ဘုရားဟု ထိုဆရာတော်များနှင့် မိမိတို့ မလျှောက်ရဲကြ။

နံနက် ယာဂုဆွမ်းကပ်

ကန်တော်ကြီးပတ်လမ်း ရွှေတိဂုံဘုရားကြီးအရှေ့မုခ်လမ်းအတိုင်း နေ့စဉ် ဖူးမြင်ဦးတင်ရစေခြင်းဟု မောင်းနှင် ယောဆရာတော်ကျောင်းသို့ဝင်၊ ယခင်နေ့များအတိုင်း ဦးစိန်မောင်+ဒေါ်ဝင်းမာတို့ စီမံသော ယာဂုဆွမ်း ဆရာတော်ဦးဇနကမှ တဆင့်လှူ၊ ရှိခိုးကန်တော့ ဦးချ ဆရာတော်ဘုရား၏ မျက်နှာတော်ကို ညိုးငယ်စွာဖူးမျှော် အသာအယာ ပြန်ထွက်ခဲ့ကြသည်။

ဆရာတော်ဆေးပတ္တီးစီးထားသည်မှာ ၃ ရက် ရှိလေပြီ။

ဆွမ်းလောင်းလှူကြ

ယော ဆရာတော်ကျောင်းတံခါးအပြင် လမ်းဘေးမှာ ဆွမ်းလောင်းနေကြအဖွဲ့ ဦးညွန့်လှိုင်၊ ဦးစိန်မောင်၊ ဦးဝင်းမြင့်တို့ ဦးဆောင် ရန်ကုန်ဆရာတော်၊ မုန့်တောင်ဆရာတော်၊ ဆုတောင်းပြည့် ဆရာတော်၊ ဦးပညာသိရီ၊ ဦးဇနကတို့ ၅-ပါးကို တစ်ပါးပြီးတစ်ပါး သပိတ်ထဲသို့ ဆွမ်းနှင့်ဆွမ်းဟင်းများ တစ်ကန့်စီ လောင်းကြ၊ ဦးချင်ဟိုက်က ဘေးမှကြပ်မတ်ပေးသည်။

မှတ်ချက်။ ။ ထိုနေ့ နံနက်အရုဏ်ယူ၊ ဆွမ်း လောင်းချိန်များ၌ မိုး လုံးဝမရွာ ချမ်းသာစွာ ရွက်ဆောင်နိုင်ကြသည်။

တိုက်အုပ် တိုက်ကြပ်ဆရာတော်များ

ထိုနေ့ ဆွမ်းလောင်းအပြီး ယောဆရာတော် ကျောင်း တိုက်အုပ်နှင့် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒက (ဒွိပိဋကဓရ) မှ ဆွမ်းလောင်းအဖွဲ့အားလုံးကို မုန့်ဟင်းခါးဆွမ်းကပ်လှူပွဲရှိ၍ ခေါ်ယူကျွေးမွေးသည်။ တိုက်အုပ်တိုက်ကြပ် ၂-ပါးလုံးနှင့် ဖူးတွေ့ရင်းနှီးခွင့်ရကြသည်။ တိုက်ကြပ်ဆရာတော်မှာ သားကြီးဒေါက်တာ ခင်မောင်ဦးနှင့် သံဃာ့ဆေးရုံကြီးမှာ တွေ့ဆုံခင်မင်ကြကြောင်း မိန့်ကြားသည်။

(၁-၇-၂၀၀၄) နေ့ ၁၃၃၆-ခုနှစ် ပထမဝါဆို လပြည့် ကြာသပတေးနေ့

နေ့စဉ်ပြုမြဲထုံးစံအတိုင်း နံနက် ၃-နာရီ ဇနီး မခင်တင့်က အမြန်နှိုးပေးသည်။ အိမ်ရှေ့ ဦးရွှေမောင်၏တပည့် မောင်ကျော်ထူးကို မိမိက ဖုန်းဆက်၍နှိုးသည်။ ၃-နာရီခွဲတွင် မော်တော်ကားမောင်း၍ သွားကြ၊ ယောဆရာတော်ကျောင်းသို့ ၄-နာရီ မထိုးမီရောက်၊ တံခါးမကြီးမဖွင့်သေး၍ ခေတ္တစောင့်၊ ၄-နာရီတိတိ တံခါးလာမဖွင့်သေး၊ ရန်ကုန်ဆရာတော် လက်ကိုင်ဖုန်းသို့ မောင်ကျော်ထူးမှ ပါလာသော လက်ကိုင်ဖုန်းဖြင့်ဆက်မှ တံခါးလာဖွင့်သည်။

လက်ကိုင်ဖုန်းများ၏ အသုံးဝင်မှု ဤနေရာ၌ ကျေးဇူးကြီးလှသည်။ ဆက်သွယ်ရေးစနစ်များ တိုးတက်ကောင်းမွန်လာခြင်းကြောင့် I.T ခေတ်သို့ရောက်ပြီဟု ပြောနေကြသည်။ ကမ္ဘာ့အနောက်ခြမ်းက သတင်းများ ကမ္ဘာ့အရှေ့ခြမ်းသို့ ချက်ချင်းရောက်သည်။ ကမ္ဘာကြီးသည် ရွာကြီးဖြစ်လာနေချေပြီ။ ရွာအနောက်ခြမ်းက သတင်းရွာအရှေ့ခြမ်းသို့ တခဏချင်း ရောက်သလို သတင်းတွေ အလွန်လျင်မြန်စွာ ကြားနေမြင်နေပြီ ဖြစ်သည်။

မိမိတို့ မွေးရွာ ကံကြီးရွာ၊ သက်ရက်ကန်ရွာ၊ သက္ကယ်ကျင်းရွာများမှ မလေးရှားနိုင်ငံသို့ ဖုန်းဆက်နိုင်လေပြီ။

I.T ဆိုသည်မှာ Information Technology သတင်းနှင့် နည်းပညာများ တိုးတက်လာ၍ လျင်မြန်စွာ ကြားနိုင်ကြလေပြီဟု ဆိုခြင်း ဖြစ်သည်။

၁၊ ၇၊ ၂၀၀၄ နံနက် အရုဏ်ယူ

၂၀၀၄ ခု ဇူလိုင် ၁ ရက်နေ့ နံနက်ခင်းကောင်းကင်တွင် မိုးသားများ ရှိသော်လည်း မိုးကမရွာပါ။ ဇူလိုင် မိုးလတွင် ရန်ကုန်မှာ မိုးပြတ်သည် မရှိပါ။ သို့သော် နံနက် အရုဏ်မလာမီနှင့် အရုဏ်ယူပြီးချိန်အထိ (တောရဆရာတော် ရန်ကုန်ရောက်လာသည့်ရက် ၂၃၊ ၆၊ ၂၀၀၄ မှ ၁၊ ၇၊ ၂၀၀၄

ထိ) ၉–ရက်လုံး မိုးရွာထဲမှာသွားလာ အရဏ်ယူနေ ရသည် မရှိပါ။

နေ့စဉ် ပြုမြဲအတိုင်း သန်လျင်တံတားကြီး အလည်သို့သွားအရဏ်ယူ သာကေတမြို့ ရှခင်းသာ ဆိပ်ကမ်းမှာ နေအထွက် ရောင်နီလာချိန် ကြည့်ပြီး ဗိုလ်ချုပ်ကြေးရုပ်ရှိရာ ကန်တော်ကြီးပတ်လမ်းအတိုင်း ရွှေတိဂုံအရှေ့မုခ်လမ်းမှ ရွှေတိဂုံစေတီတော်ကြီးကို နေ့စဉ် ဖူးမြင် ဦးတင်၊ ယောဆရာတော် ကျောင်းသို့ ဝင်ကြပါသည်။

အရဏ် ယာဂုဆွမ်းဆက်ကပ်

နံနက်တိုင်း ယာဂုဆွမ်း အလှူရှင် ဦးစိန်မောင် +ဒေါ်ဝင်းမာတို့ စီမံလာသော ယာဂုဆွမ်း ခရမ်းချဉ်သီးသုတ် စသည်များဖြင့် ဆရာတော် ဦးဇနကမုတဆင့် ဆက်ကပ်ကြသည်။

မိမိနှင့် ဦးညွန့်လှိုင်တို့ ဝင်ရောက်ဖူးတွေ့ ဦးချကန်တော့ကြသည်။ ကပ္ပိယ မောင်ဘိုနီ၊ မောင် လှထွန်းတို့ရှိနေပြီး ဝေယျာဝစ္စ ဆောင်နေကြသည် ဖြစ်၍ ဆရာတော်အနားမှာ ကြာကြာမနေရဲကြ ပြန် ထွက်ကြရသည်။

ဆွမ်းလောင်းလှူကြ

ကျောင်းအပြင် အဝင်အထွက်တံခါးမကြီး အနီးလမ်းဘေးမှာ စားပွဲများခင်း၍ နေ့စဉ်နေ့တိုင်း ဆွမ်းအလှူရှင်များက ဆရာတော်တစ်ပါးချင်း ကြွ လာသည်ကို သပိတ်မှာ လောင်းလှူကြသည်။

ထို့နောက် ကျောင်းအပြင်လမ်းဘေး လက်ဖက်ရည်ဆိုင်မှာ တစ်လှည့်စီ ဒကာခံ ထမင်း ကြော်၊ မုန့်ဟင်းခါး၊ လက်ဖက်ရည် ကြိုက်ရာမှာကြ၊ နံနက်စာ ဝမ်းဖြည့်ကြ၊ နှုတ်ဆက်ကြ၊ ဆရာတော် ကြီးနှင့် ဆရာတော်ကြီးငယ်များအတွက် နေ့စဉ်မပျက် မကွက် ဆွမ်းလောင်းလှူကြသူများကို ကျေးဇူးတင် ကြောင်း ဝမ်းသာပါကြောင်း သုဂတိနတ်ရွာ သေချာ ပါကြောင်း အပါယ်တံခါးသို့ဝင်ရန် အကြောင်းမရှိ တော့ပါကြောင်း မိမိက အမြဲပြောသည်။ ဆရာတော် ကြီး၏ ဘဝနောက်ကြောင်းများ နေ့စဉ် တစ်မျိုး မဟုတ် တစ်မျိုး ပြောနေမိလေသည်။

တောရဆရာတော်၏ မူလရုပ်ရည်ရူပကာယ အရုပ်တော် မနိမ့်မမြင့်

တောရဆရာတော် ဘုရားကြီး၏ မူလရုပ် ရည် ရူပကာယတော်မှာ အရပ်အမောင်း ၅–ပေ ၅ –လက်မခန့် မနိမ့်မမြင့်လွန်း၊ အသားတော်က အနည်းငယ် ညို၊ အမည်းကြီးမဟုတ်၊ အညာသား ပုံဟန်ရှိပါသည်။ ဦးခေါင်းတော်က လုံးပါသည်။ စနေနေ့ဖွား ဗိဇလက္ခဏာတော်အရ ဆံပင်တော်က ထောင်သည်။ မျက်နှာတော်က အနေတော် နဖူးပြင် မကျဉ်းမကျယ်၊ မျက်ခုံးမထူ မပါး၊ နှာတံပေါ်ပါ သည်။ ပါးစပ်တော်လည်းအသင့်၊ သွားတော်များ အပေါ်သွား အောက်သွား မူလသွားအားလုံး သက် တော်အနှစ် ၈၀–ကျော်သည့်တိုင် ကောင်းပါသည်။ မျက်စိအနီးကောင်းသည်။ နားအနည်းငယ် လေးလာ သည်။

ကိုယ်နေဟန်အသင့်

ကိုယ်နေဟန် ပုံသဏ္ဌာန်မှာလည်း အဝ မလွန်၊ အလွန်ပိန်လွန်းခြင်း ဘယ်အခါမျှ မဖြစ်ခဲ့၊ တစ်နပ်ဆွမ်းဖြင့် အာဟာရမျှတနေခဲ့ပြီး ကိုယ် အလေးချိန် ထိမ်းထားနိုင်ခဲ့သည် ဆိုရပါမည်။ 'ဝတာ ရောဂါများတယ်' ဟုလည်း အမြဲ မိန့်ကြားလေ့ရှိ ပါသည်။

ပေါင်နှစ်ဖက်လုံး ထိုးကွင်းနှင့်

ဆရာတော် ငယ်စဉ်က ရှေးထုံးဓလေ့အတိုင်း ထိုးကွင်းမင်ညောင် အမဲရောင်ဖြင့် ပေါင်နှစ်ဖက်စလုံးမှာ ထိုးထားပါသည်။ သရက်ကန်ကျောင်းမှာ ရဟန်းမဖြစ်မီ ထိုးခဲ့သည်ဟု မိန့်ပါသည်။ ပေါင်မှာထိုးကွင်းပါမှ ယောကျ်ားပီသသောသူ ဖြစ်သည်ဟူသော, အယူအဆရှိခဲ့သောကာလနှစ် ၁၀၀ နီးပါး နောက်မှာ ကျန်ရစ်ခဲ့လေပြီ။

မူလရုပ်သွင်နှင့် လှုပ်ရှားဟန်များ

ယော ဆရာတော်ကျောင်းမှ အပြန်ခရီးတွင် အတိတ်၏ အရိပ်များ စိတ်အစဉ်မှာ ထင်လာသည်။ တောရဆရာတော်နှင့် ဘုရားဖြူတိုက်ကြီးမှာ စတင်ဖူးမြင်ရစဉ်က ရုပ်ရည်ရူပကာယ၊ သက်တော် ၃၀ ဝန်းကျင်မှာ သန်သန်မာမာ၊ နောက် သက်တော်၄၀ ဝန်းကျင် မင်းဘူးခရိုင် စကုမြို့နယ် မြောင်းဦးတောရမှာ ဖူးမြင်ရစဉ်က ရုပ်ရည်ရူပကာယ သွားသွားလာလာ လှုပ်လှုပ်ရှားရှား သွက်သွက်လက်လက်။

ထို့နောက် သက်တော် ၅၀–ဝန်းကျင် ဇာတိရွာ နဘူးကျောင်း ရန်ကင်းတောရမှာ ဖူးမြင်ရစဉ်က ရုပ်ရည်ရူပကာယ၊ အရွယ်တော် ပမာဏမှာ လွန်စွာ ပြောင်းလဲခြင်း မရှိသေး၊ တောရဆောင်ဘဝ ပထမဝါတော် ၂၀–ကာလ ပြေးပြေးလွှားလွှား သက်တော် ၆၀–ထိ သန်သန်မာမာ။

ထိုသည့်နောက် သက်တော် ၆၀ မှ ၇၀၊ ကာယရုပ်ရည်တော် ရူပကာယမှာ တဖြည်းဖြည်းချင်း၊ မသိမသာ ရင့်ရော်အိုမင်းလာခဲ့သည်ကို ဖူးမြင်ရသည်။ တောရဆောင် ဒုတိယဝါတော် ၂၀–ကာလတွင် သိမ်သမုတ်တော်မူခြင်း အများဆုံး စွမ်းဆောင်ခဲ့ပုံများကို ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကြည့်ခဲ့သလို မိမိစိတ်အစဉ်မှာ အမှတ်တရ ပြန်မြင်နေမိလေသည်။

၁၃၆၆–ခုနှစ်၊ ယခုအခါ သက်တော် ၈၃–နှစ်၊ ဝါတော် ၆၃–ဝါ တောရဆရာတော်ဘုရားကြီး၏ဘဝခရီး နောက်ဆုံးနေ့များ၌ ရုပ်ရည်ရူပကာယတော်မှာ အထက်၌ တင်ပြခဲ့သလို မဟုတ်တော့ပေ။ အပြောင်းလဲကြီး ပြောင်းလဲ၍ နေပေပြီ။

မိမိသည်ပင်လျှင်လည်း အပြောင်းအလဲကြီး ပြောင်းလဲ၍ နေသည်ကို သတိပြုဆင်ခြင်နေမိလေသည်။

လက္ခဏာရေးသုံးပါး

မမြဲသဘောကို ဆက်စပ်တွေးခေါ်၊ ဆင်းရဲသဘောနှင့် မပိုင်သဘော အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး ဆင်ခြင်မိလျက်သား ဖြစ်နေလေတော့သည်။

မပြောင်းလဲသည့်သစ္စာသဘော

ထို့ကြောင့်လည်း မြတ်စွာဘုရားသခင်သည် သစ္စာ၏ သဘောနှင့် သစ္စာလေးပါး သဘောတရားများကို ဘုရားအဖြစ်သို့ ရောက်ပြီးသည်နှင့် တရားဦး ဓမ္မစကြာ ဒေသနာတော်ကို တရားစည်ကြီး ရိုက်တီးဟောပြတော်မူခဲ့ရာ လွန်ခဲ့သော နှစ်ပေါင်း ၂၅၉၅ နှစ်မှသည် ယနေ့တိုင်အောင် မဖောက်မပြန် မှန်ကန်ကြောင်း ရပ်တည်သက်သေခံလျက်ရှိနေလေသည်။

သစ္စာဆိုသည့် အနက်သဘောကို လယ်တီဆရာတော်ဘုရားကြီးက ဤသို့ ရေးဖွဲ့ခဲ့လေသည်။ သစ္စာလေးပါး၏ အနက်သဘောများကိုလည်း ရေးဖွဲ့ခဲ့လေသည်။

သစ္စာဆိုသည် –

လင်္ကာ = *အစွန့်ရှည်စွာ၊ ဘယ်မျှကြာလည်း၊*
တစ်ခါတစ်ရံ၊ မဖောက်ပြန်ဘဲ၊
အစဉ်အမြဲကို၊ သစ္စာဆို၏။

အချိန်ကာလ မည်မျှကြာကြာ၊ သစ္စာ၏ အနက်သဘော လေးချက်စီမှ ဘယ်သောအခါမှ ပြောင်းလဲမသွား။

ဆင်းရဲခြင်းသဘောဟု ဆိုအပ်သော မဖောက်မပြန် မှန်ကန်သော အရိယသစ္စာတရားများသည် လေးပါးရှိလေ၏။

သစ္စာလေးပါးဟူသည် –

လင်္ကာ = *ထိုသစ္စာကား၊ လေးထွေပြား၏။*
လေးပါးသရုပ်၊ အမှန်ထုတ်သော်
ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊
နိရောဓသစ္စာ၊ မဂ္ဂသစ္စာ

ပြဿနာ ၄–ချက်စီ၊ အနက် ၁၆–ချက် ရှိလေ၏။

ထိုအရိယသစ္စာ၌

အပန်ဖန် ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲ၏။

အဖန်ဖန် အိုရမှုသည်လည်း ဆင်းရဲ၏။

အဖန်ဖန် နာရမှုသည်လည်း ဆင်းရဲ၏။

လောကီသစ္စာ ၂–ပါး

လင်္ကာ = *ခန္ဓာငါးညီ၊ ဘုံလောကီကို ဒုက္ခဆို၏။*
ဒုက္ခအပေါင်း၊ ပွားကြောင်းအမှု
လောဘစုမှာ သမုဒယ အမည်ရ၏။

လောကုတ္တရာသစ္စာ ၂ ပါး

လင်္ကာ = *လောဘခပင်း၊ အကြွင်းမရှိ ချုပ်ငြိမ်းဘိ၊*
သန္တိသဘော၊ အစဉ်ချောက် နိရောဓဟူ
ရှစ်ဆူသီးသီး မဂ္ဂင်ကြီးကို မဂ္ဂင်ဆို၏။
*ဖောက်ပြားမရှိ၊ ဖြောင့်မှန်ဘိမှ **အရိယ***
သစ္စာ ခေါ်ထိုက်စွာ၏။

အဖန်ဖန်သေရမှုသည်လည်းဆင်းရဲ၏။

မချစ်မနှစ်သက်အပ်ကုန်သော သူတို့နှင့် အတူတကွ ပေါင်းသင်း၍နေရခြင်းသည်လည်း ဆင်းရဲ၏။

ချစ်နှစ်သက်အပ်ကုန်သော သူတို့နှင့် ကွေကွင်းခွဲခွာ၍ နေရခြင်းသည်လည်း ဆင်းရဲ၏။

လိုလား နှစ်သက်တောင့်တတိုင်း မရခြင်းသည်လည်း ဆင်းရဲ၏။

အကျဉ်းချုပ်အားဖြင့် ဉပါဒါန်တရားတို့၏ စွဲလမ်းရာဖြစ်ကုန်သော ခန္ဓာငါးပါးရခြင်းသည် ဆင်းရဲအစစ်ပင်တည်း။ ပိုင်းခြား၍ သိရမည့်တရားများလည်း ဖြစ်ပါ၏။

ထိုဒုက္ခသစ္စာ၏ ဆိုလိုရင်းသဘောကို အလွယ်မှတ်သားနိုင်ရန် ဤသို့ ရေးဖွဲ့ခဲ့ပါ၏။

ဒုက္ခသစ္စာ –

လင်္ကာ = *ပဋိသန္ဓေ၊ အို နာ သေ ဟု*
လေးတွေရင်းမြစ်၊ ဒုက္ခဖြစ်၏။
မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊
လိုလည်းမရ(လိုလဲ)၊ အကျဉ်းကျသော်
ပဥ္စဉပါဒါ ငါးခန္ဓာ၊
သစ္စာဒုက္ခ မှန်မောလှ။

မှန်လှပါ၏၊ ယခုအခါ တောရဆရာတော်၏ဘဝကို ထင်ဟပ်၍ သူသူငါငါ သတ္တဝါမှန်သမျှ မအိုပါလို့၊မနာပါလို့ မရပါ၊ မသေပါလို့ ဘယ်လိုပင်ဆိုဆိုမရပါ။ သေရမည်ကား အမှန်ပင် ဖြစ်ပါ၏။

ယင်းကဲ့သို့ မဖောက်မပြန်မှန်ကန်သော ဆင်းရဲခြင်း ဒုက္ခသစ္စာတရားသည် အဘယ်ကြောင့် ဖြစ်လာရသနည်း၊ အကြောင်းရင်းခံ သမုဒယသစ္စာ အရိယသစ္စာတရားကြောင့် ဖြစ်ပါကြောင်း မြတ်စွာဘုရားသည် ဟောတော်မူအပ်ခဲ့ပြီ။

<u>ထို သမုဒယ အရိယသစ္စာ၏ သဘောကား အဘယ်သို့ပါနည်း။</u>

= သာယာနှစ်သက်မှုဟု ဆိုအပ်သော တဏှာဇာတ်သည် ဘဝအသစ်သစ်ကို တဖန် ဖြစ်စေတတ်သော သဘောရှိ၏။

= နှစ်သက်ခြင်း တပ်မက်ခြင်းလည်း ဖြစ်၍ နေ၏။ ထိုထိုအာရုံတို့၌ မြူးစုန်ပြေးလွှား ကျက်စားသာယာ၍လည်း နေ၏။

<u>ထိုတဏှာ ဆိုသည် အဘယ်သို့ပါ နည်း။</u>

= ကာမအာရုံတို့၌ ခုံမင်တပ်မက်၍ နေသော ကာမတဏှာသည်လည်းကောင်း၊

= မြဲသည်ဟု အယူရှိသော သဿတဒိဋ္ဌိနှင့်ယှဉ်သော ဘဝတဏှာသည်ကောင်း၊

= မမြဲ ပြတ်သည်ဟု အယူရှိသော ဉစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော ဝိဘဝ တဏှာ သည်လည်းကောင်း၊

ဤသို့သော တဏှာသဘော သုံးပါးပင်တည်း။ ပယ်သတ်ရမည့် တရားများလည်း ဖြစ်ပါ၏။

သမုဒယသစ္စာ၏ ဆိုလိုရင်းသဘောကိုလည်း ဤသို့ ရေးဖွဲ့ခဲ့ပါ၏။

သမုဒယသစ္စာ

လင်္ကာ = ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ သုံးပါးမှာ၊ သစ္စာသမုဒယ မှန်မှောလှ။ (ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာ)

ထိုထိုသော ဒုက္ခဖြစ်ကြောင်းများနှင့် ဒုက္ခစပ်သိမ်းတို့မှ ချုပ်ငြိမ်းမှုသဘောဖြစ်သော မဖောက်မပြန် မှန်ကန်သော၊ ထိုတဏှာလောဘ၏ အကြွင်းမဲ့ ပယ်ပျောက်ချုပ်ဆုံးမှုဟု ဆိုအပ်သော နိရောဓ အရိယသစ္စာ တရားသည်လည်း ရှိ၏။

<u>ထို နိရောဓ အရိယသစ္စာ၏ အနက်သဘောကား အဘယ်သို့ပါနည်း။</u>

ထိုတဏှာ လောဘတရားများကို

= အကြွင်းမဲ့ ပယ်ပျောက်ချုပ်ဆုံးမှုသည်လည်းကောင်း၊

= အကြွင်းမဲ့ စွန့်လွှတ်မှုသည်လည်းကောင်း၊

= အကြွင်းမဲ့ ဝေးစွာ စွန့်လွှတ်မှုသည်လည်းကောင်း၊

= အကြင်လွတ်မြောက်မှုသည်လည်းကောင်း၊

အကြင် မငြိမကပ်မှုသည်လည်းကောင်း၊

ဤသည်တို့ကား နိရောဓအရိယသစ္စာမည်သော နိဗ္ဗာန်ချမ်းသာ၏ သဘောတရားများပင်လျှင်တည်း။ မျက်မှောက်ပြုရမည့် တရားများဖြစ်လေသည်။

တဏှာနိရောဓော တဏှာ ကုန်ခြင်းသည် နိဗ္ဗာန်ပင်တည်း။

'တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ'

တဏှာကုန်ခြင်းသည် အလုံးစုံသော ဒုက္ခများကို အောင်နိုင်ခြင်းပင်တည်း။

လယ်တီဆရာတော်ဘုရားကြီးက လိုရင်းချုပ်လင်္ကာသွယ်ခဲ့ပါသည်။

နိရောဓသစ္စာ

လင်္ကာ = တဏှာချုပ်ရာ နိဗ္ဗာန်မှာ

သစ္စာ နိရောဓ မှန်မောလှ

(မောလှ = ဧကန် အမှန်ဟုပြောခြင်း)

ထို ဒုက္ခခပ်သိမ်းချုပ်ငြိမ်းမှု နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း အကျင့်မြတ်ဖြစ်သော မဖောက်မပြန် မှန်ကန်သော မဂ္ဂအရိယသစ္စာ တရားသည် ရှိ၏။

အရိယာပုဂ္ဂိုလ်တို့၏ လက်ကိုင်ဖြစ်၍ မြင့်မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်ရှစ်ပါး တရားသည်ပင် ဖြစ်ပေ၏။

မဂ္ဂင်ရှစ်ပါးတရားဟူသည် အဘယ်သို့ ပါနည်း။

မဂ္ဂင် ၈ ပါး		သိက္ခာသုံးရပ်
၁။ သမ္မာဒိဋ္ဌိ = မှန်စွာမြင်ခြင်း		ပညာမဂ္ဂင်
၂။ သမ္မာသင်္ကပ္ပ = မှန်စွာကြံခြင်း		ပညာမဂ္ဂင်
၃။ သမ္မာဝါစာ = မှန်စွာပြောခြင်း		သီလ မဂ္ဂင်
၄။ သမ္မာကမ္မန္တ = မှန်စွာ ပြုလုပ်ခြင်း		သီလ မဂ္ဂင်
၅။ သမ္မာအာဇီဝ = မှန်စွာအသက်မွေးခြင်း		သီလ မဂ္ဂင်
၆။ သမ္မာဝါယာမ = မှန်စွာ အားထုတ်ခြင်း		သမာဓိ မဂ္ဂင်
၇။ သမ္မာသတိ = မှန်စွာသတိရှိခြင်း		သမာဓိ မဂ္ဂင်
၈။ သမ္မာသမာဓိ = မှန်စွာ တည်ကြည်ခြင်း		သမာဓိ မဂ္ဂင်

ထို မဂ္ဂင် – ၈ ပါးကို အကျဉ်းချုပ်ပါက သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ်ဖြစ်လာသည်။ ထိုအကျင့်မြတ်သည် နိဗ္ဗာန်သို့ရောက်ရေး လမ်းကြောင်းဖြစ်လေရာ လယ်တီဆရာတော်ဘုရားကြီးက မှတ်ရလွယ်စေရန် လင်္ကာသီခဲ့လေသည်။ အောက်ပါအတိုင်း ဖြစ်လေ၏။

မဂ္ဂသစ္စာ

လင်္ကာ

နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသောအသိ၊
ကောင်းဘိအကြံ၊ ကောင်းမှန်ဆိုပြော၊
ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊
ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊
ကောင်းဘိတည်ကြည်၊ ဤရှစ်မည်၊
တွင်ညီမဂ္ဂ၊ မှန်မောလှ။
ဟူ၍ ဖြစ်ပါသည်။

သိမြင်တော်မူ

တောရဆရာတော်ဘုရားကြီးအနေဖြင့်ကား ထိုတရားတော်များကို ရဟန်းငယ်ဘဝ စာသင်သားဘဝမှစ၍ပင် မိမိတို့ထက်သာလွန်သော အသိဖြင့် သိမြင်ခဲ့ပြီးလေပြီ။ စာချဆရာတော်ဘဝ၌ ပို၍ သိတော်မူ မြင်တော်မူခဲ့ပြီးလည်း ဖြစ်ပေသည်။

တောရဆရာတော်ဘုရား ဘဝ ကြုံဆုံခဲ့ရသော ဆရာများမှာလည်း သီလ သမာဓိ ပညာ သိက္ခာ သုံးရပ်အကျင့်မြတ်၌ အမှန်ပင် တည်သော သံဃာတော် အရှင်မြတ်ကြီးများဖြစ်လေသည်။ ထိုသို့ဖြစ်ကြောင်း အထက်၌လည်း ဖော်ပြခဲ့ပြီးလေပြီ။

ရုပ်နာမ် နှစ်သင်းတို့၏ ဖြစ်ခြင်းပျက်ခြင်းကို စာသိမကတကယ် သိကျအောင် ပွားများသင့် ပွားများထိုက်ကြောင်း ထိုထိုဆရာများ၏ အဆုံးအမ စကားတော်များကိုလည်း အထက်အခန်းများ၌ ဖော်ပြခဲ့လေပြီ။

ဖြောင့်တန်းစွာ လျှောက်လှမ်းတော်မူ

တောရဆရာတော်ဘုရားကြီး ကိုယ်တိုင်လည်း သက်တော် ၄၀–ကျော်က တောထွက်တော်မူ၊ တောမှာနေ၊ တောမှာပျော်၍၊ ဓုတင်အကျင့်မြတ်၌ မပြတ်ရိုကျိုး သီလ၌ မြတ်နိုး တော်မူ၍ ဝိပဿနာဘာဝနာအလုပ်ကို အားထုတ်ခြင်းဖြင့် သက်တော် ၈၀–ကျော်သည့်တိုင် ဓုတင်ဆောင်နှစ်ပေါင်း လေးဆယ်ကျော်ခရီး ဖြတ်သန်းခဲ့ ပြီးလေပြီ။

သီလ အယူ အကျင့် မှန်ကန်ကောင်းမြတ်သော ခရီး၌ ဖြောင့်ဖြောင့်တန်းတန်း မတ်မတ်ကြီး လျှောက်လှမ်းတော်မူခဲ့ပြီးလေပြီ၊ လာဘ၊ သက္ကာရ၊ သီလောက၌ ငဲ့ကွက်တော်မမူ ရဟန်းရှင်လူ နီးနေဝေးနေ မြင်တွေ့ကြားသိ ဂုဏ်သတင်းရှိတော်မူလေပြီ။

ထမ်းဆောင်ခဲ့ပြီးလေပြီ

သာသနာတော်မြတ်ကြီး အစွန်ရှည်ရေးအတွက်လည်း မျက်မှောက်ကာလ၌ ရှိသင့်ရှိအပ်နှိုက်သော ဓုတင်ဆောင်မထေရ်ဘဝကို တစ်စိုက်မတ်မတ် နေထိုင်ကျင့်သုံးခဲ့ခြင်းဖြင့် သက်သေပြတော်မူခဲ့ပြီ။ နည်းယူဆောင် မထေရ်များ ပေါ်ထွန်းလာအောင် ရှေးရှု စောင့်ရှောက်တော်မူခဲ့ပြီးလေပြီ။

ထိုဓုတင်ဆောင် မထေရ်များစွာတို့၏ ဦးသျှောင်ဖြစ်ခဲ့သလို လမ်းညွှန်ဖြစ်သော ဓုတင်ဝိနိစ္ဆယ ခေါ် ဓုတင်အဆုံးအဖြတ်ကျမ်းစာ ဓမ္မသံယုတ္တဂါထာကျမ်းစာ စသည်နှင့် ကျမ်းစာပေါင်းများစွာလည်း ရေးသားပြုစု ရိုက်နှိပ်ထားရှိနိုင် ခဲ့ပြီးလေပြီ။

သာသနာတော်မြတ်ကြီး ဆက်လက်ရှင်သန်တည်တံ့စေရေးအတွက်လည်း သိမ်အလုံးပေါင်း ၁၇၀ သမုတ်တော်မူခဲ့ပြီး အလုံးစုံသော တာဝန်တွေကို ကျေပြွန်အောင် ထမ်းဆောင်တော်မူခဲ့ပြီးလေပြီ။

ယခုအခါ၌ကား သက်တော်အားဖြင့် ၈၃ နှစ် ဝါတော်ပေါင်းအားဖြင့် ၆၃–ဝါ၊ တောရဆောက်တည်ခဲ့ပြီးသည့် ဝါတော်က ၄၁–ဝါ၊ ဤရုပ်ဤခန္ဓာကြီးကို ထမ်းကာ၊ မြန်မာပြည်အနှံ့ ခြေးကာလျှားကာ သွားလာ ပင်ပင်ပန်းပန်း အသုံးချတော်မူခဲ့သဖြင့် ကာလကြာညောင်းသည်နှင့်အမျှ ဤခန္ဓာကြီးသည်လည်း ဟောင်းနွမ်းယိုယွင်း ပြိုပျက်ခြင်းသို့ ရောက်နေခဲ့လေပြီ။

မြတ်စွာဘုရားရှင်နှင့်တကွ သားတော်ကြီးများဖြစ်သော လက်ဝဲရံလက်ျာရံ အရှင်မြတ်ကြီးများသည်ပင် ဗျာဓိမည်သော နာခြင်းသဘောကို လွှန်မြောက်၍မရ၊ နှစ်လိုခြင်းမရှိသော ဆင်းရဲခြင်းဝေဒနာကို ပြင်းစွာခံကြရသည်၊ ဖလသမာပတ်ဖြင့် သည်းခံတော်မူကြရကြောင်း စာများ၌ ဖတ်ရသည်။

တောရဆရာတော်ဘဝ ယခုအခါ ဖူးမြင်ရခြင်းမှာ စိတ်မသက်မသာ ဝမ်းနည်းခြင်းများစွာ ဖြစ်နေမိသည်။ အထက်ဆိုခဲ့သည့်အတိုင်း ဘုရားရဟန္တာ အရှင်မြတ်များသည်ပင် လွှန်ဆန်၍မရသော ဗျာဓိ နာခြင်းသဘောကို နှိုင်းယှဉ်ထင်ဟပ်၍ စိတ်သက်သာရရအောင် နှလုံးသွင်းနေမိလေတော့သည်။

၂–၇–၂၀၀၄၊ ၁၃၆၆ ခုနှစ် ပထမဝါဆို လဆုတ် ၁-ရက်၊ သောကြာနေ့

၂–၇–၂၀၀၄ ထိုနေ့ နံနက် ၃–နာရီခွဲ ဦးရွှေအောင်+ဒေါ်အေးအေးမာတို့၏ ကား ၃က/၉၅၄၆ စုပါရှစ်ကားသေးဖြင့် မောင်ကျော်ထူး မောင်း၍ တောရဆရာတော်ရှိရာ ယောဆရာတော်ကျောင်းသို့သွားကြသည်။

ဇီဒီယိုမှတ်တမ်းတင်ရိုက်

ကန်တော်ကြီးစောင်း ကရဝိက်ဟိုတယ်ကြီး

ဘေးကွက်လပ်မှနေ၍ နံနက်ခင်း ရွှေတိဂုံစေတီတော်ကြီး မီးဆလိုက်ဖြင့် ရွှေရောင်တဝင်းဝင်း သပ္ပါယ်ခြင်းအတိရှိသော မြင်ကွင်းကို စတင်၍ မောင်ကျော်ထူးအား ဗီဒီယိုမှတ်တမ်း စတင် ရိုက်ကူးစေသည်။

ယောဆရာတော် ကျောင်းအဝင်းမှစ၍ ဗီဒီယို ရိုက်သည်။ တောရဆရာတော်ဘုရားကြီး သက်န်းရုံပြီး ဘေးမှ တွဲယူ ကားပေါ်တက်ချိန်အထိ ရိုက်ကူးသည်။

ကြိုတင်စီမံခဲ့

တောရဆရာတော်ဘုရားကြီး၏ ဘဝခရီးနောက်ဆုံးနေ့များ လှုပ်ရှားသွားဟန်များကို ရိုက်ကူးစေသည်။

အထူးသဖြင့် နံနက်တိုင်း အရုဏ်ယူခဲ့ပါသည်ဟု မိမိတို့ ရေးသားကြမည်ကို သက်သေခံအထောက်အထားနှင့် မှတ်တမ်းတင်ကြခြင်းဖြစ်ကြောင်းနှင့် ထင်ရှားအောင်ပြလိုပါသည်။ သို့အတွက် ယမန်နေ့ကပင် ရန်ကုန်ဆရာတော် ဦးဇာဂရိယထံ မိမိက လျှောက်ထားခဲ့သည်။ ဗီဒီယိုရိုက်ခွင့် တောင်းခဲ့သည်။

ရန်ကုန်ဆရာတော်က သဘောတူ ခွင့်ပြုပါသည်။ တောရဆရာတော်ဘုရားကြီးအနေဖြင့် ယခင်ရန်ကုန်ကြွလာစဉ် အခါကာလများက မိမိနှင့် ဦးညွန့်လှိုင် ဘုရားဖြူ ဦးစန္ဒိမာတို့ ဓာတ်ပုံရိုက်ရေး စီစဉ်ခဲ့သည်ကို အလွန်ပင် ဆူခဲ့ဖူးပါသည်။ ယင်းကိစ္စပြန်၍ အမှတ်ရနေသဖြင့် မိမိမှာ အဆူခံရမည်သိပါလျက် ထိုအလုပ်ကို လုပ်နေမိပြန်လေသည်။

မုချကျိန်းသေခွဲရပေတော့မည်

တောရဆရာတော်ဘုရားကြီးနှင့် မိမိတို့တတွေ တပည့်ဒကာတွေ အားလုံးအပါအဝင် မုချကျိန်းသေခွဲရပေတော့မည်။ ကာလသည် မကြာတော့ပါ။ အလွန်ဆုံး ၆–လဟု ဆရာဝန်ကြီးတွေ ပြောနေကြလေသည်။ သို့အတွက် ဆူလိုက ဆူပါစေတော့၊ ဆူလည်း ခဏပေါ့ဟု ရန်ကုန်ဆရာတော်၊ မှန်တောင်တောရဆရာတော်နှင့် ဆုတောင်းပြည့်ဆရာတော်တို့က မိမိလူမိုက်ကြီးကို အားပေးကြသည်။ လုပ်သင့်တာလုပ်၊ အချိန်ဆိုတာ အစားပြန်မရ၊ နောင်တတစ်ဖန် ပူပန်ရတတ်သည် မဟုတ်ပါလား။

အရုဏ်ယူသည့်နေရာ

ထိုနေ့ နံနက် အရုဏ်ယူသည့်နေရာအဆင်းအတက် ဆရာတော်၏ လှုပ်ရှားမှုမှန်သမျှ မောင်ကျော်ထူးက ဗီဒီယိုရိုက်ယူသည်။ ဆရာတော်မသိအောင်ရိုက်ပါ။ ဖြစ်နိုင်လျှင် အဝေးက ဆွဲယူရိုက်ပါပြောရသည်။ ရုပ်မြင်ကင်မရာစက်မှာ ဦးရွှေအောင်၏ စက်ဖြစ်၍ နေ့စဉ်ရိုက်ပါ၊ သုံးရက် ခွဲရိုက်ပါဟု ပြောပါသည်။

အရုဏ်ယူသည့်နေရာ မြင်ကွင်းများ တောရဆရာတော်ကြီးနှင့် တပည့်သုံးပါးအားလုံး အရုဏ်ယူကြပုံ မှတ်တမ်းတင်ရိုက်ယူသည်။ ရုတင်ဆောင်သာသနာ အရှည်တည်တံ့ရေး သက်သေပြစရာကျန်ရစ်စေရန် ဆောင်ရွက်ခဲ့ပါသည်။

နေအထွက် စောင့်ကြည့်နေရာ

သာကေတမြို့ ရှခင်းသာဆိပ်ကမ်းမှာ အရှေ့က နေအရောင်အလာကို ဆရာတော် ကြည့်မြင်နေကြအတိုင်း မြင်ရစေရန် သွားကြသည်။ မြစ်ပြင်ကျယ်အတွင်း သီလဝါဆိပ်ကမ်း သင်္ဘောကြီးများ ဆိုက်ကပ်ရပ်နားသွားလာလှုပ်ရှားမှု မှန်သမျှနှင့် သန်လျင်တံတားကြီး အဝေးမြင်ကွင်း အမှတ်တရ

ဖြစ်စေရန် ရိုက်ကူးယူခဲ့ကြသည်။ နေအရောင် အတက်မှာ နာရီမှတ်သည်။ ပြန်လာကြသည်။

ရွတင် ၁၃–ပါးတွင် အရည်ကင်ရွတင်ကို မဖျက်၊ လွန်စွာ မကျန်းမာဖြစ်နေသည့်တိုင် ထိုသိက္ခာ ပုဒ်ကို မချသေး။

နံနက်အရုဏ်ဆွမ်းကပ်

ထိုနေ့ နံနက် အရုဏ်ဆွမ်းကပ် စွပ်ပြုတ် ဆက်ကပ်ခြင်းများကိုပါ ဗီဒီယိုရိုက်သည်။ ယော ဆရာတော၏ ကျောင်းဝင်း သံဃာတော်များ တန်းစီ ၍ ဆွမ်းစားဆောင်သို့ ကြွလာခြင်းများပါ ရိုက်ယူ သည်။ ကြည်ညိုဖွယ် ဖူးမြင်ရသော သာသနာတော် ကြီး တည်နေပုံ တစ်စိတ်တစ်ဒေသ မှတ်တမ်းတင် ခြင်းလည်းဖြစ်ပါသည်။

တောရဆရာတော်များ ဆွမ်းလောင်းပွဲ အမှတ် တရ ဗီဒီယိုရိုက်

ရန်ကုန်ဆရာတော် ဦးဇာဂရိယ၊ မုန်တောင် တောရ ဆရာတော် ဦးစန္ဒောဘာသ၊ ဆုတောင်း ပြည့်တောရ ဆရာတော် ဦးကောဝလနှင့် ပဲခူးနယ် တောရဆရာတော်ဦးဇနကတို့ တစ်ပါးပြီးတစ်ပါး သပိတ်လွယ် ဆွမ်းခံကြွလာပုံ၊ ဒကာဒကာမများ ဦးညွန့်လှိုင်၊ ဦးစိန်မောင်+ဒေါ်ဝင်းမာ၊ ဦးဝင်းမြင့်+ ဒေါ်သီသီ၊ ဒေါ်ခင်စိန်–သမီးယုယု တို့ဆွမ်းလောင်း လှူကြပုံများကို မှတ်တမ်းတင်ဗီဒီယိုရိုက်ယူကြသည်။ တစ်ခါကတစ်ဘဝ ဆွမ်းလောင်းလှူသူများအနေဖြင့် ထိုမှတ်တမ်းကို ပြန်မြင်ရတိုင်း အာရုံနိမိတ်ရစေ ကြည်နူးကြစေ မိမိတို့ဘဝ နောက်ဆုံးဓာစောချိန်၊ ထိုဆွမ်းအလှူကိုပြန်လည်အမှတ်ရ အာရုံယူနိုင်က သုဂတိဘဝရစေ အပါယ်လေးပါး အောက်သံသရာ မှ လွတ်စေတောလို့ ရည်စူးရိုက်ကူးခြင်းဖြစ်သည်။

အားကြီးသောအထောက်အပံ့

ပစ္စုပ္ပန် ရှင်ဆဲခဏတိုင်းမှာလည်း ထိုက သိုလ်များ၏ အထောက်အပံ့သည် အားကြီးသော အထောက်အပံ့အဖြစ် ဝိပဿနာ ဘာဝနာတရားများ ရှုမှတ်ခြင်းသို့ပို့ဆောင်။ ထိုသို့ရှုမှတ်ခြင်းဖြင့် သော တာပတ္တိမဂ်သို့ရောက်၊ ပုထုဇဉ်အနွယ်ကို ဖြတ်နိုင် ကြပါစေဟုလည်း ရည်ရွယ်သောစေတနာဖြင့် ဆောင် ရွက်နေမိခြင်းဖြစ်ပါသည်။

ဆွမ်းအနုမောဒနာ

တောရဆရာတော်ဘုရားကြီးနှင့် တောရ မထေရ်များ တစ်စုတစ်ဝေး ဤကဲ့သို့ကြွလာခိုက်၊ လောင်းလှူဆက်ကပ်ခဲ့ကြရသော စေတနာရှင်များ အနေဖြင့် သံသရာခရီး၌ ရှည်ကြာစွာခံစားနေကြ ရမည့် အပူမီးများကိုငြိမ်းအေးစေရန်တောအရပ်ကို မှီး၍ဆိတ်ငြိမ်ရာသို့ချဉ်းကပ် ဓုတင်ဆောင်ခရီးဖြင့် လျှောက်လှမ်းနေသော မထေရ်များ၏ မေတ္တာပို့ခြင်း ကို ကိုယ်စီကိုယ်င မှချကျိန်းသေရကြမှာ ဖြစ်ကြောင်း လည်း မိမိက ဆွမ်းအနုမောဒနာတရားများ လက် ဖက်ရည်ဆိုင်မှာ ဟောနေပြောနေမိသည်။ အားလုံး က ဝမ်းသာကြည်နူးနေကြလေသည်။ ဝန်းကျင်တစ် ရပ်လုံးရှိ နတ်တို့လည်း တွေ့မြင်ကြားသိ သာဓု ခေါ်ကြပါလိမ့်မည် ထင်ပါသည်။

တောရဆရာတော်ဘုရားကြီးအနေဖြင့် ဘဝနိဂုံး နောက်ဆုံးနေ့များတွင် လောင်းလှူနေကြ သော ဆွမ်းများဖြစ်၍ ကုသိုလ်တွေ အများကြီး ရကြမည် အမှန်ဖြစ်ပါသော်လည်း ဝမ်းသာဝမ်းနည်း ကြီး ကိုယ်စီ ဖြစ်နေကြရသည်ကတော့ အမှန်ပင် ဖြစ်ပါသည်။

ဦးစိန်မောင်+ဒေါ်ဝင်းမာတို့ စေတနာ

ဤသို့ဖြင့် နံနက်ပိုင်း တာဝန်ကိုယ်စီယူပြီး လူစုခွဲ ပြန်ကြလေသည်။ ဦးစိန်မောင်+ဒေါ်ဝင်းမာတို့ ဇနီးမောင်နှံကား တောရဆရာတော်ဘုရားကြီးအတွက် ၁၁–နာရီမှာတစ်ကြိမ်၊ အာဟာရတစ်ခုခု နေ့စဉ်နှင့်အမျှ စီစဉ်ဆက်ကပ်နေကြလေသည်။

နံနက်စောစော ၆–နာရီ ယာဂု နှင့် ၁၁ နာရီမှာ ဆွမ်း သင့်သလို စီမံကုသိုလ်ယူ ဆက်ကပ်လှူဒါန်းကြသည်။ ဇနီးမောင်နှံ လိုက်ဖက်လှသည့် သဒ္ဓါစိတ်လည်း ရှိသည်။ မော်တော်ကားလည်း ရှိသည်။ ပြေးကာလွှားကာ မမောနိုင်မပန်းနိုင် နေ့စဉ်ရက်ဆက် မပျက်မကွက် ဆောင်ရွက်ပေးကြသော စေတနာကို လွန်စွာပင် ကျေးဇူးလည်းတင် ဝမ်းမြောက်ဝမ်းသာဖြင့် သာဓုခေါ်ရသည်။ ဤနေရာ၌ မှတ်တမ်းတင်ဂုဏ်ပြု ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

၃–၇–၂၀၀၄, ၁၃၆၆ ခုနှစ်၊
ပထမဝါဆိုလဆုတ် ၂–ရက် စနေနေ့

၃.၇.၂၀၀၄ နေ့မှာ စနေနေ့ ဖြစ်သည်။ သာကေတမြို့ ၁–ရပ်ကွက်၊ ဇင်္ဂမလမ်းနေ ဦးမြင့်သိန်း+ဒေါ်ခင်လှဲ့ဝေ (ခ) မိန့်မိန့်တို့အိမ်မှကားကို ယာဉ်မောင်း ကိုထွန်းမောင်နှင့် ယောဆရာတော်ကျောင်းသို့ ယခင်နေ့များအတိုင်း မိမိက လမ်းပြ၍ မောင်းသွားကြသည်။ အငှားယာဉ် TAXI ကားဖြစ်သည်။

ယာဉ်မောင်း ကိုထွန်းမောင်အား နံနက်စောစော လိုက်ပါလာရ၍ စိတ်စေတနာ ထက်သန်စွာ ဆောင်ရွက်ခြင်းဖြင့် ကုသိုလ်ယူနိုင်ရေး အလွန်တရာ ကြုံဆုံခဲလှစွာသော ကုသိုလ်အခွင့်အရေးဖြစ်ကြောင်း မိမိက ရှင်းပြရသည်။

ဦးမြင့်သိန်းနှင့် ဇနီး ဒေါ်ခင်လှဲ့ဝေ(ခ) မိန့်မိန့်မှာ အစ်ကိုဖြစ်သူ ဦးကောက် မိသားစုနှင့် နှစ်ထပ်တိုက်ကြီးတွင် အတူနေကြသည်။ ယနေ့ အရဏ်ယူရမည့်ကားမှာ ၎င်းတို့ မိသားစုပိုင် အငှားယာဉ် TAXI ဖြစ်သည်။

ဦးရွှေအောင်+ဒေါ်အေးအေးမာတို့မှာ စနေ တနင်္ဂနွေနေ့များတွင် ဆရာကြီးဦးရန်အောင် ပို့ချသော အဘိဓမ္မာနှင့် ဓမ္မစကြာသင်တန်း၊ ဩဠာရိက သုခုမ တိုင်းရင်းဆေးသင်တန်းများ တက်ကြသဖြင့် ထိုနေ့များတွင် မော်တော်ကားမအား၍ ဦးမြင့်သိန်း+ဒေါ်ခင်လှဲ့ဝေ (ခ) မိန့်မိန့်တို့က တစ်လှည့်ကုသိုလ်ယူ မော်တော်ကား လှူကြခြင်းဖြစ်သည်။

နံနက်အရဏ်ယူ

ထိုနေ့လည်း နံနက် ၄–နာရီ ယောဆရာတော်ကျောင်းအရောက် သွားကြသည်။ တောရဆရာတော်ဘုရားကြီးကို မိမိနှင့် ယာဉ်မောင်း ကိုထွန်းမောင်တို့ ဖူးမျှော်ရှိခိုး ကန်တော့ကြသည်။ သင်္ကန်းကို ဖြည်းဖြည်းရုံသည်။ လက်နှိပ်မီးကလေးနှင့် နာရီကလေး ဦးကေဝလက ဆက်ကပ်သည်။ ဦးဇနက နှင့် မိမိက ဘေးမှယှဉ်၍ဖေးကာ မော်တော်ကားပေါ်သို့ တက်သည်။ နံနက် ၄–နာရီ မိနစ် ၂၀–မှာ ဆရာတော်ဘုရားကြီးနှင့်အတူ ဆရာတော် ဦးဇာဂရိယ၊ ဆရာတော် ဦးစန္ဒောဘာသနှင့် ဆရာတော်ဦးကေဝလတို့ပါ အရဏ်ယူရန် သန်လျင်တံတားကြီးပေါ်သို့ ရောက်ရှိကြသည်။ အရဏ်ယူ ခေတ္တစောင့်ကြသည်။

အရဏ်တက်လက္ခဏာအရ

တောရဆရာတော်ရေးသည့် အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း အရဏ်တက်ချိန် ညွှန်ပြချက်

၁၂ လတို့၌ အကြမ်းစား ညွှန်ပြသော အရဏ်တက်ချိန် နာရီ မိနစ် ဖော်ပြသောလင်္ကာအရ ဝါဆိုလ အတွက် လင်္ကာမှာ 'ဆို၊ မောင်း၊ နှင်၊ သည်' ဟူသော ဖော်ပြချက်၌ ပ=ကား လမည်၊ ဒ=နာရီပြ၊ တ.စ= မိနစ် ဟု ဆိုထားရာ

ဆို = ဝါဆိုလ

မောင်း = ၅-နာရီ

နှင်သည် = ၀၆-မိနစ်

ဖြစ်လေရာ ဝါဆိုလ၌ နံနက် ၅နာရီ၀၆ မိနစ် အရဏ်တက်လေသည်။ ထို့အတွက် ၅ နာရီ ၁၀ မိနစ်ခန့်တွင် တံတားကြီးပေါ်မှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

သာကေတမြို့ ရှခင်းသာလမ်းမကြီး အတိုင်း ကားမောင်းစေ၍ ရှခင်းသာရပ်ကွက် အောင်မော်စံကျောင်းတိုက်နှင့် ရတနာရှခင်းသာ ဟိုတယ်ကြီးကြားက လမ်းအတိုင်း ကမ်းနားဘက်သို့ မောင်းစေသည်။ ယာဉ်မောင်း ကိုထွန်းမောင်မှာ လူသစ်ဖြစ်နေ၍ လမ်းကြောင်း ပြောပြပေးရသည်။

ကမ်းနားမေးတင် ကားရပ်ကြသည်။အောင်ကံတလူကျောင်းတိုက်နှင့် ယမုံနာကျောင်းရှေ့တွင် သစ္စာအစ်ဋ္ဌာန် ရတနာ၊ ဗောဓိဆုတောင်းပြည့် ဘုရားနှင့် ဗောဓိပင် ရှိနေသည်။

တောရဆရာတော်ဘုရားကြီး ကားပေါ်မှာ ထိုင်လျက်၊ ကျန်ဆရာတော်များက ကမ်းနဖူးထိပ်ပေါ် တက်၍ အ...က နေဝန်းထွက်လာမည့်အချိန် စောင့်မျှော်ကြည့်ရှုနေကြသည်။

စူးစမ်းလေ့လာမှု = Observation

တောရဆရာတော်ဘုရားကြီးနှင့် တောရဆောင် ဆရာတော်များက နေအထွက် အပေါ်သို့ တက်မလာမီ ကမ္ဘဋ္ဌာန်းအာရုံ၌ ကိုယ်စီရှိနေကြပေလိမ့်မည် ထင်ပါသည်။

အောင်ကံတလူ နိမိတ်ကောက်ယူ

မိမိမှာက ပတ်ဝန်းကျင် စူးစမ်းလေ့လာမှု (Observation) သေချာစေ့စပ်စွာ ရှုမြင်ခြင်း အတတ်ပညာကို ဝန်ထမ်းဘဝ သင်ကြားထား၍ အထုံဝါသနာ ပါလာသည်မို့ ယမုံနာ၊ အောင်ကံတလူ၊ ရတနာဗောဓိ ဆုတောင်းပြည့်ဆိုသော အမည်နာမများ ဝန်းရံ တည်နေဟန်ကို နိမိတ်ကောက်ယူ ဆက်စပ် စဉ်းစား ဉာဏ်ဝင်စားနေမိတော့သည်။

ယမုံနာ သီတာသောင်ခြေဦးမှာ နံနက်ခင်းလေပြေလေးအေးကလေးများ တိုးဝှေ့လာ၊ ဟိုအဝေး မြစ်ဆုံ မြစ်ဝ ပင်လယ်ပြင် သီလဝါဆိပ်ကမ်းဆီသို့ လှမ်းမျှော် ငေးမောနေမိသည်။

မြစ်ပြင်ကျယ်တွင် နိုင်ငံကူးသင်္ဘောကြီးများနှင့် အကြီးအငယ် သင်္ဘောများ ခုတ်မောင်း ပြေးလွှားနေသလို လှေသမ္ဗာန်များလည်း စုံဆန်ခတ်၍ လှုပ်လှုပ်ရှားရှား ဟိုမှ သည်မှ ပြေးသွားနေကြလေသည်။ လိုရာခရီး အောင်မြင်စွာ ကူးခတ်နိုင်သည်လည်း ရှိသလို ရံခါတွင် နစ်မြုပ်သည်လည်း ရှိလေသည်။ ဆယ်စုနှစ်ဝန်းကျင် သန်လျင်တံတားကြီး တည်ဆောက်ခြင်း မပြုမီကာလ ရန်ကုန် သန်လျင်ကူးတို့သင်္ဘော 'တိုင်းလုံးကျော်' တစ်စီး ဤမြစ်ပြင်ကျယ်တွင် နစ်မြုပ်ခဲ့သဖြင့် လူအများသေကြေ ပျက်စီးခဲ့ကြသည်။ ကူးခတ်နိုင်သူ ရှင်သူဦးရေ အလွန်ပင်နည်းပါးလေသည်။

လူ့ဘဝ သံသရာခရီးသည်လည်း ဤသို့ ပင်လျှင်ပါလားဟု နှလုံးသွင်း ဆင်ခြင်နေမိတော့သည်။

ယမုံနာ ဟူသော အမည်နှင့် ဆက်စပ်မြင်တွေ့ရခြင်းအပေါ် ဤသို့ ဆင်ခြင်မိသလို တောရဆရာတော်ဘုရားကြီးနှင့် တောရဆရာတော်များ ရောက်ရှိနေသော ယခုနေရာကား 'အောင်ကံတလှကျောင်းတိုက်' ဟု မြင်ရပြန်ရာ ဆရာတော်ဘုရားကြီးအတွက် ရည်ညွှန်း၍နေသလား စဉ်းစားရပြန်သည်။

ဗောဓိပင်နှင့် ရွှေပလ္လင်

ထိုပြင်လည်း ဗောဓိပင်နှင့်ရွှေပလ္လင် ပတ်ပတ်လည်တွင် ဘုရားရုပ်ပွားတော်များနှင့် ရေးထားသည့် ကျောက်စာတိုင်က 'သစ္စာအဓိဋ္ဌာန် ရတနာဗောဓိဆုတောင်းပြည့်ဘုရား'ဟူ၍ ဖြစ်နေပြန်ပါသည်။

ထိုဝန်းကျင်က ပြောပြနေသော အတိတ်နိမိတ်တို့မှာ တောရဆရာတော်ကြီးဘဝကို အရိပ်ထင်ပြောနေလေသလားဟု မိမိစိတ်အစဉ် အတွေးမှာ ထင်ဟပ်၍ ဆင်ခြင်နေမိလျက်သား ဖြစ်နေရပြန်လေသည်။

မိမိ တွေးထင်ဆင်ခြင်နေမိသည်များကို ဤနေရာ၌ ဖော်ပြလိုက်ပါသည်။ စာရှုသူ အပေါင်းက မိမိ၏ ယူဆတွေးတောချက်များကို လက်ခံ တွေးယူခြင်း ထပ်တူဖြစ်နိုင်ကောင်း ဖြစ်နိုင်ကြလိမ့်မည် ထင်ပါသည်။

အဘယ်ကြောင့်ဆိုသော် တောရဆရာတော် ဘုရားကြီး၏ ဘဝအကြောင်း စ၊ လယ်၊ ဆုံး မိမိရေးသားတင်ပြခဲ့သည်ကို ပြီးဆုံးအောင်ဖတ်မိပြီးချိန်၌ မိမိ၏အဆိုသည် ပို၍ ထင်ရှားပေလိမ့်မည်ဟု ကြိုတင် အစီရင်ခံပါသည်။

ဝါဆိုလ၏ နေထွက်ချိန် ဗယားအရ နံနက် ၅–နာရီ မိနစ် ၃၀–ဖြစ်လေရာ ဆရာတော်ဘုရားကြီးက နာရီတကြည့်ကြည့် နေထွက်ချိန်ကိုက်ညီမှု ရှိ/မရှိ စောင့်မျှော်နေခဲ့ပြီး နေအလင်းရောင် ထင်ရှားစွာပေါ်လာချိန်၌ ထိုနေရာမှ ပြန်ထွက်ခွာ၊ ယောဆရာတော်ကျောင်းသို့ ဦးတည်၊ ရွှေတိဂုံဘုရားကြီးအရှေ့မုခ်မှ မောင်းရန် ကိုထွန်းမောင်ကို ပြောရသည်။

ရွှေတိဂုံအရှေ့မုခ်လမ်းမှ စေတီတော်ကြီးကို ဖူးမြင် ယောဆရာတော် ကျောင်းသို့ဝင်ခဲ့ကြသည်။

နံနက်ယာဂုဆွမ်းဆက်ကပ်

နံနက်ပိုင်း ယာဂုဆွမ်းအတွက် ဦးစိန်မောင်၊ ဒေါ်ဝင်းမာတို့ စီမံချက်ပြုတ်လာသည့်အတိုင်း ဆရာတော် ဦးဇနကလက်သို့ ကပ္ပိယ ကိုဘိုနီက ကိုယ်စားပြု ကပ်လှူ ဆရာတော်ဘုရားကြီးသို့ ထပ်မံဆက်ကပ်ကြရသည်။

ကျောင်းဒကာ ဦးစိန်မောင်+ဒေါ်ဝင်းမာ

ဦးစိန်မောင်+ဒေါ်ဝင်းမာတို့မှာ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ယုဇနစူပါမတ်ကက် တိုက်၇ လွှာတွင် နေကြသည်။ နဘူးကျင်း ရန်ကင်းတောရကြီးတွင် ၂–ထပ်တိုက်ကျောင်းဆောင် အလှူရှင်ကျောင်းဒကာများ ဖြစ်ကြသည်။ ရန်ကုန် ဆရာတော်ဦးဇာဂရိယ၏ တပည့်ဒါယကာများ ဖြစ်သည်။ နဘူးကျင်း ရန်ကင်းတောရကြီးသို့ အခါခါ အခေါက်ခေါက် ကိုယ်ပိုင်ကားနှင့် ရောက်ကြသည်။ ၂–ထပ်တိုက်ကျောင်းလှူဖြစ်သည်မှာ တောရဆရာတော်ကြီးနှင့် ရန်ကုန်ဆရာတော်များကို ကြည်ညိုလှသဖြင့် လယ်ယာမြေကောင်းမှာ သံသရာခရီးတိုတိုနှင့် ပြီးစေရန် မျိုးစေ့ရိက္ခာများကို မမေ့မလျော့ ကြဲချ စိုက်ပျိုးကြခြင်းဖြစ်သည်။ ကျောင်းဆောက်ရာ၌ နဘူးကျင်းရွာ လူငယ်မာဃအဖွဲ့၏ လုပ်အား အလှူလည်း ပါဝင်လေသည်။

- *မာဃလုလင်သည် ကုသိုလ်ပြုရန် မမေ့မလျော့ခြင်းကြောင့်၊ နတ်တို့၏ အထွတ်အထိပ်သို့ ရောက်ရ၏။*
- *ပညာရှိတို့သည် မမေ့မလျော့ခြင်းကို ချီးမွမ်းကြ၍ မေ့လျော့ခြင်းကို အခါခပ်သိမ်းကဲ့ရဲ့ ရှုတ်ချကြကုန်၏။ (ဓမ္မပဒ)*

မြို့ကြီးပြကြီးများက စေတနာရှင်တို့က တိုက်ကျောင်းတစ်ဆောင်လှူပါသည်ဆိုတိုင်း ကျေးတောသူ ကျေးတောသား ရွာခံလူများက မိမိတို့စွမ်းနိုင်ရာ ကျောက်စရစ်နှင့် သဲများကို နွားလှည်းများဖြင့် တိုက်ယူပို့ဆောင် ကုသိုလ်ပါဝင် လုပ်အားလှူကြသည့် ဓလေ့ရှိလေသည်။

ထိုကျေးရွာများကို အမှတ်ထား ပြန်လည်လေးစားသောအားဖြင့် ကျောင်းရေစက်ချပွဲ ဆွမ်းကျွေး အလှူတွင် လက်ဆောင် T. ရှပ်များ ပေးလှူခဲ့ရ ဝမ်းသာဝမ်းမြောက်ဖြစ်ရကြောင်း ဦးစိန်မောင် ဒေါ်ဝင်းမာတို့က ပြောပြသည်ကို ကြည်နူးဝမ်းသာဖြစ်ရ သာဓုခေါ်ရပါသည်။

ဆွမ်းလောင်းလှူကြ

ယခုလည်း တောရဆရာတော်ဘုရားကြီးနှင့် တောရဆရာတော် ဘုရားများကို နေ့စဉ် မပျက်မကွက် ဆွမ်း အလှူပေးလှူနေခဲ့လေသည်။ နေ့စဉ်အလှူရှင်များဖြစ်သော ဦးစိန်မောင်+ဒေါ်ဝင်းမာ၊ ဦးညွန့်လှိုင်၊ ဒေါ်ခင်စိန် သမီးယုယု၊ ဦးဝင်းမြင့်+ဒေါ်သီသီတို့က ရက်မပျက် လာရောက် လောင်းလှူကြသည်။ ယောဆရာတော် ကျောင်းဝင်းက အလှူများ နေ့စဉ်ရက်ဆက်ရှိသလို ကျောင်းအပြင်က တောရဆရာတော်များ ဆွမ်းလောင်းပွဲကလေးမှာ ဘယ်နေ့အထိ လှူဖြစ်ကြလေမည်နည်း။

ဆွမ်းလောင်းလှူပွဲပြီးတိုင်း ယောဆရာတော်ကျောင်းအနီးက လက်ဖက်ရည်ဆိုင်မှာ အလှည့်ကျဒကာခံ ဆွမ်းလောင်းသူများ နံနက်စာစားကြသောက်ကြ စကားစမြည်ပြောကြ နေ့စဉ်နှင့်အမျှ ဝမ်းသာဝမ်းနည်းကြီး ဖြစ်နေကြရသည်။

ဝမ်းသာသည်မှာ = တောရဆရာတော်ဘုရားကြီးနှင့် တပည့်များကို ဆွမ်းကပ်၊ ဆွမ်းလောင်းကြရသည့် အခွင့်အရေး ရနေကြရသောကြောင့် ဝမ်းသာခြင်းဖြစ်ပြီး –

ဝမ်းနည်းသည်မှာ = မကြာသော ကာလမှာ တောရဆရာတော်ဘုရားကြီး၏ဘဝ နောက်ဆုံးခရီး၊ အပြီးသတ်ပေတော့မည်။ အငြိမ်းစာတ် အပြီးယူ၊ မယူကား ဆရာတော်ဘုရားကြီးသာ သိမည်ဖြစ်ပြီး ဤဘဝ ဤခန္ဓာဝန်ကိုယ်ကား ဆက်လက် သယ်ဆောင်နိုင်စွမ်းမရှိ ဖြစ်လေတော့မည့် နောက်ဆုံးနေ့များ ဖြစ်နေသောကြောင့်ပင် ဖြစ်လေသည်။ မိမိတို့ကား ပုထုဇဉ်ပီပီ ရည်ဝေသော မျက်လုံးများမှ မျက်ရည်များ ပြည့်နေကြလေသည်။

ကိုထွန်းမောင်ဘဝ အမြတ်ဆုံးနေ့

မိမိနှင့်အတူ ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေတို့၏ ကားကို ယာဉ်မောင်းတာဝန်ဖြင့် လိုက်ပါလာသူ ကိုထွန်းမောင်မှာ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်များအပေါ် သန်လျင်တံတားကြီးပေါ်မှ လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၏ ကုသိုလ်ယူ အလေးထား ဖိနပ်များချွတ်၍ ဝတ်တွားရှိခိုးကန်တော့ကြပုံများနှင့် ဆွမ်းအလှူရှင်များမှာ တစ်နေ့မဟုတ် ရက်ပေါင်း

(၁၂)ရက်ရှိပြီဖြစ်ကြောင်း၊ ပြောပြ၊ တွေ့ရမြင်ရသော မြင်ကွင်းများအရ အလွန်ဝမ်းသာပါကြောင်းနှင့် ယော ဆရာတော်ဘုရား၏ ကျောင်းကလေးပေါ်သို့ သွား ရောက်ဖူးမျှော် ကန်တော့ကြပြန်ကြရာ ယနေ့ နံနက် အရဏ်ယူ ကားအလှူရှင် ယာဉ်မောင်းသူပါဘုရား ဟုလျှောက်ထားသောအခါ ယောဆရာတော်က တရားခွေများ တရားစာအုပ်များ ချီးမြှင့်လိုက်သည်။

ကိုထွန်းမောင်က သူ့ဘဝ အမြတ်ဆုံးနေ့ ဖြစ်သွားပြီ။ ဦးလေးကို ကျေးဇူးတင်ပါသည်ဟု ပြော လာတော့သည်။

ယောဆရာတော်ကျောင်းမှ အပြန်ခရီး လမ်းတွင် ကိုထွန်းမောင်က ပြောပြသည်မှာ ဦးကောက်နှင့် ညီမ မခင်လှဲဝေ (ခ) မိန့်မိန့်တို့အိမ်မှ TAXI ကားကို ယာဉ်မောင်း လုပ်နေခဲ့ပြီး ယခင် ကား ထုတ်ချိန်ထက် စောပြီး ၃–နာရီလာပါ၊ တာဝန် ပေးချက်အရ မလွဲသာ၍သာ လာခဲ့ရသည်။ နံနက် စော အော်ဒါ ပုံမှန်ပို့ရသူများ အခက်တွေ့ကြမည်၊ မိမိလည်း မနက်ပိုင်း ဝင်ငွေမရဖြစ်ချေတော့မည်မို့ စိတ်ပျက်နေခဲ့မိသည်ဟု ပြောသည်။

၎င်းအနေဖြင့် တစ်သက်တစ်ခါတွင် ယခုကဲ့သို့ ဆရာတော်ဘုရားကြီးမျိုးများကို ဖူးမြင်ခွင့် ရ၊ ကုသိုလ်ယူခွင့်ရခြင်း တောရဆရာတော်ဘုရားကြီး ၏ အရဏ်ယူ အမိန့်ခွာန်မပျက်ရေး နေ့တစ်နေ့တွင် ဤအခွင့်အရေးရခဲ့သည်မှာ အလွန် ကံကောင်းပါ သည်။ ဘဝအတွက် အထူးခြားဆုံးနေ့ အမြတ်ဆုံး နေ့ ဖြစ်ပါသည်ဟု ပြောလာတော့သည်။

ယခုကဲ့သို့ တောရဆရာတော်ဘုရားများ ဖူးတွေ့ခွင့်ကို ထားဘိဦး၊ ယောတိပိဋကဓရ ဆရာ တော်နှင့်ပင် ယခုလောက် နီးနီးကပ်ကပ် ဖူးခွင့်မရဘဲ ယောဆရာတော်၏ ချီးမြှင့်ခြင်းကိုပါ ရရှိခဲ့သဖြင့် ဦးလေးနှင့်လိုက်ပါခဲ့ရတာ ကျေးဇူးလည်းတင် ဝမ်း လည်းသာပါသည်ဟု တဖွဖွပြောနေလေတော့သည်။

မိမိထက် ကျေးဇူးတင်ရမည့်သူများမှာ မော်တော်ကားပိုင်ရှင် ဦးကောက်နှင့်ညီမ မမိန့်မိန့်တို့ ဖြစ်ကြောင်း ပြောရသည်။ တစ်နေ့စာ ယာဉ်မောင်းခ မရချင်နေပါစေတော့၊ ကုသိုလ်တွေက ထူးလွန်းလို့ နောင်အခါ ဤသို့သော ကုသိုလ်ရေးဆို အားမနာ ပါနှင့်၊ ဘာခိုင်းခိုင်းလို့ ပိုင်ရှင်ကို ပြောပါတော့မည်၊ ဦးလေးနဲ့ဆို ဘယ်ခရီးဆက်ရဆက်ရပေါ့ ဟုလည်း ပြောလေသည်။

ပါရမီမြောက်သော ကံဖြစ်စေလို

ဘဝခရီး၌ နေ့စဉ်နှင့်အမျှ မျှော်လင့်ထား သည့်အတိုင်း ဖြစ်လာသည်လည်း ရှိသလို မျှော် လင့်မထားသော အရာများနှင့်လည်း ကြုံဆုံရတတ် လေသည်။ ထိုသို့ ဖြစ်လာကြုံလာပါက ကုသိုလ်ရ ရေးဖြစ်ပါက စိတ်ပါလက်ပါ စေတနာသန့်သန့်ဖြင့် ရွက်ဆောင်မိစေဖို့ ရှင်းပြပြောဆိုနေမိသည်။

ယင်းသို့ ရွက်ဆောင်ရာ၌လည်း ငါကိုရှေ့ တန်းမတင်မိစေဖို့ ငါ့အတွက် ကျော်စောလို၊ အချီး မွမ်းခံရလို၊ လာဘ်ရလို၍ မဟုတ်ဘဲ၊ ပါရမီမြောက် သော ကံဖြစ်ဖို့လိုပါကြောင်း လွတ်လွတ်စွန့်လှူ လုပ်အားပေးလှူစသည့် ပါရမီ ၁၀–ပါး အကြောင်း အကျဉ်းမျှ ရှင်းပြခဲ့ရသည်။

စွန့်လွှတ်လှူဒါန်းမှု ပြုရာ၌လည်း ဗုဒ္ဓမြတ် စွာ၏ အဆုံးမအရ သံသရာဝဋ်ဆင်းရဲမှ လွတ် မြောက်လိုသော ဦးတည်ချက် ရည်မှန်းချက်ဖြစ်ပါမှ တောရဆရာတော်ဘုရားကြီးနှင့် တောရဆရာတော် များ လျှောက်လှမ်းတော်မူနေကြသည့် နိဗ္ဗာန်ချမ်းသာ သို့ ရောက်ရှိရေးကဲ့သို့ မိမိတို့လည်း ပါရမီဉာဏ်

ရင့်သန်သည့် တစ်ခုသောကာလ၌ နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ကြမည်ဖြစ်ကြောင်း မိမိနှင့်အတူ ပါလာသူ ကိုထွန်းအောင်ကို ရှင်းပြနေခဲ့မိလေသည်။

သို့မဟုတ်ပါက ပြုကာမျှဖြစ်သော ကံ အချည်းနှီးသော ကံ၊ အကျိုးမပေးသောကံ မဖြစ်စေလို၍ မိမိ နားလည်သမျှ ရှင်းပြခဲ့ခြင်းလည်း ဖြစ်လေသည်။

ဆေးပတ်တီး ၆–ရက်

တောရဆရာတော်ဘုရားကြီးကို ဆေးပတ်တီး စီမံသည်မှာ ၂၈.၆.၂၀၀၄–မှစတင်ခဲ့ရာ ၃.၇.၂၀၀၄ ထိ ၆–ရက်ရှိလေပြီ။

အားဆေးသွင်းခြင်း

ယာဂုဆွမ်းနှင့် ဆွမ်းလည်း ကောင်းစွာ မဝင်သဖြင့် ကိုယ်ခံအား အလွန်နည်းပါးသွားမည်ကို စိုးရိမ်သောကြောင့် ဇီဝိတဒါန သံဃာဆေးရုံ ဒုတိယဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေးထံသို့ ဦးညွန့်လှိုင်နှင့်အတူ သွားရောက် တင်ပြကြသည်။ ဆရာဦးခင်မောင်အေး အားဆေးနှင့် ပုလင်းချိတ်သည်။

တောရဆရာတော်ဘုရားကြီးမှာ သက်တော်လည်းကြီး ရောဂါလည်းကြီးသဖြင့် ဆေးသွင်းရာ၌ ဖြည်းဖြည်းနှေးနှေး နာရီများစွာ သွင်းရသည်။

အိပ်ယာထက်တွင် မလှုပ်မယှက် အချိန်ကြာမြင့်စွာ နေရသည့် ဆင်းရဲဒုက္ခကို ဆရာတော်ဘုရားကြီး ဖြတ်ကျော်နေရပါသည်။

'မြန်မြန်သွင်းလို့ မရဘူးလား' မိန့်သည်။ ဆရာဦးခင်မောင်အေးက ရှင်းပြလျှောက်ထားသည်။ ဆရာ ကိုယ်တိုင် တောရဆရာတော်ဘေးမှာ နာရီများစွာ နေပေးသည်။ စိတ်မချ၍ ကိုယ်တိုင်ဆောင်ရွက်ကိုယ်တိုင်ပြီးအောင်နေ၊ စောင့်ကြည့်နေခြင်း ဖြစ်လေသည်။

၄–၇–၂၀၀၄, ၁၃၆၆ ပထမဝါဆို လဆုတ် ၃–ရက် တနင်္ဂနွေ

၄–၇–၂၀၀၄ နေ့မှာ တနင်္ဂနွေနေ့ ဖြစ်သည်။ ထိုနေ့ တောရဆရာတော်ဘုရားကြီးနှင့် တောရဆရာတော်များ အရဏ်ယူကြွရေး၊ မော်တော်ကား အလှူရှင်မှာ သာကေတမြို့ ၁–ရပ်ကွက်၊ ဇင်္ဂမလမ်းနေ ဦးမြင့်သိန်း ဇနီး ဒေါ်ခင်လှဲ့ဝေ(ခ) မိန့်မိန့် တို့ ဖြစ်သည်။

ဦးမြင့်သိန်း+ဒေါ်ခင်လှဲ့ဝေ

နံနက် ၃–နာရီခွဲတွင် ဦးမြင့်သိန်းကိုယ်တိုင် မော်တော်ကားမောင်း၍ မိမိအိမ်သို့ လာခေါ်သည်။ (ယော)ဆရာတော်ကျောင်းသို့ သွားကြသည့် နံနက် ၄–နာရီ ယော ကျောင်းသို့ရောက်ကြသည်။ တောရဆရာတော်ဘုရားကြီး အခန်းကို ဝင်ရောက် ဦးချကန်တော့ကြသည်။

ဦးမြင့်သိန်းမှာ စစ်တောင်းဆရာတော်ဘုရားကြီး၏ ဒကာရင်းဖြစ်ကြောင်း တောရဆရာတော်ဘုရားကြီး သိနေပြီးဖြစ်ပါသည်။ ယနေ့ 'ကားအလှူရှင်' ဖြစ်ကြောင်း လျှောက်ထားသည်။

တောရဆရာတော်ဘုရားကြီးမှာ ဖွဲ့မလျှော့ပါ သက်န်းရုံပါသည်။ တကယ်တမ်းဆိုလျှင် အားသိပ်မရှိတော့ပါ။ အရဏ်ယူခြင်းကို နေ့စဉ်မပျက်ကြွနေခြင်းကို မည်သူ၏ လျှောက်ထားချက်မှ လက်မခံ၍ မိမိတို့နှင့် ရဟန်းတော်တပည့်ကြီးများက ဆောင်ရွက်နေရခြင်းသာ ဖြစ်ပါသည်။ လမ်းမှာ စိတ်မချရပါ။ တစ်စုံတစ်ခု ဖြစ်လေမလား၊ အားလုံး

က ပူပန်နေကြရပါသည်။ လမ်းခရီးမှာ အဝေးကြီး မဟုတ်သော်လည်း တောရဆရာတော်ဘုရားကြီး၏ ရောဂါမှာ အသည်းတစ်ခြမ်း အနာဖြစ်နေ၊ ကင်ဆာ ဖြစ်နေပါပြီ။ စိတ်မချရပါ၊ ငြိမ်ငြိမ်လေးနေပါဘုရား ဟု ပါမောက္ခဆရာဝန်ကြီး ဒေါက်တာဦးခင်မောင်ဝင်း (အသည်း)နှင့် ဒုတိယဆေးရုံအုပ် ဒေါက်တာဦးခင် မောင်အေးတို့က လျှောက်ထားခဲ့ကြပြီး ဖြစ်ပါသည်။

ရန်ကုန်ဆရာတော်၊ မှန်တောင်တောရ ဆရာတော်နှင့် ဆုတောင်းပြည့် ဆရာတော် ဦးကေဝလတို့ မျက်ခြည်မပြတ် ကြည့်နေကြရပါပြီ။ ငြိမ်ငြိမ်နေပါစေ၊ ငြိမ်ငြိမ်နေ၊ ဆေးစားနေပါမှ အသက်ရှင်နိုင်ပါသည်။ ရတ်ချည်းလည်း ဖောက်ပြန် နိုင်ပါသည်။ အားလုံးသိနေကြပြီး ဖြစ်ပါသည်။

ကြံရာမရ စောင့်ကြည့်ကြ

အစ်ကိုကြီးဦးအောင်ခ ကျောင်းဒကာလည်း ဘာမျှ မလျှောက်ရဲ၊ ဆရာတော် အရဏ်ယူတာနားပါ တော့ဘုရားဟုလည်း မလျှောက်ရဲ၊ လမ်းမှာ စိတ်မချ လို့ပါဟုလည်း မလျှောက်ရဲပါ။ ဖြစ်လာသလို ကြည့် လုပ်ရမှာပေါ့၊ စိတ်မသက်မသာ ကြံရာမရ စောင့် ကြည့်နေကြရလေသည်။

သို့ရာတွင် တောရဆရာတော်ဘုရားကြီး အနေဖြင့် အရဏ်ယူသွားရင် လမ်းမှာ ဘဝခန္ဓာကိုယ် ကြီး ပျက်စီးနိုင်ခြင်းမရှိဟု သိနေ၍သာ နေ့စဉ်မပျက် မကွက် ကြွနေခြင်းဖြစ်ပါလိမ့်မည်။

တောရဆရာတော်ဘုရားကြီးက သန်လျင် တံတားကြီးပေါ်မှာ အရဏ်ယူရသည်ကို များစွာ နှစ်သက်ကြောင်း မကြာခဏ မိန့်ပါသည်။ တောရ အတိုင်း အတာအရ တာ ၅၀၀–ရှာနယ်မှ ကောင်းစွာ လွတ်သည်။ အလျား ၃–မိုင်ကျော် ရှည်လျားသော တံတားကြီး အလည်တည့်တည့်မှာ တောရနယ်မြေ ရလေသည် သံသယဖြစ်ဖွယ် မရှိဟုလည်း မိန့် သည်။ ထိုနေရာကို စတင် ရှာဖွေလေ့လာမှတ်သား တိုင်းတာ၍ တံတားကြီးပေါ်မှာ ခေတ္တကလေးမျှ အရဏ်ယူရေး တာဝန်ရှိသူများ၏ သဘောတူခွင့်ပြု ချက် စတင်ရယူဆောင်ရွက်ခဲ့သော အရှင်မှာ မှန်တောင်တောရဆရာတော် ဦးစန္ဒောဘာသ (ဓမ္မာ စရိယ) ဖြစ်သည်။

တောရဆရာတော်ဘုရားကြီး ဆေးကုရန် ကြွလာချိန်မှစ၍ ထိုနေရာသို့ အရဏ်ယူ ခွင့်ပြုရေး ၂၃၊၆၊၂၀၀၆ နေ့ ညကပင် မှန်တောင်တောရဆရာ တော်နှင့် မိမိတို့ သာကေတမြို့ ၁–ရပ်ကွက်၊ ဇင်္ဂမလမ်းနေ ဦးမြင့်သိန်း (စစ်တောင်းဆရာတော်၏ ဒကာရင်း) မော်တော်ကားဖြင့် သွားရောက်တွေ့ဆုံ ခွင့်တောင်းခဲ့ကြသည်။ တာဝန်ကျ လုံခြုံရေးတပ်ဖွဲ့ ဝင်များမှာ ဘွဲ့ရပညာတတ်များဖြစ်ပြီး ဘာသာရေး နားလည်သင့်သမျှ နားလည်သူများဖြစ်၍ အခက် အခဲမရှိ မိမိမှာ ရဲအရာရှိတစ်ဦး ဖြစ်ခဲ့ဖူးသည်ကိုလည်း ပြောပြ၍ အဆင်ပြေ ချောမောသွားလေသည်။

ကြံမိကြံရာ

သို့မဟုတ်က အခြားနည်းလမ်းစိတ်ကူးကြ သည်မှာ သင်္ဘောတစ်စီး နာရီပိုင်းမျှ ငှား၍ နံနက် တိုင်း ပင်လယ်ပြင်ဆီသို့ တောရဆရာတော်ဘုရား ကြီးနှင့် တောရဆောင်မထေရ်များကို သင်္ဘောဖြင့် ပင့်ဆောင် အရဏ်ယူရေး စီစဉ်ကြသေးသည်။ နေ့စဉ် ကုန်ကျငွေ ဦးမြင့်သိန်းက လှူမည်ဟု ပြောဆို ကြံစည်ခဲ့ကြရာ တံတားကြီးပေါ်တွင် ခေတ္တခဏ ကလေးမျှသာဖြစ်၍ ခွင့်ပြုသဖြင့် အဆင်ပြေသွား၍ ထိုအစီအစဉ် မလိုတော့ပြီ၊ ဝမ်းသာကြရပေတော့ သည်။

လောကကြီးသည် မျက်ကွယ်ပြု၍ မနေ

သဘော်ဖြင့် နေ့စဉ် အရဏ်ယူရမည်ဆိုက လည်း တောရဆရာတော်၏ ကျန်းမာရေး အခြေ အနေနှင့် လုံးဝ အဆင်မပြေနိုင်ပါ။ လွန်စွာ စိုးရိမ် ရပါသည်။ ကြံမိကြံရာ ကြံစည်ခြင်းကို ဤလောက ကြီးသည် မျက်ကွယ်ပြု၍မနေ၊ အခက်အခဲတွေ ဖြတ်ကျော်ပေးနေပါသည်ဟု မှတ်ယူမိပါသည်။

နံနက်အရုဏ်ယူ

၄၊ ၇၊ ၂၀၀၆ နေ့နံနက် ၄-နာရီ ၄၅- မိနစ် တောရဆရာတော်ဘုရားကြီးနှင့် တောရဆရာ တော်များ တံတားကြီးပေါ်သို့ ကြွရောက် အရုဏ်ယူ ကြပါသည်။

ထို့နောက် သကေတမြို့ ရှုခင်းသာရပ် ကွက်၊ အောင်မော်စံကျောင်းတိုက်နှင့် ရတနာ ရှုခင်းသာဟိုတယ်ဘေးလမ်းမှ ကမ်းနားသို့ ကြွကြ သည်။ အရှေ့က နေဝန်းထွက်ပေါ်လာချိန်အထိ နေကြသည်။ ပြန်ကြွလာကြ၊ ကန်တော်ကြီးမုဗဟန်း ရွှေတိဂုံအရှေ့မုခ်လမ်းအတိုင်း ရွှေတိဂုံစေတီတော် ကြီးကို ဖူးမြင် ရေတာရှည်လမ်းမှ မဟာဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက် ယောဆရာတော်၏ အရိပ်သို့ ပြန်ရောက်ကြသည်။

ယာဂု ဆွမ်းကပ်/ဆွမ်းလောင်းကြ

နေ့စဉ် ပြမြဲအတိုင်း တောရဆရာတော် ဘုရားကြီးသို့ ယာဂုဆွမ်းကပ်ကြသည်။ တောရ ဆရာတော်များကို ဆွမ်းလောင်းလှူကြသည်။

၅-၇-၂၀၀၄ နေ့ ဗီဒီယို မှတ်တမ်းရိုက် ကူးပါမည်။ ပြင်ဆင်ပြီးကြောင်း ရန်ကုန်ဆရာတော် သို့ လျှောက်ထားခဲ့ပြီး တောရဆရာတော်ဘုရားကြီး ကို ဦးခိုက် ရှိခိုးကန်တော့ပြီး မိမိ၏ အရုဏ်ယူရေး တာဝန်ပြီးသဖြင့် ဦးမြင့်သိန်းကားဖြင့် ပြန်လာခဲ့ကြ သည်။

၅-၇-၂၀၀၄, ၁၃၆၆
ပထမဝါဆိုလဆုတ် ၄-ရက် တနင်္လာနေ့

၅-၄-၂၀၀၄ နေ့ နံနက် ဦးရွှေအောင်+ ဒေါ်အေးအေးမာတို့၏ ပါကျဲရိုး ၈က/၅၄၉၅ ကား ကို မောင်ကျော်ထူးမောင်း၍ တောရဆရာတော် ဘုရားကြီးရှိရာ ယောဆရာတော်ကျောင်းသို့ ဦးတည် မောင်း၍ သွားကြသည်။

ကန်တော်ကြီးစောင်း ကရဝိတ်ဟိုတယ်ကြီး ဘေးမှနေ၍ နံနက်ခင်း ရွှေတိဂုံစေတီတော်ကြီး၏ ရွှေရောင်တဝင်းဝင်း ကြည်ညိုဖွယ် သပ္ပါယ်ခြင်းအတိ ရှိတော်မူသည့် မြင်ကွင်းကို ကြည်ညိုခြင်းသဒ္ဓါ၊ ဝမ်းသာခြင်း ပီတိ၊ ရွှင်လန်းဝမ်းမြောက်ခြင်း ပဿဒ္ဓိ များဖြင့် ဗီဒီယိုမှတ်တမ်းကို မောင်ကျော်ထူးအား စတင်၍ ရိုက်စေသည်။ မိမိက မဟာသရဏဂုံတော် ကြီးရွတ်ဆို ရွှေတိဂုံစေတီတော်ကြီးကို ပူဇော်နေ သည်။

တောရဆရာတော်ဘုရားကြီး၏ 'ဘဝခရီး နောက်ဆုံးနေ့များ အမှတ်တရ' တပည့်ဒါယကာ သူတော်ကောင်းအပေါင်း နောင်သောအခါ ဖူးမြင်ရ စေခြင်းငှာ ရွှေတိဂုံဘုရားကြီးကို ဦးတင် အစပထမ ထား၍ ဗီဒီယို ရိုက်ကူးနေခြင်းဖြစ်ကြောင်း မိမိက စကားပလ္လင်ခံ ပြောသည်ကို အသံသွင်းယူစေ ပါသည်။

ယော တိပိဋကစရကျောင်းအဝ မဟာ ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကြီး မုခ်ဦးကိုလည်း မှတ်တမ်းရိုက်ပါသည်။ တောရဆရာတော်ကြီး သီတင်းသုံး ဆေးကုခံယူသည့် ဓမ္မာစရိယအဖွဲ့ ကျောင်းတော်ကြီးနှင့် အခန်းအတွင်း ဆရာတော်

ဘုရားကြီး၏သက်နိုင်ရဲ့ လှုပ်ရှားဟန်များ အဝေးမှ နေ၍ အနီးကပ်ဆွဲယူ စတင်ရိုက်ကူးစေပါသည်။

တောရဆရာတော်ဘုရားကြီး အရဏ်ယူ ရန် ကားပေါ်သို့အလာ မိမိက ဘေးမှ ဖေးမ၍လာ၊ ဖိနပ်ခင်းပေးပုံများမှအစ ရိုက်ကူးခဲ့ပါသည်။

ယောဆရာတော်၏ ကျောင်းတိုက်အတွင်း စာသင်သား သံဃာတော်များစွာတို့၏ စာဆိုသံများ လည်း ကြားနေရလေပြီ။

အရုဏ်ယူကြ

မိမိနှင့် မှန်တောင်ဆရာတော်၊ ဆုတောင်း ပြည့်ဆရာတော်တို့က တောရဆရာတော်ဘုရားကြီး ကို ဘေးမှ ဖေးမတွဲယူ ပါကျဲရိုး ကားကြီးရှေ့ခန်း မှာ တင်ပေးကြသည်။ ကားမောင်းထွက်ခဲ့ကြသည်။

သန်လျင်တံတားကြီးပေါ်သို့ ရောက်ကြ သည်။ မော်တော်ကားကြီး စက်မရပ်၊ မီးဖွင့်ထား ခေတ္တခဏကလေးအတွင်း အရုဏ်ယူနိုင်ကြစေရန် သံလျင်တံတား အလယ်ဗဟိုရှိ ရဲကင်းမှာ ဆရာတော် များ နေခဲ့ကြသည်။ ဆရာတော် ဘုရားကြီးက ခန္ဓာဝန်ကို မတ်မတ် ထိန်းမထားနိုင်တော့ပါ။ သက် သာစွာ လဲလျောင်းနားနေစေရန် ဦးကေဝလက ခေါင်းအုံးနှင့် အခင်းယူလာပြီး လဲလျောင်းလျက် အရုဏ်အလာ စောင့်ရစ်ခဲ့ကြလေသည်။

မိမိတို့က ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ကားပေါ် တင်၊ သန်လျင်ဈေးအနီး ညဥ့်လုံးပေါက်ဖွင့်သော လက်ဖက်ရည်ဆိုင်မှာ မုန့်နှင့် လက်ဖက်ရည် အဆာ ပြေစားကြသည်။ ရဲတပ်ဖွဲ့ဝင် ၂–ဦးအတွက် မုန့် လက်ဖက်ရည် ပါဆယ်မှာယူ၊ မိနစ် ၂၀–ခန့်နေပြီး ၅–နာရီ မထိုးမီ သန်လျင်တံတားကြီးပေါ် ကွေ့ပတ် ဘက်၍ အရုဏ်လာ ၅–နာရီကျော်ချိန်မှာ တောရ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်များကို ပြန်ပင့် ကြသည်။

ရှခင်းသာဆိပ်ကမ်းမှာ

သန်လျင်တံတား နောက်တစ်ခေါက်ပြန် ပတ်၊ သာကေတဘက်သို့ ပြန်လာ၊ ရှခင်းသာ ဆိပ်ကမ်းသို့ နေ့စဉ် ဝင်နေကြအတိုင်း ဝင်ကြသည်။ နေရောင်အလာ နေအထွက် ကြည့်ရှုတော်မူသည်။ နေရောင်လာချိန်အထိ ဝန်းကျင်တစ်ဝိုက်ရှိ ကျောင်း တိုက်များ လှုပ်ရှားဟန်မမြင်ရ၊ အိပ်မောကျလျက် ရှိနေကြသေးသည်။ တောရဆရာတော်ကြီးနှင့် တောရဆောင်မထေရ်များ မိမိတို့ အနားကြွလာ၊ ဘာလုပ်သွားသည်ပင် သိဟန်မတူ၊ နေ့စဉ်နှင့်အမျှ ဘယ်က ဆရာတော်များ ဘာအတွက် ကြွတော်မူ သည်။ မြင်သူမရှိ တိတ်ဆိတ်လှသည်။

မြစ်တွင်းဇင်ယော်နှင့် ကျေးငှက်များ ဝဲပျံ နေကြသလို လှေသမ္ဗာန်အချို့ ဝမ်းရေးအတွက် ဟိုတစ်စင်း သည်တစ်စင်း နိုင်ငံခြားသင်္ဘောကြီး တစ်စင်းနှစ်စင်း စစ်ရေယာဉ်တစ်စင်း နှစ်စင်း သူတို့ ဝမ်းရေး၊ တိုင်းပြည်ရေး သူတို့ဝန်သူတို့ ထမ်းနေကြ လေသည်။

သာကေတမြို့သစ်တည်စ

ဟို အဝေး သီလဝါဆိပ်ကမ်းနှင့် သန်လျင် တံတားကြီးကို ငေးမောကြည့်မိသလို အတိတ်၏ အရိပ် ဤနေရာ ဤဒေသရောက်ရတိုင်း သတိရမိ ပြန်သည်။ သာကေတမြို့တည်စ ၁၉၆၀–ခုနှစ် ကာလ၊ မိမိတို့ ရဲတပ်ဖွဲ့ဝင်များ ဤနေရာတစ်ဝိုက် ညဘက်လုံခြုံရေးတာဝန်ကျ၊ ကင်းပုန်းဝတ်ရ၊ မြင်တော်သာလမ်းမကြီးခင်းရန် ကျောက်တုံး ကျောက်ခဲကြီးများ သင်္ဘောများဖြင့်တင်လာ၊ ကန်

ထရိုက်တာ ဦးအောင်လှ၏ ကားများဖြင့်သယ်ယူ၊ အင်ဂျင်နီယာ ဦးကျီသိန်းဘ အဖွဲ့က လမ်းခင်း၊မြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ၊ ဥက္ကဋ္ဌဗိုလ်ကြီး ထွန်းထွန်း၊ အတွင်းရေးမှူး ရဲအုပ်ဦးလှ၊ မိမိက ထိုအရာရှိကြီး ၂–ဦး၏ လက်ရင်းတပည့်၊ မြို့သစ်ကြီး တည်ဆောက်ရေးမှာ ပါဝင်ခဲ့ရသည်များကို ပြန်ပြောင်းသတိရနေမိတော့သည်။

သံသရာခရီး မဆုံးသေးသမျှ

လွန်ခဲ့သောနှစ် ၄၅–ကျော်ကာလက ရင်းနှီးခဲ့ရသူများ အိုနာသေဘဝ ရောက်ခဲ့ကြပုံများ၊ နှလုံးသားမှာ ပြန်လည်အမှတ်ရ ပုံရိပ်ထင်လာ သတိတရဖြစ်ခဲ့ရသည်။ သံသရာခရီးမဆုံးသေးသမျှ ဆုံလည်နွားသို့ မရပ်မနားပြေးသွား၍ နေကြရပေလိမ့်ဦးမည်။ သံဝေဂဉာဏ်လည်း ဝင်မိသည်။ မိမိကား အသက် ၁၉–နှစ်က သာကေတသို့ ရောက်၊ ယခု အသက် ၆၅–နှစ်သို့တိုင် မြို့သစ် ၄–နှစ်တိုင် သာကေတမြို့မှာ အသက်ရှင်နေခဲ့လေသည်။

ဆွမ်းကပ်လှူလောင်းလှူကြ

တောရဆရာတော်ကြီးနှင့် တောရဆရာတော်များကို ယခင်နေ့များအတိုင်း ကန်တော့ကြီး ပတ်၍ ရွှေတိဂုံဘုရားကြီး အရှေ့မုခ်လမ်းမှ ဖူးမျှော်ယော – တိပိဋကဓရကျောင်းသို့ ပြန်ရောက်၊ ယာဂုဆွမ်းများ တောရဆရာတော်ဘုရားကြီးကို ကပ်လှူကြသည်။

ယော ဆရာတော် ကျောင်းအဝင်ဝအပြင်လမ်းမှာ ရန်ကုန်ဆရာတော်၊ မှန်တောင်ဆရာတော်၊ ဆုတောင်းပြည့်ဆရာတော်နှင့် ဦးဇနက ၄–ပါးကို ဦးညွန့်လှိုင်၊ ဦးစိန်မောင်+ဒေါ်ဝင်းမာ၊ ဦးဝင်းမြင့်နှင့် ဇနီး၊ ဒေါ်ခင်စိန် သမီးယုယုနှင့် **အီ စီပို့** နောက် ပိန်ပိန်အမျိုးသမီး ၂–ယောက် ဆွမ်းများ လောင်းလှူကြသည်။

ဦးညွန့်လှိုင်မှာ လက်ကိုင်တယ်လီဖုန်း ဆယ်လူလာခါးမှာ ချိတ်၊ ရွှေဟန်းချိန်း လက်မှာဝတ်၊ မျက်မှန်ကြီး တကားကား၊ ပုဆိုးကွက်ထောက်၊ ရုပ်လက်တိုအကျီ အိပ်ကပ်နှစ်လုံးနှင့် ဟန်ပါပါ ဆွမ်းလောင်းနေပုံများ ဗီဒီယိုမှတ်တမ်းမှာ ပြန်မြင်ရသည်။

သံဃာဆေးရုံကြီး ဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေး

ဆွမ်းလောင်းပြီး လက်ဖက်ရည် မုန့်အလှည့် ကျဒကာ ကျွေးမွေးခြင်းကို မိမိတို့ မောင်ကျော်ထူးနှင့်ပါ စားသောက်ကြပြီ။ ဦးညွန့်လှိုင်နှင့် စာရေးသူတို့ ဗီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ သွားကြသည်။

ဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေး ကို တွေ့ဆုံ တောရဆရာတော်ကြီး အားဆေးသွင်းပေးပါဦး တင်ပြသည်။ ဆရာနှင့် မိမိ ညွန့်လှိုင်တို့ ဆရာ၏ကား MARK II လ/၉၆၄၈ ဘေးမှာ အမှတ်တရ ဗီဒီယိုမှတ်တမ်းရိုက်သည်။ တောရဆရာတော်၏ဘဝ ဤဆေးရုံကြီးမှာတက်ခဲ့ ကုသခဲ့သော အမှတ်တရ ဗာရာဏသီဆောင်နှင့် ၈–ထပ်ဆောင် အသစ်ကြီး ဆက်သွယ်ထားသော ပေါင်းကူးတံတား 'သဒ္ဓါ၊ စေတနာ၊ မေတ္တာ' စာတမ်းကမ္ပည်း တင်ထားခြင်းများ မှတ်တမ်းရိုက်ကူးသည်။

နေရစ်တော့ ဗာရာဏသီ

သံဃာ့ဆေးရုံကြီး အဝင်မုခ်ဦး၊ ပြင်ပလူနာ ၄၁၈ စသည့် အဆောက်အဦးများပါ ဗီဒီယို ရိုက်ကူး

ခဲ့ကြသည်။ ဆရာတော်ဘုရားကြီးနှင့် ပတ်သက်ခဲ့သမျှ ဆက်စပ်ခဲ့သမျှ သံဃာဆေးရုံကြီး၏ ကျေးဇူးလည်း မှတ်တမ်းတင်လို နှောင်းလူတို့ မြင်ကြရစေလိုသော သမ္မာဆန္ဒဖြင့် 'နေရစ်တော့ ဗာရာဏသီ'ဟု စိတ်မှာ ရေရွတ် ကာလမကြာမီ ဆရာတော်ဘုရားကြီး ဝမ်းနည်းစွာ မှတ်တမ်းတင် ရိုက်ကူးနေကြခြင်းလည်း ဖြစ်လေသည်။

မြတ်စွာဘုရားသခင် သက်တော် ထင်ရှားတော်မူစဉ် အလျဉ်းသင့်သလို ကြွခဲ့သော ဗာရာဏသီမြို့တော်ကြီးကို ပရိနိဗ္ဗာန်ဝင်စံတော်မူသောကာလ 'နေရစ်တော့ ဗာရာဏသီ' ဟု စွန့်ခွာတော်မူခဲ့သလို ဗဟန်း ဇီဝိတဒါန သံဃာ့ဆေးရုံကြီး 'ဗာရာဏသီဆောင်' ကိုလည်း တောရဆရာတော် ဘုရားကြီးက နောက်ထပ်တစ်ဖန် ပြန်လို့မလာ 'နေရစ်တော့ ဗာရာဏသီ' ဟုအပြီးတိုင်နှုတ်ဆက်ထွက်ခွါကြွသွားတော်မူခဲ့လေပြီ ထင်မိသည်။

မိမိမှာကား သံဃာ့ဆေးရုံကြီးသို့ရောက်လေတိုင်း ဗာရာဏသီဆောင်အထူးခန်း ၂-ကိုအမြဲပင်သွားရောက် တောရဆရာတော်ဘုရားကြီးကိုတွေ့ရဖူးရလိမ့်နိုး ရှာနေရပေဦးတော့မည်ဖြစ်လေသည်။

၆-၇-၂၀၀၄, ၁၃၆၆
ပထမဝါဆိုလဆုတ် ၅-ရက် အင်္ဂါနေ့

ထိုနေ့နံနက် ၃-နာရီ ၃၀-မိနစ် ဦးရွှေအောင်+ဒေါ်အေးအေးမာတို့၏ ကားကြီး ပါကျဲရိုးကို မောင်ကျော်ထူးမောင်း၍ မိမိတို့နှစ်ဦး ယောဆရာတော်ကျောင်း ဦးတည်မောင်းလာကြသည်။

ကန်တော်ကြီး ကရဝိက်ဟိုတယ်ကြီးဘေးမှနေ၍ ရွှေတိဂုံစေတီတော်ကြီးကို ရိုက်ကူး၍ မိမိက မဟာသရဏဂုံတော်ကြီးပါဠိ ရွတ်ဆိုပူဇော်သည်။ ရွှေတုံးရွှေခဲ ရွှေတောင်ကြီးအလား နံနက်ခင်း ရွှေတိဂုံစေတီတော်ကြီး၏မြင်ကွင်းသည်စိတ်ရွှင်လန်းအေးမြစေပါသည်။

ယောတိပိဋကဓရ ဆရာတော်ကျောင်းရောက် တောရဆရာတော်ဘုရားကြီး အခန်းသို့ဝင်ဦးချပါသည်၊ ဆရာတော်ကြီးမှာ ကုတင်ပေါ်တွင် သက်န်းရုံပါသည် ဘေးမှဦးကေဝလက မျက်မှန်တတ်ပေး၊ လက်နှိပ်မီး သေးသေး၊ နာရီကလေးဆက်ကပ်ပါသည်၊ ဆရာတော်ကြီးကုတင်ဘေးမှာ မှန်တောင်ဆရာတော်က ဆရာတော်ကြီး ခြေထောက်ခြေဖမိုးများ စမ်းကြည့် နှိပ်ပေး၊ သိုးမွေးခေါင်းစွပ်အညိုကလေးကို ဦးကေဝလက စွပ်ပေး မိမိကဆရာတော်ဘုရား နေသာထိုင်သာ ရှိပါရဲ့လားလျှောက်ထားပါသည်။ ဆရာတော် နားများလေးနေပါပြီး ကောင်းစွာကြားဟန်မတူပါ၊ အချိန်အနည်းငယ်စောသေး၍ ခေတ္တမျှ ထိုင်နေခြင်းဖြစ်ပါသည်။ ထိုအခြင်းအရာများကို မောင်ကျော်ထူးက မှတ်တမ်းတင်ရိုက်ကူးနေပါသည်။ ဝေးနီးဆွဲယူ ရိုက်ကူး၍ အသံဖမ်းယူနိုင်ခြင်း မရှိပါ။ မှတ်တမ်း ရိုက်နေကြောင်းမသိစေရန် ဖြစ်ပါသည်။ မျက်နှာတော် အနီးကပ်ဆွဲယူ ရိုက်ပါသည်။ အလွန်ကို အိုစာနေပါပြီ။

မှန်တောင်ဆရာတော်က ခြေဖမိုးများပေါ်အနည်းငယ်နှိပ်ပြီး နာသလား လျှောက်ပါသည်။ နာကြောင်း အသံအကျယ်ကြီးမိန့်နေပါသည်။ ယောဆရာတော်ကျောင်းက နာရီခေါက်သံကြားနေရသည်။ အချိန်သည် လူကိုမစောင့်ပါဟု ပြောနေပါသည်။ ရွှေကျင်သာသနာပိုင်ကြီး၏ ဓာတ်ပုံကြီးကိုလည်း ရိုက်ပါသည်။

အရုဏ်ယူ

ကားကြီးပေါ်သို့ ဖေးမကာ ရှေ့ခန်းမှာတင် သန်လျင်တံတားကြီးပေါ်သို့ ဆရာတော်ဘုရားကြီး

နှင့် တောရဆရာတော်များ အရဏ်ယူရန် သွားရန် ပြင်နေကြပါသည်။

ဓုတင်ဆောင် အရှင်ဝိဇ္ဇာနန္ဒ

ထို ၆–၇–၂၀၀၄ နံနက် အရဏ်ယူမသွားမီ မိမိထက်ငယ်သူ အသက် ၄၅–ဝန်းကျင် ပုဂ္ဂိုလ်တစ်ဦးက သူ့ဦးဇင်းတောရဆောင်မထေရ်တစ်ပါး အရဏ်ယူလိုက်လို့ ရမလားမေးသည်။ ရပါသည် ဖြေ၍ ပါကျဲရိုး နောက်ခန်းအဖုံးဖွင့်ပြီး မိမိနှင့်အတူ ထိုင်၍ ပင့်ခဲ့ ပါခဲ့ပါသည်။ အရှင်ဝိဇ္ဇာနန္ဒဟူ၍ သိရပါသည်။

အရဏ်ယူသည့် တံတားကြီးပေါ်မှာလည်း ဗီဒီယို မှတ်တမ်းရိုက်ပါသည်။ အရဏ်ဦးနေအထွက် ကြည့်ပြန်ပင့်လာ ဆွမ်းကပ် ဆွမ်းလောင်းကြပါသည်။

ဗိုလ်မှူးမြသန်းစံ

အပြင်မှာ ဆွမ်းလောင်းပြီးသောအခါ တောရဆရာတော်ကြီး ခေတ္တသီတင်းသုံးရာ ဓမ္မာစရိယ အုန်ကျောင်းရှေ့မှာ နံနက်စောစောက အသက် ၄၅–ဝန်းကျင် ပုဂ္ဂိုလ်နှင့် ပြန်ဆုံပါသည်။ ကားပေါ်တွင် တောရဆရာတော်ကြီးနှင့် ဆရာတော်များ ပါ၍ စကားမပြောရဲ မမေးရဲခဲ့သော အရှင်ဝိဇ္ဇာနန္ဒ အကြောင်း ထိုပုဂ္ဂိုလ်ကို မေးရန် စိတ်မှာရှိနေ၍ မေးမိပါသည်။

'ဒါနဲ့ မနက်ပိုင်း အရဏ်ယူထည့်ပေးလိုက်သော ကိုယ်တော်က ဘယ်လိုတော်ပါသလဲ၊ ဘယ်မှာ သီတင်းသုံးပါသလဲ မေးမိပါသည်။'

အရှင်ဝိဇ္ဇာနန္ဒ ခေါ်ပါသည်။ မဟာဝိဟာရ စာသင်တိုက် မော်ဘီမြို့နယ်မှာပါ။ တောရကျောင်းလည်း ဖြစ်ပါသည်။ နဘူးကျောင်းတောရဆရာတော်ကြီးထံမှာ ဓုတင်ဆောင်နည်းခံခဲ့သူ အရှင်တစ်ပါးလည်း ဖြစ်ပါသည်ဟု ဖြေပါသည်။

ခင်များကကော ဘယ်သူပါလဲဟု မိမိက ဆက်မေးပါသည်။

ကျွန်တော်"မြသန်းစံ"ပါတဲ့ ထိုဖြေလိုက်သံကိုကြားရသည်နှင့် မျက်နှာကိုသေသေချာချာကြည့်မိချိန် ရုပ်ရှင်ဇာတ်ကားတစ်ခုမှာ ငယ်ရုပ်နှင့်လူပ်ရှားဟန်များ ထင်လာပါသည်။

အားနာပါတယ် ဗိုလ်မှူးရယ် ကျွန်တော်ညံ့သွားပါတယ် ခွင့်လွှတ်ပါဟုပြောရတော့သည်။

အမှတ်တမဲ့မှ အမှတ်တရသို့

စာရေးဆရာ၊ အပွမာဒ ဘာသာရေးမဂ္ဂဇင်း တည်ထောင်သူ အယ်ဒီတာချုပ်တစ်ဦး ဖြစ်သည်။ ဆောင်းပါးများစွာတွင် ရုပ်ပုံပါသူတစ်ဦးကို မိမိလူကိုယ်တိုင် မတွေ့ဖူးသည်မှာ ညံ့ရာကျပါသည်။ ယခုတော့ တွေ့ရပါပြီ ဤသို့ဖြင့် ဓမ္မာစရိယ အုန်ကျောင်းရှေ့မှာ မှတ်တမ်းအတူယှဉ်တွဲ ရိုက်ယူခဲ့ပါသည်၊ မိမိ၏ဝဲဘက်မှာ ဗိုလ်မှူးမြသန်းစံ၊ ဦးစိန်မောင် မဝင်းမာနှင့် ယာဘက်မှာ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်သီသီ ဦးညွန့်လှိုင်တို့ပါ အမျိုးသမီး ၂–ဦး၊ ပေါင်း ၉–ဦးတန်းစီပြီး အမှတ်တရရိုက်ယူခဲ့ပါသည်။

ကျောင်းဒကာ ဗိုလ်မှူးမြသန်းစံ

အရှင်ဝိဇ္ဇာနန္ဒ ကိုယ်တော်အား ဗိုလ်မှူးမြသန်းစံက မဟာဝိဟာရတောရ စာသင်တိုက်ပါတွဲ၍ တည်ထောင်ကိုးကွယ်ထားသော ကျောင်းဒကာ ဖြစ်ကြောင်း ပြောပြသိရသဖြင့် ဝမ်းသာကြည်နူးသာဓု ခေါ်မိပါသည်။

ပရိယတ္တိ သာသနာတည်ရေးနှင့် ဝတင်ဆောင် ပဋိပတ္တိသာသနာတည်ရေး ဦးတည် ချက်ဖြင့် ဆောင်ရွက်နေကြသော ထိုအရှင်နှင့် ထိုဒကာတို့ကို သိတတ်မြင်တတ်သူ မှန်သမျှ သာဓုခေါ်ဆိုကြပါလိမ့်မည်ဟု နှလုံးသွင်းမိပါသည်။ ထိုပုဂ္ဂိုလ်မျိုးနှင့် ထိုအရှင်မျိုး ဤသာသနာတော်မှာ များများပေါ်ပါစေလို့ မိမိက ဆုတောင်းနေမိတော့သည်။

ဆေး ၉ ရက်စည်းခြင်းပြီးဆုံး

၂၈၊ ၆၊ ၂၀၀၄မှ ၆၊ ၇၊ ၂၀၀၄ထိဆေးစည်းခြင်း၉–ရက်ပြည့်သဖြင့် တောရဆရာတော်ဘုရားကြီးရေချိုးခွင့်ရပေတော့မည်။

ထို ၉–ရက်သောကာလ ရေမချိုးရဘဲရှိန်းခိုနံ့ပြင်းစွာခံစား ပူလောင်အိုက်စပ်မည့်မှုခံစားရခက်မည်ကို စိတ်မကောင်း ဖြစ်ရပါသည်။ ဆရာတော်ဘုရားကြီးကား သည်းခံခြင်းဖြင့် တပည့်ဒါယကာတို့၏ ကုသမှုကို ခံယူသွားခဲ့လေသည်။

အခြေအနေကောင်းပါသည်ဟု ဆိုကြပါသည်။ ပြင်းထန်သောကိုယ်တွင်းနာရောဂါ အပြင်က ဆေးစည်းရုံမှုဖြင့် ပျောက်ကင်းနိုင်ပါမည်လား?

၇–၇–၂၀၀၄, ၁၃၆၆ ခု၊ ပထမဝါဆို လဆုတ် ၆–ရက်၊ ဗုဒ္ဓဟူးနေ့

၇.၇.၂၀၀၄ နံနက် ၃–နာရီ ၃၀–မိနစ်အချိန် မိမိနှင့် မောင်ကျော်ထူးတို့ ဦးရွှေအောင် ဒေါ်အေးအေးမာတို့၏ ပါကျဲရိုးကားကြီးဖြင့် ယောဆရာတော်ကျောင်း ဦးတည်မောင်းသွားကြသည်။

တောရဆရာတော်ဘုရားကြီး၏ ဘ၀ နောက်ဆုံးနေ့များ အမှတ်တရ ဗီဒီယို ရိုက်ခြင်း ၄–ရက်မြောက်နေ့ ဖြစ်လေသည်။ ဆူးလေစေတီတော်ကို မှတ်တမ်းတင် ရိုက်ကူးခဲ့ကြသည်။

မိမိက နံနက် အရုဏ်မလာမီ ဆူးလေစေတီတော်၏ လျှပ်စစ်မီးများ ပူဇော်ထားခြင်းကြည်ညိုဖွယ် မြင်ကွင်းကို ဗီဒီယိုရိုက်စဉ် မဟာသရဏဂုံတော်ကြီး ရွတ်ဆိုပူဇော်ခဲ့သည်။

ထို့နောက် ယောဆရာတော်ကျောင်းသို့ ခရီးဆက်ကြသည်။ ယောဆရာတော်ကျောင်းဝင်းဓမ္မာစရိယအငြိမ်းကျောင်း အောက်ထပ် တောရဆရာတော်ဘုရားကြီးရှိရာ အခန်းသို့ဝင်၊ ဦးချ ကန်တော့ပြီး မိမိက ဘေးမှဖေးမပင့်လာ မှန်တောင်တောရဆရာတော်က ဝဲဖက်မှ ဖေးမတွဲယူလာကြသည်။

မိမိက တောရဆရာတော်၏ ဖိနပ်ကို ခင်းပေး စွပ်ပေးသည်။ ကားကြီးပါကျဲရိုးပေါ် ရှေ့ခန်းမှာတင် ပင့်ဆောင် သန်လျင်တံတားကြီးပေါ်သို့ ပို့ဆောင်ပေးကြသည်။

ရန်ကုန်ဆရာတော်၊ မှန်တောင်ဆရာတော်နှင့် ဆုတောင်းပြည့် တောရဆရာတော်များလည်း ထုံးစံအတိုင်း လိုက်ပါကြွလာတော်မူကြသည်။

တောရဆရာတော်ဘုရားကြီး၏ ကျန်းမာရေးမှာ သိသိသာသာ တိုးတက်မလာပါ။ အားအင်လည်း အတော်နည်းနေပါပြီ။ သို့ရာတွင် နံနက်အရုဏ်ယူကြရသည့် ဆင်းရဲဒုက္ခမှာ မသေးလှပါ။ မိမိက စိုးရိမ်နေမိပါသည်။ မတော်လို့များ လမ်းမှာရုတ်တရက် ပျံလွန်သွားလေမလား သောက ရှိနေပါသည်။ ဖြစ်လာမှ ဖြစ်ပေါ်လာသည့်အလျောက် ဆောင်ရွက်ကြရမှာပဲဟုသာ နှလုံးသွင်းရတော့သည်။

တံတားကြီးပေါ်မှာ

ထိုနေ့နံနက် ၄–နာရီ ၄၀–မိနစ်ခန့် သန်လျင် တံတားကြီးပေါ်သို့ ရောက်ကြသည့် ရဲကင်းမှ တာဝန်ကျရဲဘော်များက ဆီးကြိုကြသည်။

ပြန်တမ်းဝင် အရာရှိတစ်ဦးနှင့်

ထိုနေ့ ထူးခြားချက်မှာ ထိုရဲဘော်များ၏ အထက်အရာရှိ (ပြန်တမ်းဝင်အရာရှိ) တစ်ဦး ရောက်နေနှင့်သည်။ မိမိကို တွေ့လို၍ လာစောင့်နေသည်ဟု ဆိုပါသည်။ ထိုအရာရှိက ၎င်း၏ ရဲဘော်များနှင့် မိမိတို့ကို ဘာလုပ်နေကြတာလဲ မေးပါသည်။ ထိုအရာရှိမတိုင်မီ ယခင် အရာရှိတာဝန်ကျစဉ်က အကြောင်းသင့် အကျိုးသင့် ပြောပြရာ၌ ခွင့်ပြုခဲ့ဖူးပါသည်။

တောရဆရာတော်များ အရဏ်ယူတာ ခေတ္တမျှသာ ဖြစ်ကြောင်း မဟာကုသိုလ်ယူတတ်မည်ဆိုလျှင်ရကြောင်း ရဲဘော်များအနေဖြင့် အခွင့်ထူးကုသိုလ်ပါရမီဖြည့်နေကြခြင်းဖြစ်ကြောင်း၊ ထိုအရာရှိအနေဖြင့်လည်း ကုသိုလ်ယူလိုက ယူပါ၊ ခွင့်မပြုနိုင်က နောက်သုံးရက်အကြာ ပြန်ကြွကြမည်ဖြစ်၍ မလာတော့ပါဟု မိမိက တင်ပြသည်။

မိမိသည် ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီးသူရ ၉–သင်တန်းတက်ရောက်ခဲ့သူဖြစ်ကြောင်း၊ မိမိနှင့် အင်းစိန်မှူခင်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ဦးအောင်ငွေမှာ အပတ်စဉ်တူဖြစ်ကြောင်း၊ တာဝန်ရှိသူများ ဒုက္ခရောက်စေမည့်အလုပ်မျိုး မိမိ မလုပ်ပါကြောင်း စသည် တင်ပြသောအခါ အကျေနပ်ကြီး ကျေနပ်ဝမ်းမြောက်ဝမ်းသာ ကုသိုလ်ယူပါမည် ဆက်ပြီးသုံးရက်လာခဲ့ပါဟု ဆိုလေသည်။

ထိုအရာရှိအား စုတင်အကြောင်း အကျဉ်းချုပ်၍ အချိန်တိုအတွင်း ရှင်းပြပြောပြရပါသည်။ သီလနှင့် ပြည့်စုံသော သူတော်ကောင်းကြီးများ၊ များစွာရှိမှ လောကကြီး ငြိမ်းချမ်းသာယာပါမည်။ လောကကောင်းကျိုးဆောင်ရွက်ခြင်း ဖြစ်ပါမည်ဟု ပြောရသည်။

(အရှည်ကင်စုတင်အကြောင်းစုတင် ၁၃ပါး အခန်းမှာပြခဲ့ပြီဖြစ်၍ ဤနေရာ၌ မရေးတော့ပြီ။)

ဗုဒ္ဓဘာသာနိုင်ငံ၌ စုတင်ဆောင်ခြင်းအကြောင်း လူပုဂ္ဂိုလ်များအားလုံး သိထားကြပါလျှင် အခက်အခဲ မရှိနိုင်။ သို့အတွက် ဤစာစုကို ရေးနေခဲ့လေသည်။

ဗီဒီယိုရိုက်ခြင်းကို ဆူပူခြင်း

၇–၇–၂၀၀၄ နေ့ အရုဏ်ယူပြီး ပြန်အလာ ယာဂုဆွမ်းကပ်ရန် အခန်းအတွင်း ပြင်ဆင်နေခြင်းများကို မောင်ကျော်ထူးက ဗီဒီယိုမှတ်တမ်းအပြင်မှနေ၍ ရိုက်ကူးနေသည်။

တဖြည်းဖြည်းနှင့် ဗီဒီယိုရိုက်ခြင်း အနီးကပ်လာသည်ကို တောရဆရာတော်ကြီး မြင်တွေ့သွားလေသည်။

မိမိက အနားမှာ ကပ်လျက် ရှိနေသည်။ 'မင်းဟာ ငါ မကြိုက်တာပဲ လုပ်နေတယ်၊ ငါ့ပုံတွေရိုက်ပြီး ရုံတင်ပြမလို့လား၊ ငါ့ဆရာ သရက်ကန်ဆရာတော်က ဓာတ်ပုံရိုက်တာ ဝါသနာ မပါဘူး၊ ငါ့ဆရာ မကြိုက်တာ ငါမလုပ်ခဲ့ဘူး၊ ဘယ်လိုပြောပြော ဒီအကောင်မမှတ်ဘူး' ဟု တောရဆရာတော်ဘုရားကြီးက ဆက်တိုက်ဆူပူကြိမ်းမောင်းလေတော့သည်။

ဗီဒီယိုရိုက်တာ သိလျှင် ဆူမည်ကို မိမိသိပါသည်။ တောရဆရာတော်ဘဝခရီး နောက်ဆုံးနေ့များ အမှတ်တရ နောင်တွင် မမြင်ကြရ မဖြစ်စေချင်ပါ။ စေတနာများစွာပါ။

အဆူခံရတော့ ငမိုက်သား ကျွန်တော်မျိုးတစ်ယောက်ထဲပါ၊ ရိုက်ပါ မိန့်ကြတာကတော့ ဆရာတော် အများပါ၊ ဆူပါစေတော့၊ နောက်ဆုံး

ဆူခြင်းပါ။ နောင်တွင် ဆူစေချင်ပါသော်လည်း ဆူတော့မည်မဟုတ်ပါ။

နံနက်ယာဂုဆွမ်းကပ်/ဆွမ်းလောင်း

ဆက်လက်၍ ယာဂုဆွမ်းကပ်ကြသည်။ တောရဆရာတော်ဘုရားကြီးက မင်းတို့ ကပ်လို့သာ ဘုန်းပေးနေရတာဟု မိန့်နေလေသည်။ အားမရပါ။ ဆရာတော်ဘုရားကြီး သည်တောင်က ကျော်နိုင်ပါဦး မည်လား?

ယောဆရာတော် ကျောင်းမှစ်ဦးအပြင်မှာ ရန်ကုန်ဆရာတော်ကို ပထမ၊ မှန်တောင်ဆရာတော် ဒုတိယ၊ ဆုတောင်းပြည့်ဆရာတော် တတိယနှင့်ပဲခူး ဦးဇနက စတုတ္ထဖြင့် တစ်ပါးပြီးတစ်ပါး ကြွလာ ဦးညွန့်လှိုင်၊ ဦးစိန်မောင်၊ ဦးဝင်းမြင့် ဒေါ်ခင်စိန် တို့အပြင် ထိုနေ့ ထူးခြားချက်မှာ ကျောက်မြောင်း ဒေါ်သန်းအေးတို့ မိသားစု လာရောက် ဆွမ်းလောင်း လှူကြလေသည်။

ယောဆရာတော် တပည့်များ လှူပ်ရှားဟန်

ယောဆရာတော် ကျောင်းဝင်းအတွင်း သံဃာတော် အရှင်မြတ်များ ဟိုမှသည်မှ ဆွမ်းခံပြန်လာ၊ ဆွမ်းစားဆောင်သို့ တန်းစီကြွလာပုံများ၊ ဆွမ်းဆက်ကပ် ဆွမ်းစားနေကြပုံများ ဒွိပိဋကဓရ ဦးဣန္ဒကဘေးမှာ မျက်မှန်နှင့်တစ်ပါး ဆွမ်းဝိုင်းမှာ ဘုန်းပေးနေကြပုံများ မှတ်တမ်းတင် ရိုက်ကူးခဲ့ကြသည်။

မြတ်စွာဘုရားလက်ထက်တော်ကလည်း ဤသို့ ဤပုံ ကျောင်းကန်များမှာ သံဃာတော်အရှင်မြတ်များ ဟိုမှသည်မှ သွားလာလှုပ်ရှားနေခဲ့ကြပေလိမ့်မည်။ မိမိတို့မြန်မာနိုင်ငံ ထေရဝါဒ သာသနာတော်ကြီး လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြသည့် သံဃာတော်များ၏ ကျေးဇူးဂုဏ်ကို အာရုံယူ ကြည်ညို နေမိတော့သည်။

ဒွိပိဋကဓရ ဦးဣန္ဒက

မိမိတို့ ဆွမ်းလောင်းအဖွဲ့သားအားလုံးကို ဒွိပိဋကဓရ ဆရာတော် ဦးဣန္ဒကမှ ခေါ်ယူ၊ ထိုနေ့ မုန့်ဟင်းခါးဆွမ်းအလှူနှင့် မုန့်များ ကျွေးမွေးခဲ့လေသည်။

တိပိဋကဓရ ယောဆရာတော် ဩဝါဒပေးခဲ့

တောရဆရာတော်ဘုရားကြီး မကျန်းမာ လိုက်ပါ ပြုစုကြသော ဓုတင်ဆောင် မထေရ်များနှင့် ဧည့်သည်များအပေါ် တိပိဋကဓရ ယောဆရာတော်၏ တပည့်ရဟန်းသာမဏေများက လိုအပ်ရာ ကူညီကြ၊ အရိုအသေပေးကြ၊ ဧည့်ဝတ်ကျေပွန်ကြဖို့ ယောဆရာတော်က မိန့်ကြားဩဝါဒပေးခဲ့ကြောင်း ဒွိပိဋကဓရ ဆရာတော် ဦးဣန္ဒက ထံမှ ပြန်လည် မိန့်ကြားချက်အရ ကြားရ၍ များစွာ ဝမ်းသာကြည်နူး ဖြစ်ရသည်။

တောရဆောင်ရဟန်းတော်များကို လက်ခံခွင့်ပြုနိုင်သော ကျောင်းများနည်းပါးသလို တောရဆောင်ရဟန်းတော်များကလည်း ကျောင်းတိုင်းသို့ မကြွ၊ မတည်းလို။

ဇာတိနေရာ ပြန်ကြွကြတော့မည်

တောရဆရာတော်ဘုရားကြီး၏ ကျန်းမာရေး ဆက်လက်ကုသရန်မှာ ရန်ကုန်တွင် နည်းလမ်း မရှိတော့ပြီ ဖြစ်လေသည်။ ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကလည်း မင်းတို့က ယာဂုကပ်လို့သာ

ဘုန်းပေးနေရတာ မိန့်နေသဖြင့် စာတီနေရာ ထန်းတပင်တောရသို့ ပြန်ပင့်ကြပေတော့မည်။ ဆုံးဖြတ်ကြသည်။ ၁၁.၇.၂၀၀၄ နေ့ နံနက် ပြန်ကြရန် သတ်မှတ်ကြသည်။ ဆရာတော်ဘုရားကြီးသို့ကား မလျှောက်ထားကြသေး။

၈-၇-၂၀၀၄၊ ၁၃၆၆ ခုနှစ်၊ ပထမဝါဆို လဆုတ် ၇-ရက်၊ ကြာသပတေးနေ့

ထိုနေ့ နံနက်မှာလည်း ဦးရွှေအောင်+ဒေါ်အေးအေးမာတို့၏ ကားကြီး ပါကျဲရိုးဖြင့် မောင်ကျော်ထူးမောင်း၍ မိမိတို့ ၂-ယောက် ယောဆရာတော်ကျောင်း ဦးတည်မောင်းကြသည်။

ကန်တော်ကြီးစောင်း ကရဝိက်ဟိုတယ်ကြီးအေးမှ ရွှေတိဂုံဘုရားကြီး၏ နံနက်ခင်း ကြည်ညို့ဖွယ် မြင်ကွင်းကို ဗီဒီယို ရိုက်ယူသည်။

တောရဆရာတော်ဘုရားကြီးကို ပင့်ဆောင်ကားပေါ်တင်၍ သန်လျင်တံတားကြီးသို့ သွားကြသည်။ တံတားရဲကင်းမှာ စေတ္တသီတင်းသုံးစေ၍မိမိတို့က ရဲဘော်တစ်ယောက်ခေါ် သန်လျင်မြို့ဈေးအနီးလက်ဖက်ရည်ဆိုင်သို့ သွားရန်နှင့် ယမင်နေ့က အရာရှိကို ဝင်ခေါ်ရန်သွားရာ ထိုအရာရှိကို မတွေ့ရပါ၊ တံတားတာဝန်ခံဆိုသူ အရပ်ဝတ် လူပုဂ္ဂိုလ်တစ်ဦးကို သန်လျင်ဘက်ဂိတ်မှာ တွေ့ဆုံရသဖြင့် ကျေးဇူးတင်စကားပြောရန် ကားပေါ်ခေါ်တင်ခဲ့သည်။

ထိုတံတားကြီးကို ကန်ထရိုက်ယူ အခွန်ကောက်သော ကုမ္ပဏီမှ တာဝန်ခံဟု ဆိုလေသည်။ ဘာသာခြားဖြစ်၍ နားလည်အောင် အပြောရခက်လှသည်။ မည်သို့ဆိုစေ၊ လုံခြုံရေးတာဝန်ယူရသော ရဲအရာရှိမှတဆင့် နယ်မြေတာဝန်ခံအထိ တင်ပြခွင့်ယူခဲ့ပြီးကြောင်း မနည်းပင် ရှင်းပြရလေတော့သည်။

'ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးက ကျားထက်ဆိုးလေသည်'

သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်ကို ဖြည့်ကျင့်နေခဲ့ကြသော သူတော်ကောင်းကြီးများနှင့် တစ်ကြိမ်တွေ့က မရေမတွက်နိုင်အောင် အကျိုးများကြောင်း၊ သီလမရှိ သူတော်ကောင်းမဟုတ်၊ သူယုတ်မာတို့နှင့် အကြိမ် ရာထောင်မက တွေ့ကြဆုံကြ ပေါင်းဖက်ကြသော် အကျိုးတစ်စုံတစ်ရာ မရ၊ မသိကြလေယောင်တကား။

ဤနေရာ ဤဌာနသို့ ဤသို့ နံနက်တိုင်း ကြွတော်မူပါဘုရား လျှောက်ထားလိုသူ ရှိလေမည်လည်း မဟုတ်ပေ။

မိမိတို့အနေဖြင့်မှကား ဤနေရာ ဤဌာနသို့ ဆရာတော်ဘုရားကြီးနှင့် ဓုတင်ဆောင်မထေရ်များ နေ့စဉ် ကြွရောက်ကြသည်ကို အားအရကြီးရှုံ၍ဝမ်းအသာကြီး သာနေမိလေတော့သည်။

တံတားကြီးပေါ်မှာ အန္တရာယ်တစ်စုံတစ်ရာမရှိ၊ အများပြည်သူတွေ ဘေးရန်မရှိ ယုံကြည်နေမိလေတော့သည်။ 'သရဏဂုံ ကိုယ်၌လုံက ဘေးရန်ကင်းပျောက် ချမ်းသာရောက်၏'ဟု သရဏဂုံသုံးပါး၏အပေါ် မြဲမြဲနိုင်ခဲ့သော ပန္နက်၊ အသည်းနှလုံးသားအိမ်ထက်မှာ တင်လျှူပူဇော်ထားခဲ့လေပြီး ဖြစ်သည့်အတိုင်း ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်း အမှန်ပင် ပြည့်ဝကြရလေလိမ့်တကား သူတော်ကောင်းနတ်များ သိကြပါလိမ့်မည် ဟူ၍သာ နှလုံးသွင်းရပါတော့သည်။

တံတားကြီးပေါ်ဖြတ်တိုင်း ဘုရားဂုဏ်တော် အမြဲပူဇော်

မိမိအနေဖြင့် သန်လျင်တံတားကြီးပေါ်ဖြတ်လေတိုင်း ဘုရားဂုဏ်တော် အမြဲ ပူဇော်ခဲ့သည်။

တံတား၏ တစ်ဖက်ဂိတ်အတက်မှ တစ်ဖက်ဂိတ် အဆင်းအရောက် ဘုရားဂုဏ်တော်ပူဇော်ခြင်းအကြိမ် ၄၀ နှင့် ၅၀ အကြား အမြဲပင် ရွတ်ဆိုပူဇော်သော အလေ့အကျင့် အမိဋ္ဌာန် ထားခဲ့သည်။ အသက်ထက်ဆုံး အမိဋ္ဌာန်အတိုင်း ပူဇော်သွားမည်ဖြစ်သည်။

ယင်းသို့ ပူဇော်ခြင်းမှာ သာကေတ သန်လျင် ခရမ်း သုံးခွ ဆက်သွယ်ရေးမှာ ထိုတံတားကြီးပေါ်ထွန်းလာသော ကျေးဇူးကြောင့် ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စီမံချက်အရ တရုတ်တစ်နိုင်ငံ အင်ဂျင်နီယာများနှင့် မြန်မာ အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ခဲလှစွာသော တံတားကြီး အရှည်တည်တံ့စေရန် မြတ်စွာဘုရား၏ ဂုဏ်ကို ပူဇော်ခြင်း ဖြစ်သည်။ ၁၉၉၃ ခုနှစ်က တည်ဆောက်ခဲ့ ပြီးစီးခဲ့သော တံတားကြီး ဖြစ်လေသည်။

အရုဏ်ယူပြီး ပြန်လာကြ

တံတားကြီးပေါ်မှာ ခေတ္တမျှ အရုဏ်ယူပြီးနောက် ရှခင်းသာဆိပ်ကမ်းသို့ နေအတက် နေအထွက် ကြည့်ရှုရန် သွားကြသည်။ ကမ်းနားဆိပ်ကမ်းမှာ နေထွက်ချိန်အထိ ခေတ္တနေ ယောဆရာတော်ကျောင်းသို့ ပြန်ရောက်ကြသည်။

ယာဂုဆွမ်းကပ်သည်၊ တောရဆောင် မထေရ်များ နေ့စဉ်ဆွမ်းလောင်းနေကြနေရာမှာ လောင်းလှူကြသည်။ သန်လျင်တံတားမှ ပြန်အလာ လမ်းတစ်လျှောက် ဗီဒီယိုမှတ်တမ်းတင်ခဲ့သည်။ ၂-၇-၂၀၀၄ မှ စတင် မှတ်တမ်းတင်ခဲ့သော ဗီဒီယို အခွေသည် ယနေ့ အပြီးသတ်ရိုက်ခြင်းဖြစ်သည်။ ၂-၇-၂၀၀၄နေ့၊ ၅-၇-၂၀၀၄ နေ့၊ ၆-၇-၂၀၀၄ နေ့၊ ၇-၇-၂၀၀၄ နေ့နှင့် ၈-၇-၂၀၀၄ နေ့ထိ ၅ ရက်အရုဏ်ယူခြင်းကို အဓိကထား ရိုက်ကူးခဲ့သည်။

ယင်းသို့ ရိုက်ကူးထားခြင်းမှာ တောရ ဆရာတော်ဘုရားကြီးသည် အသက်နှင့်ခန္ဓာတည်နေ သေးသမျှ မည်မျှပင် မကျန်းမာစေကာမူ အသက်နှင့် လဲ၍ ဓုတင်ဆောင် အရှည်ကင်ဝတ်ကို မချွတ် ထမ်းဆောင်တော်မူခဲ့ကြောင်း 'သက်သေခံချက်' တင်ပြလို၍ မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်။

၉-၇-၂၀၀၄ နေ့၊ ၁၃၆၆-ခုနှစ် ပထမဝါဆို လဆုတ် ၈-ရက် သောကြာနေ့

ထိုနေ့ နံနက် ၃-နာရီ ၃၀-မိနစ်အချိန် ဦးရွှေအောင်+ဒေါ်အေးအေးမာတို့၏ ကား ပါကျဲရိုး မောင်ကျော်ထူးမောင်း၍ မိမိတို့ ယောဆရာတော် ကျောင်းသို့ ဦးတည်မောင်းခဲ့ကြသည်။

ယောဆရာတော် ကျောင်းသို့ နံနက် ၄ နာရီမထိုးမီ ရောက်ကြသည်။ ဆရာတော်ဘုရားကြီး မှာ ဖွဲ့မလျှော့ပါ၊ အရုဏ်ယူသွားမည်ဟု မိန့်ပါသည်။

ဒဂုံမြို့သစ် မြောက်ပိုင်းသို့

မိမိနှင့် ရန်ကုန်ဆရာတော်တို့က သန်လျင် တံတားကြီးပေါ်မှာ အရုဏ်ယူရသည့်ကိစ္စ စကားပြောနေရသဖြင့် မြောက်ဒဂုံမြို့ရှိ ဦးလှထွန်း လှူထားသော မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအနီး ကွင်းကြီးသို့ သွားကြရန် ဆုံးဖြတ်ကြသည်။

တောရဆရာတော်ဘုရားကြီးသို့အကြောင်း စုံ လျှောက်ထားခြင်းမပြုတော့ဘဲ အရုဏ်ယူ နေရာ ပြောင်းမည်ဟုသာ လျှောက်ထား၍ ပင့်ဆောင်ခဲ့ကြသည်။

ဒဂုံမြို့သစ် မြောက်ပိုင်းသို့ ရန်ကုန်ဆရာတော် ကြိုတင်လေ့လာခဲ့ပြီးအတိုင်း အရုဏ်ရလောက်သည့်နေရာသို့ ကားကို မောင်းသွားကြသည်။ ထို

နေရာ၌ အရုဏ်ယူကြသည်။ ကွင်းကြီး ပတ်လည်၌ အထပ်များစွာရှိသော ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲတိုက်သစ်များ ရှိနေသည်ကို တောရဆရာတော်မြင်သည်။

တိုက်သစ်များဆို၍ အိမ်ထောင်စုနေ၊ မနေ လေ့လာစဉ်က မရှိသော်လည်း နေ့နေ့ညည အိမ်ထောင်စု ဝင်ရောက်နေနိုင်သော အခြေအနေရှိနေကြောင်း၊ သို့အတွက် သံသယရှိကြောင်း မိန့်ကြားလေသည်။

သို့ရာတွင် ထိုနေ့အတွက် အာရုဏ်ယူခြင်းကား ပြီးခဲ့လေပြီ၊ ဆရာတော်ကား နေဝင်တော့မည့် အချိန်တိုင် ပြီးလျှင်ပြီးရော မလုပ်လို။

ယောဆရာတော်ကျောင်းသို့ ပြန်လာကြသည်။ ယာဂုဆွမ်းကပ်သည်။ ဓူတင်တောင်မထေရ်များ ဆွမ်းလောင်းကြသည်။

အပြန်ခရီး မော်တော်ယာဉ် စီစဉ်

တောရဆရာတော် ဘုရားကြီး သက်သာချမ်းမြေ့စွာ ပြန်ကြွနိုင်ရေး လဲလျောင်းအိပ်စက်ပြီး လိုက်ပါ သွားရေး မိမိတို့ ဦးညွန့်လှိုင် ဦးစိန်မောင်တို့ ဆွေးနွေးကြသည်။ ဦးစိန်မောင်+ ဒေါ်ဝင်းမာ တို့က ၎င်းတို့၏ရှုပါရကား လိုက်ပါသွားမည် ဆန္ဒပြုသည်။

အစ်ကိုကြီး ဦးအောင်ခ၏ ဟိုင်းလက်ကား ပြန်မခေါ်တော့ပါ။ ပျဉ်းမနားမြို့သို့ ခေတ္တပြန်သွားသော ဦးစိုးနိုင်၏ကား ပြန်ခေါ်ရန် စီစဉ်ကြသည်။

တောရဆရာတော်ဘုရားကြီး ၇-၃-၂၀၀၄ နေ့ မိုးညိုညိမ် သမုတ်ပြီး နယ်သို့ ပြန်လည်ကြွသွားရာတွင် အသုံးပြုခဲ့သော အိပ်စင်ပါသော ကားမျိုးငှားရန် ဆုံးဖြတ်ကြသည်။ စုပေါင်း အလှူငွေဖြင့် ငှားကြမည် သဘောတူကြပါသည်။ ၁၁-၇-၂၀၀၄ နေ့နံနက် နယ်သို့ ပြန်ကြွကြမည်ဖြစ်ကြောင်း ဆရာတော်များ မိန့်ကြားလေသည်။

ဖြူစင်မေတ္တာ သမားတော် ဦးကျော်စိန်နှင့် ပြလို

အသည်းရောဂါ ဝေဒနာရှင်များ မြန်မာတိုင်းရင်းဆေးဖြင့် ကုသမည်ဆိုပါက ဖြူစင်မေတ္တာဆေးတိုက် သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်) ဖြင့် ကုသနိုင်ပါသည်။ အမှတ် ၈၈(B) လမ်း ၅၀-အလယ်ဘလောက် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၂၀၁၂၁၂-သို့ ဆက်သွယ်နိုင်ကြောင်း ကြော်ငြာများအရ တောရဆရာတော်ဘုရားကြီး ရန်ကုန်မှ နယ်သို့ ပြန်မပင့်မီ မှန်တောင်တောရဆရာတော် ဦးစန္ဒောဘာသ က ပြကြည့်ချင်သေးသည် ဆို၍ မိမိက ထိုဆရာကြီးထံ ဖုန်းဆက်ပြီး အခြေအနေ အစီရင်ခံရလေသည်။

ဆရာကြီး ဦးကျော်စိန်က ဆရာတော်ဘုရားကြီးကို ပင့်လာပါရန် ပြန်လည်ဖြေကြားပါသည်။ တောရဆရာတော်ဘုရားကြီးမှာ ဟိုရွှေ့သည်ရွှေ့ ဟိုသွားပြ သည်သွားပြ လိုက်လိုခြင်း မရှိ၊ မလှုပ်ထားရဲကြ၊ အကြံခက်၍ နေကြလေသည်။

နဝင်းဆေးတိုက် ဆရာဦးငွေစိုး လာရောက်

မိမိနှင့် လွန်စွာ ရင်းနှီးသော သာကေတမြို့ ၄ ရပ်ကွက်နေ တိုင်းရင်းဆေးသမားတော် ဦးငွေစိုးတို့ ဖုန်းဆက်ပြောပြသဖြင့် တောရဆရာတော်ဘုရားကြီးဘဝ နောက်ဆုံးခရီး ဖူးတွေ့နိုင်ရန်နှင့် မှန်တောင်တောရဆရာတော်မှာလည်း ကျန်းမာရေးသိပ်မကောင်းလှ။ သို့အတွက် ဆရာဦးငွေစိုး ယောတိပိဋကရေကျောင်းသို့ သွားရောက်၊ ဆရာတော်ဘုရားကြီးကို ဖူးတွေ့ပြီး မှန်တောင်ဆရာတော်ကို

လိုအပ်သော တိုင်းရင်းဆေးများ လှူဒါန်းသွားခဲ့လေသည်။

မှန်တောင်တောရဆရာတော်ကိုလည်း နဝင်း ဆရာဦးငွေစိုးက ၃၉–လမ်းရှိ ၎င်း၏ ဆေးခန်းသို့ ပင့်၍ အကြောပြင် ကုသပေးလေသည်။ လိုအပ်သော တိုင်းရင်းဆေးများ အမြဲလှူဒါန်းမည် လျှောက်ထားသွားလေသည်။

နဝင်း ဆရာ ဦးငွေစိုးမှာ ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်လည်းဖြစ်သည်။ သူတော်ကောင်းကြီးများကို သူတော်ကောင်းကြီးများပါလားဟု သိမြင်တတ်သော ပညာဉာဏ်ရှိသည့် သူတော်ကောင်းဖြစ်လေသည်။

တစ်ဖန် နဝင်းဆရာဦးငွေစိုးနှင့် ဇနီး ဒေါ်ရီရီသန့်တို့ မိသားစုက မအူပင်မြို့တွင် 'နဝင်း စာသင်တိုက်တည်ထောင်' ကျောင်းဆောက်လှူဒါန်း၊ ပစ္စည်းလေးပါး ဒါယကာများအဖြစ်လည်း သာသနာတော်ကြီး အရှည်တည်တံ့အောင် ရွက်ဆောင်နေသူများ ဖြစ်လေသည်။

လောကကြီးကောင်းအောင် လုပ်နေကြ

လွန်ခဲ့သော ၁၀–နှစ်ခန့် ညနေပိုင်း သာကေတသို့ အပြန် ၃၉–လမ်း ကားဂိတ်တွင် နဝင်း ဆရာဦးငွေစိုးနှင့် မိမိတို့ ဆုံကြသည်။ ဘတ်စ်ကား ခေါင်းခန်းမှာထိုင်၍ နှစ်ယောက်အတူ ပြန်လာခဲ့ကြသည်။

နဝင်းဆရာက မိမိအား ဘယ်က ပြန်လာတာလဲ မေးသည်။

မိမိ — ကမ္ဘာအေးသာသနာရေး ဦးစီးဌာနက ပြန်လာပါတယ်။

နဝင်းဆရာ — ဘာတွေသွားလုပ်နေလို့လဲ မေးမြန်းပါသည်။

မိမိ — လောကကြီးကောင်းအောင်လုပ်နေပါတယ်ဟု ဖြေပါသည်။

နဝင်းဆရာ — ခင်ဗျားစကားက ကြီးကျယ်လှချေလား ရှင်းပါဦး။

မိမိ — ဤသာသနာတော်မှာ ဓုတင်ဆောင်မထေရ်များ ဆက်လက်တည်ရှိစေချင်လို့ ကျမ်းစာတွေ ရိုက်နေပါတယ်။

နဝင်းဆရာ — ဘယ်ဆရာတော် ရေးတာလဲ မေးပြန်ပါသည်။

မိမိ — နဘူးကျင်း တောရဆရာတော် ဘုရားကြီး ရေးတာပါ။

နဝင်းဆရာ — ဆရာတော်အကြောင်းနဲ့ ကျမ်းစာအကြောင်း ပြောပါဦး။

မိမိ — ဆရာတော်ဘဝ အကြောင်း အကျဉ်းချုပ်နဲ့ ကျမ်းစာများ အကြောင်း အကျဉ်းချုပ် ပြောပြပါသည်။

နဝင်းဆရာ — ခင်ဗျားပြောတဲ့အတိုင်း လောကကြီးကောင်းအောင်လုပ်နေတယ်ဆိုတာ မှန်လိုက်လေဗျာဟု ဆိုပါသည်။

မိမိ — သိပ်တော့ မလွယ်ပါဘူးဆရာ၊ စာပေမှတ်တမ်း ကျန်ရစ်ပါမှ ဓုတင်ဆောင်သာသနာ တည်ရစ်မှာမို့ ဖွဲမလျှော့လုပ်နေရပါတယ်

နဝင်းဆရာ — ကျမ်းစာရိုက်တိုင်း ကျွန်တော့်ကို အသိပေးပါ၊ နိုင်သမျှလှူပါမည် ပြောခဲ့ပါသည်။ (အမြဲလိုပင် ပါဝင်လှူခဲ့ပါသည်)

မိမိ — ဆရာတို့ မိသားစုလည်း စာသင်တိုက်တည်၊ ကျောင်းဆောက်လှူ ပရိယတ္တိ အခြေမခိုင်က အဖျားယိုင်မည်သိလို့ လောကကြီးကောင်းအောင် လုပ်နေကြသူတွေပါပဲ ဟု ပြောမိသည်။

နဝင်းဆရာ — လုပ်နည်းလုပ်ဟန် ကွဲပြားသော်လည်း ရည်ရွယ်ချက် ရည်မှန်းချက်တူအရ 'ငါသည် ဗုဒ္ဓသာသနာ့ တာဝန်ကို မချွတ်ထမ်းဆောင်ရမည်ဆိုတဲ့ ခံယူချက်အရ' ဆောင်ရွက်နေတာပါပဲ။

မိမိ — ထိုအချိန်မှစ၍ နဝင်းဆရာနှင့် အဆက်မပြတ်ခဲ့၊ ကျမ်းစာများ ရိုက်တိုင်းပါဝင်၊ ကျမ်းစာတွေ လှူရန်ပေးပို့၊ ဖတ်ရှုခဲ့သဖြင့် တောရဆရာတော်ဘုရားကြီးနှင့် တောရဆရာတော် ရဟန်းတော်များ ဖူးတွေ့ရန် နဝင်းဆရာ အရောက်လာခဲ့ခြင်း ဖြစ်လေသည်။

ဦးညွန့်လှိုင်အား ယခင် ကားသမားငှားရန် လွှတ်

ညီဖြစ်သူ ဦးညွန့်လှိုင်အား ၃–၃–၂၀၀၄ နေ့က လယ်ဝေးသို့ အငှားလိုက်ခဲ့သော ကားသမားနှင့် သွားရောက်ပြီး ငှားရန် တာဝန်ပေးထားခဲ့ပြီး ယောဆရာတော်ကျောင်းမှ လူစုခွဲခဲ့ကြသည်။

အိမ်သို့ ပြန်ရောက်သည်။ သာကေတမြို့ ၁–ရပ်ကွက်၊ ဇင်္ဂမလမ်းနေ ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ (ခေါ်) မိန့်မိန့်တို့အိမ်သို့ ဖုန်းဆက်ပြီး တောရဆရာတော်ဘုရားကြီး စနေနေ့ နောက်နေ့အရုဏ်ယူရန် နံနက်ပိုင်းကားအလှူ လှူပါရန် ပြောရသည်။ နယ်သို့ပြန်ရေး ကားငှားနေသည် ပြောပြပါသည်။ မိခင်ကြီး ဒေါ်ကြင်တီနှင့် ဦးမြင့်သိန်း ဇနီး ဒေါ်ခင်လှဲဝေ ခေါ် မိန့်မိန့်တို့က ကားငှားခ ကျသမျှငွေ လှူပါမည် ဟု ပြောလာပါသည်။

ထိုနေ့ (၉–၇–၂၀၀၄) နေ့ ၁၁–နာရီခန့် ဦးညွန့်လှိုင် အငှားလိုက်မည့် Hiace အဖြူအနီ ကားနှင့် ပိုင်ရှင် ဦးအုန်းကြွယ် ယာဉ်မောင်း ကိုမောင်မောင်နိုင်တို့ပါ မိမိအိမ်သို့ရောက်လာပြီး ကားလာပြကြသည်။

ကားငှားခ ၁၇၀၀၀၀ိ/–(တစ်သိန်းခုနစ်သောင်းကျပ်) ဖြင့် ဈေးတည့်သည်၊ ရှေ့ပိုင်း ၂ ခုံ ဖြုတ်ပေးရန် ပြောသည်။ အလှူရှင် ဦးမြင့်သိန်းသို့ ကားကြည့်ဦးမလားမေးရာ ဦးလေးကြိုက်လျှင် ပြီးတာပဲ။ ကားအသစ် ၈က/၄၂၅၁–ဖြစ်ကြောင်း၊ ယခင် တစ်ခေါက် လိုက်ပို့ဖူးသော ယာဉ်မောင်းဖြစ်ကြောင်း၊ ယာဉ်ပိုင်ရှင်မှာလည်း လိုက်ပါသွားမည်ဖြစ်ကြောင်း ယာဉ်မောင်းမှာ ဘာသာခြား ဖြစ်သော်လည်း အလုပ်သဘောအရ ဆက်ဆံရေးကောင်း၊ နားလည်မှုအပြည့်ရှိကြောင်း ဦးညွန့်လှိုင်က ယခင်တစ်ခေါက် လိုက်ပါသွားသော အတွေ့အကြုံအရ ပြောပြလေသည်။

တောရဆရာတော်ဘုရားကြီးရှိရာသို့ ရန်ကုန်ဆရာတော်နှင့် ဆရာတော်များကိုပါ ကားကြီးသွားပြသေးကြောင်း ဦးညွန့်လှိုင် ပြန်ပြောပြ၍ သိရလေသည်။

၁၁–၇–၂၀၀၄ နံနက် ၆–နာရီ ယောဆရာတော်ကျောင်းကို အရောက်လာရန် ကားဆရာများကို မှာကြားထားခဲ့သည်။

တောရဆရာတော်သို့ပြန်ကြွမည်လျှောက်ထားကြ

ရန်ကုန်ဆရာတော်နှင့် မှန်တောင်တောရဆရာတော်ဘုရားများက တောရဆရာတော်ဘုရားကြီးအား နယ်သို့ ပြန်ကြွကြတော့မည် ဖြစ်ကြောင်း လျှောက်ထားကြသည်။ နယ်မှာ ဆေးစားပြီး အနား

ယူကြမည်ဟု ဆေးတစ်လစာ ထပ်ပြီးအသင့်ယူဆောင်လာကြမည်ဖြစ်ကြောင်း လျှောက်ထားကြသည်။

ယခုနေပြည်တော် လယ်ဝေး ထန်းတပင်တောရသို့ ပြန်ကြွကြမည်၊ ပျဉ်းမနားမြို့မှာ ဒေါက်တာပေါ်မြင့်ဦးနှင့် နီး၍ ဖြစ်သည်။

၁၀-၇-၂၀၀၄ နေ့၊ ၁၃၆၆-ခု
ပထမ ဝါဆိုလဆုတ် ၉-ရက် စနေနေ့

ထိုနေ့နံနက် ၃-နာရီ မိနစ် ၃၀-ခန့် ဦးမြင့်သိန်းကားဖြင့် ရောက်လာ၊ မိမိတို့ ၂-ဦး ယောဆရာတော်ကျောင်းသို့ သွားကြသည်။

နံနက် ၄-နာရီမထိုးမီ ယောဆရာတော်ကျောင်းရောက် တောရဆရာတော်ဘုရားကြီးကို ဖူးမျှော်ကန်တော့ကြသည်။

ယနေ့ နံနက် အရဏ်ယူ ကားအလှူရှင်ဖြစ်ကြောင်းနှင့် နယ်သို့ ပြန်ကြွရာ၌ အငှားကားအလှူရှင်ဖြစ်ကြောင်းပါ လျှောက်ထားလိုက်သည်။

တောရဆရာတော်ဘုရားကြီးက 'မင်းတို့ကကားလှူတော့ ငါ ချမ်းချမ်းသာသာ ပြန်ရတာပေါ့' ဟု မိန့်ကြားသည်။ 'ငါ့အလိုက ဝါဆိုရက်ကပ်ပြီးမှ ပြန်မလားလို့ စဉ်းစားနေတာ' ဟု ထပ်မိန့်လိုက်သေးသည်။

တောရဆရာတော် ဘာကိုရည်၍ မိန့်သည်မသိ ရှိလေတော့သည်။ မိမိတို့ အနေဖြင့် 'တောရဆရာတော်ဘုရား၏ ဘဝခရီး နောက်ဆုံးနေ့များ' အတွင်း ရန်ကုန်မှာ ကြာကြာနေလို့လည်း မထူးတော့ပါ။ ယောဆရာတော်ကျောင်းမှာဖြစ်စေ၊ လမ်းမှာဖြစ်စေ ပျံလွန်တော်မူလေမလား စိုးရိမ်နေကြလေသည်။ ဆရာတော်ဘုရားကြီးသာလျှင် ဆရာတော်၏ ဘဝ နောက်ဆုံးနေ့ကို သိပါလိမ့်မည်။

အရုဏ်ယူရေး ၂-နေရာ

ယမန်နေ့က အရုဏ်ယူခဲ့သော ဒဂုံမြို့သစ်မြောက်ပိုင်းနေရာသို့ တောရဆရာတော်ဘုရားကြီးက မကြွလို၊ မှန်တောင်တောရဆရာတော်ကလည်း မကြွလို ဖြစ်နေကြသည်။ သန်လျင်တံတားကြီးပေါ်မှ ဖြစ်ရပ်အချို့ တင်ပြခဲ့ပြီးဖြစ်သည်။

သို့အတွက် မိမိကလည်း စကားမပြောလို၊ မော်တော်ကားအလှူရှင် ဦးမြင့်သိန်းလည်း စိတ်အနှောင့်အယှက် မဖြစ်စေလို၊ ဖြစ်နေကြလေရာ မိမိထင်သလို မဟုတ်။ တောရဆရာ တော်ဘုရားကြီး စိတ်ချမ်းသာသည့်နေရာကို သူ ပို့မည်။ အဆင်ပြေအောင် ပြောမည်ဆို၍ မိမိနှင့်အတူ တောရဆရာတော်ဘုရားကြီး မှန်တောင်ဆရာတော် ဆုတောင်းပြည့်ဆရာတော်တို့က သန်လျင်တံတားသို့ လာကြသည်။

ရန်ကုန်ဆရာတော်က ဒဂုံမြို့သစ် မြောက်ပိုင်းသို့ ယခုနေပြည်တော် ပျဉ်းမနားကား ရောက်လာပြီဖြစ်၍ ထိုကားဖြင့် ၂-နေရာခွဲသွားကြလေသည်။

ခုတင်ဆောင်မထေရ်များအနေဖြင့် ရန်ကုန်မြို့ကြီးသို့ လာရေး ဝန်လေးကြသည်မှာ နံနက်ခင်းမိုးမလင်းမီ တောအရုဏ်ရရေး ထိုသို့ပင် ခက်ခဲလေသည်။ သိသူ လူပုဂ္ဂိုလ်က စေတနာလည်းရှိမှ အသိတရားလည်း ရှိမှ မော်တော်ကားလည်းရှိမှ ကုသိုလ်အခွင့်အလမ်း လက်တကမ်းကို အရအမိ ယူလိုက်မည်ဆိုသော သတိလည်းရှိမှ ခုတင်ဆောင်မထေရ်များ၏ စောင့်ထိန်းထားသော ခုတင်အကျင့်မပျက် မိမိတို့မှာလည်း ပါရမီကုသိုလ်ဆည်းပူးခွင့်ရ ဖြစ်ကြရလေသည်။

ဦးမြင့်သိန်း၏ စိတ်ဓာတ်

ဦးမြင့်သိန်းမှာ ဂမ်းတွင်း နတ်ကန်ချောင်းတောရဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ စစ်တောင်းဆရာ

တော်နှင့် အနီးကပ် ဒကာဖြစ်၍ ထိုဆရာတော်ဘုရား၏ မိန့်ကြားထားချက်အရ နဘူးကျောင်းတောရဆရာတော်ကို လိုလေသေးမရှိ၊ ပြုစုကြ၊ ဆောင်ရွက်ကြဟု ဆိုထားသဖြင့် ယခုကဲ့သို့ ရဲရဲရင့်ရင့် ဆောင်ရွက်နေခြင်း၊ အပြန်ခရီးကား အလှူရှင်ဖြစ်အောင် ဆောင်ရွက်နေခြင်းဖြစ်လေသည်။ ကြုံတောင့်ကြုံခဲကာလ ဒါန လှူဖြစ်အောင်လှူမည်၊ လုပ်ဖြစ်အောင် လုပ်မည်ဆိုသော စိတ်ဓာတ်ကို ချီးကျူးမိသည်။

တံတားကြီးပေါ်တွင်

သန်လျင်တံတားကြီးပေါ်သို့ တောရဆရာတော်ဘုရားကြီးနှင့် တောရဆရာတော်များ ရောက်သောအခါ ရဲတပ်ဖွဲ့ဝင် ရဲဘော်များက ဆီးကြိုကြသည်၊ အဆင်ပြေသည်၊ ဘာစကားမျှမပြောရ၊ ခေတ္တသီတင်းသုံးနေခဲ့ကြပြီ။ အရုဏ်အလာ စောင့်ကြသည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးကိုခေါ်၊ သန်လျင်ဈေးအနီးလက်ဖက်ရည်ဆိုင် ခေတ္တဝင်ကြသည်။ ထိုရဲဘော်မှာ ဘွဲ့ရ၊ လယ်ဝေးဇာတိဟု ပြောသည်။ တောရဆရာတော်ကြီးသတင်းကို ကြားသိနေသူ ဖြစ်သည်။ ရဲဘော်များမှာ ဘွဲ့ရပြီး အရာရှိဖြစ်လို၍ ရဲဘော်ဘဝနှင့် ဝင်ရောက်အမှုထမ်းနေကြခြင်းဖြစ်သည်။ ပညာတတ်လူငယ်များကို နားလည်အောင် ပြောလျှင် အခက်အခဲမရှိ အဆင်ပြေလေသည်။ ကျေးဇူးတင်ကြောင်းပြောရသည်၊ ကုသိုလ်တွေအများကြီးရသွားကြပြီဟု နားလည်အောင်ပြောပြပေးခဲ့သည်။

ရဲဘော်တိုင်းလိုလို ဖိနပ်ချွတ်၍ အရိုအသေပြု တောရဆရာတော်ဘုရားကြီးကိုတွဲယူ ကားပေါ်အတက်မှာ ဦးချဝတ်ပြုကြသည်။ ရကနာသုံးပါးလေးစားမြတ်နိုးသူတိုင်း ဘေးမသီရန်မခ လိုရာခရီးအခက်အခဲမရှိ ပြီးမြောက်စေလိမ့်မည်ဟု မိမိကပြောဆိုညွှန်ပြအဆုံးအမစကားပင် ပြောခဲ့သေးသည်။

မိမိသည် ရဲအရာရှိတစ်ဦး ဖြစ်ခဲ့ဖူးသည်၏ အဖြစ်ကြောင့် ရဲဘော်များနှင့် ဆက်ဆံရာ၌ အခက်အခဲမရှိ သူတို့က လေးစားကြသလို မိမိကလည်း မိမိ၏ သားအရွယ် လူငယ်များကို တိုးတက် ကြီးပွားစေချင်ပါသည်။ ကုသိုလ်နှင့် အကုသိုလ် အမြဲ ကွဲကြပါစေဟုလည်း ပြောခဲ့သည်။

နောင်တ တစ်ဖန် ပူပန်ခြင်းမှ ကင်းစေလို

လူသားတိုင်းသည် အခါအခွင့်သင့်သည့်အချိန် ကုသိုလ်ရရေး အခွင့်အလမ်းပေါ်လာတတ်လေသည်။ ငွေရှိမှ ကုသိုလ်ဖြစ်ခွင့်ရသည် မဟုတ်၊ ငွေမရှိသော်လည်း ကုသိုလ်ရခွင့်ကြုံတတ်လေသည်။ ကုသိုလ်ရခွင့် ကြုံပါလျက် အသိနှင့်သတိ မရှိပါက ကုသိုလ်မရ ဖြစ်တတ်ပါသည်။ လက်လွတ်ဆုံးရှုံးခဲ့ရသော ကုသိုလ်များ ဆည်းပူးခွင့်ရခဲ့ပါလျက် မပြုမလုပ်ခဲ့မိလေခြင်း ဟူ၍လည်းကောင်း၊

မပြုမလုပ်သင့်သော အကုသိုလ်ဒုစရိုက်မှုများကို အသိနှင့် သတိမရှိခဲ့သဖြင့် မဆင်မခြင်ပြု လုပ်ခဲ့မိလေခြင်းဟူ၍လည်းကောင်း၊ နောင်သောအခါ၌ နောင်တတစ်ဖန် ပူပန်ခြင်းများ ဖြစ်ရတတ်လေသည်။

ယင်းသို့ နောင်တ တစ်ဖန် ပူပန်ရခြင်းကို အဘိဓမ္မာနည်းအရ ကုက္ကုစ္စဟူ၍ လည်းကောင်း၊ သုတ္တန်နည်းအရ ဝိပ္ပဋိသာရ ဟူ၍လည်းကောင်း၊ ခေါ်ဆိုကြောင်း မှတ်သားနားလည်ခဲ့ရပါသည်။

သို့အတွက် နောင်တ တစ်ဖန် ပူပန်ရခြင်းမှ ကင်းစေလိုသည့်အတွက် မိမိက စွမ်းသမျှ ကုသိုလ်ရပါစေခြင်းအကျိုးငှာ ဆောင်ရွက်ခဲ့ပါကြောင်း ဤနေရာ၌ မှတ်တမ်းတင် ဖော်ပြလိုက်ရပါသည်။

ယာဂုဆွမ်းဆက်ကပ်

၁၀–၇–၂၀၀၄ နေ့ အရုဏ်ယံပြီး ပြန်လာ တောရဆရာတော်ဘုရားကြီးအား ယာဂုဆွမ်း ဆက်ကပ်ကြသည်။ ဆက်ကပ်မြဲတိုင်းသာ ကပ်နေကြသည်။ တောရဆရာတော်ဘုရားကြီးမှာလည်း ကပ်လှူနေလို့သာ ဘုဉ်းပေးနေရဟန်ရှိသည်။ အသည်းကင်ဆာ ထိုအနာသည် ဆရာတော်ဘုရားကြီးကို ပြင်းပြင်းထန်ထန် နာနာကျင်ကျင် နှိပ်စက်အပ် နှိပ်စက်နေပါလိမ့်မည်။

ဆရာတော်ဘုရားကြီးသည် ပြင်းစွာသော ဝေဒနာနှိပ်စက်ခြင်းများကို အမြင့်ဆုံး သည်းခံခြင်းဖြင့် သည်းခံနေရဟန်ရှိပါသည်။

မင်းတို့ ဆရာဝန်တွေက ဘာပြောသလဲ၊ ငါ့မှာတော့ သက်သာတယ် မရှိပါဘူးဟု ထိုမျှလောက်သာ ပြောကြားမိန့်ကြားလို့နေပါသည်။

ဆေးရုံအုပ် ဒေါက်တာဦးခင်မောင်အေး

၁၁–၇–၂၀၀၄နေ့ နယ်သို့ ပြန်ကြတော့မည်ဖြစ်ကြောင်း ဇီဝိတဒါန သံဃာ့ဆေးရုံအုပ် ဒေါက်တာဦးခင်မောင်အေးကို သတင်းပို့သည်။ အပြန်လမ်းခရီး အားရှိစေရန် အားဆေးသွင်းပေးခဲ့သည်။ နောင်သော အခါ ဖူးတွေ့ခွင့်မရနိုင်တော့ပြီ ဟူ၍ ဆရာသိနေပါလိမ့်မည်။ ဆရာကား ဆရာဝန်ကြီး ပီသပါသည်။ စေတနာလည်း အလွန်ကောင်းပါသည်။

ဆရာသည် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးမှာ ၂၅–နှစ်ကျော် ကာလကြာအောင် တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်၍ သာသနာတော်ထမ်း ရှင်/ရဟန်းများစွာကို ဖူးတွေ့ခွင့် ကြုံခဲ့ပြီး ဖြစ်ပါသည်။

သာသနာတော်မှာ ကြည်ညိုဖွယ် အလွန်ကောင်းသည့် ဆရာတော်ကြီးများစွာကို လိုက်လံသွားရောက်ဖူးနေရခြင်း မရှိဘဲ ဒီဆေးရုံမှာ ဖူးခွင့် ဆေးကုသပေးခြင်း ကုသိုလ်ရနေတာ သိပ် ကံကောင်းပါတယ်ဟု အမြဲပြောလေ့ပြောထ ရှိသော ဆရာ ဖြစ်လေသည်။

ဆရာဦးခင်မောင်အေးလို ဆရာကို မိမိတို့ ကြုံဆုံခွင့်ရသဖြင့် ငွေမကိုင်သော တောရဆရာတော်ကြီးနှင့် တောရဆရာတော်များစွာအတွက် ဆေးကုသရေး အခက်အခဲ မရှိဖြစ်ရ၍ ဆရာ့ကို အလွန်ကျေးဇူးတင်မိပါသည်။

အားလုံးကျန်းမာချမ်းသာကြပါစေ

ဆရာနှင့်အတူ ဇီဝိတဒါနမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဆရာဝန်၊ ဆရာဝန်မတွေ အလှည့်နှင့် နေ့အလိုက် လာရောက်ကုသိုလ်ယူ ကုသပေးနေသော ဆရာဝန်/ဆရာမတွေ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်တွေ၊ အမှုထမ်းတွေနှင့် ပစ္စည်းလေးပါး အလှူရှင်တွေ အားလုံး ကျန်းမာချမ်းသာကြပါစေလို့ မိမိအနေဖြင့် နေ့စဉ် မပျက်မကွက် ဆုတောင်းနေမိပါသည်။

ထိုကုသိုလ်နှင့်အလီလီသော ကုသိုလ်များကြောင့် သံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ချမ်းသာ အစစ်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေဟူ၍လည်း ဆုတောင်းမိပါသည်။

အဘယ်ကြောင့်ဆိုသော် ၄၁–နှစ် ကာလ ပတ်လုံး တောရကျောင်းများ၌ သီတင်းသုံးတော်မူလျက် ကမ္မဋ္ဌာန်းတရားများကို တစိုက်မတ်မတ် နေ့နေ့ညည့်ညည့် နလုံးသွင်း အားထုတ်တော်မူခဲ့သော တောရဆရာတော်ဘုရားကြီးသည်ပင်လျှင် အိုမင်းလာခြင်းကို ရှောင်ကွင်း၍မရ၊ အနာရောဂါများ၏ နှိပ်စက်ခြင်းက မလွတ်၊ ဤဘဝ ဤခန္ဓာ ရလာသည်ဖြစ်၍ သေဘေးဝဋ်က မချွတ်ရင်ဆိုင်တွေ့ရပေလိမ့်ဦးမည် ဖြစ်လေသည်။

သို့အတွက် ဆရာဝန်/ဆရာဝန်မများ ကိုယ်တိုင်လည်း ခန္ဓာရလာကြသည်ဖြစ်၍ ယခု နေအခါမှာ ကုသပေးနေသူဖြစ်နေပါသော်လည်း တစ်နေ့တစ်ရက်မှာ တစ်ဖန် အကုသခံရသူ လူမမာ ဘဝ ရောက်ကြရကြပေလိမ့်ဦးမည် ဖြစ်လေသည်။

အထက်ပါ ရေးသားချက်များကို အဘယ် ကြောင့် ရေးလေသနည်းဟူမူ ၂၉–၂–၂၀၀၄ နေ့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးမှာ ဆီး ဝမ်း သွေး E.C.G များစစ်ခဲ့ပြီး အသည်းကို တယ်လီဖေးရှင်း ဓာတ်မှန် (Ultrasound) ရိုက်ကူးစစ်ဆေးခြင်း ပြု လုပ်ရန် ညနေ ၅–နာရီမှ ဆရာဝန်ကြီးလာပါမည် လျှောက်ထားခဲ့ရာ မစောင့်တော့ပါ။ ညမှာ ဥတ္တလစ် သိမ် သမုတ်ရမည်။ ဆရာဝန် ဆရာမတွေဆိုတာ လည်း တစ်နေ့မဟုတ်တစ်နေ့ သေမျိုးဖြစ်လို့ သေကြ မှာပါပဲ၊ ငါလည်း သေနေ့ရောက်တော့ သေမှာပါပဲဟု မိန့်ကြားခဲ့ဖူးသည်ကို ရည်၍ ဤသို့ ရေးခဲ့ပါသည် ဟု ဆိုရပါလိမ့်မည်။

အိုနာသေရေး ဒုက္ခဘေးများနှင့် စပ်၍ ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးက လည်း အောက်ပါတိုင်း ရေးဖွဲ့ခဲ့လေသည်။

"အိုဘေးမကွာ၊ နာဘေးအတိ၊ သေဘေးထိလျက်၊

ဇာတိမြစ်ခြေ၊ မကင်းချေတိုင်း၊ အနေမကျ၊

အနိစ္စနှင့်၊ ဒုက္ခအစု၊ နှိပ်စက်မှုဖြင့်၊

အထုအထ၊ ပုရွှပျို့အို၊ ခန္ဓာကိုယ်လည်း၊

သဏ္ဌာန်ပြောင်းဟင်္ဂါ၊ နာမ်ရုပ်စပ်လျက်၊ တံလျှပ်သဖွယ်၊

အနည်းငယ်မျှ၊ ချစ်ဖွယ်စရာ၊ ချမ်းသာရာနှင့်မြဲရာနှစ္စ၊

မရရှာ၍၊ မြင်မတွေ့သည်၊ ဘယ်ရွှေ့နေရမည်မသိ။"

(မဃဒေဝပိုဒ်ရေ –၁၆၇)

ဆရာတော်ဘုရားကြီးသည် ဘယ်နေ့ ဘယ်ရက် ဘယ်ကာလအထိ သက်တော်ရှည်၍ နေလေဦးမည် မသိယောင်တကား။

ဆွမ်းလောင်းလှူကြ

ယော ဆရာတော်ကျောင်းမုခ်ဦးကြီးဘေး အပြင်လမ်းမှာ နေ့စဉ် ဆွမ်းလောင်းနေကြအတိုင်း တောရဆရာတော်များကို ဦးညွှန့်လှိုင်၊ ဦးစိန်မောင်+ ဒေါ်ဝင်းမာ၊ ဦးဝင်းမြင့် (အခွန်ဦးစီးမှူး)+ဒေါ်သီသီ၊ ဒေါ်ခင်စိန် သမီးယုယုတို့နှင့် အမျိုးသမီး ၂–ဦးတို့ ဆွမ်းများ လောင်းလှူကြသည်။

ထို့နောက် ယခုနေပြည်တော် ပျဉ်းမနား ကိုစိုးနိုင် (ရွှေကုန်သည်)က သမ္မတနိဗ္ဗာန်ကုန်တိုက် ကြီးအနီး လက်ဖက်ရည်ဆိုင်ကြီးမှာ ဆွမ်းလောင်းသူ အားလုံးကို နံနက်စာ ကျွေးမွေးဒါနပြုသည်။ ဦးစိုး နိုင်မှာ ဦးဝင်းမြင့် (အခွန်ဦးစီးမှူး) ဇနီး ဒေါ်သီသီ၏ မောင်အရင်းဖြစ်ကြောင်း ပြောပြသိရသည်။

၉–၇–၂၀၀၄ နေ့ နံနက်ပိုင်းက အင်းစိန် မှူခင်းတပ်ဖွဲ့မှ ဒုတိယရဲမှူးဦးအောင်ငွေ တောရဆရာ တော်ဘုရားကြီးကို လာရောက်ဖူးမျှော်သွားကြောင်း နှင့် သန်လျင်တံတားကြီးပေါ် အရဏ်ယူရေးကိစ္စ လိုက်ပါပေးရန် ပြောထားချက်အရ လာခြင်းဖြစ် ကြောင်း၊ မိမိနှင့် မတွေ့၍ ဦးစိုးနိုင်နှင့် မိတ်ဆက်ပေး ပြီး အိမ်ပြန်ပို့ပေးခဲ့ကြောင်း ဦးညွှန့်လှိုင် ပြောပြ၍ သိရလေသည်။

တံတားပေါ် တာဝန်ကျသော ပြန်တမ်းဝင် အရာရှိမှာ ဦးအောင်ငွေ၏ တပည့်ဖြစ်ခဲ့ဖူးသူဖြစ်၍ နောက်ပိုင်း (၂)ရက် ဦးအောင်ငွေကို ခေါ်ရန် မလို ဖြစ်ရလေတော့သည်။ တိုက်ဆိုင်မှုလား၊ ထူးခြားမှု လား ခွဲခြားမသိနိုင်ပေ။

ခက်မလိုလိုနှင့် ရှင်းသွားလင်းသွားပြီး အခက်အခဲမရှိ၊ အရဏ်ယူလာခဲ့ပါ၊ ပင့်ခဲ့ပါဖြစ်သွား

ရလေတော့သည်။ သို့မဟုတ်ကား စိတ်မသက်မသာ ဖြစ်နေရပေလိမ့်မည်။

ဒေါ်ခင်စိန်က အိပ်စင်လှူ

အသားညိုညို မျက်မှန်နှင့် အစ်မကြီး ဒေါ်ခင်စိန်နှင့် သမီးယုယုတို့မှာ ဦးစိန်မောင် ဒေါ်ဝင်းမာတို့၏ မိတ်ဆွေ စမ်းချောင်းမြို့နယ် ရှမ်းလမ်း အမှတ် ၄၄ ဒုတိယထပ်မှာနေသည်။ ရန်ကုန်ဆရာတော်ဦးဇာဂရိယ၏ တပည့်ဒါယကာ များဖြစ်သည်။

တောရဆရာတော်ဘုရားကြီး နယ်သို့ အပြန်ခရီး အငှားယာဉ် မော်တော်ကားပေါ်မှာ လဲလျောင်းလိုက်ပါရန် အိပ်စင်ကို ဒေါ်ခင်စိန်က အပြီးလှူလိုက်ပါမည် ပြောလေသည်။

ထိုအိပ်စင်မှာ ရန်ကုန်ဆရာတော် ဒေါ်ခင်စိန် အိမ်သို့ ခေတ္တကြွအလာ တခဏမျှသာ ထိုင်သွားကြောင်း၊ အသစ်ဖြစ်ကြောင်း တောရဆရာတော်ကျောင်းမှာ သုံးရန် အပြီးလှူလိုက်ပါမည်ပြောလေသည်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း နိဗ္ဗာန်ချမ်းသာရပါစေကြောင်း မိမိက ဆုတောင်းပေးလိုက်ပါသည်။

ယာဉ်လှူသူရှိပြီ။ အိပ်စင်လှူသူရှိပြီ။ ချမ်းချမ်းသာသာ လဲလျောင်းလိုက်ပါ၊ ကြွသွားနိုင်လေပြီ။ ဆွမ်းလောင်းသူ အားလုံးက ဦးမြင့်သိန်း+ဒေါ်ခင်လှဲဝေ (ခ) မိန့်မိန့်တို့အား တစ်ဦးတည်း တစ်သိန်းခုနှစ်သောင်းများပါသည် အလှူငွေစွမ်းသမျှ ပါဝင်ပါရစေ ခွင့်တောင်းကြသည်။

ဆွမ်းတွေ နေ့စဉ် လှူနေကြတာ ဝမ်းသာကြပါ အားမနာကြပါနှင့်ဟု ပြောဆို မိမိလက်သို့ တစ်သိန်းခုနှစ်သောင်း ထိုနေ့ နံနက်ကပင် ပေးလှူခဲ့လေသည်။

အပြန်ခရီး အထွက်အစီအစဉ်

၁၁-၇-၂၀၀၄ နေ့ နံနက် အရုဏ်ယူပြီး နောက် ဆွမ်းကပ်လှူလောင်းလှူကြပြီးသည်နှင့် နယ်သို့ ပြန်ကြမည်။ ဦးစိုးနိုင် ယခုနေပြည်တော် ပျဉ်းမနားကား၊ ဦးစိန်မောင်+ဒေါ်ဝင်းမာတို့ကား အငှားယာဉ် HiAce နှင့် အစ်ကိုကြီး ဦးအောင်ခကားမှာ ကမာရွတ်မှ ထွက်မည်။ ပေါင်း ၄-စီး ဖြစ်လေသည်။ ဦးညွန့်လှိုင် က အငှားယာဉ် HiAce နှင့် လိုက်မည်။ တောရဆရာတော်ဘုရားကြီး သီတင်းသုံးသည့် ထန်းတပင်တောရကျောင်းသို့ အရောက်လိုက်ပို့ပေးမည်၊ မိမိအနေဖြင့်ကား ကျန်းမာရေးအရ လိုက်ပါနိုင်ခြင်း မရှိပါ။ ၂၀-ရက်ကြာ ဆေးကုသစဉ်ရက်များ နံနက် အရုဏ်ယူရေး တာဝန်ဖြင့် အိပ်ရေးပျက် အစားပျက်၍ မဟန်နိုင်တော့ပါ။

တောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀ ကျော် ဓုတင်ဆောင်ခရီး၏ နောက်ဆုံးနေ့များတွင် မိမိ၏ ကျန်းမာရေးကို မငဲ့ပဲ စီစဉ်ဆောင်ရွက်ခဲ့သည်များကို ဆွမ်းလောင်းသူအားလုံးက သိကြပါသည်။ ရန်ကုန်ဆရာတော်၊ မှန်တောင်ဆရာတော်၊ ဆုတောင်းပြည့်ဆရာတော်များနှင့် နေ့စဉ်မပျက်မကွက် တွေ့ဆုံဆွေးနွေးအဖြေရှာခဲ့ကြပါသည်။ နွမ်းလျှဟိုက်မောပင်ပန်းနွမ်းနယ်ခြင်းသာ အဖက်တင်၊ ဆရာတော်ဘုရားကြီး၏ အသက်ရှင်ရေးကား လမ်းစမမြင်ငေးငိုင်၍သာ နေကြလေတော့သည်။

သို့ကြောင့်လည်း ကျေးရှူးတော်ရှင် မန်လည် ဆရာတော်ဘုရားကြီးက မဃဒေဝ သံဝေခန်း၌ အောက်ပါအတိုင်း ရေးဖွဲ့ခဲ့လေသည်။

ကြမ္မာယိမ်းယိုင်၊ ပျက်ချိန်တိုင်က၊
ခရိုင်ပျက်ထီး၊ ဘောင်ကြီးကွဲလံ၊
သောင်ကြီးယံသို့၊ မကြံနိုင်စွာ၊

ဧေးမှိုင်ကာလျှင်၊ ကြမ္မာအလျောက်၊

ရောက်ရာ ရောက်လိမ့်။

(မဃဒေဝ ပိုဒ်ရေ ၁၀၆)

အသည်းအထူးကုသမားတော်ကြီးပါမောက္ခ ဒေါက်တာဦးခင်မောင်ဝင်းက တစ်နေ့ လူ ၁၀၀၀ ကျော် ကြည့်နေရပါတယ်၊ ကျွန်တော် ပြောတာ ယုံပါ၊ ၆–လဆိုတာ အများဆုံးသာ နေပါတော့မယ်၊

အသည်းခွဲစိတ်အထူးကု သမားတော်ကြီး ပါမောက္ခ ဒေါက်တာ နော်မန်လှ၏ ပထမလက်ထောက်၊ သမားတော် ဒေါက်တာ ဦးသန့်ဇင်က လည်း ခွဲစိတ်ဖယ်ရှားလို့ မရနိုင်တော့ပါ။ ဘယ်နိုင်ငံ ဘယ်ဆရာဝန်မှ ကုမရနိုင်တော့ပါ ပြောနေပါသည်။ ဇီဝိတဒါနဆေးရုံအုပ် ဒေါက်တာ ဦးခင်မောင်အေး ကလည်း သံဃာ့ဆေးရုံကြီးမှာ လုပ်သက် ၂၅–နှစ်ကျော်ခဲ့ပါပြီ။ ပြန်ကြွလာပါပြောသည့် လွန်ခဲ့သော သုံးလကကြွမလာ ရောဂါလွန်မှ ရောက်လို့လာပါသည်။

ဟိုပြေးသည်ပြေး ဟိုမေး သည်မေး ဟိုပြ သည်ပြ စစ်ဆေးချက် ဓာတ်မှန်အဖြေ စသည့် လိုက်လံပြသ အဖြေရှာနေခဲ့သည့် သားကြီးဒေါက်တာ ခင်မောင်ဦးလည်း ပြသစရာ သမားတော်မရှိဖြစ် လေပြီ၊ ရောဂါအခြေအနေ သက်တော် ရှယ်တော် အခြေအနေများအရ သမားတော် ဆရာဇီဝက လက် မှိုင်ချရသော အနေအထားမျိုး ဖြစ်နေပေပြီ။ မြတ်စွာ ဘုရားသခင်သည်ပင် သေမင်းတို့၏ အလိုသို့လိုက် ပါရချေသေး၏ ဟုသာ ဖြေသိမ့်နေရပါတော့သည်။

ငါတို့၏ ဆရာတော်လောက်ကိုကား အဘယ်မှာ ဆိုဖွယ်ရာ ရှိအံ့နည်း။ သေမင်းသည် သေခြင်းသို့ ပို့ဆောင်ပေးမည်သာ ဖြစ်နေလေတော့သည်။

– ခရိုင်ပျက်နေသော ထီး ပြင်၍မရသကဲ့သို့၊
ရေများပြည့်လျှံ ဘောင်ကြီးကွဲလံနေသကဲ့သို့
– သောင်ကြီးထွန်းလာ ရေကြောင်းလမ်းပိတ် သကဲ့သို့–

နောက်ပါ တပည့်ကြီးများ မကြံနိုင် ဧေးကာ မှိုင်ကာဖြင့် ဆရာတော်ဘုရားကြီး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင် ကြခြင်း မရှိ၊ ဖြစ်ကြရလေပြီ။

ကြေကွဲဝမ်းနည်းဖွယ် သည်အဖြစ်များကို အသက်ရှင်နေသေးသမျှ မေ့မရ အမှတ်ရ၍ နေကြ ပေလိမ့်ဦးမည်။

ရမည်းသင်း၊ ယခု နေပြည်တော် တပ်ကုန်း ပျဉ်းမနားနှင့် လယ်ဝေး၊ သတင်းမေး

ရမည်းသင်းမြို့က ဦးအောင်လင်း၊ ယခု နေပြည်တော် တပ်ကုန်းမြို့ ဒေါင်းမင်းဆိစက်မှ ကိုကိုးသန်း+မမြဝင်း၊ ယခုနေပြည်တော် ပျဉ်းမနားမြို့ က ဦးချိုဝင်း၊ အစ်မကြီး ဒေါ်ကြည်ကြည် (ဗိုလ်ကြီး ခင်မောင်စိုး) နှင့် ယခုနေပြည်တော်လယ်ဝေးမြို့က ဦးကောက်တည် စသူတို့က တောရဆရာတော်ဘုရား ကြီး၏ ကျန်းမာရေးအခြေအနေကို ညစဉ် ဖုန်းဆက် မေးနေကြလေသည်။

အခြေအနေက တစ်နေ့ ကောင်းလာလိမ့် နိုး မျှော်ကိုးခဲ့ကြသော်လည်း ဆရာတော်ဘုရားကြီး ဘဝနေ့ တစ်နေ့တစ်ခြား ယိမ်းယိုင်လို့ လာနေပါပြီ။ အသားအရေတွေလည်း လျော့ကျလို့လာနေပါပြီ။ သောက်ရသည့် ဆေးနှင့်အစာ မမျှမတဖြစ်လို့လာ နေပါပြီ။ နေ့နေ့ညည ခန္ဓာပျက်ကြွေ အချိန်မရွေး အသက်ဇီဝိန်ချွေချနိုင်သည့် အနေအထား ရောက်နေ ပါပြီဟု ဝမ်းနည်းစွာဖြင့် ပြန်လည်ဖြေကြားနေရ ပါသည်။

ယင်းသို့ ဖြေကြားချက်ကို လူအများနားသို့ ပျံ့နှံ့မသွားအောင် သိုသိုသိပ်သိပ် လုပ်ပါဟု ပြောရသည်။ အမှန်အတိုင်း မဖြေလို့လည်း မဖြစ်၊ အမှန်အတိုင်း ဖြေပြန်တော့လည်း တပည့်ဒါယကာတွေ ဖြေဆည်ရာမရ၊ ပူဆွေးသောကရောက်၊ စိတ်မသက်မသာ မဖြစ်စေချင်၊ မည်သို့မျှ မကြံနိုင်၊ ၁၁.၇.၂၀၀၄ နေ့ ရန်ကုန်မှ နယ်သို့ လယ်ဝေး ထန်းတပင်တောရသို့ ပြန်လည်ပင့်ဆောင်ကြမည်ဖြစ်ကြောင်း ဖြေကြားနေရလေတော့သည်။

ညီ–ဦးဣန္ဒသာရနှင့် အရှင်ဇေယျတို့ ကြွလာ

တောရဆရာတော်ဘုရားကြီး၏ ညီအငယ်ဆုံး ဦးဣန္ဒသာရ (ယခုနေပြည်တော် ပျဉ်းမနား အိုးဘိုပွဲတောရ) ဆရာတော်နှင့် ရဟန်းတော်အရှင်ဇေယျ (အမရပူရ မဟာဂန္ဓာရုံစာသင်တိုက်) တို့ ၂ ပါးလည်း တောရဆရာတော်ဘုရားကြီး၏ သတင်းကြားကြ၍ အပြေးအလွှား ရန်ကုန်သို့ ရောက်လာ၊ ကြွလာကြသည်။

တောရဆရာတော်ဘုရားကြီးအား ဖူးတွေ့ကြသောအခါ အသည်းအသန် လူမမာကြီးလို မဟုတ်ဘဲ ထိုင်လျက်သားဖြင့် ညီဖြစ်သူနှင့် တပည့်ဖြစ်သူ ရဟန်း ၂ ပါးကိုစကားတွေ လက်ခံပြောနေ မိန့်နေပြန်လေသည်။

အိပ်ယာထက်မှာ လဲ၍ စကားမပြောနိုင်လောက်အောင် မဟုတ်သဖြင့် သတင်းစကားအကြားနှင့် လက်တွေ့အမြင် ကွာခြားနေသည်ဟု ထင်ကောင်းထင်ကြပေလိမ့်မည်။

တောရဆရာတော်ဘုရားကြီးမှာ ဝေဒနာကို သည်းခံနိုင်သောအရာ၌ အံ့သြလောက်အောင်ပင် ထူးခြားလှပါသည်။ တပည့်အများ အားလုံး အမြင်ပင် ဖြစ်သည်။

ရုပ်ခန္ဓာ ပုံဟန်က အလွန်ပင် ဝိန်ကျ၊ နားထင်ထွေချိုင့်၊ မျက်လုံးအိမ်များခွက်၍ သန်သန်မာမာကြီးမဟုတ်တော့ကြောင်း ဖူးမြင်နေကြရသော်လည်း စကားအသံက တစ်ချက်တစ်ချက်မှာ အလွန်ကြီးကျယ်စွာ မိန့်ကြားနေပြန်လေသည်။ နားက အသံဖမ်းယူနိုင်အောင် မှန်တောင်ဆရာတော်နှင့် ဒကာများက အကောင်းစားနားကြပ် နားကြားစက်ကပ်လှူထားသဖြင့် အပြင်က ပြောသမျှစကားတွေ ကြားနေဟန် ရှိလေသည်။

မှန်တောင်ဆရာတော်က မိုးကုတ် ဦးကျော်စိန် နှင့်ပြလို

မှန်တောင်တောရဆရာတော် ဦးစန္ဒောဘာသက မိုးကုတ်သမားတော်ကြီး ဦးကျော်စိန် (အသည်းအထူးကု) တိုင်းရင်းဆေးဘက်သို့ လှည့်ပြီး ပြကြည့် ကုကြည့်ချင်ပါသေးသည်။ သို့အတွက် တောရဆရာတော်ဘုရားကြီး နားမှာကပ်၍ ခြေထောက်များ နှိပ်နယ်ပေး၊ အသားတွေပူသလား၊ အေးသလား နေသာထိုင်သာ ရှိပါရဲ့လားဘုရား မေးလျှောက်၍ ဝမ်းထဲမှာရှိတဲ့ ဆန္ဒတွေ ဖွင့်ဟ၍ လျှောက်နေပါသည်။

မနက်ဖြန် အပြန်ခရီး လမ်း ၅၀–ကို ခဏ ကလေးဝင်၊ ကားပေါ်မှာပဲ နေပါ၊ ဆရာကြီးဦးကျော်စိန်က ကြည့်ပေးပါမည်၊ တိုင်ပင်ပြီးဖြစ်၍ ခွင့်ပြုတော်မူပါဟု တဖွဖွ လျှောက်ထားနေလေသည်။

မြန်မာ့နည်း မြန်မာ့ဟန် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးက ဘာတွေပြောမလဲ၊ နယ်ရောက်သွားပြီးမှ တစ်ခေါက် ပြန်လာရေး မလွယ်ပါဘုရား၊ ရန်ကုန်မှာ ရှိစဉ် ပြသင့်တာ ပြသွားချင်ပါသည်ဟု အခွင့်အရေးမရရအောင် အသနားခံလျှောက်နေပါသည်။ 'အေးပါ၊ သွားတာပေါ့' ဟု

မိန့်ကြားတော့မှ မှန်တောင်ဆရာတော် အလျှောက်ရပ် လေတော့သည်။

မှန်တောင်ဆရာတော်က ဖွဲ့မလျှော့သေး၊ အနာနှင့်ဆေး ဘယ်ဆရာတည့်အောင်ပေးလေမလဲ ဟု စိတ်စရွေးချယ်နေခြင်း ဖြစ်သည်။

ခုတင်ဆောင်ရဟန်းတို့၏ ဧည့်သည်ဘဝ

ရန်ကုန်ဆရာတော်က ဘာမျှဝင်မမိန့်တော့ပါ၊ ဆုတောင်းပြည့်ဆရာတော်က အဝေးသို့ ငေးမော ဘယ်သူနဲ့မှ မပြော၊ စိတ်မသက်မသာ ဖြစ်နေသည့်ပုံ အတိုင်းသာ ပေါ်နေလေသည်။

ခုတင်ဆောင် မထေရ်များဘဝ သင်္ကန်းသုံး ထည်၊ ဆွမ်းတစ်နပ် ကိုယ့်တောရ ကိုယ့်ကျောင်း မဟုတ် ဧည့်သည်ဘဝ ရက်သတ္တသုံးပတ် ၂၀ ရက် နီးပါး အနေရအထိုင်ရခက်၊ သင်္ကန်းတွေအလှည့်နှင့် လျှော်ဖွပ်ရေးကအစ ကိုယ်ချင်းစာ စိတ်မသက်မသာ ဖြစ်မိပါသည်။

မိမိတို့ လူပုဂ္ဂိုလ်များအနေဖြင့် တစ်နေ့ဝတ် ပြီး အကျီလုံချည် နောက်တစ်နေ့ မဝတ်၊ သင်္ကန်း သုံးထည် အလဲအလှယ်မထား သုံးထည်လုံး ဟောင်း နွမ်း အမြင်မတော် မတင့်တယ်တော့ဟုဆိုမှ နောက် သင်္ကန်းသုံးထည် ပံ့သုကူ ကောက်ယူထားခြင်းလည်း ရှိဦးမှ လဲလှယ်သုံးနိုင်သော ခုတင်ဆောင်ရဟန်းတော် များဘဝ ကိုယ့်ကျောင်းကိုယ့်နေရာ ပြန်လိုလှပါ လိမ့်မည်။

နံနက်စောစော အရုဏ်ရရေး ပြေးရလွှားရ တောရဆရာတော်ဘုရားကြီးကလည်း အရုဏ်ယူ မရပ်သေး၊ လမ်းခရီးမှာ ဘဝခန္ဓာ ရပ်သိမ်းလေမလား ပူရ ပင်ရသည့် သောကနှင့် လ ရက် ဘယ်မျှကြာ အောင် ဤလူ့ပြည်၌ နေဦးမလဲလည်း ခန့်မှန်းရခက်၊ သို့အတွက် ပြန်ရက် မနက်ဖြန် စီစဉ်ကြရခြင်းလည်း ဖြစ်လေသည်။

ရွှေမိုးညို ပြိုလေမလား

ရန်ကုန်၏ ရှုလိုင်မိုးသည် နယ်ရှစ်ခွင် မှိုင်းလို့ညို၊ သိုင်းလို့ဝိုင်းလို့ ရွာမလိုနှင့် ဆို့နစ်ကြေကွဲ ဝမ်းနည်းပက်လက် ဖြစ်နေရသူတို့၏ နှလုံးသားမှာ ခံစားရသည့် ဝေဒနာများကို မျက်ရည်များအဖြစ်သို့ မရောက်ရလေအောင် ထိန်းထားသိမ်းထားရလေဘိ သကဲ့သို့ ရွှေမိုးညို ပြိုလေမလား စိတ်ဘဝင်မှာ ခံစားရသည်။

ဤလောကကြီးထဲမှ သူတော်ကောင်းကြီး တစ်ပါး မကြာသောကာလ၌ ထွက်ခွာလို့ သွား တော့မည်ကို ဝမ်းနည်းခြင်း အထိမ်းအမှတ်ပေလား ဟုလည်း နှလုံးသွင်းမိပြန်သည်။

ဘဝသံသရာဟူသည် တွေ့ကြုံဆုံကွဲ ဤ သို့ပင် ခရီးတွေ ဆက်နေခဲ့လေသည်။ နှစ်လိုကြည်ညို အမြဲပင် ဖူးမြင်လိုပါသော်လည်းမရ၊ မိမိတို့သည် ပင်လျှင် ကာလတစ်ခုမျှသာ ရှင်သန်ခွင့်ရ၍ လမ်းရိုး ဓမ္မတာသေရွာသို့ သွားရမည်အမှန် သံဝေဂဉာဏ် ယူ၍ ဖြေဆည်ရာမရသည်ကို အနတ္တဆိုက်အောင် ကြည့်၊ မပိုင်ပါလား၊ ပိုင်အောင် လုပ်လို့မရပါလား၊ သတိတရားဝင်အောင် ဖြေဆည်ရာရှာ၍ ဖြေရလေ တော့သည်။

၁၁-၇-၂၀၀၄၊ ၁၃၆၆-ခုနှစ်၊ ပထမဝါဆို ၁၀-ရက် တနင်္ဂနွေနေ့

၁၁-၇-၂၀၀၄ နေ့ နံနက် ၃-နာရီ ၃၀ မိနစ်ခန့် ဦးမြင့်သိန်း၏ ကားဖြင့် မိမိတို့ ၂-ယောက် ယော ဆရာတော်ကျောင်းသို့ သွားကြသည်။

၄–နာရီမထိုးမီ ယောဆရာတော်ကျောင်း ရောက်လာကြသည်။ ဆရာတော်ဘုရားကြီးကို အခန်းတွင်းမှာ ဖူးမျှော်ရှိခိုးကန်တော့ကြသည်။

ဆရာတော် သက်န်းရုံပါသည်။ အားအင် မရှိသော်လည်း သင်္ကန်းကို မရုံဘဲ မလိုက်လို မကြွလို ရှိသမျှအားနှင့် သင်္ကန်းရုံနေပါသည်။ ဦးကေဝလ နှင့် ဦးစန္ဒောဘာသတို့ ၂–ပါးက ခေါင်းစွပ်သိုးမွေး သင်္ကန်းရောင်စွပ်ပေး၊ နာရီကလေး လက်နှိပ်မီး ကလေးများကို လက်ထဲသို့ ထည့်ပေးနေပါသည်။

ဆရာတော်ဘဝ မူလ ကျန်းမာစဉ်က လုပ် ဆောင်မြဲ ပါမြဲ ပစ္စည်းကလေးများကိုပင် အမြဲယူ နေပါသေးသည်။

ယနေ့ ရန်ကုန်မှာ အရဏ်တက် အရဏ် ယူခြင်း နောက်ဆုံးနေ့ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ လှုပ်ရှားဟန်များ ကြည့်ပြီး မိမိက ဒီနေ့ ရန်ကုန်အရဏ်ယူတာနောက် ဆုံးနေ့ပါလားဟု စိတ်မှာ ရေရွတ်နေမိပါသည်။ ယခုကဲ့သို့ နောက်တစ်ဖန် ပြန်လာအရဏ်ယူနိုင်ပါ လေဦးလား၊ ဝေးမောတွေးတောလို့ စိတ်မသက်မသာ ဖြစ်နေမိလေသည်။

အရုဏ်ယူ

ထိုနေ့ နံနက် ၄–နာရီ ၄၀–မိနစ်အချိန် သန်လျင်တံတားကြီးပေါ်သို့ တောရဆရာတော်ကြီး နှင့် တပည့်ကြီးများ အရုဏ်ယူကြသည်။

တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များအား အပြီးသတ် နေ့ဖြစ်ကြောင်းပြောသည်။ အထက်အရာရှိကိုလည်း သတင်းပို့လိုက်ပါ၊ ကျေးဇူးတွေ များစွာတင်ပါ ကြောင်းပြောခဲ့သည်။

ရှခင်းသာ ဆိပ်ကမ်းမှာ နေအတက် နေအထွက်ကို ထုံးစံအတိုင်း သွားရောက်စောင့်ဆိုင်း ကြည့်ရှုတော်မူသည်။

ရှခင်းသာမှ ယမုံနာ လမ်းအတိုင်း သာကေတ ပုဇွန်တောင်တံတားသို့ဖြတ် အရှင်အာဒိစ္စ ဝံသ ကျောင်းဘေးမှ ကန်တော်ကြီးစောင်း ကရဝိက် ဟိုတယ်ကြီးလမ်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ရှေ့လမ်းမှ ရွှေတိဂုံအရှေ့မုခ် ဗဟန်းသို့ဝင်၊ ရွှေတိဂုံစေတီတော်ကြီး ရွှေရောင်တွေ ဝင်းနေသည့် မီးအလင်းရောင်ဖြင့် ဖူးမြော် နန္ဒဝန်လမ်းအတိုင်း ယောဆရာတော်ကျောင်းသို့ ပြန်ရောက်ကြသည်။

ယာဂုဆွမ်းကပ်ကြသည်

ဦးစိန်မောင်+ဒေါ်ဝင်းမာတို့ စီမံချက်ပြုတ် လာသော ယာဂုဆွမ်း၊ မြင်းခွာရွက်သုတ်၊ ခရမ်း ချဉ်သီးသုတ်များ ဆက်ကပ် လှူဒါန်း ကြသည်။ (ပဲခူးဆရာတော်ဦးဇနကသို့ ကိုဘိုနီက ပြင်ဆင် ပထမ ကပ်ထားသည်။)

ဦးဇနက၏ အနီးကပ်ပြုစုမှုကို တောရ ဆရာတော်လက်ခံသည်၊ ကုဋီတက်လျှင် ဦးဇနက အမြဲပါရသည်။ ဘေးမှ ဖေးမ၍ ပါရသည်။ စိတ်မချ ရ၊ လဲကျသွားနိုင်သည်။ အားအင် အလွန်နည်းနေ သော်လည်း ဆရာတော်မှာ ကိုယ်တိုင်ထ ဘေးမှ ဖေးမသည်ကို မလွဲသာ၍ လက်ခံနေရဟန်ရှိသည်။ စိတ်သွားတိုင်းကိုယ်မပါတော့သည်ကို ဆရာတော် လည်း သိသည်၊ ဘေးမှ တပည့်များလည်း မြင်နေ ကြရပြီ။

ဆွမ်းလောင်းလှူကြ

၁၁–၅–၂၀၀၄ နေ့ တောရဆရာတော်များ ကို ဆွမ်းလောင်းလှူခြင်း အပြီးသတ်နေ့မှာ ဦးညွန့်

လှိုင်၊ ဦးစိန်မောင်+ဒေါ်ဝင်းမာ၊ ဦးဝင်းမြင့်+ဒေါ်သီသီ၊ ဒေါ်ခင်စိန် သမီးယုယုတို့နှင့် ဝိန်ဝိန်မြမြ အမျိုးသမီး ၂ ယောက်တို့ ရန်ကုန် ဆရာတော် ဦးဇာဂရိယ မှန်တောင်တောရဆရာတော် ဦးစန္ဒောဘာသ၊ ဆုတောင်းပြည့် ဦးကောဝလနှင့် ပဲခူး ဦးဇနကတို့အား တစ်ပါးပြီးတစ်ပါး ဆွမ်းလောင်းလှူကြသည်။

တောရဆရာတော် အပြန် ခရီးအငှားကား အလှူရှင်မှာ မိခင်ကြီး ဒေါ်ကြင်တီနှင့် ဦးမြင့်သိန်း ဇနီး ဒေါ်ခင်လှဲဝေ (ခေါ်) မမိန့်မိန့်တို့ ဖြစ်လေရာ ထိုနေ့ ဆွမ်းလောင်းလှူရသည်ပါ အတူ လောင်း ကြသည်။ ဆရာတော်ဘုရားကြီး ရှေ့သို့ သွားကြပြီး မိခင်ကြီး ဒေါ်ကြင်တီမှာ အသက်အရွယ်ကကြီး၊ ကျန်းမာရေးလည်း သိပ်မကောင်းလှ၊ ကားအလှူရှင် ဖြစ်ကြောင်း မိမိက ထပ်မံ၍ လျှောက်ထားရသည်။

စစ်တောင်းဆရာတော်၏ ဒါယကာ ဒါယိကာမများ ဖြစ်ကြောင်းလည်း ထပ်၍ လျှောက် ထားသည်။ ဆရာတော်ဘုရားကြီးက ဦးမြင့်သိန်းကို သိနေပြီးဖြစ်သည်။ ယခင်သုံးလခန့်က အပြန်ခရီး အငှားယာဉ်အလှူလည်း လှူခဲ့ပြီးသူများဖြစ်ကြောင်း လည်း ထပ်၍ လျှောက်သည်။ ဆရာတော်ဘုရားကြီး က သတိကောင်းပါသေးသည်။ "အေး ငါသိပါ တယ်" ဟု တစ်လုံးတည်း မိန့်သည်။

အပြန်ခရီး ပြင်ဆင်နေ

တောရဆရာတော်ဘုရားကြီးနှင့် နောက်ပါ ရဟန်းတော်များ ဆွမ်းစားပြီးသည်နှင့် ကပ္ပိယအဖြစ် လိုက်ပါလာသော ဂါတ်ဗိုလ်ကြီး ဦးတင်ထွန်းအောင်၊ ကိုဘိုနီ (ကြာပင်အင်း)၊ တောရဆရာတော်ဘုရား ကြီး၏ တူများဖြစ်သော ကိုလှထွန်း၊ ကိုကျော်အောင်၊ မှန်တောင်တောရဆရာတော်၏ ကပ္ပိယ ဦးချင်ဟိုက် ဦးစိန်မြင့်တို့လည်း အထုပ်အပိုးများဖြင့် ဆင်နေကြ လေသည်။

ယောဆရာတော်ဘုရားကျေးဇူး

ရန်ကုန်ဆရာတော်၊ မှန်တောင်ဆရာတော် နှင့် ဆုတောင်းပြည့် ဆရာတော်များနှင့် မိမိတို့အဖွဲ့ ဦးညွန့်လှိုင်၊ ဦးစိန်မောင်တို့ပါ ယောဆရာတော်ဘုရား ကို သွားရောက်ရှိခိုးကန်တော့ကြသည်။ ယော ဆရာတော်၏အရိပ်တွင် ခေတ္တမျှ ခိုလှုံခွင့်ရခဲ့သော ကျေးဇူးဂုဏ်ကို မေ့မရအောင်ရှိတော့သည်။

ယောဆရာတော်ကို ဝတ်ပြုကြ

ယောဆရာတော်၏ မဟာဝိသုဒ္ဓါရုံတိုက်မှာ တောရဆရာတော်ဘုရားကြီးနှင့် တောရဆရာ တော်များ ဝိနည်းနှင့်အညီ နေထိုင်သီတင်းသုံးနိုင်၊ လိုလေသေးမရှိ ရေ မီး ဆက်သွယ်ရေးမှအစ ရန်ကုန် မြို့၏ အလည်ဗဟိုဆိုချက်လည်း ဖြစ်၍လည်း ကောင်း၊ ကမ္ဘာတွင် အထိကရ ရွှေတိဂုံစေတီတော် မြတ်ကြီး၏အရိပ်တွင် သီတင်းသုံးခွင့်ရ နေ့စဉ်ဖူးမြင် ခွင့်လည်းရသဖြင့် များစွာနှစ်သက် မြတ်နိုးဖွယ်နေရာ ကျောင်းတော်ဝိဟာကြီးလည်း ဖြစ်လေသည်။

တိုက်အုပ် တိုက်ကြပ် ဆရာတော်များ

တိုက်ကြပ်ဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တ ဣန္ဒကနှင့် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ သီရိကဥ္စန၊ အရှင်နေမိန္ဒာလင်္ကာရ ဘိဝံသ (ဒွိပိဋကဓရ)၊ ဣန္ဒာ သယကျောင်း ဆရာတော် ဘဒ္ဒန္တ တေဇဝန္တနှင့် ဆွမ်းစားကျောင်း ဆရာတော် ဘဒ္ဒန္တ သောဘိတတို့ အားလည်း ရှိခိုးကန်တော့ ကျေးဇူးတင်ပါကြောင်း လျှောက်ထားကြသည်။

မော်တော်ယာဉ် လေးစီးဖြင့် ပြန်ကြွကြမည်

♦ ယခုနေပြည်တော် ပျဉ်းမနား ဦးစိုးနိုင် ကားတွင် ဆရာတော် ဦးကောဝလ

♦ ရန်ကုန် ဦးစိန်မောင် ကားတွင် ဆရာတော် ဦးဇာဂရိယ–

♦ အငှားယာဉ် ၈က/၄၂၅၁ ရှေ့ခန်း ဆရာတော် ဦးစန္ဒောဘာသနှင့် တောရဆရာတော်ဘုရားကြီး အိပ်စင်ဖြင့် ဘေးတွင် ကိုလှထွန်းနှင့် ကိုကျော်အောင်တို့က ကပ်လျက်နေရန် မှာကြား၊ အားလုံးပစ္စည်းများ တင်ဆောင်၊ နေရာယူပြီးချိန် ယောဆရာတော်ဘုရားက တောရဆရာတော်ဘုရားကို ဦးတော်တင်၍ နှုတ်ဆက်သည်။ တောရဆရာတော်ဘုရားကြီးက 'ဦးသိရိန် ပြန်ပါဦးမယ်' ဟုမိန့်ကြားနှုတ်ဆက်သည်။ တောရဆရာတော်ဘုရားကြီးက 'ဦးသိရိန်တော့ ကျန်းမာနေကောင်းတယ်၊ တပည့်တော်တော့ မကျန်းမာ နေမကောင်းဘူး ဘုရား' ဟုလည်း မိန့်လိုက်သေးသည်။

ဝမ်းနည်းကြေကွဲ ငိုပွဲဆင်ကြသည်

မော်တော်ယာဉ် သုံးစီးပေါ်သို့ အားလုံးရောက်ချိန် တပည့်ဒါယကာအပေါင်း ရှိခိုးကန်တော့ကြသည်။ ရန်ကုန် ဇူလိုင်မိုးသည် ရွာမလို မိုင်းလို ညှိုနေသည်။ ဝမ်းနည်းလွန်း၍ ဦးမြင့်သိန်း၏ဇနီး ဒေါ်ခင်လှဲဝေ(ခေါ်)မိန့်မိန့်၊ ဦးစိန်မောင် ဒေါ်ဝင်းမာ၊ ဒေါ်ခင်စိန်၊ ဦးတင်ဝင်း၏ဇနီး ဒေါ်ခင်မိုးရီတို့က ဆရာတော်ဘုရားကြီးကို ဖူးမြင်ရပုံ စိတ်မသက်သာလွန်း၍ မျက်ရည်ဖြိုင်ဖြိုင်ကြ ငိုပွဲဆင်ကြလေပြီ။

မိမိနှင့် ဦးမြင့်သိန်း ဦးတင်ဝင်း ဦးဝင်းမြင့်တို့လည်း စိတ်မသက်မသာ ဝမ်းနည်းကြ၊ မျက်ရည်ထွက်ကျလျှင် ဆရာတော်ဘုရားကြီး မြင်သွားမည်၊ စိတ်ကို ထိန်းကြရသည်။ ဤသို့ဖြင့် နံနက် ၈ နာရီ တိတိအချိန် ကားသုံးစီး သာသနာအလံများထိုး၍ ယောဆရာတော်ကျောင်းတော်ကြီးမှ စတင်ထွက်ခွာ ကြသည်။ အစ်ကိုကြီး ဦးအောင်ခမှာ ကမာရွတ်မှ ထွက်၍ မင်္ဂလာဒုံအထွက်မှာ စောင့်မည်။

လမ်း ၅၀–မိုးကုတ်သမားတော် ဦးကျော်စိန် ထံပြ

ပုဇွန်တောင် လမ်း ၅၀ မိုးကုတ်သမားတော်ကြီး ဦးကျော်စိန် (အသည်း) အထူးကုတိုင်းရင်းဆေးနှင့် အပြန်ခရီး ဝင်ပြကြသည်။ မိမိတို့ ဦးမြင့်သိန်း၊ ဦးတင်ဝင်းတို့လည်း လိုက်သွားကြသည်။ သမားတော် ဦးကျော်စိန်ကိုယ်တိုင် တောရဆရာတော်ဘုရားကြီးအား ကားပေါ်တွင် ဖူးတွေ့စမ်းသပ်ကြည့်ရှုပေးသည်။ ဆရာဝန်ကြီးများ၏ မှတ်တမ်းများအရ အခြေအနေ အရပ်ရပ်ကို မှန်တောင်ဆရာတော်က မိန့်ကြားပြောပြသည်။ လိုအပ်သော တိုင်းရင်းဆေးများလှူသည်။ ထိုဆရာကြီးက ငွေကြေး လုံးဝ မယူပါဘုရား လျှောက်ထားသည်။

မိမိတို့အဖွဲ့ နောက်ဆုံးရှိခိုး ကန်တော့ကြခြင်း

မိမိမှာ ဆရာတော်ဘုရားကြီး၏ အလိုကျဆောင်ရွက်နိုင်ခဲ့သည်လည်း ရှိသည်။ အထူးအားဖြင့် ဆရာတော်ရေးသမျှ ကျမ်းစာများ ဦးဆောင်ရိုက်နှိပ်ခဲ့သည်။ ကျန်းမာရေးအတွက် ရန်ကုန်သို့ ကြွလာတိုင်း သံဃာ့ဆေးရုံကြီးမှာ စစ်ဆေးပေးခြင်း၊ ဆွမ်းလောင်းရေး စသည်များ ဦးဆောင်ခဲ့သူလည်း ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာ၌ ဆရာတော် အလိုမကျသည်လည်း ရှိသည်။ ဓာတ်ပုံရိုက်ခြင်း ဗီဒီယိုရိုက် မှတ်တမ်းတင်ခဲ့ခြင်းများကို ဆရာတော် အလိုမကျ ဆူပူခဲ့သည်လည်း ရှိသည်။ ထိုထိုအပြစ်များကို တပည့်တော်အား ခွင့်လွှတ်တော်မူပါဘုရား၊ တပည့်တော်ငမိုက်သားကို အမှတ်ထားတော် မမူပါနှင့်ဘုရား ဟု မနောဖြင့် လျှောက်ထား ရှိခိုးကန်တော့သည်။

သံသရာ၌ တွေ့ဆုံခြင်းကား ဆရာတော်နှင့် နောက်ဆုံး တွေ့ဆုံခြင်းပါလားဘုရားဟုလည်း မနောကံဖြင့် လျှောက်ထားနေမိသည်။ ထိုစဉ် နှုတ်မှ ရုတ်တရက် 'တပည့်တော် ရှိခိုးကန်တော့ပါတယ် ဘုရား'ဟု ထွက်သွားသည်။

နံနက် ၈–နာရီ ၂၅–မိနစ် အညာသို့ ပြန်ကြွပြီ

တောရဆရာတော်ဘုရားကြီးက 'အေး' ဟု တစ်လုံးသာ မိန့်လေသည်။ ထိုနေ့ ၁၁–၇–၂၀၀၄ နေ့ နံနက် ၈–နာရီ ၂၅–မိနစ်တွင် မော်တော်ယာဉ် သုံးစီး အစဉ်အတိုင်း ရန်ကုန်မြို့ကြီးကို ကျောခိုင်း၍ တောရဆရာတော်ဘုရားကြီးကို ပင့်ဆောင် အညာသို့ ပြန်ကြွကြလေသည်။

တောရဆရာတော်ဘုရားကြီးအား မနောကံဖြင့် လျှောက်ထားခြင်း ဝစီကံဖြင့် လျှောက်ထားခြင်း ၂ ရပ်လုံး ခွင့်လွှတ်ကြောင်း မိန့်ကြား၍ မင်းတို့နှင့် ငါ ဆရာ၊ ရန်ကုန်မြို့ကြီးနှင့် ငါဆရာ အပြီးတိုင် ခွဲခွာပါတော့မည်။ ရွှေတိဂုံဘုရားကြီး နောက်ဆုံး လာဖူးတာ၊ ပုဇွန်တောင် ဘုရားဖြူတိုက်ကြီးကို နောက်ဆုံးလာကြည့်တာ။ မင်းတို့ ရန်ကုန်က တပည့်တွေ ဒကာတွေကို ငါလာပြီး နှုတ်ဆက် အဖူးမြော် ခံတာပါလို့ မိန့်ကြားသွားတော်မူလေသလားဘုရားဟု တွေးတော ငေးမောရင်း ဦးမြင့်သိန်း၊ ဦးတင်ဝင်းတို့ပါ နောက်ဆုံး ဦးခိုက်ရှိခိုးလိုက်ကြပါသည်။

အငှားယာဉ် HiAce ပေါ်တွင် တောရဆရာတော်ဘုရားကြီးနှင့် အတူ တပည့်ကြီး ဦးညွန့်လှိုင်မှာ လယ်ဝေး ထန်းတပင်တောရအထိ လိုက်ပါသွားလေသည်။

မိမိမှာ သာကေတမြို့နေအိမ်သို့ ဇာဂံမလမ်းနေ ဦးမြင့်သိန်း၏ကားဖြင့် ပြန်လာခဲ့သည်။ စိတ်မော လူမော အမောသာအဖတ်တင်၊ မနေမနား ပြေးလွှားခဲ့သော မိမိတို့အားလုံး တောရဆရာတော်ဘုရားကြီး ဝန်နှင့် တောရဆရာတော်များဝန်ကို ဆောင်ခြင်း၊ တာဝန်များ ပြီးဆုံးကြလေပြီ။ ဝန်များ ပေါ့သွားကြသော်လည်း တောရဆရာတော်ဘုရားကြီးအတွက်ကား စိတ်မသက်မသာ ချမ်းမြေ့စရာ ရှာမရ ကိုယ်စီကိုယ်င ဆင်းရဲသည့်ဝေဒနာများ ခံစားကြရလေသည်။

သာကေတမြို့ကို ပတ်၍ ပြန်ကြွမည်တဲ့

မိမိ အိမ်ပြန်ရောက်ချိန် ဇနီးဖြစ်သူ မခင်တင့်က ဆီး၍ ပြောသည်။ ဘုန်းကြီး ဦးဇာဂရိယ ဖုန်းဆက်သည်။ တောရဆရာတော်ဘုရားကြီး သာကေတမြို့ကို ပတ်၍ ပြန်ကြွမည်။ အိမ်ရှေ့ကနေ ဖူးမြော်ကန်တော့ရအောင် စောင့်နေပါဆိုလို့ စောင့်ခဲ့ကြောင်း၊ သို့ရာတွင် မြို့ပတ်လမ်းက ကြွလေသလား မသိ၊ ပေါ်မလာခဲ့။

ကာလဒါန ပြုခဲ့ကြသူတွေ

လူ့ပြည်လောက လူ့ဌာနတွင် တွေ့ခဲကြုံခဲ လှစွာသော ခုတင်ဆောင်ကာလ နှစ်ပေါင်း ၄၁– နှစ်ကြာအောင် ကျင့်ဆောင်တော်မူခဲ့သော တောရဆရာတော်ဘုရားကြီး မကျန်းမာ၍ ကြွရောက်လာ ခိုက် ကျန်းမာရေး၊ ဆွမ်းကိစ္စ၊ အရဏ်ယူရေး၊ အဖက်ဖက်မှ လိုလေသေးမရှိ ဝိုင်းဝန်းပြုစု၊ ကာလဒါနပြုခွင့်ရခဲ့ကြသူ အပေါင်းအား မှတ်တမ်းတင်ရမည်ဆိုပါက အောက်ပါအတိုင်း ဖြစ်လေသည်။

ရန်ကုန်မြို့မှ ကုသိုလ်ရှင်များ

၁။ ဒေါက်တာဦးခင်မောင်အေး ဇီဝိတဒါ
သံဃာ့ဆေးရုံကြီး၊ ဗဟန်းမြို့နယ်၊

၂။ ပါမောက္ခဒေါက်တာဦးခင်မောင်ဝင်း (အသည်း) ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊

၃။ ဒေါက်တာဦးခင်မောင်ဦး ဇီဝိတဒါန သံဃာ့ဆေး ရုံကြီး၊ ဗဟန်း၊

၄။ ဒေါက်တာဦးသန့်ဇင် (ခွဲစိတ်အထူး) ရန်ကုန် ပြည်သူ့ဆေးရုံသစ်ကြီး၊

၅။ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ဆရာဝန် ဆရာမများ။ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အမှုထမ်းများ၊

၆။ ယော တိပိဋကဓရဆရာတော်ဘုရားကြီးနှင့် တပည့် သံဃာတော်များ၊ မဟာဝိသုဒ္ဓါရုံ တိုက် ဗဟန်း၊

၇။ ဦးညွန့်လှိုင်+ဒေါ်ခင်လွှမ်း မိသားစု၊ ဆွမ်းအလှူရှင်၊

၈။ ဦးကျော်ဇင်+ဒေါ်တင်မြတ်သီ မိသားစု သင်္ကန်းကျွန်း၊

၉။ ဦးစိန်မောင်+ဒေါ်ဝင်းမာ မိသားစု ယာဉ်ဆွမ်းနှင့် ဆွမ်းအလှူရှင်၊

၁၀။ ဦးဝင်းမြင့် + ဒေါ်သီသီ မိသားစု ဆွမ်းအလှူရှင်၊

၁၁။ ဒေါ်ခင်စိန် သမီး ယုယု၊အိအိပို့ ဆွမ်းအလှူရှင်၊

၁၂။ ဦးဘိုနီ+ဒေါ်သန်းအေး မိသားစု ဆွမ်းအလှူရှင်၊

၁၃။ ဦးမြင့်သိန်း+ဒေါ်ခင်လှဲ့ဝေ(ခ) မမိန့်မိန့် အငှားယာဉ်အလှူရှင်၊

၁၄။ ဦးရွှေအောင်+ဒေါ်အေးအေးမာ မိသားစု (ရွှေမိုးကောင်းရွှေပန်းထိမ်) အရဏ်ယူယာဉ်အလှူရှင်၊

၁၅။ ဦးသိမ်းဆောင်+ဒေါ်ခင်တင့် မိသားစု အရဏ်ယူရေး ဦးဆောင်သူ၊

၁၆။ ကိုအောင်ကျော်ထူး ဗီဒီယို မှတ်တမ်းနှင့် ယာဉ်မောင်းပို့ပေးသူ

မှတ်ချက်။ ။ မှတ်တမ်း မရေးမိသော ဆွမ်း အလှူရှင်များ ကျန်ရှိပါသည်။

ဦးဆောင်လိုက်ပါပြုစုခဲ့ကြသောဆရာတော်များ

၁။ ရန်ကုန်ဆရာတော် ဦးဇာဂရိယ ရန်ကင်းတောရ နဘူးကျောင်း၊

၂။ မှန်တောင်ဆရာတော် ဦးစန္ဒောဘာသ မှန်တောင်တောရ သာဂရမြို့၊

၃။ ဆုတောင်းပြည့်ဆရာတော် ဦးကောဝလ၊ နေပြည်တော် လယ်ဝေးမြို့

၄။ ပဲခူးဆရာတော် ဦးဇနက ပဲခူးမြို့၊

၅။ ကျောက်ဘုရားတောရ ဦးပညာသီရိ မော်ဘီမြို့၊

နယ်မြို့များမှ ဦးဆောင် ပြုစုခဲ့ကြသော ပုဂ္ဂိုလ်များ

၁။ ဦးအောင်ခ+ဒေါ်ငွေမင်းဆီစက်၊ နေပြည်တော် တပ်ကုန်းမြို့

ယာဉ် ၂-စီးဖြင့် လိုက်ပါ၊ ကုသရေး ဦးဆောင်သူ။

၂။ ဦးစိုးနိုင် ရွှေကုန်သည် နေပြည်တော် ပျဉ်းမနားမြို့ ယာဉ် အလှူရှင်။

၃။ ဦးတင်ထွန်းအောင် (ဂါတ်ဖိုလ်ကြီးငြိမ်း) ရန်ကင်း တောရ။

၄။ ကိုလှထွန်း (တောရဆရာတော်တူရင်း) နဘူးကျောင်းရွာ။

၅။ ကိုကျော်အောင် (တောရဆရာတော်တူရင်း) နဘူးကျောင်းရွာ။

၆။ ကိုဘိုနီ ကပ္ပိယ ကြာပင်အင်းရွာ။

၇။ ဦးချင်ဟိုက် မုန်တောင်ဆရာတော် ကပ္ပိယ သာဂရမြို့။

၈။ ဦးစိန်မြင့် မုန်တောင်ဆရာတော် ကပ္ပိယ သာဂရမြို့။

၉။ ဦးစိုး (ဦးစိုးနိုင် နေပြည်တော် ပျဉ်းမနား၏ ယာဉ်မောင်း) ပျဉ်းမနား။

မှတ်ချက်။ ။ မှတ်မိသမျှ တင်ပြခြင်း ဖြစ်ပါသည်။

နှမ်းလျှအိမ်အပြန်

တောရဆရာတော်ဘုရားကြီး 'ရန်ကုန်မြို့သို့ ဆေးကုသွားရာမှ နယ်ကို ပြန်ပင့်လာကြပြီတဲ့' ဟူသော သတင်းများ တောနှင့်မြို့များသို့ တမုဟုတ်ချင်း ပျံ့လွင့်သွားပြီး တစ်ယောက်စကား တစ်ယောက်နားသို့လည်း ကြားသိသွားကြပေလိမ့်မည်။

ဦးဆောင်လိုက်ပါသွားခဲ့သော အစ်ကိုကြီး ဦးအောင်ခ နေပြည်တော်တပ်ကုန်း ခေါင်းမင်းတိုက်သို့ မြို့ဒကာ ဒကာမတွေ ပြေးလာ သတင်းမေးလာကြပါလိမ့်မည်။

ထိုနည်းတူ ကိုစိုးနိုင်သို့လည်း နေပြည်တော် ပျဉ်းမနား မြို့သူမြို့သားတွေက အပြေးလာ သတင်းမေးကြပါလိမ့်မည်။ ရန်ကုန်ဆရာတော်နှင့်ကိုလှထွန်း ကိုကျော် အောင်တို့ကိုလည်း နဘူးကျောင်းတစ်ရွာလုံးနှင့် ဝန်းကျင်ရွာများက လူအများပြေးလာ၍ သတင်းမေးလာကြပါလိမ့်မည်။

အလားတူပင် ဆုတောင်းပြည့် ဦးကောဝလ မုန်တောင်တောရဆရာတော်များထံသို့လည်း တောရဆောင် တပည့်ရဟန်းတော်များ ဒေသခံရွာသူရွာသားများက သတင်းမေးရောက်လာလျှောက်ထားကြပါလိမ့်မည်။

ထိုထိုသော အမေးရောက်လာသူ အပေါင်းကို ထိုထို အမေးခံရသူ ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များက မည်သို့ ပြန်လည် ဖြေကြလေမည်နည်း။

၂၃-၆-၂၀၀၄ မှ ၁၁-၇-၂၀၀၄ နေ့အထိ ရက်ပေါင်း-၁၉ ရက်ကြာမျှ ရန်ကုန်မြို့ကြီးမှာ ဆေးကုခဲ့ကြတာ မသက်သာပါဘူးဗျာလို့ ဖြေကြလေမလား။

တောရဆရာတော်ဘုရားကြီးရဲ့ အသည်းတစ်ခြမ်းအနာဖြစ်ပြီး ကင်ဆာရောဂါ ကုမရနိုင်တော့ပါဘူးတဲ့ဗျာလို့ပဲ ဖြေကြလေမလား။

တောရဆရာတော်ဘုရားကြီး ထိုရောဂါဖြင့် နောက်ထပ် ၆-လသာ အများဆုံးအသက်ရှည်လူပြည့်မှာ နေနိုင်တော့မတဲ့လို့ပဲ ဖြေကြမလား။

သို့တည်းမဟုတ် အနားယူ ဆေးစားဖို့ပြန်ကြွလာတာ၊ ပြန်ကောင်းလာမှာပါ၊ စိတ်မပူကြပါနှင့်လို့ပဲ ဖြေကြလေမလား။

အမှန်အတိုင်း မဖြေ၊ ဖုံးကွယ်နေလို့ကောဘာများ ထူးလာဦးမှာမို့လဲ တစ်ယောက်တစ်မျိုး ဖြေနေလို့ကော ဖြစ်ပါ့မလား။ 'နှမ်းလျှ အိမ်အပြန်' လိုက်ပါလာသူများအတွက် အမျိုးမျိုးတွေးတောရင်မောလိုက်ပါဘိတော့။

မိမိသည်ပင် ထိုင်ရမလို ထရမလို ထိုထိုသော အရှင်များနှင့် ထိုထိုသော ပုဂ္ဂိုလ်များ ဘယ်လိုနေကြ ထိုင်ကြ ပြောကြ ဆိုကြ ဖြေကြလေမလဲ ‌ဆေးမော၍ နေမိတော့သည်။

ကြားရသူအပေါင်းက ယူကြုံးမရ ဖြစ်ကြ

တောရဆရာတော်ဘုရားကြီး၏ ဘဝ အကြောင်း အထူးအားဖြင့် ယခုရက်ပိုင်း လပိုင်း အတွင်းဖြစ်ပေါ်လာသော ရောဂါအခြေအနေ သတင်းများ ကြားရသူအပေါင်းက ယူကြုံးမရ ဖြစ်ကြပေလိမ့်မည်။

ရဟန်းရှင်လူအပေါင်းက ဆရာတော်ဘုရားကြီးကို ချစ်မြတ်နိုးတော်မူကြပါသည်။ လေးစားရိုသေကြပါသည်။ ဤလောက ဤသာသနာတော်ကြီး၌ လူအဖြစ် ရလာခိုက် ဆရာတော်ဘုရားကြီးကို ဖူးတွေ့ခွင့် ဆွမ်းလောင်းလှူနှင့် သိမ်များစွာကို သမုတ်တော်မူခဲ့ခြင်း၊ တောရကျောင်း၌သာ အစဉ်တစိုက် သီတင်းသုံးနေတော်မူခြင်း၊ သုံးထည်သော သင်္ကန်းကိုသာ ဝတ်ရုံတော်မူခြင်း၊ ဝိနည်းသိက္ခာပုဒ်များ အလွန့်အလွန်ကို လေးစားလိုက်နာတော်မူခြင်း စသည့် ဂုဏ်သတင်းများကြောင့် ရပ်နီးရပ်ဝေး သတင်းစကားအရ ရှုတင်ဆောင် နည်းခံယူရန် ကြွရောက်လာကြကုန်သော ရဟန်းတော်များစွာကို ဖူးမြင်ရခြင်း၊ အနေအထိုင်ကောင်းခြင်း စသည့်ဂုဏ်များကြောင့် ရဟန်းရှင်လူအပေါင်းက ကြည်ညိုမဝ ဖူးမြင်လို့မဝ ဖြစ်နေကြချိန်တွင် ယခုကဲ့သို့ ရုတ်တရက်ကြီး မကျန်းမမာဖြစ်လာ၊ မကြာသော ကာလမှာ ခွဲခွာသွားပေတော့မည် ဟူသော သတင်းကြောင့် ယူကြုံးမရ ဝမ်းနည်းကြ ပူဆွေးကြ ဖြစ်ကြပေလိမ့်မည်။ မိမိတို့သည်ပင် ထိုသို့ ယူကြုံးမရ ပူဆွေးနေရပြီကော။

ဆရာတော်ဘုရားကြီးအတွက်ပူပင်သောက ရောက်လျက်ရှိကြလေရာ ခန္ဓာ၏သဘောကား ဖြစ်ပြီးပျက်လျက် ပြုကျိုးမထင် ပြင်ကျိုး မရှိကြောင်း ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ရေးဖွဲ့တော်မူခဲ့လေသည်။

'ဥပါဒါနက်၊ခန္ဓာပျက်ကား၊သက်သက်ညစ်ဆိုး အပျက်မျိုးကြောင့်၊ပြုကျိုးမထင်၊ပြင်ကျိုးမမြောက်– မျက်စိအောက်နိုက်၊ ယွင်းဖောက်သည်သာ၊ ဓမ္မတာတည်'

(မဃဒေဝ ပိုဒ်ရေ ၁၆၈)

– ချည်းနှီးမျှသာ၊ လိုမပါသည့်၊ မဟာဘူတ၊ ဤကာယကား၊ နေ့ညမကင်း၊ ရေစာသွင်း၍၊ မပျင်းလုပ်ကျွေး၊ပြုစုမွေးလည်း၊ကျေးဇူးမယှဉ်– အကတညူ၊ မြွေလေးခုသို့၊ ကိုက်မှုမစဲ၊ ခဲမှုမငြိမ်း၊ကိုယ်လုံးရှိမ်းအောင်၊ရှောင်တိမ်းမသာ– စစ်ကြီးလာသို့၊ ဇရာမြွေဆိပ်၊ တရိပ်ရိပ်ဖြင့်၊ ဦးထိပ်တက်စီး၊ ရောက်လာပြီးပြီ၊ သေနည်းပျက်နီး၊ သက်တော်ကြီးခဲ့။

(မဃဒေဝ ပိုဒ်ရေ ၁၇၁)

မန်လည်ဆရာတော်ဘုရားကြီး ရေးဖွဲ့ခဲ့သည့် စာများမှာ ပညာရှင်များ ယူသုံး၍မကုန်နိုင်အောင် သိပ်သီးလေးနက်လှပါသည်။

ဆရာတော်ဘုရားကြီးအတွက် ပူပင်သောက ရောက်နေကြသူအားလုံးသည်ပင် လမ်းရိုးဓမ္မတာ၊ ဤခန္ဓာနှင့် ထိုထိုခန္ဓာတို့မှာ တစ်နေ့မဟုတ် တစ်နေ့ ခွဲခွာကြရမည့်သူချည်းပင်ဖြစ်လေသည်။

ရှာမှ ရှားသည့် ဆရာတော်ဘုရားကြီး

ဆရာတော်ဘုရားကြီးသည်ကား ဤလူ့ပြည်လောက ရောက်လာစကပင် ဆရာသမားကောင်းများနှင့် အစဉ်တစိုက် တွေ့ခဲ့၊ ပညာဆည်းပူးခဲ့၊ တက်မြောက်ခဲ့ပြီးပြီ။ မိမိတို့ထက် ရာထောင်မက အဆသာအောင် သံသရာအကြောင်း ဘဝအကြောင်း

သိခဲ့ပြီးလေပြီ။ ထို့ကြောင့်လည်း ပါရမီတော်များကို ဖြည့်ကျင့် ဘဝခန္ဓာ သံသရာဝဋ်ကို လွတ်အောင် ရုန်းထွက်နေခဲ့သည်။ ဆရာတော်ဘုရားကြီးကဲ့သို့ အစဉ်တစိုက် ရုန်းထွက်နေခဲ့သော ပုဂ္ဂိုလ်ရှိကောင်း ရှိပါလိမ့်မည်။ သို့ပါသော်လည်း အလွန်ရှားပါးလိမ့်မည်။ အရေအတွက်အားဖြင့် အလွန်ပင် နည်းလှပါလိမ့်မည် ထင်ပါသည်။

မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏လူဦးရေ ၅၃–သန်းခန့်ရှိကြောင်းနှင့် (၂၀၀၆) ကောဇာ ၁၃၆၈ ခုနှစ်တွင် ထေရဝါဒသာသနာတော်၌ ရဟန်းသံဃာတော်ပေါင်း ၅–သိန်းခန့်ရှိကြောင်း သတင်းစာများအရ စာပေများအရ ကြားရသိရသည်။

နိဿရည်းခံ များသို့

ဆရာတော်ဘုရားကြီးကဲ့သို့ နိဿရည်းခံ စုတင်ဆောင် ရဟန်းတော်ပေါင်းကား ရာ ဂဏန်းမျှသာ ရှိပေလိမ့်မည် ထင်ပါသည်။ ဤသာသနာတော်၌ စုတင်ဆောင် သာသနာတည်တံ့ရေး တစိုက်မတ်မတ် ကျင့်ဆောင်တော်မူခဲ့သည်။ စံပြအဖြစ် ကျင့်ဆောင်တော်မူ၍ လက်တွေ့ ပြသခဲ့သည်။

ကိုယ်နှင့်အသက်ကို တကယ်ပင် မငဲ့ခဲ့၊ လာဘ သက္ကာရ သိလောက ဟူသော တရားသုံးပါး ဝေးစွာရှောင်ရှားတော်မူခဲ့သည်။

လာဘ = လာဘ်အမျိုးမျိုး ရလိုခြင်း၊ သက္ကာရ = ပူဇော်အထူးကို ခံယူလိုခြင်း၊ သိလောက= ကျော်ကြားလူသိများလိုခြင်း၊ အလွန့်အလွန်ကို ကင်းတော်မူခဲ့ကြောင်း မြင်သူ ကြားသူ လေ့လာသူ တိုင်း သိကြလေသည်။

ထိုကဲ့သို့သော ဆရာတော်ဘုရားကြီးတစ်ပါး ဤလူ့ပြည် လူ့ရွာကနေ ထွက်ခွာကြွသွားတော်မူလေတော့မည်။ ဤဘဝ၌ နောက်ထပ်တစ်ဖန် တွေ့ကြုံ ဖူးမြင်ခွင့်ရရန် မလွယ်တော့ပြီ ဟူသော အသိများဖြင့် နှမြောတသယူကျုံးမရ ဖြစ်နေကြရခြင်းဖြစ်လေသည်။

ဤသည်တို့မှာ တပည့်ဒါယကာ၊ဒါယိကာမများဘက်မှ တောရဆရာတော်ကြီးအပေါ် ကြည်ညို လေးစားနေကြသဖြင့် မခွဲမခွာ အမြဲပင် ဖူးမြင်နေလိုခြင်းနှင့် ခွဲခွာပျောက်ကွယ်သွားမည်ကို စိုးရိမ်ပူဆွေးနေကြခြင်း ဖြစ်လေသည်။

ဆရာတော်ဘုရားကြီးအနေအားဖြင့်မူ လောကအတွက်၊ သာသနာတော်အတွက်၊ ဆောင်ရွက်ဖွယ်မှန်သမျှ ကျရာတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်တော်မူခဲ့ပြီးလေပြီ။

ပရဟိတ၊ အကျိုးသယ်ပိုးတော်မူခဲ့ခြင်း၏ အကျိုးရင်း အကျိုးဆက်များမှာလည်း အတ္တဟိတ မိမိအတွက် ထွက်မြောက်လိုခြင်း၏ အထောက်အပံ့ ကောင်းကြီးများဖြစ်နေပေလိမ့်မည်။ ကောင်းမှုဟူသမျှ ကောင်းကျိုးရမည် မုချ။

ထင်ပေါ်ကျော်ကြား အလိုရှိတော်မမူ

လောကအတွက် သာသနာတော်အတွက် သက်သက် ဆောင်ရွက်မှုဟူသမျှ ဆရာတော်အတွက် မဟုတ်၊ ဆရာတော်လောကီဘဝ ကောင်းစားရေး မဟုတ်၊ ဆရာတော်အပေါ် ကြည်ညို၍ ရေးသားဖော်ပြသည့် ဆောင်းပါး၊ ကဗျာ၊ လင်္ကာ သီကုံးမှုမှန်သမျှ မပြုမလုပ်ကြရန် အမြဲပင် မိန့်လေ့ရှိသည်။

ယင်းသို့ ပိတ်ပင်တားဆီး မိန့်ကြားခြင်းနှင့် ထင်ပေါ်ကျော်ကြား လူသိများအောင် မပြုမလုပ်ခြင်းများကိုပင် လေးလေးနက်နက် သိသူ မြင်သူ ရဟန်းရှင်လူအပေါင်းတို့က လေးစားကြည်ညိုမဝအောင် ဖြစ်နေ၊ ရှိနေကြခြင်း ဖြစ်လေသည်။

လူအပေါင်းတို့က မခွဲစေလို မခွာစေလိုပါသော်လည်း ဆရာတော်ဘုရားကြီးကား ကာလမကြာမီ ခွဲခွာပေတော့မည်၊ တားဆီး၍မရနိုင်တော့ အချိန်စေ့လေပြီ ထင်သည်။

ဆရာတော် မိန့်လေ့ရှိသော စကားများ

ဆရာတော် မိန့်လေ့ရှိသော စကားများတွင် ဆရာတော် ဖခင်ကြီးဦးဘ ၅၆–နှစ်တွင် ကွယ်လွန်ခဲ့ရာ ဆရာတော်ကိုယ်တိုင် သက်တော် ၅၆–နှစ်သို့ ရောက်ပြီး ကျော်လွန်ခဲ့သောအခါ –

"အင်း – ငါတော့ ငါ့အဖေ အသက်တော့ ကျော်ခဲ့ပြီလို့ အမှတ်ရမိတယ်" "မရဏာနုဿတိ ကမ္မဋ္ဌာန်း" စီးဖြန်းကြောင်း မပြောသော်လည်း ပြောခဲ့သကဲ့သို့ သေရခြင်းကို အဖန်ဖန်အမှတ်ရ မမေ့မလျော့ မပေါ့မဆကြောင်း မိန့်တော်မူခြင်းပင်။

မယ်တော်ကြီးဒေါ်အေးမှန် သက်တော် ၈၆–နှစ် ရှည်ခဲ့

မယ်တော်ကြီး ဒေါ်အေးမှန်မှာ သက်တော် ၈၆ နှစ်ကြာအောင် လူ့ပြည်မှာနေခဲ့ပါသည်။ ကောဇာ ၁၃၄၁–ခုနှစ်၊ ပြာသိုလဆန်း ၈–ရက်၊ ည ၈–နာရီ၊ မိနစ် ၃၀–အချိန် ကျေးရွာရှင်မိခင်ကြီး ရဟန်း ၂ – ပါးမယ်တော်ကြီး ဒေါ်အေးမှန် (၁၂၅၅–၁၃၄၁) သက်တော် ၈၆–နှစ် ကွယ်လွန်ခဲ့ကြောင်း တတိယပိုင်းက ဖော်ပြခဲ့ပြီးလေပြီ။

ဆရာတော်ဘုရားကြီးသည် ဖခင်ခမည်းတော်ကြီး၏ အသက်ထက် ကျော်အောင်နေခဲ့ပြီ။ အမြဲ နှလုံးသွင်းတော်မူသလို၊ ငါ့မိခင်ကြီးနေ သွားတဲ့ အသက် ၈၆–နှစ်ဆိုတာ ငါ ရောက်ပါ့မလားဟုလည်း အမြဲပင် နှလုံးသွင်းပါလိမ့်မည်။ အနိစ္စနှင့် အနတ္တသဘော ဆင်ခြင်နေပါလိမ့်မည်။

ယင်းကဲ့သို့ သေရခြင်းကို အဖန်ဖန် နှလုံးသွင်းတော်မူလေ့ရှိသော ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်သေရက် နီးလာပြီဖြစ်ကြောင်း သိလာသောအခါ သေရခြင်းကို ကြောက်/မကြောက် ဆင်ခြင်ဖွယ်ရှိလာပါသည်။

သို့အတွက် သေခြင်းကို ကြောက်သူနှင့် မကြောက်သူ ၈–ယောက်သောပုဂ္ဂိုလ် အဘယ်သူတို့ ဖြစ်သည်ကို ဆက်လက်တင်ပြလိုက်ပါသည်။

ဆရာတော်ဘဝအကြောင်း ရှေ့ပိုင်း၌တင်ပြခဲ့ပြီးဖြစ်ပါသည်။ စာရှုသူကိုယ်တိုင် ဆရာတော်အပေါ် ဝေဖန်ဆန်းစစ်ကြည့်လျှင် သိနိုင်ရာပါသည်။ စာရှုသူလည်း မိမိကိုယ်တိုင်မိမိ အဘယ်သို့သော ပုဂ္ဂိုလ်ဖြစ်နေသည်ကို ဆန်းစစ်ကြည့်ရန်ဖြစ်ပါသည်။

သေခြင်းမှ ကြောက်သူ/မကြောက်သူ ရှိပါသလား

ဗုဒ္ဓလက်ထက်၊ ဗိမ္ဗိသာရမင်းကြီး၏ မင်းဆရာဖြစ်သော ဇာနုသောဏိပုဏ္ဏားကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ် အောက်ပါအတိုင်း လျှောက် ထား၏။

အရှင်ဘုရား 'သေခြင်းသဘောရှိသည်ဖြစ်ပါလျက်၊ သေခြင်းမှ မကြောက်သော၊ ထိတ်လန့်ခြင်းသို့ မရောက်သောသူ မည်သည်မရှိနိုင်' ဟု တပည့်တော် ထင်ပါသည်ဘုရား။

ဒကာတော်ပုဏ္ဏား 'သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သောသူလည်း ရှိ၏။' ဒကာတော် ပုဏ္ဏား 'သေခြင်းသဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်း မရောက်သောသူလည်း ရှိ၏။' ဟု မိန့်ကြားတော်မူခဲ့၏။

သေခြင်းမှ ကြောက်သူ လေးယောက်

သေခြင်းမှကြောက်သူ လေးယောက်ရှိလေသည်။ ထိုသူတို့ကား –

၁။ ကာမဂုဏ် တပ်မက်သူ ဤလောက၌ အချို့သောသူတို့သည်–

(၁) **ကာမဂုဏ်၌** မကင်းသောတပ်မက်မှု (ရာဂ)ရှိ၏။

(၂) မကင်းသော လိုလားတောင့်တမှု (ဆန္ဒ)ရှိ၏။

(၃) မကင်းသော ချစ်မြတ်နိုးခြင်း (ပေမ) ရှိ၏။

(၄) မကင်းသော မွတ်သိပ် ဆာလောင်ခြင်း(ပိပါသ)ရှိ၏။

(၅) မကင်းသော ပူပန်ခြင်း (ပရိဠာဟ) ရှိ၏။

(၆) မကင်းသော တွယ်တာမှု (တဏှာ) ရှိ၏။

ထိုသူသို့ သေလောက်သော ပြင်းပြသော ရောဂါအနာတစ်မျိုးမျိုး ကျရောက်လာ၏။

ထိုသို့ ကျရောက်သောသူအား 'ချစ်မြတ်နိုးဖွယ်ရာ ကာမဂုဏ်'တို့သည် ငါကို စေကန်စွန့်ခွာသွားကြလိမ့်မည်၊ ငါသည်လည်း ချစ်မြတ်နိုးဖွယ်ရာ ကာမဂုဏ်တို့ကို စွန့်ခွာသွားရပေတော့အံ့' ဟု စိတ်အကြံဖြစ်၏။

ထိုသူသည် စိုးရိမ်ပူဆွေး၏။ စိတ်ပင်ပန်းနွမ်းနယ်၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီး မြည်တမ်း၏။ ပြင်းစွာ တွေဝေခြင်းသို့ရောက်၏။

ထိုသို့သောသူအား သေခြင်းသဘောရှိသည် ဖြစ်လျက်သေခြင်းမှ ကြောက်သော ထိတ်လန့်ခြင်းသို့ ရောက်သောသူ ဟူသည် ထိုသူပင်တည်း။

၂။ ခန္ဓာကိုယ်၌ တပ်မက်သူ – နောက်တစ်မျိုးသော်ကား ဤလောက၌ အချို့သောသူသည်–

(၁) မိမိ၏ **ခန္ဓာကိုယ်၌** မကင်းသော တပ်မက်မှု (ရာဂ)ရှိ၏။

(၂) မကင်းသော လိုလားတောင့်တမှု (ဆန္ဒ) ရှိ၏။

(၃) မကင်းသော ချစ်မြတ်နိုးခြင်း (ပေမ) ရှိ၏။

(၄) မကင်းသော မွတ်သိပ်ခြင်း(ပိပါသ) ရှိ၏။

(၅) မကင်းသော ပူပန်ခြင်း (ပရိဠာဟ) ရှိ၏။

(၆) မကင်းသော တွယ်တာမှု (တဏှာ) ၡိ၏။

ထိုသူသို့ သေလောက်သော ပြင်းပြသော ရောဂါဝေဒနာ တစ်မျိုးမျိုးသည် ကျရောက်လာ၏။

ထိုသို့ ကျရောက်သူအား 'ချစ်မြတ်နိုးဖွယ်ရာ ငါ၏ ခန္ဓာကိုယ်'သည် ငါ့ကို စေကန်စွန့်ခွာသွားလိမ့်မည်၊ ငါသည်လည်း ချစ်ခင်မြတ်နိုးဖွယ်ရာ ငါ၏ ခန္ဓာကိုယ်ကို စွန့်ခွာသွားရပေတော့အံ့' ဟု စိတ်အကြံဖြစ်၏။

ထိုသူသည် စိုးရိမ်ပူဆွေး၏။ စိတ်ပင်ပန်းနွမ်းနယ်၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်၏။

ထိုသို့သောသူအား သေခြင်းသဘောသည် ဖြစ်လျက် သေခြင်းမှ ကြောက်သော၊ ထိတ်လန့်ခြင်းသို့ ရောက်သောသူဟူသည် ထိုသူပင်တည်း။

၃။ ကောင်းမှု မပြုရသေးသူ

နောက်တစ်မျိုးသော်ကား –

ဤလောက၌ အချို့သောသူသည်

(၁) အားကိုးထိုက်သော ကောင်းမှု ကုသိုလ်ကို မပြုရသေးဖြစ်နေ၏။

(၂) ကြောက်မက်ဖွယ် သံသရာဘေးမှ တားမြစ်ရေးကုသိုလ်ကို မဆည်းပူး ရသေး ဖြစ်နေ၏။

(၃) မကောင်းမှုကိုကား ပြုပြီး ဖြစ်နေ၏။

(၄) ရက်စက်ကြမ်းကြုတ်မှုကိုကား ပြုပြီး ဖြစ်နေ၏။

ထိုသူသို့ (သေလောက်သော)၊ ပြင်းပြသော ရောဂါအနာတစ်မျိုးမျိုးသည် ကျရောက်လာ၏။

ထိုသို့ ကျရောက်သောသူအား 'ငါသည် အားကိုးထိုက်သည့် ကောင်းမှုကိုကား မပြုမိလေစွ တကား၊ အားကိုးထိုက်သည့် ကုသိုလ်ကို မပြုမိလေ စွတကား။ ကြောက်မက်ဖွယ်သံသရာဘေးမှ တား မြစ်ရေးကုသိုလ်ကို မပြုမိလေစွတကား'။ မကောင်း မှုကို ပြုခဲ့မိပြီတကား၊ ရက်စက်ကြမ်းကြုတ်မှုကို ပြုခဲ့မိပြီတကား၊ ညစ်နွမ်းမှု (အကုသိုလ်)ကို ပြုခဲ့ မိပြီတကား ဟု စိတ်အကြံဖြစ်၏။

ထိုပုဂ္ဂိုလ်တို့၏ လားရောက်ရာ ဒုဂ္ဂတိသို့ ဘဝနောင်ခါ ငါလား ရောက်ရပေတော့အံ့ တကားဟု စိတ်ပင်ပန်းနွမ်းနယ်၏။ ငိုကြွေး၏။ ရင်ဘတ်စည်တီး မြည်တမ်း၏။ ပြင်းစွာတွေဝေခြင်းသို့ ရောက်၏။

ထိုသို့သော ပုဂ္ဂိုလ်အား သေခြင်း သဘော သည် ဖြစ်လျက်၊ သေခြင်းမှ ကြောက်သော ထိတ် လန့်ခြင်းသို့ ရောက်သော သူဟူသည် ထိုသူပင် တည်း။

၄။ သူတော်ကောင်းတရား၌ ယုံမှားသူ

နောက်တစ်မျိုးသော်ကား –

ဤလောက၌ အချို့သောသူတို့သည်

သူတော်ကောင်းတရား၌ ယုံမှား၏။ မဝေခွဲ နိုင်၊ ဆုံးဖြတ်ချက်ချခြင်းသို့ မရောက်နိုင်။

ထိုသူသို့ (သေလောက်သော) ပြင်းပြသော ရောဂါတစ်မျိုးမျိုးသည် ကျရောက်လာ၏။ ထိုသူအား 'စင်စစ် ငါသည် သူတော်ကောင်းတရား၌ ယုံမှားခဲ့ စွတကား၊ မဝေခွဲနိုင်ခဲ့စွတကား၊ မဆုံးဖြတ်နိုင်စွ တကား'ဟု ဤသို့ စိတ်အကြံဖြစ်၏။ ထိုသူသည် စိုးရိမ်ပူဆွေး၏။ စိတ်ပင်ပန်းနွမ်းနယ်၏။ ငိုကြွေး ၏။ ရင်ဘတ်စည်တီးမြည်တမ်း၏။ ပြင်းစွာတွေဝေ ခြင်းသို့ ရောက်၏။

ထိုသို့သော ပုဂ္ဂိုလ်အား သေခြင်းသဘော သည် ဖြစ်လျက်သေခြင်းမှ ကြောက်သော၊ ထိတ်လန့် ခြင်းသို့ ရောက်သော သူဟူသည် ထိုသူပင်တည်း ဟု မိန့်တော်မူ၏။

ယင်းသို့ သေခြင်းမှ ကြောက်သူ ထိတ်လန့် ခြင်းသို့ ရောက်သူ လေးယောက်ရှိသလို သေခြင်းမှ မကြောက်သူ ထိတ်လန့်ခြင်းသို့ မရောက်သူ လေးယောက်ရှိကြောင်းကိုလည်း ဆက်လက် မိန့်ကြားတော်မူ၏။

သေခြင်းမှ မကြောက်သူ လေးယောက်

သေခြင်းမှ မကြောက်သူ ထိတ်လန့်ခြင်းသို့ မရောက်သူ လေးယောက် ဟူသည်ကား–

၁။ ကာမဂုဏ်၌ တပ်မက်မှုကင်းသူ

ဤလောက၌ အချို့သောသူတို့သည်

(၁) ကာမဂုဏ်တို့၌ တက်မက်မှု (ရာဂ) ကင်း၏။

(၂) လိုလားတောင့်တမှု (ဆန္ဒ) ကင်း၏။

(၃) ချစ်မြတ်နိုးခြင်း (ပေမ) ကင်း၏။

(၄) မွတ်သိပ်ခြင်း (ပိပါသ) ကင်း၏။

(၅) ပူပန်ခြင်း (ပရိဠာဟ) ကင်း၏။

(၆) တွယ်တာမှု (တဏှာ) ကင်း၏။

ထိုသူတို့သည် (သေလောက်သော) ပြင်းပြသော ရောဂါအနာတစ်မျိုးမျိုးသည် ကျရောက်လာ၏။ ထိုသို့ ကျရောက်သောသူအား 'ချစ်ခင်မြတ်နိုးဖွယ်ရာ ကာမဂုဏ်တို့သည် ငါ့ကို စေကန် စွန့်ခွာသွားကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်မြတ်နိုးဖွယ်ရာ ကာမဂုဏ်တို့ကို စွန့်ခွာသွားရပေတော့အံ့' ဟု စိတ်အကြံမဖြစ်။

ထိုသူသည် နိုးရိမ်ပူဆွေးခြင်းမဖြစ်၊ စိတ်ပင်ပန်းခြင်းမရှိ၊ နွမ်းနယ်ခြင်းမဖြစ်၊ ငိုကြွေးရခြင်းနှင့် ရင်ဘတ်စည်တီးမြည်တမ်းခြင်းမဖြစ်၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်၊

ထိုသို့သော ပုဂ္ဂိုလ်အား သေခြင်းသဘောသည်ရှိသည်ဖြစ်လျက်၊ သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူပင်တည်း။

၂။ ခန္ဓာကိုယ်၌ တပ်မက်မှု ကင်းသူ

နောက်တစ်မျိုးသော်ကား -

ဤလောက၌ အချို့သော သူသည်

(၁) မိမိ၏ ခန္ဓာကိုယ်၌ တပ်မက်မှု (ရာဂ) ကင်း၏။

(၂) လိုလားတောင့်တမှု (ဆန္ဒ) ကင်း၏။

(၃) ချစ်မြတ်နိုးခြင်း (ပေမ) ကင်း၏။

(၄) မွတ်သိပ်ခြင်း (ပိပါသ) ကင်း၏။

(၅) ပူပန်ခြင်း (ပရိဠာဟ) ကင်း၏။

(၆) တွယ်တာမှု (တဏှာ) ကင်း၏။

ထိုသူသို့ (သေလောက်သော) ပြင်းပြ သော ရောဂါအနာတစ်မျိုးမျိုး ကျရောက်လာ၏။ ထိုသို့ ကျရောက်သောသူအား 'ချစ်ခင်မြတ်နိုးဖွယ်ရာ ငါ၏ခန္ဓာကိုယ်သည် ငါ့ကို စေကန် စွန့်ခွာသွားလိမ့်မည်။ ငါသည်လည်း ချစ်ခင်မြတ်နိုးဖွယ်ရာ ခန္ဓာကိုယ်ကို စွန့်ခွာသွားရပေတော့အံ့' ဟု ဤသို့ စိတ်အကြံမဖြစ်။

ထိုသူသည် နိုးရိမ်ပူဆွေးခြင်းမဖြစ်၊ စိတ်ပင်ပန်းခြင်းမရှိ၊ နွမ်းနယ်ခြင်းမဖြစ်၊ ငိုကြွေးရခြင်းနှင့် ရင်ဘတ်စည်တီး မြည်တမ်းခြင်းမဖြစ်၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။

ထိုသို့သော ပုဂ္ဂိုလ်အား သေခြင်းသဘောသည် ရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော၊ ထိတ်လန့်ခြင်းသို့ မရောက်သောသူပင်တည်း။

၃။ အားကိုးထိုက်သည့် ကုသိုလ်ကို ပြုပြီးသူ

ဤလောက၌ အချို့သောပုဂ္ဂိုလ်တို့သည်–

(၁) မကောင်းမှုကို မပြု၊

(၂) ရက်စက်ကြမ်းကြုတ်မှုကို မပြု၊

(၃) ညစ်နွမ်းမှု (အကုသိုလ်) မပြု၊

(၄) အားကိုးထိုက်သည့် ကုသိုလ်ပြုပြီး ဖြစ်၏။

(၅) ကြောက်မက်ဖွယ် သံသရာဘေးမှ တားမြစ်ရေးကို ပြုပြီးဖြစ်၏။

ထိုသူသည် (သေလောက်သော) ပြင်းပြ သော ရောဂါအနာတစ်မျိုးမျိုးသည် ကျရောက်လာ၏။ ထိုသို့ ကျရောက်လာသောသူအား 'ငါသည်

မကောင်းမှုကို မပြုမိခဲ့စွတကား၊ ရက်စက်ကြမ်းကြုတ်မှုကို မပြုမိခဲ့စွတကား၊ ညစ်နွမ်းမှု (အကုသိုလ်) မပြု မိခဲ့စွတကား အားကိုးထိုက်သည့်ကောင်းမှုကို ပြုပြီး ဖြစ်နေ၏။ ကြောက်မက်ဖွယ် သံသရာဘေးမှ တားမြစ်ရေးကို ပြုပြီးဖြစ်သော သူတို့၏ လားရောက်ရာ သုဂတိဘုံဘဝသို့ ဘဝနောင်ခါ၊ ငါလား ရောက်ရပေတော့အံ့တကား' ဟု ဤသို့ စိတ်အကြံဖြစ်၏။

ထိုသူသည် စိုးရိမ်ပူဆွေးခြင်း၊ စိတ်ပင်ပန်းခြင်းမဖြစ်၊ နွမ်းနယ်ခြင်းမဖြစ်၊ ငိုကြွေးရခြင်းမဖြစ်၊ ရင်ဘတ်စည်တီး မြည်တမ်းရခြင်းမဖြစ်၊ ပြင်းစွာတွေဝေခြင်းသို့ မရောက်၊ ထိုသို့သောသူအား သေခြင်း သဘောသည် ရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူပင်တည်း။

၄။ သူတော်ကောင်းတရား၌ ယုံမှားကင်းသူ

ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည်

(၁) သူတော်ကောင်းတရား၌ ယုံမှားမှု မရှိ၊

(၂) ကောင်းမှု မကောင်းမှု ခွဲခြားနိုင်၏။

(၃) မကောင်းမှုကို မပြုဟု ဆုံးဖြတ်ချက်ချနိုင်၏။

(၄) ကောင်းမှုကို ပြုဖြစ်အောင် ပြုနိုင်၏

ထိုသူသို့ သေလောက်သော ပြင်းပြသော ရောဂါအနာတစ်မျိုးမျိုး ကျရောက်လာ၏။ ထိုသို့ ကျရောက်လာသောသူအား 'ငါသည် စင်စစ် သူတော်ကောင်းတရား၌ ယုံမှားမှုမရှိ၊ ဝေခွဲနိုင်၏။ ဆုံးဖြတ်ချက် ချနိုင်၏။ စိတ်အကြံဖြစ်၏။

ထိုသူသည် စိုးရိမ်ပူဆွေးရခြင်းမဖြစ်၊ စိတ်ပင်ပန်းရခြင်းမဖြစ်၊ နွမ်းနယ်ရခြင်းမဖြစ်၊ ငိုကြွေးရခြင်းမဖြစ်၊ ရင်ဘတ်စည်တီး မြည်တမ်းရခြင်း မဖြစ်၊ ပြင်းစွာတွေဝေခြင်းသို့ မရောက်၊

ထိုသို့သော သူအား သေခြင်းသဘောသည် ရှိလျက် သေခြင်းမှ မကြောက်၊ ထိတ်လန့်ခြင်းသို့ မရောက်သော သူပင်တည်း။

ဒါယကာတော်ပုဏ္ဏား . . .သေခြင်းသဘောသည် ရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူတို့သည် ဤ ၄ မျိုးတို့တည်း ဟု မိန့်တော်မူ၏။

(အံ၊ ၁၊ ၄၉၃၊ ၄၉၅)

ဤကား အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ အဘယသုတ္တန် ဖြစ်ပါသည်။ ထိုသုတ္တန်တွင် သေခြင်းမှ ကြောက်ရွံ့ထိတ်လန့်သူ ပုဂ္ဂိုလ် ၄–မျိုး မကြောက်ရွံ့ မထိတ်လန့်သူ ပုဂ္ဂိုလ် ၄–မျိုး ပေါင်း ပုဂ္ဂိုလ် ၈–မျိုးတို့ကို ခွဲခြားဝေဖန်၍ ဟောကြားထားတော်မူ၏။*

ထို့တွင် ပထမအုပ်စု ၄–မျိုးတို့ကား ကိုးကွယ်အားထားရမည့် နာထတရား ထင်ရှားမရှိသည့်အတွက် ငိုပွဲဆင်ကာ 'မဲ့သေ' သေရမည့် ပုဂ္ဂိုလ် ၄–မျိုးတို့ ဖြစ်၏။

ဒုတိယအုပ်စုပုဂ္ဂိုလ် ၄–မျိုးတို့ကား ကိုးကွယ်အားထားရမည့် နာထတရား ထင်ရှားရှိကြသည့်အတွက် 'ပြုံးသေ' သေရမည့် ပုဂ္ဂိုလ် ၄–မျိုးတို့ ဖြစ်ကြ၏။

အထက်တင်ပြချက်များဖြင့် တောရဆရာတော်ဘုရားကြီးသည် သေရမည်ကို ကြောက်သူဖြစ်လေမလား၊ မကြောက်သူ ဖြစ်လေမလား ဝေဖန်ပိုင်းခြားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဆက်လက်၍ ကိုးကွယ် အားထားရာတရား ၁၀–ပါးကိုလည်း တောရဆရာတော်ဘုရားကြီး၏ဘဝနှင့် ထင်ဟပ်နိုင်ရန် တင်ပြလိုက်ပါသည်။

* အင်္ဂုတ္တရနိကာယ်စတုက္ကနိပါတ် အဘယသုတ္တန်နှင့် ဖားအောက်တောရဆရာတော်၏ နာထသုတ္တန် (ပ–တွဲ)

ကိုယ်ကွယ်အားထားရာ ဟူသည်-

နာထတရား ၁၀-ပါး

ရဟန်းတို့ မှီခိုအားထားရာ နာထတရား ထင်ရှားရှိကုန်သည်ဖြစ်၍ နေထိုင်ကြကုန်လော့၊ မှီခိုအားထားရာ နာထတရား ထင်ရှားမရှိကြကုန်ဘဲ နေထိုင်ခြင်း မပြုကြကုန်လင့်။*

ရဟန်းတို့၊ မှီခိုအားထားရာ နာထတရား ထင်ရှားမရှိသူသည် ဆင်းဆင်းရဲရဲ နေထိုင်ရ၏။ (အံ ၃၊ ၂၇၅-၂၇၇)

မြတ်ဗုဒ္ဓသည် ဤသို့ နိဒါန်းပျိုးကာ နာထတရား ၁၀-ပါးကို တစ်ပါးပြီးတစ်ပါး ဟောကြားတော်မူလေသည်။ ယင်း နာထတရား ၁၀ ပါးတို့နှင့် ပြည့်ပြည့်စုံစုံ နေထိုင်သော ပုဂ္ဂိုလ်မျိုးကို သနာထ ဝိဟာရီပုဂ္ဂိုလ်ဟု ခေါ်ဆို၏။ ယင်း ၁၀-ပါးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) ပဌမနာထတရား - သီလရှိခြင်း၊

(၂) ဒုတိယနာထတရား - ဗဟုသုတရှိခြင်း၊

(၃) တတိယနာထတရား - ကလျာဏမိတ္တရှိခြင်း၊

(၄) စတုတ္ထနာထတရား - ဆုံးမလွယ်ကူခြင်း၊

(၅) ပဉ္စမနာထတရား - ကူညီရိုင်းပင်းမှုရှိခြင်း၊

(၆) ဆဋ္ဌ နာထတရား - တရားကို မြတ်နိုးခြင်း၊

(၇) သတ္တမ နာထတရား - လုံ့လဝီရိယ ရှိခြင်း၊

(၈) အဋ္ဌမနာထတရား - ရောင့်ရဲလွယ်ခြင်း၊

(၉) နဝမ နာထတရား - သတိရှိခြင်း၊

(၁၀) ဒသမမြောက် နာထတရား - ဝိပဿနာမဂ်ပညာရှိခြင်း၊

စသည့် ၁၀-ပါးသော တရားတော်များဖြစ်လေသည်။

ရှင်းလင်းချက်

(၁) ပဌမနာထတရား - သီလရှိခြင်း

ဤသာသနာတော်၌ ရဟန်း သို့မဟုတ် ယောဂီသည် သီလရှိ၏။ ပါတိမောက္ခသံဝရသီလဟု ခေါ်ဆိုအပ်သည့် ဝိနည်းသီလတော်ကို စောင့်စည်းလျက်နေထိုင်၏။

ကျင့်ဝတ်ပဋိပတ်ကို ပြည့်ကျင့်ခြင်းဟူသော အကျင့် အာစာရ ကျက်စားသင့် ကျက်စားထိုက်သည့် အာရုံ+အရပ်တို့၌ ကျက်စားခြင်း ဟူသည့် ကျက်စားရာ ဂေါစရနှင့် ပြည့်စုံ၏။ အဏုမြူပမာ သေးငယ်လှသော အပြစ်တို့၌သော်လည်း အလွန်ကြောက်မက်ဖွယ်ဘေးဟု ရှုမြင်လေ့ရှိ၏။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏။ ဤတရားသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားတည်း။ (အံ ၃၊ ၂၇၅)

ဝိနည်းဒေသနာတော်၌ လာရှိသော သီလကျင့်စဉ်မှာလည်း ကျယ်ပြန့်နက်ရှိုင်းသော သဘောရှိ၏။ သာသနာတော်၌ အထွတ်အထိပ်ထားအပ်သော ကျင့်စဉ်ဖြစ်သည့် မဂ္ဂဗြဟ္မစရိယ အမည်ရသည့်အရိယမဂ်ကျင့်စဉ်သို့ ဆိုက်ရောက်ရေးအတွက် သာသနဗြဟ္မစရိယ အမည်ရသည့်သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ်များကို စနစ်တကျ ကျင့်ကြံကြိုးကုတ်မှုများ အားထုတ်ရမည်ဖြစ်ရာ ရှေးဦးစွာဖြည့်ကျင့်ရမည့် ကျင့်စဉ်ကား သီလကျင့်စဉ်ပင်ဖြစ်၏။

အရိယမဂ်ဉာဏ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသည့် သူတော်ကောင်းတိုင်း မချွတ်ကေန် ကျင့်ရမည့်ကျင့်စဉ်ကား သီလ ကျင့်စဉ်ပင်ဖြစ်၏။

သိက္ခာသုံးရပ် အကျင့်မြတ်တို့တွင် အခြေခံ အုတ်မြစ်ဖြစ်သည့် သီလကျင့်စဉ်ကို ရှေးဦးစွာ ဖြည့်ကျင့်ရမည် အမှန်ပင်ဖြစ်လေသည်။

---

* ဖားအောက်တောရဆရာတော်၏ နာထသုတ္တန် (ပ-တွဲ) ဒုတိယအကြိမ်-၂၀၀၆

သီလ၏ အကျိုးဂုဏ် အာနိသင်

ဤသို့လျှင် အပြစ်မရှိသော အနဝဇ္ဇကံနှင့် အနဝဇ္ဇသီလတို့သည် အဘယ်အကျိုးရှိအံ့နည်း ဟူ၍၊ မြတ်စွာဗုဒ္ဓသည် 'ကိမတ္ထိယ သုတ္တန်' ဒေသနာတော်၌ ဟောကြားတော်မူခဲ့လေသည်။ သီလ၏ အကျိုးဂုဏ် အာနိသင်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ သီလ၏အကျိုးသည် = နှလုံးရွှင်လန်းမှု (အဝိပ္ပဋိသာရ) အကျိုးရှိ၏

၂။ အဝိပ္ပဋိသာရ–နှလုံးရွှင်လန်းမှုသည် = ဝမ်းမြောက်ခြင်း (ပါမောဇ္ဇ) အကျိုးရှိ၏။

၃။ ပါမောဇ္ဇ=ဝမ်းမြောက်မှုသည် = နှစ်သက်ခြင်း (ပီတိ) အကျိုးရှိ၏။

၄။ ပီတိ = နှစ်သက်မှုသည် = ကိုယ်စိတ်ငြိမ်းချမ်းခြင်း (ပဿဒ္ဓိ) အကျိုးရှိ၏။

၅။ ပဿဒ္ဓိ = ကိုယ်စိတ်ငြိမ်းချမ်းမှုသည်= ချမ်းသာခြင်း (သုခ) အကျိုးရှိ၏။

၆။ သုခ = ချမ်းသာမှုသည် = စိတ်တည်ကြည်ခြင်း (သမာဓိ) အကျိုးရှိ၏။

၇။ သမာဓိ = စိတ်တည်ကြည်မှုသည် = ဟုတ်တိုင်းမှန်စွာသိမြင်ခြင်း (ယထာဘူတဉာဏဒဿန) အကျိုးရှိ၏။

၈။ ယထာဘူတဉာဏဒဿန = ဟုတ်တိုင်းမှန်စွာ သိမှုသည် = ငြီးငွေ့ခြင်း (နိဗ္ဗိဒါ)အကျိုးရှိ၏။

၉။ နိဗ္ဗိဒါ = ငြီးငွေ့မှုသည်= တပ်မက်မှုကင်းခြင်း (ဝိရာဂ) အကျိုးရှိ၏။

၁၀။ ဝိရာဂ = တပ်မက်ခြင်းကင်းမှုသည်= လွတ်မြောက်ခြင်း (ဝိမုတ္တိ)နှင့် လွတ်မြောက်မှုကို သိသော ဉာဏ်အမြင် (ဝိမုတ္တိဉာဏဒဿန) အကျိုးရှိ၏။ (အံ - ၃၊ ၂၅၈)

(အင်္ဂုတ္တရနိကာယ်၊ ဒသနိပါတ်)

၂။ ဒုတိယနာထတရား = ဗဟုသုတရှိခြင်း

နောက်တစ်မျိုးကား ရဟန်း သို့မဟုတ် ယောဂီသည် အကြားအမြင် (ဗဟုသုတ) များပြား၏။ အကြားအမြင် (ဗဟုသုတ) ကို ဆောင်ထားနိုင်၏။ အကြားအမြင် (ဗဟုသုတ) ကို ဆည်းပူး၏။

- ♦ သီလကျင့်စဉ်ဟူသော အစ၏ ကောင်းခြင်း၊
- ♦ သမာဓိကျင့်စဉ်ဟူသော အလယ်၏ ကောင်းခြင်း၊
- ♦ ပညာကျင့်စဉ်ဟူသော အဆုံး၏ကောင်းခြင်း၊

ဟူသည့် ကောင်းခြင်းသုံးဖြာ လက္ခဏာနှင့် ပြည့်စုံ၏။

အနက်အဓိပ္ပါယ်နှင့်လည်းပြည့်စုံ, သဒ္ဒါနှင့်လည်းပြည့်စုံ, အပိုအလိုမရှိသဖြင့် အလုံးစုံနှင့်လည်းပြည့်စုံကုန်သော, စင်ကြယ်လျက် ဖြူစင်မြင့်မြတ်သော, ကျင့်စဉ်ကို ဖော်ပြတတ်သော သဘောရှိကုန်သော တရားတော်များကို ထိုရဟန်းသည်များစွာ သင်ကြားထားအပ်ကုန်၏။

စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင်ရှုပွား သုံးသပ်ထားအပ်ကုန်၏။ တရားကိုယ် အနက်သဘောအားဖြင့်လည်းကောင်း၊ အကြောင်းတရားအားဖြင့်လည်းကောင်း၊ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ထားအပ်ကုန်၏။

ထိုရဟန်းသည် ယင်းသို့ များစွာ သင်ကြားအပ်၏။ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ကုန်၏–ဟူသော ဤတရားသည်လည်း မှီနိအား

ထားရာကို ပြတတ်သော နာထတရားပင်တည်း။

(အံ-၃၊ ၂၇၅)

ဗဟုသုတ ၂-မျိုး

(၁) အာဂမသုတ = ပရိယတ္တိ တရားတော်ကို နှုတ်ငုံဆောင်ကာ သင်ယူထားသည့် သင်သိအနေဖြင့် ရရှိသော အသိမျိုးကို (ဗဟုသုတမျိုးကို) အာဂမသုတ ဟုခေါ်၏။

ပရိယတ္တိ ဗဟုသုတဟုလည်း ခေါ်၏။ ဆရာသမားထံမှ နားဖြင့် ဆက်ဆက်ကြားနာကာ ရရှိထားအပ်သည့် အသိဖြစ်ခြင်းကြောင့် အကြားသုတဟုလည်း ခေါ်၏။

(၂) အဓိဂမသုတ = ပဋိဝေဓ ဗဟုသုတလည်းခေါ်၏။ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ ပဋိသမ္ဘိဒါဉာဏ်လေးပါး၊ ဝိဇ္ဇာသုံးပါး၊ အဘိဉာဏ်ခြောက်ပါးတို့သည် အဓိဂမ မည်ပေသည်။ ထိုအဓိဂမကား အထွဋ်အထိပ်သို့ ရောက်ရှိနေသော အဓိဂမတည်း။

အထက်ပါ အဓိဂမများကို ရရှိရန်အတွက် အခြေခံလိုအပ်သော ဗဟုသုတဖြစ်သည့် အဓိဂမသုတကို စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် စေ့စေ့ငုငု ကြည့်ရှုဆင်ခြင် ရှုပွားသုံးသပ်ထားအပ်ကုန်၏။ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွန်းဖောက်သိမြင်ထားအပ်ကုန်၏။

<u>ဆိုလိုရင်း</u> အဓိဂမသုတဟူသည် - အာဂမသုတဖြင့် မိမိ သင်ယူထားသော ပရိယတ္တိတရားတော်၌ လာရှိသော တရားဓမ္မများကို အနက်သဘောအရ အကျိုးဝိပါတ်တရား ကိရိယာတရားများသည် အကြောင်းတရား၏ စွမ်းအားကြောင့် ရအပ်ရောက်အပ်သော တရားများဖြစ်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာဟူသည် အဘယ်နည်းဟူမူ . . .

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ

အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ အဝိဇ္ဇာအကြောင်းခံကြောင့် = သင်္ခါရတို့ ဖြစ်ကုန်၏။

၂။ သင်္ခါရအကြောင်းခံကြောင့် = ဝိညာဏ်ဖြစ်၏။

၃။ ဝိညာဏ်အကြောင်းခံကြောင့် = နာမ်ရုပ်ဖြစ်၏။

၄။ နာမ်ရုပ်အကြောင်းခံကြောင့် = သဠာယတနဖြစ်၏။

၅။ သဠာယတန အကြောင်းခံကြောင့် = ဖဿဖြစ်၏။

၆။ ဖဿအကြောင်းခံကြောင့် = ဝေဒနာဖြစ်၏။

၇။ ဝေဒနာအကြောင်းခံကြောင့် = တဏှာဖြစ်၏။

၈။ တဏှာအကြောင်းခံကြောင့် = ဥပါဒါန်ဖြစ်၏။

၉။ ဥပါဒါန်အကြောင်းခံကြောင့် = ကမ္မဘဝ+ဥပပတ္တိဘဝဖြစ်၏။

၁၀။ ကမ္မဘဝအကြောင်းခံကြောင့် = ဇာတိဖြစ်၏။

၁၁။ ဇာတိအကြောင်းခံကြောင့် = ဇရာမရဏဖြစ်၏။

၁၂။ ဇရာမရဏအကြောင်းခံကြောင့် = သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပယာသတို့ ဖြစ်ကုန်၏။

ဤသို့လျှင် ချမ်းသာမဖက် သက်သက်သော ဒုက္ခတုံး ဒုက္ခအစုအပုံ၏ ဖြစ်ကြောင်းသဘော၊ ဖြစ်ခြင်းသဘောသည်ဖြစ်၏။

ဤကြောင်းကျိုးဆက်နွယ်မှု သဘောတရားကို ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာဟူ၍ ဆိုအပ်၏။ (အံ ၁၊ ၁၇၈)

သံသရာလည်ကြောင်းနှင့် ထွက်မြောက်ကြောင်းတရား

သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ဟူသော ရှေးသစ္စာ နှစ်ပါးတို့သည် သံသရာဝဋ်ဆင်းရဲဒုက္ခ၌ လည်ပတ်ရာ လည်ပတ်ကြောင်း သစ္စာတရားများ ဖြစ်ခြင်းကြောင့် ဝဋ္ဋသစ္စာ မည်၏။

နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ ဟူသော နောက်သစ္စာနှစ်ပါးသည် သံသရာဝဋ်မှ ကင်းရာကင်းကြောင်း၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်သောကြောင့် ဝိဝဋ္ဋသစ္စာ မည်၏။ လောကုတ္တရာ နိရောဓသစ္စာ = (နိဗ္ဗာန်တရားတော်မြတ်)မည်ပါ၏။

ယင်းဝဋ္ဋသစ္စာတရားနှစ်ပါးတို့တွင် ဒုက္ခသစ္စာ အမည်ရသည့် ဥပါဒါနက္ခန္ဓာ ငါးပါး (ရုပ်တရား+ နာမ်တရား) တို့ကို ထိုးထွင်းသိတတ်သော သမ္မာဒိဋ္ဌိကို နာမရူပ ပရိစ္ဆေဒဉာဏ်ဟုလည်းကောင်း၊ ယင်း ဒုက္ခသစ္စာ၏ အကြောင်းရင်း သမုဒယသစ္စာကို ထိုးထွင်းသိတတ်သော သမ္မာဒိဋ္ဌိ ပစ္စယပရိဂ္ဂဟဉာဏ်ဟုလည်း ခေါ်ဆိုပေသည်။

နာမရူပနှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်နှစ်ပါးရလျှင်

ဒုက္ခသစ္စာတရား၊ သမုဒယသစ္စာနှစ်ပါးတို့ကို သိအောင် ကြိုးစားအားထုတ်ပုံကို စနစ်တကျ သင်ယူကာ လက်တွေ့ သမာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက်ထွင်းဖောက်သိမြင်အောင် ကြိုးပမ်းရ၏။

နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်ကို ရအောင် သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ်များကို အဆင့်ဆင့် ကျင့်သုံးရမည် ဖြစ်သည်။ အောင်မြင်မှုရရှိပါက မိမိသည် ဘုရားရှင်ဟောကြားတော်မူသည့် ဒုတိယနာထ တရားကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ရပြီဟု ပြောဆိုနိုင်ပြီဖြစ်လေသည်။

အင်္ဂါ ၉–တန်နှင့် ပြည့်စုံသော ဘုရားရှင်၏ တရားတော်

နောက်ထပ် တဆင့်တက်၍ ဗဟုသုတ ရှိရန်မှာ ဘုရားရှင်ဟောကြားပြသ ဆိုဆုံးမထားတော်မူခဲ့သော တရားတော်များသည် အင်္ဂါ ၉–တန်ရှိ၏။ ယင်း အင်္ဂါ ၉–တန်မှာ–

၁။ သုတ္တ = သုတ္တအမည်ရသော တရားတော်၊

၂။ ဂေယျ = ဂါထာနှင့် စကားပြေနှစ်တွေ ရောနေသော တရားတော်၊

၃။ ဝေယျာကရဏ = ဂါထာမဖက် သက်သက်သော စကားပြေတရားတော်၊

၄။ ဂါထာ = ဂါထာတရားတော်၊

၅။ ဥဒါန = ဥဒါန်း ဝမ်းမြောက်စွာ မြွက်ဆိုကျူးရင့်အပ်သော တရားတော်၊

၆။ ဣတိဝုတ္တက = ဣတိဝုတ် = ဝုတ္တံ ဟေတံ ဘဂဝတာ = ဤသို့ ဘုရားရှင်သည် ဟောကြားတော်မူအပ်၏။ ဤသို့ အစချီလျက် နိဒါန်းပျိုးထားသော တရားတော်၊

၇။ ဓာတက = ဓာတ်တော်၊

၈။ အဗ္ဘုတဓမ္မ = မဖြစ်စဖူး အဦးအသစ် အံ့ဖွယ်ရာတို့နှင့် ဆက်စပ်နေသော တရားတော်၊

၉။ ဝေဒလ္လ = အသိဉာဏ်ထူးကိုလည်း ရှိ၍ နှစ်သက်ဝမ်းမြောက်မှုကိုလည်း ရှိသော အမေး အဖြေ တရားတော်၊

ဤသို့ ဤပုံ အင်္ဂါ ၉–တန်နှင့် ပြည့်စုံတော်မူသော တရားတော်များကို နာကြားရခြင်းအားဖြင့် ပရိယတ္တိ သင်ယူသိမှုမှ ပဋိပတ္တိ အဆင့်သို့ ကူးကာ အောင်အောင်မြင်မြင် လက်တွေ့ကျင့်သုံးနိုင်သဖြင့် ပဋိဝေဓသို့ ဆိုက်ရောက်သွားလေကုန်သည်ဟုလည်း သိနားလည်သော ဗဟုသုတရှိရန် လိုလေသည်။

၃။ တတိယနာထတရား = ကလျာဏမိတ္တ ရှိခြင်း

နောက်တစ်မျိုးသော်ကား–ရဟန်း သို့မဟုတ် ယောဂီသည် မိတ်ကောင်းဆွေကောင်း ဆရာကောင်းသမားကောင်းတည်းဟူသော အဆွေခင်ပွန်းကောင်းရှိ၏။ အပေါင်းအဖော်ကောင်းရှိ၏။ အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းသောစိတ်ထားရှိ၏။

ထိုတရားသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားပင်တည်း။(အံ ၃၊ ၂၇၅)

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း သာကီဝင်မင်းတို့၏ နာဂရကအမည်ရသော နိဂုံးရွာ၌ သီတင်းသုံး နေတော်မူ၏။

အရှင်အာနန္ဒာမထေရ်သည် ဘုရားရှင်ထံသို့ ချဉ်းကပ်ကာ ရှိခိုးဝတ်ပြုပြီးနောက် ဤသို့ လျှောက်၏။ မြတ်စွာဘုရား (မိတ်ကောင်းဆွေကောင်း ဆရာကောင်း သမားကောင်းတည်းဟူသော) အဆွေခင်ပွန်းကောင်းရှိသော သူ၏အဖြစ်၊ အပေါင်းအဖော်ကောင်းရှိသော သူ၏အဖြစ်၊ အဆွေခင်ပွန်းကောင်းတို့၌ ညွတ်ကိုင်းရှိုင်းသော စိတ်ထားရှိသော သူ၏ အဖြစ်သည် ဖြူစင်မြင့်မြတ်သော အရိယမဂ် အကျင့်၏ ထက်ဝက်ကို ပြီးစေနိုင်ပါ၏– မြတ်စွာဘုရား ဟု လျှောက်ထား၏။

မြတ်စွာဘုရားရှင်က အာနန္ဒာ ဤသို့ မပြောဆိုသင့်၊ မိတ်ကောင်း၊ ဆွေကောင်း ဆရာသမားကောင်း အပေါင်းအဖော်ကောင်းရှိသော သူ၏အဖြစ်၊ အဆွေခင်ပွန်းတို့၌ ညွတ်ကိုင်းသော စိတ်ထားရှိသော သူ၏အဖြစ်သည် ဖြူစင်မြင့်မြတ်သော 'အရိယမဂ်' အားလုံးကို ပြီးစေနိုင်ပါ၏။

ယင်းသို့ စိတ်ထားရှိသောသူအား ဖြူစင်မြင့်မြတ်သည့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သူအား ထိုအကျိုးကို မချွတ်ကေန် ရလိမ့်မည်ဟု မှော်လင့်အပ်၏ မိန့်တော်မူ၏။

ကလျာဏမိတ္တ = (အဆွေခင်ပွန်းကောင်း) ဖြစ်သော ငါဘုရားရှင်ကို အကြောင်းပြု၍ –

♦ ပဋိသန္ဓေ တည်နေရခြင်း သဘောတရား ထင်ရှားရှိကြကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေတည်နေရခြင်း သဘောတရားမှ လွတ်မြောက်ကြကုန်၏။

♦ အိုခြင်းသဘောတရား ထင်ရှားရှိကြကုန်သော သတ္တဝါတို့သည် အိုခြင်းသဘောတရားမှ လွတ်မြောက်ကြကုန်၏။

♦ နာခြင်း သဘောတရား ထင်ရှားရှိကြကုန်သော သတ္တဝါတို့သည် နာခြင်း သဘောတရားမှ လွတ်မြောက်သွားကြကုန်၏။

♦ သေခြင်းသဘော ထင်ရှားရှိကြကုန်သော သတ္တဝါတို့သည် သေခြင်းသဘောတရားမှ လွတ်မြောက်သွားကြကုန်၏။

◆ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူပန်ခြင်း သဘောတရား ထင်ရှားရှိကြကုန်သော သတ္တဝါတို့သည် ပူဆွေးရခြင်း ငိုကြွေးခြင်း ကိုယ်စိတ်ဆင်းရဲရခြင်း စိတ်ဆင်းရဲရခြင်း၊ ပြင်းစွာပူပန်ရခြင်း သဘောတရားတို့မှ လွတ်မြောက်သွားကြကုန်၏။ ဟု မိန့်တော်မူ၏။

[ဤစာစု ဖတ်ရှုနေသော အသင်သူတော်ကောင်းသည် ဆရာသမားထံမှ အတတ်ပညာသင်ယူခြင်းမရှိဘဲ မိမိ၏ ထိုးထွင်းဉာဏ်သက်သက်ဖြင့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားများကို ကျင့်တတ်ပါသလားမေးလျှင် မည်သို့ဖြေမည်နည်း။ မိမိကိုယ်ကို မိမိမေးစေချင်ပါ၏။] (စာရေးသူ)

လောက၌ မြတ်စွာဘုရားရှင်သာ ပွင့်တော်မမူခဲ့ပါလျှင် မဂ္ဂင်ရှစ်ပါး အကျင့်တရား သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက်ထွင်းဖောက်သိမြင်လျက် ကျင့်နိုင်သော သာဝကသည် မရှိနိုင်လေရာ။

အရှင်သာရိပုတ္တရာကဲ့သို့သော သူတော်ကောင်းကြီးသည်ပင် အရှင်အဿဇိမထေရ်ထံမှ **'ယေဓမ္မာဟေတုပ္ပဘဝါ'** အစရှိသည့် သစ္စာလေးပါးနှင့်စပ်သည့် တရားစကားကို နာကြားခွင့်ရရှိပါမှ မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်နိုင်ခဲ့ပေသည်။

ဤမျှဖြင့် ကလျာဏမိတ္တရှိရန် မည်မျှအရေးကြီးကြောင်း သိအပ်နိုင်ပြီဖြစ်လေသည်။ ဤသည်မှာလည်း မှီခိုအားထားရာ နာထတရားပင်တည်း။

ကလျာဏမိတ္တ ပညာရှိတို့၏ သဘောလက္ခဏာ

ကလျာဏမိတ္တ ပညာရှိတို့၏ သဘောလက္ခဏာများမှာ အောက်ပါအတိုင်း ဖြစ်ကြောင်းဖော်ပြအပ်ပါသည်။

၁။ နည်းမှန်လမ်းမှန်ကို ညွှန်ကြားပြသတတ်သူ၊

၂။ တိုက်တွန်းရန် မသင့်သည့် လုပ်ငန်းကို မည်သည့်အခါမျှ လုပ်သာလုပ်ပါဟု တိုက်တွန်းခြင်းမပြုတတ်သူ၊

၃။ နည်းမှန်လမ်းမှန် အကျင့်မှန်ကို အထွတ်အမြတ်ထားတတ်သူ၊

၄။ အကြောင်းနှင့် အကျိုးကို ထင်ရှားဖော်ပြ ကောင်းစွာ ဆိုဆုံးမအပ်သည်ကို အမျက်မထွက်တတ်သူ၊

၅။ လူ့ဝိနည်း ရဟန်းဝိနည်း ကောင်းစွာသိ၍ ကောင်းစွာ ကျင့်တတ်သူ၊

ယင်းကဲ့သို့သော ကလျာဏမိတ္တ သူတော်ကောင်းကို ပေါင်းဖော်ယှဉ်တွဲ ဆည်းကပ်ရခြင်းသည် အားကိုးရာ အစစ်နာထတရားတို့ပင်တည်း။

(အင်္ဂုတ္တိုရ်၊ ၃၊ ၅၊ ၂၆၆)

၄။ စတုတ္ထ နာထတရား = ဆုံးမလွယ်ကူခြင်း

နောက်တစ်မျိုးကား ရဟန်း သို့မဟုတ် ဒါယကာသည် ဆိုဆုံးမလွယ်ကူ၏။ ဆုံးမလွယ်ကူကြောင်း တရားတို့နှင့် ပြည့်စုံ၏။ သည်းခံနိုင်၏။ အဆုံးအမကို အရိုအသေ ခံယူတတ်၏။

ထိုတရားများသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားများပင်တည်း။

အဆုံးအမကို အရိုအသေ ဦးထိပ်ရွက်ပန်ဆင်လျက် ခံယူတတ်ခြင်းသည်ကား မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိရေးအတွက် အလွန်အရေးကြီးလှ၏။

အချို့ ပုဂ္ဂိုလ်တို့သည် ဆုံးမစကားကို ဝဲဖက်နားမှ နာယူကာ လက်ျာနားမှ ထိုအဆုံးအမကို လွှင့်

ပစ်တတ်၏။ မကြားယောင်ဆောင်ကာမူလည်း သွားတတ်၏။ သူတော်ကောင်းဖြစ်လိုသူကား ဤသို့မပြုကျင့်ဘဲ အရှင်ဘုရား တပည့်တော်ကို ဆုံးမတော်မူပါ၊ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဆိုဆုံးမတော်မူပါ၊ အရှင်ဘုရားတို့ ဆုံးမခြင်း မပြုလျှင် အဘယ်မည်သော တစ်စုံတစ်ယောက်သော အခြားသော ပုဂ္ဂိုလ်တစ်ဦးသည် ဆုံးမပါအံ့နည်း ဟု ပြောဆိုကာ အဆုံးအမကို အရိုအသေ ဦးထိပ်ရွက် ပန်ဆင်လျက် ခံယူတတ်ကြပေသည်။

အရှင်ရာဟုလာ

အရှင်ရာဟုလာကား သိက္ခာသုံးရပ်အကျင့်မြတ်ကို လိုလားတောင့်တသော အရာ၌ ဧတဒဂ်ဘွဲ့ထူး ရရှိတော်မူခဲ့၏။ ဆုံးမလွယ်ကူသည့် သုဝစဂုဏ်နှင့်လည်း ပြည့်စုံသူဖြစ်၏။ သည်းခံခြင်း ခန္တီတရားနှင့်လည်း ပြည့်စုံ၏။ အဆုံးအမကို ဦးထိပ်ရွက်ပန်ဆင်လျက် အရိုအသေခံယူတတ်၏။

ဘုရားရှင်က အရှင်ရာဟုလာကို စံထား၍ ဆုံးမခဲ့ပုံများကို ပြန်လည်ဟောပြတော်မူခဲ့၏။ မဟာရာဟုလောဝါဒသုတ် (မ၊ ၂၊ ၈၆၊ ၈၇)တွင် ဤသို့ ဟောပြဆုံးမတော်မူခဲ့၏။

ရာဟုလာ – မဟာပထဝီမြေကြီးနှင့် တူညီသွားအောင် သင်ချစ်သား၏ စိတ်ကို ပွားများအားထုတ်ပါ၊ မဟာပထဝီမြေကြီးနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်၏စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်။

ဥပမာသော်ကား မဟာပထဝီမြေကြီးပေါ်၌ စင်ကြယ်သော အရာဝတ္ထုကိုလည်း ပစ်ချကြကုန်၏။ ကျင်ကြီး၊ ကျင်ငယ်၊ တံထွေး၊ ပြည် စသည်ကိုလည်း ပစ်ချကြကုန်၏။

မဟာပထဝီမြေကြီးသည် စင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထုဖြင့် ငြီးငွေ့ရွံရှာ စစ်ဆုတ်မှုမဖြစ်၊ ရာဟုလာ သင်ချစ်သားသည် ဤဥပမာအတူသာလျှင် မဟာပထဝီမြေကြီးနှင့် တူညီသွားအောင် သင်ချစ်သား၏ စိတ်ဓာတ်ကို ပွားများအားထုတ်ပါ။

ယင်းသို့ ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းကုန်သော နှစ်သက်ဖွယ်မနှစ်သက်ဖွယ် အာရုံ အတွေ့အထိတို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်။

ရာဟုလာ – ရေနှင့်တူညီသွားအောင် သင် ချစ်သား၏စိတ်ဓာတ်ကို ပွားများအားထုတ်ပါ၊ ရေနှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းသော နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်" ဥပမာသော်ကား ရေ၌ စင်ကြယ်သော အရာဝတ္ထုကိုလည်း ဆေးကြောကြကုန်၏။ မစင်ကြယ်သော အရာဝတ္ထုကိုလည်း ဆေးကြောကြကုန်၏။ ကျင်ကြီး၊ ကျင်ငယ်၊ တံထွေးကိုလည်း ဆေးကြော ကြကုန်၏။

ရေသည် စင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထုဖြင့် ငြီးငွေ့ရွံရှာ စက်ဆုတ်မှုမဖြစ်။

ဤဥပမာ အတူသာလျှင် သင်ချစ်သားသည် ရေနှင့်တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းသော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည်

သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်။

ရာဟုလာ – မီးနှင့်တူညီသွားအောင် သင်ချစ်သား၏ စိတ်ဓာတ်ကို ပွားများအားထုတ်ပါ၊ မီးနှင့်တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်း ကုန်သော အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်။

ဥပမာသော်ကား မီးသည် စင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထု လောင်ကျွမ်းပစ်၏။ ကျင်ကြီး ကျင်ငယ်၊ တံထွေး၊ ပြည်၊ သွေး အားလုံးကို လောင်ကျွမ်းပစ်၏။ မီးသည် စင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထုဖြင့် ငြီးငွေ့ရွံရှာ စက်ဆုတ်မှုမဖြစ်၊

ဤ ဥပမာ အတူသာလျှင် သင်ချစ်သား၏ စိတ်ဓာတ်ကို မီးနှင့်တူညီသွားအောင် ပွားများအားထုတ်နေသောသင့်အား ဖြစ်ပေါ်လာတိုင်းသော နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်။

ရာဟုလာ – လေနှင့် တူညီသွားအောင် သင်ချစ်သား၏ စိတ်ဓာတ်ကို ပွားများ အားထုတ်ပါ၊ လေနှင့်တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းသော နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်။

ရာဟုလာ – ဥပမာသော်ကား လေသည် စင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထု အားလုံးကို တိုက်ခတ် ဆောင်ယူသွား၏။ ကျင်ကြီးနှံ့၊ ကျင်ငယ်နှံ့၊ တံထွေးနှံ့၊ ပြည်နှံ့၊ သွေးနှံ့ စသည်မရွေး အားလုံးကို တိုက်ခတ်ဆောင်ယူသွား၏ ။

လေသည် စင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထုဖြင့် ငြီးငွေ့ရွံရှာ စက်ဆုတ်မှုမဖြစ်။

ဤဥပမာအတူသာလျှင် သင်ချစ်သားသည် လေနှင့် တူညီသွားအောင် သင်၏စိတ်ဓာတ်ကို ပွားများ အားထုတ်နေသော သင့်အား နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ် အာရုံအတွေ့တို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်။

ရာဟုလာ – ကောင်းကင်နှင့် တူညီသွားအောင် သင်ချစ်သား၏ စိတ်ဓာတ်ကို ပွားများ အားထုတ်ပါ၊ ကောင်းကင်နှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများ အားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းသော နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ် အာရုံအတွေ့အထိတို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်။

ရာဟုလာ – ဥပမာသော်ကား ကောင်းကင်သည် တစ်စုံတစ်ခုသောအရပ်၌ မတည်၊ ကောင်းကင်နှင့် တူညီသွားအောင် စိတ်ဓာတ်ကို ပွားများအားထုတ်နေသော သင့်အား ဖြစ်ပေါ်လာတိုင်းသော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံတို့သည် သင်ချစ်သား၏ စိတ်ဓာတ်ကို သိမ်းကျုံးယူငင်၍ မတည်နိုင်ကုန်။

အထက်ပါ ရာဟုလောဝါဒ သုတ္တန်တွင် ဘုရားရှင်က မိမိတို့၏ စိတ်ဓာတ်ကို မဟာပထဝီ မြေကြီးနှင့်တူအောင်၊ ရေနှင့်တူအောင်၊ မီးနှင့်တူအောင်၊ လေနှင့်တူအောင်၊ ကောင်းကင်နှင့်တူအောင် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်ရန် ညွှန်ကြားထားတော်မူ၏ ။

ထိုညွှန်ကြားချက်ကား လောကစံ လေပြင်းမုန်တိုင်းတို့ကြောင့် စိတ်ဓာတ်ကို တုန်လှုပ်မှု မရှိအောင် (တာဒိဂုဏ်နှင့် ပြည့်စုံအောင်) ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရန် ညွှန်ကြားခြင်းဖြစ်၏။ အရှင်ရာဟုလာကို စံထား၍ ရဟန်းအားလုံးအား ဆုံးမတော်မူခဲ့ခြင်း ဖြစ်ပါ၏။

ဤကား ဆုံးမလွယ်ကူခြင်းသည် အားကိုးရာ နာထတရားပင်တည်း။ မြေ၊ လေ၊ မီး စောင်းကင်တို့နှင့် တူညီသော စိတ်ဓာတ်အစဉ် ဖြစ်ပေါ်လာရေးအတွက်ကား ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းဖြင့် မိမိတို့၏ စိတ်ဓာတ်ကို ထုံမွမ်းပေးရမည်ဖြစ်၏။ ထိုထို ဝိပဿနာဉာဏ်တို့ကလည်း ကိလေသာတို့ကို တဒင်္ဂအားဖြင့် ဂယ်ရှားနိုင်သည်သာ ဖြစ်၏။ တစ်ဖန် ထို ဝိပဿနာဉာဏ်အစဉ်အတိုင်း အဆင့်ဆင့် ကြိုးပမ်းလိုက်သောအခါ ထိုရင့်ကျက်လာသော ဝိပဿနာဉာဏ်တို့၏ အဆုံး၌ အဆင့်ဆင့်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့သည် အသစ်တဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အာရုံယူကာ တစ်ဆင့်ပြီးတစ်ဆင့် ပါရမီအားလျော်စွာ ဖြစ်ပေါ်လာကြမည်ဖြစ်ပါ၏။

စူဠရာဟုလောဝါဒသုတ္တန် (မ – ၃၊ ၃၂၄–၃၂၇)

၅။ ပဉ္စမ နာထတရား = ကူညီရိုင်းပင်းမှုရှိခြင်း

နောက်တစ်မျိုးသော်ကား ရဟန်းသို့မဟုတ် ယောဂီသည် သီတင်းသုံးဖော်တို့၏အပေါ် မည်သို့ ပြုရမည်နည်းဆို၍ ပြုလုပ်ဖွယ်မှန်သမျှ အယုတ် အလတ်အမြတ်ဖြစ်သော အမှုကိစ္စတို့၌ လိမ်မာ၏။ ပျင်းရိခြင်းမရှိ။ ထိုအမှုကိစ္စတို့၌ အကြောင်းကို စူးစမ်း သော ပညာနှင့်ပြည့်စုံ၏။ ပြုလုပ်ရန် စွမ်းနိုင်၏။ စီမံခန့်ခွဲရန် စွမ်းနိုင်၏။

ရဟန်းတို့ –ရဟန်းသည် ယင်းသို့ သီတင်းသုံးဖော်တို့၏အပေါ် စွမ်းနိုင် ကူညီရိုင်းပင်းနိုင်မှုရှိခြင်းသည်လည်း အားကိုးရာ မှီခိုအားထားရာကို ပြုတတ်သော နာထတရားပင်တည်း။(အံ –၃၊ ၂၇၅)

သာသနာတော်ကို မှီခိုနေထိုင်ကြသူ အချင်းချင်း တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းမှုကား လိုအပ်လျက်ရှိ၏။ သပိတ်သင်္ကန်း လိုအပ်ရာ ကူညီရ၏။ သွန်သင်ရိုင်းပင်းမှု ရှိရ၏။ နာမကျန်းသည့်အခါ ကူညီရိုင်းပင်းရ၏။ ဝိနည်းတရား ကျင့်ဝတ်များကို သင်ပေးခြင်း၊ ကမ္မဋ္ဌာန်း သင်ပေးခြင်း စသည်လည်း ကလျာဏမိတ္တအစစ် ဖြစ်ကြသည့် ဆရာကောင်း သမားကောင်း မိတ်ကောင်းဆွေကောင်းတို့၏ တာဝန်ဝတ္တရားများပင် ဖြစ်ကြ၏။

ထိုကဲ့သို့သော ဝေယျာဝစ္စ ကုသိုလ်၊ ဓမ္မဒါန ကုသိုလ်များကလည်း ကောင်းကျိုးတရားများကို ပေးစွမ်းနိုင်သည့် စွမ်းအားရှိခြင်းကြောင့် မှီခိုအားထားရာ နာထတရား တစ်ခုပင်ဖြစ်ပေသည်။

၆။ ဆဋ္ဌ နာထတရား = တရားကို မြတ်နိုးခြင်း

နောက်တစ်မျိုးသော်ကား ရဟန်းသို့မဟုတ် ယောဂီသည် တရားတော်ကို အလိုရှိ၏။ ချစ်ဖွယ်စကားကို ပြောဆိုတတ်၏။ လွန်မြတ်သော သုတ်အဘိဓမ္မာဝိနည်း တရားတော်များကို များစွာ မြတ်နိုးခြင်း ရှိ၏။ ဤသို့ မြတ်နိုးခြင်းသည်လည်း မှီခိုအားထားရာ နာထတရားပင်တည်း။

(အံ၊ ၃၊ ၂၇၅–၂၇၆)

သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော လွန်ကဲမြင့်မြတ်သော တရားသုံးမျိုးလုံး၌ ချစ်မြတ်နိုးမှု လိုလားတောင့်တမှု ရှိရမည်ဖြစ်၏။ အချို့ ပုဂ္ဂိုလ်တို့ကား သုတ်၊ ဝိနည်း တရားတော်၌ကား လွန်စွာ မြတ်နိုးမှုမရှိ။

တရားကို မြတ်နိုးမှုရှိသော ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာ မရှုမီ တရားအားလုံးကို ပထမ ရှေးဦးစွာ သိအောင်ကြိုးပမ်းရမည်၊ အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာ ငါးပါး (ရုပ်တရား+ နာမ်တရား)ဟူသည့် ဒုက္ခသစ္စာ တရားအစုနှင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံ ဟူသည့် သမုဒယသစ္စာတရားတို့ကား ဝိပဿနာဉာဏ်ဖြင့် ရှုပွားသုံးသပ်ရမည့် ဝိပဿနာဉာဏ်၏ အရှုခံ အာရုံတရားတို့ ဖြစ်ကြ၏ဟု အနုမာနအားဖြင့် ကြိုတင်သိအပ် သိသင့်ထိုက်သော တရားများ ဖြစ်လေသည်။

ယင်းသို့ သိအောင်လုပ် ကြိုးပမ်းရာ၌ ယင်းတရားများကို ရှေးဦးစွာ ဆရာသမားထံ၌ သင်ယူရမည်ဖြစ်၏။ ထို့နောက် တကယ်လက်တွေ့ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်အောင် ကြိုးပမ်းရမည်ဖြစ်၏။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ အမည်ရသည့် ပရမတ္ထတရားများကို နိရောဓသစ္စာ၊ မဂ္ဂသစ္စာသို့ ဆိုက်သည့်တိုင်အောင် သဘောတရား ရေးရာပိုင်း၊ လက်တွေ့ပိုင်းအားဖြင့် အဖက်ဖက်မှ နားလည်အောင် အသေးစိတ် ရှင်းလင်းတင်ပြကာ ဟောကြားထားတော်မူသော ဒေသနာတော်ကား အဘိဓမ္မာ ဒေသနာတော်ပင် ဖြစ်၏။ ထို့ကြောင့် အဘိဓမ္မာ တရားတော်များသည် မသိမဖြစ် အမှန်စင်စစ် သိအောင်ကြိုးပမ်းရမည့် တရားတော်ပင် ဖြစ်ပါ၏။

ထိုသို့ တရားတော်များကို မြတ်နိုးခြင်းသည် အားကိုးရာ အစစ် နာထတရား တစ်မျိုးပင်ဖြစ်ပါ၏။

၇။ သတ္တနာထတရား = လုံ့လဝီရိယ ရှိခြင်း

နောက်တစ်မျိုးသော်ကား ရဟန်းသည် သို့မဟုတ် ယောဂီသည် အကုသိုလ်တရားများကို ပယ်ရှားရန်၊ ကုသိုလ်တရားများနှင့် ပြည့်စုံစေရန် ထက်သန်သော ကြိုးစားအားထုတ်မှု လုံ့လဝီရိယရှိ၏။ မြဲမြံခိုင်ခံ့သော ကြိုးစားအားထုတ်မှု လုံ့လဝီရိယရှိ၏။ (သီလ သမာဓိ ပညာ ဟူသော သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်အပ်သော) ကုသိုလ်တရားများ၌ မိမိ ဖြည့်ကျင့်ရမည့် တာဝန်ကို ပစ်ချထားခြင်းမရှိ၊

ထိုသို့သောပုဂ္ဂိုလ်သည် အားကိုးရာမှီခိုအားထားရာကိုပြုတတ်သော နာထတရားရှိသူပင်တည်း။

ဝိပဿနာတရား ရှုပွားရာ၌ ဝီရိယကား မရှိမဖြစ်သော အင်္ဂါရပ်တစ်ခုဖြစ်၏။ သမ္မပ္ပဓာန် လုံ့လ ဝီရိယလေးပါးဖြင့် ဣဒ္ဓိပါဒ် လေးပါးသို့ တက်လှမ်း၊ စိတ်အစဉ်ကို နိဗ္ဗာန်သို့ သယ်ဆောင်သွားနိုင်သော စွမ်းအားကြီး ဗိုလ်ငါးပါးတွင်လည်း ဝီရိယဗိုလ်အဖြစ် မြှင့်တင်၊ အရိယမဂ်တည်းဟူသော, ဗောဓိဉာဏ်၏ အင်္ဂါအစိတ်အပိုင်းခုနစ်ခု ဟူသော ဗောဇ္ဈင်ဉာဏ်ခုနစ်ပါးသို့ ဝီရိယသမ္ဗောဇ္ဈင်အဖြစ်မှ နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းဟု ခေါ်ဆိုအပ်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားများတွင်လည်း သမ္မာဝါယာမမဂ္ဂင်အဖြစ်သို့ အဆင့်ဆင့် တက်လှမ်းရသည်ဟု မြတ်ဗုဒ္ဓ မိန့်တော်မူခဲ့လေသည်။

နိရောဓသစ္စာဖြစ်သည့် နိဗ္ဗာန်သို့ ဆိုက်ရောက်ရေးအတွက် ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ (ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းကျင့်စဉ်) အမည်ရသည့် သီလ၊ သမာဓိ၊ ပညာ အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်အပ်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားများကို ကျင့်ရာ၌ –

၁။ အရိုးကြွင်းစေ–

၂။ အရေကြွင်းစေ–

၃။ အကြောကြွင်းစေ–

၄။ အသားအသွေး ကုန်ခန်းခြောက်ချင်

စန်းခြောက်ပါစေ ဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော လုံ့လဝီရိယ ရှိပါမှ သမထဝိပဿနာ ဟူသော ဘာဝနာ ပန်းတိုင်သို့ လှမ်းနိုင်, နိဗ္ဗာန်ရှုမ်းသာကို ဆွတ်ခူးနိုင်မည်ဖြစ်ပေသည်။ နိဗ္ဗာန်သည် ပျင်းရိသူတို့၏ အရာမဟုတ်။

အနုရုဒ္ဓ မဟာဝိတက္ကသုတ္တန် (အံ– ၃၊ ၆၆)

၈။ အဋ္ဌမ နာထတရား = ရောင့်ရဲလွယ်ခြင်း

နောက်တစ်မျိုးသော်ကား ရဟန်းသည် ရတတ်သမျှသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်၏။

ရဟန်းသည် ယင်းသို့ ရတတ်သမျှသော ဆွမ်း သင်္ကန်း ကျောင်းဆေးဟူသော ပစ္စည်းလေးပါး၌ ရောင့်ရဲလွယ်ခြင်းသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားပင်တည်း။(အံ၊ ၃၊ ၂၇၆)

သန္တောသ=ရောင့်ရဲလွယ်ခြင်း တရားငါးပါး

၁။ ရသမျှသော ပံသုကူ သင်္ကန်းဖြင့် ရောင့်ရဲလွယ်ခြင်း = စီဝရ သန္တောသ၊

၂။ ဆွမ်းစဝတ်ဖြင့် ရသမျှသော ဆွမ်းဖြင့် ရောင့်ရဲလွယ်ခြင်း = ပိဏ္ဍပါတ သန္တောသ၊

၃။ ရသမျှသော သစ်ပင်ရင်းတည်းဟူသော ကျောင်းဖြင့် ရောင့်ရဲလွယ်ခြင်း = သေနာသန သန္တောသ၊

၄။ ရသမျှသော မြက်သစ်ရွက်အခင်းဖြင့် ရောင့်ရဲလွယ်ခြင်း = သယနာသန သန္တောသ၊

၅။ ရသမျှသော နွားကျင်ငယ်ပုပ်ဖြင့် စိမ်ထုထားအပ်သော စီးဖြူသီး၊ ဖန်ခါးသီးစသော ဆေးဖြင့် ရောင့်ရဲလွယ်ခြင်း= ဘေသဇ္ဇ သန္တောသ၊

ဤသန္တောသတရား ငါးပါးနှင့် ပြည့်စုံရန် ဘုရားရှင်က ဆုံးမထားတော်မူ၏။

အပိစ္ဆ = အလိုနည်းသောဂုဏ်

ရဟန်းတို့ – လောကုတ္တရာ တရားကိုးပါးသည် အလိုနည်းသော လိုချင်မှု တဏှာ = တဏှာ မရှိသော အပိစ္ဆ ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် ပြည့်စုံနိုင်၏။ လောကုတ္တရာ တရားကိုးပါးသည် အလိုရမ္မက်ကြီးမားလှသော မဟိစ္ဆပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ = ၃၊ ၆၅)

အပိစ္ဆ = အလိုနည်းသော ပုဂ္ဂိုလ်လေးပါး

၁။ <u>ပစ္စယအပိစ္ဆပုဂ္ဂိုလ်</u> = ပစ္စည်းလေးပါး များများ လှူလျှင်၊ နည်းနည်းသာ အလှူခံ၍ အားလုံးကို အလှူမခံသော အလိုနည်းသော ပုဂ္ဂိုလ်။

၂။ <u>အဓိဂမ အပိစ္ဆပုဂ္ဂိုလ်</u> = မိမိမဂ်ဖိုလ် တရားထူး တရားမြတ်ရသည်ကို သူတစ်ပါးတို့အား အသိမပေးလိုဘဲ လျှို့ဝှက်ထားသော ပုဂ္ဂိုလ်။

၃။ <u>ပရိယတ္တိ အပိစ္ဆပုဂ္ဂိုလ်</u> = မိမိ ပရိယတ္တိ ဗဟုသုတ ပေါများတတ်ကျွမ်းသည်ကို သူတစ်ပါးတို့အား အသိမပေးလိုဘဲ လျှို့ဝှက်ထားသော ပုဂ္ဂိုလ်။

၄။ <u>ဓုတင်္ဂအပိစ္ဆပုဂ္ဂိုလ်</u> = မိမိ ဓုတင်ဆောက်တည်ကျင့်သုံးထားသည်ကို သူတစ်ပါးတို့အား အသိမပေးလိုဘဲ လျှို့ဝှက်ထားသော ပုဂ္ဂိုလ်၊

ယင်းသို့ အလိုနည်းပါးသော ပုဂ္ဂိုလ်ဖြစ်သော်လည်း ဤသူကား အလိုနည်းသော ပုဂ္ဂိုလ်ဟု သူတစ်ပါးတို့ သိမှာကို အလိုမရှိ၊ ရောင့်ရဲလွယ်သူဖြစ်လျက် ရောင့်ရဲလွယ်သူဟု သူတစ်ပါးတို့ကသိမှာ အလိုမရှိ။

ဝိဝေကတရား သုံးပါး

ဝိဝေက ကင်းကင်းရှင်းရှင်း နေလိုခြင်း တရားသုံးပါး

သမထ ဝိပဿနာ ဘာဝနာတရားကို ပွားများ မဂ်အဆင့်ဆင့် တက်လှမ်းလျက် -

၁။ ကာယဝိဝေက = ဈာန်သမာပတ် ဝင်စားလျက် နီဝရဏတို့မှ ကင်းအောင် နေလိုခြင်း၊

၂။ စိတ္တဝိဝေက = ဖလသမာပတ် ဝင်စားလျက် ဥပဓိတရားတို့မှ ကင်းအောင် ကင်းဆိတ်ရာ နိဗ္ဗာန်ကို အာရုံပြုလျက် နေလိုခြင်း၊

၃။ ဥပဓိဝိဝေက = ဥပဓိတရားလေးပါးတို့၌ စွဲလမ်းခြင်းမှ ကင်းဝေးအောင် နေလိုခြင်း၊

စသည့် တရားများမှ ကင်းကင်းရှင်းရှင်း နေလိုခြင်းသည်လည်း ရောင့်ရဲလွယ်ကူခြင်း အားကိုးရာ နာထတရားပင်တည်း။

ဤ၌ ဥပဓိတရားလေးပါး အကျဉ်းမျှ ဖော်ပြရန် လိုလာပြန်သည်။

ဥပဓိတရားလေးပါး

၁။ ခန္ဓူပဓိ = ခန္ဓာငါးပါးတို့၏ တည်ရာ ဘဝ၌ တပ်ခြင်း၊ စွဲလမ်းခြင်း။

၂။ ကိလေသူပဓိ = ပူပန်စေတတ်သော ကိလေသာတို့၏ တည်ရာဖြစ်သောဘဝ၌ စွဲလမ်းခြင်း၊

၃။ အဘိသင်္ခါရူပဓိ = အလွန်အကျူး အထူး ပြုပြင်ရာတို့ တည်ရာ၌ စွဲလမ်းခြင်း၊

၄။ ကာမူပဓိ = အာရုံငါးပါး ကာမဂုဏ်တရားတို့၏ တည်ရာ ဘဝတို့၌ စွဲလမ်းခြင်းတို့ ဖြစ်သည်။

ထို ဥပဓိတရားလေးပါးတို့မှ ကင်းဆိတ်စွာ ဝိဝေကတရားသုံးပါးတို့၌ မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်သူဟု သူတစ်ပါးတို့သိမှာ အလိုမရှိ။

အပိစ္ဆ = အလိုရမက်နည်းပါးသော ပုဂ္ဂိုလ်

၁။ လုံ့လဝီရိယရှိသူဖြစ်လျက် = ထက်သန်သော လုံ့လဝီရိယရှိသူဟု သူတစ်ပါးသိမှာကို အလိုမရှိ။

၂။ သတိရှိသူဖြစ်လျက် = ထင်လင်းသော သတိရှိသူဟု သူတစ်ပါးတို့က သိမှာကို အလိုမရှိ။

၃။ သမာဓိရှိသူဖြစ်လျက် = ဥပစာရ အပ္ပနာ နှစ်ဖြာသော သမာဓိရှိသူ ဖြစ်လျက် သမာဓိရှိသူဟု သူတစ်ပါးကို သိမှာ အလိုမရှိ။

၄။ ဝိပဿနာဉာဏ်နှင့် ပြည့်စုံသူလျက် = ဝိပဿနာဉာဏ်နှင့် ပြည့်စုံသူဟု သူတစ်ပါးတို့ သိမှာ အလိုမရှိ၊

၅။ ပပဉ္စတရား ကင်းသူဖြစ်လျက် = သံသရာကို ရှည်လျားထွေပြားအောင် ချဲ့ထွင်တတ်သည့် တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော တရားတို့မှ ကင်းရာ နိဗ္ဗာန် တရားတော်မြတ်၌ မွေ့လျော်နှစ်ခြိုက်သူဟု သူတစ်ပါးတို့က သိမှာအလိုမရှိ။

ထိုကဲ့သို့ အလိုရမက်နည်းပါးသော လိုချင်မှု ဣစ္ဆာ = (တဏှာ) မရှိသော အပိစ္ဆာ ပုဂ္ဂိုလ်၏ သဏ္ဍာန်၌သာလျှင် လောကုတ္တရာတရားကိုးပါးသည် ပြည့်စုံနိုင်၏။ အလိုရမ္မက် ကြီးမားလှသော မဟိစ္ဆ ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်။ (အံ – ၃၊ ၆၆)

သူတော်ကောင်းကြီးများ မြတ်နိုးရာ

သူတော်ကောင်းကြီးများသည် ဝိဝေက သုံးဖြာ၌ မွေ့လျော်ပျော်ပိုက် နှစ်မြိုက်သော စိတ်ထားရှိလင့်ကစား 'ငါသည် ဝိဝေက သုံးဖြာ၌ မွေ့လျော်ပျော်ပိုက် နှစ်မြိုက်သော စိတ်ထားရှိသူပါတည်း' ဟု လူအများသိမှာကို အလိုမရှိ၊ သိမှာကိုပင် ရှက်လှ၏။ ကြေညာမောင်းမခတ်၊ ထိုဂုဏ်ကို အကြောင်းပြု၍ ပစ္စည်းလေးပါး ပေါများရန် အလိုမရှိ၊ ရရသမျှသော ပစ္စည်းလေးပါးဖြင့်သာ ရောင့်ရဲ၏။ ကျေနပ်၏။ ထိုသို့ ရောင့်ရဲမှု၊ ကျေနပ်မှုရှိနေသော သူတော်ကောင်းကြီးများအား ရောင့်ရဲကျေနပ်ရာဖြစ်သည့် ဘဝပန်းတိုင်ဟုခေါ်ဆိုအပ်သည့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ရေးအတွက် သမထ ဝိပဿနာ ဘာဝနာတို့ကို ကြိုးပမ်းတော့မည်သာ ဖြစ်ပေသည်။

ထို့ကြောင့် ရရသမျှသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲမှု သန္တုဋ္ဌိ တရားသည်လည်း မှီမှီအားထားရာ နာထတရားတစ်ခုပင် ဖြစ်ရပေသည်။

'သန္တုဋ္ဌိ ပရမံ ဓနံ' = ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတရားသည် အမြတ်ဆုံးသော စည်းစိမ်ဥစ္စာပင်ဖြစ်၏။ (ဓမ္မပဒ – ၂၀၄၊ ဇာတ်ကျမ်း – ၄၃)

၉။ နဝမ နာထတရား = သတိရှိခြင်း

ရဟန်းတို့ နောက်တစ်မျိုးသော်ကား ရဟန်းသည် သတိနှင့် ပြည့်စုံ၏။ လွန်ကဲရင့်ကျက်သော သတိနှင့် ပြည့်စုံ၏။ ကြာမြင့်စွာက ပြုခဲ့ပြီးသော အမှုကိစ္စကိုလည်းကောင်း၊ ကြာမြင့်စွာက ပြောခဲ့ပြီးသော စကားရပ်ကိုလည်းကောင်း အောက်မေ့နိုင်၏။ အဖန်ဖန်တလဲလဲ အောက်မေ့နိုင်၏ ဟူသော တရားသည်လည်း မှီမှီအားထားရာကို ပြုတတ်သော နာထတရားပင်တည်း။ (အံ – ၃၊ ၂၇၆)

အရေးအကြီးဆုံး သတိ

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မအမည်ရသော သတိ၏တည်ရာ အာရုံလေးမျိုးဟူသော သတိပဋ္ဌာန်တရားတို့ကို ပွားများအားထုတ်ရာ၌ သတိကား အရေးအကြီးဆုံးကဏ္ဍမှ ပါဝင်လျက်ရှိ၏။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟူသော အာရုံတို့ကို အမြဲအမှတ်ရနေမှုပင်ဖြစ်၏။

ကာယ၊ ဝေဒနာ – စိတ္တ၊ ဓမ္မ ဟူသည့် အာရုံလေးမျိုးတို့ကို အမှတ်ရမှု သတိဟူသည်မှာ တစ်နည်းဆိုရသော် သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်တို့နှင့် ယှဉ်တွဲနေသော သတိပင်ဖြစ်ပါ၏။

ရုပ်နာမ်ဓမ္မသင်္ခါရ တရားတို့၏ အကြောင်းတရားတို့၌ သိမ်းဆည်းတတ်သော ထင်လင်းသော သတိ၊ အကြောင်းတရားနှင့် တကွသော ယင်းရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တို့၌ သိမ်းဆည်းတတ်သော ထင်လင်းသောသတိ၊ ဤကဲ့သို့သော ထင်လင်းသော သတိရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် လောကုတ္တရာတရား ကိုးပါးသည် ပြည့်စုံနိုင်၏။ သတိလွတ်ကင်းသော ပုဂ္ဂိုလ်၏သန္တာန်၌ မပြည့်စုံနိုင်။ (အံ – ၃၊ ၆၅)

သတိ၏ တည်ရာအာရုံ သတိပဋ္ဌာန် တရားလေးပါး

ဘုရားရှင်သည် မဟာသတိပဋ္ဌာနသုတ်တွင် သတိ၏တည်ရာ အာရုံတို့ကို –

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်၊

(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊

(၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊

ဟူ၍ လေးမျိုး ခွဲခြားဟောကြားတော်မူခဲ့၏။ ထိုတွင် ကာယနုပဿနာ သတိပဋ္ဌာန်ပိုင်း၌ အာနာပါနဿတိ သမာဓိ စသည့် သမထရှုကွက်များလည်း ပါဝင်၏။ အာနာပါနဿတိ သမာဓိကဲ့သို့သော သမာဓိတစ်ခုခုကို အောင်အောင်မြင်မြင် ထူထောင်ပြီးနောက် ရှေးဦးစွာ အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်နှစ်မျိုးလုံး၌ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ အမည်ရသည့် ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို သိမ်းဆည်းရန်၊ '<u>ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ</u>' စသည်ဖြင့် ညွှန်ကြားထားတော်မူ၏။

(မ – ၁၊ ၇၁)

ထို့နောက် '<u>သမုဒယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ</u>' စသည်ဖြင့် အကြောင်းတရားများ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ ထင်ရှားဖြစ်ပုံ၊ အကြောင်းတရားများ ချုပ်ငြိမ်းခြင်းကြောင့်၊ အကျိုးကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ ချုပ်ငြိမ်းပုံများကို ရှုမြင်သည့် အပိုင်းဟူသော 'ပစ္စယတော၊ ဥဒယဗ္ဗယဒဿန' အကြောင်းအကျိုး နှစ်ရပ်စလုံးတို့၏ ခဏအားဖြင့် ဖြစ်မှုပျက်မှု (ဥဒယ –ဝယ)ကို သိမ်းဆည်းရှုပွားရန်ကိုလည်း ညွှန်ကြားထားတော်မူ၏။

ရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့၏ ဖြစ်မှုပျက်မှုကို ရှုသည့်အပိုင်းနှင့် အပျက်သက်သက်ကို ရှုသည့် အပိုင်းတို့၌ လက္ခဏာရေးသုံးတန်တင်ကာ ရှုပွားသည့်အပိုင်းလည်း ပါဝင်လေသည်။

<u>ထိုသို့ သိမ်းဆည်းရှုပွားရာ၌</u> အောက်ပါအတိုင်း အတွဲလိုက် ဖြစ်ပါ၏။

(၁) <u>သတိသည်</u>= ဝိပဿနာဉာဏ်၏ အရှုခံ အာရုံဖြစ်သော ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ကို <u>သိမ်းဆည်း</u>၏။

(၂) <u>ပညာသည်</u>= ယင်း ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ကို ပရမတ်သို့ ဆိုက်ရောက် <u>ထိုးထွင်း</u> သိ၏။

(၁) <u>သတိသည်</u>= အကြောင်းတရား ဖြစ်ခြင်းကြောင့် အကျိုးကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ ထင်ရှားဖြစ်ပုံကို <u>သိမ်းဆည်း</u> ၏။

(၂) <u>ပညာသည်</u>= အကြောင်းထင်ရှား ဖြစ်ခြင်းကြောင့် အကျိုးကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ ထင်ရှားဖြစ်ပုံကို <u>ထိုးထွင်း</u> သိ၏။

(၁) <u>သတိသည်</u>= အကြောင်းတရား ချုပ်ငြိမ်းခြင်းကြောင့် အကျိုးကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ <u>ချုပ်ငြိမ်းပုံ</u>ကို သိမ်းဆည်း၏။

(၂) <u>ပညာသည်</u>= အကြောင်းတရား ချုပ်ငြိမ်းခြင်းကြောင့် အကျိုးကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ <u>ချုပ်ငြိမ်းပုံ</u>ကို ထိုးထွင်းသိ၏။

(၁) <u>သတိသည်</u>= အကြောင်းတရားနှင့်တကွဖြစ်သော ကာယ၊ ဝေဒနာ စိတ္တ၊ ဓမ္မတို့၏ <u>ဖြစ်မှု ပျက်မှု</u>ကို လည်းကောင်း၊ <u>အနိစ္စအချက်၊ အနတ္တ အချက်</u> ကိုလည်းကောင်း သိမ်းဆည်း၏။

(၂) <u>ပညာသည်</u>= အကြောင်းတရားနှင့်တကွ ဖြစ်သော ယင်းကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၏ ဖြစ်မှု ပျက်မှုကို

လည်းကောင်း၊ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ကို လည်းကောင်း ထိုးထွင်း သိ၏။

(၁) <u>သတိသည်</u> = အကြောင်းတရားနှင့်တကွ ဖြစ်သော ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၏ အပျက်သက်သက်ကို လည်းကောင်း၊ ယင်းတို့၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ကို လည်းကောင်း သိမ်းဆည်း၏။

(၂) <u>ပညာသည်</u> = အကြောင်းတရားနှင့်တကွဖြစ်သော ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၏ အပျက်သက်သက်ကို သော်လည်းကောင်း၊ ယင်းတို့၏ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်ကိုလည်း ကောင်း ထိုးထွင်း၍ သိ၏။

ဤသို့လျှင် သတိက သမထအာရုံ ဝိပဿနာအာရုံကို သိမ်းဆည်းတတ်၍ ပညာက ဟုတ်တိုင်းမှန်စွာ အဖန်ဖန် အထပ်ထပ် ရှုတတ်၏။ သတိကင်းသော အနုပဿနာမည်သည် မရှိစကောင်းပေ။

ထို့ကြောင့် သတိရှိသည့် ပုဂ္ဂိုလ်၏ သန္တာန်၌သာလျှင် လောကုတ္တရာကိုးပါးသည် ပြည့်စုံနိုင်၏။ သတိမရှိသည့် သတိလွတ်ကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ မပြည့်စုံနိုင်ဟု ဘုရားရှင်ဟောတော်မူခြင်း ဖြစ်ပါ၏။

သတိရှိခြင်းသည် ယောဂီပုဂ္ဂိုလ်များအတွက် မှီခိုအားထားရာ နာထ တရားတစ်ပါးပင်ဖြစ်လေသည်။

၁၀။ ဒသမမြောက် နာထတရား = ဝိပဿနာပညာ မဂ်ပညာရှိခြင်း

ရဟန်းတို့ နောက်တစ်မျိုးသော်ကား ရဟန်းသည် ပညာရှိ၏။ ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို သိသော၊ ကိလေသာထု အစိုင်အခဲကို ဖောက်ခွဲနိုင်သော၊ ကိလေသာ ဝဋ်ဆင်းရဲဒုက္ခ သံသရာဝဋ်ဆင်းရဲဒုက္ခ၏ ကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော ဖြူစင်မြင့်မြတ်သော ဝိပဿနာပညာ အရိယာမဂ်ပညာနှင့် ပြည့်စုံ၏။ ယင်းသို့ ပြည့်စုံသော တရားသည်လည်း မှီခိုအားထားရာကို ပြုတတ်သော နာထတရားပင်တည်း။

(အံ – ၃၊ ၂၇၆)

'<u>သမ္မာဒုက္ခက္ခယဂါမိနိယာ</u>' ကိလေသာ ထုအစိုင်အခဲကို ဖောက်ခွဲနိုင်သော၊ ဖြူစင် မြင့်မြတ်သော ကိလေသာဝဋ်ဒုက္ခ သံသရာဝဋ်ဒုက္ခ၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာ ဟူသည် ဝိပဿနာပညာနှင့် အရိယမဂ်ပညာတည်း။

'<u>ဒုက္ခက္ခယ ဂါမိနိပညာ</u> = ဝိပဿနာ ပညာသည် တဒင်္ဂ၏ အစွမ်းအားဖြင့် ကိလေသာဝဋ်ဒုက္ခကိုလည်းကောင်း၊ ယင်းကိလေသာလျှင် အကြောင်းရင်းခံရှိသော ကံကြောင့်ဖြစ်လာမည့် သံသရာဝဋ်ဒုက္ခကိုလည်းကောင်း ကုန်စေလျက် နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသောအားဖြင့် နိဗ္ဗာန်ဘက်သို့ ပြေးသွားသက်ဝင်တတ်သောကြောင့် ဒုက္ခက္ခယဂါမိနိပညာ = (ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သောပညာ) မည်၏။

ဤကဲ့သို့သော ဝိပဿနာပညာ မဂ်ပညာသည်ကား ဒုက္ခကုန်ရာ နိဗ္ဗာနသို့ကောင်းစွာ ဆိုက်ရောက်စေတတ်သောကြောင့် ယင်းဝိပဿနာ မဂ်ပညာများသည် ရဟန်းတော်တို့အတွက် (သို့မဟုတ်)

ကျွတ်ထိုက်သောသူ ဝေနေယျတို့အတွက် တကယ့် မှီနိုအားထားရာ နာထတရားပင်ဖြစ်ပေသည်။

အားလုံးပေါင်းသော် မှီနိုအားထားရာ နာထ တရား ၁၀-ပါးဖြစ်သည်။ ယင်းနာထတရား ၁၀ ပါးနှင့် ပြည့်စုံစွာ နေထိုင်သော သူတော်ကောင်းတစ် ဦးကို (မှီနိုအားထားရာ နာထတရားနှင့် အတူတကွ နေထိုင်သော ပုဂ္ဂိုလ်) ဟု ခေါ်ဆိုရပေသည်။

မှီနိုအားထားရာရှိသည်ဖြစ်၍နေထိုင်ကြကုန်လော့

ရဟန်းတို့ -

♦ မှီနိုအားထားရာ နာထတရား ထင်ရှား ရှိကြကုန်သည်ဖြစ်၍ နေထိုင်ကြကုန်လော့။

♦ မှီနိုအားထားရာ နာထတရား ထင်ရှား မရှိကြကုန်ဘဲ နေထိုင်ခြင်း မပြုလုပ်ကုန်လင့်။

♦ မှီနို အားထားရာကို ပြုတတ်သော နာထတရား ထင်ရှားမရှိသော ပုဂ္ဂိုလ်သည် ဆင်း ဆင်းရဲရဲ နေရ၏ ။

♦ မှီနိုအားထားရာကို ပြုတတ်သော နာထ တရားတို့သည်ကား ဤတရား ၁၀-ပါးတို့တည်း ဟု ဟောကြားတော်မူ၏။ (အံ - ၃၊ ၂၇၆)

တထာဂတမြတ်ဗုဒ္ဓ၏ အဆုံးအမမှာမဂ္ဂင်ရှစ်ပါး

သင်ချစ်သားတို့ -

♦ ကိုယ်တိုင် ပြုသင့်ပြုထိုက်သည့် သမထ ဝိပဿနာ ဘာဝနာလုပ်ငန်းတို့ကို သင်ချစ်သားတို့ ကိုယ်တိုင်ပင် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ် ကြလော့၊

♦ တထာဂတ အမည်တော်ရသည့် ငါ ဘုရားရှင်တို့သည်ကား မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရား တည်းဟူသော လမ်းမှန်ကို ညွှန်ကြားပြသ ဆိုဆုံးမ တတ်သူတို့သာ ဖြစ်ကြ၏ ။

♦ သမထ ဝိပဿနာဘာဝနာတို့ကို တကယ့်လက်တွေ့ ကျင့်ကြံကြိုးကုတ်အားထုတ် ပွားများ အားထုတ်ကြသဖြင့် 'အာရမ္မဏူပနိဇ္ဈာနဈာန်' 'လက္ခဏူပနိဇ္ဈာန ဈာန်' တည်းဟူသော နှစ်မျိုးသော ဈာန်တို့ကို ဝင်စားနိုင်ကြကုန်သော ပုဂ္ဂိုလ်တို့သည် မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကြကုန်၏ ဟု မိန့်ကြားတော်မူခဲ့ပါသည်။ (ဓမ္မပဒ-၂၇၆)

စာထဲက ရဟန်းမျိုး ဆရာတော်ဘဝ

မှီနိုအားထားရာ နာထတရား ၁၀ ပါးကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ရဟန်းတို့အား မြတ်စွာ ဘုရား အဆုံးအမတော်များအတိုင်း နေထိုင်ကြလော့ ဟူသော စာထဲကရဟန်းမျိုး ဖြစ်လေသလား၊ တောရ ဆရာတော်ဘဝ အနီးကပ် ဖူးမြင်ခဲ့ရသူ ရဟန်းရှင်လူ တို့အပေါင်းတို့ ဝေဖန်ပိုင်းခြားနိုင်ကြပါစေရန် တင်ပြ ခြင်း ဖြစ်ပါသည်။

မိမိ တင်ပြခဲ့ပြီးသော နာထတရား ၁၀ ပါးတွင် နာထတရား တစ်ပါးချင်း ဖတ်ရှုပြီးတိုင်း ဆရာတော်ဘဝနှင့် ထင်ဟပ် ကြည့်ပါလျှင် စာထဲက ရဟန်းမျိုးပါလား၊ 'ငါတို့ ကံကောင်းထောက်မကြ သဖြင့် ဖူးမြင်ခွင့်၊ ဆုံတွေ့ခွင့်၊ ဝေယျာဝစ္စကုသိုလ် ဆည်းပူးခွင့်ရကြခြင်းပါတကား' ဟု သက်တော် ထင်ရှားရှိစဉ် ဖူးမြင်ဆုံတွေ့ခွင့်ရခဲ့သူ အပေါင်းက ဆရာတော်ဘဝကို နှစ်ထောင်းအားရ ကြည်ညိုမဆုံး ရှိကြပေလိမ့်မည် ထင်ပါသည်။

တောရဆရာတော်ကြီးသည်ကား မြတ်စွာ ဘုရား အဆုံးအမ၌ တည်တော်မူသော စာထဲက ရဟန်းအစစ်ပါတကားဟုလည်း မှတ်ချက်ချ ကြည်

ညီမဝ ရှိကြပေလိမ့်မည်ဟု အလေးအနက် ယုံကြည်မိပါသည်။ (စာရေးသူ)

မိမိရေးသားတင်ပြခဲ့သည့်အတိုင်း စာထဲက ရဟန်းမျိုး ဖြစ်ပါပေသည်။ မှန်ပါပေသည်ဟု အကြွင်းမဲ့ ထောက်ခံမည့်ပုဂ္ဂိုလ်များကား အနီးကပ်နည်းယူ ဓုတင်ဆောင် ရဟန်းတော်ကြီးငယ်အပေါင်းတို့ပင် ဖြစ်ကြပါလိမ့်မည်။ တိုင်းရင်းမြို့နယ်အသီးသီးတွင် ဒိဋ္ဌာနုဂတိသို့လိုက်၍ ဓုတင်ဆောင်မထေရ်အပေါင်း သီတင်းသုံးလျက်ရှိနေပါကြောင်းနှင့် သက်သေခံ အထောက်အထားအဖြစ် ဖူးမြင်နိုင်တွေ့ရှိနိုင်ကြပါလိမ့်မည် ထင်ပါသည်။

တောရဆရာတော် သီတင်းသုံးတော်မူခဲ့သည့် ဒေသအသီးသီးရှိ တောရကျောင်းများ ဒေသခံရဟန်းရှင်လူများက ဆရာတော် ဘယ်လို နေထိုင်ခဲ့သည်၊ ဘယ်လို ရှောင်ရဲလွှယ်ကူသည်၊ လူသာမန်လို စိတ်ကူးခြင်းဌာမဝံ့၊ တောကျောင်း တောင်ကျောင်းများ၌ တစ်ပါးတည်း ကိန်းအောင်းလေ့ရှိခဲ့သည်။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၌ အလိုရှုက်နည်းပါး၊ ထင်ပေါ်ကျော်ကြားခြင်းကို အလိုရှိတော်မမူ၊ အနှောင်အဖွဲ့တည်းဟူသော ရဟန်းရှင်လူအပေါင်းနှင့်ဝေးကွာစွာ ဝိဝေက သုံးပါးဖြစ်သော ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေကတို့မှ ကင်းရှင်းအောင်နေတော်မူသော အရှင်မြတ်ကြီးပါတကားဟုလည်း မှတ်ချက်ချ ကြည်ညိုမဝ ရှိခဲ့ကြလေသည်။

မိမိတင်ပြလိုရင်းအထူးကား ဤလောကထဲ၌ ဤကဲ့သို့သော မြတ်စွာဘုရား၏ သားတော်ကြီးတစ်ပါးရှိခဲ့ပါသည်။ ဆရာတော်၏ဘဝ သက်တော်ထင်ရှားရှိတော်မူစဉ် ထင်ပေါ် ကျော်ကြားခြင်းကို အလိုရှိတော်မမူ၍၊ လျှို့ဝှက်သိပ်သည်းစွာ နေလို၍၊ စာစောင် မဂ္ဂဇင်း ဂျာနယ် သတင်းစာများက ဆရာတော်ဘဝအကြောင်းများ ရေးသားခြင်းကို ခွင့်ပြုတော်မမူ၊ တိုင်းသိပြည်သိ ဟိုးလေးတကျော် မဖြစ်ခဲ့ခြင်းလည်း ဖြစ်လေသည်။

ဆရာတော်ဘုရား၏ ဝုဏ်များသည်ကား ဤ၍ဤမျှ ဂဏန်းချ၍ ပြသနိုင်ခြင်းငှာ မစွမ်းနိုင်၊ ဝုဏ်ပေါင်းစုံသည့် မထေရ်ကြီးတစ်ပါး၏ဘဝ သူတော်ကောင်းကြီးများက အမှတ်တရ ကြည်ညို၊ ဒိဋ္ဌာနုဂတိသို့ လိုက်၍ တုယူ ကျင့်ကြံပွားများနိုင်ကြပါစေခြင်းငှာ တင်ပြလိုရင်းသာ ဖြစ်ပါသည်။

ထို့ပြင်လည်း ဤသာသနာတော်၌ အလားတူ ဓုတင်ဆောင် သာသနာ အရှည်ဆက်လက်တည်တံ့စေရန်နှင့် ထိုကဲ့သို့သော ဓုတင်ဆောင်ရဟန်းတော်များ မြန်မာပြည်အတွင်း ဒေသအနှံ့ သီတင်းသုံးတော်မူကြလျက် ဒါယကာ ဒါယိကာမအပေါင်း လူပုဂ္ဂိုလ်သူတောင်းများဘက်မှလည်း စွမ်းနိုင်ရာ ကုသိုလ်ပါရမီများ ဆည်းပူးနိုင်ကြပြီး ပါရမီဉာဏ် ရင့်သန်ကြသော တစ်ခုသောဘဝ၌ ထိုအရှင်မြတ်များ မျက်မှောက်ပြုရာ နိဗ္ဗာနဓာတ်သို့ ဆိုက်ရောက်ကြလေဘိသကဲ့သို့ လူပုဂ္ဂိုလ် ဒါယကာ ဒါယိကာမအပေါင်းလည်း နိဗ္ဗာနဓာတ်သို့ ဆိုက်ရောက်နိုင်ကြပါစေဟူသော သမ္မာဆန္ဒဖြင့် ဤစာစုများကို ရေးသားနေခြင်းလည်း ဖြစ်လေသည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း သေရမည်ကိုကြောက်သော ပုဂ္ဂိုလ်နှင့် မကြောက်သော ပုဂ္ဂိုလ်လေးယောက်စီရှိကြောင်း –

အားကိုးရာ နာထတရား ၁၀ ပါးရှိကြောင်းတင်ပြခဲ့ပြီးဖြစ်ရာ တောရဆရာတော်ဘုရားကြီးအပေါ် ထိုတရားတော်များနှင့် ထင်ဟပ်ကြည့်မြင်၊ အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်ကို စာရှုသူ သူတော်ကောင်းများက ခွဲခြားဝေဖန်နိုင်ကြရန်ဟု တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ထိုတရားတော်များကို ဖတ်ရှုပြီးဖြစ်သော စာရှုသူသည်လည်း အဘယ်ကဲ့သို့ ပုဂ္ဂိုလ်မျိုးဖြစ်သည် သေရမည်ကို ကြောက်သူဖြစ်နေသလား သေရမည်ကို မကြောက်သူဖြစ်အောင် မည်သို့ လေ့ကျင့်ပြီးပြီလား ဟူသည် မိမိကိုယ်ကို သုံးသပ်ကြည့်မြင်ဆင်ခြင်မိ ကြလိမ့်မည် ထင်ပါသည်။

နာထတရား အားကိုးရာ ၁၀-ပါးတင်ပြခဲ့ရာတွင်လည်း မိမိသည် အားကိုးရာ တရားသိနေရှိနေပြီးပြီလား၊ ကျင့်ကြံပြီးလေပြီလား၊ ဆင်ခြင်သုံးသပ်စေဖန် ဝိုင်းခြားမိကြပေလိမ့်မည်ဟု နှလုံးသွင်းမိပါသည်။

ယင်းသို့သော ရည်ရွယ်ချက်များဖြင့် ဤစာစုသည် ဤနေရာ၌ ဖော်ပြသင့်သည်။ ဆရာတော်ကြီးဘဝနှင့် ထင်ဟပ်ကြည့်မြင် ကြည်ညိုကြစေချင်၊ ဖူးမြင်ကြစေချင်သည့် ဆန္ဒသည် ပြင်းပြသဖြင့်၊ သမိုင်းမှတ်တမ်းများ ကျန်ရစ်စေချင်သဖြင့် ရေးသားနေခြင်းလည်းဖြစ်လေသည်။

ထို့ပြင်လည်း တောရဆရာတော်ဘုရားကြီးသည် ရခဲလှစွာသော လူ့ဘဝကိုရပြီး ရခဲလှစွာသော ရဟန်းဘဝ၊ ကြုံခဲလှစွာသော သာသနာတော်ကြီးနှင့် ကြုံခဲ့ရလေရာ ဆရာတော်ဘုရားကြီး၏ ရဟန်းဘဝရခြင်းကား လွန်ထူးခြားသည့်မြတ်သော ရဟန်းဘဝရခြင်း ဖြစ်ပါသည်။ သိသာပါရန် အောက်ပါသာမဏသုခ (၈)ပါးကိုလည်း ဖော်ပြလိုက်ပါသည်။

မဟာဗုဒ္ဓဝင် ပထမတွဲ (ပထမပိုင်း)၌ မင်းကွန်းတိပိဋကဓရဆရာတော် အကျဉ်းချုပ်လက်ာသွယ်ခဲ့သည်ကို ဖော်ပြလိုက်ပါသည်။*

သမဏသုခ (၈)ပါး

၁။ ဥစ္စာစပါး၊ သိမ်းမထား၊
ရေ့ဖျားသမဏ မြတ်သုခ။

၂။ အပြစ်ကင်းကွာ၊ ဆွမ်းထိုရွာ၊
ဤမှာသမဏ မြတ်သုခ။

၃။ ဆင်ခြင်ဥာဏ်ရှေး၊ ဆွမ်းတော်အေး၊
ဘုဉ်းပေးသမဏ မြတ်သုခ။

၄။ ပြည်ပိုင်ရိုးမင်း၊ တုတ်ခွန်ညှင်း၊
လွတ်ကင်းသမဏ မြတ်သုခ။

၅။ အဆောက်အဦ၊ ပေါ်ဟာဟူ၍၊ လူနယ်နှိုင်းစက်၊ မတတ်စက်၊ မှတ်ချက်သမဏ မြတ်သုခ။

၆။ ခိုးသူ၊ လုယက်၊ ဘေးနှိပ်စက်၊
လွတ်ထွက်သမဏ မြတ်သုခ။

၇။ မှူးမတ်ရိုးမင်း၊ ယောယှက်ကင်း၊
ငြိမ်းခြင်း သမဏ မြတ်သုခ။

၈။ လေးမျက်နှာရပ်၊ မထားအပ်၊
လွတ်လပ်သမဏ မြတ်သုခ။

ထိုအလင်္ကာများ၏ ဆိုလိုရင်း

၁။ ရဟန်းတော်များမှာ ကြောင့်ကြကင်းလျက် (လူများကဲ့သို့ နေ့ရက်ရှည်လျား လောဘပွားအောင်)ကျီထဲ၌ဖြစ်စေ၊ အိုးထဲ၌ဖြစ်စေ၊ ဥစ္စာစပါးများကို သိုမှီးသိမ်းဆည်းခြင်းမအပ်၊ ပထမလွတ်လပ်ခြင်းမြတ်သော ချမ်းသာခြင်းပေတည်း။

၂။ ဒါယကာတို့၏ အိမ်၌ ကျက်ပြီးသော အာဟာရကိုသာ အရိယာတို့၏ အပြစ်ကင်းသော ရှာမှီးခြင်းဖြင့်ရသော ဆွမ်းကို ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲ၍ မှုတကြကုန်သည်၊ ဒုတိယမြောက် ချမ်းသာခြင်းပေတည်း။

(ဝိနည်းကျမ်း၌လာသော အနေသန = ဆေးကုခြင်းစသည့် မအပ်သော ရှာမှီးခြင်း နှစ်ဆယ့်တစ်ပါး၊ မိစ္ဆာဇီဝငါးပါးတို့ဖြင့် ရှာမှီး၍ရသော

* မင်းကွန်းတိပိဋကဆရာတော်၏ မဟာဗုဒ္ဓဝင် (ပထမတွဲ) ပထမပိုင်း

ဆွမ်းမျိုး ဓမ္မိယလဒ္ဓ = တရားသဖြင့် ရအပ်သော ပစ္စည်းလေးပါးဖြစ်စေကာမူ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်အပ်သော်လည်း၊ ထိုကဲ့သို့ ဆွမ်းမျိုးကို သာဝဇ္ဇပိဏ္ဍ = အပြစ်မရှိသောဆွမ်း ဟုခေါ်သည်။)

ရဟန်းကောင်း ရဟန်းမြတ်သည် တရားသဖြင့်ရသော ဆွမ်းကို ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ အပြစ်ကင်းသော သုံးဆောင်ခြင်းမျိုးဖြင့် သုံးဆောင်အပ်ပေ၏။

ယင်းသို့ သုံးဆောင်သော ရဟန်းမြတ်အား တစ်စုံတစ်ခုသော ကိလေသာမျှ မနှိပ်စက်နိုင်၊ အပြစ်ကင်းသော ဆွမ်းကို အပြစ်ကင်းအောင် သုံးဆောင်သဖြင့် ကိလေသာ အနှိပ်အစက် မခံရခြင်းသည် တောင့်တမှု၊ ကြောင့်ကြမှုကင်းငြိမ်းသော ရဟန်းတော်၏ ဒုတိယမြောက် ကောင်းခြင်းမင်္ဂလာချမ်းသာတရား ဖြစ်ပေသည်။

၃။ ရဟန်းကောင်း ရဟန်းမြတ်သည် အေးငြိမ်းပြီးသော ဆွမ်းကိုသာ သုံးဆောင်ရ၏။ ယင်းသို့ သုံးဆောင်ခြင်းကြောင့် တစ်စုံတစ်ခုသော ကိလေသာမျှ မနှိပ်စက်နိုင်၊ ယင်းသို့ ကိလေသာ အနှိပ်အစက် မခံရခြင်းသည် တောင့်တမှု ကြောင့်ကြမှု ကင်းငြိမ်းသော ရဟန်းတော်၏ တတိယမြောက် ကောင်းခြင်းမင်္ဂလာ ချမ်းသာတရားပေတည်း။

(တရားသဖြင့် ဖြစ်ပေါ်ရရှိပြီးလျှင် ပစ္စဝေက္ခဏာတင်ဆင်ခြင်၍ သုံးဆောင်အပ်သော ပုထုဇဉ်၏ ဆွမ်းသည်လည်း နိဗ္ဗုတ = အေးပြီးသော ဆွမ်း မည်သည်၊ စကန်မုချအားဖြင့်ကား ရဟန္တာ၏ ဆွမ်းမှသာ နိဗ္ဗုတ = အေးပြီးသော ဆွမ်းဖြစ်သည်။)

၄။ ရဟန်းလောင်း ရဟန်းမြတ်တို့သည် ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းကင်းသဖြင့် ပြည်ပိုင်အစိုးရမင်းတို့၏ အခွန်အတုပ်ပေးဆောင်ရခြင်းမှ လွတ်ကင်း ပူပန်ကြောင့်ကြစရာမလို ချမ်းသာစွာ နေနိုင်ခြင်းမှာလည်း စတုတ္ထမြောက် ကောင်းခြင်းမင်္ဂလာ ချမ်းသာတရားပေတည်း။

၅။ ပစ္စည်းလေးပါး ဒါယကာတို့အပေါ်၌ ငြီတွယ်၍ တပ်မက်ခြင်း လွတ်ကင်းလျက် မြို့ရွာ အရပ်ဝယ် လှည့်လည်ကျက်စားသော ရဟန်းကောင်း ရဟန်းမြတ်အား ရာဂတည်းဟူသော ငြီတွယ်ခြင်း၊ ဒေါသတည်းဟူသော ငြီတွယ်ခြင်းစသည် မရှိနိုင်။ (ဆူး၏ ငြီတွယ်ခြင်းကဲ့သို့ အာရုံ၌ ထိပါးငြိမှားသောအားဖြင့် ငြီတွယ်ခြင်းကို ဒေါသငြီတွယ်ခြင်း = ဒေါသသင်္ဂဟ ဟု ခေါ်သည်။)

ယင်းသို့ ငြီတွယ်ခြင်းကင်းမှုသည် တောင့်တခြင်း၊ ကြောင့်ကြခြင်းကင်းသော ရဟန်းတော်၏ ကောင်းခြင်းမင်္ဂလာတရားပေတည်း။

၆။ ခိုးသူတို့ မြို့ရွာကို လုယက်တိုက်ဖျက်အပ်သောအခါ ရှစ်ပါးသောပရိက္ခရာသာ ကိုယ်ပိုင်ဥစ္စာရှိသော ရဟန်းအနေဖြင့်မူ တစ်စုံတစ်ရာကိုယ်မျှ ခိုးသူတို့ မလုယူနိုင်ပေ။ ဤသည်ကား ပစ္စည်းဥစ္စာ သိမ်းဆည်းရမှုမရှိသော ရဟန်း၏ ဆဋ္ဌမမြောက် ကောင်းခြင်းမင်္ဂလာ ချမ်းသာရာတရားပင် ဖြစ်ပေသည်။

၇။ ဒါယကာ ဒါယိကာမများ မူးမတ်အရာရှိ အရာခံများနှင့် ရောယှက်မှု ကင်းခြင်းသည်လည်း ရဟန်း၏ ငြိမ်းအေးခြင်း သမထသုတစ်ပါးပင်ဖြစ်ပေသည်။

၈။ ပရိက္ခရာ ရှစ်ပါးသာ ကိုယ်ပိုင်ရှိသော ရဟန်းသည် ခိုးသူတို့စောင့်သောလမ်း၊ ကင်းအရာရှိတို့ စောင့်ကြပ်သောလမ်းကို သွားလာသော်လည်း အစစ်အဆေး အမေးအမြန်း အဖမ်းမခံရဘဲ သဗိတ်သက်နှ်းကို ယူ၍ ချမ်းသာစွာသွားနိုင်၏။ ဤသည်လည်း ရဟန်း၏ ကောင်းခြင်း မင်္ဂလာချမ်းသာတရား ဖြစ်ပေသည်။

(မင်းကွန်း တိပိဋက –မဟာဗုဒ္ဓဝင် ပထမ တွဲ ပထမပိုင်း)

စာထဲကလို လွန်ကြည်ညို

အထက်၌ တင်ပြခဲ့ပြီးသော သမဏသုခ ရဟန်းတော်များ၏ ချမ်းသာသုခ (၈) ပါးကို ဖတ်ရှုပြီး တောရဆရာတော်ဘုရားကြီး၏ ဘဝနေထိုင်ကျင့်သုံးခဲ့သည်များကို အနီးကပ် သိမြင်တွေ့ရှိဖူးမြင်ခဲ့ဘူးသော ရှင်လူ ရဟန်းတော်များအနေဖြင့် တကယ့် စာထဲက ရဟန်းတော်မြတ်ကြီးပါပေဟု လည်း ဤသမဏသုခ တရား (၈)ပါးဖြင့် ထင်ဟပ်နှလုံးသွင်းမိကြပေလိမ့်မည် ယူဆပါသည်။

သမဏသုခ (၈)ပါး လင်္ကာနှင့် စကားပြေလိုရင်းများကို သေချာ ဂနစ္စာ ဖတ်ရှုဆင်ခြင်ကြည့်ပါလျှင် ထိုစာထဲမှာ ပါသည့်အတိုင်း ကျင့်သုံးနေထိုင်တော်မူခဲ့သော ဆရာတော် အရှင်မြတ်ကြီးသည် ပြင်းထန်သော ဝေဒနာများ၏ နှိပ်စက်ညှင်းပန်းခြင်းကို သည်းခံတော်မူလျက် ဤလောက ဤလူ့ပြည် ဤလူ့ရွာမှ မကြာသောကာလတွင် ထွက်ခွာတော်မူကြွသွားတော်မူပေလိမ့်မည်။ နောင်သောကာလများ၌ ဟိုဟိုသည်သည် ပြေးပြေးလွှားလွှား သွားသွားလာလာ ဖူးမြင်ကြရတော့မည် မဟုတ်တော့ပါချေ။ မိမိအနေဖြင့် တွေးတောရင်း ငေးမောရင်းဖြင့် ဆရာတော်ဘဝအကြောင်းများ စဉ်းစားရင်း အထက်ပါ စာစုများကို ဖွေရှာ ဆရာတော်ဘဝနှင့် ထင်ဟပ်လျက် ရေးသားနေမိခဲ့လေသည်။

မိမိကား စာများစွာကို ရှာ၍ ဖတ်သည်ပြီးလျှင် ဆရာတော်ဘဝနှင့် စာထဲက အသိ၊ နှိုင်းယှဉ်ကြည့်၊ လေ့လာမိလျက်သား၊ စူးစမ်းမိလျက်သား ဖြစ်နေလေတော့သည်။

အငှားယာဉ် **Hiace** နှင့် ဦးညွန့်လှိုင်တို့ ပြန်ရောက်လာ

၁၁၊၇၊၂၀၀၄ နေ့ အညာသို့ ပြန်ကြွသွားတော်မူသော ဆရာတော်ဘုရားကြီးသည် လယ်ဝေးမြို့နယ် ထန်းတပင်တောရကြီး၌ မှန်တောင်တောရ ဆရာတော် ဦးစန္ဒောဘာသ၊ ဆုတောင်းပြည့် ဆရာတော် ဦးကေဝလ၊ ရွှေစေတီတောရ ဆရာတော် ဦးကွဿရိယတို့ ဦးဆောင်သော တောရဆရာတော် အပေါင်းများစွာတို့၏ အနီးကပ် ပြုစုစောင့်ရှောက်မှုဖြင့် ရှိနေကြောင်း လိုက်ပါသွားသော Hiaceကား အမှတ် ၈က/၄၂၅၁ မှာ ၁၂၊၇၊၂၀၀၄ နေ့ ညနေ ရန်ကုန်မြို့သို့ ချောမောစွာ ပြန်ရောက်လာကြောင်း ညီဖြစ်သူ ဦးညွန့်လှိုင်ကလည်း ဖုန်းဆက်ပြောပြသည်။ ကားပိုင်ရှင် ဦးအုန်းကြွယ်နှင့် ယာဉ်မောင်း ကိုမောင်မောင်နိုင်တို့ထံမှလည်း ဖုန်းဆက်ပြောပြ၍ သိရသည်။

၁၁–၇–၂၀၀၄ နေ့နံနက် ရန်ကုန်မှ ထွက်ခွာသွားသော တောရဆရာတော်ကြီးကို ပြန်ပင့်ကြသော ယာဉ် ၄စီးမှာ လမ်းတွင် လုံးဝ ရပ်တန့်ခြင်း၊ နားနေခြင်းမရှိ၊ ဆရာတော် ဦးစန္ဒောဘာသ လိုက်ပါသော ရှေ့ဆုံးယာဉ်မှာ တောရဆရာတော်ဘုရားကြီးကို ပင့်ဆောင်သော အငှားယာဉ်ဖြစ်၍ ဆက်တိုက်မောင်းရမည့် အမိန့်ပေးသဖြင့် လမ်းခရီး ရပ်နားရခြင်းမရှိ၊ နောက်ကားများပါ ရပ်တံ့နားနေရခြင်း မရှိ ယခုနေပြည်တော် လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရကြီးသို့ ညနေ ၃–နာရီခန့် ရောက်သွားကြောင်း ပြန်ပြောပြကြ၍ သိရလေသည်။

ရန်ကုန်နှင့် ယခုနေပြည်တော် လယ်ဝေး လမ်းခရီး ၈–နာရီပင် မကြာ၊ ဆရာတော်ဘုရားကြီး မူလနေရာအမြန် ပြန်ရောက်၊ အမြဲသီတင်းသုံးနေကြကျောင်းကလေးမှာ စိတ်ချမ်းသာသလို လွတ်လွတ်

လပ်လပ်ဖြင့် ကျင်ကြီး ကျင်ငယ်မှအစ သွားလိုသည့် အချိန် သွားနိုင် နားနေနိုင်စေရန် အမြန်မောင်းစေခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါသည်။

လမ်းခရီး မော်တော်ကား အားလုံးတစ်စုံတစ်ရာ ချွတ်ယွင်းချက်မရှိ လိုက်ပါနိုင်ကြကြောင်း၊ ယာဉ်မောင်းများ ရေသောက်ရာမှာ မောင်းရင်းနှင့် သောက်၊ မောင်းရကြောင်း ပြန်လည် ကြားသိရလေသည်။ ပြေးလွှား၍ သိမ်များစွာကို သမုတ်တော်မူခဲ့သော ဆရာတော် မပြေးနိုင်တော့ပါ။

'ပျိုရွယ်စဉ်ခါ၊ လိုရာပါလျှက်၊

ငါတကြွကြွ၊

အိုကာလနှိက်၊ ထလည်းမနိုင်၊ ထိုင်

လည်း မကောင်း၊

လျှောင်းလည်းမသာ၊ လိုမပါဘူး'

(မဃဒေဝ ပိုဒ်ရေ – ၉၀)

ဇာတိရက– ရောဂါ နိပ်စက်မှုနှင့် ဇရာဇိ၏ နှိပ်စက်မှု အထုအထောင်း လဲလျောင်း၍ ခံရမြဲဖြစ်ကြောင်း မန်လည်ဆရာတော်ဘုရားကြီး၏ စာအလင်္ကာဖြင့် တင်ပြရပါသည်။

နယ်က သတင်း မျှော်ရပါပြီ

ယခု နေပြည်တော် ပျဉ်းမနားမြို့နှင့် လယ်ဝေးမြို့များရှိ ဆရာတော်ကြီး၏ တပည့်ဒါယကာများထံမှ ဘာသတင်းများ ကြားလာရမလဲ၊ နေ့စဉ်နှင့်အမျှ မျှော်ရပါပြီ။

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေး ကောင်းသလား၊ ဆိုးသလား ဘာများထူးခြားလာသေးလဲ၊ တစ်ရက်ခြားဆိုသလို ဦးချိုဝင်း ပျဉ်းမနားမြို့ ရန်နိုင်နှင့် ဗိုလ်ကြီးခင်မောင် ဇနီး အစ်မကြီး ဒေါ်ကြည်ကြည်တို့ထံမှ ဖုန်းသတင်း မျှော်နေရပါသည်။ ၎င်းတို့ထံမှ သိရသမျှမှာ ထူးခြားမလာ၊ ကျန်းမာရေးမှာ ပို၍ ကောင်းမလာ၊ နံနက်စာ ယာဂုပင်များများ ဘုန်းပေးနိုင်ခြင်းမရှိ၊ နံနက် ၁၁ နာရီ ဆွမ်းကပ်ပါသော်လည်း အားရပါးရ ဘုန်းပေးနိုင်ခြင်းမရှိဟု ပြောပြ၍ ကြားနေရပါသည်။

တောရဆရာတော်ဘုရားကြီး မကျန်းမာကြောင်း လေးပြင်လေးရပ်သို့ သတင်းများပျံ့လွင့်သွားကြသဖြင့် ရောက်လာသမျှသော ရဟန်းရှင်လူများကို အလွန်မတတ်သာသူများမှအပ တွေ့ဆုံဖူးမျှော် စကားပြောခွင့်မပြုဘဲ တောရဆရာတော်ကြီး၏ တပည့် ဓုတင်ဆောင်ရဟန်းများ အလှည့်နှင့် စောင့်ရှောက်ပြုစုနေကြကြောင်း ကြားရလေသည်။ ဆရာတော်ကြီး၏အလိုအရ လူအများအပြား ဝိုင်းအုံလာသည်ကို မူလကလည်း မကြိုက်သဖြင့် အနီးကပ်နေဆရာတော် အကြီးအကဲများက စီမံပိတ်ပင် တားမြစ်ထားကြောင်းလည်း ကြားရလေသည်။

ယခု နေပြည်တော် ပျဉ်းမနားမြို့နေ ဦးချိုဝင်း နှင့် အစ်မကြီးဒေါ်ကြည်ကြည်တို့ အိမ်များမှ ဖုန်း မလာလျှင် မိမိက ညစဉ် ဖုန်းဆက်မေးနေမိတော့သည်။ ထူးခြားချက် မရှိ၊ အဖြေက ယခင်နေ့များအတိုင်းပါပဲ ဟု ဆိုကြသည်။

ရန်ကုန်နှင့် ယခုနေပြည်တော် ပျဉ်းမနား ဆရာဝန်ကြီးများ၏ စစ်ဆေးစမ်းသပ် သိပ္ပံနည်းကျ ဓာတ်မှန်၊ T.V ဓာတ်မှန်၊ C,T scan နှင့် သွေးအဖြေများအရလည်း အသည်းတစ်ခြမ်း ပျက်စီးနေပါပြီ။ ကာလ မကြာတော့ပါ၊ အဖြေတွေ ပေးခဲ့ပြီးပါပြီ၊ မျှော်လင့်ချက်လည်း ဝေးခဲ့ပြီ ထင်ပါသည်။ ဓမ္မာရကာအိုနာသေမှ မလွတ်နိုင်ကြောင်း ကျေးဇူးတော်ရှင် မန်လည် ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ရေးဖွဲ့ခဲ့သည်ကိုလည်း တင်ပြလိုက်ပါသည်။

'ဝိဇ္ဇာဓော်ဂျီ၊ တပသီနှင့်၊ လောကီ ဣဒ္ဓိပါဒ်၊

လွန်ကြီးမြတ်သည့်၊ မိုးနတ်ဖြဟ္မာ၊ ဖြစ်စေကာလည်း၊

ပညာဆေးဝါး၊ မန္တြားဖြင့်၊ ကုစားအရိုး၊

တန်ခိုးဘန်ဆင်း၊ အိုသေခြင်းမှ၊ ရှောင်ကွင်းဘယ်မှာလွတ်နိုင်ရာလိမ့်'

(မဃဒေဝ ပိုဒ်ရေ – ၁၄၁)

မန်လည်ဆရာတော်ဘုရားကြီး၏ ရေးဖွဲ့မှုမှာ လွန်စွာပင် ထိရောက် ပြတ်သား ထင်ရှားအောင် ပြဆို၍ ထားခဲ့ပါသည်။ မည်သည့် ဆေးဝါး မန္တြားဖြင့် ကုစားနိုင်ရိုးမရှိ၊ တန်ခိုးရှင်များလည်း အိုသေခြင်းမှ ရှောင်ကွင်း၍ မလွတ်နိုင်ကြောင်းနှင့် သံဝေဂရဖွယ် သတိတရားရဖွယ် ရေးဖွဲ့ထားသည်ကို တွေ့မြင်ရပါသည်။

မှန်တောင်တောရဆရာတော်ထံမှဖုန်းဆက်လာ

ရက်သတ္တ တစ်ပတ်အကြာ မှန်တောင်တောရဆရာတော် ဦးစန္ဒောဘာသထံမှ ဖုန်းဆက်လာသည်။ တောရဆရာတော်ဘုရားကြီး၏ အခြေအနေမထူးပါ။ ယခုနေပြည်တော်လယ်ဝေး ထန်းတပင်တောရမှာပင် ဆေးစား ဆေးတိုက် ပြုစုနေကြောင်း၊ နေ့နေ့ညည အစောင့်သံဃာတော်များ တာဝန်ခွဲဝေ ချထားရကြောင်း ထိုဆရာတော်အနေဖြင့် မှန်တောင်တောရအနီး တပ်မတော်တပ်ရင်းတပ်သစ်များ တိုးချဲ့ ဖွဲ့စည်းလာသဖြင့် တောရကျောင်းအကွာအဝေး တာ ၅၀၀–အတွင်း အိမ်ထောင်စုများ နေထိုင်က တောရကျောင်း အင်္ဂါပျက်မည့် အခြေအနေရှိနေ၍ သာဂရမြို့ မှန်တောင်တောရသို့ ပြန်လာရကြောင်း သက်ဆိုင်ရာ တပ်မှူးများနှင့် ဆွေးနွေးရန်ရှိနေကြောင်း ဖုန်းဆက်လာပါသည်။

မှန်တောင်ဆရာတော်အနေဖြင့် တစ်ဖက်တွင် ဆရာဖြစ်သူ၏ ကျန်းမာရေးက စိတ်မချရ၊ တစ်ဖက်တွင် နေရေးထိုင်ရေး သီတင်းသုံးရေးက တောမရ၊ တောရကျောင်း အင်္ဂါနှင့်အညီ မဖြစ်က တောရဆောက်တည် သီတင်းသုံးရေးမလွယ်၊ အခက်အခဲတွေပြိုင်၍ ဝင်လာ၊ ဘယ်အရာ ဘယ်ကဲ့သို့ရှင်းလင်းဖြေရှင်းလေမည်နည်း။

သတ္တဝါမှန်သမျှ အနန္တတို့ မအိုပါလို၊အိုရ၊ မနာပါလို နာရ၊ မသေပါလို သေရပါလိမ့်ဦးမည်။ မသေရခင် မဖြစ်လိုသည့်အရာ ဖြစ်ရ၊ ဖြစ်လိုသည့် အရာမဖြစ်၊ မဆုံလိုသည့်အရာ ဆုံရ၊ ဆုံလို တွေ့လိုသည့်အရာ မတွေ့ရ၊ လောကဓံတရားတို့သည် ကောင်းဆိုးနှစ်တန် တစ်လှည့်စီဖြစ်၍ နေတော့သည်။ တရားဦးဓမ္မစကြာဒေသနာ၌ မြတ်ဗုဒ္ဓ မိန့်ခဲ့အတိုင်း ကမ္ဘာတည်သရွေ့ မဖောက်မပြန် မှန်နေပေလိမ့်ဦးမည် ဖြစ်လေတော့သည်။

ရွှေမိုးညို့ပြိုလေပြီ

(၂၂–၇–၂၀၀၄) နေ့ ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၆ရက် ည ၁၀–နာရီခန့် ယခုနေပြည်တော် တပ်ကုန်းမြို့နယ် ဒေါင်းမင်းဆီစက်မှ ကိုစိုးသန်း ဖုန်းဆက်သည်။ ညအချိန်မတော် ဖုန်းလာသည် ဆိုကထဲက တစ်ခုခုတော့ဖြစ်လေပြီဟု စိတ်မှာ ထင့်သွားသည်။

စိတ်မှာ စိုးရိမ်စိတ်ဖြင့် ဖုန်းနားထောင်သည်။ ကိုစိုးသန်းပြောလာသည်မှာ ယခုည ၈–နာရီ ၂၅–မိနစ် အချိန် နဘူးကျင်း ရန်ကင်းတောရကြီး၌ တောရဆရာတော်ဘုရားကြီး တစ်ဘဝခန္ဓာချုပ် ငြိမ်းသွားလေပြီဖြစ်ကြောင်းနှင့် မနက်ဖြန် ကြေးမုံသတင်း

စာမှာ နာရေးကြော်ငြာထည့်ပေးရန် ရန်ကင်းတောရ ရန်ကုန်ဆရာတော် ဦးစာဂရိယ မိန့်ကြားသည့်အတိုင်း လိုက်ရေးပါ။ ဦးလေးအနေဖြင့် ထိုတာဝန်ကို ဆောင်ရွက်ပေးပါ ပြောလာပါသည်။

ကြေးမုံသတင်းစာမှာ ၁–ရက်၊ ၂–ရက် ထည့်ပေးရင်တော်ပါပြီဟု ဝမ်းနည်းစွာပြောလာပါသည်။ ၅–ရက်မျှသာ ပူဇော်ထားမည်။ ၂၆.၇.၂၀၀၄ နေ့တွင် အန္တိမဈာပန ကျင်းပမည်ဟုဆိုပါသည်။ တောရဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်ကပင် "ဈာပနာများ အပိုတွေရဲ့တာ မကြိုက်၊ မနှစ်သက်" တောရဆရာတော်၏မူအရ ရှင်/လူ တပည့်ကြီးများ စီစဉ်ကြခြင်း ဖြစ်လေသည်ဟုလည်း နားလည်ရတော့သည်။ ရွှေမိုးညိုပြိုလေပြီကောဟု လည်း စိတ်မှာကြေကွဲဝမ်းနည်းခြင်း ဝေဒနာပြင်းစွာ ခံစားရလေသည်။ မျက်ရည်ပေါက်များ မိုးကြီးပြိုသလို ကျလာပါသည်။ တစ်နေ့မဟုတ်တစ်နေ့တော့ ဒီလိုဘဲ ဖြစ်လာပါလိမ့်မည်။ ယခုဖြစ်လာပါပြီ။

ရန်ကုန်မှပြန် ၁၁ရက်အကြာမှာ

၁၁–၇–၂၀၀၄–နေ့က ရန်ကုန်မှ နယ်သို့ ပြန်ကြွသွားတော်မူသော တောရဆရာတော်ဘုရားကြီးမှာ ၂၂–၇–၂၀၀၄ နေ့တွင် ပျံလွန်တော်မူခြင်းဖြစ်ရာ ၁၁–ရက်မျှအကြာသာ နေတော်မူခြင်းမှာ မြန်လွန်းလှပါသည်။ ၆–လခန့်လူ့ပြည်မှာ နေလေဦးမလား တွေးထင် မျှော်လင့်ခဲ့ကြပါသည်။ အဘယ့်ကြောင့် ဤမျှစောစီးစွာ ကြွသွားတော်မူပါလေသနည်း။

မွေးရာဇာတိမြေမှာ ဇာတ်သိမ်းတော်မူ

တောရဆရာတော်ဘုရားကြီး၏ ဘဝအစ လူအဖြစ်ရောက်လာသည်မှာ နဘူးကျောင်းရွာ ဖြစ်ပါသည်။ ဆရာတော်ဘဝအတွက် အရေးအပါဆုံး ဇာတိရွာ မွေးရပ်မြေလည်း ဖြစ်ပါသည်။ ဘခမည်းတော်ကြီးဦးဘနှင့် မယ်တော်ကြီး ဒေါ်အေးမှန်တို့ လည်း ထိုရွာကလေးမှာပင် ခေါင်းချခဲ့ပါသည်။

တောရဆရာတော်ကို နဘူးကျောင်းရွာမှာ မွေးဖွား၍ မွေးဖွားရာမြေ နဘူးကျောင်းရွာသို့ အချိန်တိုအတွင်းလိုက်ပါပြန်ကြွ၊ ဆရာတော်ဘဝ ဇာတ်သိမ်းခန်း ဤမွေးရွာကလေးမှာ အဆုံးသတ်စေရမည်ဟူသော အဓိဋ္ဌာန်ချက် ဆရာတော်မှာ မူလကပင် ရှိခဲ့လေသလား မပြောတတ်နိုင်အောင် ရှိတော့သည်။

ဘုရားဖြူနှင့် ဟပည့်ဒါယကာများကိုဖုန်းဆက်

တောရဆရာတော် ပျံလွန်တော်မူကြောင်း သတင်းကို ညချင်းပင် ဘုရားဖြူဆရာတော် ဘဒ္ဒန္တ နန္ဒိဿဘိဝံသသို့ လည်းကောင်း၊ တပည့်ကြီး ဦးညွန့်လှိုင်၊ ဦးတင်ဝင်း၊ ဦးစိန်မောင်+ဒေါ်ဝင်းမာ၊ ဦးကျော်ဇင် (စိန်ကမ္ဘာ)သို့လည်းကောင်း မိမိက ဖုန်းဆက်သတင်းပို့ခဲ့သည်။

ဦးကျော်ဇင်က ၎င်းတို့သားအဖနှစ်ယောက် ၂၃–၇–၂၀၀၆ ညမှာ ၎င်း၏ကားဖြင့်သွားမည်။ လိုက်မလားမေးသည်။ ဦးစိန်မောင် + ဒေါ်ဝင်းမာ တို့ကလည်း ၎င်းတို့၏ ကားဖြင့်သွားမည်။ ဦးညွန့်လှိုင် လိုက်မည်။ ဦးလေး လိုက်မလားမေးသည်။ မိမိ၏ ကျန်းမာရေးအရ ချက်ချင်းမဖြေနိုင်ခဲ့ပါ။

စိတ်ဆန္ဒအရ နောက်ဆုံးဖူးမြော်ခြင်းဖြင့် သွားလိုသော်လည်း ခန္ဓာက ဝေဒနာရှိခဲ့သူဖြစ်၍ မိမိဘဝလည်း နဘူးကျောင်းမှာ တစ်ဘဝ ဇာတ်သိမ်းသွားနိုင်ပါသည်။ လိုက်ပါမသွားနိုင်ခဲ့ပါ။

၂၃-၇-၂၀၀၄ ကြေးမုံနှင့်မြန်မာ့အလင်းသို့ သွား ကြေးမုံသို့

၂၃-၇-၂၀၀၄ နံနက်ပိုင်း တောရဆရာတော်ဘုရားကြီး၏ နာရေးသတင်းကြော်ငြာရန်အတွက် အိမ်နီးချင်းနေ ဦးတိုးကြည်(သင်္ဘောသား)နှင့် မိမိတို့ ဦးလှအောင်၏ကားဖြင့် ကြေးမုံသတင်းစာတိုက်သို့ သွားကြသည်။

သင်္ဃန်းကျွန်းမြို့နေ ဦးပန်းညွန့်(မြန်မာ့အလင်းသတင်းစာ ကြီးကြပ်ရေးမှူး အငြိမ်းစား)ကို ဖုန်းဆက် ချိန်းဆိုထားသည့်အတိုင်း လမ်း၅၀ ကြေးမုံတိုက်မှာဆုံကြသည်။

ကြေးမုံသတင်းစာကြော်ငြာဌာနတွင် နာရေး ၂၄-၇-၂၀၀၄ နေ့နှင့် ၂၅-၇-၂၀၀၄ နေ့ (၂)ရက် ကြော်ငြာပေးရန် ရေးလာသောစာ တင်ပြကြသည်။

ရန်ကုန်ဆရာတော်မိန့်ကြားချက်အတိုင်း "တစ်ဘဝခန္ဓာချုပ်ငြိမ်းတော်မူ" ဟူသော စာပိုဒ် ထည့်မရပါ။ "ဘဝနတ်ထံပျံလွန်တော်မူခြင်း"ဟု သာ ထည့်ပေးနိုင်မည်ပြော၍ အထက်အရာရှိထံသို့ သွားရောက်တင်ပြကြသော်လည်း အကြောင်းမထူးပါ။ ထုံးစံအတိုင်းသာ ထည့်ခွင့်ပြုပါမည်ဆိုသဖြင့် ထုံးစံအတိုင်းသာ ၂-ရက်စာသင့်ငွေ ၆၀၀၀/- ပေးသွင်းခဲ့ကြပါသည်။

မြန်မာ့အလင်းသို့

ယခုနေပြည်တော် တပ်ကုန်းမြို့ ဒေါင်းမင်းဆီစက်မှ ကိုစိုးသန်း ပြောချက်အရ ကြေးမုံသတင်းစာမှာသာ ထည့်ပေးပါဆိုသော်လည်း မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာထည့်လိုသည့် စိတ်ဆန္ဒ မိမိမှာရှိနေသဖြင့် တောရဆရာတော်ဘုရားကြီး၏ နောက်ဆုံးခရီး ပူဇော်ရခြင်းလည်းဖြစ်၍ မြန်မာ့အလင်းသတင်းစာ ကြော်ငြာလက်ခံရာဌာန အမှတ် (၅၃)၊ နတ်မောက်လမ်းသွယ် (ခ) ဗဟန်းမြို့နယ်သို့ မိမိတို့အဖွဲ့ ခရီးဆက်ကြသည်။

ကြော်ငြာဌာနမှူးနှင့်တွေ့ကြသည်။ "ဘဝနတ်ထံပျံလွန်တော်မူခြင်း"ပင် ခွင့်ပြုသည်။ ထိုသတင်းစာတွင် တာဝန်ထမ်းဆောင်ခဲ့သော ကြီးကြပ်ရေးမှူး (ငြိမ်း)ဦးပန်းညွန့်နှင့်အတူ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများဖြစ်သည်။ သို့ရာတွင် 'ပျံလွန်ကြောင်း ထောက်ခံစာ' ပါလျှင် ပိုကောင်းပါသည်ဆိုသဖြင့် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ဆေးရုံအုပ်ဒေါက်တာ ဦးခင်မောင်အေးထံ သွားရောက်ကြပြီး အလိုရှိသော ထောက်ခံချက်ရယူ ပြန်လည်ပေးပို့ခဲ့ကြသည်။

၂၄-၇-၂၀၀၄ နေ့ သတင်းစာများ နဘူးကျင်းသို့ ပို့

၂၄-၇-၂၀၀၄ နေ့ ညရထားဖြင့် မကြည်ကြည်ဆွေ (ဦးကြည်စိုး သရက်ကန်ရွာ၏ သမီး) ဖြစ်သူက တောရဆရာတော်ဘုရားကြီး အန္တိမပူဇာပွဲ သွားမည်ဆို၍ ၂၄-၇-၂၀၀၄ နေ့ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများ ဝယ်ယူပြီး ရန်ကင်းတောရ ရန်ကုန်ဆရာတော် ဦးဇာဂရိယသို့ ၂-စောင်နှင့်အတူ "နဘူးကျင်းတောရဆရာတော်ဘုရားကြီးသို့ မိမိတပည့်ကြီး သိမ်းဆောင်၏ ပစ္ဆိမဝန္ဒနာ ကန်တော့လွှာပါဘုရား" ဟူသောစာကို ပေးပို့လိုက်ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူဟူသော ခေါင်းစီး

ရန်ကုန်ဆရာတော်၏ မိန့်ကြားချက်အရ တောရဆရာတော်ဘုရားကြီး၏ "တစ်ဘဝခန္ဓာ

ချုပ်ငြိမ်းတော်မူ” ဟူသောစာကို သတင်းစာကြော်ငြာ ဌာန တာဝန်ရှိသူဝန်ထမ်းများက လက်မခံပါ။ ဘဝ နတ်ထံပျံလွန်တော်မူ ဟူသော သမရိုးကျ နေ့စဉ် သတင်းစာမှာ ထည့်နေကြအတိုင်းသာ လက်ခံပါ သည်။

သို့အတွက် ရန်ကုန်ဆရာတော်၏ အမိန့် အတိုင်း မဖြစ်ရပါကြောင်း သတင်းစာများနှင့်အတူ အစီရင်ခံစာပါ ရေးပေးလိုက်ရပါသည်။

ရဟန်းတော်များ ပျံလွန်တော်မူလေတိုင်း ဘဝနတ်ထံရောက်သည့် ပုဂ္ဂိုလ်လည်းရှိမည်။မရောက် သည့် ပုဂ္ဂိုလ်လည်းရှိပါလိမ့်မည်။ မိမိတို့၏ တောရ ဆရာတော်ဘုရားကြီး အလိုဆန္ဒမှာလည်း သံသရာ ဝဋ်မကျွတ်သေးသည့်တိုင် ဘဝ နတ်ထံသို့ရောက်ရန် စိတ်ညွှတ်မည် မဟုတ်ဟု ထင်ပါသည်။ အဘယ် ကြောင့်ဆိုသော် ကိလေသာအာရုံ၊ ကာမဂုဏ်တို့၌ စုံစုံမက်မက် နစ်သက်မြတ်နိုးနေမည်မဟုတ်၊ လူသူ တို့နှင့် ရောထွေးယှက်တင်နေလိုသည့် ဆန္ဒပင်မရှိ သည့်ပုဂ္ဂိုလ်ကြီးမှာ နတ်ပြည်နတ်လောက သာယာမှု များရှိရာသို့ ဦးတည်ချက်မရှိနိုင်ဟုလည်း ထင်ပါ သည်။

အကယ်၍များ ဘဝသံသရာစာတ်သိမ်း ချုပ်ပြတ်ငြိမ်းသည်။ အရဟတ္တမဂ် အရဟတ္တဖိုလ် မရမရှိ မရောက်သေးပါကလည်း လူ့ပြည် လူ့ရပ် လူ့ဌာနသို့သာ ဆရာတော်ဘုရားကြီး ပြန်လာရောက် ကာ ရဟန်းတရားဆက်လက် ကျင့်ပွားနိုင်သည့် ခုတင်ဆောင်မထေရ်ဘဝမျိုးကိုသာ ရလိုကောင်း ရလို ပါလိမ့်မည် ထင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးကလည်း နတ်ပြည် သို့ စိတ်မညွှတ်၍ လူ့ပြည်လူ့ရွာသို့ပြန်လာ ရဟန်း ဘဝကိုသာ ရလိုကြောင်း မိန့်ခဲ့လေသည်။

သို့ပါသော်လည်း သတင်းစာကြီး၂စောင် လုံးက တောရဆရာတော်ဘုရားကြီးအား ဘဝနတ် ထံသို့ပျံလွန်တော်မူကြောင်း နတ်ပြည်သို့သာ ပို့ခဲ့ ကြလေသည်။

ဝါကပ်ရန် တစ်ပတ်အလို မီးသင်္ဂြိုဟ်

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆- ရက် (၂၂-၇-၂၀၀၄) နေ့ညက ပျံလွန်တော်မူခဲ့သော တောရဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ဒုတိယဝါဆိုလဆန်း ၁၀ရက်(၂၆-၇-၂၀၀၄)နေ့ နေ့လည်ပိုင်း မီးသင်္ဂြိုဟ်တော်မူခဲ့ကြရာ ၅-ရက်မျှ သာထား၍ လျင်လျင်မြန်မြန်ကြီး ရေးကြီးသုတ်ပြာ အဘယ်ကြောင့် ရက်တိုတိုဖြင့် မီးသင်္ဂြိုဟ်ခြင်းပြု လိုက်ကြပါသနည်း။

တောရဆရာတော်ဘုရားကြီးရုပ်ကလပ် တော်ကို တပည့်ဒါယကာတွေ လူစုံအောင်ပင် ဖူး မြော်ခွင့်မရ၊ ဖူးခွင့်ရသူတို့ကလည်း ရက်အနည်း ငယ်မျှ ဖူးခွင့်ရကြသည်ကို အားမရ၊ မကျေနပ်နိုင် သေး။ အဘယ်ကြောင့်စောစီးစွာ သင်္ဂြိုဟ်တော်မူ ရက်ကြပါသနည်း။

တောရဆရာတော်ကိုယ်တိုင် ရက်တွက်ချက်၍ သွားလေသလား

၁၃၆၆ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်နေ့သည် (၃၁-၇-၂၀၀၄)အင်္ဂလိပ်လကုန်ရက်ပြီး နောက်တစ် နေ့ ဝါဆိုဝါကပ်ရက် ဖြစ်လေသည်။ ယခု မီး သင်္ဂြိုဟ်သည့်ရက်၊ ဒုတိယဝါဆိုလဆန်း ၁၀ရက် (၂၆-၇-၂၀၀၄)နေ့မှ ရက်သတ္တတစ်ပတ်အလို ဝါဆို ရက်ချိန်လုပ်ပြီး ပျံလွန်ရက် မီးသင်္ဂြိုဟ်ရက်များ တောရ ဆရာတော်ဘုရားကြီးကိုယ်တိုင် ရက်များ

တွက်ချက်ပြီး သွားလေသလား အံ့အားသင့်ကြရသည်။ အဘယ်ကြောင့်ပါနည်း။

ဝါတွင်းကာလ တောရကျောင်းထဲ လူပုဂ္ဂိုလ်များ မဝင်ရ

နဘူးကျင်း ရန်ကင်းတောရနှင့် လယ်ဝေးထန်းတပင်တောရကြီးများ၌ ဝါတွင်းကာလ လူပုဂ္ဂိုလ်များ တောရကျောင်းဝင်းအတွင်း မဝင်ရ။ စည်းကမ်းသတ်မှတ်ချက်များ ထားရှိပြီး၊ သော့ခတ်၍ ထားသည်။ စည်းကမ်းချက်များကို တောရဆရာတော်ကိုယ်တိုင်ချမှတ်၊ ကိုယ်တိုင် လေးလေးစားစား လိုက်နာခဲ့သည်။ ဆိတ်ငြိမ်ရာအရပ်၌ ချဉ်းကပ် လူသူတို့နှင့် ရောနှောခြင်းမရှိ၊ ကမ္မဋ္ဌာန်းအလုပ်၌ တစ်စိုက်မတ်မတ် တရစပ် မရပ်မနား ရှုပွားနိုင်စေရန် ရည်သန်၍ ထိုစည်းကမ်း ချမှတ်ထားသည်မှာ ကြာခဲ့လေပြီ။

(၁) တောရဆရာတော်က ဝါဆိုရက် ဝါဆိုကာလရောက်ပြီးကာမှ ပုံလွန်တော်မူလျှင် ဝါတွင်းကာလ တောရကျောင်းဝင်းအတွင်း လူပုဂ္ဂိုလ်များအဝင်အထွက် စည်းကမ်းလည်း ပျက်ချေတော့မည်။

(၂) တောရဆောက်တည် ဝါဆိုသံဃာတော်များလည်း ဝါတွင်းကာလ ကမ္မဋ္ဌာန်းအလုပ်ပျက်ချေတော့မည်။ မလိုလားအပ်သော အလုပ်ပိုတွေလုပ်နေကြရပေလိမ့်မည်။

(၃) ဝါဆို ဝါခေါင် ရေဖောင်ဖောင်ဆိုသည့်အတိုင်း မိုးကများ၊ ကျေးရွာများနေ တောင်သူလယ်သမားများ မအားမလပ်သည့်ကြားက အပိုအလုပ် တောရဆရာတော်၏ အန္တိမ ဈာပနက ဝင်လို့ရှုပ်၊ မဖြစ်စေလို။

ထိုသို့သော တွေးခေါ်မြော်မြင်ချက်များဖြင့် တောရဆရာတော်ဘဝ ခန္ဓာဝန်ကို ဆရာတော်ကိုယ်တိုင်ရက်များ တွက်ချက်၍ သွားလေသလား စိတ်မှာတွေးတောနေမိတော့သည်။

အထက်ပါအချက်များကို အဘယ့်ကြောင့်မိမိတင်ပြရသနည်း။ နောက်တစ်နည်း တင်ပြရန်လည်း ရှိလာပြန်သည်။ (အဖြေကို စာရှုသူကိုယ်တိုင်ထုတ်ယူနိုင်ရန် ဖြစ်ပါသည်။)

ပြင်ဆင်ဖွယ်ရှိက ပြင်နိုင်ရန် မှန်တောင်ဆရာတော်က လျှောက်ထား

အထက်တစ်နေရာ၌ မှန်တောင်တောရဆရာတော်ထံမှ ဖုန်းဆက်လာကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

တောရဆရာတော်က (ဆရာတော်ဘုရားကြီးရဲ့ ရောဂါဝေဒနာအကြောင်း ဆရာဝန်တွေက ဘာပြောသလဲ၊ ဘယ်လိုအဖြေထွက်သလဲ၊ ရန်ကုန်မှာလည်း မကြာခဏ မေးခဲ့၏။ တပည့်အားလုံးက ကြိုးစားပြီး ကုနေကြပါတယ် ဘုရားဟုသာ ဖြေကြားလျှောက်ထားနေခဲ့ကြပြီး ဝမ်းနည်းခြင်းများကြောင့် ဖုံးကွယ်ထားသလို ဖြစ်နေခဲ့သည်ကို ဘဝင်မကျဖြစ်ခဲ့ကြရ၏။)

သို့အတွက် မှန်တောင်တောရဆရာတော်က မှန်လှပါဘုရား၊ ဆရာတော်ဘုရားကြီးရဲ့ အသည်းတစ်ခြမ်း ပျက်စီးနေပါပြီ ပြောပါသည်။ နောက်ထပ် ၆-လသာ အသက်ရှင်နိုင်ပါသည်ဟု ဆရာဝန်ကြီးများ မှတ်ချက်ပြုကြပါသည်ဘုရား ဟု ဖွင့်ဟ လျှောက်ထားပြီး ဆရာတော်ဘုရားအနေဖြင့် ပြင်ဆင်ဖွယ်ရှိက ပြင်ဆင်နိုင်ရန်လည်း တပည့်ကြီးတစ်ပါးအနေဖြင့် လျှောက်ထားရပါသည်ဘုရားဟု တင်လျှောက်သည်ဆို၏။

တောရဆရာတော်ဘုရားကြီးက ပြန်လည်မိန့်သည်မှာ

♦ ဖြ-လပဲ ကြာတော့မယ်ဆိုတဲ့သတင်း လူတွေကို ဘာလို့ ပြောရတာလဲ။ ဒါကြောင့် လူတွေ များနေတာကိုး။

အထူးတင်ပြချက်

မှန်တောင် တောရဆရာတော်ကိုယ်တိုင် ရေးသားပြုစုပေးပို့လာသော- "နဘူးကျောင်းတောရဆရာတော်ဘုရားကြီး၏ ဘဝနိဂုံး နောက်ဆုံးနေ့များ"တွင် လွန်စွာ ထူးခြား အမှတ်တရ စာစုများကို "နောက်ဆက်တွဲ-က"ဖြင့် စာမျက်နှာ (၇၀၃)မှ (၇၁၃)ထိ သီးခြားဖော်ပြ မှတ်တမ်းတင်ထားပါသည်။

တောရဆရာတော်ကိုယ်တိုင်လည်း သိတော် မူပါလိမ့်မည်

သံဃာ့ဆေးရုံကြီး ဗာရာဏသီဆောင် အထူးခန်း(၂) မှာ (၁-၇-၂၀၀၄) ရက်နေ့က အသည်းကို တီဗီစက်မှန် (Ultra Sound) ရိုက်စစ်ရန် ညနေ ၅-နာရီထိ စောင့်မနေခဲ့ခြင်း၊ အားလုံးဟာ သေမျိုးတွေ၊ ကုတဲ့ဆရာဝန်ကြီးတွေ၊ အကုခံတဲ့ သူတွေ အားလုံးဟာလည်း သေမျိုးတွေပဲ၊ သေလမ်းမှာ ဆုံကြရမှာပါဟု မိန့်ခဲ့ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ထိုစကားရပ်များ ယခုအခါ ရောဂါပြင်းစွာ နှိပ်စက်ခံနေရသော အနေအထားများနှင့် မိန့်ကြားတော်မူခဲ့ကြသော စကားရပ်များ ဆက်စပ် တွေးခေါ် မျှော်မြင်ဆင်ခြင်ကြည့်ပါလျှင် ဆရာတော်ကိုယ်တိုင်လည်း သက်တော် ၈၃၊ ဝါတော် ၆၃ မကျော်ဟု သိတော်မူပါလိမ့်မည်ဟု မှတ်ချက်ချနိုင်ရာကောင်းပါသည်။

ငါ့ဆု တောင်းမပြည့်ဘူးကွာ

တောရဆရာတော် နာမကျန်း၍ ရန်ကုန်မြို့ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ၂၇-၇-၂၀၀၄ နေ့ ညနေက ကြွရောက်လာခဲ့ပြီး ထိုစဉ်ကလည်း "ငါ့ဆု တောင်းမပြည့်ဘူးကွာ" မိန့်ခြင်းမှာ ငါက ဝေဒနာ အကြာကြီးမခံစားလိုဘူး ဟု မိန့်ခြင်းပင်ဖြစ်ပါသည်။

ဤနေရာ၌ မန်လည်ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်အချို့ကို ကောက်နုတ်၍ တင်ပြလိုက်ပါ၏။

> *ဤခန္ဓာဝန်၊ တဏှာကျွန်အား၊ လွန်စွာ ပုတ်ဆွေး၊ ချစ်တိုင်းလေး၏၊ ဝဠ်အေးအစဉ်၊ ဓိညာဉ် နာမ်ရုပ်၊ ဖြစ်ချုပ် မပြတ်၊ ဆုံးမသတ် သား × × ×*
>
> *မနှစ်သက်ကောင်း၊ မတောင်းအပ်စွ၊ မတထိုက်စွ၊ ဝဋ်ချမ်းသာတည်း၊ ထင်ကာမြင်ကာ၊ လိုမပါကြောင့်၊ အာသာငြီးငွေ့ယ်၊ မရှိဘွယ်သည်၊ ပျက်လွယ် တိမ်ရုပ် တိမ်ရေးတည်း။*
>
> **(မဃဒေဝ-ဗိုဒ်ရေ ၉၁)**

မန်လည်ဆရာတော်ဘုရား၏ မဃဒေဝ လင်္ကာ မိန့်ဆိုချက်များကား မည်မျှကောင်းလှပါ သနည်း။ ဘဝခန္ဓာနှင့်ထင်ဟပ်ကြည့်ရန်၊ မနှစ်သက်အပ်၊ မပြတ်နိုးအပ်၊ ဝဋ်ချမ်းသာသက်သက်၊ မျှော်လင့်တောင့်တချက်အလိုသို့မပါ၊ ပျက်လွယ်သည့် သဘော၊ ကောင်းကင်တွင်းမှာ ခုဖြစ်၊ ခုချုပ်၊ ခုမြင်၊ ခုပျောက်ဖြစ်ပေါ်နေသည့် တိမ်ရုပ်များပမာ တင်စားထားပုံများမှာ အံ့ရာအံ့ကောင်း မှန်လှပါသည်။

တောရဆရာတော်ဘုရားကြီးသည်ကား ဘဝခန္ဓာ၏ ပျက်လွယ်ခြင်း သဘောများ ငယ်ငယ်ကပင် စိတ်အစဉ်မှာ အမြင်အာရုံရှိခဲ့ပြီးဖြစ်ရာ၊ ယခု အခါသေမင်းနှင့် စစ်ခင်းရာ၌ ဤခန္ဓာဝန်၏ ဝန်ထုတ်ဝန်ပိုး ပြင်းစွာသော ဝေဒနာများ၏ အနှိပ်အစက် အထုအထောင်းကို မခံစားလိုတော့၊ နေရေးထက် သေရေးသေဘေးကို ကြောက်ရွံ့တုန်လှုပ်မနေ၊ ငြိမ်းအေးခြင်းကို ရယူတော်မူပေတော့မည် ဟု ဆုံးဖြတ် ချက်ချသွားတော်မူလေသည်ဟု နှလုံးသွင်းဆင်ခြင်မိပါသည်။

သို့ကြောင့်လည်း ထိုနေ့ ထိုရက် ထိုအချိန်၌ လေးလံလှသော ခန္ဓာဝန်၊ ဝန်ထုတ်ဝန်ပိုးကြီးကို ဆက်လက် ထမ်းဆောင်မနေတော့ဟု အပြီးတိုင် ဆုံးဖြတ်ခဲ့ပေလိမ့်မည်ဟုလည်း ထင်မြင် ယူဆမိပါသည်။

ပါရမီပြည့်ပြီးဖြစ်က သံသရာ၏ ခန္ဓာဝန်ချနိုင်

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ယခုဘဝခန္ဓာဝန်ကိုချခြင်းလား၊ သံသရာ၏ ခန္ဓာဝန်ကို ချခြင်းလား ဘုရားဟု တောရဆရာတော်အား မိမိလျှောက်ထားခဲ့ရာ၌-

"မင်းကွန်းဆရာတော်က တိပိဋကဓရ ပါရမီပြည့်ပြီးသား ဖြစ်လို့ သံသရာ၏ ခန္ဓာဝန်ချလိုက ချနိုင်ပါသည်" ဟု တောရဆရာတော်ကိုယ်တိုင်လည်း မိန့်ခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ဤနေရာ၌ တောရဆရာတော်မိန့်ကြားခဲ့ဘူးသည့် စကားရပ်ကို ထောက်ချင့်၍ အထက်စာပိုဒ်များကို မိမိရေးသားတင်ပြခြင်းဖြစ်ပါသည်။

ဦးညွန့်လှိုင်တို့အဖွဲ့ ရန်ကုန်သို့ ပြန်ရောက်လာ

၂၆-၇-၂၀၀၆ နေ့ ကျင်းပသော တောရဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပန အခမ်းအနားသို့ သွားရောက်ခဲ့ကြသည့် ဦးညွန့်လှိုင်၊ ဦးစိန်မောင် + ဒေါ်ဝင်းမာ၊ ဦးကျော်ဇင်(သစ်လုပ်ငန်း) သားအဖ နှင့် မကြည်ကြည်ဆွေတို့အဖွဲ့ ရန်ကုန်သို့ ပြန်ရောက် လာကြသည်။

ရဟန်းရှင်လူများပြား

တောရဆရာတော်ဘုရားကြီး၏ အန္တိမဈာပနပွဲမှာ ရဟန်းရှင်လူ ပရိသတ် လွန်စွာများပြားလာရောက်ကြကြောင်း၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ယခုနေပြည်တော် တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးနှင့် ရန်ကုန်ပရိသတ်များ တိုးမပေါက်အောင် စည်ကားများ ပြားလှပါကြောင်း။ ပျော်ဘွယ်၊ ရမည်းသင်း၊ ယခုနေပြည်တော် တပ်ကုန်းမြို့များမှ ဆန်ဆီဆားငြုပ်ကြက်သွန် ဈေးသူဈေးသားများနှင့် အလှူရှင်များ အလိုအလျောက် လာရောက် လှူဒါန်းကြကြောင်း ရဟန်းရှင်လူ ဧည့်ပရိသတ်များအတွက် ဆွမ်းဆက်ကပ်ရန်၊ လူပရိသတ်များအား ကျွေးမွေးလှူဒါန်းရန် ငွေကြေးအလှူခံဌာန ဖွင့်လှစ်ထားခြင်း မရှိပါဘဲနှင့် မိမိတို့ဆန္ဒအလျောက် လှူဒါန်းကြသူ အလွန်များပြားကြောင်း ဦးညွန့်လှိုင်၊ ဦးစိန်မောင်တို့မှ ပြန်လည်ပြောပြ၍ သိရပါသည်။

နဘူးကျောင်းသို့ပြန်ကြခြင်းမှာဆရာတော်ဆန္ဒ

ရန်ကင်းတောရ ရန်ကုန်ဆရာတော်၊ တပ်ကုန်းဒေါင်းမင်းဆီစက်အိမ်ရှင် ဦးအောင်ခ၊ နဘူးကျောင်းရွာမှ ဆွေမျိုးများဖြစ်သော ဦးကျော်သိန်းနှင့် တူများက အဖော်အရောင်ကုသပေးနိုင်သည်ဆိုသော အသက်အရွယ်ကြီးသည့် ဆရာကြီးတစ်ဦးကိုပါ ခေါ်ဆောင်ကာ လယ်ဝေးမြို့နယ် ထန်းတပင်တောရကြီးသို့ သွားကြသည်။

တောရဆရာတော်မှာ အသည်းရောဂါဖြစ်၍ ဝမ်းဗိုက်ဖောရောင်နေသည်။ ထိုဆရာကြီးက ထိုရောဂါပျောက်အောင် ကုသပေးနိုင်ပါသည်။ သို့ရာတွင် ၎င်းမှာ အသက်အရွယ်ကြီး၍ ထန်းတပင်တောရ၌ မနေနိုင်ပါ။ နဘူးကျောင်းမှာဆိုလျှင် ၎င်းနေသည့် အရပ်နှင့် နီးကပ်သဖြင့် ကုပေးနိုင်ပါသည် ဟု လျှောက်ထားသည်ဆို၏။

တောရဆရာတော်ဘုရားကြီးက ထိုဆေးဆရာကြီး၏ လျှောက်ထားချက်ကို လက်ခံသဘောတူသည်။ နဘူးကျောင်း ရန်ကင်းတောရသို့ လိုက်ပါကြွမည်မိန့်သည်ဆို၏။

ထန်းတပင်ရှိ တောရဆရာတော်များနှင့် ဆုတောင်းပြည့်ဆရာတော်ဦးကေဝလတို့က လမ်းခရီးကကြမ်း၊ ခရီးပန်းသဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လျှင် အသည်းရောဂါအတွက် စိုးရိမ်ကြသည်ဆို၏။

စစ်တောင်းဆရာတော်ဘုရားကြီး၏ လျှောက်ထားချက်

တောရဆရာတော်ဘုရားကြီး အပြင်းအထန်နာမကျန်းဖြစ်နေသည့်သတင်းကို ကြား၍ ဝမ်းတွင်းမြို့နယ်၊ နတ်ကန်ချောင်းတောရ၌ သီတင်းသုံးတော်မူသော စစ်တောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ညဏိန္ဒလည်း ထန်းတပင်တောရသို့ရောက်ရှိနေလေရာ တောရဆရာတော်ကြီးအပေါ် နှစ်ဦးနှစ်ဘက်သော ပုဂ္ဂိုလ်များ လျှောက်ထားချက်များ ကြားနေသိနေ၏။

ထိုအချိန် စစ်တောင်းဆရာတော်က ကြားဝင်လျှောက်ထားပေးရန် တောင်းဆိုကြသည်ဟု ဆို၏။ စစ်တောင်းဆရာတော်က တောရဆရာတော်ဘုရားကြီး၏ သဘောထား ဆန္ဒမေးလျှောက်သည်ဆို၏။

တောရဆရာတော်ဘုရားကြီးက နဘူးကျောင်း ရန်ကင်းတောရသို့ လိုက်ပါကြွမည် မိန့်ကြားသည်ဆို၏။

ထိုအခါ စစ်တောင်းဆရာတော်က ကာယကံရှင်၏ ဆန္ဒအတိုင်းသာ ဖြစ်ကြပါစေဟု ကြားဝင်ရတော့သည်ဆို၏။

မှတ်ချက် ။ ။ ဤစကားရပ်များကို မိမိရေးသားသည်မှာ စစ်တောင်းဆရာတော်ဘုရား၏ တပည့်ရင်း ဒကာရင်းများဖြစ်ကြသည့် သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ဇင်မလမ်း၊ အမှတ် ၇၃ နေ ဦးမြင့်သိန်းနှင့် ဇနီး ဒေါ်ခင်လှဝေ(ခေါ်) မမိန့်မိန့် (တောရ ဆရာတော်အပြန်ခရီး နှစ်ကြိမ်ယာဉ် အလှူရှင်)တို့၏ ပြန်လည်ပြောပြချက်များ ဖြစ်ပါသည်။

အန္တိမ အဂ္ဂိရျာပန ဗီဒီယိုမှတ်တမ်း

၂၆–၇–၂၀၀၄ နေ့ ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ တနင်္လာနေ့၊ တောရဆရာတော်ဘုရားကြီး၏ အန္တိမ အဂ္ဂိရျာပန အခမ်းအနားဗီဒီယိုရိုက်ကူးထားခြင်း မှတ်တမ်းအခွေ ရန်ကုန်ဆရာတော် ဦးဇာဂရိယထံမှ ပို့သဖြင့် ရောက်လာသည်။

အခမ်းအနားရက်အတွင်းယခုနေပြည်တော် တပ်ကုန်းမြို့နယ် မဟာသီဟနာဒဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ(အဂ္ဂမဟာပဏ္ဍိတ)၊ ယခုနေပြည်တော် တပ်ကုန်း မြို့ဦးကျောင်းဆရာတော် ဘဒ္ဒန္တနာရဒ (သာသနဓဇသိရိပဝရ ဓမ္မာစရိယ)နှင့် တမာတောင် တောရဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓတို့ သုံးပါး၊ သုံးညတရားတော်များ ဟောခဲ့ကြောင်း ပရိသတ်များပါ ဗီဒီယိုမှတ်တမ်း ရိုက်ထားသည်။

၂၆–၇–၂၀၀၄ နေ့ နေ့ခင်းပိုင်း ဆရာတော်ဘုရားကြီး၏ ရုပ်ကလပ်တော်မှန်ခေါင်းကြီးအတွင်း ကိန်းအောင်းတည်နေတော်မူစဉ် တပည့်ကြီးများဖြစ်

ကြသော လဲဘူးနတ်မောက်တောရဆရာတော် ဘဒ္ဒန္တနယနှ၊ နဘူးကျောင်းရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ၊ ရန်ကင်းတောရဆရာတော် ဘဒ္ဒန္တဇာဂရိယနှင့် တောရဆရာတော်၏ ညီရင်း အိုးဘိုရွာတောရဆရာတော် ဘဒ္ဒန္တဣသရ အမှူးပြုသော တပည့်ကြီးငယ် ရဟန်းတော်ပေါင်းများစွာ တို့က တောရဆရာတော်ဘုရားကြီးအား ရှိခိုးဦးခိုက်ကြလျက်–

အပြစ်ကြီးငယ်တို့ကို ခွင့်လွှတ်တော်မူ၊ သည်းခံတော်မူပါဘုရားဟု သံပြိုင်ရွတ်ဆိုပူဇော် နောက်ဆုံး ရှိခိုးဦးခိုက်ခြင်းဖြင့် ကန်တော့ကြသည်ကို ဖူးမြင်ကြရသည်။

သံဃာတော်များစွာတို့၏ ဘခမည်းတော်ကြီး သက်တော်အားဖြင့်ကြီး၍ ဝါတော်အားဖြင့်ကြီးမားသည့် မြတ်စွာဘုရား၏ သားတော်ကြီးတစ်ပါး ဤကမ္ဘာလောက လူရပ်လူရွာမှ ထွက်ခွာတော်မူလေပြီ ဟု နမြောတသ ယူကြုံးမရသည့် ဝမ်းနည်းဖွယ်တွေ့မြင်ကြရသည်။

ထို့နေ့ထိုရက် ထိုအချိန်သည် ဆရာတော်ဘုရားကြီး၏ ရုပ်ကလပ်တော်ကို နောက်ဆုံးဖူးမြော်ကြရခြင်းပင် ဖြစ်လေတော့သည်။

အဘိယာစန ပင့်လျှောက်လွှာ

နဘူးကျောင်း ရန်ကင်းတောရကြီးသို့ အတိတ် ၁၀–နှစ်ကျော်လောက်က ရောက်လာတော်မူသော ရန်ကုန်ဆရာတော် အရှင်ဇာဂရိယ (မွှာစရိယဂဏဝါစက၊ အရည္ဈဝါသီ) ကိုယ်တိုင်ရေးသား ကိုယ်တိုင်လျှောက်ထားပင့်ဆောင်တော်မူသော အဘိယာစနကထာကို မူရင်းအတိုင်းကူးယူ အောက်၌ဖော်ပြလိုက်ပါသည်။

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ ရက် (၂၆–၇–၀၄)တနင်္လာနေ့. မန္တလေးတိုင်း ရမည်းသင်းမြို့နယ် နဘူးကျောင်းရွာ ရန်ကင်းတောရ သက်တော်ရှည် တောရဆရာတော်ဘုရားကြီး၏ အန္တိမရျှာပန အခမ်းအနား၌ လျှောက်ကြားအပ်သော အဘိယာစနကထာ ပင့်လျှောက်လွှာပါဘုရား။

ကာလော ဒါနိ မဟာထေရ၊
ဇာတိဝေဒေန ပူဇိတုံ။
အဘိယာထ ဇတ်ဌာနံ၊
ဣဒံ ပစ္ဆိမ ဒဿနံ။
အတ္ထိ အမှေသု စေဒါသော၊
ခမထ အနုကမ္ပယာ။

မဟာထေရ = မြို့ရမည်းသင်း၊ နဘူးကျောင်းရွာ၊ ရန်ကင်းတောရ အရညကနှင့် ဌာနတစ်ခွင်၊ ထန်းတပင်၌ ကြည်လင်ရွှင်ပျ ယာပထဖြင့် မှုတအလျော် သတင်းကျော်သည့် မဟော်ဥက္ကဋ္ဌ၊ မထေရ်မြတ်ကြီးဘုရား = ဒါနိ ဣဒါနိ = တစ်ထောင့်သုံးရာ၊ ခြောက်ဆယ်သာ၍၊ သရှံ့ခြောက်ခု၊ ဂဏန်းပြုလျက်၊ ဒုတိယမာသ ဝါဆိုလ၏ ကာလ ရှိန်စက်ဆန်း ၁၀ ရက်သို့၊ ဆက်ဆက်ရောက်လာ ယခုခါ၌ = ဇာတိဝေဒေန ပူဇိတုံ = ဇုတိကမ္မာ နိရောဓ ကြောင့်၊ ကြွင်းထမယုတ် ဥတုရုပ်ကို သယ်ထုတ် အပြီး၊ နံ့သာမီးဖြင့်၊ ဖုတ်ကျည်းအလျော်သို့ ပူဇော်ခြင်းငှါ။ ကာလော၊ အရပ်ဒီသာ၊ ရှစ်မျက်နှာမှ၊ဆရာ သခင်၊ ကျေးဇူးရှင်၏ ဂုဏ်အင်မှန်းဆ၊ ရောက်လာကြသည့်။ များလှဆွေညာ၊ ပေါင်းသိဿာတို့၊ ညီညာဖျဖျ၊ စုဝေးကြလျက် ကာလရည်သန် အချိန် တန်ပါပြီ ဘုရား။

ဇတ်ဌာနံ= နဘူးကျောင်းရွာ၊ ခြောက်ဒိသာ၌၊ သာယာထူးတင့် ကုန်းမြေမြင့်ဝယ်၊ ဆင်သည့်သတ်

မှတ်၊ ထိုအရပ်သို့။ အဘိယာထ= ပါဒနှစ်လီ၊ စက်စုံချိ၍ သာကြည်မေတ္တာ၊ စေတနာဖြင့် ကြင်နာဖုံးလွှမ်း မြမြချမ်းလျှက်၊ ကြွမြန်းတော်မူပါဘုရား။ အမှာကံ= ဆရာသခင်ကျေးဇူးရှင်၏ ဂုဏ်အင်များစွာ၊ အနန္တကို မှန်းဆရည်ရော် တပည့်တော်တို့၏၊ ဣဒံဒဿနံ= စုတိကမ္ဘ၊ နိရောဓကြောင့်၊ ကာလချိန်ထောက် ငါးရက်မြောက်လည်း၊ မဖောက်ကြည်လင်၊ ရှင့်ရုပ်သွင်ကို၊ မရှုင်နလုံး၊ သောကဖုံးလျှက်၊ ယူကြုံးမရ၊ ဤဖူးမြော်ရခြင်းသည်။ ပစ္ဆိမဒဿနံ= အဂ္ဂိဈာပန၊ ပူဇော်ကြဖို့၊ ကာလချိန်ထောက် နာရီရောက်၍ မီးတောက်ရင်မှာ သောကဖြာလျှက်၊ ခန္ဓာဒုက္ခ၊ အနိစ္စဟု၊ မမြအမြင်၊ သို့– ဆင်ခြင်လည်း၊ မဝင်စိတ်ထဲ၊ ဖြေနိုင်ပဲမို့၊ ဝမ်းနည်းခွေနွံး၊ မျက်ရည်ဖုံးလျှက်၊ နောက်ဆုံးဖူးမြော် ရခြင်းပါဘုရား။ အမှေသု = ဆရာယောညွှန်၊ မမှသံကို နာခံမဖြတ်၊ တပည့်ဝတ်ဖြင့်၊ မချွတ်အလျှော်၊ တပည့်တော်တို့၌။ ဒေါသော = ပုထုဇ္ဇန၊ သဘာဝကြောင့် မောဟမိုက်မှား၊ ကံသုံးပါးဖြင့်၊ တရားကင်းပ၊ ပြစ်ဒေါသသည်။ သစေအတ္ထိ = သတိယွင်းချွတ်၊ ဓာစိတ်ဓာတ်ဖြင့်၊ ဖြတ်တတ်လှစွာ၊ မမှတာတည့်၊ သေချာမှန်ဘိ၊ အကယ်၍ရှိခဲ့ငြားအံ့။ ဧဝံသတိ= ဤသို့မသေ့ ဖြစ်ခဲ့ချေသော်။ အနုကမ္ပကာ၊ တပည့်များစွာ။ အေးချမ်းသာဖို့။ မေတ္တာတရား၊ ရင်ဝယ်ထားလျှက်။ သနားကြင်နာ၊ ဖြစ်ကုန်ပါလျှက်။ ခမထ၊ တရားခန္တီ၊ မြေမဟီသို့ ရှင်ကြည်ထပ်ထပ်၊ အပြစ်လွတ်အောင် ခွင့်လွှတ်မူပါ၊ ဆရာတော် သခင် ကျေးဇူးရှင်ကြီးဘုရား။

ရေးသားရွတ်ဖတ်ပူဇော်သူ

ရန်ကုန်ဆရာတော်–အရှင်ဇာဂရိယ(မှော်စရိယ၊ ဂဏဝါစက၊ အရညဝါသီ)

ရန်ကင်းတောရ၊ နဘူးကျောင်းရွာ၊ ရမည်းသင်းမြို့။

၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက် (၂၆–၇–၂၀၀၄)

ထိုပင့်လျှောက်လွှာ ပါဠိမြန်မာ ရေးသားချက်များကို သေချာဂနစွာ ဖတ်ရှုပါလျှင် အဓိပ္ပါယ်ပေါ်လွင်နေပြီးဖြစ်ပါသည်။ မိမိအနေဖြင့် စကားပြေထပ်မံ၍ မရေးတော့ပြီ။

ထိုပင်လျှောက်လွှာဖတ်ကြားပြီးနောက် တောရဆရာတော်ဘုရားကြီး၏ တပည့်ကြီးတစ်ပါးဖြစ်သူ ပဲခူးတိုင်း၊ တောင်ငူခရိုင် ရေတာရှည်မြို့နယ်၊ သာဂရမြို့ မှန်တောင်တောရ၌ သီတင်းသုံးတော်မူလျှက်ရှိသော မှန်တောင်တောရဆရာတော်ဟု အများရှင်လူသိတော်မူသော၊ တောရဆရာတော်ဘုရားကြီး၏ လက်ရင်းတပည့်ကြီးလည်းဖြစ်၊ ဆရာသခင်၏ ခြေရာနင်း၍ ဆရာတော်သခင်နည်းတူ ဓုတင်အကျင့်ကို ကျင့်တော်မူသော ဘဒ္ဒန္တစန္ဒောဘာသ (သာသန ဓဇ မှော်စရိယ၊ အရညဝါသီ) ကိုယ်တိုင်ရေးသားကိုယ်တိုင်ပူဇော်အပ်သော အန္တိမပူဇာ ဝန္ဒနာ ဂါထာကိုလည်း မူရင်းအတိုင်း ကူးယူ အောက်၌ ဖော်ပြလိုက်ပါသည်။

ထန်းတပင်နယ် နဘူးကျောင်း ရန်ကင်း
တောရဆရာတော်ဘုရားကြီး၏ တပည့်
မှန်တောင်တောရဆရာတော်
"အာယသ္မာ စန္ဒောဘာသ"
ရေးသားပူဇော်အပ်သော ဘဒ္ဒန္တတိဿရ
မဟာထေရ်မြတ်၏
အန္တိမပူဇာ ဝန္ဒနာဂါထာ

ဗာလံ ယထာ ကုသလံ မုဋ္ဌံ၊

အစ္စယတော စ အစ္စယံ။

ပဋိဂ္ဂဏှာတု အမှာကံ၊

ခမထ အနုကမ္ပနာ။

ဘန္တေ၊ တန်ခိုးတေဇာ ဂုဏ်ရောင်ဖြာသဖြင့် ကမ္ဘာတစ်ခွင် ပေါ်ထင်ကျော်ကြား နဘူးကျောင်း ရန်ကင်းတောရ ဆရာတော်သခင် အို . . အရှင်သူမြတ်ကြီးဘုရား။ တွဲ၊ ကမ္ဘာတစ်ခွင် ပေါ်ထင်ကျော်ကြား ဆရာတော်အရှင်မြတ်ဘုရားကြီးသည်။ ဒါနိ ဣဒါနိ၊ သက်တော်ရှစ်ဆယ့်သုံးနှစ်(၈၃) ရောက်လှစ်ချိန်ခါ ဤယခုအခါ၌။ နိဗ္ဗုတော = တပည့်အများ ညှာမသနားဘဲ ခွန့်ခွါပယ်ရှား ပစ်ခါသွားသဖြင့် အငြိမ်းကြီး ငြိမ်းတော်မူခဲ့လေပြီ။ အမှာကံ = ဆရာတော်ဘုရား ပစ်ခွါသွားသဖြင့် "အမိမဲ့သား ရေနည်းငါးသို့ သောကပူဆွေး ငိုကြွေးတမ်းတ ကျန်ရစ်၍နေကြရကုန်သော ဘုရားတပည့်တော်တို့၏။ ယထာဗာလံ = မိုက်သည်အားလျော်စွာ။ ယထာ အကုသလံ = မလိမ္မာသည်အားလျော်စွာ။ ယထာမုဠ၊ တွေဝေသည် အားလျော်စွာ။ အစ္စယံ = ကိုယ်နှုတ်စိတ်ထား သုံးပါးတို့ဖြင့် ပြစ်မှားမိငြား အပြစ်များကို။ အစ္စယတော = အပြစ်အနေအားဖြင့်။ ပဋိဂ္ဂဏှာတု= ရှင်ပြုံးနှစ်ခြိုက် လက်ခံသိမ်းပိုက်တော်မူပါလော့။ ပဋိဂ္ဂဏိတွာ = ရှင်ပြုံးနှစ်ခြိုက် လက်ခံသိမ်းပိုက်တော်မူပြီး၍။ တုမှေ = မေတ္တာကြီးမား အရှင်မြတ်ဘုရားတို့သည်။ အမှာကံ = နောက်ဆုံးအကြိမ် ဖူးခွင့်ရငြား ဘုရားတပည့်တော်တို့အား။ အနုကမ္ပနာ အနုကမ္ပနာယ = မေတ္တာရှေ့ထား ကရုဏာအားဖြင့် အစဉ်သနားစောင့်ရှောက် ချီးမြှောက်ထောက်ပံ့ခြင်းငှာ။ ခမထ = သည်းခံခွင့်လွှတ်တော်မူပါ ဆရာတော်သခင်အရှင်သူမြတ်ဘုရား။ ခမထ = တပည့်အများ၏ တွင်းပရန်စွယ် အန္တရာယ်ကို လှန်ပယ်ဖျက်ချိုး စက်တန်ခိုးဖြင့် အကျိုးမျှော်ထောက် ဘေးကင်းပျောက်အောင် ခွင့်လွှတ်သည်းခံတော်မူပါ ကမ္ဘာတစ်ခွင်ထင်ပေါ်ကျော်ကြား "နဘူးကျောင်းတောရ ဆရာတော်သခင်" အရှင်သူမြတ်ကြီးဘုရား။

မှန်တောင်တောရဆရာတော် ရေးသားပူဇော်သည့် "ထုတိဩဘာ မင်္ဂလာဂါထာတော်များ" စာ ၂-စောင်ကို "နောက်ဆက်တွဲ-ခ"ဖြင့် စာမျက်နှာ (၇၁၄) မှ (၇၁၆) ထိ သီးခြားဖော်ပြ မှတ်တမ်းတင်ထားပါသည်။

ရုပ်ကလာပ်တော်ကို ပင့်ဆောင်တော်မူကြ။

တောရဆရာတော်ဘုရားကြီး၏ ရုပ်ကလပ် မှန်ခေါင်းတော်ကြီးကို တောရဆောင် တပည့်ရဟန်းတော်များက ပခုံးထက်တွင် ထမ်း၍ ပင့်ဆောင်တော်မူကြသည်။ ထိုအရှင်များတွင် မော်ဘီမြို့နယ်၊ ဘိုးဒေါ်နကုန်း ကျောက်ဖုရားတောရ၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တပညာသီရိ ရှေ့တန်းမှ ပါလာသည်။ (အခြားသော တောရဆောင်မထေရ်များ မိမိ မသိ၍ ဖော်ပြနိုင်ခြင်း မရှိသည်ကို ခွင့်လွှတ်တော်မူပါရန်။)

ထိုရုပ်ကလပ်တော်ကြီး၏ ရှေ့ဆုံးမှတန်းစီ ပင့်ဆောင်တော်မူရာ၌ တွေ့မြင်ရသည်မှာ သက်တော် ၈၅၊ ဝါတော် ၆၅၊ သက်တော်ရှည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်ကြီးနှင့် သက်တော် ၈၂၊ ဝါတော် ၆၂-ရှိပြီးဖြစ်သော နတ်မောက်လဲဘူး တောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တနယန မဟာထေရ်ကြီး ၂-ပါးက ဦးဆောင်ကာ နောက်ပါတောရဆရာတော်များစွာလိုက်ပါပင့်ဆောင်ကြသည်။

ထို့နောက် ယခုနေပြည်တော် တပ်ကုန်းမြို့၊ ဒေါင်းမင်းဆိုစက်ပိုင်ရှင် တောရဆရာတော်ဘုရားကြီး၏ ပစ္စည်းလေးပါးဒါယကာ ဦးအောင်ခ၊ ဦးတင်မြင့်တို့က ရှေ့ဆုံးမှဦးဆောင်၊ တောရဆရာတော်ဘုရားကြီး၏ ဓာတ်ပုံကြီးကိုင်ဆောင်လျက်၊ တောရဆရာတော် နေ့စဉ်ဆွမ်းခံတော်မူခဲ့သည့်သပိတ်ကို

လွှယ်လျက်၊ ယခုနေပြည်တော် တပ်ကုန်းမြို့၊ ခေါင်းမင်းဆီစက် ကိုစိုးသန်း၏ ဇနီး မမြမြဝင်း၊ ရန်ကုန်မြို့မှ ကျောင်းဒါယကာ ပစ္စည်းလေးပါးဒါယကာ ဦးစိန်မောင်၏ ဇနီးမဝင်းမာတို့က ဆရာတော်ဘုရားကြီးအား ပူဇော်ထားသော ပန်းအိုးများရွက်လျက်၊ ရွှေတန်းမှ ကံကြီးရွာနေ မမြင့်မြင့်နိုင်(စ)မနိုင်တို့ အမျိုး သမီးငယ်များက ပန်းများကြဲလျက်၊ ရန်ကုန်ဆရာတော် စီမံဖွဲ့စည်းထားသော နဘူးကျောင်းရွာမှ မယလုငယ်များအဖွဲ့က ကြေးစည်များထုလျက်၊ သာသနာ့အလံတော်များ လွှင့်ထူထန်းလျက် အန္တိမအဂ္ဂိရှာပန ကျင်းပရန်ပြင်ဆင်ထားသည့် ကွင်းကြီးကို ပင့်ဆောင်တော်မူလာကြသည်။

သံဃာတော်များ တစ်လှည့်ထမ်းဆောင်ပင့်ယူပြီးနောက် တောရဆရာတော်ဘုရားကြီး၏ ဆွေတော်မျိုးတော်များတွင် နဘူးကျောင်းရွာမှ ညီဝမ်းကွဲဖြစ်သူ ဦးကျော်သိန်း ဦးဆောင်သော ဆွေမျိုးများက ရုပ်ကလာပ်တော်မှန်ခေါင်းကြီးကို ထမ်းကြသယ်ကြပင့်ကြ ဝမ်းနည်းပက်လက်ငိုကြွေးလျက် မျက်ရည်များ သိမ်းကာ သိမ်းကာ မြင်ရသည်မှာ တကယ့်ကို ဝမ်းနည်းကြေကွဲစရာ နှစ်မြေတသ ယူကြုံးမရ မြင်ရ ရျက်မသက်မသာ ပြင်းစွာသောဝေဒနာထပ်တူ ထပ်မျှခံစားရသည်။

ညီမခေါ်ပြုး၏ မပြုံးနိုင်သောမျက်ရည်များ

ဘခမည်းတော်ကြီး ဦးဘ၊ မယ်တော်ကြီး ဒေါ်အေးမှန်တို့မှ သားကြီး(ဦးထွန်းရှိန်)တောရဆရာတော်ဘုရားကြီး၊ သားလတ် ဦးထွန်းစိန်(ကွယ်လွန်)၊ သမီးဒေါ်ပြုးနှင့် သားထွေး ဦးအောင်သိန်း(ခေါ်)အရှင်ဣသရ အိုးဘိုဂူတောရဆရာတော်တို့ကို မွေးဖွားခဲ့ကြကြောင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ၌ အစ်ကိုအကြီးဆုံးဖြစ်သော ဆရာတော်ဘုရားကြီးကို နောက်ဆုံးပူဇော်ရခြင်းဖြစ်လေရာ ပုထုဇဉ်လောကီသား ညီမအရင်း ဒေါ်ပြုးမှာ မပူမဆွေး ဘယ်မှာ ရှိပါမည်နည်း၊ ဖြေမဆည်နိုင်သော အပူလုံးများက ရင်တွင်းမှာလောင်မြိုက် သက်ကြီးရှိက်ငင်ငိုပွဲဆင်ရ၊ မျက်ရည်များ ဖြိုင်ဖြိုင် ကျနေပါပြီ။

မိခင်ဘခင်တို့က သူတို့သမီးတစ်သက်တာလုံး ပြုံးနိုင်ပါစေလို့ မပြုံး အမည်ပေးခဲ့ခြင်းဖြစ်ပါလိမ့်မည်။ အရွယ်တော်ကြီးလာသည့်အခါ ဒေါ်ပြုးဖြစ်လာခဲ့ပြီး၊ ဒေါ်ပြုးမှာလည်း အမြဲမပြုံးနိုင် တစ်မိဝမ်းတွင်း တစ်အူထုံဆင်းခဲ့သည့် ဆရာတော်ဘုရားကြီးနှင့် အပြီးတိုင်ခွဲခွာရပေတော့မည်။ မိခင်ကြီးရဲ့ ရင်ခွင်ကလေးဘဝမှစ၍ ယနေ့ကာလကျအောင် ဤရွာမှာနေ၊ ဤရေကိုသောက်၊ ခွဲလိုက်၊ ခွာလိုက်၊ ပြန်ရောက်လာလိုက် နေခဲ့ကြပုံများကို တစိမ့်စိမ့်တွေးရင်း တသိမ့်သိမ့်ဆွေး၍ ငိုကြွေးနေပုံများကို ဗီဒီယို မှတ်တမ်းမှာ မကြာခဏ မြင်ရသည်။

ရောက်လာသမျှပရိတ်သတ်များအားလုံးငိုကြ

ဗီဒီယို မှတ်တမ်းအရ ငိုနေသူများတွင် ဒေါ်ပြုးတစ်ယောက်တည်း မဟုတ်၊ ဒေါ်ပြုးကဲ့သို့ပင် ရောက်လာသမျှသော ပရိတ်သတ်များ အားလုံးလည်း ငိုကြသည်။ အန္တိမ အဂ္ဂိရှာပန အခမ်းအနားကို ရန်ကုန်ဆရာတော်ဦးဇာဂရိယမှ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူလျက်–

အားလုံးသော ဒါယကာ၊ ဒါယိကာမအပေါင်းသူတော်ကောင်းအပေါင်းတို့ ယခုအချိန်သည်ကား ကျေးဇူးတော်ရှင် သက်တော်ရှည် တောရဆရာ တော်ဘုရားကြီးအား နောက်ဆုံးအနေဖြင့် ကန်တော့ကြရန် ဖြစ်ပါသည်။ ဘုန်းကြီးတိုင်ပေး

သည့်အတိုင်း လိုက်ဆိုကြရန် ဖြစ်ပါသည် ဟု ကြေညာပြီး–

"တပည့်တော် တပည့်တော်မတို့သည် အသိအလိမ္မာ ဉာဏ်ပညာနည်းပါးသည့်အလျောက် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် တောရဆရာတော်ဘုရားကြီးအပေါ် ပြစ်မှားမိခဲ့သည်ရှိသော် အစဉ်သနားငဲ့ညှာသောအားဖြင့် ခွင့်လွှတ်သည်းခံတော်မူပါရန် နောက်ဆုံးအနေအားဖြင့် ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား" ဟူ၍ ရန်ကုန်ဆရာတော် တိုင်ပေးသည့်အတိုင်း လိုက်ဆိုကန်တော့ကြသည်။

ယင်းသို့ နှုတ်မှမြွက်ဆိုကန်တော့ကြကုန်သော သူတော်ကောင်းများ ဖြေမဆည်နိုင်အောင် ဆို့နစ်၍ ငိုပွဲဆင်ကြ၊ အော်ဟစ်မြည်တမ်းကြ ရင်တွင်းမှာ အပူမီးတောက်လောင်ကြပုံများကို မြင်တွေ့ရသည်။

ထေရုပ္ပတ္တိအကျဉ်း

မလေးရှား အရှင်ဥတ္တမဝံသ ဖတ်ကြားပူဇော်

မလေးရှားနိုင်ငံ၌ တောရဆောက်တည်လျက်ရှိသော အရှင်ဥတ္တမဝံသက တောရဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်သည်၊ ပညာသင်ကြား၊ ရှင်သာမဏေဖြစ်၊ ရဟန်းဖြစ်တော်မူ၊ တောရဆောက်တည် ဘဝရောက်တော်မူ၊ ကျမ်းစာများရေးခဲ့၊ သိမ်များသမုတ်ခဲ့ရာ သိမ်အလုံးပေါင်း (၁၇၀)အထိ ဖြစ်ကြောင်းများ အစုံအလင် ပါရှိသည်။

မှတ်ချက်။ ။ (မလေးရှားအရှင်ဥတ္တမဝံသအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ၁၃၆၄ ခုနှစ် "ပြည်တွင်းပြည်ပရဟန်းတော်များမေး၍ တောရဆရာတော်ဖြေ" ကျမ်းစာ၌ အရှင်ဥတ္တမမေး၊ ဆရာတော်ဖြေအခန်း၌ သိလိုက ပြန်ကြည့်နိုင်ပါသည်။)

တောရဆရာတော်ဘုရားကြီး နာမကျန်းသည့်အကြောင်းသတင်းကြား၍ ပြန်လည်ကြွလာ။ ဘဝနိဂုံးနောက်ဆုံးနေ့၌ နောက်ဆုံးပူဇော်ကန်တော့ခြင်းဖြစ်လေသည်။

ထိုဆရာတော်မှာ မင်းဘူးခရိုင်၊ စကုမြို့နယ်၊ မြောင်ဦးတောရ၌ နှစ်ပေါင်းများစွာ တောရဆရာတော်နည်းယူနည်းခံ တပည့်ရဟန်းတော်တစ်ပါးဖြစ်လေသည်။

ထိုဆရာတော်ကား အင်္ဂလိပ်စာ/စကားနိုင်ငံ တကာအဆင့်မီပြောနိုင်သော ပုဂ္ဂိုလ်ဖြစ်ပြီး ပါဠိတော်များ အထူးကျွမ်းကျင် နိုင်နင်းကြောင်းလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ၌ မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံများ၌ လှည့်လည်သီတင်းသုံး၊ တောရဆောက်တည်ဘဝဖြင့် ကိုယ်တိုင်လည်း သာသနာတည်အောင်နေလျက် ကျင့်သုံးတော်မူသည်။ ကမ္ဘာ့နိုင်ငံများသို့ သွား၍ သာသနာပြုတော်မူလျက်ရှိသော ဆရာတော်ဖြစ်လေသည်။

တောရဆရာတော်ဘုရားကြီးသို့ စာရေးသူ၏ ပစ္ဆိမဝန္ဒနာကန်တော့လွှာ

"နဘူးကျောင်း၊ တောရဆရာတော်ဘုရားကြီးသို့ တပည့်ကြီးသိမ်းဆောင်နှင့်တပည့်များ၏ ပစ္ဆိမဝန္ဒနာကန်တော့လွှာပါဘုရား" ဟူ၍ မိမိစာရေးသူက ကန်တော့လွှာပေးပို့ခဲ့သည်ကို ညောင်လွန့်ဈေးကုန်းအောင်ဆီစက်ပိုင်ရှင် ဦးအောင်က အသံနေအသံထားဖြင့် မိမိ၏ ကိုယ်စားဖတ်ကြားပူဇော်သည်ကို လာရောက်ကြသူ ပရိသတ်များ ငိုကြသည်ဟု မကြည်ကြည်ဆွေက ပြန်လည်ပြောပြသည်။

ညောင်လွန့် ဦးအောင်မှာ အလှူမင်္ဂလာနှင့် မင်္ဂလာပွဲများတွင် ဘိသိက်ဆရာဖြစ်၍ အလင်္ကာ မြောက်အောင်ဖတ်နိုင်ပြောနိုင်သည်ဟု ကြားရသည်။

ထိုကန်တော့လွှာတွင် ဘုရားတပည့်တော်များသည် ဤယခု မျက်ဝါးထင်ထင်ဖူးမြင်ကန်တော့ ရခြင်းကား ဆရာတော်ဘုရားကြီး၏ ဘဝခရီး နောက်ဆုံးဖူးမြင်ရခြင်းပင် ဖြစ်ပါတော့သည်ဘုရားဟု ပါရှိလေရာ၊ ဝမ်းနည်းလုံးဆို့၍ ငိုကြသည်ဟု ပြောပြကြားသိရပါသည်။

ထိုကန်တော့လွှာ အပြည့်အစုံမှာအောက်ပါ အတိုင်းဖြစ်လေသည်။ မှတ်တမ်း အမှတ်တရပေးပို့ခဲ့သည်ကို အမှတ်တရဖြစ်ကြပါစေရန် ဖေါ်ပြခြင်းဖြစ်ပါသည်။ မိမိ၏စိတ်မှာ ဖြစ်ပေါ်လာသလို ခံစားရသလို ရေးခဲ့သောစာဖြစ်ပါသည်။ အလင်္ကာမြောက်/မမြောက် ပဓာနမထား၊ "အမှတ်အသား သက်သေခံချက်"အဖြစ် တင်ပြခြင်းသာဖြစ်ပါသည်။

နဘူးကျောင်း တောရဆရာတော်ဘုရားကြီးသို့ တပည့်ကြီးသိမ်းဆောင်နှင့် တပည့်အများ၏ ပစ္ဆိမ ဝန္ဒနာ ကန်တော့လွှာပါဘုရား

ကောင်းကင်အလယ်၊ အနှောင်အဖွဲ့ကင်းစွာ၊ ဝင်းပထိန်လင်း၊ သန့်ရှင်းကြည်လင်သော လပြည့်ဝန်းနှင့် နှိုင်းယှဉ်ကာ၊ ဒကာ ဒကာမတို့အပေါ်၌ တွယ်တာမှုမရှိပုံမှာ၊ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် အရှင်မဟာကဿပ မထေရ်ကြီးအလား သီတင်းသုံးကျင့်ကြံတော်မူခဲ့သော –

အို – နဘူးကျောင်းတောရ ဆရာတော်အရှင်မြတ် ဘုရားကြီးဘုရား။

ရှုတင်ဆောင်မထေရ်များစွာတို့ကို မိမိကဲ့သို့ နည်းယူဆောင်၍ ဝိနယဂရုကအရာ၌ အရှင်ဥပါလိထေရ်၏ "စားလည်းဝိနည်း၊ သွားဝိနည်းနှင့် ရပ်လျက် ထိုင်လျောင်း ဣရိယာပုထ်ပြောင်းသော်လည်း ဝိနယာဓိက ဖြစ်တော်မူသည့်" –

အို – နဘူးကျောင်းတောရ ဆရာတော်အရှင်မြတ် ဘုရားကြီးဘုရား။

အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာကို ခေါင်းပါးစေခြင်း၊ သီလစင်ကြယ်ခြင်း၊ ဆိတ်ငြိမ်ရာတောရကျောင်းများ၌သာနေခြင်း၊ ဤသာသနာတော် အရှည်တည်တံ့ရေးအတွက် သိမ်များသမုတ်တော်မူခြင်းမှအပ၊ ပြင်ပကိစ္စနည်းပါးခြင်း၊ ပေါ့ပါးစွာ အသက်မွေးခြင်းစသည့် ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော –

အို – နဘူးကျောင်းတောရ ဆရာတော်အရှင်မြတ် ဘုရားကြီးဘုရား။

အရညကင်ရှုတင်ဆောင်သည့် အရာ၌ ပြင်းထန်သော ရောဂါဝေဒနာများ ဖြစ်ပေါ်၍ ရန်ကုန်မြို့၊ ဗဟန်းဗိုဝိတဒါန သံဃာ့ဆေးရုံကြီးနှင့် တိပိဋကဓရ (ယော) ဆရာတော်၏ မဟာဝိသုဒ္ဓါရုံတိုက်များ၌ (၂၃-၆-၂၀၀၄ မှ၁၁-၇-၂၀၀၄ ထိ) တိုင်အောင် ဆေးကုသမှု ခံယူစဉ်ကာလများ၌ပင် ကိုယ်နှင့် အသက် ငဲ့ကွက်မပြု၊ နံနက်တိုင်း အရဏ်ယူခြင်း (အရညကင်ဓုကင်)ကို မပျက်မကွက်ဆောင်တော်မူခဲ့သော –

အို – နဘူးကျောင်းတောရ ဆရာတော်အရှင်မြတ် ဘုရားကြီးဘုရား။

တပည့်တော်သည်လည်း အသက်စွန့်၍ အရှင်မြတ်ကြီးနှင့် တပည့်များ၏ ပါရမီကို ဖြည့်ခဲ့ပါသည်ဘုရား။ တပည့်တော်များသည် မိုက်မဲတွေဝေသည့်အလျောက် ပြောမှား ကြံမှား ပြုလုပ်မှားသော ကာယကံ၊ ဝစီကံ၊ မနောကံများနှင့် (အထူးအားဖြင့်

ဆရာတော်ဘုရား၏ အလိုဆန္ဒနှင့် ဆန့်ကျင်၍ ကျမ်းစာများ၌ ထေရပွတ္တိများ ထည့်သွင်းခြင်း၊ ရန်ကုန်/ နယ်မြို့များ၌ ဆွမ်းကိစ္စ လိုအပ်သည်ထက် ပိုမို၍ လူသူများစွာတို့ဖြင့် ဆောင်ရွက်ခြင်း၊ ဓာတ်ပုံ၊ ဗီဒီယို မှတ်တမ်းတင်၍ ရှုတင်ဆောင် သာသနာ အရှည် တည်တံ့ရေးအတွက် ဆောင်ရွက်ခြင်း) စသည့် အပြစ်များကို တပည့်တော်များအား အစဉ်သနားသ ဖြင့် ခွင့်လွှတ်တော်မူပါဘုရား။

ဂုဏ်အပေါင်းတို့၏ တည်ရာဖြစ်တော်မူ သော –

အို – နဘူးကျောင်းတောရ ဆရာတော်အရှင်မြတ် ဘုရားကြီးဘုရား။

(ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ)ဟူသော ဣဒ္ဓိ ပါဒ်(လေး)ပါး၌ နိုင်နင်းတော်မူသော ပုဂ္ဂိုလ်များသည် သက်တမ်းရှည်လိုက ရှည်နိုင်သည်၊ နေလိုက နေနိုင် သည်၊ မြတ်စွာဘုရား မိန့်တော်မူခဲ့သည်ဟု အရှင် မြတ်ကြီးလည်း ထပ်မံမိန့်ခဲ့ပါသည်ဘုရား။

သို့ပါသော်ငြားလည်း–

"နတ္ထိ ခန္ဓ သမာ ဒုက္ခာ"

ခန္ဓာနှင့်တူသော ဒုက္ခဆင်းရဲသည် မရှိပြီ ဟူသော (ဓမ္မပဒ) ဒေသနာတော်အရလည်းကောင်း၊

ဤခန္ဓာဝန်၊ တဏှာကျွန်အား၊ လွန်စွာပုတ် ဆွေး၊ ချစ်တိုင်းလေး၏၊ ဝဋ်ဘေးအစဉ်၊ ဝိညာဉ်နာမ် ရုပ်၊ ဖြစ်ချုပ်မပြတ်၊ ဆုံးမသတ်ကား – ဟူသော မန်လည်ဆရာတော်ဘုရားကြီး၏ (မဃဒေဝ)အရ လည်းကောင်း၊

"သည် ဘုန်းကြီးက လူပရိတ်သတ်ကို ကြောက်တယ်"

"ပေါင်းဖော်ပယ်စွန့်၊ တစ်ပါးတည်း ကျင့်လော့"

"အပေါင်းအဖော်နှင့်အတူနေလျှင် များစွာ ဆင်းရဲသည်"

"တစ်ပါးတည်းနေလျှင် ချမ်းသာသည်၊ မြတ်သည်"

"သူမိုက်တို့ကို အဖော်ပြု၍ နေခြင်းသည် မရှိသင့်ပြီ" ဟူသော အရှင်မြတ်ကြီးကိုယ်တိုင် ရေးခဲ့ သည့် ဓမ္မသံယုတ္တ ကျမ်းစာအရလည်းကောင်း၊

ယခုအခါ၌ တပည့်တော် ငမိုက်သားနှင့် တပည့်ဒကာ၊ ဒကာမများကို အပြီးတိုင် စွန့်ခွာ၍ သံသရာခရီးလမ်းကို ဆက်မလှမ်းဘဲ ငြိမ်းအေးရာသို့ ကြွမြန်းတော်မူလေပြီလားဘုရား။

ယခုအခါ၌ ရွှေစင်သွန်းခုပ်၊ ရွှေစင်ရုပ်ကဲ့ သို့၊ မလှုပ်မယှက်၊ နှုတ်မဆက်ဘဲ၊ ငြိမ်သက်ဣန္ဒြေ တည်နေအစဉ်၊ ရွှေရုပ်သွင်ကို ဖူးမြော်မဝ၊ ဦးတင်ချ ကာ၊ သောကပူဆွေး၊ ငိုကာကြွေး၍ မအေးနိုင်ငြား တပည့်တော်များသည် –

ထေရ်ရှင်ဘုန်းမြတ်၊ ရုပ်ကလာပ်ကို၊ အဆုံး သတ်ကော်ရော်၊ ပူဇော်မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုး ကန်တော့ကြပါကုန်၏ အရှင်ဘုရား။

သာသနာတော်အတွက် (အထူးသဖြင့် ရှုတင်ဆောင် မထေရ်များစွာတို့အတွက်) ဆုံးရှုံးချက် ကြောင့်၊ ရတက်ပွေအင်၊ ဖြေမရှင်ဘဲ၊ ထေရ်ရှင်ဘုန်း လှိုင်၊ မမုန်းနိုင်ဘဲ၊ အဆုံးတိုင် မလျော့တမ်းဖြင့်၊ ကန် တော့ပန်းဆက်သ၊ ရှိခိုးကြပါကုန်သည်ဘုရား။

ရုပ်နာမ်ဓမ္မ၊ သင်္ခါရကား၊ ထင်ကရဖုံဖုံ၊မမြဲ ပုံကို၊ ယုံကြည်စေငြား၊ လက်တွေ့အားဖြင့်၊ တရားပြ ကာ၊ ငမိုက်သားတို့၊ မှတ်သားကြပေတော့ဟူ၍၊ အပြီးတိုင် စွန့်ခွာတော်မူပြီးလား ဘုရား။

၈။ ဘုရားတပည့်တော်များသည် ဤယခု မျက်ဝါးထင်ထင်၊ ဖူးမြော်ကန်တော့ရခြင်းကား၊

ဆရာတော်ဘုရား၏ ဘဝစရိုက်ကို၊ နောက်ဆုံးဖူးမြင်ရခြင်းပင် ဖြစ်ပါတော့သည်ဘုရား။

ရှိသေလေးမြတ်စွာဖြင့်–

တပည့်ကြီး – သိမ်းဆောင်
ထွန်းလင်းဆေးစန်း၊ သာကေတနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ
၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၀)ရက်
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ(၁၆)ရက် (တနင်္လာနေ့)

ရန်ကုန်ဆရာတော်၏ နောက်ဆုံးကန်တော့လွှာ

ရန်ကင်းတောရတွင် သီတင်းသုံးတော်မူလျက်ရှိသော ရန်ကုန်ဆရာတော်ဘဒ္ဒန္တစာဂရိယ (ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ)က တောရဆရာတော်ဘုရားကြီး၏ အန္တိမ အဂ္ဂိဈာပနၞ နောက်ဆုံးပူဇော်အပ်သော ကန်တော့လွှာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၁၀ရက်
(၂၆–၇–၂၀၀၄)တနင်္လာနေ့၊
မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းရွာ၊ ရန်ကင်းတောရဆရာတော်ဘုရားကြီး၏ အန္တိမဈာပန အခမ်းအနား၌ လျှောက်ထားအပ်သော ဂုဏဝန္ဒနာဂါထာ။

ဂုဏောတုပ္ပိစ္ဆာဒီဟိ၊
သမ္မုန္နာ ကာသပါဒိကာ။
စေဝိ နော မဟာထေရာ၊
ဝန္ဒာမ တံသဒါမယံ။

ကာသပါဒိကာ– ခုတင်ပဋိပတ်၊ ဖြူစင်လတ် သော၊ကာသပန္နယ်ဖွား၊ အစထား၍၊များပြားထင်ပေါ်၊ မထေရ်ကျော်တို့သည်။ အပ္ပိစ္ဆာဒီဟိ ဂုဏေဟိ၊ အပိစ္ဆတာ အစဖြာသော ငါးဖြာစုတ မြတ်ဓမ္မဟု၊ ညွှန်ပြကုံလုံ၊ ကျေးဇူးဂုဏ်တို့နှင့်။ သမ္မန္နာ = အရညကင် တောသို့ဝင်၍ ကြည်လင်ချမ်းမြေ့၊ ဝိဟာရဟု သုစလွှမ်းထုံ၊ ပြည့်စုံတော်မူကြပါပေကုန်၏။

စေဝိတထာ= ပမာမခြား၊ အလားတမူ၊ ထို့အတူလျှင်၊ နော အမှာကံ၊သုံးပါးရတနာသာသနာ၌၊ သဒ္ဓါမွေ့လျော် တပည့်တော်တို့၏၊ (ဝါ) ကုန်းမြေမို့မို့ တောညို့ညို့နှင့် ဟောဟိုရှေ့မှာ တောကျောင်းကွာဟု လာလာသမျှ သဟာယကို ပြသဂုဏ်ပေါ် တပည့်တော်တို့၏။ မဟာထေရာပိ= သီလ သမာဓိ ပညာဟု သိက္ခာသုံးရပ် ဂုဏ်သကတ်ကြောင့် နံ့စပ်ထင်ပေါ် ပြည်လုံးကျော်သည် မဟာထေရ် ဥတ္တမ္မ ဆရာမြတ်ကြီးသည်လည်း။ အပ္ပိစ္ဆတာဒီဟိ ဂုဏေဟိ၊ အပ္ပိစ္ဆတာ အစဖြာသော ငါးဖြာစုတ မြတ်ဓမ္မဟု ညွှန်ပြကုံလုံ၊ ကျေးဇူးဂုဏ်တို့နှင့်။ သမ္မန္နော= အရညကင် တောသို့ဝင်၍ ကြည်လင်ချမ်းမြ၊ ဝိဟာရဟု သုစလွှမ်းထုံ ပြည့်စုံတော်မူပါပေ၏။

တံ–မဟာထေရ် သီလ သမာဓိ ပညာ သိက္ခာသုံးရပ် ဂုဏ်သကတ်ကြောင့် နံ့စပ်ထင်ပေါ် ပြည်လုံးကျော်သည့် မဟာထေရ် ဥတ္တမ္မ ထိုဆရာမြတ်ကြီးကို။ မယံ= သုံးပါးရတနာ သာသနာ၌ သဒ္ဓါမွေ့လျော် တပည့်တော်တို့သည် (ဝါ)– ကုန်းမြေမို့မို့ တောညို့ညို့နှင့် ဟောဟိုရှေ့မှာ တောကျောင်းကွာဟု လာလာသမျှ သဟာယကို ပြသဂုဏ်ပေါ် တပည့်တော်တို့သည်။ သဒါ= နေ့နေ့ညည မမေ့ကြပဲ ကာလမဆိုင်း အချိန်တိုင်း၌။ ဝန္ဒာမ = အရှင့်ဂုဏ်တော် ရည်မှန်းမြော်၍ ကော်ရော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါကုန်၏ ဘုရား။

ရေးသားရွတ်ဖတ်ပူဇော်ကန်တော့သူ

အရှင်စာဂရိယ၊ (ဓမ္မာစရိယ ဂဏဝါစက၊ အရညဝါသီ) ရန်ကင်းတောရ၊ နဘူးကျောင်းရွာအနီး ရမည်းသင်းမြို့နယ်။

ရန်ကုန်ဆရာတော်ကိုယ်တိုင်ရေးသား ရန်ကုန်ဆရာတော်ကိုယ်တိုင်ပင် အသံနေအသံထားဖြင့် ဖတ်ကြားပူဇော်ခဲ့လေရာ –

ရန်ကုန်ဆရာတော်သည်တောရဆရာတော်ဘုရားကြီးနှင့်အတူ ဆယ်မိုးဆယ်နွေ ဆယ်စုနှစ်ကျော်ကာလ နေ့နေ့ညည ကာလများစွာ ကြည်ညိုဖွယ်ရာများသာ အမြဲမပြတ်ဖူးမြင်ဦးတော်တင်ခဲ့ရသော ဘုရားမထေရ်နှင့် အပြီးတိုင်ခွဲခွါရတော့မည့်အချိန်ပိုင်းတွင် မည်မျှပင် သံဝေဂဉာဏ်ရလေမည်နည်း။

ဘဝဆိုသည်မှာ ဤသို့ပင်လျှင် တစ်နေ့မဟုတ်တစ်နေ့ ခွဲခွါကြရပါကလား။ လက်တွေ့ဘဝ၌ ကိုယ်တိုင်တွေ့ကြုံခံစားရသည်မှာ ရဟန်းတော်ကြီးတစ်ပါးအဖြစ်သို့ရောက်ပြီး အရှေကင် တောသို့ဝင်ပြီးဖြစ်နေသည့် ကာလများစွာ ရှိနေပြီးဖြစ်၍သာ ဖြေမဆည်နိုင်အောင်သော ခံစားရမှုများကို ကျော်လွှားနိုင်ပေသည်။

ရန်ကုန်ဆရာတော်၏ နောက်ဆုံးကန်တော့လွှာဖတ်ကြားပူဇော်နေချိန်၌ ပရိတ်သတ်အများယောကျ်ား၊ မိန်းမ၊ ဒါယကာ၊ ဒါယိကာမများမျက်ရည်မဆည်နိုင် ဖြိုင်ဖြိုင်ယိုစီး အပူမီးလောင် ငိုကြွေးကြလေကုန်သည်။ (ဗီဒီယို မှတ်တမ်းတွင် မြင်တွေ့ရလေသည်။)

ရုပ်ကလာပ်တော်ကို မီးပူဇော်ကြလေပြီ

တောရဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို နံ့သာထင်းမျိုးစုံ စုပုံထားသည့် ရာဇမက်ကာ လောင်တိုက်ပေါ်မှာ တင်၍ မီးပူဇော်မီးတင်လို့ ရှိကြလေပြီ။

မီးတောက်သေးသေးမှ မီးတောက်မီးလျှံသို့ မီးများဝိုင်းလည်လောင်မြိုက်၍လာနေသော မီးပုံကြီးအတွင်းမှာ ဆရာတော်ဘုရားကြီး သက်မဲ့ရုပ်လွှာကိုယ်ခန္ဓာကြီးသည် တဖြည်းဖြည်း တရွေ့ရွေ့ မီးအပူရှိန်များ၏ လောင်မြိုက် ဝါးမြိုဖျက်ဆီး ခြေမှုန်းခြင်းကို မလှုပ်မယှက် ငြိမ်သက်စွာ ခံယူနေရပါသည့်မြင်ကွင်းမှာ ဝိုင်းအုံကာကြည့်လို့ မရှင်မပြ အငိုမျက်လုံးများဖြင့် ကြည့်နေကြရလေသည်။

သေမင်း၏ လက်သို့လိုက်ပါသွားရသည့် ဆရာတော်ဘုရားကြီး၏ ခန္ဓာကိုယ်ကြီးသည်လည်း အရေအသားတို့ကို ဦးစွာမီးစွဲလောင်၊ အရေအသားများ ကွယ်ပျောက်၊ အရိုးစုများကိုလောင်ကျွမ်း မူလရုပ်ကလာပ်တော်ကြီး မျက်စိအောက်တွင် ကွယ်ပျောက်၍ သွားလေပြီ။ နံ့သာထင်းများ ဆရာတော်ဘုရားကြီး၏ ခန္ဓာအကြွင်းများကို မီးတောက်မီးလျှံများကြားတွင် လောင်မြိုက်ဆဲပင် ဖြစ်နေလေသည်။

မီးစတင်ရှို့သည့်အချိန်ကား နေ့လယ်နေပူပူ မီးတောက်မီးလျှံတို့က ပူပူ နေဆယ်စင်းထွက်လို့ပူရှိန်ပြင်းသလို မြင်ကွင်းကလည်းပူ ရင်တွင်းဘလောင်ဆူလို့ နေကြလေသည်။

ဤနေရာ၌ ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးရေးဖွဲ့ခဲ့သည့် စာပိုဒ်လင်္ကာအချို့ကိုကောက်နှုတ်၍ တင်ပြလိုက်ပါသည်။ ကိုယ်ခန္ဓာရလျှင် ပျက်စီးဘို့ရာ အမြဲပင် ဖြစ်တော့သည်။ သံဝေဂ ရနိုင်ကြစေဖို့ ရေးဖွဲ့ခဲ့သည်မှာ မှတ်သားဖွယ်ကောင်းလှပါသည်။

"ကိုယ်ဟူပွါးပြီး၊ ဖြစ်တပြီးကား၊ ပျက်စီးဖို့ရာ၊ အမြဲသာတည်း။ ဇရာမရဏ၊ ဒုက္ခဝဋ်တွင်း၊ အိုရခြင်းနှင့်၊ သေမင်းလွတ်အောင်၊ ဘယ်သို့ရှောင်အံ့၊ တောင်စုနှစ်တွေ၊ ရေ စုနှစ်ထပ်၊ လေးရပ်ကျွန်းစွင်၊ ကောင်းကင်သမုဒ္ဒရာ၊ ကြောဝဠာမြေထဲ၊ ပုန်းနိုလွဲလည်း၊ အမြဲမချွတ်၊ သေဘေးဝဋ်မှ၊ မလွတ်ဘို့သာ၊ မလွဲရာတည်း။"

(မဃဒေဝ ပိုဒ်ရေ ၁ဝ၄)

တောင်ခုနစ်ထွေ၊ ရေခုနစ်ထပ်၊ လေးရပ် ကျွန်းစွင်၊ စကြာဝဠာမြေအတွင်း၊ ကောင်းကင်ပေါ်တက်လို့ ရှောင်ပုန်းသော်လည်း သေမင်းလက်မှ မလွတ်၊ ကိုယ်စန္ဓာအကြိမ်ကြိမ်ရလျှင် အကြိမ်ကြိမ် သေရပေလိမ့်မည်ဟု သံဝေဂဉာဏ်ရင့်သန် သေမင်းလွှတ်ရာ နိဗ္ဗာန်မှာ တဏှာနိရောဓေါ နိဗ္ဗာန်ဖြစ်ကြောင်း ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အပြန်ပြန်အထပ်ထပ် နှလုံးသွင်းအပ်လှပေတော့သည်။

တောရဆရာတော်ဘုရားကြီးသည်ကား ဒေသနာအစုံ ဖတ်ရှု နားလည် တတ်ကျွမ်းတော်မူသည့်အလျောက် ဘဝအတန်တန် ဖန်ခါခါ ဤသို့ ဤပုံ မီးတောက်မီးလျှံတွေကြားမှာ ကျင်လည်ရခြင်းမှ ကင်းလို အငြိမ်းခတ်ရလိုတော်မူ၍ သက်တော် ၄၂ ဝါတော် ၂၃–ကပင် တစ်ပါးတည်း တောသို့ဝင် တောအရပ် တောင်အထပ်ထက်သို့ တစ်ပင်ရိပ် တစ်ပင်မှီ စိမ်းစိုသည့် မြိုင်လည်တောကြီး မျက်မဲသို့ ကြရောက် ပဋိပတ္တိလမ်းကြောင်းပေါ်မှာ ကျင်လည် ပြေးသွား ကျင့်ကြံကာ ပွားလို့နေခဲ့သည်မှာ နှစ်ပေါင်း ၄၁ နှစ်ကျော်ခဲ့ပြီးဖြစ်၍ တစ်ဘဝခန္ဓာ အငြိမ်းခတ်ယူ အဆုံးသတ်ခဲ့လေပြီဟု မိမိ၏ စိတ်အစဉ်မှာ ယုံမှားမရှိ၊ တွေးတော၍ ဆင်ခြင်နေမိ လေတော့သည်။

နတ်မောက်လဲဘူးတောရ ဘဒ္ဒန္တ နယန ထေရ်

နတ်မောက်မြို့နယ် လဲဘူးတောရဆရာတော် ဘဒ္ဒန္တနယနထေရ်ကြီးသည် နဘူးကျင်းတောရ ဆရာတော်၏ ရုပ်ကလာပ်တော်ကို ပင့်ဆောင်ရာ၌ ရှေ့တန်းမှ ပါဝင်ခဲ့ကြောင်း အထက်တွင် တင်ပြခဲ့ပါသည်။

ထိုဆရာတော်သည် နဘူးကျင်းတောရ ဆရာတော်အောက် သက်တော် ဝါတော် (၁)နှစ်မျှသာ ငယ်ပါသည်။ သရက်ကန်ကျောင်း စီးဖြူကုန်းဂန္ဓာရုံတိုက်တွင် အတူပညာသင်ခဲ့ပြီး ၁၃၀၉–ခုနှစ်၊ နဘူးကျင်းရွာဦးကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးမရှိသဖြင့် တောရဆရာတော်လောင်းလျာနှင့်အတူ ပဋ္ဌာနသမဏပြုလျက် နဘူးကျင်း ရွာဦးကျောင်း၌ (ဝါတွင်းသုံးလတာ) အတူဝါဆိုခဲ့ကြောင်း ပထမပိုင်းတွင် ဖော်ပြခဲ့ပြီးလေပြီ။

နောင်သောအခါ နဘူးကျင်းတောရ ဆရာတော်ကဲ့သို့ပင် အလားတူ တောရဆောက်တည်၊ အပြန်အလှန် အလေးထား၊ အတူဝါကပ်သည်လည်း ရှိ၊ နဘူးကျင်းရန်ကင်းတောရနှင့် ထန်းတပင်တောရ တစ်လှည့်စီ ဝါကပ်သည်လည်း ရှိခဲ့လေသည်။ သို့ဖြစ်ပါသောကြောင့် လဲဘူးတောရဆရာတော်၏ ဘဝအကြောင်း အကျဉ်းမျှကို မှတ်တမ်းတင် ဖော်ပြအပ်ပါ၏။

လဲဘူးတောရဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

လဲဘူးတောရ ဆရာတော်လောင်းလျာကို မကွေးတိုင်း နတ်မောက်မြို့နယ် လဲဘူးကျေးရွာနေ ခမည်းတော် ဦးဖိုးသိန်း + မယ်တော် ဒေါ်အေးဖြူတို့မှ ၁၂၈၄–ခုနှစ် တော်သလင်းလပြည့်ကျော် (၄) ရက် စနေနေ့ နံနက် (၁၀)နာရီ (၁၀)မိနစ်အချိန် ဖွားမြင်တော်မူခဲ့၏။

ဦးညွှန်ကြီး၊ ဦးထွန်းရှင်၊ ဦးပေါ်လှိုင်နှင့် ဒေါ်ကြိုင် ဟူ၍ မွေးချင်း (၄)ယောက်တွင် ဒုတိယမြောက် သားရတနာ ဖြစ်သည်။

ပညာသင်ကြားခြင်း

၁၂၉၆–ခုနှစ် အသက် (၁၂)နှစ်သားအရွယ် လဲဘူးကျောင်း ဆရာတော် ဦးပဏ္ဍိစ္စထံ အပ်နှံ၊ ထိုဆရာတော်ကြီးနှင့် ဦးကေဝလ၊ ဦးပညောဘာသတို့က အခြေခံစာပေများ သင်ကြားပေးခဲ့ကြသည်။

ရှင်သာမဏေအဖြစ်သို့ ရောက်ခြင်း

အသက် (၁၆)နှစ်အရွယ် ၁၃၀၀–ပြည့်နှစ် တပေါင်းလဆန်း (၉) ရက် တနင်္လာနေ့တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ဆရာတော် ဦးပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော် ရှင်နယန။

ရှင်သာမဏေဘဝဖြင့် အထက်ပါ ဆရာတော်များထံမှာပင် ဝိနည်းသဒ္ဒါ သင်္ဂြိုဟ်ဆိုင်ရာ ပိဋကတ်အခြေခံများ သင်ယူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၃၀၃–ခုနှစ် တပေါင်းလပြည့်ကျော် (၃) ရက်နေ့ နံနက် (၈) နာရီ (၃၀)မိနစ်အချိန် လဲဘူးရွာနေ ဦးဖိုးနိုင် + ဒေါ်မွေးခြံ တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ လဲဘူးကျောင်း ခဏ္ဍာသိမ်တော်၌ ဆရာတော် ဦးပဏ္ဍိစ္စ ကိုပင် ဥပဇ္ဈာယ်ပြု၍ အမြင့်တန်းအစစ် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ပညာဆက်လက်သင်ကြားခြင်း

၁၃၀၄–ခုနှစ် လဲဘူးကျောင်းမှ ဆရာတော် ဦးပညာသီရိနှင့် အတူထွက်လာ ရမည်းသင်းမြို့နယ် သရက်ကန်ကျောင်း ဆရာတော် ဦးဇဋိလ (လဲဘူးဇာတိ) နှင့် ဆရာတော် ဦးဥက္ကံသ တို့ထံရောက် စာပေသင်ကြားခဲ့သည်။

၁၃၀၇–ခုနှစ် ထိုအရှင်နှစ်ပါးလုံး ရမည်းသင်းမြို့နယ် ဓိုးဖြူကုန်းရွာ ညောင်လွန့်တောရ တိုက်ခွဲ ဂန္ဓကူရ ကျောင်းသစ်ကျောင်း ဆရာတော် ဦးဥက္ကံသ ထံသို့ရောက် ပညာသင်ကြားခဲ့ကြသည်။

၁၃၁၁–ခုနှစ် မန္တလေးမြို့ ဝိသုဒ္ဓါရုံ တိုက်သစ်နှင့် ခင်မကန်တိုက်သစ်၊ ၁၃၁၃–ခုနှစ် ညောင်ဦးမြို့ မဟာဝိသုတာရာမ တိုက်သစ်များသို့ ပြောင်းရွှေ့ စာပေကျမ်းဂန်များ သင်ကြားဆည်းပူးခဲ့သည်။

နဘူးကျင်းတောရ ဆရာတော်ထံနှင့် စစ်ကိုင်း ဟံသာဂီရိ စာချဆရာတော် အရှင်ဓမ္မဒိန္န (သီရော့မဏိ) နောင်အခါ ဦးထွန်းလွင်တို့ထံ၌လည်း ပညာဆည်းပူးခဲ့သည်။

လဲဘူးတောရကျောင်းတည်ထောင်

မွေးရပ်ဇာတိမြေ နတ်မောက် လဲဘူးတောရ ကျောင်းကို ၁၃၃၉–ခုနှစ်တွင် စတင်တည်ထောင်တော်မူခဲ့သည်။ ရှုတင်ဆောက်တည်သော မထေရ်များ ဆက်လက် ပေါ်ထွန်းရေးအတွက် အသက်ထက်ဆုံး အဓိဋ္ဌာန်ချက်ဖြင့် ရှုတင်ဆောက်တည်လျက် ရှိသည်။ ယခု စာရေးချိန် ၁၃၇၀–ခုနှစ်တွင် ဆရာတော်၏ သက်တော် (၈၆) နှစ်၊ ဝါတော် (၆၆) ဝါ ရှိတော်မူလေပြီ။

နဘူးကျင်းတောရဆရာတော် သမုတ်ခဲ့သည့်သိမ်ပေါင်း (၁၇၀) တွင် လဲဘူးတောရသိမ်မှာ သိမ်အမှတ် (၁၈) ဖြစ်လေသည်။*

၂၇–၇–၂၀၀၄၊ ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ရက် အင်္ဂါနေ့ အရိုးဓာတ်တစ်ဝက်ပင့်ဆောင်

၂၆–၇–၂၀၀၄နေ့လယ်က အင္ဂလိပ်ရာပနပြုလုပ်မီးတင်ရှို့ခဲ့သော တောရဆရာတော်ဘုရားကြီး၏ ရုပ်ကလပ်တော် အရိုးဓာတ်များ ၂၇–၇–၂၀၀၄ နေ့ နံနက်ပိုင်း ၄–နာရီခန့်အချိန်တွင် ရေများဖြင့် ပက်ဖြန်းမီးငြိမ်းသတ်၍ ယခုနေပြည်တော် လယ်ဝေးမြို့နယ် ထန်းတပင်တောရနှင့် ဆုတောင်းပြည့်တောရ ဆရာတော် ဦးကေဝလနှင့် တပည့်ဒါယကာ၊ ဒါယိ

* ဘုရားဖြူ ဂဏဝါစက အရှင်ဝိစက္ခဏ (မွှာစရိယ)၏ လဲဘူးတောရဆရာတော် (၈၁) နှစ်ပြည့်၊ လဲဘူးတောရ (၂၆) ပြည့် အမှတ်တရ စာစောင်မှ

ကာမများက အရိုးစေတီတစ်ဝက် ကောက်ယူ အိုးတွင် ထည့်လျက် ထန်းတပင်တောရကြီးတွင် အမှတ်တရ ပူဇော်ထားရှိရန် ပင့်ယူဆောင်သွားကြသည်ဟု သစ်လုပ်ငန်းအရာရှိ ဦးကျော်စင်က ပြန်ပြောပြ၍ သိရပါသည်။

နဘူးကျောင်း၊ ရန်ကင်းတောရ ရန်ကုန်ဆရာတော် ဦးဇာဂရိယနှင့် နဘူးကျောင်းတပည့်ဒါယကာ၊ ဒါယိကာမများကလည်း သဘောတူ နှင့်ပြုကြကြောင်း၊ နဘူးကျောင်းရန်ကင်းတောရနှင့် ယခုနေပြည်တော်လယ်ဝေး ထန်းတပင်တောရ နှစ်ဌာနမှာ နှစ်လများစွာ သီတင်းသုံးတော်မူခဲ့သော ဆရာမထေရ်ကြီး၏ အရိုးစေတီများကို ယခုနေပြည်တော် ပျဉ်းမနားလယ်ဝေး ထန်းတပင်နယ်သား တပည့်များဖြစ်ကြသည့် သူတို့တွေလည်း အမှတ်တရ ပူဇော်ထားလိုကြပါလိမ့်မည်။

လယ်တီဆရာတော်၏ အန္တိမရှာပန

ဤနေရာ၌ ကျေးဇူးတော်ရှင် မုံရွာ လယ်တီဆရာတော်ဘုရားကြီး၏ ဘဝနောက်ဆုံးခရီး အန္တိမရှာပန ကျင်းပရေးနှင့်စပ်လျဉ်း၍ မုံရွာမြို့မှ တပည့်ဒါယကာများနှင့် ယခုနေပြည်တော် ပျဉ်းမနားမြို့က တပည့်ဒါယကာများ၏ အဖြစ်အပျက်မှာ ဘုန်းတော်ကြီးများ ပျံလွန်တော်မူလျှင် အလောင်းလုပွဲဖြစ်တတ်သည့်အတိုင်း ဆရာတော်၏ ရုပ်ကလာပ်တော်ကို မုံရွာမှတပည့် ဒါယကာများက မရမနေတောင်းနေကြ၏။ ယခုနေပြည်တော် ပျဉ်းမနားမြို့က တပည့် ကာများကလည်း မပေးလို၊ ရဲအစောင့်ချထားသည်ဆို၏။

မုံရွာမှ တပည့်ဒါယကာများက ဆရာတော်၏ ညီအရင်း ဦးကိတ္တိ ရဟန်းတော်ပါပင့်၍ အလောင်းတော်ရရန် လာကြရာ ယခုနေပြည်တော် ပျဉ်းမနားမြို့မှ ရှေ့နေတစ်ဦးက အလောင်းတော်အနီးသို့လာသော ဦးကိတ္တိအား "တပည့်တော်တို့ ယခုလို (ယခုနေပြည်တော်) ပျဉ်းမနားက ခမ်းခမ်းနားနား ပူဇော်ထားတာ သဘောကျပါရဲ့လားဘုရား" ဟု လျှောက်ရာ၊ ဦးကိတ္တိက "ကောင်းပါတယ် ဒကာကြီး သဘောကျပါတယ်"ဟု ပြောမိ၏။

ထိုစကားကို အမိဖမ်း၍ "ဆရာတော်ညီကတောင် ယခုလို ယခုနေပြည်တော် ပျဉ်းမနားက ပူဇော်တာ သဘောကျ တယ်လို့ဆိုနေမှ ဘယ်သူ့အလိုမှ လိုက်စရာမလိုဘူး" ဆိုသဖြင့် မုံရွာသားတို့အရှုံးပေးကြရလေ၏။ သို့အတွက်ကြောင့် ဦးကိတ္တိအား ဝိုင်း၍ ဆိုကြပြောကြရာ ဦးကိတ္တိလည်း မိမိ၏နှုတ်ကြောင့် မလိမ့်တစ်ပတ် ခံလိုက်ရသဖြင့် ခေါင်းပုမြုံ့အိပ်ပြီး စိတ်မကောင်းဖြစ်ရရှာ၏။ မုံရွာသို့ပြန် ဒီပဲရင်းသို့အရောက် ဦးကိတ္တိ မိမိကိုယ်ကို ကြိုးဖြင့်စီရင်၍ ပျံလွန်ရှာရသည်။

(ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ- စာ ၃၂၉)

ဤအကြောင်းများကို ဆရာတော်ဘုရားကြီး၏ တပည့်ရင်းကြီးများ အားလုံးဖတ်ပြီး ကြားသိပြီး ဖြစ်ကြပါလိမ့်မည်။ သို့အတွက် နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်ကို ကြည်ညိုလွန်း၍ သူပူဇော်လို့ ငါပူဇော်လို အကြိတ်အနယ်စိတ်မှာ ရှိကြပါသော်လည်း ဆရာတော်ဘုရားကြီး၏ မျက်ကွယ်မှာ တပည့်သားကြီးများ၏ အလိမ္မာဉာဏ်ပညာအမြော်အမြင်ကြီးမားမှုကြောင့် လိုက်လျောညီထွေ အေးချမ်းစွာ အရိုးစေတီများကိုခွဲဝေ နှစ်သိမ့်ကြေနပ်ခြင်းသို့ရောက်ကြပေသည်ဟု ဆိုရပေလိမ့်မည်။

လယ်တီဆရာတော်၏ရုပ်ကလာပ်ကို သူလိုချင်၊ ငါလိုချင်ဖြစ်ခဲ့ကြသလို၊ နဘူးကျောင်းဆရာတော်၏ အန္တိမဓာတ်ရုပ်ကလာပ်အဖြစ်သို့ မရောက်မီ သက်တော်ထင်ရှားရှိစဉ်ကပင် ယခုနေပြည်တော် လယ်ဝေးထန်းတပင် နယ်သူနယ်သားများနှင့် နဘူး

ကျင်း ရန်ကင်းနယ်သူနယ်သားတို့က ခေါင်းချခြင်း ချလျှင် ယခုနေပြည်တော် လယ်ဝေးကလည်း လယ်ဝေးမှာ ခေါင်းချစေချင်၊ ရမည်းသင်း နဘူးကျင်းကလည်း နဘူးကျင်းမှာ ခေါင်းချစေချင် ဆန္ဒတွေ ကိုယ်စီရှိခဲ့ကြပေလိမ့်မည်။ ဒါသည် လောကသားတို့၏ ဓမ္မတာဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

သို့ရာတွင် တောရဆရာတော်ဘုရားကြီး ကိုယ်တိုင် ဆန္ဒတော်က သူ့မွေးဖွားရွာ၊ သူ့ဇာတိ၊ သူ့အမေနှင့်အဖေတို့ခေါင်းချရာ၊ နဘူးကျင်း ရန်ကင်းတောရမှာ ခေါင်းချ၍သွားခဲ့ပါပြီ။ ဆရာတော်၏ ဘဝနိဂုံးခရီး ဘယ်မှာအဆုံးသတ်မည်ဟု ကြိုတင်စီမံထားခြင်းရှိခဲ့ပြီး ဖြစ်မည်ဟု မှုရ ယုံကြည်မိပါသည်။

မှတ်ချက်။ (ကြိုတင်စီမံချက်ရှိခဲ့သော မြတ်စွာဘုရားအစဉ်အလာ အစရှိသော အဂ္ဂသာဝက မဟာသာဝကကြီးများ ဘယ်သို့ ဘဝဇာတ်သိမ်း၍ ဘယ်အရပ်မှာ ခေါင်းချဇာတ်သိမ်းခဲ့ကြသည်ကို ရှေ့တစ်နေရာ၌ဖော်ပြပါမည်။ ထိုတင်ပြချက် ထိုအခန်းသို့ရောက်လျှင် သဘောပေါက်ကြပေလိမ့်မည်ထင်ပါသည်။)

ယခုဆက်လက်တင်ပြရန်ရှိသည်ကား လယ်တီဆရာတော်၏ ဘဝနိဂုံးအဆုံးသတ်ကို အစပျိုးထားခဲ့ပြီးဖြစ်နေလေရာ လယ်တီဆရာတော်ဘဝအကြောင်း အကျဉ်းချုပ်မျှ ရေးသားပူဇော်ပါက ပဋိပတ္တိသာသနာသမိုင်း ကွင်းဆက်မပြတ် မည်သို့ရှိခဲ့ကြောင်း တစ်စိတ်တစ်ဒေသ ဆက်စပ်နိုင်ပါ၏။ သို့အတွက် တင်ပြလိုက်ပါ၏။

လယ်တီဆရာတော် (၁၂၀၈–၁၂၈၅)

မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင်ကို ရေးရာ၌ လယ်တီဆရာတော်အကြောင်း မပါဝင်လျှင် ပြည့်စုံသော သာသနာဝင်တစ်စောင် မဖြစ်နိုင်ပေ။ လွန်ခဲ့သောအနှစ် တစ်ရာကျော်က "လယ်တီဆရာတော်" ဟူ၍ မပေါ်ပေါက်ခဲ့ပါလျှင် ယနေ့မြန်မာနိုင်ငံ သာသနာဝင်သည် ယခုကဲ့သို့ရှိကောင်းမှ ရှိပေလိမ့်မည်။ ဆရာတော်၏ ပဋိပတ်လုပ်ငန်းမှာလည်း အံ့မခန်းရှိလှပေ၏။ အဋ္ဌုပ္ပတ္တိအကျဉ်းရုံးမျှကို ဖတ်ပြီးလျှင်မှ ပရိယတ္တိမျှဖြင့် ထိတွေ့သိရှိဖူးသူများပင် နောင်တဖြစ်ကောင်း ဖြစ်ကြပေလိမ့်မည်။

(ဤကား ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စာမျက်နှာ ၂၇၉–တွင် ဆရာကြီးဦးဒွေးလှိုင်အစပျိုးထားသော စာပိုဒ်ဖြစ်လေသည်။)*

လယ်တီဦး၏ မျိုးစေ့

လယ်တီဆရာတော်လောင်းလျာကို ဒီပဲရင်းမြို့ တောင်ဘက် စိုင်ပြင်ကြီးရွာတွင် ၁၂၀၈–ခုနှစ်၊ နတ်တော်လဆန်း ၁၃–ရက်၊ အင်္ဂါနေ့နံနက် တစ်ချက်တီးကျော်အချိန်၌ ဖွားသန့်စင်ခဲ့၏။ အဖ ဦးထွန်းသာ အမိ ဒေါ်ကျုံးတို့၏ သားဦးရတနာဖြစ်၏။ မွေးချင်း ငါးယောက်ရှိ၏။ အမည်မှာ မောင်တက်ခေါင်ဖြစ်၏။ ထိုအမည်မှာ မွေးဖွားစဉ်ကဖြစ်ပေါ်လာသော နိမိတ်ကိုအစွဲပြု၍ ခေါ်သော အမည်ဖြစ်၏။

နိမိတ်များ

မွေးဖွားချိန်တွင် အိမ်ခေါင်းရင်း ခေါင်တိုင်အခြေမှ အရောင်မျိုးစုံပါဝင်သော စို့သက်တင်ရောင် အလင်းရောင်တန်းကြီးသည် အိမ်ခေါင်မိုးကိုပင် ထိုးဖောက်သွား၏။ တစ်အိမ်လုံးရောင်စုံယှက်သန်းနေတော့၏။ ထို့ကြောင့် မောင်တက်ခေါင်မှည့်ခြင်းဖြစ်၏။ အခါမဲ့မိုးကြီးရွာ၏။ အိမ်နောက်ဖေး မန်ကျည်းပင်ကြီး၌ စုထောင်ထားသော ဝါးလုံးစည်းကြီးမှာ

* ဓမ္မာစရိယဦးဒွေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ စာ–၂၇၉

တဟည်းဟည်း မြည်ဟိန်းကာ ဝါးတစ်လုံးမှာ ကောင်းကင်သို့ ပျံတက်သွား၏။

မိခင်ကြီးတစ်ဦးသည်း မွေးဖွားခိုက် ဝတ်ဖြူစင်ကြယ် လူသူတော်တစ်ဦးအနားမှာ လာစောင့်ရှောက်၏။ လွန်စွာထူးခြားသည့် အာစေနည်ကြီး၏ လူ့ဘဝအစပေတည်း။

ပညာသင် ရှင်ဉာဏ

ရှစ်နှစ်သားအရွယ် ဖျောက်ပင်ကျောင်း ဆရာတော် ဦးနန္ဒဓေထံပညာသင်၊ ဆယ့်ငါးနှစ်သား တွင် ရှင်သာမဏေပြု၊ ဉာဏ်ရည်ဉာဏ်သွေးထက် မြက်လှ၍ ရှင်ဉာဏဖေဟု ဘွဲ့ပေးသည်။ ပိဋကသင်ရိုးကုန်သဖြင့် ဆရာ၏ မြှောက်စားခြင်းခံရ၊ ဆယ့်ရှစ်နှစ်အရွယ် ရှင်လူထွက်၏။

လယ်လုပ်ခွင် ဆင်းရဲဒုက္ခနှင့် ဆရာသမားများ၏ ပြန်လည်ခေါ်ယူနားချ၊ ဗေဒင်ပညာသင်ပြီးမှ အသက်မွေးရန်ဖြောင်းဖြ ပညာများ ဆက်လက်သင်ယူခဲ့သည်။

ရဟန်းဖြစ် မန္တလေးသို့တက်

၁၂၂၈–ခုနှစ် ကဆုန်လဆန်း ၇–ရက်နေ့တွင် ရဟန်းဘောင်သို့ရောက်သည်။

၁၂၂၉–ခုနှစ် နယုန်လ ၅–ရက် မန္တလေးနေပြည်တော်သို့တက်၊ ပဌမသင်္ဂါယနာ တင်ချိန်၌ကြုံ ...ကဲ၊ အရည်အချင်းပြခွင့်တိုက်ဆိုင်ခဲ့၊ မြတ်ကုက်တော်တွင် ရဟန်းရှင်လူ မင်း၊ မိဖုရား ပရိသတ်ရှေ့အဘိဓမ္မကထာ ဝတ္ထုကျမ်းကြီး တစ်ပါးကည်း အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် ဦးဉာဏ၏ သတင်းသည် သင်းပျံ့စပြုလေ၏။ ၁၂၃၉–ခုနှစ် ရဟန်း(ဆယ်ဝါအရ)စာချပထမစာတော်ချဖြစ်၍ ဆွမ်းဆန်တော် ၅–တင်း ကပ်လှူခံရခြင်းသို့ရောက်၏။

တောထွက်တော်မူ

လယ်တီဆရာတော်၏ဘဝ စာသင်စာချဆရာတော် ၁၆–နှစ်တိုင်အောင်လည်းကောင်း၊ ၁၂၄၄ ခုနှစ် မန္တလေးနန်းတွင်း သီပေါမင်းနန်းတက် လေးနှစ်ကာလ၊ မငြိမ်မသက်နှင့် မီးကြီးလောင်၍ ၄၆–ကျောင်းရှိ စံကျောင်းတော်ကြီး မီးထဲပါသဖြင့်လည်းကောင်း၊ ၁၂၄၈–ခုနှစ် လယ်တီတောရသို့ တောထွက်တော်မူခဲ့၏။

ကျမ်းများစွာရေး၊ တရားဟောတော်မူခဲ့

လယ်တီဆရာတော်ဘုရားကြီးသည် ကျမ်းပေါင်းများစွာ ရေးသားစီရင်တော်မူခဲ့သည်။ အနယ်နယ်အရပ်ရပ်သို့ တရားဓမ္မများ ဟောပြခဲ့လေသည်။ လယ်တီဆရာတော်ဘုရားကြီး၏ ပရိယတ်၊ ပဋိပတ်၊ စွမ်းအားကြီးမားပုံများနှင့်ထူးခြားဆန်းကြယ် အကြောင်းစုံကို ဤနေရာ၌ ကုန်အောင်ရေးပြနေပါက ရှည်လျားလှသောစာစုကြီး ဖြစ်နေပေလိမ့်မည်။ လိုရင်းချုပ်၍သာ ကောက်နုတ်တင်ပြပါတော့မည်။

လယ်တီဆရာတော်ဘဝ အမျိုးဘာသာ သာသနာတော်အတွက် ဆောင်ရွက်သွားတော်မူခဲ့သော လုပ်ငန်းရပ်များကို ကျမ်းစာများအဖြစ်လည်းကောင်း၊ မုံရွာမြို့ မဟာလယ်တီတိုက်ကြီးတွင်လည်းကောင်း၊ ကျောက်စာတိုက်ကြီးများဖြင့်လည်းကောင်း ပူဇော်ထားရှိပြီးဖြစ်လေသည်။

ထူးခြားချက်များစွာကို ဆရာဦးဌေးလှိုင်က ထောက်ပြထားပါသည်။ ရေးပြချက်တစ်ရပ်ကို ကောက်နုတ်တင်ပြပါဦးမည်။

စိတ်သွားတိုင်းကိုယ်ပါအာစာနည်တန်ခိုးရှင်

ပဋိပတ္တိအလုပ်နှင့်စပ်၍ ရဟန်းတော်များသည် အထူးလှို့ဝှက်တော်မူကြ၏။ အပစ္စိတာဝုဏ်

ပင်တည်း။ ဝိနည်းဥပဒေကလည်း ထိုကိစ္စနှင့်တင်းကြပ်လှ၏။ ရုံးအတွင်းနေ တပည့်များထံမှ တစ်စွန်းတစ်စသိကြရသည်။ (သူတစ်ပါး၏ စိတ်အကြံသိပုံကို နိဒ္ဒေ့ ဆရာတော်အခန်း၌ ကြည့်ပါ။ မီးမထွန်းဘဲ ညအခါ စာရေးနိုင်ပုံကို သေကျွတောင် ဆရာတော်အခန်း၌ ကြည့်ပါက တွေ့မြင်နိုင်ပါသည်။) ဆရာ့အရည်အချင်းကို အကဲခတ်နိုင်သော တပည့်လည်းရှားလှ၏။ သဒ္ဓါသလောက်ပုံကြီးမချဲ့ဘဲ ရိုးဖြောင့်တော်တည့်စွာ ပြောဆိုတတ်သော တပည့်မျိုးကားပို၍ ရှားသည်။

(ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ – စာ ၃၂၃)

နတ်တို့ပင့်လာ မြေပေါ်တုန်ဟီး ဆုံးခရီး

လယ်တီဆရာတော်ဘုရားကြီးသည် လယ်တီတိုက်၌ ၁၃–ဝါမျှသာ သွားချည်ပြန်လှည့် ဝါဆိုတော်မူဖူး၏။ ကျန်ဝါများကား တောရပေါင်းများစွာနှင့် မြင်းခြံမြို့၊ မင်းလှမြို့ ဖက်တန်းတောရ၊ သာပေါင်းမြို့၊ ရန်ကုန်ညောင်ကုန်းကျောင်းတိုက်၊ ကျိုက်ပိုင်း၊ မန္တလေး လယ်တီစံကျောင်း၊ စစ်ကိုင်းတောင်စံကျောင်းနှင့် မြစ်သားမြို့၊ ကတွန်မြို့၊ သတ္တုတွင်းစသည်တို့၌ လှည့်လည်ဝါကပ်တော်မူသည်။

၁၂၈၃–ခုနှစ်မှစ၍ ယခုနေပြည်တော် ပျဉ်းမနားမြို့တွင် အများ ဆုံးသီတင်းသုံးတော်မူ၏။ "ရောဒုဗ္ဗလ အိုမင်းမစွမ်း ခန့်ကျန်းတော်မမူတော့ပြီ" အသားအရောင်မှာ ဝင်းဝါ ကြည်လင်နေသော်လည်း အသားအရေများ လျော့လျဲလျက်ရှိ၏ (အရည်ဝါသီတောရမှီသော ဝါ စုစုပေါင်းမှာ ၂၁–ဝါဖြစ်သည်။)

၁၂၈၅–ခုနှစ် ဝါကား ယခုနေပြည်တော် ပျဉ်းမနားမြို့ သူဌေး ဦးလန်း၊ ဒေါ်မမလေးတို့ တိုက်ကျောင်း၌ သီတင်းသုံးတော်မူ၏။ သက်တော်– ၇၇–နှစ် ရှိပြီဖြစ်၍ အဆိုးရွားဆုံးနှစ်ဖြစ်သည်။ ထိုနှစ်နယုန်လလောက်မှစ၍ ခန္ဓာကိုယ်မှာ အို တအိအိ ယိုယွင်းဆွေးမြည့်ခဲ့၏။ ဆေးဝါးအမျိုးမျိုးဖြင့် အစားထိုးသော်လည်း တစ်ခဏမျှသာ သက်သာ၏။

ဘဝသက်တမ်း၏ လေးပုံတစ်ပုံကို စာရေးခြင်းဖြင့် အလုပ်၌မြှုပ်နှံခဲ့သော်လည်း အားရတော်မမူသေး၊ ဆရာတော်ကား ကျမ်းပြုဆရာတို့၏ စံချိန်ကို ချိုးခဲ့၏။ သင်ပုန်းကြီးမှအစ နိဗ္ဗာန်အထိရေးခဲ့ပြီ။ × × ×

၁၂၈၅–ခုနှစ် ပထမဝါဆိုလမပြည့်မီ တစ်ရက်တွင် ဆရာတော်လက်ဖက်ရည်ကြမ်း ဘုန်းပေးနိုက် တစ်ကျောင်းလုံး သိမ့်သိမ့်တုန်အောင် မြေလျှင်လှုပ်၏။ ဆရာတော်က တပည့်ကြီးများအား "ဒါ ဘာအစိပ္ပါယ်လဲ၊ သိကြရဲ့လား" ဟုမေးတော်မူ၏။

"လူ့ပြည်မှာ အဘိဓမ္မာတရားဟောရတာ အားရလောက်ပါပြီ၊ နတ်ပြဟ္မာတွေကို တစ်လှည့်ဟောရန် အချိန်တန်ပါပြီလို့ လျှောက်တာကွယ်" ဟု မိန့်တော်မူသည်။

မိုးညှင်းဆရာတော်လည်း ကြေးနန်းရ၍ ယခုနေပြည်တော် ပျဉ်းမနားသို့ ရောက်လာ၏။ ခြေတော်ကို နဖူးဖြင့် ပွတ်၍ ဆရာတော်ရေးခဲ့သော "အနတ္တဒီပနီ" ကို ဖတ်ပြသည်။

"အေး ကောင်းလိုက်တာကွယ်၊ အနတ္တ ဒေသနာ နာရတော့ အဘဘုရား အနတ္တလက္ခဏာသုတ်ဟောပုံမြင်ပြီး ကြည်ညိုလိုက်တာ၊ ဘုရားရှင်ယခုကြွလာသလိုပဲကွယ်" "ချစ်သား လူ့ပြည်မှာ တရားဟောပြီးပြီ၊ နတ်ဗြဟ္မာတွေကို တစ်လှည့်ဟောချိန်ကျပြီ" လို့ ခေါင်းရင်းမှာ ဘုရားရှင်ကြွလာပြီး မိန့်တော်မူသလို ငါ့နားထဲမှာ ကြားနေရတယ်၊ အေး

အေး ငါမရှိလို့ အားမငယ်နဲ့၊ ငါ့ခါငွေရှိတယ်၊ ဝိပဿနာ သာသနာကြီး ကြိုးစားပြုရစ်ကွယ့်"ဟုမိန့် မှာတော်မူသည်။

လျှောင်လည်းလှုပ် ဝိညာဉ်လည်းချုပ်

လပြည့်နေ့ ၁၂–နာရီ အချိန်၌ လျှောင်တစ်ကြိမ်လှုပ်ပြန်၏။ ထိုအခါ ဆရာတော် ကိုယ်တိုင် ဦးတိလောက၊ ဦးပဒုမ၊ ဦးဝဏ္ဏိတနှင့် လယ်တီပဏ္ဍိတ ဦးမောင်ကြီးစသည့် တပည့်ကြီးလေးဦးတစ်လှည့်စီ ပဋ္ဌာန်းရွတ်ရန် အမိန့်ရှိသည်။

နေ့ ၂–နာရီ၊ မိနစ် ၃၀ တွင် ပဋ္ဌာဝါရပါဠိတော်ကြီး အစအဆုံးရွတ်ဖတ်ပြီးသည်။ ရပ်စဲသွားသော ပဋ္ဌာန်းသံနှင့်အတူ ဆရာတော်၏ ဝိညာဉ်လည်း တစ်ပြိုင်တည်း ချုပ်ငြိမ်းတော်မူလေ၏။ တိုက်ဆိုင်လွန်းပေစွ။ ထိုနှစ် ဝါဘယ်မှာဆိုလေမည်နည်း။

ခုနစ်ရက်ရှိလျှင် ရုပ်ကလာပ်တော်ကို ဦးလန်းတိုက်မှ လယ်တီစံကျောင်း(ယခု ဦးဌေယျကျောင်း) သို့ ပြောင်းရွှေ့ပင့်ဆောင်ကြသည်။ သုံးကြိမ်မြောက် လျှောင်လှုပ်၏။ ကျောင်းလေ့ကားအနီးရှိ သရက်ပင် ခြောက်ကြီးမှာ အခေါက်အပွေးပင်မရှိတော့သော်လည်း ထိုရက်တွင် ရတ်တရက် ရွက်နုများ ဝေဝေဆာဆာဖြင့် တပေါင်းလ ဈာပနပွဲတော်အထိ ပင်လုံးကျွတ်ပွင့်နေသည်မှာ ထူးခြားလွန်းလှပါသည်။

ဘုန်းကြီးပျံလွန်တော်မူလျှင် အလောင်းလုပွဲဖြစ်တတ်ကြသည့်အတိုင်း မုံရွာကလိုချင်၊ ယခုနေပြည်တော် ပျဉ်းမနားကလိုချင်သည့်အကြောင်းများ လယ်တီ၏ဘဝနိဂုံးနှင့် နဘူးကျောင်းဆရာတော်၏ ဘဝနိဂုံးအဆုံးသတ်ချိန် ကျန်ရှိသော တပည့်ကြီးများ ဒါယကာ၊ ဒါယိကာမများ၏ စိတ်အလိုဆန္ဒများ ရေးရိုးဓမ္မတာကြီး ဖြစ်ခဲ့ပါကြောင်း နှိုင်းယှဉ်တင်ပြချက်သာ ဖြစ်ပါသည်။

အချိန်ကာလတွေ မည်သို့ပင်ပြောင်းခဲ့သော်လည်း "လောက ဓမ္မတာ ဤသို့သာတည်း" ဟု ဆိုချင်ပါသည်။

သို့ရာတွင် လယ်တီ၏ဘဝနိဂုံး၌ လယ်တီ၏ ညီရင်း ဦးကိတ္တိ မိမိကိုယ်ကို မိမိ၊ ကြိုးဖြင့် စီရင်အဆုံးသတ်သွားရသည်အထိ ဖြစ်ရပ်မှာ နောင်းကာလ ပုဂ္ဂိုလ်များအတွက် သင်ခန်းစာယူရန်ဖြစ်ပြီး "မဖြစ် သင့် မဖြစ်ထိုက်ပါတကား"ဟု အသိတရားနှင့် ဆင်ခြင်ရန် အသိတရားပညာပေး ထားခဲ့လေသလား ဆင်ခြင်မိလေတော့သည်။

အလောင်းလုကြသည်မှာ

ပျံလွန်တော်မူပြီးဖြစ်သော ရုပ်ကလာပ်ကို ပင် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းသူတော်ကောင်းကြီးများက အလုအယက်လိုချင်ကြသည်မှာ အဘယ်ကြောင့်ပါနည်း။

အဖြေကား – နှစ်သက်မြတ်နိုးကြည်ညိုကြသောကြောင့် မခွဲနိုင် မခွာရက် နှမြောတသ လွမ်းဆွေးကြသောကြောင့်ဖြစ်လေသည်။

နှစ်သက်မြတ်နိုးခြင်းရှိကြသည်မှာလည်း သီလကြောင့်ဖြစ်လေသည်။ အကျင့်သီလ အနေအထိုင်နှင့် မေတ္တာအားကြီးသော၊ လောကအပေါ်ကောင်းကျိုးများစွာ ပြုခဲ့၊ ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်၊ သူတော်ကောင်းကြီးများအပေါ် ဤလောကပင်လျှင် မြတ်ကွယ်မပြု။ လူအပေါင်းတို့ကလည်း မျက်ကွယ်မပြုကြကြောင်း၊ မြတ်နိုးကြကြောင်း ထင်ရှားသော သက်သေပြချက်များ ဖြစ်လေသည်။

မြတ်နိုးကြည်မှာ ဓမ္မတာ

သာသနာတော်အကျိုးနှင့် အမျိုးဘာသာ အကျိုး ကိုယ်ကျိုးစွန့်၍ သယ်ပိုးတော်မူခဲ့ကြသော ရဟန်း ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်မှန်သမျှကို လေးစားမြတ်နိုးကြ၊ အရိုအသေပြုကြ၊ အမှတ်ရကြ၊ နှစ်မြော့တသ ကြည်မှာ ဓမ္မတာဖြစ်လေသည်။

သာသနာသမိုင်း၌မေ့မရနိုင်သော အရှင်မြတ်ကြီးများ

သာသနာတော်ကြီး အဓွန့်ရှည်ကြာတည် တံ့အောင်ရွက်ဆောင်တော်မူခဲ့ကြသည့် ပရိယတ္တိ ပဋိပတ္တိ နှစ်ရပ်လုံး နှံ့စပ်ကျွမ်းကျင် သိမြင်တော်မူ ကြသည့် ကျေးဇူးတော်ရှင် အရှင်မြတ်ကြီးများစွာ မြန်မာနိုင်ငံ၌ပေါ်ထွန်းတော်မူခဲ့ကြရာ ယနေ့တိုင် အောင် ထိုအရှင်မြတ်ကြီးများကို ရဟန်း ရှင်လူ အပေါင်းတို့က လေးစားတသ မြတ်နိုးကြ၊ ကြည်ညို မဝ၊ ကျေးဇူးဂုဏ်များကို အမှတ်တရ ရှိနေကြဆဲ ဖြစ်လေသည်။

ထိုအရှင်မြတ်ကြီးများစွာတို့ အနက်မှ အောက်ပါအရှင်မြတ်ကြီးများ၏ မွေးဖွားတော်မူသည့် ခုနှစ်၊ လွန်တော်မူသည့် ခုနှစ်၊ သက်တော်များ အလိုက် သဒ္ဓါကြည်ညိုနိုင်ကြပါစေရန် ဖော်ပြပူဇော် လိုက်ရပါသည်။

အစဉ်	အရှင်မြတ်ကြီးများ	ဖွားမြင်ခုနှစ်	လွန်တော်ခုနှစ်	သက်တော်
၁	ဘုန်းတော်ကြီးဦးသီလ	၁၁၉၄-	၁၂၆၉-	၇၅ နှစ်
၂	လယ်တီဆရာတော်	၁၂၀၈-	၁၂၈၅-	၇၇ နှစ်
၃	ညောင်လွန့်တောရဆရာတော်	၁၂၂၉-	၁၂၉၅-	၇၄ နှစ်
၄	သထုံဇေတဝန်ဆရာတော်	၁၂၃၀-	၁၃၁၆-	၇၆ နှစ်
၅	သေကျွတောင်ဆရာတော်	၁၂၃၃-	၁၂၉၉-	၆၆ နှစ်
၆	မိုးညှင်းသမ္ဗုဒ္ဓေဆရာတော်	၁၂၃၄-	၁၃၂၆-	၉၂ နှစ်
၇	မြင်းခြံစွန်းလွန်းဆရာတော်	၁၂၃၉-	၁၃၁၄-	၇၅ နှစ်
၈	သပိတ်အိုင်တောရဆရာတော်	၁၂၅၅-	၁၃၃၁-	၇၆ နှစ်
၉	တောင်ပုလုဆရာတော်	၁၂၅၈-	၁၃၄၈-	၉၀ နှစ်
၁၀	မိုးကုတ်ဆရာတော်	၁၂၆၁-	၁၃၂၄-	၆၃ နှစ်
၁၁	မဟာစည်ဆရာတော်	၁၂၆၆-	၁၃၄၄-	၇၈ နှစ်
၁၂	မင်းကွန်းတိပိဋကဓရဆရာတော်	၁၂၇၃-	၁၃၅၄-	၈၁ နှစ်

စသည့်ဆရာတော်အရှင်မြတ်ကြီးများသည် သာသနာ့သမိုင်း၌ ထင်ရှားတော်မူ၍ ထိုအရှင်မြတ်ကြီးများ၏ ဘဝအကြောင်းများနှင့် အကျင့်သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ်၌ ရပ်တည်ချက်များ သာသနာတော်ကြီး နေလို့လလို ထင်ရှားအောင် ရွက်ဆောင်တော်မူခဲ့သည်များကို သိလို့ကြည်ညိုလို့ ကျင့်ကြံလိုပါက ဆရာကြီးဦးဌေးလှိုင်၊ ဓမ္မာစရိယ ဦးဌေးလှိုင်ရေးသည့် မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ ကျမ်းစာတွင်လည်း ထိုထိုစာအုပ်စာတမ်းများ၌ လေ့လာနိုင်ကြပါသည်။

လောကကြီးကောင်းအောင်

♦ လောကကြီးကောင်းအောင် သူတော်ကောင်းကြီးများကသာ ရွက်ဆောင်နိုင်ကြလေသည်။

♦ သူတော်ကောင်းကြီးများ အဆက်မပြတ် ပေါ်ထွန်းခဲ့သည်၊ ပေါ်ထွန်းနေသေးသည်ကို ဉာဏ်မျက်လုံးဖြင့် မြင်အောင်ကြည့်နိုင်ကြရန်လိုမည် ဖြစ်လေသည်။

♦ သူတော်ကောင်းကြီးများ တစ်ပါးပြီးတစ်ပါး ပေါ်လာ၊ တစ်ပါးပြီးတစ်ပါး ကွယ်ပျောက်၊ကြုံ

ဆုံခွင့်ရလျက် သတိမမူနိုင်ကြသည်ကို သတိမူနိုင်ကြစေချင်ပါသည်။

♦ ဤကမ္ဘာလောကကြီးထဲ၌ သူတော်ကောင်းအစစ်ကြီးများတည်ရာ, သူတော်ကောင်းတရား အစစ်အမှန်တည်ရာသည် ပြည်မြန်မာ၌သာရှိနေသည် ထင်ပါသည်။

♦ သူတော်ကောင်းတရားလူသားတိုင်းမှာတည်ပါမှ လောကကြီး ငြိမ်းချမ်းသာယာနိုင်ပါသည်။

♦ သူတော်ကောင်းကြီးဖြစ်တော်မူကြသော အရှင်မြတ်ကြီးများအကြောင်း သင့်ရာသင့်ရာ၌ အကျဉ်းဖေါ်ပြခဲ့သလို သူတော်ကောင်းတရားများကိုလည်း သင့်ရာသင့်ရာ၌ ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်တင်ပြလိုသည်ကား သူတော်ကောင်းကြီးများဆိုသည်မှာ အရိယာစခန်းသို့ တက်လှမ်းနေကြသော ပုဂ္ဂိုလ်များ၊ အရိယာပုဂ္ဂိုလ်ကြီးများကို ဆိုခြင်းဖြစ်ရာ ရှေးသူတော်ကောင်းကြီးများနှင့် မျက်မှောက်ခေတ်သူတော်ကောင်းကြီးများ၏ စံအိမ်ဖြစ်သော အရိယာဝါသ တရားတော်ကြီးကိုလည်း ဤနေရာ၌ အလျဉ်းသင့်၍ တင်ပြရန် လိုလာသည်ဟု ယူဆပါသည်။

သို့မှလည်း မိမိတို့၏ ဆရာတော်ဘုရားကြီး အပေါ်လေ့လာ ဆန်းစစ်ကြည်ညိုနိုင်ကြပေလိမ့်မည်။

မိမိမှာ ဆရာတော်၏ကျမ်းစာများ ရိုက်နှိပ်ရာ၌ ဦးဆောင်စီစဉ်သူဖြစ်၍ ဆရာတော်သီတင်းသုံးရာ တောရကျောင်းများသို့ မကြာခဏရောက်သည်။ ညအိပ်သည်။ မိမိရှာဖွေ ဖတ်ထားသမျှ ကျမ်းစာများ တရားတော်များမှာပါသော အချက်အလက်များနှင့် ဆရာတော်နေထိုင်ပုံ၊ ကျင့်ကြံပုံများ နှိုင်းယှဉ်၊ အမြဲမပြတ်အကဲခတ်လေ့လာနေခဲ့မိသူလည်း ဖြစ်ခဲ့သည်။

သို့အတွက်ကြောင့်လည်း အရိယာဝါသ၊ အရိယာတို့၏စံအိမ် တရားတော်ကြီးကိုတင်ပြရခြင်းလည်း ဖြစ်လေသည်။ ဤလောက၌ အရိယာပုဂ္ဂိုလ်တို့သည် ရှိကြပါကုန်၏။ ရှေးကရှိ၍ ယခုရှိခြင်းလည်းဖြစ်ပါ၏။ အရိယာဆိုသည် မည်သို့ပါနည်း။ အရိယာဝါသ၊ အရိယာတို့၏စံအိမ်ဆိုသည်မှာ အဘယ်သို့ပါနည်း။ စာရှု့သူ၊ သူတော်ကောင်းများ လေ့လာဆန်းစစ်ဝေဖန်သုံးသပ် ထင်ဟပ်နိုင်ကြပါစေရန် အရိယာဝါသ တရားတော်များကိုလည်း တင်ပြလိုက်ပါ၏။*

အရိယာဝါသတရားတော်

အရိယာတို့ မှီဝဲနေထိုင်ရာ စံနေရာဌာနကို အရိယာဝါသဟုခေါ်သည်။ အရိယာဆိုသည်မှာ အရိယာ ပုဂ္ဂိုလ်ရှစ်ပါး၊ အာဝါသဆိုသည်မှာ စံနေရာအိမ်၊ အရိယာပုဂ္ဂိုလ်ရှစ်ပါးဆိုသည်ကား–

အရိယာပုဂ္ဂိုလ်ရှစ်ပါး

၁။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်	– ၁။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်
၂။ သကဒါဂါမိမဂ်ပုဂ္ဂိုလ်	– ၂။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်
၃။ အနာဂါမိမဂ်ပုဂ္ဂိုလ်	– ၃။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်
၄။ အရဟတ္တမဂ်ပုဂ္ဂိုလ်	– ၄။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်

မဂ်ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်ပုဂ္ဂိုလ်လေးပါး ပေါင်းလျှင် အရိယာပုဂ္ဂိုလ်ရှစ်ပါးဖြစ်ပါသည်။

မဂ်ပုဂ္ဂိုလ်လေးပါးမှာ အရေအတွက်အားဖြင့်သာ ဖေါ်ပြရသော်လည်း ဘယ်ပုဂ္ဂိုလ်ပဲလို့ အထင်အရှားညွှန်ပြရန် ခဲယဉ်းပါသည်။ အဘယ့်ကြောင့်ဆိုသော် မဂ်ပုဂ္ဂိုလ်၏သက်တမ်း အချိန်ကာလ စိတ်ကလေး တစ်ကြိမ်မျှရှိခြင်းကြောင့်ဖြစ်သည်ဟု ဆိုပါသည်။

* မဟာစည်ဆရာတော်၏ အရိယာဝါသ တရားတော်ကြီး (ဆဋ္ဌအကြိမ်) ၁၉၉၅

ဝိပဿနာရှုနေသော ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ရင့်သန်ပြည့်စုံသောအခါ အရိယမဂ်ဖြင့် နိဗ္ဗာန်ကို မြင်တွေ့သွားပြီး၊ ထိုမြင်တွေ့ချိန် စိတ်ကလေးတစ်ကြိမ်မျှသာရှိသည်။ တစ်မိနစ်မကြာ၊ မိနစ်ဝက်လည်း မကြာ၊ တစ်စက္ကန့်မျှတောင်မကြာ၊ တစ်ခဏလေးမျှသာ ဖြစ်သည်ဆိုပါသည်။ နိဗ္ဗာန်မြင်ဆဲအခိုက်အတန့်မျှသာ ကာလကို မဂ်ပုဂ္ဂိုလ်ခေါ်၍၊ ထိုအရိယမဂ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီး အခြားမဲ့မှာပဲ မဂ်နှင့်အလားတူ အရိယာဖိုလ်စိတ်တရားဖြစ်ပေါ်လာသည်။ ထိုအချိန်မှစ၍ ဖိုလ်ပုဂ္ဂိုလ်ဟု ခေါ်ရတော့သည်။

အရိယာတို့၏စံနေအိမ်

ရှေးရှေးသောအရိယာပုဂ္ဂိုလ်များ မည်သည့်နေရာမှာနေထိုင်ကြပါသနည်း။ အရိယာဝါသဟုခေါ်သော အရိယာတို့၏စံအိမ်မှာ နေကြပါသည်။ ရှေးရှေးသော မြတ်စွာဘုရားများနှင့် တပည့်သာဝကအပေါင်း၊ အရိယာအားလုံး၊ အရိယာဝါသ တရားတော်ကြီးများမှာပဲ မှီဝဲ သီတင်းသုံးနေထိုင်သွားကြပါသည်။

ဂေါတမမြတ်စွာဘုရားလက်ထက် ဂေါတမမြတ်စွာဘုရားနှင့်တကွ တပည့်သားများ ပစ္စုပ္ပန်ခေတ်တိုင်အောင် အရိယာပုဂ္ဂိုလ်တွေ ဘယ်မှာသီတင်းသုံးနေထိုင်ကြပါသလဲ မေးလျှင် အရိယာဝါသတရားတွေမှာပဲ သီတင်းသုံးနေထိုင်ကြပါသည်ဟု ပြောရပါမည်။

ယခုလည်း နေကြတုန်း နေကြဆဲ၊ ဂေါတမမြတ်စွာဘုရား သာသနာတော်က ယခုလည်းတည်ဆဲ၊ နောင်လည်းတည်သွားဦးမည်ဖြစ်သည့်အတွက် ယခုဘုရားလက်ထက် အရိယာတွေ အရိယာဝါသတရားတွေမှာနေတုန်း နေဆဲလို့ဆိုပါသည်။

နောင်ပွင့်တော်မူမည့် အရိမေတ္တယျမြတ်စွာဘုရားမှစပြီး ပွင့်တော်မူကြမည့် မြတ်စွာဘုရားအဆူဆူနှင့် တကွ တပည့်သာဝက အရိယာတွေလည်း ဘယ်မှာနေကြမလဲဆိုလျှင် အရိယာဝါသတရားတွေမှာပဲ နေကြမည်ဖြစ်ပါသည်။

ထို့ကြောင့် အရိယာဝါသ အရိယာတို့၏ စံနေအိမ်လို့ ခေါ်ရပါသည်။ ထိုအရိယာဝါသတရားများကား ၁၀-ပါးရှိပါသည်။

အရိယာဝါသတရား ၁၀-ပါး ပါဠိ။

ကတမေ ဒသ၊ ဣဓ ဘိက္ခဝေ ဘိက္ခု ပဉ္စင်္ဂဝိပ္ပဟီနော ဟောတိ၊ ဆဠင်္ဂသမန္နာဂတော ဧကာရက္ခော စတုရာပဿေနော၊ အနာဝိလသင်္ကပ္ပေါ ပဿဒ္ဓကာယသင်္ခါရော သုဝိမုတ္တစိတ္တော သုဝိမုတ္တပညော။

ဒသ-၁၀-ပါးသော အရိယဝါသတရားတို့သည်။ ကတမေ-အဘယ်တရားတို့ပါနည်းဟူမူကား ဘိက္ခဝေ-ရဟန်းတို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကို ရှုမြင်သောပုဂ္ဂိုလ်သည်၊ ဘိက္ခု-ကိလေသာကို ဖျက်ဆီးတတ်သောပုဂ္ဂိုလ်သည်-

ရဟန်းနှစ်မျိုး

ဘိက္ခု-ရဟန်းတို့သည် သုတ္တန်ဒေသနာတော်အရ ဘိက္ခု-ရဟန်းလည်းရှိတယ်၊ ဝိနည်းဒေသနာတော်အရ ဘိက္ခု-ရဟန်းလည်းရှိတယ်၊ သုတ္တန်ဒေသနာအရက "သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု" ဆိုသည့်အတိုင်း သံသရာဘေးကို ရှုမြင်တဲ့ ပုဂ္ဂိုလ်ဟာ ဘိက္ခုပါပဲ။ ထို့ကြောင့် အဋ္ဌကထာများမှာ-

"ပဋိပန္နကော ဟိ ဒေဝေါ ဝါ ဟောတု မနုဿော ဝါ ဘိက္ခုတိ သင်္ချံ ဂစ္ဆတိ" ဟု မိန့်ဆိုထားပါ၏။

ဒေဝေါ ဝါ ဟောတု–နတ်ပဲဖြစ်စေ၊ မနုဿော ဝါ–လူပဲဖြစ်ဖြစ်၊ ပဋိပန္နကော–တရားကို ကျင့်သော သူသည်၊ ဘိက္ခုတိ သင်္ချံ–ရဟန်းဟူသော ရေတွက်ခြင်းသို့၊ ဂစ္ဆတိ–ရောက်ပါ၏ ဟု ဆိုပါသည်။

နတ်ပဲဖြစ်စေ၊ လူပဲဖြစ်စေ၊ သံသရာဘေးကို မြော်မြင်ပြီး သံသရာက လွတ်မြောက်ရအောင် တရားကျင့်သုံးနေရင် ထိုပုဂ္ဂိုလ်ဟာ ဘိက္ခုမည်ပါသတဲ့။

တစ်နည်းအားဖြင့် "ကိလေသေ ဆိန္ဒတီတိ ဘိက္ခု" ကိလေသာတွေကို ဖျက်ဆီးတတ်ရင် ဘိက္ခုမည်ပါသတဲ့။

တရားကျင့်သုံးနေသူမှာ ကိလေသာတွေ ပျက်စီးသွားကြတယ်၊ မကျင့်ရင်တော့ မပျက်စီးပါဘူး၊ တိုးပွားသန်စွမ်းနေပါမယ်၊ ကျင့်ရင်တော့ ကိလေသာတွေဟာ နည်းနည်းကျင့်ရင် နည်းနည်းပျက်မယ်၊ များများကျင့်ရင် များများပျက်တယ်၊ အပြည့်အစုံ ကျင့်လိုက်ရင် ကိလေသာအားလုံး ပျက်ပြီး ရဟန္တာ အဖြစ်သို့ရောက်နိုင်ပါကြောင်းနှင့် ယင်းသို့အဆင့်ဆင့်တက်လှမ်းနိုင်ရေး အရိယာဝါသ အရိယာတို့၏ စံအိမ်တရား ၁၀–ပါးမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

အရိယာဝါသတရား(၁၀)ပါး

၁။ ပဉ္စင်္ဂဝိပ္ပဟီနော	–အင်္ဂါငါးပါးကို ပယ်ရမည်။
၂။ ဆဠင်္ဂသမန္နာဂတော	–အင်္ဂါခြောက်ပါးနှင့် ပြည့်စုံရမည်။
၃။ ဧကာရက္ခော	=တစ်ခုသော အစောင့်အရှောက်ရှိရမည်။
၄။ စတုရာပဿေနော	=လေးပါးသောမှီရာ ရှိရမည်။
၅။ ပဏုန္နပစ္စေကသစ္စော	=အသီးသီးသော သစ္စာဝါဒကို ပယ်ပြီးဖြစ်ရမည်။
၆။ သမဝယသဋ္ဌေသနော	=ရှာမှီးမှုအလုံးစုံကို ပယ်စွန့်ပြီး ဖြစ်ရမည်။
၇။ အနာဝိလသင်္ကပ္ပေါ	=မနောက်ကျုသော အကြံအစည် ရှိရမည်။
၈။ ပဿဒ္ဓကာယသင်္ခါရော	=ငြိမ်းသောကာယသင်္ခါရရှိရမည်။
၉။ သုဝိမုတ္တစိတ္တော	=ကောင်းစွာ လွတ်သောစိတ်ရှိရမည်။
၁၀။ သုဝိမုတ္တပညော	=ကောင်းစွာ လွတ်သော ပညာရှိရမည်။

ဟူ၍ (အင်္ဂုတ္တရနိကာယ်၊ အရိယာဝါသသုတ်)တွင် မြတ်စွာဘုရား ဟောတော်မူခဲ့ပါသည်။

အကျဉ်းရှင်းလင်းချက်

၁။ အင်္ဂါငါးပါးပယ်ခြင်းဟူသည်–

၁။ ကာမစ္ဆန္ဒ နီဝရဏ	=ကာမအလိုဆန္ဒ အတားအဆီး။
၂။ ဗျာပါဒ နီဝရဏ	=အမျက်ဒေါသ အတားအဆီး။
၃။ ထိနမိဒ္ဓ နီဝရဏ	=ထိုင်းမှိုင်းငိုက်မျဉ်းမှုအတားအဆီး။

၄။ ဥဒ္ဒစ္စကုက္ကုစ္စ နီဝရဏ = ယုံမှားသံသယပူပန်မှု အတားအဆီး။

၅။ ဝိစိကိစ္ဆာ နီဝရဏ = ယုံမှားတွေးတောမှု အတားအဆီး။

စသည့်ငါးပါးကို တရားအားထုတ်မည့် ယောဂီသည် ပယ်နိုင်အောင် ကြိုးစားအားထုတ်ရမည်။

နီဝရဏတရား ငါးပါးတို့ကို ဖယ်ရှားဖယ်နှင်ပြီး နေနိုင်ခြင်းသည် အရိယာစံအိမ်၌ နေခြင်းဖြစ်လေတော့သည်။

၂။အင်္ဂါခြောက်ပါးနှင့်ပြည့်စုံရမည်ဆိုသည်

ဒွါရ ခြောက်ပါးက ဖြစ်ပေါ်လာသမျှကို မပြတ်လိုက်၍ ရှုမှတ်နေရမည်ဆိုပါသည်။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနဟုဆိုအပ်သော အတွင်းအာယတန ခြောက်ပါးနှင့် အပြင် အာယတန ခြောက်ပါးဟုဆိုအပ်သော ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မတို့နှင့်ပေါင်းဆုံဖြစ်ပေါ်လာသမျှသော စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် စိတ်များကို မပြတ်ရှုမှတ်နေဖို့ လိုပါသည်။

ဘိက္ခဝေ-ရဟန်းတို့သည်၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ဘိက္ခု-သံသရာဘေးကိုရှုမြင်သောပုဂ္ဂိုလ်သည်၊ ဘိက္ခု-ကိလေသာကိုဖျက်ဆီးတတ်သောပုဂ္ဂိုလ်သည်၊ စက္ခုနာ-မျက်စိဖြင့်၊ ရူပံ-အဆင်းကို၊ ဒိသွာ- မြင်ပြီး၍၊ နေဝ-သုမနောဟောတိ-ဝမ်းမြောက်ဝမ်းသာမဖြစ်၊ မြင်ပြီးနောက် ကိလေသာမဖြစ်၊ ချစ်စရာ၊ မုန်းစရာဟူ၍ မဖြစ်၊ မချစ်မမုန်း ညီတူညီမျှသိရုံ၊ သိရုံကလေးပဲ ဖြစ်နေပါ၊ ရုပ်သဘော၊ နာမ်သဘော အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကလေး အမှန်အတိုင်းသိနေပါ ဟု ဆိုပါသည်။ ကျန်သည့် သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန အင်္ဂါများ ထိုနည်းတူသိလေ-

၃။တစ်ခုသောအစောင့်အရှောက်ဆိုသည်

ဤသာသနာတော်၌ ဘိက္ခု-ရဟန်းသည် (ဝါ)ဘိက္ခု-သံသရာဘေးကို ရှုမြင်သော ပုဂ္ဂိုလ်သည် (ဝါ) ကိလေသာကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်သည် သတာရက္ခေန, အမှတ်ရမှု သတိအစောင့်အရှောက်ရှိသော စေတသာ-စိတ်နှင့် သမန္နာဂတော ပြည့်စုံသည်၊ ဟောတိ-ဖြစ်၏။

အရိယာဝါသ အရိယာတို့၏နေအိမ်မှာ ပြည့်စုံရမည့်အစောင့်အရှောက်က အမှတ်ရမှု သတိတရားပါပဲ။ အမှတ်ရမှု သတိတရားနှင့်ပြည့်စုံရမည်လို့ ဆိုလိုပါတယ်။

ကာယကံ-ကိုယ်အမူအရာကိုပြုတိုင်း၊ ဝစီကံ-နှုတ်အမူအရာကိုပြောဆိုတိုင်း၊ မနောကံ-စိတ်သက်သက်ဖြင့် ကြံစီတိုင်း အမှတ်ရမှု သတိကလေး အမြဲတမ်း ကပ်ပါနေမည်ဆိုလျှင် တပ်မက်စရာအာရုံနဲ့တွေ့ရင် နှစ်သက်တပ်မက်တဲ့လောဘ၊ စိတ်ဆိုးစရာနှင့်တွေ့ရင် ဒေါသကို သတိကလိုက်ပြီးပယ်ထုတ်နိုင်လျှင် အပါယ်ကျစေတတ်တဲ့ အကုသိုလ်ကို မပြုတော့ဘူး၊ အပါယ်လေးပါးလဲ မကျနိုင်ဘူး၊ မြတ်စွာဘုရားက ဟောခဲ့ပါတယ်၊ သတိအစောင့်အရှောက်မရှိဘဲနဲ့တော့ အရိယာ မဖြစ်နိုင်ပါဘူး။

ဆောင်ပုဒ်

"ဖြစ်တိုင်းမှတ်ရှု၊ သတိပြု၊ စောင့်မှုအစဉ်ထား" ဟု မဟာစည်ဆရာတော်ဘုရားကြီးက လင်္ကာစီခဲ့ပါသည်။ သတိပြု သတိ အစောင့်အရှောက်ရှိသူဖြစ်အောင် ကြိုးစားအားထုတ်ဖို့ လိုပါသည်။

ဖြစ်တိုင်းမှတ်ရှုသတိပြု

အစောင့်အရှောက်ကလေးတစ်ပါးကစပြီး ထူထောင်ရမည်။ အစောင့်အရှောက်မရှိတဲ့အိမ်ဟာ ဘေးအန္တရာယ်တွေလုံခြုံမှုမရှိသလို မိမိခန္ဓာကိုယ်မှာ တွဲပြီး ဖြစ်ပေါ်လာသမျှ အာရုံတွေကို သတိအစောင့် အရှောက်မရှိလျှင် ကိလေသာ အန္တရာယ် ပိတ်ပင်ခြင်း မရှိက အပါယ်ကျနိုင်ပြီး မဂ်ဖိုလ်အဆင့်ဆင့်တက် လှမ်းနိုင်ခြင်းမရှိဖြစ်ပါမည်။

၄။မှီရာလေးပါးရှိရမည်ဆိုသည်--

စတုရာပဿေနော-လေးပါးသောမှီရာရှိရ မည် ဆိုသည်မှာ သတိအစောင့်အရှောက်ကို ဖြစ်စေ လိုလျှင် မှီရာလေးပါးရှိရမည် ဟုဆိုပါသည်။

သင်္ခါယေကံ ပဋိသေဝတိ၊

သင်္ခါယေကံ အဓိဝါသေတိ။

သင်္ခါယေကံ ပရိဝဇ္ဇေတိ၊

သင်္ခါယေကံ ဝိနောဒေတိ။

ဧကံ-တစ်ခုကို၊ သင်္ခါယ-ဆင်ခြင်၍၊ ပဋိ သေဝတိ-မှီဝဲ၏။ သုံးဆောင်ထိုက်သော ပစ္စည်းလေး ပါးကို ဆင်ခြင်ပြီး သုံးဆောင်ရမည်။ အဝတ်အထည် အစားအစာ အာဟာရ ဆင်ခြင်ပြီး မျှတရုံ သုံးစား ရမည်။ အမိုးအကာ၊ အိပ်ရာနေရာ မရှိဘဲ မြေကြီးပေါ် မှာ နေပြန်ရင်လဲ အအေးအပူမမျှ အများကြီးဒုက္ခ ရောက်နိုင်ပါသည်။ ထို့ကြောင့် အမိုးလေလုံ မိုးလုံ အဆောက်အအုံမှာ အိပ်ရာနေရာကိုလည်း ဆင်ခြင် မျှတရုံ သုံးဆောင်ရမည်။ (၁) အဝတ် (၂) အစား (၃) နေရာ (၄) ဆေး စသည့် ဆင်ခြင်၍သုံးဆောင် ရမည်ဆိုပါသည်။

ဆောင်ပုဒ်

မှီဝဲ သည်းခံ၊ ရှောင်ပယ်လှန်၊
လေးတန် မှီရာများ

ပထမမှီရာ – မှီဝဲသင့်သော အဝတ်အစား၊ နေရာ၊ ဆေးများမမှီဝဲ၊ မသုံးဆောင်ဘဲ ပေတေပြီးနေလျှင် မိမိကိုယ်ကို နှိပ်စက်ညှင်းဆဲသော အကျင့်ဟုခေါ် သော "အတ္တကိလမထာနုယောဂ" အကျင့်ဟုဆိုပါ သည်။

မဇ္ဈိမပဋိပဒါဆိုသော အလယ်လမ်းအကျင့် မှန်ကို ကျင့်ရန်သာဖြစ်ပါသည်။ မှီဝဲသင့်သည်ကိုမှီ ဝဲရမည်ဖြစ်သည်။

ဒုတိယမှီရာ – သည်းခံခြင်းဆိုသည် အအေး၊အပူ၊ အသံ စသည့်မခံသာသော ဒုက္ခဝေဒနာများကို ထင် ရှားပေါ်လာတိုင်း သည်းခံရမည် ဆိုပါသည်။ ကိုယ် နှင့်အသက်မငဲ့မကွက်ဘဲ တရားတော်များကို ရှုမှတ် အားထုတ်ပါ။ သတိ၊ သမာဓိဉာဏ်များ ရလာသည် အထိသည်းခံနိုင်သမျှ သည်းခံရှုမှတ်ပါလျှင် သမာဓိ ဉာဏ်ရစေမည်ဖြစ်ပါ၍ မှီရာတစ်ပါးပင်ဖြစ်ပါသည်။

တတိယမှီရာ – ရှောင်ပယ်ရန်ဆိုသည် ဧကံတစ်ခု ကို၊ သင်္ခါယ-ဆင်ခြင်၍၊ ပရိဝဇ္ဇေတိ ရှောင်ကြဉ်၏ ဆိုသည်မှာ ဘေးအန္တရာယ်ဖြစ်စေတတ်သော အရာ များကို ရှောင်ရမည်ဆိုပါသည်။

ဘေးအန္တရာယ်ဖြစ်စေနိုင်သောနေရာများကို မသွားမလာ ရှောင်ကြဉ်ရန်၊ ဆူးညှောင့်ရှိရာ မသွား မလာရန်၊ မနီးစပ်သင့်သော ယောက်ျား၊ မိန်းမအချင်း ချင်း မနီးစပ်ရန်၊ ရောနှောနီးစပ်ပါက အကဲ့ရဲ့၊အစွပ် အစွဲခံရတတ်ပါသည်။ အထူးအားဖြင့် ရဟန်းတော် များ ဒကာမများနှင့် မနီးစပ်ဖို့ ဝိသဘာဂအာရုံတွေ နှင့် မနီးစပ်အောင်ရှောင်ရပါသည်။

ယင်းကဲ့သို့ရှောင်ဖယ်ရန်ခြင်းသည်လည်း အရိယာတို့ စံအိမ်မှာနေခြင်း မိုရာတစ်ပါးပင်ဖြစ်ပါသည်။

စတုတ္ထမိုရာ – ပယ်ပျောက်ခြင်းဆိုသည်

ကော်–တစ်ခုကို၊ သန်ါယ–ဆင်ခြင်၍၊ ဝိနောဒေတိ–ပယ်ဖျောက်၏ ဟုဆိုထားရာ မည်သည့်အရာများကို ပယ်ဖျောက်ရမည်နည်း။

–ကာမဂုဏ်နှင့်စပ်လျဉ်းသော ကြံစည်စိတ်ကူးမှု၊ ကာမဝိတတ်များကို ပယ်ရမည်။

–သူတစ်ပါးကို သေပါစေ၊ ပျက်စီးပါစေ ဟု ကြံစည်စိတ်ကူးမှု ဗျာပါဒဝိတတ်များကို ပယ်ရမည်။

–သူတစ်ပါးကို ကိုယ်နှင့်ဖြစ်စေ၊ နှုတ်နှင့်ဖြစ်စေ၊ ညှဉ်းဆဲနှိပ်စက်ရန်ကြံစည်စိတ်ကူးမှု ဝိဟိံသဝိတတ်ကိုလည်း ပယ်ရမည်။

စသည်ဖြစ်တိုင်းသောစိတ်များကို မပြတ်ရှုမှတ်ပယ်သတ်နေခြင်းသည် အရိယာဝါသလုပ်ငန်းစဉ်မှာ မိုရာတစ်ပါး ပင်ဖြစ်ပါသည်။

မိုရာလေးပါး အရိယာဝါသတရား အရိယာတို့၏ စံအိမ်၌ နေနိုင်ရန် ကြိုးစားအားထုတ်ခြင်း ဖြစ်ပါသည်။

၅။ အသီးသီးသော သစ္စာဝါဒကိုပယ်ပြီးဖြစ်ရမည် ဆိုသည်။

ဆောင်ပုဒ်မှာ

"လေးရပ်မိုကာ၊ ပယ်ရှင်းရာ၊
သစ္စာ သီးသန့်များ" ဟူ၍ဖြစ်သည်။

သဿတဒိဋ္ဌိ = မြဲသည်ဟူသော အယူအဆနှင့် ဥစ္ဆေဒဒိဋ္ဌိ = သေလျှင်အားလုံးပျောက်သွားသည်ဟူသော အယူအဆနှစ်ရပ်ကို ပယ်ပြီးဖြစ်ရမည်၊ များသော အယူအဆများဖြစ်ပါသည်။ သဿတဒိဋ္ဌိ – အယူရှိသေးသူက ပုဂ္ဂိုလ်သတ္တဝါသည် သေပြီးနောက်လည်းတည်မြဲနေသည်။ တစ်နေရာရာမှာ အသက်ကောင်လိုက် ပြောင်းရွှေ့ပြီး ရှိမြဲရှိနေသေးသည် ဟူသော အယူအဆ၊ မိမိအယူသာ မှန်သည်ဟု မှတ်ယူခြင်း။

ဥစ္ဆေဒ ဒိဋ္ဌိ = အယူရှိသူကလည်း ပုဂ္ဂိုလ်သတ္တဝါသည် သေသွားလျှင် ဘာမျှမရှိတော့၊ အကုန်လုံး ပျောက်သွားသည်၊ ဟိုဘဝ သည်ဘဝ မရှိဟူသော အယူသာမှန်သည်ဟု မှတ်ယူခြင်းများကို ပယ်ပြီးဖြစ်ရမည် ဆိုလိုရင်းဖြစ်ပါသည်။ မိစ္ဆာအယူဝါဒများသောအယူများသာ ဖြစ်ပါသည်။

မိစ္ဆာအယူဝါဒစွဲလမ်းပုံ ၁၀–မျိုး

(၁) သတ္တဝါမပျက်စီးဘဲ အမြဲတည်ရှိနေသည်။
(၂) သတ္တဝါသေပြီးလျှင် ပျက်စီးသည်၊ အမြဲတည်ရှိနေသည် မဟုတ်။
(၃) သတ္တဝါအားလုံးအပိုင်းအခြားရှိသည်။
(၄) သတ္တဝါအားလုံး အပိုင်းအခြားမရှိ။
(၅) အသက်ကောင်နှင့် ရုပ်ကိုယ်အတူတူပင်။
(၆) အသက်ကောင်က တစ်ခြား၊ ရုပ်ကိုယ်က တစ်ခြား။
(၇) သတ္တဝါသေပြီးနောက်လည်း ရှိသေးသည်။
(၈) သတ္တဝါသေပြီးနောက် မရှိတော့ပြီ။
(၉) သတ္တဝါသေပြီးနောက် ရှိလည်းရှိ၏၊ မရှိလည်း မရှိ။
(၁၀) သတ္တဝါသေပြီးနောက်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်။

မိစ္ဆာအယူများကို ပယ်ပြီးဖြစ်ခြင်းသည် အရိယာဝါသ အရိယာတို့၏စံအိမ်၌ နေခြင်းပင် ဖြစ်လေသည်။

၆။ ရှာမှီးမှု အလုံးစုံ ပယ်ရှင်း ပြီး ဖြစ်ရမည် ဆိုသည်

ဆောင်ပုဒ်မှာ – "ရှာမှီးကင်းစင်၊ ကြံကြည်လင်၊ ထွက်ဝင်ငြိမ်းစေသား" ဟူ၍ဖြစ်သည်။

ရှာမှီးဆိုသည်မှာ (၁) ကာမေသနာ=ကာမဂုဏ်ကို ရှာမှီးခြင်း။

(၂) ဘဝေသနာ =ဘဝကိုရှာမှီးခြင်း။

(၃) ဗြဟ္မစရိယေသနာ = မြတ်သော အကျင့်ကိုရှာမှီးခြင်း။

ဟူ၍သုံးမျိုးသုံးဆင့်ရှိပါသည်။

ကာမေသနာ = ကာမဂုဏ်ကို ရှာမှီးခြင်းဆိုသည် ကာမဂုဏ်အာရုံများကို နှစ်သက်သာယာပြီး လိုက်လံရှာမှီးနေခြင်းကိုဆိုပါသည်။ ဘယ်အဆင့်ရောက်မှ ငြိမ်းသလဲဆိုလျှင် သတိနှင့်မပြတ်ရှုမှတ်အားထုတ်သွားပါက သောတာပန်ဖြစ်၊ သကဒါဂါမ်ဖြစ်၊ အနာဂါမ်ဖြစ်မှ ကာမဂုဏ်ရှာမှီးခြင်းငြိမ်းခြင်းသို့ရောက်ပါသည်။ အနာဂါမ်အဆင့်ကို ရောက်အောင် အားထုတ်ရမည်ဟုဆိုလိုပါသည်။

ဘဝေသနာ= ဘဝရှာမှီးခြင်းဆိုသည် အနာဂါမ်မှာ ဘဝရှာမှီးခြင်းမငြိမ်းသေး၊ ရူပဘဝ၊ အရူပဘဝများ အလိုရှိနေပါသေးသည်။ ကိုယ့်ဘဝပေးနဲ့ကိုယ် သာယာနေပါသေးသည်။ ရဟန္တာအဖြစ်သို့ရောက်မှ အလုံးစုံငြိမ်းခြင်းသို့ရောက်ပါသည်။

ဗြဟ္မစရိယေသနာ = မြတ်သောအကျင့်ကိုရှာမှီးခြင်းဆိုသည် မဂ္ဂင်ရှစ်ပါးအကျင့်တရားကို သိပြီးကျင့်မှ သောတာပတ္တိမဂ်သို့ရောက်ပါမည်။ ပုထုဇဉ်ပုဂ္ဂိုလ်များ အနေဖြင့် ဟို အကျင့်သည် အကျင့်ဟုတ်နိုးနိုး၊ မိစ္ဆာအယူ၊ မိစ္ဆာအကျင့်များမှ လွတ်အောင် မြတ်သော ရှာမှီးခြင်းဖြင့် မိစ္ဆာအယူအားလုံး ငြိမ်းသွားနိုင်ပါသည်။

၇။ မနောက်ကျူသောအကြံအစည်ရှိရမည်

"ရှာမှီးကင်းစင်၊ ကြံကြည်လင်" ဆိုသည် အတိုင်း ကြံစည်မှုများလည်း ကြည်လင်ရမည်။ ဖြစ်တိုင်းဖြစ်တိုင်း သတိနှင့်မှတ်ရှုနေလျှင် ကာမဝိတက် လိုချင်နှစ်သက်မှု ကြံစည်မိလျှင် ဖြစ်လိုက်၊ ပျက်လိုက်၊ ပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ ဗျာပါဒဝိတက် သူတစ်ပါး သေပျက်ရေးကြံစည်မိရင် မှတ်လိုက် ပျောက်သွားလိုက်နှင့် ဝိဟိံသဝိတက်နှင့် ညှဉ်းဆဲဖို့ကြံစည်မိရင်လည်း မှတ်လိုက်၊ ပျောက်သွားလိုက်၊ အမှတ်သတိနှင့်နေလျှင် စိတ်ကြည်လင်ပြီး ရှုမှတ်ရင်း ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ချိန်မှာ စိတ်အစဉ် စိတ်အကြံအစည်များ အမြဲမပြတ် ကြည်လင်သွားမည်ဟု ဆိုပါသည်။

၈။ ငြိမ်းသောကာယသင်္ခါရ ရှိရမည်

ဆောင်ပုဒ် – "ကြံကြည်လင် ထွက်ဝင်ငြိမ်းစေသား"

ကြံစည်မှုမှန်သမျှဖြစ်ပြီး ပျက်နေခြင်းကို မြင်အောင် သတိနှင့်ရှု၊ ပညာဖြင့်ဆင်ခြင်နိုင်ပါလျှင် ရဟန္တာဖြစ်နိုင်ကြောင်း အထက်ပါတင်ပြချက်အရ ထွက်သက် ဝင်သက်ငြိမ်းခြင်း ဈာန်အဆင့်ဆင့် တက်လှမ်းနိုင်ခြင်း အဘိညာဏ်ခြောက်ပါးနှင့် ပြည့်စုံနိုင်ခြင်း၊ အဓိကမှာ ရဟန္တာအဖြစ်သို့ရောက်လျှင် အငြိမ်းဓာတ်ရပြီး ပြည့်စုံပြီးဖြစ်ခြင်းကို အထူးသတိပြုရန်သာဖြစ်ပါသည်။

၉။ ကောင်းစွာလွတ်သော စိတ်ရှိရမည်

၁၀။ ကောင်းစွာလွတ်သော ပညာရှိရမည်

ဆောင်ပုဒ် – "စိတ်ကောင်းစွာလွတ်၊
ပညာလွတ်၊ မချွတ်ဂုဏ်ဆယ်ပါး"

လွတ်လျှင်လွတ်ကြောင်း သိရမည်ဆိုသည် အစဉ်အတိုင်းအားထုတ်သွားခဲ့လျှင် စိတ်ကလေး ကောင်းစွာ လွတ်သွားပါသည် ဟုဆိုပါသည်။ ရာဂ ကိလေသာမှလွတ်သွားခြင်း၊ ဒေါသကိလေသာမှ လွတ်သွားခြင်း၊ မောဟကိလေသာမှ လွတ်သွားခြင်း နှင့် အရဟတ္တမဂ်ဉာဏ်သို့ရောက်သောအခါ လုံးလုံး လွတ်မြောက်သွားပါသည်ဟု ဆိုပါသည်။

လွတ်မြောက်သွားခြင်းသည်ပင် အရိယာဝါသ ဖြစ်ပါသည်။ လွတ်သွားလျှင် လွတ်သွားကြောင်း မိမိကိုယ်ပဲသိတယ်၊ ထိုသို့လွတ်သွားမှန်း မိမိကိုယ်ကို မိမိဆင်ခြင်ပြီး၊ သိသွားခြင်းသည် "သုဝိမုတ္တ ပညာ"ဟု ဆိုပါသည်။

ရာဂ၊ ဒေသ၊ မောဟတွေ မဖြစ်နိုင်အောင် လွတ်သွားပြီးဟု ဆင်ခြင်ပြီးသိခြင်းသည် ပညာဖြစ်ပါသည်။ ရဟန္တာပုဂ္ဂိုလ်၏စိတ်သည် မည်သည့် အာရုံနှင့်တွေ့တွေ့ လွတ်လပ်နေခြင်း အချုပ်အချယ် မရှိခြင်း၊ ရာဂနှင့်တွယ်တာမှုမရှိခြင်း၊ ဒေါသနှင့်တွယ်တာမှုမရှိခြင်း၊ မောဟနှင့်မာနနှင့် တွယ်တာမှုမရှိခြင်း၊ ယင်းသို့ လွတ်လပ်သွားကြောင်းပြန်ပြီး ဆင်ခြင်ခြင်းကို "ပစ္စဝေက္ခဏာပညာ"ဟု ဆိုပါသည်။

ယင်းသို့ဆင်ခြင်ခြင်းသည် ရဟန္တာဖြစ်မှ ဆင်ခြင်ခြင်းမဟုတ်၊ သောတာပန်ဖြစ်လျှင် မိမိမှာ ကိလေသာကင်းသွားသလောက် လွတ်မြောက်နေခြင်း ကိုသိသည်။ မိမိစိတ် ရှေးကနှင့်မတူ ရုပ်နာမ် တရားများကို ရုပ်နာမ်တရားမျှပဲလို့ အမှန်အတိုင်း သိနေပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါဆိုသော အကောင် ကလေးပျောက်နေသည်။

စဉ်းစားတိုင်း ရုပ်နာမ်ချည်းပဲ၊ ဖြစ်ပျက် တရားချည်းပဲ၊ ထင်ရှားတွေ့ရပြီး အကောင်ကလေး ပျောက်နေသည်။ သက္ကာယဒိဋ္ဌိ မှုမှ လွတ်နေသည်။

ဝိစိကိစ္ဆာ – ယုံမှားမှုဆိုတာလည်း မရှိတော့၊ ဘုရား၊ တရား၊ သံဃာနှင့်စပ်ပြီး ယုံမှားမှုမရှိ၊စိတ် လွတ်မြောက်သွားခြင်း ထင်ရှားနေလေတော့သည်။

သကဒါဂါမ်လည်း သကဒါဂါမ်အလိုက် လွတ်မြောက်၊ အနာဂါမ်မှာ ကာမ ရာဂ ဗျာပါဒတွေ မှ လွတ်မြောက်၊ ထင်ရှားတွေ့၊ ကိုယ်ပိုင်ဉာဏ်နှင့်သိ၊ သူတစ်ပါးပြော၍မဟုတ်။ သူများပြော၍ယုံရခြင်းမျိုး မဟုတ်၊ ကင်းသင့်ကင်းထိုက်သော ကိလေသာများ ကင်းနေခြင်း၊ ငြိမ်းနေခြင်းကို မိမိကိုယ်ကို မိမိစဉ်းစား တိုင်း၊ စဉ်းစားတိုင်း ရှင်းပြီး သိနေခြင်းအားဖြင့် စိတ် အလိုအားဖြင့်လည်း ကိလေသာတွေ၊ မိမိမှာ မဖြစ်နိုင် ဘူးလို့ လွတ်မြောက်ရမည်။ ပညာအလိုအားဖြင့် လည်း ကိလေသာတွေ မိမိမှာ မဖြစ်နိုင်တော့ဘူးလို့ လွတ်မြောက်ကြောင်းကို သိရမည် ဆိုပါသည်။

တရားထူးရပြီးချိန်၌ ဖြစ်နေကျကိလေသာ များဖြစ်မလာတော့ဘူးဆိုတာ၊ သက်သေခံအဖြစ်နဲ့ ကိုယ်ဟာကိုယ် ထင်ရှားနေရမည်ဆိုပါသည်။

ဆောင်ပုဒ်

– စိတ်ကောင်းစွာလွတ်၊ ပညာလွတ်
မချွတ်ဂုဏ်ဆယ်ပါး။

– အရိယာဝါသ၊ ဟောဖော်ပြ
ဗုဒ္ဓမြတ်ဘုရား။

အရိယာဝါသ–အရိယာတို့၏စံအိမ် တရားတော် ၁၀–ပါး ဤမျှအကျဉ်းဖြင့် သိသာ မြင်သာကြမည်ဟု ယူဆပါသည်။

ကျမ်းညွှန်း– (အရိယာဝါသတရားတော် အဋ္ဌမအကြိမ် မဟာစည်ဆရာတော်) ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ၊ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်– အမှတ် ၁၆၊ သာသနာ့ ရိပ်သာလမ်း၊ ဗဟန်း။ စာပေလောက ပုံနှိပ်တိုက် ဖ/၁၇၃၊ ၃၃ လမ်း ရန်ကုန်မြို့။

ပဋိပတ္တိသာသနာဝင်သမိုင်း၌ ထင်ရှားကျော်ကြားပြီးကုန်သော အရှင်မြတ်ကြီးများ အရိယာဝါသ–အရိယာတို့၏စံအိမ်မှာ နေခဲ့ပြီးဖြစ်သလို၊ အရိယာစခန်းသို့ ရှေးရှုတက်လှမ်းတော်မူလိုစိတ်ပြင်းပြစွာဖြင့် အရညကင်ရှုတင်နှင့် တောရကျောင်းများ၌သာ အမြဲတစေ နေထိုင်တော်မူခဲ့သော တောရဆရာတော် ဘုရားကြီးသည်လည်း အရိယာတို့၏ စံအိမ်၌ မွေ့လျော်နှစ်ခြိုက်ပျော်ပိုက်တော်မူခဲ့သည်ဟုထင်ပါသည်။

ဆေးတွေမစားရတော့ဘူး

တောရဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီတစ်ရက်အလို ၂၁–၇–၂၀၀၄နေ့ ယခုနေပြည်တော်လယ်ဝေး ထန်းတပင်၊ ဆုတောင်းပြည့် တောရမှ တပည့်ကြီး ဦးကေဝလ တောရဆရာတော်ထံ အရောက်သွားခဲ့သည်ဆို၏။

တပည့်ကြီးဦးကေဝလက မနက်ဖြန် ရန်ကုန်မြို့သို့သွားပြီး တောရဆရာတော်အတွက် ဆေးများဝယ်ရန် စီစဉ်ထားသည်ကို တောရဆရာတော် မည်သို့သိလေသည်မသိ။ "ကေဝလ ဆေးတွေ (ကပ္ပိမနေနဲ့) မဝယ်နဲ့တော့၊ မနက်ဖြန်ကစပြီး ငါ ဆေးတွေမစားရတော့ဘူး" ဟု ရုတ်တရက်မိန့်ကြားလိုက်သည် ဆိုပါသည်။

မှတ်ချက်။ (ထိုစကားများကို ယခုနေပြည်တော်လယ်ဝေး ဆုတောင်းပြည့်နှင့် ထန်းတပင်တောရနေ ဆရာတော် ဦးကေဝလ မိမိအိမ်သို့ကြွလာစဉ် မိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။)

ဆုတွေပေးခဲ့ပါသည်

ပျံလွန်တော်မမူမီ ရက်များ၌ စကားတွေ ပြောနိုင်ပါသည်။ လူပရိသတ်တွေ အဆမတန် တောရကျောင်းဝန်းကျင်နှင့် တောရကျောင်းဝင်း ပရိဝုဏ်အတွင်း မဆန့်အောင် များပြားနေသည်ကို လည်း မြင်တော်မူပါသည်ဟုဆိုပါသည်။

လူအများကျောင်းဝင်းအတွင်းက ဦးချကန်တော့ကြ၊ အပြင်က ဦးချကန်တော့ကြသည်ကိုလည်း မြင်တော်မူ၍ "ကျန်းမာချမ်းသာလိုရာဆန္ဒပြည့်ဝ၍ နိဗ္ဗာန်သို့ကူးမြောက်နိုင်ကြပါစေ"ဟု နှုတ်မှ မိန့်ကြား၍ ဆုတွေပေးနေခဲ့သည် ဆိုပါသည်။

ဆရာတော်ဦးကေဝလ လက်ထဲမှာ အငြိမ်းဓာတ် ယူတော်မူ

၁၃၆၆–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ရက်၊ ကြာသပတေးနေ့ (၂၂–၇–၂၀၀၄)၊ ည–၈နာရီ ၂၅ မိနစ် အချိန် တောရဆရာတော်ဘုရားကြီးမှာ ကိုယ်အတွင်း အသည်းကင်ဆာအနာမှ သွေးများအပေါ်သို့ အံထွက် ပြင်းစွာသောဝေဒနာကို သည်းခံတော်မူလျက် ဆရာတော် ဦးကေဝလ လက်ထဲမှာ ပွေ့ပိုက်ဖေးမထားတော်မူစဉ် မည်သို့မျှ ညီးညူခြင်းမရှိဘဲ တောရဆရာတော်ဘုရားကြီး၏ ဝိညာဉ်လည်း ချုပ်ငြိမ်းသွားခဲ့သည်ဆိုပါသည်။

ဝါကပ်ခြင်းမပြုတော့ပါ

၁၃၆၆–ခုနှစ်သည် နဘူးကျောင်းမှာတလှည့် ပြန်လာ ဝါကပ်တော်မူလိမ့်မည်ဟု တပည့်ကြီးများနှင့် ဒါယကာ၊ ဒါယိကာမများက အမျှော်လင့်ကြီးမျှော်လင့်ခဲ့ကြပါသည်။ ဆရာတော်ဘုရားကြီးကား ယခုနေပြည်တော်လယ်ဝေး ထန်းတပင်နှင့် ရမည်းသင်း နဘူးကျောင်း၊ ရန်ကင်းမှာ ဝါကပ်တော်မူခြင်း မပြုတော့ပါ။

တစ်ပါးတည်းကြွသွားတော်မူလေပြီ

တပည့်ကြီးများ၊ တပည့်ဒါယကာ၊ ဒါယိကာမများကို မဆိုထားဘိ၊ အမြဲသီတင်းသုံးတော်မူခဲ့သောတောရများနှင့် အမြဲတစေ ကိုယ်နှင့်မကွာ ပခုံးထက်မှာ လွယ်ခဲ့သော သပိတ်နှင့် နာရီ၊ လက်နှိပ်မီးကလေးများပါ ယူဆောင်၍ မသွား၊ အလုံးစုံကိုစွန့်ခွာ၍ ဆရာတော်ဘုရားကြီး အဖော်မပါ တစ်ပါးတည်း အပြီးတိုင် ကြွသွားတော်မူခဲ့ပါလေပြီ။

မှတ်ချက်။ (ဆရာတော်ဦးကောဝလ ပြောပြမိန့်ကြားချက်အရ ပြန်လည်လွမ်းဆွေးတသ အမှတ်ရလျက် ဤနေရာ၌ ဖော်ပြ အစီရင်ခံလိုက်ရပါသည်။)

–နေ့စဉ်နေ့တိုင်း နံနက်အရုဏ်တက်ချိန်၊ နေ့လည်မွန်းတည့်ချိန်နှင့် နေဝင်ချိန်များ ကြည့်ရှုမှတ်သားတော်မူခဲ့ခြင်းများလည်း ရပ်တန့်၍သွားခဲ့ပါပြီ။

–ဒေသအသီးသီးသို့ ကြွရောက် သိမ်သမုတ်တော်မူခြင်းများလည်း အပြီးတိုင်ရပ်တန့်၍ သွားခဲ့ပါပြီ။

–အရပ်တပါးသို့ရောက်ခိုက် နံနက်စောစောထ၍ အရုဏ်ယူရေး ကြွရောက်ရခြင်းများလည်း အပြီးတိုင်ရပ်နား၍သွားခဲ့ပါပြီ။

–နံနက်တစ်ထပ်တည်းသော ဆွမ်းဖြင့် မျှတရောင့်ရဲရခြင်းမှလည်း ငြိမ်းအေးသွားခဲ့ပါပြီ။

–ရွှေမိုးဆောင်း ရာသီဥတုမည်မျှပင် ဆိုးဝါး အလွန်အေးခြင်း၊ အလွန်ပူခြင်း၊ စိုစွတ်ခြင်းများကို သုံးထည်သော သင်္ကန်းဖြင့် ရောင့်ရဲသည်းခံရခြင်းမှလည်း ချုပ်ငြိမ်းသွားတော်မူခဲ့ပါပြီ။

တောရဆောင် မထေရ်ငယ်ဘဝမှ မထေရ်ကြီးဘဝတိုင်အောင် တောမှာမွေး၊ တောမှာပျော်တော်မူခဲ့သော ဘဝခန္ဓာကိုယ်ကြီးကိုလည်း ဆက်လက်သယ်ဆောင်နေရခြင်း၊ ကာယိကဒုက္ခ၊ ကိုယ်ဆင်းရဲရခြင်းများကို အညီအမျှနှလုံးသွင်းနေတော်မူခဲ့ရခြင်းတို့မှလည်း ကင်းဝေးရာသို့ ကြွသွားတော်မူလေပြီဟု နှလုံးသွင်းမိပါသည်။

တောရဆရာတော်ဘုရားကြီးအား နောင်သောအခါ၌ ပို့မှာ၊ သည်မှာ ဖူးမြော်ရခြင်းငှာ မျှော်လင့်၍ မရနိုင်တော့ပါ။

တစ်နေ့မဟုတ်၊ တစ်နေ့ ဤသို့ပင် ခွဲခွါကြရပေလိမ့်မည် ဟုလည်း ဆရာတော်ဘုရားကြီးထံ အရောက်သွားခဲ့လေတိုင်း ဦးချပြီးပြန်အထွက်မှာ အမြဲပင် နှလုံးသွင်း လွမ်းဆွေးရခြင်း၊ အကြိမ်ကြိမ်ဖြစ်ခဲ့ရသော မိမိတို့မှာ ယခုအခါ အမှန်တကယ်ပင် လွမ်းပူပုံ ကြုံကြရပါလေပြီ။

နဘူးကျောင်းတောရဆရာတော်နှင့် စာရေးသူ

၁၉၆၀–ခုနှစ်၊ နဘူးကျောင်းတောရဆရာတော် လောင်းလျာ စာချဘုန်းကြီး ဘဝ၊ ရန်ကုန်မြို့ ဘုရားဖြူတိုက်ကြီးမှာ မိမိစာရေးသူစတင်ဖူးတွေ့ခဲ့ရသည်။

၁၉၆၄–ခုနှစ်၊ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စကုမြို့နယ်၊ ရွှေစက်တော်ခြေတော်ရိပ်မှာ တောရဆောင်ဘဝ ဖူးတွေ့ခဲ့ရ၊ မကြာခဏ မြောင်းဦးရန်ကင်းတောရသို့ မိမိရောက်နေခဲ့ပါသည်။

၁၉၈၅–ခုနှစ် မှစ၍ ရမည်းသင်းခရိုင်၊ နဘူးကျောင်းရွာအနီး ရန်ကင်းတောရနှင့် ယခုနေပြည်တော် လယ်ဝေးမြို့နယ် ထန်းတပင်တောရများသို့ မိမိစာရေးသူ ကျမ်းစာများ ရိုက်နှိပ်ရေးကိစ္စဖြင့် အဆက်မပြတ် နှစ်ပေါင်း ၂၀–ကျော်ကာလ အကြိမ်ကြိမ် ဖူးတွေ့ရ။ တောရဆရာတော် ရေးသမျှစာ၊ ကျမ်းစာများ အကြိမ်ကြိမ်ဖတ်ခွင့်ရ။ အနီးကပ်ညအိပ်ညဦနေ ဖူးမြင်ခွင့်ရ။ ရန်ကုန်မြို့သို့ ကြွရောက်လာလေတိုင်း နံနက် အရုဏ်ယူရေး၊ ဆွမ်းလောင်းလှူရေးနှင့် ကျန်းမာရေးများ စစ်ဆေးပေးရေး အစစ၊ ဝေယျာဝစ္စကုသိုလ် ဆည်းပူးခွင့် ရခဲ့ကြောင်းသင့်ရာများ၌ ဖော်ပြခဲ့ပြီးလည်း ဖြစ်ပါသည်။

၁၉၆၀–ခုနှစ်မှ ၂၀၀၄–ခုနှစ်ထိ နှစ်ပေါင်း ၄၆–နှစ်တို့ကာလပတ်လုံး တပည့်ကြီးတစ်ဦးအနေဖြင့် အမှတ်အသားထား၍ ဆူပူ၊ အဆုံးအမခံ၊ ဖွဲ့မလျော့၊ ဆူ၍နောက်မဆုတ် ကျမ်းစာများ အဆက်မပြတ်ရိုက်နှိပ်နေခဲ့သူလည်း ဖြစ်ပါသည်။

အထူးအားဖြင့် တောရဆရာတော်ဘုရားကြီး၏ ဒုတိယဝါတော် ၂၀–ကျော်ကာလတွင် အနီးနေ တပည့်ကြီးတစ်ဦးအနေဖြင့် အနီးကပ် လေ့လာခွင့်ရခဲ့သူ ဖြစ်လေသည်။ သို့ဖြစ်ပါ၍ တောရဆရာတော်၏ အပြောအဆို၊ အနေအထိုင်၊ အကျင့်သီလများအကြောင်းကို အပိုင်း ၅–ပိုင်းခွဲ၍ တင်ပြခဲ့ပြီးဖြစ်ရာ–

(၁) သေရမှာကြောက်သူလေးဦးနှင့် မကြောက်သူလေးဦး။

(၂) နာထတရား ၁၀–ပါး = မှီရာအားထားရာရှိသူ။

(၃) အရိယာဝါသတရား ၁၀–ပါး = အရိယာတို့၏စံအိမ်။

(၄) ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စသည်များစွာသော ကျမ်းစာအစောင်စောင်ကို မိမိအနေဖြင့် ဖတ်ရှုပြီး တောရဆရာတော်၏ဘဝနှင့် ထင်ဟပ်လေ့လာ ဆန်းစစ်ကြည်ညိုခွင့်ရခဲ့သူလည်း ဖြစ်ခဲ့လေသည်။

ဆရာကြီးမေ္မာစရိယ ဦးငွေးလှိုင်ရေးသည့် ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ ကျမ်းစာဖတ်ပြီး ဆရာကြီးဦးငွေးလှိုင်ကဲ့သို့ နည်းတူဆောင်ရွက်နိုင်စွမ်းမရှိစေကာမူ အပုံတစ်ရာတွင် တစ်ပုံမျှဖြစ်စေ၊ ဤသာသနာတော်အတွက် ဆောင်ရွက်နိုင်စေတော့ဟူသော အဓိဋ္ဌာန် ရည်မှန်းချက်ဖြင့် တောရဆရာတော်ဘဝအကြောင်းရေးသား မှတ်တမ်းတင် ပူဇော်ခဲ့မည်ဟူသောဆန္ဒဖြင့် လေ့လာမှတ်သားနေခဲ့သူလည်း ဖြစ်လေသည်။

ထို့သို့ တောရဆရာတော်နှင့် မိမိဘဝဆုံဆည်းခွင့်ရခဲ့သူဖြစ်ပါ၍ ယခုအခါ တောရဆရာတော်ဘုရားကြီးဘဝကို ဘာရသုတ္တန်ကြီးဖြင့် ဆန်းစစ်၊ ကြည်ညိုနိုင်ကြပါစေရန်လည်းကောင်း၊ သူတော်ကောင်းကြီး မည်သို့မည်ပုံ ဘဝခန္ဓာ ဝန်ထုပ်ဝန်ပိုးကြီးကို ချသွားတော်မူကြသည်ကိုလည်းကောင်း၊ ကြည်ညိုနိုင်ကြပါစေရန် ဆက်လက်တင်ပြအစီရင်ခံလိုက်ရပါသည်။

ဘာရသုတ္တန်တရားတော်

ထိုဘာရသုတ္တန်တရားတော်ကြီးကို မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ ကောင်းမှုအာရာမ်ဖြစ်သော ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူစဉ် တရားသဘင်၌ စည်းဝေးလျက်ရှိသော ရဟန်းတော်များကိုဟောကြားတော်မူခဲ့ခြင်းဖြစ်ပါ၏။

ထို ဘာရသုတ္တန်တရားတော်မြတ်ကြီးကို မြတ်စွာဘုရားသခင်သည် ဦးတည်ချက်လေးရပ်ဖြင့်

ပိုင်းခြား၍ ဟောတော်မူခဲ့ပါ၏။ သံဂါယနာတင် အရှင်မြတ်ကြီးများက ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၌ ၂၂-ခုမြောက်သုတ်အဖြစ် သံဂါယနာ တင်ထားတော်မူခဲ့ကြ၏။*

ဦးတည်ချက် ၄-ရပ်

ဦးတည်ချက်လေးရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

(၁) ဘာရ = ခန္ဓာငါးပါးဝန်ထုပ်ကြီး။
(၂) ဘာရဟာရ = ဝန်ထမ်းပုဂ္ဂိုလ်။
(၃) ဘာရဒါန = ဝန်ထုပ်ကိုလက်ခံနေသော တဏှာ။
(၄) ဘာရနိက္ခေပန= ဝန်ထုပ်ကိုဖယ်ရှားပစ်ချခြင်း။

ဟူသော လေးရပ်ပင်ဖြစ်ပါသည်။

တရားခေါင်းစဉ် ပဋိညာဉ်ပါဠိ

မြတ်စွာဘုရားက ရှေးဦးစွာတရားခေါင်းစဉ် ပဋိညာဉ်ကို အောက်ပါအတိုင်းဟောတော်မူပါသည်။

ပါဠိ *–ဘာရဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ ဘာရဟာရဉ္စ ဘာရာဒါနဉ္စ ဘာရနိက္ခေပနဉ္စ၊ တံ သုဏာထ သာဓုကံ မနသိကရောထ ဘာသိဿာမိ။*

မြန်မာပြန် – ဘိက္ခဝေ – ရဟန်းတို့၊ အဟံ – ငါသည်၊ ဝေါ – သင်တို့အား၊
ဘာရဉ္စ – ဝန်ထုပ်ဝန်ပိုးကိုလည်း ဒေသေဿာမိ–ဟောပေအံ့။
ဘာရဟာရဉ္စ – ဝန်ထုပ်ဝန်ပိုးကိုထမ်းဆောင်သူကိုလည်း ဒေသေဿာမိ–ဟောပေအံ့။
ဘာရဒါနဉ္စ – ဝန်ထုပ်ဝန်ပိုးကို ခံယူခြင်း ထမ်းဆောင်ခြင်းကိုလည်း ဒေသေဿာမိ –ဟောပေအံ့။
ဘာရနိက္ခေပနဉ္စ– ဝန်ထုပ်ဝန်ပိုးကို ပစ်ချခြင်းကိုလည်း ဒေသေဿာမိ–ဟောပေအံ့။

တံ – ထိုငါဟောမည့် ဝန်ထုပ်ဝန်ပိုးတရားတော်ကို၊ သုဏာထ – နာကြားကြကုန်လော့၊ သာဓုကံ မနသိကရောထ – ကောင်းစွာ နှလုံးသွင်းကြကုန်လော့ ဟူ၍ဖြစ်သည်။

၁။ လေးလံတဲ့ဝန်ထုပ်ဆိုသည်

ပါဠိ *– ကတမော စ ဘိက္ခဝေ ဘာရော၊ ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ။*

မြန်မာပြန် – ဘိက္ခဝေ – ရဟန်းတို့၊ ဘာရော – ဝန်ထုပ်ဝန်ပိုးဆိုသည်မှာ၊ ကတမောစ အဘယ်ပါနည်းဟူမူ–

ပဉ္စုပါဒါနက္ခန္ဓာတိ – ငါးပါးသော ဥပါဒါနက္ခန္ဓာ တို့ဟူ၍၊ ဝစနီယံ – ဖြေဆိုသင့်သည်၊ အဿ – ဖြစ်ရာ၏ ဟုဖွင့်ပြပါသည်။

လေးလံတဲ့ဝန်ထုပ်ဝန်ပိုးကြီးဆိုသည် ဘယ်အရာလဲဟုမေးလျှင် ဥပါဒါနက္ခန္ဓာ ငါးပါးပါဘဲလို့ ဖြေခြင်းဖြစ်ပါသည်။

ဤသို့ဆိုလျှင် ဥပါဒါနက္ခာ ငါးပါးဆိုသည်မှာ အဘယ်အရာများပါနည်း သိရန်လိုလာပြန်ပါသည်။ လေးလံတဲ့ဝန်ထုပ်ဝန်ပိုးဆိုသည်မှာ ဥပါဒါနက္ခန္ဓာငါးပါးဖြစ်ကြောင်းဆိုထားသည့်အတွက် မြတ်စွာဘုရားကိုယ်တိုင်မေးခွန်းထုတ်ပြီး အောက်ပါအတိုင်း ဖြေရှင်းပြတော်မူခဲ့ပါသည်။

ပါဠိ *– ကတမေ ပဉ္စ၊ ရူပုပါဒါနက္ခန္ဓော၊ ဝေဒနုပါဒါနက္ခန္ဓော၊ သညုပါဒါနက္ခန္ဓော၊ သင်္ခါရုပါဒါနက္ခန္ဓော၊ ဝိညာဏုပါဒါနက္ခန္ဓော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဘာရော။*

* မဟာစည်ဆရာတော်၏ ဘာရသုတ္တန်တရားတော်ကြီး (ပ–ကြိမ်) ၁၉၆၉

ဥပါဒါနက္ခန္ဓာငါးပါးဟူသည်–

ပဉ္စ–ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ ဟူသည်မှာ၊ ကတမေ = အဘယ်အရာတို့နည်းဟုမူ။

၁။ ရူပုပါဒါနက္ခန္ဓော =ရုပ်ဥပါဒါနက္ခန္ဓာတစ်ပါး၊

၂။ ဝေဒနုပါဒါနက္ခန္ဓော = ဝေဒနာဥပါဒါနက္ခန္ဓာ တစ်ပါး၊

၃။ သညုပါဒါနက္ခန္ဓော = သညာဥပါဒါနက္ခန္ဓာ တစ်ပါး၊

၄။ သင်္ခါရုပါဒါနက္ခန္ဓော = သင်္ခါရဥပါနက္ခန္ဓာတစ် ပါး၊

၅။ ဝိညာဏုပါဒါနက္ခန္ဓော= ဝိညာဏ်ဥပါဒါနက္ခန္ဓာ တစ်ပါး၊

ဘိက္ခဝေ – ရဟန်းတို့သည်၊ အယံ – ဤခန္ဓာငါးပါးအပေါင်းကို၊ ဘာရော – လေးလံသော ဝန်ထုပ်ဝန်ပိုးဟူ၍၊ ဝုစ္စတိ – ခေါ်ဆိုအပ်၏ဟု ဖွင့်ပြပါသည်။

လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုသည်မှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးပါဘဲ၊ သတ္တဝါများရဲ့သန္တာန်မှာ ထိုဥပါဒါနက္ခ န္ဓာငါးပါးဘဲရှိပါသည်ဟု ဟောတော်မူခဲ့ပါသည်။

ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာ

ခန္ဓာဆိုသည် အဖို့အစုလို့ အနက်အဓိပ္ပါယ်ရှိပါသည်။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အတွင်း အပြင်၊ အကြမ်း၊ အနု၊ အယုတ်အမြတ်၊ အဝေးအနီး၊ ခွဲခြားလို့ရကောင်းသောတရားဟူသမျှကို ခန္ဓာဟူ၍ ခေါ်ပါသည်။

ရုပ်ဆိုလျှင် လွန်ခဲ့ပြီးအတိတ်လဲရှိတယ်၊ ဖြစ်လာမည့် အနာဂတ်လဲရှိတယ်၊ ဖြစ်ဆဲ ပစ္စုပ္ပန်လဲရှိတယ်၊ ကိုယ်တွင်းမှာလည်း ရှိတယ်၊ ကိုယ်ပမှာလဲ ရှိတယ်၊ ရုပ်ကြမ်းလဲရှိ၊ ရုပ်နုလဲရှိ၊ အညံ့စားလဲရှိ၊ အကောင်းစားလဲရှိ၊ အဝေးမှာရှိ၊ အနီးမှာရှိတယ်။

ထို့ကြောင့် အတိတ်ရုပ်၊ အနာဂတ်ရုပ်၊ အစရှိသောရုပ်ဟူသမျှကို ပေါင်းစုပြီး ရုပ်ခန္ဓာဟု ခေါ်ခြင်းဖြစ်သည်။

ထို့အတူ –

ရုပ်ဟူသမျှအပေါင်းအစုကို – ရုပ်ခန္ဓာ။

ဝေဒနာဟူသမျှအပေါင်းအစုကို – ဝေဒနက္ခန္ဓာ။

သညာဟူသမျှအပေါင်းအစုကို – သညာက္ခန္ဓာ။

သင်္ခါရဟူသမျှအပေါင်းအစုကို – သင်္ခါရက္ခန္ဓာ။

စိတ်ဝိညာဏ်ဟူသမျှအပေါင်းအစုကို– ဝိညာဏက္ခန္ဓာ ဟူ၍ခေါ်ပါသည်။

ခန္ဓာဟူသောပုဒ်နှင့် ဥပါဒါနဟူသောပုဒ် တွဲစပ်လိုက်သောအခါ ဥပါဒါနက္ခန္ဓာဟူ၍ဖြစ်လာ၊ "ဥပါဒါန–ဆိုသည်မှာ စွဲလမ်းမှု၊ ဥပါဒါနက္ခန္ဓာ ဟူသည်မှာကား–စွဲလမ်းမှု၏အာရုံ" ဟူသော တရားအစုများဖြစ်ပါသည်။ တဏှာဒိဋ္ဌိနှင့် စွဲလမ်းနိုင်သော လောကီတရားအစုများကို ဆိုပါသည်။

ဥပါဒါန်လေးမျိုး

ဥပါဒါန်မှာလည်း လေးပါးရှိပါသည်။ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ကာမုပါဒါန် = ကာမ+ဥပါဒါန် = ကာမအာရုံ တို့၌ ပြင်းထန်စွာစွဲလမ်းမှု။

၂။ ဒိဋ္ဌုပါဒါန် = ဒိဋ္ဌိ+ဥပါဒါန် = မှားသော အယူဝါဒ၌ ပြင်းထန်စွာ စွဲလမ်းမှု။

၃။ သီလဗ္ဗတုပါဒါန် = သီလ+ဝတ+ဥပါဒါန် =နွေးအကျင့်+နွားအကျင့် စသည်တို့ကို ပြင်းထန်စွာ စွဲလမ်းမှု။

၄။ အတ္တဝါဒုပါဒါန် = အတ္တဝါဒ+ဥပါဒါန် =ငါကောင်(အတ္တ) ရှိသည်ဟု ပြင်းထန်စွာစွဲလမ်းမှု။

အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မန်လည်ဆရာတော်ဘုရားကြီး၏ လင်္ကာဖြင့် သိသာနိုင်ရန် တင်ပြအပ်ပါသည်။

ဥပါဒါန်အဖွင့်လင်္ကာ

– ဥပါဒါန်ဟု၊ပြင်းထန်စွဲလမ်း၊ တွေ့ရာဇမ်းသား၊ ညစ်ညမ်းယုတ်မာ၊ ဤလေးဖြာတည့်၊ကာမဒိဋ္ဌိ၊ မမြင်ကြ၍၊ လောဘအဟုန်၊ ကာမဂုဏ်၌၊တုန်တုန်ရင်ရင်၊ စုံမက်ကြင်လျက်၊ ဆင်ကိုသော်မျှ၊ အရမလွှတ်၊ ရစ်ပတ်မြဲမြဲ၊ ပင်လယ်ရံဝယ်။

– တွယ်မိမဆွေ့၊ တွေ့မိမခွါ၊ ကမ္ဘာဘာလည်း၊ ကြာကြာသမျှ၊ မလွှတ်ရအောင်၊ ငါလင်ငါမယား၊ ငါသားငါသမီး၊ ငါထီးငါစည်၊ ငါတိုင်းပြည်ဟု၊ မြည်မြည် တမ်းတမ်း၊ တလှမ်းလှမ်းတည်း။ စွဲလမ်းမပြတ်၊ရစ်ပတ်လိုလား၊ အတ္တအားဖြင့်၊ ငါးပါး သဏ္ဍာန်၊ ခန္ဓာကိုယ်လည်း၊ အလိုလိုက်တတ်၊ အမြဲမှတ်၍၊ မပြတ်သက်ရှင်၊ ငါကောင်ထင်၏။

(မယဒေဝဝိုဒ်ရေ – ၁၁၈)

ဤကားမန်လည်ဆရာတော်ဘုရားကြီး၏ လင်္ကာစာစုဖြစ်ပါသည်။

အကျဉ်းမျှရှင်းလင်းချက်

မြင်နိုက်မှာပေါ်လာသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုသော ခန္ဓာများကို တဏှာနှင့် သာယာပြီး စွဲလမ်း၊ ဒိဋ္ဌိနှင့် အထင်မှားပြီး စွဲလမ်း၊၊ ထို တရားစုကို ဥပါဒါနက္ခန္ဓာ–ဥပါဒါန်တို့၏ အာရုံတရားစုဟုခေါ်ဆို၊ ငါ–ငါ့ဥစ္စာဟု စွဲလမ်းသောတရားများကို မဟာစည်ဆရာတော်ဘုရားကြီးကလည်း လင်္ကာစီခဲ့ပါသည်။

ထင်လွဲ သာယာ၊ စွဲလမ်းတာ၊ နှစ်ဖြာဥပါဒါန်ဆို။ ငါ–ငါ့ဥစ္စာ၊ စွဲနိုင်တာ၊ ဥပါဒါနက္ခန်ဆို။ ရုပ်၊ ဝေ၊ သညာ၊ သင်္ခါရာ၊ ဝိညာငါးတန်ဆို။

ခန္ဓာဝန်ထုပ်ဝန်ပိုးကြီး

ခန္ဓာကိုယ် ဝန်ထုပ်ဝန်ပိုးကြီးကို မွေးလာသည်မှ သေသည်အထိ ထမ်းရွက်နေကြရသည်။ မည်မျှကြာပြီလဲမေးလျှင် "အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော" အစရှိသော သာဓက စကားဖြင့် အစမထင်သည့် သံသရာ ကာလတလျှောက်လုံး ထမ်းရွက်ခဲ့ရပါသည် ဟုဖြေရပါလိမ့်မည်။

ထို့ပြင် အဘယ်မျှကြာအောင် ဆက်ပြီး ထမ်းနေကြရဦးမလဲ မေးလျှင် "အဝိဇ္ဇာနိဝရဏာနံ သတ္တာနံ တဏှာ သံယောဇနာနံ" အစရှိသော သာဓက စကားဖြင့် အဝိဇ္ဇာနှင့် တဏှာ မကင်းသေးသမျှ ကာလပတ်လုံး ထမ်းဆောင်နေကြရပါလိမ့်ဦးမည် ဖြေရမည်သာဖြစ်ပါသည်။

ခန္ဓာဝန်လေးပုံ

– ရုပ်ကိုယ်ကြီး အင်အားအမြဲပြည့်ပြီး တည်နေအောင် ကျွေးမွေးပြုစုရခြင်းမှာ ရုပ်ခန္ဓာဝန်ကို ထမ်းဆောင်ရခြင်းပင်ဖြစ်သည်။

– ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ ပြည့်စုံအောင် ကျွေးမွေးရခြင်းမှာ ဝေဒနာ ခန္ဓာဝန်ကို ထမ်းဆောင်ရခြင်း ဖြစ်သည်။

– အမြင်ကောင်း၊ အကြားကောင်း စသည်ဖြစ်အောင် ပြုလုပ်ဆောင်ရွက်ရခြင်း ဝိညာဏ်ခန္ဓာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သည်။

စသည့်ခန္ဓာဝန်သုံးမျိုးထမ်းဆောင်ရခြင်း ဝန်လေးပုံမှာ အလွန်ပင် ထင်ရှားလှပါသည်။

–ရုပ်ခန္ဓာက ငါကြိုက်တာကျွေး၊ မကျွေးရင် ငါက နေမကောင်းဖြစ်ပြီး သေပြလိုက်မယ်၊ အားနည်းပြီး သေပြလိုက်မယ်၊ ခြိမ်းခြောက်နေသလို ရှိနေပါတယ်။

–ဝေဒနာကလည်း ငါကြိုက်တဲ့ အာရုံကောင်းကလေးတွေကိုပေး၊ မပေးရင် ငါက နာကျင်ကိုက်ခဲပြီး သေပြလိုက်မယ်၊ ခြိမ်းခြောက်နေသလို ရှိနေပါတယ်။

–စိတ်ဝိညာဏ်ကလည်း ကောင်းတဲ့ အဆင်း အသံအစရှိတဲ့ အာရုံကောင်းကလေးတွေရှာပေး၊ မပေးရင် စိတ်မချမ်းသာစရာ၊ ကြောက်စရာ လန့်စရာတွေပြပြီး သေလိုက်မယ် စသည်ဖြင့် အမြဲတမ်း ခြိမ်းခြောက်နေသလိုရှိပါတယ်။

–သင်္ခါရက္ခန္ဓာဝန်ကိုထမ်းရာမှာလည်း ငါ့ဝန်ကို ကောင်းကောင်းဆောင်ပါ၊ ကောင်းကောင်း မဆောင်ရင် အလိုမပြည့်ဖြစ်ပြီး ဒုက္ခရောက်စေမယ်၊ ရာဇဝတ်မှုစသည် ဖြစ်စေပြီး ဒုက္ခရောက်စေမယ်၊ သေသည်၏ အခြားမဲ့မှာလည်း ငရဲကို ကျစေမယ်၊ ပြိတ္တာဖြစ်၊ တိရစ္ဆာန်ဖြစ်ပြီး ဒုက္ခရောက်စေမယ် စသည်ဖြင့် အမြဲခြိမ်းခြောက်နေပါတယ်။

လူဖြစ်ပါလျက် အနာများ၊ စီးပွားချို့တဲ့၊ အခြေအရံမဲ့ခြင်း၊ ဘေးအန္တရာယ်များခြင်း မကောင်းကျိုးတွေ တွေ့နေရခြင်းများ၊ သင်္ခါရက္ခန္ဓာဝန်ကို နေ့သားတကျ မှန်မှန်ကန်ကန် ထမ်းဆောင်ခြင်း မပြုခဲ့ကြလို့ဘဲ ဖြစ်ပါသည်။

အထက်တင်ပြခဲ့သည့်အတိုင်း ထမ်းဆောင်ဖို့ရာ ဝန်လေးသည့်အတွက် ထိုဥပါဒါနက္ခန္ဓာ ငါးပါးကို ဘာရ–လေးလံတဲ့ဝန်ထုပ်ဝန်ပိုးကြီးတွေလို့ မြတ်စွာဘုရား ဟောတော်မူခဲ့ပါသည်။

ထိုခန္ဓာဝန်ထုပ်ကြီး ထမ်းဆောင်နေရသည်မှာ မိနစ်ပိုင်း၊ နာရီပိုင်းမျှ၊ ရက်ပိုင်းလပိုင်းလည်းမဟုတ်၊ နှစ်ပိုင်းမျှလည်းမဟုတ်၊ တစ်ဘဝ၊ နှစ်ဘဝ၊ ဆယ်ဘဝ၊ တစ်ရာ၊ တစ်ထောင်စသည် ဘဝပိုင်းမျှမဟုတ်၊ တစ်ကမ္ဘာ၊ နှစ်ကမ္ဘာစသည့် ကမ္ဘာပိုင်းမျှမဟုတ်၊ ကမ္ဘာကုဋေအသင်္ချေ မရေမတွက်နိုင်အောင်၊ အပိုင်းအခြားမရှိ သံသရာခရီးတလျှောက်လုံး ထမ်းဆောင်နေကြရသည်မှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့မရောက်သေးသမျှ ထမ်းဆောင်နေကြပေလိမ့်မည်။

ရဟန္တာပုဂ္ဂိုလ်သည်ပင်

ကိလေသာကင်း၍ အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာပုဂ္ဂိုလ်များသည်ပင် ပရိနိဗ္ဗာန် ဝင်စံခြင်းမပြုမီကာလ ခန္ဓာကိုယ်ဝန်ထုပ်ဝန်ပိုးကြီးများကို ထမ်းဆောင်နေကြရသေး၏။ ထို့ကြောင့် ပရိနိဗ္ဗာန်ဝင်စံရမည့်အချိန်ကို ဆင်ခြင်တော်မူသော ရဟန္တာ အရှင်မြတ်ကြီးများက –

အယံဒုက္ခဘာရော–ဆင်းရဲလှစွာသော ဤခန္ဓာငါးပါးဝန်ထုပ်ကြီးကို၊ ကီဝစိရံ–အဘယ်မျှလောက်ကြာအောင်၊ ဝဟိတဗ္ဗော နခေါ–ထမ်းဆောင်နေကြရပါလိမ့်မလဲဟု ဆင်ခြင်တော်မူကြသည်ဆိုပါသည်။

ရဟန္တာပုဂ္ဂိုလ်မှာလည်း ခန္ဓာဝန်ကြီးက ရှိနေလေတော့၊ မလွှဲမရှောင်သာလို့ ထမ်းဆောင်နေကြရသည်။ အချိန်တန်ရင် အစာအာဟာရအတွက် ဆွမ်းခံကြွရသည်။ ရေချိုးတန်ရင် ရေချိုးပေးရသည်။

ကျင်ကြီးကျင်ငယ်အစရှိသော အညစ်အကြေးတွေလည်း သုတ်သင်ပေးရသည်။ ဣရိယာပုထ်မျှအောင် ကျန်းမာရေးလည်း ပြည့်စုံအောင် ပြုပြင်ပေးရသည်။ ကျိန်းစက်တန်ရင် ကျိန်းစက်ပေးရသည်။

ဤသည်တို့မှာ ခန္ဓာဝန်ကြီးရှိနေ၍ သင့်လျော်အောင် ပြုပြင်ထမ်းဆောင်နေရခြင်း ဖြစ်လေသည်။

ဝန်ထုပ်ကိုသဘောကျနေလျှင်လေးသည်မထင်

ပုထုဇဉ် ပုဂ္ဂိုလ်များအနေဖြင့် နှစ်သက်သာယာသော တဏှာကရှိနေလေတော့ ခန္ဓာဝန်ကြီးလေးသည်မထင်၊ အပြစ်မမြင်နိုင်ဘဲ ရှိနေကြ၊ အပေါ်ယံကြည့်မြင်ခြင်းဖြင့် အပြစ်မတွေ့နိုင် ဖြစ်နေကြသည်။

သို့ရာတွင် အိုမင်းမစွမ်းဖြစ်လို့ ကိုယ်သွားလိုရာမသွားနိုင်၊ စားချင်တိုင်းလည်းမစားနိုင်၊ မအိပ်နိုင်၊ ကိုယ့်အလိုအတိုင်း မပြီးတော့သည့်အခါများကျမှ ထိုခန္ဓာဝန်ကြီးလေးသည်ဟု အတော်အတန်ရိပ်မိသဘောပေါက်ပြီး၊ အလွန်အမင်း မကျန်းမမာ ရောဂါဝေဒနာ အကြီးအကျယ်ဖြစ်လာသည့်အခါ ရောက်မှ ဘေးအန္တရာယ်ရောက်မှ ခန္ဓာဝန်ကြီးလေးတယ်ဆိုတာ သဘောပေါက်ကြလေသည်။

ရဟန္တာပုဂ္ဂိုလ်များအနေဖြင့် ဆင်းရဲလှတဲ့ ဒီခန္ဓာဝန်ထုပ်ကြီးကို ဘယ်လောက်ကြာအောင် ထမ်းဆောင်နေရမှာပါလိမ့်မလဲလို့ ဆင်ခြင်တော်မူကြသည်ဟုဆိုပါသည်။

ကိလေသာကင်းလို့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံသည့်အခါရောက်မှ အလေးတကာ့အလေးဆုံးဝန်ထုပ်ဝန်ပိုးကြီးကို ပခုံးပေါ်မှပစ်ချလိုက်ရတာပါဘဲ ဟု မိန့်ဆို။ အလေးဆုံးဝန်ထုပ်ကြီးဆိုသည်မှာ ဥပါဒါနက္ခန္ဓာငါးပါးပါဘဲဟု မြတ်စွာဘုရားမိန့်ဆိုတော်မူခဲ့ပါသည်။

၂။ ဝန်ထုပ်ကိုထမ်းဆောင်နေသူဆိုသည်

မြတ်စွာဘုရားက ဝန်ထုပ်ကိုထမ်းဆောင်နေသူအကြောင်း ဤသို့ မေးခွန်းထုတ် ဖြေဆိုခဲ့ပါသည်။

ပါဠိ – ကတမောစ ဘိက္ခဝေ ဘာရဟာရော။

မြန်မာပြန် – ဘိက္ခဝေ–ရဟန်းတို့၊ ဘာရဟာရော–ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်သောသူဆိုသည်၊ ကတမောစ–အဘယ်သူပါနည်း။

ဥပါဒါနက္ခန္ဓာ ငါးပါးဟုဆိုအပ်သော ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်နေသူဆိုသည်မှာ အခြားမဟုတ်၊ လောကဝေါဟာရအရ ပုဂ္ဂိုလ်၊ သတ္တဝါလို့ခေါ်ရတဲ့သူတွေမှန်သမျှဟာ မိမိတို့၏ ခန္ဓာဝန်ကို ထမ်းဆောင်နေကြရတဲ့ သူချည်းပါဘဲ။

လောကဝေါဟာရအရ ပုဂ္ဂိုလ်၊ သတ္တဝါဟုဆိုရသော်လည်း စင်စစ်အားဖြင့် သတ္တဝါဟူ၍ မရှိ၊ သင်္ခါရတရားအစု ခန္ဓာငါးပါးမျှသာရှိသည်၊ ဆင်းရဲတရားမျှသာ အဆက်မပြတ် တည်လည်း တည်နေ၏။ ပျောက်လည်း ပျောက်၏။ ပျက်စီး၏။

အညတြ ဒုက္ခာ–ဆင်းရဲတရားကို ကြည့်၍၊ ဝါ–ဆင်းရဲမှတစ်ပါး၊ န သမ္ဘောတိ–ဖြစ်သည်မဟုတ်၊ ဒုက္ခာ အညံ–ဆင်းရဲမှ တစ်ခြား တစ်ပါးသောအရာသည်၊ န နိရုဇ္ဈတိ–ချုပ်ပျက်သည်လည်း မဟုတ်ပါ၊ ဟု ရှင်းလင်းထားပါသည်။

ပုဂ္ဂိုလ်ဆိုသည် အမည်ပညတ်မျှဖြစ်သည်

လောက ပြောဆိုနေကြသော ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါဆိုသည်မှာလည်း ခန္ဓာငါးပါးကို စွဲပြီး ပြောဆိုရတဲ့ အမည်ပညတ်မျှသာဖြစ်သည်။ အထည်ဒြပ် တရားကိုယ် အသီးအခြားမရှိ၊ ခန္ဓာငါး

ပါးကိုပင် ပုဂ္ဂိုလ်လို့ခေါ်ဆိုရကြောင်း ပြဆိုထားပါသည်။

ဒေသနာတော် ၂–မျိုး

မြတ်စွာဘုရားဟောတော်မူသော တရားဒေသနာတော်က ပညတ်ဒေသနာနှင့် ပရမတ်ဒေသနာဟူ၍ ၂–မျိုးရှိသည်။

ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောက်ျား၊ မင်း၊ ပုဏ္ဏား၊ နတ်၊ လူစသည်ဖြင့် ဟောသောတရားမျိုးကို သမ္မုတိ–ဒေသနာ၊ ပညတ်ဒေသနာဟုခေါ်သည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ သတိပဋ္ဌာန် စသည်ဖြင့် ဟောသော တရားမျိုးကို ပရမတ္ထဒေသနာ–ပရမတ်ဒေသနာဟုခေါ်ပါသည်။

ပုဂ္ဂိုလ်လိုက်၍ တရားထူးရရေး အဓိက ထို ၂–မျိုးဖြင့် ဟောတော်မူခဲ့ပါသည်။

မေး–လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတာ ဘယ်ဟာလဲ။

ဖြေ–ငါ၊ ငါ့ဥစ္စာလို့ ထင်ရတဲ့ ခန္ဓာငါးပါးတရားပါဘဲ။

မေး–ဝန်ထမ်းသမားဆိုတာ ဘယ်သူလဲ။

ဖြေ–ခန္ဓာငါးပါးရှိနေတဲ့ ပုဂ္ဂိုလ်ပါဘဲ။

ဟူ၍ အတိုချုပ်မှတ်သားရန်ဖြစ်လေသည်။

၃။ ဝန်ထုပ်ဝန်ပိုးကို ခံယူခြင်းဆိုသည်

ပါဠိမြန်မာမှာ အောက်ပါအတိုင်းဖြစ်လေသည်။

ပါဠိ – *ကတမဉ္စ ဘိက္ခဝေ ဘာရာဒါနံ၊ ယာယံတဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြာတတြာ ဘိနန္ဒိနီ၊ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဘာရာဒါနံ။*

ပါဠိမြန်မာ။ ဘိက္ခဝေ–ရဟန်းတို့။ ဘာရာဒါနံ–လေးလံသော ဝန်ထုပ်ဝန်ပိုးကို ခံယူခြင်းသည်၊ ကတမဉ္စ–အဘယ်ဟာပါနည်းဟူမူ–

ယာယံတဏှာ–အကြင်နှစ်သက်သာယာ ဆာလောင်တောင့်တသော တဏှာသည်၊ အတ္ထိ–ရှိ၏၊ ဣဒံ–ဤတဏှာကို၊ ဘာရာဒါနံ–ဝန်ထုပ်ကို ခံယူခြင်းဟူ၍၊ ဝုစ္စတိ–ခေါ်ဆိုအပ်ပေ၏ ဟု ဘာသာပြန်ဆိုပါသည်။

တဏှာက အာရုံဆာတယ်

ဝန်ထုပ်ဝန်ပိုးကို လက်ခံတာ ဘယ်အရာလဲ ဆိုရင် တဏှာပါဘဲ၊ တဏှာဆိုတာ နှစ်သက်သာယာ၊ ဆာလောင်တောင့်တတဲ့ သဘောပါဘဲ၊ ထမင်းဆာ ရေဆာတာမျိုး၊ သူက အာရုံတွေကို အလိုရှိပြီး ဆာနေပါတယ်၊ လှပတင့်တယ်တဲ့ အဆင်းအာရုံကောင်းတွေကို အလိုရှိနေတယ်၊ ဆာနေတယ်၊ ကြည့်ချင်တာကြည့်လို့အားမရ၊ ကြည့်ပြီးရင်းကြည့်ချင်ရင်း ဖြစ်ပြီးဆာနေ၊ ဝတယ်လို့မရှိ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိများနှင့် စိတ်ကူး အာရုံကောင်း တယ်လို့ထင်သမျှ ဘယ်လောက်ရရ အားရတယ် မရှိဘူး၊ ဆာလောင်တတ်၏။ ထက် ဝန်းကျင် အရာခပ်သိမ်း ဆာလောင်တတ်သော သတ္တိကြောင့် တဏှာ မည်တယ်လို့ဆိုပါတယ်။

တဏှာဖြစ်ရင် ဥပါဒါန် ပြင်းစွာစွဲလမ်း အလိုအတိုင်းပြီးစီးအောင်ပြုလုပ်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံဖြစ်၊ ထိုကံများကြောင့် သေခါနီးမှာ ကံ ကမ္မနိမိတ်၊ ဂတိနိမိတ်၊ အာရုံထင်ပေါ်၊ ထင်ပေါ်နေတဲ့ အာရုံနိမိတ်အပေါ် သာယာပြီး၊ စွဲလမ်းပြန်၊ ထိုသို့ စွဲလမ်းပြီး နေရင်းသေသွားတဲ့အခါ ဘဝသစ် ခန္ဓာ

တွေဖြစ်ပေါ်ကာ မဆုံးနိုင်အောင် ဘဝသစ်တွေ အဖန်ဖန်ပြန်ရ ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော် အနုလောမနှင့် ပဋိလောမ အရဆောင်၍ ဘာသာပြန်များလေ့လာနိုင်ပါလျှင် အသိဉာဏ်ရှင်းလင်းသွားနိုင်ပါသည်။

တဏှာသုံးပါး

သေယျထိဒံ–ဤတဏှာက အဘယ်အရာနည်းဟူမူ–

ကာမတဏှာ–ကာမအာရုံ၌ဖြစ်သောနှစ်သက်သာယာမှုတဏှာ။

ဘဝတဏှာ–ဘဝ၌ ဖြစ်သောနှစ်သက်သာယာမှုတဏှာ။

ဝိဘဝတဏှာ–ဘဝကင်းပြတ်ခြင်း၌ဖြစ်သောနှစ်သက်သာယာမှုတဏှာ။

ဤတဏှာသုံးပါးကို ဘာရဒါနံ–ခန္ဓာဝန်ကို ခံယူခြင်းဟူ၍ခေါ်ဆိုပါသည်။ အထက်အောက်ကျင်လည်နေရတဲ့ ခန္ဓာဝန်ကို ထမ်းဆောင်နေရတာသက်သာတယ်လို့ တစ်ကွက်မှမရှိပါ။ ပညာရှိယောဂီပုဂ္ဂိုလ်တို့ရဲ့ အမြင်နဲ့ဆိုရင် ဆင်းရဲပင်ပန်းနေတာပါဘဲ။ ရဟန္တာပုဂ္ဂိုလ်များက ပရိနိဗ္ဗာန်စံခါနီးအာယုသင်္ခါရကို ဆင်ခြင်ရာ၌–

အယံ–ဒုက္ခ ဘာရော–ဆင်းရဲလှစွာသော ဤခန္ဓာဝန်ကြီးကို၊ ကိံဝစိရံ–အဘယ်မျှလောက်ကြာအောင်၊ ဝဟိတဗ္ဗော နု ခေါ–ထမ်းဆောင်နေရဦးမှာပါလိမ့်မလဲလို့ ဆင်ခြင်တော်မူကြပါသည်ဟုဆိုပါသည်။

ဘဝတဏှာဖြင့် ခန္ဓာဝန်ကိုယူပုံ

ဘဝတဏှာခံယူခြင်းက သဿတဒိဋ္ဌိ၊ အတ္တကောင်၊ အသက်ကောင်၊ ငါကောင်အမြဲရှိနေတယ်လို့၊ ဘယ်တော့မှ မပျက်စီးဘူးလို့ ထင်မြင်ယူဆပြီး နှစ်သက်လိုချင်တဲ့ တဏှာကို ဘဝတဏှာဟုခေါ်ပါသည်။

ဝိဘဝတဏှာဖြင့် ခန္ဓာဝန်ကိုယူပုံ

ဥစ္ဆေဒဒိဋ္ဌိဆိုတာက သတ္တဝါဟာ သေပြီးရင်ဘာမှမရှိတော့ဘူး၊ လုံးဝပျောက်ကွယ်သွား၊ ပြတ်စဲသွားတယ်လို့ထင်မြင်တဲ့ အယူအဆပါဘဲ။

အကုသိုလ်ကို မရှောင်ချင်တဲ့သူ၊ ကုသိုလ်ကိုမပြုချင်တဲ့သူတွေက ဒီအယူကို ကြိုက်နှစ်သက်ကြပါတယ်။ ဝိဘဝတဏှာဆိုသည်က ဒီဘဝ ကာမဂုဏ်ကြိုက်သလို ခံစား၊ ဘာမှကျင့်စရာမရှိ၊ သေပြီးနောက် ဘာမှမဖြစ်၊ ကုသိုလ်မရှိ၊ အကုသိုလ်မရှိဒီအယူကို သဘောကျလက်ခံ နှစ်သက်သာယာတဲ့တဏှာပင်ဖြစ်ပါသည်။

၄။ ဝန်ထုပ်ကို ပစ်ချခြင်းဆိုသည်

ကတမဥ္စ ဘိက္ခဝေ ဘာရနိက္ခေပနံ။

ဘိက္ခဝေ–ရဟန်းတို့၊ ဘာရနိက္ခေပနံ–ဝန်ထုပ်ဝန်ပိုးကို ပစ်ချခြင်းဟူသည်၊ ကတမဥ္စ–အဘယ်ပါနည်း။ ဝန်ထုပ်ဝန်ပိုးကို ပစ်ချခြင်းဆိုတာ ဘာလဲလို့ မေးခွန်းထုတ်ခြင်းဖြစ်ပါသည်။

ပါဠိ *– ယော တဿာယေဝ၊ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဘာရနိက္ခေပနံ။*

ပါဠိမြန်မာ။ ဘိက္ခဝေ–ရဟန်းတို့၊ တဿာယေဝ တဏှာယ–ထိုနှစ်သက်လိုချင်သောတဏှာ၏သာလျှင်၊ ဝါ–ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟုဆိုအပ်သော တဏှာသုံးပါး၏သာ

လျှင်၊ ယောအသေသဝီရာဂနိရောဓော–အကြွင်းအကြွင်းမဲ့ ပျက်ပြယ်ခြင်း၊ ချုပ်ခြင်းသည်၊ ယောစာဂေါ–အကြွင်းပယ်စွန့်ခြင်းသည်၊ ယောပဋိနိဿဂ္ဂေါ–အကြွင်းဝေးစွာစွန့်ခြင်းသည်၊ ယာမုတ္တိ–အကြွင်းဆုတ် ကိုင်မထားဘဲ စွန့်ခြင်းသည်၊ ယောအနာလယော– အကြွင်းတွယ်တာမှု ကင်းခြင်းသည်၊ အတ္ထိ–ရှိ၏။ ဘိက္ခဝေ–ရဟန်းတို့၊ ဣဒံ–ဤတဏှာ၏ အကြွင်းမဲ့ပျက်ပြယ်ခြင်း၊ တဏှာကိုပယ်စွန့်ခြင်း စသည်ဖြင့် ခေါ်ဆိုအပ်သောသဘောကို၊ ဘာရနိက္ခေပနံ– ဥပါဒါနက္ခန္ဓာ ငါးပါးဟုဆိုအပ်သော ဝန်ထုပ်ဝန်ပိုးကို ပယ်ချလိုက်ခြင်းဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။

ဝန်ထုပ်ဝန်ပိုးကို ပစ်ချခြင်းဆိုသည်မှာ ဝန်ထုပ်ဝန်ပိုးကိုလက်ခံထားသည့် တဏှာကို ပယ်သတ်လိုက်ခြင်းဖြစ်ပါသည်။ တဏှာကို ပယ်ခြင်းဆိုသည်မှာလည်း ဝိပဿနာဉာဏ် အရိယာမဂ်ဉာဏ်တို့၏ အစွမ်းကြောင့် တဏှာဖြစ်ခွင့်မရှိ ချုပ်ငြိမ်းသွားခြင်းကို ဆိုခြင်းဖြစ်ပါသည်။

နေရောင်အလင်းပေါ်လာလျှင် အမှောင်ပျောက်ကင်းသွားသလို အရဟတ္တမဂ်ဉာဏ်ဖြစ်ပေါ်လာသည့်အခါ နှစ်သက်လိုချင်မှုတဏှာ ဖြစ်ခွင့်မရှိ၊ လုံးဝချုပ်ငြိမ်းသွားခြင်းဖြစ်ပါသည်။

တဏှာချုပ်ငြိမ်းသွားသည့်အတွက် ဘဝသစ်ရုပ်နာမ်ခန္ဓာတွေ ဖြစ်ပေါ်နိုင်ခြင်းမရှိ၊ လုံးဝချုပ်ငြိမ်းသွားခြင်း၊ တဏှာကို ပယ်ခြင်း၊ တဏှာမဖြစ်ခြင်းကို ဝန်ထုပ်ချခြင်းဟု ဆိုခြင်းဖြစ်ပါသည်။

ဝိပဿနာဖြင့် ခန္ဓာဝန်တွေ ပစ်ချနိုင်

မဂ်ဉာဏ် အဆင့်ဆင့်ဖြင့် ခန္ဓာဝန်များကို ပစ်ချနိုင်ပါသည်။ အရိယာမဂ်လေးပါးမှာလည်း သူ့သက်သက်မဖြစ်နိုင်၊ ဝိပဿနာဉာဏ်ပြည့်စုံမှ ဖြစ်နိုင်သဖြင့် ပြည့်စုံအောင် အားထုတ်ရကြောင်းနှင့် ပစ်ချနိုင်ပုံမှာ–မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ ကြံသိတိုင်း၊ မရှုမှတ်လျှင် အမှန်အတိုင်းမသိ၊ သိရိုးသိစဉ်အတိုင်း၊ အလွဲအမှားများသိနေ၊ မမြဲတာကို မြဲတယ်လို့ထင်၊ ဆင်းရဲတွေ မကောင်းတာတွေကို ချမ်းသာတွေ အကောင်းတွေ ထင်တာ သိတာ အဝိဇ္ဇာပါဘဲ။

နှစ်သက်သာယာပြင်းစွာ စွဲလမ်းသည့် ဥပါဒါန်ဖြစ်၊ ကိုယ့်အလိုအတိုင်း ပြည့်စုံအောင် ပြုလုပ်အားထုတ်မှု ကံနှင့်သင်္ခါရဖြစ်။ ကံသင်္ခါရကြောင့် ဘဝသစ်ခန္ဓာတွေ ရခြင်းဖြစ်သည်။ ယင်းသို့ မြင်ခိုက်၊ ကြားခိုက် စသည်မှာ ရှုမှတ်ခြင်း မပြုမိတိုင်း အဝိဇ္ဇာနှင့် တဏှာဖြစ်နေခြင်းကို ဘဝသစ်ခန္ဓာဝန်ကို ခံယူနေခြင်းလို့ဆိုပါသည်။

ခန္ဓာဝန်ကို အလိုမရှိလျှင် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ ကြံသိတိုင်း၊ အဝိဇ္ဇာနှင့် တဏှာဖြစ်ခွင့်မရအောင် ရှုမှတ်ရမည်၊ ထိုကဲ့သို့ရှုမှတ်လျှင် သမာဓိဉာဏ်အားရှိလာသည့်အခါ ရှုမှတ်တိုင်း၊ ရှုမှတ်တိုင်း၊ ရုပ်နာမ်တို့၏ သဘောမှန်ကို သိရသည်။ မှတ်သိရတဲ့ ရုပ်ခန္ဓာကတစ်ခြား၊ မှတ်သိတဲ့ နာမ်ခန္ဓာကတစ်ခြား ခွဲခြားပြီး သိရသည်။ တစ်ခဏချင်း ပျောက်ပျောက်သွားသည်ကိုလည်း သိရသည်။ အသစ်သစ် ဖြစ်ပေါ်လာသည်ကိုလည်း သိရသည်။ တရိပ်ရိပ်နှင့် ခဏမစဲ ဖြစ်ပျက်နေသည်ကိုချည်း တွေ့သိရသည်။

ယင်းကဲ့သို့ မှတ်တိုင်း၊ မှတ်တိုင်း အနိစ္စ မမြဲတဲ့ တရားတွေချည်းဘဲလို့လည်း အမှန်အတိုင်း သိရသည်။ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ အနတ္တသဘောတရားမျှချည်း ဖြစ်သည်လို့လည်း အမှန်အတိုင်းသိရသည်။ ရုပ်နှင့်နာမ်မျှသာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောဟရားမျှဘဲလို့ အမှန်အတိုင်း

သိသိသွားတာက ဝိဇ္ဇာဉာဏ်တွေဘဲ၊ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာတော့ အဝိဇ္ဇာဆိုတဲ့ မသိမှု၊ သိမှားမှုဟာ သူ့အလိုလို ကင်းပျောက်သွားတယ်။

ဝိပဿနာ ဝိဇ္ဇာဉာဏ်က အဝိဇ္ဇာကိုပယ်တယ်လို့ဆိုပါတယ်၊ နှစ်သက်ဖွယ်အနေအထားအားဖြင့် ထင်မှားသိမှားမှု မရှိတော့။ နှစ်သက်လိုချင်မှု တဏှာလဲ မဖြစ်တော့ဘူး၊ တဏှာကင်းငြိမ်းနေတာကို တဒင်္ဂပဟာန်ဖြင့် ပယ်တယ်လို့ဆိုပါတယ်။ ဝိပဿနာ ကုသိုလ်စိတ်ဖြင့် ပယ်ခြင်းလို့လည်း ဆိုပါတယ်။

ဒွါရခြောက်ပါးက ပေါ်လာတိုင်း ပေါ်လာတိုင်းကို ရှုမှတ်ပြီး အမှန်အတိုင်း သိသိသွားရင် သိတိုင်းသိတိုင်း၊ အဲဒီ သိရတဲ့အာရုံနှင့်စပ်ပြီး ဖြစ်မည့်ခန္ဓာဝန်ကို ပစ်ချတာဘဲလို့ဆိုပါတယ်။

ဤဘာရသုတ္တန်ဒေသနာက "ဘဝသစ်ခန္ဓာ မဖြစ်ရလို့ သေမင်းမမြင်နိုင်ဘူး၊ သေခြင်းကင်းတယ်" လို့လည်း ဆိုပါတယ်၊ "တဏှာမဖြစ်ရလို့ ဘဝသစ်ခန္ဓာမဖြစ်ရဘူး၊ ခန္ဓာဝန်ကို ပစ်ချတယ်" ဆိုတာက သဘောအားဖြင့် အတူတူပါဘဲ၊ သံဝေဂဉာဏ်ဖြစ်သွားအောင် သေခြင်းတရားကို သေမင်းလို့ တင်စားပြီး ဟောတာနဲ့ ခန္ဓာငါးပါးကို လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးလို့ တင်စားပြီး ဟောတာလောက်သာ ထူးခြားပါတယ်။

ထို့ကြောင့် ဝိပဿနာရှုနေတဲ့ ယောဂီမှာ ဘင်္ဂဉာဏ်စသည် ဖြစ်နိုက်မှ ရှုတိုင်းမှတ်တိုင်း အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ သင်္ခါရတို့ကို တဒင်္ဂပဟာန်ဟာဖြင့် စွန့်ပယ်နေတဲ့အတွက် ဘဝသစ်ခန္ဓာကိုလည်း ပစ်ချနေသည်မည်ပါတယ်။

သတ္တဝါတွေမှာ အဝိဇ္ဇာက အပြစ်တွေကိုဖုံးကွယ်ပေးထားတဲ့အတွက် ဘုံဘဝခန္ဓာတွေကို နှစ်သက်သာယာပြီး တွယ်နေကြတယ်၊ တဏှာနှောင်ကြိုးနဲ့ချည်ထားသလို ဖြစ်နေကြတယ်၊ ဘုံဘဝခန္ဓာတွေ လွတ်ရာကိုမသွားနိုင်ကြဘူး၊ ကျွတ်ရာကုရှေ့ မရေတွက်နိုင်ဘူး။

မဂ်ဉာဏ်အဆင့်ဆင့်ဖြင့် ဝန်ထုပ်များပစ်ချ

သောတာပတ္တိမဂ်ဉာဏ် - သောတာပတ္တိမဂ္ဂဉာဏေန၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့်၊ အဘိသင်္ခါရဝိညာဏဿ-အဘိသင်္ခါရဝိညာဏ်ဟုခေါ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံဝိညာဏ်၏၊ နိရောဓေန-ချုပ်ခြင်းကြောင့်၊ သတ္တဘဝေ-ခုနစ်ဘဝတို့ကို၊ ဌပေတွာ-ချန်ထား၍၊ အနမတဂ္ဂေ-မသိအပ်သော အစွန်းအစရှိသော၊ ဝါ-မသိအပ်မသိနိုင်သော အဆုံးအစွန်ရှိသော၊ သံသာရေ-သံသရာ၌၊ ယေ-ဥပ္ပဇ္ဇေယျုံ နာမဉ္စရူပဉ္စတေ၊ သောတာပတ္တိ မဂ်ဉာဏ်ကိုမရောက်လျှင် ဖြစ်ပေါ်လာမည့် ရုပ်နာမ်ခန္ဓာတို့သည်၊ ဧတ္ထ-ဤသောတာပတ္တိ မဂ်၌၊ ဝါ-သောတာပတ္တိကြောင့်၊ နိရုဇ္ဈန္တိ-ချုပ်လေကုန်၏။ ဝူပသမ္မန္တိ-ငြိမ်းလေကုန်၏။

သောတာ ပတ္တိမဂ်ဉာဏ်ဖြင့် ဘဝသစ်ခန္ဓာဝန်တွေကို ပစ်ချလိုက်ပုံပါဘဲ။

သကဒါဂါမိမဂ်ဉာဏ် - သကဒါဂါမိမဂ်ဉာဏ်ဖြင့် နှစ်ဘဝထက်ပိုလွန်ပြီး ဖြစ်မည့်ဘဝသစ်ခန္ဓာဝန်တွေကို ပစ်ချနိုင်ပါတယ်။

အနာဂါမိမဂ်ဉာဏ် - အနာဂါမိ မဂ်ဉာဏ်ဖြင့် တစ်ဘဝထက် ပိုလွန်ပြီး ဖြစ်မည့်ခန္ဓာဝန်တွေကို ပစ်ချနိုင်ပါတယ်။

အနာဂါမိပုဂ္ဂိုလ်မှာ ရူပဘဝ၊ အရူပဘဝ ဖြစ်စေ တစ်ဘဝသာဖြစ်ဖို့ရှိပါတယ်။

အရဟတ္တမဂ်ဉာဏ် - အရဟတ္တမဂ်ဉာဏ်ဖြင့် ဘဝသစ်ခန္ဓာအကုန်လုံး ပစ်ချပါတယ်၊ ဒါကြောင့်

ရဟန္တာပုဂ္ဂိုလ်မှာ ပရိနိဗ္ဗာန်စုတိမှ နောက်ကာလမှာ မည်သည့်ရုပ်နာမ်ခန္ဓာမျှ ဖြစ်ပေါ်မလာတော့ပါ၊ ခန္ဓာဝန်တွေ အကုန်လုံး ချုပ်ငြိမ်းသွားပါသည်။ အနုပါဒိသေသ ပရိနိဗ္ဗာန်စံ ဝင်တယ်လို့ဆိုပါတယ်၊ ခန္ဓာဝန်အကြွင်း၊ အကျန်မရှိတော့ဘဲ လုံးဝချုပ်ငြိမ်းသွားခြင်း ဖြစ်ပါသည်။

အရိယမဂ်ဉာဏ်လေးပါးဖြစ်ပေါ်လာသည့် အခါမှာ တဏှာကို သမုစ္ဆေဒပဟာန်အားဖြင့် ပယ်ပါသည်။ ခန္ဓာဝန်ကို မဂ်ဉာဏ်လေးပါးဖြင့် ပယ်ခြင်းကို ခန္ဓာဝန်ကို ပစ်ချခြင်းဟု ဆိုခြင်းဖြစ်ပါသည်။

ဘာရသုတ္တန်၏ဆိုလိုရင်းအချုပ်

ပါဠိ – *ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊*
ဘာရဟာရောစ ပုဂ္ဂလော။
ဘာရာဒါနံဒုက္ခံလောကေ၊
ဘာရနိက္ခေပနံ သုခံ။

ပါဠိ–မြန်မာ – ပဉ္စက္ခန္ဓာ–ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ ဟဝေ–စင်စစ်အားဖြင့်၊ ဘာရာ–လေးလံလှစွာသော ဝန်ထုပ် ဝန်ပိုးကြီး တို့ပါပေတည်း။ ဘာရဟာရောစ–ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်သောသူသည်ကား၊ ပုဂ္ဂလော–ခန္ဓာငါးပါးရှိသော ပုဂ္ဂိုလ်ပါပေတည်း။ လောကေ–လောက၌၊ ဘာရာဒါနံ–နှစ်သက်သာယာ တဏှာဖြစ်လျက်၊ ဘဝသစ် ခန္ဓာဝန်ကိုခံယူခြင်းသည်၊ ဒုက္ခံ–ဆင်းရဲလှ၏။ ဘာရနိက္ခေပနံ–ဝိပဿနာ မဂ်ဉာဏ်ပညာဖြင့် တဏှာကို ပယ်သောအားဖြင့် ငါးပါးသော ခန္ဓာဝန်ကို ပစ်ချလိုက်ခြင်းသည်၊ သုခံ–ချမ်းသာလှပါပေ၏။

မြတ်စွာဘုရားသည် ယင်းကဲ့သို့ဟောပြီး၊ ဆက်လက်၍ဟောထားခဲ့သည်မှာ –

ပါဠိ – နိက္ခိပိတွာ ဂရုံ ဘာရံ၊
အညံ ဘာရံ အနာဒိယ။
သမူလံ တဏှမဗ္ဗုယှ၊
နိစ္ဆာတော ပရိနိဗ္ဗုတော။

ပါဠိ မြန်မာ – ဂရုံ–လေးလံလှစွာသော၊ ဘာရံ–မျက်မှောက်အတ္တဘောတည်းဟူသော ခန္ဓာဝန်ထုပ်ကြီးကို၊ နိက္ခိပိတွာ–ပရိနိဗ္ဗာန်စုတိ အနေအားဖြင့် ချထားစွန့်ပယ်လိုက်ပြီးဟူ၍ ရဟန္တာပုဂ္ဂိုလ်ကိုရည်ပြီး ဟောထားခဲ့ခြင်းဖြစ်ရာ ရဟန္တာပုဂ္ဂိုလ်သည်ပင် ပရိနိဗ္ဗာန်မပြုရသေးမီအတွင်း ခန္ဓာဝန်ကြီးကို ထမ်းဆောင်နေရသေး၏။ မျက်နှာသစ်၊ ရေချိုး၊ အညစ်အကြေးသုတ်သင်၊ ဆွမ်းခံကြွ စသည်ဖြင့် ခန္ဓာဝန်ကြီးကို ပြုစုပေးနေသေး၏။ နောက်ဆုံးပရိနိဗ္ဗာန်စုတိဖြင့် ပရိနိဗ္ဗာန်ပြုပြီးချိန်ရောက်မှ တာဝန်များမှ ငြိမ်းအေးသွားခြင်းကို ဆိုလိုရင်း ဖြစ်ပါသည်။

တဏှာမကင်းသေးတဲ့ ပုထုဇဉ်များအနေဖြင့် မိမိနှင့်စပ်တဲ့ ရဟန္တာ ပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံသွားတာကို မလိုလားဘဲ ရှိနေတယ်ပါတယ်၊ အသေကြီးသေသွားတယ်လို့ ထင်မှတ် စွဲလမ်းပြီး အကြီးအကျယ်လည်း ဝမ်းနည်းနေတတ်ကြပါတယ်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံခါနီးမှာ အရှင်အာနန္ဒာက ငိုနေခဲ့တယ်။ ကုသိနာရုံမြို့သူမြို့သားတွေကလည်း ငိုကြတယ်၊ မိထွေးတော် ဂေါတမီ၊ မဟာပဇာပတိဂေါတမီထေရီ ပရိနိဗ္ဗာန်ပြုခါနီးမှာလည်း အမျိုးသမီးတွေက ပရိနိဗ္ဗာန်မပြုဖို့ရန် ငိုပြီးတောင်းပန်ကြသည်။ ထိုအခါ မဟာပဇာပတိဂေါတမီ ထေရီမကြီးက သမီးတို့ မငိုကြလင့်၊ ပရိနိဗ္ဗာန်ပြုရမည့် ယခုအခါသည် "ငိုရမည့်အခါမဟုတ်၊ ဟာသကာလော–ဝမ်းမြောက်ပျော်ရွှင်ရမည့်အခါသာဖြစ်တယ်" ဟု သတိပေးစကား ပြောကြားခဲ့သည်ဆိုပါသည်။

ဂရုံ–လေးလံလှစွာသော၊ ဘာရုံ–မျက်မှောက်အတ္တဘောတည်းဟူသော ခန္ဓာကိုယ်ဝန်ထုပ်ကြီးကို၊ နိက္ခိပိတွာ–ပရိနိဗ္ဗာန်စုတေအနေအားဖြင့် ချထားစွန့်ပယ်လိုက်ပြီး၍၊ အညံဘာရံ–တစ်ပါးသောဘဝသစ်ခန္ဓာဝန်ကို၊ အနာဒိယ–မယူမူ၍ အပြီးတိုင်ပယ်စွန့်ပစ်ရှသွားသည်ဟု မိန့်ဆိုတော်မူခဲ့ခြင်းဖြစ်ပါသည်။

သမူလံ၊ သဘောမှန်ကိုမသိဘဲ အလွဲအများကို သိတတ်သော အဝိဇ္ဇာတည်းဟူသော အမြစ်ရင်းနှင့်တကွသော။တဏှာ–နှစ်သက်သာယာဆာလောင်တတ်သော တဏှာကို၊ အဗ္ဗုယှ– အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ထွင်းဖောက်နိုက်ပယ်ပြီး၍၊ နိစ္ဆာတော–နှစ်သက်ခုံမင်လိုချင်တောင့်တခြင်း ဟူသော ဆာလောင်ခြင်းကင်းသည်ဖြစ်၍၊ ပရိနိဗ္ဗုတော– ဆင်းရဲခပ်သိမ်း အေးငြိမ်းတော့သည်သာတည်း။

ကျမ်းညွှန်း –ဘာရသုတ္တန်တရားတော်ကြီး မဟာစည်။
၁၉၆၉ အောက်တိုဘာလ၊ ပထမ အကြိမ်။
ဗုဒ္ဓသာသနာ အဖွဲ့ ပုံနှိပ်တိုက် ကမ္ဘာအေး။
မှတ်ချက်။ ။ ပြတိုက်ကံကြီးကျောင်း ဆရာတော် ဦးဇဝန ပျံလွန်တော်မူစဉ် တပ်ကုန်းမြို့ မဟာသီဟနာဒဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ) က "ဘာရနိက္ခေပ–ခန္ဓာဝန်ချ ချမ်းသာရ" ဟူသော ကဗျာအလင်္ကာစာစုဖြင့် ဆရာတော် ဦးဇဝန၏ အန္တိမဈာပနပူဇာ၌ လက်ကမ်းစာစောင် ထုတ်ဝေခဲ့ရာ "တောရဆရာတော်ဘုရားကြီး၏ ဘဝနိဂုံး နောက်ဆုံးနေ့များအပိုင်းရောက်မှ ဘာရသုတ္တန် တရားတော်ကြီးကို ဖေါ်ပြပါတော့မည်ဟု မိမိ ရေးခဲ့ပါသည်။

ယခုအခါ ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။ တောရဆရာတော်ဘုရားကြီး၏ ဘဝဇာတ်သိမ်းခြင်းတို့ကို ဘာရသုတ္တန်ကြီးဖြင့် ပူဇော်ခဲ့သလို မိမိနှင့် စာရှုသူအပေါင်းတို့က မိမိတို့ဘဝ မည်သို့ သံဝေဂ ဉာဏ်ယူ၍ ဇာတ်သိမ်းခန်းမရောက်မီ ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးကို ဘယ်မျှကြာအောင် ထမ်းနေကြရလေဦးမည်နည်း မသိတော့ပြီ။

မြတ်ဗုဒ္ဓနှင့်သားတော်ကြီးများပရိနိဗ္ဗာန်စံရာ

ဤနေရာ၌ တင်ပြလိုသည်မှာ မြတ်ဗုဒ္ဓနှင့်သားတော်ကြီးများ မည်သို့မည်ပုံ ပရိနိဗ္ဗာန်ပြုကြပုံများကိုလိုရာ ကောက်နုတ်၍တင်ပြပါဦးမည်။*

ယင်းသို့တင်ပြပါမှလည်း ဘုရားအစရှိသော သူတော်ကောင်းကြီးများ၏ ဘဝဇာတ်သိမ်းပုံ၊ ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးများ မည်သို့ချသွားကြပုံများကို ဉာဏ်ဖြင့် ကြည့်မြင် ဆင်ခြင်နိုင်ကြပေလိမ့်မည်။

မြတ်ဗုဒ္ဓဝေဠုဝရွာငယ်၌ဝါကပ်တော်မူ

မြတ်ဗုဒ္ဓသည် ၄၅–ဝါတို့ ကာလပတ်လုံး ကျွတ်ထိုက်သူ နတ်လူပြဟ္မာ သတ္တဝါများကို ဓေါင်ကူးတို့ဖြင့် နိဗ္ဗာန်သောင်သို့ ပို့ဆောင်တော်မူခဲ့သည်။

အမှုပါ၌ဥယျာဉ်၌ ကျွတ်ထိုက်သော သတ္တဝါများရှိသလောက် ကျွတ်စေရန် သီတင်းသုံးတော်မူပြီး၍ ဝေဠုဝရွာငယ်သို့ကြွတော်မူ၏။

ထိုရွာငယ်၌ သံဃာအများ နေဖို့ရန်နေရာ မရှိသောကြောင့် ရဟန်းများကို ဝေသာလီမြို့၏ ပတ်ဝန်းကျင်ဝယ် သီတင်းသုံးဖော်ရှိရာ အရပ်သို့သွား၍ဝါကပ်ဖို့ရန် မိန့်တော်မူသည်။

ပြင်းထန်သောဝေဒနာ ဖြစ်တော်မူ

ဗုဒ္ဓမြတ်စွာသည် ဝေဠုဝရွာငယ်၌ ဝါကပ်တော်မူပြီးသောအခါ ပရိနိဗ္ဗာန်စံရလောက်အောင် ပြင်းထန်သောဝေဒနာဖြစ်လေသည်။ ထို ဝါသည်

* မဟာဂန္ဓာရုံဆရာတော်၏ နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ

နောက်ဆုံးဝါဖြစ်သောကြောင့် ဝါဆိုလပြည့်နေ့မှ ကဆုန်လပြည့်နေ့တိုင်အောင် ရေတွက်လျှင်ဆယ်လအတွင်း ဝင်ခါစ၌ဖြစ်ရသောဝေဒနာဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် ထိုဝေဒနာကို သတိသမ္ပဇဉ်ဉာဏ်ဖြင့် ယှဉ်၍ သည်းခံတော်မူခဲ့သည်။

သမာပတ်ဖြင့် ရောဂါကို တားတော်မူ

"ငါသည် အလုပ်အကျွေးဒါယကာ၊ ဒါယိကာမများကို အသိမပေးဘဲ ရဟန်းသံဃာကိုလည်း ခွင့်မပန်ဘဲ ပရိနိဗ္ဗာန်စံခြင်းငှာ မလျော်၊ ထို့ကြောင့် ငါသည် ဤရောဂါကို ဝီရိယဖြင့် တွန်းလှန်၍ အသက်မသေအောင် ပြုစီမံနိုင်သော ဖလသမာပတ်ကို ဝင်စားသောအားဖြင့် ဆောက်တည်၍ နေရမူကား ကောင်းလေစွ"ဟု အကြံဖြစ်တော်မူ၏။

ထိုသို့ဖလသမာပတ်ဝင်စား၍ နေတော်မူလျှင် ထိုရောဂါသည် အနိုက်အတန့်မျှ ငြိမ်းအေးသွားလေ၏။

အရှင်အာနန္ဒာ၏ မျှော်လင့်ချက်

အရှင်အာနန္ဒာသည် မြတ်စွာဘုရား ကျန်းမာတော်မမူခြင်းကြောင့် ကိုယ်ရောစိတ်ပါဖောက်ပြန်အရပ်မျက်နှာတို့သည် မထင်ရှား၊ မြတ်ဗုဒ္ဓထံမှ နောက်ဆုံးတရားမိန့်ကြားတော်မမူသေး၊ အာစရိယမုဋ္ဌိ–တရားမျိုးရှိသေး၏။ မျှော်လင့်ချက်ဖြင့် သက်သာရာရနေသည်ဆိုပါ၏။

ဗုဒ္ဓမြတ်စွာမိန့်တော်မူ

အာနန္ဒာ ရဟန်းသံဃာများက မည်သည့်လက်ဆုပ်တရားကိုတောင်းတ၍ နေသနည်း၊ ဟောသင့်သောတရား အားလုံးအတွင်းအပ မကျန်ရအောင် ငါဟောတော်မူပြီးပြီ၊ လျှို့ဝှက်၍ချန်ထားအပ်သောအရာ လက်ဆုပ်တရားမရှိ၊ သံဃာကိုမိန့်မြွက်စရာ တရားမရှိတော့ပြီ။

ယခုအခါ ငါဘုရားသည် အရွယ်တော်ယိုယွင်း၍ အိုမင်း၍လာပြီ၊ သက်တော်ရှစ်ဆယ်အတွင်းရောက်နေသောကြောင့် နောက်ဆုံးအရွယ်သို့ရောက်ပြီ၊ အိုသောလှည်းသည် ထိုထိုနေရာ၌ ဖွဲ့ချည်တုပ်နှောင် ၍ထားမှ သွားနိုင်သကဲ့သို့ ထိုအတူ ငါဘုရား၏ ခန္ဓာကိုယ်သည် ဖလသမာပတ်တည်းဟူသော လွန်ကြိုးဖြင့် နှောင်ဖွဲ့ထားလိုက်သောအခါသာ၍ ကျန်းမာ၏။

ထို့ကြောင့်အသင်တို့သည် ဖလသမာပတ်ဖြင့် ချမ်းချမ်းသာသာနေနိုင်ဖို့ရန် မိမိကိုယ်ကိုသာလျှင် သမုဒ္ဒရာအလယ်၌မှီခိုရာ ကျွန်းသဖွယ်ဖြစ်အောင်နေကြလော့၊ တရားတည်းဟူသော ကိုးကွယ်ရာရှိအောင်နေကြလော့။ ဤသို့နေကြမှသာ အမြတ်ဆုံး ပုဂ္ဂိုလ်များဖြစ်နိုင်ကြလိမ့်မည်။

အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံရာအရပ် စဉ်းစားတော်မူ

ဗုဒ္ဓမြတ်စွာသည် ဝါကပ်တော်မူရာ ဝေဠုဝရွာငယ်မှထွက်တော်မူ၍ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ကြွတော်မူသည်။ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအားပြုသင့်သော ဝတ်ကိုပြု၍ မိမိနေရာသို့ပြန်ကြွ၊ ဖလသမာပတ်ဝင်စားပြီးနောက် ဘုရားရှင်တို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုကြလေသလား၊ အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်စံကြလေသလား၊ မိမိ၏အသက်အပိုင်းအခြားကို ကြည့်သောအခါ ၇–ရက်သာရှိတော့သည်ဟု သိရ၍ ပရိနိဗ္ဗာန်စံရာအရပ်ကို စဉ်းစားတော်မူသည်။

မယ်တော်ကြီးကို သတိရခြင်း

ထိုအခါ မယ်တော်ကြီးကို သတိရလေသည်။ အရှင်သာရိပုတ္တရာ၏ မယ်တော်ကြီးသည် ၇ ယောက်သော သားတော်၊ သမီးတော်တို့ ဘိက္ခု-ဘိက္ခုနီရဟန္တာများဖြစ်ကြသော်လည်း မယ်တော်ကြီးမှာ ဘုရား၊ တရား၊ သံဃာ့မျှမကြည်ညိုသေး၊ ဗြဟ္မာကို ဘာသာကိုးကွယ်ရာဟု အယူရှိနေ၊ ကျွတ်ထိုက်မကျွတ်ထိုက်စဉ်းစားပြန်သောအခါ ကျွတ်ထိုက်လောက်သောကောင်းမှုပါရမီ ရှိနေသည်ကိုမြင်တော်မူ၊ မိမိတရားဖြင့်ပင် တရားထူးရမည်ကို မြင်တော်မူ၍ မိမိဖွားမြင်ခဲ့ရာ တိုက်ခန်း၌ပင် ပရိနိဗ္ဗာန်စံမည်ဟု ဆုံးဖြတ်တော်မူသည်။

မှတ်ချက်။ (အရှင်သာရိပုတ္တရာ၊ အရှင်စုန္ဒ၊ အရှင်ဥပသေန၊ အရှင်ရေဝတ၊ သားတော်လေးပါးနှင့် စာလာ၊ ဥပစာလာ၊ သီသုပစာလာ၊ သမီးတော် သုံးယောက်ပေါင်း ၇-ယောက် အားလုံး ရဟန္တာများ ဖြစ်ကြသည်။)

ဗုဒ္ဓအထံ ခွင့်ပန်တော်မူ

အရှင်သာရိပုတ္တရာသည် ရဟန်းငါးရာနှင့်အတူ ဗုဒ္ဓအထံချဉ်းကပ် ပရိနိဗ္ဗာန်စံဖို့ရန်၊ ခွင့်ပြုရန် လျှောက်ထား၊ "အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံဝင်မည်နည်း" မိန့်တော်မူရာ - မဂဓတိုင်း၊ နာလကရွာဝယ် မိမိဖွားမြင်ခဲ့ရာတိုက်ခန်း၌ ပရိနိဗ္ဗာန်စံဝင်ပါမည်အကြောင်း လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာက ပရိနိဗ္ဗာန်စံရမည့်အချိန်ကို မိမိဘာသာ သိပေတော့၊ သို့ရာတွင် အသင်၏ နောင်တော် ညီတော်များဖြစ်ကြသော ရဟန်းတို့မှာ အသင်ကဲ့သို့သော ရဟန်းတစ်ပါးကို ဖူးမြင်ရဖို့ မလွယ်တော့၊ ထို့ကြောင့် ထိုနောင်တော် ညီတော်များအား ဩဝါဒတရားကို ဟောခဲ့ဦးလော့ ဟု မိန့်တော်မူသည်။

တန်ခိုးပြပြီး၍နောက်ဆုံးကန်တော့ခြင်း

အရှင်သာရိပုတ္တရာသည် ထန်းတစ်ဖျားပမာဏရှိသော အရပ်တိုင်အောင် တန်ခိုးဖြင့်တက်သွား၊ ဆင်းလာပြီး မြတ်စွာဘုရားကိုရှိခိုး၊ နောက်ထန်း ၂-ဆင့်မှ ထန်း ၇-ဆင့် ကောင်းကင်သို့ အကြိမ်ကြိမ်တက် အမျိုးမျိုးသောတန်ခိုးပြ၊ တရားဟော၊ သာဝတ္ထိတစ်မြို့လုံးစုမိကြ၊ ထန်း ၇-ဆင့်မှ သက်ဆင်း မြတ်စွာဘုရားကိုရှိခိုး "သွားချိန်တန်ပါပြီဘုရား"ဟု လျှောက်ထား၊ "ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ်အသင်္ချေထက်၌ အနောမဒဿီဘုရားခြေတော်ရင်း၌ ရှင်တော်ဘုရားကိုဖူးမြော်ရခြင်းငှာ ဆုပန်ခဲ့ပါသည်။ ထိုဆုပြည့်၍ ရှင်တော်ဘုရားကိုဖူးမြင်ခဲ့ရပါပြီ၊ ယခုအခါ ဖူးမြင်ရခြင်းကား နောက်ဆုံးဖူးမြင်ရခြင်း ပင်ဖြစ်ပါသည်။ နောက်ထပ် ရှင်တော်ဘုရားကို ဖူးမြင်ခွင့်မရတော့ပါ" လျှောက်ကာ လက်အုပ်ချီ နောက်ဆုတ် ဝတ်ချ၍သွားရာ မြေစောင့်နတ်များ လွန်စွာဝမ်းနည်းကြ၍ ကြီးစွာမြေတုန်လှုပ်ရလေသည်။

ဗုဒ္ဓမြတ်စွာ၏ အမိန့်အရ ရဟန်းများစွာ လိုက်ပို့ကြလေသည်။ ဇေတဝန်ကျောင်းမုခ်သို့ ရောက်သောအခါ "ငါ့ရှင်တို့ နေရစ်ကြလော့၊ မမေ့မလျော့ မပေါ့မဆနေရစ်တော့" ဟု မိန့်တော်မူ၍ ရဟန်းငါးရာနှင့်အတူ ဇေတဝန်ကျောင်းတော်ကြီးကို ခွဲခွါတော်မူလေသည်။

လူအများမမေ့မလျော့ကြလေနှင့်

နောက်မှငို၍လိုက်လာကြသော လူအများကိုလည်း "သင်္ခါရတရားဆိုတာ ဒီလိုဘဲ ခွဲခွါရခြင်း သဘောရှိတယ်၊ မမေ့မလျော့ သတိထား၍ တရားဖြင့်နေရစ်ကြလော့"ဟု ဩဝါဒပေး၍ ပြန်စေပြီးလျှင် လမ်းခရီး၌ ၇-ရက်ပတ်လုံး လူအများကို ချီးမြှောက်

လျက် ၇–ရက်မြောက်နေ့ ညနေချိန် နာလကရွာသို့ ရောက်သည်။

မယ်တော်ကြီးသည် မွေးဖွားရာတိုက်ခန်း ရှင်းစေသည်။ ငါးရာသောရဟန်းတို့အတွက် နေရာကိုလည်း ပြင်စေသည်။

ပရိနိဗ္ဗာန်စံဝါနီးရောဂါဖြစ်

အရှင်သာရိပုတ္တရာသည် မိမိဖွားမြင်ရာတိုက်ခန်းသို့ ဝင်တော်မူသည်။ ရဟန်းများကို မိမိတို့နေရမည့် ဌာနသို့သွားကြလော့ဟု ခွင့်ပြုပြီးမကြာမီပင် အရှင်သာရိပုတ္တရာမထေရ်မြတ်မှာ ပရိနိဗ္ဗာန်စံရလောက်အောင် ပြင်းထန်သော သွေးဝမ်းရောဂါဖြစ်တော်မူ၏။ ခွက်ဖြင့်ခံ တစ်ခွက်ထွက်သွားလျှင် တစ်ခွက်ကပ်၊ မယ်တော်ကြီးမှာ စိတ်မသက်မသာ တံခါးကိုမှီကာ ရပ်၍ကြည့်နေသည်။

နတ်ဗြဟ္မာတို့လာကြ

စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်၊ ဂိလာနပြုစုရန်နှင့် နောက်ဆုံးဖူးမျှော်ရန်လာကြ၏။ ထို့နောက် သိကြားမင်း၊ ထို့နောက်ဗြဟ္မာမင်းကြီးတို့ လာကြ၏။ ပြုစုလုပ်ကျွေးမည်သူရှိပါ၏။ ပြန်ကို့ ခွင့်ပြုလိုက်၏။

မယ်တော်ကြီးလာမေး

ရူပသာရီအမည်ရှိသော သူဌေးကတော် မယ်တော်ပုဏ္ဏေးမကြီးသည် နတ်ဗြဟ္မာတို့လာခြင်း၊ ပြန်သွားခြင်းကိုမြင်ရ၍ တိုက်ခန်းဝသို့လာပြီး၊ နတ်မင်းကြီးလေးယောက်ထက် သားတော်ကြီးကမြတ်ပါသလား၊ နောက်သိကြားမင်းထက် သားတော်ကြီးကမြတ်ပါသလား၊ မဟာဗြဟ္မာမင်းကြီးထက်ကော သားတော်ကြီးကမြတ်ပါသလား မေးလျှောက်သည်ကို ထိုပုဂ္ဂိုလ်များသည် မြတ်စွာဗုဒ္ဓ၏ ကပ္ပိယ၊ ရှင်သာမဏေအဆင့်မျှနှင့်တူပါသည် ဟုမိန့်တော်မူ၏။

သောတာပန်တည်စေခြင်း

မယ်တော်ကြီးစဉ်းစားမိသည်မှာ "ငါ့သား၏ တန်ခိုးအာနုဘော်သည် သိကြားဗြဟ္မာတို့ လာရလောက်အောင် ကြီးကျယ်နေသည်မှာ ထင်ရှားနေပြီ သားတို့ဆရာဆိုသော ဗုဒ္ဓမြတ်စွာ၏တန်ခိုးရှိန်စော် အာနုဘော်တို့မှာ မည်မျှလောက်ကြီးကျယ်လိမ့်မည်နည်း" ဟု တွေးတောစဉ်းစားနေစဉ် တစ်ကိုယ်လုံး ကြက်သီးတစ်ဖြန်းဖြန်းထလောက်အောင် ပီတိသောမနသာဖြစ်လာသည်။ ထိုအခိုက်မှာ "တရားဟောဖို့ အခါကောင်းဘဲ"ဟု ယူဆ၍ မထေရ်မြတ်က ဟောတော်မူသည်မှာ–

"မယ်တော်ကြီး ... သားတော်တို့၏ ဗုဒ္ဓမြတ်စွာဖွားတော်မူသောအခါ၊ တောထွက်တော်မူရာအခါ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားဖြစ်တော်မူရာအခါ၊ ဓမ္မစကြာတရားကို ဟောတော်မူရာအခါတို့၌ တစ်သောင်းသော လောကဓာတ် တုန်လှုပ်ပါသည်။

သီလအားဖြင့် တူသူမရှိပါ၊ သမာဓိအားဖြင့် တူသူမရှိပါ၊ ပညာအားဖြင့် တူသူမရှိပါ။ ဗုဒ္ဓမြတ်စွာသည် တစ်ထောင့်ငါးရာ ကိလေသာတို့မှ ကင်းကွာရာ၍ ဝါသနာနှင့်တကွ အငွေ့အသက်မျှ မကျန်ရအောင် ကင်းကွာတော်မူပါသည်။

ဤသို့အားဖြင့် ဗုဒ္ဓမြတ်စွာ၏ "အရဟံ သမ္မာသမ္ဗုဒ္ဓေါ" အစရှိသောဂုဏ်တော်များကို အားတော်နည်းလျက်ပင် ကျေးဇူးဆပ်သောအနေအားဖြင့် ဟောပြတော်မူလေရာ တရားတော်အဆုံး၌ မယ်တော်ကြီးသောတာပန် တည်လေသည်။

မယ်တော်ကြီး – ချစ်သား ဥပတိဿ ဘာကြောင့် ဤမျှလောက် အဖိုးတန်သော အမြိုက်ဆေးကို ဤမျှလောက်ကြာအောင် မပေးဘဲနေရသနည်း။

မထေရ်မြတ် – ဤသို့လျှောက်ထားသောအခါ မယ်တော်ကြီးအား မွေးကျေးဇူး၏တန်ဖိုးကို ပေးအပ်ပြီ၊ ဤမျှဖြင့် သင့်တော်လောက်ပြီ ဟုကြံ၍ မယ်တော်ကြီးသွားတော့ သွားတော့ဟု လွှတ်လိုက်ပြီး နန္ဒ ဘယ်အချိန်ရှိနေပြီလဲဟု မေးတော်မူသည်။

အရှင်နန္ဒ – "အရုဏ်တက်ခါနီးလောက်မိုးသောက်ချိန်ရောက်နေပါပြီ" ဟုလျှောက်သောအခါ "သံဃာတော်များစည်းဝေးပါစေ" ဟု မိန့်တော်မူပြီး၍ ထူပေးရန်မိန့်တော်မူသည်။

ပရိနိဗ္ဗာန်စံတော်မူ

ရဟန်းများရောက်လာသောအခါ "ငါ့ရှင်တို့ လေးဆယ့်လေးဝါကာလပတ်လုံး ငါနှင့်အတူလှည့်လည်ကြကုန်သော သင်တို့အား ငါ၏အပေါ်၌ မနှစ်သက်အပ်သော ကာယကံ ဝစီကံ ရှိခဲ့လျှင် သည်းခံကြပါ" ဟုမိန့်တော်မူသည်။

ရဟန်းများက "အရှင်ဘုရား ထိုကာလပတ်လုံး အရိပ်ကဲ့သို့လိုက်ပါကြသော တပည့်တော်တို့သည် မနှစ်သက်အပ်သော (နှစ်သက်ဖွယ် မကောင်းသော) ကာယကံ၊ ဝစီကံကို မတွေ့ခဲ့ရပါ။ အရှင်ဘုရားကသာ တပည့်တော်တို့အပေါ် ကာယကံ ဝစီကံကို သည်းခံတော်မူပါ" ဟု လျှောက်ကြလေသည်။

ထိုသို့ အချင်းချင်း တောင်းပန်ပြီးသောအခါ မထေရ်မြတ်သည် လက်ျာနံပါးဖြင့် လျောင်းတော်မူ သမာပတ်တို့ကို အစမှအဆုံး၊ အဆုံးမှအစ အဖန်ဖန်ဝင်စားပြီး နောက်တစ်ကြိမ် ဝင်စားရာ စတုတ္ထဈာန် ဝင်စားပြီးသောအခါ ပရိနိဗ္ဗာန်စံတော်မူသည်။ ထိုအခါ မဟာပထဝီမြေကြီးသည် ပွဲတင်ထပ်လျက် ဆတ်ဆတ်ခါအောင် တုန်လှုပ်လေသည်။

မယ်တော်ကြီး၏ ငိုကြွေးခြင်း

မယ်တော်ကြီးသည် ခြေဖဝါးတို့ကို ဆုပ်နယ်သောအခါ ပရိနိဗ္ဗာန်စံပြီးဖြစ်ကြောင်းသိရ၍ ကျယ်စွာသောအသံကိုပြုလျက် ခြေတော်၌ မျက်နှာအပ်၍ငိုကြွေးလေသည်။ ရှေးအခါက သား၏ဂုဏ်ကို မသိကြရကုန်။ ဂုဏ်ကိုသိရာ ယခုအခါ၌ကား အသင်သားတော်ကို အမှူးပြု၍ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ၊ သိန်းပေါင်းများစွာသော ရဟန်းတော်များကို ဆွမ်းကပ်ခြင်းမှာ အခွင့်မရတော့၊ သင်္ကန်းလှူခြင်းငှာ အခွင့်မရတော့၊ ကျောင်းတိုက်များ ဆောက်လုပ်လှူဒါန်းခြင်းငှာ အခွင့်မရတော့ဟု ပြောဆိုငိုကြွေးလေသည်။

သူဌေးကတော်မိခင်ကြီးကလည်းကောင်း၊ ငါးရာသောပြာသာဒ်၊ သိကြားမင်းကလည်းကောင်း ဝိသကြုံအား ငါးရာသော ပြာသာဒ်တို့ကို ဆောက်လုပ်စေသည်။

သာဓုကီဠနသဘင်

အနိစ္စသည်နှင့်စပ်သော ဂီတများကို ရွတ်ဆို၍ ပူဇော်ခြင်းကို "သာဓုကီဠန– သူတော်ကောင်းတို့၏ပျော်မွေ့ခြင်း" ဟုခေါ်၏။ မယ်တော်ကြီးသည် မြို့အလယ်၌ မဏ္ဍပ်ကြီးဆောက်လုပ်စေ၍ ပြာသာဒ်အစွဲအရံဖြင့်ထား၍ ကျင်းပစေသည်။

မီးသင်္ဂြိုဟ် ဓာတ်တော်များ သယ်လာ

၇–ရက်ပတ်လုံးကျင်းပ၊ မီးသင်္ဂြိုဟ်ရာ တရားပွဲ ညပိုင်းတွင် ကျင်းပဖြစ်၏။ အရှင်အနုရုဒ္ဓါ

မထေရ်မြတ်သည် အလုံးစုံသောနံ့သာရေဖြင့် မီးကို ငြိမ်းစေပြီး၊ ညီတော်စုနှမထေရ်က ဓာတ်တော်များ ကောက်ပုံ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်၏ သပိတ် သင်္ကန်းများကို သာဝတ္ထိမြို့သို့ယူဆောင် အရှင်စုန္ဒ ထေရ်၏ ဥပဇ္ဈာယ်ဆရာ အရှင်အာနန္ဒာထံသို့ ရှေး ဦးစွာသွား၊ မြတ်စွာဘုရားထံသို့သွားကြ၊ ဓာတ်တော် သပိတ် သင်္ကန်းများ ဆက်ကပ်ကြသည်။

ဗုဒ္ဓမြတ်စွာ၏ လက်ျာအရှင်သာရိပုတ္တရာ

ဗုဒ္ဓမြတ်စွာသည် ဓာတ်တော်ထည့်ရာ ရေ စစ်ကိုယူတော်မူ၍ လက်တော်အပြင်၌ ထားပြီးလျှင် ရဟန်းတို့ မကြာမီက တန်ခိုးပြာဋိဟာများစွာကို ပြခဲ့ပြီး ပရိနိဗ္ဗာန်စံဖို့ရန် ခွင့်တောင်းသွားသော သာရိ ပုတ္တရာ၏ ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူဖွေးသော ဓာတ်တော်တို့ ဖြစ်ပေ၏။

ဤဓာတ်တော်များ၏ အရှင်ဖြစ်သော ဤ ရဟန်းကား ကမ္ဘာတစ်သိန်းအလွန်ရှိသော တစ် သင်္ချေပတ်လုံး ပါရမီဖြည့်လာခဲ့သော ရဟန်းတည်း၊ ငါဘုရား လည်စေအပ်သော ဓမ္မစကြာကို အတုလိုက် ၍ လည်စေနိုင်သော ငါဘုရား၏လက်ျာတော်ဝယ် ဒုတိယနေရာ၌ ထိုင်နိုင်သော ရဟန်းလည်း ဖြစ်၏။

ဤရဟန်းသည် သာဝကတို့၏ အစည်း အဝေးကို ပြည့်စေနိုင်သော ရဟန်းလည်းဖြစ်၏။

ဤရဟန်းသည် ငါဘုရားကိုထား၍ တစ် သောင်းသော စကြာဝဠာရှိ ပညာအားဖြင့် အတုမရှိ သူလည်း ဖြစ်၏။

ဤရဟန်းသည် ကြီးသောပညာရှိသူလည်း ဖြစ်၏။ မြေကြီးအထုကဲ့သို့ ထုထည်ကြီးသောပညာ ရှိသူလည်းဖြစ်၏။ ရွှင်သောပညာရှိသူလည်းဖြစ်၏။ လျင်သောပညာရှိသူလည်းဖြစ်၏။ ထက်မြက်သော ပညာရှိသူလည်း ဖြစ်၏။ လောဘ ဒေါသ မောဟ အတုံးအခဲကို ပေါက်ခွဲနိုင်သော ပညာရှိသူလည်းဖြစ် သည်။

ဤရဟန်းသည် ပစ္စည်းလေးပါး၌ အလို ရမက်မကြီးသော ရဟန်းလည်း ဖြစ်၏။ ဤရဟန်း ကား တင်းတိမ်ရောင့်ရဲလွယ်သော ရဟန်းလည်းဖြစ် ၏။ အပေါင်းအဖော်တို့မှ ကင်းဆိတ်သောရဟန်း လည်းဖြစ်၏။ မသူတော်တို့ကို အပြစ်မတင်တတ်။ မကဲ့ရဲ့တတ်သောရဟန်းလည်းဖြစ်၏။ တစ်ဆက် တည်းသော ဘဝငါးရာတို့ကိုလည်းကောင်း၊ ထိုဘဝ တို့၌ ရအပ်သော စည်းစိမ်ကြီးကြီးတို့ကိုလည်း ကောင်းစွန့်၍ ရဟန်းပြုနိုင်သူလည်း ဖြစ်၏။

ဤရဟန်းသည် ငါဘုရား၏သာသနာ တော်၌ မြေကြီးအထုကဲ့သို့ သည်းခံနိုင်သူလည်းဖြစ် ၏။ ဦးချိုကျိုးသော နွားလားဥသဘကဲ့သို့ မာန်မာန မတက်ကြွသော ရဟန်းလည်းဖြစ်၏။ ဒွန်းစဏ္ဍာ၏ သားကဲ့သို့ နိမ့်ချအပ်သော စိတ်ထားရှိသူလည်းဖြစ် ၏။ ဤသို့ဂါထာ ငါးရာဖြင့် အရှင်သာရိပုတ္တရာ၏ ဂုဏ်တို့ကို မိန့်တော်မူ၍ ဓာတ်တော်တို့ကို ဌာပနာ ဖို့ရာ စေတီတော် တည်စေတော်မူသည်။

ဗုဒ္ဓရာဇဂြိုဟ်သို့ကြွတော်မူ၊ အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံ

ဗုဒ္ဓမြတ်စွာသည် အရှင်သာရိပုတ္တရာ ပရိ နိဗ္ဗာန်စံတော်မူပြီးနောက် သာဝတ္ထိမြို့မှ ရာဇဂြိုဟ် မြို့သို့ကြွတော်မူ၏။ ထိုမြို့သို့ရောက်ပြီးနောက် မကြာမီပင် အရှင်မောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံဖို့အကြောင်း အရာ ဖြစ်ပေါ်လာ၏။ တတ္ထိတို့၏ ရန်ညိုးဖြင့်(ရှေး ကံပေါင်း မယားအလိုလိုက်၍ မျက်မမြင်မိဘတို့ကို သတ်မိခဲ့သော ကံသည်) အကျိုးပေးချိန်ရောက်လာ၊ သူသတ်သမားတို့အား အသပြာငွေတစ်ထောင်ပေး၍ အရှင်မောဂ္ဂလ္လာန်ကို အသတ်ခိုင်းကြလေသည်။

ပထမအကြိမ်၊ ဒုတိယအကြိမ် ရှောင်ရှား၊ ကောင်းကင်သို့ ပျံကြွခဲ့သော်လည်း တတိယအကြိမ် ရှောင်ကွင်းခြင်းမပြုတော့ဘဲ နိုးသားငါးရာ သူသတ်သမားတို့ဝိုင်း၍ ရိုက်နှိပ် အရိုးကြေမွ သေလောက်ပြီ ထင်မှတ် ဆူးခြုံပေါ်၌ ပစ်ထားခဲ့ကြလေသည်။

အရှင် မောဂ္ဂလ္လာန် မထေရ်မြတ်သည် မြတ်စွာဘုရားကို ဖူးမျှော်ပြီးမှ ပရိနိဗ္ဗာန်စံဝင်မည်ဟု ကြံ၍ ကြေမွနေသောခန္ဓာကိုယ်ကို ဈာန်တန်ခိုးဖြင့် ရစ်ပတ်၍ ကောင်းကင်မှ မြတ်စွာဘုရားအထံတော်သို့လာပြီးလျှင် ရှိခိုးဝတ်ချ "ကာဠသီလာ" မည်သော အရပ်၌ ပရိနိဗ္ဗာန်စံပါမည့်အကြောင်း လျှောက်ထားလေသည်။

တန်ခိုးပြ၍ ပရိနိဗ္ဗာန်စံတော်မူ

မောဂ္ဂလ္လာန် ငါဘုရားအထံ၌ တရားစကားများကို ရဟန်းများ နာယူရအောင် ဟောပြောခဲ့ပါဦးလော့။

သင်ကဲ့သို့သော သာဝကကို နောက်ထပ်တွေ့ခွင့်မရှိတော့ပါ။ ဤသို့ မိန့်တော်မူသောအခါ အရှင်မောဂ္ဂလ္လာန်သည် မြတ်စွာဘုရားကို ဝပ်ချ၍ ကောင်းကင်သို့တက်ပြီးလျှင် အရှင်သာရိပုတ္တရာကဲ့သို့ပင် တန်ခိုးအမျိုးမျိုးကိုပြ၍ တရားဟောပြီး မြတ်စွာဘုရားကို ဝပ်ချ၍ ကာဠသီလာ တောအုပ်သို့ကြွပြီး တစ်ပါးတည်းပင် ပရိနိဗ္ဗာန်စံတော်မူလေသည်။ မြတ်စွာဘုရားသည် အရှင်မောဂ္ဂလ္လာန်၏ ဓာတ်တော်ကို ယူ၍ စေတီတည်ထားတော်မူခဲ့သည်။

မြတ်ဗုဒ္ဓဥက္ကစေလသို့ကြွတော်မူ

အရှင်သာရိပုတ္တရာသည် တန်ဆောင်မုန်းလပြည့်နေ့၌ ပရိနိဗ္ဗာန်စံတော်မူ၏။ အရှင်မောဂ္ဂလ္လာန်သည် ထို့နောက် ၁၅-ရက်သာကွာ၍တန်ဆောင်မုန်းလကွယ်နေ့၌ ပရိနိဗ္ဗာန်စံတော်မူခဲ့၏။

ဗုဒ္ဓမြတ်စွာသည် အဂ္ဂသာဝကကြီးနှစ်ပါး ပရိနိဗ္ဗာန် စံတော်မူပြီးနောက် များစွာသော ရဟန်းအပေါင်းခြံရံလျက် ဥက္ကစေလမြို့သို့ကြွရောက်၊ ဂင်္ဂါမြစ်ဘေးဝယ် ငွေပြားအဆင်းနှင့်တူသော သဲသောင်ပြင်၌ သီတင်းသုံးတော်မူပြီး ရဟန်းအပေါင်းတို့အား မိန့်တော်မူသည်မှာ -

အဂ္ဂသာဝကကြီးနှစ်ပါးသည် ဘုရားမြတ်စွာ၏ကိုယ်တော်စား စိတ်ချရပုံ၊ အတိတ်ကာလ ပွင့်တော်မူကြသော မြတ်စွာဘုရားတို့၏ သာဝကတို့သည် ယခုအခါ ငါဘုရား၏ အဂ္ဂသာဝကနှစ်ပါးနှင့် အလားတူသာဖြစ်ကြ၏။။ နောက်ပွင့်ကြမည့် ဘုရားမြတ်စွာ၏အဂ္ဂသာဝကအစုံသည်လည်း အလားတူသာ ဖြစ်ကြလိမ့်မည်။ (ဂုဏ်အားဖြင့် သာလွန်ခြင်း မရှိကြဟုလို)

ရဟန်းတို့ ထိုသာဝကကြီးတို့သည် ငါဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်ကြံကြသည်မှာ အံ့ဩလောက်ပါပေ၏။ သာဝကအစုံသည် ပရိသတ်လေးပါးတို့ချစ်အပ်၊ မြတ်နိုးအပ်၊ အလေးအမြတ်ပြုအပ်သည်မှာ အံ့ဩလောက်ပါပေ၏။

ဤမျှလောက် ကြီးကျယ်သော အဂ္ဂသာဝက အစုံ ပရိနိဗ္ဗာန် စံပါသော်လည်း ငါဘုရားမှာ ဆောကပရိဒေဝအဖြစ်ပါ။

ရဟန်းတို့- "ဖြစ်သော အရာဝတ္ထုမှန်သမျှသည် ပျက်မြဲသာလျှင် ဖြစ်၏။ မပျက်ပါစေနှင့်ဟု" အဘယ်မှာ တောင့်တ၍ ရနိုင်ပါအံ့နည်း၊ တောင့်တ၍ မရနိုင်ပါ။

တရားတည်းဟူသော ကိုးကွယ်ရာရှိအောင် နေကြကုန်လော့။

ရဟန်းတို့- ကြီးစွာသော အနှစ်သာရနှင့် ပြည့်စုံသော သစ်ပင်ကြီး၏ ခက်မတို့သည် ကျိုးကုန်သကဲ့သို့ ဤအတူပင် ရဟန်းအပေါင်း၏ ခက်မနှင့်တူသော သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ ပရိနိဗ္ဗာန်စံကြလေကုန်ပြီ၊ ဖြစ်လျှင် ပျက်မြဲသာတည်း၊ ထို့ကြောင့် အသင်တို့သည် မိမိကိုယ်ကို သမုဒ္ဒရာအလယ်က ကျွန်းနှင့်တူအောင် နေကြကုန်လော့။ တရားတည်းဟူသော ကိုးကွယ်ရာရှိအောင် နေကြကုန်လော့။

ရဟန်းတို့-

ရဟန်းသည် ◆ ကာယာနုပဿနာ ဘာဝနာကိုပွားများ၍သော်လည်း နေလေ့ရှိရာ၏။

◆ ဝေဒနာနုပဿနာ ဘာဝနာကိုပွားများ၍သော်လည်း နေလေ့ရှိရာ၏။

◆ စိတ္တာနုပဿနာ ဘာဝနာကိုပွားများ၍သော်လည်း နေလေ့ရှိရာ၏။

◆ ဓမ္မာနုပဿနာ ဘာဝနာကိုပွားများ၍သော်လည်း နေလေ့ရှိရာ၏။

ဤသို့ပွားများနေလျှင် အလွန်လိုချင်မက်မောခြင်း ဟူသော အဘိဇ္ဈာကိုလည်းကောင်း၊ စိတ်ဆင်းရဲခြင်းဟူသော ဒေါမနဿကိုလည်းကောင်း ပယ်ပျောက်နိုင်သည် ဤသို့ မိန့်တော်မူ၏။

သုံးလလွန်လျှင် ပရိနိဗ္ဗာန်စံလိမ့်မည်

မြတ်စွာဗုဒ္ဓ သုံးလလွန်လျှင် ပရိနိဗ္ဗာန်စံဝင်တော့မည် ဆိုသောအခါ အရှင်အာနန္ဒာသည် လူအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ သနားစောင့်ရှောက်တော်မူခြင်းငှာ၊ မဂ်ဖိုလ်ရခြင်းငှာ၊ အာယုကပ်ပတ်လုံးတည်နေတော်မူပါဟု လျှောက်၏။ အာနန္ဒာ "ငါဘုရားအား အာယုကပ်ပတ်လုံးတည် နေတော်မူပါဘုရား"ဟု ရှေးယခင်က သင် မတောင်းပန်ခဲ့၊ သင်တောင်းပန်ခဲ့လျှင် သုံးကြိမ်မြောက်၌ လက်ခံမည် သာ၊ ထိုအခါက တောင်းပန်ခြင်းမပြုခဲ့သည်မှာ သင်၏ ချို့ယွင်းချက်သာဖြစ်၏။

အလုံးစုံသော ချစ်အပ်၊ မြတ်နိုးအပ်သူတို့နှင့် အမျိုးမျိုးကွဲကွာ၍ ဖြစ်ရခြင်းသည် ရုပ်နာမ်ခန္ဓာတို့၏ သဘောပင်ဖြစ်၏။ မကွဲမကွာအောင် တောင့်တ၍ မရနိုင်၊ ဖြစ်ခြင်းသဘောရှိသော ရုပ်နာမ်ခန္ဓာဟူသမျှသည် (ငါဘုရား၏ခန္ဓာပင် ဖြစ်စေကာမူ) မပျက်ပါစေနှင့်ဟု တောင်းတ၍ မရနိုင်၊ အာနန္ဒာ- "အသက်ဇီဝိတကို ပြုပြင်နိုင်သော ဖလသမာပတ်ကို သုံးလလွန်လျှင် မဝင်စားတော့အံ့"ဟုစွန့်လွှတ်တော်မူအပ်ပြီ၊ သုံးလလွန်လျှင် ပရိနိဗ္ဗာန်စံလိမ့်မည် ဟူသောစကားကို အမှန်ပင် ပြောဆိုအပ်ပြီ၊ ထိုစကားကို ငါဘုရားသည် အသက်ဟူသောအကြောင်းကြောင့်သော်လည်း ပယ်ဖျက်တော့မည်မဟုတ်။

ဝေသာလီ မဟာဝုန်တော၌ တရားဟောတော်မူ

ဗုဒ္ဓမြတ်စွာသည် ဝေသာလီမြို့ ကူဋာဂါရသာလာ မဟာဝုန်တော၌ ရဟန်းများကိုစည်းဝေးစေပြီး ငါဘုရားသည် အကြောင်းတရားတို့ကို ထူးသော ဉာဏ်ဖြင့်သိ၍ ဟောတော်မူအပ်ခဲ့ပြီ၊ အသင်တို့သည် ကောင်းစွာသင်ယူ၍ မှီဝဲထိုက်ကုန်၏။ မိမိသန္တာန်၌ဖြစ်စေထိုက်ကုန်၏။ အကြိမ်များစွာ အလေ့အလာ ပြုထိုက်ကုန်၏။ ယင်းသို့ အလေ့အလာ ပြုလျှင် ဤမြတ်သော အကျင့်ဖြစ်သော သာသနာတော်သည် တာရှည်တည်တံ့နိုင်စရာရှိ၏။

အဘယ်တရားများပါနည်း

သတိပဋ္ဌာန်တရား ၄-ပါး၊ သမ္မပ္ပဓာန်တရား ၄-ပါး၊ ဣဒ္ဓိပါဒ် တရား ၄-ပါး၊ ဣန္ဒြေတရား ၅-ပါး၊ ဗိုလ်တရား ၅-ပါး၊ ဗောဇ္ဈင်တရား ၇-ပါး၊ မဂ္ဂင်တရား ၈-ပါး၊ အားလုံးပေါင်းသော် ဗောဓိပက္ခိယတရား ၃၇-ပါးတို့ဖြစ်ကြသည်။ ထို့နောက် ရဟန်းတို့ကို သိစေတော်မူသည်မှာ ရုပ်နာမ်နှစ်ဝ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။ မမေ့မလျော့သော သတိတရားဖြင့် မိမိတို့၏ သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော သိက္ခာကို ပြီးစီးအောင် ကြိုးစားကြလော့။ မကြာမီ ငါဘုရား၏ ပရိနိဗ္ဗာန်စံခြင်းသည် ဖြစ်လိမ့်မည်။

ရဟန်းတို့- ငါဘုရား၏အရွယ်တော်သည် ကြီးရင့်တော်မူပြီ၊ ငါဘုရား၏ အသက် ဇီဝိတိန္ဒြေသည် အနည်းငယ်သာ ကျန်တော့သည်။ အသင်တို့ကို စွန့်ခွါ၍ သွားရတော့မည်။ ငါဘုရားအတွက် မိမိ၏ကိုးကွယ်ရာကိုပြုပြီးပြီ။

သင်တို့သည် မမေ့မလျော့ မပေါ့မဆဘဲ အရာရာ၌ သတိထားလျက် စင်ကြယ်သော သီလရှိအောင် နေကြကုန်လော့၊ သမာဓိတရားကောင်းစွာထား၍ ကောင်းသောအကြံရှိသူများဖြစ်ကြလော့။ မိမိစိတ်ကို သတိထား၍ စောင့်ရှောက်ကြလော့။

မမေ့မလျော့နေရစ်သူသည် ပဋိသန္ဓေနေရသော သံသရာကြီးကို ပယ်စွန့်၍ ဒုက္ခအားလုံး၏ ကုန်ဆုံးဖို့ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လိမ့်မည်ဟု မိန့်တော်မူသည်။

ဝေသာလီမြို့ကို နောက်ဆုံးကြည့်တော်မူ

ဗုဒ္ဓမြတ်စွာသည် ဝေသာလီမြို့သို့ ဆွမ်းခံဝင်တော်မူပြီး၍ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ဝေသာလီမြို့မှထွက်တော်မူခါနီးဝယ် မြို့တံခါးပေါက်၌ ရပ်တော်မူ၍ ဝေသာလီမြို့သို့ ကြည့်တော်မူလိုသောအခါ (ဆင်တို့သည် နောက်ကို ကြည့်လိုသောအခါ တစ်ကိုယ်လုံး လှည့်၍ ကြည့်ရသကဲ့သို့) ဗုဒ္ဓမြတ်စွာ၏အရိုးဆက်တို့သည် ကွင်းဆက်ဖြစ်ရကား ဦးခေါင်းတော်ချည်း လှည့်ကြည့်၍မဖြစ်၊ ကိုယ်တော်ပါလှည့်၍ ကြည့်ရတော့မည်၊ ထိုသို့ မလှည့်ရအောင် ဝေသာလီမြို့သည် မြတ်စွာဘုရားရပ်တော်မူရာ ရှေ့မှောက်သို့လည်၍ ရောက်ရလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ဝေသာလီမြို့ကို ကြည့်တော်မူ၍-

အာနန္ဒာ ဤကြည့်ခြင်းသည် "နောက်ဆုံးကြည့်ခြင်း ဖြစ်လိမ့်မည်"ဟု မိန့်တော်မူသည်။

ထိုးထွင်း၍မသိခြင်းကြောင့် သံသရာရှည်ခဲ့ရ

ထိုမှခရီးဆက်၍ ဘဏ္ဍရွာသို့ရောက်တော်မူသောအခါ ရဟန်းတို့ကို တရားဟောတော်မူသည်။

လေးပါးသောသစ္စာတရားတို့ကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဗိုလ်တို့ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤမျှလောက်ရှည်လျားသော သံသရာကာလပတ်လုံး ငါဘုရားသည်လည်းကောင်း၊ အသင်တို့သည်လည်းကောင်း တစ်ဘဝမှတစ်ဘဝသို့ပြေးသွားရခြင်း၊ ဘဝတစ်ရပ်၌ပင် အထပ်ထပ်လည်ရခြင်း ဖြစ်ခဲ့ရပြီ။

အဘယ်လေးပါးတို့နည်း-

(၁) အရိယာအဖြစ်ကိုပြုတတ်သော သီလကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဗိုလ်တို့ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့်-

(၂) အရိယာအဖြစ်ကိုပြုတတ်သော သမာဓိကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဗိုလ်တို့ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့်-

(၃) အရိယာအဖြစ်ကို ပြုတတ်သော ပညာကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့်–

(၄) အရိယာအဖြစ်ကိုပြုတတ်သော ဝိမုတ္တိကို မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် မသိခြင်း၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍မသိခြင်းကြောင့် ဤမျှလောက်ရှည်လျားသော သံသရာကာလပတ်လုံး ငါဘုရားသည်လည်းကောင်း၊ အသင်တို့သည်လည်းကောင်း၊ တစ်ဘဝမှတစ်ဘဝသို့ ပြေးသွားရခြင်း၊ ဘဝတစ်ရပ်၌ပင် အထပ်ထပ်လည်ရခြင်း ဖြစ်ခဲ့ပြီ။

ယခုအခါ ငါဘုရားသည် အရိယာအဖြစ်ကို ပြုတတ်သော သီလကိုလည်းကောင်း၊ သမာဓိကိုလည်းကောင်း ပညာကိုလည်းကောင်း၊ ဝိမုတ္တိကိုလည်းကောင်း၊ မဂ်အားလျော်စွာ ဝိပဿနာဉာဏ်ဖြင့် သိအပ်ပြီ၊ မဂ်ဖိုလ်တို့ဖြင့် ထိုးထွင်း၍သိအပ်ပြီ။ ဘဝကို တက်မက်တတ်သော တဏှာကို အကြွင်းမဲ့ ပြတ်အပ်ပြီ။ ဘဝသို့ဆောင်တတ်သော တဏှာတည်း ဟူသောကြိုးသည် ကုန်ခန်းလေပြီ၊ ယခုအခါ၌ ငါဘုရားမှာ နောက်ထပ် ဘဝမရှိတော့ပြီ ဟူ၍ မိန့်တော်မူသည်။

မဟာပဒေသ ၄–ပါး တရားတော်ဟောကြား

ဗုဒ္ဓမြတ်စွာသည် ကဏ္ဍုရွာမှ ဟတ္ထိရွာသို့လည်းကောင်း၊ အမ္ဗရွာသို့လည်းကောင်း၊ ဇမ္ဗုရွာသို့လည်းကောင်း၊ ဘောဂမြို့သို့လည်းကောင်း ကြွတော်မူပြီး မဟာပဒေသ ၄–ပါးတရားတော်များကို ဟောကြားတော်မူသည်။ (အကျယ်မရေးတော့ပြီ)

မဟာပဒေသလေးပါးကို ဟောတော်မူခြင်း၌ လိုရင်းကား မည်သူ့အထံမှ ကြားရသည်ဟုပြောဆိုသည်ဖြစ်စေ၊ သုတ္တန်ပါဠိတော်နှင့်ညီမှသာ သို့မဟုတ် ဝိနည်း၌ အထင်အရှားရှိမှသာ လက်ခံရမည်ဟု မိန့်တော်မူလိုရင်း ဖြစ်သည်။

(မဟာ = ကျယ်ဝန်းသော + ပဒေသာ = တရားတော်၏ တည်ရာ)

ဝမ်းတော်လားခြင်း

ပန်းထိမ်သည်၏သားဖြစ်သော စုန္ဒ၏ဆွမ်း (သူကရမဒ္ဒဝ) ကို ဘုဉ်းပေးတော်မူပြီးသောအခါ မြတ်စွာဘုရားမှာ သွေးဝမ်းသွန်သောရောဂါ ဖြစ်၏။ သို့သော် သူကရမဒ္ဒဝကို ဘုဉ်းပေးသောကြောင့် မဟုတ်ပါ။ ဆေးဆရာဘဝဖြစ်တုန်းက ဝမ်းကျဆေးကို သူဌေးအားလိမ်၍ ပေးဖူးသော အကုသိုလ်ကံ တည်းဟူသော ကမ္မဝဋ်ပါလာသောကြောင့် ဖြစ်ပါသည်။

ဆောင်ပုဒ် – *ပြစ်ထသမား၊ သူဌေးသားကို၊ ဝမ်းလာအောင်၊ ဆေးလိမ်တိုက်ပေးလို့၊ ဝမ်းသွေးသွန်ဘိ။*

ဗုဒ္ဓမြတ်စွာဘုရားသည် ခရီးအဆင့်ဆင့်ကို ကြွလှမ်းတော်မူခဲ့ပြီး ကုသိနာရုံသို့ ကြွတော်မူခြင်းကိုသာ ဖော်ပြပါတော့မည်။

ကုသိနာရုံသို့ကြွတော်မူခြင်း

ဗုဒ္ဓမြတ်စွာသည် ဟိရညဝတီမြစ်၏ ဟိုမှာဖက်ကမ်း၌တည်ရှိသော ကုသိနာရုံမြို့၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွတော်မူသည်။ မရေမတွက်နိုင်သော သံဃာများစွာနှင့် အတူ ကြွတော်မူသည်။ (ဘုရားပရိနိဗ္ဗာန်စံတော်မူခါနီးပြီဟု ကြားရသောကြောင့် ဘုရားထံရောက်လာပြီးသော ရဟန်းတော်များသည် မပြန်ကြတော့ဘဲ ထပ်၍ထပ်၍ ရောက်လာကြသောကြောင့် အရေအတွက်ကို မပြတော့ဘဲ များစွာသောရဟန်းတော်တို့နှင့်အတူ ဟူသာ ပါဠိတော်၌ ဆိုထားသည်။)

မြောက်သို့ဦးခေါင်းတည်

မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်၊ အင်ကြင်းပင် နှစ်ပင်တို့အကြား မြောက်ဘက်သို့ဦးခေါင်းထား၍ ညောင်စောင်းငယ်ကို ခင်းစေပြီး လက်ျာနံပါးဖြင့် စောင်းတော်မူ၍ လက်ျာခြေပေါ်ဝယ် လက်ဝဲခြေကို တင်တော်မူပြီးလျှင် သတိသမ္ပဇဉ်ဉာဏ်ဖြင့် ယှဉ်၍ မြတ်သောလျောင်းတော်မူခြင်းကို ပြုတော်မူပါသည်။ (နှစ်ထပ်သကၤန်းကြီးမှတစ်ပါး အခြား အခင်းမရှိ၊ ခေါင်းအုံးမရှိ၊ ထိုနေရာ၌ပင် သာမန်ပုဂ္ဂိုလ်တို့လည်း လျောင်းသည့်အနေအထားဖြင့် လက်တော်ကို ခေါင်းအုံး၍ လျောင်းတော်မူဟန်ရှိသည်ဟု မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ စာ–၁၄၁ ၌မိန့်ဆိုထားပါသည်။)

သံဝေဂဖြစ်ဖွယ်

ပါဝါမြို့နှင့် ကုသိနာရုံမြို့သည် သုံးဂါဝုတ်မျှသာ ဝေး၏။ ထိုခရီးဝယ် ဗုဒ္ဓမြတ်စွာသည် နှစ်ဆယ့်ငါးဌာန၌ နား၍နား၍ ကြီးစွာသော အားထုတ်ခြင်းဖြင့် ကြွတော်မူပါသော်လည်း နေဝင်ခါနီးမှ အင်ကြင်းဥယျာဉ်သို့ရောက်သည်။ ထို့ကြောင့် ရောက်တော်မူလျှင် ကြားရသူတို့ သံဝေဂဖြစ်ဖွယ်ရာ "အာနန္ဒာ ပင်ပန်းတော်မူသည် လျောင်းဦးမည်" ဟု မိန့်တော်မူပါသည်။

မေးဖွယ်။ ဗုဒ္ဓမြတ်စွာသည် ဤကုသိနာရုံမြို့သို့ရောက်အောင် အဘယ်ကြောင့် ကြိုးကြိုးစားစားကြွတော်မူရပါသနည်း ဟုမေးဖွယ်ရှိပါ၏။

ရည်ရွယ်ချက်သုံးမျိုး

"ဤမြို့ကလေးဝယ် ပရိနိဗ္ဗာန်စံတော်မမူသင့်ပါ" ဟု အရှင်အာနန္ဒာကလျှောက်သောအခါ မဟာသုဒဿနသုတ်ကို ဟောတော်မူဖို့ရန် အခွင့်ပေါ်လာလိမ့်မည်။

ထိုအခါ ကဿပမြတ်စွာဘုရား သာသနာတော်ဝယ် (ဘုရားပရိနိဗ္ဗာန်စံပြီးနောက်၌)

(၁)သူတော်ကောင်း၊ ရဟန်းတော်အား သစ်ရွက်ကျောင်းကို ဆောက်၍လှူခြင်း၊ ရေကန်တူးခြင်း၊ ရဟန်းအသုံးအဆောင်မှန်သမျှ အလုံးစုံကို လှူဒါန်းခြင်း ဟူသော ကောင်းမှုကို ပြုခဲ့သောကြောင့် လူ့ဘဝ၌ပင် နတ်စည်းစိမ်ကဲ့သို့ ကြီးကျယ်သော စကြာမင်းစည်းစိမ်ကို ဤကုသိနာရုံမြို့၌ ရခဲ့ဖူး၏ ဟုဟောတော်မူသည်ကို ကြားနာရသူတို့သည် ကောင်းမှုအနည်းငယ်မျှဖြင့် ကြီးကျယ်သောစည်းစိမ်ကို ရနိုင်ကြောင်းသိ၍ ကောင်းမှုပြုကြစေလိုသော ရည်ရွယ်တော်မူခြင်း တစ်ပါး။

(၂)ဤကုသိနာရုံမြို့၌နေသော သုဘဒ္ဒပရိဗိုဇ်ကို နောက်ဆုံးသာဝကအဖြစ်သို့ရောက်အောင် ချွတ်ဖို့ရန် ရည်ရွယ်တော်မူခြင်း တစ်ပါး။

(၃)ဓာတ်တော်ဝေသောအခါ ဓာတ်တော်ရဖို့ရန် မင်းအပေါင်းတို့လာကြရာဝယ် ဝေပေးမည့်သူမရှိလျှင် သွေးချောင်းစီးစရာရှိသောကြောင့် ဓာတ်တော်ဝေပေးမည့် ဒေါဏပုဏ္ဏားက ဤနေရာ၌သာ ရှိနိုင်ခြင်း တစ်ပါး။

ဤအကြောင်းသုံးပါးကြောင့် ဗုဒ္ဓမြတ်စွာသည် အပင်ပန်းခံလျက် ကုသိနာရုံမြို့သို့ရောက်အောင်ကြွတော်မူခဲ့ရပါသည်။

သံဝေဂယူဖို့ရာလေးဌာန(သံဝေဇနီယလေးဌာန)

ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်မှာ ရှေးက ဘုရားအထံသို့ကြွလာလေ့ရှိကြသော ဖူးမြင်ရရုံဖြင့် စိတ်ကိုတိုးပွားစေနိုင်ကြ၊ စိတ်နေစိတ်ထားကြီးမားစေနိုင်ကြသော ရဟန်းတော်တို့သည် ကြွလာကြ

တော့မည် မဟုတ်ဟု တွေး၍ ဝမ်းနည်းစကားကို လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားသည် သံဝေဇနီယ ဌာနလေးဌာနကို မိန့်တော်မူ၏။ ထိုလေးဌာနကား

(၁)ဘုရားဖွားတော်မူရာဌာန – ယခုအခါ နီပေါနှင့် အိန္ဒိယပြည် နယ်စပ်အနီး နီပေါပြည် လုမ္ဗိနီ ဥယျာဉ်၊

(၂)ဘုရားဖြစ်တော်မူရာဌာန – ယခုအခါ ဘီဟာ နယ်၊ ဂယာမြို့တောင်ဘက် ခြောက်မိုင်အကွာ ဗုဒ္ဓဂယာဟု ထင်ရှားသောအရပ်၊ ထိုအရပ်၌ သဗ္ဗညုတ ဉာဏ်တော်ရ၍ ဘုရားဖြစ်တော်မူခဲ့၏။

(၃)ဓမ္မစကြာဟောတော်မူရာဌာန– ယခုအခါ အိန္ဒိယပြည်၊ ဗာရာဏသီမြို့၊ ဘူတာရုံမှ ခြောက်မိုင် အကွာတွင်တည်ရှိသော မိဂဒါဝုန်၌ ဓမ္မစကြာတရား ဦး ဟောတော်မူရာဌာနဖြစ်သည်။

(၄)ပရိနိဗ္ဗာန်စံတော်မူရာဌာန – ယခုအခါ ဥတ္တရပရာဒက်ရှ်ပြည်နယ် ဂိုရပ်စ်ပူရ်မြို့နှင့် ၃၂–မိုင် အကွာတွင် တည်ရှိသော ကုသိနာရုံမြို့၌ မလ္လာမင်း တို့၏ အင်ကြင်းဥယျာဉ်ဟု ထင်ရှားသောဌာန ဖြစ်၏။ ထိုအရပ်၌ ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံတော်မူ၏။

ထိုလေးဌာနသို့ သဒ္ဓါတရားကောင်းသော အမျိုးသားတို့ သံဝေဂယူရာဌာနများဖြစ်ကြလိမ့်မည်။ ထိုဌာနများကိုကြည့်၍ သံဝေဂယူဖို့ရာ ထိုသူတော် ကောင်းများလာကြလိမ့်မည်။

အာနန္ဒာ ထိုနေရာများသို့လာ၍ စေ့စေ့ငငကြည့်ရှုပြီးလျှင် ဤနေရာ၊ ဤဌာနများ၌ ငါတို့ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာသည် ဤနေရာ၌ ဖွားမြင် တော်မူခဲ့၏၊ "ဤနေရာ၌ကား ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့၏။ ဤနေရာ၌ကား ဓမ္မစကြာတရား ကို ဟောတော်မူခဲ့၏။ ဤနေရာ၌ကား ပရိနိဗ္ဗာန်စံ တော်မူခဲ့၏။ ယခုအခါ ထိုဗုဒ္ဓမြတ်စွာကို မဖူးမမြင် ရတော့ပါတကား" ဟု သံဝေဂယူရင်း နှလုံးသွင်းကာ တရာထူးရနိုင်မည့် သူတော်ကောင်းရဟန်းများ လာ ကြလိမ့်မည်။ ထိုအခါ စိတ်ကို တိုးပွားစေနိုင်သော ရဟန်းကောင်းများကို ဖူးမြင်ရလိမ့်မည် ဟုမိန့်တော်မူ ခဲ့ပါသည်။

စေတီတော်ကို ဖူးမြင်ရခြင်းအကျိုး

အာနန္ဒာ – ပြအပ်ခဲ့ပြီးသော လေးဌာနတို့၌တည်အပ်သော စေတီတော်ကိုဖြစ်စေ၊ (ဓာတ်တော် ဌာပနာရာ အခြားစေတီတော်ကိုဖြစ်စေ) ဖူးမြင်ဖို့ရန် ထက်သန်သော သဒ္ဓါတရားရှိကြသော ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမ တို့သည်ပြဆို ခဲ့ပြီးသော ထိုထိုဌာနများသို့မရောက်မီ လမ်းခရီး အကြား၌ပင် ကြည်ညိုသော သဒ္ဓါစိတ်ဖြင့် ကွယ်လွန် ကြသည်ရှိသော် သုဂတိဘဝ နတ်ပြည်လောကသို့ ရောက်ကြရလိမ့်မည်။

မှတ်ချက်။ ။ ပါဠိတော်၌ "ယေကေစိ အာနန္ဒာ . . . စေတိယ စာရိကံ အာဟိဏ္ဍန္တာ ပသန္န စိတ္တာ" အစရှိသော ပါဠိတော်၌ "ပသန္နစိတ္တာ" ပုဒ်ကို အထူးသတိပြုပါ။ စေတီတော်ကို ဖူးမျှော်ဖို့ရန် သွားတုန်းကပင် ပသန္နစိတ်(ကြည်ညိုသောစိတ်) ဖြင့် သွား၍ မတော်တဆလမ်းခရီးမှာ သေသော်လည်း "ဘုရားကိုကြည်ညိုသောစိတ်ဖြင့် သေသူအတွက် သုဂတိနတ်ပြည်သို့ရောက်ရပါလိမ့်မည်"ဟုဆိုပါ သည်။ သွားတုန်းက အပျော်ခရီးထွက်၍ ပျော်ရင်း ပါးရင်း သေသူတို့အတွက်ကား သူတို့စိတ်အား လျော်စွာရောက်သင့်ရာ ရောက်ကြပါလိမ့်မည် မိန့်ဆို ထားပါသည်။ (မဟာဂန္ဓာရုံ၊ နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ)

စေတီတည်ထိုက်သော ပုဂ္ဂိုလ်လေးမျိုး

လောက၌ စေတီတည်၍ ကိုးကွယ်ထိုက် သည့် ပုဂ္ဂိုလ်လေးမျိုးရှိ၏။ (၁) ဗုဒ္ဓမြတ်စွာ၊ (၂)

ပဉ္စဝဂ္ဂီ (၃) အရိယာဖြစ်ပြီးသော ဗုဒ္ဓမြတ်စွာ၏ အရိယာသာဝက (၄) ကြောင်း စသည်တို့ဖြစ်သည်။

မှတ်ချက်။ ။ (၁) –ကြောင်းသည် လေးကျွန်းလုံးကို တရားသဖြင့်အုပ်စိုး၍ လူအများကို ငါးပါးသီလကျင့်ဖို့ ရန်တိုက်တွန်းသော မင်းကောင်းမင်းမြတ်ဖြစ်၏။ ထို့ကြောင့်ပင် အသက်ရှင်တုန်းက လူအများ၏ အကြည်အညိုကိုခံရ၏။ ကွယ်လွန်သောအခါ၌လည်း စေတီတည်ထားလျှင် ထိုမင်း၏ အဆုံးအမကို သတိရ၍ လိုက်နာနေထိုင်သူတိုင်းကို သုဂတိဘဝသို့ ရောက်စေနိုင်သည်။ ထို့ကြောင့် ကြောင်းလည်း စေတီတည်၍ ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ် အမျိုးအစားတွင် ပါဝင်နိုင်ပါသည်။

–မဟာဂန္ဓာရုံ၏ (နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ စာ–၁၅၄)

မှတ်ချက်။ ။(၂) –သီလရှိသောရဟန်းတော်ဖြစ်လျှင် ပရိနိဗ္ဗာန်စံသော ရဟန္တာကဲ့သို့ ကြီးကျယ်စွာ ပူဇော်သင့်၏ဟု အဋ္ဌကထာ၌ မိန့်တော်မူပါသည်။

အရှင်အာနန္ဒာ၌ ပြင်းစွာသောကဖြစ်ခြင်း

အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏အနီး၌စဉ်းစားမိသည်မှာ ဗုဒ္ဓမြတ်စွာသည် သံဝေဂဖြစ်စရာ လေးဌာနကိုလည်း ဟောတော်မူပြီးပြီ၊ စေတီတော်ကို ဖူးမြင်ရခြင်းအကျိုးများကိုလည်း ဟောတော်မူပြီးပြီ၊ ကိုယ်တော်မြတ်၏ အလောင်းတော်၌ပြုကျင့်ရမည့်ကိစ္စများကိုလည်း မိန့်ကြားပြီးပြီ၊ စေတီတည်၍ ကိုးကွယ်ထိုက်သောပုဂ္ဂိုလ်လေးမျိုးကိုလည်း မိန့်တော်မူပြီးပြီ၊ ဗုဒ္ဓမြတ်စွာသည် ကေန်မုချ ယနေ့ ပရိနိဗ္ဗာန်စံတော်မူတော့မည်။ ဤသို့စဉ်းစားရင်း စဉ်းစားရင်း ကြီးကျယ်စွာဝမ်းနည်းမှု သောကဖြစ်လာလေသည်။

ငိုရမှ သောကအေး

ထိုသို့ သောကဖြစ်လျှင် ငိုလိုက်ရမှသောကသက်သာ၏။ မငိုရလျှင် ရင်ထဲ၌ ဆို့နေသောကြောင့် သာ၍နေရခက်နေ၏။ မြတ်စွာဘုရား၏ ရှေ့တော်၌ ငိုခြင်းဟာ မသင့်တော်၊ ဤသို့စဉ်းစား၍ အနီးအပါး၌ရှိသော တန်ဆောင်းဝန်းသို့သွားပြီး တံခါးရွက်တိုင်ကို ကိုင်၍ ငိုကျက်စဉ်းစားပြန်သည်။ ငါသည် သောတာပန်သာဖြစ်၍ အထက်မဂ်အကျိုးဟာ ပြုစရာကိစ္စရှိသေး၏။ ငါ့ကို သနားစောင့်ရှောက်ချီးမြှောက်တော်မူသော နောင်တော်ဘုရားလည်း ပရိနိဗ္ဗာန်စံတော့မည်။ ဤသို့တွေးကာတွေးကာ သာ၍သာ၍ သောကဖြစ်နေရှာလေသည်။

အရှင်အာနန္ဒာ၏ သောကကို ဖြေတော်မူ

ဗုဒ္ဓမြတ်စွာသည် သံဃာ့အလယ်၌ အရှင်အာနန္ဒာကို မြင်တော်မမူသောကြောင့် မေးတော်မူ၏။ တန်ဆောင်းဝန်းသို့သွား၍ တံခါးတိုင်ကို ကိုင်လျက် ငိုနေပါသည်ဟုလျှောက်ကြသည်။ ထိုအခါ မြတ်စွာဘုရားကခေါ်တော်မူ၍ မိန့်တော်မူသည်မှာ –

အာနန္ဒာ – ဝမ်းမနည်းနှင့် မငိုကြွေးနှင့်၊ စောစောကပင် အလုံးစုံချစ်အပ်သူတို့နှင့် ကွဲရမည့်အကြောင်း"ဖြစ်သောအရာဟူသမျှ ပျက်ခြင်းသဘောရှိကြောင်း" ငါဘုရားကိုယ်တော်ပင် ဖြစ်သော်လည်း "မပျက်ပါစေနှင့်" ဟုတောင်းတ၍ မရကြောင်းကို မိန့်တော်မူခဲ့ပြီ။

အာနန္ဒာ – သင်သည် ငါဘုရားကို ကြီးမားသော မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံဖြင့် ပြုစုလုပ်ကျွေးခဲ့ပြီ၊ သင်သည် ရဟန္တာဖြစ်လောက်အောင် ကုသိုလ်ကောင်းမှု ပြုခဲ့ပြီ။

ကမ္ဘာ့ဒွန်းကိုအားထုတ်ရစ်လော့၊ ကမ္ဘာ့ဒွန်းကို အားထုတ်လျှင် လျင်မြန်စွာပင် အာသဝေါကင်း

ကွာ ရဟန္တာဖြစ်ရစ်လိမ့်မည်၊ ဤသို့ မိန့်တော်မူ၍ သောကကို သက်သာစေတော်မူသည်။

အရှင်အာနန္ဒာ၏ အလုပ်အကျွေးကျေးဇူး ဂုဏ်များကိုလည်း ချီးမွမ်းတော်မူခဲ့သည်။

အရှင်အာနန္ဒာ၏ အံ့ဖွယ်ဂုဏ်လေးပါး

(၁)ရဟန်း ပရိသတ်သည် အရှင်အာနန္ဒာ၏ ကြည်ညိုဖွယ်ကောင်းပုံ၊ ရုပ်အဆင်းသပ္ပါယ်ပုံ၊ ဗဟုသုတများပုံ၊ သံဃာ့အလယ်တင့်တယ်ပုံ၊ ထိုဂုဏ်တို့ကိုကြားရ၍ ဖူးမျှော်ရန်လာကြကုန်၏။ အရှင်အာနန္ဒာအား ဖူးမြင်ရလျှင်ပင် "ကြားရခြင်းနှင့်ညီပါပေ၏"ဟု တွေးကာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။

အရှင်အာနန္ဒာက ကျန်းမာချမ်းသာကြောင်းကိုမေးပြီးလျှင် တရားအားထုတ်မှု၌ ကြိုးစားကြပါ၊ ဆရာဥပဇ္ဈာယ်တို့၌ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်ကြပါ ဟုတရားစကားကိုကြားရခြင်းဖြင့် လွန်စွာ ဝမ်းမြောက်ကြ၏။ တရားစကားကိုကြားရခြင်း၌ တင်းတိမ်အားရခြင်းမရှိဘဲ ပြန်ကြရသည်။

(၂) ရဟန်းမများ၊ ပရိသတ်သည်လည်း ထိုနည်းအတိုင်းပင် အားမရဘဲ ပြန်ကြရ၏။

(၃) ဥပါသကာ ပရိသတ်တို့လာရာ၌ကား ဥပါသကာတို့. သရဏဂုံ သုံးပါးကို မပျက်ရအောင် စောင့်ကြရဲ့လား၊ ငါးပါးသီလ မပျက်အောင်စောင့်ကြရဲ့လား၊ တစ်လလျှင်ရှစ်ကြိမ် ဥပုသ်စောင့်ကြရဲ့လား၊ မိဘကိုပြုစုလုပ်ကျွေးကြပါရဲ့လား၊ သူတော်ကောင်းရဟန်းတော်တို့ကို ပြုစုပါရဲ့လား၊ ဤသို့မေး၏။

(၄) ဥပါသိကာမများ လာရာ၌လည်း ဤသို့ပင်မေး၏။ ထိုအခါ ဥပါသကာ၊ဥပါသိကာမတို့သည် အရှင်အာနန္ဒာ၏ စကားကို နားထောင်၍ အားမရသေးခင် အရှင်အာနန္ဒာအတွက် အနောက်

အယှက်ဖြစ်မည်၊ အချိန်ကြာမည်စိုးသောကြောင့် တင်းတိမ်ခြင်းမရှိဘဲ ပြန်သွားကြရသည်။

မှတ်ချက်။ ။ ဤကား သူတော်ကောင်းကြီးများနှင့် တစ်ခဏတာမျှတွေ့ဆုံရခြင်းကို အားမရနိုင်ရှိကြကြောင်း ပြလိုရင်းဖြစ်ပါသည်။

နောက်ဆုံးသာဝက သုဘဒ္ဒသို့ မိန့်ခန်း

ကုသိနာရုံမြို့ကလေး မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွရောက်ရခြင်းအကြောင်းရင်းများတွင် နောက်ဆုံးသာဝက သုဘဒ္ဒတရားထူးရရန်ရှိနေသည့်အကြောင်းလည်းပါဝင်လေသည်။

အို – သုဘဒ္ဒ ငါဘုရား၏သာသနာတော်၌အရိယာအဖြစ်ကို ပြုနိုင်သော မဂ္ဂင်ရှစ်ပါးအကျင့်တရားရှိ၍၊ မဂ္ဂင်ရှစ်ပါးအကျင့်တရားကို ကျင့်၍ ကောင်းစွာနေကြလျှင် ဤကမ္ဘာလောကကြီးသည် ရဟန္တာတို့မှ မဆိတ်မသုံးဘဲ ရဟန္တာများကို အမြဲပင် ဖူးမြင်တွေ့ရှိနိုင်သည်။ ဤသို့ မိန့်ကြားတော်မူခဲ့လေသည်။

ဗုဒ္ဓမြတ်စွာကိုယ်စားတရားတော်များ

အာနန္ဒာ – ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ငါတို့မှာ ဆရာမရှိတော့ပြီ၊ ဤသို့ မမှတ်ထင်ကြလင့်၊ ငါဘုရားသည် သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကိုလည်း ဟောတော်မူအပ်ခဲ့ပြီ။

ထိုသုတ် ဝိနည်း အဘိဓမ္မာသည် ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ သင်တို့၏ ဆရာဖြစ်ရစ်လိမ့်မည်၊ ယခုအခါ ငါဘုရားတစ်ပါးတည်းသာ ဟောတော်မူရ၏။ ငါဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ ထိုရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတရားတော်တို့က သင်တို့ကို ဆုံးမ ရစ်လိမ့်မည် ဟုမိန့်တော်မူခဲ့လေသည်။

နောက်ဆုံးစကားတော်

ကဆုန်လပြည့်နေ့ ညဦး၏အရုဏ်မတက်ခင်နောက်ဆုံးအချိန်ရောက်ပြီဖြစ်၍ ပရိနိဗ္ဗာန်စံတော်မူခါနီး၀ယ် လေးဆယ့်ငါး၀ါပတ်လုံး ဆုံးမတော်မူအပ်သော စကားတစ်လုံးတည်း၌ သွင်း၍ နောက်ဆုံးဩ၀ါဒကို အောက်ပါအတိုင်း မိန့်တော်မူပါသည်။

–ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊

–၀ယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ရဟန်းတို့ သင်တို့ကို ငါဘုရားနောက်ဆုံးစကားမိန့်ကြားပေတော့အံ့၊ ဖြစ်လျှင် ပျက်မြဲသဘောရှိကုန်သော၊ သင်္ခါရတရားတို့ကို မမေ့မလျော့၊ မပေါ့မဆသော သတိတရားဖြင့် ပြည့်စုံအောင် နှလုံးသွင်းဆင်ခြင် ရှုက်ဆောင်ကြကုန်လော့ ဟုမိန့်ကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

နှိုင်းယှဉ်ထင်ဟပ် လေ့လာအပ်

♦ လက်ျာတော်ရဲ့ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီး၏ နောက်ဆုံးခရီးခေါင်းချရာအရပ်မှာ မွေးဖွားခဲ့ရာ ၀မ်းကြာတိုက်မှာဖြစ်ပြီး၊ မိခင်မယ်တော်ကြီး၏ကျေးဇူးဆပ်လိုခြင်းကြောင့် ဇာတိမြို့ရွာသို့ နောက်ဆုံးသတိဖြင့် ပြန်လည်ကြွလာ၊ ဘ၀ဇာတ်သိမ်းတော်မူခဲ့ခြင်း–

♦ လက်၀ဲတော်ရဲ့ အရှင်မဟာမောဂ္ဂလ္လာန်အရှင်မြတ်ကြီးသည်ပင် ၀ဋ်ကြွေးတော်များဆပ်ရ၊ ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပြီ ဖြစ်ကြောင်း ကြိုတင်စီမံချက်ချ၊ မြတ်စွာဗုဒ္ဓထံ ၀င်ရောက်ရှိခိုး ဦးခိုက်ပြီးအငြိမ်းစာတ် အပြီးသတ်ယူတော်မူခဲ့ရခြင်း–

♦ မြတ်စွာဗုဒ္ဓ ကိုယ်တော်တိုင်လည်း ၀ဋ်ကြွေးဆပ်ရ၊ သွေး၀မ်းသွန်ရ စသည့်ဖုံဖုံ နောက်ဆုံး ဆယ်လ မြတ်ဗုဒ္ဓ၏ လွမ်းမောဖွယ် အများအကျိုး ရှုက်ဆောင်သယ်ပိုး ကိုယ်စားတော် တရားတော်များ ထားတော်မူခဲ့ခြင်း–

စသည်များကို တင်ပြခဲ့ပြီးဖြစ်ပါသည်။ တောရဆရာတော်ဘုရားကြီးကိုယ်တိုင် မဟာဗုဒ္ဓဝင်၊ မိန္ဒပဉှကာသနီ၊ မဟာဗုဒ္ဓ၀ံသ ကျမ်းပေါင်းများစွာကို အကြိမ်ကြိမ် အထပ်ထပ် ဖတ်ခဲ့လေ့လာခဲ့ပြီးဖြစ်ပါသည်။ မြတ်စွာဗုဒ္ဓ၏အဆုံးအမတော်, ဆရာဆရာစဉ်ဆက်တို့၏ အဆုံးအမတော်များ၌ တည်ခဲ့သောနဘူးကျင်းတောရဆရာတော်ဘုရားကြီး၏ဘ၀နောက်ဆုံးခရီး ဘယ်အရပ်မှာ ဘယ်သို့အပြီးသတ်အငြိမ်းစာတ်ယူတော်မူခဲ့ကြောင်း မြတ်စွာဘုရားနှင့်သားတော်ကြီးများ အစဉ်အဆက်၏ဘ၀နောက်ဆုံးခရီးတင်ပြချက်များနှင့် နှိုင်းယှဉ်ထင်ဟပ် လေ့လာအပ်ဖို့ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

ဤရှေ့ဤမျှ တင်ပြချက်များဖြင့် တောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀ ကျော်ရှုတင်ဆောင်ခရီး ဖတ်ရှုကြသူ ရဟန်းရှင်လူအပေါင်းတို့ ဉာဏ်အမြင်၌ ကြည်လင်ပြတ်သားစွာဖြင့် ကြည်နူးမှု၊ ၀မ်းနည်း ကြေကွဲမှု ရောထွေးခံစား၊ ဆရာတော်ဘုရားကြီးကို နောင်အခါ ပြန်လည်ဆုံလာ,တွေ့လာ,ဖူးမြင်လာရခြင်းငှာ မရနိုင်တော့ပြီ ဟူသောအသိတရားများကို ရရှိ၊ ဤစာစုများက ဆရာတော်ဘုရားကြီး၏ ကိုယ်စား အမှတ်ထား၍ လှုပ်ရှားခဲ့ဟန်များ အစမှ အဆုံးတိုင်မြင်သာကြပေလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

သေခြင်းဆိုင်ရာ သိကောင်းစရာ

သေခြင်းဆိုသည် –

ဘဝစေတိ ခန္ဓာရှိ၍ အသက်ရှင်နေကြသော သတ္တဝါအပေါင်းတို့သည် နောက်ဆုံးတစ်နေ့ သေရမည့်သူများသာဖြစ်ကြ၏။ အစဉ်အမြဲအသက်ရှင်လျက်ရှိသူ ဤကမ္ဘာလောကထဲ၌ တစ်ဦးတစ်ယောက်မျှမရှိ။

ရှင်သန်ခြင်း၊ အသက်ရှည်နေခြင်းဟူသည်မှာလည်း သေမည့်နေ့ သေမည့်အချိန်သို့ ဦးတည်ရွေ့လျားနေခြင်းသာဖြစ်၏။

အိုခြင်း၊ နာခြင်း၊ သေခြင်းတရားများကို နဘူးကျောင်းတောရဆရာတော်ဘုရားကြီး၏ ဓုတင်ဆောင်နှစ် ၄၀ ကျော်ခရီး၊ နောက်ဆုံးနေ့များအပိုင်း၌ တောရဆရာတော်ဘုရားကြီး ပျံလွန်တော်မူပုံမှစ၍ ဘုရားအစရှိသော ရဟန္တာအရှင်မြတ်ကြီးများ ပရိနိဗ္ဗာန်ပြုတော်မူကြပုံများကိုပါ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

မိမိနှင့်တကွ သတ္တဝါမှန်သမျှတို့သည်လည်း သေရမည့်နေ့မရောက်သေး၍ အသက်ရှင်နေကြဆဲ ဖြစ်နေကြလေသည်။ မသေတရားကို ရှာဖွေခဲ့သော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ၄၅ ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်များမှလည်း သေခြင်းဆိုင်ရာများအကြောင်း လိုရာများကို ကောက်နုတ် ဆက်လက်တင်ပြရပါဦးမည်။

သေခြင်းနှင့်စပ်လျဉ်း၍ တရားတော်များတွင်လေ့လာသောအခါ သေရသည့်အကြောင်းတရား လေးပါးရှိကြောင်းတွေ့ရလေသည်။

သေခြင်းအကြောင်းတရား လေးပါး

၁။ အာယုက္ခယ = အသက်တမ်းကုန်၍သေရခြင်း။
(မီးစာကုန်၍ မီးငြိမ်းပြီး သေရခြင်းမျိုးဖြစ်၏။)

၂။ ကမ္မက္ခယ = ကံအစွမ်းကုန်၍ သေရခြင်း။
(ဆီကုန်၍ မီးငြိမ်းပြီး သေရခြင်းမျိုးဖြစ်၏။)

၃။ ဥဘယက္ခယ = အသက်တမ်းနှင့် ကံအစွမ်း နှစ်ပါးစလုံးကုန်၍ သေရခြင်း။
(မီးစာရော၊ ဆီးပါကုန်၍ မီးငြိမ်းရခြင်းမျိုးနှင့်တူ၏။)

၄။ ဥပစ္ဆေဒက = အသက်တမ်းနှင့်ကံအစွမ်းနှစ်ပါးစလုံးရှိသေးသော်လည်း အခြားအကြောင်းတစ်စုံတစ်ရာ၏ ပူးကပ်သတ်ဖြတ်မှုကြောင့်သေရခြင်း။
(မီးစာရော ဆီပါရှိပါလျက် လေတိုက်၍ တစ်စုံတစ်ဦးက မီးကိုမှုတ်လိုက်၍ မီးငြိမ်းသွားရခြင်းမျိုးဖြစ်၏။)

ယင်းလေးမျိုးအနက် တစ်မျိုးမျိုးဖြင့် သတ္တဝါမှန်သမျှတို့သည် သေရမည်ကား အမှန်ဖြစ်လေတော့သည်။

သို့ရာတွင် မြတ်စွာဘုရားအစရှိသော အရိယာရဟန္တာအရှင်မြတ်ကြီးများ၏ ဘဝခန္ဓာချုပ်ငြိမ်းရုပ်သိမ်းတော်မူကြခြင်းကိုကား ပရိနိဗ္ဗာန်ဝင်စံတော်မူကြခြင်းဖြစ်၍ ဘဝတစ်ဖန်ပြန်လည်ရှင်သန်ရခြင်းမျိုးမဟုတ်သဖြင့် သေရခြင်းမှ အပြီးတိုင် ကင်းငြိမ်းသွားကြခြင်းဖြစ်လေသည်။

သောတာပန် သကဒါဂါမ်နှင့် အနာဂါမ်တို့သည်ကား အရိယာစခန်းသို့ အဆင့်ဆင့်ရောက်ပြီးကုန်သော သူတော်ကောင်းကြီးများဖြစ်၍ ဘဝလက်ကျန်အလိုက်သေရခြင်းနှင့် မကင်းနိုင်ကြသေးပေ။

ပုထုဇဉ်အနွယ်ကို မဖြတ်ရသေးသော ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ အနန္တတို့သည်ကား အဖန်ဖန် ပဋိသန္ဓေနေရခြင်း၊ အဖန်ဖန်အိုရခြင်း၊ အဖန်ဖန်နာရခြင်းများနှင့် အဖန်ဖန်သေရခြင်းများကို မုချမသွေ အကြိမ်ကြိမ်ပင် တွေ့ရ ရင်ဆိုင်ကြပေလိမ့်ဦးမည် ဖြစ်လေတော့သည်။

သတ္တဝါမှန်သမျှတို့အား ဘဝကိုဖြစ်စေခြင်း၊ အသက်ရှည်ခြင်းနှင့် အသက်တိုခြင်းကို ဖြစ်စေတတ်သော ကံမှာလည်း လေးမျိုးရှိကြောင်း လေ့လာတွေ့ရှိရပြန်လေသည်။

ကံလေးမျိုး

(၁) ဥပပီဠကကံ = ကပ်၍ နှိပ်စက်တတ်သော ကံ(ကုသိုလ်ကံတစ်ခုက ယခုကဲ့သို့လူ့ဘဝကို အကျိုးပေးပြီး လူဖြစ်လာရခြင်းကို အားနည်းသွားအောင် ကပ်ပြီး နှိပ်စက်အပ်သောကံကို ဥပပီဠကကံဟုခေါ်သည်။)

) ဥပစ္ဆေဒကကံ = ကပ်၍ဖြတ်တတ်သော ကံ။ (အသက်ရှည်ဖို့ရန်အတွက် အတိတ်ကံကလေးက ပို့ပေးလို့ လူလာဖြစ်၊ အတိတ်က သူတစ်ပါးအသက်သတ်ခဲ့၊ သတ်ဖြတ်ညှင်းပန်းနှိပ်စက်ခဲ့သောကံက ရင့်ကျက်လာရိုန် အသက်ရှည်စေတတ်သော ကံရဲ့စွမ်းအားကို အသက်တိုစေတတ်သော ဥပစ္ဆေဒကကံကဖြတ်တောက်ပစ်လိုက်ခြင်း ဖြစ်သည်။)

(၃) ဇနကကံ = ပဋိသန္ဓေစသည် ဝိပါက်အကျိုးကို တိုက်ရိုက် ဖြစ်စေတတ်သောကံ။

(၄) ဥပတ္ထမ္ဘကကံ = ဇနကကံကို အားကောင်းအောင် ထောက်ပံ့ပေးသောကံ။

ရှင်းလင်းချက်

အားပေးထောက်ပံ့သည်ဆိုရာတွင် ယခုလူ့လောက၊ လူ့ဘဝရောက်လာခြင်းမှာ ကုသိုလ်ကံကြောင့်ရောက်လာခြင်းဖြစ်ပြီး၊ ထိုကံကို ဇနကကံ= ပဋိသန္ဓေစသည့် ဝိပါက်အကျိုးတိုက်ရိုက်ပေးသောကံဟုဆိုသည်။ ဇနကကံကို အားကောင်းလာအောင် ဥပတ္ထမ္ဘကကံက ထောက်ပံ့ပေး၊ မည်သို့မည်ပုံ ထောက်ပံ့ပေးသလဲမေးလျှင် အတိတ်ကကုသိုလ်ကံကို ကုသိုလ်ကံအချင်းချင်းက ပြန်ပြီးထောက်ပံ့ပေးလိုက်ခြင်းဖြစ်သည်။

အတိတ်ကံအကြောင်းမလှလို့ ဆင်းရဲသည့် မိတဝမ်းထဲဝင်နေစေဦးတော့ အတိတ်က သူ့အသက်သတ်ခြင်းအစရှိသော ပါဏာတိပါတကံတွေကို ရှောင်ကြဉ်ခဲ့သည့်အတွက် စည်းစိမ်ဥစ္စာ ပြည့်စုံချမ်းသာကြွယ်ဝလာအောင် ဥပတ္ထမ္ဘကကံကလွှမ်းပြီး ထောက်ပံ့ပေး နေတတ်ပါသည်။

သူ့အသက်မသတ်ဘဲနှင့် ရှောင်ကြဉ်ခဲ့သည့် စိတ်ထား မိမိရဲ့အကျိုးစီးပွားကို မိမိရဲ့အသက်ကို ရှည်အောင် တည်အောင်ဖန်တီးပေးပါသည်။

သူတစ်ပါးတို့ကို ချမ်းသာစေလိုသော၊ ကြီးပွားစေလိုသော စိတ်ထားက မိမိချမ်းသာဖို့ ကြီးပွားဖို့ အကြောင်းတစ်ခုခုဖြစ်နေပါသည်။

သူတစ်ပါးတွေကို ကြင်နာသနားသည့် စိတ်ထား၊ အကျိုးစီးပွားကိုမပျက်စီးအောင် အစဉ်

သနား စောင့်ရှောက်လိုသည့် စိတ်ထားက မိမိကို ကြင်နာသနားမည့်သူတွေ ပေါများလာအောင် မိမိ အကျိုးစီးပွားတွေ မပျက်စီးအောင် အစဉ်သနား စောင့် ရှောက်ပေးမည့် သူတော်ကောင်းတွေ ပေါများလာ အောင် တည်ထောင်ဖန်တီးပေးသည်၊ အထောက်အပံ့ တွေပေးတယ်။

သီလရှိမှ ပြည့်စုံနိုင်

ချမ်းသာကြွယ်ဝလိုသည့် ဆန္ဒကြောင့် ကောင်းမှုကုသိုလ်ပြုသည်၊ ထိုကုသိုလ်ပြုလုပ်လိုက် သည့်အချိန်မှာ ဆောက်တည်ထားသည့်စိတ်ထား၊ ဖြစ်ချင်သည့်စိတ်ထား၊ ဖြစ်လိုသည့်ဆုတောင်း၊ တောင့်တချက်ကြောင့်၊ ထိုပုဂ္ဂိုလ်သည် သူမျှော်လင့် တောင့်တသည့် မင်း သူဌေးသူကြွယ်၊ ဂဟပတိ သူဌေးသူကြွယ်တို့၏ အပေါင်းအဖော်အဖြစ်သို့ တစ်နေ့တော့ ရောက်သွားပါတယ်။

ဒါပေမယ့် ဘယ်လိုပုဂ္ဂိုလ်သာရောက်နိုင် သလဲဆိုရင်–

- *တဉ္စ ခေါ သီလဝတော ဝဒါမိ နော ဒုဿီလဿ၊*
- *ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။*

(အံ–၃–၇၁)

တဉ္စ ခေါ = ထိုကဲ့သို့ ရောက်ရခြင်းသည် လည်းပဲ။
သီလဝတော = သီလရှိသော ပုဂ္ဂိုလ်အား။
အဟံ = ငါဘုရားသည်။
ဝဒါမိ = ဟောတော်မူ၏။
ဒုဿီလဿ = သီလမရှိသော ပုဂ္ဂိုလ်အား။
အဟံ = ငါဘုရားသည်။
နော ဝဒါမိ = ဟောတော်မမူ။

ချမ်းသာကြွယ်ဝသော ဘဝတစ်ခုခုကို ကပ် ရောက်ရတယ်ဆိုတာ သီလရှိတဲ့ပုဂ္ဂိုလ်ကိုသာလျှင် ငါဘုရား ဟောပါတယ်။ သီလမရှိတဲ့ ပုဂ္ဂိုလ်ကို ငါဘုရား မဟောဘူးလို့ မိန့်တော်မူခဲ့ပါတယ်။

ဘိက္ခဝေ = ရဟန်းတို့။
ဝိသုဒ္ဓတ္တာ = သီလစင်ကြယ်နေသည့် အစွမ်း ကြောင့်။
သီလဝတော = သီလရှိတဲ့ ပုဂ္ဂိုလ်၏။
စေတောပဏိဓိ= စိတ်၏တောင့်တချက်ဟူသမျှ သည်။
ဣဇ္ဈတိ = မချွတ်ကေန် ပြီးစီးပြည့်စုံတတ်ပေ ၏။

ကံအကျိုးပေးခြင်း မတူကြ

သီလရှိသူပုဂ္ဂိုလ်၊ သီလတည်းဟူသော မြေ ပေါ်မှာ ရပ်တည်ပြီး ပြုစုပျိုးထောင်လိုက်သည့် ကံတွေ ကသာလျှင် သီလစင်ကြယ်နေသည့်အတွက်ကြောင့် သီလရှိသူ၏ စိတ်စွမ်းအားတောင့်တချက်မှန်သမျှ သည်သာ ပြီးပြည့်စုံနိုင်တယ်ဆိုပါသည်။

သီလရှိသူပုဂ္ဂိုလ်၏ ကုသိုလ်ကံနှင့် သီလ မရှိသူပုဂ္ဂိုလ်၏ ကုသိုလ်ကံ တူညီသည့်အကျိုးပေးပါ သလား?

အဖြေကား အောက်ပါအတိုင်းဖြစ်ပါ၏။

ပါဏာတိပါတာ = သူ့အသက်ကို သတ်ခြင်းရှိ သော ပုဂ္ဂိုလ်သည်။
ကတံ = ပြုအပ်တည်ထောင်အပ်သော။
ကုသလံ ကမ္မံ = ကုသိုလ်သည်။

ဥဠာရံ = ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးရှိသည်။

န ယောတိ = မဖြစ်နိုင်။

ဒီဃာယုက ပဋိသန္ဓိ ဇနေတုံ နသက္ကောတိ။

(မ-၅-၄-၁၇၉)

ဒီဃာယုကပဋိသန္ဓိ = အသက်ရှည်တဲ့ပဋိသန္ဓေကို။

ဇနေတုံ = ဖြစ်စေအံ့သောငှာ။

နသက္ကောတိ = မစွမ်းနိုင်။

သူ့အသက်သတ်ခြင်းအမှု ကျူးလွန်နေသည့် ပုဂ္ဂိုလ်၏ကုသိုလ်ကံသည် အသက်ရှည်သည့် ပဋိသန္ဓေကို ဖြစ်စေနိုင်သည့် စွမ်းအားမရှိ။ အသက်ရှည်ချင်သည်ဆိုလျှင် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ဖို့လိုပါသည်။

နောက်တစ်နည်းကား - သူ့အသက်ကို သတ်သည့်အချိန်အခါမှာ ဖြစ်ပေါ်နေသော စိတ်စေတနာကို သန္နိဋ္ဌာန စေတနာဟုခေါ်ပါသည်။ တကယ်သတ်မည်ဟု ဆုံးဖြတ်ချက်ချပြီး သတ်လိုက်သော စိတ်စေတနာများသည် ငရဲမှာဖြစ်စေပါသည်။ မသတ်မီရှေ့ပိုင်း သတ်ပြီး နောက်ပိုင်းမှာ ထပ်ပြီး ထို အကုသိုလ်ကံများကို အာရုံယူပြီး မကောင်းသော အကုသိုလ်စေတနာများကြောင့်လည်း အသက်တိုရသည်ဟု မှတ်ရပါမည်။

(စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးတရားတော် - ဖားအောက်တောရဆရာတော်)*

သေခြင်း = **Death**

သေခြင်းနှင့်စပ်လျဉ်း၍ အင်္ဂလိပ်မြန်မာ အဘိဓာန်က Death ကို မြန်မာပြန်ရာ၌ စုတိကျသော၊ စိစိန်ချုပ်သော၊ တစ်မလွန်ပြောင်းသော၊ မလှုပ်သော၊ သေသော၊ အသက်မရှိသော၊ အသေဖြစ်သော၊ အသေနှင့်တူသော၊ အနိစ္စရောက်သောဟူ၍ ဖွင့်ဆို မြန်မာပြန်ထားသည်ကို ဖတ်ရှုရပါသည်။

သေခြင်းနှင့်ဆိုင်ရာ သိကောင်းစရာဟူသော ခေါင်းစဉ်ဖြင့် ရေးသားတင်ပြလာခဲ့ရာ အသက်ရှည်ခြင်း၊ အသက်တိုရခြင်းအကြောင်းများ အကျဉ်းချုပ်၍လည်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏အဘိဓမ္မာအရ ခရီးမဆုံးသေးသော, အရိယာစခန်းအဆင့်ဆင့်တက်လှမ်းပြီးသော အရိယာများ၏သေခြင်းကား သုဂတိဘဝရခြင်းကောင်းသောသေရခြင်းနှင့် အပြီးအဆုံးခရီးသို့တက်လှမ်း၍ ပရိနိဗ္ဗာန်စံဝင်တော်မူကြရခြင်းဖြင့် အဆုံးသတ်ကြကြောင်းလည်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

သေခြင်းအဆုံးသည် နိဗ္ဗာန်

မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့သည့် ဓမ္မသဘောအရ နိဗ္ဗာန်ချမ်းသာအစစ်သို့ ကူးမြောက်သွားသောနေ့ရောက်ပါမှ သေရခြင်းမှ အပြီးတိုင်ရပ်နားအေးငြိမ်းသွားမည်ဖြစ်ပါသည်။ သေခြင်းအဆုံးသည် နိဗ္ဗာန်ဖြစ်ပါသည်။

သေခြင်းမဆုံးသေးသူ

ယခု ဆက်လက်တင်ပြရန်ရှိသည်ကား ပုထုဇဉ်တို့၏သေခြင်း၊ သို့တည်းမဟုတ် ခရီးမဆုံးသေး သူတို့၏ သေရခြင်းများကို လက်တွေ့ဘဝလောက ဝန်းကျင် ဖြတ်သန်းခဲ့ရသူဖြစ်သည့် ဤစာများကို ရေးသားတင်ပြနေသူ တွေ့ထိခံစားနားလည်ခဲ့ရသော အသိဉာဏ်ပိုင်းဆိုင်ရာအရ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ, သံဝေဂယူစရာ သမိုင်းဝင်အမဲ

* ဖားအောက်တောရဆရာတော်၏ စိတ်ဓာတ်ပြုပြင် ပြောင်းလဲရေးတရားတော် စာ-၉၇

စက်အကြောင်းကို ရှုဒေါင့်မျိုးစုံမှ ကြည့်မြင်ရောင် ကြည့်ကြကုန်လျက် သံသရာဝဋ်မှ လွတ်အောင်ရုန်း ကြပါစေရန် ရည်သန်၍ တင်ပြရပေဦးတော့မည် ဖြစ်လေသည်။

လောကဥပဒေအရအလို

ယင်းသို့မတင်ပြမီ မိမိစာရေးသူဝန်ထမ်း ဘဝ လုပ်ငန်းခွင် သင်တန်းများတက်ခဲ့ရသည့်ကာလ၊ ရာဇသက်ကြီးဋီကာကျမ်းပြု (ယခုအခါ ပြစ်မှုဆိုင်ရာ ဥပဒေဟုပြင်ထားသည်) မန္တလေးရဲသိပ္ပံ ဥပဒေနည်း ပြဆရာရှိဖြစ်ခဲ့သူ ဆရာကြီးဦးလှညွန့်၊ စလင်းမြို့၊ နယ်စီးရဲဝန်ထောက်၏ သင်ကြားပြသမှုကို မကွေး တိုင်းတွင် ၁၉၆၅-ခုနှစ်က အမှုစစ်အမှုလိုက် သင် တန်းတက်စဉ် နာခံမှတ်သား သင်ယူခဲ့ရဖူးလေသည်။ ပြန်လည်သတိရခြင်းလည်း ရှိနေခဲ့လေသည်။

ဆရာကြီးဦးလှညွန့်က ပြစ်မှုဆိုင်ရာဥပဒေ အခန်းကိုသင်ကြားရာ၌ သေခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရှင်းလင်းပို့ချခဲ့ပါသည်။

Death = သေခြင်း (၂)မျိုး

လောကဥပဒေရှုဒေါင့်အမြင်အရ သေခြင်း (၂)မျိုးရှိသည်ဟု ဆိုလေသည်။

(၁) Natural Death = ဓမ္မတာအလျောက်ဖြစ်သော သေရိုးသေစဉ် သေခြင်း (ဝါ) သဘာဝအတိုင်း သေခြင်း၊

(၂) Unnatural Death = ဓမ္မတာအတိုင်းမဟုတ်သော, သေရိုး သေစဉ်မဟုတ်သောသေခြင်း(ဝါ) သေခြင်းဆိုးနှင့်သေခြင်း၊

ဟူ၍သေခြင်း(၂)မျိုး ခေါင်းစဉ်ဖွင့်၍သင် ကြားခဲ့သည်။

Natural Death = ဓမ္မတာအလျောက်ဖြစ်သော, သေရိုးသေစဉ်သေခြင်းဖြစ်သော, သဘာဝအတိုင်း သေခြင်းဆိုသည်မှာ ဇွဲ-ပါးသော ရောဂါဝေဒနာ တစ်ခုခုဖြင့်သေရခြင်းမျိုးကို ဆိုခြင်းဖြစ်ပါသည်။

ထိုကဲ့သို့သေရခြင်းမျိုးကို သေခြင်းကောင်း (ဝါ)ကောင်းသောသေခြင်းဟုဆိုလေသည်။ သူတစ် ပါး၏လုံ့လ ပယောဂကြောင့် သေရခြင်းမျိုးမဟုတ်၍ လောကဥပဒေအရ မှုခင်းစုံစမ်းစစ်ဆေးရသူတို့တွင် တာဝန်မရှိ ဖေါ်ထုတ်ရန်လည်းမလိုပေ။

Unnatural Death = ဓမ္မတာအတိုင်းမဟုတ်သော သေခြင်း၊ သဘာဝအတိုင်း မဟုတ်သော သေခြင်း (ဝါ) သေခြင်းဆိုးနှင့် သေခြင်း။

ယင်းကဲ့သို့ သေရခြင်းမှာ သူတစ်ပါး၏ လုံ့လပယောဂကြောင့် သေရခြင်းမျိုးဖြစ်ပါက မှုခင်း စုံစမ်းစစ်ဆေးမှုတို့တွင် ဖေါ်ထုတ်ပေးရန် တာဝန်ရှိ သည် ဟုဆိုလေသည်။

ဤနေရာ၌ Natural နှင့်စပ်လျဉ်း၍ အင်္ဂလိပ်မြန်မာအဘိဓာန်၏ အဖွင့်မှာ ဇာတိသဘော ရှိသော၊ ဓမ္မတာ ပကတိအတိုင်းဖြစ်သော၊ ဓမ္မတာ တရားအလျောက်ဖြစ်သော၊ သဘာဝတရားအတိုင်း ဖြစ်သော၊ နဂိုမူလအတိုင်းဖြစ်သော၊ ပကတိနှင့်တူ သော၊ မုချဖြစ်ရန်ရှိသော၊ ယဉ်ပါး၍ရသော၊ လောက နှင့်စပ်ဆိုင်သော ဟူ၍ ဖွင့်ဆိုထားသည်ကို လေ့လာ ဖတ်ရှုတွေ့ရှိရပါသည်။

ထိုမှတစ်ဖန် Nature = သဘာဝဆိုသော စကားရပ်နှင့်စပ်လျဉ်း၍လည်း-

Nature= မွေတရား၊ နဂို၊ ပကတိ၊ လောကဓံတရား၊ လောကသဘော၊ စိတ်သဘောဉာဏ်၊ အမျိုးအစား ဟူ၍ဖွင့်ဆိုထားပြီး။

Nature Knowledge = သဘာဝအကြောင်းကို သိခြင်း ဟူ၍လည်းကောင်း။

Nature Study= သဘာဝအကြောင်းကို လေ့လာခြင်း ဟူ၍လည်းကောင်း၊ အင်္ဂလိပ်မြန်မာအဘိဓာန်က ဖွင့်ဆိုထားသည်ကို လေ့လာမှတ်သားခဲ့ရပါသည်။

ယင်းကဲ့သို့သော လောကဥပဒေနည်းပညာများဖြင့် မူလက လေ့လာသင်ကြားခဲ့ရသော အသိဉာဏ်ပညာများကို အခြေခံလျက် လောကုတ္တရာစခန်းတက်လှမ်းနိုင်ရေးကို လေ့လာဆန်းစစ်ခြင်း ဦးတည်ချက်ပြောင်းလဲခဲ့သူဖြစ်ကြောင်းကိုလည်း နေရာအချို့၌ သင့်သလိုတင်ပြခဲ့ပြီးဖြစ်ပါသည်။

သေရခြင်းမှန်သမျှ မကောင်းပါ

သဘာဝအတိုင်းသေခြင်းနှင့် သဘာဝအတိုင်းမဟုတ်သော သေခြင်း(၂)မျိုးကိုတင်ပြခဲ့ပြီဖြစ်ရာ သဘာဝအတိုင်း,မွေတာအတိုင်း သေရခြင်းမျိုးကို သေခြင်းကောင်း၊ ကောင်းသောသေခြင်းဟု မူလနားလည်ခဲ့သော်လည်း အထက်တွင်ဆိုခဲ့သည့်အတိုင်း လေ့လာဆန်းစစ်ချက်များမှာလည်းပြောင်းခဲ့ပြီး အသက်အရွယ်ရလာချိန်၌ လောကုတ္တရာတရားတော်များကို ဖတ်ရှု နာကြားဖန်များလာသောအခါ ထိုကဲ့သို့သဘာဝအတိုင်း ရိုးရိုးသေရခြင်းမျိုးများသည်ပင် မကောင်းပါ။ သေခြင်းလောက်ဆိုးသောအဖြစ်မရှိ။ ဘဝပဋိသန္ဓေအဖန်ဖန်တည်နေရခြင်းနှင့် အိုနာသေခရီးမဆုံး ဘဝများစွာ သံသရာ၌ ကျင်လည်သေခြင်းလည်း အဆုံးမသတ်နိုင်ခြင်းကို သေခြင်းကောင်းဟု အဘယ်မှာလျှင် ဆိုဖွယ်ရာရှိပါအံ့နည်း။

နောက်ထပ်သေရခြင်း မရှိပါမှ

မဂ်လေးတန် ဖိုလ်လေးတန်အဆင့်သို့ တက်လှမ်းနိုင်ပါမှ, နောက်ထပ်ဘဝတစ်ဖန်ပြန်လည်ရရှိခြင်းမရှိပါမှ, သေရခြင်းမျိုးနောက်ထပ်မရှိတော့ပါမှ သေခြင်းကောင်းဟုဆိုနိုင်ပေလိမ့်မည်။

ဤသို့ဖြစ်ပါမှလည်း မြတ်စွာဗုဒ္ဓဟောကြားတော်မူခဲ့သည်, ဓမ္မစကြာ တရားဦးဒေသနာ အဆိုနှင့်လည်း ကိုက်ညီပေလိမ့်မည်။

ဒုက္ခအရိယသစ္စာ၌ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့၏ လက်ခံသိမ်းပိုက်ရာ ခန္ဓာငါးပါးရခြင်းသည်ပင် ဒုက္ခသစ္စာပင်တည်းဟု မိန့်ကြားခဲ့သည် မဟုတ်ပါလော။ သဘာဝအတိုင်းသေရခြင်းသည်ပင် သေခြင်းကောင်းဟုမဆိုနိုင်ပါလျှင်–

Unnatural Death= သဘာဝအတိုင်းမဟုတ်သော သေခြင်း၊ (ဝါ) သေခြင်းဆိုးနှင့်သေခြင်းမျိုးဆိုသည်ကား အတိတ်ဘဝပြုခဲ့သော အကုသိုလ်ကံက အကျိုးပေးချိန်ရောက်လာ၊ ကံလေးမျိုးအကျိုးပေးပုံ အထက်၌ တင်ပြပြီးသကဲ့သို့ အသက်ရှည်စေနိုင်သော ကံစွမ်းအားကို အသက်တိုစေတတ်သော ဥပစ္ဆေဒကကံက ဖြတ်တောက်ပစ်လိုက်ခြင်းဖြစ်ရာ၊ ထိုကဲ့သို့ သေရခြင်းမျိုးကား သေခြင်းဆိုးအစစ်ပေတည်း။

ထိုကဲ့သို့သေရခြင်းမျိုးကို မည်သူမျှလည်း ဖြစ်လိုကြလိမ့်မည် မဟုတ်ပေ။

မသေတရားရှာခဲ့သည့် မြတ်ဗုဒ္ဓ

သေခြင်းကောင်းဖြစ်စေ၊ သေခြင်းဆိုးဖြစ်စေ၊ သေခြင်းဟူသည်အဆိုးဆုံးဖြစ်လေရာ "မြတ်စွာဗုဒ္ဓသည် သေခြင်းရှိလျှင်မသေခြင်းရှိရမည်" ဟူ၍ မသေတရားကို ဖွေရှာလေ့လာဖေါ်ထုတ်လမ်းပြခဲ့ပါသည်။

မြတ်ဗုဒ္ဓနှင့် သာဝကများ အစဉ်အဆက် မသေခြင်းသဘောနှင့် မသေတရားကို လေ့လာမှုများ အားထုတ်ခဲ့ကြလေရာ ဓိဓိတို့ဆရာမထေရ် နဘူးကျောင်းတောရဆရာတော်ဘုရားကြီးအနေဖြင့် နေစဉ်ကျင့်သုံးခဲ့ပုံများကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

ဓိဓိနှင့်တကွသူအပေါင်းတို့က မသေတရား ရှာဖွေခြင်း မည်သည့်အဆင့်မှာ ရှိကြလေသနည်း၊ ပြန်လည်ဆန်းစစ်ကြည့်ကြရန် လိုပေလိမ့်မည်။

ရိုးရိုးသေရခြင်းလည်း ကြောက်မက်ဖွယ် ကောင်းလှ၏။ သူတစ်ပါး၏လုံ့လပယောဂဖြင့် သေရခြင်းမျိုးကား ပို၍ကြောက်စရာကောင်းလှပါ၏။

ကံငြိဆန်းစစ်လေ့လာသောအခါ

လူတစ်ဦးတစ်ယောက်၏အသက်ကို သတ်ဖြတ်သူနှင့် သတ်ဖြတ်ခံရသူတို့၏ ကံများကို ဆန်းစစ်လေ့လာသောအခါ၊ ထိုသူနှစ်ဦးစလုံးအကုသိုလ်ကံကြီး၍ ထိုဖြစ်မှုအထမြောက်ရခြင်းဖြစ်လေသည်။

ကံသစ်နှင့်ကံဟောင်း

- သတ်ဖြတ်သူက အကုသိုလ်ကံအသစ်ပြုခြင်း၊
- သတ်ဖြတ်ခံရသူက အကုသိုလ်ကံအဟောင်းကို ပေးဆပ်ရခြင်း ဖြစ်ကြလေသည်။

သတ်ဖြတ်သူက မိမိပြုသော ကံအလျောက် ငရဲ၊ တိရစ္ဆာန်ဘဝ၌ပင် ဖမ်းဆီးချုပ်နှောင် ထောင်သွင်းအကျဉ်းချခံရ၊ ပြစ်မှုထင်ရှားပါက သေဒဏ်၊ ကြိုးဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် စသည်များစွာသော ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့ကြရလေသည်။

သတ်ဖြတ်ခံရသူမှာလည်း ကံ ကမ္မနိမိတ်၊ ဂတိနိမိတ် ကောင်းရန်မလွယ်ကူ၊ သုဂတိဘဝရရန် မသေချာ၊ ပြန်လည်လက်စားချေလိုသော စိတ်ဥပါဒါန်ဖြင့် ဘဝကူးပါက အဆုံးမသတ်နိုင်သော ဘဝသံသရာဝဲကြီးအတွင်း၌ တစ်ပြန်တစ်လှည့်ဖြင့် ပြုသူခံသူ ဘဝက မလွတ်မြောက်နိုင် ကြောက်မက်ဖွယ်ကောင်းလှလေတော့သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထိုသို့သော သတ်ဖြတ်မှုများနှင့် မကင်းခဲ့ကြ၊ နေ့စဉ်ပင် ကြားသိနေရလေသည်။ သဘာဝဘေးဒဏ်များကြောင့်လည်း သေကြ၊ ပျက်စီးကြဖြစ်နေကြသည်မှာလည်း အားလုံးအသိ၊ ကြီးမားသော သံဝေဂဖြစ်ဖွယ် များပြားလှသည်။

ထို့ကြောင့် လူသားအားလုံး၏နှလုံးသားထက်၌မေတ္တာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားများ ကိန်းအောင်းကြပါလျှင် အစဉ်ငြိမ်းချမ်းနိုင်ကြပေလိမ့်မည်။

- ဤနေရာ၌ မေ့၏တာဝန်နှင့် မေ့၏သဘောကိုလည်း လေ့လာဆန်းစစ် ဆင်ခြင်နိုင်ကြပါစေရန် အကျဉ်းချုပ် တင်ပြလိုက်ပါ၏။ ဘဝသံသရာ၌ ပြုသူ၊ ခံသူနှင့် ခိုင်းစေ့ဖြတ်သူဟူ၍ ရှိကြလေရာ တရားနှလုံးဆင်ခြင်သုံး၍ သံဝေဂယူနိုင်ကြပါစေရန် ရည်သန်ပါသည်။

မေ့၏ တာဝန်၊ မေ့၏သဘော

- တရားကျင့်သော သူကိုတရားကစောင့်ရှောက်၏။
- တရားကိုချစ်သောသူသည် ငြိမ်းချမ်းသာဖြစ်ထွန်း၏။
- တရားကိုမုန်းသော သူသည် ငြိမ်းချမ်းသာ ပျက်စီး၏။
- အကြင်သူသည် တရားကိုသတ်၏။

ထိုသူကို သေကျေပျက်စီးအောင် တရားသည် သတ်တတ်၏။

မှန်ကန်မှုတသော တရားစီရင်ရေး

ပြည်ထောင်စုနှင့်ဦးဇော စာအုပ်။ အခန်း–၈–စာမျက်နှာ ၁၀၃–၌ ဒေါက်တာမောင်မောင်က အထက်ပါအတိုင်း ဖေါ်ပြခဲ့သလို အောက်ပါအတိုင်း မှတ်ချက်လည်း ရေးသားဖော်ပြထားပါသည်။

- *"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ = တရားကျင့်သောသူကို တရားသည်စောင့်ရှောက်၏။*
- *"ဓမ္မကာမော ဘဝံ ဟောတိ၊ ဓမ္မဒေဿီ ပရာဘဝေါ= တရားကို ချစ်သောသူသည် ညည်းစိမ်ချမ်းသာဖြစ်ထွန်း၏။ တရားကိုမုန်းသော သူသည် ညည်းစိမ်ချမ်းသာပျက်စီး၏။"*
- *"ဓမ္မော ဟဝေ၊ ဟတော ဟန္တိ = အကြင်သူသည် တရားကိုသတ်၏။ ထိုသူကို သေကျေပျက်အောင် တရားသည် သတ်တတ်၏။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့ပါ၏။*

(ယောမင်းကြီးဦးဖိုးလှိုင်၏ ရာဇဓမ္မသင်္ဂဟကျမ်း၌ လာ၏ဟု မှတ်ချက်ပြုခဲ့ပါသည်။)

ကျေးဇူးတော်ရှင်မန်လည်ဆရာတော်ဘုရားကြီးကလည်း အောက်ပါအတိုင်းလင်္ကာရေးဖွဲ့ခဲ့သည်မှာ–သံဝေဂရဖွယ် မှတ်သားဖွယ်ကောင်းလှပါသည်။

"ရာဂဒေါသ၊ မောဟအလို၊ လွမ်းမိုးပိုတိုင်း၊ ထိုထိုဒုက္ခ၊ ကပ်ဆိုးကျလျက်၊ ပျက်ကြစီးကြ ဖြစ်နေကြ၏။

လောကဓမ္မတာ၊ ဤသို့သာတည်း၊ ကိလေသာမျိုး၊ တရားဆိုးကား၊ ကောင်းကျိုးမထင်၊ ဖြစ်ကျိုးဖြင့်သည်။ သို့စဉ်ကြီးလှ ဝဋ်ဆားတည်။"

(မဃဒေဝ ပိုဒ်ရေ – ၈၈)

ဤကား တရားသဘောဆင်ခြင်နိုင်ကြပါစေရန်တင်ပြခြင်းဖြစ်ပြီး ကျေးဇူးတော်ရှင် နဘူးကျောင်းတောရဆရာတော်ဘုရားကြီးကလည်း သစ်ရဟာရေးများ ထိတ်လန့်ဖွယ်နှင့် လွတ်အောင်ရှန်းကြရန် ဩဝါဒများရေးသားဆုံးမတော်မူခဲ့လေသည်။

နဘူးကျောင်းတောရဆရာတော်၏ဩဝါဒအချို့

နဘူးကျောင်းတောရဆရာတော်ဘုရားကြီး ဘဝဓနွာရှုပ်ငြိမ်းတော်မူခဲ့ပြီးနောက်သေခြင်းဆိုင်ရာ သိကောင်းစရာများကို ဆိုင်ရာကျမ်းများမှ လိုရာကောက်နုတ်တင်ပြလာခဲ့ရာ၊ သေခြင်းနှင့်စပ်လျဉ်း၍ ထိတ်လန့်ဖွယ်နှင့် တိုက်တွန်းခြင်း ဟူသော ခေါင်းစဉ်ယ်ဖြင့် တောရဆရာတော်ဘုရား၏ ဩဝါဒအချို့ကို သံဝေဂယူနိုင်ကြပါရန် ဤနေရာ၌ ထပ်လောင်းဖေါ်ပြလိုက်ပါ၏။

နဘူးကျောင်းတောရဆရာတော်၏ ဩဝါဒ

ထိတ်လန့်ဖွယ်

မြတ်စွာဘုရားသခင်ကိုပင် သေမင်းသည် မိမိအလိုသို့ အလွန်အကဲ ဆွဲဆောင်သည်သာဖြစ်ရကား ဘုရားမှတစ်ပါးသော သူတို့ကိုကား ဘယ်မှာဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ အလွန်အကဲ ဆွဲဆောင်မည်သာ မလွဲဧကန် အမှန်ပင်ဖြစ်ပေတော့မည်။ ဤကဲ့သို့ သံဝေဂဉာဏ်ကို ပြုအပ်ပြုသင့်လေတော့သည်တကား။

တိုက်တွန်းခြင်း

အလုံးစုံသော ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် အတည်အမြဲ မရှိကြကုန်။ ထိုအမြဲမရှိသော

တရားသဘောကို လွန်မြောက်အောင်ပြုရန် နေ့ညဥ့် မလပ် အခါခပ်သိမ်း ထိုရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို အဖန်ဖန် ဉာဏ်သွင်း၍ ထင်လင်းအောင် ရှုမှတ်ဆင်ခြင်ရာ၏။

ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းကို ဘဝဟုခေါ်ဆိုကြသည်။ အနှစ်မရှိသော ထိုဘဝကို စွန့်လွှတ်ပြီး၍ အနှစ်ရှိသော နိဗ္ဗာနစာတ်ကို ရရန် အကျိုးငှာ အလုံးစုံသော သူတို့သည် နေ့ရောညပါ အခါခပ်သိမ်း အမြဲမပြတ် တရစပ်ပင် ကမ္မဋ္ဌာန်း အလုပ်အားထုတ်မှုကို ပြုအပ်၏။ ဤသို့လျှင် တိုက်တွန်းစကား မှာကြားအပ်ပါ၏။

မှတ်ချက်။ ။ တောရဆရာတော်ရေး၊ ဆရာတော် (၂)ပါး ထေရုပ္ပတ္တိနှင့် သိမ် (၁၀၀) မှတ်တမ်း၊ ဘုရားဖြူဆရာတော် ထေရုပ္ပတ္တိ စာမျက်နှာ ၃၉ မှ ကောက်နုတ်ဖော်ပြပါသည်။

နဘူးကျောင်းတောရဆရာတော်၏ ဩဝါဒ

မမြဲသော တရားရှုမှတ်ပွား

- ♦ အလုံးစုံသော သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ထိုသဘောကို သိကြပြီးလျှင် မြဲ၍ မပြုပြင်ရသော နိဗ္ဗာန်ကို သူတော်ကောင်းတို့သည် ရှာမှီးအပ်၏။
- ♦ မသေခြင်းသဘောကို ရလိုသောသူသည် မသေစတ်ကိန်း ခန္ဓာငြိမ်းရာ နိဗ္ဗာနစာတ်ကို သေတတ်သော သေမျိုးဖြစ်သော မိမိခန္ဓာကိုယ်ဆိုးဖြင့် ကောင်းစွာ လဲလှယ်၍ ယူရာ၏။
- ♦ ဝဋ်သုံးပါး၌ အကျုံးဝင်သော တရားတို့သည် အမြဲမရှိကြကုန်,ဆင်းရဲကြကုန်၏။ နိုင်မာသော ကိုယ်ထည်မဟုတ်ကြကုန်။ ထိုသဘောတရားကို ဝိပဿနာဉာဏ်ဖြင့် အထူးရှုမှတ်သိပြီး၍ ထိုမမြဲ ဆင်းရဲသော တရားတို့မှ လွတ်မြောက်အောင် ပြုလုပ်ရန် သင့်လျော်လောက်ပေပြီ။

မှတ်ချက်။ ။ သိမ် (၁၀၀) မှတ်တမ်း သရက်ကန်ဆရာတော်၏ ထေရုပ္ပတ္တိ စာမျက်နှာ ၁၂–မှ ကောက်နုတ်ဖော်ပြပါသည်။

သင်္ခါရတရားတို့သည် အမြဲမရှိကြကြောင်းနှင့် မသေခြင်းသဘောရယူလိုသောသူသည် သေမျိုးဖြစ်သော မိမိခန္ဓာကိုယ်ဆိုးဖြင့် ကောင်းစွာ လဲလှယ်၍ ယူရာ၏ဟူသော တိုက်တွန်းထားချက်ကိုလည်း ထပ်လောင်းဖေါ်ပြလိုက်ပါ၏။

တောရဆရာတော်ကိုယ်တိုင်ရေးသားခဲ့သော ဩဝါဒ(၂)ရပ်ဖြင့် တောရဆရာတော်၏ဘဝကို ထင်ဟပ်သုံးသပ်မြင်သာနိုင်ကြပေလိမ့်မည်။ ဆရာတော်ဘဝ မည်သို့အဆုံးသတ်ခဲ့သည်ကို စာရှုသူ ရဟန်းရှင်လူအပေါင်းတို့က မိမိတို့ကိုယ်တိုင် သုံးသပ်ဆုံး ဖြတ်ကြရန်သာ ရှိပါတော့သည်။

ဤလောက၌ ဤကဲ့သို့သောဆရာမထေရ်ကြီးတစ်ပါး တည်ရှိနေခဲ့သည်မှ အစပြု၍ ဘဝခရီးအဆုံးအထိ စာရှုသူများသို့ မိမိစာရေးသူက စွမ်းသမျှ ရေးသားပူဇော်တင်ပြခဲ့ပြီး ဖြစ်ပါသည်။

တင်ပြရာ၌ အပိုင်းအားဖြင့် ၅–ပိုင်းခွဲခြား တင်ပြခဲ့ပြီး မိမိကျွမ်းကျင်သလို (Annual Report) ပုံစံဖြင့် နှစ်အလိုက် ဆရာတော်ဘဝ ရပ်တည်ချက် သာသနာတော်အတွက် ဆောင်ရွက်ချက်များနှင့် ဆရာတော် ကျင့်သုံးဆောက်တည်ခဲ့သော ဓုတင်ကမ်ဆယ့်သုံးပါးအကြောင်းများ၊ ဓုတင်၏ အနှစ်သာရအပိုင်းများ၊ အထူးအားဖြင့် လူပုဂ္ဂိုလ် ဒါယကာ ဒါယိကာမများအနေဖြင့် ဓုတင်အကြောင်း သိကောင်းစရာများ၊ မိမိတို့ လူပုဂ္ဂိုလ်များ၏ တာဝန်များကို

လူ့ဘဝ၊ လူ့ဌာန ရောက်လာခိုက်မှာ အရအမိ ကုသိုလ် ပါရမီဆည်းပူးနိုင်ကြရေး အလေးထား၍ ရေးသားတင်ပြခဲ့ပါသည်။

ဆရာတော်၏ဘဝနိဂုံးနောက်ဆုံးနေ့များ အပိုင်း၌ ဆရာတော်ဘဝနှင့် မြတ်ဗုဒ္ဓ၏မိန့်ကြား တော်မူခဲ့သည့် တရားတော်များအတိုင်း မည်ရွေ့မည် မျှ ကျင့်သုံးလိုက်နာကျင့်ကြံသွားများ အားထုတ်ခဲ့သော ဆရာမထေရ်ဖြစ်လေသနည်း။ မိမိတို့ ကိုယ်တိုင် ဆန်းစစ်ကြည့်ရှုကြည်ညိုနိုင်ကြပါစေရန် ဟူ၍ လည်းကောင်း-

ထိုတရားတော်များ အနှစ်သာရအနေဖြင့် ဥပမာ ဘာရသုတ္တန်၊ နာထတရားတော်များ၊ သေခြင်း အကြောင်းတရားများနှင့်သေခြင်းကို မည်သို့ရင်ဆိုင် ကျော်လွှားဖြတ်ကျော်ကြရမည်များကိုပါ ဆင်ခြင်သုံး သပ်နိုင်ကြပါစေရန် ရည်သန်ချက်များဖြင့် တင်ပြခဲ့ပါ သည်။

ယင်းသို့ နိဂုံးပိုင်းရေးသားနေစဉ် တောရ ဆရာတော်ဘုရားကြီး၏ လက်ရင်းတပည့်ကြီးတစ် ဦးဖြစ်သူ ဦးညွန့်လှိုင်လည်း ကွယ်လွန်သွားခဲ့ပြန်ပါ သည်။ ဆရာတော်ဘဝ အခန်းများစွာတွင်ပါခဲ့သူ ဖြစ်၍ အမှတ်တရဖော်ပြလိုက်ပါသည်။

တပည့်ကြီးဦးညွန့်လှိုင် (၅၈)နှစ်ကွယ်လွန်

သေခြင်းဆိုင်ရာ သိကောင်းစရာများရေး သားတင်ပြနေခဲ့ရာ တောရဆရာတော်ဘဝခရီး၌ အ နီးကပ်တပည့်ကြီး ဦးညွန့်လှိုင်၏အကြောင်း သင့်ရာ သင့်ရာများ၌ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ တောရဆရာ တော်ဘဝ တစ်လလောက်၌ တောထွက်တော်မူခဲ့သည် မှာ ဦးညွန့်လှိုင်ကြောင့်ဖြစ်ပါသည်။

တောရဆရာတော် မူလစိတ်ကူးမှာ ဝါဆိုပြီး မှကပ်ပြီး တောထွက်မည်မှန်းထားရာ ဦးညွန့်လှိုင်၏ တွန်းအားကြောင့် မဖြစ်မနေ တောရဆောက်တည် သည့်ဘဝသို့တစ်လစောခဲ့ရကြောင်း မကြာခဏ မိန့် ကြားခဲ့ပါသည်။ နဘူးကျင်းတောရ ဆွမ်းစံလမ်း ကွန်ကရစ်ခင်းလှူခဲ့ခြင်း၊ အစစအရာရာ လိုအပ်သမျှ လှူသောပစ္စည်းလေးပါးဒါယကာ၊ တပည့်ကြီးတစ် ဦးလည်း ဖြစ်လေသည်။

ဦးညွန့်လှိုင် ကွယ်လွန်ချိန်မရောက်မီ တစ် လစေ့က မိမိထံသို့ ဖုန်းဆက်လာသည်။ သူသိပ်ပြီး မကျန်းမာကြောင်းပြောသည်။ သာမန်မျှသာ ထင်ခဲ့ပါ သည်။ သူ့အိမ်မှာ သမီးဆရာဝန် အမြဲရှိနေသည်။ သားဆရာဝန်က အိမ်သီးခြားဆိုသော်လည်း အမြဲ တွေ့နေကြသည်ဖြစ်၍ သူ့အတွက် စိုးရိမ်စိတ်သိပ် ပြီး မဖြစ်မိခဲ့ပါ။

၁၈-၁၂-၂၀၀၅ နံနက်ပိုင်း ဦးညွန့်လှိုင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သူ့ဇနီး ဒေါ်ခင်လွှမ်း နှင့်သားငယ် မောင်ကျော်ဝင်းထွန်းတို့ဖုန်းဆက်လာ ကြသည်။ များစွာစိတ်ထိခိုက်သွားမိပါသည်။ ပြေး လွှားသွားလိုက်ချင်ပါသည်။ စိတ်နောက် ကိုယ်မပါ အခွင့်မသာခဲ့ပါ။

၁၉-၁၂-၂၀၀၅ နေ့ထုတ်ကြေးမုံသတင်းစာ

၁၉-၁၂-၂၀၀၅နေ့ထုတ် ကြေးမုံသတင်း စာ စာမျက်နှာ ၁၉၊ ကော်လံ ၈၌ ဦးညွန့်လှိုင်၏ နာရေးကြော်ငြာ ပါလာပါသည်။ အောက်ပါအတိုင်း ဖြစ်ပါသည်။

ရဟန်း သိမ် ကျောင်းဒါယကာကြီး

ဦးညွန့်လှိုင်(ခေါ်)ဦးညွန့်မြိုင် အသက်၅၈-နှစ်

ရန်ကုန်မြို့ အမှတ်-၃၄၀၊ မဟာဗန္ဓုလ လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးသာအောင်+ ဒေါ်အုန်းရွှေ)တို့၏သား၊ ဒေါ်ခင်လွှမ်း၏ ချစ်လှစွာ

သောခင်ပွန်း၊ ဒေါက်တာခင်မျိုးလွင်၊ ဆရာမ ဒေါ်ခင်သန်းလွင် (ဓာတုဗေဒ)၊ ဒေါက်တာ ဦးခင်မောင်လွင်၊ ကိုကျော်ဝင်းထွန်း (တော်ဝင်နန်း သဘော်သဆေးရောင်းဝယ်ရေး) တို့၏ဖခင်သည် ၁၈-၁၂-၂၀၀၅(တနင်္ဂနွေနေ့) နံနက် ၇-နာရီ ၅၀-မိနစ် တွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀-၁၂-၂၀၀၅ (အင်္ဂါနေ့) နံနက် ၁၀-နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။

အထက်ပါနေအိမ်နှင့် တော်ဝင်နန်း ၄/၃ (က) ဇော်ဘွားကြီးကုန်းမှကားများ နံနက် ၉-နာရီ ၃၀-မိနစ်ထွက်ပါမည်။

ကျန်ရစ်သူမိသားစု ဟူ၍ဖြစ်ပါသည်။

ဦးညွန့်လှိုင်၏ဘဝနောက်ဆုံးနေ့ ရေဝေးသုသာန်မီးသဂြိုဟ်ရာသို့ မိမိ၏နီးဒေါ်ခင်တင့်နှင့် သားကြီး ဒေါက်တာခင်မောင်ဦးတို့ သွားရောက်ခဲ့ပါသည်။ ဦးညွန့်လှိုင်မှာ လမ်း ၄၀-ဓမ္မာရုံ ဒုတိယဥက္ကဋ္ဌ အဖြစ်ကာလကြာမြင့်စွာ ထမ်းဆောင်ခဲ့ခြင်း၊ အပေါင်းအသင်းများ၍ လူချစ်လူခင်ပေါများခြင်းများကြောင့် မီးသဂြိုဟ်ပွဲသို့ ရပ်နီးရပ်ဝေးလူများပြားစွာ လာရောက်ကြကြောင်း ပြောပြသိရပါသည်။

ရက်လည် နေ့ဆွမ်းကပ်လှူပွဲသို့ မိမိကိုယ်စား သားကြီးဖြစ်သူသွားရောက်ခဲ့ပါသည်။ ဦးညွန့်လှိုင် နံနက်တိုင်းဝတ်ပြုပုတီးစိတ် အဓိဋ္ဌာန်ဝင်နေကျ ဘုရားခန်း စားပွဲပေါ်မှာ ဦးညွန့်လှိုင်၏အသုံးအဆောင် နာရီ၊ လက်စွပ်၊ ဆွဲကြိုး၊ လက်ကိုင်ဖုန်းစသည် များ အမှတ်တရ တင်ထားကြောင်း သိရပါသည်။

နာရီနှင့် လက်ကိုင်ဖုန်းများ စက်မရပ်သေး၊ ပိုင်ရှင်ကား ဤဘဝ ဤခန္ဓာစက်ရပ်သွားခဲ့လေပြီ။

ဦးညွန့်လှိုင်ဘယ်သို့ စရီးဆက်နေမည်နည်း

ဦးညွန့်လှိုင်မှာ လှူဒါန်းခြင်း ကောင်းမှုများစွာ ပြုခဲ့ပြီးသူဖြစ်ပါသည်။ ဓာတ်ရှာ သရက်ကန် ကျောင်းမှာ ရေတွင်း၊ အုတ်တံတိုင်း၊ ဝင်းတံခါးများ နှင့် နဘူးကျောင်း ရန်ကင်းတောရဆွမ်းခံလမ်း၊ သူ့ဇနီး ဆရာမ ဒေါ်ခင်လွှမ်း၏ဓာတ် ပဲခူးမှာ သိမ်ကျောင်း၊ စရပ်များ လမ်း ၄၀-ဓမ္မာရုံ ဒုတိယဥက္ကဋ္ဌ ဆွမ်းလောင်းလှူခြင်းများစွာ၊ တောရဆရာတော် ကျမ်းစာများ ငွေအလှူ၊ ဆွမ်းအလှူစုံလို့နေပါသည်။ ထိုထို ဤဤ အလီလီသော ကောင်းမှုမျိုးစုံ ပြုခဲ့ပြီးသူဖြစ်၍ သုဂတိဘဝ လူ့ပြည်လူ့လောကနှင့် နတ်ပြည် နတ်လောကရောက်မည်အမှန် ဖြစ်ပါသည်။

သူတော်ကောင်းကြီးများစွာနှင့်လည်း ကြုံဆုံခွင့်ရသူဖြစ်ခဲ့ပါသည်။ အထူးအားဖြင့် ဘုရားဖြူ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာဝံသ(အဂ္ဂမဟာပဏ္ဍိတ) နာမကျော်စည် အနီးကပ် ပြုစုခဲ့ရသောသူ ဖြစ်ခဲ့ပါသည်။ ထိုကောင်းမှုကြောင့် သူပန်ဆင်ခဲ့သော ဆုများပြည့်ခဲ့သူလည်းဖြစ်ပါသည်။

ထိုဘုရားဖြူဆရာတော်ဘုရားကြီးအား ပြုစုရသောကောင်းမှုကြောင့် ယခုဘဝ၌ပင် လက်ငင်းဒိဋ္ဌ

၁။ လှူချင်သလို လှူနိုင်အောင် ချမ်းသာရပါလို၏။

၂။ အမိနှင့်တူသော နီးမယားကို ရသူဖြစ်ရပါလို၏။

၃။ ငယ်စဉ်က အလွန်ပိန်သူဖြစ်၍ အလွန်ဝသူဖြစ်ရပါလို၏ ဟူသတည်း။

သူ့အလုပ်နှင့် သူ့ကံ

မြကံထူးသိန်းဆုဌာန အရောင်းဆိုင်ဖွင့် ရောင်းခဲ့ရာ လက်ကျန်ထီအမျိုးမျိုးပေါက်ခဲ့ပါသည်။

သမီးဆရာဝန်၊ သားဆရာဝန်၊ သမီးဓာတု

မေဒသရာမနှင့် သားအငယ်ဆုံးလည်း လိမ္မာကြ၍ အရောင်းအဝယ်အလုပ်များ အဆင်ပြေကြပါသည်။

ဇနီး မခင်လွမ်းက ကျောင်းဆရာမလုပ်ခဲ့၍ မိခင်လို ဖြစ်ခဲ့ရပါသည်။

တောရဆရာတော်ဘုရားကြီးကို ဆရာသခင်လိုတစ်မျိုး၊ ဖခင်ကြီးလိုတစ်ဖုံ လွန်စွာကြည်ညိုလှသဖြင့် အစစအရာရာလှူ၊ ဝေယျာဝစ္စဆောင်ခဲ့သူဖြစ်ပြီး ကလျာဏမိတ္တ သူတော်ကောင်းကြီးများကို အမှီရခဲ့သူ ဖြစ်ပါသည်။

နောက်ဆုံးဩဝါဒ

တောရဆရာတော်ဘုရားကြီး ရန်ကုန်ဆေးကုသခံယူရန် ဦးညွန့်လှိုင်အား နောက်ဆုံးဩဝါဒဆုံးမစကားများ ၁–နာရီကျော်ကြာအောင် မိန့်ကြားခံခဲ့ရသူဖြစ်ပါသည်။

ထိုမိန့်ကြားချက် အပြည့်အစုံရေးပေးပါ။ မိမိကပြောကြားခဲ့ရာ ရေးပေးပါမည် ပြောခဲ့ပါသည်။ တောရဆရာတော်ဘဝနိဂုံးချုပ်ပြီး ၁–နှစ်ကျော်အကြာ ဦးညွန့်လှိုင် မမျှော်လင့်ပဲ ကွယ်လွန်သွားခဲ့ပါသည်။

သူနှင့်ကျွန်တော်

သူနှင့်ကျွန်တော် ရန်ကုန်မြို့မှာ နှစ်ပေါင်း ၄၅–နှစ်ကျော် အတူနေခဲ့ရပါသည်။ သူတို့ဇနီးမောင်နှံကို ကျွန်တော်က အကိုကြီး အဖအရာဖြင့် ဦးဆောင်၍ ဗဟိုတရားရုံးချုပ်မှာ လက်ထပ်ပေးခဲ့ပြီး၊ မင်္ဂလာဆည်ခံပွဲမှာလည်း ကျွန်တော်နှင့် ဦးတင်ရွှေ (ဒုတိယရဲမှူးငြိမ်း)တို့က မိဘအရာ တက်ရောက်ပေးခဲ့ကြပါသည်။

သူ မမျှော်လင့်ပဲ ခွဲခွာသွားခဲ့သည်ကို များစွာစိတ်မကောင်းပါ၊ သူ ကျွန်တော့်ထက် ၁၀–နှစ်လောက်ငယ်ပါသည်။ သေမင်းသည် ဘာကိုမျှမငဲ့ပါ။ သူနှင့် ကျွန်တော် တောရဆရာတော်ဘုရားကြီး၏ ဝေယျာဝစ္စတွေများစွာ ထမ်းဆောင်ခဲ့ပါသည်။

တာဝန်နှင့်လာခဲ့သူ ကျွန်တော်

တောရဆရာတော်ဘုရားကြီး၏ ဘဝနှစ် ၄၀–ကျော် ရုတင်ဆောင်ခဲ့ရမှတ်တမ်းရှည်ကြီးရေးနေသော ကျွန်တော်မှာ ထိုတာဝန်ထမ်းဆောင်ရန် လူ့ပြည်ကိုလာခဲ့ခြင်း ဖြစ်မည်ထင်ပါသည်။ ထိုတာဝန်များထမ်းဆောင်နိုင်ရေးအတွက် ကျွန်တော်အသက်ရှင်နေသေးခြင်းဖြစ်မည်ထင်ပါသည်။

ဦးညွန့်လှိုင် ကွယ်လွန်သွားခြင်းအတွက် များစွာ ဝမ်းနည်းမိပါသည်။ ကျွန်တော်ဆောင်ရွက်ခဲ့သမျှ ကုသိုလ်လုပ်ငန်းများတွင် အမြဲပါဝင်ရသူ အားကိုးအားထားပြုရသူတစ်ယောက် ဆုံးရှုံးသလို ခံစားခဲ့ရပါသည်။ နဘူးကျောင်းဆွမ်းခံလမ်းကို နေ့စဉ်လျှောက်လှမ်း၍ နေကြသော တောရဆရာတော်များက ဦးညွန့်လှိုင်ကို အမှတ်ရသလို၊ သရက်ကန်ရွာသားများကလည်း သူတို့မိသားစုလှူထားသော ရေတွင်းမှရေများ သောက်သုံးကြရလေတိုင်း နေ့စဉ်သတိရလွမ်းနေကြမည်သာ ဖြစ်ပါသည်။

ဆရာတော်လိုက်လျှောခဲ့ပုံများ

တောရဆရာတော်ဘုရား သီတင်းသုံးရာ နဘူးကျောင်းနှင့် နေပြည်တော်လယ်ဝေး၊ ထန်းတပင်တောရများသို့ သူနှင့်ကျွန်တော် အပြေးအလွှားသွားခဲ့သည်များ၊ ရန်ကုန်သို့ တောရဆရာတော်ကြွလာလေတိုင်း၊ မိမိ တို့နှစ်ဦးသားလုံး၏ဖခင်ကြီးကြွလာသလို တောရ ဆရာတော်မျက်နှာတော် မော်ဖူးမဝ၊ ဆရာ

တော့် အနားက မခွာ၊ နေ့နေ့ညည အလှည့်ကျ ဆရာတော် ကုတင်ဘေးမှာအိပ်၊ ဆရာတော့်ကို ဝတ်ဖြည့်နှိပ်နယ်ပေး၊ ဝတ်ရုံလာသော သင်္ကန်းသုံးထည် အလှည့်နှင့် လျှော်ဖွပ်ပေး၊ လက်သည်းခြေသည်းများ လှီးဖြတ်ပေး၊ မိမိတို့နှစ်ဦးကြိုက်သလို ဝေယျာဝစ္စ ဆောင်ရွက်ကြသည်ကို ဘာတစ်ခွန်းမျှမပြော သည်းခံလိုက်လျော ခွင့်ပြုတော်မူခဲ့ပါသည်။

ဘုရားစုံလည်၍ဖူး

နောက်ထပ်ရှိသေးသည် ဆရာတော်သက်တော် ၇၀–ဝန်းကျင်က ရန်ကုန်ကြွလာခိုက် မိမိ၊ဦးညွန့်လှိုင်နှင့် ဦးကျော်ဇင်တို့ပါ မော်တော်ကား သုံးစီးစီစဉ်၊ မယ်လမု၊ ကမ္ဘာအေး၊ ရွှေတိဂုံဘုရားစုံလှည့်လည်ဖူး၊ ရွှေတိဂုံလက်ျာရစ် ဆရာတော်နှင့်အတူဖူး၊ အောင်မြေမှာ ဆရာတော်ပါပင့်၍အတူ ရှိခိုးကြ၊ အနောက်မုခ်နှစ်ပြားတန်ဆောင်းပေါ်က ဆရာတော်နှင့် အတူ ဘုရားကြီးကို ရှိခိုးကြ၊ နိဗ္ဗာန်ရည်စူး ဆရာတော်ကူးသလိုနောက်ကလိုက် ကူးကြမည်ပေါ့။

ကိုညွန့်ရွှေ၊ မသန်းမြင့်တို့ အိမ်သို့ ကြွရောက် ချီးမြှောက်ခဲ့

မယ်လမုနှင့် ကမ္ဘာအေး အကူးကြားထဲမှာ တံတားလေးဘူတာအနီး ဟိုတယ်ခရီးက ဝန်ထမ်း ကိုညွန့်ရွှေ+မသန်းမြင့်တို့နေသည့် ခြံကြီးထဲသို့ မော်တော်ကားများ မောင်းဝင်သွားခဲ့ကြသေးသည်။

ဘာလုပ်မလို့လဲ ဆရာတော်က မိန့်ရာ တပည့်တော်ညီမအငယ်ဆုံး မသန်းမြင့်၊ ကိုညွန့်လှိုင်နဲ့က ညီမဝမ်းကွဲဖြစ်လို့ ခေတ္တမျှ ကြွရောက်ချီးမြှင့်ပေးတော်မူပါလျှောက်သည်။

ဆရာတော် ဘာမျှမမိန့် လိုက်လျောတော်မူပါသည်။ ကဲ ခေတ္တနားကြဟုပင် မိန့်လိုက်သေးသည်။ မိမိတို့၏ ဖခင်ကြီးဦးကြည်က ဆရာတော်ကို လေးစားကြည်ညိုကြသလို သားသမီးတွေက လေးစားကြည်ညိုကြသည်ကို ဆရာတော်က ဖခင်ကြီး မျက်နှာနှင့် အထေးမှာရောက်နေသော တပည့်ဒါယကာများအပေါ် ငဲ့ညှာ မေတ္တာထား သနားသောအားဖြင့် သံဃာ့ဂုဏ် အာရုံယူရှိခိုးကြသည်, ကန်တော့ကြသည်, ကံစေတနာတွေ လောက အကျိုးပေးကြပါစေ, သံသရာအကျိုးပေး ကောင်းကြပါစေ ဟူသော ဆန္ဒဖြင့် ချီးမြှောက်တော်မူခဲ့ခြင်း ဖြစ်သည်မှာ သေချာလှပါသည်။

အဘယ်ကြောင့်ဤသို့ဆိုသနည်း။ အဖြေကား မောင်ညွန့်ရွှေ၏ ဘွဲ့ရဓာတ်ပုံကိုကြည့်ပြီး သူက ဘွဲ့ရထားတာပဲဟု ဆရာတော်ကမိန့်ခဲ့သည်။ ကိုညွန့်ရွှေမှာ တောရဆရာတော်၏ ငယ်ဆရာဦးဝိမလ နောင်အခါ ဆရာကြီးဦးရှင်၏ တူအရင်းဖြစ်ပြီး မဟာသီဟနာဒဆရာတော်နှင့် ညီဝမ်းကွဲဖြစ်သည်။ မိမိနှင့် နှစ်ဝမ်းကွဲညီလည်း ဖြစ်လေသည်။

ထိုသည့်နောက် ရန်ကုန်ကြွလာတိုင်း ဆွမ်းများလောင်းလှူ၊ ဆေးလှူ၊ ကံ၊ဉာဏ်၊ဝီရိယ သုံးခုမျှ၍ ကိုညွန့်ရွှေ ရာထူးအဆင့်ဆင့်တက်၊ ယခုအခါ၌မူ သူတို့သမီးကြီး သီရိရွှေစင်နှင့် သမီးငယ် နွယ်နီဝင်းတို့ ဆေးတက္ကသိုလ်(၂)တွင် ပညာသင်ခွင့်ရ မကြာမီကာလ ဤလောကအတွက် ကောင်းကျိုးသယ်ပိုးသည့် ဆရာဝန်တွေဖြစ်လာကြပေတော့မည် ဖြစ်လေသည်။

ဤကား သူတော်ကောင်းကြီးများကို တစ်ကြိမ်ဖူးတွေ့ခွင့်ရ၊ မရေမတွက်နိုင်အောင် အကျိုးများရကြောင်း သက်သေခံချက်တစ်ရပ်အဖြစ် တင်ပြလိုရင်းဖြစ်ပေသည်။

တောရဆရာတော်နှင့်ဆက်သွယ်သမျှရေးနေပါလျှင်

တောရဆရာတော်ဘုရားကြီးနှင့် ဆက်သွယ်ခဲ့သမျှရေးနေပါလျှင် ဤစာစု အပြီးအဆုံးနိဂုံးသို့ မရောက်နိုင်ရှိလေတော့မည်။

သို့အတွက် တောရဆရာတော်ဘုရားကြီး၏ ဘဝနိဂုံး နောက်ဆုံးနေ့များ၏ အပြီးသတ်နိဂုံး (Final Report) နောက်ဆုံးအစီရင်ခံစာ ရေးသားပါတော့မည်။

မဟာတိဿရ အမှတ်တရ လွမ်းစေတီ

ဆရာတော်ဘုရားကြီး၏ ဇာတိမြို့ရွာ ရမည်းသင်းမြို့နယ် နဘူးကျင်းရွာအနီး ရန်ကင်းတောရကြီး မဟာတိဿရကုန်းတော်မှာ မဟာတိဿရ လွမ်းစေတီကို ရန်ကုန်ဆရာတော် ဘဒ္ဒန္တ ဇာဂရိယထေရ် ဦးဆောင်၍ ရမည်းသင်းမြို့မှ ဆိစက်ပိုင် ဦးပေါလှိုင် + ဒေါ်မြရွှေတို့၏ သားသမီးများ ကောင်းမှုဖြင့် တည်ထားတော်မူခဲ့ပြီး ထီးတော်တင်ပွဲကျင်းပပြီးခဲ့ကြောင်း ဗီဒီယို မှတ်တမ်း ရန်ကုန်ဆရာတော်ထံမှ ရရှိခဲ့ပါသည်။

စေတီတော် တည်ထားခြင်းမှ ထီးတော်တင်အစအဆုံး ရန်ကုန်ဆရာတော်အား ရေးသားချီးမြှင့်ပေးတော်မူပါရန် အစီရင်ခံစာဖြင့်လည်းကောင်း, တိုက်ရိုက် လျှောက်ထားခြင်းဖြင့်လည်းကောင်း အသေးစိတ် မှတ်တမ်းတင်လို၍ စောင့်မျှော်ခဲ့ပါသည်။

ရန်ကုန်ဆရာတော်ထံမှ ထီးတော်တင်ပွဲမှတ်တမ်းသာရရှိခဲ့ပါ၍ ထီးတော်တင်ပွဲကျင်းပခဲ့ပုံများ ဗီဒီယို မှတ်တမ်းတွေကို ဦးစိန်မောင်+ဒေါ်ဝင်းမာ မိသားစုတို့၏ ကောင်းမှုဖြစ်ကြောင်း၊ ထိုဗီဒီယိုရွေးကြည့်၍လည်းကောင်း လိုအပ်ရာသိလိုသည်များကို ထိုစေတီတော်တည်ထားခဲ့သော အလှူရှင် ဘုရားဒါယကာ ဦးတင်မောင်ဝင်းနှင့်ညီမ ဒေါ်ရိုဝင်းတို့ နေထိုင်ရာ ရမည်းသင်းမြို့ ဖုန်းနံပါတ် 064-40055 သို့ ဆက်သွယ်မေးမြန်းခဲ့ပါသည်။

မဟာတိဿရစေတီတော် တည်ထားတော်မူသော ဘုရားဒါယကာ ဦးတင်မောင်ဝင်း+ဇနီး ဒေါ်သီတာမြင့်နှင့် ဦးတင်မောင်ဝင်း၏ ညီမ ဒေါ်ရိုဝင်းတို့၏ ပြောပြချက်မှာ–

တောရဆရာတော်ဘုရားကြီး၏ အန္တိမ ဈာပနသွဲကျင်းပမည့် နဘူးကျင်း ရန်ကင်းတောရသို့ ၎င်းတို့မောင်နှမရောက်သွားကြ၏။ တောရဆရာတော်ဘုရားကြီး၏ ရုပ်ကလပ်တော် မီးသင်္ဂြိုဟ်ပြီး နောက်ပိုင်း အမှတ်တရ လွမ်းစေတီ တည်ထားရေး ဆွေးနွေးပွဲ၌ ရန်ကုန်ဆရာတော်ဦးဇာဂရိယ၊ နဘူးကျင်းရွာဦးကျောင်းဆရာတော် ဦးအာဒိစ္စဝံသ ရမည်းသင်းမြို့မှ အဘိုးဦးထွန်းမြတို့နှင့် ၎င်းတို့မောင်နှမပါ ထိုဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည် ဆို၏။

ပဇ္ဇည်းလေးပါး ဒါယကာဆိစက်ဦးပေါလှိုင် နှင့် ဒေါ်မြရွှေ

နဘူးကျင်း ရွာဦးကျောင်းဆရာတော် ဦးအာဒိစ္စဝံသက ရမည်းသင်းမြို့နေ ဆိစက် ဦးပေါလှိုင်+ဒေါ်မြရွှေတို့မှာ တောရဆရာတော်ဘုရားကြီး၏ ပစ္စည်းလေးပါး ဒကာရင်း ဆရာရင်းများဖြစ်ကြလို့ ဦးပေါလှိုင်၊ ဒေါ်မြရွှေတို့၏ သားသမီးများက စေတီတည်ကြပါဟု အကြံပြုမိန့်ကြားသည်ဆို၏။

ဦးပေါလှိုင်၏ သားဖြစ်သူ ဦးတင်မောင်ဝင်းနှင့် ညီမဒေါ်ရိုဝင်းတို့ ၂–ဦးက ကွယ်လွန်သူ မိဘနှစ်ပါးကို ရည်စူး၍ စေတီတည်ထားရေး ဘုရား

ဒါယကာ ခံယူကြပါမည်ဘုရားဟု ပြန်လည်လျှောက်ထားခဲ့ကြသည်ဟု သိရပါ၏။

"မွေခံထိုက်စေ၊ လှူမှုဝေ၍၊ စောင့်လေမျိုးနွယ်" ဟူသော သူတော်ကောင်းကြီးများ၏ အဆုံးအမစကားကို မောင်နှမနှစ်ဦးသားတို့နားမှာကြား၍ မိဘများ၏ ကျေးဇူးအထူးဆပ်မည်။ စိတ်တူကိုယ်တူဖြင့်အခွင့်သင့်၍, ရခွင့်ရထိုက်ရှိ၍ ရလာသော မဟာကုသိုလ်ထူးကြီးကို နိဗ္ဗာန်ကူးမည့် ရွယ်စူးရည်၍ လက်မလွှတ်တမ်း မတွန့်မဆုတ် ကောင်းမြတ်ဖြူစင်သော သဒ္ဓါတရားဖြင့် ကြည်သာရွှင်ပြုံးစွာ ပေးလှူသွားကြပါမည်ဟု ဝန်ခံကတိသစ္စာပြုခဲ့ကြသည်ဆိုပါ၏။

သာစုခေါ် ဝမ်းသာမဆုံး

ရန်ကုန်ဆရာတော်နှင့် ရွာဦးကျောင်းဆရာတော်တို့နှစ်ပါးက မိမိတို့ ဆရာ မထေရ်အတွက် ကျေးဇူးဂုဏ်များ အမှတ်ရကြစေဘို့ လွမ်းစေတီတည်ထားရေး ပင်မဒါယကာ အလှူရှင်ပေါ်ခဲ့ပြီးဖြစ်၍ ဝမ်းမြောက်ဝမ်းသာ သာစုခေါ်တော်မူခဲ့ကြသလို၊ နဘူးကျောင်းရွာ မာဃအဖွဲ့နှင့်တစ်ရွာလုံးက ဝမ်းသာမဆုံးရှိခဲ့ကြသည်ဆို၏။

ရန်ကုန်ဆရာတော်ဦးဇာဂရိယ၏ အနီးကပ်ကြီးကြပ်ဦးဆောင်လမ်းညွှန်မှုဖြင့် မဟာတိဿရမည်သော ကုန်းတော်ပေါ်ပေါက်လာအောင် မာဃအဖွဲ့သူ အဖွဲ့သားများနှင့် တောရဆရာတော်ဘုရားကြီး၏ အပေါ်လေးစားကြည်ညို မြတ်နိုးကြကုန်သော တပည့်ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းများ၏ ညီညာဖြဖြ ပေးလှူကြသော လုပ်အားဒါနများဖြင့် ရန်ကုန်ဆရာတော်၏ လိုအင်ဆန္ဒ စီမံကိန်းချမှုများကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ခဲ့ကြသည်။

ဤသို့ဖြင့် မဟာတိဿရအမည်မည့်ခေါ် ကုန်းတော်မြတ်မြေမဟာ ပထမဦးစွာပုံဖေါ်ကာ ပေါ်လာရသည်ဆို၏။

ထိုကုန်းတော်မြတ်၏ အလယ်ဗဟိုတွင် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရွှေရောင်တော်ဝင်းဝင်းဝါဝါဖြင့် ဖူးမြော်ရသူအပေါင်းက ညွှတ်ပြောင်းဂါရဝဖြင့် ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်အနန္တကို ပြန်လည်အမှတ်ရ လွမ်းဆွေးတသကြလျက် မဟာတိဿရစေတီတော်မြတ်ကို ဦးတင်ကာဝတ်ချ၊ လိုရာဆုတွေ ပန်ဆင်ကြလို့ နေလေပြီ။

စေတီတော် တည်ဆောက်ရေးအဆင့်ဆင့်မှာ အောက်ပါတိုင်းဖြစ်ကြောင်း သိရပါ၏။

အဆင့်ဆင့် ဆောင်ရွက်တော်မူခဲ့

၁။ **ပန္နက်တော်တင်** – ၁၃၆၆–ခုနှစ်၊ တပို့တွဲလပြည့်၊ ဗုဒ္ဓဟူးနေ့ (၂၃–၂–၂၀၀၅ နေ့) မင်္ဂလာအချိန်တွင် ပန္နက်တော်တင် မင်္ဂလာကျင်းပခဲ့၏။

၂။ **အရိုးဓာတ်ဌာပနာသွင်း** –၁၃၆၆–ခုနှစ် တပေါင်းလပြည့် ကြာသပတေး (၂၄–၃–၂၀၀၅) တောရဆရာတော်ဘုရားကြီး၏ အရိုးဓာတ်များ ဌာပနာတော်သွင်းမင်္ဂလာကျင်းပခဲ့ကြသည်။

၃။ **သတ္တဌာန ဌာပနာတော်သွင်း** – ၁၃၆၆–ခုနှစ်၊ တပေါင်းလကွယ်၊

သ ေ ၁ ကြ ၁ နေ့
(၈-၄-၂၀၀၅)နေ့
သတ္တဌာနစံရာ ပူဇာ
ဌာနပနာတော်သွင်း
မင်္ဂလာဆင်ယင်
ကျင်းပခဲ့ကြသည်။

၄။ ရွှေထီးတော်တင်ပွဲနှင့် - ၁၃၆၇-ခုနှစ်
ဗုဒ္ဓါဘိသေက မင်္ဂလာ ကဆုန်လပြည့်၊
ဗုဒ္ဓနေ့၊ တနင်္ဂနွေနေ့
(၂၂-၅-၂၀၀၅)၊
မဟာတိဿရစေတီ
တော်၊ ရွှေထီးတော်
တင်လှူပူဇော်ပွဲနှင့်
ဗုဒ္ဓါဘိသေက
မင်္ဂလာဆင်ယင်
ကျင်းပခဲ့ကြသည်။

မဟာတိဿရစေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၁၈ ပေဖြစ်လေသည်။

ထီးတော်တင်ပွဲ စီဒီယို မှတ်တမ်း

ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် ဆင်ယင်ကျင်းပကြပုံများ စီဒီယိုခွေကို ကြည့်ရှုခဲ့ရာ ရန်ကုန်ဆရာတော်ဦးဇာဂရိယ၏ စီမံဆောင်ရွက်နေပုံများ၊ ရွှေထီးတော် အဆင့်ဆင့်ကို တန်းစီ ပင့်ဆောင်လာကြရာ၌ ရှေ့ဆုံးမှ နဘူးကျောင်းရွာ ဦးကျော်သိန်းက သာသနာ့အလံတော်လွှင့်ထူကိုင်ဆောင်လျက်၊ နောက်မှကြေးစီထုလျက်၊ မာဃအဖွဲ့၊ ထို့နောက် အမျိုးသမီးများ ပန်းအိုးများရွက်လျက်၊ ထို့နောက်မှ ရွှေဒါးဆရာတော်ဘုရားကြီးနှင့် ရဟန်းတော်များ ထိုအထဲတွင် ကျောက်ကြီးတောင်တောရ ဘဒ္ဒန္တဝိဝေကစာရ စသည့် သံဃာတော်များစွာ သက်န်းရုံလျက်၊ ယခုနေပြည်တော် တပ်ကုန်း ဒေါင်းမင်းဆီစက် ကျောင်းဒကာဦးအောင်ခနှင့် ဘောဂဝတီဆီစက် ဦးတင်မြင့်တို့က ရွှေထီးတော်ဘုံဆင့်များပင့်ဆောင်လျက် ညောင်လွန့် အောင်ဆီစက် ဦးအောင် စသူများနှင့် ဘုရားဒါယကာ ဦးတင်မောင်ဝင်း ဇနီး ဒေါ်သီတာမြင့်၊ ဦးတင်မောင်ဝင်း၏ညီမ ဒေါ်ရီဝင်း တို့မိသားစုများနှင့် ပရိသတ်များက ရာဇမတ်ကာရံထားသော မဟာတိဿရစေတီတော်ကို လက်ျာရစ် ပူဇော်ကြပြီး ရွှေထီးတော် အဆင့်ဆင့် တင်လှူပူဇော် ကြသည်။

အောင်ဂါထာရွတ်ဆိုပူဇော်

ရွှေထီးတော်တင်လှူဆဲတွင် သံဃာတော်အရှင်မြတ်များစွာတို့က တံခွန်၊ ကုက္ကား၊ ထီးတော် သာသနာ့အလံကလေးများ ကိုင်ဆောင် မဟာတိဿရ စေတီတော်အား ရှိခိုးပရိတ်တော်များ ရွတ်ပွားပူဇော်လျက်လည်းကောင်း၊ ရန်ကုန်ဆရာတော်က ရွှေထီးတော်များတင်လှူပြီးနောက် "ဘဝတု သဗ္ဗမင်္ဂလာ" အောင်ဂါထာများ ရွတ်ပွားပူဇော်၍ လည်းကောင်း၊ အောင်စည်အောင်မောင်းများတီး၍ လည်းကောင်း တင်လှူပူဇော်ခဲ့ကြသည်။

ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် ဆင်ယင်ကျင်းပ

သတ်တော်ရှည် ရွှေဒါးတောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒဝံသ၊ ရန်ကုန်ဆရာတော် ဘဒ္ဒန္တဇာဂရိယ အမှူးပြု၍ ကျောက်ကြီးတောင်တောရ ဘဒ္ဒန္တ ဝိဝေကစာရ စသောဆရာတော်၊ သံဃာတော်များစွာတို့က "အနေကဇာတိသံသာရံ" အစရှိသော ဘုရားအနေကဇာတင် ဗုဒ္ဓါဘိသေက မင်္ဂလာဂါထာတော်များကို သံပြိုင်ရွတ်ပွားပူဇော်ခဲ့ကြသည်။

ဤသို့ဖြင့် မဟာတိဿရကုန်းတော်၌ မဟာတိဿရစေတီတော်ကို အဆင့်ဆင့်ဆောင်ရွက်

ခဲ့သော မြင်ကွင်းများကို ကြည်ညိုခြင်းများစွာဖြင့် ဦးခိုက်မိပါသည်။

စေတီတော်လှူဒါန်းမှုအစုစု

မဟာတိသာရစေတီတော် အမှတ်တရ တည်ထားကိုးကွယ်ရေးအတွက် ရမည်းသင်းမြို့ ဈေးတောင်ဘက် ဦးမင်းနိုင်လမ်း၊ ဝါတိုးအရှေ့ရပ်ကွက်နေ ကွယ်လွန်သူ ဖခင်ကြီး ဆီစက်ပိုင်ဦးပေါလိုင် မိခင်ကြီး ဒေါ်မြရွှေတို့အား ရည်စူး၍ သားဖြစ်သူ ဦးတင်မောင်ဝင်း ဇနီး ဒေါ်သီတာမြင့်နှင့် ဦးတင်မောင်ဝင်း၏ ညီမဒေါ်ရီဝင်းတို့နှစ်ဦး၏ပင်မ မတည်အလှူငွေမှာ ကျပ်သိန်း၄၀ခန့်ဖြစ်ပြီး နဘူးကျောင်းရွာ မာဃအဖွဲ့ လူငယ်မောင်မယ်များနှင့် နဘူးကျောင်းကျေးရွာသူကျေးရွာသားများ အနီးဝန်းကျင်မှ ရွာသူရွာသားများအားလုံး၏ မြေဖို့ခြင်း၊ ကျောက်သဲများ သယ်ယူလှူဒါန်းကြခြင်း၊ ကာယအား၊ ဉာဏအား လုပ်အားတန်ဖိုးငွေသားဖြင့်တွက်ချက်ပါက ကျပ်သိန်းပေါင်းများစွာရှိပေလိမ့်မည်ဟု အလှူရှင်တို့က ပြောပြသိရပါသည်။

နဘူးကျောင်းတောရဆရာတော်နှင့် ဆီစက်ဦးပေါလိုင်

နဘူးကျောင်းတောရဆရာတော်နှင့် စီးဖြူကုန်းရွာသား ဦးပေါလိုင်တို့မှာ စီးဖြူကုန်းရွာကျောင်းသစ်ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တ ဥက္ကံသထံ ပညာသင်ယူခဲ့သော ဆရာတူတပည့် ကျောင်းနေဘက်များ ဖြစ်ခဲ့ကြသည်။

ရမည်းသင်း၊ နဘူးကျောင်း ရန်ကင်းတောရသို့ တောရဆရာတော် သီတင်းသုံးတော်မူသောအခါ ရမည်းသင်းမြို့မှာ ဆီစက်တည်၍ ဆီစက်ဦးပေါလိုင် ဖြစ်လာသောအခါ ပစ္စည်းလေးပါးဒါယကာ ဒါယိကာမများအဖြစ် လျှောက်ထားခဲ့ကြသည်။ ဂျစ်ကားလည်း ရှိလာသဖြင့် ခရီးသွားလာရေးအတွက်ကားအလိုရှိလျှင် မိန့်ကြားပါလျှောက်ထားခဲ့သည်ဟု ဆိုပါသည်။ တောရဆရာတော်က ခရီးသွားစရာရှိလျှင် ၃-ရက်ကြိုတင်ပြောမည် မိန့်ကြားခဲ့သည်ဆိုပါသည်။ (၁၃၄၆-ခုနှစ်၊ သက်တော် ၅၇ တွင် ဦးပေါလိုင် ဂျစ်ကားဖြင့် ပျဉ်းမနားမြို့ လိုက်ပို့ရန်နှင့် ဆွမ်း ၂-ပါးစားပါ ကျိုင်နှင့်ယူကာ ပြတိုက်ကားဂိတ်သို့ နံနက်-၇-နာရီ အရောက်လာပါ၊ သွားပြောဟု မိမိအား ခိုင်းခဲ့ကြောင်း တတိယပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

သက်တော် ၆၀-အထိ ခြေလျင်ခရီး

တောရဆရာတော်ဘ၀ တောရဆောက်တည်သော ပထမပိုင်းဝါတော် ၂၀-ကာလ၊ သက်တော် ၆၀ နီးပါးအထိမှာ ပစ္စည်းလေးပါးလျှောက်ထားသူပင် ပေါပေါများများမရှိ။ လိုရာခရီးအတွက် 'မော်တော်ကား လှူပါသည်ဘုရား' လျှောက်ထားသူကား အလွန်ပင် နည်းပါးလှပေသည်ဟု ဆိုရပေလိမ့်မည်။

ယခုနေပြည်တော် တပ်ကုန်းဒေါင်းမင်း ဆီစက်ဦးအောင်ခ စသူ တို့ပစ္စည်းလေးပါး အလှူ ဂျစ်ကားအလှူစတင်လှူ ကြသည့်သတင်းများကြောင့် နောက်ပိုင်းတွင် သိမ်သမုတ်ပွဲများကြွလိုသည့် ခရီးအတွက် ရမည်းသင်း၊ နေပြည်တော်တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့များက ကားအလှူရှင်များ ပေါ်လာကြသည်ဟု ကြားသိမှတ်သားခဲ့ရပါသည်။

တောရဆရာတော်၏ တောရဆောက်တည်သော ပထမဝါတော် ၂၀-ကာလ၊ သက်တော် ၆၀- နီးပါးရှိ ချိန်အထိ ငွေမကိုင်သော စုတင်ဆောင်

ရဟန်းတော်ဘဝသည် ခြေလျှင်ခရီးချည်းသာ ဖြစ်ခဲ့ကြောင်း ကြည်ညို လေးစားဖွယ်ရာများ အံ့မခန်းလောက်အောင် တွေ့မြင်ရမည်ဖြစ်လေသည်။

ဆီစက်ဦးပေါလိုင်နှင့် ဒေါ်မြရွှေတို့ ကွယ်လွန်ခဲ့ကြပြီ

တောရဆရာတော်ဘုရားကြီး၏ ရှုတင်ဆောင်ဘဝခရီး၌ ကျေးဇူးများခဲ့ကြသော ရမည်းသင်းမြို့မှ ဆီစက်ဦးပေါလိုင်မှာ အသက် ၈၁-နှစ် (၂၅၊၈၊၂၀၀၂)နေ့က ကွယ်လွန်ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်မြရွှေမှာ အသက် ၆၇-နှစ် (၂၃၊၁၁၊၁၉၈၉)နေ့ကပင် ကွယ်လွန်ခဲ့ကြပြီဟု ၎င်းတို့၏ သမီးဖြစ်သူ ဘုရားအမ ဒေါ်ရီဝင်းက ပြောပြသိရှိရပါသည်။

နိဗ္ဗာန်ကူးမည် ရှယ်စူးရည်၍

မိဘနှစ်ပါးတို့ဆည်းကပ်ကိုးကွယ်အားထားရာဖြစ်တော်မူခဲ့သော အရှင်မြတ်ကြီး၏ အရိုးဓာတ်များကို အမှတ်တရထည့်သွင်းပူဇော် "မဟာတိဿရစေတီတော်အမည်" ဖြင့် တည်ထားခဲ့ရာ ကျေးဇူးရှင်မိဘနှစ်ပါးတို့၏ မွေးဖွားသန့်စင်၊ ကျွေးမွေးပြုစု၊ ပညာသင်၊ အစစအရာရာ သွန်သင်ဆုံးမ ဩဝါဒများဖြင့် လူလားမြောက်ခဲ့ရသော သားဦးတင်မောင်ဝင်းနှင့် ညီမဒေါ်ရီဝင်းတို့က -

(၁) ကွယ်လွန်သွားပြီဖြစ်သော မိဘနှစ်ပါးတို့အား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက် နိဗ္ဗာန်သို့ကူးမြောက်ပါစေခြင်းငှာလည်းကောင်း-

(၂) မိမိတို့ကိုယ်တိုင်လည်း အိုနာသေ ဆင်းရဲအပေါင်းတို့၏ချုပ်ရာ နိဗ္ဗာန်ခရီး ချမ်းသာလွယ်ကူစွာ ကူးမြောက်ပါရခြင်း အကျိုးငှာသည်းကောင်း-

(၃) ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတွင် ရတနာအစစ်ဖြစ်သော မြတ်ဆရာမထေရ်၏ ဖြူစင်သော သီလဂုဏ်၊ တည်ကြည်သော သမာဓိဂုဏ်များနှင့် ထူးမြတ်သော ပညာဂုဏ်များကို အာရုံပြု၍ မဟာတိဿရ စေတီတော်မြတ်ကို လာရောက်ဖူးမြော် ကန်တော့ကြကုန်သော သူတော်ကောင်းအပေါင်းတို့သည်လည်း ၎င်းတို့ပန်ဆင်ကြသည့်ဆုများအတိုင်း ကောင်းကျိုးချမ်းသာ အဖြာဖြာပြည့်ဝကြပါစေ ရန်နှင့် နိဗ္ဗာန် ချမ်းသာ အစစ်ကို ရောက်ကြပါစေခြင်းအကျိုးငှာ လည်းကောင်း ရည်သန်၍-

မှတ်တမ်းတင်ပါသည်

မွန်မြတ်လှသော သမ္မာဆန္ဒဖြင့် မိမိတို့မောင်နှမနှစ်ဦးသား သစ္စာအဓိဋ္ဌာန်ပြု ပြီးမြောက်အောင်မြင်သည်အထိ လှူဒါန်းပါဝင်ခဲ့ကြပါကြောင်း ပြောပြသိရပါသဖြင့် အကြိမ်ကြိမ် သာဓုခေါ်ဆို ဤနေရာ၌ မှတ်တမ်းတင်ဖော်ပြလိုက်ရပါသည်။

မဟာတိဿရစေတီ ဆုတောင်းပြည့်ပါသည်

တောရဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်များကို အမှတ်ရလျက် အမှတ်တရ လွှမ်းစေတီဟု မိမိခေါင်းစဉ်ရေးခဲ့ပါသည်။ လွှမ်းစေတီဟူ၍ ဆိုရမည်ထက် ဆုတောင်းပြည့်မဟာတိဿရစေတီဟူ၍လည်း ယခုရေးရပြန်ပါပြီ။ အဘယ်ကြောင့်ပါနည်း။

ဘယ်ဆုတွေ ဘယ်သူပန်လို့ ဘယ်လိုပြည့်ခဲ့ပါသနည်း။ မေးရန်ရှိလာပြန်ပါသည်။

တောရဆရာတော်ဘုရားကြီး၏ ဖြူစင်သော သီလဂုဏ်များနှင့် မဟာတိဿရစေတီ၊ အလှူရှင် မိသားစုများ၏ ဖြူစင်သော စေတနာကြောင့်

ဆိုရလေမလား။ အလှူရှင် ဦးတင်မောင်ဝင်းနှင့် ဇနီး ဒေါ်သီတာမြင့်တို့ ပန်ဆင်တောင်းဆုဆိုခဲ့သည့် အတိုင်း လက်ငင်းဒိဋ္ဌ ကျောင်းကျိုးရ၍ လာကြောင်း ဦးတင်မောင်ဝင်းက ပြောပြလာပါသည်။

သက်သေဖြစ်ရာ သားကလေးဖိုးသောကြာ

မဟာတိဿရစေတီတော် ရွှေထီးတင်လှူပွဲ ပြီးသည်နှင့်တပြိုင်နက် ဦးတင်မောင်ဝင်းနှင့်ဇနီး ဒေါ်သီတာမြင့်တို့က စေတီတော်ကို ဦးတော်တင်၍ ဂန်ဆင်ခဲ့သည့်ဆုကား–

ဘုရားတပည့်တော်များသည် "မွေခံထိုက် စေလှူမှုဝေ၍ စောင့်လေမျိုးနွယ်" ဆိုသည့် မြတ်ဗုဒ္ဓ အဆုံးအမအတိုင်း မိဘများကိုးကွယ်ခဲ့သည့် တောရ ဆရာတော်ဘုရားကြီး၏ မဟာတိဿရစေတီတော် ကို အလှူဒါယကာအဖြစ် ကောင်းစွာ တည်ထားခဲ့ ပါပြီ ဘုရား။

"ဤကောင်းမှုကြောင့် တပည့်တော်နှင့် ဇနီး မောင်နှံနှစ်ဦးသားတို့တွင် အမွေခံသားမွေးဖွား၍ မလာသေး၊ နှစ်အတန်ကြာခဲ့ပါပြီဘုရား၊ ဤစေတီ တော်မြတ်ကို ဆက်လက်ပြုပြင်ထိန်းသိမ်း ကောင်းမှု ပြုပေးမည့် သားကောင်းသားမြတ်ပေါ်ပေါက်လာ သည် ဖြစ်ရပါလို၏ ဘုရား"

ဟူ၍ နှစ်ဦးသား ဆုပန်ဆင်ခဲ့ကြသည် ဆိုပါသည်။ ယခုအခါ၌ကား မိမိတို့နှစ်ဦးသား ပန်ဆင်ခဲ့သည့် ဆုအတိုင်း သက်သေပြစရာ သား ကလေး ဖိုးသောကြာ လူ့ပြည်သို့ရောက်လာ၊ ပြေး လွှား၍ပင်နေပါပြီ၊ လက်ငင်းဒိဋ္ဌ ကောင်းကျိုးရ၍ မဟာတိဿရစေတီမှာ ဆုတောင်းပြည့် မဟာ တိဿရစေတီဟုလည်း မှည့်ခေါ်ရမည်ဖြစ်ပါသည် ဟု ဝမ်းသာခြင်းပီတိများဖြင့် ဦးတင်မောင်ဝင်းက 'ဦးလေး သိအောင်သာပြောရပါသည် ဆိုသော်လည်း တကယ့်ဖြစ်ရပ်မှန် တကယ့်ကို ထူးခြားမှုရရှိခဲ့သည့် ကြောင်းခြင်းရာတစ်ရပ်' ဖြစ်ခဲ့ပါ၍–

ကောင်းမှုမှန်က ကောင်းကျိုးရသည်။ သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးကြီးများ၏ မျက် မှောက်မျက်ကွယ်ဖြစ်စေကာမူ ဤလောကကြီးသည် မျက်ကွယ်မပြုပါကြောင်း၊ တင်ပြလိုရင်းသာဖြစ်ပါ သည်။

ကျောက်စာတိုက်ကြီး တည်ထားပြီး၍

တောရဆရာတော်ဘုရားကြီးရေးသားပြုစု ခဲ့သမျှ ကျမ်းစာများမှ ပါဠိစာများကို ကျောက်ထက် အက္ခရာတင်၍ ကျောက်စာတိုက်ကြီးကိုလည်း နဘူး ကျောင်း ရန်ကင်းတောရကြီးမှာ တည်ထားတော်မူခဲ့ပြီး ကြောင်း၊ ရန်ကုန်ဆရာတော် ဘဒ္ဒန္တဇာဂရိယထေရ် သည်ပင် ဦးဆောင်ကြီးပမ်းလျက် ယခုနေပြည်တော် တပ်ကုန်းမြို့၊ ဒေါင်းမင်းဆီစက် ပိုင်ရှင်ကျောင်းဒကာ ဦးအောင်ခ+ ဒေါ်ခင်ကြိုင်၊ သား ကိုစိုးသန်း + မမြမြ ဝင်း၊ ဒေါင်းမင်းမိသားစုများ ဦးဆောင်၍ မတည် အလှူငွေကျပ် သိန်း ၆၀–ကျော်နှင့် တောရဆရာ တော်ဘုရားကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က စုပေါင်း ပါဝင်လှူဒါန်းငွေ ကျပ် ၂၈–သိန်း၊ ကျောက်စာတိုက် အဆောက်အဦး အလှူ ရှင် ကျောင်းဒကာ ဦးစိန်မောင်+ဒေါ်ဝင်းမာ မိသားစု ရန်ကုန်မြို့တို့မှ ကျပ် ၁၅၀– သိန်းတို့ဖြင့် ဆောက် လုပ်လှူဒါန်းပြီး သာသနာတော်ကြီး အရှည်တည်တံ့ ရေး အထူးအားဖြင့် ခုတင်ဆောင်ရဟန်းတော်များ ဤသာသနာတော်၌ ဆက်လက် ပေါ်ထွန်းစေရေး အတွက် စီမံဆောင်ရွက်ထားရှိပြီးကြောင်း ကြားသိရ ပါသည်။

ကျောက်စာတိုက်ကြီးတွင် ပူဇော်ထားရှိသော ကျမ်းစာအလိုက် ကျောက်စာချပ်ရေများမှာ အောက်ပါအတိုင်းဖြစ်ကြောင်းသိရပါသည်။

ကျမ်းစာအမည်	ကျောက်စာချပ်ရေ
(၁) အရှုက်တက်ရှိန် အဆုံးအဖြတ်ကျမ်း	၂၅ ချပ်
(၂) သက်နီးရောင် အဆုံးအဖြတ်ကျမ်း	၁၂ ချပ်
(၃) ခုတင်အဆုံးအဖြတ်ကျမ်း	၁၀ ချပ်
(၄) မွေသံယုတ္တဂါထာကျမ်း	၁ ချပ်
(၅) တောရဆရာတော်၏ထေရုပ္ပတ္တိ	၁ ချပ်
(၆) ကျောက်စာတိုက်နှင့်ကျောက်စာ အလှူရှင်များ	၁ ချပ်
ပေါင်း	၅၀ ချပ်

မှတ်ချက်။ ။ ရန်ကုန်ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိ အကျဉ်း၊ နဘူးကျင်းရွာကျောင်းဆရာတော်ဘုရား၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ဆုတောင်းပြည့်တောရ ဆရာတော်ဘုရားများ၏ ထေရုပ္ပတ္တိအကျဉ်းများကိုလည်း မရမရှိခဲ့၍ ဖော်ပြမှတ်တမ်းတင်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

ကြိုးပမ်းကာလ ငါးနှစ်ရှိခဲ့ပြီ

ဤစာစု စတင်ရေးခဲ့သည်မှာ ၅-နှစ်ခရီး ရောက်ခဲ့လေပြီ၊ ၁၃၆၆-ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ရက်၊ ကြာသပတေးနေ့ (၂၂၊၇၊၂၀၀၄)နေ့ တောရဆရာတော်ဘုရားကြီး ဘဝခန္ဓာချုပ်ငြိမ်းတော်မူခဲ့ပြီးနောက်မှစ၍ စတင်ရေးသားခဲ့ခြင်းဖြစ်ပါသည်။

အမျိုးမျိုးသော ရောဂါဝေဒနာများ၏ နှိပ်စက်မှုများကြားက "တစ်နေ့တစ်လံ ပုဂံဘယ်မရွေ့" ဟူသော စွဲလုံ့လများဖြင့် မဖြစ်မနေရေးဖြစ်အောင် ရေးခဲ့မည်ဟူသော ဆန္ဒကြောင့် ရေးနေခဲ့ခြင်းလည်း ဖြစ်ပါသည်။

မိမိမှာ အသည်းကင်ဆာ ဖြတ်တောက်ကုသ၊ သွေးအဆင့်မှာ ၈၊ မျက်စိက မမြင်ရဖြစ်၍ နှစ်ဖက်စလုံးခွဲစိတ်ခဲ့ရ၊ နှလုံးရောဂါ၊ သွေးတိုးရှိနေပြီး (၂-၂-၂၀၀၇)နေ့ညကပင် သွေးတိုးလွန်သဖြင့် နာခေါင်းမှ အဆမတန် သွေးများယိုစီး၊ နှိပ်စက်မှုအမျိုးမျိုးအောက်မှာ အသက်မပျောက်သေး၍ ဤစာစု မပြီးနိုင်သေးသည်ကို စိတ်မအေး၊ အမိန့်ရှိခဲ့သည့် ထားချက်များအတိုင်းပြီးအောင် ဆောင်ရွက်သွားလိုသေး၍ လူ့ပြည်လူ့လောကမှ ထွက်ခွာလို့မသွားပါရစေနဲ့ဦးဘုရားဟု မြတ်စွာဘုရားနှင့် ရတနာသုံးပါးမှ တစ်ပါး အားထားရာမရှိပါဘုရား နှုတ်မှဖွင့်ဟ မြတ်စွာဗုဒ္ဓကို လျှောက်ထားခဲ့ရသေးသည်။

ဤရေး ဤမျှအထိ မကျန်းမမာသည့်ကြားက ရေးသားပြုစုခဲ့ရသော ဤစာစု၊ စာရှည်ကြီးဖြစ်သော "တောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀ ကျော် ခုတင်ဆောင်ခရီး" မှတ်တမ်းကြီးသည် စာရှုသူရဟန်းရှင်လူအပေါင်းတို့ထံသို့ "ပထမ စာကြမ်း" အဖြစ် တင်ပြပြီး တည်းဖြတ်သူအရှင်များက တည်းဖြတ်၊ တောရဆရာတော်ဘုရားကြီး၏ ဘသည့်ရဟန်းတော်များနှင့် ဒါယကာဒါယိကာမအပေါင်း သူတော်ကောင်းကြီးများက ဖတ်ရှုစိစစ်၊ မှတ်ကျောက်တင် အစစ်ဆေးခံယူပြီး လိုလားနှစ်သက်ကြပါသည့် ဆိုပါမှ စာချောအဖြစ်သို့ ရောက်မည်ဖြစ်ပြီး "စာပေ အထောက်အထား၊ အမှတ်အသားခံချက်များဖြင့်လည်း ပြည့်စုံပါသည်" ဆိုပါမှ အဆင့်ဆင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ယင်းသို့လက်ခံနိုင်ရေးအတွက် အထောက်အထားမျိုးစုံနှင့်လည်းတင်ပြထားပါသည်။

သက်သေခံအထောက်အထားများ

(က) တောရဆရာတော်ဘုရားကြီး၏ ပထမအရွယ်၊ ဒုတိယအရွယ်နှင့် တတိယအရွယ်ဓာတ်ပုံများ၊

(ခ) သိမ်သမုတ်မှတ်တမ်းဓာတ်ပုံများ၊ သိမ်သမုတ်မှတ်တမ်းစာအုပ်များ၊

(ဂ) ရေးသားပြုစုခဲ့သော ကျမ်းစာများ၏ဓာတ်ပုံများ၊

(ဃ) တောရဆရာတော်ဘုရား၏ လက်ရေးမူရင်းများ၊

(င) ကျမ်းစာရိုက်ရေး ဆောင်ရွက်ခဲ့သူများ၏ လက်ရေးမူရင်းများ၊

(စ) တောရဆရာတော် သီတင်းသုံးခဲ့သော တောရကျောင်းဓာတ်ပုံများ

စသည်များသည် တောရဆရာတော်ဘုရားကြီးတစ်ပါး (၁၂၈၃–ခုနှစ်မှ ၁၃၆၆–ခုနှစ်) သက်တော်အားဖြင့် ၈၃–နှစ်၊ ဝါတော်အားဖြင့် ၆၃–ဝါ၊ တောရ ဆောင်ဝါတော်ပေါင်း ၄၁–ဝါ ကာလကြာအောင် ဤလောကထဲ၌ အမှန်ပင်ရှိခဲ့ကြောင်း (Evidence) = သက်သေခံချက်များဖြင့် တင်ပြခဲ့ပါသည်။ သက်သေခံချက်များတွင် စာပေအားဖြင့်၊ ဓာတ်ပုံအားဖြင့် တင်ပြသော (Document) အထောက်အထား သက်သေခံများလည်း ဖြစ်ပါသည်။

ခြုံငုံသုံးသပ်ချက်

တောရဆရာတော်ဘုရားကြီး၏ ဘဝခရီးနောက်ဆုံးအပြီးသတ် ခေါင်းချရာနေရာသည် ဇာတိရွာ နဘူးကျောင်းရန်ကင်းတောရကြီးမှာ ခေါင်းချသွားမည်ဟု တောရဆရာတော်ဘုရားကြီး၏ မူလကြိုဝ‌ွင်အဓိဋ္ဌာန် ဆုံးဖြတ်ထားချက်ပင် ဖြစ်ပါသည်။

ထုံးဓမ္မတာ အစဉ်အလာများ

(က) မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဘယ်အရပ်မှာ ပရိနိဗ္ဗာန်စံဝင်မည် ဆုံးဖြတ်ချက်ရှိခဲ့ကြောင်း၊

(ခ) အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဘယ်အရပ်မှာ ပရိနိဗ္ဗာန်စံတင်မည်ဟု ဆုံးဖြတ်ချက်ရှိခဲ့ကြောင်း၊

(ဂ) အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီး ဘယ်အရပ်မှာ ပရိနိဗ္ဗာန်စံဝင်မည်ဟု ဆုံးဖြတ်ချက်ရှိခဲ့ကြောင်း၊

မိမိတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ဆင်ခြင်ဖွယ်

မြတ်ဗုဒ္ဓ၏ ပရိနိဗ္ဗာန်စံရာဌာနနှင့်စပ်လျဉ်း၍–

(က) မြတ်စွာဘုရားသည် သုဘဒ္ဒပရိဗိုဇ်အား နောက်ဆုံးသာဝကအဖြစ် ချီးမြှောက်ရန်၊ ရှစ်ပြည်တောင်သော မင်းများကို ဓာတ်တော်ဝေရန်မှာ မင်းများစွာတို့၏ ဆရာ ဒေါနပုဏ္ဏားသာလျှင် ဆောင်ရွက်နိုင်သည်။

(ခ) အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံရာဌာနနှင့်စပ်လျဉ်း၍ မိမိမွေးဖွားရာ ဝမ်းကြာတိုက်မှာ ကြွရောက် မိခင်မယ်တော်၏ ကျေးဇူးကိုဆပ်အားဖြင့် သောတာပတ္တိ မဂ်ဖိုလ်၌ တည်စေရန်၊

(ဂ) အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်စံခြင်းနှင့်စပ်လျဉ်း၍ ဝဋ်ဆိုသည်မှာ ပေးဆပ်ရမြဲဖြစ်ကြောင်း၊ သို့ရာတွင် ပြင်းထန်သော ဝေဒနာများကို ဖလသမာပတ်ဖြင့် ထမြောက်၊ ဘုရားရှင်ထံသို့ အရောက်သွားခဲ့ပုံများသည်–

တောရဆရာတော်ဘုရားကြီး၏ ဘဝနောက်ဆုံးခရီး ဇာတိရွာနဘူးကျောင်း ရန်ကင်းတောရကြီးသို့ ပြန်လည်ပင့်ဆောင်သည်၊ ပြင်းစွာ နာမကျန်းသည့်ကြားက ပြန်လည်လိုက်ပါကြွမြန်းလာခဲ့သည်များကို အထက်တင်ပြချက်များဖြင့် ထင်ဟပ်မြင်သာအောင် သုံးသပ်နိုင်ကြလိမ့်မည်ထင်ပါသည်။

နဘူးကျောင်း ရန်ကင်းတောရသို့ ဘဝနိဂုံး ပြန်ကြွလာရသည့် အကြောင်းရင်းများ

(၁) တောရဆရာတော်ဘုရားကြီး၏ ဇာတိအစ မူလဘူတ ဘဝစနွှာရလာသည်မှာ နဘူးကျောင်းရွာဖြစ်၍ ဘဝခရီးအဆုံးနိဂုံးမှာလည်း ဘူမိနတ်သန်နေရာမှန်မှာ နဘူးကျောင်းရွာဖြစ်ပါမှ သဘာဝကျပါလိမ့်မည်။

(၂) မိဘနှစ်ပါးစလုံး ခေါင်းချခဲ့သော နေရာသည် နဘူးကျောင်းဖြစ်၍ မိဘများနည်းတူ ဤအရပ်မှာပင် ခေါင်းချပါမည်ဟု ကြိုတင်ဆုံးဖြတ်ချက်ရှိခဲ့ပါလိမ့်မည်။

(၃) တောရဆရာတော်၏ဘဝ လက်ဦးဆရာ သရက်ကန်ဆရာတော်ဦးဥတ္တမ၏ ခေါင်းချရာ လွမ်းစေတီနှင့် ယခုအခါ တပည့်ကြီး၏ လွမ်းစေတီနှစ်ဆူမှာ တောင်မြောက် ဖူးမြင်ဦးတော်တင်၍ အလွမ်းတွေ ဝေစီသူများ၏ ဖြေမဆည်မျက်ရည်များကို "အလွမ်း ဇာတ်သိမ်းကြပေတော့"ဟု မိန့်ကြားနေသယောင်ပုံ ဟန်ဆောင်သဖြင့် တောရဆရာတော်ကြိုတင် မှန်းဆခဲ့သော ခေါင်းချရာနေရာမှာ နဘူးကျောင်းသာ ဖြစ်ပါလိမ့်မည်။

(၄) နဘူးကျောင်းရွာသို့သာ ပြန်လာ ကြွလာလို့ ခေါင်းချတော်မမူပါလျှင် ရမည်းသင်း၊ ယခုနေပြည်တော် တပ်ကုန်း၊ နဘူးကျောင်း ရွာသားများ၊ ဆွေမျိုးများ၊ သရက်ကန်ပြတိုက် ကံကြီးတပည့် ဒါယကာများသည်းအူပြတ်မျှ ပြင်းစွာသော ဝေဒနာများ ခံစားကြရပေလိမ့်မည်ဟု ဆရာတော်မှန်းဆသိမြင်တော်မူခဲ့သည် ထင်ပါသည်။

(၅) အထူးအားဖြင့် ဒေါင်းမင်းဆိစက် ဦးအောင်ခ ဒေါ်ခင်ကြိုင်မိသားစုတို့က နှစ်ထပ်ကျောင်းကြီးလှူ ဒါန်းစဉ်အခါ ဆရာတော် နာမကျန်းဖြစ်တော်မူပါလျှင် တပည့်တော်များက အောက်ထပ်မှာ ညဉ့်အိပ် ညဉ့်နေပြုစုခွင့်ရအောင် ဤမျှကြီးမားသော အဆောက်အဦးကို ဆောက်လုပ်ခဲ့မိပါသည်ဘုရားဟု လျှောက်ထားခဲ့သည်ကို ဆရာတော် အမြဲပင် သတိရှိ တော်မူခဲ့လိမ့်မည် ထင်ပါသည်။

(၆) တောရဆရာတော် နဘူးကျောင်းသို့ပြန်ကြွလာ ပထမကျောင်းမြေ ဦးကျော်သိန်းမိသားစု ကောင်းမှု၊ ထိုတောအုပ်နေရာသည် (လက်ျာနွယ်ရစ်တော) အောင်မြေဖြစ်သည် ဟုမိန့်ခဲ့ခြင်း၊ ထိုနေရာတွင် အမှတ်တရဖြင့် ရမည်းသင်း ဦးမင်းစိန်နှင့် ဦးအောင်လင်းတို့ တိုက်ကျောင်းဆောက်လုပ်စေခဲ့ခြင်း။

(မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်အောင် ထိုနေရာမှ သီတင်းသုံးကျင့်ပွားစဉ် အကျိုးများခဲ့လေသလားဟူ၍ မိမိတင်ပြခဲ့ပြီးဖြစ် ပါသည်။)

(၇) ကျေးစုးရှင် မိခင်ကြီး ဒေါ်အေးမှန်နှင့် ဆွေမျိုး ဦးအောင်ပန်းတို့ မြေအလှူ ရန်ကင်းတောရကြီးတွင် နှစ်ကာလများစွာ သီတင်းသုံးခဲ့သောနေရာဌာနလည်း ဖြစ်၍ ဘဝနိဂုံးသည် နဘူးကျောင်းသာ ဖြစ်သင့် ဖြစ်ထိုက်သည်ကို ဆရာတော် ဆုံးဖြတ်ခဲ့သည်ဟု ထင်ပါသည်။

(၈) တောရဆရာတော် ဘဝနိဂုံး အရိုးဓာတ်များခွဲဝေရေးမှာ ရန်ကုန်ဆရာတော် ဘဒ္ဒန္တစာဂရိယ ထေရ်သာလျှင် ညီညွတ်မျှတအောင် စီမံပေလိမ့်မည်ဆိုသည်ကိုလည်း ဆရာတော် သိမြင်တော်မူခဲ့သည်ဟု ယုံကြည်မိပါသည်။

မှတ်ချက်။ ။ (လယ်တီဆရာတော်ဘုရား၏ ဘဝနိဂုံးအဆုံးသတ်ခြင်း ယခုနေပြည်တော် ပျဉ်းမနားမှာဖြစ်၍ လယ်တီ၏ညီအရင်း ပုံလွှန်ခဲ့ရပုံများ ဆရာတော် သိမြင်တော်မူ သတိထား ဆင်ခြင်တော်မူခဲ့ပါ

လိမ့်မည်၊ ထို့ကြောင့် လယ်တီဆရာတော် ဘဝနိဂုံး အကြောင်းရှေ့မှာ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။)

(၉) တောရဆရာတော်၏ အရိုးဓာတ်အမှတ်တရ လွမ်းစေတီသည် နဘူးကျောင်းဇာတိရွာ ရန်ကင်း တောရကြီးမှာ ဆရာတော်၏ အရိုက်အရာခံ သည့် တပည့်ကြီး ဘဒ္ဒန္တဇာဂရိယထေရ် ဦး ဆောင်တည်ထားတော်မူကြပေလိမ့်မည်။ ဆရာတော်၏ဂုဏ်ကျေးဇူးများကို အမှတ်ရ ဦးတင်ကန်တော့ကြသူအပေါင်း ပဏ္ဍုပ္ပန် သံသရာ နှစ်ဖြာအကျိုး များကြပေရာ၏ ဟုလည်း ဆရာတော် ဆင်ခြင်သိမြင်တော်မူခဲ့သည် ထင်ပါ သည်။

(၁၀)စုတင်ဆောင်သာသနာအရှည်တည်တံ့ရေးအ တွက် ဆရာတော်ရေးသားပြုစုတော်မူခဲ့သည့် ကျမ်းစာများ၏ ပါဠိစာများကို ကျောက်ထက် အက္ခရာတင်၍ ကျောက်စာတိုက်ကြီးအမှတ်တရ ပူဇော်တည်ထားမည့် အရှင်မှာ တပည့်ကြီး ဘဒ္ဒန္တ ဇာဂရိယထေရ်သည်ပင် ဦးဆောင်၊ ကျောင်း ဒါယကာဦးအောင်ခ ဒေါ်ခင်မင်း မိသားစုက မတည်အလှူရှင် ဖြစ်ပေလိမ့်မည်ဆိုသည်ကို လည်း ဆရာတော် ဆင်ခြင်တော်မူခဲ့ပေလိမ့် မည်ဟု ယူဆမိပါသည်။

(၁၁)တောရကျောင်းအင်္ဂါ တာ ၅၀၀-ရှာနယ်မှ လွတ်ရေး အရှည်မျှော်တွေးရာ၌ ယနေ့မျက် မှောက် ကာလတိုင်အောင် နဘူးကျောင်း ရန်ကင်း တောရကြီးသည် ဓုတင်ဆောင်မထေရ်များ ဆက်လက်သီတင်း သုံးနေနိုင်သေးသည့် အနေ အထားတွင် ဆက်လက် တည်တံ့လျက် ရှိနေ သေးသည့်ကာလဖြစ်ပေသည်။ နေရာဌာန၏ ရှေ့ရေးလည်း ဆင်ခြင်တော်မူခဲ့သည် ထင်ပါ သည်။

(၁၂)တောရဆရာတော် တစ်လှည့်စီသီတင်းသုံး တော်မူခဲ့သော နေပြည်တော်လယ်ဝေးမြို့နယ် ထန်းတပင်တောရကြီး၏ လက်ရှိအနေအထားမှာ မြို့ပြစီမံကိန်းများ တိုးချဲ့အသစ်တည်ဆောက်လာ ရာ၌ ရှာနယ်မှ တာ ၅၀၀ မလွတ်၊ တောမရ သည့် အခြေအနေသို့ ပြောင်းလဲရောက်ရှိနေပြီ ဖြစ်ရာ အရညကင်ဓုတင်ဆောင် ရဟန်းတော်များ "အရညဝါသီ" အဖြစ်သီတင်းသုံး နိုင်ခြင်းမရှိ ဖြစ်၍နေလေပြီ။

မှတ်ချက် – (ထိုသို့သော အခြင်းအရာများနောင် သောအခါ ဖြစ်လာလိမ့်မည်ဟု တောရဆရာတော် သိမြင်တော်မူခဲ့သည်ဟုလည်း ယူဆမိပါသည်။)

ဤကား မိမိဉာဏ်အမြင် စူးစမ်းဆင်ခြင် မိသမျှ ရေးသားပြုစုတင်ပြခြင်းသာ ဖြစ်ပါသည်။

စာရှုသူ ရဟန်းရှင်လူ သူတော်ကောင်းများ အနေဖြင့်ကား လက်ခံနိုင်စွမ်းရှိ၊ မရှိ ဆင်ခြင်ရန်သာ ရှိပါတော့သည်။

မြတ်စွာဘုရားတိုင်း၏ အဝိဇဟိတ လေးဌာန

ဤနေရာ၌ မြတ်စွာဘုရားတိုင်း၏ အဝိ ဇဟိတလေးဌာနအကြောင်းတင်ပြလိုသေး၏။ ဂင်္ဂါ ဝါဠုသဲစုမက ပွင့်တော်မူပြီးကုန်သော ဘုရားရှင်အဆူ ဆူတို့ မစွန့်ကောင်း၊ မစွန့်ထိုက်သော နေရာ လေး ဌာနရှိ၏။

ဗုဒ္ဓဘာသာဝင်တိုင်း၏ အလေးအမြတ်ဆုံး သောနေရာဌာနများလည်း ဖြစ်၏။ ဂေါတမဗုဒ္ဓ ဘုရားသခင်၏ အဝိဇဟိတလေးဌာနမှာ အောက်ပါ အတိုင်းဖြစ်ပါ၏။

(၁) ဗုဒ္ဓဂယာရှိ ဗောဓိပင် ရွှေပလ္လင်တော် တည်ရှိရာ ဌာန။

(၂) မိဂဒါဝုန်တောရှိ ဓမ္မစကြာတရားဦး ဟောတော်မူရာဌာန။

(၃) သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး အတွင်းရှိ ညောင်စောင်းတော် (သလွန်) တည်နေရာဌာန။

(၄) မယ်တော်မိနတ်သားအား အကြောင်းပြု ကျေးဇူးဆပ် ပဋ္ဌာန်းဒေသနာတော်ဟောကြားရာ တာဝတိံ သာနတ်ပြည်သို့တက်ရာ ဆင်းရာဖြစ်သော သင်္ကဿနဂိုရ်မြို့ နေရာဌာနတို့ဖြစ်လေသည်။

ဤကား ဂေါတမဗုဒ္ဓဘုရားသခင်၏ မစွန့်ကောင်း၊ မစွန့်ထိုက်သော နေရာ(၄)ဌာနဖြစ်ပါ၏။

တောရဆရာတော်ဘုရားကြီးသည် နဘူးကျင်းမည်သော စာတိရွာအနီးရှိ ရန်ကင်းတောရကြီးသို့ ပြန်လည်ကြွလာ၍ ဤဘဝစာတိ ဤဘဝခန္ဓာ၊ ဤဘဝ နိဂုံးချုပ်စေခဲ့သည့်နေရာဌာနအတွက် တင်ပြချက် (၁၂)ရပ်နှင့် ထင်ဟပ်၍ ကြည့်မြင်နိုင်ကြပေလိမ့်မည်ဟု မျှော်လင့်မိပါသည်။ (စာရေးသူ)

အပြီးအဆုံးနိဂုံး၌ ဆင်ခြင်ဖွယ်

တောရဆရာတော်ဘုရားကြီး၏ ဘဝနိဂုံးနောက်ဆုံးနေ့များ အပြီးအဆုံး၌ မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓ၏သားတော် အရှင်မဟာကဿပ၊ အရှင်ခဒိရဝနိယရေဝတ၊ အရှင်မောဃရာဇနှင့် ကိသာဂေါတမီထေရီမတို့ အကြောင်းတစေ့တစောင်း ဆင်ခြင်ဖွယ်တင် ပြလိုပါသေးသည်။

တပည့်က ဆရာထက်သာလွန်သည်ဟု မိန့်တော်မူခဲ့

ဗုဒ္ဓမြတ်စွာ၏ သာသနာ့သမိုင်းတွင် ခြိုးခြံမှုအကျင့်နှင့် စပ်လျဉ်း၍ "တပည့်က ဆရာထက်သာလွန်ကြောင်း" ထုတ်ဖော်ပြောဆိုသူမှာ မြတ်ဗုဒ္ဓတစ်ပါးတည်းသာ ရှိပါသည်။

ဘုရားအမည်ခံ တစ်ခြား တိတ္ထိဆရာကြီးများကား လွန်ကဲသော အတ္တ၏ အုပ်စိုးမှုလောင်းရိပ်အောက်ဝယ် အရာရာတွင် "ငါနှင့်ငါသာ နှိုင်းစရာ၊ ငါသာအတုမရှိ၊ ငါထီးထီးတည့်" ဟုခံယူထားကြသည်။ ထို့ကြောင့် ၎င်းတို့၏အတွေးနယ်ပယ်၌ အထက်ဖော်ပြပါ အတွေးအခေါ်မျိုး ပေါ်ပေါက်ချင်မှ ပေါ်ပေါက်ပေလိမ့်မည်။ ပေါ်ပေါက်လျှင်လည်း လူတို့၏ ဓမ္မတာမှာ "သာသည်ထက် သာသည်ကိုသာ၊ မြတ်သည်ထက် မြတ်သည်ကိုသာ" ဆည်းကပ်ကိုးကွယ်ချင်ကြပေသောကြောင့် "တပည့်က ၎င်းတို့ထက်သာသည်"ဟု ထုတ်ဖေါ်ပြောဆိုလာမည်မဟုတ်ပေ။

အကယ်၍ ပြောဆိုလိုက်သော် ၎င်းတို့ကို ကြည်ညိုမှု လျော့ပါးသွားမည် စိုးသဖြင့် ဘယ်သောအခါမှ ထုတ်ဖော်ပြောဆိုမည်မဟုတ်ဘဲ၊ ၎င်းတို့၏ နှလုံးသားတွင်သာ သိုဝှက်ထားမည် ကေန်မုချတည်း။

အနတ္တဝါဒကို အပြီးအပိုင်ဆုတ်ကိုင်ထားသူဗုဒ္ဓကား ဓမ္မသဘာဝတို့ကို 'အရှိကိုအရှိအတိုင်း အမှန်ကိုအမှန်အတိုင်း' တင်ပြရန် အချိန်မရွေး အခါမလင့် ဆန္ဒစောလျက် ရှိပါသည်။

ခြိုးခြံမှုအကျင့်အရှို့ဝယ် သာဝကများက မိမိထက်သာလွန်သည်ဟု မြတ်ဗုဒ္ဓက ထုတ်ဖေါ်ပြောဆိုရာ၌ ပဓာနအားဖြင့် ပထမသင်္ဂါယနာတင်ပွဲ၌ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သူ အရှင်မဟာကဿပထေရ်ကြီးကို အမှူးထား၍ အရှင်ခဒိရဝနိယရေဝတ၊ အရှင်မောဃရာဇနှင့် ကိသာဂေါတမီထေရီမတို့ကို ရည်ညွှန်းပါသည်။

- အရှင်မဟာကဿပမှာ ဓုတဂုဏ် (ကိလေသာစါထုတ်ကြောင်း ခေါင်းပါးသောအကျင့်ကို ကျင့်ခြင်း)နှင့် ဓုတဝါဒဂုဏ် (ဓုတင်အကျင့်ကို ကျင့်ရန် ဟောပြောခြင်း)၌ လည်းကောင်း၊

- အရှင်ခဒိရဝနိယရေဝတမှာ တောရနိုမ်း ခေါင်းပါးသော အကျင့်ဂုဏ်၌လည်းကောင်း၊

- အရှင်မဟာမောဂ္ဂလ္လာန်နှင့် ကိသာဂေါတမီထေရီမတို့မှာ ခေါင်းပါးသော (ချည်အထည်နှင့် ဆိုးရည်သုံးပါးစလုံး ညှုံ့ဖျင်းသောသင်္ကန်း) ဆောင်ရာ၌ လည်းကောင်း၊

အသီးသီး တေဒဂ်ဘွဲ့ထူးများရကြပါသည်။

(အင်္ဂုတ္တိုရ်-ဧကကနိပါတ်)

အရှင်မဟာကဿပ၏ ကြည်ညိုဖွယ်ဂုဏ်များ

အရှင်မဟာကဿပသည် ရဟန်းပြုသည့်နေ့မှစ၍ ပရိနိဗ္ဗာန်စံလွန်သည့်တိုင်အောင် ဓုတင် ၁၃-ပါးကို အပြတ်အတောက်မရှိ၊ ရာသက်ပန် ဆောက်တည်သွားပါသည်။

တစ်ချိန်သောအခါ မြတ်ဗုဒ္ဓသည် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အိုမင်းရင့်ရော် ဧရာထောင်းလှုပြီဖြစ်သော အရှင်မဟာကဿပသည် မြတ်ဗုဒ္ဓထံ အပူဇော်ရောက်လာသည်။

မြတ်ဗုဒ္ဓက အရှင်မဟာကဿပအား ပံသုကူ လျှော်သင်္ကန်းမှာ သက်ကြီးရွယ်အိုတို့အဖို့ အလွန်လေးလံလှ၏။ ဒါယကာ ဒါယိကာမတွေ လှူသောသင်္ကန်းကိုဝတ်ဆင်ရန်၊ ပင့်ဖိတ်သော ဆွမ်းကို ဘုန်းပေးရန်နှင့် အဝေးသို့မသွားဘဲ မိမိ၏ (မြတ်ဗုဒ္ဓ၏) အနီး၌ နေထိုင်ရန် မိန့်ကြားပါသည်။

♦ ထိုအခါ အရှင်မဟာကဿပက မိမိမှာ အနှိန်ကြာမြင့်စွာကပင် ဓုတင်ဆောက်တည်လျက် ရောင့်ရဲတင်းတိမ်စွာ ဆိတ်ငြိမ်ရာ အရပ်၌ မိမိ၏ ထက်ထက်သန်သန် အားထုတ်လာခဲ့သည်က တစ်ကြောင်း

♦ ဓုတင်၏ ဂုဏ်ကျေးဇူးတို့ကိုလည်း အမျိုး မျိုးအဖုံဖုံ မိမိကိုယ်တိုင်ထုတ်ဖေါ် ချီးမွမ်းလျက် အကြိမ်ကြိမ်ဟောပြောလာခဲ့သည်က တစ်ကြောင်း၊

♦ ဓုတင်ဆောက်တည်ခြင်းဖြင့် ချမ်းသာစွာ နေထိုင်ရသည်ကို "ဒိဋ္ဌာနုဂတိ"မျက်ဝါးထင်ထင် တွေ့မြင်ရသော နောင်လာနောက်သားတို့လည်း မိမိကို အတုလိုက်၍ ကျင့်ကြံနေထိုင်စေလိုသည်က တစ်ကြောင်း၊

ထို့ကြောင့် မိမိအား နေရင်းစွဲအတိုင်း တောဌ်သာ နေခွင့်ပြုရန် မြတ်ဗုဒ္ဓအား အနူးအညွတ်ပန်ကြားခဲ့ပါသည်။

(နိဒါနသံယုတ် စိဏ္ဏသုတ်)

အံ့ဖွယ်အရှင်များနှင့် အရှင်မ

အရှင်သာရိပုတ္တရာ၏ ညီအငယ်ဆုံးဖြစ်သော အရှင်ခဒိရဝနိယရေဝတမှာ သာသနာ့ဘောင်သို့ ကူးဝင်သည့် နေ့မှစ၍ မြို့ထဲရွာထဲ၌မနေ၊ ရွာတောထဲ၌သာ နိုမ်း၍ တရားမွေများကို ကျင့်ကြံအားထုတ်ခဲ့ပါသည်။

အရှင်မောဂ္ဂလ္လာန်နှင့် ကိသာဂေါတမီထေရီမတို့လည်း ထိုနည်းနှင်နှင် ရဟန်းပြုသည်နေ့မှစ၍ သင်္ကန်းကောင်း သင်္ကန်းမွန်များကို လုံးဝဝတ်ဆင်ခြင်းမပြုဘဲ အညှိုးဖျင်းဆုံးသင်္ကန်းများဖြင့်သာ ဝတ်ဆင်၊ ရာသက်ပန် ကြည်နူးနှစ်သိမ့် တင်းတိမ်ရောင့်ရဲသွား ကြပါသည်။

ပမာအလားတူစွာ

အချုပ်အားဖြင့်ကား မိမိတို့၏ နဘူးကျင်း တောရဆရာတော်ဘုရားကြီးသည်လည်း အထက် တင်ပြခဲ့ပြီးသော အရှင်မဟာကဿပအစရှိသည့် အရှင်မြတ်ကြီးများအလား တော၌ပင်မွေး၊ တောရ ကျောင်းများ၌သာ အစဉ်တစ်စိုက်မတ်မတ် ၄၁– နှစ် သောကာလတို့ပတ်လုံး အဆက်မပြတ် ဓုတင် ဆောင်ခဲ့ပြီး၊ တောရကျောင်း၌သာ ခန္ဓာချုပ်ငြိမ်းတော် မူသွားခဲ့ပုံများကို ဉာဏ်မျက်လုံးတွင် ပြန်လည်မြင် ယောင်ကြည်ညိုခြင်း၊ နှစ်သက်မြတ်နိုးခြင်းများဖြင့် စိတ်အစဉ်မှာ ဖြစ်ပေါ်လျက် တသိမ့်သိမ့်အေးမြ၊ ရင်ဝယ်ခံစား ပီတိလှိုင်းမှာ ငြိမ်းချမ်းသာယာ ကိုယ်စီ ကိုယ်ငှ ရှိကြပါစေဟူ၍ ရေးသားတင်ပြလိုက်ရပါ သည်။

စာကိုး

မင်္ဂလာဗျူဟာအသင်းချုပ်၏
(၁၉၅၆ မှ ၂၀၀၆) ရွှေရတုစာစောင်

နှစ် ၄၀ ဓုတင်ဆောင်ခရီးမှတ်တမ်းကြီး ရေးလိုသည့်ဆန္ဒ

တောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀ ကျော် ဓုတင်ဆောင်ခရီးမှတ်တမ်းကြီးကို အပိုင်း ၅ ပိုင်းခွဲ၍ ရေးသားတင်ပြလာခဲ့ရာ ဘဝနိဂုံးနောက်ဆုံး နေ့များအပိုင်းလည်း အတော်ပင် ပြည့်စုံခဲ့ပြီဟု ယူဆ ပါသည်။

သို့ရာတွင် အလုံးစုံ ပြီးပြည့်စုံပြီဟုကား မဆိုနိုင်ပါ။ မိမိထက် ဉာဏ်ပညာ အမြော်အမြင်ကြီး မားသူပညာရှင်များ ရေးသားလာကြမည့်အခြေအနေ များနှင့် နှိုင်းစာပါလျှင် လိုနေမည်သာဖြစ်ပါသည်။ ပိုနေသည်ဟု ဆိုဖွယ်မရှိ၊ အနှစ်သာရ ပြည့်ပြည့်ဝဝ မရှိ ဖြစ်မည်ကိုသာ စိုးရိမ်နေမိပါသည်။

တောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀ ကျော် ဓုတင်ဆောင်ခရီး မှတ်တမ်းရှည်ကြီးသည် ပထမပိုင်း ဘဝအစ ပညာသင်ကြားခြင်း ဘွဲ့ရသည် အထိ၊ ဒုတိယပိုင်းတွင် ပညာရပ်များပြန်လည်ပို့ချ သင်ကြားပေးတော်မူခဲ့ခြင်း၊ တတိယပိုင်း ဓုတင် ဆောင်ခြင်း ပထမဝါတော် ၂၀–ကာလ၊ စတုတ္ထပိုင်း ဓုတင်ဆောင်ခြင်း ဒုတိယဝါတော် ၂၀–ကာလဟု နှစ်ပိုင်းခွဲခြား တင်ပြခဲ့ပြီး ပဉ္စမပိုင်းတွင် တောရဆရာ တော်၏ ဘဝနိဂုံးနောက်ဆုံးနေ့များဟူ၍ အပိုင်းအား ဖြင့် ၅–ပိုင်းတင်ပြလာခဲ့ပါသည်။

ထိုကဲ့သို့ အဘယ်ကြောင့်တင်ပြလို့ ရေး သားလိုသည့်ဆန္ဒဖြစ်ပေါ်ခဲ့ရခြင်း အကြောင်းများနှင့် ရေးသားနိုင်စွမ်းကောရှိမှ ရှိပါ့လေမလား၊ ရေးသားပြီး နောက်ပိုင်းတွင်လည်း မိမိရေးသားခဲ့သော အချက် အလက်တင်ပြချက်များအပေါ် နှစ်သက်မြတ်နိုးကြ ပါမည်လား၊ တရားဝင် ထုတ်ဝေနိုင်သည့်အဆင့်သို့ လည်း ရောက်မှရောက်ပါလေမလားဟု စသည်များ စွာသော တွေးတောပူပန်မှုများ စာရေးသူ၏ရင်တွင်း မှာ အမြဲပင် ကိန်းအောင်းနေခဲ့ပါသည်။

တောရဆရာတော်ကိုယ်တိုင်ရေးခွင့်ပြုခဲ့

တောရဆရာတော်ဘုရားကြီး၏ဘဝအ ကြောင်း ရေးသားခွင့်ပြုတော်မူပါဘုရားဟု တောရ ဆရာတော်၏ညီရင်း အိုးဘိုဂူတောရဆရာတော် ဘဒ္ဒန္တကုသလရှေ့တွင် မိမိ၏အိမ်မှာ (၁၉–၃–၂၀၀၃) နေ့က လျှောက်ထားခဲ့ကြောင်း၊ သက်တော် ထင်ရှား ရှိစဉ်ကပင် ရေးခွင့်ပြုခဲ့ကြောင်း ရက်စွဲနှင့် တင်ပြခဲ့ ပြီးလည်း ဖြစ်ပါသည်။

တောရကျောင်းများနှင့်ဓုတင်ဆောင်မထေရ် များအကြောင်း၊ ဓုတင်ဆောင်သာသနာအရှည် တည်တံ့ရေးအကြောင်း၊ မှတ်တမ်းရှိစေချင်သည့်ဆန္ဒ

များစွာကြောင့် စာများ ရိုက်နှိပ်ဖြန့်ဝေခဲ့ကြောင်းများနှင့် အခြေအနေအရပ်ရပ်နှင့် ကန့်ကွက်လွှာရောက်လာကြောင်း, ခေတ္တ ရပ်ဆိုင်းသွားခဲ့ရကြောင်းများ စတုတ္ထပိုင်းတွင် ဖော်ပြခဲ့ပြီးလည်း ဖြစ်ပါသည်။

ကျေးဇူးတင်ရမလို

ထိုစဉ်က ကန့်ကွက်လာသည်ကို မရေးဖြစ်ခဲ့၍ စိတ်ဓာတ်ကျခဲ့ရသော်လည်း ယခုအခါ၌မူ ရေး၍ပြီးသလောက်ရှိလာသောအခါ မမြင်နိုင်သော အကြောင်းတရားများပါလားဟု နားလည်လာရ၊ ကျေးဇူးပင်တင်ရမလိုဖြစ်လာပြန်လေသည်။

'အကြင်အခါ၌ အကြောင်းတရားတို့သည် ကာလမရောက်သေးက ဖြစ်ခွင့်မထိုက် ဖြစ်မလာသေး။ ဖြစ်ခွင့်ဖြစ်ထိုက်သော အချိန်အခါ၌ဖြစ်လာခဲ့ရာ အားကြီးသော အထောက်အပံ့များဖြစ်လာပေသတည်း'ဟု နှလုံးသွင်းမိလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ်ကရေးလျှင် ရေးခွင့်ရေးထိုက်ရှိသောအကြောင်းအရာများရေးရန် အခွင့်အလမ်းများ လွန်စွာပင် နည်းပါးပေလိမ့်မည်။ အကျဉ်းချုပ် မှတ်တမ်းသာ ဖြစ်ချင်ဖြစ်မည်။ ဆင်ခြင်ဖွယ် သုံးသပ်ချက် စသည်များရေးခွင့်ရှိမည်မဟုတ်ပေ။ မှတ်တမ်းတင်ထိုက်သည်များကို ချန်လှပ်၍ ရှောင်ကွင်းခဲ့ရပေလိမ့်မည်။ အနှစ်သာရပိုင်း၌လည်း အားနည်းပေလိမ့်မည်။

ယခုမျက်ကွယ်၌မူ ရေးခွင့်ရေးထိုက်သည်များ ခွင့်ပြုနိုင်လောက်သည့် အတိုင်းအတာအထိရေးနိုင်ခွင့်ရှိလာ၍ အချိန်အခါရောက်က သူတော်ကောင်းကြီးများ အပေါ်၌ဤလောကကြီးသည် မျက်ကွယ်မပြု။ မိမိ၌ ကိန်းဝပ်နေခဲ့သောဆန္ဒသည်လည်း ပြန်လည်နိုးကြား မိမိအား အသက်ရှင်ခွင့်၊ရေးသားနိုင်ခွင့်သို့ရောက်အောင် မမြင်နိုင်သော စွမ်းအားများဖြင့် အထောက်အပံ့များပေးခဲ့လေသည်ဟု နှလုံးသွင်းမိလေတော့သည်။

ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဟူသော ဣဒ္ဓိပါဒ ဘာဝနာလေးပါး နေ့စဉ်ပွားများ ပူဇော်လျက်ဖြင့် ရေးသားဖြစ်ခဲ့လေသည်။

မဟာသရဏဂုံတော်ကြီး ပူဇော်ခဲ့ခြင်း

မိမိမှာ ကျေးဇူးတော်ရှင် မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူခဲ့သည့် မဟာသရဏဂုံတော်ကြီးပါဠိများကို နေ့စဉ်ရွတ်ဆိုပူဇော်နှလုံးသွင်း ဆင်ခြင်လျက်ရှိခဲ့ရာ ၁၀–နှစ်ပြည့်ခဲ့လေပြီ။ ကင်ဆာရောဂါကုသပျောက်ကင်း အသက်ရှင်ခြင်းလည်း ၈ နှစ်ပြည့်ခဲ့လေပြီ။*

ပူဇော်ခြင်းသည် ၁၀–နှစ်ပြည့်နှင့် အသက်ရှင်ခြင်း ၈–နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ထိုမဟာသရဏဂုံတော်ကြီးပူဇော်ခြင်း မြန်မာပြန်အနှစ်ချုပ်ကို မိမိရေးသားပြုစုခဲ့သည်။ ဦးမင်းကြည်(ဓမ္မာစရိယ၊ ဘီအေ၊ မဟာသဒ္ဓမ္မဇောတိကဓဇ) အကြံပေးအရာရှိ သာသနာရေးဝန်ကြီးဌာနက တည်းဖြတ်၍ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်(မောင်ဟံသ စာတည်းချုပ်၊ သာထွန်းပြန့် ဓမ္မစာစောင်)၏ စာမိတ်ဆက် အမှာစာဖြင့် နဘူးကျောင်းတောရ ဆရာတော်ဘုရားကြီး၏ တပည့်များ ၁၆–ကြိမ်မြောက် တရားအလှူတော်ဟူ၍ ပုံနှိပ်ဖြန့်ဝေ လှူဒါန်းသွားနိုင်သည် အထိ စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

အကျိုးရမည်မျှော်လင့်ပါသည်

ထိုသို့ဖြန့်ဝေလှူဒါန်းရေးလုပ်ငန်းကို လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်မှာ တောရဆရာတော်

---

* ဆရာဦးအောင်မွန် (မြတ်ဆုမွန်)၏ လယ်တီဆရာတော် ဘဝဖြစ်တော်စဉ် (စာ–၇၇၂–၇၇၈–၇၇၉)

ဘုရားကြီး၏ နှစ်၄၀ကျော် ဓုတင်ဆောင်ခရီး မှတ်တမ်းကြီး ပီပြင်စွာ ရေးသားရိုက်နှိပ်ရေးအတွက် ကြိုတင် တင်ပြဆောင်ရွက်ချက်လည်း ဖြစ်သည်။

ထိုမြန်မာပြန် အနှစ်ချုပ်ကိုရေးသားပြုစုခဲ့ခြင်းကို ဖတ်ရှုလေ့လာဆင်ခြင်သုံးသပ်ကြကုန်သော ပညာရှင်ကြီးများအနေဖြင့် တောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀–ကျော် ဓုတင်ဆောင်ခရီးမှတ်တမ်းကြီး ရေးသားတင်ပြချက်များ အပေါ်၌လည်း တစ်စုံတစ်ရာသော အတိုင်းအတာအထိ အကျိုးသက်ရောက်မှု ရှိတန်ကောင်းရာပါ၏ ဟုလည်းမျှော်လင့်မိ၍ ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူခဲ့သည့် မဟာသရဏဂုံကြီး ပါဠိမြန်မာပြန်ကျမ်းသည် မြတ်စွာဘုရား ၄၅–ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သည့် ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာအားလုံး၏ အဆီအနှစ်ကို ထုတ်ထားသော ကျမ်းမြတ်တစ်ဆူဖြစ်တော်မူသောကြောင့်လည်းကောင်း၊ နိဗ္ဗာန်မျက်မှောက်ပြုရေး လမ်းညွှန်ချက်များဖြစ်ပြီး လက်တွေ့အားဖြင့် လေ့ကျင့်နိုင်သောကြောင့်လည်းကောင်း တစ်စုံတစ်ရာသော အကျိုးရနိုင်ပေရာ၏ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဦးမင်းကြည်(မဟာသဒ္ဓမ္မဇောတိကဓဇ)တည်းဖြတ်

ထိုမဟာသရဏဂုံတော်ကြီး မြန်မာပြန်အနှစ်ချုပ်စာစုများကို ဦးမင်းကြည်(ဓမ္မာစရိယ ဘီအေ မဟာသဒ္ဓမ္မဇောတိကဓဇ)က တည်းဖြတ်သည်ဟု ဖော်ပြခဲ့ရာ ဦးမင်းကြည်သည် တောရဆရာတော်ဘုရားကြီးရေးသမျှ ကျမ်းစာများ အားလုံးပုံနှိပ်ရာ၌ နိဒါန်းရေးသူနှင့် ထုတ်ဝေသူဖြစ်ကြောင်းလည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

လက်ငင်းဒိဋ္ဌကောင်းကျိုးရ။

ထိုသို့သော ဆောင်ရွက်ပေးမှုကုသိုလ်ကောင်းမှုများကြောင့်၊ အမျိုးဘာသာ သာသနာတော်အပေါ်ဆောင်ရွက်ခဲ့သော ကောင်းမှုများကြောင့် လက်ငင်းဒိဋ္ဌကောင်းကျိုးပေးလေပြီဟု ထင်ပါသည်။

အဘယ်ကြောင့်ပါနည်း။ ၂၀၀၇–ခုနှစ် ဇန်နဝါရီလ ၄–ရက် ၅၉–နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၀၇ အရ သာသနာပြုဘွဲ့များ ချီးမြှင့်ရာတွင် ဦးမင်းကြည်(ဓမ္မာစရိယ၊ ဘီအေ)အား 'မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့' ချီးမြှင့်ခဲ့သောကြောင့် ဖြစ်ပါသည်။*

မှတ်တမ်းတင်ရန်လို

ဤသို့ဆိုလျှင် ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ၊ မဟာသဒ္ဓမ္မဇောတိကဓဇ) ၏ဘဝအကြောင်း သိကောင်းစရာ မွေးဖွားရာဇာတိ ဘယ်သို့ရှိသည်ကို အကျဉ်းမျှဖြစ်စေ၊ သိလိုသူများအတွက် မှတ်တမ်းတင်ရန် အမှန်ပင်လိုလာပြန်ပါသည်။

သို့အတွက် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သာသနာပြုဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများ စာအုပ်မှ လိုရာကောက်နုတ်ဖော်ပြလိုက်ရပါသည်။

ဦးမင်းကြည် ဓမ္မာစရိယ၊ ဘီအေ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိအကျဉ်း

ဖွားမြင်ခဲ့ရာ ဇာတိရွာ

မန္တလေးတိုင်း၊ တပ်ကုန်းမြို့နယ်၊ ကြီးကြာအင်းကျေးရွာနေ အဘဦးအောင်မြင့် အမိဒေါ်ဖွားရင်

* နိုင်ငံတော်အစိုးရ၏ ၂၀၀၇ နှစ် သာသနာပြုဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ်များ အထုပ္ပတ္တိ (စာ–၅၃–၅၄)

တို့မှ ၁၂၉၇–ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅–ရက် (၄–၇–၁၉၃၅) ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။

သူတော်ကောင်းကြီးများပေါ်ထွန်းရာဒေသ

ဦးမင်းကြည်မွေးဖွားရာ ကြိုးကြာအင်းဟူသောရွာမှာ ညောင်လွန့်ဘုတာ၊ ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး ဦးမေဓာဝီ သီတင်းသုံးခဲ့သော ညောင်လွန့်တောရနှင့် မနီးမဝေးတွင်ရှိပြီး သာသနာပြု ရသေ့ကြီး ဦးခန္တီမွေးဖွားရာ မျော်ရွာနှင့်လည်း ကပ်လျက်ရှိသဖြင့် ထိုဒေသသည် သာသနာပြုပုဂ္ဂိုလ်ထူးကြီးများ ပေါ်ထွန်းခဲ့ရာ အစဉ်အလာကြီးမားသော ဒေသဖြစ်သည်ဟု ဆိုသင့်ဆိုထိုက်လှပါသည်။

ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော်သမိုင်း၌ ညောင်လွန့်တောရဆရာတော်ဆိုလျှင် မသိသူမရှိ၊ ရဟန်းရှင်လူတို့ ယနေ့တိုင် အလေးပြု ဦးခိုက်ပူဇော်နေဆဲဖြစ်သလို–

ရသေ့ကြီးဦးခန္တီ၏ ကောင်းမှုများမှာလည်း မြန်မာနိုင်ငံအတွင်း ဒေသအသီးသီးသို့ ဘုရားဖူးလှည့်လည်သွားလာကြကုန်သော သူတော်ကောင်းများအနေနှင့် စေတီပုထိုး သာသနိက အဆောက်အဦများက အနိုင်အမာရပ်တည် သက်သေထူလျက် အံ့မခန်း မြင်ကြတွေ့ကြရသဖြင့် ရသေ့ကြီး ဦးခန္တီ၏ ကျေးဇူးဂုဏ်များကို အမှတ်ရကြ၊ လွမ်းတသသ ဖြစ်နေကြရဆဲပင် ဖြစ်လေသည်။

ယင်းကဲ့သို့ ထူးခြားဂုဏ်မြောက် အလေးအမြတ်ပြုအပ်သော ပုဂ္ဂိုလ်ထူးကြီးများပေါ်ထွန်းခဲ့ရာ ဒေသတွင် မွေးဖွား၍၊ ဤလူ့ပြည်လောကသို့ရောက်လာရသော ဦးမင်းကြည်ကား (မဟာစရိယ၊ ဘီအေ) လောကီ လောကုတ်ပညာနှစ်ရပ်လုံး နံ့စပ် တတ်မြောက်ကျွမ်းကျင်၊ သာသနာရေးဝန်ကြီးဌာနတွင် ရာထူးကြီးများ အဆင့်ဆင့်ဖြင့် ပြည်တွင်းပြည်ပအမျိုး ဘာသာ သာသနာတော်အကျိုးကောင်းစွာရွက်ဆောင်သယ်ပိုးထမ်းရွက်နိုင်ခဲ့သဖြင့် တိုင်းသိပြည်သိ လူသိများ၍ ထင်ရှားသူတစ်ယောက်ဖြစ်လာခဲ့လေသည်။

အထူးအားဖြင့် ယင်းကဲ့သို့ လူသိများ၍ ထင်ရှားသူတစ်ယောက်ဖြစ်လာရသည်မှာ ဦးမင်းကြည်သည် ကဗျာ၊ လင်္ကာ၊ ရတု၊ တေးထပ်သီကုံး ရေးဖွဲ့မှုများ၌ အထူးကျွမ်းကျင်သလို ကိုယ်တိုင်ရေး ကိုယ်တိုင်ရွတ်ဆို ကိုယ်တိုင်ပြောရာ၌လည်း 'ပညာရဲ ရင့်ပွဲလယ်တင့်' ဆိုသည့်အတိုင်း ရဟန်း၊ ရှင်လူ၊ ပရိသတ်၊ မင်းပွဲသဘင်များ ထူးခြားလေးမြတ်သော ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကြီးများ၊ ပြည်နယ်တိုင်းဒေသအသီးသီးတွင် စေတီပုထိုးများတည်ထားရာနှင့် ကျောင်းကန်ရေပ်တည်ဆောက်ပြုပြင် အလှူတော် အခမ်းအနားကြီးများတွင် စီစဉ်သူ အခမ်းအနားမှူးအဖြစ်လည်းကောင်း၊ နိုင်ငံတော်မှ ပေးအပ်ရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည်များကို မြန်မာ့အသံရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားသတင်းစဉ်ဖန်သားပြင်၌ မြင်တွေ့ကြရဖန်များသဖြင့် လူသိများ၍ထင်ရှားခြင်းလည်း ဖြစ်လေသည်။

မျက်မှောက်ခေတ်ရတုဘုရင်

ဦးမင်းကြည်၏ ရတုတေးထပ်အရေးအစပ်ရေးဟန်များမှာ "မျက်မှောက်ခေတ်၏ရတုဘုရင်" တစ်ယောက်ဟု ခေါ်ဆိုရလောက်အောင်ပင် အချိတ်အဆက်ကာရံမိမိ၊ လှလှပပ၊ စကားအနက်အဓိပ္ပာယ်သံစဉ် အနိမ့်အမြင့်ဖြင့်ရေးဖွဲ့လေ့ရှိလေရာ နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေ၏ အောင်မြင်သော အဆွဲအငင် အသံဖြင့်၊ သီဆိုပေါင်းစပ်လိုက်သောအခါ ကြားရသူအပေါင်း၏ နားသောတတွင် နားဝင်ပီယံ

ဖြင့် ကြက်သီးမွေးညှင်း တဖြန်းဖြန်းထရလောက် အောင် ပီတိသောမနဿဖြင့် ရွှင်လန်းကြည်သာ ရင်မှာစံစား၊ သဒ္ဓါတရားများယိုဖိတ် လျှံပြီးရင်းလျှံ ချင်၊ စေတနာများ တစ်ဖွားဖွား ဖြစ်ပေါ်ကြရလေ သည်။

ယင်းသို့သော သာသနာပြုလုပ်ငန်းများနှင့် ထေရဝါဒဗုဒ္ဓသာသနာပြုသင်တန်းများ၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီ ကောလိပ်များတွင် ယနေ့တိုင်အောင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနည်းပြဆရာအဖြစ် ဆောင်ရွက်နေခြင်း များကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီက (၂၀၀၇ ခုနှစ် မတ်လ) ၁၃၆၈ ခုနှစ် တပေါင်းလပြည့်နေ့တွင် 'မဟာသဒ္ဓမ္မဇောတိကဓဇ' သာသနာပြုဘွဲ့တံဆိပ်တော်ကို ကမ္ဘာအေး မဟာ ပါသာဏလိုဏ်ဂူတော်ကြီးတွင် ခမ်းနားကြီးကျယ် စည်ကားသိုက်မြိုက်စွာ ကျင်းပချီးမြှင့် ဂုဏ်ပြုခြင်း ခံခဲ့ရလေသည်။

ဦးမင်းကြည်ကဲ့သို့ပင် အလားတူစွာ သာသနာပြုဘွဲ့၊ "မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့"ကို နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဦးစီးအရာရှိ(ငြိမ်း) ဦးစိုးတင့်(သ.စ.အ မွှာစရိယ)တို့လည်း ချီးမြှင့်ခြင်း ခံခဲ့ကြရလေသည်။

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ အဆိုတော်ဦးထွန်းရွှေ

အဆိုတော်ဦးထွန်းရွှေမှာ တောရဆရာတော် ကြီး သမုတ်တော်မူခဲ့သော သိမ်အမှတ် ၈၀၊ သာကေ တမြို့၊ အောင်သပြေတောရသိမ်သမုတ်ရာ ပွဲတော်မှာ ဦးမင်းကြည် အခမ်းအနားမှူးနှင့် တွဲဖက်၍ ရတုတေး ထပ်များဖြင့် ပူဇော်ကုသိုလ်ယူခဲ့ခြင်း–

တပ်ကုန်းမြို့၊ ဒေါင်းမင်းဆီစက်မိသားစု များ၏ မွေ့ရိပ်သာကြီးဖွင့်ပွဲနှင့် ရှင်ပြုအလှူတော်များ တွင် ဘိသိက်မင်္ဂလာ သာသနာပြုတာဝန်များ စွမ်း ရာက ပါဝင်ဆောင်ရွက်ပေးခဲ့ခြင်း–

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာဦးစိုးတင့်

ဦးစိုးတင့်(သ.စ.အ မွှာစရိယ)မှာ ဟောရ ဆရာတော်ဘုရားကြီးရေးသမျှ ကျမ်းစာများ၊ ကွန်ပျူ တာစီစာများဖတ်ရှု၊ ပါဠိ မြန်မာ စာပိုဒ်များ၊ အနေ အထားမှန်ကန်အောင် အဖြတ်အတောက် အထားအ သိုများ စိစစ်ခြင်း ကုသိုလ်ယူဆောင်ရွက်ပေးခဲ့ခြင်း–

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသန္ဒိယ (M.A) မဟာ ထေရ် ဦးဆောင်သာသနာပြုခရီး

လောကသားတို့ ကောင်းကျိုးချမ်းသာ အဖြာဖြာတိုးပွားစေခြင်းငှာ – နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တိုင်းနှင့်ပြည်နယ် ဒေသအသီးသီးတွင် စေတီပုထိုးများ တည်ဆောက် ရာ၌လည်းကောင်း၊ အထူးအားဖြင့် နေပြည်တော်တွင် တည်ဆောက်ဆဲဖြစ်သော ဥပ္ပါတသန္တိ စေတီတော် မြတ်ကြီးကို တည်ဆောက်ရာတွင်လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသန္ဒိယ (M.A) မဟာထေရ် ဦးဆောင်သည့် သာသနာပြုလုပ်ငန်းများတွင် အထူး ပါဝင်ခဲ့ခြင်း–

စသည်များနှင့် ထိုထိုဤဤအလီလီ သာ သနာပြုကောင်းမှုများကြောင့် အဆိုပါသုံးဦးသားတို့ သည် နိုင်ငံတော်အစိုးရကချီးမြှင့်သော ဘွဲ့တံဆိပ်တော် များကို ထိုက်တန်စွာ ရရှိခဲ့ကြခြင်း ဖြစ်လေသည်။

သူတော်ကောင်းတရား လက်ကိုင်ထား၍ သူတော်ကောင်းတို့ လုပ်မြဲဖြစ်သော ပါရမီကုသိုလ် တော်များကို စွမ်းရာက ပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် လက်ငင်းဒိဋ္ဌ ကောင်းကျိုးတရားများ ရရှိခဲ့ကြလေ

သည်ဟု နားလည်ဆင်ခြင် နှလုံးသွင်းမိပါတော့သည်။

ဤကား တောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀–ကျော် စုတင်ဆောင်ခရီးတွင် ဆရာတော်ဘဝ ဆရာတော်၏ သာသနာတော်အတွက် ဆောင်ရွက်သမျှ လုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်ဆက်စပ်ဆောင်ရွက် ကုသိုလ်ယူခဲ့ကြသော ပုဂ္ဂိုလ်များအကြောင်းတင်ပြ မှတ်တမ်းတင်ခြင်းလည်း ဖြစ်လေသည်။

တောရဆရာတော် ဘုရားကြီး၏ ဘဝခရီး တစ်လျှောက်လုံးတွင် ကြုံဆုံခဲ့သော ရဟန်းတော်များ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများနှင့် ဆရာတော်ဘုရားကြီး၏ သာသနာပြုခရီးတွင် ကုသိုလ်ပါရမီပါဝင် ဖြည့်ဆီးခဲ့ကြသော လူပုဂ္ဂိုလ်များ အကြောင်းအကျဉ်းချုပ်လျက် ဆက်စပ်တင်ပြ မှတ်တမ်းတင်ခဲ့ပါသည်။

တောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀ ကျော် စုတင်ဆောင်ခရီးမှတ်တမ်းရှည်ကြီးကို အပိုင်းအားဖြင့် ငါးပိုင်းခွဲခြား နှစ်စဉ်အလိုက်ကြောင်းခြင်းရာများကို ရေးသားတင်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ၌ ယင်းကဲ့သို့ ရေးသားတင်ပြခဲ့ပြီးသမျှ အပိုင်းငါးပိုင်းကို ခုနှစ် သက်တော် ဝါတော်အလိုက် အကျဉ်းချုပ်၍ ဇယားပုံစံများဖြင့်လည်း တင်ပြပါဦးမည်။ လေ့လာလိုသူ သုတေသီတို့အတွက် အလွယ်တကူကြည့်မြင် လိုရာရစေ သုံးနိုင်စေဘို့ ရည်ရွယ်စုစည်း တင်ပြခြင်းလည်း ဖြစ်ပါသည်။

ဇယားပုံစံများဖြင့် ခွဲခြားတင်ပြထားသည် မှာ အောက်ပါခေါင်းစဉ်များအတိုင်းဖြစ်ပါသည်။

(၁) **ပထမပိုင်း** ၁၂၈၃–ခုနှစ်မှ ၁၃၁၅ခုနှစ် သက်တော် ၃၂–ထိ ဖွားမြင်တော်မူခြင်း၊ ပညာသင် ကြားခြင်းဘွဲ့များရတော်မူခြင်း ခုနှစ်အလိုက် ဇယားပုံစံ။

(၂) **ဒုတိယပိုင်း** ၁၃၁၆–ခုနှစ်မှ ၁၃၂၅–ထိ သက်တော် ၃၂–မှ သက်တော် ၄၂–ထိ ဘုရားဖြူဂဏ ဝါစက စာချဘုန်းကြီးဘဝ ခုနှစ်အလိုက်ဇယားပုံစံ။

(၃) **တတိယပိုင်း** တောရဆောက်တည်တော်မူခြင်း ပထမဝါတော် ၂၀–ကာလ၊ သက်တော် ၄၂–မှ သက်တော် ၆၂–ထိ (၁၃၂၅–မှ ၁၃၄၅)ထိ ခုနှစ် အလိုက်ဇယား။

(၄) **စတုတ္ထပိုင်း** ဆက်လက်တောရဆောက်တည်တော်မူခြင်း ဒုတိယဝါတော် ၂၀–ကာလ၊ သက်တော် ၆၃–မှ ၈၂–ခုနှစ် (၁၃၄၆ မှ၁၃၆၅)ထိ ခုနှစ်အလိုက်ဇယား။

(၅) **ပဉ္စမပိုင်း** တောရဆရာတော်ဘုရားကြီး၏ဘဝနိဂုံး နောက်ဆုံးနေ့များအကြောင်း စာဖြင့် ရေးသား (Daily Report) နေ့စဉ်အစီရင်ခံစာပုံစာဖြင့် တင်ပြခဲ့ပြီးနောက် တောရဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့သည့် ကျောင်းများနှင့် တောရကျောင်းများ၏ အကျဉ်းချုပ်ဇယား။

(၆) တောရဆရာတော်ဘုရားကြီး၏ ခုနှစ်အလိုက် သိမ်သမုတ်ခဲ့သည့် မှတ်တမ်းအကျဉ်းချုပ်ဇယား။

(၇) တောရဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့သော စာပေနှင့် ကျမ်းပြုခြင်း မှတ်တမ်းအကျဉ်းချုပ် ဇယား။

(၈) တောရဆရာတော်ဘုရားကြီးအပေါ် မျက်မြင်အားဖြင့် ဖူးတွေ့ရသော ကြည်ညိုဖွယ်ရာ ဂုဏ်များ။

ဟူ၍ ဇယားများဖြင့် တင်ပြထားရာ ဆက်လက်ဖတ်ရှုနိုင်ကြပါစေရန် ကြိုတင်အစီရင်ခံပါသည်။

ပထမပိုင်း

၁၂၈၃–မှ ၁၃၁၅–ထိ သက်တော် ၃၂–ထိ ဖွားမြင်တော်မူခြင်း၊ ပညာသင်ကြားခြင်း၊ ဘွဲ့များရတော်မူခြင်း

အစဉ်	ခုနှစ်	သက်တော်	ဝါတော်	ပညာသင်ရာကျောင်း	မှတ်ချက်
၁။	၁၂၈၃–ခုနှစ် သီတင်းကျွတ်လပြည့်ကျော်(၆)ရက်၊ စနေနေ့ (၂၂.၁၀.၁၉၂၁) ဖွားမြင်တော်မူ	–	–	နဘူးကျင်းရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း။	ခမည်းတော် ဦးဘ(အလည်ကုန်းစာတိ)၊ မယ်တော် ဒေါ်အေးမှန် (နဘူးကျင်းရွာစာတိ)
၂။	၁၂၉၀–ခုနှစ်	၇	–	ကျောင်းရွာ၊ သီလရှင်ကျောင်း၊ကြီးကြာအင်းရွာအနီး တပ်ကုန်းမြို့နယ်။	ဒေါ်ဓမ္မစာရီ(ဆရာလှ) ဒေါ်ဥမ္မာ ခမည်းတော်ဦးဘ၏ အစ်မတို့ထံ စတင်ပညာသင်။
၃။	၁၂၉၂–ခုနှစ်	၉	–	သရက်ကန်ရွာကျောင်း နဘူးကျင်းအုပ်စု။	ဆရာတော်ဦးဥတ္တမသ၊ ကံကြီးဆရာတော် ဦးဝိမလ။
၄။	၁၂၉၇–ခုနှစ် ကဆုန်လပြည့် ၃–ရက်၊ တနင်္ဂနွေ	၁၃	–	ရှင်သာမဏေပြု ဘွဲ့ရှင်တိသာရ၊ မိဘနှစ်ပါး၏ ပဓ္ဓယာနဂ္ဂဟ	သရက်ကန်ဆရာတော် ဥပဇ္ဈာယ်ပြု
၅။	၁၃၀၂–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ တနင်္ဂနွေ	၁၉–နှစ် ၅–လ ၆–ရက်	–	ရဟန်းဖြစ်တော်မူ မိဘနှစ်ပါး၏ ပဓ္ဓယာနဂ္ဂဟ	ကြာပင်အင်းကျောင်း ဆရာတော် ဦးစက္ကိန္ဒ ဥပဇ္ဈာယ်ပြု။
၆။	၁၃၀၃–ခုနှစ်	၂၀	၁	သရက်ကန်ကျောင်း	ကံကြီးဆရာတော် ဦးဝိမလ သင်္ဂဟယ်ကျင်းတောရ ဦးသီဟ
၇။	၁၃၀၄–ခုနှစ်	၂၁	၂	သရက်ကန် ကျောင်းထိုင်ဘုန်းကြီး	၁၃၀၄–ခု၊ဝါခေါင်လဆန်း၂–ရက် သရက်ကန်ဦးဥတ္တမသ ပျံလွန်။

အစဉ်	ခုနှစ်	သက်တော်	ဝါတော်	ပညာသင်ရာကျောင်း	ဆရာတော်များ၊ မှတ်ချက်
၈။	၁၃၀၅–ခုနှစ်	၂၂	၃	ဓီးဖြူကုန်း၊ ဂန္ဓစုရ တိုက်၊ ကျောင်းသစ်ရိပ်သာ	ဆရာတော် ဦးဥက္ကံသ ထံမှာ ကျမ်းစာများ သင်ယူ။
၉။	၁၃၀၆–ခုနှစ်	၂၃	၄	ဓီးဖြူကုန်း၊ ဂန္ဓစုရ တိုက်၊ ကျောင်းသစ်ရိပ်သာ	ဆရာတော် ဦးဥက္ကံသ ထံမှာ ကျမ်းစာများ သင်ယူ။
၁၀။	၁၃၀၇–ခုနှစ်	၂၄	၅	ဓီးဖြူကုန်း၊ ဂန္ဓစုရ တိုက်၊ ကျောင်းသစ်ရိပ်သာ	ဆရာတော် ဦးဥက္ကံသ ထံမှာ ကျမ်းစာများ သင်ယူ။
၁၁။	၁၃၀၈–ခုနှစ်	၂၅	၆	ဓီးဖြူကုန်း၊ ဂန္ဓစုရ တိုက်၊ ကျောင်းသစ်ရိပ်သာ	ဆရာတော် ဦးဥက္ကံသ ထံမှာ ကျမ်းစာများ သင်ယူ။
၁၂။	၁၃၀၉–ခုနှစ်	၂၆	၇	နဘူးကျင်းရွာကျောင်း ဝါတွင်း၃ လကျောင်း စောင့်ဘုန်းကြီး (ဘဒ္ဒန္တနယန ပဏ္ဏာသမဏ)	ဝါကျွတ်သည်နှင့် ဓီးဖြူကုန်းသို့ ပြန်ကြွသည်။ ဓီးဖြူကုန်းတွင် ၅ နှစ်တိုင် ပညာသင်ခဲ့သည်။
၁၃။	၁၃၁၀–ခုနှစ်	၂၇	၈	အင်းစိန်မြို့၊မဂ္ဂင်ကျောင်း ဝါတွင်း ၃–လ	ခမည်းတော်ဦးဘ ၅၆–နှစ်၊ ၁၃၁၀–ခု၊ သီတင်းကျွတ်လဆန်း ၈–ရက်ကွယ်လွန်။
၁၄။	၁၃၁၀–ခုနှစ် ပြာသိုလဆန်း ၁၀–ရက်	–	–	ဘုရားဖြူကျောင်းတိုက် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့။	ကြိုးကြာအင်းဇာတိစာတိုက်စာရေး ကြီး ဦးသာကြွယ်ဘုရားဖြူဆရာ တော်ကို လျှောက်ထားပေးချက် အရ ရောက်ရှိခြင်းဖြစ်၏။

အမှတ်စဉ်	ခုနှစ်	သက်တော်	ဝါတော်	ပညာသင်ရာကျောင်း	ဆရာတော်မှတ်ချက်
၁၅။	၁၃၁၁-ခုနှစ်	၂၈	၉	ဘုရားဖြူကျောင်းတိုက် ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့	ဘဒ္ဒန္တ ပညာဝံသ၊ အဂ္ဂ မဟာပဏ္ဍိတ) ထံ ပညာသင်။
၁၆။	၁၃၁၂-ခုနှစ်	၂၉	၁၀	ဘုရားဖြူကျောင်းတိုက် ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့	-အစိုးရပထမငယ်တန်းနှင့် -ဝိနယကောသလ္လတန်းအောင် -အစိုးရပထမလတ်တန်းနှင့် -ဝိနယဆေကတန်းများအောင်
၁၇။	၁၃၁၃-ခုနှစ်	၃၀	၁၁	ဘုရားဖြူကျောင်းတိုက် ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့	ပထမကြီးတန်း(ကျ) ဝိနယဝိသာရဒ တန်း အမှတ်အများဆုံးပထမရ- ဝိနယအကျော်ဘွဲ့ရ။
၁၈။	၁၃၁၄-ခုနှစ် နတ်တော်လ	၃၀	၁၁	ရမည်းသင်းမြို့နယ်၊ စီးဖြူကုန်းသို့ပြန်ကြွလာ	ဆရာတော်ဦးဥက္ကံသထံပဋ္ဌာန်းအ ရကောက်သင်ယူ၊စီးဖြူကုန်းမှခြေ ပထမကြီးတန်းအောင်
၁၉။	၁၃၁၄-ခုနှစ်	၃၁	၁၂	မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံ တိုက်၊ သံတော်ဆင့် ကျောင်း ဘုရားကြီး တိုက်	စာချတန်း၊ စာဝါများ မန္တလေးနည်း (နယန္တရ) အလို့ငှာသင်ယူ။
၂၀။	၁၃၁၅ ခုနှစ်	၃၂	၁၃	ဘုရားဖြူကျောင်းတိုက် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့။	-၁၃၁၅-ခု၊ နယုန်လ၊ ကျင်းပသော စာချတန်း၊ ကျမ်းရင်း(၂)ကျမ်း အောင် -၁၃၁၅-ခု၊ တပေါင်းလ၊ ကျင်းပ သော ဓမ္မသဂ်ဏီ အဋ္ဌကထာကျမ်း ရင်း (၁)ကျမ်းအောင် "သာသနဓဇ သိရိပဝရ ဓမ္မာစရိယ"ဘွဲ့ရရှိတော် မူသည်။

အထူးမှတ်ချက်

၂၁။	၁၃၁၄–ခု မှ ၁၃၁၅–ခုကာလ	–	–	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ် ရန်ကုန်မြို့	စာသင်သားကာလ အရှင်အာဒိစ္စ (ခေါ်) ဆရာကြီး ဦးအောင်မြတ် ထွန့်ထံ၌လည်း စာဝါလိုက်ခဲ့သည်။

ဒုတိယပိုင်း
ဘုရားဖြူ ဂဏဝါစက၊ စာချဘုန်းကြီးဘဝ
သက်တော် ၃၂–မှ ၄၂–ထိ(၁၃၁၆–မှ ၁၃၂၅–ထိ)

အစဉ်	ခုနှစ်	သက်တော်	ဝါတော်	ကျောင်းတိုက်	မှတ်ချက်
၁။	၁၃၁၆–ခုနှစ်	၃၃	၁၄	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ် ရန်ကုန်မြို့။	၁၃၁၆ ခုနှစ်၊ စာချဘုန်းကြီးခန့်အပ်ခြင်းခံရ၊ ဆွမ်းမခံဘဲ(၁)နှစ် ခေါက်စား၊ (တုံးခေါက်စားဘဝ၊)
၂။	၁၃၁၇–ခုနှစ်	၃၄	၁၅	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။	၁၃၁၇ ခုနှစ်မှစ၍ ဆွမ်းခုတင်ဒပါးဆောင်သည်။ စာဝါ–တစ်နေ့ ၅ ကြိမ်ပို့ချသည်။
၃။	၁၃၁၈–ခုနှစ်	၃၅	၁၆	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။	မူလက ငွေကိုကပ္ပိယ ကာရကဖြင့်ထားရာမှ ငွေကွက်မှုကင်း၊ အာလယပြတ်စွန့်လွှတ်၊ ငွေတစ်ပြားမှ မရှိသော စာချဘုန်းကြီးအဖြစ် ခံယူတော်မူသည်။
၄။	၁၃၁၉–ခုနှစ်	၃၆	၁၇	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။	ကျမ်းအိပ်ခေါနိကာယ်များ အငွကထာနှင့်တွဲ၍ကြည့်ရှု(၃)နှစ်ခန့်ကြာမျှပြီး (ပထမအကြိမ်ကြည့်ခြင်းတည်း)

အစဉ်	ခုနှစ်	သက်တော်	ဝါတော်	ကျောင်းတိုက်	မှတ်ချက်
၅။	၁၃၂၀-ခုနှစ်	၃၇	၁၈	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ် ရန်ကုန်မြို့။	ဘဒ္ဒန္တဝဏ္ဏိမာ နောင်အခါ (အဂ္ဂမဟာပဏ္ဍိတ)နှင့် ဘဒ္ဒန္တနရိန္ဒာဘိဝံ သ နောင်အခါ (အဂ္ဂမဟာပဏ္ဍိတ) တို့နှင့်အတူ စာဝါများ ချပေးသည်။
၆။	၁၃၂၁-ခုနှစ်	၃၈	၁၉	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ် ရန်ကုန်မြို့။	သိက္ခာထပ် ဦးသာကြွယ်+ဒေါ်အေး မိသားစု ရှင်ပြုရဟန်းခံ သိက္ခာထပ်သည်။ (နောက်ထပ်သိက္ခာထပ်ခြင်းလုံးဝ မရှိ။)
၇။	၁၃၂၂-ခုနှစ်	၃၉	၂၀	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ် ရန်ကုန်မြို့။	စာဝါ(၅)ကြိမ်ဝို့ချ၊ မွှာစရိယဘွဲ့ရ များစွာပေါ်ထွန်းသည်။
၈။	၁၃၂၃-ခုနှစ်/ ၁၉၆၂-ခုနှစ်	၄၀	၂၁	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ် ရန်ကုန်မြို့။	ဘုရားဖြူဆရာတော် ဘဒ္ဒန္တပညာဝံ သ အား နိုင်ငံတော်အစိုးရမှ (အဂ္ဂ မဟာပဏ္ဍိတ)ဘွဲ့တံဆိပ်ဆက် ကပ်ပူဇော်ပွဲလုပ်သည်။ -တောရလိုက်ရှာ(၂)လခန့်ကြာမှ ပြန်ကြွလာသည်။
၉။	၁၃၂၄-ခုနှစ်	၄၁	၂၂	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။	စာဝါများပြန်လည်ဝို့ချပေးနေခဲ့ရ ပြန်သည်။ ၉-နှစ်၊ ၉-ဝါ တိုင်စာချခဲ့ သည်။
၁၀။	၁၃၂၅-ခုနှစ်	-	-	ဘုရားဖြူကျောင်းတိုက် ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။	၁၃၂၅ ခုနှစ်၊ နယုန်လဆန်း ၅ရက် ဘုရားဖြူမှ သပိတ်တစ်လုံး၊ သင်္ကန်း သုံးထည်ဖြင့် အညာဆန်ခရီး သဘောဇီး၍ တောထွက်တော်မူ သည်။

တတိယပိုင်း
တောရဆောက်တည်တော်မူခြင်း ပထမဝါတော်၂၀–ကာလ
သက်တော် ၄၂–မှ သက်တော် ၆၂–ထိ (၁၃၂၅–မှ–၁၃၄၅)

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	တောရကျောင်း	ကျမ်းပြုခြင်း သိမ်သမုတ်ခြင်း – မှတ်ချက်
၁။	၁၃၂၅–ခုနှစ် နယုန်လပြည့် နံနက် ၉–နာရီ	၄၂	– ၂၃ ၁	ရွှေစက်တော်တောရ စကုမြို့နယ်၊ မင်းဘူး ခရိုင်၊ မကွေးတိုင်း	ရွှေစက်တော်ဘုရားခြေတော်ရင်း အုတ်ဂူသို့ရောက်၊ ဓုတင်္ဂရေ ဝိနယ ဂရုက အဖြစ်သို့ရောက်တော်မူ သည်။ မြေတစ်ကောင်အုတ်ဂူ တွင်ရှိနေ၍ မေတ္တာပို့လွှတ်ဖယ်ရှား ရသည်။ "နဂါးဆီးကြိုခြင်းပေလော"
၂။	၁၃၂၆–ခုနှစ်	၄၃	၂၄ ၂	မြောင်းဦး၊ ရန်ကင်း တောရ၊ စကုမြို့နယ် မင်းဘူးခရိုင်၊ မကွေး တိုင်း။	–သိမ်အမှတ်– ၁၊ အိုးပြင်မဲသိမ် သမုတ်သည်။ တောကြမ်းသည်။ ခြောက်လှန့်သည့်သတင်းရှိသဖြင့် နှစ်၂၀ခန့် ဓုတင်ဆောင်ကင်းမဲ့နေ သောတောရဟောင်းဖြစ်သည်။
၃။	၁၃၂၇–ခုနှစ်	၄၄	၂၅ ၃	မြောင်းဦး၊ ရန်ကင်း တောရ၊ စကုမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေး တိုင်း။	–အရဏ္ဍဂ္ဂကာလ ဝိနိစ္ဆယ ခေါ် အ ရုဏ်တက်ချိန်အဆုံးအဖြတ်ကျမ်း ပါဠိမြန်မာရေးသည်။ –သိမ်အမှတ် ၂၊ ရန်ကင်းတောရ သိမ် –သိမ်အမှတ် ၃၊ လက်ပံတော ကျောင်းသိမ်၊ သမုတ်သည်။ –တောရကျောင်းဝင်းအတွင်း သမင် များလာအိပ်သည်။ ဦးသိမ်းဆောင် စာရေးသူတွေ့ရသည်။ ကျားသစ် တောရကျောင်းအနီးလာမွေးသည် ဟုမိန့်သည်။
၄။	၁၃၂၈–ခုနှစ်	၄၅	၂၆ ၄	မြောင်းဦး၊ ရန်ကင်း တောရ၊ စကုမြို့နယ်၊ မင်းဘူးခရိုင်၊မကွေး တိုင်း။	ဘုရားဖြူဆရာတော်ထံခေတ္တပြန် လာ၊ ယာဝဇီဝံ တောရဆောက်တည် ခွင့်ပန်ကြားသည်။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် / တောရဝါ	တောရကျောင်း	ကျမ်းပြုခြင်း သိမ်သမုတ်ခြင်း – မှတ်ချက်
၅။	၁၃၂၉–ခုနှစ်	၄၆	၂၇ / ၅	မြောင်းဦး၊ ရန်ကင်း တောရ၊ စကုမြို့နယ်၊	–နိကာယ်ငါးရပ်ပိဋကတ်တော်များ (ဒုတိယအကြိမ်)ကြည့်ရှု –(၁)ခမည်းတော်ဦးသာကြွယ်၊ မြောင်းဦးသို့တရားအားထုတ်ရန် လာသည်။
၆။	၁၃၃၀–ခုနှစ်	၄၇	၂၈ / ၆	တောင်လတ်တောရ မင်းတုန်းမြို့နယ် သရက်ခရိုင်၊ မကွေး တိုင်း။	
၇။	၁၃၃၁–ခုနှစ်	၄၈	၂၉ / ၇	မြောင်းဦး၊ ရန်ကင်း တောရ၊ စကုမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေး တိုင်း။	
၈။	၁၃၃၂–ခုနှစ်	၄၉	၃၀ / ၈	မြောင်းဦး၊ ရန်ကင်း တောရ၊ စကုမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေး တိုင်း။	–၁၃၃၂–နတ်တော်လပြည့်ကျော် (၂)ရက်၊ ည (၁၁)နာရီ သဏ္ဍာယ်ကျင်း တောရ ဆရာတော်ဦးသီဟ(၇၈) နှစ်၊ (၁၃၅၄–၁၃၃၂)ပျံလွန်၊ –၁၃၃၂၊ နယုန်လပြည့်ကျော်၊ (၄) ရက်၊ ၁၂–နာရီ ၄၅မိနစ်၊ စီးဖြူကုန်း ဆရာတော် ဦးဥတ္တမသ၊ (၇၂)နှစ်၊ (၁၂၆၀–၁၃၃၂) ဆင်ကျုံးတောရ၌ ပျံလွန်။
၉။	၁၃၃၃–ခုနှစ်	၅၀	၃၁ / ၉	မြောင်းဦး၊ ရန်ကင်း တောရ၊ စကုမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေး ခရိုင်။	–စိတ္တဝိဂ္ဂဟဝိနိစ္ဆယ ပါဠိရေးသည်။ –သိမ်အမှတ်(၄)၊ တောင်လတ်တော ရ သိမ်သမုတ်၊ –၁၃၃၃ခု၊ ဝါဆိုလဆန်း ၁၀–ရက် ဘုရားဖြူဆရာတော်ဦးပညာဝံသ (၈၀)ပျံလွန်

အစဉ်	ခုနှစ်	သက်တော်	ဝါတော် / တောရဝါ	တောရကျောင်း	ကျမ်းပြုခြင်း သိမ်သမုတ်ခြင်း – မှတ်ချက်
					–ထေရုပ္ပတ္တိအကျဉ်းရေးပူဇော် –မယ်တော် ဒေါ်အေးမှန်က သားကြီးတောရဆရာတော်အား ဖူးမျှော်လိုသည်။ သားထွေးအရှင်ဣဿရအား ပင့်စေ၍ နဘူးကျောင်းပြန်ကြွလာသည်။
၁၀။	၁၂၃၄–ခုနှစ်	၅၁	၃၂ / ၁၀	နဘူးကျောင်း၊ ရန်ကင်းတောရ ပထမနေရာ၊ ဦးကျော်သိန်း+ဒေါ်ခင်ရွှေ မြေလှူသည်။	စီဝရဝဏ္ဏာဝိနိစ္ဆယ မြန်မာပြန်ရေးသည်။ လက်ျာနွယ်ရစ်တော အောင်မြေဖြစ်သည်ဟု စကုဆရာတော်ပြောကြောင်းမိန့်သည်။
၁၁။	၁၂၃၅–ခုနှစ်	၅၂	၃၃ / ၁၁	ညောင်ကုန်းသုသာန်တောရ၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်း။	သုသာန်ဓုတင်ဆောင်လို၊ အရညကင်ဓုတင်လည်း မဖျက်လို၊ ကံကြီးရွာမှ ဦးစံဖြူ၊ ဦးညီမောင်တို့ပါ ခြေလျှင်ကြွသည်။ ရွာတန်းဦးသိမ်းအောင်စီမံမှုဖြင့် ဧဒဝတီကျောင်းမှာ တစ်ညနား၍ ဆက်ကြွသည်။ သိမ်အမှတ် – ၅၊ ရွှေစေတီ သိမ်အမှတ် – ၆၊ ပန်းခြံကုန်း သိမ်အမှတ် – ၇၊ ရန်ကင်းတောရ သိမ်များသမုတ်သည်။
၁၂။	၁၂၃၆–ခုနှစ်	၅၃	၃၄ / ၁၂	ထန်းတပင်တောရ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်။	သိမ်အမှတ် – ၈၊ မလာဇေယျသိမ် သမုတ်သည်။
၁၃။	၁၂၃၇–ခုနှစ်	၅၄	၃၅ / ၁၃	နဘူးကျောင်း၊ ရန်ကင်း ရမည်းသင်းမြို့နယ် (ဒုတိယနေရာ) ယခုသီတင်းသုံးသည့်နေရာ။	–သရက်ကန်ဆရာတော် ထေရုပ္ပတ္တိရေး၊ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲလုပ်သည်။ အသံသွင်းတိတ်ခွေရှိသည်။ –မိခင်ကြီးဒေါ်အေးမှန်နှင့် ဆွေမျိုးဦးအောင်ပန်းတို့ မြေလှူသည်။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	တောရကျောင်း	ကျမ်းပြုခြင်း သိမ်သမုတ်ခြင်း - မှတ်ချက်
၄။	၁၃၃၈-ခုနှစ်	၅၅	၃၆ ၁၄	ထန်းတပင်တောရ လယ်ဝေးမြို့နယ် ယခုနေပြည်တော်။	-၁၃၃၈-ဝါဆိုလဆန်း၁ဝရက် -ကျောင်းအမဒေါ်စောညွန့်နှင့် အများကောင်းမှု၊ တိုက်ခံကျောင်းလှူ -သိမ်အမှတ်(၉)၊ ရွှေစည်းခုံ -သိမ်အမှတ်(၁၀)၊ အောင်ချမ်းသာ သိမ်များသမုတ်သည်။
၅။	၁၃၃၉-ခုနှစ်	၅၆	၃၇ ၁၅	ထန်းတပင်တောရ လယ်ဝေးမြို့နယ် ယခုနေပြည်တော်။	-သိမ်အမှတ်(၁၁) ၄က်သိုက် သိမ်သမုတ်
၆။	၁၃၄၀-ခုနှစ်	၅၇	၃၈ ၁၆	ရွှေဒါးရွှေမင်းဝံတောရ ရမည်းသင်းမြို့နယ် မန္တလေးတိုင်း။	-ဘုရားဖြူဆရာတော်ဦးနရိန္ဒ၊ ထန်း တပင်၌ တောရဆောက်တည်။ -သိမ်အမှတ်(၁၂)၊ သာသနာ့ရောင် ခြည်သိမ်။ -သိမ်အမှတ်(၁၃)၊ မဟာသီဟနာဒ သိမ် သမုတ်။
၇။	၁၃၄၁-ခုနှစ်	၅၈	၃၉ ၁၇	နဘူးကျင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်၊ မန္တလေးတိုင်း	-၁၃၄၁ပြာသိုလဆုတ်(၈)ရက်၊ ည ၈နာရီ၃ဝမိနစ်မိခင်ကြီးဒေါ်အေးမှန် ၈၆-နှစ်ကွယ်လွန်၊ -သိမ်အမှတ်(၁၄) ကန်ဦးစေတီ သိမ်သမုတ်
၈။	၁၃၄၂-ခုနှစ်	၅၉	၄၀ ၁၈	မြောင်းဦး၊ ရန်ကင်း တောရ၊ စကုမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေး တိုင်း	-ရွှေစက်တော်ခြေတော်ရိပ်တွင် ၁ဝ-ဝါပြည့်အောင်ဖြည့်ခြင်းဖြစ်။ -၁၃၄၂ တဆောင်မုန်းလ၊ ဥပဇ္ဈာယ် ဆရာကြာပင်အင်း ကျောင်းဆရာ တော် ဦးစက္ကိန္ဒ(၁၂၄၆-၁၃၄၂) သက်တော် ၉၆-ပျံလွန်(သရဏဂုံ သီလ တောရဆရာတော်ပေးသည်)

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	တောရကျောင်း	ကျမ်းပြုခြင်း သိမ်သမုတ်ခြင်း – မှတ်ချက်
၁၉။	၁၃၄၃–ခုနှစ်	၆၀	၄၁ ၁၉	ထန်းတပင်တောရ လယ်ဝေးမြို့နယ် ယခုနေပြည်တော်။	–ဂဝေသီသုတ္တန်တရားဟောကြား တိတ်ခွေရှိသည်။
၂၀။	၁၃၄၄–ခုနှစ်	၆၁	၄၂ ၂၀	ထန်းတပင်တောရ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်။	
၂၁။	၁၃၄၅–ခုနှစ်	၆၂	၄၃ ၂၁	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်၊ မန္တလေးတိုင်း။	နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကြည့် ရှုတော်မူ။ ၁၃၄၂–မှ ၁၃၄၁–ထိ ၄–နှစ် သိမ်သမုတ်ခြင်းမရှိ။

စတုတ္ထပိုင်း
ဆက်လက်တောရဆောက်တည်တော်မူခြင်း ဒုတိယဝါတော် ၂၀–ကာလ
သက်တော် ၆၃ မှ ၈၂ ထိ (၁၃၄၆ မှ ၁၃၆၅ ထိ)

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	မှတ်ချက်
၁။	၁၃၄၆–ခု ၁၉၈၄	၆၃	၄၄ ၂၂	ထန်းတပင်တောရ လယ်ဝေးမြို့နယ် ယခုနေပြည်တော်	–သိမ်အမှတ်(၁၅) မင်္ဂလာကန်ဦး –သိမ်အမှတ်(၁၆) ရန်ကင်းတောရ မဟာသိမ် –၁၃၄၆ ဆုတောင်းပြည့်တောရ တည်ထောင်ပေး
၂။	၁၃၄၇–ခု ၁၉၈၅	၆၄	၄၅ ၂၃	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်၊ မန္တလေးတိုင်း	–သိမ်အမှတ်(၁၇) သာယာကုန်း သိမ် –သိမ်အမှတ်(၁၈) လဲဘူးတောရ၊ –သိမ်အမှတ်(၁၉) ဓမ္မဗိမာန်သိမ်၊
၃။	၁၃၄၈–ခု ၁၉၈၆	၆၅	၄၆ ၂၄	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်၊ မန္တလေးတိုင်း	–သိမ်အမှတ်(၂၀) မဟာမြိုင်တောရ သိမ် –ဆန္ဒဒါနဝိနိစ္ဆယကျမ်းရေးသား

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြု သိမ်သမုတ် မှတ်ချက်
၄။	၁၃၄၉–ခု ၁၉၈၇	၆၆	၄၇ ၂၅	နဘူးကျင်း၊ ရန်ကင်းတောရ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း	–သိမ်အမှတ်(၂၁) ရန်ကင်းတောရမဟာသိမ်ရဲ့ –သိမ်အမှတ်(၂၂) တမာတောင်တောရ –သိမ်အမှတ်(၂၃) မဟာသိဟနာ၊ ဒုတိယသိမ် –သိမ်အမှတ်(၂၄) တောင်သာအေးသိမ်
၅။	၁၃၅၀–ခု ၁၉၈၈	၆၇	၄၈ ၂၆	နဘူးကျင်း၊ ရန်ကင်းတောရ၊ ရမည်းသင်းမြို့နယ်	–သိမ်အမှတ်(၂၅) မဟာမြိုင်တောရမဟာသိမ် –သိမ်အမှတ်(၂၆) သာယာကုန်းသိမ် –နိကာယ်ငါးရပ် ဝိဋ္ဋက တတိယအကြိမ်ကြည့်ရှု၊ –ဒေါင်းမင်းဆီစက် နှစ်ထပ်တိုက်ကျောင်းလှူ
၆။	၁၃၅၁–ခု ၁၉၈၉	၆၈	၄၉ ၂၇	နဘူးကျင်း၊ ရန်ကင်းတောရ၊ ရမည်းသင်းမြို့နယ် (၁၃၄၇ မှ ၁၃၅၁ ထိ ၅ဝါဆက်တိုက်ဆိုသည်)	–သိမ်အမှတ်(၂၇) မြောက်မြိုက်သိမ် –သိမ်အမှတ်(၂၈) မေယာဝတီသိမ် –ဦးလှအောင်+ဒေါ်ခင်သိန်း ရန်ကင်းတောရ ဝူဘုရားတည်ထားလှူဒါန်းသည်။
၇။	၁၃၅၂–ခု ၁၉၉၀	၆၉	၅၀ ၂၈	ထန်းတပင်တောရ လယ်ဝေးမြို့နယ် ယခုနေပြည်တော်	–သိမ်အမှတ်(၂၉) မှန်တောင်တောရသိမ်၊ မှန်တောင်တောရဆရာတော်ဦးစန္ဒောဘာသ၏တောရဖြစ်သည်။
၈။	၁၃၅၃–ခု ၁၉၉၁	၇၀	၅၁ ၂၉	ထန်းတပင်တောရ လယ်ဝေးမြို့နယ် ယခုနေပြည်တော်	–သိမ်အမှတ်(၃၀) ဆင်ဖြူတောင်သိမ် –သိမ်အမှတ်(၃၁)ရန်အောင်မြင်သိမ် –သိမ်အမှတ်(၃၂) ဘုန်းကြီးသောင်သိမ်

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြုသိမ်သမုတ် မှတ်ချက်
၉။	၁၃၅၄-ခု ၁၉၉၂	၇၁	၅၂ ၃၀	ထန်းတပင်တောရ လယ်ဝေးမြို့နယ် ယခုနေပြည်တော်	-သိမ်အမှတ်(၃၃) လျှံပြည့်သိမ် -သိမ်အမှတ်(၃၄) လယ်တော်သိမ် -သိမ်အမှတ်(၃၅) ပေါ်တော်မူသိမ် -သိမ်အမှတ်(၃၆) မဲဒီးသိမ် -သိမ်အမှတ်(၃၇) မင်္ဂလာရာမသိမ် -သိမ်အမှတ်(၃၈) အောင်မင်္ဂလာ သိမ် -သိမ်အမှတ်(၃၉) သရက်ကွင်းသိမ် နိကာယ်ငါးရပ် ပိဋကတ် (စတုဗ္ဗ အကြိမ်ကြည့်ရှုတော်မူ)
၁၀။	၁၃၅၅-ခု ၁၉၉၃	၇၂	၅၃ ၃၁	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်၊ မန္တလေးတိုင်း	-သိမ်အမှတ်(၄၀) အဆုံးစီးကုန်း သိမ် -သိမ်မှတ်တမ်းများ ပုံနှိပ်မည့်ခွင့်ပြု ပါဟု ဒေါင်းမင်းဦးအောင်ခနှင့် မိမိ တို့စတင်လျှောက်ထားခဲ့သည်။ -သိမ်အမှတ်(၄၁) ရှားတောသိမ် -သိမ်အမှတ်(၄၂) အင်ကြင်းမြိုင် တောရသိမ် -သိမ်အမှတ်(၄၃) အိုင်ကျယ်သိမ် -သိမ်အမှတ်(၄၄) ကြို့ပင်သိမ် -သိမ်အမှတ်(၄၅) ကြာပင်အင်းသိမ် -သိမ်အမှတ်(၄၆)အိုးဘိုဂူသိမ်
၁၁။	၁၃၅၆-ခု ၁၉၉၄	၇၃	၅၄ ၃၂	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်၊ မန္တလေးတိုင်း	-သိမ်အမှတ်(၄၇) ရန်အောင်မင်း ကျောင်းသိမ် -သိမ်အမှတ်(၄၈) အောက်တောက် သိမ် -သိမ်အမှတ်(၄၉) အလယ်ကျွန်း သိမ် -သိမ်အမှတ်(၅၀) သစ်ဆိမ့်ပင်သိမ် -သိမ်အမှတ်(၅၁) စိမ့်ကြီးသိမ်

အစဉ်	ခုနှစ်	သက်တော်	ဝါတော် / တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြု သိမ်သမုတ် မှတ်ချက်
၁၂။	၁၃၅၇-ခု ၁၉၉၅	၇၄	၅၅ ၃၃	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်၊ မန္တလေးတိုင်း	-စိဝရဝဏ္ဏ၊ ဆန္ဒါနဝိနိစ္ဆယ (၁)ကြိမ်ရိုက်။ -အရဏာဂွကာလ ဝိနိစ္ဆယ (၃)ကြိမ်ရိုက်။ -၁၃၅၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်၊ ည ၈နာရီ ၅၀မိနစ်၊ကံကြီးကျောင်းဆရာတော် ဦးဇဝန ၇၅နှစ် (၁၂၈၁- ၁၃၅၆) ပျံလွန်။ -ခုတင်ဝိနိစ္ဆယကျမ်းရေးသည် -သရက်ကန်နှင့် ဘုရားဖြူထေရုပ္ပတ္တိများ ပြန်လည်ပြုစုပေး -သိမ်မှတ်တမ်းများရေးပေး -ဓမ္မသံယုတ္တဂါထာ ကျမ်းရေး -ဝန္ဒနာစုံကျမ်း ရေး -စိဝရဝဏ္ဏ ဝိနိစ္ဆယနှင့် ဆန္ဒါန ဝိနိစ္ဆယကျမ်း(၃)ကြိမ်ရိုက် -သိမ်အမှတ်(၅၂) ပန်းစုံသိမ် -သိမ်အမှတ်(၅၃) နံတော်စဉ်သိမ် -သိမ်အမှတ်(၅၄) ပေပင်သိမ် -သိမ်အမှတ်(၅၅) ရွာသစ်ကလေး သိမ် -သိမ်အမှတ်(၅၆) ကင်းတားသိမ် -ရန်ကင်းတောရ ပရဝုဏ်မှာများများစွာ စွဲသောနှစ်ဖြစ်သည်။ -ဓမ္မစေတီယသုတ်ယောကြား၊ အသံသွင်းတိတ်ခွေရှိသည်။ ၁၃၅၇ ခုနှစ်၊ တန်ဆောင်မုန်းလ ပြည့်ကျော် (၁)ရက်၊ ရန်ကုန်ဆရာတော်ဦးဇာဂရိယ၊ ရန်ကင်းတောရ သို့ ရောက်ရှိ(တောထွက်လာခြင်း ဖြစ်)

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြု သိမ်သမုတ် မှတ်ချက်
၁၃။	၁၃၅၈–ခု ၁၉၉၆	၇၅	၅၆ ၃၄	ထန်းတပင်တောရ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်	၁။ သိမ်အမှတ်(၅၇) ဥမင်ကြီးသိမ် ၂။ သိမ်အမှတ်(၅၈) ရွှေစေတီသိမ် ၃။ သိမ်အမှတ်(၅၉) ပြန်ကပြေးသိမ် ၄။ သိမ်အမှတ်(၆၀) အောင်သိဒ္ဓိသိမ် ၅။ သိမ်အမှတ်(၆၁) သပြေအေးသိမ် ၆။ သိမ်အမှတ်(၆၂) နတ်သူရဲသိမ် ၇။ သိမ်အမှတ်(၆၃) မောင်ညိုဘုရား ကျောင်းသိမ် ၈။ သိမ်အမှတ်(၆၄) သာစီကျောင်း သိမ် ၉။ သိမ်အမှတ်(၆၅) ကုန်ကလေး သိမ် ၁၀။ သိမ်အမှတ်(၆၆) ဗုဒ္ဓရက္ခိတ ကျောင်းသိမ် ၁၁။ သိမ်အမှတ်(၆၇) ညောင်လူး ကျောင်းသိမ် ၁၂။ သိမ်အမှတ်(၆၈) ကန်ပေါက် ကျောင်းသိမ် ၁၃။ သိမ်အမှတ်(၆၉) ဆုတောင်း ပြည့်ခဏ္ဍာသိမ် ၁၄။ သိမ်အမှတ်(၇၀) ဆုတောင်း ပြည့်မဟာသိမ် ၁၅။ သိမ်အမှတ်(၇၁) သဲကျွန်းသိမ် ၁၆။ သိမ်အမှတ်(၇၂) ငါးမာရ် အောင်သိမ်

မှတ်ချက်

- ထန်းတပင်တောရသို့ မိုးကာလ၊ ကြက်တူရွေးကောင်ရေ ၄၅၀၀၀ ခန့် ညလာအိပ် နားခိုကြောင်း မိန့်ကြားသည်။
- ဗိုလ်ကြီးခင်မောင်၊ ဒေါ်ကြည်ကြည် မိသားစု ထန်းတပင်တောရညွှဲဆောင်တိုက် ကျောင်းလှူ၊ ဆရာတော်ရုပ်တုလည်း လှူထားသည်။
- ဦးညွန့်လှိုင်+ဒေါ်ခင်လွှမ်းမိသားစု နဘူးကျင်း၊ ရန်ကင်းတောရ ဆွမ်းခံလမ်း တာ ၅၀၀ ကွန်ကရစ်ခင်းလှူသည်။
- တောရဆရာတော်၏ ဇာတိရွာ နဘူးကျင်း ရွာကျောင်းသိမ်ဆောက်ရန် ဦးညွန့်လှိုင်+ ဒေါ်ခင်လွှမ်း၊ ဦးခွန်း+ဒေါ်ကြည်၊ ဦးအောင်မြင့်+ဒေါ်မြင့်မြင့်ထွေးတို့ ၁၅၀၀၀ဝိ/– မတည်လှူ၊ တောရ ဆရာတော် ကြွလာသည်။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြုသိမ်သမုတ် မှတ်ချက်
၁၄။	၁၃၅၉-ခု ၁၉၉၇ သာ-၂၅၄၁	၇၆	၅၇ ၃၅	နဘူးကျောင်း၊ ရန်ကင်းတောရ၊ ရမည်းသင်းမန္တလေးတိုင်း	၁။ သိမ်အမှတ်(၇၃) စတ္တဝဠာသိမ် ၂။ သိမ်အမှတ်(၇၄) ရွှေပရိယတ္တိသိမ် ၃။ သိမ်အမှတ်(၇၅) ကန်နားကျောင်းသိမ်
				သိမ်၂-လုံးတစ်နေ့တည်းသမုတ်	၄။ သိမ်အမှတ်(၇၆) ဝေဠုဝန်ကျောင်းသိမ် ၅။ သိမ်အမှတ်(၇၇) ကုဏ္ဍားပင်ကျောင်းသိမ်
				သိမ်၂-လုံးတစ်နေ့တည်းသမုတ်	၆။ သိမ်အမှတ်(၇၈) ရှမ်းစုရွာကျောင်းသိမ် ၇။ သိမ်အမှတ်(၇၉) ရှမ်းစုတောရကျောင်းတိုက်
					၈။ သိမ်အမှတ်(၈၀) အောင်သပြေတောရကျောင်းတိုက် ၉။ သိမ်အမှတ်(၈၁) ညီအစ်မကောင်းမှုသိမ် ၁၀။ သိမ်အမှတ်(၈၂) စလုပ်ကြီးသိမ် ၁၁။ သိမ်အမှတ်(၈၃) ဥယျာဉ်သိမ်
၁၅။	၁၃၆၀-ခု ၁၉၉၁ သာ ၂၅၄၂	၈၈	၅၈ ၃၆	ထန်းတပင်တောရ လယ်ဝေးမြို့နယ်၊ ယခုနေပြည်တော်	၁။ သိမ်အမှတ်(၈၄) စီပင်သာသိမ် ၂။ သိမ်အမှတ်(၈၅) ချင်းစုကျားတောင်သိမ် ၃။ သိမ်အမှတ်(၈၆) ကြာပင်အင်းသိမ် ၄။ သိမ်အမှတ်(၈၇) နတ်စင်ကျောင်းတိုက်သိမ် ၅။ သိမ်အမှတ်(၈၈) ကျွဲလည်ပင်းကျောင်းသိမ် ၆။ သိမ်အမှတ်(၈၉) အေးချမ်းသာသိမ်

မှတ်ချက် - ဓမ္မသံယုတ္တနှင့်ဝန္ဒနာခုံ (ပ)ကြိမ်ရိုက်
- ထန်းတပင်တောရ တံတိုင်းများစတ် လျက်ရှိ။
- ထန်းတပင်တောရလည်း လက်ျာနွယ် ရစ်တင်မြေတော ဖြစ်ကြောင်းမိန့်သည်။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် / တောရဝါ	ဝါကပ်သည့်တောရ	ကျွမ်းပြုသိမ်သမုတ် မှတ်ချက်
					၇။ သိမ်အမှတ်(၉၀) ကအေါင်းကျောင်းသိမ် ၈။ သိမ်အမှတ်(၉၁) ဓမ္မပါလကျောင်းသိမ် ၉။ သိမ်အမှတ်(၉၂) ကန်ရိုးကြီးတောကျောင်းသိမ် ၁၀။ သိမ်အမှတ်(၉၃) ကန်ရိုးကြီးရွာကျောင်းသိမ် ၁၁။ သိမ်အမှတ်(၉၄) နန်းသြမြောက်ကျောင်းသိမ်
၁၆။	၁၃၆၁–ခု ၁၃၉၉	၇၈	၁၉ ၃၇	ထန်းတပင်တောရ လယ်ဝေးမြို့နယ် ယခုနေပြည်တော်	၁။ သိမ်အမှတ်(၉၅) မင်းလမ်းဘူးကျောင်းသိမ် ၂။ သိမ်အမှတ်(၉၆) ရွှေကြက်တောင်သိမ် ၃။ သိမ်အမှတ်(၉၇) ကျူအင်းကျောင်းသိမ် ၄။ သိမ်အမှတ်(၉၈) နတ်လမ်းတောင်သိမ် ၅။ သိမ်အမှတ်(၉၉) တောက်ထိန်စခန်းသာသိမ် ၆။ သိမ်အမှတ်(၁၀၀) ရာပြည့်သိမ်(ဝါ) ဓမ္မရိပ်သာသိမ် ၇။ သိမ်အမှတ်(၁၀၁) ထီလာဦးသိမ် ၈။ သိမ်အမှတ်(၁၀၂) စက်ပစ်တောင်သိမ် ၉။ သိမ်အမှတ်(၁၀၃) ရွှေပြည်သာသိမ် ၁၀။ သိမ်အမှတ်(၁၀၄) ရန်ရှင်းတောရသိမ် ၁၁။ သိမ်အမှတ်(၁၀၅) မရင်းကြီးသိမ်

မှတ်ချက်

– ၁၃၆၁–ခု၊ ထန်းတပင်တောရ တံတိုင်းများခတ်ပြီး၍ ဝါတွင်းကာလ လူအဝင်အထွက်ခွင့်မပြု၊ စည်းကမ်းသတ်မှတ်သည်။

– ရာပြည့်သိမ်အလှူရှင်မှာ နေပြည်တော်တပ်ကုန်းဒေါင်းမင်းဆီစက်၊ ဓမ္မရိပ်သာကြီး အလှူရှင်ဦးအောင်ခ+ဒေါ်ခင်ကြိုင်မိသားစု များဖြစ်သည်။

– သိမ် ၁၀၀–မှတ်တမ်းပုံနှိပ်ပြီး ဖြန့်ဝေလှူဒါန်းခဲ့ကြ။

– တောရဆရာတော်၏ဘဝနှစ်အလိုက်' သာသနာတော်အတွက် ဆောင်ရွက်ချက်မှတ်တမ်းသက်တော် ၇၈–ထိ၊ နောက်ဆက်တွဲ(က) ဖြင့် မိမိပြုစုခဲ့။

– အရဏ္ဏကာလဝိနိစ္ဆယ(တ)အကြိမ် ပွဲဦးမနားမှ ဒေါ်ဌေးဌေးရီ ဦးဆောင်ရိုက်နှိပ်။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြုသိမ်သမုတ် မှတ်ချက်
					၁၂။ သိမ်အမှတ်(၁၀၆)ကြီးအင်းသိမ် ၁၃။ သိမ်အမှတ်(၁၀၇) ဖောမိမြိုင် သိမ် ၁၄။ သိမ်အမှတ်(၁၀၈) နမ်းတော ကြီးသိမ် ၁၅။ သိမ်အမှတ်(၁၀၉) ပိုတက်သိမ် ၁၆။ သိမ်အမှတ်(၁၁၀) ဆင်တဲကြီး သိမ် ၁၇။ သိမ်အမှတ်(၁၁၁) နတ်ကန် ချောင်းတောရသိမ် ၁၈။ သိမ်အမှတ်(၁၁၂) ရေအိုးစင် သိမ် ၁၉။ သိမ်အမှတ်(၁၁၃) ရွာထင် ကုန်းသိမ်
၇။	၁၃၆၂-ခု ၂၀၀၀	၇၉	၆၀ ၃၈	ထန်းတပင်တောရ လယ်ဝေးမြို့နယ် ယခုနေပြည်တော်	၁။ သိမ်အမှတ်(၁၁၄) အင်းစင်းသိမ် ၂။ သိမ်အမှတ်(၁၁၅) လယ်စပင် သိမ် ၃။ သိမ်အမှတ်(၁၁၆) ချိပ်ကစ် တောင်သိမ် ၄။ သိမ်အမှတ်(၁၁၇) ကြံခင်းစုသိမ် ၅။ သိမ်အမှတ်(၁၁၈) သဖန်းချောင်း သိမ် ၆။ သိမ်အမှတ်(၁၁၉) လက်လုပ် တောင်သိမ် ၇။ သိမ်အမှတ်(၁၂၀) သာသနာ့ ဗိမ္မာန်သိမ် ၈။ သိမ်အမှတ်(၁၂၁) ရေပ်ကြီး ရိပ်သာသိမ် ၉။ သိမ်အမှတ်(၁၂၂) အရေးပိုင်သိမ် ၁၀။ သိမ်အမှတ်(၁၂၃) နိုးပင်နံ့သိမ်

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြုသိမ်သမုတ် မှတ်ချက်
၁၈။	၁၃၆၄-ခု ၂၀၀၁	၈၀	၆၁ ၃၉	နဘူးကျောင်း ရန်ကင်း တောရ ရမည်းသင်းမြို့ မန္တလေးတိုင်း	၁၁။ သိမ်အမှတ်(၁၂၄) ဖူးသင်း သိမ် ၁၂။ သိမ်အမှတ်(၁၂၅) ထန်းတော သိမ် - ဒေါင်းမင်းဆီစက်ပိုင် ကျောင်း အစ်မ ဒေါ်ခင်ကြိုင် (၆၃)နှစ် (၁-၁၂-၂၀၀၀)နေ့ ကွယ်လွန် သည်။ - တောရဆရာတော် မှန်တောင် တောရသို့(၁၂-၃-၂၀၀၁ မှ ၃-၄-၂၀၀၁) ထိ ၂၂-ရက်ကြာကြွ ရောက် သီတင်းသုံးခဲ့။ -ဓမ္မသံယုတ္တနှင့် ဝန္ဒနာစုံကျမ်းများ (၃)အကြိမ်ရိုက်၊ ဝန္ဒနာစုံကျမ်း ရမည်းသင်း ဦးအောင်လင်းအဖွဲ့ ရိုက်၊ ၁။ သိမ်အမှတ်(၁၂၆)၊ ကျူစောင်း ကျောင်းသိမ် ၂။ သိမ်အမှတ်(၁၂၇)၊ရေလယ်ကျေး သိမ် ၃။ သိမ်အမှတ်(၁၂၈) ညီအစ်ကို ကောင်းမှုသိမ် ၄။ သိမ်အမှတ်(၁၂၉)ရွှေဟသာသိမ် ၅။ သိမ်အမှတ်(၁၃၀) စိန်ပန်းသိမ် ၆။ သိမ်အမှတ်(၁၃၁) သစ္စာဝုဏ် တောရသိမ် ၇။ သိမ်အမှတ်(၁၃၂) ဦးစန္ဒီသိမ် ၈။ သိမ်အမှတ်(၁၃၃) ကော့မောင်း တောရသိမ် ၉။ သိမ်အမှတ်(၁၃၄) မြို့လှအောင် တော်မူသိမ်

မှတ်ချက်
- နိကာယ်ငါးရပ် ပိဋကတ်များ ပဋ္ဌမနှင့်ဆဋ္ဌမကြိမ် မြောက်ကြည့်ရှု။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြုသိမ်သမုတ် မှတ်ချက်
					၁၀။ သိမ်အမှတ်(၁၃၅) ရှင်တောင်တောရသိမ် ၁၁။ သိမ်အမှတ်(၁၃၆) ဆုတောင်းပြည့်သိမ်
၁၉။	၁၃၆၄ ၂၀၀၂	၈၁	၆၂ ၄၀	ထန်းတပင်တောရ လယ်ဝေးမြို့နယ် မန္တလေးတိုင်း	၁။ သိမ်အမှတ်(၁၃၇) ညောင်ပင်ကျောင်းသိမ် ၂။ သိမ်အမှတ်(၁၃၈) ကော့ဝါလဲတောရသိမ် ၃။ သိမ်အမှတ်(၁၃၉) ငှက်ပျောတောသိမ် ၄။ သိမ်အမှတ်(၁၄၀) မှန်ကျောင်းသိမ် ၅။ သိမ်အမှတ်(၁၄၁) ဘုံမြင့်ကျောင်းသိမ် ၆။ သိမ်အမှတ်(၁၄၂) ယက်ဖောက်သိမ် ၇။ သိမ်အမှတ်(၁၄၃) စံပြရွာဦးသိမ် ၈။ သိမ်အမှတ်(၁၄၄) အင်ပင်ရွှေရွှသိမ် ၉။ သိမ်အမှတ်(၁၄၅) ဆင်သော့သိမ် ၁၀။ သိမ်အမှတ်(၁၄၆) မှော်ဘီသိမ် –ဝိဝရဝဏ္ဏာဝိနိစ္ဆယကျမ်း(တ)ကြိမ်ရိုက်နှိပ် လှူဒါန်း –သက်တော် ၈၁–နှစ်ပြည့်မွေးနေ့ပူဇော်ပွဲဆုတောင်းပြည့်တောရ ဆရာတော်ဦးကောဝလ၊ ဦးဆောင်ကျင်းပ –မွေးနေ့စာစောင်ထုတ်ဝေ –မွေးရပ်မြေမှာ တောရဆရာတော်မွေးနေ့ဆရာတော် ဦးအာဒိစ္စ ဦးဆောင်ကျင်းပ၊

အစဉ်	ခုနှစ်	သက်တော်	ဝါတော် / တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြုသိမ်သမုတ် မှတ်ချက်
၂၀	၁၃၆၅ ၂၀၀၃	၈၂	၆၃ ၄၁	နဘူးကျောင်း ရန်ကင်းတောရ ရမည်းသင်းမြို့နယ် မန္တလေးတိုင်း	-၁၇-၃-၂၀၀၃ နေ့ တောရဆရာတော် ဘဝမှတ်တမ်းရေးခွင့်ရိုက်ခွင့် တောင်းခံခဲ့၊ -ကလျာဏီကျောက်စာပါဠိနိဿယ ပြုပြင်ရေးသား၊ -ပြည်တွင်းပြည်ပ တောရဆောင်မ ထေရ်များလျှောက်ထားချက်၊ တော ရဆရာတော်ဖြေ ကျမ်းစာရိုက်နှိပ် ၁။ သိမ်အမှတ်(၁၄၇) ရွာသာသိမ် ၂။ သိမ်အမှတ်(၁၄၈) မောင်ညို မြောက်ကျောင်းသိမ် ၃။ သိမ်အမှတ်(၁၄၉) သာဝတ္တိသိမ် ၄။ သိမ်အမှတ်(၁၅၀) ကျွန်းရောင်း သိမ် ၅။ သိမ်အမှတ်(၁၅၁) ရကွာမှုသိမ် ၆။ သိမ်အမှတ်(၁၅၂) ဘုရားသုံးဆူ သိမ် ၇။ သိမ်အမှတ်(၁၅၃) ကျောက်များ သိမ် ၈။ သိမ်အမှတ်(၁၅၄) ကြို့လှေပ်သိမ် ၉။ သိမ်အမှတ်(၁၅၅) မန်ကျည်း ကန်သိမ် ၁၀။ သိမ်အမှတ်(၁၅၆) ဖျောက်ဆိပ် ကုန်းသိမ် ၁၁။ သိမ်အမှတ်(၁၅၇) ကျီးဖြူရိုး သိမ် ၁၂။ သိမ်အမှတ်(၁၅၈) ရန်ငြိမ်း တောရသိမ် ၁၃။ သိမ်အမှတ်(၁၅၉) ဓမ္မပါလ သိမ်

မှတ်ချက်

- တောရဆရာတော် ယာဉ် ၄-စီး၊ နောက်ပါသံဃာ ၁၅-ပါးဖြင့် ကရင်ပြည်နယ်နှင့် ရန်ကုန် မိုးညိုသို့ သိမ် သမုတ်ကြွလာ။
- သက်တော် ၈၄၊ ဝါတော် ၆၄-ဝါရှိ ရွှေဒါးဆရာတော် ဘဒ္ဒန္တရေဝတသ တောထွက်လာ၊ သိမ်သမုတ်ပွဲများ လိုက် ပါကြွတော်မူ။
- ဓိဝိတဒါနသံဃာ့ဆေးရုံကြီးမှာ ကျန်းမာရေးစစ်ဆေး ခဲ့၊ ရောဂါရှာဖွေရန် တစ်လကြာ ပြန်ကြွလာပါလျှောက် ထားခဲ့။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် / တောရဝါ	ဝါကပ်သည့်တောရ	ကျွမ်းပြုသိမ်သမုတ် မှတ်ချက်
					၁၄။ သိမ်အမှတ်(၁၆၀) ဓမ္မပါလ မဟာသိမ် ၁၅။ သိမ်အမှတ်(၁၆၁) ကော့ဝါလဲ မဟာသိမ် ၁၆။ သိမ်အမှတ်(၁၆၂) ဗွေ့လစ် သိမ် ၁၇။ သိမ်အမှတ်(၁၆၃) ကရင်ဆည် တောရသိမ် ၁၈။ သိမ်အမှတ်(၁၆၄) ကိုးတောင် ပြည့်သိမ် ၁၉။ သိမ်အမှတ်(၁၆၅) ကမ်းနား သိမ် ၂၀။ သိမ်အမှတ်(၁၆၆) ဝါးဖြူ တောင်သိမ် ၂၁။ သိမ်အမှတ်(၁၆၇) လှမ္မနီတော ရသိမ် ၂၂။ သိမ်အမှတ်(၁၆၈) သိုက် ချောင်းသိမ် မှတ်ချက် – ၂၂–လုံး အများဆုံး သမုတ်သော နှစ်ဖြစ်လေသည်။

ပဥ္စမပိုင်း
ဘဝနိဂုံးနောက်ဆုံးနေ့များ (၁၃၆၅ မှ ၁၃၆၆ ထိ)
သက်တော် ၈၃၊ တန်ခူးလမှ ဝါဆိုလအထိ ၃ လကြာကာလ

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြု သိမ်သမုတ် မှတ်ချက် ဆေးကုသမှုခံယူ
၁။	၁၃၆၅–ခုနှစ် တန်ခူးလမှ ၁၃၆၆–ခုနှစ် ဝါဆိုလထိ၊ ၂၀၀၄–ခုနှစ် ဇူလိုင်လ ၂၆–ရက်ထိ၊	၈၃	၆၃ ၄၁	နဘူးကျောင်း ရန်ကင်းတောရ ရမည်းသင်းမြို့နယ် မန္တလေးတိုင်း	၁။ သိမ်အမှတ်(၁၆၉) မွေးအိုးကြီး သိမ် ၂။ သိမ်အမှတ်(၁၇၀) ဘုရားကြီး သိမ်၊ တောင်ကြီးမြို့။ **မှတ်ချက်** – ၁၃၆၆–ခုနှစ် နယုန်လပြည့် ကျော် ၁၂–ရက် (၁၄–၆–၂၀၀၄) နေ့က ခေတ်မှန်ရိုက် အသည်း ကြီးနေ ဟုဆရာတော်ကိုယ်တိုင် မှတ်ချက်ရေးထား။ – (၂၂–၆–၂၀၀၄) နေ့ ဆေးကုသ ခံရန် ရန်ကုန်သို့ကြွလာ၊ ဗဟန်း နိဗ္ဗိတဒါနသံဃာ့ဆေးရုံကြီးသို့ တက်ရောက်ကုသရောဂါအဖြေရှာ – (၂၄–၆–၂၀၀၄)နေ့ (C.T Scan) ကွန်ပျူတာ ခေတ်မှန်ဖြင့် စစ်ဆေး – (၂၅–၆–၂၀၀၄)နေ့ ပါမောက္ခ ဆရာဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ပြ၊ အသည်းကင်ဆာဖြစ်နေပြီ၊ အသည်းတစ်ခြမ်းမကောင်းတော့ ပါ၊ ၆–လခန့်သာ အသက်ရှင်နိုင် ပါမည်။ – (၂၇–၆–၂၀၀၄)နေ့ (ယော) တိပိဋက ဆရာတော်ကျောင်း ပြောင်းရွှေ့ဆေးကုသခံယူ၊ ဆေး ပတ်တီး ၉–ရက်စီး။ – (၂၃–၆–၂၀၀၆) မှ (၁၁–၇– ၂၀၀၄)ထိ အရုဏ်ယှမပျက်မကွက်

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ဤဘဝစနေ့ဘချုပ်ငြိမ်းတော်မူ
					ဆောင်ရွက်တော်မူခဲ့၊ VDOမှတ်တမ်းတင်ထားသည်။ - (၁၁-၇-၂၀၀၄) နေ့ နံနက်၊ ထန်းတပင်တောရသို့ ယာဉ် ၄-စီးဖြင့် ပြန်ကြ။ - (၂၂-၇-၂၀၀၄)နေ့ည ၈-နာရီ ၂၅-မိနစ်၊ နဘူးကျင်းရန်ကင်းတောရ၌ ဘဝစနေ့ဘချုပ်ငြိမ်းတော်မူ။ - (၂၆-၇-၂၀၀၄) နေ့ အန္တိမအဂ္ဂိ ရှာပန ပူဇော်ခဲ့သည်။

နဘူးကျင်းတောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိသာရထေရ်၏
သီတင်းသုံးခဲ့သည့် ကျောင်းများ၊ တောရကျောင်းများနှင့် ဝါဆိုစဉ်

အစဉ်	စတင်သီတင်းသုံးသည့် ခုနှစ်	ကျောင်းများ၊ တောရကျောင်းများ	ဝါဆိုသည့်နှစ်ပေါင်း	မှတ်ချက်
၁။	၁၃၀၃-ခုနှစ်	သရက်ကန်ကျောင်း	၂	ဒုတိယဝါ ကျောင်းထိုင်ဘုန်းကြီး (၁)နှစ်
၂။	၁၃၀၅-ခုနှစ်	စီးဖြူကုန်းကျောင်း	၄	ပိဋကတ်၊ စာပေများသင်ယူ
၃။	၁၃၀၉-ခုနှစ်	နဘူးကျင်းကျောင်း	၁	ဝါတွင်းသုံးလကျောင်းစောင့်ဘုန်းကြီး
၄။	၁၃၁၀-ခုနှစ်	အင်းစိန်မြို့ မဂ္ဂင်ကျောင်း	၁	ဝါတွင်းသုံးလ၊ ကျောင်းရှာဆဲကာလ
၅။	၁၃၁၁-ခုနှစ်	ဘုရားဖြူကျောင်းတိုက် ရန်ကုန်မြို့။	၁၃	ပညာသင် ၄-ဝါ၊ စာချဘုန်းကြီး (၉)ဝါ
၆။	၁၃၁၄-ခုနှစ်	ဘုရားကြီးတိုက် မန္တလေး။	၁	စာချတန်းအတွက် နည်းမျိုးစုံရရန်
၇။	၁၃၂၅-ခုနှစ်	ရွှေစက်တော်တောရ မင်းဘူး	၁	ဝိနယဂရုဏာ၊ ဓုတင်္ဂရေးအဖြစ်သို့ ရောက်
၈။	၁၃၂၆-ခုနှစ်	မြောင်းဦးရန်ကင်း တောရစကုမင်းဘူး	၈	ရှေးဟောင်းတောရ၊ သစ်ရိပ်၊ ဝါးရိပ် နစ်ထပ်တိုက်ကျောင်း၊ ရေတွင်းအသင့်ရှိ။

၁၉၅-၆၇

အစဉ်	စတင်သီတင်းသုံးသည့် ခုနှစ်	ကျောင်းများ၊ တောရကျောင်းများ	ဝါဆိုသည့် နှစ်ပေါင်း	မှတ်ချက်
၉။	၁၃၃၃ -ခုနှစ်	တောင်လတ်တောရ သရက်	၁	မင်းတုန်းမြို့နယ်။
၁၀။	၁၃၃၅ -ခုနှစ်	ညောင်ကုန်းသုသာန် တောရ	၁	သုသာန်ဓုတင်၊ အရညကင်ဓုတင် ဆောင်လို၊
၁၁။	၁၃၄၀-ခုနှစ်	ရွှေဒါး ရွှေမင်းဝံ တောရ	၁	ကျောင်းလှူသည့်ဒကာ၏အလို ဆန္ဒလိုက်လျောရ။
၁၂။	၁၃၃၄-ခုနှစ်စတင်	နဘူးကျောင်း ရန်ကင်းတောရ၊ ရမည်းသင်း မြို့နယ်	၁၅	တောရဆောင်ကာလအများဆုံး ဝါဆို
၁၃။	၁၃၄၁-ခုနှစ်စတင်	ထန်းတပင်တောရ နေပြည်တော် လယ်ဝေးမြို့နယ်	၁၄	ရှေးဟောင်းတောရကြီး သစ်ရိပ်၊ ဝါးရိပ်များရှိ။
		ဝါတော်ပေါင်း	၆၃	သက်တော် ၈၃

နဘူးကျောင်းတောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိသရထေရ်

ခုနှစ်အလိုက် သိမ်သမုတ်ခဲ့သည့်မှတ်တမ်းအကျဉ်းဇယား

အစဉ်	ခုနှစ်	သက်တော်	ဝါတော် / တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြုသိမ်သမုတ် မှတ်ချက်
၁။	၁၃၂၆-ခုနှစ်	၄၃	၂၄ / ၂	မြောင်းဦး၊ ရန်ကင်း တောရ စကုမြို့နယ်၊ မင်းဘူးခရိုင်	သိမ်အမှတ်(၁) အိုးပြင်မဲသိမ် စတင်သမုတ်။
၂။	၁၃၂၇-ခုနှစ်	၄၄	၂၅ / ၃	မြောင်းဦး၊ ရန်ကင်း တောရ စကုမြို့နယ်၊ မင်းဘူးခရိုင်	သိမ်အမှတ်(၂) မြောင်းဦးရန်ကင်း တောရ။
၃။	၁၃၂၇-ခုနှစ်	၄၄	၂၅ / ၃	မြောင်းဦး၊ ရန်ကင်း တောရ စကုမြို့နယ်၊ မင်းဘူးခရိုင်	သိမ်အမှတ်(၃) လက်ပံတောင် ကျောင်းသိမ်။
၄။	၁၃၃၃-ခုနှစ်	၅၀	၃၁ / ၉	မြောင်းဦး၊ ရန်ကင်း တောရ စကုမြို့နယ်၊ မင်းဘူးခရိုင်	သိမ်အမှတ်(၄) တောင်လတ် တောရ၊
၅။	၁၃၃၅-ခုနှစ်	၅၂	၃၃ / ၁၁	ညောင်ကုန်းသုသာန် တောရ ပျော်ဘွယ်မြို့	သိမ်အမှတ်(၅) မှ (၇) ထိ (၃)လုံးသမုတ်သည်။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြုသိမ်သမုတ် မှတ်ချက်
၆။	၁၃၃၆–ခုနှစ်	၅၃	၃၄ ၁၂	ထန်းတပင်တောရ လယ်ဝေးမြို့နယ်၊	သိမ်အမှတ်(၈) မင်္ဂလာဈေးရုံ
၇။	၁၃၃၈–ခုနှစ်	၅၅	၃၆ ၁၄	ထန်းတပင်တောရ လယ်ဝေးမြို့နယ်၊	သိမ်အမှတ်(၉) နှင့် (၁၀)၊ (၂)လုံး သမုတ်သည်။
၈။	၁၃၃၉–ခုနှစ်	၅၆	၃၇ ၁၅	ထန်းတပင်တောရ နေပြည်တော်လယ်ဝေး။	သိမ်အမှတ်(၁၁) ငှက်သိုက်(၁)လုံး သာ သမုတ်သည်။
၉။	၁၃၄၀–ခုနှစ်	၅၇	၃၈ ၁၆	ရွှေဒါးရွှေမင်းဝံတောရ ရမည်းသင်းမြို့နယ်၊	သိမ်အမှတ်(၁၂)၊ (၁၃) (၂)လုံး သမုတ်သည်။
၁၀။	၁၃၄၁–ခုနှစ်	၅၈	၃၉ ၁၇	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း	သိမ်အမှတ်(၁၄) ကန်ဦးစေတီသိမ် (၁)လုံးသာ သမုတ်သည်။
၁၁။	၁၃၆၄–ခုနှစ် ၁၉၈၄	၆၃	၄၄ ၂၂	ထန်းတပင်တောရ နေပြည်တော်လယ်ဝေး။	သိမ်အမှတ်(၁၅) မင်္ဂလာကန်ဦးသိမ် သိမ်အမှတ်(၁၆) ရန်ကင်းတောရ ဟင်္သာသိမ်
၁၂။	၁၃၄၇–ခုနှစ် ၁၉၈၅	၆၄	၄၅ ၂၃	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	သိမ်အမှတ်(၁၇) သာယာကုန်းသိမ် သိမ်အမှတ်(၁၈) လဲဘူးတောရ သိမ်အမှတ်(၁၉) ဓမ္မဝိမာန်သိမ် (၃)လုံးသမုတ်သည်။
၁၃။	၁၃၄၈–ခုနှစ် ၁၉၈၆	၆၅	၄၆ ၂၄	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	သိမ်အမှတ်(၂၀) မဟာမြိုင်တောရ သိမ်(၁)လုံးသမုတ်သည်။
၁၄။	၁၃၄၉–ခုနှစ် ၁၉၈၇	၆၆	၄၇ ၂၅	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	သိမ်အမှတ်(၂၁) ရန်ကင်းတောရ သိမ် သိမ်အမှတ်(၂၄) တောင်သာအေး သိမ် (၄)လုံးသမုတ်သည်။
၁၅။	၁၃၅၀–ခုနှစ် ၁၉၈၈	၆၇	၄၈ ၂၆	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	သိမ်အမှတ်(၂၅) မဟာမြိုင်တောရ သိမ် သိမ်အမှတ်(၂၆) သာယာကုန်းသိမ်
၁၆။	၁၃၅၁–ခုနှစ် ၁၉၈၉	၆၈	၄၉ ၂၇	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	သိမ်အမှတ်(၂၇) မြောက်မြိုက်သိမ် သိမ်အမှတ်(၂၈) မေဃဝတီသိမ်
၁၇။	၁၃၅၂–ခုနှစ် ၁၉၉၀	၆၉	၅၀ ၂၈	ထန်းတပင်တောရ နေပြည်တော်လယ်ဝေး	သိမ်အမှတ်(၂၉) မှန်တောင်တောရ သိမ်(၁)လုံးသမုတ်သည်။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြုသိမ်သမုတ် မှတ်ချက်
၁၈။	၁၃၅၃-ခုနှစ် ၁၉၉၁	၇၀	၅၁ ၂၉	ထန်းတပင်တောရ လယ်ဝေးမြို့နယ် နေပြည်တော်	သိမ်အမှတ်(၃၀) ဆင်ဖြူတောင်သိမ် သိမ်အမှတ်(၃၁) ရန်အောင်မြင်သိမ် သိမ်အမှတ်(၃၂) ဘုန်းကြီးသောင် သိမ်
၁၉။	၁၃၅၄-ခုနှစ် ၁၉၉၂	၇၁	၅၂ ၃၀	ထန်းတပင်တောရ လယ်ဝေးမြို့နယ် နေပြည်တော်	သိမ်အမှတ်(၃၂) လျှံပြည့်သိမ်မှ သိမ်အမှတ်(၃၉) သရက်ကွင်းသိမ် ထိ သိမ်ပေါင်း(၇)လုံးသမုတ်သည်။
၂၀။	၁၃၅၅-ခုနှစ် ၁၉၉၃	၇၂	၅၃ ၃၁	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	သိမ်အမှတ်(၄၀) အဆုံစီးကုန်းသိမ် မှ သိမ်အမှတ်(၄၆) အိုးဘိုဝသိမ်ထိ သိမ်(၇)လုံးသမုတ်သည်။
၂၁။	၁၃၅၆-ခုနှစ် ၁၉၉၄	၇၃	၅၄ ၃၂	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	သိမ်အမှတ်(၄၇) ရန်အောင်မင်း ကျောင်းသိမ်မှ သိမ်အမှတ်(၅၁) စိမ့်ကြီးသိမ်ထိ သိမ်(၅)လုံးသမုတ် သည်။
၂၂။	၁၃၅၇-ခုနှစ် ၁၉၉၅	၇၄	၅၅ ၃၃	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	သိမ်အမှတ်(၅၂) ပန်းစုံသိမ်မှ သိမ်အမှတ်(၅၆) ကင်းထားသိမ်ထိ သိမ်(၅)လုံးသမုတ်သည်။
၂၃။	၁၃၅၈-ခုနှစ် ၁၉၉၆	၇၅	၅၆ ၃၄	ထန်းတပင်တောရ လယ်ဝေးမြို့နယ် နေပြည်တော်	သိမ်အမှတ်(၅၇) ဥမင်ကြီးသိမ်မှ သိမ်အမှတ်(၇၂) ငါးမာရ်သိမ်ထိ သိမ်ပေါင်း(၁၆)လုံးသမုတ်သည်။
၂၄။	၁၃၅၉-ခုနှစ် ၁၉၉၇	၇၆	၅၇ ၃၄	နဘူးကျောင်း၊ ရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	သိမ်အမှတ်(၇၃) စက္ကဝဠာသိမ်မှ သိမ်အမှတ်(၇၃) ထိ (၁၁)လုံး သမုတ်သည်။
၂၅။	၁၃၆၀-ခုနှစ် ၁၉၉၈	၇၇	၅၈ ၃၅	ထန်းတပင်တောရ လယ်ဝေးမြို့နယ် နေပြည်တော်	သိမ်အမှတ်(၈၄) စီပင်သာသိမ်မှ သိမ်အမှတ်(၉၄) နန်းညြမြောက် ကျောင်းသိမ်ထိပေါင်း(၁၁)လုံး သမုတ်သည်။
၂၆။	၁၃၆၁-ခုနှစ် ၁၉၉၉	၇၈	၅၉ ၃၇	ထန်းတပင်တောရ လယ်ဝေးမြို့နယ် နေပြည်တော်	သိမ်အမှတ်(၉၅) မင်းလမ်းကူးသိမ်မှ သိမ်အမှတ်(၁၁၁) ရွာထင်ကုန်းသိမ် ထိ သိမ်ပေါင်း(၁၇)လုံးသမုတ် တော်မူသည်။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် / တောရဝါ	ဝါကပ်သည့်တောရ	ကျမ်းပြုသိမ်သမုတ် မှတ်ချက်
၂၇။	၁၃၆၂–ခုနှစ် ၂၀၀၀	၇၉	၆၀ / ၃၈	ထန်းတပင်တောရ လယ်ဝေးမြို့နယ် နေပြည်တော်	သိမ်အမှတ်(၁၁၄) အင်ဖင်းသိမ်မှ သိမ်အမှတ်(၁၂၅) ထန်းတောသိမ်ထိ သိမ်ပေါင်း(၁၂)လုံးသမုတ်တော်မူသည်။
၂၈။	၁၃၆၃–ခုနှစ် ၂၀၀၁	၈၀	၆၁ / ၃၈	နဘူးကျင်း၊ ရန်ကင်းတောရ၊ ရမည်းသင်းမြို့နယ်	သိမ်အမှတ်(၁၂၆) ကျူဖောင်းသိမ်မှ သိမ်အမှတ်(၁၃၆) ဆုတောင်းပြည့်သိမ်ထိ သိမ်(၁၁)လုံးသမုတ်သည်။
၂၉။	၁၃၆၄–ခုနှစ် ၂၀၀၂	၈၁	၆၂ / ၄၀	ထန်းတပင်တောရ လယ်ဝေးမြို့နယ် နေပြည်တော်	သိမ်အမှတ်(၁၃၇) ညောင်ပင်ကျောင်းသိမ်မှ သိမ်အမှတ်(၁၄၆) မှော်ဘီသိမ်ထိသိမ်ပေါင်း(၁၀)လုံး သမုတ်တော်မူသည်။
၃၀။	၁၃၆၅–ခုနှစ် ၂၀၀၃	၈၂	၆၃ / ၄၁	နဘူးကျင်း၊ ရန်ကင်းတောရ၊ ရမည်းသင်းမြို့နယ်	သိမ်အမှတ်(၁၄၇) ရှာသာသိမ်မှ သိမ်အမှတ်(၁၆၈) သိုက်ချောင်းသိမ်ထိ သိမ်(၂၂)လုံးအများဆုံးသမုတ်တော်မူသောနှစ်ဖြစ်သည်။
၃၁။	၁၃၆၆–ခုနှစ် တန်ခူးလ ၂၀၀၄	၈၃			သိမ်အမှတ်(၁၆၉) မွေရိုးသိမ်နှင့် သိမ်အမှတ်(၁၇၀) ဘုရားကြီးသိမ်များသမုတ်တော်မူခဲ့သည်။

– ဤသာသနာတော်အတွက် သိမ်အလုံးပေါင်း (၁၇၀) သမုတ်တော်မူခဲ့သည်။

– သာသနာတော်သမိုင်း၌ တောရဆောင်(၄၁)ဝါ၊ သိမ်အလုံးပေါင်း (၁၇၀) သမုတ်တော်မူခဲ့သည်မှာ အမြင့်ဆုံးစံချိန်တင် ရှက်ဆောင်တော်မူခဲ့သည်ဟု မှတ်ယူမိပါသည်။

(စာရေးသူ)

နဘူးကျောင်းတောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိသသရထေရ်ရေးသားပြုစုသည့် စာပေနှင့်ကျမ်းပြုခြင်းမှတ်တမ်းအကျဉ်းချုပ်

အစဉ်	ခုနှစ်	သက်တော်	ဝါတော် / တောရဝါ	ဝါကပ်သည့်တောရ	ပါဠိမြန်မာနှစ်ဘာသာဖြင့်ရေးသားထားသည့်ကျမ်းအမည်
၁။	၁၃၂၇–ခုနှစ် သာသနာနှစ် ၂၅၀၉ ခရစ် ၁၉၆၇	၄၄	၂၅ / ၃	မြောင်းဦးရန်ကင်းတောရ၊ စကုမြို့နယ် မင်းဘူးခရိုင်	အရုဏုဂ္ဂကာလဝိနိစ္ဆယ (ခေါ်) အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း၊ ၁၃၂၇–ခုနှစ်၊ တပို့တွဲလဆန်း ၅–ရက် (ဗုဒ္ဓဟူး)နေ့ ရေးပြီးသည်။
၂။	၁၃၃၃–ခုနှစ်	၅၀	၃၁ / ၉	မြောင်းဦးရန်ကင်းတောရ၊ စကုမြို့နယ် မင်းဘူးခရိုင်	စိဝရဝဍ္ဍာဝိနိစ္ဆယ(ခေါ်)သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်း ပါဠိရေးသည်။ ၁၃၃၄–ခုနှစ်၊ နယုန်လဆန်း (၈)ရက် (အင်္ဂါ)နေ့ ရေးပြီးသည်။
၃။	၁၃၃၃–ခုနှစ်	၅၀	၃၁ / ၉	မြောင်းဦးရန်ကင်းတောရ၊ စကုမြို့နယ် မင်းဘူးခရိုင်	ဘုရားဖြူဆရာတော် ဘဒ္ဒန္တပညာဝံသ သက်တော် ၈၀၊ ဝါတော် ၆၀ ဝါဆိုလဆန်း(၁၀)ရက်၊ ထေရုပ္ပတ္တိအကျဉ်းရေးသားပူဇော်သည်။ ဝါဆိုနီးကပ်၍ ၃–ညအိပ်ဖြင့် လာရောက်ကန်တော့ပြီးပြန်ကြသည်။
၄။	၁၃၃၄–ခုနှစ်	၅၁	၃၂ / ၁၀	နဘူးကျောင်းရန်ကင်းတောရ၊ ရမည်းသင်းမြို့နယ်	စိဝရဝဍ္ဍာဝိနိစ္ဆယ(ခေါ်)သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်းမြန်မာပြန်ရေးသည်။ မြန်မာပြန် ၁၃၃၄–ခုနှစ် တပို့တွဲလဆန်း ၅–ရက် (ကြာသပတေး)နေ့ ရေးပြီးသည်။
၅။	၁၃၃၇–ခုနှစ်	၅၄	၃၅ / ၁၃	နဘူးကျောင်းရန်ကင်းတောရ၊ ရမည်းသင်းမြို့နယ်	သရက်ကန်ဆရာတော်ဘဒ္ဒန္တဥက္ကံသ ၏ထေရုပ္ပတ္တိအကျဉ်းရေးသားပူဇော်သည်။ ၁၃၃၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂–ရက်၊ သောကြာနေ့ ရေးပြီးသည်။
၆။	၁၃၄၈–ခုနှစ်	၆၅	၄၆ / ၂၄	နဘူးကျောင်းရန်ကင်းတောရ၊ ရမည်းသင်းမြို့နယ်	ဆန္ဒါနုဝိနိစ္ဆယ(ခေါ်)ဆန္ဒပေးအဆုံးအဖြတ်ကျမ်း ၁၃၄၈–ခုနှစ်၊ တော်သလင်းလဆန်း ၁၄–ရက် (ဗုဒ္ဓဟူး)နေ့ ရေးပြီးသည်။

အစဉ်	ခုနှစ်	သက်တော်	ဝါတော် တောရဝါ	ဝါကပ်သည့်တောရ	ပါဠိမြန်မာနှစ်ဘာသာဖြင့်ရေးသားထားသည့်ကျမ်းအမည်
၇။	၁၃၅၇–ခုနှစ် သာသနာ၂၅၃၉	၇၄	၅၅ ၃၃	နဘူးကျောင်းရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	ခုတဂ်ဝိနိစ္ဆယ(ခေါ်)ခုတင်အဆုံးအဖြတ်ကျမ်း သီတင်းကျွတ်လဆန်း ၇–ရက် စနေနေ့ရေးပြီးသည်။
၈။	၁၃၅၇–ခုနှစ် သာသနာ၂၅၃၉	၇၄	၅၅ ၃၃	နဘူးကျောင်းရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	ဓမ္မသံယုတ္တဂါထာ(ခေါ်)တရားနှင့်ယှဉ်နေစေချင်ကျမ်းစာ၊ ၁၃၅၇–ခုနှစ် ပြာသိုလဆန်း(၈)ရက် ကြာသပတေးနေ့ရေးပြီးသည်။
၉။	၁၃၅၇–ခုနှစ် သာသနာ၂၅၃၉	၇၄	၅၅ ၃၃	နဘူးကျောင်းရန်ကင်း တောရ၊ ရမည်းသင်း မြို့နယ်	ဝန္ဒနာစုံကျမ်း(ခေါ်)မြင့်မြတ်သူတို့၏အလုပ်များကျမ်းစာရေးသည်။ မူလပေထက် ၁၂၅၂–ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၅)ရက် စနေနေ့ (ဓမ္မသံယုတ္တဂါထာနှင့်ခုနှစ်တူရေးသည်။)
၁၀။	၁၃၆၀–ခုနှစ်	၇၈	၅၈ ၃၇	ထန်းတပင်တောရ နေပြည်တော်လယ်ဝေး	သိမ်(၁၀၀)မှတ်တမ်းများရေးသားပြုစုသည်။
၁၁။	၁၃၆၄–ခုနှစ် သာသနာ ၂၅၄၆	၈၁	၆၂ ၄၀	ထန်းတပင်တောရ နေပြည်တော်လယ်ဝေး	ကလျာဏီကျောက်စာပါဠိနိဿယပြုပြင်ရေးသားသည်။ အယံ ဂန္ထော ဘဒ္ဒန္တ တိ ဿ ရေနဝိစာရိတော ဟုမျက်နှာဖုံးမှာ ရေးသည်။ (အခြားစာ ဘာမျှမရေး။)
၁၂။	၁၃၆၄–ခုနှစ် သာသနာ ၂၅၄၆	၈၁	၆၂ ၄၀	ထန်းတပင်တောရ နေပြည်တော်လယ်ဝေး	ပြည်တွင်းပြည်ပတောရဆောင်ရဟန်းတော် ၆–ပါးမေး၍ တောရဆရာတော်ဖြေကြားသည့် ကျမ်းစာရေးသည်။ ၁၃၆၄–ခုနှစ် ပုံနှိပ်ခြင်းသို့ရောက်သည်။

နဘူးကျောင်းတောရဆရာတော်ဘုရားကြီးအပေါ် မျက်မြင်အားဖြင့် တွေ့ရှိရသောကြည်ညိုဖွယ်ရာများ

တောရဆရာတော် နေထိုင်သီတင်းသုံးမှု နှင့် ဆောင်ရွက်မှုများအပေါ် မိမိနှင့်တကွ တပည့် ဒါယကာများ မျက်မြင်အားဖြင့် တွေ့ရှိရသော ကြည်ညိုဖွယ်ရာများမှာ များပြားလှပါသည်။

ခြုံငုံသုံးသပ်၍ စွမ်းသမျှ ရေးသားဖော် ပြလိုက်ရပါသည်။

၁။ ဆိတ်ငြိမ်သော တောရကျောင်းများ၌သာ အမြဲတစေ သီတင်းသုံးတော်မူခြင်း၊
၂။ သုံးထည်သော သင်္ကန်းကိုသာ အမြဲတစေဝတ်ရုံတော်မူခြင်း၊
၃။ ပံသုကူသင်္ကန်းကိုသာ အမြဲတစေ ဝတ်ရုံတော်မူခြင်း၊
၄။ စောင် ခြင်ထောင် ခေါင်းအုံး မွေ့ယာ အခင်းထူ သုံးစွဲခြင်းမပြု၊ ရာသီဥတုဒဏ်ကို သည်းခံတော်မူခြင်း၊
၅။ သပိတ်ဖြင့် ဆွမ်းခံ၍သာ သုံးဆောင်ရောင့်ရဲတော်မူခြင်း၊
၆။ တစ်နေရာတည်း တစ်ထိုင်တည်း တစ်ကြိမ်တည်း တစ်နပ်တည်းသာ သုံးဆောင်ခြင်း၊
၇။ သိမ်သမုတ်ခြင်းမှအပ အခြားပင့်ရာသို့ ကြွလေ့မရှိခြင်း၊
၈။ သိမ်သမုတ်ကြွလေတိုင်း နံနက်အရုဏ်ယူ မပျက်မကွက်ဆောင်ရွက်တော်မူခြင်း၊
၉။ တရားဟော ဓမ္မကထိကအဖြစ် လှူပရိသတ်များသို့ ဟောပြောနေလေ့မရှိခြင်း၊
၁၀။တောရဆောင်မထေရ်များ မေးလျှောက်သမျှကိုသာ ဖြေကြားတော်မူခြင်း၊
၁၁။တောရကျောင်းများ၌ တစ်ကျောင်းတစ်ပါးတည်းသာ သီတင်းသုံးနေထိုင်ခြင်းကို နှစ်လိုခြင်း၊
၁၂။အခြားသော တောရဆောင်ရဟန်းများလည်း တစ်ကျောင်းတစ်ပါးသာနေစေလိုခြင်း၊
၁၃။တောရကျောင်းများကို ရိပ်သာသဖွယ် လှူပရိသတ်များလာအောင် မပြုမလုပ်ခြင်း၊
၁၄။မြို့ကြီးပြကြီးများသို့ ကြွလေတိုင်း ပရိသတ်များစွာကို လက်ခံစကားပြောလေ့မရှိခြင်း၊
၁၅။တောရကျောင်းများသို့ လူပုဂ္ဂိုလ်များ ဥဒဟို ဝင်ထွက်နေသည်ကို ခွင့်မပြုခြင်း၊
၁၆။ဝါတွင်းကာလ လူပုဂ္ဂိုလ်များ တောရကျောင်းဝင်းသို့ လုံးဝ ဝင်ခွင့်မပြုခြင်း၊
၁၇။မိမိတောရဆောင်သည်မှာ နှစ်မည်မျှရှိပြီဟု မိန့်ကြားလေ့မရှိခြင်း၊
၁၈။သိမ်သမုတ်ပွဲများ၌လည်း ခမ်းနားထည်ဝါစွာပြု၍ ဩဝါဒပေးလေ့မရှိခြင်း၊
၁၉။ဓာတ်ပုံရိုက်ခံယူလိုခြင်းမရှိ၊ ဓာတ်ပုံများ ရိုက်ပါရစေခွင့်တောင်းကလည်း နှစ်သက်မှုမရှိ၊ အမြဲဆုပ္ပလေ့ရှိခြင်း၊
၂၀။ရိုက်ပြီးဓာတ်ပုံများ ကြီးသေးကူးယူဖြန့်ဝေမှု မလုပ်ရန် အမြဲ တားမြစ်ခြင်း၊
၂၁။စာနယ်ဇင်း၊ မဂ္ဂဇင်းများတွင် ဆောင်းပါးများရေးသည်ကို နှစ်လိုမှု မရှိခြင်း၊
၂၂။သာသနာတော်ကြီး အရှည်တည်တံ့ရေးအတွက် လိုအပ်သော ကျမ်းစာများကို ရေးသားတော်မူခြင်း၊
၂၃။ကျမ်းစာများတွင် ဆရာတော်ရခဲ့သည့် ဘွဲ့များဖော်ပြ ထေရုပ္ပတ္တိရှည်ရှည်ရေးသည်ကို နှစ်လိုမှုမရှိခြင်း၊ အမြဲဆူခြင်း၊
၂၄။ရေးသားတော်မူသော ကျမ်းစာတိုင်း ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့်ရေးခြင်း၊
၂၅။ရေးသားသော ကျမ်းများမှာ ဝိနိစ္ဆယ = အဆုံးအဖြတ်ဟု အမည်ပေးလေ့ရှိခြင်း၊
၂၆။အခြားပညာရှိကြီးများရေးပြီး ရှိပြီး ကျမ်းစာများကို ထပ်မံရေးသားတော်မမူခြင်း၊

၂၇။ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို ၆–ကြိမ်မျှ တိုင်အောင် အစမှအဆုံး ပြန်လည်ဖတ်ရှု လေ့လာတော်မူခဲ့ခြင်း၊

၂၈။ ရှင်ငယ် ရဟန်းငယ်များကို ပိဋကတ်သင်ယူရန် အမြဲ တိုက်တွန်းအားပေးတော်မူခြင်း၊

၂၉။ တောရဆောက်တည်လိုသော ရဟန်းတော်များ ဝိနည်းသင်ယူခဲ့ပြီးဖြစ်စေ ရမည်ဟု အမြဲမိန့်လေ့ ရှိခြင်း၊

၃၀။ အခြားသော ထင်ရှား၊ မထင်ရှား ပုဂ္ဂိုလ်များ အပေါ် ပြစ်တင်ဝေဖန်ပြောဆိုလေ့ မရှိခြင်း၊

၃၁။ ထင်ပေါ်ကျော်ကြားပြီး ပုဂ္ဂိုလ်များ၊ မိမိထံမှာ နည်းယူဆောင်ခဲ့ပါသည်။ တပည့်ဖြစ်ပါသည်ဟု မည်သည့်အခါမျှ နှုတ်မှ မိန့်ကြားတော်မူလေ့မရှိခြင်း၊

မှတ်ချက် ။ ။ ဒိဋ္ဌာနုဂတိသို့ လိုက်၍ တောရဆောင်ရဟန်းတော်ပေါင်း မည်မျှရှိသည်ဟု မိမိတို့က မှတ်တမ်းတင်ခဲ့ရာ တောရဆရာတော်က 'တပည့်ပါလို့ ဆရာဘက်မှ ရေတွက်ရတာ မဟုတ်ဘူး' မင်းတို့ အရေးပဲဖြစ်ပါစေ မိန့်သဖြင့် စီစဉ်သူဟု မိမိသဘောထားဖြစ်ကြောင်း မှတ်ချက်ရေးခဲ့ရပါသည်။)

၃၂။ နေ့စဉ် ဆွမ်းခံကြွခြင်း, သိမ်သမုတ်ရန်ကြွခြင်း, တောအရဏ်ယူခြင်း စသည် မည်မျှခရီးဝေးဝေး သင်္ကန်းရုံ၍သာ ကြွတော်မူခြင်း၊

၃၃။ သိမ်သမုတ်ရန်ပင့်ရာ၌ ခရီးဝေးနီး ငြင်းပယ်တော်မူလေ့မရှိ၊ ပင့်ဆောင်ရာသို့ အမြဲကြွလေ့ရှိခြင်း၊

၃၄။ သိမ်သမုတ်ခရီး ထိုထိုခရီးများ ပင့်ရာ၌ (ယာဉ် အကောင်းစား၊ အညံ့စား) ရွေးချယ်မှုမရှိ၊ ပင့်သည့်ယာဉ်ဖြင့်သာ ကြွတော်မူလေ့ရှိခြင်း၊

၃၅။ ဗိုးဖဲကတ္တီပါ ဘန်ကောက် အရောင်လက်လက် သင်္ကန်းများ (လုံးဝ) ဝတ်ရုံတော်မူလေ့မရှိခြင်း၊

၃၆။ တီဗွီ၊ ဗြိုဟ်တုစလောင်း၊ အင်တာနက်၊ ရေဒီယို၊ ကက်ဆက်၊ တယ်လီဖုန်း၊ မော်တော်ကား၊ ရေခဲသေတ္တာ (လုံးဝ) အလှူလက်မခံ၊ အပိုင်မထား၊ မော်တော်ကား ခရီးတစ်ခုအတွက်သာ သုံးစွဲတော်မူခြင်း၊

၃၇။ ဆိုဖြင့်မောင်းရသည့်, အသံဆူညံသည့် မီးစက်၊ တောရကျောင်း၌ လှူခြင်း လုံးဝ လက်မခံ၊ လူပုဂ္ဂိုလ်က ဆောင်ရွက်ပေးသည်ကို အလိုမရှိခြင်း၊

၃၈။ နေရောင်ခြည်စွမ်းအား ဆိုလာဘက္ထရီ မီးချောင်းကလေးများသာ လှူဒါန်းသည်ကို လက်ခံအသုံးပြုတော်မူခြင်း၊

၃၉။ ရန်ကုန်နှင့် မြို့ကြီးများကြွလာခိုက် ရုပ်သံမကြည့်၊ တယ်လီဖုန်းကိုယ်တိုင်မပြော ရှောင်ရှားတော်မူခြင်း၊

၄၀။ ရာထူး ဂုဏ်သိမ်ရှိသူ, ချမ်းသာသူ, ဆင်းရဲသူ မခွဲခြား၊ ခရီးဦးကြို ဟန်ပန်လုပ် နှုတ်ခွန်းဆက်နေခြင်းမပြု ရှောင်ရှားတော်မူခြင်း၊

၄၁။ တိုင်ကပ်နာရီ၊ အိပ်ဆောင်နာရီ၊ နေနာရီ သုံးမျိုးစလုံး တောရကျောင်း၌ ထားရှိခြင်း၊

၄၂။ အရုဏ်တက်ချိန်,နေထွက်ချိန်,မွန်းတည့်ချိန်, နေဝင်ချိန်များကို အမြဲတစေ မှတ်သားသည်။ 'အရုဏ်တက်နောက်ကျစေ'၊ 'မွန်းတည့်စောစေ' အမြဲမိန့်လေ့ လိုက်နာလေ့ရှိ၏။

၄၃။ ပဉ္စင်းလေးပါး လျှောက်ထားပြီးသူများကိုပင် မည်သည့်အရာလှူပါဟု နှုတ်မှ မိန့်လေ့မရှိခြင်း၊

၄၄။ ရဟန်းရှင်လူတို့ထံမှ လာဘ = လာဘ်ရလိုခြင်း သိလောက = ကျော်စောလိုခြင်းနှင့် သက္ကာရ = အပူဇော်ခံလိုခြင်းတို့မှ ကင်းဝေးတော်မူခြင်း၊

၄၅။ ပညာရေးဆိုင်ရာ ဘွဲ့တံဆိပ်နှင့် သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရနိုင်သည်ကို အလှူခံတော်မမူခြင်း၊

၄၆။ ဘွဲ့တံဆိပ်အမျိုးမျိုး ကိုယ်စားပြု လျှောက်ထားပါမည်ဆိုသော်လည်း နစ်စဉ် ဆွမ်းဆန်တော်အတွက် ငွေလှူခြင်းပါနေသည်ဟု အကြောင်းပြငြင်းပယ်တော်မူခြင်း၊

၄၇။ရဟန်းဘဝ အမြဲရလိုသော, ပရိယတ္တိ သင်ယူလျက်ရှိသော ရဟန်းလောင်းများအတွက်သာ ဥပသမ္ပဒကံ ဥပဇ္ဈာယ်ဆရာအဖြစ် ဆောင်ရွက်ချီးမြှောက်ပေးတော်မူခြင်း၊

၄၈။ဒုလ္လဘ ခေတ္တမျှဝတ်သော ရဟန်းလောင်းများကို ဥပသမ္ပဒကံ ဆောင်ပေးတော်မူလေ့မရှိ၊ ရှောင်ရှားတော်မူခြင်း၊

၄၉။နှစ်ပေါင်း ၄၁–နှစ်ကာလကြာအောင် ၄၁–ဝါမျှ စဉ်ဆက်မပြတ် တော၌ တောရကျောင်းများ၌သာ ဝါကပ်တော်မူခဲ့ခြင်း၊ (မြို့ရွာများ၌ ဝါကပ်တော်မူခြင်း လုံးဝမရှိ)

၅၀။တောရကျောင်းအားလုံး၌လည်းကောင်း, ပင့်ရာဒေသများသို့လည်းကောင်း၊ ကြွရောက်သိမ်အလုံးပေါင်း ၁၇၀–မျှ ဦးဆောင်သမုတ်ပေးတော်မူခဲ့ခြင်း၊

၅၁။အပူအစပ်၊ ဆီများများပါလျှင် အချိုမှုန့်ပါလျှင် ဘဲဥ၊ ကြက်ဥပါလျှင် သုံးဆောင်တော်မမူခြင်း၊

၅၂။သား ငါး အကောင်လိုက် ကြော်ချက် လောင်းလှူခြင်းကိုပယ်ခြင်း၊ အသီးအရွက် အသုတ်စသည်များကို ပိုမိုနှစ်လို သုံးဆောင်တော်မူခြင်း၊

၅၃။တစ်နေ့ တစ်ကြိမ်တည်းသော ဆွမ်းကို သုံးဆောင်ရာ၌ ကိုယ်ခန္ဓာနှင့်မျှတအောင် သက်တော်အလိုက်၊ အချိန်ကိုတိုးမြှင့် တိုးမြှင့်၍ ညက်ညက်ဝါးကာ သုံးဆောင်တော်မူခြင်း၊

၅၄။ကျန်းမာရေးအတွက် အားဆေးအမျိုးမျိုး လှူကြသော်လည်းမသုံး၊ စိမ်းပြာရေညှိ (Provimin) တစ်မျိုးတည်းကိုသာ နှစ်လိုသုံးဆောင်တော်မူခြင်း၊

၅၅။ဝိနည်းသိက္ခာပုဒ်အရ အပြစ်အာပတ်မလွတ်လောင်းလှူသောဆွမ်းကို (လုံးဝ) သုံးဆောင်တော်မမူ၊ ထိုနေ့အတွက် (Provimin)ဆေး ၁၅–ပြားခန့် ရေဖြင့်သုံးဆောင် မျှတ သည်းခံတော်မူခြင်း၊

၅၆။ဆရာဝန်ညွှန်ကြားချက်အရ မိမိတို့အဖွဲ့က **Suprady** အားဆေးလှူသော်လည်း နှစ်လိုမှုမရှိပေ။

၅၇။တောရဆောင် ပထမဝါတော် ၂၀–ကာလ၊ သက်တော် ၄၀–ကျော်မှ ၆၀–ကာလသည် ဆရာတော်ဘဝ ခြေလျင်ခရီးများသာ ကြွလှမ်းတော်မူခဲ့ခြင်း၊

၅၈။သက်တော်ဘယ်လောက်မှာ တစ်နာရီ မိုင်မည်မျှ သွားနိုင်သည်၊ အရွယ်တော်ကြီးလာသည့်အခါ မိုင်နှုန်းမည်မျှ ဆွမ်းခံလမ်း အသွားအပြန် မိနစ်မည်မျှ ကြာသည် (ဇရာ၏သဘောအမြဲဆင်ခြင်နေသည့်သဘော) မိန့်ကြားလေ့ရှိခြင်း၊

၅၉။ကောင်းကင်နက္ခတ်ကြယ်တာရာများ၊ ဥတုရာသီ၏ သဘောတရားများကို အမြဲတစေ ကြည့်ရှုလေ့လာမှတ်သားကြောင်းကို ရံခါမိန့်သည်ကို ဆင်ခြင်၍ သိရခြင်း၊

၆၀။နက္ခတ္တဗေဒ၊ ဥတုရာသီ နေ့ညဥ့်တို့၏ အပိုင်းအခြား အချိန်နာရီအတိုင်း အရှည်ပမာဏ သိတော်မူ၊ ကျွမ်းကျင်တော်မူကြောင်းကို အရဏုဂ္ဂကာလ ဝိနိစ္ဆယကျမ်းတွင် တွေ့မြင်ကြည်ညိုရခြင်း၊

၆၁။ဗေဒင်ပညာ၊ အင်္ဂဝိဇ္ဇာ အတတ်ပညာများ ငယ်စဉ်က သင်ကြားတတ်မြောက်ခဲ့သော်လည်း ရဟန်းဘဝ ဓုတင်ဆောင်ဘဝ၌ ဥပါသကာများ အလိုလိုက်၍ ဟောပြောခြင်းပြုတော်မမူ ရှောင်ရှားတော်မူခြင်း၊

၆၂။အသက်ထက်ဆုံး အရညကင်ဓုတင်ကို မပျက်အောင် ဆောင်တော်မူခဲ့ခြင်း၊ (အပြင်းအထန်နာမကျန်း၍ ဇီဝိတဒါန သံဃာ့ဆေးရုံနှင့် ဗဟန်းတိပိဋကဓရ (ယော)ကျောင်း၌ ဆေးကုသခံယူစဉ်၌ပင် (၁၉)ရက်လုံးလုံး အရညကင်ဓုတင်အပျက်မခံ ဆောက်တည်ခဲ့ခြင်း)

မှတ်ချက်။ ။ဘ၀နောက်ဆုံးခရီး ၁၀–ရက် အလို ရန်ကုန်သို့ ဆေးကုသခံ ပင့်ဆောင်လာကြသည့်ကာလ အရညကင်ဓုတင်အပျက်မခံခြင်းကို ပြောလိုရင်းဖြစ်ပါသည်။

၆၃။ဇာတိရွာ နဘူးကျောင်းမှာမွေး၍ တောရကျောင်းများ၌ နှစ်ပေါင်း ၄၁–နှစ်မျှ မွေ့လျော်၊ ဇာတိရွာ နဘူးကျောင်း ရန်ကင်းတောရသို့ အရောက်ပြန်ပြီး တစ်ဘ၀ ဇာတ်သိမ်းတော်မူခဲ့ခြင်း၊

မှတ်ချက် ။ ။ ဝါတော်ပေါင်း ၆၃–ဝါဖြစ်ရာ ကြည်ညိုဖွယ်ရာပေါင်း ၆၃–ချက် မိမိဉာဏ်မီသမျှ ဖွေရှာ စုစည်းတင်ပြလိုက်ရပါသည်။ (စာရေးသူ)

အပြီးအဆုံးနိဂုံး

နဘူးကျောင်းတောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀–ကျော် ဓုတင်ဆောင်ခရီးမှတ်တမ်းကြီးကို စာဖြင့်တစ်မျိုး၊ ဓာတ်ပုံဖြင့်တစ်ဖုံ ကြည်ညိုဖွယ်ရာဂုဏ်များကို အကျဉ်းချုပ်၍တစ်နည်း၊ မိမိ၏ ဉာဏ်အမြင်စွမ်းသမျှတင်ပြခဲ့ပြီး ဖြစ်ပါသည်။

တောရဆရာတော်ဘုရားကြီး၏ ဘ၀အကြောင်း ထေရုပ္ပတ္တိများကို ဆရာတော်ဘုရားကြီး၏ တပည့်ရဟန်းတော်ပညာရှိများကလည်း ရေးသားပြုစုလျက်ရှိနေကြကြောင်း ကြားသိရပါသည်။

ရဟန်းတော်ပညာရှိများရေးသားတင်ပြလာကြမည့် အခြေခံအကြောင်းအရာများ တူညီချင် တူညီကြမည်ဖြစ်သော်လည်း တင်ပြပုံတင်ပြနည်း တစ်ပါးနှင့်တစ်ပါး တစ်ဦးနှင့်တစ်ဦး ထပ်တူဖြစ်ကောင်းမှ ဖြစ်ပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် အကြောင်းခြင်းရာများကို တွေ့ထိရှုမြင်သုံးသပ်ပုံချင်း တစ်ပုံစံတည်း, တစ်ထပ်တည်းဖြစ်ရန် 'သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံး ထပ်တူထပ်မျှ တူညီမှုမရှိဟူသော နိယာမ၏ သဘောတရား' အရ ဖြစ်ပါသည်။

မိမိ၏ တင်ပြချက်များမှာလည်း လူပုဂ္ဂိုလ် တပည့်တစ်ဦး၏ လေ့လာတွေ့ရှိချက်စူးစမ်းချက်များ အပေါ်အခြေခံ၍ လူပုဂ္ဂိုလ်များ ဖတ်ရှုနိုင်ရန် လေ့လာနိုင်ရန် ရည်သန်၍ မိမိ၏ရှုဒေါင့်မှ မိမိ၏ဉာဏ်မီသမျှ အမြင်ကို ရေးသားတင်ပြထားခြင်းသာ ဖြစ်ပါသည်။

သို့ရာတွင် အပိုင်းအားဖြင့် ၅–ပိုင်းတွင် စာ ဖြင့် အပိုင်းလိုက် အသေးစိတ်ရေးသားတင်ပြခဲ့ပြီး၊ ဇယားများဖြင့်ပြန်၍ အကျဉ်းချုပ်လျက် ခုနှစ်၊ ဝါတော်အလိုက် ဝါကပ်ခဲ့သော တောရများ၊ မည်သည့်တောရ၌ ဝါတော်ပေါင်းမည်မျှသီတင်းသုံးခဲ့သည်။ မည်သည့်ခုနှစ်၌ မည်သည့်သိမ်များ သမုတ်ခဲ့သည်။ မည်သည့်ခုနှစ်၌ မည်သည့်ကျမ်းစာများရေးခဲ့သည်များကို သုတေသီများအတွက် ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ အလိုရှိရာ ရနိုင်ပါစေရန် စုစည်းစီစဉ်ဖော်ပြခဲ့ပါသည်။

ဤရွေ့ ဤမျှ စုစီးတင်ပြချက်များကို လေ့လာဖတ်ရှုကြကုန်သော ရဟန်းရှင်လူသူတော်ကောင်းများက ကျေနပ်နှစ်သက်၊ ဝမ်းမြောက်ဝမ်းသာ လက်ခံကြသည်။ သာဓုခေါ်ကြသည်ဆိုပါလျှင် ရေးသားပြုစုတင်ပြသူ မိမိအနေဖြင့် ဝမ်းသာမဆုံးကြည်နူးမဆုံးဖြင့် အပင်ပန်းခံရေးသားပြုစုရကျိုးနပ်ပြီဟု ဆိုရပါမည်။

နဘူးကျောင်း ဆရာတော်ဘုရားကြီး၏ အပေါ် စာရေးသူအနေဖြင့်–

(၁) ဝေယျာဝစ္စဆောင်ရွက်ခဲ့ရသည့် ကုသိုလ်၊
(၂) တောရဆရာတော်ဘုရားကြီး ကျမ်းစာများ ရေးသားခြင်းကို ရိုက်နှိပ်လှူဒါန်းရာ၌ ဦးဆောင်စီ စဉ်သူအဖြစ် ဆောင်ရွက်ခဲ့ရသည့် ကုသိုလ်၊
(၃) တောရဆရာတော်ဘုရားကြီး ရန်ကုန်မြို့သို့ ကြွလာတိုင်း နံနက် အရုဏ်ယူရေး ဆွမ်း

လောင်းလှူရေး၊ ကျန်းမာရေးအတွက် စစ်ဆေးရေး စီမံဆောင် ရွက်ခဲ့ရသည့်ကုသိုလ်၊

(၄) တောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀–ကျော် ဓုတင်ဆောင်ခရီးမှတ်တမ်းရှည်ကြီးကို ရေးသားပြုစုရသည့်ကုသိုလ်၊

(၅) စသည့်မျိုးစုံ ထိုထို ဤဤအလီလီသော ကုသိုလ်ကောင်းမှုများ၏ အကျိုးကို အောက်ပါအတိုင်း တောင်းဆုဆို၍ အမျှဝေပါ၏။ အမျှရကြ၍ သာဓုခေါ်ဆိုနိုင်ကြပါစေသော်။

တောင်းဆုဆို အမျှဝေခြင်း

- *ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ ချမ်းမြအေးကြည်၊ ဘေးမသီသည်၊ ရွှေပြည်ထုတ်ခြောက်၊ လမ်းမကောက်ဘဲ၊ ရောက်ရပါလို၊ တောင်းဆုဆို၏။*
- *ထိုထိုဘဝ၊ ကျင်လည်ရလည်း၊ ဒုက္ခဘေးဒဏ်၊ ရန်မာရ်အပေါင်း၊ မကောင်းဟူသမျှ၊ မတွေ့ရဘဲ၊ အမြဲချမ်းသာ၊ မကွာနေညာ၊ ဒသပါရမီ၊ စုံပြည့်ညီရန်၊ လမ်းမှန်ညွှန်ဘိ၊ ပညာရှိသူတော်ကောင်း၊ ပေါင်းသင်းဆက်ဆံ၊ နိဗ္ဗာန်မပြတ်၊ လိုက်နာတတ်လျက်၊ အမြတ်ကုသိုလ်၊ ဆည်းပူးလို၏။*
- *ထိုထိုဆန္ဒ၊ ပြုသမျှကို၊ မုချမသွေ၊ ရပါစေလို တောင်းဆုဆို၏။*
- *ပြုပြုသမျှ၊ ကုသလကို၊ မိဘဆရာ၊ ဉာတကာနှင့် များစွာဝေနေ၊ ရပါစေလို တောင်းဆုဆို၏။ ထိုထိုပုည၊ ဖို့ဘာဂကို၊ အမျှညီတူ ရစေသော်။*

မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ နဘူးကျောင်းအုပ်စု ကံကြီးရွာနေ ဖခင်ကြီး ဦးကြည်(တိုင်းရင်းဆေးသမားတော်)နှင့် သရက်ကန်ရွာ မိခင်ကြီး ဒေါ်စောမြ တို့မှ ကောင်းစွာ မွေးဖွား တတိယမြောက်သားဖြစ်သော, နဘူးကျောင်း ရန်ကင်းတောရနှင့် နေပြည်တော်လယ်ဝေး ထန်းတပင် တောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိဿရ မဟာထေရ်ကြီး၏ တပည့်ကြီးဖြစ်သော မိမိ (စာရေးသူ) သိမ်းဆောင်(ရမည်းသင်း)သည် "နဘူးကျောင်း တောရဆရာတော်ဘုရားကြီး၏ နှစ် ၄၀–ကျော် ဓုတင်ဆောင်ခရီး" ဤစာစုများသည် ရဲအရာရှိ တစ်ဦးဖြစ်ခဲ့ဖူးသည့်အလျောက် နှစ်စဉ်နှစ်တိုင်းသော ဆောင်ရွက်ခဲ့ချက်များကို (Annual Report) အစီရင်ခံစာပုံစံဖြင့်လည်းကောင်း၊ တောရဆရာတော်ဘုရားကြီး၏ ဘဝခရီးနောက်ဆုံးနေ့များ အစီရင်ခံစာ (Final Death Report) ပုံစံဖြင့်လည်းကောင်း၊ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ မလျော့သော ဇွဲ၊ လုံ့လများဖြင့်, သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် အတိတ်ရေးနှင့် ပစ္စုပ္ပန်ထူးသော ပါရမီများကြောင့် ဆရာတော်ဘုရားကြီးနှင့် ဖူးတွေ့ခွင့်ကြုံ၊ ပါရမီဖြည့်ခွင့်နှင့် ဆရာတော်ဘုရားကြီး၏ ဘဝအကြောင်း ရေးသားခြင်း အခွင့်ကို ဆရာတော်ဘုရားကြီးကိုယ်တိုင် ခွင့်ပြုချီးမြှင့်ခြင်းခံခဲ့ရသော ဤစာရေးသူသည်–

- ♦ သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့စေရန်–
- ♦ အထူးအားဖြင့် ဓုတင်ဆောင်သာသနာတော်ကြီးတည်တံ့စေရန်–
- ♦ လောကသားတို့ အကျိုးစီးပွားတိုးပွား, ကုသိုလ်တရားများ တိုးပွား၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ တက်လှမ်းနိုင်ကြပါစေရန်–

ဟူသော ရည်သန်အဓိဋ္ဌာန်ချက်များဖြင့်
အလေးအမြတ်ထား၍ ရေးသားပြုစု ပူဇော်အပ်သော
ဤစာစုသည် ဤရွေ့ဤမျှဖြင့် အပြီးအဆုံးနိဂုံးသို့
ရောက်ပြီဖြစ်ပါသတည်း။

- *သူတော်ကောင်းခေတ် တရားမြတ်*
  လွှမ်းပတ်ကမ္ဘာ တည်စေသော်။

ရေးသားပြုစုပူဇော်သူ
တပည့်ကြီး သိမ်းဆောင် (ရမည်းသင်း)

ရေးသားပြီးစီးသော နှစ်၊ လ၊ ရက်
သာသနာတော်နှစ် ၂၅၅၁- ခုနှစ်
ကောဇာသက္ကရာဇ် ၁၃၆၉-ခုနှစ်၊
ဒုတိယဝါဆိုလပြည့်၊ ဓမ္မစကြာတရားတော်နေ့
ကမ္ဘာသုံးနှစ်-၂၀၀၇ ခုနှစ်၊ ဇူလိုင်လ
၂၉ရက်၊ စနေနေ့

အထူးတင်ပြချက်
မှန်တောင်တောရဆရာတော်ကိုယ်တိုင် ရေးသားပေးပို့လာသော "နဘူးကျောင်းတောရဆရာတော်ဘုရားကြီး၏ ဘဝနိဂုံး နောက်ဆုံးနေ့ရက်များတွင် လွန်စွာ ထူးခြားအမှတ်တရစာများကို "နောက်ဆက်တွဲ-က"ဖြင့် စာမျက်နှာ (၇၀၃)မှ (၇၁၃) ထိ သီးခြားဖော်ပြ မှတ်တမ်းတင်ထားပါသည်။

မှန်တောင်တောရဆရာတော်
ဘဒ္ဒန္တစန္ဒောဘာသ
(သာသနဓဇ ဓမ္မာစရိယ၊ အရညဝါသီ)
မှန်တောင်တောရ၊ သာဂရမြို့။

မှန်တောင်တောရဆရာတော်
ဘဒ္ဒန္တစန္ဒောဘာသ
(သာသနဓဇ ဓမ္မာစရိယ၊ အရညဝါသီ)
မှန်တောင်တောရ၊ သာဂရမြို့။

နောက်ဆက်တွဲ – က

အခန်း (၇)

မှန်တောင်တောရဆရာတော် ရေးသားသည့် လွန်စွာထူးခြား အမှတ်တရစာစုများ

ဆရာဝန်ခေါ်ပြီး ထန်းတပင်တောရသို့ ကြွရောက်

ဆရာတော်အကောင်းပကတိ ကျန်းမာနေစဉ်ကာလ မှန်တောင် တောရဆရာတော်သည် ထန်းတပင်တောရသို့ ကြွရောက်၍ တောရဆရာတော်အတွက် နားကြားကိရိယာ တစ်စုံလှူဒါန်းရာမှ ဆရာတော်၏ အခြေအနေကို အကဲခတ်ရင်း ဤနှစ်ထဲမှာပင် ပျံလွန်တော်မူလိမ့်မည်ဟု အရင်ကမဖြစ်ဘူးသော စိုးရိမ်စိတ်များ ဖြစ်ပေါ်လာခဲ့သဖြင့် မှန်တောင်တောရသို့ ပြန်အရောက်၌ ဒါယကာ, ဒါယိကာမများကို "ဒီနှစ်ထဲမှာ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူလိမ့်မယ်လို့ စိုးရိမ်စိတ်များ ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဒီလိုစိုးရိမ်စိတ်မျိုး အရင်က တစ်ခါမှ မဖြစ်ပေါ်ခဲ့ဘူးကြောင်း၊ ဒါကြောင့် ဒီနှစ် နွေရာသီရောက်ရင် ဆရာတော်ဘုရားကြီးထံ သွားရောက်ပြီး (၁၀) ရက်တန်သည် (၁၅) ရက်တန်သည် ပြုစု စောင့်ရှောက်မည်ဖြစ်ကြောင်း" ၃–ကြိမ်တိုင်တိုင် မိန့်ကြားခဲ့ရ၏။

(၂) လကျော် ကြွရောက်ပြုစုခဲ့

မှန်တောင်တောရဆရာတော် စိုးရိမ်စိတ်ဖြစ်ပေါ်လာခဲ့ပြီး ၁–လခန့်အကြာ ဆုတောင်းပြည့်တောရဆရာတော် အရှင်ကေဝလက တောရဆရာတော်ဘုရားကြီး မကျန်းမာကြောင်း သတင်းပို့ခဲ့သဖြင့် မှန်တောင်တောရဆရာတော် ထင်မြင်ယူဆထားသည့်အတိုင်း "ပျံလွန်တော်မူလိမ့်မည်လား"ဟု စိုးရိမ်ကြီးစွာဖြင့် (လိုအပ်သော ဆေးနှင့် ပစ္စည်းများကို ယူဆောင်ကာ) ထန်းတပင်တောရသို့ ကြွရောက်ခဲ့ကြောင်း မကျန်းမာစဉ် "သိမ်သမုတ်ပွဲများကို မကြွဖို့ ရန်" တောင်းပန်လျှောက်ထားခဲ့သော်လည်း မရသဖြင့် ဆေးနှင့် ဆေးပစ္စည်းများကို ယူဆောင်ကာ ၂–လကျော်ခန့် ဆရာတော်ဘုရားကြီး ကြွလေရာအရပ်သို့ လိုက်ပါ၍ ကိုယ်တိုင်ကိုယ်ကျ ပြုစုစောင့်ရှောက်ခဲ့ပါသည်။

မှန်တောင်တောရသို့ ပြန်လည်ကြွရောက်

မိုးညိုသိမ်သမုတ်ပွဲမှ အပြန် ရန်ကုန်သို့အရောက် (၁) ရက်ခန့် အနားယူပြီး (၇.၃.၂၀၀၄) နံနက် ရန်ကုန်မြို့မှ ထန်းတပင်တောရသို့ ကား (၄) စီးဖြင့် ပြန်လည်ကြွရောက်ခဲ့ရာ သာဂရမြို့ မှန်တောင်တောရကျောင်း၌ ခေတ္တဝင်ရောက် အပန်းဖြေအနားယူခဲ့ကြသည်။

ပထမဆုံးနှင့် နောက်ဆုံးအကြိမ်

ထိုသို့ အပန်းဖြေ အနားယူနေစိုက် နောက်က လိုက်ပါလာသော ကားများ တစ်ပြိုင်နက်တည်း ရောက်မလာကြခြင်း (ယခင် ရက်များကလည်း အလားတူ ရောက်မလာကြခြင်း) တို့ကြောင့် တောရဆရာတော်ဘုရားကြီးက "ဒီလို ကားများများ သံဃာများများနဲ့ နောက်ကို ဘယ်တော့မှ မကြွတော့ဘူး ကားတစ်စီးနဲ့ပဲ ကြွတော့မယ် ဒါပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ပဲ" ဟု မိန့်ကြားပြီး ထန်းတပင်တောရသို့ ဆက်လက် ပြန်ကြွသွားခဲ့ပါသည်။

မှန်တောင်တောရဆရာတော် နေရစ်ခဲ့

မှန်တောင်တောရ ဆရာတော်မှာလည်း သူ့တောရကျောင်းသို့ ပြန်ရောက်လာသည်က တစ်

ကြောင်း တောရဆရာတော်ဘုရားကြီး၏ ကျန်းမာရေး အခြေအနေလည်း ပြန်လည်ကောင်းမွန်လာသည်က တစ်ကြောင်းတို့ကြောင့် မှန်တောင်တောရမှာပဲ နေရစ်ခဲ့ပါသည်။

အရှင်ကေဝလထံမှ တောရဆရာတော် မကျန်းမာကြောင်းထပ်မံအကြောင်းကြားလာ

မှန်တောင်တောရသို့ ပြန်ရောက်လာပြီး ၃–လနှင့် ၁၉–ရက်ခန့်အကြာ ဆုတောင်းပြည့်တောရဆရာတော် အရှင်ကေဝလထံမှ "တောရဆရာတော်ဘုရားကြီး မကျန်းမာကြောင်း စိုးရိမ်ရသော ရောဂါအနေအထားမျိုးဖြစ်ကြောင်း" အကြောင်းကြားလာသဖြင့် (၂၁–၆–၂၀၀၄ နေ့) ပထမဝါဆိုလဆန်း ၄–ရက် တနင်္လာနေ့၌ မှန်တောင်တောရဆရာတော်က (ပစ္စည်းလေးပါး ဒါယကာဖြစ်သည့် ရေနံမြို့) ဒေါက်တာ မောင်မောင်သိန်းကို ခေါ်ဆောင်၍ လိုအပ်မည်ထင်သော ဆေးနှင့် ဆေးပစ္စည်းတို့ကို ယူဆောင်ကာ တောရဆရာတော်ထံ သွားရောက်ခဲ့သည်။

ကြိုတင်ညှိနှိုင်းတိုင်ပင်

တောရဆရာတော်ဘုရားကြီးနှင့် မတွေ့မီ ဆုတောင်းပြည့်တောရဆရာတော်နှင့် တွေ့ပြီး အကျိုးအကြောင်း မေးမြန်းကာ ဒေါက်တာမောင်မောင်သိန်းကို ပျဉ်းမနားမြို့ ဒေါက်တာပေါ်မြင့်ဦး (မြဂန္ဓာဆေးခန်း) ထံသို့လွှတ်ပြီး ဆရာတော်ဘုရားကြီး၏ ရောဂါအခြေအနေနှင့် ဆရာဝန်၏ ယူဆချက်များကို ဆွေးနွေးမေးမြန်းစေခဲ့ပါသည်။

ရန်ကုန်မြို့သို့ ကြွရောက်၍ ဆေးကုသမှုခံယူရန် လျှောက်ထား

ဒေါက်တာမောင်မောင်သိန်း ပြန်ရောက်လာသည့်အခါ ကင်ဆာဖြစ်နိုင်သည့် အနေအထားရှိကြောင်း ပို၍သေချာမှုရှိအောင် ရန်ကုန်သို့ ပင့်ဆောင်သွားရောက်၍ ထပ်မံစစ်ဆေးကာ ဆေးကုသမှုခံယူသင့်ကြောင်း ဒေါက်တာပေါ်မြင့်ဦးက အကြံပြုကြောင်း ပြန်ကြားလာသဖြင့် မှန်တောင်တောရဆရာတော်က ဆုတောင်းပြည့်တောရဆရာတော်နှင့် ဒေါက်တာမောင်မောင်သိန်းတို့ကို ခေါ်ယူပြီး (ကင်ဆာရောဂါအကြောင်း မလျှောက်ထားဘဲ) ဒေါက်တာပေါ်မြင့်ဦး၏ အကြံပြုချက်ကိုအခြေခံကာ ဒေါက်တာမောင်မောင်သိန်းက ရန်ကုန်မြို့သို့ ကြွသင့်ကြောင်း တိုက်တွန်းလျှောက်ထားချက်တို့ကို အခွင့်ကောင်းယူ၍ မှန်တောင်တောရဆရာတော်က "ရန်ကုန်မှာက ကျွမ်းကျင်တဲ့ ဆရာဝန်ကြီးများလည်း ရှိနေပြီး ရောဂါကို အတိအကျ စမ်းသပ်ရှာဖွေနိုင်တဲ့ စက်ကိရိယာများလည်း ရှိနေတဲ့အတွက် ဆရာဝန်လျှောက်ထားတဲ့အတိုင်း ရန်ကုန်သွားရောက် ပြသသင့်ပါတယ်ဘုရား၊ ဆရာတော် ကြွရောက်မည်ဆိုပါက ဘုရားတပည့်တော်ပါ လိုက်ပါ့မယ်ဘုရား" ဟု လျှောက်ထားတော့မှ ဆရာတော်ဘုရားကြီးက "ဘယ်ရက်သွားမှာလဲ?" ဟု ပြန်လည်မေးမြန်းခဲ့ရာ "သန်ဘက်ခါပဲ (၂၃.၆.၂၀၀၄ နေ့) ကြွပါမယ့်ဘုရား၊ စီစဉ်စရာရှိသည်များကို စီစဉ်ရန်အတွက် သာဂရမြို့မှ စောင့်ကြိုလိုက်ပါ့မယ်ဘုရား" ဟု လျှောက်ထားခဲ့ပြီး သာဂရမြို့မှ စောင့်၍ လိုက်ပါခဲ့ခြင်းဖြစ်ပါသည်။

ရောဂါအဖြေမှန်ကို သိရှိပြီးနောက် လျှို့ဝှက်ထားရန် ဆုံးဖြတ်ကြ

တောရဆရာတော်ဘုရားကြီး၏ ရောဂါအဖြေမှန်ကိုရရှိအောင် ဆောင်ရွက်မှုနှင့် ဆရာဝန်များနှင့် ပြောဆိုရမည့်ကိစ္စ အဝဝတို့ကို မှန်တောင် တောရဆရာတော်က တာဝန်ယူဆောင်ရွက်ခဲ့ပြီး ရောဂါအဖြေမှန် သိရှိရသည့်အခါမှာလည်း မှန်တောင်တောရဆရာတော်မှတစ်ဆင့် ရန်ကုန် ဆရာတော်၊

ဆုတောင်းပြည့်တောရဆရာတော်၊ တပ်ကုန်းမြို့ ကျောင်းဒကာ ဦးအောင်ခ ရန်ကုန်ရှိ စာရေးသူ ဦးသိမ်းဆောင် (ရမည်းသင်း) ဦးညွန့်လှိုင်တို့ အဆင့်ဆင့် သိရှိကြပြီး ဝမ်းနည်းညှိုးငယ်စွာဖြင့် ရှေ့ဆက်ပြီး ဘယ်လိုဆောင်ရွက်ကြမလဲ ဆိုတာကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။

ဆွေးနွေးညှိနှိုင်းချက်အရ ရန်ကုန်၌ ဆေးကုသနေစဉ် အတောအတွင်း ရောဂါအဖြစ်မှန်ကို မည်သူ့မျှ မလျှောက်ထားဘဲ လျှို့ဝှက်ထားရန် တညီတညွတ်တည်း သဘောတူခဲ့ကြပါသည်။

ပြန်ပင့်ဖို့ရန် ဆုံးဖြတ်ချက်ချ

ပြန်မကြွခင် (၅) ရက်ခန့်အလို၌ ရန်ကုန်ဆရာတော်၊ မှန်တောင်တောရဆရာတော်၊ ဆုတောင်းပြည့်တောရဆရာတော်၊ ပဲခူးမြို့အရှင်ဇနက၊ ကျောင်းဒကာ တပ်ကုန်း ဦးအောင်ခတို့ ပြန်ပင့်သင့်/မသင့် ဆွေးနွေး ညှိနှိုင်းတိုင်ပင်ကြရာ တောရဆရာတော်ဘုရားကြီး၏ ရောဂါမှာ ပိုတိုးလာဖို့ရန်သာ ရှိပြီး ဆုတ်ယုတ်ရန်အကြောင်း မမြင်သဖြင့် (၁၁.၇.၂၀၀၄) ရက်နေ့၌ ပြန်လည် ပင့်ဆောင်ဖို့ရန် သဘောတူ ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသော်လည်း ပြန်ကြွရက်နီးကပ်မှ အသိပေး လျှောက်ထားမည်ဖြစ်ကြောင်း ရန်ကုန်ဆရာတော်က မိန့်ကြားခဲ့သည်။

(၉.၇.၂၀၀၄) ရက်နေ့၌ မှန်တောင်တောရဆရာတော်၊ ဆုတောင်းပြည့်တောရဆရာတော်၊ ပဲခူးမြို့ အရှင်ဇနကတို့ (၃) ပါးတွေ့ဆုံပြီး "အနီးကပ်မှ လျှောက်ထားခြင်းနှင့် ကြိုပြီးလျှောက်ထားခြင်း နှစ်မျိုးတို့တွင် ဘယ်ကပိုပြီး အဆူအငေါက်ခံ သက်သာနိုင်မှာလဲ?" ဟု ဆွေးနွေး တိုင်ပင်ကြရာ ကြိုပြီး လျှောက်ထားခြင်းက အဆူအငေါက်ခံ သက်သာလာနိုင်စရာ ရှိသည်ဟု ယူဆကြပြီး မည်သူမျှ မလျှောက်ရဲကြ၍ မှန်တောင်တောရဆရာတော်က ဦးဆောင်လျှောက်ထားခဲ့ပါသည်။

မသိမသာ အဆူအငေါက်ခံခဲ့ရ

လျှောက်ထားစဉ်အခါက ဘာမှ ပြန်မပြောသော်လည်း ထန်းတပင်တောရသို့ ပြန်ရောက်ရောက်ချင်း တပည့်ရဟန်းသံဃာတော်များက "ဆရာတော်သက်သာပါရဲ့လားဘုရား" ဟု ဝိုင်းဝန်းလျှောက်ထားသည့်အခါမှာတော့ "ရောဂါက မသက်သာပါဘူး၊ သွားတုန်းကလည်း ဦးစန္ဒော ပင့်လို့ လိုက်သွားရတာ ပြန်လာတော့လည်း ဦးစန္ဒော ပင့်လို့ ပြန်လာရတာ ဖြစ်တယ် ဒီဘုန်းကြီး သဘောနဲ့ ပြန်လာတာမဟုတ်ဘူး" ဟု မိန့်ကြားလိုက်သဖြင့် အနီး၌ ကပ်လျက်ထိုင်နေသော မိမိမှာ အလွန်အမင်း စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါသည်။

ထန်းတပင်အရောက် မှန်တောင်တောရ ဆရာတော်က ပွင့်လင်းစွာလျှောက်ထား

ရောဂါအဖြစ်မှန်ကို မလျှောက်ထားခဲ့လျှင် အမှုမဲ့နေပြီး အမှုမဲ့ ပျံလွန်တော်မူသွားခဲ့ပါက တပည့်များအပေါ်၌ တာဝန်မကင်းဟု ယူဆ၍ မှန်တောင်တောရဆရာတော်က လက်အုပ်ချီမိုး ရှိခိုး၍ "ဆရာတော်ဘုရား ရောဂါရှိတဲ့သူလည်းသေရမှာပါပဲဘုရား၊ ရောဂါရှိတဲ့သူလည်း သေရမှာပါပဲဘုရား၊ ဘုရားလက်ထက်က အနာမဲ့သူ ရှင်ဗာကုူ (အရှင်ဗာကုလမထေရ်)လည်း ယခု မရှိတော့ပါ ဘုရား၊ ဘုရားတပည့်တော် လည်ပင်းမှာလည်း အရိုးကျိုးပေါင်းတက်ရောဂါ ရှိခဲ့သလို ခါးမှာလည်း အရိုးကျိုးပေါင်းတက်ရောဂါ ရှိခဲ့ပါတယ်ဘုရား၊ ဆရာဝန်က "(အရိုးကျိုးပေါင်းတက်ရောဂါ) ဟာ လူ(၁၀၀) လျှင် (၃) ယောက်လောက်သာ ကုသလို့ရနိုင်ပြီး (၇၅)ယောက်က ကုသလို့မရနိုင်ကြောင်း ပြောပါတယ်ဘုရား၊ ဘုရားတပည့်တော်အနေဖြင့် ရောဂါရှိလည်းသေရမှာပဲ၊ မရှိလည်း သေရမှာပဲဟု သေခြင်းတရားကို နှလုံးသွင်းထားပြီးဖြစ်သည့်အတွက်

ဘုရားတပည့်တော် မကြောက်ပါဘုရား၊ ဆရာတော်ဘုရားကြီးရဲ့ ရောဂါမှာ "အသည်းရောင်အသားဝါစီပိုးလို့ သိရပါတယ်ဘုရား၊ အသည်းကြွပ်ရောဂါ၊ အသည်းကင်ဆာ ရောဂါပါဘုရား၊ အသည်းတစ်ခြမ်း လုံးဝ မကောင်းတော့ပါဘုရား၊ ဆရာဝန်က (၆) လပဲနေရမယ်လို့ ပြောပါတယ်ဘုရား"ရန်ကုန်မှာ မလျှောက်ထားဘဲ ဒီရောက်မှလျှောက်ထားရို့ အားလုံးက ဆုံးဖြတ်ထားကြပါတယ်ဘုရား၊ ဆရာတော်ဘုရားကို ယခုလိုလျှောက်ထားရခြင်းမှာ ဆရာတော် ဘုရားအနေနဲ့ ပြင်ဆင်စရာရှိတာကို ပြင်ဆင်နိုင်ချိန်ရအောင် ကြိုတင်ပြီး လျှောက်ထားရခြင်းဖြစ်ပါတယ် ဘုရား။ ဆရာတော်ဘုရားအား ဖူးမြော်လိုသော တပည့်ဒကာဒကာမများကို ညနေ ၃-နာရီမှ ၄-နာရီ အတွင်းသာ ဖူးမြော်ခွင့်ပြုရန် သံဃာတော်များက ဆုံးဖြတ်ထားကြပြီး (၂) ပါးတစ်တွဲ အလှည့်ကျ စောင့်ရှောက်ရန် တာဝန်ပေးအပ်ထားပါတယ်ဘုရား" ဟု လျှောက်ထားပြီး ဆရာတော်ကြီး၏ မျက်နှာသွင်ပြင် အမူအရာကို အကဲခတ်ကြည့်ရှုခဲ့ရာ စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ် အနည်းငယ်မျှ မတွေ့ရဘဲ တောရဆရာတော်ဘုရားက "ဒီဘုန်းကြီးရဲ့အမေဟာ (၈၆)နှစ်မှာ သေဆုံးသွားခဲ့တယ်၊ ဒီဘုန်းကြီးဟာ အသက် (၈၃) နှစ်မှာပဲ သေမယ်လို့ ကြိုတင် တွက်ဆထားပြီးသားပါ"ဟု စိုးရိမ်မှုကင်း ကြောင့်ကြရှင်းလျက် တည်ငြိမ်အေးဆေးစွာ ပြန်လည်မြေကြားတော်မူခဲ့တာကို တွေ့ရှိရသဖြင့် းစွာ စိတ်သက်သာရာ ရခဲ့ပါသည်"။

တောရဆရာတော်ဘုရားကြီး၏ဘဝနိဂုံး နောက်ဆုံးခရီး နိဗ္ဗာန်နှင့်နီး

မှန်တောင်တောရ ဆရာတော် လျှောက်ထားစဉ်အခါက သာမန်မျှသာ ပြောဆိုမိန့်ကြားခဲ့ပါသော်လည်း ပျံလွန်တော်မူခါနီး နောက်ဆုံးခရီး၌ တပည့်များနှင့် အပြန်အလှန် ပြောဆို မိန့်ကြားသွားပုံများ အောက်မေ့ဖွယ်, အမှတ်ရဖွယ်, အတုယူဖွယ်, အားရဖွယ်, ဆောင်ထားဖွယ်, ကြည်ညိုဖွယ် အလွန်ကောင်းလှသဖြင့် ဤမျှ လေးနက်နိုင်ခန့်သော ထေရုပ္ပတ္တိ ကျမ်းစာအုပ်ကြီးထဲ၌ မဖြစ်မနေ ပါသင့်ပါထိုက်သော အကြောင်းအရာတစ်ခုဟု ယုံကြည်လျက်ရှိသောကြောင့် တောရဆရာတော်ဘုရားကြီး၏ တစ်ဘဝနိဂုံး နောက်ဆုံးခရီး၌ ပါဝင်ပတ်သက်သူ တပည့်ဒကာဒကာမများကို ဆက်သွယ်မေးမြန်း၍ အချက်အလက်များကို ရယူစုဆောင်းခဲ့ပါသည်။

အရှင်ပညာဗလ၏

ပြောကြားရေးသားချက်ကို မူထားပြီးရေးသား အချက်အလက်များ စုဆောင်းသည်ဟုဆိုသော်လည်း အရှင်ပညာဗလ၏ ပြောဆိုမြေကြားချက်များ နိုင်မာတိကျ သေချာမှုရှိအောင် ကိုယ်တိုင်တွေ့ဆုံမေးမြန်းခဲ့သလို လိုအပ်သည်ထင်သော အချက်အလက်များကိုလည်း ဦးဖိုးထောင် (မေတ္တာနယ်မြေစတိုး) မှတဆင့် ကိုယ်ရေးစိတ်ပါ နိုးကြားတက်ကြွစွာ ကူညီ ဆောင်ရွက်ပေးမှုကြောင့် အရှင်ပညာဗလထံမှ စာဖြင့် ရေးသားမြေကြားချက် အပြည့်အစုံကို ရရှိခဲ့ပါသည်။

မူရင်းအတိုင်းကောက်နုတ်ဖော်ပြ

အရှင်ပညာဗလထံမှ ရရှိသော အချက်အလက်များစွာထဲမှ ဖော်ပြသင့်သော အချက်အလက်အချို့ကို မူရင်းအတိုင်း ရေးသားဖော်ပြအပ်ပါသည်။

နဘူးကျောင်းရန်ကင်းတောရသို့ ကြွရောက်

ဆုတောင်းပြည့်တောရဆရာတော် အရှင်ကောဝလနှင့် အရှင်ပညာဗလ(ဆုတောင်းပြည့်တောရ)

တို့က (၂၁.၇.၂၀၀၄) နေ့တွင် ဖျဉ်းမနားမြို့ မေတ္တာနယ်မြေစတိုးပိုင်ရှင် ဦးဖိုးထောင်ကို ကပ္ပိယအဖြစ် ခေါ်ယူပြီး ဆရာဦးစောလင်း (စောင့ဝါ သံပုရာခြံ)၏ တောင်းအေ့စ်ကားကို ငှါးယူကာ နေ့ (၂) နာရီအချိန်၌ စတင် ထွက်ခွါလာခဲ့သော်လည်း နဘူးကျင်းရွာ အဝင်ဝ၌ ဖွက်နစ်နေ၍ ညနေ (၄)နာရီ အချိန်လောက်မှ နဘူးကျင်းတောရသို့ ရောက်ကြရသည်။

တိုက်ကျောင်းပေါ်သို့ တွဲယူပင့်ဆောင်

ရောက်လျှင်ရောက်ချင်း တပ်ကုန်း ဦးအောင်ခ +ဒေါ်ခင်ကြိုင်တို့ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ကျောင်း အပေါ်ထပ်သို့ တောရဆရာတော် ဘုရားကြီးကို တွဲယူပင့်ဆောင်တော်မူပြီး ဆရာတော်ဘုရားကြီးကို ပြုစုစောင့်ရှောက်ရန်အတွက် အရှင်ပညာဇလကို ထားရစ်ကာ စီမံဆောင်ရွက်သင့်သည်များကို စီမံ ဆောင်ရွက်နိုင်ရန်အတွက် ကပ္ပိယအဖွဲ့ကို ခေါ်ဆောင်ပြီး ဆုတောင်းပြည့်တောရဆရာတော် အရှင်ကေဝလက ထန်းတပင်တောရသို့ ပြန်လည်ကြွလာခဲ့သည်။

မအိပ်မနေ ပြုစုစောင့်ရှောက်ခဲ့ရ

ဆုတောင်းပြည့်တောရဆရာတော် ပြန်ကြွသွားပြီးနောက် ည (၆) နာရီအချိန်ခန့်မှစ၍ နောက်တစ်နေ့ (၂၂.၇.၂၀၀၄ နေ့) ရောက်သည့်အထိ ရောဂါဝေဒနာမှာ သက်သာမှုမရှိဘဲ ပို၍ပို၍သာ ဆိုးလာသဖြင့် အရှင်ပညာဇလမှာ ညရောနေ့ပါ မအိပ်မနေ အသည်းအသန် စောင့်ရှောက်ပြုစုခဲ့ရ၏။

နိုးရိမ်ရသည့် အနေအထားမျိုး ဖြစ်ပေါ်၍လာ

ညနေ (၄) နာရီနောက်ပိုင်း၌ သွေးလည်းအန်၊ သွေးဝမ်းလည်း အကြိမ်ကြိမ်သွားနေသဖြင့် ပျံလွန်တော်မူရလောက်အောင် စိုးရိမ်ရသည့် အနေအထားမျိုးသို့ ရောက်ရှိလာခဲ့ပါသည်။ [ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူခါနီး စုန္ဒရွှေပန်းတိမ်သည် ကပ်လှူသော တောဝက်ဖို့သားဖြင့် ချက်ပြုတ်စီမံအပ်သော သားပြွမ်း ဆွမ်းကို နောက်ဆုံးအနေဖြင့် ဘုဉ်းပေး သုံးဆောင်တော်မူပြီးနောက် ဝမ်းသွေးသွန်တော်မူပုံကို နှိုင်းယှဉ်ဆပွား သနားကင်နာခြင်းများစွာဖြစ်၍ နေမိပါ၏။]

ဘာဝနာတရား ပွားများသုံးသပ်နိုင်အောင် စီမံဆောင်ရွက်

ထန်သည်းပြင်းထန် ဝေဒနာဒဏ်ကို အလူးအလဲခံစားရပြီး အနည်းငယ် ငြိမ်ကျသွားသော တောရဆရာတော်ဘုရားကြီး ဘာဝနာတရားများကို ဆိတ်ငြိမ်အေးချမ်းစွာ နှလုံးသွင်းနိုင်စေရန်အတွက် သံဃာအားလုံးနှင့် လူပရိသတ်အားလုံးတို့ကို ကျောင်းပေါ်မှ ဆင်းပေးရန်နှင့် အကြောင်းမကြားမချင်း မည်သူတစ်ဦးတစ်ယောက်မျှ တက်လာခြင်း မပြုရန် အရှင်ပညာဇလ (ဆုတောင်းပြည့်တောရ) က မေတ္တာရပ်ခံပြောဆိုပြီးနောက် ကျောင်းအောက်သို့ ဆင်းလာကာ ဆုတောင်းပြည့်တောရဆရာတော် အရှင်ကေဝလထံသို့လည်းကောင်း အကြောင်းကြားသင့် ကြားထိုက်သူများထံသို့လည်းကောင်း၊ ဖုန်းဆက်အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။

ဆရာတပည့်(၂)ပါး စကားပြောဆိုနေစဉ် သံဃာများ ကျောင်းပေါ်သို့တက်ရောက်လာ

ဖုန်းဆက်ပြီး ကျောင်းပေါ်သို့ ဖြည်းညှင်းစွာ ပြန်တက်လာသော အရှင်ပညာဇလက အနှောက်အယှက် မဖြစ်စေရန်အ-ွက် တောရဆရာတော်ဘုရားကြီး မြင်လောက်သော ခပ်ဝေးဝေးနေရာက ငြိမ်သက်စွာ ရပ်၍ နေလေ၏။ ထိုအခါ တောရဆရာတော် ဘုရားကြီးက "ကိုယ်တော် ဒီဘုန်းကြီးအနားလာ" ဟုခေါ်သဖြင့် အနီးသို့ သွားရောက်ပြီး "ဘုန်းဘုန်း မိန့်ပါဘုရား" ဟု လျှောက်ထား၏။

ထိုအချိန်၌ တောရဆရာတော်ဘုရားကြီးနှင့် အကျွမ်းဝင်သူဟု ထင်မြင်ယူဆရသော ညောင်လွန့်တောရမှ မထေရ်တစ်ပါး ကျောင်းပေါ်သို့ တက်လာ၏။ ရှေ့ဆင့်နောက်ဆင့်ဆိုသလို တားမြစ်ထားသည့်ကြားက နဘူးကျောင်းတောရမှ သံဃာတော်များကလည်း ဖြေးညှင်းစွာ ကျောင်းပေါ်သို့ တက်ရောက်လာခဲ့ကြသည်။ နှစ်သက်မှု မရှိသော်လည်း တောရဆရာတော်ဘုရားကြီးကို အနှောင့်အယှက် ဖြစ်မှာစိုး၍ တားမြစ်ပြောဆိုခြင်း မပြုလုပ်ခဲ့ပါ။

သံဃာတော်များ (၁၅) ပါးခန့် ကျောင်းပေါ်သို့ ရောက်ရှိနေသော်လည်း လက်ယာဘက်သို့စောင်း၍ လျောင်းစက်နေသော တောရဆရာတော်ဘုရားကြီးအနေဖြင့် နောက်ကျောက တိတ်ဆိတ် ငြိမ်သက်စွာ ထိုင်နေသော သံဃာတော်များကို မမြင်တွေ့ရပါ။

ခဏအကြာ ညောင်လွန့်တောရမှ ကြွလာသော မထေရ်တစ်ပါးက ဖြည်းညှင်းစွာ ဦးချ၍ ပြန်မည်ပြုစဉ် နောက်သို့ လှည့်မကြည့်ဘဲ ထိုမထေရ်၏ ဘွဲ့ကို (ဘွဲ့အမည်မေးမထား၍ မမှတ်မိ) ခေါ်၍ **"ဦး..... ကိုယ်တော်ပြန်တော့မှာလား"** ဟု မေးလိုက်ရာ နောက်ကျော၌ ကပ်လျက်ထိုင်နေသော ရဟန်းသံဃာအချို့ မျက်လုံးပြူးသွားကာ အလွန်အံ့သြလျက် ရှိနေကြ၏။ အကြောင်းမှာ ငြိမ်သက်စွာ တက်လာပြီး စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်သက်စွာ ဦးချပြီး ပြန်မည်ပြုသော မထေရ်၏ဘွဲ့တော်နှင့် ဦးချသည့် အမူအရာကို လှည့်မကြည့်ဘဲ သိနေခြင်းသည် တစ်စုံတစ်ခုသော အဘိညာဉ်ကို ရများရနေ◌ေ◌လော ဟု အံ့သြမိကြဟန်တူ၏။ အမေးခံရသော မထေရ်လ ◌ ်း ပြန်မကြွတော့ဘဲ ဆက်လက်ထိုင်နေ၏။

တောရဆရာတော်ဘုရားကြီးနှင့် အရှင်ပညာဗလ အမေးအဖြေ ဆက်လက်ပြုလုပ်

ဆရာတော်။ ။ "ကိုယ်တော် ဒီဘုန်းကြီးနဖူးကို စမ်းကြည့်စမ်းပါ။" အရှင်ပညာဗလက ညာဘက်လက်နှင့် စမ်းကြည့်၏။

ဆရာတော်။ ။ ဘယ်နဲ့နေတုံး၊

အရှင်ပညာဗလ။ ။ ရေခဲတုံးလို အေးစက်နေပါတယ်ဘုရား"

တော်။ ။ "ဟုတ်တယ် ဒီဘုန်းကြီးရဲ့နဖူးက အေးနေပြီ ကိုယ်တော် ကိုယ်တော့်နဖူးကို စမ်းကြည့်စမ်း"ဟု မိန့်ရာ အရှင်ပညာဗလက သူ့နဖူးကို ဘယ်ဘက်လက်နှင့် ပြန်စမ်းကြည့်၏။

တော်။ ။ "မဟုတ်ဘူး ဒီဘုန်းကြီးကို စမ်းတဲ့လက်နဲ့စမ်း"ဟု မိန့်ပြန်ရာ အရှင်ပညာဗလက ညာ ဘက်လက်နှင့် ပြောင်းစမ်းကြည့်၏။

တော်။ ။ ဘယ်နဲ့နေတုံး၊

ဗလ။ ။ တပည့်တော် နဖူးကို စမ်းကြည့်တော့ ပူတယ်လို့ ထင်ပါတယ်။ ဒါပေမယ့် တပည့်တော်နဖူးက သာမန်ပါပဲ၊ ဆရာတော်ဘုရားကြီးနဖူးက အေးနေလို့ တပည့်တော်နဖူးက ပူတယ်လို့ ထင်ရတာပါ ဘုရား။

တော်။ ။ "ဟုတ်တယ် ကိုယ်တော်နဖူးက ပုံမှန်ပါပဲ၊ ဒီဘုန်းကြီးနဖူးက အေးနေလို့ ပူတယ် ထင်ရတာ၊ ဒီဘုန်းကြီးရဲ့ ဗိုက်ကို တစ်ခါစမ်းကြည့်ပါအုံး(ဦး)"ဟုမိန့်၏။ အရှင်ပညာဗလက ညာလက်ဖဝါးနှင့် ဗိုက်ကိုအုပ်ပြီး စမ်းကြည့်၏။ (ဗိုက်နှင့်လက်မထိခင်ထဲကပင် အလွန်ပူနေသလို ထိထိခြင်း"အို"ဟု အာမေဋိတ် သံထွက်ပေါ်လာကာ ပူလွန်း၍ ချက်ချင်း ပြန်ရွှာလိုက်ပြီး။

ဗလ။ ။ "ဆရာတော်ကြီးရဲ့ဗိုက်ဟာ အင်မတန်ပူနေပါတယ်၊ မီးညွန့်ပေါ်ကို လက်ဖဝါးနှင့် ကင်မိဟဲ့အခါလို တပည့်တော်လက်မှာ အင်မတန်ပူလောင်နေပါတယ်ဘုရား"ဟုလျှောက်၏။ ဆရာတော် ဘုရားကြီးက အေးဆေးတည်ငြိမ်စွာနှင့် ပြုံးလည်း မိန့်ကြား၏။

တော်။ ။ အေး.... ဒီဘုန်းကြီးရဲ့ ဗိုက်ထဲမှာရှိတဲ့ ကလီစာတွေဟာ တဖြေးဖြေး (ဖြည်းဖြည်း) နဲ့ ပြုတ်ကျပြီးတော့ ပူလောင်နေတာ၊ ကိုယ်တော် အခု လက်နဲ့ စမ်းကြည့်တော့ တွေ့တဲ့အတိုင်းပဲ၊

ဗလ။ ။ "ဆရာတော်ကြီးဘုရား ဒီဝမ်းဗိုက်ထဲက ကလီစာတွေ ပျက်ပြီးတော့ ပူလောင်နေတဲ့ အခုလိုဝေဒနာကို ဆရာတော်ဘုရားကြီး ဘယ်လို ရှုမှတ်ပါသလဲဘုရား" ဟု မေးလျှောက်လိုက်ရာ သံဃာတော်များက (အုံ့ညြသော အမူအရာများဖြင့် ဝိုင်း၍ ကြည့်နေကြ၏။) (အာမေဋိတ်သံများပင် ထွက်လာကြ၏။) တောရဆရာတော်ဘုရားကြီးက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ကြည်လင်သော အသံဖြင့် ချက်ချင်းပဲ ပြန်လည်ပြောကြားပါသည်။

တော်။ ။ "အေး...အဲ့ဒါ ဒီဘုန်းကြီးဗိုက်ထဲမှာ ကလီစာတွေ ပျက်ပြီး လောင်နေတဲ့ အပူဝေဒနာမီးကို ငါ့မှာ လောင်နေခြင်း ဆိုပြီးတော့ ငါနှင့် ရောပြီး နှလုံးသွင်းလို့ရှိရင် ဒီဘုန်းကြီး လူးလိမ့်နေရပြီ၊ အဲ့ဒီလို မဟုတ်ဘဲနဲ့ ဒီဝေဒနာတွေကို ငါနဲ့ခွါထားလိုက်ရင် သက်သာသွားတာပဲ၊ နေလို့ထိုင်လို့ ဖြစ်သွားတာပဲ" ဟု လက်တွေ့ကျင့်သုံးရာမှ ပေါက်ဖွားလာတဲ့ အဖိုးမဖြတ်နိုင်တဲ့ သမိုင်းတွင် မော်ကွန်းတင်ထိုက်သည့် စကားကို မိန့်ကြားပြီး ခေတ္တငြိမ်သက်နေလေ၏။ (တရားနှလုံး သွင်းနေပုံရ၏) ခဏကြာသော် လေးလေးမှန်မှန်နှင့် ဖြေးဖြေး (ဖြည်းဖြည်း) ချင်းထပ်၍ မိန့်ကြားလာပြန်၏။

တော်။ ။ "ကိုယ်တော်လည်း ဒီသာသနာတော်နဲ့ ကြုံတုံးမှာ ဝိပဿနာအလုပ်ကို ကြိုးစားပြီးတော့လုပ်" ဟု တရားအလုပ် ကျင့်ကြံကြိုးကုတ်ဖွားများ အားထုတ်ရန် (မအိပ်မနေ အနီးကပ်၍ ပြုစုစောင့် ရှောက်လျက်ရှိသော တပည့်ရင်းကို တရားအမွေ ပေးခဲ့သည့်အလား) တိုက်တွန်းပြီးနောက် ခေတ္တ ငြိမ်သက်နေ၏။ ခဏကြာသော် ဆက်၍ မိန့်ကြား ပြန်၏။

တော်။ ။ "ဒါန၊ သီလဆိုတာ ဖြည့်လို့ လွယ်တယ်"ဟု တိုတိုတုတ်တုတ်နှင့် မိန့်ကြားပြီး စကားကို အဆုံးသတ်လိုက်သည်။ (ထိုအချိန်မှာ ညနေ (၅) နာရီ (၄၅) မိနစ်အချိန်သို့ ရောက်ပြီဟု ယူဆရ၏။ စကားလုံးဝ မပြောတော့ဘဲ ငြိမ်သက်စွာ နေလေ၏။) ဝေဒနာကို နိုင်နင်းစွာ ရှုမှတ်ပွားများနိုင်သဖြင့် အနည်းငယ်သက်သာသည့် အနေအထားမျိုးသို့ ရောက်ရှိလာပုံရ၏။

လဲဘူးတောရဆရာတော်နှင့် ဆုတောင်းပြည့် တောရဆရာတော်တို့ ကြွရောက်လာ

ည (၆) နာရီခန့်အချိန်တွင် လဲဘူးတောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တနယနှင့် ဆုတောင်းပြည့်တောရဆရာတော် အရှင်ကောဝိလ ဦးဆောင်သော (ထန်းတပင်တောရနှင့် ဆုတောင်းပြည့်တောရတို့မှ) တပည့်သံဃာတော်များ ရောက်ရှိလာသဖြင့် ဝေဒနာကို အမှုမထားဘဲ ထိုင်ပြီးစကားပြောဆိုနေလေ၏။ လဲဘူး ဆရာတော်ဘက်သို့လှည့်ပြီး

တော်။ ။ "ကိုယ်တော်ဘယ်မှာ ဝါဆိုမှာတုံး"ဟု ဘာမှမဖြစ်သလို မျက်နှာ ရွှင်ရွှင်ပျပျ အသံကြည်လင်စွာနှင့် အပြန်ပြန်အလှန်လှန် မေးမြန်းပြောဆိုနေ၏။ ဆုတောင်းပြည့် တောရဆရာတော် အရှင်ကောဝိလက ထိုအခြင်းအရာကို ကြည့်ပြီး ဆရာတော်ကြီး ဘာမှမဖြစ်ဘူး၊ ဘာမှဝေဒနာမခံစားရဘူး၊ ယခင်ပုံစံအတိုင်း စကားပြောနိုင်ဆိုနိုင် ဖြစ်နေပါလျက် အသည်းအသန်ဖြစ်သည့် ပုံစံမျိုးဖြင့် သူတို့ကို မှာရလေသလော ဟု မကျေနပ်သော အသွင်အပြင် အမူအရာဖြင့် ဖုန်းဆက်မှာကြားသူ အရှင်ပညာဇလ

ကို လှမ်းကြည့်ပြီးနောက် တောရဆရာတော်ဘုရားကြီးဘက်သို့ လှည့်၍–

အရှင်ကောဝလ။ ။ "ဆရာတော်ဘုရားကြီးအတွက် ဆေးယူရန် မနက်ဖြန် ရန်ကုန်သို့ ကြွပါမည် ဘုရား" ဟု လျှောက်၏။ တောရဆရာတော်ဘုရားကြီးက မဆိုင်းမတွ ချက်ချင်းပင် ပြန်လည် မိန့်ကြားလိုက်၏။

တော်။ ။ ဒီဘုန်းကြီးအတွက် အဲ့ဒီဆေးတွေ ကပ္ပိ မနေနဲ့ (ဝယ်မနေနဲ့) သွားဖို့မလိုတော့ဘူး၊

ကော။ ။ ဆရာတော် ဒီနေ့ဘာဘုဉ်းပေးတုန်း၊

တော်။ ။ ဒီနေ့အရင်နေ့တွေထက် စွပ်ပြုတ်များများ ဆွမ်းများများ ဘုဉ်းပေးနိုင်တယ်၊

ကော။ ။ အခုရော မဆာဘူးလားဘုရား၊

တော်။ ။ "အေး နည်းနည်းတော့ ဆာတယ်" ဟု မိန့်၏။ ထိုအခါ ဆုတောင်းပြည့်တောရ ဆရာတော်က ပန်းသီးဖျော်ရည် ကပ်ရန်အတွက် အလိုက်သိစွာဖြင့် စီစဉ်ဆောင်ရွက်နေ၏။

ရုတ်တရက် ဖောက်ပြန်လာ

ဆရာနှင့် တပည့်များ ရင်းနှီးပွင့်လင်းစွာ ဖြူစင်သောမေတ္တာ၊ သနားကြင်နာခြင်း ကရုဏာတတ် အပြည့်အဝပါသော စကားတို့ဖြင့် မေးမြန်းလျှောက်ထား ပြောဆိုဖြေကြား ပြီးလျှင်ပြီးချင်း ချက်ချင်းဆိုသလို အသံရော ရုပ်ပါ သိသိသာသာကြီး ပြောင်းလဲသွား၏။ [တွေ့သင့်တွေ့ထိုက်သော တပည့်ကြီးများနှင့် တွေ့ဆုံရပြီးဖြစ်သလို ပြောသင့်ပြောထိုက် မှာသင့်မှာထိုက်သော စကားများကိုလည်း ပြောဆိုမှာကြားပြီးဖြစ်၍ စိတ်ကို လျှော့ချလိုက်ပုံရ၏။]

ဝမ်းဘွင်းမှုကလီစာများကို အလွန်ပြင်းထန်လှတဲ့ တေဇောဓာတ် မီးတောက်မီးလျှံများက ပြန်လမ်းမရှိအောင် အပြီးတိုင် လောင်ကျွမ်းနိပ်စက် လေတော့၏။ အလွန်ပူ၍ ရေအနည်းငယ်တောင်းပြီး ဘုဉ်းပေးလေတော့၏။ "ဤရေသည် ဤဘဝတာအတွက် နောက်ဆုံး ဘုဉ်းပေးသွားခြင်း ပင်ဖြစ်၏။" [ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူခါနီး ဝမ်းတော်ပူလွန်း၍ အရှင်အာနန္ဒာ မထေရ်မြတ်အား ရေကြည်တော်ရှာနိုင်းပြီး နောက်ဆုံး ဘုဉ်းပေးသုံးဆောင်တော်မူသွားပုံနှင့် တူနေလေတော့၏။]

ထိုင်လျက်နှင့် ဘဝတစ်ဓာတ် အဆုံးသတ်တော်မူ

တပည့်များနှင့်ထိုင်ပြီး ဘာမှမဖြစ်သလို ပုံဟန်မျိုးနှင့် ထိုင်လျက်စကားပြောနေရင်း ရုတ်တရက် ရုပ်ရောအသံပါ ဖောက်ပြန်သွားပုံကို တွေ့မြင်လိုက်ရ သော အရှင်လာဘ–ဆုတောင်းပြည့်တောရ (ယခု ဖျဉ်းမ နားမြို့နယ်၊ နန္ဒမူတောရဆရာတော်) က လျင်မြန်စွာ ဝဲဘက်ကနေပြီး ညာလက်ဖြင့် သိုင်း၍ ပွေ့ပိုက်ထားသလို အရှင်ကောဝလကလည်း နောက်ကျောဘက်က ကူညီ၍ ထိန်းမပေးထားလေသည်။

ရေအနည်းငယ်သောက်ပြီး (ည ၇–နာရီ ၂၅–မိနစ်) ချိန်ခန့်မှစပြီး ပျံလွန်တော်မူချိန် (၈–နာရီ ၂၅–မိနစ်ခန့်) အထိ စကားလုံးဝ မပြောဆိုတော့ပါ။

ဘဝတစ်ဓာတ် အဆုံးသတ်သွားအောင် နှိပ်စက်သည့် ဝေဒနာဒဏ်ချက်က ပြင်းထန်လွန်းလှသဖြင့် သွေးများ အဆက်မပြတ် အန်ထုတ်ကာ နေလေတော့၏။

[လက်ျာတော်ရဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး မွေးဖွားရာတိုက်ခန်း၌ သွေးများအန်ထုတ်နေစဉ် ရဟန်းသံဃာတော်များ ပြုစုစောင့်ရှောက်နေပုံနှင့် နှိုင်းယှဉ်ကြည့်ညို့ ရင်ထုမနာ ဖြစ်၍နေမိ၏။]

ဝေဒနာတွေ ဘယ်လောက်ပင် ပြင်းထန်စွာ နှိပ်စက်ပင် နှိပ်စက်နေပါသော်လည်း တောရဆရာတော်ဘုရားကြီးသည်ကား တစ်ချက်ကလေးမျှ ညည်းညူခြင်း ပြုတော်မမူဘဲ အထူးသဖြင့် နှစ်လေးဆယ်

ကျော် ဓုတင်ပဋိပတ် အကျင့်မြတ်တို့၏ အာနုဘော်ဟုန် ကုသိုလ်ဂုဏ်တို့ဖြင့် လွှမ်းခြုံရစ်ပတ် ထုံမွှမ်းအပ်သည်၏ အဖြစ်ကြောင့် **"ထိုင်လျက်နှင့်ပင် ဖြေညှင်းသက်သာစွာ အသာကလေး ခေါင်းငိုက်ကျသွားရိုက်မှာပင် သက်တော် (၈၃) နှစ် ဝါတော် (၆၃) ဝါအရ ၁၃၆၆–ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း ၆–ရက် (၂၂. ၇.၂၀၀၄) ည ၈–နာရီ ၂၅–မိနစ်ခန့်အချိန်တွင် ဘဝတစ်ခေတ် အဆုံးသတ်၍"** တပည့်အများ စွန့်ခွာထားကာ မြန်းကြွတော်မူခဲ့ လေပြီတကား။

တပည့်အများ ငိုကြွေးကြ

တောရဆရာတော်ဘုရားကြီး၏ ခေါင်းက အသာကလေး ငိုက်ကျသွားပုံကို တွေ့မြင်လိုက်ရသော တပည့်သံဃာတော်အပေါင်းတို့မှာ အမိမဲ့သားရေနည်းငါးပမာ ဝမ်းနည်းပူဆွေး အသံထွက်အောင် ငိုကြွေးကြလေတော့၏။

[ဓုတင်အရာ ဧတဒဂ်ရ အရှင်မဟာကဿပ မထေရ်မြတ်နှင့် တပည့်ရဟန်းငါးရာတို့ ပါဝါပြည်မှ ကုသိနာရုံပြည်သို့အသွား ခရီးနားခိုနေခိုက် မန္ဒာရဝနတ်ပန်းကို ကိုင်ဆောင်လာသော တက္ကတွန်း တစ်ယောက်ကိုမြင်၍ မေးမြန်းရာ တက္ကတွန်းက ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးဖြစ်ကြောင်း လျှောက်ထားစဉ် တပည့်ရဟန်း သံဃာတော်များ စိုးရိမ်ပူဆွေးမြေပြင်၌ လူးလဲကာ ငိုကြွေးတော်မူကြပုံနှင့် အရှင်အာနန္ဒာ မထေရ်မြတ်ကြီး ဖြေဆည်၍ မရနိုင်အောင် တငိုငို, တရိရို, တတမ်းတမ်း, တတတ, တရှိုက်ရှိုက်, တငင်ငင် ငိုကြွေးမြည်တမ်း နွမ်းလျခွေယိုင် မျက်ရည်မဆည်နိုင်အောင် ဖြစ်နေပုံများနှင့်လည်း နှိုင်းယှဉ်ကြည့်ပြန်ကာ အတွေးရေယာဉ်ကြောမှာ ဝမ်းနည်းကြေကွဲမှုနှင့် အတူ နစ်မြော၍ နေမိပါ၏။]

နိဂုံးချုပ် မိန့်မှာစကား ပေါင်းရုံး သုံးသပ်ချက်

ယခုကဲ့သို့ အရိုးခံ သဘာဝအတိုင်း ရေးသား ဖော်ပြရခြင်းမှာ မရှိဂုဏ်ကို အရှိလုပ်ပြီး အလွန်အကျူး အထူးချဲ့ကား ၎င်းသို့ရေးသားခြင်းမျိုး မပြုလုပ်ဘဲ အရှိကို အရှိအတိုင်း (ပြုပြင်ရေးသား ချဲ့ထွင်မှု မပါဘဲ) ပကတိ ပင်ကိုယ်အတိုင်း ရေးသားဖော်ပြချက်ကို ဖတ်ရှုရခြင်းဖြင့် ဘဝတစ်ခေတ် အဆုံးသတ်တော့မည့် လွန်မင်းပြင်းထန် ဒုက္ခဝေဒနာဒဏ်ချက်ကို လက်တွေ့ကျကျ သည်းခံနိုင်ပုံ၊ ငါခံစားနေတာ မဟုတ် ခံစားမှုသဘော (ဝေဒနာ) ကသာ ခံစားနေတာ၊ ခံစားမှု (ဝေဒနာ)ထဲမှာလည်း ငါမရှိ၊ ငါထဲမှာလည်း ခံစားမှု (ဝေဒနာ) မရှိ၊ ငါဆိုတာ မရှိ၊ ခံစားမှု (ဝေဒနာ)သာရှိ၊ ခံစားမှု (ဝေဒနာ)ကို ငါလို့ စွဲထင်နေခြင်းသာ ဖြစ်၏။ ငါတခြား ဝေဒနာတခြားပါကလားဟု ဝေဒနာပေါ်မှာ ငါခွာရှုတော့ ငါခံစားနေရတာ မဟုတ်၊ ဝေဒနာကသာ ခံစားနေရတာ ဖြစ်တယ်ဟု ယုံမှားမှုကင်း အမြင်ရှင်းကာ ဝေဒနာနှင့် ငါ ခွာလို့ ရလာတယ်။

ထိုမှတစ်ဖန် ထိုဝေဒနာကလည်း ခံစားမှုသဘောသက်သက် နာမ်တရားသာဖြစ်တယ်၊ ထိုနာမ်တရားဖြစ်တဲ့ ဝေဒနာက တစ်စက္ကန့်အတွင်း အကြိမ်ပေါင်းများစွာ ငါ့အလိုသို့ မပါဘဲ သူ့သဘာဝအတိုင်း ဖြစ်ချင်တိုင်းဖြစ် ပျက်ချင်းတိုင်းပျက်နေတဲ့ မမြဲတဲ့ အနိစ္စပါတကား။

ထိုအဖြစ်နှင့် အပျက်ကလည်း တစ်ကြိမ်တစ်ခါမျှသာ မဟုတ်ဘဲ အကြိမ်ပေါင်းများစွာဖြစ်၊ အကြိမ်ပေါင်းများစွာ ပျက်ပျက်နေတဲ့ (ဖြစ်ပျက်လို့ မဆုံးနိုင်တဲ့ အဖြစ်အပျက်တွေသာ ပြည့်နေတဲ့၊ အမြဲမပြတ် နှိပ်စက်နေတဲ့) ဆင်းရဲအတိ ဒုက္ခဝေဒနာတွေ ပါတကား။

ထိုဒုက္ခဝေဒနာကို မဖြစ်ပါနဲ့လို့ တားလို့လည်း မရ၊ မပျက်မပါနဲ့လို့ တားလို့လည်းမရ ငါနဲ့

မဆိုင် သူ့သဘော သူဆောင်ကာ ဖြစ်ချင်းတိုင်းဖြစ် ပျက်ချင်တိုင်း ပျက်ပျက်နေတဲ့ (ထိုဖြစ်ပျက်သဘော တရားတွေကို တားလို့ဆီးလို့ ရပ်အောင်လုပ်လို့လည်း မရနိုင်တဲ့ အဆင့်ဆင့်ဖြစ် အဆင့်ဆင့်ပျက်နေတဲ့ ကိုယ့်ဆန္ဒအတိုင်း မဖြစ်မပျက်အောင် လုပ်လို့မရနိုင်တဲ့) အနတ္တသဘော သက်သက်ပါတကား။

ဆက်လက်တစ်ဖန် ရှုဖန်များတော့ အဖြစ်တွေ (ခံစားမှုသဘောတွေ) မြန်လွန်းလို့ အဖြစ်ကို မမြင်တော့ဘဲ အပျက်သက်သက်ကိုသာ သိသိနေတဲ့ ဉာဏ်၊ အပျက်သက်သက် ခံစားမှုသဘောကိုသာ မြင်ပြီး အဖြစ်ကို မမြင်တော့တဲ့အတွက် ကြောက်ခြင်း, မုန်းခြင်း, ခံစားမှု အပျက်လောကကြီးကို မတွေ့လို မမြင်လိုခြင်း၊ မတွေ့လို မမြင်လိုသော်လည်း အပျက်လောက (ခံစားမှု သဘောတရား ရှုကွက်က) ပျောက်မသွားနိုင်တဲ့အတွက် ထိုခံစားမှုဝေဒနာကိုပင် အပြန်ပြန် အလှန်လှန် အဖန်ဖန် အထပ်ထပ် သတိကပ်ပြီး ရှုကြည့်နေရခြင်း၊ ရှုကြည့်ဖန်များတော့ ထိုခံစားမှုသဘောတရားကို သုခဝေဒနာ (ချမ်းသာကို ခံစားမှုသဘောတရား) ဒုက္ခဝေဒနာ (ဆင်းရဲကိုခံစားမှုသဘောတရား) လို့ မမြင်တော့ဘဲ (ချမ်းသာ/ ဆင်းရဲတယ်လို့လည်း ခံစားမှု မဖြစ်တော့ဘဲ) (ချမ်းသာ ဆင်းရဲနှစ်ခုတို့ရဲ့ကြားက ပင်ပင်ပန်းပန်း အားစိုက်ရှုမှတ်မှု မပြုလုပ်ရတော့ဘဲ) သဘောတရား (ပျက်မှု) တွေကို သဘောတရား (ပျက်မှု)တွေက သူ့အလိုအလျောက် သူ့ဘာသာသူ အားမစိုက်ရဘဲ မှတ်ဉာဏ်ထဲ၌ စွဲထင်လာမှု၊ အပျက်လောကကို ရှုမြင်ကွင်းမှ ပျောက်ပြီး (ရှုကွက်ထဲရောက် မလာတော့ဘဲ) ခံစားမှုမရှိတဲ့ ခံစားမှုသဘောကင်းတဲ့ အေးငြိမ်းတဲ့သဘောတရားဘက်သို့ ထိုးဖောက်ဝင် ရောက်သွားတဲ့ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း အကျင့်ကောင်းဖြစ်သည့် သီလကို အလေးထား သမာဓိကို ထူထောင် ဝိပဿနာ အလုပ်ကို ဓုတင်အကျင့်နှင့် တွဲဖက်ပြီး တစိုက်မတ်မတ် လုံ့လပန်းကြိုးကုတ် အားထုတ် ကျင့်ကြံလျက်ရှိသော (ဓုတင်ပဋိပတ် အကျင့်မြတ်တို့ဖြင့် ထုံမွမ်းလွှမ်းခြုံလျက်ရှိသော) နှစ်လေးဆယ်ကျော် ဓုတင်ဆောင်မဟာ ထေရ်မြတ်ကြီးကို "တစ်စုံတစ်ခုသော တရားအထူးကို မရနိုင်"ဟု အဘယ်သို့သော ပုဂ္ဂိုလ်က ပြောဆိုနိုင်ဖွယ် ရှိပါအံ့နည်း။

ဤနေရာ၌ ကန္ဒရသာလကျောင်းတိုက်၌ သီတင်းသုံးနေသော ကန္ဒရသာလမဟာထေရ်မြတ်ကြီး ပုံလွန်တော်မူခါနီး ဘုရင်မင်းမြတ်က ဖူးမြော်ရန် ရောက်လာစဉ် ညည်းငြူသံကြားရ၍ ရဟန္တာ မဖြစ်မှန်းသိကာ အထင်သေးစကား ပြောဆိုပြီး မဖူးမြော်ဘဲ ပြန်သွားပုံကို တပည့်ရဟန်းက လျှောက်ထားလာသဖြင့်၊ "ဒီလိုဆို ခဏအပြင် ထွက်ပေးပါ" ဟုဆိုပြီး ခံစားမှု (ဝေဒနာ)ကို ရှုမှတ်ရင်း ချက်ချင်းပင် ရဟန္တာအဖြစ်သို့ ရောက်ရှိလာကာ "မင်းတို့ဘုရင်ကို ခေါ်လိုက်" ဟု ရဲဝံ့စွာ မိန့်ကြားဝန်ခံချက်စကားကို ထောက်၍ ဘာဝနာတရား အမြဲလက်ကိုင်ထားနေသူများအတွက် ရဟန္တာဖြစ်လိုက မခက်ကြောင်း သက်သေသာဓက တစ်ရပ်ပင် ဖြစ်၏။

ဘဝတစ်ခေတ် အဆုံးသတ်မည့် သွေးပွက်ပွက်အန်လောက်အောင် ပြင်းထန်တဲ့ ဝေဒနာဒဏ်ချက်ကို ခံစားရရှိနေပါလျက် ဝေဒနာကို "ငါနဲ့ခွါထားလိုက်ရင် သက်သာသွားတာပဲ နေလို့ထိုင်လို့ ဖြစ်တာပဲ" ဟု မရွံ့အကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲဝံ့ဝံ့ ဝန်ခံမိန့်ကြား "သီဟနာဒစကား"ကို အလုပ်နှင့် သက်သေပြကာ မိမိကဲ့သို့ ကျင့်ကြံပွားများ အားထုတ်ကာနေစေလိုသည့် စေတနာ, မေတ္တာ, ကရုဏာ တရား ကြီးမားစွာဖြင့် "ကိုယ်တော်လည်း ဒီသာသနာတော်နဲ့ ကြုံတုန်းမှာ ဝိပဿနာ အလုပ်ကို ကြိုးစားပြီးလုပ်ပါ" ဟု တိုက်တွန်းသွားခဲ့သော ကျေးဇူးရှင် နဘူးကျောင်း ရန်ကင်းတောရ

ဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာ အဆင့် မည်မျှရှိသည်ကို ပညာရှင်များ ခန့်မှန်းတွက်ဆ၍ ရနိုင်လောက်သောစကားမျိုး ဖြစ်ပါသည်။

"ကိုယ်တော်လည်း" ဟူသောစကားရပ်၌ **"ကိုယ်တော်လည်း တပည့်တော်ကဲ့သို့ သေခြင်းတရားကို ရင်ဆိုင်နိုင်အောင် ဝိပဿနာအလုပ်ကို လုပ်ပါ"** ဟု မိမိနှင့်အတူ ထပ်တူပြု၍ ပြောဆိုဆုံးမသွားခြင်းမှာလည်း မိမိ၌ ဘာတစ်ခုမျှ အားကိုးစရာမရှိပါဘဲ (သီလနှင့် ဓုတင်အကျင့်ကို အလေးထားတော်မူခဲ့တဲ့ ဆရာတော်ကြီး တစ်ပါးအနေဖြင့်) အဘယ်မှာ အတူပြု၍ (မိမိကိုစံထား၍) ပြောဆိုဆုံးမနိုင်ပါမည်နည်း.. စသည် စသည်ဖြင့် ဉာဏ်ရှိတိုင်း ဖြန့်ကျက်၍ တွေးယူမှန်းဆ ကြည်ညိုသဒ္ဒါ ပွားနိုင်ကြရန်နှင့် ကြုံခဲလှစွာ သာသနာ၌ အမှုမဲ့နေ အမှုမဲ့စား အမှုမဲ့သေသွားရတဲ့ အဖြစ်မျိုးသို့ မရောက်ကြရလေအောင် တောရဆရာတော်ဘုရားကြီးကို အတုယူအားကျ မမေ့ကြဘဲ ဆရာတော်ဘုရားကြီး အလေးထား၍ နောက်ဆုံးမိန့်ကြားသွားသော "ဝိပဿနာအလုပ်ကို ကြိုးစားလုပ်"ဟူသော အပ္ပမာဒ,စကား လက်ကိုင်ထား၍ လက်တွေ့ကျင့်ကြံ မြတ်နိဗ္ဗာန်သို့ ဧကန်မသွေ ရောက်စေလိုသော မွန်မြတ်သော စေတနာဖြင့် **"တောရဆရာတော်ဘုရားကြီး၏ ဘဝ တစ်ဓာတ် နိဂုံးသတ်ရပုံနှင့် နိဂုံးချုပ်စကား"** ပေါ်လွင် ထင်ရှားအောင် ဖွင့်ဆိုရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ [မိမိတို့ ကြိုက်နှစ်သက်သလို တွေးထင် ယူဆနိုင်ပါကြောင်း။]

အာယသ္မာ – စန္ဒောဘာသ
မှန်တောင်တောရဆရာတော်
သာဂရမြို့။

နောက်ဆက်တွဲ – ခ

၁၃၆၆–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၀)ရက် (၂၆.၇.၂၀၀၄)တနင်္လာနေ့
ထန်းတပင် နှင့် နဘူးကျောင်း ရန်ကင်းတောရဆရာတော်ဘုရားကြီး၏ တပည့်

မှန်တောင်တောရဆရာတော် "ဓာသသွာစနေ့သာသာ" ရေးသားပူဇော်အပ်သော
ဘဒ္ဒန္တတိဿရ မဟာထေရ်မြတ်ကြီး၏
ထူးထိခြဲဘာ မင်္ဂလာ ဂါထာတော်များ

(၁) မဟာဝီရော မဟာပညော၊
ဗဟုဿုတော စ ပဏ္ဍိတော။
ဂရုကော သီလသမ္ပန္နော၊
ဝိနယော ဓုတင်္ဂတရော။

(၂) အာရဒ္ဓဝီရိယော ထေရော၊
တိဿရော သုဋ္ဌုသမ္ပတော။
သတာသတ္တတိ သီမာနိ၊
စိရံတိဋ္ဌာယ သာသနံ။

(၃) တာဒိသော ဂုဏသမ္ပန္နော၊
ထေရော ဘဒ္ဒန္တတိဿရော။
အပေါဝတာယ မုပ္ပန္နော၊
ဝိဟာရေ အဘယေ ဝနေ။

(၁) မဟာဝီရောစ၊ လုံ့လအရာမယုဉ်သာအောင် ထကြွနိုးကြား ကြီးမားသော လုံ့လဝီရိယလည်း ရှိတော်မူပါပေထသော။ မဟာပညောစ၊ နက်နက်နဲနဲ စက်အခဲကို တစ်မုဟုတ်ခြင်း ဖျက်ခွဲဖြိုခွင်းနိုင်သော ထက်မြက်အင်အား ကြီးမားသော ဉာဏ်ပညာလည်း ရှိတော်မူပါပေထသော။ ဗဟုဿုတောစ၊ လောကီ လောကုတ္တရာ နှစ်ဖြာလောက်ငံ့ ပြည့်စုံကြွယ်ဝသော ဗဟုသုတလည်းရှိတော် မူပါပေထသော။ ပဏ္ဍိတောစ၊ မေးလာသမျှ ပြဿနာဉဿုံအလုံးစုံကို ယုံမှားမှုကင်း အမြင်ရှင်းအောင် ထိန်ချန်မထား မိန့်မှာကြားလျက် ဖြေရှင်းနိုင်သော ဉာဏ်ပညာလည်း ရှိတော်မူပါပေ ထသော။ ဝိနယောဂရုကော၊ ရွှေငွေစသား ဝိနည်း သိက္ခာပုဒ်တော်များကို ကပ္ပိယမထား စွန့်ပယ်ရှားသဖြင့် အလေးဂရု အရေးလည်း ပြုတော်မူပါပေထသော။ သီလသမ္ပန္နောစ၊ အဏုမြူမျှ သေးငယ်လှစွာ သိက္ခာပုဒ်တော် စသည်များကို မကျိုးမပေါက်မပြောက် မကြားအောင် ထိန်းသိမ်းစောင့်ရှောက်သဖြင့် လောက်ငံ့လုံ ပြည့်စုံသော သီလလည်း ရှိတော်မူပါပေထသော။ ဓုတင်္ဂတရောစ၊ အိပ်ရာထဲမှ မထနိုင်အောင် ဘုန်းဘုန်းလဲ၍နေပါသော်လည်း ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ရက်စက်ပြင်းထန် စွဲသန်သန်ဖြင့် ကျင့်ကြံကျိုးကုတ်အားထုတ်ယှဉ်လတ် ဓုတင်ပဋိပတ် အကျင့်မြတ်ကိုလည်း ဆောင်ယူတော် မူပါပေထသော။

(၂) အာရဒ္ဓဝီရိယောစ၊ သိမ်သမုတ်ရန် ပင့်ဖိတ်လာက ဝေးနီးမဟူ ကြွတော်မူလျက် အားပေးကူညီလိုလျှင် လျှုဒါန်း အံ့မခန်းအောင် ဆန္ဒပြင်းထန်ထက်သန်သော လုံ့လဝီရိယလည်း ရှိတော်မူပါပေထသော။ တိသာသရော ထေရော–တိသာသရ ထေရော၊ ထန်းတပင်နှင့် နဘူးကျင်း ရန်ကင်းတောရ နှစ်ဌာနၶ္ဓ မှူတည်ပြီး သီတင်းသုံးနေထိုင်တော်မူသော သာသနဓဇ သိရီပဝရ ဓမ္မာစရိယ, ပိဋကတ္တယဆေက, လင်္ကာပေသလ, သိက္ခာကာမ, ဝိနယဂရုက, ဓုတင်္ဂတရ ဖြစ်တော်မူသော နဘူးကျင်း ရန်ကင်းတောရ ဘဒ္ဒန္တ တိသာသရ မဟာထေရ်မြတ်ကြီးသည်။ သာသနံ၊ ရှင်တော်ဘုရား တည်ထားမိန့်လတ် သာသနာတော်မြတ်သည်။ စိရံ၊ ငါးထောင် သာသနာမက ကြာအောင်။ တိဋ္ဌာယ၊ အရှည်ခန့်၍ တည်တံ့နိုင်မြဲ မယိုင်လဲစေခြင်းငှာ။ သတာသတ္တတိ သီမာနိ၊ မဟာသိမ်စရှိ များဘိသောင်းသောင်း သိမ်အလုံးပေါင်း တစ်ရာ့ခုနစ်ဆယ်(၁၇၀)တို့ကို။ သုဋ္ဌု၊ ဂရု, လဟု, အက္ခရာစုကို မြဲမြဲတင်းကြပ် သတိကပ်လျက် လေးမြတ်ကောင်းမွန်စွာ။ သမ္မတော၊ ကောင်းစွာမသွေ သမုတ်တော်မူအပ်ခဲ့လေပြီ။

(၃) တာဒိသော ဂုဏာသမ္ပန္နော၊ ထိုဆိုအပ်ခဲ့ပြီးသောမဟာဝီရ, မဟာပညာ, ဝိနယဂရုက, စရှိသောင်းသောင်း ဂုဏ်ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော်မူပါပေထသော။ ဝိဟာရေ အဘာဝေ ဝနေ – အဘယဝန ဝိဟာရေ၊ နဘူးကျင်းဂါမ ရပ်ဌာန၏ အနောက်မြောက် ယွန်းယွန်း တောင်ထိပ်စွန်းဝယ် ဘေးရန်ခပင်း အလွန်ရှင်းသဖြင့် “ရန်ကင်းတောရ” သာလှတင်ဆန်း ကျောင်းသခ်မ်း၌။ ဘဒ္ဒန္တ တိသာသရော ထေရော၊ ဘဒ္ဒန္တတိသာသရ နာမကျော်ဟီး မဟာထေရ်မြတ်ကြီးသည်။ ဥပ္ပန္နော၊ သာသနာတော်သမိုင်းဝယ် မော်ကွန်းတွင်ရစ်လောက်အောင် ကောင်းစွာမသွေ ထင်ရှားပေါ်ထွက်တော်မူခဲ့ပေပြီ။ အယံထေရော၊ ကမ္ဘာတစ်လွှားမှာ ပြိုင်စံရှားလောက်အောင် မွေးကြိုင်ပျံ့သင်း ဂုဏ်သတင်းတို့ဖြင့် ကျော်စောထင်ရှား ဤဆရာတော်အရှင်မြတ်ဘုရားကြီးသည်။ အယောဝတ၊ အံ့ချီးခြင်းငှာ ထိုက်ပါပေစွတကား။ (အယောဝတ၊) ဖူးမြော်လို့မဝ ပြောပြလို့မပြီးကြီးဆလို့မကုန် ဂုဏ်ပေါင်းစုံသဖြင့် ဘဝင်အထူးရွှင်ရွှင်မြူးအောင် အံ့ချီးခြင်းငှာ ထိုက်ပါပေစွတကား။

သာဂရမြို့
မှန်တောင်တောရဆရာတော်၏
ထပည့်ဓါယကာ၊ ဓါယိကာမ မှုးကောင်းမှု၊
၁၃၆၆–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၀) ရက်
(၂၆.၇.၂၀၀၄)တနင်္လာနေ့

ဓမ္မဒါန၊ ။ ရှက်ရေ(၂၀၀၀)

ထန်းတပင်နှင့် နဘူးကျောင်း ရန်ကင်းတောရဆရာတော်ဘုရားကြီး၏ တပည့် မှန်တောင်တောရဆရာတော် "အာယသ္မာစန္ဒာဘာသ" ရေးသားပူဇော်အပ်သော

ဘဒ္ဒန္တတိဿရ မဟာထေရ်မြတ်ကြီးအား ထုတ်ပြသော ဝန္ဒနာဂါထာ

သီလာဒိ ဂုဏသမ္ဗန္နံ၊
ထေရံ ဘဒ္ဒန္တ တိဿရံ။
ဝိဟာရေ အဘယာရညေ၊
မယံ ဝန္ဒာမ သာဒရံ။

သီလာဒိ ဂုဏသမ္ဗန္နံ၊ သီလစရိ များဘိဥသုံ တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူပါပေထသော။ ဝိဟာရေ အဘယာရညေ-အဘယ အရညဝိဟာရေ၊ မြို့ရမည်းသင်း အတွင်းဝင်သည့်-ပြန့်သင်းမွေးထုံ ရနံ့ဂုဏ်နှင့် ပြည့်စုံလှစွာ နဘူးကျောင်းရွာ၏ အနောက်မြောက်ယွန်းယွန်း တောင်ထိပ်စွန်းဝယ် လှုရှင်ကင်းဆိတ် ရှက်စိပ်စိပ်နှင့် မွေ့ပျော်ဘွယ်ကောင်း "နဘူးကျောင်း ရန်ကင်းတောရကျောင်း"၌။ (ဝိဟရန္တံ၊) လျှောင်းထိုင်ရပ်သွား လေးပါးဣရိယာ မှုတစ္စာဖြင့် သာယာရွှင်ပြုံး သီတင်းသုံး နေထိုင်တော်မူသော။ ဘဒ္ဒန္တ တိဿရံ၊ "သာသနဓဇ သိရိပဝရဓမ္မာစရိယ" ဘွဲ့နာမနှင့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စရှိ များဘိကုံလုံ ပိဋကတ်သုံးပုံကို ကုန်စင်မွေနှောက် တစ်ဖက်ကမ်းခတ် တတ်မြောက်ကျော်ကြား ထင်ရှားတော်မူသော 'အရှင်တိဿရ' ဟု နာမထင်ပေါ် ဘွဲ့အမည်တော်ရှိသော။ ထေရံ၊ ဝိနယဂရုက, လဇ္ဇီပေသလ, သိက္ခာကာမ, ဂန္ထကာရက, မဟာပဏ္ဍိတ, ပိဋကတ္တယဓေက, ဓုတင်္ဂဓရ, ဂဏဝါစက, အရညဝါသီ ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မဟာထေရ်မြတ်ကြီးကို။ မယံ၊ အသည်းနှလုံး ကြိမ်မီးအုံးသို့ မချိတင်ကဲ လွမ်းဆင်းရဲလျက် သောကဖိစီး ငိုကြီးတမ်းတ နှမ်းလျှမွေယိုင် မျက်ရည်မဆည်နိုင်အောင် ရှိကြကုန်သော ဘုရားတပည့်တော်တို့သည်။ (ပစ္ဆိမေန၊) နောက်နောင်းချိန်ခါ ဘယ်နေရာမှ ဖူးခွင့်မမြင် တွေ့ခွင့်မရ ဤဘဝမှာ နောက်ဆုံးရည်ရော် ဖူးမြော်သည့် အနေအားဖြင့်။ သာဒရံ၊ မြေသုတ်ပုဆိုး မြေဆွယ်ကျိုးနှင့်ချိုကျိုးသည့်နွား ဒွန်းစန္ဒားပမာ ရိုသေစွာဖြင့်။ ဝန္ဒာမ၊ လက်အုပ်ချီမိုးရှိခိုး ကန်တော့လိုက်ပါကုန်၏ဘုရား။ (ဝန္ဒာမ၊) ယခုလိုအပူမျိုး နောက်နောင်းချိန်ခါ ဘယ်နေရာမှ မတွေ့နိုင်ရေး မျှော်တောက်တွေး၍ အားရအောင် ရှိခိုးကန်တော့လိုက်ပါကုန်၏ "နဘူးကျောင်း ရန်ကင်းတောရ" (ကျေးဇူးတော်အရှင်) ဆရာတော်သခင် အရှင်သူမြတ်ကြီးဘုရား။

သာဂရမြို့၊ မှန်တောင်တောရဆရာတော်၏
တပည့်ဒါယကာ၊ ဒါယိကာမများ ကောင်းမှု။

စန္ဒာဒါန။ ။ရွက်ရေ(၂၀၀၀)

ကျမ်းကိုးနှင့်မှီရာများ

၁။ အရဏျဂကာလဝိနိစ္ဆယ ခေါ် အရဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း (ပါဠိ + မြန်မာ)	နဘူးကျောင်းတောရဆရာတော်
၂။ စီဝရဝဍ္ဍဝိနိစ္ဆယ ခေါ် သင်္ကန်းရောင် အဆုံးအဖြတ်ကျမ်း (ပါဠိ + မြန်မာ)	နဘူးကျောင်းတောရဆရာတော်
၃။ ဆန္ဒဒါနဝိနိစ္ဆယ ခေါ် ဆန္ဒပေး အဆုံးအဖြတ်ကျမ်း (ပါဠိ + မြန်မာ)	နဘူးကျောင်းတောရဆရာတော်
၄။ ဓုတင်္ဂဝိနိစ္ဆယ ခေါ် ဓုတင် အဆုံးအဖြတ်ကျမ်း (ပါဠိ + မြန်မာ)	နဘူးကျောင်းတောရဆရာတော်
၅။ မေ့သံယုတ္တဂါထာ ခေါ် တရားနှင့်ယှဉ်နေစေချင် (ပါဠိ + မြန်မာ)	နဘူးကျောင်းတောရဆရာတော်
၆။ ဝန္ဒနာစုံကျမ်း ခေါ် မြင့်မြတ်သူတို့၏ အလုပ်များ (ပါဠိ + မြန်မာ)	နဘူးကျောင်းတောရဆရာတော်
၇။ သရက်ကန်ဆရာတော် ဘဒ္ဒန္တ ဥက္ကံသ၏ ထေရုပ္ပတ္တိအကျဉ်း (ပါဠိ + မြန်မာ)	နဘူးကျောင်းတောရဆရာတော်
၈။ ဘုရားဖြူဆရာတော် ဘဒ္ဒန္တ ပညာဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိ (ပါဠိ+မြန်မာ)	နဘူးကျောင်းတောရဆရာတော်
၉။ တောရဆရာတော် သမုတ်ခဲ့သော သိမ်-၁၀၀ မှတ်တမ်း (ပါဠိ + မြန်မာ)	နဘူးကျောင်းတောရဆရာတော်
၁၀။ တောရဆရာတော် ထပ်မံသမုတ်ခဲ့သော သိမ်-၇၀ မှတ်တမ်းများ လက်ရေးမူ	နဘူးကျောင်းတောရဆရာတော်
၁၁။ ကလျာဏီ ကျောက်စာ မြန်မာပြန် ပြင်ဆင်တည်းဖြတ်ချက်	နဘူးကျောင်းတောရဆရာတော်
၁၂။ ပြည်တွင်းပြည်ပ တောရဆရာတော်များမေး တောရဆရာတော်ဖြေ ကျမ်းစာ	နဘူးကျောင်းတောရဆရာတော်
၁၃။ တောရဆရာတော်၏ နေထွက်၊ မွန်းတည့်၊ နေဝင်ချိန် နေ့စဉ်မှတ်တမ်း ဒိုင်ယာရီ	နဘူးကျောင်းတောရဆရာတော်
၁၄။ ၁၃၁၅ (၁၉၅၄) ခုနှစ် စာချတန်းအောင်စာရင်း-ပြန်တမ်း	နိုင်ငံတော်အစိုးရ
၁၅။ တောရဆရာတော်၏ ဝါဆိုစဉ်မှတ်တမ်းများ လက်ရေးမူနှင့် ထေရုပ္ပတ္တိကထာ (ပုံနှိပ်မူ ၂၀၀၂)	အရှင်အာဒိစ္စဝံသ(မွှာစရိယ) နဘူးကျောင်းရွာကျောင်း
၁၆။ သရက်ကန်ရွာ သာသနပါလကျောင်းသမိုင်း (ပထမအကြိမ်-၂၀၀၇)	အရှင်ဘူရိပည (မဟာမွှာစရိယ M.A)

၁၇။ ပါဒစေတီ–ရွှေစက်တော်သမိုင်းကြီး	နိုင်ငံတော်အစိုးရကျောင်းဆရာ ဦးတင်ရှိန်–စကုမြို့
၁၈။ ရွှေဟင်္သာဆယ်စောင်တွဲ	ရွှေဟင်္သာတိုက်
၁၉။ တောရဆရာတော် ဟောကြားခဲ့သည့်	
(က) သရက်ကန်ဆရာတော် ထေရုပ္ပတ္တိ (တိတ်ခွေ)	
(ခ) ဓမ္မစေတီယသုတ် တရားတော် (တိတ်ခွေ)	
(ဂ) ဂဓေသီသုတ် တရားတော် (တိတ်ခွေ)	နဘူးကျောင်းတောရဆရာတော်
၂၀။ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် (တတိယအကြိမ်–၁၉၉၃)	မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ
၂၁။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ (ဆဋ္ဌမအကြိမ်–၂၀၀၂)	မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ
၂၂။ အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာ (ဒုတိယအကြိမ် ၁၉၉၄)	အရှင်ဃောသိတ(ဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
၂၃။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ (မိုးကုတ်အဖွဲ့ချုပ်–၂၀၀၂)	အရှင်ဃောသိတ(ဓမ္မာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
၂၄။ မြန်မာနိုင်ငံပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ (နဝမအကြိမ်–၁၉၉၃)	ဓမ္မာစရိယ ဦးဌေးလှိုင်
၂၅။ ထေရီထေရာ ရဟန္တာ ပုဂ္ဂိုလ်ကြီးများ (ဒုတိယအကြိမ်–၁၉၉၀)	ဝဏ္ဏသိရီ
၂၆။ လယ်တီမဟာသရဏဂုံတော်ကြီး (ပါဠိ+မြန်မာ)	လယ်တီဆရာတော်ဘုရားကြီး
၂၇။ လယ်တီဒီပနီပေါင်းချုပ် (တတိယတွဲ)	
(က) ပဋိစ္စသမုပ္ပါဒ်ဒီပနီ	
(ခ) နိဗ္ဗာနဒီပနီ	
(ဂ) ကမ္မဋ္ဌာနဒီပနီ	လယ်တီဆရာတော်ဘုရားကြီး
၂၈။ လယ်တီဆရာတော်ဘဝဖြစ်တော်စဉ် (၂၀၀၆/၂၀၀၇– ဓမ္မစာပေဆု)	ဆရာဦးအောင်မွန် (မဟာဝိဇ္ဇာ)၊ မြတ်ဆုမွန်
၂၉။ စူဠသောတာပန်ဖြစ်စခန်း ဓာတ်ကမ္မဋ္ဌာန်းကျမ်း (ပိဋကတ်ဖျူဟာ)	မူလသပိတ်အိုင် ဆရာတော် ဦးကိတ္တိ
၃၀။ ပဒတ္ထမဉ္ဇူသာ ခေါ် ပါဠိမြန်မာ အဘိဓာန်ကျမ်း (ပိဋကတ်ဖျူဟာ)	ဆရာကြီးဦးဟုတ်စိန် **(B.A.B.L)**
၃၁။ ယူနီဗာဆယ် အင်္ဂလိပ်မြန်မာ အဘိဓာန်	ယူနီဗာဆယ်အဖွဲ့

၃၂။ ပိဋကတ်တော်များ ပါဠိ+မြန်မာပြန် (ပိဋကတ်ဖျူးဟာ–၁၉၉၇)	အရှင်တိလောကသာရ (စ) ရဝေထွန်း
၃၃။ တိပိဋကဓရ ရွှေရတုစာစောင် (၁၃၁၀–၁၃၆၀)	သာသနာရေးဦးစီးဌာန
၃၄။ မဟာဗုဒ္ဓဝင်ကျမ်း ပဥ္စမတွဲနှင့် ဆဋ္ဌမတွဲ (ပထမပိုင်း)၊ (ဒုတိယပိုင်း) (သတ္တမအကြိမ်–၂၀၀၂)	မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
၃၅။ မဟာသတိပဋ္ဌာနသုတ် မြန်မာပြန် (တတိယအကြိမ်)	မဟာစည်ဆရာတော်ဘုရားကြီး
၃၆။ ဘာရသုတ္တန်တရားတော်ကြီး (ပထမအကြိမ်–၁၉၆၉)	မဟာစည်ဆရာတော်ဘုရားကြီး
၃၇။ အရိယာဝါသတရားတော်ကြီး (ဆဋ္ဌမအကြိမ်–၁၉၉၅)	မဟာစည်ဆရာတော်ဘုရားကြီး
၃၈။ ပရိတ်ကြီးနိဿယသစ် (ဆဋ္ဌမအကြိမ်–၁၉၈၉)	သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ
၃၉။ ဗောဇ္ဈင် ၇–ပါးတရားမြတ်ရတနာ (ပထမအကြိမ်–၁၉၉၀)	သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ
၄၀။ မြန်မာစာညွှန့်ပေါင်းကျမ်း (ပထမတွဲ–၁၉၉၁)	မြန်မာစာအဖွဲ့ဦးစီးဌာန
၄၁။ မှန်နန်းရာဇဝင်တော်ကြီး (ပထမတွဲ)	မုံရွေးဇေတဝန်ဆရာတော်နှင့် သမိုင်းပညာရှင်များအဖွဲ့
၄၂။ သမန္တစက္ခုဒီပနီ (ဒုတိယအကြိမ်–၂၀၀၆) (ပိဋကတ်ဖျူးဟာ)	မုံရွေးဇေတဝန်ဆရာတော်ဘုရားကြီး
၄၃။ ဝိသုဒ္ဓိမဂ်အရသာ (ဒုတိယအကြိမ်–၁၉၆၁)	ညောင်လေးပင်တောရဆရာတော် အရှင်အရိယ(အဂ္ဂမဟာပဏ္ဍိတ)
၄၄။ ဘုန်းတော်ကြီးဦးသီလ ထေရုပ္ပတ္တိ (တတိယအကြိမ်–၁၉၉၆) မင်္ဂလာဖျူးဟာ	ညောင်လေးပင်တောရဆရာတော် အရှင်အရိယ(အဂ္ဂမဟာပဏ္ဍိတ)
၄၅။ ကိုးကွယ်အားထားရာဟူသည် နာထသုတ္တန် တရားဒေသနာတော် (ပ.ဒု တွဲ–၂၀၀၆)	ဖားအောက်တောရဆရာတော်
၄၆။ စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးတရားတော်	ဖားအောက်တောရဆရာတော်
၄၇။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်	မန်လည်ဆရာတော်ဘုရားကြီး
၄၈။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်	သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
၄၉။ ဗုဒ္ဓဘာသာတရားတော် (အဆင့်မြင့်) ၁၉၉၅	သာသနာရေးဦးစီးဌာန
၅၀။ 'ဗုဒ္ဓ' လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် (တတိယအကြိမ်–၁၉၉၆) မြဝတီစာပေတိုက်	ဆရာကြီးဦးရွှေအောင် (သိရောမဏိ၊ မဟာဝိဇ္ဇာ)
၅၁။ ကုသိုလ်နှင့် အကုသိုလ် (ဒုတိယအကြိမ်–၂၀၀၁) ရာပြည့်စာအုပ်တိုက်	ဆရာကြီးဦးရွှေအောင် (သိရောမဏိ၊ မဟာဝိဇ္ဇာ)
၅၂။ ရှေးခေတ်အမျိုးသမီးစာဆိုတော်များ (စွဲစာပေရိပ်မြုံ–၁၉၆၇)	ဒဂုန်ခင်ခင်လေး

၅၃။ နှစ်-၁၀၀ ပြက္ခဒိန် (၁၉၀၀-၂၀၀၈)	
စတုတ္ထအကြိမ် နဒီမင်္ဂလာစာပေ	ဆရာဦးမင်းနိုင်
၅၄။ မိလိန္ဒပဥှာ ပါဠိတော်မြန်မာပြန်-၁၉၆၆ ကမ္ဘာအေး	မြန်မာဗုဒ္ဓသာသနာ့အဖွဲ့
၅၅။ သွားစို့တူပျော် ရွှေစက်တော်	
(ခနှ/ စီးပွားရေးမဂ္ဂဇင်း-၂၀၀၀ ဧပြီလ)	ဆောင်းပါးရှင်ကျော်ရင်မြင့်
၅၆။ ရတနာဂီရိမှ သီပေါအမှတ်တရ	သခေါ်သသားဦးအေးသိန်း
(ဒုတိယအကြိမ် ၂၀၀၁၊ ဂုဏ်ထူးစာပေတိုက်)	
၅၇။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးစော	
(စတုတ္ထအကြိမ်-၁၉၉၂ မြဝတီတိုက်)	ဒေါက်တာမောင်မောင်
၅၈။ တောရဆရာတော်သက်တော်-၈၁ နှစ်ပြည့်မွေးနေ့	စိစဉ်သူ အရှင်ကေဝလ
ဝိဓာတဂုဏပူဇာ အထိမ်းအမှတ်စာစောင်	ဆုတောင်းပြည့်တောရ
၅၉။ သက္ကယ်ကျင်းတောရဆရာတော်ဦးသီဟ	စမ်းမြိုင်ပါဠိတက္ကသိုလ်
ထေရုပ္ပတ္တိအကျဉ်း	ဆရာတော်ဦးပညာသိရိ
၆၀။ ပြတိုက် ကံကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဓဝနထေရ်၏	မဟာသီဟနာဒဆရာတော်
အန္တိမရျာပန လက်ကမ်းစာစောင်များ	ဘဒ္ဒန္တအာစိဏ္ဏ(အဂ္ဂမဟာပဏ္ဍိတ)
၆၁။ တောရဆရာတော် အန္တိမရျာပန	ရန်ကုန်ဆရာတော်
(က) အဘိယာစနကထာ	အရှင်ဇာဂရိယ
(ခ) ဂုဏဝန္ဒနာဂါထာ	(မှော်စရိယ၊ဂဏဝါစက၊ အရှည်ဝါသီ)
(ဂ) ထေရုပ္ပတ္တိအကျဉ်းနှင့် ပစ္ဆိမဝန္ဒနာ	
၆၂။ တောရဆရာတော်အန္တိမပူဇာဝန္ဒနာ	မှန်တောင်တောရဆရာတော်
	အရှင်စန္ဒောဘာသ(မှော်စရိယ၊အရှည်ဝါသီ)
၆၃။ (က)တောရဆရာတော်ဘုရားကြီးသို့	
ပစ္ဆိမဝန္ဒနာ ကန်တော့လွှာ	စာရေးသူသိမ်းဆောင်(ရမည်းသင်း)
(ခ) စာရေးသူ၏ နှစ်ပေါင်း-၃၀ ကာလ	
လေ့လာမှတ်သားထားချက်မှတ်စုများ	စာရေးသူသိမ်းဆောင်(ရမည်းသင်း)

နှစ်လေးဆယ်ကျော်ဓူတင်ဆောင်ခရီး စာမူဖြစ်မြောက်ရေး အလှူရှင်စာရင်း

၁။ သိက္ခာထပ် ရဟန်းဒါယကာ ဖခင်ကြီး ဦးသာကြွယ် + မိခင်ကြီး ဒေါ်အေး၊ ခင်ပွန်း ဒုတိယရဲမှူးကြီး ဦးခင်မောင်အုန်းတို့အား ရည်စူး၍ ဒေါ်တင်တင် (မိုးကုတ်ယောဂီ သားသမီးများ ရန်ကုန်မြို့ (ကျပ်တစ်သိန်း) ၁၀၀၀၀၀ိ/

ဦးတင်ဝင်းနှင့်အဖွဲ့ အလှူရှင်စာရင်း

၁။ ဒေါ်လှလှသိန်းနှင့် ညီအစ်မများ ၃၀၀၀၀ မဖယျဝတီ
၂။ ဦးကောင်းတည်+ဒေါ်ကြည်ကြည်ဝင်း မိသားစု အမှတ်(၂)လယ်ဝေး ၂၀၀၀၀
၃။ ဒေါ်တင်ရွှေ သား ကိုခင်ဇော်+မဝင်းရီ သား စိုးနိုင်ထွန်း၊ လယ်ဝေး ၁၀၀၀၀
၄။ ဦးစန်းအောင်+ဒေါ်အိအိစန်း အထက်တန်းပြ (အထက.၁) လယ်ဝေး ၃၀၀၀

ပေါင်း = ၆၃၀၀၀ိ

ရမည်းသင်းမြို့ ဦးအောင်လင်းနှင့်အဖွဲ့ အလှူငွေစာရင်း

၁။ ဦးအောင်လင်း(တွမ)မသင်းသင်းဝေ မွဲရုံနှင့် နီလာသင်းရွှေဆိုင် သီလဝလမ်း ရမည်းသင်း ၇၀၀၀၀
၂။ ဦးရိုန်ဝေး+ဒေါ်လှလှ (သား) ကိုမြဟန် မိသားစုဝါတိုးဈေးကုန်း သီလဝလမ်း ရမည်းသင်း ၂၀၀၀၀
၃။ ဒေါ်မြင့်ရီနှင့်သားများ စိန်ရတနာရွှေဆိုင် ဝါတိုးအရှေ့ ရမည်းသင်း ၁၀၀၀၀
၄။ ဒေါက်တာဦးကျော်လင်း (သားဖွားနှင့်မီးယပ် အထူးကု ဆရာဝန်ကြီး) ပြည်သူ့ဆေးရုံကြီး မန္တလေး(ငြိမ်း) ဒေါ်ဂရိတ် မိသားစု မန္တလေး ၅၀၀၀
၅။ ဦးကျုံဝေ+ဒေါ်ကြင်ညြ မိသားစု ဝါတိုးအလယ် ရမည်းသင်းမြို့ ၅၀၀၀
၆။ ဦးနာယား+ဒေါ်သိန်းတင် (ရွှေပလောင်စတိုးနှင့် ဆီလုပ်ငန်း) ဝါတိုးအလယ် ရမည်းသင်းမြို့ ၅၀၀၀
၇။ ဦးမြင့်ဇော်+ဒေါ်အုံးမေ (သား) ကိုဝင်းသိန်း၊ မမေနှင်းဇော်၊ မသင်းနိုင် (စိုက်ပျိုးရေးပစ္စည်း ရောင်းဝယ်ရေး) ရမည်းသင်း ၃၀၀၀
၈။ ကိုမွေးကြည်+မဖြူတုတ် (သမီး) စိမ့်စိမ့်ကြည် (သား)မျိုးလှဟန်၊ နွန်လိုင်မြို့ ပျဉ်းမတောရွာ ရမည်းသင်းမြို့ ၃၀၀၀
၉။ ကိုမြင့်စန်း+မခင်သောင်း (သား) ထွန်းထွန်း၊ နိုင်ဇော်ထွန်း (သမီး) သင်းသင်းဝင်း ဆန်ကုန်သည် ရမည်းသင်း ၃၀၀၀

၁၀။ ကိုသန်းဆွေ+မခင်သန်းမြင့် (သား)
ဖော်ဖော်အောင်(ဆေးမန်း)(သမီး)
အေးအေးအောင် ဆန်ကုန်သည်
ရမည်းသင်း ၃၀၀၀

၁၁။ ကိုထွန်းဦး+မအေးနွဲ့
(သမီး)သိမ့်သိမ့်ရတနာထွန်းဦး
ဝါတိုးအနောက် ရမည်းသင်းမြို့ ၃၀၀၀

၁၂။ ကိုသိန်းလွင်+မနိုင် ရန်ကုန် ၂၅၀၀

၁၃။ ကိုစင်မောင်မြင့်+မညွန့်ညွန့်စန်း
(လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေး)
ဝါတိုးအလယ် ရမည်းသင်းမြို့ ၂၂၀၀

၁၄။ ဦးပွါးဆွေ (တောင်-ညောင်အိုင်)
ရမည်းသင်း ၁၅၀၀

၁၅။ ဦးဝင်းမြင့်+ဒေါ်မြင့်အေး
မှန်စီရွာ ရမည်းသင်း ၁၀၀၀

၁၆။ ဦးမောင်အုန်း+ဒေါ်ဝင်းရီ
ကံမြင့်ရွာ ရမည်းသင်းမြို့နယ် ၁၀၀၀

၁၇။ ဦးတင်ဝင်း+ဒေါ်ခင်ဆန်းကြည်
ကံမြင့်ရွာ ရမည်းသင်း ၁၀၀၀

၁၈။ ဦးတင်ဆွေ+ဒေါ်နီ
ကံမြင့်ရွာ ရမည်းသင်း ၁၀၀၀

၁၉။ ဒေါ်ခင်လှ မောင်နှမတစ်စု
ကံမြင့်ရွာ ရမည်းသင်း ၁၀၀၀

၂၀။ ကိုရဲလင်း+မဝင်းမာ မိသားစု
ကံမြင့်ရွာ ရမည်းသင်း ၁၀၀၀

၂၁။ ဦးတိုး+ဒေါ်လှလေးစိန် မိသားစု
ကံမြင့်ရွာ ရမည်းသင်း ၁၀၀၀

၂၂။ ဦးစောမောင်+ဒေါ်သန်းညွန့်
မိသားစု ကံမြင့်ရွာ ရမည်းသင်း ၁၀၀၀

၂၃။ ဒေါ်ခင်လှ (သမီး) မအေးနွဲ့
ကံမြင့်ရွာ ရမည်းသင်း ၅၀၀

၂၄။ ဦးမြင့်ဆွေ+ဒေါ်ခင်လှ မိသားစု
ကန်ဆွယ်ရွာ ရမည်းသင်း ၁၀၀၀

၂၅။ ကိုမောင်ပု+မညို မိသားစု
စီးဖြူကုန်းရွာ ရမည်းသင်း ၅၀၀

၂၆။ ဝင်းမဲ ဘုရားကျောင်း
ကလေးငယ်များ ရမည်းသင်း ၃၀၀

၂၇။ ဦးတင်လတ် ဖျဉ်းမနား ၁၀၀၀

၂၈။ ဒေါ်ရွှေတင် မိသားစု
တောင်-ညောင်အိုင်ရွာ
ရမည်းသင်း ၁၀၀၀

၂၉။ ဦးချစ်ဆောင်+ဒေါ်အေးညွန့်
တောင်-ညောင်အိုင်ရွာ ရမည်းသင်း ၁၀၀၀

၃၀။ ဦးနု+ဒေါ်နု မိသားစု
တောင်-ညောင်အိုင်ရွာ ရမည်းသင်း ၁၀၀၀

၃၁။ ဦးသောင်းဆွေ+ဒေါ်မာလာကြည်
တောင်-ညောင်အိုင်ရွာ ရမည်းသင်း ၁၀၀၀

၃၂။ ဦးမောင်ပု+ဒေါ်မခင်မေရီ
တောင်-ညောင်အိုင်ရွာ ရမည်းသင်း ၁၀၀၀

၃၃။ ဦးဘိုသိန်းဝင်း+ဒေါ်ဖိုင်းတင်
တောင်-ညောင်အိုင်ရွာ ရမည်းသင်း ၁၀၀၀

၃၄။ ဦးဝင်းညွန့်+ဒေါ်ဝင်းဆွေ
တောင်-ညောင်အိုင်ရွာ ရမည်းသင်း ၁၀၀၀

၃၅။ ဦးရွှေရှိုင်း+ဒေါ်လှကြည်
တောင်-ညောင်အိုင်ရွာ ရမည်းသင်း ၁၀၀၀

၃၆။ ဦးသိန်းထွန်း+ဒေါ်ချိုမာ
ရမည်းသင်း ၅၀၀

၃၇။ ဦးကြည်ရှိန်+ဒေါ်ခင်ချိုရို
ရွှေပြည်သစ်ပွဲရုံ ရမည်းသင်း ၃၀၀၀

၃၈။ ဦးညွန့်မောင်+ဒေါ်သန်းလှိုင်
(သား) ကိုမြင့်စိုး မောင်နှမများ
ပတ္တမြားပွဲရုံ စိဗ္ဗိလိုင်း ရမည်းသင်း ၂၀၀၀

၄၉။ ဦးအေးဆွေ+မဝင်းမာအေး မိသားစု
ကန်ဆွယ်ရွာ ရမည်းသင်း ၅၀၀
၅၀။ ဦးမိုးအောင်+ဒေါ်ဖြူဖြူ မိသားစု
ကန်ဆွယ်ရွာ ရမည်းသင်း ၅၀၀
၅၁။ ဦးရဲညွန့် မောင်နှမတစ်စု
ကန်ဆွယ်ရွာ ရမည်းသင်း ၅၀၀
၅၂။ ဦးဝေလင်း+ဒေါ်မေမျိုးမြင့်
ဝါတိုးအလယ် ရမည်းသင်း ၅၀၀
၅၃။ ဒေါ်မမလေး (သမီး) မပြုံး
ကန်မြင့်ရွာ ရမည်းသင်း ၁၅၀၀
၅၄။ ဆရာမ ဒေါ်စမ်းရီ သိမ်ကုန်း
အ.ထ.က ရမည်းသင်း ၁၀၀
၅၅။ ဆရာမဒေါ်ကြည်ကြည်ရွှေ သိမ်ကုန်း
အ.မ.က ရမည်းသင်း ၂၀၀
၅၆။ ဆရာ ဦးတင်မြင့်နှင့် တပည့်များ
သိမ်ကုန်း အ.မ.က ရမည်းသင်း ၁၂၀၀
၅၇။ ဆရာမဒေါ်သင်းနု့သာ၊ ဒေါ်ချိုချိုမာ
တပည့်များ သိမ်ကုန်း အ.မ.က ၁၀၅၀
၅၈။ ဦးကျော်ကျော်+ဒေါ်ရွှေရွှေသိန်း
(သမီး) မဆောင်းနှင်းဖြူ
သင်မန်းကုန်းကျေးရွာ ရမည်းသင်း ၁၀၀၀
၅၉။ ဦးကျော်စိုး+ဒေါ်ခင်သန်း
သမန်းကုန်းကျေးရွာ ရမည်းသင်း ၅၀၀
၆၀။ ဦးညွန့်မောင်+ဒေါ်ကျင်ကျင်လှိုင်နှင့်
သားများ ဆန်းသစ်အောင် နာရီ၊T.V
ပြုပြင်ရေး ဝါတိုးအလယ်
ရမည်းသင်း ၁၀၀၀
၆၁။ ဒေါ်ထွေးယဉ်(ငြိမ်း)မိခင်နှင့်ကလေး
အောင်မင်္ဂလာ ရမည်းသင်း ၅၀၀
၆၂။ ဆရာမဒေါ်ချိုချိုမာ
သိမ်ကုန်း အ.မ.က
သင်မန်းကုန်း ရမည်းသင်း ၁၀၀၀
၆၃။ မငှဝါစံ၊ မဆုမြတ်ဝေနှင့်အဖွဲ့
သိမ်ကုန်း အ.ထ.က ရမည်းသင်း ၅၂၀
၆၄။ ကိုကျော်ရွှေ+မဥမ္မာ (သမီး)
ခင်မျိုးဝေ၊ နှင်းနုနုဝေ
ဝါတိုးအလယ် ရမည်းသင်း ၂၀၀၀
၆၅။ ကိုသန်းထွဋ် အင်ဂျင်နီယာ
ရန်ကုန် ၅၀၀၀

အလှူငွေပေါင်း = ၁၆၈၅၇၀

သရက်ကန်ရွာ ဦးဘိုးရှိန်နှင့် ဦးသိန်း ပို့သည့် အလှူရှင်စာရင်း

၁။ ရဟန်းတော် ဦးသုစာရိန္ဒ
မယ်တော် (ဦးရွှေးလွင်)
ဒေါ်သောင်းကြည် ၅၀၀၀
၂။ ဦးဘိုးရှိန်+ဒေါ်အုန်းမြ သားသမီး
ကိုဘိုးလင်း+မဟံဆွေလှ ၃၅၀၀
၃။ ဦးသိန်း+ဒေါ်စောရီ သားသမီး
မောင်ဝင်းမြ+မနုနုဝေ ၃၀၀၀
၄။ ဦးတင်အောင်+ဒေါ်ပုမ မိသားစု ၃၀၀၀
၅။ ဦးဘိုးဆိတ်+ဒေါ်ခင်ပု မိသားစု ၂၅၀၀
၆။ ဦးမောင်နု+ဒေါ်အုန်းကြိုင်
မိသားစု ၂၅၀၀
၇။ ဘုန်းကြီးဘ ဦးအောင်တင်၊
ဘုန်းကြီးမေ (ဒေါ်မြရွှေ) သား
ဦးအောင်မြိုင်+ဒေါ်ခင်စမ်းရီ မိသားစု ၂၀၀၀
၈။ ဦးစံထွန်း+ဒေါ်ပု မိသားစု ၂၀၀၀
၉။ ဦးစိုးသိန်း+ဒေါ်ခင်ညွန့် မိသားစု ၂၀၀၀
၁၀။ ဦးညွန့်တင်+ဒေါ်ခင်နု
(ဒေါ်ညွန့်) ရည်စူး၍ ၂၀၀၀
၁၁။ ဦးကျော်အောင်+ဒေါ်ကြည်နု
မိသားစု ၂၀၀၀

၁၂။ မိခင် ဒေါ်ချေးပု၊ ဘခင် ဦးလှဒင်
ရည်စူး၍
ဦးသန်းဇော်+ဒေါ်စမ်းမြ ၂၀၀၀
၁၃။ ဦးကုလား+ဒေါ်သိန်းရင် မိသားစု ၂၀၀၀
၁၄။ ဦးမောင်သန်း+ဒေါ်ခင်တင့်
မိသားစု ၂၀၀၀
၁၅။ ဦးကျော်မောင်+ဒေါ်ရွှေမြိုင်
မိသားစု ၂၀၀၀
၁၆။ ဦးလှသောင်+ဒေါ်တင်မြ မိသားစု ၂၀၀၀
၁၇။ ဦးခင်မောင်တင့်+ဒေါ်ညွန့်မြိုင်
မိသားစု ၂၀၀၀
၁၈။ ဦးမိုးလွင်+ဒေါ်ဆယ်၊ မမြစိန်
တူ မောင်မင်းမင်း ၁၅၀၀
၁၉။ ဦးကျော်အေး+ဒေါ်ခင်ညွန့်
မိသားစု ၁၅၀၀
၂၀။ ဦးလှ+ဒေါ်ငြိမ်းတင် ၁၅၀၀
၂၁။ ကိုမောင်ရှင်း+မနိုင် မိသားစု ၁၅၀၀
၂၂။ ဦးမြင့်သိန်း+ဒေါ်မြင့်မြင့်သန်း
မိသားစု ၁၅၀၀
၂၃။ ဦးချစ်မွေး+ဒေါ်ဆယ်မိ မိသားစု ၁၅၀၀
၂၄။ (ဦးဟံညို)+ဒေါ်ဖွားချို မိသားစု ၁၅၀၀
၂၅။ မိခင် ဒေါ်စောရှင် ရည်စူး၍
ဦးတင်လှိုင်+ဒေါ်ကြည် ၁၅၀၀
၂၆။ (ဦးစိန်အောင်) ဒေါ်အုန်းကြည်
မိသားစု ၁၀၀၀
၂၇။ ဦးကျော်မွေး+ဒေါ်အေး မိသားစု ၁၀၀၀
၂၈။ (ဦးမောင်ပု) (ဦးထွန်းရှိန်)
ဒေါ်ကြင်မြိုင် သားသမီးများ
ဦးလှရွှေ+ဒေါ်တင် မိသားစု ၁၀၀၀
၂၉။ ဦးသိန်းစံ+ဒေါ်တင်မြ မိသားစု ၁၀၀၀
၃၀။ ဦးကျော်နိုင်+ဒေါ်လှဝိုင်း မိသားစု ၁၀၀၀
၃၁။ ဦးညွန့်လွင်+ဒေါ်ခင်ဝင်း မိသားစု ၁၀၀၀
၃၂။ ဦးကျော်စိန်+(ဒေါ်ပေါ) ကိုမြငွေး၊
မခင်မာဦး မိသားစု ၁၀၀၀
၃၃။ ဦးလှငွေး+ဒေါ်သန်းသန်းနွဲ့
မိသားစု ၁၀၀၀
၃၄။ ဦးဝင်းမြင့်+ဒေါ်တင်ကြည် မိသားစု ၁၀၀၀
၃၅။ ဦးကျော်ခင်+ဒေါ်ငြိမ်းခင် မိသားစု ၁၀၀၀
၃၆။ (ဦးမောင်ငယ်) ဒေါ်တင်ဝင်း+
ဦးသိန်းရွှေ မိသားစု ၁၀၀၀
၃၇။ ဦးဝင်းထိန်+ဒေါ်အုန်းကြိုင် မိသားစု ၁၀၀၀
၃၈။ ဦးလှရွှေ+ဒေါ်အတင့် မိသားစု ၁၀၀၀
၃၉။ ဦးမောင်ညို+ဒေါ်ညွန့်ညွန့်စိန်
မိသားစု ၁၀၀၀
၄၀။ ဦးလှအောင်+ဒေါ်ပု သား
မောင်စိုးဝင်း မိသားစု ၁၀၀၀
၄၁။ ဦးစိန်ဝင်း+ဒေါ်ဆန်းနုယဉ် မိသားစု ၁၀၀၀
၄၂။ ဦးသိန်းထွန်း+ဒေါ်အပြုံး မိသားစု ၁၀၀၀
၄၃။ ဦးမြင့်ရီ+ဒေါ်မြင့်မြင့်အေး မိသားစု ၁၀၀၀
၄၄။ ဦးသောင်းကြင်+ဒေါ်မြချစ် မိသားစု ၁၀၀၀
၄၅။ (ဦးအောင်ခင်) ဒေါ်ငယ်၊
ကိုမောင်+မအကြိုင် မိသားစု ၁၀၀၀
၄၆။ ဦးပေါ်ဒင်+ဒေါ်သိန်း၊
ကိုလှသိန်း+မခင်စန်းရီ မိသားစု ၁၀၀၀
၄၇။ ဦးသိန်းမောင်+ဒေါ်စိန်ပု မိသားစု ၁၀၀၀
၄၈။ ဦးကြည်+ဒေါ်ခင်လှ မိသားစု ၁၀၀၀
၄၉။ ဦးကျော်ငြိမ်း+ဒေါ်ရီ မိသားစု ၁၀၀၀
၅၀။ ဦးဝိုင်း+ဒေါ်တင်လှ မိသားစု ၁၀၀၀
၅၁။ ဦးအောင်မြင့်+ဒေါ်တင်ရွှေ မိသားစု ၁၀၀၀
၅၂။ ဦးစိုးတင့်+ဒေါ်တင်ရီ မိသားစု ၁၀၀၀
၅၃။ ဦးသိန်းဝင်း+ဒေါ်တင်လှ မိသားစု ၁၀၀၀
၅၄။ ဦးညီဒင်+ဒေါ်ခင် (ဒေါ်ငွေအေး)
မိသားစု ၁၀၀၀

၅၅။ (ဦးချစ်အေး) ဒေါ်သိန်းညွန့်၊ ကိုမြသန်း+မခင်မြင့် မိသားစု	၁၀၀၀
၅၆။ (မိဘများအမှူးထား၍) ဦးအောင်မြိုင်+ဒေါ်တင်ရွှေ မိသားစု	၁၀၀၀
၅၇။ ဦးလှမြင့်+ဒေါ်ခင်လှိုင် မိသားစု	၁၀၀၀
၅၈။ (ဦးသာလှ) ဒေါ်ညို သား ကိုအောင်ငွေ မိသားစု	၁၀၀၀
၅၉။ ဦးလေးမောင်+ဒေါ်ညွန့်ကြည် မိသားစု	၁၀၀၀
၆၀။ (ဦးခင်မောင်) ဒေါ်ဖျားညို ကိုမြင့်ဆွေ+မချိုလေး မိသားစု	၁၀၀၀
၆၁။ ဦးညွန့်လှိုင်+ဒေါ်တင်စိန် မိသားစု	၁၀၀၀
၆၂။ ဦးအောင်နိုင်+ဒေါ်ကြည်ရွှေ မိသားစု	၁၀၀၀
၆၃။ ဦးကျော်ဝေ+ဒေါ်သန်းဝေ	၁၀၀၀
၆၄။ ဦးညွန့်ဝေ+ဒေါ်ခင်စမ်းမြင့် မိသားစု	၁၀၀၀
၆၅။ ဦးစိုးမြင့်+ဒေါ်အုန်းညွန့် သမီး မသင်းနန္ဒာ မိသားစု	၁၀၀၀
၆၆။ ဦးကျော်ဝင်း+ဒေါ်ဝိုင်း မိသားစု	၁၀၀၀
၆၇။ ကိုဇော်မင်း+မစု သမီး မအေးမြင့် မသီတာဇော် မိသားစု	၁၀၀၀
၆၈။ ဦးမြင့်စိုး+ဒေါ်စမ်းစမ်းရွှေ သား ကိုရန်ငြိမ်းအောင်၊ ကိုသိန်းသန်းအောင်၊ ကိုကျော်ထက်အောင် မိသားစု	၁၀၀၀
၆၉။ ဦးဟန်တင်+ဒေါ်အမြင့် မိသားစု	၁၀၀၀
၇၀။ ဦးစံရ+ဒေါ်စိန်ကြိုင် မိသားစု	၁၀၀၀
၇၁။ ဦးညီတင်+ဒေါ်မြခင် မိသားစု	၁၀၀၀
၇၂။ ဦးအောင်သန်း+ဒေါ်တင်ရှိန် မိသားစု	၁၀၀၀
၇၃။ ဦးစံရွှေ+ဒေါ်စမ်းအေး မိသားစု	၅၀၀
၇၄။ ဦးညွန့်ဖြူ+ဒေါ်သန်းရွှေ မိသားစု	၅၀၀
၇၅။ (ဦးသာထယ်+ဒေါ်အေးညွန့်) မိဘများရည်စူး၍ မခင်အေး မိသားစု	၅၀၀
၇၆။ ကိုစိန်ဝင်း+မသင်းသင်းအေး မိသားစု	၅၀၀
၇၇။ ကိုစိုင်းဝင်း+မသန်းသန်းမွေး သား ဖြိုးဝေစိုး မိသားစု	၅၀၀
၇၈။ ဦးသန်းလွင်+ဒေါ်သန်းစိန် မိသားစု	၅၀၀
၇၉။ ဒေါ်ပြုံးကြည် မိသားစု	၅၀၀
၈၀။ ကိုမောင်စု+မသင်းသင်း မိသားစု	၅၀၀
၈၁။ ဦးသိန်းရွှေ+ဒေါ်ခင်မာဝင်း မိသားစု	၅၀၀
၈၂။ (ဦးလှဖေ) ဒေါ်ဝဲ သားသမီး ကိုမြင့်ဝင်း+မအေမြင့် မိသားစု	၅၀၀
၈၃။ ကိုအောင်ငွေသန်း+မမြင့်ရီ မိသားစု	၅၀၀
၈၄။ ဦးတင့်စိုး+ဒေါ်ဆန်း မိသားစု	၅၀၀
၈၅။ (ဦးထွန်းရင်)+ဒေါ်အေးကြည် မိသားစု	၅၀၀
၈၆။ ကိုဘိုရှိန်း+မဖျားတုတ်	၂၀၀
၈၇။ ဦးတင်+ဒေါ်ခင် သား မောင်ဝင်း+မနိုင်	၃၀၀
၈၈။ နှစ်ဖက်မိဘရည်စူး၍ မောင်ရွှေ+မတင်နွဲ့	၁၀၀
၈၉။ ကိုသန်းထွေး+မဖြူဖြူဝင်း သမီး မအင်ကြင်းဖြူ	၁၀၀၀
၉၀။ ကိုမောင်ဆေ+မသန်းသန်းဆွေ	၁၀၀၀
ပေါင်း =	၁၀၉၆၀၀

ဦးဘိုးရှိန်၊ ဦးသိန်း သရက်ကန် ထပ်မံလှူ
၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁ ရက်

၁။ (ဦးစိန်လွင်) ဒေါ်ပု မိသားစု	၅၀၀
၂။ ဦးသန်းအောင်+(ဒေါ်ရွှေရွှေ) မိသားစု	၁၀၀၀
၃။ ဦးသောင်းရွှေ+ဒေါ်အေးကြင် မိသားစု	၁၀၀၀
၄။ ဦးကျော်ရင်+ဒေါ်စောဝေ မိသားစု	၁၀၀၀
၅။ ဦးပွားစိန်+ဒေါ်ရွှေရုပ် မိသားစု	၅၀၀
၆။ ဦးကျော်ဝေ+ဒေါ်ဆယ်ပို မိသားစု	၁၀၀၀
၇။ ဦးမြအေး+ဒေါ်ပိုင်းတင် မိသားစု	၁၀၀၀
၈။ ဦးသာလှုင်+(ဒေါ်ပိုင်း) မိသားစု	၅၀၀
၉။ ဦးထွေးကြီး+ဒေါ်ဆယ်တင် မိသားစု	၅၀၀
၁၀။ ဦးမောင်တင့်+ဒေါ်ရွှေးရီ မိသားစု	၅၀၀
၁၁။ မိဘများအားရည်စူး၍ အစ်မ မသေးကွေး ကိုမောင်သိန်း+မမြင့်မြင့်ခိုင်	၁၀၀၀
၁၂။ ဦးပိုလို+ဒေါ်မြနု	၅၀၀
၁၃။ ကိုသိန်းနိုင်+မဝင်းဝင်းလှ မိသားစု	၅၀၀
၁၄။ ကိုမောင်လှိုင်+မခင်ညို မိသားစု	၅၀၀
၁၅။ (ဦးညိုချော)+ဒေါ်လှလေး အင်းကောက်–ပျော်ရွာ	၅၀၀
၁၆။ ကိုသိန်းလှိုင်+မခင်မာဦး	၅၀၀
၁၇။ ကိုလွမ်းမိုး+မတင်ဆန်း သမီး နှင်းအိဖြူ	၅၀၀
၁၈။ ဦးလှမြင့်+ဒေါ်ထွား သား ဝင်းမြင့်ထွန်း၊ သမီး မာမာလွင်၊ မောင်မြင့်စိုး+မစမ်းရွှေ၊ သား ကျော်ဆွေ ကရွတ်ကွင်း၊ ခြင်ပင်ရွာ	၁၀၀၀
	– ၁၂၅၀၀
ယခင်ပို့	– ၁၀၉၆၀၀
စုစုပေါင်း	= ၁၂၂၁၀၀

ကံကြီးရွာ ဒေါ်အုန်းကြင်ပို့သည့် အလှူရှင်စာရင်း

၁။ ဦးချစ်ဖြူ+ဒေါ်မြရှိန်	၂၀၀၀
၂။ ဦးတင်ထွန်းအောင်+ ဒေါ်စမ်းစမ်းအောင် ဂါတ်ဗိုလ်ကြီး(ငြိမ်း) ရန်ကုန်	၂၀၀၀
၃။ ဦးရွှေလှ+ဒေါ်သန်းမွေး	၁၄၀၀
၄။ ဦးပို+ဒေါ်မုန်း	၁၀၀၀
၅။ ဦးမာဒင်+ဒေါ်တင်ဝေ	၁၀၀၀
၆။ ဦးလှရွှေ+ဒေါ်အုန်းကြည်	၁၀၀၀
၇။ ဦးညီတင်+ဒေါ်သန်းရင်	၁၀၀၀
၈။ ဦးကျော်ညွန့်+ဒေါ်ခင်မွေး	၁၀၀၀
၉။ ဦးမြင့်ရွှေ+ဒေါ်အုန်းကြင်	၁၀၀၀
၁၀။ ဦးကျောက်စိမ်း+ဒေါ်လှရီ	၁၀၀၀
၁၁။ ဦးတင်မောင်+ဒေါ်တင်ရွှေ	၁၀၀၀
၁၂။ ဦးခင်+ဒေါ်ကြွယ်လေး	၁၀၀၀
၁၃။ ဦးဗလ+ဒေါ်ဦးသာ	၁၀၀၀
၁၄။ ဦးအေးမောင်+ဒေါ်အေးလှ	၁၀၀၀
၁၅။ ဦးကျော်ရွှေ+ဒေါ်မွေးရီ	၁၀၀၀
၁၆။ ဦးပေါ်+ဒေါ်ပြုံးကြည်	၁၀၀၀
၁၇။ ဦးလှသန်း+ဒေါ်မွေးကျင်	၁၀၀၀
၁၈။ ဦးနု+ဒေါ်ကြည်နု	၁၀၀၀
၁၉။ ဦးညွန့်ရွှေ+ဒေါ်နှဲ့ကြည်	၁၀၀၀
၂၀။ ဦးတင်မြင့်+ဒေါ်အေးမြင့်	၁၀၀၀

၂၁။ ဦးသောင်းလွင်+ဒေါ်အမာစီ	၁၀၀၀
၂၂။ ဦးခင်မောင်တင့်+ဒေါ်ခင်သန်းဝေ	၁၀၀၀
၂၃။ ကိုမင်းမင်း+မရီရီသန့်	၁၀၀၀
ပေါင်း =	၂၅၄၀၀

ကံကြီးရွာ ဒေါ်အုန်းကြင် ထပ်မံလှူ

၁။ ဦးကျော်လှ+ဒေါ်မြစိန်	၅၀၀
၂။ ဦးကျော်သိန်း+ဒေါ်ပိုးလုံး	၅၀၀
၃။ ဦးချို+ဒေါ်မြချစ်	၅၀၀
၄။ ဦးညီရွှင်+ဒေါ်မြလေး	၅၀၀
၅။ ဦးငြိမ်း+ဒေါ်ခင်သန်းဝင်း	၅၀၀
၆။ ဦးဖြူဝင်း+ဒေါ်ခင်ခင်နွယ် သား ရန်ကျော်လှိုင်	၅၀၀
၇။ ကိုဝင်းကို+မအမြိုင် သား မောင်သိန်းမင်းဦး	၅၀၀
၈။ ဦးရွှေ+ဒေါ်ခင်တုတ်	၅၀၀
၉။ ဦးချစ်မွေး+ဒေါ်ချစ်ကြည်	၅၀၀
၁၀။ ဦးကျော်မြ+ဒေါ်ရွှေနု	၅၀၀
၁၁။ ဦးချစ်လှ+ဒေါ်လှရီ	၅၀၀
၁၂။ မညွှာ+မလှိုင်	၅၀၀
၁၃။ ဦးသောင်းဝေ+ဒေါ်ပေါက်စ	၅၀၀
၁၄။ ဦးညီလှ+ဒေါ်တုတ်	၅၀၀
၁၅။ ဦးသောင်းရွှေ+ဒေါ်နွဲ့ရီ	၅၀၀
၁၆။ ဦးအောင်ဝင်း+ဒေါ်သန်းအေး	၅၀၀
၁၇။ ဦးမြင့်သိန်း+ဒေါ်သန်းအေး	၅၀၀
၁၈။ ဦးချစ်မြင့်+ဒေါ်စိန်ရင် သမီး သီတာရွှေ	၅၀၀
၁၉။ ဦးချစ်တီး+ဒေါ်ဂျမ်း	၅၀၀
၂၀။ ဦးဝိုင်းအောင်+ဒေါ်လှပု	၅၀၀
ပေါင်း	၁၀၀၀၀

ကံကြီးရွာ ဒေါ်အုန်းကြင် ထပ်မံလှူ

၁။ ဆရာမ ဒေါ်ကောတီ	၃၀၀
၂။ ဒေါ်ဖွားကြည် သမီး မကျင်အေး	၃၀၀
၃။ ဦးခင်မောင်+ဒေါ်ကြင်မြှိုင်	၃၀၀
၄။ ဦးစံဖြူ+ဒေါ်အေးလှိုင်	၃၀၀
၅။ ရဟန်းဒါယကာ ဦးသာကြွယ်+ ဒေါ်အေး မြေး ဆရာလေး	၃၀၀
၆။ မောင်ခင်မော်ဇော်+မရွှေ (တက်သိန်းရွာ)	၂၀၀
၇။ ကိုမောင်ရွှေ+မခင်ညို	၂၀၀
၈။ ကိုအောင်မွေး+မမြင့်မြင့်ဝင်း	၂၀၀
၉။ ဦးဖိုးတုတ် သား ကိုမြင့်ဆန်း+မညို	၂၀၀
၁၀။ ဦးပြူး+ဒေါ်ကြိုင်း	၂၀၀
၁၁။ ကိုဝင်း+မသန်းဝင်း	၂၀၀
၁၂။ ဦးစိတ်တို+ဒေါ်တင်စိန်	၂၀၀
၁၃။ ဦးကုလား+ဒေါ်ဖွတ်ထော်	၂၀၀
၁၄။ ဦးညိုမောင်+ဒေါ်ရင်နု	၂၀၀
၁၅။ မခင်ရွှေ	၂၀၀
၁၆။ ဒေါ်ချစ်+ဒေါ်တင်ရီ+မခင်သန်းရီ	၂၀၀
၁၇။ ဦးသာလှ+ဒေါ်မြင့်ဦး	၂၀၀
၁၈။ ကိုဝင်းစိန်+မသင်းသင်းနိုင်	၂၀၀
၁၉။ ဦးတင်လှ+ဒေါ်တင့်ညို ရမည်းသင်း	၁၀၀၀
ပေါင်း	၅၁၀၀

သက်ကယ်ကျင်းရွာ

၁။ ဦးမြဆိုင်+ဒေါ်ငွေလုံး	၁၀၀၀
၂။ ဦးမြသိန်း+ဒေါ်ခင်ထွေး	၁၀၀၀
၃။ ဦးတင်ထွန်း+ဒေါ်ကြိုင်ကြိုင်	၁၀၀၀
၄။ ဦးထွန်းဝေ+ဒေါ်ငွေမြိုင်	၂၀၀
၅။ ဦးထွန်းရွှေ+ဒေါ်မြရီ	၂၀၀
ပေါင်း	၃၄၀၀

ဒေါ်အုန်းကြင်ပို့ ငွေပေါင်း – ၄၆၄၀၀

နဘူးကျောင်းရွာ ဦးမြင့်လွင်ပို့သည့် အလှူငွေစာရင်း

၁။ ဦးတင်အောင်+ဒေါ်စောမယ် ၁၈၀၀
၂။ ကိုတင်ငွေ+မသန်းငွေ ၁၀၀၀
၃။ ဒေါ်ထွေးကြည် ၁၀၀၀
၄။ ဘုန်းကြီးဘ
ဦးထွန်းရင်+ဒေါ်စလေးကြီး ၁၀၀၀
၅။ ဦးစိန်မောင်+ဒေါ်ရွှေ သား
မောင်စိုးလင်းအောင်၊
မောင်စိုးနိုင်+မသီတာဝင်း ၁၀၀၀
၆။ ဦးသိန်းအောင်+ဒေါ်တင်လှ ၅၀၀
၇။ ဦးရွှေဥ+ဒေါ်တင် ၅၀၀
၈။ ကိုနိုင်လင်း+မချိုမာ ၅၀၀
၉။ ကိုလှစိန်+မနွဲ့ကြည် ၅၀၀
၁၀။ ကိုဘိုပု+ဒေါ်ဖျိုလေး ၅၀၀
၁၁။ ဒေါ်မြတ်ကြည်သား၊
ကိုမာဒင်+မအုန်းစိန် ၅၀၀
၁၂။ ကျောင်းဆရာ ဦးတင်ဦး+ဒေါ်မြိုင် ၅၀၀
၁၃။ ဒေါ်ကလေးမ ၅၀၀
၁၄။ ကိုမောင်ဆန်းဦး+မခင်နှင်းယု
သား မျိုးဇော်မင်း ၅၀၀
၁၅။ ဦးကျော်လှိုင်+ဒေါ်သန်းရှိန်
သား ဇော်ဇော်ဦး ၅၀၀
၁၆။ ဦးရွှေမြင့်+ဒေါ်တင် ၅၀၀
၁၇။ ကိုဝင်းအောင်+မနုယဉ် ၅၀၀
၁၈။ ဘုန်းကြီးဘ
ဦးအောင်သင်း+ဒေါ်လှခင် ၁၀၀၀
၁၉။ ဦးညဏ်ထွန်း+ဒေါ်သန်းရီ ၁၀၀၀
၂၀။ ဦးအောင်ကြည်+ဒေါ်ရေး
သား ကိုခင်မောင်ငွေ ၅၀၀
၂၁။ ဦးခင် သား ကိုအောင်မြိုင်+
မတင်စန်းရီ၊ သေးသေး ၅၀၀
၂၂။ ကိုစိုးလှိုင်+မပုလေး
သား ကျော်ခင်ဦး ၅၀၀
၂၃။ ကိုသိန်းဇော်+မတင်မိုး ၅၀၀
၂၄။ ဒေါ်ကံယုံ ၁၀၀
၂၅။ ဦးသန်းအောင်+ဒေါ်ကြည်လေး ၁၀၀
၂၆။ ဦးတင်မြင့် ၁၀၀
၂၇။ ဒေါ်ရွှေတုတ် (ပင်းစုတောင်ရွာ) ၁၀၀
၂၈။ ကိုတင်ထွေး+မသန်းငွေ ၁၀၀
၂၉။ ဒေါ်အုန်းကြည် ၁၀၀
၃၀။ ကိုသိန်းတန်+မရွှေရွှေ ၁၀၀
၃၁။ ဦးကျော်ရင်+ဒေါ်လှလှ ၁၀၀
၃၂။ ဦးပျော့+ဒေါ်စန်း ၁၀၀
၃၃။ ဦးကံလှ+ဒေါ်ခင်အေး ၁၀၀
၃၄။ မောင်မြင့်စိုး+မနွယ်လေး ၁၀၀
၃၅။ ဦးမောင်ငယ် သမီး
မသင်းသင်းလှိုင်၊ မသင်းသင်းနိုင် ၃၀၀
၃၆။ ဒေါ်သေးတာ သား
ကိုမာရှင်+မခင်ညို ၅၀၀
၃၇။ ကိုထွန်းသိန်း+မမွှေးရင် ၅၀၀
၃၈။ ကိုကျော်စိန်+မမူမူ ၅၀၀
၃၉။ ဦးကိုလေး+ဒေါ်ခင်ရီ ၃၀၀
၄၀။ ဒေါ်သောင်းတင် ၃၀၀
၄၁။ ဦးထွေး+ဒေါ်တင်တင် ၃၀၀
၄၂။ ဦးအောင်သန်း+ဒေါ်အုန်းရီ ၂၀၀
၄၃။ ကိုစိုးလွင်+မခင်စိုး ၂၀၀
၄၄။ ဦးမောင်စိုး+ဒေါ်လှအုန်းမယ် ၂၀၀
၄၅။ ဦးကံမြင့်+ဒေါ်ခင်လှိုင် ၂၀၀
၄၆။ ဦးလှမြင့်+ဒေါ်တင်အေး ၂၀၀
၄၇။ ဦးထွန်းခင်+ဒေါ်ရွှေနု ၂၀၀
၄၈။ ကိုချစ်အေး+မဝင်းကြည် ၂၀၀
၄၉။ ဦးဝင်းမောင် သား
ကိုလှထူး+မမိုးကြည် ၂၀၀

၅၀။ ကိုမြင့်ဝင်း+မခင်မာသန်း ၂၀၀
၅၁။ ကိုမောင်နု+မသန်းရွှေ ၂၅၀
၅၂။ ကိုညွှန့်ဆွေလေး+မအုန်းရှိန် ၂၀၀
၅၃။ ကိုကျော်ဝင်း+မခင်ဝင်း ၃၀၀
၅၄။ ဦးညီငယ်+ဒေါ်မွေး သား
ကိုညွှန့်ဝေ+မနှင်းနှင်းရီ ၁၀၀၀
၅၅။ ဦးပေါက်စ+ဒေါ်တင်မြိုင် သား
မောင်မျိုးဦး+မပုလေး
(ပင်းစုတောင်ရွာ) ၅၀၀
၅၆။ ကိုထွန်းထွန်း+မကြိုင် ၅၀၀
၅၇။ မစော ၅၀၀
၅၈။ ကိုလှဝင်းလေး+မမြကြီး ၅၀၀

ကိုမြင့်လွင် စုစုပေါင်း ၂၄၃၅၀/

ဦးစံမှို ဓမ္မပါလ – အောင်ချမ်းသာ ရှမ်းကံရွာပို့သည့် အလှူစာရင်း

၁။ ဦးလှမင်း+ဒေါ်ပုမ (သရက်ကန်ရွာ) ၂၀၀
၂။ ဦးညိုလှ+ဒေါ်ပု (ကံကြီးရွာ) ၂၀၀
၃။ ဦးတင်အောင်+ဒေါ်အေးစိန်
(ကံကြီးရွာ) ၅၀
၄။ ဦးကျော်ရှင်၊ ဒေါ်မကြီး ၁၀၀
၅။ ဒေါ်ပြားကြီး မိသားစု ၃၀၀
၆။ ဦးစိုးနိုင်+ဒေါ်လှမှုံ ၂၀၀
၇။ ဦးသိန်းမောင်+ဒေါ်စိန်ပု ၃၀၀
၈။ ဦးအေး+ဒေါ်မွေးကြည် ၂၀၀
၉။ ဦးလှကြိုင်+ဒေါ်ကြည်ဝေ ၁၀၀
၁၀။ ဦးတင်ငြိမ်း+ဒေါ်ညိုမ ၅၀၀
၁၁။ ဦးဌေးလွင်+ဒေါ်ရွှေနှင်း ၂၀၀
၁၂။ ဦးကြည်မိုး+ဒေါ်ဖြူ ၃၀၀
၁၃။ ဦးဝင်းချို+ဒေါ်တင်ရီ ၂၀၀
၁၄။ ဦးကျော်ငွေ+ဒေါ်သန်းငွေ ၅၀၀
၁၅။ ဦးမွေး+ဒေါ်တင်ဆန်း ၅၀၀
၁၆။ ဦးနိုင်ဝင်း+ဒေါ်ခင်ပြုံး
စည်သူနိုင် (နဘူးကျင်း) ၁၀၀၀
၁၇။ ဦးမြဝင်း+ဒေါ်ခင်သင်း ၁၀၀
၁၈။ ဦးသိန်းတန်+မရွှေရွှေ ၁၀၀
၁၉။ ဦးတင့်လွင်+ဒေါ်ဖြူတင် ၅၀၀
၂၀။ ဦးကျော်မွေး+ဒေါ်ကြည်သန့် ၂၀၀
၂၁။ ဖော်မင်းနိုင်၊ ဦးညိုသန့် ၁၀၀
၂၂။ ဦးကျော်ခင်+ဒေါ်ကြည် ၂၀၀
၂၃။ ဦးထွန်းထွန်း+ဒေါ်ကြိုင် ၂၀၀
၂၄။ ဦးကျော်ဝင်း+ဒေါ်ခင်ဝင်း ၁၀၀
၂၅။ ဦးမောင်မောင်+ဒေါ်ဆယ်တင် ၂၀၀
၂၆။ ဦးသန်းအောင်+ဒေါ်တင်ပု ၁၀၀

၂၇။ ဦးထွန်းဝေ+ဒေါ်လှ	၁၀၀
၂၈။ ဦးခင်မောင်ကြည်+ဒေါ်အေး	၁၀၀
၂၉။ ဦးကြာလှ+ဒေါ်မြရွှေ	၅၀၀
၃၀။ ဦးဇော်ဝင်း+ဒေါ်စန်းရွှေ	၅၀
၃၁။ ဦးညွန့်မောင်+ဒေါ်ကြည်အေး	၅၀၀
၃၂။ ဦးအောင်ဝင်း+ဒေါ်ပေါ	၂၀၀
၃၃။ ဦးကျော်ဝင်း+ဒေါ်ညွန့်ရင်	၆၅
၃၄။ ဦးဆွေငြိမ်း+ဒေါ်ပု	၅၀
၃၅။ ဒေါ်တင်ညွန့် မိသားစု	၂၀၀
၃၆။ ဦးမြင့်သန်း+ဒေါ်ခင်မာအေး	၅၀
၃၇။ ဦးထွန်းရွှေ+ဒေါ်အေးတင်	၅၀
၃၈။ ဦးသန်းထွန်း+ဒေါ်လှအုန်းကြည်	၁၀၀
၃၉။ ဦးယုအောင်+ဒေါ်ညိုပိုင်း	၁၀၀
၄၀။ ဦးခင်မောင်+ဒေါ်မိုး	၂၀၀
၄၁။ ကိုသိန်းမင်း+မခင်မိုးအေး	၁၀၀
၄၂။ ဦးအောင်သင်း+ဒေါ်ပု	၁၀၀
၄၃။ ဦးအောင်ပု+ဒေါ်တင်ရီ	၂၀၀
၄၄။ ဦးတင်သိန်း+ဒေါ်ကြည်ရွှေ	၅၀
၄၅။ ဦးချစ်ပုံ+ဒေါ်ဖွားကြည်	၅၀
၄၆။ ဦးဖိုးသုံ+ဒေါ်ညိုဥ	၅၀
၄၇။ ဦးဘိုးတုပ်+ဒေါ်ခင်ဝင်း	၁၀၀
၄၈။ ဦးစောကျော်ထူး+ဒေါ်စောမြ	၅၀
၄၉။ ဦးဝင်းလှိုင်+ဒေါ်မြင့်ကြည်	၁၀၀
၅၀။ ဒေါ်သန်း (သား) ကိုဝင်းမြင့်	၁၀၀
၅၁။ ဦးပြား+ဒေါ်ဆယ်ရင်	၁၀၀
၅၂။ ဒေါ်ခင်သိုက်	၂၀၀
၅၃။ ဒေါ်အုံးရင်၊ ဒေါ်အုံးတင် ညီအစ်မ(၄)ဦး	၂၀၀၀
၅၄။ ဦးမောင်ဆယ်+ဒေါ်တင်အုန်း	၅၀၀
၅၅။ ဦးဝင်းအောင်+ဒေါ်မာရီ	၁၀၀
၅၆။ ဦးဉာဏ်ဝင်းထွန်း+ဒေါ်မာမာအေး	၅၀၀
၅၇။ ဦးဉာဏ်ပေါ် မောင်နှမတစ်စု	၂၀၀
၅၈။ ဦးပေါ်သာ+ဒေါ်ခင်ဥ	၂၀၀
၅၉။ ဦးသိန်းအောင်+ဒေါ်တင်အေး	၁၀၀
၆၀။ ဒေါ်ဖွားရင် မိသားစု	၁၀၀
၆၁။ ဦးညွန့်မောင်+ဒေါ်နှင်း	၁၀၀
၆၂။ ဦးတင်အောင်ညွန့်+ဒေါ်ဘိုမ	၅၀၀
၆၃။ ဦးမြအောင်	၁၀၀
၆၄။ ဒေါ်ငြိမ်းတင်	၁၀၀
၆၅။ ဦးကျော်သိန်း+ဒေါ်လှပုံ	၅၀
၆၆။ ဦးမြင့်ဦး+ဒေါ်မူမူအေး(အလည်ကုန်း)	၅၀
၆၇။ ဦးသန်းအောင်+ဒေါ်ရွှေတင် (အလည်ကုန်း)	၅၀
၆၈။ ဦးကျော်ခင်+ဒေါ်အေးကြည် (ညောင်ပင်သာ)	၅၀
၆၉။ ဦးတင်အောင်+ဒေါ်အေးစိန် (သရက်ကန်)	၅၀
၇၀။ ဦးဇော်ဝင်း+ဒေါ်စန်းငွေ (အောင်ချမ်းသာ)	၅၀
၇၁။ ဦးဆွေငြိမ်း+ဒေါ်ပု(အောင်ချမ်းသာ)	၅၀
၇၂။ ဦးမြင့်သန်း+ဒေါ်ခင်မာအေး (အောင်ချမ်းသာ)	၅၀
၇၃။ ဦးထွန်းရွှေ+ဒေါ်အေးတင် (အောင်ချမ်းသာ)	၅၀
၇၄။ ဦးတင်သိန်း+ဒေါ်ကြည်ရွှေ (အောင်ချမ်းသာ)	၅၀
၇၅။ ဦးချစ်ပုံ+ဒေါ်ဖွားကြည် (အောင်ချမ်းသာ)	၅၀
၇၆။ ဦးဖိုးသုံ+ဒေါ်ညိုဥ (အောင်ချမ်းသာ)	၅၀
၇၇။ ဦးစောကျော်ထူး+ဒေါ်စောမြ (အောင်ချမ်းသာ)	၅၀
၇၈။ ဦးကျော်သိန်း+ဒေါ်လှပုံ (အောင်ချမ်းသာ)	၅၀

၇၉။ ဦးကျော်ဝင်း+ဒေါ်ညွန့်ရင်
(အောင်ချမ်းသာ) ၅၀

အလည်ကုန်းရွာ အလှူစာရင်း

၁။ ဦးညီမောင်+ဒေါ်ချွေး ၅၀၀
၂။ ဦးသက်ထွန်း+ဒေါ်တင်ကြည် ၅၀၀
၃။ ဦးမြင့်စိုး+ဒေါ်ခင်စမ်းဝေ ၂၀၀
၄။ ဦးတင်လှိုင်+ဒေါ်တင်စိန် ၁၀၀
၅။ ဦးလှမြင့်+ဒေါ်ခင်မာရီ ၁၀၀
၆။ ဦးမိုးလွင်+ဒေါ်ခင်ပပ ၁၀၀
၇။ ဦးထွန်းကြည် မိသားစု ၁၀၀၀
၈။ ဒေါ်အေးကြွယ် ၂၀၀
၉။ ဒေါ်မြင့်ကြည် ၂၀၀
၁၀။ ဒေါ်လှငွေ ၁၀၀
၁၁။ ဦးသိန်းမြင့်+ဒေါ်သန်းမြင့် ၅၀၀
၁၂။ ဦးသိန်းလှ+ဒေါ်မြသန်း ၃၀၀
၁၃။ ဒေါ်အုံး မိသားစု ၅၀၀
၁၄။ ဦးသက်တင်+ဒေါ်ခင်ရှို ၃၀၀
၁၅။ ဦးလှသန်း+ဒေါ်တင်တင် ၂၀၀
၁၆။ ဦးဝင်းမောင်+ဒေါ်ဝင်းကြည် ၁၀၀
၁၇။ ဦးလှနီ+ဒေါ်တင်ညို ၂၀၀
၁၈။ ဒေါ်သီတာဦး ၁၀၀
၁၉။ ဦးချစ်မောင်+ဒေါ်တင်ရွှေ ၁၀၀
၂၀။ ဒေါ်တင်လှိုင် ၁၀၀၀
၂၁။ ဒေါ်ခင်မာငွေ ၁၀၀
၂၂။ ဦးမြင့်ဦး+ဒေါ်မူမူအေး ၅၀
၂၃။ ကျောင်းအမ ဒေါ်သန်းရွှေ ၁၀၀
၂၄။ ဦးကျော်ညွန့်+ဒေါ်ဝင်းမြင့် ၂၀၀
၂၅။ ဦးကျော်ထွန်း+ဒေါ်တင်လှ ၂၀၀
၂၆။ ဒေါ်မြနု ၁၀၀
၂၇။ ဒေါ်ခင်စိန်ဝင်း ၂၀၀
၂၈။ ဦးကျော်မင်းထွန်း+ဒေါ်သူဇာ ၃၀၀
၂၉။ ဦးကျော်စိုး+ဒေါ်တင်ငွေ ၁၀၀
၃၀။ ဦးအေးသိန်း+ဒေါ်ဝါဝါနိုင် ၁၀၀
၃၁။ ဦးစံနိုင်+ဒေါ်တင်ရီ ၁၀၀
၃၂။ ဒေါ်အုံး သမီး မသန်းအေး ၂၀၀
၃၃။ ဦးသန်းအောင်+ဒေါ်ရွှေတင် ၅၀
၃၄။ ဦးကျော်အေး+ဒေါ်ကြည်လှစိန် ၁၀၀

တောင်ပေါ် တဲစုများ အလှူရှင်စာရင်း
(အင်ကြင်းမြိုင်)

၁။ ဦးချစ်ခင်+ဒေါ်ချွေး ၃၀၀
၂။ ဦးဟံတင်+ဒေါ်ကြည်တင့် ၂၀၀
၃။ ဦးကျော်မြင့်+ဒေါ်မွေး ၂၀၀
၄။ ဦးမြလေး+ဒေါ်ပုလုံး ၃၀၀
၅။ ဦးစိုးမြင့်+ဒေါ်ပေါ်ပေါ် ၂၀၀
၆။ ဦးအောင်ဝင်း+ဒေါ်ခင်လှရီ ၃၀၀
၇။ ဦးမြထွန်း+ဒေါ်သိန်းမြင့် ၂၀၀
၈။ ဦးပု+ဒေါ်လှလှဝင်း ၁၀၀
၉။ ဦးငြိမ်းမောင်+ဒေါ်ဆယ်တင် ၃၀၀
၁၀။ ဦးဖုန်း+ဒေါ်စောမြ ၂၀၀
၁၁။ ဦးထွန်းမြိုင်+ဒေါ်ရင်လှ ၁၀၀
၁၂။ ဦးပို+ဒေါ်ငြိမ်းခင် ၂၀၀
၁၃။ ဦးသိန်းရွှေ+ဒေါ်မွေး ၁၀၀

အလည်ကုန်းရွာ ထပ်မံပို့သည့်
အလှူရှင်စာရင်း

၁။ ဦးငွေအောင်+ဒေါ်နိုင် ၂၀၀
၂။ ဦးသန်းမောင်+ဒေါ်လုံးတင် ၅၀၀
၃။ ဦးသိန်းဝင်း+ဒေါ်နေစမ်းမော် ၁၀၀

၄။ ဦးစင်မောင်ဝင်း+ဒေါ်ကြည်သန်း ၁၀၀
၅။ ဦးဝင်းဘို+ဒေါ်စင်မာဝင်း ၁၀၀
၆။ ဒေါ်သန်းရင် ၂၀၀
၇။ ဦးအုန်းလွင်+ဒေါ်မြင့်စင် ၂၀၀
၈။ ဦးတင်ဆောင်+ဒေါ်စင်လှရီ ၁၀၀
၉။ ဦးလှထူး+ဒေါ်မိဆွေ ၂၀၀
၁၀။ ဦးအေးလွင်+ဒေါ်ချိုသန်း ၂၀၀
၁၁။ ဦးစင်ဦး+ဒေါ်စင်ဖျို ၃၀၀
၁၂။ ဦးမင်းဇော်+ဒေါ်သန်းသန်းမြင့် ၃၀၀

ဦးစံမို ထပ်မံလှူ

၁။ ဦးဘိုနီ+ဒေါ်စင်ရွှေ နဘူးကျောင်းရွာ ၁၀၀၀
၂။ ကိုရွှေး+ဒေါ်ငြိမ်းရင် နဘူးကျောင်းရွာ ၅၀၀
၃။ ဦးဖုန်းကျော်+ဒေါ်သန်းသန်းဆေ
နဘူးကျောင်းရွာ ၅၀၀
၄။ ဦးပြား+ဒေါ်ပွေးမြ ကံကြီးရွာ ၃၀၀
၅။ ဦးကြည်စိုး+ဒေါ်လှဲလှဲဝင်း ကံကြီးရွာ ၃၀၀
၆။ ဦးအောင်ငြိမ်း+ဒေါ်ရွှေကြည်
ကံကြီးရွာ ၂၀၀
၇။ ဦးတင်ပိုင်း+ဒေါ်ပို ကံကြီးရွာ ၅၀၀
၈။ ဦးကျော်မွေး+ဒေါ်သိန်းတင် ကံကြီးရွာ ၃၀၀
၉။ ဦးစိုးလွင်+ဒေါ်စင်မမ နဘူးကျောင်းရွာ ၂၀၀
၁၀။ ဦးလှမြင့်+ဒေါ်တင်အေး
နဘူးကျောင်းရွာ ၁၀၀
၁၁။ ဒေါ်စင်သိန်း အလည်ကုန်းရွာ ၅၀၀
၁၂။ ဦးကျော်မင်းဦး+ဒေါ်စင်မာဆန်း
အလည်ကုန်းရွာ ၅၀၀
၁၃။ ဒေါ်စင်ရီ ၁၀၀
၁၄။ ဦးစံမို+ဒေါ်ထွေးညွန့် ခင်သန်းနု
ဓမ္မပါလ ရှမ်းကဲ ၁၀၀၀

၁၅။ ဦးအောင်စံ+ဒေါ်သောင်းကြည် ၅၀၀
၁၆။ ဦးဝင်းလှိုင်+ဒေါ်စန်းစန်း ၅၀၀
၁၇။ ဦးအေးလွင်+ဒေါ်အေးဝင်း ၂၅၀
၁၈။ ဦးကျော်အေး ၂၀၀
၁၉။ ဦးစံလှ+ဒေါ်လှလှ ၅၀၀
၂၀။ ဦးအောင်သိန်း+ဒေါ်ငွေတင် ၁၀၀
၂၁။ ဒေါ်စိုးစိုး ၂၀၀
၂၂။ ဦးမောင်ကြိုင် ၁၀၀
၂၃။ ဦးစံရှိန်+ဒေါ်ရွှေးရွှေး
ညောင်ပင်သာရွာ ၁၀၀
၂၄။ ဒေါ်ဒေါင်း မိသားစု
ညောင်ပင်သာရွာ ၁၀၀
၂၅။ ဦးကျော်မြင့်+ဒေါ်စောကြည်
ညောင်ပင်သာရွာ ၅၀၀
၂၆။ ဦးကျော်စင်+ဒေါ်အေးကြည်
ညောင်ပင်သာရွာ ၅၀
၂၇။ ဦးညီအောင်+ဒေါ်အုန်းရွှေ
ညောင်ပင်သာရွာ ၁၀၀
၂၈။ ဦးအောင်ဝင်း+ဒေါ်သွန်းရင်
ညောင်ပင်သာရွာ ၁၀၀
၂၉။ ဦးသန်းနိုင်ဦး+ဒေါ်သန်းသန်းမြင့်
ညောင်ပင်သာရွာ ၅၀၀

ဦးစံမို ဓမ္မပါလ ရှမ်းကဲ ပို့ငွေပေါင်း ၁၈၂၅၀/

ဦးအောင်–ညောင်လွန့် အလှူစာရင်း

၁။ ဦးအောင်+ဒေါ်ဒေါင်း
အောင်ရတနာဆီစက် မိသားစု
ညောင်လွန့်ရွာ၊ ဈေးကုန်း။ ၃၅၀၀၀
၂။ ဦးချစ်တုတ်+ဒေါ်ငွေမြိုင်
ကြို့ကြာအင်းရွာ ၅၀၀၀

၃။ ဦးကြည်အောင်+ဒေါ်မမကြီး
ကြိုးကြာအင်းရွာ ၅၀၀၀
ပေါင်း = ၄၅၀၀၀

ဒေါ်ကြည်ကြည် ပို့သည့်အလှူ

၁။ ဗိုလ်ကြီးခင်မောင်အား ရည်စူး၍
ဒေါ်ကြည်ကြည် ပျဉ်းမနား ၂၀၀၀၀
၂။ ဦးစိုး မကျီးတော၊ ပျဉ်းမနား ၅၀၀၀
ပေါင်း = ၃၅၀၀၀

ကံကြီးရွာ ဦးကျော်ညွန့် ပို့သည့် အလှူရှင်စာရင်း

၁။ ဦးကျော်ညွန့်+ဒေါ်လှမြိုင် မိသားစု
ကံကြီးရွာ ၂၀၀၀
၂။ ဦးအေးကို+ဒေါ်ခင်မာအေး သား
အောင်ကိုဦး သမီး နှင်းအိအိအောင်
ဂျူးဂျူး၊ ပေါင်းလောင်း ပျဉ်းမနားမြို့ ၂၀၀၀
၃။ ကိုဝဏ္ဏ+မအေးအေးမော်
ရမည်းသင်းမြို့ ၂၀၀၀
၄။ ဦးညွန့်မွှေး+ဒေါ်ပု သား
ထွန်းထွန်းနိုင်၊ ထွန်းထွန်းဝင်း၊
နေလင်းစိုး၊ သမီး အိသန္တာကျော်
ပေါင်းလောင်း ပျဉ်းမနားမြို့ ၂၀၀၀
၅။ ဆရာမ ဒေါ်မြင့်မြင့်နိုင်
မြောက်လွတ်ကုန်း အမက၊
အမှတ်-၁၄/၃၁ မင်္ဂလာမီးရထားရပ် ၁၀၀၀
၆။ ကိုကျော်ဆွေ+မခင်မာလွင် ကံကြီးရွာ ၁၀၀၀
၇။ အမိ ဒေါ်ဖြူလုံး
ဦးကျောက်စိမ်း+ဒေါ်လှရီ
ကံကြီးရွာ ၁၀၀၀
၈။ ဦးတင်ရှိန်+ဒေါ်မြမြ
တိုးရဲ့ ၂ ချယ်ရီလမ်း
ပေါင်းလောင်း ပျဉ်းမနားမြို့ ၅၀၀
၉။ ဦးဝင်းရှိန်+ဒေါ်တင်တင်ဝင်း၊
ကျောက်စရစ်ရွာ ပစ္စက္ကူမြို့နယ် ၅၀၀
၁၀။ ကိုစောလင်းဦး ကျန်းမာရေး
လုပ်သား သက်ကယ်ကျင်း ၅၀၀
စုစုပေါင်း ၁၂၅၀၀ိ/

ခေါင်းဆောင်အလှူရှင် ၁၀ ဦး၏
အလှူငွေပေါင်း ၆၅၅၀၀ိ/

သုံးငွေ
၁။ တောရဆရာတော်ဘဝနှင့်
တောရကျောင်းများအကြောင်း
ရေးမည့် စာပုံစံများ ၃၀၀၀ိ/
၂။ ဓာတ်ပုံများ၊ စာများကူး ၅၀၀၀ိ/
၃။ ပထမကွန်ပျူတာ၊
စာကြမ်း (၂) ကြိမ် ၃၀၅၀၀ိ/
၄။ ဒုတိယကွန်ပျူတာ၊ စာချောနှင့်
ဓာတ်ပုံများကူး၊ စာအုပ်ချုပ် ၂၇၀၀၀ိ/
သုံးငွေပေါင်း = ၆၅၅၀၀ိ/

ဓမ္မစေတီကျောက်စာတိုက်တည်ရှိရာနှင့် ကျောက်စာအလှူရှင်များ

(က) ကျောက်စာတိုက် ကျပ်သိန်း ၁၅၀ အလှူရှင်များ
ဦးစိန်မောင် + ဒေါ်ဝင်းမာ (သား) မောင်ရိုင်ဇော်၊ ပြည့်မှူးဇော်
အမှတ် ၁၅ (က)၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ကျပ်သိန်း ၁၅၀

(ခ) ဆရာတော်ကြီးပုံတူရုပ်တု ကျပ်သိန်း ၆၀ အလှူရှင်
ဦးအောင်ခ + (ဒေါ်ခင်ကြိုင်) သား ကိုစိုးသန်း + မမြဝင်းနှင့်
သားသမီးမြေးတစ်စု၊ ဒေါင်းမင်းဆီစက်၊ လမ်းမတော်
တပ်ကုန်းမြို့၊ နေပြည်တော်။ ၆၀၀၀၀၀၀ ကျပ်

(ဂ) ကျောက်စာအလှူရှင်များ

၁။ ဦးအောင်ခ + (ဒေါ်ခင်ကြိုင်) သား ကိုစိုးသန်း + မမြဝင်း သားသမီး မြေးတစ်စု ဒေါင်းမင်းဆီစက်၊ လမ်းမတော်၊ နေပြည်တော်၊ တပ်ကုန်းမြို့။	၂၁–ချပ်	၂၁၀၀၀၀၀ ကျပ်
၂။ ဦးထွန်းမြ + ဒေါ်မြပု ဈေးအနောက်ဘက်၊ ရမည်းသင်းမြို့။	၁–ချပ်	၉၀၀၀၀ ကျပ်
၃။ ဦးတင့်ရွှေ + ဒေါ်ခင်ဝေစည် (ရွှေပြည့်စုံ စီဒီယို) စီဓဝါအိမ်ရာ၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။	၁–ချပ်	၉၀၀၀၀ ကျပ်
၄။ ဦးမျိုးသန့် + ဒေါ်တင်ညွန့်ရွှေ တောင်ငူတန်းလမ်း၊ ရမည်းသင်းမြို့။	၁–ချပ်	၉၀၀၀၀ ကျပ်
၅။ ဦးတင့်ဝေ + ဒေါ်စန်းစန်းမြင့် (ရွှေပြည့်စုံစီဒီယို) စီဓဝါအိမ်ရာ၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။	၁–ချပ်	၉၀၀၀၀ ကျပ်
၆။ ဦးဇော်ဝင်း + (ဒေါ်သန်းသန်းမြင့်) နင်းရာစာသံဆိုင်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။	၁–ချပ်	၉၀၀၀၀ ကျပ်
၇။ ဦးသော်တာ + ဒေါ်ရွှေးရွှေးရီ ၄ လမ်း၊ ရွှေရှီရပ်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။	၁–ချပ်	၉၀၀၀၀ ကျပ်
၈။ ဦးသန်းလွင် + ဒေါ်စိန်စိန် ရွှေပေါ်ထွန်း စားသောက်ဆိုင် နေပြည်တော်၊ ပျဉ်းမနားမြို့။	၁–ချပ်	၉၀၀၀၀ ကျပ်
၉။ ဦးကြည်လှ + ဒေါ်တင်အေး စာမဏီ မိုတယ်၊ နေပြည်တော်၊ ပျဉ်းမနားမြို့။	၁–ချပ်	၉၀၀၀၀ ကျပ်
၁၀။ ဦးရွှေ + ဒေါ်ငြိမ်းရင် နဘူးကျောင်းရွာ၊ ရမည်းသင်းမြို့။	၁–ချပ်	၁၀၀၀၀၀ ကျပ်

၁၁။ ဦးမြင့် + ဒေါ်ခင်သန်းမြင့်
မိုလ်မင်းရောင်ရပ်ကွက်၊ နေပြည်တော်၊ တပ်ကုန်း။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၁၂။ ဒေါ်တင်တင်ညို၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်သန်းသန်းနွဲ့
၉ နွယ်နီလမ်း၊ အလုံ၊ ရန်ကုန်မြို့။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၁၃။ ဦးနု + ဒေါ်ကြင်နု
ဆီစက်နှင့် ကုန်မျိုးစုံရောင်းဝယ်ရေး၊
နေပြည်တော်၊ တပ်ကုန်းမြို့။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၁၄။ ဦးမောင်မြင့် + ဒေါ်ဝင်းမြင့်ဦး
သရဖူပွဲရုံ၊ နေပြည်တော်၊ တပ်ကုန်းမြို့။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၁၅။ ဦးအောင် + ဒေါ်ဒေါင်း
အောင်ဆီစက်၊ ညောင်လွန့်ရွာ၊
နေပြည်တော်၊ တပ်ကုန်းမြို့နယ်။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၁၆။ ဦးသိန်းအောင် + ဒေါ်တင်တင်မိုး
ရွှေလမင်း နို့ဆီစက်၊ ပျော်ဘွယ်မြို့။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၁၇။ (ဗိုလ်ကြီး ခင်မောင်) + ဒေါ်ကြည်ကြည်
၈ လမ်း၊ ရွှေချီရပ်ကွက်၊ နေပြည်တော်၊
ပျဉ်းမနားမြို့။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၁၈။ ဒေါက်တာခင်မောင် + ဒေါ်ညိုညို
ပြည်သူ့ဆေးရုံကြီး၊ ပုလဲမြို့။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၁၉။ ဦးမြင့်သန်း + ဒေါ်ခင်သောင်း
ရွှေပြည်သာရပ်ကွက်၊ ရမည်းသင်းမြို့။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၂၀။ ဦးသန်းဆွေ + ဒေါ်ခင်သန်းမြင့်
ရွှေပြည်သာရပ်ကွက်၊ ရမည်းသင်းမြို့။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၂၁။ ဦးအောင်လင်း (တွဲမ) မသင်းသင်းဝေ
ပန်းရိုးမပွဲရုံနှင့် နီလာသင်းရွှေဆိုင်၊ ရမည်းသင်းမြို့။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၂၂။ ဒေါ်ထွေးကြည်နှင့် သားသမီးမြေးတစ်စု
နဘူးကျင်းရွာ၊ ရမည်းသင်းမြို့နယ်။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၂၃။ ကိုဘိုနီ + မယဉ်ရွှေ
ကြာပင်အင်းရွာ၊ ရမည်းသင်းမြို့နယ်။ ၁–ချပ် ၁၀၀၀၀၀ ကျပ်
၂၄။ ကိုကျော်စန်း + မခင်ထားမြင့်
အင်းကုန်းရွာ၊ ရမည်းသင်းမြို့။ ၁–ချပ် ၁၀၀၀၀၀ ကျပ်

၂၅။ ဦးဘိုနီ + ဒေါ်သန်းအေး ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။	၁–ချပ်	၁၀၀၀၀၀ ကျပ်
၂၆။ (ဦးဖောင်း + ဒေါ်ဖွားရွှေ) သားသမီးတစ်စု အောင်ချမ်းသာရွာ၊ ရမည်းသင်းမြို့။	၁–ချပ်	၁၀၀၀၀၀ ကျပ်
၂၇။ ဦးထွန်းရွှေ + ဒေါ်အေးတင် (သား) ကိုသန်းထွန်း + မလှအုန်းကြည် အောင်ချမ်းသာရွာ၊ ရမည်းသင်းမြို့နယ်။	၁–ချပ်	၁၀၀၀၀၀ ကျပ်
၂၈။ ဦးစံရီ + ဒေါ်အောင်မေရီ စိုးမိုး နို့ဆီ၊ ကင်မွန်းမြို့ကားဂိတ်၊ ရမည်းသင်းမြို့။	၁–ချပ်	၁၀၀၀၀၀ ကျပ်
၂၉။ ကိုတင်ရှိန် + မစန်းမြင့် ပျဉ်းမတောရွာ၊ ရမည်းသင်းမြို့နယ်။	၁–ချပ်	၁၀၀၀၀၀ ကျပ်
၃၀။ စေတနာရှင်များ စုပေါင်းကောင်းမှု	၁–ချပ်	၁၀၅၀၀၀ ကျပ်
စုစုပေါင်း	၅၀–ချပ်	၄၉,၂၅၀၀၀ ကျပ်

ပေါင်း (ကျပ် လေးဆယ့်ကိုးသိန်းနှစ်သောင်းငါးထောင်)

ရေစက်ချမင်္ဂလာ– ရက်စွဲ ၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် (၂) ရက် ၂၆.၁၂.၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နှစ်လေးဆယ်ကျော်ဓုတင်ဆောင်ခရီး စာအုပ်ရိုက်နှိပ်ရေး အလှူရှင်များ

ကျပ်ငါးသိန်းအလှူရှင်များ

၁။ ဦးအောင်ခ + (ဒေါ်ခင်ကြိုင်) သား
ကိုစိုးသန်း + မမြဝင်း၊ သား
ကိုသက်နိုင်၊ ကိုစံမျိုးလှိုင် +
မမီမီအောင်၊ မြေး မသူသူစိုး၊
မရိရိမွန်စိုး၊ မောင်ညဏ်လင်းစိုး၊
အိမ့်မှူးခခေင်၊ မောင်လင်းသန့်၊
ဒေါ်င်းမင်းဆီစက်နှင့် ပွဲရုံ၊
နေပြည်တော်၊ တပ်ကုန်းမြို့။ ၅၀၀၀၀၀

၂။ ဦးအောင်ဌေး ဒုတိယရဲမှူး (ငြိမ်း)
(C.I.D) + ဒေါ်ဝင်းထိန်(ခ)ဒေါ်စန္ဒာ
သားကြီး ကိုအောင်နိုင်ဦး(UNITEAM
MARINE Co.,Ltd) +
မယမင်းသွယ်၊ သမီး မစုစုအောင်၊
သား ကိုအောင်ဘုန်းမြင့်
နောက်ဆုံးနှစ် အပိုင်း(က) ဆေး–၁၊
မြေး မောင်မင်းသုခိုင်၊ အမှတ်–၁၃၆၊
လသာလမ်း (၆) ရပ်ကွက်၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ၅၀၀၀၀၀

ကျပ်သုံးသိန်းအလှူရှင်

၃။ ဦးသိမ်းဆောင် (ရမည်းသင်း)+
ဒေါ်ခင်တင့်၊ သား ဒေါက်တာ
ခင်မောင်ဦး၊ ကိုအောင်ကျော်ဦး၊
ကိုမင်းအောင်၊ မြေး–မမြင့်မြင့်ရွှေ၊
မကြူကြူဌေး၊ ထွန်လင်းဆေးခန်း၊
သာကေတမြို့။ ၃၀၀၀၀၀

ကျပ်တစ်သိန်းနှစ်သောင်းအလှူရှင်

၄။ ဦးရွှေအောင် + ဒေါ်အေးအေးမာ
သားသမီးများ ကိုသောင်းထိုက်စိုး+
မစွန်ပွင့်အောင် (ဩစတြေးလျ)၊
ကိုရွှေမန်အောင်၊ မသဇင်ပွင့်အောင်
(ရွှေမိုးကောင်း ရတနာလုပ်ငန်းနှင့်
ရောင်းဝယ်ရေး) သာကေတမြို့။ ၁၂၀၀၀၀

ကျပ်တစ်သိန်းအလှူရှင်

၅။ မိခင်ကြီးဒေါ်ညွန့် အမှူးထား၍ သား
ဗိုလ်ကြီး သိန်းစိုးနိုင် (ငြိမ်း)+
ဒေါ်သိန်းသိန်းဦး၊ မြေး မောင်ကြည်လင်၊
သမီး ဝင်းပပလှိုင်၊ ဆုပပလှိုင်၊
အမှတ် ၄၅၊ သဒ္ဓါရုံလမ်း၊
၂(က)ရပ်ကွက်၊ သာကေတမြို့။ ၁၀၀၀၀၀

၆။ ဦးအောင်လင်း တူမ မသင်းသင်းဝေ
နီလာသင်းရွှေဆိုင်နှင့် ပွဲရုံ၊
ရမည်းသင်းမြို့။ ၈၀၀၀၀

၇။ ဦးချိန်ခေး + ဒေါ်လှလှ သားသမီးများ
ဦးမြဟန်၊ ဦးရဲထွဋ်၊ ဒေါ်မြင့်မြင့်သန်း၊
ဦးသန်းထွဋ်၊ ဒေါ်ကြူကြူ
ရမည်းသင်းမြို့။ ၅၀၀၀၀

၈။ (ဗိုလ်ကြီးခင်မောင်) + ဒေါ်ကြည်ကြည်
မိသားစု ရွှေဆီရပ်၊ နေပြည်တော်
ပျဉ်းမနားမြို့။ ၃၀၀၀၀

၉။ (ဦးညွန့်လှိုင်) + ဒေါ်ခင်လွှမ်း၊ သမီး

ဒေါက်တာခင်မျိုးလွင်၊ဒေါ်ခင်သန်းလွင်၊
သား ဒေါက်တာခင်မောင်လွင်၊
မောင်ကျော်လင်းထွန်း၊
လမ်း ၄၀၊ ရန်ကုန်မြို့။ ၂၀၀၀၀
၁၀။ ဦးကျော်ညွန့် + ဒေါ်လှမြိုင်
မိသားစု ကံကြီးရွာ၊
ရမည်းသင်းမြို့။ ၂၀၀၀၀
၁၁။ ကိုမျိုးလှိုင်ထွန်း + မကြည်ကြည်ဆွေ
ကံကြီးရွာ၊ ရမည်းသင်း။ ၂၀၀၀၀
၁၂။ ဦးရွှေဥ + ဒေါ်ချစ်ရီ
ကံကြီးရွာ၊ ရမည်းသင်း။ ၂၀၀၀၀
၁၃။ ဦးကျော်ရွှေ + ဒေါ်မွေးရီ မိသားစု
ကံကြီးရွာ၊ ရမည်းသင်း။ ၂၀၀၀၀
၁၄။ ဦးကျော်မွေး + ဒေါ်သိန်းတင် မိသားစု
ကံကြီးရွာ၊ ရမည်းသင်း။ ၁၀၀၀၀
၁၅။ ဦးအေးကို + ဒေါ်ခင်မာအေး မိသားစု
နေပြည်တော်၊ ပျဉ်းမနား။ ၁၀၀၀၀
၁၆။ ဦးမောင်မောင်စိုး + ဒေါ်ဥသြရွှေ
မိသားစု၊ ကံကြီးရွာ၊
ရမည်းသင်း။ ၁၀၀၀၀
၁၇။ ဦးကျော်ဇွေး + ဒေါ်ခင်မာလှိုင်
သမီး သီရိကျော်ဇင်
ကံကြီးရွာ၊ ရမည်းသင်း။ ၁၀၀၀၀
၁၈။ ဦးနိုင်မောင်မောင် + ဒေါ်သန္တာမြိုင်
သမီး သဲနုစံ၊ ရွာတန်း၊
ရမည်းသင်း။ ၁၀၀၀၀
၁၉။ မော်ဘီကျောက်ဘုရားတောရဆရာတော်
ဦးပညာအဓိက၏ မယ်တော်
ဒေါ်တင်ပု။ ၅၀၀၀
၂၀။ ကျောက်ဘုရားတောရဆရာတော်၏
ဒကာ ဦးကျော်ဇေယျာဝင်း +
ဒေါ်နိုင်နိုင်ဆွေ၊ သာကေတမြို့။ ၆၀၀၀
၂၁။ ဦးလှရွှေ + ဒေါ်အုန်းကြည်
မိသားစု၊ ကံကြီးရွာ၊ ရမည်းသင်း။ ၅၀၀၀
၂၂။ ကိုအောင်ကျော်ဆွေ + မလှလှဝင်း
မိသားစု၊ ကံကြီးရွာ၊ ရမည်းသင်း။ ၃၀၀၀
၂၃။ ဦးခင်မောင်မြင့် + ဒေါ်ရီရီရွှေ
မိသားစု၊ ကံကြီးရွာ၊ ရမည်းသင်း။ ၂၀၀၀

စုစုပေါင်း – ၁၈၅၀၀၀ိ/
(တစ်ဆယ့်ရှစ်သိန်း ငါးသောင်း)

သာဂရမြို့ မှန်တောင်တောရဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ၏ တပည့်ဒါယကာများ ကျပ်ငွေ ဆယ်သိန်းကျော် စုပေါင်းပို့သည့် အလှူရှင်များစာရင်း

၁။ အများကောင်းမှု (စုပေါင်း)
မြို့စုံ၊ ရွာစုံ။ ၁၃၅၀၀၀
၂။ ဦးဇော်ထွန်း (စက်ရုံမှူး) +ဒေါ်နုနု
အမှတ် (၁၃၅၀)၊
တာမွေ၊ ရန်ကုန်။ ၁၀၀၀၀၀
၃။ မပေါက်နှင့် (မောင်) ကိုသန့်ဇင် +
မနင်းအေးနိုင်
(ရွှေသဇင် ရွှေဆိုင် မိသားစု)
ရွာလယ်ပိုင်းရပ်ကွက်၊ ရေနံ။ ၅၀၀၀၀
၄။ (ဒေါ်ခင်ကြည်)အား ရည်စူး၍

မသိန်းသိန်းဝင်း၊ မကောဂျာခိုင်ဝင်း
ညီအစ်မတစ်စု၊
ရွာလယ်ပိုင်းရပ်ကွက်၊ ရေနီမြို့။ ၁၀၀၀၀

၅။ ဒေါက်တာမောင်မောင်သိန်း +
ဒေါ်ကြည်ဝင်း မိသားစု
တောင်ပိုင်းရပ်ကွက်၊ ရေနီမြို့။ ၃၀၀၀၀

၆။ ဦးဇော်လွင် + ဒေါ်သီသီဟန်
(သမာဓိ) ဈေးကွက်သစ်ရပ်ကွက်၊
သာဂရမြို့။ ၃၀၀၀၀

၇။ ဦးမြင့် + ဒေါ်အုန်းမြင့်
မိသားစု၊ ဈေးကွက်သစ်ရပ်ကွက်၊
သာဂရမြို့။ ၂၀၀၀၀

၈။ ဒေါ်တင်ရီ၊ ဒေါ်တင်စီ (မောင်)
ဦးကင်ဟို (မြဆီစက်)
င.ခ.မ.န ရပ်ကွက်၊ သာဂရမြို့။ ၃၀၀၀၀

၉။ မစန်းစန်းယု၊ မတင်တင်မာ၊
မစုစုအောင်၊ ကိုမင်းမင်းထွန်း
(မောင်နှမတစ်စု)၊
င.ခ.မ.န ရပ်ကွက်၊ သာဂရမြို့။ ၁၀၀၀၀

၁၀။ ဒေါ်နှဲ့ရီ
ဆင်စုရပ်ကွက်၊ သာဂရမြို့။ ၂၀၀၀၀

၁၁။ ဒေါ်မမလေး
ဆင်စုရပ်ကွက်၊ သာဂရမြို့။ ၁၀၀၀၀

၁၂။ ဦးကြိုင်ဟိုး + ဒေါ်ခင်စန်းဝေ
ဆင်စုရပ်ကွက်၊ သာဂရမြို့။ ၁၀၀၀၀

၁၃။ ဒေါ်မြင့်
ဆင်စုရပ်ကွက်၊ သာဂရမြို့။ ၁၀၀၀၀

၁၄။ (ဦးမောင်ကို + ဒေါ်တင်ကြည်)
တို့အား ရည်စူး၍ သား၊သမီး မိသားစု
ဈေးတန်းရပ်ကွက်၊ သာဂရမြို့။ ၁၀၀၀၀

၁၅။ ဒေါ်စန်းရီ (ဖြူးထမင်းဆိုင်) မိသားစု
ဒေဝ သာစည်ရွာ၊ သာဂရမြို့။ ၁၆၀၀၀

၁၆။ မချောစု၊ မဖြူဝင်း
ဒေဝ သာစည်ရွာ၊ သာဂရမြို့။ ၈၀၀၀

၁၇။ ဒေါ်သန်းငွေ
ဒေဝ သာစည်ရွာ၊ သာဂရမြို့။ ၅၀၀၀

၁၈။ ဦးအောင်ရွှေ + ဒေါ်ခင်ဖြူးရီ
ဒေဝ သာစည်ရွာ၊ သာဂရမြို့။ ၁၅၀၀

၁၉။ ကိုဇော်မင်းနိုင် + မမြင့်မြင့်အေး
ကက္ကူရွာ၊ သာဂရမြို့။ ၁၀၀၀၀

၂၀။ ဒေါ်စိုလ်မ
ကက္ကူရွာ၊ သာဂရမြို့။ ၅၀၀၀

၂၁။ ဦးတင်စိုး + ဒေါ်တင်လှ
အုတ်ဖိုရွာ၊ သာဂရမြို့။ ၁၀၀၀၀

၂၂။ ဒေါ်ကျင်ငွေ (မိသားစု)
အုတ်ဖိုရွာ၊ သာဂရမြို့။ ၃၀၀၀

၂၃။ ဦးညို + ဒေါ်အုန်းကြည်
အုတ်ဖိုရွာ၊ သာဂရမြို့။ ၁၀၀၀

၂၄။ ကိုရွှေအောင် + မခင်မာဝင်း
တိုးခေါင်းရွာ၊ သာဂရမြို့။ ၃၀၀၀

၂၅။ ဒေါ်နန်း
တိုးခေါင်းရွာ၊ သာဂရမြို့။ ၃၀၀၀

၂၆။ ဦးအေးဝင်း + ဒေါ်မာအေး
တိုးခေါင်းရွာ၊ သာဂရမြို့။ ၃၀၀၀

၂၇။ ဒေါ်အုန်းတင် (မိသားစု)
တိုးခေါင်းရွာ၊ သာဂရမြို့။ ၃၀၀၀

၂၈။ ဒေါ်တင်လှ (မိသားစု)
တိုးခေါင်းရွာ၊ သာဂရမြို့။ ၁၀၀၀

၂၉။ ဦးထွန်းခင် (သား) မောင်နန်းကျော်စိုး
တကုန်းရွာ၊ သာဂရမြို့။ ၂၀၀၀

၃၀။ ဦးချင်ဟိုက် + ဒေါ်အေးအေးမြင့်
(သား) မောင်ထက်ကိုကို
ဈေး (၁) ရပ်ကွက်၊ မြို့လှ။ ၁၀၀၀၀

၃၁။ ဦးစိန်မြင့် + ဒေါ်ဝင်းလေး မိသားစု
ဈေး (၁) ရပ်ကွက်၊ မြို့လှမြို့။ ၅၀၀၀

၃၂။ ဦးကြည်စိန် + ဒေါ်ဂုဏ်အိ မိသားစု
ဈေး (၁) ရပ်ကွက်၊ မြို့လှမြို့။ ၃၀၀၀

၃၃။ ဦးထွန်းရ မိသားစု
ဈေး (၂) ရပ်ကွက်၊ မြို့လှမြို့။ ၅၀၀၀

၃၄။ ဒေါ်အေးအေးနိုင်
ရွှေမြိုင်ရပ်ကွက်၊ မြို့လှမြို့။ ၁၀၀၀၀

၃၅။ ဒေါ်သန်း
သာဝတ္တိရပ်ကွက်၊ မြို့လှမြို့။ ၅၀၀၀

၃၆။ ဒေါ်ခင်မြလွင်
(မြေး) မချမ်းမြေ့လွင်
သာဝတ္တိရပ်ကွက်၊ မြို့လှမြို့။ ၃၀၀၀

၃၇။ ဦးမြင့်သိန်း + ဒေါ်ခင်သန်း
(နာရီမိသားစု) ချောင်းမကြီး
(၂) ရပ်ကွက်၊ မြို့လှမြို့။ ၅၀၀၀

၃၈။ ဒေါ်ညွန့်စိန်
စိုင်ဂေါင်းရပ်၊ မြို့လှမြို့။ ၅၀၀၀

၃၉။ ဒေါ်ဒေါင်းမ
ညောင်ကြပ်ရွာ၊ မြို့လှမြို့။ ၂၄၀၀၀

၄၀။ ဦးအောင်ကြိုင် + ဒေါ်စိုးတင့်
မိသားစု၊ ၄ (က)ရပ်ကွက်၊
ဆွာမြို့။ ၅၀၀၇

၄၁။ ဒေါ်စန်းစန်းမွန် (မိသားစု)
ထောက်ကြံ့ကွင်း၊ ဆွာမြို့။ ၅၀၀၀

၄၂။ ဒေါ်ရီ (သမီး) ဗိုလ်မှူးမျိုးဝင်း +
ဒေါ်နွယ်နီလှိုင်မြင့် (သား)
မောင်နေမျိုးကျော် (၄) နှစ်ပြောက်
မွေးနေ့အမှတ်တရအလှူ
ဈေးတန်းရပ်ကွက်၊ သာဂရမြို့။ ၅၀၀၀၀

၄၃။ ဦးစိုင်းလှဦး+ဒေါ်နီလာ (မိသားစု)
ဆင်စုရပ်ကွက်၊ သာဂရမြို့။ ၄၀၀၀၀

၄၄။ ဦးရွှေဝင်း (လ/ထ-မန်နေဂျာ)
ဇနီး ဒေါ်အေးအေးမူ
စက်မှုဇုံ၊ သာဂရမြို့။ ၅၀၀၀

၄၅။ (ဇနီး) (ဒေါ်ငြိမ်းခင်)ကို ရည်စူး၍
ဦးမော်ဦး (သား) ကိုဟိန်းမင်းထက် +
မနွယ်နွယ်ဝင်း (မြေး) မောင်ဇေထက်
(သမီး) ဒေါက်တာ ဟေမာန်ငြိမ်း
၆-ရပ်ကွက်၊ ဆွာမြို့။ ၃၀၀၀၀

၄၆။ ဖခင် ဦးအောင်သန်း အားရည်စူး၍
(သမီး) မကြည်လှိုင်အောင်
ကျောက်ဆည်မြို့။ ၁၀၀၀

၄၇။ ဦးခင်ဦး + ဒေါ်ဘေဘီ (သား)
မောင်ဇင်ဦးမောင်
မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့။ ၅၀၀၀၀

၄၈။ ဦးလှအောင် + ဒေါ်ခင်သိန်း
မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့။ ၅၀၀၀

၄၉။ ဦးခင်မောင်ချစ် + ဒေါ်လှလှဘို
အမှတ်-၄၊ လယ်ဝေး။ ၃၀၀၀၀

၅၀။ ဦးမြသောင်း + ဒေါ်အေးအေးဝင်း
အမှတ်-၄ ရပ်ကွက်၊
လယ်ဝေးမြို့။ ၃၀၀၀၀

၅၁။ ဦးညီညီ + ဒေါ်အမာကြည်
အမှတ်-၂ ရပ်ကွက်၊
လယ်ဝေးမြို့။ ၁၅၀၀၀

၅၂။ မနှင်းနှင်းရီ၊ အမှတ်-၆ ရပ်ကွက်၊
လယ်ဝေးမြို့။ ၃၀၀၀

၅၃။ သူရိန်စိုး၊ အမှတ်-၁ ရပ်ကွက်၊
လယ်ဝေးမြို့။ ၂၀၀၀

၅၄။ (ဦးဝင်းတင့်) အားရည်စူး၍
ဒေါ်စန္ဒာကျော် (မိသားစု)
အမှတ်-၂ ရပ်ကွက်၊ လယ်ဝေးမြို့။ ၂၀၀၀

၅၅။ မောင်မောင်မြင့်
အမှတ်–၂ ရပ်ကွက်၊လယ်ဝေးမြို့။ ၃၀၀၀

၅၆။ ဦးသန်းထွန်းလွင် + ဒေါ်အမာရီ
အမှတ်–၂ ရပ်ကွက်၊လယ်ဝေးမြို့။ ၁၀၀၀

၅၇။ ဦးခင်ညို + ဒေါ်မြဝေး
အမှတ်–၂ ရပ်ကွက်၊လယ်ဝေးမြို့။ ၁၀၀၀

၅၈။ ဦးကိုလင်း + မတူး
နောင်ဘိုရွာ၊ လယ်ဝေးမြို့။ ၁၀၀၀၀

၅၉။ (ဦးထွန်းကြည်) + ဒေါ်ခင်ဆွေ
နောင်ဘိုရွာ၊ လယ်ဝေးမြို့။ ၅၀၀၀

၆၀။ ဒေါ်စန်းမြင့်
နောင်ဘိုရွာ၊ လယ်ဝေးမြို့။ ၅၀၀၀

၆၁။ ဦးတင်ထွဋ် + ဒေါ်တင်နန်းဝင်း
သမီး မဖြူစင်သန့်
အမှတ်–၇၈၉၊ အောင်သပြေ(၈)လမ်း
၇/ ရပ်ကွက်၊ သာကေတမြို့။ ၁၅၀၀၀

၆၂။ ဦးဝင်းတင် + ဒေါ်ကြည်ကြည်မွန်
ဖ.ဆ.ပ.လ၊ ရန်ကုန်။ ၅၀၀၀

၆၃။ ဦးကြည်မောင် + ဒေါ်အေးအေးမွန်
၉၄ လမ်း၊ ရန်ကုန်။ ၁၀၀၀၀

၆၄။ ဦးဝင်းနိုင် + ဒေါ်ဖြိုးဖြိုးဝေ
ကြေးပန်းတိမ်၊ ရန်ကုန်။ ၁၀၀၀၀

၆၅။ ကိုဇော်မိုး + မသူဇာမွန်
စမ်းချောင်း၊ ရန်ကုန်။ ၁၀၀၀၀

၆၆။ ဦးတင်အောင် + ဒေါ်သန်းသန်းထွေး
ဦးဖိုးကျားလမ်း၊ ရန်ကုန်။ ၃၀၀၀

၆၇။ ဒေါ်သီတာဦး
ရန်ကုန်။ ၂၀၀၀

၆၈။ မတင်မွန်အောင်
စမ်းချောင်း၊ ရန်ကုန်။ ၁၀၀၀၀

၆၉။ မနန်းမွန်အောင်
စမ်းချောင်း၊ ရန်ကုန်။ ၂၅၀၀

၇၀။ မခင်ဆွေဝင်း (ကျောင်းဆရာမ)
ဖ.ဆ.ပ.လ၊ ရန်ကုန်။ ၂၀၀၀

၇၁။ ဦးရန်အောင် + ဒေါ်တင်တင်ရွှေ
မန္တလေးလမ်း၊ ရန်ကုန်။ ၂၀၀၀

၇၂။ ဦးအောင်ကျော်စိုး + ဒေါ်မာမာဝေ
မိဿားစု၊ ရန်ကုန်။ ၂၀၀၀

၇၃။ ဒေါ်ကြိုင်၊ ရန်ကုန်။ ၁၀၀၀

၇၄။ မဝါ၊ စမ်းချောင်း၊ ရန်ကုန်။ ၁၀၀၀

၇၅။ ခင်မာဦး၊ စမ်းချောင်း၊ ရန်ကုန်။ ၁၀၀၀

၇၆။ ဦးမြင့်နိုင် + ဒေါ်နွေပပ
(ခ.မ.ရ) ၁၀၆၊ ရန်ကုန်။ ၁၅၀၀

၇၇။ ဦးသာအောင် + ဒေါ်နိုင်နိုင်ဝေ
မန္တလေးလမ်း၊ ရန်ကုန်။ ၁၀၀၀

၇၈။ မဥမ္မာအေး၊ ရန်ကုန်။ ၁၀၀၀

၇၉။ မသင်း၊ ရန်ကုန်။ ၁၀၀၀

၈၀။ ကိုထွန်းလှိုင်ဦး၊ ရန်ကုန်။ ၁၀၀၀

၈၁။ ဦးသိန်းဝင်း + မအေးစန္ဒာ
ရန်ကုန်။ ၁၀၀၀

၈၂။ မသန်းသန်းမြင့်
ကဏ္ဍုရွာသစ်၊ သာဂရမြို့။ ၁၅၀၀

၈၃။ မအေးအေးနိုင်
ကဏ္ဍုရွာသစ်၊ သာဂရမြို့။ ၁၅၀၀

၈၄။ မကြည်ကြည်နိုင်
ကဏ္ဍုရွာသစ်၊ သာဂရမြို့။ ၁၀၀၀

၈၅။ မသန်းသန်းကြည်
ကဏ္ဍုရွာသစ်၊ သာဂရမြို့။ ၁၀၀၀

၈၆။ ဒေါ်မြမြဝင်း (အလယ်တန်းပြ)
အ.ထ.က၊ သာဂရမြို့။ ၁၀၀၀

၈၇။ ဒေါ်စန္ဒာဝင်း (အလယ်တန်းပြ)
အ.ထ.က၊ သာဂရမြို့။ ၁၀၀၀

၈၈။ ကိုနေလင်း
ဝဲဒေါင်ရွာ၊ သာဂရမြို့။ ၁၅၀၀

၈၉။ ဦးဇော်မင်းသူ
ဝဲဒေါင့်ရွာ၊ သာဂရမြို့။ ၁၀၀၀

၉၀။ မတိုးတိုးအေး
ဝဲဒေါင့်ရွာ၊ သာဂရမြို့။ ၁၀၀၀

၉၁။ ကိုအေးဖြိုး
ဝဲဒေါင့်ရွာ၊ သာဂရမြို့။ ၁၀၀၀

၉၂။ ကိုစိုးနိုင်ဝင်း
ဝဲဒေါင့်ရွာ၊ သာဂရမြို့။ ၁၀၀၀

၉၃။ မသီတာ
ဝဲဒေါင့်ရွာ၊ သာဂရမြို့။ ၁၀၀၀

၉၄။ မယဉ်ယဉ်မွန်
ဝဲဒေါင့်ရွာ၊ သာဂရမြို့။ ၁၀၀၀

၉၅။ ကိုနောင်နောင်ထွန်း
ဝဲဒေါင့်ရွာ၊ သာဂရမြို့။ ၁၀၀၀

၉၆။ ကိုသန့်ဇင်
ညောင်ကြပ်၊ မြို့လှမြို့။ ၂၅၀၀

၉၇။ ကိုခိုင်ကျော်လင်း
ညောင်ကြပ်၊ မြို့လှမြို့။ ၂၀၀၀

၉၈။ ဦးဇော်မင်း + ဒေါ်ညို
မိသားစု၊ အမှတ်-၂ ရပ်ကွက်၊
လယ်ဝေးမြို့။ ၂၀၀၀၀

၉၉။ ဦးသန်းမောင် + ဒေါ်ညွန့်
မိသားစု၊ အမှတ်-၃ ရပ်ကွက်၊
လယ်ဝေးမြို့။ ၂၀၀၀၀

၁၀၀။ (ဦးခင်ဝင်း) + ဒေါ်မြင့်မြင့်အေး
အမှတ်-၄ ရပ်ကွက်၊
လယ်ဝေးမြို့။ ၁၀၀၀၀

စုစုပေါင်း - ၁၀၇၃၅၀၀/-
(ဆယ်သိန်းခုနစ်သောင်း သုံးထောင့်ငါးရာကျပ်)

ထန်းတပင်တောရနှင့် ဆုတောင်းပြည့်တောရဆရာတော် ဘဒ္ဒန္တကောဝိဒ၏ တပည့်ဒါယကာများ ကျပ်ငွေ ခုနစ်သိန်းကျော် ပေးပို့သည့် အလှူရှင်များစာရင်း

၁။ ဦးညီလွင် + ဒေါ်တင်မြင့်
ထန်းတပင်။ ၃၀၀၀

၂။ ဦးစိန်ရွှေ
ထန်းတပင်။ ၅၀၀၀

၃။ ဦးဘိုးသောင်း + ဒေါ်သန်းမြင့်
ထန်းတပင်။ ၂၀၀၀

၄။ ဦးဖုန်းနိုင် + မနွယ်
ထန်းတပင်။ ၃၀၀၀

၅။ ဦးလှမောင် မိသားစု
ထန်းတပင်။ ၅၀၀၀

၆။ စာသင်စုလှူဒါန်းသည့်ပိုငွေ
ထန်းတပင်။ ၉၂၄၀၀

၇။ ဦးမြင့်စိုး + ဒေါ်တိုး
ထန်းတပင်။ ၁၀၀၀၀

၈။ ဒေါ်သိန်းကျင် မိသားစု
ထန်းတပင်။ ၁၀၀၀

၉။ ဒေါ်မလေး မိသားစု
ထန်းတပင်။ ၅၀၀၀

၁၀။ ဦးငွေမောင် + ဒေါ်ငြိမ်းတင်
ထန်းတပင်။ ၁၀၀၀

၁၁။ ဦးထွန်းရင် (ဒေါ်တုပ်)
ထန်းတပင်။ ၅၀၀၀

၁၂။ မငြိမ်းငြိမ်းအိ
ထန်းတပင်။ ၂၀၀၀

၁၃။ ဦးတင်ငွေ + ဒေါ်ယဉ်မေ
ထန်းတပင်။ ၁၀၀၀
၁၄။ ဒေါ်အုံးစိန်
ထန်းတပင်။ ၅၀၀
၁၅။ ခိုက်ဖျိုးကုန်ထုတ်ငွေစု ဈေးသမအသင်း
ရွှေကြာပင်၊ ထန်းတပင်။ ၆၀၀၀၀
၁၆။ မောင်ကျော်သက်ဆွေ (လေရှး)
ထန်းတပင်။ ၁၀၀၀
၁၇။ ဒေါ်စောရှင် မိသားစု
ထန်းတပင်။ ၂၀၀၀
၁၈။ မောင်အေး + မအေး
သမီး မြှုစင်ရှင်းသန့်
ထန်းတပင်။ ၃၀၀၀
၁၉။ (ဦးငယ်) ဒေါ်ကြည်ဥ
ထန်းတပင်။ ၂၀၀၀
၂၀။ ကိုစိုးကြည် + မစောလေး
ထန်းတပင်။ ၁၀၀၀
၂၁။ ကိုဆန်းနိုင် + မဝါ
ထန်းတပင်။ ၂၀၀၀
၂၂။ ဦးကြည်လွင် + ဒေါ်ခင်မမ
ရွှေကြာပင်။ ၃၀၀၀
၂၃။ (ရွှေဝိုင်း) ဒေါ်နှင်းကြည်
ထန်းတပင်။ ၁၀၀၀
၂၄။ ဦးချိုလေး + ဒေါ်ဝိုင်းကြည်
ထန်းတပင်။ ၂၀၀၀
၂၅။ (ဦးအောင်သန်း) မခင်ရွှေ
ညောင်ကုန်း။ ၁၀၀၀
၂၆။ ဦးအောင်မြင့် + ဒေါ်ခင်ဝင်း
ထန်းတပင်။ ၂၀၀၀
၂၇။ ဦးခင်ဇော် + ဒေါ်ဝင်းရီ
လယ်ဝေးမြို့။ ၂၀၀၀၀

၂၈။ ဦးလှကျော် + ဒေါ်အမာကြည်
ညောင်ကုန်းမြို့။ ၅၀၀၀
၂၉။ ဒေါ်ဖွားသိန်း၊ ညောင်ကုန်းမြို့။ ၂၀၀၀
၃၀။ ဒေါ်သန်းမြင့်၊ ညောင်ကုန်းမြို့။ ၂၀၀၀
၃၁။ ဒေါ်လှမြိုင်၊ ကျားကူးရွာ။ ၂၀၀၀
၃၂။ (ဦးအောင်မြင့်) + ဒေါ်အေးမြိုင်
ထန်းတပင်။ ၁၀၀၀၀
၃၃။ ဦးကြက်တော + ဒေါ်တင်ရွှေ
ညောင်ကုန်း။ ၅၀၀၀
၃၄။ (ဦးအေးမောင်) + ဒေါ်သိန်းအေး
ထန်းတပင်။ ၃၀၀၀
၃၅။ ဦးထွန်းရီ + ဒေါ်တင်ကြည်
ထန်းတပင်။ ၂၀၀၀
၃၆။ ဦးတင်မြင့် + ဒေါ်ခင်ရွှေ
ထန်းတပင်။ ၅၀၀၀
၃၇။ ဦးဇော်ထွန်းအောင် + မခင်လေး
ထန်းတပင်။ ၁၀၀၀၀
၃၈။ ဦးခင်မောင်စိုး + မယဉ်ယဉ်စန်း
ထန်းတပင်။ ၁၀၀၀၀
၃၉။ ဦးသန်းထွန်း + ဒေါ်ခင်ငြိမ်း
ထန်းတပင်။ ၅၀၀၀
၄၀။ (ဦးထွန်းစိန်) အားရည်စုး၍
ကိုသံချောင်း + မရှို
ထန်းတပင်။ ၃၀၀၀
၄၁။ ကိုလှိုင်မင်းဦး + မနှင်းယုယုထွန်း
ထန်းတပင်။ ၁၀၀၀
၄၂။ ဦးမြငြိမ်း + ဒေါ်ကြိုင်
ထန်းတပင်။ ၅၀၀၀
၄၃။ (ဦးရွှေစိုး) အားရည်းစူး၍
မခင်မာညို၊ ထန်းတပင်။ ၃၀၀၀
၄၄။ ဦးဘိုနီ + ဒေါ်ရီ
ထန်းတပင်။ ၂၀၀၀

၄၅။ ကိုကျော်စွာလင်း + မနီလာဝင်း
ထန်းတပင်။ ၂၀၀၀
၄၆။ ဒေါ်ညွန့်ရီ မိသားစု
ထန်းတပင်။ ၁၀၀၀
၄၇။ ဦးငြိမ်းမောင် + ဒေါ်စော
ထန်းတပင်။ ၁၅၀၀
၄၈။ ဒေါ်ကြည်ကြည် မိသားစု
ထန်းတပင်။ ၁၀၀၀
၄၉။ (ဦးရွှေမိုး) အားရည်စူး၍
ဒေါ်သိန်း၊ ထန်းတပင်။ ၅၀၀
၅၀။ ကိုဇော်ဇော် + မဥမ္မာ
ထန်းတပင်။ ၂၀၀၀
၅၁။ မိဘများအားရည်စူး၍
ကိုကြည်ရွှေ + မသီတာဝင်း
ထန်းတပင်။ ၁၅၀၀
၅၂။ (ဒေါ်ညွန့်) အားရည်စူး၍
ဒေါ်ခင်ဝင်း၊ ထန်းတပင်။ ၅၀၀၀
၅၃။ (ဦးကျော်ရွှေ) အားရည်စူး၍
ဒေါ်ခင်ဝင်း၊ ထန်းတပင်။ ၅၀၀၀
၅၄။ ဒေါ်သန်းအိ မိသားစု
ထန်းတပင်။ ၁၀၀၀
၅၅။ မမာလာဝင်း၊ ပခုက္ကူ။ ၁၀၀၀
၅၆။ ဦးကြည်မောင် + ဒေါ်ပု
ထန်းတပင်။ ၃၀၀၀
၅၇။ ကိုကြီး + မချော
ထန်းတပင်။ ၁၀၀၀
၅၈။ (ဦးလေးမောင်) အားရည်စူး၍
ဒေါ်ပု၊ ထန်းတပင်။ ၁၀၀၀
၅၉။ ကိုစန်းဗိုင် + မတိုးတိုးကြည်
ထန်းတပင်။ ၁၀၀၀
၆၀။ (ဦးညီစိန်) အားရည်စူး၍
ဒေါ်အုံးရွှေ၊ ထန်းတပင်။ ၁၀၀၀

၆၁။ ဒေါ်တင်ဆယ် မိသားစု
ထန်းတပင်။ ၁၅၀၀
၆၂။ ကိုအေးမင်းထက် + မရွှေစင်ဝင်း
ထန်းတပင်။ ၂၀၀၀
၆၃။ ကိုလေးခိုင် + မအားလံ
သား ကျော်ကဲ့ပု။
ထန်းတပင်။ ၂၀၀၀
၆၄။ ကိုဇော်ခိုင် + မချို
ထန်းတပင်။ ၁၀၀၀
၆၅။ (ဦးကျော်လှိုင်) အားရည်စူး၍
မိသားစု၊ ထန်းတပင်။ ၃၀၀၀
၆၆။ ဦးပြုံးချို + ဒေါ်မဝင်း
ထန်းတပင်။ ၅၀၀၀
၆၇။ ဦးလှမြင့် + မစုရည်မြင့်
ရန်ကုန်။ ၁၀၀၀၀
၆၈။ ဦးဇော်မင်း + မကြူကြူစန်း
ထန်းတပင်။ ၁၀၀၀
၆၉။ ဦးမိုးကျော်သူ + မဝင်းကြိုင်
ထန်းတပင်။ ၁၀၀၀
၇၀။ ဒေါ်လှတင် မိသားစု
တောင်ငူ။ ၁၀၀၀
၇၁။ ဒေါ်ထွေးကြည်အားရည်စူး၍
အန်တီရှု၊ ထန်းတပင်။ ၅၀၀၀
၇၂။ ကိုအောင်အောင်ဦး + မချို
ထန်းတပင်။ ၁၀၀၀
၇၃။ ဦးဝင်းဘို + ဒေါ်ချို
ထန်းတပင်။ ၁၀၀၀
၇၄။ နှစ်ဖက်သောမိဘများအားရည်စူး၍
ကိုဇော်ဝင်း + မတင်ရီ
ထန်းတပင်။ ၃၀၀၀
၇၅။ ကိုမြင့်လွင် + မချိုမြင့်
ထန်းတပင်။ ၁၀၀၀

၇၆။ ဦးကြည်စိုး အားရည်စူး၍ ဒေါ်ထွေးရှီ၊ ထန်းတပင်။ ၅၀၀၀

၇၇။ ဦးမြသန်း + ဒေါ်တင်အေး မိသားစု၊ ထန်းတပင်။ ၁၅၀၀

၇၈။ မဗျား၊ မိသားစု၊ ထန်းတပင်။ ၂၀၀၀

၇၉။ ကိုတင်ဝင်းအောင် + မနုနု ထန်းတပင်။ ၁၀၀၀

၈၀။ ဒေါ်အုံးမြိုင် အားရည်စူး၍ မအေးမြင့်၊ ထန်းတပင်။ ၁၀၀၀

၈၁။ ဦးသိန်းနိုင် + ဒေါ်သီတာမြင့် ထန်းတပင်။ ၅၀၀၀

၈၂။ ဦးအေးမောင် အားရည်စူး၍ မသန်းသန်းထွေး၊ ထန်းတပင်။ ၃၀၀၀

၈၃။ ဦးတင်ဟန် + မတင်သိန်း မိသားစု၊ ထန်းတပင်။ ၂၀၀၀

၈၄။ အမေဒေါ်ဥ အားအမှူးထား၍ ဒေါ်နီ၊ ထန်းတပင်။ ၂၀၀၀

၈၅။ မမာဦး သား မောင်နေပြည်ဦး ထန်းတပင်။ ၁၀၀၀

၈၆။ ဦးပြား + ဒေါ်ခင်မြင့် အားရည်စူး၍ ကိုကြည်ရွှေ + မသီတာဝင်း၊ ထန်းတပင်။ ၁၀၀၀

၈၇။ မခင်မာကြည် အားရည်စူး၍ ကိုကြည်ရွှေ + မသီတာဝင်း ထန်းတပင်။ ၅၀၀

၈၈။ ဦးမောင်ဝင်း + ဒေါ်တူး မိသားစု၊ ထန်းတပင်။ ၅၀၀၀

၈၉။ ဒေါ်ဖွားမြိုင် မိသားစု ထန်းတပင်။ ၁၀၀၀

၉၀။ ကိုထွန်းထွန်း + မခင်ညို မိသားစု၊ ထန်းတပင်။ ၁၀၀၀

၉၁။ ကိုသန်းထိုက် + မယဉ်ထွေး ထန်းတပင်။ ၁၀၀၀

၉၂။ ဒေါ်အုံးမြ မိသားစု ထန်းတပင်။ ၁၅၀၀

၉၃။ ဦးအောင်ငွေ + ဒေါ်ခင်မြင့် ထန်းတပင်။ ၅၀၀၀

၉၄။ ဦးအေးဝင်း + မစိုး ထန်းတပင်။ ၂၀၀၀

၉၅။ ဦးကျော်မြင့် (ဥက္ကဋ္ဌ) + ဒေါ်အမာကြည်၊ ထန်းတပင်။ ၁၀၀၀၀

၉၆။ ဦးစင်မောင်မြင့် + ဒေါ်စင်အေး ထန်းတပင်။ ၁၀၀၀၀

၉၇။ ဦးမြင့်ကျော် + မပပဝင်း ထန်းတပင်။ ၃၀၀၀

၉၈။ ဦးမြင့်သိန်း + မနီ ထန်းတပင်။ ၁၀၀၀

၉၉။ ဒေါ်မှ အားရည်စူး၍ ဒေါ်အုံးမြင့်၊ ထန်းတပင်။ ၅၀၀၀

၁၀၀။ နှစ်ဖက်မိဘအမှူးထား၍ ကိုမြင့် + မခင်ငြိမ်း ထန်းတပင်။ ၂၀၀၀

၁၀၁။ နှစ်ဖက်မိဘအမှူးထား၍ ဒေါ်သင်း မိသားစု၊ထန်းတပင်။ ၁၀၀၀

၁၀၂။ ဒေါ်အေးလှ အားအမှူးထား၍ ကိုစင်စိုး + မတင်ရွှေ ထန်းတပင်။ ၃၀၀၀

၁၀၃။ ဦးယာသိန်း အားရည်စူး၍ ဒေါ်တင်မြင့်၊ ထန်းတပင်။ ၂၀၀၀

၁၀၄။ ကိုချစ်မင်းသူ + မစင်ဝါ ထန်းတပင်။ ၃၀၀၀

၁၀၅။ ဦးအောင်သန်းကြီး + မနှဲ့ မိသားစု၊ ထန်းတပင်။ ၂၀၀၀

၁၀၆။ ဒေါ်သိန်းကြည် အားရည်စူး၍
ကိုရွှေငြိမ်း + မခင်မာနီ
ထန်းတပင်။ ၂၀၀၀

၁၀၇။ ကိုမြင့်ဆွေ + မခင်မော်ဝင်း
မိသားစု၊ မှန်တော၊ ၃၀၀၀

၁၀၈။ ဦးသိန်းဝင်း + ဒေါ်လှမေ
ထန်းတပင်။ ၃၀၀၀

၁၀၉။ ဒေါ်န မိသားစု၊ ထန်းတပင်။ ၂၀၀၀

၁၁၀။ ဒေါ်တင်လှ မိသားစု
ထန်းတပင်။ ၂၀၀၀

၁၁၁။ သမီးလေး မိမိကျော်
ထန်းတပင်။ ၁၀၀၀

၁၁၂။ ကိုသန်းရှိန် + မနုနု
ထန်းတပင်။ ၁၀၀၀

၁၁၃။ ကိုကျော်ထန်း + မသန်းသန်းမိုး
ညောင်ကုန်း။ ၃၀၀၀

၁၁၄။ ဦးအောင်ခင် အားရည်စူး၍
ကိုသန်းနိုး + မချယ်ရီ
ထန်းတပင်။ ၃၀၀၀

၁၁၅။ ဦးလော်ပေါ် အားရည်စူး၍
ဒေါ်ကြာလှ၊ ထန်းတပင်။ ၁၀၀၀

၁၁၆။ ကိုမိုးမင်း + မစန်းနိုင်
ရွှေနံ့သာ။ ၁၀၀၀

၁၁၇။ ဒေါ်သိန်းရင် အားရည်စူး၍
ကိုကို + မမြင့်မြင့်နိုင်
ထန်းတပင်။ ၁၅၀၀

၁၁၈။ ဦးရွှေထွန်း + ဒေါ်တုတ်
မိသားစု၊ ထန်းတပင်။ ၅၀၀၀

၁၁၉။ ကိုရွှေအောင် + မခင်မာရှီ
မိသားစု၊ ထန်းတပင်။ ၁၀၀၀

၁၂၀။ ဦးတင်အောင် အားရည်စူး၍
ဒေါ်တင်မြ၊ ထန်းတပင်။ ၅၀၀၀

၁၂၁။ ကိုမိုးထောင် + မပပ
ထန်းတပင်။ ၁၀၀၀

၁၂၂။ ဦးအောင်ကြည် + ဒေါ်လှလေး
ထန်းတပင်။ ၂၀၀၀

၁၂၃။ ဦးကျော်သူ + မလှိုင်ဦး
ထန်းတပင်။ ၁၀၀၀

၁၂၄။ ဦးနိုင်လင်း + မလှလှဝင်း
သမီး မအောင်းသခင်
ထန်းတပင်။ ၁၀၀၀

၁၂၅။ ဦးနိုင်မင်း + မမာမာဝင်း
သမီး မှုန်မြတ်သူ
ထန်းတပင်။ ၁၀၀၀

၁၂၆။ ဒေါ်အုံးရှိန် မိသားစု
ထန်းတပင်။ ၁၀၀၀

၁၂၇။ ကိုကျော်ဝင်းအောင် + မမာဦး
ထန်းတပင်။ ၂၀၀၀

၁၂၈။ ကိုပြည့်ဖြိုးကျော် + မဝါဝါ
သမီး ဆောင်းနှင်းမြည့်
ထန်းတပင်။ ၁၀၀၀

၁၂၉။ ကိုမင်းကို၊ ကိုရဲလေး
ထန်းတပင်။ ၅၀၀၀

၁၃၀။ ကိုမိုးမိုး + မခင်စန်းဝင်း
သား ပြည့်စုံဦး
ထန်းတပင်။ ၁၅၀၀

၁၃၁။ ကိုရွှေလွင် + မမြင့်မြင့်စန်း
မိသားစု၊ ထန်းတပင်။ ၁၀၀၀

၁၃၂။ ဦးစိန်ညို + ဒေါ်ခင်ခင်သောင်း
မိသားစု၊ ထန်းတပင်။ ၁၀၀၀၀

၁၃၃။ ဦးကျော်လွင်ဦး + ခင်မာဦး
သမီး မေသော်တာ
ထန်းတပင်။ ၅၀၀၀

၁၃၄။ ဦးထွန်းခင် မိသားစု
ထန်းတပင်။ ၁၀၀၀

၁၃၅။ ကိုမောင်ဌေး + မတင်တင်မော်
မိသားစု၊ ထန်းတပင်။ ၃၀၀၀

၁၃၆။ ကိုတင်ဝင်း + မယဉ်ယဉ်အေး
ထန်းတပင်။ ၁၀၀၀

၁၃၇။ ကိုမြရွှေ + မဆန်းယု
သမီး ယွန်းသရစ်
ထန်းတပင်။ ၃၀၀၀

၁၃၈။ ကိုကျော်ခိုင် + မအေးထွေး
မိသားစု၊ ထန်းတပင်။ ၁၀၀၀

၁၃၉။ ကိုအောင်သန်းလေး + မခင်ရွှေ
ထန်းတပင်။ ၂၀၀၀

၁၄၀။ ကိုနေဝင်း + မလှဝင်းကြည်
ထန်းတပင်။ ၁၀၀၀၀

၁၄၁။ ဦးကိုလေး + ဒေါ်လှရွှေ
ထန်းတပင်။ ၁၀၀၀

၁၄၂။ ဦးကျော်ဌေး + မခင်စန်းဝင်း
ထန်းတပင်။ ၁၀၀၀

၁၄၃။ ဦးမောင်ဦး + မခင်ဆွေလတ်
ထန်းတပင်။ ၃၀၀၀

၁၄၄။ ဦးမင်းခေါ်ထွန်း + မခင်ဌေးမြင့်
ထန်းတပင်။ ၂၀၀၀

၁၄၅။ ဦးအောင်ရွှေ + ဒေါ်သိန်းမိ
ထန်းတပင်။ ၂၀၀၀

၁၄၆။ နှစ်ဖက်မိဘများအမှူးထား၍
ကိုကြည်ခင် + မအိမွန်နိုင်
သား ဟိန်းထက်စံ
ပစ္စတ္တူ။ ၃၀၀၀

၁၄၇။ ဦးခင်မောင်မြင့်+ဒေါ်ခင်သန်းကြွယ်
အမှူးထား၍ သမီး
မခင်ပန်းမြူးမြူး၊ ပစ္စတ္တူ။ ၁၀၀၀

၁၄၈။ ကိုတိုးအောင် + မသီတာ
မိသားစု၊ ထန်းတပင်။ ၁၀၀၀

၁၄၉။ ကိုမောင်လွင် + မချစ်စု
မိသားစု၊ ထန်းတပင်။ ၁၀၀၀

၁၅၀။ ဒေါ်သန်းဌေး မိသားစု
ထန်းတပင်။ ၁၀၀၀

၁၅၁။ ဦးတိုးမောင် + ဒေါ်ဆယ်ရင်
မိသားစု၊ ထန်းတပင်။ ၂၀၀၀

၁၅၂။ ဦးအောင်မျိုးဝေ + မရီလွင်
သမီး နှင်းမိုးဝေ၊ ထန်းတပင်။ ၂၀၀၀

၁၅၃။ ဦးမောင်သန်း + မခင်မျိုးတင့်
စီကောက်။ ၃၀၀၀

၁၅၄။ ဦးမောင်မောင် + မခင်မာဝင်း
ရွှေကြာပင်။ ၅၀၀၀

၁၅၅။ ဦးထွန်းဝင်း အားရည်စူး၍
ဒေါ်လှရွှေ၊ ရွှေကြာပင်။ ၂၀၀၀

၁၅၆။ မောင်ဇော် + မလင်းလင်းနွယ်
ရွှေကြာပင်။ ၂၀၀၀

၁၅၇။ ဦးတင်ဝင်း၊ ဦးကျော်ဝင်း
ရွှေကြာပင်။ ၂၀၀၀၀

၁၅၈။ ရွှေကြာပင် လူမှုရေးအသင်း
ရွှေကြာပင်။ ၆၀၀၀၀

၁၅၉။ ဦးကျော်သန်း + ဒေါ်တင်မြိုင်
ရွှေကြာပင်။ ၂၀၀၀၀

၁၆၀။ ဦးသန်းညွန့် + ဒေါ်မမကြီး
ရွှေကြာပင်။ ၅၀၀

၁၆၁။ ဦးဝင်းမြင့် + ဒေါ်ခင်သိန်းဌေး
ရွှေကြာပင်။ ၁၀၀၀၀

၁၆၂။ ဦးမြင့်လွင် + ဒေါ်တင်မာဝေ
ရွှေကြာပင်။ ၅၀၀၀

၁၆၃။ ဦးအောင်ရှိ + ဒေါ်ခင်ဝင်း
ရွှေကြာပင်။ ၁၀၀၀၀

စုစုပေါင်း – ၇၀၆၄၀၀/

(ရနစ်သိန်းခြောက်ထောင်ကိုးရာကျပ်)

မှန်တောင်တောရဆရာတော် အရှင်စန္ဒောဘာသ၏ တပည့်ဒါယကာယာများ ထပ်မံလှူစာရင်း

၁။ ဦးငွေးလွင် + ဒေါ်အေးနိုင်
ပန်းရိုက်ခါးလမ်း၊ တောင်ငူမြို့။ ၅၀၀၀၀

၂။ ဦးဇော်ဝင်းထွန်း + ဒေါ်စိုးသဥ္ဇာအောင်
မဂ္ဂင်လမ်း၊ ကျားကွက်သစ်၊
ကျောက်မြောင်း၊ တာမွေမြို့နယ်။ ၅၀၀၀၀

၃။ ဦးလှဝင်း + ဒေါ်မာလာ
မိသားစု၊
ယုဇန ဥယျာဉ်မြို့တော်။ ၁၀၀၀၀

ရန်ကုန်နှင့် ရမည်းသင်း အလှူရှင်များ

၁။ ဒေါက်တာစိုးစိုးလွင် + ဒေါ်ခင်စန်းရီ
သမီး စုနန္ဒာလွင်၊ စုမွန်သန္တာ
နီဝိတဒါနသံဃာ့ဆေးရုံကြီး
မဟာနိုး။ ၂၀၀၀၀

၂။ အစ်မ ဒေါ်မြရီ အမှူးထား၍
ဒေါ်ဗောဘီသန်း
တိုက်-၃၊ အခန်း-၄၀၅၊
မင်္ဂလာတောင်ညွန့်မြို့နယ်။ ၂၀၀၀၀

၃။ ဦးသိမ်းအောင် ကျောင်းဆရာ (ငြိမ်း)
အားရည်စုး၍၊ ဒေါ်မြဝင်း
သား ကိုလှိုင်လင်း၊ ရွာတန်း၊
ရမည်းသင်းမြို့နယ်။ ၁၀၀၀၀

၄။ ဦးစိုးသန်း ရဲအုပ်-(ငြိမ်း) +
ဒေါ်ခင်မာဦး၊ ရမည်းသင်းမြို့။ ၁၀၀၀၀

၅။ ဆရာဦးမြင့်ဆွေ +
ဆရာမဒေါ်ခင်ကျော့ (အထက)
ရွာတန်း၊ ရမည်းသင်းမြို့။ ၁၀၀၀၀

၆။ ဦးမောင်မောင်နိုင် + ဒေါ်နန္ဒာ
ရွာတန်း၊ ရမည်းသင်းမြို့။ ၁၀၀၀၀

၇။ ဦးမြင့်ဇော် + ဒေါ်လှိုင်လှိုင်
ရွာတန်း၊ ရမည်းသင်းမြို့။ ၁၀၀၀၀

ပ•မ•သ•စ•၂၇•၄•၂၀၁၁ (၆၀၀) လစ်သို့ (ဗိုလ်ဗ)



ရှုတင်အကျင့်နှင့် ကင်း၍
သစ္စာလေးပါး ထိုးထွင်းမသိနိုင်

ရေမလောင်းလျှင် မျိုးစေ့မှ အပင်မပေါက်နိုင်ပေ။
ကောင်းမှုကုသိုလ်မပြုခဲ့လျှင် သုဂတိသို့ မရောက်နိုင်ပေ။
ဤအတူသာလျှင်....
ရှုတင်အကျင့်ကို မကျင့်ခဲ့လျှင်
သစ္စာလေးပါးကို ထိုးထွင်း၍ မသိနိုင်ပေ။

(မိလိန္ဒပဉှာ)